www.burmeseclassic.com

# Valley Of The Dolls

JACQUELINE SUSANN



အထောက်တော်လျှောင်

မီးကိုတိုးတဲ့ပိုးဖလံ

www.burmeseclassic.com

www.burmeseclassic.com

# အကောက်တော်လှအောင်

# မီးကိုတိုးတဲ့ပိုးဖလံ

# Valley Of The Dolls

**JACQUELINE SUSANN**

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

အတွင်းစာသားခွင့်ပြုချက်အမှတ်
၂၀၁ / ၂၀၀၄ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၅၄ / ၂၀၀၄ (၅)

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
သတင်းဂျာနယ်တိုက်
ပထမတွဲ
၁၉၈၀ ခုနှစ်၊ နိုဝင်ဘာလ
ဒုတိယတွဲ
၁၉၈၁ ခုနှစ်၊ ဖေဖော်ဝါရီလ
ဒုတိယအကြိမ် (နှစ်တွဲပေါင်း)
၂၀၀၄ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ
၅၀၀

အဖုံးပန်းချီ
ဦးတင်မောင်မျှင့်

ဖလင်
ကိုလှဝင်း

စာအုပ်ချုပ်
ပပစိုး

ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး

ပညာရွှေတောင်စာအုပ်တိုက်
(မြဲ- ၀၃၉၄၅)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းရိပ်သာ၊ သုနန္ဒာ
မြောက်ဥက္ကလာပ

မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြဲ(၀၅၁၃၁)၊
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

တန်ဖိုး
၂၇၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာပြန်သူ၏အမှာ

(၁)

ခေတ်တွေ၊ စနစ်တွေ ပျက်လွန်းသဖြင့် လူသားအပေါင်းတို့သည် ဒေါသအမျက် ခြောင်းခြောင်းထွက်ခဲ့ကြရသည်။

လူတွေ၊ မူတွေ ညံ့ဖျင်းလွန်းလှသဖြင့် ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့သည် အထက်ဘဝင် ဖောက်အငီစီတိုင်အောင် သံကုန်ဟစ်ကြွေးခဲ့ကြရသည်။

စိတ်ထား၊ နှလုံးထား ကောင်းမြတ်သော ပြည်သူတို့သည် အပျက်များကြားမှ ရုန်းထွက်နိုင်ရန် ကြိုးစားနေကြသည်။ အညံ့အဖျင်းများကြားမှ လွတ်မြောက်နိုင်ရန် အားသွန်ခွန်စိုက် ဝီရိယစိုက်ထုတ်နေကြသည်။

ထိုကြားထဲမှပင် အမှောင့်ပယောဂပေါင်းသောင်းခြောက်ထောင်တို့နှင့် အလျဉ်မပြတ် ရင်ဆိုင်တိုးနေကြသည်။

ပြောင်းလဲလာသည့်ခေတ်တိုင်း၊ တည်ဆောက်လာကြသည့်စနစ်တိုင်း အတွင်းမှာ မူအပျက်၊ လူအပျက်၊ မူအညံ့၊ လူအညံ့၊ မူအလိမ်၊ လူအလိမ်များကို ရှောင်မရ တိမ်းမရနိုင်လောက်အောင် ကြုံတွေ့ကြရစမြဲ ဖြစ်သည်။

တိုင်းပြည်ကို သူတို့သာလျှင် အချစ်ဆုံးဟု ဆိုကြသည်။ ပြီးတော့ ထိုတိုင်းပြည် နာလန်မထူနိုင်အောင် သူတို့ကိုယ်ကျိုးအတွက် လောဘဇောများ တိုက်လိုက်ကြသည်။

ပြည်သူကို သူတို့သာလျှင် အချစ်ဆုံးဟု ဆိုကြသည်။ ပြီးတော့ ထိုပြည်သူများ ဆင်းရဲတွင်း နက်သည်ထက်နက်ကာ မျက်ဖြူဆိုက်အောင် သူတို့ကိုယ်ကျိုးအတွက် မျိုးဖျက်လုပ်ငန်းများကို တပျော်တပါး ကျူးလွန်တတ်ကြသည်။

သည်လိုဖြင့်ပင် သူ့သမီး၊ သူ့မယား၊ သူ့ခယ်မများ၏ပေါ်မှာ စိန်နားကပ်ရောင် တပြောင်ပြောင်တညီးညီး ဖြစ်လာတော့သည်။

သူ့တူ၊ သူ့သား၊ သူ့မယားငယ်များ အသိုင်းအဝန်းမှာ တိုက်ထည်လဲ၊ ကားထည်လဲ ဖြစ်လာတော့သည်။

သူ့လူသူ့ဘက်သား၊ သူ့တပည့်များကြားမှာ လူ့ရေပေါ်ဆီ၊ လူ့မလိုင်ခဲ အဆောင်အယောင်များဖြင့် လျှမ်းလျှမ်းပြိုးပြက် အရောင်လက်လာတော့သည်။

သည်သို့သော ပတ်ဝန်းကျင်တွင် ယုတ်မာသမျှထွတ်ခေါင် အယုတ်တမာ သရဖူဆောင်းသူများသည် ပြည်သူကို နည်းမျိုးစုံဖြင့် မှိုင်းတိုက်နေကြသူများပင် ဖြစ်ပါသည်။

သည်သို့သော မှိုင်းတိုက်မှုများထဲတွင် ပြည်သူကို မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဖြင့် လူညွန့်တုံးအောင် ပြုလုပ်သူများသည် စခန်းကုန်၊ ကမ်းကုန် ယုတ်မာကြသူများပင် ဖြစ်ပါသည်။

သည်သို့သော ယုတ်မာမှု မှန်သမျှတွင် သရဖူဆောင်းနေသူတို့သည် ဘယ်သူသေသေ ငတေမာပြီးရော သဘောဖြင့် သူတို့၏ ကိုယ်ကျိုးကိုယ်စီးပွားကို ရှာဖွေကြသည်။ ညံ့ဖျင်းယုတ်နိမ့်သော လောဘဆိုးများဖြင့် ပြည်သူတို့ အညွန့်ကျိုးအောင် ပြုလုပ်နေကြသည်။

ပြည်သူအပေါင်းတို့ အကြံတုံး၊ ဉာဏ်တုံး၊ နလပိန်းတုံးများဘဝနှင့် လူညွန့်တုံးကြကာမှ ကိုယ်ကျိုးရှာသမားများ ကောင်းစားကြမည် ဖြစ်လေရာ ယင်းသို့သော စိတ်ထားယုတ်မာမှုများကို ကမ္ဘာ့သမိုင်းတစ်လျှောက်တွင် မကြာခဏ ကြုံတွေ့ခဲ့ရဖူးပါသည်။

ပြည်သူတို့ လူညွန့်တုံးအောင် ပြုလုပ်ပြီး ကိုယ်ကျိုးအတွက် နောက်ဆုံးပေါ် စီးပွားရှာနည်းသည် ဘိန်းဖြူကုန်ကူးခြင်းပင် ဖြစ်ပါသည်။

ဘိန်းဖြူအန္တရာယ်ကြောင့် အသိပညာနုံနဲ့သော ကမ္ဘာ့ပြည်သူပေါင်း များစွာတို့သည် ရေတိမ်နစ်ခဲ့ကြရပြီ။

ရေတိမ်နစ်ရသည့် လူဦးရေ တိုးပွားလာသည်နှင့်အမျှ လူယုတ်မာပေါင်း များစွာတို့သည်လည်း အကောင်းစားကြီး ကောင်းစားကာ လောကစည်းစိမ်များကို ခံစားခဲ့ကြရပြီ။

ထိုအန္တရာယ်သည် အရင်းရှင်တိုင်းပြည်

www.burmeseclassic.com

www.burmeseclassic.com

များမှ စတင်ခဲ့ခြင်း ဖြစ်၏။

ကျွန်တော်တို့ မအံ့သြပါ။

သို့သော် . . .

ကျွန်တော်တို့တိုင်းပြည်သို့လည်း အထိုက်အလျောက် ကူးစက်ပြန့်ပွားလာသောကြောင့် တုန်လှုပ် ချောက်ချားခြင်းကား ဖြစ်မိသည် အမှန်။

မြန်မာပြည်တွင် ဘိန်းဖြူခဲ့သော အတန်းအစားသည် မည်သည့် အတန်းအစား ဖြစ်သနည်း။

တဲပုတ်ထဲမှာ နေထိုင်ပြီး လမ်းပေါ်မှာ လျှောက်ရသော လူများစုကြီးလော။

တိုက်ပေါ်မှာနေပြီး မော်တော်ကားစီးသော လူနည်းစုလော။

မျိုးကောင်းမျိုးသန့်များလော။

မျိုးဆိုးမျိုးတုံးများလော။

မည်သို့ရှိစေ သည်အန္တရာယ်သည် အမျိုးသားအန္တရာယ်ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်အစိုးရက မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ကာကွယ်ရေးအတွက် ဥပဒေပြဋ္ဌာန်းပြီး ပြင်းထန်စွာ နှိပ်ကွပ်နေသည်။

သာဓုအနုမောဒနာ ပြုပါသည်။

ကျွန်တော်၏ **မီးကိုတိုးတဲ့ပိုးဖလံ**သည် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ တိုက်ဖျက်ရေးတွင် အုတ်တစ်ချပ် သဲတစ်ပွင့် ဖြစ်ပါစေသတည်း။

(၂)

ကျွန်တော်သည် သတင်းနှင့် သတင်းဆောင်းပါးများမှတစ်ပါး တစ်ရပ်တစ်ကျေးသို့ သွားရောက် နေထိုင်ပြီး စာရေးသားဖူးခြင်း မရှိပါ။

ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ်နေတတ်သလို နေထိုင်ပြီး ရေးမှ အာရုံ ပိုမို ရရှိသည်ဟု ခံစားမိပါသည်။

နောက်တစ်ကြောင်းမှာ ကျွန်တော်ရေးသည့် စာအများစုသည် ဘာသာပြန်များ ဖြစ်ပါသည်။ ဘာသာပြန် ဖြစ်သောကြောင့် အဘိဓာန်စာအုပ် တစ်ထမ်းကြီးကို သယ်ရသည့် ဒုက္ခမှာ ကြီးလေးလှပါသည်။

ထို့ပြင် လက်နှိပ်စက်နှင့်ရိုက်သည့်အကျင့်က စွဲနေပြီ ဖြစ်သဖြင့် လက်နှင့် ရေးရသည်ကို အားမရပါ။ ထို့ကြောင့် လက်နှိပ်စက်ကြီး ထမ်းပြီး သွားရသည့် ဒုက္ခကလည်း မသေးငယ်ပါ။

မည်သို့ဆိုစေ ယခု မီးကိုတိုးတဲ့ပိုးဖလံဝတ္ထုကိုမူ အညာကျေးရွာကလေး တစ်ရွာမှာ တစ်လနီးပါး သွားရောက်နေထိုင်ပြီး အောင်မြင်စွာ ရေးဖြစ်ခဲ့ပါပြီ။

ယခုလို အောင်မြင်စွာ ရေးဖြစ်နိုင်ရန်အတွက် ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ်နေတတ်သလို နေထိုင်ပြီး ရေးရဘိသကဲ့သို့ အာရုံခံစားနိုင်အောင် ဖန်တီးပေးရှာသောမက ကျွန်တော်နှင့်အတူ လိုက်ပါနေထိုင်ပေးသော စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် မြင်းမြေရွာဇာတိ ကြေးမုံဦးသော် (ကြေးမုံနှင့် ဗိုလ်တထောင်သတင်းစာ အငြိမ်းစား အထွေထွေ စီမံခန့်ခွဲရေးမှူး)ကို လည်းကောင်း၊

မြင်းမြေရွာတွင် ဤဝတ္ထုကို ကျွန်တော် ဘာသာပြန်နေခိုက် ကျွန်တော် မှီဝဲတတ်သည်များ ပြတ်လပ်မှု မရှိအောင် တရစပ် ပို့ပေးခဲ့သော မုံရွာမြို့ လေ့တန်းရပ်မှ ပွဲစားကြီး ဦးတင်ထွန်း၊ ဒေါ်သိန်းကြည်တို့ မိသားစုကို လည်းကောင်း၊

ဤဝတ္ထုပါ စိတ်ရောဂါနှင့် ပတ်သက်သည့် ဝေါဟာရများကို စိတ်ရှည်လက်ရှည် ရှင်းလင်းပြသည့် ရန်ကုန် စိတ်ရောဂါအထူးကု ဆေးရုံကြီးမှ စာရေးဆရာ ဆရာဝန် ဒေါက်တာအုန်းမောင်ကို လည်းကောင်း

ကျေးဇူးဥပကာရ တင်မဆုံး ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**အယောက်တော်လှအောင်**



www.burmeseclassic.com

www.burmeseclassic.com

## အယ်နီ

စက်တင်ဘာ၊ ၁၉၄၅

သူ ရောက်လာသည့်နေ့က နယူးယောက်မြို့ကြီးမှာ အပူချိန် ဒီဂရီ ကိုးဆယ်အထိ မြင့်တက်နေသည်။ အချိန်အခါမဟုတ် ပူလောင်အိုက်စပ်နေသည့်အတွက် မြို့သူမြို့သား အားလုံး အနေရအထိုင်ရ ခက်နေကြသည်။

သို့သော်လည်း သည်အပူလောက်ကိုတော့ သူ မမှုပါ။ နယူးယောက်မြို့ကြီးသည် ကမ္ဘာပေါ်တွင် ရင်ခုန်စရာ အကောင်းဆုံးသောမြို့ကြီးတစ်မြို့ ဖြစ်သည်ဟုလည်း သူ ထင်မှတ်လိုက်မိပါသည်။

အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီမှ မိန်းကလေးက သူ့ကို ပြုံးပြပြီး ပြောသည်။

"အင်း မင်းကတော့ အလုပ်ရမှာ သေချာပါတယ်။ ဘာအတွေ့အကြုံမှ မရှိသေးပေမယ့် ရမှာပါကွယ်။ အမျိုးသမီးအတွင်းရေးမှူးတွေ အားလုံးက လခ ပိုကောင်းတဲ့ ကာကွယ်ရေးဌာနကိုပဲ အလုအယက်ပြေးပြီး အလုပ်ဝင်နေကြတာ မဟုတ်လား။ ဒါပေမယ့် သူငယ်ချင်းရယ်၊ ကိုယ့်မှာသာ မင်းလို ရုပ်ရည်မျိုး ရှိမယ်ဆိုရင် ဂျွန်ပါဝါဆီကိုပဲ ဖြစ်ဖြစ်၊ ကိုနိုဗာဆီကိုပဲ ဖြစ်ဖြစ် တန်းပြေးမိမှာ အမှန်ပဲ၊ တကယ်ပြောတာ"

"သူတို့က ဘယ်သူတွေလဲ"

အယ်နီက ပြန်မေးသည်။

"စံပြမယ်လုပ်ငန်း အေဂျင်စီပိုင်ရှင်တွေလေ၊ ဒီမြို့မှာတော့ အအောင်မြင်ဆုံးပေါ့။ ကိုယ် တကယ် လုပ်ချင်တဲ့အလုပ်က စံပြမယ်ပဲ။ ဒါပေမယ့် ကိုယ့်ကို ကြည့်ဦးလေ အရပ်ကပုပု၊ ကိုယ်လုံးကိုယ်ထည်က ဝါးခြမ်းပြား၊ မင်းရုပ်ရည်ကတော့ သူတို့ အသည်းခိုက်သွားမယ့် ရုပ်ရည်မျိုးပါပဲ"

"ကျွန်မကတော့ ရုံးလုပ်ငန်း လုပ်ရတာပဲ ပိုကောင်းမယ်ထင်ပါတယ်ရှင်"

အယ်နီက ပြန်ပြောသည်။

"ကောင်းပါပြီလေ၊ ဒါပေမယ့် မင်း စိတ်ကူးလွဲနေပြီလို့ ကိုယ်ထင်တယ်"

အမျိုးသမီးက ပြန်ပြောရင်း အယ်နီကို စာရွက် အတော်များများ ကမ်းပေးသည်။

"ရော့ သူတို့လည်း ကုမ္ပဏီကောင်းတွေပါပဲ။ ဒါပေမယ့် ဟင်နရီဘယ်လာမီဆီကိုတော့ အရင် သွားကြည့်လိုက်ပါဦး။ သူဟာ အနုပညာရှင်တွေ အတွက် အကောင်းဆုံးရှေ့နေပဲ။ သူ့အတွင်းရေးမှူးက ဂျွန်ဝဲလ်ရှ်နဲ့ လက်ထပ်သွားတာ မကြာသေးဘူး"

အယ်နီက နားမလည်သလို ပြန်ကြည့်နေသောကြောင့် မိန်းကလေးက ဆက်ပြောပြန်သည်။

"ဂျွန်ဝဲလ်ရှ်ကို တစ်ခါမှ မကြားဖူးဘူးလို့တော့ မပြောလိုက်ပါနဲ့နော်။ အော်စကာဆုသုံးဆုတောင် ရထားတဲ့ဒါရိုက်တာကြီး၊ ရုပ်ရှင်လောကက အနားယူသွားတဲ့ မင်းသမီးကြီး ဂါဘိုလည်း ရုပ်ရှင်ပြန်ရိုက်တော့မယ်။ အဲဒီကားမှာ သူ ဒါရိုက်တာ လုပ်လိမ့်မယ်"

*ဂျွန်ဝဲလ်ရှ်ကို မည်သည့်အခါတွင်မျှ မေ့နိုင်တော့မည် မဟုတ်ပါ* ဟူသော သဘောပါသည့် အပြုံးမျိုး အယ်နီက ပြုံးပြလိုက်သည်။

"ဒါလောက်ဆိုရင် ဘယ်လို လုပ်ငန်းမျိုးလုပ်ရမယ်၊ ဘယ်လို လူတွေနဲ့ တွေ့ရမယ်ဆိုတာ မင်း သဘောပေါက်လောက်ရောပေါ့။ ဘယ်လာမီနဲ့ဘယ်လိုစ်ဆိုတာ သိပ်ကို အောင်မြင်နေတဲ့ ကုမ္ပဏီပိုင်ရှင်ကြီးတွေ၊ သူတို့နဲ့ ဆက်သွယ်နေကြတဲ့ အနုပညာရှင်တွေကလည်း အရမ်း အောင်မြင်တာပဲ။ ဂျွန်ဝဲလ်ရှ်နဲ့ လက်ထပ်သွားတဲ့ မာနာ ဆိုတဲ့ အမျိုးသမီး ရှိပါရောလား။ သူ့ရုပ်က မင်းကို မမီပါဘူး။ ဒါကြောင့် အမဲတစ်ကောင်လောက်တော့ မင်း ချက်ချင်း ဖမ်းမိမှာ သေချာပါတယ်"

"ဘယ်လို အမဲတစ်ကောင်လဲ"

"ယောကျ်ားကို ပြောတာပေါ့၊ အိမ်ထောင်ရက်သားတောင် ကျသွားနိုင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ပြောပြောဆိုဆိုဖြင့် အယ်နီ၏လျှောက်လွှာကို ပြန်ငုံ့ကြည့်သည်။

"မင်း ဘယ်ကလာတယ် ဆိုတာလဲ ထည့်ရေးဦးလေ၊ အမေရိကန်တိုင်းပြည်ထဲကပဲ ဖြစ်နိုင်ပါတယ်နော်"

ထိုစကားကို ကြားရတော့ အယ်နီက ပြုံးမိသည်။

"လောရင့်စ်ဗီးလ်ကပါ၊ ဘော့စတွန်မြို့ကနေ ရထားနဲ့သွားရင် တစ်နာရီလောက်စီးရပါတယ်။ ဒါထက် ခုနစကား ပြန်ဆက်ရဦးမယ်၊ အိမ်ထောင်သာ ကျချင်သပဆိုရင်တော့ ကျွန်မ ဟိုမှာပဲ နေမှာပေါ့။ ကျွန်မတို့ မြို့မှာက ကျောင်းက ထွက်တာနဲ့ တစ်ပြိုင်တည်း အိမ်ထောင်ကျကြတာချည်းပဲ။ ကျွန်မကတော့ အလုပ်တစ်ခုခုကို အရင် လုပ်လိုက်ချင်သေးလို့ပါ"

"အဲဒီလို အရပ်မျိုးကိုများ မင်း ကျောခိုင်းလာတာ အံ့ပါရဲ့ကွယ်။ ကိုယ်တို့ဆီက ကောင်မတွေကတော့ လင်ယူဖို့လောက်ပဲ ကြိုးစားနေကြတာ။ ကိုယ်လည်း အတူတူပါပဲ။ မင်းပြောတဲ့အတိုင်းသာ ဆိုရင်တော့ လောရင့်စ်ဗီးလ်မြို့ကိုတောင် ထပြေးလိုက်ချင်သေး၊ မိတ်ဆက်စာတစ်စောင်လောက် ရေးပေးလိုက်စမ်းပါကွယ်"

"ဘယ်လို လူမျိုးကိုမဆို ကောက်ယူလိုက်မှာပဲလား"

အယ်နီက လျှာထပ်ရှည်လိုက်ပြန်သည်။

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ ကိုယ့်ကို အဝတ်အစားကောင်းကောင်း ဆင်နိုင်တဲ့ ယောကျာ်းမျိုး ဖြစ်ရမယ်ကွာ၊ အချိန်ပိုင်း အိမ်ဖော်တစ်ယောက်လည်း ငှားပေးနိုင်ရမယ်ကွာ၊ နေဖင်ထိုးအောင်လည်း ကိုယ့်ကို အိပ်ခွင့်ပေးရမယ်ကွာ၊ ထမင်းဝိုင်းကျရင်လည်း ဟင်းခွက်တွေ အများကြီး ပါရမယ်ကွာ"

သူ စကားကောင်းနေဆဲမှာပင် အယ်နီက အားပါးတရ ရယ်ချလိုက်မိတော့သည်။

"တကယ်ပြောတာပါ၊ မင်း ကိုယ်တွေ့ကြုံရပါလိမ့်မယ်။ ဒီမြို့မှာ တစ်ယောက်ယောက်နဲ့ မင်းတွေ့တော့မှ အကြောင်းသိမယ်။ မီးရထားကိုစီးပြီး လောရင့်စ်ဗီးလ်ကို ပြန်ပြေးတာ မြင်ယောင်ပါသေးရဲ့။ အဲဒီလို ပြန်ပြေးရင် မင်းနဲ့အတူတူ ကိုယ့်ကိုပါ ခေါ်သွားဖို့ မမေ့လိုက်ပါနဲ့နော်"

*

လောရင့်စ်ဗီးလ်မြို့ကို အယ်နီ ဘယ်တော့မှ ပြန်တော့မည် မဟုတ်ပါ။

တကယ်တော့ လောရင့်စ်ဗီးလ်မြို့မှ ရိုးရိုးသားသား ထွက်ခွာလာခဲ့ခြင်း မဟုတ်။ ထိုမြို့သား တစ်ယောက်ယောက်နှင့် လက်ထပ်ရမည်ကို ကြောက်ပြီး လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် ထွက်ပြေးခဲ့ခြင်းသာ ဖြစ်ပါသည်။

တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုသော စကားကို အယ်နီ ယုံပါသည်။

သူတို့ မြို့သူမြို့သားများသည် ထိုမြို့ကလေးမှာပင် ရောင့်ရဲတင်းတိမ်ပြီး ဖြစ်သလို နေထိုင်နိုင်ကြသည်။ မေမေသည်လည်း ထိုမြို့ကလေးမှာပင် သူတို့စည်း၊ သူတို့ကမ်း၊ သူတို့ဓလေ့များနှင့် ပျော်ပိုက်နိုင်သူ ဖြစ်သည်။

မေမေ၏အမေလည်း အတူတူပင် ဖြစ်သည်။ ဘိုးစဉ်ဘောင်ဆက်ကတည်းက သူတို့ နေထိုင်ခဲ့ကြသည့် အိမ်ကြီးမှာပင် ရိုးရိုးကုပ်ကုပ် နေခဲ့ကြသည်။ နယူးအင်္ဂလန်ဟု အမည်ပေးထားသည့် အမေရိကန်ပြည်ထောင်စု၏ အရှေ့မြောက်ပိုင်းဒေသကိုသာ သူတို့ မြတ်နိုးတွယ်တာကြသည်။

တကယ်ဆိုတော့လည်း ဒေသစွဲ အလွန်ကြီးသူများ ဖြစ်ကြသည်။ ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်အရပ်ဒေသကိုသာ အထင်ကြီးကြသူများ ဖြစ်သည်။ စည်းကမ်းကလည်း အလွန် ကြီးတတ်ကြသည်။ သူတို့ခမျာ စိတ်လှုပ်ရှားစရာ ခံစားချက်ကလေးများကိုမှ ဟုတ်ဟုတ်ညားညား ခံစားတတ်ကြသူများ မဟုတ်ကြပေ။ အတွေးအခေါ် ဟောင်းများ၊ စည်းကမ်းဓလေ့ဟောင်းများကိုသာ ဖက်တွယ် ထိန်းသိမ်းနေကြသူများ ဖြစ်သည်။

"အယ်နီ၊ မိန်းကလေးဆိုတာ ကျယ်ကျယ်လောင်လောင် မရယ်ရဘူး" ဆိုတာကတစ်မျိုး၊

"အယ်နီ၊ မိန်းကလေးဆိုတာ လူရှေ့သူရှေ့မှာ မျက်ရည်မကျရဘူး" ဆိုတာက တစ်သွယ်။

"ဒါပေမယ့် အခုဟာက လူရှေ့သူရှေ့မှာမှ မဟုတ်တာဘဲ မေမေရယ်၊ မီးဖိုချောင်ထဲ မေမေ့ရှေ့မှာ ငိုမိတာပါ" ဟု ဆင်ခြေဆင်လက် ပြန်တက်သော်လည်း မရ။

"မိန်းကလေးဆိုတာ လူကွယ်ရာမှာသာ မျက်ရည်ကျရတယ်၊ သမီးဟာ ကလေးလေး မဟုတ်တော့ဘူးနော်၊ ဆယ့်နှစ်နှစ်သမီးတောင်

www.burmeseclassic.com



ရှိနေပြီ။ နောက်ပြီးတော့ အခု မီးဖိုချောင်ထဲမှာ အန်တီအေမီ ရှိနေတယ် မဟုတ်လား။ ကဲ- သမီးအခန်းထဲကို သမီးသွားတော့"

အစရှိသော သံမဏိစည်းကမ်းများက ကျပ်တည်းလွန်းလှသည်။

နောက်ဆုံးတွင် ဟားဗတ်တက္ကသိုလ်နှင့် တွဲဖက်ထားသည့် ရက်ကလစ် အမျိုးသမီးကောလိပ်ကျောင်းသို့ အယ်နီ ရောက်လာသည်။

သို့သော်လည်း လောရင့်စ်ဗီးလ် မြို့သူတစ်ယောက်၏ အကျင့်များကို အဖျောက်ရခက်ခဲ့သည်။

အို . . . သည်အရပ်မှာ ရှိနေကြသည့် မိန်းကလေးများကျတော့လည်း လွတ်လပ်လိုက်ကြသည့် ဖြစ်ခြင်း။ လွတ်လပ်စွာ ရယ်နိုင်မောနိုင်သည်။ လွတ်လပ်စွာ ငိုနိုင်ရှိုက်နိုင်သည်။ သူတို့ဘဝ နိမ့်သည် ဖြစ်စေ၊ မြင့်သည် ဖြစ်စေ ပျော်လို့မြူးလို့ ကြည်လို့နူးလို့။

သို့သော်လည်း အယ်နီကိုတော့ အဖက်လုပ်ပြီး သူတို့ အသိုက်အဝန်းထဲသို့ မသွင်းကြပါ။ အယ်နီ၏ကိုယ်ပေါ်တွင်-

*အနားမကပ်နှင့်၊ အအေးမိတတ်သည်၊*
*သိုးသန့်ထားသော နယူးအင်္ဂလန်ပုံစံ ဖြစ်သည်*

ဟူသော စာတန်း ရေးထားသည့် အင်္ကျီမျိုးကိုဝတ်ထားမိသလိုပင် ဖြစ်နေသည်။

ထို့ကြောင့်လည်း စာအုပ်များကိုသာ အဖော်လုပ်ရတော့သည်။ စာအုပ်များကြားမှာ အချိန်ကုန်ပါ များလာတော့ အောင်မြင်ကျော်ကြားသည့် စာရေးဆရာများ အကြောင်းကိုလည်း သိရှိနားလည်လာတော့သည်။

သူတို့ အားလုံးလည်း ဇာတိချက်ကြွေ မွေးရပ်မြေနှင့် ဝေးရာကိုသာ ထွက်ပြေး တိမ်းရှောင်တတ်ကြကြောင်း မြင်တွေ့လာရသည်။

ကမ္ဘာကျော် စာရေးဆရာကြီး ဟဲမင်းဝေး ဆိုလျှင် ဥရောပနိုင်ငံများ၊ ကျူးဘားနိုင်ငံနှင့် ဘီမီနီကျွန်းက အပန်းဖြေစခန်းများမှာသာ လှည့်လည်နေထိုင်လေ့ ရှိသည်။

ဖစ်ဇ်ဂျရယ်သည်လည်း နိုင်ငံခြား တိုင်းပြည်များမှာသာ သွားရောက် နေထိုင်တော့သည်။

စင်ကလဲယားလူးဝစ်ကမူ ဥရောပနိုင်ငံများတွင် အသည်းဇာတ်လမ်းကလေးများနှင့် နစ်မွန်းနေခဲ့လေသည်။

သည်လိုဆိုတော့ အယ်နီလည်း လောရင့်စ်ဗီးလ်နှင့် ဝေးရာသို့ ပြေးရတော့မည်ပေါ့။

လွတ်အောင်ပြေးဖို့ ဆိုသည်မှာ အလွန်လွယ်ပါသည်။ ကောလိပ်ကျောင်းမှာ နောက်ဆုံးနှစ်ရောက်တော့ ဆုံးဖြတ်ချက်ကို အယ်နီ အခိုင်အမာ ချဖြစ်လိုက်တော့သည်။

အီစတာပွဲတော် ကျောင်းပိတ်ရက်သို့ ရောက်သောအခါ မေမေနှင့် အန်တီအေမီတို့ကို ထိုအကြောင်း ပြောပြသည်။

"မေမေ၊ အန်တီအေမီ၊ ဒီနှစ် ကောလိပ်က ဘွဲ့ရပြီးရင် နယူးယောက်မြို့ကို သမီး သွားတော့မယ်"

"ကျောင်းပိတ်ရက်မှာ အလည်သွားမှာလား၊ အန္တရာယ် သိပ်များပြီး ကြောက်စရာကောင်းတဲ့နေရာပါ သမီးရယ်"

"အလည်သွားဖို့ မဟုတ်ပါဘူး မေမေ၊ သမီး ဟိုမှာပဲ အပြီး သွားနေဖို့ စိတ်ကူးထားတာပါ"

"ဒီကိစ္စကို ဝီလီဟင်ဒါဆင်နဲ့ရော သမီး တိုင်ပင်ပြီးပြီလား"

"မတိုင်ပင်ပါဘူး၊ သူနဲ့ ဘာဖြစ်လို့ တိုင်ပင်ရမှာလဲ မေမေ"

"သမီး ဆယ့်ခြောက်နှစ် ပြည့်ကတည်းက သူနဲ့တွဲနေတာ မဟုတ်လား၊ လူတိုင်းက ဒီလိုပဲ တွက်ကြ . . ."

"ဒီမြို့ကတော့ ဒီအတိုင်းပါပဲ၊ အချိန်ရှိသမျှ သူများအကြောင်းပြောပြီး လူတကာအကြောင်း စပ်စုနေကြတာ"

"အယ်နီ၊ ကြီးကြီးကျယ်ကျယ်တွေ မပြောစမ်းနဲ့၊ ဝီလီဟင်ဒါဆင်က လူတော်လူကောင်းကလေး တစ်ယောက် မဟုတ်လား။ သူ့မိဘနဲ့ မေမေနဲ့ကလည်း ကျောင်းနေဖက်တွေ"

အယ်နီ၏အမေက တည်ငြိမ်သောလေသံဖြင့် ပြန်ပြောသည်။

"ဒါပေမယ့် သူ့ကိုမှ သမီး မချစ်ဘဲ မေမေ"

"ချစ်ရမယ့်ယောက်ျားဆိုတာ လောကမှာ မရှိပါဘူး"

ယခုတစ်ကြိမ် ဝင်ပြောသူမှာ အန်တီအေမီ ဖြစ်သည်။

"ဖေဖေ့ကိုတော့ မေမေ ချစ်တယ် မဟုတ်လား"

အယ်နီ ပြန်မေးသည်မှာ မေးခွန်းထုတ်သည့် ပုံစံမျိုးမဟုတ်။ မေမေ့ကို စွပ်စွဲသည့်ပုံစံမျိုး ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

မေမေကလည်း ဒေါသသံနှင့် ပြန်ပြောသည်။

"သူ့ကို ချစ်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် အန်တီအေမီ ပြောတာက ဒါမဟုတ်ဘူး။ ယောကျ်ားဆိုတာ တစ်မျိုး၊ တစ်ယောက်နဲ့ တစ်ယောက် တူကြတာ မဟုတ်ဘူး။ မိန်းမတွေ စဉ်းစားသလို မစဉ်းစားဘူး၊ မိန်းမတွေ တုံ့ပြန်သလို မတုံ့ပြန်ဘူး။

သမီးဖေဖေကိုပဲကြည့် သူဟာ နားလည်ဖို့ အင်မတန်ခက်တဲ့ လူစားမျိုး၊ ထင်ရာလုပ်တတ်တဲ့ တစ်ဇွတ်ထိုးသမား၊ အရက်ကိုလည်း ကြိုက်တတ်လိုက်တာ လွန်ရော၊ မေမေနဲ့ အကြောင်းပါပေလို့သာပေါ့၊ တခြား မိန်းမနဲ့ သာညားရင် သူ့ဘဝဟာ ဇာတ်သိမ်းကောင်းမှာ မဟုတ်ဘူး"

"ဖေဖေ အရက်သောက်တာ တစ်ခါမှ သမီး မမြင်ဖူးပါဘူး"

အယ်နီကလည်း ခေါင်းမာမြဲ မာနေသည်။

"ဘယ်မြင်ဖူးပါ့မလဲ၊ မေမေက စည်းကမ်းလုပ်ထားတာကိုး။ အိမ်ထဲမှာ အရက်တစ်စက်မှ ထားမပေးဘူး။ အရက်ရဲ့ ကျေးကျွန်ကြီးဘဝနဲ့ မသောက်ရ မနေနိုင်အောင် မဖြစ်ခင် မပြတ်ပြတ်အောင် မေမေ ဖြတ်ပေးလို့သာပေါ့။ အင်း- စောစောပိုင်းတုန်းကဆိုရင် အင်မတန်ရိုင်းတဲ့လူ၊ သူ့အဘွားက ပြင်သစ်လူမျိုးလေ၊ သိတယ် မဟုတ်လား"

"ပြင်သစ်လူမျိုးတွေဟာ နည်းနည်းတော့ ကြောင်ကြတာချည်းပါပဲ"

အန်တီအေမီကလည်း ဝင်ထောက်ခံသည်။

"ဖေဖေကတော့ မကြောင်ပါဘူး"

ဖေဖေ့ကို မိမိ သေသေချာချာ နားလည်မိကြောင်း ရုတ်ခြည်းပင် အယ်နီ သဘောပေါက်လိုက်မိသည်။

ကြုံခဲ့ရသည်မှာတော့ ကြာပါပြီ။ ယခု မိမိတို့ ထိုင်နေကြသည့် မီးဖိုချောင်ထဲမှာပင် ဖြစ်သည်။

ထိုစဉ်က အယ်နီ ဆယ့်နှစ်နှစ်သမီး ဖြစ်သည်။ ဖေဖေသည် စကားတစ်ခွန်းမျှ မပြောဘဲ ကြမ်းပြင်ပေါ် သို့ လဲကျသွားသည်။ တိတ်တိတ်ဆိတ်ဆိတ်ပင် အသက်ကုန်သွားသည်။ ဆရာဝန်သည်ပင်လျှင် ဖေဖေ့ အသက်ကို မမီလိုက်တော့။

"သမီးပြောတာ မှန်ပါတယ်၊ သမီးဖေဖေ အဖို့က ကြောင်စရာအကြောင်းလည်း မရှိဘဲကိုး။ သူဟာ လူကောင်းတစ်ယောက်ပါ။ အေမီသူ့အမေဟာ ဘင်နစ်စတာ ဖြစ်ကြောင်းကိုလည်း မမေ့နဲ့နော်။ အယ်လီဘင်နစ်စတာနဲ့ တို့မေမေဟာ ကျောင်းနေဖက်တွေပဲ မဟုတ်လား"

"ဒါပေမယ့် မေမေ၊ ဖေဖေ့ကို မေမေ တကယ် ချစ်တာလား၊ သမီး ဆိုလိုတာက ကိုယ်ချစ်တဲ့ ယောကျ်ားတစ်ယောက်က ကိုယ့်ကိုပွေ့ထားပြီး နမ်းတာဟာ သိပ်ကို ကြည်နူးစရာကောင်းမှာပဲနော်။ မဟုတ်ဘူးလား မေမေ၊ ဖေဖေနဲ့ နေရတာရော မေမေ့အဖို့ ကြည်နူးစရာကောင်းတဲ့ ဘဝမျိုး မဟုတ်ဘူးလား"

"အယ်နီ မအေတစ်ယောက်လုံးကို ဒီစကားမျိုး ပြောရသလား"

အန်တီအေမီက ဝင်ပြောသည်။

"ဒါပေမယ့် သမီးရယ်၊ ယောကျ်ားတစ်ယောက်အဖို့တော့ လက်ထပ်ပြီးတဲ့နောက်မှာ နမ်းတယ် ရှုပ်တယ် ဆိုတာ ရိုးအီသွားပါပြီ။ ဝီလီဟင်ဒါဆင်ကရော သမီးကို နမ်းဖူးသလား"

မေမေက စကားမမှားအောင် သတိထားမေးသည်။

"နမ်းဖူးတယ်၊ ခဏခဏတော့ မဟုတ်ပါဘူး"

အယ်နီ၏မျက်နှာ ရှုံ့မဲ့သွားသည်။

"ဒီလိုနမ်းတော့ သမီးကရော သဘောကျသလား"

မေမေက ဆက်မေးပြန်သည်။

"သမီး သိပ်ရွံတာပဲ"

ဝီလီဟင်ဒါဆင်၏ နှုတ်ခမ်းပါးများသည် ပျော့စိစိနှင့် ရွံစရာကောင်းလှသည်။ သူ အသက်ရှူသောအခါတွင်လည်း ချဉ်စော်နံလှသည်။

"တခြား ယောကျ်ားကလေးတွေ နမ်းတာကိုရော ခံရဖူးသလား"

အယ်နီက ပခုံးများကို တွန့်မိသည်။

"ကြာပါပြီ မေမေ၊ ဝီလီနဲ့သမီး ပထမဆုံး ချိန်းပြီး တွေ့တုန်းကပေါ့။ တခြားလူတွေနဲ့ပါ အတူတူ ပုလင်းလှည့်တမ်း ကစားကြတယ်။ သမီးတို့ ကစားတဲ့ပွဲကို လာကြတဲ့ ယောကျ်ားလေးတွေ အားလုံးရဲ့ နမ်းတာကို ခံခဲ့ရဖူးတယ်။ အကုန်လုံး ရွံစရာချည်းပဲ။ သမီးတော့ စိတ်ကုန်လွန်းလို့။

မေမေ၊ လောရင့်စ်ဗီးလ် တစ်မြို့လုံးမှာ

www.burmeseclassic.com

www.burmeseclassic.com

စွဲမက်စရာကောင်းလောက်အောင် နမ်းတတ်တဲ့ယောကျ်ားလေး တစ်ယောက်မှ မရှိဘူးလို့ ထင်တယ်"

အယ်နီက ပြောရင်း ပြုံးသည်။

မေမေကလည်း သူ့ကို အရွှန်း ပြန်ဖောက်သည်။

"သမီးက အပျိုကလေးကိုးကွယ့်။ ဒါကြောင့် အနမ်းခံရတာကို သမီး မကြိုက်တာပါ။ ဘယ်အပျိုကလေးမှ နမ်းတာကို မကြိုက်ကြဘူး"

"အို မေမေရယ်၊ သမီးတော့ ဘာကို မကြိုက်ရကောင်းမှန်းလဲ မသိတော့ပါဘူး။ သမီးကိုယ် သမီးလည်း ဘယ်ဘဝရောက်နေတယ်ဆိုတာ မသိတော့ဘူး။ ဒါကြောင့် နယူးယောက်မြို့ကို သမီး သွားချင်တာ"

"အယ်နီ၊ သမီးမှာ ဒေါ်လာ ငါးထောင်တောင် ရှိနေတာပဲ။ ဒီငွေတွေဟာ သမီး ကြိုက်ရာသုံးဖို့ သမီးဖေဖေက တမင် အမွေပေးခဲ့တာ မဟုတ်လား။ မေမေသာဆိုရင် ပိုပြီး အကျိုးရှိအောင် လုပ်မှာပဲ။ မေမေတို့က ဟင်ဒါဆင်တို့လို မချမ်းသာပါဘူး။

ဒါပေမယ့် မေမေတို့ဟာ စားနိုင်သောက်နိုင် ချောင်ချောင်လည်လည် ရှိနေတာပဲ မဟုတ်လား။ မေမေတို့ မိသားစုဟာလည်း လောရင့်စ်ဗီးလ်မြို့မှာ လူအလေးစားခံရတဲ့ မိသားစုပါ။

ဒါကြောင့် သမီး ပြန်လာပြီး ဒီအိမ်မှာပဲ အခြေချစေချင်တယ်။ မေမေရဲ့ အမေလည်း ဒီအိမ်မှာပဲ လူဖြစ်ခဲ့တာပဲ မဟုတ်လား။မေမေတို့ ခြံကလည်း အကျယ်ကြီးပဲလေ။ ဟင်ဒါဆင်ကလည်း ဒီအိမ်ကြီးမှာပဲ အဆောင်တစ်ခု ထပ်ချဲ့ချင်နေမှာပါ။ ဘာပဲဖြစ်ဖြစ် ကိုယ့်အိမ်ကိုယ့်ယာမှာဆိုတော့ အေးအေးချမ်းချမ်း နေနိုင်တာပေါ့ သမီးရယ်"

"ဝီလီဟင်ဒါဆင်ကို သမီးမှ မကြိုက်ဘဲ မေမေ"

"သမီးပြောနေတာတွေ မဟုတ်သေးပါဘူး။ သမီးပြောတဲ့ အချစ်ဆိုတာမျိုးဟာလည်း မရှိပါဘူး။ ဒါတွေက အပေါစားအချစ်တွေပါ။ ရုပ်ရှင်တွေ၊ ဝတ္ထုစာအုပ်တွေထဲမှာပဲ ဒီလို အချစ်မျိုးကို သမီး ရှာလို့တွေ့မယ်။

အချစ် ဆိုတာဟာ အဖော်ကောင်းကို ဆိုလိုတာ၊ စိတ်ဝင်စားတာချင်းတူတယ်၊ ယုံကြည်တာချင်းတူတယ်၊ စိတ်တူကိုယ်တူ ရှိတယ်။ ဒါမျိုးကိုသာ အချစ်လို့ ဆိုတယ်။

အခု သမီး ပြောနေတာက ဖိုမဆက်ဆံရေးကို အချစ်လို့ ပြောနေတာပဲ။ ဖိုမဆက်ဆံရေးကိုသာ အချစ်စစ် အချစ်မှန်လို့ ယုံစားပြီး ရှေ့တန်းတင်နေရမယ်ဆိုရင် လက်ထပ်ပြီးတာနဲ့တစ်ပြိုင်တည်း အဲဒီအချစ်လည်း ပျောက်ကွယ်သွားပြီလို့ ဆိုရမယ်။

ဒါမှ မဟုတ်ရင်လည်း ဖိုမဆက်ဆံရေးဟာ အချစ် မဟုတ်ဘူး ဆိုတာကို မိန်းကလေးဘက်စပြီး သံဘောပေါက်လာတဲ့ အချိန်မှာ ဘာအချစ် ဆိုတာမှ မရှိတော့ဘူး။

ဒါပေမယ့် နယူးယောက်ကို သမီးသွားပါ။ မေမေ မတားပါဘူး။ ဝီလီက သမီးအပြန်ကို စောင့်နေလိမ့်မယ်လို့ မေမေ အတပ်ပြောလိုက်မယ်။ မေမေ ပြောတဲ့စကားကို သမီး မြဲမြဲမှတ်ထားပါ။ သမီး ဟိုကိုရောက်ပြီး မကြာခင်မှာပဲ အိမ်ပြန်ပြေးလာမှာပါ။

ပြီးတော့ ညစ်ပတ်စုတ်ပွဲတဲ့ အရပ်ကို ခွာပြီး ပြန်ပြေးလာတဲ့ အတွက်လည်း သမီး ဝမ်းသာပါလိမ့်မယ်"

သူ ရောက်လာသည့်နေ့က နယူးယောက်မြို့ကြီး ညစ်ပတ် စုတ်ပွဲနေသည်မှာ မှန်ပါသည်။ လူတွေကလည်း ကျပ်ကျပ်ခဲနေသည်။ ကမ္ဘာစစ်ကြီး ပြီးဆုံးသွားစအချိန် ဖြစ်သောကြောင့် လူအားလုံး စိတ်လှုပ်ရှားနေကြသည်။

သင်္ဘောသားများ၊ စစ်ပြန်စစ်မှုထမ်းဟောင်းများသည်လည်း အချိန်အား ရနေပြီဖြစ်သောကြောင့် ဟိုမှသည်မှ ဥဒဟို သွားလာနေကြသည်။ မြင်မြင်သမျှတို့သည်လည်း အထူးအဆန်းများချည်း ဖြစ်နေသည်။

နယူးယောက်မြို့ကြီး၏ လူနေမှုစနစ်ကိုလည်း သတိထားမိသည်။နယူးအင်္ဂလန်ဒေသနှင့် နှိုင်းစာကြည့်လျှင် အသက်ရှူကျပ်သလိုပင်ဖြစ်နေသည်။

သို့သော်လည်း နယူးယောက်မြို့ကြီးစည်ကားသလောက် နယူးအင်္ဂလန်ဒေသကတော့ ခြောက်ကပ်လွန်းလှသည်။

'အခန်းငှားမည်' ဟူသော ဆိုင်းဘုတ်ကလေးတစ်ခု ပြတင်းပေါက်တွင် ချိတ်ဆွဲထားသည်ကို တွေ့သဖြင့် ဝင်ခဲ့သည်။

အခန်းရှင်သည် လောရင့်စ်ဗီးလ်မြို့မှ စာပို့သမား မစ္စတာကင်စတန်နှင့် ရုပ်ချင်းဆင်လှသည်။

သို့သော်လည်း သူ့အပြုံးက လိုက်လိုက်

www.burmeseclassic.com

www.burmeseclassic.com

လှဲ့လှဲ့ ရှိသည်။ တစ်ပတ်တွက် အခန်းခကို လက်ခံပြီးသောအခါ သူက အယ်နီကို ပြန်ပြောသည်။

"အခန်းကတော့ အခန်း မည်ကာမတ္တ ပါပဲ။ ဒါပေမယ့် မျက်နှာကြက်က မြင့်လို့ လေကောင်းလေသန့်တော့ ရပါတယ်။ နောက်ထပ်လည်း မင်းလိုတာရှိရင် ပြောပါ။ ကျုပ် တတ်နိုင်သလောက် ဆောင်ရွက်ပေးပါ့မယ်"

အခန်းရှင်က မိမိကို လိုလိုလားလား ရှိကြောင်း အယ်နီ သတိထားမိသည်။ သူကလည်း အခန်းရှင်ကို ပြန်ပြီး ခင်မင်နေမိသည်။ နယူးယောက်မြို့မှာ တစ်ခုကောင်းတော့ ရှိသည်။

သည်မြို့သို့ ရောက်လာလျှင် ယခုမှပင် လူ့လောက အတွင်းသို့ ရောက်လာသည့် သဘောမျိုး ထားလိုက်နိုင်တတ်ကြသည်။ အတိတ်က ဘာတွေ ဖြစ်ခဲ့သည်ဆိုခြင်းကို လှန်လှောစပ်စုမနေတတ်ကြ။

ယခုတော့ ဘယ်လာမီနှင့် ဘယ်လိုစ်ဟူသော ကုမ္ပဏီအမည် ရေးထားသည့် မှန်တံခါးနားမှာ အယ်နီ ရပ်နေသည်။

ဟင်နရီဘယ်လာမီကလည်း မိမိအတိတ်ကြောင်းများကို ပြန်လည် စပ်စုမနေတော့ဘဲ လူ့လောကထဲသို့ အသစ် ဝင်ရောက်လာသူတစ်ဦး အနေဖြင့် လက်ခံနိုင်ပါစေတော့ဟု မျှော်လင့်နေမိသည်။

*

အယ်နီကိုမြင်တော့ ဟင်နရီဘယ်လာမီက သူ့မျက်စိကိုပင် သူ မယုံကြည်နိုင်လောက်အောင် ဖြစ်မိသည်။ အတွင်းရေးမှူးရာထူးကို အတည်ပေါက် လာလျှောက်နေခြင်းတော့ မဖြစ်တန်ရာပါ။ သူသည် မိန်းမချောကလေးပေါင်း မြောက်မြားစွာကို မြင်ဖူးတွေ့ဖူးခဲ့သည်။ မျက်စိလည်း ကျင့်သားရနေပြီ။

သို့သော်လည်း သူ မြင်တွေ့ခဲ့ဖူးသမျှသော မိန်းမချောကလေးများထဲတွင် ယခု မိန်းကလေးသည် အချောဆုံး၊ အလှဆုံး ဖြစ်ချေ၏။ သူ့ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် အဝတ်အစားများက ရိုးရိုးကလေးပဲ ဖြစ်သည်။

သို့ကလို ရိုးရိုးကလေး ဝတ်ဆင်ထားခြင်းကပင် သူ၏ ကိုယ်ပိုင်ဟန်ကလေး တစ်မျိုးလို ဖြစ်နေတော့သည်။

ဆံပင်က ရွှေရောင်ပျော့ပျော့၊ အစည်းအနှောင် မလုပ်ဘဲ ပခုံးပေါ်မှာ ဝဲဖျံ့ကျနေစေသည်။ သဘာဝဟန်မျိုး ဖြစ်သည်။

သို့သော်လည်း သူ့မျက်လုံးများက စကားတတွတ်တွတ် ပြောပြနေသလို ရှိဘိသည်။ အပြာရောင်မျက်လုံးများ ဖြစ်သည်။ ပြာသည်မှ မိုးပြာရောင် ဖြစ်သည်။အေးလည်း အေးမြလွန်းလှသည်။

"မင်း ဘာဖြစ်လို့ ဒီအလုပ်ကို လိုချင်ရတာလဲ မစ္စဝယ့်လိစ်"

မေးမည်သာ မေးရသည်။ သူ့စိတ်ထဲမှာ မလုံမလဲ ဖြစ်နေသည်။ သို့သော်လည်း သူ သိချင်နေသည်။ အယ်နီ၏လက်တွင် သပ်သပ်ရပ်ရပ် ပတ်ထားသည့် နာရီကလေးတစ်လုံးမှလွဲပြီး လက်ဝတ်လက်စားများ ဝတ်ဆင်ထားခြင်း မရှိ။

သို့သော်လည်း အလုပ်တစ်ခုခု ဝင်လုပ်ရလောက်အောင် စီးပွားရေး အခြေအနေကျပ်တည်းခက်ခဲနေသူတစ်ဦး မဟုတ်ကြောင်းကတော့ သေချာသည်။

"ကျွန်မ နယူးယောက်မြို့မှာ နေချင်လို့ပါ မစ္စတာဘယ်လာမီ"

အမှန်ပဲ ဖြစ်ပါသည်။ သူ့မေးခွန်းကို တည့်တည့် ပြန်ဖြေခြင်း ဖြစ်ပါသည်။

အယ်နီ၏အဖြေကို ကြားရသောအခါ သူ့စိတ်ထဲတွင် မလုံမလဲ ဖြစ်မိပြန်သည်။

အမှန်တော့လည်း အလုပ်ရှင် တစ်ယောက်အနေနှင့် သူ့မှာ မေးပိုင်ခွင့် ရှိပါသည်။ မိမိဘက်က ဈေးပေါပေါနှင့် လျှော့ဈေးပေးလိုက်မည်ဆိုလျှင်လည်း သည်အလုပ်ကို သည်မိန်းကလေး လက်ခံလိမ့်မည် မဟုတ်ချေ။

သည်လိုလည်း ဖြစ်နိုင်စရာ အကြောင်းမရှိပါ။ မိန်းကလေးသည် ယခုပင် မိမိရှေ့မှာ ထိုင်နေပြီ မဟုတ်လား။ အမှန်တော့ မိမိရုံးခန်းထဲသို့ အလည်အပတ် ရောက်နေခြင်းမဟုတ်။

သည်လိုဆိုလျှင် မိမိ ဘာကြောင့် သူ့ကို အားတုံ့အားနာ ဖြစ်နေရသနည်း။ သည်မိန်းကလေးကို ဘာကြောင့် ဦးစားပေးပြီး စဉ်းစားနေရသနည်း။

အလုပ်အကိုင် ရှာဖွေရေး အေဂျင်စီမှ ရေးပေးလိုက်သည့် ပုံစံကို ဟင်နရီဘယ်လာမီက ပြန်ငုံ့ကြည့်လိုက်မိပြန်သည်။

"အသက်နှစ်ဆယ်၊ ဘီအေအောင်ပြီး၊ အင်္ဂလိပ်စာအဓိက။ အင်း . . . ရက်ကလစ်ကောလိပ်ကျောင်း၊ ဒါပေမယ့် ရုံးလုပ်ငန်း

www.burmeseclassic.com

အတွေ့အကြုံတော့ မရှိသေးဘူး။

ကဲ ပြောစမ်းပါဦး၊ ဒီမှာ ဘယ်လိုအလုပ်မျိုးများ လုပ်နိုင်လိမ့်မယ် မျှော်လင့်ထားသလဲ။ စည်းကမ်းကလနား တစ်စက်ကလေးမှ မရှိတဲ့ ဟယ်လင်လော်ဆန်လို မင်းသမီးမျိုးကို ကျုပ်နဲ့ ကူပြီး ထိန်းကျောင်းပေးနိုင်ပါ့မလား။ အပတ်စဉ် ရေဒီယိုဇာတ်လမ်းတွေကို အချိန်မီ ရေးပေးနိုင်အောင် အရက်သမားကြီး ဘောဝ်ဝုဖ်ကို နားပူနားဆာ လုပ်ပေးနိုင်ပါ့မလား။

ဒါမှ မဟုတ်ရင် ဂျွန်ဆင်ဟားရစ်နဲ့ ဆက်သွယ်ပြီး လုပ်ကိုင်နေကြတဲ့ နာမည်ကြီး အဆိုတော်တွေထဲက တချို့တစ်ဝက် ကျုပ်တို့ ကုမ္ပဏီကို ပြောင်းလာအောင် ဆက်သွယ်ပေးနိုင်ပါ့မလား။ သူတို့နဲ့ ပတ်သက်တဲ့ ကိစ္စအဝဝ တွေကို ကျုပ် ကိုင်တွယ်ဖြေရှင်းပေးနိုင်အောင် ဒလံလုပ်ပေးနိုင်ပါ့မလား"

"အဲဒီအလုပ်တွေ အကုန်လုံး ကျွန်မ လုပ်ရမှာလားရှင်"

အယ်နီက ပြန်မေးမိသည်။

"မဟုတ်ပါဘူး၊ အဲဒီအလုပ်တွေက ကျုပ်ကိုယ်တိုင် လုပ်မှာပါ။ ဒါပေမယ့် မင်းက ကျုပ်ကို ကူညီရမယ်"

"ဒါပေမယ့် ကျွန်မက ရှင့်ကို ရှေ့နေ တစ်ယောက်လို့ ထင်ထားမိတာ"

အယ်နီ လက်အိတ်များ ဖြုတ်နေသည်ကို ဘယ်လာမီ သတိထားမိသည်။

သူက စိတ်သက်သာရာရသည့် အပြုံးမျိုး ပြုံးလိုက်ပြန်သည်။

"ကျုပ်က ဇာတ်သဘင်တွေနဲ့ ပတ်သက်တဲ့ ရှေ့နေပါ။ မတူတာတွေတော့ ရှိတာပေါ့။ ကျုပ်အမှုသည်တွေအတွက် ကန်ထရိုက်စာချုပ်တွေကို ကျုပ်က ရေးပေးရတယ်။ ယိုပေါက်ဟာပေါက် မရှိအောင်လည်း ဂရုတစိုက် ရေးရတယ်။ သူတို့ကိုယ်တိုင်က သူတို့အလုပ်ရှင်အပေါ်မှာ အခွင့်အရေး ပေးချင်သပ ဆိုရင်တော့ ကျုပ်နဲ့ မဆိုင်ဘူးပေါ့လေ။

သူတို့ရဲ့ အမြတ်တော်ကြေးကိစ္စတွေကိုလည်း ကျုပ်ကပဲ ဆောင်ရွက်ပေးရတယ်။ သူတို့ရလာတဲ့ငွေတွေကို အတိုးရင်းပွား ရအောင်လည်း ငွေရင်းငွေနှီး မြှုပ်နှံပေးရတယ်။ သူတို့ အခက်အခဲနဲ့ ကြုံလာရင်လည်း ဖြေရှင်းပေးရတယ်။

အိမ်ထောင်ရေးကိစ္စတွေမှာလည်း တရားသူကြီး ဝင်လုပ်ပေးရသေးတယ်။ တရားဝင်ဇနီးနဲ့ သူတို့တွဲနေတဲ့ အမျိုးသမီးတွေ မဆုံမိအောင်လည်း လမ်းလွှဲပေးရတယ်။ သူတို့မွေးတဲ့ သားသမီးတွေအတွက် လိုအပ်တာတွေ လုပ်ပေးရတယ်။ ဂေါ်ဒ်ဖားသားပေါ့ကွာ။ ကလေးထိန်း ဆိုရင်လည်း မမှားပါဘူး။ အထူးသဖြင့် သူတို့ပြဇာတ်သစ်တွေ ကနေတဲ့အချိန်မျိုးမှာ ပိုပြီး စောင့်ရှောက်ပေးရတယ်"

"ဒါပေမယ့် မင်းသား မင်းသမီးတွေ၊ စာရေးဆရာတွေမှာ မန်နေဂျာတွေနဲ့ အေဂျင်စီတွေ သူတို့ဟာနဲ့သူတို့ ရှိတယ်လို့ ကျွန်မ ထင်နေတာ"

"သူတို့လူတွေနဲ့ သူတို့ ရှိတာ မှန်ပါတယ်။ ဒါပေမယ့် ကျုပ် ကိုင်တွယ်ပေးနေရတဲ့ လူတွေက သိပ်ကို အောင်မြင်ပြီး အထွတ်အထိပ် ရောက်နေကြတဲ့လူတွေလေ။

ဒါကြောင့် လိုအပ်တာတွေ အကြံပေးဖို့ ကျုပ်ရှိမှဖြစ်တာ။ ဥပမာတစ်ခု ပြောရမယ်ဆိုရင် သူတို့နဲ့ ဆက်ဆံနေတဲ့ ပွဲစားတွေက ငွေပိုရမယ့်ဆီကိုပဲ တွန်းပို့နေတတ်ကြတယ်။ ပွဲစားတွေအနေနဲ့ ဝင်ငွေပေါ်မှာ ဆယ်ရာခိုင်နှုန်း ကော်မရှင်ရတာ မဟုတ်လား။

ဒါပေမယ့် ကျုပ်ကတော့ သူတို့အတွက် ငွေပိုရတာထက် လုပ်ငန်းသဘောအရ ပိုကောင်းတဲ့အလုပ်မျိုးကိုပဲ ဦးစားပေးတယ်။

မကြာခင် ဇာတ်သဘင်နဲ့ ပတ်သက်တဲ့ ရှေ့နေတွေလည်း ပွဲစားတွေ ဖြစ်ကုန်ကြတော့မှာပါ။ အမှုသည်တွေရဲ့ မိဘတွေ၊ အုပ်ထိန်းသူတွေ ဖြစ်ကုန်ကြရတော့မှာပါ။ ဒီအလုပ်ကို မင်းဝင်လုပ်မိရင် မင်းလည်း သူတို့ရဲ့အမေ ဖြစ်လာလိမ့်မယ်"

အယ်နီက ပြုံးမိသည်။

"ဒီလိုဆိုရင် ဇာတ်သဘင်ရှေ့နေတွေ နေရာမှာ ဘာဖြစ်လို့ ကိုယ်စားလှယ်တွေနဲ့ အစားမထိုးသေးတာလဲ"

"သူတို့ လုပ်ကြမှာပါ။ ကျုပ်လို ရှမတ်တွေ များလာတဲ့အခါမှာ အစားထိုးကြမှာပဲ။ အင်း . . . ကျုပ်ပြောတဲ့ စကားလုံးကြမ်းကြမ်းအတွက် တောင်းပန်ပါတယ်ကွယ်။ ကျုပ်က စိတ်ပေါက်လာရင် ရိုင်းရိုင်းစိုင်းစိုင်း စကားလုံးတွေကို သုံးမိရော။ အခုနသုံးတဲ့ ရှမတ်ဆိုတဲ့ စကားလုံးမျိုးတွေပေါ့"

"ဘယ်လို စကားလုံးမျိုးကို ပြောတာလဲ၊ ရှမတ်ဆိုတာ ဘာအဓိပ္ပာယ်လဲ"

အယ်နီက စိတ်ဝင်စားလာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဟင်နရီဘယ်လာမီက အသံပြကြီးနှင့် ကျယ်ကျယ်လောင်လောင် ထရယ်လိုက်သည်။ အယ်နီ၏ နားထဲမှာတော့ ထိုရယ်သံသည် ဒေါသပေါက်ကွဲသဖြင့် ရယ်မောသည့် ရယ်သံမျိုး ဖြစ်နေသည်။

"ရှမတ်ဆိုတာ ဂျူးစကားပါ။ အဓိပ္ပာယ် အမှန်ကို ပြောပြရရင် မင်း နားခံသာမှာ မဟုတ်ဘူး။ ဒါပေမယ့် အခုတော့လည်း ဗန်းစကား ဖြစ်သွားပါပြီ။ ငတုံးအကို ပြောတာပေါ့။ ထားလိုက်ပါတော့ကွာ၊ မင်းကို ကျုပ်က အရှုးလုပ်သလို ဖြစ်နေပါဦးမယ်။ ကျုပ်ကိုယ်တိုင်က ဂျူးလူမျိုး၊ ကျုပ် ငယ်ငယ်တုန်းက နွေရာသီ ကျောင်းပိတ်ရက်ကျရင် ပြဇာတ်ကလေးတွေမှာ ဒါရိုက်တာ ဝင်လုပ်တယ်။

အရပ်တကာ နယ်တကာ လှည့်ကနေကြတဲ့ ပြဇာတ်မျိုးကလေးတွေပေါ့။ သဘော်နဲ့ လှည့်သွားနေရင်း အင်မတန် အရေးကြီးတဲ့ ထိပ်တန်းပုဂ္ဂိုလ်မျိုးတွေနဲ့လည်း တွေ့ခဲ့ရဖူးပါတယ်။

အဲဒီ ပြဇာတ်အဖွဲ့ထဲက အဆိုတော်တစ်ယောက်နဲ့တွေ့ပြီး သူဟာ ကျုပ်ရဲ့ ပထမဆုံး အမှုသည်တစ်ယောက် ဖြစ်လာခဲ့တယ်။ သူနဲ့ ပတ်သက်တဲ့ လုပ်ငန်းကိုင်ငန်းကိစ္စတွေကို ကျုပ်က ကိုင်တွယ်ဖြေရှင်းပေးရတယ်။

ဒီကစပြီး ကျုပ်ကို ဘယ်လာမီ အဖြစ်နဲ့ လူသိများလာတော့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်ကတော့ ကျုပ်ဘဝကို မမေ့ခဲ့ပါဘူး။ ကျုပ်ဟာ ဂျူးလူမျိုးတစ်ယောက် ဖြစ်ကြောင်းကိုလည်း လူတိုင်းက မမေ့အောင် နေခဲ့တယ်။

ကဲ ဒါလောက်ဆိုရင် လုပ်ငန်းသဘောကို ခြုံမိလောက်ရောပေါ့။ မင်း လုပ်နိုင်ပါ့မလား"

ဘယ်လာမီက ပြောရင်း ပြုံးသည်။

အယ်နီကလည်း ပြန်ပြုံးပြသည်။ လှိုက်လှဲသောအပြုံး ဖြစ်သည်။

"ကျွန်မ ကြိုးစားကြည့်ချင်ပါတယ်။ လက်နှိပ်စက်ကိုတော့ ကျွန်မ ကောင်းကောင်း ရိုက်တတ်ပါတယ်။ ဒါပေမယ့် လက်ရေးတိုတော့ မတတ်ပါဘူး"

ဘယ်လာမီက လက်မြှောက်ပြသည်။

"အင်မတန်တော်တဲ့ လက်ရေးတို စာရေးမနှစ်ယောက် ကျုပ်မှာ ရှိပါတယ်။ ပြိုင်ပွဲများ ဝင်လိုက်ရရင် ထိပ်ဆုံးက နေမှာပေါ့။ ကျုပ်လိုချင်နေတာက သာမန် အတွင်းရေးမှူးထက် ပိုပြီး အလုပ်လုပ်နိုင်တဲ့ လူမျိုးပါ"

အယ်နီ၏ မျက်နှာပေါ်မှအပြုံး ပျောက်ကွယ်သွားတော့သည်။

"ဘာကို ဆိုလိုတယ်ဆိုတာ ကျွန်မ နားမလည်ပါဘူးရှင်"

သွားပါပြီ။ ဘယ်လာမီ ဆိုလိုချင်သည်မှာ ထိုသို့သော အဓိပ္ပာယ်မျိုးမဟုတ်။ ရိုးရိုးကလေး ဖြစ်သည်။ တိုသွားသည့် စီးကရက်ကို ပြာခွက်ထဲ ထည့်လိုက်သည်။ နောက်တစ်လိပ်ကို ထပ်ညှိပြန်သည်။

အယ်နီကို လှမ်းကြည့်သောအခါ ကိုယ်ကို မတ်မတ်ထားပြီး ထိုင်နေသည်ကို တွေ့ရသည်။ ထိုအမူအရာကို မြင်သောအခါ သူကိုယ်တိုင်ကလည်း အလိုလိုနေရင်း ကိုယ်ကို မတ်မတ်ထားကာ ထိုင်မိလျက်သား ဖြစ်သွားသည်။

"ဒီလိုလေ၊ ရိုးရိုးအတွင်းရေးမှူး တစ်ယောက်ထက် ပိုတယ်ဆိုတာက ထုံးတမ်းစဉ်လာ ရုံးချိန်အတိုင်း လုပ်ကိုင်နေရတာမျိုး မဟုတ်ဘူး။ မနက်ကိုးနာရီ ရုံးတက်၊ ညနေငါးနာရီ ရုံးဆင်း ဆိုတာမျိုး မဟုတ်ဘူး။ မွန်းလွဲပိုင်းကျော်သွားတဲ့ အချိန်အထိ မင်း ရုံးကို မလာဘဲ နေလို့ရတဲ့နေ့မျိုးတွေ ရှိမယ်။ ညဘက်မှာ အလုပ်လုပ်ရမယ်ဆိုရင် နောက်တစ်နေ့မှာ နေ့လယ်နေ့ခင်းကျမှ ရုံးလာရင်လည်း ဖြစ်တယ်။

ဒါပေမယ့် အရေးပေါ်ကိစ္စတွေလည်း ပေါ်လာနိုင်သေးတယ်။ တစ်ခါတစ်ရံ အရေးတကြီးကိစ္စ ပေါ်နေပြီဆိုရင် မနက် လေးနာရီလောက်အထိ အလုပ်လုပ်ရလိမ့်မယ်။

ဒါပေမယ့် နောက်တစ်နေ့ကျရင်လည်း ရုံးဖွင့်ချိန် မတိုင်ခင်ကတည်းက ရုံးကို မင်း ပြန်ရောက်လာဖို့ လိုချင် လိုပြန်တယ်။ မင်းကိုယ်တိုင်ကလည်း ရုံးကိုလာမှ ဖြစ်မယ်ဆိုတာ အလိုလို သိနေလိမ့်မယ်။ တခြားနည်းနဲ့ ပြောရမယ်ဆိုရင် မင်း လုပ်ရမယ့် အလုပ်တွေနဲ့ ပတ်သက်ပြီး ရုံးတက်ရုံးဆင်းချိန်ကို မင်းဟာ မင်း သတ်မှတ်တာသာ ဖြစ်တယ်။ ညပိုင်းတွေမှာလည်း မင်း အလုပ်လုပ်ဖို့ လိုတဲ့အခါမှာ လိုလိမ့်မယ်"

ဘယ်လာမီက စကားကို ဖြတ်လိုက်သည်။ သို့သော်လည်း အယ်နီက မည်သည့် တုံ့ပြန်မှုကိုမျှ မပြသောအခါ သူ့စကားကို သူ ဆက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com


"ဆိုကြပါစို့ကွယ်၊ ၂၁-စားပွဲရုံမှာ ကျုပ်ရဲ့ အမှုသည်တစ်ယောက်နဲ့ ကျုပ် တွေ့ပြီ ဆိုပါတော့ သူနဲ့အတူတူ ညစာစားမယ်။ လုပ်ငန်းကိစ္စတွေကို သူနဲ့ ဆွေးနွေးမယ်။ ဒီလိုလုပ်မှလည်း ကျုပ်ကို သူ ငှားဖြစ်မယ်။ သူနဲ့ လုပ်ငန်းကိစ္စ ဆွေးနွေးကြရင်း ကျုပ်က အရက်သောက်မယ်။ ခြောက်ခွက်၊ ခုနစ်ခွက် ဆိုကြပါစို့။

အမှန်ကတော့ ကျုပ်ဘဝမှာ အရက်သောက်ဖို့ မကောင်းဘူး။ ဒါပေမယ့် မတတ်နိုင်ဘူး။ သူ တောင်းတဲ့ကတိတွေကို ကျုပ်က ပေးမယ်။သူ မတောင်းတာတွေကိုတောင် ပေးမိလိမ့်ဦးမယ်။

ဆိုကြပါစို့၊ လကမ္ဘာပေါ်တောင် တက်ပြီးတော့ သူ့နာမည်ကို ကမ္ပည်းထိုးပေးဦးမယ် ဆိုတာမျိုးတွေပေါ့။ တကယ်ကတော့ ပေးထားတဲ့ကတိတွေအားလုံး အကောင်အထည်ပေါ်အောင်လည်း ကျုပ် လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး။ ဘယ်သူမှလဲ လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး။

ဒါပေမယ့် သူ စိတ်ချမ်းသာအောင် ပြောရတော့မယ်လေ။ နောက်ပြီးတော့ ပေးထားတဲ့ကတိတွေထဲက လုပ်ပေးနိုင်သမျှတွေကိုလည်း အကောင်အထည်ပေါ်အောင် လုပ်ပေးရတော့မယ်။ နောက်တစ်နေ့ မနက်လည်း ရောက်ရော အဲဒီညတုန်းက ကျုပ် ဘာတွေ ပြောခဲ့တယ်ဆိုတာကို သတိရတော့မှာ မဟုတ်ဘူး။ ဘာကတိတွေ ပေးခဲ့မိတယ် ဆိုတာကိုလည်း သတိရတော့မှာ မဟုတ်ဘူး။ ညက အရက်များပြီ၊ ကျုပ်က အရက်နာကျနေပြီ မဟုတ်လား။

ဒီနေရာမှာ မင်း ဝင်ရတော့မယ့် အခန်းပဲ။ မင်းက အရက်နာမကျဘူး။ ဘာကြောင့်လဲ ဆိုတော့ ကျုပ်နဲ့အမှုသည် ဆွေးနွေးနေကြတဲ့ အချိန်မှာ မင်းက ရှယ်ရီအရက်ကို ဖြည်းဖြည်းချင်းသောက်ရင်း ကျုပ်တို့ ပြောတာတွေကို ထိုင်နားထောင်နေလိမ့်မယ်။

ဒါကြောင့် ကျုပ်ပြောခဲ့တဲ့ စကားတွေအားလုံး၊ ကျုပ်ပေးခဲ့တဲ့ ကတိတွေ အားလုံးကို မင်းက တစ်လုံးမကျန် ပြန်အမှတ်ရနေလိမ့်မယ်။

ဒါကြောင့် နောက်နေ့ ရောက်တော့ 'မနေ့ညက ကျုပ်ပြောခဲ့တဲ့စကားတွေ အားလုံး၊ ကျုပ်ပေးခဲ့တဲ့ ကတိတွေအားလုံး မင်းက မှတ်မိပြီး ကျုပ်ကို ပြန်ပြောပြရမယ်။ ဒီအခါ ကျုပ်က ခေါင်းအေးအေးနဲ့ ပြန်ပြီးလေ့လာနိုင်မယ်"

"ကျွန်မက လူ့ခါတ်စက်သဘောမျိုးပေါ့"

အယ်နီက ပြုံးမိသည်။

"သဘောမျိုး ဆိုတာတောင် မမှန်သေးဘူး၊ လူ့ခါတ်စက်သက်သက်ပဲ။ ဘယ်လိုလဲ လုပ်နိုင်ပါ့မလား"

"ကြိုက်သွားပြီ၊ ကျွန်မက မှတ်ဉာဏ်သိပ်ကောင်းတာ။ ဒါပေမယ့် ရှယ်ရီ အရက်ချိုချိုကြီးကိုတော့ ကျွန်မ မုန်းတယ်"

ယခုတစ်ကြိမ်တွင်မူ သူတို့နှစ်ယောက်စလုံး ပြိုင်တူရယ်လိုက်ကြသည်။

"ကောင်းပြီ အယ်နီ၊ မနက်ဖြန်ကစပြီး ရုံးတက်မလား"

အယ်နီက ခေါင်းညိတ်ပြသည်။

"မစ္စတာဘယ်လိုစ်အတွက်ပါ ကျွန်မက တာဝန်ယူပြီး လုပ်ပေးရမှာလား"

ဘယ်လာမီ အပေါ်သို့ မော့ကြည့်နေရင်းမှ အေးအေးဆေးဆေး လေသံမျိုးဖြင့် ပြန်ပြောသည်။

"ကျုပ်တို့ကုမ္ပဏီမှာ မစ္စတာဘယ်လိုစ် ဆိုတာ မရှိတော့ပါဘူး။ အင်း. . သူတော့ ဂျော့ တော့ ရှိသေးသပေါ့လေ။ ဒါပေမယ့် ဂျော့က ဘယ်လာမီနဲ့ဘယ်လိုစ်ကုမ္ပဏီမှာ သူ့နာမည် မပါဘူးလေ။ ဂျော့ဦးလေး ဂျင်မ်ဘယ်လိုစ်ကို ကျုပ်က ကုမ္ပဏီထဲ ဆွဲသွင်းခဲ့တယ်။ သူ စစ်ထဲ မဝင်ခင်တုန်းကပေါ့။ သူ စစ်ထဲ မဝင်ဖြစ်အောင် ကျုပ် အများကြီး ကြိုးစားခဲ့သေးတယ်။

ဒါပေမယ့် မအောင်မြင်ပါဘူးကွယ်။ ဝါရှင်တန်မြို့ကိုသွားပြီး၊ ရေတပ်ထဲကို ဝင်တော့တာပဲ။ ပြန်တမ်းဝင်အရာရှိ သူ့ကို ခန့်လိုက်တယ်။ စစ်ဆိုတာက လူငယ်တွေ အတွက်ပါ။ ဂျင်မ်ဘယ်လိုစ်က အသက်ငါးဆယ့်သုံးနှစ်ရှိနေပြီ။ စစ်ထဲဝင်ဖို့ဆိုရင် အသက်က သိပ်ကြီးနေပြီ။ ဒါပေမယ့် သေဖို့အတွက်တော့ သိပ်ကို ငယ်သေးတဲ့ အသက်ပေါ့"

ဘယ်လာမီက သက်ပြင်းရှိုက်ရင်း၊ ပြောသည်။

"သူ ဘယ်မှာ ကျသွားတာလဲ၊ ဥရောပမှာလား၊ ပစိဖိတ်မှာလား"

"ရေငုပ်သင်္ဘောထဲမှာ နှလုံးရောဂါနဲ့ ဆုံးသွားရှာတာပါ။ အဖြစ်ဆိုးလွန်းပါတယ်ကွယ်"

သူ့လေသံသည် မာရေကျောရေ နိုင်လှသည်။ သို့သော်လည်း ကွယ်လွန်သွားသူ တစ်ယောက်အတွက် သူ စိတ်မကောင်း ဖြစ်နေ

www.burmeseclassic.com

ကြောင်းမှာမှ ထင်ရှားသည်။

ထိုအချိန်မှာပင် သူ့အမူအရာ ချက်ချင်းပြောင်းလဲသွားပြန်သည်။ သူ၏ ရင်းနှီးလိုက်လှဲသော အပြုံးက ပေါ်လာပြန်သည်။

"ကောင်းပြီ အယ်နီ၊ ကျုပ်တို့နှစ်ယောက် တစ်ယောက်အကြောင်းတစ်ယောက် ပြောပြပြီးကြပြီ၊ မင်းကို တစ်ပတ်မှာ ခုနစ်ဆယ့်ငါးဒေါ်လာ ပေးမယ်။ ဒီလခနဲ့ မင်း လုပ်နိုင်ပါ့မလား"

အယ်နီ မျှော်မှန်းထားသည့် လခထက်ပင် ပိုနေတော့သည်။ သူနေသည့် အခန်းခက တစ်ပတ်လျှင် ဆယ့်ရှစ်ဒေါ်လာ ကျသည်။ အစားအသောက်က တစ်ပတ်လျှင် ဆယ့်ခြောက်ဒေါ်လာ ကုန်သည်။ ထို့ကြောင့်လည်း ဤမျှသောလခနှင့် ကောင်းကောင်း လုံလောက်ကြောင်းကို အယ်နီ ပြန်ပြောလိုက်သည်။

*

အောက်တိုဘာ၊ ၁၉၄၅

စက်တင်ဘာလသည် ရက်ကောင်းရက်မြတ် ရက်ရာဇာများနှင့် ပြည့်နေသည်။ ကိုယ်သဘောကျသည့် အလုပ်ကိုလည်း အယ်နီ ရခဲ့သည်။ နီလီ အမည်ရှိ ချစ်စဖွယ် မိန်းကလေးငယ်လေး တစ်ယောက်နှင့်လည်း ခင်မင်ရင်းနှီးခဲ့ရသည်။ နောက်ပြီးတော့ အယ်နီကို လိုလိုလားလားရှိနေသည့် ယောက်ျားမိတ်ဆွေ အေလင်ကူးပါးနှင့်လည်း ဆုံစည်းခဲ့ရသည်။

အောက်တိုဘာလမှကား လိုင်ယွန်ဘတ် အကြောင်း စာမျက်နှာများ ဖွင့်လှစ်သည့်လ ဖြစ်လေသည်။

ဘယ်လာမီနှင့် ဘယ်လိုစ်ကုမ္ပဏီသို့ အယ်နီ အလုပ်ဝင်လာသောအခါ ရှိနှင့်ကြပြီးသော မိန်းကလေးများက သူ့ကို ဝမ်းပန်းတသာ ကြိုဆိုကြသည်။ ဧည့်ကြိုစာရေးမ တစ်ဦးနှင့် အတွင်းရေးမှူး အမျိုးသမီး နှစ်ယောက် ရှိသည်။ သူတို့ အားလုံးနှင့် ခဏချင်း ဆိုသလို အယ်နီ ရင်းနှီးခဲ့သည်။ လမ်းထောင့်ရှိ ဆိုင်တစ်ဆိုင်မှာ သူတို့အားလုံး နေ့လယ်စာ အတူစုပြီး စားလေ့ရှိကြသည်။

ထိုသို့ နေ့လယ်စာ စားကြသည့်အခါတိုင်း လိုင်ယွန်ဘတ်သည် သူတို့ဝိုင်းတွင် တာ အစားဆုံးသောနာမည် ဖြစ်နေတော့သည်။

လိုင်ယွန်ဘတ်အကြောင်း အများဆုံး ပြောပြနိုင်သူမှာ အထက်တန်း အတွင်းရေးမှူး မစ္စစတိန်းဘတ် ဖြစ်သည်။ ဟင်နရီဘယ်လာမီနှင့် မစ္စစတိန်းဘတ် အလုပ်လုပ်ခဲ့သည်မှာ ခါယ်နှစ်ဆယ်မိုး ကြာမြင့်ခဲ့ပြီ။ ထို့ကြောင့်လည်း လိုင်ယွန်ဘတ် အကြောင်းကို သူ ကောင်းကောင်း သိခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာစစ်ကြီး စတင် ဖြစ်ပွားသောအခါ လိုင်ယွန်ဘတ်သည် သူတို့ကုမ္ပဏီတွင် လုပ်သက် နှစ်နှစ်ခန့် ရှိနေပြီ။

ပုလဲဆိပ်ကမ်းကို ဂျပန်တို့ အလစ်ဝင်တိုက်ပြီးသည့် နောက်နေ့မှာပင် စစ်ထဲသို့ သူ ဝင်သွားသည်။

ဂျင်မ်ဘယ်လိုစ်က သူ့တူကို အလုပ်သွင်းဖို့ မကြာခဏ အကြံပေးဖူးသည်။ ဂျော့ဘယ်လိုစ်ကို ဘယ်လာမီ အနေနှင့် သဘောမကျစရာ အကြောင်းတစ်စုံတစ်ရာ မရှိ။

သို့သော်လည်း သူက တွင်တွင်ငြင်းခဲ့သည်။

စီးပွားရေးလုပ်ငန်းနှင့် ဆွေမျိုးသားချင်းများ ရောထွေးခြင်း မပြုရ ဟူသော 'မူ' ကို သူက အခိုင်အမာ စွဲကိုင်ထားခဲ့သည်။

သို့သော်လည်း လိုင်ယွန်ဘတ် စစ်ထဲဝင်သွားသောအခါ ဟင်နရီဘယ်လာမီအဖို့ မငြင်းနိုင်တော့ချေ။ မလွှဲမရှောင်သာနိုင်တော့ဘဲ ဂျော့ဘယ်လိုစ်ကို သူ့ကုမ္ပဏီတွင် လက်ခံလိုက်ရလေတော့သည်။

တကယ်ဆိုတော့ ဂျော့နှင့် ပတ်သက်၍ အပြစ်ဆိုစရာ အကြောင်းလည်း မရှိချေ။ ဥပဒေရေးရာတွင် ကျွမ်းကျင်သည့် ရှေ့နေကောင်းတစ်ယောက် ဖြစ်သည်။ သို့သော်လည်း လိုင်ယွန်ဘတ်နှင့်ယှဉ်လျှင်မူ အများကြီး ညံ့သေးသည်ဟု အများက ထင်မှတ်နေကြသည်။ မစ္စစတိန်းဘတ်ကလည်း ထိုအတိုင်းပင် ယုံကြည်ထားသည်။

စစ်ကာလ တစ်လျှောက်လုံး စစ်မြေပြင်တွင် လိုင်ယွန်ဘတ် ဘာလုပ်နေသည်ကို သူတို့အားလုံး မျက်ခြည်ပြတ် မခံခဲ့ကြ။

လိုင်ယွန်ဘတ် ဗိုလ်ကြီးရာထူးသို့ တိုးမြှင့်ပေးခြင်းခံရသည့် အချိန်တုန်းက ဟင်နရီဘယ်လာမီက နေ့တစ်ဝက် ရုံးပိတ်ပေးသည်။ လိုင်ယွန်ဘတ် ရာထူးတိုးသည့်အတွက် ဂုဏ်ပြုခြင်း ဖြစ်သည်။

သူ့ထံမှ နောက်ဆုံး စာတစ်စောင်ကို ဩဂုတ်လအတွင်းက ရခဲ့သည်။ လန်ဒန်မြို့မှနေ၍ ရေးလိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာစစ်ကြီး အတွင်း လိုင်ယွန် တစ်ယောက် ဘေးမသီရန်မခဘဲ အောင်ပွဲခံခဲ့ကြောင်း သူတို့ သိကြရသည်။ လိုင်ယွန်က သူတို့ကို သတိရကြောင်း၊ ချစ်ခင်လေးစားကြောင်းလောက်သာ ရေးသည်။ ပြန်လာရေး မလာရေးနှင့် ပတ်သက်၍ကား တစ်စုံတစ်ရာ ထည့်သွင်း ရေးသားခြင်း မရှိ။

စောစောပိုင်းကတော့ လိုင်ယွန်ထံမှ ရောက်လာမည့်စာကို ဟင်နရီတစ်ယောက် နေ့စဉ်နေ့တိုင်း မျှော်မိသည်။

သည်လိုဖြင့် စက်တင်ဘာလသို့ ရောက်လာသည်။ လိုင်ယွန်ထံမှ နောက်ထပ် သတင်းတစ်စုံတစ်ရာကို မကြားရတော့။

ထိုအခါကျမှပင် ဟင်နရီ အားလျှော့တော့သည်။ မိမိတို့ကုမ္ပဏီမှ လိုင်ယွန်တစ်ယောက် အပြီးအပိုင် နုတ်ထွက်သွားပြီဖြစ်ကြောင်း သူ စိတ်ဒုန်းဒုန်းချလိုက်သည်။

ဟင်နရီ အားလျှော့သော်လည်း အားမလျှော့သေးသူမှာ မစ္စစတိန်းဘတ် ဖြစ်သည်။

မစ္စစတိန်းဘတ် မှန်ပါသည်။

အောက်တိုဘာလထဲသို့ ရောက်သောအခါ လိုင်ယွန်ဘတ်ထံမှ ကြေးနန်းတစ်စောင် ရောက်လာသည်။

ရောက်လာသည့် ကြေးနန်းကလည်း တိုတိုနှင့် လိုရင်းပင် ဖြစ်သည်။

*ချစ်ခင်လေးစားအပ်သော ဟင်နရီခင်ဗျား-*

*ကမ္ဘာစစ်ကြီးလည်း ပြီးဆုံးသွားပါပြီ။ ကျွန်တော်လည်း တစ်ကိုယ်တည်း ရှိနေပါသည်။ လန်ဒန်မြို့ရှိ ဆွေမျိုးသားချင်းများထံ သွားရောက်လည်ပတ်နေပါသည်။ ဘရစ်တန်မြို့သို့ သွားပြီး ရက်အနည်းငယ် အနားယူပါဦးမည်။ ဝါရှင်တန်မြို့မှ ပို့ပေးမည်ဖြစ်သော စစ်တပ်မှ ထွက်ခွင့်အမိန့်ကို စောင့်နေပါသည်။ အမိန့်ရသည်နှင့် တစ်ပြိုင်တည်း ပြန်လာခဲ့ပါမည်။*

*ချစ်ခင်လေးစားလျက် . . .*

*လိုင်ယွန်*

ထိုကြေးနန်းကို ဖတ်လိုက်ရသောအခါ ဟင်နရီဘယ်လာမီ၏ မျက်နှာမှာ ဝင်းလက်တောက်ပြောင်သွားသည်။ ထိုင်နေရာမှလည်း ခုန်ထလိုက်သည်။

"လိုင်ယွန် ပြန်လာတော့မယ်ကွ၊ ဝမ်းသာလိုက်တာကွာ။ သူ ပြန်လာမယ်ဆိုတာ အစကတည်းက ကျုပ် သိပြီးသားပါ"

ဟုလည်း ဝမ်းသာအားရ အော်ပြောသည်။

ထိုနေ့မှစ၍ နောက် ဆယ်ရက်မျှအတွင်း သူတို့ တစ်ရုံးလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ရုံးတွင်းရှိ အဆင်အပြင်များကို နေသားတကျဖြစ်အောင် ပြန်လည် ပြင်ဆင်မွမ်းမံကြသည်။

လိုင်ယွန်ဘတ် ပြန်လာတော့မည် ဆိုသောကြောင့် ရုံးသူရုံးသား အားလုံး တစ်မျိုးတစ်ဖုံအားဖြင့် စိတ်လှုပ်ရှားနေကြသည်။

"ဒါလောက် စောင့်နေရတာ ကျွန်မဖြင့် စိတ်တောင် မရှည်ချင်တော့ဘူး။ သူ့အသံက သိပ်သာယာတာ၊ ကျွန်မ လက်နှိပ်စက်ရဲ့ အသံလိုပဲ"

ဧည့်ကြိုစာရေးမကလေးက လွမ်းလွမ်းဆွေးဆွေး ပြောသည်။

ထိုစကားကို ကြားသောအခါ မစ္စစတိန်းဘတ်က ပြုံးသည်။ သူ့အပြုံးက တစ်မျိုး ဖြစ်နေသည်။

"လိုင်ယွန်ဘတ်ဟာ လူတိုင်းရဲ့ လက်နှိပ်စက်ပါပဲ ညီမရယ်၊ သူ့ရုပ်ရည်ကို မကြိုက်ဘူးဆိုရင်တောင်မှ အင်္ဂလိပ်သံဝဲဝဲနဲ့ ပြောတတ်တဲ့ သူ့အသံကိုတော့ သဘောကျရမှာပါ"

"သူက အင်္ဂလိပ်လူမျိုးလား"

အယ်နီက အံ့ဩတကြီး ဖြစ်သွားပြီး ဝင်မေးမိသည်။

"မွေးတာတော့ ဒီ အမေရိကန်ပြည်ထောင်စုမှာ မွေးတာပါပဲ။ သူ့အမေက နယ်လိုင်ယွန်လေ၊ ကိုယ်တို့ကတော့ မမီလိုက်ဘူးပေါ့။ ဒါ့ပေမယ့် သူက အင်မတန် နာမည်ကြီးခဲ့တဲ့ အင်္ဂလိပ်အဆိုတော် ပြဇာတ်မင်းသမီးတစ်ယောက်ပဲ၊ အမေရိကန်ကို ပွဲကဖို့ ရောက်လာရင်း တွန်မ်ဘတ်ဆိုတဲ့ အမေရိကန်ရှေ့နေတစ်ယောက်နဲ့ အကြောင်းပါတယ်။

အိမ်ထောင်ကျပြီးတော့ သူ ဆက်မကတော့ဘူး။ လိုင်ယွန်ဘတ်ကို ဒီမှာ မျက်နှာမြင်တယ်။ သူ့အမေက ဗြိတိသျှနိုင်ငံသူ အဖြစ်နဲ့ပဲ ဆက်နေတယ်။ အမေရိကန်နိုင်ငံသူအဖြစ် မခံယူဘူး။ ဒီလိုနဲ့ လိုင်ယွန်ရဲ့အဖေ ဆုံးသွားတယ်။

ဒီအချိန်တုန်းက လိုင်ယွန်ဟာ ငါးနှစ်သားလေးလောက်ပဲ ရှိလိမ့်ဦးမယ် ထင်တယ်။ သူ့အမေက လိုင်ယွန်ကိုခေါ်ပြီး အင်္ဂလန်ကို

 www.burmeseclassic.com 

ပြန်သွားတယ်။ ပြဇာတ်တွေ ပြန်ကတယ်။ လိုင်ယွန်ကိုတော့ အင်္ဂလန်မှာပဲ ကျောင်းဆက်ထားတယ်။ သူ့အမေ ဆုံးသွားတော့ လိုင်ယွန် ဒီကို ပြန်လာပြီး ဥပဒေဘွဲ့ ဆက်ယူတယ်"

မစ္စစတိန်းဘတ်က စိတ်ရှည်လက်ရှည် ရှင်းပြနေသည်။

"ကျွန်မတော့ သူ့ကို အရူးအမူး ချစ်မိတော့မှာ သေချာနေပြီ"

အသက်ငယ်ငယ် အတွင်းရေးမှူး အမျိုးသမီးက စကားဝင်ဆက်သည်။

မစ္စစတိန်းဘတ်က ပခုံးများကို တွန့်ပြလိုက်သည်။

"ကိုယ်တို့ရုံးမှာရှိတဲ့ အမျိုးသမီးတွေအားလုံး သူ့ကို အရူးအမူး စွဲကြမှာပါ။

ဒါပေမယ့် မင်းကို တွေ့လိုက်ရရင် သူ ဘယ်လိုများ ဖြစ်သွားမလဲဆိုတာ ကိုယ်တော့ သိချင်လှပြီ အယ်နီ"

"ကျွန်မကိုလား"

အယ်နီမှာ မျက်လုံး အဝိုင်းသား ဖြစ်သွားသည်။

"ဟုတ်တယ်၊ မင်းကို၊ မင်းတို့နှစ်ယောက်မှာ တူတာတစ်ခု ရှိတယ်။ ဘာသာလဝါ နေတတ်တဲ့ အကျင့်လေ။ မင်းကိုတွေ့ရင် လိုင်ယွန်က ပထမဆုံး ပြုံးပြလိမ့်မယ်။ အဲဒီ အပြုံးက တစ်မျိုးပဲ။ မင်း ရူးသွားနိုင်တယ်။ မင်းကို သိပ်ခင်သွားပြီလို့ မင်း ထင်လိမ့်မယ်။

ဒါပေမယ့် ဘယ်တော့မှ သူနဲ့မင်း လက်ပွန်းတတီး ရင်းနှီးမှာ မဟုတ်ဘူး။ ဘယ်လိုလူမျိုးမှလဲ သူနဲ့ လက်ပွန်းတတီး မရင်းနှီးနိုင်ကြဘူး။ ကုန်ကုန်ပြောရရင် မစ္စတာဘယ်လာမီတောင်မှ သူနဲ့ ဖက်လှဲတကင်း ရင်းနှီးတာ မဟုတ်ဘူး။ လိုင်ယွန်ဟာ လူတစ်မျိုး၊ မင်း တွေ့မှာပါလေ။

တစ်နေ့ကျရင် ဒီတစ်မြို့လုံးကို လိုင်ယွန် ပိုင်သွားလိမ့်မယ်။ မစ္စတာဘယ်လာမီဟာ အင်မတန်တော်တဲ့ပုဂ္ဂိုလ်ပါ။ သူ ထူးထူးချွန်ချွန် လုပ်ခဲ့ကိုင်ခဲ့တာတွေ ကိုယ်အများကြီး မြင်ဖူးပါတယ်။ မစ္စတာ ဘယ်လာမီ တော်ကြောင်းကိုလည်း လူတိုင်းက သိကြတယ်။

ဒါကြောင့် သူနဲ့ အပြိုင်အဆိုင် လုပ်ကြရတော့မယ်ဆိုရင် အဘက်ဘက်က ကြိုတင်ပြင်ဆင်ထားတတ်ကြတယ်။ လိုင်ယွန်ကတော့ ဒီလို မဟုတ်ဘူး။ လူက ရုပ်ချော၊ ရုပ်ရှင်မင်းသားတစ်ယောက်လိုပဲ။ သူ လုပ်ချင်တာ မှန်သမျှကို အေးအေးကလေး လုပ်သွားလိမ့်မယ်။ သူ မလုပ်ချင်တာကိုလည်း အေးအေးကလေး ရှောင်သွားလိမ့်မယ်။

ဘာပဲဖြစ်ဖြစ် သူနဲ့ ပေါင်းကြည့်ပြီးတဲ့ အခါမှာ သူဟာ ဘယ်လို လူစားမျိုးလဲဆိုတာ မပြောတတ်တော့အောင် ဖြစ်မှာ မသေချာတယ်။မင်းအပေါ်မှာ သူက ဘယ်လို သဘောထားတယ် ဆိုတာကိုလည်း မင်း သိရမှာ မဟုတ်ဘူး။ တခြားလူတွေအပေါ်မှာ ဘယ်လိုသဘောထားတယ် ဆိုတာလည်း အကဲဖမ်းလို့ မရဘူး။ ကိုယ်ဆိုလိုတာက လူတိုင်းအပေါ်မှာ တန်းတူပဲ သူ သဘောထားပုံရတယ်။

ဒီလိုအခါကျတော့မှ သူဟာ ဘယ်သူ့ကိုမှ ထူးခြားပြီး ဂရုစိုက်နေတာ မဟုတ်ဘူး။ ဘာအတွက်မှလဲ အလေးအနက် ထားနေတာ မဟုတ်ဘူး၊ သူ့အလုပ်တစ်ခုတည်းကိုသာ စိတ်ဝင်စားနေတတ်တဲ့လူ၊ သူ့အလုပ်နဲ့ ပတ်သက်လာရင် ဘယ်ဟာမျိုးကိုမဆို သူလုပ်လိမ့်မယ်။

သူ လုပ်ချင်လာပြီဆိုရင် ဘယ်လိုလူမျိုးကိုမှလဲ ဂရုစိုက်နေတော့တာ မဟုတ်ဘူး။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် သူ့ကိုတော့ မင်း သဘောကျနေမိမှာ အမှန်ပဲ"

နောက်ဆယ်ရက် ကြာသောအခါတွင် ဒုတိယ ကြေးနန်းတစ်စောင် ရောက်လာပြန်သည်။ ထိုကြေးနန်း ရောက်သည့်နေ့သည် သောကြာနေ့ မနက်ပိုင်း ဖြစ်သည်။

*ချစ်ခင်လေးစားအပ်သော ဟင်နရီခင်ဗျား-*

*စစ်တပ်မှ နုတ်ထွက်ခွင့် ရပါပြီ။ နယူးယောက်မြို့သို့ မနက်ဖြန်ည ရောက်လာပါမည်။ ခင်ဗျားအိမ်သို့ တိုက်ရိုက် လာပါမည်။ ကျွန်တော် တည်းခိုဖို့ ဟိုတယ်တစ်ခုခုတွင် ကြိုတင်စာရင်းသွင်းပေးထားစေလိုပါသည်။ တနင်္လာနေ့မှစ၍ ရုံးပြန်တက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားပါသည်။*

*ချစ်ခင်လေးစားလျက် . . .*

*လိုင်ယွန်*

ဟင်နရီဘယ်လာမီသည် ဝမ်းသာသည့်အထိမ်းအမှတ်အဖြစ် ထိုနေ့ မွန်းလွဲပိုင်း နေ့တစ်ဝက် ရုံးမှ အနားယူသွားသည်။

စာတိုက်မှ ရောက်လာသည့်စာများကို အယ်နီက ဖောက်နေသည်။ ပြီးသွားသည့်

www.burmeseclassic.com

www.burmeseclassic.com

အချိန်တွင် သူ့စားပွဲရှေ့မှာ ဂျော့ဘယ်လိုစ် လာရပ်သည်။

"ကိုယ်တို့နှစ်ယောက်လည်း တစ်နေရာရာကိုသွားပြီး ဝမ်းသာတဲ့ အထိမ်းအမှတ်အနေနဲ့ ပွဲကလေးတစ်ပွဲလောက် ကျင်းပလိုက်ကြရအောင်လား"

ဂျော့ဘယ်လိုစ်က ရုတ်တရက် ပြောချလိုက်သည်။

ထိုစကားကို ကြားရသည်တွင် အယ်နီသည် အံ့ဩတကြီး ဖြစ်သွားသည့် အမူအရာကိုပင် မဖုံးကွယ်လိုက်နိုင်လောက်အောင် ဖြစ်သွားမိသည်။ ဂျော့ဘယ်လိုစ်နှင့် သူ့ဆက်ဆံရေးသည် မှန်တမ်းသာ ဖြစ်ခဲ့သည်။ မနက်ပိုင်းတွေ့ကြလျှင် 'မင်္ဂလာပါ' ဆိုသော ဝတ်ကျေတမ်းကျေ စကားမျိုး၊ လိုအပ်သည့်အခါမျိုးတွင် ခေါင်းညိတ်ပြသည့် ဆက်ဆံမှုမျိုးထက် မပိုခဲ့ဘူးချေ။

"နေ့လယ်စာ အတူတူ သွားစားကြဖို့ ပြောတာပါ"

ဂျော့ဘယ်လိုစ်က ဆက်ရှင်းပြသည်။

"ဝမ်းနည်းပါတယ်ရှင်၊ ဒီက အမျိုးသမီးတွေနဲ့ လမ်းထောင့်ကဆိုင်မှာ သွားစားဖို့ ချိန်းထားပြီးသား ဖြစ်နေလို့ပါ"

ဂျော့က အယ်နီကို ကုတ်အင်္ကျီ ကူဝတ်ပေးရင်း ပြန်ပြောသည်။

"သိပ်ဆိုးတာပေါ့ကွာ၊ ဒီနေ့ဟာ ကိုယ်တို့နှစ်ယောက် အတွက် ဒီကမ္ဘာမြေပေါ်မှာ နောက်ဆုံးနေ့ ဖြစ်နိုင်တယ်"

ဂျော့က ထိုမျှသာ ပြောပြီး သူ့ရုံးခန်းရှိရာသို့ ပြန်သွားသည်။

နေ့လယ်စာ စားကြတော့ အမျိုးသမီးအားလုံး လိုင်ယွန်ဘတ် အကြောင်းကို ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေကြသည်။ သို့သော်လည်း အယ်နီက ကောင်းကောင်း စိတ်မဝင်စားနိုင်သဖြင့် မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေသည်။

သူ တွေးနေမိသည်မှာ ဂျော့အကြောင်း။ နေ့လယ်စာစားဖို့ လာရောက် ဖိတ်ခေါ်သည်ကို မိမိက ဘာကြောင့် ငြင်းပယ်လိုက်ရသနည်း။ သူနှင့် နီးစပ် ပတ်သက်သွားမည်ကို စိုးရိမ်သောကြောင့်လော။

နေ့လယ်စာကလေး တစ်နပ်လောက် အတူ စားမိသည်နှင့်ပင် နီးစပ်သွားကြရမည်လော။

မိုက်မဲလွန်းပါဘိ။

အေလင်ကူးပါးအပေါ် သစ္စာ စောင့်ထိန်းနေသည့် သဘောများ ဖြစ်လေသလား။

ဖြစ်နိုင်ပါသည်။

အေလင်ကူးပါးသည် နယူးယောက်မြို့တွင် သူ သိကျွမ်းသည့် တစ်ဦးတည်းသော အမျိုးသား ဖြစ်သည်။ လူတစ်ဖက်သားကို အလွန် ကြင်နာတတ်သည်။ ထို့ကြောင့်လည်း အေလင်ကူးပါးအပေါ် သစ္စာစောင့်ထိန်းလိုက်သည့်သဘော ဖြစ်နိုင်စရာ အကြောင်းရှိပါသည်။

သူတို့ရုံးသို့ အေလင်ကူးပါး ရောက်လာသည့်နေ့ကို အယ်နီ ပြန်သတိရနေမိသည်။

အေလင်သည် အာမခံကိုယ်စားလှယ်တစ်ယောက် ဖြစ်ကြောင်းနှင့် မိမိတို့ကုမ္ပဏီ အာမခံထားရန် လာရောက် ကြိုးစားခြင်းဖြစ်ကြောင်း နောက်မှ အယ်နီ သိရသည်။

ဟင်နရီက အေလင်ကူးပါး၏ကမ်းလှမ်းချက်ကို လက်မခံဘဲ ငြင်းပယ်လိုက်သည်။ သူ ငြင်းပုံက မြန်လွန်းလှသည်။ အလွန်တရာကို မြန်လွန်းလှသည်။

ထို့ကြောင့်လည်း အေလင်ကူးပါးအပေါ် အယ်နီက သနားစိတ်ကလေး ဖက်သွားမိခြင်းလည်း ဖြစ်နိုင်သည်။ ရုံးအပြင်သို့ လိုက်ပို့ရင်း အယ်နီက အေလင်ကို လေသံကလေးနှင့် ပြောမိသည်။

"နောက် တစ်နေရာရောက်ရင် ကံကောင်းပါစေရှင်"

အယ်နီ၏ လေသံသည် အမှန်တကယ် စေတနာထားသည့် လေသံမျိုး ဖြစ်သည်။ ထို့ကြောင့်လည်း အေလင်က အံ့ဩတကြီး ဖြစ်ခဲ့ရသည်။

နောက် နှစ်နာရီလောက် ကြာတော့ အယ်နီ၏တယ်လီဖုန်း ခေါင်းလောင်းမြည်လာသည်။

"အခု စကားပြောနေတာ အေလင်ကူးပါးပါ။ ကိုယ့်ကို မှတ်မိတယ် မဟုတ်လား၊ အာမခံကုမ္ပဏီ ကိုယ်စားလှယ်လေးလေ။

မင်းကို တစ်ခုပြောပြချင်လို့ပါ။ တခြားနေရာတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် ဟင်နရီဘယ်လာမီနဲ့ လာတွေ့ပြီး အာမခံထားဖို့ ပြောခဲ့ရတာဟာ တိုင်းတာလို့မရအောင် ကိုယ် အောင်မြင်သွားတယ်။

ဘာကြောင့်လဲဆိုတော့ ကိုယ့်ကုမ္ပဏီမှာ

www.burmeseclassic.com

www.burmeseclassic.com

ဟင်နရီဘာယ်လာမီက အာမခံ မထားပေမယ့် မင်းနဲ့ ကိုယ် တွေ့ခွင့်ရခဲ့လို့ပဲ"

"တခြားနေရာတွေမှာလည်း ရှင် မအောင်မြင်ဘူးလို့ ဆိုလိုတာလား"

အယ်နီက အမှန်ပင် စိတ်မကောင်း ဖြစ်မိပြန်သည်။

"မအောင်မြင်ဘူး၊ တစ်နေရာမှ အဆင်မပြေပါဘူး။ ဒီနေ့ကတော့ ကိုယ့်အဖို့ ဘာမှ အဆင်မပြေတဲ့နေ့ပဲ။ တကယ်လို့ ကိုယ်နဲ့အတူ လိုက်ပြီး မင်း တစ်ခုခု သောက်မယ်များဆိုရင်တော့ ဒီကနေ့ကို ပျော်ပျော်ရွှင်ရွှင်နဲ့ အဆုံးသတ်လိုက်နိုင်ကောင်းပါရဲ့"

"ကျွန်မ မသောက်တတ် . . ."

"အရက်ကိုပြောတာ မဟုတ်လား၊ ကိုယ်လည်း အတူတူပါပဲ။ ဒီလိုဆိုရင် ညစာစားကြရအောင်လေ"

သည်လိုနှင့် သူတို့နှစ်ယောက် ဇာတ်လမ်းစခဲ့ကြသည်။ ပြီးတော့ ဇာတ်လမ်းဆက်ခဲ့ကြသည်။

အေလင်ကူးပါးသည် အလွန် ပျော်တတ်သူ ဖြစ်ပါသည်။ ရယ်စရာ မောစရာများကိုလည်း တွင်တွင် ပြောတတ်သည်။ အယ်နီက အေလင်အပေါ်တွင် ရည်းစားတစ်ယောက် သဘောမျိုး မဟုတ်ဘဲ သူငယ်ချင်းတစ်ယောက် အဖြစ်နှင့်သာ သဘောထားခဲ့သည်။

မကြာခဏ ဆိုသလို အယ်နီခမျာ အဝတ်အစားလဲချိန် မရခဲ့။ ရုံးကဆင်းသည်နှင့် တစ်ပြိုင်တည်း ရုံးတက်သည့် အဝတ်အစားများနှင့်ပင် အေလင်နောက်သို့ ကောက်ကောက်ပါ လိုက်ခဲ့ရလေ့ရှိသည်။

သို့သော်လည်း သူ ဘာဝတ်ထားသည်ကို အေလင်ကူးပါးက သတိထားပုံ မပေါ်ချေ။ သူနှင့်အတူ လိုက်လာသည်ကိုပင် သူ ဝမ်းသာမဆုံး ဖြစ်နေပုံရသည်။ လူသိနည်းသော စားသောက်ဆိုင် ခပ်သေးသေးကလေးများသို့ သူတို့ သွားလေ့ရှိသည်။

စားစရာ သောက်စရာ မှာသည့်အခါတိုင်းတွင်လည်း ဈေးအချိုဆုံးများကိုသာ အယ်နီက မှာလေ့ရှိသည်။ ကျသင့်ငွေကို ပေးချေရန်လည်း အယ်နီ အကြိမ်ကြိမ် စိတ်ကူးမိသည်။

သို့သော် အေလင် စိတ်မကောင်း ဖြစ်သွားမည်ကို စိုးရိမ်သောကြောင့် တစ်စုံတစ်ရာ ပြောဆိုမိခြင်း မရှိချေ။

အမှန်တော့ အေလင်သည် အာမခံကုမ္ပဏီတစ်ခု၏ မအောင်မြင်သော ကိုယ်စားလှယ်ကလေးတစ်ယောက်မျှသာ ဖြစ်သည်။ ရှေ့ရေးအတွက် မျှော်လင့်ချက် ကင်းဝေးနေသော လူတစ်ယောက်မျှသာ ဖြစ်သည်။ သူ လုပ်ကိုင်နေသည့် လုပ်ငန်းနှင့် ပတ်သက်၍လည်း စိတ်ဓာတ် ပျော့လွန်းသူ ဖြစ်သည်။

သို့သော် စိတ်ကောင်း နှလုံးကောင်းတော့ ရှိရှာပါသည်။

လော့ရင့်စ်ဗီးလ်အကြောင်းများ၊ အယ်နီငယ်ငယ်က ကျောင်းနေခဲ့သည့်အကြောင်းများ၊ ယခု လောလောဆယ် လုပ်ကိုင်နေသည့်ရုံးမှ လုပ်ငန်းကိုင်ငန်းအကြောင်းများကို မေးလေ့ရှိသည်။ မိမိသည် အေလင်အတွက် ကမ္ဘာပေါ်တွင် စိတ်ဝင်စားစရာ အကောင်းဆုံးသော မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း အယ်နီ၏ရင်ထဲမှာ အလိုလို ခံစားလာရသည်။

သည်လိုဖြင့်ပင် အေလင်နှင့် ဆက်ပြီး တွဲနေမိသည်။ မိမိအပေါ် အခွင့်အရေး တစ်စုံတစ်ရာ မယူသောကြောင့်လည်း သူနှင့် ဆက်ပြီး တွဲနေမိခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ ရုပ်ရှင်အတူကြည့်ကြသည်။ အေလင်က သူ့လက်ကို ကိုင်ထားတတ်သည်။ သူတို့နှစ်ယောက် တစ်နေ့တာတွဲပြီး ခွဲကြသောအခါတွင်လည်း နှုတ်ဆက်အနမ်းကလေးကိုမှ အေလင်က နမ်းဖော် မရ။

ထို့ကြောင့်လည်း အေလင်နှင့် ပတ်သက်ပြီး အယ်နီအနေနှင့် နားမလည်နိုင်အောင် ဖြစ်နေရပြန်သည်။ မိမိနှင့် ပတ်သက်၍ အေလင်သည် စိတ်မလှုပ်ရှားတတ်သော ယောက်ျားတစ်ယောက်များ ဖြစ်နေလေသလား၊ တစ်နည်း ပြန်တွေးကြည့်ပြန်တော့လည်း မိမိကို မနမ်းသည်ကမှ တော်ပေသေးတော့သည်။

ယောက်ျားတစ်ယောက်၏ အနမ်းကို မိမိ နည်းနည်းကလေးမှ အရသာခံ၍ မရခဲ့။ လော့ရင့်စ်ဗီးလ်မြို့မှာ နေတုန်းက ယောက်ျားကလေး တချို့၏အနမ်းကို မိမိ ခံခဲ့ရဖူးသည်။ ထိုအနမ်းမျိုးကို ရွံမုန်းလှပါသည်။ ဝီလီဟင်ဒါဆင်၏အနမ်းကို ခံခဲ့ရဖူးပါသည်။ ထိုအနမ်းကိုလည်း သူ ရွံမုန်းလှပါသည်။

ထိုအကြောင်းများကို စဉ်းစားရင်းဖြင့် မိမိ၏ ချစ်စိတ်နှင့် ပတ်သက်၍လည်း တွေးကြည့်မိပြန်သည်။ မိမိ၏စိတ်ဓာတ်သည် ပုံမှန် မဟုတ်သောကြောင့်လည်း ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com


သို့တည်းမဟုတ် မေမေပြောသည့် စကားများလည်း မှန်ကောင်း မှန်နေပေလိမ့်မည်။ ချစ်ခြင်း မေတ္တာတရား ဟူသည်မှာ စိတ်ကူးယဉ်ဝတ္ထုများထဲမှာသာ ရှိနေတတ်သည် ဆိုသောစကား။

ထိုနေ့ ညနေပိုင်းတွင် အယ်နီ၏ စားပွဲရှေ့မှာ ဂျော့ဘယ်လိုစ် လာရပ်ပြန်သည်။

"နောက်ထပ် အချိန်းအချက်ကလေး တစ်ခု လုပ်ချင်လို့ လာတာပါကွာ၊ လာမယ့် ဇန်နဝါရီ ဆယ့်ခြောက်ရက်နေ့ဆိုရင် ဘယ်လိုနေမလဲ၊ ဒါလောက် အချိန်ဝေးဝေးကြီး ကြိုပြီး မင်းမှာ အချိန်းအချက် ရှိထားစရာ အကြောင်းတော့ မရှိကောင်းပါဘူးနော်"

သူက ပြောသည်။

"ဒါပေမယ့် ဇန်နဝါရီ ဆယ့်ခြောက်ရက် ရောက်ဖို့ ဆိုတာက သုံးလတောင် 'လိုသေးတာ မဟုတ်လား"

"အဲဒီ ရက်မတိုင်ခင် မင်းနဲ့ ချိန်းတွေ့လို့ရမယ်ဆိုရင်တော့ ဝမ်းသာစရာ အကောင်းဆုံးပေါ့ကွယ်။ ဒါပေမယ့် အခုနပဲ ဟယ်လင်လော်ဆန် ဖုန်းဆက်တယ်၊ ဟင်နရီ ဘယ်သွားသလဲလို့ တစ်မေးတည်း မေးနေတယ်။ သူ ဖုန်းဆက်တော့မှပဲ သူ့ကပွဲက ဇန်နဝါရီလ ဆယ့်ခြောက်ရက်နေ့မှာ ဖွင့်ပွဲလုပ်ပြီး စက,တော့မယ့်အကြောင်း ကိုယ် သတိရတော့တယ်"

"ဟုတ်တယ်၊ နဘံမိုးလုံး ပြဇာတ်က နောက်အပတ်ကစပြီး ဇာတ်တိုက်ကြတော့မယ်လေ"

"ဒီလိုဆိုရင် ကိုယ်နဲ့အတူတူ သွားပြီး ပထမဆုံးပွဲကို ကြည့်ရအောင်လား"

"ကျွန်မ သိပ်သဘောကျပါတယ်ဂျော့၊ ဟယ်လင်လော်ဆန်ဟာ သိပ်ကို အံ့သြစရာကောင်းတဲ့ မင်းသမီးကြီးပဲ။ ဘော့စတွန်မြို့မှာ သူ ကခဲ့တုန်းက ပွဲတိုင်း ရုံပွင့်ထွက်တာချည်းပဲ။ ကျွန်မ ငယ်ငယ်တုန်းက ဖေဖေက ဟယ်လင်လော်ဆန်ပါတဲ့ မဒမ်ပွန်ပါဒို ပြဇာတ်လိုက်ပြဖူးတယ်"

"ကောင်းပြီလေ၊ အဲဒီနေ့ကိုပဲ ကိုယ်တို့ ရက်သတ်မှတ်လိုက်တော့မယ်။ ဩော် . . . ဒါထက် အယ်နီ တစ်ခုရှိသေးတယ်။ သူတို့ ပြဇာတ် ဇာတ်တိုက်တာနဲ့ တစ်ပြိုင်တည်း ဟယ်လင်လော်ဆန်က ဒီရုံးကို လာစရာ ရှိနေတယ်။ ကိုယ်တို့က သူ့ကိုယ်စားလှယ်လေ၊

ဒါကြောင့် သူလာရင် မင်းတို့နှစ်ယောက်တွေ့ကြဦးမှာပဲ။

အဲဒီလိုမျိုး တွေ့တဲ့အခါမှာ-

'ကျွန်မ ကလေးဘဝတုန်းက ရှင့်ကို သိပ်သဘောကျတာပဲရှင်' ဆိုတာမျိုးများ သွားမလုပ်လိုက်လေနဲ့နော်။ ဟယ်လင်က ဒါမျိုးကို ကြိုက်တာ မဟုတ်ဘူး၊ ဒီလိုများ ပြောမိရင် မင်းတော့ သေဖို့သာပြင်ပေတော့"

"ဒါပေမယ့် သူ့ပြဇာတ်ကို ကြည့်ရတုန်းက ကျွန်မဟာ ကလေးပဲ ရှိသေးတာပဲ၊ ပြီးတော့ ရယ်စရာလည်း သိပ်ကောင်းတယ်။ ဆယ်နှစ်လောက် ရှိသွားပြီလေ။ အဲဒီ အချိန်တုန်းကတည်းက ဟယ်လင်လော်ဆန်က သိပ်ကို ရင့်ကျက်တာပဲ၊ သူ့အသက်ဟာ အနည်းဆုံး သုံးဆယ့်ငါးနှစ်လောက်တော့ ရှိနေလိမ့်မယ်"

"ဒီအရပ်မှာတော့ ကိုယ်တို့က သူ့အသက်ကို နှစ်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်လို့ လုပ်ထားတာ"

"ဂျော့၊ ဒါကြီးကို အလေးအနက် ထားမနေစမ်းပါနဲ့။ ဟယ်လင်လော်ဆန်ကို အသက်နဲ့ပြောလို့ ဖြစ်တာမှ မဟုတ်ဘဲ။ သူဟာ သိပ်ကို အောင်မြင်တဲ့ မင်းသမီးကြီး မဟုတ်လား၊ သူ့ရုပ်ရည်ရယ်၊ သူ့အနုပညာ စွမ်းရည်ရယ်ကြောင့် သိပ်ကို စွဲမက်စရာကောင်းတာပဲ။ သူဟာ မိန်းကလေး ငယ်ငယ်လေးတစ်ယောက်နဲ့ တူနေတယ် ဆိုတာကိုလည်း သူသိမှာ သေချာပါတယ်"

ဂျော့က ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်သည်။

"ကိုယ်ပြောတာကို မှတ်ထားပါ၊ ဒီနေ့ကစပြီး နောက် နှစ်ပေါင်းနှစ်ဆယ်တိတိ ကြာတဲ့နေ့မှာ မင်းကို ကိုယ် ဖုန်းလှမ်းဆက်မယ်။ မင်းစိတ်ထဲမှာ ဘယ်လို ခံစားနေရတယ် ဆိုတာကို ကိုယ်မေးမယ်၊ အဲဒီအခါမှာ မင်းဟာ အသက်လေးဆယ် ရှိနေပြီ။ အသက်လေးဆယ်ရွယ် အမျိုးသမီးတစ်ယောက်ဟာ နှစ်ဆယ့်ရှစ်နှစ်သာ ရှိသေးတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့ရရင် ဘယ်လိုနေမလဲ။

ကဲပါကွာ- ဟယ်လင်နဲ့ ပတ်သက်ပြီး အသက်အကြောင်း ပြောနေရတာတွေ ထားလိုက်ပါတော့။ နောက်ပြီး မင်း ပြက္ခဒိန်မှာ သေသေချာချာ မှတ်ထားလိုက်ဦးနော်။ ဇန်နဝါရီလ ဆယ့်ခြောက်ရက်၊ အခု စနေ၊ တနင်္ဂနွေမှာလည်း စိတ်အေးလက်အေးနဲ့ အနားယူလိုက်ပါဦး။

www.burmeseclassic.com

www.burmeseclassic.com


တနင်္လာနေ့ကျရင် ကိုယ်တို့တစ်ရုံးလုံး စိတ်ဝင်စားစရာတွေနဲ့ ပြည့်နေလိမ့်မယ်။ စစ်မြေပြင်မှာ အောင်ပွဲတွေ ရခဲ့တဲ့ သူ့ရဲ ကောင်းကြီးတစ်ယောက် ပြန်ရောက်လာ တော့မှာ မဟုတ်လား"

*

ညည့်ကြိုစာရေးမကလေးသည် အဝတ် အစားသစ် ကျပ်ကျပ်ကလေးကို ဝတ်ဆင် ထားသည်။ လက်ထောက်အတွင်းရေးမှူး၏ ဂါဝန်က နှစ်လက်မလောက် တိုနေသည်။ အထက်တန်းအတွင်းရေးမှူး မစ္စစတိန်းဘတ် လည်း ဝတ်ကောင်းစားလှများနှင့် ဖြစ်နေ သည်။

အယ်နီက ဟင်နရီ၏ ရုံးခန်းဝရှိ သူ့ အခန်းကျဉ်းကလေးထဲမှာ ထိုင်နေသည်။ စာ တိုက်မှ ရောက်လာသည့် စာများထဲမှာ အာရုံ ဝင်စားနိုင်အောင် ကြိုးစားနေသည်။ သို့သော် လည်း အခြား အမျိုးသမီးများကဲ့သို့ပင် အခန်း တံခါးပေါက်ဆီသို့ လည်တဆန့်ဆန့်နှင့် မသိ မသာ မျှော်နေမိသည်။

ဆယ့်တစ်နာရီထိုးတော့မှ သူ ရောက် လာသည်။ သူတို့ တစ်ရုံးလုံး စိတ်လှုပ်ရှားမှု အပြည့်နှင့် မျှော်နေကြသည့် လိုင်ယွန်ဘတ် ရောက်လာပါပြီ။

ဟင်နရီဘယ်လာမီသည် ထောင်ထောင် မောင်းမောင်း ဖြစ်သည်။ သို့သော်လည်း လိုင် ယွန်ဘတ်နှင့် ယှဉ်လိုက်သောအခါ အများကြီး ပုသွားတော့သည်။ လိုင်ယွန်ဘတ်က သုံးလက် မခန့် ပိုမြင့်နေသည်။ သူ့ဆံပင်များက နက် မှောင်နေသည်။ အသားက နေလောင်ထား သောကြောင့် ကြည့်ကောင်းလှသည်။ သူ့တစ် သက်လုံး ထိုအသားအရောင်အတိုင်းပင် ရှိနေ တော့မည့်ပုံမျိုး ဖြစ်သည်။

ရုံးသူရုံးသားများနှင့် လိုင်ယွန်ဘတ်ကို ဟင်နရီက တစ်ဦးချင်း မိတ်ဆက်ပေးသည်။ လိုင်ယွန်အတွက် ဂုဏ်ယူသည့် အမူအရာမျိုး ကိုလည်း မြင်ရသည်။

ညည့်ကြိုစာရေးမကလေးနှင့် လိုင်ယွန် ဘတ်တို့ လက်ဆွဲနှုတ်ဆက်ကြသည်။ အမျိုး သမီး၏ မျက်နှာပေါ်တွင် သွေးရောင်လွှမ်း သွားသည်။

လက်ထောက်အတွင်းရေးမှူးနှင့် မစ္စ စတိန်းဘတ်တို့လည်း ထိုနည်းနှင်နှင်ပင် ဖြစ် ကြသည်။ စိတ်လှုပ်ရှားနေသည်များကို သူတို့ ဖုံးဖိနိုင်ကြပုံ မရချေ။

နယူးအင်္ဂလန်နယ်မြေတွင် မွေးဖွားပြီး လူလားမြောက်ခဲ့ရသည့်အတွက် ဂုဏ်ယူမိ သောစိတ်ကို ပထမဦးဆုံး အကြိမ် အဖြစ်နှင့် အယ်နီ ခံစားရတော့သည်။

လိုင်ယွန်ဘတ်က သူ့လက်ကို ဆွဲယူ နှုတ်ဆက်သောအခါ တည်ငြိမ်မှုကို သူ ခံစား လိုက်ရသည်။

"ဟင်နရီကတော့ မင်းအကြောင်းကို ပြောရတာ မမောနိုင်တဲ့အတိုင်းပါပဲ။ ဒါကြောင့် ကိုယ်တို့နှစ်ယောက် အခုမှ တွေ့ကြရပေမယ့် ကိုယ်ကတော့ မင်းနဲ့ ရင်းနှီးပြီးသားလို ဖြစ်နေ ပါပြီ"

သူ့အသံက အင်္ဂလိပ်လူမျိုးသံဝဲလွန်းလှ သည်။အယ်နီက ဝမ်းသာစကားကို ဖြောင့်ဖြောင့် ဖြူးဖြူး ပြန်ပြောနိုင်အောင် အတော် ကြိုးစား နေရသည်။

ထိုစဉ်မှာပင် သူ့အတွက် ပြင်ဆင်ပေး ထားသည့် ရုံးခန်းဆီသို့ ဟင်နရီက ဆွဲခေါ် သွားသောကြောင့် ဝမ်းသာရသေးတော့သည်။

"အယ်နီ ခဏလိုက်ခဲ့ပါဦး"

ဟင်နရီက လှည့်ပြီး အမိန့်ပေးသည်။

"ပြင်ဆင်ထားတာတွေကတော့ အားလုံး သားသားနားနားချည်းပါပဲလား။ ကျွန်တော့် အပြန်ကို မျှော်နေကြတာကိုး"

လိုင်ယွန်ဘတ်က ကုလားထိုင်မှာ သက် သောင့်သက်သာ ဝင်ထိုင်ရင်း ပျင်းရိငြီးငွေ့ သော အပြုံးမျိုးကို ပြုံးသည်။

မစ္စစတိန်းဘတ် ပြောခဲ့ဖူးသည့်စကား ကို အယ်နီက သတိရပြီး ချက်ချင်း သဘော ပေါက်သွားတော့သည်။ လိုင်ယွန်ဘတ်သည် လူတိုင်းကို ပြုံးပြနိုင်သူ ဖြစ်သည်။ ထိုအပြုံးက လည်း အကဲဖမ်းရန် ခက်ခဲလှသော အပြုံးမျိုး ဖြစ်နေပြန်သည်။

ဟင်နရီက သားသမီးများနှင့် ဆက်ဆံ နေသည့် ဖခင်တစ်ယောက်၏ဂိုက်မျိုးကို ဖမ်း နေသည်။

"မောင်ဟာ စစ်ထဲ မဝင်ခင်က အတိုင်း ပါပဲလား။ ဘာမှ မပြောင်းလဲသေးဘူး။ မောင် သွားနေကတည်းက မောင့်ရုံးခန်းကို နှစ်ခါ နှစ်တိုင်း ကျုပ် ပြင်ထားခဲ့တာပါ။ ကဲ ကျုပ်တို့ ကိစ္စကလေးကို အရင်ပြောလိုက်ကြရအောင်။ အယ်နီ၊ လိုင်ယွန်နေဖို့ အိမ်ခန်းတစ်ခန်း လိုနေ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အခန်းမရခင် လောလောဆယ်တော့ ကျုပ်နဲ့ပဲ နေရလိမ့်ဦးမယ်၊ သူ့အတွက် ဟိုတယ်မှာလည်း အခန်းငှားလို့ မရဘူး။ မင်း ယုံတယ် မဟုတ်လား" ဟု ဟင်နရီက ပြောသည်။

အယ်နီ ယုံပါသည်။

သို့သော်လည်း လိုင်ယွန်ဘတ်အတွက် အိမ်ခန်း ရရှိရေးသည် မိမိနှင့် မည်သို့များ သက်ဆိုင်နေသနည်းဟု စဉ်းစားကြည့်နေမိသည်။

"သူ့အတွက် အိမ်ခန်းတစ်ခန်းလောက် ရအောင် ရှာပေးစေချင်တယ်"

ဟင်နရီက ဆက်ပြောသည်။

"မစ္စတာဘတ်နေဖို့အိမ်ခန်းကို ကျွန်မက ရှာပေးရမယ်"

"ဟုတ်တယ်၊ မင်း တတ်နိုင်ပါတယ်။ ရိုးရိုးအတွင်းရေးမှူး တစ်ယောက်ထက် ပိုတဲ့ တာဝန်တွေ ယူရမယ်လို့ ကျုပ် ပြောခဲ့ဖူးတယ် မဟုတ်လား၊ အခု တာဝန်ဟာ အဲဒါတွေထဲက တစ်ခုပေါ့"

ယခု တစ်ချိတွင် လိုင်ယွန်က သဘောကျစွာဖြင့် လှိုက်လှိုက်လှဲလှဲ ရယ်သည်။

"သူဟာ မိန်းမချောကလေးပဲ ဟင်နရီ၊ အယ်နီနဲ့ ပတ်သက်ပြီး ခင်ဗျား ပြောပြထားတာတွေ အားလုံး မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော့်အတွက် အိမ်ခန်းရအောင်တော့ သူရှာပေးနိုင်လိမ့်မယ် မထင်ဘူး။ အယ်နီအကြောင်း ခင်ဗျား ပြောတာတွေ မှန်ပေမယ့် သူဟာ မျက်လှည့်ဆရာ တစ်ယောက်တော့ မဖြစ်နိုင်ဘူး"

လိုင်ယွန်က ဟင်နရီကို လှမ်းပြောရင်းမှ အယ်နီဘက်သို့ ပြန်လှည့်လာသည်။

"ဟင်နရီ့ဘဝကတော့ အစစအရာရာ ပြည့်စုံပါတယ်၊ ဒါပေမယ့် နယူးယောက်မြို့မှာတော့ အိမ်ကလေး တစ်လုံးလောက်မှ ရအောင် သူ ရှာမပေးနိုင်ဘူး"

ဟင်နရီက ခေါင်းကို ယမ်းခါလိုက်သည်။

"ကျုပ်ပြောတာကို နားထောင်ပါဦး၊ ဒီကလေးမ နယူးယောက်မြို့ကို ရောက်လာတာ နှစ်လလောက်ပဲ ရှိသေးတယ်။ ဒီကို ရောက်မလာခင်တုန်းက သတ္တမရိပ်သာက နေပြီး ဘရော့ဒ်ဝေးလမ်းကြားထဲမှာ ဘာတွေ ရှိတယ် ဆိုတာကိုတောင် သိတာ မဟုတ်ဘူး။ အဲဒီလို ဘဝမျိုးနဲ့တောင်မှ သူ ရောက်လာတဲ့ နေ့မှာပဲ သူနေဖို့အိမ်ခန်းကို ရအောင် ရှာနိုင်တယ်။ နောက်ပြီးတော့ ကျုပ်တို့ကုမ္ပဏီမှာ အခု ရနေတဲ့ အလုပ်ကိုရအောင် ရှာနိုင်ခဲ့တယ်။ ဒါကြောင့် ကျုပ်တောင် သူ့ကို အရှုံးပေးထားရတာ"

"ကျွန်မ နေနေရတဲ့အခန်း ဆိုတာက ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ သိပ်ကို ကျဉ်းကျဉ်းကလေး . . . "

လိုင်ယွန်ဘတ်က အယ်နီကို တည့်တည့် စိုက်ကြည့်လိုက်သည်။

"အယ်နီ၊ စစ်ဖြစ်နေတုန်းက စစ်မြေပြင်မှာ ကျုပ် နေခဲ့ရတာပါ။ ဗုံးတွေ ဝုန်းဝုန်း ကြဲချနေတဲ့ကြားထဲမှာ အိပ်ခဲ့ရတာပါ။နေရတဲ့ အဆောက်အအုံဆိုတာကလည်း မြင်မကောင်းအောင် ပျက်စီးချင်တိုင်း ပျက်စီးနေတာပါ"

ဟင်နရီက ကန့်ကွက်စကား ဝင်ပြောပြန်သည်။

"ဘာပဲဖြစ်ဖြစ် အခန်းတစ်ခုခု ရအောင်တော့ အယ်နီ ရှာပေးနိုင်တာ သေချာပါတယ်။ မြို့ရဲ့ အရှေ့ဘက်ခြမ်းမှာ ရအောင်ရှာပါ။ ဧည့်ခန်း ပါရမယ်၊ အိပ်ခန်း ရှိရမယ်၊ ရေချိုးခန်း ရှိရမယ်၊ မီးဖိုခန်း ပါရမယ်၊ အိမ်လခက တစ်လကို ဒေါ်လာ တစ်ရာငါးဆယ် ပတ်ဝန်းကျင်လောက်ပေါ့။ မင်း သဘောကျလို့ ပေးသင့်တယ်ထင်ရင် တစ်ရာ့ခုနစ်ဆယ့်ငါး ဒေါ်လာအထိ တိုးပေးနိုင်တယ်။

အခု နေ့ခင်းပိုင်းကစပြီးတော့ ရှာပါ။ မနက်ဖြန်ကျရင် ရုံးလာဖို့ မလိုဘူး။ လိုအပ်မယ်ဆိုရင် နေချင်သလောက် မလာဘဲ နေနိုင်ပါတယ်။ ဒါပေမယ့် အိမ်ခန်း မရသေးဘဲနဲ့တော့ ရုံးပြန်မတက်ပါနဲ့ဦး"

"ဟင်နရီ၊ ဒီမိန်းကလေးကိုတော့ ကျွန်တော်တို့ ပြန်တွေ့ခွင့်ရကြတော့မှာ မဟုတ်ပါဘူးဗျာ" ဟု လိုင်ယွန်က ဝင်ပြောသည်။

"အယ်နီအကြောင်းကို ကျုပ် သိပါတယ်။ တစ်နည်းနည်းနဲ့တော့ ရအောင် သူ ဖန်တီးပေးပါလိမ့်မယ်"

*

အယ်နီ၏အခန်းသည် ဘရောင်းစတုန်း အဆောက်အအုံ၏ ဒုတိယထပ်တွင် ရှိသည်။

ယနေ့အဖို့ နေသာကုန်သွားသည်။ သူ ထမ်းဆောင်နေသည့် တာဝန်ကား အောင်မြင်ပြီးမြောက်ခြင်းမရှိ၊ နယူးယောက်တိုင်း သတင်း

www.burmeseclassic.com

www.burmeseclassic.com


စာတစ်စောင်ကိုကိုင်ပြီး တစ်နေ့ခင်းလုံး ကိုးကုန်းကိုးကျင်း လျှောက်ခဲ့သည်။ သတင်းစာထဲ ကြော်ငြာထားသည့် အခန်းအားလုံးလိုလိုသို့ ရောက်ခဲ့သည်။

သို့သော်လည်း သူရောက်သွားတိုင်း အခန်းများက လူငှားရပြီးသားချည်း ဖြစ်နေကြတော့သည်။ ခြေထောက်များလည်း နာကျင်ကိုက်ခဲလာပြီ။

မနက်တုန်းက ရုံးသို့အသွားတွင် ဝတ်နေကျ အဝတ်အစားများကိုသာ ဝတ်ဆင်သွားခဲ့သည်။ ဒေါက်မြင့်ဖိနပ်ကိုလည်း စီးသွားမိသည်။ ကိုးကုန်းကိုးကျင်းသွားပြီး အိမ်ခန်းရှာဖွေဖို့အတွက် အဝတ်အစားများ မဟုတ်။

မနက်ဖြန်ကျလျှင်တော့ အိမ်မှ စောစောထွက်ရမည်။ ခွာနိမ့်ဖိနပ်ကို စီးရမည်။ သို့မှသာ သက်သောင့်သက်သာ လမ်းလျှောက်နိုင်ပေလိမ့်မည်။

သူ့အခန်းထဲသို့ မဝင်မီ နီလီ၏ အခန်းတံခါးကို ခေါက်ကြည့်သေးသည်။ အတွင်းမှ ဘာသံမှ မကြားရ။ ထို့ကြောင့် သူ့အခန်းရှိရာသို့ လျှောက်လာပြီး အတွင်းသို့ ဝင်ခဲ့သည်။ ကိုယ့်အဆင့်အတန်းနှင့်ကိုယ် နေနေရသည့် အခန်းကလေးကိုပင် သူ သဘောကျမိသေးတော့သည်။ ကိုယ့်အိုးနှင့်ကိုယ့်ဆန် တန်ရုံပေါ့။

ဘယ်လို အခန်းမျိုး ဖြစ်ဖြစ် နေနိုင်ပါသည် ဟူသော စကားမျိုး လိုင်ယွန်ဘတ်က ပြောသော်လည်း သူ ယခု နေနေရသည့် အခန်းမျိုးနှင့်တော့ မသင့်လျော်ပေ။

သူ့အခန်းသည် အညံ့စားထဲကတော့ မဟုတ်။ သန့်သန့်ရှင်းရှင်း ရှိသည်။ အကွက်အကွင်းကောင်းသည်။ လောရင့်စ်ဗီးလ်မြို့မှာ ရှိနေသည့် သူ့အိပ်ခန်းနှင့် နှိုင်းစာမည် ဆိုလျှင်တော့ မိုးနှင့် မြေတမျှ ကွာခြားသည်မှာ မှန်ပါသည်။

ယခု သူ အိပ်နေရသည့် ခနော်ခနဲ့ ခုတင်ကလေးကလည်း နောက်တစ်နှစ်မှ ခံပါဦးမလား မသိ။ သည်ခုတင်ကလေးပေါ်တွင် လူပေါင်း ဘယ်လောက်များများ အိပ်စက်ခဲ့ကြပြီနည်း ဆိုသည်ကိုလည်း တစ်ခါတစ်ခါမှာ စဉ်းစားကြည့်နေမိသည်။ ရာပေါင်းများစွာတော့ ရှိလောက်ပြီ။

သို့သော်လည်း ထိုသူများကို သူ မသိခဲ့။ ယခု သူ ငှားရမ်းနေထိုင်လိုက်ပြန်တော့လည်း သည်အိပ်ရာကလေးသည် သူ့အိပ်ရာကလေးဘဝသို့ ရောက်လာပြန်သည်။

အိမ်လခ ပေးနေသမျှ ကာလပတ်လုံး ဤအခန်းလေးကို သူပိုင်သည်။ ဤအခန်းကလေးထဲမှာ ရှိနေသည့် အရာဝတ္ထု အသုံးအဆောင် အားလုံးကို သူ ပိုင်သည်။ ဟောင်းနွမ်းပြီး သေးငယ်သော စားပွဲကလေးက အိပ်ရာဘေးမှာ ရှိသည်။ စီးကရက်မီး ကျွမ်းထားသည့် အရာများကလည်း ပွစာကျဲနေသည်။ အံဆွဲသုံးခုပါသည့် ဗီရိုကလေး တစ်လုံးလည်း ရှိသည်။ အံဆွဲများကို ပြန်ပိတ်သည့်အခါတွင် မဟ တဟကလေး ပိတ်ရသည်။ လက်ကိုင်ဘုများ မရှိတော့သည့်အတွက် ပြန်ဖွင့်လိုလျှင် အလွယ်တကူ ဖွင့်နိုင်အောင် ဖြစ်သည်။

ယခင်လူများ လက်ထက်တုန်းက အံဆွဲကို အကျပ်ကြီးပိတ်ပြီး အရမ်းကာရော ဆွဲဖွင့်တတ်ကြသောကြောင့် လက်ကိုင်ဘုများ ပြုတ်ထွက်နေကြပြီ။

ပက်လက်ကုလားထိုင်တစ်လုံးကလည်း ရှိသေးသည်။ သို့သော်လည်း စပရိန်များမှာ ပြုတ်နေသဖြင့် ထိုင်မရတော့ပေ။

သည်အခန်းကလေးကို နေပျော်ထိုင်ပျော် ဖြစ်သွားအောင် ပြုပြင်လိုက်မည်ဆိုလျှင် ဖြစ်နိုင်ပါသည်။ သို့သော်လည်း ရက်သတ္တပတ်ကုန်ဆုံးတိုင်း သူ့လက်ထဲမှာ ပိုက်ဆံ ပြတ်နေတတ်သည်။ ဘဏ်မှာ အပ်ထားသည့် ငွေငါးထောင်ကို မည်သည့်နည်းနှင့်မျှ မသုံးသေးရန် သူ ပိုင်းဖြတ်ထားခဲ့သည်။ အဝတ်အစားကလေးများ ဝယ်ခဲ့မိသည့်အတွက်လည်း စတိုးဆိုင်ကို အကြွေးဆပ်နေရတုန်း ဖြစ်သည်။

ကြားနေကျ တံခါးခေါက်သံကို ကြားရသည်။ ထို့ကြောင့် မော့မကြည့်တော့ဘဲ လှမ်းအော်ပြောလိုက်သည်။

"ကိုယ် ပြန်ရောက်နေပြီ"

အခန်းတွင်းသို့ နီလီ ဝင်လာသည်။

ကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်လေသည်။ ဟောင်းနွမ်းနေသည့် ကုလားထိုင်က အသံမျိုးစုံ မြည်သွားသည်။

"နယူးယောက်တိုင်းသတင်းစာ ကြော်ငြာတွေနဲ့ ဘာတွေ အလုပ်ရှုပ်နေတာလဲ၊ တခြားအိမ်ခန်းကို ပြောင်းဖို့များ စိတ်ကူးနေပြီလား"

အယ်နီက သူ့ကို ပေးလိုက်သည့် တာဝန်အကြောင်း ရှင်းပြသည်။ နီလီက အားပါးတရ ကျယ်လောင်စွာ ရယ်မောသည်။

"အိမ်ကြီးရခိုင်ကို သူက သဘောမကျ

www.burmeseclassic.com

ဘူးတဲ့လား" ဟုလည်း ပြောသေးသည်။

ပြီးတော့ ထိုစကားကို ဖြတ်လိုက်ပြီး အရေးကြီးသည့်ကိစ္စကို သူက ကောက်မေးသည်။

"အယ်နီ၊ ဟိုကိစ္စအကြောင်း ပြောဖို့ ဒီကနေ့ အခွင့်အရေး မရခဲ့သေးဘူးလား"

ဟိုကိစ္စ ဟူသည်မှာ ရက်သတ္တ နှစ်ပတ်လုံးလုံး နီလီ ပူဆာနေသည့်အကြောင်းကို ပြောခြင်း ဖြစ်သည်။

"နီလီ၊ ကိုယ် ဘယ်လိုလုပ် ပြောဖို့အခွင့်သာမှာလဲကွယ်၊ ဒီကနေ့ဟာ တခြားနေ့တွေနဲ့ တူတာ မဟုတ်ဘူး၊ လိုင်ယွန်ဘတ် ပြန်လာတဲ့နေ့လေ"

"နဘ်မိုးလုံးပြဇာတ်ထဲ ကျွန်မတို့ ဝင်ကခွင့်ရဖို့ အရေးကြီးနေတယ် မဟုတ်လား၊ ဟယ်လင်လော်ဆန်ကလည်း ကျွန်မတို့ ကတာကို သဘောကျနေတဲ့ပုံမျိုးပဲ။ ကျွန်မတို့ကို အသံစစ်တာ သုံးကြိမ်တောင် ရှိသွားပြီ။ အသံစစ်တိုင်း ဟယ်လင်လော်ဆန်ကိုယ်တိုင် လာကြည့်ပြီး နားထောင်နေတာ၊ အခုလို အချိန်မျိုးမှာ ဟင်နရီဘယ်လာမီက 'ကြည့်လုပ်ပေးလိုက်ပါ' ဆိုတဲ့ စကားလေးတစ်လုံးလောက် ပြောရုံနဲ့ အားလုံး အဆင်ပြေသွားနိုင်တယ်"

'ကျွန်မတို့' ဟူသောစကား၏အဓိပ္ပာယ်မှာ နီလီနှင့် သူ့အတွဲနှစ်ယောက်ကို ဆိုလိုခြင်း ဖြစ်သည်။

နီလီ၏နာမည်ရင်းသည် အီသယ်အက်ဂနက်စ်အိုနေး ဖြစ်သည်။ သို့သော်လည်း သူ့ငယ်နာမည်ဖြစ်သော နီလီသာလျှင် တစ်သက်လုံး တွင်ခဲ့သည်။ အငြိမ့်အဖွဲ့ကလေး တစ်ခုမှာ သူ ဝင်ကခဲ့သည်။ ထိုသို့ က,က တည်းက နီလီ ဟူသောအမည် အတည်ဖြစ်နေတော့သည်။

အယ်နီနှင့်နီလီတို့သည် ဘော်ဒါဆောင်တစ်ခုမှာ အခန်းငှားနေကြသည်။ ဘော်ဒါဆောင်မှာ မကြာခဏ ဆုံမိကြရာမှ နှုတ်ဆက်ကြရင်း ရင်းနှီးလာကြခြင်း ဖြစ်သည်။ နီလီ၏ အသက်သည် အလွန် ငယ်ရွယ်သေးသည်။ မြီးကောင်ပေါက်ကလေးမျှသာ ဖြစ်သည်။

သို့သော်လည်း ထင်ရှားသော သူ၏ နှာခေါင်း၊ ဝိုင်းစက်သော မျက်လုံးညိုကြီးများ၊ တွန့်လိမ်နေသည့် ဆံပင်ညိုညိုများကြောင့် သူ့အလှက တစ်မျိုး ထင်ပေါ်နေသည်။

သူ့အသက် ခုနစ်နှစ်သမီး အရွယ်က တည်းက အငြိမ့်အဖွဲ့နှင့် အရပ်တကာသို့ လိုက်ပါခဲ့ရသည်။ ယခုတော့ မြီးကောင်ပေါက်အရွယ်သို့ ရောက်ခဲ့ပြီ။

နီလီကို အငြိမ့်သမကလေး တစ်ယောက်ဟု မထင်မှတ်ခဲ့ရ။

တစ်ညတော့ အယ်နီကို နီလီက ဖိတ်သည်။ မြို့လယ်ရှိ ဟိုတယ်တစ်ခုမှာ သူတို့အဖွဲ့ ဖျော်ဖြေကပြရန်ရှိသည်။ ထိုအခါမှပင် နီလီ၏ ဘဝအမှန်ကို အယ်နီ သိခဲ့ရသည်။

မီးရောင်အောက် ကနေသည့် နီလီကို မြင်ရတော့ အံ့အားသင့်ခဲ့ရသည်။ကချေသည်မကလေးတစ်ယောက်၏ အဝတ်အစားများကို ဝတ်ဆင်လိုက်သောအခါတွင် နီလီ၏ငယ်ရုပ် ပျောက်သွားသည်။ အရွယ် ကောင်းစွာရောက်ပြီးသော အပျိုကြီးဖားဖား ဖြစ်နေတော့သည်။

သူနှင့်အတူ ယောက်ျားနှစ်ယောက်တို့ တွဲဖက်ကကြသည်။ ဘောင်းဘီ ကျပ်ကျပ်ကလေးများကို ဝတ်ဆင်ထားကြသည်။ သူတို့ကသည့် ကကြိုးသည် စပိန်လူမျိုးတို့၏ကကြိုး ဖြစ်သည်။

နယ်တကာ လှည့်ကနေသည့် အငြိမ့်တစ်ဖွဲ့ကို လောရင့်စ်ဝီးလီမှာ နေတုန်းက အယ်နီ ကြည့်ခဲ့ဖူးသည်။

သို့သော်လည်း နီလီလို မိန်းမမျိုးကိုတော့ မမြင်ဘူးခဲ့သေးချေ။ နီလီသည် အလွန်တရာ အကတော်နေခြင်းလား၊ သို့တည်းမဟုတ် စိတ်ပျက်စရာကောင်းလောက်အောင် ညံ့ဖျင်းနေခြင်းလား ဆိုသည်ကိုတော့ အယ်နီ အကဲမဖြတ်တတ်ပါ။

တစ်ခုတော့ ရှိပါသည်။ တွဲဖက် နှစ်ယောက်နှင့် တွဲဖက်ပြီး ကပြနေသော်လည်း ပေါ်လွင် ထင်ရှားနေသူကတော့ နီလီပင် ဖြစ်သည်။ သူတို့သုံးယောက်သည် တွဲဖက်ညီညီနှင့် ကနေကြသည်။

သို့သော်လည်း နီလီကိုသာ မြင်ကြရသည်။ ပရိသတ်ကို သူတို့သုံးယောက်က ဦးညွတ် အလေးပြုကြသည်။ သို့သော်လည်း နီလီကိုသာ မြင်ကြရသည်။

သုံးပွင့်ဆိုင်အက ဖြစ်သည်မှာ မှန်သည်။ သို့သော်လည်း နီလီ တစ်ယောက်တည်းကိုသာ ပွဲကြည့်ပရိသတ်က အာရုံစိုက်မိကြသည်။

ယခု သူ့ရှေ့မှာ ထိုင်နေသော နီလီသည် ပွဲကသည့် အဝတ်အစားနှင့် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာပေါ်တွင် မိတ်ကပ်လိမ်းခြယ်ထားခြင်း မရှိ။ ခနော်ခနဲ့ဖြင့် ယိမ်းထိုးနေသော ကုလားထိုင်ပေါ်တွင် ရှိုးရှိုးကလေး ထိုင်နေသည်။

ယခုအချိန်မျိုးတွင် နီလီကို မြင်ရသောအခါ သာမန် ဆယ့်ခုနစ်နှစ် သမီးကလေး အဖြစ်နှင့်သာ မြင်တွေ့နေရတော့သည်။

နီလီသည် အယ်နီ့ဘဝတွင် ပထမဦးဆုံး တွေ့ကြုံခဲ့ရသည့် စစ်မှန်သော သူငယ်ချင်းကောင်း တစ်ယောက်သာ ဖြစ်ချေသည် တကား။

"မင်းကို ကိုယ် ကူညီချင်ပါတယ် နီလီ၊ အကူအညီပေးနိုင်တဲ့ဘဝမျိုး ဖြစ်ပါစေလို့လည်း ကိုယ် ဆုတောင်းမိပါတယ်။ ဒါပေမယ့် ကိုယ်ရေးကိုယ်တာကိစ္စကို မစ္စတာဘယ်လာမီနဲ့ ကိုယ် မဆွေးနွေးနိုင်ဘူး။ ကိုယ်တို့ရဲ့ဆက်ဆံရေးဟာ အလုပ်ကိစ္စ သက်သက်အတွက်ပဲ တိတိကျကျ သတ်မှတ်ထားတာပါ"

"အလုပ်အကိုင် ကိစ္စကလွဲပြီး တခြားအကြောင်းကို ဘာမှ မဆွေးနွေးရဘူးလို့ စည်းကမ်းလုပ်ထားတာ ဘာအရေးလဲ အစ်မရယ်၊ သူဟာ ဟယ်လင်လော်ဆန်ရဲ့ ချစ်သူ ဖြစ်ကြောင်း လူတိုင်း သိကြတာပဲ။ ဒီကနေ့အထိ သူပြောသမျှကို ဟယ်လင်လော်ဆန်က တစ်သဝေမတိမ်း နားထောင်နေတာပဲ"

"သူက ဘာဖြစ်တယ်. . . "

"ဟယ်လင်လော်ဆန်ရဲ့ ချစ်သူလေ၊ ဟယ်လင်လော်ဆန်ရဲ့ အတွဲပေါ့။ ဒီအကြောင်း မသိရပါကလားလို့တော့ ကျွန်မကို ပြန်ပြောမနေနဲ့ဦးနော်"

"နီလီ၊ ဒီလို ကြံကြီးစည်ရာ အကြောင်းတွေ မင်း ဘယ်က ကြားလာတာလဲ"

"ကြံကြီးစည်ရာ- ဂီး၈- ဒီအကြောင်းနဲ့ ပတ်သက်ပြီး အစ်မကို ဘယ်သူကမှ ပြောမပြသေးဘူးလို့ ဆိုချင်တာလား၊ ဒီဇာတ်လမ်းကြီး ဖြစ်ခဲ့တာ ကြာပါပြီ။ မစ္စတာဘယ်လာမီနဲ့ ဟယ်လင်လော်ဆန်တို့နှစ်ယောက် အရှုးအမူး ချစ်ကြပြီးတဲ့နောက် ဟယ်လင်လော်ဆန်ဟာ အိမ်ထောင်သုံးဆက် ကျခဲ့တယ်။

ဒါပေမယ့် သူတို့နှစ်ယောက်ရဲ့ အချစ်ဇာတ်လမ်းကတော့ လူတကာ စိတ်အဝင်စားဆုံးပဲ။ သူတို့ချင်း ချစ်ခဲ့ကြတဲ့ အချစ်ကလည်း အရှူးအမူးပဲ။

ဒါကြောင့် မစ္စတာဘယ်လာမီကို ပြောပြပေးဖို့ ကျွန်မ ပူဆာနေတာပေါ့။ မနက်ဖြန်ကျရင် ဒီအကြောင်း ပြောပြပေးနိုင်မလားဟင်"

"မနက်ဖြန်ကျရင် အိမ်ခန်း ရှာငှားရဦးမယ်ကွယ်။ နောက်ပြီးတော့ နီလီ၊ ကိုယ် ပြောပါရောလား၊ ကိုယ်တို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို အလုပ်ကိစ္စထဲမှာ ရောနှောလာခွင့် ကိုယ့်မှာ မရှိဘူး"

နီလီက သက်ပြင်းရှိုက်လိုက်သည်။

"အဓိပ္ပာယ်မရှိတဲ့ ဒီလိုမျိုး စည်းကမ်းကလနားကြီးတွေကို လိုက်နာ စောင့်ထိန်းနေတုန်းပဲလား။ အမှန်တော့ **အစ်မဟာ** ကိုယ်လိုချင်တာဆိုရင် ဘာမဆို တိုက်ရိုက်ပြော၊ တိုက်ရိုက်လုပ်တတ်တဲ့သူပါ။ ဒါကြောင့် ဒီကိစ္စကိုလည်း သူ့ကို တည့်တည့်ပဲ ပြောပြလိုက်ပါ"

"တကယ်လို့ လက်မခံနိုင်ပါဘူး ဆိုပြီး မင်းကို ပယ်ချပစ်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ"

နီလီက ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်သည်။

"ပယ်ချလိုက်တော့ရော ဘာဖြစ်ရမှာလဲ၊ ဘာအခွင့်အရေးမှ မတောင်းဘဲ နေတာထက်ပိုပြီး ဘယ်လိုမှ ဆိုးမသွားနိုင်ပါဘူး။ ဒါလေးပြောပြတာဟာ မပြောဘဲ နေတာနဲ့စာရင် အများကြီး တော်သေးတာပေါ့။ သူ့ဘက်မှာ ရာခိုင်နှုန်းငါးဆယ်၊ ကိုယ့်ဘက်မှာ ရာခိုင်နှုန်းငါးဆယ်တော့ ရှိလာသေးတာပေါ့"

နီလီ၏ တက္ကဗေဒအတွေးအခေါ်ကြောင့် အယ်နီက ပြုံးမိသည်။

နီလီသည် ပညာတတ် မိန်းကလေးတစ်ယောက် မဟုတ်ပါ။ သို့သော်လည်း သူ့မှာ ဝမ်းတွင်းပါ ပညာဉာဏ် ရှိပါသည်။ ထက်မြက်သော အသိဉာဏ်လည်း ရှိပါသည်။ သူပြောချင်သည့်စကားကို တိုက်ရိုက် ပြောချတတ်သည်။ သူလုပ်ချင်သည့်အလုပ်ကို ဇွတ်တရွတ် လုပ်တတ်သည်။

နီလီသည် ခုနစ်နှစ်သမီးအထိ ကလေးထိန်းကျောင်းမှာ နေထိုင်ခဲ့ရသည်။ နီလီ၏ အစ်မက သူ့ထက် ဆယ်နှစ်မျှ အသက်ကြီးသည်။ တတိယတန်းစား အငြိမ့်အဖွဲ့ကလေး တစ်ခုမှ အငြိမ့်သမကလေးတစ်ဦး ဖြစ်သည်။

နီလီ ခုနစ်နှစ်သမီးအရွယ်တွင် သူ့အစ်မက ချာလီနှင့် တွေ့သည်။ သူတို့နှစ်ယောက် လက်ထပ်ကြသည်။ သုံးပွင့်ဆိုင် အငြိမ့်အဖွဲ့ကလေးတစ်ခုကို ထူထောင်ကာ နယ်တကာသို့ လှည့်လည် ကပြကြသည်။ နီလီကိုလည်း ကျောင်းထုတ်လိုက်သည်။ သူ့အစ်မ ပွဲကရာ

www.burmeseclassic.com

www.burmeseclassic.com



နေရာတိုင်းသို့ တကောက်ကောက် လိုက်ပါရတော့သည်။

ထိုနည်းဖြင့် ကျောင်းနှင့် နီလီ ကင်းကွာခဲ့ရသည်။ သို့သော်လည်း ပွဲကသွားကြရင်းဖြင့် နီလီကို စာသင်ပေးမည့်သူ တစ်ယောက်မဟုတ် တစ်ယောက်တော့ တွေ့ရစမြဲ ဖြစ်လေသည်။ စာကောင်းစွာ ရေးတတ် ဖတ်တတ်အောင်၊ သင်္ချာ အတော်အသင့် တွက်တတ်အောင် သင်ပြပေးမည့်သူများနှင့် တွေ့ဆုံခဲ့ရသည်။

တစ်မြို့မှတစ်မြို့၊ တစ်နယ်မှတစ်နယ်သို့ ကူးသန်းသွားလာရင်း ရထားပြတင်းပေါက်မှ အပြင်သို့ ကျော်ကြည့်ကာ ပထဝီဝင် ဘာသာကို သင်ကြားနလှလာခွင့်ရခဲ့သည်။ ဥရောပ နိုင်ငံများအကြောင်း၊ သမိုင်းဘာသာရပ်ကို ဖတ်ကရင်း လေ့လာခွင့်ရခဲ့သည်။

အသက် မပြည့်သေးဘဲ အငြိမ့်အဖွဲ့ကလေးနှင့် တကောက်ကောက် လိုက်ပါနေသောကြောင့် ပညာရေးဌာန၏ အစစ်အဆေး အမေးအမြန်းများကိုလည်း ရှောင်ရ တိမ်းရသည်။

သို့သော် ပူစရာအကြောင်း မရှိပါ။ စစ်ဆေးမည့်သူ လာပြီဆိုလျှင် နီလီကို ကြိုတင်အကြောင်းကြားပေးမည့် တံခါးစောင့် တစ်ယောက်ယောက်တော့ အမြဲတမ်း တွေ့ကြုံခဲ့ရစမြဲပင်။

နီလီ ဆယ့်လေးနှစ်သမီး အရွယ်ရောက်တော့ သူ့အစ်မ ကလေးမျက်နှာမြင်ရန် အကြောင်းပေါ်လာသည်။ အငြိမ့်အဖွဲ့နှင့် အမြဲတမ်း လိုက်ပါနေခဲ့ရသောကြောင့် သူတို့ကကြိုးများအကြောင်း၊ သူတို့ ဖတ်လမ်းများအကြောင်းကိုလည်း နီလီက ကောင်းစွာ တတ်ကျွမ်းနေပြီး ဖြစ်သည်။

သို့ဖြင့် သူ့အစ်မ နေရာတွင် နီလီကို အစားထိုးပြီး ဆက်လက် ကပြကြသည်။

ယခုတော့ အချိန်အနည်းငယ် အတွင်းမှာပင် သူတို့၏ အငြိမ့်အဖွဲ့ကလေးသည် ဘရော့ဒ်ဝေး လမ်းမကြီးပေါ်မှာရှိသည့် ကပွဲရုံများမှာ ကပြဖျော်ဖြေခွင့် ရသည်အထိ တိုးတက်လာခဲ့သည်။

"ဒီအကြောင်းကို ဂျော့ဘယ်လိုစ်နဲ့ ဆွေးနွေးရင်တော့ ရနိုင်ကောင်းပါရဲ့လေ။ နဘံမိုးလုံးပြဇာတ် ဖွင့်ပွဲနေ့မှာ သူနဲ့အတူတူ လိုက်ကြည့်ဖို့ ဂျော့က ကိုယ့်ကို ဖိတ်ထားတယ်"

အယ်နီက စဉ်းစားရင်း ပြန်ပြောသည်။ သူ့မျက်နှာကိုလည်း အလှခြယ်နေသည်။

"နဘံမိုးလုံးပြဇာတ် စ,ကမယ့်နေ့က အဝေးကြီးလိုသေးတာပဲ။ အင်းပေါ့လေ ဘာမှ မလုပ်ဘဲ နေတာနဲ့ စာရင်တော့ အများကြီးတော်သေးတာပေါ့။ ဒါထက် နေပါဦး၊ ဒီနေ့ည အေလင်နဲ့ တွေ့ကြဦးမှာလား"

အယ်နီ အဝတ်အစား လဲနေသည်ကို မြင်သောကြောင့် နီလီက တစ်ဆက်တည်း မေးသည်။

အယ်နီက ခေါင်းညိတ်ပြသည်။

"ဘယ်လာမီနဲ့ တွေ့တိုင်း ဒီအဝတ်အစားတွေချည်းပဲ ဝတ်သွားနေတာပဲနော်။ ကျွန်မတော့ ထင်တယ်၊ ဒီအဝတ်အစားတွေကိုကြည့်ပြီး ဘယ်လာမီက ဘယ်တော့မှ စိတ်မကုန်နိုင်တော့ဘူးလား မသိပါဘူး"

"သူနဲ့အတူတူ သွားတဲ့အခါတိုင်း ကိုယ်ဘာတွေ ဝတ်ထားတယ် ဆိုတာကို ဘယ်လာမီက သတိထားနေတာ မဟုတ်ပါဘူး၊ ကိုယ်တို့က အလုပ်လုပ်နေကြတာ မဟုတ်လား"

"အစ်မတို့ ရုံးကလည်း လူအမျိုးမျိုးပဲနော်။ နဘံမိုးလုံးပြဇာတ်ဖွင့်ပွဲကို ဂျော့ဘယ်လိုစ်နဲ့ အတူတူ သွားကြည့်မယ်၊ မစ္စတာဘယ်လာမီနဲ့အတူတူ ၂၁-ပျော်ပွဲစားရုံမှာ ညစာအတူတူ စားကြရတယ်။ ဒီရုံးထဲမှာပဲ အေလင်ကူးပါးနဲ့ တွေ့တယ်။

ဟော. . . အခု လိုင်ယွန်ဘတ် ရောက်လာပြန်ပြီ။ ဂီးဇ်၊ အယ်နီ အစ်မမှာ အမျိုးသားလေးယောင်တောင် ရှိနေပြီ။ ကျွန်မမှာဖြင့် မူးလို့တောင် ရှူစရာ မရှိသေးဘူး"

အယ်နီက ရယ်သည်။

"မစ္စတာ ဘယ်လာမီက ကိုယ့်အတွဲ မဟုတ်ပါဘူးကွယ်။ ဂျော့နဲ့အတူတူ ပြဇာတ်သွားကြည့်ဖို့ ဆိုတာကလည်း ဇန်နဝါရီလ ကျမှပါ။ အဝေးကြီး လိုပါသေးတယ်။ လိုင်ယွန်ဘတ်နဲ့ ကိုယ်နဲ့ကလည်း ဘာမှ ဆိုင်တာ မဟုတ်ပါဘူး နီလီ၊ သူ့အတွက် အိမ်ခန်းရှာပေးဖို့သက်သက်ပါ။ အင်း- အေလင်၊ သူကတော့ ကိုယ့်အတွဲပဲ ဆိုပါတော့"

"ဘာပဲဖြစ်ဖြစ် တော်သေးတာပေါ့။ ကျွန်မကတော့ တစ်ခါမှ ယောက်ျားဖော် မတွေ့ဖူးသေးဘူး၊ ကျွန်မတွေ့ဖူးတဲ့ ယောက်ျားဆိုလို့ ကျွန်မ ခဲအိုရယ်၊ သူနဲ့အတူတူ ပွဲကတဲ့ ဒစ်ကီရယ်ပဲ တွေ့ဖူးသေးတယ်။ ဒစ်ကီဆိုတဲ့ လူကြီးကတော့ အလကား အီးပေါ်လောက်ပါ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ဘဝက ဇာတ်ရုံကိုသွား၊ အလုပ်အားနေတဲ့ ဇာတ်သမားတွေနဲ့ အာလူးဖုတ်၊ ဒါနဲ့ ပြီးနေတာပဲ"

"ဟိုနားဒီနား လျှောက်လည်ဖို့ မင်းကို ခေါ်တဲ့ ဇာတ်သမားတစ်ယောက်နဲ့မှ မတွေ့ဖူးသေးဘူးလား"

"အင်း- ဒီလိုမေးခွန်းမျိုး မေးတာဟာ ဇာတ်သမားတွေအကြောင်း မသိသေးလို့ မေးတာပဲ။ သူတို့နဲ့အတူတူ လျှောက်လည်ဖို့ အပြင်ကို ခေါ်နိုင်ပါ့မလား အစ်မရယ်၊ ကျွန်မအတွက် တစ်ပြားမှ အကုန်ခံနိုင်ကြတာ မဟုတ်ဘူး။ ဇာတ်သမားတွေဟာ ဆင်းတောင့်ဆင်းရဲ မွေးဖွားလာကြရတဲ့လူတွေတော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူတို့ခမျာ မကြာခဏ အလုပ်လက်မဲ့ ဖြစ်နေကြတယ်။ ဝင်ငွေ မရှိတော့လည်း ဖြစ်သလိုပဲ နေကြရတော့တာပေါ့။ ညပိုင်းမှာတော့ မဖြစ်စလောက် အလုပ်ကလေးတွေ ရတတ်ကြပါရဲ့။ ဘတ်စ်ကားလက်မှတ်ရောင်းတို့၊ ဓာတ်လှေကားမောင်းတဲ့ အလုပ်တို့၊ ဟိုတယ်စာရေးတို့ ဆိုတဲ့ အလုပ်မျိုးပေါ့။ နေ့ပိုင်းကျပြန်တော့လည်း အလုပ်ရှာနေကြရတာနဲ့ သူတို့မှာ အချိန်ကုန်နေကြရတာပါ"

"မင်းရော မကြာခင် နယ်ထွက်ပြီး ကရတော့မှာလား"

နီလီ နယ်ထွက်သွားမည်ဆိုလျှင် မိမိတစ်ယောက်တည်း ကျန်ရစ်ခဲ့ရတော့မည် ဖြစ်ကြောင်းကို အယ်နီက ချက်ချင်း စဉ်းစားလိုက်မိသည်။

"ကျွန်မကတော့ မထင်သေးပါဘူး။ မမ ကပြောတယ် သို့ကလေးက အဖေကို သိတတ်စအရွယ်ပဲ ရှိသေးတယ်တဲ့။ ဒါကြောင့် ချာလီကလည်း အိုးမကွာ အိမ်မကွာ နေချင်သေးတယ်။ ကလေးငယ်တုန်း ကလပ်တွေမှာပဲ ကနေချင်သေးတယ်။

ဒါပေမယ့် ဒစ်ကီကတော့ နယ်ထွက်ကဖို့ပဲ တတွတ်တွတ် ပြောနေပြီ။ နယ်ထွက်ကရင် ကျွန်မတို့ ပိုက်ဆံပိုရတယ်။ ဒီမြို့ပေါ်မှာတော့ ပျော်ပွဲစားရုံတွေ၊ ကလပ်တွေမှာလောက်ပဲ ကျွန်မတို့ ကခွင့်ရှိတယ်။ သိပ်မတိုးနိုင်သေးဘူး မဟုတ်လား။

ဒါကြောင့် နဘ်မိုးလုံး ပြဇာတ်ထဲမှာ ကျွန်မတို့ကို ယိမ်းအဖွဲ့ အနေနဲ့ ပါခွင့်ရဖို့ ဒါလောက် ကြိုးစားနေရတာပေါ့။ ဟယ်လင်လော်ဆန်ရဲ့ ပြဇာတ်တွေဟာ လူကြိုက် သိပ်များတာ မဟုတ်လား။

သူ့ပြဇာတ်ထဲမှာ ဝင်ကခွင့်ရမယ် ဆိုရင် ဒီနှစ် ဇာတ်ရာသီတစ်ခုလုံး ကျွန်မတို့ နယူးယောက်မြို့မှာပဲ ဟန်မပျက် နေခွင့်ရကြမယ်။ ဒီဇာတ်ရာသီထက်လည်း ပိုချင်ပိုသွားနိုင်တယ်။ ဒီလို နယူးယောက်မြို့မှာ အခြေတကျ နေနေရင်းနဲ့ အမျိုးသားတစ်ယောက်ကို ကျွန်မ တွေ့နိုင်တယ်။ နောက်ပြီး သူနဲ့ လက်ထပ်မယ်"

"ဒါကြောင့် နဘ်မိုးလုံးပြဇာတ်ထဲမှာ မင်း ဝင်ကချင်နေတာလား နီလီ။ တစ်ယောက်ယောက်နဲ့တွေ့ဖို့ ပြီးတော့ သူနဲ့ အကြောင်းပါကြဖို့ အတွက်ပဲလား"

"သိပ်ဟုတ်တာပေါ့၊ ဒါမှ ကျွန်မလည်း အခြေတကျ ဖြစ်တော့မယ်လေ၊ တစ်ယောက်ယောက်ရဲ့ ဇနီးဖြစ်ပြီး တစ်နေရာတည်းမှာ တည်တည်တံ့တံ့ နေနိုင်မှာပေါ့။ သူငယ်ချင်း အပေါင်းအသင်းတွေလည်း ရှိလာမယ်။ ကျွန်မ ဘယ်သူဖြစ်ကြောင်း သူတို့ သိကြမယ်၊ လေးစားကြမယ်"

"ဒါပေမယ့် နီလီ၊ အချစ်ကိစ္စကို ထည့်မစဉ်းစားတော့ဘူးလား။ မင်း တကယ် ချစ်ရမယ့် ယောကျ်ားတစ်ယောက်ကို ဒါလောက် လွယ်လွယ်ကူကူနဲ့ ရှာလို့ရနိုင်မှာ မဟုတ်ဘူးနော်"

နီလီက နှာခေါင်းရှုံ့လိုက်သည်။

"ဒီမှာ တစ်ယောက်ယောက်က ကျွန်မကို ချစ်တယ်ဆိုရင် ကျွန်မကလည်း သူ့ကို ပြန်ချစ်ပစ်လိုက်မှာပဲ။ ဂီးဇ် အယ်နီ လုပ်ပါ အစ်မရယ် ဘယ်လာမီနဲ့များ အစ်မတွေ့ပြီး ပြောပေးနိုင်မယ်ဆိုရင် . . . "

အယ်နီက ပြုံးသည်။

"ကောင်းပါပြီ နီလီ၊ ကိုယ် ပြောပေးပါ့မယ်။ အခွင့်အရေး ရရချင်း ကိုယ် ပြောပေးပါ့မယ်။ မင်းဟာ နောက်ပေါ်မယ့် ပက်ဗလိုဗာ ဖြစ်လာမယ်ဆိုတာ ဘယ်သူသိနိုင်တာ မှတ်လို့ကွယ်"

"အဲဒါက ဘာလဲဟင်"

"ပက်ဗလိုဗာဆိုတာ သိပ်ကို အောင်မြင်တဲ့ ကချေသည်တစ်ဦးပေါ့"

နီလီက ရယ်သည်။

"ဒီလိုသာဆိုရင် သိပ်နိပ်တာပဲ။ ဒါပေတယ်၊ ကျွန်မဟာ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး တစ်ယောက် ဖြစ်လာနိုင်တယ်လို့ ကိုယ့်ဟာ

www.burmeseclassic.com

ကိုယ် တွေးကြည့်မိတယ်။ တကယ်ပါ အစ်မရယ်။ ဒါပေမယ့် ဒီပြဇာတ်ကြီးနဲ့တော့ မဖြစ်သေးပါဘူး။ ပရိသတ်ရှေ့မှာ ရပ်လိုက်တဲ့အခါတိုင်း ကျွန်မစိတ်ထဲမှာ တစ်မျိုးပဲ သိလား။ ကျွန်မ အတော်လေး ကတတ်ပါတယ်။

ပရိသတ်ကြီးက သောင်းသောင်းဖြဖြ ဩဘာများ ပေးမယ်ဆိုရင် ကျွန်မ ကောင်းကင်ပေါ်ကိုတောင် ပျံတက်သွားနိုင်တယ်လို့ ထင်မိတယ်။ ကျွန်မအသံလည်း ကောင်းပါတယ်။ အော်ပရာများ ကလိုက်ရရင် ကျွန်မရင်ထဲမှာ ပေါ့သွားတာပဲ။ ချာလီနဲ့ ဒစ်ကီကို ဒီအကြောင်း ပြောပြဖူးပါတယ်။

ဒါပေမယ့် အစ်မရယ်၊ သူတို့က ကျွန်မကို စိတ်မှ နှံ့သေးရဲ့လားလို့ ထင်ကြတယ်။ ဂီးဇီး. . . ကျွန်မ ခံစားရသလို သူတို့က ခံစားနိုင်ကြတာ မဟုတ်ဘူး"

"အကသင်တန်း တစ်ခုခုကို မင်း သွားတက်ဖို့ ကောင်းတယ်၊ မင်း ထိပ်တန်းကို ရောက်လာမှာပါ"

နီလီက ခေါင်းကို ယမ်းခါပြလိုက်သည်။

"အကသင်တန်းတက်ရတာ မလွယ်ဘူး၊ အကနည်းပြဆရာတွေက သိပ်ဆိုးတာ။ နည်းနည်းကလေးမှ ညာတာ မဟုတ်ဘူး။ သူတို့အကြောင်းတွေ ကျွန်မ ကြားဖူးပါတယ် အစ်မရယ်၊ ကျွန်မနဲ့တော့ မဖြစ်နိုင်ပါဘူး"

"ကိုယ့်ဟာကိုယ် တော်လာအောင် လုပ်ရမှာပေါ့။ မင်း ပြောနေတဲ့လူတွေက လူတော်တွေမှ မဟုတ်ဘဲ၊ သာမန်လူတွေပဲ"

"ရုပ်နဲ့ အသံကိုပြပြီး စားရတဲ့ ရုပ်ရှင်တို့ ဇာတ်သဘင်တို့ ဆိုတာ ဘာတစ်ခုကိုမှ ပုံသေကားကျ သတ်မှတ်ထားလို့ရတာ မဟုတ်ဘူး။ အချိန်ကောင်းစောင့်ဖို့ လိုတယ်။ မှန်မှန်လုပ်ဖို့ လိုတယ်။ ပွဲလာကြည့်တဲ့ မိန်းကလေးတိုင်းဟာ ငါတက်ကရင်လည်း ရမှာပဲလို့ ထင်တတ်ကြတယ်။

ဒါပေမယ့် တကယ့်တကယ်ကျတော့ ဘယ်လွယ်ပါ့မလဲ၊ မေရီမာတင်တို့လို အီသယ်မာမင်တို့လို၊ ဟယ်လင်လော်ဆန်တို့လို မင်းသမီးမျိုး ဆိုတာက တစ်ထောင်မှာ တစ်ယောက်တောင် ပေါ်နိုင်တာ မဟုတ်ဘူး။ ကိုယ့်ဟာကိုယ် အထင်ကြီးရင်းနဲ့ နောက်ဆုံးကျတော့ ဘိတ်ချီးပဲ ဖြစ်ကုန်ကြရတာ မဟုတ်လား"

အယ်နီက ငြိမ်နေသည်။

နီလီ၏ အတွေးအခေါ် အယူအဆများက ထက်မြက်လွန်းလှသည်။ ထို့ကြောင့်လည်း နီလီကို ပြိုင်ပြီး သူ ငြင်းခုံနိုင်စွမ်း မရှိပါ။ သူ့မျက်နှာပေါ် မိတ်ကပ်လိမ်းနေခြင်းကို လက်စသတ်လိုက်သည်။

"ကောင်းပြီ နီလီ၊ မစ္စတာဘယ်လာမီနဲ့ ပတ်သက်လို့ ကိုယ် ဘာလုပ်ပေးနိုင်မလဲ ဆိုတာ ကြည့်ပါ့မယ်။ ကိုယ်လုပ်ပေးနိုင်တာ မှန်သမျှ အကုန်လုပ်ပေးပါ့မယ်၊ စိတ်ချပါ။

ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် မင်း အလုပ်တစ်ခုခု ရနိုင်မှာပါ။ ဘယ်သူ သိနိုင်မှာလဲ၊ မင်းကို သုံးခါတောင် ပြန်ခေါ်ပြီး စမ်းကြည့်နေပြီဆိုတော့ မင်း ကတာကို သူတို့ သဘောကျနေလို့သာ ဖြစ်ရမယ်"

ထိုစကားကို ကြားသောအခါ နီလီက အသံကျယ်ကျယ်ဖြင့် ရယ်မောလိုက်သည်။

"ဒါကြောင့် ကျွန်မ အလုပ်မရနိုင်ဘဲ ဖြစ်နေတာပေါ့။ ဘာဖြစ်လို့ ကျွန်မတို့ကို ပြန်ခေါ်ပြီး စမ်းစမ်းနေရတာလဲ၊ ကျွန်မတို့ ကတာကို ဟယ်လင်လော်ဆန်က ဘယ်လိုလုပ်ပြီး သဘောကျနိုင်မှာလဲ၊ ဒီမြို့ပေါ်မှာ ရှိနေတဲ့ အငြိမ့်အဖွဲ့တွေ၊ ယိမ်းအဖွဲ့တွေဟာ အတူတူနဲ့ အနူနူချည်းပါပဲ အစ်မရယ်၊ ကျွန်မဟာ အနုပညာမြောက်လောက်အောင် ကတတ်နေပြီဆိုရင် အစ်မကို ဒါလောက်တောင် အပူကပ်မနေတော့ပါဘူး။ ဟယ်လင်လော်ဆန်ဟာ ဘာဖြစ်လို့ ကျွန်မတို့ကို စိတ်ဝင်စားနေတယ်ဆိုတာ ကျွန်မတော့ မစဉ်းစားတတ်တော့အောင် ဖြစ်နေပြီ။ ချာလီနဲ့ ရုပ်ချင်းဆင်နေရင်တော့ မပြောတတ်ဘူးပေါ့လေ။

ဒါပေမယ့် ချာလီဟာ ဘယ်လောက်မှ အရည်အချင်း ရှိတဲ့လူ မဟုတ်ဘူး၊ ရုပ်ချောတာကလေး တစ်ခုပဲ ပြောစရာ ရှိပါတယ်"

"ချာလီကို ဟယ်လင်လော်ဆန်က မျက်စိကျနေပြီ ဆိုရင်ကော ဘာတတ်နိုင်မှာလိုက်လို့ ညီမရယ်၊ ချာလီမှာက မင်းအစ်မ တစ်ယောက်လုံး တန်းလန်းကြီး မဟုတ်လား"

"အင်း- အစ်မကတော့ တော်တော် တုံးသေးတာပဲ။ ဟယ်လင်လော်ဆန်ကို အပိုင်ဖမ်းထားဖို့ လိုအပ်နေပြီဆိုရင် မိအောင် ဖမ်းရမှာပေါ့။ ဒီလို ဖမ်းတာဟာလည်း ကျွန်မအစ်မရဲ့ အကျိုးဖြစ်တယ်လို့ ချာလီက သဘောပေါက်လိုက်မှာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ဟယ်လင်လော်ဆန်နဲ့ တွဲခုတ်နေရမယ် ဆိုရင်လည်း ချာလီက

www.burmeseclassic.com



တော့ ဟက်ဟက်ပက်ပက်ရှိမှာ မဟုတ်ပါဘူး။ ဟယ်လင်လော်ဆန်က အရှုံးအမူး စွဲလောက်အောင်လှတဲ့ မိန်းမကြီးမှ မဟုတ်ဘဲ"

နီလီက စိတ်ခံစားမှု တစ်စုံတစ်ရာ မရှိသည့် လေသံမျိုးဖြင့် ဆက်ပြောနေသည်။

"နီလီ ဘယ်လိုစကားမျိုး ပြောလိုက်တာလဲကွယ်။ မင်း ခဲ့အိုနဲ့ ဟယ်လင်လော်ဆန်တို့ ဖြစ်ချင်တာ ဖြစ်ကြဆိုပြီး ဒီအတိုင်း ကြည့်နေလိုက်မှာလား။ ဒီအတိုင်းသာ ဆိုရင် မင်းအစ်မက မင်းကို ဘယ်တော့မှ ခွင့်လွှတ်နိုင်တော့မှာ မဟုတ်ဘူး"

"အယ်နီ၊ အစ်မ ပြောနေပုံကလည်း အပျိုစင်ကလေးတစ်ယောက် ပြောနေပုံမျိုးတောင် မကတော့ဘူး။ ဘုန်းတော်ကြီးတစ်ပါးက ပြောနေတဲ့ပုံမျိုးတောင် ဖြစ်နေပြီ။ ဒီမှာ ကျွန်မလည်း အပျိုစင်စစ်စစ်ပါပဲ။

ဒါပေမယ့် ယောက်ျားတစ်ယောက်အတွက် လိင်ကိစ္စနဲ့ ချစ်ခြင်းမေတ္တာတရားဟာ တစ်ဘာသာစီဖြစ်ကြောင်း ကျွန်မ သိတယ်။ ချာလီဟာ နယ်တွေကိုလှည့်ပြီး ပွဲကတဲ့အခါမှာ စျေးအနည်းဆုံး နေရာမှာ တည်းတယ်။ အစစအရာရာမှာ ခြိုးခြံချွေတာတယ်။ ပြီးတော့ သူ ရသမျှပိုက်ဆံရဲ့ လေးပုံပုံ သုံးပုံကို ကျွန်မအစ်မဆီ မှန်မှန် ပို့တော့တာပဲ။

ဒါကြောင့် ကျွန်မအစ်မဟာ ကလေးတစ်ယောက်နဲ့ မပူမပင် သက်သောင့်သက်သာ နေနိုင်နေတာပေါ့။ ဒီလို ပိုက်ဆံ မှန်မှန်ပို့ပေးနေတဲ့အတွက် ပွဲကသွားရင်း မိန်းမချောကလေး တစ်ယောက်ယောက်ကို တွေ့ရင် ချာလီဟာ မဖောက်ပြားဘူးလို့ ဘယ်သူ ပြောနိုင်မှာလဲ၊ လမ်းမှာတွေ့တဲ့ မိန်းမချောကလေးတစ်ယောက်နဲ့ အခိုက်အတန့် စိတ်ပြေပျောက်မှုအတွက် သူနေလိုက်ချင်တယ်။ ဒီလို နေတာဟာ သူ့ဇနီး ကစ်တီနဲ့ သူ့သမီးအပေါ် ချစ်တဲ့စိတ်နဲ့ ဘာမှ မဆိုင်ဘူး။

ဒါက ချစ်ခြင်းမေတ္တာတရား၊ ဟိုလမ်းမှာတွေ့တဲ့ မိန်းမချောကလေးနဲ့ ပျော်ပါးလိုက်တာက သူ့အဖို့ ယာယီစိတ်ချမ်းသာမှု၊ အဲဒီလို ခွဲပြီး မြင်တတ်ဖို့ လိုတာပေါ့ အစ်မရယ်။ အဖိုဆိုရင် ယင်ဖိုတောင် မသန်းရသေးတဲ့ အပျိုစင်ကလေးဆိုရင် ယောက်ျားတွေက တန်ဖိုးထားတတ်ကြတယ်။

ဒါကြောင့် ကျွန်မရဲ့ အပျိုစင်ဘဝကိုလည်း ကျွန်မ ဒါလောက်တောင် ထိန်းသိမ်းနေရတာပေါ့။ ချာလီက ကစ်တီကို ချစ်သလို ကျွန်မယူမယ့် ယောက်ျားကလည်း ကျွန်မကို ချစ်စေချင်တယ်။

ဒါပေမယ့် ယောက်ျားဆိုတာက ကျွန်မတို့ မိန်းကလေးတွေလို မဟုတ်ဘူး။ ကိုယ်တွေ့ရမယ့် ယောက်ျားဟာ လူပျိုစစ်စစ်ကလေး ဖြစ်နေရမယ်လို့ ဘယ်လိုမှ မျှော်မှန်းထားလို့ မရဘူး"

အယ်နီ၏ အခန်းထဲမှ ခေါင်းလောင်းသံ မြည်လာသည်။ အေလင်ကူးပါး အိမ်ရှေ့တွင် ရောက်နေပြီဆိုသည့် အချက်ပေးသံ ဖြစ်သည်။ အယ်နီကလည်း ခေါင်းလောင်းခလုတ်ကို ပြန်နှိပ်လိုက်သည်။ မိမိ ဆင်းလာနေပါပြီ ဆိုသည့် သဘော ဖြစ်သည်။ တစ်ဆက်တည်းမှာပင် အယ်နီက ကုတ်အင်္ကျီနှင့် လက်ကိုင်အိတ်ကို လှမ်းဆွဲယူသည်။

"ကဲ ထွက်တော့ နီလီ၊ ကိုယ်သွားစရာ ရှိနေတယ်။ တက္ကစီနဲ့ အေလင် စောင့်နေလိမ့်မယ်"

"ဒါမျိုးကျတော့ လောလိုက်တာ အစ်မရယ်၊ ခဏလေးများ နေပါဦး။ ချောကလက်ကလေးများ မကျန်တော့ဘူးလား"

နီလီက ပြောပြောဆိုဆိုဖြင့် ဗီရိုထဲမှာ မွှေနှောက်ရှာဖွေနေသည်။

"အဲဒီထဲမှာ တစ်ဘူးရှိတယ်။ အကုန်လုံး ယူသွား"

အယ်နီက တံခါးဖွင့်ပြီး စောင့်နေရင်းက ပြန်ပြောသည်။

"ဟာ သိပ်ဇေတာပဲ၊ ကျွန်မမှာ စာကြည့်တိုက်က ငှားလာတဲ့ လေရှူးသုန်သုန်ဝတ္ထု ရှိတယ်။ နို့တစ်ပုလင်း ရှိတယ်။ အခု ချောကလက်တစ်ဘူး ရပြီ။ လေရှူးသုန်သုန် ဝတ္ထုကို ဖတ်ရင်း နို့သောက်လိုက်၊ ချောကလက်စားလိုက်နဲ့ ဒီနေ့အဖို့တော့ ဇေသွားပြီ"

နီလီသည် ချောကလက်ဘူးကို လက်ထဲ ဝှေ့ယမ်းရင်း အပြင်သို့ ထွက်လိုက်လာသည်။

*

ပြင်သစ် ပျော်ပွဲစားရုံ သေးသေးကလေး တစ်ခုသို့ သူတို့နှစ်ယောက် သွားကြသည်။ အယ်နီက သူ့ကို ပေးလိုက်သည့် တာဝန်သစ် အကြောင်းကို ပြောပြနေသည်။ အေလင်ကူးပါးက စိတ်ဝင်စားစွာဖြင့် နားစိုက်ထောင်နေသည်။ အယ်နီ ရှင်းပြပြီးသောအခါ ပန်းကန်

www.burmeseclassic.com

 www.burmeseclassic.com 

ထဲမှ လက်ကျန်ကော်ဖီကို သောက်ပြီး အေလင်က ပိုက်ဆံယူရန် စားပွဲထိုးကို လှမ်းခေါ်သည်။

"အယ်နီ၊ အချိန်ကျလာပြီလို့ ကိုယ်ထင်တယ်"

"ဘယ်လို အချိန်ကျတာလဲ"

"အမှန်တရား ပေါ်ပေါက်လာဖို့ အချိန်ကျလာပြီလို့ ဆိုလိုတာပါ။ ဟင်နရီဘယ်လာမီတို့ရုံးက အလုပ်ထွက်ပြီး အင်မတန် ကြီးကျယ်ခမ်းနားတဲ့ ဘဝထဲကို တိုးဝင်ဖို့ အချိန်ကျလာပြီလို့ ပြောတာပါ"

"ဟင်နရီဘယ်လာမီဆီက ကျွန်မ အလုပ်မထွက်ချင်ပါဘူး"

"မင်း အလုပ်ထွက်ရမှာပါ။ လိုင်ယွန်ဘတ်အတွက် အိမ်ခန်းရအောင် ရှာပေးနိုင်ရင် မင်းအနေနဲ့ အင်မတန် ကြီးမားတဲ့ လုပ်ငန်းဆောင်တာကြီးတစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက်ပေးလိုက်နိုင်တာနဲ့ အတူတူပဲ"

အေလင်ကူးပါး၏ အပြုံးက တစ်မျိုးတစ်ဖုံ ထူးဆန်းနေသည်။ သူ့ကိုယ်သူ အလွန်ယုံကြည်စိတ်ချသည့် အမူအရာမျိုး ဖြစ်သည်။ အို- အပြုံးတစ်ခုတည်းသာ မဟုတ်ပါ။ သူ့အမူအရာအားလုံး အပြောင်းလဲကြီးပြောင်းလဲသွားတော့သည်။

"အားနေတဲ့ အိမ်ခန်းတစ်ခုခုကို ရှင်တွေ့ထားလို့လား"

အေလင်က ခေါင်းညိတ်ပြသည်။ သူ့အပြုံးကလည်း တစ်စုံတစ်ရာကို လျှို့ဝှက်ဖုံးကွယ်ထားသလို ဖြစ်နေပြန်သည်။

အပြင်ရောက်သောအခါ တက္ကစီတစ်စင်းကို သူကပင် လှမ်းခေါ်သည်။ ပြီးတော့ လိပ်စာတစ်ခုကို ပြောပြပြီး မောင်းခိုင်းသည်။

"အေလင် ဘယ်ကိုသွားနေတာလဲ"

"လိုင်ယွန်ဘတ်အတွက် အိမ်ခန်း သွားကြည့်မယ်လေ"

"ဒါလောက် ညဥ့်နက်သန်းခေါင်ကြီးမှာ သွားကြည့်လို့ ရပါ့မလား။ ဘယ်သူ့အခန်းမို့ ဒီအချိန်ကြီးမှာ သွားကြည့်လို့ ရမှာလဲ"

"မင်း တွေ့ရပါလိမ့်မယ်၊ စိတ်အေးအေးထားပြီးတော့သာ လိုက်ခဲ့ပါ"

အေလင်ကူးပါး၏စကားကြောင့် အယ်နီကလည်း ဘာမှ ပြန်မပြောတော့ပေ။ တစ်လမ်းလုံး သူတို့နှစ်ယောက် တိတ်ဆိတ်စွာ လိုက်ပါလာကြသည်။

အရှေ့မြစ်အနီးရှိ ခေတ်မီ အဆောက်အအုံကြီးတစ်ခုရှေ့မှာ မော်တော်ကား ရပ်သွားသည်။ သူတို့နှစ်ယောက်လည်း ကားပေါ်မှ ဆင်းခဲ့ကြသည်။

တံခါးစောင့်က အေလင်ကူးပါးကို ရင်းရင်းနှီးနှီး ဆီးကြို နှုတ်ဆက်သည်။ ဓာတ်လှေကားဆီသို့ ရောက်ပြန်တော့လည်း ဓာတ်လှေကားမောင်းသူက လေးလေးစားစား ဆီးကြို နှုတ်ဆက်ပြန်သည်။ ဆယ်ထပ်သို့ ရောက်သောအခါ ဓာတ်လှေကား ရပ်သွားသည်။ အပြင်သို့ သူတို့ ထွက်ခဲ့သည်။

အေလင်က သော့တစ်ချောင်းကို ထုတ်ပြီး အလေးအနက် မထားသည့်ပုံမျိုးဖြင့် အခန်းတံခါးကို ဖွင့်သည်။ ပြီးတော့ မီးခလုတ်ကို ဖွင့်သည်။ အလွန် သပ်ရပ်သန့်ရှင်းစွာ ခင်းကျင်းပြင်ဆင်ထားသည့် အိမ်ခန်းတစ်ခန်းကို တွေ့ရတော့သည်။

အခြား ခလုတ်တစ်ခုကို ဖွင့်လိုက်ပြန်သည်။ အခန်းထဲမှာ ဇောသံစုံများ ပြည့်လျှံသွားသည်။ အလွန် အဆင်ပြေသည့် အိမ်ခန်းဖြစ်ပါသည်။ လိုင်ယွန်ဘတ်အတွက် အသင့်လျော်ဆုံးသောအိမ်ခန်း ဖြစ်ပါသည်။

"အေလင်၊ ဒါ ဘယ်သူ့အခန်းလဲဟင်"

"ကိုယ့်အခန်းလေ၊ လာ- ကျန်တဲ့နေရာတွေ လိုက်ကြည့်ပါဦး။ ဟောဒါက အိပ်ခန်း၊ အကျယ်ကြီးပဲ။ ဗီရိုကြီးကြီးလည်း ထည့်ထားလို့ရတယ်"

ပြောနေရင်းကပင် ဆွဲတံခါးကို ဆွဲဖွင့်လိုက်ပြန်သည်။

"ဟောဒါက ရေချိုးခန်း၊ ဟိုဘက်မှာက မီးဖိုဆောင်၊ နည်းနည်းတော့ ကျဉ်းတယ်။ ဒါပေမယ့် ပြတင်းပေါက် ရှိတယ်"

အယ်နီက တစ်စုံတစ်ရာ ပြန်လည်ပြောကြားခြင်း မပြုဘဲ သူပြသည့် အခန်းများကို လျှောက်ကြည့်နေမိသည်။ ကိုယ့်မျက်စိကို ကိုယ် မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။

အေလင်ကူးပါးသည် သာမန် အာမခံကိုယ်စားလှယ်ကလေးတစ်ဦး ဖြစ်သည်။ သူလို လူတစ်ယောက်က ဤကဲ့သို့သော အခန်းစုံ အိမ်ခန်းကြီးတစ်ခုကို မည်သို့ ငှားရမ်းနေထိုင်နိုင်သနည်း။

"နောက်တစ်နေရာ ပြစရာရှိသေးတယ်"

ဧည့်ခန်းထဲသို့ သူက ဦးဆောင်ပြီး ဝင်

www.burmeseclassic.com

လာသည်။ ကြမ်းပြင်ရောက်အောင် ရှည်လျားသည့် ခန်းဆီးကြီးများ ပြတင်းပေါက်မှာ တပ်ထားသည်။ သူက ခန်းဆီးကြီးကို ဆွဲဖယ်လိုက်သည်။ တစ်ဖက်မှ အိမ်နီးချင်း အိမ်ခန်းတစ်ခန်းကို တွေ့ရသည်။ ကပ်လွန်းသဖြင့် လက်နှင့် လှမ်းကိုင်လျှင်ပင် မီလောက်သည်။ ပြတင်းပေါက်တစ်ခုလည်း ရှိသည်။

"ဟောဒီ အကြောင်းကတော့ ဝမ်းနည်းစရာပဲ၊ ဟိုဘက်ကအိမ်ဟာ အိပ်မက်ထဲက အတိုင်းပဲ။ အဲဒီအိမ်ခန်းမှာ လူခပ်ဝဝတစ်ယောက် ရှိတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်အတွက်တော့ သိပ်ကို အံ့ဩစရာပဲ။ သူတစ်ယောက်တည်း နေတယ်။ သူ့ကို ကိုယ် တွေ့နေရတာကြာပြီ။ နှစ်နှစ်လုံးလုံး အဲဒီအခန်းမှာပဲ နေတယ်။ အစာစားတာ တစ်ခါမှ မတွေ့ဖူးဘူး။ ဘီယာတစ်မျိုးကိုပဲ သောက်တယ်။ မနက်စာဆိုရင်လည်း ဘီယာပဲ သောက်တယ်။ နေ့လယ်စာ ဆိုရင်လည်း ဘီယာပဲ။ ညစာ ဆိုရင်လည်း ဘီယာနဲ့ပဲ ပြီးလိုက်တယ်။ ဟော . . . ဟောဟိုမှာကြည့်"

ပြောနေဆဲမှာပင် ကိုယ်လုံးကိုယ်ပေါက်တောင့်တောင့်တင်းတင်း လူတစ်ယောက်ကို လှမ်းမြင်ရသည်။ ရှပ်အင်္ကျီကလေးကိုသာ ဝတ်ဆင်ထားသည်။ မီးဖိုခန်းဆီသို့ လျှောက်သွားပြီး ဘီယာပုလင်းတစ်လုံးကို ဖွင့်နေသည်။ အေလင်က ခန်းဆီးများကို ပြန်ဆွဲပိတ်လိုက်သည်။

"စောစောပိုင်းတုန်းကတော့ သူ့အတွက် ကိုယ် စိတ်ပူမိတယ်။ ဒီလူ ဒီအတိုင်းသာ နေမယ်ဆိုရင် မကြာခင် ဗိုက်ကမင်ဓာတ် ချို့တဲ့ပြီး တစ်ခုခု ဖြစ်တော့မှာပဲလို့၊ ဒါပေမယ့် ကိုယ်ထင်သလို မဟုတ်ဘူး။ သူ ဘာမှ မဖြစ်ဘူး။ သူ့ဟာနဲ့သူတော့ ဟန်ကိုကျလို့။ ကဲ ပြောစမ်းပါဦး၊ ဒီအခန်းဟာ လိုင်ယွန်ဘတ်အတွက် အဆင်ပြေနိုင်ပါ့မလား"

"သိပ်ကို ကောင်းတာပဲ၊ ကျွန်မ ထင်တာလေ။ ဟိုဘက်က လူဝကြီး ရှိနေပေမယ့်လည်း ကောင်းတာပါပဲ။ ဒါပေမယ့် အေလင် ဒါလောက်ကောင်းတဲ့အခန်းကို ဘာဖြစ်လို့ ရှင် အဆုံးခံလိုက်မှာလည်း"

"ဒါထက် ပိုကောင်းတဲ့အခန်းတစ်ခန်း ကိုယ် တွေ့ထားပြီးပြီလေ။ မနက်ဖြန်မှာပဲ ကိုယ် အိမ်ပြောင်းသွားလို့ ရပါတယ်။ ဒါပေမယ့် အဲဒီအခန်းကို မင်း အရင် လိုက်ကြည့်စေချင်သေးတယ်။ မင်းပါ သဘောကျဖို့ အရေးကြီးနေပြီ"

ဘုရားရေ၊ သူနှင့် လက်ထပ်ဖို့ အယ်နီကို သူပြောတော့မှာပါကလား။ စိတ်နှလုံးထားကောင်းပြီး သနားစရာကောင်းသော အေလင်ကူးပါး။ သူ စိတ်ထိခိုက်သွားအောင်တော့ အယ်နီ မလုပ်ရက်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူ ဘာတွေလုပ်နေသည်၊ ဘာတွေပြောနေသည်ကို နားမလည်ချင်ဟန်တော့ ဆောင်ရပေတော့မည်။

ထို့ကြောင့်လည်း အသံကို မှန်နိုင်သမျှ အမှန်ဆုံးထားပြီး ကိုယ်ရေးကိုယ်တာနှင့် မည်သို့မျှ မသက်ဆိုင်သလို ပြန်ပြောမိသည်။

"အေလင်၊ လိုင်ယွန်ဘတ် အတွက် ကျွန်မကို အိမ်ခန်းရှာခိုင်းတာဟာ အိမ်ခန်းနဲ့ ပတ်သက်ပြီး ကျွန်မက နားလည်လွန်းလို့ မဟုတ်ပါဘူး ရှင်ရယ်။ ကျွန်မတို့ရုံးမှာ အလုပ်တွေ အရှိန်မပျက် လုပ်နိုင်ကြဖို့ ကျွန်မကို တာဝန်ပေးလိုက်တာပါ။ လိုင်ယွန်ဘတ်က အလုပ်တွေနဲ့ ပိနေလို့ သူကိုယ်တိုင် အိမ်ခန်း ထွက်မရှာနိုင်ဘူးလေ။

ဒါကြောင့် ရှင့်မှာ အိမ်ခန်း ရပြီးသားဖြစ်နေပြီဆိုရင် အဲဒီ အိမ်ခန်းနဲ့ ပတ်သက်ပြီး ကျွန်မရဲ့ အကြံဉာဏ်ကိုတောင်းဖို့ မလိုတော့ပါဘူး။ ကျွန်မ ကိုယ်တိုင်က ဘာနားလည်တာမှတ်လို့"

စကားကို ခပ်သွက်သွက်ကြီး ပြောနေမိကြောင်း အယ်နီက သူ့ကိုယ်သူ သတိထားမိသည်။

"အိမ်ခန်းလခကို တစ်ရာ့ငါးဆယ်ပေးနိုင်တယ်။ လိုအပ်ရင် တစ်ရာ့ခုနစ်ဆယ့်ငါးဒေါ်လာအထိ ပေးနိုင်တယ်လို့ မင်းပြောတယ်မဟုတ်လား။ ဒါပေမယ့် သူ့ကို တစ်ရာ့ငါးဆယ်နဲ့ပဲ ကိုယ်တို့ ငှားလိုက်ကြရအောင်နော်။

ဒါဆိုရင် မင်းဟာ သူရဲ့ကောင်းကြီး ဖြစ်သွားတော့မှာပေါ့။ ဒီအိမ်ခန်းကို ကိုယ်ရတုန်းက အိမ်ထောင်ပရိဘောဂတွေ မပါဘူး။ ကိုယ့်ဟာကိုယ် ဝယ်ထည့်ထားရတာ။ ဒါတွေကိုလည်း သူ့အတွက်ပဲ ကိုယ်ပေးခဲ့တော့မယ်"

ထိုစကားကြောင့် အယ်နီသည် ချက်ချင်း စိတ်မကောင်းဖြစ်သွားမိပြန်သည်။

"ရှင့်အိမ်ခန်းသစ်မှာ သုံးဖို့ ဒီအိမ်ထောင်ပရိဘောဂတွေ လိုဦးမှာပေါ့။ နောက်ပြီးတော့ ဒါတွေကလည်း ဈေးနည်းမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း ကန့်ကွက်စကား ပြောမိသည်။

"ကိစ္စမရှိပါဘူးကွယ်။ လိုင်ယွန်ဘတ်က ဒီအိမ်ခန်းကို ချက်ချင်း ပြောင်းလာနိုင်ပါ့မလား"

အေလင်ကူးပါးက ခပ်ရွှင်ရွှင်ကလေး ပြောသည်။

"ပြောင်းလာနိုင်ပါလိမ့်မယ် ထင်တယ်"

"သူ ပြောင်းလာနိုင်မှာ သေချာပါတယ်၊ ကဲ လာ ကိုယ့်အိမ်ခန်းသစ်ကို လိုက်ပြမယ်"

အေလင်က အယ်နီကို ဆွဲခေါ်လာသည်။ ညဥ့်နက်နေပြီ ဖြစ်ကြောင်း အယ်နီက ကန့်ကွက်ပြောဆိုပါသေးသည်။ သို့သော်လည်း နားမထောင်။

လမ်းပေါ်သို့ သူတို့နှစ်ယောက် ပြန်ရောက်လာကြပြန်သည်။ တံခါးစောင့်က လေးလေးစားစားနှင့် ဆီးကြိုမေးသည်။

"တက္ကစီ ခေါ်ပေးရမလား မစ္စတာကူးပါး"

"မလိုတော့ပါဘူးကွ၊ ဟောဟိုနားကလေးတင်ပါ"

အေလင်က အယ်နီကို နောက်တစ်ပြခန့်ဆီသို့ ဦးဆောင်ခေါ်လာသည်။ အဆောက်အအုံတစ်ခုအတွင်းသို့ ဝင်ခဲ့သည်။ မြစ်ကမ်းနဖူး မေးတင်ပြီး ဆောက်လုပ်ထားသော အဆောက်အအုံသစ် ဖြစ်သည်။

ထိုအဆောက်အအုံသစ်သည် ရုပ်ရှင်ထဲမှာ မြင်တွေ့ရတတ်သည့် အိမ်လှလှကလေးလို ဖြစ်နေသည်။

ဧည့်ခန်းထဲသို့ ရောက်သောအခါ ပေပေါင်း လေးဆယ်မျှ ရှည်လျားသည့် မွေးပွကော်ဇောအဖြူကြီးကို ခန်းလုံးပြည့် ခင်းထားသည်။ အရက်ပုလင်းများထားသည့် ဘားခန်းနေရာကိုမူ အီတလီ သလင်းကျောက်ပြားများနှင့် တည်ဆောက်ထားသည်။ အပေါ်ထပ်သို့ တက်သည့် ရှည်လျားသော လှေကားကိုလည်း တွေ့ရသည်။

မြင်ကွင်းကလည်း သာယာလွန်းလှသည်။ ပြတင်းပေါက်များကို မှန်များနှင့် အပြည့်ကာထားသည်။ ဆင်ခြေလျှော မြက်ခင်းကိုလည်း စီးမြင်နေရသည်။ ငြိမ့်ညောင်းစွာ စီးဆင်းနေသည့် မြစ်ပြင်ကိုလည်း အပေါ်စီးမှပင် မြင်နေရသည်။ အေလင်က သူ့ကို အိမ်အပြင်သို့ ခေါ်လာသည်။ အပြင်မှ အအေးဓာတ်က ဆီးကြိုမွှေ့ဖက်လိုက်သည်။

သို့သော်လည်း ရှုမျှော်ခင်း၏ အံ့လှအပများက ဖမ်းစားထားပြီ ဖြစ်သောကြောင့် အအေးဒဏ်ကိုပင် သတိမပြုမိတော့။

မြစ်ပြင်ကို ဖြတ်ကူးသည့် တံတားကြီးမှ မီးရောင်များကို လှမ်းမြင်နေရသည်။ နက်မှောင်နေသည့် မဟူရာ ညအမှောင်တွင်းမှာ စိန်ကြယ်ပွင့်ကလေးများ ပြိုးပြိုးပြက်ပြက် လက်နေကြသကဲ့သို့ ထင်မှတ်ရသည်။

ကြီးကျယ်ခံ့ညားသည့် အိမ်ကြီး၊ လှပသာယာသည့် ပတ်ဝန်းကျင် ရှုမျှော်ခင်းများကြောင့် အေလင်ကူးပါးကိုပင် သတိမထားမိအောင် ကြက်သေ သေသွားမိတော့သည်။

"ကိုယ်တို့နေကြရမယ့် အိမ်သစ်အတွက် ဝမ်းသာတဲ့ အထိမ်းအမှတ်အနေနဲ့ တစ်ခုခု သောက်ကြရအောင်လား"

၁ူ့စကားကို ကြားသောအခါကျမှ အတွေးနယ်ကျယ်နေမိသည့် စိတ်များကို ပြန်လည် ထိန်းသိမ်းနိုင်တော့သည်။

"အေလင်၊ ဒါ ဘယ်သူ့အိမ်လဲဟင်"

သူက တိုးတိုးကလေး ပြန်မေးသည်။

"ကိုယ့်အိမ်ပါပဲ၊ ကိုယ်လိုချင်တယ်ဆိုရင် ကိုယ့်အိမ် ဖြစ်မှာပါပဲ"

"ဒါပေမယ့် အခုအချိန်အထိ ဘယ်သူပိုင်တာလဲ"

"ဂျီနီဆိုတဲ့ လူတစ်ယောက် ပိုင်တာပါ။ ဒါပေမယ့် ဒီအိမ်ကြီးဟာ သူ့အတွက် သိပ်ကြီးလွန်းတယ်လို့ ပြောတယ်။ ဒါကြောင့် ဝါးလ်ဒေါ့ဖ်ဟိုတယ်မှာပဲ သူ နေနေတယ်။ အဲဒီလို နေရတာကိုပဲ သူက ပိုသဘောကျတယ်"

"ဒါပေမယ့် အေလင်၊ ဒါလောက်ကြီးတဲ့ အိမ်ကြီးမှာ နေဖို့ ရှင် ဘယ်လိုလုပ်ပြီး တတ်နိုင်မှာတဲ့လဲ"

"ကိုယ် တတ်နိုင်ပါတယ် ဆိုတာကိုများ သိရရင် မင်း အံ့ဩသွားတော့မှာပဲ"

နားအလည်ရခက်သော ထူးဆန်းသည့် အပြုံးတစ်မျိုးကို သူ ပြုံးပြန်သည်။

အယ်နီက အိမ်ထဲသို့ ပြန်လှည့်ဝင်လာခဲ့သည်။

"အေလင်၊ ကျွန်မ ပြန်တာကောင်းမယ် ထင်တယ်။ ကျွန်မ သိပ်ပင်ပန်းနေပြီ၊ နောက်ပြီးတော့ စိတ်ထဲမှာလည်း ထွေးကုန်ပြီ"

"အယ်နီ"

သူက အယ်နီ၏လက်ကို ဖမ်းဆွဲလိုက်သည်။

"ကိုယ်ဟာ လူချမ်းသာတစ်ယောက်ပါ

www.burmeseclassic.com

www.burmeseclassic.com

အယ်နီ၊ သိပ်ကို သိပ်ကို ချမ်းသာတဲ့လူတစ်ယောက်ပါ"

အယ်နီက သူ့ကို မတုန်မလှုပ် ပြန်ငေးကြည့်နေမိသည်။ ထိုသို့ ကြည့်နေရင်းမှာပင် အေလင်သည် အမှန်များကို ပြောပြနေခြင်း ဖြစ်ကြောင်းကိုလည်း သဘောပေါက်နားလည်လိုက်သည်။

"မင်းကို ကိုယ်ချစ်တယ် အယ်နီ၊ စောစောပိုင်းတုန်းကတော့ မင်းဟာ ကိုယ်နဲ့အတူ အခုလို သွားသွားလာလာ လုပ်နေပြီး ဘာမှ မသိဘဲ ဖြစ်နေလိမ့်မယ်ဆိုတာ ကိုယ် မယုံမိခဲ့ဘူး"

"ဘာကို မသိရမှာလဲ"

"ကိုယ် ဘယ်သူလဲ ဆိုတာကိုပေါ့"

"ရှင် ဘယ်သူလဲ"

"ကိုယ်ဟာ အခုအချိန်အထိ အေလင်ကူးပါးပါပဲကွယ်။ ကိုယ်နဲ့ ပတ်သက်ပြီး မင်းသိတာ ဒါလေးတစ်ခုပဲ ရှိပါတယ်။ ကိုယ့်နာမည် တစ်ခုပါပဲ။ ဒီနာမည်ကို သိရပေမယ့် ဘယ်လို ပြောင်းလဲမှုမျိုးကိုမှ ဖြစ်မသွားတာ မင်းတစ်ယောက်တည်းပဲ ရှိပါသေးတယ်။ ကိုယ့်ကို မအောင်မြင်တဲ့ အာမခံကိုယ်စားလှယ်ကလေးတစ်ယောက် အဖြစ်နဲ့ပဲ မင်း သိထားတယ်။ ဒီအတိုင်းပဲ မင်း လက်ခံထားတယ်"

အေလင်ကူးပါးက စကားကိုဖြတ်ပြီး ပြုံးသည်။

"ဒီလို သိထားတဲ့အတွက် ကိုယ့်ဘဝအမှန် ပေါ်မသွားအောင် ဟိုရက်တွေတုန်းက ဘယ်လောက်တောင် ကိုယ် ဖုံးကွယ်ခဲ့ရတယ်ဆိုတာ မင်း မသိဘူး။ အပေါစား ထမင်းဆိုင်ကလေးတွေကိုသွားပြီး မင်းနဲ့အတူတူ စားရတယ်။ ဈေးအပေါဆုံး အစားအစာတွေကို မင်းမှာတဲ့အခါမှာ ဒီအတိုင်း ကျေနပ်ဆည်ပြီး ထိုင်ကြည့်နေရတယ်။ ကိုယ့်လုပ်ငန်း မအောင်မြင်တဲ့အတွက် မင်း စိတ်ပူနေတာကိုလည်း သိနေရတယ်။

အယ်နီ၊ ကိုယ့်အပေါ်မှာ လူတစ်ယောက်ယောက်က အမှန်တကယ် စေတနာထားပြီး ဂရုတစိုက် ဆက်ဆံခဲ့တာမျိုးကို ကိုယ် ဘယ်တုန်းကမှ မခံခဲ့ရဖူးပါဘူး။ အစပိုင်းတုန်းကတော့ မင်း ဟန်ဆောင်နေတာလို့ ကိုယ် ထင်ခဲ့ပါတယ်။ ကိုယ့်အကြောင်းကို သိရက်သားနဲ့ မသိချင်ယောင်ဆောင်ပြီး ကိုယ့်ကို အမိဖမ်းနေတယ်လို့ ထင်ခဲ့မိပါတယ်။

ဟုတ်ပါတယ်လေ၊ ဒါမျိုးတွေနဲ့လည်း ကိုယ် ကြုံခဲ့ရဖူးတယ် မဟုတ်လား။

ဒါကြောင့်မို့လို့ မင်းကို မေးခွန်းတွေ အများကြီး ကိုယ် မေးခဲ့မိတာပေါ့။

မင်း ဘယ်ကလာသလဲ၊ ဘယ်ဇာတိလဲ၊ လော့ရင့်စ်ဗီးလ်မြို့ဆိုတာ ဘယ်လိုမြို့မျိုးလဲ ဆိုတာတွေပေါ့။ နောက်ပြီးတော့ မင်းပြောတာတွေ မှန်သလား၊ မမှန်ဘူးလား ဆိုတာကိုလည်း စုံထောက်တစ်ယောက်လွှတ်ပြီး အစုံစမ်းခိုင်းခဲ့ရသေးတယ်"

အယ်နီမျက်လုံးများ ကျဉ်းသွားသည်ကို သူ မြင်လိုက်ရသည်။

ထို့ကြောင့်လည်း အယ်နီ၏ လက်နှစ်ဖက်ကို ကမန်းကတန်း လှမ်းယူဆုပ်ကိုင်လိုက်သည်။

"အယ်နီ၊ ကိုယ့်ကို စိတ်မဆိုးပါနဲ့ကွယ်။ မင်းဟာ တကယ်ကို ရိုးသားတဲ့မိန်းကလေးပါ။ အမှန်ကို အမှန်အတိုင်း ပြောတတ်၊ လုပ်တတ်တဲ့မိန်းကလေးပါ။ ဂျိုနီကတောင် မယုံနိုင်ခဲ့ဘူး။

ဒါပေမယ့် မင်းနဲ့ ပတ်သက်တဲ့ ကိုယ်တို့လိုချင်တဲ့ သတင်းတွေ ရောက်လာတဲ့အခါကျတော့မှပဲ ယုံတော့တယ်။ ကိုယ် စုံစမ်းခိုင်းလိုက်တဲ့ စုံထောက်က ကိုယ်တို့သိချင်တာတွေ စုံစမ်းပြီး ပြန်ပြောတယ်လေ။

မင်းတို့ရဲ့ မိသားစု အကြောင်း၊ မင်းတို့မိသားစုရဲ့ အဆင့်အတန်း၊ မင်းအမေဟာ မုဆိုးမတစ်ယောက် ဖြစ်တဲ့အကြောင်း၊ မင်းမှာ အဒေါ်တစ်ယောက် ရှိတဲ့အကြောင်း၊ နယူးအင်္ဂလန်ဒေသမှာ မင်းတို့ဟာ ဆွေကြီးမျိုးကြီးတွေ ဖြစ်ကြောင်း၊ လူအများကလည်း လေးစားကြတဲ့အကြောင်း စုံလို့ပါပဲ။

တကယ်ပါပဲ အယ်နီ၊ မင်းအကြောင်းတွေ ပြည့်ပြည့်စုံစုံ သိရတဲ့အခါမှာ မိုးကိုတက်ပြီး ခေါင်းနဲ့ဆောင့်မိတော့မတတ် ကိုယ် သွေးမြောက်ခဲ့ရပါတယ်။

ဒီလိုအဖြစ်မျိုးနဲ့ ကြုံရလိမ့်မယ်လို့ ကိုယ် ဘယ်တုန်းကမှ မထင်မိခဲ့ဘူး။ ကိုယ့်ကိုပဲ ဂရုစိုက်တဲ့လူကို ကိုယ်က ကိုးကွယ်ရမှာပါ။ အဟုတ် ပြောတာပါ အယ်နီ၊ ကိုယ် ဆိုလိုတာကို သဘောပေါက်တယ် မဟုတ်လား"

အေလင်သည် ပြောပြောဆိုဆို အယ်နီကိုဖက်ပြီး အခန်းထဲမှာ ကလေးတော့သည်။

"ကိုယ့်ကို ဂရုစိုက်တဲ့လူဟာ မင်းပဲ၊

www.burmeseclassic.com

တကယ်ကို ဂရုစိုက်တဲ့လူဟာ မင်းပါပဲ အယ်နီ၊ ကိုယ် ပိုင်ဆိုင်နေတဲ့ ပစ္စည်းပစ္စယတွေကို မင်း ဂရုစိုက်တာ မဟုတ်ဘူး၊ မက်မောတာ မဟုတ်ဘူး။ မင်း ဂရုစိုက်တာက ကိုယ့်ကိုသာ ဖြစ်ပါတယ်။ ပစ္စည်းမက်တာ မဟုတ်ဘူး၊ လူကို မက်တာ"

အယ်နီက သူ့ရင်ခွင်ထဲမှလွတ်အောင် ရုန်းထွက်လိုက်သည်။ ပြီးတော့ အသက်ရှူမှန်အောင်လည်း ကြိုးစားနေရသေးသည်။

"အေလင်၊ ရှင် ဘယ်သူလဲဆိုတာ ကျွန်မ ဘယ်လိုလုပ် သိနိုင်မှာလဲ။ အခု ရှင် ပြောပြနေတာကလွဲပြီး ကျွန်မက ဘယ်လိုလုပ် သိရမှာလဲ၊ ရှင် ပြောပြလို့သာ ကျွန်မ ကြားနေရတာပါ"

"မင်း မသိနိုင်ဘူး ဆိုတာကိုတော့ ကိုယ်မပြောတတ်တော့ဘူး၊ သတင်းစာ ဆောင်းပါးတွေထဲမှာ ကိုယ့်အကြောင်းတွေ အမြဲ ပါနေတာပဲ။မင်းရဲ့ အမျိုးသမီးသူငယ်ချင်းတွေထဲက တစ်ယောက်ယောက်ကတော့ မင်းကို ပြောပြမှာပဲလို့ ကိုယ်ထင်နေတာ။

ဒါမှ မဟုတ်ရင်လည်း ဟင်နရီဘယ်လာမီကတော့ မင်းကို သေချာပေါက် ပြောပြရမှာပဲ"

"ဘယ်သတင်းစာဆောင်းပါးကိုမှ ကျွန်မ မဖတ်ဘူး။ နောက်ပြီးတော့လည်း နီလီကလွဲလို့ ကျွန်မမှာ မိန်းကလေးသူငယ်ချင်း မရှိဘူး။ နီလီကလည်း သတင်းကျာနယ်တစ်ခုကိုပဲ ဖတ်တယ်။ နောက်ပြီးတော့ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ ပတ်သက်လို့လည်း မစ္စတာ ဘယ်လာမီနဲ့ ဘယ်တုံးကမှ မဆွေးနွေးဖူးဘူး။ သူတစ်ယောက်တည်းတင် မဟုတ်ဘူး၊ ကျွန်မ တို့ရုံးမှာ ရှိနေတဲ့ ဘယ်သူနဲ့မှ ကျွန်မ တိုင်ပင်တာ မဟုတ်ဘူး"

"ထားပါတော့လေ၊ ဒီလိုဆိုရင် ဇရာမ သတင်းကြီးတစ်ပုဒ်အကြောင်း သူတို့ကို ပြောပြလိုက်ပါ။ ကိုယ်တို့နှစ်ယောက်ရဲ့ အကြောင်းကို ပြောပြလိုက်ပါ"

အေလင်က အယ်နီကို ရင်ခွင်တွင်းသို့ ဆွဲယူ ပွေ့ဖက်ထားလိုက်သည်။ ပြီးတော့ နမ်းသည်။

အယ်နီ၏ တစ်ကိုယ်လုံး အားအင်ကုန်ခန်းသွားသည်။ လဲပြိုကျသွားတော့မည်ကဲ့သို့ ဖြစ်သွားသည်။ တစ်ဆက်တည်းမှာပင် သူ့ရင်ခွင်ထဲမှ ဖြုန်းဖြုန်းဒိုင်းဒိုင်း ရုန်းထွက်လိုက်သည်။ ဘုရား. . . ဘုရား သည်အဖြစ်မျိုးကြီးနှင့် ထပ်မံ ကြုံတွေ့ရပြန်ပြီ။

သူ နမ်းလိုက်သည့်အတွက် တုန်လှုပ်ချောက်ချားမှုသည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားပြန်ပြီ။

အေလင်က သူ့ကို တမြတ်တနိုး ကြည့်နေပြန်သည်။

"အယ်နီ အချစ်ကလေးရယ်၊ မင်းစိတ်ထဲမှာ ဘာကို နားလည်ရမှန်း မသိအောင် ရှုပ်ထွေးကုန်ပြီဆိုတာ ကိုယ်သိပါတယ်ကွယ်"

မှန်ရှိရာသို့ အယ်နီ လျှောက်ခဲ့သည်။ အေလင် နမ်းသဖြင့် ပျက်သွားသည့် နှုတ်ခမ်းနီများကို ပြန်လည် ပြုပြင်ပြီး အသစ်ဆိုးနေသည်။ သူ့လက်များ တဆတ်ဆတ် တုန်နေသည်။ သူ့မှာ တစ်ခုခုတော့ မှားနေပါလိမ့်မည်။ ယောကျ်ားတစ်ယောက်၏ အနမ်းကို ဘာကြောင့် သူ ရွံမုန်းနေမိသနည်း။ ကိုယ်မချစ်သော်လည်း ယောကျ်ားတစ်ယောက်၏ အနမ်းကိုသဘောကျသည့် မိန်းကလေးပေါင်း မြောက်မြားစွာ ရှိပါသည်။

ထိုကဲ့သို့သော မိန်းကလေးများသည် တစ်စုံတစ်ရာ မချွတ်ယွင်းသော ပုံမှန်အမျိုးသမီးများ ဖြစ်နိုင်သည်။

ပြီးတော့ အေလင်ကို သူ ခင်ပါသည်။ သူနှင့် သူစိမ်းတစ်ရံဆံတစ်ယောက် မဟုတ်ပါ။ ရင်းနှီးပြီး ဖြစ်ကြသည်။ လောရင့်စ်ဗီးလ်မြို့တုန်းက ဗီလီဟင်ဒါဆင်နှင့် ဘာမှ မခြားပါ။

သို့သော်လည်း သူတို့၏ အနမ်းများကို သူ မုန်းပါသည်။ သူ့ခန္ဓာကိုယ်ထဲမှာ၊ သူ့စိတ်ထဲမှာ တစ်စုံတစ်ရာတော့ မှားယွင်းနေပြီ။ တစ်စုံတစ်ရာတော့ ချွတ်ယွင်းနေပြီ။

အယ်နီ၏နောက်မှာ အေလင် လာရပ်သည်။

"မင်းကို ကိုယ်ချစ်တယ် အယ်နီ၊ ဒီကိစ္စဟာ ဒီလိုပဲ ဖြုန်းဖြုန်းဒိုင်းဒိုင်း ဖြစ်လာလိမ့်မယ်ဆိုတာ ကိုယ် သဘောပေါက်ထားပြီးသားပါ။ ဒီလိုအဖြစ်မျိုးနဲ့ ကြုံရမယ်ဆိုရင် ဘယ်လိုလူမျိုးမဆို စိတ်ရှုပ်သွားမှာ အမှန်ပါပဲ။ ဘာကို နားလည်ရမှန်း မသိတော့အောင် ဖြစ်သွားမှာ အမှန်ပါပဲ။ ဒါပေမယ့် မင်းကို ကိုယ်လက်ထပ်ယူချင်ပါတယ်။ နောက်ပြီးတော့ ကိုယ့်အဖေကိုနဲ့လည်း တွေ့ပေးချင်ပါတယ်"

အေလင်က အယ်နီကို သော့တံချောင်း လှမ်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"မနက်ဖြန်ကျရင် လိုင်ယွန်ဘတ်ကို ဒီသော့ ပေးလိုက်ပါ။ ကိုယ်ရုံးမှာ ကိုယ်ရှိနေမယ်။ ကိုယ်နဲ့ အဆက်အသွယ်လုပ်ဖို့ သူ့ကို ပြောလိုက်ပါ။ အငှားစာချုပ် ချက်ချင်း လုပ်ပေးပါ့မယ်။ နောက်ပြီးတော့ အယ်နီ၊ ဒီအိမ်ကြီးဟာ မင်းအတွက် သိပ်ကြီးနေမယ်ဆိုရင် မင်းကြိုက်ရာလုပ်ပါ။ အကုန်လုံး လွှင့်ပစ်လိုက်နိုင်ပါတယ်။ ဒီအိမ်မှာ ဖေဖေလည်း နေခဲ့ဖူးပါတယ်။ ဒါပေမယ့် ဒီအိမ်ဟာ မင်းနဲ့ တော်မယ်လို့ ကိုယ်မထင်ဘူး။ မင်း သဘောကျမယ်ဆိုရင် မြို့ပြင်ဘက်မှာ အိမ်တစ်လုံး ကိုယ်တို့ ဝယ်ကြမယ်။ မင်း သဘောကျတာ ဘာမဆို ဖြစ်ရပါစေမယ်ကွယ်"

"အေလင် ကျွန်မ . . ."

"ဒီတစ်ညတည်းမှာ ကိုယ်တို့ စကားပြောလိုက်ကြတာ သိပ်များသွားပြီ။ မင်းကို ကိုယ် သိပ်ချစ်တယ် အယ်နီ။ နောက်ပြီးတော့ ကိုယ့်ကို မင်း လက်ထပ်ရမယ်။ ဒီအချိန်မှာတော့ ဒါလေးတစ်ခုတည်းကိုပဲ မင်းစိတ်ထဲမှာ သိမ်းထားစမ်းပါ အချစ်ရယ်"

အယ်နီ၏အိမ်သို့ ပြန်လာခဲ့ကြသည်။ တစ်လမ်းလုံး အတွေးပေါင်းစုံထဲမှာ နစ်မြုပ်ပြီး ပါလာသည်။ ယခုတော့ အမှန်တရားကို သူ သိပါပြီ။ အမှန်တော့ စိတ်အာရုံတက်ကြွမှု မရှိသော မိန်းကလေးတစ်ဦးမျှသာ ဖြစ်သည်။

သည်လို အကြောင်းများနှင့် ပတ်သက်ပြီး ကျောင်းနေတုန်းက အခြား မိန်းကလေးများ ပြောလေ့ပြောထ ရှိကြသည်။ အချို့ မိန်းကလေးများသည် မွေးကတည်းက ထိုသို့ ဖြစ်လာတတ်ကြသည်။

ယောက်ျားတစ်ယောက်နှင့် တွေ့ကြုံဆုံစည်းရသော်လည်း စိတ်ခံစား ကြိုးကြိုးကြွကြွ မရှိလှ။ ပုထုဇဉ်လူသားတို့၏ လောကသာယာမှုများကို မခံစားနိုင်ကြ။ ယောက်ျားတစ်ယောက်၏ အထိအတွေ့မှာ တပ်မက်တိမ်းမူးခြင်း မရှိကြ။ သူလည်း ထိုအစားထဲက ဖြစ်နေချေပြီ။

ဘုရား. . . ဘုရား၊ ဘယ်လိုအဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့နေရပါလိမ့်။

ယောက်ျားတစ်ယောက်၏ ပွေ့ဖက်နမ်းရှုပ်ခြင်းကိုမျှပင် သာယာရကောင်းမှန်း မသိတော့။

အေလင်လို လူစားမျိုးနှင့် ကြုံတွေ့နေရသည့်အတွက် တော်ပါသေးရဲ့။

အေလင်သည် ကြင်နာယုယတတ်သူ ဖြစ်သည်။ သူ့ကိုလည်း ဖေဖေမမနှင့် နားလည် စောင့်ရှောက်နိုင်ကောင်းပါသည်။ သူနှင့် လက်ထပ်ကောင်း လက်ထပ်ရပါလိမ့်မည်။

မေမေ ပြောသည်မှာ မှန်နေပါပြီ။ မိန်းမကောင်း မိန်းမမြတ်အဖို့ နမ်းရုံလေးနှင့် ကြီးမားသည့် စိတ်ခံစားမှုမျိုးကို မရနိုင်ပါဟု မေမေ ပြောခဲ့ဖူးသည်။

မည်သို့ဆိုစေ လောရင့်စ်ဗီးလ်မြို့မှာ ရှိနေသည့် ဝီလီအင်ဒါဆင်နှင့် လက်ထပ်ရမည့် ဘေးအန္တရာယ်မှတော့ လွတ်မြောက်လာနိုင်ခဲ့ပါပြီ။

လူပေါင်းမြောက်မြားစွာတို့သည် ကိုယ်ဖြစ်ချင်သည့်အတိုင်း ၊ တစ်ဝက်လောက်ပင် ဖြစ်နိုင်ခွင့် မကြုံကြရရှာပါတကား။

အယ်နီ၏ ဘရောင်းစတုန်း အိမ်ရှေ့သို့ ရောက်သောအခါ အေလင်က တက္ကစီကားကို ခဏစောင့်ခိုင်းထားသည်။ ပြီးတော့ အယ်နီ၏ ပါးကို ခပ်သာသာကလေး နမ်းပြန်သည်။

"ဒီနေ့ညတော့ ကိုယ့်အကြောင်းကလေးကို အိပ်မက်နိုင်ဖို့ ကြိုးစားပါ အချစ်ရယ်၊ ဂွဒ်နိုက်နော်"

မောင်းထွက်သွားသောတက္ကစီ ပျောက်ကွယ်သွားသည်အထိ အယ်နီ ငေးကြည့်နေမိသည်။ ပြီးတော့မှ အဆောက်အအုံထဲသို့ ပြေးဝင်လာပြီး နီလီ၏ အခန်းတံခါးကို သွားထုသည်။ တံခါးပွင့်သွားပြီး နီလီ ပေါ်လာသည်။

သို့သော်လည်း မော့မကြည့်။ လေရှူသုန်သုန် ဝတ္ထုစာအုပ်ကိုသာ သဲသဲမဲမဲ ဖတ်နေသည်။ စာအုပ်ကို လက်မှမချဘဲ အခန်းထဲသို့ဝင်ရန် အယ်နီကို ခေါင်းဆတ်ပြသည်။

ပြီးတော့ ဖတ်လက်စဝတ္ထုကိုပင် ဖတ်မြဲဖတ်နေသည်။

"နီလီ၊ အဲဒီစာအုပ်ကြီး ခဏလောက် ချထားလိုက်စမ်းပါကွယ်။ အရေးကြီးတဲ့ကိစ္စ ရှိလို့ပါ"

"ဒီဝတ္ထုထဲက ရက်ဘတ်တလာကို သိပ်စွဲနေပြီ။ ဒီအချိန်မျိုးမှာ စကြဝဠာမင်းမိဖုရားကြီး ဖြစ်မယ်ဆိုရင်တောင်မှ ရက်ဘတ်တလာကို ခွဲမထားနိုင်တော့ဘူး"

"နီလီ၊ အေလင်ကူးပါး အကြောင်းကိုများ မင်း ကြားဖူးသလား"

"ဟေး- ဘာတွေ လာပြောနေတာလဲ၊

 www.burmeseclassic.com 

ကျွန်မကို အကြောင်း လာရိုက်နေတာလား အစ်မရယ်"

"တကယ့်ကို ကိုယ် အတည်မေးတာပါ။ အေလင်ကူးပါးဆိုတာ ဘယ်သူလဲ ဟင်၊ ဒီနာမည်ကို ကြားလိုက်ရတော့ မင်းအဖို့ ဘာများ ထူးခြားသွားသလဲ"

နီလီက တစ်ချက်သမ်းပြီး စာအုပ်ပိတ်လိုက်သည်။ သို့သော်လည်း သူဖတ်နေသည့် နေရာ ပျောက်မသွားအောင် စာရွက်ထောင့် တစ်နေရာကို ခေါက်ပြီး ပိတ်သည်။

"ကောင်းပါပြီလေ၊ ဒါလောက်တောင် မဟုတ်တာ ပြောချင်နေမှတော့ ပြောရတော့မှာပေါ့။ အေလင်ကူးပါးဆိုတာ သိပ်ကို အနိုပ်စားကလေး တစ်ယောက်ပါ။ တစ်ပတ်ကို သုံးလေးကြိမ်လောက် အစ်မနဲ့ ချိန်းပြီး တွေ့နေတဲ့လူလေ။ ကျွန်မရဲ့ ပြတင်းပေါက်ကနေပြီး သူ့ကို လှမ်းလှမ်း မြင်နေရတာတော့ သူဟာ ကယ်ရီဂရန့်နဲ့တော့ မတူပါဘူး။

ဒါပေမယ့် သူ့ရုပ်ရည်လည်း မဆိုးလှပါဘူး။ ကဲ- ရက်ဘတ်တလာနဲ့ ကျွန်မ ပြန်တွေ့လို့ရပြီလား။ သူဟာ သိပ်ကို စိတ်ဝင်စားစရာကောင်းတဲ့လူ။ စကားလက်အိုဟာရာက သူ ကောင်းတာတွေ ဘာတစ်ခုမှ မသိဘူး၊ မခံစားတတ်ဘူး"

"ဒီလိုဆိုရင် အေလင်ကူးပါးအကြောင်းကို မင်း ဘာမှ မကြားဖူးဘူးပေါ့ နီလီ"

"မကြားဖူးပါဘူး၊ ကျွန်မက ဘာဖြစ်လို့ ကြားဖူးရမှာလဲ အစ်မရယ်။ သူက ရုပ်ရှင်မင်းသားမို့လို့လား။ ဒါမှမဟုတ် တခြားနာမည်ကြီးစရာ ဘယ်လိုထဲမှာ ပါလို့လဲ၊ ဂယ်ရီကူးပါးနဲ့ ဂျက်ကီကူးပါး အကြောင်းကို ကျွန်မ သိပါတယ်။ ဒါပေမယ့် အေလင်ကူးပါး ဆိုတာကို တော့. . ."

နီလီက ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်သည်။

"ကဲကဲ မယ်မင်းကြီးမ၊ မင်းရဲ့ ရက်ဘတ်တလာဆီကိုပဲ ပြန်ကြွပေတော့"

အယ်နီက ပြောရင်းပင် တံခါးဆီသို့ ပြန်လျှောက်သွားသည်။

"တို့အစ်မတစ်ယောက် ဒီနေ့ညဘာတွေများ ဖောက်ပြန်လာတယ် မသိဘူး။ ဩော်. . . ဒါထက် သောက်စရာ တစ်ခုခုများ ရှိသလား ဟင်"

နီလီက ပါးစပ်မှ ဗျစ်တောက်ဗျစ်တောက် လုပ်နေပြီး တစ်ဆက်တည်း လှမ်းမေးလိုက်သည်။

"ဘာမှ မကျန်တော့ဘူး၊ မနက်ဖြန်မှ တွေ့တော့မယ်"

နီလီက ခေါင်းညိတ်ပြသည်။ ထို့နောက် လေရှူသုန်သုန် ဝတ္ထုထဲမှ ရက်ဘတ်တလာနှင့် စကားလက်အိုဟာရာတို့ထံ ပြန်ရောက်သွားတော့သည်။

အိပ်ခန်းထဲမှာ မှောင်နေသည်။ အယ်နီက သူ ကြုံခဲ့ရသည်များကို တစ်ခုချင်း ပြန်စဉ်းစားရင်း ဆက်စပ်ကြည့်နေမိသည်။

အေလင်ကူးပါးသည် အာမခံ ကုမ္ပဏီ တစ်ခုမှ ဆင်းတောင့်ဆင်းရဲနိုင်လှသော ကိုယ်စားလှယ်ကလေးတစ်ယောက် မဟုတ်။ ချမ်းသာကြွယ်ဝသူ ဖြစ်သည်။

သို့သော်လည်း မည်သည့် အကြောင်းကြောင့် သူ့အကြောင်းကို ကြားဖူးထားရမည်နည်း။ သူ သိထားစရာအကြောင်း ဘာများရှိသေးသနည်း။ သူ့အကြောင်းများကို ပိုပြီး သိရအောင် မည်သို့လုပ်ရပါ့။

ဂျော့ဘယ်လိုစ် တစ်ယောက်တော့ ရှိပါသည်။ ဟုတ်ပါပြီ။ အေလင်အကြောင်းကိုပဲ ဖြစ်ဖြစ်၊ တခြား တစ်ယောက်အကြောင်းကိုပဲ ဖြစ်ဖြစ် သိဖို့ လိုလာပြီဆိုလျှင် ထိုသူများအကြောင်းကို ဂျော့ဘယ်လိုစ် သိနိုင်ပါသည်။

*

သူ့ရုံးခန်းတဲသို့ အယ်နီ ဝင်သွားသော အခါ ဂျော့ဘယ်လိုစ်က အံ့ဩတကြီးဖြင့် မော့ကြည့်သည်။

"ဟေး- မင်း အိမ်ခန်းရှာ ထွက်နေတာ မဟုတ်ဘူးလား"ဟုလည်း ဆီးကြိုမေးသည်။

"ဂျော့၊ ကျွန်မ ရှင်နဲ့ စကားတစ်ခွန်း နှစ်ခွန်းလောက် ပြောပါရစေလား။ ကိုယ်ရေးကိုယ်တာကိစ္စပါ"

ဂျော့က ထိုင်ရာမှထပြီး အခန်းတံခါးကို သွားပိတ်သည်။

"အချိန်မရွေး ပြောနိုင်ပါတယ်ကွယ်။ ကဲ- ထိုင်ထိုင်၊ ဘယ်လို ကိုယ်ရေးကိုယ်တာ အကြောင်းမျိုးကိုမဆို မင်းကြိုက်ရာ ပြောနိုင်ပါတယ်။ ကော်ဖီတစ်ခွက်လောက် သောက်လိုက်ဦးမယ် မဟုတ်လား"

ဂျော့က ကော်ဖီပန်းကန်တစ်လုံးထဲသို့ ဓာတ်ဘူးထဲမှ ကော်ဖီကို ငှဲ့ထည့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com


"ရပြီ၊ ပြောစရာရှိတာ ပြောပေတော့။ မင်းမှာ အခက်အခဲ တစ်ခုခု တွေ့နေပြီလား"

အယ်နီက ကော်ဖီပန်းကန်ကို ငေး ကြည့်နေသည်။

"ဂျော့၊ အေလင်ကူးပါးအကြောင်းကို ရှင် သိသလား"

ဂျော့က အယ်နီကို စိုက်ကြည့်ရင်း အကဲခတ်နေသည်။

"ဘယ်သူမှမသိဘဲ နေပါ့မလဲကွယ်။ အင်း သူနဲ့ ပတ်သက်နေပြီဆိုတဲ့အကြောင်း ကိုယ့်ကိုယ် မပြောပါနဲ့တော့လေ"

"သူ့ကို ကျွန်မ သိရုံပဲ သိတာပါ။ သူဟာ သိပ်ချမ်းသာတယ်လို့ ကျွန်မ နားလည်ထားတယ်"

ဂျော့က စိတ်မပါဘဲ တစ်ချက်ရယ်လိုက်သည်။

"ချမ်းသာတယ်၊ အင်း သူတို့အတွက်တော့ ချမ်းသာတယ်ဆိုတဲ့ စကားထက် ပိုပြီး တိကျတဲ့ စကားလုံးကို ရှာပေးရမလို ဖြစ်နေပြီ သူငယ်မရေ။ ဟုတ်တယ်၊ သူ့အဖေ ဂျိုနီဟာ အင်ပါယာကြီးတစ်ခုကို စပြီး ထူထောင်နေပြီလေ။ ဒီမြို့မှာရှိတဲ့ မြေတွေ၊ အိမ်တွေ တစ်ဝက်လောက်ကို သူတို့ ပိုင်ကြတယ်။ ဂရိလူမျိုး သင်္ဘောသူဌေးကြီးနဲ့ သူတို့ အစုစပ်လုပ်နေကြတယ်ဆိုတဲ့ ကောလာဟလသတင်းတွေလည်း ထွက်နေတယ်။ အရင် သုံးလေးနှစ်က ဂျိုနီအကြောင်းကို တိုင်းမ်မဂ္ဂဇင်းက ရေးဖူးသေးတယ်။

အဲဒီ မဂ္ဂဇင်းကို စာကြည့်တိုက်ထဲမှာ မင်းအတွက် ကိုယ် ရှာပေးနိုင်ပါတယ်။ သူတို့ အပြောကတော့ ဂျိုနီ ဘယ်လောက် ချမ်းသာတယ် ဆိုတာကို ဘယ်သူမှ "မပြောနိုင်ဘူး၊ မခန့်မှန်းနိုင်ဘူးလို့' ဆိုတာပဲ။ အေလင်ရဲ့ ဓာတ်ပုံကိုလည်း သူတို့ ထည့်ခဲ့ကြသေးတယ်။

သူဟာ ဒီအမွေတွေကို ဆက်ဆံမယ့် တစ်ဦးတည်းသော အမွေစားအမွေခံပဲတဲ့။ သူတို့နှစ်ယောက် အကြောင်းကို ဒီလိုရေးပြီဆိုရင် ဘာတွေ ဖြစ်လာနိုင်တယ်ဆိုတာ မင်း စဉ်းစားသာ ကြည့်ပေတော့။ ဒီလို ရေးလိုက်တာနဲ့ တစ်ပြိုင်တည်း သူတို့ ပတ်လည်မှာ မိန်းကလေးတွေ ဝိုင်းလာတာပဲ။ ဒီမိန်းကလေးတွေကို မောင်းထုတ်ပစ်ဖို့ ဆင်ပစ်သေနတ်တောင် ရှာပေးရဦးမလို ဖြစ်နေပြီ။

ဒါကြောင့် အေလင်နဲ့များ မင်း တွေ့နေပြီဆိုရင် မင်းကို အကြံတစ်ခုတော့ ပေးပါရစေ။ သူ့ကိုသွားပြီး အတည် မကြံလိုက်ပါနဲ့။ အလေးအနက် မထားနဲ့၊ အပျော်သဘောပဲ ထားလိုက်ပါ။ ဒီသူငယ်လေးက သိပ်ကို ပျက်စီးနေပြီ"

"သူ့ကိုကြည့်ရတာတော့ လူလိမ္မာလေး တစ်ယောက်လိုပါပဲ"

အယ်နီက ဂျော့၏အပြောကို လက်မခံနိုင်အောင် ဖြစ်နေမိပြန်သည်။

ထို့ကြောင့်လည်း ဂျော့က ရယ်သည်။

"အပေါ်ယံကြောကတော့ မှန်သားထက်တောင် ချောမွေ့နူးညံ့ပါသေးတယ်ဗျာ။ ဒါပေမယ့် အတွင်းစိတ်ဓာတ်ကတော့ သူ့အဖေနဲ့ ဘာမှ မထူးဘူး။ အင်မတန် ကြောက်စရာကောင်းတယ်။ သူတို့ လုပ်ချင်လာပြီ ဆိုရင် ဘာမဆို ဖြစ်အောင် ဇွတ်လုပ်တယ်။ စစ်မှုထမ်းဥပဒေအရ စစ်ထဲကို အေလင် ဝင်ရတော့မယ့် အခါမျိုးမှာ မဝင်ရအောင်လည်း သူတို့လုပ်နိုင်ခဲ့ကြတယ်။ လေထီးချုပ်တဲ့ စက်ရုံတစ်ခုကို သူတို့ ဝယ်လိုက်ကြတယ်။ စစ်ရေးတာဝန်တွေကို တစ်ဖက်က ဒီလို ထမ်းဆောင်နေတော့ စစ်ထဲကို သူဝင်ဖို့ မလိုတော့ဘူးပေါ့။ ကိုယ်တော့ ဒီအတိုင်းပဲ ယုံကြည်တယ်လေ"

"ကျေးဇူးတင်ပါတယ် ဂျော့"

အယ်နီက ထိုင်ရာမှ ထသည်။

"အကူအညီလိုရင် အချိန်မရွေးလာပါကလေးရယ်။ ဒီမြို့မှာရှိနေတဲ့ ဝံပုလွေတွေ အားလုံးရဲ့ အကြောင်းကိုတော့ တစ်ထိုင်တည်း ကိုယ် ပြောပြနိုင်ပါတယ်။ လူတကာ ငေးလောက်တဲ့ မင်းရုပ်ရည်မျိုးနဲ့ဆိုတော့ အဲဒီ ဝံပုလွေတွေ အားလုံးနဲ့ မင်း တွေ့ရမှာပါပဲ"

*

အယ်နီကို မြင်လိုက်ရသောအခါ ဟင်နရီဘယ်လာမီ၏ မျက်နှာကြီးသည် စိတ်အလိုမကျသည့် အမူအရာမျိုးနှင့် ရှုံ့မဲ့သွားသည်။

"မချော၊ အိမ်ခန်းရှာရတဲ့ အလုပ်ကို လက်မြှောက်ပါပြီလို့တော့ ကျုပ်ကို လာမပြောပါနဲ့တော့နော်။ ဒီအလုပ်ဟာ အင်မတန် ခက်ပါတယ်ဆိုတာ ကျုပ် သိပါတယ် အယ်နီ။ ဒါကြောင့် အိမ်ခန်းပွဲစားတွေကို ဒီကနေ့ပဲ ကျုပ် အဆက်အသွယ် လုပ်ထားပြီးပါပြီ။ ဒါပေမယ့် မင်းအနေနဲ့လည်း ဆက်ပြီးတော့ ကြိုးစားပေးပါဦး"

www.burmeseclassic.com

www.burmeseclassic.com

"မစ္စတာဘာတ်အတွက် ကျွန်မ အိမ်ခန်း ရခဲ့ပါပြီ"

"မဖြစ်နိုင်ပါဘူး သမီးရယ်၊ မင်းဟာ သိပ်ကို စိတ်ကူးယဉ်တတ်သေးတာပဲ"

ဟင်နရီက ရုံးတွင်း စကားပြောခွက်ကို ကောက်ကိုင်ပြီး လိုင်ယွန်ဘတ်ကို လှမ်းခေါ်သည်။

"သော့တောင် ကျွန်မ ယူလာခဲ့ပါပြီ။ အိမ်ခန်းကို ဒီနေ့ခင်းမှာ မစ္စတာဘတ် သွားကြည့်ချင်တယ်ဆိုရင် ကြည့်နိုင်ပါတယ်"

"ဒီနေ့မနက် ဘာတွေများ ဖြစ်နေကြတယ် မသိပါဘူး။ သူတို့ စိတ်ပြောင်းလာအောင် ဘယ်လိုမှ မတတ်နိုင်အောင် ဖြစ်နေတော့တာပဲ။ အယ်နီ၊ မင်းဟာ သိပ်ကို အံ့ဩစရာကောင်းတဲ့ မိန်းကလေးပဲ၊ လိပ်စာပြောပါဦး"

လိုင်ယွန်ဘတ်က ဟင်နရီ၏ရုံးခန်းတွင်းသို့ ဝင်လာရင်း ပြောသည်။ အယ်နီက လိပ်စာကို ပြောပြသောအခါ စာရွက်တစ်ရွက်ပေါ်မှာ သူက လိုက်ရေးနေသည်။

"နေရာ အကွက်အကွင်းကတော့ သိပ်ကို ကောင်းနေပြီ၊ အိမ်လခကရော ကိုယ် ပေးနိုင်တဲ့လခမျိုး ဟုတ်ရဲ့လား"

"တစ်လကို ဒေါ်လာ တစ်ရာ့ငါးဆယ်"

"မင်းကတော့ ကဝေမလေးလောက်ကို အစွမ်းထက်ပါပေတယ်ကွယ်။ ဒါပေမယ့် သော့ကြီးက ဘာဖြစ်လို့ တစ်ခါတည်း ပါလာရတာလဲ၊ ပိုင်ရှင်က တခြားကို သွားနေလို့လား"

လိုင်ယွန်ဘတ်က ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းခါနေရင်းမှ ပြောသည်။

"မဟုတ်ပါဘူးရှင်၊ သူ့ရုံးမှာ ရှိနေပါတယ်"

"နာမည်က ဘယ်သူလဲ"

"အေလင်ကူးပါး"

အယ်နီက ခပ်တိုးတိုး ပြန်ပြောသည်။

လိုင်ယွန်ဘတ်က မည်သို့မျှ မဖြစ်သလို နာမည်ကို လိုက်ရေးနေသည်။ သို့သော်လည်း ဟင်နရီက အယ်နီကို စိတ်ဝင်တစားဖြင့် လှမ်းကြည့်ပြီး ဝင်မေးသည်။

"ဒီအိမ်ခန်းကို မင်း ဘယ်လိုလုပ်ပြီး ရှာတွေ့လာတာလဲ အယ်နီ၊ သတင်းစာကြော်ငြာထဲမှာ တွေ့တာလား"

"မဟုတ်ပါဘူး၊ အေလင်ကူးပါးက ကျွန်မမိတ်ဆွေပါ"

ဟင်နရီ၏ မျက်နှာအမူအရာမှာ စိတ်သက်သာရာ ရသွားသလို ရှိသည်။

"မင်းမိတ်ဆွေ ဆိုရင်တော့ ကျုပ် သိထားတဲ့ အေလင်ကူးပါး မဖြစ်နိုင်ပါဘူး"

"သူနဲ့ကျွန်မ ဒီရုံးထဲမှာပဲ တွေ့ခဲ့ကြတာပါ မစ္စတာဘယ်လာမီ"

"ဒီရုံးထဲမှာတွေ့တာ. . ."

ဟင်နရီမှာ နားမလည်သလို ဖြစ်သွားပြန်သည်။

"ဘုရားသခင်ရဲ့ အလိုတော်အတိုင်း မင်းတို့ တွေ့ကြတာပေါ့လေ"

ဟင်နရီက ထိုင်ရာမှ ရုတ်တရက် ထလိုက်သည်။ သူ့ကုလားထိုင်က နံရံဘက်သို့ ရွေ့သွားသည်။

"အယ်နီ၊ အင်း . . . မင်းရယ်၊ အေလင်ကူးပါးရယ် မဖြစ်နိုင်ပါဘူး မဖြစ်နိုင်ပါဘူး"

သူက မယုံကြည်နိုင်သလို ခေါင်းကို တွင်တွင် ယမ်းခါနေသည်။

"သူ့ကို ကျွန်မ စတွေ့တုန်းက အာမခံကုမ္ပဏီက သာမန် ကိုယ်စားလှယ်လေး တစ်ယောက်လို့ ထင်ခဲ့တာ"

"ယိမ်းသမကလေးတစ်ယောက်က သူ့ကို အတင်းလိုက်ကပ်နေလို့ သူ့ကို မကပ်ဖို့ ပြောပေးဖို့ ဒီခွေးမသား ဒီကို ရောက်လာတာ။ ယိမ်းသမလေးက ကျုပ်တို့ အမှုသည်တွေထဲက တစ်ယောက်ပဲ။ ထင်ထင်ပေါ်ပေါ်ထဲက မဟုတ်သေးပါဘူး။ ဒါကြောင့် ဒီကလေးမရဲ့ အမှုကို ကျုပ်က ဆက်ပြီး ကိုင်တွယ်ပေးမနေတော့ဖို့ လာပြောတာ။ ကလေးမကလေးကို ကျုပ်က ခြိမ်းခြောက်ပေးရမယ်ပေါ့လေ။ သူ့ကို ကျားပိန်တွယ် တွယ်မနေနဲ့တော့။ ထွယ်နေရင် ကျုပ်ကဆက်ပြီး တာဝန်မခံတော့ဘူး ဆိုတာမျိုး ပြောပေးဖို့ပေါ့။ ဒါကြောင့် ဒီကောင်ကို ရုံးခန်းထဲက ချက်ချင်း ကန်ထုတ်ပစ်လိုက်တယ်။ ဒါပေမယ့် ဒီခွေးမသားဟာ ကျုပ်ထင်သလောက် မြန်မြန် ထွက်မသွားဘဲကိုး"

ဟင်နရီက အယ်နီကို ဒေါသဖြင့် ကြည့်နေသည်။

"ဟင်နရီ"

လိုင်ယွန်၏ အသံက ခပ်ဆတ်ဆတ်ဖြစ်သည်။

"အယ်နီမှာ သူ ပေါင်းချင်တဲ့ သူငယ်ချင်းနဲ့ ပေါင်းသင်းပိုင်ခွင့်ရှိတယ်"

ထို့နောက် အဘိုးကြီးကို ချက်ချင်း ပြုံးပြလိုက်ပြီး ဆက်ပြောပြန်သည်။

www.burmeseclassic.com

"ခင်ဗျားလုပ်ပုံကလည်း တရားမျှတမှု မရှိပါဘူးဗျာ။ အယ်နီကို မဖြစ်နိုင်တဲ့တာဝန်ကြီး ခင်ဗျား ပေးလိုက်တယ်။ မဖြစ်နိုင်တဲ့ တာဝန်ကြီးကို အောင်မြင်အောင် ထမ်းဆောင်ပြီး ပြန်ရောက်လာတဲ့အခါမှာ သူ့စွမ်းဆောင်ချက်ကို ချီးကျူးစကားပြောရမယ့်အစား သူကိုယ်ရေးကိုယ်တာ ကိစ္စတွေနဲ့ ပတ်သက်ပြီး ခင်ဗျားက အော်ငေါက် ကြိမ်းမောင်းနေတယ်။ ဒီလိုတော့လည်း ဘယ်တရားပါ့မလဲဗျာ"

"အေလင်ကူးပါး. . ."

ဟင်နရီက မယုံကြည်နိုင်သည့် လေသံမျိုးနှင့် ထိုနာမည်ကို ပြန်လည် ရေရွတ်နေပြန်သည်။

"လိုင်ယွန်းအဲဒီ အေလင်ကူးပါးအကြောင်းကိုသာ မောင် သိမယ်ဆိုရင်. . ."

လိုင်ယွန်က ပြုံးသည်။

"သူ့ကို ကျွန်တော် မသိချင်ပါဘူးဗျာ။ သူ့အခန်းကိုပဲ ကျွန်တော်က လိုချင်တာပါ"

"သူ့အကြောင်းကို အရင်တုန်းက မောင်ကြားခဲ့ဖူးသလား"

ဟင်နရီက ဆက်မေးမြန်းသည်။

လိုင်ယွန်က စဉ်းစားနေသည်။

"ကြားခဲ့ဖူးတယ်ထင်တယ်၊ သူဟာ သိပ်ကို ချမ်းသာတယ်လို့ ကျွန်တော်ထင်တယ်။ ဒါပေမယ့် ချမ်းသာရုံကလေးနဲ့တော့ သူ့အကြောင်း မကောင်း မပြောသင့်ပါဘူး။ သူနဲ့ မပေါင်းရဘူး ဆိုတာတော့ မဖြစ်နိုင်ပါဘူး"

"ဒါပေမယ့်၊ ဒီလို ကောင်မျိုးနဲ့တော့ အယ်နီ အပေါင်းအသင်း မလုပ်သင့်ဘူး။ အယ်နီက ရိုးရိုးအအရယ်၊ ဒီခွေးသားတွေလို လူလည်တွေကြားထဲမှာ အယ်နီ ဒုက္ခ ဖြစ်သွားနိုင်တယ်"

ဟင်နရီကလည်း အကျောက်အကန် ပြောသည်။

အယ်နီက သူတို့နှစ်ယောက်ရှေ့မှာ တိတ်ဆိတ်စွာ ရပ်နေသည်။ ထိုနေရာတွင် သူရှိမနေသကဲ့သို့ သူ့အကြောင်းကို သူတို့နှစ်ယောက် ပြောဆိုနေကြသည်။

ဟင်နရီက သူ့ကုလားထိုင်မှာ ပြန်ထိုင်သည်။

"ကောင်းပြီလေ ဒီကိစ္စဟာ ကျုပ် အလုပ်တော့ မဟုတ်ပါဘူး။ ကျုပ်စိတ်ထဲမှာ ခံစားလာရတဲ့အတိုင်း ကျုပ်က ဝင်ပြောမိတာပါ။ အခုအချိန်ကစပြီး ကိုယ်ကြိုက်တာ ကိုယ်လုပ်ကြပေါ့"

"လိုက်နာရမယ့် စည်းကမ်းတွေကို အယ်နီ နားလည်ပြီးသား ဖြစ်နေပြီလို့ ကျွန်တော် ယုံပါတယ်ဗျာ"

လိုင်ယွန်က ပြန်ပြောသည်။ ထို့နောက် အယ်နီဘက်သို့ လှည့်လာပြီး ပြုံးပြသည်။

"အဲဒီ အခန်းကို ကိုယ် သိပ်ကြည့်ချင်နေပြီ။ အယ်နီကို ကျွန်တော် လိုက်ပို့ခိုင်းရင် အနှောင့်အယှက်များ ဖြစ်နေမလား ဟင်နရီ"

ဟင်နရီက ကြိုက်ရာသာ လုပ်ကြတော့ဟူသော သဘောမျိုးဖြင့် လက်ကို ဝှေ့ယမ်းပြလိုက်သည်။ ပြီးတော့ ဘယ်သူ့ကိုမှ အရေးမစိုက်တော့ဘဲ သူ့အလုပ် သူ ဆက်လုပ်နေတော့သည်။ အခန်းထဲမှ ထွက်လာကြသောအခါ ဟင်နရီ၏ သက်ပြင်းချလိုက်သံကို အယ်နီ ကြားခဲ့ရသည်။

*

တက္ကစီကားနှင့် မြို့ထဲသို့ သူတို့နှစ်ယောက် ထွက်လာကြသောအခါ အယ်နီသည် ကားပြတင်းပေါက်မှနေ၍ အပြင်သို့သာ ငေးကြည့်နေခဲ့သည်။

အောက်တိုဘာလ၏ သာယာလှပသော နေ့များအနက် နောက်ဆုံးနေ့ တစ်နေ့လည်း ဖြစ်လေသည်။

တိုက်နေသည့်လေက မွှေးထုံသင်းပျံ့နေသည်။ နေရောင်အားက နည်းလွန်းလှသည်။ နွေဦးပေါက် ယောင်ယောင်လည်း ထင်မှတ်နေရသည်။

"စိတ်မဆိုးနဲ့နော်၊ ဟင်နရီက မင်းအပေါ်မှာ သိပ်ပြီး သံယောဇဉ်ကြီးတာ။ ဒါကြောင့် သူ့အနေနဲ့ မကောင်းမြစ်တာ ကောင်းရာညွှန်လတ် ဆိုတဲ့ သဘောမျိုးနဲ့ ဆုံးမတာပါ။ မင်းဒုက္ခရောက်တာကို သူ မကြည့်နိုင်ဘူးလေ"

လိုင်ယွန်က လေသံအေးအေးဖြင့် ပြောနေသည်။

"ကျွန်မ စိတ်မဆိုးပါဘူး၊ ဘာကိုမှ နားမလည်နိုင်တော့ဘဲ ကျွန်မ နားထွေးသွားတာတစ်ခုပဲ ရှိပါတယ်"

"ကိုယ်က မတောင်းဆိုဘဲနဲ့ တစ်စုံတစ်ယောက်က အကြံဉာဏ် ဝင်ပေးလာတာမျိုးနဲ့ များ ကြုံရပြီဆိုရင် ကိုယ်ကလည်း အကြံဉာဏ်ကလေးတစ်ခုလောက် ဝင်ပေးပါရစေ။

လူ တစ်ယောက်အပေါ်မှာ တခြားလူရဲ့

www.burmeseclassic.com

www.burmeseclassic.com


ထင်မြင်ချက်ကို အတည်ယူပြီး ဆုံးဖြတ်ချက် မချလိုက်ပါနဲ့၊ ဘာကြောင့်လဲဆိုတော့ ကိုယ်တို့ အားလုံးမှာ အမြင်တစ်မျိုးစီ ရှိကြတယ်။ လူတစ်ယောက်ကို မြင်ရာမှာလည်း ကိုယ့်ဘက်နဲ့ကိုယ် မြင်ကြရတာ မဟုတ်လား။

ဒါကြောင့် လူတစ်ယောက်ကို အကဲဖြတ်ရာမှာ တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်း မတူနိုင်ပါဘူး"

အယ်နီက ပြုံးသည်။

"ဟစ်တလာဟာ စိတ်နှလုံးထား အင်မတန် နူးညံ့ပျော့ပျောင်းတဲ့လူပါလို့ ဆိုလိုချင်တာလား"

"အဲဒီသဘောမျိုးပဲ ဆိုပါတော့၊ ဟင်နရီဘုရင်ကြီးဟာ သူ့မိဖုရားတွေ အကုန်လုံးကို ကွပ်မျက်ပစ်လိုက်တာ မဟုတ်ပါဘူး။ ပိုပြီး တိတိကျကျများ ပြောရမယ်ဆိုရင် နောက်ဆုံးသူ တော်ကောက်လိုက်တဲ့ မိဖုရားကျတော့ သူ့ကတောင် ပြန်ကြောက်နေရပါသေးတယ်။ မိဖုရားက သူ့အပေါ် နိုင်လိုက်တာများ"

"ဒါပေမယ့် အေလင်ကတော့ တကယ့်ကို လူကောင်းတစ်ယောက်ပါ"

အယ်နီက ခေါင်းမာနေဆဲပင် ဖြစ်သည်။

"သူ လူကောင်းတစ်ယောက် ဖြစ်မယ်ဆိုတာ ကိုယ် ယုံပါတယ်။ နောက်ပြီးတော့ အခု အဆောက်အအုံဟာ သူပိုင်တဲ့ အဆောက်အအုံ ဆိုရင်လည်း သိပ်ကို အထင်ကြီးစရာကောင်းတဲ့လူပေါ့"

တက္ကစီကား ရပ်သွားသည်။ တံခါးစောင့်အသစ်တစ်ယောက် စောင့်နေသည်ကို တွေ့ရသည်။

"မစ္စတာကူးပါးရဲ့ အိမ်ခန်းကို ကြည့်ဖို့ လာတာပါ" ဟု အယ်နီက ပြောသည်။

"ကျွန်တော့်ကို မစ္စတာကူးပါးက မှာထားပါတယ်။ သူ့အခန်းက ဆယ်ထပ်မှာပါ"

တံခါးစောင့်က ခေါင်းညိတ်ပြပြီး ဖြေသည်။

"ကျွန်မ ဧည့်ခန်းထဲကပဲ စောင့်နေတော့မယ်"

အယ်နီက လိုင်ယွန်ကို သော့လှမ်းပေးသည်။

"ဘာဖြစ်လို့လဲ၊ လမ်းပြ မရှိဘဲ တစ်ယောက်တည်း လျှောက်လည်ရမှာလား။ လာပါ ညီမရယ်၊ အခန်းရဲ့ ထူးခြားချက်တွေကို မင်းက ပြပေးနိုင်လိမ့်မယ်လို့ ကိုယ်က မျှော်လင့်ထားတာပါ။ ဘာပစ္စည်းတွေ ဘယ်နေရာမှာထားတယ်၊ မီးဖိုကို ဘယ်လို အသုံးချရမယ်။ လျှပ်စစ်မီတာသေတ္တာကို ဘယ်နားမှာ ထားတယ်. . ."

အယ်နီ၏ တစ်မျက်နှာလုံး ရှက်သွေးဖျန်းသွားသည်။

"ကျွန်မ ဒီအခန်းကို တစ်ခေါက်တည်း ရောက်ဖူးတာပါ။ ရှင့်အတွက် အဆင်ပြေပါ့မလားလို့ လာကြည့်တဲ့ တစ်ခေါက်ပဲ ရောက်ဖူးပါတယ်"

"ဒီလိုဆိုရင်လည်း တစ်ခေါက်မှ မရောက်ဘူးသေးတဲ့ ကိုယ်နဲ့စာရင် မင်းက အများကြီးတော်သေးတာပေါ့"

လိုင်ယွန်ကလည်း ခပ်အေးအေးပင် ပြန်ပြောသည်။

အိမ်ခန်းကို လိုင်ယွန် စိတ်တိုင်းကျသွားသည်။ တစ်ဖက်အိမ်မှာ ရှိနေသည့် ဘီယာနှင့် အသက်ရှင်နေသည်ဆိုသော လူ၀ကြီးကိုပင် သူက သဘောကျသွားသည်။

"ဘာပဲဖြစ်ဖြစ် အိမ်နီးချင်းတစ်ယောက်တော့ ရတာပေါ့။ ဒီနေ့ နေ့ခင်းမှာပဲ အေလင်ကူးပါးကို ဖုန်းဆက်ပြီး ကျေးဇူးတင်ကြောင်း ကိုယ် ပြောလိုက်ပါ့မယ်။ ဒါပေမယ့် ပထမဦးဆုံး အနေနဲ့တော့ မင်းကို ကျေးဇူးတင်ကြောင်း ပြောပါရစေ။ ကိုယ်တို့နှစ်ယောက် နေ့လယ်စာ သွားစားကြရအောင်လား"

ဘာဘယ်ရီဟိုတယ်သို့ သူတို့နှစ်ယောက် လာခဲ့ကြသည်။

ဟိုတယ်ထဲတွင် အလင်းရောင်က မှိန်မှိန်ကလေးရှိသည်။ မျက်နှာကြက်တွင် ကြယ်ပွင့်ကလေးများ တွဲလွဲခိုနေကြသည်။ ကုလားထိုင်များကလည်း ချောင်ချောင်ချိချိ သက်သောင့်သက်သာ ထိုင်နိုင်သည်။

သည်လို အပြင်အဆင်မျိုးကို အယ်နီ အလွန် သဘောကျသည်။ ရှယ်ရီ ဝိုင်အရက်ချိုကိုသောက်ရန် သဘောတူလိုက်သည်။

လွန်ခဲ့သည့် နှစ်ဆယ့်လေးနာရီအတွင်း အဖြစ်အပျက်ပေါင်း မြောက်မြားစွာတို့သည် အလွန် လျင်မြန်သော အရှိန်အဟုန်ဖြင့် ဖြစ်ပွား ပေါ်ပေါက်ခဲ့သည်။ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကြောင့် သူ့ကိုယ်သူပင် နားမလည်နိုင်အောင် အယ်နီ ခံစားနေမိသည်။

အယ်နီက အတွေးနယ်ချဲ့နေသော်လည်း လိုင်ယွန်က စကားပြောဖို့ မတိုက်တွန်း။ သူက

www.burmeseclassic.com


သာ အေးဆေးတည်ငြိမ်သည့် လေသံနှင့် ပြောပြနေသည်။

ယခုရသည့် အိမ်ခန်းသည် သူ့အတွက် အဆင်ပြေလှကြောင်း၊ အရပ်သားတစ်ယောက် အနေနှင့် အရပ်သား အစားအစာများကို စားသောက်ရသည်မှာ ခံတွင်းတွေ့လှကြောင်း၊ အရပ်သား တစ်ယောက်ဘဝနှင့် ပြန်လည်နေထိုင်ရသည်မှာ လွတ်လပ်မှုရှိကြောင်း၊ စိတ်ချမ်းသာရကြောင်းများကို ပြောပြနေသည်။

သူ့လေသံက သာယာသည်။ သည်လိုပတ်ဝန်းကျင်မျိုးတွင် ယခုလို သာယာသောလေသံဖြင့် ပြောပြနေသည့်အတွက် နားထောင်၍ပင် ကောင်းသေးတော့ဟု အယ်နီက ထင်မှတ်နေမိသည်။

စကားပြောနေသည့် လိုင်ယွန်ရဲ့မျက်နှာကို စိုက်ကြည့်နေရသည်မှာ ကြည်နူးစရာကောင်းလှသည်။

အကြောင်းအရာ အလိုက် ပြောင်းလဲသွားသည့် သူ့မျက်နှာပေါ်မှ အမူအရာများ၊ ချက်ချင်း ချက်ချင်း ပြုးတတ်သည့် သူ့အပြုံးများ။

အို . . . သိပ်ကို စိတ်ချမ်းသာစရာကောင်းပါသည်။

လိုင်ယွန်က ကိုယ်ကိုင်းပြီး သူ့စီးကရက်ကို မီးညှိပေးသည်။

"မင်းရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေထဲမှာ၊ မင်းရဲ့ ဘဝထဲမှာ ဟင်နရီဝင်ပြီး စွက်ဖက်လာတာကိုတော့ မင်း သည်းခံနိုင်စွမ်း ရှိရလိမ့်မယ်။ အမှန်ကတော့ မင်း နစ်နာစေချင်လို့ မဟုတ်ဘူး။ သူနဲ့ မဆိုင်တဲ့ မင်းရဲ့ ကိုယ်ရေးကိုယ်တာတွေကို ဝင်စွက်ချင်လို့ မဟုတ်ဘူး။ မင်းအတွက် အကောင်းဆုံး ဖြစ်စေချင်တာ တစ်ခုပါပဲ။ အမှန်ကတော့ ဟင်နရီဟာ မင်းကို ကြာကလပ်ကလေးနဲ့ တင်ထားချင်တဲ့ အဘိုးကြီးပါ။ မင်းကို သူ့သမီးကလေး အရင်းတစ်ယောက်လို သူ ချစ်နေတယ်"

"ကြာကလပ်ပေါ်မှာ သူတင်ထားတဲ့ လူက ရှင်ပါ။ ရှင့်ကို တင်ပေးထားတဲ့ ကြာကလပ်ကြီးက ပေ ခုနစ်ဆယ်လောက်တောင် မြင့်သေးရဲ့။ ဘယ်လာမီနဲ့ ဘယ်လိုစ်ကုမ္ပဏီရဲ့ အနာဂတ်ဟာ ရှင်ပါပဲ"

အယ်နီက ပြန်ပြောမိသည်။

"သူ့စိတ်ထဲမှာ ဒီလို သဘောထားမျိုး ရှိခဲ့တာက လွန်ခဲ့တဲ့ လေးနှစ်လောက်ကပါကွာ။ လေးနှစ်ဆိုတဲ့ အချိန်အတောအတွင်းမှာ လူတွေရဲ့ စိတ်နေသဘောထားဟာ ပြောင်းလဲကုန်ကြတာပါပဲ"

"ရှင့်အပေါ်မှာထားတဲ့ မစ္စတာဘယ်လာမီရဲ့ သဘောထားကတော့ မပြောင်းလဲသေးပါဘူး"

လိုင်ယွန်က အယ်နီ၏လက်ကို လှမ်းဆွဲယူလိုက်သည်။

"အယ်နီ၊ မစ္စတာ ဆိုတာကြီးတွေကို ရပ်လိုက်ကြရအောင်လား၊ ကိုယ်က လိုင်ယွန်ပါ။ မစ္စတာဘယ်လာမီ ဆိုတဲ့ အဘိုးကြီးက ဟင်နရီပါ"

အယ်နီက ပြုံးသည်။

"ကောင်းပါပြီ လိုင်ယွန်၊ ဟင်နရီဟာ ရှင် ပြန်လာမယ့်အချိန်ကို ဘယ်လောက်တောင် စိတ်အား ထက်ထက်သန်သန်နဲ့ စောင့်နေခဲ့တယ်ဆိုတာ ရှင် သိထားဖို့တော့ လိုပါလိမ့်မယ်"

အယ်နီက သူ့စကားကို ချက်ချင်း ဖြတ်ပစ်လိုက်သည်။

ဤကိစ္စသည် မိမိနှင့် ဘာမှမဆိုင်သောကိစ္စပါလား။ ဟိုစဉ်တုန်းကတော့ မည်သူ တစ်စုံတစ်ယောက်၏ ကိုယ်ရေးကိုယ်တာကိစ္စမှ သူ ဝင်မပါခဲ့ဘူးချေ။ သို့သော်လည်း ဟင်နရီနှင့် ပတ်သက်ပြီး အကာအကွယ်ပေးလိုသည့်စိတ်က ချက်ချင်း ကြီးစိုးလာသည်။ အေလင်ကူးပါးကို မည်သည့်အတွက်ကြောင့် ဟင်နရီက ခါးခါးသီးသီး ဆန့်ကျင် ပြောဆိုနေကြောင်းလည်း သူ ချက်ချင်း သဘောပေါက်လိုက်မိတော့သည်။

မိတ်ဆွေကောင်းတစ်ယောက်တို့ ထားရှိရမည့် သဘောထားကို ဟင်နရီက အခိုင်အမာ ကိုင်စွဲထားခြင်းသာ ဖြစ်ချေသည်။

နီလီ ပြောခဲ့ဖူးသည့် စကားကိုလည်း သူ ပြန်သတိရမိသည်။

မိတ်ဆွေတစ်ယောက်ယောက်၏ ကိုယ်ရေးကိုယ်တာထဲတွင် ဝင်ပြီး မစွက်ဖက်သမျှကာလပတ်လုံး ထိုသူသည် ထိုမိတ်ဆွေအတွက် စစ်မှန်သော မိတ်ဆွေကောင်းတစ်ယောက် မဟုတ်သေးဟု တွေးခေါ်ပညာရှင်မကြီး နီလီက ပြောခဲ့ဖူးသည်။

သည်အတိုင်း ဆိုလျှင်တော့ နဘ်မိလုံး ပြဇာတ်ထဲမှာ နီလီ ဝင်ကခွင့်ရရေး အတွက် ဟင်နရီကို ပြောရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com

အယ်နီ၏စိတ်များ လွတ်လပ်လာသည်။ လောရင့်စ်ဗီးလ်မြို့မှာနေတုန်းကတော့ အတုပ်အနှောင်နှင့် နေရသလို ခံစားခဲ့ရသည်။

"ဟင်နရီရဲ့ မျှော်မှန်းချက်တွေနဲ့ စီမံကိန်းတွေကို ကိုယ် လေးစားပါတယ်။ သူ့အစီအစဉ်တွေ ပျက်သွားအောင်လည်း ကိုယ် မလုပ်ချင်ပါဘူး။ ဒါပေမယ့် ဒီအလုပ်မျိုးကို ကိုယ် သဘောမကျဘူး။ ရှေ့နေအလုပ်တို့၊ ကိုယ်စားလှယ်အလုပ်တို့ ဆိုတာ အလကားပါကွာ"

"ဒါပေမယ့် ဒီလုပ်ငန်းတွေနဲ့ ပတ်သက်လာရင် ရှင်ဟာ သိပ်ကို တော်တာပဲလို့ လူတိုင်းက ပြောနေကြတာပဲ။ ဒီလုပ်ငန်းနဲ့ ပတ်သက်ပြီး ရှင့်မှာ အစွမ်းအစတွေ ရှိပါတယ်"

"အပြိုင်အဆိုင် လုပ်ရတာကို ကိုယ် သဘောကျပါတယ်။ အပြိုင်ချဉ်းကပ်ရတာမျိုးတို့၊ အပြိုင်အဆိုင် လုယက်ရတာမျိုးတို့ပေါ့ကွာ"

အယ်နီတစ်ယောက် နားရှုပ်သွားပြန်သည်။

သူပြောသည့် စကားများသည် ရှေ့နောက် မညီမညွတ် ဖြစ်နေကြပြန်ပြီဟု အယ်နီ နားလည်လာပြန်သည်။

ထိုသို့ အယ်နီ ငြိမ်နေသည်ကို လိုင်ယွန်က အတွေးလွဲသွားသည်။ ဟင်နရီအတွက် စိတ်မကောင်းသောကြောင့် အယ်နီ ငြိမ်သွားသည်ဟု သူက ထင်မှတ်လိုက်သည်။

"ကဲ ဒါတွေအတွက် စိတ်မကောင်း ဖြစ်မနေပါနဲ့တော့ကွာ။ နှစ်ပေါင်းများစွာ စစ်မြေပြင်မှာ စစ်တိုက်လာရလို့ ကိုယ်လည်း သိပ်ကို ပင်ပန်းနေတာပါ"

"ဒါပေမယ့်၊ ဟင်နရီနဲ့ အလုပ်အတူတူ လုပ်ရတဲ့အတွက် ရှင် ဝမ်းမသာဘူးလား"

"အခု ကိုယ်ပြန်လာပြီလေ၊ မဟုတ်ဘူးလား"

အယ်နီ၏ မျက်နှာပေါ်မှာ နားမလည်သည့် အမူအရာ ပေါ်လာပြန်သည်။

"ရှင် ပြောနေပုံက၊ ရှင် တကယ် လုပ်ချင်နေတဲ့ တခြား အလုပ်တစ်ခုခု ရှိနေသေးတဲ့ပုံမျိုးပဲ"

"လူတွေဟာ ကိုယ်လုပ်ချင်တဲ့အလုပ်ကို တကယ် လုပ်ခွင့်ရော ရကြလို့လား အယ်နီ"

"ကျွန်မကတော့ ကျွန်မ လုပ်ချင်တဲ့အလုပ်ကို လုပ်နေတာပဲ"

"ကိုယ်တော့ သွေးနားထင်ရောက်သွားပြီကွာ"

လိုင်ယွန်၏မျက်နှာပေါ်မှာ အပြုံးတစ်ခု ဝင်းလက်သွားပြန်သည်။

"ကျွန်မ ဆိုလိုတာက ဟင်နရီအတွက် လုပ်ပေးနေရတာကို ဆိုလိုတာပါ။ ကျွန်မ နေချင်တဲ့ နယူးယောက်မြို့မှာလည်း ကျွန်မ နေနေနိုင်တယ်။ ရှင်ကရော ဘယ်လို အလုပ်မျိုးကို လုပ်ချင်တာလဲ လိုင်ယွန်"

လိုင်ယွန်က စားပွဲအောက်မှာရှိနေသည့် သူ့ခြေထောက်ကို ဆန့်တန်းလိုက်သည်။

"သုံးမကုန် ဖြုန်းမကုန်အောင် ချမ်းသာချင်တယ်၊ ဂျမေကာလိုနေရာမျိုးက အင်မတန်ငြိမ်ကျတဲ့ နေရာတစ်နေရာမှာ နေချင်တယ်။ မင်းနဲ့ ချွတ်စွပ်တူတဲ့ မိန်းကလေးချောချောကလေးတွေက ကိုယ့်ပတ်လည်မှာ ဝိုင်းပြီး ကိုယ့်ကို ပြုစုယုယနေစေချင်တယ်။ နောက်ပြီးတော့ ကိုယ်ရေးမယ့် ကမ္ဘာစစ်အတွေ့အကြုံစာအုပ်ကြီးက ရိုက်မလောက် ရောင်းတိုင်းစွံစာအုပ်ကြီး ဖြစ်သွားစေချင်တယ်"

"ရှင်က စာရေးချင်တာလား"

"သိပ်ဟုတ်တာပေါ့။ စစ်ထဲက ထွက်လာတဲ့လူတိုင်းဟာ ငါ့ဆီမှာသာ စစ်နဲ့ပတ်သက်တဲ့ တကယ့်ဖြစ်ရပ်မှန် ဝတ္ထုကောင်းကြီးတွေ ရှိနေတယ်လို့ ထင်တတ်ကြစမြဲပဲ မဟုတ်လား ညီမရယ်"

"ဒီလိုဆို ဘာဖြစ်လို့ မရေးသေးတာလဲ"

"ဟင်နရီအတွက် အလုပ် လုပ်နေရတာက အချိန်ပြည့် အလုပ် ဖြစ်နေတယ်။ ကိုယ်နေချင်တဲ့အိမ်မျိုးကိုလည်း လခမပေးဘဲ အလကားနေလို့ ရနိုင်တာမှ မဟုတ်ဘဲ။ ကိုယ် စာရေးဆရာ မဖြစ်နိုင်တော့ဘဲ ဟင်နရီဘယ်လာမီရဲ့ အလုပ်ထဲမှာ ကိုယ့်ဘဝကြီးတစ်ခုလုံး နစ်မွန်းသွားမှာကို ကိုယ်ကြောက်တယ်ကွာ"

လိုင်ယွန်ဘတ်သည် မည်ကဲ့သို့သော လူစားမျိုး ဖြစ်သည်ဟု ကောက်ချက်ချ၍ ရနိုင်မည် မဟုတ်ကြောင်း အယ်နီ သဘောပေါက်လာသည်။ သူ့မှာ ခံစားချက်များ ရှိနေသည်။သို့သော်လည်း လူတစ်ဖက်သား အကဲမခတ်နိုင်အောင် ထိုခံစားချက်များကို ဖုံးကွယ်ထားနိုင်သောလူစားမျိုး ဖြစ်သည်။ သူ့အပြုံးကလေးနှင့်လည်း ဖုံးကွယ်ပစ်လိုက်တတ်သည်။ ရှေ့နောက် မညီသည့်စကားများကို ပြောခြင်းဖြင့်လည်း ဖုံးကွယ်ပစ်လိုက်တတ်သည်။

"ရှင် ပြောပုံကြီးက တစ်မျိုးပဲ၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကိုတော့ ရန်မထောင်လိုက်ပါနဲ့နော်"

"ကိုယ် တောင်းပန်ပါတယ် ညီမရယ်"

သူ့မျက်လုံးများ ကျဉ်းသွားကြပြန်သည်။

"ကိုယ်လုပ်ချင်တဲ့အလုပ်ကို ကြိုးစားပြီး လုပ်မကြည့်သေးဘဲနဲ့ ရှင်က လက်မြှောက် အရှုံးပေးနေတာပဲ။ ကျွန်မ ဆိုလိုတာက ရှင် စာရေးချင်တယ်ဆိုရင်၊ စာဖတ်ပရိသတ်ကို ပြောပြစရာတွေ ရှင့်မှာ ရှိနေတယ်လို့ တကယ် ခံစားနေရတယ်ဆိုရင် ရေးချလိုက်ပေါ့။

ဘယ်သူပဲဖြစ်ဖြစ် သူလုပ်ချင်တာလေး တစ်ခုခုကို အနည်းဆုံး ကြိုးစားပြီး လုပ်ကြည့်ဖို့တော့ ကောင်းတာပေါ့။ နောက်ပိုင်းမှာ ကြုံတွေ့ရမယ့် အခြေအနေတွေ၊ မလွှဲမရှောင်သာ ယူရတော့မယ့် တာဝန်တွေက လူတွေကို လမ်းကြောင်းပြောင်းလဲသွားအောင် တွန်းပို့တတ်တယ်။ ကိုယ်လုပ်ချင်တာကို မလုပ်နိုင်တော့အောင် တွေဝေသွားစေတတ်တယ်။

ရှင့်ကျတော့ အခုကတည်းက တွေဝေချင်နေပြီ။ ဘာမှ မလုပ်ရသေးဘဲနဲ့ အရှုံးပေးနှင့်တာနဲ့ တူနေပြီ"

လိုင်ယွန်က စားပွဲပေါ်သို့ ကိုယ်ကိုကိုင်းပြီး အယ်နီ၏ မေးစေ့ကလေးကို ဆွဲကိုင်ထားလိုက်သည်။ အပြန်အလှန် မျက်လုံးချင်းဆိုင်ကြည့်ကြသည်။ လိုင်ယွန်၏ အကြည့်က စူးစူးရဲရဲနိုင်လှသည်။

"ဟင်နရီဟာ မင်းအကြောင်း သေသေချာချာ မသိသေးပါကလား၊ မင်းဟာ သူ ပြောပြောပြနေတဲ့ မိန်းကလေးမျိုး မဖြစ်နိုင်ဘူး။ မင်းနဲ့ ပတ်သက်ပြီး သူ ပြောပြတဲ့အထဲမှာ မှန်တဲ့စကား တစ်ခုပဲရှိတယ်။ အဲဒါကတော့ မင်းဟာ မယုံကြည်နိုင်လောက်အောင် ချောတယ်ဆိုတဲ့ စကားပဲ။ တကယ့်တကယ်ကျတော့ မင်းဟာ အမှန်တရားအတွက် တိုက်ပွဲဝင်ရဲတဲ့ သူရဲကောင်းမကလေး တစ်ယောက်ပါပဲ"

အယ်နီက ကုလားထိုင်ပေါ်သို့ ကိုယ်ကို ပြန်မှီချလိုက်သည်။ သူ့တစ်ကိုယ်လုံးလည်း နုန်းခွေသွားသည်။

"ကျွန်မအတွက် ဒီနေ့အဖို့တော့ ဒီစကားဟာ မမှန်ပါဘူးရှင်၊ ကျွန်မဖြင့် ကိုယ့်ဟာကိုယ် မဟန်နိုင်လောက်အောင်တောင် ဖြစ်နေရတယ်။ အဖြစ်အပျက်တွေက မြန်လွန်းတယ်။ ကျွန်မ ကြုံတွေ့လိုက်ရတာတွေက သိပ်ကို မြန်လွန်းတယ်။ နှစ်ပေါင်း နှစ်ဆယ်လောက်အတွင်း ဘာအတွေ့အကြုံမှ မရှိဘူးဆိုရင် ထူးဆန်းတာပေါ့။ ကျွန်မ ဆိုလိုတာက အေလင်ကူးပါးနဲ့ ပတ်သက်ပြီး ပြောနေတာပါ။ မနေ့ညကအထိ သူဟာ ဘယ်လိုလူစားမျိုးလဲ ဆိုတာကို ကျွန်မ လုံးဝ မသိခဲ့ရပါဘူး"

"ဟင်နရီရဲ့ ထင်မြင်ချက်ကြောင့်တော့ မင်း စိတ်အနှောင့်အယှက် မဖြစ်လိုက်ပါနဲ့နော်။ မင်းအပေါ်မှာ စေတနာထားပြီး သူ့ထင်မြင်ချက်ကို သူ ပြောနေတာပါ။ လိုအပ်လာမယ်ဆိုရင် လက်ပစ်ဗုံးနဲ့တောင် ပစ်ပြီး မင်းကို တားမြစ်မယ့် အဘိုးကြီး"

"အေလင်ဟာ ရိုးရိုးခင်တဲ့ သူငယ်ချင်း တစ်ယောက်ထက် ဘာမှ မပိုပါဘူးရှင်"

"ဝမ်းသာစရာ အကောင်းဆုံး သတင်းကြီးကို ကြားလိုက်ရတာပါပဲလား"

ယခုတစ်ကြိမ်တွင်မူ လိုင်ယွန်က လုံးဝ မပြုံးတော့ဘဲ အယ်နီကို စိုက်ကြည့်နေသည်။

အယ်နီ၏ တစ်ကိုယ်လုံး ရှက်သွေးများ ဖျန်းသွားပြန်သည်။ အနေရအထိုင်ရ ခက်လာသည်ကို ဖုံးဖိနိုင်ရန် အယ်နီက စကားဆက်လိုက်ရသည်။

"ကျွန်မ စောစောက ပြောခဲ့တယ် မဟုတ်လား၊ လူတွေဟာ သူတို့ တကယ်လုပ်ချင်တဲ့အယုပ်ကို ဖြစ်မြောက်အောင် ကြိုးစားပြီး လုပ်ကြရမယ် ဆိုတာလေ။ ကျွန်မ တကယ် ပြောတာပါ။ ကျွန်မ နယူးယောက်မြို့ကို ရောက်လာတဲ့အချိန်ကစပြီး ကျွန်မ လုပ်ချင်တဲ့ အလုပ်တွေကိုပဲ လုပ်ပါတယ်။ကိုယ်မက်ချင်တဲ့ အိပ်မက်ကလေးတွေ အကောင်အထည်ပေါ်မလာသေးခင်မှာ ဘယ်တော့မှ လက်မြှောက် အရှုံးပေးလိုက်ဖို့ မကောင်းပါဘူး၊ ဘယ်လောက်အတိုင်းအတာအထိ အကောင်အထည် ပေါ်လာနိုင်သလဲ ဆိုတာကိုတော့ စောင့်ကြည့်ဖို့ ကောင်းသေးတာပေါ့"

"ကိုယ့်မှာ ဘာအိပ်မက်မှ မရှိပါဘူး အယ်နီ၊ ဘယ်လိုဟာကိုမှ စိတ်ကူးယဉ်ထားတာ မရှိပါဘူး။ စာရေးချင်တဲ့စိတ်ဟာလည်း စစ်ပြီးသွားတော့မှ ပေါ်လာတဲ့စိတ်ကူးပါ။ စစ်မဖြစ်ခင်တုန်းကတော့ ကိုယ် အောင်မြင်ချင်တယ်။ပိုက်ဆံတွေ အများကြီး ရချင်တယ်။ အခုတော့ အဲဒါတွေကို လိုချင်တဲ့စိတ် ရှိသေးရဲ့လား၊ မရှိတော့ဘူးလား ဆိုတာကိုတောင်မှ ကိုယ့်ဟာကိုယ် မသေချာတော့ပါဘူး။ တိုး

www.burmeseclassic.com

ကျကျ ပြောရမယ်ဆိုရင် ဘာလိုချင်တယ်၊ ဘာဖြစ်ချင်တယ် ဆိုတာကိုတောင်မှ ကိုယ် သေသေချာချာ မသိတော့ဘူး"

သူ့မျက်နှာပေါ်တွင် အပြုံးတစ်ခု လက်ခနဲ ပေါ်လာပြန်သည်။ သူ့စိတ်ဓာတ်သည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားပြန်သည်။

"ဟုတ်တယ်၊ ကိုယ်လိုချင်တာ တစ်ခုတော့ ရှိတယ်။ မိနစ်တိုင်း၊ စက္ကန့်တိုင်းမှာ ဒီအတိုင်းပဲ ထိုင်နေချင်တယ်။ မိနစ်တိုင်း၊ စက္ကန့်တိုင်းကို လိုက်ပြီး ရေတွက်ကြည့်နေချင်တယ်"

"ကျွန်မ သဘောပေါက်ပါတယ်။ ကြမ်းတမ်းတဲ့ စစ်ပွဲကြီးတွေနဲ့ တွေ့ကြုံခဲ့ရသူတိုင်း ဒီလို ခံစားမှုမျိုး ရှိကြတာဟာ သဘာဝပါပဲ"

"ဟောဗျာ၊ ဒီအမေရိကန်ပြည်ထောင်စုမှာ ကမ္ဘာစစ်ကြီးနဲ့ ပတ်သက်ပြီး သတိရနေသေးတဲ့ အမျိုးသမီးတွေ ရှိမှ ရှိပါသေးရဲ့လားလို့ ကိုယ်က စဉ်းစားကြည့်နေတာ"

"ကမ္ဘာစစ်ကြောင့် လူတိုင်း စိတ်ထိခိုက်နေကြရတာပါ"

"ကိုယ်ကတော့ သိပ်လက်မခံနိုင်ဘူး၊ မင်းကိုယ်တိုင် စစ်ထဲမှာ ပါခဲ့ဖူးမယ်ဆိုရင် မင်း သဘောပေါက်လာမှာပဲ။ လူတွေကို ကြည့်စမ်း၊ အိစက်ညက်ညောတဲ့ အိပ်ရာတွေပေါ်မှာ စိတ်အေးချမ်းသာနဲ့ အိပ်စက် နားနေနိုင်ကြတယ်။ စားသောက်ဆိုင်တွေထဲမှာ အပူအပင်ကင်းကင်းနဲ့ စားသောက်နေနိုင်ကြတယ်။ ဥရောပတိုက်မှာ ကိုယ်တို့ ကြုံတွေ့ခဲ့ရတဲ့ မြင်ကွင်းတွေနဲ့တော့ တခြားစီပဲ။ ဗုံးမှန်ထားတဲ့ အဆောက်အအုံတွေကို နေရာတကာမှာ တွေ့ရမယ်။ ဒီလို မြင်ကွင်းတွေကို အမြဲတမ်း မြင်တွေ့နေရတော့ စစ်အကြောင်းကို ဘယ်လိုလုပ်ပြီး မေ့နိုင်တော့မှာလဲ။

ဒါပေမယ့် အမေရိကန်ပြည်ထောင်စုကို ကိုယ် ပြန်ရောက်လာတဲ့အခါမှာ သွေးချောင်းစီးပွဲတွေ၊ တောင်လိုပုံနေတဲ့ အလောင်းတွေဟာ ဒီတိုင်းပြည်နဲ့ ဘာမှ မဆိုင်သလို ထင်ရမယ်။ ဒီတိုင်းပြည်မှာ ဘာမှ မဖြစ်ခဲ့သလိုဘဲ။ ကြောက်မက်စရာကောင်းတဲ့ အိပ်မက်ဆိုးတွေကို သူတို့ မမက်ခဲ့ကြရသလိုဘဲ။

နယူးယောက်မြို့ကြီးကို ကြည့်ပါဦး။ အစည်ကားမပျက်ဘူး။ပါရာမောင့်အဆောက်အအုံကြီးကို ကြည့်ပါဦး။အထိအခိုက် အပျက်အစီး မရှိဘဲ ထီးထီးကြီး ရပ်နေတုန်းပဲ။ အသွားမပျက် အလာမပျက် အစားမပျက်နဲ့ သူတို့အားလုံး စိတ်ချမ်းချမ်းသာသာ နေနိုင်ကြတယ်။

ဒါကြောင့် စစ်ဆိုတာကို သူတို့ ဘယ်လိုလုပ်ပြီး သတိရနိုင်ကြတော့မှာလဲ၊ ရုပ်ရှင်ရုံတွေမှာလည်း လူအစည်ကား မပျက်ဘူး၊ ပြဇာတ်ရုံတွေမှာလည်း ကြိတ်ကြိတ်တိုးလို့။

မနေ့ညတုန်းက အမျိုးသမီး ချောချောကလေးတစ်ယောက်နဲ့ နှစ်နာရီလောက် ကိုယ် စကားပြောခဲ့ရတယ်။ ကမ္ဘာစစ်ကြီး ဖြစ်နေတဲ့ အချိန်တုန်းက သူ ဒုက္ခရောက်ခဲ့ရတဲ့အကြောင်းတွေ ပြောပြတယ်။ အဝတ်အစား ပေါပေါများများ မဝတ်ရတဲ့အကြောင်း၊ နှုတ်ခမ်းနီဆိုးဆေးဆိုရင်လည်း ပလတ်စတစ်ဘူးနဲ့ထည့်ပြီး ရောင်းတဲ့အကြောင်း၊အလှကုန်ပစ္စည်းတွေ မပေါများတဲ့အကြောင်း ဒါကြောင့် သူ သိပ်ကို စိတ်ဆင်းရဲခဲ့ရတဲ့ အကြောင်းတွေ ပြောပြတယ်။ အဝတ်အစား ပေါပေါများများ မဝတ်ရတာကိုဘဲ သူ စိတ်အထိခိုက်ဆုံး ဖြစ်နေတယ်လို့ ကိုယ်ထင်တယ်။

သူ စံပြမယ်လုပ်တယ်။ ဒါကြောင့် သူ့ခြေထောက်ရဲ့အလှဟာ သူ့အဖို့ အရေးအကြီးဆုံး ဖြစ်နေတယ်။ အနုမြူဗုံးကို အောင်မြင်အောင် ထုတ်လုပ်နိုင်လိုက်တဲ့အတွက် သူ ဝမ်းသာတယ်တဲ့။ အနုမြူဗုံးကြောင့် ကမ္ဘာစစ်ကြီး ပြီးသွားတယ်တဲ့။ ကမ္ဘာစစ်ကြီးသာ ပြီးမသွားရင် သူ့အဖို့ အခက်ပဲတဲ့။ဘာကြောင့်လဲဆိုတော့ သူ့မှာ ခြေအိတ် ခြောက်စုံပဲ ကျန်တော့လို့တဲ့"

"ဘာပဲဖြစ်ဖြစ်လေ လူတွေမှာ အသက်ရှင်နေနိုင်ဖို့က အရေးကြီးတယ် မဟုတ်လား"

အယ်နီက လေအေးကလေးနှင့် ပြန်ပြောသည်။

"ဒါထက် ပိုပြီးတော့လည်း ဘာကိုမှ မစဉ်းစားနိုင်တော့ပါဘူး။

နေ့ရှိသမျှ ဒီအကြောင်းကို ထိုင်စဉ်းစားကြည့်စမ်း။ ကိုယ့်ဘဝရဲ့ရှေ့ရေးကို စဉ်းစားကြည့်စမ်း၊ ဘာမှ မဟုတ်ဘဲ ကိုယ့်ဘဝ အကြောင်းကိုပဲ ထိုင်စဉ်းစားနေမယ်ဆိုရင် အကြောင်းမဲ့ အချိန်ဖြုန်းနေတာနဲ့ အတူတူပဲ။ ကုန်ဆုံးသွားတဲ့ အချိန်တွေကို ဘယ်လို လုပ်လို့မှ ပြန်ရနိုင်တော့မှာ မဟုတ်ဘူး။

ဒီအခါကျတော့မှ အချိန်ဆိုတာ အဖိုးအတန်ဆုံးပါလားလို့ သဘောပေါက်လာလိမ့်

www.burmeseclassic.com

www.burmeseclassic.com

မယ်။ ဘာကြောင့်လဲဆိုတော့ အချိန်ဆိုတာဟာ လူ့ဘဝပဲ။ ကုန်ဆုံးသွားတဲ့အချိန်နဲ့ လူ့ဘဝဆိုတာ ဘယ်တော့မှ ပြန်ရနိုင်တာမျိုး မဟုတ်ဘူး။ ကိုယ်မြတ်နိုးနေတဲ့ မိန်းကလေးတစ်ယောက်ကို လက်လွတ်ဆုံးရှုံးသွားမယ်ဆိုရင် တစ်နေ့နေ့မှာ ဒီမိန်းကလေးကို ပြန်ရနိုင်တဲ့ အခွင့်အလမ်း ရှိနိုင်သေးတယ်။

ဒါမှမဟုတ် တခြား မိန်းကလေးတစ်ယောက်ကို ထပ်ပြီး ရနိုင်သေးတယ်။ အချိန်ထဲမှာ အတိုတောင်းဆုံးဖြစ်တဲ့ တစ်စက္ကန့်ကိုပဲကြည့်၊ အခု ကိုယ်တို့နှစ်ယောက် စကားပြောနေတဲ့ အချိန်ပိုင်းကလေးထဲက တစ်စက္ကန့်ကိုကြည့်၊ ဟော- ပြောရင်းဆိုရင်း ကုန်သွားပြီ။ ဘယ်လိုမှ ပြန်မရနိုင်တော့ဘူး။ ဒီအချိန်ကလေးကို ကိုယ်တို့ ဆုံးရှုံးလိုက်ကြရပြီ"

လိုင်ယွန်၏လေသံသည် နူးညံ့သိမ်မွေ့နေသည်။ သူ တွေ့ကြုံဖြတ်သန်းခဲ့ရသောဘဝကို ပြန်လည် သတိရနေသည့်ပုံမျိုး ဖြစ်သည်။ သူ့မျက်လုံးများအောက်တွင် ခပ်ရေးရေး ပေါ်လာသည့် အရေးအကြောင်းများကိုလည်း အယ်နီ သတိထားလိုက်မိသည်။

"စစ်အတွင်းတုန်းက တပ်ကြပ် တစ်ယောက်နဲ့ တွေ့ခဲ့ရဖူးတယ်။ တစ်ညမှာ စပါးကျီကြီးတစ်ခုထဲမှာ ကိုယ်တို့ တပ်စခန်းချနေကြတယ်။ ကိုယ်တို့ ရဲဘော်တွေ အားလုံးလည်း မျက်လုံးကျယ်ပြီး ဘယ်သူမှ မအိပ်ချင်ကြဘူး။ အဲဒီ တပ်ကြပ်ကတော့ မြေမှုန့်ကလေးကို လက်နဲ့ယူပြီး ကြချနေတယ်။ ကောင်းလိုက်တဲ့ မြေသြဇာတွေလို့လည်း ပါးစပ်က ရေရွတ်နေတယ်။ ပင်စယ်လ်ဗေးနီးယားပြည်နယ်မှာ သူ ပိုင်တဲ့ စိုက်ပျိုးရေးခြံတစ်ခြံ ရှိတယ်။ စစ်ပြီးလို့ သူ ပြန်သွားရင် သူ့စိုက်ပျိုးရေးခြံကို ချဲ့ထွင်မယ့်အကြောင်း ကိုယ့်ကို ပြောပြတယ်။ ဒီခြံကြီးကို သူ သေသေချာချာ ပြုပြင်စိုက်ပျိုးရမယ်တဲ့။ သူ့သားသမီးတွေ အရွယ်ရောက်လာကြတဲ့အခါ အမွေပေးနိုင်အောင် သူ စီမံကိန်းချထားတယ်တဲ့။ ဒါပေမယ့် သူ့ခြံထဲက မြေကမြေဆီမြေနှစ်နည်းပြီး မြေသြဇာ သိပ်ညံ့တယ်တဲ့။

သူပြောတာတွေကို တစ်ညလုံး ကိုယ်စဉ်းစားကြည့်နေမိတယ်။ မြေသြဇာညံ့တဲ့ ခြံထဲမှာ မက်မန်းပင်တွေ သူစိုက်ပျိုးထားတဲ့အကြောင်း ကြားရတဲ့အခါမှာ သူ့အတွက် စိတ်မကောင်း ဖြစ်မိတယ်။

အဲဒီညက ကိုယ် အိပ်ပျော်သွားတဲ့အချိန်မှာတောင် မက်မန်းပင်တွေစိုက်ထားတဲ့ ဧကပေါင်း များစွာကျယ်တဲ့ ခြံကြီးကို မြေသြဇာတွေ ကျွေးနေတဲ့အကြောင်း ကိုယ် အိပ်မက်မက်မိတယ်။

နောက်တစ်နေ့ကျတော့ ရန်သူထောင်ထားတဲ့ မိုင်းကွင်းကို ကိုယ်တို့တပ် ဖြတ်ဝင်မိတယ်။ ရန်သူ့လက်ဖြောင့်တပ်သားတွေရဲ့ ပိုင်းတိုက်တာကိုလည်း ခံလိုက်ရတယ်။

အဲဒီနေ့က ရာသီဥတုကလည်း သိပ်ဆိုးနေတယ်။ ညဘက်ရောက်တော့ ကိုယ့်တပ်က ကျဆုံးသွားတဲ့ ရဲဘော်တွေ စာရင်းလုပ်ပြီး အထက်ကို အစီရင်ခံစာတင်ရတယ်။ ကိုယ့်ရှေ့မှာရှိနေတဲ့ နာမည်ကတ်ပြားကလေးတွေကို စစ်ဆေးရင်း မက်မန်းခြံ စိုက်ထားတဲ့ တပ်ကြပ်ရဲ့ နာမည်ကတ်ပြားကလေးကို ကိုယ်စိုက်ကြည့်နေမိတယ်။

မနေ့ညတုန်းကတော့ သူဟာ လူသားတစ်ယောက်ပဲ။ မက်မန်းပင်စိုက်ထားတဲ့ ခြံကြီးထဲက မြေတွေ မြေသြဇာညံ့တာကို ပူပင်သောကရောက်ရင်း လူ့ဘဝရဲ့ နောက်ဆုံးညအဖြစ် အသက်ရှင်ခဲ့တဲ့ လူသားတစ်ယောက်ပဲ။ အခုတော့ သူ့ခန္ဓာကိုယ်ထဲက သွေးတွေနဲ့ နိုင်ငံခြားတစ်နေရာက သူ မပိုင်တဲ့မြေပြင်ကို မြေသြဇာ ကျွေးလိုက်ရပြီလေ"

လိုင်ယွန်က စကားဖြတ်ပြီး အယ်နီကို လှမ်းကြည့်သည်။ ပြီးတော့ သူ့မျက်နှာပေါ်မှာ အပြုံးတစ်ခု ချက်ချင်း ဝင်းလက်လာသည်။

"နောက်ပြီး ဟောဒီနေရာမှာ တိုင်ပြီး ကိုယ်က ဒီအကြောင်းတွေ ပြောပြရင်း မင်းရဲ့ အချိန်တွေကို ဖြုန်းတီးနေတယ်လေ"

"ဒီလိုလည်း မဟုတ်ပါဘူး၊ ဆက်ပြောပါဦး"

လိုင်ယွန်က အယ်နီကို အထူးအဆန်းသဖွယ် ကြည့်လိုက်ပြန်သည်။

"စကားကြီး စကားကျယ်တွေ အများကြီး ဒီကနေ့ ကိုယ် ပြောလိုက်မိပြီ။ ဒီအကြောင်းတွေဟာ ကိုယ့်ရင်ထဲမှာ မျှိုသိပ်ထားရတဲ့အကြောင်းတွေပါ"

ကျသင့်ငွေများ ရှင်းရန် စားပွဲထိုးကို အချက် လှမ်းပြသည်။

"ဒါပေမယ့်၊ မင်းရဲ့အချိန်တွေကို ကိုယ်ကဝင်ပြီး ဖြုန်းတီးပစ်သလို ဖြစ်နေပြီ။ ဒီနေ့ညနေပိုင်း ရုံးမတက်ပါနဲ့တော့။ အဝတ်အစား

www.burmeseclassic.com



တွေ သွားဝယ်ပါ။ ဆံပင်အလှ သွားပြင်ပါ။ ဒါမှ မဟုတ်ရင်လည်း အင်မတန် ချောမော လှပတဲ့ မိန်းကလေးတွေ လုပ်ရမယ့်အလုပ်မျိုး ကို မင်း လွတ်လွတ်လပ်လပ် လုပ်ပါ"

"ဒါပေမယ့် ဒီမိန်းကလေးကတော့ ရုံး ပြန်တက်ရဦးမှာပါရှင်"

"ရုံးပြန်တက်ဖို့ မလိုတော့ပါဘူး၊ အ ထက်လူကြီးတစ်ယောက် အနေနဲ့ မင်းကို ကိုယ် အမိန့်ပေးနေတာပါ။ ကိုယ့်အတွက် အိမ်ခန်းရှာဖို့ ဟင်နရီက မင်းကို ရက်အားတွေ အများကြီး ပေးဖို့တောင် ရည်မှန်းထားသေး တာပဲ။ ဒါကြောင့် အနည်းဆုံး နေ့တစ်ဝက် လောက်တော့ ရက်အားယူသင့်ပါတယ်။ ယူဖို့ အခွင့်အရေးလည်း ရှိပါတယ်။ နောက်ပြီး တော့ ဒီကိစ္စကို အောင်မြင်အောင် ဆောင် ရွက်ပေးနိုင်တဲ့အတွက် နှစ်ပတ်စာ လခကို လည်း လုပ်အားဆုအဖြစ်နဲ့ ပေးရမယ်"

"ဒါပေမယ့် ကျွန်မ စဉ်းစားနေတာက"

"အခိုပ္ပာယ် မရှိတာတွေ လုပ်မနေစမ်း ပါနဲ့ ညီမရယ်၊ အိမ်ခန်းပွဲစားနဲ့သာ အိမ်ခန်း ရအောင် အရှာခိုင်းရမယ်ဆိုရင် ပွဲခက အိမ် တစ်လခစာ ပေးရမှာပဲ မဟုတ်လား။

ဒါကြောင့် အခု ကိုယ်ပြောနေတာတွေ က ဘယ်လာမီနဲ့ဘယ်လိုစ်ကုမ္ပဏီရဲ့ တာဝန် ဝတ္တရားတွေကို ပထမဆုံး ဆောင်ရွက်ခြင်းလို့ သဘောထားလိုက်ပါ။ နှစ်ပတ်စာလခကို လုပ် အားဆု အဖြစ်နဲ့ ယူပါ။ ဒီနေ့ နေ့တစ်ဝက် ရုံးအားရက် အဖြစ်နဲ့ အနားယူပါ"

*

ထိုနေ့ညနေပိုင်း ရုံးမတက်တော့ဘဲ နား လိုက်တော့သည်။

လိုင်ယွန် အကြံပေးခဲ့သည့် အလုပ်များ ကို တစ်ခုမှ မလုပ်ဖြစ်ပေ။

ပဥ္စမရိပ်သာလမ်းဘက်သို့ လျှောက်ခဲ့ သည်။ ဆောင်းရာသီအတွက် ချုပ်လုပ်ထား သည့် ဖက်ရှင်သစ်များကို လိုက်ကြည့်နေမိ သည်။ ပန်းခြံထဲမှာ သွားထိုင်သည်။ ပြီးတော့ လိုင်ယွန်ဘတ် အကြောင်းကို စဉ်းစားနေမိ သည်။

မိမိ တွေ့ဆုံခဲ့ဖူးသည့် လူအားလုံးနှင့် လိုင်ယွန်ဘတ်ကို နှိုင်းယှဉ်ကြည့်မိသည်။ ကျန် လူအားလုံး ဖွဲ့ဆန်ကွဲများ ဖြစ်ကုန်တော့သည်။

လိုင်ယွန်ဘတ်သည် မည်သူနှင့်မျှ မနှိုင်း ယှဉ်သာသော ယောကျာ်းကောင်းတစ်ယောက် ဖြစ်နေချေသည်။

လိုင်ယွန်၏ အပြုံးများက သူ့ရင်ကို လှိုက်ဖိုစေခဲ့သည်။ စစ်အကြောင်းကို သူ ပြော ပြသည်။စစ်မြေပြင်တွင် ကျဆုံးသွားရရှာသည့် တပ်ကြပ်၏အကြောင်းကို ပြောပြသည်။ ၎င်း တပ်ကြပ်ကို သူ အလေးပေးနေပုံရသည်။ လိုင်ယွန်ဘတ်သည် မည်ကဲ့သို့သော ၈ မျိုးများ ဖြစ်နေလေသနည်း။

ပန်းခြံထဲမှ ထွက်လာခဲ့သည်။ အိမ်သို့ ပြန်ရမည်။ အချိန်နောက်ကျနေတော့မည်။ အဝတ်အစား လဲရဦးမည်။

သူ့ကို အေလင်ကူးပါး လာခေါ်လိမ့် မည်။ အေလင်ကို သူ လက်မထပ်နိုင်ပါ။ အေ လင်ကို လက်ထပ်လိုက်ခြင်းသည် မိမိဘဝကို အဆုံးသတ်လိုက်သည်နှင့် အတူတူ ဖြစ်ပေ လိမ့်မည်။ မိမိ မျှော်မှန်းခဲ့သည့် အရာများ အားလုံးကို စွန့်လွှတ်လိုက်ခြင်းနှင့်သာ တူပေ လိမ့်မည်။ မိမိမျှော်မှန်းချက်များကို ဒါလောက် စောစောစီးစီး အချိန်တိုကလေး အတွင်းမှာ တော့ စွန့်လွှတ်သင့်သည် မဟုတ်။

ထို့ကြောင့်လည်း ယနေ့ည ညစာစားပွဲ မှာတော့ ထိုအကြောင်းကို ပြောပြရပေလိမ့် မည်။ သို့သော်လည်း သည်အကြောင်းကို သိမ်သိမ်မွေ့မွေ့ ပြောပြရမည်။ ပါးပါးနပ်နပ် ပြောပြရမည်။ နည်းပရိယာယ်ကို သုံးရမည်။

"ဟယ်လို အေလင်၊ ကျွန်မတော့ ရှင်နဲ့ လက်မထပ်နိုင်ပါဘူး"

ဟူသော အပြောမျိုးနှင့် တဲ့တိုးကြီး ပြော၍ မဖြစ်နိုင်ပါ။

ဘယ်လိုပဲဖြစ်ဖြစ် ယနေ့ ညစာစားပွဲမှာ တော့ သည်အကြောင်းကို ပြောဖြစ်အောင်ကို ပြောရမည်။ သူနှင့် ပတ်သက်နေရသည့် ဘဝ ကြီးကို အေးအေးဆေးဆေး ဖြတ်တောက်ပစ် လိုက်ရမည်။ ခိုင်ခိုင်မာမာ ပြောရမည်။အလွန် တရာ လွယ်ကူပါလိမ့်မည်။

သို့သော်လည်း လက်တွေ့တွင်မူ သူ ထင်ထားခဲ့သလို မလွယ်ကူပါ။ ယခု မိမိတို့ သွားမည့် စားသောက်ဆိုင်သည် လူသူလေး ပါး တိတ်ဆိတ်သည့် ပြင်သစ်စားသောက်ဆိုင် အပေါ်စားကလေး မဟုတ်ပါ။ အေလင်သည် သူ့ဘဝအမှန်ကို ဖုံးကွယ်ထားရန် မလိုတော့ ပါ။

ထို့ကြောင့်လည်း ထိပ်တန်းဟိုတယ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုဖြစ်သည့် ၂၁-စားပွဲရုံသို့ သူတို့ သွားကြသည်။ ဟိုတယ်ထဲမှာ ရှိနေကြသည့် စားပွဲထိုးတိုင်းက အေလင်ကို ဦးညွှတ် အရိုအသေပြုပြီး နှုတ်ဆက်ကြသည်။ နာမည်ခေါ်ပြီး နှုတ်ဆက်ကြသည်။ ဟိုတယ်ထဲမှာ ရှိနေကြသည့် အခြား စားသောက်နေကြသူများ အားလုံးနှင့်နီး အေလင် သိကျွမ်းပုံရသည်။

"သတိရတုန်း ပြောရဦးမယ် အယ်နီ၊ ယောအပြင် တောပိုင်းမှာများ မင်း နေချင်သမှာ ၁။ ဂရင်းဝစ်မှာ ကိုယ်တို့ အိမ်တစ်လုံး ရှိသေးတယ်"

အေလင်က ရုတ်တရက် မေးသည်။

သည်နေရာမှာ ဇာတ်လမ်း စပါပြီ။

"မနေချင်ဘူး၊ လောရင့်စ်ဗီးလ်မြို့မှာ ကျွန်မ အကြာကြီး နေခဲ့ဖူးပြီပဲ။ တောမြို့မှာ နေရတာ စိတ်ကုန်နေပြီ။ နောက်ပြီးတော့ ရှင့်ကို ပြောချင်တဲ့စကားလည်း ရှိသေးတယ်။ ရှင် သဘောပေါက် နားလည်ထားဖို့ လိုတဲ့ အကြောင်း . . ."

အေလင်က သူ့လက်ပတ်နာရီကို ငုံ့ကြည့်သည်။ ပြီးတော့ ကျသင့်ငွေ ရှင်းပေးရန် စားပွဲထိုးကို လှမ်းခေါ်သည်။

"အေလင်"

"ပြောပါ၊ ကိုယ် နားထောင်နေပါတယ်"

ကျသင့်ငွေကို ငွေတောင်းခံလွှာအပေါ်တွင် လက်မှတ်ရေးထိုးပေးရင်း သူက ပြန်ပြောသည်။

"မနေ့ညက ရှင်ပြောခဲ့တဲ့ အကြောင်းနဲ့ ပတ်သက်ပြီး ပြောချင်လို့ပါ။ အခု ရှင်က တောမြို့တစ်မြို့မြို့မှာနေဖို့ ပြောနေပြီ။

အေလင် . . . ကျွန်မ ရှင့်ကို သိပ်ပြီး သဘောကျပါတယ်။ ဒါပေမယ့် . . ."

"အို- ကိုယ်ဝမ်းသာလိုက်တာကွယ်၊ မင်း အခုလို ပြောတော့မှပဲ ကိုယ့်လည်း သတိရတယ်။ လိုင်ယွန်ဘတ်ဆီကို အိမ်ငှားစာချုပ် ကိုယ် ပို့ပေးလိုက်ပြီးပြီ။ နေ့ခင်းတုန်းက သူနဲ့ စကားပြောရတယ်၊ ဖုန်းထဲကနေပြီး သူ ပြောပုံဆိုပုံ အကဲခတ်ကြည့်ရတာတော့ လူတော်လူကောင်းတစ်ယောက်နဲ့ တူပါတယ်။ အင်္ဂလိပ်သံလည်း ဝဲတယ်။ သူက အင်္ဂလိပ်လူမျိုးလား"

"သူ အင်္ဂလန်မှာ ကြီးလာတာ၊ အေလင် ကျွန်မ ပြောတာကို နားထောင်ပါဦး"

"ကားပေါ်ရောက်မှ ပြောကြတာပေါ့ကွယ်"

အေလင်က ထိုင်ရာမှ ထသည်။

"ထိုင်ပါဦး အေလင်၊ ဒီနေရာမှာပဲ ရှင့်ကို ကျွန်မ ပြောချင်တယ်"

အေလင်က ပြုံးသည်။

ပြီးတော့ အယ်နီ၏ အနွေးထည်ကို ကူဝတ်ပေးသည်။

"မော်တော်ကားထဲမှာက မှောင်တယ်၊ ကိုယ်တို့လို ချစ်သူနှစ်ယောက်အဖို့ ပိုပြီး စိတ်ကူးယဉ်လို့ ကောင်းတာပေါ့။ ပြီးတော့ ကိုယ်တို့ နောက်ကျနေပြီလေ"

ဘာမှ မတတ်နိုင်တော့။

ထို့ကြောင့်လည်း ကိုးကွယ်ရာမဲ့သူလို ထိုင်ရာမှ ထရတော့သည်။

"ကျွန်မတို့ ဘယ်ကိုသွားကြမှာလဲဟင်"

"အယ်လ်မိုရီကို ဟိုတယ်ကို သွားမယ်"

ဟိုတယ်ထဲမှ သူ ခေါင်းဆောင်ပြီး ထွက်သည်။ သို့သော်လည်း အခြား စားပွဲများမှာ ရှိနေကြသည့် လူပေါင်းများစွာတို့နှင့် လက်ဆွဲနှုတ်ဆက်ခဲ့ရသည်။ တက္ကစီကားထဲသို့ ရောက်သောအခါကျမှ ထိုင်ခုံမှာ နေသားတကျထိုင်ပြီး အယ်နီကို လှည့်ပြုံးပြသည်။

"အယ်လ်မိုရီကိုမှာ ကိုယ့်အဖေ ရှိနေတယ်။ သူ့ကို လာတွေ့ပါမယ်လို့ ကိုယ် ပြောထားမိလို့ပါ။ ကဲ- ကိုယ့်ကို ပြောချင်တယ်ဆိုတာ ဘာလဲ"

"အေလင်၊ ကျွန်မအပေါ်မှာ ရှင် ဒီလို သဘောထားတဲ့အတွက် ကျွန်မ သိပ်ကို ဝမ်းသာမိပါတယ်။ လိုင်ယွန်ဘတ်နေဖို့ အိမ်ခန်းရအောင် လုပ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်လို့ မဆုံးပါဘူး။ ဒီလို အခန်းမျိုးရအောင် ကျွန်မဟာ ကျွန်မ ရှာရမယ်ဆိုရင် နည်းတဲ့ ဒုက္ခ မဟုတ်ဘူး။

အခု အဲဒီ ဒုက္ခတွေကလည်း လွတ်ငြိမ်းသွားတယ်။ ကျွန်မ တွေ့ခဲ့ဖူးသမျှ လူတွေထဲမှာတော့ ရှင်ဟာ စိတ်သဘောထား အကောင်းဆုံး လူတစ်ယောက် ဖြစ်တယ်လို့ ကျွန်မ ထင်ပါတယ်။ ဒါပေမယ့် . . ."

ထိုအခိုက်မှာပင် မီးရောင်တွေ ထိန်လင်းနေသည့် အယ်လ်မိုရီကိုဟိုတယ်၏ ဆိုင်းဘုတ်ကြီးကို မြင်လိုက်ရသည်။

ထို့ကြောင့်လည်း သူ့စကားကို ခပ်မြန်မြန် ဆက်လိုက်ရသည်။

"ဒါပေမယ့် လက်ထပ်ဖို့ ကိစ္စကိုတော့

 www.burmeseclassic.com 

မနေ့ညက ရှင်ပြောခဲ့တာလေ။ ကျွန်မ စိတ်မကောင်းပါဘူး အေလင်၊ ကျွန်မ ့...”

“ကောင်းသော ညနေခင်းပါ မစ္စတာကူးပါး”

အယ်လ်မိုရီကိုဟိုတယ်မှ တံခါးမှူးက မော်တော်ကားတံခါး လာဖွင့်ပေးရင်း ဆီးကြိုနှုတ်ဆက်သည်။

“ဆရာ့အဖေ အထဲမှာ စောင့်နေပါတယ် ခင်ဗျာ” ဟုလည်း ဆက်ပြောသည်။

“ကျေးဇူးတင်ပါတယ် ပီတီ”

ဟိုတယ်အတွင်းသို့ ဝင်ခဲ့ကြသည်။

လူပေါင်းများစွာနှင့် အေလင် လက်ဆွဲနှုတ်ဆက်ရပြန်သည်။

ဘားခန်းရှိရာသို့ အယ်နီကို သူက ခေါ်သွားသည်။ အေလင် သဘောပေါက်နားလည်အောင် ရှင်းပြဖို့ ကြိုးစားသည်မှာ မအောင်မြင်တော့ချေ။ သို့တည်းမဟုတ် မိမိပြောသည်ကို နားမလည်ဟန်များ တမင်ဆောင်နေလေပြီလား။

ဘားခန်းအတွင်းရှိ ကြီးမားသော စားပွဲဝိုင်းကြီးတစ်လုံးတွင် ဂျီနိုကူးပါးသည် အခြားယောကျ်ား အတော်များများနှင့် ထိုင်နေသည်။ အေလင်ကို မြင်သောအခါ သူ လာခဲ့မည်ဖြစ်ကြောင်း လက်လှမ်းပြသည်။

နံရံအနီးရှိ စားပွဲတစ်ပွဲလုံးမှာ စားပွဲထိုးက သူတို့ကို နေရာချထားပေးသည်။ ညဆယ်နာရီခွဲနေပြီ ဖြစ်သော်လည်း အယ်လ်မိုရိုကိုလို ဟိုတယ်မျိုးအဖို့ အချိန် အများကြီးစောနေသေးသည်။

နာမည်ကျော်ကြားလှသော သည်ဟိုတယ်သို့ ပထမဦးဆုံးအကြိမ်အဖြစ်နှင့် အယ်နီ ရောက်ဖူးခြင်း ဖြစ်သည်။

သို့သော်လည်း သတင်းစာများ၊ မဂ္ဂဇင်းများထဲမှာတော့ ဓာတ်ပုံများကို မကြာခဏ မြင်ဖူးခဲ့သည်။

မြင်းကျားရေများ ဖုံးအုပ်ထားသော အတွင်းဘက်နံရံများ ကျောခိုင်းကာ ထိုင်နေကြသည့် နာမည်ကျော် ပုဂ္ဂိုလ်ကြီးငယ်တို့၏ ဓာတ်ပုံများ မကြာခဏ ပါလာတတ်သည်။

ပတ်လည်ကို လှည့်ကြည့်သည်။ နံရံအားလုံးကို မြင်းကျားရေများနှင့် ဖုံးအုပ်ထားသည်။ မိမိတို့ ထိုင်နေသော အခန်းသည် အခန်းကျယ်ကြီးတစ်ခုဖြစ်ပြီး ရုပ်ရှင်သီချင်းများ တီးမှုတ်ဖျော်ဖြေနေသည့် သံစုံတီးဝိုင်းကြီးတစ်ဝိုင်းလည်း ရှိသည်။

သူတို့စားပွဲသို့ ချက်ချင်းပင် ဂျီနို ရောက်လာသည်။ မိတ်ဆက်ပေးသည်ကိုပင် စောင့်မနေတော့ဘဲ အယ်နီ၏လက်ကို ဆွဲယူကာ ခပ်ကြမ်းကြမ်း လှုပ်ခါနေတော့သည်။

“အင်း ဒီမိန်းကလေးပဲပေါ့။ ဟုတ်ပါတယ်နော်”

ဂျီနိုက ခပ်သာသာကလေး လေချွန်လိုက်သည်။

“သား- သားပြောတာ မှန်တယ်။ ဒီလိုမိန်းမချောကလေးတစ်ယောက်အတွက် သားစောင့်နေရတာ စောင့်ရကျိုးနပ်ပါပေတယ်။ တကယ့် မိန်းမမြတ်ကလေးပါပဲ။ သူ့ပါးစပ်မဟခင်ကတည်းက ဘယ်လို အတန်းအစားထဲကလည်း ဆိုတာ ဖေဖေ ကောင်းကောင်းသိတယ်”

ပြောနေရင်းမှ လက်ဖြောက်တစ်ချက် တီးလိုက်သည်။ စားပွဲထိုးချုပ်သည် မိုးပေါ်က ကျလာသလို ချက်ချင်းပင် ရောက်လာသည်။

“ရှမ်ပိန်ယူခဲ့”

ဟုလည်း အယ်နီ၏ကိုယ်ပေါ်မှ မျက်လုံးကို မခွာဘဲ အမိန့် လှမ်းပေးသည်။

“အယ်နီ အရက် မသောက်တတ်ဘူး ဖေဖေ”

အေလင်က ဝင်ပြောသည်။

“ဒီနေ့ညတော့ သူသောက်ပါလိမ့်မယ်၊ အထိမ်းအမှတ်အဖြစ်နဲ့ ဒီနေ့ညတော့ သောက်ပါလိမ့်မယ်”

ဂျီနိုက လှိုက်လှဲသောလေသံနှင့် ပြောသည်။

အယ်နီက ပြုံးမိသည်။ ဂျီနို၏ လှိုက်လှဲသော အမူအရာသည် သူ့ကိုပါ ကူးစက်လာနေလသည်။

ဂျီနို၏အသားက ညိုညက်ညက် ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် ဝဝဖိုင့်ဖိုင့် ဖြစ်သည်။ မည်းနက်နေသည့် ဆံပင်များထဲတွင် ဆံပြင်အဖြူအချို့ ရောစွက်နေသည်ကို တွေ့ရသည်။

သို့သော်လည်း သူ့အမူအရာနှင့် ပြောပုံဆိုပုံများက လူပျိုကလေးတစ်ယောက်နှင့် တူနေသည်။ လူချောတစ်ယောက် ဖြစ်သည်မှာလည်း မှန်ပါသည်။

ရှမ်ပိန်အရက် ရောက်လာသောအခါ အယ်နီအတွက်ဟု သူက ဆုတောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေတို့မိသားစုထဲကို အသစ်ရောက်လာတဲ့ မိန်းမချောကလေးအတွက်"

သူ့ဖန်ခွက်မှ အရက်ကို တစ်ချီတည်းနှင့် တစ်ဝက်ကျိုးသွားအောင် သောက်ပစ်လိုက်သည်။ ပြီးတော့ နှုတ်ခမ်းများကို လက်ခုံနှင့် သုတ်ရင်း ဆက်ပြောသည်။

"သမီးက ကက်သလစ် ဘာသာဝင်လား"

"မဟုတ်ပါဘူး၊ ကျွန်မ. . ."

အယ်နီက ရှင်းပြရန် ဟန်ပြင်သည်။

"အရေးမကြီးပါဘူးလေ၊ အေလင်နဲ့ လက်ထပ်တဲ့အခါကျတော့ ဘာသာပြောင်းလိုက်တာပေါ့။ ဘုန်းတော်ကြီး ကယ်လီနဲ့ အစီအစဉ် ကြိုပြီး လုပ်ထားလိုက်ပါ့မယ်။ အကုန်လုံး အဆင်ပြေသွားအောင် ဘုန်းတော်ကြီး ကယ်လီ ဆောင်ရွက်ပေးပါလိမ့်မယ်"

"မစ္စတာကူးပါး"

အယ်နီက ရှင်းပြရန် ကြိုးစားပြန်သည်။ သို့သော်လည်း ထိုမျှသော အသံကလေး ထွက်လာအောင်ကိုပင် ပင်ပန်းတကြီး ကြိုးစားရရှာသည်။

"ဘာသာရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့နှစ်ယောက် မဆွေးနွေးရသေးပါဘူး ဖေဖေ၊ နောက်ပြီး အယ်နီ့ အနေနဲ့လည်း ဘာသာကူးပြောင်းလာဖို့ မလိုပါဘူး"

အေလင်က အယ်နီ စကားမဆက်နိုင်မီမှာပင် ဝင်ဖြတ်ပြောသည်။

"ကောင်းပါပြီလေ၊ သူက ဘာသာမပြောင်းချင်ဘူး ဆိုရင်လည်း ပြောင်းဖို့ မလိုပါဘူး။ သားနဲ့ လက်ထပ်ခဲ့အခါမှာ မွေးဖွားလာမယ့် သားသမီးတွေ ကက်သလစ်ဘာသာဝင် ဖြစ်ရပါစေမယ်လို့ ဘုရားရှိခိုးကျောင်းမှာ ကတိသစ္စာပြုမယ်ဆိုရင် လုံလောက်ပါပြီ"

"မစ္စတာကူးပါး၊ အေလင်နဲ့ ကျွန်မ လက်ထပ်မှာ မဟုတ်ပါဘူး"

ဟုတ်ပြီ။ ထိုစကားကို သူ ပြောဖြစ်လိုက်ပြီ။ ပီပီသသ ရှင်းရှင်းလင်းလင်းနှင့် တစ်ဖက်လူ သဲသဲကွဲကွဲ ကြားရလောက်အောင် ပြောလိုက်နိုင်ပါပြီ။

"ဘာဖြစ်လို့လဲ၊ မင်းက ကက်သလစ်ဘာသာ ဆန့်ကျင်ရေးသမားလား"

ဂျီနို၏မျက်လုံးများ ကျဉ်းသွားသည်။

"ကျွန်မ ဘာဆန့်ကျင်ရေးသမားမှ မဟုတ်ပါဘူး"

"ဒီလိုဆိုရင် ဘာပြဿနာရှိနေလို့လဲ"

"အေလင်ကို ကျွန်မ မချစ်ပါဘူး"

ဂျီနို၏ မျက်လုံးများသည် မည်သည့်အရာဝတ္ထုကိုမျှ မမြင်ရတော့သလို အမူအရာ ပြောင်းသွားသည်။ ထို့နောက် အေလင်ဘက်သို့ စိတ်ဆိုးမာန်ဆိုးနှင့် လှည့်ကြည့်သည်။

"သူ ဘာတွေ ပြောနေတာလဲ"

"ကျွန်တော့်ကို သူ မချစ်ဘူးလို့ ပြောနေတာပါ ဖေဖေ"

အေလင်ကလည်း အေးအေးပင် ပြန်ဖြေသည်။

"ပြောစမ်းပါဦး၊ မင်းတို့ နောက်တီးနောက်တောက် လုပ်နေကြတာလား။ ဘာလုပ်နေကြတာလဲ၊ သူနဲ့ လက်ထပ်တော့မယ့်အကြောင်း သား ပြောတယ်လို့ ဖေဖေ ထင်နေတာ"

"ကျွန်တော် ပြောခဲ့ပါတယ် ဖေဖေ၊ ပြီးတော့ သူ့ကိုလည်း ကျွန်တော် လက်ထပ်မှာပါ။ ဒါပေမယ့် ကျွန်တော့်ကို သူချစ်လာအောင် ပထမဆုံး ကျွန်တော် ကြိုးစားရဦးမှာပါ"

"မင်းတို့နှစ်ယောက်စလုံး ရူးနေကြပြီလား၊ ဒါမှ မဟုတ်ရင် မင်းတို့ ဘာတွေ ဖြစ်နေကြတာလဲ"

အေလင်က ဝမ်းသာအားရ ပြုံးလိုက်သည်။

"ဖေဖေ့ကို ကျွန်တော် ပြောပြီးပြီ မဟုတ်လား ဖေဖေ၊ မနေ့ညတုန်းကအထိ ကျွန်တော်ဟာ ဘာမှ မအောင်မြင်တဲ့ အာမခံကုမ္ပဏီ ကိုယ်စားလှယ်ကလေးတစ်ယောက် အဖြစ်နဲ့ အယ်နီက သိခဲ့တာပါ။ ဒါကြောင့် သူ့အနေနဲ့လည်း သူ့စိတ်ကို သူပြန်ပြီး ချင့်ချိန်ရဦးမှာပေါ့"

"ဘာကို ပြန်ပြီးချင့်ချိန်ရမှာလဲ၊ သူ ငွေသား ဖြစ်နေတာကို တွေ့ရတဲ့အတွက် ပြန်ပြီး ချင့်ချိန်ရဦးမှာလား"

"ချစ်ရေးကြိုက်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ လုံးဝ မဆွေးနွေးရသေးပါဘူး ဖေဖေ။ စောစောပိုင်းကတော့ ကျွန်တော့်ကို အယ်နီက အထင်မကြီးခဲ့ဘူးလို့ဘဲ ကျွန်တော် ထင်ပါတယ်။ ကျွန်တော့် အလုပ်အကိုင်တွေ မအောင်မြင်ဘဲ ကျွန်တော် အလုပ်ပြုတ်သွားမှာလောက်ကိုပဲ အယ်နီက စိုးရိမ်ခဲ့တာပါ"

ဂျီနိုက အယ်နီကို ပြန်လှည့်ကြည့်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ ပြောပြတဲ့အတိုင်း မင်း သူနဲ့အတူ သွားလာနေပြီး အပေါစား စားသောက်ဆိုင်တွေမှာ စားခဲ့သောက်ခဲ့ကြတယ်ဆိုတာ အမှန်ပဲလား"

အယ်နီက မသိမသာ ပြုံးသည်။

အဖြစ်အပျက်အမှန်ကိုလည်း သူ စတင်သဘောပေါက်စပြုပါပြီ။

ဂျီနို ပြောနေသည့် အသံသည် ကျယ်လောင်လွန်းလှသည်။ ထို့ကြောင့် အခန်းထဲမှာ ရှိနေကြသည့် လူတစ်ဝက်လောက်က မိမိတို့ ပြောဆိုနေကြသည့် စကားများကို အာရုံစိုက်နားထောင်နေကြကြောင်း အယ်နီ သတိထားမိသည်။

ဂျီနိုက သူ့ပေါင်ကို လက်ဝါးနှင့် ရိုက်လိုက်ပြီး အားပါးတရ ရယ်မောလိုက်သည်။

"ဒီဟာမှ တကယ့်မိန်းကလေးကွ"

ဖန်ခွက်ထဲသို့ ရှမ်ပိန်အရက် ငှဲ့ထည့်သည်။ စားပွဲထိုးက ပြေးလာပြီး ကူညီထည့်ပေးရန် ဟန်ပြင်သည်။ ဂျီနိုက စားပွဲထိုးကို ဝေးဝေးမှာသွားနေရန် လက်ပြသည်။

"ဒီအရက်ပုလင်းတွေကို ပါးစပ်နဲ့ကိုက်ပြီး ငါ ဖွင့်နေကျပါကွာ။ ဖန်ခွက်ထဲကို အရက်ထည့်တာလေးလောက်တော့ အပျော့ပေါ့။ ဒီကောင်တွေက ဒီအလုပ်ကလေးမျိုးလောက်ကျမှ ငါ့ကို ဝိုင်းပြီး မျက်နှာလုပ်ချင်နေလိုက်ကြတာများ"

ထို့နောက် အယ်နီဘက်သို့ လှည့်ကြည့်သည်။

"မင်းကို ကျုပ် သဘောကျတယ်။ ကျုပ်တို့မိသားစုက မင်းကို ဝမ်းပန်းတသာ ကြိုဆိုပါတယ်ကွယ်"

"ဒါပေမယ့် အေလင်ကို ကျွန်မ လက်ထပ်မှာ မဟုတ်ပါဘူး"

အယ်နီ ပြောသည်ကို လက်မခံသည့်အနေမျိုးဖြင့် သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။

"နားထောင်ပါဦး၊ ရက်သတ္တ ခြောက်ပတ်လုံးလုံး သူနဲ့ မင်း တွဲနေခဲ့တယ်။ အပေါစား အစားအသောက်တွေကို စားခဲ့ကြတယ်။ သူ့ကို လမ်းပေါ်က လူတစ်ယောက် အနေနဲ့ မင်း လက်ခံခဲ့တယ်။ အခု သူ့ဘဝအမှန်ကို သိတဲ့အခါမှာ သူ့ကို ချစ်လာမှာပါ။

ကဲ- ရှမ်ပိန်ကလေး သောက်လိုက်ပါဦး သမီးရယ်။ အစားကောင်း အသောက်ကောင်းတွေနဲ့ ယဉ်ပါးအောင် ကြိုးစားလိုက်ပါဦး။ ငွေရေးကြေးရေးအတွက် မင်း ပူစရာ မလိုတော့ပါဘူး။ မင်းလိုချင်တာ မှန်သမျှ အားလုံး ရတော့မှာပါ။ ဟေး. . . ရွှန်နီ"

ဂျီနိုက အယ်နီကို ပြောနေရင်းမှ လှမ်းအော်သည်။

ခပ်ပိန်ပိန် လူငယ်တစ်ယောက် ချက်ချင်း ရောက်လာသည်။ သူတို့စားပွဲဘေးမှာ တိတ်ဆိတ်စွာ ရပ်နေသည်။

"ရွှန်နီဝုဖ်ဆိုတာ သူပဲ၊ ရွှန်နီ ထိုင်လေကွာ"

ဂျီနိုက လေထဲသို့ လက်ဖြောက်တစ်ချက် တီးလိုက်သည်။

"မစ္စတာဝုဖ်အတွက် သူ သောက်နေကျဟာ ယူခဲ့"

စားပွဲထိုးတစ်ယောက် လေထဲမှ ကျလာသလို ရောက်လာသည်။ ရွှန်နီဝုဖ်ရှေ့မှာ ကော်ဖီကရားတစ်လုံး ချပေးသည်။

"ကဲ ငါ့သမီး၊ ရွှန်နီကို မကြားဖူးဘူးလို့တော့ မပြောလိုက်ပါနဲ့နော်။ သူ့ဆောင်းပါးတွေကို လူတိုင်း ဖတ်နေကြတာပါ"

ဟုလည်း ဂျီနိုက ဂုဏ်ယူဝင့်ကြွားသည့် လေသံမျိုးနှင့် ပြောသည်။

"နယူးယောက်မြို့ကို အယ်နီ ရောက်လာတာ မကြာသေးပါဘူး။ သူက နယူးယောက်တိုင်းမ် သတင်းစာကိုပဲ ဖတ်ပါတယ်"

အေလင်က ကမန်းကတန်း ဝင်ပြောသည်။

"သတင်းစာကောင်း တစ်စောင်ပါပဲ"

ရွှန်နီက ပြန်ဖြေရင်း သားရေဖုံးစာအုပ်ငယ်ကလေး တစ်အုပ်ကို အိတ်ထဲမှ ထုတ်ယူသည်။ အေလင်ကို တစ်လှည့်၊ ဂျီနိုကို တစ်လှည့် နက်မှောင်သည့် မျက်လုံးများနှင့် ကြည့်နေသည်။

"ကောင်းပါပြီ ခင်ဗျာ၊ ဒီအမျိုးသမီးကလေးရဲ့နာမည်ကို အမိန့်ရှိကြပါဦး။ဘယ်သူက ရှင်းပြမှာလဲ၊ အဖေကလား၊ သားကလား"

"ဒီတစ်ချီတော့ နှစ်ယောက်စလုံးပဲ ဆိုပါတော့ မောင်၊ ဟောဒီ မိန်းကလေးဟာ မကြာခင် ကျုပ်နဲ့ သွေးသားတော်တော့မယ်။ နာမည်က အင်ဝဲလ်စ်၊ စာလုံးပေါင်းတော့ မမှားစေနဲ့နော်။ အေလင်နဲ့ လက်ထပ်လိမ့်မယ်လေ"

ရွှန်နီက လေတစ်ချက် ချွန်လိုက်သည်။ အယ်နီကိုလည်း လေးစားသည့် အကြည့်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လှည့်ကြည့်သည်။

"အင်မတန် ကြီးကျယ်တဲ့ သတင်းကြီး တစ်ပုဒ်ပါပဲဗျာ။ ဒီမြို့ကို ရောက်လာတဲ့ စံပြ မယ် အသစ်ကလေးတစ်ယောက်က ဈေးမ ဆုလာဘ်ကြီးကို ဝင်တိုးတော့တာပါပဲလား။ ဒါမှမဟုတ် ခင်ဗျားက ရုပ်ရှင်မင်းသမီးလား။ ကဲ ခင်ဗျား ဘယ်က လာတယ် ဆိုတာကို မပြောပါနဲ့ဦး။ ကျွန်တော့်ဟာ ကျွန်တော် မှန်း ကြည့်စမ်းပါရစေ။ ခင်ဗျား တက်ဆပ်ပြည်နယ် က ဖြစ်ရမယ်"

"ကျွန်မ မက်ဆာချူးဆက် ပြည်နယ်က ပါ။ စံပြမယ်လည်း မဟုတ်ဘူး၊ ရုပ်ရှင်မင်း သမီးလည်း မဟုတ်ဘူး။ ရုံးတစ်ရုံးမှာ အလုပ် လုပ်ပါတယ်"

အယ်နီက အေးတိအေးစက် ပြန်ဖြေ သည်။

ရွှန်နီ၏မျက်လုံးများ တွန့်သွားသည်။

"အင်း- နောက်ဆက်ပြောမယ့် စကား ကတော့ ခင်ဗျား လက်နှိပ်စက် ရိုက်တတ်ပါ တယ် ဆိုတာပဲ ဖြစ်တော့မယ် ထင်တယ်"

"ဒီကိစ္စဟာ ရှင့်အတွက် သတင်းဖြစ် လိမ့်မယ်လို့ ကျွန်မ မထင်ဘူး။ နောက်ပြီး တော့ ရှင်သိထားဖို့ အကြောင်းတစ်ခုက အေ လင်နဲ့ ကျွန်မဟာ. . ."

"ဒီမှာ အယ်နီ၊ ရွှန်နီဟာ ကျုပ်တို့ရဲ့ မိတ်ဆွေတစ်ယောက်ပါ"

ဂျီနီက အယ်နီ၏စကား မဆုံးသေးမီ ခပ်မြန်မြန် ဖြတ်ပြောသည်။

"ကိစ္စမရှိပါဘူး ခင်ဗျား၊ သူပြောစရာ ရှိတာ ပြောပါစေ"

ရွှန်နီက အယ်နီကို စိုက်ကြည့်နေသည်။ သူ့အကြည့်က လေးစား အထင်ကြီးသည့် အကြည့်မျိုး ဖြစ်သည်။

"ရှမ်ပိန် နည်းနည်းလောက် ထပ် သောက်လိုက်ပါဦး"

ဂျီနီက ပြောပြောဆိုဆိုဖြင့် အယ်နီ၏ ဖန်ခွက်ထဲသို့ ရှမ်ပိန် ထပ်ထည့်ပေးသည်။

အယ်နီက ဖန်ခွက်ကို ကောက်ယူပြီး သောက်သည်။ ရင်ထဲမှာ ဖြစ်ပေါ်လာသည့် ဒေါသစိတ်ကို ထိန်းသိမ်းနိုင်ရန် ကြိုးစားနေ ခြင်း ဖြစ်သည်။ အေလင်နှင့် မိမိ လက်ထပ် မည် မဟုတ်ကြောင်း သူ ပြောပြချင်သည်။

သို့သော်လည်း ထိုစကားကို မပြောဖြစ် အောင် ဂျီနီက စကားဖြတ်ပစ်သည်။ ပြီး တော့ စကားလမ်းကြောင်း ပြောင်းပစ်သည်။ အကယ်၍ ထိုစကားကို ပြောဖြစ်ဖို့ မိမိ ထပ်မံ ကြိုးစားဦးမည် ဆိုလျှင်လည်း ဂျီနီက ယခုလို ပင် သူ ပြောခွင့်မရအောင် လုပ်ဦးမည်သာ ဖြစ်သည်။

ထိုသို့ ဖြစ်ရမည်ဆိုလျှင် လူပုံအလယ် မှာ ဂျီနီလိုပုဂ္ဂိုလ်မျိုး အရှက်တကွဲ အကျိုးနည်း ဖြစ်ရရှာလိမ့်မည်။

ထို့ကြောင့်လည်း ရွှန်နီဝုဖ် မရှိတော့ သည့်အချိန်ကျမှ သည်အကြောင်းကို နောက် ထပ် မပြောရန် ဂျီနီကို ပြောပြရပေတော့မည်။ မည်သည့် သတင်းစာကိုမျှ သတင်းမပေးရန် တားမြစ်ရပေတော့မည်။

အမှန်တော့ အေလင်နှင့်မိမိ လက်ထပ် မည် မဟုတ်ကြောင်း အဖေလုပ်သူကိုလည်း ပြောပြပြီးပြီ။ သားလုပ်သူကိုလည်း ပြောပြ ပြီးပြီ။

သို့သော်လည်း သူတို့ နားမထောင်ကြ။ ငွေကြေးချမ်းသာခြင်းသည် သူတို့မျက်လုံးများ မမြင်အောင်၊ သူတို့နားများ မကြားအောင် ဖန်တီးလိုက်ပြီလော။

"ဘယ်မှာ အလုပ်လုပ်ပါသလဲ ခင်ဗျာ"

ရွှန်နီက မေးသည်။

"ဟင်နရီဘယ်လာမီရဲ့ ကုမ္ပဏီမှာ လုပ် ပါတယ်။ ဒါပေမယ့် ယာယီပါပဲ"

အေလင်က ကြားဖြတ်ပြီး ဝင်ဖြေသည်။

"အေလင်. . ."

အယ်နီက ဒေါသတကြီးဖြင့် ပြန်လှည့် ကြည့်သည်။ သို့သော် သူ့စကားကို ရွှန်နီက ဝင်ဖြတ်ပစ်လိုက်ပြန်သည်။

"ဒီမှာ မစ္စဝဲလ်စ်၊ မေးခွန်း မေးရမှာက ကျွန်တော့်အလုပ် ဖြစ်ပါတယ် ခင်ဗျာ"

ရွှန်နီက ပွင့်လင်းရင်းနှီးသော အပြုံးမျိုး ကို ပြုံးပြသည်။

"ခင်ဗျားကို ကျွန်တော် အများကြီး သဘောကျသွားပါပြီ။ ခင်ဗျားလို အမျိုးသမီး တစ်ယောက်က နယူးယောက်မြို့ကို လာတာ ဟာ ရုပ်ရှင်မင်းသမီး ဖြစ်ချင်လို့လည်း မဟုတ် ဘူး၊ စံပြမယ် ဖြစ်ချင်လို့လည်း မဟုတ်ဘူးဆို တာ အတော့်ကို သဘောကျစရာ ကောင်း ပေတာပဲ"

ရွှန်နီက ကိုယ်ကိုကိုင်းပြီး အယ်နီ၏ အနီးကပ် သေချာစွာ ကြည့်သည်။

"ပါးရိုးတွေက အင်မတန် လှပါပေ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ခင်ဗျားကသာ စံပြမယ် လုပ်ချင်တယ်ဆိုရင် ခင်ဗျားရဲ့အနာဂတ်ဘဝသာ အင်မတန်ကို အောင်မြင်မှာ သေချာပါတယ်။

တကယ်လို့ ပါဝါတို့လို လောင်းဝပ်သ်တို့လို ကုမ္ပဏီကြီးတွေကများ ခင်ဗျားကို တွေ့သွားမယ်ဆိုရင် ခင်ဗျားရဲ့ သတို့သားထက်တောင်မှ ခင်ဗျားက ပိုပြီး ချမ်းသာသွားဦးမှာပါ"

သူက ဂျိနီကို မသိမသာ လှမ်းကြည့်လိုက်သည်။

"သူကသာ လုပ်ချင်သပဆိုရင် စံပြမယ်ကုမ္ပဏီကြီးတစ်ခုကို သူ့အတွက် ကျပ်တို့ဝယ်လိုက်မှာပေါ့။ ဒါပေမယ့် အိမ်ထောင်တစ်ခုအခြေကျအောင် သူ့အနေနဲ့လုပ်ရဦးမယ်လေ။ သားတွေ သမီးတွေ လူလားမြောက်အောင်ပြုစုပျိုးထောင်ပေးရဦးမယ်"

ဂျိနီက ဝင်ပြောသည်။

"မစ္စတာကူးပါး"

အယ်နီ၏ မျက်နှာသည် ဒေါသရောင်ကြောင့် ရဲရဲတောက်နေပြီ။

သို့သော် သူ ဘာမှ ဆက်မပြောနိုင်သေးမီမှာပင် အေလင်က စကားကို ဝင်ဖြတ်လိုက်ပြန်သည်။

"ဖေဖေ၊ ပထမကီစ္စကို ပထမ ရှင်းကြရအောင်ပါ"

ရွှန်နီက ရယ်သည်။

"ဟောဟိုမှာ ခင်ဗျားအမျိုးသမီး လာနေပါပြီ ဂျိနီ၊ ဒီသတင်းကို သူ သိပြီးပြီလား"

သူတို့အားလုံး မော့ကြည့်ကြသည်။

အရပ်ထောင်ထောင်မောင်းမောင်း အမျိုးသမီးတစ်ယောက် သူတို့စားပွဲဆီသို့ လာနေသည်။

ဂျိနီက ထိုင်ရာမှ မထဘဲ နောက်ရောက်လာသည့် အမျိုးသမီးအတွက် နေရာတစ်ခု ပြင်ပေးသည်။

"ဟောဒါ အယ်ဒယ်လီမာတင်ပါပဲ၊ သူငယ်မရေ ထိုင်ဟေ့။ အင်နိဝဲလ်စ်ကို နှုတ်ဆက်လိုက်ပါဦးကွယ်။ ကိုယ့်သားရဲ့ ချစ်သူပါပဲ"

အယ်ဒယ်လီ၏ သေးသွယ်သော မျက်ခုံးမွေးများသည် လေးကိုင်းလို ကွေးကောက်သွားသည်။ အယ်နီကို လှမ်းပြီး နှုတ်မဆက်သေးဘဲ ရွှန်နီကိုတစ်လှည့်၊ အေလင်ကိုတစ်လှည့် ပြန်ကြည့်ပြီး အမှန်ပြောနေကြတာလားဟူသည့်သဘောဖြင့် စူးစမ်းနေသည်။

ရွှန်နီက ခေါင်းညိတ်ပြသည်။

အက်ဒယ်လီ ထိတ်လန့်တကြား ဖြစ်သွားသည်ကို မြင်တွေ့ရသောအခါ ရွှန်နီ၏ မျက်လုံးများက သဘောကျသည့် အမူအရာဖြင့် ဝင်းလက်သွားကြသည်။

သို့သော်လည်း အမျိုးသမီး၏ တုံ့ပြန်မှုသည် မြန်ဆန်လွန်းလှသည်။ ဂျိနီ၏ဘေးမှာ ကပ်ထိုင်လိုက်သည်။ အယ်နီကိုလည်း အားနည်းသည့် အပြုံးကလေးဖြင့် ပြုံးပြလိုက်သည်။

"သူ့ကို ဘယ်လိုများ အမိဖမ်းလိုက်တာလဲ ညီမရယ်။ ဟောဒီ အဘိုးကြီးနဲ့ လက်ထပ်ဖို့ ကြိုးစားနေတာ ခုနစ်လလောက်တောင်ရှိသွားပြီ။ ကိုယ် မအောင်မြင်ဘူး။ နည်းကောင်းလမ်းကောင်းကလေးများရှိရင် ကိုယ့်ကိုပြောပြစမ်းပါကွယ်။ ကိုယ်တို့နှစ်ယောက်နဲ့ အဖေရောသားပါ တစ်ပြိုင်တည်း မင်္ဂလာဆောင်လိုက်ကြရအောင်ပါ"

အက်ဒယ်လီက ပြောရင်းကပင် ဂျိနီကို မြတ်မြတ်နိုးနိုး မော့ကြည့်သည်။

"မင်းတို့အလုပ်က ဖက်ခွက်စားပါကွာ" ဟု ရွှန်နီက ဝင်ပြောသည်။ ဂျိနီကိုလည်း မျက်ရိပ်လှမ်းပြသည်။

အက်ဒယ်လီက စားတော့ဝါးတော့မည့် အကြည့်မျိုးဖြင့် ရွှန်နီကို လှမ်းကြည့်နေသည်။

"ဒီမှာ သေသေချာချာ နားထောင်စမ်း ရွှန်နီ၊ ဘာ ဖက်ခွက်စားလဲ။ ရုပ်ရှင်မင်းသမီးကောင်းတစ်ယောက် ဖြစ်လာဖို့ဆိုတာ တော်ရုံတန်ရုံ ပါရမီနဲ့ ဖြစ်နိုင်တာ မဟုတ်ဘူး။ နားလည်လား။ အနုပညာအကြောင်းကို လာပြောမနေနဲ့"

ရွှန်နီက ပြန်ပြုံးပြပြီး သူ့လက်ထဲမှ မှတ်စုစာအုပ်ကလေးကို အဝေးသို့ ဆွဲယူလိုက်သည်။

"ဒီမြို့ပေါ်မှာတော့ မင်းဟာ အကောင်းဆုံး မင်းသမီးတစ်ယောက် ဖြစ်တယ်လို့ ကိုယ်ထင်ပါတယ် အက်ဒယ်လီ"

"ဒီစကားကို ရှင် ထပ်ပြောနိုင်ပါသေးတယ်။ ရုပ်ရှင်ဇာတ်ကား နှစ်ကားရိုက်ဖို့ လာငှားတယ်။ ကိုယ်ငြင်းလိုက်တယ်။ ဘာကြောင့်ဆိုတော့ ကိုယ့်ချစ်သူနဲ့ ခွဲပြီး ဝေးဝေးကိုလိုက်သွားရမှာစိုးလို့"

အက်ဒယ်လီ၏လေသံက ချက်ချင်းပြန်လည် ပျော့ပျောင်းသွားသည်။ တဆက်

www.burmeseclassic.com



တည်းမှာပင် ဂျီနီ၏ပါးပြင်ကို လှမ်းနမ်းလိုက်သည်။

ရွှန်နီက ထိုင်ရာမှထပြီး သူတို့အားလုံးကို ဦးညွှတ်နှုတ်ဆက်သွားသည်။ အယ်နီက သူ့ကို ကြည့်နေမိသည်။ တခြား စားပွဲတစ်လုံးမှာ သူသွားထိုင်သည်။ ကော်ဖီကရားတစ်အိုးက မျက်လှည့်ပြလိုက်သလို သူ့စားပွဲပေါ်သို့ ရောက်သွားသည်ကိုလည်း တွေ့လိုက်ရသည်။

ပြီးတော့ သူ့မှတ်စုစာအုပ်ကလေးကို ထုတ်ယူရင်း ကော်ဖီ ဖြည်းဖြည်းချင်း သောက်နေသည်။ သူ့မျက်လုံးများကမူ တံခါးဝဆီသို့ ရောက်နေသည်။ နောက်ထပ် ရောက်လာဦးမည့် ဧည့်သည်ကို မျှော်နေသည့်ပုံမျိုး။

အေလင်က အယ်နီ ကြည့်နေသည့်ဘက်သို့ လှည့်ကြည့်သည်။ အယ်နီ ဘာကို ကြည့်နေကြောင်း သူသိသွားသည်။

"ရွှန်နီဟာ လူတော်တစ်ယောက်ပါ။ သူလိုချင်တဲ့သတင်းကို ရအောင်ရှာနိုင်တဲ့လူတစ်ယောက်ပါ"

"အလကားပါ၊ အင်မတန် လူတွင်ကျယ်လုပ်တဲ့ အကောင်၊ နေရာတကာမှာ သူပါတယ်။ ခတ်တိုင်းငန်တဲ့ ပဲခူးဆား"

အယ်ဒယ်လီက နှာခေါင်းရှုံ့ရင်း ပြန်ပြောသည်။

"ကိုယ်တို့နှစ်ယောက် စေ့စပ်ကြောင်းလမ်းတော့မယ်လို့ သူ ရေးခဲ့တဲ့အတွက် မင်း မကျေမချမ်း ဖြစ်နေတာပါကွာ" ဟုလည်း ဂျီနီက ဝင်ပြောသည်။

"အလကား ပေါက်ကရတွေ လျှောက်ရေးတာပါ။ ကျွန်မကို သက်သက် အရှုံးဖြစ်အောင် သူ လုပ်လိုက်တာ"

ထိုသို့ ပြောနေရင်းမှ အက်ဒယ်လီက ပြုံးလိုက်ပြန်သည်။

"ကဲ ဘယ်လိုလဲဆရာကြီး၊ သားလုပ်တဲ့လူက အရင်စွံသွားပါပေါ့လား"

"ကိုယ် အိမ်ထောင်ကျဖူးခဲ့သားပဲကွာ၊ ရိုစန်နာ ဆုံးသွားတဲ့အချိန်ကစပြီး ကိုယ့်ရဲ့ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းသင်းတဲ့ဘဝဟာလည်း အဆုံးသတ်သွားပါပြီ။

ယောက်ျားတစ်ယောက်ဟာ ဇနီးတစ်ယောက်ပဲ ရှိသင့်တယ်။ ဇနီးတစ်ယောက်ကိုပဲ ယူသင့်တယ်။ အချစ်ဇာတ်လမ်းတွေနဲ့ ပတ်သက်ရင်တော့ တစ်မျိုးပေါ့။ ရည်းစားတွေ အများကြီး ထားနိုင်တာပေါ့။ ချစ်သူတွေ အများကြီး ရှာနိုင်တာပေါ့။

ဒါပေမယ့် လက်ထပ်ယူတဲ့ တရားဝင်ဇနီးကတော့ တစ်ယောက်တည်းပဲ ရှိသင့်တယ်"

"ဒီ စည်းကမ်းကြီးကို ဘယ်သူက လုပ်လိုက်တာလဲ"

အက်ဒယ်လီက ခပ်ဆတ်ဆတ် မေးသည်။

ဂျီနီက သူ့ဖန်ခွက်ထဲသို့ ရှမ်ပိန် ထည့်ပေးသည်။ သည်အကြောင်း သူတို့နှစ်ယောက် မကြာခဏ ပြောဆိုဖူးကြကြောင်း အယ်နီ အကဲခတ်မိသည်။

"အက်ဒယ်လီ ဒါတွေ မေ့ပစ်လိုက်စမ်း။ တကယ်ဆို မိန်းမတစ်ယောက်ကို ကိုယ်လက်ထပ်ယူဦးမယ် ဆိုရင်လည်း အဲဒီမိန်းမဟာ မင်း မဖြစ်နိုင်ဘူး။ မင်းက တစ်ခုလပ်ကြီးပဲ"

ဂျီနီ၏လေသံက အေးတိအေးစက် ဖြစ်လာသည်။ ထို့ကြောင့်လည်း အက်ဒယ်လီ စိတ်ကောက်သွားသည်။ မျက်နှာ ညိုပုပ်သွားသည်။ ထိုအမူအရာကို မြင်သောအခါ ဂျီနီက ဆက်ပြောပြန်သည်။

"အော်- ဒါထက် မနက်ဖြန်ကျရင် မင်းဖို့ အကျီနှစ်ထည် ပို့ပေးလိုက်ဖို့ ကိုယ်မှာထားတယ် အက်ဒယ်လီ၊ မင်းကြိုက်တာ ရွေးယူပါ"

"အကုန်လုံး ကတိုးသားရေအကျီချည်းပဲလား"

စိတ်ကောက်နေသည့် အက်ဒယ်လီ၏ အမူအရာသည် ချက်ချင်း ပြောင်းလဲသွားတော့သည်။

"ကတိုးသားရေ မဟုတ်လို့ မင်းက ကြွက်စုတ်သားရေအကျီများ လိုချင်လို့လား"

"အိုး. . . ဂျီနီ"

အက်ဒယ်လီက သူ့ဘေးသို့ ချက်ချင်း တိုးကပ်သွားသည်။

"တစ်ခါတစ်ခါကျရင် ကျွန်မ စိတ်တိုအောင် ရှင် သိပ်စတာပဲ။ ဒါပေမယ့် နောက်ဆုံးကျတော့လည်း ရှင့်ကို ကျွန်မ ခွင့်လွှတ်ရတာချည်းပဲ။ ရှင့်ကို ကျွန်မ ချစ်လွန်းလို့ပေါ့"

ကုလားထိုင်ပေါ်မှာ တင်ထားသည့် အယ်နီ၏ ပိုးကုတ်အကျီကလေးကို ဂျီနီ ငုံ့ကြည့်သည်။

"ဟေး- အေလင်၊ မင်းတို့နှစ်ယောက် စေ့စပ်ကြောင်းလမ်းပွဲရဲ့ လက်ဆောင်အဖြစ်နဲ့ ကတိုးသားရေအကျီတစ်ထည် အယ်နီ့ဆီကို

www.burmeseclassic.com

ဖေဖေ ပို့ပေးလို့ ဖြစ်မလား"

ဂျီနီက အေလင်ကို လှမ်းမေးသည်။ သို့သော်လည်း အေလင်၏အဖြေကို စောင့်မနေတော့ဘဲ အယ်နီဘက်သို့ လှည့်ပြီး တစ်ဆက်တည်း မေးသည်။

"သမီး ဘယ်လိုအရောင်မျိုးများ ကြိုက်သလဲ"

"ဘယ်လိုအရောင်လဲ. . ."

အယ်နီကလည်း ခပ်ကြောင်ကြောင် ပြန်မေးသည်။ ကတိုးသားရေအင်္ကျီဆိုလျှင် အညိုရောင်သာ ဖြစ်သည်ဟု အယ်နီ ထင်ခဲ့သည်။

"အရောင်နုနုလား၊ အရောင်ရင့်ရင့်လား လို့ မေးနေတာ ညီမလေးရဲ့။ မမအထင်တော့ မင်းအသားအရေနဲ့ဆိုရင် အညိုရင့်ရင့်ကလေးက ပိုလိုက်မယ်ထင်တယ်"

အက်ဒယ်လီက ဝင်ရှင်းပြရင်း သူကပင် အရောင်ကို ရွေးချယ်ပေးလိုက်သည်။

"ကျွန်မ လက်မခံနိုင်ဘူး ထင်ပါတယ် ရှင်"

အယ်နီက တည်ငြိမ်သည့်လေသံနှင့် ပြန်ဖြေသည်။

"ဘာဖြစ်လို့ လက်မခံနိုင်ရမှာလဲ"

ဂျီနီကလည်း ခပ်ဆတ်ဆတ် ပြန်မေးသည်။

"ကျွန်တော်တို့ လက်ထပ်ပြီးတော့မှ ကျွန်တော်ကိုယ်တိုင် ဝယ်ပေးတဲ့ ကတိုးသားရေအင်္ကျီကို အယ်နီက လိုချင်တာ ဖြစ်ပါလိမ့်မယ် ဖေဖေ"

အေလင်က ခပ်မြန်မြန် ဝင်ဖြေသည်။

ဂျီနီက ရယ်သည်။

"မင်းဝတ်ဖို့ အင်္ကျီကလေးကိုတောင် တရားဝင် ဖြစ်အောင် လုပ်ချင်တဲ့ သဘောများလားကွာ"

"ကတိုးသားရေအင်္ကျီတစ်ထည်လောက် လက်ခံတာ ဘာကြောင့် တရားမဝင်ဘူးတွေ ဘာတွေ ရှိနေရမှာလဲ။ လူတစ်ယောက်က လက်ဆောင်ပေးပါရစေလို့ ပြောတာကို ငြင်းတာဟာ တရားမဝင်တဲ့ အလုပ်လို့ ကျွန်မတော့ ထင်တယ်" ဟု အက်ဒယ်လီကလည်း ဝင်ပြောသည်။

အယ်နီတစ်ယောက် မနေတတ် မထိုင်တတ် ဖြစ်လာသည်။ ရှန်ပိန်သောက်ထားသည့်အတွက် ခပ်နွေးနွေး ရှိနေသည်။

ဟိုတယ်ထဲမှာ လူတွေ ကျပ်လာသည်။ ကပွဲလုပ်သည့် နေရာတစ်ဝိုက်တွင်လည်း စားပွဲများ ချခင်းထားသည်ကို တွေ့ရသည်။ နောက်ထပ် ရောက်လာသည့် အရေးကြီးသော ဧည့်သည်များအတွက် စားပွဲထိုးများက ချခင်းပေးထားခြင်း ဖြစ်သည်။ လူတွေ များလွန်းသောကြောင့် နေရာလပ်ပင် မရှိတော့အောင် ဖြစ်နေသည်။ ထိုနေရာမှာ ကျပ်နေသော်လည်း အခြား တစ်ဖက်တွင်မူ လူမရှိသည့်စားပွဲအချို့ ကျန်နေသေးသည်ကို လှမ်းမြင်ရသည်။

ထိုစားပွဲများ လပ်နေသည့်နေရာကို 'ဆိုက်ဘေးရီးယား' ဟု ခေါ်ကြောင်း၊ ထိုစားပွဲများသို့ သွားထိုင်မည်ဆိုလျှင် မည်သူကမျှ လေးစားမည် မဟုတ်ကြောင်း၊ သာမန်ပုဂ္ဂိုလ်များနှင့် တောမှတက်လာသူများသာလျှင် နားမလည်ပါးမလည်နှင့် ထိုနေရာများတွင် ထိုင်တတ်ကြကြောင်း၊ ထိုနေရာကို မိမိတို့ မြို့ကြီးသားများနှင့် အထက်တန်းလွှာများက ထိုသို့ သတ်မှတ်ထားသည်ကို အခြွေအရံများ မသိကြကြောင်း၊ ထို့ကြောင့် ထိုနေရာများရှိ စားပွဲများ ယခုလို လူလွတ်နေခြင်း ဖြစ်ကြောင်းများကို အေလင်က ရှင်းပြသည်။

ဟိုတယ်ထဲမှာ လူသံများ ပိုဆူညံလာသည်။ မိတ်ဆက်ပေးသည့် အသံများကိုလည်း ကြားနေရသည်။

နောက်ထပ် သတင်းစာဆရာ တစ်ယောက် ရောက်ရှိလာပြီး အခြားဝိုင်းများရှိ လူများနှင့် မိတ်ဆက်နေကြခြင်း ဖြစ်သည်။ ဓာတ်ပုံသတင်းထောက် တစ်ယောက်က ဓာတ်ပုံများ တဖျပ်ဖျပ် ရိုက်နေသည်။

ပြီးတော့ မိမိတို့ဝိုင်းသို့ ရောက်လာသည်။ ဂျီနီက ရှန်ပိန်အရက်များ ထပ်မှာနေသည်။ အက်ဒယ်လီနှင့် ရုပ်ဆင်သည့် အမျိုးသမီးကလေးများ ရောက်လာကြပြန်သည်။ အယ်နီတို့စားပွဲမှာ လာရပ်ပြီး အေလင်ကို ဝမ်းသာစကား ပြောနေကြသည်။ အများစုသည် အေလင်နှင့် ရင်းနှီးပြီးသား အမျိုးသမီးများ ဖြစ်ပုံရသည်။ သူတို့ချင်း ပွေ့ဖက်နမ်းရှုပ်ကာ နှုတ်ဆက်ကြသည်။

အယ်နီကိုလည်း အလွန် ကံထူးသည့် အမျိုးသမီးတစ်ယောက်အဖြစ် ကြည့်ကြသည်။ အားကျသည့် အကြည့်မျိုးလည်း ပါသည်။ မနာလိုသည့် အကြည့်မျိုးလည်း ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အယ်နီက ဘာတစ်ခွန်းမှ မပြောဘဲ ငြိမ်သက်စွာပင် ထိုင်နေသည်။ သူ့ရင်ထဲမှာ ဗလောင်ဆူနေသည်။ အလွန်တရာလည်း စိတ်ညစ်နေပြီ။

သို့သော် အတွင်းစိတ်ကို အပြင်သို့ မပေါ်အောင် သူ မျိုသိပ်ဖုံးဖိထားနိုင်သည်။ ယခုမှတော့ မတတ်နိုင်တော့၊ ရွှန်နီဝုဖ်နှင့် အခြား သတင်းစာဆရာ တစ်ယောက်ကိုပါ ဖုန်းဆက်ပြီး မိမိတို့ အဖြစ်မှန်ကို ပြောပြရမည်။ သူတို့ နားလည်အောင် ရှင်းပြရမည်။

အယ်နီက အေလင်၏လက်မောင်းကို လက်နှင့် တို့လိုက်သည်။

"တစ်နာရီတောင် ထိုးနေပြီ အေလင်၊ ကျွန်မ အိမ်ပြန်ချင်ပြီ"

ဂျီနိုက သူတို့ကို လှမ်းကြည့်သည်။ အံ့အားသင့်သွားပုံလည်းရသည်။

"အိမ်ပြန်ချင်ပြီ ဟုတ်လား၊ ဒီစကားကြီး ပြောတာ ရိုင်းပါတယ် သမီးရယ်။ ဒီပွဲကလေးက အခုမှ စခါစရှိသေးတာ"

"မနက်ဖြန်ကျရင် ကျွန်မ အလုပ်သွားရမှာပါ မစ္စတာကူးပါး"

"ကလေးရယ်၊ မင်း ဘာအလုပ်မှ လုပ်ဖို့ မလိုတော့ပါဘူး။ ကျုပ်သားအတွက် အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်အောင်ကလွဲပြီး တခြား ဘာမှ လုပ်ဖို့ မလိုတော့ပါဘူး"

ဂျီနိုက မသိမသာ ပြုံးရင်း ပြောသည်။

"ဒါပေမယ့် ကျွန်မမှာ အလုပ်. . ."

"အဲဒီအလုပ်က ထွက်ပစ်လိုက်ပါ"

ဂျီနိုကပင် ပြန်ပြောသည်။

ဝိုင်းထဲမှာရှိနေသည့်လူများ၏ ဖန်ခွက်များထဲသို့ ရှမ်ပိန်အရက်များကို လိုက်ဖြည့်ပေးနေသည်။

"ကျွန်မ အလုပ်ထွက်ပစ်လိုက်ရမယ် ဟုတ်လား"

"ဘာဖြစ်လို့ မထွက်ရမှာလဲ၊ ဂျီနိုကများ ကိုယ်နဲ့လက်ထပ်မယ်လို့ ပြောရင် ကိုယ်အခု လုပ်နေတဲ့ အလုပ်တွေကို ချက်ချင်း စွန့်လွှတ်ပစ်လိုက်မယ်"

ယခုတစ်ကြိမ် ဝင်ပြောသူမှာ အက်ဒယ်လီမာတင် ဖြစ်သည်။

"မင်းအလုပ်က ဘာအလုပ်လဲ"

ဂျီနိုက ရယ်သည်။

"တစ်ညမှာ နှစ်နာရီလောက် ဟိုနားမတ်တတ် ဒီနားမတ်တတ် ရပ်နေရတဲ့ အလုပ်ကို ပြောတာလား"

အက်ဒယ်လီကိုပြောပြီး အယ်နီဘက်သို့ လှည့်လာသည်။

"အမေရိကန်ပြည်ထောင်စုမယ်က ဒီနေရာမှာ အလုပ်အကြောင်းကို လာပြောပြနေတယ်ကွာ။ သူက ရုပ်ရှင်မင်းသား မင်းသမီး သမဂ္ဂဝင်လေ။ ဒါပေမယ့် သမီးမှာကတော့ ဘာစာချုပ်မှ မရှိပါဘူးနော်"

"ကျွန်မလုပ်နေရတဲ့ အလုပ်ကို ကျွန်မ သဘောကျပါတယ်။ ဘယ်လိုလူတစ်ယောက် အတွက်မှ ဒီအလုပ်ကနေ ကျွန်မ မထွက်နိုင်ပါဘူး"

အယ်နီက ပြန်ဖြေသည်။

ဂျီနိုက ပခုံးများကို တွန့်လိုက်သည်။

"ကောင်းပြီလေ၊ မင်းနဲ့ ငြိုင်ပြီး ကျုပ် မငြင်းတော့ပါဘူး။ ဒါပေမယ့် ကျုပ်သားကိုတော့ ကြိုတင်ပြီး အသိပေးထားလိုက်ဖို့ ကောင်းပါတယ်။ မနက်ဖြန်ကျရင် သူ့ကို ပြောပြလိုက်ပါတော့။ တခြား အမျိုးသမီး တစ်ယောက်ယောက်ကို သူ ရှာပါစေ။ အပြောင်းအလဲကလေးတစ်ခုအတွက် ကျုပ်တို့အားလုံး တစ်ညလောက် တွေ့ကြသေးတာပေါ့"

ဂျီနိုက ပြောဆိုနေရင်းမှ ကျသင့်ငွေများရှင်းရန် အချက် လှမ်းပြသည်။

အယ်နီက သူ့ကုတ်အင်္ကျီကလေးကို ကောက်ဝတ်သည်။ သူ့ကိုယ်ပေါ်မှ အဝတ်အစားများကို သပ်သပ်ရပ်ရပ် ဖြစ်သွားအောင် ပြုပြင်လိုက်သည်။ အိမ်သို့ တက္ကစီနှင့်ပြန်ရင်း အကျိုးအကြောင်းစုံအောင် အေလင်ကို ပြောပြရမည်။

သို့သော်လည်း တက္ကစီနှင့် ပြန်ခွင့်မကြုံပါ။ ကြီးမားသည့် အနက်ရောင် ဇိမ်ခံကားကြီးတစ်စင်းက သူတို့ကို အသင့် စောင့်နေသည်။ ကားအတွင်းသို့ဝင်ရန် ဂျီနိုက လက်ပြသည်။

"ကဲ ကားပေါ်တက်ကြ။ မစ္စဝုလ်စ်ကို အရင်ပို့ပေးခဲ့မယ်"

အယ်နီ၏ ဘရောင်းစတုန်းအိမ်သို့ ရောက်သောအခါ ဂျီနိုနှင့် အက်ဒယ်လီက ကားထဲမှာ ထိုင်စောင့်ကျန်ရစ်ခဲ့သည်။

အေလင်က လှေကားထိပ်အရောက် အယ်နီကို လိုက်ပို့ပေးသည်။

"အေလင်၊ ရှင်နဲ့ကျွန်မ စကားပြောချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အယ်နီက လေသံတိုးတိုးဖြင့် ပြောသည်။ အေလင်က ကိုယ်ကိုကိုင်းပြီး သူ့ကို ခပ်ဖွဖွကလေး နမ်းသည်။

"အယ်နီ၊ ဒီည ကြုံတွေ့ရတာတွေက သည်းမခံနိုင်စရာတွေ ဖြစ်နေတာ ကိုယ်သိပါတယ်ကွယ်။ ဒါမျိုး နောက်ထပ် မဖြစ်စေရပါဘူးလို့ ကိုယ်ကတိပေးပါတယ်။ အမှန်တော့ မင်းနဲ့ဖေဖေ့ကို တွေ့ပေးဖို့လိုလို့ ကိုယ်လုပ်လိုက်ရတာပါ။

အခုတော့ တွေ့လည်း တွေ့ပြီးပါပြီ။ မနက်ဖြန်ကျရင် ကိုယ်တို့ နှစ်ယောက်တည်း အေးအေးဆေးဆေး တွေ့ကြရမှာပါ"

"ရှင့်အဖေကို ကျွန်မ သဘောကျပါတယ်၊ ဒါပေမယ့် အေလင်၊ သူ့ကိုတော့ ရှင် ပြောပြထားဖို့ လိုတာပေါ့"

"ဘာပြောပြထားရမှာလဲ"

"အေလင်၊ ရှင်နဲ့ ကျွန်မ လက်ထပ်မှာ မဟုတ်ဘူး။ လက်ထပ်ပါ့မယ်လို့လည်း ကျွန်မ မပြောခဲ့ဖူးဘူး"

အယ်နီ၏ဆံပင်များကို သူက အသာအယာ ပွတ်သပ်ပေးနေသည်။

"မင်း အခုလို စိတ်လှုပ်ရှားနေတာနဲ့ ပတ်သက်ပြီး မင်းကို ကိုယ်အပြစ်မတင်ပါဘူးကွယ်။ ဒီည တွေ့ကြုံရတဲ့ အဖြစ်အပျက်မျိုးတွေကတော့ ဘယ်လို လူမျိုးမဆို တုန်လှုပ်ချောက်ချားသွားမှာ သေချာပါတယ်။

ဒါပေမယ့် မနက်ဖြန်ကျရင် အခုလို မဖြစ်စေရပါဘူး၊ လုံးဝ မတူတဲ့ ပတ်ဝန်းကျင်မျိုးနဲ့ အဖြစ်အပျက်မျိုးကို ကြုံတွေ့ရပါစေမယ်။ နောက်ပြီးတော့ ဒီကိစ္စကို ယုံကြည်သည် ဖြစ်စေ၊ မယုံကြည်သည် ဖြစ်စေ မင်းကို ကိုယ် လက်ထပ်ရမှာပါ"

အယ်နီ့မျက်နှာကို သူက လက်နှစ်ဖက်နှင့် ဆွဲယူလိုက်သည်။

"ရှင်နဲ့ ကျွန်မ လက်မထပ်ဘူး"

"အယ်နီ၊ တခြားတစ်ယောက်နဲ့ မင်း ချစ်နေလို့လား"

"ဘယ်သူနဲ့မှ မချစ်ပါဘူး၊ ဒါပေမယ့်"

"တော်ပါပြီကွယ်၊ ဒါလောက်ဆိုရင် လုံလောက်ပါပြီ။ ကိုယ့်ကို အခွင့်အရေးလေးတစ်ခု ပေးတဲ့သဘောဆိုရင် တော်ပါပြီ"

"ဟေး. . . ပြောမဆုံးပေါင် တောသုံးထောင် လုပ်မနေကြနဲ့တော့လေ၊ နှုတ်ဆက်ပြီး ပြန်လာတော့"

ကားပေါ်ရှိ ဂျိုနီက ကားပြတင်းပေါက်မှ ခေါင်းပြူပြီး လှမ်းအော်သည်။

အေလင်က ကိုယ်ကိုကိုင်းပြီး သာသာကလေး နမ်းသည်။

"မနက်ဖြန် ညခုနစ်နာရီခွဲ လာခေါ်မယ်" ဟုပြောပြီး ကားဆီသို့ ပြန်လျှောက်သွားသည်။

ထိုနေရာမှာပင် အယ်နီ ရပ်နေမိသည်။ အဝေးသို့ မောင်းထွက်သွားသည့် မော်တော်ကားကို လိုက်ကြည့်နေမိသည်။

တကယ်လို့ မိမိတို့အကြောင်းကို ရွှန်နီဝုဖ်က သတင်းစာထဲမှာ ထည့်ရေးမည် ဆိုလျှင်လည်း သတင်းမှားဖြစ်ကြောင်း ဖြေရှင်းချက် ပြန်ရေးခိုင်းရပေတော့မည်။

သူ့အခန်းဆီသို့ လှေကားအတိုင်း ပြေးတက်လာမိသည်။ အခန်းတံခါးတွင် စာအိတ်ဖြူတစ်လုံး ချိတ်ထားသည်ကို တွေ့ရသည်။ ကလေးတစ်ယောက် ရေးသလို မသပ်မရပ် လက်ရေးကလေးများနှင့် ရေးထားသည့် စာကြောင်းကလေးကို တွေ့ရသည်။

*ဘယ်အချိန်ပဲ ပြန်လာလာ ကျွန်မကို နှိုးပါ။ ချက်ချင်း၊ နီလီ*

အယ်နီ လက်မှနာရီကို ငုံ့ကြည့်သည်။

နှစ်နာရီထိုးနေပြီ။

သို့သော်လည်း 'ချက်ချင်း' ဆိုသည့် စာလုံးအောက်တွင် မျဉ်းသားထားသည်ကို တွေ့ရသည်။

နီလီ၏အခန်းဆီသို့ ခပ်ဖြည်းဖြည်း ပြန်လျှောက်သွားပြီး တံခါးကို သာသာခေါက်လိုက်သည်။ နီလီ ကြားမှ ကြားပါလေမည်လားဟု ထင်မိသည်။

ခုတင်ပေါ်မှ လှုပ်ရှားသံကို ကြားရသည်။ တံခါးအောက်မှလည်း မီးရောင်ထွက်နေသည်။ တံခါးပွင့်လာပြီး မျက်လုံးများကို ပွတ်နေသည့် နီလီကို တွေ့ရသည်။

"ဂိုး၆် . . . ဘယ်နှနာရီ ထိုးနေပြီလဲ"

"သန်းခေါင်ကျော်နေပြီ နီလီ၊ ဒါပေမယ့် မင်းစာထဲမှာ ချက်ချင်းဆိုလို့"

"ဟုတ်တယ်၊ အထဲဝင်ပါဦးလေ"

"မနက်ဖြန်အထိ အစောင့်နိုင်ဘူးလား နီလီ၊ ကိုယ် သိပ်ကို ပင်ပန်းနေပြီကွယ်"

"ကျွန်မ မျက်လုံးကျယ်နေပါပြီ၊ နောက်ပြီးတော့ သိပ်ကို ချမ်းနေတယ်"

ကြမ်းပြင်က ရေခဲတုံးလို့ အေးစက်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖိနပ်စီးမထားသည့် နီလီသည် အေးစက်နေသည့် ကြမ်းပြင်ပေါ်တွင် ခြေတစ်ဖက်ချင်း ပြောင်းထောက်ကာ ရပ်နေသည်။

အယ်နီက သူနှင့်အတူ အခန်းထဲသို့ ဝင်လိုက်လာသည်။ နီလီက ခုတင်ပေါ်သို့ ခုန်တက်လိုက်ပြီး စောင်တစ်ထည်ကို ဆွဲခြုံလိုက်သည်။ ဒူးနှစ်ဖက်ကိုလည်း ကွေးထားသည်။ ပြီးတော့မှ အယ်နီကို ပြုံးပြသည်။

"ကဲ. . . ဘာကိစ္စလို့ထင်သလဲ၊ ဗေဒင်ဟောစမ်း"

"နီလီ၊ ပြောရင်ပြော၊ မပြောရင် ကိုယ်သွားအိပ်တော့မယ်"

"ကျွန်မတို့ ပြဇာတ်ထဲမှာ ဝင်ကခွင့်ရပြီ"

"ကောင်းတယ်၊ ကိုင်း- နီလီ မင်းစိတ်မဆိုးဘူးဆိုရင် ကိုယ်သွားတော့. . ."

"ဒါပဲလား၊ ကောင်းတယ်ဆိုတဲ့ စကားလုံးလေး တစ်လုံးတည်းပဲလား၊ ပြီးတော့ ဂွဒ်နိုက်ဆိုပြီး နှုတ်ဆက်တော့တာပဲလား။ အကြီးအကျယ်ဆုံး အဖြစ်အပျက်ကြီးတစ်ခုနဲ့ ကျွန်မကြုံတွေ့နေရတာ မဟုတ်ဘူးလား။ နဘဲမိုးလုံးပြဇာတ်ထဲမှာ ကျွန်မတို့ ဝင်ပြီးကခွင့်ရပြီလေ။ ဒါကို အစ်မက ပေါ့ပေါ့တန်တန် လုပ်ပစ်လိုက်တဲ့ သဘောလား"

"မင်းအတွက် သိပ်ကို ဝမ်းသာပါတယ် ညီမရယ်။ ဒီနေ့ည ကိုယ့်မှာ စိတ်ဆင်းရဲစရာတွေနဲ့ တွေ့ခဲ့ရလို့ပါ"

အယ်နီက သူ့လေသံကို အတတ်နိုင်ဆုံး ဝမ်းသာအားရသံ ဖြစ်အောင် ကြိုးစားထိန်းပြီး ပြောသည်။

နီလီကလည်း အယ်နီပြောသည့်စကားကို ချက်ချင်း စိတ်ဝင်စားလာသည်။

"ဘာဖြစ်တာလဲ၊ အေလင်က အစ်မကို ခွာပြီး တခြားကောင်မတစ်ကောင်နောက် ပါသွားလို့လား၊ ဒါမှမဟုတ်ရင် ဘာဖြစ်တာလဲ"

"မဟုတ်ဘူး နီလီ၊ သူနဲ့ လက်ထပ်ဖို့ ကိုယ့်ကို ပြောနေတယ်"

"ဒါများ ဘာစိတ်ဆင်းရဲစရာလဲ အစ်မရယ်"

"ကိုယ်က သူနဲ့ လက်မထပ်ချင်ဘူး"

"ဒီလိုဆိုရင် သူ့ကို ပြောပြလိုက်ပေါ့"

"ကိုယ်ပြောပါတယ်၊ သူက နားမထောင်ဘူး"

"မနက်ဖြန်ကျရင် သူ့ကို ထပ်ပြောပြလိုက်ပါဦး"

နီလီက ပခုံးနှစ်ဖက်ကို တွန့်ပြသည်။

"ဒါပေမယ့် ဒီအကြောင်းက သတင်းစာထဲမှာ ပါလာတော့မယ်"

နီလီက အယ်နီကို နားမလည်သလို အထူးအဆန်းသဖွယ် ပြန်ကြည့်နေသည်။

"အယ်နီ၊ ရယ်စရာတွေ လုပ်နေပြန်ပြီလား အစ်မရယ်၊ ရိုးရိုး အာမခံကုမ္ပဏီစာရေးလေးတစ်ယောက်နဲ့ အစ်မနဲ့ လက်ထပ်ကြမယ့်ကိစ္စကို ဘယ်လို သတင်းစာဆရာကများ သူ့သတင်းစာကော်လံတွေ အပြန့်တီးခံပြီး ရေးမှာတဲ့လဲ။ ဒီလို သတင်းစာဆရာမျိုး ဒီကမ္ဘာမှာ ပေါ်နေပြီလား"

"ရိုးရိုး စာရေးကလေးဟာ သန်းကြွယ်သူဌေးကြီး ဖြစ်နေပြီ"

အယ်နီပြောသည့်အဓိပ္ပာယ်ကို နောက်ဆုံးတော့ နီလီ နားလည်သွားသည်။

ထို့ကြောင့် ခုတင်ပေါ်မှ ခုန်ဆင်းပြီး အခန်းထဲမှာ လှည့်ကလေတော့သည်။

"အယ်နီ . . . အယ်နီ၊ တို့အစ်မတော့ ပွတာပဲ"

"ဒါပေမယ့် နီလီ၊ သူ့ကို ကိုယ်မချစ်ဘူး"

"ပိုက်ဆံတွေ အများကြီး ရှိလာတဲ့အခါကျရင် ယောကျ်ားတစ်ယောက်ကို ဘယ်လို ချစ်ရမယ်ဆိုတာ အစ်မ နားလည်လာမှာပါ"

"ဒါပေမယ့်၊ ကိုယ် ယောကျ်ား မလိုချင်ဘူး။ ကိုယ်ရနေတဲ့ အလုပ်ကိုလည်း မစွန့်ပစ်လိုက်ချင်ဘူး။ ကိုယ့်ဘဝမှာ ပထမဦးဆုံး အကြိမ်အဖြစ်နဲ့ ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်နေတာပါ။ ဒီလိုဘဝမျိုးကို အလွယ်တကူနဲ့တော့ ကိုယ် လက်လွှတ်မခံနိုင်ဘူး။ ကိုယ်လွတ်လပ်ခွင့်ရခဲ့တာဟာ နှစ်လလောက်ပဲ ရှိသေးတာ"

"လွတ်လပ်ခွင့်. . .၊ ဒါကို အစ်မက လွတ်လပ်ခွင့်လို့ ခေါ်သလား။ လူအများနဲ့ စုပြီး ဘော်ဒါဆောင်ကြီးမှာ အခန်းငှား နေရတယ်။ မနက် ခုနစ်နာရီထိုးရင် ရုံးကို အူယားဖားယား ပြေးရတယ်။ လမ်းထောင့်ထမင်းဆိုင်စုတ်ကလေးမှာ ဖြစ်သလို ထမင်းစားရတယ်။ တစ်ခါတစ်ရံမှာတော့ '၂၁ ပျော်ပွဲစားရုံ' လိုနေရာမျိုးမှာ မစွတာဘယ်လာမီရယ်၊ အမှုသည်တွေရယ်နဲ့ အတူတူသွားပြီး စားရတာတော့ရှိပါရဲ့။

နောက်ပြီးတော့ ပိုးကုတ်အင်္ကျီကလေးနဲ့ ဒီက အအေးဒဏ်ကိုလည်း ခံနေရသေး

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒီလိုဘဝမျိုးနဲ့ လွတ်လွတ်လပ်လပ် နေချင်တာလား။ ဒီလို ဆင်းရဲနေရတာကို လွတ်လပ်ခွင့်လို့ သတ်မှတ်လား။

မနက်ဖြန်ဆိုရင် နိုဝင်ဘာလ တစ်ရက်နေ့ ရောက်ပြီ။ ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလ ရောက်အောင် စောင့်ကြည့်လိုက်စမ်းပါဦး။ နယူးယောက်မြို့မှာ ဖေဖော်ဝါရီလဆိုတာ သိပ်ကို ကြောက်စရာကောင်းတယ်။ ရာသီဥတု သိပ်ဆိုးတယ်။

အခု အစ်မအခန်းထဲက အပူပေးတဲ့ စက်ကလေးနဲ့ အဲဒီ အအေးဒဏ်ကို ကာကွယ်နိုင်မယ်လို့များ အစ်မထင်နေလို့လား။ ဒီစက်ကလေးဟာ မီးခြစ်ဆံလောက်ပဲ အသုံးဝင်တော့မှာ။ မီးခြစ်ဆံက ပူတဲ့အပူမျိုးလောက်ပဲ ပေးနိုင်တော့မှာ။ ဒီလို ဘဝမျိုးနဲ့ ဘာတွေကိုများ စွန့်လွှတ်နေရမှာလဲ၊ ဘယ်လို အဖိုးတန်တဲ့ အရာဝတ္ထုတွေကိုများ အစ်မက စွန့်လွှတ်နေရမှာလဲ။ ကျွန်မကို ပြောပြစမ်းပါဦး"

"အယ်နီဆိုတာ အယ်နီပဲ။ ဒီဘဝကို စွန့်လွှတ်ရမယ်။ ကိုယ့်ဘဝရဲ့ ရှေ့ရေးတွေကို စွန့်လွှတ်ရမယ်။ ကိုယ့်ဘဝကြီးတစ်ခုလုံးကို စွန့်လွှတ်ရမယ်။ ကိုယ့်ဘဝကြီးတစ်ခုလုံး နိဒါန်းလေးမှ မပျိုးခင် စွန့်လွှတ်လိုက်ရမယ်။

နီလီ၊ ကိုယ့်မိသားစုထဲမှာ ဘယ်သူမှ ဘာမှ မဖြစ်ခဲ့ကြဘူး။ သူတို့ဘဝမှာ လင်ယူတယ်။ သားမွေးတယ်။ ဒီအလုပ်ပဲ သူတို့လုပ်နေကြတယ်။ သူတို့ မဖြစ်ခဲ့ဘူးသေးတာတွေ ဖြစ်အောင် ကိုယ်လုပ်ရမယ်။ သူတို့ မခံစားခဲ့ဘူးတဲ့ စိတ်အာရုံတွေကို ခံစားရမယ်။

နောက်ပြီးတော့. . . "

"အဲဒီလို သူတို့ မဖြစ်ခဲ့တာတွေ အခုဖြစ်ပြီ မဟုတ်လား။ စိုင်ကော်လို့ ချူပေါ်ရောက်ပြီ မဟုတ်လား။ နှစ်ပြားတစ်ပဲတန် ဖိနပ်စီးပြီး တစ်ပဲခြောက်ပြားတန် အဝတ်အစားကို မဝတ်ရတော့မှာမို့ အစ်မက မကျေမနပ် ဖြစ်နေတာလား။

အယ်နီ၊ ဒီအခွင့်အရေးကြီးကို လက်လွှတ်လိုက်ရင် နောက်ထပ် ဒီလို အခွင့်အရေးမျိုး ဘယ်တော့မှ ပြန်ရတော့မှာ မဟုတ်ဘူး။ ကုမ္ပဏီတစ်ခုမှာ အတွင်းရေးမှူးမကလေး လုပ်နေရင်းနဲ့ နောက်ထပ် သန်းကြွယ်သူဌေးကြီးတစ်ယောက် ဖြုန်းခနဲ ရောက်လာပြီး-

'အိုကေ အယ်နီ၊ ကိုယ်တို့နှစ်ယောက် လက်ထပ်ကြစို့ရဲ့'လို့ လာပြောမယ်များ ထင်နေသလား၊ ဟားဟား ဝေးပါသေးရဲ့၊ ဝေးပါသေးရဲ့"

"ပိုက်ဆံရှိတဲ့လူကိုပဲ ကိုယ်က ရွေးပြီးရှာနေတာ မဟုတ်ပါဘူးကွယ်။ ပိုက်ဆံဟာ ကိုယ့်အတွက် အရေးမကြီးပါဘူး"

"အစ်မက ဆင်းမှ မဆင်းရဲဘူးသေးဘဲကိုး"

နီလီက နှာခေါင်းရှုံ့လိုက်သည်။

"နီလီ၊ ကိုယ်မေးစမ်းပါရစေဦး၊ အခုဆိုရင် မင်းဟာ သိပ်ကို စိတ်လှုပ်ရှားနေတယ်။ စိတ်ခံတက်ကြွနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်း အင်မတန် ကချင်တဲ့ နဘ်မိုးလုံးပြဇာတ်ထဲမှာ ဝင်ပြီး ကခွင့်ရလို့ ဖြစ်တယ်။

မင်းတို့ နှစ်ပတ် သုံးပတ်ကြာအောင်ဇာတ်တိုက်ပြီးတဲ့အခါမှာ အေလင်လိုလူမျိုးမင်းဆီကို ရောက်လာပြီ ဆိုပါတော့၊ သူနဲ့ လက်ထပ်ဖို့ မင်းကို ပြောပြီဆိုပါတော့၊ မင်း အင်မတန် ကပြချင်တဲ့ ပြဇာတ်ကြီးကိုလည်း ရုံမတင်ရသေးဘူး။ လက်ထပ်ဖို့ သူ တောင်းဆိုတဲ့အတိုင်း မင်း လက်ခံလိုက်မှာပဲလား"

"ဘာဖြစ်လို့ လက်မခံရမှာလဲ၊ ချက်ချင်းလက်ခံလိုက်မှာပေါ့။ ကျွန်မဟာ အနုပညာနဲ့ ပတ်သက်ပြီး သိပ်ကို ပါရမီထူးချွန်တဲ့ လူတစ်ယောက်ဖြစ်တယ်ပဲ ဆိုကြပါစို့။ အဲဒီ ထူးချွန်မှုကို ထုတ်ဖော်ပြသနိုင်မယ့် အခွင့်အရေးမျိုးရအောင် အခွင့်အခါကို စောင့်ရဦးမယ်။ နှစ်ပေါင်းများစွာ မနားမနေ ကြိုးစားရဦးမယ်။

အဲဒီလို ကြိုးစားတဲ့အတွက် ကျွန်မ ဘာတွေ ရလာမလဲ ငွေတွေရမယ်၊ နာမည်ကြီးမယ်၊ လူအများက လေးစားကြမယ် ဒါပဲ။

ဘာတွေပဲပြောနေနေ နောက်ဆုံးကျတော့ အဖြေဟာ ဒါပဲ ရှိတယ်။ နှစ်ပေါင်းများစွာ မနေမနား သေကောင်ပေါင်းလဲ ကြိုးစားပြီးမှ ကျွန်မ ရလာမယ့် ရလဒ်ဟာ အဲဒါတွေပဲရှိတယ်။

အေလင်နဲ့ လက်ထပ်လိုက်ရင် ဒါမျိုးတွေ ရဖို့အတွက် ချွေးတစ်စက်ကျအောင် လုပ်နေဖို့ မလိုတော့ဘူး"

ထိုစကားများကို ကြားရသောအခါ အယ်နီခမျာ သူ့နားကိုပင် သူ မယုံနိုင်အောင် ဖြစ်ရလေတော့သည်။

နီလီ၏မျက်နှာကို လှမ်းကြည့်မိသည်။ အသက် ဆယ့်ခုနစ်နှစ် ဆိုသော်လည်း ထို့ထက်ပင် အသက်ငယ်နေသေးသည်ဟု ထင်

www.burmeseclassic.com

www.burmeseclassic.com



မှတ်ရသည်။ စိတ်အလိုကို အလွန်လိုက်လွန်းသည့် မိန်းကလေး ဖြစ်နေသည်ကို တွေ့ရတော့သည်။ အာသာရမ္မက်ကို ရှေ့တန်းတင်သည့် မိန်းကလေး ဖြစ်နေကြောင်း တွေ့ရတော့သည်။

အယ်နီ အများကြီး ပင်ပန်းသွားပြန်ပါပြီ။ သူနဲ့ ဖက်ပြိုင်ပြီး ငြင်းမနေနိုင်တော့။ ထို့ကြောင့်လည်း တံခါးဆီသို့ လျှောက်လာခဲ့သည်။

"ဂွတ်နိုက် နီလီ၊ မနက်ဖြန်ကျတော့မှ ဒီအကြောင်းကို ကိုယ်တို့ ပြောကြတော့မယ်"

"ဘာမှ ပြောမနေပါနဲ့၊ သူနဲ့သာ လက်ထပ်လိုက်ပါ။ နဘဲမိုးလုံးပြဇာတ်ကြီး မစွဲဘူးဆိုရင် ကျွန်မလည်း အစ်မတို့နဲ့ လာနေနိုင်တာပေါ့"

*

နိုဝင်ဘာ၊ ၁၉၄၅

နာရီနှိုးစက် မြည်သည်နှင့် တစ်ပြိုင်တည်း အိပ်ရာမှ အယ်နီ နိုးလာသည်။

သူ့ထုံးစံအတိုင်း ကြည်ကြည်လင်လင် နိုးလာခြင်း ဖြစ်သည်။ သို့သော် သူ့စိတ်များ ကြည်လင်လာသည်နှင့် တစ်ပြိုင်တည်း စိတ်ထဲမှာ တစ်စုံတစ်ရာက အနှောင့်အယှက် ပေးသလို ဖြစ်နေမိပြန်သည်။

တစ်ခုခုတော့ မှားနေပြီ။

အေလင်၊ မနေ့ကည၊ သတင်းစာဆရာ ရွှန်နီဂုဖ်၊ သူ့ခေါင်းထဲမှာ အစီအရီပေါ်လာသည်။

သူ အတတ်နိုင်ဆုံး ကြိုးစား လုပ်ခဲ့ပါသည်။ သို့သော်လည်း လက်မထပ်နိုင်ပါဘူး၊ မချစ်နိုင်ပါဘူး ဆိုသည့်စကားမျိုးကို မည်သည့် စကားလုံးများနှင့် အစားထိုးပြီး ပြောနိုင်ပါမည်နည်း။

ခပ်သုတ်သုတ် အဝတ်အစားလဲသည်။ ရုံးသို့ရောက်သည်နှင့်တစ်ပြိုင်တည်း အေလင်ကို ဖုန်းလှမ်းဆက်ရမည်။ ဒီပြဿနာ တစ်ထိုင်တည်းနှင့် အပြီးအပြတ် ဖြေရှင်းပစ်ရတော့မည်။

ရုံးသို့ သူ ရောက်လာသောအခါ ရုံးဝတွင် လူပေါင်း များစွာ မတ်တတ်ရပ်နေကြသည်ကို တွေ့ရသည်။

ရုံးတွင်းသို့ ဝင်သာအောင် လမ်းဖယ်ပေးကြသည်။ သူတို့ကြားထဲမှ တိုးဝှေ့ပြီး ရုံးတွင်းသို့ ဝင်လာသည့်အချိန်မှာပင် ထိုလူအုပ်ထဲမှ တစ်ယောက်က အော်ပြောလိုက်သည့် အသံကို ကြားရသည်။

"ဟေး. . . အဲဒီ အမျိုးသမီးပဲကွ"

ကင်မရာများက လျှပ်တစ်ပြက် မီးများ ပွင့်သွားကြသည်။ မေးခွန်းပေါင်းစုံကို အော်ဟစ်မေးမြန်းကြသည်။

ထိုလူအုပ်ကြီးကြားထဲမှ တိုးဝင်ခဲ့သည်။ သို့သော် လူအုပ်ကြီးက ရုံးတွင်းသို့ သူ့နောက်မှ ဝင်လိုက်လာသည်။ သူ့နာမည်ကို တကြော်ကြော် အော်ဟစ်ခေါ်နေကြသည်။

ကလေးဘဝတုန်းက မက်ခဲ့ဖူးသည့် အိပ်မက်ဆိုးဆိုးနှင့်ပင် တူနေသေးတော့သည်။ အိပ်မက်ထဲမှာ ဘေးဒုက္ခတစ်ခုခုနှင့် တွေ့ရပြီး အကူအညီရလိုရငြား အော်ဟစ် အကူအညီ တောင်းသည်။ သို့သော်လည်း အကူအညီပေးမည့်သူ မရှိသကဲ့သို့ ဖြစ်နေသည်။

ဧည့်ကြိုစာရေးမလေးကို တွေ့ရသည်။ သူ့မျက်နှာ ပြုံးနေသည်။ အတွင်းရေးမှူး အမျိုးသမီးနှင့် မစ္စစတိန်းဘတ်ကို တွေ့ရသည်။ သူတို့အားလုံးလည်း ပြုံးနေကြသည်။

နောက်ဆုံးတော့ သူ့စားပွဲအနီးမှာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ရင်း သူ ရပ်နေမိသည်။ သူက တစ်ယောက်တည်း။ သူ့ပတ်လည်မှာ လူပေါင်းများစွာ ဝိုင်းနေကြသည်။

"မစ္စဝဲလ်စ်၊ အေလင်ကူးပါးနဲ့ ဘယ်မှာ တွေ့လာကြတာပါလဲ"

ကင်မရာမှ လျှပ်တစ်ပြက်မီးများ ပွင့်သွားကြပြန်သည်။

"ဟေး အယ်နီ၊ ဒီဘက်ကို တစ်ချက်လောက် လှည့်ကြည့်လိုက်ပါဦး၊ နည်းနည်းကလေး ပြုံးလိုက်စမ်းပါဗျာ"

ကင်မရာမီးများ. . . ကင်မရာမီးများ. . . ပွင့်မဆုံး၊ ရိုက်မဆုံးတော့။

"ဘုရားရှိခိုးကျောင်းမှာ သွား..ပြီး လက်ထပ်မှာပါလား မစ္စဝဲလ်စ်"

"ဟေး အယ်နီ၊ ဆင်းရဲတဲ့ မိန်းကလေး စင်ဒရဲလားက သူ့ရဲ့အလှကြောင့် ထင်ပေါ်လို့ စင်တော်ကကောက်ခံရသလိုများ စိတ်ထဲမှာ ခံစားနေရပါသလား"

အသံကုန် အော်ဟစ်ပြီး ငိုလိုက်ချင်သည်။

နောက်ဆုံးတော့ သူတို့ကို လွတ်အောင်ရှောင်ပြီး ဟင်နရီဘယ်လာမီ၏ ရုံးခန်းထဲသို့ ပြေးဝင်လာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com

ရုံးခန်းအတွင်းသို့ ဒရောသောပါး ပြေးဝင်သွားသောကြောင့် အရှိန် လွန်မသွားအောင် လိုင်ယွန်ဘတ်က ဆီးကြိုဖမ်းကိုင်လိုက်ရသည်။

သူ စကားပြောဖို့ကြိုးစားပါသေးသည်။ သို့သော်လည်း နောက်က လူအုပ်ကြီးသည် တံခါးကို အတင်းတွန်းထိုးဖွင့်ကာ ဝင်လာပြန်သည်။

ဟင်နရီက ပြုံးနေသည်။ ဝင်လိုက်လာသည့် လူအုပ်ကြီးကို လှိုက်လှိုက်လှဲလှဲ ဆီးကြိုနေသည်။ လိုင်ယွန်ဘတ်ကို လှမ်းကြည့်လိုက်သောအခါတွင်လည်း သူပါ ပြုံးနေသည်ကို တွေ့ရသည်။

ဟင်နရီက အယ်နီကို လာပြီး သိုင်းဖက်သည်။ အဖေ တစ်ယောက်က သမီးတစ်ယောက်ကို တယုတယ ဖက်သည့်ပုံမျိုး ဖြစ်သည်။

"ကဲ အယ်နီ၊ ဒါတွေဟာ တဖြည်းဖြည်းနဲ့ ကျင့်သားရသွားမှာပါ။ သန်းကြွယ်သူဌေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် စေ့စပ်ကြောင်းလမ်းကြတယ်ဆိုတာ ဒီကမ္ဘာပေါ်မှာ နေ့တိုင်းဖြစ်နေတဲ့ ကိစ္စမျိုး မဟုတ်ပါဘူး"

အယ်နီတစ်ကိုယ်လုံး နတ်ကျသလို တဆတ်ဆတ် တုန်နေသည်ကို ဟင်နရီ သတိထားမိသွားသည်။ ထို့ကြောင့်လည်း ပို၍ တင်းကျပ်စွာ ပွေ့ဖက်ထားသည်။

"လာပါ အယ်နီ၊ စိတ်ကို ထိန်းထားပါ။ ပြောစရာရှိတာကို ပြောပြပါ။ မင်း ပြောပြတော့မှပဲ ဒီသတင်းထောက်တွေခမျာ သတင်းရေးခလေး ရရှာကြမှာပါ"

အယ်နီက သတင်းထောက်များကို မျက်နှာချင်းဆိုင်လိုက်သည်။

"ရှင်တို့ ဘာလိုချင်တာလဲ"

"ဟောဒီ သတင်းနဲ့ပတ်သက်ပြီး သူတို့က နောက်ဆက်တွဲသတင်း လိုချင်ကြလို့ပါ"

ဟင်နရီက ခါးကိုင်းပြီး စားပွဲပေါ်မှ သတင်းစာတစ်စောင်ကို လှမ်းဆွဲယူသည်။

မျက်နှာဖုံးမှ ဓာတ်ပုံကြီးကို အယ်နီက ငေးစိုက်ကြည့်နေမိသည်။ သူနှင့် အေလင်တို့ နှစ်ယောက် ပြုံးနေကြသည်။ နောက်ကျောဘက်တွင် မြင်းကျားရေများ ဖုံးအုပ်ထားသည့် နံရံ၊ ခေါင်းစဉ်စာလုံးများကလည်း မည်းနက်ပြီး ထင်းခနဲ ဖြစ်နေသည်။

**ဘရော့ဒ်ဝေးလမ်းမပေါ်မှ နောက်ဆုံးပေါ်**

**စင်ဒရဲလား**

**အတွင်းရေးမှူးမလေးနှင့် အေလင်ကူးပါး လက်ထပ်မည်**

ဟင်နရီက သူ့ကို လာဖက်ပြန်သည်။

"ကောင်းပြီ မိတ်ဆွေတို့၊ ဓာတ်ပုံတစ်ပုံ ရိုက်လိုက်ပါဦး။ ဒီ ဓာတ်ပုံကို 'ဟင်နရီဘယ်လာမီက သူ၏ သန်းကြွယ် အတွင်းရေးမှူးကလေးကို ချီးကျူးထောမနာ ပြုနေပုံ' လို့ ပုံစာ ရေးပေးကြစမ်းပါ"

လျှပ်တစ်ပြက်မီးများ ပွင့်ကြပြန်သည်။

"ပြုံးလိုက်ပါဦး" ဟု တစ်ယောက်က ပြောသည်။

"နောက်တစ်ပုံ ရိုက်ပါရစေဦး" ဟု နောက်တစ်ယောက်က ပြောသည်။

အခြား တစ်ယောက်က ကုလားထိုင်တစ်လုံးပေါ် တက်ရပ်ပြီး အပေါ်စီးမှနေ၍ ဓာတ်ပုံရိုက်သည်။

"ဒီဘက်ကိုကြည့်ပါဦး"

"ဟိုဘက်ကို ကြည့်ပါဦး"

"နည်းနည်းမော့လိုက်ပါဦး"

အသံမျိုးစုံ၊ တောင်းဆိုချက် မျိုးစုံတို့ကို ကြားနေရသည်။

သို့သော်လည်း အယ်နီ၏ နားထဲမှာတော့ အဝေးကြီးကနေပြီး အော်ဟစ်ပြောဆိုနေကြသည့် အသံများဟု ထင်မှတ်နေမိသည်။ မကြားတစ်ချက်၊ ကြားတစ်ချက်။

အသံပေါင်းစုံကြားထဲမှာ နားလည်း အူနေပြီ။ ရူးလိုက်ချင်ပြီ။

ထိုကြားထဲက လိုင်ယွန်ဘတ် မိမိကို ပြုံးပြုံးကြီးလုပ်ပြီး ကြည့်နေလိမ့်မည်ဟုလည်း စဉ်းစားလိုက်မိသည်။

ဟင်နရီက ဧည့်သည်များနှင့် လက်ဆွဲနှုတ်ဆက်နေသည်။ထို့နောက် သူတို့ကို အခန်းအပြင်သို့ လိုက်ပို့နေသည်။ တံခါးပိတ်လိုက်သည့်အချိန်မှာပင်-

"ဟုတ်ပါတယ်၊ သူတို့နှစ်ယောက် ကျွန်တော့်ရုံးခန်းမှာပဲ တွေ့သွားကြတာ ဖြစ်ပါတယ်" ဟူသော ဟင်နရီ၏ ပြန်ဖြေသံကိုလည်း ကြားလိုက်ရလေသည်။

သူမတစ်ကိုယ်လုံး အားအင်ကုန်ခန်းနေသည်။ ပိတ်သွားသည့် တံခါးကို ငူငူကြီး ငေးကြည့်နေမိသည်။ အခန်းထဲမှာ ချက်ချင်း တိတ်ဆိတ်သွားသည်။ စိတ်လှုပ်ရှားရသည့် ဒုက္ခထက်ပင် ပိုမိုကြီးမားသည်ဟု ထင်မှတ်မိ

www.burmeseclassic.com

သည်။

လိုင်ယွန်က သူ့ဆီသို့ လျှောက်လာသည်။ အသင့် မီးညှိထားသော စီးကရက်တစ်လိပ်ကို လှမ်းပေးသည်။ အယ်နီက အားပါးတရ ဖွာရှိုက်လိုက်မိသောကြောင့် မီးခိုး သီးသွားသည်။

"စိတ်အေးအေးထားပါ"

လိုင်ယွန်က ဝမ်းသာသည့်လေသံမျိုးဖြင့် ပြောသည်။

အယ်နီသည် ကုလားထိုင်တစ်လုံးပေါ်သို့ အရုပ်ကြိုးပြတ်ကျသွားသည်။ ပြီးတော့ လိုင်ယွန်ကို မော့ကြည့်နေမိသည်။

"ကျွန်မ ဘာလုပ်ရမှာလဲရှင်"

"မင်းလုပ်တာတွေ မှန်ပါတယ်။ ဒီလို သတင်းစာဆရာတွေနဲ့ တွေ့ရတာဟာလည်း နောက်တော့ ကျင့်သားရသွားမှာပါ။ တစ်နေ့ကျရင် သတင်းစာဆရာတွေနဲ့ ဒီလို တွေ့နေရတာကိုပဲ မင်း သဘောကျနေပါလိမ့်မယ်"

"အေလင့်ကူးပါးနဲ့ ကျွန်မ လက်ထပ်မှာ မဟုတ်ဘူး"

"ဒီလိုလည်း စိတ်မလှုပ်ရှားနဲ့လေ၊ သတင်းစာမျက်နှာဖုံးမှာ ကိုယ့်အကြောင်း ပါလာတယ်ဆိုရင် လူတိုင်း စိတ်လှုပ်ရှားကြတာချည်းပါပဲ"

ရုံးခန်းအတွင်းသို့ ဟင်နရီ ပြန်ဝင်လာသည်။ ပြီးတော့ အယ်နီကို ဂုဏ်ယူဝင့်ကြွားသည့် အကြည့်မျိုးနှင့် ကြည့်နေသည်။

"အင်း- ပြောစမ်းပါဦး အယ်နီ၊ မနေ့တုန်းကတော့ ကျုပ်ကို မင်း ဘာဖြစ်လို့ အရူးလုပ်တာလဲ၊ ဒီသူငယ်နဲ့ ဒီလို အတည်ပေါက်ဖြစ်နေတယ် ဆိုတာကိုသာ စောစောက သိထားရရင် မနေ့က ပြောတဲ့စကားမျိုးတွေကို ဘကြီး ပြောမိမှာ မဟုတ်ပါဘူး"

"ဒါမျိုးနဲ့ ပတ်သက်လာရင် အယ်နီဟာ ပါရမီရှင် တစ်ယောက်ပါပဲ။ တခြား လူတွေ စကားပြောဖြစ်အောင်ပဲ သူ လုပ်တတ်လေ့ရှိတယ်။ သူကတော့ ပြောမှာ မဟုတ်ဘူး"

လိုင်ယွန်က ဝင်ပြောသည်။

သူ့လည်ချောင်းထဲမှာ တစ်ဆို့လာသည်။

'မိန်းကလေးဆိုတာ လူသူလေးပါးရှေ့မှာ မျက်ရည်မကျရဘူး'

ရှုလိုက်ချင်ပြီ။ စိတ်ရှိလက်ရှိ ခုန်ပေါက်ပြီး ရှုပစ်လိုက်ချင်ပြီ။

လိုင်ယွန်က အေးတိအေးစက် ပြုံးနေသည်။ ဟင်နရီက အလွန် ဂုဏ်ယူဝင့်ကြွားသည့် ဖခင်တစ်ယောက်၏ပုံစံမျိုး ဖမ်းနေသည်။

"မင်းအတွက် ကိုယ်စားလှယ်ခန့်ဖို့ ချက်ချင်း လုပ်ရမယ် အယ်နီ။ မင်း လူတွေ အများကြီးနဲ့ ဆက်ပြီး တွေ့နေရလိမ့်မယ်။ ရုံးအတွက် ဘာမှ မပူနဲ့။ ဘကြီးတို့ နိုင်နိုင်နင်းနင်း လုပ်နိုင်ပါတယ်။ မင်းနေရာအတွက်တော့ လူစားတစ်ယောက် ရှာရမှာပေါ့"

သူ့ခေါင်းတစ်ခုလုံး ပေါ့ပါးသွားသည်ဟု ထင်မှတ်လိုက်ရသည်။ ပြီးတော့ ဗိုက်ထဲမှာ တင်းကျပ်သလို ဖြစ်လာသည်။ ဦးခေါင်းသည် သူ့ခန္ဓာကိုယ်နှင့် ကင်းကွာသွားသည်ဟု ခံစားလိုက်ရပြန်သည်။ လူတိုင်းလူတိုင်းသည် သူ့ထံမှ ထွက်ပြေးသွားကြပြီနှင့်တူသည်။ မိမိကို တစ်ယောက်ထီးတည်း ချန်ထားခဲ့ကြပြီနှင့် တူသည်။

ဟင်နရီက အယ်နီအတွက် ကိုယ်စားလှယ်ခန့်ထားပေးနိုင်ရန် ကုမ္ပဏီတစ်ခုသို့ ဖုန်းဆက်ခိုင်းနေသည်။

"ဒီအလုပ်ကနေပြီး ကျွန်မကို ထွက်သွားစေချင်ကြသလား"

အယ်နီက အသံကို ကြိုးစားထိန်းပြီး မေးသည်။

ဟင်နရီက ပခုံးကို လာဖက်သည်။ လှိုက်လှိုက်လှဲလှဲလည်း ပြုံးနေသည်။

"ဒီအကြောင်းတွေ ပြောမနေပါနဲ့တော့ သမီးရယ်။ သမီး ဘာတွေနဲ့ ရင်ဆိုင်ရဦးမယ်ဆိုတာ စောင့်ကြည့်လိုက်ပါဦး။ မင်္ဂလာပွဲအတွက် ပြင်ဆင်ရမယ်။ ဘယ်သူတွေကို ဖိတ်မယ်ဆိုတာ စာရင်းလုပ်ရမယ်။ ဖိတ်စာအတွက် ပြင်ဆင်ရမယ်။ ကိုယ့်ကို တွေ့ချင်တဲ့ သတင်းစာဆရာတွေကို လက်ခံပြီး တွေ့ရမယ်။ သူတို့မေးတာတွေကို ဖြေရမယ်။ အများကြီးပါပဲ။ ဒါကြောင့် သမီးမှာ ကိုယ်ပိုင်အတွင်းရေးမှူးတစ်ယောက် ခန့်ထားဖို့ လိုနေပြီ"

"ဘကြီး၊ ကျွန်မ ဘကြီးနဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်"

"ကိုယ်သွားလိုက်ဦးမယ်လေ၊ ဟင်နရီကလည်း မင်းကို နှုတ်ဆက်စကားလေးတွေ ပြောချင်ဦးမှာပါ။ မင်း ကံကောင်းပါစေကွာ။ မင်းဟာ အကောင်းဆုံးတွေနဲ့မှ ထိုက်တန်တဲ့ မိန်းကလေးပါ"

လိုင်ယွန်ဘတ်က ထိုင်ရာမှ ထရှေ့


www.burmeseclassic.com

www.burmeseclassic.com

အယ်နီကို မျက်ရိပ်ပြကာ ပြောသည်။

အခန်းတံခါးပိတ်သွားသည်ကို အယ်နီ ငေးစိုက်ကြည့်နေသည်။ ပြီးတော့မှ ဟင်နရီဘက်သို့ ပြန်လှည့်လာသည်။

"ကျွန်မတော့ မယုံကြည်နိုင်လောက်အောင် ဖြစ်နေပြီ။ ဘကြီးတို့ ဒါလောက်တောင် အဖြစ်သဲနေကြဖို့ မလိုပါဘူး"

အယ်နီ၏စကားကြောင့် ဟင်နရီမှာ နားဝေတိမ်တောင် ဖြစ်သွားသည်။

"အဖြစ်သဲတယ် ... ဟုတ်တယ်၊ အဖြစ်သဲရမှာပေါ့။ သမီးအတွက် ဘကြီးတို့ သိပ်ကို ဝမ်းသာနေကြတာကိုး"

"ဒါပေမယ့် အခုလောက် ဖြစ်နေရသလား။ ကျွန်မကို ဒီအလုပ်ကနေပြီး ထွက်သွားတာကို သိပ်ကြည့်ချင်တာပဲလား။ ကျွန်မကို ဘယ်တော့မှ ပြန်မတွေ့ချင်ကြတော့ဘူး မဟုတ်လား။

ကိစ္စမရှိပါဘူးလေ။ ကျွန်မ မရှိရင်လည်း ကျွန်မနေရာမှာ မိန်းကလေး အသစ်တစ်ယောက် ခန့်နိုင်ကြတာပဲ။ ဘကြီးတို့ဘဝကတော့ ဘာမှ မဖြစ်ပါဘူး။ သူ့အရှိန်နဲ့သူ သွားနေကြမှာပါ"

"ကိစ္စမရှိဘဲ နေပါ့မလား သမီးရယ်။ သိပ်ကို ကိစ္စရှိတာပေါ့။ မင်းလို မိန်းကလေးမျိုးတစ်ယောက် ဘကြီးတို့ ထပ်ရနိုင်လိမ့်ဦးမယ်လို့ မင်းထင်သလား။ နောက်တစ်ယောက်ကို ဘကြီးခန့်ချင်နေတယ်လို့ မင်းထင်သလား။ ဒီအတိုင်းသာ ဘကြီးတို့က ဖြစ်ချင်နေတယ်ဆိုရင် ဘကြီးဟာ သမီးရဲ့ မိတ်ဆွေကောင်းတစ်ယောက် ဖြစ်ပါဦးမလား။ သမီးရော ဘကြီးရဲ့ မိတ်ဆွေကောင်းတစ်ယောက် ဖြစ်နိုင်ပါဦးမလား။

ဒါကြောင့် သမီး ဒီကလည်း ထွက်ရော ဘကြီးကို ပြန်မကြည့်ချင်တော့ဘူးပေါ့လေ။

မဖြစ်နိုင်ပါဘူး သမီးရယ်။ သမီးကို ဒီလို လွယ်လွယ်ကလေးနဲ့တော့ ဘကြီးက မခွဲနိုင်ဘူး။ သမီးရဲ့မင်္ဂလာဆောင်ကို ဘကြီးကို ဖိတ်ရမယ်။ သမီးရဲ့အဖေ အဖြစ်နဲ့ ဘကြီး တက်မယ်။ သမီးမွေးလာမယ့် ပထမဆုံး သားဦးရတနာလေးအတွက် ဘကြီးဟာ ဂေါ့ဒ်ဖားသား ဖြစ်ရမယ်။ အကုန်လုံးပါပဲလေ၊ သမီးရဲ့ သားသမီးတွေ အားလုံးရဲ့ ဂေါ့ဒ်ဖားသား ဖြစ်ရမယ်။

နောက်ပြီးတော့ အေလင်ကို ချစ်နိုင်ဖို့လည်း ဘကြီး ကြိုးစားရမယ်။ တကယ်ပြောရမယ်ဆိုရင်လည်း အေလင်ကို ဘကြီးအနေနဲ့ သဘောမကျစရာအကြောင်း မရှိပါဘူး။ ဆန့်ကျင်စရာအကြောင်း မရှိပါဘူး။ သူဟာ သိပ်ကို ချမ်းသာလွန်းတယ်။ ဒါကြောင့် သမီးစိတ်ဒုက္ခရောက်ရမှာကို ဘကြီးစိုးရိမ်တယ်။

ဒါပေမယ့် အခုတော့ ဒီလို မဟုတ်တော့ပါဘူး။ သမီး စိတ်မချမ်းမသာ မဖြစ်နိုင်တော့ပါဘူး။ သူ ချမ်းသာတာတွေကိုလည်း ဘကြီး သဘောကျလိုက်ပါပြီ"

အယ်နီ၏ လည်ချောင်းထဲမှာ တစ်ဆို့လာပြန်သည်။

"ကျွန်မ မရှိတော့တာကို လိုင်ယွန်ကလည်း ဂရုစိုက်မှာ မဟုတ်ပါဘူး"

"လိုင်ယွန်လား၊ ဘာဖြစ်လို့ လိုင်ယွန်က ဂရုစိုက်ရမှာလဲ။ သူ့အလုပ်တွေကို မစ္စစတိန်းဘတ်က လုပ်ပေးနေတာပဲ"

ဟင်နရီ၏ အမူအရာသည် နားမလည်နိုင်သလို ဖြစ်လာသည်။ ပြီးတော့ သူ့အမူအရာ ချက်ချင်း ပြောင်းသွားပြန်သည်။

"အို မဟုတ်သေးဘူး၊ မဟုတ်သေးဘူး အယ်နီ၊ မင်း မဖြစ်နိုင်ပါဘူးနော်။ သူနဲ့အတူတူနေ့လယ်စာကလေး တစ်ခါလောက် စားမိတာနဲ့ သူ့ထောင်ချောက်ထဲကို မင်း ရောက်မသွားနိုင်ပါဘူးနော်"

အယ်နီက အဝေးဆီသို့ လှမ်းငေးကြည့်နေလိုက်သည်။

"မရောက်ပါဘူး၊ ကျွန်မတို့ စကားထိုင်ပြောခဲ့ကြတာပါ။ ကျွန်မထင်တယ်၊ ကျွန်မတို့နှစ်ယောက်ဟာ ရင်းနှီးတဲ့မိတ်ဆွေတွေ ဖြစ်သွားတယ်လို့"

ဟင်နရီက သားရေဖုံးထိုင်ခုံရှည်ပေါ်သို့ ထိုင်ချလိုက်သည်။

"ဒီကိုလာပါဦး"

အယ်နီက သူ့ဘေးမှာ သွားထိုင်သည်။ ဟင်နရီက အယ်နီ၏ လက်နှစ်ဖက်ကို ဆွဲယူဆုပ်ကိုင်ထားသည်။

"ဘကြီးပြောမယ်၊ နားထောင် အယ်နီ၊ ဘကြီးမှာများ သားတစ်ယောက် ရှိမယ်ဆိုရင် အဲဒီသားဟာ လိုင်ယွန်နဲ့ ချွတ်စွပ် တူစေချင်တယ်။ ဒါပေမယ့် ဘကြီးမှာ သမီးလေးတစ်ယောက်လောက် ရှိမယ်ဆိုရင်တော့ လိုင်ယွန်နဲ့ ဝေးဝေးနေဖို့ အဲဒီ သမီးလေးကို သတိပေးမိမှာ အမှန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါလောက်တောင်လည်း မဟုတ်ပါဘူး ဘကြီးရယ်"

"သမီး၊ မင်း မသိသေးဘူးနော်၊ တချို့ ယောက်ျားတွေဟာ မိန်းကလေးတွေအတွက် သတင်းဆိုးတွေ ဖြစ်တတ်တယ်။ မိန်းကလေးတွေ မပေါင်းအပ်တဲ့ ယောက်ျားတွေပဲ။ အေလင်လည်း အဲဒီလို ယောက်ျားမျိုးပဲ။ ဒါပေမယ့် အဲဒီ အသိုင်းအဝိုင်းထဲက အေလင် လွတ်မြောက်လာအောင်တော့ သမီးက ကြိုးစားပြီး ဆွဲထုတ်ပေးနိုင်ရမယ်"

"ဘယ်လို သတင်းဆိုးတွေလဲ"

အယ်နီက ပြန်မေးသည်။

ဟာင်နရီက ပခုံးကို တွန့်လိုက်သည်။

"သူတို့လို လူမျိုးတွေအဖို့ ဘာမဆို အလွယ်ကလေးဖြစ်နိုင်ကြတယ်။ အေလင်လို လူမျိုးဆိုပါတော့။ သူက သိပ်ကို ချမ်းသာတော့ သူ့ပတ်လည်မှာ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတတ်တယ်။ လိုင်ယွန်ကျတော့လည်း ဒီအတိုင်းပဲ။ သူကျတော့ ပိုက်ဆံချမ်းသာလို့ မဟုတ်ဘူး။ ရုပ်ချောလို့၊ မိန်းကလေးတွေ အရူးအမူး ကြိုက်လောက်စရာကောင်းအောင် ချောနေလို့ကိုယ်ကြိုက်တဲ့မိန်းမကို ခေါင်းခေါက်ပြီး ရွေးယူနိုင်စွမ်းရှိတဲ့ သူတို့လိုလူမျိုးတွေဟာ မိန်းမတစ်ယောက်တည်းကို စွဲစွဲလမ်းလမ်း ဖြစ်နေဖို့လည်း မလိုတော့ပါဘူး။ လိုဦးမယ်လို့ သမီး ထင်သလား။

ဒါပေမယ့် အယ်နီ၊ မင်း အခု အေလင်နဲ့ ဖြစ်မိကြပြီ။ ဘယ်လိုလူမျိုးမှ မမျှော်မှန်းနိုင်ခဲ့တဲ့အဖြစ်မျိုးနဲ့ မင်းကြုံရပြီ။ ဒါကြောင့် သမီးအနေနဲ့ အစစအရာရာ သတိထားရတော့မယ်"

"ဘကြီး၊ ကျွန်မ အေလင်ကို မချစ်ပါဘူး။ တစ်လခွဲလောက် သူနဲ့ကျွန်မ တွဲနေတာဟာလည်း ရိုးရိုးခင်တာပါ။ သူ ဘယ်သူလဲဆိုတာကိုတောင်မှ ကျွန်မ မသိခဲ့ရိုး အမှန်ပါ။ အာမခံကုမ္ပဏီတစ်ခုမှာ လုပ်နေတဲ့ ရိုးရိုး အရောင်းစာရေးလေးတစ်ယောက်လို့ပဲ ကျွန်မ ထင်ခဲ့ပါတယ်။ ဒီကြားထဲကနေပြီး လွန်ခဲ့တဲ့ နှစ်ညက ဒီကိစ္စကြီး ဖြုန်းခနဲ ပေါ်လာတော့တာပဲ"

"သူဟာ မင်းအဖို့ လူထူးလူဆန်းတစ်ယောက် ဖြစ်နေတော့တာပေါ့"

ဟာင်နရီမျက်လုံးများ ကျဉ်းသွားသည်။

"ဟုတ်ပါတယ်"

"ဒါပေမယ့် လိုင်ယွန်ကျတော့ တစ်မျိုးပါလား။ နေ့လယ်စာကလေး တစ်နပ်လောက် အတူတူ သွားစားမိတာနဲ့ မင်းတို့ချင်းက သိပ်ကို ရင်းနှီးသွားကြတော့တာပဲလား"

"ဒီလိုလည်း မဟုတ်ပါဘူး ဘကြီးရယ်။ ကျွန်မ အေလင်အကြောင်းကို ပြောနေတာပါ။ သူ့ကို ကျွန်မ လုံးလုံး မချစ်ဘူး။ ဒီကိစ္စထဲမှာ လိုင်ယွန်ကို ဆွဲထည့်ဖို့ မလိုပါဘူး"

"မင်း လိမ်နေတာပဲ"

"ကျွန်မ ကျိန်တွယ်ပြောရဲပါတယ် ဘကြီးရယ်၊ အေလင်ကို ကျွန်မ ဘယ်လိုချစ်လို့မှ မရပါဘူး"

"သူ့ကို မချစ်နိုင်ဘဲနဲ့ တစ်လခွဲလုံးလုံး ဘာဖြစ်လို့ သူနဲ့မင်း တွဲခုတ်နေတာလဲ။ လိုင်ယွန်ရောက်မလာခင်တုန်းကတော့ မင်းတို့နှစ်ယောက် အဆင်ပြေနေကြတာပဲ မဟုတ်လား"

"ဒါ မမှန်ပါဘူး။ သူနဲ့ကျွန်မ တွဲခဲ့ရတဲ့အကြောင်းကလည်း ကျွန်မမှာ အဖော်မရှိလို့ပါ။ ကျွန်မ တွဲရမယ့်လူ မရှိလို့ပါ။ နောက်ပြီးတော့ သူ့အတွက်လည်း ကျွန်မ စိတ်မကောင်းဖြစ်ခဲ့မိပါတယ်။ သူဟာ အန္တရာယ်ပေးတတ်တဲ့လူမျိုး ဖြစ်တယ်လို့လည်း ကျွန်မ မထင်ခဲ့မိဘူး။ ချစ်တဲ့အကြောင်း၊ ကြိုက်တဲ့အကြောင်းကို ကျွန်မတို့နှစ်ယောက် လုံးလုံး မပြောခဲ့ကြပါဘူး။ ယုတ်စွအဆုံး ညဘက် ကျွန်မတို့နှစ်ယောက် ကိုယ့်အိမ် ကိုယ်ပြန်ကြတဲ့အချိန်မှာတောင် နှုတ်ဆက်တဲ့အနေနဲ့ ကျွန်မကို သူ မနမ်းခဲ့ပါဘူး။ နောက်ဆုံးကျတော့ လွန်ခဲ့တဲ့ နှစ်ညကစပြီး. . ."

အယ်နီက စကားရပ်လိုက်သည်။

ဟာင်နရီ အလွယ်တကူနားလည်နိုင်မည့် စကားလုံးကို ရှာဖွေနေသည်။ သူ ဆက်ပြောသောအခါ သူ့အသံက အလွန် တည်ငြိမ်နေသည်။

"ဘကြီး၊ အေလင်ကို ကျွန်မ မချစ်တဲ့အကြောင်း ပြောပြလိုက်ပါတယ်။ သူ့အဖေကိုလည်း ဒီအတိုင်းပဲ ကျွန်မ ပြောပြပါတယ်"

"မင်း သူတို့နှစ်ယောက်စလုံးကို ဒီအတိုင်းပဲ ပြောပြသလား"

ဟာင်နရီ၏အသံက မယုံသင်္ကာသလို အသံမျိုး ဖြစ်နေသည်။

"ဟုတ်ပါတယ်၊ သူတို့နှစ်ယောက်စလုံးကို ကျွန်မ ဒီအတိုင်း ပြောပြခဲ့ပါတယ်"

"ဒီတော့ သူတို့က ဘာပြောသလဲ"

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်မ မယုံကြည်နိုင်လောက်အောင် ဖြစ်နေတာ အဲဒါပေါ့။ သူတို့လို လူစားမျိုးတွေကို ကျွန်မ ဘယ်တုံးကမှ မတွေ့ခဲ့ဖူးဘူး၊ သူတို့ နားမထောင်ချင်တဲ့စကားဆိုရင် နားကို မထောင်တော့ဘူး။ ဘယ်လောက်ပြောပြော အပြောကို မခံဘူး။အေလင်က ကျွန်မကို သူ ချစ်ကြောင်းသာ တွင်တွင်ပြောတော့တာပဲ။ နောက်ပြီးတော့ ပြောသေးတယ်။ တစ်နေ့ကျရင် ကျွန်မလည်း သူ့ကို ချစ်လာရမှာပါပဲတဲ့"

"ဒါလည်း ဖြစ်နိုင်တာပါပဲ။ ကိုယ်ချစ်ကို မရှာနဲ့ သူချစ်ကိုရှာဆိုတဲ့ စကားဟာ မှန်တယ်ကွ"

ဟင်နရီက အေးအေးဆေးဆေး ပြန်ပြောနေပြန်သည်။

"ကျွန်မတော့ မကြိုက်ဘူး၊ ဒီလို အချစ်မျိုးထက်ပိုတဲ့ အချစ်ကိုသာ လိုချင်တယ်"

"ဟုတ်နိုင်တာပေါ့ဗျာ၊ ဟုတ်နိုင်တာပေါ့ဗျာ။ ဒီရုံမှာ ဆက်ပြီး အလုပ်လုပ်နေရင်း အဲဒီ အချစ်မျိုးထက် သာတာကို ရှာမယ်ဆိုတဲ့ သဘောပေါ့ဗျာ"

ဟင်နရီက ငေါ့တော့တော့ လေသံဖြင့် ပြောသည်။

"ဒီမှာ အယ်နီ၊ မင်း ဖြစ်နေတာနဲ့ ပတ်သက်ပြီး ဘကြီးက အဖြေထုတ်ပြရမလား။ ဘကယ်တော့ အေလင်ကို မင်း လှည့်စားနေတာ။ သန်းကြွယ်သူဌေးတစ်ယောက်က မင်းနဲ့ လက်ထပ်ပါရစေလို့ တပူဆာဆာ လုပ်နေတာမျိုး ဖြစ်အောင် မင်းလုပ်နေတာ။ ကြက်ကလေးများကို ကြက်မကြီးက လှည့်စားသလို လုပ်နေရင်းနဲ့ အချိန်ကလေး နည်းနည်းကြာလာတော့ အေလင်က မင်းကို စိတ်ကုန်သွားမယ်။ တခြား အသစ်တစ်ယောက်ရှာမယ်။ အဲဒီအခါကျတော့ လိုင်ယွန်က မင်းနဲ့ ဟိုဟိုဒီဒီ သွားဖို့ပြောမယ်၊ မင်းက လိုင်ယွန်နဲ့ တွဲခုတ်ဦးမယ်။ဒါပဲမဟုတ်လား၊ အစပိုင်းမှာတော့ တွဲခုတ်ကြရုံပေါ့။ တစ်လလောက်တော့ ကောင်းကောင်းကြီး တွဲလိုက်ကြဦးမှာပေါ့။

တစ်နေ့ကျတော့ မင်းဆီကို ဘကြီး ရောက်လာမယ်။ မင်းမျက်လုံးတွေ ရဲရဲနီနေတာကို ဘကြီး တွေ့ရမယ်။ ဘာဖြစ်တာလဲလို့ မေးတဲ့အခါမှာ 'ခေါင်းကိုက်လို့ပါ ဘကြီးရယ်' လို့ မင်းက ပလီစိချောက်ချက် လုပ်မယ်။

ဒါပေမယ့် မင်းမျက်လုံးတွေကတော့ နီမြဲ နီနေကြလိမ့်မယ်။ နောက်ဆုံး မတတ်နိုင်တဲ့အဆုံးမှာ ဘကြီးက လိုင်ယွန်နဲ့ သွားတွေ့ရတော့မယ်။ စိမ်းစိမ်းကားကား မလုပ်ဖို့ ဘကြီးက ကြားဝင် ပြောရတော့မယ်။ ဒီလို ပြောတဲ့အခါမှာ လိုင်ယွန်က 'ဟင်နရီ အယ်နီနဲ့ ကျုပ်တွဲနေတာ မှန်ပါတယ်၊ သူ့ကို ကျွန်တော် သိပ်ကို သဘောကျပါတယ်။ ဒါပေမယ့် ကျွန်တော့်ကို သူ မပိုင်ပါဘူး။ ဒီလို အပိုင်စီးချင်လို့လည်း ဘယ်ရပ့်မလဲ။ အယ်နီကို ပြောပေးစမ်းပါဗျာ။ ပြောပေးမယ် မဟုတ်လား။ ကျွန်တော့်ကို ကျားပိန်တွယ် တွယ်မနေဖို့ ပြောပေးမယ် မဟုတ်လား' လို့ လိုင်ယွန်က ဘကြီးကို ပြန်ပြောမယ်"

"ဒါမျိုးတွေ ကြုံခဲ့ပေါင်းများပြီနဲ့ တူတယ်၊ ဘကြီးရဲ့ အတွင်းရေးမှူးမကလေးတွေ အားလုံးကို ဒီလိုပဲ ပြောပြနေရတာပဲလား"

အယ်နီကလည်း နာကြည်းသည့်စိတ်ဖြင့် ပြန်မေးသည်။

"မပြောဖူးပါဘူးဗျာ၊ ဘယ်အတွင်းရေးမှူးကိုမှ မပြောခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ မင်းလို မိန်းမချော မိန်းမလိမ္မာကလေးတွေကိုမှ ဘကြီး မရခဲ့ဘူးဘဲကိုး။ ဒါပေမယ့် ဘကြီး ပြောခဲ့ဖူးတဲ့ မိန်းကလေးတွေတော့ ရှိပါတယ်။ အကြိမ်ပေါင်းကို တစ်ဒါဇင်မက ပြောခဲ့ရဖူးပါတယ်။ သူတို့ဟာ မင်းလောက် နားမဝေးကြဘူး။

အေး- တစ်ခုတော့ ကံဆိုးတာပေါ့ကွယ်။ ဘကြီး ဒီစကားမျိုး ပြောပြတဲ့ အချိန်မှာ အဲဒီ မိန်းကလေးတွေ အားလုံး လိုင်ယွန်လက်ချက်နဲ့ အသည်းကွဲနှင့်နေကြပြီလေ။ ဘယ်လိုပဲ ဖြစ်ဖြစ် အဲဒီ မိန်းကလေးတွေကတော့ သန်းကြွယ်သူဌေးတစ်ယောက်ကို စွန့်ပြီး လိုင်ယွန်နောက်ကို တန်းတန်းစွဲ မလိုက်ကြဘူး"

"သူ့ကို သက်သက်မဲ့ ဘကြီး အပုပ်ချနေတာ"

"အပုပ်ချနေတာ မဟုတ်ရပါဘူးဗျာ၊ သူဟာ ယောကျ်ားတစ်ယောက်ပဲ။ အိမ်ထောင်မရှိ အချုပ်အနှောင်မရှိ လွတ်လပ်နေတဲ့ ယောကျ်ားတစ်ယောက်ပဲ။ ဒီတော့ ဘယ်မိန်းကလေးကိုမဆို သူတွဲနိုင်တာပေါ့။ သူတွဲတဲ့မိန်းကလေးတိုင်းဟာ အစပိုင်းမှာတော့ အတည်ကြံတယ်လို့ ထင်လိုက်ကြတာချည်းပါပဲ။ ဒီမြို့ထဲမှာ မိန်းကလေးပေါင်း မရေမတွက်နိုင်အောင်ရှိတယ်။ ဒါလောက်တောင် မိန်းကလေးတွေ များနေမှတော့ ဘယ်မိန်းက

www.burmeseclassic.com

www.burmeseclassic.com

လေးကို စွဲစွဲလမ်းလမ်း သူတွဲတော့မှာလဲ"

"ယောက်ျားတိုင်း ဒီလိုသဘောထားမျိုး ရှိကြတယ်လို့ ကျွန်မ မယုံကြည်နိုင်ပါဘူး"

"လိုင်ယွန်ဘတ်ဟာ ယောက်ျားတိုင်းထဲက ယောက်ျားတစ်ယောက်မှ မဟုတ်ဘဲ၊ နယူးယောက်မြို့ဟာ တခြားမြို့ မဟုတ်ဘူး၊ နယူးယောက်မြို့ပဲ။ မိန်းကလေးတစ်ယောက်ကို သားမှတ်မှတ် မယားမှတ်မှတ် သူပေါင်းသင်းမယ့် အချိန်ကတော့ တစ်နေ့မှာ မလွဲမသွေ ရောက်လာရမှာတော့ အမှန်ပေါ့။

ဒါပေမယ့် မိန်းကလေးပေါင်း များစွာနဲ့ သူ ဝဒေအာင်တွဲပြီးတော့မှ အဲဒီအချိန်မျိုးကို ရောက်မှာ။ အဲဒီလို အချိန်မျိုးကို ရောက်ပြီး မိန်းကလေးတစ်ယောက်နဲ့ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းပေမယ့် တခြား မိန်းမတွေနဲ့ ဆက်ရှုပ်မနေဘူးလို့တော့ မထင်လိုက်နဲ့ဦးနော်၊ သူ့အဖို့ မယားဟာ မယားပဲ။ တခြား မိန်းမနဲ့ ဆက်ရှုပ်နေတာကတော့ ဆက်ရှုပ်နေဦးမှာပဲ"

တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာသည်။ အယ်နီက ဖုန်းကို လှမ်းကိုင်ရန် အလိုအလျောက် လက်လှမ်းလိုက်မိသည်။ ဟင်နရီက သူ့ကို လက်ပြပြီး ထိုင်ခိုင်းသည်။

"အောင်မယ် သူဌေးကတော်၊ ထိုင်ပါ ထိုင်ပါ။ ဒီရုံးမှာ ဘာအလုပ်မှ မင်း ဆက်ပြီး လုပ်စရာ မလိုတော့ဘူး"

ဟင်နရီက အယ်နီကို ငေါ်တော့တော့ ပြောရင်း ဖုန်းရှိရာသို့ လျှောက်သွားသည်။

"ဟယ်လို၊ ဟုတ်ပြီ၊ ပြောပါ့မယ်၊ လိုင်း ဆက်ပေးလိုက်။

ဟေး- ဂျနီဖာ၊ အားလုံး ပြီးသွားပြီ။ ဘာလဲ၊ ဟုတ်တယ်၊ အဲဒါရော ဘယ်လိုနေသလဲ၊ သူ အခု ကိုယ့်ရုံးခန်းထဲမှာ ထိုင်နေတယ်၊ ဟုတ်တယ်၊ သူ သိပ်ကို အထိတ်တလန့်ဖြစ်နေတယ်။ သူ့ကို မင်း မြင်စေချင်တယ်။ ကိုယ်ပြောတဲ့ စကားကိုလည်း တစ်လုံးမှ သူ နားမထောင်ဘူးလေ"

ဟင်နရီက အယ်နီဘက်သို့ လှည့်ကြည့်သည်။

"ဂျနီဖာနော့သ်က မင်းကို ဝမ်းသာစကား ပြောပါတယ်တဲ့"

ပြီးတော့ ဖုန်းဘက်သို့ ပြန်လှည့် ပြောပြန်သည်။

"ဟုတ်ပါတယ်၊ သူ ကံကောင်းပါတယ်။ ဒီမှာ သူငယ်မ၊ ကိုယ်ပြောတာကိုလည်း နားထောင်ပါဦး။ ကန်ထရိုက်စာချုပ်က ဒီနေ့ အဆင်သင့်ဖြစ်သွားမှာ၊ ကိုယ် သဘောတူပြီလို့ ပြောလိုက်တာနဲ့ တစ်ပြိုင်တည်း မင်း လက်မှတ်ထိုးဖို့ ပို့ပေးလိုက်တယ်။ ကောင်းပါပြီ ကလေးမရေ။ ညနေ ငါးနာရီလောက်မှာ မင်းနဲ့ တွေ့မယ်လေ"

ဟင်နရီက တယ်လီဖုန်းကို ပြန်ချထားခဲ့သည်။

"အင်မတန်တော်တဲ့ ကလေးမလေး ဂျနီဖာနော့သ်"

"သူက ဘယ်သူလဲ"

"အိုး ဒုက္ခပါပဲ၊ မင်း သတင်းစာလည်း မဖတ်ဘူး၊ မင်းသားကြီးတစ်ပါးနဲ့ သူ ကွာရှင်းပြတ်စဲလိုက်တာ မကြာသေးဘူးလေ။ သတင်းစာတွေက သူ့အကြောင်းကို နေ့တိုင်းလောက် မျက်နှာဖုံးတင်ပြီး ရေးနေကြတာ။ ဒီမြို့ထဲကို သူရောက်လာပုံက မုန်တိုင်းတစ်ခု ဝင်လာတဲ့ အတိုင်းပဲ။ ကာလီဖိုးနီးယားပြည်နယ်က လာတာ။ မင်းအရွယ်လောက်ပဲ ရှိသေးတယ်။

ဒီမင်းသားကြီးနဲ့အကြောင်းပါပြီး ဒါတွေ ဖြစ်လာတာပဲလေ။ မင်းသားကြီးက သူလိုချင်တာ အကုန်ပေးတယ်။ ကတိုးသားရေအင်္ကျီ ယူမလား။ စိန်လက်စွပ်ယူမလား၊ အေပီသတင်းဌာနတို့ ယူပီသတင်းဌာနတို့လည်း သူတို့သတင်းတွေကို တွင်တွင်ရေးနေကြတယ်။

တစ်ကမ္ဘာလုံးမှာရှိတဲ့ သတင်းစာတွေကလည်း သူတို့သတင်းတွေကို အသားပေးရေးနေကြတယ်။ သူတို့ လက်ထပ်ပွဲကြီးကလည်း ခမ်းခမ်းနားနားကြီး၊ နာမည်ကြီးပုဂ္ဂိုလ်တွေ အကုန်တက်ကြတဲ့ မင်္ဂလာဆောင်ပေါ့။ လက်ထပ်ပြီးလို့ လေးရက်လောက်လည်း ကြာရော သူတို့အကြောင်းကို သတင်းစာတွေက ရေးကြပြန်ပြီ။ သူက မင်းသားကြီးနဲ့ ကွာရှင်းပြတ်စဲချင်သတဲ့လေ"

"ဒါပေမယ့်၊ ဘကြီးက လင်ကွာ မယားကွာ အမှုကိုလိုက်တဲ့ ရှေ့နေမှ မဟုတ်ဘဲ"

"မဟုတ်ပါဘူး၊ သူ့မှာ ရှေ့နေကောင်းကောင်း ရှိပြီးသားပါ။ ဒါပေမယ့် သူ့အတွက် လုပ်ငန်းကိုင်ငန်းဆိုင်ရာ မန်နေဂျာအဖြစ် ဘကြီးကို ခန့်ဖို့အတွက် သူ့ကို အကြံပေးတယ်။ သူ့အတွက် မန်နေဂျာတစ်ယောက် လိုနေတာလည်း အမှန်ပဲ။

သူငယ်မကလေးက ရုပ်ချောသလောက်

www.burmeseclassic.com

www.burmeseclassic.com

အင်မတန် မိုက်မဲတဲ့အလုပ်တွေကို လုပ်တယ်။ သူတို့ချင်း လက်မထပ်ခင်ကတည်းက သဘောတူညီမှု တစ်ခုခုကို စာချုပ်စာတမ်းနဲ့ လုပ်ထားသင့်တာပေါ့။ သူက ကွာရှင်းချင်ပြီ ဆိုရင် အချိန်မရွေး ကွာရှင်းခွင့်ရနိုင်မယ့် စာချုပ်မျိုးပေါ့။ အခုတော့ ဒီလို မဟုတ်လို့ပေါ့ဗျာ။ သူလုပ်ချင်တာတွေ လျှောက်လုပ်ပြီးမှ နောက်က လက်စလိုက်သိမ်းပေးနေရတယ်။ အခုလည်း မင်းသားကြီးနဲ့ ကွာရှင်းပြတ်စဲပြီး သူဟာသူ အလုပ်လုပ်ချင်ပြန်သတဲ့"

"အနုပညာနဲ့ ပတ်သက်ပြီး တော်ရောတော်ရဲ့လား"

ဟင်နရီက ပြုံးသည်။

"တော်ဖို့ မလိုပါဘူး၊ သူသာ လုပ်ချင်သပဆိုရင် အချိန်မရွေး ရုပ်ရှင်မင်းသမီး ဖြစ်နိုင်တယ်။ သူလို မိန်းကလေးမျိုးကို မင်း မြင်ဖူးဦးမှာ မဟုတ်ဘူး။ သူ့ကိုယ်လုံးကိုယ်ပေါက်ဆိုပါတော့၊ ဂျနီဖာနေ့သည်ဟာ ဒီကမ္ဘာပေါ်မှာ အချောဆုံး အလှဆုံး မိန်းကလေးလို့တောင် ဘကြီးက ပြောလိုက်ချင်တယ်"

သူက စကားကို ဖြတ်ထားလိုက်သည်။

"အင်း- အမှန်ဆိုရရင်တော့ ဒီစကားလည်း မမှန်သေးပါဘူး။ မင်းကသာ အချောဆုံး အလှဆုံးပါ။ ဟုတ်တယ် အယ်နီ၊ ယောက်ျားတစ်ယောက်က မင်းကို စေ့စေ့ ထိုင်ကြည့်နေမယ်ဆိုရင် မင်းဟာ ကြည့်လေ ချောလေ မိန်းကလေးပဲ။ ဒါပေမယ့် ဂျနီဖာကတော့ ဒီလို မဟုတ်ဘူး။ သူ့ကို မြင်လိုက်တာနဲ့ တစ်ပြိုင်တည်း မြင်လိုက်တဲ့ ယောက်ျားအဖို့ ခတ်လိုက်သလား အောက်မေ့ရမယ်။ ကြည့်စမှာတော့ သိပ်ကိုလှတဲ့ မိန်းကလေး၊ မင်းသားကြီးနဲ့ သူနဲ့ ကွာရှင်းပြတ်စဲလို့ ပြီးတာနဲ့ တစ်ပြိုင်တည်း နဘ်မိုးလုံးပြဇာတ်ထဲမှာ သူ့ကိုထည့်သုံးမယ်။ အဲဒီကတစ်ဆင့် ထိပ်တန်းရုပ်ရှင်ကားတွေမှာ မင်းသမီးအဖြစ်နဲ့ သူ့ကို ငှားလာအောင် ဆက်လုပ်ရမယ်"

"သူ သီချင်း ကောင်းကောင်း ဆိုတတ်သလား"

"ဘကြီး ပြောပါရေလား၊ သူဟာ ဘာမှ မဟုတ်ပါဘူးဆို၊ ဘာမှ တတ်တာ မဟုတ်ဘူး"

"ဒါပေမယ့် နဘ်မိုးလုံး ပြဇာတ်ထဲမှာ သူ့ကို ထည့်သုံးမယ်ဆိုတော့. . ."

"ရိုးရိုးအခန်းကလေးလောက်က စသုံးမှာပါ။ ဇာတ်ရဲ့မင်းသမီးပေါ့ကွာ။ ဟင်လင်က လည်း သဘောကျပါတယ်။ ပြဇာတ်ထဲကျတော့ ဟယ်လင်ရဲ့ ပတ်လည်မှာ မိန်းမချောကလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ သဘောမျိုးပေါ့။

အင်း- ဟယ်လင်တို့၊ ဂျနီဖာတို့ အကြောင်းကို ဘာဖြစ်လို့များ မင်းကို ဘကြီး ပြောပြနေမိတယ် မသိဘူး။ ဒီအကြောင်းတွေက ဘကြီးရဲ့ အကြောင်းတွေပဲ။ မင်းနဲ့ ဘာမှ မဆိုင်တော့ဘူး။ ဘကြီး ဆက်လုပ်သွားရမယ့် အလုပ်တွေသာ ဖြစ်တယ်"

"ဘကြီး၊ ကျွန်မတော့ ဘကြီးနဲ့ပဲ ဆက်ပြီး အလုပ်အတူတူ လုပ်သွားချင်ပါတယ်"

"အဲဒီစကားကို ဘာသာပြန်ပြမယ်၊ 'ဘကြီး ကျွန်မတော့ လိုင်ယွန်ဘတ်နဲ့ပဲ အမိုးတစ်ခုတည်းအောက်မှာ ဆက်ပြီး အတူတူ နေသွားချင်ပါတယ်'၊ ဒါပဲ မဟုတ်လား"

"ဒါလောက်တောင် ဘကြီး ယူဆသောက ရောက်နေတယ်ဆိုရင် ကျွန်မ သူ့ကို လုံးလုံး မကြည့်ဘဲနေပါ့မယ်"

ဟင်နရီက ခေါင်းကို ယမ်းခါလိုက်သည်။

"မင်းဟာ အသည်းကွဲပါရစေလို့ မရမက ပူဆာနေတာနဲ့ တူနေပြီ။ မင်း အသည်းကွဲရမယ့် ဇာတ်လမ်းထဲမှာ ဘကြီး ဝင်မပါနိုင်ဘူး။

ကဲ- မယ်မင်းကြီးမ၊ ဒီအခန်းထဲက ထွက်သွားတော့၊ မင်းကို အလုပ်ထုတ်ပစ်လိုက်ပြီ။ အေလင်ကူးပါးနဲ့ သွားပြီး လက်ထပ်ပါ၊ ပျော်ပျော်ရွှင်ရွှင် စိတ်ချမ်းချမ်းသာသာ နေပါ"

အယ်နီက ထိုင်ရာမှ ထသည်။

"ကောင်းပါပြီ၊ ဒါလောက်တောင် ဖြစ်နေရင် ကျွန်မ သွားမယ်။ ဒါပေမယ့် အေလင်ကူးပါးကိုတော့ ကျွန်မ လက်မထပ်ဘူး၊ တခြားအလုပ်တစ်ခု ရှာမယ်"

အယ်နီက တံခါးဆီသို့ ထွက်လာခဲ့သည်။

"သွားသွား ကြိုက်တာလုပ်၊ အနည်းဆုံး ငါ့မျက်စိအောက်မှာ မင်း ရှိမနေရင် မင်း ဒုက္ခရောက်နေတာကိုလည်း ငါ မြင်နေရတော့မှာ မဟုတ်ဘူး"

"ဘကြီး၊ ဘကြီးဟာ ကျွန်မအတွက် မိတ်ကောင်းဆွေကောင်းတစ်ယောက်မှ မဟုတ်ဘဲကိုး"

"မင်းရဲ့ ဘဝတစ်လျှောက်လုံး မင်းတွေ့ခဲ့ဖူးတဲ့ လူတွေ အားလုံးထဲမှာ ငါဟာ မင်းရဲ့ အကောင်းဆုံး မိတ်ဆွေစစ်မိတ်ဆွေမှန်ပဲ



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုဆိုရင် ကျွန်မ ဒီမှာပဲ ဆက်ပြီး အလုပ်လုပ်နေပါရစေ ဘကြီးရယ်။ ကျွန်မ ပြောနေတာတွေကို ဘကြီး နားမလည်ဘူး နော်။ အေလင်နဲ့ ကျွန်မ လက်မထပ်ချင်ပါဘူး။ ဒါပေမယ့် ဒီကနေ ကျွန်မ အလုပ်ထွက်သွားရင်လည်း တခြားအလုပ်တစ်ခုကို ကျွန်မ ရှာလုပ်ရမှာပါပဲ။ ကျွန်မရတဲ့အလုပ်ဟာလည်း ကျွန်မသဘောကျတဲ့အလုပ်မျိုး ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။

နောက်ပြီးတော့ အေလင်ကလည်း ကျွန်မကို အကျပ်ကိုင်ဦးမယ်။ ဒီက အလုပ်ထွက်သွားပြီး တခြား အလုပ်တစ်ခု ရှာလုပ်တယ် ဆိုရင်လည်း သတင်းစာတွေက ဝိုင်းရေးကြဦးမယ်။ အေလင်ရဲ့အဖေကလည်း မေးခွန်းပေါင်းစုံနဲ့ ကျွန်မကို တိုက်ခိုက်ဦးမယ်။ ဒီဇာတ်လမ်းကြီးကို အေလင်တို့ သားအဖနှစ်ယောက်က ဘယ်လို စလိုက်ကြတယ်ဆိုတာ ဘကြီး မသိဘူးနော်။

လူကို အတင်း ဒရွတ်တိုက်ဆွဲသွားတာ၊ ကိုယ့်ဘက်က စိတ်မပါပေမယ့် သူတို့ လိုချင်တဲ့နေရာရောက်အောင် ဇွတ်အဓမ္မ ဆွဲခေါ်သွားတာ။

ဘကြီးရယ် ကျွန်မကို သနားပါဦး။ ကျွန်မကို ကယ်ပါဦး၊ အေလင်ကူးပါးနဲ့ ကျွန်မ လက်မထပ်ပါရစေနဲ့"

"အယ်နီ၊ သူဟာ အင်မတန် ချမ်းသာတဲ့လူနော်။ သန်းမက၊ ကုဋေမက၊ ကုဋေကုဋာ ချမ်းသာတဲ့လူ"

"လောရင့်စ်ဗီးလ်မြို့မှာတုန်းက ဝီလီဟင်ဒါဆင် ဆိုတဲ့လူနဲ့ လက်ထပ်ရမှာကြောက်လို့ ကျွန်မ ထွက်ပြေးလာခဲ့ရတာပါ ဘကြီးရယ်။ အေလင်လောက်တော့ ကုဋေကုဋာ မချမ်းသာဘူးပေါ့။ ဒါပေမယ့် သူ့မှာလည်း သုံးမကုန်ဖြုန်းမကုန် ပိုက်ဆံ ရှိပါတယ်။နောက်ပြီးတော့ ဝီလီနဲ့ ကျွန်မ ဆိုတာကလည်း ငယ်ပေါင်းတွေ၊ တစ်ယောက်အကြောင်းတစ်ယောက် ကောင်းကောင်းသိကြတယ်။သူ့မိသားစုတွေ အကြောင်းလည်း ကျွန်မသိတယ်။ ဒါလောက် ရှင်းပြနေရင် ကျွန်မအကြောင်းကို ဘကြီး သိလောက်ဖို့ ကောင်းပါပြီ။ ကျွန်မက ငွေကို မက်နေတာ မဟုတ်ပါဘူး"

ခဏကြာအောင် ဟင်နရီ ငြိမ်သွားသည်။ ပြီးတော့မှ နောက်ဆုံးအဖြေကို သူ ပေးတော့သည်။

"ကောင်းပြီလေ၊ မင်းကို ဒီမှာပဲ ဆက်ပြီး အလုပ်လုပ်ခွင့် ပေးလိုက်ပါ့မယ်။ ဒါပေမယ့် စည်းကမ်းချက်တစ်ခုကိုတော့ မင်း လိုက်နာရမယ်။ အေလင်နဲ့ မင်းနဲ့ စေ့စပ်ကြောင်းလမ်းထားတာကို ဖျက်သိမ်းမပစ်ရဘူး"

"ဘကြီး. . . ဘကြီး၊ စိတ်မှ မှန်သေးရဲ့လား ဟင်၊ ကျွန်မ ပြောပြနေတာတွေကိုလည်း ဘကြီး နားမထောင်ဘူး မဟုတ်လား။ အေလင်ကို ကျွန်မ မယူချင်ဘူး"

"သူနဲ့ ယူရမယ်လို့ ဘကြီး မဆိုလိုပါဘူး၊ စေ့စပ်ကြောင်းလမ်းထားမြဲ ထားပါလို့ ပြောတာပါ။ အဲဒါမှ မင်းအဖို့ လုံခြုံမှုရှိမယ်"

"လုံခြုံမှု၊ ဟုတ်လား"

"ဟုတ်တယ်၊ မင်းနဲ့လိုင်ယွန် ဇာတ်လမ်းရှုပ်ကြတော့မှာ မဟုတ်ဘူးဆိုပြီး အနည်းဆုံးတော့ ဘကြီးမှာ အပူရအပင်ရ နည်းသွားမယ်။ လိုင်ယွန်ဟာ တခြား ယောကျ်ားတစ်ယောက်နဲ့ စေ့စပ်ထားတဲ့ မိန်းကလေးမျိုးနောက်ကို အချိန်ကုန်ခံပြီး တကောက်ကောက် လိုက်နေတတ်တဲ့လူစားမျိုး မဟုတ်ဘူး"

အယ်နီက မပြုံးချင် ပြုံးချင်နှင့် ပြုံးလိုက်သည်။

"အင်း- သူ ကောင်းကြောင်းကလေး တစ်ခုလောက်တော့ ဘကြီးက ပြောဖော်ရသေးသားပဲ"

"ဘာကောင်းကြောင်း ပြောရမှာလဲ၊ သူဟာ ဒီလို ဒုက္ခမျိုးကို ခံစားတတ်တဲ့လူစားမျိုး မဟုတ်ဘူး၊ လွတ်လွတ်လပ်လပ် အမျိုးသမီးတွေ သူ့မှာ ရိုက်သတ်လို့ မကုန်နိုင်ဘူး"

"ဒီလိုဆိုရင် ကျွန်မကိစ္စကြီးက ဘယ်လိုလုပ်ရမှာလဲ၊ အေလင်နဲ့ စေ့စပ်ကြောင်းလမ်းတာကို ဒီအတိုင်း တန်းလန်းကြီးထားပြီး ကျွန်မက ဘာလုပ်နေရမှာလဲ"

"ဒီအတိုင်း ကြိုးရှည်ရှည်နဲ့ လှန်ထားလိုက်ပေါ့။ ဒါမျိုးကို မင်း လုပ်နိုင်မှာပါ။ သူ အရှုံးအမူး ဖြစ်လာအောင်တောင် မင်း လုပ်နိုင်သေးတာပဲ။ သူ့ကို အချိန်ဆွဲထားဖို့တော့ မင်း လုပ်နိုင်ရမှာပေါ့"

"ဒီလိုကတော့လည်း ဘယ်ရိုးသားပါ့မလဲ၊ အေလင်နဲ့ ကျွန်မ လက်မထပ်ချင်တာ မှန်ပါတယ်။ ဒါပေမယ့် သူ့ကိုတော့ ကျွန်မ သဘောကျတယ်။မိတ်ဆွေတစ်ယောက်အနေနဲ့ သဘောကျတာကို ပြောတာပါ။ ဘကြီး ပြောသလို လုပ်ရမယ် ဆိုရင် ဘယ်တရားပါ့

www.burmeseclassic.com

www.burmeseclassic.com

မလဲ"

"ရေရှည်ကျရင် တရားလာပါလိမ့်မယ် သမီးရယ်၊ နံပါတ်တစ်အနေနဲ့ ဘကြီးအတွက် တရားမျှတအောင် လုပ်ပေးလိုက်အာနဲ့လည်း အတူတူပဲ။ ဘကြီးတို့ပြဇာတ်ကလည်း ရှုံသွင်းတော့မယ်။ ဒီအတွက် ဘကြီးမှာ အမြဲတမ်း သောကရောက်နေရတာ၊ ဒီကြားထဲ မင်းက တစ်မှောင့်ဆိုရင် ဘကြီး ဘယ်လို ဖြစ်သွားမလဲ၊ စဉ်းစားကြည့်လေ။

နောက်ပြီးတော့ အေလင်အတွက်လည်း မင်းလုပ်တာ တရားပါတယ်။ ဟုတ်တယ်၊ တရားပါတယ်။ အနည်းဆုံး သူ့စိတ် အနည် ထိုင်သွားနိုင်တာပေါ့လေ။ သူ့စိတ်ကိုသူ ပြန်ထိန်းနိုင်တာပေါ့။ ဒါပေမယ့် မင်းအတွက်တော့ တရားမျှတမှု အရှိဆုံးပဲ။ ဘာကြောင့်လဲဆိုရင် လိုင်ယွန်ဘတ်အကြောင်းကို မင်း ပိုပြီး သိလာမှာ ဖြစ်လို့"

အယ်နီက စကားပြောရန် ပြင်လိုက်သည်။ သို့သော်လည်း ဟင်နရီက လက်ပြပြီး တားသည်။

"မင်းစိတ်ထဲမှာ ဘာတွေပဲ ရှိနေနေ သူ့ကို မင်း စိတ်ဝင်စားနေတာတော့ အမှန်ပဲ။ ဒါပေမယ့် စောင့်ကြည့်ပါ။ သတင်းစာတွေကို စောင့်ဖတ်ပါ။ သူဟာ မိန်းကလေးပေါင်း မြောက်မြားစွာနဲ့ ဘယ်လို တွဲနေတယ်ဆိုတာတွေ ဖတ်ရပါလိမ့်မယ်။ တစ်ယောက်ပြီးတစ်ယောက် ထည်လဲနဲ့ တွဲနေတယ်ဆိုတာ တွေ့ရပါလိမ့်မယ်။

'နေ့လယ်စာကလေး တစ်နပ်လောက် အတူတူ စားမိရုံနဲ့ သူ့အပေါ် စိတ်ဝင်စားသွားတာဟာ မှားပါပေါ့ကလား'လို့ မင်း သဘောပေါက်လာလိမ့်မယ်။ နောက်ပြီးတော့ မင်း အသည်းကွဲရတဲ့ အဖြစ်မျိုးနဲ့လည်း ဝေးသွားလိမ့်မယ်။ မင်းရဲ့ အပျိုစင်ဘဝကလေးကိုလည်း မပျက်စီးရအောင် ဆက်ပြီး ထိန်းသိမ်းထားနိုင်လိမ့်မယ်"

အယ်နီ၏ မျက်နှာပေါ်တွင် ရှက်သွေးဖျန်းသွားသည်။ ထို့ကြောင့် ဟင်နရီက ပြုံးလိုက်သည်။

"ဟော ကြည့် အယ်နီ၊ မင်းက ဒါလောက်ကလေး ပြောရုံနဲ့တောင် ရှက်သွားပြီ၊ မနေတတ် မထိုင်တတ် ဖြစ်သွားပြီ။ မင်းမှာ အတွေ့အကြုံ မရှိသေးပါဘူး သမီးရယ်။ အပျိုရည်ကလေး အကြောင်းမဲ့ ပျက်မသွားရအောင် မင်းကိုယ်မင်း စောင့်ရှောက်ပါ"

အယ်နီက ခဏကြာအောင် စဉ်းစားနေသည်။ ပြီးတော့ ခေါင်းယမ်းပြသည်။

"ဒါတစ်ခုတော့ ကျွန်မ မလုပ်နိုင်ဘူး ဘကြီးရယ်၊ လိမ္မာပြီး နေနေရတဲ့ ဘဝမျိုး ကြီး"

"အယ်နီ၊ အချိန်တန်တော့ နွားပိန် ကန်လိမ့်မယ် ဆိုတာလိုပဲ၊ အချိန်တန်တော့ အဖြူအမည်း သဲကွဲလာပါလိမ့်မယ်။ အေလင်နဲ့ ပတ်သက်ပြီး ရိုးရိုးသားသား ဆက်ဆံနိုင်သားပဲ။ 'နယူးယောက်မြို့ကြီးဟာ ကျွန်မအတွက် အသစ်အဆန်းပဲ ရှိနေပါသေးတယ်။ ဒါကြောင့် လွတ်လွတ်လပ်လပ် အပျိုဘဝနဲ့ အားရအောင် နေလိုက်ပါရစေဦး။ လည်လိုက်ပတ်လိုက် ပါရစေဦး၊ လက်ထပ်ဖို့ကိစ္စကို သိပ်မလောပါနဲ့ဦး' လို့ သူ့ကို ပြောပြပေါ့။

မင်း ဘယ်တော့ နှစ်ဆယ့်တစ်နှစ်ပြည့်မှာလဲ"

"မေလမှာ ပြည့်မယ်"

"ကောင်းတယ်၊ အသက် နှစ်ဆယ့်တစ်နှစ် ပြည့်တဲ့အထိ စောင့်ပါဦးလို့ သူ့ကို ပြောပြပေါ့"

"အဲဒီနောက်ကျတော့ ဘယ်လို ဆက်လုပ်ရမှာလဲ"

"မေလ မရောက်ခင်မှာဘဲ နောက်ထပ် အနုမြူဗုံးကြီးတစ်လုံး ကျလာနိုင်ပါသေးတယ်ကွာ၊ အေလင်က နောက်ထပ် အမျိုးသမီး တစ်ယောက်နဲ့လည်း တွေ့သွားနိုင်တယ်။ လိုင်ယွန်ဘတ်လည်း နှစ်ပြားမတန်တဲ့ သတ္တဝါတစ်ကောင် ဖြစ်သွားနိုင်တယ်။ ဘယ်သူ သိနိုင်တာမှတ်လို့၊ ဘာမဆို ဖြစ်နိုင်တာချည်းပဲ။ မင်းကိုယ်တိုင်လည်း အေလင်ကို ချစ်ချင် ချစ်သွားနိုင်တယ်။ ဒါပေမယ့် မေလထဲမှာပဲ မင်းစိတ်ကိုမင်း ပြောင်းလိုက်နိုင်တယ်။ မင်္ဂလာဦးညကို မရောက်မချင်း မင်းရဲ့ အပျိုရည်ကို မပျက်စီးပါစေနဲ့။ ယုတ်စွအဆုံး တစ်ယောက်ယောက်နဲ့ လက်ထပ်ပါတော့မယ်လို့ စိတ်ကို ဒုန်းဒုန်းချပြီးတာတောင်မှ အဲဒီ တစ်ယောက်နဲ့ လက်မထပ်ရသေးခင် ကျူးကျူးလွန်လွန် အဖြစ်မခံနဲ့"

"ဘကြီး ပြောပုံက လွယ်လိုက်တာ"

"ဇဝရက်တောင်ထိပ်ကို တက်နေတယ်ဆိုရင် လွယ်တယ်ဆိုတာ ဘာတစ်ခုမှ မရှိဘူး။ တစ်ကြိမ်မှာ ခြေတစ်လှမ်းပဲ လှမ်းရမယ်။ ဘယ်တော့မှ နောက်ကို ပြန်မကြည့်နဲ့၊ အမြင့်

www.burmeseclassic.com

www.burmeseclassic.com

ဆုံးနေရာကိုသာ လှမ်းကြည့်ထား၊ မျက်ခြည် ပြတ်မခံနဲ့"

*

ဘရောင်းစတုန်းအိမ်သို့ ပြန်ရောက်သောအခါ သတင်းထောက်နှင့် ဓာတ်ပုံဆရာများ အိမ်ရှေ့တွင် စောင့်နေသည်ကို တွေ့ရသည်။ ထို့နောက် သူတို့ သတိမပြုမိအောင် ခေါင်းကို ငိုက်စိုက်ချပြီး လှေကားအတိုင်း ပြေးတက်ခဲ့သည်။ အဆောက်အအုံထဲသို့ ရောက်ပါမှ စိတ်ချရပေမည်။

အတွင်းရောက်တော့ နီလီ စောင့်နေသည်ကို တွေ့ရသည်။

"အယ်နီ၊ ဒီနေ့ မနက် ကျွန်မ အစ်မက ဖုန်းလှမ်းဆက်ပြီး ပြောတော့ ကျွန်မဖြင့် မူးမေ့သွားတော့မယ့် အတိုင်းပါပဲ။ ဟောဒီမှာ အစ်မတို့ စေ့စပ်ကြောင်းလမ်းတဲ့အတွက် ကျွန်မရဲ့လက်ဆောင်"

ခပ်ပြားပြား အထုပ်ကလေး တစ်ခုကို နီလီက လှမ်းပေးသည်။

ပုံဆွဲစာအုပ်တစ်အုပ်ထဲတွင် သတင်းစာဖြတ်ပိုင်းများကို ကပ်ထားခြင်း ဖြစ်သည်။ အယ်နီတို့ စေ့စပ်ကြောင်းလမ်းသည့် သတင်းများနှင့် ဓာတ်ပုံများ ဖြစ်သည်။

"သတင်းစာတွေရှာဖွေပြီး တစ်နေကုန် ကျွန်မ ကပ်နေတာ၊ အခုတော့ အစမို့လို့ ခြောက်မျက်နှာပဲ ရသေးတယ်။ အစ်မတို့ လက်ထပ်တဲ့ အချိန်အထိ ဆက်ကပ်ပေးမယ်။ တို့အစ်မကတော့ သိပ်ကို နာမည်ကြီးတော့မှာပဲ"

*

ထိုနေ့ညက ဇိမ်ခံကားကြီးနှင့် အေလင် ရောက်လာသည်။

"ကိုယ်တို့နှစ်ယောက်တည်း ညစာ အတူတူစားကြမယ်" ဟု သူက ပြောသည်။

"ဒါပေမယ့်၊ ညစာ စားပြီးရင်တော့ ဖေဖေနဲ့ ကော်ဖီသွားသောက်ရမယ်။ ဒီနေ့ည ကိုယ်တို့နှစ်ယောက်တည်းပဲ ရှိရပါစေ့မယ်လို့ မနေ့တုန်းက ကိုယ် ကတိပေးခဲ့တာကို မမေ့ပါဘူး။ ဒါပေမယ့်၊ ဒီနေ့ည လာရွှန်ဒီဟိုတယ်မှာ တိုနီပိုလာရဲ့ တီးဝိုင်းဖွင့်ပွဲ ရှိနေတယ်။ ဖေဖေက အဲဒီကို လိုက်ခဲ့ရမယ်လို့ ပြောနေတော့ ကိုယ်လည်း မငြင်းသာတော့ဘူး"

"ဘာလဲ တိုနီပိုလာဆိုတာ"

"အယ်နီ၊ သူ့သီချင်းတွေကို စွဲတဲ့အထဲမှာ မင်းမပါဘူးလို့တော့ မပြောလိုက်ပါနဲ့ကွယ်"

အေလင်က ပြုံးသည်။

"သူ့နာမည်ကို ကျွန်မ တစ်ခါမှ မကြားဖူးဘူး"

အေလင်က ရယ်သည်။

"စီနာထရာ ပေါ်ပြီးတဲ့နောက် တိုနီပိုလာဟာ နာမည်အကြီးဆုံး အဆိုတော်တစ်ယောက်ပေါ့"

အေလင်က ဒရိုင်ဘာဘက်သို့ ကိုယ်ကို ကိုင်းလိုက်သည်။

"ပန်းခြံထဲက လမ်းအတိုင်း မောင်းပါ။ ရပ်ရမယ့်နေရာကျတော့ ပြောမယ်"

အေလင်က ဒရိုင်ဘာနှင့် သူတို့နောက်ပိုင်း ခုံကြားတွင် ဖြတ်ကာထားသည့် မှန်ကို အပေါ်သို့ တင်လိုက်သည်။

"အယ်နီ၊ မင်းတော့ ဆာနေရောပေါ့။ ဒါပေမယ့် ကိုယ့်မှာ အထူးကိစ္စလေးတစ်ခု ရှိနေလို့ မောင်းခိုင်းရတာပါ"

ပြောပြောဆိုဆိုဖြင့် အယ်နီ၏လက်ကို လှမ်းဆွဲယူသည်။ အယ်နီက လက်ကို ပြန်ရုန်းလိုက်သည်။

"အေလင်၊ ကျွန်မ ရှင်နဲ့ စကားပြောစရာ ရှိနေတယ်"

"အခု မပြောပါနဲ့ဦးကွယ်၊ ခဏကလေးပါ။ မျက်စိကလေး မှိတ်ထားလိုက်စမ်းပါ"

ကတ္တီပါဘူးသေးသေးကလေးတစ်လုံးကို သူ ဖွင့်နေသည်။

"ကဲ မျက်လုံးဖွင့်လိုက်တော့၊ တော်လိမ့်မယ်လို့တော့ ထင်တာပဲ"

ကားထဲမှာ မှောင်နေပါသည်။ သို့သော်လည်း လမ်းမီးများ တစ်ချက်တစ်ချက် ဝင်လာသည့်အတွက် အေလင်၏လက်ထဲမှ ပစ္စည်းကလေးသည် အသက်ဝင်နေသည်။ စိန်လက်စွပ်ကလေး၏ အရောင်က တဖိတ်ဖိတ် လက်နေသည်။

"ကျွန်မ မလိုချင်ဘူး"

အယ်နီက ဘေးဘက်သို့ ရှောင်တိမ်းလိုက်သည်။

"မင်း မကြိုက်လို့လား"

"မကြိုက်လို့ မဟုတ်ပါဘူး၊ ကျွန်မ မြင်ဖူးတဲ့ စိန်လက်စွပ်တွေထဲမှာတော့ အဲဒါကို

www.burmeseclassic.com

www.burmeseclassic.com

သူတဲ့ လက်စွပ်ကလေးတစ်ကွင်းပါ"

"ဆယ်ရတီရှိတယ်၊ ဒါပေမယ့် သွေးအားပုံ ကောင်းလွန်းတော့ အရုပ်ဆိုးလောက်အောင် ပြူးတူးပြဲတဲကြီး ဖြစ်မနေပါဘူး"

အေလင်က အရေးမထားသလို ပုံမှန်လေသံနှင့် ပြောနေသည်။

"ဟုတ်ပါတယ်၊ ကျွန်မတို့ အတွင်းရေးမှူးတိုင်းမှာ တစ်ကွင်းစီ ရှိကြပါတယ်"

အယ်နီက စိတ်ထိခိုက်စွာ ရယ်ရင်း ပြန်ပြောသည်။

"အခုမှပဲ သတိရတော့တယ်၊ အလုပ်ထွက်တော့မယ့်အကြောင်း ဟင်နရီဘယ်လာမီကို နို့တစ်ပေးလိုက်ပြီးပြီလား"

"မပေးပါဘူး၊ အလုပ်ထွက်ဖို့လည်း ကျွန်မ ရည်စူးမထားဘူး။

အေလင်- ကျွန်မ ပြောတာကို အေးအေးဆေးဆေး နားထောင်ပါဦး။ ကျွန်မတို့နှစ်ယောက်ဟာ စေ့စပ်ထားတာ မဟုတ်. ."

အေလင်က စိန်လက်စွပ်ကို အယ်နီ၏ လက်ချောင်းကလေးမှာ လျှိုသွင်းလိုက်သည်။

"အတော်ပဲကွာ၊ အံကိုက်ပဲ"

အယ်နီက သူ့ကို စူးစူးရဲရဲ ပြန်စိုက်ကြည့်နေသည်။

"အေလင်၊ ရှင့်ကို ကျွန်မ ဘာပြောချင်နေတယ်ဆိုတာ ရှင် သဘောမပေါက်ဘူးလား"

"သဘောပေါက်ပါတယ်၊ ကိုယ့်ကို မင်းမချစ်ဘူး ဆိုတာလေ"

"ဒီလိုဆိုရင် ဘာဖြစ်လို့ ဒါတွေ လျှောက်လုပ်နေရတာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ကိုယ် သိပ်ကိုလိုချင်နေပြီဆိုရင် မရနိုင်ဘူးဆိုတဲ့ အရာဝတ္ထုဒီကမ္ဘာပေါ်မှာ မပေါ်ဖူးသေးဘူး။ မင်းနဲ့မတွေ့ခင်တုန်းက မရရင် သေရပါတော့မယ်ဆိုတဲ့ အရာဝတ္ထုမျိုး ကိုယ် မတွေ့ခဲ့ဖူးသေးဘူး။ မင်းကို ကိုယ်ရရမယ်လို့ ဆုံးဖြတ်ချက်ချထားပြီးပြီ အယ်နီ။ ကိုယ့်ကို အခွင့်အရေးကလေးတစ်ခုပဲ ပေးပါ။ မင်းနဲ့ကိုယ်နဲ့ တစ်လခွဲလောက် အတူတူတွဲခဲ့ကြတယ်။ ကိုယ့်ကိုလမ်းပေါ်က လူတစ်ယောက် အဖြစ်နဲ့ပဲ မင်းသိခဲ့တယ်။ ဒါကြောင့် ကိုယ့်ဘဝအမှန်ကိုသိပြီး တစ်လလောက် ကိုယ်နဲ့ နေကြည့်ပါ။ ကိုယ့်ကို မင်း ချစ်ရင်လည်း ချစ်လာလိမ့်မယ်။ မုန်းရင်လည်း မုန်းသွားလိမ့်မယ်။ အဲဒီအတွက်တော့ ကိုယ့်ကို အခွင့်အရေးလေး ပေးပါ"

ဒရိုင်ဘာနှင့် ခြားထားသည့်မှန်ကို သူက ပြန်ချလိုက်သည်။

"ရပြီ၊ စတော့ကလပ်ကို မောင်းတော့"

အယ်နီက ဘာမှ မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

ဤသို့ပင် အပြောင်းအလဲများ ဖြစ်နိုင်သည်ဟု သူ တကယ်ပဲ ယုံကြည်နေလေသလား။ ချမ်းသာသည် ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ အေလင်သည် အေလင်ပဲ ဖြစ်သည်။ သူ့ခန္ဓာကိုယ်သည် ပြောင်းလဲမသွား။ အပေါ်စား ပြင်သစ်စားသောက်ဆိုင်ကလေးထဲမှာ ထိုင်စားနေသည့် အေလင်ပဲ ဖြစ်ဖြစ်၊ အလွန်ထိပ်တန်းကျသည့် အယ်လ်မိုရိုကိုဟိုတယ်ကြီးထဲမှာထိုင်ပြီး ဇိမ်ခံနေသည့် အေလင်ပဲဖြစ်ဖြစ် လူချင်းကတော့ အတူတူပဲ ဖြစ်သည်။

ဘေးကျပ်နံကျပ်ဘဝသို့ မိမိရောက်နေပြီဟု အယ်နီ ခံစားလာရသည်။

စားပွဲကြီးမှာ ထိုင်ပြီး ဟင်နရီဘယ်လာမီကတော့ လွယ်လွယ်ကလေးတွေ ပြောနေသည်။ မိမိကိုလည်း ရာဇသံအမျိုးမျိုး ပေးနေသည်။ သူတို့အဖို့တော့ အပြောက လွယ်လွန်းလှပါသည်။ အေလင်တို့နှင့် သူတွေ့ဖူးသည် မဟုတ်။ သည်ပြဿနာကြီးကို ရင်ဆိုင်ဖူးသည် မဟုတ်။ အေလင်၏ မျက်လုံးများထဲမှာ ရှိနေသည့် အမူအရာများကို ဟင်နရီ မြင်ရသည် မဟုတ်။

ကားစီးလာသည့် တစ်လျှောက်လုံးမှာတော့ အကြီးအကျယ် စိတ်ထိခိုက်ခဲ့ရသည်။ သို့သော်လည်း စတော့ကလပ်သို့ ရောက်သွားသောအခါ အနည်းငယ် နေသာထိုင်သာ ရှိလာသည်။

ဟိုတယ်ထဲမှာ ရှိနေကြသည့်သူများက အေလင်ကို ဆီးကြိုနှုတ်ဆက်ကြသည်။ စားပွဲထိုးများကလည်း အေလင်ကို လိုက်လံပျူငှာကြိုဆိုကြသည်။

ဆယ်နာရီထိုးတော့ ဂျီနို ရောက်လာသည်။ သူလည်း အတူတူပင် ဖြစ်သည်။ စားပွဲပေါင်း များစွာရှိ လူပေါင်းများစွာနှင့် နှုတ်ဆက်သည်။ သူ့အသံက ကျယ်လောင်ကျယ်လောင်နိုင်လှသည်။ဂျီနိုက အသံကျယ်လောင်စွာ အော်ဟစ်ပြောလိုက်တိုင်း အေလင်မှာ မျက်နှာပျက်ပျက်သွားသည်။ နောက်ဆုံးတော့ သူတို့စားပွဲသို့ ဂျီနို ရောက်လာသည်။ ရှမ်ပိန် ပုလင်း ဖွင့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဖေဖေ၊ ဖေဖေ့အသံက သိပ်ကျယ်တာပဲ။ လူတွေ မကြိုက်ဘူး ဆိုတာလည်း ဖေဖေ သိရဲ့လား"

အေလင်က လေသံတိုးတိုးဖြင့် ပြောသည်။

"ဘယ်သူ့ ဂရုစိုက်ရမှာလဲကွ၊ မင်းတို့ ခေတ်လူငယ်တွေ နားထောင်စမ်း၊ လောကကြီးမှာ ငွေရှိရင် ဘာမဆို လုပ်လို့ရတယ်။ ကိုယ် စိတ်ချမ်းသာဖို့သာ အရေးကြီးတယ်။ ကိုယ်စိတ်ချမ်းသာသလို နေဖို့အတွက် ဟိုဟာ မလုပ်ရဘူး၊ ဒီဟာ မလုပ်ရဘူးဆိုတဲ့ စည်းကမ်းချက်တွေ လုပ်နေစရာ မလိုဘူး၊ လူတိုင်းလူတိုင်းဟာ ကိုယ့်အလုပ်ကိုယ်လုပ်နေကြတာပဲ"

ဂျိနိုက အော်ကြီးဟစ်ကျယ် ပြန်ပြောသည်။

စတော့ကလပ်မှ ထွက်လာပြီး လာရွှန်ဒီဟိုတယ်သို့ ရောက်သောအခါကျမှ အေလင်သည် နေသာထိုင်သာ ရှိသွားပုံရတော့သည်။

လာရွှန်ဒီသို့ ရောက်ပြန်တော့လည်း ဂျိနိုကို ဝိုင်းဝိုင်းလည်အောင် နှုတ်ဆက်ကြသည်။ လာရွှန်ဒီသည် သူ သဘောအကျဆုံးသော ညကလပ်တစ်ခု ဖြစ်လေသည်။ သူ့ကို အသင့် ပြင်ဆင်ထားသည့် စားပွဲတစ်လုံးသို့ လိုက်ပို့ပေးကြသည်။ သူ့စားပွဲသို့ မရောက်မီ လမ်းခုလတ်တွင် တွေ့ရသည့် လူပေါင်းများစွာနှင့်လည်း ဖက်လှဲတကင်း နှုတ်ဆက်သည်။ လူအများကို ငယ်နာမည်များခေါ်က တရင်းတနှီး နှုတ်ဆက်ခြင်း ဖြစ်သည်။

သူတို့ ရောက်သွားသည့်အချိန်သည် ညဆယ့်တစ်နာရီ ထိုးနေပြီ။ ဟိုတယ်ထဲမှာ လူများ ပြည့်နေပြီ။ ဂျိနိုက ရှမ်ပိန်နှင့် စကော့ ဝီစကီမှာသည်။

"အက်ဒယ်လီက ဝီစကီပဲ ကြိုက်တယ်။ သူ့ပြဇာတ်ပြီးသွားရင် ဒီကို လိုက်လာလိမ့်မယ်။ ရှမ်ပိန်သောက်ရင် ဝလာတတ်တယ်လို့ သူက ပြောနေသေးသကွာ" ဟု ဂျိနိုက ပြောသည်။

စားပွဲများတွင် ဝိုင်းဝိုင်းလည်နေကြသည့် လူများကို အယ်နီက ကြည့်နေမိသည်။ သူတို့အတွက် နေရာကောင်းများ မရရကောင်းလားဆိုကာ မကျေမနပ် ဖြစ်နေကြသည်။ နေရာကောင်းကောင်း ရနိုင်ရန်အတွက် စားပွဲထိုးများကို ကျိတ်ပြီး လာဘ်ထိုးနေကြသည်။

ကလပ်ကငှားထားသည့် ဓာတ်ပုံဆရာများလည်း ရှိသေးသည်။ ကလပ်သို့ ရောက်လာသည့် နာမည်ကြီးပုဂ္ဂိုလ်များကို သူတို့က ဓာတ်ပုံများ ရိုက်ကြသည်။ ပြီးတော့ သတင်းစာဆရာများကို တစ်ဆင့် ရောင်းစားကြသည်။ ယင်း ဓာတ်ပုံဆရာများအနက်တွင် အချို့က အယ်နီနှင့် အေလင်ကို ဓာတ်ပုံ လာရိုက်ကြသည်။ ထို့နောက် ကလပ် အဝင်ပေါက်ဆီသို့ သွားကြကာ နောက်ထပ် ရောက်လာဦးမည့် နာမည်ကျော်ပုဂ္ဂိုလ်များကို စောင့်နေကြပြန်သည်။

ဆယ့်တစ်နာရီခွဲသောအခါ အက်ဒယ်လီ ရောက်လာသည်။ ဇာတ်ခုံပေါ်မှာ ကခဲ့သည့် မိတ်ကပ်များကို မဖျက်ရသေးပေ။

"မင်းမျက်နှာမှာ ဘာတွေ လိမ်းလာတာလဲ၊ ဒါတွေကို ငါ မကြိုက်ဘူးဆိုတာ မင်းသိတယ် မဟုတ်လား"

ဂျိနိုက ဆီးမေးသည်။

"မောင်ကလည်းကွယ်၊ လုပ်တော့မယ်၊ မျက်တောင်အတုတွေ ဖြုတ်ပစ်ခဲ့ပြီး ပေါင်ဒါထပ်ရိုက်လာတာပါ။ မိတ်ကပ်တွေ ဖျက်နေရင် ဒီကို အရောက်နောက်ကျသွားမှာစိုးလို့"

ထိုသို့ ပြောပြီး ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။

"ဘုရားရေ၊ ဒီပွဲကတော့ ဒီရာသီမှာ အကြီးဆုံးပွဲ ဖြစ်နေပါပေါ့လား။ လူတိုင်း ဒီကို ရောက်နေကြပါပေါ့လား"

ပြောရင်းဖြင့်လည်း သတင်းစာဆရာတစ်ယောက်ကို လှမ်းပြီး လက်မြှောက်ပြကာ နှုတ်ဆက်လိုက်သေးသည်။

"လွန်ခဲ့တဲ့ နှစ်နှစ်လောက်တုန်းက ဒီလိုကြီးကြီးကျယ်ကျယ်ပွဲဆိုရင် စီနာထရာရဲ့ ပွဲချည်းပဲပေါ့။ အခုတော့လည်း မိန်းမတွေဟာ တိုနီပိုလာကို မတွေ့ရရင် သေတော့မလောက် ဖြစ်နေကြပြန်ပြီ။ မိန်းမတွေ အဖြစ်သဲပုံများတော့ နားကို မလည်နိုင်တော့ဘူး"

အေလင်က ဝင်ပြောသည်။

"ဒီလိုလည်း မပြောလိုက်ပါနဲ့ သားရယ်၊ စီနာထရာရော တိုနီပိုလာပါ ဖေဖေတို့ မိတ်ဆွေတွေ မဟုတ်လား"

ဂျိနိုက ပြုံးပြီး ပြောသည်။

အက်ဒယ်လီက တစ်နေရာသို့ လှမ်း ညွှန်ပြသည်။

"ဟေး ဟိုမှာကြည့်ပါဦး၊ အဝေးက်ဝမှာ ဟယ်လင်လော်ဆန်ရယ်၊ သူ ဝတ်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com

ကတိုးသားရေအင်္ကျီကို ကြည့်ပါဦး။ အရောင်နီကြင်ကြင် ဖြစ်နေပြီ။ အင်္ကျီအဟောင်းကြီးဖြစ်မှာ သေချာတယ်။ ဆယ်နှစ်လောက်တော့ ရှိလောက်ရောပေါ့။ ဒီမိန်းမကြီးဟာ တကယ်ကပ်စေးနဲတဲ့ မိန်းမကြီး၊ တစ်ပြားကို နှစ်ပြားမှတ်လို့ ခွာနေတာ။ ဟော ဟောဟိုမှာ ကြည့်ပါဦး၊ ဂျနီဖာနေ့ာသ်ဆိုတာ သူပဲနဲ့ တူတယ်"

"ဟုတ်ပါလေ့ဗျာ၊ အဲဒီလို ကိုယ်လုံးကိုယ်ပေါက်မျိုးမှ တကယ် မက်စရာကောင်းတာ။ အက်ဒယ်လီ၊ သူနဲ့ ယှဉ်ကြည့်လိုက်ရင်တော့ မင်းကိုယ်လုံးက ယောကျ်ားကိုယ်လုံးမျိုးဖြစ်သွားပြီ"

ဂျီနီက စားပွဲကို လက်ဝါးနှင့် ပုတ်ရင်းပြောသည်။

အယ်နီကလည်း ဂျနီဖာနေ့ာသ်ကို စိတ်ဝင်စားသွားသည်။ သူ့ပတ်လည်မှာ ဓာတ်ပုံသတင်းထောက်တွေ ဝိုင်းဝိုင်းလည်နေကြသည်။ အပြစ်ဆိုစရာ မရှိလောက်အောင်ချောမောလှပသည့် အမျိုးသမီးကလေး ဖြစ်ပါသည်။ အရပ်က ထောင်ထောင်မောင်းမောင်း၊ ကိုယ်လုံးကိုယ်ပေါက်က အုံ့မခန်း ဖြစ်လောက်အောင် အချိုးအဆစ် ပြေပြစ်လှပေသည်။ အဖြူရောင် အဝတ်အစားကို ဝတ်ဆင်ထားသည်။ ထိုအဝတ်ပေါ်တွင် ပြိုးပြိုးပြက်ပြက်အရောင်တောက်ပနေသည့် ကျောက်လုံးရွဲကလေးများကို စီခြယ်ထားသည်။ဆံပင်များကရှည်လျားလှသည်။ ရွှေရောင်ထက် ငွေရောင်က ပိုလွှင်နေသည်။

အယ်နီ သတိအထားမိဆုံးသော အလှသည် သူ့မျက်နှာ ဖြစ်သည်။ သူ့ကိုယ်လုံးကိုယ်ထည်က ရုပ်ရှင်မင်းသမီးတစ်ယောက်လို လှသည်မှာ မှန်သည်။ သို့သော်လည်း သူ့မျက်နှာ၏အလှက ပိုပြီး ထင်ရှားနေသည်။

မေးရိုးနှစ်ဖက်က လေးထောင့်ပုံသဏ္ဌာန်ဖြစ်သည်။ ပါးရိုး ထင်ရှားသည်။ မျက်ခုံးမွှေးပေါ် လွှင်သည်။ သူ့မျက်လုံးများ ပြူးလိုက်ပုံကတရင်းတနှီး ရှိလွန်းလှသည်။ နှာခေါင်းကဖြောင့်တန်းပြီး အနည်းငယ် တိုသယောင်ယောင် ရှိနေသောကြောင့် ကလေးငယ်တစ်ယောက်၏မျက်နှာနှင့် ပိုတူနေသည်။ သွားများဖြူဖွေးညီညာသည်။ ပြုံးလိုက်သည့်အခါ ချစ်စရာ ပါးချိုင့်ကလေးများ ပေါ်လာတတ်သည်။

အခန်းထဲမှာ ရောက်နှင့်နေကြသူများအားလုံးက သူ့ကို မျက်တောင်မခတ် ဝိုင်းဝန်းကြည့်ရှုကြသည်။

သူကလည်း လူတိုင်းကို ချိုချိုကလေးပြန်ပြုံးပြပြီး နှုတ်ဆက်သည်။ ကင်မရာများမှလျှပ်တစ်ပြက်မီးများကလည်း မနားတမ်းလက်နေကြသည်။

သို့သော် ဂျနီဖာကမူ တဖျပ်ဖျပ် ဓာတ်ပုံရိုက်နေကြသည်ကို ဂရုမပြုသလို၊ မည်သို့မျှအနှောင့်အယှက်မဖြစ်သလို နေနိုင်စွမ်းသည်။

သူ့ပတ်လည်မှာ လူတွေ ဝိုင်းနေကြသောကြောင့် စားပွဲထိုးချုပ်က ဂျနီဖာ ထိုင်ရမည့် စားပွဲသို့ရောက်အောင် အတော် ကြိုးစားပြီး ခေါ်လာရသည်။

ကပွဲပြုလုပ်မည့် နေရာကို ကြိုးများဝိုင်းကာထားသည်။ ထိုကြိုးဝိုင်းနားရှိ စားပွဲတစ်လုံးမှာ သူတို့ ထိုင်ကြသည်။ သူတို့အားလုံး စားပွဲမှာ ထိုင်မိကြသောအခါကျမှ ဟင်နရီဘယ်လာမီကို အယ်နီ လှမ်းမြင်ရသည်။

"ဘယ်လိုလဲ အယ်နီ၊ မင်းဆရာကြီးကအမျိုးသမီး နှစ်ယောက်နဲ့ တွဲခုတ်လာပါလား။ ဟင်လင်လော်ဆန်ရယ်၊ ဂျနီဖာနေ့ာသ်ရယ် အမျိုးသမီးကနှစ်ယောက်၊သူက တစ်ယောက်တည်း" ဟု အေလင်က ပြောသည်။

"မဟုတ်ဘူး၊ နောက်ထပ် အမျိုးသားတစ်ယောက် ရှိသေးတယ်။ ဟောဟိုမှာကြည့်၊ အခုမှ ဝင်ထိုင်တာ။ အဲဒီ အမျိုးသားက ဂျနီဖာရဲ့အတွဲ ဖြစ်လိမ့်မယ်။ အပြတ်ကို သားနားတဲ့လူပါလား"

အက်ဒယ်လီက ဝင်ပြောသည်။

"လိုင်ယွန်ဘတ်ဆိုတာ သူပဲ"

အယ်နီက လေသံခပ်တိုးတိုးဖြင့် ပြောသည်။

"သြော် လိုင်ယွန်ဘတ်ဆိုတာ သူကိုး"

အေလင်က ဝင်ထောက်သည်။

အယ်နီက ခေါင်းညိတ်ပြသည်။

လိုင်ယွန်က ဂျနီဖာ၏ သားမွေးအင်္ကျီပွကြီးကို ယူပြီး ကုလားထိုင် နောက်မှီပေါ်မှာတင်ပေးနေသည်။

အယ်နီက မျက်တောင်မခတ် လှမ်းကြည့်နေသည်။ ဂျနီဖာက ကျေးဇူးတင်သည့်အပြုံးကလေးနှင့် လိုင်ယွန်ကို ပြန်ပြုံးပြသည်ကိုလည်း မြင်လိုက်ရသည်။

အေလင်က လေတစ်ချက် ချွန်လိုက်သည်။

"ကိုယ် အရင်အိပ်ခဲ့တဲ့ ခုတင်ပတ်လည်

www.burmeseclassic.com

www.burmeseclassic.com

မှာ အဲဒီ ဗီးနပ်စ်နတ်သမီးကလေး ဒီကနေ့ည ခုန်ပေါက်နေတာ မြင်ယောင်သေးတော့သကွာ"

"ဂျနီဖာက မစ္စတာဘယ်လာမီရဲ့ အမှုသည်ပါ။လိုင်ယွန်ဘတ်က ဘူ့အတွက် အဖော်အဖြစ်နဲ့ သက်သက် လိုက်လာတာနဲ့ တူပါတယ်"

အယ်နီက အေးတိအေးစက် လေသံနှင့် ဝင်ပြောသည်။

"ဟုတ်ပါလိမ့်မယ်၊ ဒီတာဝန်ကို ယူရတဲ့အတွက် ဟင်နရီဆီက အချိန်ပိုလုပ်ခကို သူ ရဦးမှာပေါ့"

"ဟင်နရီကလည်း ဟယ်လင်လော်ဆန်နဲ့ ကောင်းကောင်း အလုပ်ဖြစ်ပြီး ကြီးပွားနေတာလေ။ ဟယ်လင်ကြောင့် သူ ရနေတဲ့ငွေတွေဟာ နည်းတာ မဟုတ်ဘူး။ ဖေဖေတောင် ဒီအမျိုးသမီးပါတဲ့ပြဇာတ်ကို ကြည့်ရအောင် မှောင်ခိုဈေးပေးပြီး လက်မှတ်ဝယ်နေရတာ မဟုတ်လား" ဟု ဂျီနီက လှမ်းပြောသည်။

နောက်ထပ် နာမည်ကျော်ပုဂ္ဂိုလ်များ ဝင်လာကြပြန်သည်။အေလင်က ထိုသူများကို လက်ညှိုးထိုးပြရင်း မည်သူမည်ဝါဖြစ်ကြောင်း ရှင်းပြနေသည်။ သို့သော် အယ်နီက သူတို့ကို စိတ်မဝင်စားနိုင်။ ဟင်နရီတို့စားပွဲမှ မျက်လုံးကို ခွာမရ။

မိန်းမချောကလေး ဂျနီဖာက ဘာတွေများ ပြောနေသနည်း။ သူ့မှာ တရယ်ရယ် တမောမောနှင့်။ လိုင်ယွန်ကရော ဘာတွေ ပြန်ပြောပြနေသနည်း။ ဗုံးမှန်ထားသည့် စပါးကျီအကြောင်းကိုတော့ သူ ပြောပြနေလိမ့်မည် မဟုတ်။ မက်မန်းခြံ ရိုက်ပျိုးထားသည့် တပ်ကြပ်ကလေးတစ်ယောက် အကြောင်းကိုလည်း ပြောပြနေလိမ့်မည် မဟုတ်။

လိုင်ယွန် အူမြူးနေသည်ကိုလည်း မြင်ရသည်။ ဘယ်ဘာရီဟိုတယ်မှာ မိမိနှင့်အတူတူ သွားပြီး နေ့လယ်စာ စားကြတုန်းကတော့ သူ ဒီလောက် အူမမြူးခဲ့။ ယခု ဂျနီဖာနှင့် ကျတော့မှ ဘာကြောင့်များ ဒါလောက်တောင် အူအမြူးကြီး မြူးနေရသနည်း။

အို. . . ဒီလိုတော့လည်း မဖြစ်နိုင်ပါ။ အလုပ်သဘော ဖြစ်ကြပါလိမ့်မည်။

ထိုသို့ ကြည့်နေဆဲမှာပင် လိုင်ယွန်က စီးကရက်တစ်လိပ် မီးညှိပြီး ဂျနီဖာကို လှမ်းပေးနေသည်။ ထို့ကြောင့် အယ်နီလည်း သူတို့ကို မျက်နှာလွှဲလိုက်မိသည်။

ရုတ်တရက် မီးရောင်များ မှိန်သွားသည်။ စားပွဲထိုးများက နောက်ဆုံး မှာထားသည့် အစားအစာများကို အချိန်မီ အပြေးအလွှား လိုက်ချပေးနေကြသည်။ အခန်းထဲမှာ ငြိမ်သွားသည်။ ခဏကြာတော့ မီးများ လုံးဝ မှောင်သွားသည်။ သံစုံတီးဝိုင်းကြီးက တိုနီပိုလာ၏ တေးသီချင်းမှ အတီးပိုဒ်ကို စတင် တီးမှုတ်နေသည်။

စင်မြင့်ပေါ်ရှိ တစ်နေရာသို့ ကွက်ပြီး မီးမောင်းထိုးထားသည်။ ခဏကြာတော့ ထိုမီးရောင်အောက်သို့ တိုနီပိုလာ ရောက်လာသည်။ ပရိသတ်ကို ဦးညွှတ်ပြီး အလေးပြုသည်။ ပရိသတ်က သောင်းသောင်းဖြဖြ ဩဘာပေးကြသည်။

သူ့အရပ်လည်း ထောင်ထောင်မောင်းမောင်းပင် ဖြစ်ပါသည်။ရုပ်ကလည်း ရုပ်ချော။ သူ့မျက်နှာနှင့် သူ့အမူအရာက ကလေးလေး တစ်ယောက်နှင့်ပင် တူနေသေးတော့သည်။ ထို့ကြောင့်လည်း မိန်းမငယ်ကလေးများက သူ့ကို အသည်းစွဲကြပေလိမ့်မည်။ အသက်ကြီးသော အမျိုးသမီးကြီးများကမူ သူ့ကို ကလေးငယ် တစ်ယောက်အနေနှင့် အကာအကွယ်ပေးကာ စောင့်ရှောက်ချင်ပေလိမ့်မည်။

သူ့အမူအရာသည် ရှက်ကိုးရှက်ကန်း ဖြစ်နေပုံရသည်။ သို့သော်လည်း သူ ကောင်းကောင်းမွန်မွန် ဆိုနိုင်ပါသည်။ ပရိသတ်ကြီးကို ငြိမ်နေအောင် ကောင်းစွာ ထိန်းထားနိုင်ပါသည်။

ပထမဆုံး သီချင်းတစ်ပုဒ် ဆုံးသွားသောအခါ သူ့လည်ပင်းမှ လည်စည်းကို ဖြေလိုက်သည်။ထို့ကြောင့်လည်း သူ ပင်ပန်းတကြီး ကြိုးစားပမ်းစား သီဆိုဖျော်ဖြေကြောင်း သိသာပါသည်။

မိုက်ကရိုဖုန်းကိုကိုင်ပြီး စင်ပေါ်မှ ဆင်းလာသည်။ အခန်းထဲမှာ ရှိနေကြသည့် ပရိသတ်ဆီသို့ သွားသည်။ နာမည်ကျော်ပုဂ္ဂိုလ်များ၏ စားပွဲများရှိရာသို့ ချဉ်းကပ်သည်။ သူတို့ကို စူးစိုက်ကြည့်ပြီး သီချင်းဆိုသည်။သတင်းစာဆရာများ ပြုံးလာအောင် ဖျော်ဖြေသည်။ နာမည်ကြီးပုဂ္ဂိုလ်အချို့ အနီးသို့ ချဉ်းကပ်ကာ သူတို့ကို ရည်စူးသည့် စာသားကလေးများပါသော သီချင်းများကို ဆိုသည်။

အမျိုးသမီးအချို့ အနီးသို့ ရောက်သော

www.burmeseclassic.com

www.burmeseclassic.com



အခါ မေတ္တာဘွဲ့သီချင်းများကို ဆိုပြန်သည်။ အမျိုးသမီးများက အသည်းခိုက်အောင် ကြိုက်လိုက်ကြသည်။ သူတို့နှင့် ပါလာသည့် သူတို့ခင်ပွန်းများကတော့ အနေရ အထိုင်ရ ခက်ကုန်ကြပုံရသည်။

ဂျနီဖာ၏ အနီးမှ သူ ဖြတ်သွားသော အခါ မျက်လုံးချင်း ဆုံသွားသည်ကို တွေ့လိုက်ရသည်။ သူ ဆိုနေသည့် သီချင်းမှ စာသားလည်း မှားသွားသည်။ သို့သော် ချက်ချင်း သူ ပြန်ထိန်းလိုက်နိုင်ပါသည်။

သူ မြင်လိုက်ရသည့်မြင်ကွင်းကို မယုံကြည်သည့် အမူအရာမျိုးနှင့် တစ်ဖက်သို့ လှည့်ထွက်သွားသည်။ဂျနီဖာနှင့် မျက်လုံးချင်း မဆိုင်မိအောင် ဂရုစိုက်ပြီး ရှောင်တိမ်းနေကြောင်း သိသာလှသည်။ ပရိသတ်ကလည်း သူ့အမူအရာကို မျက်တောင်မခတ် လိုက်ကြည့်နေကြသည်။

သီချင်းဆုံးသွားသောအခါ ပရိသတ်ကို ဦးညွှတ်ပြီး အရိုအသေပေးသည်။ အခန်းအလယ်သို့ ပြန်လျှောက်သွားသည်။ ဂျနီဖာကိုမူ လုံးဝ ပြန်လှည့်မကြည့်တော့။

အခန်းထဲမှ သူ ထွက်သွားမည်ပြုသော အခါ ပရိသတ်က အထွက်မခံ။ ထို့ကြောင့် သူက အကြိမ်ကြိမ် အရိုအသေ ပြုနေရပြန်သည်။

မီးများ ပြန်ပွင့်လာသည်။ သို့သော် ပရိသတ်က သူ့ကို သီချင်းဆက်ဆိုရန်သာ တောင်းဆိုနေကြသည်။ သံစုံတီးဝိုင်းကြီးကလည်း သူ့သီချင်းများမှ တေးသွားများကို တီးပေးနေသည်။နောက်ထပ် မည်သည့်သီချင်းကို တီးရမည်နည်းဟု စောင့်နေကြသည်။ပရိသတ်ကလည်း ဆက်ဆိုရန်သာ တွင်တွင် တောင်းဆိုနေကြသည်။

အခန်းအလယ်မှာ သူ ရပ်နေသည်။ သူ့မျက်နှာ ပြုံးနေသည်။ သူ့လည်ချောင်းများ နာနေပြီဖြစ်ကြောင်း လက်ညှိုး ထိုးပြပြီး တောင်းပန်နေသည်။

ပရိသတ်က အလျှော့ မပေး။ ပိုပြီး ကျယ်လောင်လာသည်။ နောက်ဆုံးတော့ သူ မတတ်နိုင်တော့ပါ။ တီးဝိုင်းဆီသို့ သွားပြီး မည်သည့် သီချင်းကို ဆိုမည်ဖြစ်ကြောင်း ညှိရလေတော့သည်။

တီးလုံးများ ပြန်ပေါ်လာသောအခါ တိုနီပိုလာသည် ဂျနီဖာရှိရာသို့ တန်းတန်းမတ်မတ်သွားပြီး တိုက်ရိုက် သီချင်းဆိုလေတော့သည်။

မေတ္တာဘွဲ့သီချင်း ဖြစ်သည်။ စာသားများက ထိလှမိလှသည်။ သူတို့နှစ်ယောက်၏ အကြောင်းများကို တေးသီချင်းအဖြစ် စပ်ဆိုထားသကဲ့သို့ ထင်မှတ်ရသည်။ လူပေါင်းရှစ်ရာကျော်မျှ ရှိနေသည့် ဧည့်ခန်းမကြီးထဲတွင် သူ၏ ချစ်ဦးသူကို ယခုပင် ဖြုန်းဖြုန်းဒိုင်းဒိုင်း တွေ့လိုက်ရသည့်အကြောင်း စပ်ဆိုထားသော သီချင်း ဖြစ်လေသည်။

သီချင်းဆုံးသွားသည်။ ပရိသတ်ကို ခါးညွှတ်အလေးပြုသည်။ ပြီးတော့ ဂျနီဖာဘက် လှည့်ပြီး စူးစူးဝါးဝါးကြီး စိုက်ကြည့်နေသည်။ လူအားလုံး အနေရ အထိုင်ရ ခက်သွားလောက်အောင် အကြာကြီး စိုက်ကြည့်နေခြင်း ဖြစ်သည်။ ပြီးတော့မှ နောက်သို့ ချာခနဲ လှည့်ကာ အပြင်သို့ ထွက်သွားတော့သည်။

ပရိသတ်၏ ကျယ်လောင်သော ဩဘာသံကြီး ပေါ်ထွက်လာသည်။ မီးများ ပြန်လင်းလာသည်။ တေးသံစုံတီးဝိုင်းက ကကြိုးများကို ဆက်လက် တီးမှုတ်ပေးနေသည်။

အေလင်က သူနှင့်အတူ ကရန် အယ်နီကို ပြောသည်။ ထိုင်ရာမှ အယ်နီ ထလိုက်သည့်အချိန်တွင် လိုင်ယွန်ကလည်း ဂျနီဖာနှင့်အတူ တွဲကရန် ထိုင်ရာမှ ထလိုက်သည်ကို တွေ့ရသည်။

အယ်နီကို လိုင်ယွန် မြင်သွားသည်။ ထို့ကြောင့် လိုင်ယွန်က လက်လှမ်းပြသည်။

"အယ်နီ၊ သူဟာ ကိုယ့်အိမ်ရှင် အေလင် မဟုတ်လား"

လိုင်ယွန်၏အပြုံးက မြန်လွန်းသည်။ ပြီးတော့ တရင်းတနှီးလည်း ရှိပုံရသည်။

တေးသံအလိုက် ကကြရင်း သူတို့ချင်း မိတ်ဆက်ကြသည်။ဂျနီဖာကို အနီးကပ် ကြည့်ချင်ကြသည့် အတွဲများက အယ်နီတို့အတွဲကို မကြာခဏ လာတိုးနေသည်နှင့်လည်း ကြုံရသည်။

ဂျနီဖာက အယ်နီကို ပြုံးပြသည်။

"သေချင်စော်တောင် နံတယ်ကွယ်၊ ကိုယ် နေရာက ရွှေ့လိုက်တိုင်း ကိုယ့်အဝတ်ပေါ်မှာရှိနေတဲ့ ကျောက်လုံးကလေးတွေ တစ်ရာလောက် ကြွေကြွေကျသွားသလားလို့ အောက်မေ့ရတယ်"

အယ်နီက တစ်စုံတစ်ရာကို ပြန်ဖြေဖို့

www.burmeseclassic.com

www.burmeseclassic.com

ကြိုးစားသည်။ သို့သော်လည်း ဘာစကား ပြန်ပြောရမှန်းမသိ။ ထိုအချိန်မှာပင် သူတို့အတွဲချင်း ကွဲသွားကြသည်။ အေလင်က သူ့ကိုတစ်ဖက်သို့ ဦးဆောင်ပြီး နေရာရွှေ့လာခဲ့သည်။

တဖြည်းဖြည်းနှင့် အခန်းထဲမှာ လူပါးလာသည်။ ညဉ့်နက်သန်းခေါင် နေနိုင်သည့် လူအချို့သာ ကျန်တော့သည်။

ဂျနီဖာတို့လူစုလည်း ခပ်စောစော ထပြန်သွားကြသူများထဲမှာ ပါသွားကြောင်း အယ်နီ သတိထားမိသည်။

သူတို့ ဘယ်ကိုများ သွားကြပါလိမ့်။ ပိုပြီး ကျယ်ကျယ်ဝန်းဝန်း ကနိုင်သည့် တစ်နေရာရာသို့များ ရွှေ့သွားကြလေပြီလား။ သို့တည်းမဟုတ် လိုင်ယွန်နှင့် ဂျနီဖာ ဘယ်ကိုသွားကြလေသနည်း။

သူ့ခေါင်းကိုက်လာသည်။ သည်နေရာမှ ဝေးရာသို့ မြန်မြန် ထပြေးချင်ပြီ။ သို့သော်လည်း ဒီညအဖို့ ဂျီနိုက သည်လောက်နှင့် ကျေနပ်သေးပုံ မရပေ။

"အယ်လ်မိုရိုကို ဟိုတယ်ကို သွားပြီး ကိုယ်တို့ ဝိုင်းဆက်ကြဦးစို့"

ဂျီနိုက ကျသင့်ငွေများကို ရှင်းပေးရင်း ပြောသည်။

တော်ပါသေးသည်။ အက်ဒယ်လီက မနက်ဖြန် နေ့ပွဲ ကစရာ ရှိနေသောကြောင့် နောက်ကျမခံနိုင်ကြောင်း ပြောသဖြင့် ဝိုင်းဆက်ဖို့ အစီအစဉ်ပျက်သွားသည်။ အက်ဒယ်လီကိုပင် ကျေးဇူးတင်ရသေးတော့သည်။

*

နောက် ရက်အနည်းငယ် ကြာတော့ အယ်နီ၏အကြောင်းများကို သတင်းစာများက ရေးကြပြန်သည်။

အယ်နီ၏ စေ့စပ်ကြောင်းလမ်းသည့် လက်စွပ်ကို ယိုးမယ်ဖွဲ့ပြီး ရွှန်နီဝုဖ်က ရေးလိုက်ရာမှစသည်။

ရုံးသို့ ရောက်လာသောအခါ မစ္စစတိန်းဘတ်နှင့် အခြား အမျိုးသမီးများက အယ်နီကို စောင့်နေကြသည်။ လက်စွပ်အကြောင်းကို သူတို့ သိချင်နေကြသည်။

"ကြည့်စမ်းပါရစေဦးကွယ်၊ ဒီလက်စွပ်ကို ဘယ်တုံးက ရတာလဲ ဟင်"

ညှိကြိုစာရေးမကလေးက ဆီးမေးသည်။

"ဒီဥစ္စာ တကယ်ပဲ ဆယ်ရတီကျော်သလား" ဟုလည်း မစ္စစတိန်းဘတ်က မေးသည်။

အယ်နီကလည်း ကြောင်အမ်းအမ်းနှင့် သူ့လက်ကို ထိုးပေးနေမိသည်။ လက်စွပ်ကို ပြောင်းပြန်လှည့်ပြီး သူ ဝတ်ထားခဲ့သည်။ ထို့ကြောင့်လည်း ကြီးမားသည့်စိန်က လက်ဝါးဘက်သို့ရောက်ပြီး ပျောက်ကွယ်နေသောကြောင့် အခြားသူများ သတိမထားမိခဲ့ကြခြင်းဖြစ်သည်။ လက်စွပ်ကို ဝတ်ချင်စိတ် ရှိလှသည်တော့မဟုတ်။ သို့သော်လည်း သူ နေနေရသည့် အခန်းကလေးက လုံလုံခြုံခြုံ မဟုတ်။ ထို့ကြောင့် အခန်းထဲမှာ သိမ်းထားခဲ့လို့လည်း မဖြစ်နိုင်။

ထို့မျှသာမကသေး၊ အေလင်ကို ပြန်ပေးမည်ဟုလည်း သူ ပိုင်းဖြတ်ထားပြီး ဖြစ်သည်။ မြန်နိုင်သမျှ အမြန်ဆုံး အေလင်ကို ပြန်ပေးရပေမည်။ သို့သော်လည်း ယခုတော့ ဒီလက်စွပ်ကြီးက ပြဿနာတစ်ခု ဖြစ်လာပြန်တော့သည်။

ရုံးခန်းထဲသို့ လိုင်ယွန်ဘတ် ဝင်လာသည့် အချိန်တွင် အယ်နီသည် စာများ ရွေးချယ်နေသည်။ လိုင်ယွန်ဘတ်က သူ့စားပွဲရှေ့မှာ လာရပ်သည်။ ပြီးတော့ အယ်နီ၏လက်ကို ဆွဲယူမြောက်ကြည့်သည်။ လက်စွပ်ကို တွေ့သောအခါ လေတစ်ချက် ချွန်လိုက်ပြီး စားပွဲပေါ်သို့ လက်ကို ပြန်ချပေးသည်။

"တော်တော်လေးမှာပဲနော်။ မင်း အမျိုးသားကတော့ လူတော်လူကောင်းတစ်ယောက် ပုံမျိုးပါပဲ အယ်နီ"

"သိပ်ကို သဘောကောင်းတဲ့လူပါ။ နောက်ပြီးတော့ ဂျနီဖာလည်း သိပ်ကို သဘောကောင်းမယ့်ပုံမျိုးပါပဲ"

သူကလည်း ထစ်ထစ်ငေါ့ငေါ့ဖြင့် အားကျမခံ ပြန်ပြောမိသည်။

လိုင်ယွန်၏မျက်နှာပေါ်တွင် အမူအရာတစ်မျိုး ပေါ်သွားသည်။

"ကိုယ်တွေ့ဖူးသမျှ အမျိုးသမီးတွေထဲမှာတော့ ဂျနီဖာနေ့သဲဟာ အတော်ဆုံးနဲ့ သဘောအကောင်းဆုံး အမျိုးသမီးကလေး တစ်ယောက်ပါပဲ။ တကယ်ကို တော်တာပါ"

လိုင်ယွန်က လေသံအေးအေးဖြင့် ထိုမျှသာပြောပြီး သူ့ရုံးခန်းအတွင်းသို့ တန်းဝင်သွားတော့သည်။

www.burmeseclassic.com

အယ်နီ၏ စိတ်ထဲမှာ ရှုပ်ထွေးနောက်ကျိသွားသည်။ စိတ်မသက်မသာဖြင့် ကုလားထိုင်ပေါ်မှာ အရှုပ်ကြီးပြတ် ထိုင်ကျန်ရစ်ခဲ့သည်။

သူ့ကို မရိုးမသား ပြောလိုက်မိလေသလား။ ဂျနီဖာသည် အလွန် ချစ်စရာ ကောင်းပါသည်။ အလွန်လည်း သဘောကောင်းပုံရပါသည်။ ထိုသို့ ရိုးသားစွာ သူ ထင်ပါသည်။ ထင်သည့်အတိုင်းလည်း ရိုးရိုးသားသား ပြောမိပါသည်။ သို့သော်လည်း သူ့စိတ်များ ရှုပ်ထွေးနေသည့်အချိန်မို့ အပြောအဆိုများ မှားသွားလေပြီလား။ ငေါ့သလိုများ ဖြစ်သွားလေပြီလား။

နေ့လယ်စာကို ရုံးမှ အမျိုးသမီးများနှင့် အတူတူ လမ်းထောင့်ဆိုင်မှာ သွားစားကြသည်။ ရုံးပြန်မတက်မီတွင် ပဥ္စမရိပ်သာလမ်းသို့ သွားကာ ဦးတည်ရာမဲ့ လမ်းလျှောက်နေမိသည်။ လူသုံးကုန်ပစ္စည်း အသစ်အဆန်းများ ရောင်းချသည့်ဆိုင်များကို စိတ်မှတ်မထင် လျှောက်ကြည့်နေမိသည်။

ဆိုင်များကို လျှောက်ကြည့်ရင်း နီလီအကြောင်းကို စဉ်းစားနေမိသည်။

နီလီအတွက် လာဘ်ကောင်းစေသည့် ယုန်ခြေထောက်သဏ္ဍာန် အဆောင်ကလေး တစ်ခု မနေ့က ဝယ်သွားပေးခဲ့သည်။ နဘ်မိုးလုံးပြဇာတ်ကို ယနေ့ စတင်ပြီး ဇာတ်တိုက်ကြတော့မည် ဖြစ်သည်။

နီလီအကြောင်းကို စဉ်းစားမိရင်း နီလီကိုပင် မနာလိုသလို ဖြစ်လာမိသည်။ နီလီလို မိန်းကလေးမျိုးကတော့ ခပ်ရှားရှား ဖြစ်သည်။ လောကဓံကို ကြံ့ကြံ့ခံနိုင်သည့် မိန်းကလေး ဖြစ်သည်။ မည်သို့သော အခက်အခဲမျိုးကိုပင် တွေ့ကြုံစေကာမူ သူ ရင်ဆိုင်နိုင်သည်။

ရုံးသို့ အယ်နီ ပြန်ရောက်သောအခါ စားပွဲပေါ်တွင် သတင်းစာတစ်စောင် တင်ထားသည်ကို တွေ့ရသည်။ ရုံးမှာရှိနေသည့် လုပ်ဖော်ကိုင်ဖက် မိန်းကလေး တစ်ယောက်ယောက်က လာတင်ထားခြင်း ဖြစ်ပေလိမ့်မည်။ မိမိ၏ လက်စွပ်နှင့် ပတ်သက်ပြီး ရေးသားထားသည့် အကြောင်းပါသောသတင်းစာ ဖြစ်သဖြင့် တင်ထားခြင်း ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် သတင်းစာကို ကောက်ပြီး အမှိုက်ခြင်းထဲထည့်ရန် ပြင်လိုက်သည်။

ထိုအချိန်ကျမှ မိမိတို့ ရုံးအမည်ပါသည့် စာရွက်ကလေးတစ်ရွက်ကို သတင်းစာထောင့်တွင် ကလစ်နှင့် ညှပ်ထားသည်ကို သတိပြုမိသည်။

ထိုစာရွက်ကလေးပေါ်တွင်-

လိုင်ယွန်ဘတ်၏ မှတ်ချက်တို့၊

အင်န်ဝဲလ်စ် စိတ်ဝင်စားလိမ့်မည်ဟု *ထင်ပါသည်။ စာမျက်နှာ(၂) တွင် ဇာတ်လမ်းပါပါသည်*

ဟူသော လက်ရေးကိုလည်း တွေ့ရသည်။

ဂျနီဖာနှင့် တိုနီပိုလာတို့နှစ်ယောက်၏ အလွန်လှပသောဓာတ်ပုံ ဖြစ်လေသည်။

***ဘရော့ဒ်ဝေးလမ်းမကြီးပေါ်မှ နောက်ဆုံးပေါ် အချစ်ဇာတ်လမ်း*** ဟူသော ခေါင်းစဉ်ဖြင့် ပုံစာရေးထားသည်။ ထိုပုံစာထဲမှာပင် ဇာတ်လမ်းကလေးကို ခပ်တိုတို ရေးထားသည်။

"ကျွန်တော့်အဖို့တော့ မိုးကြိုးပစ်ခံလိုက်ရတဲ့ အတိုင်းပါပဲဗျာ"

ဟု တိုနီပိုလာက ပြောကြောင်း ရေးထားသည်။ ဂျနီဖာက ပြောသည့်စကားကိုလည်း ထည့်ရေးထားသည်။ သို့သော်လည်း တိုနီ၏ စကားလောက်တော့ မထိမိပေ။

"တိုနီကို မြင်လိုက်ရတော့ သူလည်း အလွန် စွဲမက်သွားမိပါသည်"ဟု ရှက်ကိုးရှက်ကန်းနှင့် ပြောကြောင်း သတင်းစာက ရေးသည်။ သူတို့နှစ်ယောက်ကို ကြားမိတ်ဆွေ လိုင်ယွန်ဘတ်က မိတ်ဆက်ပေးသည်။

"လိုင်ယွန်က ဂျနီဖာကို ခေါ်လာတာ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဂျနီဖာကို ကျွန်တော့်လက်ထဲ လွှဲပြောင်းပေးလိုက်ပါတယ်။

"တိုနီ၊ မင်းရဲ့ တေးဂီတဖျော်ဖြေပွဲ အစီအစဉ် ဖွင့်တဲ့နေ့ညကျရင် မင်းအတွက် လက်ဆောင်ကောင်း တစ်ခု ကိုယ်ပေးပါ့မယ်လို့ လိုင်ယွန်က ကျွန်တော့်ကို ပြောပြထားဖူးပါတယ်။ အခု သူ ပြောထားတဲ့အတိုင်း ကျွန်တော့်ကို လက်ဆောင်ကောင်း တစ်ခု လိုင်ယွန်က ယူလာပြီး ပေးတာဖြစ်ပါတယ်"

ဟု တိုနီပိုလာက သတင်းစာဆရာများကို ပြောပြကြောင်းလည်း ဆက်လက် ရေးသားထားလေသည်။

အယ်နီက သတင်းစာကို ပိတ်လိုက်ပြီး ကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူ မပျော်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



လိုင်ယွန်က ဂျနီဖာကို တိုနီ၏လက်သို့ လွှဲပြောင်းပေးလိုက်ကြောင်း

ဆိုသည့် စာကြောင်းကလေးသည် သူ့မျက်လုံးထဲမှ ထွက်မသွားနိုင်တော့။

"အယ်နီ"

အတွေးလွန်နေရာမှ အယ်နီ သတိပြန်လည်လာသည်။ သူ့ရှေ့မှာ ရပ်နေသည့် နီလီကို တွေ့ရသည်။

"အယ်နီ၊ ကျွန်မ ဒီကို မလာသင့်ဘူး ဆိုတာ သိပါတယ်။ ဒါပေမယ့် ကျွန်မ အိမ်ကို မပြန်နိုင်တော့ဘူး၊ အစ်မနဲ့တွေ့မှ ဖြစ်တော့မယ်"

နီလီ၏ မျက်နှာပေါ်တွင် မျက်ရည်များ ရွှဲနေသည်။

"မင်း ပြဇာတ်သွားမတိုက်ဘူးလား"

အယ်နီက ပြန်မေးသည်။

ရုတ်ခြည်း ဆိုသလိုပင် နီလီက မထိန်းနိုင်မသိမ်းနိုင် ငိုချလိုက်တော့သည်။

အယ်နီက ဟင်နရီ၏ ရုံးခန်းတံခါးဆီသို့ စိုးရိမ်တကြီး လှမ်းကြည့်သည်။ ပြီးတော့ နီလီကို သူ့ကုလားထိုင်မှာ ဝင်ထိုင်စေသည်။

"နီလီ၊ ထိုင်လိုက်ဦး။ အဲဒီမှာ ထိုင်နေ၊ မင်းကိုယ်မင်း ထိန်းနိုင်အောင် ကြိုးစားနေ၊ ကိုယ် ကုတ်အင်္ကျီ သွားယူလိုက်ဦးမယ်။ ကိုယ်တို့ အိမ်ပြန်ကြတာပေါ့"

"ကျွန်မ အိမ်မပြန်ချင်ဘူး၊ အဲဒီ အခန်းထဲကိုလည်း ကျွန်မ ပြန်မဝင်ချင်တော့ဘူး။ ဒီနေ့မနက် အိမ်က ထွက်မလာခင် ဘရော့ဒ်ဝေးလမ်းပေါ်က ဇာတ်ရုံကြီးမှာ ကခွင့်ရပြီ ဆိုတဲ့စာတန်းကို မှန်ပေါ်မှာ နှုတ်ခမ်းဆိုးဆေးနဲ့ ကျွန်မ ရေးထားခဲ့တယ်။ အဲဒီတုန်းက ကျွန်မ သိပ်ပျော်ခဲ့တယ်။ မှန်ပေါ်က အဲဒီ စာတန်းကြီးကို ကျွန်မ ရင်မဆိုင်ရဲတော့ဘူး"

"ဒါပေမယ့် နီလီ၊ မင်း ဒီမှာ ထိုင်နေလို့ ဘယ်တော်ပါ့မလဲ၊ ပြန်ပြီး အနားယူလိုက်မှ ဖြစ်မှာပေါ့"

"မတော်ဘူးလို့ ဘယ်သူက ပြောသလဲ၊ ကျွန်မဟာ တက္ကသိုလ်ကို မရောက်ဖူးပါဘူး။ ဒါပေမယ့် ကျွန်မ အနားယူချင်တဲ့အချိန်မှာ ယူနိုင်တယ်။ ခုအချိန်မှာတော့ ဒီနေရာမှာကို နေချင်တယ်။ အို- ကြည့်ပါဦး၊ ကျွန်မ အဝတ်အစား အသစ်တွေ ပျက်စီးကုန်ပါပြီ။ ကျွန်မ မျက်ရည်စက်တွေ ပေကုန်ပြီ"

နီလီက ပိုပြီး အသံကျယ်ကျယ်နှင့် ငိုလိုက်ပြန်သည်။ မျက်ရည်များ ဒလဟော စီးကျလာသည်။

"ကုတ်အင်္ကျီက ကြယ်သီးတွေကို တပ်ထားလိုက်လေ"

နီလီက သူပြောသည့်အတိုင်း ကျိုးနွံစွာဖြင့် ကြယ်သီးများကို တပ်နေသည်။

အယ်နီကတော့ သူ့အဝတ်အစားများနှင့် ပတ်သက်ပြီး စိတ်မကောင်း မဖြစ်မိ။ ထိုအဝတ်အစားများသည် အရုပ်ဆိုးလွန်းလှသည်။

"နီလီ၊ အလုပ်သွားတဲ့အခါမှာ ဒီလို ခရမ်းရောင် တာဖက်တာတွေကို မဝတ်ရဘူး" ဟု နီလီ ထိုအင်္ကျီများကို ဝယ်လာစဉ်တုန်းက သူ ပြောဖူးသည်။

"ကိုယ်မဝတ်ချင်ရင် မဝတ်နဲ့ပေါ့။ ဒါပေမယ့် ဇာတ်တိုက်တဲ့အခါမှာ ကျွန်မကတော့ ဒါကိုပဲ ဝတ်မှာပဲ" ဟု နီလီက သူ့ကို ပြန်ပြီး စောဒကတက်ခဲ့ဖူးသည်။

အယ်နီက ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်သည်။

"ကောင်းပြီ နီလီ၊ ဒီမှာပဲ ထိုင်နေချင်သေးတယ် ဆိုရင်လည်း ထိုင်ပါ။ မင်း ဘာဖြစ်လာတယ်ဆိုတာ ကိုယ့်ကို အေးအေးဆေးဆေး ပြောပြစမ်း။ မင်း ဘာဖြစ်လို့ ဇာတ်သွားမတိုက်တာလဲ"

"အယ်နီ၊ ကျွန်မ ပြဇာတ်ထဲမှာ ဝင်ကခွင့် မရတော့ဘူး"

"မင်းတို့အဖွဲ့ကို သူတို့က မသုံးတော့ဘူးတဲ့လား"

"အို အယ်နီ ဒီအကြောင်းကြီးက အပြောရခက်လိုက်တာ၊ သူတို့သုံးမယ်၊ ဒါပေမယ့် သူတို့က မသုံးတော့ဘူး"

"ကောင်းပြီလေ၊ အစက ပြန်ပြောစမ်း၊ ဘာဖြစ်တာလဲ"

"ဒီနေ့မနက် ဟိုကို ကျွန်မ ရောက်သွားတယ်။ ငါးမိနစ်တောင် စောနေသေးတယ်။ အစ်မ ဝယ်ပေးတဲ့ ယုန်ခြေထောက်အဆောင်ကလေးကိုလည်း ကျွန်မ ယူသွားတယ်။ ခဏကြာတော့ ဆံပင်တိုတိုနဲ့ လူတစ်ယောက် ဝင်လာတယ်။ သူ့လက်ထဲမှာ ဇာတ်ညွှန်းစာအုပ်ပါလာတယ်။ နောက်ထပ် ရောက်လာတာကတော့ ဒစ်ကီနဲ့ ချာလီပဲ၊ နောက်တော့. . ."

"နီလီ၊ လိုရင်းကို တိုတိုပြောစမ်း"

"လိုရင်းကို ဘယ်လိုလုပ် ပြောလို့ရမှာ

www.burmeseclassic.com

www.burmeseclassic.com


လဲ၊ ဒီကိစ္စ ဘယ်လို ဖြစ်လာတယ် ဆိုတာကို ပြောပြမှ ဖြစ်မှာပေါ့။

နောက်ပြီးတော့ ယိမ်းသမကလေးတွေ ရောက်လာကြတယ်။ သူတို့ကို မြင်ရတဲ့အခါမှာ ကျွန်မဖြင့် သိပ်ကို စိတ်အားငယ်သွားတာပဲ။ ကျွန်မ ဝတ်ထားတဲ့ အဝတ်အစားတွေကလည်း အသစ်ပါပဲ။ ဒါပေမယ့် အဲဒီ ယိမ်းသမတွေ ဝတ်ထားကြတာကိုလည်း ကြည့်ဦးလေ၊ ခြောက်ယောက်က ကတိုးသားရေအကျီတွေကိုယ်စီဝတ်လို့၊ ကျန်တဲ့လူတွေကလည်း ဒီလိုပဲ အကောင်းစား သားရေအကျီတွေနဲ့ချည်းပဲ။ ချည်အကျီဆိုလို့ ဘယ်သူမှ ဝတ်မထားကြဘူး၊ သူတို့အချင်းချင်းလည်း ရင်းနှီးပြီးသားတွေချည်းပဲ၊ ကျွန်မတို့ သုံးယောက်မှာသာ အသိအကျွမ်းမရှိဘဲ မျက်စိသူငယ်နဲ့ နေကြရတယ်။

နောက်ပြီးတော့ ဂျနီဖာနေ့သ် ရောက်လာတယ်၊ အစ်မကို မြင်စမ်းစေချင်တယ်။ ရီတာဟေးဝပ် ဝင်လာတဲ့အတိုင်းပဲ။ လက်ထောက်ဒါရိုက်တာက သူ့ဆီကို အူယားဖားယား ပြေးကြိုတယ်။ အခုလို ရောက်လာတဲ့အတွက် ဝမ်းသာကြောင်း ပြောလိုက်ရတာလည်း မမောနိုင်တဲ့အတိုင်းပဲ။ သူ ရောက်လာတာက သတ်မှတ်ထားတဲ့ အချိန်ထက် ဆယ်မိနစ်လောက် နောက်ကျနေသေးတယ်။ ကျွန်မလည်း မနေတတ်မထိုင်တတ် ဖြစ်နေပြီ။ သူတို့ကြားထဲမှာ ကျွန်မတို့အုပ်စုကတော့ အရပ်တကာ လှည့်ကနေရတဲ့ အငြိမ့်အဖွဲ့ကလေးဘဝနဲ့ မျက်နှာငယ်နေရတယ်။ အကုန်လုံး အပေါစားတွေလို ဖြစ်နေတော့တာပဲ။ ချာလီကလည်း မုတ်ဆိတ်မွေးတွေ၊ နှုတ်ခမ်းမွေးတွေ ရိတ်မလာဘူး။ ဒစ်ကီကတော့ ပြောမနေနဲ့တော့ ခါတိုင်းထက်တောင် ပိုပြီး ပုံပျက်နေသေးတယ်။

ဒီလို လူတွေကြားထဲမှာ ကျွန်မ ဝတ်ထားတဲ့ တာဖက်တာအကျီအသစ်ဟာ နှစ်ပြားတစ်ပဲတန်လောက် ဖြစ်သွားတော့တယ်။ သူတို့ အချင်းချင်း စကားပြောနေလိုက်ကြတာလည်း ဖောင်လို့၊ ဆယ့်ငါးမိနစ်လောက် ကြာတယ်။ သူတို့ ကခဲ့ကြတဲ့ နောက်ဆုံးပွဲတွေအကြောင်းကို ပြောနေကြတယ်။ ယိမ်းသမကလေးတွေတောင်မှ သူတို့ချင်း ရင်းနှီးပြီးသား၊

နောက်ဆုံးကျတော့ ဒါရိုက်တာရောက်လာတယ်။ ကျွန်မ အထင်တော့ သူလည်း ငတုံးကြီးပဲ၊ အလကားလူကြီး"

"နီလီ ဘာဖြစ်တယ် ဆိုတာကိုသာ ကိုယ့်ကို ပြောစမ်းပါ"

အယ်နီက စိတ်မရှည်နိုင်သည့် အမူအရာကို ထိန်းရင်း ဝင်ထောက်ပြန်သည်။

"ပြောပါ့မယ် အစ်မရယ်၊ ဘာတစ်ခုမှ မကျန်စေချင်လို့ အသေးစိတ် ပြောပြနေတာပါ။

အဲဒီနောက်မှာ ဟယ်လင်လော်ဆန် ရောက်လာတယ်။ အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီး ဝင်လာတဲ့အတိုင်းပါပဲ။ ဒါရိုက်တာက သူနဲ့ မိတ်ဆက်ပေးတယ်။ ဒါရိုက်တာကပဲ ကြိုက်တဲ့ဇာတ်ကောင်တွေကိုရွေးပါ မစ္စလော်ဆန်လို့ ပြောတယ်။ ကျွန်မတို့အားလုံး မတ်တတ်ရပ်ပြီး သီချင်းများ ဆိုပြရဦးမှာလားလို့ ထင်မိတယ်။ ဒါရိုက်တာက ဟယ်လင်လော်ဆန်ကိုခေါ်ပြီး သူ မသိသေးတဲ့ လူသစ်တွေနဲ့ မိတ်ဆက်ပေးတယ်။ နောက်တော့ ကျွန်မတို့ကို ဟင်လယ်လော်ဆန် တွေ့သွားတယ်"

နီလီက စကားကို ဖြတ်လိုက်ပြန်သည်။ သူ့မျက်လုံးထဲ မျက်ရည်များ ပြည့်လာပြန်ပြီ။

"အဲဒီတော့ ဘာဖြစ်သလဲ"

အယ်နီက စိတ်မရှည်နိုင်တော့။

"ဒစ်ကီနဲ့ ချာလီကို ခေါင်းညိတ်ပြီး သူက နှုတ်ဆက်တယ်။ ကျွန်မကိုတော့ အဲဒီနေရာမှာ ရှိမနေတဲ့အတိုင်းဘဲ။ တခြားကို ကျော်ကြည့်နေတယ်။ တကယ့်ကို အေးတိအေးစက်နဲ့ ရေခဲတုံးမကြီး။

တကယ်ပဲ အယ်နီ၊ ဒစ်ကီနဲ့ ချာလီကို သူ ပြောပုံလည်း ကြည့်ဦး၊ 'ဩော်- ဟုတ်ပြီ၊ ဟုတ်ပြီ၊ ရှင်တို့က အငြိမ့်လူပြက်တွေကိုး။ အားရှိအောင် အသီးအရွက်များများ စားထားကြ၊ ပြဇာတ်ကတဲ့အခါမှာ ကျွန်မကို ပွေ့မြှောက်ပြီး ကပြရမှာဆိုတော့ အားရှိထားကြဖို့ လိုတယ်'လို့ ပြောတယ်"

"ဒါပေမယ့် မင်းက ဘာလုပ်ရမှာလဲ၊ မင်းမှာလည်း စာချုပ်ထားတာ မဟုတ်လား"

အယ်နီက မေးသည်။

နီလီက ခေါင်းကို ယမ်းခါလိုက်သည်။

"ကျွန်မတို့ရဲ့ စာချုပ်တွေ အားလုံးကို ချာလီကပဲ အမြဲတမ်း လက်မှတ်ထိုးတယ်။ အခု ကျွန်မတို့ ကကြရမယ့် အခန်းအတွက်လည်း သူပဲ စာချုပ်ချုပ်တာ၊ တစ်ပတ်ကို ဒေါ်လာငါးရာရမယ်။ သူနဲ့ ဒစ်ကီလည်း နှစ်ရာစီယူမယ်။ ကျွန်မကို တစ်ရာပေးမယ်။

www.burmeseclassic.com

အခုတော့ ချာလီက ပြောတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်မကတော့ တစ်ပတ်ကို တစ်ရာ ရမှာပါတဲ့။ မကရရင်လည်း ပေးမှာပါပဲတဲ့။ ဒါပေမယ့် သူ့ကို ကျွန်မ မယုံဘူး။ ကျွန်မကို ဒါလောက် လွယ်လွယ်ကူကူ ပ,ထုတ်လိုက် သေးတာ။ ပိုက်ဆံပေးပါ့မယ် ဆိုတာကို ဘယ် လိုလုပ် ယုံလို့ရမှာလဲ။ နောက်ပြီး ကျွန်မက ရော ဘာလုပ်ရမှာလဲ၊ အခန်းထဲမှာ ဒီအတိုင်း ထိုင်ပြီး မှိုင်နေရမှာလား။ ဘယ်သူနဲ့မှလဲ ကျွန်မ သိတာ မဟုတ်ဘူး၊ ကျွန်မ တစ်ဘဝ လုံး ပွဲကနေခဲ့ရတာပဲ"

"အင်း- တော်တော်ဆိုးတဲ့ အဖြစ်ပဲ။ ဒါပေမယ့် ချာလီမှာလည်း အကျပ်အတည်း ရှိပုံရပါတယ်။ သူတို့ဘက်က ချာလီနဲ့ ဒစ်ကီ ကိုပဲ လိုချင်တယ်ဆိုရင် သူ့အနေနဲ့ မငြင်းသာ ဘူးပေါ့။ သူတို့ ပေးနေတဲ့ငွေတွေကို မယူ တော့ပါဘူးဆိုပြီး ထွက်မသွားနိုင်ဘူးလေ။ မင်းအနေနဲ့ နောက်ထပ် အလုပ်တစ်ခု ရှာရ မှာပေါ့ကွယ်"

"ဘာအလုပ်ရှာရမှာလဲ"

"ကောင်းပြီလေ၊ ကိုယ်တို့ အိမ်ပြန်ကြစို့။ အိမ်ကျမှ ဆက်ဆွေးနွေးကြသေးတာပေါ့။ တစ်ခုခုတော့ အဖြေရှာရမှာပါ၊ အလုပ်အကိုင် ရှာဖွေရေးရုံးကို ပို့ပေးမယ်။ ပြီးတော့. . ."

"ကျွန်မ လက်နှိပ်စက် ရိုက်တတ်တာ မဟုတ်ဘူး၊ တက္ကသိုလ်က ဘွဲ့ရထားတာ မဟုတ်ဘူး၊ ကျွန်မ ဘာမှ လုပ်တတ်တာ လည်း မဟုတ်ပါဘူး အစ်မရယ်။ နောက်ပြီး တော့ ကျွန်မက ဇာတ်ပဲ ကချင်တာ"

နီလီက သည်းသည်းထန်ထန် ငိုကြွေး လိုက်ပြန်သည်။

"မငိုပါနဲ့ နီလီ"

အယ်နီက သူ့ကို တောင်းပန်သည်။

မစ္စစတိန်းဘတ်နှင့် အခြား အမျိုးသမီး များ ကြည့်နေကြောင်းကို သတိထားမိသည်။

သို့သော်လည်း လိုင်ယွန် တံခါးဖွင့်ပြီး ထွက်လာသောအခါကျမှ အယ်နီ ပိုပြီး စိုးရိမ် သွားသည်။တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် ငိုနေသည့် နီလီကို သူက လာငုံ့ကြည့်သည်။ အယ်နီက အားမရှိတော့သည့် အပြုံးကလေး ဖြင့် သူ့ကို ပြန်မော့ကြည့်သည်။

"သူက နီလီပါ၊ စိတ်ထိခိုက်စရာကလေး တစ်ခုနဲ့ တွေ့နေရလို့"

"ရပါတယ်ကွယ်၊ ဒါလောက်ပြောရင် ကိုယ် နားလည်ပါတယ်"

နီလီ၏မျက်နှာ မော့လာသည်။ လိုင် ယွန်ကို မျက်လုံးအဝိုင်းသားနှင့် စိုက်ကြည့်နေ သည်။

"ဂီး၏- ကျွန်မ ဝမ်းနည်းပါတယ်နော်။ ကျွန်မက ငိုရင် တိုးတိုးကလေး မငိုတတ်လို့ပါ။ အော်ငိုလိုက်ရမှ၊ ရှင်က ဟင်နရီဘယ်လာမီ မဟုတ်ပါဘူးနော်။ ဟုတ်ရဲ့လား"

"မဟုတ်ပါဘူး၊ ကိုယ်က လိုင်ယွန်ဘတ် ပါ"

နီလီ၏မျက်နှာပေါ်တွင် ပြုံးလာသည်။

"ဂီး၏၊ အယ်နီပြောတာ မှန်ကြောင်း အခုမှပဲ ကျွန်မ ကိုယ်တွေ့မို့ ယုံတော့တယ်"

"ဒီကနေ့ သိပ်ကို စိမ်မချမ်းသာစရာ အဖြစ်အပျက်နဲ့ နီလီ တွေ့ခဲ့ရလို့ပါ"

အယ်နီက ကမန်းကတန်း စကား ဝင် ဖာလိုက်ရသည်။

"ဟုတ်တယ်၊တကယ့်ကို စိတ်မချမ်းသာ စရာ၊ ကျွန်မတော့ သေတော့မှာပဲ"

နီလီက ပါးစပ်မှ ပြောရုံသာ မဟုတ် ထပ်ရှိုက်လိုက်ပြန်သည်။

"ကောင်းပြီလေ၊ ဒီလို ကျောမှီမတ်မတ် ကြီးနဲ့ ကုလားထိုင်မှာထိုင်ပြီး သေသွားရမယ် ဆိုရင် သက်သောင့်သက်သာ ရှိမှာမဟုတ်ဘူး ပေါ့။ ကိုယ့်ရုံးခန်းထဲကို ပြောင်းပြီး ထိုင်ကြရ အောင်လား"

လိုင်ယွန်က ပြောသည်။

သူ့ရုံးခန်းထဲသို့ လိုက်သွားကြသည်။ သားရေကုလားထိုင်မှာ သက်သောင့်သက် သာ ထိုင်ကြသည်။ နီလီက အဖြစ်အပျက်ကို ပြန်ပြောပြသည်။ တစ်ချက်တစ်ချက်တွင် ဒေါသပေါက်ကွဲမှုကလေးများ၊ ငိုရှိုက်မှုကလေး များလည်း ထုံးစံအတိုင်း ရောစွက်နေသည်။

နီလီ ရှင်းပြပြီးသွားသောအခါ အယ်နီ က လိုင်ယွန်ကို မော့ကြည့်ပြီး ပြောသည်။

"အဲဒီကိစ္စကြောင့် နီလီ ဒါလောက် တောင် မယိန်းနိုင် မသိမ်းနိုင် ဖြစ်နေတာ။ ဒီပြဇာတ်ဟာ သူ့ဘဝအတွက် အရေးအကြီး ဆုံး မဟုတ်လား"

"ဒါပေမယ့် ဒီလို အလုပ်မျိုးကို ဟယ် လင်လုပ်လိမ့်မယ်တော့ ကိုယ် မထင်မိဘူး"

နီလီကို ကရုဏာသက်သည့်အနေဖြင့် ခေါင်းညိတ်ပြရင်း လိုင်ယွန်က ပြန်ဖြေသည်။

"သူ လုပ်တာပါ၊ အလကား လူသတ်

www.burmeseclassic.com

www.burmeseclassic.com

သမကြီး"

နီလီက အော်ပြောသည်။

လိုင်ယွန်က ခေါင်းယမ်းပြသည်။

"အင်း- ကိုယ်က သူ့ကို ကာကွယ်ပေးနေတာတော့ မဟုတ်ပါဘူး။ ဟယ်လင်ဟာ အပေါင်းရ အသင်းရကျပ်တာ မှန်ပါတယ်။ ဒါပေမယ့် ဒီလို အလုပ်မျိုးကိုတော့ သူလုပ်မှာ မဟုတ်ပါဘူး။ တစ်ယောက်ယောက်က သူ့ကို အကျပ်ကိုင်နေသလားမှ မသိတာ။ ဒါမှ မဟုတ်ရင်လည်း ရုတ်တရက် ပေါ်လာတဲ့ကိစ္စမို့လို့ သူ လက်ခံလိုက်ရတာလည်း ဖြစ်ချင်ဖြစ်ပါလိမ့်မယ်"

"အခု ဖြစ်ခဲ့ရတာကတော့ ကျွန်မပြောပြတဲ့အတိုင်းပါပဲ။ တစ်လုံးမှ အပိုအလိုမပါပါဘူး"

နီလီကလည်း သူ့စကားကိုသာ အခိုင်အမာ ပြောနေသည်။

လိုင်ယွန်က စီးကရက်တစ်လိပ်ကို မီးညှိပြီး ဖွာရှိုက်နေသည်။ တစ်စုံတစ်ရာကိုလည်း သူ စဉ်းစားနေသည်။ ခဏကြာတော့မှ သူက ပြောသည်။

"မင်းတို့ ကဖို့ စီစဉ်ထားတဲ့ အခန်းမဟုတ်ဘဲ တခြား အခန်းက ဝင်ကရမယ်ဆိုရင်ကော မင်း လက်ခံနိုင်ပါ့မလား"

"အလကား ခွေးသူခိုးတွေ၊ ကျွန်မကို ဒီလို ဒုက္ခပေးပြီးမှတော့ သူတို့နဲ့ ပြန်တွဲပြီး ကနေရမယ်ဆိုရင်လည်း မကောင်းနိုင်တော့ပါဘူး။ ဒါပေမယ့် ဒီပြဇာတ်ထဲမှာ တခြား ဘယ်အခန်းက ဝင်ကလို့ ဖြစ်မှာလဲ"

"သီချင်းဆိုတဲ့ အခန်းမျိုးတွေမှာ ဝင်ပါရင်လည်း ရတာပါပဲ၊ ဖြစ်နိုင်၊ မဖြစ်နိုင် ကြိုးစားကြည့်ကြတာပေါ့"

လိုင်ယွန်ကပြောပြီး ဖုန်းကို ကောက်ကိုင်ကာ နံပါတ်တစ်ခုကို လှည့်နေသည်။

ပြဇာတ်တင်ဆက်သူ ဂေးလ်ဘတ်ကေ့စ်ကို မေးနေသည်။

သူတို့နှစ်ယောက်က ဘေးမှ နားထောင်နေသည်။

ဂေးလ်ဘတ်ကေ့စ်နှင့် ဖုန်းအဆက်အသွယ်ရသောအခါ သာမန် နှုတ်ဆက်စကားများကို ပြောနေသည်။ နောက်ထပ် ကစားမည့် ဘောလုံးပွဲစဉ်များအကြောင်းကို ဆွေးနွေးနေကြသည်။

ထိုသို့ ပြောနေရင်းမှ ရုတ်တရက် သတိရလာသကဲ့သို့ လိုင်ယွန်က ဆက်ပြောသည်။

"ဒါနဲ့ စကားမစပ်၊ အငြိမ့်အဖွဲ့တစ်ခုကို အခု ပြဇာတ်ထဲမှာ ထည့်ကဖို့ ခင်ဗျား စာချုပ်ထားသလား၊ ဟုတ်တယ်။ ဟယ်လင်က သူတို့နဲ့တွဲပြီး ရယ်စရာအခန်းကလေးတစ်ခု ကချင်နေတာ ကျွန်တော်သိတယ်။ ဒါပေမယ့် အဲဒီ အငြိမ့်အဖွဲ့ကလေးမှာ အဖွဲ့ဝင်သုံးယောက်ပါတာ ခင်ဗျား မသိဘူး။ ဟုတ်တယ် မှန်တာပေါ့။ ဒါက ခင်ဗျားလုပ်ရမယ့် အလုပ်မှ မဟုတ်ဘဲ"

လိုင်ယွန်က စကားပြောခွက်ကို လက်နှင့်အုပ်ပြီး နီလီကို လှမ်းပြောသည်။

"မင်း ခဲအိုက အလကားကောင်ပဲ။ ဒီစာချုပ်ကို သူတို့လက်မှတ်မထိုးခင်ကတည်းက မင်းကို သူတို့ ပ,ထုတ်လိုက်ပြီးပြီ"

နီလီက ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။

"ဒီငနာကြီးက ကျွန်မကို ပြဇာတ်တိုက်တဲ့ဆီ အလာခိုင်းပြီး အရှုးလုပ်လိုက်တယ်လို့ ဆိုလိုတာလား ဟင်။ ကျွန်မ. . ."

တိတ်တိတ်နေရန် လိုင်ယွန်က လက်ရိပ်ပြသည်။ သို့သော်လည်း နီလီ၏ဒေါသ ပေါက်ကွဲလာတော့သည်။

"ဒီကာလနာကြီးကို သွားပြီး အသေသတ်မယ်" ဟုလည်း ရေရွတ်နေသည်။

လိုင်ယွန်က သံမှန်လေသံမျိုးဖြင့် ဖုန်းပြန်ပြောနေသည်။

"ဟုတ်ပါတယ် ဂေးလ်၊ ဒီကိစ္စဟာ ခင်ဗျားနဲ့ လုံးဝ မဆိုင်ဘူးဆိုတာ ကျွန်တော်သိပါတယ်။ တရားဥပဒေ သဘောအရတော့ ခင်ဗျားနဲ့ လွတ်နေတာပဲ။ ဟိုလူတွေက သူတို့ အငြိမ့်သမကလေးအတွက် တာဝန်ယူပါ့မယ်လို့ ခင်ဗျားကို ကတိပေးထားမှတော့ ခင်ဗျားက ဘာဝင်ပြောလို့ရမှာလဲ။ ဘယ်သူမဆို ယုံရမှာပဲပေါ့"

နီလီကို လိုင်ယွန် စိုက်ကြည့်နေကြောင်း အယ်နီ သတိထားမိသည်။ တမင်သက်သက် အချိန်ဆွဲနေခြင်း ဖြစ်ကြောင်းလည်း သူ နားလည်သည်။ စကားပြောခွက်ပေါ်သို့ လက်နှင့်ဖုံးလိုက်ပြီး လေသံဖြင့် နီလီကို လှမ်းမေးပြန်သည်။

"နီလီ၊ မင်း အသက် ဘယ်လောက်ရှိပြီလဲ၊ မှန်မှန်ပြော"

"ဆယ့်ကိုးနှစ်"

www.burmeseclassic.com

www.burmeseclassic.com


"မဟုတ်ဘူး၊ သူ ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ်"

အယ်နီကလည်း လေသံဖြင့် ဝင်ပြောသည်။

"တချို့ ပြည်နယ်တွေမှာ ပွဲကလို့ရအောင် ကျွန်မအသက်ကို ဆယ့်ကိုးနှစ်လို့ လိမ်ပြောထားရတယ်"

နီလီက ဆင်ခြေတက်သည်။

လိုင်ယွန်၏ မျက်နှာပေါ်တွင် အနိုင်ရလိုက်သည့် အပြုံးမျိုး ပေါ်လာသည်။ ပြီးတော့ စိတ်ချမ်းသာသည့် လေသံမျိုးနှင့်လည်း ဆက်ပြောသည်။

"ဒီမှာ ဂေးလ်၊ ဘယ်လို အခက်အခဲမျိုးကိုမှ ကျွန်တော်တို့ကလည်း မပေါ်စေချင်ပါဘူး။ ဒီပြဇာတ်ထဲမှာ ဟယ်လင်လော်ဆန်နဲ့ အကနည်းပြဆရာကို ကျွန်တော်တို့က ထည့်ပေးထားရတာပါ။ နောက်ပြီးတော့ ဂျနီဖာနေ့ဘ်ကိုလည်း ကျွန်တော်တို့က ပေးထားရသေးတယ် မဟုတ်လား။

ဒါကြောင့် ဒီပြဇာတ် အစစအရာရာ ချောချောမွေ့မွေ့ ဖြစ်မှလည်း ကျွန်တော်တို့ပါ အကျိုးရှိမှာပါ။ ဘယ်လိုမှ မလွှဲသာ မရှောင်သာတဲ့ အချိန်မျိုးကျမှသာ တရားတဘောင် ဖြစ်ကြရမှာ မဟုတ်လား။ ဟုတ်ပါတယ်၊ တရားတဘောင်ကိစ္စကို ကျွန်တော် ပြောနေတာပါ။

ဒီမှာ ဂေးလ်၊ အဲဒီ အငြိမ့်အဖွဲ့ထဲမှာ ပါနေတဲ့ ကလေးမကလေးက အသက်ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ်။ အဲဒီ ငတိတွေက ဒီကလေးမကလေးကို ခေါ်ပြီး တစ်ပြည်လုံး ပြုပြစင်အောင် ပွဲလျှောက်ကပြီးပြီ။ သူ့အသက်ကိုလိမ်ပြီး လိုက်ကနေကြတာ။

ဒါကြောင့် အခုအချိန်မှာ အဲဒီ ငတိတွေကို ဒီကလေးမကလေးက တရားစွဲချင်တယ် ဆိုရင် အားလုံး ဒုက္ခရောက်ကုန်ကြလိမ့်မယ်။

ခင်ဗျားတို့ ချုပ်ထားတဲ့ စာချုပ်ဆိုတာ သူတို့ အငြိမ့်အဖွဲ့ကို တစ်ခန်းထည့်ပြီး ကမယ်ဆိုတဲ့စာချုပ်ပဲ။ တည်ဆဲဥပဒေတွေကို ချိုးဖောက်ဖို့ ချုပ်ဆိုထားတာမှ မဟုတ်ဘဲ။ ဒီကိစ္စ ဘာမှ မဖြစ်စေရပါဘူးလို့တော့ သူတို့က ခင်ဗျားကို ပြောမှာပေါ့။

ဒါပေမယ့် တရားဥပဒေ အရတော့ ဖြစ်နိုင်နေတယ်။ ဒီကလေးမက တရားစွဲမယ် မစွဲဘူးဆိုတာ ခင်ဗျား ဘယ်လိုလုပ် သိနိုင်မှာလဲ၊ အခုပဲ ကျွန်တော့်ရှေ့မှာ သူကိုယ်တိုင် လာထိုင်နေလေရဲ့"

လိုင်ယွန်က နီလီကို မျက်ရိပ် လှမ်းပြလိုက်သည်။ ထို့နောက် စီးကရက် အသစ်တစ်လိပ်ကို မီးညှိဖွာနေသည်။

"ဟုတ်ပါပြီ ဂေးလ်၊ ခင်ဗျားပြောတာ မှန်ပါတယ်။ ဒီအချိန်ကျမှ သူ့အတွက် အခန်းတစ်ခု ထည့်ပေးဖို့ဆိုတာ ခက်မှာပါပဲ။

ဒါပေမယ့် ဒီပြဿနာကလေးလောက်ကိုတော့ ကျွန်တော်တို့ တယ်လီဖုန်းနဲ့ပဲ ဖြေရှင်းလို့ရမယ် ထင်ပါတယ်။

အငြိမ့်အဖွဲ့က ရသင့်တဲ့ ညကြေးဟာ တစ်ပတ်ကို ဒေါ်လာငါးရာ မဟုတ်လား။ ပထမဆုံး ပွဲစတဲ့ ငါးရက်အတွင်းမှာ သူတို့ကို တစ်ပြားမှ ပေးဖို့ မလိုသေးဘူး မဟုတ်လား။ အဲဒီလိုဆိုရင် သူတို့ကို ဒေါ်လာလေးရာပဲ ပေးမယ်ဆိုပြီး ကန်ထရိုက် စာချုပ်အသစ်ကို ခင်ဗျားတို့ ပြန်ချုပ်လို့ ရနိုင်တာပေါ့။ တစ်ပြိုင်တည်းမှာပဲ သူတို့ရဲ့ မင်းသမီးကလေးကို ဒေါ်လာတစ်ရာနဲ့ စာချုပ်နိုင်တာပဲ။ သူ့ကို ယိမ်းအဖွဲ့ထဲမှာ ထည့်ပေးလိုက်ပါ။ ပညာသင်အဖြစ်နဲ့ပေါ့။

အဲဒီအတိုင်းလုပ်တာ အကောင်းဆုံးဖြစ်မှာပေါ့ဗျာ။ ခင်ဗျားအနေနဲ့လည်း ဘာမှ ငွေပိုကုန်စရာ မရှိဘူး။ ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်တဲ့ဟာပဲ။ အားလုံးလည်း စိတ်ချမ်းသာကြရမယ်ဗျာ။ ဟုတ်ပါတယ်၊ ကောင်းပြီလေ၊ဇာတ်တိုက်တဲ့နေရာကို မနက်ဖြန် သတင်းသွားပို့ဖို့ ကလေးမကို ကျွန်တော် ပြောလိုက်ပါ့မယ်။

ဝမ်းသာပါတယ်ဗျာ၊ ဘယ်မှာလဲ၊ 'ကိုပါ' မှာလား၊ ဘယ်တော့လဲ၊ ဒီနေ့ညလား၊ သိပ်ကောင်းပေါ့ဗျာ။ လာပါ့မယ်၊ ကောင်းပြီလေ။ အဲဒီကျတော့မှ တွေ့ကြတာပေါ့"

လိုင်ယွန်က တယ်လီဖုန်းကို ပြန်တင်လိုက်ပြီး နီလီကို ပြုံးကြည့်သည်။

"ကိုင်း သူငယ်မ၊ မင်း ပြဇာတ်ထဲမှာ ပြန်ကလို့ ရပြီ"

နီလီက လိုင်ယွန်ဆီသို့ လျှောက်သွားကာ အားပါးတရ ဖက်လိုက်လေသည်။ သူ ကျေးဇူးတင် မဆုံးအောင် ဖြစ်နေတော့သည်။

"အိုး မစ္စတာဘတ်၊ ရှင်ဟာ တကယ့်ကို ကယ်တင်ရှင်ကြီးပါပဲ"

www.burmeseclassic.com

 www.burmeseclassic.com 

ထို့နောက် အယ်နီဘက်သို့ ပြန်လှည့်လာသည်။ အယ်နီကိုလည်း အားပါးတရ သိုင်းဖက်လိုက်သည်။

"အယ်နီ၊ ကျွန်မလေ အစ်မကို သိပ်ချစ်တာပဲ။ ဒီကျေးဇူးကို ကျွန်မ. . . ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး။ အစ်မဟာ ကျွန်မရဲ့ တစ်ဦးတည်းသော သူငယ်ချင်းစစ်ပါပဲ။ ကျွန်မခဲအိုအရင်းကတောင် ကျွန်မကို ဒုက္ခပေးသေးတာ။ ဒီအကြောင်းကို ကျွန်မအစ်မ သိအောင်လည်း ပြောပြရဦးမယ်။ ချာလီကတော့ သူ့ကို အသိမပေးဘဲ လုပ်ရဲမှာ မဟုတ်ဘူး။

အို - အယ်နီ၊ ကျွန်မ ဘယ်ဘဝပဲ ရောက်ရောက်၊ ဘယ်အရပ်ဒေသကိုပဲ ရောက်ရောက် ဒီကျေးဇူးတွေကို မမေ့ပါဘူး အစ်မရယ်။ အစ်မလိုတဲ့ ဘယ်လို အကူအညီမျိုးကိုမဆို ကျွန်မ ပေးပါ့မယ်။ တကယ်ပါ ကျွန်မကို ယုံပါ။ ကျွန်မ ကျိန်ပြောရဲပါတယ်။ အစ်မအတွက်ဆိုရင် ကျွန်မ ဘာပဲ လုပ်ပေးရ လုပ်ပေးရ လုပ်ပေးပါ့မယ်"

"မင်းအတွက် ကိုယ် ဝမ်းသာပါတယ် နီလီ၊ တကယ်ပါ။ ကိုယ် သိပ်ကို ဝမ်းသာပါတယ်"

အယ်နီကလည်း ချစ်ခင်ကြင်နာသည့် လေသံနှင့် ပြန်ပြောသည်။

တယ်လီဖုန်းခေါင်းလောင်း မြည်လာပြန်သည်။ လိုင်ယွန်ဘက်က ကောက်ကိုင်သည်။

"ဂေးလ်ကော့စ် ပြန်ဆက်နေတာ"ဟုလည်း စကားပြောခွက်ကို လက်တစ်ဖက်နှင့် ဖုံးအုပ်ရင်း ပြန်ပြောသည်။ အယ်နီ့စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ လိုင်ယွန် ရယ်သောအခါကျမှ သူ စိတ်အေးသွားသည်။

"ကျွန်တော်လည်း မသိသေးဘူး ဂေးလ်"

လိုင်ယွန်က နီလီကို လှမ်းကြည့်သည်။

"ဒါထက် နေပါဦး၊ မင်းနာမည် ဘယ်သူလဲ"

"နီလီ"

နီလီ၏ ကလေးမျက်လုံးကလေးများ ပြူးကျယ်သွားသည်။

"နီလီတဲ့၊ ဟုတ်ပါတယ် နီလီ"

လိုင်ယွန်က ဖုန်းထဲသို့ တစ်လုံးချင်း ရွတ်ပြနေသည်။ နီလီကိုလည်း မှန်၊ မမှန် မေးသည့်အနေနှင့် ပြန်ကြည့်သည်။ နီလီကလည်း သူ့ကိုယ်သူ မသေချာသလိုလိုပုံမျိုးဖြင့် ခေါင်းပြန်ညိတ်ပြသည်။

"နီလီ ပြီးတော့ ဘာလဲ၊ မျိုးရိုးနာမည်"

နီလီက သူ့ကို ပြန်ငေးစိုက်ကြည့်နေပြန်သည်။

"အဲဒါမှ သောက်ဂွပဲ။ ကျွန်မလည်း မသိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မနာမည်နဲ့ ဖတ်သက်ပြီး တစ်ခါမှ ဒါလောက် ကြီးကြီးကျယ်ကျယ် မစဉ်းစားဖူးဘူး။ ကျွန်မ လိုက်ကနေရတာက တောအငြိမ့်ကလေး မဟုတ်လား။ ဒါကြောင့် အိုသယ်အင်ဂနက်စ်အိုနေးလ်ဆိုတဲ့ နာမည်ကိုလည်း သုံးလို့ မဖြစ်ခဲ့ဘူး"

"မနက်ဖြန်အထိစောင့်ဖို့ သူ့ကို ကိုယ် ပြောလိုက်ရမလား၊ ဒါမှ နာမည်တစ်ခုခုကို မင်း ရွေးဖို့ အချိန်ရမယ်လေ"

လိုင်ယွန်က စကားပြောခွက်ကို လက်နှင့်အုပ်ပြီး လှမ်းမေးသည်။

"အမယ်လေး မလုပ်လိုက်ပါနဲ့ရှင်။ တော်တော်ကြာ သူ စိတ်ပြောင်းသွားလို့ သောက်ဂွကျနေပါဦးမယ်။ ကိုယ်နဲ့မဆိုင်ရင် မဆိုင်သလို မျက်နှာလွှဲခဲပစ် မလုပ်လိုက်ကြပါနဲ့။

အယ်နီ၊ ကျွန်မကို ဘယ်လိုနာမည်မျိုး မှည့်ရမလဲ။ အစ်မနာမည်ကို ကျွန်မ သုံးလို့ ဖြစ်မလား၊ နီလီဝဲလ်စ်လို့လေ"

"ဒီထက်ပိုပြီး ဆွဲဆောင်မှုရှိတဲ့ နာမည်မျိုးကို ရွေးပါ ညီမရယ်"

အယ်နီက ပြုံးသည်။

နီလီက လိုင်ယွန်ကို ခပ်ကြောင်ကြောင် လှမ်းကြည့်သည်။

"မစ္စတာဘတ်နာမည်ကိုရော ကျွန်မ သုံးလို့ ရမလား"

"နီလီဘတ်ဆိုတဲ့ နာမည်ကြီးက ပုံပျက်လွန်းလှပါတယ်ကွယ်"

လိုင်ယွန်က သူ့ခေါင်းကို ယမ်းခါပြနေသည်။ ခဏကြာအောင် နီလီ ငြိမ်နေသည်။ ပြီးတော့မှ သူ့မျက်လုံးများ အရောင်တောက်လာသည်။

"နီလီအိုဟာရာ" -

"ဘာ. . ."

လိုင်ယွန်နှင့် အယ်နီတို့နှစ်ယောက် ပြိုင်တူ ပြန်မေးမိလိုက်ကြသည်။

"နီလီအိုဟာရာ၊ သိပ်ကို ကောင်းတဲ့ နာမည်ပဲ။ ကျွန်မက အိုင်းရစ်လူမျိုးလေ။ ပြီးတော့ စကားလက်အိုဟာရာကလည်း ကျွန်မ အစွဲဆုံး မင်းသမီး"



www.burmeseclassic.com

www.burmeseclassic.com

"ယောက်ျားသုံးယောက်တွေကို ဖတ်ပြီးခါစပဲ ရှိသေးတယ်။ အဲဒီအထဲက ဇာတ်လိုက်မင်းသမီး တေးသတ်အိုဟာရာကို ပြောတာ"

အယ်နီက ရှင်းပြသည်။

"နီလီ၊ ပိုပြီးနားဝင်ချိုမယ့် နာမည်တစ်ခုခုကို ပေးရင် ကောင်းမယ်ထင်တယ်"

လိုင်ယွန်က အကြံပေးသည်။

"ပိုပြီး ဘာဖြစ်တယ်"

"ဟုတ်တယ် ဂေးလ်၊ ကိုင်ထားပါတယ်။ ကျုပ်တို့ ဒီမှာ နာမည်နဲ့ပတ်သက်ပြီး အစည်းအဝေးကလေးတစ်ခု လုပ်နေကြရလို့ပါ"

လိုင်ယွန်က တစ်ဖက်သို့ ပြန်ပြောသည်။

"ကျွန်မကတော့ နီလီအိုဟာရာဆိုတဲ့ နာမည်ကိုပဲ ကြိုက်တယ်"

နီလီကလည်း ခေါင်းမာမာနှင့် ပြန်ပြောသည်။

"နီလီအိုဟာရာတဲ့"

လိုင်ယွန်က ပြုံးရင်း ပြောသည်။

"ဟုတ်ပါတယ်၊ အိုဟာရာ။ မှန်ပါပြီ၊ ပြီးတော့ မနက်ဖြန် ဇာတ်တိုက်တဲ့အခါကျရင် ကန်ထရိုက်စာချုပ် အသင့်လုပ်ထားပေးပါ။ ဒီကလေးမက စိတ်လှုပ်ရှားတတ်တယ်။ စိတ်ထိခိုက်လွယ်တယ်။ နောက်ပြီးတော့ ဂေးလ်၊ မင်းသမီးစာချုပ်မျိုးပဲ လုပ်ထားပါ။ ယိမ်းသမအနေနဲ့ စာချုပ်မချုပ်ပါနဲ့။ သူ စိတ်ချမ်းသာသွားအောင် လုပ်ပေးတဲ့သဘောပါပဲ"

လိုင်ယွန် ဖုန်းကိုပြန်ချထားလိုက်သည်။ ပြီးတော့ နီလီဘက်သို့ လှည့်လာသည်။

"ကဲ- မစ္စနီလီအိုဟာရာ၊ မင်းသား၊ မင်းသမီး အစည်းအရုံးကို ပြေးပြီး အသင်းဝင်လိုက်ပါ။ အသင်းဝင်ကြေးတော့ ပေးရလိမ့်မယ်။ ဒေါ်လာတစ်ရာကျော်လောက် ကျမယ်ထင်တယ်။ မင်း ကြိုတင်ငွေ လိုချင်တယ်ဆိုရင်. . ."

"ကျွန်မ စုထားတာ ငွေခုနစ်ရာ ရှိပါတယ်"

နီလီက ခပ်ကြွားကြွား ပြောသည်။

"ကောင်းတယ်၊ မင်း ဒီနာမည်ကိုပဲ အတည်ယူလိုက်တော့မယ်ဆိုရင် တရားဝင်ဖြစ်သွားအောင် ပုံစံတွေ ဘာတွေ ဖြည့်ရလိမ့်ဦးမယ်"

"ဒီနာမည်ကို သူများ ခိုးသွားမှာစိုးလို့လား"

လိုင်ယွန်က ပြုံးသည်။

"အဲဒီလို လုပ်ထားမှ အစစ လုပ်ရကိုင်ရတာ လွယ်သွားမှာပေါ့ကွယ်။ ဘဏ်မှာ ငွေစာရင်းဖွင့်ရမယ်။ လူမှုဖူလုံရေး ဝင်ရမယ်"

"ဝင်ငွေ စစ်ဆေးနိုင်အောင် ငွေစာရင်းဖွင့်ရမယ် မဟုတ်လား၊ ဂီးဇ် ကျွန်မ ဝင်ငွေကို စစ်ဆေးလောက်အောင် ဘယ်တော့များမှ ဝင်ငွေက ရှိမှာလဲ"

တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာပြန်သည်။

"အိုး ဂီးဇ်၊ ဟိုလူကြီးကတော့ စိတ်ပြောင်းသွားပါပြီတော်"

နီလီက ခပ်တိုးတိုး ရေရွတ်လိုက်သည်။

လိုင်ယွန်က ဖုန်းကို ကောက်ကိုင်သည်။

"ဟယ်လို၊ အိုး. . . ဟေး"

သူ့အသံ ချက်ချင်း ပြောင်းသွားသည်။

"ဟုတ်တယ်၊ သတင်းစာထဲမှာ ကိုယ် ဖတ်လိုက်ရပါတယ်။ ကိုယ် သက်သက် နောက်နေတာပါလို့ ပြောခဲ့ဖူးတယ် မဟုတ်လားကွယ်၊ ပြောပါဦး"

လိုင်ယွန်က ရယ်သည်။

"သိပ်မမြောက်လိုက်ပါနဲ့ဦး အချစ်ရယ်၊ သိပ်မြောက်သွားလို့ ပြန်ဆင်းရခက်နေပါဦးမယ်။ ဒီမှာ ကိုယ့်ရုံးခန်းထဲမှာ တခြား ဧည့်သည်တွေ ရှိနေတယ်။ သူတို့ကို စောင့်ခိုင်းထားရတာ အားနာစရာကြီး ဖြစ်နေပြီ။ ညကျတော့မှ ဒီအကြောင်းကို ကိုယ်တို့နှစ်ယောက် ထပ်ပြောကြသေးတာပေါ့။ 'ကိုပါ' ဇာတ်ရုံမှာ ပြဇာတ်ကြည့်မလား၊ ဂေးလ်ကေ့စ်က ကိုယ်တို့ကို ဖိတ်ထားပါတယ်။ ကောင်းတယ်၊ ဒီနေ့ည ရှစ်နာရီလောက်မှာ ကိုယ်လာခေါ်မယ်။ ကိုယ့်ညီမက လိမ္မာပါတယ်ကွယ်။ ဒါပဲနော်"

လိုင်ယွန်က နီလီနှင့် အယ်နီတို့ဘက်သို့ လှည့်ကြည့်ပြီး တောင်းပန်သည့်အပြုံးကလေးကို ပြုံးပြသည်။

အယ်နီက ထိုင်ရာမှ ထသည်။

"ရှင့်အချိန်တွေကို ကျွန်မတို့ အများကြီး ဝင်ယူလိုက်ပြီ၊ ကျေးဇူးတင်ပါတယ် လိုင်ယွန်"

"ကျေးဇူးတင်ဖို့ မလိုပါဘူးကွာ၊ မင်း ကျေးဇူးတွေ ကိုယ့်အပေါ်မှာ ရှိပါတယ်။ ကိုယ် အိမ်နဲ့ရာနဲ့ အေးအေးချမ်းချမ်း နေခွင့်ရနေတာ မင်းကျေးဇူးပါပဲ။ ဒါကြောင့် အခုလောက် ကူညီရတာဟာ မပြောပလောက်ပါဘူး"

သူ့ရုံးခန်းအပြင်သို့ ရောက်လာသည်နှင့် တစ်ပြိုင်တည်း နီလီက ဝမ်းသာအားရ ကျော်

www.burmeseclassic.com

www.burmeseclassic.com

ခက်လိုက်သည်။

"အယ်နီ၊ ကျွန်မ ဝမ်းသာလိုက်တာ။ ဝမ်းသာလွန်းလို့ ရင်ပွင့်ထွက်သွားအောင် သံကုန်တောင် ဟစ်ပစ်လိုက်ချင်တယ်"

"ကိုယ်လည်း မင်းအတွက် သိပ်ကို ဝမ်းသာပါတယ် နီလီ"

နီလီက အယ်နီကို မော့ကြည့်သည်။

"ဟော အစ်မ၊ ဘာဖြစ်တာလဲ၊ မျက်နှာလည်း မကောင်းပါလား။ ဘာများ စိတ်ထိခိုက်စရာ တွေ့သွားလို့လဲ။ ကျွန်မ အခုလို မထိန်းမသိမ်းနေလို့ ဖြစ်တာလား။ ကျွန်မ တောင်းပန်ပါတယ် အစ်မရယ်။ ကျွန်မ ရှူးရှူးပေါ်ပေါ်နေတဲ့အတွက် လိုင်ယွန်က စိတ်မဆိုးပါဘူး။

မနေ့တာဘယ်လာမီလည်း ကျွန်မတို့ကို တွေ့တာမှ မဟုတ်ဘဲ။ ကျွန်မ ဒီကိုရောက်နေတာတောင် သူ သိမှာ မဟုတ်ပါဘူး။ အားလုံး အဆင်ပြေသွားပါပြီ အစ်မရယ်။ ကျွန်မ ဒီလိုနေမိတဲ့အတွက် စိတ်မဆိုးပါနဲ့နော်။ အစ်မသာ စိတ်ဆိုးမယ်ဆိုရင် ကျွန်မဘဝကလေးဟာ ဒီကနေ့အဖို့ ပျက်စီးသွားပါပြီ"

"စိတ်မဆိုးပါဘူးကွယ်၊ ကိုယ့်စိတ် ပင်ပန်းသွားလို့ပါ။ တကယ်ပြောတာပါ နီလီ"

အယ်နီက သူ့စားပွဲမှာ ဝင်ထိုင်သည်။

နီလီက နားမလည်သလို ကြည့်နေသည်။

"ဟုတ်ပါတယ်လေ၊ ကျွန်မတို့နှစ်ယောက်စလုံး သိပ်ကို စိတ်လှုပ်ရှားစရာတွေနဲ့ ကြုံခဲ့ကြရတာ မဟုတ်လား။ အို- အယ်နီ၊ တစ်နေ့ကျရင်တော့ ဒီကျေးဇူးတွေကို ကျွန်မ ပြန်ဆပ်ပါ့မယ်။ ကျွန်မ တကယ် ပြောနေတာပါ။ ဘယ်နည်းနဲ့မဆို ဒီကျေးဇူးတွေကို ကျွန်မ ပြန်ဆပ်ပါ့မယ်"

နီလီက စားပွဲပေါ်သို့ ကိုယ်ကိုကိုင်းပြီး အယ်နီကို လှမ်းဖက်ထားသည်။ ထို့နောက် မှုံအပြင်သို့ နီလီ ထွက်သွားသည်။

အယ်နီက နီလီကို လိုက်ကြည့်နေမိသည်။ နီလီ အပြင်ရောက်သွားသောအခါကျမှ စိတ်မှတ်မထင်ပင် စာရွက်လွှတ်ကို လက်နှိပ်စက်ထဲသို့ ထည့်သည်။ ကာဘွန်စက္ကူက သူ့လက်မှ စေ့စပ်ကြောင်းလမ်းသည့် လက်စွပ်နှင့် ငြိနေသေးသည်။ လက်စွပ်ကို ဂရုတစိုက် ပွတ်တိုက်သည်။ ပြီးတော့ လက်နှိပ်စက် ဆက်ရိုက်နေတော့သည်။

*

အလိုလိုနေရင်း နဘံမိုးလုံးပြဇာတ်နှင့် အယ်နီ ပတ်သက်နေပြီဖြစ်ကြောင်း သတိထားမိတော့သည်။ စောစောပိုင်းကတော့ နီလီကို ပြဇာတ် ကခွင့်မပေးကြသောကြောင့် စိတ်မကောင်း ဖြစ်ခဲ့ရသည်။ လိုင်ယွန်၏ ကျေးဇူးကြောင့် နီလီ ပါဝင်ကပြခွင့်ရပြီ။ ထိုအချိန်မှစပြီး နီလီလည်း ပြဇာတ်တိုက်နေတော့သည်။

ဇာတ်တိုက်ပြီး သုံးရက်မြောက်သည့်နေ့မှစ၍ နီလီက သူ ပါဝင်ရမည့် အခန်းများအကြောင်းကို ပြန်ပြောပြလေ့ ရှိသည်။ လက်တွေ့လည်း ကပြတတ်သည်။ အမှန်ကတော့ ယိမ်းအဖွဲ့ထဲမှာ ပါဝင်ကပြရခြင်းသာလျှင် ရှိသေးသည်။ သို့သော်လည်း သူ့ကို အကပညာသင်အဖြစ် သတ်မှတ်ကြသည်။

"တယ်ရီကင်းရဲ့ အခန်းတွေကို ကျွန်မ လေ့လာနေရတယ်၊ တယ်ရီကင်းက ကျွန်မတို့ ပြဇာတ်ထဲမှာ ဒုတိယ ခေါင်းဆောင်မင်းသမီး၊ ဟယ်လင်နဲ့သူ အတွဲလည်းညီတယ်။ ကကွက်အသစ်အဆန်းတွေကို တီထွင်နိုင်ကြတယ်။

နောက်ပြီးတော့ တယ်ရီကင်းက လှလည်းလှတယ်။ ယောက်ျားတွေ စွဲမက်လောက်တဲ့ရုပ်မျိုး၊ ကြာ သိပ်များတယ်။ သူ့နေရာမှာ ကျွန်မကို အစားထိုးပြီး ကခိုင်းဖို့များ စိတ်ကူးနေကြသလား မသိဘူး။ ကျွန်မက တယ်ရီကင်းလောက် မလှဘူး။ သူ့လောက်လည်း ကြာမများဘူး"

"ဒီလိုဆိုရင် ဘာဖြစ်လို့ သူတို့က မင်းနဲ့ အစားထိုးဖို့ လုပ်နေကြတာလဲ"

"သူတို့ သဘောကျတာ ရှိနေလို့ ဖြစ်မှာပေါ့။ ကျွန်မတို့ ယိမ်းသမတွေထဲမှာ သီချင်းဆိုနိုင်တဲ့လူဆိုလို့ ကျွန်မတစ်ယောက်ပဲ ရှိတယ်။ နောက်ပြီးတော့လည်း တခြား အလုပ်သင်မင်းသမီးတစ်ယောက်ကိုလည်း သက်သက်မငှားချင်ကြဘူးနဲ့တူတယ်။ ကျွန်မကိုပဲ သင်ပေးနေတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သွားတာပေါ့။ သူတို့ နယ်ထွက်ကမယ် ဆိုရင်လည်း ကျွန်မက အချိန်မရွေး လိုက်နိုင်တယ်လေ"

"မင်း သီချင်းကောင်းကောင်း ဆိုတတ်သလား နီလီ"

"အို- ကျွန်မ ကတတ်သလို ဆိုလည်းဆိုတတ်ပါတယ်။ တခြား ယိမ်းသမတွေနဲ့စာရင် ကျွန်မက တတ်လွယ်တယ်။ အခုတော့ ကျွန်မအဖို့ အစစ အဆင်ပြေသွားပါပြီ။ ရည်း

www.burmeseclassic.com



စားတစ်ယောက်လောက်ပဲ လိုတော့တယ်။ ရည်းစားတစ်ယောက်လောက် ရပြီဆိုရင် ကျွန်မဘဝမှာ ဘာမှ မလိုတော့ဘူး"

"မင်းတို့ ပြဇာတ်အဖွဲ့ထဲမှာ ရုပ်ချော ချော အမျိုးသားတစ်ယောက်လောက်မှ မရှိဘူးလား"

"အစ်မကလည်း လုပ်တော့မယ်၊ ဒါ လောက် ယောကျ်ားလေးတွေ များနေတဲ့ ပြဇာတ်အဖွဲ့ကြီးပဲ၊ ရုပ်ချောတဲ့ ဘဲတစ်ကောင် ကောင်တော့ ပါရတော့မှာပေါ့။ အမျိုးသား ယိမ်းအဖွဲ့လည်း ရှိသေးတယ်လေ။ အဲဒီအထဲ မှာ ကြိုက်တာ ခေါင်းခေါက်ပြီး ရွေးယူလို့ ရတယ်။ သူတို့အဖွဲ့က ခေါင်းဆောင်လုပ်တဲ့လူ ဆိုရင် အပြတ်ကို သားနားတာပေါ့။

ဒါပေမယ့် သူ့မှာ မိန်းမရှိတယ်။ သူ့ မိန်းမက သူ့အမေအတိုင်းပဲ။ နည်းနည်း ကလေးမှ အလစ် မပေးဘူး။ အရိပ်တကြည့် ကြည့်နဲ့ လုပ်နေတာ။ မျက်စိအောက်ကကို အပျောက်ခံတာ မဟုတ်ဘူး။ တယ်ရီကင်းနဲ့ တွဲကတဲ့ အမျိုးသားလည်း မဆိုးပါဘူး။ ဟယ် လင်ရဲ့အဖေအခန်းက ကတဲ့ အဘိုးအိုကြီး တစ်ယောက်လည်း ရှိသေးတယ်။ သူကတော့ အသက် ခြောက်ဆယ့်ငါးနှစ်တောင် ရှိနေ ပါပြီ။ အသုံးမဝင်တော့ပါဘူး။

ဒါပေမယ့် ကျွန်မတို့ ယိမ်းအဖွဲ့ထဲက မိန်းကလေးတစ်ယောက်ရဲ့ ရည်းစားမှာ ယောကျ်ားသူငယ်ချင်းတစ်ယောက် ရှိတယ်။ နာမည်က မဲလ်ဟားရစ်တဲ့။ သူက ဝါဒဖြန့်ချိ ရေးမှူး၊ တစ်နေ့တော့ ကျွန်မသူငယ်ချင်းက သူ့ရည်းစားနဲ့ ချိန်းတွေ့ရင်း မဲလ်ဟားရစ်ကို လည်း ကျွန်မနဲ့ ချိန်းတွေ့ပေးတယ်။ ဒါနဲ့ ကျွန်မတို့ချင်း ရင်းနှီးသွားကြတာ။

ဒါပေမယ့် အစ်မရယ်၊ ကျွန်မတို့ ပြဇာတ် စကမယ့်နေ့မှာ ကျွန်မအဖို့ အတွဲလေးတစ် ယောက်လောက်နဲ့မှ မသွားနိုင်တာတော့ တော်တော်ဆိုးတာပဲ။ နယူးယောက်မြို့ ကဇာတ်ရုံဖွင့်ပွဲနေ့ကျရင် ကျော့ဘယ်လိုစ်နဲ့ အစ်မတို့ သွားကြည့်ကြမှာလား ဟင်"

"မသွားဖြစ်တော့ပါဘူးကွယ်၊ ကိုယ်က အေလင်နဲ့ စေ့စပ်ကြောင်းလမ်းပြီး ဖြစ်နေပြီ မဟုတ်လား"

"ဒီလိုဆို အစ်မတို့အတွက် လက်မှတ် နှစ်စောင် ကျွန်မ ဝယ်ပေးပါရစေ။ ကျွန်မရဲ့ လက်ဆောင်အဖြစ်နဲ့ပေါ့"

"မင်းတို့က လက်မှတ် အလကားမရဘူး လား"

"အစ်မကလည်းနော်၊ ကြွက်ကြီးစည်ရာ၊ ဘယ်သူမှ လက်မှတ် အလကား မရဘူး။ ဟယ်လင်လော်ဆန်တောင် မရဖူးဘူး။ ဒါပေ မယ့် အထူးကုလားထိုင်မှာ ထိုင်ခုံလေးခုံ ပွဲ တိုင်း ဝယ်ခွင့်ရတယ်။ ပြဇာတ်ကို လူသိပ် ကြိုက်နေပြီ ဆိုရင်တော့ သူ ပွတာပေါ့။ သူ ဝယ်ခွင့်ရတဲ့ ထိုင်ခုံတွေကို မှောင်ခိုဈေးနဲ့ ရောင်းပစ်လိုက်တာပဲလို့ သူများတွေပြောတာ ကြားဖူးတယ်"

"ဒါပေမယ့် နီလီ၊ ကိုယ့်အတွက် လက် မှတ် မဝယ်ပါနဲ့။ အေလင် စီစဉ်ပါလိမ့်မယ်။ တကယ်လို့ မင်းနဲ့ မဲလ်ဟားရစ်နဲ့ အဲဒီအချိန် အထိ အဆင်မပြေကြသေးဘူး ဆိုရင်လည်း ပြဇာတ်အပြီးမှာ ကိုယ်တို့နဲ့ မင်း လိုက်ခဲ့ပါ"

သို့သော်လည်း နောက်ရက်များတွင် မဲလ်ဟားရစ်နှင့် နီလီတို့ ပိုမို ရင်းနှီးလာကြ သည်။ သူတို့ချင်း ချိန်းကာ ဟိုဟိုဒီဒီ သွားကြ လာကြသည်။

သူ့ကို နီလီ အလွန် သဘောကျပါ သည်။ နီလီနှင့် တွေ့သည့်အခါများတွင် သူ့ အကြောင်းများကို ပြောပြတတ်သည်။

သူ့အသက် (၂၆)နှစ် ရှိပြီဖြစ်ကြောင်း၊ နယူးယောက်တက္ကသိုလ်မှ ဘွဲ့ရခဲ့ကြောင်း၊ ယခုတော့ ဝါဒဖြန့်ချိရေးမှူး အလုပ်မျိုးကို မွေးပြီး လုပ်ကိုင်နေရကြောင်း၊ တစ်နေ့တွင် ရုပ်ရှင်ထုတ်လုပ်သူ သို့တည်းမဟုတ် ပြဇာတ် များ တင်ဆက်သူ ဖြစ်လာဖို့ ရည်မှန်းချက် ထားကြောင်း၊ယခု လောလောဆယ် ဟိုတယ် သေးသေးကလေးတွင် နေထိုင်ကြောင်း၊ သော ကြာနေ့တိုင်း သူ့မိသားစုများ နေထိုင်သည့် ဘရွတ်ကလင်မြို့သို့ သွားပြီး မိသားစုနှင့် ညစာ အတူတူ စားကြောင်းများကို စိတ်ရှည် လက်ရှည် ပြောပြတတ်သည်။

"သူတို့ ဂျူးလူမျိုးတွေဟာ ကိုယ့်မိသား စုကို သိပ်ခင်တွယ်ကြတဲ့ လူမျိုးတွေ"

နီလီက ရှင်းပြသည်။

"သူ့ကို မင်း တကယ် သဘောကျနေ တာလား"

အယ်နီက မေးသည်။

"သူ့ကို ကျွန်မ ချစ်တယ်"

"နီလီ၊ မင်း သူနဲ့ ချိန်းတွေ့ရုံလေး ရှိသေးတယ်။ ဘယ်လိုလုပ်ပြီး သူ့ကို မင်း ချစ်

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရပြန်တာလဲ"

"အောင်မယ် . . . အစ်မလိုလူကပဲ ပြောရတယ်ရှိသေး။ လိုင်ယွန်ဘတ်နဲ့ အစ်မနဲ့ နေ့လယ်စာကလေး တစ်နပ်လောက် အတူတူ စားမိတာနဲ့ အစ်မရော ဘာဖြစ်နေသလဲ"

"နီလီရယ် လိုင်ယွန်ဘတ်နဲ့ ကိုယ်နဲ့က ဘာမှ မဖြစ်ပါဘူးကွယ်။ သူ့အကြောင်းကို တောင် ကိုယ် မစဉ်းစားမိပါဘူး။ နောက်ပြီး တော့ အေလင်ကိုလည်း ကိုယ် ခင်မိပါတယ်"

"ကျွန်မကတော့ မဲလ်ကို ချစ်နေမိပြီ လေ။ ကျွန်မ သိပါတယ်။ သူလည်း လူချော တစ်ယောက်ပဲ။ ဒါပေမယ့် လိုင်ယွန်ဘတ် လောက်တော့ မချောဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ သဘောကျတာပဲ"

"သူက ဘယ်သူနဲ့တူသလဲ"

နီလီက ပခုံးတွန့်ပြလိုက်သည်။

"ဂျော်ဂျီဂျက်စယ်လ်လိုရုပ်မျိုး။ ဒါပေ မယ့် ကျွန်မ မျက်စိထဲမှာတော့ သူက ပိုချော တယ်။သူနေပုံထိုင်ပုံကလည်း တည်ငြိမ်တယ်။ ကျွန်မ အသက်နှစ်ဆယ်ရှိပြီလို့ သူ့ကို ပြောပြ လိုက်တယ်။ ဒါတောင် သူ မတုန်မလှုပ်ဘဲ။ ဆယ့်ခုနစ်နှစ်ဆိုရင် ကျွန်မကို ကလေးဆိုပြီး စိတ်မဝင်စားဘဲ နေမှာစိုးလို့"

သူတို့နှစ်ယောက် အယ်နီ၏ အခန်းထဲ မှာထိုင်ပြီး စကားပြောနေကြခြင်း ဖြစ်သည်။

နီလီက အခန်းအပြင်သို့ လှမ်းကြည့် သည်။ ထိုအချိန်မှာပင် တယ်လီဖုန်းခေါင်း လောင်း မြည်သံကို ကြားရသည်။

တယ်လီဖုန်းကို အပြင် ခန်းမထဲမှာ ထားသည်။ နီလီ၏ အခန်းရှေ့ တည့်တည့် လောက်တွင် ဖြစ်သည်။ အများသုံးဖုန်း ဖြစ် သောကြောင့် ဖုန်းလာလျှင် ကြုံရာလူက နား ထောင်ပြီး သက်ဆိုင်သူကို ခေါ်ပေးရသည်။ သို့သော်လည်း နီလီ၏ အခန်းရှေ့တွင် ရှိနေ သောကြောင့် နီလီသာ အများဆုံး ပြန်ထူးသူ ဖြစ်သည်။

"ကျွန်မဖုန်းပဲ ဖြစ်မှာပဲ"

တယ်လီဖုန်း ခေါင်းလောင်းသံကြောင့် နီလီ၏ ကိုယ်လုံးကလေး ပုဝင်သွားသည်။

ငါးမိနစ်လောက်ကြာတော့ သူ ပြန်ဝင် လာသည်။ အောင်ပွဲခံလိုက်ရသဖြင့် သူ အ ပျော်ကြီး ပျော်ရွှင်နေသည်ကိုလည်း တွေ့ရ သည်။ အသက်ကိုပင် မှန်အောင် မရှူနိုင်။

"ဟုတ်တယ် သူပဲ၊ ကျွန်မကို ဒီနေ့ည မာတီနစ်ဟိုတယ် ခေါ်သွားမယ်တဲ့။ အဲဒီ ဟိုတယ်မှာ ရှိနေတဲ့ အဆိုတော်အချို့ရဲ့ ပြန် ကြားရေးလုပ်ငန်းတွေကို သူက တာဝန်ယူ လုပ်ပေးနေရတယ်လေ"

"ဒီလိုဆိုရင် သူ့ဝင်ငွေကောင်းမှာပေါ့"

"မကောင်းလှပါဘူး၊ တစ်ပတ်မှ ဒေါ် လာတစ်ရာပဲ ရတယ်။ အခုလောလောဆယ် တော့ အာဗင်စတိန်နာအတွက် သူ လုပ်ပေး နေတယ်။ ဒါပေမယ့် မကြာခင် သူ့ဟာသူ သီးခြားလုပ်တော့မယ်။ အသံလွှင့်ရုံတစ်ခုနဲ့ သူ အဆက်အသွယ် လုပ်နေတယ်။

ဒါထက် ဂျူးလူမျိုးတွေဟာ ခင်ပွန်း ကောင်း ဖြစ်ကြတယ်လို့ အဆိုရှိတယ်နော် အစ်မ"

"ကိုယ်လည်း ကြားဖူးပါတယ်။ ဒါပေ မယ့် မင်းလို အိုင်းရစ်လူမျိုး တစ်ယောက် အပေါ်မှာတော့ သူက ဘယ်လိုသဘောထား မယ်တဲ့လဲ"

နီလီက သူ့မျက်လုံးများကို အပေါ်သို့ ပင့်တင်လိုက်သည်။

"ကျွန်မဟာ ဂျူးကပြားတစ်ယောက်ပါ လို့ သူ့ကို ပြောပြထားတယ်။ ဒါကြောင့် အို ဟာရာဆိုတဲ့ နာမည်ကို မင်းသမီးအဖြစ် ကျွန်မ ရွေးလိုက်တာပေါ့"

"နီလီ၊ ဒီအတိုင်းကြီး အမြဲတမ်း အ ယောင်ဆောင်နေလို့ မဖြစ်နိုင်ပါဘူးကွယ်"

"လိုအပ်ရင်တော့ အယောင်ဆောင် နေရမှာပဲ။ ကျွန်မ သူနဲ့ လက်ထပ်မယ်လေ။ မယုံရင် အစ်မစောင့်ကြည့်"

နီလီက သူ့ကိုယ်လုံးကို သူပြန်ပြီး လက် နှင့်ဖက်ရင်း အခန်းထဲမှာ လှည့်ကတော့သည်။ သီချင်းတစ်ပုဒ်ကိုလည်း ဆိုသေးသည်။

"အဲဒီသီချင်းကလေး တယ်ကောင်းပါ လား။ ဘာသီချင်းလဲ ဟင်"

"ကျွန်မတို့ ပြဇာတ်ထဲက သီချင်းပါ။ ဟေး- အယ်နီ၊ အေလင်ရဲ့အဖေက ပေးမယ် ဆိုတဲ့ ကတိုးသားရေအင်္ကျီကို အစ်မ ဘာဖြစ် လို့ မယူတာလဲ၊ အဲဒီအင်္ကျီကို ယူပြီး အခု အစ်မဝတ်နေတဲ့ အင်္ကျီအနက်ကလေး ကျွန်မ ကို ပြန်ရောင်းပါလားကွယ်။ကုတ်အင်္ကျီအနက် ကို ကျွန်မ သိပ်သဘောကျတာ"

"နီလီ၊ အခုနသီချင်း ပြန်ဆိုစမ်းပါဦး"

"ဘာဖြစ်လို့လဲ"

"ဆိုပြစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com

"ပြဇာတ်ထဲမှာ တယ်ရီကင်း ဆိုတဲ့ သီချင်းလေ။ ဒါပေမယ့် ဟယ်လင်လော်ဆန်က ဒီသီချင်းကို သူဆိုဖို့ လုပ်နေတယ်။ တယ်ရီကင်းရဲ့ သီချင်းတစ်ပုဒ်ကိုလည်း သူ ယူဆိုပြီးပြီ။ တယ်ရီခမျာ သနားပါတယ် အစ်မရယ်။ ပြဇာတ်ထဲမှာ သူဆိုဖို့ သီချင်းနှစ်ပုဒ်ပဲ ကျန်တော့တယ်။ အမှန်က ဇာတ်လမ်းသဘောအရဆိုရင် အဲဒီသီချင်းကို ဟယ်လင်လော်ဆန်ဆိုလို့ မဖြစ်ဘူး။ ဇာတ်လမ်းပျက်ကရော"

"ဆိုပြစမ်းပါဦး နီလီ၊ အခုန ဆိုတဲ့ သီချင်း ပြန်ဆိုစမ်းပါဦး"

"အစ်မ ကတိုးသားရေအင်္ကျီရတဲ့အခါမှာ ကုတ်အင်္ကျီနက်ကလေး ကျွန်မကို ပြန်ရောင်းမယ်ဆိုရင် ဆိုပြမယ်"

"မင်းကို အလကားပေးမယ်၊ ကတိုးသားရေအင်္ကျီကိုလည်း ကိုယ် မယူပါဘူး။ ကဲပါ သီချင်းကိုသာ ပြန်ဆိုပြစမ်းပါ"

နီလီက သက်ပြင်းချလိုက်သည်။

ကလေးငယ်ကလေး တစ်ယောက်လို အခန်းအလယ်မှာ သွားရပ်သည်။ ပြီးတော့ စောစောက သီချင်းကို အားပါးတရ ဆိုလေတော့သည်။

အယ်နီသည် သူ့ကိုယ်သူပင် မယုံကြည်နိုင်အောင် ဖြစ်နေတော့၏။

နီလီ အဆိုကောင်းလွန်းလှသည်။ အဖြတ်အတောက်၊ မေးရိုက်မေးဝဲ အရှိုက်အငင်တို့မှာ အပြစ်ဆိုစရာပင် မရှိ။ ဘယ်သံကကြည်လင်လှပြီး ညာသံကျတော့လည်း ထင်တိုင်း တင်ပစ်လိုက်နိုင်သည်။ အက်သွားခြင်း၊ နစ်သွားခြင်း လုံးဝ မရှိ။

"နီလီ၊ မင်း တကယ့်ကို သီချင်းဆိုတတ်တာပဲ"

"အို အစ်မကလည်း လူတိုင်း သီချင်းဆိုတတ်တာပေါ့"

နီလီက ပြောရင်း ရယ်နေပြန်သည်။

"မင်း ဆိုသလိုတော့ ဆိုနိုင်ကြမှာ မဟုတ်ပါဘူး နီလီရယ်၊ ကိုယ်လည်း သီချင်းမှ မဆိုတတ်တာ"

"နယ်တကာ လည်ကရတဲ့ အငြိမ့်အဖွဲ့ကလေးထဲမှာ လူလားမြောက်ရမယ်ဆိုရင် အစ်မလည်း ဆိုတတ်လာမှာပေါ့။ ကျွန်မကလည်း ကတတ်တယ်။ ကျွန်မတို့ ပြဇာတ်ကို အစ်မ လာကြည့်ရင် တွေ့ပါလိမ့်မယ်"

"ဒါပေမယ့် နီလီ၊ မင်း သီချင်းဆိုတာက ပိုကောင်းတယ်။ တကယ်ပါ၊ သိပ်ကို အဆိုကောင်းတာပဲ"

နီလီက ပခုံးတွန့်ပြသည်။

"အဆိုကောင်းရင် ကော်ဖီကလေးတစ်ခွက်လောက် သောက်ဖို့တော့ ပိုက်ဆံ အရချောင်မှာပေါ့လေ"

*

နဘံမိုးလုံးပြဇာတ် ဇာတ်တိုက်၍ ရက်သတ္တနှစ်ပတ်ခန့် ကြာသောအခါတွင် ထိုပြဇာတ်၏ အရေးကိစ္စများထဲမှာ အယ်နီလည်း ပါမှန်းမသိ ဝင်ပါနေတော့သည်။

တစ်ညနေ ရုံးဆင်းတော့မည်အပြု ဟင်နရီဘယ်လာမီက ခေါ်သဖြင့် သူ့ရုံးခန်းထဲသို့ ဝင်သွားခဲ့သည်။

"အယ်နီ၊ မင်း ရုံးမဆင်းသေးတာ ကံကောင်းလိုက်တာကွယ်။ ဘကြီးအဖို့တော့ ဘုရားသခင် မ,လိုက်တဲ့အတိုင်းပါပဲ။ အင်န်ဘီစီ အသံလွှင့်ဌာနနဲ့ ဘကြီး အလုပ်လုပ်စရာ တစ်ခု ရှိနေတယ်။ အက်ဒ်ဟိုလ်ဆန်က သူ့ပြဇာတ်ကို အသံလွှင့်ဖို့ စီစဉ်ထားတယ်။ ဒီနေ့ည ကိုးနာရီမှာ အသံလွှင့်မှာ၊ အဲဒီအထဲက နောက်ဆုံး မိနစ်နှစ်ဆယ်စာကို ပြန်ပြင်ရေးဖို့ လိုနေတယ်။ ဇာတ်ညွှန်းရေးဆရာတွေနဲ့လည်း ပြဿနာပေါ်နေကြတယ်။ အက်ဒ်ဟိုလ်ဆန်ကလည်း လူ့ငွစာ။ ဒါကြောင့် ဘကြီး ဘယ်မှ သွားလို့ ဖြစ်တော့မှာ မဟုတ်ဘူး။ ဟယ်လင်လော်ဆန်ဆီလည်း သူ့အစုရှယ်ယာလက်မှတ်တွေ ပို့ပေးစရာ ရှိနေတယ်။ ဘကြီးစားပွဲပေါ်မှာရှိတယ်"

"တစ်ယောက်ယောက်နဲ့ ပို့ခိုင်းလိုက်ရမှာလား ဘကြီး"

"မဟုတ်ဘူး၊ သမီးကိုယ်တိုင် သွားပို့ပေးပါ။ ဒါပေမယ့် အင်န်ဘီစီအသံလွှင့်ရုံမှာ ဘကြီးရှိနေတယ်လို့တော့ မပြောလိုက်နဲ့။ သူ လိုချင်နေတဲ့မြေတွေ ဝယ်ဖို့ကိစ္စအတွက် ဒါရိုက်တာအဖွဲ့ အစည်းအဝေးလုပ်နေတယ်လို့ ပြောပြလိုက်၊ ကိစ္စက အရေးကြီးလို့ ဘကြီးကိုယ်တိုင် အစည်းအဝေး တက်နေရတယ်လို့ပြော၊ သူ ပိုက်ဆံ ရပေါက်ရလမ်းအတွက် ဘကြီး အလုပ်လုပ်နေတယ်ဆိုရင် သူ သဘောကျမှာပါ။ ဘကြီးကိုယ်တိုင် သွားမပေးပေမယ့် သူ စိတ်ဆိုးမှာ မဟုတ်ပါဘူး။ သမီးကိုယ်တိုင် သူ့ကို သွားပေးပေးပါ။ ဘကြီး ပြောခိုင်းတာ

www.burmeseclassic.com


တွေကို သူ ယုံပါစေလို့ပဲ ဆုတောင်းရတော့တာပါပဲ"

"ကျွန်မ အတတ်နိုင်ဆုံး ကြိုးစားပြောပေးပါ့မယ်"

အယ်နီက ကတိပေးသည်။

"အဲဒီ အစုရှယ်ယာလက်မှတ်တွေကို ယူပြီး ဘုသ်ဇာတ်ရုံကို သွားပါ။ ရုံရဲ့နောက်ဘက် အပေါက်ကနေဝင်၊ သူတို့ ဇာတ်တိုက်နေတာ နားဖို့ အချိန်ရောက်နေပြီ။ အခြေအနေ အားလုံးကို မနက်ဖြန်ကျရင် ဘကြီးကိုယ်တိုင် သူ့ကို ပြောပြပါ့မယ်လို့လည်း ပြောလိုက်နော်"

ရုံးမှ စောစော မဆင်းလိုက်မိသည့်အတွက် ယခု တာဝန်ကို အပေးခံရခြင်း ဖြစ်သည်။ ဟယ်လင်လော်ဆန်လို မင်းသမီးမျိုးနှင့် မျက်နှာချင်းဆိုင် တွေ့ရမည်ကို အယ်နီအဖို့ ဝန်လေးနေမိသည်။

ဇာတ်ရုံသို့ ရောက်သွားတော့ သူ့စိတ်ထဲမှာ လှုပ်ရှားနေသည်။ တံခါးတွေကလည်း သံချေးတက်နေသည်။ တံခါးစောင့် အဘိုးကြီးက အပူဇွေ့ပေးသည့်စက် အနီးမှာ ထိုင်နေသည်။ မြင်းပွဲအစီအစဉ်များနှင့် မြင်းတစ်များကို ဖတ်နေရာမှ အယ်နီကို မော့ကြည့်သည်။

"ဘာကိစ္စရှိလို့လဲ"

ယခုလို တံခါးစောင့်အဘိုးကြီးများကို ပြဇာတ်ထဲမှ ယိမ်းသမကလေးများက 'အဖေ' ဟု ခေါ်တတ်ကြသည့်အကြောင်းကို သူ ပြန်တွေးနေမိသည်။

အဘိုးကြီးက အယ်နီကိုလည်း ယိမ်းသမကလေး တစ်ယောက်ယောက် ဖြစ်သည်ဟု ယူဆသွားပုံရသည်။

အယ်နီက လာရသည့် အလုပ်ကိစ္စ အကြောင်းကို ရှင်းပြသည်။ သူ ယူလာသည့် အစုရှယ်ယာလက်မှတ်များကိုလည်း သက်သေခံပစ္စည်းအဖြစ်နှင့် ပြလိုက်သည်။

"အထဲကိုသွား" ဟု ပြောပြီး သူ့မြင်းတစ်စာအုပ်ပေါ်သို့ မျက်နှာပြန်ရောက်သွားသည်။

"ဘယ်အထဲကို သွားရမှာလဲ၊ ဒီမှာလာပြီး မင်း ဘာတွေ ဇာတ်ရှုပ်နေတာလဲ"

ဇာတ်ရုံထဲသို့ အယ်နီ ဝင်မည်ပြုသည့်အချိန်မှာပင် ဇာတ်ညွှန်းစာအုပ်ကြီး ပိုက်ထားသည့်လူတစ်ယောက်နှင့် တွေ့သည်။ ထိုသူက အယ်နီကို ဒေါသတကြီးဖြင့် ခပ်တိုးတိုး မေးနေသည်။

အယ်နီက လာရင်းကိစ္စ အကြောင်းကို ရှင်းပြရပြန်သည်။ ဟင်နရီကိုလည်း စိတ်ထဲမှ ကျိတ်ပြီး ကျိန်ဆဲနေမိသည်။

"ဒီလိုလား၊ သူတို့ ဇာတ်တိုက်နေကြတုန်းပဲ ရှိသေးတယ်။ မင်း ဒီနေရာမှာ ရပ်နေလို့ မဖြစ်ဘူး။ အထဲကိုဝင်သွား၊ ပရိသတ်တွေ ထိုင်တဲ့နေရာမှာ သွားထိုင်စောင့်နေချေ"

ပွဲကြည့်ပရိသတ် ရှိဘဲ မှောင်နေသည့် ဇာတ်ရုံအတွင်းသို့ အယ်နီ ဝင်ခဲ့သည်။ ဇာတ်ခုံ၏ရှေ့ဘက် တတိယခုံတန်းပေါ်တွင် ဂေးလ်ကေ့စ် ထိုင်နေသည်ကို တွေ့ရသည်။ ဇာတ်ခုံပေါ်မှ ဖြာကျနေသည့်မီးရောင် သူ့မျက်လုံးကို လာမထိုးနိုင်အောင် ဦးထုပ်ကို ရှေ့သို့ ခပ်ငိုက်ငိုက် ဆောင်းထားသည်။

ဇာတ်ခုံ၏ နောက်ပိုင်း နံရံနားတွင်မူ ယိမ်းသမကလေးများ စုထိုင်နေကြသည်။ တချို့က အချင်းချင်း လေသံဖြင့် စကားပြောနေကြသည်။ တချို့က သူတို့လက်ကောက်ဝတ်၊ ဒူးဆစ်များကို နှိပ်နယ်နေကြသည်။ တစ်ယောက်က ဆွယ်တာထိုးနေသည်။

သို့သော်လည်း နီလီတစ်ယောက်ကမူ အခြား ယိမ်းသမများလို မဟုတ်။ ကိုယ်ကို မတ်မတ်ထားပြီး ထိုင်နေသည်။ ဟယ်လင်လော်ဆန်ကိုလည်း မမှိတ်မသုန် စူးစူးစိုက်စိုက် ကြည့်နေသည်။ ဟယ်လင်လော်ဆန်က ဇာတ်ခုံ၏ အလယ်လောက်တွင် ရှိသည်။ အရပ်ရှည်ရှည် ရုပ်ချောချော မင်းသားတစ်လက်နှင့် တွဲဖက်ပြီး သီချင်းတစ်ပုဒ် ဆိုနေသည်။

လှကြိုက်များလှသော သူ၏အမူအရာ အတိုင်း သီချင်းကို အားရပါးရ ဆိုနေသည်။ သူ့အပြုံးက ရွှန်းတောက်လွန်းလှသည်။ အလွန်စိတ်ချမ်းသာပြီး ပျော်မြူးနေသည့် အပြုံးမျိုးဖြစ်သည်။ ဆိုနေသော သီချင်းက မေတ္တာဘွဲ့ သီချင်း ဖြစ်သည်။ သီချင်းစာသားက ပျော်မြူးစရာကလေးများကို ရေးဖွဲ့သောအခါ သူ့မျက်လုံးများကလည်း ပျော်မြူးသည့်အရောင်များ တဖိတ်ဖိတ် တောက်လာသည်။ အသံကလည်း မြူးကြွလာသည်။ ဝမ်းနည်းစရာ စာသားများသို့ ရောက်သောအခါ မျက်လုံးများက ညှိုးမှိန်သွားကြသည်။ အသံကလည်း ငိုရှိုက်သံပါလာသည်။

သူ့ ကိုယ်လုံးကိုယ်ပေါက်သည် လူလတ်ပိုင်းအရွယ်သို့ ရောက်ပြီဖြစ်ကြောင်းကို ဖော်

www.burmeseclassic.com

ပြနေသည်။ခါးက အတန်ငယ် တုတ်နေသည်။ တင်သားများက အနည်းငယ်ပြားပြီး အပြင်သို့ ကားနေသည်။

ငယ်ငယ်တုန်းက ကြည့်ခဲ့ဖူးသည့် ဟယ်လင်လော်ဆန်၏ ပြဇာတ်များကို ပြန်တွေးကြည့်မိသည်။ထိုစဉ်က ရုပ်ရည်ကို ပြန်စဉ်းစားကြည့်သည်။ အသက်အရွယ် အိုမင်းကြီးရင့်လာခြင်းသည် သာမန် လူများအဖို့တော့ ကြည့်နူးစရာကောင်းပါသည်။ သို့သော်လည်း ရုပ်ကိုပြပြီး အလုပ်လုပ်ကြရသည့် အနုပညာသည်များအဖို့မူ ထိုသို့ မဟုတ်။

ယခု ဟယ်လင်ကမူ အထိုက်အလျောက် အသက်အရွယ် ကြီးရင့်လာပြီ ဖြစ်သော်လည်း သူ့အလှက ပြေပလောက်အောင် ပျက်စီးယိုယွင်းသွားခြင်း မရှိသေးပေ။ သူ ဝတ်ဆင်နေကျ အဝတ်အစားများကို သူပိုင် ဖက်ရှင်အဖြစ်နှင့် ဝတ်ဆင်ထားသည်။ ရှည်လျားသည့် သူ၏ ဆံပင်နက်များကလည်း စွဲမက်ဖွယ်ရာကောင်းနေဆဲပင် ရှိသည်။

ဘရော့ဒ်ဝေး ဇာတ်ရုံများတွင် ဟယ်လင် ဇာတ်မကဘဲ နေသည်မှာ ငါးနှစ်ခန့် ကြာသွားပြီ။ သူ နောက်ဆုံး ကခဲ့သည့် ပြဇာတ်မှာ နှစ်နှစ်လုံးလုံး ရုံပေါ်က မဆင်းဘဲ ကခဲ့ရသည်။ ဘရော့ဒ်ဝေး ဇာတ်ရုံများပေါ်မှ ဆင်းသွားပြန်တော့လည်း တစ်ပြည်လုံးသို့ လှည့်ပြီး တစ်နှစ်ခန့်ကြာအောင် ကခဲ့ရသည်အထိ လူကြိုက်များခဲ့သည်။

အမြို့မြို့အနယ်နယ်သို့ လှည့်လည်ကရင်းဖြင့် သူ၏ နောက်ဆုံးခင်ပွန်းနှင့် တွေ့ခဲ့သည်။ အိုမာဟာမြို့မှာ သူတို့နှစ်ယောက် ကြီးကြီးကျယ်ကျယ် လက်ထပ်ကြသည်။ ခင်ပွန်းသည်၏ မွေးမြူရေးခြံကြီးထဲမှာပင် မိမိဘဝကို အခြေချတော့မည် ဖြစ်ကြောင်းဖြင့် ဟယ်လင်က သတင်းစာဆရာများကို ပြောပြသည်။ သူ ကနေသည့် ပြဇာတ်စာချုပ် သက်တမ်းစေ့သည်နှင့် တစ်ပြိုင်တည်း အနားယူတော့မည်ဟု ဆိုသည်။

ပြဇာတ်က အနားယူပြီးလျှင် သူ့ဘဝ၏ အကြီးမားဆုံးသော အခန်းမှ သူ ဝင်ရောက်ကပြမည်။ ထိုအခန်းကား သူ ချစ်မြတ်နိုးသည့် ခင်ပွန်း၏ ဇနီးကောင်းတစ်ယောက်အဖြစ်နှင့် လူ့ဘဝ ဇာတ်ခုံပေါ်တွင် တက်ရောက် ကပြရင်း အေးချမ်းစွာ နေသွားပါတော့မည်ဟု ပြောသည်။

သူ့ခင်ပွန်း ရက်အင်ဂရမ်ကလည်း ဟယ်လင် နေသင့်သည့် နေရာမှန်သည် သူ၏ မွေးမြူရေးခြံကြီးသာ ဖြစ်ကြောင်း သတင်းစာဆရာများကို ပြောပြသည်။

"ဒီမိန်းကလေး ကခဲ့တဲ့ ပြဇာတ်တွေကို ကျွန်တော် တစ်ခါမှ မကြည့်ခဲ့ဖူးပါဘူး။ ပြဇာတ်မင်းသမီးဘဝနဲ့ သူ ဆက်ပြီး ရပ်တည်မနေတော့အောင် ကျွန်တော် တားမြစ်ခဲ့ဖို့ကောင်းပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သူဟာ ကျွန်တော့်အတွက် လူဖြစ်လာရတဲ့ မိန်းကလေး ဖြစ်လို့ပါပဲ"ဟုလည်း ဟယ်လင်၏ နောက်ဆုံးခင်ပွန်း ရက်အင်ဂရမ်က သတင်းစာဆရာများနှင့် တွေ့ဆုံရာတွင် ထည့်သွင်းပြောကြားခဲ့သေးသည်။

သို့ဖြင့် ဇာတ်ခုံများပေါ်မှ နှစ်နှစ်ခန့်ကြာအောင် ဟယ်လင် ပျောက်ကွယ်သွားခဲ့သည်။ သတင်းစာများထဲမှလည်း ပျောက်ကွယ်သွားခဲ့သည်။ သို့သော်လည်း နှစ်နှစ်ခန့် အကြာတွင် အေပီကြေးနန်းသတင်းဌာနများ၊ ယူပီကြေးနန်းသတင်းဌာနများက ဟယ်လင်၏သတင်းကို ကမ္ဘာသို့ ဖြန့်လိုက်ပြန်သည်။

"မွေးမြူရေးခြံဟာ ကျွန်မအတွက်တော့ ငရဲပြည်ပါပဲ" ဟု သတင်းစာဆရာများကို သူက ပြောသည်။

ဘရော့ဒ်ဝေးဇာတ်ရုံများသာလျှင် သူ၏ ဘုမ်နက်သန် နေရာမှန်ဖြစ်ကြောင်း ပြောသည်။ သူတို့ ကွာရှင်း ပြတ်စဲကြဖို့အတွက် ဟင်နရီက ချက်ချင်း ဆောင်ရွက်ပေးရသည်။

သီချင်းရေးဆရာများ၊ ပြဇာတ်ဒါရိုက်တာများ၊ နာမည်ကြီးပုဂ္ဂိုလ်များ ဟယ်လင်ထံသို့ စုပြုံ ပြေးကြကုန်သည်။

သို့ဖြင့် ယခု နဘ်မိုးလုံးပြဇာတ်ထဲမှာ ခေါင်းဆောင်မင်းသမီးအဖြစ် သူ ပြန်လည် သရုပ်ဆောင်နေခြင်း ဖြစ်တော့သည်။

ဟယ်လင်သည် အချစ်နှင့်ပတ်သက်ပြီး စိတ်ဝင်စားမည့် အမျိုးသမီး မဟုတ်နိုင်ဟု အယ်နီက ကောက်ချက်ချလိုက်မိသည်။ သူ၏ မေးရိုးများ ဆောက်တည်ပုံ၊ မေးစေ့နှစ်ထပ်ဖြစ်နေပုံများကို ကြည့်ခြင်းအားဖြင့် ချစ်မှုရေးရာကို ထိပ်တန်းတင်တတ်သည့် မိန်းမစားမျိုး မဖြစ်နိုင်ကြောင်း သိသာသည်။

ယခုလည်း ဇာတ်ခုံပေါ်မှာ မေတ္တာဘွဲ့ တေးသီချင်းကို သူ သီဆိုနေသည်။သူ့မျက်လုံးများ အရောင်တောက်နေကြသည်။ ပီတိုး

www.burmeseclassic.com



ရောင်လို နက်မှောင်သည့် သူ့ဆံပင်များက စွဲမက်စရာကောင်းလှသည်။ သူ့သီချင်းစာသားများကို နားထောင်ကြည့်ခြင်းအားဖြင့် ယခု ပြဇာတ်ထဲတွင် ဟယ်လင်က မုဆိုးမအဖြစ် ကပြရကြောင်း၊ ယခု အချစ်သစ်ကို တမ်းတရှာဖွေနေခြင်း ဖြစ်ကြောင်း အယ်နီ သိလိုက်ရသည်။

ဘယ်လိုပဲဖြစ်ဖြစ် သင်္ကြာန်လုပ် သရုပ်နှင့်တူရမည် ဆိုသည့်အတိုင်း ဇာတ်သဘောအလိုက် သူ ကရပေတော့မည်။

သူ့ကိုယ်လုံးလည်း အနည်းငယ် ဝဝဖိုင့်ဖိုင့် ဖြစ်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် လွန်ခဲ့သည့် ရှစ်နှစ်လောက်တုန်းက အယ်နီ မြင်ခဲ့ဖူးသည့် ဟယ်လင်နှင့် ယခု ဟယ်လင်သည် အတူတူပဲ ဖြစ်သည်ဟုသာ သူ့စိတ်ထဲမှာ ခံစားနေရသည်။

ဟယ်လင်ကို လှမ်းကြည့်နေရင်း အလွန်စွဲမက်စရာကောင်းကြောင်းကိုလည်း အယ်နီ သတိထားမိသည်။ အမှန်တော့ သူ့မျက်နှာ၏ အလှကသော် လည်းကောင်း၊ သူ၏ကိုယ်ခန္ဓာ အလှကသော် လည်းကောင်း ညှို့ယူဖမ်းစားထားခြင်းကား မဟုတ်။ အမူအရာက ညှို့ယူဖမ်းစားထားခြင်းလား၊ သီချင်းဆိုနေသည့် အသံက ညှို့ယူဖမ်းစားထားခြင်းလား၊ ဘာက ဖမ်းစားထားသည်ကိုတော့ မသိရ။

သို့သော်လည်း သူ့ကို ကြည့်နေရင်းမှာပင် အနည်းငယ် တုတ်နေသည့် ခါးကိုလည်း မေ့သွားသည်။ အနည်းငယ် ကားနေသည့် မေးရိုးများကိုလည်း မေ့သွားသည်။ သူ၏ အနုပညာစွမ်းရည်ပင် ဖြစ်ပါလိမ့်မည်။

သူ သီချင်းဆုံးသွားသောအခါ ဂေးလ်ဘတ်ကော့စ်က သူ့ကို လှမ်းအော်ပြောသံကို ကြားရသည်။

"ကောင်းလိုက်တာ ဟယ်လင်၊ အံ့ဩစရာကောင်းလောက်အောင် ကောင်းတာပဲ"

ဟယ်လင်က ဇာတ်ခုံအစွန်းသို့ လျှောက်လာသည်။ ပြီးတော့ သူ့ကို ငုံ့ကြည့်ပြီး ပြောသည်။

"အလကား သီချင်းအစုတ်အပဲ့ကြီး၊ ဘာကောင်းလို့တုံး"

"မကြာခင် မင်း သဘောကျသွားမှာပါ မိန်းကလေးရယ်။ စုံတွဲသီချင်းဆိုတာ စပြီးဆိုခါစတုန်းမှာတော့ ဒီအတိုင်းပဲ။ စိတ်ထဲက သဘောမကျသလို ဖြစ်စမြဲပါပဲ"

ဂေးလ်ဘတ်ကော့စ်က မည်သို့မှ မျက်နှာအမူအရာ ပြောင်းမသွားဘဲ ပြန်ပြောသည်။

"ရယ်စရာတွေ လာပြောမနေစမ်းပါနဲ့။ တော်ဝင်သူပြဇာတ်တုန်းက ရှဲမေလာနဲ့ စုံတွဲသီချင်း ကျွန်မ ဆိုခဲ့ဖူးသေးတာပဲ။ အဲဒီ သီချင်းတုန်းကများ ကြားကြားချင်း အသည်းကို စွဲသွားတာပဲ။ နောက်ပြီးတော့ ရှဲမေလာက အသံအနိမ့်အမြင့် အဆွဲအငင်ကောင်းတဲ့ မင်းသား မဟုတ်ဘူး။ ကျွန်မက ခေါင်းဆောင်ပြီး ထိန်းဆိုသွားရတာ။ အခု တွဲနေရတဲ့ မင်းသားက အဆိုကောင်းတာတော့ အမှန်ပဲ။

ဒါပေမယ့် သီချင်းက အလကား သီချင်းကြီး၊ ဘာအရသာမှလဲ မရှိဘူး။ မကြာခင် သဘောကျသွားမှာပါ ဆိုတဲ့ အပေါက်မျိုး လာချိုးမနေစမ်းပါနဲ့ ဆရာကြီးရယ်။ အလိုက်ကတော့ မဆိုးပါဘူး။စာသားတွေက အသက်မဝင်ဘူး။ ဒါကြောင့် ဒီသီချင်းကို ရှင်တို့ ပြန်ပြင်ရေးကြဖို့ ကောင်းတယ်"

ဟယ်လင်က နောက်ပြန်လှည့်ပြီး ဇာတ်ခုံအတွင်းပိုင်းသို့ ဝင်သွားတော့သည်။

နောက်တစ်နေ့ ဆယ့်တစ်နာရီတွင် ဇာတ်တိုက်မည့် အကြောင်းနှင့် မည်သူက မည်သည့်အဝတ်အစားကို ဝတ်ရမည် ဖြစ်ကြောင်းများကို လက်ထောက်ဒါရိုက်တာလုပ်သူက အော်ပြောနေသည်။

ပတ်ဝန်းကျင်မှာ စကားပြောသံများ ပြည့်လာသည်။ သို့သော်လည်း သီချင်းနှင့်ပတ်သက်၍ ဟယ်လင်က ပက်ပက်စက်စက် ပြောသွားသည့်အကြောင်းကို မည်သူကမျှ စကားလုပ်ပြောမနေကြ။ သူတို့ မည်သို့မျှ မခံစားကြရသလိုပင် နေနိုင်ကြသည်။

ဂေးလ်ဘတ်ကော့စ်သည်ပင်လျှင် မည်သို့မျှ မဖြစ်သည့် အမူအရာမျိုးနှင့် ထိုင်ရာမှ အေးအေးဆေးဆေး ထသည်။ စီးကရက်တစ်လိပ်ညှိပြီး ဇာတ်ခုံနောက်ဘက်သို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

ဇာတ်ခုံပေါ်မှာ လူရှင်းသွားသောအခါ အယ်နီ ထိုင်ရာမှထပြီး နောက်သို့ လှည့်ခဲ့သည်။ ဇာတ်ညွှန်းဖိုင်တွဲကြီး ကိုင်ထားသည့် လူငယ်တစ်ယောက်က ဟယ်လင်၏ အဝတ်အစားလဲသည့်အခန်းကို လက်ညှိုးထိုးပြသည်။

အယ်နီက တံခါးခေါက်သည်။ အတွင်းမှ အသံဝါကြီးနှင့် ပြန်အော်သံကို ကြားရသည်။

"ဝင်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



အယ်နီကို မြင်သောအခါ ဟယ်လင်က အံ့အားသင့်သည့် အမူအရာနှင့် မော့ကြည့်သည်။

"ဟဲ့ ညည်းက ဘယ်သူလဲ"

"ကျွန်မ အင်န်ဝဲလ်စ်ပါ၊ ကျွန်မ. . ."

"အင်း ဒုက္ခပါပဲ၊ ငါ သိပ်ပင်ပန်းနေပြီ။ အလုပ်လည်း သိပ်များနေတယ်၊ ညည်း ဘာလိုချင်လို့တုံး"

"ကျွန်မ အစုရှယ်ယာစာချုပ်တွေ လာပို့တာပါ။ မစ္စတာဘယ်လာမီက အပို့ခိုင်းလိုက်လို့ပါ"

အယ်နီက စာချုပ်များကို စားပွဲပေါ်သို့ တင်ပေးလိုက်သည်။

"ဩော် ဒီလိုလား၊ ဟင်နရီဆိုတဲ့ မသာကြီးက ဘယ်မှာလဲ"

"ဒါရိုက်တာအဖွဲ့ အစည်းအဝေး လုပ်နေပါတယ်။ ရှင့်အတွက် မြေဝယ်ပေးဖို့ကိစ္စနဲ့ အလုပ်များနေပါတယ်။ ဒါပေမယ့် မနက်ဖြန်ကျရင် ရှင်နဲ့တွေ့ပြီး ရှင် မသိသေးတာတွေနဲ့ နားမလည်သေးတာတွေကို အသေးစိတ် သူကိုယ်တိုင် ရှင်းပြပါ့မယ်တဲ့"

"ကောင်းပါပြီ၊ ကောင်းပါပြီ"

ဟယ်လင်က မှန်ဘက်သို့ ပြန်လှည့်သွားသည်။ အယ်နီကိုလည်း အပြင်ပြန်ထွက်တော့ရန် လက်ဝှေ့ယမ်းပြသည်။

အယ်နီက တံခါးဆီသို့ လျှောက်လာခဲ့သည်။ ထိုအချိန်မှာပင် ဟင်လင်၏အော်သံကို ကြားရပြန်သည်။

"ဟေး ခဏနေပါဦး၊ သတင်းစာထဲမှာ ကိုယ်ဖတ်ခဲ့ရတဲ့ မိန်းကလေးဟာ မင်းနဲ့တူတယ်။ အေလင်ကူးပါးနဲ့ စေ့စပ်တာတို့၊ စေ့စပ်ကြောင်းလမ်းတဲ့ လက်စွပ်ပေးတာတို့ ဆိုတဲ့ မိန်းကလေးဟာလေ"

"ကျွန်မ အင်န်ဝဲလ်စ်ပါ"

ဟယ်လင်က ပြုံးသည်။

"ကောင်းပါလေ့ကွယ်၊ မင်းနဲ့ တွေ့ရတာ ဝမ်းသာလိုက်တာ။ ထိုင်ပါဦး၊ ကိန်းကြီးခန်းကြီး လုပ်တာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် တံခါးစောင့်တဲ့လူက ပေါက်ကရ မိန်းကလေးတွေကိုလည်း လွှတ်ချင်လွှတ်လိုက်တတ်တာ၊ ကိုယ်နဲ့တွေ့ချင်တယ်ဆိုရင် လာသမျှလူတွေကို လွှတ်တတ်လွန်းလို့၊ လာသမျှ လူတွေကလည်း ကိုယ့်ကို တစ်ခုခု လာရောင်းကြတဲ့လူတွေချည်းပဲ။

ဩော်- ဒါထက် မင်းလက်စွပ်ကလေးကို ကြည့်စမ်းပါရစေဦးကွယ်"

ဟယ်လင်က အယ်နီ၏လက်ကို ဖမ်းဆွဲပြီး သဘောကျသည့် အနေမျိုးဖြင့် ခပ်သာသာ လေချွန်လိုက်သည်။

"အိုး သိပ်ကို လှတာပါပဲလား။ ဒီနှစ်ဆလောက်ရှိတဲ့ လက်စွပ်တစ်ကွင်း ကိုယ်လည်း ရဖူးတယ်။ ဒါပေမယ့် ကိုယ့်ဟာကိုယ် ဝယ်ရတာပါကွယ်"

ထိုင်ရာမှထပြီး ကတိုးသားရေအင်္ကျီကို ကောက်ဝတ်သည်။

"ဒီအင်္ကျီဆိုလည်း ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်ရတာပါပဲ။ ဘယ်ယောကျ်ားကမှ လက်ဆောင်မပေးဖူးပါဘူး"

သူက အရိုးခံအတိုင်း ပြောသည်။ ထို့နောက် ပခုံးနှစ်ဖက်ကို တွန့်လိုက်ပြန်သည်။

"အေးလေ၊ မနက်ဖြန်ဆိုတာလည်း ရှိရဦးမှာပေါ့။ ယောကျ်ားကောင်း-တစ်ယောက်လောက်တော့ တွေ့ကောင်းပါသေးရဲ့။ ကိုယ့်ကို လက်ဆောင်ပစ္စည်းတွေနဲ့ ဖြိုးသိပ်မယ့် ယောကျ်ားကောင်းတစ်ယောက်လောက်တော့ တွေ့လိုက်ချင်ပါသေးတယ်။ အခုလို ပင်ပန်းတကြီး ရုန်းကန်နေရတဲ့ဘဝမျိုးက လွတ်မြောက်သွားအောင်တော့ ကယ်တင်နိုင်ကောင်းပါရဲ့"

သူပြောသည့် စကားကို ကြားရသောအခါ အယ်နီက အံ့အားသင့်နေသည်။

ထို့ကြောင့် ဟယ်လင်က သူ့ကို ပြုံးပြသည်။

"ဟုတ်တယ်၊ ကိုယ် တကယ် ပြောတာပါ။ တစ်လလုံးလုံး ဇာတ်တိုက်ရတယ်။ ပြီးတော့ ဇာတ်ကရဦးမယ်။ နယ်တကာ လှည့်ကရဦးမယ်။ ကိုယ်ကတဲ့ ပြဇာတ်က အောင်မြင်ပြီး လူကြိုက်များသွားပြီ ဆိုတော့ရော ဘာထူးမှာလဲ၊ ဇာတ်ကပြီးတော့လည်း ကိုယ့်ဘဝကိုယ် ပြန်ရောက်ကြရတာချည်းပါပဲ"

ဟယ်လင်က ပြောပြောဆိုဆိုဖြင့် တံခါးပေါက်ဆီသို့ လျှောက်သွားသည်။ ပြီးတော့မှ လှည့်မေးသည်။

"မင်း ဘယ်ကိုသွားမှာလဲ၊ ကိုယ့်မှာ ကားရှိတယ်။ လိုက်ပို့ပေးမယ်လေ"

"ကိစ္စမရှိပါဘူး၊ ကျွန်မ လမ်းလျှောက်သွားလို့ ရပါတယ်။ ဒီအနားမှာတင် ကျွန်မ နေတာပါ"

အယ်နီက ကမန်းကတန်း ပြန်ဖြေလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"ကိုယ်လည်း မလှမ်းမကမ်းမှာ နေတာပါပဲ။ ကန်ထရိုက်စာချုပ်အရ ဇာတ်ပိုင်ရှင်က ကိုယ့်ကို မော်တော်ကားနဲ့ ဒရိုင်ဘာ ပေးထားရတယ်။ ကိုယ့်ကို ကြိုဖို့နဲ့ ပြန်ပို့ပေးဖို့ပေါ့။ ဇာတ်တိုက်နေတုန်းရော၊ နယူးယောက်မှာ ဇာတ်ကနေတဲ့အချိန်တွေမှာပါ ပေးတယ်။ ဒါပေမယ့် တွဲစရာ ယောကျ်ားတစ်ယောက်လောက်မှ မရှိတာတော့ သိပ်မနိပ်ဘူးကွာ"

ဟယ်လင်က အပြုံးမပျက် ဆက်ပြောနေသည်။

ရုံပြင်သို့ သူတို့ ထွက်လာကြသောအခါ မိုးတဖြောက်ဖြောက် ရွာနေသည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း ဟယ်လင်၏ကားနှင့် လိုက်ပို့ပေးခြင်းကို ခံလိုက်ရတော့သည်။

"ကျွန်မကို အရင် ပို့ပေးပါ။ ပြီးတော့ မစ္စဝဲလ်စ် သွားချင်တဲ့နေရာကို လိုက်ပို့ပေးလိုက်ပါ"

ဟယ်လင်က ဒရိုင်ဘာကို ပြောသည်။

ဟယ်လင်နေသည့် အိမ်ရှေ့သို့ရောက်သောအခါ ဟယ်လင်က အယ်နီ၏လက်ကို ဖမ်းဆွဲလိုက်ပြန်သည်။

"ကိုယ်နဲ့ အပေါ် လိုက်ခဲ့ပြီး တစ်ခုခု သောက်ပါဦးလား အယ်နီ၊ တစ်ယောက်တည်း အရက်သောက်ရတာ ကိုယ် သိပ်မုန်းတာပဲ။ အခုမှ ခြောက်နာရီပဲ ရှိပါသေးတယ်။ မင်းအမျိုးသားကို ကိုယ့်ဆီကနေပြီး ဖုန်းလှမ်းဆက်လိုက်တာပေါ့။ သူ လာခေါ် လိုက်ရင် ပြီးတာပဲ"

အယ်နီက အိမ်ပြန်ချင်ပြီ။ ယနေ့ တစ်နေ့လုံး အနားမယူရသေး။ သို့သော်လည်း ဟယ်လင်၏ လေသံထဲတွင် အထီးကျန် ဖြစ်နေရသည့်ဘဝကို စိတ်ပျက်နေကြောင်း အရိပ်အယောင်ပါလာသည်။ ထို့ကြောင့် ဟယ်လင်နှင့် အတူတူ လိုက်လာခဲ့မိသည်။

အိမ်ထဲသို့ ရောက်သောအခါ ဟယ်လင်၏ အဲမူအရာ ပြောင်းသွားပြန်သည်။ သူ့အိပ်ခန်းနှင့် ပတ်သက်ပြီး ဂုဏ်ယူနေသည့် အမူအရာမျိုး။

"ကြည့်ပါဦး၊ သဘောကျရဲ့လား အယ်နီ၊ ကိုယ် ငွေအများကြီးပေးပြီး ဝယ်ထားရတာလေ။ ဟောဟိုဟာက ဗလာမင့်ရဲ့ ပန်းချီကား၊ ဒီဟာက ရေးနွားရဲ့ ပန်းချီကား"

အခန်းကလေးထဲမှာ နွေးနေသည်။ အစစအရာရာလည်း သပ်သပ်ရပ်ရပ် ဖြစ်နေသည်။ ဗလာမင့်၏ ပန်းချီကားကို အယ်နီက နှစ်သက် သဘောကျစွာဖြင့် ကြည့်နေမိသည်။ ပန်းချီကားများကို ဟယ်လင် မြတ်နိုးတတ်ကြောင်း ယခုမှပင် သိတော့သည်။

ထိုသို့ တွေးနေဆဲမှာပင် ဟယ်လင်၏ အသံ ပေါ် လာသည်။

"ပန်းချီအကြောင်း ကိုယ် နားမလည်ပါဘူး။ ဒါပေမယ့် ကိုယ့်ပတ်လည်မှာ ရှိနေတဲ့ ပစ္စည်းတွေဟာ အကောင်းဆုံးတွေချည်း ရှိနေစေချင်တယ်။ ကိုယ့်အနေနဲ့ကလည်း တတ်နိုင်ခဲ့တယ် မဟုတ်လား။

ဒါကြောင့် ကိုယ့်အတွက် ပန်းချီကားကောင်းကောင်းတွေ ဝယ်ပေးဖို့ ဟင်နရီကို ပြောရတယ်။ ကားကောင်းတွေကို ဝယ်ပြီးထားတာဟာ အရင်းအနှီး တစ်ခုခု မြှုပ်နှံထားတာနဲ့ အတူတူပဲလေ။ ရေးနွားရဲ့ ပန်းချီကားက မဆိုးပါဘူး။

ဒါပေမယ့်၊ ဟင်နရီက ပြောတယ်။ ဗလာမင့်ရဲ့ ပန်းချီကားကိုရောင်းရင် သုံးဆလောက် မြတ်နေပြီတဲ့။ အတွင်းခန်းထဲ လိုက်ခဲ့ပါဦး အယ်နီ။ ကိုယ်က အတွင်းခန်းကို ပိုသဘောကျတယ်။ ဘားခန်းကလည်း အထဲမှာပဲ ရှိတယ်"

အတွင်းခန်းထဲသို့ ဝင်ခဲ့ကြသည်။

နံရံပေါ် တွင် ဓာတ်ပုံပေါင်း များစွာကို မှန်ဘောင်သွင်းပြီး ချိတ်ဆွဲထားသည်ကို တွေ့ရသည်။အလွန် သပ်ရပ်သော အခန်းတစ်ခန်းဖြစ်သည်။ ဓာတ်ပုံများမှာ ဟယ်လင်၏ဓာတ်ပုံများ ဖြစ်သည်။

အသက်နှစ်ဆယ် အရွယ်လောက်တုန်းက ဓာတ်ပုံ၊ ဂါဝန်တိုတိုကလေးဝတ်ပြီး ဘော့စ်ဘောလ်ချန်ပီယံ ဘေဘီရုသ်နှင့်အတူ တွဲရိုက်ထားသည့်ပုံ၊ နယူးယောက်မြို့တော်ဝန်နှင့် တွဲရိုက်ထားသည့် ပြုံးနေသောပုံ၊ နာမည်ကျော် အထက်လွှတ်တော်အမတ်တစ်ဦးနှင့် တွဲရိုက်ထားသည့်ပုံ၊ နာမည်ကျော် သီချင်းရေးဆရာနှင့် တွဲရိုက်ထားသည့်ပုံ၊ ဘရော့ဒ်ဝေး အကောင်းဆုံး သရုပ်ဆောင်ဆု ယူနေသည့်ပုံ၊ ဟယ်လင်နှင့် သူ၏ ဒုတိယခင်ပွန်းတို့ ဥရောပတိုက်သို့ ရွက်လှေနှင့် ထွက်ခွာသွားကြသည့်ပုံပေါင်းများစွာကို တွေ့ရသည်။

ထိုဓာတ်ပုံတိုင်းသည် ဟယ်လင် မည်မျှ အောင်မြင်ကျော်ကြားခဲ့ကြောင်းကို သက်သေ

www.burmeseclassic.com

www.burmeseclassic.com



ထူနေသည့်ပုံများချည်း ဖြစ်ချေသည်။

စာအုပ်ဗီရိုတစ်လုံးလည်း ရှိသည်။ သား ရေဖုံးများနှင့် ကျကျနန ချုပ်ထားသော စာအုပ် များ အပြည့် တွေ့ရသည်။

ချားလ်စ်ဒစ်ကင်၊ ရှိတ်စပီးယား၊ ဘော် လ်ဇက်၊ ဂိုင်းဒီမောပါးဆင့်၊ သက်ကရေ၊ ပ ရောက်စ်၊ နစ်ရှေး၊ ကမ္ဘာကျော် စာရေးဆရာ ကြီးများ၏ စာအုပ်များချည်း ဖြစ်သည်။

ထိုစာအုပ်များ အားလုံးကိုလည်း ဟင် နရီကပင် ဝယ်ပြီး ပြုပြင်ပေးထားခြင်း ဖြစ် ပေလိမ့်မည်ဟု အယ်နီ တွေးကြည့်နေမိသည်။

အယ်နီ စာအုပ်များကို စိတ်ဝင်တစား ကြည့်နေကြောင်း ဟယ်လင်က သတိထားမိ သွားသည်။

"တကယ့် စာကြီးပေကြီးတွေချည်းပါပဲ၊ မဟုတ်ဘူးလား။ ဟင်နရီက ဒါမျိုးတွေကို သိပ် နားလည်တာ။ အိမ်မှာ ဘယ်လိုစာအုပ်မျိုးတွေ ဝယ်ထားရမယ်ဆိုတာ သူ သေသေချာချာ သိတယ်။ ဒါပေမယ့် ဒီစာအုပ်တွေကို လူတွေ ဖတ်နေကြတယ် ဆိုတာတော့ ကိုယ် လုံးဝ မယုံကြည်နိုင်ဘူး။ ဘယ်သူပြောပြော ကိုယ် တော့ မယုံဘူး။ တစ်မျက်နှာ နှစ်မျက်နှာ လောက် ကိုယ် ဖတ်ကြည့်ဖူးပါတယ်။ အောင် မယ်လေး မသက်သာလိုက်တာ"

"တချို့ စာအုပ်တွေကတော့ ခက်ပါ တယ်။ ဆိုပါစို့၊ နစ်ရှေးရဲ့စာအုပ်တွေဆိုရင် နားလည်ဖို့ခက်တယ်"

အယ်နီက သူ့စကားကို ထောက်ခံ ပြောလိုက်သည်။ ဟယ်လင်၏ မျက်လုံးများ ဝိုင်းစက်သွားသည်။

"ဒီစာအုပ်တွေကို မင်း ဖတ်သလား၊ နားရောလည်ရဲ့လား။ ကိုယ့်ဘဝမှာတော့ စာအုပ်ဆိုလို့ တစ်အုပ်မှ မဖတ်ခဲ့ဖူးဘူး"

"ဟော- ကျွန်မကို နောက်နေပြီထင် တယ်"

"နောက်တာ မဟုတ်ပါဘူး၊ ကိုယ် ပြဇာတ်ကနေတဲ့အခါမှာ သိပ်ကို ကြိုးကြိုးစား စား ကတယ်။ ဇာတ်က ပြီးသွားတဲ့အခါမှာ ကံကောင်းထောက်မလို့ အတွဲကလေး ဘာ လေးတွေ့ရင်လည်း သူခေါ်တဲ့နောက် လျှောက် လိုက်တာပေါ့လေ။ တကယ်လို့ ကိုယ့်ကို ချိန်း မယ့်လူ မရှိရင် အိမ်ကိုပဲ တစ်ယောက်တည်း တန်းပြန်လာခဲ့တယ်။ အိမ်ပြန်ရောက်တဲ့အခါ ကျတော့ ရေချိုးတယ်။ သတင်းစာထဲက

ဆောင်းပါးတွေဖတ်တယ်။

ကိုယ့်အကြောင်း ရေးထားတာလေး တွေ ရှာဖတ်ပြီး အိပ်ငိုက်လာတဲ့အခါမှာ အိပ် ပစ်လိုက်တာပဲ။ နေ့ခင်းအထိ ကိုယ်အိပ်တတ် တယ်။ အိပ်ရာက နိုးလာတော့ ညနေသတင်း စာတွေ ဖတ်တယ်။

ပြီးတော့ စာတိုက်က ရောက်လာတဲ့ စာတွေကို ဖတ်တယ်။ သူငယ်ချင်းတွေဆီကို ဖုန်းဆက်တယ်။ ဒီလိုနဲ့ ညစာစားတဲ့အချိန် ရောက်သွားရော။ ကိုယ် ပြဇာတ်ကနေတဲ့ ရက်တွေမှာဆိုရင် အပြင်ထွက်ပြီး ညစာမစား ဘူး။ နောက်ပြီးတော့ ပြဇာတ်က မပြီးမချင်း အရက်မသောက်ဘူး။

ဒါပေမယ့်၊ ဇာတ်ကပြီးသွားပြီ ဆိုရင် တော့ ကိုယ်နေချင်သလို စိတ်လွတ်ကိုယ်လွတ် နေပစ်လိုက်တာပဲ။

ကိုယ့်နောက်ဆုံး အိမ်ထောင်နဲ့တုန်းက ပဲ စာအုပ်တစ်အုပ်ကို အဆုံးနား ရောက်တဲ့ အထိ ဖတ်ဖူးတယ်။

ဒါကလည်း ကိုယ့်ယောကျ်ားအပေါ်မှာ စိတ်ပျက်နေတဲ့အချိန်မို့ အချိန်ဖြုန်းပစ်တဲ့ သဘောပါပဲ။

မင်း ဘာသောက်မလဲ၊ ရှမ်ပိန် သောက် မလား၊ ဝီစကီသောက်မလား"

"ကျွန်မ ကိုကာကိုလာပဲ သောက်တော့ မယ်၊ စိတ်မရှိပါနဲ့နော်"

"အို လုပ်မနေပါနဲ့ကွာ၊ ကိုယ်နဲ့အတူတူ ရှမ်ပိန်ပဲ သောက်ပါ။ မင်းသာ ကူမသောက် ရင် တစ်ပုလင်းလုံး ကိုယ် သောက်ပစ်လိုက်မိ လိမ့်မယ်။ အေးအေးဆေးဆေးလည်း စကား ပြောရအောင်ပါ။ ကိုယ့် ကိုယ်အလေးချိန်ကို လည်း လျှော့ရဦးမယ်လေ။ မွေးမြူရေးခြံထဲမှာ သွားနေလိုက်တာ တအား ဝလာတော့တာပဲ။ မင်းရော မွေးမြူရေးခြံထဲမှာ နေဖူးသလား အယ်နီ"

ဟယ်လင်က ရှမ်ပိန်ခွက် လှမ်းပေးရင်း မေးသည်။

"မနေဖူးပါဘူး၊ ကျွန်မက နယူးအင်္ဂလန် နယ်ကလာတာ"

"မွေးမြူရေးခြံထဲမှာပဲ တစ်သက်လုံး နေ ရတော့မယ်လို့ ကိုယ် ထင်ခဲ့မိတာ။ ဒီကို ခဏ လာပါဦး"

ပြောပြောဆိုဆိုဖြင့် အိပ်ခန်းဆီသို့ အယ်နီကို ဆွဲခေါ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဟို ခုတင်ကြီး မြင်တယ်မဟုတ်လား၊ ရှစ်ပေတောင် ကျယ်တယ်။ ဖရင့်နဲ့ အကြောင်းပါတုန်းက ကိုယ်တို့ဝယ်ခဲ့တဲ့ ခုတင်ပေါ့။ ကိုယ့်ဘဝတစ်လျှောက်လုံးမှာ ကိုယ်တကယ်ချစ်တဲ့ ယောကျ်ားဟာ ဖရင့် တစ်ယောက်ပဲ ရှိသေးတယ်။ ဒီခုတင်ကြီးကို ကိုယ်သွားလေရာ ယူသွားတာပဲ။ အိုမာဟာမြို့ကို သွားတုန်းကလည်း ဒါကြီး သယ်သွားတာပဲ။

အိုမာဟာမြို့မှာ ရက်အင်ဂရမ်နဲ့ ကိုယ်လက်ထပ်ခဲ့တယ်လေ။ သူနဲ့ ကွဲသွားကြတော့ ဒီကို ပြန်ယူလာခဲ့တယ်။ ဒီခုတင်ကို လျှောက်ပြီး သယ်နေရတဲ့ စရိတ်က ခုတင်ဖိုးထက် ပိုများနေပြီ။ များပါစေ၊ ဒီခုတင်ဟာ ကိုယ်အချစ်ဆုံးယောကျ်ား ဖရင့်လို့ပဲ သဘောထားလိုက်တယ်"

သူ့ခုတင်ဘေးရှိ စားပွဲပေါ်မှ ဓာတ်ပုံကို လက်ညှိုးထိုးပြသည်။

"ခန့်ချောကြီးပဲ" ဟု အယ်နီက ပြောသည်။

"သူ ဆုံးသွားပြီ၊ ကိုယ်တို့နှစ်ယောက် ကွာရှင်းပြတ်စဲပြီး နှစ်နှစ်လောက် အကြာမှာ မော်တော်ကားမှောက်လို့ ဆုံးသွားပြီ။ သူနောက်ထပ်ယူတဲ့ ကောင်မကြောင့် သူ သေရတာပါ"

ပြောရင်းမှာပင် ဟယ်လင်၏ မျက်လုံးထဲမှာ မျက်ရည်များ ပြည့်လာသည်။

အယ်နီက ခုတင်ဘေးရှိ စားပွဲပေါ်မှ နာရီကို လှမ်းကြည့်သည်။ ခြောက်နာရီခွဲနေပြီ။

"ကျွန်မ တယ်လီဖုန်းပြောလို့ ရမလား"

"ဒီလိုဆိုရင် လာ၊ ဟိုဘက်ခန်းကို ပြန်သွားကြရအောင်၊ ဟိုဘက်မှာက ပိုပြီး နေသာထိုင်သာရှိတယ်"

အေလင်ထံ တယ်လီဖုန်း ခေါ်နေသည့် အချိန်တွင် ဟယ်လင်က အရက်ခွက်ထဲသို့ ရှမ်ပိန် ဖြည့်ပေးနေသည်။

"မင်း ဘယ်သွားနေတာလဲ အယ်နီ၊ ကိုယ် ဖုန်းဆက်တာ သုံးကြိမ်တောင် ရှိသွားပြီ။ ဆက်တိုင်း နီလီနဲ့ချည်း တိုးနေတာပဲ။ ကိုယ် ခဏခဏ ဖုန်းဆက်နေလို့ သူတောင် အတော် စိတ်ညစ်နေပြီ။ နောက်ပြီးတော့ သူကလည်း သူ့အမျိုးသားနဲ့ ချိန်းထားလို့ အပြင်သွားဖို့ အဝတ်အစားလဲနေတဲ့ အချိန်ဆိုတော့ ပိုဆိုးတာပေါ့။ အခု ကိုယ်နဲ့အတူတူ ဖေဖေ ရှိနေတယ်။ ဒီနေ့ည ကိုယ်တို့ အတူတူ ညစာစားကြရင် ကောင်းမလားလို့ ဖေဖေက မေးနေတယ်" ဟု အေလင်က ပြန်ပြောသည်။

"ကောင်းသားပဲ အေလင်"

"ဟုတ်ပြီ၊ ဒီလိုဆိုရင် နာရီဝက်အတွင်း မင်းကို ကိုယ်တို့ လာခေါ်မယ်"

"ကောင်းတယ်၊ ဒါပေမယ့် ကျွန်မက အိမ်မှာ မဟုတ်ဘူး၊ ဟယ်လင်လော်ဆန်ဆီ ရောက်နေတယ်"

အေလင်ဘက်က အသံတိတ်သွားသည်။ ခဏကြာတော့မှ ပြန်ပေါ်လာသည်။

"ထမင်းစားကြတော့မှပဲ ဒီအကြောင်း ကိုယ့်ကို ပြောပြပါတော့။ မင်းကို အဲဒီမှာ ကိုယ် လာခေါ်လို့ ရမလား"

အေလင်က အယ်နီ ပြောပြသည့် လိပ်စာကို လိုက်ရေးနေသည်။

"သူက ဟယ်လင်လော်ဆန်ရဲ့အိမ်မှာ ရောက်နေတယ် ဖေဖေ" ဟုလည်း ဂျိုနီကို ပြန်ပြောသည့်အသံ ကြားလိုက်ရသည်။

"ဘာလဲ ဖေဖေ-ဖေဖေ နောက်နေတာများလား" ဟုလည်း သူ့အဖေကို ပြန်ပြောနေပြန်သည်။ ပြီးတော့ အယ်နီ့ကို လှမ်းပြောသည်။

"အယ်နီ၊ မင်း ယုံချင်ယုံ မယုံချင်နေ၊ ဖေဖေက ဟယ်လင်လော်ဆန်ကိုပါ ညစာစားဖို့ ဖိတ်ခဲ့ပါလို့ ပြောနေတယ်"

"အိုး သူတို့နှစ်ယောက် အသိတွေလား" အယ်နီက ပြန်မေးသည်။

"အသိ မဟုတ်ပါဘူး၊ မသိတော့ရော ဘာဖြစ်သလဲကွာ။ သူတို့အဖို့ ဘာဆန်းတာမှတ်လို့"

"အေလင်၊ ကျွန်မဖိတ်လို့ဖြစ်မှာ. . ."

"သူ့ကို မေးကြည့်လိုက်ပါဦးလေ"

အယ်နီက ကြောင်အမ်းအမ်း ဖြစ်နေသည်။ ကိုယ်မသိသည့် ယောကျ်ားတစ်ယောက်၏ ဖိတ်ကြားချက်ကို ဟယ်လင် လက်ခံပါ့မလား။ ဟယ်လင်သည် မည်သို့သော မိန်းမစားမျိုး ဖြစ်သနည်း။ ဂျိုနီလိုလူမျိုးနှင့် အတူတွဲပြီး အပြင်သို့ လိုက်ပါမည်လား။ အယ်နီဘက်က အသံတိတ်သွားသည်ကို အေလင်က ရိပ်မိသည်။

"အယ်နီ၊ မင်း ဖုန်းကိုင်ထားတုန်းလား"

အယ်နီက ဟယ်လင်ဘက်သို့ လှည့်လိုက်သည်။

"အေလင်က မေးနေတယ်၊ ကျွန်မတို့နဲ့

www.burmeseclassic.com

www.burmeseclassic.com



ညစာ အတူတူ လိုက်စားနိုင်ပါမလားတဲ့။ ကျွန်မတို့နဲ့ အတူတူ သူ့အဖေလည်းပါမယ်"

"ကိုယ်က သူ့အဖေရဲ့အတွဲ အဖြစ်နဲ့ လိုက်ရမှာလား"

"ဟုတ်ပါတယ်၊ ရှင် လိုက်မယ်ဆိုရင် ကျွန်မတို့ အားလုံး လေးယောက်ပဲ ရှိမှာပါ"

"သိပ်လိုက်တာပေါ့၊ အယ်လ်မိုရိုကိုမှာ သူ့ကို ကိုယ် မြင်ဖူးတယ်။ အင်မတန် အသည်းယားစရာကောင်းတဲ့ဘဲကြီး"

"သူ သိပ်သဘောကျပါတယ်တဲ့"

အယ်နီက ပြန်ပြောပြီး ဖုန်းပြန်တင်ထားခဲ့သည်။

"နာရီဝက်အတွင်း ကျွန်မတို့ကို လာခေါ်လိမ့်မယ်"

"နာရီဝက်ထဲလား၊ မင်း ဘယ်လိုလုပ် အိမ်ပြန်ပြီး အဝတ်အစားလဲဖို့ အချိန်ရမှာလဲ"

"မလဲတော့ပါဘူး၊ ဒီအတိုင်းပဲ လိုက်တော့မယ်"

"ဒါပေမယ့် မင်း ဝတ်ထားတာက ရုံးသွားတဲ့ အဝတ်အစားကြီးတွေပဲ"

"အေလင်နဲ့ ကျွန်မ အရင်တုန်းကလည်း ဒီအတိုင်း သွားဖူးပါတယ်။ သူက ဘာမှ မပြောပါဘူး"

ဟယ်လင်၏မျက်နှာအမူအရာ တစ်မျိုးပြောင်းသွားသည်။

"အင်း- ဒုက္ခပါပဲ အယ်နီ၊ ကိုယ်က အသားနားဆုံးဖြစ်အောင် အလှပြင်ပြီး လိုက်မယ်လို့ စိတ်ကူးလိုက်မိတာ။ ဒါပေမယ့် အဲဒီလို လိုက်လို့ဖြစ်တော့မှာ မဟုတ်ဘူး။ မင်းက သာမန် ဝတ်ထားပြီး ကိုယ်က နင်းကန် ပြင်ဆင်ထားမယ်ဆိုရင် ကိုယ်တစ်ယောက်တည်း ကြောင်တက်တက် ဖြစ်နေလိမ့်မယ်။

ဂျိုနီလိုလူမျိုး ကိုယ့်ကို မျက်စိကျသွားအောင်လည်း လုပ်ပစ်လိုက်ချင်တယ်။ ဂျိုနီက အနိုပ်စားနော်၊ အချဉ်ဖမ်းလို့ ရနိုင်တယ်"

သည်လို အစားမျိုး ဟုတ်မည်ဟုတော့ အယ်နီမထင်။

ဂျိုနီတို့နှင့် ညစာအတူတူ သွားစားရမည် ဆိုသည်နှင့် ဟယ်လင်သည် အထက်တန်းကျောင်းသူကလေး တစ်ယောက်၏ အမူအရာမျိုးသို့ ပြန်ပြောင်းသွားတော့သည်။ သည်လို အမူအရာနှင့် သူ့အသက်အရွယ်နှင့် မလိုက်အောင် ဖြစ်နေသည်ကိုလည်း တွေ့ရသည်။ ကလေးကလားနိုင်နေသည်။

ဂျိုနီတို့နှင့် တွေ့လျှင် ယခုလို ကလက်တက်တက် အမူအရာမျိုး မဖြစ်ပါစေနှင့်ဟု ကျိတ်ပြီး ဆုတောင်းလိုက်မိသည်။

"ဖုန်းပြန်ဆက်ပြီး နည်းနည်း နောက်ကျလာပါလို့ ပြောလိုက်ပါ။ ဒါမှ မင်း အိမ်ပြန်ပြီး အဝတ်အစား လဲချိန်ရမယ်"

ဟယ်လင်က ထပ်ပြောပြန်သည်။

အယ်နီက ခေါင်းယမ်းပြသည်။

"ကျွန်မ သိပ်ကို ပင်ပန်းနေပြီ၊ တစ်နေ့လုံး အလုပ်လုပ်ထားရတာ"

"ကိုယ်ရော တစ်နေ့ကုန် ဘာတွေ လုပ်နေတယ်လို့ မင်းထင်သလဲ၊ မနက်တုန်းက ကိုးနာရီမှ အိပ်ရာကထတယ်။ ဇာတ်တိုက်တဲ့ နေရာမှာ သုံးနာရီ အလုပ်လုပ်ရတယ်။ လူပြက် နှစ်ယောက်နဲ့တွဲပြီး ကတဲ့အခန်းကို ဇာတ်တိုက်ရတာ သေချင်စော်နံရော။

သူတို့က ကိုယ့်ကို အပေါ်မြှောက်ပစ်လိုက်၊ ဆွဲယမ်းလိုက်နဲ့ လုပ်နေကြတာ၊ ဖင်ထိုင်ရက် လဲတာကို ခြောက်ကြိမ်ထက် နည်းမှာ မဟုတ်ဘူး။ သီချင်းဆိုရတာလည်း အကြိမ်တစ်ရာထက် မနည်းဘူး။ ဒါတောင်မှ ကိုယ် သွားနိုင်သေးတာပဲ။ မင်းထက်လည်း ကိုယ် အသက်ကြီးပါတယ်ကွယ်။ ကိုယ့်အသက် သုံးဆယ့်လေးနှစ်ရှိပြီ"

"ကျွန်မက အသက်ငယ်ပေမယ့် အဲဒီလောက်တော့ ခွန်အားမရှိပါဘူးရှင်"

အယ်နီက ထိုမျှ ပြန်ဖြေရင်း သူ၏ အံ့ဩသည့် အမူအရာ ပေါ်မသွားအောင် ကြိုးစားဖုံးနေရသည်။

သူ့အသက် သုံးဆယ့်လေးနှစ်။ ဂျော့ ဘယ်လိုစ် ပြောသည်မှာ မှန်ပါသည်။

"မင်းအသက် ဘယ်လောက် ရှိပြီလဲ အယ်နီ"

"နှစ်ဆယ်"

"ပေါက်ကရတွေ ပြောမနေစမ်းပါနဲ့ကွယ်။ သတင်းစာထဲမှာ ကိုယ်ဖတ်နေရတာပဲ။ အကောင်း မေးနေတာပါ။ မင်းအသက် ဘယ်လောက်ရှိပြီလဲ"

အယ်နီ မျက်နှာပျက်သွားသည်ကို ဟယ်လင်က သတိထားလိုက်မိသည်။ ထို့ကြောင့် ကလေးမကလေး တစ်ယောက်လို သူက ပြုံးသည်။ ပြီးတော့ လေသံလည်း ပြောင်းသွားသည်။

"ဟေး အယ်နီ၊ မင်းက စိတ်ဆိုးတတ်

www.burmeseclassic.com

www.burmeseclassic.com



သလား။ ကိုယ်က အလကား နောက်တာပါကွယ်။ ကိုယ့်အမေကလည်း ကိုယ့်အပြော အဆို ရိုင်းစိုင်းတာတွေနဲ့ ပတ်သက်ပြီး အမြဲတမ်း ဆူတယ်။ နောက် ဒီလို မနောက်တော့ပါဘူး။ မင်းရဲ့ အေးတိအေးစက် အမူအရာကလေးကိုပဲ မြင်နေပါရစေ"

အယ်နီ၏မျက်နှာ ပြုံးလာသည်။

ဟယ်လင် စိတ်အပြောင်းအလဲ မြန်နေခြင်းနှင့် ပတ်သက်၍လည်း အကြောင်းတစ်ခုခု ရှိရမည်။ သူ့အဲနေအထားမျိုးနှင့် နှိုင်းစာလျှင် အလွန် ရိုးသားနေပုံပေါ်နေသည်။

"တကယ့်ကို အသက်နှစ်ဆယ်ပဲ ရှိသေးတာလား။ ဒါဆိုရင်တော့ မင်း သိပ်တော်တာပဲ။ ဒါလောက် အချိန် တိုတိုတောင်းတောင်းကလေးအတွင်းမှာ အေလင်ကူးပါးလို ယောက်ျားမျိုး တစ်ယောက်ကို ရအောင် အမိဖမ်းလိုက်နိုင်တာဟာ သိပ်ကို တော်တာပေါ့။ ကိုယ် အနက်ရောင် အဝတ်အစားတွေကိုပဲ ဝတ်တော့မယ် နော်။ လက်ဝတ်လက်စားကလေး နည်းနည်းပါးပါးတော့ ဝတ်ရလိမ့်မယ်။

ဟေး . ကိုယ်နဲ့ လိုက်ခဲ့ပါဦး။ ဘရော့ဒ်ဝေးဇာတ်ရုံတွေမှာတော့ ကိုယ်ဟာ အင်မတန် တော်တဲ့ မင်းသမီးတစ်ယောက်ဖြစ်တာ မှန်ပါတယ်။ ဒါပေမယ့် ဒီမှာတော့ ကိုယ်ဟာ ဘာမှ မစွမ်းတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်နေပြီ"

ဟယ်လင်က အိပ်ခန်းဆီသို့ လျှောက်သွားရာမှ နောက်သို့ ပြန်လှည့်ပြီး အယ်နီကို ခေါ်နေသည်။

အဝတ်အစား လဲနေရင်းလည်း စကားကို ဖောင်လောက်အောင် ပြောနေသည်။ အများဆုံး သူ ပြောနေသည့်အကြောင်းအရာသည် သူနှင့် အကြောင်းပါခဲ့သည့် ယောက်ျားများအကြောင်း၊ ထိုယောက်ျားများက သူ့အပေါ်တွင် ဆက်ဆံရေး မကောင်းသည့် အကြောင်းများ ဖြစ်သည်။

"ကိုယ့်တစ်သက်လုံး အငမ်းမရ လိုချင်ခဲ့တာက အချစ်ပဲ။ ဖရင့်ကတော့ ကိုယ့်ကို ချစ်ပါတယ်။ သူက ပန်းချီဆရာလေ။ သူကလည်း ရေးနွားလို ပန်းချီဆရာတစ်ယောက်ရဲ့ ဇနီးအဖြစ်နဲ့ ကိုယ့်ကို မြင်နေတာ။ ဒါပေမယ့် သူက ပန်းချီကားတွေ ဆွဲနိုင်တာ မဟုတ်ပါဘူး။ သာမန် သရုပ်ဖော်ပုံတွေလောက် ဆွဲတတ်ရှာတာပါ။ ဒါပေမယ့် တစ်နေ့ကျရင်တော့ တကယ့် ပန်းချီဆရာကြီးတစ်ယောက်ဖြစ်လာပြီး အခု သူလုပ်နေတဲ့ သရုပ်ဖော်ပန်းချီဆွဲတာကို စွန့်လွှတ်နိုင်ရမယ်လို့ မျှော်မှန်းထားရှာတဲ့လူ"

"အဲဒီတုန်းက ရှင်က မင်းသမီး ဖြစ်ခါစလား"

"မဟုတ်ဘူး၊ ကိုယ်တို့နှစ်ယောက် လက်ထပ်ကြတော့ ဆာဒီ၏ဂေဟာဆိုတဲ့ ပြဇာတ်ကို ကိုယ်ကနေပြီ။ ကိုယ် ခေါင်းဆောင်မင်းသမီးအဖြစ်နဲ့ ကရတဲ့ တတိယမြောက်ပြဇာတ်ပေါ့။ ကိုယ်က တစ်ပတ်ကို ဝင်ငွေသုံးထောင်ရနေပြီ။ သူကတော့ တစ်ပတ်မှ တစ်ရာပဲ ရရှာတာ။ ဒါကြောင့် မင်း စဉ်းစားကြည့်လေ။ အချစ်အတွက် သူ့ကို ကိုယ် လက်ထပ်ခဲ့တယ် ဆိုတာ ထင်ရှားတယ် မဟုတ်လား"

"ဒီလိုဆိုရင် သူကြိုက်တဲ့ ခံစားချက် ပန်းချီတွေကို သူ ဘာဖြစ်လို့ မဆွဲနိုင်ခဲ့တာလဲ"

"သူလုပ်ချင်တာ လုပ်ဖို့အတွက် ကိုယ်က သူ့ကို ထောက်ပံ့နေရမှာလား။ မင်းကတော့ မဟုတ်တာတွေ ပြောရှာမယ်။ တကယ်လို့ ကိုယ်က သူ့ကို တစ်လျှောက်လုံး ထောက်ပံ့နေရမယ်ဆိုရင် သူကချစ်လို့ ကိုယ့်ကို လက်ထပ်တာပါလို့ ဘယ်လိုလုပ် ပြောနိုင်တော့မှာလဲ။ ဒီအကြောင်း ကိုယ်က သူ့ကို အတိအလင်း ပြောပြတယ်။ အဲဒီအချိန်တုန်းက ကိုယ့်မှာ အိမ်ခန်းအကြီးကြီးတစ်ခု ရှိတယ်။ ကိုယ်က ဖိုမ်ရှိုရှိုနဲ့ ကောင်းကောင်းနေချင်တာ။ ဒါကြောင့် ကိုယ်က သူ့ကို ပြောတယ်။

'ဖရင့်၊ ရှင် ကျွန်မဆီကို ပြောင်းခဲ့ပါ။ အိမ်လခကို ကျွန်မပဲ ပေးပါ့မယ်။ ရှင် လာမနေရင်လည်း ကျွန်မ ပေးနေရတာပဲဆိုတော့ မထူးပါဘူး။ အိမ်ဖော်အတွက်ရော၊ ကျွန်မ အဝတ်အစားတွေအတွက်ရော၊ အရက်ဖိုးရော၊ အစားအသောက်အတွက်ရော ကျွန်မ အကုန်ခံပါ့မယ်။

ဒါပေမယ့် ကျွန်မတို့နှစ်ယောက် အပြင်ထွက်လည်ကြမယ် ဆိုရင်တော့ ကုန်ကျစရိတ်တွေကို ရှင် ခံရမယ်'လို့ ကိုယ်က ပြောတယ်။

ဒီလို ပြောတဲ့အခါတိုင်း သူက လက်မခံဘူး။ သူရနေတဲ့ လခကလေးဟာ မြို့ပေါ်တက်သုံးရင် နှစ်ရက်တည်းနဲ့ ကုန်သွားမှာလို့ပဲ အမြဲတမ်း ဆင်ခြေပေးတယ်။ အငြိမ်းစားနေရမယ် ဆိုတာတောင် သူ မလာနိုင်ဘူး ဘာပဲဖြစ်ဖြစ် သူ့ကို ကိုယ် ချစ်တယ်။ သူနဲ့ ကလေးရဖို့လည်း ကိုယ် ကြိုးစားခဲ့သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မနားတမ်း ဇာတ်ကနေရလို့ မအောင်မြင်ခဲ့ဘူး။ ကဲ- သူ့ကို ကိုယ် ဘယ်လောက် ချစ်တယ်ဆိုတာ မင်းသဘောပေါက်ပြီ မဟုတ်လား။ ဒါပေမယ့် ကိုယ်တို့ အိမ်ထောင်ရေးဟာ အဆင်မပြေခဲ့ပါဘူးကွယ်။

ဒီမှာ ကိုယ့်နောက်ဘက်က ဇစ်ကလေး ဆွဲတပ်ပေးစမ်းပါ။ ကိုယ့်ကိုကြည့်ပါဦး။ အဆင်ပြေရဲ့လား"

ဟယ်လင် ပြင်ဆင်ထားလိုက်သည်မှာ အများကြီး ကြည့်ကောင်းသည်ဟု အယ်နီထင်ပါသည်။ သို့သော်လည်း လက်ဝတ်လက်စား များလွန်းသည်။

မည်သို့ဆိုစေ ဟယ်လင်လော်ဆန်သည် ဟယ်လင်လော်ဆန်ပဲ ဖြစ်သည်။ သူ့အဆင့်အတန်းနှင့်ဆိုလျှင် ဒါလောက်တော့ ဝတ်စားဆင်ယင်ရပေလိမ့်မည်။

တံခါးခေါင်းလောင်းတီးသံ ကြားရသည်။ ဟယ်လင်က အရောင်တဖိတ်ဖိတ်တောက်နေသည့် ပိုးကုတ်အင်္ကျီကို လှမ်းဆွဲယူသည်။ ပြီးတော့ အယ်နီကို ပြန်ကြည့်သည်။

"သိပ်များ အရောင်တောက်နေမလား"

"ကတိုးသားရေအင်္ကျီကို ဒီနေ့ည ဝတ်လိုက်ပါလား"ဟု အယ်နီက ပြောသည်။

"အို- အဲဒါကြီး ဝတ်လိုက်ရင် ရေးအဘွားကြီး ဖြစ်သွားတော့မှာပေါ့။ အောက်က အနက်ရောင်ဝတ်ပြီး အပေါ်က အညိုရောင်အင်္ကျီ ထပ်ဝတ်မယ်ဆိုတော့ မင်းသာ ဝတ်ရဲရင် ဝတ်ပေတော့။ ကိုယ်တော့ ဒါလောက် တောအကျမခံနိုင်ဘူး"

တံခါးခေါင်းလောင်းသံ ထပ်မြည်ပြန်သည်။

"လာပါပြီ၊ လာပါပြီ"

ဟယ်လင်က လှမ်းအော်သည်။

တစ်စက္ကန့်လောက် တုံ့ဆိုင်းဆိုင်း ဖြစ်နေသေးသည်။ ပြီးတော့ ကတိုးသားရေအင်္ကျီကို ကောက်ကိုင်ပြီး အယ်နီကို ပြုံးပြသည်။

"မင်း အနိုင်ရသွားပြီ၊ မင်း အရောင်ရွေးတာ မှန်တယ်"

ဂျီနိုနှင့် ဟယ်လင်တို့နှစ်ယောက် တွေ့ကြတော့ နှစ်ယောက်စလုံး ဝမ်းသာလုံးဆို့နေကြသည့်ပုံမျိုး ဖြစ်သည်။

အယ်လ်မိုရိုကို ဟိုတယ်ရောက်တော့ သူတို့နှစ်ယောက် သဘောကျသည့် စားပွဲမှာ သွားထိုင်ကြရန် ဆုံးဖြတ်ကြသည်။

အစားအစာကိုလည်း တစ်မျိုးတည်း မှာကြသည်။ ရှမ်ပိန်ပုလင်းများ တစ်လုံးပြီး တစ်လုံး ကုန်သွားသည်။ ရယ်စရာစကားများ ပြောမဆုံးအောင် ရှိကြသည်။

သတင်းစာဆရာများက ဟယ်လင်ကို လာရောက်နှုတ်ဆက်ကြသည်။ သံစုံတီးဝိုင်းကြီးက ဟယ်လင်၏ နာမည်ကျော် တေးသီချင်းများကို ဂုဏ်ပြုသည့်အနေဖြင့် တီးမှုတ်ပေးသည်။

ဟယ်လင် အပျော်ကြီး ပျော်နေသည်။ ရယ်စရာဟာသများပြောရင်း တသောသော ရယ်ကြသည်။

ယခုလို ပျော်မြူးနေသည်ကို တွေ့ရပြန်တော့လည်း ဟယ်လင်လို အမျိုးသမီးမျိုးကို သဘောမကျနိုင်စရာ အကြောင်း မရှိတော့ပေ။

"ဒီမိန်းကလေးကိုတော့ ငါ ကြိုက်သွားပြီဟေ့။ သူ့စိတ်ထဲမှာရှိတာကို ပွင့်ပွင့်လင်းလင်း ပြောတယ်။ ဟန်ဆောင်မနေဘူး။ မင်းကို ပြောရဦးမယ်ထင်တယ်။ မင်းပြဇာတ် ရုံတင်တဲ့နေ့မှာ ဧည့်ခံပွဲကြီး တစ်ခုလောက် လုပ်လိုက်ကြရအောင်"

ဂျီနိုက ဟယ်လင်၏ နောက်ကျောကို လက်ဖြင့်ပုတ်ရင်း ကျယ်လောင်စွာ ရယ်မောပြီး ပြောသည်။

ဟယ်လင်၏ အမူအရာသည် လုံးဝ ပြောင်းလဲသွားတော့သည်။ ရှက်ကိုးရှက်ကန်း ပြုံးနေသည်။ ပြီးတော့ အပျိုပေါက်ကလေးတစ်ယောက်၏ အသံမျိုးနှင့် ပြန်ပြောသည်။

"အိုး- ဂျီနို၊ သိပ်ကို ကောင်းတာပေါ့။ ပြဇာတ်ရုံတင်တဲ့နေ့မှာ ရှင့်ကို ကျွန်မရဲ့ ဧည့်သည်အဖြစ်နဲ့များ ဖိတ်ခွင့်ရမယ်ဆိုရင် သိပ်ကို ကောင်းမှာပဲ"

ထိုပွဲသို့သွားဖို့အတွက် ဂျီနိုမှာ အက်ဒယ်လီတစ်ယောက်လုံး ရှိနေပြီး ဖြစ်သည်။ အက်ဒယ်လီနှင့်တွဲပြီး လာမည်ဟုလည်း သူဆိုလိုပုံပေါက်သည်ဟု အယ်နီက တွေးနေမိသည်။ ဟယ်လင်မှာလည်း သူ့အတွဲနှင့်သူ ရှိနေလိမ့်မည်ဟု ဂျီနိုက ယူဆထားပုံရသည်။

"ပြဇာတ်က ဘယ်နေ့ ရုံတင်မှာလဲ"

ဂျီနိုက ခပ်ဖြည်းဖြည်း ပြန်မေးသည်။

"ဇန်နဝါရီ ဆယ့်ခြောက်ရက်နေ့၊ နှစ်ပတ်အတွင်းမှာ နယူးဟဲဗင်ကို ကျွန်မတို့ သွားတော့မယ်။ နောက်ပြီးတော့ ဖီလာဒဲလ်ဖီးယား

www.burmeseclassic.com

www.burmeseclassic.com

မှာ သုံးပတ်ကမယ်"

"ဒီလိုဆိုရင် နယူးဟဲဗင်းကို ကိုယ်တို့လိုက်ခဲ့မယ်။ အယ်နီရယ်၊ အေလင်ရယ်၊ ကိုယ်ရယ်"

ဂျီနီက ခပ်မြန်မြန် ဝင်ပြောသည်။

"မဖြစ်ဘူး၊ နယူးဟဲဗင်းက အလံကားပွဲ၊ ကျွန်မတို့ သုံးချီတည်း ကကြမှာ။ ဖီလာဒဲလ်ဖီးယားမှာ ကဖို့ ကြိုတင် ပြင်ဆင်တဲ့သဘောလောက် ကကြမှာ"

"ကိစ္စမရှိပါဘူး၊ ဖြစ်သလိုပဲပေါ့"

ဂျီနီကလည်း မည်သို့မျှ မဖြစ်သလို ပြောသည်။

ဟယ်လင် နှုတ်ခမ်းစူသွားသည်။ သူ့အမူအရာကလည်း ကလေးလေးတစ်ယောက်လို ပြန်ဖြစ်သွားပြန်သည်။

"မကောင်းပါဘူး၊ ကျွန်မတို့က သောကြာနေ့ညမှာ စ,ကမှာ၊ နောက်တစ်နေ့ကျ နေ့ပွဲတစ်ပွဲ ရှိသေးတယ်။ နေ့ပွဲ မကခင်မှာ ဇာတ်တိုက်ရဦးမယ်။ အဲဒီပွဲကို ရှင်တို့ လာမယ်ဆိုရင် ကျွန်မ ဘယ်လိုမှ ရှင်တို့နဲ့ မတွေ့နိုင်တော့ဘူး။ နောက်တစ်နေ့ နေ့ပွဲ မကခင် ကျွန်မ ဘယ်ကိုမှ သွားလို့ ဖြစ်မှာ မဟုတ်ဘူးလေ။ အရက်လည်း သောက်လို့ မဖြစ်ဘူး။ ထင်သလိုနေလို့ မရနိုင်တော့ဘူး"

"ဇန်နဝါရီလ ဆိုတာက အဝေးကြီး လိုသေးတယ်။ အဲဒီလောက် အဝေးကြီးကို ကြိုပြီး ကိုယ် အစီအစဉ်လုပ်လို့ရမှာ မဟုတ်ဘူး။ ကိုယ့်အလုပ်က ရှိသေးတယ် မဟုတ်လား၊ အဲဒီရက်လောက်ကျရင် နိုင်ငံခြားတိုင်းပြည်တစ်ခုခုကို ကိုယ်ရောက်ချင် ရောက်နေမှာ။ ဒါကြောင့် နယူးဟဲဗင်းကို လာရတာက အဆင်အပြေဆုံး ဖြစ်မယ်။ မင်းက မလာစေချင်ရင်တော့ မပြောတတ်တော့ဘူးပေါ့လေ"

ဂျီနီကလည်း အလျှော့မပေးဘဲ ပြန်ပြောသည်။

ဟယ်လင်က ဂျီနီအနီးသို့ တိုးကပ်သွားသည်။ ပြီးတော့ ဂျီနီကို လက်တစ်ဖက်နှင့် သိုင်းဖက်ထားလိုက်သည်။

"အို ဒီလိုလည်း မဟုတ်ပါဘူး၊ ငါးမျှားချိတ်ကြီးနဲ့ ချိတ်မိနေမှတော့ ရှင့်ကို ဘယ်အလွတ်ခံတော့မလဲ၊ နယူးဟဲဗင်းမှာပဲ ကျွန်မစီစဉ်လိုက်တော့မယ်။ တကယ်လို့ ရှင် ဒီမှာရှိနေဦးမယ်ဆိုရင် နယူးယောက်မြို့မှာ ရုံတင်တဲ့နေ့လည်း လာခဲ့ဦးပေါ့"

"မင်း ပြဇာတ်ကို နှစ်ခါ ပြန်ကြည့်နိုင်းနေတာလား"

"သေနာကြီး နားမလည်ဘဲနဲ့ မပြောစမ်းနဲ့။ တချို့လူတွေဆိုရင် ကျွန်မပြဇာတ်ကို လေးငါးခြောက်ကြိမ်တောင် လာကြည့်ကြသေးတယ်။ ကဲ အယ်နီ၊ ကိုယ်တို့နှစ်ယောက် အမျိုးသမီးခန်းထဲ ခဏသွားကြရအောင်"

ဟယ်လင်က ဘာမှ မဖြစ်သလို ဂျီနီကို ပြောပြီး တစ်ဆက်တည်းမှာပင် အယ်နီကို လှည့်ပြောသည်။

အလှပြင်ခန်းထဲသို့ ရောက်သောအခါ အစောင့်အမျိုးသမီးတစ်ဦးက ဟယ်လင်ကို ဆီးကြိုပွေ့ဖက်သည်။

"ကိုယ့်ကို ပထမဆုံး အလှပြင်ပေးတဲ့ အမျိုးသမီးဟာ သူပဲပေါ့"

ဟယ်လင်က အယ်နီကိုပြန်ပြောသည်။

"အရင်တုန်းက သူ့ကို မင်း တွေ့ခဲ့ဖူးဖို့ကောင်းတယ်။ ငါးရံ့ကိုယ်ကလေးနဲ့ အင်မတန်လှတာ။ ပြီးတော့ အပေါင်းအသင်း အပေါ်လည်း အင်မတန် သံယောဇဉ်ကြီးတယ်"

အစောင့်အမျိုးသမီးက ဟယ်လင်နှင့်ပတ်သက်ပြီး အယ်နီကို လှမ်းပြောပြသည်။

"အခုလည်း ကိုယ့်ကိုယ်လုံးက လှပါသေးတယ်။ ဒါပေမယ့် ကိုယ်အလေးချိန်တော့ နည်းနည်း ပြန်လျှော့ရမယ်။ အင်း . . . လမ်းလျှောက်လိုက်ရင် လျော့သွားမှာပါလေ"

ဟယ်လင်က ပြောပြောဆိုဆို တစ်နေရာမှာ ထိုင်ချလိုက်ပြီး သူ့မျက်နှာကို ပေါင်ဒါရိုက်နေသည်။ နောက်ထပ် ရောက်လာသည့် လူသစ်ကို လိုအပ်သည်များ ကူညီရန် အစောင့်အမျိုးသမီး ထွက်သွားသည်။ ဟယ်လင်က အယ်နီဘက်သို့ လှည့်ကြည့်သည်။

"အယ်နီ၊ ကိုယ်တော့ ဂျီနီကို သဘောကျနေပြီ"

ထိုစကားကို အေးအေးသက်သာပင် သူပြောသည်။ သူ့မျက်နှာ အမူအရာကလည်း မည်သို့သော ခံစားချက်မျိုးမျှ မရှိ။ သူ့စိတ်ထဲမှာ တကယ် ခံစားနေရသည်များကို ဖုံးကွယ်ထားသည့် သဘောမျိုးလည်း ဖြစ်သည်။

"ကိုယ်တကယ်ပြောတာ အယ်နီ၊ သူ့ကို ကိုယ် တကယ် သဘောကျနေပြီ။ သူကရော ကိုယ့်ကို သဘောကျတယ်လို့ ထင်ရဲ့လား"

"ထင်ပါတယ်၊ သူ သဘောကျမှာပါ"

အယ်နီကလည်း သူ့လေသံကို သာမန်

www.burmeseclassic.com

www.burmeseclassic.com



လေသံမျိုးဖြစ်အောင် သတိထားပြီး ပြောသည်။

"ကိုယ် ယောကျ်ားတစ်ယောက်ယောက်လိုချင်နေတယ် အယ်နီ၊ ကိုယ့်စိတ်ထဲမှာ ရှိတဲ့အတိုင်း ရိုးရိုးပြောတာပါ။ ကိုယ် အလိုချင်ဆုံးအရာဟာ အဲဒါပဲ။ ကိုယ် ချစ်ရမယ့်လူတစ်ယောက်ကို မရမနေ လိုချင်နေပြီ"

ဟယ်လင်က သူ့ဘက်သို့ ရုတ်တရက်လှည့်လာပြီး ဆက်ပြောပြန်သည်။

အယ်နီ့ရင်ထဲမှာ ခုန်လာသည်။မျက်နှာမပျက်အောင်လည်း ကြွေဆည်ထားလိုက်ရသည်။

ဟယ်လင်လော်ဆန်အကြောင်း လူအများ ပြောနေကြသည်ကိုလည်း သူ ကြားဖူးသည်။ အကောင်းကို ပြောဆိုကြခြင်းကား မဟုတ်။ အမှန်တော့ သူ၏ အောင်မြင်ကျော်ကြားမှုများကိုကြည့်ပြီး မနာလို ဖြစ်ကြရာမှ သားပုပ်လေလွင့် ပြောကြခြင်း ဖြစ်နိုင်ပါသည်။

သို့သော်လည်း ယခု တွေ့နေရသည့် ဟယ်လင်လော်ဆန်သည် လူအများ ပြောနေကြသည့် ဟယ်လင်လော်ဆန် မဟုတ်တော့။ သူ့စိတ်ထဲမှာ ရှိနေသည်ကို ရိုးသားစွာ ထုတ်ဖော်ပြောသည်။ သူ့မှာလည်း ခံစားချက် ရှိပါသည်။ ထိုသို့သော စိတ်ဝေဒနာကို ဖြေဖျောက်နိုင်ရန်အတွက် တစ်စုံတစ်ရာကို အရှာအမှီး တမ်းတနေရရှာသည့် အရွယ်လတ်ပိုင်း အမျိုးသမီးတစ်ဦး ဖြစ်နေသည်ကိုလည်း တွေ့ရသည်။

"အင်း- မင်းကို ကိုယ်သဘောကျတယ် အယ်နီ၊ ကိုယ်တို့နှစ်ယောက် ရင်းရင်းနှီးနှီး ပေါင်းကြရအောင်ပါ။ သူတို့ သားအဖနဲ့ ကိုယ်တို့နှစ်ယောက် မကြာခဏ ချိန်းတွေ့ကြရအောင်နော်။ ကိုယ့်တစ်သက်မှာ ရင်းနှီးတဲ့ မိန်းကလေးသူငယ်ချင်း ဟုတ်ဟုတ်ညားညား မရှိခဲ့ပါဘူး။ ဟေး အင်မ်လီယာ၊ ခဲတံနဲ့ စာရွက်ကလေး တစ်ရွက်လောက် ပေးစမ်းပါ"

ဟယ်လင်က အစောင့်အမျိုးသမီးတစ်ဦးကို လှမ်းအော်ပြောသည်။

အစောင့်အမျိုးသမီးက စာရေးစက္ကူကတ်တစ်ခု ယူလာသည်။

"မစ္စလော်ဆန် အခုလို ကြုံတုန်း ကျွန်မတူမလေးအတွက် အော်တို ရေးပေးခဲ့ပါဦးနော်"

"လွန်ခဲ့တဲ့အပတ်တုန်းကပဲ သုံးခုတောင် ရေးပေးခဲ့သေးတာပဲ။ မင်း ဘာလုပ်ပစ်လိုက်သလဲ၊ ရောင်းစားပစ်လိုက်ပြီလား"

ပြောပြောဆိုဆိုဖြင့် စာရွက်တစ်ရွက်ပေါ်မှာ လက်မှတ်ထိုးသည်။ ပြီးတော့ အစောင့်အမျိုးသမီးကို လှမ်းပေးသည်။ နောက်စာရွက်တစ်ရွက်ပေါ်မှာ တစ်စုံတစ်ရာ ရေးခြစ်ပြန်သည်။ ထိုစာရွက်ကိုမူ အယ်နီဘက်သို့ လှမ်းပေးသည်။

"အဲဒါ ကိုယ့်ဖုန်းနံပါတ်ပဲ၊ ဖျောက်မပစ်လိုက်နဲ့နော်။ တယ်လီဖုန်းလမ်းညွှန် စာအုပ်ထဲမှာ မပါဘူး။ နောက်ပြီးတော့ တခြားလူကိုလည်း မပေးလိုက်ပါနဲ့၊ ဂျိနီကိုတော့ ပေးပါ။ တတ်များတတ်နိုင်ရင် သူ့ကိုယ်ပေါ်မှာ မပျက်နိုင်တဲ့ဆေးနဲ့ ရေးပေးထားလိုက်စမ်းပါ။ ဒီမှာ မင်း ဖုန်းနံပါတ်လည်း ရေးပေးပါဦး"

သူက စာရွက်တစ်ရွက် ထိုးပေးသည်။

"ဟင်နရီဘယ်လာမီရဲ့ရုံးကို ဆက်ရင် ကျွန်မဆီ ရောက်တာပါပဲ"

"ဟုတ်ပြီ ဟုတ်ပြီ၊ ကိုယ် သိပြီ။ ဒါပေမယ့် အကြောင်းပေါ်လာရင် မင်းအိမ်ကို ဆက်ရအောင်လို့"

အယ်နီက သူတို့နေသည့် ဘော်ဒါဆောင်မှ ဖုန်းနံပါတ်ကို ရေးပေးလိုက်သည်။

"ဒါပေမယ့် ကျွန်မက မနက်ကိုးနာရီခွဲကနေပြီး ညနေငါးနာရီအထိ ရုံးမှာပဲ ရှိနေတာ။ ညဘက်ကျတော့လည်း အေလင်နဲ့ အပြင်ထွက်နေတာများတယ်"

သူက ဘော်ဒါဆောင်၏ ဖုန်းနံပါတ်ကို မပေးချင်သောကြောင့် ပြောကြည့်သေးသည်။

"ရပါတယ်၊ ကဲ ကိုယ်တို့ ပြန်သွားကြဦးစို့။ တော်တော်ကြာ ကိုယ်တို့နှစ်ယောက် ကြာနေလို့ ဒီထဲ ဒုက္ခများနေပြီ ထင်နေပါဦးမယ်"

ဟယ်လင်က စာရွက်များကို ပိုက်ဆံအိတ်ထဲသို့ ပြန်ထည့်ပြီး ထိုင်ရာမှထရင်း ပြောသည်။

အယ်နီ၏ ဘော်ဒါဆောင်ရှေ့မှာ ကားထိုးရပ်လိုက်တော့ မနက်သုံးနာရီ ထိုးနေပြီ။ ဟယ်လင်ကို သူတို့ အရင် ပို့ပေးခဲ့ကြသည်။ ကားထဲမှာ ဂျိနီ အိပ်ပျော်နေပြီ။ အေလင်လည်း အလွန်တရာ ပင်ပန်းနေပုံရသည်။

သို့သော် ပျော်စရာကောင်းသည့် ညတစ်ည ဖြစ်သောကြောင့် အယ်နီကတော့ ထင်သလောက် မပင်ပန်းပါ။

www.burmeseclassic.com

ဘော်ဒါဆောင်ထဲသို့ ရောက်လာတော့ နီလီ၏အခန်းထဲမှ မီးရောင်ထွက်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် တံခါးကို ခပ်သာသာ သွားခေါက်လိုက်သည်။

"အစ်မကို ကျွန်မ တမင်စောင့်နေတာ၊ ဒီနေ့ညဦးပိုင်းက မဲလ်နဲ့ ချိန်းတွေ့တယ်။ သူ့ကို မှန်တဲ့အတိုင်း ကျွန်မ ပြောပြလိုက်ပြီ။ ကျွန်မ ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ် ဆိုတာလေ။

သူက ဂရုစိုက်ပုံ မပေါ်ဘူး။ ကျွန်မဟာ အသက် နှစ်ဆယ်လောက်ရှိနေတဲ့ မိန်းကလေး တစ်ယောက်ထက်တောင်မှ ပိုပြီး အတွေ့အကြုံ ရင့်ကျက်နေသေးတယ်လို့ သူက ပြောတယ်။ နောက်ပြီးတော့ ကျွန်မဟာ အပျိုစင်ဖြစ်ကြောင်းကိုလည်း ဖွင့်ပြောလိုက်တယ်။

ဒါထက် နေပါဦး၊ ဘာဖြစ်လို့ ဒီနေ့ည ဒါလောက် နောက်ကျနေရတာလဲ"

သူက တစ်ဆက်တည်း မေးသည်။

ဟယ်လင့်လော်ဆန်နှင့် ဇာတ်တိုက်သည့်နေရာတွင် တွေ့ကြရာမှစ၍ ယနေ့ညခင်း၏ ဖြစ်ကြောင်း ကုန်စင်ကို အယ်နီက ပြန်ပြောပြသည်။

သူ့စကား ဆုံးသောအခါ နီလီက မယုံကြည်နိုင်သလို ခေါင်းကို ခါယမ်းပြနေသည်။

"အစ်မ ပြောနေပုံက ဒီနေ့ည သိပ်ကို ပျော်ခဲ့တဲ့ပုံမျိုးပဲ။ နောက်ပြီးတော့ ဟယ်လင်လော်ဆန်ကိုလည်း သဘောကျတဲ့အကြောင်း ကျွန်မကို ဆက်ပြောဦးမှာ မဟုတ်လား"

"ဟုတ်တယ်၊ သူ့ကို ကိုယ် သိပ်သဘောကျတယ်။ လူတကာ ပြောနေတဲ့ ဇာတ်လမ်းတွေဟာ သူ့ကို မနာလိုလို့ ပြောနေကြတာပါ နီလီ။ သူ့အကြောင်းကို မင်း သိမယ်ဆိုရင်၊ သေသေချာချာကို သိမယ်ဆိုရင် မင်းလည်း သူ့ကို သဘောကျမှာ အမှန်ပဲ။ မင်း ကြုံခဲ့ရတာကိုပဲ အမှန်အတိုင်း ပြောစမ်း။ ပထမပိုင်းတုန်းက မင်းကို ပြဇာတ်ထဲက သူ ကန်ထုတ်လိုက်တယ်။ အခု သူနဲ့ အတူတူ မင်း အလုပ်လုပ်နေရတယ်။ မင်း သူ့ကို တကယ် သဘောမကျဘူးလား"

"အိုး သိပ်ကို သဘောကျတာပေါ့၊ သိပ်ကို ချစ်စရာကောင်းတဲ့ မိန်းမကြီးပဲ"

"ကိုယ် တကယ်မေးနေတာပါ နီလီရယ်"

"အစ်မ စိတ်ကောင်းပါတယ်နော်"

နီလီက အယ်နီ၏ နဖူးကို လက်ဖြင့် စမ်းကြည့်သည်။

"သိပ်ကို ကြောက်စရာကောင်းတဲ့ မိန်းမကြီး၊ သူ့ကို ဘယ်သူကမှ သဘောကျတာ မဟုတ်ဘူး" ဟု ဆက်ပြောသည်။

"ဒါ မဟုတ်ပါဘူး နီလီရယ်၊ သူ့အကြောင်း မကောင်း ပြောနေကြတဲ့လူတွေဟာ သူ့အကြောင်းကို သေသေချာချာ မသိကြလို့ ပြောနေတာပါ"

"ကျွန်မ ပြောတာကိုလည်း နားထောင်ပါဦး၊ သူ့ကို သဘောကျတဲ့လူတွေဆိုတာ ပွဲကြည့်ပရိသတ်ပဲ ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ ပရိသတ်ကြားမှာ ဆိုင်းဝိုင်းကြီးတွေရယ်၊ ဇာတ်ခုံတွေရယ် ခြားပြီး ဝေးနေလို့ သဘောကျတာ။ တကယ်ကျတော့လည်း ဟယ်လင်လော်ဆန်ကို သဘောကျတာ မဟုတ်ပါဘူး။ ပြဇာတ်ထဲမှာ သူကနေတဲ့ အနုပညာကို သဘောကျကြတာပါ။

ဒီမှာ နားထောင်ပါဦး၊ လူတွေကလည်း သူ့ကို သိပ်အထင်ကြီးနေကြတယ်။ သူဟာ အင်မတန်ကောင်းတဲ့ အဆိုတော်တစ်ယောက်သာ မဟုတ်သေးဘူး၊ အလွန်တော်တဲ့ မင်းသမီးတစ်ယောက်လည်း ဖြစ်တယ်လို့ ထင်နေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ကြိုးစားပမ်းစား ကတယ် မဟုတ်လား။ လူတွေ အသည်းစွဲသွားအောင်၊ ရင်နှစ်ခြမ်း ဖြန်းခနဲ ကွဲသွားအောင် ကပြမယ် ဆိုတဲ့ မိန်းမစားမျိုး မဟုတ်လား။

ဒါကြောင့်မို့ လူတွေက သူ့ကို သိပ်အထင်ကြီးပြီး သဘောကျနေကြတာ။

တကယ့် ဟယ်လင် အစစ်ကတော့ အေးတိအေးစက် မိန်းမကြီး၊ အသက်ရှိတာ မဟုတ်ဘူး။ စက်ရုပ်ကြီး၊ သံပတ်နဲ့ လှုပ်ရှားနေတဲ့ စက်ရုပ်ကြီး။ ဘာခံစားချက်မှ မရှိဘူး"

"နီလီ၊ သူဟာ ဘာနဲ့တူတယ်ဆိုတာကို အမှန်အတိုင်း မင်း မသိပါဘူး"

"ရယ်စရာတွေ လာပြောမနေစမ်းပါနဲ့ အစ်မရယ်၊ အေလင်နဲ့ တစ်လကိုးသီတင်းလုံးလုံး အစ်မတွဲနေခဲ့တယ်။ အေလင်အကြောင်း အစ်မ ဘာမှ မသိခဲ့ဘူး။

အခု ဒီမိန်းမကြီးနဲ့ တစ်ညကလေးပဲ အတူတူ တွဲသွားလိုက်တယ်။ အစ်မဟာ သူ့ရဲ့ ပြောရေးဆိုခွင့်ရှိတဲ့ လူတစ်ယောက်လုံးလုံး ဖြစ်သွားပြီ။ သူနဲ့ အလုပ်အတူတူ လုပ်နေတဲ့ လူတွေ၊ သူ့အကြောင်း ကောင်းကောင်းသိတဲ့ လူတွေ၊ သူ့ကို မုန်းတဲ့လူတွေ၊ သူ့အပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကုန်နေတဲ့လူတွေ အကုန်လုံးကို အစ်မက ရန်ထောင်တော့မယ့်အတိုင်းပဲ။

တကယ်ကတော့ အလကားမိန်းမကြီး၊ မိန်းမရိုင်းကြီး၊ ခံစားချက်မရှိတဲ့ ရေခဲတုံးကြီး၊ အပုပ်အသိုးကြီး၊ အစုတ်အပဲ့ကြီး။

အင်း- တစ်ခုတော့ ရှိတာပေါ့လေ။ ဒီကနေ့ည အစ်မနဲ့ အတူတူ သွားတဲ့အချိန်မှာ အစ်မ အထင်ကြီးအောင်တော့ သူက ဟန်ဆောင်ပြလိုက်ဦးမှာပေါ့။ ပြဇာတ်ထဲမှာလို ဟန်အမူအရာတွေ လုပ်ပြလိုက်ဦးမှာပေါ့။ ဘာကြောင့်လဲဆိုတော့ အစ်မဆီက သူ တစ်ခုခု လိုချင်နေလို့ပဲ ဖြစ်မယ်။ အစ်မရဲ့ အကူအညီ တစ်ခုခုကို လိုချင်နေလို့ပဲ ဖြစ်မယ်။

ဒါပေမယ့်၊ တစ်ခုတော့ ပြောလိုက်မယ်၊ သူ့ပိုက်ကွန်ထဲကိုသာ အစ်မ ရောက်သွားပြီဆိုရင် အစ်မကို သူ ခုတုံးလုပ်လိမ့်မယ်။ အစ်မကို ခုတုံးလုပ်ပြီး သူလိုချင်တာကို ရအောင် ယူသွားလိမ့်မယ်။ မယုံရင် ကြည့်နေပါ"

"ဒါက မင်းအထင်ကိုးကွယ့် သူ့အကြောင်းတွေ မင်း ကြားရတဲ့အခါမှာ သူများပြောတာတွေ မှန်ရဲ့လားလို့ မင်း မဆန်းစစ်တော့ဘူး။ ဒီအတိုင်း တစ်ခါတည်း ယုံထားလိုက်တာကိုး။ သူ အလုပ်လုပ်တဲ့အခါမှာ ပြင်းပြင်းထန်ထန် အလုပ်လုပ်တယ် ဆိုတာကို မငြင်းပါဘူး။ ဆက်ဆံရခက်တယ် ဆိုတာကို မငြင်းပါဘူး။ ဒါက သူ့အလုပ်ကို၊ သူ လိုချင်တာ အတွက်တော့ သူ တိုက်ပွဲဝင်ရမှာပဲ။

ဒါပေမယ့်၊ သူ့ကို သူ့အလုပ်နဲ့ခွဲပြီး မြင်ကြည့်ပါ။ ခံစားချက်အပြည့်ရှိတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်ကြောင်း မင်း မြင်ရမယ်။ တကယ်ကတော့ သူဟာ အဖော်မဲ့နေတဲ့သူပါ။ မိတ်ဆွေစစ်ကို တမ်းတနေရရှာတာပါ။ နောက်ပြီးတော့ ချစ်ရမယ့်အချစ်ကို ရှာနေတဲ့ အမျိုးသမီးတစ်ယောက်ပါကွယ်"

"အချစ်ကိုရှာနေတာ၊ ဟုတ်လား အယ်နီ၊ ဇာတ်တိုက်တဲ့နေရာမှာ ကျွန်မ မြင်ရတဲ့ ဟယ်လင်လော်ဆန်ကတော့ တကယ့်ကို အရိုင်းအစိုင်း တိရစ္ဆာန်မကြီး။

ဒါပေမယ့် မင်းသမီး တစ်လက်အနေနဲ့တော့ သိပ်အောင်မြင်တယ်။ ဘာကြောင့်လဲဆိုတော့ သူ လူဖြစ်လာတာကိုက မင်းသမီးဖြစ်ဖို့ကိုး။ ပါရမီပါလာခဲ့တာကိုး။ ဒါကိုတော့ သွားကြည့်နေလို့ မရဘူး။ ကျွန်မသာ သူ့လိုအောင်မြင်တဲ့ မင်းသမီးတစ်လက် ဖြစ်ကြည့်စမ်းပါလား၊ ပရိသတ်က ကျွန်မကို ပိုချစ်လာအောင် လုပ်ပြစမ်းပါ့မယ်။ လူတွေက ကျွန်မကိုပဲ အငမ်းမရ ကြည့်ချင်နေစေရမယ်။

သီချင်းရေးဆရာတွေက ကျွန်မအတွက်ပဲ သီချင်းရေးပေးနေစေရမယ်။တစ်ကမ္ဘာလုံးကို ခါးစောင်းတင်ပြထားမယ်။ တကယ်ပြောတာပါ အယ်နီ။ မဲလ်က ဒီမိန်းမကြီးကို တစ်ခါပဲ တွေ့ဖူးတယ်။ အလကား မိန်းမကြီးလို့ သူ့က မှတ်ချက်ချတယ်"

"မင်းနဲ့ပြိုင်ပြီး ကိုယ် မငြင်းနိုင်တော့ပါဘူးကွယ်။ ဒါပေမယ့် ဟယ်လင် မကောင်းကြောင်းကိုတော့ ကိုယ့်ရှေ့မှာ မပြောစေချင်ဘူး နီလီ။ သူ့ကို ကိုယ် သဘောကျတယ်"

အယ်နီက ပင်ပန်းနွမ်းနယ်သည့် လေသံဖြင့် ပြောသည်။

"ကိုးဝ်"

အပြင်ဘက်ခန်းမှာ ရှိနေသည့် တယ်လီဖုန်း ခေါင်းလောင်းမြည်သံ ကြားရသည်။

"ဒီလိုအချိန်ကြီးမှာ ဘယ်လိုသတ္တဝါကများ ဖုန်းဆက်နေပြန်တာပါလိမ့်။ နံပါတ်မှားပြီး ခေါ်နေတာနဲ့ တူတယ်"

နီလီက ပြောသည်။

"ကိုယ် သွားနားထောင်လိုက်ပါ့မယ်"

အယ်နီက ဖုန်းဆီသို့ ထသွားသည်။

"ဟေး. . . သူငယ်မ"

ဟယ်လင်၏ ပျော်မြူးနေသည့်အသံ ပေါ်လာသည်။

"ဟယ်လင် ဘာများ ဖြစ်နေလို့လဲ"

"ဟယ်လင်၊ ကိုးဝ် နောက်နေတာတော့ မဟုတ်ပါဘူးနော်။ ဒါမျိုးကို အစ်မ မလုပ်တတ်ပါဘူး"

အခန်းအတွင်းမှ နီလီက ပွင့်နေသည့် တံခါးပေါက်အတိုင်း လှမ်းအော်သည်။

"ဘာမှ မဖြစ်ပါဘူး၊ မင်းကို ဖုန်းဆက်ပြီး မအိပ်ခင် နှုတ်ဆက်ချင်လို့ပါ။ စောစောကပဲ ကိုယ် အဝတ်လဲပြီးတယ်။ အတွင်းခံဘောင်းဘီနဲ့ ခြေအိတ်တွေကို လျှော်တယ်။ မျက်နှာကို ကရင်မ်လိမ်းတယ်။ ဆံပင်ရှင်းတယ်။ အခု ကိုယ် အိပ်ရာပေါ် ရောက်နေပြီ"

ဟယ်လင်က အလွန် ပျော်မြူးနေသည့် အသံမျိုးနှင့် ပြောသည်။

ရှစ်ပေကျယ်သည့် ဧရာမခုတင်ကြီးကို အယ်နီက ပြေးသတိရလိုက်သည်။ ထိုခုတင်ကြီးပေါ်မှာ ဟယ်လင်က ဇိမ်နှင့်၊ မိမိကတော့

www.burmeseclassic.com

www.burmeseclassic.com

အပူငွေ့ ပေးမထားသည့် အခန်းကျယ်ကြီးထဲမှာ အအေးဒဏ်ခံရင်း အများသုံးဖုန်းနှင့် ပြောနေရသည်။ နီလီကလည်း မိမိတို့ကို စိတ်ဝင်စားနေသည်။

"ဟယ်လင် ဘာပြောလိုက်တယ်၊ ရှင့်အတွင်းခံဘောင်းဘီနဲ့ ခြေအိတ်တွေကို ရှင်ကိုယ်တိုင် လျှော်တယ် ဟုတ်လား"

"ဟော မဟုတ်တာတွေ သက်သက်လျှောက်ပြောနေပြန်ပြီ"

နီလီက လေသံတိုးတိုးနှင့် ပြောပြန်သည်။

"ဟုတ်တာပေါ့၊ ကိုယ်တိုင် လျှော်တယ်လေ။ ဒါက ကိုယ့်အကျင့် ဖြစ်နေပြီ။ ကိုယ့်အမေက သင်ပေးခဲ့တာ။ နိုင်းစရာလူ ရှိနေရင်တောင်မှ ကိုယ်တိုင်ပဲ လျှော်တယ်။ ညတိုင်း အိပ်ရာမဝင်ခင် လျှော်တယ်။ ကိုယ်က အိုင်းရစ်သွေးပါနေလို့ ထင်တယ်၊ အိုလယ်ရီသွေးပါလို့ ထင်တယ်"

"အိုလယ်ရီ ဆိုတာက ရှင့်နာမည်ရင်းလား"

ဘေးက နီလီမှာ ဆက်ပြီး ရပ်မနေနိုင်တော့။

"ကျွန်မ ချက်ချင်း ပြန်လာခဲ့မယ်။ မျက်နှာသုတ်ပဝါ ပြေးယူလိုက်ဦးမယ်။ အစ်မတို့ဆက်စကားပြောနေကြဦးမယ်ဆိုရင် မျက်နှာသုတ်ပဝါ ခြုံထားမှ၊ ဒီနေရာက သိပ်အေးတယ်"

နီလီက ပြောပြီး အခန်းထဲသို့ ပြန်ဝင်သွားသည်။

"မဟုတ်ဘူး၊ ကိုယ့်နာမည်ရင်းက လပ်ဖ်လင်၊ အဲဒါက စကော့နာမည်လေ။ ကိုယ်က စကော့လူမျိုး၊ ပြင်သစ်နဲ့ အိုင်းရစ်နဲ့ ကပြား။ ဒါပေမယ့် လပ်ဖ်လင်ဆိုတဲ့ နာမည်ကို လော်ဆန်လို့ ပြောင်းပစ်လိုက်တယ်။ ကိုယ်တို့လို မင်းသမီးအဖို့ အဲဒီနာမည်က ပိုပြီး လိုက်တယ် ထင်လို့"

"ရှင်က တစ်သက်လုံး မီးရောင်အောက်မှာ ဇာတ်ကနေတော့မှာလား"

"ဒီလိုပဲ တွက်ရတော့မှာပေါ့။ ကိုယ် ဆယ်နှစ်သမီးကစပြီး သီချင်းဆိုတယ်၊ ဆယ့်ခြောက်နှစ်သမီးကျတော့ အဆိုသင်တန်းတက်တယ်။ နောက် နှစ်နှစ်ကြာတော့ အသံ စစ်ဆေးခံတယ်၊ ဘရော့ဒ်ဝေးဇာတ်ရုံတွေကို ရောက်လာတော့ ဘာမှ မဟုတ်တဲ့ အခန်းကလေးကနေပြီး ဝင်ကရတယ်။ မထင်ရှားတဲ့ သီချင်းကလေးတစ်ပုဒ် ဆိုရတယ်။

ဒါပေမယ့်၊ အဲဒီ သီချင်းကလေး တစ်ပုဒ်တည်းနဲ့ ပရိသတ် အားလုံးက ကိုယ့်ကို သတိပြုမိသွားတော့တယ်။ အားလုံး အံ့အားသင့်ကုန်ကြတယ်။ ကိုယ်ကတော့ ကိုယ့်အကြောင်း ကိုယ် သိပြီးသား မဟုတ်လား။ ကိုယ့်ဟာကိုယ် မယုံကြည်ရင် အသံစစ်ဆေးတာကို ဘယ်ခံခဲ့မှာလဲ"

"အဲဒီအချိန်ကစပြီး ဘာအခက်အခဲကိုမှ မတွေ့ခဲ့ရတော့တာလား၊ အလုပ်လိုက်ရှာနေရတာမျိုးနဲ့ မကြုံတော့ဘူးလား"

"သူက တစ်ခါတည်း အောင်မြင်သွားတာ။ ဒါကြောင့် ပရိသတ်ကို ကျွန်မ ဂရုစိုက်သလို သူ ဂရုမစိုက်တာပေါ့။ ရုန်းရကန်ရတယ်ဆိုတာ သူ့ဘဝမှာ မရှိခဲ့ဘူးလေ"

ပြန်ရောက်လာသည့် နီလီက ဝင်ပြောပြန်သည်။ သူ့ကိုယ်ပေါ်တွင် မျက်နှာသုတ်ပဝါတစ်ခုကို နွေးနွေးထွေးထွေး ပတ်ထားသည်။

"ဘာအခက်အခဲမှ မကြုံတော့ပါဘူး။ အားလုံး ချောချောမောမော ဖြစ်လာခဲ့တာပါပဲ။ လူတိုင်းအဖို့တော့ ဒါလောက် လွယ်လွယ်ကူကူ မဖြစ်နိုင်ဘူးဆိုတာ ကိုယ် သိပါတယ်။ ဒါပေမယ့်၊ မင်း ဖြစ်ချင်လာပြီဆိုရင် ဖြစ်အောင်လုပ်ပါ။ ဖြစ်ရမှာပဲ၊ အချိန်တော့ ယူရမှာပေါ့ကွယ်။

ကံတရား ဆိုတာကလည်း ရှိသေးတာပေါ့လေ။ တကယ် ပါရမီ ထူးချွန်တဲ့လူတွေ နစ်မြုပ်နေကြရတာလည်း အများကြီး၊ သီချင်းဆိုကောင်းတဲ့ အမျိုးသမီးကလေးတွေ အများကြီး ရှိပါတယ်။ သာမန် တီးဝိုင်းလေးတွေမှာ ဆိုနေကြရတဲ့ အဆိုတော်တွေထဲမှာ ကိုယ့်ထက်တော်တဲ့လူတွေ အများကြီးပေါ့။

ဒါပေမယ့် သူတို့ခမျာမှာ တစ်ပတ်မှ ခုနစ်ဆယ့်ငါးဒေါ်လာလောက်နဲ့ လုပ်နေကြရတယ်လေ။ သူတို့ခမျာ အခွင့်အရေးကောင်း မရကြဘူး"

ဟယ်လင်က ဆက်ပြောနေသည်။

အပြင်ခန်းမထဲမှာ ဖြစ်သောကြောင့် အယ်နီ ချမ်းလာသည်။ သူ့ကိုယ်ကို ပြင်ပြီး ရပ်လိုက်ရပြန်သည်။ သူ့ကုတ်အင်္ကျီက နီလီ၏ အခန်းထဲမှာ ကျန်နေရစ်ခဲ့သည်။

"ဟယ်လင်၊ ကျွန်မ အိပ်တော့မယ်၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com


နေရာမှာ အပူငွေ့လည်း မရှိတော့ဘူး။ ကျွန်မ သိပ်ချမ်းနေပြီ"

"ကိုယ် ကိုင်စောင့်နေမယ်လေ"

"ဒါပေမယ့် ကျွန်မ လာပြောလို့ ဖြစ်တော့မှာ မဟုတ်ဘူး၊ ကျွန်မ- ကျွန်မပြောတာက ဖုန်း. . ."

"ဝိုင်ယာကြိုးက မင်းအခန်းထဲကို ရွှေ့ယူသွားလောက်အောင် မရှည်ဘူးလား"

"ဖုန်းက အပြင်ခန်းမထဲမှာ ထားတာ"

"ဘာ. . ."

"အခု ပြောနေတာက အပြင်ခန်းမထဲက ပြောနေတာ၊ ကျွန်မက ဘော်ဒါဆောင်မှာ နေတာ။ ကျွန်မ ကိုယ်ပိုင်ဖုန်း မရှိဘူး"

"ရယ်စရာတွေ ပြောမနေစမ်းပါနဲ့ကွယ်။ ငါးသောင်းလောက်တန်တဲ့ ကျောက်ဆောင်ကြီးတစ်ခုလုံး မင်းလက်မှာ ဝတ်ထားပြီးတော့ ကိုယ်ပိုင်ဖုန်းကလေးတစ်လုံးမှ မရှိဘူးလား။ ကဲ ပြောစမ်းပါဦး၊ မင်းက ဘယ်မှာနေနေတာလဲ"

"၅၂ လမ်းမှာ"

"ဒါပေမယ့် အဲဒီနေရာကလည်း နေရာကောင်းပဲ။ ဘယ်လို ဖြစ်တာလဲ အယ်နီ၊ မင်း မကြာခင်မှာပဲ လက်ထပ်တော့မယ့်ဟာ။ ကိုယ်ပိုင်ဖုန်းကလေးမှ ချိတ်မထားဘူးလား"

ဟယ်လင်၏ လေသံက ပြောင်းသွားပြန်သည်။

"ကျွန်မအဖို့တော့ လုံးဝ မလိုပါဘူး"

"အင်း ကောင်းပါပြီလေ၊ သွားအိပ်တော့နော်။ မနက်ဖြန် ရုံးဆင်းရင် ကိုယ် ဇာတ်တိုက်နေတဲ့နေရာကို လာခဲ့ပါဦး"

"ကျွန်မ ရုံးဆင်းတာက သိပ်နောက်ကျတယ်။ ရုံးကနေ အိမ်တန်းပြေးပြီး အဝတ်အစားလဲရတယ်။ ပြီးတော့ အေလင်နဲ့ အပြင်ကို ထွက်တော့တာပဲ"

"ကောင်းပါတယ်လေ၊ အဝတ်အစား ကောင်းကောင်းဝတ်ပါ။ ကိုယ် ဆိုလိုတာက ဖြစ်ကတတ်ဆန်း မနေစမ်းပါနဲ့။ အယ်နီ၊ မင်းဟာ သိပ်ကိုချောတဲ့ မိန်းကလေးပါ။ ကမ္ဘာလောကကြီးမှာ အရေးအကြီးဆုံးက ကိုယ့်ကို ချစ်မြတ်နိုးတဲ့ ယောကျ်ားတစ်ယောက် ရထားဖို့ပဲ။ ဒါကြောင့် သူ့အတွက် လှလှပပကလေး ဝတ်စားဆင်ယင်ပါ ညီမရယ်။ မနက်ဖြန်ကျရင် မင်းရုံးကို ကိုယ် ဖုန်းလှမ်းဆက်ဦးမယ်လေ"

ဖုန်းပြန်ချသွားသံ ကြားလိုက်ရသည်။

နီလီ၏ အခန်းထဲသို့ အယ်နီ ပြန်ဝင်ခဲ့သည်။ သူကုတ်အင်္ကျီနှင့် ပိုက်ဆံအိတ်ကို ကောက်ယူသည်။ တံခါးဝသို့ရောက်အောင် နီလီ လိုက်လာသည်။

"ကျွန်မတော့ မယုံနိုင်အောင် ဖြစ်နေပြီ အယ်နီ၊ တကယ်ကို မယုံနိုင်အောင် ဖြစ်နေပြီ။ ကျွန်မကိုယ်တိုင် နားနဲ့ဆတ်ဆတ် မကြားရဘူးဆိုရင် လုံးဝ ယုံမှာ မဟုတ်ဘူး။ စောစောက ကျွန်မ ပြောခဲ့သလိုပါပဲ။ ဒီကနေ့ည သူလိုချင်တဲ့ အမဲတစ်ကောင်ကောင်ကို ရနေပြီနဲ့တူတယ်"

နီလီက ခေါင်းခါခါ လည်ခါခါနှင့် ပြောနေသည်။

"မဟုတ်ပါဘူး၊ ဘယ်ယောကျ်ားနဲ့မှ အတူတူရှိနေတာ မဟုတ်ပါဘူး။ ဒီကနေ့ည သူ သိပ်ပျော်နေတယ်။ သူ တကယ့်ကို တစ်ယောက်တည်းပါ။ နောက်ပြီးတော့ ဂျီနိုကို သူ သဘောကျနေပြီ"

"အဲဒါကြောင့် ဒါလောက်တောင် သူ အူမြူးနေတာပေါ့။ ကျွန်မ ပြောတာမှန်ပြီပေါ့။ ဂျီနိုကို ရနိုင်ဖို့ အစ်မကို သူ အသုံးချနေတာပဲ။ အစ်မကို ခုတုံးလုပ်နေတာပဲ"

နီလီက အသံကျယ်ကျယ်နှင့် ညည်းညူသလို ပြောသည်။

"ဒါလည်း မမှန်ပါဘူး၊ စောစောကတည်းက ကိုယ်နဲ့တွေ့ပြီး သူ စိတ်ချမ်းသာနေတာပါ။ ကိုယ့်ကိုလည်း ဂျီနိုနဲ့ မတွေ့ခင်ကတည်းက သူ ခေါ်တာပါ။ သူ့အခန်းကို ကိုယ် လိုက်သွားရသေးတယ်လေ"

နီလီက ပြုံးသည်။

"မြင်းအိုမကြီးက အကြံအဖန် လုပ်နေတာ ဖြစ်မှာပေါ့။ သူကိုယ်တိုင် ယောကျ်ားလျာ ဖြစ်သွားပြီး အစ်မကို လိုချင်လို့ ကျူးသွင်းနေတာလားမှ မသိတာ"

"နီလီ"

"ဟုတ်ပါတယ်၊ ဒါပဲ ဖြစ်ရမယ်။ ဟယ်လင်တို့လို အောင်မြင်ကျော်ကြားတဲ့ မင်းသမီးတွေဟာ ကြီးလာရင် ဒီလိုပဲ ဖြစ်တာပဲ။ တဖြည်းဖြည်းနဲ့ သူတို့အသက်ကလည်း ကြီးလာပြီ။ အောင်မြင်မှုကလည်း နည်းလာပြီဆိုတော့ သူတို့ကို ကြိုက်တဲ့ယောကျ်ားတွေကလည်း မရှိတော့ဘူး မဟုတ်လား။ ဒီတော့ မိန်းမ ငယ်ငယ်ချောချော ကလေးတွေကို ရှာပြီး စိတ်ပြေပျောက်မှု ရှာရတော့တာပဲ။


www.burmeseclassic.com

www.burmeseclassic.com

ဒါမျိုးတွေ ကျွန်မ တွေ့ခဲ့ဖူးပေါင်းများလှပါပြီ တော်"

"နီလီ၊ ဟယ်လင်ဟာ ဘာမှ မဖြစ်ဘူး။ အကုန်လုံး ပုံမှန်ပဲ"

နီလီက တစ်ချက် သမ်းလိုက်သည်။

"ကောင်းပါပြီလေ၊ အစ်မနဲ့ စကားဆက်များမနေချင်တော့ပါဘူး။ အစ်မရဲ့ ဟာမကြီးက ပုံမှန်အတိုင်းပဲ ထားလိုက်ပါတော့။ ယောကျ်ားတွေကို အာသာတင်းမင်းနဲ့ လိုချင်နေသေးတဲ့ မိန်းမကြီးတစ်ယောက် ဖြစ်တယ်လို့ပဲ ထားလိုက်ပါတော့။ သူ့အတွင်းခံဘောင်းဘီတွေကို ဘာဖြစ်လို့ သူကိုယ်တိုင်လျှော်နေတာလဲ၊ သူ့စိတ်သူ မထိန်းနိုင်တော့ ညစ်ပတ်ချင်တိုင်း ညစ်ပတ်နေလို့ ဖြစ်မှာပေါ့။ သူ့အကြောင်း သူသိလို့ ဖြစ်မှာပေါ့။ ဒါကြောင့် ယောကျ်ားတွေနဲ့ တစ်ယောက်ပြီးတစ်ယောက် သူ ကွဲခဲ့တာ။ သူ့ပထမယောကျ်ားနဲ့ ကွဲရတာက လူတစ်ယောက်နဲ့ သူ ဖြစ်ချင်တိုင်း ဖြစ်နေတာကို သူ့လင်ကြီးက ပက်ပင်းတိုးလို့"

"နီလီ၊ အဲဒီ ဇာတ်လမ်းကြီးကလည်း မမှန်ပါဘူးကွယ်။ သူ့ပထမယောကျ်ားကို သူ သိပ်ချစ်တာပါ"

"အယ်နီ၊ ကျွန်မက တစ်နေကုန်ထိုင်ပြီး ဇာတ်ထဲက ကောင်မတွေနဲ့ စကားပြောနေတာပါ။ သူ့အကြောင်းကို အားလုံး သိကြပါတယ်။ သူ့သီချင်းတွေ ကောင်းတယ်ဆိုတာလည်း တိုနီလာဂက်တာဆိုတဲ့ သီချင်းရေးဆရာ ကောင်းလို့ပါ။ တိုနီလာဂက်တာကို ဒီမိန်းမကြီး အရှုံးအမှုး ကြိုက်ခဲ့တာပေါ့။

ဒါပေမယ့် ဟိုက အီတလီလူမျိုး ဖြစ်နေတယ်။ ကက်သလစ်ဘာသာဝင်လည်း ဖြစ်တယ်။ မိန်းမနဲ့ ကလေးခုနစ်ယောက်လည်း ရှိတယ်။ ဒါကြောင့် တိုနီလာဂတ်တာက သူ့ကို ခေါက်ထားခဲ့တာ။

ဒါပေမယ့် သူက တန်းတန်းစွဲ ဖြစ်နေတယ်။ နောက်ဆုံးကျတော့ ဒီပြဿနာကြီးထဲကို ဟင်နရီဘယ်လာမီ ဝင်လာပြီး ဖြေရှင်းပေးရတာပဲ။ ဒီအချိန်က သူလည်း သိပ်ကို နာမည်ကြီးနေပြီ။ ဟင်နရီနဲ့ သူနဲ့ ဖြစ်ခဲ့တဲ့ ဇာတ်လမ်းကလည်း အရှည်ကြီးပဲ။ သူတို့နှစ်ယောက် ကြိုက်နေကြတာ အကြာကြီး။

ဒါပေမယ့်၊ ဒီမိန်းမကြီးကတော့ တိုနီနဲ့ပဲ သွားအိပ်နေတယ်။ ဒီအကြောင်းတွေကို ဟင်နရီကလွဲပြီး လူတိုင်းသိတယ်။ ဟင်နရီကတော့ သူ့အလုပ်တွေကိုပဲ ဆက်ပြီး ထိန်းထိန်းသိမ်းသိမ်းနဲ့ လုပ်ကိုင်ပေးနေရှာတယ်။ နောက်ဆုံးကျတော့ တိုနီက တခြား အမျိုးသမီး တစ်ယောက်နဲ့ တွဲသွားတယ်။ ဟယ်လင်လည်း ပဋ္ဌာမြေလူး ဖြစ်တော့တာပဲ။

ဒါကြောင့်၊ သူ့အနားကို ကပ်လာတဲ့ငနဲ တစ်ကောင်ကို ချဉ်ချဉ်တူးတူး မူးပြီးရောဆိုပြီး ကောက်ယူလိုက်တာပဲ။

အဲဒီငနဲက ပန်းချီဆရာလေ။

အဲဒီ အချိန်ကျတော့ တိုနီပိုင်တဲ့ ဟိုတယ်လည်း မရှိတော့ဘူး။ ပြင်သစ်လူမျိုးတစ်ယောက်နဲ့ ပေါင်းပြီး အစုစပ် စားသောက်ဆိုင်တစ်ဆိုင် ဖွင့်ထားတယ်။ ဟယ်လင်က သူယူထားတဲ့ ပန်းချီဆရာကို ခေါ်လာပြီး တိုနီရှေ့မှာ တွဲတွဲခုတ်ပြလိုက်ရတာ အမော။ တိုနီ မနာလိုဖြစ်အောင်လို့ပေါ့လေ။ သူလုပ်တာ အောင်မြင်သွားပုံရတယ်။

ဘာကြောင့်လဲဆိုတော့ ဟယ်လင်နဲ့ တိုနီတို့ ပြန်ပြီး ဇာတ်လမ်းရှုပ်နေကြတာကို ပန်းချီဆရာကိုယ်တိုင် လက်ပူးလက်ကျပ်မိတော့တာပဲ။ အဲဒီကစပြီး ပန်းချီဆရာနဲ့ သူ ခွာပြသွားတာ။ ပန်းချီဆရာကလည်း လုံးဝ ပြန်လှည့်မလာတော့ဘူး။ နောက်ထပ် အိမ်ထောင်ပြုလိုက်တယ်။ ဒါပေမယ့် သူက အရက်ကိုတော့ အလွန်အကျွံ သောက်တတ်သွားတော့တယ်"

"ဒီရှေးဟောင်းပုံပြင်ကြီးတွေကို မင်းဘယ်က ကြားလာတာလဲ"

"တိုနီနဲ့ ဖြစ်ခဲ့တဲ့အကြောင်းတွေကို ဟိုးကမ္ဘာကမ္ဘာကတည်းက ကျွန်မ သိပြီးသားပါ။ ကီးဇ်. . .၊ လူတွေက ဟယ်လင်အကြောင်း ပြောကြမယ်ဆိုရင် သူ့နာမည်ကိုမှ မခေါ်တော့ဘူး။ တိုနီ့ကောင်မလို့သာ ပြောကြတော့တာပဲ။ ဒါပေမယ့် ဟင်နရီနဲ့ ဖြစ်တဲ့အကြောင်းတွေရယ်၊ သူ့ယောကျ်ားနဲ့ ဖြစ်တဲ့ဇာတ်လမ်းတွေရယ်ကိုတော့ ပြဇာတ်ထဲက ကောင်မတွေ ပြောပြလို့ သိရတာ။ ဒီအကြောင်းတွေကို လူတိုင်း သိနေကြတာပဲ"

အယ်နီက စိတ်မရှည်နိုင်သလို စကားဝင်ဖြတ်ပြောသည်။

"လူတိုင်းသိနေကြတယ် ဟုတ်လား၊ မင်းလိုပဲ သူပြောငါပြောနဲ့ သိနေကြတာသာ ဖြစ်မှာပေါ့။ တခြားလူတွေကလည်း သူတို့ကြားဖူးထားတာတွေကို လူတကာ လျှောက်ပြော

www.burmeseclassic.com

www.burmeseclassic.com

မယ်၊ မင်းကလည်း မင်း ကြားထားတာတွေကို လူတကာ လျှောက်ပြောနေမယ်ဆိုရင် ဒီဇာတ်လမ်းကြီးက ပြန့်သွားတော့မှာပေါ့။ ဒါပေမယ့်၊ မင်းကိုယ်တိုင် မြင်ခဲ့ရတာလား။ ဟင်လယ်နဲ့ တိုနီတို့နှစ်ယောက် ဖြစ်ချင်တိုင်း ဖြစ်နေကြတာကို မင်းကိုယ်တိုင် မြင်ခဲ့ရတာလား။ ဟယ်လင်နဲ့ ကိုယ် စကားပြောခဲ့ရပါတယ်။ သူ့ယောက်ျားအပေါ်မှာ သူ ဘယ်လို သဘောထားတယ်ဆိုတာ ကိုယ် သိပါတယ်။

ဒီမှာ နီလီ၊ ဟယ်လင်ရဲ့ စိတ်ဓာတ်ဟာ အထိုက်အလျောက် ခက်ထန်တာ မှန်ပါတယ်။ မာနထောင်လွှားမှု ရှိတန်သလောက် ရှိပါတယ်။ ဒီလိုဖြစ်ရတာကလည်း ချက်ချင်း ထိပ်တန်းကို ရောက်လာရလို့ ဖြစ်တယ်လို့ ကိုယ်ထင်တယ်။ ဒါပေမယ့် သူ့စိတ်ဓာတ်ကတော့ ကလေးငယ်ကလေး တစ်ယောက်လိုပဲ ရှိပါသေးတယ်။ သူ့ကိုယ်သူ စိတ်ဓာတ်ခက်ထန်သူတစ်ယောက်လို နေပြမှုလည်း သူ့ကို စော်ကားမော်ကား လုပ်ချင်တဲ့လူနဲ့ မတွေ့တော့မှာပေါ့"

"ကောင်းပါပြီလေ၊ ကျွန်မ အရှုံးပေးလိုက်ပါပြီ။ အင်မတန် ချစ်စရာကောင်းတဲ့ အမျိုးသမီးကြီးလို့ပဲ ထားလိုက်ပါတော့။

သဘောကလည်း သိပ်ကောင်း၊ စိတ်ထားကလည်း သိပ်နူးညံ့၊ ရှင်တို့နှစ်ယောက်ကတော့ ဘယ်တော့မှ ခွဲလို့ မရနိုင်တော့မယ့် သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးတွေ ဖြစ်သွားကြပြီပေါ့။ ရှင်ကလည်း သူ့ကို သိပ်ပြီး နားလည်တဲ့ အမျိုးသမီးတစ်ယောက် ဖြစ်သွားပြီပေါ့။

ဒီလိုဆိုရင် ရှင့်ရဲ့ ဒုတိယ အခင်မင်ရဆုံး သူငယ်ချင်းတစ်ယောက်မှာ အနုပညာဗီဇ ကောင်းကောင်း ရှိနေကြောင်း ဘာဖြစ်လို့ သူ့ကို ပြောမပြတာလဲ၊ ဒီလိုများ ပြောပြလိုက်မယ်ဆိုရင် ပြဇာတ်ထဲမှာ ကျွန်မကို အခန်းကောင်းကောင်းလေးတစ်ခုက ဝင်ပြီး ကခိုင်းမှာရပေါ့"

နီလီက ငေါါတော့တော့ ပြောသောကြောင့် အယ်နီက ပြုံးမိသည်။

"နီလီ၊ မင်းဟာ ကိုယ့်အခင်ဆုံးသူငယ်ချင်းပါကွယ်။ မင်း နေရာကို ဘယ်သူနဲ့မှ အစားမထိုးနိုင်ပါဘူး"

"ဟုတ်လား. . .၊ ကြည့်ရသေးတာပေါ့ အစ်မရယ်။ ဒီလိုဆိုရင် ကျွန်မတို့သုံးယောက် အခင်ဆုံး သူငယ်ချင်းတွေ အဖြစ်နဲ့ အတူသွား အတူလာနေကြလို့ မရနိုင်ဘူးလား"

"ဘာဖြစ်လို့ မရနိုင်ရမှာလဲ နီလီ၊ မနက်ဖြန် ဇာတ်တိုက်တဲ့အခါ ဟယ်လင်ကို သွားတွေ့ပါ။ မင်းဟာ ကိုယ်နဲ့ သိပ်ကို ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက်ဖြစ်ကြောင်း ပြောပြလိုက်ပါ"

"အားကြီးဖြစ်ပါလိမ့်မယ်တော်"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ"

"ဟယ်လင်နဲ့ ဘယ်သူမှ စကားမပြောဘူး"

"ကြိုးစားကြည့်လိုက်စမ်းပါကွယ်၊ မင်း အံ့ဩသွားရပါစေ့မယ်"

"ဟုတ်ပါ့မလား၊ အတွင်းခံဘောင်းဘီနဲ့ ခြေအိတ်တွေကို သူလျှော်ပုံက ဘယ်လိုလဲ၊ ကျွန်မ လျှော်ပုံကတော့ ဘယ်နည်းပဲဆိုတာ သွားပြောရဦးမှာပေါ့။ ပြီးတော့ ဘယ်လို ဆပ်ပြာမျိုးကို သူ သုံးသလဲ ဆိုတာလည်း မေးကြည့်ရသေးတာပေါ့။ သူ့နည်းက ကျွန်မနည်းထက် ပိုကောင်းတယ်ဆိုရင် ကျွန်မရဲ့ အတွင်းခံဘောင်းဘီတွေနဲ့ ခြေအိတ်တွေ သူ့ဆီပို့ပြီး အလျှော်ခိုင်းရမယ်"

"တဲ့- မယ်မင်းကြီးမ၊ ဂွဒ်နိုက်"

"ဂွဒ်နိုက်၊ ဒါပေမယ့် အယ်နီ၊ ကျွန်မ အတည်ပြောနေပါ။ သူနဲ့ အစ်မနဲ့ ဒါလောက် ရင်းနှီးနေကြတယ်ဆိုရင် ကျွန်မအကြောင်းကို တော့ ပြောပြလိုက်ပါဦး။ ကျွန်မအတွက် အခွင့်အလမ်းကလေး ပေါ်လာအောင် လုပ်ပေးပါဦးနော်"

*

"မတွဲစဖူး အတွဲထူးတဲ့ ထိုလေးဦးလို့တောင် ပြောရမလို ဖြစ်နေပြီဟေ့"

ဂျော့ဘယ်လိစ်က ထိုနေ့မနက် သတင်းစာကို အယ်နီ၏ စားပွဲပေါ်သို့ လာချပေးရင်း ပြောသည်။

အယ်နီက သတင်းစာကို လှမ်းကြည့်သည်။ မနေ့ညက အယ်လ်မိုရိုကိုဟိုတယ်သို့ မိမိတို့လေးယောက် သွားခဲ့ကြသည့် ဓာတ်ပုံကို သတင်းစာထဲမှာ တွေ့ရသည်။ ဟယ်လင်၏ အမူအရာက အချိုးမပြေ ဖြစ်နေသည်။ ဂျိနို ပြုံးနေသည်။ အေလင်၏ပုံက ကိုယ်တစ်ခြမ်း လောက်သာပါသည်။ ထိုအထဲတွင် သူ့ပုံက အကောင်းဆုံး ဖြစ်နေသည်။

"နစ်လောင်းဝပ်သ်၊ ဘယ်သူလဲ ဟင်"

www.burmeseclassic.com

www.burmeseclassic.com



အယ်နီက ကြိုးစားပြီး ပြုံးပြရင်း စားပွဲပေါ်ရှိ စာရွက်ကလေးပေါ်မှ နာမည်ကို မေးကြည့်သည်။

"ဒီမြို့မှာရှိတဲ့ ထိပ်တန်းစံပြမယ် ကုမ္ပဏီတွေထဲက တစ်ခုပေါ့။ လောင်းဝပ်သ်က ဘာဖြစ်လို့ မင်းကို ကမ်းလှမ်းရတာတဲ့လဲ"

"ကျွန်မလည်း မသိဘူး၊ ကျွန်မ ရုံးရောက်လာတော့ သူတို့ဆီ ပြန်ပြီး ဖုန်းဆက်ဖို့ စာကလေးရေးထားတာ ဒီစားပွဲပေါ်မှာ တွေ့တာပဲ"

"မင်း လုပ်သင့်တဲ့အလုပ်က အဲဒါပဲ။ မင်းဟာ ထိပ်တန်းစံပြမယ်တစ်ယောက်ဖြစ်ဖို့ အတွက် လူဖြစ်လာတာပါ။ ကိုယ့်ကံကြမ္မာက ဖန်လာတဲ့ အလုပ်မျိုးကိုသာ လုပ်သင့်တာပေါ့"

ဂျော့က အယ်နီ၏လက်မှ လက်စွပ်ကို လှမ်းကြည့်သည်။

ထိုအခိုက် တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ ဂျော့က အယ်နီကို လက်ယမ်းပြလိုက်ပြီး သူ့ရုံးခန်းထဲသို့ ပြန်ဝင်သွားတော့သည်။

"ညတုန်းက အိပ်ရေးပျက်ထားတာ ဘယ်လိုနေသေးသလဲ"

ဖုန်းဆက်သူမှာ အေလင် ဖြစ်သည်။

"တကယ့်ကို ပျော်စရာကောင်းတဲ့ညပဲ နော်"

အယ်နီက ဝမ်းသာအားရ ပြန်မေးသည်။ အေလင်ဘက်က ငြိမ်နေသည်။

"အေလင်"

"နားရှိလို့သာ ကြားရပေမယ့် တကယ် စိတ်ပါလက်ပါ ပြောနေတယ်လို့တော့ ကိုယ်မထင်မိဘူး"

"ဟယ်လင်ကို ကျွန်မ သဘောကျပါတယ်"

အယ်နီကလည်း သူ ပြောချင်သည့် စကားကိုသာ ပြန်ပြောသည်။

"ဘာကို သဘောကျတာလဲ၊ ပြက်လုံးတွေ ထုတ်တတ်လို့ သဘောကျတာလား။ မိန်းမကောင်း မိန်းမမြတ်ပုံမျိုး ဖမ်းတတ်တာကို သဘောကျတာလား။ ဒီမှာ အယ်နီ၊ ကိုယ့်အဖေဟာ မလွယ်ဘူးနော်။ ကိုယ်ကတော့ အာခံလို့ မဖြစ်ဘူး။ ဒါပေမယ့် ဟယ်လင်. . "

"ရှင့်အဖေကို ကျွန်မလည်း သဘောကျပါတယ်"

"ထုံးတမ်းစဉ်လာ စကားတွေ ပြောမနေစမ်းပါနဲ့ အယ်နီ။ ကိုယ် အမြဲပြောလေ့ရှိတဲ့ စကားတစ်လုံး ရှိတယ်။ ကိုယ့်ဆွေမျိုးတွေရဲ့ ကောင်းကြောင်းကို မပြောနဲ့။ သူငယ်ချင်းတွေ ကောင်းကြောင်းကိုသာ ပြောပါ"

"အေလင်၊ ကျွန်မက ဒီလိုစကားမျိုးကို ဘယ်လိုလုပ် ပြောလို့ ဖြစ်နိုင်မှာလဲ"

"ဘာကြောင့် မပြောနိုင်ရမှာလဲ၊ ကိုယ် ရိုးရိုးသားသား ပြောနေတာပါ။ ကိုယ့်အဖေဟာ ကိုယ်နဲ့ သားအဖ မတော်ဘဲ သူစိမ်းတစ်ရံဆံသာ ဖြစ်နေမယ်ဆိုရင် ဖေဖေဟာ မပေါင်းအပ်တဲ့ လူတစ်ယောက်လို့ ကိုယ်ပြောမိမှာ အမှန်ပဲ။ လုပ်ငန်းကိုင်ငန်းနဲ့ ပတ်သက်ပြီး သူ့ရဲ့ အစွမ်းအစတွေကို ကိုယ်လေးစားပါတယ်။ အထင်ကြီးပါတယ်။ ဟယ်လင်ကို ဇာတ်ခုံပေါ် ကနေတဲ့အခါ မင်းသမီးတစ်ယောက်အနေနဲ့ သူ့ရဲ့ အနုပညာကို အထင်ကြီးလေးစားတဲ့ သဘောမျိုးပေါ့။

ဒါပေမယ့် လူမှုရေးအနေနဲ့တော့ သူတို့နဲ့ကိုယ် ပေါင်းလို့မရဘူး။ သူတို့ နှစ်ယောက်စလုံးနဲ့ကို ပေါင်းလို့မရဘူး။ ကိုယ် တကယ်ပြောနေတာ အယ်နီ။ ကိုယ်တို့နှစ်ယောက် လက်ထပ်ပြီးရင် ကိုယ်တို့ဘဝကို ကိုယ်တို့ စိတ်ကြိုက် ထူထောင်မယ်။ ကိုယ်တို့နဲ့ ပေါင်းလို့သင်းလို့ ရတဲ့လူတွေနဲ့ပဲ ပေါင်းသင်းမယ်။ ဒီအကြောင်းတွေကို ဒီနေ့ည တွေ့ကြရင် ကိုယ် ရှင်းပြပါ့မယ်"

အယ်နီ ခေါင်းကိုက်စပြုလာသည်။

"အေလင်၊ ညတုန်းက ခဏပဲ အိပ်ရတယ်။ ဒီနေ့ညတော့ ကျွန်မ နားလိုက်ရင် ကောင်းမယ်ထင်တယ်။ ရုံးက ဆင်းတာနဲ့ တစ်ပြိုင်တည်း အိမ်ကိုတန်းပြန်ပြီး အိပ်လိုက်ချင်တယ်"

"ဒီကိစ္စကိုလည်း ဆွေးနွေးဖို့ လိုသေးတယ်။ ဒီအလုပ်ကြီးကို ဘယ်လောက်ကြာအောင် မင်း ဆက်လုပ်နေဦးမှာလဲ။ ကိုယ်တို့ လက်ထပ်ကြတဲ့နေ့အထိ လုပ်နေဦးမှာလား"

"ကျွန်မ အလုပ်လုပ်ချင်တယ် အေလင်၊ ပြီးတော့ ကျွန်မ လက်မထပ်ချင်ဘူး။ ဒီအကြောင်း ရှင့်ကို ကျွန်မ ပြောပြထားပြီးသားပါ"

အေလင်က မရယ်ချင်ဘဲနှင့် ဟန်လုပ်ပြီး ရွတ်ရယ်သည်။

"မင်း သိပ်ပင်ပန်းနေပြီ။ ကောင်းပြီလေ၊

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့တော့ မင်းကို အနားပေးလိုက်ပါမယ်။ အခုနေ မင်းကို အတူ့မကိုင်ဖို့ ကိုယ် ကတိပေးထားတာ သတိရပါတယ်။ ဒါပေမယ့် ကိုယ်တို့ လက်ထပ်ဖို့ကိစ္စကိုတော့ မင်း စဉ်းစားဖို့ ကောင်းပြီ။ စဉ်းစားရုံကလေး စဉ်းစားပါ။ ကိုယ် ဒါလောက်ပဲ မင်းကို တောင်းပန်ပါရစေ"

အချိန်ကုန်မှန်းမသိ ကုန်လာသည်။ လောင်းဝပ်သ်ကုမ္ပဏီက ဖုန်းလှမ်းဆက်သေးသည်။ စံပြမယ်လုပ်ငန်းကို မိမိ ဝါသနာမပါကြောင်း အယ်နီက ပြန်ပြောလိုက်သည်။ ဟုတ်ပါပြီ၊ မိမိ စိတ်ပြောင်းလာသည့်အခါတွင် အကြောင်းကြားမည် ဖြစ်ကြောင်းကိုလည်း ကတိပေးလိုက်ရသည်။

နေ့လယ်စာ စားပြီးသည့်အချိန်ကျမှ ရုံးသို့ ဟင်နရီ ရောက်လာသည်။ အယ်နီက စာတိုက်မှ ရောက်လာသည့် စာများကို ယူသွားပေးသည်။ ဟင်နရီက ထိုစာများကို စားပွဲဘေးသို့ တွန်းပစ်လိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိသည်။

"ထိုင်ပါဦး အယ်နီ၊ အက်ဒ်ဟိုလ်ဆန်ကိစ္စနဲ့ ပတ်သက်ပြီး ဘကြီးတို့ လေ့လာကြရဦးမယ်။ ဒါပေမယ့် ခွေးမသားကြီးတော့ အဆော်ခံနေရပြီ"

"ဘယ်သူ အဆော်ခံရတာလဲ၊ သူ့ပြဇာတ် အဆော်ခံရတာလား။ သူ အဆော်ခံရတာလား"

အယ်နီက ကုလားထိုင်ပေါ်မှာ ထိုင်ရင်း သူ့နားထင်များကို လက်နှင့် ဖိပေးနေမိသည်။

"ဟိုလ်ဆန် အဆော်ခံရတာပေါ့။ ကိုယ့်အမှုသည်တစ်ယောက် အရက် အလွန်အကျွံ သောက်နေတယ်ဆိုရင် ဘာလုပ်မလဲ။ ဒီကောင်ကြီးဟာ အင်မတန်တော်တာ မှန်ပါတယ်။ ဒါပေမယ့် မလင်းအောင် အရက်သောက်နေတဲ့ အကောင်ကြီး။ ပွဲလည်းပြီးရော အကုန်လုံးလည်း ပျက်စီးတော့တာပဲ။ သူဟာ အရင်တုန်းက ဒီလောက်တောင် အရက် မသောက်တတ်ပါဘူး။ အခုဟာက တစ်ခါတစ်ရံ ဖြစ်တာပါလို့ ပွဲသွင်းမယ့် လူရှေ့မှာ ဘကြီးက ဖာရထေးရတာပေါ့။ ဒါပေမယ့် ယဉ်ယဉ်ကျေးကျေးရှိလို့ ကံကောင်းတယ် ဆိုရမယ်။ သူသာ အရက် အလွန်အကျွံ မူးနေတဲ့အခါဆိုရင် တွေ့သမျှလူတွေကို ခွေးမသားတွေဆိုပြီး တွင်တွင်ဆဲတော့တာပဲ"

"ဒီလိုဆိုရင် ဘာဖြစ်လို့ သူ့အမှုကို ဘကြီးက လိုက်ပေးနေရတာလဲ"

"သူ့ဝင်ငွေကို ကြည့်ဦးလေကွာ။ တစ်ပတ်ကို ဒေါ်လာနှစ်ထောင်၊ ဒီအပေါ်မှာ ဘကြီးက နှစ်ဆယ့်ငါးရာခိုင်နှုန်း ကော်မရှင်ရတယ်။ ဒါလောက် ဝင်ငွေကောင်းတဲ့ အမှုသည်တစ်ယောက်ကို ဘယ်လိုလုပ်ပြီး ကန်ထုတ်ပစ်လိုက်လို့ ဖြစ်မလဲ။ သူ့မှာ တကယ်တော်တဲ့ အရည်အချင်း ရှိတယ်။ ဘကြီးက အပေါင်းအသင်းဆိုရင် ကိုယ် သဘောကျတဲ့ လူနဲ့ပဲ ပေါင်းတယ်။ ကိုယ် ကိုင်တွယ်ပေးရမယ့် အမှုသည်ဆိုရင်လည်း အရည်အချင်းရှိတဲ့ လူမျိုးကိုသာ ရှာတယ်"

အယ်နီ ခေါင်းပိုကိုက်လာသည်။ ယခုတော့ ခေါင်းသာမဟုတ်တော့ မျက်ရိုးများပါ ကိုက်ခဲလာသည်။

"နေရာတကာမှာ ဒီသဘောထား ထားနေလို့တော့ မဖြစ်နိုင်ဘူး ထင်ပါတယ်"

အယ်နီက ပင်ပန်းနွမ်းနယ်စွာဖြင့် ပြန်ပြောသည်။

"ပုဂ္ဂိုလ်ရေးနဲ့ ပတ်သက်လို့တော့ ဟုတ်တာပေါ့။ ဒါပေမယ့် စီးပွားရေးလုပ်ငန်းမှာတော့ ဒီအတိုင်း လုပ်ရမှာပဲ။ အကောင်းဆုံးတွေကိုသာ ရွေးရမယ်။ စိတ်အလိုကိုတော့ လိုက်လို့ မဖြစ်ဘူး။ လုပ်ငန်းတစ်ခုခုကို ခေါင်းနဲ့ မစဉ်းစားဘဲ အသည်းနှလုံးရဲ့ အလိုကိုလိုက်ပြီး လုပ်မယ်ဆိုရင်တော့ ငါးပါးမကဘူး၊ သံဃာစင်ပါ မှောက်ပြီသာ အောက်မေ့ပေတော့"

စားပွဲပေါ်မှ ဟင်နရီ၏ တယ်လီဖုန်း ခေါင်းလောင်း မြည်လာသည်။ သူက ကောက်ကိုင်လိုက်သည်။

"ဟယ်လို . . .၊ အိုး ဟယ်လို၊ ဟန်နီ ဘယ်လိုလဲ၊ အကုန်အဆင်ပြေတယ် မဟုတ်လား။ တွေ့ပါတယ်ဗျာ၊ တွေ့ပါတယ်ဗျာ။ စာတ်ပုံထဲမှာ မင်း သိပ်ချောတာပဲ ကလေးရေ။ ရှိတယ်။ အခု ကိုယ့်ရှေ့မှာ ထိုင်နေတယ်"

ဟင်နရီက အယ်နီကို ဖုန်းလှမ်းပေးသည်။ အယ်နီက နားမလည်သလို ပြန်ကြည့်နေသည်။

"ဟယ်လင် ဆက်နေတာ"

ဟင်နရီက ပြောသည်။

"ဟေး အလုပ်သမကလေး၊ ဘယ်လိုနေသလဲဟေ့"

ဟယ်လင်၏အသံက ရွှင်မြူးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းပင်ပန်းနေတယ်"

"ကိုယ်လည်း အတူတူပဲ၊ ဆယ်နာရီကျရင် ဇာတ်တိုက်ရဦးမယ်။ အခု ငါးမိနစ် အနားယူလာတာ။ ဒီမှာ ဒီနေ့ည ကိုပါမှာ ကပွဲအသစ်တစ်ခု ဖွင့်မယ်။ ဂျိုနီကို ကိုယ် ဖုန်းလှမ်းဆက်တယ်။ ကိုယ်တို့လေးယောက် သွားကြရင် ကောင်းမယ်လို့ သူ့ကို အကြံပေးလိုက်တယ်။ သူကလည်း သဘောကျတယ်။ သူ စီစဉ်လိုက်မယ်တဲ့။ ဒုတိယပွဲ သွားကြည့်ရင် ဖြစ်တယ်။ ဒါမှ ကိုယ်တို့နှစ်ယောက် အိပ်ချိန် နည်းနည်းပါးပါး ရမှာ မဟုတ်လား"

"ဒီကိစ္စ အေလင် သိပြီးပြီလား"

"ကိုယ် မပြောတတ်ဘူးလေ၊ မင်း မလိုက်ချင်ဘူးလား အယ်နီ"

ဟယ်လင်က တုံ့ဆိုင်းဆိုင်း လုပ်နေပြီးမှ ကလေးသံကလေးဖြင့် ဆက်မေးသည်။

"ကောင်းပါတယ်၊ ပျော်စရာ ကောင်းမယ်လို့ ကျွန်မ ထင်ပါတယ်။ ကျွန်မ နည်းနည်းလောက် အနားယူလိုက်ရရင်တော့ ပို ကောင်းမှာပေါ့"

"ဟုတ်တာပေါ့၊ နားလိုက်ဦး။ နောက်ပြီးတော့ သားသားနားနားလည်း ဝတ်ခဲ့နော်။ ဟိုမှာက လူပေါင်းစုံ ရှိနေမှာ"

"ဂါဝန်အရှည်ကို ဝတ်ရမှာလား"

"မဟုတ်ဘူး၊ အတိုပဲဝတ်။ ပြီးတော့ မွေးပွအင်္ကျီလည်း အပေါ်ကထပ်ဝတ်"

"ကျွန်မမှာ အနက်ရောင်ကုဏ်အင်္ကျီပဲ ရှိတယ်"

အယ်နီက ရုတ်တရက် မော့ကြည့်လိုက်သည်။ အခန်းတွင်းသို့ လိုင်ယွန်ဘတ် ဝင်လာသည်။

"အဲဒါလည်း ကောင်းပါတယ်၊ အိုး. . . မင်း အိမ်ပြန်ရောက်သွားရင် ကိုယ့်ဆီက လက်ဆောင်ပစ္စည်းကလေး တစ်ခုကို မင်း တွေ့ရလိမ့်မယ်"

"လက်ဆောင်ပစ္စည်း ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"သူပျော် ကိုယ်ပျော်ပစ္စည်းကလေးပါကွယ်။ ဒါပဲနော်၊ ကိုယ် ဇာတ်တိုက်ဖို့ ပြန်သွားရဦးမယ်"

တစ်ဖက်က တယ်လီဖုန်း ပြန်ချသွားသည်။

"အယ်နီနဲ့ ဟယ်လင်လော်ဆန်တို့နှစ်ယောက်က သူငယ်ချင်းတွေ ဖြစ်နေကြပြီလေ"

ဟင်နရီက လိုင်ယွန်ကို လှမ်းပြောသည်။

လိုင်ယွန်က ကုလားထိုင်မှာ ဝင်ထိုင်ပြီး သူ့ခြေထောက်နှစ်ဖက်ကို ကားထားသည်။

"အယ်နီဟာ အင်မတန် စိတ်ခံတတ်ခိုင်မာတဲ့ နယူးအင်္ဂလန်နယ်သူ တစ်ယောက်ပဲ။ ဟယ်လင်နဲ့ ပေါင်းလို့သင်းလို့ ရနိုင်ပါလိမ့်မယ်"

အယ်နီက မသိမသာ ပြုံးသည်။

"ကျွန်မကတော့ ကိုယ့်နယ်အကြောင်း တောင် ကိုယ် မပြောချင်တော့ဘူး။ ဒါပေမယ့် ဟယ်လင်ကို ကျွန်မ တကယ် သဘောကျတာပါ"

"ကောင်းပါတယ်၊ ဟယ်လင်ကလည်း သူငယ်ချင်းကောင်းရှာနေတာ။ သူ့မှာ အဖော်မရှိဘဲ အထီးကျန်ဖြစ်နေတာ မဟုတ်လား"

"ဟယ်လင်က တစ်ရာသီပြောင်းတိုင်း မိတ်သစ်ဆွေသစ်တွေ အမြဲရနေတာပါဗျာ"

လိုင်ယွန်က ပြုံးသည်။

"ဒါပေမယ့် မိတ်စစ်ဆွေစစ်ကို သူ မရှာပါဘူး။ သူတွေ့တဲ့ အမျိုးသမီးတိုင်းက သူ့ကို အသုံးချသွားကြတာချည်းပါပဲ။ တခြား အမျိုးသမီးတွေက ကောင်းတာတွေဆိုရင် လေ့လာတယ်။ ဘယ်လို နေရထိုင်ရမယ် ဆိုတာ လေ့လာတယ်။ ဘယ်လို ဝတ်ရစားရမယ် ဆိုတာ လေ့လာတယ်။ စာဖတ်တယ်။

ဒီတော့လည်း သူတို့ အခြေအနေတွေ တိုးတက်လာတာပေါ့။ ဟယ်လင်က ဒါမျိုး မဟုတ်ဘူး၊ ပျော်ပွဲစားရုံကလေးတစ်ခုမှာ နှစ်နှစ်လောက် သီချင်းဆိုခဲ့ရသေးတာ မဟုတ်လား။

ဒါပေမယ့်၊ ကံကောင်းချင်တော့ ဖြုန်းခနဲ ထိပ်တန်းကို ရောက်သွားတယ်။ ဒီလိုလည်း ထိပ်တန်းကို ရောက်ရော ဘယ်လို အဝတ်အစားမျိုးကို ဝတ်ရမယ်၊ ဘယ်လို လူနဲ့တွေ့ရင် ဘယ်လို စကားမျိုးကို ပြောရမယ်ဆိုတာ သူ့ကို သင်ပေးတဲ့လူတွေ ဝိုင်းဝိုင်းကို လည်လာတော့တာပဲ။ သူ့ကံကောင်းတာပေါ့လေ။

အယ်နီ၊ မင်းလို မိတ်ဆွေစစ်မျိုးတစ်ယောက် ဟယ်လင် လိုနေတာတော့ အမှန်ပဲ"

ဟင်နရီ၏ တယ်လီဖုန်းခေါင်းလောင်း မြည်ပြန်သည်။ ဟင်နရီက နားထောင်ပြီး ခေါင်းညိတ်ပြကာ အယ်နီကို လှမ်းပေးသည်။

"အေလင်တဲ့" ဟုလည်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ အပြင်ဖုန်းကနေ သွားကိုင်လိုက်မယ်လေ"

အယ်နီက ခပ်မြန်မြန် ပြန်ပြောသည်။

ဟင်နရီက လက်ကို ဝှေ့ယမ်းပြသည်။

"ဒီကပဲ ပြောပါ။ အားလုံး မင်းမိတ်ဆွေချည်းပါပဲ"

အယ်နီက ဖုန်းကို လှမ်းယူလိုက်သည်။ မိမိကို လိုင်ယွန် ကြည့်နေကြောင်းလည်း စိတ်ထဲက အလိုလို သိလိုက်သည်။

"ကိုယ်နဲ့နှစ်ယောက်တည်း ညစာအတူတူ စားရမှာကိုတော့ မင်းက ပင်ပန်းနေလို့ မစားပါရစေနဲ့ ပြောတယ်၊ အခုတော့ ကိုယ်တို့အားလုံး ကိုပါကို ဒီနေ့ည သွားကြမယ်လို့ ကြားနေရပြန်တယ်" ဟု အေလင်က ပြောသည်။

"ဟယ်လင်နဲ့ ဂျိုနီတို့နှစ်ယောက် စီစဉ်ကြတာပါ"

အယ်နီက ခပ်ထစ်ထစ် ပြန်ပြောသည်။

"သဘောပေါက်ပါပြီကွာ၊ ကိုယ် ပြောတုန်းကတော့ တစ်မျိုး၊ ဟယ်လင်ကျတော့ မင်း မငြင်းနိုင်တော့ဘူး မဟုတ်လား။ နာမည်ကြီးတဲ့လူကိုမှ မင်းက သဘောကျနေတာလား"

"အေလင်၊ ကျွန်မ မစ္စတာဘယ်လာမီရဲ့ ရုံးခန်းထဲက ဖုန်းနဲ့ပြောနေတာ။ ရှင် သဘောမကျရင် ဒီနေ့ည အစီအစဉ်ဖျက်လိုက်ပါ"

"မဖျက်ပါဘူး၊ နေပါဦး အယ်နီ၊ကိုယ်က မသွားချင်လို့ ပြောနေတာ မဟုတ်ပါဘူး။ မင်းတို့နဲ့ အတူတူ လိုက်မှာပါ"

ဟင်နရီ၏ သီးသန့် တယ်လီဖုန်းက ခေါင်းလောင်းမြည်နေပြန်သည်။

"နောက်မှ ကျွန်မ ပြန်ဆက်မယ် အေလင်"

"အယ်နီ၊ ကိုယ် စိတ်မကောင်းပါဘူးကွယ်။ မင်းက ဟင်နရီရဲ့ရုံးမှာ အလုပ်လုပ်နေတယ်။ ဟယ်လင်က ဟင်နရီရဲ့ အမှုသည်ဖြစ်တယ်ဆိုတာကို ကိုယ် သဘောပေါက်ပါပြီ။ ဒါပေမယ့် ဒီနေ့ည လွန်သွားရင်တော့ ကိုယ်တို့ အသိုင်းအဝိုင်းထဲက သူ့ကို ဖယ်ထုတ်လိုက်ပါတော့။ မင်း သူ့ကို သဘောကျတယ်ဆိုရင် ကျပါ။ သူနဲ့ တွေ့ချင်တယ်ဆိုရင် တွေ့ပါ။ သူနဲ့အတူတူ ဈေးဝယ်သွားဖို့ ရှိတယ်ဆိုရင် သွားပါ။ ဒါပေမယ့် ကိုယ့်ပတ်ဝန်းကျင်ထဲကိုတော့ သူ့ကို ဆွဲသွင်းမလာပါနဲ့တော့"

ဟင်နရီက ဖုန်းကိုကိုင်ပြီး စောင့်နေသည်။ ဟယ်လင် ဆက်နေခြင်းသာ ဖြစ်ရမည်။

"အေလင်၊ ညကျမှ တွေ့တော့မယ်"

အယ်နီက ဖုန်းကို ပြန်တင်လိုက်သည်။ ဟင်နရီက အခြား ဖုန်းတစ်လုံးကို ကမ်းပေးပြန်သည်။

"သူ့အတွက် ကိုယ်ပိုင် အတွင်းရေးမှူးတစ်ယောက်တော့ ကိုယ်တို့ ရှာပေးကြရတော့မယ်နဲ့ တူတယ်" ဟုလည်း လိုင်ယွန့်ဘက်သို့ လှည့်ပြီး မျက်စိမှိတ်ပြရင်း ပြောသည်။

"ဟေး- မင်းလိပ်စာ ပြောစမ်းပါဦး၊ မင်းကို ကိုယ်ပေးမယ့် သူပျော်ကိုယ်ပျော် လက်ဆောင်ကလေးကို ပို့ခိုင်းလိုက်ရအောင်"

ဟယ်လင်၏ ချိုသာသည့်အသံကလေး ပေါ်လာသည်။

"အို ဒုက္ခပါပဲ၊ ဒီနေရာမှာ ခဲတံကလေးတစ်ချောင်းတောင်မှ မရှိဘူး၊ ခဏစောင့်"

"ဟယ်လင်၊ နီလီအိုဟာရာကို မေးလိုက်ပါ"

အယ်နီက ခပ်မြန်မြန် လှမ်းပြောသည်။

"ဘယ်သူ. . ."

"နီလီအိုဟာရာ၊ ရှင်တို့ပြဇာတ်ထဲမှာ သူပါတယ်။ ကျွန်မတို့နှစ်ယောက် အဆောင်တစ်ခုထဲမှာ အတူတူနေကြတာ၊ လိပ်စာ သူ ရေးပေးလိမ့်မယ်"

"သူက ဘာလုပ်တာလဲ၊ ယိမ်းအဖွဲ့ထဲကလား"

"ဟုတ်တယ်၊ စောစောပိုင်းကတော့ ဟို. . . နယ်လှည့်ကနေတဲ့ အငြိမ့်အဖွဲ့ထဲက"

ဟယ်လင်ဘက်က အနည်းငယ် ဆိုင်းသွားသည်။ ပြီးတော့မှ ပြန်ပြောသည်။

"ဪ . . . သူလား"

"သူဟာ ကျွန်မနဲ့ သိပ်ရင်းနှီးတဲ့ သူငယ်ချင်းပါ။ သူ့အသက် ဆယ့်ခုနစ်နှစ်ပဲ ရှိသေးတယ် ဟယ်လင်။ အခုတော့ ပြဇာတ်ထဲမှာ ယိမ်းကရုံသက်သက်ပဲ။ ဒါပေမယ့် သူ သီချင်းလည်း ဆိုတတ်တယ်၊ သိပ်ကို အဆိုကောင်းတယ် ဟယ်လင်"

"အိုကေ၊ သူ့ဆီကပဲ လိပ်စာ တောင်းလိုက်တော့မယ်။ သူ သီချင်းဆို ကောင်းတယ်လို့ မင်း ပြောတယ်နော်။ သူ့အတွက် ကိုယ်တစ်ခုခု လုပ်ပေးနိုင်ပါလိမ့်မယ်ထင်တယ်။ သူနဲ့ ပတ်သက်ပြီး ပြဿနာဖြစ်ဖူးတယ်။ ဒါကလည်း ကိုယ်နဲ့တော့ ဘာမှ မဆိုင်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



အယ်နီ၊ ကိုယ် ရိုးရိုးသားသား ပြောတာပါ။ ဒါပေမယ့် ကိစ္စမရှိပါဘူးလေ၊ အခုဆိုရင် တစ်ခုခုတော့ ကိုယ် လုပ်နိုင်ပါလိမ့်မယ်။ ကိုယ် စိတ်ကူးထားတာ တစ်ခုရှိတယ်"

ထို့နောက် သူ့စားပွဲသို့ အယ်နီ ပြန်လာခဲ့သည်။ အလုပ်ထဲမှာ နစ်မြုပ်နေသည်။ ခေါင်းကလည်း မနားတမ်း ထိုးကိုက်နေသည်။ ရုံးဆင်းချိန်ရောက်မှ အိမ်ပြန်လာခဲ့သည်။ လှေကားအတိုင်း အပြေးကလေး တက်ခဲ့မိသည်။ တစ်ရေးလောက်တော့ အိပ်လိုက်ဦးမည်ဟု စိတ်ကူးထားသည်။ နီလီ၏ အခန်းတံခါး ပွင့်နေသည်။ပြီးတော့ အယ်နီ့နောက်သို့ သူလည်း လိုက်လာသည်။

"ကိုယ် သိပ်ကို ပင်ပန်းနေတယ် နီလီ၊ နောက်မှ စကားပြောကြတော့မယ်နော်"

"ကျွန်မ မထိုင်ပါဘူး၊ ဟယ်လင်ပို့ထားတဲ့ လက်ဆောင်ကို မြင်ရင် အစ်မ အမူအရာ ဘယ်လို ဖြစ်သွားမလဲဆိုတာ ကြည့်ချင်လို့ပါ။ အစ်မအခန်းထဲကို ရောက်နေပြီ။ ကျွန်မ ဇာတ်တိုက်ရာက ပြန်လာပြီး အစ်မအခန်းကို ဖွင့်ပေးလိုက်တာ"

အယ်နီက အခန်းထဲကို လှည့်ကြည့်သည်။ သို့သော်လည်း မည်သည့် အထုပ်ကိုမျှ မတွေ့ရ။ အခန်းထဲတွင် ပစ္စည်းအသစ်အဆန်း ဆို၍ တစ်ခုမျှ မရှိ။

"ဟောဟိုမှာ"

ခုတင်ဘေးမှ စားပွဲပေါ်သို့ နီလီက လက်ညှိုးထိုးပြသည်။ အရောင်လက်နေသည့် တယ်လီဖုန်းအမည်းကလေးကို အယ်နီ ငေးကြည့်နေမိသည်။

"တယ်လီဖုန်းသွယ်ခနဲ့ ပထမ နှစ်လအတွက် ကျသင့်မယ့်ငွေတွေကို ဟယ်လင်က သွင်းလိုက်တယ်။ နှစ်လ ပြည့်သွားပြီးရင်တော့ အစ်မလည်း လက်ထပ်တော့မှာပါလို့ ဟယ်လင်က ပြောတယ်"

"ဒါပေမယ့် ဒီလက်ဆောင်ကို ကိုယ် လက်မခံသင့်ဘူး ထင်တယ်"

"အခုမှတော့ လက်မခံဘူးတွေ ဘာတွေ လုပ်မနေနဲ့တော့။ တယ်လီဖုန်းက အခန်းထဲကို ရောက်နေပြီ မဟုတ်လား။

အယ်နီ၊ သူနဲ့ ပတ်သက်ပြီး အစ်မ ပြောတာတွေ မှန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာ အစ်မရဲ့သူငယ်ချင်းဖြစ်ကြောင်း သူ့ကို အစ်မ ပြောလိုက်တာနဲ့ ကျွန်မအပေါ် သူ ဆက်ဆံတာ သိပ်ကို ကောင်းလာတာပဲ။ ဒါပေမယ့် ကျွန်မကတော့ သူ့အပေါ် မြင်တဲ့အမြင်ကို မပြောင်းလဲသေးဘူး၊ သူဟာ တကယ်ဆိုးတဲ့ တိရစ္ဆာန်မကြီးတစ်ကောင်နဲ့ ဘာမှ မထူးဘူး"

သူ့စကားကို အယ်နီက ပြုံးလိုက်ရုံ ရှိသေးသည်။ နီလီက ဂွတိုက်စကားကို တွဲတိုး ပြောချလိုက်လေတော့သည်။

*

ကိုပါသို့ ရောက်သွားတော့ ဟယ်လင်၏ ပတ်လည်မှာ လူများ ဝိုင်းနေကြသည်။ ဟိုလူက နှုတ်ဆက်၊ သည်လူက လာနှုတ်ဆက်နှင့် လက်မလည်အောင် ရှိနေသည်။ ဟယ်လင်ကလည်း ထိုသို့ နေရသည်ကို ပျော်မြူးနေပုံရသည်။သာယာသည့် သူ၏အသံဝါကလေးနှင့် လွင်လွင်ကလေး ရယ်မောနေသည်။ သူနှင့် သိကျွမ်းသူ အားလုံးကိုလည်း သူက နှုတ်ဆက်နေသည်။

ဂျီနိုက သူ့ကို ရှမ်ပိန်သောက်ဖို့ ပြောသည်။ သူတို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင်ဖြင့် ရှမ်ပိန်သောက်ကြသည်။ စကားတွေ ဖောင်လောက်အောင် ပြောကြသည်။ တဖြည်းဖြည်းနှင့် အယ်နီလည်း သူတို့နှစ်ယောက်နှင့် ရောရောနှောနှော နေနိုင်လာသည်။

သို့သော် အေလင်ကား ထိုသို့ မဟုတ်။ သည်စကားဝိုင်းထဲမှာ စိတ်မဝင်စားသလို လုပ်နေသည်။ စကားလည်း နည်းနိုင်သမျှ နည်းနေသည်။

"အယ်နီကို အရင် လိုက်ပို့ကြရအောင်နော်"

နောက်ဆုံး သူတို့ ပြန်ကြတော့ ဟယ်လင်က အရင်ပြောသည်။

"ကောင်းပါတယ်၊ ကျွန်မက အနီးဆုံး မဟုတ်လား"

အယ်နီက ကမန်းကတန်း ဝင်ပြောလိုက်သည်။ အေလင်က သူတို့နှင့် ဆက်လိုက်စေလိုသည့် အကြည့်ဖြင့် လှမ်းကြည့်သည်။ သို့သော်လည်း အယ်နီက မမြင်ချင်ယောင်ဆောင်နေလိုက်သည်။

ဘရောင်းစတုန်း ဘော်ဒါဆောင်သို့ ရောက်တော့ ဒရိုင်ဘာဆင်းပြီး တံခါးဖွင့်မပေးသေးမီမှာပင် အယ်နီက အရင် ဖွင့်ဆင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"လိုက်မပို့ပါနဲ့တော့ ဒေလင်၊ အပြင်မှာ သိပ်အေးနေတယ်" ဟုလည်း သူနှင့်လိုက်ရန် ဟန်ပြင်လိုက်သည့်ဒေလင်ကို လက်ကာပြပြီး အယ်နီက ခပ်မြန်မြန် ပြေးဆင်းလာခဲ့သည်။ ဒေလင်၏မျက်နှာပေါ်တွင် မကျေနပ်သည့် အမူအရာကို မြင်လိုက်ရသည်။

နောက်ထပ် မိနစ်နှစ်ဆယ်ခန့် ကြာသောအခါ သူ့အခန်းထဲမှ တယ်လီဖုန်းအသံကလေး အသက်ဝင်လာသည်။

"ဒီအခွင့်အရေးလေးတော့ ယူရတော့မှာပဲ။ မင်း အိပ်များ ပျော်နေပြီလား အယ်နီ"

ဟယ်လင်၏အသံက လွင်နေသည်။

"မအိပ်သေးပါဘူး၊ အိပ်ရာထဲတော့ ရောက်နေပြီ"

ယခုလို အိပ်ရာဘေးမှာ တယ်လီဖုန်းထားပြီး ပြောရသည်ကို သူ သဘောကျလိုက်မိသည်။ လောရင့်စ်ဗီးလ်မြို့မှာ နေခဲ့တုန်းကလည်း သည်လို မနေခဲ့ရဘူးချေ။

"ပျော်စရာ မကောင်းဘူးလားဟင်"

"သိပ်ပျော်စရာကောင်းတာပဲ၊ ကျွန်မဘဝမှာတော့ ပျော်စရာအကောင်းဆုံးနေ့တွေထဲမှာ တစ်နေ့ပါသွားပြီ"

"ဟုတ်လား"

ဟယ်လင်ဘက်က အသံဆိုင်းသွားသည်။ ပြီးတော့မှ ဆက်ပြောသည်။

"အယ်နီ၊ ကိုယ်တော့ ဂျိုနီကို ဘယ်လိုဆက်ဆံရမှန်းတောင် မသိတော့ဘူး"

"ဒီနေ့ည သွားကြရတာ သူလည်း ပျော်ပါတယ်"

အယ်နီက ရိုးရိုးသားသားပင် ပြန်ပြောသည်။

"ဒါပေမယ့် ကိုယ့်ကို နှုတ်ဆက်တဲ့အနေနဲ့တောင် နမ်းမသွားဘူးကွယ်။ မင်းကို ချထားခဲ့ပြီးတော့ သူ့သားကို အရင် လိုက်ပို့လိုက်တယ်။ ကိုယ့်အိမ်ကို ရောက်တဲ့အခါ အိမ်ပေါ်တော့ သူ တက်လိမ့်ဦးမယ်လို့ ထင်ထားတာ။ ကိုယ့်မှာ ဒွန်ပီရီနွန်အရက်တစ်လုံး အဆင်သင့်ရေခဲစိမ်ထားတာ ရှိကြောင်းကိုလည်း သူ့ကို ပြောပြထားတယ်။ ဒါပေမယ့် ကိုယ့်အိမ်ရှေ့ရောက်တော့ သူက ကိုယ့်ကျောကို တစ်ချက်ပုတ်လိုက်ပြီး ဂွဒ်နိုက်နော်လို့ ပြောသွားတယ်ကွယ်"

"ကောင်းတာပေါ့၊ ရှင့်ကို သူ လေးစားကြောင်း ပြတဲ့သဘောပေါ့"

အယ်နီက အသင့်လျော်ဆုံးဖြစ်သော စကားလုံးကို တမင်ရွေးပြီး ပြန်ပြောသည်။

"လေးစားတာကို ဘာလုပ်ဖို့လဲ၊ ကိုယ်က သူ့ကို လိုချင်နေတာ"

အယ်နီက စကားပြန်ဖို့ ကြိုးစားသေးသည်။ သို့သော်လည်း ဟယ်လင်က ဆက်ပြောပြန်သည်။

"ကိုယ်ပြောတာ နားထောင်ပါဦး အယ်နီ၊ ကိုယ့်လို အတွေ့အကြုံမျိုးတွေ မင်းမှာ ရှိလာမယ်ဆိုရင် မင်း ကိုယ်ပြောတာကို သဘောပေါက်လာမှာပါ။ ယောက်ျားတစ်ယောက်က ကိုယ့်ကို စိတ်ဝင်စားလား၊ မဝင်စားဘူးလားဆိုတာကို သိနိုင်တယ်"

"ဒီလိုလည်း မဟုတ်ပါဘူး ဟယ်လင်၊ ကျွန်မ ဆိုလိုတာက တစ်မျိုးပါ"

"ဘယ်လို တစ်မျိုးလဲ၊ ကိုယ့်ကို စိတ်ဝင်စားနေပြီဆိုရင် စိတ်ဝင်စားကြောင်းကို ဘယ်လိုနည်းနဲ့ အရိပ်အယောင်ပြမှာလဲ"

"လျှောက်လည်တာတို့၊ ရှင်နဲ့အတူတူ အချိန်ဖြုန်းတာတို့၊ ပျော်ပွဲရွှင်ပွဲတွေ အတူတူသွားတာတို့လိုဟာမျိုးပေါ့"

"ရယ်စရာစကားတွေ ပြောမနေစမ်းပါနဲ့ကွယ်။ ကိုယ့်အဘိဓာန်ထဲမှာတော့ ဒါမျိုး မရှိဘူး။ ယောက်ျားတစ်ယောက်က ကိုယ့်ကို ကြိုက်ပြီဆိုရင် ကိုယ့်ကို အသေကပ်တော့တာပဲ။ ကိုယ့်နောက်ဆုံးယောက်ျား ရက်အင်ဂရမ်ဆိုရင်လည်း ဒီအတိုင်းပဲ။ ကိုယ်နဲ့ ပထမဆုံးစတွေ့တဲ့နေ့မှာပဲ ကိုယ်တို့အတူတူ အိပ်ပစ်လိုက်တယ်။ ကိုယ်တို့ လက်ထပ်ပြီးတဲ့ နောက်ပိုင်းမှာတော့ သေခြင်းဆိုးက ကိုယ့်အနားကို ကပ်တာ တဖြည်းဖြည်း ကျဲလိုက်လာတယ်။ ဟော နောက်ဆုံးလည်းကျရော လုံးဝ မကပ်တော့ဘူး။ သူ့အကြောင်းတွေ စုံစမ်းကြည့်တော့မှ သေနာက နောက်ထပ် ကပ်စရာအသစ် တွေ့နေပြန်တော့တာကိုး"

"ဟယ်လင်၊ ကျွန်မ ဒေလင်နဲ့ ချိန်းတွေ့နေတာ အကြိမ်ပေါင်းကို မရေတွက်နိုင်တော့ပါဘူး။ ဒါပေမယ့် ကျွန်မကို ပွေ့ဖို့ဖက်ဖို့တောင် သူ မကြိုးစားဖူးပါဘူး"

"မဟုတ်တာတွေ ပြောမနေစမ်းပါနဲ့ကွယ်"

ခဏကြာအောင် သူတို့ တိတ်သွားကြပြန်သည်။ ပြီးတော့မှ ဟယ်လင်က သူ့ကလေးသံကလေးဖြင့် ဆက်ပြောသည်။

www.burmeseclassic.com

 www.burmeseclassic.com 

"ကဲ- ရှုးကြောင်ကြောင် လုပ်မနေနဲ့တော့ အယ်နီ၊ မင်းကို ကိုယ် ယုံကြည်ပါတယ်။ ဒါပေမယ့် ယောက်ျားတစ်ယောက်နဲ့ မင်း အတူတူ မနေချင်ဘူးလား။ အဲဒီ ယောက်ျားတစ်ယောက်နဲ့ အိမ်ထောင်ပြုရတာကို မင်း သဘောကျမယ် မကျဘူးဆိုတာ ဘယ်လိုလုပ်ပြီး ကြိုတင် သိနိုင်မှာလဲ။ လက်ထပ်ပြီးတော့မှ သူဟာ မင်း သဘောမကျနိုင်တဲ့ လူစားမျိုး ဖြစ်ချင်ဖြစ်နေတတ်တယ်။ ဒါကြောင့် ကိုယ် သဘောကျနိုင်တဲ့လူစားမျိုး ဟုတ်တယ်၊ မဟုတ်ဘူး လက်မထပ်ခင် အရင် စမ်းကြည့်လိုက်ဦး၊ ကြားလား"

"ကျွန်မကတော့ ဒီအလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး"

ယခုတစ်ကြိမ်တွင်မူ ဟယ်လင်ဘက်က အတော်ကြာအောင် တိတ်သွားသည်။ ပြီးတော့မှ အယ်နီကို ချီးကျူးသည့် လေသံမျိုးနှင့် ဆက်ပြောပြန်သည်။

"ဒီလိုဆိုရင်တော့ သူဌေးသားမို့ သူ့ကို မင်း သဘောကျနေတာ ဖြစ်ရမယ်"

"အေလင်နဲ့ ကျွန်မ တစ်လခွဲလောက်တွဲခဲ့ကြတယ်။ အဲဒီတုန်းက သူ့ကို မအောင်မြင်တဲ့ အာမခံအရောင်းစာရေးကလေး တစ်ယောက်လို့ပဲ ကျွန်မ ထင်ခဲ့တယ်"

"အင်း- ဒီလိုဆိုရင် မင်းဟာ အာသဝေါတရား ကင်းနေတဲ့ မိန်းကလေးများ ဖြစ်နေပြီလား"

"ကျွန်မကိုယ် ကျွန်မတော့ ဒီလို မထင်ပါဘူး"

"မထင်ပါဘူးဆိုတာ ဘာကို ဆိုလိုတာလဲ၊ အင်း- မင်းဟာ အပျိုစင်ကလေးပါပဲလို့ ကိုယ့်ကို ဆက်ပြောဦးတော့မှာပဲ။ ဟုတ်သလား၊ အယ်နီ၊ အပျိုစင်ကလေးပါလို့ ပြောရင်တော့ ယုံလိုက်ရတော့မှာပေါ့လေ"

"ကျွန်မပြောတာ မယုံဘူး ထင်တယ်"

"မဟုတ်ပါဘူး၊ အသက်နှစ်ဆယ် ရှိလာပြီဖြစ်တဲ့ မိန်းကလေးတိုင်းလိုလိုဟာ အပျိုမဟုတ်ကြတော့ပါဘူး။ ကိုယ် ဆိုလိုတာဟာ ဒီလိုပါလေ၊ ယောက်ျားကလေးတစ်ယောက်ကို ကိုယ်က ကြိုက်မိပြီဆိုရင် သူနဲ့အတူတူ နေပစ်လိုက်ချင်ကြတာချည်းပဲ"

"ဂျီနီနဲ့ ပတ်သက်ပြီးတော့ ရှင့်စိတ်ထဲမှာ ဒီလိုပဲ ခံစားနေရတာလား ဟယ်လင်"

"အစစ်ပေါ့၊ သူ့ကို အခုအချိန်အထိ တော့ ကိုယ် မချစ်သေးပါဘူး။အင်း ဒါပေမယ့် သူ့ကို ကိုယ် ချစ်မိသွားနိုင်တယ်"

"ကောင်းတာပေါ့လေ၊ဒီလိုဆိုရင်လည်း အချိန် နည်းနည်းစောင့်လိုက်ဦးပေါ့"

အယ်နီ ပင်ပန်းလှပြီ။ ထို့ကြောင့်လည်း နွမ်းနယ်သံနှင့် ပြန်ပြောသည်။

"မနက်ဖြန်ညကျရင်တော့ ကိုယ် ကြိုးစားကြည့်မယ်လေ။ လာမာတီနစ်မှာ ကပွဲအသစ်တစ်ခု မနက်ဖြန် ဖွင့်မယ်"

"သူနဲ့ ရှင် ချိန်းထားပြီးပြီလား"

"ချိန်းတော့ မချိန်းရသေးဘူး။ဒါပေမယ့် မနက်ဖြန် သူ့ရုံးကို ကိုယ် ဖုန်းလှမ်းဆက်လိုက်မယ်။ ပြီးတော့ သူနဲ့ ချိန်းမယ်"

"ဟယ်လင်၊ ဘာဖြစ်လို့ ရှင် မစောင့်နိုင်တာလဲ"

"ဘာကို စောင့်ရမှာလဲ"

"သူက ရှင့်ဆီကို ဖုန်းဆက်အောင် စောင့်လိုက်ပါဦးလား"

"သူ ဖုန်းဆက်တာ စောင့်နေပေမယ့် သူက မဆက်ရင် ဘယ့်နှယ်လုပ်မလဲ"

"ရှင် စိတ်မပါဘဲ သူက အကျပ်ကိုင်ပြီး အပြင်သွားဖို့ ခေါ်တယ်ဆိုရင်ကော ရှင် လိုက်ချင်ပါ့မလား"

ဟယ်လင် သမ်းသည်ကို အယ်နီ ကြားလိုက်ရသည်။

"သိပ်လိုက်မှာပေါ့ကွာ၊ တစ်ခါတလေကျတော့လည်း ယောက်ျားတစ်ယောက်က ကိုယ့်ကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သူနဲ့တွဲပြီး အပြင်သွားရတာ ကောင်းတယ် နော်"

ဂျီနီသည် သုံးညလုံးလုံး ဆက်တိုက်ကြီးတော့ အက်ဖယ်လီကို ချောင်ထိုးထားလိမ့်မည် မဟုတ်ဟု အယ်နီက စဉ်းစားကြည့်နေမိသည်။ သို့သော်လည်း ဟယ်လင် စိတ်မချမ်းသာအောင်တော့ အယ်နီ မပြောချင်။

"ဟယ်လင်၊ ကျွန်မ အခုပြောမယ့် စကားကလေးတစ်ခွန်းကိုတော့ နားထောင်စေချင်ပါတယ်။ မနက်ဖြန်ကျရင် ဂျီနီကို ဖုန်းလှမ်းမဆက်ပါနဲ့။ သူက ဆက်တဲ့အထိ စောင့်နေလိုက်ပါဦး"

"တကယ်လို့ သူက မဆက်ဘူး ဆိုရင်ကော"

"မဆက်ဘဲတော့ သူ မနေပါဘူး။ရက်ပေါင်းများစွာ ကြာအောင်တော့ မဆက်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



မနေပါဘူး။ တစ်ပတ်ကြာအောင် မနေပါဘူး"

"အောင်မယ်လေး၊ တစ်ပတ်တောင်၊ မဖြစ်ဘူး မဖြစ်ဘူး၊ အဲဒီလောက် အကြာကြီး တော့ ကိုယ် စောင့်မနေနိုင်ဘူး"

"ဒါလောက် အကြာကြီး စောင့်ဖို့ မလို ပါဘူး။ ကျွန်မ ပြောတဲ့စကားကို နားထောင် ပါ။ စောင့်ကြည့်လိုက်ပါ၊မနက်ဖြန်တော့ သွား မဆက်လိုက်ပါနဲ့၊ သုံးညဆက်တိုက်ကြီးတော့ သူနဲ့ ဆက်တွဲနေတာ မကောင်းပါဘူး"

ဟယ်လင်က သက်ပြင်းချလိုက်သည်။

"ကောင်းပြီလေ၊ ဒါပေမယ့် ကိုယ့်နည်း ကသာ အကောင်းဆုံး ဖြစ်တယ်လို့တော့ ကိုယ်ထင်နေတုန်းပဲ။ တစ်ရက်လောက်တော့ အောင့်ပြီး သူဆက်မယ့်အချိန်ကို စောင့်လိုက် မယ်။ လာမာတီနစ်ဖွင့်ပွဲကိုတော့ ကိုယ် သွား ချင်နေတာ အမှန်ပဲ"

"ရှင့်ကို လိုက်ပို့မယ့်လူ မရှိဘူးလား"

"အို ကိုယ်လိုချင်သပဆိုရင် ဘယ်သူ့ ခေါ်ခေါ် ရပါတယ်။ ကိုယ့်အဝတ်အစားတွေ ပုံဆန်းထွင်ပေးတဲ့လူကို ခေါ်သွားမလား၊ ကိုယ်နဲ့ ပြဇာတ်ထဲမှာ တွဲကနေတဲ့ မင်းသားကို ခေါ်သွားမလား၊ ခေါ်သွားစရာလူတွေ တစ်ပုံ ကြီးပါပဲကွယ်။ ဒါပေမယ့် အဲဒီလူတွေအားလုံး ငတုံးချည်းပဲ။ ယောကျ်ားတွေတော့ အများ ကြီး ရှိတာပေါ့။ ဒါပေမယ့် ယောကျ်ားစစ်စစ် က ရှားတယ်။ ဒီလို ငတုံးမျိုးတွေနဲ့ တွဲသွားရ မှာတော့ မုန်းတယ်။ 'ကျွန်မမှာ တွဲစရာ ဒီလို ငတုံးတွေပဲ ရှိပါတယ်ရှင်' ဆိုတဲ့ ဆိုင်းဘုတ်ကြီး ကိုယ့်လည်ပင်းမှာ ချိတ်သွားတာနဲ့ ဘာထူး ဦးမှာလဲ"

"ရှင်နဲ့ တွဲသွား တွဲလာလို့ သင့်တော်တဲ့ ယောကျ်ားတစ်ယောက်ယောက်တော့ ရှိမှာ ပါ"

"နယူးယောက်မြို့ကြီးကို မိန်းကလေး တစ်ယောက် ရောက်လာပြီး အောင်မြင်လာ တဲ့အခါမှာ ဒီလို ထင်ကြတာချည်းပဲ။ ဟိုတုန်း ကတော့ ကိုယ့်ပတ်လည်မှာ ယောကျ်ားတွေ ဝိုင်းနေတာပေါ့ကွာ။ ကိုယ် ဘယ်ကို သွားချင် သလဲ၊ သူက ပို့ချင် ငါက ပို့ချင်နဲ့။ မနက်စာ သွားစားချင်သလား၊ ညစာသွားစားချင်သ လား၊ ကပွဲကို သွားချင်သလား၊ ပို့မယ့်လူတွေ ဝိုင်းဝိုင်းလည်လို့။ တိုနီဆိုရင် သူ့မှာ မရှိမဲ့ ရှိမဲ့ ပိုက်ဆံကလေးနဲ့ ကိုယ် သွားချင်တဲ့နေရာတွေ လိုက်ပို့လိုက်ရတာ အမော။

တကယ်ပါပဲကွယ်၊ တိုနီကို ကိုယ် သိပ် ချစ်တယ်။ သူမှ တကယ့်ယောကျ်ား"

"ဟယ်လင် ရှင် အချစ်ဆုံးယောကျ်ား ဟာ ဖရင့် ဖြစ်ပါတယ်လို့ ကျွန်မကို ပြောဖူး တယ်ထင်တယ်"

"ဟုတ်ပါတယ်၊ ဖရင့်ကို ကိုယ့် အချစ် ဆုံးပါပဲ။ ဒါပေမယ့် တိုနီနဲ့ ဆုံရတော့လည်း စိတ်လှုပ်ရှားရတယ်။ တကယ့်ကို ယောကျ်ား စစ်စစ်ကြီး တစ်ယောက်ပါ။ ဒါပေမယ့် သူ့ အသည်းနှလုံးထဲမှာတော့ ဘာဆိုဘာမှ မရှိ ဘူး။ ဖရင့်ကတော့ အရာရာမှာ ကောင်း တယ်။ တစ်ဖက်သားကို ကြင်နာတတ်တယ်။ နောက်ပြီးတော့. . ."

ဟယ်လင်က ရှိုက်ပြီး ငိုလိုက်သည်။

"အိုး အယ်နီ၊ ဖရင့်ကို ကိုယ် ချစ်တယ်။ တကယ်ပြောတာပါ။ သူဟာ ကိုယ်ချစ်ဖူးတဲ့ တစ်ဦးတည်းသော ယောကျ်ားပါပဲ။ အခု တော့ သူ မရှိရှာတော့ဘူးကွယ်"

"ဒါပေမယ့် ဟယ်လင်၊ ရှင် ချစ်ရတဲ့ ယောကျ်ားတစ်ယောက် ရှင့်ဘဝမှာ ရှိခဲ့ဖူး သားပဲ"

အယ်နီက နှစ်သိမ့်စကား ပြောသည်။

"ကိုယ်လည်း ဒီလိုပဲ တွက်ရတော့တာ ပဲ။ ကိုယ် တကယ် ချစ်ရတဲ့ ယောကျ်ားတစ် ယောက် ရှိခဲ့ဖူးတဲ့အတွက် ကိုယ် ကံကောင်း ပါတယ်နော်။ တချို့ အမျိုးသမီးတွေများဆိုရင် တကယ် ချစ်ရမယ့်ယောကျ်ားကို ဘယ်တော့မှ တွေ့မသွားကြရရှာဘူး"

ဟယ်လင်၏လေသံသည် စိတ်ဖြေသာ သွားသည့် အသံမျိုး ဖြစ်သွားသည်။

"ဟင်နရီကိုရော ရှင် မချစ်ဘူးလား"

"ဘာကို ပြောတာလဲ"

"ရှင်နဲ့ ဟင်နရီဘယ်လာမီနဲ့ ချစ်ခဲ့ကြ ဖူးသေးတယ်ဆို၊ မဟုတ်လို့လား"

မိမိ စကားမှားသွားပြီ ဖြစ်ကြောင်း အယ်နီ သဘောပေါက်လိုက်မိလေသည်။

"ဒီအကြောင်း သူက မင်းကို ပြောပြ တာလား"

ဟယ်လင်၏ လေသံမှာ အေးတိအေး စက် ဖြစ်သွားသည်။

ထို့ကြောင့်လည်း အယ်နီ တုန်လှုပ်သွား မိလေသည်။ သူတို့၏ ရင်းနှီးမှုကလေးမှာ ချက် ချင်းပင် ပျက်စီးပြိုကွဲသွားလေတော့သည်။

"မဟုတ်ပါဘူး၊ ရှင့်အကြောင်းတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်ပြီး ဟင်နရီ ပြောပုံဆိုပုံတွေက လှိုက်လှိုက်လှဲလှဲ ရှိတာရယ်၊ ရင်းရင်းနှီးနှီး ရှိတာရယ်တွေကြောင့် ကျွန်မ ခန့်မှန်းကြည့်တာပါ"

အယ်နီက စကားချောအောင် ကြိုးစားပြောလိုက်ရသည်။ သူ့ခေါင်းထဲမှာလည်း ရှုပ်ထွေးလာတော့သည်။

"ဟေး အယ်နီ၊ လုပ်မနေစမ်းနဲ့။ ဟင်နရီအကြောင်းကို ကိုယ် ကောင်းကောင်း သိပါတယ်။ ဒါပေမယ့် ဒီအကြောင်းကို လူတွေက ဘာဖြစ်လို့ အခုထက်ထိ မမေ့နိုင်ကြသေးတာလဲ။ ကိုယ်တို့နှစ်ယောက် တစ်အိပ်ရာတည်း အတူတူ အိပ်ခဲ့ကြတာ မှန်ပါတယ်။

ဒါပေမယ့် ချစ်လို့ မဟုတ်ဘူး။ တကယ်တကယ်၊ သူ့ကိုချစ်လို့ သူနဲ့အတူတူ အိပ်ခဲ့တာ မဟုတ်ဘူး။ အဲဒီအချိန်က ကိုယ်က အသက်ငယ်သေးတယ်။ ဟင်နရီကလည်း ကိုယ့်အတွက် သိပ်အရေးကြီးနေတဲ့ပုဂ္ဂိုလ်၊ ကိုယ့်လုပ်ငန်းနဲ့ ပတ်သက်ပြီး သူ မရှိလို့ မဖြစ်ဘူး။ ကိုယ့်ရဲ့ စီးပွားရေးလုပ်ငန်းတွေကို ကိုင်တွယ်ဖြေရှင်းပေးနိုင်တဲ့လူ တစ်ယောက်မှ မရှိခဲ့ဘူး။

အို. . . ဒါတွေက ရှေးဟောင်း ရာဇဝင်ကြီးတွေပါကွာ။ သူနဲ့ ကိုယ်နဲ့ တစ်ချိန်တုန်းက ဘာတွေဖြစ်ခဲ့ဖူးတယ် ဆိုတာကိုတောင် ကိုယ် မေ့နေပြီ။ ဒါပေမယ့် အခုအချိန်အထိ သူဟာ ကိုယ့်ရဲ့ လုပ်ငန်းပိုင်းဆိုင်ရာ မန်နေဂျာပဲ။ ဒီအကြောင်းတွေ သူ့ကို ပြောပြလိုက်စမ်းပါလား"

"ဒီမှာ ဟယ်လင်၊ ကျွန်မ မပြောပါရစေနဲ့။ ဟင်နရီကို ကျွန်မ ခင်တယ်။ သူ စိတ်မချမ်းမသာ ဖြစ်မှာမျိုးကိုတော့ ကျွန်မ မလိုလားဘူး"

ဟယ်လင်က သမ်းလိုက်ပြန်သည်။

"ရယ်စရာတော့ အကောင်းသား၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းက ဟင်နရီနဲ့ ကိုယ်နဲ့ အပြင်ကို ထွက်ကြတယ်။ ကိုယ် စိတ်မဝင်စားတော့တာနဲ့ အိမ်ကို ပြန်ခဲ့ကြတယ်။ ဟင်နရီက ကိုယ့်ကို အိမ်အရောက် ပြန်ပို့ပေးတယ်။ ဟို ငယ်ငယ်တုန်းက သူနဲ့ကိုယ်နဲ့ နေခဲ့ဖူးသလို ပြန်နေကြဖို့ ကိုယ်တို့နှစ်ယောက်စလုံး ဆုံးဖြတ်လိုက်ကြတယ်။ ဒါပေမယ့် အလကားပဲ။ သူ အဘိုးကြီးဖြစ်သွားပြီ မဟုတ်လား။ သူ့အသက်က ငါးဆယ်ကျော်နေပြီလေ။ ဘာမှ အသုံးမဝင်တော့ဘူး"

အယ်နီက ဖျံ့ဩသွားသည့်အတွက် တစ်ချက် အော်လိုက်မိသည်။

"ဒါပေမယ့် ဂျိုနီလည်း ငါးဆယ်ကျော်"

"သူက အီတလီလူမျိုးကွယ့်။ အီတလီလူမျိုးဆိုတာက အသက်အိုပေမယ့် လူက ပျိုသေးတယ်။ သူတို့လို လူမျိုးက ခပ်ရှားရှားရယ်။ ဟုတ်တယ်၊ ဂျိုနီလိုလူမျိုးက ခပ်ရှားရှားရယ်။ ကိုယ်တော့ မစောင့်နိုင်တော့ဘူးဟေ့။ သူ့ကို အခုချက်ချင်း ဖုန်းဆက်ပြီး ဝွဒ်နိုက်လို့ ပြောရမယ်။ ဒါမှ ကိုယ့်အကြောင်းကို စဉ်းစားရင်း သူ အိပ်ပျော်သွားမှာ"

"ဟယ်လင်၊ ရှင် ဆက်လို့ ဘယ်တော်ပါ့မလဲ။ အခု မနက်နှစ်နာရီကြီး ရှိနေပြီ။ သူ့ကို အိပ်ရေးပျက်အောင် လုပ်လိုက်သလို ဖြစ်နေတော့မှာပေါ့"

"မတတ်နိုင်ဘူး၊ အခု သူ့အကြောင်းကို ကိုယ် စဉ်းစားနေတယ်။ သူ့ကို ကိုယ် သတိရနေတယ်။ ဒါဟာ ဘာသဘောလဲ သိသလား။ သူကလည်း ကိုယ့်အကြောင်းကို သတိရနေတယ်ဆိုတဲ့ သဘောမျိုးပေါ့။ တစ်ယောက်ယောက်ကို မင်း သတိရနေတယ်ဆိုရင် သူကလည်း မင်းကို သတိရနေလို့ပဲ"

ဟယ်လင်၏ လေသံက တရင်းတနှီး ပြန်ရှိလာပြန်သည်။

ထို့ကြောင့်လည်း သူတို့ နှစ်ယောက်၏ ခင်မင်ရင်းနှီးမှုကလေး ပျက်ပြား မသွားဘဲ ပြန်လည် အသက်ဝင်လာကြောင်း အယ်နီ သဘောပေါက်လိုက်သည်။ မိမိ အပေါ်တွင်လည်း ဟယ်လင် ပြန်လည် ယုံကြည်စိတ်ချမှု ရှိလာကြောင်း သိရသည်။

"အဲဒီလို အတွေးခေါင်မနေပါနဲ့ ဟယ်လင်၊ ဂျိုနီအကြောင်းကို ကျွန်မတို့နှစ်ယောက် ပြောနေကြတာ တစ်နာရီလောက် ရှိနေပြီ။ ပေါင်းလည်း စုံနေပြီ။ ဒီအချိန်မျိုးမှာတော့ သူ့ကို ဖုန်းလှမ်းမဆက်သင့်ပါဘူး၊ သွားမဆက်လိုက်ပါနဲ့ ဟယ်လင်"

"ကောင်းပြီလေ၊ မင်းပြောတဲ့စကားကို ကိုယ် နားထောင်ပါ့မယ်။ ကိုယ့်ကို သူ ဖုန်းလှမ်းဆက်တဲ့အချိန်အထိ ကိုယ် စောင့်နေပါ့မယ်" ဟု ဟယ်လင်က ကတိပေးသည်။

"အဲဒါ ကောင်းပါတယ်"

"အိုကေနော်၊ မနက်ဖြန်ကျမှ မင်းနဲ့ ထပ်ပြီး စကားပြောကြသေးတာပေါ့။ ကောင်းကောင်း အိပ်ပျော်နိုင်ပါစေကွယ်"

ဟယ်လင်က အိပ်ချင်မူးတူးအသံနှင့် ပြန်ပြောသည်။

*

www.burmeseclassic.com

www.burmeseclassic.com

သုံးရက်လုံးလုံး ကြာခဲ့ပြီ။

သို့သော်လည်း ဂျိနိုက ဖုန်းမဆက်။ ထို့ကြောင့် မိမိက ဖုန်းလှမ်းဆက်သင့်ပြီ ဖြစ်ကြောင်း ဟယ်လင်က အယ်နီကို နေ့စဉ်နှင့်အမျှ မမောနိုင် မပန်းနိုင် လှမ်းလှမ်းပြောနေသည်။ အယ်နီ ရုံးသွားနေသည့်အခါတွင်လည်း ရုံးသို့ ဖုန်းဆက်ပြီး ထိုအကြောင်းကိုပဲ တကျည်ကျည် ပြောသည်။ အေလင်နှင့် အပြင်သွားဖို့ အဝတ်အစား လဲနေတုန်းမှာလည်း ထိုအကြောင်းပင် ဖုန်းဆက်ပြောပြန်သည်။ တစ်ခါတစ်ရံကျတော့ အပြင်မှ ပြန်လာပြီး အိပ်ကောင်းနေတုန်း မနက် နှစ်နာရီလောက်ကြီးမှာ သူ့ထံမှ ဖုန်းဆက်ပြန်သည်။

နီလီကလည်း သခွတ်ပင်က မီးတကျည်ကျည်။အယ်နီထံမှ အကြံဉာဏ်ကိုသာတောင်းနေသည်။ မဲလ်နှင့်အတူတူ ဘရွတ်ကလင်မြို့သို့ လိုက်သွားပြီး သူတို့မိသားစုနှင့် ညစာစားမည်ဟု ပြောသည်။ ထို့ကြောင့် မည်သည့်အဝတ်အစားမျိုး ဝတ်ဆင်သွားသင့်ကြောင်းကိုလည်း မေးသည်။ သူက တာဖက်တာကို ဝတ်သွားချင်သည်။ အယ်နီက အညိုရောင်သိုးမွေးထည်ကလေးကို ဝတ်သွားဖို့ အကြံပေးသည်။

"ဂီး၏ အဲဒါကြီးက အဟောင်းကြီး၊ နှစ်နှစ်လောက် ရှိနေပြီ"

မည်သို့သော အဝတ် ဝတ်သွားသင့်ကြောင်းကို မဆုံးနိုင်အောင် အငြင်းအခုံ ဖြစ်ကြသည်။ နောက်ဆုံးကျတော့မှ နီလီက အရှုံးပေးပြီး အယ်နီပြောသည့်အတိုင်း အညိုရောင်သိုးမွေးထည်ကလေး ဝတ်သွားရန် သဘောတူတော့သည်။

ရုံးမှာလည်း အလုပ်များလွန်းလှသည်။ အက်ဒ်ပဲဟိုလ်ဆန်၏ ရေဒီယိုဇာတ်လမ်းအတွက် အလုပ်များနေကြသည်။ အယ်နီလည်း တစ်ယောက်တည်းတည်း ချာချာလည်နေသည်။ နီလီကလည်း သူ့အကူအညီကိုလိုသည်။ ဟင်နရီကလည်း သူ့အကူအညီကိုလိုသည်။ ဟယ်လင်ကလည်း သူ့အကူအညီကိုပင် တရစပ်တောင်းခံနေသည်။

ဇဝရက်တောင်ထိပ်သို့ အယ်နီ တက်နေခြင်း ဖြစ်ပါသည်။ သူ ရှုရှိုက်နေရသည့်လေက ခွန်အားသစ်များကို တိုးပွား ဖြစ်ပေါ်စေသည်။ ပြီးတော့ အလွန်တရာလည်း အံ့သြစရာကောင်းလှသည်။ စက္ကန့်တိုင်း၊ စက္ကန့်တိုင်း အခက်အခဲမျိုးစုံနှင့် ကြုံတွေ့နေရခြင်းသည် လူ့ဘဝ၏ သဘောပင် ဖြစ်ပေသည်။ ဘေးမှထိုင်ကြည့်နေရသည့် ပွဲကြည့်ပရိသတ်မျိုး မဟုတ်။ ကိုယ်တိုင်ကိုယ်ကျ ပါဝင်သရုပ်ဆောင်နေရသည့် ဘဝမျိုး ဖြစ်သည်။

လေးရက်မြောက်နေ့သို့ ရောက်လာသည်။ ဂျိနိုဘက်က တိတ်မြဲ တိတ်နေသည်။ ဟယ်လင်ကလည်း အတင်းအကျပ် တောင်းဆိုနေတော့သည်။

"ကိုယ်ပြောတာ နားထောင်စမ်း၊ သူ ဘယ်လောက် အလုပ်များများ ကိုယ်တော့ ဂရုမစိုက်ဘူး။ ယောကျ်ားတစ်ယောက်က ကိုယ့်ကို စိတ်ဝင်စားပြီဆိုရင် အနည်းဆုံး နှုတ်ဆက်စကားကလေးလောက်တော့ ပြောနိုင်ရမှာပေါ့"

ဟယ်လင်က တယ်လီဖုန်းထဲမှနေ၍ အော်ပြောသည်။

"ဒီလိုဆိုရင် ကျွန်မ တွေးထားတာ မှားသွားတာ ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် သူက ရှင့်ကို ဂရုမစိုက်လို့ မဆက်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

အယ်နီက စကားမှားမသွားအောင် သတိထားပြီး ပြောသည်။

ပြဇာတ်သွားကြည့်ရန် အေလင်ကလည်း လက်မှတ်ဝယ်ထားသည်။ ယခု အချိန်လည်း နောက်ကျနေပြီ။ အိမ်သို့ပြန်ပြီး အဝတ်အစားလဲရဦးမည်။

"သူ ကိုယ့်ကို ချစ်ပါတယ်၊ ကိုယ့်စိတ်ထဲမှာ အလိုလို သိနေပါတယ်။ ကိုယ်တော့ သူ့ကို အခုပဲ လှမ်းဆက်လိုက်တော့မယ်"

ဟယ်လင်ကလည်း အကျောက်အကန် ပြောနေသည်။

"ဟယ်လင် ကျေးဇူးပြုပြီးတော့. . ."

"နားထောင်စမ်း၊ မင်းပေးတဲ့ အကြံဉာဏ်တွေဟာ အလကားဟာတွေချည်းပဲ။ ဒါကြောင့် မင်းအကြံဉာဏ်တွေကို လိုက်နာဖို့ မလိုတော့ဘူး။ မင်း ပြောစကားတွေကို နားထောင်မနေနိုင်တော့ဘူး"

"ဒါပေမယ့် သူက ကိုယ့်ကို ဂရုစိုက်တယ်ဆိုရင် သူက ဖုန်းဆက်လိမ့်မယ်လို့ ရှင်ပြောဖူးတယ် မဟုတ်လား"

အယ်နီကလည်း စိတ်ရှည်လက်ရှည်ဖြင့်ပင် ပြန်ပြောသည်။

"သက်သက်မယ့် အချိန်တွေ ကိုယ် ခံနိုင်

www.burmeseclassic.com

www.burmeseclassic.com



မိတယ်။ ဟိုတုန်းကသာ သူ့ကို ဖုန်းဆက်ခဲ့မိရင် အခုလောက်ဆို အကျင့်တောင် ဖြစ်နေပြီ။ ကိုယ်တို့နှစ်ယောက် တယ်လီဖုန်းနဲ့ အမြဲတမ်း စကားပြောဖြစ်နေလောက်ပြီ။ ဒုက္ခပါပဲ၊ ဘဝ ရဲ့ကံကြမ္မာက ဘယ်လိုများ ဖန်လာလေတယ် မသိဘူး။ ဒါမျိုးတွေနဲ့ချည်း တွေ့ရတာပဲ"

ဟယ်လင် စတင်ငိုကြွေးလေတော့သည်။

"ကိုယ် တကယ် ပြောတာပါ အယ်နီ၊ ယောကျ်ားတစ်ယောက်ကို ကြိုက်မိပြီဆိုရင် ကိုယ်ဟာ ခေါက်ထားတာ ခံရတော့တာချည်းပဲ။ ဒါကြောင့် ကိုယ့်ဘဝမှာ အသည်းနာစရာ တွေနဲ့ချည်း တွေ့ရတာ။ တခြား မိန်းကလေး တွေထက် ပိုပြီး စိတ်ဆင်းရဲခဲ့ရတာ။ ကိုယ့်မှာ စိတ်ချမ်းသာစရာ ဘာမှ မရှိဘူး။ အလုပ်မဲ့ လုပ်နေရတာပဲ။ အလုပ်လုပ်ပြီးရင် အလုပ် လုပ်၊ ပိုက်ဆံတွေရှာ တခြားလူတွေ ချမ်းသာ အောင် လုပ်ပေး၊ ကိုယ့်ဘဝကျတော့ အဖော် မရှိဘဲ တစ်ယောက်ထီးတည်း။

မင်း စဉ်းစားကြည့်ပါ အယ်နီ၊ ကိုယ့်ကို ဂျိုနီ သဘောကျတယ်လို့ ကိုယ်ထင်ပါတယ်။ အယ်လ်မိုရိုကိုမှာ တွေ့တဲ့ညတုန်းက ဒီအ တိုင်း မင်း ကိုယ့်ကို ပြောခဲ့ဖူးတယ် မဟုတ် လား။ ကိုယ့်ကို သဘောကျတယ်ဆိုရင် ဘာ ဖြစ်လို့ တယ်လီဖုန်းကလေးမှ ကိုယ့်ဆီကို သူ လှမ်းမဆက်ရတာလဲ အယ်နီ"

အယ်နီ စိတ်မကောင်း ဖြစ်သွားသည်။ မိန်းမချင်း ကိုယ်ချင်းစာနာစိတ်လည်း ပေါ် လာသည်။ ယခုကိစ္စနှင့် ပတ်သက်၍ မိမိတွင် တာဝန်ရှိနေသည်ဟုလည်း ခံစားလိုက်မိသည်။ သူတို့ကို မိမိက မိတ်ဆက်ပေးခဲ့မိခြင်း ဖြစ် သည်။ တယ်လီဖုန်းကလေး တစ်ကြိမ်လောက် မှ မဆက်ဘူး ဆိုတော့လည်း ဂျိုနီဘက်က တရားမျှတရာ မကျပေ။ တစ်ခါလောက် တွေ့ လိုက်ရရုံနှင့် ဂျိုနီအဖို့ မည်သို့မျှ စိတ်ဝင်စားမှု မရှိသလို ဖြစ်နေသည်။ အလွန် စိတ်ကြီးဝင် တတ်သည့် လူစားမျိုးပင် ဖြစ်လေသလား။

"ဟယ်လင်၊ တစ်ရက်လောက်တော့ ထပ်ပြီး စောင့်ကြည့်လိုက်ပါဦးလား"

ထိုနေ့ည ပြဇာတ်ရုံကအပြန်တွင် အယ်လ် မိုရိုကိုဟိုတယ်သို့သွားရန် အယ်နီက အေလင် ကို အကြံပေးသည်။

ဟိုတယ်သို့ရောက်တော့ ထိုင်နေကျ စားပွဲမှာ ထိုင်နေသည့် ဂျိုနီကို တွေ့ရသည်။

သူတို့နှစ်ယောက် ဝင်သွားသောအခါ ဝမ်းသာအားရ လက်လှမ်းပြသည်။ ကတိုးသား ရေအကျီအသစ်ကို ဝတ်ထားသည့် အက်ဒယ် လီကိုလည်း တွေ့ရသည်။ ဂျိုနီနှင့်ဆက်ဆံရာ တွင် အပြန်အလှန် လိုက်လျောမှု ရှိနေသည် ကိုလည်း တွေ့ရသည်။

ခဏကြာတော့ ရွှန်နီဝုဖ်လည်း သူတို့ ဝိုင်းသို့ ရောက်လာသည်။ နောက်တစ်နေ့ည တွင် ကပွဲတစ်ခု ဖွင့်မည့် အကြောင်းကို အက် ဒယ်လီက ပြောပြနေသည်။ ဂျိုနီကလည်း ဧည့်ခံပွဲတစ်ပွဲ သူ လုပ်မည့်အကြောင်းနှင့် အယ်နီနှင့် အေလင်တို့ နှစ်ယောက် တက် ရန်လည်း ဖိတ်နေသည်။

အယ်လ်မိုရိုကိုသို့ လာမိသည်မှာ မှားပြီ ဟု အယ်နီ တွေးမိသည်။ ဘာကြောင့် သူ လာမိသနည်း။

မိမိကို မြင်လိုက်ရလျှင် ဟယ်လင်ကို ဂျိုနီ ပြန်ပြီး အမှတ်ရလိမ့်မည် ဟူသော ထင် တစ်လုံးနှင့် လာမိခြင်း ဖြစ်သည်။ ထိုထင်တစ် လုံးကော မှန်နိုင်ပါမည်လော။

ဂျိုနီက အက်ဒယ်လီကို တယုတယ ရှိ လှသည်။ ထိုသို့ နေထိုင်ကြသည်ကို မြင်ရ သောအခါ ဟယ်လင်အတွက် စိတ်မကောင်း ဖြစ်မိသည်။

"ကဲ- လာ အယ်နီ၊ ကျုပ်နဲ့ တစ်ပွဲ လောက် ကလိုက်ကြရအောင်"

ဂျိုနီက ထိုင်ရာမှထပြီး သူနှင့်အတူ တွဲ ကရန် ပြောသည်။

"ကိုယ့်သားရဲ့ ဇနီးလောင်းနဲ့ တစ်ခါမှ တွဲမကရသေးဘူး" ဟုလည်း ရွှန်နီကို လှမ်း ပြောသည်။

ကပွဲနေရာဆီသို့ သူတို့ နှစ်ယောက် လျှောက်လာကြသည်။ လမ်းတစ်လျှောက် မြင်တွေ့ရသူများကို ဂျိုနီက ခေါင်းညိတ်ပြပြီး နှုတ်ဆက်လာခဲ့သည်။ ပြီးတော့ အယ်နီကို လေသံတိုးတိုးဖြင့် ပြောသည်။

"ကျုပ်ကို တစ်ခုလောက် အကူအညီ- ပေးပါ အယ်နီ၊ ဟယ်လင်လော်ဆန် ကျုပ်ကို ကပ်နေတာ ဆက်မကပ်အောင် လုပ်ပေးစေ ချင်တယ်"

"ကျွန်မ နားမလည်ပါဘူးရှင်"

အယ်နီက အရိုးခံသက်သက်ကလေးကို ပြန်ပြောလိုက်သည်။

"ဒီနေ့ည ကျုပ်ဆီကို သူ ဖုန်းလှမ်းဆက် တယ်။ ကျုပ်တို့ ဘယ်တော့လောက် ချိန်းပြီး

www.burmeseclassic.com

www.burmeseclassic.com


အပြင်သွားကြဦးမလဲဆိုတာ သိချင်လို့တဲ့။ ကျုပ်က သူ့ကို ဖုန်းမဆက်လို့ သူ စိတ်မချမ်းမသာ ဖြစ်ရတဲ့အကြောင်းတွေ ပြောပြနေတယ်"

"ရှင်ကရော ဘာဖြစ်လို့ မဆက်တာလဲ၊ သူ့ကို ရှင် သဘောကျနေတယ်လို့ ကျွန်မက ထင်တားတာ"

"သဘောကျပါတယ်၊ သူဟာ မဆိုးပါဘူး။ သူ့ကိုလည်း ချိန်းပြီး အပြင်ထွက်လည် ချင်ပါတယ်။ ရယ်စရာ မောစရာတွေလည်း သူ ကောင်းကောင်း ပြောတတ်တယ်။ တကယ်လို့ သူက ချိန်းစေချင်သပဆိုရင် ကျုပ် တစ်ခါ လောက်တော့ ချိန်းပါမယ်"

"ဒီလိုဆိုတော့ သူ့ကို သက်သက်အထင်သေးသလို ဖြစ်နေပါလိမ့်မယ်"

အယ်နီ၏လေသံက အေးတိအေးစက်ဖြစ်သည်။ ဂျီနီက သူ့လေသံကို ပိုနှိမ့်ပြီး ခပ်တိုးတိုး ပြောသည်။

"အယ်နီ၊ အမှန်ကတော့ ဒီအကြောင်းနဲ့ ပတ်သက်ပြီး မင်းကို ပြောမပြသင့်တာ မှန်ပါတယ်။ ဒါပေမယ့် အဖြစ်မှန်ကို မင်း သိစေချင်လို့ ပြောပြရဦးမယ်။ ဟိုတစ်ညက မင်းကို အရင်ပို့ပေးပြီး အယ်လင်ကို ဒုတိယ ပို့ပေးတယ်။ ကားပေါ်မှာ ကျုပ်တို့ နှစ်ယောက်တည်းကျန်တော့ သူက ကျုပ်ကို မတော်တရော်လုပ်တယ်။ ပြီးတော့ သူ့အိမ်ပေါ်လိုက်ပြီး တစ်ခုခု ဆက်သောက်ဖို့ ပြောတယ်။ ကျုပ်က ဘာမှ နားမလည်သလို လုပ်နေလိုက်ရတယ်။ ကျုပ် အသက်အရွယ်နဲ့ ကျုပ် အတွေ့အကြုံနဲ့ ဒါမျိုးတွေ့ နေကျနေပါပြီကွယ်"

"သူဟာ ဖွဲ့လမ်းစရာကောင်းတဲ့ အမျိုးသမီးတစ်ယောက်လို့ ကျွန်မ ထင်ပါတယ်"

အယ်နီက ခပ်လေးလေး ပြန်ပြောသည်။

"မင်းစိတ်ထဲမှာ ဒီလိုထင်နေတာက သူဟာ အသက်ကြီးပြီ။ မင်းအမေ အရွယ်လောက် ဖြစ်နေပြီ။ နောက်ပြီးတော့ မင်းဟာ အသက်ကြီးတဲ့လူတွေကို ရိုသေတတ်တယ်။ သူ့အနုပညာကိုလည်း လေးစားတယ်။ ဒါကြောင့် သူ့ကို မင်း အထင်ကြီးနေတာပါ။ ဒါပေမယ့် ကျုပ် ပြောတာကို နားထောင်ဦး အယ်နီ၊ ယောကျ်ားတစ်ယောက်အဖို့ ဆိုရင်တော့ သူဟာ ဖွဲ့မက်စရာကောင်းတဲ့ အမျိုးသမီး မဟုတ်ဘူး။ ဟုတ်ပါတယ်၊ ဇာတ်ခုံပေါ်မှာ သူ ကနေတဲ့အခါ၊ သူ သီချင်းဆိုနေတဲ့အခါမှာတော့ ဖွဲ့မက်စရာကောင်းတာ မှန်ပါတယ်။ အဲဒါက သူ့ကို ကိုင်လို့ တွယ်လို့ ထိလို့တွေ့လို့မှ မရနိုင်ဘဲကိုး။ ဒါပေမယ့် သူနဲ့ ချစ်ဖို့ ကြိုက်ဖို့ဆိုတာကျတော့. . ."

ဂျီနီက စကားကို တစ်ပိုင်းတန်းလန်းဖြတ်ပြီး စားပွဲမှာ ထိုင်ကျန်ရစ်ခဲ့သည့် အက်ဒယ်လီကို လှမ်းကြည့်သည်။

"ကိုယ့်လက်ထဲမှာ ရှိနေတဲ့ အမျိုးသမီးကိုပဲ ကိုယ် စိတ်ဝင်စားတယ်"

အယ်နီက အသက်ပြင်းပြင်း ရှူလိုက်သည်။ ယခုလို ခါးခါးသီးသီး အပယ်ခံလိုက်ရသည့်အတွက် ဟယ်လင် စိတ်မချမ်းမသာ ဖြစ်မည်ကို သူ မမြင်ရက်အောင် ဖြစ်နေမိသည်။

မည်သို့ဆိုစေ အချိန်ကလေး နည်းနည်းလောက် စောင့်လိုက်လျှင်၊ ပြဇာတ်အဖွဲ့နှင့် နယ်ထွက်သွားရလျှင် သည်အကြောင်းတွေကို ဟယ်လင် မေ့သွားနိုင်စရာ အကြောင်းတော့ ရှိပါသည်။ သို့သော်လည်း လောလောဆယ်တော့ ဟယ်လင်ခမျာ အကြီးအကျယ် စိတ်ဒုက္ခရောက်နေရရှာသည်။

"ကျွန်မတော့ ရှင့်ကို အံ့ဩမိတယ် ဂျီနီ၊ ရှင်လိုလူမျိုးတစ်ယောက်ပေ့ါလေ၊ ဒါလောက် ကြီးကျယ်တဲ့ လုပ်ငန်းကြီးတွေကို အောင်မြင်အောင် တည်ထောင်ထားနိုင်တဲ့ ရှင်လိုလူမျိုးက ဒီလို စိတ်ထားမျိုး ထားနိုင်တဲ့အတွက် ကျွန်မ ပိုပြီး အံ့ဩမိတာပါ။ မျက်နှာကလေးချောရုံလှရုံနဲ့ အဲဒီမိန်းကလေးကို ချစ်လိုက်နိုင်တယ်လို့ ဆိုလိုတာလား၊ ဟယ်လင်လော်ဆန်ဟာ လူတွေ ပြောစရာဖြစ်အောင် စွဲပြီး ကျန်ရစ်ခဲ့ရမယ့် အနုပညာသည်တစ်ယောက်ပါ"

"ဟော ကိုယ်ပြောတာကို မင်း သဘောမပေါက်သေးဘူး အယ်နီ၊ အချစ်စစ် အချစ်မှန် အကြောင်းကို ကိုယ်ပြောနေတာ မဟုတ်ပါဘူး။ ဟောဟို မိန်းကလေးနဲ့ ကိုယ်နဲ့လည်း ချစ်နေကြတာ မဟုတ်ပါဘူး။ ကိုယ့်ဘဝမှာ တစ်ခါ ချစ်ခဲ့ဖူးပါတယ်။ အဲဒါကတော့ အေလင့်အမေပဲ။

ဒါပေမယ့် ကိုယ့်အသက်အရွယ် ရောက်မှတော့ အချစ်အကြောင်းကို စဉ်းစားနေလို့ မဖြစ်နိုင်တော့ဘူး။ ဒီအရွယ်ကြီးကျမှ အချစ်အကြောင်း စဉ်းစားနေရင် ဒုက္ခရောက်ဖို့သာ ပြင်ပေတော့။ ဒီအရွယ်မှာ အချစ်ဆိုတာ မလိုတော့ပါဘူး။ ကိုယ့်အဖို့ ရုပ်ချောချောနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကိုယ်ပေါက် အချိုးပြေပြေ မိန်းကလေး တစ်ယောက်လောက်ကို လိုချင်တယ်။

ဒါလောက်ပါပဲ၊ အဲဒီမိန်းကလေးဟာ ဉာဏ်ပညာကြီးကျယ်ဖို့ မလိုဘူး။ စဉ်းစားတတ်ဖို့ မလိုဘူး။ တိုင်းသူပြည်သားတွေက တသသ စွဲမက်ပြီး ကျန်ရစ်ခဲ့ဖို့ မလိုဘူး။ ကိုယ့်ဘက်ကလည်း အဲဒီမိန်းကလေးကို သူလိုတာ ပြန်ပေးမယ်။ ဝတ်ချင်သလား၊ စားချင်သလား၊ ပျော်ချင်ပါးချင်သလား၊ သူလိုတာ ပြန်ပေးမယ်။ ကိုယ်တို့ အသက်အရွယ်ကျတော့ ဒါလောက်ပဲ ရှိတော့တယ်။ ဟယ်လင်ဟော်ဆန်လို မိန်းမမျိုးဆီက ကိုယ်က ဘာလိုချင်ရမှာတုံး၊ အမှန်တော့ ဒီမိန်းမကြီးဟာ နွားသိုးကြိုးပြတ် အစားထဲကပဲ။

ဒါကြောင့် ပြောနေတာပါ အယ်နီ၊ ကိုယ့်ကို ဒီတစ်ခုတော့ ကူညီစမ်းပါ။ ကိုယ့်ကို သူ လိုက်ပြီး ကပ်မနေပါစေနဲ့။ ဒီလို လိုက်ကပ်နေမယ်ဆိုရင် သူ စိတ်မချမ်းမသာ ဖြစ်အောင် ကိုယ် ပြန်စော်ကားမိတော့မယ်"

"ဒါပေမယ့် သူတို့ပြဇာတ်ဖွင့်ပွဲနေ့ကျရင် နယူးဟဲဗင်းကို ရှင် သွားဦးမှာ မဟုတ်လား"

"ဘယ်လို နယူးဟဲဗင်းလဲ"

"ဂျိုနီ၊ ဒီအကြံကို ရှင်ကပဲ စပြောတာပဲ။ ရှင် ကတိပေးခဲ့တယ်လေ"

"နယူးဟဲဗင်း၊ အင်း ဒုက္ခပါပဲ။ ရထားနဲ့ အကြာကြီး စီးသွားရမယ့် နေရာပဲ။ ကိုယ် အရက်မူးလွန်ပြီး ပြောခဲ့မိတာ ဖြစ်ပါလိမ့်မယ်။ ဟိုကို ကိုယ်တို့ လာဖို့အတွက်လည်း သူ ဒါလောက် စိတ်အားထက်သန်မှာ မဟုတ်ပါဘူး။ ဗီလာဒီလ်ဖီးယားကျရင် လာခဲ့မယ်လို့ သူ့ကို ပြောပြလိုက်ပါ"

"ရှင် တကယ် လာမှာလား"

"မလာပါဘူး၊ အဲဒီရက်ကိုရောက်ဖို့ အဝေးကြီးလိုသေးတယ် မဟုတ်လား။ ဒီကြားထဲမှာ ကိုယ် တစ်ခုခုကို စဉ်းစားနိုင်တာပေါ့"

"မဖြစ်ပါဘူး ဂျိုနီ၊ သူဟာ ကျွန်မရဲ့မိတ်ဆွေပါ။ ဒီအမှုကြီးထဲ ကျွန်မ မပါ ပါရစေနဲ့"

"ကောင်းပြီလေ၊ ဒီလိုဆိုရင် ကိုယ်ကိုယ်တိုင် သူ့ကို ပြောလိုက်မယ်။ မင်းဟာ အသုံးမဝင်တော့တဲ့ နွားအိုမကြီး၊ ဖြစ်သွားပြီလို့။ ဒါကြောင့် ငါ့ကို လိုက်ကပ်မနေတော့နဲ့လို့"

"ဒီအတိုင်းသာ ရှင် ပြောလိုက်ရင်တော့ ကျွန်မတစ်သက် ရှင့်ကို ခွင့်လွှတ်နိုင်တော့မှာ မဟုတ်ဘူး"

အယ်နီ၏ အသံက တည်ငြိမ်နေသည်။ သို့သော်လည်း သူ့မျက်လုံးများက ဒေါသစိတ်ကြောင့် ညို့မှိုင်းနေသည်။

ဂျိုနီက သူ့ကို ငုံ့ကြည့်သည်။ ပြီးတော့ ပြုံးသည်။

"အယ်နီ အယ်နီ၊ ကိုယ့်ဆီက မင်း ဘာများ လိုချင်နေတာလဲ။ သူ စိတ်ထိခိုက်အောင် ကိုယ် မလုပ်ချင်ပါဘူး။ ဒါပေမယ့် သူ့အလိုကို လိုက်ပေးနေရတဲ့ သူ့အချစ်တော် တစ်ယောက်လည်း အဖြစ်မခံနိုင်ဘူး"

"သူ ပြဇာတ်ဖွင့်တဲ့နေ့မှာ ဖီလာဒဲလ်ဖီးယားလောက်ကိုတော့ ရှင် လိုက်သွားသင့်တာပေါ့"

"အဲဒီကို လိုက်သွားတဲ့အတွက် ဘာဖြစ်မှာလိုက်လို့၊ သူ့ကို အားပေးအားမြှောက်လုပ်တဲ့ သဘောမျိုးပဲ ဖြစ်တော့မှာပေါ့"

"ကျွန်မတော့ ဒါလောက် အလေးအနက် သဘောမထားမိဘူး။ ရှင်ဟာ မိန်းမတွေ စွဲမက်စရာကောင်းလောက်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်ပါတယ်။

ဒါပေမယ့် ရှင်က မျက်နှာလွှဲခဲပစ် လုပ်လိုက်ရင်လည်း ဟယ်လင် ယူကျုံးမရ ဖြစ်နေလိမ့်မယ်လို့ ကျွန်မ မထင်မိဘူး။ ရှင်တို့နှစ်ယောက်ကို ကျွန်မက မိတ်ဆက်ပေးခဲ့တယ်။ တစ်ယောက်ယောက်က ကတိတစ်ခု ပေးမိပြီဆိုရင် အဲဒီကတိကို တည်အောင် ထိန်းသိမ်းစေချင်ပါတယ်။ ဘရော့ဒ်ဝေးဇာတ်ရုံမှာ သူ့ပြဇာတ် ရုံတင်တယ်ဆိုရင် ရုံပေါက်ဝကစောင့်ပြီး သူ့ကို နှုတ်ဆက်တာလောက်တော့ လုပ်သင့်တာပေါ့"

"ကောင်းပါပြီလေ၊ ကိုယ့်မိသားစုထဲကို ရောက်လာတော့မယ့် မိန်းကလေး တစ်ယောက်အတွက်တော့ ကိုယ် အလိုလိုက်ရတော့မှာပေါ့။ မင်းပြောတဲ့အတိုင်း ကိုယ် လက်ခံပါ့မယ်။ ဖီလာဒဲလ်ဖီးယားကို လိုက်သွားပါ့မယ်။ နောက်ဆုံးရထားစီးပြီး ညတွင်းချင်း ကိုယ် ပြန်လာနိုင်တာပေါ့။ ဒါပေမယ့် အဲဒီရက်မတိုင်ခင် အထိတော့ ကိုယ့်ကို လိုက်ကပ်မနေဖို့ ပြောပေးပါ။ ဒါလောက်ဆိုရင်ရောမင်း သဘောတူနိုင်ပါ့မလား"

"ကောင်းပါပြီ ဂျိုနီ၊ ကျွန်မ သဘောတူပါတယ်"

*

www.burmeseclassic.com



ဟယ်လင်ကလည်း အပြောရ အလွန်ကျပ်သည့် အမျိုးသမီးတစ်ယောက် ဖြစ်သည်။ စီးပွားရေး လုပ်ငန်းသစ် တစ်ခုအတွက် ဂျိုနီ အလုပ်များနေကြောင်း အယ်နီက လန်ကြုပ် ဇာတ်လမ်းဆင်ပြီး ပြောပြရသည်။ ဖီလာဒဲလ်ဖီးယား ဇာတ်ရုံဖွင့်ပွဲသို့မူ သူ လာမည်ဖြစ်ကြောင်း ရှင်းပြသည်။

"သူ အလုပ်များနေတယ် ဆိုတာက ဘာကို ဆိုလိုတာလဲ၊ ကိုယ်ကရော အလုပ်မရှိ အလုပ်ရှာပြီး ဟိုဒင်း သန်းရှာနေနိုင်လို့လား။ ကိုယ်လည်း အလုပ်များနေတာပဲ မဟုတ်လား"

ဟယ်လင်က ပြန်မေးသည်။

"ဒါပေမယ့် နယူးဟဲဗင်ကို လာတာထက် ဖီလာဒဲလ်ဖီးယားကို ပိုပြီး လာစေချင်တယ်လို့ သူ့ကို ရှင်ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ သူ အလုပ်များတယ်ဆိုလို့ ပြောနေတာပါ။ ဒီမှာကြည့်၊ ကိုယ့်မှာ ဘယ်လောက်ပဲ အလုပ်များနေနေ လူတစ်ယောက်ကို ကိုယ် သဘောကျမိပြီဆိုရင် သူနဲ့ တွေ့နိုင်အောင် ကြံဖန်ပြီး အချိန်ပေးမိမှာ အမှန်ပဲ အယ်နီ"

"ဒီလိုဆိုရင်လည်း ဂျိုနီကို မေ့ပစ်လိုက်တော့၊ သူဟာ ဒါလောက် စိတ်ဒုက္ခခံပြီး စောင့်စားနေရလောက်အောင် တန်ဖိုးရှိတဲ့ လူတစ်ယောက် မဟုတ်ပါဘူး"

အယ်နီက စိတ်ပင်ပန်းနွမ်းနယ်စွာဖြင့် ပြန်ပြောသည်။

"ဒါပေမယ့် ကိုယ့်မှာ တွဲဖို့ ယောကျ်ား တစ်ယောက်လောက် လိုနေတယ် အယ်နီ၊ ကိုယ့်မှာ တွဲစရာ တစ်ယောက်မှ မရှိဘူး။ ဒါကြောင့် ဂျိုနီကို ကိုယ်ရမှဖြစ်မယ်"

ဟယ်လင်က သူ၏ အသံသေးသေးကလေးနှင့် ပြန်ပြောသည်။

"ဟယ်လင်၊ ဂျိုနီဟာ မိန်းကလေးတစ်ယောက်ကို အတည်ကြံချင်တဲ့ လူစားမျိုး မဟုတ်ဘူးနော်။ မိန်းမကောင်းတစ်ယောက်နဲ့ ထိုက်တန်တဲ့ လူစားမျိုး မဟုတ်ဘူး"

"ဟုတ်ပါတယ်၊ သူ့အကြောင်း ကိုယ် သိပါတယ်။ ဟို. . . ဘာလဲ အက်ဒယ်လီဆိုလား၊ မင်းသမီးပေါက်စတစ်ကောင်နဲ့ တွဲနေတာ ကိုယ် သိသားပဲ"

"ဒါဆို ရှင် သိထားပြီးသားလား"

"သိတာပေါ့၊ သတင်းစာထဲမှာ သူတို့အကြောင်း ဖတ်နေရတာပဲ။ ဒါပေမယ့် မင်းစဉ်းစားကြည့်၊ အဲဒီကောင်မနဲ့ တွဲနေတဲ့အချိန်မှာပဲ သူ ကိုယ့်ကို အပြင်ခေါ်ပြီး တွဲခဲ့သေးတယ် မဟုတ်လား။

ဒါကြောင့် အဲဒီကောင်မကို သူ တန်းတန်းစွဲ မဖြစ်ဘူးဆိုတာ သေချာတာပေါ့။ နောက်ပြီးတော့ ဒီကောင်မနဲ့ သူနဲ့ တွဲနေတာ ခြောက်လကျော်သွားပြီ။ ဒါတောင် သူနဲ့ အတည်တကျ တွဲနိုင်ဖို့ အဲဒီ ကောင်မကို အလုပ် မထွက်ခိုင်းဘူး။

ဒါကြောင့် သူဟာ အတွဲပြောင်းတော့မယ်ဆိုတာ ခန့်မှန်းလို့ရနေပြီ။ သူ နောက်ထပ်ပြောင်းမယ့်အတွဲဟာ ကိုယ်ပဲ ဖြစ်ရမယ်။သူနဲ့ ကိုယ်နဲ့ တွဲခဲ့တဲ့ နှစ်ညစလုံးမှာ ကိုယ်တို့ အဆင်ပြေခဲ့ကြသားပဲ။ ကိုယ့်ကို သူ သဘောကျနေတယ်ဆိုတာ ကိုယ် ပြောရဲပါတယ်။

ဒါပေမယ့် ကိုယ့်ကို အရှိန်နဲ့ သူ နည်းနည်း လန့်နေပုံရတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်က နာမည်ကြီး မင်းသမီး မဟုတ်လား။ အခုပဲ သူ့ကို ကိုယ် ဖုန်းလှမ်းဆက်တော့မယ်"

"ဟယ်လင်"

"ဘုရားသခင်ရဲ့ အလိုတော်အတိုင်းသာ ဖြစ်ပါစေတော့ကွယ်။ သူက ကိုယ်နဲ့ မတွေ့ချင်ဘူးဆိုရင် သူ့ကို ကိုယ် မတွေ့တော့ဘူး။ ဒီအတိုင်းထိုင်ပြီး သူ့ကို ဖုန်းမဆက်ဘဲ နေမိရင် သူ ဘယ်တော့မှ ရောက်လာမှာ မဟုတ်ဘူး"

"ဟယ်လင်၊ ဖီလာဒဲလ်ဖီးယားကို သူ လာမှာပါ"

"ဘယ်လိုလုပ်ပြီး ကိုယ်က စိတ်ချနေနိုင်မှာလဲ"

"ဘာကြောင့်လဲဆိုတော့ ဒေလင်နဲ့ ကျွန်မလည်း ရှင်တို့ ရုံဖွင့်ပွဲကို လာကြမှာပဲ။ သူ လိုက်လာရပါစေ့မယ်လို့ ကျွန်မ ကတိပေးပါတယ်"

ထိုစကားကို ကြားတော့ ဟယ်လင်၏ အသံက ပြန်လည် မြူးကြွလာပြန်သည်။

"အိုကေ၊ မဆက်ဘဲနေတာ အကောင်းဆုံး ဖြစ်မယ်လို့ပဲ သဘောထားလိုက်ကြပါစို့။ နောက် ဆယ်ရက် ကြာရင်တော့ ပွဲကြီးပွဲကောင်းပဲ။ ဖီလာဒဲလ်ဖီးယားမှာ ပထမ ညပွဲကပြီးရင် ဧည့်ခံပွဲကြီး လုပ်ရမယ်။ ဂျိုနီနဲ့ ကိုယ်နဲ့ တွဲပြီး ပထမဆုံး လူပုံအလယ်မှာ ပွက်ပြမယ်။ ပြီးတော့ ကိုယ့်အခန်းကို သူနဲ့ကိုယ်နဲ့

www.burmeseclassic.com

www.burmeseclassic.com


အတူတူ သွားကြမယ်။ ကိုယ့်ရင်ခွင်ထဲကို သူ ရောက်လာပြီဆိုရင်တော့လား ဟင်းဟင်း"

*

နယူးဟဲဗင်းမြို့သို့သွားပြီး ပြဇာတ်ကရန် နီလီတို့လည်း အလုပ်ရှုပ်နေကြသည်။ အယ်နီ၏ရုံးမှာလည်း မပြီးပြတ်နိုင်သော ပြဿနာမျိုးစုံတို့နှင့် လုံးထွေးနေကြသည်။ အက်ဒ်ဟိုလ်ဆန်၏ ရေဒီယိုဇာတ်လမ်းနှင့် ပတ်သက်၍ ပြင်မဆုံး၊ ရေးမဆုံး ဖြစ်နေကြသည်။ စာရေးဆရာပေါင်းများစွာ၊ ဇာတ်ညွှန်းရေးဆရာပေါင်းများစွာတို့လည်း ဝင်လိုက်ထွက်လိုက်နှင့် ခြေချင်းလိမ်နေကြသည်။

ဟယ်လင်ကလည်း တစ်နေ့ တစ်နေ့ အကြိမ်ပေါင်း မရေတွက်နိုင်အောင် ဖုန်းဆက်နေသည်။ တစ်ခါတစ်ရံကျတော့လည်း ရှိုးရှိုးစကားစမြည်ပြောဖို့လောက် ဖြစ်သည်။

သို့သော် များသောအားဖြင့် ဂျီနီနှင့်ပတ်သက်ပြီး သူမကျေနပ်ချက်များကိုသာ မဆုံးနိုင်အောင် ပြောနေတော့သည်။

ဂျီနီနှင့် အက်ဒယ်လီမာတင်တို့ နှစ်ဦး အယ်လ်မိုရိုကိုဟိုတယ်တွင် သုံးည ဆက်တိုက်တွဲခုတ်နေကြသည်ကို သူ့အဝတ်အစား ပုံဆန်းတီထွင်ပေးသူက မြင်ခဲ့ရကြောင်း ဟယ်လင်က ပြောပြသည်။ စီးပွားရေးလုပ်ငန်းသစ်တစ်ခုအတွက် အလုပ်များနေသည် ဆိုပြီး ဘာကြောင့် ယခုလို အလေလိုက် နေနိုင်သနည်းဟု မေးသည်။

"ဒါပေမယ့် ဟယ်လင်၊ ညဆယ့်တစ်နာရီ မထိုးမချင်း အက်ဒယ်လီကို ဂျီနီ မတွေ့နိုင်ပါဘူး။ အခုဟာကလည်း ခဏတစ်ဖြုတ် အရက် ဝင်သောက်ကြတာ ဖြစ်ပါလိမ့်မယ်"

"ခဏတစ်ဖြုတ် အရက် ဝင်သောက်တာလောက်တော့ ကိုယ်နဲ့ သွားရင်လည်း ဖြစ်တာပဲ မဟုတ်လား"

"ရှင့်ကို သူက တန်ဖိုးထားနေလို့ ဖြစ်ပါလိမ့်မယ်။ သူ့အတွက် ဒုက္ခခံပြီး ရှင် စောင့်နေရတာမျိုးကို သူ အားနာလို့ ဖြစ်မှာပေါ့"

သို့ကလို ပြဿနာမျိုးစုံနှင့် အယ်နီ စိတ်ရှုပ်နေရသည့်အချိန်တွင် အေလင်ကလည်း မြွေပူရာကင်းမှောင့်သလို လုပ်နေသည်။

သူတို့ နှစ်ယောက် စတော့ကလပ်သို့ သွားကြသည်။ အယ်နီက ရှမ်ပိန်ခွက်ကို စိတ်မပါသလို ကြည့်နေရင်းက ဖြည်းဖြည်းချင်း သောက်နေသည်။

"အယ်နီ၊ ဒီအတိုင်း ဘယ်လောက်ကြာအောင် နေကြရဦးမှာလဲ"

အေလင်က ကောက်ကာငင်ကာ မေးချလိုက်သည်။

"ဘာကို ပြောတာလဲ"

"ကိုယ်တို့ ဘယ်တော့ လက်ထပ်ကြမှာလဲ"

"လက်ထပ်ဖို့ကိစ္စလား"

အယ်နီကလည်း စိတ်မပါသလို ပြန်ရေရွတ်နေသည်။

"ဟုတ်တယ်၊ ဒါကိုပဲ ပြောစရာရှိတာပဲ"

"ဒါပေမယ့် အေလင်၊ ရှင် သဘောပေါက်ပြီးပြီလို့ ကျွန်မ ထင်နေတယ်။ ကျွန်မဆိုလိုတာက. . ."

"ကိုယ် စောင့်နေပါ့မယ်လို့ ပြောခဲ့တယ်၊ ပြောတဲ့အတိုင်းလည်း စောင့်နေခဲ့တယ်။ အခု တစ်လလုံးလုံး ကြာသွားပြီ"

"အေလင်၊ ကျွန်မ လက်မထပ်ချင်ဘူး"

သူ စကားပြန်ပြောသောအခါ သူ့မျက်လုံးများက ထူးဆန်းသော အမူအရာမျိုး ရှိနေသည်။

"ကိုယ် တစ်ခုတော့ သိချင်တယ်၊ ကိုယ့်ရင်ထဲမှာ ရှင်းသွားအောင်ပေါ့လေ။ မင်း ပြောနေတာက လက်မထပ်ချင်တာလား၊ ကိုယ့်ကို သဘောမကျတာလား"

"ရှင့်ကို ကျွန်မ သဘောကျကြောင်း ရှင်သိပါတယ်။ ရှင်ဟာ အင်မတန် စိတ်ကောင်းရှိတဲ့ လူတစ်ယောက်လို့ ကျွန်မ ထင်ပါတယ်"

"အင်း ဒုက္ခပါပဲ"ဟု သူက ညည်းသည်။

"ရှင့်ကို ကျွန်မ မချစ်ဘဲနဲ့တော့ ချစ်ပါတယ်လို့ မပြောနိုင်ဘူး"

အယ်နီကလည်း စိတ်ညစ်ညစ်နှင့် ပြန်ပြောမိသည်။

"ကိုယ့်ကို တစ်ခု ပြောပြစမ်းပါ။ တစ်ယောက်ယောက်ကို မင်း ချစ်ခဲ့ဖူးသလား"

"မချစ်ဖူးဘူး၊ ဒါပေမယ့်. . ."

"လူတစ်ယောက်ယောက်ကို မင်း ချစ်နိုင်သေးတယ်လို့ ထင်သလား"

"သိပ်ထင်တာပေါ့"

"အင်း အဲဒီလူဟာ ကိုယ်တော့ မဖြစ်နိုင်တော့ဘူးပေါ့လေ"

အယ်နီက ရှမ်ပိန်ခွက်ကို လှုပ်ခါလိုက်သည်။ တက်လာသည့် အမြှုပ်ကလေးများကို

www.burmeseclassic.com

ငေးစိုက်ကြည့်နေလိုက်သည်။ သူ့မျက်လုံးများနှင့် ဆိုင်ပြီး သူ မကြည့်နိုင်တော့ချေ။

"အယ်နီ၊ မင်းဟာ ယောက်ျားနဲ့ သဘာဝအတိုင်း ပေါင်းသင်းဆက်ဆံရမှာကို ကြောက်နေတယ်လို့ ကိုယ်ထင်တယ်"

ယခုတစ်ကြိမ်တွင်မူ အယ်နီက သူ့ကို မော့ကြည့်သည်။

"အဲဒီဘက်မှာ ကျွန်မ စိတ်မသန်ဘူးလို့ ရှင် စွပ်စွဲတော့မယ်။ ပြီးတော့ ကျွန်မစိတ် ပြန်ပြောင်းသွားအောင် ရှင် ကြိုးစားတော့မယ် မဟုတ်လား"

"သိပ်ကိုမှန်တယ်"

အယ်နီက သူနှင့် မျက်လုံးချင်း မဆိုင်မိစေရန် ရှမ်ပိန်အရက်ကို ငုံလိုက်ပြန်သည်။

"တစ်ယောက်ယောက်က မင်းကို ဒီအကြောင်း ပြောဖူးသလား"

"မပြောဖူးပါဘူး၊ ညစ်ညမ်းတဲ့ ရုပ်ရှင်ပြာတွေထဲမှာ ပါတဲ့အကြောင်း ကျွန်မ ကြားဖူးထားတာပါ"

"ဒီလိုပဲ ထိုင်ပြောနေကြရတာ စိတ်ကုန်စရာ ကောင်းလာပြီ။ အမှန်တရားကို မရောက်နိုင်ကြတော့ဘူး"

"ဘယ်လို အမှန်တရားလဲ"

"မင်းဟာ လူ့သဘာဝကို ကြောက်နေတာပဲ။ အိမ်ထောင်သားမွေးအလုပ်ကို ကြောက်နေတာကို ပြောတာ"

"ရှင်က ဒီလိုပဲ ထင်နေသလား၊ ရှင်နဲ့ ဖုတ်ပူမီးတိုက် လက်မထပ်လို့ အခုလို ထင်သလား"

အယ်နီ၏ မျက်လုံးထဲမှာ အပြုံးရိပ်ကလေး မသိမသာ လွှမ်းလာသည်။

"အသက်နှစ်ဆယ်အထိ အပျိုစင်ကလေးအဖြစ်နဲ့ပဲ ရှိနေသေးတယ် ဆိုတာ သဘာဝကျတယ်လို့ မင်း ထင်နေသလား"

"အပျိုရည်မပျက်တာဟာ အကုသိုလ်တရားကြီးမှ မဟုတ်ဘဲ"

"လောရင့်စ်ဗီးလ်မြို့မှာတော့ အကုသိုလ်တရားကြီး မဟုတ်ဘူးဆိုတာ မှန်ချင် မှန်မှာပေါ့။ မင်းပြောတော့ လောရင့်စ်ဗီးလ် မြို့သူမြို့သားတွေနဲ့ မင်းဘဝကို မတူစေချင်ဘူးဆို။ ကိုယ် ပြောတာတွေ စဉ်းစားစမ်းပါ။ အသက်နှစ်ဆယ်ပြည့်ပြီးကြတဲ့ မိန်းကလေး အများစုဟာ အပျိုမဟုတ်ကြတော့ဘူး။ ပိုပြီး တိတိကျကျ ပြောရရင် မိန်းကလေး အများစုဟာ သူတို့ အသည်းစွဲ ချစ်သူမဟုတ်တဲ့ ယောက်ျားကလေးတွေနဲ့ တွဲခဲ့ကြတယ်။

အမှန်ကတော့ သဘာဝတရားကို လေ့လာချင်လို့ပဲ။ မင်းဟာ သဘာဝတရားကို ဘယ်ယောက်ျားကလေးနဲ့မှ မရှာခဲ့သေးဘူးလို့ ကိုယ်ထင်တယ်။ မင်း ရှာဖွေမကြည့်သေးဘဲနဲ့ ကောင်းကြောင်း ဆိုးကြောင်းကိုလည်း မသိသေးဘဲနဲ့ ကြိုက်တယ် မကြိုက်ဘူးဆိုတာ မင်း ဘယ်လိုလုပ် ဆုံးဖြတ်နိုင်မလဲ။

လူတစ်ယောက်ယောက်ကိုများ ချစ်စိတ်ကြိုက်စိတ်နဲ့ မင်း ပွေ့ဖူးဖက်ဖူးသလား၊ ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ ကလေးဖြစ်ဖြစ်ပေါ့။ ချစ်စိတ်နဲ့ ပတ်သက်ပြီး မင်း ခံစားရဖူးသလား။

ဒီလို တည်မြဲနေတဲ့ အမှန်တရားတွေ၊ သဘာဝတရားတွေကို မင်း သဘောပေါက်လာအောင် ကိုယ်လုပ်ပေးချင်ပါတယ် အယ်နီ။ မင်းကို ကိုယ်ချစ်ပါတယ်။ မင်းတို့ မွေးဖွားကြီးပြင်းခဲ့တဲ့ နယူးအင်္ဂလန်အရပ်သူ တစ်ယောက် ဘဝမျိုးနဲ့ပဲ မင်း ဆက်ပြီး အသက်ရှင်နေတာကို ကိုယ် မကြည့်ရက်ဘူး။

ဒီမှာ အယ်နီ၊ ကိုယ့်ကို တစ်မိနစ်လောက် မေ့ပစ်လိုက်စမ်း။ မင်း စိတ်ဝင်စားနေတဲ့ တခြား ယောက်ျားတစ်ယောက်ယောက်များ ရှိနေသလား။ တစ်ခါတလေကျတော့လည်း အေးတိအေးစက်နိုင်လွန်းတဲ့ မင်းအမူအရာကို ကြည့်ပြီး ကိုယ် အားမလိုအားမရ ဖြစ်မိတယ်။ ပြီးခဲ့တဲ့ ကြာသပတေးနေ့ဟာ မင်းအတွက် ဘာအဓိပ္ပာယ်မှ မရှိခဲ့ဘူးလား"

"ဘယ်လို ကြာသပတေးနေ့လဲ"

အယ်နီက ပြန်စဉ်းစားနေမိသည်။

"ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို ချီးကျူးထောမနာပြုတဲ့နေ့လေ။ ကိုယ်တို့နှစ်ယောက် ၂၀ ပျော်ပွဲစားရုံမှာ ပွဲကလေးတစ်ပွဲ လုပ်ခဲ့ကြတယ်လေ။ ဒီအချိန်မျိုးမှာ မင်း စိတ်ထဲ ဘယ်လို ခံစားချက်မျိုးမှ မရှိဘူးလား။ ကိုယ်ကတော့ အဲဒီလိုနေ့မျိုးမှာ မင်းရဲ့ လောရင့်စ်ဗီးလ်မြို့ကအိမ်ကို သွားကြဖို့ ကိုယ့်ကို ဖိတ်လိမ့်မယ်လို့ ထင်နေခဲ့တယ်။ မင်းအမေနဲ့ မင်းအဒေါ်ကို ကိုယ်က တွေ့ချင်နေတာ"

"မစ္စစ်တိန်းဘတ်က ခွင့်ယူပြီး သူ့မိသားစုရှိတဲ့ ပစ်တ်ဘတ်မြို့ကို ပြန်သွားတယ်။ အကြောင်း ရုံးမှာ တစ်ယောက်ယောက်တော့ ရှိနေဖို့ လိုနေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com

"မင်းကတော့ရော၊ မင်းဟာ တစ်ဦးတည်းသောသမီး၊ မင်းအမေအပေါ်မှာလည်း မင်းမချစ်ဘူးလား၊ ကိုယ်တို့နှစ်ယောက်နဲ့ ပတ်သက်ပြီး သူက ဘယ်လို ထင်နေမလဲ၊ မင်းအမေအကြောင်းနဲ့ ပတ်သက်လို့လည်း မင်းတစ်ခါမှ ပြောမပြခဲ့ဖူးဘူး"

အယ်နီက ရှမ်ပိန်ခွက်ကို ပြန်ပြီး လှုပ်နေပြန်သည်။

စောစောပိုင်း နယူးယောက်မြို့သို့ ရောက်လာစတုန်းကတော့ တစ်ပတ်လျှင် တစ်ကြိမ်ကျ အိမ်သို့ သူ ပြန်စာရေးခဲ့သည်။ သို့သော် သူ့အမေ၏ ပြန်စာများက ဝတ်ကျေတမ်းကျေ သဘောမျိုး ဖြစ်နေသည်။ ထို့ကြောင့်လည်း စာအနည်းငယ် ရေးပြီးနောက် သူ ဆက်မရေးဘဲ နေခဲ့သည်။ သူပြောပြသည့် နယူးယောက်မြို့၊ နီလီတို့၊ ဟင်နရီဘယ်လာမီတို့အကြောင်းကို သူ့အမေက စိတ်မဝင်စားချေ။

"ကျွန်မတို့ စေ့စပ်ကြောင်းလမ်းကြောင်း သတင်းစာထဲ ပါလာတဲ့နောက်နေ့မှာ အမေ့ကို ကျွန်မ ဖုန်းလှမ်းဆက်လိုက်ပါသေးတယ်"

"သူက ဘာပြောသလဲ"

'အယ်နီ၊ မင်း ဘာတွေ လုပ်နေတယ်ဆိုတာကိုတော့ မင်း သိတန်ကောင်းပါရဲ့နော်။ မင်းတို့အကြောင်း ရေးထားတဲ့ ဘော့စတွန်မြို့ထုတ် သတင်းစာတွေကို လော့ရင့်စ်ဗီးလ် မြို့သူမြို့သားတွေ အကုန်ဖတ်ကြရတယ်။ နယူးယောက်မြို့သား ဆိုတာဟာလည်း တခြားမြို့သားတစ်ယောက်နဲ့ အတူတူပဲလို့ မေမေထင်တယ်။ သူတို့မိသားစုအကြောင်းကိုလည်း ဘယ်သူမှ မသိကြဘူး။ သူဟာ ပလိုင်းမောက်ကုမ္ပဏီက ကူးပါးနဲ့တော့ အမျိုးတော်တယ်လို့ မေမေ မထင်မိပါဘူး'

ဟူသော စကားလုံးများကို အယ်နီက ပြန်လည် ကြားယောင်နေမိသည်။ ထို့ကြောင့် အယ်နီက သာသာကလေး ပြုံးလိုက်သည်။

"ကျွန်မစိတ်ဓာတ်ကို ကျွန်မ သိပါတယ်လို့ မေမေက ပြောတယ်။ ထုံးစံအတိုင်းပါပဲ၊ မေမေ မှားသွားပြန်ပြီ"

"မင်းအမေနဲ့ ကိုယ် ဘယ်တော့ တွေ့ရမလဲ"

"ကျွန်မ မပြောတတ်ဘူး အေလင်"

"မင်း တစ်သက်လုံး ဟင်နရီဘယ်လာမီဆီမှာပဲ အလုပ်လုပ်နေတော့မှာလား။ မင်းဘဝရဲ့ အမြင့်ဆုံး ရည်မှန်းချက်ဟာ ဒါပဲလား"

"မဟုတ်ပါဘူး"

"ဒါဖြင့်ရင် မင်း ဖြစ်ချင်နေတာက ဘာလဲ အယ်နီ"

"ကျွန်မ မသိဘူး၊ ကျွန်မ မလုပ်ချင်တာ မဖြစ်ချင်တာ ဘာတွေလဲ ဆိုတာကိုပဲ ကျွန်မ သိတယ်။ လော့ရင့်စ်ဗီးလ်မြို့ကို ကျွန်မ ပြန်မသွားချင်ဘူး။ ဟိုကိုသာ ပြန်ရမယ်ဆိုရင် သေလိုက်ရတာကမှ ကောင်းသေးတယ်။ ယောက်ျားလည်း မလိုချင်သေးဘူး။ လူတစ်ယောက်ယောက်ကို ကျွန်မ တကယ်ချစ်မိတဲ့ အချိန်အထိ လက်မထပ်သေးဘဲနေမယ်။ ယောက်ျားတစ်ယောက်ယောက်ကို ကျွန်မ ချစ်ချင်ပါတယ်။ တကယ် ပြောတာပါ အေလင်။ ချစ်ချင်တဲ့ စိတ်ဓာတ်မျိုး ကျွန်မမှာ အရှုံးအမူးကို ရှိပါတယ်။ ပြီးတော့ ကလေးတွေ မွေးချင်တယ်၊ သမီးလေးတစ်ယောက် လိုချင်တယ်။ သမီးလေးကို သိပ်ချစ်ချင်တယ်။ သမီးလေးနဲ့ ရင်အုပ်မကွာ နေချင်တယ်"

အေလင်က အယ်နီကို ပြုံးပြုံးကြီးလုပ်ပြီး ကြည့်နေသည်။

"ကောင်းပါလေ့ကွယ်၊ မင်းနဲ့ စတွေ့ကတည်းက အခုတစ်ကြိမ်ပဲ မင်း အပွင့်လင်းဆုံး ပြောသေးတယ်။ မင်း ကိုယ့်ကို ချစ်ချင်မှ ချစ်နိုင်ပါတယ်။ ဒါပေမယ့် မင်း လိုချင်တာတွေ အားလုံးဟာ ကိုယ် လိုချင်တာတွေချည်းပဲ ဖြစ်နေတယ်။ မင်း လိုချင်တဲ့ သမီးကလေးလည်း ရရပါစေ့မယ်။ ကဲ အခုမှတော့ ဘာမှ ငြင်းမနေပါနဲ့တော့"

အယ်နီက စကားပြောရန် ကြိုးစားသည်။ အေလင်က အပြောမခံဘဲ အယ်နီ၏ ပါးစပ်ကို လက်ချောင်းများနှင့် လှမ်း၍ ဖိကပ်ထားသည်။

"အဲဒီ သမီးကလေးဟာ အကောင်းဆုံးကျောင်းမှာ ပညာသင်ရမယ်။ အကောင်းဆုံး ဘဝမှာ ကျင်လည်ရမယ်။ မင်းနဲ့ တူရမယ်။ မင်းစိတ်ဓာတ်မျိုး ရှိရမယ်။ ကိုယ်တို့နဲ့ စိတ်တူသဘောတူရှိတဲ့ လူတွေနဲ့ ပေါင်းသင်းဆက်ဆံမယ်။ ကိုယ်တို့ရဲ့ လူမှုရေးကိစ္စတွေအတွက် သတင်းထုတ်ပြန်ပေးဖို့ သတင်းကိုယ်စားလှယ် ခန့်ထားမယ်။ မင်းမိသားစုအတွက် လိုအပ်တာတွေ ဆောင်ရွက်ပေးမယ်။ မင်း ကြည့်နေပါ၊ ကိုယ်တို့ ဒီမှာလည်း မနေပါဘူး။ နယူးပို့တို့ ပမ်းဘိချ်တို့လို နေရာမျိုးတွေမှာ သွားနေမယ်"

www.burmeseclassic.com



"ဒါပေမယ့် ရှင့်ကိုမှ မချစ်ဘဲ အေလင်"

"ဘယ်သူ့ကိုမှ မင်း မချစ်ပါဘူး၊ ဒါပေမယ့် မင်း တစ်ယောက်ယောက်ကို ချစ်ချင်ပါတယ်လို့ ပြောတုန်းက မင်း မျက်လုံးထဲမှာ အရောင်တဖျပ်ဖျပ် တောက်နေတာကို တွေ့လိုက်ရတယ်။ သားသမီးတွေ လိုချင်တယ်လို့ ပြောတုန်းကလည်း အရောင်တောက်နေတာပဲ။ အမှန်ကတော့ မင်းကိုယ်ထဲမှာ မြုပ်ပြီး ပုန်းကွယ်နေကြတာတွေ၊ အပြင်ကို ပွင့်ထွက်လာရမယ့် အချိန်ကို စောင့်နေကြတာတွေ၊ ယောကျ်ားတစ်ယောက်ကိုသာ ယူကြည့်လိုက်ရင် အဲဒီယောကျ်ားကို အရှုံးအမူး အသည်းစွဲသွားမယ့် အမျိုးသမီးမျိုးဟာ မင်းလို အမျိုးသမီးမျိုးပဲ"

"အော်လင်"

သူက ပြုံးသည်။

"ကဲကဲ မင်း ကြိုးစားမကြည့်ဘူးသေးလို့ ဘာမှန်းမသိနိုင်သေးတာတွေအတွက် ဘာမှ နှုတ်လုံ့ထိုးမနေနဲ့တော့။ မင်းအကြောင်းကို ကိုယ်သိပါပြီ၊ မင်းစိတ်တွေ ပြောင်းလဲတက်ကြွလာအောင် ကိုယ် လုပ်ပေးပါ့မယ်၊ မင်းကို ဒူးထောက်ပြီးတော့ပဲ တောင်းပန်ရ တောင်းပန်ရ. . ."

"ရှင် ဒါတွေ ဆက်ပြောနေရင် ကျွန်မ ဆက်ပြီး နားမထောင်တော့ဘူး"

"ကောင်းပြီလေ၊ ကိုယ် တစ်ခွန်းမှ ထပ်မပြောတော့ပါဘူး။ နာတာလူးပွဲတော် မရောက်မချင်း လက်ထပ်ဖို့ကိစ္စကိုလည်း ကိုယ်ထပ်ပြီး အကျပ်မကိုင်တော့ပါဘူး။ နာတာလူးပွဲတော်ပြီးတော့မှ ကိုယ်တို့ လက်ထပ်ရမယ့်နေ့ကို ရွေးမယ်"

"မဖြစ်ပါဘူး အေလင်"

"လောကကြီးမှာ ကိုယ် လိုချင်တာ မှန်သမျှ ကိုယ်ရခဲ့တယ် အယ်နီ။ အခု မင်းကို ကိုယ် လိုချင်တယ်။ ကိုယ့်ကို မင်း ချစ်စေချင်တယ်။ ဒါကြောင့် ကိုယ့်ကို မင်း ချစ်ကို ချစ်ရလိမ့်မယ်။ ကဲ ကောင်းပြီ၊ နာတာလူးပွဲတော်ရက် မရောက်မချင်း နောက်ထပ် ဘာစကားမှ မပြောကြကြေး"

ထိုသို့ ဖြစ်ခဲ့သည်မှာ အင်္ဂါနေ့ ဖြစ်သည်။

ဗုဒ္ဓဟူးနေ့ကျတော့ နဘံမိုးလုံးပြဇာတ်အဖွဲ့သားများ နယူးဟဲဗင်းမြို့သို့ သွားကြသည်။ သောကြာနေ့ညတွင် စတင် ကပြနိုင်ဖို့ ကြိုတင်ပြင်ဆင်ကြရန် ဖြစ်သည်။

ကြာသပတေးနေ့ကျတော့ ဟင်နရီဘယ်လာမီက အယ်နီကို ပြောသည်။

"ဒါထက် စကားမစပ် အယ်နီ၊ မနက်ဖြန် နေ့လယ် တစ်နာရီရထားနဲ့ ဘကြီးတို့ နယူးဟဲဗင်းမြို့ကို လိုက်သွားကြမယ်။ မင်း တည်းဖို့ တပ်ဖ်ဟိုတယ်မှာ အခန်းတစ်ခန်း စာရင်းသွင်းထားလိုက်ပြီ"

"ကျွန်မတည်းဖို့"

"မင်းက မလိုက်ချင်လို့လား၊ ပြဇာတ်ရုံစတင်တဲ့နေ့မှာ လိုင်ယွန်နဲ့ ဘကြီးနဲ့ ဟိုမှာရှိနေဖို့ လိုတယ်။ မင်းလိုက်ဖို့ကိုလည်း ဘကြီးကပဲ ခွင့်ပြုလိုက်တယ်။ နောက်ပြီးတော့ ဟယ်လင်ဟာ မင်းသူငယ်ချင်း မဟုတ်လား။ အိုဟာရာဆိုတဲ့ ကလေးမလေးလည်း အဲဒီပြဇာတ်ထဲမှာ ပါနေတာပဲ မဟုတ်လား"

"ကျွန်မ သိပ်ကို လိုက်ချင်ပါတယ်။ ပြဇာတ်ရုံစတင်တဲ့နေ့မျိုး တစ်ခါမှ မကြုံဖူးဘူး"

"ကောင်းပြီ၊ အဲဒီလိုဆိုရင် ဟိုရောက်တဲ့အခါ ထိုင်ခုံမှာ ဖင်မြဲအောင်ထိုင်၊ ဘာကြောင့်လဲဆိုတော့ နယူးဟဲဗင်းလို မြို့မျိုးမှာ ပြဇာတ်စဖွင့်တာဟာ ဘယ်မြို့နဲ့မှ မတူဘူး"

*

ဒီဇင်ဘာလ၊ ၁၉၄၅

ဗဟိုဘူတာရုံကြီးမှာ သူတို့ချင်း ဆုံကြသည်။ ထိုနေ့က အအေးပိုလှသည်။ ဟင်နရီကြည့်ရသည်မှာ အလွန် ပင်ပန်းနွမ်းနယ်နေပုံရသည်။ မုတ်ဆိတ်မွေးများကို သပ်သပ်ရပ်ရပ်ရိတ်ထားသည်။

လိုင်ယွန်က အယ်နီကို ဝမ်းသာအားရဆီးကြိုသည်။ သူ့ထုံးစံအတိုင်း လှစ်ခနဲ ခပ်မြန်မြန် ပြုံးတတ်သည့် အပြုံးကလေးကိုလည်း ပြုံးလိုက်သေးသည်။

သီးသန့် အခန်းကလေး တစ်ခုထဲမှာ သူတို့ နေရာရကြသည်။ ရထား စတင် ထွက်ခွာသည်နှင့် တစ်ပြိုင်တည်း ဟင်နရီနှင့် လိုင်ယွန်က သူတို့၏ လက်ကိုင်အိတ်များကို ဖွင့်ကာ တစ်လျှောက်လုံး အလုပ်လုပ်လျက် လိုက်ပါလာကြသည်။

အယ်နီက ပါလာသည့် မဂ္ဂဇင်းစာအုပ်ထဲမှာ စိတ်ဝင်စားနိုင်အောင် ကြိုးစားနေရသည်။ တောပိုင်းကိုဖြတ်ပြီး ရထားခုတ်မောင်းလာရတော့ တောက်ပနေသည့် နေရောင်က

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှ တိုးဝင်လာသည်။ ဆောင်းလေအေးအေးကလည်း ဝင်လာသည်။ လောရင့်စ်ဗီးလ်မြို့ကို ပြန်ပြီး သတိရစေသော မြင်ကွင်းများ ဖြစ်သည်။

နယူးယောက်မြို့တွင် နေနေရသည့်အချိန်မှာတော့ ဆောင်းကိုလည်း သတိမထားနိုင်။ နီယွန်မီးရောင်များ၊ ပြေးလွှားရွေ့လျားနေကြသည့် လူအုပ်ကြီးများ၊ တက္ကစီကားများနှင့် ပြည့်ကျပ်နေသည့် လမ်းမကြီးများကြားမှာ လှုပ်ရှားသွားလာရင်း မြင်ပကမ္ဘာလောကကြီးကိုပင် မေ့နေစေသည်။

လောရင့်စ်ဗီးလ် မြို့မှာတုန်းကတော့ အဖော်ကလည်း မရှိ။ သန့်ရှင်းသပ်ရပ်ပြီး ကျယ်လွင့်သည့် မီးဖိုခန်းကြီးထဲမှာ ထိုင်ရင်း တစ်ညနေလုံး အချိန်ဖြုန်းရသည်။ အဖော်ဆိုလို့ အမေနှင့် အန်တီအေမီသာ ရှိသည်။ တစ်ခါတစ်ရံ ရုပ်ရှင်သွားကြည့်ကြသည်။ တစ်ခါတစ်ရံတော့ သားအမိ၊ တူးဝရီးတွေ ဖဲကစားကြသည်။

ဘုရား. . . ဘုရား၊ ထိုကဲ့သို့သော နေရာမျိုးမှ လွတ်မြောက်အောင် ထွက်ပြေးလာနိုင်သည့် အတွက် ဘုရားသခင်ကိုပင် ကျေးဇူးတင်ရသေးတော့သည်။ ထိုနေရာမျိုးသို့ သေတစ်ပန်သက်ဆုံး ပြန်သွားခွင့် မကြုံပါရစေနှင့်တော့။

မှောင်မိုက်နေသည့် နယူးဟဲဗင်းဘူတာသို့ ရောက်တော့မှ ယောက်ျားနှစ်ယောက်က သူတို့၏ လက်ကိုင်အိတ်များကို ပိတ်လိုက်ကြသည်။ ပြီးတော့ ထိုင်ရာမှထပြီး အညောင်းဆန့်ကြသည်။ ဟင်နရီ၏မျက်နှာမှာ ပင်ပန်းနွမ်းနယ်နေဆဲပင် ရှိသည်။

"အင်း- ရောက်လာရပြန်ပြီကွာ၊ မီးပုံထဲကို ဆင်းလိုက်ရသလိုပါပဲ"

ဟင်နရီက ပြောသည်။

လိုင်ယွန်က အယ်နီ၏လက်မောင်းကို လာဆွဲသည်။

"ကဲ . . . သွားကြစို့ သူငယ်မရေ၊ မင်းမတွေ့ဘူးသေးတဲ့ ပြဇာတ် ရုံစတင်တဲ့ပွဲကို စိတ်အေးချမ်းသာနဲ့ ကြည့်ရအောင်၊ ဟင်နရီနဲ့သာ တွဲနေရင်တော့ သူ အသဲသန်တာနဲ့ မင်းပျော်တော့မှာ မဟုတ်ဘူး"

"နယူးဟဲဗင်းကို ကျုပ် ရောက်တာအခေါက်ပေါင်း ငါးဆယ်လောက် ရှိရော့မယ်။ ဒီကို မရောက်သေးခင် ဒီမြို့ကို ကျုပ် ဘယ်လောက် မုန်းတီးစက်ဆုပ်ကြောင်း ဘယ်တော့မှ သတိမရဘူး။ ဒီမြို့ဟာ အင်မတန် စိတ်ညစ်စရာကောင်းတဲ့မြို့၊ အမြဲတမ်း ကျုပ်ကို ဒုက္ခပေးတယ်။ ဟယ်လင်လော်ဆန်ရဲ့ပြဇာတ် ရုံတင်နေတဲ့အချိန် ဆိုရင်သာ တော်တော့တယ်။ ဒီပြဇာတ်လည်း ပြီးရော ဒီမြို့ဟာ သုသာန်တစပြင်လို့ ပြန်ဖြစ်သွားတော့တာပဲ"

တပ်ဖ်ဟိုတယ်သို့ ရောက်လာသည်။ လူသူ မနေသည့် ဟိုတယ်ကြီးလို ဖြစ်နေသည်ကို တွေ့ရသည်။

"ခြေကလေးလက်ကလေး သွားဆေးပြီး ဘားခန်းထဲမှာ ဘကြီးတို့ကို လာတွေ့ပါ။ ဘကြီးသာ မင်းဆိုရင်တော့ ဟယ်လင်လော်ဆန်ကို ဖုန်းလှမ်းဆက်မိမှာ မဟုတ်ဘူး။ သူဇာတ်ရုံမှာပဲ ရှိနေလိမ့်ဦးမယ်။ သူကတော့ နယူးဟဲဗင်းမြို့မှာ လူတိုင်းရဲ့ အသည်းစွဲပဲ။ သူနဲ့ သွားတွေ့လိုက်ဦးမယ်။ ဇာတ်ရုံက ဟိုဘက်နားတင်"

ဟင်နရီက အယ်နီကို ပြောသည်။

အယ်နီက သူ့အိတ်ကို အလျင်အမြန်ဖွင့်သည်။ အခန်းက ကျဉ်းလွန်းလှသည်။ ပြင်ဆင်ထားပုံကလည်း သပ်ရပ်မှု မရှိ။ သို့သော် ဒါတွေကို စိတ်ပျက်နေလို့ မဖြစ်။ အယ်နီက မိန်းကလေးတစ်ယောက် ပထဦးဆုံး ခရီးရှည်တစ်ခုကို တစ်ယောက်တည်း ထွက်လာရသကဲ့သို့ ခံစားနေမိသည်။ နောက်ပြီးတော့ ယခု ခရီးမှာပင် အလွန် အံ့ဩစရာကောင်းသည့် အဖြစ်အပျက် တစ်ခုခုလည်း ဖြစ်ပေါ်လာနိုင်သည်ဟု သူ ယုံကြည်မျှော်လင့်ထားမိသည်။

ပြတင်းပေါက် ကျဉ်းကျဉ်းကလေးဆီသို့ လျှောက်သွားသည်။ လမ်းမပေါ်သို့ ငုံ့ကြည့်သည်။ ဆောင်းဦးမို့ ခပ်စောစောပင် မှောင်သည်။ လမ်းမီးတိုင်များမှ မီးပွင့်များကလည်း ခပ်မှိန်မှိန် လင်းနေကြသည်။ ဟိုတယ်နှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဖက်ခြမ်းတွင် နီယွန်မီးရောင်များနှင့် ဆိုင်းဘုတ်တစ်ခုကို တွေ့ရသည်။ စားသောက်ဆိုင်ကလေးတစ်ဆိုင် ဖြစ်သည်။ တယ်လီဖုန်းခေါင်းလောင်း မြည်လာသောကြောင့် အခန်းအတွင်းဘက်သို့ မြန်မြန်ပြန်ပြေးခဲ့သည်။ ဆက်သူမှာ နီလီ ဖြစ်သည်။

"ဇာတ်တိုက်တဲ့နေရာက အခုပဲ ကျွန်မ ပြန်ရောက်လာတာ၊ မစ္စတာဘယ်လာမီလည်း ဟယ်လင်နဲ့တွေ့ဖို့ ဇာတ်ရုံကို ရောက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်မှာ အစ်မ ရောက်နေပြီဆိုတာ သူ ပြောလို့ ကျွန်မဖြင့် အရမ်း ဝမ်းသာတာပဲ အစ်မရယ်"

"ကိုယ်လည်း ဝမ်းသာတာပါပဲကွယ်၊ အားလုံး အဆင်ပြေတယ် မဟုတ်လား"

နီလီက သူ့ထုံးစံအတိုင်း အမေတကော လေသံနှင့် ပြန်ပြောသည်။

"သိပ်တော့ မသက်သာဘူး အစ်မရေ၊ မနေ့ညတုန်းက ကျွန်မတို့ ဝတ်စုံပြည့် ဇာတ်တိုက်ကြရတယ်။ မနက် လေးနာရီထိုးတော့မှ ပြီးတယ်။ ဟယ်လင်က တယ်ရီကင်းရဲ့ သီချင်းထဲက နောက်ထပ် သီချင်းတစ်ပုဒ်ကို မဆိုရဘူး လုပ်နေပြန်ပြီလေ။ အဲဒီလိုလည်း ပြောရော တယ်ရီကင်းလည်း ဇာတ်ကတဲ့ အဝတ်အစားကြီးတွေ ဝတ်ထားတဲ့ တန်းလန်းက ဇာတ်ရုံထဲကနေ ထွက်ပြေးတော့တာပဲ။ ဒီနေ့နေ့ခင်းကတော့ သူ့ကိုယ်စားလှယ် လာတယ်။ ဂေးလ်ဘတ်ကေ့စ်နဲ့ ဒီကိစ္စကို ဆွေးနွေးကြဖို့၊ တယ်ရီက သူဆိုရမယ့် သီချင်းကို ဟယ်လင့်အနေနဲ့ ဖြတ်မပစ်ရဘူးလို့ ကန့်ကွက်နေတယ်။ ဖြတ်ချင်းဖြတ်ရင် ချာလီတို့နဲ့ ဟယ်လင်နဲ့ တွဲကရမယ့် ရယ်စရာအခန်းကိုပဲ ဖြတ်သင့်တယ်တဲ့။ ဒီအခန်းကလည်း အလကားဟာကြီး၊ အဲဒီအခန်းကိုသာ ဖြတ်ပစ်လိုက်ရင် ချာလီနဲ့ ဒစ်ကီတို့နှစ်ယောက်တော့ ကွေးသွားမှာပဲ"

နီလီက ဝမ်းသာအားရသည့် လေသံနှင့် ပြောနေသည်။

"ဆိုးတာပေါ့ကွယ်၊ ဟင်လင်ရော ပြန်ရောက်နေပြီလား"

"ပြန်မလာသေးဘူး၊ ဇာတ်ရုံက အဝတ်အစားလဲတဲ့ အခန်းထဲမှာ တံခါးပိတ်ပြီး ဟင်နရီနဲ့ ဆွေးနွေးနေကြတယ်။ ဒီကိစ္စကို သူတို့ ဘယ်လိုများ ဖြေရှင်းကြမလဲ မသိဘူး"

"ဒီနေ့ည စပြီး ကဖြစ်ပါ့မလား"

"အို၊ ကတာကတော့ ဘယ်နည်းနဲ့ဖြစ်ဖြစ် ကဖြစ်အောင် ကကြမှာပေါ့။ ဒါပေမယ့် အကောင်းစားကြီးတော့ ဖြစ်မှာမဟုတ်ဘူး။ ဟေး အယ်နီ၊ ဒီမှာ မဲလ် ရောက်နေတယ်"

"ကိုယ်တို့ စီးလာတဲ့ရထားနဲ့ အတူတူ ပါလာတာများလား မသိဘူး"

"မဟုတ်ဘူး၊ မနေ့ညကတည်းက သူ ရောက်နေတာ။ အယ်နီ၊ ကျွန်မလေ ဟို ကျွန်မတို့လေ ဟိုဒင်း ဟိုဟာ ဖြစ်တယ်"

နီလီက တံ့ဆိုင်းဆိုင်း ပြောသည်။

"ဘာဖြစ်တယ်"

"ဟိုဟာလေ အစ်မ သိပါတယ်"

"နီလီ၊ မင်း ဘာတွေပြောနေတာလဲ"

"အစ်မကလည်းနော်. . .၊ ကျွန်မလေ ကျွန်မ သိပ်ပျော်တာပဲ။ ဒါဟာ ကျွန်မဘဝမှာ ပထမဆုံး အတွေ့အကြုံပဲ"

"နီလီ၊ ပေါက်ကရတွေ လျှောက်ပြောမနေစမ်းနဲ့"

"ကျွန်မတို့နှစ်ယောက်လေ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတာပဲ။ယောကျ်ားနဲ့မိန်းမ လက်ထပ်ကြတယ်ဆိုတာ ဟိုဟာအတွက် မဟုတ်ဘူးဆိုတာ သေချာသွားပြီ။ တစ်ယောက်ကိုတစ်ယောက် ချစ်ကြလို့ လက်ထပ်ကြတာပဲ။ အခုတော့လေ မဲလ်က ကျွန်မကို ပိုချစ်သွားပြီ။ တကယ့်ကို ချစ်တာပါ အစ်မရယ်။ သူ့ကိုလည်း ကျွန်မ ချစ်တယ်။ ဒါပေမယ့် ကျွန်မတို့နှစ်ယောက် အခု လောလောဆယ်တော့ လက်ထပ်လို့ မဖြစ်နိုင်သေးဘူး။ သူ့မိဘတွေကို သူက ထောက်ပံ့ရဦးမယ်။ ဒါဝေမယ့် ကျွန်မတို့ပြဇာတ် အောင်မြင်လို့ ကျွန်မ အခုရနေတဲ့ တစ်ပတ်တစ်ရာ ဝင်ငွေမှန်သွားရင် ကျွန်မတို့ လက်ထပ်ကြမယ်"

"ဒါပေမယ့် နီလီ"

"အစ်မကလည်း မဲလ်က ပြောတယ်၊ ယောကျ်ားနဲ့မိန်းမ တစ်ယောက်ကိုတစ်ယောက် ချစ်ကြပြီဆိုရင်တဲ့ ဘာစည်းကမ်း ကလနားမှ ထားမနေနဲ့တော့တဲ့၊ အားလုံးဟာ ပုံမှန်တွေချည်း ဖြစ်သွားတော့တာပဲတဲ့။ အို . . . ဂီးဗ်ပြောရင်းနဲ့တောင် သူ့ကိုလွမ်းလှပြီ အစ်မရယ်။ ဒီနေ့ညကျမှ သူနဲ့ ပြန်တွေ့ရမှာ၊ ညရောက်အောင်တောင် ကျွန်မဖြင့် မစောင့်နိုင်တော့ဘူး။ ကျွန်မဖြင့်လေ သူ့အပွေ့အဖက် အယုအယတွေမှာ သာယာလိုက်တာ၊ သိပ်ကို. . ."

"နီလီ၊ နားရှက်စရာတွေ မပြောစမ်းနဲ့"

"အေးပါ အေးပါ၊ အစ်မ ကိုယ်တွေ့ကြုံတော့မှ ဟုတ်ပေ့ဖြစ်နေတာ မြင်ယောင်ပါဒ်သေးတယ်။ ပြဇာတ်ပြီးတော့ အစ်မနဲ့ တွေ့မယ်နော်။ ကျွန်မ ကတာကို သေသေချာချာ ကြည့်ပါဦး။ ဒုတိယပိုင်းမှာ ကျွန်မအခန်း သုံးခန်းပါတယ်"

*

"ဟင်နရီတော့ ဇာတ်ရုံမှာပဲ ရှိနေသေးတယ်။ မင်းဖို့ ဂျင်ဂျာအေး မှာထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တယ် မဟုတ်လား"

ဘားခန်းထဲသို့ အယ်နီ ရောက်သွားတော့ လိုင်ယွန်ဘတ် ထိုင်စောင့်နေသည်ကို တွေ့ရသည်။ သူ့အနား ရောက်သွားသည်တွင် သူ့ကို မျက်နှာထားတည်တည်ထားပြီး ကြင်နာသည့်လေသံနှင့် ဆီးပြောသည်။

အယ်နီက ဂျင်ဂျာအေးဖန်ခွက်ကို ငုံ့ကြည့်ရင်း ပြုံးသည်။

"စကော့ဝီစကီသောက်ရင် ကောင်းမလား မသိဘူး။ ဘားခန်းထဲလာပြီး ဂျင်ဂျာအေးသောက်နေတယ်ဆိုတော့ စားပွဲထိုးတွေက အထူးအဆန်းဖြစ်ပြီး ကျွန်မကို ဝိုင်းကြည့်ကြလိမ့်မယ်"

"ကိုယ်ကလည်း သူတို့ကို ပြန်ကြည့်ပေါ့၊ ကိုယ် မကြိုက်တဲ့အလုပ်ကို ဘယ်တော့မှ မလုပ်ရဘူး။ ဒီလို မလုပ်တဲ့အတွက် သူများမြင်တာကိုလည်း ရှက်စရာ မလိုဘူး။ ကိုယ့်မူနဲ့ ကိုယ်နေပါ"

"အခုအချိန်အထိတော့ ကျွန်မမှာ ကိုယ်ပိုင်မူရယ်လို့ မရှိသေးဘူး ထင်ပါတယ်"

"လူတိုင်းမှာ ကိုယ်ပိုင်အမူအကျင့်ဆိုတာ ရှိစမြဲပဲ။ ဇာတ်သူဇာတ်သားများမှာတော့ တစ်မျိုးပေါ့ကွာ။ သူတို့ကျတော့ ဇာတ်စင်ပေါ် ရောက်ရင် ကိုယ်ပိုင်အမူအကျင့် ဆိုတာတွေ ဘေးချထားပြီး ဇာတ်လမ်း သဘောအတိုင်း ကကြရတယ်၊ မင်းအနေနဲ့ကတော့ ဒီလိုလုပ်ဖို့ မလိုပါဘူး"

"ကျွန်မဟာ အမှန်တရားအတွက် တိုက်ပွဲဝင်နေတဲ့သူလို့ တစ်ခါတုန်းက ရှင် ပြောဖူးတာ သတိရနေပါသေးတယ်"

"ဟုတ်ပါတယ်၊ ဒါပေမယ့် မင်းဟာ တခြားလူတွေအတွက် တိုက်ပွဲဝင်ပေးနေတာပဲ"

အယ်နီက ဂျင်ဂျာအေးကို တစ်ငုံ ငုံလိုက်သည်။ လိုင်ယွန်က စီးကရက်တစ်လိပ် လှမ်းပေးသည်။

"ကိုယ်ပြောတဲ့စကား မှားသွားသလား"

"မမှားပါဘူး၊ သိပ်ကို မှန်လွန်းတယ်လို့ ကျွန်မ ထင်တယ်။ ဒါပေမယ့် တစ်ခုတည်းအတွက်ပဲ ကျွန်မ တိုက်ပွဲဝင်နေတာပါ။ ကျွန်မ. . ."

အယ်နီက သူ့ကို မြူးမြူးကြွကြွနှင့် မော့ကြည့်လိုက်သည်။

"ဟုတ်ပါတယ်၊ မင်း နယူးယောက်မြို့ကို မရောက်ရောက်အောင် လာခဲ့တာ မဟုတ်လား။ အယ်နီ၊ မင်းဘဝမှာ ဒါကို အကြီးမားဆုံး စွန့်စားခန်းကြီးအဖြစ် သဘောထားတော့မှာလား"

ထိုစကားကို ကြားသောအခါ အယ်နီ၏ မျက်လုံးများထဲတွင် ဒေါသရောင်ကလေး သန်းသွားသည်။

"ရှင်ကရော၊ ကမ္ဘာစစ်ကြီးလည်း ပြီးသွားပြီလေ။ ရှင့်ဘဝက ဒီအတိုင်းနေမှာလား။ ဒါမှမဟုတ် စစ်ပြန်တိုက်ဦးမှာလား"

"အခုပဲ ကိုယ် တိုက်ပွဲဝင်နေရပါပြီကွယ်"

လိုင်ယွန်က တည်ငြိမ်အေးဆေးသည့် လေသံဖြင့် ပြန်ပြောသည်။

"ကျွန်မ ရှင်နဲ့တွေ့တဲ့အခါတိုင်း စိတ်ချမ်းသာစရာကောင်းတဲ့ စကားမျိုးကို မပြောဖြစ်ခဲ့ဘူး။ ဒါပေမယ့် ဒီတစ်ခါတော့ ပျော်စရာကောင်းတဲ့ စကားတွေကိုပဲ ပြောတော့မယ်။ ကျွန်မ စကော့ဝီစကီ သောက်လိုက်ရရင် ကောင်းမယ်ထင်တယ်"

မျက်နှာကို အနည်းငယ်မဲ့ပြီး ပြောသည်။

လိုင်ယွန်က ဝီစကီနှစ်ခွက် ယူလာရန် စားပွဲထိုးကို လှမ်းမှာသည်။

အရက်ရောက်လာသောအခါ အယ်နီက ခွက်ကို မြှောက်ပြသည်။

"ဒီအရက် သောက်လိုက်ရတော့မှပဲ ရှင် ရယ်ရအောင် ကျွန်မ ပြက်လုံးထုတ်နိုင်တော့မယ် ထင်တယ်"

"ရယ်ရတာကို ကိုယ် သဘောကျပါတယ်။ ဒီအတွက်တော့ မင်းအနေနဲ့ ဝီစကီ သောက်စရာ မလိုပါဘူး"

အယ်နီက ဖန်ခွက်ကို တစ်ဝက်ကျိုးအောင် သောက်ပစ်လိုက်သည်။ ပြီးတော့မှ အားနည်းသည့် လေသံကလေးဖြင့် ပြန်ပြောသည်။

"အဝင်ဆိုးလိုက်တာ၊ ပျော်စရာကောင်းတဲ့စကားတွေ ဘာကစပြီး ပြောရမယ်ဆိုတာတောင် မသိတော့ဘူး"

"ဘာဖြစ်လို့များ ဒါလောက်တောင် ကိုယ့်ကို ရယ်စေချင်နေရတာလဲ"

အယ်နီ၏ လက်ထဲမှ ဖန်ခွက်ကို လှမ်းဆွဲယူရင်း လိုင်ယွန်က မေးသည်။

"ဟိုတစ်ညတုန်းက လာရွန်ဒီဟိုတယ်မှာ ဂျနီဖာနေ့သန်နဲ့ အတူတူ ရှင့်ကို ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com


တွေ့ခဲ့တယ်လေ။ အဲဒီ ညတုန်းကများ ဂျနီဖာနဲ့အတူတူ ရှင် ရယ်နေလိုက်တာ အတက်တော့မယ့်အတိုင်းပဲ။ အဲဒီ အကြောင်းကို ကျွန်မ စဉ်းစားနေတာက. . ."

အယ်နီက အရက်ခွက်ကို လှမ်းယူလိုက်ပြန်သည်။ မိမိ ဘာစကားတွေများ ပြောမိနေပါလိမ့်။ ဝီစကီကို သောက်လိုက်ပြန်သည်။

"သောက်ပါ၊ ကုန်အောင် သောက်ပစ်လိုက်ပါ။ မင်းပြောတာလည်း မဆိုးပါဘူး။ အနည်းဆုံးတော့ မင်းကိုယ်မင်း အခုအချိန်မှာ ထိန်းသိမ်းထားနိုင်ကောင်းပါရဲ့"

"ဒီလိုဆိုရင် ရှင်ကရော ဘာအတွက် ခုခံတိုက်ခိုက်နေရတာလဲ လိုင်ယွန်"

"မင်းကြောင့်ပေါ့၊ မင်းအတွက် ကိုယ့်ကိုပြန်ပြီး ထိန်းသိမ်းနေရပြီလေ"

မျက်လုံးချင်းဆုံကြလေပြီ။

"ကျွန်မအတွက်တော့ ဒါလောက်တောင် ထိန်းချုပ်နေဖို့ မလိုပါဘူးကွယ်"

လိုင်ယွန်က အယ်နီ၏လက်ကို ခပ်သွက်သွက် လှမ်းဆွဲလိုက်သည်။ အေလင် ပေးထားသည့် စိန်လက်စွပ်က အယ်နီ၏လက်ကို စူးသွားသည်။ သူတို့နှစ်ယောက်၏ အပြုအမူကို အေလင်က ဝင်ရောက် ကန့်ကွက်သည်နှင့်ပင် တူသေးတော့သည်။ သို့သော်လည်း အယ်နီက လက်စွပ်ကို အမှတ်မရသလို နေလိုက်သည်။ လိုင်ယွန်က မျက်လုံးများကို မှိတ်ထားသည်။

"ဟုတ်ပါပေ့ဗျာ၊ မင်းတို့နှစ်ယောက်က ဒီမှာလာပြီး အကြည်ဆိုက်နေကြတာကိုး"

ဟင်နရီဘယ်လာမိက သူတို့နှစ်ယောက်ဆီသို့ လျှောက်လာရင်း ရွှင်မြူးသည့်လေသံနှင့် ပြောသည်။ ပြီးတော့ အရက်ယူလာပေးရန် စားပွဲထိုးကို လှမ်းမှာသည်။

အယ်နီက သူ့လက်ကို ကမန်းကတန်း ပြန်ရုပ်လိုက်ရသည်။ လက်စွပ်က သူ့လက်ကို စူးပြန်သည်။ ဟင်နရီက ထိုင်ခုံမှာ ဝင်ထိုင်ရင်း သက်ပြင်းချသည်။

"လုပ်ပါ လုပ်ပါ၊ မင်းတို့ တစ်ယောက်လက်ကိုတစ်ယောက် ကိုင်ထားတာ ဆက်ကိုင်ထားပါ"

ဟင်နရီက အမှုမထားသလို ပြောသည်။

"ကျုပ် ရောက်လာတဲ့အတွက် အနှောင့်အယှက် မဖြစ်ပါစေနဲ့။ အင်း- မင်းတို့နှစ်ယောက်က ငယ်ကြသေးတာကိုး။ လူငယ်တွေဆိုတော့လည်း စိတ်ချမ်းသာသလို နေကြပါ။ မင်းတို့ အသက်ငယ်သေးတဲ့အခါမှာတော့ အမြဲတမ်း စိတ်ပျိုကိုယ်နု နေကြတာပေါ့ကွယ်။ မင်းတို့အသက် ငါးဆယ်ကျော်လာကြတဲ့အခါကျတော့မှ လူ့ဘဝအကြောင်းကို ကောင်းကောင်းသိမယ်။ သတင်းစာထဲမှာ ပါလာတဲ့ နာရေးကြော်ငြာတွေကို ကြည့်လိုက်ရင် ကိုယ်မသိတဲ့လူရယ်လို့ ရှိတော့မှာ မဟုတ်ဘူး။ ကိုယ်နဲ့ အသက်တူရွယ်တူတွေ ကိုယ့်အပေါင်းအသင်းတွေ ဖြစ်နေတာ တွေ့ရလိမ့်မယ်"

အရက်ခွက်ရောက်လာသည်။ ဟင်နရီက အသက်မျှ မရှူဘဲ မနားတမ်း သောက်သည်။

"ဒါလောက်ကြီးလည်း စိတ်အားမငယ်လိုက်ပါနဲ့ ဟင်နရီ"

လိုင်ယွန်က အားပါးတရ ရယ်ရင်းပြောသည်။ စားပွဲအောက်မှ လျှိုပြီးတော့လည်း အယ်နီလက်ကို ဆုပ်ကိုင်ထားပြန်သည်။

"စိတ်အားမငယ်လို့ မဖြစ်ဘူး မောင်၊ တွေ့နေရတာတွေက အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ။ ဟယ်လင်လော်ဆန်ကပဲ ခေါင်းမာလွန်းတာလား၊ ကျုပ်ကပဲ အသက်ကြီးလွန်းသွားတာလား။ တစ်ခုခုတော့ တစ်ခုခုပဲ"

"နယူးယောက် ဇာတ်ရုံမှာ ပြဇာတ်မကသေးမချင်း ဟယ်လင်ကို ထိန်းထားလို့ရပါသေးတယ်"

ဟင်နရီက မှတ်စုစာအုပ်ကလေးကို ထုတ်ယူလိုက်ပြီး သူ မှတ်ထားသည်များကို စိုက်ကြည့်နေသည်။

"ဟယ်လင်ဟာ အင်မတန် ပြဿနာဖော်တဲ့ မိန်းကလေးပဲ။ သူ ပြောတာတွေ နားထောင်ကြည့်ချင်သေးလား၊ မီးမကောင်းဘူးတဲ့၊ ဒုတိယပိုင်းမှာ ဝတ်ရမယ့် အဝတ်အစားတွေက မကောင်းဘူးတဲ့၊ ကကြိုးမှာ လိုက်တီးပေးတဲ့ တီးဝိုင်းကအသံဟာ ကျယ်လွန်းတယ်တဲ့၊ တယ်ရီကင်း သီချင်းဆိုတာ မကောင်းဘူးတဲ့၊ ယိမ်းအဖွဲ့က အချိန်သိပ်ယူလွန်းတယ်တဲ့ ပြဿနာကို စုံနေတာပဲ။ သူ စိတ်တိုင်းကျတာ ဘာတစ်ခုမှ မရှိတော့ဘူး။ တယ်ရီကင်းကိုပဲ သူ အပြစ်လိုက်ရှာနေတယ်။ အမှန်ကတော့ ဒီပြဇာတ်မှာ တယ်ရီကင်းနဲ့ အားမျှပေးထားရတာတွေ အများကြီးရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com 

ဟင်နရီက အရက်ထပ်ပေးရန် လှမ်းမှာပြန်သည်။

"ဒုက္ခပါပဲကွာ၊ ဒီအရက်ဆိုင်ကို ကျုပ်သိပ်မုန်းတယ်"

ဟင်နရီက ဘားခန်းထဲသို့ လှည့်ကြည့်ရင်း ပြောသည်။ ဘားခန်းထဲသို့ ရောက်နေကြသည့် ကိုယ်စားလှယ်အချို့နှင့် ရုပ်ရှင်ထုတ်လုပ်သူအချို့ကို တွေ့သောအခါတွင်မှ သူက ပျူပျူငှာငှာ လက်မြှောက်ပြလိုက်သည်။

"သူတို့က ပြဇာတ်ကြည့်ဖို့ လာကြတဲ့ လူတွေလေ။ အဲဒီ ခွေးမသားတွေကိုလည်း ကျုပ်မုန်းတာပဲ။ ဒီကောင်တွေ အကွက်ချောင်းနေကြတာ၊ သူတို့အတွက် ဘယ်လို အကျိုးကျေးဇူးများ ရှိမလဲဆိုတာကိုပဲ စောင့်ကြည့်နေကြတာ။ ဂေးလ်ဘတ်ကေ့စ်က သူတို့ကို ဖိတ်ထားတာလေ။"

အင်း- ဒုက္ခပါပဲ၊ ဒီဘားခန်းကြီးကို ကြည့်ရတာ ကျက်သရေကို မရှိဘူး။ ကမ္ဘာပေါ်မှာ ကျက်သရေအတုံးဆုံး အရက်ဆိုင်နဲ့ တူတယ်။ကိုယ့်ဘဝမှာ စိတ်ညစ်စရာအကောင်းဆုံးညတွေကို ဒီအရက်ဆိုင်ထဲမှာ အချိန်ဖြုန်းခဲ့ရပေါင်းလည်း များလှပါပြီ"

ဟင်နရီက သက်ပြင်းချရင်း ဆက်ပြောနေပြန်သည်။

လိုင်ယွန်နှင့် အယ်နီက တစ်ယောက်ကို တစ်ယောက် အပြန်အလှန် လှမ်းကြည့်လိုက်ကြသည်။ တရင်းတနှီးလည်း အပြန်အလှန် ပြုံးပြလိုက်ကြသည်။

အယ်နီက ပတ်လည်ကို လှည့်ကြည့်သည်။ ကျက်သရေ အတုံးဆုံးသောအခန်း မဖြစ်နိုင်ပါ။ ကမ္ဘာပေါ်တွင် ကျက်သရေ အရှိဆုံးသောအခန်း၊ အလှပဆုံးသောအခန်း ဖြစ်ပါသည်။ ပျော်စရာ အကောင်းဆုံးသော အခန်းလည်း ဖြစ်ပါသည်။

ယခုလို ကျက်သရေရှိသည့် အခန်းထဲတွင် ပျော်စရာကောင်းသည့် အချိန်ကလေးနှင့် ကြုံတွေ့နေရသည်ကို အမြဲတမ်းတည်မြဲနေအောင် လုပ်ထားနိုင်မည်ဆိုလျှင် မည်မျှ ကောင်းချိမ့်မည်နည်းဟုလည်း သူ့ကိုယ်သူ ပြန်ပြောနေမိသည်။

မိမိ၏ သက်တမ်း တစ်လျှောက်လုံး ကျန်သည့် အချိန်များတွင် မည်သို့သော အဖြစ်အပျက်မျိုးများနှင့် တွေ့ရသည် ဖြစ်စေ၊ အကြောင်းမဟုတ်တော့ပါ။

ယခု ကြုံတွေ့နေရသည့် အချိန်ကလေးသည် ပျော်စရာအကောင်းဆုံးသော၊ စိတ်ချမ်းမြေ့ဖွယ်အကောင်းဆုံးသော အချိန်ပင် ဖြစ်ပါသည်။

ခေတ်မမီတော့သည့် အပြင်အဆင်များနှင့် မွမ်းမံထားသော ဟိုတယ်စားသောက်ခန်းထဲမှာ ညစာကို ကသုတ်ကရက်ပင် သူတို့ စားလိုက်ကြသည်။ စားသောက်ခန်းထဲမှာ ရှိနေကြသည့် လူတိုင်းလိုလိုကို ဟင်နရီနှင့် လိုင်ယွန်တို့က သိကြသည်။ ပြဇာတ်ထဲမှ ဇာတ်သူဇာတ်သားများတော့ ရောက်မလာကြ။ သူတို့အားလုံး ဇာတ်ရုံထဲမှာပင် စားသောက်နေကြပေလိမ့်မည်။

အယ်နီကတော့ လိုင်ယွန်ကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ဖြစ်နေပြီ။

သူ ပြောပုံဆိုပုံကို ကြည့်သည်။

သူ နေပုံထိုင်ပုံကို ကြည့်သည်။

သူတို့နှစ်ယောက် မကြာခဏလည်း မျက်လုံးချင်းဆုံကြသည်။ ထိုသို့ ဆုံသည့်အခါတိုင်း အကြာကြီး စိုက်ကြည့်နေမိကြသည်။

ယခုလို ကြုံတွေ့နေရသည်ကိုပင် အယ်နီ မယုံနိုင်အောင် ဖြစ်နေမိသည်။

သည်လို အဖြစ်မျိုးကို မျှော်လင့်စောင့်စားခဲ့ရသည်မှာ ကြာပါပြီ။ မျှော်လင့်စောင့်စားခဲ့သည့်အတိုင်း ယခု ကြုံတွေ့ရပါပြီ။

အို . . အိပ်မက်များ မက်နေလေပြီလား။

ဟင်နရီက ကျသင့်ငွေများကို ရှင်းပေးနေသည်။

"အယ်နီ၊ မင်း စိတ်လှုပ်ရှားနေတယ်ထင်တယ်။ ပြဇာတ်ဖွင့်ပွဲကို ကြည့်ရမှာမို့ လှုပ်ရှားနေတာလား၊ မင်း ဘာမှလဲ မစားဘူး။ တို့တောင် မတို့ပါလား။ ကောင်းပြီလေ၊ နောက်မှစား၊ ပြဇာတ်ပြီးသွားရင် ဂေးလ်ဘတ်ကေ့စ်က ညစာစားပွဲကြီးတစ်ခုနဲ့ ဧည့်ခံဦးမတဲ့"

ဇာတ်ရုံထဲ ရောက်ကြတော့ ရုံပြည့်နေသည်ကို တွေ့ရသည်။ တတိယခုံတန်းတွင် သူတို့ ထိုင်ကြသည်။ လိုင်ယွန်နှင့် ဟင်နရီတို့ကြားတွင် အယ်နီက နေရာယူသည်။ မီးများမှောင်သွားသည်။ ပြည်ဖုံးကားဖွင့်သည့် တေးသွားကို သံစုံတီးဝိုင်းကြီးက စတင် တီးမှုတ်သည်။

လိုင်ယွန်က အယ်နီ၏လက်ကို ယူပြီး ဆုပ်ကိုင်ထားသည်။ အယ်နီကလည်း သူ့လက်

www.burmeseclassic.com

ကို တင်းတင်းကြီး ပြန်ဆုပ်ကိုင်ထားလိုက်သည်။ စိတ်ချမ်းသာမှုတို့ဖြင့် ရီဝေထုံမှိုင်းနေပါပြီ။

တေးသီချင်းအသစ်များနှင့် ပြဇာတ်ကို စတင် ဖွင့်လှစ်သည်။ အဝတ်အစားများကလည်း တောက်ပြောင်လှသည်။ စောစောပိုင်းတုန်းက စိတ်ဝင်စားစရာ မကောင်းခဲ့သော ယိမ်းသမကလေးများသည် ယခု ဇာတ်ရုံပေါ်ရှိ မီးရောင်အောက်သို့ ရောက်လာသောအခါတွင် အလွန် ချောမော လှပနေကြသည်။ ဘာပဲဖြစ်ဖြစ် ယနေ့ညအဖို့ အယ်နီ မြင်မြင်သမျှတို့သည် လှပသာယာနေကြချေတော့မည်သာ ဖြစ်သည်။

ယိမ်းသမကလေးများထဲမှာ ရောနေသည့် ဂျနီဖာနေ့ဘ်တာ ဘေးသို့ ခွဲထွက်လိုက်သည်။ မီးမောင်းက သူတစ်ယောက်တည်းကို ကွက်ပြီး ထိုးပေးသည်။ ရုံတစ်ခုလုံး ပွင့်ထွက်သွားမတတ် ဩဘာပေးကြသည်။

တေးသံအတိုင်း ခပ်ဖြည်းဖြည်းကလေး လျှောက်လာနေသည်။ အချိုးအဆစ် ပြေပြစ်လှပလွန်းသည့် သူ၏ ကိုယ်လုံးနှင့် သူ့အဝတ်အစားများက လိုက်ဖက်လွန်းလှသည်။

"ကျုပ်တို့တော့ ပွဲပေါက်ပဲဟေ့၊ နှစ်ဆယ်ရာစုမြေခွေး ရုပ်ရှင်ကုမ္ပဏီက ဝိတ်စ်နဲ့ ပါရာမောင့် ရုပ်ရှင်ကုမ္ပဏီက မေယာစ်တို့နှစ်ယောက်လည်း ဒီကို ရောက်နေကြတယ်"

ဟင်နရီက အယ်နီကိုကျော်ပြီး လိုင်ယွန်ကို လှမ်းပြောသည်။

"ကောင်းတာပေါ့၊ ဂျနီဖာနဲ့ တိုနီပိုလာနဲ့ကလည်း အဆင်ပြေနေကြတာ မဟုတ်လား။ ငွေတွေ ပုံပေးမယ် ဆိုတာတောင်မှ ဂျနီဖာက တိုနီကို ခွာမှာ မဟုတ်တော့ဘူး"ဟု လိုင်ယွန်က ပြန်ဖြေသည်။

"တိုနီက ဂျနီဖာကို ဘယ်တော့မှ ယူမှာ မဟုတ်ပါဘူး၊ ဒီကိစ္စ ကျုပ် ကြည့်လုပ်လိုက်ပါ့မယ်"

"ဟောဟိုမှာ မင်းသူငယ်ချင်းလေး"

လိုင်ယွန်က ကမန်းကတန်း ပြောသည်။ အယ်နီ လှမ်းကြည့်လိုက်တော့ အခြား ဇာတ်ကောင်နှစ်ယောက်နှင့်အတူ ဇာတ်ခုံထောင့်တွင် ပျောက်ကွယ်သွားသည့် နီလီကို လှမ်းမြင်လိုက်ရသည်။

ဟယ်လင် ထွက်လာသောအခါ ဇာတ်ရုံကြီးတစ်ခုလုံး ဘစ်စစီ ပေါက်ကွဲသွားတော့မည်လောက် ဆူညံသွားသည်။

ဟယ်လင်က ငြိမ်ငြိမ်ကလေး ရပ်နေသည်။ ပြုံးပြုံးကလေး လုပ်နေသည်။ ပရိသတ်၏ ဩဘာပေးခြင်းကို ငြိမ်သက်တည်ကြည်စွာ ခံယူနေခြင်း ဖြစ်သည်။

ဇာတ်ခုံပေါ်သို့ ဇာတ်သူဇာတ်သားများအားလုံး ထွက်ရပ်နေကြသည်။ ဟယ်လင်လော်ဆန်ကို ခြံရံပြီး ထွက်ပေးရခြင်း ဖြစ်သည်။ သူ့တစ်ယောက်ထဲတည်းကို ကွက်ပြီး မီးမောင်းထိုးပြထားသည်။

ဇာတ်ရုံတစ်ရုံလုံး နေရာလပ် မကျန်အောင် လူပြည့်နေခြင်းသည် ဟယ်လင့်ကြောင့် ဖြစ်သည်။ တေးဂီတပညာရှင်များ လာရောက်ကြည့်ရှုနေကြခြင်းသည် ဟယ်လင်ကို ကြည့်လိုသောကြောင့် ဖြစ်သည်။ဟယ်လင် သီချင်းဆိုသည်ကို နားထောင်လိုသောကြောင့် ဖြစ်သည်။ ဟယ်လင်ကို လူတွေ ချစ်ကြသည်။

သည်နေရာမှာ ဂျီနို ရှိနေစေချင်သည်။ ဟယ်လင်ကို ယခုလို ဇာတ်ခုံပေါ်မှာ တွေ့ရသောအခါ အခြားသူများနှင့်အတူ ရောပြီး သူလည်း မည်မျှလောက် ဩဘာပေးလိုက်လေမည်နည်းဟု အယ်နီ စဉ်းစားကြည့်နေမိသည်။ သို့သော်လည်း ပြဇာတ်ပြီးသွားသည်နှင့် တစ်ပြိုင်တည်း "ကိုယ့်ကို လိုက်ကပ်မနေအောင် လုပ်ပေးစမ်းပါကွာ" ဟု အယ်နီကို ပြောလိမ့်မည်။

မည်သို့ဆိုစေ ယခုလို အချိန်မျိုးမှာတော့ ဟယ်လင်ကို မချစ်သူ မရှိ။ သဘောမကျသူ မရှိ။ မစွဲလမ်းသူ မရှိ။

ယခု ပြဇာတ်သည် ဟယ်လင်ကို အသားပေးထားသည့် ပြဇာတ် ဖြစ်သည်။ ဇာတ်စ,သည်မှ ဆုံးသည်အထိ ဟယ်လင်၏ အခန်းတွေသာ များသည်။

သူ သီချင်းတစ်ပုဒ်ဆိုလိုက်တိုင်း ပရိသတ်၏ ဩဘာသံက နဘ်မိုးလုံး ရိုက်ချန်းသွားတော့သည်။

နီလီလည်း သူ့အခန်းကလေးနှင့်သူ ထင်ထင်ရှားရှား ရှိပါသည်။ သူ ပါဝင်ကရမည့် အခန်းက မထင်ရှားသော်လည်း သူ အစွမ်းကုန် ကြိုးစားရာပါသည်။

ဂျနီဖာနေ့ဘ်သည် အဝတ်အစားသစ်လဲပြီး ပြန်ထွက်လာသည်။ ပရိသတ်က သောင်းသောင်းဖြဖြ ဆီးကြိုသည်။

တယ်ရီကင်း ထွက်လာသည်။ သူ့ဆို

www.burmeseclassic.com

www.burmeseclassic.com


သည့် သီချင်းနှစ်ပုဒ်စလုံးကိုလည်း ပရိသတ်က သဘောကျကြသည်။ တကယ်ဆိုတော့ သူ့အသံက ဟယ်လင်၏ အသံထက်ပင် ပိုပြီးကောင်းနေသေးတော့သည်။ သို့သော် ဟယ်လင်ကိုတော့ မယှဉ်သာပါ။ အနုပညာစွမ်းရည်တွင် ဟယ်လင်က အများကြီး သာပါသည်။

"တယ်ရီကင်းလည်း တော်ပါတယ်။ ဒါပေမယ့် ဟယ်လင်ကိုတော့ မယှဉ်နိုင်သေးဘူး။ သာမန်လောက်ပဲ ရှိသေးတယ်"

အယ်နီက လိုင်ယွန်ကို လေသံတိုးတိုးဖြင့် ပြောသည်။

"သူ့ရုပ်ရည်ကတော့ သာမန်ထက် သာပါတယ်"

လိုင်ယွန်က ပြန်ဖြေသည်။

အားလပ်ချိန်ပေးသောအခါ ဧည့်ခန်းဆောင်အတွင်းသို့ လူအားလုံး ပြုတိုးနေကြသည်။ ဂေးလ်ဘတ်ကေ့စ်က ဟင်နရီကို မျက်ရိပ်ပြပြီး ခေါ်သောကြောင့် သူတို့အားလုံး အနောက်ဘက်ရှိ ဘားခန်းအတွင်းသို့ လိုက်သွားကြသည်။

"ဂေးလ်၊ ဒါဟာ ဟယ်လင်ရဲ့ အကြီးကျယ်ဆုံးပွဲပဲ"

ဟင်နရီက ပြောသည်။

သူတို့အားလုံး ဝီစကီ မှာသောက်ကြသည်။

"ဒါတွေကို ကျုပ် ကြိုမြင်ထားခဲ့ပြီးသားပေါ့ ငါ့ညီရာ။ ဟိုအခန်းကို နည်းနည်းဖြတ်လိုက်၊ ဒီအခန်းကို နည်းနည်း ဖြတ်လိုက်နဲ့ ပြုပြင်ပေးလိုက်တော့ အခုလို ကောင်းလာတော့တာပေါ့။ ဖီလာဒဲလ်ဖီးယားမှာ အနည်းဆုံး လေးပတ်တော့ ရုံတင်ရမှာ သေချာတယ်"

ဂေးလ်ဘတ်ကေ့စ်က မသိမသာ ပြုံးရင်း ပြန်ပြောသည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် အခန်းတွေကို ဖြတ်တာမှာ ဖြတ်သင့်ဖြတ်ထိုက်တဲ့ အခန်းကိုဖြတ်မှ ဖြစ်မှာနော်"

သူတို့နှစ်ယောက် စကား မပြောကြသေးဘဲ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ကြည့်နေသည်။ ပြီးတော့မှ ဂေးလ်ဘတ်က ပြုံးလိုက်ပြန်သည်။

"ကိုင်း ဟင်နရီ၊ လိုရင်းကို တည့်တည့်သာ ပြောပါတော့။ ကျုပ်မှာက အနှောင်အဖွဲ့တွေ ရှိနေတယ်။ ဒါကြောင့် တယ်ရီကင်းကိုတော့ ကျုပ် ဖြုတ်ပစ်လို့ မဖြစ်နိုင်ဘူး။ စာချုပ်က ရှိနေသေးတယ် မဟုတ်လား"

"ဘယ်လိုလုပ်ပြီး သူနဲ့ စာချုပ်လိုက်ရတာလဲ"

လိုင်ယွန်က ဝင်မေးသည်။

"အင်မတန်ကောင်းတဲ့ မေးခွန်းပါလား၊ ဟယ်လင်လော်ဆန်လို မင်းသမီးမျိုးနဲ့ တွဲပြီး ကကြရမယ့်အခါမှာ စာချုပ်မချုပ်ဘဲ ဒီအတိုင်း ဝင်ပြီး ကမယ့် မင်းသမီးမျိုးများ ရှိလိမ့်မယ်လို့ မောင်တို့ ထင်ထားကြသလား၊ ဖြစ်ခဲ့တာတွေကို ပြန်ကြည့်ပါဦး။

ဘော့စတွန်မှာတုန်းက ဘက်တီမိုတိုင်းဘ်ကို ဖြုတ်ပစ်လိုက်ရတယ်။ ဖီလာဒဲလ်ဖီးယားမှာတုန်းက ရှယ်ရီဟိန်းရဲ့အခန်းတွေကို လျှော့ပစ်ရတယ်။ ဒါကြောင့် သူနဲ့ တွဲကကြရတော့မယ်ဆိုရင် ပွဲပြီးတဲ့အထိ ကခွင့်ပေးပါ့မယ်ဆိုတဲ့ စာချုပ်မျိုး မချုပ်ဘဲ ဘယ်လို မင်းသမီးကမှ မကဘူး"

"သူ ကြိုက်တာတွေ လုပ်မပေးဘူး ဆိုရင်တော့ ဟယ်လင်က နယူးယောက်မြို့ ဖွင့်ပွဲမှာ ဝင်ကမှာ မဟုတ်ဘူး။ ဒါလောက်တော့ ကျွန်တော် ကြိုတင်ပြီး ပြောပြထားနိုင်ပါတယ်"

ဟင်နရီက တည်ငြိမ်သည့်လေသံနှင့် ပြောသည်။

"ဟင်နရီ၊ မောင့်ကို ကျုပ် တောင်းပန်ပါတယ်။ ဟယ်လင်ကို ပြောပြပေးပါဦး၊ တယ်ရီကင်းကို ကျုပ်က ထုတ်ပစ်လိုက်မယ်ဆိုရင် ကျုပ်အနေနဲ့ တရားသဖြင့် လုပ်တယ်လို့ ဘယ်သူက ပြောတော့မှာလဲ။ အခု ရာသီမှာ နောက်ထပ် ပွဲနှစ်ပွဲ ဆက်ကဖို့လည်း ကျုပ်က စီစဉ်ပြီးသား ဖြစ်နေပြီ။ အဲဒီပွဲတွေအတွက်လည်း ငွေလိုတယ်။ ငွေထုတ်ပေးမယ့် လူတွေရဲ့ မျက်နှာကိုလည်း ကြည့်ရသေးတယ်။ သူတို့ အကြိုက်ကိုလည်း လိုက်ရသေးတယ်။

တကယ်လို့ တယ်ရီကင်းကို ကျုပ် ထုတ်ပစ်လိုက်ရင် ၄၅လတစ်ရက်နေ့အထိ တစ်ပတ်ကို ငွေလေးရာ အလကားသက်သက် သူ့ကိုပေးနေရမှာ။ နောက်ပြီးတော့ သူနေရာမှာ အစားထိုးရမယ့် မိန်းကလေးကိုလည်း အဲဒီလခအတိုင်း ပေးရဦးမယ်။ ဟယ်လင်ကို ပေးရဦးမယ်။ အမြတ်ပေါ်က ရာခိုင်နှုန်းကို ခွဲပေးရဦးမယ်။ ဒါလောက်တော့ ကျုပ် ငွေကုန်ကြေးကျ ခံနိုင်မှာ မဟုတ်ဘူး"

"ထယ်ရီကင်းကို ထုတ်မပစ်ဘဲ ဆက်က

www.burmeseclassic.com

ခွင့်ပေးနေမယ်ဆိုရင် ဒီထက်ကြီးမားတဲ့ ဒုက္ခတွေနဲ့ ခင်ဗျား ရင်ဆိုင်ရလိမ့်မယ်။ ဟယ်လင်က အလကားနေရင်း နှောင့်ယှက်နေလိမ့်မယ်။ ခင်ဗျား သေသေချာချာ တွက်ကြည့်ပါဦး။ တစ်ပတ်ကို ငွေရှစ်ထောင်လောက် ရှုံးနေလိမ့်မယ်။ ဒါကြောင့် တယ်ရီကင်းကိုသာ ထုတ်ပစ်လိုက်မယ်ဆိုရင် ဟယ်လင်နဲ့ အဆင်ပြေပြေ ဆက်ကသွားနိုင်မယ်။ ဒီလိုမှ မဟုတ်ရင် သူ အမျိုးမျိုးကြေးများနေတာကို ခင်ဗျားတို့ ခံနေကြရလိမ့်မယ်နော်"

"ဘာပဲဖြစ်ဖြစ် တခြားနည်းလမ်းတွေတော့ ရှိနိုင်ပါသေးတယ်"

ဂေးလ်က ပခုံးများကို တွန့်ပြရင်း ပြောသည်။

ဟင်နရီက တစ်စုံတစ်ရာ ပြန်မဖြေဘဲ ခေါင်းညိတ်ရုံ ညိတ်ပြသည်။

"တခြား နည်းလမ်းတွေနဲ့ပဲ ကျုပ် ကြိုးစားကြည့်ပါရစေဦး။ ကျုပ် အသက်ကလည်း သိပ်ကြီးနေပါပြီ၊ မင်းသမီး တစ်ယောက်ကို သူ့ဘဝ နစ်နာသွားအောင် ဇာတ်က ထုတ်ပစ်ဖို့ ဆိုတာတော့ ကျုပ်အနေနဲ့ လုပ်ဖို့ မသင့်ဘူး"

ဟင်နရီက ပိုက်ဆံအချို့ကို ဘားကောင်တာပေါ်သို့ တင်ပေးခဲ့ပြီး သူတို့ အားလုံး ဇာတ်ရုံတွင်းသို့ ပြန်ဝင်လာကြသည်။

ဒုတိယပိုင်း၏ အရှိန်က ပိုပြီး မြင့်တက်လာသည်။ ဒုတိယပိုင်းတွင် ဟယ်လင် အစွမ်းကုန် သယ်တော့သည်။ ပရိသတ်ကလည်း သူ့ကို မနားတမ်း သြဘာပေးနေကြသည်။

ဇာတ်သိမ်းသွားပြီးနောက် ဟယ်လင် ဇာတ်ရုံနောက်သို့ ဝင်သွားသည်ကိုပင် အဝင်မခံဘဲ အော်ဟစ်နေကြသည်။ ကန့်လန့်ကာ ကျသွားပြီး အတန် ကြာသည့်တိုင်အောင် သြဘာသံများ တိတ်မသွားချေ။

ပြဇာတ်ထဲမှ သူ ဖြတ်လိုသည့်အခန်းများကို ဟင်နရီက မှတ်ထားသည်။ အပြောင်းအလဲလုပ်လိုသည့် အခန်းများကိုလည်း တေးထားသည်။ လူတွေ ကျပ်ကျပ်ခဲနေသည့် ဧည့်ခန်းထဲသို့ ရောက်လာသောအခါ ဟင်နရီ၏ နဖူးမှာ ချွေးများ သီးနေတော့သည်။

"ဒီပွဲ ဘယ်လောက် အောင်မြင်တယ်ဆိုတာ ဘကြီးရဲ့ အမူအရာကို ကြည့်တာနဲ့ သိသာနိုင်တယ်"

အယ်နီက ဝမ်းသာအားရ ပြောသည်။

"မဟုတ်ပါဘူး သမီးရယ်၊ နောက်ထပ်ဆက်ရင်ဆိုင်ရဦးမယ့် တိုက်ပွဲတွေအကြောင်း ဘကြီးက စဉ်းစားနေတာပါ။ ဟယ်လင် ကခဲ့သမျှပွဲတွေမှာ ဒီပွဲဟာ သူ့အဖို့ အအောင်မြင်ဆုံးပွဲပါပဲ။ အမြင့်ဆုံးနေရာကို ရောက်အောင် သူတက်သွားပြီ။ ကဲ- လူအုပ်ထဲက တိုးပြီး ဇာတ်ရုံနောက်ကို သွားကြစို့"

ဟင်နရီက စီးကရက်တိုကို ပစ်ချရင်း ပြောသည်။

ဟယ်လင် အဝတ်အစားလဲခန်း အဝမှာ လူများ စုပြုံတိုးဝှေ့နေကြသည်။ ဟယ်လင်ကို ချီးကျူးစကား ပြောလိုသူများ၊ ဟယ်လင်ကို အနီးကပ် ကြည့်လိုသူများ ဖြစ်သည်။

အပေါက်ဝမှာ ဟယ်လင် ရပ်နေသည်။ အနားကပ်ကြည့်တော့ သူ့မျက်နှာပေါ်မှ မိတ်ကပ်ထူထူများကြောင့် အမြင်ရ ဆိုးနေသည်။ သူ့ကို လာရောက် နှုတ်ဆက်ကြသူတိုင်းအား သူကလည်း လိုက်လိုက်လှဲလှဲ ပြုံးပြီး ပြန်နှုတ်ဆက်နေသည်။

ဟင်နရီ၊ အယ်နီနှင့် လိုင်ယွန်တို့ လူအုပ်ကြားမှ တိုးဝင်လာနေသည်ကို သူ လှမ်းမြင်ရသည်။

"ဟေး. . . အခန်းထဲကို ဝင်ကြ"

သူက ရွှင်ရွှင်မြူးမြူး လှမ်းအော်သည်။ သူ အဝတ်အစားလဲသည့် အခန်းဆီသို့လည်း မေးငေါ့ပြသည်။ သူ့အနားမှ အယ်နီ ဖြတ်သွားသောအခါ သူက တိုးတိုး ကပ်ပြောလိုက်သေးသည်။

"ဒီလူအုပ်ကြီး ရှင်းသွားရင် ဂေးလ်ရဲ့ ဧည့်ခံပွဲကို သွားကြမယ်နော်"

ပြီးတော့ သူ့ကို စောင့်နေသည့် ရှေ့ဆုံးမှ လူတစ်ယောက်ဘက်သို့ သူ ပြန်လှည့်သွားသည်။ သူ့အပြုံးကလည်း အလွန်တရာ တောက်ပနေချေသည်။

*

ဧည့်ခံပွဲသို့ သူတို့ ရောက်သွားသည့်အချိန်တွင် အတော်ကြီး အရှိန်ရနေကြပြီ ဖြစ်သည်။ သို့သော်လည်း ခန်းမအတွင်းသို့ ဟယ်လင် ဝင်လာသည်နှင့် တစ်ပြိုင်တည်း စကားပြောသံများ တိတ်သွားသည်။ ဟယ်လင် ဝင်လာသည့် တံခါးပေါက်ဆီသို့ အားလုံးက လှည့်ကြည့်ကြသည်။ စက္ကန့် အနည်းငယ်ကြာအောင် တိတ်သွားသည်။ ပြီးတော့ ဟယ်လင်ကို တစ်ပြိုင်တည်း ဝိုင်းဝန်းနှုတ်

www.burmeseclassic.com

www.burmeseclassic.com


ဆက်ကြသည်။

ဟယ်လင်ကလည်း ကြည်ကြည်လင်လင်ကလေး ပြန်ပြုံးပြသည်။ သက်သာသလို နေကြရန်လည်း လက်မြှောက်ပြသည်။ ပြဇာတ်အဖွဲ့မှ ပြန်ကြားရေးတာဝန်ခံက ဟယ်လင်ကို ဒေသခံ သတင်းစာဆရာများ ရှိရာသို့ ခေါ်သွားသည်။

လိုင်ယွန်က အယ်နီကို အခန်းထောင့်တစ်နေရာသို့ ခေါ်သွားသည်။ ပြီးတော့ ဂျင်ဂျာအေးနှင့် စားစရာများ ယူပေးသည်။

"အခန်း ဟိုဘက်ခြမ်းမှာတော့ နွေးနွေးသေးတဲ့ စားစရာတွေ ရှိတယ်။ လူနည်းနည်းရှင်းတော့မှ ကိုယ် သွားယူပေးမယ်"

လိုင်ယွန်က အယ်နီ၏ဘေးမှာ လာထိုင်ရင်း ပြောသည်။

"ကျွန်မ တကယ့်ကို မဆာဘူး"

အရသာမရှိသည့် အသားညှပ်ပေါင်မုန့်တစ်ခုကို ကိုက်ကြည့်ပြီး အယ်နီက ပြောသည်။ ပြီးတော့ အခန်းထဲကို လှည့်ကြည့်နေသည်။

"နီလီ တစ်ယောက်လည်း မတွေ့ရပါလား"

"အရေးကြီးတဲ့ လူတွေကိုပဲ ဖိတ်ထားတာ၊ ပြဇာတ်ထဲက အဓိက ဇာတ်ကောင်တွေလောက်ပဲ တက်ရတယ်။ ယိမ်းသမကလေးတွေနဲ့ တခြားလူတွေက တခြားတစ်နေရာမှာ သူတို့ဟာ သူတို့ စားကြရတယ်"

"ဘာဖြစ်လို့ ဒီလိုလုပ်တာလဲဟင်၊ ခွဲခြားထားတာတော့ မကောင်းဘူးပေါ့"

"ဒီလိုပြောလို့တော့လည်း မရဘူးကွယ့်၊ အမှန်တော့ သူတို့ရတဲ့ဝေစုတွေကို သူတို့က စုပြီး ချက်စားကြတယ်။ ဒါကြောင့် သူတို့ အစားအသောက်က ပိုကောင်းတယ်။ တစ်ယောက်ယောက်ရဲ့ အခန်းမှာစုပြီး သူတို့ဟာ သူတို့ ညစာစားပွဲလေး လုပ်ကြတဲ့ သဘောပေါ့"

အခန်းထဲမှာ အာမေဍိတ်သံများ ဖုံးလွှမ်းသွားပြန်သည်။ အယ်နီက အခန်းဝဆီသို့ လှမ်းကြည့်လိုက်သည်။

နယူးဟဲဗင်းမြို့၏ ထိပ်တန်းသတင်းစာဆရာ ဂျင်မ်တေလာနှင့်အတူ ဝင်လာသည့် ဂျနီဖာနော့သ်ကို တွေ့ရသည်။

ဂျနီဖာကို မြင်သည့်အခါတိုင်း သူ့အလှကို သတိမပြုမိဘဲ မနေနိုင်။ တစ်ကြိမ်ထက်တစ်ကြိမ် ပိုပိုပြီး လှလာသည်ဟု ထင်မိသည်။

အခန်းထဲမှာ ရှိနေသည့် အရေးကြီးသူများနှင့် ဂျနီဖာကို မိတ်ဆက်ပေးနေသည်။ ဂျနီဖာက လိုက်လိုက်လဲလဲ ပြုံးပြသည်ကို မြင်ရသည်။ သူ၏ တုံ့ပြန်မှုကလည်း ချစ်စရာဖြစ်နေပြန်သည်။

အယ်နီတို့အနားသို့ ဟယ်လင် ရောက်လာသည်။ လွတ်နေသည့် ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။

"မင်းတို့နှစ်ယောက်ကတော့ ဒီထောင့်မှာလာပြီး ပုန်းကျနေကြတာပေါ့လေ။ ဟောဒီလို ညစာစားပွဲမျိုးတွေကို ကိုယ် အမုန်းဆုံးပဲ။ ဒါပေမယ့် ဂေးလ်ဘတ်က သူ့ကို ငွေထုတ်ပေးတဲ့လူတွေကို မျက်နှာလုပ်ချင်လှချေရဲ့ဆိုပြီး ဇွတ်လုပ်နေတာ။ ဒါလောက်တောင် မျက်နှာလုပ်ချင်ရင် မင်းသမီးတွေနဲ့ တစ်ညလောက်လွှတ်ပေးထားလိုက်ရောပေါ့"

ဟယ်လင်က နောက်ဆုံးစကားကိုပြောရင်း ပြုံးသည်။

ခဏကြာတော့ သူတို့ဝိုင်းသို့ ဂေးလ်ဘတ်ကော့စ် ရောက်လာသည်။

"ဟောဟိုဘက်မှာ အင်မတန်ကောင်းတဲ့ ကြက်ကင်တွေ ရှိတယ်။ တရုတ်အစားအစာတွေလည်း ရှိတယ်" ဟု ဂေးလ်က ပြောသည်။

"ဂေးလ် ဘာဖြစ်လို့ အဓိပ္ပာယ် မရှိတဲ့ အစားအစာတွေနဲ့ ညစာစားနေရတာလဲ"

ဟယ်လင်က ပြန်မေးသည်။

"ကောင်းပါတယ်ကွာ၊ ကောင်းပါတယ်လို့ ဟိုတယ်ကလည်း ပြောတယ်လေ"

"သူတို့ကတော့ ဘာမဆို ကောင်းတယ်လို့ပဲ ပြောမှာပေါ့။ အမဲသားကြော်လည်း ကောင်းပါတယ်လို့ ပြောမှာပဲ။ ဒါပေမယ့် အဲဒါက သိပ်ဈေးကြီးတယ် မဟုတ်လား"

"ကဲ ဟယ်လင်၊ ဒီညဟာ မင်းရဲ့ညပါပဲ။ စိတ်ချမ်းသာသလိုသာ နေပါ"

ဂေးလ်က ပြောပြောဆိုဆို လူအုပ်ကြားသို့ တိုးဝင်သွားသည်။

"ဟေး ဂေးလ်၊ ကျွန်မတို့ စကားနည်းနည်းလောက် ပြောကြရအောင်"

ဟယ်လင်က ဂေးလ်ကို လိုက်ဆွဲရင်း ပါသွားသည်။

"သူ ဘယ်လိုမှ ရှောင်လို့ရမှာ မဟုတ်ဘူး"

လိုင်ယွန်က ပြုံးပြီး ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"တယ်ရီကင်းကိုစွန့် ပတ်သက်လို့ ဟယ်လင်က ဒီအတိုင်းပဲ ဆက်ပြီး အကျပ်ကိုင်နေမှာလားဟင်"ဟု အယ်နီက မေးသည်။

"သူလုပ်ချင်ပြီဆိုရင် ဘယ်တော့မှ အလျှော့ပေးတတ်တဲ့ အမျိုးသမီး မဟုတ်ဘူး။ တစ်လက်မတောင် လျှော့မပေးဘူး"

"ဟယ်လင်ကို ကျွန်မ ပြောပြရင် ကောင်းမယ်ထင်ထယ်။ တယ်ရီကင်း တော်ပါတယ်။ သူလို မင်းသမီးတစ်ယောက်အဖို့ အခွင့်အလမ်း ရှိသင့်တာပေါ့။ နောက်ပြီး ဟယ်လင်ကို သူက ပြိုင်နေတာမှ မဟုတ်ဘဲ။ ဟယ်လင် လက်ခံလာအောင် ကျွန်မ ပြောပြနိုင်လိမ့်မယ်လို့ ထင်တယ်"

အယ်နီက စဉ်းစားနေရင်းမှ တစ်လုံးချင်း ပြောပြနေသည်။

"အယ်နီ၊ မကြိုးစားချင်နဲ့။ ဒီကိစ္စထဲ မင်းဝင်ပါရင် ရှုံးသွားလိမ့်မယ်"

"မရှုံးပါဘူး လိုင်ယွန်၊ ကျွန်မတို့နှစ်ယောက်က ရင်းနှီးတဲ့ မိတ်ဆွေတွေပါ။ သူ ဒုက္ခရောက်နေရတာဟာ ဒါတွေကြောင့်ပဲ။ ဟယ်လင်ကို သာမန် လူသားတစ်ယောက် အနေနဲ့ ဘယ်သူကမှ မဆက်ဆံကြဘူး။ တကယ်တော့ အပြောရ အင်မတန် လွယ်တဲ့ အမျိုးသမီးပါ။ ကျွန်မ ပြောစကားတွေကို လည်း သူ နားထောင်ခဲ့ဖူးပါတယ်"

လိုင်ယွန်က ,အယ်နီ့လက်ကို ကောက်ကိုင်လိုက်ပြီး မျက်လုံးများကို စိုက်ကြည့်နေသည်။

"မင်း တကယ် ပြောနေတယ်ဆိုတာ ကိုယ် ယုံပါတယ်။အင်း- အယ်နီ . . . အယ်နီ၊ အလွန် အံ့ဩစရာကောင်းတဲ့ မိန်းကလေးပဲ။ ဒါလောက် အရှုပ်အထွေးတွေများတဲ့ လောကထဲကို မင်းလို မိန်းမချော မိန်းမလှကလေးတစ်ယောက်က ဘယ်လိုလုပ်ပြီး ရောက်လာရတာလဲ၊ ဟယ်လင်ရဲ့အကြောင်းကို မင်း သိတယ်လို့ ထင်နေတယ် မဟုတ်လား၊ တကယ်ကတော့ ဟယ်လင်က အပေါ်ယံရွှေမှုန်ကြဲ အထဲက နောက်ချေးခံဆိုတဲ့ မိန်းမစားမျိုးပါကွယ်"

"ရှင် ပြောတာတွေ မှားနေပြီ လိုင်ယွန်၊ ဟယ်လင်အကြောင်း ကျွန်မ သေသေချာချာ သိပါတယ်။ သူနဲ့ ကျွန်မနဲ့ ညသန်းခေါင်ကျော် သန်းခေါင်သန်းလွဲ အချိန်တွေမှာ အမြဲတမ်း စကားပြောနေကြတာပါ။ နာရီပေါင်း များစွာကြာအောင်ကို ကျွန်မတို့နှစ်ယောက် ပြောကြတယ်။ အမှန်တော့ သူ့မျက်နှာမှာ ဖုံးထားတဲ့ မျက်နှာဖုံးကို ခွာချလိုက်တဲ့အခါကျတော့ ဟယ်လင်အစစ်ကို မြင်ရတော့တယ်။

ဟယ်လင်အစစ်ဟာ အင်မတန်ကို အံ့ဩစရာ ကောင်းပါတယ်။ သူ့မှာ စိတ်နှလုံးထားကောင်းရှိတယ်။ သူ ဘာကိုပဲ ပြောပြော အသည်းနှလုံးထဲကနေ ပြောတတ်တဲ့ မိန်းမမျိုးပါ။

သာမန်ကြည့်တော့သာ ခက်ထန်တယ်။ မာနကြီးတယ်။ အပေါင်းသင်းရခက်တယ်လို့ ထင်နေကြတာ။ အဲဒီ ခက်ထန်မှုတွေ၊ မာနကြီးတာတွေရဲ့ အတွင်းပိုင်းမှာ ဘာတွေ ရှိနေတယ် ဆိုတာကိုတော့ ဘယ်သူကမှ ထိုးထွင်းမကြည့်ကြဘူး"

လိုင်ယွန်က ခေါင်းခါသည်။

"အပေါ်ယံကြောကလေးကသာ ဟန်ဆောင်ထားတာပါကွယ်။ ဒါပေမယ့် ဟယ်လင်အစစ်က သူ ဟန်ဆောင်နေသလို မဟုတ်ဘူး။ အင်မတန် ခက်ထန်တဲ့မိန်းမ၊ သူ့အကျိုးကိုသာ သူကြည့်တဲ့မိန်းမ၊ ဘယ်သူ့အကျိုးကိုမှ ကြည့်နေတာ မဟုတ်ဘူး"

"အိုး . . . လိုင်ယွန်"

အခန်းတံခါးဆီမှ အသံကြားပြန်သည်။ လှမ်းကြည့်သောအခါ ရုံးလုလင်တစ်ယောက် ဝင်လာသည်။ သတင်းစာများကို ယူလာပေးခြင်း ဖြစ်သည်။ မနက်ဖြန်မနက် ထုတ်ဝေမည့် သတင်းစာများ ဖြစ်သည်။

ဟယ်လင်က သတင်းစာများကို လှမ်းဆွဲပြီး မျက်လုံးဝေ့ကြည့်သည်။ ဂေးလ်ဘတ်ကေ့စ်က အသံကျယ်ကျယ်နှင့် ဖတ်ပြသည်။

နဘံမိုးလုံးပြဇာတ်နှင့် ပတ်သက်ပြီး ဝေဖန်ရေးဆရာက ဝေဖန်ထားသည်။

ပြဇာတ် အောင်မြင်ကြောင်း၊ သို့သော်လည်း အရည်အချင်း ပြည့်မီသည့်ပြဇာတ် မဟုတ်ကြောင်း၊ ဟယ်လင် အလွန်တော်ကြောင်း၊ သက်ရှိထင်ရှား အဆိုတော်မင်းသမီးများထဲတွင် အတော်ဆုံးဖြစ်ကြောင်းများ ရေးသားထားသည်။

တယ်ရီကင်းကိုလည်း ချီးကျူးရေးသားသည်။ ဂျနီဖာနေ့သ်ကိုတော့ ကိုယ်လုံးကိုယ်ပေါက်လှသည့် မင်းသမီးဖြစ်ကြောင်း ချီးကျူးသည်။

တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ချီးကျူးကြသည်။ ဟယ်လင်၏ ပတ်

www.burmeseclassic.com

www.burmeseclassic.com


လည်တွင် လူတွေ ဝိုင်းနေကြပြန်သည်။ ဝိုင်းဝန်းမြှောက်ပင့် ချီးကျူးနေကြပြန်သည်။

"သူတို့ဟာ သူတို့ အလုပ်ရှုပ်နေကြတုန်း ကိုယ်တို့နှစ်ယောက် လစ်ထွက်သွားကြရင် အကောင်းဆုံး ဖြစ်မယ်"

လိုင်ယွန်က ပြောသည်။

တံခါးပေါက်နားသို့ သူတို့ ရောက်လာကြသောအခါ ဟင်နရီက သူတို့ရှေ့မှ ပိတ်ရပ်နေသည်။

"တစ်နေရာကို သွားကြမလို့လား"

သူက အမှတ်မထင် မေးသည်။

"အပြင်သွားပြီး ညစာ ကောင်းကောင်းကလေးများ စားလိုက်ရရင် ကောင်းမလားလို့"

လိုင်ယွန်က ပြန်ဖြေသည်။

"အို မလုပ်ပါနဲ့ဦး ငါ့တူရယ်၊ ကျုပ်ကို ဒီဒုက္ခကြီးထဲမှာ တစ်ယောက်တည်းတော့ ပစ်မထားပါနဲ့"

"ဘယ်လို ဒုက္ခလဲ၊ ပြဇာတ်ကိစ္စလား"

လိုင်ယွန်က ဘာမှ မသိသလို မေးသည်။

"သိပ်ဟုတ်တာပေါ့၊ ဂေးလ်ဘတ်နဲ့တွေ့ပြီး ချက်ချင်း ဆွေးနွေးပေးရမယ်လို့ ဟယ်လင်က အကျပ်ကိုင်နေတယ်"

"ဘယ်တော့ တွေ့ရမှာလဲ"

"အခု ဆယ်မိနစ်အတွင်းတဲ့၊ ဂေးဘ်ဘတ်ရဲ့ ဟိုတယ်ခန်းမှာ၊ ဒါကြောင့် ကျုပ်အနားမှာ မောင် ထိုင်နေစေချင်တယ်။ ဘာမှတော့ လုပ်စရာမလိုပါဘူး။ ကျုပ် စိတ်အားမငယ်အောင် ထိုင်ပေးနေဖို့ပါပဲ"

အယ်နီ အလိုမကျ ဖြစ်သွားလေသည်။ သို့သော်လည်း ထိုအမူအရာ ပေါ်မသွားရအောင် အပြုံးကလေးနှင့် ဖုံးလိုက်သည်။

"လိုက်သွားလိုက်ပါ လိုင်ယွန်၊ သိပ်လည်း နောက်ကျနေပါပြီ။ ကျွန်မ မဆာပါဘူး တကယ်ပါ"

"မင်းနဲ့တော့ မဆိုင်ပါဘူး။ ဒါပေမယ့် ဟယ်လင်အစစ်ကို မင်းသိတယ်လို့ ပြောတယ်။ ဒါကြောင့် ကိုယ်တို့ဘက်ကို ဟယ်လင်ပါလာအောင် ဝိုင်းဆွယ်ပေးပါဦးလား။ ကိုယ်တို့ ရနိုင်သမျှ အကူအညီတွေ အားလုံးကို ယူရတော့မှာပဲ"

လိုင်ယွန်က အယ်နီ၏လက်မောင်းကို ဆွဲခေါ်ရင်း ပြောသည်။

ဂေးလ်ဘတ်ကေ့စ်၏ ဟိုတယ်ခန်းထဲမှ ကြုံရသည့် မြင်ကွင်းသည် ဧည့်ခံပွဲမှာတုန်းကလို မဟုတ်။ ဟယ်လင်က ခုံရှည်တစ်လုံးပေါ်မှာထိုင်ပြီး ရှမ်ပိန် သောက်နေသည်။ ကလေးငယ်တစ်ယောက်လို စိတ်ကောက်ပြီး နှုတ်ခမ်းလည်း စူထားသည်။ ဇာတ်ကခဲ့သည့် မိတ်ကပ်များတော့ မရှိတော့။ သူ့မျက်နှာပေါ်မှာ အရေးအကြောင်းကလေးများကို မြင်ရသည်။ သည်လိုကျတော့လည်း တယ်ပြီး စွဲမက်စရာ မကောင်းလှ။

"အခုဟာကတော့ အရှုးထကြတာပဲ။ ကျုပ်တို့အားလုံး အိပ်ကောင်းခြင်း မအိပ်ကြရဘဲ ဒီနေရာမှာ လာထိုင်နေကြရပြန်တယ်။ ကျုပ်တို့ တင်ပြလိုက်တဲ့ ပြဇာတ်ကလည်း ဒီနှစ် ပွဲရာသီမှာ အကြီးကျယ်ဆုံး အအောင်မြင်ဆုံး ဖြစ်နေပြီ"

ဂေးလ်က သူ့လက်နှစ်ဖက်ကို ခေါင်းပေါ်သို့ မြှောက်ပြပြီး ပြောသည်။

"ဒီလို အောင်မြင်လို့ အံ့ဩနေတယ် မဟုတ်လား။ ကျွန်မကတဲ့ ပြဇာတ်တိုင်းဟာ အောင်မြင်တာချည်းပဲ။ ရှင့်ကို သူဌေးကြီးတစ်ယောက် ဖြစ်သွားအောင် ဒီပြဇာတ်က လုပ်ပေးတော့မှာပါ ဂေးလ်။ ဒီပြဇာတ်ကို ရုပ်ရှင်အဖြစ်နဲ့လည်း ရှင် ရိုက်ရဦးမယ်။ ကျွန်မ သရုပ်ဆောင်တဲ့နေရာမှာ ဘက်တီဂရေဘယ်လ်ဖြစ်ဖြစ်၊ ရီတာဟေးဝပ် ဖြစ်ဖြစ် ဝင်ပြီး သရုပ်ဆောင်တာကို ကျွန်မ ထိုင်ပြီး အကဲခတ်ရဦးမှာပါ။ ကောင်းပြီ၊ အဲဒီကိစ္စကို ထားလိုက်ပါတော့။ ဒါပေမယ့် တယ်ရီကင်းလို မိန်းမရှင်မတစ်ယောက်က ကျွန်မကြောင့် အောင်ပွဲရသွားမှာကိုတော့ ကျွန်မ ဒီအတိုင်း ထိုင်ကြည့်မနေနိုင်ဘူး"

"ဟယ်လင်၊ မင်းကိုသာ အသားပေးနေကြတာပါ။ သတင်းစာတွေကလည်း မင်းကိုသာ ရေးနေကြတာပါ"

"ဟုတ်လား၊ သတင်းစာတစ်စောင်က ရေးတယ်လေ၊ သူဟာ ရုပ်ရှင်မင်းသမီးသေချာပေါက် ဖြစ်နိုင်တယ်တဲ့။ ဒီပြဇာတ်ထဲမှာ အကောင်းဆုံး သီချင်းတစ်ပုဒ်ကိုလည်း သူဆိုခွင့်ရနေတယ်"

"ဟယ်လင်၊ ဒီကိစ္စကို ကိုယ်တို့ ကြိုးစားကြည့်ဖူးပါတယ်။ ဒီသီချင်းကို ဘယ်လိုလုပ်လို့မှ ပြန်ပြင်ရေးလို့ မရနိုင်တော့ဘူး၊ ကိုယ်တို့လူတွေ နှစ်ညလုံးလုံး မအိပ်မနေ ကြိုးစားကြဖူးတာပဲ။ နောက်ပြီးတော့ ဒီဒွေ့ဘ်ကလည်း

www.burmeseclassic.com

www.burmeseclassic.com

သီချင်းသစ် ဖြစ်နေတယ် မဟုတ်လား"

ဟင်နရီက ပြောသည်။

"ဂျနီဖာနော့သ်လည်း ရုပ်ရှင်မင်းသမီး သေချာပေါက် ဖြစ်နိုင်ကြောင်း ရေးကြပါသေးတယ်။ တယ်ရီကင်း တစ်ယောက်တည်းကိုမှ ရွေးပြီး မြှောက်နေတာ မဟုတ်ပါဘူး"

ဟု ဂေးလ်က ဆက်ပြောသည်။

"ဒီပြဇာတ်ထဲမှာ ဂျနီဖာက သီချင်း ဆိုရတာမှ မဟုတ်ဘဲ"

"ဟယ်လင်၊ တယ်ရီကင်းကြောင့် မင်း မနာပါဘူးကွယ်။ သူ့အခန်းတွေကြောင့် မင်းကို ဘာမှ မထိခိုက်ပါဘူး"

ဟင်နရီက တောင်းပန်ပြန်သည်။

"ကျွန်မ ထိခိုက်အောင် ဘာမှ မလုပ်ဘူးဆိုတာက ရှင့်အထင်ကိုး။ ဒီလို မလုပ်နိုင်တာလည်း ဘာအခွင့်အရေးမှ သူ မရလို့ပါ။ ဒီပွဲဟာ ကျွန်မရဲ့ပွဲ၊ ကျွန်မ စီးရမယ့်ဇာတ်၊ လော်ဆန်ဦးစီးတဲ့ ပြဇာတ်ထဲက နာမည်ထွက်လာသူဟာ တစ်ယောက်ပဲ ရှိရမယ်။ အဲဒီ တစ်ယောက်ဟာ လော်ဆန်ပဲ ဖြစ်ရမယ်"

"ဒါပေမယ့်၊ ဟိုကလေးမလေးကလည်း ကောင်းနေပါတယ်။ သူဆိုရတဲ့ သီချင်းနှစ်ပုဒ်ဟာ ဇာတ်ကို အားဖြည့်ပေးထားပါတယ်။ ဇာတ်ကောင်းလာတယ် ဆိုတာကလည်း မင်းပိုကောင်းလာဖို့ပါ။ မင်းအတွက် ပိုလို့တောင် အကျိုးရှိပါသေးတယ်။ မင်း ပြောသလိုပါပဲ၊ ဒီဇာတ်ဟာ မင်းစီးနေတဲ့ဇာတ်ပါ"

"ဒါလောက်တောင်မှ ဒီကောင်မက အစွမ်းထက်နေတယ် ဆိုရင် ရှင့်ရဲ့ နောက်ပြဇာတ်ကျမှ ခေါင်းဆောင်မင်းသမီးတင်ပါ။ ရှင့်လူတွေက သူ့အတွက် ငွေဘယ်လောက်တောင် အကုန်ခံနိုင်ကြမှာလဲ၊ ငွေတွင်းများ ရှိနေကြသလား"

ဟင်နရီက ထိုင်ရာမှ ထသည်။

"ဟယ်လင်၊ မင်း သိပ်အတွေးခေါင်နေလို့ပါ။ မင်း ထိခိုက်အောင် ဒီမိန်းကလေးက မတတ်နိုင်ပါဘူး။ နောက်ပြီးတော့လည်း သူ နာမည်ကြီးလာဖို့အတွက်လည်း အခွင့်အရေးလေးတော့ သူ ရသင့်တာပေါ့။ မင်းလည်း ဒီလိုပဲ စခဲ့ရတာ မဟုတ်လား။ မင်း ပထမဦးဆုံး ကရတဲ့ပွဲကို မှတ်မိသေးရဲ့လား။ နန်စီရှော က မင်းကိုသာ ကန်ထုတ်ခဲ့မယ်ဆိုရင် ဒီကနေ့ မင်း ဘယ်ဘဝ ရောက်နေမလဲ"

"အဲဒီ နန်စီရှော ဆိုတာရော ဒီကနေ့ ဘယ်ဘဝ ရောက်နေသလဲ။ ဒီမှာ ကျွန်မပြောတာ နားထောင်ပါ ဟင်နရီ။ ကျွန်မနဲ့ တွဲရတဲ့ အချိန်မှာ သူ့အသက် လေးဆယ်ပြည့်တော့မယ်။ ဒါကြောင့် ကျွန်မထက် အဘက်ဘက်က သူသာမယ်ဆိုရင် ကျွန်မကို ကန်ထုတ်ခဲ့မှာပေါ့။ သူက ရုပ်ချောတယ်။ ရုပ်ချောတဲ့လူတွေဟာ သူတို့ကိုယ်သူတို့ အထင်ကြီးတယ်။ သူနဲ့ ရုပ်ချင်းယှဉ်လိုက်ရင် ကျွန်မကို ဘာမှ ဂရုစိုက်စရာ မလိုဘူးလို့ သူထင်ခဲ့တယ်။

ဒါပေမယ့် ကျွန်မ ဇွဲကောင်းကောင်းနဲ့ ကခဲ့တယ်။ ဒီလို အဖြစ်မျိုး တယ်ရီကင်းနဲ့ မဖြစ်နိုင်ဘူး။ သူဟာ ဟယ်လင်လော်ဆန် မဟုတ်ဘူး။ ဒီအဖြစ်မျိုးနဲ့ ကြုံလာရမယ်ဆိုရင် နန်စီရှောလည်း ဟယ်လင်လော်ဆန် မဟုတ်ဘူး။ နန်စီရှော မှားခဲ့တဲ့ အမှားတွေထဲက ကျွန်မ သင်ခန်းစာ ရခဲ့တာလည်း ရှိတယ်။ ကျွန်မကို ဘယ်လိုလူကမှ အသုံးမချရဘူး။ သူတို့ ကောင်းစားဖို့အတွက် ကျွန်မက ခုတုံးအဖြစ် မခံနိုင်ဘူး"

"သူနဲ့က ပြဇာတ်ပြီးတဲ့အထိ ကဖို့ စာချုပ် ချုပ်ထားတယ်"

ဂေးလ်က ပခုံးများကို တွန့်ပြပြီး ပြောသည်။

"ဒီလို စာချုပ်မျိုးတွေအကြောင်း သိလိုက်သမှ ဒီကောင်မက နောက်ကိုကျေနေတာပါတော်"

ဟယ်လင်ကလည်း မကျေနိုင် မချမ်းနိုင်အောင် ပြောနေသည်။

"ဒါပေမယ့် ဟယ်လင်။ လူတွေက သူ့ကို သတိထားမိနေကြပြီ။ သူ သရုပ်ဆောင်တာ မကြိုက်လို့ ထုတ်ပစ်လိုက်ပါတယ်လို့ ကိုယ်က ဘယ်လိုလုပ်ပြီး ပြောနိုင်ပါ့မလဲ။ ကိုယ့်ငွေရှင်ကြေးရှင်တွေကို ဒီလို အကြောင်းပြလို့ ဘယ်ဖြစ်နိုင်ပါတော့မလဲ"

"ဒါကို ကျွန်မ မငြင်းပါဘူး"

ဟယ်လင်က ချစ်ခင်စဖွယ် အမူအရာနှင့် ပြန်ပြောသည်။

"သူ့ကို ဒီပြဇာတ်ထဲက ထုတ်ပစ်လိုက်တယ်ဆိုတာ လူတကာ သိကုန်ကြရင် မင်းအဖို့လည်း မကောင်းပါဘူး"

"မှန်ပါတယ်၊ ကျွန်မတို့ လိုချင်တာလည်း ဒါပဲ။ ဒီကိစ္စကို ကျွန်မတို့ ဖြေရှင်းနိုင်ကြရမှာပေါ့။ ဒါကြောင့် အညင်သာဆုံးနည်းနဲ့ သူ့ကို ထုတ်ပစ်လိုက်ပါ။ ဒီအလုပ်မျိုးကို အရင်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ရှင် လုပ်ခဲ့ဖူးပါတယ်"

ဟယ်လင်၏ မျက်လုံးများ ကျဉ်းသွားသည်။

ဂေးလ်ကေ့စ်၏ ကိုယ်လုံးသည် သုံးလက်မခန့် ပုဝင်သွားသည်ဟု ထင်လိုက်ရသည်။ ပြီးတော့ သက်ပြင်းရှည်ကြီးကိုလည်း မသက်မသာ ချလိုက်သည်။

"ကောင်းပါပြီလေ၊ ဒါပေမယ့် ဖီလာဒဲလ်ဖီးယားမြို့မှာ ဇာတ်ဝင်ပြီးတဲ့ အချိန်အထိတော့ စောင့်ရလိမ့်မယ်"

"အဲဒီလောက်အထိ စောင့်နေလို့ ဘယ်ဖြစ်မလဲ၊ ဒီအတိုင်း ဆက်ကခွင့် ပေးထားရင် နောက်ထပ် သူတော်တဲ့ အကွက်တွေကို လူတွေက သတိထားမိသွားဦးတော့မှာပေ့ါ။ အခုအပတ်ကုန်ရင် သူ့ကို ထုတ်ပစ်လိုက်ပါ"

ဂေးလ်ကေ့စ်မှာ စိတ်မရှည်နိုင်တော့အောင် ဖြစ်လာသည်။

"ခက်တော့တာပဲ၊ ဒီမှာ သူငယ်မ၊ ကျုပ်တို့က ဘာဆက်လုပ်ရမှာလဲ၊ တနင်္လာနေ့ကျရင် ဖီလာဒဲလ်ဖီးယားမှာ ရုံတင်ရမယ်။ သူ့နေရာကို ဘယ်သူနဲ့ အစားထိုးရမလဲ"

"ပင်နီမက်ဇ်ဝဲလ်ကို ထည့်သုံးပါ။ သူ့အသံကိုလည်း စစ်ပြီးနေပြီပဲ။ နောက်ပြီးတော့ သူက သင်လို့တတ်လွယ်တယ်၊ သူ့ကိုပဲ ကျွန်မလိုချင်တယ်"

"သူက နောက်ပြဇာတ်တစ်ခုအတွက် ဇာတ်တိုက်နေရတာ"

"ဒါကတော့ ရှင်တို့ သက်သက် ရယ်စရာလုပ်နေကြတာပဲ။ သူ့ သီချင်းဆိုတာက အသံစူးလွန်းတယ်၊ ဝက်လိုကောင်မမျိုး"

"ဒီလိုဆိုရင် ဒီပြဿနာကို အဖြေရှာလို့ရပါပြီ။ ဖီလာဒဲလ်ဖီးယားမှာ ရုံတင်တဲ့နေ့အထိ တယ်ရီကင်းကိုပဲ ဆက်သုံးမယ်။ မနက်ဖြန် မနက်ကျတော့ နယူးယောက်မြို့က ကိုယ်စားလှယ်တွေဆီကို ကိုယ် ဖုန်းလှမ်းဆက်မယ်။ သူ့နေရာမှာ အစားထိုးလို့ ရနိုင်မယ့် မင်းသမီးတစ်ယောက်လောက် ရှာခိုင်းမယ်" ဟု ဂေးလ်က ပြောသည်။

"ဒီနေရာမှာ အစားထိုးပြီး ကနိုင်မယ့် လူတစ်ယောက်ကိုတော့ ကျွန်မ သိတယ်"

ငြိမ်ထိုင်နေသည့် အယ်နီက ဝင်ပြောသည်။ အားလုံးက သူ့ကို လှည့်ကြည့်ကြသည်။

"ဒီကိစ္စဟာ ကျွန်မနဲ့ မဆိုင်ဘူးဆိုတာ ကျွန်မ သိပါတယ်" ဟုလည်း မနေတတ်မထိုင်တတ် ဖြစ်သွားရင်း ဆက်ပြောသည်။

"ဘယ်သူ့ကိုများ မင်း သိထားသလဲ ညီမရယ်"

ဟယ်လင်က ကြင်နာသည့်လေသံနှင့် မေးသည်။

"နီလီအိုဟာရာ၊ သူက တယ်ရီကင်းရဲ့ လက်အောက်မှာ ပညာသင်နေရတာလေ။ တယ်ရီရဲ့ သီချင်းတွေ အားလုံးကိုလည်း သူရတယ်။ အဆိုလည်း သိပ်ကောင်းပါတယ်"

"ဒီကိစ္စကို ထည့်စဉ်းစားနေဖို့ မလိုပါဘူး။ အဲဒီ သူငယ်မကလေးကို တယ်ရီကင်းရဲ့ လက်အောက်မှာ အကပညာသင်အဖြစ် ကျုပ်ထည့်ပေးထားတာပါ။ ကျုပ်တို့တွေ ဒုက္ခရောက်ကုန်မှာစိုးလို့ ချွေးသိပ်ထားရတဲ့ သဘောလုပ်ထားတာ။ ကျုပ် လိုချင်တာက တကယ် ပညာတော်တဲ့ တစ်ယောက်ယောက်ကို လိုချင်တာ။ ဒါမှ နယူးယောက်မှာ ကျုပ်တို့ ပွဲတိုးလို့ရမှာ မဟုတ်လား။ ဒီကလေးမကတော့ ဘာမှ ထွန်းထွန်းပေါက်ပေါက် လုပ်နိုင်တာမှ မဟုတ်ဘဲ"

ဂေးလ်က မာနသံကြီးနှင့် ပြောသည်။

ဟယ်လင်က မျက်လုံးကိုမှေးပြီး စဉ်းစားနေသည်။

"ရှင်က ဘယ်လိုလူသစ်မျိုးကို လိုချင်တာလဲ၊ ကိုယ် မမြင်ဘူးသေးတဲ့လူကို ဒီအတိုင်း ထည့်သုံးလိုက်မှာလား၊ ဆံပင်နီနီ ရင်သားကြီးကြီးနဲ့ ကောင်မမျိုးကို ထည့်သုံးချင်တာလား"

"ဟယ်လင်၊ သူ ကရမယ့်အခန်းဟာ အရေးကြီးတဲ့ အခန်းနော်။ လူမသိသေးတဲ့ မိန်းကလေးတစ်ယောက်ကို ထည့်သုံးပြီး နယူးယောက်လို မြို့မျိုးမှာတော့ ကျုပ် မကချင်ဘူး"

"သူဟာ အငြိမ့်အဖွဲ့နဲ့ အရပ်တကာလှည့်ကထားတဲ့ မိန်းကလေးပါ။ သူ့အသံကိုလည်း စစ်ပြီးပြီ။ တကယ် ပြောနေတာပါ မစ္စတာကေ့စ်၊ နီလီဟာ အင်မတန်တော်တဲ့ မိန်းကလေး ဖြစ်လာမှာပါ"

အယ်နီကလည်း ပြန်ပြောသည်။

ဂေးလ်ကေ့စ်က ခဏကြာအောင် တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

"ကောင်းပြီလေ၊ သူ့ကို စမ်းကြည့်ကြသေးတာပေ့ါ။ တကယ်လို့ သူ့ကို အသုံးချလို့ မရဘူးဆိုရင် ဖီလာဒဲလ်ဖီးယားမှာ တခြား

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ယောက်ကို ရှာဖို့အချိန် သုံးပတ်လောက်တော့ ရပါသေးတယ်"

"ဒီလိုဆိုရင် အားလုံး ပြီးသွားပါပြီ၊ ကျွန်မတို့ သွားအိပ်ကြပါစို့"

ဟယ်လင်က ထိုင်ရာမှထပြီး ပြောသည်။

"ကျုပ်ကတော့ မားစာခံပေါ့လေ။ တယ်ရီကင်းကို ကျုပ်ကပဲ ရင်ဆိုင်ပြီး ဖြေရှင်းရဦးတော့မှာပေါ့"

ဂေးလ်က စိတ်ဆိုးမာန်ဆိုးနှင့် ပြောသည်။

"သူနဲ့ စာမချုပ်ခင်ကတည်းက ဒါမျိုးတွေ ရှင် အကြိမ်ကြိမ် လုပ်ခဲ့ဖူးတာ ကျွန်မ သိပါတယ်"

ဟယ်လင်က သူ့ကို ပြန်ပက်ပြီး အခန်းတံခါးဆီသို့ လျှောက်သွားသည်။ အခန်းဝရောက်မှ ပြန်လှည့်ပြောသည်။

"မနက်ဖြန် ဆယ့်တစ်နာရီမှာ ဇာတ်တိုက်ဖို့ ကျွန်မကလွဲပြီး အားလုံးကို ခေါ်ထားပါ။ ကျွန်မကတော့ အိပ်လိုက်ဦးမယ်၊ နေ့ပွဲကလည်း ကရဦးမယ် မဟုတ်လား"

ဟယ်လင်က အယ်နီဘက်သို့ လှည့်ကြည့်သည်။

"ဒီနေ့ည မင်း ရောက်လာတာ ကိုယ် ဝမ်းသာပါတယ် အယ်နီ၊ ကိုယ် အိပ်ရာထရောက်တော့မှ ဖုန်းလှမ်းဆက်ဦးမယ်နော်"

ဟယ်လင် ထွက်သွားသောအခါ ဂေးလ်က တံခါးသွားပိတ်သည်။

"မောင်တို့ကလည်း ကျုပ်ကို ဘာမှ ဝိုင်းမကူကြဘူး"

ပြန်လှည့်လာရင်း အပြစ်တင်စကားပြောသည်။

"ကျွန်တော် ကြိုးစားပါတယ်ဗျာ၊ ဒါပေမယ့် ဘာမှ အရာရောက်မှာ မဟုတ်ဘူးဆိုတာ ကျွန်တော် သိပါတယ်။ ကဲ. . . မောင်တို့နှစ်ယောက် သွားကြတော့လေ။ ကျုပ်ကတော့ ဂေးလ်နဲ့ ဆက်ပြီး ဆွေးနွေးလိုက်ဦးမယ်"

ဟင်နရီက လိုင်ယွန်နဲ့ အယ်နီတို့ဘက် လှည့်ပြောသည်။

"လမ်းဟိုဘက်ခြမ်းမှာ တစ်ခုခု သွားစားကြဦးမလား"

ဓာတ်လှေကားဆီသို့ လျှောက်လာရင်း လိုင်ယွန်က မေးသည်။

"ကျွန်မ မဆာပါဘူး"

"ပင်ပန်းနေသလား"

"ဟင့်အင်း နည်းနည်းမှ မပင်ပန်းဘူး"

အယ်နီ၏ မျက်လုံးများ အရောင်လက်ကာ တောက်ရွှန်းနေကြသည်။

"အပြင်ကိုသွားပြီး ခဏလောက် လေစိမ်း အတိုက်ခံလိုက်ရရင် ကောင်းမယ်ထင်တယ်။ နယူးဟဲဗင်းမြို့ရဲ့ ဆောင်းလေအေးကလေး အတိုက်ခံလိုက်ပါဦးလား"

လူသူကင်းမဲ့နေသည့် လမ်းမပေါ်မှာ သူတို့နှစ်ယောက် လမ်းလျှောက်နေကြသည်။

"တယ်ရီကင်းကို သူတို့ ဘာလုပ်ကြမှာလဲ"ဟု အယ်နီက မေးသည်။

"သူ မထွက်ထွက်အောင် လုပ်ကြတော့မှာပေါ့"

လိုင်ယွန် အသက်ရှူထုတ်လိုက်သောအခါ ဆောင်းလေနှင့်အတူ အငွေ့ကလေးတွေ ဖြစ်သွားသည်။

"ဘယ်လိုလုပ်ပြီး အကျုပ်ကိုင်ကြမှာလဲ"

"မင်း အသည်းမာတယ်ဆိုရင် မနက်ဖြန် ဇာတ်တိုက်တဲ့နေရာကို လာကြည့်"

"အင်း- ဘယ်လိုပဲဖြစ်ဖြစ် အနည်းဆုံး နီလီအဖို့တော့ အခွင့်အလမ်းကလေး ပေါ်လာတာပေါ့လေ"

အယ်နီက ပြန်ပြောသည်။

သူ အနည်းငယ် ချမ်းလာပြီ။

"မင်းဟာ အတော် အံ့သြစရာကောင်းတဲ့ မိန်းကလေးပဲ။ မင်းလို သူငယ်ချင်းမျိုးကိုတော့ ကိုယ် သဘောကျတယ်"

အယ်နီက သူ့ကို ရုတ်တရက် မော့ကြည့်သည်။

"လိုင်ယွန်၊ ကျွန်မကိုများ ရှင် ဘယ်လိုထင်နေသလဲ။ ဒါလောက်ချမ်းတဲ့ ဒီဇင်ဘာလကြီးမှာ ရှင်နဲ့အတူ လမ်းလျှောက်လိုက်နေတာဟာ အအေးဒဏ်ကို သဘောကျလွန်းလို့လို့ ထင်နေသလား"

"အခုလို လမ်းလျှောက်နေရတာဟာ ကိုယ်ဟာ မင်းရဲ့ မိတ်ဆွေကောင်းတစ်ယောက် ဖြစ်လို့ပဲ အယ်နီ။ စိတ်ကူးယဉ်ရတာမျိုး ကိုယ် ဝါသနာမပါဘူး၊ လက်တွေ့သမားသက်သက်ပဲ။ နယူးဟဲဗင်းမြို့မှာ ဖြစ်ရတဲ့ ဇာတ်လမ်းကလေးဟာ တိုတိုနဲ့ ဆုံးသွားမှာပဲ။ မင်းကတော့ မင်းလက်မှာ ဝတ်ထားတဲ့ လက်စွပ်ပိုင်ရှင်နဲ့ အဆင်ပြေနေကြလိမ့်မယ်။ မြို့ပြင်ကိုထွက်လာပြီး မင်းနဲ့အတူတူ ခဏလောက် ချစ်ရည်လူးလိုက်ရတာကလေးကတော့ အကြောင်း

www.burmeseclassic.com


တကော့ အကောင်းဆုံးဖြစ်တာ မှန်ပါတယ်"

"ဒါလောက်ကလေးနဲ့ပဲ ဇာတ်လမ်းပြီး သွားကြရတော့မှာလားရှင်"

"ဒီထက်ရော ဇာတ်လမ်းက ပိုရှည်နိုင်သေးလို့လား အယ်နီရယ်"

လိုင်ယွန်က ခြေစုံရပ်လိုက်ပြီး အယ်နီကို ငုံ့ကြည့်နေသည်။

"လိုင်ယွန်၊ ရှင့်စိတ်ထဲမှာ ဖြစ်ချင်နေတာတွေ အားလုံး ဘာမဆို ဖြစ်နိုင်ပါတယ်ကွယ်"

လိုင်ယွန်က စကားတစ်ခွန်းမျှ မပြောတော့။ အယ်နီ၏ ကိုယ်လုံးကလေးကို လက်တစ်ဖက်နှင့် သိုင်းဖက်ရင်း ဟိုတယ်ဘက်သို့ ပြန်လျှောက်လာခဲ့တော့သည်။

လိုင်ယွန်၏ အခန်းထဲသို့ ရောက်လာသည့် အချိန်အထိ တစ်လမ်းလုံး သူတို့ စကားမပြောဘဲ တိတ်ဆိတ်စွာ လျှောက်လာကြသည်။

လိုင်ယွန်၏ အခန်းထဲသို့ ရောက်သောအခါ အယ်နီအတွက် ငှားထားသည့်အခန်းနှင့် တစ်ပုံစံတည်း ဖြစ်ကြောင်း တွေ့ရသည်။ အရောင်အဆင်း မရှိပုံရော၊ သပ်ရပ်မှု မရှိပုံရော၊အပြင်အဆင်အထားအသို ခေတ်နောက်ကျပုံရော အားလုံး အတူတူပင် ဖြစ်သည်။

လိုင်ယွန်က ကုတ်အင်္ကျီကို ချွတ်လိုက်သည်။ ပြီးတော့ အယ်နီကို မြတ်နိုးစွာ စိုက်ကြည့်နေသည်။ ခဏကြာတော့ သူ့လက်နှစ်ဖက်ကို ဆန့်တန်းပေးလိုက်သည်။ အယ်နီက သူ့ရင်ခွင်ထဲသို့ ပြေးဝင်သွားသည်။ မျက်နှာကို မော့ပေးလိုက်သည်။ အပြင်ဘက်တွင် ဆောင်းလေအတိုက်ခံခဲ့ရသောကြောင့် သူ့နှုတ်ခမ်းများ အေးနေသည်။ သို့သော်လည်း အယ်နီ၏ နှုတ်ခမ်းများနှင့် ထိတွေ့လိုက်သောအခါတွင် တင်းကျပ်စွာ နမ်းသည်။ အယ်နီက သူ့ကို လက်နှစ်ဖက်နှင့် ပြန်သိုင်းဖက်ထားလိုက်မိသည်။

ဟန်ကလေးလောက်မှ မလုပ်နိုင်တော့ဘဲ သူ့ကို ပြန်နမ်းမိသည့်အတွက် အယ်နီက သူ့ကိုယ်သူ အံ့ဩနေမိသည်။ သူ့ကို နမ်းဖို့အတွက် သို့တည်းမဟုတ် သူ့အနမ်းကို ခံဖို့အတွက် တစ်သက်လုံး စောင့်နေခဲ့ရသလိုပင်။ သူ့ကို ပြန်ပြီး တင်းကျပ်စွာ ဖက်တွယ်ထားမိသည်။ အံ့ဩဖွယ်ကောင်းသော၊ မြတ်နိုးဖွယ်ကောင်းသော ထိုအနမ်းကို အယ်နီ အများကြီး သဘောကျသွားမိပါသည်။ ထိုအနမ်းကို ပို၍ပို၍လည်း လိုလားနှစ်သက်မိတော့သည်။

သူ့ရင်ခွင်ထဲမှ ထွက်လိုက်ပြီးသည့်နောက် သူ့ကို မျက်ရည်ပြည့်သည့် မျက်လုံးများဖြင့် ပြန်ငေးကြည့်နေမိသည်။

"အိုး. . . လိုင်ယွန်၊ ကျွန်မ စိတ်ထဲမှာ ယုံကြည်မှုတွေ ရှိလာအောင် လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မောင်ရယ်"

"ယုံကြည်မှုတွေ. . ."

"ကျွန်မလေ- ကျွန်မလေ ရှင်းမပြတတ်ဘူး။ ကျွန်မကို ပွေ့ထားစမ်းပါကွယ်"

အယ်နီက လိုင်ယွန်ကို ကသောကမျောဖက်လိုက်ပြန်သည်။ လိုင်ယွန်က သူ့ကို နမ်းပြန်သည်။ ထိုအနမ်းများ အဆုံးမသတ်ပါစေနှင့်တော့ဟု အယ်နီက ကျိတ်ပြီး ဆုတောင်းနေမိသည်။ သူ၏ အထိအတွေ့မှာ သာယာမိပြီ ဖြစ်သောကြောင့် အယ်နီ၏ တစ်ကိုယ်လုံး နတ်ကျသလို တဆတ်ဆတ် တုန်နေသည်။

လိုင်ယွန်က ရုတ်တရက် ရုန်းထွက်လိုက်ပြန်သည်။ သူနှင့် လက်တစ်ကမ်းအကွာမှာ ရပ်နေသည်။ သူ့အသံက ဗလုံးဗထွေး ဖြစ်နေသော်လည်း အလွန် နူးညံ့သိမ်မွေ့နေသည်။

"အယ်နီ၊ မင်းကို ကိုယ် သိပ်ပိုင်ဆိုင်ချင်ပါတယ်။ ဒါပေမယ့် ဆုံးဖြတ်ချက် တစ်ခုခုကိုတော့ မင်း ချရတော့မယ်။ ဒီလို အဖြစ်မျိုးကို မင်း ဖြစ်ချင်တယ်ဆိုရင် ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဒီအဖြစ်ဟာ ဒါလောက်နဲ့တင် ပြီးသွားရမှာပါ။ နယူးဟဲဗင်းမြို့မှာ ရောက်နေကြတုန်း အပြန်အလှန် အလိုလိုက်မိကြတဲ့ သဘောလောက်ပဲ ဖြစ်မှာပါ။ ကိုယ် နားလည်ပါတယ်"

"လိုင်ယွန်၊ နယူးယောက်ကနေ အပြင်ကို ထွက်လာကြပြီး ခဏလေး စိတ်ကူးယဉ်လိုက်ရတာမျိုးကိုတော့ ကျွန်မ မလိုချင်ပါဘူး"

"ထိုင်ပါဦး အယ်နီ"

လိုင်ယွန်က သူ့ခုတင်စွန်းဆီသို့ အယ်နီကို တယုတယ ဆွဲခေါ်သွားပြီး ထိုင်ခိုင်းသည်။

"မင်းမှာ ဒီစိတ်မျိုး ရှိနေတယ်ဆိုတာကို များ ကိုယ်သိခဲ့ရင် ဒီအဖြစ်မျိုးနဲ့ ကြုံအောင် ကိုယ် မလုပ်ပါဘူး။ စနေ၊ တနင်္ဂနွေနေ့လောက်မှာသာ မိန်းကလေး တစ်ယောက်ယောက်နဲ့ တွဲချင်သပဆိုရင် ကိုယ့်အဖို့ မိန်းကလေးတွေ အများကြီး ရှိပါတယ်။ ကြိုက်ရာ မိန်းကလေးနဲ့ တွဲလို့ရပါတယ်။

ဒါပေမယ့် တခြားယောက်ျား တစ်


www.burmeseclassic.com

www.burmeseclassic.com

ယောက်ယောက်နဲ့ ရည်စူးပြီးသား ဖြစ်နေတဲ့ မိန်းကလေးတစ်ယောက်နဲ့တော့ ကိုယ် ဘယ်တော့မှ တွဲမှာ မဟုတ်ဘူး။ ဒီမြို့မှာ လာပြီး ပြဇာတ်ဖွင့်ပွဲ လုပ်တဲ့အတွက် မင်း စိတ်ထဲမှာ လည်း လှုပ်ရှားနေတယ်။ မကြာခင် တနင်္လာနေ့ ရောက်တော့မယ်။ တနင်္လာနေ့ကျရင် နယူးယောက်မြို့ကို မင်း ပြန်ရောက်တော့မယ်။ ဟိုရောက်တဲ့အခါကျတော့ တခြား ကမ္ဘာတစ်ခုကို ပြန်ရောက်သွားသလို ဖြစ်တော့မယ်။

အခု ဒီနေရာမှာ ကိုယ်တို့ ကြုံတွေ့နေခဲ့ရတာဟာ တကယ်မှ ဟုတ်ပါလေစလို့ တွေးမိလိမ့်မယ်။ တကယ်လို့များ အဲဒီလိုစိတ်မျိုး ဖြစ်လာတယ် ဆိုရင်လည်း ဘာကြောင့် ဖြစ်ရတယ်ဆိုတာ ကိုယ် နားလည်ကြောင်း ကြိုတင်ပြီး မင်းကို အသိပေးထားပါရစေ"

"ရှင့်စိတ်ထဲမှာရော ဘယ်လို ခံစားနေရသလဲ၊ စိတ်လှုပ်ရှားပြီး ရူးရူးမိုက်မိုက် ဖြစ်လိုက်တာပဲလို့ ခံစားနေရသလား"

လိုင်ယွန်က ရယ်သည်။

"အယ်နီ၊ နယူးဟဲဗင်းတို့၊ ဖီလာဒဲလ်ဖီးယားတို့၊ ဘော့စတွန်တို့ဆိုတဲ့ မြို့မျိုးတွေကို ရောက်ပြီး ဒီလိုအဖြစ်မျိုးတွေနဲ့ ကိုယ် ဘယ်လောက်များများ ကြုံတွေ့ခဲ့ဖူးတယ်ဆိုတာ မင်း သိသလားဟင်၊ အခု မင်းနဲ့ ကြုံရတာကတော့ ဘာနဲ့မှ မတူတဲ့ ကြုံတွေ့ရခြင်းမျိုးနဲ့ တွေ့နေရတာ အမှန်ပါ။ ဟိုတုန်းက ဟာတွေနဲ့ မနှိုင်းယှဉ်သာပါဘူး။ အခု မင်း ဒီမှာ ရောက်နေပြီလေ"

လိုင်ယွန့်မျက်နှာကို အယ်နီက လက်ဖျားထိပ်ကလေးများနှင့် တို့ကြည့်နေသည်။

"ရှင့်ကို ကျွန်မ ချစ်တယ် လိုင်ယွန်"

"အမြဲတမ်းတော့ ချစ်မနေနိုင်ဘူးထင်တယ်"

"ကျွန်မကို မယုံဘူးလား"

"အခု အချိန်မှာတော့ မင်းရင်ထဲမှာ တကယ် ခံစားရပြီး ပြောနေတယ်ဆိုတာ ယုံပါတယ်။ မင်းဟာ ယောကျ်ားတစ်ယောက်အပေါ် ချစ်တယ် မထင်ဘဲနဲ့ အဲဒီယောကျ်ားနဲ့အတူတူ အိပ်တတ်တဲ့ မိန်းကလေးမျိုးလို့ ကိုယ် မထင်ပါဘူး"

"ဘယ်ယောကျ်ားကိုမှ ဒီစကားမျိုး ကျွန်မ မပြောခဲ့ဖူးပါဘူး လိုင်ယွန်။ ရှင့်ကို ကျွန်မ တကယ်ချစ်တာပါ"

လိုင်ယွန်က ထိုင်ရာမှထပြီး စီးကရက်တစ်လိပ်ကို ညှိသည်။ အယ်နီဘက်သို့ ပြန်လှည့်လာသောအခါ သူ့မျက်နှာ အမူအရာမှာ တည်တည်ကြီး ဖြစ်နေသည်ကို တွေ့ရသည်။

"မင်းအခန်းကို ကိုယ် ပြန်ပို့ပေးမယ်နော်"

လိုင်ယွန်က ပြောပြောဆိုဆိုဖြင့် အယ်နီ၏ ကုတ်အင်္ကျီကို သွားယူသည်။

အယ်နီက လိုင်ယွန်၏ ခုတင်ပေါ်မှာ ထိုင်မြဲ ထိုင်နေသည်။

"လိုင်ယွန်၊ ကျွန်မ နားမလည်တော့ဘူး"

"စောင့်ကြည့်လိုက်ပါဦးကွယ်၊ တနင်္လာနေ့ကျရင် နယူးယောက်မြို့ကို မင်း ပြန်ရောက်တော့မှာပဲ။ အဲဒီအချိန်အထိ မင်းစိတ်ထဲမှာ ဘယ်လို ခံစားနေရသေးသလဲဆိုတာ စောင့်ကြည့်လိုက်ပါဦးနော်"

"အခု ခံစားနေရတဲ့အတိုင်းပဲ ခံစားရမှာပဲ"

"အခု ရတော့မယ့် အခွင့်အရေးမျိုးကိုတော့ ကိုယ် မယူပါရစေနဲ့"

အယ်နီက ထိုင်ရာမှ ဖြည်းညင်းစွာ ထရပ်သည်။

"ကျွန်မကို တကယ် ထွက်သွားစေချင်တာလား"

အယ်နီ၏ မြင်ကွင်းများ ဝိုးတဝါး ဖြစ်လာတော့သည်။

"အားလုံး ကောင်းကြဖို့ အတွက်ပါ အယ်နီ၊ နောက်ဆုံး ကိုယ် ဖြစ်စေချင်တာက မင်းအခန်းကို မင်း ပြန်သွားဖို့ပါပဲ။ ဒါဟာလည်း မင်းအတွက် ကောင်းဖို့. . ."

"လိုင်ယွန်၊ ကျွန်မ ဒီမှာပဲ နေချင်ပါတယ်"

အယ်နီက လေသံတိုးတိုးကလေးဖြင့် တောင်းပန်တိုးလျှိုးရှာသည်။

လိုင်ယွန်က အယ်နီကို စိုက်ကြည့်နေသည်။ အမှန်တကယ် ပြောနေခြင်း ဟုတ်မဟုတ် အကဲခတ်နေသည့်ပုံမျိုး။

ပြီးတော့ သူ့ထုံးစံအတိုင်း လျှပ်လက်သလို တစ်ချက် ပြုံးလိုက်သည်။ တစ်ဆက်တည်းမှာပင် ကုတ်အင်္ကျီကိုချွတ်ပြီး ကုလားထိုင်တစ်လုံးပေါ်သို့ ပစ်တင်သည်။

အယ်နီရှိရာသို့ လျှောက်လာသည်။

"ကဲ ဒီကိုလာ၊ မမှားတန်တာတွေ မမှားရအောင်လို့ ကိုယ် ကြိုးစားတယ်။ ဒါပေမယ့် ကိုယ် ကြိုးစားတာတွေ အားလုံးကို မင်းက

www.burmeseclassic.com

ဖျက်ဆီးပစ်လိုက်ပြီ”

အယ်နီ၏ နှုတ်ခမ်းများ မဲ့သွားရှာသည်။ လိုင်ယွန်က သူ့ကို သာသာကလေး ပွေ့ယူလိုက်သည်။ ထို့နောက် ပြန်လွှတ်ပေးလိုက်သည်။

ကဲ အခု ဘာ ဆက်လုပ်ရတော့မည်နည်း။ သူ့လည်စည်းကို သူ ချွတ်နေသည်။ ရှပ်အင်္ကျီချွတ်သည်။ ခါးပတ်ဖြုတ်သည်။ ဘာလုပ်ရတော့မည်နည်း။ သူ့ကို ချစ်လွန်းသောကြောင့် သူ စိတ်ချမ်းသာဖို့အတွက် ဘာမဆို လိုက်လျောရတော့မည်လား။

အို ခက်လိုက်သည့်ဖြစ်ခြင်း။

ဒါမျိုးနှင့် ပတ်သက်လာလျှင် အယ်နီမှာ အတွေ့အကြုံ မရှိပါ။ ထို့ကြောင့်လည်း ဘာဆက်လုပ်ရမှန်း မသိဘဲ အခန်းကလေး အလယ်မှာ ကြောင်ကန်းကန်းနှင့် ရပ်နေမိသည်။ သည်လို အဖြစ်အပျက်မျိုးနှင့် ကြုံလာလျှင် မည်သို့မည်ပုံ ပြုလုပ်ရကြောင်း တစ်ယောက်ယောက်ကိုမျှ မေးမထားမိခဲ့ရကောင်းလား။

ဟော. . . အခုတော့ သူနှင့် ရင်ဆိုင်နေရချေပြီ။ သည်အတိုင်းကြီးတော့ ရပ်မနေနိုင်ပါ။

လိုင်ယွန်က အလေးအနက် မထားသလို ရေချိုးခန်းဆီသို့ လက်ညှိုးထိုးပြသည်။

“ရေချိုးခန်းထဲ ဝင်ချင်ဝင်လေ”

အယ်နီက တိတ်ဆိတ်စွာပင် ခေါင်းညိတ်ပြပြီး ရေချိုးခန်းထဲသို့ အူယားဖားယား ပြေးဝင်ခဲ့သည်။ အခန်းတံခါးကို ပိတ်လိုက်သည်။ သူ့ကိုယ်ပေါ်မှ အဝတ်များကို ချွတ်ပစ်လိုက်သည်။ အားလုံး ပြီးပါပြီ။

နောက်ထပ် ဘာဆက်လုပ်ရမည်နည်း။ လိုင်ယွန် ရှိနေသည့်အခန်းတွင်းသို့ ဒီအတိုင်းကြီးတော့ ဝင်မသွားနိုင်ပါ။

ချစ်သူကို အစွမ်းကုန် အလိုလိုက်ချင်ပါသည်။ တကယ် ချစ်သူကို အစွမ်းကုန် အလိုလိုက်နိုင်ဖို့လည်း အမြဲတမ်း သူ စိတ်ကူးယဉ်ခဲ့မိသည်။

ယခု နဖူးတွေ့ ဒူးတွေ့ တွေ့ကြုံပြီ။ သို့သော်လည်း ဒီအတိုင်းကြီးတော့ မဖြစ်နိုင်သေးပါ။ သူ့ရှိနေသည့် အခန်းတွင်းသို့ မည်သို့ ပြန်သွားရမည်နည်း။ မြင်တတ်ကြည့်တတ်သည့် မျက်လုံးတွေ သူ့မှာ မရှိလျှင် ကောင်းမည်။ ယခုတော့ လိုင်ယွန်မှာ မြင်တတ် ကြည့်တတ်သည့်မျက်လုံးတွေနှင့်။ မကြုံရခင်တုန်းကတော့ စိတ်ကူးနှင့် အလွန် လွယ်ကူနေခဲ့သည်။ ယခုတော့ ရေချိုးခန်းထဲမှာ ကိုယ်ဝတ်မကပ်ဘဲ ချမ်းချမ်းစီးစီးနှင့် မတုန်မလှုပ် ရပ်မြဲရပ်နေမိတော့သည်။

“ဟေး အပြင်မှာ ကိုယ်တစ်ယောက်တည်း ပစ်ထားတော့မှာလား”

လိုင်ယွန်က လှမ်းအော်ပြောသည်။

တုန်လှုပ်ချောက်ချားစွာဖြင့် အခန်းထဲကို လှည့်ကြည့်သည်။ မျက်နှာသုတ်ပဝါကြီး တစ်ထည်ကို တွေ့ရသောကြောင့် လှမ်းဆွဲပြီး သူ့ကိုယ်ပေါ်မှာ ပတ်လိုက်သည်။ အခန်းတံခါး ဖွင့်ပြီး အပြင်ထွက်ခဲ့သည်။

ခုတင်ပေါ်မှာ လိုင်ယွန် လဲလျောင်းနေသည်ကို တွေ့ရသည်။ ခါးလယ်သို့ ရောက်အောင် စောင်တစ်ထည်ကို ခြုံထားသည်။ အယ်နီ ထွက်လာသည်ကိုမြင်တော့ သောက်လက်စစီးကရက်ကို ပြာခွက်ထဲ ထိုးထည့်လိုက်သည်။အယ်နီက အခန်းမီးပိတ်ရန် သွားသည်။

“မီးဖွင့်ထားလိုက်ပါကွယ်၊ မင်းမျက်နှာကလေးကို ကိုယ် ကြည့်နေပါရစေ။ ဒါမှပဲ ကိုယ့်ရင်ခွင်ထဲမှာ မင်း ရှိနေတာ တကယ်ပါကလားဆိုတာ ကိုယ် ယုံနိုင်တော့မယ်”

ခုတင်အနီးသို့ သူ ကပ်သွားသည်။ လိုင်ယွန်က သူ့ကို ဆီးကြိုဆွဲယူသည်။ အယ်နီ့ ကိုယ်ပေါ်မှ မျက်နှာသုတ်ပဝါကြီး ကြမ်းပြင်ပေါ်သို့ လျှောကျသွားတော့သည်။

အိပ်မက်ဆိုးလား၊ အိပ်မက်ကောင်းလား၊ အယ်နီ မသိနိုင်တော့ပါ။ သူ့ဘဝတွင် ပထမဦးဆုံးသော အတွေ့အကြုံ။

သည်အကြောင်းကို သိလိုက်သည်နှင့် တစ်ပြိုင်တည်း လိုင်ယွန်က အယ်နီကို ရုတ်တရက် လွှတ်လိုက်ပြီး ငြိမ်သက်စွာ လဲလျောင်းနေတော့သည်။

“ကိစ္စမရှိပါဘူး လိုင်ယွန်၊ မောင့်ကို ကျွန်မ ချစ်ပါတယ်”

လိုင်ယွန်က သူ့ကို ကြင်နာယုယစွာ နမ်းလိုက်သည်။ ပြီးတော့ သူ လဲလျောင်းမြဲ လဲလျောင်းနေပြန်သည်။ လင်းတစ်ဝက် မှောင်တစ်ဝက် ဖြစ်နေသည့် မျက်နှာကြက်ကို ငေးကြည့်နေသည်။

အယ်နီကလည်း ငြိမ်နေသည်။ လိုင်ယွန်က စီးကရက်တစ်လိပ် မီးညှိပြီး အယ်နီ့ကို လှမ်းပေးသည်။ အယ်နီက ခေါင်းယမ်းပြ

www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ သူ့ကိုပဲ ငေးကြည့်နေမိသည်။ စိတ်ထဲမှာလည်း ရှုပ်ထွေးလာပြီ။ သူကတော့ စီးကရက်ကို အားပါးတရ ဖွာရှိုက်နေသည်။

"ကိုယ့်ကိုယုံပါ အယ်နီ၊ တကယ်လို့ ဒီအကြောင်းကိုသာ ကိုယ် ကြိုတင်ပြီး သိထားခဲ့မယ်ဆိုရင် မင်းကို လက်ဖျားနဲ့တောင် ကိုယ် မတို့ပါဘူး"

အယ်နီက ခုတင်ပေါ်မှ ခုန်ဆင်းလိုက်သည်။ ပြီးတော့ ရေချိုးခန်းအတွင်းသို့ တစ်ဟုန်ထိုး ပြေးဝင်သွားမိသည်။ မျက်နှာသုတ်ပဝါတစ်ခုကို ဆွဲယူပြီး သူ့မျက်နှာပေါ်သို့ အုပ်ထားလိုက်မိသည်။ သို့မှသာ သူ့ရှိုက်သံများ အပြင်သို့ မထွက်ဘဲ ရှိလိမ့်မည်။

ရေချိုးခန်းအတွင်းသို့ လိုင်ယွန် လိုက်လာသည်။ တံခါးကို တွန်းဖွင့်ပြီး ဝင်လာသည်။

"မငိုပါနဲ့ အချစ်ရယ်၊ အားလုံး နဂိုအတိုင်းပဲ ရှိပါသေးတယ်။ ကိုယ့်ကြောင့် မင်းဘဝ လုံးဝ မပျက်စီးသေးပါဘူး"

"ဒါကြောင့် ကျွန်မ ငိုနေတာ မဟုတ်ပါဘူး"

"ဒီလိုဆိုရင် ဘာဖြစ်လို့ ငိုရတာလဲ"

"ရှင့်ကြောင့် ရှင့်ကြောင့်၊ ကျွန်မဆီက ရှင် ဘာမှ မလိုချင်ဘူးဆိုတာ သိရလို့ ငိုရတာ"

လိုင်ယွန်က သူ့ကို ပွေ့ယူလိုက်သည်။

"အို ဖြစ်မှဖြစ်ရလေတယ် အချစ်ရယ်။ မင်းကို ကိုယ်ချစ်ပါတယ်။ ချစ်သူတစ်ယောက်က ကြည်ကြည်ဖြူဖြူပေးတဲ့ အခွင့်အရေးတွေကိုလည်း ယူချင်ပါတယ်။ ဒါပေမယ့် ကိုယ် စောင့်ထိန်းရမယ်။ ကိုယ့်ဘဝမှာ ဒါမျိုး ဘယ်တုံးကမှ စိတ်တောင် ကူးမိခဲ့တာ မဟုတ်ပါဘူး"

အယ်နီ၏မျက်နှာမှာ မျက်ရည်များ ရွှဲရွှဲစိုနေသည်။ ဖေါသလည်း ပေါက်ကွဲနေသည်။

"ရှင် ဘာတွေ စိတ်ကူးနေတာလဲ၊ ကျွန်မကို ဘယ်လိုအစားထဲကလို့ ထင်နေတာလဲ"

"ကိုယ့်ကို အထင်မလွဲပါနဲ့၊ မင်းဟာ ဒီအသက်အရွယ်ကို ရောက်လာပြီ မဟုတ်လား။ ကောလိပ်ကျောင်းသူ အဖြစ်နဲ့လည်း ဘွဲ့ရတဲ့အထိ နေခဲ့တယ်။ နောက်ပြီးတော့ ဖေလင်နဲ့လည်း တွဲနေခဲ့တယ်ဆိုတော့. . ."

"ဖေလင်က ကျွန်မကို လက်ဖျားနဲ့တောင် တို့တာမဟုတ်ဘူး"

"ဒါကြောင့် ဒီလို ဖြစ်နေရတာကိုး"

"ရှင့်အတွက် သိပ်ကို ထူးခြားနေပြီလား။ ဒီကနေ့ထက်တိုင်အောင် ကျွန်မ အပျိုရည်မပျက်သေးဘဲ အပျိုစင်ဘဝနဲ့ ရှိနေလို့ ရှင်က သိပ်ကို တုန်လှုပ်ချောက်ချားနေတာလား"

"ထူးခြားတယ် ဆိုတာတွေကတော့ ကမ္ဘာပေါ်မှာ ပြည့်လို့ပါပဲကွယ်"

"ကျွန်မ ဝမ်းနည်းပါတယ်"

အယ်နီက ထိုမျှသာ ပြန်ပြောသည်။ သူ ပြန်ပြောလိုက်မိသည့်စကားကို သူ့ဘာသာသူပင် ပြန်မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။

ရေချိုးခန်းထဲမှာ သူတို့နှစ်ယောက်သည်အတိုင်း ရပ်နေကြသည်။ လူ့လောကတွင် မထူးဆန်းသော အရာတစ်ခု အတွက် အငြင်းအခုံ ဖြစ်နေကြရသည်။

အယ်နီက မျက်နှာသုတ်ပဝါတစ်ထည်ကို လှမ်းဆွဲယူပြီး သူ့ကိုယ်ပေါ်မှာ ပတ်လိုက်သည်။

"ကျေးဇူးပြုပြီး အခန်းအပြင်ကို ထွက်ပေးပါ၊ ကျွန်မ အဝတ်အစား ပြန်ဝတ်မယ်။ ကျွန်မဟာ ဘာအတွေ့အကြုံမှ မရှိတဲ့ အရိုင်းသက်သက်ကလေးတစ်ယောက် ဖြစ်နေရတဲ့အတွက် ကျွန်မ အသည်းနင့်အောင် ချစ်မိတဲ့ ချစ်သူကို တောင်းပန်ရလိမ့်မယ်လို့ ဘယ်တုံးကမှ မတွေးမိခဲ့ဘူး"

အယ်နီ၏အသံမှာ တိမ်ဝင်သွားသည်။ မျက်ရည်ပူများ စီးကျလာပြန်သည်။ လိုင်ယွန် မမြင်ရအောင် တစ်ဖက်သို့ မျက်နှာလွှဲလိုက်သည်။

လိုင်ယွန်က သူ့ကိုယ်လုံးကလေးကို လှစ်ခနဲ ပွေ့ယူလိုက်သည်။ အခန်းတွင်းသို့ ပြန်ဝင်လာခဲ့သည်။

"ကိုယ် တောင်းပန်ပါတယ်ကွယ်"

"ရှင့်ကို ကျွန်မ ချစ်တယ် လိုင်ယွန်၊ ကျွန်မ ချစ်တဲ့သူ စိတ်ချမ်းသာစေချင်တယ်။ ကျွန်မ ချစ်တဲ့သူ စိတ်ချမ်းသာဖို့အတွက် ဘာကိုမဆို ကျွန်မ စွန့်လွှတ်ရဲပါတယ်"

"မင်းဟာ ဒီလို မိန်းကလေးပါလားဆိုတာကို သိရတဲ့အတွက် ကိုယ် တုန်လှုပ်ချောက်ချားသွားမိတာပါ။ ဘယ်ယောကျ်ားနဲ့မှ မတွေ့ဘူးသေးတဲ့မင်း ချောက်ချားသွားသလို ကိုယ်လည်း ချောက်ချားသွားရတာပါ"

"ရှင့်ကို ကျွန်မ ချစ်တယ် လိုင်ယွန်၊ ကျွန်မကို ချစ်ပါ။ ကျွန်မကို ရှင်ပိုင်တဲ့ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com


အဖြစ် သဘောထားပါ။ မောင့်ဆီက ကျွန်မ တောင်းဆိုချင်တာ ဒါပဲ ရှိပါတယ်"

လိုင်ယွန်ကို သူ ချစ်ခဲ့ရသည်မှာ ကြာပြီ။ ကိုယ်ချစ်ရမည့် လူတစ်ယောက်ကို ရှာဖွေနေခဲ့ရသည်မှာ ကြာပြီ။

ကိုယ့်ချစ်သူ စိတ်ချမ်းသာဖို့အတွက် ဘာမဆို အလိုလိုက်ရပါတော့မည်။ လူ့ဘဝတွင် ပထမဦးဆုံးသော အတွေ့အကြုံမို့ အံကို တင်းတင်းကြိတ်လိုက်ရတော့သတည်း။

"ကျွန်မကို ပွေ့ထားစမ်းပါ မောင်ရယ်၊ မောင့်ကို ကျွန်မ ချစ်လွန်းလို့ပါ"

"မင်းကိုလည်း ကိုယ်ချစ်ပါတယ် အယ်နီ၊ မင်းဟာ ဘယ်လောက် ချစ်စရာ၊ မြတ်နိုးစရာ ကောင်းတယ်ဆိုတာ တစ်ညလုံး ထိုင်ပြီး ကိုယ် ပြောပြနေလို့လည်း ဆုံးနိုင်တော့မှာ မဟုတ်ပါဘူး။ မင်း ဘယ်လောက်ချောတယ်၊ ဘယ်လောက်လှတယ် ဆိုတာတွေကိုလည်း ထိုင်ပြောနေလို့ ဆုံးနိုင်တော့မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကိုယ်တို့နှစ်ယောက် နည်းနည်းလောက် အိပ်လိုက်ကြရင် ကောင်းမယ်လို့ ထင်တယ်။ မနက်ဖြန်မနက် ဆယ့်တစ်နာရီကျတော့ ဇာတ်တိုက်ဖို့ ရှိသေးတယ် မဟုတ်လား"

"ဇာတ်တိုက်တယ် ဟုတ်လား"

"ဇာတ်တိုက်တယ်လို့ သူတို့ ခေါ်နေကြတာပဲ။ မနက်ဖြန်ကျတော့ ကိုယ်နဲ့အတူ လိုက်ကြည့်လေ။ ပြီးတော့ အဲဒါမျိုးကို ဘာခေါ်သလဲဆိုတာ ကိုယ့်ကို ပြောပြပါ။ ကဲ ကိုယ်တို့နှစ်ယောက် အိပ်လိုက်ကြရအောင်နော်"

လိုင်ယွန်က စောင်ဆွဲခြုံသည်။ ပြီးတော့ အယ်နီကို ယုယစွာ ပွေ့ဖက်ထားရင်း မျက်လုံးများကို မှိတ်လိုက်သည်။

"လိုင်ယွန်၊ ကျွန်မ ဒီမှာ အိပ်လို့ မဖြစ်ဘူး"

"ဘာကြောင့် မဖြစ်ရမှာလဲ"

သူ့အသံက အိပ်ချင်မူးတူးသံ ဖြစ်နေပြီ။

"ကျွန်မလည်း မပြောတတ်ဘူး၊ မနက်ဖြန်မနက်ကျ ဟယ်လင်နဲ့ နီလီက ကျွန်မအခန်းကို ဖုန်းလှမ်းဆက်နေရင် ခက်မယ်"

"သူတို့အကြောင်းတွေ မေ့ထားလိုက်စမ်းပါကွာ၊ ကိုယ် အိပ်ရာက နိုးလာတဲ့အခါမှာ ကိုယ့်ရင်ခွင်ထဲမှာ မင်း ရှိနေတာကို မြင်ချင်တယ်"

အယ်နီက သူ့မျက်နှာကို အနှံ့အပြားနမ်းသည်။ မျက်လုံး၊ မျက်ခုံး၊ နဖူး၊ နှာခေါင်း ပြီးတော့ သူ့ရင်ခွင်ထဲမှ အသာအယာ လူးထွက်လိုက်သည်။

"မောင့်ရင်ခွင်ထဲမှာ နေရမယ့်အချိန်တွေ အများကြီး ရှိပါသေးတယ် မောင်ရယ်၊ ဒါပေမယ့် ဒီနေ့ညတော့ မဖြစ်သေးလို့ပါနော်"

အယ်နီက ရေချိုးခန်းအတွင်းသို့ ဝင်ခဲ့သည်။ အဝတ်အစားများကို ပြန်ဝတ်သည်။ အမှန်တော့ ဟယ်လင်နှင့် နီလီ တယ်လီဖုန်းဆက်လျှင် လွဲနေမည်ကို စိုးသောကြောင့် မဟုတ်။

ယခုလို ပထမဦးဆုံး တွေ့ကြသည့် အချိန်တွင် သူ တောင်းဆိုသမျှများကို တစ်ခုမကျန် အလိုလိုက်နေရမည် ဆိုခြင်းမှာ မဖြစ်နိုင်။ ကိုယ့်ဘက်က အပေါစားဆန်သွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ တကယ်ဆိုတော့လည်း သူ့ရင်ခွင်ထဲမှာ မိမိ ပျော်အောင်လည်း အိပ်နိုင်မည် မဟုတ်ပါ။ သည်အတိုင်းလဲလျောင်းနေမိမည်သာ ဖြစ်သည်။ မနက်မိုးလင်းတော့ သူ့ရင်ခွင်ထဲမှာ မိမိ ရှိနေသည်ကို သူမြင်လိမ့်မည်။ ယောက်ျားများသည် ဒါမျိုးနှင့် ပတ်သက်လာလျှင် မိန်းမများလို မဟုတ်။ အလွန်ကို ပေါ့ပေါ့တန်တန် သဘောထားတတ်ကြသည်။

မည်သို့ဆိုစေ ကမ္ဘာပေါ်တွင် အရေးအကြီးဆုံးသော အဖြစ်အပျက်ကား ဖြစ်ပွားပေါ်ပေါက်ခဲ့ပါပြီ။

အချစ်အကြောင်းကို အယ်နီ ကောင်းကောင်း သိပါပြီ။ လူ့ဘဝတွင် အသက်ရှင်နေရခြင်းသည် အချစ်တွက် သက်သက်သာ ဖြစ်ကြောင်းကိုလည်း သဘောပေါက်လိုက်ပါပြီ။

ရေချိုးခန်းထဲမှ ထွက်လာခဲ့သည်။ ခုတင်ဆီသို့ လျှောက်သွားသည်။ သူ အိပ်ပျော်နှင့်နေပြီကို တွေ့ရသည်။ အယ်နီက ပြုံးလိုက်သည်။

စားပွဲရှိရာသို့သွားပြီး စာရွက်တစ်ရွက်ကိုယူသည်။

*အိပ်ပျော်နေတုန်းမှာ ကြည့်ပြန်တော့လည်း အင်မတန်လှတဲ့ မောင်ရေ၊ ဂွတ်နိုက်နော်။ မနက်ဖြန်မှ တွေ့ကြမယ်ကွယ်။ မောင့်ကို သိပ်. . . သိပ်ချစ်ပါတယ်*

ဟူသော စာကြောင်းကလေးများကို ရေးပြီး တယ်လီဖုန်းနှင့် ဖိထားလိုက်သည်။

ပြီးတော့ အခန်းအပြင်သို့ ထွက်ခဲ့လေ



www.burmeseclassic.com

www.burmeseclassic.com


တော့သည်။

**ကိုယ့်အခန်း** ကိုယ်ပြန်ရောက်ပြန်တော့သည်။ အိပ်လို့မပျော်။ အိပ်ရာပေါ်မှာ လဲလျောင်းရင်း မျက်လုံးကျယ်နေသည်။ ယနေ့တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများကို ပြန်စဉ်းစားနေမိသည်။ သူပြောခဲ့သည့် စကားလုံးများကိုလည်း တစ်လုံးမကျန် ပြန်လည် ကြားယောင်နေသည်။ သူ့မျက်နှာအမူအရာများကိုလည်း တစ်ခုမကျန် ပြန်လည် မြင်ယောင်နေသည်။

ဘယ်လိုအခက်အခဲမျိုးနှင့်ပင် ရင်ဆိုင်ရပါစေ၊ အကြောင်းမဟုတ်တော့ပါ။ အကြောင်းဟုတ်သည်မှာ မိမိချစ်သူ လိုင်ယွန် စိတ်ချမ်းသာဖို့တစ်ခုသာ ဖြစ်ပါသည်။ ချစ်သူကို ရင်ခွင်ထဲမှာ ပွေ့ထားနိုင်ဖို့ပင် ဖြစ်ပါသည်။

ချစ်သူ စိတ်ချမ်းသာပါစေ။
ချစ်သူ ပျော်မြူးနိုင်ပါစေ။
အတွေးကလေးများ မှုန်ဝါးသွားသည်။
သူ အိပ်ပျော်သွားလေသည်။

*

မနက်ကိုးနာရီလောက်တွင် အိပ်ရာမှ နိုးလာသည်။ ရာသီဥတုက ကြည်လင်နေသည်။ အပြင်မှာ လေကလေး တဖြူးဖြူးနှင့် ရှိနေသည်။ ပြတင်းပေါက်ဆီသို့ လျှောက်လာပြီး အောက်သို့ ငုံ့ကြည့်လိုက်သည်။

လေဆန်ဘက်သို့ မျက်နှာမူပြီး လမ်းလျှောက်နေသည့် ယောက်ျားတစ်ယောက်ကို တွေ့ရသည်။ လေတိုက်ရာနောက်သို့ ကျွတ်ပါမသွားအောင် သူ့ဦးထုပ်ကို လက်တစ်ဖက်နှင့် ထိန်းကိုင်ထားသည်။ ဘတ်စ်ကားစောင့်နေသည့် အမျိုးသမီးတစ်ယောက်ကိုလည်း တွေ့ရသည်။

သူတို့အတွက် အယ်နီ စိတ်မကောင်းဖြစ်မိပါသည်။ သူတို့နှစ်ယောက်အတွက်သာ မဟုတ်ပါ။ သည်ကမ္ဘာပေါ်တွင် ရှိရှိသမျှသော လူသား အားလုံးတို့အတွက် အယ်နီ စိတ်မကောင်း ဖြစ်မိပါသည်။ အားလုံးကို သနားမိပါသည်။ ဘာကြောင့်လဲဆိုတော့ သူတို့ အားလုံးသည် အယ်နီ ခံစားနေရသည့် ခံစားမှုမျိုးကို ခံစားခွင့်မရကြသောကြောင့် ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် စိတ်အချမ်းသာဆုံးနှင့် အပျော်ရွှင်ဆုံးဆို၍ မိမိတစ်ယောက်တည်းသာ ရှိတော့သည်ဟု အယ်နီ ထင်သည်။

"အို သနားစရာကောင်းလိုက်တဲ့ လူသားတွေရယ်၊ ရှင်တို့ကတော့ ဒီနေ့အကြောင်းကို ဘာမှ သိမှာ မဟုတ်ဘူးနော်။ ဒီနေ့ဟာ ဘယ်လောက် ထူးခြားနေတယ် ဆိုတာကို သိမှာ မဟုတ်ဘူးနော်။ အခါတိုင်းလိုပဲ ရာသီဥတု အေးစက်နေတဲ့ ဆောင်းရာသီရဲ့ နေ့တစ်နေ့လို့ပဲ ရှင်တို့ ထင်ကြမှာ မဟုတ်လား။

ကျွန်မကို မော့ကြည့်လိုက်ကြစမ်းပါရှင်၊ ကျွန်မ ဘယ်လောက် ပျော်မြူးနေတယ် ဆိုတာ ရှင်တို့ကို ပြောပြလိုက်ချင်စမ်းပါတယ်။ ဟောဒီ ကမ္ဘာလောကကြီးတစ်ခုလုံးကို ကျွန်မ ပိုင်ဆိုင်ပြီလေ။ ဟောဒီ ကျွန်မ အခုရှိနေတဲ့ အဆောက်အအုံထဲမှာလည်း ယောက်ျားတစ်ယောက် ရှိနေပါတယ်။

သူသာ သိပ်ကို အံ့ဩစရာကောင်းတဲ့ ယောက်ျားတစ်ယောက်ပေါ့။ ဒီကမ္ဘာပေါ်မှာ အံ့ဩစရာ အကောင်းဆုံး ယောက်ျားတစ်ယောက်ပေါ့။ သူဟာ ကျွန်မပိုင်တဲ့ ယောက်ျားလေ"

လမ်းတစ်ဖက်မှာရှိနေသည့် နီယွန်ဆိုင်းဘုတ်တစ်ခုက အယ်နီကို ပြန်ပြီး မျက်စိမှိတ်ပြနေသည်။ အယ်နီကလည်း ထိုဆိုင်းဘုတ်ကို ပြန်ပြုံးကြည့်လိုက်မိသည်။

အလွန် လှပသည့်နေ့၊ အလွန် လှပသည့်ဆိုင်များ၊ အလွန် လှပသည့် ညစာစားပွဲများ၊ အလွန် လှပသည့် မြို့ကလေး တစ်မြို့ပါကလား။

ရေချိုးခန်းထဲသို့ ပြေးဝင်ခဲ့ကာ ရေနွေးနှင့်စပ်ပြီး ရေချိုးသည်။ ရေနွေးနွေးကလေးက သူ့ကိုယ်လုံးကို ပြေးလာပွေ့ဖက်တော့ မောင့်အကြောင်းကို စဉ်းစားမိပြန်သည်။ မောင့်အပွေ့အဖက် အယုအယများလားဟု ထင်ယောင်မှားမိပြန်သည်။

ပြီးတော့ အလှပြင်သည်။ နှုတ်ခမ်းဆိုးဆေးကို ပထမ အရောင်တစ်ရောင် ဆိုးပြီးတော့မှ မကြိုက်သည့်အတွက် ပြန်ဖျက်ပြီး နောက်တစ်ရောင် ပြောင်းဆိုးရသည်။ နာရီကို လှမ်းကြည့်သည်။ တယ်လီဖုန်းကို လှမ်းကြည့်သည်။

ဆယ်နာရီနှင့် ဆယ့်ငါးမိနစ် ရှိပြီ။

မနေတတ် မထိုင်တတ် ဖြစ်လာပြီ။ ဇာတ်ရုံမှာ တွေ့မည်ဟု မောင်က ပြောတာလား။ ဒါပေမယ့် မောင် ပြောတာက 'ကိုယ်တို့ အတူတူ သွားကြမယ်' ဆိုတဲ့ စကားမျိုးလား။

www.burmeseclassic.com

www.burmeseclassic.com


'ကိုယ်နဲ့ အတူတူ လိုက်ခဲ့ပါ' ဆိုတဲ့ စကားမျိုးလား။

ထိုသို့ စဉ်းစားနေတုန်းမှာပင် တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ ဟန်မဆောင်နိုင်တော့ဘဲ တယ်လီဖုန်းရှိရာသို့ တစ်ဟုန်ထိုး ထပြေးမိသည်။

ဆက်သူမှာ နီလီ ဖြစ်နေသည်။

"မနေ့ညတုန်းက ပြဇာတ် အပြီးမှာ ကျွန်မကို လာပြီး နှုတ်ဆက်စကားလေးလောက်တော့ ပြောသင့်တာပေါ့ အစ်မရယ်"

နီလီက ပြောသည်။

"ဧည့်ခံပွဲမှာ မင်း ရှိနေလိမ့်မယ်လို့ ကိုယ်ထင်မိလို့ပါ"

"ကျွန်မလား၊ ကျွန်မက ရိုးရိုးယိမ်းသမကလေးပါ အစ်မရယ်။ ကျွန်မ အခု ဇာတ်တိုက်ရဦးမယ်လေ။ ကျွန်မတို့ နေ့ပွဲတစ်ပွဲမကခင် ဇာတ်တိုက်ဖို့ ခေါ်ထားတယ်။ မဲလ်ကို သနားလိုက်တာ၊ သူခမျာ ဒီအတိုင်း စောင့်နေရရှာတယ်"

"သူက ဘယ်မှာလဲ"

"အောက်ထပ်က လက်ဖက်ရည်ဆိုင်မှာ၊ ကျွန်မ သူ့ကို အဲဒီမှာ သွားတွေ့မယ်"

"ဇာတ်တိုက်တဲ့နေရာမှာ မင်းကို ကိုယ်လာတွေ့ပါ့မယ်"

"အစ်မက ဘာလာလုပ်မှာလဲ၊ ပျင်းစရာကြီး"

"နီလီ၊ စကားတစ်ခွန်းမှ မပြောဘဲ ကိုယ်ပြောတာကို နားထောင်စမ်း။ တယ်ရီကင်းနေရာမှာ မင်းကို အကခိုင်းလိမ့်မယ်။ သူ့သီချင်းတွေနဲ့ သူ့အခန်းတွေကို မင်း သိတယ်ဟုတ်လား"

"ဘာဖြစ်လို့လဲ၊ ဟယ်လင်ရဲ့ သီချင်းတွေကိုတောင် ကျွန်မ အကုန်လုံးရတယ်။ အယ်နီ၊ ကျွန်မကို အာလူးတွေ လာဖုတ်နေတာလား"

"မဟုတ်ပါဘူး၊ သူတို့မှာ အစီအစဉ်တစ်ခု ရှိနေတယ်။ မနေ့ညတုန်းက အစည်းအဝေးလုပ်ကြတာ ကိုယ်လည်း တက်ခဲ့တယ်။ ဒါပေမယ့် ဒီအကြောင်းတွေ ဘယ်သူ့ကိုမှ မပြောလိုက်နဲ့နော်။ မသိချင်ယောင်ဆောင်ပြီး ဒီအတိုင်းပဲ အသာကလေး ထိုင်နေ"

"အိုး ဂီးဇ်၊ ကျွန်မ မယုံနိုင်တော့ဘူး။ ဘုရား ဘုရား၊ မဲလ်ကိုတော့ ပြောပြရမှာပဲ။ ဒါပဲနော်၊ဇာတ်ရုံကျမှ အစ်မနဲ့တွေ့တော့မယ်"

ဆယ်နာရီနှင့် လေးဆယ့်ငါးမိနစ် ရှိသွားပြီ။ လိုင်ယွန်က တယ်လီဖုန်း မဆက်သေး။ သူ့ကို ဖုန်းလှမ်းဆက်ဖို့ အယ်နီ သုံးကြိမ်တိုင်တိုင် ကြိုးစားသည်။ သို့သော် သူ့စိတ်သူ ပြန်ထိန်းပြီး မဆက်ဘဲ နေခဲ့သည်။ စီးကရက်တစ်လိပ်ကို မီးညှိပြီး ပြတင်းပေါက်ဆီသို့ လျှောက်လာခဲ့သည်။ ဆောင်းလေတသုန်သုန် တိုက်ခတ်နေသည့် အပြင်မြင်ကွင်းများကို လှမ်းကြည့်သည်။ နေရောင်က ထိန်လင်းနေသည်။

တစ်မိနစ်ပြီး တစ်မိနစ် ကုန်ဆုံးလာသည်။ တစ်နေရာရာမှ ခေါင်းလောင်းထိုးနေသည့်အသံကို ကြားနေရသည်။ ဘာလုပ်ရတော့မည်နည်း။ သည်အတိုင်း သည်အခန်းထဲမှာ တစ်နေကုန်အောင် ထိုင်စောင့်နေရမှာလား။ ထိုသို့ မဟုတ်လျှင် ဇာတ်ရုံသို့ တစ်ယောက်ထီးတည်း သွားရမှာလား။ မဖြစ်နိုင်ပါ။ ထိုသို့ လုပ်လျှင်လည်း သင့်လျော်မည်မဟုတ်ပါ။

ဇာတ်ရုံမှာ မောင် ရောက်နေနှင့်ပြီ ဆိုကြပါစို့။ သူက ကိုယ့်ကို ဖုန်းမဆက်ဘဲ သူဘာသာ တစ်ယောက်တည်း သွားနှင့်နေသည်ကို တွေ့ကြရပြီ ဆိုကြပါစို့။

မိမိက သူ့နောက်သို့ အငမ်းမရ လိုက်သွားသည်နှင့် တူနေပေတော့မည်။ ရယ်စရာဖြစ်သွားတော့မည်ပေါ့။

ယခု မိမိ ရောက်နေသည့် နေရာသည် လောရင့်စ်ဗီးလ်မြို့ မဟုတ်ကြောင်း အယ်နီပြန်စဉ်းစားလိုက်မိပြန်သည်။ ထို့ပြင်သာမက သေး၊ လိုင်ယွန်သည် သူနှင့် သာမန်ချိန်းတွေ့သည့် ယောကျ်ားတစ်ယောက်လည်း မဟုတ်။ ယခုလို ရည်စားမက လင်မယားမကျဘဝသို့ ရောက်နေမှတော့ မိမိတို့နှစ်ယောက်ကြားတွင် အဓိပ္ပာယ်မရှိသည့် စည်းကမ်းတွေ၊ သတ်မှတ်ချက်တွေ ထားနေဖို့ မလိုတော့။

တယ်လီဖုန်းရှိရာသို့ တန်းတန်းမတ်မတ်ချီတက်သွားတော့သည်။ ပြီးတော့ လိုင်ယွန်၏ အခန်းမှ ဖုန်းကို ခေါင်းလိုက်သည်။

ပထမဦးဆုံးတော့ သူ့အသံကြီးက အိပ်ချင်မူးတူးကြီး။ ခဏကြာတော့မှ သူ့အသံကြည်လင်လာသည်။

"ကောင်းပါလေရော အချစ်ရေ တကယ့်ကို ဆယ့်တစ်နာရီ ထိုးပြီးလို့ ငါးမိနစ် ကျော်နေပြီလား။ မနက် ဆယ်နာရီကျရင် ကိုယ့်ကို

www.burmeseclassic.com

www.burmeseclassic.com

နှိုးဖို့ ကိုယ်မှာထားမိတယ်လို့ ထင်နေတာ"

"မောင် ဘယ်လိုလုပ်ပြီး မှာနိုင်မှာလဲ၊ ညသန်းခေါင်လောက်မှာ မောင် အိပ်ရာက နိုးသေးတယ် ဆိုရင်တော့ မပြောတတ်ဘူး"

ရှက်ကိုးရှက်ကန်း အသံမျိုးနှင့် လိုင်ယွန်က ရယ်သည်။

"မင်း ရေးခဲ့တဲ့စာကလေးကို အခုမှပဲ ကိုယ် တွေ့ရတော့တယ်။ ကိုယ်တော့ သိပ်ပျော်နေပြီ အချစ်ရေ၊ ကိုယ် မုတ်ဆိတ်မွေး ရိတ်နေတဲ့အချိန်မှာ ကိုယ့်အနားမှာ လာထိုင်နေပါလားကွယ်။ ကိုယ်တို့နှစ်ယောက်အတွက် ကော်ဖီမှာထားလိုက်မယ်"

အယ်နီ ရောက်သွားတော့ အခန်းတံခါးကို ဟထားသည်။

"ဝင်ခဲ့နော်"

အယ်နီ၏ ခြေသံ တိုးတိုးကလေးကို ကြားသောအခါ လိုင်ယွန်က ပျော်မြူးသည့် အသံနှင့် လှမ်းအော်သည်။

ဘောင်းဘီတိုကလေးကိုဝတ်ပြီး ရေချိုးခန်းထဲမှာ သူ ရပ်နေသည်။ အယ်နီကို ဆွဲယူပြီး နမ်းသည်။ သို့သော် သူ့မျက်နှာပေါ်တွင် ရှိနေသည့် ဆပ်ပြာမြှုပ်များ အယ်နီကို ပေမသွားအောင် သတိထားပြီး နမ်းခြင်း ဖြစ်သည်။ ပြီးတော့ တစ်ဖက်သို့ လှည့်သွားပြီး မုတ်ဆိတ် ရိတ်နေသည်။

သူ့အနားကနေပြီး သူ မုတ်ဆိတ်ရိတ်သည်ကို အယ်နီ ကြည့်နေသော်လည်း သူ့အမူအရာက မည်သို့မျှ မထူးဆန်းသလို ရှိနေသည်။ ဤအပြုအမူသည် သူ့အတွက် ရိုးနေသည့် လုပ်ငန်းမျိုးလို ဖြစ်နေသည်။ တွန့်ကြေနေသည့်အိပ်ရာပေါ်မှာ အယ်နီက ထိုင်သည်။ သူ့ဘဝမှာ ကြုံတွေ့ခဲ့ဖူးသည့် ပျော်စရာများထက် ပိုပြီး ပျော်မြူးစရာ ကောင်းနေသည်ဟု အယ်နီ ထင်မိပါသည်။

လိုင်ယွန်က သူ့မျက်နှာပေါ်ရှိ ဆပ်ပြာမြှုပ်များကို စင်ကြယ်အောင်ဆေးပြီး အပြင်သို့ ထွက်လာသည်။ ယခု တစ်ကြိမ်တော့ အယ်နီကို အကြင်နာတရား ကြီးမားစွာနှင့် သိမ်မွေ့နူးညံ့စွာ နမ်းလေတော့သည်။

ပြီးတော့ အဝတ်အစားလဲသည့် အလုပ်ကို သူလုပ်သည်။ လည်စည်းကို စည်းရင်းလေတစ်ချက် ချွန်လိုက်သေးသည်။ အယ်နီက ပျော်လွန်းသောကြောင့် အားအင်ကုန်ခမ်းချင်သလိုပင် ဖြစ်လာသည်။ သူ့ဘဝတွင် သည်လိုအတွေ့အကြုံမျိုး လုံးဝ မရှိခဲ့ဘူးသေးချေ။

မိမိတို့နှစ်ယောက် အချစ်ကုန် အရက်ကုန်ကြပြီဟု အယ်နီ၏စိတ်ထဲမှာ ခံစားနေရသည်။ လိုင်ယွန်လည်း ထိုအတိုင်း ခံစားနေရလေမည်လားဟုလည်း စဉ်းစားနေမိပြန်သည်။

သူ သည်လို ခံစားရနိုင်စရာအကြောင်း မရှိပါ။ အတွင်းခံဘောင်းဘီကလေးဝတ်ပြီး သူ မုတ်ဆိတ်ရိတ်နေသည်ကို မိန်းကလေးပေါင်း မြောက်မြားစွာတို့က ထိုင်ကြည့်ဖူးကြပါလိမ့်မည်။

ထိုအတွေး ခေါင်းထဲသို့ ရောက်လာသည်နှင့် တစ်ပြိုင်တည်း အယ်နီက ထိုအတွေးကို ချက်ချင်း ဖျောက်ဖျက်ပစ်လိုက်သည်။ မိမိ ခံစားနေရသကဲ့သို့ မည်သို့သော မိန်းကလေးမျှ ခံစားရဖူးစရာ အကြောင်းမရှိဟုလည်း စဉ်းစားနေမိသည်။ ဘာပဲဖြစ်ဖြစ် ခံစားရပုံချင်းကတော့ ကွဲပြားရပေလိမ့်မည်။

မိမိဘဝ၏ အံ့သြစရာ အကောင်းဆုံးသော နေ့တစ်နေ့ကို မည်သည့်အတွေးမျိုးကမျှ ဖျက်ဆီးပစ်ခြင်း မခံနိုင်ပါ။ မည်သည့်အရာကမျှ ဖျက်ဆီးနိုင်စွမ်း ရှိရမည် မဟုတ်ပါ။

စားပွဲထိုးက အခန်းတံခါးကိုခေါက်ပြီး ကော်ဖီနှင့် စားစရာများ ယူလာသည်။ လိုင်ယွန်က ငွေတောင်းခံလွှာပေါ်တွင် လက်မှတ်ထိုးပေးလိုက်သည်။ နံနက်စာစားရင်း အယ်နီကိုလည်း ထိုင်ခိုင်းသည်။ ပြီးတော့ အယ်နီ စားဖို့ ကော်ဖီနှင့် စားစရာများ ယူလာပေးသည်။ သူကတော့ ကော်ဖီပန်းကန် တန်းလန်းနှင့် တယ်လီဖုန်းရှိရာသို့ လျှောက်သွားသည်။ ဟင်နရီဘယ်လာမီ၏အခန်းကို လှမ်းတောင်းနေသည်။

ဟင်နရီလည်း နောက်ကျနေပါသည်။

လိုင်ယွန်က ရယ်သည်။

"ကောင်းပါပြီဗျာ၊ ဒီလိုဆိုရင် ကျွန်တော်တို့ချင်း နာရီတိုက်ထားလိုက်ကြရအောင်ပါ။ ကျွန်တော့်နာရီက ဆယ့်တစ်နာရီခွဲနေပြီ။ ကျွန်တော်တို့ ဆယ့်တစ်နာရီ မိနစ်လေးဆယ်မှာ သွားကြရအောင်"

လိုင်ယွန်က ဖုန်းပြန်ချထားခဲ့ပြီး အယ်နီရှိရာသို့ ပြန်လျှောက်လာသည်။

"လူသတ်ပွဲတစ်ခုကို မျက်နှာချင်းဆိုင် ကြည့်ရပုံမလား"

"ဒီအခွင့်အရေးမျိုးနဲ့တော့ မလွဲချင်ဘူး ဘာတွေဖြစ်ကြမှာတဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပြီး ကြီးကြီးကျယ်ကျယ်တော့ မဖြစ်ပါဘူး၊ ခွန်အားဗလ ထွားကျိုင်းတဲ့ ယောက်ျားသားကြီး တချို့က အားနွဲ့သူ မိန်းကလေးတစ်ယောက်ကို ထွက်ပြေးသွားအောင် အကျပ်ကိုင်ကြလိမ့်မယ်လေ"

"မောင် ပြောနေပုံ ကြည့်ရတာ အရင်ကလည်း ဒါမျိုးတွေ ကြုံခဲ့ရဖူးတဲ့အတိုင်းပဲ"

"ကြုံခဲ့ဖူးတာပေါ့ကွယ်၊ ဟယ်လင်လော်ဆန်ရဲ့ ဘဝကြီး အောင်မြင်လာဖို့အတွက် တယ်ရီကင်းကို ဘေးဖယ်ပစ်ကြတာတွေ အခုအချိန်ကစပြီး မင်း တွေ့ရပါတော့မယ်။ ဟယ်လင်လော်ဆန်ရဲ့ နောက်ကျောကို ဓားနဲ့ထိုးကြည့်၊ ဒါပေမယ့် သူ ဘာမှ ဖြစ်မှာမဟုတ်ဘူး။ ဒါကိုက မင်း ရှုံးပြီဆိုတဲ့ သဘောပဲ။ ဒီမိန်းမကြီးက အဲဒီလိုအစား"

ဟင်နရီကို ဓာတ်လှေကား အနီးတွင် တွေ့ရသည်။ လိုင်ယွန်နှင့်အတူတူ အယ်နီကို တွေ့နေရသဖြင့် သူ အံ့ဩကောင်း အံ့ဩနေပါလိမ့်မည်။ သို့သော်လည်း မည်သည့် အမူအရာကိုမျှ မပြပါ။

ဟယ်လင်တစ်ယောက်ကလွဲပြီး ဇာတ်သူဇာတ်သား အားလုံး ဇာတ်ရုံထဲမှာ အစုံအလင် ရှိနေကြသည်။ ယိမ်းသမကလေးများကိုလည်း တွေ့ရသည်။ သူတို့ အားလုံးလိုလို မျက်မှန်အနက်များ တပ်ဆင်ထားကြသောကြောင့် သူတို့မျက်နှာပေါ်တွင် မိတ်ကပ်အနည်းငယ်သာ ခြယ်သထားခြင်းကို ဖုံးကွယ်ပေးထားသလို ဖြစ်နေသည်။ စက္ကူပန်းကန်များနှင့် ကော်ဖီသောက်နေကြသည်။ သူတို့အားလုံး၏ အမူအရာမှာ မကျေမနပ် ဖြစ်နေကြသည့်ပုံမျိုး။ နီလီက ခုံတန်းတစ်ခု၏ အစွန်းမှာ ခပ်တောင့်တောင့် ထိုင်နေသည်။

အယ်နီက စတုတ္ထတန်းတွင် လိုင်ယွန်နှင့် ဟင်နရီတို့နှင့်အတူတူ သွားထိုင်သည်။

ဂျနီဖာနေ့ဘ်သ သုတ်သီးသုတ်ပျာ ပြေးဝင်လာသည်။ သူ အိပ်ရာထ နောက်ကျသွားသည့်အတွက် လူတိုင်းကို လိုက်တောင်းပန်နေသည်။ တီးဝိုင်းခေါင်းဆောင်နှင့် စကားပြောနေသော ဒါရိုက်တာက သူ့ဘက်သို့ လှည့်ပြီး ယဉ်ကျေးဖွယ်ရာစွာ ခေါင်းညိတ်ပြသည်။

"ရွှေမင်းသမီး၊ မင်းအခန်းတွေမှာ ဘာမှ အပြောင်းအလဲ မရှိပါဘူး။ အိပ်ချင်သေးသပဆိုရင် ပြန်အိပ်နေလို့ ရပါသေးတယ်"

ဂျနီဖာက ပြုံးပြပြီး မှောင်နေသည့် ဇာတ်ရုံတွင်းသို့ ဆင်းလာသည်။ ဟင်နရီက မိမိတို့အနီးမှာ လာထိုင်ရန် လက်လှမ်းပြသည်။ အယ်နီကို မြင်သောအခါ မှတ်မိသည့် အမူအရာမျိုးနှင့် ရင်းရင်းနှီးနှီး ပြုံးပြသည်။

"သိပ်ကို အံ့ဩဖို့ကောင်းတာပဲ၊ ကျွန်မတို့ အောင်မြင်သွားကြပြီလေ။ အင်း- ကျွန်မတို့ဆိုတဲ့ စကားလုံးမျိုး မသုံးသင့်ဘူးပေါ့လေ။ ကျွန်မက ဟုဝ်တိပတ်တိ ကရတာမှ မဟုတ်ဘဲ။ ဒါပေမယ့် သိပ်ကို အောင်မြင်တဲ့ပြဇာတ်ပဲ။ ဒီလို ပြဇာတ်မျိုးထဲမှာ ကျွန်မ ဝင်ကခွင့်ရတဲ့အတွက် သိပ်ကို စိတ်လှုပ်ရှားရတာပဲ"

ဟုလည်း ပျော်ရွှင်သည့်အသံမျိုးနှင့် သူက ပြောသည်။

"ဒီပြဇာတ်ထဲမှာ မင်း သိပ်ချစ်စရာကောင်းပါတယ်"

အယ်နီက စိတ်ထဲရှိသည့်အတိုင်း ပြောသည်။

"ကျေးဇူးတင်ပါတယ်ကွယ်၊ ဒါပေမယ့် ကိုယ့်နာမည်ကြောင့်တော့ လူတွေ ဒီပြဇာတ်ကို လာကြည့်ကြတာ မဟုတ်ပါဘူး"

"ကိုယ့်ကိုယ်ကိုယ် ဒါလောက် အထင်မသေးစမ်းပါနဲ့ကွာ၊ နယူးယောက်မှာ ဒီပြဇာတ်ကဖြစ်ပြီဆိုရင် သတင်းစာတွေက မင်းအကြောင်းကို ဝိုင်းရေးကြပါလိမ့်မယ်။ ရုံစတင်ပြီး တစ်လခွဲလောက်အတွင်း မင်းကို ရုပ်ရှင်ရိုက်ဖို့ ကမ်းလှမ်းကြလိမ့်မယ်"

ဟင်နရီက ပြန်ဖြေသည်။

ဂျနီဖာက ပါးချိုင့်ကလေး ပေါ်သွားအောင် ပြုံးလိုက်သည်။

"အိုး ဟင်နရီ၊ အမှန်အတိုင်း ပြောရရင် ကျွန်မ သိပ်ဖြစ်ချင်တာပဲ။ ဒါပေမယ့် ခေါင်းဆောင်မင်းသမီး လုပ်ရမှ ကောင်းမှာပါ။ ရိုးရိုးဇာတ်ရုံကလေးဆိုရင်တော့ မနိပ်သေးပါဘူး"

ပြောရင်း အနည်းငယ် မျက်မှောင်ကုတ်သွားသည်။

"ဇာတ်ရုံကလေးတွေကလည်း ဇာတ်ဆောင်ကြီးတွေ ဖြစ်သွားကြတာပဲ မဟုတ်လား"

ဟင်နရီက စကားမမှားအောင် သတိနှင့် ပြန်ဖြေသည်။

ဂျနီဖာ၏ မျက်နှာက ပိုပြီး ညှိုပုပ်လာသည်။

"ပညာပါရမီရှိတဲ့ ဇာတ်ရုံတွေလောက်

www.burmeseclassic.com

www.burmeseclassic.com

သာ ဖြစ်ကြတာပါ။ ကျွန်မမှာက အနုပညာနဲ့ ပတ်သက်လာရင် ပညာအခြေခံမှ မရှိဘဲ။ ဒါကြောင့်မို့ ကန်ထရိုက် ကောင်းကောင်းကို ကျွန်မ လိုချင်တာပါ ဟင်နရီ။ သူတို့က ပိုက်ဆံ များများ ပေးထားရတယ်ဆိုရင် ကျွန်မကို မဖြစ်မနေ အသုံးပြုရတော့မှာပဲ မဟုတ်လား၊ ပြီးတော့ သရုပ်ဆောင်ပညာကို သင်ပေးရတော့မယ်၊ လေ့ကျင့်ပေးရတော့မယ်"

"ဒီကိစ္စမှာ ကျုပ် အဆုံးအဖြတ်ကို နားထောင်ပါ။ ကုမ္ပဏီကောင်းရင် ပိုက်ဆံနည်းပေမယ့် လက်ခံလိုက်ပါ။ အခု လောလောဆယ်မှာ ရုပ်မြင်သံကြားတွေ လာတော့မယ်ဆိုတဲ့ သတင်းတွေကလည်း ထွက်နေတော့ ရုပ်ရှင်ကုမ္ပဏီတွေက ကြီးကြီးကျယ်ကျယ် ကန်ထရိုက် စာချုပ်တွေကို အလွယ်တကူနဲ့ မချုပ်ကြသေးဘူး"

"ဒီလိုဆို ကျွန်မ နယူးယောက်မြို့မှာ နေခဲ့ရင် ကောင်းမယ်ထင်တယ်။ ပါဝါစ်နဲ့ လောင်းဝပ်သ်တို့က သူတို့ ကုမ္ပဏီတွေမှာ စံပြမယ်လုပ်ပေးဖို့လည်း ကျွန်မကို ကမ်းလှမ်းထားတာ ရှိသေးတယ်။ အဲဒီကလည်း ကျွန်မ ပိုက်ဆံကောင်းကောင်း ရနိုင်တယ်။ တစ်ဖက်ကလည်း ဒီပြဇာတ်က ရနေနိုင်တယ်"

ဟင်နရီက သူ့ကို ရုတ်တရက် လှည့်ကြည့်သည်။

"ကျုပ် နားလည်အောင် ပြောပြစမ်းပါဦး ဂျနီဖာ၊ မင်းက ရုပ်ရှင်ရိုက်ဖို့ ကမ်းလှမ်းတာကို ခံချင်တာလား၊ ဒါမှမဟုတ် တကယ့်ကို အသက်မွေးဝမ်းကျောင်း လုပ်ငန်းအနေနဲ့ လုပ်ချင်တာလား။ မင်း စိတ်ပါလက်ပါ မရှိဘဲနဲ့တော့ ဒီကိစ္စကြီးကို ကျုပ် ဝင်လုပ်ပေး မနေချင်ဘူး။ နောက်ပြီးတော့ တိုနီပိုလာနဲ့ ကိစ္စကရော ဘယ်လိုလဲ၊ မင်းတို့နှစ်ယောက်က ဘယ်လောက်များ အဖြစ်သဲနေကြသလဲ"

ဂျနီဖာက ပြုံးသည်။

"သတင်းစာတွေက အလွန်အကျွံ ရေးနေကြတာပါ။ တိုနီကို ကျွန်မ သဘောကျပါတယ်။ ဒါပေမယ့် ချက်ချင်းလက်ငင်း လက်ထပ်ကြဖို့ကိုတော့ ကျွန်မတို့နှစ်ယောက်စလုံး စိတ်မကူးကြသေးပါဘူး။ နောက်ပြီးတော့ မင်းသားကြီး မီရာလိုနဲ့ ကျွန်မကလည်း တရားဝင်ကွာရှင်းပြတ်စဲရသေးတာ မဟုတ်ဘူးလေ"

"ကွာရှင်းဖို့အတွက် စာရွက်စာတမ်းတွေ အားလုံး လက်မှတ်ထိုးပြီးနေပါပြီ။ တရားရုံးကို ရောက်သွားတဲ့အခါကျရင်တော့ မင်း အစစ်ခံရမယ့် စကားလုံးတွေကို မမေ့နဲ့နော်။ မင်းဟာ ကက်သလစ်ဘာသာဝင်ဖြစ်ကြောင်း၊ သားသမီးတွေ မွေးဖွားလိုကြောင်း၊ ဒါပေမယ့် ဟိုခွေးကောင်က သားသမီး မလိုချင်ကြောင်းတွေကို အစစ်ခံရမယ်"

"မင်းက ကက်သလစ်ဘာသာဝင်လား"

လိုင်ယွန်က ဝင်မေးသည်။

ဂျနီဖာက ပခုံးတွန့်ပြသည်။

"အမေကတော့ ဟုတ်တယ်၊ အဖေက မဟုတ်ဘူး။ သူတို့နှစ်ယောက်လည်း ကွဲသွားတယ်။ ကျွန်မကတော့ တစ်ခါမှ ရေနှစ်မင်္ဂလာ အလုပ်မခံရဖူးဘူး။ ဒါပေမယ့် ဘယ်သူကမှ ဒါလောက် စစ်စစ်ပေါက်ပေါက် လိုက်မေးနေမှာ မဟုတ်ပါဘူးလေ။ လုပ်များ လုပ်နေဦးမလား ဟင်နရီ"

"ကျုပ်ပြောတဲ့အတိုင်းသာ တစ်သဝေမတိမ်း လုပ်ပါ။ မင်းဟာ ကက်သလစ်ဘာသာဝင် ဖြစ်တယ်။ ဘုန်းတော်ကြီး တစ်ပါးပါးက လက်ထပ်ပေးတာကို မင်းက ခံယူချင်တယ်။ ဒါပေမယ့် မင်းယောက်ျား မင်းသားကြီးက ရိုးရိုး အရပ်လက်ထပ်ပွဲပဲလုပ်တယ်။ ဒီကစပြီး မင်းတို့ချင်း ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်လာတယ်။ မင်းက သားသမီးတွေ လိုချင်ကြောင်း ပြောပြတယ်။ ဒီကိစ္စအတွက် အယ်နီက မင်းဘက်က သက်သေထွက်ပေးလိမ့်မယ်"

"ကျွန်မက ဘာလုပ်ရမယ်"

အယ်နီက ဝင်မေးသည်။

"ဘကြီးတို့ သက်သေတစ်ယောက် လိုနေတယ်။ ဒီအကြောင်း မင်းကို ပြောပြဖို့ပါ။ ရုံးတော်ကျရင် မင်းဟာ ဂျနီဖာရဲ့ သူငယ်ချင်းဖြစ်ကြောင်း၊ မင်းသားကြီးနဲ့ လက်မထပ်ခင်မှာ ဂျနီဖာက သူ့အကြောင်းတွေ မင်းကို ပြောပြဖူးတဲ့အကြောင်း၊ သူက မင်းသားကြီးနဲ့ လက်ထပ်ပြီး အီတလီကို လိုက်နေချင်ကြောင်း၊ သားသမီးတွေ မွေးဖွားချင်ကြောင်း မင်းကို ပြောပြထားတယ်ပေါ့။ ဒါပေမယ့် သားသမီးတွေ ရချင်တယ်ဆိုတဲ့ စကားလုံးကိုတော့ မမေ့နဲ့နော်"

"ဒါပေမယ့်၊ ကျမ်းကျိန်ပြီး မမှန်တာတွေကို လျှောက်ပြောနေရမယ်ဆိုတော့"

အယ်နီက ကန့်ကွက်စကား ပြန်ပြောသည်။

"ကျမ်းမကျိန်ရပါဘူး၊ ကိုယ်တိုင်ကတိ

www.burmeseclassic.com

www.burmeseclassic.com



သစ္စာပြုရုံပါပဲ"

ဟင်နရီက ထိုမျှ ပြန်ပြောပြီး ဇာတ်ခုံဘက်သို့ လှည့်သွားသည်။ ပြီးတော့ လေသံကလေးနှင့် ပြောသည်။

"ဘုရားသာ တ,နေကြပေတော့ပေါ့၊ ဟောဟိုမှာ ရောက်နေပြီ"

ဇာတ်ခုံအလယ်တည့်တည့်တွင် တယ်ရီကင်း ရပ်နေသည်ကို တွေ့ရသည်။ လုံးဝမယုံကြည်နိုင်သည့် အမူအရာမျိုးနှင့် ဒါရိုက်တာကို စိုက်ကြည့်နေသည်။

"ဒီသီချင်းဆိုတဲ့အခန်းကို ဖြတ်ပစ်ရမယ် ဟုတ်လား၊ ရှင် ရူးနေပြီလား။ သတင်းစာတွေကရေးတဲ့ ဝေဖန်ချက်ကို ရှင် မဖတ်ရသေးဘူးလား"

တယ်ရီကင်းက ပြန်အော်မေးနေသည်။

"ဇာတ်ကချိန် သိပ်ကို ရှည်နေတယ်ကလေးရယ်၊ နောက်ပြီး ကိုယ်တို့ပြဇာတ်ထဲမှာလည်း သီချင်းတွေက လုံလောက်နေပါပြီ"

ဒါရိုက်တာ၏အသံက ပုံမှန်အသံမျိုးပင်ဖြစ်သည်။

"ဇာတ်ကချိန် များနေတော့ ဘာဖြစ်သလဲ၊ တခြား သီချင်းတွေကို ဖြတ်ပါလား။ ဒီပြဇာတ်ထဲမှာ ကျွန်မသီချင်းဟာ အကောင်းဆုံးပဲဆိုတာ ရှင် အသိသားပဲ"

"ဒါဟာ ကိုယ့်အမိန့်ပဲ"

ဒါရိုက်တာက ပင်ပန်းသည့် အမူအရာနှင့် ပြောသည်။

"ဂေးလ်ဘတ်ကေ့စ် ဘယ်မှာလဲ"

"သူ စာရေးဆရာတွေနဲ့ အလုပ်များနေတယ်။ ဘေးလ်၊ ဟေး ဘေးလ်တော်လေ"

ခပ်ပိန်ပိန် ကလေးတစ်ယောက် ထွက်လာသည်။

"ဘေးလ်၊ မင်းနဲ့ တယ်ရီနဲ့ ကရတဲ့ အချစ်သရုပ်ဖော်ခန်းကို ဖြတ်ပစ်လိုက်ပြီ။ မင်းအနေနဲ့ တစ်ပင်တိုင်ကခန်း တစ်ခုမှာ ကနိုင်ဖို့ တို့ အစီအစဉ် လုပ်နေတယ်။ တယ်ရီကို မင်း ဘယ်လောက် ချစ်တဲ့အကြောင်း ပြောပြနေရမယ့်အစား ဘာမှ မပြောတော့ဘဲ မင်း ကရုံသာကပါ။ ဒါမှ အချိန်နည်းနည်း ခိုးလို့ရမယ်"

ဘေးလ်က ခေါင်းညိတ်ပြပြီး ဇာတ်ခုံနောက် ဝင်ရောက် ပျောက်ကွယ်သွားသည်။

"သူ ကနေတုန်း ကျွန်မက ဘာလုပ်နေရမှာလဲ၊ အဝတ်အစားလဲတဲ့ အခန်းထဲမှာ ဒီအတိုင်း ထိုင်နေရမှာလား။ ချစ်ခန်းကြိုက်ခန်း ဖြတ်ပစ်လိုက်ရင် ကျွန်မ သီချင်းဆိုတဲ့ အခန်းလည်း မရှိတော့ဘူး။ ပထမပိုင်းမှာ ကျွန်မအခန်းက နှစ်ခန်းပဲ ပါတော့မယ်။ ဒုတိယပိုင်းမှာ သီချင်းဆိုတဲ့အခန်း တစ်ခန်းပဲ ကျန်တော့မယ် မဟုတ်ဘူးလား"

"သီချင်းဆိုတဲ့အခန်း ပါမယ်၊ ဒါပေမယ့် မင်းရဲ့နောက်မှာ ယိမ်းကတဲ့အခန်း ပါမယ်။ သူတို့က ဒုတိယယိမ်းအဖြစ်နဲ့ ကကြလိမ့်မယ်"

"ကျွန်မက ဘာလုပ်ရမှာလဲ"

"ဒုတိယယိမ်းသီချင်းကို ဆိုရမယ့်အစား ယိမ်းအဖွဲ့နဲ့ မင်းနဲ့ ဇာတ်ခုံပေါ်မှာ အဝင်အထွက် ပြောင်းရမယ်။ မင်းက ဇာတ်ခုံပေါ်မှာ ရပ်နေရမယ်။ မင်းကိုယ်ပေါ်မှာ ထိုးပေးထားတဲ့မီးကို မှိန်လိုက်မယ်။ မီးမှိန်လိုက်တာနဲ့ ဇာတ်ခုံပေါ်က မင်း ထွက်သွားပြီး ယိမ်းအဖွဲ့က ဆက်ကသွားလိမ့်မယ်"

"ရှင်က ဒီလို ထင်တားတာကိုး"

တယ်ရီကင်း သူ့ကုတ်အင်္ကျီကိုကောက်ယူပြီး ဇာတ်ခုံပေါ်မှ အပြေးအလွှား ဆင်းသွားသည်။ ပြီးတော့ ဇာတ်ရုံအပြင်သို့ ထွက်သွားသည်။ ဒါရိုက်တာက ဘာမှ မဖြစ်သလို သူလုပ်စရာရှိသည်များကို ဆက်ပြီး လုပ်ကိုင်နေလိုက်သည်။

ဆယ်မိနစ်လောက်ကြာတော့ တယ်ရီကင်း ပြန်ရောက်လာသည်။ သူနှင့်အတူ လူခပ်သေးသေး တစ်ယောက်လည်း ပါလာသည်။ ဇာတ်ရုံ မင်းလမ်းအတိုင်း သူတို့ ဝင်လာကြသည်။

"ကဲ ဘာတွေဖြစ်ကြတာလဲ၊ ပြောစမ်းပါဦး"

ထိုလူ ခပ်သေးသေးက မေးသည်။

"ဘာကို ဘာဖြစ်ရမှာလဲ"

ဒါရိုက်တာကလည်း သူ့ဘက် လှည့်ပြီး ဘာမှ မသိနားမလည်သလို မေးသည်။

"ဒီမှာ ကျုပ်ပြောတာ နားထောင်စမ်း လီရှိုင်း၊ ခင်ဗျား မသီချင်ယောင်ဆောင်ပြီး ကျုပ်ကို အရူးလုပ်ဖို့ မကြိုးစားပါနဲ့။ ဒါမျိုးတွေ ကျုပ်က နောကျေနေပါပြီ။ ဟယ်လင်လော်ဆန်က တယ်ရီကို လာန့်နေတယ်။ တယ်ရီအတွက်လည်း ဒီတစ်ကြိမ်ပဲ ကံကောင်းတဲ့အခန်းနဲ့ ကြုံရသေးတာ။ ဒီပြဇာတ်ထဲမှာ သူ့သီချင်းဟာ လူကြိုက်အများဆုံးပဲ။ သီချင်းရေးဆရာတွေကလည်း သူတို့သီချင်းကို ဟယ်လင်က ဖြုတ်ပစ်တာ ခံနိုင်ကြမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

"သူတို့တို ခေါ်လိုက်ပါ"

လီရှိုင်းက ပြန်ပြောသည်။

"ကျုပ် ခေါ်ပြီးပြီ၊ ဂေးလ်ကေ့စ်နဲ့ သူတို့ ဆွေးနွေးနေကြတယ်။ နောက်ပြီးတော့ အခန်းကလေး နှစ်ခန်းထဲ ကရုံနဲ့ ဂေးလ်ကေ့စ်က တယ်ရီကို ငွေလေးရာတောင် ပေးချင်နေတယ်လို့ ခင်ဗျား ထင်နေသလား"

"တယ်ရီက ဆက်ကချင်သပ ဆိုရင် ကပေ့ါ၊ သူကလည်း ပေးရမယ့်ငွေကို ပေးရမှာပဲပေ့ါ"

"ဩော် ဒီလိုကိုး၊ ဒါ ကလိမ်ကျတာပဲ။ သူ့အလိုလို ထွက်သွားအောင် ခင်ဗျားတို့ ကုလားဖန်ထိုးနေကြတာကိုး။ သူ ထွက်သွားတဲ့အခါမှာ တခြား တစ်ယောက်ကို အစားထိုးပြီး သူ့အခန်းတွေကို ကခိုင်းကြမှာပေ့ါ။ ဟုတ်လား၊ ဒါပေမယ့် တယ်ရီကို ခင်ဗျားတို့ အလုပ်ထုပ်ပစ်လိုက်ရင် လာမယ့် ဇွန်လအထိ သူ့ကို ခင်ဗျားတို့ ပိုက်ဆံပေးနေရလိမ့်မယ်။ သူ့နေရာမှာ အစားထိုးတဲ့ မင်းသမီးကိုလည်း ခင်ဗျားတို့ ပေးရဦးမယ်"

"တယ်ရီကင်းကို ဘယ်သူကမှ အလုပ်မထုတ်ပါဘူး"

"ခင်ဗျားတို့ ထုတ်ပစ်လို့မှ မရဘဲကိုးဗျ။ ဒါကြောင့် သူ့အလိုလို ထွက်သွားအောင် ခင်ဗျားတို့ ဆင်ဖဲရိုက်နေကြတာပေ့ါ"

ဒါရိုက်တာက ဇာတ်ခုံအစွန်းမှာ သွားထိုင်ပြီး အလွန် သည်းခံနေရသည့် အမူအရာမျိုးနှင့် ပြန်ပြောသည်။

"တယ်ရီကင်း သူ့ဟာသူ ထွက်သွားအောင် ဘယ်သူကမှ လုပ်မနေဘူး။ ဘယ်သူကမှ ကြိုးစားမနေဘူး။ လူပုဂ္ဂိုလ်ရေးကို ကျုပ်တို့ ကြည့်နေကြတာ မဟုတ်ဘူး။ ကျုပ်တို့ ပြဇာတ်အတွက် ကျုပ်တို့ ကြည့်နေတာ။ ပြဇာတ်ကြီး တစ်ခုလုံးကို ခြုံပြီး ကြည့်နေကြတာ။ ခင်ဗျားဟာ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ခင်ဗျားရဲ့ အမှုသည်အတွက် ကြည့်နိုင်ပါတယ်။ ခင်ဗျားကို ကျုပ်တို့ အပြစ်တင်ဖို့ မလိုပါဘူး။ ဒါက ခင်ဗျားရဲ့ အလုပ်ပဲကိုး။ ဒါပေမယ့် ကျုပ်အလုပ်က ပြဇာတ်နဲ့ပတ်သက်ပြီး စဉ်းစားရမယ်။ ပြဇာတ်ကရတဲ့ အချိန်ဟာ သိပ်ရှည်နေတယ်။ ဂေးလ်ကေ့စ်ရယ်၊ ဇာတ်ညွှန်းရေးဆရာရယ်နဲ့ ကျုပ်တို့ အားလုံးက ဖြတ်သင့်တယ်လို့ ထင်တဲ့နေရာကို ကျုပ်က ဖြတ်တာပဲ။ ဘယ်သူနာစေ ဘယ်သူသာစေ ဆိုတာမျိုး ကျုပ်တို့မှာ မရှိဘူး"

လူခပ်သေးသေးကလေးက သူ့လက်ထဲမှ စီးကရက်တိုကို ဇာတ်ရုံ၏ ကော်ဇောထူထူပေါ်သို့ ပစ်ချလိုက်သည်။

"ကျုပ်ကို အဖြီးအဖြန်းတွေ လုပ်မနေစမ်းပါနဲ့။ ဟင်လယ်လော်ဆန်က ဂေးလ်ကေ့စ်ကို အမိန့်ပေးတယ်။ ဂေးလ်က ခင်ဗျားကို အမိန့်ပေးတယ်။ ဒီအမိန့်အတိုင်း ခင်ဗျားက လိုက်နာပြီး အကောင်အထည်ဖော်တယ်။ ဂေးလ်အနေနဲ့ ငြင်းလို့ မဖြစ်ဘူး။ ဟိုကောင်မကြီး စိတ်ချမ်းသာဖို့အတွက် လုပ်ပေးနေရမှာပဲ။ သူ့အသံက နားဝင်ပီယံ မရှိတဲ့အတွက် သူ့အသံထက် ကောင်းနေတဲ့ အဆိုတော်တစ်ယောက် ပါမလာဖို့ လုပ်ကြရတော့မှာပဲ"

"ဒီကိစ္စထဲမှာ ကိုယ်ရေးကိုယ်တာတွေ ဆွဲထည့်မလာပါနဲ့"

လီရှိုင်းက ခပ်ဆတ်ဆတ် ပြန်ပြောသည်။

"ဘာဖြစ်လို့ မပြောရမှာလဲ၊ ဒီအကြောင်းတွေကို ခင်ဗျားရော ကျုပ်ရော သိထားကြတာပဲ မဟုတ်လား။ ခင်ဗျား ကောင်မကြီးကို အခုနေများ အသံစစ်ကြည့်စမ်းပါလား၊ ဘယ်ဘဝ ပြန်ရောက်သွားမလဲ"

"ဒီအကြောင်းတွေ ပြောနေဖို့ မလိုဘူး ထင်ပါတယ်"

ဟင်နရီက အမှောင်ထဲမှနေ၍ လှမ်းအော်သည်။

တယ်ရီကင်း၏ကိုယ်စားလှယ်က နောက်သို့ လှည့်ကြည့်သည်။

"မှောင်ထဲက ခင်ဗျားကို ကျွန်တော် မမြင်ဘူး။ မစ္စတာဘယ်လာမီ၊ ကြည့်ကြပါဦးဗျာ။ ကိုယ်ရေးကိုယ်တာတွေ မပြောကြပါနဲ့တဲ့။ ကျုပ်အမှုသည်အတွက် ကျုပ် ကာကွယ်တိုက်ခိုက်ပေးနေတယ်။ ခင်ဗျားလည်း ဒီအတိုင်းပဲ မဟုတ်လား။ မစ္စလော်ဆန်အတွက် နှစ်ပေါင်း နှစ်ဆယ်လောက် တိုက်ပွဲဝင်လာတာပဲ မဟုတ်ဘူးလား"

"ကျုပ်က ဟယ်လင်လော်ဆန် ကောင်းစားဖို့ ထိပ်တန်းမင်းသမီးကြီးတစ်ယောက်ကို တိုက်ထုတ်တာမျိုး မလုပ်ခဲ့ဖူးဘူး။ မောင်ရင်ဟာ ဘယ်လိုလူစားမျိုးလဲ၊ ဒါလောက် အောင်မြင်ကြော်ကြားနေတဲ့ မင်းသမီးကြီး တစ်ယောက်ကို မောင်က ဘာဖြစ်လို့ စော်ကားမော်ကား ပြောရတာလဲ"

www.burmeseclassic.com

လူခပ်သေးသေး လန့်သွားပုံရသည်။

"မစ္စတာဘယ်လာမီ၊ ကျွန်တော့်နေရာမျိုးမှာ ခင်ဗျား ရှိနေမယ်ဆိုရင် ဘာလုပ်မလဲ"

"ကျုပ်အမှုသည်ဟာ ဘယ်လိုအစားလဲဆိုတာပေါ်မှာ မူတည်မှာပေါ့။ ကျုပ်အမှုသည်က ဟယ်လင်လော်ဆန် ဖြစ်နေတယ်။ ဒါမျိုးနဲ့များ ကြုံရမယ်ဆိုရင်လည်း သိက္ခာတစ်ပြားသား အကျမခံဘူး။ ချက်ချင်း ထွက်သွားမယ်။ ကိုယ့်သိက္ခာကိုကိုယ် ထိန်းသိမ်းတဲ့အနေနဲ့ ထွက်သွားမယ်။

ဘာကြောင့်လဲဆိုတော့ ကျုပ်အမှုသည်ဟာ ဟယ်လင်လော်ဆန် ဖြစ်တယ်။ ဟယ်လင်လော်ဆန်လို မင်းသမီးမျိုးအဖို့ ဒီပြဇာတ်ထဲက ထွက်သွားရင် သူကဖို့ ပြဇာတ်တွေ ဟိုကကမ်းလှမ်း၊ ဒီကကမ်းလှမ်းနဲ့ လက်တောင်လည်နိုင်မှာ မဟုတ်ဘူး။

ဒါပေမယ့်၊ မောင်ရင့် အမှုသည်နဲ့ပတ်သက်လို့တော့ ကျုပ် မပြောတတ်ဘူး။ ဒီပြဇာတ်ထဲက သူ ထွက်သွားရင် သူ့ကို ငှားမယ့်လူ ရှိသေးရဲ့လား။ မရှိတော့ဘူး ဆိုရင်လည်း မောင်ရင့် အနေနဲ့ တခြား မင်းသမီးတစ်ယောက်ကိုရှာပြီး ကိုယ်စားလှယ် လုပ်လိုက်ဦးပေါ့။

အခု မောင်ရင် လုပ်နေပုံက ပွဲခရမယ့်ဆယ်ရာခိုင်နှုန်းကလေးကို မစွန့်လွှတ်နိုင်တဲ့ပုံမျိုး ဖြစ်မနေဘူးလား။ မောင်ရင် လုပ်နေပုံကမောင်ရင့်မင်းသမီး တခြား ပြဇာတ်မှာ ကခွင့်မရတော့မယ့်အတိုင်းပဲ။ ဒါကလေးကို တွယ်ကပ်ပြီး ကနေရတဲ့အတိုင်းပဲ"

တယ်ရီကင်းသည် ချက်ချင်း အသက်ပြန်ဝင်လာသည်။

"ဒီမှာ၊ ဟယ်လင်လော်ဆန် အလုပ်ပေါ်သလောက်တော့ ကျွန်မလည်း ပေါ်တာပါပဲ။ ကျွန်မတို့နှစ်ယောက်က ကြောက်လို့ပြောနေတာ မဟုတ်ဘူး။ ဘာမဟုတ်တဲ့ ဒီပြဇာတ်ကလေးထဲမှာမှ တွယ်ကပ်ပြီး ကနေရတဲ့ဘဝမျိုး မဟုတ်ဘူး။ ဟယ်လင်လော်ဆန်ထက် ပိုပြီး အောင်မြင်တဲ့ မင်းသမီးဖြစ်အောင်ကျွန်မ လုပ်ပြပါ့မယ်။ ကျွန်မ မကဘူး၊ ထွက်မယ်။ ကျွန်မကလည်း သိက္ခာအကျခံနိုင်တဲ့မိန်းမစား မဟုတ်ဘူး။ ခုချက်ချင်း ထွက်မယ်"

တယ်ရီက အသံကျယ်ကျယ်ဖြင့် အော်ဟစ်ပြောသည်။

"ခဏနေစမ်းပါဦး မိန်းကလေးရယ်၊ ဒီလို ထွက်သွားတာမျိုးကို သူတို့က လိုချင်နေကြတာ"

တယ်ရီကင်း၏ ကိုယ်စားလှယ်က ဝင်တားသည်။

"ရှင်ကရော ကျွန်မနဲ့ ပတ်သက်ပြီး ဘာဖြစ်စေချင်တာလဲ၊ ဖီလာဒဲလ်ဖီးယားနဲ့ နယူးယောက်မြို့မှာ မထင်ရှားတဲ့ အခန်းကလေးကနေပြီး ကစေချင်တာလား။ ရှင် ရနေတဲ့ဆယ်ရာခိုင်နှုန်းကလေး လက်လွတ်သွားမှာကြောက်လို့လား"

တယ်ရီက သူ့ကို ရန်ပြန်ထောင်သည်။

"ဒါနဲ့ မဆိုင်ပါဘူးကွယ်၊ မင်း သိပါတယ်။ ဒီဝင်ငွေ နှစ်ဆလောက်ကို ကိုယ်တို့ အသာကလေး ရှာနိုင်ပါတယ်။ ဒါပေမယ့် ဘရောဒ်ဝေးပြဇာတ်ရုံမှာ ကခွင့်ရမယ်ဆိုရင် ကိုယ်တို့ ရုပ်ရှင်ကုမ္ပဏီတစ်ခုခုနဲ့ အလုပ်ဖြစ်ဖို့ အခွင့်အလမ်းပေါ်လာမယ် မဟုတ်လား၊ ဒါကို တို့နှစ်ယောက်စလုံး သဘောတူထားခဲ့ကြတာပဲ"

"ရုပ်ရှင်နဲ့ အလုပ်ဖြစ်မယ်၊ ဟုတ်လား၊ မင်းတို့ကလည်း ကိုယ့်ဟာကိုယ် သိပ်ပြီး အထင်ကြီးနေကြတာကိုး။ ဘရောဒ်ဝေးမှာ ကခွင့်ရရင် ရုပ်ရှင်နဲ့ နီးစပ်ဖို့ အခွင့်အလမ်း များလာတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ကိုယ့်မင်းသမီးကလည်း အရည်အချင်း ရှိဦးမှဖြစ်တာပါကွ။ အရည်အချင်း ရှိတာတောင် ကိုယ်စားလှယ်လုပ်တဲ့အကောင် အသုံးမကျရင်လည်း ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး။ အခုတော့ မောင်ရင်က မောင်ရင့် မင်းသမီးရဲ့ အရည်အချင်းကို မယုံကြည်တဲ့အတိုင်းပဲ။ ဒါကြောင့် ဘာမဟုတ်တဲ့ အခန်းကလေးမှာ ဝင်ကဖို့ အတင်းအကျပ် တိုက်တွန်းနေတာမဟုတ်လား"

ဟင်နရီကပင် လှမ်းအော်ပြောသည်။

တယ်ရီကင်းက သူ့ကိုယ်စားလှယ်၏ လက်မောင်းကို ဆွဲခေါ်သည်။

"ကဲ လာ၊ ဒီထဲက ချက်ချင်း ထွက်သွားကြရအောင်"

"ခဏနေပါဦး၊ ကိုယ်တို့မှာ ကန်ထရိုက်စာချုပ်ကြီး ချုပ်ထားရတာ မဟုတ်လား။ မင်းအနေနဲ့လည်း နေ့ပွဲတစ်ပွဲ ကစရာ ရှိနေသေးတယ်လေ"ဟု သူလူက ပြန်ပြောသည်။

"ဒီလို အဖြစ်အပျက်တွေ ခံရပြီးမှတော့ မကဘူး"

"မင်း ဒီလိုလုပ်လို့ မဖြစ်ဘူးထင်တယ်၊


www.burmeseclassic.com

www.burmeseclassic.com

မင်း မကချင်တော့ဘူးဆိုရင် နှစ်ပတ်ကြိုတင်ပြီး နို့တစ်ပေးရမယ် မဟုတ်လား။ ပြီးတော့ ဖိလာဒဲလ်ဖီးယားမြို့ ကပွဲကိုလည်း မင်း က ပေးရဦးမယ်"

"ဘာတွေ စကားများနေကြတာလဲ၊ ဘယ်သူက မကဘူး ပြောနေလို့လဲ"

ယခုတစ်ကြိမ် ဝင်ပြောသူမှာ ဂေးလ် ဘတ်ကေ့စ် ဖြစ်သည်။ မင်းလမ်းမအတိုင်း ဇာတ်ရုံအတွင်းသို့ သူ ဝင်လာသည်။

"မစ္စတာကေ့စ်၊ ကျွန်မအခန်းတွေကို ရှင် ဖြတ်ပစ်လိုက်ပြီ။ မဖြစ်စလောက် ဝင်က ပေးရတဲ့ ဇာတ်ရုံမင်းသမီးကလေး အခန်းမျိုးကိုတော့ ကျွန်မ မကနိုင်ဘူး"

တယ်ရီကင်းက ဂေးလ်ထံသို့ ပြေးသွားရင်း ပြောသည်။ သူ့မျက်နှာလည်း မျက်ရည်များ ရွှဲနေပြီ။

"သူ ကရမှာပဲလို့ ကျွန်တော် ပြောပြနေတာပါ။ အခု ချက်ချင်း သူ နို့တစ်ပေးရင်တောင်မှ နှစ်ပတ်ကြာအောင်တော့ သူ ဆက်ကနေရဦးမှာပဲ"

ဟင်နရီက တစ်လုံးချင်း ဝင်ပြောသည်။

"ခဏလောက် စောင့်ကြပါဦး၊ တစ်ယောက်ယောက် နစ်နာသွားအောင် အလွန်အကျွံ မလုပ်ကောင်းပါဘူး"

ဂေးလ်က ကြင်နာသည့်လေသံနှင့် ပြောသည်။ ပြီးတော့ တယ်ရီကင်းကို ကရုဏာသက်သည့် အကြည့်မျိုးဖြင့် လှမ်းကြည့်သည်။

"သမီးလေး၊ အခုလို ဖြတ်ပြီးသွားတဲ့ အခါမှာ သမီး ကရမယ့် အခန်းဟာ သိပ်ကို နည်းသွားပြီလို့တော့ ကျုပ် သဘောမရပါဘူး။ ဇာတ်ရုံကလေးတစ်ယောက် ကရတဲ့အခန်းမျိုးထက် သာတာတော့ အမှန်ပါပဲ"

သူက စိတ်မကောင်းသလို ကြည့်နေသည်။

"ကျွန်မ မကနိုင်ဘူး"

တယ်ရီကလည်း ခေါင်းမာသည်။

"မင်း ကဖို့လည်း မကောင်းပါဘူးလေ"

ဂေးလ်က ချက်ချင်း ပြုံးလိုက်ပြီး ပြောသည်။

"နေ့ပွဲကိစ္စက ဘယ်လိုလုပ်မှာလဲ"

ဂေးလ်က လက်ကို ဝှေ့ယမ်းပြလိုက်သည်။

"မေ့ထားလိုက်ပါတော့၊ ပညာသင်တစ်ယောက်ယောက်ကို အစားထိုးပြီး ကမယ်။ ကရမယ့်အခန်းက သိပ်များတာ မဟုတ်ပါဘူး။ ဒါက သိပ်အရေးမကြီးပါဘူး"

ဂေးလ်က တယ်ရီကို သိုင်းဖက်လိုက်သည်။ ပြီးတော့ တယ်ရီ၏ ကိုယ်စားလှယ်ကိုလည်း လှမ်းကြည့်ပြီး ဆက်ပြောသည်။

"ဟိုတယ်က ကျုပ်အခန်းကို သွားကြစို့။ မောင်ရင်လည်း လိုက်ခဲ့ပါ။ တယ်ရီက ထုံးတမ်းစဉ်လာအတိုင်း နို့တစ်ရေးပေးပါ။ တယ်ရီကို လုပ်အားဆုအဖြစ်နဲ့ နှစ်လခ ကျုပ် ပေးလိုက်ပါ့မယ်။ ကျုပ်တို့ ဘာလုပ်မယ် ဆိုတာကို ကျုပ် ပြောပြပါ့မယ်။ ကျုပ်ရဲ့ သတင်းပြန်ကြားရေးတာဝန်ခံကို လှမ်းခေါ်မယ်။ ဒီပြဇာတ်ထဲက တယ်ရီကင်း ထွက်သွားတဲ့အကြောင်း နယူးယောက်က သတင်းစာတွေထဲမှာ ပါအောင် ထည့်ခိုင်းရမယ်။

မင်း အများကြီး ကြော်ငြာရသွားမှာပါ။ တကယ်ပါ သမီးရယ်။ နောက်တစ်ပတ်ဆိုရင် မြို့ပေါ်မှာရှိနေတဲ့ ရုပ်ရှင်ထုတ်လုပ်သူတိုင်းက သမီးနောက်ကို တကောက်ကောက် လိုက်နေကြမှာပါ။ ဟယ်လင်လော်ဆန်နဲ့ အတူတူတွဲမကနိုင်လို့ ထွက်လာပါတယ်ဆိုတဲ့ သတင်းဟာ မင်းအဖို့တော့ သိပ်ကို ကြီးကျယ်တဲ့ သတင်းကြီး ဖြစ်သွားမှာပါ"

ဂေးလ်က တယ်ရီကိုခေါ်ပြီး မင်းလမ်းအတိုင်း ဇာတ်ရုံအပြင်သို့ ထွက်သွားသည်။ တယ်ရီ၏ ကိုယ်စားလှယ်လည်း သူတို့နောက်မှ လိုက်သွားသည်။

သူတို့ ထွက်သွားပြီး ခဏကြာတော့ ဟင်နရီ ဇာတ်ခုံပေါ်သွားကာ ဒါရိုက်တာနှင့် ခပ်သွက်သွက် တိုင်ပင်နေသည်။ ဒါရိုက်တာက နားထောင်နေပြီး အတွင်းဘက်သို့ လှမ်းအော်ခေါ်လိုက်သည်။

"နီလီအိုဟာရာ"

သူ့ဆီသို့ နီလီ အပြေးအလွှား ရောက်လာသည်။

"နှစ်နာရီ မခွဲခင်အတွင်း ယိမ်းသီချင်းတစ်ပုဒ်ကို မင်း အရကျက်နိုင်ပါ့မလား"

"ယိမ်းသီချင်းတွေ အကုန်လုံး ကျွန်မ ရထားပြီးသားပါရှင်"

သူက အနည်းငယ် ပြုံးလိုက်သည်။

"ကောင်းပြီ၊ ယိမ်းတစ်ခန်းထည့်မယ်။ အကခန်းတစ်ခု ထည့်မယ်။ ကဲ- ကလေးတွေ လာကြကွာ။ တို့ အလုပ်လုပ်ကြရအောင်။ နီလီ၊ မင်း အဝတ်အစားလဲတဲ့ အခန်းကိုသွား

www.burmeseclassic.com

www.burmeseclassic.com

ပါ။ တယ်ရီရဲ့ အဝတ်အစားတွေ မင်းနဲ့ တော်သလား မတော်ဘူးလား ဆိုတာ ဝတ်ကြည့်ပါ။ ကိုင်း ယိမ်းအဖွဲ့ကွေ တို့ စလိုက်ကြရအောင်"

ဟင်နရီက ထိုင်ရာမှ ထသည်။

"သွားကြစို့၊ ကျုပ်တို့အားလုံး အပြင်ဘက်က လေစိမ်းကလေးတော့ အတိုက်ခံလိုက်ဦးမှထင်တယ်"

အပြင်ဘက်သို့ ရောက်သောအခါ သူတို့အားလုံး စကားမပြောကြဘဲ ခပ်ကြောင်ကြောင် ရပ်နေမိကြသည်။

"တစ်ရေးလောက်တော့ ကျွန်မ သွားအိပ်လိုက်ဦးမှ ထင်တယ်"

ဂျနီဖာက ပြောသည်။ ပြီးတော့ ဟိုတယ်ဆီသို့ လျှောက်သွားသည်။ ဟင်နရီက ကောင်းကင်သို့ မော့ကြည့်ရင်း ငြိမ်မြ ငြိမ်နေသည်။ လိုင်ယွန်က အယ်နီ၏လက်ကို တင်းတင်းကိုင်ထားသည်။

"ဒီလုပ်ငန်းတွေက တော်တော်တော့ ဆိုးတာပဲ။ ဒါပေမယ့် ဇာတ်သဘင်လောက ဆိုတော့လည်း ဒီအဖြစ်မျိုးတွေ ဖြစ်နေမှာပဲ ပေါ့လေ"

အယ်နီက စပြောသည်။ ပြောရင်းလည်း မသိမသာ ပြုံးလိုက်မိသည်။

"ဇာတ်သဘင်လုပ်ငန်းကြောင့် ဒီလိုဖြစ်နေကြရတာ မဟုတ်ပါဘူးကွာ။ လောဘကြီးကြလွန်းလို့ ဒီလိုဖြစ်နေတာပါ။ ငွေရဖို့အတွက် လောဘကြီးတယ်။ နာမည်ကြီးဖို့အတွက် လောဘကြီးတယ်။ အင်း- ဒီအကြောင်းတွေ ပြောရတာ အော်ဂလီဆန်လှတယ်။ အန်တောင် အန်ချင်လာပြီ။ ဘာပဲဖြစ်ဖြစ်လေ ဟယ်လင်ကို ဖုန်းဆက်ပြီး သတင်းကောင်းတော့ နပြောပြလိုက်ဦးမှ"

ဟင်နရီကလည်း ပြောပြောဆိုဆိုဖြင့် ဟိုတယ်ဆီသို့ လျှောက်သွားတော့သည်။

အယ်နီကို လိုင်ယွန်က လမ်းတစ်ဖက်မှ စားသောက်ဆိုင်ရှိရာသို့ ခေါ်လာခဲ့သည်။ သူတို့နှစ်ယောက်အတွက် စားသောက်စရာများ မှာသည်။

"ဒီကိစ္စမှာ ဟင်နရီ မှားတယ်၊ ဟယ်လင်အတွက် သူ ဘယ်လောက်ပဲ လုပ်ပေးနေနေ ထင်သလောက် အကျိုးရှိတာလည်း မဟုတ်ဘူး။ ကိုယ်စားလှယ်ဟာ ကိုယ်စားလှယ်အလုပ်ကိုပဲ လုပ်ဖို့ကောင်းတယ်။ ဟင်နရီဘယ်လာမိအနေနဲ့ ကိုယ်ရေးကိုယ်တာတွေ ရောစွက်လာဖို့ မကောင်းဘူး။ ဟင်နရီဟာ လူတော်တစ်ယောက်ပါ။ နှစ်ပေါင်း နှစ်ဆယ်လုံးလုံး ဟယ်လင်အတွက် ကိုယ်စားလှယ်လုပ်ခဲ့တယ်။ ဒါပေမယ့် ဟိုမိန်းမကြီးက တစ်မျိုး၊ သူ့ကို ဘာမှ လုပ်လို့မရဘူး။ ကိုယ်ပဲ ဒုက္ခဖြစ်မယ်။ သူဖြစ်ချင်တာတွေကိုပဲ မဖြစ်မနေ လုပ်နေတဲ့မိန်းမ၊ သူ့ဖို့ပဲ သူသိတယ်"

"တယ်ရီကင်း ကရမယ့်အခန်းတွေထဲက ဖြတ်ပစ်လိုက်တာလည်း များပါတယ်။ တယ်ရီအနေနဲ့ ဘယ်လိုလုပ် ကတော့မလဲ၊ သူ့အနေနဲ့ရော ဘာတတ်နိုင်တော့မှာလဲ။ ဒါတွေ ဖြတ်လိုက်ရင် ဇာတ်လည်း ပျက်သွားမှာပဲ။ ဟင်နရီက ဘာကြောင့်များ ဒါတွေကို လုပ်နေတယ် မသိဘူး"

လိုင်ယွန်က ကြက်ဥကို ခွဲနေသည်။

"သူ ကရမယ့်အခန်းတွေကို တကယ်ပဲ ဖြတ်ပစ်ပိုက်မယ်လို့ မင်း ထင်နေသလား။ တယ်ရီက နှီတစ်ပေးပြီး နယူးယောက်ကို ပြန်သွားလို့ ရထားပေါ်လည်းရောက်ရော သူ့အခန်းတွေ အားလုံးကို ပြန်ကခိုင်းတော့မှာ၊ တယ်ရီ ဒီမှာပဲ ရှိနေသေးတယ် ဆိုရင်တော့ ဒီအခန်းတွေကို ပြန်ထည့်ဦးမှာ မဟုတ်ဘူး။ ဟယ်လင်ဟာ လူတိုင်း ပြဿနာပေါ်အောင် လုပ်တတ်တဲ့မိန်းမ၊ အကုန်ရှုပ်ကုန်အောင် လုပ်တတ်တဲ့မိန်းမ၊ သူတို့ လုပ်နေကြတာတွေဟာ ဖဲကစားနေကြသလိုပဲ၊ နိုင်ဖဲကို ကိုင်ထားတဲ့လူက တယ်ရီကင်း။ ဒါပေမယ့် ဟယ်လင်က ဖဲလိမ်ရိုက်ပြီး အနိုင်ယူလိုက်တဲ့သဘော"

နောက် ဆယ့်ငါးမိနစ်ခန့် ကြာတော့ သူတို့ဆီသို့ ဟင်နရီ ရောက်လာသည်။ သူ အစာအိမ်ရောဂါလည်း ပြန်ထနေသည်ဟု ပြောသည်။

တစ်နာရီခွဲလောက်တွင် ယိမ်းသမလေးများ ရောက်လာကြကာ ဆင်းဒဝစ် စားကြသည်။ တစ်နေရာမှာ ဝိုင်းထိုင်ကြရင်း ယနေ့ဖြစ်ပျက်သည့် အဖြစ်အပျက်များအကြောင်း ပြောနေကြသည်။ နီလီကတော့ ယနေ့အဖို့ လူတိုင်း၏ ပါးစပ်ဖျားသို့ ရောက်လာသည့် သတင်းကောင်းအသစ် ဖြစ်နေတော့သည်။

နေ့ပွဲမကမီ ဇာတ်ခုံနောက်သို့သွားပြီး နီလီကို နှုတ်မဆက်တော့ရန် အယ်နီက ပိုင်းဖြတ်လိုက်သည်။ မိမိ သွားရောက် နှုတ်ဆက်ခြင်းအားဖြင့် အခြေအနေတွေ တစ်မျိုးတစ်ဖုံ ဖြစ်သွားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com


ထို့ကြောင့်လည်း လိုင်ယွန်နှင့်အတူတူ ရပ်ကာ နီလီ သရုပ်ဆောင်သည်များကို ကြည့်နေလိုက်တော့သည်။

သူ ကရသည့်အခန်းကို နိုင်နိုင်နင်းနင်း ကနိုင်ပါသည်။ သူ့ကြောင့် ဇာတ်လမ်းပျက်သွားခြင်းလည်း မရှိ။ ပိုကောင်းလာခြင်းလည်း မရှိ။

ပွဲပြီးသွားတော့မှ ဇာတ်ခုံနောက်သို့ သွားပြီး နီလီကို ချီးကျူးစကား ပြောသည်။ နီလီက အယ်နီ၏လက်ကို တင်းကျပ်စွာ ပြန်လည် ဆုပ်ကိုင်ရင်း ပြန်ပြောသည်။

"အယ်နီ၊ ဒီကိစ္စမှာ အစ်မ ဘယ်လို ဝင်လုပ်လိုက်တယ်ဆိုတာ ကျွန်မ သိရပါပြီ။ ဒီအကြောင်းတွေ အကုန်လုံးကို ဟယ်လင်က ဒီကနေ့ပဲ ပြောပြတယ်။ အိုး . . . အယ်နီ၊ အစ်မကို ကျွန်မ သိပ်ချစ်တာပဲ အစ်မရယ်။ အစ်မဟာ ကျွန်မရဲ့ အစ်မအရင်းတစ်ယောက်နဲ့ ဘာမှ မခြားတော့ပါဘူး။

ဩော် . . . မဲလ်ဆိုတာ သူလေ"

ထောင့်မှာရပ်နေသည့် ယောကျ်ားတစ်ယောက်ဘက်သို့ အယ်နီက လှည့်ကြည့်သည်။ သူက ရှေ့တိုးလာပြီး အယ်နီနှင့် လက်ဆွဲနှုတ်ဆက်သည်။ ပြီးတော့ နံရံဘက်သို့ ပြန်ကပ်သွားပြန်သည်။

အရပ်မြင့်သည်။ ကိုယ်လုံးကိုယ်ထည် ခပ်ပိန်ပိန် ဖြစ်သည်။ နက်မှောင်သည့် သူ့မျက်လုံးလေးများက ဖျတ်လတ်သွက်လက်နေပုံပေါ်သည်။ နီလီကို မြတ်နိုးသည့် အကြည့်ဖြင့် မမှိတ်မသုန် စူးစိုက်ကြည့်နေသည်။

ထိုအမူအရာကို အယ်နီက ချက်ချင်း သဘောပေါက်လိုက်သည်။ ထို့ကြောင့်လည်း နီလီအတွက် သူ ဝမ်းသာလိုက်မိပါသည်။

"သူ ကတာ သိပ်ကောင်းပါတယ်နော်"

မဲလ်က ဂုဏ်ယူသည့်လေသံမျိုးနှင့် ပြောသည်။

"အံ့သြစရာကောင်းလောက်အောင်ကို ကောင်းပါတယ်"

အယ်နီကလည်း လိုက်လှဲသည့်လေသံဖြင့် ပြန်ပြောမိသည်။

"နောက် တနင်္လာနေ့ ဖီလာဒဲလ်ဖီးယားမှာ က,ရင် ချစ်ခန်းကြိုက်ခန်းကို ကျွန်မ ပြန်က,ရမယ်လို့ ဟယ်လင်က ပြောတယ်။ သီချင်းလည်း ဆိုရမယ်။ နယူးယောက်မှာ ကတဲ့အခါကျရင် ကျွန်မအတွက် အဝတ်အစားသစ်တွေ ချုပ်ပေးမယ်လို့လည်း ပြောတယ်။ တယ်ရီကင်းရဲ့ အဝတ်အစားတွေက ကျွန်မနဲ့ မလိုက်ဘူးတဲ့"

ဟယ်လင်ကလည်း နီလီအတွက် စိတ်အားထက်သန်နေပုံရသည်။ ဟယ်လင်၏ အခန်းဝသို့ အယ်နီ သွားရပ်သောအခါ သူက ဆီးကြိုအော်ဟစ်မေးသည်။

"မင်းရဲ့ သူငယ်ချင်းမကလေးကတော့ တကယ့်ကို တော်ပါတယ်ကွယ်"

နီလီ၏အပေါ်တွင် ထိုသို့သော သဘောထားမျိုး ဟယ်လင် ထားနေသည်ကို တွေ့ရသောအခါ အယ်နီ အံ့သြမိသည်။

"သူ သရုပ်ဆောင်တာ သိပ်ကောင်းတာပဲ၊ တနင်္လာနေ့ ကမယ့်ပွဲကျရင် သူ သီချင်းဆိုရမယ်။ အဲဒီအခါကျတော့လည်း ကြည့်၊ သူ့သီချင်းကို လူတွေ သိပ်ကြိုက်သွားကြလိမ့်မယ်"

ဟယ်လင် ဆက်ပြောနေဆဲမှာပင် အယ်နီက တံခါးပေါက်ဆီသို့ ထွက်ခဲ့သည်။

"ဟေး ဒါလောက်တောင် ရေးကြီးသုတ်ပျာ ဖြစ်နေရအောင် ဘယ်ကို သွားဦးမလို့လဲ"

ဟယ်လင်က နောက်ဘက်မှ လှမ်းအော်မေးသည်။

"အောက်ထပ်မှာ လိုင်ယွန်ဘတ် စောင့်နေတယ်"

ဟယ်လင်က အယ်နီကို ငေးကြည့်နေသည်။

"မနေ့ည ဧည့်ခံပွဲတုန်းက မင်းတို့နှစ်ယောက် တစ်ယောက်လက်ကို တစ်ယောက် ကိုင်ထားကြတာ ကိုယ်မြင်တယ်။ နယူးဟဲဗင်းမြို့မှာ ရှိနေတုန်း စိတ်ပြေလက်ပျောက် သူနဲ့ တွဲတာ ဆိုရင်တော့ ဘာမှ ပြောစရာအကြောင်း မရှိပါဘူး။ ဒါပေမယ့် မင်းလက်က လက်စွပ်ပိုင်ရှင်ကသာ မင်း တကယ် ယူရမယ့်ယောကျ်ား ဆိုတာကိုတော့ ဘယ်တော့မှ မမေ့လိုက်နဲ့နော်"

"ဒီလက်စွပ်ကို ကျွန်မ ပြန်ပေးလိုက်တော့မှာပါ"

"ဘာပြောတယ်၊ ဒီမှာ နားထောင်စမ်း အယ်နီ။ တစ်ညကလေး တွဲမိတာကို အတည်ပေါက်ပြီး လုပ်မနေစမ်းနဲ့။ မင်း အသက်ဟာ ငယ်ပါသေးတယ် ညီမရယ်။ လိုင်ယွန်ဟာ အလကား ဇေတုံးဆိုတာ ကိုယ် သိပါတယ်။ စိတ်ပြေလက်ပျောက် သူနဲ့ တွဲချင်တွဲပါ။ ဒါပေါ့

www.burmeseclassic.com



တလေတွဲတာ အကြောင်းမဟုတ်ပါဘူး။ ဒါပေမယ့် ခုမြင် ခုကြိုက်မိတဲ့ ယောကျ်ားတစ်ယောက်အတွက်တော့ အေလင်ကို ခွာမပစ်လိုက်ပါနဲ့"

တစ်ဖက်သို့ အယ်နီ လှည့်ထွက်သွားမှန်းသိတော့ ဟယ်လင်က သူ့လေသံကိုပြင်ပြီး ချိုချိုသာသာ ပြောသည်။ အယ်နီကလည်း ပြုံးပြီး အခန်း၀ဆီသို့ ဆက်လျှောက်ခဲ့သည်။

"မင်း အခု နယူးယောက်ကို ပြန်တော့မှာလား"

"ပြန်ရမယ် ထင်တယ်"

"မနက်ဖြန် မနက်ကျရင် ဖီလာဒဲလ်ဖီးယားကို ကိုယ်တို့ သွားမယ်။ ဟိုမှာ ဇာတ်တိုက်ဦးမယ်။ စောစောက ဖြုတ်ထားတဲ့ ကကြိုးအခန်းတွေ ပြန်ထည့်မယ်။ တခြား လိုနေသေးတဲ့ အခန်းကလေးတွေကိုလည်း ပြန်လုပ်ကြရဦးမယ်။ တနင်္လာနေ့ည ဆိုရင်တော့ ကိုယ်တို့ အရှိန်ကောင်းကောင်းနဲ့ ကနိုင်ကြပါပြီ။ မင်း သူငယ်ချင်းလည်း နေရာကောင်းကနေပြီး သရုပ်ဆောင်ရမှာပါ။ တခြား တစ်ယောက်ကို ရှာမနေတော့ဖို့ ဂေးလ်ဘတ်ကော့စ်ကို ကိုယ်ပြောလိုက်ပြီးပြီ။ နယူးယောက်ကျရင်လည်း နီလီနဲ့ပဲ ကမယ်။ ကိုယ်တော့ သူ့ကို သဘောကျသွားပြီ"

"တနင်္လာနေ့ပွဲကျရင် ကံကောင်းပါစေလို့ ဆုတောင်းပါတယ်" ဟု အယ်နီက ပြန်ပြောသည်။

"ဂျိုနီနဲ့ အေလင်နဲ့အတူတူ မင်းလိုက်လာမှာ မဟုတ်လား။ အဲဒီကျတော့မှပဲ တွေ့တော့မယ်နော်။ ဇာတ်ကပြီးရင် ကိုယ်တို့လေးယောက် အတူတူ ဆုံကြမယ်"

အေလင်။ ပြဇာတ်ဖွင့်ပွဲ။ ဂျိုနီ။

အယ်နီ၏ အတွေးအာရုံထဲမှာ အစီအရီပေါ်လာသည်။

"အဲဒီကျတော့မှ တွေ့တော့မယ်"

ဟယ်လင်က စိတ်ချမ်းသာသည့်လေသံမျိုးနှင့် လှမ်းအော်ပြောလိုက်သေးသည်။

အပြင်ဘက်မှာ လိုင်ယွန် စောင့်နေသည်။

"ဝတ္ထုရားအတိုင်း တွေ့ရမယ့်လူတွေ အကုန်လုံးကို လိုက်တွေ့ပြီးပြီ မဟုတ်လား"

သူက ဆီးမေးသည်။

အယ်နီက ခေါင်းညိတ်ပြသည်။ လိုင်ယွန်က အယ်နီ၏ လက်တစ်ဖက်ကို ဆွဲယူပြီး သူ့လက်မောင်းနှင့် ညှပ်ထားလိုက်သည်။

"နောက်ရထားနဲ့ ကိုယ်တို့ ပြန်ကြမယ်။ ကိုယ်တို့ ဒီမှာ ဆက်ပြီး နေကို မနေချင်တော့ဘူး။ ဟင်နရီကတော့ နေခဲ့လိမ့်ဦးမယ်။ ဖီလာဒဲလ်ဖီးယားကို သူ လိုက်သွားလိမ့်မယ်။ ကိုယ်တို့က နယူးယောက်ကနေပြီး အဲဒီကို သွားမယ်။ အဲဒီမှာ ဟင်နရီနဲ့ ပြန်ဆုံမယ်"

ပုံမှန်အတိုင်း ပြောရိုးပြောစဉ် အနေမျိုးဖြင့် လိုင်ယွန် ပြောနေသည်ကို ကြားရသောအခါ အယ်နီ၏ရင်ထဲမှာ ဖော်မပြနိုင်လောက်အောင် ပီတိဖြာဝေနေမိသည်။

ယခုအချိန်မှ စပြီး မိမိတို့နှစ်ယောက် အတူရှိကြတော့မည်။ သွားအတူ လာအတူ စားအတူ သောက်အတူ ရှိကြရတော့မည်။

သို့သော်လည်း အေလင်နှင့် မလွဲမသွေ တွေ့ရဦးမှာပါကလားဟုလည်း စဉ်းစားနေမိသည်။ မည်သို့ဆိုစေ ထိုကိစ္စကလည်း လွယ်ပါသည်။ စာကလေး နှစ်ကြောင်း သုံးကြောင်းလောက် ရေးခြစ်လိုက်လျှင် ပြီးသွားနိုင်ပါသည်။

**ခင်မင်ရပါသော အေလင်၊**

*ဆယ်ရုတီရှိသော စိန်လက်စွပ်ကို ဤစာနှင့်အတူ ထည့်ပေးလိုက်ပါသည်။ ရှင်ဟာ အလွန်တရာ ခင်မင်ဖွယ်ကောင်းသော လူတစ်ယောက် ဖြစ်သည်ဟု ကျွန်မ ယုံကြည်ပါသည်။ သို့သော်လည်း အခြားတစ်ယောက်နှင့် ကျွန်မ မေတ္တာသက်ဝင် ချစ်ခင်နေမိပါပြီ။ ကျွန်မတို့ နှစ်ယောက် လေးဆယ့်ရှစ်နာရီမျှ ကြာအောင် အချိန်အကြာကြီး ခွဲခွာနေကြရသည့်အတွင်း ထိုကိစ္စ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။*

ထိုမျှလောက်သော စာကလေး တစ်စောင်ရေးပြီး သူ့လက်စွပ်ကို ပြန်ပေးလိုက်ရုံကလေးနှင့် ကိစ္စအားလုံး အလွယ်တကူ ပြီးပြေသွားပါတော့မည်။

ရထားပေါ်မှာ သူတို့ ညစာစားကြသည်။ ပြီးတော့ ဆွေးနွေးတိုင်ပင်နေခြင်းပင် မပြုကြတော့ဘဲ လိုင်ယွန်၏အိမ်သို့ အတူတူ သွားကြသည်။

သူ့အိမ်ထဲသို့ ဝင်လိုက်မိသောအခါ အနည်းငယ်တော့ အယ်နီ တုန်လှုပ်မိပါသည်။ သည်အခန်းကို မြင်ရတော့ မြင်နေကျအခန်း

www.burmeseclassic.com

www.burmeseclassic.com

ကို မြင်ရသလို ဖြစ်နေသည်။

အယ်နီ၏စိတ်ထဲမှာ ဘာတွေ ခံစားနေရသည်ကို လိုင်ယွန်က အတပ်သိလိုက်ဟန်တူပါသည်။

"ဒီအခန်းဟာ မင်းရဲ့အခန်း အစစ်ပါကွယ်။ ကိုယ့်စိတ်ထဲမှာ အမြဲတမ်း အဲဒီအတိုင်း ခံစားမိခဲ့တယ်"

"မောင် ပြောတာက ဟို - ကျွန်မကို အရင်ကတည်းက စိတ်ကူးထားခဲ့တာလား ဟင်"

လိုင်ယွန်က သူ့ကို ပွေ့ယူလိုက်သည်။

"နယူးဟဲဗင်းကို ရောက်တော့မှပဲ မင်းကို ကိုယ်စပြီး ချစ်တော့တယ်လို့များ ထင်ထားသလား အယ်နီ"

"မပြောတတ်တော့ပါဘူး မောင်ရယ်၊ ကျွန်မကို မောင် စိတ်ဝင်စားနေတာမျိုး တစ်ခါမှ ကျွန်မ သတိမထားမိခဲ့ဖူးဘူး"

"ဟုတ်လား၊ ကိုယ့်ကို မင်း စိတ်ဝင်စားနေတဲ့ အရိပ်အယောင်မျိုးတွေကိုလည်း ကိုယ် သတိမထားမိခဲ့ပါဘူး"

"မောင့်ကို စတွေ့ကတည်းက ချစ်ခဲ့မိတယ်လို့ ထင်ပါတယ်။ ကျွန်မကိုယ် ကျွန်မသာ မသိခဲ့တာလေ"

"အလကားသက်သက် အချိန်တွေ ဖြုန်းနေခဲ့ကြရတာပေါ့"

"ဒါက မောင့်အပြစ်ပါ။ မိန်းကလေး တစ်ယောက်အနေနဲ့ ဘာလုပ်ရမှာလဲ။ မိန်းကလေးက ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ပြေးဝင်သွားပြီး 'ကျွန်မတို့နှစ်ယောက် အခုမှ စတွေ့တာတော့ မှန်ပါရဲ့။ ဒါပေမယ့် ကျွန်မ တစ်သက်လုံး စောင့်မျှော်နေရတဲ့ ယောကျ်ားဟာ ရှင်ပဲ ဖြစ်ပါတယ်' လို့ ပြောရမှာလားကွယ်"

"အဲဒီလိုဆိုရင် သိပ်ကောင်းတာပေါ့။ ကိုယ် တကယ် ပြောတာပါ။ မိန်းကလေးတစ်ယောက်ကသာ အဲဒီလိုပြောပြီး ကိုယ့်ရင်ခွင်ထဲကို ပြေးဝင်လာရင် ကိုယ်တော့ သူ့ကို သိပ်အထင်ကြီးမိမှာပဲ။ အထူးသဖြင့် မင်းလို သိပ်ချောမောလှပတဲ့ မိန်းကလေးမျိုး ဆိုရင်ပေါ့ကွယ်။ ကဲ. . . အဲဒီ ခုံပေါ်မှာ ထိုင်ဦးနော်။ အရက်သောက်ဖို့ သွားပြင်လိုက်ဦးမယ်။ စကော့ဝီစကီ ခပ်ပျော့ပျော့ကလေး စပ်ပေးမယ်။ မင်း နေသာထိုင်သာ ရှိသွားအောင် ကိုယ် ပြုစုပါ့မယ်"

"ကျွန်မကို ကြည့်ရတာ သိပ်ပြီး ပင်ပန်းနေတယ်လို့ ထင်ရသလားဟင်"

လိုင်ယွန်က အရက်ခွက်ကို ကမ်းပေးသည်။

"ဒါလောက်တော့ မဟုတ်ပါဘူး။ ဒါပေမယ့် မင်းစိတ်ထဲမှာ အနည်းနဲ့အများတော့ တုန်လှုပ်နေနိုင်တယ်လေ။ မင်းအဖို့ အားလုံးဟာ အသစ်အဆန်းတွေ ဖြစ်နေတယ် မဟုတ်လား။ ကိုယ်ကလည်း အသစ်ပဲ။ မင်း ကြုံလိုက်ရတဲ့ လူ့သဘာဝ အတွေ့အကြုံကလည်း အသစ်ပဲ"

သူက အယ်နီ့ဘေးမှာ ဝင်ထိုင်လိုက်ရင်း အယ်နီ၏ ဆံပင်များကို ယုယစွာ သပ်ပေးနေသည်။ အယ်နီက သူ့ကို ပြန်ပြီး ကန့်ကလျ မှီထားလိုက်သည်။

"ကျွန်မဘဝမှာ တွေ့ခဲ့ရဖူးတဲ့ လူတွေ အားလုံးထက်ပိုပြီး မောင့်ကို ရင်းနှီးနေမိတယ်လို့ ထင်ပါတယ်။ မောင့်အကြောင်းတွေ အားလုံး သိချင်တယ်။ ကျွန်မတို့နှစ်ယောက်ကြားမှာ လျှို့ဝှက်ထားတာဆိုလို့ ဘာတစ်ခုမှ မရှိစေချင်ဘူး။ မောင်ရယ်၊ ကျွန်မတို့နှစ်ယောက်ဟာ နှစ်ကိုယ့်တစ်စိတ်ပါပဲ။ ကျွန်မကို မောင် ပိုင်ပါတယ်ကွယ်"

လိုင်ယွန်က အယ်နီနှင့် အနည်းငယ် ခွာထိုင်ပြီး အရက်ကို တစ်ငုံချင်းသောက်ရင်း စဉ်းစားနေသည်။

"ဒီလိုအချစ်မျိုးဟာ ဘယ်လို အချစ်မျိုးများ ဖြစ်လေမလဲလို့ ကိုယ် စဉ်းစားကြည့်မိတယ် အယ်နီ။ မင်း စိတ်ဆင်းရဲရမှာမျိုးကိုတော့ ကိုယ် မလိုလားပါဘူး"

"မောင့်ကြောင့်တော့ ကျွန်မ ဘယ်နည်းနဲ့မှ စိတ်ဆင်းရဲရမှာ မဟုတ်ပါဘူး။ ကျွန်မ လိုချင်တာတွေ အကုန်လုံးကို မောင် လိုက်လျောခဲ့ပြီပဲ။ အခု ဖြစ်ပျက်နေတာတွေထက် ပိုပြီးတော့ ဘာမှလဲ မဖြစ်နိုင်တော့ပါဘူး။ အခု နှစ်ရက်ဟာ ကျွန်မဘဝမှာ မယုံကြည်နိုင်လောက်အောင် အံ့သြစရာကောင်းတဲ့နေ့တွေအဖြစ် ဝမ်းသာမဆုံး ဖြစ်မိပါတယ်"

လိုင်ယွန်က ပြုံးသည်။

ပြီးတော့ အယ်နီ၏လက်ကို ဆွဲယူလိုက်ပြီး စိန်လက်စွပ်ကလေးကို ပွတ်သပ်ကြည့်နေသည်။

"တစ်ခုခုကို ကိုယ်တို့ မေ့ပစ်နေကြတာများလားကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စက ပြီးသွားပါပြီ မောင်ရယ်၊ လက်စွပ်ကို ကျွန်မ ပြန်ပေးလိုက်တော့မှာပါ"

"အယ်နီ၊ မင်းနဲ့ပတ်သက်ပြီး ကိုယ့်ရင်ထဲမှာ ခံစားနေရတာတွေဟာ တကယ့် ခံစားချက်တွေပါ။ ဒီအကြောင်းကို မင်း သိစေချင်ပါတယ်။ ဒါပေမယ့် ကိုယ့်ဘဝ တစ်လျှောက်လုံးမှာ မင်းကို ပေးနိုင်တာတွေ အားလုံး ကိုယ်ပေးခဲ့ပြီးပါပြီ။ ဒါတွေထက်လည်း ပိုပြီး မင်းကို ဘာမှ ပေးနိုင်တော့မှာ မဟုတ်ပါဘူး၊ ကိုယ်လေ. . ."

"တော်ပါပြီမောင်၊ ဒါဆိုရင် လုံလောက်ပါပြီ။ မောင့်ဆီက ကျွန်မ လိုချင်တာဟာ အဲဒါပါပဲ။ မောင့်အချစ်ကိုပဲ လိုချင်တာပါ။ အေလင်ကို ကျွန်မ မချစ်ခဲ့ပါဘူး။ ဘယ်သူ့ကိုမှလည်း မချစ်ခဲ့ဖူးပါဘူး။ အေလင်နဲ့ လက်ထပ်ဖို့လည်း ကျွန်မ လုံးဝ စိတ်မကူးခဲ့ပါဘူး။ အခုဖြစ်ခဲ့ရတာတွေကလည်း ငြူနှမ်းပြုန်းဒိုင်းဒိုင်း ဖြစ်သွားရတာတွေပါ။ ကျွန်မကို အကျပ်ကိုင်ပြီး လုပ်လိုက်ကြတာပါ။ သူတို့ လိုချင်တဲ့ နေရာရောက်အောင် ဒရွတ်တိုက်ပြီး ဆွဲအခေါ်ခံရသလို ခံခဲ့ရတာပါ။ မောင်နဲ့ မချစ်မိဘူး ဆိုရင်လည်း ကျွန်မ သူ့ကို လက်ထပ်မှာ မဟုတ်ပါဘူး"

"မင်း ပြောပြနေတာတွေကို ကိုယ် ယုံချင်ပါတယ် အယ်နီ၊ ကိုယ့်စိတ် ပိုပြီး သန့်လာနိုင်ပါတယ်"

"ဘယ်လို စိတ်သန့်လာတာမျိုးကို ပြောတာလဲ မောင်၊ ကျွန်မကို မောင် မချစ်ဘူးလား"

လိုင်ယွန်က အဝေးသို့ ငေးနေသည်။ အဖြေကို ရှာနေပုံရသည်။

ထိုအခိုက်မှာပင် အယ်နီ၏ မျက်လုံးအိမ်ထဲမှာ မျက်ရည်များ ချက်ချင်း ပြည့်လာသည်ကို သူ မြင်လိုက်ရသည်။ ထို့ကြောင့် အယ်နီ၏ပခုံးနှစ်ဖက်ကို သိမ်းဖက်လိုက်သည်။

"အယ်နီ၊ မင်းကို မောင် ချစ်ပါတယ်။ ဟုတ်ပါတယ်၊ မင်းကို မောင် ချစ်တယ်။ ပိုင်လည်း ပိုင်ဆိုင်ချင်ပါတယ်။ ဒါပေမယ့် မင်းရဲ့အချစ်မျိုးကို တွေ့ရတော့ မောင် အထိတ်တလန့် ဖြစ်မိတယ်။ မင်းချစ်တဲ့ အချစ်နဲ့ တန်းတူညီမျှတဲ့ အချစ်မျိုးနဲ့ မောင် ပြန်ချစ်နိုင်ပါ့မလားလို့ စဉ်းစားနေမိတယ်"

အယ်နီ စိတ်ချမ်းသာသွားပါပြီ။

ထို့ကြောင့်လည်း နှစ်သိမ့်ရောင့်ရဲမှုဖြင့် မျက်လုံးများကို မှေးမှိတ်ထားလိုက်မိသည်။

"အို- မောင်ရယ်၊ ကျွန်မအသည်းတွေနှလုံးတွေ တုန်အောင် လုပ်လိုက်တာ။ မောင့်ကို ကျွန်မ ချစ်သလို ကျွန်မကို ပြန်ချစ်ဖို့ မလိုပါဘူး။ ကျွန်မအနေနဲ့ မျှော်လည်း မျှော်လင့်မထားပါဘူး။ ကျွန်မ ချစ်ရတဲ့ အချစ်မျိုးနဲ့ ဘယ်လိုလူကမှ ချစ်နိုင်ကြမှာလည်း မဟုတ်ပါဘူး။ ကျွန်မကို မောင် ချစ်နိုင်သလောက်ပဲ ချစ်ပါ။ နောက်ပြီးတော့ မောင့်ကို ကျွန်မ ချစ်ပါရစေ။ ကျွန်မ ချစ်တာကို ခွင့်ပြုပါ။ ဒါကလေးပဲ မောင့်ဆီက တောင်းပါရစေ"

အယ်နီက သူ့မျက်နှာကို ပူးကပ်ကြည့်ရင်း ပြောသည်။

*

နောက်တစ်နေ့ မနက်ကျတော့ သူ့ရင်ခွင်ထဲမှာပင် အယ်နီ အိပ်ရာမှ နိုးလာသည်။

သူ နိုးသွားမှာစိုးသည့်အတွက် ငြိမ်ငြိမ်ကလေး နေလိုက်သည်။ တောင့်တင်းကြံ့ခိုင်သည့် သူ့ကိုယ်လုံးကို ငေးကြည့်နေမိသည်။

အလွန် လှပသော ယောကျ်ားတစ်ယောက် ဖြစ်သည်။ ယခုလို အိပ်ပျော်နေသည့်အချိန်တွင် ပိုပြီး လှသည်ဟု ထင်ရသည်။

မောင့်ကို ချစ်လှန်းရပါသည်။ စကားလုံးများနှင့် ဖော်ပြနိုင်စွမ်း မရှိလောက်အောင် ချစ်ပါသည်။ မောင် စိတ်ချမ်းသာစေချင်ပါသည်။ ကိုယ်ချစ်ရသူ စိတ်ချမ်းသာဖို့အတွက်တော့ ဘာကိုမဆို လိုက်လျောပါမည်။

အို- မောင် စိတ်ချမ်းသာမယ် ဆိုရင် ဘာကိုပဲဖြစ်ဖြစ်ပေါ့နော်။

သူ့ရင်ခွင်ထဲမှ သာသာကလေး ထွက်ခဲ့သည်။ မီးဖိုခန်းထဲသို့ ဝင်ခဲ့သည်။ မောင် အိပ်ရာကနိုးလျှင် အသင့်စားဖို့ ပြင်ဆင်ထားရပါဦးမည်။ ကော်ဖီဖျော်သည်။ ကြက်ဥကြော်သည်။ အားလုံးပြီးတော့ နာရီကိုကြည့်သည်။ နေ့လယ်ခင်းပင် ရောက်နေပြီ။

စားပွဲပေါ်မှာ စားစရာ သောက်စရာများ အားလုံး ခင်းကျင်းပြင်ဆင်ပြီးတော့ လိုင်ယွန် နိုးလာသည်။ သူတို့နှစ်ယောက် နံနက်စာ အတူစားကြသည်။

အယ်နီ ကြော်ထားသည့် ကြက်ဥမှာ အလွန်ကောင်းကြောင်း၊ ကော်ဖီ ဖျော်သည်ဆိုခြင်းမှာ အနုပညာပါကြောင်း၊ ယခု ကော်ဖီသည် အကောင်းဆုံး ဖြစ်ကြောင်းများကို



www.burmeseclassic.com

www.burmeseclassic.com

လိုင်ယွန်က တတွတ်တွတ်နှင့် ပြောမဆုံးရှိသည်။

နံနက်စာ စားပြီးကြတော့ အယ်နီက သူ့ကို သတင်းစာတစ်စောင် ပေးထားခဲ့သည်။ သူ သတင်းစာဖတ်နေတုန်း ရေဝင်ချိုးသည်။

အခန်းအပြင်သို့ အယ်နီ ထွက်လာသောအခါ အဝတ်အစား အပြည့်အစုံ ဝတ်စားဆင်ယင်ပြီး ဖြစ်နေသည်။ ကုတ်အင်္ကျီကိုလည်း လက်မောင်းပေါ်မှာ တင်ထားသည်။ ထိုအမူအရာကို မြင်တော့ လိုင်ယွန်က အံ့သြတကြီးနှင့် မော့ကြည့်နေသည်။

"မောင့်ကို ပစ်ပြေးပြီလား"

လိုင်ယွန်က အယ်နီကို လှမ်းဆွဲယူသည်။ သူနှင့်အတူ ခုံရှည်ပေါ်မှာ ထိုင်ခိုင်းသည်။

"ကိုယ် ကြုံဖူးသမျှတွေထဲမှာတော့ မင်းနဲ့ ချစ်ရတာဟာ အကိုင်အဖမ်းရ ခက်လိုက်တာကွယ်"

လိုင်ယွန်က အယ်နီ၏ လည်ပင်းကို နမ်းသည်။ အယ်နီ စိတ်လှုပ်ရှားလာသည်။ တစ်ကိုယ်လုံးမှာ အားအင်ကုန်ခမ်းသွားသည်ဟု ထင်မှတ်လိုက်ရသည်။ ထို့ကြောင့်လည်း သူ့ရင်ခွင်ထဲမှ ရုန်းထွက်မိသည်။

"ဒီအဝတ်အစားတွေနဲ့ မနက်ဖြန်မှာ ကျွန်မ ရုံးတက်လို့ ဘယ်ဖြစ်ပါ့မလဲ မောင်ရယ်။ ခြေအိတ်တွေ လဲရဦးမယ်။ အတွင်းခံတွေ လဲရဦးမယ်။ ကျွန်မ အိမ်ကိုပြန်ဦးမှ ဖြစ်တော့မပေါ့"

လိုင်ယွန်က သူ့လက်မှ နာရီကို ငုံ့ကြည့်သည်။

"ဒီလောက် ဆိုရင်တော့ မဆိုးပါဘူး။ ညခုနစ်နာရီထိုးရင် မောင် လာခေါ်မယ်။ ညစာ အတူတူစားမယ်။ မနက်ဖြန်မနက်ကျတော့ ဒီကနေပြီး တောက်လျှောက် ရုံးတက်ဖို့လိုတာတွေ တစ်ခါတည်း ပြင်လာခဲ့နော်"

အယ်နီက ဝမ်းသာအားရ သူ့ကိုနမ်းသည်။ ပြန်လာဖို့ သူ မပြောမည်ကို အစိုးရိမ်ကြီး စိုးရိမ်ခဲ့မိသည်။

အပြင်ရောက်လာတော့ တက္ကစီခေါ်ပြီး ပြန်ခဲ့သည်။ ပိုက်ဆံကုန်ချင်လည်း ကုန်ပါစေတော့။ အချိန်က ညနေသုံးနာရီ ထိုးနေပြီ။ ညခုနစ်နာရီ မထိုးခင် လုပ်စရာအလုပ်တွေက အများကြီး ရှိနေသေးသည်။

သူ့အခန်းဆီသို့ ပြန်ရောက်လာပြီး အတွင်းသို့ ဝင်လိုက်သောအခါ ဗီရိုပေါ်တွင် ကြီးမားသည့် ပန်းခြင်းကြီးတစ်လုံးကို တွေ့ရသည်။ အေလင်၏ လက်ရေးနှင့် ကတ်ပြားကလေးတစ်ခုလည်း ပါသည်။

*မင်းကို ကိုယ် လွမ်းနေရပါတယ်။ ကိုယ် လွမ်းသလိုပဲ မင်းကလည်း ကိုယ့်ကို လွမ်းနေလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ အိမ်ပြန်ရောက်ရောက်ချင်း ကိုယ့်ကို ဖုန်းဆက်ပါ။*

*မင်းကို ချစ်ပါတယ်။*

**အေလင်**

လွန်ခဲ့သည့် သောကြာနေ့အထိ ဤအခန်းကလေးသည် အခြားကမ္ဘာတစ်ခု ဖြစ်ခဲ့သည်။ ယခု ကိုယ့်အခန်း ကိုယ်ပြန်ရောက်လာရတော့ ခပ်စိမ်းစိမ်း ဖြစ်နေမိသည်။

လောရင့်စ်ဗီးလ်မြို့ကို သူ ခွဲခွာခဲ့သလို သည်အခန်းကလေးကိုလည်း ခွဲခွာသွားခဲ့မိသည်။

နှင်းဆီပန်းခြင်းကို လှမ်းကြည့်သည်။ သည်ပန်းခြင်းကို ထားနေ၍လည်း အကျိုးထူးတော့မည် မဟုတ်။ မနက်ဖြန်ဆိုလျှင် လိုင်ယွန်နှင့်အတူတူ ဖီလာဒဲလ်ဖီးယားမြို့ကို သွားမည်။ အေလင်နှင့် ဂျိနီတို့သားအဖလည်း သွားလိမ့်မည်ဟု မျှော်လင့်ထားပြီး ဖြစ်သည်။

အေလင်၏ဖုန်းနံပါတ်ကို ကောက်လှည့်သည်။ သို့သော်လည်း တစ်ဝက်တစ်ပျက်မှာ ရပ်ထားပြီး ဖုန်းကို ပြန်တင်ခဲ့သည်။ ကြေးနန်း ရိုက်လိုက်သည်က ပိုကောင်းပေလိမ့်မည်။ သို့သော်လည်း လက်စွပ်ပြန်ပို့ပေးဖို့ ကိစ္စက ရှိနေသေးသည်။ စိန်လက်စွပ်က အသက်ကင်းမဲ့သည့် ပစ္စည်းတစ်ခုလို သူ့လက်ချောင်းကလေးပေါ်မှာ ရှိနေသည်။

အယ်နီက ဖုန်းနံပါတ်များကို လှည့်ပြန်သည်။ နှစ်ကြိမ်ခေါ်မှ သူ ပြန်ထူးသည်။

"နယူးဟဲဗင်းမှာ အစစ အဆင်ပြေတယ် မဟုတ်လား။ မင်း သူငယ်ချင်းမကလေးလည်း အဆင်ပြေတယ် မဟုတ်လား"

"ပြဇာတ်က ဝက်ဝက်ကွဲသွားတာပဲ"

"ကိုယ်သိတယ်၊နယူးဟဲဗင်းက ပြန်လာတဲ့လူတွေနဲ့ ဖေဖေနဲ့ မနေ့ညတုန်းက အယ်လ်မိုရိုကိုမှာ တွေ့ခဲ့ကြတယ်လေ"

"အယ်လ်မိုရိုကိုမှာရော ဘယ်လိုနေသလဲ"


www.burmeseclassic.com

www.burmeseclassic.com

"ကိုယ် မသွားပါဘူး၊ ကိုယ် ဘယ်သူလဲ ဆိုတာလည်း စဉ်းစားကြည့်ဦးလေ။ ကိုယ်က စေ့စပ်ထားတဲ့ယောကျ်ား မဟုတ်လား၊ နှစ်ညစလုံး အိမ်မှာပဲ စာထိုင်ဖတ်နေခဲ့တယ်။ ကိုယ့်ချစ်သူကလေး ပြန်လာမယ့်အချိန်ကို စောင့်နေရတာပေါ့ကွယ်"

"အေလင်. . . အေလင်၊ ရှင့်ကို ကျွန်မ ပြောပြစရာ ရှိနေတယ်"

အယ်နီက ကမန်းကတန်း ပြန်ပြောသည်။ သူတို့ ပြောချင်တာကို ဖွင့်ပြောကြပေဦးမည်။ ထိုအခါတွင် မိမိ ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်ဦးမည်။ ထို့ကြောင့် သူ့စကား မဆုံးမီ အမြန်ဆုံး ပြန်ပြောရတော့မည်။

"အေလင်၊ ကျွန်မဟာ ရှင့်ချစ်သူ မဟုတ်ပါဘူး။ ရှင်နဲ့ စေ့စပ်ကြောင်းလမ်းထားတာလည်း မဟုတ်ပါဘူး။ ရှင့်လက်စွပ်ကို ကျွန်မ ပြန်ပို့ပေးချင်တယ်"

တစ်ဖက်မှ အကြာကြီး အသံတိတ်သွားသည်။ အတော်ကြာတော့မှ တစ်ဖက်က ပြန်ပြောသည်။

"အယ်နီ၊ ကိုယ် အခုချက်ချင်း လာခဲ့မယ်"

"မလာနဲ့ အေလင်၊ ရှင့်ကို တခြား တစ်နေရာရာမှာ ကျွန်မတွေ့မယ်။ ရှင့်လက်စွပ်ကိုလည်း ကျွန်မ ပြန်ပေးမယ်"

"ကိုယ် လက်စွပ် မလိုချင်ပါဘူး၊ မင်းနဲ့ စကားပြောချင်တာ"

"ဒါပေမယ့် ရှင်နဲ့ ကျွန်မ ပြောစရာ စကားမှ မရှိတော့တာပဲ"

"ပြောစရာစကား မရှိတော့ဘူးလား။ ဒီမှာ အယ်နီ၊ မင်းကို ကိုယ် ချစ်နေခဲ့ရတာ သုံးလတောင် ရှိသွားပြီ။ အခုတော့ တယ်လီဖုန်းကလေး လှမ်းဆက်ပြီး ဒါတွေအားလုံးကို မင်းက ပြည်ဖုံးကားချလိုက်ချင်နေတယ်။ ဘာတွေဖြစ်ကုန်ကြတာလဲ၊ နယူးဟဲဗင်း ရောက်နေတုန်း ကိုယ့်မကောင်းကြောင်းကိုများ တစ်ယောက်ယောက်က ပြောလိုက်လား။

ဒီမှာ အယ်နီ၊ ဟိုတုန်းက မဟုတ်တဲ့ အလုပ်တွေကို ကိုယ် အများကြီး လုပ်ခဲ့ဖူးပါတယ်။ တစ်ခါတစ်ခါမှာ ကိုယ်ဟာ လူဆိုးတစ်ယောက် ဖြစ်ခဲ့တာ မှန်ပါတယ်။

ဒါပေမယ့် အဲဒါတွေ အားလုံး မင်းနဲ့ မတွေ့ခင်က ဖြစ်ခဲ့တာတွေပါ။ ဟိုတုန်းက ကိုယ် ဖြစ်ခဲ့တာတွေကြောင့်တော့ ကိုယ့်ကို ပစ်ပစ်ခါခါ မလုပ်သင့်ပါဘူး။ မင်းနဲ့ တွေ့ခဲ့ရပြီးတဲ့နောက်မှာ ဘာပြဿနာမှလည်း မရှိခဲ့ပါဘူး။ တစ်ယောက်ယောက်က မင်းနဲ့ ကိုယ့်အကြားမှာ ဝင်ပြီး ခလောက်ဆန်လိုက်ပြီနဲ့ တူတယ်။ ဘယ်သူတွေက ဘာတွေ လုပ်လိုက်တာလဲဆိုတာ ကိုယ်သိအောင် လုပ်ရမယ်။ ဒီလို လွယ်လွယ်ကူကူနဲ့တော့ ကိုယ် အရှုံးမပေးနိုင်ဘူး၊ ကိုယ့်ဘက်ကလည်း ရှင်းပြဖို့ အခွင့်အရေးရှိပါတယ်"

"အေလင် ရှင့်အကြောင်း မကောင်းတာကို နယူးဟဲဗင်းမှာ ဘယ်သူကမှ မပြောခဲ့ပါဘူး။ သူများပြောလို့လည်း ကျွန်မဟာ စိတ်ထားပြောင်းတတ်တဲ့ မိန်းကလေး မဟုတ်ပါဘူး"

"အခုချက်ချင်း ကိုယ် လာခဲ့ပါ့မယ်လေ"

"အေလင် မလာပါနဲ့၊ ကျွန်မမှာ ချစ်သူ ရှိနေပြီ"

ယခုတစ်ကြိမ် တိတ်ဆိတ်မှုသည် ပိုပြီး ကြာမြင့်သွားသည်။ နောက်ဆုံးကျတော့မှ အယ်နီက တုံ့ဆိုင်းဆိုင်း ပြန်မေးသည်။

"အေလင်၊ ကျွန်မပြောတာ ရှင် နားလည်ရဲ့လား"

"ဘယ်သူလဲ"

"လိုင်ယွန်ဘတ်"

စိတ်ထိခိုက်သူလို အေလင်က ရယ်သည်။

"အိမ်ခြေရာခြေမရှိတဲ့လူ၊ ကိုယ့်အခန်းမှာ လာကပ်နေရတဲ့လူကို မင်း ပြောနေတာလား။ အင်း- ကောင်းတာပေါ့လေ၊ မင်းတို့နှစ်ယောက် နေချင်သလို နေလို့ ရနိုင်အောင် ကိုယ်က အခန်းပေးလိုက်မိတဲ့အတွက် ဝမ်းသာပါတယ်ဗျာ"

"အေလင်၊ ကျွန်မတို့နှစ်ယောက် အခုမှ ချစ်တာပါ"

"ဟုတ်ပါလိမ့်မယ်၊ ဟုတ်ပါလိမ့်မယ်။ ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့။ နောက်ပြီးတော့ ကိုယ့်ကိုလည်း မချစ်တော့ဘဲ အခုမှ မုန်းသွားတော့တာ မဟုတ်လား"

"ရှင့်ကို ချစ်ပါတယ်လို့ ကျွန်မ ဘယ်တုံးကမှ မပြောခဲ့ဖူးဘူး။ ဒါကို ရှင် မှတ်မိဖို့ ကောင်းပါတယ်။ စေ့စပ်ကြောင်းလမ်းဖြစ်အောင် ကျွန်မကို အကျပ်ကိုင်ခဲ့ကြတဲ့ အထဲမှာ ရှင်လည်း တစ်ယောက် အပါအဝင်ပဲ"

"ကောင်းပါပြီ အယ်နီ၊ မင်းတို့ ကံကောင်း

www.burmeseclassic.com


ကြပါစေ"

"လက်စွပ်ကို ကျွန်မ ဘယ်လို ပြန်ပို့ပေးရမလဲ"

"လက်စွပ်အတွက် ကိုယ်တောင် စိတ်မပူတဲ့ဟာ မင်းက ဘာကြောင့် ဒါလောက်တောင် စိတ်ပူနေရတာလဲ"

"ဒါပေမယ့် ကျွန်မ ပြန်ပေးချင်တယ်"

"ဒီလက်စွပ် မင်းဝတ်ထားတာကို လိုင်ယွန်ဘတ်က မကြိုက်ဘူးလို့ ပြောနေတာလား။ ဒါမှမဟုတ်ရင် ဒီနေရာမှာ တခြား လက်စွပ်နဲ့ အစားထိုးချင်လို့လား။ သူ့အကြောင်း ကိုယ်ကြားဖူးထားတာကတော့ ဘယ်လို လက်စွပ်မျိုးမှ မင်းကို ပေးနိုင်မယ့်လူစား မဟုတ်ပါဘူး"

"အေလင်၊ ရှင်နဲ့ကျွန်မ ဒီလိုနည်းမျိုးနဲ့တော့ ခွဲမသွားချင်ပါဘူး"

"ဒီလို မခွဲချင်လို့ ဘယ်လိုများ ခွဲချင်သေးလို့လဲ။ မင်းတို့ကို ချီးကျူးဂုဏ်ပြုကြောင်းနဲ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ကိုယ်က ပို့ပေးရဦးမှာလား။

တော်လောက်ပါပြီ အမီရယ်၊ ကိုယ့်ဘဝမှာ မိန်းကလေးတစ်ယောက်ကို ရိုးရိုးသားသား ချစ်မိတယ်။ စွဲစွဲလမ်းလမ်း ချစ်မိတယ်။နောက်ဆုံးကျတော့ ကိုယ်ရတဲ့ဆုလာဘ်ဟာ ဒါမျိုးပဲ ဖြစ်သွားတော့တယ်။ ဒါပေမယ့် မင်းကိုတော့ စောင့်ကြည့်ရဦးမှာပေါ့ကွာ။ မင်းနဲ့ လိုင်ယွန်ဘတ်နဲ့ ဘယ်ကမ္ဘာကျမှများ လက်ထပ်ဖြစ်ကြမလဲ ဆိုတာ စောင့်ကြည့်ရသေးတာပေါ့ကွာ"

"ကျေးဇူးပြုပြီးတော့ အေလင်၊ မနက်ဖြန် နေ့လယ်စာ အတူတူစားရင်း လက်စွပ်ပြန်ပေးပါရစေ"

"လုပ်မနေနဲ့ ကောင်မ၊ ယူလိုက်တော့"

"ဘာပြောတယ်"

"နင် ယူလိုက်တော့၊ ချေးကောင်မ၊ လက်စွပ်ကို ငါလိုချင်တာ မဟုတ်ဘူး။ ဒီလို လက်စွပ်မျိုး ငါလိုသလောက် ဝယ်နိုင်တယ်။ မင်းအဖို့တော့ ဒီလက်စွပ် လိုလိမ့်မယ်။ ပေါင်သုံးလို့လည်း ရတယ်၊ ရောင်းသုံးလို့လည်း ရတယ်။ ဒါပေမယ့် မင်း ဝတ်ထားတာက ပိုကောင်းပါတယ်။ ဒါမှ ငါ့ကို မင်း ကလိမ်ကျသလို တခြား တစ်ယောက်ယောက်က မင်းကို ကလိမ်ကျတဲ့အခါမှာ အဲဒီလက်စွပ်က မင်းကို ကျိန်စာတိုက်နေလိမ့်မယ်။ မင်းကို အချောင်လိုက်မယ့် ပထမဆုံး အကောင်ကတော့ လိုင်ယွန်ဘတ် ဖြစ်မှာပဲ"

တစ်ဖက်မှ တယ်လီဖုန်း ချလိုက်သောကြောင့် အယ်နီ၏ လက်ထဲမှ တယ်လီဖုန်းမှာ အသံတိတ်သွားတော့သည်။ အယ်နီက ချက်ချင်း ပြန်ဆက်သည်။

"အေလင်၊ ကျွန်မကို ရှင် သိပ်စိတ်ဆိုးနေတာ ကျွန်မ သိပါတယ်။ ဒါကြောင့် ဒီစကားမျိုးတွေကို ရှင် ပြောနေတာပါ။ စိတ်ဆိုးလွန်းလို့ ရှင် ပြောနေတာပါ။ သူငယ်ချင်းတစ်ယောက်အနေနဲ့ ရှင်နဲ့ဆက်ပြီး ပေါင်းချင်ပါတယ်"

"ယောက်ျားတွေကိုပဲ သူငယ်ချင်းအဖြစ်နဲ့ ငါပေါင်းချင်တယ်"

အေလင်က အေးစက်မာကျောသော လေသံနှင့် ပြောသည်။

"ကောင်းပြီလေ၊ ရှင့်လက်စွပ်ကိုတော့ ကျွန်မ ယူမထားချင်ဘူး"

"ဒီကိစ္စအတွက် မင်း ဖုန်းဆက်တာ ဆိုရင်တော့ မလုပ်ပါနဲ့တော့၊ မေ့ပစ်လိုက်"

တစ်ဖက်မှ တယ်လီဖုန်း ပြန်ချတော့မည်ကို အယ်နီ သိသည်။

"အေလင်၊ ခဏနေပါဦး။ဂျီနီအကြောင်း ရှင့်ကို ကျွန်မ သတိပေးချင်တယ်။ မနက်ဖြန်ကျရင် ဖီလာဒဲလ်ဖီးယားကို သူ သွားပါ့မယ်လို့ ကတိပေးထားတယ်"

"မင်းနဲ့ငါနဲ့ ဒီအတိုင်း ဆက်နေသွားလို့ ရသေးတယ်လို့ မင်း ပြောနေတာလား"

သူ့လေသံထဲမှာ မျှော်လင့်ထားသည့် လေသံကလေး ချက်ချင်း ပေါ်လာသည်။

"ကျွန်မတို့နှစ်ယောက်နဲ့ မဆိုင်ပါဘူး။ ရှင်နဲ့ အတူတူလည်း ကျွန်မ မသွားနိုင်တော့ဘူး။ ဒါပေမယ့်၊ ရှင်နဲ့ ကျွန်မ ဒီလိုဖြစ်တာနဲ့ ဂျီနီက မသွားဘဲ နေစရာအကြောင်း မရှိပါဘူး။ ဟယ်လင်က သူ့ကို သိပ်မျှော်နေတာ"

"ရယ်စရာတွေ လာလုပ်မနေစမ်းပါနဲ့ကွာ"

အေလင်က ရယ်သည်။ သို့သော်လည်း နာကြည်းသည့် ရယ်ပုံမျိုး ဖြစ်သည်။

"ဘာဆိုင်လို့လဲ၊ သူ့အတွက် ဟယ်လင်က အခန်း ငှားထားပြီးနေပြီ။ ဂျီနီဟာ သူ့အလုပ် သူလုပ်တာပဲ မဟုတ်လား။ နောက်ပြီးတော့ ကျွန်မတို့နှစ်ယောက် ကိစ္စကြောင့် ဟယ်လင်ဟာ စိတ်မချမ်းမသာ ဖြစ်ရမယ့် အကြောင်းမျိုး ပေါ်လာစရာလည်း မရှိပါဘူး"

"မင်းက ဒီအတိုင်းပဲ ထင်နေသလား။

www.burmeseclassic.com

www.burmeseclassic.com

ဒီမှာ ငါ အားလုံး ကြားပြီးပါပြီကွာ။ ဖေဖေက သူ့ဆီကို သွားချင်တယ်လို့ မင်းက ထင်နေသလား။ ဒီလို ပျက်စီးချင်တိုင်း ပျက်စီးနေတဲ့ မိန်းမကြီးနဲ့ တွဲရတာကို ဖေဖေက သိပ်သဘောကျနေတယ်လို့ မင်း ထင်နေသလား"

"ဟယ်လင်ကို ဒီလို မှိုချိုးမှျစ်ချိုး မပြောပါနဲ့၊ သူဟာ အင်မတန် စွဲမက်စရာကောင်းတဲ့ အမျိုးသမီးပါ။ သူကလည်း ရှင့်အဖေနဲ့ တွဲချင်နေတာ။ ရှင့်အဖေ သိပ်ကို သဘောကျသွားမှာ သေချာပါတယ်။ နောက်ပြီးတော့ ဟယ်လင်က သိပ်ကို အောင်မြင်ကျော်ကြားနေတဲ့ မင်းသမီး။ နောက်ပြီးတော့. . ."

"နောက်ပြီးတော့ သိပ်ကို ဖောက်ပြန်တဲ့ ကောင်မကြီး။ ဒီမြို့ထဲမှာရှိနေတဲ့ ဘယ်မိန်းကလေးကိုမဆို ငါ့အဖေ လိုချင်ရင်ရနိုင်တယ်။ ဒီလောကကြီးဟာ ယောကျ်ားတွေရဲ့ လောကကွ။ မိန်းမတွေဟာ အသက်ငယ်တုန်းသာ တန်ဖိုးရှိတာ။ တစ်နေ့ကျတော့မှ ဒီအကြောင်းကို မင်း ကောင်းကောင်းသိပါလိမ့်မယ်။ မင်းရဲ့ ဟယ်လင်လော်ဆန်ဟာလည်း နာမည်ကြီးနေတဲ့ မိန်းမတစ်ယောက် ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် သူ အကျပိုင်းကို ရောက်နေပြီ။ ဇာတ်ခုံပေါ်ကနေပြီး အောက်ကို ရောက်သွားတာနဲ့ တစ်ပြိုင်တည်း သူ ဘာဖြစ်သွားမယ် ထင်သလဲ။

ဒါပေမယ့်၊ ဖေဖေ့ကို ငါ အများကြီး တိုက်တွန်းခဲ့ပါတယ်။ မနက်ဖြန်ကျရင် ဖီလာဒဲလ်ဖီးယားကို သူ သွားပါလိမ့်မယ်။ ဖေဖေက သွားချင်လွန်းလို့ သွားတယ်ထင်သလား၊ ဒီကောင်မကြီးနဲ့ မပတ်သက်ဖို့ ဖေဖေ ဘယ်လောက် ကြိုးစားနေတယ်ဆိုတာ မင်း သိရဲ့လား။ ငါ့မှာသာ ကြားက ဒုက္ခဖြစ်နေရတာ။

ရယ်စရာတောင် ကောင်းသေးတော့၊ ရုံးပိတ်ရက်တွေမှာ ဖေဖေ့ကိုပဲ ငါ ကပ်ပြီး တိုက်တွန်းနေခဲ့ရတယ်။ ဟိုမှာ ညမအိပ်ရင်တောင် ပွဲတော့ သွားကြည့်ဖြစ်အောင် ကြည့်ဖို့ ငါ အကြိမ်ကြိမ် ပြောခဲ့ရတယ်။ ဒီလို ပွဲသွားကြည့်တာဟာ ကျွန်တော်တို့နှစ်ယောက်ကို မင်္ဂလာလက်ဆောင် ပေးတာနဲ့ အတူတူပါပဲလို့ ပြောခဲ့ရတယ်။

မင်း စဉ်းစားကြည့်စမ်း။ မင်း စိတ်ချမ်းသာဖို့အတွက် ရက်ပေါင်းများစွာ ဖေဖေ့ကို ကပ်ပြီး ငါက တိုက်တွန်းနေရတယ်။ ဒီလိုရက်တွေမှာ မင်းကတော့ တခြားသွားပြီး. ."

သူက စကားကို ဖြတ်ပစ်လိုက်သည်။ သူ့လေသံသည်လည်း အလွန်တရာ နာကြည်းနေသည်။ ခဏကြာတော့မှ သူ ဆက်ပြောသည်။

"အင်း- ဘယ်လိုပဲဖြစ်ဖြစ်၊ ဒီအထဲက ကောင်းတာလေး တစ်ခုတော့ အနည်းဆုံး ပေါ်လာသေးတာပေါ့လေ။ မင်းနဲ့ လိုင်ယွန် ဘတ် ကောင်းကျိုးအတွက် ငါက လုပ်ပေးနေသလို ဖြစ်နေတာပေါ့။ မင်းရဲ့ မိတ်ဆွေ ဟယ်လင်လော်ဆန် စိတ်ချမ်းသာဖို့အတွက် ငါ့အဖေကို ငွတ်တိုက်တွန်းပြီး လွှတ်လိုက်ရတဲ့ ဘဝမျိုးကို ရောက်သွားတော့တာပေါ့"

အယ်နီ့လက်ထဲမှ တယ်လီဖုန်း အသံ တိတ်သွားတော့သည်။

*

ဖီလာဒဲလ်ဖီးယားမြို့တွင် နဘံမိုးလုံး ပြဇာတ်ပဒေသာ ရုံတင်သောအခါ အစစအရာရာ ချောချောမောမော ဖြစ်နေသည်။ နယူးဟဲဗင်းမှာတုန်းကထက် ပိုပြီး အောင်မြင်သည်။

ဇာတ်လမ်းကို အချို့နေရာများတွင် အပြောင်းအလဲ လုပ်ထားသည်။ ရက်တိုတို ကလေးအတွင်း ယခုလို ချောမောအောင် ပြောင်းလဲလိုက်နိုင်သည်ကို အယ်နီက အံ့သြနေမိသည်။

လိုင်ယွန်၏ဘေးမှာ အယ်နီ ထိုင်သည်။ လိုင်ယွန်က သူ့လက်ကို ဆုပ်ကိုင်ထားသည်။ မိမိလက်တွင် လက်စွပ်မရှိတော့သည်ကို လိုင်ယွန် သတိထားမိပါလေစဟုလည်း တွေးနေမိသည်။ အာမခံသေတ္တာထဲမှာ သူ ထည့်သိမ်းထားခဲ့သည်။ သက်မဲ့ပစ္စည်း ဖြစ်သောကြောင့် သေတ္တာထဲမှာ အထားခံရသည်ကို ကန့်ကွက်ပြောဆိုနိုင်စွမ်းကား မရှိရှာပါချေ။

လိုင်ယွန်က သူ့ကို ခပ်တိုးတိုး ပြောသည်။ ထိုအခါကျမှ အတွေး ရေလျဉ်ကြောမှာ သူ နစ်မျောနေရာမှ ဇာတ်ခုံပေါ်သို့ အာရုံ ပြန်ရောက်လာသည်။

နီလီ၏အခန်း ဖြစ်သည်။ကကြိုးသီချင်းကို ဆိုနေသည်။ တယ်ရီကင်းတုန်းက ဖြုတ်ပစ်ခဲ့သော ကကြိုးကို ပြန်ထည့်ထားကြခြင်း ဖြစ်သည်။ နီလီက အဆိုပိုင်ပိုင်နှင့် သီဆိုနေသည်။ တယ်ရီကင်းနှင့် ခံစားချက် တစ်မျိုးစီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


တယ်ရီကင်းတုန်းက အနီရောင် အဝတ်အစားများကို ဝတ်ဆင်ခဲ့သည်။ ယခု နီလီက အပြာရောင် အဝတ်အစားကို ဝတ်သည်။ အလွန်လည်း လှနေသည်။ သူ ဆိုပုံက လှိုက်လှိုက်လှဲလှဲ ရှိလွန်းလှသည်။ ပရိသတ်ကြီး၏ တစ်ခဲနက် ဩဘာပေးခြင်းကို ခံရတော့သည်။

ပွဲကြည့်နေခိုက်မှာပင် ဇာတ်ရုံတွင်ပြောက် ခုံတန်းတွင် လပ်နေသည့် ခုံသုံးခုကို အယ်နီက အကြိမ်ကြိမ် လှမ်းကြည့်မိသည်။ ထိုခုံ သုံးခုသည် ဂျီနီ၊ အေလင်နှင့် မိမိအတွက် ဟယ်လင် ဝယ်ထားသည့် ခုံသုံးခုံ ဖြစ်သည်။ ယခု အဖြစ်အပျက်တွေသာ ဖြစ်မလာခဲ့လျှင် ထိုခုံများတွင် ဂျီနီနှင့် အေလင်၏ အကြားမှာ မိမိ ထိုင်ရပေလိမ့်မည်။

ဘာတွေဖြစ်ခဲ့သည်ကို ဟယ်လင်အား သူ ပြောမပြခဲ့။ ဟယ်လင် စိတ်မချမ်းမသာ ဖြစ်တော့မည်။ သူ ကနေသည့် ပွဲကိုလည်း ထိခိုက်ပေတော့မည်။

ဆယ့်တစ်နာရီခွဲတွင် ပွဲပြီးသွားသည်။ အလွန်အောင်မြင်သည်ကို သံသယဖြစ်စရာ မရှိပေ။ ဟင်နရီဘယ်လာမီ၏ စိတ်လှုပ်ရှားနေသော အမူအရာကို ကြည့်ခြင်းအားဖြင့် အောင်မြင်ပြီဖြစ်ကြောင်း သိသာနိုင်သည်။

ဇာတ်ခုံနောက်ဘက်သို့ လိုင်ယွန်နှင့် အယ်နီတို့ လျှောက်လာကြတော့ သူက ပြောသွားသည်။

"ဝါးဝစ်ဟိုတယ်မှာ ညစာခံပွဲ လုပ်မှာနော်"

လိုင်ယွန်က သူ့လက်မှ နာရီကို ငုံ့ကြည့်သည်။

"မင်း သွားချင်သေးလို့လား။ မသွားဘူး မဟုတ်လား"

သည်အကြောင်းများကို အယ်နီ ကြိုပြီး တွေးမထားခဲ့ပါ။ ဟင်နရီက မိမိတို့အတွက် ဟိုတယ်မှာ အခန်းငှားထားပြီး ဖြစ်လိမ့်မည်ဟု တွေးထားခဲ့သည်။ ရထားမှဆင်းပြီး ဇာတ်ရုံသို့ သူနှင့် လိုင်ယွန်တို့နှစ်ယောက် တိုက်ရိုက် လာကြခြင်း ဖြစ်သည်။ တစ်ည အိပ်ရမည့် အထင်နှင့် အဝတ်အစားအပြည့်အစုံကိုလည်း ထည့်ယူလာခဲ့သည်။ သို့သော် လိုင်ယွန်မှာမူ ကိုင်နေကျ လက်ကိုင်အိတ်ကလေးကိုမျှ ကိုင်လာသည်ကို မတွေ့ရသောအခါ အံ့အားသင့်မိသည်။

"ဟယ်လင်နဲ့ နီလီကို ဇာတ်ခုံနောက်မှာ ခပ်မြန်မြန် နှုတ်ဆက်ပြီးရင် ဆယ့်နှစ်နာရီလေးဆယ့်ငါးမိနစ် ရထားနဲ့ နယူးယောက်ကို ကိုယ်တို့ ပြန်ကြမယ်"

"မောင် ကြိုက်သလို စီစဉ်ပါ"

"ရထားပေါ် ရောက်တော့မှပဲ အရက်ကလေး ဘာလေး သောက်ကြတာပေါ့။ မောင်တို့နှစ်ယောက် အိပ်ရေးဝအောင် အိပ်လိုက်ကြဖို့လိုတယ်။ သူတို့ ညစာခံပွဲက မနက်မိုးလင်းတောင် ပြီးကြဦးမှာ မဟုတ်ဘူး"

အဝတ်အစားလဲခန်းများရှေ့တွင် ကြိတ်ကြိတ်တိုးနေသည့် လူများကြားမှ တရွေ့ချင်း သူတို့ တိုးဝင်လာခဲ့ကြသည်။ အယ်နီက နီလီ၏အခန်းသို့ တိုက်ရိုက်သွားသည်။

အခန်းဝမှာ နီလီ ရပ်နေသည်။ သတင်းစာဆရာ အချို့လည်း သူ့ဘေးမှာ ဝိုင်းနေသည်။ အခြား ဇာတ်သူဇာတ်သားများကလည်း နီလီကို ချီးကျူးစကား လာပြောနေကြသည်။ သူ့ဘေးမှာ မဲလ် ရပ်နေသည်။ မျက်နှာအမူအရာက ဂုဏ်ယူနေသည့် အမူအရာမျိုး ဖြစ်သည်။

"နီလီ၊ မင်း သိပ်တော်တာပဲကွယ်"

အယ်နီက ဝမ်းသာအားရ ပြောသည်။

"တကယ်ပဲလားဟင်၊ တကယ် ပြောနေတာလား။ ကျွန်မ အလေ့အကျင့် ရသွားရင် ပိုကောင်းလာမှာပါ။ အခု ဝတ်နေရတဲ့ အဝတ်အစားတွေကလည်း အသင့်ချုပ်ပြီးသားတွေ ဖြစ်နေတယ်။ နယူးယောက်မြို့မှာ ကတော့မှ ကျွန်မအတွက် သပ်သပ်ချုပ်ရမှာ"

လိုင်ယွန်ကလည်း ချီးကျူးစကား ဝင်ပြောသည်။ နီလီ၏ အမူအရာမှာ အထိတ်တလန့် ဖြစ်သွားပုံရသည်။

"အေလင် ဘယ်မှာလဲ"

"နောက်မှ ကိုယ် ပြောပြပါ့မယ်"

အယ်နီက ခပ်အေးအေး ပြန်ဖြေသည်။

"ဘာမှတော့ မဖြစ်ကြပါဘူးနော်၊ ဂီးဝ်ဒ်နေ့ည ဂျီနီ လာမယ်ဆိုတာသိလို့ ဟယ်လင်တော့ အဖျံပေါက်ကလေးကျနေတာပဲ။ သူ အရမ်း ပျော်နေတယ်။ အံ့စ်မကိုလည်း အေလင်နဲ့အတူတူ လာမှာပဲလို့ ကျွန်မက ထင်နေတာ"

နီလီ၏အသံက အတန်ငယ် ကျယ်သွားသည်။ ထို့ကြောင့် အယ်နီ၏မျက်နှာပေါ်တွင် ရှက်သွေးလွှမ်းသွားသည်။

"အေလင် မလာပါဘူး"

အယ်နီက အံကြိတ်ပြီး ခပ်တိုးတိုး ပြန်

www.burmeseclassic.com

www.burmeseclassic.com


ပြောသည်။

"ဆိုးတာပေါ့၊ ဟေး. . လက်စွပ် ဘယ်ရောက်သွားပြီလဲ"

နီလီက အယ်နီ၏လက်ကို ဖမ်းဆွဲပြီး မေးသည်။

"နီလီ၊ နောက်မှ ဒီအကြောင်း ပြောပြမယ်လို့ဆိုနေ။ ဟယ်လင်နဲ့ သွားတွေ့ပြီး ချီးကျူးစကား ပြောရဦးမယ်"

"ဂျိုနီ မလာဘူးဆိုရင် ဒီမြို့ကနေပြီး အစ်မ မြန်မြန်ထွက်ပြေးသွားတာ အကောင်းဆုံးဖြစ်မယ်နော်"

ဟယ်လင်၏ အဝတ်အစားလဲသည့် အခန်းသို့ရောက်အောင် လူအုပ်ကြီးကြားထဲမှ တိုးဝှေ့လာကြရသည်။

အယ်နီကိုတွေ့တော့ ဟယ်လင်က သူ့ပတ်လည်မှာ ဝိုင်းနေကြသည့် လူများကြားမှ တိုးထွက်လာသည်။ လက်နှစ်ဖက်ကိုလည်း ဆန့်တန်းထားသည်။

"ဟေး" ဟုလည်း ပျော်ပျော်ရွှင်ရွှင်ကြီး လှမ်းနှုတ်ဆက်သည်။ တစ်ဆက်တည်းမှာပင် မျှော်လင့်တကြီးနှင့် အယ်နီ၏နောက်သို့ ကျော်ကြည့်သည်။ သူ့နောက်မှာ ရပ်နေသည့် လိုင်ယွန်ကို တွေ့သောအခါ မေးခွန်းထုတ်သည့် အကြည့်မျိုးနှင့် အယ်နီကို ပြန်ကြည့်ပြန်သည်။

"တခြားလူတွေ ဘယ်ရောက်ကုန်ပြီလဲ"

"သူတို့ မလာကြဘူး"

"ဘာဖြစ်တယ်"

"ဒီအကြောင်းက အရှည်ကြီး ပြောရမှာ ဟယ်လင်"

"ခွေးမျိုးကြီး၊ ဘာဖြစ်တာတဲ့လဲ"

"နောက်မှ ကျွန်မ ပြောပြပါ့မယ်"

"ကဲ လုပ်မနေစမ်းပါနဲ့၊ အခန်းထဲကိုဝင်။ ကိုယ် အဝတ်အစားလဲနေတုန်း ပြောပြစမ်း"

"ဟယ်လင်၊ ကျွန်မတို့. . . လိုင်ယွန်နဲ့ ကျွန်မ အခု ဆယ့်နှစ်နာရီ လေးဆယ့်ငါးမိနစ် ရထားနဲ့ နယူးယောက်ကိုပြန်မှာ"

"မဟုတ်တာတွေ လုပ်မနေစမ်းပါနဲ့"

အယ်နီက အသံမထွက်ဘဲ ခေါင်းကိုသာ ယမ်းပြနေသည်။

"ညစ်ခံပွဲကို မင်း မတက်တော့ဘူးလား"

"မနက်ဖြန် ကျွန်မ ရုံးပြန်တက်ရမှာ ဟယ်လင်"

"တယ် ပြောလိုက်ရ လူကြားမကောင်းရှိရော့မယ်၊ ဒီမှာ မင်းကို ရှိနေစေချင်တယ်လို့ ကိုယ်ပြောရင် ပြောတဲ့အတိုင်းလုပ်ပါ။ ကိုယ်နဲ့ အတူနေတာ ဖြစ်တဲ့အတွက် ဟင်နရီကလည်း ဘာမှပြောမှာ မဟုတ်ဘူး။ ဒီနေ့ည သူပြန်မှာပဲ။ ဒါကြောင့် မင်း ဒီမှာနေခဲ့"

ဟယ်လင်က အခန်းထဲမှာ ရှိနေသူများကို လှည့်ကြည့်သည်။ ပြီးတော့ အော်ပြောသည်။

"ဒီမှာ အားလုံး အားလုံး၊ဝါးဝစ်ဟိုတယ်မှာ ညစ်ခံပွဲရှိနေသေးတယ်၊ ရှင်တို့အားလုံး အပြင်ထွက်ပေးကြပါဦး။ ဒါမှ ကျွန်မ အဝတ်လဲလို့ ဖြစ်မှာပေါ့"

ထုံးတမ်းစဉ်လာအတိုင်း ဟယ်လင်ကို နှုတ်ဆက်ကာ တစ်ယောက်ပြီးတစ်ယောက် ထွက်သွားကြသည်။

သူတို့ချည်း ကျန်သောအခါကျမှ ဟယ်လင်က လိုင်ယွန်နှင့် အယ်နီဘက်သို့ လှည့်လာသည်။ ပြီးတော့ လိုင်ယွန်ကို လှမ်းပြောသည်။

"လိုင်ယွန်၊ အပြင်ခန်းမှာ ခဏသွားစောင့်နေပါဦး၊ ကိုယ် အဝတ်အစားလဲတုန်း အယ်နီက ဒီမှာပဲ ထိုင်နေပါ"

လိုင်ယွန် လက်မှနာရီကို ငုံ့ကြည့်သည်။

"ကိုယ်တို့ သွားကြတာ အကောင်းဆုံးဖြစ်မယ်ထင်တယ် အယ်နီ။ အေးအေးလူလူ စီးလို့ရတဲ့ ရထားက ဒီတစ်စင်းတည်း ကျန်တော့တာ"

"အိုး ဘာတွေပြောနေတာလဲ၊ ဟင်နရီက မင်းကို သူ့ကိုယ်စား ထားခဲ့တာ မဟုတ်ဘူးလား။ ဂျော့ဘယ်လိုစ်ကိုလည်း လွှတ်ပေးဦးမယ်လို့ ကိုယ်က နားလည်ထားတာ။ ကိုယ်ပြောထားတာတွေကို သူ နားမလည်ဘူးနဲ့ တူတယ်။ ညစ်ခံပွဲကို ကိုယ်က ဘယ်သူ့အဖော်လုပ်ပြီး သွားရမှာလဲ"

"ဟင်နရီက ဘာဖြစ်လို့ မနေရစ်ခဲ့တာလဲ" ဟု အယ်နီက မေးသည်။

"ဂျိုနီ လာလိမ့်မယ်လို့ ကိုယ်က ပြောလိုက်လို့ သူ ပြန်သွားတာ။ အဲဒီအကြောင်း ကိုယ် သိချင်ပြီ။ ဘာဖြစ်တာလဲ ပြောစမ်းပါဦး"

လိုင်ယွန်က လက်ပတ်နာရီကို ငုံ့ကြည့်ပြန်သည်။

"တက္ကစီတစ်စင်း ကိုယ် ခေါ်ထားလိုက်မယ် အယ်နီ"

လိုင်ယွန်က ဟယ်လင်ကို ခပ်သွက်

www.burmeseclassic.com

www.burmeseclassic.com


သွက် ပြုံးပြသည်။ ပြီးတော့ အခန်းအပြင်သို့ ထွက်သွားသည်။

"ဒီနေ့တစ်ညလုံး ကိုယ် မတ်တတ်ချည်းပဲ ရပ်နေခဲ့ရတာ"

ဟယ်လင်က ပြောရင်း ကုလားထိုင်မှာ ထိုင်ချကာ သူမျက်နှာပေါ်ရှိ မိတ်ကပ်များကို ပေါင်ဒါနှင့် ထပ်ဖုံးနေသည်။

"ဟယ်လင်ရေ၊ ဒီနေ့ညပွဲက သိပ်ကို အောင်မြင်တာပဲ။ ကျွန်မ ဒီနေ့ညပဲ နယူးယောက်ကို ပြန်ရမှာမို့ စိတ်မကောင်းပါဘူး။ ဒါပေမယ့်၊ လိုင်ယွန်က အခု ရထားနဲ့ပဲ ပြန်ချင်နေတယ်"

"ဒီလိုဆို သူဟာသူ ပြန်ပေစေပေါ့။ မင်းနဲ့ ဘာဆိုင်သလဲ"

အယ်နီက မည်သည့်အကြောင်းပြချက်မျိုးကို ပေးရမည်နည်းဟု စဉ်းစားနေသည်။ ပြီးမှ ပြောသည်။

"ဟိုတယ်ခန်းလည်း ကြိုပြီး ငှားမထားမိဘူး"

"ငှားမထားမိတော့ရော ဘာဖြစ်သလဲ၊ ကိုယ့်မှာ ခုတင်နှစ်လုံးတောင် ရှိတာပဲ။ မင်း ကိုယ်နဲ့အတူတူ နေနိုင်တာပေါ့"

"ဒါပေမယ့် ကျွန်မက လိုင်ယွန်နဲ့အတူတူ လာတာ"

အယ်နီက တံခါးဆီသို့ လှမ်းမျှော်ကြည့်သည်။

ဟယ်လင်၏ မျက်လုံးများ ပိုမို ပြူးကျယ်လာသည်။

"အင်း. . . ဒါမျိုးတွေနဲ့ ကြုံရပြန်ပြီ။ လိုင်ယွန်နဲ့လာပြီး ထိပ်တိုက်တိုးရပြန်ပြီ။ မင်းလည်း တခြား မိန်းကလေးတွေလိုပါပဲလား။ မင်းကို သည်တည်တံ့တဲ့ မိန်းကလေးလို့ ကိုယ် ထင်ထားခဲ့တာ။ အခုတော့ ကိုယ်ထင်ထားတဲ့ သူငယ်ချင်းတစ်ယောက်ကလည်း ကိုယ့်ကိုပစ်ပြီး ပြေးဦးတော့မှာကိုး။

သွားပါလေ၊ သွားပါ။ကိုယ့်ဘဝကုသိုလ်ကမှ မကောင်းခဲ့ဘဲ။ နောက်ဆုံးကျတော့ ငါ့ဒုက္ခကို ငါပဲ ခံရတယ်။ လူတွေ အကုန်လုံးအပေါ်မှာတော့ အမြဲတမ်း ငါက ယုံကြည်မှု ထားခဲ့ရတယ်"

ဟယ်လင်၏ မျက်လုံးထဲမှာ မျက်ရည်များ ပြည့်လာပြီ။

"အယ်နီ၊ ကိုယ့်ရဲ့ တစ်ဦးတည်းသော သူငယ်ချင်းအဖြစ်နဲ့ မင်းကို ကိုယ် ယုံကြည်ခဲ့မိတယ်။ အခုတော့ မင်းလည်း တခြားလူတွေနဲ့ အတူတူပဲ။ နောက်ဆုံးမှာ ကိုယ့်ကို ကန်ထုတ်ပစ်လိုက်တာပဲ။ မင်းကို အဖော်အဖြစ်နဲ့ ကိုယ် လိုချင်နေတဲ့ အချိန်မှာ ကိုယ့်အနားကနေ ခွာသွားတော့တာပဲ။

အခု ကိုယ် ဘာဖြစ်နေသလဲ၊ ကြည့်စမ်းပါဦး အယ်နီ။ ဒီနေ့ညဟာ ကိုယ့်ပြဇာတ်ကို ရုံစတင်တဲ့နေ့။ ဒါပေမယ့်၊ ကိုယ့်မှာ အဖော်မရှိဘူး။ ယောကျ်ားအဖော်ဆိုလို့ တစ်ယောက်မှ မရှိဘူး။ ကိုယ် ယုံကြည်ထားတဲ့ မိန်းကလေးသူငယ်ချင်းကလည်း ကိုယ့်ကို ခွာသွားချင်နေပြီ"

"ဟယ်လင်၊ ကျွန်မဟာ ရှင့်သူငယ်ချင်းပါပဲ။ တခြားရထား ရှိနိုင်ပါသေးတယ်ထင်တယ်။ လိုင်ယွန်နဲ့ ကျွန်မ ပြောကြည့်ပါရစေဦး"

"မရှိဘူး၊ ဆယ့်နှစ်နာရီ လေးဆယ့်ငါးမိနစ် ရထားပြီးရင် နွားနို့ပို့တဲ့ရထားပဲ ရှိတော့တယ်။ ဒါပေမယ့် သွားပါ၊ သွားကြပါ။ မင်းဟာ တခြားလူတွေထက်တော့ သာတယ်လို့ ကိုယ် ထင်ခဲ့မိတာ မှားတာပေါ့လေ"

"ခဏစောင့်ပါ၊ ကျွန်မ လိုင်ယွန်ကို ပြောကြည့်ဦးမယ်"

အယ်နီက အခန်းအပြင်သို့ ပြေးထွက်သွားသည်။

လိုင်ယွန်က တက္ကစီခေါ်ပြီး စောင့်နေနှင့်သည်။ အယ်နီက သူ့ဆီသို့ ပြေးသွားသည်။

"လိုင်ယွန်၊ ကျွန်မတို့ သူ့ကို တစ်ယောက်တည်း ပစ်ထားခဲ့လို့ ဖြစ်မှာမဟုတ်ဘူး။ သူ သိပ်စိတ်ထိခိုက်နေတယ်"

"အယ်နီ၊ ဟယ်လင်လို မိန်းမမျိုးဟာ ဘယ်တော့မှ စိတ်မထိခိုက်ဘူး"

လိုင်ယွန်က အယ်နီကို ပြန်စိုက်ကြည့်နေသည်။

"မောင် နားမလည်ပါဘူး၊ အခု သူ ငိုနေပြီ။ သူ့ပြဇာတ် ရုံတင်တဲ့နေ့မှာ သူ့အဖို့ အဖော် မရှိဘဲ တစ်ယောက်တည်း ဖြစ်နေတယ်လို့ သူ့စိတ်ထဲမှာ ခံစားနေရတယ်"

"ဟယ်လင်ဟာ အင်မတန် မျက်ရည်အကျလွယ်တဲ့ မိန်းမပါကွာ။ ပြီးတော့လည်း ချက်ချင်း မျက်ရည်ခြောက်တတ်ပါတယ်။ ဒီမှာ အယ်နီ၊ ဟယ်လင်လော်ဆန်တို့လို မိန်းမတွေဟာ အဖော်ကင်းမဲ့တဲ့လူတွေဖြစ်အောင် သူတို့ဟာသူတို့ ပြန်လုပ်နေကြတာပါ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမယ့် သူ့ကိုတော့ ကျွန်မတို့ ဒီလို မလုပ်သင့်ဘူး"

"စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး အတူတူ လုပ်နေရတာကလွဲလို့ ဟယ်လင်ရဲ့ ကျေးဇူး ကိုယ်တို့အပေါ်မှာ တစ်ပြားသားမှ မရှိပါဘူး။ တယ်ရီကင်းကိစ္စကို ကိုယ်တို့ ဘယ်လိုဆောင်ရွက်ပေးခဲ့သလဲ။ ဒါကို သူ နားလည်ပါတယ်။ သူ တောင်းဆိုလို့ ကိုယ်တို့ လုပ်ပေးခဲ့ကြရတာ မဟုတ်လား။ ဒါပေမယ့် ကိုယ်တို့ရဲ့ လုပ်ငန်းစာချုပ်ထဲမှာ သူ့ ဧည့်ခံပွဲတက်တဲ့အခါ သူ့အဖော်အဖြစ်နဲ့ ကိုယ်က လိုက်ပေးဖို့ ညေးကမ်းချက် မပါဘူး"

"ဒါပေမယ့် လိုင်ယွန်၊ သူဟာ ကျွန်မ သူငယ်ချင်းပါ"

"ဒီလိုဆိုရင် မင်း နေခဲ့မယ်ပေါ့"

"ကျွန်မ စိတ်ထဲမှာ ဖြစ်နေတာက ကျွန်မတို့ နေခဲ့ရင်. . ."

လိုင်ယွန်က ပြုံးသည်။

"အိုကေ၊ သွားတော့မယ် သူငယ်ချင်းရေ"

လိုင်ယွန်က ဘာမှ မဖြစ်သလို ပျော်ရွှင်သည့်လေသံနှင့် ပြောသည်။ ပြီးတော့ တက္ကစီပေါ် တက်သွားသည်။

ပထမတော့ အယ်နီ မယုံကြည်နိုင်ပါ။ သို့သော်လည်း တက္ကစီက တကယ် မောင်းထွက်သွားသည်။

စိတ်ဆိုးရမှာလား၊ တုန်လှုပ်ချောက်ချားရမှာလား ဆိုသည်ကိုပင် အယ်နီ မသိတော့။ လိုင်ယွန် စိတ်ဆင်းရဲအောင် လုပ်လိုက်မိပြီလား။ သို့တည်းမဟုတ် မိမိကိုယ်မိမိ စိတ်ဆင်းရဲအောင် ပြန်လုပ်လိုက်မိပြီလား။ လိုင်ယွန်နှင့် အတူတူ မိမိ လိုက်သွားမည်ဆိုလျှင် ဟယ်လင် စိတ်ဆင်းရဲအောင် လုပ်သည်နှင့် တူပေလိမ့်မည်။ အေလင်ကူးပါး စိတ်ဆင်းရဲအောင် မိမိ လုပ်ခဲ့ပြီးပြီကို ဘုရားသခင် သိပါသည်။

ချက်ချင်း ဆိုသလိုပင် သူ့မျက်လုံးထဲမှာ မျက်ရည်များ ပြည့်လာသည်။

မိမိ ပတ်လည်မှာ ရှိနေသော အရာရာတို့သည် ပျက်စီး ယိုယွင်းကုန်ကြပြီလားဟု အယ်နီ တွေးနေမိသည်။

လူတိုင်း စိတ်ဆင်းရဲအောင် သူ လုပ်နေသကဲ့သို့ ဖြစ်နေသည်။ အထူးသဖြင့် သူ့စိတ်ကို ပြန်ပြီး ဒုက္ခပေးနေလေသည်။

*

ဝါးဝစ်ဟိုတယ်မှာ ကျင်းပသည့် ဧည့်ခံပွဲသည် နယူးဟဲဗင်းတုန်းက ပြုလုပ်ခဲ့ကြသည့် ဧည့်ခံပွဲမျိုးနှင့် ဘာမှမခြား။ ဇာတ်ကသည့် အဝတ်အစားများနှင့် နီလီ တက်ရောက်ခွင့် ရခြင်း တစ်ခုသာလျှင် ခြားနားသည်။ နယူးယောက်မြို့မှ လာတက်သူ ပိုများသည်။ နယူးဟဲဗင်းတုန်းက မတက်ခဲ့ကြသည့် သတင်းစာဆရာများ တက်သည်။ဟယ်လယ်က အရက်ကို ဖိသောက်ပစ်နေသည်။ ဒါလောက်သာ ခြားနားသည်။

လူတွေ များနေသောကြောင့် ဂျီနို အကြောင်းကို အယ်နီ ပြောပြခွင့် မကြုံ။

နံနက် နှစ်နာရီထိုးတော့ နီလီနှင့် မဲလ်တို့နှစ်ယောက် ဧည့်ခံပွဲအတွင်းမှ မသိမသာ ပျောက်သွားကြသည်။ နီလီကို မနာလိုသည့် စိတ်ကလေးပင် ဖြစ်ပေါ်လာမိသည်။

ယခုလောက်ဆိုလျှင် နယူးယောက်မြို့သို့ လိုင်ယွန် ရောက်သွားလောက်ပေပြီ။ မိမိအပေါ် သူ စိတ်ခုသွားပြီလားဟု စဉ်းစားနေမိသည်။ သို့တည်းမဟုတ် သူ စိတ်ညစ်သွားပြီလား။

ဟယ်လင်၏ဟိုတယ်ခန်းကို ပြန်ရောက်ကြတော့ သုံးနာရီ ထိုးနေပြီ။

ဟယ်လင်က ရှမ်ပိန်ပုလင်းတစ်လုံးကို ဖွင့်ပြန်သည်။ ဖန်ခွက်ကြီးကြီးထဲသို့ ထည့်သောက်နေပြန်သည်။

"ကဲ အကျိုးအကြောင်း ပြောပြစမ်းပါဦး။ ဂျီနိုက ဘာဖြစ်တာတဲ့လဲ"

အယ်နီက အကောင်းဆုံး ဖြစ်နိုင်မည့် စကားလုံးကို ရွေးနေသည်။

"အခုလို ဖြစ်ရတာတွေ အားလုံးဟာ ကျွန်မရဲ့ အမှားတွေလို့ ကျွန်မ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မ အေလင်နဲ့ အဆက်ဖြတ်လိုက်ပြီလေ"

အယ်နီက စကားမမှားအောင် သတိထားပြီး ပြောနေသည်။

"ဘာဖြစ်လို့လဲ"

"လိုင်ယွန်နဲ့ ကျွန်မ. . .၊ ကျွန်မတို့ နှစ်ယောက် အတူတူ. . ."

"ဒီလိုကိုး၊ မင်းဟာ လိုင်ယွန်နဲ့ နယူးဟဲဗင်းမှာ ခဏတစ်ဖြုတ် တွဲတာပဲလို့ ကိုယ်ထင်ခဲ့တယ်။ ဒါလောက်ကလေးအတွက် ဘာဖြစ်လို့ အေလင်ကို အဆက်ဖြတ်ပစ်ရမှာလဲ"

ဟယ်လင်က ပြန်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မ အေလင်ကို ထပ်ပြီး မျက်နှာချင်း မဆိုင်နိုင်တော့ဘူး။ လိုင်ယွန်ကို ကျွန်မ ချစ်မိနေပြီ"

ဟယ်လင် မျက်မှောင်ကုတ်လိုက်သည်။

"မင်း ဘာတွေ လျှောက်လုပ်နေတာလဲ အယ်နီ၊ မင်းကို သူ ကပ်နေတာဟာ လက်ထပ်ချင်လို့ ကပ်နေတာလို့ မင်း ထင်နေသလား"

"သူ ကျွန်မကို လက်ထပ်မှာ သေချာပါတယ်"

"လက်ထပ်ပါ့မယ်လို့ရော မင်းကို သူက ဖွင့်ပြောသလား"

"ဟယ်လင်၊ ကျွန်မတို့နှစ်ယောက် ဖြစ်ကြတာ သုံးရက်ပဲ ရှိပါသေးတယ်"

"ဒီလိုဆိုရင် မင်းရဲ့ အချစ်တုံးကြီး အခု ဘယ်ရောက်သွားပြီလဲ။ မင်းကို သူ စွဲစွဲမြဲမြဲ ကပ်နေတာလည်း ကိုယ် မမြင်ရပါလား"

အယ်နီက ဘာမှ ပြန်မပြော။

ဟယ်လင်က သူပြောလိုသည့် စကားအဓိပ္ပာယ်သို့ ရောက်အောင် တိုက်ရိုက်ပင် ဆက်ပြောသည်။

"ဒီမှာ နားထောင်၊ မင်းကို ယောကျ်ားတစ်ယောက်က တကယ် စွဲစွဲလမ်းလမ်း ချစ်နေတယ်ဆိုရင် မင်းအနားက တစ်ဖဝါးမခွာဘူး။ အေလင်က မင်းအနားက တစ်ဖဝါးမခွာဘဲ နေခဲ့တယ်။ အခုတော့ သူလည်း စိတ်မချမ်းမသာ ဖြစ်နေရောပေါ့။ ဒါကြောင့်မို့လို့ ဒီနေ့ည ဂျီနီ မလာတာ။ ကိုယ် ပြောရပါတယ်။ ကိုယ်လည်းပဲ မင်းလို နှစ်ပြားမတန်တဲ့ အောက်တန်းစား မိန်းမတစ်ယောက်လို့ သူ ထင်သွားရောပေါ့"

"ဟယ်လင်"

"မင်းကိုယ်မင်းတော့ အထက်တန်းစားကြီးလို့ ထင်နေခဲ့တယ်။ အဲဒီလိုလည်း ဟန်ဆောင်ပြီး နေခဲ့တယ်။ ယောကျ်ားတစ်ယောက်ကပေးတဲ့လက်စွပ်ကို မင်း ဝတ်ထားတယ်။ ပြီးတော့ တန်ဖိုးမရှိတဲ့ တခြား အကောင်တစ်ကောင်နဲ့ တွဲတယ်။ နောက်ပြီးတော့ ဂျီနီနဲ့ ငါနဲ့ ဒုက္ခတွေ ရောက်ကုန်အောင် မင်းလုပ်တယ်။ သေချာပါတယ်။ တို့နှစ်ယောက်စလုံးဟာ ဒီပုတ်ထဲက ဒီပဲတွေပဲလို့ သူ ထင်သွားပါပြီ။

အခုတော့ ကိုယ့်ကို တွေ့ရမှာ သူ ကြောက်သွားပြီ။ သူ့သား စိတ်ဆင်းရဲအောင် မင်းက လုပ်လိုက်သလို သူ စိတ်ဆင်းရဲအောင် လည်း ငါက လုပ်မှာ သူ ကြောက်သွားပါပြီ"

"အေလင်နဲ့ ကျွန်မနဲ့ ဖြစ်တဲ့ကိစ္စဟာ ရှင်နဲ့ ဂျီနီတို့ကိစ္စနဲ့ ဘာမှ မဆိုင်ပါဘူး"

"မဆိုင်ဘူးဆိုရင် ဒီကို ဂျီနီ ဘာဖြစ်လို့ မလာသလဲ၊ သူ ငါ့ကို သဘောကျနေပြီ။ ငါ သေသေချာချာ သိတယ်။ တို့အတူတူ ပျော်ခဲ့တယ်။ အတူတူ သွားခဲ့လာခဲ့ကြတယ်။ လိုင်ယွန်ဘတ်ရဲ့ ရင်ခွင်ထဲကိုသာ မင်း ပြေးဝင်မသွားဘူးဆိုရင် သူ ဒီကိုလာမှာ သေချာတယ်။ အခုလောက်ဆိုရင် ကိုယ်နဲ့အတူတူ သူ ရှိနေမှာ သေချာတယ်။ တွေ့ရာလူကို ကြိုက်တတ်တဲ့၊ မျက်နှာများတတ်တဲ့ မင်းကြောင့် သူ့ကို ငါ ဆုံးရှုံးလိုက်ရပြီ။ ငါ ချစ်နေတဲ့လူတစ်ယောက်ကို စွန့်လွှတ်လိုက်ရပြီ"

အယ်နီက အခန်းတစ်ဖက်သို့ ပြေးသွားပြီး သူ့ကုတ်အင်္ကျီကို ကောက်ယူလိုက်သည်။

"ဘယ်ကိုများ မင်းက သွားဦးမလို့လဲ"

ဟယ်လင်က ဖန်ခွက်ထဲသို့ အရက်ထပ်ထည့်ရင်း မေးသည်။

"ဘယ်နေရာရောက်ရောက် ရှင်နဲ့ဝေးတဲ့ ဘယ်နေရာရောက်ရောက် သွားမယ်"

"ဟားဟား ဒီမှာ မချော၊ မင်း သွားစရာနေရာများ ရှိမယ်လို့ ထင်နေသလား။ မင်းကို ဘယ်သူတွေက အရေးစိုက်မယ် ထင်သလဲ။ တို့ကတော့ စိတ်ထဲမှာရှိတာကို ဘွင်းဘွင်းနဲ့ ရှင်းရှင်းပဲ ပြောတတ်တယ်ဟေ့။ မင်းကိုယ်မင်း အထင်ကြီးနေသလား။

အေး- တစ်ခုတော့ ရှိတယ်။ ဟိုစိန်လက်စွပ်ကို မင်း ဝတ်ထားတာ မြင်ရင်း... မင်းကို အထိုက်အလျောက် အထင်ကြီးမယ့် သူ ရှိလိမ့်ဦးမယ်။ မင်းကို ငါ အထင်ကြီးခဲ့တာလည်း အဲဒီ လက်စွပ်ကြောင့် အထင်ကြီးခဲ့တာ။ အေလင်ကူးပါးက မင်းကို ဒါလောက်တောင် စွဲလမ်းနေတယ်ဆိုရင် မင်းမှာ အရည်အချင်းကောင်း တစ်ခုခုတော့ ရှိလိမ့်မယ်လို့ ငါက ထင်ခဲ့တာ။ အေလင်ကူးပါးကြောင့် မင်း လူရာဝင်ခဲ့တာ။ လူတောသူတော တိုးနိုင်ခဲ့တာ။ အခုတော့ မင်းဟာ ဘာမှ မဟုတ်တော့ဘူး။ လမ်းပေါ်က ကောင်မ ဖြစ်သွားပြီ။ လိုင်ယွန်ဘတ်လို အကောင်စားမျိုးနဲ့ အလေလိုက်တတ်တဲ့ကောင်မ ဖြစ်သွားပြီ"

အယ်နီက သူ့ကို ငေးစိုက်ကြည့်နေမိသည်။

"ရှင်ဟာ ကျွန်မရဲ့ မိတ်ဆွေပဲလို့ ကျွန်မ ထင်ခဲ့မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေ၊ ဘာ မိတ်ဆွေလဲ၊ နင်လို ကောင်မမျိုးနဲ့ ငါက ဘာဖြစ်လို့ မိတ်ဆွေဖြစ်ရမှာလဲ။ နင့်ကရော ဘာကောင်မမို့လို့လဲ။ နှစ်ပြားမှ မတန်တဲ့ အတွင်းရေးမှူးစုတ်ပဲ။ နင် သောက်သုံးမကျလို့ ငါ ချစ်ရမယ့် ယောက်ျား တစ်ယောက်ကို ဆုံးရှုံးလိုက်ရပြီ"

ဟယ်လင်က ထိုင်ရာမှထသည်။ သူ့ခြေထောက်များ ယိမ်းထိုးနေသည်။

"ငါ အိပ်တော့မယ်၊ နင် အိပ်ချင်သပဆိုရင် အဲဒီ ခုံတန်းလျားပေါ်မှာအိပ်"

အယ်နီ အလွန် ဒေါသထွက်နေသည်။ သို့သော်လည်း တည်ငြိမ်အောင် သူ ထိန်းချုပ်ထားနိုင်သည်။

"ဟယ်လင်၊ ရှင် ဘယ်တုံးကမှ မရခဲ့ဘူးတဲ့ မိတ်ဆွေစစ်တစ်ယောက်ကို ရှင် ဆုံးရှုံးသွားပြီ"

ဟယ်လင်က မျက်နှာကို မဲ့လိုက်သည်။

"ရယ်ဖို့ ပြုံးဖို့လောက်ကလေးအတွက် နင့်အပေါ်မှာ ယုံကြည်မှု ထားမိတယ် ဆိုရင်တောင်မှ သံယာစင်ပါမှောက်မယ်"

"ဂွဒ်ဘိုင် ဟယ်လင်၊ ပြီးတော့ ရှင် ကံကောင်းပါစေ"

အယ်နီက တံခါးပေါက်ဆီသို့ လျှောက်ခဲ့သည်။

"မလိုပါဘူး၊ မလိုပါဘူး။ နင်သာ ကံကောင်းဖို့ လိုတာပါ။ နင့်ကို လိုင်ယွန်ဘတ်က ငြီးငွေ့မသွားခင်ကလေးမှာ နင် ကံကောင်းဖို့ လိုတာပါ။ လိုင်ယွန်ဘတ်ဆိုတာ ဘယ်မိန်းမကိုမှ စွဲစွဲမြဲမြဲ ချစ်တတ်တဲ့ အကောင်စားမျိုး မဟုတ်ဘူး။ ဘယ်မိန်းမကိုမဆို ခဏကလေးနဲ့ ငြီးငွေ့သွားတတ်တဲ့လူစားမျိုး။ သူ့အကြောင်း ငါ အသိဆုံးပါ။ အရင် ခြောက်နှစ်လောက်တုန်းက သူနဲ့ငါ တွဲခဲ့ကြသေးတာပဲ"

အယ်နီက မယုံကြည်နိုင်သည့် အမူအရာနှင့် သူ့ကို ပြန်ကြည့်သည်။ ထို့ကြောင့် ဟယ်လင်က တစ်ချက်ပြုံးလိုက်သည်။

"သိပ်မှန်တာပေါ့ကွယ်၊ လိုင်ယွန်နဲ့ ငါနဲ့ပေါ့။ အချစ်ကြီး ချစ်ခဲ့ကြသေးတာပေါ့။ ငါက ပြဇာတ်အသစ်တစ်ထုပ် ကဖို့ လုပ်နေတယ်။ သူက ဟင်နရီဘယ်လာမီကုမ္ပဏီမှာ အလုပ်လာဝင်တယ်။ သူကလည်း ဟန်ဆောင် ခပ်ကောင်းကောင်း၊ ငါ့ကိုများ အရူးအမူး အချစ်ကြီး ချစ်မိပြီဆိုတဲ့ ပုံမျိုးနဲ့။ ငါနဲ့အတူတူ လူကြားသူကြားတွဲပြီး သွားနေရတာကိုလည်း သူက သဘောကျတယ်လေ။ ဒါပေမယ့် အနည်းဆုံး ငါဟာ နင့်လို အောက်တန်းစားတော့ မဟုတ်ဘူး။ သူ့ဆီက ကိုယ်ကြိုက်တာ ယူတယ်။ သူက ကိုယ့်ကို မကြိုက်တော့ဘူးဆိုရင် သွားပေါ့။

အင်း- တစ်ခုတော့ ပြောလိုက်ပါ့မယ်။ သူ့အကြိုက်ကို နင် လိုက်နိုင်တာထက် ပိုပြီး ငါက အကြိုက်ဆောင်ခဲ့တဲ့ ကောင်မပါဟယ်"

အယ်နီက တံခါးဖွင့်ပြီး အပြင်သို့ ပြေးထွက်လာခဲ့သည်။ စိတ်နှလုံးမသာယာမှု၊ မကျေချမ်းမှု၊ ဒေါသပေါက်ကွဲမှုများဖြင့် သူ့တစ်ကိုယ်လုံး ဖုံးလွှမ်းနေသည်။

ဓာတ်လှေကားအနားသို့ ရောက်တော့ ရုတ်တရက် ရပ်လိုက်သည်။ ရင်ထဲမှာလည်း ထိတ်ခနဲ ဖြစ်သွားသည်။ ထို့ကြောင့် လက်ကိုင်အိတ်အတွင်းသို့ မွှေနှောက်ရှာသည်။ သူ့မှာ ပိုက်ဆံ တစ်ပြားမှ မပါပါ။ လိုင်ယွန်နဲ့ တွေ့ဖို့ အပြေးအလွှား ထွက်ခဲ့ရသည်။ ထို့ကြောင့် ဘဏ်တိုက်မှ ငွေထုတ်ချိန် မရခဲ့။ မွှေနှောက်လှန်လှော ရှာသောအခါကျမှ အကြွေကလေး (၈၅) ပြား ထွက်လာသည်။

အချိန်ကလည်း နံနက် လေးနာရီထိုးပြီးနေပြီ။ နီလီကို ဖုန်းလှမ်းဆက်၍လည်း မဖြစ်နိုင်ပြီ။ နယူးယောက်မြို့သို့ရောက်အောင် လမ်းလျှောက်ပြန်၍လည်း မဖြစ်နိုင်ပြီ။

ဓာတ်လှေကား အနီးရှိ ခုံတစ်လုံးတွင် ဝင်ထိုင်နေမိသည်။ ဧည့်ခန်းထဲမှာ သွားထိုင်နေမည် ဆိုလျှင်လည်း မနက် ကိုးနာရီအထိ သည်အတိုင်း ထိုင်နေရမည်။ ထိုအချိန်ကျမှသာ နီလီကို ဖုန်းဆက်၍ ရနိုင်တော့မည်။

အို- ဘုရား . . . ဘုရား၊ အရာရာကို သူ ဖျက်ဆီးခဲ့မိပါပြီကော။ အရာရာကို မိမိ ဆုံးရှုံးလိုက်ရပြီဟုလည်း သူ့စိတ်ထဲမှာ ခံစားလာရသည်။

ဟယ်လင်သည် မိမိ၏ မိတ်ဆွေစစ် မဟုတ်တော့ပါကလားဟုလည်း စဉ်းစားမိသည်။ ဟယ်လင်နှင့် ပတ်သက်ပြီး လူတိုင်းက သူ့ကို သတိပေးခဲ့ကြပါသည်။ သို့သော်လည်း သူ နားမထောင်ခဲ့။ လိုင်ယွန်နှင့် ပတ်သက်၍လည်း သူ့ကို သတိပေးခဲ့ကြပါသည်။ သူ နားမထောင်ခဲ့၊

လိုင်ယွန်နှင့် ဟယ်လင် အချစ်ကြီး ချစ်ခဲ့ကြသေးသတဲ့။

မဖြစ်နိုင်ပါ။

ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



**ဟယ်လင်** ဒေါသ ပေါက်ကွဲနေလွန်း**သောကြောင့်** မိမိကို မဟုတ်မတရား လုပ်ကြံပြောဆိုခြင်းလည်း မဖြစ်နိုင်ပါ။

အို- ဘုရား. . . ဘုရား၊ သည်စကားများကို ဘာကြောင့် ဟယ်လင် ပြောခဲ့ရလေသနည်း။

အယ်နီ စတင် ငိုကြွေးမိတော့သည်။ အသံ ထွက်မသွားအောင် လက်နှစ်ဖက်နှင့် မျက်နှာကို အုပ်ထားမိသည်။

ခဏတ်လှေကား ရပ်သွားသံကို ကြားရသည်။ လက်ကိုင်ပဝါနှင့် မျက်လုံးများကိုသုတ်သည်။ မျက်နှာကိုမူ အောက်သို့ ငုံ့ထားသည်။ ခဏတ်လှေကား အတွင်းမှ အမျိုးသမီး တစ်ယောက် ထွက်လာသည်။ ပြီးတော့ တစ်ဖက်သို့ လျှောက်သွားသည်။ ထို့နောက် ခြေလှမ်းတုံ့သွားပြီး နောက်သို့ ပြန်လှည့်လာသည်။

"အယ်နီ မဟုတ်လား"

အယ်နီက သူ့မျက်လုံးများကို ကမန်းကတန်း ပွတ်လိုက်ပြန်သည်။ ပြန်လှည့်လာပြီး မေးနေသူမှာ ဂျနီဖာနေ့ဒ် ဖြစ်သည်။

"ဘာဖြစ်လို့လဲဟင်"

ဂျနီဖာက မေးသည်။

"အကုန်လုံး မှားကုန်ပါပြီကွယ်၊ ကိုယ် သိပ်ကြောက်နေပြီ"

အဝတ်အစား လှလှပပ ဝတ်ဆင်ထားသည့် ဂျနီဖာကို အယ်နီက မော့ကြည့်ရင်း ပြောသည်။ဂျနီဖာက ကြင်နာသည့်အပြုံးမျိုးကို ပြုံးပြသည်။

"ကိုယ်လည်း ဒီလိုပဲ ကြုံခဲ့ရဖူးတဲ့နေ့တွေ ရှိပါတယ်။ လာပါ၊ ကိုယ့်အခန်းကို လိုက်ခဲ့ပါ။ ကိုယ့်အခန်းက ဟောဟိုနားမှာပါ။ ဒီအကြောင်း ကိုယ်တို့ ပြောကြတာပေါ့"

အယ်နီ၏လက်ကို တင်းကျပ်စွာ ဆွဲကိုင်ပြီး ခေါ်သွားသည်။

ခုတင်ပေါ်မှာထိုင်ပြီး စီးကရက် တစ်လိပ်ပြီးတစ်လိပ် ဆက်သောက်သည်။

အယ်နီသည် သူ့ဇာတ်လမ်းကြီး တစ်ခုလုံးကို ဂျနီဖာအား ပြောပြမိလျက်သား ဖြစ်နေတော့သည်။ သူ့ဇာတ်လမ်း ဆုံးသွားတော့ ဂျနီဖာက ပြုံးသည်။

"ဒီ နံ့ပိတ်ရက်ကလေးမှာ ဒါတွေနဲ့ မင်းကြုံတွေ့နေရတာကိုး"

"စိတ်ညစ်စရာအကြောင်းတွေ မင်းကို ပြောပြမိတဲ့အတွက် စိတ်မကောင်းပါဘူးကွယ်။ နောက်ပြီးတော့ အခုလို အချိန်မတော်ကြီးမှာ. . ."

အယ်နီက တောင်းပန်သည်။

"ကိစ္စမရှိပါဘူး၊ ကိုယ် ဘယ်တော့မှ မအိပ်ဘူးလေ။ဒါကလည်း ကိုယ့်ရဲ့ အကြီးဆုံးပြဿနာပဲ။ ဒါပေမယ့် မင်းရဲ့ ပြဿနာတစ်ခုကတော့ ပြေလည်သွားပါပြီ။ မင်း ကိုယ်နဲ့အတူတူ ဒီမှာ အိပ်လိုက်ပါ"

"ကိုယ် မအိပ်ပါရစေနဲ့တော့၊ နယူးယောက်ကိုပဲ ပြန်ချင်နေတယ်။ ကိုယ့်ကို ပိုက်ဆံချေးလိုက်နိုင်မယ်ဆိုရင် မနက်ဖြန်ကျတော့ စာတိုက်ကနေပြီး ကိုယ် ပြန်ပို့ပေးလိုက်ပါ့မယ်"

ဂျနီဖာက သူ့လက်ကိုင်အိတ်ကို လှမ်းယူပြီး ထိုအထဲမှ ပိုက်ဆံအိတ်ကိုထုတ်ကာ အယ်နီဆီသို့ လှမ်းပစ်ပေးလိုက်သည်။

"မင်းလိုသလောက် ယူသွားပါ။ ဒါပေမယ့် မင်း စိတ်ထိခိုက်နေတယ်။ ကိုယ့်မှာ ခုတင်နှစ်လုံး ရှိပါတယ်။ ဒီနေ့ညတော့ အေးအေးဆေးဆေး မင်း အိပ်လိုက်ဖို့ ကောင်းတယ်။ မနက်ဖြန်ကျမှ လူစီးရထားနဲ့ ပြန်ပေါ့"

"အခုချက်ချင်း ပြန်ချင်နေပြီ။ မနက်ဖြန်ကျတော့ စာတိုက်ကနေပြီး ကိုယ် ပြန်ပို့ပေးလိုက်ပါ့မယ်နော်"

ပိုက်ဆံတွေ ဖောင်းနေသည့်အိတ်ထဲမှ ငွေတစ်ဆယ်ကို အယ်နီက ထုတ်ယူသည်။

ဂျနီဖာက ခေါင်းယမ်းပြသည်။

"မပို့ပါနဲ့၊ ကိုယ် နယူးယောက်ရောက်တဲ့ အချိန်အထိ စောင့်ပါဦး။ နယူးယောက်ကို ရောက်တော့ ကိုယ့်ကို နေ့လယ်စာ ကျွေးပါ။ မင်းတို့ဇာတ်လမ်း ဘယ်လို ဇာတ်သိမ်းသွားတယ်ဆိုတာလည်း ကိုယ် နားထောင်ချင်သေးတယ်"

"အခု ဇာတ်သိမ်းသွားပြီပဲ"

ဂျနီဖာက ပြုံးသည်။

"ဟုတ်ပါတယ်၊ ဟယ်လင်နဲ့ ဇာတ်သိမ်းသွားပြီ။ အေလင်ကူးပါးနဲ့လည်း ဇာတ်သိမ်းသွားပြီ။ ဒါပေမယ့် လိုင်ယွန်နဲ့က ဇာတ်မသိမ်းသေးဘူး။ လိုင်ယွန်ရဲ့ အကြောင်းကို မင်းပြောပြတဲ့အခါမှာ မင်း မျက်လုံးတွေကို ကြည့်တာနဲ့ မင်းတို့နှစ်ယောက်ရဲ့ဇာတ်လမ်း မသိမ်းသေးဘူးဆိုတာ ကိုယ်သိတယ်"

ဂျနီဖာက ပြုံးသည်။

"ဒီအချိန်ကျမှတော့ သူ့ရင်ခွင်ထဲကို ကိုယ် ဘယ်ပြန်ဝင်လို့ ဖြစ်တော့မှာလဲ။ ဟယ်

www.burmeseclassic.com

www.burmeseclassic.com



လင်က သူ့အကြောင်းတွေ ပြောပြလိုက်ပြီးမှ တော့ မဖြစ်နိုင်တော့ဘူး"

ဂျနီဖာက သူ့ကို မယုံကြည်သလို ကြည့် နေပြန်သည်။

"ဒီကိစ္စက မင်းစိတ်ကို အနှောင့်အယှက် ပေးနေသလား၊ သူဟာ လူပျိုစစ်စစ်ကလေး ဖြစ်တယ်လို့ မင်း မထင်မိခဲ့ဘူး မဟုတ်လား၊ ထင်ရောထင်သလား"

"မထင်ခဲ့ပါဘူး၊ ဒါပေမယ့် ဟင်လယ်နဲ့ က. . .၊ ဟယ်လင်ကို သူ သိပ်ချစ်ခဲ့တယ်လို့ ဟယ်လင်က ပြောတယ်"

"အရင် ခြောက်နှစ်လောက်တုန်းက တော့ ဟုတ်ချင် ဟုတ်မှာပေါ့။ ဟယ်လင်ကို သူက အထင်ကြီးကောင်း ကြီးခဲ့မှာပေါ့။ ဒါကို လည်း မင်း သဘောပေါက်နိုင်ပါတယ်။ သူက ဘယ်လာမီဆီမှာ အလုပ်လုပ်ရတယ်၊ သူ့ လုပ်ငန်း အောင်မြင်အောင် သူ ကြိုးစားရ မယ်။ ဟယ်လင်နဲ့ သူ ကြိုက်ခဲ့ကြတယ် ဆိုရင် လည်း ကိုယ်တော့ သူ့ကို အပြစ်မတင်ဘူး။ ဒီအဖြစ်မျိုး သူဖြစ်ရမှာပဲ။ ဒါပေမယ့် ဟယ် လင်ကိုတော့ ကိုယ် အပြစ်တင်ချင်တယ်။ လိုင် ယွန်ကို မင်း ဒါလောက် ချစ်နေတာ သိရက် သားနဲ့ ဘာဖြစ်လို့ ဒီစကားတွေ မင်းကို ဖွင့် ပြောရမှာလဲ"

"ဒါပေမယ့်၊ ဟယ်လင် ပြောတာက သူ ဟာ အိုင်တွေ့တိုင်း ခြေဆေးပြီး ကျောရရုံကြံ တဲ့လူစားမျိုး. . ."

"အယ်နီ၊ ဟယ်လင်လို မိန်းမမျိုးကို တော့ ဘယ်ယောကျာ်းကမဆို ကျောရရုံပဲ ကြံမှာပဲ။ လိုင်ယွန်ဟာ အဲဒီလို လူစားမျိုးပါလို့ ပြောမှ ဟယ်လင်အနေနဲ့ သူ့သိက္ခာကို သူ ပြန်ပြီး ဆယ်ရာရောက်တော့မှာပေါ့။ ဂျိနီက လည်း သူ့ကို သဘောကျနေပြီလို့ ပြောမှ သူ့ သိက္ခာကို သူဆယ်ရာရောက်တော့မှာပေါ့။ အယ်နီ၊ မင်းကို လိုင်ယွန် စွဲနေပြီဆိုတာ ကိုယ် သေသေချာချာ ပြောရဲတယ်။ ချစ်တာ ဟုတ် ချင်မှတော့ ဟုတ်မယ်။ ဒါပေမယ့် သေသေ ချာချာ စွဲနေတာ"

"ဒါပေမယ့်၊ အားလုံး ပျက်စီးသွား အောင် ကိုယ် လုပ်လိုက်မိပြီပဲ။ သူကလည်း ကိုယ့်ကိုထားခဲ့ပြီး ထွက်သွားပြီ မဟုတ်လား"

"သူ့ကို မင်းက ခွာပစ်လိုက်တယ်လို့ သူက ထင်သွားတာ ဖြစ်ပါလိမ့်မယ်ကွယ်။ မင်း လုပ်ပုံကိုလည်း ကြည့်ဦးလေ။ သူ့ဘက် ကိုတော့ မလိုက်ဘဲ ဟယ်လင်နဲ့ပဲ နေခဲ့တော့ မယ် ဆိုတော့. . ."

"သူ့ကိုခွာပြီး ဟယ်လင်နဲ့ နေခဲ့ဖို့လမ်း ကို ကိုယ် ရွေးလိုက်တာ မဟုတ်ပါဘူး။ ဟယ် လင်ကို သနားလို့ပါ၊ ဟယ်လင်ဟာ ကိုယ့်ရဲ့ သူငယ်ချင်း"

ဂျနီဖာ၏မျက်နှာ တည်သွားသည်။

"အလကား သူငယ်ချင်းပါ။ ဒီမှာ အယ်နီ၊ မနက်ဖြန် လိုင်ယွန်နဲ့တွေ့ရင် အင်မ တန် လိမ္မာပါးနပ်ပါ။ မင်းမျက်လုံးထဲမှာ မျက်ရည်တွေ ပြည့်နေပါစေ။ ဟယ်လင်နဲ့ စိုတဲ့လက် မခြောက်စေချင်တဲ့ စိတ်ကလေး ထားလိုက်မိတာဟာ မင်းအဖို့ ဘယ်လောက် မိုက်မဲကြောင်း သိပါပြီလို့ ပြောပြ၊ လိမ်လိမ် မာမာ လုပ်နော်။ ပြီးတော့ မင်း သိပ်ကို စိတ် ထိခိုက်နေရကြောင်းပြပါ။ သူနဲ့ ဟယ်လင်နဲ့ ဖြစ်ခဲ့ကြတဲ့ အကြောင်းတွေ ဟယ်လင်က ပြန်ပြောပြတယ် ဆိုတာကိုတော့ မေ့ယောင်လို့ တောင် သွားမဟလိုက်နဲ့"

အယ်နီက တံခါးဆီသို့ လျှောက်လာ သည်။ ဂျနီဖာကလည်း အယ်နီနှင့်အတူတူ လျှောက်လိုက်လာသည်။

"မင်း စိတ်ထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားရမှာ ရှိသေးတယ်။ ယောကျာ်းတစ်ယောက်ကို မင်း အပိုင်လိုချင်ပြီ ဆိုရင် မင်းကို သူက မရရင် သေမလောက် ဖြစ်နေအောင်လုပ်ပါ။ စကား လုံးတွေနဲ့ လုပ်မနေနဲ့။ လက်တွေ့လုပ်။

ကဲ- ကိုယ် ပြောတာတွေကို မမေ့နဲ့။ သေသေချာချာ မှတ်ထား။ တကယ်ကတော့ မင်းကို ဒီမှာ သုံးလေးရက်လောက် ထားပြီး ကိုယ်က သင်တန်းပေးလိုက်ချင်သေးတယ်။ ဒါမှ မင်း တစ်လွဲတွေ မလုပ်မိမှာ"

"မဖြစ်သေးပါဘူး၊ ကိုယ် ပြန်ချင်တယ်"

"အယ်နီ၊ မင်းကို ကိုယ် သဘောကျ တယ်။ ကိုယ်တို့ ရင်းနှီးတဲ့ သူငယ်ချင်းတွေ အဖြစ်နဲ့ ပေါင်းကြရအောင်ပါ။ ကိုယ်လည်းပဲ သူငယ်ချင်းစစ်စစ်တစ်ယောက် လိုချင်နေတာ ပါ။ ကိုယ် ပြောတာကိုလည်း ယုံပါကွယ်။ လိုင် ယွန်ကို မင်း တကယ် လိုချင်တယ်ဆိုရင် ကိုယ် ပြောတဲ့အတိုင်းသာ လုပ်ပါ"

အလွန်အားနည်းသည့် အပြုံးကလေး တစ်ခုကို အယ်နီက ပြုံးလိုက်မိသည်။

"ကိုယ် ကြိုးစားပါ့မယ် ဂျနီဖာ၊ ကိုယ် ကြိုးစားပါ့မယ်"

*

www.burmeseclassic.com

www.burmeseclassic.com

နယူးယောက်မြို့သို့ ရထားနှင့် ပြန်လာရသည့်ခရီးသည် ရှည်လျားလွန်းလှသည်ဟု အယ်နီ ထင်သည်။ ရောက်နိုင်ခဲလှသည်ဟု စိတ်မရှည်နိုင်အောင် ဖြစ်နေရသည်။

သူ ဆင်းရမည့် ပင်းန်ဘူတာရုံသို့ ရောက်သည့်အချိန်မှာ နေရောင်က ကျဲကျဲတောက် တောက်ပနေသည်။

မနက်ပိုင်းမှာပင် သူ ရောက်လာသည်။ လူတွေလည်း ကျပ်ကျပ်ခဲနေသည်။ အယ်နီမှာ ရေချိုးချိန်ကလေး နံနက်စာ စားချိန်ကလေးသာ ရတော့သည်။ ပြီးလျှင် ရုံးသို့ အမီပြေးရမည်။ တက္ကစီနှင့် အိမ်သို့ ပြန်လာခဲ့သည်။ မျက်လုံးများ လေးနေသည်။ ခြေထောက်များကလည်း ခဲဆွဲထားသလို ဖြစ်နေသည်။ သူ့အခန်းသို့ရောက်အောင် ပင်ပန်းတကြီး တက်ခဲ့ရသည်။

တံခါးအောက်မှာ ကြေးနန်းစာအိတ်ကလေး တစ်လုံးကို တွေ့ရသည်။ လိုင်ယွန် ရိုက်လိုက်သည့်ကြေးနန်း ဖြစ်ရမည်။

စာအိတ်ကို ဖောက်လိုက်သည်။

*မနေ့ညက အိပ်ရာထဲမှာ အန်တီအေမီ ကွယ်လွန်သွားပြီ။ ဗုဒ္ဓဟူးနေ့ သင်္ဂြိုဟ်မည်။ သမီး လာနိုင်မည်ဆိုလျှင် ကောင်းပါမည်။*

*ချစ်သော မေမေ*

အယ်နီက ကြေးနန်းကို မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။

မေမေ လုပ်လိုက်ပုံကို ကြည့်ပါဦး။

'သမီး ပြန်ဖြစ်အောင် ပြန်ခဲ့ပါ' ဆိုတာမျိုး မဟုတ်။ ထိုသို့မှ မဟုတ်လျှင်လည်း 'သမီး ရှိမှ ဖြစ်ပါမည်' ဆိုတာမျိုးလည်း မဟုတ်။ 'လာနိုင်မည်ဆိုလျှင် ကောင်းပါမည်'တဲ့။

ကောင်းပါပြီလေ။ သည်လို ဆိုတော့လည်း မသွားဘဲ နေလိုက်ရုံပေါ့။ မိမိကိုလည်း မေမေက တကယ် တမ်းတနေသည်မှ မဟုတ်ဘဲဟု အယ်နီ တွေးမိသည်။ မိမိ ပြန်လာဖို့ကိုလည်း မေမေ အမှန်တကယ် လိုလားပုံမရ။ လာလျှင် ကောင်းမည် ဟူသော သဘောလောက်သာ ထားသည်။ လောရင့်စ်ဗီးလ်မြို့ကို ခဏတစ်ဖြုတ် ပြန်ရောက်သွားလျှင်လည်း ဆိုးလှသည်တော့ မဟုတ်။

သို့သော်လည်း မိမိ၏ဘဝသည် နယူးယောက်မြို့မှာ ရှိသည်။ မိမိဆိုင်သောမြို့သည် နယူးယောက်မြို့ ဖြစ်သည်။ နယူးယောက်မြို့ကသာ မိမိကို ပိုင်သည်။ နောက်ပြီးတော့ လိုင်ယွန်ကသာလျှင် မိမိကို ပိုင်သည်။

တယ်လီဖုန်းကောက်ကိုင်ပြီး ကိုယ့်စိတ်ကိုယ် အားတင်းကာ လိုင်ယွန်ကို လှမ်းဆက်သည်။ လေးခါတိတိ ခေါ်နေရသည်။ နောက်ဆုံးတွင်မှ အိပ်ချင်မူးတူးသံနှင့် ပြန်ဖြေသည်။ စိတ်ထဲမှာ ဒေါသဖြစ်ချင်သလိုလို ရှိလာပြန်သည်။ မိမိကတော့ တစ်ညလုံး ရထားပေါ်မှာ ချမ်းချမ်းစီးစီးနှင့် တစ်ယောက်တည်း စီးလာနေရသည်။ သူကတော့ ဇိမ်နှင့် အိပ်ကောင်းနေတုန်း ဖြစ်သည်။

"ဟယ်လို"

ယခုမှ သူ ကောင်းကောင်း နိုးပုံရသည်။ စိတ်အနှောင့်အယှက် ဖြစ်နေသည့် အသံမျိုးလည်း ဖြစ်သည်။ အယ်နီက ဘာမှ ပြန်မပြောမိဘဲ တယ်လီဖုန်းကို သည်အတိုင်း ကိုင်ထားနေမိကြောင်း သတိထားမိသည်။

"ဟယ်လို၊ ဘယ်သူဆက်နေတာလဲ"

လိုင်ယွန်က အသံကိုညှစ်ပြီး ပြောနေသည်။

အယ်နီ ထိတ်လန့်သွားမိသည်။ သူ့အသံကို ကြားရသည်မှာ စိတ်ဆိုးနေသည့်အသံမျိုး ဖြစ်သည်။

"အယ်လီဇဘက်လား"

အယ်လီဇဘက်။ အယ်လီဇဘက်လားတဲ့။ ခပ်ကြောင်ကြောင်ပင် တယ်လီဖုန်းကို မျက်တောင်မခတ် ငေးကြည့်နေမိတော့သည်။

"ကဲ ပြောကွာ၊ ကလေးလို လုပ်မနေစမ်းပါနဲ့"

လိုင်ယွန်၏အသံက အေးတိအေးစက် ဖြစ်သွားသည်။

"အယ်လီဇဘက်၊ ပြောလေကွာ။ မင်း အာမှ မပြောရင် ကိုယ် ဖုန်းပြန်ချလိုက်တော့မယ်"

ခဏစောင့်နေသေးသည်။ ပြီးတော့ လိုင်ယွန်ဘက်မှ ဖုန်းပြန်ချလိုက်သည့်အသံကို ကြားရသည်။

အယ်လီဇဘက်. . . တဲ့။

အယ်လီဇဘက် ဆိုသည်မှာ မည်သူ ဖြစ်သနည်း။

လိုင်ယွန်၏ဘဝကို မိမိ ဘာမှ မသိသေးပါကလားဟု အယ်နီ သဘောပေါက်လိုက်မိသည်။

ထိုသို့ သဘောပေါက်လိုက်မိသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com

တစ်ပြိုင်တည်း သူ့ရင်ထဲမှာ နာကျင်လာသည်။ လိုင်ယွန်အကြောင်း သူ တကယ် သိရသည်မှာ လေးရက်တာမျှသာ ရှိသေးသည်။

ဘုရား. . . ဘုရား။ ယခုမှ လေးရက်တာမျှသာ ရှိသေးသည်။ ယခု အယ်လီဇဘက် ဆိုသူ ပေါ်လာပြီ။ ဟုတ်ပါပြီ။ သူမှာ အယ်လီဇဘက်ပေါင်း မြောက်မြားစွာ ရှိနိုင်ပါသည်။

အယ်နီက မိမိ ချက်ချင်း လိုက်လာနေပြီဖြစ်ကြောင်း သူ့အမေဆီသို့ ကြေးနန်းရိုက်လိုက်သည်။ ထို့နောက် ရထားအချိန်ကို မေးသည်။ လောရင့်စ်ဗီးလ်မြို့သို့ နောက်ထွက်မည့် ရထားမှာ ယခုမနက် ကိုးနာရီခွဲ ထွက်မည့်ရထား ဖြစ်သည်။

ခရီးဆောင်အိတ်ထဲသို့ လိုအပ်သည့် ပစ္စည်းများ ပစ်ထည့်သည်။ နံနက် ရှစ်နာရီခွဲနေပြီ။ ဘဏ်သို့ပြေးပြီး ငွေထုတ်ချိန် ရရုံလောက်သာ ရှိတော့သည်။ သို့သော်လည်း မိမိရုံးက ဖွင့်ဦးမည် မဟုတ်။ မိမိ ရုံးတက်ဦးမည် မဟုတ်ကြောင်း ဟင်နရီကိုတော့ ပြောပြခဲ့ရပေလိမ့်မည်။ ထို့ကြောင့်လည်း ကြေးနန်းရိုက်လိုက်ရပြန်သည်။

*ဘကြီးရှင့်၊*

*ကိုယ့်ရေးကိုယ်တာ ကိစ္စများကြောင့် ခရီးထွက်သွားရပါသည်။ သောကြာနေ့ ပြန်လာပြီး အကျိုးအကြောင်း ရှင်းပြပါမည်။*

*အယ်နီ*

သည်လိုနှင့် ဘော့စတွန်မြို့သို့ ထွက်ခဲ့သည်။ မိမိရိုက်ခဲ့သည့်ကြေးနန်းနှင့် ပတ်သက်၍ မည်သို့မည်ပုံ အယူအဆ လွဲနေကြမည်ကို သူ လုံးဝ သဘောမပေါက်ခဲ့မိ။

ဟင်နရီဘယ်လာမီက အယ်နီ ရိုက်ခဲ့သည့် ကြေးနန်းစာရွက်ကို ဒေါသတကြီးနှင့် လုံးခြေပစ်လိုက်သည်။

"အသုံးကို မကျပါဘူးကွာ၊ ဒီကောင်မလေး အောလင်ကူးပါးနဲ့ ခိုးရာလိုက်ပြေးသွားတာပဲ ဖြစ်မှာပဲ"

သူ့စိတ်ထဲမှ မသက်မသာစိတ်ကို မည်သူ့မျှ ဖွင့်မပြောတော့ဘဲ မျိုသိပ်ထားလိုက်တော့သည်။ သို့သော်လည်း တစ်ရုံးလုံးတွင် သူနှင့် မစ္စစတိန်းဘက်တို့ နှစ်ဦးတည်းသာ ရှိနေသည်ကိုလည်း သတိထားမိသည်။ အခြား ရုံးသူရုံးသားများလည်း ရောက်မလာကြသေး။ ထို့ကြောင့်လည်း ဒေါသကြောင့် မိမိ အော်ဟစ်ပြောဆိုမိသည်ကို အခြားသူများ ကြားနိုင်စရာ အကြောင်းမရှိ။

သောကြာနေ့ကျတော့ ဟင်နရီ ရုံးသို့ ရောက်လာသောအခါ သူ့စားပွဲမှာ ထိုင်နေသည့် အယ်နီကို တွေ့ရသည်။

ဟင်နရီက ဝမ်းသာခြင်း၊ အံ့အားသင့်ခြင်းများနှင့် အယ်နီကို ငေးကြည့်နေမိသည်။

"မင်း ပြန်လာတာကိုး"

ဟုလည်း အော်လိုက်မိသည်။

"သောကြာနေ့ ပြန်လာမယ်လို့ ကျွန်မ ပြောခဲ့သားပဲ"

"မင်း လင်ယူသွားပြီလို့ ဘကြီးက တစ်လွဲချော်တွေးနေတာ"

"လင်ယူသွားတယ်. . ."

အယ်နီကလည်း အံ့အားသင့်သွားသည်။ ဟင်နရီကို ပြန်စိုက်ကြည့်နေမိသည်။

ထိုအခိုက် ဂျော့ဘယ်လိုစ် ဝင်လာသည်။ အယ်နီကို မြင်သောအခါ သူလည်း အံ့အားသင့်နေသည်။

"လင်ယူရမယ်၊ ကျွန်မက ဘယ်သူ့ကို ယူရမှာလဲ"

အယ်နီက ထပ်မေးလိုက်ပြန်သည်။

"ဘကြီး ထင်တာပါ၊ အောလင်နဲ့ ခိုးရာလိုက်ပြေးပြီလို့ ထင်ပြီး ဘကြီးက စိုးရိမ်နေတာ"

ဟင်နရီ၏ အမူအရာမှာ ခပ်ကြောင်ကြောင် ဖြစ်နေသည်။

"ခိုးရာလိုက်ပြေးရ[illegible]၊ ဟုတ်လား၊ ကျွန်မအဒေါ် ဆုံးသွားလို့ပါ ဘကြီးရယ်။ ဒါကြောင့် လော့ရင့်စ်ဗီးလ်မြို့ကို ကျွန်မ ပြန်သွားရတာပါ။ ကျွန်မ သွားတဲ့အချိန်က ရုံးမဖွင့်သေးဘူး။ ဒါကြောင့် ဘကြီးဆီကို ကျွန်မ ကြေးနန်းရိုက်ခဲ့တာ။ ကျွန်မ ခိုးရာလိုက်ပြေးပြီလို့ ဘကြီးကို ဘယ်သူပြောသလဲ"

ဟင်နရီက အယ်နီကို သိုင်းဖက်လိုက်သည်။

"ကိစ္စမရှိပါဘူးကွယ်၊ အခု သမီး ပြန်ရောက်လာပြီပဲ။ ဘကြီး ဝမ်းသာပါတယ်"

ထိုအချိန်ကလေးမှာပင် ရုံးခန်းတွင်းသို့ လိုင်ယွန် ဝင်လာသည်။ အယ်နီကို မြင်သောအခါ တံ့ခနဲ ရပ်လိုက်သည်။

ဟင်နရီက အယ်နီကို လွှတ်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ကလေးငယ်ကလေး တစ်ယောက် စိတ်ချမ်းသာသွားသည့် အမူအရာမျိုးနှင့် လိုင်ယွန်ဘက်သို့ လှည့်သွားသည်။

"လိုင်ယွန်၊ သူ ပြန်လာပြီ"

"ဟုတ်ကဲ့၊ ကျွန်တော် တွေ့ပါတယ်"

လိုင်ယွန်က ခံစားချက် တစ်စုံတစ်ရာ မရှိသည့်အသံမျိုးနှင့် ပြန်ပြောသည်။

အယ်နီက ခေါင်းကို ငုံ့ပစ်လိုက်သည်။

"တစ်ရုံးလုံးက အထင်အမြင်မှားအောင် ဖြစ်သွားရတဲ့အတွက် ကျွန်မ စိတ်မကောင်းပါဘူး"

"သူ့အဒေါ် ဆုံးသွားလို့တဲ့"

ဟင်နရီက အားရဝမ်းသာသည့် လေသံမျိုးနှင့် အော်ပြောပြန်သည်။ ပြီးတော့မှ ဣန္ဒြေပြန်ဆယ်သည်။ ဝမ်းနည်းသည့် အမူအရာမျိုးကို ပြန်ပြောင်းလိုက်ပြီးမှ စကားဆက်ပြောသည်။

"ဘကြီး စိတ်မကောင်းပါဘူး အယ်နီ၊ လိုင်ယွန်၊ လောရင့်စ်ဗီးလ်ကိုပြန်ပြီး အသုဘသွားပို့တာပါတဲ့"

လိုင်ယွန်ဘက်သို့ လှည့်ပြီး ရှင်းပြပြန်သည်။

လိုင်ယွန်က ပြုံးပြပြီး သူ့ရုံးခန်းအတွင်းသို့ ဝင်သွားသည်။

"ဘကြီးရုံးခန်းထဲကို လိုက်ခဲ့ပါဦး"

ဟင်နရီက အယ်နီကို ခေါ်သွားပြန်သည်။

"ကဲ- ကော်ဖီသောက်မလား၊ ဘယ်လို ကော်ဖီမျိုး သောက်ချင်သလဲ။ သမီးကြိုက်တဲ့ ကော်ဖီနာမည်ကို ပြောလိုက်စမ်း။ ဘကြီး သိပ်ပျော်နေတယ်။ သမီးကြိုက်တဲ့ကော်ဖီကို ပြောလိုက်စမ်း"

ထိုအချိန်မှာပင် ဟင်နရီ၏ စားပွဲပေါ်ရှိ ရုံးတွင်းစကားပြောခွက်မှ ခေါင်းလောင်းမြည်လာသည်။ သူ ကောက်ကိုင်ပြီး နားထောင်နေသည်။ လိုင်ယွန်၏အသံကို အယ်နီက ဘေးမှနေ၍ ကြားနေရသည်။

"ဟင်နရီ၊ နီလီအိုဟာရာအတွက် ကန်ထရိုက်စာချုပ်တွေနဲ့ အယ်နီကို ကျွန်တော့် ရုံးခန်းထဲ ခဏ လွှတ်လိုက်လို့ ရမလား"

ဟင်နရီက မျက်ရိပ်ပြပြီး ခလုတ်ကို ပြန်ပိတ်လိုက်သည်။ ထို့နောက် ဗီရိုကိုဖွင့်ကာ စာရွက်များကို မွှေနှောက်ရှာနေသည်။

"မင်းသူငယ်ချင်းအတွက် ဘကြီးတို့ကပဲ ကိုယ်စားလှယ် လုပ်ပေးမယ်လေ။ သူ့မှာလည်း ကိုယ်စားလှယ် မရှိသေးဘူး။ မျှော်လင့်ချက်ထားလောက်တဲ့ မိန်းကလေးတော့ မဟုတ်ဘူး။ ဇာတ်ခုံပေါ်မှာ ဒါလောက် အောင်မြင်လာစရာ အကြောင်းမရှိဘူး။ ဒါပေမယ့် သမီးမျက်နှာနဲ့ ဘကြီးတို့က သူ့ကိစ္စတွေကို ဆောင်ရွက်ပေးတာ"

အယ်နီကို စာရွက်များ လှမ်းပေးသည်။ တစ်ဆက်တည်း လိုင်ယွန်၏အခန်းဆီသို့ မေးငေ့ါပြလိုက်သည်။

အယ်နီ ဝင်သွားတော့ လိုင်ယွန်က ထိုင်ရာမှထသည်။

"နီလီအတွက် ကိုယ်တို့က တာဝန်ယူပေးဖို့ လုပ်နေတဲ့ကိစ္စ ဟင်နရီက ပြောပြလိုက်ရောပေါ့။ နီလီက သိပ်တောင် လုပ်ချင်တာ မဟုတ်ဘူး။ ဒီလို ကိုယ်စားလှယ်တွေ ဘာတွေနဲ့ လုပ်တဲ့အတွက် သူ့ကိုယ်သူ ထိပ်တန်း မင်းသမီးကြီးတစ်ယောက်အနေနဲ့ စိတ်ကြီးဝင်အောင်လုပ်သလို ဖြစ်သွားမယ်တဲ့"

အယ်နီက ကန်ထရိုက်စာချုပ်များပေါ်သို့သာ မျက်လုံးများကို စူးစိုက်ထားသည်။

"ဟုတ်ကဲ့၊ ဟင်နရီက ကျွန်မကို ပြောပြလိုက်ပါတယ်"

လိုင်ယွန်က သူ့ဆီသို့ လျှောက်လာပြီး စာရွက်များကို လှမ်းယူသည်။

"လွန်ခဲ့တဲ့ လေးရက်လုံးလုံး ကိုယ် ဘယ်လောက် စိတ်ဆင်းရဲခဲ့ရတယ် ဆိုတာကိုရော ဟင်နရီက ပြောပြလိုက်သေးသလား"

အယ်နီက မော့ကြည့်သည်။

လိုင်ယွန်က အယ်နီကို ပွေ့ယူလိုက်သည်။

"အိုး. . . လိုင်ယွန် . . . လိုင်ယွန်"

အယ်နီက သူ့ကို ပြန်ဖက်ထားလိုက်မိတော့သည်။

"မင်းအဒေါ်အတွက် စိတ်မကောင်းပါဘူးကွယ်။ မင်း ဘာဖြစ်လို့ ပျောက်သွားတယ်ဆိုတာ ကိုယ်တို့အားလုံး ဘယ်သူမှ မသိကြဘူး။ ဟင်နရီကတော့ မင်း ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူးလို့ဘဲ ပြောနေတော့တယ်။ ကိုယ်ကတော့ မယုံနိုင်ပါဘူး။ ကိုယ့်ဘဝထဲကနေပြီး မင်း ထွက်ပြေးသွားပြီလို့ ကိုယ် ဘယ်လိုမှ မယုံနိုင်ဘူး။ ကိုယ့်အပြုအမူဟာ သိပ်ကို ဆိုးခဲ့ပါတယ် အယ်နီ။ ဒီအကြောင်းကိုလည်း ကိုယ် သိပါပြီ။ အဲဒီညတုန်းက ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

စောင့်နေဖို့ ကောင်းပါတယ်။ ဟယ်လင်ဟာ မင်းရဲ့သူငယ်ချင်း မဟုတ်လား။ နောက်ပြီး တော့ . . ."

"မဟုတ်ပါဘူး၊ ကျွန်မ မှားပါတယ်။ မောင့်အပေါ်မှာ ဘယ်တော့မှ ဒါမျိုး ထပ် မလုပ်တော့ပါဘူး။ မောင်နဲ့ ပတ်သက်လာရင် ဟယ်လင်လည်း တန်ဖိုးမရှိပါဘူး။ ဘယ်လို လူမှ တန်ဖိုးမရှိပါဘူး။ မောင်နဲ့ မနှိုင်းယှဉ်သာ ပါဘူး။ အိုး . . . လိုင်ယွန်၊ မောင့်ကို ကျွန်မ သိပ်ကို ချစ်မိနေပြီကွယ်"

"မင်းကို ကိုယ်ချစ်ပါတယ် အယ်နီ"

"ချစ်သလား မောင်၊ အို . . . လိုင်ယွန် တကယ် ပြောလိုက်လားကွယ်"

အယ်နီတ လိုင်ယွန်ကို ပိုပြီး တင်းကျပ် အောင် ဖက်ထားသည်။

လိုင်ယွန်က အယ်နီ၏ခေါင်းကို နမ်း သည်။

"တကယ် ပြောတာပါကွယ်၊ မင်းကို တကယ် ချစ်တာပါ"

ပြောရိုးပြောစဉ်ပုံမျိုးနှင့် လိုင်ယွန်က ပြောသည်။

သို့သော်လည်း သူ့မျက်နှာကို အယ်နီ မော့ကြည့်လိုက်တော့ သူ တကယ် ပြောနေ ခြင်း ဖြစ်ကြောင်း ကောင်းကောင်း သိနား လည်လိုက်သည်။

ထို့ကြောင့်လည်း ယခု အချိန်ကလေး လောက် ပျော်စရာကောင်းသည့် အချိန်ကို သူ့ဘဝတွင် မည်သည့်အခါတွင်မျှ ထပ်မံ ကြုံ တွေ့နိုင်တော့မည် မဟုတ်ကြောင်း သူ့စိတ်ထဲ မှာ ခံစားလာရပြန်သည်။

*

ထိုအပတ် ရုံးပိတ်ရက်များတုန်းက လိုင် ယွန်၏ အခန်းမှာပင် အယ်နီလည်း လိုက်နေ သည်။ လိုင်ယွန်ကို သူ ချစ်ရသည့်အတွက် ပျော်လိုက်သည့်ဖြစ်ခြင်း။ လိုင်ယွန်က သူ့ကို ချစ်ကြောင်း သိရသည့်အတွက် ပျော်လိုက် သည့်ဖြစ်ခြင်း။

ကိုယ်ချစ်ရသူဆိုတော့ ချစ်သူအလိုကို မိုးမဆုံး မြေမဆုံး လိုက်ရပါမည်။ ချစ်သူ စိတ် ချမ်းသာအောင် ထားရပါမည်။ သူတို့နှစ်ယောက် ကြားတွင် မည်သို့သော အထစ်အငေါ့ အနှောင့် အယှက်မျှ မရှိတော့။ စိတ်မချမ်းသာစရာ ဆို၍လည်း မြူတစ်မှုန်မျှပင် မရှိတော့။

ယခုတစ်ပတ် စနေ၊ တနင်္ဂနွေ ရုံးပိတ် ရက်သည် အကြွင်းမဲ့ စိတ်ချမ်းသာရသောရက် များ ဖြစ်ကြောင်းကို သူတို့ သဘောပေါက်ကြ သည်။ သို့သော်လည်း အယ်နီ၏ စိတ်ထဲမှာ မတင်မကျ ဖြစ်နေသော အကြောင်းကလေး တစ်ခုတော့ ရှိသည်။ ထိုအကြောင်းကလည်း သူတို့နှင့်တော့ မဆိုင်ပါ။

တနင်္လာနေ့တွင် တရားရုံးသို့ အယ်နီ သွားရမည်။ ဂျနီဖာနေ့သည် ကွာရှင်းပြတ်စဲခွင့် ရရေးအတွက် သက်သေ လိုက်ပေးရန် ဖြစ် သည်။ ထိုအကြောင်းကလေးနှင့် ပတ်သက်၍ တော့ အယ်နီ၏စိတ်ထဲမှာ မတင်မကျ ဖြစ် နေသည်။

"ဒီကိစ္စကို သမီး မလုပ်ချင်ဘူးဆိုတာ ဘကြီး သိပါတယ် အယ်နီ။ ဒါပေမယ့် ဘကြီး ယုံကြည်စိတ်ချရတဲ့လူဆိုလို့ သမီးတစ်ယောက် ပဲ ရှိပါတယ်။ နယူးယောက်မြို့မှာ ဂျနီဖာက လူစိမ်းသက်သက် ဖြစ်နေတယ်။ ဘယ်မိန်း ကလေးနဲ့မှလဲ မသိသေးဘူး။ ဒီကိစ္စကလေး ကလည်း သမီး ဘာမှ မသိလိုက်ရခင်မှာဘဲ ပြီးသွားမှာပါ။ ဘာမှ မပူပါနဲ့။ ဘကြီးတို့ရုံးကို ကိုးနာရီခွဲ ရောက်အောင်လာခဲ့။ ဆယ်နာရီခွဲ တော့ တရားရုံးကို သွားကြမယ်။ ဂျနီဖာက ဖီလာဒဲလ်ဖီးယားကနေပြီး လိုက်လာလိမ့်မယ်။ တရားရုံးကို မသွားခင် ဘကြီးတို့ ဒီမှာ ဇာတ် တိုက်သွားကြတာပေါ့"

ဟင်နရီက ရှင်းပြခဲ့သည်။

ထိုအကြောင်းကလေးကို စိတ်ထဲမှာ ခုနေမိသောကြောင့် ယခု ချစ်ဦးသူနှင့် ပျော် ပျော်ရွှင်ရွှင် နေရသည့် အချိန်ကလေးမှာပင် သည်အကြောင်းကိုပဲ သတိရတိုင်း တတွတ် တွတ် ပြောနေမိသည်။ လိုင်ယွန်၏ ရင်ခွင်ထဲ မှာ မူးမူးမေ့မေ့ နေရသည့် အချိန်မျိုးမှာပင် သည်အကြောင်းကလေးကို မမေ့နိုင်အောင် ဖြစ်နေသည်။

"ဒီကိစ္စအတွက် စိတ်အနှောင့်အယှက် ဖြစ်နေတယ် ဆိုရင်လည်း မလုပ်ပါနဲ့လေ"

လိုင်ယွန်က ပြောသည်။

"ဒီအလုပ်ကို လုပ်ရမှာ စိတ်မသန့်ဘူး မောင်ရယ်။ ဒါပေမယ့်လည်း ကျွန်မ မငြင်းရဲ ဘူး။ ဒီကိစ္စဟာ မမှန်သက်သေ ထွက်တာပဲ မဟုတ်လား"

"ဥပဒေစကားအရ ပြောရမယ်ဆိုရင် တော့ မမှန်သက်သေထွက်တာပဲ။ ဒါပေမယ့်

www.burmeseclassic.com

ဒါမျိုးတွေက နေ့စဉ် ဖြစ်နေတာ။ ဘယ်သူကမှလည်း ဒါတွေကို အလေးအနက် ထားမနေကြတော့ပါဘူး။ တရားသူကြီးတွေကတောင် အလေးအနက် သဘောမထားပါဘူး။ ဒါပေမယ့် ဒီလိုလုပ်ရမှာဟာ မင်းရဲ့ ယုံကြည်ချက်နဲ့ ဆန့်ကျင်နေတယ်ဆိုရင် ဟင်နရီကို ဖွင့်ပြောလိုက်ပါ။ လိုအပ်ရင် မစ္စစတိန်းဘတ်ကိုခေါ်ပြီး သက်သေခံခိုင်းနိုင်သားပဲ"

"မစ္စစတိန်းဘတ်ကို ပထမဆုံး ဘာဖြစ်လို့ သူ မပြောတာလဲဟင်"

"သူ ပထမဆုံး စဉ်းစားခဲ့ပါသေးတယ်။ လုပ်ငန်းသဘောအရ မစ္စစတိန်းဘတ်ကိုပဲ ကိုယ်တို့ ပထမ စဉ်းစားကြစမြဲပဲ။ ဒါပေမယ့် သူနဲ့ကျတော့ သိပ်အဆင်မပြေနိုင်ဘူး။ ဂျနီဖာနော့ဘ်လို အမျိုးသမီးမျိုးနဲ့ မစ္စစတိန်းဘတ်လို အမျိုးသမီးမျိုး တရင်းတနှီး ပေါင်းသင်းနေတယ် ဆိုတာ တော်ရုံတန်ရုံ တရားသူကြီးတွေက ယုံမှာ မဟုတ်ဘူး။ ဒီကိစ္စအတွက် စိတ်ထဲမှာ အနှောင့်အယှက် ဖြစ်မနေပါနဲ့ကွာ။ ဟင်နရီကို ကိုယ် လှမ်းပြောလိုက်မယ်။ ဟင်နရီကိုရော၊ ဂျနီဖာကိုရော မင်းက ကျေးဇူးတုံ့ပြန်စရာ အကြောင်းရှိတာမှ မဟုတ်ဘဲ"

လိုင်ယွန်က တယ်လီဖုန်းကို လှမ်းဆွဲသည်။ အယ်နီက ခုတင်ပေါ်မှာ ထထိုင်သည်။

"ဘုရားရေ၊ ဟင်နရီကို သွားမဆက်လိုက်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"ဂျနီဖာရဲ့ ကျေးဇူးတွေ ကျွန်မအပေါ်မှာ အများကြီး ရှိပါတယ်။ ငွေတစ်ဆယ် ချေးလိုက်တဲ့ ကျေးဇူးလည်း ရှိတယ်။ နောက်ပြီး တခြား ကျေးဇူးတွေလည်း အများကြီး ရှိသေးတယ်။ ကျွန်မဖြင့် ဒီအကြောင်းကို လုံးလုံးမေ့နေခဲ့မိတယ်။ ဖီလာဒဲလ်ဖီးယားက ပြန်လာတုန်းက ကျွန်မကို ရထားခ သူချေးလိုက်တာ"

ဟယ်လင်လော်ဆန်နှင့် ဖြစ်ခဲ့ရသည့် အဖြစ်အပျက်များကို အယ်နီက ပြန်ပြောပြသည်။ သို့သော်လည်း လိုင်ယွန်နှင့် ဟယ်လင်တို့ ချစ်ခဲ့ကြဖူးကြောင်း ဟယ်လင် ပြောပြသည်ကိုမူ လုံးဝ မြှုပ်ကွယ်ထားလိုက်သည်။

"ဂျနီဖာကို ငွေပြန်ပို့ပေးပါ့မယ်လို့ ကျွန်မကတိပေးခဲ့တယ်။ ဒါပေမယ့် နယူးယောက်မြို့ကို ပြန်ရောက်တော့ အန်တီအေမီ ဆုံးတဲ့အကြောင်း ကြေးနန်းရောက်နေတယ်။ ဒါနဲ့ ကျွန်မလည်း လောရင့်စ်ဗီးလ်မြို့ကို ပြန်ပြေးရတော့တာ"

"ဒါကြောင့်ဆိုရင်တော့ စိတ်အေးအေးသာ ထားလိုက်ပါ အချစ်ရယ်။ ငွေလေးတစ်ဆယ်လောက်ကိုတော့ ဂျနီဖာက မှုမှာမဟုတ်တာ သေချာပါတယ်။ မနက်ဖြန်ကျရင် သူ့ကို မောင် ပြန်ပေးလိုက်ပါ့မယ်"

"အဲဒီညတုန်းက ကျွန်မအပေါ်မှာ သူ သိပ်ကောင်းတာပဲ။ ဒါကြောင့် သူ့အတွက်တော့ ကျွန်မ တရားရုံးမှာ သက်သေထွက်ပေးသင့်ပါတယ်"

"ဒီလိုဆိုလည်း ကောင်းပါလေရဲ့ဗျာ။ ဒါကို ကျေးဇူးတရားကြီး တစ်ခုလို့ ထင်ရင်လည်း ထင်လို့ရပါတယ်"

အယ်နီက သူ့ကို ပြန်ကြည့်နေမိသည်။

"မောင့်မှာ အဲဒီ အကျင့်ကလေးတစ်ခုတော့ ရှိတယ်ကွယ်။ လူတစ်ယောက်ယောက်နဲ့ ဆက်ဆံတဲ့အခါမှာ မောင်ဟာ ကျေးဇူးတင်စကားမျိုး ပြောရင်ပြီးရောဆိုတဲ့ သဘောမျိုးထားတတ်တယ်။ ကျွန်မနဲ့တုန်းကလည်း မောင် ဒီအတိုင်းပဲ။ ကျွန်မ စိတ်ထဲမှာ တစ်မျိုးခံစားရတယ်"

"မင်းနဲ့လည်း ဒီလို ဖြစ်ဖူးသလား၊ ဘယ်တုံးကလဲ"

"နီလီ အလုပ်ရတုန်းက 'ကျေးဇူးတင်ပါတယ်' လို့ မောင့်ကို ကျွန်မ ပြောဖူးတယ်။ ဟောဒီအခန်းကို မောင့်အတွက် ရှာပေးတုန်းကလည်း ဒီလိုပဲ မောင် ပြန်ပြောတယ်။ မောင်ဟာ ကြေးတိုက်တဲ့စကားမျိုး သိပ်ပြောတတ်တာပဲ။ ကျေးဇူးတရားကို ကြေချင်းတိုက်လို့ ဘယ်ဖြစ်နိုင်မှာလဲ"

"ဟောဒီ အခန်းဟာ အခု မောင်တို့ရဲ့ အခန်း ဖြစ်နေပြီလေ"

အယ်နီက သူ့ကို နားမလည်သလို ပြန်ကြည့်နေသည်။

"ဘယ်လို ကျွန်မတို့ အခန်းလဲ"

"ကိုယ်တို့ အခန်းပေါ့။ ဘရောင်းစတုန်းက ဘော်ဒါဆောင်မှာ မင်းအခန်း ရှိနေသေးပေမယ့် အဲဒီအခန်းက မင်းရဲ့ အဝတ်အစားတွေထည့်ပြီး သိမ်းထားတဲ့ ဗီရိုသဘောမျိုး ဖြစ်နေပြီပဲ။ မင်းက မောင်နဲ့ပဲ ဒီမှာ နေနေတော့တာ မဟုတ်လားကွယ်။ အဝတ်အစား ဗီရိုကို ဒီမှာ မထားရတော့ ချောင်ချောင်ချိချိ နေနိုင်တာပေါ့"

အယ်နီက သူ့ကို ပြေးဖက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


"အိုး- လိုင်ယွန်၊ ကျွန်မတို့နှစ်ယောက်ဟာ အချိန်အကြာကြီးကတည်းက သိလာကြတာ မဟုတ်ပါဘူး။ ဒါပေမယ့် မောင့်အကြောင်းကိုတော့ ကျွန်မ သိတယ်ချည်းပဲ ထင်ခဲ့မိတယ်။ မောင့်ကို စပြီးတွေ့လိုက်တဲ့အချိန်မှာပဲ ကျွန်မ လက်ထပ်ယူချင်တဲ့ ယောကျ်ားဟာ မောင်လိုယောကျ်ားဖြစ်ကြောင်း ကျွန်မ သိလိုက်ပါတယ်"

လိုင်ယွန်က အယ်နီ၏လက်ထဲမှ အသာအယာကလေး ရုန်းထွက်လိုက်သည်။

"ဒီအခန်းကို ပြောင်းလာခဲ့ပါလို့ ကိုယ်ပြောနေတာပါ အယ်နီ။ လောလောဆယ် အချိန်မျိုးမှာတော့ ဒီစကားလောက်ကိုပဲ မောင် ပြောနိုင်ပါသေးတယ်"

အယ်နီက သူနှင့် အတန်ငယ်ဝေးသည့် နေရာသို့ ရွှေ့ထိုင်သည်။ စိတ်ထဲမှာ ထိခိုက်သည် ဆိုခြင်းထက် အနေရ အထိုင်ရခက်ခြင်းက ပိုနေသည်။

လိုင်ယွန်က သူ့ပခုံးများကို လာဆွဲယူသည်။ သူနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် မျက်နှာကို လှည့်ယူသည်။

"အယ်နီ၊ မင်းကို မောင် ချစ်တယ်"

မျက်ရည်များ ဝိုင်းလာပြီ။ အောက်သို့ ပြုတ်ကျမသွားအောင် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ် လုပ်နေလိုက်ရသည်။ သို့သော်လည်း သူ့အသံက ငိုသံပါသွားတော့သည်။

"ယောကျ်ားနဲ့မိန်းမ တစ်ယောက်ကို တစ်ယောက် ချစ်ကြတယ်ဆိုရင် လက်ထပ်ကြတာပါပဲ"

"လောရင့်စ်ဗီးလ်မြို့မှာ ဆိုရင်တော့ ဟုတ်နိုင်ပါတယ်။ အခြေအနေ အားလုံးက နေသားတကျ ရှိနေကြတယ် မဟုတ်လား။ ဘဝရဲ့ နောင်ရေးအတွက်လည်း စိတ်အေးလို့ ရနိုင်ကြတယ်"

"မောင့်ဘဝရဲ့ ရှေ့ရေးကလည်း စိတ်အေးရပါတယ် မောင်ရယ်၊ ဟင်နရီက မောင့်ကို ယုံကြည် . . ."

"ဟင်နရီနဲ့ အတူတူဆက်ပြီး အလုပ်လုပ်ချင်တဲ့စိတ် မောင့်မှာ ရှိ၊ မရှိ ဆိုတာကိုတော့ မောင် ယတိပြတ် မပြောနိုင်ဘူး။ ဘာတစ်ခုမှ ရေရာတယ်လို့ မောင် မထင်ဘူး။ ဘာတစ်ခုမှ စိတ်ထဲမှာ ဒုန်းဒုန်းချလို့ ရတာ မရှိဘူး။ တစ်ခုပဲ မောင် သေသေချာချာ သိထားတာ ရှိတယ်။ ဟင်နရီရဲ့ ဘဝမျိုးကိုတော့ မောင် မလိုချင်ဘူး"

လိုင်ယွန်က စဉ်းစားနေသည်။ ပြီးမှ ဆက်ပြောပြန်သည်။

"စစ်ကြီးပြီးသွားတဲ့အခါမှာ ဟင်နရီဆီကို ပြန်မလာတော့ဘူးလို့ မောင် ဆုံးဖြတ်ခဲ့မိတယ်။ မောင့်ဘဝဟောင်းကြီးထဲကို ပြန်မဝင်တော့ဘူးလို့ ဆုံးဖြတ်ခဲ့တယ်။ ဒါပေမယ့် . . .

မောင် ပြန်လာမိတယ်။ ဟင်နရီရဲ့ ဆွဲဆောင်မှုကလည်း ကောင်းတယ်။ ဒါကြောင့် ဒီဘဝနဲ့ပဲ အရိုးထုတ်ရတော့မလို ဖြစ်ခဲ့တယ်။ အဲဒီနောက်မှာပဲ ဘာဘယ်ရီဟိုတယ်မှာ မင်းနဲ့ မောင် နေ့လယ်စာ စားကြတယ်။ အဲဒီနေ့က မင်းပြောခဲ့တဲ့ စကားတွေဟာ အများကြီး ထိရောက်ခဲ့တယ်။ မောင့်ကိုယ်မောင် အများကြီး ပြန်ပြီး စဉ်းစားစေခဲ့တယ်။

အဲဒီနောက် နယူးဟဲဗင်းကို ရောက်ကြပြန်တော့ တယ်ရီကင်းတို့ကိစ္စ ပေါ်လာတယ်။ စိတ်မချမ်းသာစရာအဖြစ်တွေနဲ့ ကြုံခဲ့ရတယ်။ နောက်တစ်ခါ မင်း ရုတ်တရက် ပျောက်သွားပြန်တော့ အကြီးအကျယ် စိတ်ဒုက္ခရောက်ခဲ့ရတယ်။ ဒါကြောင့်မို့ ဆုံးဖြတ်ချက် တစ်ခုကို မောင် ချလိုက်ရပြီ။ စာရေးတဲ့အလုပ်ကိုပဲ မောင် လုပ်တော့မယ်"

"သိပ်ကောင်းတဲ့ အလုပ်ပေါ့ မောင်၊ ဒါပေမယ့် လက်ထပ်တာနဲ့ ဘာများ အပြောင်းအလဲ ဖြစ်သွားနိုင်မှာမို့လို့လဲ"

"ကိုယ့်မှာ ရှေးဟောင်း အယူအဆတွေ ရှိနေတယ်လို့ ပြောရင်လည်း ခံရမှာပါပဲ။ ယောကျ်ားတစ်ယောက်ဟာ သူ့ဇနီးကို လုပ်ကိုင်ကျွေးမွေးရမယ်လို့ မောင် ယုံကြည်နေတယ်။ မင်းနဲ့ မောင် လက်ထပ်လိုက်မယ်ဆိုရင် မောင့်ဘဝဟာ ဟင်နရီရဲ့လုပ်ငန်းထဲမှာ ရာခိုင်နှုန်းပြည့် နစ်မြုပ်သွားရတော့မယ်။ မောင်တို့ ငွေတွေ အများကြီး ရနိုင်ပါတယ်။

ဒါပေမယ့်၊ မောင်တို့ရဲ့ အိမ်ထောင်ရေးဟာ ပျော်စရာကောင်းတဲ့ အိမ်ထောင်ရေး ဖြစ်လာနိုင်မှာ မဟုတ်ဘူး"

"ဟင်နရီဆီကနေ မောင် အလုပ်ထွက်တော့မှာလား"

"ကံမကောင်း အကြောင်းမလှဘူးလို့ ဆိုရတော့မှာပေါ့ကွာ။ မောင် ထွက်နိုင်ဦးမှာ မဟုတ်ဘူး၊ လေး ငါး ခြောက်လလောက် အလုပ် မလုပ်ဘဲ ထိုင်စားနိုင်လောက်အောင်တော့ စုထားတဲ့ပိုက်ဆံ နည်းနည်းပါး ရှိပါ


www.burmeseclassic.com

www.burmeseclassic.com

တယ်။

ဒါပေမယ့် ဒါကလည်း သိပ်ကို စွန့်စားရမယ့်လုပ်ငန်း၊ ဟင်နရီဆီမှာပဲ အလုပ်ဆက်လုပ်နေရဦးမယ်။ ညပိုင်းတို့၊ ရုံးပိတ်ရက်တို့မှာ တစ်ဖက်က မောင် ရေးချင်နေတဲ့စာအုပ်ကို ဖြစ်အောင် ရေးရမယ်။ အားကျလောက်တဲ့ နည်းလမ်းတော့ မဟုတ်ဘူးပေါ့လေ။

ဒါပေမယ့်၊ အခိုက်အတန့်မှာတော့ ဒီအတိုင်းပဲ လုပ်ရဦးမယ်။ ကိုယ်သွားပြီး အနားယူရင်း စာရေးနေဖို့တော့ မြို့တစ်မြို့မှာ အိမ်တစ်လုံးလောက် ရှိဖို့ကောင်းတယ်။ ဒါပေမယ့် ကိုယ့်မှာ အဲဒီလို အိမ်မျိုးလည်း မရှိဘူး။

ဒါကြောင့် မောင့်ဘဝရဲ့ ရှေ့ရေးကို ကြည့်ရင် မသေချာတာတွေချည်းပဲ။ အခက်အခဲတွေချည်းပဲ။

မောင် ရေးမယ့်စာအုပ်ကို လက်ခံကြပါပြီပဲ ဆိုဦးတော့၊ ဒီစာအုပ်အတွက် မောင်ရမယ့် ကြိုတင်ငွေဟာ ဘာမှပြောပလောက်မှာ မဟုတ်ဘူး။ လူမသိသေးတဲ့ စာရေးဆရာကို ပေးတဲ့ ကြိုတင်ငွေဟာ စကားထဲ ထည့်ပြောလောက်တဲ့ငွေမျိုး မဟုတ်ဘူး။ စာအုပ် ထွက်လာဖို့ ဆိုတာကလည်း အနည်းဆုံး ခြောက်လကနေ ရှစ်လလောက်အထိ ကြာမယ်။

တစ်ခါတလေကျတော့လည်း စာအုပ်က ကောင်းပေမယ့် စာရေးဆရာအဖို့တော့ ငွေကြေး နည်းနည်းပါးပါးပဲ ရတာတွေလည်း ရှိတယ်။ ကမ္ဘာကျော် ရေးတိုင်းစွံ၊ ထွက်တိုင်းရောင်းမလောက် စာရေးဆရာ ဆိုတာက လက်ချိုးရေလို့ ရပါတယ်။

ဒါကြောင့်၊ မောင့်မှာ ရွေးချယ်ဖို့လမ်းနှစ်လမ်း ပေါ်နေတယ်။ ဟင်နရီနဲ့နေပြီး အချိန်အားရတဲ့အခါမှာပဲ စာအုပ်ကို ရေးရမလား။ ဒါမှမဟုတ် ချမ်းသာတဲ့ အဘွားကြီး တစ်ယောက်ယောက်ကို ရှာယူပြီး မောင် ဝါသနာပါတဲ့ စာရေးတဲ့အလုပ်ကို စောက်ချလုပ်ရမလား၊ ဒီလမ်းနှစ်လမ်းက တစ်လမ်းလမ်းကို ရွေးရတော့မှာပဲ"

"ကျွန်မဟာ အဘွားကြီးလည်း မဟုတ်ဘူး၊ ပိုက်ဆံလည်း မချမ်းသာဘူး။ ဒါပေမယ့် ကျွန်မမှာ ငွေနည်းနည်းပါးပါး ရှိပါတယ် မောင်။ ပြီးတော့ တစ်ဖက်က ကျွန်မလည်း အလုပ်လုပ်နေနိုင်တာပဲ"

လိုင်ယွန်က အယ်နီ၏ ဆံပင်ထဲသို့ လက်သွင်းပြီး ခပ်သာသာ ဖွနေသည်။ နူးညံ့သောပိုးမျှင်တို့သည် လက်ချောင်းကလေးများကြားမှာ လျှောကျနေသည်။

"မင်း ရနေတဲ့လခရယ်၊ မောင် စုထားတဲ့ငွေရယ် ပေါင်းရင်တောင်မှ ဒီအိမ်ခန်းကလေးမှာ မောင်တို့ ဆက်နေနိုင်ဖို့ ခက်ပါတယ်ကွယ်"

"ဒါပေမယ့်၊ ကျွန်မ ပြောပါရစေလား၊ ကျွန်မမှာ ပိုက်ဆံ နည်းနည်းပါးပါး ရှိပါတယ်လို့။ ဖေဖေက ကျွန်မအတွက် ငွေငါးထောင် ထားခဲ့တယ်။ အခု ဆုံးသွားတဲ့အဒေါ်က ငွေခုနစ်ထောင် ထားခဲ့တယ်။ အားလုံးပေါင်း သောင်းနှစ်ထောင်တောင် ရှိတာ မောင်။ ဒါဟာ လိုတာထက်တောင် ပိုနေသေးတယ်"

လိုင်ယွန်က လေတစ်ချက် ချွန်လိုက်သည်။ ပြီးတော့ အယ်နီကိုလည်း အားပါးတရ နမ်းလိုက်သည်။

"ယောဗျာ၊ သူဌေးမကလေးတစ်ယောက်နဲ့ လာတွေ့ရပါပေါ့လား။ ဒါပေမယ့် အယ်နီ၊ ဒီလိုတော့လည်း ကိုယ် စိတ်သန့်မှာ မဟုတ်ဘူး။ နောက်ပြီးတော့ ကိုယ် စာရေးလို့ ရမယ် မရဘူး ဆိုတာလည်း မသေချာဘူး။ ရေးလို့ရပြန်ရင်လည်း အဲဒီစာအုပ်က ကောင်းမယ် မကောင်းဘူးဆိုတာ မပြောနိုင်သေးဘူး။

အခု အချိန်လောက်ဆိုရင် စစ်ပြန်စစ်မှုထမ်းဟောင်းတိုင်း စာရေးစားပွဲမှာ ထိုင်ပြီး စစ်အတွင်းက သူတို့ အတွေ့အကြုံတွေကို ရေးနေကြပြီ။ ဒီလို ရေးနေတဲ့ လူပေါင်းဟာ လေး ငါး ခြောက်သိန်းလောက်လည်း ရှိနိုင်တယ်။ ကမ္ဘာစစ်ထဲပါပြီး တိုက်ပွဲဝင်ခဲ့ကြတဲ့ ကိုယ်တို့အားလုံးမှာ ရေးစရာ အကြောင်းတွေ အများကြီး ရှိကြတယ်။ နော်မန်ဒီကမ်းခြေတိုက်ပွဲတို့၊ အိုကီနာဝါတိုက်ပွဲတို့ စုံနေတာပဲ။

ဒါပေမယ့်၊ ဘယ်သူ့စာအုပ်က အရင်ထွက်လာမလဲ၊ ဘယ်သူ့စာအုပ်က အကောင်းဆုံး ဖြစ်မလဲ ဆိုတာက အရေးအကြီးဆုံး ဖြစ်နေတယ်"

"မောင် ရေးနိုင်မှာ သေချာပါတယ်၊ ကျွန်မ သိပါတယ် မောင်ရယ်"

"မောင့်ထက်တောင်မှ ပိုပြီး မင်းက သိနေပြီကိုး။ ဘယ်ဟာက ပျော်စရာကောင်းတယ်၊ ဘယ်ဟာကို အာရုံစိုက်ပြီး လုပ်ရမယ် ဆိုတာတွေကို အမှန်အတိုင်း မင်း ဆုံးဖြတ်တတ်ပါတယ်လေ။ ဒါတွေကြောင့်လည်း မင်းကို မောင် ချစ်ရတာပါ"

www.burmeseclassic.com

www.burmeseclassic.com

"မောင် စာအုပ်ရေးပြီးသွားရင် ကျွန်မနဲ့ လက်ထပ်မလား"

"မောင်ရေးတဲ့စာအုပ်က သိပ်ကို ကောင်းသွားမယ် ဆိုရင်တော့ မင်းနဲ့ ဝမ်းသာအားရ လက်ထပ်မှာပေါ့"

အယ်နီက ခဏကြာအောင် ငြိမ်နေသည်။

"ဒါပေမယ့်၊ မောင် စောစောကပြောတော့ စာအုပ်ကောင်းတိုင်းလည်း ငွေကောင်းကောင်း မရဘူးဆို"

"စာပေကိစ္စမှာက ငွေရေးကြေးရေးဟာ အဓိက မဟုတ်ပါဘူး။ ငွေနဲ့ အဆုံးအဖြတ်ပေးတာ မဟုတ်ပါဘူး။ စာအုပ်က ကောင်းမယ်ဆိုရင် ငွေ များများစားစား မရပေမယ့် စာဆက်ရေးဖြစ်တော့မယ်။ ဆက်ရေးရတော့မယ်။ ပိုပြီး ကြိုးစားပမ်းစား ရေးရတော့မယ်။ စိတ်ကူးကြည့်တော့ လွယ်တယ်၊ တကယ် လက်တွေ့ကျတော့ ခက်တယ်။ တကယ်လို့ မောင်ရေးတဲ့စာအုပ်ကို ထုတ်ဝေသူတွေက မကြိုက်ဘူးဆိုရင် ဟင်နရီဆီမှာပဲ ပြန်ကပ်ပြီး အလုပ်လုပ်နေရဦးမယ်။ ဟိုတုန်းက လိုင်ယွန်ဘတ်နဲ့ မတူတော့ဘဲ အကြောင်းမဲ့ အချိန်ထိုင်ဖြုန်းနေတာမျိုး ဖြစ်တော့မယ်။ ဒီအခါမှာ မင်းကလေးကလည်း မောင့်ကို သိပ်ပြီး အရိပ်တကြည့်ကြည့် နေမှာ မဟုတ်တော့ဘူး"

"ဟိုတုန်းက လိုင်ယွန်ဘတ်က ဘယ်လိုလူမျိုးလဲ"

လိုင်ယွန်က ခဏ စဉ်းစားနေသည်။

"အကြောင်းမဲ့ အချိန်ဖြုန်းမနေဘူး။ ဟုတ်တယ်၊ ခိုင်လုံတဲ့ အကြောင်းပြချက် မရှိဘဲနဲ့လည်း ဘာအလုပ်ကိုမှ မလုပ်ဘူး။ လုံလောက်တဲ့အကြောင်းမရှိရင် ရည်းစားတောင် မထားဘူး"

လိုင်ယွန်က အယ်နီကို ဖက်လိုက်သည်။

ဟယ်လင်ပြောသည့် စကားများကို အယ်နီ ပြန်လည် ကြားယောင်လာသည်။ ဟယ်လင် ပြောသည်မှာ မှန်နိုင်ပါသည်။ ဟိုတုန်းက လိုင်ယွန်ဘတ်နှင့် ဟယ်လင်တို့ ချစ်ခဲ့ကြိုက်ခဲ့ကြသည် ဆိုသည်မှာ မှန်ပါပြီ။ ယခုတော့ သူကိုယ်တိုင်ကပင် မှန်ကန်ကြောင်း လက်တွေ့ပြနေပြီ မဟုတ်လား။

"ဒါပေမယ့်၊ အဲဒီ လိုင်ယွန်ဘတ်က တိုက်ပွဲမှာ ကျဆုံးခဲ့ပြီ။ ဒါမှ မဟုတ်ရင်လည်း မက်မန်းခြံ စိုက်ထားတဲ့ သူ့တပ်ကြပ်ကလေးက မက်မန်းခြံကြီးအကြောင်း သူ့ကို ပြောပြနေခဲ့တဲ့ ညတုန်းကပဲ သူ ကွယ်လွန်သွားတာလည်း ဖြစ်နိုင်တယ်။ တကယ်လို့ စစ်အတွင်းက တိုက်ပွဲမှာ သူမကျခဲ့ဘူးဆိုရင် အခုလို ရည်ရွယ်ချက်မရှိဘဲ အကြောင်းမဲ့ထိုင်ပြီး အချိန်ဖြုန်းနေမှာ မဟုတ်ဘူး"

"ဟိုတုန်းက အကြောင်းတွေကို ပြန်ပြီး တမ်းတနေလို့ မဖြစ်ပါဘူး။ မောင် အခု ပြောနေပုံကိုကြည့်ရင် အတိတ်ကို ပြန်ပြီး နှမြောနေတာမျိုး မဟုတ်ဘူး ဆိုတာလည်း သိသာနိုင်ပါတယ်။ မောင်ရေးတဲ့စာအုပ်က မအောင်မြင်ဘူးဆိုရင် ထပ်ပြီး ရေးရမှာပေါ့။ ထပ်ရေးတာကလည်း မအောင်မြင်သေးဘူးဆိုရင် နောက်ထပ်ပြီး ရေးရဦးမှာပေါ့။

အတိတ်တုန်းက လိုင်ယွန်ဘတ်ကို ပြန်ပြီး လွမ်းမနေပါနဲ့။ ဒီကနေ့ မောင်ဟာ ဒီကနေ့ မောင်ပဲ။ ဒီကနေ့ လုပ်ရမယ့် အလုပ်ကို ဒီကနေ့ လုပ်ရမှာပဲ။ မောင်က ဟင်နရီဆီမှာ အလုပ်လုပ်ရင်း တစ်ဖက်က စာရေးချင်တယ်ဆိုရင် ရေးပါ။ ကျွန်မ စောင့်ပါ့မယ်။ အောင်မြင်ဖို့ စာအုပ်ပေါင်း ဒါဇင်နဲ့ချီပြီး ရေးရမယ်ဆိုရင်လည်း စောင့်ပါ့မယ်။ ဒါပေမယ့် မောင်ကတော့ ဒီအတိုင်းပဲ ရှိနေရမယ်"

"ကိုယ့်အကြောင်းကို ကိုယ်သိပါတယ် အယ်နီ၊ ဟင်နရီဘယ်လာမီလိုလူမျိုး မဖြစ်ရတာကိုပဲ မောင့်ဘဝကို မောင် ကျေနပ်လှပြီ။

တကယ်လို့ ဟင်နရီလို လူမျိုးသာ မောင် ဖြစ်မယ်ဆိုရင် သူ့ထက် မောင်က ပိုပြီး အောင်မြင်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဟင်နရီက စိတ်မတည်ငြိမ်ဘူး။ အပြောင်းအလဲ ဖြစ်တတ်တယ်။ မောင်ကတော့ ဒီလို မဟုတ်ဘူး၊ တစ်ခုဆိုတစ်ခုကိုပဲ အာရုံစိုက်ပြီး လုပ်တတ်တယ်။

ဒါကြောင့် သူ့လိုသာ လုပ်နေမိမယ်ဆိုရင် လုပ်ငန်းအနေနဲ့တော့ မောင် အောင်မြင်မယ်။ ဒါပေမယ့် မောင့်ရဲ့ ကိုယ်ပိုင်ဘဝကိုတော့ လက်လွှတ်ဆုံးရှုံးလိုက်ရမယ်"

"ဟင်နရီကို မောင် ဒီလိုပဲထင်သလား"

"ဟင်နရီဟာ အခုလို ထိပ်ဆုံးကို ရောက်လာဖို့အတွက် နှစ်ပေါင်းသုံးဆယ်လောက် ရုန်းကန်ကြိုးစားခဲ့ရတယ်။ ထိပ်ဆုံးနေရာလို့ ကိုယ်တို့က သုံးပေမယ့် သူကတော့ ဧဝရက်တောင်ထိပ်လို့ ပြောလေ့ရှိတယ်။ ထားပါတော့လေ၊ သူဟာ ငွေကြေးအနေနဲ့ရော လုပ်ငန်းအောင်



www.burmeseclassic.com

www.burmeseclassic.com

မြင်မှုအရရော သူပြောတဲ့ ဇဝရက်တောင်ထိပ်ကို ရောက်နေပြီ။

ဒါပေမယ့်၊ သူ့ရဲ့ ကိုယ်ပိုင်ဘဝကို ပြန်ကြည့်စမ်း၊ သူ့အကြောင်းကို ရေးရမယ်ဆိုရင် ဇာတ်ရုံတွေထဲမှာ အလုပ်လုပ်နေတာတွေ၊ စီးပွားရေးလုပ်ငန်းတွေအတွက် ရုန်းကန်လှုပ်ရှားနေရတာတွေ၊ မင်းသား မင်းသမီးတွေနဲ့ စာချုပ်ကိစ္စ ဆွေးနွေးနေရတာတွေချည်းပဲ တွေ့ရလိမ့်မယ်။

ဘယ်မှာလဲ၊ သူ့ရဲ့ ကိုယ်ပိုင်ဘဝ၊ အိမ်ထောင်ရေး အကြောင်းလည်း ရေးစရာမရှိ၊ ဆွေမျိုးသားချင်း အကြောင်းလည်း ရေးစရာမရှိ လူ့ဘဝကြီးမှာ အသိုင်းအဝိုင်း၊ သားသမီး၊ ဆွေမျိုးညာတကာတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ဘယ်လိုနေသွားတယ်ဆိုတာ စာတစ်ကြောင်းလောက်တောင်မှ ရေးစရာအကြောင်းမရှိဘူး။

အတိုဆုံးပြောရရင် သူ့ဘဝဟာ အချိန်ရှိသမျှ စီးပွားရေးလုပ်ငန်းထဲမှာ နစ်မြုပ်နေတဲ့ ဘဝပဲ။ ဇဝရက်တောင်ထိပ်ပေါ်ကို ရောက်သွားတာတော့ မှန်ပါရဲ့။ ဒါပေမယ့် အဖော်မပါဘဲ တစ်ယောက်တည်း ရောက်သွားတာ"

"ဟင်နရီကို မောင် အဲဒီလို မြင်တယ်ဆိုရင် ကျွန်မ မြင်တာနဲ့ရော ဘာထူးလို့လဲ။ ဟင်နရီဟာ အိမ်ထောင်ပြုဖို့ စောင့်မြဲစောင့်နေတယ်။ မောင်လည်း ဒီအတိုင်း နေနိုင်တာပေါ့"

"မဖြစ်နိုင်ပါဘူးကွယ်၊ ဇဝရက်တောင်ထိပ်ရောက်ပြီး အိမ်ထောင်ပြုရတာဟာ ဘာအဓိပ္ပာယ်မှ မရှိဘူး။ ဟင်နရီလိုလူမျိုးဟာ အိမ်ထောင်ပြုလိုက်ပါပြီပဲထား၊ သားတွေ သမီးတွေ ရလာပါပြီပဲထား။

ဒါပေမယ့်၊ သူ့ရဲ့ ကိုယ်ပိုင်ဘဝကတော့ ဒီအတိုင်းပဲ ရှိနေတော့မှာပဲ။ သူက သူ့အလုပ်ထဲမှာ နစ်မြုပ်နေမယ်။ သူ့မိန်းမက သူနဲ့ ဝေးတဲ့တစ်နေရာမှာ တစ်ယောက်တည်း ရှိမယ်။ သားသမီးတွေ ရရင်လည်း သားသမီးတွေနဲ့ပဲ အတူနေရမယ်။ ဒီတော့ သူတို့ရဲ့ဘဝဟာ ဘယ်မှာပျော်စရာကောင်းတော့မလဲ၊ လုပ်ငန်းသဘောအရ အောင်မြင်တယ်၊ ငွေကြေးအရ အောင်မြင်တယ်။

ဒါပေမယ့်၊ သူ့ရဲ့ လူ့လောက စည်းစိမ်ဟာ ဘယ်မှာလဲ။ မိသားစုနဲ့၊ အသိုင်းအဝိုင်းနဲ့ ပျော်ပျော်ရွှင်ရွှင် နေရတဲ့အချိန်ဟာ ဘယ်မှာလဲ။ အချိန်ရှိသမျှ အလုပ်ထဲမှာပဲ နစ်မြုပ်နေရမယ်။ ဒီလိုဘဝမျိုးကိုတော့ မောင် စိတ်ပျက်မိတာ အမှန်ပါပဲ။ ဇဝရက်တောင်ထိပ်ကို တစ်ယောက်တည်း ရောက်သွားရတဲ့ ဘဝမျိုး။ လောကကြီးမှာ အဖော် မရှိဘဲ နေနေရတဲ့ဘဝမျိုး၊ မောင်ကတော့ လူ့လောကကြီးမှာ လူသားတစ်ယောက်နဲ့ တူအောင် နေချင်တယ်။ ဇဝရက်တောင်ထိပ်ကို မရောက်ချင်ဘူးလို့တော့ မဆိုလိုပါဘူး။

ဒါပေမယ့်၊ မောင့်မိသားစုနဲ့ မောင့်အသိုင်းအဝိုင်းနဲ့ သိုက်သိုက်ဝန်းဝန်းကြီး တပျော်တပါး ရောက်ချင်တယ်"

သူတို့နှစ်ယောက်စလုံး ငြိမ်သက်သွားကြသည်။ အတန်ကြာမှ လိုင်ယွန်က စကားဆက်သည်။

"စိတ်ပင်ပန်းစရာကောင်းလှတဲ့ ဒီလိုအကြောင်းတွေကို ပြောမိတာ မောင် စိတ်မကောင်းပါဘူးကွယ်"

"ကျွန်မကတော့ ဝမ်းသာပါတယ်မောင်၊ ဘာဖြစ်လို့လဲ ဆိုတော့ မောင့်အကြောင်းကို ပိုပြီး သိလာရလို့ပါပဲ။ ကျွန်မ စိတ်ပူနေတဲ့ အကြောင်းတစ်ခုပဲ ရှိပါတယ်"

"ဘာများလဲ"

"ကျွန်မနဲ့ လက်ထပ်ဖို့ ဘယ်အချိန်ကျမှများ မောင် ပြောလေမလဲဆိုတာ"

လိုင်ယွန်က အားပါးတရ ရယ်သည်။

ယခုလို သူ အားပါးတရ ရယ်သော အချိန်တွင် သူ့အမူအရာသည် တစ်မျိုး အံ့သြစရာ ကောင်းနေသည်။ ထိုအကြောင်းကို သူ ကိုယ်တိုင်မှ သိပါလေမည်လားဟု အယ်နီက စဉ်းစားကြည့်မိသည်။

သူ့ခေါင်းကို ယိမ်းခါပြီး ရယ်သည်။ ရယ်သံကလည်း ဆည်းလည်းသံလို သာယာလွန်းသည်ဟု အယ်နီ ထင်ပါသည်။

"မင်းကို ပြောရဦးမယ်၊ ကိုယ့်စာအုပ် ရေးပြီးသွားရင် မင်း အရင်ဖတ်ရစေမယ်။ စာမူကို ပေးဖတ်မယ်။ အဲဒီအခါကျတော့ မောင်နဲ့ ဘယ်တော့ လက်ထပ်မယ် ဆိုတာကို မင်း ပြောပါ"

အယ်နီက သူ့အနားသို့ကပ်ပြီး ကနွဲ့ကလျလုပ်ရင်း လေသံကလေးနှင့် ပြောသည်။

"အိပ်တော့မယ်ကွယ်၊ မနက်ဖြန်ကျတော့ လုပ်စရာအလုပ်တွေ အများကြီး ရှိနေသေးတယ်"

"ဟုတ်သားပဲ၊ ဂျနီဖာရဲ့ ကွာရှင်းပြတ်စဲ

www.burmeseclassic.com

www.burmeseclassic.com

ခွင့်ကိစ္စ လိုက်လုပ်ပေးရဦးမှာပဲ"

"ဒါထက် မောင်၊ မောင့်အခန်းသော့ အပိုရှိသလား"

"သော့ပိုတစ်ချောင်း လုပ်ပေးပါ့မယ်။ မောင့်အခန်းကို ပြောင်းလာတော့မှာလား"

လိုင်ယွန်က အယ်နီကို ပိုပြီး တင်းကျပ်သွားအောင် ပွေ့ထားသည်။

"ပြောင်းလာဖို့ မဟုတ်ပါဘူး၊ မနက်ဖြန် ကျရင် လက်နှိပ်စက် အသစ်တစ်လုံး မောင့်အခန်းကို ပို့ပေးထားမယ်။ စာရွက်လွတ်တွေလည်း အများကြီး ပို့ပေးထားမယ်။ ကျွန်မတို့ လက်မထပ်ခင် လက်ထပ်ပွဲကို ကြိုဆိုတဲ့အနေနဲ့ ကျွန်မရဲ့ လက်ဆောင်အဖြစ်နဲ့ ပေးပါ့မယ်"

"ကောင်းပါလေ့ အချစ်ရယ်၊ မောင် လက်ခံပါ့မယ်။ ဒါပေမယ့် စည်းကမ်းချက် တစ်ခုနဲ့ လက်ခံမယ်။ အဲဒီ လက်နှိပ်စက်နဲ့ အတူတူ မင်းလည်း မောင့်ဆီကို ပြောင်းလာရမယ်"

"အောင်မယ်လေး၊ အဲဒီ စည်းကမ်းချက်ကြီးကိုတော့ မလိုက်နာပါရစေနဲ့ မောင်ရယ်။ အခုလိုပဲ နေပါရစေ။ မောင် လိုချင်တဲ့ အချိန်မှာ ခေါ်ပါ။ စနေ၊ တနင်္ဂနွေတိုင်း အခုလိုပဲ မောင်နဲ့အတူတူ လာနေမယ်။ မောင် ရေးထားတဲ့စာမူတွေကို လက်နှိပ်စက်နဲ့ ပြန်ရိုက်ပေးမယ်။ မောင်နဲ့အတူတူ မနေနိုင်သေးပေမယ့် မောင့်အတွက်ပဲ အသက်ရှင်နေမယ်။ မောင့်ကို စောင့်နေပါ့မယ်"

လိုင်ယွန်က အယ်နီ၏ မျက်လုံးကလေးကို နမ်းလိုက်သည်။

"ဥပဒေပညာရှင် တစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင် မင်း ဖြစ်ချင်တဲ့အတိုင်း သဘောတူလိုက်ပါပြီ။

ဒါပေမယ့် မင်းရဲ့ချစ်သူတစ်ယောက် အနေနဲ့ ပြောရမယ်ဆိုရင်တော့ မင်း စိတ်မဆင်းရဲရအောင် မောင် အစွမ်းကုန် ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ် အချစ်ရယ်"

*

တရားရုံးတော်သို့သွားပြီး သက်သေခံရသည်မှာ ခဏကလေးသာ ဖြစ်သည်။ ကိုယ်တွေ့ကြုံရသောအခါကျမှ အယ်နီ၏ ကြောက်စိတ်များလည်း ပြေပျောက်ရတော့သည်။ အစစအရာရာ အဆင်သင့်ပြင်ထားပြီး ဖြစ်သည်။ ဟင်နရီက တရားသူကြီးထံသို့ စာရွက်စာတမ်းများ တင်ပြသည်။ အမေးအဖြေများ လုပ်ကြသည်။ စောစောက ကြိုတင် လေ့ကျင့်ထားခဲ့ကြသည့်အတိုင်း ဂျနီဖာက ထွက်ဆို အစစ်ခံသည်။ စောစောက လေ့ကျင့်ထားခဲ့သည့်အတိုင်း အယ်နီက သက်သေခံသည်။ ဆယ်မိနစ်မျှပင် မကြာလိုက်ဘဲ ကွာရှင်းပြတ်စဲခွင့်အမိန့်ကို ဂျနီဖာ ရလေတော့သည်။

ဟင်နရီက သူတို့နှစ်ယောက်ကို နေ့လယ်စာ လိုက်ကျွေးသည်။ သို့သော်လည်း သူကိုယ်တိုင်ကမူ ကသုတ်ကရက်စားပြီး. . .

"ဘကြီးမှာ အလုပ်တွေ ရှိသေးတယ်။ ဒါပေမယ့် သမီးတို့နှစ်ယောက်ကတော့ နေခဲ့ကြဦးလေ။ အယ်နီ၊ ဒီနေ့ ညနေပိုင်း ရုံးမတက်နဲ့တော့"ဟု ပြောကာ ထွက်သွားတော့သည်။

ဟင်နရီ ထွက်သွားသောအခါ ဂျနီဖာက အယ်နီဘက်သို့ လှည့်လာသည်။

"ကဲ ပြောပြစမ်းပါဦး၊ လိုင်ယွန်နဲ့ မင်းတို့ အခြေအနေ ဘယ်လို ဖြစ်နေသလဲ"

ဖြစ်ခဲ့သမျှ အားလုံးကို အယ်နီက ပြန်ပြောပြသည်။ ဂျနီဖာအပေါ် သည့်မျှ မြန်မြန် ယုံကြည်စိတ်ချမှု ရှိသွားသည့်အတွက် အယ်နီက သူ့ကိုယ်သူ ပြန်ပြီး အံ့သြနေမိသည်။

လူတစ်ဖက်သား ယုံကြည်စိတ်ချအောင် ဆွဲဆောင်သည့် အင်အားတစ်ခုခု ဂျနီဖာတွင် ရှိနေပုံရသည်။

ဇာတ်ရည်လည်သွားသောအခါ ဂျနီဖာက ခေါင်းကို ယမ်းခါလိုက်သည်။

"မင်းလူကတော့ တကယ့်လူပဲ။ သူ့ကို မင်း ဘယ်တော့မှ ထိန်းချုပ်ကိုင်တွယ်လို့ ရမှာ မဟုတ်ဘူး"

"ကိုယ်ကလည်း သူ့ကို မထိန်းချုပ် မကိုင်တွယ်ချင်ပါဘူး"

"ကိုယ်ဆိုလိုတာက ဒီသဘောမျိုး မဟုတ်သေးဘူးလေ။ ယောကျ်ားတစ်ယောက်ဟာ သူလုပ်ချင်တာတွေကို လုပ်နေခွင့်ရတယ်လို့ သူ့စိတ်ထဲမှာ ယုံကြည်မှု ရှိနေစေရမယ်။ ဒါပေမယ့် မင်းကိုယ်မင်း ပြန်ပြီး ထိန်းချုပ်ထားနိုင်တာနဲ့အမျှ သူ့ကိုလည်း ထိန်းချုပ်ထားရာ ရောက်တယ်။ စေ့စပ်ကြောင်းလမ်းတဲ့ လက်စွပ်တစ်ကွင်း သူ့ဆီက ရအောင်တောင်းပါ။ ပြီးတော့မှ သူ့ကို မင်း ကြိုက်သလို အရှုံးပေးပါ"

အယ်နီက လက်စွပ် မရှိတော့သည့် သူ့လက်ချောင်းကလေးများကို ပြန်ကြည့်နေသည်။

"လက်စွပ်ရဖို့က အရေးမကြီးပါဘူးကွယ်၊



www.burmeseclassic.com

www.burmeseclassic.com

အင်မတန်ကြီးမားတဲ့ လက်စွပ်တစ်ကွင်း ကိုယ်ရခဲ့ဖူးပါတယ်၊ ဒါပေမယ့် အဲဒီလို လက်စွပ်ရလို့လည်း အရာမရောက်ပါဘူး။သေတ္တာထဲမှာ ဒီအတိုင်းထည့်ပြီး သိမ်းထားလိုက်တယ်"

ဂျနီဖာက လေးစားသည့် အကြည့်မျိုးနှင့် အယ်နီကို ကြည့်နေသည်။

"အေလင်ကို ဒီအတိုင်း ပ,ထုတ်လိုက်ပြီး သူပေးတဲ့ လက်စွပ်ကိုတော့ မင်းက ယူထားလိုက်တယ်လို့ ဆိုလိုတာလား"

"သူက ပြန်မလိုချင်တော့ဘူးတဲ့"

"သူ အသည်းခိုက်သွားအောင် မင်းလုပ်လိုက်ဖူးတယ်ထင်တယ်။ ဒါကြောင့်မို့လို့ ဒီလက်စွပ်ကို သူ ပြန်မယူတော့တာပေါ့"

ဂျနီဖာက ခေါင်းကို ယမ်းနေသည်။

"သူနဲ့ ကိုယ် လွန်လွန်ကျူးကျူး မဖြစ်ခဲ့ပါဘူး"

ဂျနီဖာက ဘာမှ ပြန်မပြောနိုင်အောင် ဖြစ်သွားသည်။ ပြီးတော့မှ သူ ပြုံးလာသည်။

"အဲဒါကြောင့် သူ အသည်းခိုက်သွားတာ ဖြစ်မှာပေါ့။ အေလင်အပေါ်မှာ မင်း အနိုင်ရလိုက်တာပဲ"

"ဒါပေမယ့် လိုင်ယွန်အပေါ်မှာတော့ အနိုင်မယူချင်ဘူး သူငယ်ချင်းရယ်"

"စောင့်ကြည့်ရသေးတာပေါ့လေ။ ဘာပဲဖြစ်ဖြစ် မင်းလုပ်တဲ့အထဲမှာ မှန်တာ တစ်ခုတော့ ရှိတယ်။ သူ့အခန်းကို ပြောင်းသွားပြီး အတူတူနေဖို့ ငြင်းနေတာ မှန်တယ်။ တိုနီပိုလာနဲ့ ပတ်သက်ပြီး ကိုယ်လည်း ဒီအတိုင်းပဲ လုပ်နေတယ်။

ကိုယ် ပြဇာတ် က,နေတဲ့ အလုပ်က ထွက်ပြီး သူနဲ့ လျှောက်လိုက်စေချင်တယ်။ ဒါပေမယ့် လက်ထပ်ဖို့ကိစ္စကိုတော့ ယောင်လို့တောင် သူ မပြောဘူး။ ကိုယ်က သူသွားလေရာ တကောက်ကောက် လိုက်နေမယ့် အစားထဲက မဟုတ်ဘူး။

ဒါနဲ့ စကားမစပ်၊ မင်း အခု နေနေတဲ့ အခန်းက ဘယ်လောက် ကျယ်သလဲ"

"လုံးချင်းအခန်းကလေးပါ၊ ကိုယ်က ဘော်ဒါဆောင်မှာ နေနေတာ။ နီလီနေတဲ့ အခန်းနဲ့ အတူတူပဲ"

"ကိုယ်တို့ပြဇာတ် နယူးယောက်မြို့မှာ လာကရင် ကိုယ့်မှာ နေစရာ မရှိသေးဘူး။ အိမ်ခန်းတစ်ခုလောက် ရှာပြီး ကိုယ်တို့ အတူတူနေကြရင် ကောင်းမှာပဲနော်"

"အင်မတန်ကောင်းတဲ့ အကြံပေါ့။ ဒါပေမယ့်၊ အဲဒီလို အခန်းမျိုးအတွက် လခတစ်ဝက်လောက်တော့ ကိုယ်ခံနိုင်မှာ မဟုတ်ဘူး ထင်တယ်"

ဂျနီဖာ၏မျက်လုံးများ အရောင်တောက်လာသည်။

"ဒီမှာ၊ ကိုယ် အကြံတစ်ခုရတယ်၊ နီလီမှာလည်း အခန်းတစ်ခန်း ရှိတယ်လို့ မင်းပြောတယ် မဟုတ်လား။ ကိုယ်တို့သုံးယောက် တွဲပြီးနေရင် မကောင်းဘူးလား။သုံးယောက်မျှပြီး ပေးရတော့ သက်သာသွားတာပေါ့"

"ဒီအကြံမဆိုးပါဘူး" ဟု အယ်နီက ပြန်ပြောသည်။

"နောက်သုံးပတ်ကြာရင် ကိုယ်တို့ ဒီမြို့ရောက်တော့မယ်။အဲဒီအချိန်လောက် အခန်းရအောင်တော့ ရှာထားနိုင်ကောင်းပါရဲ့"

"ကိုယ် ကြိုးစားကြည့်မယ်လေ။ ဒါပေမယ့် သိပ်တော့ လွယ်မှာ မဟုတ်ဘူး၊လိုင်ယွန်အတွက် အခန်းရှာပေးရတုန်းက ချက်ချင်းရတယ်။ အဲဒါကလည်း အေလင့်ကြောင့်ရတာ"

ဂျနီဖာက မျက်မှောင်ကုတ်ပြီး စဉ်းစားနေသည်။

"အယ်နီ၊ မင်းလက်စွပ်ကို ဘာလုပ်ဖို့ စီစဉ်ထားသလဲ"

"သေတ္တာထဲမှာ ဒီအတိုင်း ထည့်ထားလိုက်တာပဲ။ ကိုယ်ဝတ်ချင်စိတ်လည်း မရှိဘူး"

အယ်နီက ပခုံးများကို တွန့်ပြလိုက်ရင်း ပြန်ပြောသည်။

"ဒီလိုပဲ သိမ်းထားလိုက်တော့မှာလား၊ မင်းအဖို့ ဘယ်တော့မှ အသုံးဝင်တော့မှာလဲ"

"ဘယ်လို အသုံးဝင်မှာလဲ"

"ရောင်းပစ်လိုက်ပါပြီ၊ ပြီးတော့ ရောင်းလို့ရတဲ့ငွေကို အရင်းအနှီး လုပ်ထားလိုက်ပေါ့"

"ဒါပေမယ့် ဒီလက်စွပ်ကို ကိုယ် တကယ် ပိုင်တာမှ မဟုတ်ဘဲ"

"မင်း ပြန်ပေးတာကို သူမှ လက်မခံတာ၊ မင်းလက်စွပ် ဖြစ်ပြီပေါ့။ မင်း ပိုင်ပြီပေါ့။ လူတစ်ယောက်ကို မင်း လုံးဝ မကြိုက်တော့ဘူး ဆိုရင် ဒီလို မကြိုက်တဲ့အကြောင်းကိုတော့ လက်တွေ့ပြရမှာပေါ့။ ရောင်းသာပစ်လိုက်ပါ"

အယ်နီက လိုင်ယွန်အကြောင်းကို စဉ်းစားသည်။

ဂျနီဖာ ပြောသည်မှာ မှန်ပါသည်။ ယခု



www.burmeseclassic.com

www.burmeseclassic.com

နှစ် အကုန်တွင် သူစာအုပ် မစွံလျှင် မိမိ လက်ထဲမှာ ငွေလုံးငွေရင်း အတော်အသင့် ရှိနေနိုင်မည် ဖြစ်ကြောင်း အယ်နီ စဉ်းစားမိသည်။

"မင်း ပြောတာလည်း မှန်ပါတယ်၊ လက်စွပ်ကို ရောင်းပစ်လိုက်ပြီး ငွေစုဘဏ်ထဲမှာ ငွေထည့်ထားရင် အတိုးရနိုင်တယ်"

"အဲဒီလို မလုပ်နဲ့လေ၊ လက်စွပ်ကို ရောင်းလိုက်ပြီး ဟင်နရီဘယ်လာမီကို ငွေအပ်လိုက်၊ ကုမ္ပဏီတစ်ခုခုမှာ အစုရှယ်ယာ သူဝယ်ပေးလိမ့်မယ်။ နှစ် သိပ်မကြာခင် မင်းငွေတွေ နှစ်ဆဖြစ်လာလိမ့်မယ်။ စစ်ကြီးပြီးသွားကတည်းက စီးပွားရေး လုပ်ငန်းတွေ သိပ်ကောင်းနေတာ"

"စွန့်စားရတဲ့လုပ်ငန်းမျိုး ဖြစ်မနေဘူးလား"

"ဒီလိုခေတ်မျိုးမှာတော့ စွန့်စားရတယ်လို့ မဆိုနိုင်ပါဘူး။ ဟင်နရီက လုပ်မပေးရင်တော့ မပြောတတ်ဘူးပေါ့လေ။ ဒါပေမယ့် စီးပွားရေးလုပ်ငန်းတွေ သိပ်ကောင်းနေကြောင်း ဟင်နရီ ပြောဖူးတယ်။ ကိုယ့်မှာ ငွေရှိလိုက်ချင်စမ်းပါဘိကွာ။ ငွေမရှိလို့ ကြည့်နေရတာ။ ဒါပေမယ့် ပြဇာတ်မှာ ကိုယ် အောင်မြင်လာလို့ ငွေရှိလာမယ် ဆိုရင်တော့ ဟင်နရီကိုအပ်ပြီး အတိုးရင်းပွားရအောင် လုပ်ခိုင်းရမယ်"

○ ○ ○

# ဂျနီဖာ

ဒီဇင်ဘာ၊ ၁၉၄၅

ဖီလာဒဲလ်ဖီးယားမြို့တွင် နဘံမိုးလုံး ပြဇာတ် သုံးပွဲသာ ကကြမည် ဖြစ်သည်။

ဟင်နရီ တွက်ကိန်း ချထားသည်များ မှန်ပါသည်။ စောစောက စီစဉ်ထားသည်ထက် ရက်စောပြီး နယူးယောက်မြို့မှာ ကကြမည်။ ဇာတ်သူဇာတ်သား အားလုံးတို့ကလည်း နယူးယောက်မြို့မှာ ဖွင့်ပွဲလုပ်ဖို့ အတွက်ကိုသာ စိတ်အားထက်သန်နေကြသည်။သူတို့ပြဇာတ် အောင်မြင်ကြောင်းကိုလည်း ယုံကြည်မှုရှိနေကြသည်။

သို့သော်လည်း နယူးယောက်မြို့ရှိ ဇာတ်သဘင် ဝေဖန်ရေးသမားများကို အကဲခတ်ရ ခက်လှသည်။ အများက ကြိုက်သော်လည်း သူတို့က ကြိုက်ချင်မှ ကြိုက်သည်။ သူတို့က ကောင်းကြောင်း ရေးမပေးပြန်လျှင်လည်း တစ်မျိုးတစ်ဖုံ ဖြစ်သွားတတ်သည်။

နယူးယောက်မြို့ ဇာတ်ရုံဖွင့်ပွဲအတွက် အားလုံး စိတ်စောနေကြသော်လည်း ဂျနီဖာ တစ်ယောက်ကတော့ ထိုအကြောင်းများကို သတိမရနိုင်အောင် ဖြစ်နေသည်။ ဖီလာဒဲလ်ဖီးယားမြို့မှာ ဇာတ်ကရသည့်အတွက် ဂျနီဖာ အဖို့ အမြတ်အစွန်း ကောင်းကောင်း ရနေသည်။

သူ တည်းနေသည့် ဟိုတယ်ခန်းထဲမှာ သူ ရပ်နေသည်။ သူ့ကို သဲကြီးမဲကြီး အသေလိုက်ကပ်နေသည့် ထိုမြို့မှ ရှေ့နေတစ်ဦးကို

www.burmeseclassic.com



သူ၏ ကိုယ်ပိုင် ချစ်စရာ အပြုံးကလေးဖြင့် ပြုံးပြလိုက်သည်။ ရွှေနေကလည်း သူနှင့်အတူ အပြင်သို့လိုက်ခဲ့ရန် ဖွတ်အမေ့ ခေါ်နေသည်။

"မနက် သုံးနာရီတောင် ထိုးနေပါပြီရှင်။ နည်းနည်းလောက်တော့ ကျွန်မ အိပ်လိုက်ဦးမှ ဖြစ်မှာပါ"

ဂျနီဖာက တောင်းပန်သည်။

"မနက်ဖြန်ကျရင် တစ်နေကုန် အိပ်လို့ရပါတယ်ကွယ်။ လာပါ၊ လိုက်ခဲ့ပါဦး။ ညဥ့်နက်ပိုင်းမှာ ကလပ်ကို သွားရတာ ပိုကောင်းပါတယ်။ လမ်းဟိုဘက်ကလေးတင်ပါ၊ မဝေးပါဘူး"

"အေးလည်း သိပ်အေးနေပါပြီ၊ ကျွန်မ တကယ် ပြောတာပါ ရော်ဘီ။အိပ်လည်း အိပ်ချင်လို့ပါ။ ကျွန်မက အရက်လည်း သောက်တတ်တာ မဟုတ်ပါဘူး။ နောက်ထပ် ကိုကာကိုလာတစ်ခွက် သောက်ရင်တောင် ဗိုက်ပေါက်ထွက်တော့မယ်"

"ဒီကုတ်အင်္ကျီကြီး မင်း ဝတ်ထားတာပဲ။ မချမ်းနိုင်ပါဘူး"

ရွှေနေက ဂျနီဖာ ဝတ်ထားသည့် ဖျံရေကုတ်အင်္ကျီကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်ရင်း ပြောသည်။

ဂျနီဖာက သူ့အင်္ကျီကလေးကို တမြတ်တနိုး လက်ဖြင့် ပွတ်သပ်ကြည့်နေသည်။

"ကျွန်မကို ဒီအင်္ကျီ လက်ဆောင်ပေးတဲ့အတွက် ရှင့်ကို ကျေးဇူးတင်ပါတယ်။ ကျွန်မရဲ့ ကတိုးသားရေအင်္ကျီနဲ့စာရင် ဒါက ပိုနွေးတယ်။ ဒါပေမယ့် ကျွန်မ အိပ်လိုက်ဦးမှ ဖြစ်မှာမို့ပါ"

"ဒီလိုဆိုရင်လည်း မင်းအခန်းထဲ လိုက်ခဲ့ပါရစေ"

သူ တောင်းပန်နေပြန်သည်။

"မနေ့ညတုန်းကလည်း ကျွန်မနဲ့ အတူတူ နေခဲ့ပြီးပြီပဲ ရော်ဘီရယ်"

"နှစ်ညဆက်တိုက် အတူမနေရဘူးဆိုတဲ့ ဥပဒေရှိသလား"

"ရှိတာပေါ့၊ ကျွန်မ အလုပ်လုပ်နေတဲ့ အချိန်မှာ ဒီစည်းကမ်းထားရတယ်။ မနက်ဖြန်ကျရင်တော့ ကျွန်မကို ဖုန်းလှမ်းဆက်ပြီး ခေါ်ပါနော်"

ဂျနီဖာက ကတိပေးသည့် အပြုံးမျိုးကို ပြုံးပြသည်။

"ဘယ်အချိန်လဲ"

"ခြောက်နာရီလောက်ပေါ့၊ ပွဲကချိန် မရောက်ခင် ကျွန်မတို့ နှစ်ယောက် ညစာ အတူတူ စားကြမယ်နော်"

"နောက်ပြီးတော့. . ."

"နောက်ပြီးတော့မှ"

ဂျနီဖာက ခေါင်းညိတ်ပြသည်။ သူ့ကို နှုတ်ဆက်ပြီး ဓာတ်လှေကားအတွင်းသို့ ဝင်ခဲ့သည်။

သူ့အခန်းကို ရောက်သွားသောအခါ တံခါးအောက်မှ စာများကို တွေ့ရသည်။ တစ်စောင်က ဆောင်းပါးရှင်တစ်ယောက်ထံမှ ဖြစ်သည်။ ကလီဖိလင်မြို့သို့ ဖုန်းပြန်ဆက်ရန် အကြောင်းကြားစာ နှစ်စောင်ကိုလည်း တွေ့ရသည်။

သူ့အမေကို ဖုန်းပြန်ဆက်ဖို့မှာ သိပ်ညဥ့်နက်နေပါပြီ။ ကလီဖိလင်မြို့မှ နောက်ဆုံးအကြောင်းကြားချက်ကို လှမ်းကြည့်သည်။ တစ်နာရီခွဲတုန်းက အကြောင်းကြားခြင်း ဖြစ်သည်။ သည်လောက်ကြာမှတော့ မိမိ ပြန်ဆက်မည့် ဖုန်းကိုလည်း မေမေ စောင့်နေတော့မည် မဟုတ်ဟု တွေးလိုက်မိသည်။

အယ်နီထံမှ စာတစ်စောင်ကိုလည်း တွေ့သည်။ မိမိတို့အတွက် အိပ်ခန်းရပြီဖြစ်ကြောင်း၊ အငှားစာချုပ်ကို လက်မှတ်ရေးထိုးပြီးပြီ ဖြစ်ကြောင်း၊ အစစအရာရာ အဆင်ပြေကောင်းမွန်ကြောင်းများ ရေးထားသည်။

အယ်နီသည် အံ့ဩစရာကောင်းသည့် မိန်းကလေးတစ်ယောက် ဖြစ်သည်ဟု ဂျနီဖာ ထင်သည်။ လိုင်ယွန်နှင့် ပတ်သက်ပြီး သူ့သဘောထားများကို သိရှိရသောအခါ မနာလိုစိတ်ပင် ဖြစ်မိသည်။ လူတစ်ယောက်အပေါ်တွင် အယ်နီ ချစ်သလို အချစ်မျိုးနှင့် ချစ်ရမည်ဆိုလျှင် အလွန် ကောင်းလိမ့်မည်ဟုလည်း ဂျနီဖာ တွေးမိသည်။

သို့သော်လည်း တစ်ယောက်ယောက်ကို ထိုသို့သော အချစ်မျိုးနှင့် ချစ်လိုက်မိပြီဆိုလျှင် အခြား တစ်ယောက်ကို နောက်ထပ် ချစ်နိုင်တော့မည် မဟုတ်ပေ။

ရော်ဘီနှင့် တစ်ည တွေ့သည်။ သူ့အတွက် ဖျံရေကုတ်အင်္ကျီတစ်ထည် ရသည်။ ထိုအင်္ကျီကလေးကို အမြတ်တနိုးနှင့် သူ ကိုင်ကြည့်နေမိသည်။

မိမိသည် ကိုယ်လုံးကိုယ်ပေါ်ဖြင့် လှပသည်။ မျက်နှာလှသည်။ ထိုအလှများကို ပိုင်ဆိုင်နေမှတော့ မိမိ လိုချင်သည့်အရာကို

www.burmeseclassic.com

www.burmeseclassic.com



ရနိုင်ရမည်ပေါ့ဟုလည်း တွေးမိပြန်သည်။

သို့သော်လည်း လိုင်ယွန်ဘတ်လိုလူမျိုးကို ချစ်ရမည်ဆိုလျှင် မည်သို့များ နေလေမည်နည်းဟုလည်း တွေးနေမိပြန်သည်။

လိုင်ယွန်သည် ချစ်ဖို့ အလွန်လွယ်ကူသည့် လူစားမျိုးဖြစ်ကြောင်း သူတို့နှစ်ယောက် စတင် တွေ့စတုန်းက ဂျနီဖာ ထင်ခဲ့မိဖူးသည်။

"ဒီနေ့ည တိုနီပိုလာရဲ့ တေးဂီတ အစီအစဉ် ဖွင့်ပွဲကို ကိုယ်တို့ သွားကြမယ်။ မင်းလည်းလိုက်ခဲ့၊ လူကြားထဲကို များများသွားပေးတော့ ကြော်ငြာတဲ့သဘောလည်း ဖြစ်တာပေါ့။ မင်းရဲ့ အဖော်အဖြစ်နဲ့ လိုင်ယွန်ဘတ် လိုက်လိမ့်မယ်။ ကိုယ်ကတော့ ဟယ်လင်နဲ့ သွားမယ်"

ဟင်နရီက ပြောခဲ့သည်။

လိုင်ယွန်ဘတ်ကို မြင်လိုက်ရတော့ သူ အံ့အားသင့်မိသည်။ ထိုကဲ့သို့သော ယောကျာ်းမျိုးအတွက် သူ့မှာ ဘာတစ်ခုမှ ပြင်ဆင်ထားပြီးသား မရှိ။

သို့သော်လည်း လိုင်ယွန်ကိုတော့ ချစ်ပစ်လိုက်ချင်သည်။ မိမိ တကယ် ချစ်မြတ်နိုးချင်သည့်ယောကျာ်းသည် လိုင်ယွန်လို လူစားမျိုးဖြစ်ကြောင်း မြင်လျှင်မြင်ချင်း သဘောပေါက်နားလည်လိုက်သည်။ သူ့ကို ချစ်ရလျှင် မိမိစိတ်ချမ်းသာမည်ဟုလည်း ယုံကြည်ပြီးသားဖြစ်သည်။ဘယ်လိုပဲဖြစ်ဖြစ် သည်နေ့ညတော့ လိုင်ယွန်နှင့်တွဲတော့မည်ဟု ဆုံးဖြတ်ခဲ့မိသည်။

သို့သော်လည်း ထိုနေ့ညမှာပင် သူတို့နှစ်ယောက်ကြားသို့ တိုနီပိုလာ ဝင်လာခဲ့သည်။

တိုနီ၏ကိုယ်ပေါ်သို့ ကွက်ပြီး မီးမောင်းထိုးပေးထားသည်။ တိုနီက မိမိကို ရည်စူးပြီး သီချင်းဆိုခဲ့သည်။ အခန်းထဲမှာ ရှိနေကြသူအားလုံးကလည်း မိမိတို့ နှစ်ယောက်ကိုသာ မျက်တောင်မခတ် စူးစိုက်ကြည့်နေခဲ့ကြသည်။ မိမိကလည်း အတတ်နိုင်ဆုံး ပြုံးနေခဲ့ရသည်။ တစ်ဖက်ကလည်း လိုင်ယွန်ဘတ်၏ ညှို့ယူဖမ်းစားခြင်းကို ခံနေရပြန်သည်။

ထိုအကြောင်းများကို ယခု ပြန်စဉ်းစားနေမိသည်။

ယောကျာ်းတစ်ယောက် အနေနှင့်ဆိုလျှင် တိုနီသည် လိုင်ယွန်ကို မယှဉ်သာပါ။ သူတို့နှစ်ယောက် သက်တူရွယ်တူလောက် ရှိမည်။ နှစ်ယောက်စလုံး သုံးဆယ်ပတ်ဝန်းကျင်ဖြစ်ကြသည်။ သို့သော်လည်း တစ်ယောက်က အမြဲတမ်း ကလေးလေးတစ်ယောက် ဘဝမျိုးနှင့်သာ နေရလိမ့်မည်။ ကျန်တစ်ယောက်ကတော့ လူ့လောကတွင် အစောကြီးကတည်းက လူလားမြောက်ခဲ့ပြီးသား လူလို ဖြစ်နေသည်။

သူတို့နှစ်ယောက်ကို လူသားအနေနှင့် ထိုသို့ နှိုင်းယှဉ် စဉ်းစားခဲ့မိသည်။

သို့သော် လိုင်ယွန်က ရိုးရိုးရှေ့နေတစ်ယောက် ဖြစ်သည်။ မင်းသား၊ မင်းသမီးများအတွက် ကိုယ်စားလှယ်သာ ဖြစ်သည်။

တိုနီကမူ အောင်မြင် ကျော်ကြားနေသည့် အနုပညာသည် ဖြစ်သည်။ ထို့ကြောင့်လည်း တိုနီဘက်ကို ယိမ်းလိုက်ရန် ဂျနီဖာ ဆုံးဖြတ်ခဲ့သည်။ သူတို့ အဖြစ်အပျက်က ထိုမျှလွယ်ကူခဲ့ပါသည်။

ဂျနီဖာက ကိုယ်ပေါ်မှ အဝတ်အစားများကို ချွတ်ချလိုက်သည်။ကုလားထိုင်ပေါ်သို့ ဖြစ်သလို လှမ်းပစ်တင်လိုက်သည။ မနက်ဖြန် ရော်ဘီနှင့် တွေ့ရဦးမည်။ ညဘက် ဧည့်ခံပွဲ သွားသည့် အဝတ်အစားတော့ ဝယ်ခိုင်းရဦးမည်။ စဉ်းစားရင်း သူ နှာခေါင်းရှုံ့မိသည်။

ရုပ်ကတော့ အတော်ဆိုးသည့် လူကြီး။ အသက်ရှူကလည်း ပြင်းပါဘိ။ သို့သော်လည်း အဝတ်အစားတချို့ ဂျနီဖာ လိုချင်နေသည်။ ရော်ဘီတို့လို ယောကျာ်းမျိုးသည် သည်လိုနေရာမျိုးတွင် အပေးအကမ်း ရက်ရောတတ်ကြသည်။ သူတို့ကိုယ်တိုင်က အရုပ်ဆိုးတော့ သည်လိုပဲ အပေးအကမ်း ရက်ရောရပေမည်ပေါ့။ လိုင်ယွန်ဘတ်ကတော့ ထိုသို့ မဟုတ်။ ကိုယ်က ပြန်ပေးရမည့်လူစားမျိုး ဖြစ်သည်။ ဒါလောက်တော့ ဂျနီဖာ မတတ်နိုင်ပါ။ ထို့ကြောင့်လည်း လိုင်ယွန်ဘတ်ကို ခွာခဲ့ရသည်။

သူ့ဘဝမှာ သည်လို အဖြစ်အပျက်မျိုးနှင့်သာ တွေ့နေရတတ်သည်။

အစပိုင်းတုန်းကတော့ စိတ်လှုပ်ရှားမှုကကြီးမားလွန်းလှသည်။ ထို့ကြောင့် ကိုယ့်စိတ်ကိုယ်နိုင်အောင် ထိန်းသိမ်းရသည်။ ကိုယ့်စိတ်ကိုယ်နိုင်ပြီဆိုသောအခါ ဆုံးဖြတ်ချက် တစ်ခုခုကို ချမှတ်လိုက်သည်။ ထိုဆုံးဖြတ်ချက် ချပြီးနောက် မကြာမီမှာပင် မိမိ ဆုံးဖြတ်ချက်မှားသွားပြီ ဖြစ်ကြောင်းကို ပြန်ပြီး နောင်တရနေတတ်ပြန်သည်။

ယခုပင်လျှင် လိုင်ယွန်ဘတ်အကြောင်း ပြန်လည် စဉ်းစားနေမိသည်။ လိုင်ယွန်ဘတ်

www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်လည် တမ်းတနေမိသည်။ အလွန် ဆိုးပါသည်။ ထိုညတုန်းကတော့ တိုနီပိုလာနှင့် လိုင်ယွန်ဘတ်ကို နှိုင်းယှဉ်ပြီး စဉ်းစားခဲ့သည်။ သာသည့်ဘက်ကို မိမိ ယိမ်းခဲ့သည်။

မိမိ ဆုံးဖြတ်ချက် ပြောင်းခဲ့သည့် အကြောင်းကို လိုင်ယွန် သဘောပေါက်ပုံလည်း ရသည်။

ထိုသို့ စဉ်းစားလိုက်မိသည့် အချိန်မှာပင် အတွေးတစ်ခုက သူ့ခေါင်းထဲသို့ ရုတ်တရက် ဝင်လာသည်။

မိမိတို့နှစ်ယောက် ဘဝတူ ဖြစ်သည် ဟူသော အတွေး။

လိုင်ယွန်ဘတ်နှင့်တွဲလျှင် မိန်းကလေးဘက်က အကုန်အကျများသလို၊ မိမိနှင့် တွဲလျှင်လည်း ယောကျ်ားကလေးဘက်က အကုန်အကျများကြောင်း ဂျနီဖာ နားလည်ပါသည်။ သို့သော်လည်း အယ်နီနှင့်တော့ အဆင်ပြေနိုင်စရာ အကြောင်းရှိပါသည်။ လိုင်ယွန်၏ ဘဝအစီအစဉ်များထဲမှာ အယ်နီ မဝင်ဆံ့နိုင်သော်လည်း လိုင်ယွန်ကိုတော့ အယ်နီ ချစ်နိုင်ပါပြီ။

ဂျနီဖာက ကိုယ်လုံးပေါ် မှန်ရှေ့မှာ သွားရပ်သည်။ သူ့ကိုယ်လုံးကို မှန်ထဲမှာ ဘယ်ပြန်ညာပြန် စစ်ဆေးကြည့်နေသည်။ အပြစ်အနာအဆာ မရှိပါ။ အားလုံး လှလှပပနှင့် နေသားတကျ ရှိပါသည်။ ဘေးတစောင်း နေကြည့်သည်။ ရင်သားများကို စစ်ဆေးကြည့်ပြန်သည်။ တင်းတင်းရင်းရင်း ရှိသည်။ တွဲခြင်း အိခြင်း မရှိ။ လုပ်နေကျ လေ့ကျင့်ခန်းများကို လုပ်သည်။ သုံးနေကျဆေးများကို ယူပြီး လိမ်းသည်။ မျက်နှာကိုပါ လိမ်းသည်။ မျက်လုံးများ၏အောက်တွင် မျက်ရစ်များ မထင်စေရန် ပလတ်စတာကပ်သည်။ သူ့ကိုယ်ကာယအလှ မပျက်ရေးအတွက် လေ့ကျင့်ခန်းများ အားလုံး ပြီးစီးသောအခါကျမှ ညဝတ်အင်္ကျီကိုဝတ်ကာ အိပ်ရာထဲသို့ ဝင်ခဲ့တော့သည်။

နာရီကို လှမ်းကြည့်သည်။ လေးနာရီထိုးပြီ။ သို့သော်လည်း အိပ်ချင်စိတ် လုံးဝ မရှိသေး။ အခန်းထဲမှာလည်း အအေးဓာတ် ပိုနေသည်။ အပူဓာတ်ပေးသည့်စက်ကို မည်သည့်အချိန်ကမှ ဟိုတယ်အမှုထမ်းများ ဖွင့်ထားကြလေသနည်းဟု စဉ်းစားကြည့်နေမိပြန်သည်။ ထို့ကြောင့်လည်း စောင်ဆွဲခြုံရသည်။

မနက် သတင်းစာများကို ကြည့်သည်။ သူ့ဓာတ်ပုံနှစ်ပုံပါသည်။ တစ်ပုံက ကြေးနန်းဓာတ်ပုံ ဖြစ်သည်။ တိုနီနှင့် တွဲရိုက်ထားသည့် ဓာတ်ပုံ။

တိုနီအကြောင်းကို စဉ်းစားရပြန်သည်။ သူ့အစ်မကသာ ကန့်လန့်ကန့်လန့် ပါမနေလျှင် မိမိကို လက်ထပ်ခွင့် တိုနီ တောင်းပြီး ဖြစ်နေသည်မှာ သေချာကြောင်းလည်း သူ သိပါသည်။

တိုနီ၏အစ်မ မီရီယမ် အကြောင်းကို စဉ်းစားမိသည့်အချိန်မှာပင် တစ်ချက် သမ်းလိုက်သည်။ မီရီယမ်ကို ဘယ်လိုရှင်းရပါ့။ တိုနီနှင့် နှစ်ယောက်တည်း နေလိုပါသည်ဆိုလျှင် မီရီယမ်ကို အရင် ရှင်းပစ်ရချေမည်။

တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ သည်လို အချိန်မျိုးတွင် မည်သူကများ လာပြီး နှောင့်ယှက်နေပြန်ပါလိမ့်။ တစ်ခါတစ်ရံကျတော့ မနက် လင်းအားကြီးအထိ တိုနီ မအိပ်ဘဲ နေတတ်သည်။ တိုနီ ဖြစ်နိုင်စရာ အကြောင်းရှိသည်။

ထို့ကြောင့်လည်း မျှော်လင့်ချက်ကြီးစွာဖြင့် ဖုန်းကို ကောက်ကိုင်လိုက်သည်။ ကလိဖ်လင်မြို့မှ ဆက်ခြင်း ဖြစ်သည်။ သက်ပြင်းချပြီး လက်ခံလိုက်ရတော့သည်။

ဖုန်းထဲမှ သူ့အမေ၏အသံ ပေါ်လာသည်။

"ဂျင်း၊ သမီးနဲ့တွေ့ဖို့ မေမေ တစ်ညလုံး ဖုန်းဆက်နေတာ"

"အခုပဲ ကျွန်မပြန်ရောက်တယ် မေမေ၊ မေမေ့ဆီကို ပြန်ဆက်ဖို့ သိပ်နောက်ကျနေပြီ ထင်လို့"

"မေမေ ဘယ်လိုလုပ်ပြီး အိပ်လို့ ပျော်နိုင်ပါ့မလဲ။ မေမေ့စိတ်တွေ ကယောင်ချောက်ချား ဖြစ်နေပြီ။ သမီးအကြောင်းကို ကလိဖ်လင်မှာထုတ်တဲ့ သတင်းစာတွေက ဝိုင်းရေးနေကြတယ်။ ဟိုမင်းသားကြီးနဲ့ ကွာရှင်းပြတ်စဲလိုက်တာ သမီး တစ်ပြားမှ မရလိုက်ဘူးလို့ ရေးနေကြတယ်"

"မှန်သားပဲ မေမေ"

"ဂျင်း၊ သမီး ရူးနေပြီလား။ နောက်နှစ်မှာ ဂျွန် ပင်စင်ယူတော့မှာကို သမီးလည်း အသိသားနဲ့။ သူ့ ပင်စင်လခကလေးနဲ့လည်း မေမေတို့ လောက်နိုင်မှာ မဟုတ်ဘူး"

"ပြီးခဲ့တဲ့ အပတ်တုန်းက ငွေငါးရာကယ် ကျွန်မ ပို့လိုက်သေးတာပဲ။ ဒီအပတ်အတွက်

www.burmeseclassic.com

www.burmeseclassic.com



လခရတာနဲ့ တစ်ပြိုင်တည်း ငွေငါးဆယ် ထပ်ပို့ပေးဦးမယ်"

"အဘွားလည်း ဖျားနေတယ်၊ ဆရာဝန်ဆီ ပို့ပေးရဦးမယ်။ မေမေတို့မှာ ကုန်စရာတွေက အများကြီး။ ပြီးတော့. . ."

"ပို့ပြီး ပို့ပေးနိုင်မလားဆိုတာ ကြည့်လိုက်ဦးမယ် မေမေ။ ပြဇာတ်ထဲမှာက တစ်ပတ်ကို တစ်ရာ့အစိတ်ပဲ ရတာ။ လူမှုဖူလုံရေးတို့၊ အမြတ်တော်ကြေးတို့ အဖြတ်ခံရသေးတယ်"

ဂျနီဖာက ပြောနေရင်းမှာပင် ရော်ဘီ၏မျက်နှာကို ပြေးမြင်လိုက်သည်။

"ဂျင်း၊ ဆွစ်ဇာလန်ကို ပို့ပြီး မင်းကို ကျောင်းမထားခဲ့ရင် မေမေတို့လည်း ဒါလောက်ဆင်းရဲနေမှာ မဟုတ်ဘူး။ အခုတော့ ငွေကုန်ကြေးကျခံပြီး မင်းကို ကျောင်းသွားထားပေးရတာဟာ ပြဇာတ်မင်းသမီးလုပ်ဖို့လောက်ပဲ ဖြစ်နေပြီ"

"မေမေတို့လည်း ထမင်းငတ်နေတာ မဟုတ်ပါဘူး။ ကျွန်မသွားနေတဲ့ ကျောင်းစရိတ်က ဖေဖေ ထားခဲ့တဲ့ပိုက်ဆံပါ မေမေရယ်။ ပြီးတော့ ကျွန်မကို ဆွစ်ဇာလန် ကျောင်းသွားနေခိုင်းတာကလည်း ဟာရီနဲ့ ကျွန်မနဲ့ ပြတ်သွားအောင် မေမေတို့ လုပ်ကြတာ မဟုတ်လား"

"ကိုယ့်သမီးလေး မော်တော်ကား စက်ပြင်ဆရာတစ်ယောက်နဲ့ ရပြီး ဆင်းတောင့်ဆင်းရဲ ဖြစ်နေမှာစိုးလို့ မေမေ လုပ်ခဲ့တာ"

"ဟာရီဟာ စက်ပြင်ဆရာ မဟုတ်ပါဘူး မေမေ၊ အင်ဂျင်နီယာတစ်ယောက် ဖြစ်လာနိုင်အောင် သူ ပညာသင်နေတာပါ။ နောက်ပြီးတော့ သူ့ကို ကျွန်မ ချစ်တယ်"

"ဒါပေမယ့် ခုချိန်အထိ စက်ပြင်ဆရာပဲ ရှိသေးတယ်။ တစ်ကိုယ်လုံး စက်ဆီတွေ ပေကျံလို့၊ ကလေးကသုံးယောက်နဲ့၊ သူနဲ့ အကြောင်းပါတဲ့ မိန်းကလေးဟာ တစ်ချိန်တုန်းကတော့ အချောဆုံးအလှဆုံး မိန်းကလေးပါပဲ။ အသက်ကလည်း သမီးလောက်ပဲ ရှိပါသေးတယ်။ ဒါပေမယ့်၊ သူနဲ့ ယူမိလို့ အသက်လေးဆယ်လောက် အဘွားကြီးအိုရုပ် ပေါက်နေပြီ"

"မေမေ၊ အသက် အစိတ်လောက်ပဲ ရှိသေးတဲ့ မိန်းကလေးတစ်ယောက်ဟာ အသက်လေးဆယ်လောက် အဘွားကြီးရုပ် ဘယ်လိုလုပ် ပေါက်နိုင်မှာလဲ"

"မိန်းကလေးတစ်ယောက်ဟာ ပိုက်ဆံမရှိဘဲနဲ့ ချစ်တာတစ်ခုတည်းကြည့်ပြီး လက်ထပ်ရင် သူ့ရုပ်ဟာ ကျလွယ်တာချည်းပဲ။ အချစ်ဆိုတာ ဘယ်တော့မှ တာရှည်တည်မြဲတာ မဟုတ်ဘူး၊ ယောကျ်ားဆိုတာက သူတို့လိုချင်တာ တစ်ခုပဲရှိတယ်။ မင်းအဖေအကြောင်းကို ပြန်စဉ်းစားကြည့်စမ်း"

"မေမေ၊ ဒါလောက် ခရီးအဝေးကြီးက နေပြီး ဖေဖေ့ မကောင်းကြောင်းပြောဖို့ ဖုန်းဆက်နေတာလား၊ ဒါမှ မဟုတ်ရင် အခု မေမေ ယူထားတဲ့ဂျွန်ဟာ မေမေ့အဖို့ သိပ်ကိုကြီးကျယ်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေလို့လား၊ ဖေဖေ့အကြောင်းကို ကျွန်မ ကောင်းကောင်းမှတ်မိတော့တာ မဟုတ်ပါဘူး။

ဒါပေမယ့်၊ ဖေဖေဟာလည်း မေမေရဲ့ အခုယောကျ်ား ဂျွန်လိုပဲ သဘောကောင်းတာပါပဲ"

"မင့်အဖေက အလကားလူ၊ ချမ်းသာတယ်၊ ရုပ်ချောတယ်။ ဒါပေမယ့် ဂျပိုးတေလေ၊ ဘယ်လိုပဲ ဖြစ်ဖြစ် သူ့ကိုတော့ မေမေ ချစ်ပါတယ်။ မေမေတို့မိသားစုဟာ ဘယ်တုံးကမှ ငွေကြေးချမ်းသာခဲ့တာ မဟုတ်ပါဘူး။

ဒါပေမယ့်၊မေမေတို့မှာ နာမည်ကောင်းရှိတယ်။လူတိုင်းလေးစားတယ်။ မင်း ဘွားအေဟာ ဟာဂျိုးနီးယားထရီမောင့် ဖြစ်ကြောင်းကို ဘယ်တော့မှ မမေ့ပါနဲ့။ ဒါကြောင့်၊ မင်းရဲ့ ပြဇာတ်မင်းသမီး နာမည်ကိုလည်း ထရီမောင့်ဆိုတဲ့ နာမည်ကို မှည့်သင့်တယ်။ လူရယ်စရာကောင်းတဲ့ နော့သ်ဆိုတဲ့ နာမည်ကြီးကို မှည့်ဖို့ မကောင်းဘူး"

"ကျွန်မကို ဘယ်သူမှ ခြေရာခံလို့ မရတော့အောင် နာမည်သစ် မှည့်ရမယ် ဆိုတာ မေမေနဲ့ ကျွန်မတို့ သဘောတူညီခဲ့ကြတာပဲ မဟုတ်လား။ ဘယ်သူမှ မသိစေချင်ရင် ဂျနီဖာနော့သ်ဆိုတဲ့ နာမည်ကိုပဲ မှည့်ရမှာပဲ။ ထရီမောင့်နာမည်ကိုယူရင် ဟာဂျိုးနီးယားပြည်နယ်က လူတွေဟာ ကျွန်မကို ခြေရာခံမိသွားကြမယ်။ဂျွန်ဆင်ဆိုတဲ့ နာမည်ယူရင် ကလီဖိုလင်းမြို့သူမြို့သားတွေ သတိရကုန်ကြလိမ့်မယ်"

"လူသိအောင် မင်းလုပ်နေတော့ အားလုံးကလည်း မင်းကို သတိရနေကြတာပါပဲ မထူးပါဘူး သမီးရယ်။ မင်း ခိုးရာလိုက်ပြေးတဲ့ အချိန်ကစပြီး ဒီမြို့မှာက မင်းအကြောင်းကိုပဲ ပြောနေကြတာပါ။ မင်းအသက်ဆယ့်ကိုးနှစ်

www.burmeseclassic.com

www.burmeseclassic.com



ပဲ ရှိပါသေးတယ် ဆိုတာကို ဒီမြို့က သတင်းစာတွေက ဝေဖန်နေကြတယ်။

ဒါပေမယ့်၊ မင်းသားကြီးကို-သူတို့က အထင်ကြီးနေကြတော့ ဒါဟာ ဘာမှ အရေးမကြီးတော့ဘူး။ မေမေ ကိုယ်တိုင်ကလည်း စိတ်ချမ်းသာခဲ့တယ်။ ငါ့သမီးလေးတော့ လင်ကောင်းသားကောင်း ရသွားလို့ စိတ်အေးရပြီပေါ့လေ။ အခုတော့ တစ်ပြားတစ်ချပ်မှ မရဘဲနဲ့ မင်းက ကွာရှင်းပစ်လိုက်တယ်"

"မေမေ၊ ကျွန်မ ဘာဖြစ်လို့ ကွာပစ်လိုက်တယ်လို့ မေမေ ထင်သလဲ။ အီတလီကို ကျွန်မတို့ မသွားခင်ကတည်းက သူ့မှာ ပိုက်ဆံ တစ်ပြားမှ မရှိဘူးဆိုတာ ကျွန်မ သိခဲ့ပြီးပြီ"

"သမီး ဘာတွေပြောနေတာလဲ၊ သမီးတို့ ဓာတ်ပုံတွေကို သတင်းစာထဲမှာ မေမေ တွေ့ရတာပဲ။ စိန်ဘယက်တွေ၊ ကတိုးသားရေ အင်္ကျီတွေ. . ."

"စိန်ဘယက်က သူတို့ မိသားစုပိုင်တာ၊ ကတိုးသားရေအင်္ကျီကတော့ သူ ဝယ်လာတာပါပဲ။ ဒါပေမယ့် ကုမ္ပဏီက ကြော်ငြာဖို့ သူ့ကို အလကားပေးလိုက်တာလို့ ကျွန်မထင်တယ်။ ဝါးဒေါ့ဖ်ဟိုတယ်မှာ တစ်ထပ်လုံးကို သူ ငှားထားတာ မှန်ပါတယ်။ အဲဒါကိုလည်း ဝိုင်အရက် ကုမ္ပဏီတစ်ခုက ငွေရှင်းပေးနေတာ။ သူက နယ်လှည့်ပြီး ကုန်ပစ္စည်းကြော်ငြာပေးရတဲ့သဘောပဲ။ ဘာကြောင့်လဲဆိုတော့ သူက မင်းဆွေမင်းမျိုး ဖြစ်နေတယ် မဟုတ်လား။ လူတွေက အထင်ကြီးတာပေါ့လေ။ တကယ့်တကယ်ကျတော့ သူ့မှာ ပိုက်ဆံ တစ်ပြားမှ ရှိတာ မဟုတ်ဘူး။ မူဆိုလီနီ အာဏာရလာတော့ သူ့ ရှိစုမဲ့စုတွေ အားလုံး ကုန်တာပဲ။

နေပယ်ကမ်းခြေကို ရောက်ခါနီးမှာ သူတို့ပိုင်တဲ့ အင်မတန်ကြီးတဲ့ ရဲတိုက်ကြီးတစ်လုံးရှိတယ်။ကျွန်မ အဲဒီမှာ နေချင်တယ်ဆိုရင်တော့ ဖြစ်ဝာပေါ့။သူ့မိသားစုပိုင်တဲ့ ကျောက်သံပတ္တမြားတွေကို ဝတ်ဆင်နိုင်တယ်။

ဒါပေမယ့်၊ မွဲလိုက်တာကတော့ ပြာနေတာပဲဆိုတဲ့ဘဝမျိုး၊ အဖြစ်မှန်ကို အချိန်မီ သိလိုက်ရတာ သိပ်ကံကောင်းတယ် မေမေ။

သူက သူ့ကိုယ်သူ ချမ်းသာပါတယ်လို့ ပြောတယ်။ ဘာကြောင့်ဆို၊ အမေရိကန်မချောချောကလေး တစ်ယောက်ကို ယူသွားနိုင်ရင် သူတို့တိုင်းပြည်မှာ သူ ကောင်းကောင်း အလုပ်ဖြစ်ပြီ။

ဒါကြောင့်၊ ကျွန်မကို သူ ရအောင် ယူလိုက်တာ။ လက်ထပ်လို့လည်းပြီးရော ရင်နာစရာကောင်းတဲ့အဖြစ်တွေကို တွေ့ရတော့တာပဲ။ အီတလီ အရက်ကုမ္ပဏီ သူဌေးကြီးတွေနဲ့ ကျွန်မကို လွှတ်ပေးဖို့ ကြိုးစားတယ်လေ။ သူတို့အကြိုက်ကို ဆောင်ပေးရင် ကျွန်မတို့ ချမ်းချမ်းသာသာ နေရမယ်လို့ သူကပြောတယ်။ အမှန်တော့ မေမေ၊ သူဟာ အထက်တန်းလွှာက ပြည့်တန်ဆာခေါင်းပဲ။

သူနဲ့ အကြောင်းပါရတဲ့အတွက် ကတိုးသားရေအင်္ကျီကလေး တစ်ထည် ရတာပဲ ကံကောင်းလှပြီလို့ တွက်ရတော့တယ်"

"ကောင်းပြီ၊ ဒါဖြင့် တိုနီပိုလာကရော ဘယ်လိုလဲ"

သူ့အမေက ဆက်မေးသည်။

"သူကတော့ တကယ့်ကို ချစ်စရာကောင်းတာပါ မေမေ"

"ဂျင်. . ."

"မေမေ၊ သူဟာ သိပ်ချစ်စရာကောင်းတယ်။ သူ့ကို ကျွန်မ သဘောကျတယ်။ ပြီးတော့ ငွေတွေ အများကြီး ရနိုင်စရာရှိတယ်။ ကျွန်မ ရှေ့နေကလည်း ကျွန်မ ရုပ်ရှင်ရိုက်ဖို့ အခွင့်အရေးပေါ်လိမ့်မယ်လို့ ထင်နေတယ်"

"ရုပ်ရှင်အကြောင်း မေ့ထားလိုက်စမ်း"

"ဘာဖြစ်လို့လဲ၊ ရုပ်ရှင်မင်းသမီးဖြစ်အောင် ကျွန်မ ကြိုးစားရမှာပေါ့ မေမေ"

"သိပ်နောက်ကျနေပြီ၊ သမီးဟာ ဆယ့်ကိုးနှစ်သမီးကလေး မဟုတ်တော့ဘူး။ မျက်နှာကလေးက ချစ်စရာကောင်းနေတာရယ်၊ကိုယ်လုံးကိုယ်ပေါက် လှနေတာရယ်တွေက ကံကောင်းနေသေးတယ်။ ဒါပေမယ့် သမီးရဲ့ ကိုယ်လုံးကိုယ်ပေါက်မျိုးဟာ အလှမပျက်ဘဲ ကြာရှည်ခံနေမှာမျိုး မဟုတ်ဘူးနော်။ သမီးရဲ့ နောက်ကြောင်းတွေနဲ့ ပတ်သက်ပြီးတော့ရော တိုနီပိုလာကို ဘာတွေ ပြောပြထားသလဲ"

"ပြောသင့်တာလောက်ပဲ ပြောတာပေါ့ မေမေ၊ တချို့လည်း အမှန်တွေပေါ့။ ကျွန်မ ဖေဖေက သိပ်ကို ချမ်းသာခဲ့တယ်။ အင်္ဂလန်ကို ဗုံးကြဲတုန်းက ဆုံးသွားတယ်။ သူ ချမ်းသာတဲ့ပစ္စည်းတွေ အားလုံး သူ့ရဲ့ နောက်မိန်းမကို အမွေပေးသွားတယ်"

"ဒါ မှန်ပါတယ်၊ နောက်ပြီးတော့ရော"

"ဖေဖေက ကျွန်မအတွက်တော့ အမွေပစ္စည်း မဖြစ်စလောက်ပဲ ထားခဲ့တယ်။ ဆွစ်

www.burmeseclassic.com

www.burmeseclassic.com



ဇာလန်နိုင်ငံမှာ ကျွန်မ ပညာသင်လောက်ရုံပဲ ထားခဲ့တယ်။ ကျွန်မ ဆယ့်ကိုးနှစ်ပြည့်တော့ ဥရောပမှာ ငါးနှစ်လောက် နေခဲ့တယ် ဆိုတာတွေပေါ့"

"မေမေနဲ့ ပတ်သက်ပြီးတော့ရော ဘာတွေ ပြောပြထားသလဲ"

"မေမေလည်း သေသွားပြီလို့ ပြောထားတယ်"

"ဘာ"

"မေမေ၊ သူ့ကို ကျွန်မက ဘာပြောရဦးမှာလဲ။ ကလိဖ်လင်မြို့မှာ မေမေရှိကြောင်း၊ နောက်အိမ်ထောင်နဲ့ဖြစ်ကြောင်း၊ အဘွားလည်းရှိကြောင်း၊ သူတို့က ကျွန်မနဲ့အတူတူလာမနေနိုင်ကြောင်းတွေ ကျွန်မ ပြောပြရမှာလား"

"ဒါပေမယ့်၊ သူနဲ့သမီး လက်ထပ်တဲ့အခါကျတော့ မေမေနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ် ရှင်းပြမှာလဲ"

"ကျွန်မရဲ့အဒေါ်လို့ ပြောမှာပေါ့။ ကျွန်မ အမေရဲ့ အချစ်ဆုံး ညီမ။ ဒါကြောင့် ကျွန်မက ထောက်ပံ့နေရပါတယ်လို့ ပြောမှာပေါ့"

"ဒါဆိုရင်လည်း ပြီးတာပါပဲ။ ကိုယ့်အလေးချိန်ကိုရော အမြဲတမ်း သတိထားပြီး စစ်ရဲ့လား"

"ကျွန်မ သိပ်ပိန်ပါတယ်၊ မေမေ. . ."

"မေမေ သိပါတယ်။ ဒါပေမယ့် ကိုယ်အလေးချိန် တိုးလည်း မလာစေနဲ့၊ ကျလည်း မသွားစေနဲ့။ တိုးလာမယ်၊ လျော့သွားမယ်ဆိုရင် သမီးရဲ့ ရင်သားတွေ အလှပျက်သွားလိမ့်မယ်။ သမီးတို့လို ရင်သားထွားတဲ့သူတွေဟာ ခပ်မြန်မြန် တွဲကျသွားတတ်တယ်။ ယောကျ်ားတွေက အလှပျက်တာကို မကြိုက်ဘူး။ မေမေဟာ ရင်သား မလှတဲ့အတွက် သမီးဖေဖေနဲ့ ကွဲခဲ့ရတယ်။ အို- သမီးရယ်၊ ဒီအကြောင်းတွေ မေမေ ပြန်မစဉ်းစားချင်တော့ပါဘူး။ သမီးဆီကိုပဲ ပြေးလာပြီး သမီးနဲ့ အတူတူ နေလိုက်ချင်ပြီ"

သူ့အမေက ပြောရင်း စတင် ငိုကြွေးတော့သည်။

"မဖြစ်ပါဘူး မေမေ၊ ဂျွန်နဲ့ အဘွားကို မေမေ ခွဲထားခဲ့နိုင်မှာ မဟုတ်ပါဘူး"

"ဘာလို့ မခွဲနိုင်ရမှာလဲ၊ ဂျွန်နဲ့အဘွားနဲ့ အတူတူနေကြပေါ့။သူကြိုက်တာ သူလုပ်ပေါ့။ ဘယ်ကိုရော သူ သွားနိုင်မှာလဲ၊ အိမ်တစ်လုံးလောက်တောင် ဘယ်တုံးကမှ သူ မဝယ်နိုင်ခဲ့တာ"

ဂျနီဖာက အံကို တင်းတင်းကြိတ်လိုက်သည်။ သူ့စိတ်ကိုသူ ထိန်းပြီး သည်းခံနေရသည်။

"မေမေ၊ ပထမဆုံး တိုနီနဲ့ သမီး လက်ထပ်ပါရစေဦး မေမေရယ်။ သူနဲ့ လက်ထပ်ပြီးရင် မေမေ့ကို သမီး စောင့်ရှောက်ပါ့မယ်"

"လက်ထပ်ဖို့ ကိစ္စကိုရော သူက ပြောသလား"

"အခုထိတော့ မပြောသေးဘူး"

"ဒါဖြင့် သမီးက ဘာကို စောင့်နေတာလဲ၊ နောက် ငါးနှစ်ဆိုရင် သမီးအသက် သုံးဆယ်ပြည့်တော့မယ်။ သမီးဖေဖေက မေမေ့အပေါ် စိတ်ကုန်သွားတုန်းက မေမေ့အသက် နှစ်ဆယ့်ကိုးနှစ်ပဲ ရှိသေးတယ်။ ဂျင်း၊ သမီးမှာ အချိန်သိပ်ရှိတော့တာ မဟုတ်ဘူးနော်"

"ဒီကိစ္စဟာ အပြောလွယ်သလောက် အလုပ်မလွယ်ဘူး မေမေ။ သူ့မှာ အစ်မတစ်ယောက်ရှိတယ်။ အဲဒီ အစ်မက အားလုံးချယ်လှယ်နေတာ။ ငွေရေးကြေးရေးကအစ သူ့ခြေ သူ့လက်ချည်းပဲ။ သူတို့အမေက တိုနီကို မျက်နှာမြင်ပြီး ဆုံးသွားတာ။ ဒါကြောင့် တိုနီကို လူဖြစ်အောင် သူ့အစ်မက မွေးလာရတာ။တိုနီကိုလည်း သူ သိပ်ချစ်တယ်။ပြီးတော့ ကျွန်မကိုလည်း သူ မုန်းတယ်"

"ဂျင်း၊ ဒီနေရာမှာ သမီး ပြတ်ပြတ်သားသား လုပ်ဖို့လိုတယ်။ သူ့ကို ပ,ထုတ်နိုင်အောင် ကြိုးစား။ ပြီးတော့ သူ့နေရာကိုဝင်ပြီး ယူနိုင်အောင်လုပ်။ သူနဲ့သမီးနဲ့ လက်ထပ်ပြီးရင် သမီးတို့အိမ်ထောင်ရေးထဲ သူဝင်ရှုပ်နေတာကို သမီး လက်ခံလို့ ဘယ်ဖြစ်မလဲ။ သမီးဘဝလည်း ပျက်စီးသွားလိမ့်မယ်။ သမီးဆီမှာ မေမေ လာနေတာကိုလည်း သူ လက်ခံမှာ မဟုတ်ဘူး။ ဦးနှောက်ကို သုံးစမ်းပါ သမီးရယ်။ မိန်းကလေးတစ်ယောက်မှာ ပိုက်ဆံရှိပြီဆိုရင် သူ့ဘဝမှာ ဘာမှ မပူရတော့ဘူး။ သူ့ကို ထိခိုက်အောင် ဘယ်သူကမှ မလုပ်နိုင်တော့ဘူး။သမီး အကောင်းဆုံး ဖြစ်တာကိုပဲ မေမေ မြင်ချင်ပါတယ်"

*

အပူပေးစက်မြည်သံကို ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းသို့လည်း နေရောင် ထိုးကျလာသည်။

သို့သော် ဂျနီဖာမှာ မျက်လုံးကျယ်နေဆဲပင် ဖြစ်သည်။ မေမေ တယ်လီဖုန်းဆက်သည့်အတွက် သူ့ကို အနှောင့်အယှက် မဖြစ်ပါ။ အကျင့် ဖြစ်နေပြီ။ သူ အိပ်မပျော်နိုင်သည့်အတွက်သာ သောကရောက်ရခြင်း ဖြစ်သည်။

ရုပ်ရည်ကျမသွားစေလိုလျှင် ကောင်းကောင်း အနားယူရမည်။ အိပ်မပျော်သည့်တိုင်အောင် အိပ်ရာထဲမှာ လဲလျောင်းနေရင်း အနားယူရမည်။ ထိုအကြောင်းများကို တစ်နေရာရာတွင် ဂျနီဖာ ဖတ်ဖူးခဲ့သည်။

နောက်ထပ် စီးကရက်တစ်လိပ် မီးညှိလိုက်ပြန်သည်။ အိပ်မပျော်သည့်တိုင်အောင် အိပ်ရာပေါ်မှာ လဲလျောင်းရင်း တစ်ညလုံးလုံး စီးကရက်တစ်ဘူးကုန်အောင် သောက်ပစ်နေခြင်းကတော့ အနားယူသည်ဟု ဆိုနိုင်ဖွယ်ရာ အကြောင်း မရှိပါ။

ရေချိုးခန်းဆီသို့ လျှောက်လာခဲ့သည်။ မျက်လုံးများအောက်မှာ အသားတင်ဆေးများ လိမ်းပြန်သည်။ အရေးအကြောင်းများတော့ မရှိသေး။ သို့သော်လည်း ကြာရှည်တော့ ယခုလို တင်းတင်းရင်းရင်း ရှိနေနိုင်လိမ့်မည် မဟုတ်။

စပိန်ပြည်မှာ နေခဲ့ရသည့် နောက်ဆုံးရက်များလောက်ကစပြီး တစ်ည ပျမ်းမျှခြင်း သုံးနာရီထက် ပို၍ သူ အိပ်မပျော်နိုင်ခဲ့ချေ။

သက်ပြင်းရှည်ကြီးကို ချလိုက်မိသည်။ ထိုရက်များ မတိုင်မီတုန်းကတော့ သူ ကောင်းကောင်း အိပ်နိုင်ခဲ့ပါသည်။ အိပ်ပျော်နေသည့်အတွက် စိတ်မချမ်းသာစရာများကို မတွေးမိဘဲ သက်သာရာရခဲ့သည်။

ရင်ဆိုင်တွေ့နေရသည့် ပြဿနာများကို ကျော်လွှားလွန်မြောက်နိုင်စွမ်း မရှိတော့သည့် အချိန်ကစပြီး အိပ်မပျော်နိုင်သည့် ညပေါင်း များစွာနှင့် တိုးခဲ့ရတော့သည်။

စပိန်ပြည်မှာ မာရီယာနှင့် အတူတူ နေခဲ့ရသည့် နောက်ဆုံးရက်များတုန်းက စခဲ့ခြင်း ဖြစ်သည်။

မာရီယာ။

သူတို့ နေခဲ့သည့်ကျောင်းမှာ မာရီယာသည် အချောဆုံး အလှဆုံး ကျောင်းသူတစ်ယောက် ဖြစ်သည်။ ဂျနီဖာလည်း အခြားကျောင်းသူများနှင့်အတူ မာရီယာ၏အလှကို ငေးမောခဲ့ရသည်။ မာရီယာက ဂျနီဖာထက် အတန်းကြီးသည်။ ကျောင်းတွင် မည်သူ့ကိုမျှ စကားမပြော။ မည်သူ့နှင့်မျှ အပေါင်းအသင်း မလုပ်။ ထိုသို့ မာနကြီးတစ်ခွဲသားနှင့် နေသောကြောင့်လည်း အခြားကျောင်းသူများက မာရီယာနှင့် မျက်နှာကြောမတည့်ကြ။ မနာလိုကြ။ ကျောင်းမှဘွဲ့ရပြီး စပိန်နိုင်ငံသို့ ပြန်သွားသည့်တိုင်အောင် မည်သူ့နှင့်မျှ အပေါင်းအသင်း မလုပ်တော့မည့်ပုံမျိုး ဖြစ်သည်။

သို့သော်လည်း စာကြည့်တိုက်ထဲတွင် ဂျနီဖာနှင့် တွေ့ကြသည့် နေ့မှစပြီး တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတော့သည်။

သူ့အမေ ရေးလိုက်သည့်စာကိုဖတ်ရင်း ဂျနီဖာ ငိုနေမိသည်။

ကျောင်းဆက်ထားရန် ငွေမကတ်နိုင်တော့။ ထို့ကြောင့် ယခုလာမည့် ကျောင်းပိတ်ရက်တွင် အမေရိကန်ပြည်သို့ ပြန်လာတော့ရန် ရေးလိုက်သည့်စာ ဖြစ်သည်။ ဥရောပတိုက်တွင် စစ်ဖြစ်နေသော်လည်း ကလိဖ်လင်တွင်မူ စက်ရုံသစ်များ ဖွင့်လှစ်နေကြောင်းများလည်း ပါသည်။ သူ့ချစ်သူဟာရီ အိမ်ထောင်ကျသွားပြီး ဓာတ်ဆီဆိုင်တစ်ဆိုင်တွင် အလုပ်ဝင်လုပ်နေကြောင်းလည်း ထည့်ရေးလိုက်သည်။ ဟာရီအကြောင်း သိလိုက်ရသောကြောင့် ဂျနီဖာ မျက်ရည်ကျခြင်း ဖြစ်သည်။

"တိတ်ပါတော့ကွယ်၊ ဒါလောက်လည်း စိတ်မကောင်းစရာ မဖြစ်နိုင်ပါဘူး"

အသံကြားသဖြင့် ဂျနီဖာ မော့ကြည့်သည်။ မာရီယာ ဖြစ်နေသည်ကို တွေ့ရသည်။

မာနကြီးလှသော၊ မည်သူ့နှင့်မျှ စကားမပြောသော၊ အပေါင်းအသင်း လုံးဝ မလုပ်သော၊ စပိန်မင်းမျိုးမင်းနွယ်ထဲမှ ကျောင်းသူ အချောအလှ မာရီယာက သူ့ကို စကားလာ ပြောနေပြီ။

မာရီယာက သူ့ဘေးမှာ ဝင်ထိုင်သည်။ သူ့ကိုလည်း ကရုဏာသက်နေပုံရသည်။ ဂျနီဖာက သူ့အဖြစ်အပျက်များကို ပြောပြသည်။ မာရီယာက ထိုင်နားထောင်သည်။

"ကျွန်မကို ဘာဖြစ်ရမယ်လို့များ မေမေက မျှော်လင့်ထားလေသလဲ မသိတော့ဘူး၊ အင်္ဂလိပ်စာသင်တဲ့ ကျောင်းဆရာတစ်ယောက်ဟာ ကျေးကျွန်တွေ အများကြီးပိုင်တဲ့ မှူးကြီးမတ်ကြီးလို့များ မေမေက ထင်နေသလား

www.burmeseclassic.com



လည်း မသိပါဘူး"

မာရီယာက ရယ်သည်။ သူ အင်္ဂလိပ်စကား ပြောသောအခါ စကားကြီးစကားကျယ်များကို အလွန်ပြောတတ်သည်။ သို့သော်လည်း အလွန်တိကျပြတ်သားပါသည်။

"အင်း မိဘ. . . မိဘ၊ ကိုယ် အသက်နှစ်ဆယ့်နှစ်နှစ် ရှိပြီ။ ဖေဖေ သဘောတူတဲ့ယောက်ျားနဲ့ပဲ လက်ထပ်ရမယ်။ ဒါမှ ကိုယ်လက်ထပ်တဲ့ယောက်ျား ပိုင်ဆိုင်တဲ့ မြေတွေ၊ ယာတွေလည်း ကိုယ်တို့ အသိုင်းအဝိုင်းထဲကို ရောက်လာမယ်။ အနည်းဆုံး မိသားစုချင်း လက်ပွန်းတတီး ရှိလာကြမယ်။ အကျိုးတူပြဿနာတွေကို စုပေါင်းဖြေရှင်းလာကြမယ်။ ကိုယ်တို့တိုင်းပြည်မှာ ပြည်တွင်းစစ် ဖြစ်လိုက်တဲ့အတွက် တစ်တိုင်းပြည်လုံး ဖွတ်ဖွတ်ညက်ညက် ကြေသွားတယ်။

ဒါကြောင့် တိုင်းပြည်အာဏာကို သိမ်းထားကြတဲ့ လက်တစ်ဆုပ်စာ အာဏာရ လူနည်းစုကလေးအနေနဲ့ ညီညွတ်ရေး ရကြဖို့လည်း လိုတယ်။ အဲဒီလို ဆုံးဖြတ်ချက်တွေကို ကိုယ် သဘောတူနိုင်ပါတယ်။ဒါပေမယ့် ကိုယ် မကြိုက်မနှစ်သက်တဲ့လူနဲ့တော့ တစ်သက်လုံး အတူနေမသွားနိုင်ဘူး"

"ကျွန်မက ဟာရီကို ချစ်တယ်၊ ဒါပေမယ့် မေမေက သူ့ကို သဘောမကျနိုင်ဘူး"

ဂျနီဖာကလည်း ဝမ်းနည်းပက်လက်နှင့် ပြန်ပြောပြနေသည်။

"မင်းအသက် ဘယ်လောက် ရှိပြီလဲ ဂျင်းနက်"

ထိုအချိန်တုန်းက ဂျနီဖာ၏နာမည်သည် ဂျင်းနက်ဂျွန်ဆင် ဖြစ်သည်။

"ဆယ့်ကိုးနှစ်"

"ယောက်ျားနဲ့ တွေ့ဖူးပြီလား"

ဂျနီဖာ၏မျက်နှာမှာ ရှက်သွေးဖျန်းသွားသည်။ ထို့ကြောင့်လည်း မျက်နှာကို ငုံ့ဝစ်လိုက်သည်။

"မတွေ့ဖူးပါဘူး၊ ဟာရီနဲ့က ပွေ့တာဖက်တာလောက်ပါပဲ"

"ကိုယ်ကတော့ ယောက်ျားနဲ့ တွေ့ဖူးတယ်" ဟု မာရီယာက ဖွင့်ပြောသည်။

"ဟုတ်လား"

"လွန်ခဲ့တဲ့ နွေရာသီတုန်းကပေါ့။ ကိုယ့်အဒေါ်တစ်ယောက်နဲ့အတူ ဆွီဒင်ကို သွားလည်တယ်။ သိပ်ကိုချောတဲ့ ယောက်ျားတစ်ယောက်နဲ့တွေ့တယ်။ သူက အိုလံပစ် အားကစားပြိုင်ပွဲမှာ ပါလာတာ။ ရေကူးနည်းပြဆရာ။

ကိုယ်နဲ့နေရာချထားပေးဖို့ ဖေဖေ ရွေးထားတဲ့ယောက်ျားဟာ ဘယ်လိုလူစားမျိုး ဖြစ်မယ်ဆိုတာကိုလည်း ကိုယ် တွေးထားမိတယ်။ အဖိုးတန်ပန်းချီကားတွေနဲ့ အနုပညာပစ္စည်းတွေ အများကြီး ခိုးယူပြီး ထွက်ပြေးလာတဲ့ ဂျာမန်လူမျိုး ဖက်တီးကြီးလည်း ဖြစ်ချင်ဖြစ်နိုင်တယ်။ ကိုယ်တို့ မင်းဆွေမင်းမျိုးထဲက တစ်ယောက်ယောက်နဲ့လည်း ဖြစ်နိုင်တယ်။ မင်းဆွေမင်းမျိုးထဲမှာ မက်လောက်တဲ့အကောင်လည်း တစ်ကောင်မှမရှိ၊ ဒါကြောင့် ယောက်ျားချောချောတစ်ယောက်နဲ့တော့ တွဲပစ်လိုက်တော့မယ်လို့ ကိုယ် ဆုံးဖြတ်လိုက်တယ်"

"ကိုယ်လည်း ဟာရီနဲ့ တွဲလိုက်ချင်တာပါပဲ။ ဒါပေမယ့် အခုတော့ ဟာရီက အိမ်ထောင်ကျသွားပြီ"

"သူနဲ့ မတွဲလိုက်ရတာကို ဝမ်းသာစမ်းပါကွယ်။ ကိုယ်တော့ သူနဲ့ တွဲလိုက်မိတာနဲ့ ကိုယ်ဝန်ရှိတော့တာပဲဟေ့"

မာရီယာ ပြောပြနေသည်ကို ဂျနီဖာ အနေနှင့် မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။

မာရီယာသည် အလွန် မာနကြီးသည်။ ဘယ်ကျောင်းသူကိုမျှ သူ့အနားကပ်ခွင့် မပေးသူ ဖြစ်သည်။ ယခု ဂျနီဖာနှင့်ကျတော့ သူ့ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်များအထိ ဖွင့်ဟပြောဆိုနေသည်။ သူ့ကို ယုံကြည်စိတ်ချနေသည်။

"အဲဒီလူနာမည်က အိုရင်တဲ့။ ဒီကိစ္စကို သူပဲ ဖြေရှင်းပေးပါတယ်။ ဆရာဝန်နဲ့ တွေ့ပေးတယ်။ ကိုယ်ဝန်ကို ဖျက်ချပစ်လိုက်တယ်။ သိပ်နာတာပဲကွယ်။ အဲဒီနောက်မှာ ကိုယ်တွေ့ပူပြီး ဖျားတော့တာပဲ။ ဒါကြောင့် ဆေးရုံပြန်တက်ရတယ်။ ခွဲစိတ်ကုသတာ ခံရတယ်။ ကိုယ် ဘယ်တော့မှ သားသမီး မရနိုင်တော့ဘူး"

"အို . . မာရီယာ၊ ကိုယ် စိတ်မကောင်းလိုက်တာ"

မာရီယာက မသိမသာ ပြုံးသည်။

"စိတ်မကောင်းစရာ မဟုတ်ပါဘူး။ ကိုယ့်အတွက်တော့ ကောင်းသွားတာပေါ့။ ကိုယ့်အဖေ ကြိုက်သလို စီစဉ်ပေးစေတော့။ ပြီးတော့မှ ကိုယ်နဲ့ လက်ထပ်ရမယ်ဆိုတဲ့လူကို ဒီ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေ ဖွင့်ပြောပြလိုက်မယ်။ သားသမီး မရနိုင်တော့တဲ့ မိန်းမတစ်ယောက်ကို ဘယ်ယောကျ်ားကမှ မယူချင်ဘူး။ ဒါကြောင့် ကိုယ်လည်း ဘယ်တော့မှ ယောကျ်ားမယူဘဲ နေနိုင်တော့မယ်"

မာရီယာက အနိုင်ရလိုက်သလို ပြောနေသည်။

"ဒါပေမယ့် မင်းအဖေက ဘာပြောမလဲ"

"အဖြေပေးရမယ့် တာဝန်က ကိုယ့်အဒေါ်ပါ။ ကိုယ့်နောက်ကို ထည့်လိုက်တာဟာ ကိုယ့်ကို စောင့်ရှောက်ဖို့ ထည့်လိုက်တာပဲ။ ဒီကြားထဲက ဖြစ်တယ်ဆိုရင် သူ့တာဝန်ပေါ့။ ဒါကြောင့် ကိုယ့်အဒေါ်က ကိုယ့်ဘက်မှာ ရှိနေမှာ သေချာတယ်။ကိုယ် နေမကောင်းလို့ ဆေးရုံတက်ခဲ့ရကြောင်း၊ သားအိမ်ထဲမှာ အကျိတ်ဖြစ်နေတာ တွေ့ရလို့ သားအိမ်ကို ထုတ်ပစ်လိုက်ရကြောင်း ပြောမှာပေါ့"

"အမှန်လည်း အမှန်ပဲလား"

မာရီယာက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ သားအိမ်ကို ထုတ်ပစ်လိုက်ရတယ်။ အဲဒီနေရာမှာ ပယ်ရီတိုနိုက်တစ်ကို အစားထည့်ထားတယ်။ ဒါပေမယ့် သိပ်တော့ အံ့သြစရာကောင်းတာပဲ။ ကိုယ့်မှာ လစဉ်လတိုင်း မမှတ်လာရတဲ့ဒုက္ခက ကင်းသွားတော့တယ်လေ"

ဂျနီဖာက စိတ်မကောင်းကြောင်း ပြောပြချင်သည်။ သို့သော်လည်း ထိုသို့ ဖြစ်ရသည်ကိုပင် ကံကောင်းသည်ဟု ပြောနေသော မိန်းကလေးကို စိတ်မကောင်းကြောင်း မိမိက ဘယ်လိုလုပ် ပြောရမည်နည်း။

"ဒီလိုဆိုရင် မင်းက အားလုံး ပြင်ဆင်ပြီးသား။ နေသားတကျ ဖြစ်ပြီးသားချည်းပဲ။ ကိုယ်ကတော့ ကလိဖ်လင်ကို ပြန်ရဦးမယ်"

"မင်းပြန်ဖို့ မကောင်းသေးဘူး။ မင်းဟာ သိပ်ကို ချောတဲ့မိန်းကလေးပဲ။ ဒီအတိုင်းထိုင်ပြီး အချိန်ဖြုန်းရင်း ကိုယ်ယူရမယ့် ယောကျ်ားကို စောင့်နေရတာ အဓိပ္ပာယ်မရှိပါဘူး" ဟု မာရီယာက ပြောသည်။

"ဒါပေမယ့် ကိုယ် ဘာလုပ်နိုင်မှာ မှတ်လို့ကွယ်"

"နောက် နှစ်ပတ်ကြာရင် ကိုယ်တို့ကျောင်းလည်း ပိတ်တော့မှာပဲ။ ကိုယ်နဲ့အတူတူ စပိန်ပြည်ကို လိုက်ခဲ့ပေါ့။ ဘာလုပ်ရင်ကောင်းမယ်ဆိုတာ ကိုယ်တို့ စဉ်းစားနိုင်ကြတာပေါ့"

အလွန်ကောင်းသော အကြံအစည်ဖြစ်ကြောင်း ဂျနီဖာ သိသည်။

"မာရီယာ၊ ဒါပေမယ့် ကိုယ့်မှာက ပိုက်ဆံရှိတာ မဟုတ်ဘူး။ အိမ်ပြန်ဖို့စရိတ်လောက်ပဲ ရှိတော့တာ"

"ကိုယ့်ဧည့်သည်အဖြစ်နဲ့ လိုက်ခဲ့ပေါ့။ ကိုယ့်မှာ ကိုယ်သုံးနိုင်တာထက်တောင် ပိုနေသေးတယ်"

ကျောင်းမပိတ်မီ နောက်ဆုံး နှစ်ပတ်လောက်ကတော့ ကျောင်းတွင် ဂျနီဖာ၏ အောင်မြင်မှုကြီး ဖြစ်နေတော့သည်။

ဂျင်းနင်ဂွန်ဆင်သည် မာနရှင် မာရီယာနှင့် အလွန် ရင်းနှီးသည့် အပေါင်းအသင်း ဖြစ်သွားကြောင်း သတင်းမှာ တောမီးပမာ တစ်ကျောင်းလုံးသို့ ချက်ချင်း ပျံ့နှံ့သွားလေတော့သည်။ကျောင်းသူကလေးများက ဂျနီဖာကို မနာလိုသလို ကြည့်ကြသည်။

သို့သော်လည်း မာရီယာကမူ မင်းဆွေမင်းမျိုးတို့၏ မာနကို ဆက်ထားမြဲပင်။ ဂျနီဖာကိုပင်လျှင် အများရှေ့တွင် ရောရောနှောနှော မနေ။ ဖြတ်သွားဖြတ်လာ မျက်နှာချင်းဆိုင် တွေ့သောအခါတွင်သာ စကား တစ်လုံးစ နှစ်လုံးစ ပြောသည်။

ကျောင်းပိတ်ရက်ရောက်ပြီး ကျောင်းမှ ခွာလိုက်သည်နှင့် တစ်ပြိုင်တည်း မာရီယာ၏ အမူရာများ လုံးဝ ပြောင်းလဲသွားလေတော့သည်။ အလွန် ရင်းနှီးသည့် သူငယ်ချင်း ဖြစ်လာတော့သည်။

"ကိုယ်တို့ စပိန်ပြည်ကို တိုက်ရိုက်ပြန်သွားလို့ မဖြစ်သေးဘူး၊ ဖေဖေက ကြေးနန်းရိုက်လိုက်တယ်"

မာရီယာက ဂျနီဖာကို ကြေးနန်းစာရွက် ကမ်းပေးသည်။

ကြေးနန်းထဲတွင် ယခုနှစ် နွေရာသီ၌ ဆွစ်ဇာလန်နိုင်ငံမှာပင် အနားယူနေရန်၊ စပိန်ပြည်တွင် စစ်ဘေးစစ်ဒဏ်များမှ နာလန်မထူနိုင်သေး။ ပြည်တွင်းစစ်ကြောင့် လူတစ်သန်းလောက် သေဆုံးပြီး သိန်းပေါင်း များစွာ ဒဏ်ရာ အနာတရ ဖြစ်ကြကြောင်း၊ ထို့ကြောင့် အိမ်တွင်လည်း အိမ်ဖော်များ အလုံအလောက် မထားနိုင်သေးကြောင်း၊ အိမ်ကို ပိတ်ထားပြီး အိမ်သားအားလုံး ဟိုတယ်မှာ သွားနေနေကြ

www.burmeseclassic.com

www.burmeseclassic.com

ရကြောင်း၊ သို့သော်လည်း အခြေအနေ အရပ်ရပ်မှာ မကြာခင် ပုံမှန်အနေအထားသို့ ပြန်လည် ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ထိုအတောအတွင်း နိုင်ငံခြား တိုင်းပြည်မှာသာ ပျော်သလို နေနိုင်ကြောင်းများ ပါရှိပြီး လိုသည့်ငွေ ထုတ်ယူနိုင်ရန် ဆွစ်ဇာလန်ဘဏ်တိုက်မှ ငွေစာရင်းနံပါတ်ကိုပါ ဖော်ပြထားလေသည်။

"ကိုယ်တို့မှာ ငွေတွေ အလုံအလောက်ရှိနေပြီ။ တစ်ကမ္ဘာလုံးကိုတောင် ပတ်ပြီး လည်လိုက်နိုင်သေးတယ်။ ဒါပေမယ့် ဥရောပတိုက်မှာလည်း စစ်က ဖြစ်နေပြီ။ ပြင်သစ်ကို သွားလို့မရတော့ဘူး။ ဂျာမနီနဲ့ အင်္ဂလန်ကိုလည်း သွားလို့ မရတော့ဘူး"

မာရီယာက ပြောသည်။

"ကိုယ်တို့ အမေရိကန်ကို သွားကြရအောင်၊ နယူးယောက်ကိုလည်း သွားနိုင်တာပဲ။ ကိုယ် နယူးယောက်ကို မရောက်ဖူးသေးဘူး"

ဂျနီဖာက အကြံပေးသည်။

"ဘယ်လိုလုပ်သွားမလဲ၊ ကိုယ်က အမေရိကန်နိုင်ငံသူမှ မဟုတ်ဘဲ။ ဥရောပတိုက်မှာ စစ်ဖြစ်နေတယ်ဆိုရင် ခရီးသွားလို့ မကောင်းဘူး။ မင်းက အမေရိကန်နိုင်ငံသူ ဖြစ်နေတဲ့အတွက် ကြက်ခြေနီသင်္ဘောနဲ့ လိုက်သွားနိုင်တယ်။ ဒါတောင် ရေထဲမှာက ရေမြုပ်ပိုးတွေ ရေငုပ်သင်္ဘောတွေက ရှိနေသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ်လေ ကိုယ်ကတော့ နယူးယောက်ကို မသွားချင်ဘူး။ ဒီတစ်နွေလုံးတော့ ဒီမှာပဲ နေလိုက်ကြတာပေါ့။ အချိန်မရွေး ဟစ်တလာ စစ်နိုင်သွားတယ်။ သူ စစ်နိုင်သွားရင် အားလုံး ပြီးသွားမှာပါ"

သည်လိုဖြင့် ဆွစ်ဇာလန်နိုင်ငံမှာ သူတို့ သုံးနှစ်သုံးမိုး ဆက်နေလိုက်ကြသည်။

ကျောင်းကို ကျောခိုင်းခဲ့ပြီး ပထမဦးဆုံး အတူတူအိပ်သည့်ညမှာပင် သူတို့နှစ်ယောက် ချစ်သူများ ဖြစ်သွားကြလေတော့သည်။ အတွေ့အကြုံ မရှိရှာသည့် ဂျနီဖာက အစပိုင်းမှာ အထိတ်တလန့် ဖြစ်နေသည်။

"ကိုယ်တို့နှစ်ယောက်စလုံး ယောကျ်ားလျှာလို့မှ မဟုတ်ဘဲ။ သူတို့က ဆံပင်တိုတိုဖြတ်တယ်။ ယောကျ်ားလိုဝတ်တယ်။ ကိုယ်တို့နှစ်ယောက်စလုံးက မိန်းမလိုပဲ နေကြတာပဲ"

မာရီယာက ပြောသည်။

သည်လိုဖြင့် ညပိုင်းမှာ အတူတူအိပ်သည့်ချစ်သူများ၊ နေ့ပိုင်းမှာတော့ အလွန်ချစ်သည့် သူငယ်ချင်းနှစ်ယောက်။ ပတ်ဝန်းကျင်ကလည်း တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်ကြီးသည့် သူငယ်ချင်းနှစ်ယောက် အဖြစ်နှင့်သာ မြင်ကြသည်။

သူတို့ ဆွစ်ဇာလန်မှာ နေကြရင်းဖြင့် ပနားမားလူမျိုး ဆေးကျောင်းသား ချောချောတစ်ယောက်နှင့် ဂျနီဖာ တွေ့ခဲ့သည်။ ကပွဲများမှာ သူနှင့်အတူတူ ကသည်။ ယောကျ်ားတစ်ယောက်နှင့် အတူတူ ကရသည့်အရသာကို သူ သဘောပေါက်နားလည်လာသည်။ သို့သော်လည်း မာရီယာက အလစ်မပေး။

ရေလွှာလျှောစီးသင်ကြသည်။ ဂျနီဖာလည်း ပြင်သစ်စကားကို အထစ်အငေါ့မရှိ ကောင်းကောင်းတတ်ကျွမ်းတော့သည်။ လော်စင်နီမြို့မှာ နေရသည်ကို ငြီးငွေ့လာသောအခါ ဂျနီဖာမြို့သို့ ပြောင်းနေကြသည်။

ဆွစ်ဇာလန်နိုင်ငံမှာ သုံးနှစ်ကျော် နေထိုင်ပြီးသောအခါ မာရီယာ၏အဖေက စပိန်ပြည်သို့ ပြန်လာရန် ခေါ်သည်။ မာရီယာက မလာနိုင်ဟု ဆိုသည်။ ထို့ကြောင့် ၁၉၄၄ ခုနှစ်တွင် မာရီယာကို ငွေထုတ်ယူခွင့် မပေးဘဲ ထားလိုက်တော့သည်။ မပြန်လျှင် မဖြစ်တော့။

"မင်း ကိုယ်နဲ့ လိုက်ခဲ့မှ ဖြစ်တော့မယ် ဂျနီဖာ၊ အမေရိကန်ကိုပြန်ဖို့ မင်းရဲ့ သင်္ဘောလက်မှတ်ကို ပြန်ရောင်းပစ်မယ်။ ဒါမှ စပိန်ပြည်ကိုပြန်ဖို့ တို့ စရိတ်ရမယ်။ အဲဒီလက်မှတ်ကို ပြန်မရောင်းရင် ကိုယ့်မှာ ပြန်စရာ လမ်းစရိတ် မရှိတော့ဘူး"

မာရီယာက ပြောသည်။

ဂျနီဖာကလည်း ထိုလက်မှတ်ကလေးကို အားကိုးနေရသူ ဖြစ်သည်။ မာရီယာ၏ ပိုက်ကွန်ထဲမှ လွတ်မြောက်လိုသည်ဆိုလျှင် သူ့ကို ကယ်တင်နိုင်သည့်အရာသည် ထိုလက်မှတ်ကလေးသာလျှင် ဖြစ်လေသည်။ မာရီယာကိုလည်း စိတ်ကုန်ပြီ။ ကလီဖိုးနီးယားမှာ ရှိနေသည့် မေမေတို့ကိုလည်း တွေ့ချင်ပြီ။

သို့သော်လည်း စပိန်ပြည်သို့ သွားရမည်ဆိုတော့ စိတ်ဝင်စားလာပြန်သည်။ စပိန်ပြည်ရောက်လျှင် စပိန်လူမျိုးချောချောတစ်ယောက်ကို တွေ့နိုင်သည်။ ဆွေကြီးမျိုးကြီးထဲက ဖြစ်ရမည်။ ထိုကဲ့သို့သော လူတစ်ယောက်နှင့် တွေ့ပြီး အိမ်ထောင်ရက်သား ကျရမည်ဆိုလျှင်

www.burmeseclassic.com



လည်း မဆိုးပါ။ သူ့အသက် နှစ်ဆယ့်သုံးနှစ်ရှိပြီ။ ပြီးတော့ အပျိုစင်ကလေး။ မှန်ပါသည်။ အမှန်ပဲ အပျိုစစ်စစ် ဖြစ်ပါသည်။

စပိန်ပြည်မှာ တစ်နှစ်ကျော်ကြာအောင် ဂျနီဖာ နေနေရသည်။ လက်ခံနိုင်လောက်သည့် ယောက်ျားပေါင်း များစွာကို တွေ့ရပါသည်။ သို့သော်လည်း မာရီယာက သိမ်းစွန်ငှက်၏ မျက်လုံးကဲ့သို့ အလစ်မပေးဘဲ စောင့်ကြည့်နေသည်။ သူတို့ သွားလေရာသို့လည်း မာရီယာ၏ အဒေါ်တစ်ယောက်က အထိန်းအဖြစ်နှင့် အမြဲ လိုက်နေသည်။ ထို့ကြောင့် သူတို့လစ်သည့်အချိန်ကို မည်သည့်နည်းနှင့်မျှ မရနိုင်ပါ။

ဂျနီဖာလည်း စိတ်ပျက်လာပြီ။ လောကတွင် မာရီယာ လိုချင်သည်ဆိုလျှင် ဘာမဆို ရနိုင်သည်ဟုပင် ထင်ရတော့သည်။

ထို့ကြောင့်လည်း ဂျနီဖာ၏ မိခင်က ဆင်းရဲရမည်ကို ကြောက်ခြင်း ဖြစ်သည်။ ငွေရှိလျှင် အရာရာ ပြည့်စုံနိုင်သည်။ ဖြစ်ချင်သည်များကို ဖြစ်အောင်လုပ်နိုင်သည်။

ထိုအကြောင်းများကို ဂျနီဖာ သဘောပေါက်လာပါပြီ။ ပိုက်ဆံရှိမှ လွတ်မြောက်တော့မည်။ ပိုက်ဆံ မရှိလျှင် မည်သည့်နည်းနှင့်မျှ သည်ဘဝမှ လွတ်မြောက်နိုင်တော့မည် မဟုတ်။

စပိန်ပြည်တွင် ဝတ်ကောင်းစားလှများကို ထင်သလောက် ဝတ်နိုင်သည်။ သို့သော်လည်း မိမိကို မာရီယာက ပိုင်သည်။ ကလိဖ်လင်မြို့သို့ ပြန်လျှင်လည်း တစ်နည်းနည်းနှင့် အကျဉ်းကျသလိုသာ ဖြစ်ပေလိမ့်မည်။ သာမန်ယောက်ျားတစ်ယောက်နှင့် လက်ထပ်ရမည်။ ဘယ်လိုပဲ စဉ်းစားစဉ်းစား ကိုယ့်မှာ ငွေမရှိလျှင် တစ်ယောက်ယောက်၏ ပိုင်ဆိုင်ခြင်းကိုသာ ခံနေရပေလိမ့်မည်။ သို့သော် ကလိဖ်လင်မြို့သို့ ပြန်ခြင်းအားဖြင့် လွတ်မြောက်ရာ လွတ်မြောက်ကြောင်း လမ်းစတစ်ခုခုကိုတော့ တွေ့နိုင်ပေသေးသည်။

ထိုအချိန်ကစပြီး အိပ်မပျော်သည့်ညများ စခဲ့ခြင်း ဖြစ်သည်။ မာရီယာ နှစ်နှစ်မြိုက်မြိုက် အိပ်ပျော်သွားသည်နှင့် တစ်ပြိုင်တည်း ပြတင်းပေါက် အနီးသို့ ထလာကာ စဉ်းစားခန်းဝင်ရတော့သည်။ စီးကရက် တစ်လိပ်ပြီး တစ်လိပ် သောက်ရတော့သည်။ ကောင်းကင်မှ စိန်ကြယ်ပွင့်ကလေးများကို အဓိပ္ပာယ်မရှိငေးကြည့်နေခဲ့သည့် ညပေါင်း များလှပြီ။

ငွေ. . . ငွေ၊ ငွေရှိမှ ဖြစ်တော့မည်။ သည်ငွေကို ဘယ်လိုရအောင် ရှာမည်နည်း။ မိမိ၏ မျက်နှာအလှသည် ထူးခြားသည်။ မိမိ၏ ကိုယ်လုံးကိုယ်ပေါက် အလှသည် ထူးခြားသည်။ ထိုအလှများကို အသုံးချမည်ဆိုလျှင် ဘာကြောင့် ငွေ မရ ရမည်နည်း။

နယူးယောက်မြို့သို့သွားမည်။ နာမည်ရင်းကို ပြောင်းပစ်လိုက်မည်။ နာမည်သစ်မှည့်မည်။ မိမိ၏ အသက်အမှန်ကို မပြောဘဲ ပို၍ငယ်သည့်အသက်ကို လိမ်ပြောမည်။ စံပြမယ်လုပ်နိုင်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ငွေရအောင် ရှာရတော့မည်။ ငွေရှိလျှင် မည်သူ၏ အပိုင်စီးခြင်းကိုမှ ခံရတော့မည် မဟုတ်။

စဉ်းစားလိုက်ရသည့် အကြောင်းတွေ။

ဂျပန်ပြည်ကို အနုမြူဗုံး ကြဲချလိုက်သည့် သတင်းကြီး ဖြန့်ခနဲ ပြန့်လာသည်။ မဲဒရစ်မြို့မှာ ရှိနေသူအားလုံး ထိုသတင်းကိုသာ စိတ်ဝင်စားနေကြသည်။ မာရီယာသည်ပင်လျှင် ရေဒီယိုနားမှ မခွာနိုင်အောင် ဖြစ်နေသည်။ ထိုအခွင့်အရေးကို လက်မလွှတ်တမ်း ယူလိုက်သည်။ ကလိဖ်လင်မြို့မှာ ရှိနေသည့် သူ့အမေထံသို့ တိတ်တဆိတ် စာရေးပို့လိုက်သည်။ မေမေ နေမကောင်းသောကြောင့် ဂျနီဖာ အမြန် ပြန်လာရန် စာရေးခေါ်ဖို့ ရေးလိုက်သည်။

သူပြောသည့်အတိုင်းပင် သူ့အမေက လိုက်နာသည်။ မာရီယာ အနေနှင့်လည်း တားပိုင်ခွင့် မရှိတော့။

ကတိစကားတွေ အများကြီး ထားပြီးခွဲကြသည်။ မေမေ နေကောင်းသည်နှင့် တစ်ပြိုင်တည်း ပြန်လာခဲ့မည်ဖြစ်ကြောင်း ဂျနီဖာက မာရီယာ ယုံလောက်အောင် ပြောသည်။ သူ့အဝတ်အစား အများစုကိုလည်း စပိန်မှာပင် ထားပစ်ခဲ့သည်။ သို့မှလည်း မာရီယာ ယုံကြည်မည်။ မာရီယာက ဂျနီဖာ၏ လက်ထဲသို့ ချက်စာအုပ် ထိုးထည့်ပေးသည်။

"အမေရိကန် ဒေါ်လာနဲ့တွက်ရင် ဒေါ်လာသုံးထောင် ရှိမယ်။ ပြန်စရိတ်ကျန်အောင်လည်း ချန်ထား၊ ဒါပေမယ့် မင်း ငွေလိုနေပြီဆိုရင်တော့ ကြေးနန်းသာ ရိုက်လိုက်ပါ။ မင်းပြန်လာမယ့်နေ့ကို ကိုယ် စောင့်နေမယ်"

ဂျနီဖာက နယူးယောက်မြို့သို့ တိုက်ရိုက်ပြန်ခဲ့သည်။ ဈေးသက်သာသည့် ဟိုတယ်

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုမှာ တည်းသည်။ သူ့အမေထံသို့ ဒေါ်လာငါးရာ ပို့လိုက်သည်။ စပိန်ပြည်မှ စာများလာလျှင် မိမိထံသို့ ပို့ပေးရန်နှင့် မိမိ ဘယ်အရပ်ရောက်နေကြောင်းကို မပြောရန်၊ မိမိ၏နာမည်သစ်ကိုလည်း မပြောရန်များပါ မှာလိုက်သည်။

အစပိုင်းမှာတော့ မာရီယာက နေ့စဉ်နေ့တိုင်း စာရေးသည်။ ဂျနီဖာက လုံးဝ စာမပြန်။ ကံကောင်းသည်ဟု ဆိုရမည်လားမသိ။ နယူးယောက်မြို့သို့ ဂျနီဖာ ရောက်လာသည့် ပထမနေ့မှာပင် ဆွစ်ဇာလန်တုန်းက တွေ့ခဲ့သည့် ပနားမားနိုင်ငံသား ဆေးကျောင်းသားနှင့် ပက်ပင်း သွားတိုးသည်။ မာရီယာ နာမည်သစ်ပြောင်းထားသည်ကိုလည်း သူက မမေး။ ဆွစ်ဇာလန်မှာ တွေ့စဉ်ကတည်းက ဂျနီဖာကို သူ သဘောကျခဲ့ကြောင်းကိုသာ ပြောသည်။ ထို့ကြောင့် ရက်သတ္တပတ် သုံးပတ်ကြာအောင် သူနှင့်အတူတူ နေလိုက်သည်။ မင်းသားကြီး မီရာလိုနှင့် ဂျနီဖာကို ထိုဆေးကျောင်းသားကပင် မိတ်ဆက်ပေးခဲ့ခြင်း ဖြစ်သည်။

မနက် ခုနစ်နာရီ ထိုးသွားပြီ။

ဂျနီဖာက စီးကရက်တိုကို ပြာခွက်ထဲသို့ ထည့်လိုက်သည်။ တစ်ရေးလောက်တော့ သူ အိပ်လိုက်ဖို့ကောင်းသည်။ ရော်ဘီနှင့်လည်း တွေ့ရဦးမည်။ သူ စိတ်ချမ်းသာအောင် ပြုစုရဦးမည်။

သို့မှသာလျှင် သူလိုချင်နေသည့် အဝတ်အစားများ ရနိုင်မည်။ မေမေ့ထံ ပို့ဖို့လည်း ငွေပါ ရနိုင်မည် မဟုတ်လား။

၀ ၀ ၀

# နီလီ

ဇန်နဝါရီ၊ ၁၉၄၆

နယူးယောက်မြို့မှာ နဘံမိုးလုံးပြဇာတ်ရှုတင်သည်။ ဇာတ်သဘင် ဝေဖန်ရေးဆရာအားလုံးက တညီတညွတ်တည်း ချီးကျူးရေးသားကြသည်။

ဟယ်လင်လော်ဆန်၏ အောင်မြင်မှုသည် အထွတ်အထိပ်ကို ရောက်သွားတော့သည်။ နီလီကိုလည်း ဝိုင်းဝန်း ချီးကျူးရေးသားကြသည်။

ထိုသို့ ဖြစ်လာသောအခါ နီလီလောက်အံ့သြရသူသည် မရှိနိုင်တော့။ နီလီကဲ့သို့သောအနုပညာဗီဇပါသည့် မင်းသမီးမျိုး နှစ်ပေါင်းများစွာကြာအောင် မပေါ်ခဲ့ဘူးသေးကြောင်း ဝေဖန်ရေးဆရာတစ်ဦးက ရေးလိုက်သည်။

အောင်မြင်ကျော်ကြားမှုများကိုလည်း ရစပြုလာပြီ။ တင့်တောင့်တင့်တယ်ရှိသည့် အိမ်ခန်းကျယ်ကြီးမှာလည်း သူငယ်ချင်း နှစ်ယောက်နှင့်အတူတူ နေခွင့်ရပြီ။ ထို့ကြောင့် နီလီအဖို့ သူ့ကိုယ်သူ အထိုက်အလျောက် ယုံကြည်မှု ရလာသည်။

သည်လို ခမ်းကြီးနားကြီး အိမ်ခန်းမျိုးကို သာမန်အားဖြင့်တော့ သူ့အနေနှင့် ရနိုင်စွမ်း မရှိ။ သို့သော်လည်း သည်အခန်းကို ရသည်မှာ အယ်နီ၏ အစွမ်းအစကြောင့် ဖြစ်သည်။ အယ်နီသည် သည်ကိစ္စနှင့် ပတ်သက်လျှင် ကံထူးသူတစ်ယောက်ဟုပင် ဆိုရတော့မလို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုမျှမကသေး အိမ်ခန်းနှင့် ပတ်သက်လာလျှင် အေလင်ကူးပါးနှင့်ပင် မလွတ်ကင်းနိုင်တော့လေပြီလားဟု စဉ်းစားရမလိုလည်း ဖြစ်လာသည်။

တစ်ခုတော့ ရှိပါသည်။

ယခုတစ်ကြိမ် အိမ်ခန်းရခြင်းသည် အေလင်နှင့်တော့ မဆိုင်။ သူ့အဖေ ဂျိုနီနှင့် ပတ်သက်ပြီး ရခြင်း ဖြစ်သည်။

ဂျိုနီက သူနှင့်တွဲနေသည့် အက်ဒယ်လီမာတင်ကို ခွာပစ်လိုက်သည်။

အိမ်မြှောင်အမြီးပြတ် ဖြစ်သွားသည့် အက်ဒယ်လီက လန်ဒန်သို့ပြောင်းပြီး စံပြမယ်လုပ်ရန် ဆုံးဖြတ်သည်။ လန်ဒန်ရှိ ဒေါ်ချင်စတာ ဟိုတယ်မှာလည်း အခန်း ငှားလိုက်သည်။ လန်ဒန်သို့ သူ မသွားမီကလေးမှာပင် အယ်နီနှင့် ပက်ပင်း သွားတိုးကြသည်။ အကျိုးအကြောင်း ပြောပြရင်းနှင့် သူ လန်ဒန်သွားနေတုန်း သူ့အခန်းကို အယ်နီတို့အား ငှားထားရန် သဘောတူလိုက်သည်။

အခန်းက သားသားနားနား ရှိသည်။ အိမ်ထောင်ပရိဘောဂများက အထက်တန်းကျသည်။ အသုံးအဆောင်များက အထက်တန်းကျသည်။ ထိုပစ္စည်းများ အားလုံးကို နီလီ ကိုင်တွယ် ကြည့်ရှု မဆုံးနိုင်အောင် ရှိတော့သည်။ ယခုလို အထက်တန်းကျသည့် အခန်းမျိုးကို နီလီ အိပ်မက်ပင် မမက်ခဲ့ဘူးချေ။

သည်အခန်းကို ယာယီ ငှားထားသည်မှာ မှန်သည်။ ဇွန်လ ၁ ရက်နေ့တွင် အက်ဒယ်လီ ပြန်လာမည်။ သူ ပြန်လာချိန်တွင် ပြန်ပေးရမည်။

ထိုအချိန်လောက်ဆိုလျှင် ဂျနီဖာက တိုနီနှင့် လက်ထပ်ပြီးလောက်ပြီ။ အယ်နီကလည်း လိုင်ယွန်နှင့် လက်ထပ်ပြီးလောက်ပြီ။ နီလီကလည်း မဲလ်နှင့် လက်ထပ်ပြီးလောက်ပြီ။ အထူးသဖြင့် မဲလ်၏ အလုပ်သစ် အဆင်ပြေမည်ဆိုလျှင် အရာရာ ချောမောသွားတော့မည်။

ကျော်နီမယ်လွန်က မဲလ်ကို အလုပ်ခန့်သည်။ ရေဒီယိုဇာတ်လမ်းများ ရေးသားရန် ဖြစ်သည်။ နှစ်ပတ်တိတိ စမ်းသပ်ကြည့်သည်။ သူ အောင်မြင်သွားပြီဆိုလျှင် သူတို့ ချမ်းသာသွားနိုင်သည်။ ရေဒီယိုဇာတ်လမ်း ရေးသူများသည် တစ်ပတ်လျှင် ဒေါ်လာငါးရာအထိ ရကြသည်။ ထို့ထက်လည်း ပိုနိုင်သေးသည်။

ယခု မဲလ်က တစ်ပတ်လျှင် ဒေါ်လာနှစ်ရာ ရနေသည်။ သူတို့ပြဇာတ်မှာ စီစဉ်ထားသည့်ရက်ထက် သုံးပတ်စောပြီး နယူးယောက်မြို့သို့ ဝင်ခဲ့သည်။ ဘော့စတွန်မြို့သို့ သွားစရာ မလိုတော့။

ဂီး၏ . . . အရာရာတို့သည် မှန်သားကဲ့သို့ ချောမွေ့နေကြချေပြီ။

အဝတ်အစား လှလှပပကလေးများလည်း ဝယ်ရပါဦးမည်။ ခရမ်းရောင် တာဖက်တာ အင်္ကျီကလေးများကိုချည်း လူတိုင်းက အကြိမ်တစ်ရာလောက် တွေ့နေကြရမည်လော။

ဂီး၏. . .၊ ဖီလာဒဲလ်ဖီးယားမြို့မှ ပြန်လာကြတုန်းက ဂျနီဖာမှာ အဝတ်အစားသစ်တွေ မဆုံးမပြ ပါလာခဲ့သည်။ အမှန်တော့ အမြဲတမ်း ဂျနီဖာ ဘိုင်ကျနေတတ်သည်။ တိုနီပိုလာကလည်း သူ့သဘောနှင့်သူ သုံးစွဲနိုင်သောသူ မဟုတ်။

ထိုကြားထဲက ဤမျှ အဝတ်အစားများများကို သူ ရအောင် ဘယ်လိုလုပ် ရှာခဲ့သနည်း။

ထို့ကြောင့် မိမိလည်း အဝတ်အစားများ ဝယ်ရဦးမည်။ အိုဘက်ကုန်တိုက်ကြီးက အဝတ်အစား မျိုးစုံကို နာတာလူးပွဲတော်အတွက် အကြီးအကျယ် ချရောင်းနေသည်။

နှစ်ဆန်းတစ်ရက်နေ့ ညစာပွဲကို တက်ရောက်ရန် ကျော်နီမယ်လွန်က မဲလ်နှင့် နီလီကို ဖိတ်ထားသည်။

သို့သော်လည်း နှစ်ဟောင်း မကုန်မချင်း ဟယ်လင်၏ အခန်းထဲမှ သူတို့ မထွက်နိုင်ကြသေး။ သန်းခေါင်ကျော်အောင် သည်အခန်းထဲမှာ စောင့်ကြရဦးမည်။

"ဆယ့်နှစ်နာရီ ထိုးပြီးမှ မင်းတို့ကို ဇာတ်ရုံက ထွက်ခွင့်ပေးမယ်"

ဟယ်လင်က ရှမ်ပိန်အရက်ထည့်ရင်း ပြောသည်။

ကျော်နီမယ်လွန်၏ ညစာပွဲမှာ စိတ်လှုပ်ရှားဖွယ် ကောင်းလွန်းလှသည်။ နာမည်ကြီးမင်းသမီးတစ်လက် အနေနှင့် သည်လို ညစာပွဲကြီးမျိုးကို နီလီ မတက်ဘူးသေး။ ယခုတော့ သူတို့အားလုံးက သူ့ကို သိနေကြသည်။ သူ အလွန် အံ့အားသင့်သွားပါသည်။ သူ မည်သူဖြစ်ကြောင်းကို အားလုံးက သိနေကြသည်။

"မိမိတို့အဖွဲ့၏ အမြဲတမ်း အဖွဲ့ဝင်အဖြစ် မိမိကိုယ်မိမိ သဘောထားနိုင်ပါသည်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ဂျော်နီမယ်လွန်က မဲလ်ကို ပြောသေးသည်။

ဂီးဇ် . . .၊ အလွန် ကောင်းသည့် ဆုလာဘ်ကြီးတစ်ခု ဖြစ်သည်။

စကားပြောတိုင်း 'ဂီးဇ် . . .' ဆိုသော စကားလုံးကြီး ထည့်ပြောသည့် အကျင့်ကိုလည်း ဖျောက်ရတော့မည်။ ထိုစကားလုံးကြီးကို သူ ထည့်ပြောလိုက်တိုင်း လူတိုင်းက ရယ်ကြသည်။

အို . . . ဒါပေမယ့် သူ့ကို လှောင်ပြောင်ရှုတ်ချသည့် အနေမျိုးနှင့် ရယ်မောကြခြင်း မဟုတ်။ သူ ရယ်စရာလုပ်နေသည်ဟုထင်ပြီး ရယ်မောကြခြင်းသာ ဖြစ်သည်။

သို့သော်လည်း မဲလ်၏ ပတ်ဝန်းကျင်မှ အထက်တန်းလွှာများနှင့် ပေါင်းသင်းရတော့မည်ဆိုလျှင် လူတောသူတောထဲ ဝင်ဆံ့အောင် လိုအပ်သည်များကို လေ့လာထားရဦးမည်။ အထက်တန်းလွှာများက အထင်ကြီးအောင် နေတတ်ထိုင်တတ်ဖို့ လိုသည်။ သူက စကားလည်း ကောင်းကောင်း မပြောတတ်။ မဲလ်ကတော့ စကား အလွန်ကြွယ်သူ ဖြစ်သည်။ သူက ကောလိပ်ကျောင်းသားပေကိုး။

ဂီးဇ် . . .၊ မဲလ်ကဲ့သို့သော ကောလိပ်ကျောင်းထွက် ပညာတတ်ကြီးတစ်ယောက်နှင့် မိမိ မေတ္တာသက်ဝင် ချစ်ခင်နေရပါပကော။

နှစ်သစ်ကူးပွဲတော်ည ညစာခံပွဲကို နီလီ မမေ့နိုင်တော့။ မဲလ်က သူလည်း မမေ့နိုင်တော့မည် မဟုတ်ပါဟု ပြောသည်။

ထိုနေ့ညက သူတို့ ဟိုတယ်သို့ ပြန်ရောက်ကြတော့ နီလီက မဲလ်ကို အားပါးတရ ပြေးဖက်လိုက်သည်။

"မဲလ်၊ ကျွန်မ သိပ်ပျော်တာပဲ။ အရမ်းကို ပျော်တာပဲ"

"ဒါဟာ ၁၉၄၆ ခုနှစ် စတာပဲ။ မင်းအဖို့ အောင်မြင်မှုတွေနဲ့ စလိုက်တဲ့နှစ်ပေါ့။ ဒါပေမယ့် ဟယ်လင်လော်ဆန်အတွက်တော့ ကိုယ် စိတ်မကောင်းဘူး။ ဒီနေ့ည သူမှာ အဖော်မရှိရှာဘူး။ သူ့အဝတ်အစားလဲတဲ့ အခန်းထဲမှာ တစ်ယောက်တည်း ထိုင်နေရရှာတယ်"

မဲလ်က ပြန်ပြောသည်။

နီလီက နှာခေါင်းရှုံ့လိုက်သည်။

"ဟယ်လင်ဟာ ဘယ်တော့မှ အတွဲရှာလို့ရမယ့် မိန်းမကြီး မဟုတ်ပါဘူး။ ဒီနေ့ညတော့ သူ ကံကောင်းပါသေးတယ်။ အဝတ်အစား ဒီဇိုင်းဆွဲတဲ့လူနဲ့ သူနဲ့ တွဲသွားတယ်လေ။ အလကား ငတုံးကြီး၊ ဒါမျိုးပဲ သူ ရမှာပေါ့။ မဲလ်၊ ရှင့် အခန်းကြီးကလည်း တုံးလိုက်တာ၊ မနက်မိုးလင်းတော့မယ်။ အခန်းထဲမှာလည်း အခုထက်ထိ အပူငွေ့ မရသေးဘူး"

နီလီက ခုတင်ပေါ်သို့တက်ပြီး ချမ်းလွန်းသဖြင့် သူ့ရင်ခွင်ထဲသို့ တိုးဝင်လာသည်။

"ကောင်းပြီလေ၊ မင်း ကြိုက်တဲ့နေ့ ပြောပါ။ မင်းဆီကို ကိုယ် ပြောင်းခဲ့ပါ့မယ်။ မင်း သဘောကျတဲ့ ဘယ်အချိန်ပဲ ဖြစ်ဖြစ် ကိုယ်တို့ လက်ထပ်ကြတာပေါ့။ ကိုယ်တို့နှစ်ယောက်အတွက် အိမ်ခန်း ကောင်းကောင်းတော့ ကိုယ်ရှာလို့ ရမှာပါ"

နီလီက သူ့အနီးသို့ ကန့်ကလျ တိုးကပ်လာသည်။

"ဒီနေ့ည ဂျော်နီမယ်လွန် ပြောတာ ကြားတယ် မဟုတ်လား နီလီ။ ကိုယ့်အခြေအနေက အတည်တကျ ဖြစ်သွားပြီလေ။ ကိုယ့်ကို တစ်ပတ်ဒေါ်လာနှစ်ရာ ပေးမယ်တဲ့"

"ကျွန်မလည်း တစ်ပတ်ကို နှစ်ရာရနေတာပဲ"

"ဒီလိုဆိုရင် ကိုယ်တို့ လက်ထပ်လိုက်ကြရအောင်"

"အိုကေ၊ ငွန်လတစ်ရက်နေ့မှာ လက်ထပ်မယ်"

"ဒါလောက် အချိန်အကြာကြီး ဘာဖြစ်လို့ စောင့်နေရဦးမှာလဲ"

"အဲဒီရက်အထိ သူငယ်ချင်းတွေနဲ့စုပြီး ကျွန်မတို့ အခန်းငှားထားတယ်။ ကျွန်မက သူတို့နဲ့ မနေဘဲ တခြားကို ပြောင်းလိုက်ရင် ကျွန်မ ပေးရမယ့် အချိုးကျ အခန်းလခကို အလကားသက်သက် ကျွန်မက ပေးရမှာပေါ့။ ကျွန်မတို့ အားလုံး အဲဒီ သဘောတူညီချက် တစ်ခုကို လုပ်ထားကြတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မတို့ သုံးယောက်စလုံး အိမ်ထောင်ပြုကြတော့မယ့်ဆဲဆဲ ဖြစ်နေကြတာ မဟုတ်လား"

"ကိုယ်တို့ တတ်နိုင်သားပဲကွာ၊ မင်းတို့ ကတိထားတဲ့အတိုင်း ကိုယ်တို့ ဆက်ပေးကြတာပေါ့"

"အဓိပ္ပာယ်မရှိတဲ့ စကားတွေ ပြောမနေစမ်းပါနဲ့ မောင်ရယ်။ အကြောင်းမဲ့ အိမ်လခ နှစ်လခ ပေးနေရမှာလား"

"ဒါပေမယ့် နီလီမင်းနဲ့ လက်ထပ်ချင်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



နီလီက တခစ်ခစ် ရယ်သည်။

"ရှင် ကျွန်မကို ရနေပြီပဲဟာ"

"ဒါပေမယ့် နီလီ"

"ငွန်လ တစ်ရက်နေ့ကျရင် လက်ထပ်ပါ့မယ်ကွယ်။ ကဲ. . . လာပါတော့"

*

ဖေဖော်ဝါရီ၊ ၁၉၄၆

အခန်းတွင်းသို့ ကြီးမားသော စန္ဒရားကြီး တစ်လုံးကို အလုပ်သမားများက သွင်းနေရာ နီလီက လိုအပ်သလို ကြီးကြပ်ပေးနေသည်။ အယ်နီနှင့် ဂျနီဖာက မယုံကြည်နိုင်လောက်အောင်ဖြစ်ပြီး ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေကြသည်။

"ဂျွန်ဆန်ဟားရစ်ရုံးနဲ့ ကျွန်မ စာချုပ်လိုက်ပြီ"

နီလီက ကြေညာလိုက်သည်။

"ဟင်နရီနဲ့က ဘာဖြစ်လို့လဲ"

အယ်နီက မေးသည်။

"ကျွန်မတို့ မနေ့တုန်းက အကြာကြီး ဆွေးနွေးကြတယ်။ ဂျွန်ဆန်ဟားရစ်ရုံးက ကျွန်မကို ကမ်းလှမ်းနေတဲ့အကြောင်း ကျွန်မက ပြောပြတယ်။ ဟင်နရီကလည်း သဘောတူပြီး ကျွန်မနဲ့ စာချုပ်ထားတာကို ဖျက်သိမ်းပေးလိုက်တယ်။ ကျွန်မဟာ ထိပ်တန်းမန်နေဂျာကြီးတစ်ယောက် ငှားထားလောက်အောင် အောင်မြင်မှုရနေတဲ့ မင်းသမီးတစ်ယောက် မဟုတ်သေးဘူး။ ဒါပေမယ့် ကျွန်မရဲ့ နောက်ပိုင်းမှာတော့ ထိပ်တန်းအေဂျင်စီကြီးတစ်ခုက ကျောထောက်နောက်ခံ လုပ်ပေးထားဖို့ လိုတယ်။ ဟင်နရီကလည်း သဘောတူတယ်။ အခု ဘယ်အခြေအနေ ဆိုက်လာတယ် ဆိုတာကိုသာ ကြည့်ကြတော့လေ"

"သူတို့က မင်းကို ဒီစန္ဒရားကြီး ပေးလိုက်တာလား"

ဂျနီဖာက မေးသည်။

"မဟုတ်ပါဘူး၊ ငှားတာပါ။ ငှားခကို သူတို့က ပေးမယ်၊ နောက် သုံးပတ်ကြာရင် ကျွန်မကို ရုံတင်မယ်လို့ ပြောတယ်"

"ဒါပေမယ့်၊ နဘ်မိုးလုံး ပြဇာတ်ထဲမှာလည်း မင်း ကနေရသေးတာ မဟုတ်လား"

အယ်နီက ဝင်ပြောပြန်သည်။

"တစ်ပြိုင်တည်း ဇာတ်နှစ်ခုကို ကရမယ်။ လာရောခ်ဇာတ်ရုံမှာ ကရမယ့်ပွဲက ညသန်းခေါင်ကျမှ စမှာ။ အဲဒီ ကပွဲအတွက် ဝတ်စုံပတ်ကို သုံးရာရမယ်။ မနိုပ်ဘူးလားဟင်၊

ဂျွန်ဆန်ဟားရစ်တို့က ဇီကီဝိုက်ကိုလည်း ကျွန်မအတွက် ငှားပေးတယ်။ ဇီကီဝိုက်က ကျွန်မကို သရုပ်ဆောင်ပညာ သင်ပေးမယ်။ ဇီကီက ထိပ်တန်း မင်းသား၊ မင်းသမီးတွေကိုသာ သင်ပေးတဲ့လူ။ ကျွန်မ သီချင်းဆိုတာကို ကြားရတော့ နည်းစနစ်ကျနအောင် သင်ပေးလိုက်ရင် သိပ်ကို အောင်မြင်လာနိုင်တယ်လို့ သူက ပြောတယ်"

"ကောင်းတာပေါ့ကွယ်၊ ဟယ်လင်လော်ဆန်တော့ မင်းတို့ကြားထဲ ဝင်မရှုပ်စေနဲ့နော်။ သူ ဝင်လာပြီဆိုရင် ကိုယ်တို့ အားလုံး ဒုက္ခရောက်ကြဖို့သာ ပြင်ပေတော့"

ဂျနီဖာက အယ်နီကို မျက်ရိပ် လှမ်းပြရင်း ပြောသည်။

"ဒီစန္ဒရားကြီး မကောင်းဘူးလား ဟင်၊ ဇီကီက ဒါကြီးကိုပဲ ယူဖို့ တိုက်တွန်းတယ်။ ကျွန်မတို့အိမ်လည်း ကျက်သရေ ရှိသွားတာပေါ့"

နီလီက စန္ဒရားကြီးကို တမြတ်တနိုး ပွတ်သပ် ကိုင်တွယ်ကြည့်နေသည်။

"ဟုတ်ပါတယ်၊ အခုမှပဲ ကိုယ်တို့အိမ်လည်း ဇာတ်တိုက်တဲ့ နေရာနဲ့ တူသွားတော့တယ်"

ဂျနီဖာက ခေါင်းညိတ်ပြပြီး ပြန်ပြောသည်။

နီလီ၏ ကလေးမျက်နှာကလေးပေါ်တွင် စိတ်မကောင်းဖြစ်သည့် အမူအရာ ပေါ်လာသည်။

"ဂီးဇ်. . .၊ ဒါကြီး ယူလာတာ သဘောမကျလို့လားဟင်"ဟုလည်း ပြန်မေးသည်။

ဂျနီဖာက ပြုံးသည်။

"မဟုတ်ပါဘူးကွယ်၊ စန္ဒရားကြီး ယူလာပြီးရင် ဘဲလေးကဖို့ ဘယ်နေရာကို သတ်မှတ်မလဲလို့ ကိုယ်က တွေးကြည့်နေမိလို့ပါ။ စန္ဒရားရောက်လာမှတော့ ကဖို့နေရာလည်း လုပ်ရတော့မယ် မဟုတ်လား"

အယ်နီက ရယ်သည်။

"နီလီ စိတ်မကောင်းဖြစ်အောင် စ,မနေစမ်းပါနဲ့ ဂျနီဖာရယ်။ ကိုယ်တို့ မိသားစုထဲမှာ အောင်မြင်ကျော်ကြားတဲ့ မင်းသမီးတစ်လောက် ရှိနေတာ ဘယ်လောက် ကောင်းသလဲ"

နီလီက မျက်နှာကို ခပ်တည်တည် လုပ်

www.burmeseclassic.com



ထားသည်။

"ပိုက်ဆံရဖို့ ရှာနေတာသက်သက်ပါ။ ဒွန်လကျရင် မဲလ်နဲ့ ကျွန်မ လက်ထပ်မယ်။ ကျွန်မတို့ လက်ထပ်ပြီးရင် ကျွန်မတို့အိမ်ကို လည်း ဒီအိမ်လို အထက်တန်းကျတဲ့ အိမ်ထောင်ပရိဘောဂတွေနဲ့ ပြင်ဆင်ရမယ်။ ဒါကြောင့် ကျွန်မ ပိုက်ဆံစုမှာပါ အစ်မရယ်"

"ကျော်နီမယ်လွန်တို့အတွက် ဇာတ်ညွှန်းက ဘယ်တော့လောက် ရေးပေးရမှာတဲ့လဲ နီလီ။ မင်းရဲ့ ပြန်ကြားရေး ကိုယ်စားလှယ် အဖြစ်နဲ့ အချိန်ပြည့် လုပ်ပေးလိမ့်မယ်လို့ ကိုယ်တို့က ထင်နေတာ။ လူသိများအောင် လုပ်ပေးတတ်တဲ့နေရာမှာတော့ မဲလ်လို တော်တဲ့လူ ကိုယ်ဖြင့် တစ်ခါမှ မတွေ့ဖူးသေးဘူး"

ဂျနီဖာက မေးသည်။

"လုပ်ရမှာပဲပေါ့၊ ဘာပဲဖြစ်ဖြစ် ကျွန်မ ရှာနေတာတွေဟာ ကျွန်မတို့ရဲ့ နောင်ရေးအတွက်ပဲ မဟုတ်လား"

"သူ အောင်မြင်တယ် ဆိုရင်လည်း မင်း အနေနဲ့ ဘာမှ လုပ်စရာ မလိုတော့ပါဘူး"

"မလုပ်ဘဲနဲ့ ဘာထိုင်လုပ်နေရမှာလဲ အစ်မရယ်၊ ကျွန်မတော့ လက်ထပ်ပြီးတဲ့ နောက်လည်း အလုပ် ဆက်လုပ်နေမှာပဲ။ ဒါပေမယ့် လက်ထပ်ရေးကတော့ အဓိကပေါ့။

'အစ်မရော နှစ်ဆယ်ရာစုမြေခွေးရုပ်ရှင်ကုမ္ပဏီက ကမ်းလှမ်းတာကို ဘာဖြစ်လို့ လက်မခံလိုက်တာလဲ၊တိုနီနဲ့ လက်ထပ်မှာမို့လို့လား"

ဂျနီဖာက ပခုံးများကို တွန့်ပြသည်။

"သိပ်မကောင်းသေးလို့ လက်မခံလိုက်တာပါ။ သူတို့က တစ်ပတ်မှ တစ်ရာငါးဆယ်ထဲ ပေးမှာ"

"ဟင်နရီကတော့ သူတို့နဲ့ စာချုပ်သင့်တယ်လို့ ပြောပါလား။ ဒီထက် ပိုက်ဆံပိုပေးမှ အစ်မက လက်ခံမှာလား"

"ဆိုပါတော့၊ ဒါပေမယ့် ကိုယ့်မှာက အနုပညာပါရမီ မပါဘူး။ ဗီဇမပါဘူး နီလီ။ မင်းမှာက အဲဒီ ပါရမီတွေ ရှိနေတယ်"

"ဒါကလည်း ပါရမီနဲ့ဆိုင်တယ် မထင်ပါဘူး အစ်မရယ်။ ဟေး၊ ကျွန်မတို့အခန်းကို ရှင်းထားကြရအောင်၊ မကြာခင် ဇီကီ ရောက်လာတော့မယ်"

"သပ်ရပ်နေသားပဲ နီလီ"

အယ်နီက ဝင်ပြောသည်။

နီလီက အခန်းထဲမှာရှိနေသည့် ဆေးလိပ်ခွက်များ အားလုံးကို လိုက်ရှင်းနေသည်။

"ဂျင်း. . .၊ ရှိရှိသမျှ ဆေးလိပ်ခွက်တွေ အကုန်လုံးတော့ အစ်မ ဆေးလိပ်တိုတွေနဲ့ ချည်း ပြည့်နေတော့တာပဲ။ ကျွန်မ ဆေးလိပ်မသောက်တတ်တာ သိပ်ဝမ်းသာစရာကောင်းတယ်လို့ ဇီကီက ပြောတယ်။ အခန်းတစ်ခန်းထဲမှာ ဆေးလိပ်မီးခိုး မွှန်တာလေးနဲ့တောင် အဆိုတော်တစ်ယောက်ရဲ့ အသံကို ပျက်သွားစေနိုင်တယ်တဲ့"

ဂျနီဖာက မျက်ခုံးနှစ်ဖက်ကို ပင့်လိုက်သည်။

"ဒုက္ခပါပဲဟယ်၊ တို့ပါ ဆေးလိပ်ဖြတ်ရတော့မလို ဖြစ်နေပြီလား"

"မဟုတ်ပါဘူး၊ ဒါပေမယ့် အိမ်သန့်ရှင်းတာပေါ့ အစ်မရယ်"

နောက် ရက်သတ္တသုံးပတ်လုံးလုံး သူတို့အခန်းမှာ ဇီကီပိုက် အနေများသည်။ နီလီကို မနားတမ်း သင်ကြားလေ့ကျင့်ပေးနေသည်။ အယ်နီနှင့် ဂျနီဖာတို့ အိမ်ပြန်လာတိုင်း ဇီကီ မရှိသည့်အချိန် ဟူ၍ တစ်ခါမှ မကြုံစဖူး။ သူလည်း လူချောတစ်ယောက် ဖြစ်သည်။

သို့သော် ယောကျ်ားချော ချောသူ မဟုတ်ဘဲ မိန်းမချော ချောသူ ဖြစ်သည်။ အဆိုတော်များကို လေ့ကျင့် သင်ကြားပေးရာတွင် အလွန် ထူးချွန်သည့်ပုဂ္ဂိုလ် ဖြစ်သည်။

ယခုလည်း နီလီကို သင်ကြားလေ့ကျင့်ပေးရာတွင် တစ်ချက်ကလေး အနားမပေး။ ညာတာထောက်ထားခြင်း မရှိ။ အပြင်းအထန် လေ့ကျင့်သင်ကြားလေတော့သည်။

"ကျွန်မဆီက ဘာတွေ ထွက်လာဦးမယ်လို့များ သူ ထင်နေလို့လဲ"

နောက်ဆုံးတွင် သည်းမခံနိုင်တော့ဘဲ နီလီ ဒေါသ ပေါက်ကွဲလေတော့သည်။ မျက်ရည်ဖြိုင်ဖြိုင်ကျပြီး အိမ်ခန်းထဲသို့ ပြေးဝင်သွားသည်။

"ကျွန်မ တစ်သက်မှာ အဆိုသင်တန်း တစ်ခါမှ မတက်ခဲ့ဖူးပါဘူး။ ဒါပေမယ့် ကျွန်မ ဆိုနေတာ အဆင်ပြေသားပဲ။သုံးပတ်လောက်နဲ့ ကျွန်မကို ကမ္ဘာပေါ်မှာ အတော်ဆုံး အဆိုတော်ဖြစ်အောင် သူ လုပ်နေတာလား။

အယ်နီ၊ ကျွန်မကို ဆက်သင်မနေနဲ့တော့လို့ သွားပြောပေးစမ်းပါ"

ထိုအချိန်မှာပင် အိမ်ခန်းဝမှာ ဇီကီ လာရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တော်လောက်ပြီ နီလီ၊ ဒါလောက် ရှုးကြောင်ကြောင် လုပ်ရရင် တော်လောက်ပြီ။ အလုပ်ပြန်လုပ်ကြစို့"

"ကျွန်မ မလုပ်နိုင်တော့ဘူး။ ရှင်က ကျွန်မကို သိပ်ပြီး မျှော်လင့်ချက် ထားနေတယ်"

"ဟုတ်တယ်၊ သိပ်ကို မျှော်လင့်ချက် ထားနေတယ်။ မင်း လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားလာရင် မကောင်းပေဘူးလား"

နောက်ဆုံးတော့လည်း သူ့စကားကို မလွန်ဆန်နိုင်တော့ဘဲ နီလီ အလျှော့ပေးလိုက်ရပြန်သည်။

ဇီကီက အပြင်းအထန် ဖိသင်သည်။ ထိုသို့သင်လေ နီလီ မခံသာအောင် ဖြစ်လေ။ ဇီကီက မညှာမတာ ထပ်သင်လေ နီလီ စိတ်ဆင်းရဲရလေနှင့် လုံးလည်ချာလပတ်လိုက်ပြီး မဆုံးနိုင်တော့အောင် ဖြစ်နေသည်။

ဒုတိယပတ်ရောက်တော့ သူတို့ နှစ်ယောက်အဖြစ်က ပိုမို ပြင်းထန်လာသည်။

ဘယ်လာမီနှင့် ဘယ်လိုစ်ရုံးသို့ နီလီ ရောက်လာသည်။

"သူ ဘယ်သွားသလဲ"

အယ်နီ့ကို မေးသည်။

"ဘယ်သူ ဘယ်သွားရမှာလဲ"

"ဟင်နရီကိုပြောတာ၊ ကျွန်မရဲ့မန်နေဂျာအဖြစ် ဟင်နရီပဲ ပြန်လုပ်ပေးပါ။ သူ့ကိုပဲ ကျွန်မ လိုချင်တယ်။ ကျွန်မကို အဆိုပညာ ဆက်သင်မပေးတော့ဖို့ ဇီကီကို ပြောပေးပါ"

"ဟင်နရီ အသံလွှင့်ရုံ သွားနေတယ်။ ဇီကီက ဘာလုပ်ပြန်ပြီလဲ"

"ကျွန်မ အဝတ်အစားတွေ အားလုံးကို မီးရှို့ပစ်ရမယ်တဲ့"

"ဘာလုပ်ပစ်ရမယ်"

"အစ်မကလည်း ကျွန်မပြောတာ ကြားရဲ့သားနဲ့ ထပ်မေးနေတယ်။ အကုန်လုံး မီးရှို့ပစ်ရမယ်တဲ့။ သူများကိုလည်း အလကား ပေးမပစ်ရဘူးတဲ့။ သိပ်ကို အရုပ်ဆိုးတဲ့ အဝတ်အစားတွေလို့ သူက ပြောတယ်။ ဒီအင်္ကျီသစ်ကိုလည်း မလိုချင်ဘူးတဲ့။ ဒီအင်္ကျီကို ငွေခုနစ်ဆယ်တောင် ပေးပြီး ဝယ်ထားရတာ"

နီလီက သူ့ကိုယ်ပေါ်မှ အင်္ကျီသစ်ကလေးကို လက်နှင့်ပွတ်ရင်း ပြောနေသည်။

အယ်နီက နီလီ မမြင်အောင် ပြုံးလိုက်သည်။

"ဒီအင်္ကျီကလေးက မင်းအတွက် အကောင်းလွန်နေလို့ ဖြစ်ပါလိမ့်မယ်ကွယ်"

"ကျွန်မတစ်သက်လုံးမှာ ကျွန်မ အစ်မရဲ့ အကျႌတွေကိုသာ ဝတ်ခဲ့ရတာ၊ အခုမှ ကိုယ်တိုင် ဝယ်ဝတ်နိုင်တာ"

"ဇီကီက ဘယ်လို အဝတ်အစားမျိုးတွေကို ဝတ်စေချင်လို့တဲ့လဲ"

"ဘယ်သူသိမှာလဲ၊ အဝတ်အစားပုံစံထွင်တဲ့ လူတစ်ယောက်ယောက်ဆီမှာ သူနဲ့ ကျွန်မ တွေ့ရဦးမယ်ထင်တယ်။ ဒါကြောင့် ဟင်နရီနဲ့ ကျွန်မ တွေ့ချင်နေတာ။ ကျွန်မမှာလည်း ကိုယ် ဝတ်ချင်တာဝတ်နိုင်တဲ့ အခွင့်အရေးရှိကြောင်း သူ့ကို ပြောခိုင်းမလို့"

"ဒါဆိုရင် ဟင်နရီနဲ့တွေ့ဖို့ မလိုပါဘူးကွယ်။ မင်းကိုယ်တိုင် သူ့ကို ပြောပြနိုင်သားပဲ"

"မပြောချင်ဘူး၊ ကျွန်မ သူနဲ့ ရန်မဖြစ်ချင်ဘူး။ ကျွန်မကို ဆက်သင်မပေးတော့ဘဲ သူ အလုပ်ထွက်သွားလိမ့်မယ်။

ဂီးဇ် . . .၊ အယ်နီ၊ သူ သင်ပေးလိုက်တာ ကျွန်မအသံ သိပ်ကောင်းသွားတယ်။ တစ်ခါတစ်ခါကျတော့ ကျွန်မနားကိုတောင် ကျွန်မ မယုံနိုင်အောင် ဖြစ်ရတယ်။ ဒါတောင် နှစ်ပတ်တည်း သင်ရသေးတာ။ ကျွန်မ လျှမ်းလျှမ်းတောက် အောင်မြင်တော့မယ်ဆိုတာ ကျွန်မကိုယ်ကျွန်မ အလိုလို သိနေတယ် အစ်မရယ်။ ဘယ်လို သီချင်းမျိုးကိုမဆို ကျွန်မ ဆိုနိုင်ပြီ။ ဘယ်သံကိုရော၊ ညာသံကိုရော ကောင်းကောင်း ထိန်းနိုင်ပြီ။ သူဟာ သိပ်ကို တော်တာပဲ အစ်မရယ်"

"ဒီလိုဆို၊ မင်း အဝတ်အစားတွေနဲ့ ပတ်သက်ပြီး သူ ဆုံးဖြတ်တာဟာလည်း မှန်မှာပေါ့"

နီလီက သက်ပြင်းချလိုက်သည်။

"ဒါဖြင့်၊ သူကြိုက်တဲ့ အဝတ်အစားကိုပဲ လက်ခံလိုက်ပါတော့မယ်လေ။ သူက ကျွန်မအတွက် သီးသန့် ပုံစံထုတ်ပြီး ချုပ်ခိုင်းထားတာ။ သီချင်းဆိုတဲ့အခါမှာ တချို့ အပိုဒ်တွေကျရင် နည်းနည်း ကရမယ်တဲ့။ နည်းနည်း လှုပ်ရှားပေးရမယ်တဲ့။ ဒီအတွက် အဝတ်အစား ပုံစံကို သီးခြား တီထွင်ယူရမယ်တဲ့။

ဒါပေမယ့် အစ်မရယ်၊ ဒီကုတ်အင်္ကျီကလေးကိုတော့ ကျွန်မ မစွန့်ပစ်နိုင်ဘူး"

နောက်အပတ်ကျတော့ နီလီက သူ့

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများကို သူ့အစ်မထံသို့ ပို့ပစ်လိုက်တော့သည်။ သူ နောက်ဆုံး ဝယ်ထားသည့် အဝတ်အစားအသစ် ခြောက်စုံနှင့်အတူ သူ ကြိုက်လှပါသည်ဆိုသော ကုတ်အင်္ကျီအနီကလေးလည်း ပါသွားသည်။

သူဝတ်ဖို့ အဝတ်အစားများကို ဇီကီက ရွေးချယ်ပေးသည်။

ဖွင့်ပွဲနေ့တွင်ဝတ်ဖို့ ဂါဝန်ရှည်ကို လည်းကောင်း၊ နေ့စဉ်ဝတ်ဖို့ သိုးမွေးထည်ကို လည်းကောင်း၊ အပြာရောင် ကုတ်အင်္ကျီကို လည်းကောင်း ရွေးချယ်ပေးသည်။

နီလီက သူ ဝတ်ရမည့် အဝတ်အစားများကိုကြည့်ရင်း စိတ်မချမ်းမသာ ဖြစ်မိသည်။

"ဟောဒီ အဝတ်အစား တစ်စုံတည်းကို တစ်ရာ့အစိတ် ကျတယ်။ စဉ်းစားကြည့်စမ်းပါဦး"

မဲလ်နှင့် တွေ့သောအခါ နီလီက သူ ဝတ်ထားသည့် အပြာရောင် သိုးမွေးထည်ကလေးကို ပြပြီး ပြောသည်။

"ကြည့်လို့ လှသားပဲ။ ဒါပေမယ့် တစ်ရာ့အစိတ်လောက်တန်တယ်လို့တော့ မထင်ရဘူး"

"ဇီကီက ပြောတယ်၊ ကျွန်မ ရုပ်ပြောင်းသွားအောင် လုပ်ရမယ်တဲ့။ ဘယ်အခါမှာပဲ ကြည့်ကြည့် ကျွန်မဟာ အခုလို ပုံမျိုးပဲ ဖြစ်နေရမယ်တဲ့"

"ဒီအဝတ်အစားတွေ ဝတ်တာနဲ့ ဘယ်လို ရုပ်ပြောင်းသွားနိုင်မှာတဲ့လဲကွာ"

"ကျွန်မလည်း မသိဘူးလေ၊ မောင့်မျက်စိထဲမှာရော ဘယ်လိုနေသလဲ။ သူ ပြောတာကို မောင်ရော သိသလား။ မောင်က ကောလိပ်ကျောင်းထွက် မဟုတ်လား"

နီလီက ပခုံးများကို တွန့်ပြပြီး ပြန်ပြောသည်။

မဲလ်က ဆင်းဒဝစ်ကို စားရင်း နီလီ၏ အဝတ်အစားများကို ကြည့်နေသည်။

"အင်း- အောင်မြင်စပြုလာတဲ့ မင်းသမီး တစ်ယောက်နဲ့တောင် မတူတော့ဘူး။ ကျောင်းသူကလေး တစ်ယောက်နဲ့ ပိုတူနေတယ်။ ဟုတ်တယ်၊ ကောလိပ်ကျောင်းက အခုမှ ကျောင်းထွက်လာတဲ့ ကျောင်းသူလေး တစ်ယောက်နဲ့ ပိုတူနေတယ်"

"အဲဒါ ကောင်းသလားဟင်"

"ကိုယ်လည်း မသိပါဘူး အချစ်ရယ်၊ မင်း ဘာကိုပဲ ဝတ်ထားထား မင်းကို ကိုယ်ချစ်တာပါပဲ။ အကြည့်ရဆိုးတဲ့ တာဖက်တာတွေ ဝတ်ထားတုန်းကလည်း ချစ်တာပါပဲ"

"မဲလ်၊ တာဖက်တာတွေ ကျွန်မ ဝတ်နေတုန်းက မကြိုက်ဘူးလို့ မောင် တစ်ခါမှ မပြောဘူးပါလား"

"ကိုယ်တို့နှစ်ယောက် စတွေ့ကတည်းက အဲဒါတွေကို မင်း ဝတ်ခဲ့တာပဲ မဟုတ်လား။ မင်း စိတ်ဆင်းရဲသွားအောင် ကိုယ် မပြောချင်ဘူးလေ"

"ကုတ်အင်္ကျီ အနီကလေး ဝတ်ထားတော့ရော"

"ပိုပြီး လှမလာပါဘူး၊ သာမန်ပါပဲ။ ရုပ်တောင် ပိုရင့်သွားသေးတယ်"

"အခု ဝတ်ထားတဲ့ အပြာရောင် သိုးမွေးအင်္ကျီကရော"

"ကိုယ် မသိပါဘူး အချစ်ရယ်၊ ဒါပေမယ့် မင်းနဲ့တော့ ကြည့်လို့ ပိုကောင်းလာတယ် ထင်တယ်။ ဇီကီတို့လို မိန်းမလျှာတွေဟာ အဝတ်အစားရွေးတဲ့ နေရာမှာတော့ တော်တတ်ကြပါတယ်"

"အိုး- ထားလိုက်ပါတော့"

နီလီက ဆင်းဒဝစ်ကို အာရုံစိုက်ပြီး စားနေလိုက်သည်။

မတ်၊ ၁၉၄၆

နီလီကို ရုံစတင်သည့်ညက သူတို့အားလုံး ဇာတ်ရုံမှာ သွားဆုံကြသည်။

အယ်နီက လိုင်ယွန်နှင့် ဟင်နရီတို့နှင့် အတူ သွားသည်။ ဂျနီဖာက တိုနီပိုလာနှင့်အတူ ထိုင်သည်။ တိုနီပိုလာ၏ အစ်မလည်း ပါသည်။ တိုနီပိုလာ၏ သီချင်းရေးဆရာများ၊ အသံဖမ်းသူများလည်း သူတို့နှင့်အတူ လိုက်လာကြသည်။ ဟယ်လင်လော်ဆန်က ဇာတ်ခုံ လက်ထောက်မန်နေဂျာနှင့်အတူ ရောက်လာသည်။ ဟင်နရီကို နှုတ်ဆက်သည်။ သို့သော်လည်း အယ်နီကိုမူ တမင် မသိချင်ယောင်ဆောင်ပြီး နှုတ်မဆက်ဘဲနေသည်။

အစပိုင်းကလေးတုန်းကတော့ သာမန်ပွဲတစ်ပွဲလိုသာ ရှိသည်။ သတင်းစာဆရာများကလည်း တာဝန်အရ လာကြသည်။ နာမည်ကြီးပုဂ္ဂိုလ်များကလည်း သတင်းစာဆရာများနှင့် တွေ့ဖို့ လာကြသည်။သည့်ပွဲနှင့် ပတ်သက်၍ မည်သူကမျှလည်း အထင်ကြီး မထားကြ။

www.burmeseclassic.com

www.burmeseclassic.com

လူကြိုက်များပြီး အောင်မြင်နေသည့် နဘဲမိုးလုံးပြဇာတ်ထဲတွင် သာမန် ဇာတ်ရုံမှု ရှိသော မိန်းကလေး တစ်ယောက်က သီဆို ဖျော်ဖြေမည်ဆိုတော့ အထင်ကြီးစရာလည်း အကြောင်းမရှိ။ သို့သော်လည်း နဘဲမိုးလုံး ပြဇာတ်ထဲမှာ နီလီသည် သူ့အခန်းကိုသူ ပိုင်နိုင်အောင် ကပြသွားနိုင်ကြောင်းကိုကား အားလုံးက သတိထားမိခဲ့ကြသည်။

ယခု နီလီကို လက်တွေ့ တွေ့ကြရသောအခါ အားလုံး အံ့အားသင့်ကုန်တော့သည်။ အယ်နီမှာ မယုံနိုင်အောင် ဖြစ်နေသည်။ ဂျနီဖာကို လှမ်းကြည့်သည်။ ဂျနီဖာလည်း ထိုအတိုင်း ဖြစ်နေသည်။ သူတို့နှစ်ယောက် အပြန်အလှန် မျက်ရိပ်ပြကြသည်။ ဟင်နရီဘယ်လာမီလည်း ကုလားထိုင်ပေါ်မှ ခုန်ထလိုက်တော့မည်ကဲ့သို့ ဖြစ်နေသည်။

နီလီ သိပ်ကို အောင်မြင်သွားပါပြီ။ ကလေးငယ်တစ်ယောက်နှင့်တူသည့် မျက်နှာနုနုကလေးသည် မီးရောင်အောက်မှာ ပိုပြီး လှနေသည်။ သူဝတ်ထားသည့် အဝတ်အစားများက အလွန်လှပသည့် သူ၏ခြေသလုံးနှင့် ပေါင်တံများကို ဖော်ပြနေကြသည်။ နီလီ၏ ခြေထောက်များ ထိုမျှ လှပကြောင်း အယ်နီ သည်ပင်လျှင် သတိမထားမိခဲ့။ ခါးကလည်း ကလေးတစ်ယောက်၏ခါးကဲ့သို့ သေးသေးကလေး ဖြစ်သည်။ ရင်သားကလည်း ကလေးတစ်ယောက်၏ရင်သားကဲ့သို့ ငယ်ငယ်ကလေး ဖြစ်သည်။

"လျှမ်းလျှမ်းတောက် အောင်မြင်မယ့် ကလေးတစ်ယောက် တို့လက်ထဲက လွတ်သွားပါပြီကွာ။ လိုင်ယွန်၊ ကိုယ်တို့လက်ထဲက ဘယ်လိုလုပ်ပြီး လွတ်ထွက်သွားတာလဲ"

ဟင်နရီက လေသံနှင့် လှမ်းမေးသည်။ လိုင်ယွန်ကလည်း သူ့ခေါင်းကို ယမ်းခါနေသည်။

"ကျွန်တော်တို့ ဆုံးဖြတ်တာ မှားတိုင်း တစ်ဖက်ကလူအဖို့ အကောင်းတွေချည်း ဖြစ်နေတော့တာပဲ"

"နီလီ သိပ်တော်တာပဲနော်"

အယ်နီကလည်း လေသံကလေးနှင့် ပြောသည်။

"သိပ်တော်တယ်ဆိုတဲ့ စကားတောင် မလုံလောက်သေးဘူး။ မယုံကြည်နိုင်လောက်အောင်ကို တော်နေတယ်။ သူ့လို တော်တာမျိုး တစ်ယောက်မှ မရှိဘူး"

လိုင်ယွန်က ပြန်ဖြေသည်။

ထိုကစပြီး သူတို့အိမ်ကလေးတွင် အလုပ်ရှုပ်ကြတော့သည်။ တယ်လီဖုန်းက မပြတ်မြည်နေသည်။ ဧည့်ခန်းထဲမှာ နီလီကို လာရောက် တွေ့ဆုံသူများနှင့် အမြဲတမ်း ပြည့်နေတတ်သည်။ နီလီနှင့်တွေ့ပြီး မေးမြန်းနေကြသည့် သတင်းစာဆရာများ၊ ဓာတ်ပုံရိုက်နေကြသည့် ဓာတ်ပုံသတင်းထောက်များနှင့် မပြတ်နိုင်အောင် ဖြစ်နေတော့သည်။

ရေဒီယိုဇာတ်လမ်းများတွင်လည်း ဧည့်သည်တော်အဖြစ်နှင့် မကြာခဏ ပါပေးနေရသည်။ ထိပ်တန်း ဓာတ်ပြားကုမ္ပဏီကြီးတစ်ခုနှင့် နီလီ စာချုပ်လိုက်သည်။ မက်ထရိုရုပ်ရှင်ကုမ္ပဏီက ရုပ်ရှင်ရိုက်ရန် ကမ်းလှမ်းသည်။ နှစ်ဆယ်ရာစုမြေခွေး ရုပ်ရှင်ကုမ္ပဏီကလည်း သူတို့ကုမ္ပဏီနှင့် စာချုပ်ရန် ကမ်းလှမ်းသည်။

ထိုအချိန်မှစပြီး ဟယ်လင်လော်ဆန်က နီလီကို စကားမပြောတော့ချေ။

"ကြည့်ပါဦး အစ်မရယ်၊ ကျွန်မကို တစ်ခါတည်း စိမ်းစိမ်းကားကား လုပ်ပစ်လိုက်တော့တာပဲ"

နီလီက မနေတတ် မထိုင်တတ် ဖြစ်နေသည်။

ဂျနီဖာက ပြုံးသည်။

"သူက ဒီလို စိမ်းကားလိုက်တာဟာ ထိပ်တန်းမင်းသမီးကြီး ဘဝကို မင်း ရောက်သွားပြီဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ကိုယ့်ကိုတော့ အခုအချိန်အထိ သူ ခင်နေတုန်းပဲ"

"အမှန်တော့ ဒီပြဇာတ်ထဲမှာ နောက်တစ်ရာသီလုံး ကျွန်မ ဆက်ကနေရဦးမှာ။ ဒါပေမယ့်၊ ကျွန်မ မကချင်တော့ဘူး။ ငွေလတစ်ရက်နေ့ကစပြီး စာချုပ်အသစ် ထပ်ချုပ်ဖို့ ဂေးဘက်ကေ့စ်က ကျွန်မကို ပြောတယ်။ ငွေတစ်ရာလည်း ထပ်တိုးပေးမယ်တဲ့။ ဒါပေမယ့် ဟယ်လင်က ကျွန်မကို ဒီလို ဆက်ဆံနေရင် ကျွန်မ အလုပ်ဆက်လုပ်လို့ မဖြစ်တော့ဘူး"

နီလီက ရှင်းပြသည်။

အယ်နီက ရယ်သည်။

"လုပ်မနေစမ်းပါနဲ့ နီလီ၊ ကိုယ်တို့ အချင်းချင်း အကြောင်းသိတွေပါ။ မင်းကလည်း သူတို့နဲ့ ဆက်မကချင်တော့ဘူး မဟုတ်လား။ ဒါကြောင့် မင်း သိက္ခာဆယ်တဲ့ အနေနဲ့ ဟယ်လင်ကို အကြောင်းပြနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းပြတာ မဟုတ်ပါဘူး အစ်မ ရယ်၊ ဂေးလ်ကေ့စ်ကျေးဇူး ကျွန်မအပေါ်မှာ ရှိတာမှ မဟုတ်ဘဲ။ အစ်မကသာ မကူညီခဲ့ရင် အဲဒီပြဇာတ်ထဲမှာလည်း ကျွန်မ ဝင်ပြီး ကခွင့် ရခဲ့မှာ မဟုတ်ပါဘူး။ တယ်ရီကင်းကို မနာလို ဖြစ်ပြီး ဟယ်လင်လော်ဆန်က ကန်မထုတ် ရင်လည်း ဒီလိုဘဝမျိုးကို ကျွန်မ ရောက်လာ မှာ မဟုတ်ပါဘူး"

နောက်ဆုံးတွင် စင်ကျူရီရုပ်ရှင်ကုမ္ပဏီ နှင့် နီလီတို့ စာချုပ်ဖြစ်ကြသည်။

"တခြား ကုမ္ပဏီတွေနဲ့ စာရင်တော့ အခု ကုမ္ပဏီက သေးတယ်။ ဒါပေမယ့် ကျွန်မ အတွက် ဒီကုမ္ပဏီဟာ အကောင်းဆုံးပဲလို့ ဂျွန်ဆင်ဟားရစ်က ပြောတယ်။ သူတို့ရိုက်တဲ့ ကားတွေထဲက နှစ်ကားဟာ အကယ်ဒမီဆု ပေးဖို့ စဉ်းစားတဲ့ နောက်ဆုံးအဆင့်အထိ မနှစ် တုန်းက ရောက်ခဲ့တယ်။ သူတို့က ဇာတ်လိုက် မင်းသား၊ မင်းသမီး အသစ်တွေကိုပဲ ရှာတင် တယ်။ ဒါကြောင့် ကျွန်မလည်း သူတို့နဲ့ရိုက်ရင် တကယ့်မင်းသမီးဖြစ်အောင် မြေတောင်မြှောက် ပေးတာ ခံရမှာပါ"

နီလီ ရုပ်ရှင်ရိုက်ရန် စာချုပ်လိုက်ခြင်း နှင့် ပတ်သက်၍ မဲလ်က ဝမ်းမသာလှ။

"ဒါပေမယ့်၊ သိပ်ကို စိတ်ဝင်စားစရာ ကောင်းတာပါ။နဘံမိုးလုံးပြဇာတ်ထဲမှာ မေလ ကုန်တဲ့အထိ ကျွန်မ ဆက်ကနေဦးမှာပဲ။ အက်ဒ့ယ်လီကလည်း မေလကုန်မှာ ပြန်လာ တော့မယ်။ သူ့အခန်း ပြန်ယူတော့မယ်လို့ စာရေးထားတယ်။ ဒါကြောင့်. . ."

"ဂျနီဖာနဲ့ အယ်နီတို့က ဘယ်လိုလုပ်ကြ မလဲ"

မဲလ်က မေးသည်။

"နဘံမိုးလုံးက နောက်ထပ် တစ်နှစ် ဆက်ပြီး ကနေဦးမှာ။ ဂျနီဖာကလည်း တိုနီနဲ့ လက်ထပ်ဖြစ်တဲ့အချိန်အထိ ဆက်ကနေဦးမှာ မဟုတ်လား။ဘာမှတော့ ဖြစ်ကြဦးမှာ မဟုတ် ပါဘူး။ သူတို့ နှစ်ယောက်က တွဲနေကြတာပဲ ရှိတယ်။ လက်ထပ်ဖို့အကြောင်းကို မပြောကြ သေးဘူး"

"သူတို့က ဘယ်မှာ နေကြမှာတဲ့လဲ"

"လွယ်ပါတယ်၊ ခဏတော့ ဟိုတယ်ကို ပြောင်းနေပေါ့။ သူတို့အတွက် အဆင်ပြေတဲ့ အခန်း ရနိုင်ပါတယ်"

"ကိုယ်တို့နှစ်ယောက်ကိစ္စကရော"

"ကျွန်မတို့နှစ်ယောက်လည်း လက်ထပ် မယ်လေ။ နဂိုက စီစဉ်ထားတဲ့အတိုင်း ဇွန်လ တစ်ရက်နေ့ပေါ့"

"ဒီအကြောင်း မင်း ဘယ်တော့မှ မပြော တော့ဘူးလို့ ကိုယ် ထင်နေတာ"

မဲလ်က ပြုံးသည်။

"လက်ထပ်ပြီးရင် ပျားရည်ဆမ်းခရီး အဖြစ် ကာလီဖိုးနီးယားကို သွားမယ်။ ဆရာ ကြီးက ကျွန်မအတွက် အိမ်တစ်လုံး ရှာပေး မယ်တဲ့"

နီလီက မဲလ်၏လက်ကို ခပ်တင်းတင်း ကလေး ညှစ်ထားသည်။

"ဘယ်လို ဆရာကြီးလဲ"

"ဩော်- သူ့အကြောင်း မောင့်ကိုပြောဖို့ မေ့နေတယ်။ ဆရာကြီးက ပြီးခဲ့တဲ့အပတ်ကမှ ဒီမြို့ကို ရောက်လာတာ။ စီရီအိပ်ချ်ဘီးန်တဲ့။ ဒါပေမယ့် သူ့ကို ဘယ်သူကမှ စီရီလို့လည်း မခေါ်ဘူး။ မစ္စတာဘီးန်လို့လည်း မခေါ်ဘူး။ အားလုံးက 'ဆရာကြီး'လို့ပဲ ခေါ်ကြတယ်။ သဘောကောင်းတယ်၊ အသက် ငါးဆယ် လောက်ရှိပြီ။ အသားရောင်က အညိုရောင်၊ ဆံပင်က ဖြူတယ်။ သိပ်ကြင်နာတတ်တာပဲ။ အဖေအရင်းတစ်ယောက်လိုပဲ ကျွန်မအပေါ် မှာ ကောင်းရှာတယ်။ ကျွန်မအတွက် ဟော လီးဝုဒ်မှာ အိမ်ကြီးတစ်လုံး ငှားပေးထားတယ်။ တစ်လကို သုံးရာတောင် ပေးရတယ်တဲ့။ ရေ ကူးကန်လည်း ပါတယ်။ တစ်ခုပဲ သူက ပြော တယ်၊ နေပူဆာ သိပ်မလှုံနဲ့တဲ့။ ကျွန်မအသား ရောင်က အလောတော်လောက် ဖြစ်နေပြီတဲ့။ ကျွန်မတို့ အောင်မြင်ပြီဆိုရင် ဘီဗာလီတောင် ကုန်းပေါ်မှာ ကျွန်မ အိမ်ကောင်းကောင်း တစ်လုံး ရနိုင်မယ်တဲ့"

"ဘာထူးမှာတဲ့လဲ"

"ဘယ်သူ ပြောတတ်ဦးမှာလဲ၊ ဟောလီး ဝုဒ်မှာ အိမ်တစ်လုံး ရနိုင်တဲ့အကြောင်းပြော ပြီး ကျွန်မကို နှစ်သိမ့်တာ ဖြစ်မှာပေါ့။ ကျွန်မ ကလည်း သူပြောတာကို နားလည်ချင်ယောင် ဆောင်နေလိုက်ရတယ်။ မဲလ် စဉ်းစားကြည့် စမ်းပါဦး။ ရေကူးကန်လည်းပါတဲ့ အိမ်ကြီးဆို တော့. . ."

"နီလီ၊ မင်းကို ကိုယ်ချစ်တာ မင်း သိပါ တယ်"

မဲလ်က နီလီ၏လက်တစ်ဖက်ကို ဆွဲယူ ပြီး ပြောသည်။

www.burmeseclassic.com

"နောက်ပြီးတော့လေ၊ အခု အလုပ်စ ဝင်ဝင်ချင်း ကျွန်မကို တစ်ပတ်မှာ ဒေါ်လာ တစ်ထောင်ပေးမှာ။ ကျွန်မတို့ ငွေတွေ ဘယ် လောက်ရတော့မယ်ဆိုတာ စဉ်းစားကြည့်စမ်း"

"နီလီ၊ ဂျော်နီမယ်လွန်တို့ အဖွဲ့လည်း နယူးယောက်ကနေ ရောက်လာလိမ့်မယ်"

"အဲဒီအလုပ် လုပ်မနေပါနဲ့တော့"

"ဒီအတိုင်း လက်ခါပစ်လိုက်ရမှာလား"

"မဲလ်၊ မောင် ရှုံးနေပြီလား။ မောင်ရမှာ က တစ်ပတ်မှ ငွေလေး နှစ်ရာတည်းရယ်"

"နောက်နှစ်ဆိုရင် သုံးရာရမှာ"

"ဒါပေမယ့်၊ ကျွန်မက တစ်ထောင်ရနေ ပြီ။ ဓာတ်ပြားတွေပေါ်က ရမယ့်ငွေ မပါသေး ဘူး။ နောက်နှစ်ကျရင် ဓာတ်ပြားသွင်းတာ တစ်ခုတည်းကပဲ ဝင်ငွေနှစ်သောင်းခွဲ ရှိမယ်လို့ ဂျွန်ဆင်ဟားရစ်က ပြောတယ်။ နည်းတဲ့ငွေ တွေလား"

"ဒီလိုဆိုရင် ကိုယ်က ဘာလုပ်ရမှာလဲ၊ ရေကူးကန်နားမှာ ထိုင်ပြီး အချိန်ဖြုန်းနေရမှာ လား"

"မဲလ်၊ မောင်ဟာ ကျွန်မနဲ့အတူတူ ရှိနေမှာပဲလေ။ ကျွန်မတို့နှစ်ယောက် အတူတူ လုပ်ကြမှာပေါ့။ ကျွန်မ လူသိပိုများလာအောင် ကြော်ငြာဖို့ လိုသေးတာပဲ။ အခုထက်တောင် ပိုပြီး လိုတော့မှာ"

"ဒါအတွက်တော့ ရုပ်ရှင်ကုမ္ပဏီက တစ်ယောက်ယောက်ကို မင်းအတွက် ငှားပေး ပါလိမ့်မယ်"

"သူတို့ ငှားပေးမှာ သေချာပါတယ်။ ဒါပေမယ့်၊ မောင့်လိုလူမျိုးတော့ ဘယ်ရနိုင်မ လဲ၊ ကျွန်မ တစ်ယောက်တည်းအတွက် လုပ် ပေးနေမှာ မဟုတ်ဘူး။ တခြား မင်းသား၊ မင်း သမီးတွေ လူသိများအောင်လည်း လုပ်ပေးရ ဦးမှာ မဟုတ်လား။ ကြော်ငြာကိစ္စမှာ ကျွန်မ တစ်ယောက်တည်းအတွက် ဇောက်ချပြီး လုပ် ပေးတာမျိုးကိုပဲ ကျွန်မ လိုချင်တယ်။

နောက်ပြီးတော့ မဲလ်၊ ငွေရေးကြေးရေး ကိစ္စကိုလည်း မောင်ပဲ စီမံခန့်ခွဲရမှာ၊ ကျွန်မ တစ်သက်လုံး ချက်လက်မှတ်ဆိုလို့ တစ်စောင် မှ မရေးဖူးဘူး။ အယ်နီတို့နဲ့ ကျွန်မ အတူတူ နေနေတာ အိမ်လခ ပိုက်ဆံပေးဖို့ လိုရင် ကျွန်မ ငွေသားပဲ ပေးလိုက်တာပဲ။

ဂီး၆. . .၊ အိမ်ဖော်တွေကို ကျွန်မ ဘယ်လို ဆက်ဆံရမယ် ဆိုတာလည်း မသိဘူး။ ထမင်းချက်တွေကို ဘယ်လို အမိန့်ပေးရမယ် ဆိုတာလည်း ကျွန်မ မသိဘူး။ အိမ်ဖော်တွေ ဘယ်လို ရှာငှားရမယ် ဆိုတာတောင် ကျွန်မ သိတာမှ မဟုတ်ဘဲ။ ကျွန်မ ကိုယ်ပိုင်အိမ်နဲ့ တစ်ခါမှ မနေဖူးဘူးလေ။ ဒါကြောင့် အိမ်မှု ကိစ္စတွေ အားလုံးလည်း မောင်ပဲ စီမံပေးရမှာ။ ဒါကြောင့် ကျွန်မနဲ့အတူတူ လိုက်ခဲ့ပါ။ မောင် မပါဘဲနဲ့တော့ ဟိုမှာ ကျွန်မ တစ်ယောက် တည်း ဘာမှ ဖြစ်တော့မှာ မဟုတ်ဘူး"

"မဖြစ်သေးပါဘူး နီလီ၊ ကိုယ် လိုက် လုပ်ပေးလို့လည်း အရာရောက်မယ် မထင်ပါ ဘူး"

"ဘာဖြစ်လို့ အရာမရောက်ရမှာလဲ၊ အခုလို ဖြစ်လာရတာဟာလည်း မောင့်ကြောင့် ဖြစ်လာရတာ မဟုတ်လား။ လာရော့ဂ်မှာ သီချင်းဆိုခွင့်ရခဲ့တာဟာလည်း မောင့်ကြောင့် မဟုတ်လား"

"ဂျွန်ဆင်ဟားရစ်ကုမ္ပဏီက စီစဉ်ပေးလို့ ရခဲ့တာပါကွာ"

"ဒါပေမယ့် မဲလ်၊ ဂျွန်ဆင်ဟားရစ် ကုမ္ပ ဏီက ကျွန်မကို စိတ်ဝင်စားလာတာဟာ ကျွန်မကို လူသိများလာအောင် မောင် လုပ် ပေးခဲ့လို့ စိတ်ဝင်စားလာတာ မဟုတ်လား မောင်ရယ်။ နဘ်မိုးလုံးပြဇာတ်ထဲမှာ ကျွန်မ ကနေတာ ဘယ်သူကများ ကျွန်မကို အရေး စိုက်ခဲ့လို့လဲ၊ တစ်ခုတော့ ရှိတာပေါ့လေ။ အဲဒီ တုန်းက ကျွန်မက အခုလို အဆိုတော်မှ မဟုတ်သေးဘဲ။ အဆိုတော် ဖြစ်လာအောင် ဇီကီက လုပ်ပေးတာ။ သူတို့အားလုံး ကျွန်မကို သတိပြုမိလာအောင်က မောင် လုပ်ပေးခဲ့တာ"

မဲလ်က နီလီ၏ လက်နှစ်ဖက်ကို ဆွဲယူ ထားလိုက်သည်။

"ဇီကီ လုပ်ပေးလို့ မင်းအသံ ကောင်း သွားတာ မဟုတ်ပါဘူး။ နဂိုကတည်းက မင်း အသံ ကောင်းခဲ့တာပါ။ နောက်ပြီးတော့ ကိုယ့် ကြောင့်လည်း မင်းကို လူတွေက စိတ်ဝင်စား လာကြတာ မဟုတ်ပါဘူး။ အားလုံး သူဟာ နဲ့သူ ဖြစ်လာတာတွေပါ"

"ဒီလိုဆိုရင်လည်း ကျွန်မကို ဆက်ပြီး ကူညီပါဦး မောင်ရယ်။ မောင်ရှိမှ ဖြစ်မှာပါ။ မောင်ကူညီမှ ဖြစ်မှာပါ။ မောင့်ကို ကျွန်မ ချစ်ပါတယ်"

"ဒါပေမယ့် နီလီ၊ ကိုယ်လုပ်ပေးတာ ဟာ အရာထင်မယ် မထင်ဘူး ကိုယ် မပြော

www.burmeseclassic.com

နိုင်ဘူး။ဟောလီးဝုဒ်ကို ကိုယ်တစ်ခါမှ ရောက်ဖူးတာ မဟုတ်ဘူး။ သူတို့ဆီက ဆက်ဆံရေးတွေ အကြောင်းတော့ ကိုယ် သိတယ်။ ဟိုရောက်သွားရင် ကိုယ်ဟာ မစ္စတာ နီလီအိုဟာရာပဲ ဖြစ်မယ်။ နာမည်ကျော် မင်းသမီးကြီး နီလီအိုဟာရာရဲ့ ယောက်ျားပဲ ဖြစ်မယ်။ ဘယ်သူကမှ ကိုယ့်ကို လေးစားကြမှာ မဟုတ်ဘူး"

"ဟို့ရောက်သွားရင် ဧည့်ခံပွဲတကာကို ကျွန်မက လိုက်တက်နေမယ်လို့ မောင် ထင်နေလို့လား။ ဟိုလူတွေနဲ့ ရောရောထွေးထွေး နေမယ်လို့ မောင်ထင်လို့လား။

မထင်ပါနဲ့ မောင်ရယ်၊ ကျွန်မ ဒီမှာ နေသလိုပဲ နေမှာပါ။ တစ်ခါတစ်ရံမှာသာ သူတို့ပွဲတွေကို ကျွန်မ သွားမှာပါ။ မောင့်ကိုလည်း မစ္စတာအိုဟာရာလို့ ဘယ်သူကမှ ခေါ်ကြမှာ မဟုတ်ပါဘူး"

"ဒီမှာရော ထူးခြားနေလို့လား နီလီ"

"ကျွန်မတို့ဘဝက ဘယ်ကိုပဲ ရောက်ရောက်၊ ဘာပဲဖြစ်ဖြစ် ပြောင်းလဲသွားမှာ မဟုတ်ဘဲ နဂိုအတိုင်းပဲ ရှိနေမှာပေါ့။ ဒါပေမယ့် ကျွန်မ အလုပ်ကြိုးစားလုပ်ချင်တယ်။ တအား ကြိုးစားမယ်။ ပိုက်ဆံရှာမယ်။ ငါးနှစ်လောက်အတွင်း အဘက်ဘက်က အောင်မြင်လာအောင် ကြိုးစားမယ်။ အဲဒီအခါကျတော့ ကျွန်မ ဒီလို အောင်မြင်ပြီး ထိပ်တန်းရောက်လာတာဟာ မောင့်ကြောင့် ဖြစ်တာပါလား ဆိုတာ အားလုံးက သိကြမှာပေါ့။ လိုက်ခဲ့ပါ မောင်ရယ်၊ မောင် မပါဘဲနဲ့တော့ ဘယ်နည်းနဲ့မှ ကျွန်မ မသွားဘူး"

"ဒီမှာ နီလီ"

"လိုက်ခဲ့ပါ မောင်ရယ်"

မဲလ်က နီလီ၏လက်ကို ဖိထားလိုက်သည်။

"ကောင်းပြီလေ၊ ဟောလီးဝုဒ်မှာ နေရဖို့ ကိုယ် အမြဲတမ်း စိတ်ကူးယဉ်ခဲ့ရတာပါ။ ဘရွတ်ကလင် မြို့သူမြို့သားတွေ အားလုံးကလည်း ကိုယ့်ကို အထင်ကြီးသွားကြမလား မသိဘူး"

○ ○ ○

## ဂျနီဖာ

ဒီဇင်ဘာ၊ ၁၉၄၆

ဂျနီဖာက ကုလားထိုင်တစ်လုံးပေါ်တွင် မတ်တတ်ရပ်ပြီး သူ့ဦးထုပ်ထည့်သည့်သေတ္တာကို စင်ပေါ်သို့ တင်နေသည်။ မမီမကမ်း တင်နေရသောကြောင့် စင်ပေါ်မှာ ရှိနေသည့် သေတ္တာနှစ်လုံးက အောက်သို့ ပြုတ်ကျလာသည်။ သူ့ခေါင်းနှင့် သီသီကလေး လွဲသွားသည်။

"ဒီစင်ပေါ်မှာလည်း ထားစရာ နေရာလပ်ကို မကျန်တော့ပါလား"

ဂျနီဖာက ညည်းညည်းညူညူ ပြောသည်။

အယ်နီက ကူပြီး ပစ္စည်းများကို စင်ပေါ်သို့ ပြန်တင်ပေးသည်။

"ကိုယ့်စင်ပေါ်မှာလည်း တချို့ ထားပါလို့ ကိုယ် ပြောသားပဲ ဂျနီဖာ။ အင်း- ကိုယ့်စင်လည်း ပြည့်နေပါပြီ၊ ကိုယ့်ကို မင်း တစ်ဆင့်ပြန်ပေးနေတဲ့ အဝတ်နဲ့ချည်းပဲလေ"

"ဟိုတယ်ကလည်း ညံ့လိုက်တာကွယ်။ ပစ္စည်းတင်ဖို့စင်ကို ဒါလောက် သေးသေးကလေးတွေ လုပ်ထားရတယ်လို့။ အက်ဒယ်လီကလည်း အင်္ဂလိပ်လူမျိုး မှုးကြီးမတ်ကြီး တစ်ယောက်လောက် ရအောင်ရှာယူပြီး ဘာဖြစ်လို့များ အင်္ဂလန်မှာ ဆက်မနေသလဲ မသိဘူး။ သူ့အခန်းကလေးကို ကိုယ်တို့ ပြန်ပေးလိုက်ရတာ သိပ်နှမြောဖို့ ကောင်းတာပဲ"

"ဒီစင်တွေကလည်း အဆိုက်အလျောက်

www.burmeseclassic.com

တော့ ကြီးပါတယ် ဂျင်းရယ်။ ဒီလောက် များများစားစား အဝတ်အစား ဘယ်သူ ရှိနိုင်မှာလိုက်လို့"

"ဒါလောက်သာ များနေတာ၊ အဲဒီ အဝတ်အစား အားလုံးကို ကိုယ် မုန်းသွားပြီ"

"ဂျင်း၊ နောက်ထပ် အဝတ်ဝယ်ဖို့ စိတ်မကုန်သေးဘူးလား။ မင်း အဝတ်တစ်ခုကို မကြိုက်လိုက် ကိုယ့်ကို ပေးပစ်လိုက်နဲ့ ကိုယ့်မှာလည်း အကောင်းဆုံး အဝတ်အစားတွေ ထားစရာနေရာ မရှိအောင်ကို ဖြစ်နေပြီ။ အသစ်အဆန်းတွေ တစ်မျိုးပြီးတစ်မျိုး ဝတ်ဝတ်သွားလို့ လိုင်ယွန်ကတောင် ကိုယ့်ကို မျက်လုံးပြူးပြီး ကြည့်နေပြီ"

"အခု ခရစ္စမတ်မှာ တိုနီက ကိုယ့်ကို ကတိုးသားရေအင်္ကျီ အသစ်ပေးရင် ကိုယ့်အင်္ကျီအဟောင်းကို မင်းယူတော့"

"ဘယ်လို အဟောင်းလဲ၊ မနှစ်ကမှ မင်း ရတာ မဟုတ်လား"

"ကိုယ် မကြိုက်တော့ဘူး၊ အဲဒီ အင်္ကျီကိုဝတ်တိုင်း ဟိုမင်းသားကြီးကို သွားသွားသတိရနေတယ်။ မင်း ဆံပင်အရောင်နဲ့ဆိုရင် သိပ်ကိုလိုက်မှာ၊ ကိုယ်က အရောင်ရင့်ရင့်ကို ပိုကြိုက်တယ်"

"ဒါဖြင့်ရင် မင်းဆီက ကိုယ် ဝယ်မယ်လေ"

"မကြောင်စမ်းပါနဲ့ကွယ်"

"ကိုယ့်မှာ ပိုက်ဆံရှိပါတယ် ဂျင်း၊ လက်စွပ်ရောင်းလို့ရတဲ့ ပိုက်ဆံရယ်၊ ကိုယ့်မှာရှိနေတဲ့ သောင်းနှစ်ထောင်ရယ်ကို ပေါင်းပြီး ဟင်နရီက အရင်းအနှီး လုပ်ပေးထားတယ်"

"ဘယ်လို လုပ်ပေးထားတာလဲ"

"လက်စွပ်ရောင်းတာက နှစ်သောင်းပဲ ရတယ်။ ဒီထက်တော့ ပိုတန်ပါတယ်တဲ့။ ဒါပေမယ့် ဒီလောက်ကြီးတဲ့ လက်စွပ်ဟာ ဈေးကွက်မှာ အရောင်းထိုင်းတယ်တဲ့။ အဲဒီ ငွေတွေ အားလုံးကို ကေတီအင်တီကုမ္ပဏီက အစုရှယ်ယာတွေ ဟင်နရီက ဝယ်ပေးထားတယ်။ အမြတ်ကတော့ သိပ်အများကြီး မဟုတ်ဘူး။ ဒါပေမယ့် မဆိုးဘူး"

"ဒီလိုဆို မင်းအစုငွေတွေကို မသုံးနဲ့၊ အဲဒီအတိုင်း တဖြည်းဖြည်း များလာပေစေ"

"မင်းဟာ အပြောတော့ ကောင်းပါရဲ့၊ လုပ်တော့ တလွဲချည်းပဲ ဂျင်း။ ဒီလထုတ် မဂ္ဂဇင်းတွေမှာလည်း မင်းအကြောင်း ရေးထားတာ တွေ့ပါတယ်။ မင်းဟာ ပိုက်ဆံဆိုလို့ တစ်ပြားမှ စုရကောင်းမှန်း သိတာမဟုတ်ဘူး။ လောင်းဝပ်သ် အေဂျင်စီနဲ့ မင်း စာချုပ်လိုက်တဲ့ အချိန်ကစပြီး မင်း ငွေစုဖို့ ကောင်းတယ်။ အခုတော့ ရသမျှ ပိုက်ဆံတွေကို အဝတ်အစား ဝယ်ပစ်လိုက်တာချည်းပဲ။ ဒါလောက် ဖြုန်းမနေရင် အခြေအနေ တစ်မျိုး ဖြစ်လာမှာပါ"

"အဝတ်အစား ဝယ်ရတာရယ်၊ မေမေ့ဆီ ပို့ရတာရယ်နဲ့ ကိုယ် ဘယ်လိုလုပ်ပြီး ငွေစုလို့ ရနိုင်ပါ့မလဲ အယ်နီ။ စံပြမယ်လုပ်တဲ့အတွက် တစ်ပတ်မှ ငွေသုံးရာကနေ လေးရာအထိပဲ ရတာ။ ဒါလောက် ငွေနဲ့တော့ မလောက်နိုင်သေးဘူး။ ကိုယ့်ရဲ့ အဓိက မျှော်မှန်းချက်က တိုနီကို ရရေးပဲ။ ကိုယ့်အသက် နှစ်ဆယ့်ခြောက်နှစ် ရှိလာပြီ။ ကိုယ့်ဘဝ နောင်ရေးအတွက် အချိန် သိပ်ရှိတော့တာ မဟုတ်ဘူး။

တိုနီက ကိုယ့်ကို စွဲနေတာလည်း ကိုယ့်အဝတ်အစားတွေကြောင့် တစ်ကြောင်းပါတယ်။ သတင်းစာတွေကလည်း ကိုယ့်အဝတ်အစားတွေကြောင့် ကိုယ့်ကို ချီးကျူးရေးနေကြတာ မဟုတ်လား။

ဒါကြောင့် ဒါတွေဟာ ကိုယ့်ဘဝ နောင်ရေးအတွက် အရင်းအနှီး မြှုပ်နေတာနဲ့ အတူတူပါပဲ။ တိုနီအတွက် ကိုယ် ဖြုန်းတီးနေရတာပါ။ ကိုယ်တို့ လက်ထပ်ဖြစ်ကြပြီ ဆိုရင် ကိုယ့်ဘဝ လွတ်မြောက်သွားပါပြီ"

"ဒီအကြောင်းပြချက် ကလေးနဲ့တော့ မင်းရဲ့ ကတိုးသားရေအင်္ကျီကို သူများ ပေးမပစ်သင့်ပါဘူး"

"ဒီအင်္ကျီ တစ်ထည်ကိုပဲ တစ်နှစ်လုံး ဝတ်နေတာ လူတိုင်းက မြင်နေပြီ အယ်နီ။ တိုနီနဲ့ကိုယ် လက်ထပ်ဖြစ်ရင် ဒါမျိုး တစ်ဒါဇင် လိုချင်လည်း ရနိုင်တယ်။ နောက်ပြီးတော့ လိုင်ယွန်ရဲ့ စာအုပ်က အောင်မြင်တယ်ပဲ ထားပါဦး၊ မင်းအနေနဲ့ ကတိုးသားရေအင်္ကျီ ဝယ်နိုင်ဖို့က အချိန်အကြာကြီး စောင့်ရဦးမှာ"

"အင်း- မင်းပြောတာတွေ အကုန်လုံး ဖြစ်ပါစေလို့ပဲ ဆုတောင်းပါတယ်ကွယ်။ သူ့စာအုပ်လည်း ပြီးခဲ့တဲ့ အပတ်ထဲကပဲ ရေးလို့ ပြီးသွားပါပြီ"

"ဟယ်. . . အံ့ဩစရာကြီးပဲ၊ ဒီလိုဆို မင်းတို့ လက်ထပ်နိုင်ပြီပေါ့"

အယ်နီက ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါလောက်လည်း မလွယ်သေးပါဘူးကွယ်။ အခုက စာမူအဆင့်မှာ ရှိသေးတယ်။ ပထမဦးဆုံး ထုတ်ဝေသူက ကြိုက်ဖို့လိုတယ်။ ဘက်စ်ဝီလ်ဆင်ဆိုတဲ့ အမျိုးသမီးကို စာမူတွေပေးထားတယ်။ သူက လူတိုင်း လေးစားတဲ့ စာပေပွဲစား ဆိုပါတော့။ ဒီစာမူကို အဲဒီ အမျိုးသမီးက ကြိုက်ပြီဆိုရင် ငါးဆယ်ရာခိုင်နှုန်း အောင်မြင်ပြီလို့ ဆိုရမယ်။ ဘက်စ်ဝီလ်ဆင်ဆီကတစ်ဆင့် လာတယ်ဆိုရင် ထုတ်ဝေသူက ဘာမှ ပြောမနေတော့ဘူး၊ စာမူကို ဖတ်တော့တာပဲ"

"အကျိုးအကြောင်း ဘယ်တော့ သိရမတဲ့လဲ"

"အချိန်မရွေး သိနိုင်နေပြီ၊ နာတာလူးပွဲတော် မတိုင်ခင် သိရလိမ့်မယ်လို့ သူ မှန်းနေတယ်။ ဟေး. . . နီလီသီချင်း ဆုံးသွားပြီ"

အယ်နီက ပြောပြောဆိုဆို ဓာတ်စက်ဆီသို့ ထပြေးပြီး ဓာတ်ပြားကို အစမှ ပြန်ဖွင့်ပြန်သည်။

"မင်း ဒါလောက် ဖွင့်တာနဲ့ အဲဒီ ဓာတ်ပြားတွေလည်း ပျက်လောက်ပါပြီ"

"သိပ်ကောင်းတာပဲကွာ၊ ကိုယ်တော့ နီလီအတွက် သိပ်ဂုဏ်ယူတာပဲ။ သူ ရိုက်နေတဲ့ရုပ်ရှင်ကို ကြည့်ချင်လှပြီ"

ဂျနီဖာက မီးရှိတံခါးကို ပိတ်လိုက်သည်။

"ဓာတ်စက်ကလေး ပိတ်ထားလိုက်ရင် မင်း စိတ်မဆိုးပါနဲ့နော်။ ကိုယ် စာနည်းနည်း ဖတ်လိုက်ချင်လို့ပါ"

ဂျနီဖာက ပြောသည်။

အယ်နီက ဓာတ်စက်ကို ပိတ်လိုက်သည်။

"ဂျင်း၊ နှစ်နာရီတောင် ထိုးနေပြီ။ ကိုယ်တို့ အိပ်ကြဖို့ ကောင်းပြီ"

"ကိုယ် မီးဖွင့်ထားတာ မင်းကို အနှောင့်အယှက်များ ဖြစ်နေသလား ဟင်"

"မဖြစ်ပါဘူး၊ မင်း မအိပ်ဘဲနေတာကသာ ကိုယ့်စိတ်ကို အနှောင့်အယှက် ဖြစ်နေတာပါ။ တစ်ခါတလေ သန်းခေါင်လောက်မှာ ကိုယ် အိပ်ရာက နိုးလာလို့ လှမ်းကြည့်လိုက်ရင် ခုတင်ပေါ်မှာ မင်း မရှိတော့ဘူး"

"မင်းကို အနှောင့်အယှက် ဖြစ်မှာစိုးလို့ ဧည့်ခန်းထဲသွားပြီး ဆေးလိပ်ထိုင်သောက်နေတာ"

"ဘာဖြစ်လို့လဲ ဂျင်း၊ တိုနီကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေသလား"

ဂျနီဖာက ပခုံးနှစ်ဖက်ကို တွန့်လိုက်သည်။

"သူ့ကြောင့်လို့ ပြောရင်လည်း မှန်ပါတယ်လေ။ ဒါပေမယ့် ကိုယ် ကောင်းကောင်း အိပ်လို့ မပျော်ခဲ့တာ တစ်နှစ်ကျော်သွားပြီ။ တိုနီနဲ့ ပတ်သက်ပြီး စိတ်မတည်မငြိမ် ဖြစ်နေကာလည်း ပါတာပေါ့။ ဖေဖော်ဝါရီလကျရင် ကာလီးဖိုးနီးယားကို သူ သွားတော့မယ်လေ။ ရေဒီယိုဇာတ်လမ်းတွေလွှင့်ဖို့"

"သူ ဟိုကို မသွားခင် မင်းနဲ့ လက်ထပ်ဖို့ကိစ္စကို သူ ပြောပါလိမ့်မယ်"

"သူ့အနားမှာ မိရိယမ် ရှိနေသမျှကာလပတ်လုံးတော့ လက်ထပ်ဖို့စကားကို သူ ပြောဦးမှာ မဟုတ်ပါဘူး အယ်နီရယ်။ ကိုယ်တို့နှစ်ယောက်တည်း ရှိတဲ့အချိန်မှာ သူ့ကို ကိုယ် ပြောချင်တဲ့စကားကို ပြောလို့ရတယ်။ ဘာမဆို ခိုင်းလို့ရတယ်။ နှစ်ယောက်တည်း အတူတူ နေရတဲ့အချိန် ဆိုတာကလည်း အခန်းထဲ ပိတ်နေတဲ့ အချိန်မျိုးမှာပဲ ရှိတယ်"

"ခိုးပြေးရင်ကော ဘယ်လိုနေမလဲ"

"ဒါလည်း ကိုယ် စဉ်းစားကြည့်ဖူးပါတယ်။ ဒါပေမယ့် ခိုးပြေးဖို့ ဆိုတာက ထင်သလောက် လွယ်တာ မဟုတ်ဘူး၊ အခန်းထဲမှာ နှစ်ယောက်တည်း ရှိနေတုန်းတော့ ကိုယ် တောင်းသမျှ ကတိတွေ အကုန်ပေးတော့တာပဲ။ အခန်းထဲကလည်း ထွက်လာရော မိရိယမ် ပြောသမျှ မြေဝယ်မကျ နားထောင်တော့တာပဲ။ ကဲ- အိပ်လိုက်တော့ အယ်နီ၊ ကိုယ်တို့နှစ်ယောက်စလုံး စိတ်မကောင်း ဖြစ်နေကြလို့လည်း အပိုပါပဲ။ တစ်ခုခု လုပ်ဖို့တော့ ကိုယ် စဉ်းစားပါ့မယ်"

ဂျနီဖာက ရေချိုးခန်းဆီသို့ လျှောက်သွားသည်။

"အပြောင်းအလဲ ဖြစ်သွားအောင် အိပ်ပျော်ဖို့ ကြိုးစားကြည့်ပါဦးလား"

အယ်နီက သူ့ခေါင်းဦးကို သပ်သပ်ရပ်ရပ် ဖြစ်သွားအောင် ပြင်နေရင်းက လှမ်းပြောသည်။

"ကိုယ် ကြိုးစားပါ့မယ်၊ ဒါပေမယ့် ကိုယ့် လေ့ကျင့်ခန်းကလေးတွေ အရင်လုပ်လိုက်ဦးမယ်"

ဂျနီဖာက ရေချိုးခန်းတံခါးကို ပိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်သူ မှန်ထဲမှာ ကြည့်သည်။ မျက်လုံးများအောက်တွင် အရေးအကြောင်းအလေးများ မသိမသာ ပေါ်လာပြီကို သတိထားမိသည်။ နောက်လေးနှစ်ဆိုလျှင် သူ့အသက် သုံးဆယ်ပြည့်တော့မည်။

နဘဲမိုးလုံးပြဇာတ်က ဇွန်လအထိ ဆက်ကနေဦးမည်။ ထိုပြဇာတ်ထဲမှာ မိမိ ဝင်ကနေသည်မှာ တစ်နှစ် ရှိသွားပြီ။ ဘာမှလဲ ထူးခြားလာစရာအကြောင်း မရှိတော့။ နှစ်ဆယ်ရာစုမြေခွေး ရုပ်ရှင်ကုမ္ပဏီနှင့် စာချုပ်ဖို့လည်း ရှိနေသေးသည်။

သို့သော် ထိုရုပ်ရှင်ကုမ္ပဏီနှင့် စာချုပ်လိုက်လျှင် ကာလီဖိုးနီးယားသို့ တိုနီ သွားသောအခါတွင် သူ လိုက်သွားနိုင်တော့မည် မဟုတ်။ လိုက်မသွားနိုင်လျှင် တိုနီကို အပြီးတိုင် လက်လွှတ်ဆုံးရှုံးလိုက်ရပေတော့မည်။ မိမိ မပါဘဲ သွားရသဖြင့် မိမိကို သူ မခွဲနိုင်မခွာရက် ဖြစ်နေမည်လား။ မိမိကို လွမ်းဆွေးကသနေမည်လား။ မဖြစ်နိုင်ပါ။ မီရီယမ်က မိန်းမချောကလေးများကို သူ့ဘေးမှာ ဝိုင်းခိုင်းထားလိုက်ပေမည်။

သို့ဆိုလျှင် မိမိကို တိုနီ သတိရတော့မည် မဟုတ်ဟု ဂျနီဖာ တွေးမိသည်။

သူ့အသက်မှာ နှစ်ဆယ်သာ ရှိသေးသည်ဟု တိုနီက သိထားသည်။ တကယ် အသက်နှစ်ဆယ်သာ ရှိသေးသည့် မိန်းကလေးများကို မြင်လျှင် တိုနီက မိမိအပေါ် ဘယ်လိုသဘောထားမည်နည်းဟုလည်း စဉ်းစားရပြန်သည်။

မီရီယမ်ကလည်း မိမိအသက် အမှန်ကို မေးဦးမည်။ ဘယ်တုံးက ကျောင်းနေသနည်း။ ဘယ်မှာ နေခဲ့သနည်း ဆိုသည့် မေးခွန်းများနှင့် စစ်ဆေးဦးမည်။

တိုနီ သိပ်ဉာဏ်မကောင်းသည့်အတွက် ဘုရားသခင်ကိုပင် ကျေးဇူးတင်ရဦးတော့မည်။ တိုနီ ဉာဏ်မကောင်းသဖြင့် အစစအရာရာကို မီရီယမ်ကချည်း ထိန်းသိမ်း ချုပ်ကိုင်နေခြင်းလား။ သီချင်းဆိုရာတွင်မူ မွေးရာပါ ဗီဇကြောင့် တိုနီ တော်သည်မှာ မှန်ပါသည်။

မီရီယမ် အကြောင်းကို စဉ်းစားရင်း သူ့မျက်လုံး အောက်ပိုင်းများကို ဆေးများခပ်ထူထူ လိမ်းလိုက်သည်။ အိပ်တော့ အိပ်လိုက်ဦးမှ ဖြစ်မည်။

ရေချိုးခန်းအပြင်သို့ ထွက်လာသောအခါ အယ်နီ အိပ်ပျော်နေပြီကို တွေ့ရသည်။

ခုတင်ဆီသို့ လျှောက်လာပြီး မီးများကို ပိတ်လိုက်သည်။

နောက်တစ်နာရီလောက် ကြာသွားသည်။ သို့သော် မျက်လုံး ကျယ်မြဲ ကျယ်နေသည်။ ယခင့်ယခင် ညမျိုးလိုပင် ဖြစ်ဦးတော့မည်။

ခုတင်ပေါ်မှ ဖြည်းဖြည်းဆင်းကာ ရေချိုးခန်းထဲသို့ လာခဲ့သည်။ စိတ်ငြိမ်သွားလျှင် ကောင်းစွာ အိပ်နိုင်ပါလိမ့်မည်။ လက်ကိုင်အိတ်ကိုယူပြီး ဆေးပုလင်း သေးသေးတစ်လုံး နှိုက်ယူသည်။ ကျည်ဆန်ထိပ်ဖူးနှင့်တူသည့် အနီရောင် ဆေးလုံးကလေးကို မျက်တောင်မခတ် စိုက်ကြည့်နေမိသည်။

ထိုဆေးတောင့်ကလေးများကို မနေ့ညတုန်းက အင်မာ ပေးလိုက်ခြင်း ဖြစ်သည်။

'တစ်လုံးလောက် သောက်လိုက်ရင် မင်းနာရီပေါင်းများစွာ အိပ်ပျော်သွားလိမ့်မယ်' ဟုလည်း အင်မာက သူ့ကို ပြောပြလိုက်သည်။

ဆေးအစွမ်းက စိတ်ငြိမ်ဆေး၊ အိပ်ဆေး၊

ဆေးအမည်က ဆီကွန်နယ်လ်။

'ဒီဆေးတွေဟာ ကိုယ့်အတွက်တော့ ရွှေတွေပဲ။ ဒါကြောင့် ဒီထက် ပိုမပေးနိုင်တော့ဘူး'ဟု အင်မာက ပြောသည်။

အင်မာသည် နဘဲမိုးလုံးပြဇာတ်ထဲတွင် နီလီ၏နေရာမှာ ဝင်ကနေသူ ဖြစ်သည်။ အနီရောင် ယမင်းရုပ်ကလေးများက သူ့ဘဝကို ကယ်တင်နေခြင်း ဖြစ်ကြောင်းလည်း အင်မာက ရှင်းပြခဲ့သည်။

'မင်းကိုတော့ ဆေးများများ ပေးချင်ပါတယ် ဂျနီဖာ။ ဒါပေမယ့် ဆရာဝန်ရဲ့ဆေးစာ ရှိဖို့လိုတယ်။ ကိုယ့်အတွက်က တစ်ပတ်မှ ဆယ်လုံးပဲရတာ'

ယခု ထိုဆေးတစ်လုံးလောက် သောက်ကြည့်ရမည်လား။

ချောက်ချားစရာတော့ ကောင်းပါသည်။ အလွန် သေးငယ်သည့် အနီရောင်ဆေးကလေးက နာရီပေါင်းများစွာ အိပ်ပျော်သွားအောင် အစွမ်းထက်သည် ဆိုတော့လည်း ကြောက်စရာကောင်းပါသည်။

မီးဖိုခန်းထဲသို့ သူ ဝင်ခဲ့သည်။

သောက်ရေခပ်သည်။

ဆေးလုံးကလေးကို စက္ကန့် အနည်းငယ်ကြာအောင် ငေးကြည့်နေမိပြန်သည်။

နှလုံးခုန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် မူးယစ်စေတတ်သည့် ဆေးဝါးပင် ဖြစ်သည်။

ရယ်စရာတော့ အကောင်းသား။

အင်မာ တစ်ယောက်က ထိုဆေးကို ညတိုင်း စားနေရသည်ဟု ဆိုသည်။ သို့သော်လည်း အင်မာကိုကြည့်လိုက်တော့ ကျန်းကျန်းမာမာပုံမျိုးပင်။

ဆေးတစ်လုံးလောက်နှင့်တော့ ဘေးဥပဒ်ဖြစ်စရာအကြောင်း မရှိတန်ရာပါ။

ဆေးလုံးကို ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။ ရေတစ်ခွက် သောက်သည်။

ဆေးပုလင်းကို လက်ကိုင်အိတ်ထဲသို့ ပြန်ထည့်သည်။ ထို့နောက် အိပ်ရာဆီသို့ အပြေးအလွှား လာခဲ့သည်။

ဘယ်လိုများ အစွမ်းပြလေမလဲ။

မျက်လုံးများကတော့ ကြောင်မြဲကြောင်နေသည်။ အိပ်ချင်စိတ် မရှိသေး။ အယ်နီ၏ အသက်မှန်မှန် ရှူနေသံကို ကြားနေရသည်။ စားပွဲပေါ်ရှိ စားပွဲတင်နာရီမှ စက်သံ တချက်ချက်ကို ကြားနေရသည်။ အပြင်မှ မော်တော်ကား သွားလာနေသံများကို ကြားနေရသည်။ မည်သို့ဆိုစေ အရာအားလုံးတို့သည် ပုံမှန်အနေအထားမှာသာ ရှိနေကြသည်။

ထိုသို့ တွေးနေဆဲမှာပင် ဆေးတန်ခိုးပြပါပြီ။

ဘုရား . . . ဘုရား။ အရသာက တစ်မျိုးပါကလား။

တစ်ကိုယ်လုံး ပေါ့ပါးလာသည်။အလေးချိန် လုံးဝ မရှိတော့သလို ထင်လာရသည်။ ခေါင်းလေးလာသည်။ ပြီးတော့ ပေါ့ပါးသွားပြန်သည်။ အိပ်ပျော်သွားတော့မည်။

အိပ်ပြီ . . . အိပ်ပြီ။

အိုး. . . အလွန် ချစ်စရာကောင်းသည့် အနီရောင် ယမင်းရုပ်ကလေးပါကလား။

နောက်တစ်နေ့ရောက်တော့ ဟင်နရီ၏ ဆရာဝန်ဆီသို့ ဂျနီဖာသွားသည်။ ဆရာဝန်က စစ်ဆေးကြည့်ပြီးသောအခါ ကောင်းစွာ ကျန်းမာပါသည်ဟု ဆိုသည်။ ဆီကွန်နယ်လ် ဆေးကိုတော့ မပေးနိုင်ဟု ငြင်းသည်။ ကော်ဖီ မသောက်ဘဲ နေရမည်။ စီးကရက်အသောက်လျှော့ရမည်ဟု ဆိုသည်။ သို့ဆိုလျှင် ကောင်းစွာ အိပ်ပျော်လိမ့်မည်ဟု ပြောလိုက်သည်။

နောက်ရက်များကျတော့ အင်မာကို အကျိုးအကြောင်း ပြန်ပြောပြမိသည်။

"ဒီဆေးမျိုးရဖို့ ဒီလို မလုပ်ရဘူး။ ဆရာဝန်ကောင်းတွေဆီကိုသွားလို့ သူတို့က ဘယ်ပေးပါ့မလဲ၊ သာမန် ဆရာဝန်ကို ရှာတွေ့၊ ဆရာဝန်ကျင့်ဝတ်တွေကို သိပ်ပြီး လိုက်နာမနေတဲ့ ဆရာဝန်မျိုးကို တွေ့အောင်ရှာ"

အင်မာက ပြောသည်။

"ဒါပေမယ့်၊ ဘယ်ကို သွားရှာရမလဲ အင်မာ။ မင်း ပေးလိုက်တဲ့ ဆေးလေးလုံးနဲ့ လေးညလုံးလုံး ကိုယ် ကောင်းကောင်း အိပ်နိုင်ခဲ့တယ်။ သိပ်ကို ကောင်းတာပဲ။ အခု အဲဒီဆေးလည်း မရှိရော နှစ်ညလုံးလုံး အိပ်လို့ မရတော့ဘူး"

"အနောက်ပိုင်းကိုသွား၊ ပြတင်းပေါက်ပေပေရေရေပေါ်မှာ ဆရာဝန်ဆိုင်းဘုတ်ချိတ်ထားတဲ့ ဆေးခန်းတစ်ခုခုထဲကိုဝင်၊ ဒါပေမယ့် ဒီဆေး လိုချင်တယ်လို့ တိုက်ရိုက်သွားမပြောလိုက်နဲ့ဦး။ ကိုယ်က ပရိယာယ် သုံးတတ်ရတယ်။ 'ကျွန်မဟာ ဒီမြို့က မဟုတ်ပါဘူး'ပေါ့။ 'ကာလီဖိုးနီးယားက လာတာပါ'လို့ ပြောရင် ပိုကောင်းတယ်။ မင်းရဲ့ ကတိုးသားရေအကျီကို ဝတ်မသွားနဲ့။ မင်းကို အထင်ကြီးပြီး စမ်းသပ်ခ ပိုတွယ်လိုက်လိမ့်မယ်။

အိပ်လို့ မပျော်တဲ့အကြောင်း ပြောပြ၊ သူက မင်း နှလုံးခုန်သံကို နားကြပ်နဲ့ နားထောင်လိမ့်မယ်။ အထိုက်အလျောက် အိပ်လို့ ပျော်နိုင်ရင် တော်ပါပြီ ဆိုတာကို တွင်တွင်သာပြော၊ ပြီးရင် မင်းကို ဆေးဝယ်ခွင့်လက်မှတ်ကလေး ရေးပေးလိုက်လိမ့်မယ်။ ဆေးက တစ်ပတ်စာပဲ ဝယ်ခွင့်ပေးမယ်။

ဆေးစာရေးပေးရတဲ့အတွက် ငွေတစ်ဆယ် တောင်းလိမ့်မယ်။ တစ်ပတ်ကြာရင် မင်း ပြန်လာဦးမှာပဲဆိုတာ သူသိတယ်။ မင်းဆီက ဆေးစာရေးပေးခ ငွေတစ်ဆယ် အပတ်တိုင်းရတော့မယ် ဆိုတာကို သူ သိတယ်။

ဒါပေမယ့်၊ ကိုယ် ပြောတာယုံပါ။ သူ့ကို တစ်ပတ် တစ်ဆယ်ပေးရတာ ပေးရကျိုးနပ်ပါတယ်။ အဲဒီလို ဆရာဝန်မျိုးနဲ့ တွေ့ဖို့တော့ နည်းနည်း ကြိုးစားရတာပေါ့ကွာ။ ကိုယ့်တုန်းက ပထမ သွားတွေ့တဲ့ ဆရာဝန် နှစ်ယောက်စလုံးက လက်မခံဘူး။ ပယ်ချတယ်၊ တတိယမြောက် ဆရာဝန်ကျတော့မှ ကိုယ် လိုချင်တဲ့ ဆေးကို ရေးပေးတာ။ မက်ကလေဟိုတယ်ကိုတော့ မသွားနဲ့။ အဲဒါက ကိုယ့်ဆရာဝန်၊ တော်တော်ကြာ မသင်္ကာဖြစ်သွားဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



အင်မာတာ အလုံးစုံ ရှင်းပြသည်။

အနောက်ပိုင်း (၄၈)လမ်းမှာ သူ တွေ့ချင်သည့် ဆရာဝန်မျိုးကို ဂျနီဖာ တွေ့သည်။ ပြောပြသည်များကို စိတ်မဝင်စားသလို နားထောင်ရင်း သံချေးတက်နေသည့် နားကြပ်ကြီးနှင့် နှလုံးခုန်သံကို နားထောင်သည်။ သေသေချာချာ နားထောင်ခြင်းလည်းမဟုတ်။

လက်မှ သွေးကြောကို စမ်းကြည့်သည်။ သေသေချာချာ စမ်းခြင်းလည်း မဟုတ်။

ထိုမျှဆိုလျှင် မိမိတွေ့ချင်သည့် ဆရာဝန်သည် သူပဲ ဖြစ်ရမည်ဟု ဂျနီဖာ စိတ်တုံးတုံး ချလိုက်နိုင်တော့သည်။ သူ အကဲခတ်သည်မှာ မှန်ပါသည်။ ဆေးစာရေးပေးရန် စာရွက်လွတ်ကို ရှေ့မှာချသည်။

"နင် ဗျူဟယ်လ် ယူမလား၊ ဆီကွန်နယ်လ် လိုချင်သလား" ဟု မေးသည်။

"အနီရောင်ကလေးတွေ"

ဂျနီဖာက ပြန်ဖြေသည်။

"ဟောဒီမှာ ဆီကွန်နယ်လ် ဆေးဝယ်ဖို့ ဆေးစာ၊ တစ်ပတ်စာ ရေးပေးလိုက်တယ်။ မင်း အိပ်ပျော်သွားမှာပါ။ မအိပ်နိုင်သေးဘူး ဆိုရင် ပြန်လာခဲ့ဦးပေါ့"

ဆရာဝန်က ဆေးစာကို လှမ်းပေးရင်း ပြောသည်။

ဂျနီဖာ ကောင်းကောင်း အိပ်ပျော်လေ့ရှိလာပြီကို တွေ့ရသောကြောင့် အယ်နီက ဝမ်းသာနေမိသည်။ ဆေးအကြောင်းကိုတော့ သူ မသိရှာပါ။

မည်သို့ဆိုစေ ညလုံးပေါက်လောက် ဂျနီဖာ အိပ်ပျော်နေသည်ကို မြင်ရသဖြင့် စိတ်ချမ်းသာသည်။ တိုနီနှင့် ပတ်သက်ပြီး အစစအရာရာ အဆင်ပြေကာ စိတ်ချမ်းသာနေသဖြင့် ယခုလို အိပ်ပျော်ခြင်း ဖြစ်မည်ဟု အယ်နီ တွေးမိသည်။

သို့နှင့် နာတာလူးပွဲတော်ရက်နှင့် နီးကပ်လာသည်။

စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက် ဖြစ်သောကြောင့် အယ်နီက လိုင်ယွန်ဆီသို့ သွားနေရန် ထုံးစံအတိုင်း အထုပ်အပိုးကလေးများ ပြင်နေသည်။ ထိုအချိန်တွင် ဂျနီဖာ ရောက်လာပြီး သူ၏ ဆုံးဖြတ်ချက်ကြီးကို ပြောပြသည်။

"ကိုယ်တော့ မနေ့ညကပဲ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီ။ အယ်လ်တန်မြို့ကို မော်တော်ကားနဲ့ ဒီကနေ့ည သွားကြဖို့ တိုနီကို ပြောမယ်။ တကယ်လို့ ပြောမရရင် သူ့ကို ဘယ်တော့မှ ကိုယ် အတွေ့မခံတော့ဘူး။ အတွေ့မခံလို့မှ သူ ဘာမှ မဖြစ်သေးဘူးဆိုရင် နောက်တစ်နည်း လုပ်ရမယ်။ ယောက်ျားတွေနဲ့ ရှာတွဲပြီး သူ့ရှေ့မှာ လမ်းသလားပြရမယ်။ ကိုယ့်အတွက် အရူးအမူး ဖြစ်လာပြီး ကိုယ့်ကို လက်ထပ်အောင် လုပ်မယ်။ ကာလီဖိုးနီးယားကို သူသွားတဲ့အထိ ထိုင်စောင့်နေရမယ် ဆိုရင်တော့ ကိုယ် သေမှာပဲ"

"မီရီယမ် ဒီနေ့ည ဘယ်မှာရှိနေမှာလဲ"

"သူ ရှိနေကျနေရာဖြစ်တဲ့ ကိုယ်တို့နဲ့ပဲ အတူတူ ရှိနေမှာပေါ့။ ဒါပေမယ့် ဒီနေ့ည လာဘွန်ဘာရာမှာ ပွဲသစ်တစ်ခု ရှိတယ်။ ကိုယ်တို့ အားလုံး အဲဒီကို သွားကြမှာ၊ ကိုယ်က အဝတ်အစားလဲဖို့ အိမ်ပြန်မယ်။ အိမ်ကနေ စောင့်မယ်။ အိမ်ကို လာခေါ်ပါလို့ တိုနီကို ပြောထားတယ်။သူ ဒီရောက်လာရင် အယ်လ်တန်ကို ထွက်သွားကြဖို့ ပြောမယ်။ မီရီယမ်က သူ့အဖော်တွေနဲ့ အတူတူ လာဘွန်ဘာရာက နေပြီး ကိုယ်တို့ကို စောင့်နေလိမ့်မယ်။

ဒါကြောင့် သူနဲ့ကိုယ်နဲ့ နှစ်ယောက်တည်း ဒီအချိန်မှာပဲ တွေ့ရမှာ။ အလစ်မှာ ရအောင် ဆွဲသွားရမယ်။ ကိုယ် လုပ်တာတွေ မှန်ပြီဆိုရင်တော့. . ."

*

တိုနီ ရောက်လာတော့ ဂျနီဖာ အဝတ်မလဲရသေး။ အိမ်မှာနေရင်းဝတ်သည့် အဝတ်အစားနှင့်သာ ဖြစ်နေသည်။

"ဟေး- အဝတ်မြန်မြန်လဲလေ၊ ပွဲက ဆယ့်နှစ်နာရီခွဲမှ စမှာ"

"ကျွန်မကို အရင်ပွေ့ထားပါဦး"

ဂျနီဖာက သူ့ဆီသို့ လျှောက်သွားပြီး အသံသာသာကလေးနှင့် ပြောသည်။

တိုနီက ဂျနီဖာကို ဖက်လိုက်သည်။ ထိုသို့ ဖက်လိုက်မိသည်နှင့် တစ်ပြိုင်တည်း သံလိုက်နှင့် အဆွဲခံလိုက်ရသကဲ့သို့ ဖြစ်သွားသည်။

"ဘုရားရေ မင်းနဲ့တွေ့လိုက်ရရင် ကိုယ် ဘယ်လိုဖြစ်ဖြစ်သွားမှန်း မသိဘူး။ တစ်ကိုယ်လုံး အားအင်တွေ ကုန်ခမ်းသွားတဲ့ အတိုင်း သွေးများ သွင်းပေးရဦးတော့မလားလို့တောင် ထင်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com


အို. . . ကြယ်သီးတွေနဲ့အင်္ကျီကို ဘာဖြစ်လို့များ ဝတ်ထားပြန်ပါလိမ့်ကွယ်"

တိုနီ အလုပ်ရှုပ်နေပြီ။ ဂျနီဖာကလည်း သူ့ကို ပြန်ဖက်ထားသည်။

"လှလိုက်တာ အချစ်ရယ်၊ မင်းရဲ့ တစ်ကိုယ်လုံးမှာ မလှတဲ့နေရာဆိုလို့ တစ်ခုမှ မရှိပါလား"

"ဒါတွေ အားလုံးကို မောင် ပိုင်တာပဲ မောင်ရယ်"

တိုနီက သူ့ကို အားပါးတရ နမ်းသည်။ ထိုအချိန်မှာပင် ဂျနီဖာက နောက်သို့ ရုန်းထွက်လိုက်သည်။

"တိုနီ ကျွန်မတို့ လက်ထပ်ကြရအောင်"

"စိတ်ချပါ အချစ်ရယ်၊ လက်ထပ်မှာပေါ့"

တိုနီက ဒူးထောက်လျက် ကျသွားသည်။ ဂျနီဖာက နောက်သို့ ဆုတ်မြဲ ဆုတ်သည်။ တိုနီက မိအောင် လိုက်ဖမ်းသည်။ ဂျနီဖာက လွတ်အောင်ရှောင်သည်။

"ကျွန်မအသားကို မကိုင်နဲ့တော့ တိုနီ၊ ကြည့်ရုံပဲ ကြည့်လို့ရမယ်။ ကျွန်မကို ရှင်ပိုင်တဲ့အချိန်ကျမှ ရှင် ကိုင်လို့ရမယ်"

ဂျနီဖာကလည်း နှုးညံ့သိမ်မွေ့သည့် လေသံနှင့်ပင် ဆက်ပြောနေသည်။

"ဒါပေမယ့်၊ ဒါတွေဟာ ကိုယ့်ပစ္စည်းတွေပဲ။ မင်းကို ကိုယ်ပိုင်တာပဲ"

ဂျနီဖာက ချိုချိုကလေး ပြုံးသည်။

"မောင့်ကို ခဏ ငှားထားတာပါကွယ်၊ အခုတော့ ကျွန်မ ပြန်သိမ်းလိုက်ပြီလေ။ တကယ်ကတော့ ကျွန်မကို မောင် တကယ်လိုချင်တာမှ မဟုတ်ဘဲ။ ကျွန်မကို တကယ်ပိုင်ချင်တယ်ဆိုရင် မောင် ဒီလို ဘယ်နေမှာလဲ"

"မောင် လက်ထပ်ပါ့မယ်ကွယ်၊ မောင့်ဆီကိုလာပါ"

သူ့တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာသည်။ ဂျနီဖာကို မိနိုင်ဖို့သာ အဓိကထားပြီး လိုက်ဖမ်းနေသည်။

"မလာနိုင်သေးဘူး မောင်၊ ကျွန်မကို လက်ထပ်မယူမချင်း ကျွန်မအသားကို မောင် မထိရဘူး"

"စိတ်ချပါ၊ မင်းကို ကိုယ် လက်ထပ်ပါ့မယ်"

တိုနီက လိုက်မြဲ လိုက်သည်။ ဂျနီဖာက လွတ်အောင် ရှောင်မြဲ ရှောင်သည်။

"ကျွန်မကို ဘယ်တော့ လက်ထပ်ယူမလဲ တိုနီ"

"ဒီကိစ္စကို ခဏနေတော့ ပြောပါ့မယ်ကွယ်။ တကယ်ပါ၊ ခဏနေတော့ တိုင်ပင်ကြတာပေါ့"

"မရဘူး၊ အခုပြော၊ လက်ထပ်မလား၊ မထပ်ဘူးလား"

"လက်ထပ်မယ်၊ လက်ထပ်မယ်"

"အခုချက်ချင်း ဒီကနေ့ည လက်ထပ်ရမယ်"

"ဒီနေ့ည လက်ထပ်လို့ ဘယ်လိုလုပ်ပြီးဖြစ်နိုင်မှာလဲကွယ်။ သွေးစစ်ရဦးမယ်၊ လိုင်စင်ရအောင် လျှောက်ရဦးမယ်။ မနက်ဖြန် မနက်ကျရင် အဲဒါတွေ အကုန်လုံး ဖြစ်အောင် လုပ်ပါ့မယ်၊ ကိုယ် ကတိပေးပါတယ်"

"မရဘူး၊ အဲဒီလောက်ထိ စောင့်နေရင် မီရီယမ် ဝင်ဖျက်တာနဲ့ ဒီကိစ္စဟာ ပျက်သွားဦးမှာ"

မီရီယမ်၏ နာမည်ကို ထုတ်ဖော် ပြောလိုက်မိသည်မှာ မှားယွင်းသွားချေပြီ။

စောစောက သူ့စိတ်များ လှုပ်ရှားတက်ကြွနေကြသည်။ ယခု သူ့အစ်မ မီရီယမ်၏ အမည်ကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်တည်း သူ့စိတ်များ ပုံမှန် အနေအထားသို့ ပြန်ရောက်သွားတော့သည်။

ထိုအကြောင်းကို ဂျနီဖာ ချက်ချင်း သိလိုက်သည်နှင့် တစ်ပြိုင်တည်း သူ့ဆီသို့ ပြေးသွားသည်။ သူ့ရင်ခွင်ထဲသို့ ကန့်ကလျ တိုးဝင်လိုက်သည်။

"ကျွန်မကလည်း မောင့်ကို မခွဲနိုင်ပါဘူး မောင်ရယ်"

လေသံကလေးနှင့် ပြောသည်။

သူက ဂျနီဖာကို အငမ်းမရ ပြန်ဖက်ထားလိုက်ပြန်သည်။ သူ့စိတ်များ ပြန်လည်လှုပ်ရှားလာသည့်အခါ ဂျနီဖာက နောက်သို့ ရုန်းထွက်လိုက်ပြန်သည်။

"ဒီနေ့ည လက်ထပ်ပါ တိုနီ၊ မောင့်ကို ကျွန်မ ပိုင်ချင်ပြီ"

"ဒီနေ့ည ဘယ်လိုလုပ်ပြီး လက်ထပ်လို့ဖြစ်နိုင်မှာလဲကွယ်"

သူက စိတ်ပျက်သံနှင့် ညည်းသည်။

"ရှင့်ကားနဲ့ အယ်လ်တန်ကို ကျွန်မတို့ ဒီကနေ့ည သွားကြမယ်"

သူက ဂျနီဖာကို စိုက်ကြည့်နေပြန်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်း ဆိုလိုတာက ဒီအတိုင်း လက်ထပ်လိုက်ကြရမှာလား"

"ဟောဒီလို လက်ထပ်လိုက်တာကို ပြောတာပေါ့"

ဂျနီဖာက လက်ဖြောက်တစ်ချက်တီးပြီး ပြန်ပြောသည်။

"ဒါပေမယ့် မီရီယမ်က. . . "

"မီရီယမ်ကို ကျွန်မ ပြောပြလိုက်ပါ့မယ်။ ကျွန်မတို့ လက်ထပ်ပြီးတာနဲ့ တစ်ပြိုင်တည်း သူ့ကို ဖုန်းလှမ်းဆက်မယ်။ အကျိုးအကြောင်း ကျွန်မ ပြောပြမယ်။ သူ အော်ချင် ဟစ်ချင်သပဆိုရင် ကျွန်မကိုပဲ အော်ပါစေ။ အဲဒီအချိန်ကျတော့ မောင်ဟာ ကျွန်မ ရင်ခွင်ထဲမှာ ရောက်နေပြီပဲ။ ကျွန်မကို မောင် တစ်သက်လုံး ပိုင်သွားပြီပဲ"

ဂျနီဖာက ပြောရင်းလည်း တိုနီကို မြှူဆွယ်နေသည်။ ဂျနီဖာ၏ အမူအရာကို မြင်ရလေ တိုနီမှာ စိတ်ကို မထိန်းနိုင်လေ ဖြစ်နေတော့သည်။

"ဒါဖြင့် ကောင်းပြီကွာ၊ ကိုယ့်ဆီကို အရင်လာ၊ နောက်ပြီးတော့ အယ်လ်တန်ကို သွားမယ်"

"မလာဘူး၊ အယ်လ်တန်ကို အရင်သွားမယ်"

တိုနီ၏ နှုတ်ခမ်းများ ခြောက်လာသည်။

"ကိုယ် အရှုံးပေးပါပြီကွာ၊ ကဲ ဒီနေ့ညပဲ အယ်လ်တန်ကို သွားကြမယ်"

ဂျနီဖာက တိုနီအနားသို့ ကပ်သွားပြီး သိုင်းဖက်ထားလိုက်သည်။

"ကျွန်မနဲ့ လက်ထပ်တဲ့အတွင် မောင်မှားသွားပြီဆိုတာမျိုး မဖြစ်စေရပါဘူး မောင်ရယ်"

ထိုအချိန်မှာပင် ခပ်ဆတ်ဆတ် တံခါးခေါက်သံကို ကြားရသည်။ ဂျနီဖာက တိုနီ၏ ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။

"ဘယ်သူမှလဲ ရောက်လာစရာ အကြောင်း မရှိပါဘူး။ တိုနီ၊ ရှင် ဒီမှာ ရှိနေမယ်ဆိုတာ တစ်ယောက်ယောက်ကိုများ ပြောထားသေးသလား"

တိုနီက ခေါင်းယမ်းပြသည်။

ဂျနီဖာက ကြမ်းပေါ်တွင် ပုံကျနေသည့် အဝတ်ကို ကမန်းကတန်းကောက်ကာ ကိုယ်ပေါ်မှာ လွှမ်းခြုံလိုက်သည်။

တံခါးလာခေါက်သူမှာ ဟိုတယ်မှ အမှုထမ်းကလေးတစ်ဦး ဖြစ်သည်။ ကြေးနန်းရောက်လာသဖြင့် လာပေးခြင်းဖြစ်ကြောင်း ပြောပြီး တောင်းပန်သည်။

"အယ်နီအတွက် ကြေးနန်းပဲ။ လိုင်ယွန်ဆီကို ဖုန်းလှမ်းဆက်ပြီး အယ်နီကို အကျိုးအကြောင်း ပြောပြလိုက်ဦးမှ၊ အရေးကြီးတယ်နဲ့ တူတယ်"

ဂျနီဖာက ခုတင်ပေါ်သို့ သွားထိုင်ပြီး အယ်နီ ရှိနေမည့် လိုင်ယွန်၏အိမ်သို့ ဖုန်းလှမ်းဆက်သည်။

အိပ်ခန်းထဲသို့ တိုနီ ဝင်လိုက်လာသည်။

အို. . . ယခုလို ဖုန်းဆက်နေသည့် အချိန်မျိုးတွင် တိုနီကို လွတ်အောင် ဘယ်လိုရှောင်ရပါ့။

ဂျနီဖာက ထိုင်ရာမှထပြီး သူ့ကိုယ်ပေါ်မှာ ရှိနေသည့် ဖိုသီဖတ်သီအဝတ်ကို တတ်နိုင်သလောက် လုံအောင် ဆွဲချလိုက်သည်။ သို့သော်လည်း တစ်ဖက်က ဖုန်းလာမကိုင်သေး။

အယ်နီ ဘယ်ရောက်နေသနည်း။

ဘာကြောင့် သူတို့ ပြန်မထူးကြသနည်း။

"ဟယ်လို. . . "

ဖုန်းပြန်ထူးသူမှာ လိုင်ယွန် ဖြစ်သည်။ မှန်ပါသည်။ သူနှင့်အတူ အယ်နီ ရှိနေသည်ဟု ဆိုသည်။ တိုနီကလည်း သူ့ကို လာဖက်ထားနေပြီ။ ဂျနီဖာက သူ့ကို ပြန်တွန်းပစ်လိုက်သည်။

"ဟယ်လို အယ်နီ၊ မင်းနာမည်နဲ့ ကြေးနန်းတစ်စောင် ရောက်လာတယ်။ ရပါတယ်လေ၊ ခဏလေးနော်"

ဂျနီဖာက ကြေးနန်းစာအိတ်ကို ဖွင့်လိုက်သည်။ တိုနီကလည်း သူ့ကို ဖွတ်ဖက်ထားသည်။ ခုတင်ပေါ်သို့ တယ်လီဖုန်းကိုင်လျက် တန်းလန်းနှင့် သူ လဲကျသွားသည်။ ဂျနီဖာကလည်း ပြန်တွန်းပစ်နေသည်။ တယ်လီဖုန်း စကားပြောခွက်ပေါ်မှာ လက်ကို အုပ်ရင်း လည်ပြန်ပြောရသည်။

"မလုပ်နဲ့ တိုနီ၊ စိတ်ဆိုးမှာပဲ၊ သွားစမ်းပါ"

သို့သော်လည်း သူ့ပြောစကားကို တိုနီ နားမထောင်တော့။

"အယ်နီ၊ ဟုတ်တယ်၊ ကိုယ် တယ်လီဖုန်း ကိုင်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





အယ်နီ၊ ဘုရား. . . ဘုရား မင်းအမေ ဆုံးသွားပြီ"

တိုနီကလည်း အခွင့်ကောင်းကို အရ ယူနေပြီ ဖြစ်သည်။ ဂျနီဖာက အံကို တင်း တင်းကြိတ်လိုက်သည်။

"ဟုတ်ပါတယ် အယ်နီ၊ ကြေးနန်းထဲမှာ ဒါပဲပါတယ်။ ကိုယ် သိပ်ကို ဝမ်းနည်းပါတယ် သူငယ်ချင်းရယ်"

ဂျနီဖာက ဖုန်းကို ပြန်တင်ထားလိုက် သည်။ တိုနီက သူ့ဘေးမှာ ငြိမ်သက်စွာ လဲ လျောင်းနေသည်။

"တိုနီ ရှင် မတရားဘူး။ သက်သက် အနိုင်ကျင့်တာ"

သူက ပြုံးရုံ ပြုံးနေသည်။

"ကျွန်မတို့ အဝတ်အစားလဲကြစို့၊ အယ်နီ ပြန်လာတော့မယ်"

တိုနီက သူ့ရှပ်အင်္ကျီကို ဆွဲယူလိုက် သည်။

"ဟောဗျာ၊ ကိုယ့်အင်္ကျီ ကြယ်သီးတွေ မရှိတော့ဘူး။ ကိုယ် ဟိုတယ်ကို ပြန်ပြေးဦးမှ ဖြစ်တော့မယ်။ အဝတ်အစားလဲပြီး ကိုယ် ပြန် လာခဲ့မယ်နော်"

"တိုနီ၊ ပစ္စည်းအပြည့်စုံပါ တစ်ခါတည်း ယူခဲ့"

"ဘာလုပ်ဖို့လဲ"

"ကျွန်မတို့ အယ်လ်တန်ကို သွားကြ မယ်လေ။ ရှင် မေ့သွားပြီလား"

တိုနီက ပြုံးသည်။

"အခု မသွားပါနဲ့ဦး အချစ်ရယ်။ ကိုယ် တို့ မြန်မြန် အဝတ်လဲရင် လာဘွန်ဘရာကပွဲ ကို မီနိုင်ပါသေးတယ်။ ကိုယ် မိနစ်နှစ်ဆယ် လောက်ကြာရင် ပြန်လာခဲ့မယ်။ အဝတ်အစား လဲထားလိုက်တော့နော်"

"တိုနီ၊ ဒီနေ့ညမှာ ကျွန်မကို ဒိုးမပြေး ဘူးဆိုရင် ရှင်နဲ့ကျွန်မ ဘယ်တော့မှ ပြန်ပြီး ချက်နှာချင်း မဆိုင်တော့ဘူး"

တိုနီက သူ့ဆီကို ပြန်လျှောက်လာပြီး မေးစေ့ကို မ,လိုက်သည်။

"ကိုယ်နဲ့မင်း မျက်နှာချင်း ဆိုင်ရမှာပါ ကွယ်။ ကိုယ်ဟာ အအောင်မြင်ဆုံး အကြီး ကျယ်ဆုံး လူတစ်ယောက်ပဲ။ ကိုယ့်လို လူတစ် ယောက်နေရာမှာ ဘယ်သူနဲ့ မင်း အစားထိုး နိုင်မှာလဲ။ လှလှပပကလေး ဝတ်ထားနော်။ သတင်းစာဆရာတွေပါ ရှိနေကြမှာ"

တိုနီက အခန်းတံခါးဆီသို့ လျှောက် သွားရင်း ပြောသွားသည်။

ပိတ်သွားသည့်တံခါးကို ဂျနီဖာက ငေး ကြည့်နေသည်။

အလကားပဲ . . . အလကားပဲ။ အစီ အစဉ်အားလုံး ပျက်စီးကုန်ပြီ။ သေသေချာချာ ချိန်ကိုက်ထားသည့်ကြားထဲက မည်သည့် အတွက်ကြောင့် ဤကြေးနန်းစုတ်က ရောက် လာရသနည်း။

အယ်နီ၏အမေကြောင့် ယခုလို တလွဲ တွေ ဖြစ်ကုန်ရသည်။

အလကား အမေ။ အမေတွေအားလုံး အလကားချည်းပဲ။ သေသွားပြီးသည့်တိုင် အောင် ကျန်ခဲ့သူကို ဒုက္ခပေးသွားတုန်း ဖြစ် သည်။

ထိုသို့ စဉ်းစားနေမိစဉ်မှာပင် သူ့အမေ ထံသို့ အခု အပတ်အတွက် ငွေ မပို့ရသေး ကြောင်း သတိရသည်။ နာတာလူးပွဲတော်ရက် လည်း နီးလာပြီ။

သိုးသားရေ ကုတ်အင်္ကျီကလေး တစ် ထည်ကို သူ့အမေ တွေ့ထားသည်။ ထိုကုတ် အင်္ကျီကလေးကို လိုချင်သည်ဟု ပြောသည်။ သူ မသေမီ အထိုက်အလျောက် ကောင်းသည့် အနွေးထည်ကလေး တစ်ထည်လောက်တော့ ဝတ်သွားချင်သည်ဟု ပြောသည်။

ဂျနီဖာက စာရေးစားပွဲဆီသို့ ပြေးသွား ပြီး ချက်စာအုပ်ကိုထုတ်ကာ ငွေငါးရာ ရေး သည်။ စာရွက်လွတ် တစ်ခုတွင်လည်း. . .

*နာတာလူးပွဲမှာ ပျော်ရွှင်နိုင်ပါစေ။ သိုး သားရေ ကုတ်အင်္ကျီကိုလည်း သဘောကျနိုင် ပါစေ။*

*ဂျင်းနက်*

ဟု ရေးလိုက်သည်။

ထို့နောက် ချက်လက်မှတ်နှင့်အတူ စာ အိတ်တစ်လုံးထဲမှာ ထည့်ပိတ်သည်။

သူ့အမေကတော့ နာတာလူးပွဲတော်ကို ပျော်ပျော်ရွှင်ရွှင်ဖြင့် ဆင်နွှဲပေတော့မည်။ သို့သော်လည်း မိမိအတွက် ပျော်စရာဆို၍ အဘယ်မှာနည်း။

ခပ်မြန်မြန် အဝတ်လဲသည်။ သည် အခန်းသို့ တိုနီ ပြန်လာသည့်အချိန်၌ မိမိ ရှိမနေချင်။ သူ့ကို အကျပ်ကိုင်ရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်လည်း နည်းနည်းသာ ကျန်တော့သည်။

အယ်နီနှင့်အတူတူ လောရင့်စ်ဗီးလ်မြို့သို့ လိုက်သွားမည်။

မှန်ပါသည်။

အယ်နီသည် သူ၏ သူငယ်ချင်းတစ်ယောက် ဖြစ်သည်။ ထို့ကြောင့် ယခုလို နာရေးကိစ္စတွင် သူနှင့်အတူ လိုက်သွားသင့်သည်။ ဟင်နရီဘယ်လာမီဆီသို့ ဖုန်းဆက်သည်။ အိပ်ချင်မူးတူးသံကြီးကို ကြားရသည်။

ဂျနီဖာက အကျိုးအကြောင်း ပြောပြသောအခါကျမှ သူ့မျက်လုံးများ ကျယ်ပြီး အိပ်ချင်စိတ်များ ပျောက်သွားတော့သည်။

ဂျနီဖာလည်း အယ်နီနှင့်အတူတူ လိုက်သွားနိုင်ကြောင်းနှင့် ပြဇာတ်အတွက် မပူရန်၊ ဂေးလ်ဘတ်ကေ့စ်နှင့် သူ စီစဉ်ပေးမည်ဖြစ်ကြောင်း၊ မော်တော်ကားတစ်စင်းငှားပြီး သွားနိုင်ကြောင်း၊ ထိုကားခကို မိမိပေးမည် ဖြစ်ကြောင်းများ ပြောသည်။

လောရင့်စ်ဗီးလ်မြို့သို့ ရထားနှင့် သွားရသည်ထက် မော်တော်ကားနှင့် သွားရသည်က ပိုပြီး သက်သောင့်သက်သာ ရှိလေသည်။

အယ်နီကို သနားသွားသည်။ တစ်နှစ်အတွင်းမှာပင် အဒေါ်နှင့် အမေတို့ ရှေ့ဆင့်နောက်ဆင့် ဆုံးကုန်ရှာသည်။

အယ်နီနှင့် လိုင်ယွန် ရောက်လာသောအခါ အားလုံး အသင့် ဖြစ်နေသည်။ အယ်နီအတွက် အဝတ်အစားသေတ္တာကိုပင် ဂျနီဖာက ထည့်ပေးထားပြီး ဖြစ်နေပြီ။

"အနက်ရောင်ဝတ်စုံနှစ်ခု ထည့်ထားတယ်၊ အညိုရောင်ဝတ်စုံလည်း ပါတယ်"

ဂျနီဖာက ပြောပြသည်။

"မနက်စောစော ရထားနဲ့ ကိုယ်တို့သွားကြရအောင်"

အယ်နီက ပြောသည်။

"ဘယ်ဖြစ်မလဲ၊ အခုမှ ဆယ့်နှစ်နာရီခွဲပဲ ရှိသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်က အိပ်မှာမှ မဟုတ်ဘဲ။ ကိုယ် မောင်းခဲ့မယ်။ မင်း အိပ်ပြီး လိုက်ခဲ့ပေါ့။ ဒါဆို မိုးလည်းလင်းရော ကိုယ်တို့လည်း ဟိုကို ရောက်သွားတာနဲ့ အတော်ပဲ။ မော်တော်ကားတစ်စင်း ငှားထားပြီးပြီ။ အခုလောက်ဆို အောက်ကိုတောင် ရောက်နေလောက်ပြီ"

"သင်္ဂြိုဟ်မယ့်နေ့ကျရင် ကိုယ် လိုက်ခဲ့မယ်"

လိုင်ယွန်က ပြောသည်။

"နေပါစေ မောင်၊ မေမေနဲ့ မောင်နဲ့ သိကျွမ်းထားကြတာမှ မဟုတ်ဘဲ။ ကျွန်မကို စိတ်ချပါ။ မောင့်စာအုပ်ကိစ္စအတွက်ပဲ အချိန်ယူပါ မောင်"

အယ်နီက သူ့ကို လှည့်ကြည့်ပြီး ပြောသည်။

"မင်း ပြန်ရောက်ရောက်ချင်း ကိုယ့်ကို ဖုန်းဆက်ပါ"

ဂျနီဖာက သူတို့ကို အောက်သို့ မြန်မြန်ဆင်းစေသည်။

အရောင်တဖိတ်ဖိတ် တောက်နေသည့် အနက်ရောင် ဆီဒင်ကားတစ်စင်း အသင့်ရောက်နေသည်။ အစောင့်က ကားသော့နှင့် မှတ်ပုံတင်များ ဆီးပေးသည်။

နောက် ငါးမိနစ်ကြာသောအခါ လောရင့်စ်ဗီးလ်မြို့သို့ ဦးတည်ပြီး သူတို့ မောင်းလာကြတော့သည်။

သူတို့ကားနောက်မှ မီးကလေး ပျောက်သွားသည်အထိ လိုင်ယွန်က လှမ်းကြည့်နေသည်။ အဖြစ်အပျက်က မြန်လွန်းလှသည်။ အစစအရာရာကို ဂျနီဖာ ဦးဆောင်ပြီး လုပ်သွားပုံနှင့် ပတ်သက်ပြီး သူ အံ့သြနေမိသည်။ အစတုန်းကတော့ ဂျနီဖာအပေါ် သူ အထင်အမြင် လွဲမှားခဲ့ဖူးသည်။

ယခုတော့လည်း ဂျနီဖာသည် ထိုသို့သော အစားထဲက မဟုတ်။ သူငယ်ချင်းတစ်ယောက်အပေါ် တာဝန် ကျေပွန်သူ တစ်ယောက်ပါလားဟု နားလည်မိသည်။

လမ်းမအတိုင်း သူ လျှောက်လာခဲ့သည်။ ပျော်တပြုံးပြုံးနှင့် မော်တော်ကားမောင်းပြီး ပြန်ရောက်လာသည့် တိုနီနှင့် လိုင်ယွန်တို့နှစ်ယောက် တွေ့လွဲကလေး လွဲသွားတော့သည်။

*

တနင်္လာနေ့မှာ သင်္ဂြိုဟ်သည်။

လောရင့်စ်ဗီးလ်မြို့သို့ ရောက်သည်နှင့် တစ်ပြိုင်တည်း လိုအပ်သည်များကို အယ်နီက တည်တည်ငြိမ်ငြိမ်နှင့် ဆောင်ရွက်လေသည်။ သူ့အမေ ကွယ်လွန်သွားရသည်မှာ မဖြစ်သင့်ဘဲ ဖြစ်သွားရသည်ဟု ဆိုနိုင်သည်။

အန်တီအေမီ မကွယ်လွန်မီတုန်းက အန်တီအေမီသာလျှင် မော်တော်ကား မောင်း

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ အန်တီအေမီ မရှိတော့ မေမေကိုယ်တိုင် မော်တော်ကား မောင်းသည်။

ထိုနေ့ညက မိုးရွာနေသည်။

မေမေက ဘုရားရှိခိုးကျောင်းမှ ပြန်လာသည်။ မျက်နှာချင်းဆိုင်မှ ထရပ်ကားတစ်စီး မောင်းလာသည်ကို မမြင်။ ထိပ်တိုက်တိုးမိကြခြင်း ဖြစ်သည်။ နေရာမှာပင် ပွဲချင်းပြီး ကွယ်လွန်သွားရရှာသည်။

မေမေ့အသုဘကို ထိုက်ထိုက်တန်တန် စည်စည်ကားကား သင်္ဂြိုဟ်နိုင်ခဲ့သည်။ လိုင်ယွန်နှင့် ဟင်နရီက လွမ်းသူ့ပန်းခြင်းကြီးများ ပို့ပေးကြသည်။ မစ္စစတိန်းဘတ်နှင့် လုပ်ဖော်ကိုင်ဖက် အမျိုးသမီးများကလည်း လွမ်းသူ့ပန်းခွေများ ပို့ကြသည်။

ထိုနေ့ ညနေပိုင်းတွင် ထုံးတမ်းစဉ်လာအတိုင်း ဧည့်သည်များကို လက်ခံတွေ့ဆုံရသည်။ အယ်နီကို ဝမ်းနည်းကြောင်း လာရောက် ပြောဆိုကြသည်။ အယ်နီကို ကရုဏာသက်သည်က တစ်ကြောင်း၊ ဂျနီဖာကို မြင်တွေ့လိုကြသည်က တစ်ကြောင်းတို့ကြောင့် မြို့ပေါ်မှာ ရှိနေကြသူတိုင်းလိုလို ရောက်လာကြသည်။

အင်္ဂါနေ့ကျတော့ နယူးယောက်သို့ ပြန်မည်ဟု ဂျနီဖာက ပြောသည်။

နံနက်စာ စားသည့် အခန်းကလေးထဲတွင် သူတို့ နှစ်ယောက် ထိုင်နေကြသည်။ လော့ရင့်စ်ဗီးလ်မြို့မှာ ဂျနီဖာ ပျော်နေသည်။ သူ့ကို အထင်တကြီး ဝိုင်းဝန်းကြည့်ရှုကြခြင်းကိုလည်း သာယာနေမိသည်။ အထူးသဖြင့် အယ်နီ၏အိမ်ကြီးကို မျက်စိကျနေသည်။

"ကိုယ်ကတော့ ပြဇာတ်ကရမှာမို့ ပြန်ဦးမှဖြစ်မယ်၊ မင်းကတော့ လေးငါးရက်လောက် နေချင်နေခဲ့ဦးလေ"

"နေခဲ့တော့ရော ဘာထူးမှာလဲ သူငယ်ချင်းရယ်"

အယ်နီက ပြန်ပြောသည်။

ဂျနီဖာက ပတ်လည်ကို မျက်လုံးဝေ့ကြည့်သည်။

"ဒီအိမ်ကြီးကလည်း ရှိသေးတယ် မဟုတ်လား၊ ဒီအတိုင်း ထားပစ်ခဲ့လို့ ဘယ်ဖြစ်နိုင်မှာလဲ"

"ကိုယ့်ရှေ့နေနဲ့ ဆွေးနွေးပြီးပြီ၊ အိမ်ထောင်ပရိဘောဂတွေရော အကုန်လုံးပေါ့"

"ဒီအိမ်ကြီးက သိပ်ကောင်းတဲ့ အိမ်ကြီးပဲ အယ်နီ၊ မရောင်းဘဲ ထားဖို့ကောင်းတယ်။ ဒါမှမဟုတ်လည်း လူငှားတင်ထားလိုက်ပေါ့"

"ဒီအိမ်ကြီးကို ကိုယ် မုန်းတယ်၊ ဒီမြို့ကိုလည်း မုန်းတယ်။ ရှိနေသမျှ အနှောင်အဖွဲ့တွေ အားလုံးကို ဖြတ်ပစ်လိုက်ချင်တယ်။ ဒီအိမ်ကြီးကို မရောင်းဘဲထားရင် ဒီမြို့ကို ပြန်လာရမယ့်အကြောင်းတွေ အမြဲတမ်း ပေါ်နေလိမ့်မယ်။ ရောင်းပစ်လိုက်ရင် ဘယ်တော့မှ ဒီမြို့ကို ပြန်လာဖို့ မလိုတော့ဘူး"

"ကလေးဘဝ မင်း ဒီမှာ နေခဲ့တုန်းက စိတ်နာစရာတွေနဲ့များ ကြုံခဲ့ရလို့လား"

"မရှိပါဘူး၊ ဘာမှ မရှိပါဘူး"

"မင်းမေမေကိုလည်း မင်း သိပ်မချစ်ဘူး ထင်တယ်"

"ဟုတ်တယ်၊ ဒါပေမယ့် မုန်းတာတော့ မဟုတ်ပါဘူး။ မေမေ့ကို မုန်းလို့လည်း မရဘူး။ ချစ်လို့လည်း မရဘူး။ ဒါကလည်း မေမေ့အပြစ် မဟုတ်ပါဘူး။ လော့ရင့်စ်ဗီးလ်မြို့ကြောင့် ဒီလိုဖြစ်နေရတာပါ။ နယူးယောက်မြို့ (၅၂)လမ်းက ဘော်ဒါဆောင် အခန်းကျဉ်းကျဉ်းကလေးထဲမှာ ကိုယ်နေခဲ့ရတာကမှ ကိုယ့်ရဲ့ဘဝအမှန်ကို ရောက်တယ်လို့ ထင်တယ်။ ဒီမြို့မှာ နေရတာ အသက်ရှူကျပ်တယ်။ ဒီမြို့မှာနေတုန်းက ကိုယ်နဲ့သိခဲ့တဲ့ မိန်းကလေးပေါင်း သုံးဆယ်လောက် ရှိခဲ့တယ်။

ဒါပေမယ့် တစ်ယောက်မှ ကိုယ်နဲ့ မရင်းနှီးဘူး။ နယူးယောက်မှာ ကိုယ် တစ်နှစ်ကျော်ကျော်ကလေးပဲ နေရသေးတယ်။ မင်းတို့ နီလီတို့ လိုင်ယွန်တို့လို သူငယ်ချင်း အစစ်တွေကို ရခဲ့တယ်"

"လိုင်ယွန်နဲ့ ကိုယ်နဲ့ကို ရတာတော့ ဟုတ်ပါပြီ ကိုယ်တို့ရဲ့ ရုပ်ရှင်မင်းသမီးကလေးရဲ့ သတင်းကို မကြားတာလည်း လနဲ့ချီပြီး ကြာသွားပါပေါ့ကလား"

"သူ့ရုပ်ရှင်က မတ်လထဲမှာ ရုံတင်လိမ့်မယ်။ သူ့ရဲ့ ပထမဦးဆုံး ရုပ်ရှင်ကားကို တေးဂီတခန်းမကြီးထဲမှာ ဖွင့်ပွဲလုပ်ပြီး စပြမယ်တဲ့"

"အဲဒီရုပ်ရှင်မှာ နီလီ ကောင်းမှာ သေချာပါတယ်။ သူ့အကြောင်းနဲ့ ပတ်သက်ပြီး ရေးထားတဲ့သတင်းတွေ၊ ဆောင်းပါးတွေ ဖတ်နေရတာပဲ။ သူ သိပ်ကြိုးစားတာပဲတဲ့။ ဘယ်တော့များ ကလေးတွေ တစ်ပြုံကြီးနဲ့ ပြန်လာလေမလဲ မသိဘူး။ မဲလ် တစ်ယောက်ရော ကိုယ်အလေးချိန်တွေ တိုးနေပြီလို့ မင်းထင်

www.burmeseclassic.com

www.burmeseclassic.com



သလား"

ဂျနီဖာက ပြန်မေးသည်။

သူတို့နှစ်ယောက် ပြိုင်တူ ရယ်လိုက်ကြသည်။ ဂျနီဖာက ကော်ဖီထပ်ထည့်ပေးသည်။

"ဒီလိုဆို၊ ဒီနေ့ညနေပိုင်း ကိုယ်တို့ ပြန်လိုက်ကြရအောင်၊ သန်းခေါင်လောက်တော့ ကိုယ်တို့ ပြန်ရောက်သွားမှာပေ့ါ။ အနည်းဆုံး မနက်ဖြန်နေ့ပွဲတော့ ကိုယ် ကနိုင်မယ်။

အင်း- ဒါထက်၊ တိုနီကတော့ ကိုယ် ပြန်ပေးအဆွဲခံသွားရပြီလို့ ထင်မှာပဲ။ ဟိုတယ်မှာလည်း ကိုယ် ဘာမှ မှာမထားခဲ့ဘူး။ မီရီယမ်ကတော့ ကိုယ် ပျောက်သွားလို့ ဝမ်းသာလုံး ဆို့နေလောက်ရောပေ့ါလေ"

နယူးယောက်သို့ သူတို့ နှစ်ယောက် ကားမောင်းပြန်လာကြရင်း တိုနီအကြောင်းကို ဂျနီဖာက စဉ်းစားလာသည်။

မိမိ အစီအစဉ်များ အားလုံး အဆင်ပြေပြီး မိမိတို့ နှစ်ယောက် လက်ထပ်ဖြစ်ကြသည့်တိုင်အောင် မိမိတို့ဘဝထဲမှာ မီရီယမ်ကတော့ အမြဲတမ်း ပါနေမည်သာ ဖြစ်သည်။ တိုနီနှင့် မီရီယမ်ကို ခွဲခြား၍ မရနိုင်။

'ကိုယ် လူတစ်လုံးသူတစ်လုံးဖြစ်အောင် သူက လုပ်ပေးလာတာ၊ သူဟာ ကိုယ့်ဘဝပဲ။ ကိုယ့်အတွက်တော့ ရာခိုင်နှုန်းပြည့် အဖော်ပဲ'

ဟုလည်း မီရီယမ်အကြောင်းကို ပြောမိတုန်းက တိုနီက ဂျနီဖာကို ပြန်အော်ခဲ့ဖူးသည်။

'ရာခိုင်နှုန်းပြည့်အဖော်' ဆိုသော်လည်း မဖြစ်နိုင်ပါ။ သူတို့နှစ်ယောက်က မောင်နှမ အရင်း ဖြစ်သည်။ ထိုအကြောင်းကို စဉ်းစားမိသောအခါ ဂျနီဖာ၏မျက်နှာ တည်သွားသည်။

တိုနီကို ချစ်မိခြင်းသည် သူ့ပိုက်ဆံကို လိုချင်သောကြောင့်မဟုတ်၊ မိမိ၏ ဘဝလုံခြုံမှုကို ရလိုသောကြောင့် မဟုတ်၊ တိုနီအတွက် ဇနီးကောင်းတစ်ယောက် ဖြစ်လိုသောကြောင့်သာ ဖြစ်သည်။ နောက်ပြီးတော့ ကလေးတစ်ယောက် လိုချင်သည်။ တိုနီကို မိမိက လိမ်လည်လှည့်ဖြားနေခြင်းလည်း မဟုတ်။ မိမိကို တိုနီ အမှန်တကယ် ချစ်ကြောင်းကိုလည်း သူ သိထားသည်။

ဟိုတယ်သို့ ပြန်ရောက်တော့ ဂျနီဖာအတွက် စာတွေ အများကြီးရောက်နေသည်။ လောင်းဝပ်သ်အေဂျင်စီမှ အကြောင်းကြားစာများလည်း ပါသည်။

ယခုမှပင် သတိရသည်။

သူတို့ကို အကျိုးအကြောင်းကလေးမှ ပြောပြမထားခဲ့မိ။ ကျန်စာများကတော့ တိုနီ၏စာများ ဖြစ်သည်။ ဟိုတယ်မှ တယ်လီဖုန်းအော်ပရေတာက မစ္စတာပိုလာ ယခုပင် ဖုန်းပြန်ချသွားကြောင်း၊ ယနေ့အဖို့ ဆယ်ကြိမ်မြောက် ဆက်ခြင်းဖြစ်ကြောင်း ပြောသည်။ ကျေနပ်မှုကြောင့် ဂျနီဖာက ပြုံးလိုက်မိသည်။

မနက် နှစ်နာရီ ထိုးနေပြီ။

သူ့အခန်းထဲသို့ဝင်ပြီး အဝတ်အစားလဲသည်။ ဆိုက္ကန်နယ်လ်ကို မသောက်သေးဘဲ အိပ်ရာထဲဝင်ပြီး စောင့်နေလိုက်သည်။

မိနစ်နှစ်ဆယ်လောက်ကြာတော့ တယ်လီဖုန်းခေါင်းလောင်း မြည်သည်။ သူ ပြန်ထူးသောအခါ စိတ်အေးသွားသဖြင့် သက်ပြင်းချလိုက်သည့် တိုနီ၏အသံကို ကြားရသည်။

ပြီးတော့ ဒေါသတကြီးနှင့် မေးတော့သည်။

"မင်း ဘယ်သင်္ချိုင်းကုန်း သွားနေတာလဲ"

"ဟိုးအဝေးကြီးကို သွားနေတာလေ"

"နောက်မနေစမ်းနဲ့၊ ဒီမှာ ကိုယ်ပြောတာကို နားထောင်စမ်း။ ကိုယ် ရူးရတော့မယ်၊ မင်း ဘယ်ကို သွားနေတာလဲ"

သူ့လေသံ ပြောင်းသွားသည်။

ဂျနီဖာက အကျိုးအကြောင်း ပြောပြသည်။ သို့သော်လည်း သူ စိတ်သက်သာရာမရ။ မယုံကြည်သောကြောင့်လည်း ဖြစ်နိုင်သည်။

"ဒီမြို့ထဲက ပျောက်သွားကတည်းက အသုဘအိမ်ကို မင်း ရောက်နေခဲ့တာလား"

"အယ်နီဟာ ကျွန်မရဲ့ အချစ်ဆုံး သူငယ်ချင်းလေ"

"ဟုတ်ပြီပဲ ထားပါတော့၊ ဘာဖြစ်လို့ ဒါလောက်တောင် အကြာကြီး နေနေရတာလဲ။ မင်း ဟိုမှာ တခြား အကောင်တွေနဲ့ အကြည်ဆိုက်နေတာ မဟုတ်ဘူးလား"

"စိတ်ဝင်စားစရာကောင်းတဲ့ ယောကျ်ားတွေမှ အများကြီး တွေ့ခဲ့ပါ့ရှင်၊ မြို့ကလေးတစ်မြို့ထဲမှာ ယောကျ်ားချောချော ဒါလောက်ပေါတာ ကျွန်မဖြင့် တစ်ခါမှ မမြင်ဖူးသေးဘူး"

"ဂျင်၊ ကိုယ် လာခဲ့လို့ ရမလား"

သူ့လေသံ ပျော့သွားပြန်သည်။

"တိုနီ၊ အချိန်ကိုကြည့်ဦး၊ သုံးနာရီထိုးတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါးမိနစ်အတွင်း ကိုယ် ရောက်လာမယ်"

"ဆောရီး အိပ်ချင်ပြီ"

ဂျနီဖာက တမင်လုပ်ပြီး သမ်းပြလိုက်သည်။

"ဒီလိုဆို၊ မနက်ဖြန်ရော၊ နေ့ခင်းပိုင်း စောစောလောက်လေ။ သုံးနာရီကျရင် ကိုယ် ခါတ်ပြားသွင်းဖို့ စီစဉ်ထားတာ ရှိနေတယ်။ ဒါပေမယ့် လေးနာရီထိုးလောက် ပြီးသွားမှာပါ"

"ကျွန်မ နေ့ပွဲတစ်ပွဲ ကစရာ ရှိသေးတယ်၊ မနက်ဖြန်ဟာ ဗုဒ္ဓဟူးနေ့ မမှတ်မိတော့ဘူးလား"

"ကောင်းပြီ၊ နေ့ပွဲပြီးသွားရင် ကိုယ် လာခဲ့မယ်"

"မဖြစ်ဘူး၊ နောက်ပွဲ ဆက်ရဦးမှာ၊ မိတ်ကပ်တွေ ပျက်ကုန်လို့ မဖြစ်ဘူး။ ဆံပင်တွေလည်း အကုန်ပျက်ကုန်လိမ့်မယ်"

"ကောင်းပါပြီလေ ကောင်းပါပြီ၊ ညစာသွားစားဖို့ ကိုယ် လာခေါ်ပါ့မယ်"

"နောက်မှ တွေ့မယ်"

ဂျနီဖာက ဖုန်းကို ပြန်တင်ထားလိုက်သည်။

နောက်တစ်နေ့ နေ့ပွဲပြီးတော့ အိမ်မပြန်ဘဲ နေလိုက်သည်။ ညပွဲ မကမီ ရုပ်ရှင်သွားကြည့်နေလိုက်သည်။ ညပွဲ ကသောအခါ ပွဲအပြီးတွင် တိုနီလာလျှင် မိမိ ထွက်သွားပြီဟု ပြောရန် တံခါးစောင့်ကို မှာထားသည်။

ပွဲပြီးတော့ အဝတ်အစားလဲခန်းထဲမှာ ထိုင်စောင့်နေသည်။

တံခါးစောင့် ရောက်လာသည်။

မစ္စတာပိုလာ လာကြောင်း၊ ဂျနီဖာ မှာထားသည့်အတိုင်း မိမိက ပြောပြလိုက်ကြောင်း ပြောသည်။ ဂျနီဖာက တံခါးစောင့်ကို ငါးဒေါ်လာ ပေးခဲ့ကာ အိမ်သို့ လမ်းလျှောက်ပြန်ခဲ့သည်။

သူ့အခန်းထဲသို့ ဝင်သောအခါ တယ်လီဖုန်းခေါင်းလောင်း မြည်နေသံကို ကြားရသည်။ ဂျနီဖာက မကိုင်ဘဲ ထားလိုက်သည်။ မိနစ်နှစ်ဆယ်လျှင် တစ်ကြိမ်ကျ မြည်နေသည်။

ဟိုတယ်မှ တယ်လီဖုန်း အော်ပရေတာကို လှမ်းမေးကြည့်သည်။ မစ္စတာပိုလာ ဆက်နေခြင်းဖြစ်ကြောင်း ပြောသည်။

မနက် ငါးနာရီထိုးတွင် ထပ်မြည်သော အခါကျမှ ဂျနီဖာက ဖုန်းကို ကောက်ကိုင်တော့သည်။

"မင်း ဘယ်သွားနေတာလဲ"

သူ့ အတော်ဒေါသ ဖြစ်နေပုံရသည်။

"နေ့ပွဲနဲ့ ညပွဲကြားမှာ ရုပ်ရှင်သွားကြည့်နေတယ်"

ဂျနီဖာက ညာပြောသည့် လေသံမျိုး ဖြစ်အောင် တမင်လုပ် ပြောသည်။

"ထားလိုက်ပါတော့၊ ဒီနေ့ညရော ဘယ်သွားနေသလဲ။ ပွဲလည်းပြီးရော မင်း ချက်ချင်း ထွက်သွားတာ မဟုတ်လား"

"မဟုတ်ပါဘူး၊ ကျွန်မ ရှိနေသားပဲ။ တံခါးစောင့်က မှားပြောတာ ဖြစ်မှာပေါ့"

"ဒါဖြင့် တစ်ညလုံး မင်း အိမ်မှာရှိနေတယ်ပေါ့"

"ဟင့်အင်း"

"ကောင်းပြီ၊ ဒီလိုဆို တစ်ညလုံး မိနစ်နှစ်ဆယ်မှာ တစ်ကြိမ်ကျ ငါ ဖုန်းမှန်မှန် ဆက်နေတယ်။ မင်း ပြန်မထူးဘူး၊ ဆယ့်တစ်နာရီခွဲကတည်းက ဆက်နေတာ။ မင်း အခုမှ ပြန်ရောက်လာတာ မဟုတ်လား"

တိုနီက အောင့်ပွဲခံလိုက်ရသည့် လေသံမျိုးနှင့် ပြောသည်။

"ကျွန်မ အိပ်ပျော်နေလို့ ဖြစ်ပါလိမ့်မယ်။ တယ်လီဖုန်း လာနေတာ မကြားမိဘူး"

"မင်းပြောတိုင်း ယုံရမှာလားကွ၊ အသူဘမှာ တွေ့ခဲ့တဲ့ အကောင်တစ်ကောင်ကောင်နဲ့ တွဲခုတ်နေတာ ဖြစ်မှာပေါ့"

ဂျနီဖာက တယ်လီဖုန်းကို ပြန်ချပစ်လိုက်သည်။ ထို့နောက် အိပ်ရာပေါ်မှာ ပြန်လှဲရင်း ပြုံးနေမိသည်။

အလုပ်ကတော့ ဖြစ်နေပြီ၊ စီစဉ်ထားသည့်အတိုင်း အကောင်အထည် ပေါ်ပါတော့မည်။ ရေချိုးခန်းထဲသို့ ထလာခဲ့သည်။ ဆေးပုလင်းကလေးကို ထုတ်ယူလိုက်သည်။ လောရင့်စ်ဗီးလ်မြို့မှာတုန်းက ဒေါက်တာ ရောဂျားလ်နှင့် တွေ့သည်။ မိမိ အိပ်မပျော်နိုင်သည့်အကြောင်းများ ပြောပြသည်။ ဆရာဝန်က ပြုံးပြီး နားထောင်သည်။ နောက်တစ်နေ့ကျတော့ ဆီကွန်နယ်လ် အလုံးအစိတ်ပါသည့် ဆေးပုလင်းကလေး တစ်လုံးကို ယူလာပေးသည်။

တယ်လီဖုန်းခေါင်းလောင်း [illegible]ဆက်မပြတ် မြည်နေပြန်သည်။ တိုနီ ဆက်နေခြင်း

www.burmeseclassic.com

www.burmeseclassic.com


သာ ဖြစ်ရမည်။ နောက်ထပ်ခေါ်သည့် တယ်လီဖုန်းများကို မိမိထံ ဆက်မပေးရန် အော်ပရေတာကို မှာထားလိုက်သည်။ ပို၍ စိတ်ချရအောင် တံခါးကို အတွင်းမှ မင်းတုတ်ပါ ထိုးထားလိုက်သည်။

ထို့နောက် ဆေးပုလင်းကို ဖွင့်သည်။ နှစ်လုံးထုတ်ယူသည်။ ဆေးတစ်လုံးတည်းနှင့်လည်း သူ ကောင်းကောင်း အိပ်နိုင်ပါသည်။ သို့သော် နှစ်လုံးသောက်တော့မည်။ သို့မှသာ ကမ္ဘာလောကကြီးက ပိုမို သာယာပေလိမ့်မည်။ ခေါင်းအုံးပေါ်သို့ ညင်သာစွာ ခေါင်းချလိုက်သည်။ တစ်ကိုယ်လုံး ထုံထိုင်း လေးကန်လာသည်။

အို. . . ကောင်းလိုက်သည့် ဖြစ်ခြင်း။ အစွမ်းထက်လှသည့် အနီရောင် ယမင်းရုပ်ကလေးများသာ မရှိလျှင် လောကကြီးတွင် မည်သို့ နေရပ်။

တိုနီနှင့် နှစ်ရက်လောက် ဆက်ပြီး လိုက်တမ်းပြေးတမ်း ကစားနေလိုက်သည်။ ဆီကွန်နယ်လ် ပုလင်းကလေးကိုလည်း မြတ်မြတ်နိုးနိုး ကြည့်မိသည်။ သူ့ကြောင့် ဤဒဏ်များကို ကြံ့ကြံ့ခံနိုင်နေခြင်း ဖြစ်သည်။ သည်ယမင်းရုပ်ကလေးများသာ မကယ်လျှင် သူ ဒုက္ခရောက်ပေတော့မည်။ အိပ်မပျော်သည့် ညပေါင်းများစွာနှင့် ကြုံတွေ့ရမည်။ စိုးကရက်များကို အဆက်မပြတ် သောက်ရတော့မည်။ ပူပင်သောက ရောက်ရတော့မည်။ စိတ်တွေ ကယောင်ချောက်ချား ဖြစ်တော့မည်။

သောကြာနေ့ညကျတော့ ဇာတ်ရုံ အဝင်ဝမှာ တိုနီ ရပ်နေသည်ကို တွေ့ရသည်။ ဂျနီဖာ ရောက်သွားသည်နှင့် တစ်ပြိုင်တည်း သူ့လက်ကို ခပ်ကြမ်းကြမ်း ဖမ်းဆွဲထားသည်။

"ကဲ မင်းနိုင်သွားပြီ၊ ကိုယ် အရှုံးပေးပါပြီ။ မော်တော်ကားပါ ယူလာခဲ့တယ်။ အယ်လ်တန်ကို ဒီနေ့ည သွားမယ်။ အခုပဲ သွားမယ်"

သူက ပြောသည်။

"ကျွန်မ ဒီနေ့ည ပြဇာတ်ကရဦးမယ်။ မနက်ဖြန်ကျတော့လည်း နေ့ပွဲတစ်ပွဲ ရှိနေသေးတယ်"

"မင်း နေမကောင်းတဲ့အကြောင်း မန်နေဂျာကို ကိုယ် သွားပြောမယ်"

"ဒါပေမယ့်၊ ကျွန်မတို့ ဒီနေ့ည ခိုးရာလိုက်ပြေးရင် မနက်ဖြန်ကျတော့ သတင်းစာတွေထဲမှာ ပါလာတော့မှာပေါ့။ အဲဒီသတင်းတွေကို သူတို့ ဖတ်ကြရတော့မှာပေါ့။ အဲဒီအခါကျတော့မှ ကျွန်မကို အလုပ်ထုတ်ပစ်မှာ၊ လျော်ကြေးလည်း တောင်းချင် တောင်းနေဦးမယ်"

"အဲဒါ ဘာဖြစ်သလဲ၊ မင်းဟာ မစ္စစ်တိုနီပိုလာ ဖြစ်နေပြီပဲ။ မင်းက ကိုယ်နဲ့ လက်ထပ်ပြီးတဲ့နောက်တောင် ဆက်ပြီး ဇာတ်ကနေချင်သေးလို့လား"

ဇာတ် ဆက်ကတော့မည် မဟုတ်ပါ။ စိတ်ထဲက တကယ် ပူပင်သဖြင့် ပြောခြင်းလည်း မဟုတ်ပါ။ သည်လိုဆိုလျှင် သူ ရှုံးနေပြီလား။ ဘာပဲဖြစ်ဖြစ် လိုအပ်သည်များကို ဟင်နရီ ဆက်ပြီး ဆောင်ရွက်သွားပါလိမ့်မည်။ ထိုအတိုင်းပဲ ဖြစ်ရမည်။

တိုနီ၏လက်ကို ဂျနီဖာက လှမ်းဆွဲလိုက်သည်။

"ကျွန်မ နေမကောင်းဘူးလို့ သွားပြောပြလိုက်ပါတော့ တိုနီ။ တကယ်လည်း ကျွန်မ ရင်တွေတုန်ပြီး အားနည်းလာပြီ"

*

ဂျနီဖာ ပျော်မဆုံး ဖြစ်နေသည်။

တိုနီကတော့ သွေးပျက်သလို ဖြစ်နေသည်။

သူတို့နှစ်ယောက် လက်ထပ်ပြီးကြပါပြီ။ အယ်လ်တန်သတင်းစာများက သူတို့နှစ်ယောက် လက်ထပ်သည့် သတင်းကို ဝိုင်းရေးကြသည်။

ဒေသခံ သတင်းစာများအတွက် သူတို့နှစ်ယောက် တွဲပြီး ဓာတ်ပုံအရိုက်ခံကြသည်။ ကမ္ဘာအရပ်ရပ်သို့ ကြေးနန်းသတင်းများလည်း ဖြန့်ကြဦးမည် ဖြစ်သောကြောင့် ကြေးနန်းဓာတ်ပုံများအတွက်လည်း နှစ်ယောက်တွဲပြီး အရိုက်ခံရသေးသည်။

အေပီနှင့်ယူပီ သတင်းဌာနများကိုလည်း ကြေညာချက်များ ပေးရသည်။ ကိစ္စတွေ အားလုံးပြီးကာမှ မြို့ပြင်မှာ ရှိနေသည့် ဟိုတယ် သေးသေးကလေးသို့ သူတို့ နှစ်ယောက် မော်တော်ကားမောင်းပြီး ပြေးလာခဲ့ကြသည်။

တိုနီက ခုတင်ပေါ်မှာ ထိုင်နေသည်။ ဂျနီဖာက အထုပ်အပိုးများကို ဖြေနေသည်။ ဂျနီဖာ လုပ်သမျှကို တိုနီက ထိုင်ငေးကြည့်နေသည်။ ရုတ်တရက်လည်း သူ စိတ်တလန့်

www.burmeseclassic.com



ဖြစ်လာသည်။

"မိရိုယမ်ကတော့ ကိုယ့်ကို သတ်တော့မယ်"

သူက ခပ်ဖြည်းဖြည်း ပြောသည်။

ဂျနီဖာက သူ့ဆီသို့ ထလာပြီး သူ့ကို လက်နှစ်ဖက်နှင့် သိုင်းဖက်ထားလိုက်သည်။

"မောင်ဟာ ကလေးလေး မဟုတ်ပါဘူးကွယ်။ မောင်ဟာ အခု ကျွန်မရဲ့ယောကျ်ားဖြစ်နေပြီလေ"

"သူ့ကို ကိုယ်တို့ ပြောပြတဲ့အခါမှာ ကိုယ့်အနားက မခွာပါနဲ့နော်"

ဟုလည်း မပွင့်တပွင့် ပြန်ပြောသည်။

"မောင်ရယ်၊ ကျွန်မဟာ မောင့်မယားပါ။ မောင့်အနားမှာ အမြဲတမ်း ရှိနေမှာပါ"

"ဒါပေမယ့်၊ သူတော့ ရူးသွားမှာပဲ ဂျနီဖာ။ အို- ကိုယ် ကြောက်လိုက်တာကွယ်။ ကိုယ် သိပ်ကြောက်တယ်"

သူ့မျက်နှာမှာ မျက်ရည်ရွှဲရွှဲစိုလာသည်။ တစ်ဆက်တည်းမှာပင် ခေါင်းအုံးပေါ်သို့ မျက်နှာအပ်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။

ခဏကြာအောင် ဂျနီဖာ မလှုပ်မယှက် ရပ်နေမိသည်။ တစ်ကိုယ်လုံး နာကျင်လာသည်။ ဖျားချင်သလို ဖြစ်လာသည်။ နောက်သို့ပြန်လှည့်ပြီး ထွက်ပြေးချင်စိတ်ပေါက်လာသည်။

သို့သော်လည်း မည်သည့်အရပ်သို့ ပြေးရမည်နည်း။ ဘာအတွက် ပြေးရမည်နည်း။ မည်သူကမျှ မိမိအကြောင်းကို နားလည်ကြတော့မည် မဟုတ်ပါ။ မိမိတို့ တစ်ခုခု မှားနေပြီဟု ထင်ကြတော့မည်။ ကြုံတွေ့နေရသည့် အဖြစ်အပျက်ကို ရင်ဆိုင်ရတော့မည်။ တိုနီသည် အောင်မြင်ကျော်ကြားသော အနုပညာသည် ဖြစ်သည်။ ထိုသို့ အောင်မြင်ကျော်ကြားသည့် အနုပညာသည်တိုင်းတွင် စိတ်ရောဂါ တစ်ခုခုတော့ ရှိကြစမြဲ ဖြစ်သည်။

ယခုလို တိုနီ အထိတ်တလန့် ဖြစ်နေခြင်းသည်လည်း ယင်းစိတ်ရောဂါ တစ်ခုခုကြောင့်သာ ဖြစ်ရပေလိမ့်မည်။ သာမန်ယောကျ်ားများထက် ပိုပြီး စိတ်လှုပ်ရှားနေခြင်းသာ ဖြစ်ပေလိမ့်မည်။

ခုတင်စွန်းမှာ ဝင်ထိုင်ရင်း တိုနီ၏ခေါင်းကို ဖွဖွ့ယူကာ တယုတယ ပွတ်သပ်ပေးနေသည်။

"အားလုံး အဆင်ပြေသွားမှာ တိုနီ"

ဟုလည်း လေပျော့ကလေးနှင့် ပြောပြနေသည်။

"မိရိုယမ်တော့ ရူးတော့မယ်၊ သူ ဒုက္ခရောက်တော့မယ်။ ဒါတွေဟာ မင်း အမှားတွေပဲ။ ကိုယ် ဒီလို လုပ်မိသွားအောင် မင်း တမင်လုပ်လိုက်တာ"

တိုနီက ဂျနီဖာကို ပြန်ကြည့်နေသည်။

"မိရိုယမ်ကို ကျွန်မ ရင်ဆိုင်ပါ့မယ်လို့ ပြောပြီးပြီ မဟုတ်လား မောင်ရယ်"

"တကယ် ပြောတာလား၊ မင်း တကယ် ဖြေရှင်းပေးမှာလား"

"တကယ် ပြောတာပေါ့ မောင်ရယ်၊ ကျွန်မဟာ မောင့်မယား ဆိုတာကိုလည်း သတိရပါဦး"

ဂျနီဖာက သူ့ခေါင်းကို ပွတ်သပ်ပေးမြဲ ပေးနေသည်။ တိုနီက သူ့ကို ပြန်ဖက်ထားသည်။ တဖြည်းဖြည်းနှင့် သူ့မျက်လုံးထဲမှ မျက်ရည်များလည်း ပျောက်လွင့်သွားတော့သည်။ ပြီးတော့ သူ့မျက်နှာ ပြုံးလာသည်။

"အခု အချိန်ကစပြီး မင်းကို မောင် ပိုင်သွားပြီပေါ့နော်"

"ဟုတ်ပါတယ် မောင်ရယ်၊ ကျွန်မကို မောင် ပိုင်သွားပါပြီ"

ဂျနီဖာက အားနည်းသည့် အပြုံးကလေးကို ကြိုးစားပြီး ပြုံးပြလိုက်သည်။

ပြုံးလိုက်စမ်းပါ ဂျနီဖာ။

ပြုံးလိုက်စမ်းပါ။

မင်းဟာ တိုနီပိုလာရဲ့ တရားဝင်မယား ဖြစ်သွားပြီပဲ။ အခု အချိန်ကစပြီး မင်းဟာ မစ္စတိုနီပိုလာ ဖြစ်သွားပြီပဲဟုလည်း သူ့ကိုယ်သူ စိတ်ထဲမှ ပြန်ပြောနေမိသည်။

*

မိရိုယမ်သည် လုံးခြေထားသည့် ကြေးနန်းစာရွက်ကို ကိုင်ရင်း အဝေးသို့ ငေးကြည့်နေမိသည်။

အယ်လ်တန် . . .။

ဟုတ်ပါသည်။

ယခုတော့ အားလုံး ပြီးသွားပါပြီ။

သည်လို ဖြစ်လာမည်ကို စိုးရိမ်သောကြောင့် အရာရာမှာ ကြိုတင် ပြင်ဆင်မှုများ ပြုလုပ်ထားခဲ့သည်။ တစ်ပတ်လျှင် ခေါ် လာနှစ်ရာ အကုန်ခံပြီး အော်စတ္တီ အမည်ရှိ

www.burmeseclassic.com

www.burmeseclassic.com



အလွတ်စုံထောက်တစ်ယောက်ကို ငှားထားခဲ့သည်။ သည်လို အဖြစ်မျိုးမှ ကာကွယ်နိုင်ရန် ဖြစ်သည်။

မီရီယမ်က ဖုန်းကောက်ကိုင်ပြီး နံပါတ်များ လှည့်လိုက်သည်။

"ရှင် အိပ်နေတာကို နှောင့်ယှက်ရတဲ့အတွက် ဝမ်းနည်းပါတယ် မစ္စတာအော်စဘီ။ ဒါပေမယ့် ကျွန်မအတွက် တာဝန်ထမ်းဆောင်ပေးရမယ့် အချိန်တွေမှာ ရှင် အိပ်နေတာပဲ"

စိတ်နာနာနှင့် ရန်တွေ့ပစ်လိုက်သည်။

"ညရှစ်နာရီမှာ ဇာတ်ရုံတံခါးပေါက်ကို သူသွားတော့ ကျွန်တော် လိုက်သွားတယ်။ ဂျနီဖာကို သူ စောင့်နေတယ်။ ရှစ်နာရီ တစ်မိနစ်မှာ ဂျနီဖာ ရောက်လာတယ်။ သူတို့ မတ်တတ်ရပ်ပြီး စကားပြောနေကြတယ်။ ဇာတ်ရုံထဲကို သူဝင်သွားလိမ့်မယ်လို့ ကျွန်တော်ထင်ပြီး အပြင်ပြန်ထွက်ခဲ့တယ်။ သူ ပြဇာတ်ကြည့်နေရင် သုံးနာရီလောက်တော့ စိတ်ချသွားရပြီလို့ ကျွန်တော်ထင်တယ်။

ဂျနီဖာကလည်း ဇာတ်ကရှီးမှာ မဟုတ်လား၊ ဆယ့်တစ်နာရီထိုးတော့ ဇာတ်ရုံကို ကျွန်တော် ပြန်သွားတယ်။ သူ ထွက်လာတာကို မတွေ့ဘူး။ ဂျနီဖာကို သူ ပြန်ပို့ပေးမယ်ဆိုရင် ဆယ့်တစ်နာရီ ဆယ့်ငါးမိနစ်မှာတော့ သူ ထွက်လာရမှာပဲ။ ဆယ့်တစ်နာရီခွဲတဲ့အထိ ကျွန်တော် စောင့်နေတယ်။ သူထွက်လာတာကို မတွေ့ရဘူး။ ဝင်ရှာတော့လည်း မရှိဘူး။

ဒါကြောင့်၊ ဟိုတယ်တွေ အကုန်လုံး၊ ကလပ်တွေ အကုန်လုံးမှာ ရှာကြည့်တယ်။ ဘယ်နေရာကိုမှ သူ ရောက်မလာဘူး။ဒါကြောင့် သူက တစ်နေရာရာမှာ တခြား အမျိုးသမီးတစ်ယောက်ယောက်နဲ့ သွားနေပြီ။ ဂျနီဖာကတော့ အိမ်ပြန်သွားပြီလို့ ကျွန်တော်က တွက်လိုက်မိတာ"

"ဩ- ရှင်က ဒီလိုတွက်သလား၊ ဒီနေ့ည ဂျနီဖာ ဇာတ်မကဘူးရှင့်။ သူတို့ ခိုးပြေးကြပြီ"

မီရီယမ်က ခပ်ဆတ်ဆတ် ပြောသည်။

တစ်ဖက်မှ အလွတ်စုံထောက်ကြီး ငြိမ်သွားတော့သည်။

"ဒီအဖြစ်မျိုး မဖြစ်အောင် ကာကွယ်ပေးဖို့ တစ်ပတ်ကို ဒေါ်လာနှစ်ရာတောင် ရှင့်ကို ကျွန်မ ပေးထားတယ်။ ရှင် ဘာအသုံးကျတဲ့ စုံထောက်လဲ"

"အတော်ဆုံး စုံထောက်တွေထဲမှာ တစ်ယောက်အဖြစ်နဲ့ ပါပါတယ်ဗျာ။ သူတို့နှစ်ယောက် ခွဲလို့ရကြတာမှ မဟုတ်တာဘဲ။ ကျုပ်က ညစဉ်ညတိုင်း ဟိုတယ်အပြင်ကနေပြီး သွေးခဲသေမတတ် သူတို့ကို ထိုင်စောင့်နေရတယ်။ သူတို့ကတော့ အခန်းထဲမှာ ဇိမ်ကျလို့၊ ကျုပ်ဟာ အက်ဖ်ဘီအိုင် မဟုတ်ဘူး။ တစ်ယောက်တည်း လုပ်ရတာ၊ စားဖို့ရှိသေးတယ်၊ အိပ်ဖို့ရှိသေးတယ်။ တစ်ခါတလေတော့လည်း သတိလစ်မိမှာပေါ့ဗျာ။ ဒီကောင်မလေး ဇာတ်ကနေတယ်ဆိုရင် စိတ်ချနေရပြီပဲ။ ဇာတ်မကဘဲ အခုလို ခိုးရာလိုက်ပြေးမယ်လို့ ဘယ်သူက ကြိုပြီး တွက်ထားမိမှာလဲ"

မီရီယမ်က တယ်လီဖုန်းကို ပစ်ချလိုက်သည်။

သူပြောသည်မှာလည်း မှန်ပါသည်။ ဂျနီဖာနှင့် တိုနီသည် အချိန်လစ်တိုင်း တွေ့နေကြသူများ ဖြစ်သည်။

မီရီယမ် သက်ပြင်းချလိုက်မိသည်။ အစစအရာရာ သတိထားခဲ့သည်။ သို့သော်လည်း အားလုံး သဲထဲရေသွန် ဖြစ်သွားပြီ။

အမှန်တော့ လူအားလုံးကို မိမိ အရှုံးလုပ်ထားခဲ့သည်။

ကလေးငယ်ကလေးတစ်ယောက် ပြုံးသလို တိုနီ ပြုံးတတ်သည်ကို ပရိသတ်က အလွန် သဘောကျသည်။ အလွန် ချစ်စရာကောင်းသည့် အမူအရာဟု ဆိုကြသည်။

အဖြစ်မှန်ကို မီရီယမ် တစ်ယောက်တည်းသာ သိသည်။ထိုအဖြစ်မှန်ကို မည်သူမျှ မသိအောင် ဖုံးကွယ်ထားခဲ့သည်။ တိုနီကိုပင် ဖွင့်ဟ မပြောခဲ့။

အမျိုးသမီးများနှင့် တွေ့လျှင်တော့ တိုနီသည် ယောကျ်ားကောင်းတစ်ယောက် ဖြစ်သွားတတ်သည်။ သီချင်းအဆိုကောင်းသည်။ သူ၏ မွေးရာပါဗီဇ ဖြစ်သည်။ သူ့ကိုကြည့်လျှင် လူလားမြောက်ပြီးသား လူတစ်ယောက်အနေနှင့်သာ တွေ့ကြရမည် ဖြစ်သည်။

သို့သော်လည်း စိတ်ဓာတ် အနေနှင့်သော် လည်းကောင်း၊ ခံစားမှု အနေနှင့်သော် လည်းကောင်း တိုနီသည် ဆယ်နှစ်သားကလေးသာ ဖြစ်လေသည်။

ယခု ဘာလုပ်ရတော့မည်နည်း။

သတင်းစာဆရာများနှင့် တွေ့သည့် အခါအတိုင်း တိုနီ အနားမှာ မိမိ နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ ပြောရမည်၊ မည်သို့ ဖြေရမည်များကို မိမိက စီစဉ်ပေးခဲ့သည်။ ယခုတော့ သူ့အနားသို့ ဂျနီဖာ ရောက်လာပြီ။

သူ၏ အဖြစ်မှန်များနှင့် ပတ်သက်၍ ဂျနီဖာ ဘယ်လောက်များများ သိထားမည်နည်း။ မီရီယမ်အဖို့ ဂျနီဖာကို သဘောမကျစရာအကြောင်း မရှိပါ။ နေရာတကာလိုက်ပြီး ဆန့်ကျင်နေစရာအကြောင်း မရှိပါ။ ဂျနီဖာ ကိုယ်တိုင်က မိန်းမချောကလေးတစ်ယောက် ဖြစ်သည်။ တိုနီ စွဲမက်ပေလိမ့်မည်။ တိုနီကိုယ်တိုင်ကလည်း ယောကျ်ားချောတစ်ယောက် ဖြစ်သည်။ ဂျနီဖာ စွဲမက်ပေလိမ့်မည်။

သို့သော်လည်း သူတို့ နှစ်ယောက်ကို အခန်းထဲတွင် နေသည်မှအပ နှစ်ယောက်တည်း လွှတ်မထားခဲ့ဘူးချေ။ မျက်စိအောက်က အလစ်မခံဘဲ အမြဲတမ်း စောင့်ကြည့်နေခဲ့သည်။ မည်သို့ဆိုစေ တိုနီလည်း လောကီသားပေမို့ ပျော်ချင်ပါးချင်ပေလိမ့်မည်။ချစ်ချင်ကြိုက်ချင်ပေလိမ့်မည်။ ထိုအကြောင်းများကို သဘောပေါက်ထားသည့် မီရီယမ်က တိုနီ၏ အလိုဆန္ဒပြည့်ဝမှုအတွက် လွှတ်ထားခဲ့သည်။

တကယ်ကတော့ ဂျနီဖာ တစ်ယောက်သာ မဟုတ်ပါ။ မွေးကတည်းက ထူးချွန်လာသည့် တိုနီလို ဝမ်းတွင်းပါ အနုပညာရှင်တစ်ယောက် စိတ်ချမ်းသာမှုအတွက် ကမ္ဘာပေါ်မှာ အချောဆုံး အလှဆုံးဆိုသော မိန်းကလေးများကိုလည်း သူကိုယ်တိုင် ရှာဖွေပေးခဲ့သည်။ စိတ်ချမ်းသာမှုအတွက် ယာယီ တွဲနိုင်ဖို့ ဖြစ်သည်။

သို့သော် တိုနီသည် ချည်တိုင်က မခွာနိုင်သလို နောက်ဆုံးကျတော့ ဂျနီဖာဆီသို့ပဲ ပြန်ပြန်ပြီး ဦးလည်လာစမြဲ ဖြစ်သည်။

မိမိတို့ မောင်နှမနှစ်ယောက် ကာလီဖိုးနီးယားသို့ သွားကြလျှင် သည်ဇာတ်လမ်းလည်း အလိုလို အဆုံးသတ်သွားလိမ့်မည်ဟု မီရီယမ် ထင်ခဲ့သည်။

ကာလီဖိုးနီးယားသို့ သွားရန် နှစ်ပတ်မျှသာ လိုတော့သည်။ ယခုတော့ ထိုအချိန်ကလေးအတွင်း သည်အဖြစ်ကြီးနှင့် ကြုံရလေတော့သည်။

မီရီယမ် သက်ပြင်းချလိုက်မိပြန်သည်။

တိုနီကို သူ မစွန့်လွှတ်နိုင်ပါ။ သူ့ဘဝတစ်ခုလုံးကို တိုနီ၏ ဘဝအတွက် ပေးလှူထားသည်။ သူ့အသက် လေးဆယ့်လေးနှစ်ရှိပြီ။ အပျိုကြီးဘဝနှင့် တိုနီကို စောင့်ရှောက်နေခဲ့သည်။

အဖြစ်မှန်များကို သူ့ဘဝတစ်လျှောက်လုံး ဖုံးကွယ်ထားခဲ့သည်။ တစ်ကမ္ဘာလုံးကို အသိမပေးဘဲ ထားခဲ့သည်။ တိုနီကိုလည်း အသိမပေးဘဲ ထားခဲ့သည်။

မိမိတို့အဖေသည် အလွန် ရုပ်ချောကြောင်း၊

တိုနီ လူဖြစ်မလာမီ ရထားတိုက်ရာတွင် ကွယ်လွန်သွားကြောင်း၊

မေမေသည် ထိုစိတ်ဒုက္ခကို ခံစားရရင်း တိုနီကို မျက်နှာမြင်ခဲ့ကြောင်း၊

တိုနီကို မျက်နှာမြင်ပြီး ငါးမိနစ်အကြာမှာပင် မေမေလည်း ကွယ်လွန်ခဲ့ကြောင်း

အစရှိသည့် ဇာတ်လမ်းတစ်ခုကို ထွင်ပြီး မီရီယမ်က လူအများကို အသိပေးထားခဲ့သည်။တစ်ကမ္ဘာလုံးကလည်း ယုံကြည်သည်။ သတင်းစာများကလည်း ယုံကြည်သည်။

အဖြစ်မှန်တတော့ ထိုသို့မဟုတ်။

မီရီယမ်တို့မိခင်သည် ကလပ်တကာ လှည့်လည်ကာ သီချင်းဆို ဖျော်ဖြေရသည့် အဆိုတော် ဖြစ်သည်။ အဆိုတော်ဘဝနှင့် မီရီယမ်၏ အဖေနှင့် အိမ်ထောင်ကျ၏။

သို့သော်လည်း ဘယ်အချိန်က သူတို့ ကွဲသွားကြသည်ကို မီရီယမ်လည်း မသိ။

မေမေက အိမ်ထောင်ပျက်သွားသော အခါ ဟိုတယ်မယ်အဖြစ်နှင့် ဟိုတယ်တကာသို့ ရောက်သွားပြန်သည်။ ယောကျ်ားတကာနှင့် တွေ့သည်။

မီရီယမ်ကို ကလေးထိန်းကျောင်းမှာ ထားသည်။ မီရီယမ် ရှစ်နှစ်သမီးအရွယ် ရောက်တော့ သူ့အမေ အလုပ်နှင့်အကိုင်နှင့် အတည်တကျ ဖြစ်လာပြန်သည်။ ထို့ကြောင့် မီရီယမ်ကို ကလေးထိန်းကျောင်းမှ ထုတ်ပြီး သားအမိနှစ်ယောက် အတူတူ နေကြသည်။

မီရီယမ် ဆယ့်လေးနှစ်သမီးအရွယ်တွင် သူ့အမေ ကိုယ်ဝန်ရှိတော့သည်။ မည်သူနှင့်ရလိုက်သည့် ကိုယ်ဝန်ဖြစ်ကြောင်း သူကိုယ်တိုင်ပင် မသိ။ မဖုံးနိုင် မဖိနိုင် ဖြစ်လာသော အခါ အလုပ်ကလည်း ထွက်ရတော့သည်။

တစ်ညတော့ လူနာတင် မော်တော်ကားနှင့် သူ့အမေကို ဆေးရုံသို့ ပို့ပေးရသည်။ သူ့ဘေးမှာ တုန်လှုပ်ချောက်ချားနေသည့် မီရီယမ် ပါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုနီကို မျက်နှာမြင်ပြီး ငါးမိနစ် အကြာမှာပင် သူ့အမေ ကွယ်လွန်သွားသည်။

ဆယ့်လေးနှစ်သမီးသာ ရှိသေးသည့် မီရီယမ်က မွေးစမောင်လေးကို အိမ်သို့ ပြန်ယူခဲ့သည်။ ဆေးရုံအုပ်ချုပ်ရေး အရာရှိများကလည်း စည်းကမ်း တင်းတင်းကျပ်ကျပ် ထားမနေကြ။ ကလေးကို ကြည့်ရှုစောင့်ရှောက်ပေးနိုင်သည့် ဘွားအေ ရှိပါသည်ဟုပြောပြီး အိမ်သို့ ပြန်ခေါ်ခဲ့ခြင်း ဖြစ်သည်။

ဆယ့်လေးနှစ်သမီးကလေး တစ်ယောက်တည်းက မွေးစ ကလေးငယ်လေးကို လူလားမြောက်လာအောင် ပြုစုပျိုးထောင်ရန်မှာ စိတ်ကူး၍ပင် ရနိုင်သည့်ကိစ္စမျိုး မဟုတ်ပါ။

ထိုအကြောင်းများကို ပြန်စဉ်းစားကြည့်မိသည်တွင် မီရီယမ်သည် ကိုယ့်အဖြစ်အပျက်ကိုပင် ကိုယ် မယုံကြည်နိုင်အောင် ဖြစ်မိသည်။

သူတို့အမေ ချန်ထားခဲ့သည့် မပြောပလောက်သော ငွေကလေးနှင့် ဖြစ်သလို နေခဲ့သည်။ မီရီယမ်က ရရာအလုပ်ကလေးများ ဝင်လုပ်သည်။ သူကိုယ်တိုင်က မသေထမင်း မသေဟင်းကိုစားသောက်ကာ မောင်လေးကိုသာ အသက်ရှင်အောင် မွေးခဲ့သည်။

ပိုလာစကီ အမည်ရှိ လူတစ်ယောက်ကို မေမေ အလွန် ချစ်မြတ်နိုးခဲ့ကြောင်း မီရီယမ် သိသည်။ ထို့ကြောင့် မေမေ့အတွက် ထိုနာမည်ကိုပင်ယူပြီး သူတို့မောင်နှမနှစ်ယောက် မှည့်ကြသည်။ သို့ဖြင့် တိုနီပိုလာ ဖြစ်လာရသည်။

တိုနီ တစ်လသားပြည့်တော့ တက်သည့်ရောဂါ စွဲကပ်လာသည်။ လူနာတင်ကားနှင့် ဆေးရုံသို့ ပို့ရပြန်သည်။ ထိပ်တန်းသမားတော်ကြီးများက တိုနီ၏ရောဂါကို စူးစမ်းရှာဖွေကြသည်။ ရောဂါဆန်းတစ်မျိုး ဖြစ်သောကြောင့် ဆေးရုံမှာ နှစ်နှင့်ချီပြီး ထားရမည်ဟု ဆရာဝန်ကြီးများက ပြောကြသည်။ မီရီယမ် အလွန် စိတ်ပူသွားပါသည်။

သို့သော်လည်း တိုနီကို ကြည့်ရှုစောင့်ရှောက်ရသည့် အလုပ်တစ်ခုမှ ကင်းလွတ်သွားသည့်အတွက် အချိန်ပြည့်အလုပ်တစ်ခုကို သူ ရှာဖွေလုပ်ကိုင်နိုင်ခဲ့သည်။ ငွေလည်း အထိုက်အလျောက် စုဆောင်းနိုင်ခဲ့သည်။

တစ်နှစ်ကျော်ကျော်ကြာတော့ တိုနီကို ဆေးရုံမှ ဆင်းခွင့်ပေးသည်။ အများကြီး ကျန်းမာနေပုံရသည်။ ထို့နောက် တက်သည့်ရောဂါ ပြန်ဖြစ်သည်။ ဆေးရုံသို့ ပို့ရပြန်သည်။

ငါးနှစ်သားအရွယ်သို့ ရောက်သည့်တိုင် ထိုရောဂါ မပျောက်ဘဲ ရှိသည်။ ထို့ကြောင့် အိမ်နှင့်ဆေးရုံကို အကြိမ်ကြိမ် ကူးနေရသည်။

ထို့နောက် ရောဂါပျောက်သွားသည်။ ထို့ကြောင့် မူလတန်းကျောင်းသို့ ပို့ပြီး ပညာသင်စေသည်။ ပထမနှစ်တော့ အတော် ကြိုးစားသင်ယူရသည်။ ဒုတိယနှစ် ရောက်သောအခါတွင် ပညာသင်ကြား၍ မရနိုင်သည့်ကလေး ဖြစ်သည်ဟု အကြောင်းပြပြီး ကျောင်းမှ ထုတ်ပယ်ပစ်ခြင်း ခံရသည်။ မည်သည့် ကျောင်းကမျှလည်း လက်မခံတော့။

မီရီယမ် စိတ်မပျက်ပါ။ သူ့မောင်လေးကို အိမ်မှာပင် သူကိုယ်တိုင် သင်ပေးသည်။ သူ မှတ်သားနိုင်သလောက်ကိုသာ နည်းနည်းချင်း သင်ပေးသည်။

ထို့ကြောင့်လည်း တိုနီသည် ကိုယ်ခန္ဓာအရ လူလားမြောက်နေသော်လည်း စိတ်ဓာတ်ရေးရာနှင့် ခံစားမှုအရ ဆယ်နှစ်သားအရွယ် ကလေးငယ်သာ ဖြစ်နေသည်။

ထိုအကြောင်းရင်းမှန်များကို ဂျနီဖာနှင့် တွေ့ပြီး ပြောပြဖို့ သူ အကြိမ်ကြိမ် စဉ်းစားခဲ့သေးသည်။ အဖြစ်မှန်ကို သိရှိ သဘောပေါက်သွားလျှင် တိုနီနှင့် လက်ထပ်ဖို့ အစီအစဉ်ကို စွန့်လွှတ်သွားကောင်း သွားပေလိမ့်မည်။

သို့သော်လည်း ထိုသို့ ပြောလိုက်မိကာမှ ပိုပြီး ဆိုးသွားနိုင်စရာ အကြောင်းများလည်း ရှိနေသည်။

ဂျနီဖာက နှုတ်မလုံသောကြောင့် အခြားသူများကို ဖွင့်ပြောလိုက်မည်ဆိုလျှင် တစ်ယောက်စကား တစ်ယောက်နားနှင့် သူ တစ်သက်လုံး ဖုံးကွယ်ထားခဲ့သည့် အဖြစ်မှန်များ ဘူးပေါ်သလိုပေါ်ကာ တိုနီ၏ ဘဝကြီး တစ်ခုလုံး ပျက်စီးရပေတော့မည်။

တိုနီအတွက် တစ်ကမ္ဘာလုံးကို မီရီယမ် ခုခံတိုက်ခိုက်ခဲ့သည်။ ယုတ်စွအဆုံး အမေရိကန် တပ်မတော်ကြီးကိုပင် ခုခံတိုက်ခိုက်ခဲ့သည်။

စစ်မှုထမ်းရေးဥပဒေအရ တိုနီကို ဆင့်ခေါ်စာ ရောက်လာသည်။ အနုပညာလောကတွင် တိုနီလည်း အောင်မြင်စပြုနေသည့်အချိန် ဖြစ်သည်။ မီရီယမ်က ဝါရှင်တန်သို့ လူမသိအောင် အခေါက်ခေါက်အခါခါ သွားခဲ့ရသည်။ ကြိုးနီစနစ် အုပ်ချုပ်ရေးများကြောင့် သူ့ ကြိုးစားချက်များ မအောင်မြင်နိုင်အောင် ဖြစ်ခဲ့ရသည်။ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် တွေ့ခွင့်ရ

www.burmeseclassic.com

www.burmeseclassic.com


ဈေးကို အကြိမ်ကြိမ် ကြိုးစားရသည်။ တွေ့ခွင့်ရသဖြင့် အကျိုးအကြောင်းကို ရှင်းပြသော်လည်း လက်မခံကြ။ မယုံကြည်ကြ။

နောက်ဆုံး အားလျှော့တော့မည့်ဆဲဆဲ၌ ဗိုလ်မှူးဘက်မင်းဆိုသူနှင့် သွားတွေ့သည်။ အကျိုးအကြောင်း ရှင်းပြသည်။ ဗိုလ်မှူးဘက်မင်း၏ ညီတစ်ယောက်ကလည်း တိုနီ၏ရောဂါမျိုး ဖြစ်နေသဖြင့် အဆင်ပြေသွားသည်။ တိုနီ၏ ဆေးမှတ်တမ်းများကို ဖတ်သည်။ စစ်တပ်မှ အာရုံကြောပါရဂူများနှင့် စစ်ဆေးကြည့်ရှုသည်။ အမှန်တကယ် ရောဂါရှိကြောင်း သိသောအခါ စစ်မှုထမ်းခွင့်မှ ပယ်ဖျက်လိုက်ကြောင်း ဗိုလ်မှူးဘက်မင်းက သတင်းစာများသို့ သတင်းထုတ်ပြန်ပေးသည်။

မီရီယမ် သိမ်းဆည်းထားသည့် တိုနီနှင့်ပတ်သက်သော ဆေးစာများထဲတွင် နောက်ထပ် စမ်းသပ်ချက် ဆေးစာများ၊ ဆေးမှတ်တမ်းများ ပိုလာပြန်သည်။

တိုနီအတွက် ထိုမျှထိ သူ ကာကွယ်ခဲ့သည်။ မွေးကျွေးသုတ်သင်ခဲ့သည်။ တိုက်ပွဲဝင်ခဲ့သည်။ ယခုအခြေသို့ ရောက်လာသောအခါတွင် လွယ်လွယ်နှင့် လက်လျှော့ရတော့မည်လော။ မဖြစ်နိုင်ပါ။ သည်လောက်နှင့်တော့ အရှုံးမပေးနိုင်သေးပါ။

တစ်ကမ္ဘာလုံးကို ခုခံတိုက်ခိုက်ခဲ့သည်။

ပရိသတ်ကို ခုခံတိုက်ခိုက်ခဲ့သည်။

အမေရိကန်စစ်တပ်ကြီးကို ခုခံတိုက်ခိုက်ခဲ့သည်။

ယခု ဂျနီဖာလို မိန်းကလေးတစ်ယောက်ကြောင့် တိုနီ၏ဘဝ ပျက်စီးသွားရတော့မည်လော။

သူတို့နှင့်အတူ နေရမည်။ မကြာခင် ကာလီဖိုးနီးယားသို့ သွားကြရမည်။ တိုနီ၏ ဘဝကို ယခင်ကအတိုင်း ဖြောင့်ဖြူးသာယာအောင် ထိန်းကျောင်းပေးရမည်။ သူသာ ကိုင်တွယ်တတ်မည်ဆိုလျှင် တိုနီ၏ဘဝမှန်ကို မည်သူက သိမည်နည်း။

မီရီယမ်က အဖုအထစ် မရှိသည့် တစ်ဖြောင့်တည်းသော သူ၏ ကိုယ်ခန္ဓာပေါ်တွင် အဝတ်အစားများ သပ်သပ်ရပ်ရပ် ဖြစ်သွားအောင် ဆွဲဆန့်လိုက်သည်။ သတင်းစာဆရာများနှင့် လိုအပ်သည်များ စီစဉ်ထားရမည်။ ဆောင်းပါးရှင်များနှင့် အစီအစဉ် လုပ်ထားရမည်။

တိုနီနှင့် ဂျနီဖာတို့ အယ်လ်တန်မှ ပြန်ရောက်လာသောအခါတွင် မိမိနှင့်အတူ သတင်းစာရှင်းလင်းပွဲ လုပ်ရမည်။ သူတို့နှင့် တွေ့ဆုံမေးမြန်းလိုသည့် ဆောင်းပါးရှင်များနှင့် တွေ့ဖို့ စီစဉ်ထားရမည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

## အယ်နီ

**ဒီဇင်ဘာ၊ ၁၉၄၆**

ထိုညက နယူးယောက်သို့ အယ်နီ ပြန်ရောက်လာသည်။ အားလုံး ကမောက်ကမ ဖြစ်နေကြသည်ကို တွေ့ရတော့သည်။

ခုတင်ဘေးမှ စားပွဲပေါ်တွင် ကသုတ်ကရက် ရေးသွားသည့် ဂျနီဖာ၏ စာတိုကလေးကို တွေ့ရသည်။

*အပြင်းအထန်တော့ တိုက်ပွဲဝင်ရတယ် သူငယ်ချင်းရေ။ ဒါပေမယ့် ကိုယ် အနိုင်ရလိုက်ပါပြီ။ ဒီစာကို သူငယ်ချင်း ဖတ်နေရတဲ့ အချိန်မှာ ကိုယ်ဟာ မစ္စစ်တိုနီပိုလာ ဖြစ်နေပါပြီ။ ကိုယ် ကံကောင်းဖို့အတွက် ဆုတောင်းပေးပါ သူငယ်ချင်းရယ်။*

**သူငယ်ချင်းကိုချစ်လျက်**
**ဂျင်း**

ဂျနီဖာအတွက် သူ ဝမ်းသာသွားသည်။

သို့သော်လည်း ဂျနီဖာ၏ အောင်ပွဲကြောင့် စိတ်ပျက်စရာကောင်းသော မိမိ၏ ဘဝအခြေအနေကို ပြန်လည် သုံးသပ်မိဖို့ ဖြစ်လာလေသည်။

လောရင့်စ်ဗီးလ်မြို့မှာ အယ်နီ ရှိနေတုန်းက လိုင်ယွန် ဖုန်းလှမ်းဆက်သည်။ အကြီးမားဆုံးသော သူ့သတင်းကြီးကို ပြောပြရန် ဖြစ်သည်။

ဘက်စ်ဝီလ်ဆင်က သူ့စာမူကို အလွန် သဘောကျကြောင်း၊ ထုတ်ဝေခွင့်ရဖို့ သေချာပြီဖြစ်ကြောင်း။ သို့သော်လည်း ထုတ်ဝေသူကို မပြမီ တစ်ကြိမ် ပြန်ရေးရန် လိုသေးကြောင်းများကို ပြောပြသည်။

လိုင်ယွန် အလွန် အားတက်နေသည်ကိုလည်း သတိထားမိသည်။ ပြန်ရေးရမည်ဆိုတော့ နောက်ထပ် ခြောက်လလောက် အချိန်ယူရဦးမည်။ ဘက်စ်ဝီလ်ဆင် ကြိုက်ဖို့သာ အရေးကြီးသည်။ သူ့ တကယ် မကြိုက်ဘဲနှင့်လည်း တံစိုးလက်ဆောင်ယူပြီး ကြိုက်လှချည်ရဲ့ဟု ပြောတတ်သော အမျိုးသမီးတစ်ယောက် မဟုတ်။

အယ်နီခမှာ သူ စိတ်ပျက်သွားသည်ကို လိုင်ယွန် မရိပ်မိအောင် ဟန်ဆောင်ပြီး ဖုံးဖိလိုက်ရသည်။

စာမူကို ပြန်လည် ပြင်ဆင်ရေးသားဖို့ ခြောက်လ ကြာဦးမည်။ ယခု ဂျနီဖာလည်း သွားပြီ။ ဟိုတယ်ခန်းကြီး တစ်ခုလုံးထဲမှာ မိမိ တစ်ယောက်ထီးတည်း ကျန်တော့သည်။

သည်အခန်းကြီးမှာ တစ်ယောက်ထီးတည်းလည်း ဆက်လက် နေထိုင်နိုင်ပါသည်။ သူ့မှာ ငွေအမြောက်အမြား ရှိသည်။ ယခု မရှိသေးဟု ဆိုလျှင်လည်း ရှင်းလင်းရမည့်ကိစ္စများ ရှင်းလင်းပြီးသွားသည်နှင့် တစ်ပြိုင်တည်း လက်ထဲသို့ ငွေအမြောက်အမြား ရောက်လာမည်။

ရှင်းစရာ လင်းစရာများ မပြီးပြတ်နိုင်သေးသည့်အတွက် လောရင့်စ်ဗီးလ်မြို့နှင့် မဆက်ဆံချင်ဘဲ ဆက်ဆံနေရသည်။ သူ့ရှေ့နေ မစ္စတာဝေါကားက တာဝန်ယူ ရှင်းနေသည်။

သို့သော်လည်း တရားဥပဒေအရ အကျုံးဝင်အောင် လိုအပ်သည်များကို ညှိနှိုင်းနိုင်ရန်အတွက် လောရင့်စ်ဗီးလ်မြို့မှာ အယ်နီ ရှိနေဖို့ လိုနေပြန်သည်။

အိမ်ကြီးကို ရောင်းပစ်ရမည်။ အိမ်ထောင်ပရိဘောဂများ အားလုံးကိုလည်း ရောင်းပစ်ရမည်။ အိမ်ထောင်ပရိဘောဂများကိုမူ နယူးယောက်သို့ ဖြစ်ဖြစ်၊ ဘော့စတွန်မြို့သို့ ဖြစ်ဖြစ် ပို့ပြီး ရောင်းချလျှင် ဈေးကောင်း ပိုရနိုင်ကြောင်း မစ္စတာဝေါကားက ပြောသည်။

အယ်နီ၏အမေ ထားခဲ့သည့် အမွေများထဲတွင် ငွေစုလက်မှတ်၊ အစုရှယ်ယာနှင့် ငွေသားကချည်း ဒေါ်လာငါးသောင်း ရှိသည်။ အန်တီအေမီ၏အမွေ နှစ်သောင်းခွဲကိုလည်း

www.burmeseclassic.com

www.burmeseclassic.com

အယ်နီပင် ရသည်။ အိမ်လုံးချည်းရောင်းလျှင် လေးသောင်းတော့ အနည်းဆုံး ရနိုင်သည်ဟု မစ္စတာဝေါကားက ပြောသည်။ အိမ်ဆောက်ထားသည့်ခြံက တစ်ဧကခွဲခန့် ကျယ်သည်။ နေရာအကွက်အကွင်းလည်း ကောင်းသည်။

ထို့ကြောင့် သူ့မှာ ငွေတွေ အများကြီး ရှိနေသည်။ ဒေါ်လာတစ်သိန်း ကျော်နေပြီ။ အိမ်ထောင်ပရိဘောဂများ ရောင်းချ၍ ရမည့် ငွေများကို ထည့်မတွက်သေး။

ထိုသို့ ရှင်းစရာ လင်းစရာများကို ပြီးပြတ်အောင် ရှင်းလင်းနိုင်ရန် လောရင့်စ်ဗီးလ်မြို့မှာ သူ သွားနေပေးရဦးမည်။ တစ်ပတ်လောက် နေဖို့လိုသည်။ လိုအပ်လျှင်လည်း ထို့ထက်ကြာအောင် နေရမည်ဟု ရှေ့နေက ပြောသည်။ အယ်နီ အများကြီး စိတ်ပျက်သွားပါသည်။ လောရင့်စ်ဗီးလ်မြို့သို့ မလွှဲသာသည့် အကြောင်းကြောင့်သာ သူ ပြန်ရခြင်း ဖြစ်သည်။ ထိုအိမ်ကြီးထဲတွင် သူ မနေတတ်။ ထိုအိမ်ကြီးကို မုန်းတီးလွန်းလှသည်။

ရေမြန်မြန် ချိုးသည်။ အဝတ်အစား မြန်မြန်လဲသည်။ ထို့နောက် တက္ကစီကားတစ်စင်းနှင့် လိုင်ယွန်၏အိမ်သို့ ထွက်လာခဲ့သည်။

သူ့ရောက်သွားတော့ လက်နှိပ်စက်ထိုင်ရိုက်နေသည့် လိုင်ယွန်ကို တွေ့ရသည်။ ကြမ်းပြင်ပေါ်မှာလည်း လက်နှိပ်စက်ရိုက်ပြီးသား စက္ကူတွေ ပွစာကြဲနေသည်ကို တွေ့ရသည်။

"တစ်အိမ်လုံး ရှုပ်နေလို့ စိတ်တော့ မညစ်နဲ့နော်။ ကိုယ် ညနေတိုင်း စာရေးဖြစ်နေတယ်"

လိုင်ယွန်က သူ့ကို ဆီးကြိုပွေ့ဖက်နှုတ်ဆက်ရင်း ပြောသည်။ ပြီးတော့ စာရွက်များကို လိုက်ကောက်သည်။

အယ်နီက ကြိုးစားပြီး ပြုံးသည်။

"ကျွန်မ ဝမ်းသာလိုက်တာ မောင်ရယ်၊ စာအုပ်ကောင်းတစ်အုပ် ဖြစ်မယ်ဆိုတာ ကျွန်မ သိပါတယ်။အမှန်တော့ ဒီအချိန်မျိုးမှာ လောရင့်စ်ဗီးလ်မြို့ကိုသွားပြီး ကျွန်မ အချိန်ဖြုန်းမနေသင့်ဘူး။ ဟိုက ကိစ္စတွေလည်း မပြတ်သေးလို့သာ သွားနေရမှာ။ ဒါပေမယ့် မောင်ရေးထားတဲ့ စာရွက်တွေကို ကျွန်မ ယူသွားပြီး လက်နှိပ်စက်နဲ့ သန့်သန့်ကလေး ပြန်ရိုက်ပေးပါ့မယ်"

"မင်း မရှိရင် မောင် ဘယ်လိုနေရမှန်းကို မသိတော့ဘူး။ မောင် လက်နှိပ်စက်ရိုက်ထားတာတွေကလည်း ပွနေတာပဲ။ ခက်တာပဲကွယ်၊ မင်း သည်းခံပြီး စောင့်နေရတာကြာပြီ။ မင်းအတွက် တကယ် မတရားပါဘူး။ ဒီကြားထဲကနေပြီး နောက်ထပ် အချိန်ဖင့်ဖို့ အကြောင်းက ပေါ်လာပြန်တယ်။ ဒါတွေကို ပြန်ပြင်ပြီး ရေးရဦးမယ်ဆိုတော့. . ."

လိုင်ယွန်က မျက်မှောင်ကုတ်ရင်း ပြောနေသည်။

အယ်နီက ပြုံးသည်။

"လိုအပ်မယ်ဆိုရင် အမြဲ စောင့်နေနိုင်ပါတယ်လို့ မောင့်ကို ပြောထားတယ် မဟုတ်လား။ ကျွန်မ မျက်နှာမကောင်းတဲ့အတွက် စိတ်မဆိုးပါနဲ့၊ မောင့်ကြောင့် မဟုတ်ပါဘူး။ လောရင့်စ်ဗီးလ်မြို့က အလုပ်တွေ မပြတ်ဘဲ ဖြစ်နေလို့ စိတ်မကောင်း ဖြစ်နေတာပါ"

သူ့ရင်ခွင်ထဲသို့ ရောက်ရပြန်တော့လည်း လောရင့်စ်ဗီးလ်မြို့သည် မိုင်ပေါင်း မရေမတွက်နိုင်အောင် ဝေးကွာသည့်အရပ်သို့ ရောက်သွားတော့သည်။ လောရင့်စ်ဗီးလ်မြို့တွင် ခံစားခဲ့ရသည့် စိတ်ဒုက္ခများ အားလုံး ပျောက်ကွယ်သွားရတော့သည်။ ဂျနီဖာ၏ အကြောင်းကို ပြောပြဖို့ပင် မေ့နေခဲ့သည်။ အချိန်အတော်ကြာတော့မှ ပြောဖို့ သတိရသည်။

"သူ့အတွက် ဝမ်းသာပါတယ်ကွယ်၊ ဒီလိုဆို မင်းတစ်ယောက်တည်း အဖော်မရှိဘဲ ကျန်နေရစ်ခဲ့ပြီပေါ့။ အခန်းအတွက်လည်း မင်းတစ်ယောက်တည်း ငွေရှင်းရတော့မယ်"

"ကျွန်မမှာ ပိုက်ဆံရှိပါတယ် မောင်၊ မေမေက အတော်များများ ထားခဲ့ပါတယ်"

"တခြားလူတွေ လျှောက်ပြောမနေနဲ့ဦးနော်၊ သိုက်တူးတဲ့လူတွေနဲ့ တွေ့သွားလို့ ကိုယ့်အချစ်ကလေး သူ့များလက်ထဲ ပါသွားပါဦးမယ်ကွယ်"

"လိုင်ယွန်၊ ကျွန်မတို့ ဘာဖြစ်လို့ လက်မထပ်နိုင်ကြရမှာလဲဟင်။ ကျွန်မတို့နှစ်ယောက် အေးအေးချမ်းချမ်း နေကြဖို့ ကျွန်မမှာ ငွေအလုံအလောက် ရှိနေပြီ။ အချိန်အကြာကြီး ဘာမှ မလုပ်ဘဲ ထိုင်စားနေလို့တောင် ရပါပြီ မောင်ရယ်"

"ပြီးတော့ မနက်တိုင်း မင်းက ရုံးပြေးတက်နေရဦးမှာပဲ မဟုတ်လား"

"မောင်တစ်ယောက်တည်း အေးအေးဆေးဆေး စာရေးနိုင်အောင်လို့ပါ မောင်ရယ်။

www.burmeseclassic.com


ဒါပေမယ့် မောင့်အလုပ်ကိုပဲ ကူလုပ်ပေးပါ ဆိုရင်လည်း မောင့်အနားမှာ ထိုင်ပြီး လက်နှိပ်စက် ကူရိုက်ပေးမယ်။မောင့်စာကို သဘောကျတဲ့လူတွေဆီက လာတဲ့စာတွေကို ကူဖောက်ပေးမယ်"

"ဒီလို အခြေအနေမျိုး ဖြစ်လာဦးမှာ မဟုတ်ပါဘူး အယ်နီ၊ ဘက်စ်ဝီလ်ဆင်ပြောတာ မင်းလည်း သိသားပဲ။ ဒီစာအုပ်ဟာ စာအုပ်ကောင်းတစ်အုပ် ဖြစ်ဦးတော့ နာမည်ရတာကလွဲပြီး ငွေသိပ်ရဦးမှာ မဟုတ်ဘူး။ နောက်တစ်နှစ်လောက် ဆက်လုပ်ရဦးမယ်။ ငွေကတော့ ဟုတ်တိပတ်တိ ရဦးမှာ မဟုတ်ဘူး။

မောင့်ကို အချိန်ပြည့် စာရေးနေမှာ မဟုတ်ဘူးလို့ မထင်နဲ့နော်။ လွန်ခဲ့တဲ့ရက်တွေတုန်းက ညနေတိုင်း မောင် စာရေးကြည့်တယ်။ အချိန်ပြည့် မောင် စာရေးနိုင်တယ် ဆိုတာတွေ့ရတော့တာပဲ။ မင်းအနေနဲ့ ဒီအတိုင်း ထိုင်နေရတာကို ငြီးငွေ့သွားလိမ့်မယ်"

"ကိစ္စမရှိပါဘူး"

အယ်နီက ထထိုင်သည်။

"မောင့်မှာလည်း ငွေနည်းနည်းပါးပါး ရှိပါတယ် အယ်နီ။ ဒါပေမယ့် နောက်ထပ် စာအုပ်တစ်အုပ် ထပ်ရေးနေတဲ့အချိန်မှာ အဲဒီငွေ ကုန်သွားမှာပဲ။ ဆေးလိပ်ဖိုးကလေးကအစ မင်းဆီမှာ လက်ဖြန့်ပြီး တောင်းနေရလိမ့်မယ်။ စာရေးဖို့ကိုတောင် မောင် စိတ်ကုန်သွားမိလိမ့်မယ်။ မဖြစ်သေးပါဘူး အချစ်ရယ်၊ ဒီအတိုင်း လက်ထပ်ကြလို့ မဖြစ်နိုင်သေးပါဘူး"

"ဒီလိုဆို ကျွန်မက ဘာလုပ်နေရမှာလဲ၊ မောင် ပူလစ်ဇာဆုရတဲ့အချိန်အထိ ဘေးနားကနေပြီး ဒီအတိုင်း ထိုင်စောင့်နေရမှာလား"

"ဒီလိုလည်း မဟုတ်ပါဘူး၊ အခု စာအုပ်ရဲ့ အခြေအနေ ဘယ်လို ဖြစ်လာမယ် ဆိုတာကို စောင့်ကြည့်ပါဦး။ ရေးလို့ ပြီးသွားတာမှန်တယ်။ စာအုပ်ပွဲစားက သဘောကျတာမှန်တယ်။ ဒါပေမယ့် စာအုပ်အဖြစ်နဲ့ ထုတ်ဝေခွင့် ရ၊ မရဆိုတာ မသေချာသေးဘူး"

"ထုတ်ဝေခွင့် ရမှာပါ မောင်ရယ်၊ ကျွန်မ သိပါတယ်။ ကျွန်မ စောင့်နေပါ့မယ်။ စာအုပ်တစ်အုပ် ထုတ်ဝေခွင့်ရဖို့များ ဘယ်လောက်တောင် အချိန်ကြာတတ်သလဲဆိုတာ သိချင်လိုက်တာနော်"

အယ်နီက သူ့ကိုကြည့်ရင်း စဉ်းစားနေသည်။

လိုင်ယွန်က ရယ်ပြီး အယ်နီကို ပွေ့ထားလိုက်သည်။

*

အယ်နီသည် လောရင့်စ်ဗီးလ် ဘူတာရုံထဲမှာ လူးလာပြန်ခေါက် လျှောက်နေသည်။ နယ်ရထားများ၏ ထုံးစံအတိုင်း ရထားက နောက်ကျနေသည်။ လိုင်ယွန်ကို သနားနေမိသည်။ နယူးယောက်မြို့မှ ဘော့စတွန်မြို့သို့ ငါးနာရီကြာမျှ ရထားစီးရသည်။

သို့သော်လည်း အမြန်ရထားဖြစ်သည်မို့ တွဲများ ကောင်းသဖြင့် သက်သောင့်သက်သာ လိုက်ပါလာနိုင်သည်။ ဘော့စ်စတွန်မှ လောရင့်စ်ဗီလ်းမြို့သို့ ရောက်အောင် တစ်နာရီပဲ စီးရသည်။ သို့သော်လည်း တွဲထဲမှာ အဲပူငွေ့ ပေးထားခြင်း မဟုတ်ဘဲ ဘူတာစဉ် လျှောက်ရပ်နေသည့်ရထား ဖြစ်သောကြောင့် တစ်နာရီမျှသော ထိုအချိန်မှာ ပင်ပန်းလှချေသည်။

လွန်ခဲ့သည့် သုံးရက်တုန်းကတော့ သေချင်စော်နံလောက်အောင် စိတ်ညစ်ခဲ့ရသည်။ အိမ်ရောင်းဖို့ကိစ္စ၊ အိမ်ထောင်ပရိဘောဂများ ရောင်းဖို့ ကိစ္စများမှာ မပြီးပြတ်နိုင်အောင် ဖြစ်နေသည်။ အရာရာကို တရားဥပဒေနှင့် အကျုံးဝင်အောင် လုပ်နေရသောကြောင့် ဖင့်နွှေးလှသည်။

လောရင့်စ်ဗီးလ်မြို့မှာ ရက်အတန်ကြာ ဆက်နေရဦးတော့မည်။ ဝီလီဟင်ဒါဆင်က အယ်နီ သွားလိုသည့်နေရာသို့ သူ ဝယ်ထားသည့် ရှက်ဗလေမော်တော်ကား အသစ်ကြီးနှင့် လိုက်ပို့ပေးသဖြင့် တော်ပေသေးတော့သည်။

ယခု လိုင်ယွန်က စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် မိမိထံသို့ လိုက်လာသည်။ သည်နှစ်ရက်တော့ စိတ်ချမ်းသာ လက်ချမ်းသာ နေခွင့်ရပါဦးမည်။ မေမေ အိပ်ခဲ့သည့် နှစ်ယောက်အိပ် ခုတင်ကြီးပေါ်တွင် လူနှစ်ယောက် မအိပ်ခဲ့ရသည်မှာ ကြာပြီ။ ယခု ထိုခုတင်ကြီးသည် လူနှစ်ယောက်အတွက် အမှုတော်များကို ပြန်လည် ထမ်းဆောင်ခွင့် ရပေဦးတော့မည်။

ဘူတာရုံထဲမှာ ရထားစောင့်ရင်း အယ်နီ စိတ်လှုပ်ရှားနေမိသည်။ လောရင့်စ်ဗီးလ်မြို့သို့ လိုင်ယွန် ရောက်လာမည်။ မိမိနှင့် တစ်အိမ်တည်းမှာ အတူနေသည်ကို မြို့သူမြို့သားများ

www.burmeseclassic.com

 www.burmeseclassic.com 

က သိကြမည်။ သည်လို သိတော့ရော ဘာဖြစ်ရဦးမည်နည်း။

သည်အိမ်ကြီးကို အပြီးအပိုင် ရောင်းပစ်တော့မည်။ အိမ်ရောင်းပြီးသည်နှင့် တစ်ပြိုင်တည်း သည်မြို့သို့ လုံးဝ ပြန်လာစရာအကြောင်း မရှိတော့သည်ကိုလည်း အယ်နီစဉ်းစားနေသည်။

ရထားဝင်လာသံ ကြားရသည်။

လိုင်ယွန်ကို အယ်နီက ပထမဦးဆုံးစမြင်လိုက်သည်။

နှင်းပွင့်များက ခပ်ပါးပါး ကျနေသည်။ ပလက်ဖောင်းအတိုင်း လျှောက်လာနေသည့် လိုင်ယွန်၏ ဆံပင်နက်နက်များပေါ်တွင် နှင်းဖြူဖြူကလေးများ ပန်ထားသလို ရှိနေသည်။

အယ်နီ၏ရင်ထဲမှာ ခံစားမှုတစ်မျိုးကြောင့် တင်းကျပ်လာသည်။ လိုင်ယွန်ကို မြင်ရသည့်အခါတိုင်း ထိုခံစားမှုမျိုးကိုပင် သူ ခံစားနေရသည်။ သူ့ကို ပိုင်ဆိုင်ပြီး သက်သောင့်သက်သာ နေရမည့် အချိန်မျိုး ဆိုတာကော ရှိနိုင်ပါသေးရဲ့လားဟုလည်း တွေးမိသည်။

ဖျတ်ခနဲ ပြုံးလိုက်သည့် သူ့အပြုံးကို မြင်လိုက်ရသည်။

မိမိပိုင်ဆိုင်သော လူတစ်ယောက်ဖြစ်ကြောင်း ရင်ထဲမှာ ခံစားလာရပြန်သည်။ ယခု လောရင့်စ်ဗီးလ်မြို့ကို သူလာခြင်းသည် အယ်နီနှင့် အတူတူ ရှိနေဖို့ ရောက်လာခြင်း ဖြစ်ပါသည်။

"ဒီမြို့ကို ရောက်လာရတော့ ကိုယ့်ကိုယ်ကိုယ်တောင် မယုံချင်သလို ဖြစ်မိတယ်။ မြို့ပေါင်းများစွာကိုလည်း မောင် ရောက်ခဲ့ဖူးပါတယ်။ ဒါပေမယ့် မက်ဆာချူးဆက်ပြည်နယ်ထဲမှာ ရောမမြို့လို လှပတဲ့ မြို့တစ်မြို့ ရှိနေသေးတယ် ဆိုတာကို ဘယ်သူမှ သိကြမှာ မဟုတ်ဘူး"

လိုင်ယွန်က အယ်နီကို ခပ်ဖွဖွကလေး ဖက်ထားရင်း ပြောသည်။

"ဒါပေမယ့် လောရင့်စ်ဗီးလ်ဟာ လောရင့်စ်ဗီးလ်ပါပဲ မောင်ရယ်"

"ဒီမြို့ကလေး နာမည်ကြီးသွားအောင် မင်းက လုပ်လိုက်တာကိုး။ ဒါကြောင့် လူတိုင်းက လောရင့်စ်ဗီးလ်မြို့ကို သိသွားကြတာပေါ့"

တက္ကစီကားထဲသို့ အယ်နီက အရင်ဝင်ထိုင်သည်။ ကားထွက်လာတော့ အယ်နီက သူ့ကို ကန့်ကလန့်မှီပြီး ထိုင်သည်။ လိုင်ယွန်ကမှ အပြင်ဘက်မှ မြင်ကွင်းများကို ငေးကြည့်ရင်း လိုက်လာသည်။

"မောင်တို့ကို ဘယ်ပို့ပေးရမယ်ဆိုတာ သူ့ကို ပြောမပြတော့ဘူးလား"

လိုင်ယွန်က လေသံကလေးနှင့် မေးသည်။

"ဒီမြို့ထဲမှာ ဘယ်သူက ဘယ်မှာနေတယ်ဆိုတာကို မစ္စတာဟေးလ်က အကုန်သိတယ်။ တကယ်လို့ မောင် တစ်ယောက်တည်း ရောက်လာမယ်ဆိုရင် မောင် ဘာမှ မပြောရဘဲနဲ့ ဟိုတယ်ကို အလိုလို ပို့ပေးလိမ့်မယ်"

လိုင်ယွန်က ပြုံးသည်။

"မောင်တော့ သဘောကျသွားပြီ၊ နယူးယောက်က တက္ကစီသမားတွေနဲ့တော့ ကွာပါပေ့။ တောမြို့ကလေးတွေရဲ့ အလှဆိုတာ ဒါပဲ။ မြို့ကလေးကလည်း တကယ်လှပါတယ်"

"နှင်းပွင့်တွေ ကျနေလို့ လှတယ် ထင်ရတာပါ"

အယ်နီက စိတ်မပါသလို ပြန်ပြောသည်။

"ဒီမှာ ဘယ်အချိန်ကစပြီး နှင်းပွင့်တွေကျနေတာလဲ၊ နယူးယောက်မှာတော့ မကျတော့ဘူး"

"ဩဂုတ်လလောက်ကတည်းက ကျနေတာ။ ဒီမှာကတော့ တစ်နှစ်လုံးလိုလို နှင်းမကျတဲ့ရက်ရယ်လို့ မရှိလှပါဘူး"

အယ်နီက ပခုံးကို တွန့်ပြလိုက်သည်။

"မင်းဟာ အတော်တော့ ခေါင်းမာတာပဲနော်။ တစ်ခုခုကို မုန်းမိပြီဆိုရင် ဘယ်တော့မှ ပြန်မချစ်နိုင်တော့ဘူးလားကွယ်"

လိုင်ယွန်က အယ်နီ၏ ကိုယ်လုံးကို လက်တစ်ဖက်နှင့် ပြန်သိုင်းဖက်ထားလိုက်သည်။

"ကျွန်မ ဒီမြို့မှာ နှစ်ပေါင်းနှစ်ဆယ်တောင် ကြာအောင် နေခဲ့ပြီးပြီ။ ဒီလို မြို့ငယ်ငယ်ကလေးမှာ ဒါလောက် နေတယ်ဆိုရင် တော်လောက်ပြီပေါ့"

လိုင်ယွန်က ရှေ့သို့ ကိုယ်ကို ကိုင်းလိုက်သည်။

"လောရင့်စ်ဗီးလ်မြို့ကို သဘောကျရဲ့လား မစ္စတာဟေးလ်"

ဒါရိုင်ဘာက ခေါင်းညိတ်ပြသည်။

"အား ဘာများ သဘောမကျစရာရှိလို့

www.burmeseclassic.com

www.burmeseclassic.com

လဲဗျာ။ ကျွန်တော့်ကို ဒီမြို့မှာ မွေးတာပဲ။ အင်မတန် ချစ်စရာကောင်းတဲ့ မြို့ကလေးပါ။ မစ္စအယ်နီက စိတ်ထိခိုက်စရာကလေးတွေနဲ့ ကြုံတွေ့နေရလို့ပါ။ နောက်တော့လည်း ပြောင်းလဲသွားမှာပါပဲ။ ဒီမြို့မှာ သူ ကြာကြာ ပြန်နေမိရင်. . . ”

“ကျွန်မ ဒီမြို့က အပြီးအပိုင် ထွက်သွားတာပါလို့ ပြောထားတယ် မဟုတ်လား မစ္စတာပေါးလ်”

“မင်းရဲ့ အိမ်ကြီးကို တကယ် ရောင်းဖြစ်တော့မယ်ဆိုရင် မင်း စိတ်ပြောင်းသွားမှာပါ။ မင်းအမေကိုလည်း ဒီအိမ်ကြီးထဲမှာပဲ မွေးခဲ့တာ ကျုပ် မှတ်မိနေသေးတယ်။ မင်းရဲ့ မင်းသမီးကလေးတွေကိုလည်း ဒီအိမ်ကြီးထဲမှာပဲ မွေးရမယ်ဆိုတာ ကျုပ် ပြောရဲပါတယ်။

ကျုပ်တို့မြို့မှာ ဆေးရုံသစ်တစ်ခုလည်း ရထားပြီလေ။ နယူးယောက်မှာ ရှိနေတဲ့ ဆေးရုံတွေထက် အများကြီး သာတာပေါ့။ အရိုးပျော့ရောဂါကုဖို့ စက်တွေကိုလည်း တပ်တော့မယ်”

လမ်းပေါ်တွင် နှင်းပွင့်များ ဖုံးနေသည်။ ထိုနှင်းပွင့်များပေါ်မှ ကျော်ဖြတ်မောင်းလာရင်း အိမ်တစ်ဆောင်၏ရှေ့တွင် ထိုးရပ်လိုက်သည်။ လိုင်ယွန်က ကားပေါ်မှဆင်းပြီး ဘာမှ မပြောဘဲ အိမ်ကြီးကို ငေးကြည့်နေသည်။

“ဒါဟာ မင်းရဲ့အိမ်ပဲလား အယ်နီ၊ သိပ်လှတဲ့အိမ်ပဲ”

အယ်နီကို သူ လှည့်ပြောသည်။ အိမ်ကြီးကို သဘောကျသဖြင့် သူ့မျက်လုံးများ အရောင်တောက်နေသည်။

“နှင်းတွေထဲမှာမို့လို့ အရုပ်လို ဖြစ်နေတာပါ”

အယ်နီက စိတ်မကောင်းသည့် အမူအရာနှင့် ပြောသည်။

လိုင်ယွန်က မော်တော်ကားခ ထုတ်ပေးသည်။ မစ္စတာပေါးလ်ကိုလည်း နာတာလူးပွဲတော်မှာ ပျော်နိုင်ပါစေဟု ဆုတောင်းလိုက်သည်။ ပြီးတော့ အယ်နီနှင့်အတူတူ အိမ်ထဲသို့ ဝင်လိုက်လာခဲ့သည်။

ဧည့်ခန်းထဲသို့ ရောက်တော့ နွေးနေသည်ကို တွေ့ရသည်။ အယ်နီက ဘူတာသို့ မသွားမီကတည်းက အဆင်သင့် မီးထည့်ထားခဲ့သည်။ ထို့နောက် အိမ်ကြီးကို လိုက်ပြသည်။

လိုင်ယွန်က မြင်မြင်သမျှများကို သဘောကျနေသည်။ အယ်နီ စိတ်ချမ်းသာအောင် ချီးကျူးစကားများကို ပြောနေခြင်း မဟုတ်ကြောင်း အယ်နီ သိသည်။ အိမ်ကြီးကို သူ တကယ်ပင် သဘောကျနေခြင်း ဖြစ်သည်။

သူတို့နှစ်ယောက် အတူတကွ ချက်ပြုတ်စားသောက်ကြသည်။ ညပိုင်းကျတော့ အိပ်ခန်းထဲမှာ မီးဖိုပေးဖို့ကိုလည်း လိုင်ယွန်က ပြောသည်။

“အိမ်ကြီးက သိပ်လှတာပဲကွယ်။ ဒီအိမ်ဒါလောက် ကောင်းကြောင်းကို မင်း သိခဲ့ဖို့ ကောင်းတာပေါ့။ မင်းနဲ့လည်း လိုက်တယ်။ မင်းဘဝဟာ ဒီအိမ်နဲ့ ပတ်သက်နေတယ်လို့တောင် ထင်ရပါတယ်”

“ရယ်စရာစကားတွေ ပြောမနေပါနဲ့ မောင်ရယ်၊ ကျွန်မကို ဂုဏ်တင်ပြီး ပြောနေတယ်လို့ ကျွန်မ မထင်နိုင်ပါဘူး”

တနင်္ဂနွေနေ့ကျတော့ နှင်းပွင့်များက အကျရပ်သွားသည်။ သူတို့နှစ်ယောက် အဝေးကြီးသို့ လမ်းလျှောက်ကြသည်။ ဘုရားရှိခိုးကျောင်းမှ ပြန်လာကြသည့် လူအုပ်ကြီးနှင့်လည်း သွားတိုးသေးသည်။ တစ်မြို့လုံးရှိ မြို့သူမြို့သား တစ်ဝက်လောက်နှင့် သွားဆုံကြရခြင်း ဖြစ်သည်။

အယ်နီက လက်ဝှေ့ယမ်းပြကာ နှုတ်ဆက်သည်။ သို့သော် ရပ်တော့ မရပ်။ ဆက်လျှောက်မြဲ လျှောက်သည်။ အားလုံးက သူတို့ကို ငေးကြည့်နေကြောင်းလည်း အယ်နီ သိသည်။

အိမ်ပြန်ရောက်တော့ လိုင်ယွန်က ဧည့်ခန်းထဲရှိ မီးဖိုမှာ မီးထည့်နေသည်။ အယ်နီက ရှယ်ရီအရက် ယူလာပေးရင်း တောင်းပန်စကားပြောသည်။

“ရှယ်ရီအရက်တစ်မျိုးပဲ ရှာလို့တွေ့တယ် မောင်ရယ်၊ ဝီစကီဆိုလို့ တစ်စက်တောင် မတွေ့ဘူး”

“မင်းတော့ နာမည်ပျက်တော့မှာပဲ၊ လူတွေ အားလုံးက ဝိုင်းကြည့်နေကြတာ မောင် သတိထားခဲ့မိတယ်။ တည်းခိုခန်းမှာ မောင် စာရင်းသွင်းမထားတာကိုလည်း သူတို့ သိပြီးကြရောပေါ့။ မင်းနဲ့မောင် မြန်မြန် လက်ထပ်တော့မှ ဖြစ်မှာပဲ။ ဒီမြို့ပေါ်မှာ မင်း ဂုဏ်သိက္ခာ မကျဆင်းအောင် လုပ်ရတော့မယ်”

“ဒီမြို့က ကျွန်မကို ဘာထင်ထင် ဂရု မစိုက်ပါဘူး”

www.burmeseclassic.com

လိုင်ယွန်က သူ့ဘေးမှာ လာထိုင်သည်။

"ခေါင်းမာတဲ့မိန်းကလေး လာစမ်းပါဦး၊ ဒီအိမ်ကြီး ကောင်းကြောင်းကိုတော့ မင်း ဝန်ခံရမှာပေါ့ကွယ်။ အခန်းတွေကလည်း လှတယ်။ ဟောဟို မီးဖိုပေါ်က ပန်းချီကားဟာ ဆားဂျင်းရဲ့ ပန်းချီကား မဟုတ်လား"

"ဟုတ်တယ် ထင်တာပဲ၊ အဲဒီပုံတူက ကျွန်မဘိုးအေရဲ့ကားလေ။ နယူးယောက်မှာရှိတဲ့ ပန်းချီကားရောင်းတဲ့ ဆိုင်တစ်ဆိုင်ဆိုင်ကို ကျွန်မ ပို့မယ်လို့၊ ဈေးကောင်းကောင်းရမယ်"

"မရောင်းပါနဲ့ဦး၊ ဒီအတိုင်း ထားလိုက်ရင် တဖြည်းဖြည်း ဈေးကောင်း ပိုရလာလိမ့်မယ်"

လိုင်ယွန်သည် ထိုမျှပြောပြီး တိတ်ဆိတ်သွားသည်။ ခဏကြာတော့မှ အယ်နီဘက်သို့ လှည့်ပြောသည်။

"အယ်နီ၊ မောင် တကယ် ပြောတာပါ။ ဒီအိမ်ထဲမှာ မင်း ထိုင်နေတာကို တွေ့ရတော့ မင်းဟာ ဟိုတုန်းကထက်တောင် ပိုလှသွားတယ်။ ဒီနေရာဟာ မင်းနဲ့ တကယ်လိုက်တဲ့ နေရာပဲ။ ကိုယ့်ရင်ထဲမှာလည်း အေးချမ်းသွားတာပဲ။ လောရင့်စ်ဗီးလ်မြို့ဟာ မင်းနဲ့ တကယ်လိုက်ဖက်တဲ့မြို့ပဲ"

"မောင် ဒီမှာလာပြီး ကျွန်မနဲ့အတူတူ ရှိနေလို့ ဖြစ်ပါလိမ့်မယ်ကွယ်"

"ချစ်သူရှိတဲ့နေရာဟာ ကိုယ်နေအပ်တဲ့ အရပ်လို့ ဆိုလိုတာလား"

လိုင်ယွန်က အယ်နီကို ဖက်ထားလိုက်ပြန်သည်။

သူတို့နှစ်ယောက်စလုံး မီးဖိုကို ငေးစိုက်ကြည့်နေကြသည်။ ခဏကြာတော့ မီးလောင်နေသည့် ထင်းတုံးကို မျက်တောင်မခတ် စိုက်ကြည့်နေရင်းကပင် လိုင်ယွန်က ပြောပြန်သည်။

"ဒီမှာဆိုရင်တော့ အလုပ်ဖြစ်မှာပဲ"

"ဘာအလုပ်ဖြစ်မှာလဲ"

"ကိုယ်တို့နှစ်ယောက် နေလို့ရတယ်လို့ ပြောတာပါ"

အယ်နီက သူ့ကိုယ်ပေါ်သို့ ကိုင်းမှီထားလိုက်သည်။

"အလုပ်ဖြစ်နိုင်ပါတယ်လို့ ကျွန်မ အမြဲပြောခဲ့တာပါ မောင်ရယ်။ မောင် ဒါလောက်ရှုန်းကန်နေတာကို ရပ်လိုက်ဖို့ ကောင်းပြီ။ ကိုယ် လုပ်ရမယ့်အလုပ်ကို ရှောင်လွှဲလို့ ရနိုင်တာမှ မဟုတ်တာဘဲ"

"မောင့်မှာ ဒေါ်လာခြောက်ထောင်လောက်တော့ ရှိတယ်၊ ဒီအရပ်မှာ တစ်နှစ်ကို အခွန်အတုတ် ဘယ်လောက်များ ကောက်သလဲ အယ်နီ"

"ဒီအရပ်မှာလား. . ."

"သိပ်တော့ များနိုင်မယ် မထင်ပါဘူး။ မင်းက မောင့်ကို ထောက်ပံ့ပေးနေရတဲ့ဘဝမျိုးနဲ့တော့ မောင် လက်မထပ်နိုင်ဘူးလို့ မောင်ပြောခဲ့တာ သတိရတယ် မဟုတ်လား။ ဒါပေမယ့် အခု နေချင့်စဖွယ်ကောင်းတဲ့ အိမ်မှာဆိုရင်တော့ မောင် နေနိုင်ပါတယ်။ မောင့်မှာရှိနေတဲ့ ခြောက်ထောင်လောက်နဲ့ တစ်နှစ်တော့ နေလို့ရပါတယ်။

တကယ်လို့ မောင့်စာအုပ်အတွက် စရန်ငွေများ အတော်အသင့် ရမယ်ဆိုရင် နောက်တစ်အုပ်ကို မောင် ဆက်ရေးနိုင်မယ်။ အယ်နီ၊ တကယ် အလုပ်ဖြစ်နိုင်တယ်ကွာ"

လိုင်ယွန်က ထိုင်ရာမှထပြီး လက်ချင်းပွတ်နေသည်။ အခန်းထဲကို လှည့်ကြည့်သည်။

"ဟုတ်တယ်၊ သိပ်ကို စိတ်ချမ်းသာစရာကောင်းမှာပဲ။ ဒီမှာဆိုရင် မောင် စာကောင်းကောင်းရေးနိုင်မယ်"

"ဒီမှာ ဆိုရင်လား"

အယ်နီ၏ လည်ချောင်းထဲမှာ တစ်ဆို့လာသည်။

လိုင်ယွန်က ကြမ်းပြင်ပေါ် ဒူးထောက်ထိုင်လိုက်သည်။

"အယ်နီ၊ မောင်တို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ တကယ် တွေးကြည့်တော့ ထင်သလောက် ရေရေရာရာ မရှိခဲ့သေးပါဘူး။ ဒါပေမယ့် အင်မတန် နေပျော်တဲ့ ဒီနေရာမှာ အလေးနက်ဆုံး အမူအရာအဖြစ် ဒူးထောက်ပြီး မောင် တောင်းပန်ပါရစေ။ မောင့်ကို လက်ထပ်နိုင်ပါ့မလား"

"ဘာဖြစ်လို့ လက်မထပ်နိုင်ရမှာလဲ မောင်၊ ဒါပေမယ့် ဒီအိမ်ကို မရောင်းဘဲထားပြီး မောင် ဒီမှာ စာလာရေးမယ်လို့ ဆိုလိုတာလား။ မောင့်အတွက် လုပ်ပေးရမယ်ဆိုရင် ကျွန်မ ဝမ်းသာပါတယ်မောင်။ ဒါပေမယ့် ဒါလောက်ဝေးတဲ့နေရာကို အပတ်တိုင်းလာရင် လမ်းမှာတင် အချိန်တွေကုန်လှပြီ"

"မောင်တို့ ဒီမှာနေကြမယ်လေ၊ ဒီအိမ်ဟာ မင်းရဲ့အိမ်ပဲပေါ့။ ဒါပေမယ့် အိမ်နဲ့ပတ်

www.burmeseclassic.com

www.burmeseclassic.com

သက်တဲ့ အခွန်တွေကို မောင် ဆောင်မယ်။ အစားအသောက် ကုန်ကျစရိတ် မောင်ခံမယ်။ မင်းကို လုပ်ကိုင်ကျွေးမွေးဖို့ဆိုတာ မောင်ရဲ့ ဝတ္တရား မဟုတ်လား။ တစ်နေ့ကျရင်တော့ လုံလောက်တဲ့ငွေ ရလာမှာပေါ့ကွယ်။

အမှန်ကတော့ ဒါတွေကို ဖြစ်စေချင်လို့ မင်းအဖေက ဒီလို စီစဉ်ထားခဲ့တာပါ။ မင်းအမေလည်း ဒီအိမ်မှာ မွေးခဲ့တာပဲလို့ မစ္စတာ ဟေးလ်က ပြောသွားတယ်။ မောင်တို့ရဲ့ မျိုးရိုးဇာစ်မြစ်တွေကို ဒီနေရာမှာပဲ ဆက်ပြီး ထူထောင်ကြပါစို့ အယ်နီ။ ကိုယ့်မျိုးဆက်တွေကိုလည်း ဒီမှာပဲ အခြေချသွားစေချင်တယ်။ အောင်မြင်တဲ့ စာရေးဆရာတစ်ယောက် ကိုယ် ဖြစ်လာမှာပါ။ မင်း မြင်ရပါစေ့မယ်"

"ဒီမှာနေဖို့ ပြောနေတာလား"

အယ်နီက သူ့ကို ထိတ်လန့်တကြီးနှင့် ကြည့်နေသည်။

"နယူးယောက်ကို မောင်ပြန်မယ်။မောင်တို့ နှစ်ယောက် အလုပ်ထွက်တော့မယ့် အကြောင်း ဟင်နရီကို နို့တစ်ပေးလိုက်မယ်။ မင်း သဘောကျမယ်ဆိုရင် နယူးယောက်မှာပဲ ကိုယ်တို့ လက်ထပ်ကြမယ်။ ဂျနီဖာလည်း ဟိုမှာ ရှိနေတာပဲ"

"ဟိုမှာ အားလုံး ရှိနေတာပါ"

"ကိုယ်တို့အတွက် မရှိရင် မဖြစ်တာတွေကျတော့ ဟိုမှာ မရှိပါဘူးကွယ်"

"ဒါပေမယ့် လိုင်ယွန်၊ ကျွန်မ ဒီမှာ နေရတာကို မုန်းတယ်။ ဒီမြို့ကို မုန်းတယ်။ ဒီအိမ်ကို မုန်းတယ်"

အယ်နီ ခါးခါးသီးသီးဖြစ်ပြီး အထိတ်တလန့် ဖြစ်နေသည်ကို ပထမဦးဆုံး အကြိမ်အဖြစ်နှင့် လိုင်ယွန် သတိထားမိလာသည်။

"မောင်နဲ့အတူတူ နေရင်လည်း ဒီမြို့ကို မုန်းနေဦးမှာပဲလားကွယ်"

လိုင်ယွန်က စကားမမှားအောင် သတိထားပြီး မေးသည်။

အယ်နီက အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်တော့သည်။ သူ့ခေါင်းထဲသို့ စုပြုံရောက်လာသည့် အတွေးများကို တစ်ခုချင်း ပြန်စဉ်းစားနေသည်။ လိုင်ယွန် သဘောပေါက်နားလည်အောင် သူ ရှင်းပြရပေတော့မည်။

"လိုင်ယွန်၊ မောင် ဒီမှာနေရင် စာရေးနိုင်မယ်လို့ ပြောတယ်။ ဟုတ်ပါတယ်၊ တစ်နေ့ကို ရှစ်နာရီလောက် မောင်က စာရေးနိုင်မယ်။ ဒါပေမယ့် ကျွန်မက ဘာလုပ်နေရမှာလဲ။ အမျိုးသမီးအသင်းတွေထဲကို ဝင်ရမှာလား။ သူတို့နဲ့အတူတူ ကစားဝိုင်းတွေမှာ သွားပြီး အချိန်ဖြုန်းနေရမှာလား။ ကျွန်မနဲ့အတူတူ လူလားမြောက်ခဲ့ကြပြီး ကျွန်မ ပေါင်းလို့သင်းလို့ မရခဲ့တဲ့ အမျိုးသမီးတွေနဲ့ ပြန်ပြီး ပေါင်းသင်းနေရဦးမှာလား။

ပြီးတော့ ဒီအရပ်က လူတွေကလည်း မောင့်ကို ချက်ချင်း လက်ခံကြမှာ မဟုတ်ဘူး။ မောင်ဟာ တစ်နယ်တစ်ကျေးက ရောက်လာတဲ့ မျက်နှာစိမ်းပဲ။ ဒါလောက် စိတ်ပျက်စရာ ကောင်းတဲ့မြို့မှာ မောင်ဟာ အပြင်လူသက်သက်ဘဝနဲ့ နေရမှာပဲ"

လိုင်ယွန်၏ မျက်နှာပေါ်မှ တင်းမာနေမှုသည် ပြေလျော့သွားသည်။

"မင်း စိတ်ပူနေတာက ဒီအကြောင်းကြောင့်ကိုး။ ကိုယ့်ကို ဝိုင်းပယ်လိုက်မှာ စိုးလို့ကိုး။ ဒီအတွက်တော့ မပူပါနဲ့ အယ်နီ၊ မောင် နေတတ်ပါတယ်။ ရင်ဆိုင်ရဲပါတယ်။ ဘုရားရှိခိုးကျောင်းကို ကိုယ်တို့ သွားမယ်။ ပတ်ဝန်းကျင်အရပ်တွေကို သွားမယ်။ မောင်တို့ ဒီမှာပဲ အခြေချကြတော့မယ်ဆိုတာ သူတို့ သဘောပေါက်သွားကြတဲ့ တစ်နေ့မှာ သူတို့ရဲ့ တင်းမာမှုတွေလည်း လျော့သွားမှာပေါ့"

"မဖြစ်ဘူး မဖြစ်ဘူး၊ ဒီအလုပ်တော့ ကျွန်မ မလုပ်ဘူး။ဒီမှာတော့ ကျွန်မ မနေဘူး"

"ဘာဖြစ်လို့လဲ အယ်နီ"

လိုင်ယွန်၏အသံက တည်ငြိမ်နေသည်။

"လိုင်ယွန်၊ ကျွန်မ ပြောနေတာကို မောင် နားမလည်နိုင်တော့ဘူးလား။ မောင့်မှာလည်း မောင့်ယုံကြည်ချက်တွေ၊ မောင့်မှုတွေရှိတယ်။ နယူးယောက်မှာနေရင် ကျွန်မ ထောက်ပံ့တာကို မောင် လက်မခံနိုင်ဘူး ဆိုတာမျိုးပေါ့။ ကျွန်မမှာလည်း ကျွန်မမှုနဲ့ ကျွန်မ ရှိပါတယ် မောင်။

ဒါပေမယ့် များများစားစား မဟုတ်ပါဘူး။ တစ်ခုတည်းပါ။ လောရင့်စ်ဗီးလ် တစ်မြို့တည်းပါ။ ကျွန်မ ဒီမြို့ကို မုန်းတယ်။ နယူးယောက်မြို့ကို ကျွန်မ သဘောကျတယ်။ နယူးယောက်ကို ကျွန်မ မလာခင်တုန်းက ဒီမှာပဲ နေခဲ့တာပါ။ ဟောဒီ ရှေးဟောင်းပြတိုက်လို အိမ်ကြီးထဲမှာ နေခဲ့ရတာပါ။ ကျွန်မဘာဘာ ဘာမှ အဓိပ္ပာယ် မရှိဘူး။ သေနေတာနဲ့ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com

မထူးဘူး။

နယူးယောက်ကို ကျွန်မ ရောက်လာတာနဲ့ တစ်ပြိုင်တည်း မျက်နှာပေါ်မှာ ဖုံးထားတဲ့ အဖုံးကြီးကို မ,တင်လိုက်သလိုပဲ။ ကျွန်မဟာ အသက်ရှင်နေတဲ့ လူတစ်ယောက်ပါလားဆိုတဲ့ အသိကို ကျွန်မဘဝမှာ ပထမဆုံး စပြီးရတော့တာပဲ။ အသက်ရှူလည်း ဝသွားတယ်"

"ဒါပေမယ့် အခု ကိုယ်တို့နှစ်ယောက်တွေ့ကြပြီပဲ။ တစ်ယောက်ကို တစ်ယောက်ပိုင်ကြဆိုင်ကြပြီပဲ"

လိုင်ယွန်က အယ်နီကို တည့်တည့်စူးစိုက်ကြည့်နေသည်။

"ဒီမှာတော့ မဖြစ်ပါဘူး မောင်ရယ်၊ ဒီမှာတော့ မဖြစ်နိုင်ပါဘူး။ မောင် နားမလည်တော့ဘူးလားဟင်။ ကျွန်မဘဝက ဒီမှာဆိုရင် သေနေတာနဲ့ အတူတူပဲ ဖြစ်တော့မယ်"

အယ်နီသည် မရှူနိုင် မရှိုက်နိုင် ဖြစ်လာသည်။

"ဒီလိုဆိုရင် ကိုယ် ထင်သားသလို ဖြစ်နေပြီပေါ့။ မင်းဟာ ကိုယ့်ကို နယူးယောက်မြို့မှာပဲ ချစ်နိုင်တာပေါ့"

"မောင့်ကို ကျွန်မ ချစ်ပါတယ် လိုင်ယွန်၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် မောင့်ကို ကျွန်မချစ်မှာပါ။ မောင့်အလုပ်နဲ့ မောင် ကြိုက်တဲ့နေရာကို သွားပါ။ ကျွန်မ လိုက်နိုင်ပါတယ်။ ကြိုက်တဲ့အရပ်ကို မောင် သွားပါ။ ဒါပေမယ့် ဒီနေရာမှာတော့. . . "

အယ်နီ၏ မျက်လုံးထဲမှာ မျက်ရည်များပြည့်လာပြီ။

"တစ်နှစ် နှစ်နှစ်လောက်မှ စမ်းပြီး နေကြည့်ချင်တဲ့စိတ်မျိုး မရှိတော့ဘူးလား အယ်နီ"

"လိုင်ယွန်၊ ဒီအိမ်ကြီးကို ကျွန်မ ရောင်းလိုက်ပါ့မယ်။ ရောင်းရသမျှ ပိုက်ဆံတွေအကုန်လုံး မောင့်ကို ပေးပါ့မယ်။ ဘယ်လောက်ကျဉ်းတဲ့ အခန်းကလေးထဲမှာပဲ ဖြစ်ဖြစ် မောင်နဲ့အတူတူ နေနိုင်ပါတယ်။ ဒါပေမယ့် ဒီအရပ်မှာတော့ မနေပါရစေနဲ့ မောင်ရယ်"

လိုင်ယွန်က မီးဖိုဘက်သို့ ပြန်လှည့်သွားသည်။

"ထင်းတုံးကုန်သွားပြီထင်တယ်၊ ကိုယ်မပြန်ခင် ထင်းတုံးတစ်တုံး ထည့်ပေးခဲ့မယ်"

အယ်နီက သူ့လက်ပတ်နာရီကို ငုံ့ကြည့်သည်။

"အစောကြီး ရှိသေးတာပဲ"

"လေးနာရီ ရထားနဲ့ လိုက်သွားတာကပိုကောင်းမယ် ထင်တယ်။ မနက်ဖြန်ကျတော့ ရထားတွေ သိပ်ကျပ်ကုန်လိမ့်မယ်။ နာတာလူးပွဲတော် ရောက်တော့မှာ မဟုတ်လား"

"ကျွန်မလည်း မောင်နဲ့အတူတူ ဘူတာရုံကို လိုက်ခဲ့မယ်"

အယ်နီက ထိုင်ရာမှ ထသွားပြီး မစ္စတာဟေးလ်ကို ဖုန်းဆက်ခေါ်သည်။

ဘူတာရုံမှ အယ်နီ ပြန်ရောက်လာသောအခါ မီးဖိုထဲမှာ မီးငြိမ်းနေပြီကို တွေ့ရသည်။ သည်အိမ်ထဲမှာ လိုင်ယွန် မရှိတော့ကြောင်း သိလိုက်သည်နှင့် တစ်ပြိုင်တည်း စိတ်ထဲမှာ ဟာတာတာ ဖြစ်သွားသည်။

မိမိ ပြောပြသည်များကို လိုင်ယွန် နားမလည်ပါလေစဟုလည်း အယ်နီ တွေးနေမိသည်။ ဘူတာရုံသို့သွားရာ လမ်းတစ်လျှောက်လုံးတွင် လိုင်ယွန် စကားနည်းလွန်းလှသည်။

"ကျွန်မ အင်္ဂါနေ့ ပြန်လာခဲ့မယ်၊ နာတာလူးပွဲတော်မှာတော့ ဘယ်ကိစ္စတွေ ဘယ်လောက် အရေးကြီးကြီး မောင့်အနားမှာပဲလာနေမှာပဲ" ဟု အယ်နီက သူ့ကို ပြောပြခဲ့သေးသည်။

သို့သော် ရထားပေါ် သူ တက်အသွားတွင် အယ်နီကို ပြန်လှည့်၍မျှပင် မကြည့်တော့။ လက်ကလေးကိုပင်ပြပြီး နှုတ်ဆက်မသွား။ဆိုးဝါးသည့် ဝေဒနာတစ်မျိုးကို အယ်နီခံစားလိုက်ရတော့သည်။ အလကား အသုံးမကျတဲ့ လောရင့်စ်ဗီးလ်မြို့။ ရေဘဝဲ တစ်ကောင်လို ရစ်ပတ်ပြီး သူ့ဘဝကို ပျက်စီးအောင် နှောင်ဖွဲ့နေသည်နှင့် တူချေသည်။

နောက်တစ်နေ့ကျတော့ ဂျနီဖာက ဖုန်းလှမ်းဆက်သည်။ အက်စက်ဟိုတယ်တွင် တိုနီနှင့်သူ အခန်းကြီး ငှားနေကြောင်း၊ မီရီယမ်လည်း အောက်ထပ်က အခန်းတစ်ခန်းမှာ နေကြောင်း၊ ယခု ကိစ္စကြီး တစ်ခုလုံးအတွက် လိုအပ်သည်များကို မီရီယမ် ကောင်းကောင်းမွန်မွန် ဆောင်ရွက်ပေးနေကြောင်း၊ ဇန်နဝါရီလ နှစ်ရက်နေ့တွင် ကာလီဖိုးနီးယားသို့ သူတို့သွားကြတော့မည် ဖြစ်ကြောင်း၊ အယ်နီ ဘယ်တော့ ပြန်လာမည်ကို သိလိုကြောင်း၊ မနက်ဖြန်ညတွင် နာတာလူးပွဲတော် အဖိတ်နေ့ညညစာစားပွဲကြီးတစ်ပွဲလုပ်ဖို့ သူတို့ စီစဉ်ထားကြောင်းများကို ပြောပြသည်။

"ကိုယ် အရောက်လာခဲ့ပါ့မယ်၊ ဒါပေ


www.burmeseclassic.com

www.burmeseclassic.com



မယ့် ဒီမှာတော့ ကိစ္စတွေ မပြတ်နိုင်သေးဘူး။ တစ်သက်လုံးပဲ ရှင်းမရအောင် ဖြစ်နေကြတော့မှာလား မသိပါဘူး သူငယ်ချင်းရယ်။ ဟို လေးငါးရက်တုန်းက ဟင်နရီနဲ့ စကားပြောလိုက်ရသေးတယ်။ ကိုယ့်အလုပ်တွေ မပြီးမချင်း ပြန်မလာပါနဲ့လို့ သူက ပြောတယ်။ ကျေးဇူးတင်စရာပါပဲကွယ်။

ဒီနေ့ည လိုင်ယွန် ဖုန်းဆက်ရင် မင်းတို့ ဧည့်ခံပွဲအကြောင်း ကိုယ် ပြောပြလိုက်မယ်။ အဲဒီကျတော့မှပဲ တွေ့ကြတော့မယ်နော်”

အယ်နီက ပြန်ပြောသည်။

ထိုညက လိုင်ယွန် ဖုန်းမဆက်ချေ။ သူ စိတ်ကောက်နေပြီနှင့် တူသည်။ ယခု အဖြစ်အပျက်မှာ သူတို့နှစ်ယောက်အဖို့ ပထမဦးဆုံး အကြိမ် စကားများကြခြင်းလည်း ဖြစ်သည်။ ဖီလာဒဲလ်ဖီးယားတုန်းကတော့ သာမန် အထင်အမြင် လွဲမှားမှုလောက်သာ ဖြစ်ခဲ့သည်။

အယ်နီကလည်း သည်ကိစ္စကိုတော့ အလျှော့ပေးမည် မဟုတ်ပါ။ သို့သော်လည်း မနက်ဖြန်ကျလျှင်တော့ ရုံးသို့ ဖုန်းဆက်ပြီး နေ့ခင်းရထားနှင့် မိမိ လိုက်လာနေပြီဖြစ်ကြောင်း သူ့ကို ပြောပြမည်ဟု ပိုင်းဖြတ်ထားလိုက်သည်။

နောက်တစ်နေ့ မနက် ဆယ်နာရီမှာ ဖုန်းလှမ်းဆက်သည်။ ဟင်နရီ ရုံးမှာ မရှိ။ လိုင်ယွန်လည်း ရုံးမှာ မရှိ။ ဂျော့ဘယ်လိုစ်နှင့်သာ စကားပြောရသည်။

“လိုင်ယွန် ဘယ်မှာ ရှိနေမယ်ဆိုတာ ကိုယ်လည်း မသိဘူး။ ဘယ်သူကမှလဲ ကိုယ့်ကို ပြောမထားဘူး။ မနေ့တုန်းက လိုင်ယွန် လာတယ်။ ညနေပိုင်း ရုံးမတက်ဘဲ ပြန်သွားတယ်။ ဟင်နရီက ကာလီဖိုးနီးယားကို သွားနေတယ်။ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေလို့ ဒါမှ မဟုတ်ရင်လည်း လိုင်ယွန်ကို သူ လွှတ်လိုက်တာ ဖြစ်ချင်ဖြစ်မယ်။ ကိုယ့်ကို ဘယ်သူကမှ ဘာမှ ပြောပြမထားကြဘူး”

ဂျော့ဘယ်လိုစ်က ပြန်ပြောသည်။

အယ်နီက အထုပ်အပိုးများကို ပြန်ဖြေလိုက်သည်။ နယူးယောက်သို့ သွားလျှင်လည်း ဘာမှ အကျိုးထူးတော့မည် မဟုတ်။ အနည်းငယ် စိတ်သက်သာရာတော့ ရသွားသည်။

ကာလီဖိုးနီးယားပြည်နယ်သို့ လိုင်ယွန် ရောက်နေနိုင်သည်။ ထို့ကြောင့် သူ့ထံသို့ ဖုန်းမဆက်ခြင်း ဖြစ်သည်ဟု တွေးလိုက်သည်။ အနည်းဆုံး မိမိအပေါ် သူ စိတ်မဆိုးကြောင်းတော့ သေချာသွားသည်။ ညကျလျှင်တော့ လိုင်ယွန်က ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြပေလိမ့်မည်ဟုလည်း တွေးမိသည်။

နာတာလူးပွဲတော် အကြိုနေ့ညတွင် သူတစ်ယောက်ထီးတည်း အဖော် မရှိဘဲ နေနေရသည်။ လိုင်ယွန်ကလည်း ဖုန်းမဆက်သေး။ မနက်သုံးနာရီထိုးတော့ လိုင်ယွန်၏ အိမ်ကို ဖုန်းလှမ်းဆက်ကြည့်သည်။ ကာလီဖိုးနီးယားပြည်နယ်သို့ သူ မသွားတာလည်း ဖြစ်နိုင်သည်။ မိမိကို စိတ်ကောက်နေခြင်း ဖြစ်လိမ့်မည်ဟု တွေးနေမိပြန်သည်။ လိုင်ယွန် အိမ်မှ ဖုန်းပြန်မထူးချေ။

ယခုနှစ် နာတာလူးပွဲတော်သည် သူ မှတ်မိသမျှများထဲတွင် အဆိုးဝါးဆုံးသောပွဲတော် ဖြစ်သည်။ လောရင့်စ်ဗီးလ်မြို့မှာ သူ တစ်ယောက်ထီးတည်း အဖော် ကင်းမဲ့စွာနှင့် စိတ်ထိခိုက် မဆုံးနိုင်အောင် ဖြစ်နေရသည်။

ထင်းကုန်သွားသောကြောင့် ရေနံဆီမီးဖိုနှင့် အိမ်ကို အပူငွေ့ ပေးထားရသည်။ တစ်အိမ်လုံး ကောင်းစွာ ပူနွေးနေသည်မှာ မှန်သည်။

သို့သော်လည်း အယ်နီအဖို့တော့ နွေးသည်ဟုမထင်။ လိုင်ယွန် မရှိဘဲ တစ်ယောက်ထီးတည်း နေရသောကြောင့် ဖော်မစုံ မလုံကွေးတယ် ဘဝမျိုးသို့ ရောက်နေရရှာသည်။

လက်ဖက်ရည် ဖျော်သောက်သည်။ အစားလည်း စားချင်စိတ် သိပ်မရှိတော့။ ရေဒီယိုက ပွဲတော်သီချင်းများ လွှင့်နေသည်။ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံက အဆက်မပြတ် မြည်နေသည်။ လူတွေစုပြီး လမ်းတကာလှည့်ကာ သီချင်းဆိုကြသည့် အသံများကိုလည်း တစ်ရံမလပ် ကြားနေရသည်။

သို့သော် သူ့မှာတော့ အဖော်မဲ့ကာ တစ်ကိုယ်တည်း ရှိနေပြီ။ သူ ရူးချင်ပြီ။

ဂျနီဖာက နယူးယောက်မြို့မှာ တိုနီနှင့် အတူတူ ရှိနေသည်။ နီလီက ကာလီဖိုးနီးယားပြည်နယ်မှာ မဲလ်နှင့် အတူတူ ရှိနေသည်။ သို့သော် သူကိုယ်တိုင်ကမူ လောရင့်စ်ဗီးလ်မြို့ကလေးမှာ တစ်ကိုယ်တည်း ဖြစ်နေရရှာသည်။

နောက်ထပ် ငါးရက်ကြာမျှ ... ထိုအတိုင်း နေနေရသေးသည်။ မပြီးပြတ်သေးသည့်ကိစ္စများ ပြီးပြတ်အောင် ... နေ မစွတာ

www.burmeseclassic.com

www.burmeseclassic.com



ဝေါကားနှင့် ဆက်ရှင်းနေရသည်။ ယခုအပတ် ကုန်လျှင်တော့ သူ ပြန်နိုင်ပြီ။ သူ့စိတ်ကို သူ မထိန်းနိုင်တော့ဘဲ ဘီဗာလီ တောင်ကုန်း ဟိုတယ်မှာ ရှိနေသည့် ဟင်နရီကို ဖုန်းလှမ်း ဆက်တော့သည်။

"ဘကြီး၊ လိုင်ယွန် ဘယ်မှာလဲ"

"ဘကြီးကလည်း ဒါကို သိချင်နေတာ"

ဟင်နရီ၏အသံမှာ ဖုန်းထဲတွင် အက်တက်တက် ဖြစ်နေသည်။

"ဘကြီးနဲ့အတူတူ အဲဒီကို သူ လိုက်လာတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ မင်းနဲ့အတူတူ ရှိနေလိမ့်မယ်လို့ ဘကြီးက ထင်နေတာ"

"တနင်္ဂနွေနေ့က သူနဲ့ကျွန်မ ခွဲသွားတာ နောက်ထပ် ဘာသံမှ မကြားတော့ဘူး"

"ရယ်စရာတွေ လုပ်နေတာများလား သမီးရယ်၊ မနေ့ညနေတုန်းက ရုံးကို ဘကြီး ဖုန်းပြန်ဆက်ကြည့်သေးတယ်။ တနင်္လာနေ့က စပြီး သူ မလာတော့ဘူးလို့ ဂျော့က ပြောတယ်။ ဒါကြောင့် နာတာလူးပွဲတော်ရက်မှာ သမီးနဲ့အတူတူ နေရအောင် သူ ခွင့်ယူသွားတယ်လို့ ဘကြီးက ထင်နေတာ"

"ဘကြီး၊ ကျွန်မတို့ သူ့ကို ရှာမှ ဖြစ်တော့မယ်"

"ဘာဖြစ်လို့လဲ၊ တစ်ခုခုများ မှားကုန်ကြသလား။ သူဟာ ဒီလို ပျောက်သွားတတ်တဲ့ လူစားမျိုးတော့ မဟုတ်ပါဘူး။ သူ့အခန်းကိုလည်း ဘကြီး သုံးရက်ဆက်တိုက် ဆက်ကြည့်တယ်။ အဲဒီမှာလည်း သူ မရှိဘူး"

"ကျွန်မ မနက်ဖြန် ပြန်မယ် ဘကြီး၊ သူ့ကို ရှာပေးပါ ဘကြီးရယ်။ သူ့ကို တွေ့အောင် ရှာပေးကြပါ"

အယ်နီ၏ တစ်ကိုယ်လုံး ကြောက်ရွံ့စိုးရိမ်စိတ်များ ချက်ချင်း ပျံ့နှံ့သွားတော့သည်။

"စိတ်အေးအေးထားပါ သမီးရယ်၊ သမီးတို့နှစ်ယောက် အချစ်စမ်းနေကြတာများလား"

"မဟုတ်ပါဘူး ဘကြီးရယ်၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှု လွဲသွားတာပါ။ ဒါပေမယ့် ဒါလောက် ဖြစ်လာလိမ့်မယ်လို့ ကျွန်မ မထင်ခဲ့မိဘူး"

"ဘကြီးလည်း မနက်ဖြန် ပြန်လာခဲ့မယ်။ ညနေလေးနာရီ လေယာဉ်ပျံလက်မှတ် ဝယ်ထားပြီးပြီ။ စိတ်အေးအေးထား သမီး။ ဘကြီးတို့ကိုပစ်ပြီး လိုင်ယွန် ထွက်မပြေးပါဘူး။ တနင်္လာနေ့ကျတော့ သူ ပြန်လာပါလိမ့်မယ်။ ဒီတော့မှ သူ ဘယ်ရောက်နေတယ်ဆိုတာ ယုံလောက်တဲ့ အကြောင်းပြချက်တွေ ပေးပါလိမ့်မယ်။ သမီးလည်း အဲဒီမှာ အခုစနေ၊ တနင်္ဂနွေ ဆက်ပြီး နားနေလိုက်ပါလား"

"နားရမယ် ဟုတ်လား၊ ကျွန်မက ဒီနေရာနဲ့ ဝေးရာကို အခုချက်ချင်း ထွက်ပြေးချင်နေတာ"

*

နယူးယောက်မြို့သို့ အယ်နီ ပြန်ရောက်လာသောအခါ လိုင်ယွန်၏စာက ဟိုတယ်မှ စောင့်နေသည်။

**ချစ်တဲ့အယ်နီ**

*မောင့်ဘဝကို မောင် ပြန်ပြီး သုံးသပ်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွယ်။ နယူးယောက်ကို ရထားစီးပြီး ပြန်လာရတာ ငါးနာရီကြာပါတယ်။ အဲဒီ ငါးနာရီအတွင်း အခြေအနေ အရပ်ရပ်ကို ပြန်ပြီး ချင့်ချိန်သုံးသပ်ခွင့်ရခဲ့ပါတယ်။ လုံလောက်တဲ့ အချိန်လို့လည်း ဆိုနိုင်ပါတယ်။*

*တကယ်လို့ မောင် စာရေးချင်တယ်ဆိုရင် မောင့်မှာ လုပ်စရာ အလုပ်တစ်ခုပဲ ရှိပါတယ်။ ဘာလဲဆိုတော့ စာရေးဖြစ်အောင် ရေးဖို့ပါပဲ။ ဒါပေမယ့် အခုအချိန်အထိ မောင်ဟာ အဓိပ္ပာယ်မရှိတဲ့ ဆင်ခြေဆင်လက်တွေကို ရှာနေခဲ့တယ်။*

*ဟင်နရီအတွက် အလုပ်လုပ်ပေးရမယ်။ ပြီးတော့ အင်မတန် နေဖို့ထိုင်ဖို့ကောင်းတဲ့ မင်းအိမ်ကြီးကိုလည်း သဘောကျနေတယ်။ ဟင်နရီအတွက် တစ်ဖက်က အလုပ်လုပ်ပေးရင်း မင်းအိမ်ကြီးထဲမှာပဲ စာထိုင်ရေးမယ်ပေါ့။*

*ဒါကို သေသေချာချာ စဉ်းစားကြည့်တော့ မောင် စာရေးဖြစ်နိုင်အောင် ကမ္ဘာလောကကြီး တစ်ခုလုံးက မောင် ဖြစ်ချင်တဲ့ ပုံစံမျိုးတွေ ဖြစ်ပေးရမယ်ဆိုတဲ့ သဘောပဲ။ မောင်ဟာ ဘယ်လိုလူစားမျိုး ဖြစ်သွားပြီလဲ။ အဓိပ္ပာယ် မရှိတာတွေကို လိုက်ပြီး စိတ်ကူးယဉ်နေခဲ့တယ်။ ဘာမဟုတ်တဲ့ စာရေးဆရာတစ်ယောက် အတွက်လည်း မင်း ဘကြီး တစ်ခုလုံးကို စွန့်လွှတ်ခိုင်းနေတယ်။*

*လောလောဆယ် အချိန်မှာတော့ မောင်*

www.burmeseclassic.com



ဟာ တောင်မရောက် မြောက်မရောက်နဲ့ လမ်းခုလတ်မှာ သောင်တင်နေရသူလိုပဲ။ ဟင်နရီ သဘောကျခဲ့ဖူးတဲ့ ဟိုတုန်းက လိုင်ယွန်ဘတ် မဟုတ်တော့ဘူး။ ဟိုတုန်းက လိုင်ယွန်ဘတ်က ပြတ်သားတယ်။

ခုတော့ မောင်ဟာ ဘာကောင်မှလဲ မဟုတ်တော့ဘူး။ အမှန်အတိုင်း ကိုယ့်ဟာကိုယ် ပြန်သုံးသပ်ကြည့်ရင် စာရေးဆရာတစ်ပိုင်း၊ မန်နေဂျာတစ်ပိုင်း ဖြစ်နေတဲ့ ဘဝမျိုးပဲ။ စာရေးချင်တဲ့စိတ်ကြောင့် ဟင်နရီ့အလုပ်ကို အာရုံစိုက်ပြီး နင်လား ငါလား အလုပ်လုပ်မပေးနိုင်ဘူး။

အချိန်ပြည့် စာရေးဆရာတစ်ယောက် မဖြစ်ရမှာ စိုးလို့လည်း လက်ထပ်ဖို့ကိစ္စကို ဘေးဖယ်ထားမိတယ်။ ဟင်နရီနဲ့ အတူတူ အလုပ်လုပ်ချင်နေတဲ့အတွက် စာရေးတဲ့လုပ်ငန်းကိုလည်း ဇောက်ချ မလုပ်နိုင်ပြန်ဘူး။

ကနေ့ထက်တိုင်အောင် မောင့်ဘဝကို မင်းလက်ထဲလည်း ထိုးမအပ်နိုင်ဘူး။ ဟင်နရီအတွက်လည်း စိတ်တိုးတိုး ချပြီး လုပ်မပေးနိုင်ဘူး။ စာရေးတဲ့ လုပ်ငန်းကိုလည်း လုံးလုံးလျားလျား ဇောက်ချပြီး မလုပ်နိုင်ဘူး။ ဘဝသုံးခုထဲမှာ မရေမရော မသေမချာ လည်ပတ်နေရတာနဲ့ ဘာထူးဦးမှာလဲ။

ဒီလိုဘဝမျိုးက လွတ်မြောက်ချင်တယ်ဆိုရင် မောင် သံယောဇဉ် ဖြစ်မိတဲ့ လူနှစ်ယောက်ရဲ့ ဘဝထဲကနေ မောင် ရုန်းထွက်သွားမှ ဖြစ်တော့မယ်။

ဟင်နရီဆီကိုလည်း မောင် အခုလိုတွေးမိတဲ့ အကြောင်းတွေ စာရေးခဲ့ပါတယ်။ ဂျော့ဘယ်လိုစ်ဟာ လူတော်လူကောင်း တစ်ယောက်ပါ။ ဟင်နရီအတွက် အင်မတန်သင့်လျော်တဲ့ လူတစ်ယောက်ပါ။

မင်းအတွက်လည်း ပြောရဦးမယ်။ မင်းနဲ့ သင့်လျော်မယ့်လူဟာလည်း နယူးယောက်မြို့မှာ ရှိနေမှာ သေချာပါတယ် အချစ်ရယ်။ တစ်နေ့ကျရင် မင်းဘဝနဲ့ ဟပ်မိတဲ့လူ၊ မင်းနဲ့ အသွင်တူမယ့်လူကို တွေ့မှာပါ။

မောင့်မှာ ငွေနည်းနည်းပါးပါးရှိကြောင်း မင်းကို ပြောခဲ့ဖူးတယ်နော်။ အင်္ဂလန်ပြည်မြောက်ပိုင်းမှာ အင်မတန်ကြီးမားတဲ့ အိမ်ကြီးတစ်လုံးလည်း ရှိပါတယ်။ မောင့်အမျိုးတွေပိုင်ကြတာပေါ့။ ဒါပေမယ့် ဘယ်သူမှတော့ မနေကြဘူး။

ဒါကြောင့် အဲဒီအိမ်မှာ သွားပြီး မောင်ကြိုးစားပမ်းစား စာရေးတော့မယ်။ သုံးလေးနှစ်လောက် ဖိပြီး ရေးလိုက်မယ်။ အဲဒီ အရပ်မှာ ဆောင်းရာသီဆို နေကို ခဏလေးပဲ မြင်ရတတ်တယ်။ အဲဒီမြို့နဲ့စာရင် လောရင့်စ်ဗီးလ်မြို့ကို အပူပိုင်းဒေသလို့တောင် ပြောနိုင်ပါတယ်။

မောင့်အိမ်ခန်းသော့ကိုလည်း ဒီစာနဲ့ အတူတူ ထားခဲ့ပါတယ်။ မင်းအတွက် မောင်လက်တွေ့လုပ်ပြနိုင်တဲ့ အလုပ်ဆိုလို့ ဒီတစ်ခုပဲ ရှိပါတယ်ကွယ်။

ဂျနီဖာ အိမ်ထောင်ကျသွားတော့ မင်းတစ်ယောက်တည်း ဖြစ်နေပြီ။ နေစရာ အိမ်ခန်းတစ်ခန်းရဖို့ ဆိုတာကလည်း လွယ်တာ မဟုတ်ပါဘူး။ ဒါကြောင့် အဲဒီအခန်းမှာပဲ မင်းဆက်ပြီး နေသွားစေချင်ပါတယ်။

မင်းရဲ့ လက်ဆောင်ပစ္စည်းကလေး ဖြစ်တဲ့ လက်နှိပ်စက်ကို မောင် ယူသွားပါတယ်။

အကြောင်းမဲ့သက်သက် မောင့်ကို စောင့်နေတာမျိုး မလုပ်ဖို့လည်း မှာခဲ့ပါရစေကွယ်။ မောင့်ကို ထမင်းဟင်း ချက်ပြုတ်ကျွေးမွေးဖို့အတွက် ပထမဆုံး စပြီးတွေ့လိုက်တဲ့ အင်္ဂလိပ်အမျိုးသမီးတစ်ယောက်ယောက်ကိုတော့ မောင်ကောက်ယူဖြစ်မယ် တင်တယ်။ ဒီအကြောင်းကို သေသေချာချာ ပြောခဲ့ပါရစေ။

နှစ်အနည်းငယ် အတွင်းမှာ မောင် စာရေးဖြစ်မယ် ဆိုပါတော့။ အဲဒီလို ရေးဖြစ်တဲ့ စာအုပ်ကလည်း အထိုက်အလျောက် ကောင်းတဲ့စာအုပ် ဖြစ်တယ်ဆိုပါတော့။ အလုပ်တစ်ခုကိုတော့ စိတ်ရောလက်ပါ အနည်းဆုံး သူလုပ်ခဲ့ပါကလား ဆိုတဲ့ စကားကို မောင်တို့နှစ်ယောက် ပြောနိုင်ကြသေးတာပေါ့လေ။

မင်းကို မောင် ချစ်ပါတယ် အယ်နီ။

ဒါပေမယ့် ကိုယ့်ဘဝကို အစိတ်စိတ်အပိုင်းပိုင်း ခွဲပစ်ပြီး ဘာတစ်ခုကိုမှ အတည်တကျ ဇောက်ချ မလုပ်နိုင်တဲ့ မောင်လို လူတစ်ယောက်အတွက် မင်းရဲ့ဘဝကို မစွန့်လွှတ်သင့်ပါဘူး။ အဲဒီလို လူမျိုးဟာလည်း မင်းနဲ့ မတန်ပါဘူး အယ်နီ။

ဒါကြောင့် မောင် စာရေးတော့မယ်။ ဒီလို စာရေးနေတဲ့အတွက် အနည်းဆုံး ဘယ်သူမှ ထိခိုက်နစ်နာမှု မဖြစ်နိုင်ဘူးပေါ့။ ထိခိုက်ချင်း ထိခိုက်ရင် မောင့်ကိုယ်မှာပဲ ထိခိုက်အောင် ပြန်လုပ်နေတာနဲ့ အတူတူပဲ ဖြစ်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com

မောင့်ဘဝမှာ အံ့ဩစရာ အကောင်းဆုံး နှစ်တစ်နှစ်ကို တွေ့ကြုံခဲ့ရတဲ့အတွက် ကျေးဇူး တင်ပါတယ် အချစ်ရယ်။

လိုင်ယွန်

ဝ ဝ ဝ

ဂျနီဖာ

မေ၊ ၁၉၄၇

ရေကူးကန်ဘေးရှိ အရိပ်အောက်မှာ ဂျနီဖာ ထိုင်နေသည်။ အယ်နီ ရေးလိုက်သည့် စာကို တစ်ခေါက် ထပ်ဖတ်နေပြန်သည်။ လိုင်ယွန်အကြောင်း တစ်လုံးတစ်ပါဒမျှ ထည့်မရေးသော ပထမဦးဆုံးစာ ဖြစ်သည်။ ထို့ကြောင့်လည်း အနည်းနှင့်အများတော့ ဂျနီဖာ စိတ်ချမ်းသာသွားသည်။ နောက်ဆုံးကျတော့လည်း သည်အကြောင်းများကို အယ်နီ မေ့ပျောက်လိုက်နိုင်ပြီဟု ဆိုနိုင်ပါသည်။

သို့သော် လိုင်ယွန်၏ အိမ်ခန်းတွင် ဘာကြောင့် အယ်နီ ဆက်နေနေသနည်း။ တစ်နေ့မှာ လိုင်ယွန် ပြန်လာမည်ဟု အယ်နီ မျှော်လင့်ယုံကြည်နေသလား။ ယခု ငါးလကျော်သွားပြီ။ လိုင်ယွန်နှင့်ပတ်သက်၍ ဘာသတင်းမျှ မကြားရ။ စာကလေးတစ်စောင်တောင် ရေးဖော်မရ။

ယောကျ်ားတစ်ယောက်၏ ရင်ထဲမှာ ဘာတွေ ရှိနေသည်ကို သိရန်မှာ အလွန်မလွယ်သောကိစ္စ ဖြစ်ပါသည်။

သူနှင့် တိုနီသည်လည်း သည်အတိုင်းပင် ဖြစ်သည်။ ဘေးလူတွေရဲ့ အမြင်မှာတော့ အလွန် စိတ်ချမ်းသာနေကြသည့် အတွဲပင် ဖြစ်သည်။ ဟောလီးဝုဒ်မှာ အလွန် ပျော်နေကြသည့် ညားခါစလင်မယား ဖြစ်သည်။

ထီးအမိုးအောက်သို့ နေရောင် ထိုးဝင်လာသည်။ ဂျနီဖာက တစ်ဖက်သို့ရွှေ့ပြီး အရိပ်အောက်သို့ ပြောင်းထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟောလီးဝုဒ်မှာ စိတ်ပျက်စရာအကြောင်းထဲတွင် သည်အကြောင်းတစ်ခုလည်းပါသည်။ မနက်မိုးလင်း၍ နေရောင်ကလေး ပြူလာသည်နှင့် တစ်ပြိုင်တည်း မြူတွေ၊ တိမ်တွေ အားလုံး ပျောက်တော့သည်။ ထိုအချိန်မှစပြီး နေက ကျဲကျဲတောက် ပူလေတော့သည်။

ကိုယ့်အဖြစ်ကို ကိုယ်ပြန်စဉ်းစားရင်း ဂျနီဖာ သက်ပြင်းချမိသည်။

သူတို့ သည်အရပ်သို့ ရောက်လာခဲ့သည့် ဇန်နဝါရီလမှစ၍ သည်အတိုင်းသာ နေခဲ့ရသည်။ ရာသီဥတုကလည်း သည်အတိုင်းသာ ဖြစ်သည်။ မိုးရွာသည် ဟူ၍ မရှိ။ အမြဲတမ်း နေပူနေသည်။

နယူးယောက်မှာဆိုလျှင် ယခုလို မေလသည် ရာသီဥတု အလွန်ကောင်းနေပြီ။ စတိုးဆိုင်ကြီးများကို လျှောက်ပြီး ကြည့်နိုင်သည်။ ကော်ဖီဆိုင်မှာ ဝင်ထိုင်နိုင်သည်။ ပန်းခြံထဲမှာ အပန်းသွားဖြေနိုင်သည်။ ညပိုင်းတွင် ညဥ့်နက်ပွဲ ရုပ်ရှင်ကြည့်နိုင်သည်။

ပြီးတော့ ဘရော့ဒ်ဝေး လမ်းမကြီးမှာ လမ်းလျှောက်ရင်း တစ်ခုခု ဝယ်ခြမ်းစားသောက်နိုင်သည်။

သည်မှာတော့ သည်လို မဟုတ်။ ဘီဗာလီတောင်ကုန်းပေါ်မှ မော်တော်ကားလမ်းအတိုင်း ညဘက်တွင် လမ်းလျှောက်ပြီး ဆင်းသွားမည်တော့ မကြံလိုက်နှင့်။ မော်တော်ကားတစ်စင်းစင်းက ဆွဲတင်သွားပြီး ပါသမျှပစ္စည်းလုယူရုံမက လူပါ ဖွတ်ဖွတ်ညက်ညက် ကြေပြီသာ မှတ်ပေတော့။

မည်သို့ဆိုစေ အယ်နီ တစ်ယောက်ကတော့ နယူးယောက်မှာပဲ ရှိနေသည်။ သူ့စာများကို ဖတ်ကြည့်ရခြင်းအားဖြင့် သူလည်း အပြင်သို့ မနားတမ်း ထွက်လည်နေကြောင်း သိရသည်။

သို့သော်လည်း မည်သူနှင့်တွဲပြီး သွားလာနေပါသည် ဟူ၍ကား ဖော်ပြထားခြင်း မရှိ။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် လိုင်ယွန်ကို မျှော်လင့်နေသေးပုံရသည်။ မျှော်လင့်ချက်ကလေး ထားနေသေးသည့်အတွက် အထိုက်အလျောက်တော့ စိတ်ဖြေသာပါလိမ့်မည်။

သို့သော်လည်း ဂျနီဖာက ဘာကို စောင့်နေသနည်း။ သည်လိုပင် အကြောင်းမဲ့ ထိုင်ရင်း နောက်တစ်ရက် ကုန်ဆုံးသွားဖို့လား။

ယနေ့ည ညှိခံပွဲတစ်ပွဲ ရှိသည်။

သို့သော် သူ့စိတ်ထဲမှာ မည်သို့မျှ လှုပ်ရှားမှုမရှိ။ တိုနီနှင့် ပညာပြိုင်နေရသည်နှင့် စာလျှင်တော့ ညှိခံပွဲ သွားတက်နေသည်ကမှ တော်ပေဦးတော့မည်။ မီရီယမ်က တိုနီကို အစစအရာရာ ချုပ်ကိုင်နေတုန်းပင် ဖြစ်သည်။

မည်သည့်နေရာတွင် မည်သို့ လုပ်ရမည်။ မည်သူနှင့် တွေ့လျှင် မည်သည့်စကားပြောရမည် စသည်များအထိ ကိုင်တွယ်နေဆဲပင် ဖြစ်သည်။

ဂျနီဖာက ကိုကာကိုလာကို သောက်လိုက်သည်။ ဖန်ခွက်ထဲမှ ရေခဲတုံး အရည်ပျော်သွားပြီ။ ရေခဲ မရှိသဖြင့် နွေးလာသောအခါ ကိုကာကိုလာသည် ဝမ်းနုတ်ဆေးကို သောက်ရသလို အရသာ ဆိုးလွန်းလှသည်။

အိမ်ထဲသို့ ပြန်ပြီး ရေခဲယူရမှာလည်း ပျင်းနေသည်။ အမှန်တော့ ဘာအလုပ်တစ်ခုကိုမှ မလုပ်ချင်လောက်အောင် သူ ပျင်းနေခြင်း ဖြစ်ပါသည်။

ညှိခံပွဲများသည်လည်း တကယ့်တကယ်ကျတော့ ပျော်စရာကောင်းတော့သည် မဟုတ်။ ညှိခံပွဲ ဆိုသည်မှာ စီးပွားရေးလုပ်ငန်း လုပ်နေကြခြင်းသာ ဖြစ်သည်။

ယနေ့ည ညှိခံပွဲသည် ရုပ်ရှင်ကားတစ်ကားတွင် တိုနီ ပါဝင်သရုပ်ဆောင်ရေးအတွက် ပြုလုပ်မည့်ညှိခံပွဲ ဖြစ်သည်။ ထို့ကြောင့်လည်း ဂျနီဖာအနေနှင့် စိတ်ချမ်းသာကြောင်း ပြရမည်။ ယဉ်ကျေးဖွယ်ရာရှိရမည်။

'စိတ်ချမ်းသာခြင်းနှင့် ယဉ်ကျေးဖွယ်ရာခြင်း'

ထိုစကားလုံးများကို မီရီယမ်က သူ့ခေါင်းထဲမှာ သံမှိုနှင့် စွဲသလို စွဲနေအောင် ပြောထားခဲ့သောကြောင့် သူလည်း မမေ့နိုင်အောင် ဖြစ်နေသည်။

"ဒီအရပ်ကိုလာပြီး ကိုယ့်ဟာကိုယ် သိပ်ကြီးကျယ်တဲ့ အမျိုးသမီးကြီးဂိုက်မျိုး မဖမ်းနဲ့၊ တကယ်ကျတော့ မင်းဟာ ဒီအရပ်မှာ ဘာမှ မဟုတ်ဘူး။ ဒီအရပ်မှာ လူတိုင်းဟာ ကြီးကျယ်တဲ့ ပုဂ္ဂိုလ်တွေချည်းပဲ။ ဒါကြောင့် မင်းအနေနဲ့ စိတ်ချမ်းသာတဲ့ပုံမျိုးနဲ့ ယဉ်ကျေးဖွယ်ရာတဲ့ မိန်းကလေး ဖြစ်ကြောင်း လူတွေကို သိအောင်သာ နေပြပါ"

မီရီယမ်က ပြောခဲ့သည်။

မီရီယမ်၏ ပြောစကားကို အစွမ်းကုန်

www.burmeseclassic.com

www.burmeseclassic.com



သူ နားထောင်ခဲ့ပါသည်။ သူတို့ ဖြစ်စေချင်သလိုဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါသည်။ ထို့ကြောင့်လည်း ဧည့်ခံပွဲများသို့ ရောက်သောအခါ အထက်မရောက် အောက်မကျ အလယ်အလတ်နေရာမှာ အနေရအထိုင်ရကျပ်ခဲ့ရသည်သာ အဖတ်တင်သည်။ မိတ်ဆွေအပေါင်းအသင်းလည်း မရှိ။ ရှိအောင်လည်း မရှာ။

မိရီယမ် ပြောသည်မှာလည်း မှန်ပါသည်။ ရုပ်ချောခြင်း၊ ရုပ်လှခြင်း ဟူသည်မှာ ဟောလီးဝုဒ်လို နေရာမျိုးတွင် ဘာမှ တန်ဖိုးမရှိတော့။ အချောအလှတွေ ပေါချင်တိုင်းပေါနေသည်။ သန်းနှင့်ချီပြီး ရှိနေသည်။ သို့သော်လည်း သန်းနှင့်ချီသော ထိုအချောအလှများသည် ဘာတန်ဖိုးမှ မရှိကြ။ ဘာကောင်မမှ မဟုတ်ကြ။

ဈေးဆိုင်တွေထဲမှာ ဈေးရောင်းနေကြသည့် အချောအလှများကို မြင်နိုင်သည်။

ကြံ့ရာအလုပ် ဝင်လုပ်နေကြသည့် အချောအလှများကို တွေ့နိုင်သည်။ မိန်းမချောများကို ရိုက်သတ်၍ပင် မကုန်နိုင်။

သို့သော်လည်း သူတို့အားလုံး ဘာတန်ဖိုးမှ မရှိကြသည့် သာမန် အချောအလှများသာ ဖြစ်ကြသည်။

ကမ္ဘာကျော်အောင် လျှမ်းလျှမ်းတောက်အောင်မြင်နေကြသည့် ရုပ်ရှင်မင်းသမီး အများစုတို့သည် သာမန် မိန်းမချောများထက် ပိုပြီး ထူးထူးခြားခြား ချောမောလှပနေကြသူများကား မဟုတ်။

ဂျိန်းဝိုင်းမင်းတို့လို၊ ဘာဘရာစတင်ဝစ်တို့လို၊ ရိုဇလင်းရပ်ဆယ်လ်တို့လို၊ ဂျုံးကရောဖို့ဒ်တို့လို မင်းသမီးများသည် သူများတကာထက် ပိုထူးပြီး ချောမော လှပနေကြသည့် မင်းသမီးများ မဟုတ်။

သို့သော်လည်း သူတို့မှာ ထူးခြားသည့် အနုပညာအရည်အချင်း ရှိသည်။ ထိုအရည်အချင်းကြောင့်သာ သူတို့ အောင်မြင်ကျော်ကြားနေကြခြင်း ဖြစ်သည်။

သန်းနှင့်ချီသော အချောအလှများသည် ဘာကြောင့် လမ်းပေါ်မှာ ရောက်နေကြသနည်း။ ရှင်းပါသည်။ သူတို့မှာ အောင်မြင်ကျော်ကြားနိုင်လောက်သည့် အနုပညာအရည်အချင်း မရှိသောကြောင့် ဖြစ်သည်။

ဂျနီဖာ သူ့အလှကို သူ အထင်ကြီးခဲ့သည်။ သွားကလေးတွေ လှသည်။ နှာခေါင်းလှသည်။ မျက်နှာလှသည်။ ကိုယ်လုံးကိုယ်ပေါက် လှသည်။ ရင်သားထွားကျိုင်းသည်။ ထိုအလှသည် တစ်စုံတစ်ရာ ဖြစ်နိုင်သည်ဟု ယုံကြည်အားထားခဲ့သည်။

သို့သော်လည်း ဟောလီးဝုဒ်လို နေရာမျိုးသို့ ရောက်လာတော့မှ လှရုံသက်သက်သည် ဘာမှ အသုံးမဝင်ကြောင်း ကိုယ်တွေ့ကြုံရတော့သည်။

အက်ဒရီယင်နှင့် တက်ကာစာဘလင်ကာတို့လို အဝတ်အစားပုံစံသစ် တီထွင်သူများသည် ရင်သားကြီးမှုကို အသားမပေး။ ပခုံးကျယ်ကျယ် အလှမျိုးကိုသာ ဦးစားပေးနေကြသည်။ ရင်သားကြီးသည် မကြီးသည်မှာ အလှတရားနှင့် ဘာမှမဆိုင်။

ယနေ့ညနေ တက်ရမည့် ဧည့်ခံပွဲတွင်လည်း ဂျနီဖာသည် ဘာမှထူးခြားမည်မဟုတ်။ အခြားအခြားသော ဧည့်ခံပွဲများတုန်းကလို မစွံစိပိုလာပဲ ဖြစ်မည်။ အောင်မြင်ကျော်ကြားဖို့ သေချာနေသည့် မင်းသားတိုနီပိုလာ၏ဇနီးပဲ ဖြစ်မည်။

အောင်မြင်ကျော်ကြားနေသည့် အနုပညာသည်တစ်ယောက်၏ ဇနီးသည် ဤအရပ်တွင် ဘာမှ တန်ဖိုးမရှိ။ ဇာတ်ရံမင်းသမီးကလေးများလောက်မှ အရေးပေးခြင်းကို မခံရ။ ဇာတ်ရံမင်းသမီးများကမှ ဧည့်ခံပွဲများတွင် အရေးတယူ လုပ်မည့်သူ ရှိသေးသည်။ သူတို့ကို အပြတ်ပြော၍ မရ။

ယခု ဇာတ်ရံမင်းသမီးကလေး ဖြစ်နေသော်လည်း မနက်ဖြန်တွင် ကမ္ဘာကျော်သည့် မင်းသမီးကြီး ဖြစ်သွားနိုင်သည်။ ဂျနီဖာလို အမျိုးသမီးမျိုးကိုတော့ အောင်မြင်နေသည့် အနုပညာသည်တစ်ယောက်၏ ဇနီးအနေနှင့် လေးလေးစားစား ဆက်ဆံကြသည်။

သို့သော် ရင်းရင်းနှီးနှီး ဆက်ဆံခြင်းမျိုးကား မဟုတ်။ အထင်တကြီးနှင့် ဆက်ဆံခြင်းမျိုးကားမဟုတ်။

ထို့ကြောင့်လည်း ဧည့်ခံပွဲများတွင် အခြားအမျိုးသမီးများက သူတို့ချင်း သင့်ရာသင့်ရာ စုပေါင်းကာ အိမ်ဖော် အငှားရခက်သည့် အကြောင်းတို့၊ အိမ်မှာရှိသည့် တင်းနစ်ကစားကွင်းအကြောင်းတို့ကိုသာ ဝိုင်းဖွဲ့ပြီး ပြောနေတတ်ကြသည်။

ဂျနီဖာကတော့ ဘားကောင်တာတွင်

www.burmeseclassic.com

www.burmeseclassic.com



အရက်ထည့်ပေးနေကြသူများ အနီးသို့ကပ်ကာ စကားပြောဖော် ရှာရသည်။ ထိုသူများသည် အများအားဖြင့် နယူးယောက်မြို့မှ လာရောက် အလုပ်လုပ်နေကြသူက များသည်။ သူတို့နှင့် တွေ့ရတော့မှ မိမိတို့ နေထိုင်ခဲ့ကြသည့် နယူးယောက်မြို့ကြီးအကြောင်းကို အလွမ်းပြေ ပြန်ပြောကြသည်။ ထိုနည်းဖြင့် စိတ်သက်သာရာကို ရှာခဲ့ရသည်။

သူ လက်မထပ်မီတုန်းကလို မကြာခဏ ဈေးဝယ်ထွက်ခွင့်လည်း မရ။ အိမ်ထောင်ကျပြီး ငါးလအတွင်း ညပိုင်း ဧည့်ခံပွဲတက်သည့် ဝတ်စုံတစ်စုံကိုသာ ဝယ်ခွင့်ရခဲ့သည်။

"မင်းမှာရှိနေတဲ့ အဝတ်အစားတွေက အထည်ဆိုင် တစ်ဆိုင်ထက်တောင် များနေတာပဲ"ဟု မီရီယမ်က ပြောခဲ့သည်။

မှန်ကောင်း မှန်နိုင်ပါသည်။ သို့သော်လည်း ထိုအဝတ်အစားများ အားလုံးကို ဂျနီဖာ လှည့်၍မျှပင် မကြည့်ချင်တော့။ အဝတ်အစားသစ်ကို ဝတ်ရန်မှာ မည်မျှအရေးကြီးကြောင်း မီရီယမ် မသိလေရော့သလား။ သူကိုယ်တိုင်မှာလည်း အဝတ်အစား သုံးစုံသာ ရှိသည်။ ပုံစံကလည်း အားလုံး အတူတူလို ဖြစ်နေသည်။

မီရီယမ်က ဂျနီဖာကို တစ်ပတ်လျှင် မုန့်ဖိုးငွေ ငါးဆယ်ပေးသည်။ ဂျနီဖာက ထိုငွေအားလုံးကို သူ့အမေဆီသို့ ပို့ပစ်လိုက်သည်။ သို့သော်လည်း ထိုငွေမျှနှင့် မလောက်ကြောင်း အမေက တွင်တွင်သာ စာရေးနေတော့သည်။ ငွေရေးကြေးရေးကိစ္စနှင့် ပတ်သက်ပြီး တိုနီကို ပြောပြဖို့ သူ အကြိမ်ကြိမ် ကြိုးစားခဲ့သည်။

သို့သော်လည်း မအောင်မြင်။ သီချင်းဓာတ်ပြားသွင်းနေခြင်း၊ သီချင်းသစ်ကို လေ့လာနေခြင်း၊ ရေဒီယိုဓာတ်လမ်းအတွက် ဇာတ်တိုက်နေခြင်းများနှင့်သာ သူ့မှာ အချိန်ကုန်နေသည်။ ညစာအတူ စားကြပြန်တော့လည်း မီရီယမ်က အနားမှ မခွာ။

အိပ်ရာဝင်တော့မှ နှစ်ကိုယ်ချင်း တွေ့ရသည်။ ထိုသို့သောအခါ ကျပြန်တော့လည်း တိုနီသည် သူနှင့် လက်မထပ်မီတုန်းက တိုနီအတိုင်းပင် ဖြစ်သည်။ သူ့ကို အရှုးအမူး စွဲလမ်းနေမြဲပင် ဖြစ်သည်။

"မင်း လိုတာမှန်သမျှ မီရီယမ် လုပ်ပေးပါလိမ့်မယ်။ မီရီယမ်ကို ပြောပြလိုက်ပါ"

ဟုသာ ပြန်ပြောတတ်သည်။

ငွေရေးကြေးရေးကိစ္စကို ပြောပြန်တော့လည်း အဖြေက အတူတူပင် ဖြစ်သည်။

"မီရီယမ်ဆီမှာ တောင်းပါ၊ မင်းလိုသလောက် သူပေးပါလိမ့်မယ်" ဟူသော အဖြေမျိုး။ သည့်လိုကိစ္စမျိုးနှင့် ပတ်သက်လာလျှင်လည်း မီရီယမ်မှာ အဖြေက အမြဲတမ်း အသင့်ရှိနေတတ်သည်။

"မင်းက ဘာလုပ်ဖို့ ပိုက်ဆံလိုချင်ရတာလဲ၊ စားဖို့သောက်ဖို့ နေဖို့ထိုင်ဖို့ အားလုံး ငါ အကုန်ခံနေတာပဲ မဟုတ်လား။ မော်တော်ကားထဲမှာ ဓာတ်ဆီ ဆိုရင်လည်း အပြည့်၊ မင်း ဘာလိုသေးလို့လဲ၊ တစ်ပတ်ကို မုန့်ဖိုးငွေ ငါးဆယ်ဆိုတာ နည်းတဲ့ပိုက်ဆံမှ မဟုတ်ဘဲ"

ဟူသော အဖြေမျိုး။

သည်အတိုင်း သွားနေလို့တော့ မဖြစ်နိုင်တော့ပြီ။ တစ်နေ့တစ်နေ့ ရေကူးကန်နားမှာ ငည်မျှကြာအောင် သည်အတိုင်း ထိုင်နေနိုင်မည်နည်း။ ယနေ့မှ သောကြာနေ့သာ ရှိသေးသည်။

သို့သော်လည်း ယခု တစ်ပတ်အတွင်းမှာ စာအုပ်သုံးအုပ် ဖတ်ပြီးသွားပြီ။ အချိန်တွေ ပိုနေသည်နှင့်အမျှ ပျင်းပျင်းရှိတိုင်း စာအုပ်ကိုသာ အဖော်ပြုနေရတော့သည်။

ထိုးအောက်သို့ နေရောင်ဝင်လာဖြ[illegible] သည်။ ဂျနီဖာက ထိုင်ရာမှ ထလိုက်သည်။ တစ်ခုခုတော့ လုပ်ရတော့မည်။ တစ်နေရာ[illegible] သို့ သွားဖို့ကောင်းသည်။

နီလီတစ်ယောက်တော့ အိမ်မှာ ရှိ[illegible] နိုင်သည်။ ဒုတိယမြောက် ရုပ်ရှင်ကားကို မိ[illegible] ကူးပြီးစီးသွားသည်မှာ ဘာမှ မကြာသေး[illegible] ထို့ကြောင့် သူ့ကို တစ်လ အနားပေးထား[illegible] သည်။

ဂျနီဖာ အိမ်ထဲသို့ ဝင်ခဲ့သည်။ ခပ်ပါး[illegible] အဝတ်အစားများကို လဲသည်။

နီလီအတွက် သူ ဝမ်းသာမိပါသည်[illegible] နီလီ၏ ပထမဆုံး ရုပ်ရှင်ကားသည် [illegible] အောင်မြင်သွားသည်။ ဒုတိယကား အ[illegible] ကိုလည်း ဂျနီဖာ ကြည့်ပြီး ဖြစ်သည်။ ထို[illegible] ထဲမှာလည်း နီလီ အလွန် တော်ပါသည်[illegible]

နီလီနှင့် သူတို့လည်း သိပ်တွေ့ဖြ[illegible] သည်တော့ မဟုတ်။ အခါအားလျော်စွာ[illegible] လျှင် တယ်လီဖုန်းနှင့် စကားပြောဖြစ်[illegible] သို့သော်လည်း နီလီက တယ်လီဖုန်း အ[illegible] တစ်လုံး လဲလိုက်သည်။ ထိုဖုန်းနံပါတ်ကို [illegible] ညွှန်စာအုပ်ထဲမှာ ထည့်မထား။ နံပါတ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



သည်း သူ မသိ။

ရှစ်ပြလောက်ရှိသည့် နေရာသို့ ဂျနီဖာ တားမောင်းထွက်လာခဲ့သည်။ ဟောလီးဝုဒ်မြို့တွင် သူ လမ်းလျှောက်လေ့ မရှိ။ နီလီ အိမ်မှာ နေနေလျှင်လည်း တခြား တစ်နေရာရာသို့ ဆက်သွားမည်။ ဆစ်ဒ်နေစကော်လ်စကီထံသို့ ဖြစ်ဖြစ် သွားရမည်။ ဆစ်ဒ်နေစကော်လ်စကီနှင့် ထိုင်ပြီး စကားပြောနိုင်သည်။ ဟောလီးဝုဒ်ကို ဆစ်ဒ်နေ သဘောကျသည်။ ဂျနီဖာ ခံစားနေရသည်များကိုလည်း သူ သဘောပေါက် နားလည်သည်။

မဲလ်က တံခါးလာဖွင့်ပေးသည်။ ရေကူးဘောင်းဘီတိုနှင့် ဖြစ်သည်။ သူ့အသားအရေကို ကြည့်ရခြင်းအားဖြင့် သူ့ကျန်းမာရေး ကောင်းနေသည်ကို သိသာနိုင်သည်။ ဂျနီဖာကို ရေကူးကန်ဆီသို့ သူက ခေါ်သွားသည်။

"နေ့လယ်စာ စားမလား၊ ကိုယ့်မှာ ဆင်းဒဝစ်တော့ ရှိတယ်"

ဂျနီဖာက ခေါင်းယမ်းပြလိုက်သည်။

ထို့နောက် အရိပ်အောက်မှာ ဝင်ထိုင်သည်။ သူတို့ ရေကူးကန်သည်လည်း ဂျနီဖာတို့အိမ်မှ ရေကူးကန်နှင့် တစ်ပုံတည်း ဖြစ်သည်။ အဝတ်အစားလဲလှယ်သည့် အိမ်ကလေးများ ဆောက်ထားပုံ၊ တင်းနစ်ကစားကွင်းလုပ်ထားပုံ အရက်ခန်း ပြုလုပ်ထားပုံများ အားလုံး အတူတူပင် ဖြစ်သည်။

မဲလ် တစ်ယောက်တည်း တစ်နေကုန် တစ်နေခန်း သည်ရေကူးကန်နားမှာ ထိုင်နေတတ်လေသလားဟု ဂျနီဖာက တွေးကြည့်နေမိသည်။

"နီလီတော့ စတူဒီယိုမှာပဲ ရှိသေးတယ်၊ အဝတ်အစားချုပ်ဖို့ လုပ်နေကြတယ်"

မဲလ်က ရှင်းပြသည်။

"သူ့ကို တစ်လ အနားယူခွင့် ပြုထားမယ်လို့ ကျွန်မက ထင်နေတာ"

"ဟုတ်ပါတယ်၊ နောက်ကားသစ် စမရိုက်ခင် တစ်လ ကားမရိုက်ရသေးဘူးဆိုတဲ့ သဘောပေါ့။ ဒါပေမယ့် အဲဒီ တစ်လအတွင်းမှာ လိုတဲ့အဝတ်အစားတွေချုပ်တာ၊ ပုံစံသစ် ထွင်တာ၊ မိတ်ကပ်စမ်းတာ၊ ကြော်ငြာအတွက် ဓာတ်ပုံတွေရိုက်တာတို့ လုပ်ရတယ်။ သူ ပြန်ရောက်လာတော့မှာပါ။

ဪ- ဒါထက်၊ သူ့အဝတ်အစားတွေကို တက်ကာစာဘလင်ကာက ပုံစံထုတ်ပေးနေတာ မင်း ကြားပြီးပြီလား"

"နီလီလည်း ထိပ်တန်းမင်းသမီးကြီး ဖြစ်လာပြီလေ၊ တက်ကာစာဘလင်ကာက ထိပ်တန်းမင်းသမီးတွေအတွက်က လွဲပြီး ဘယ်သူ့အတွက်မှ ပုံစံထုတ်ပေးတဲ့လူ မဟုတ်ဘူး"

ဂျနီဖာက ပြန်ပြောသည်။

"ဒါမျိုးကလည်း ဟောလီးဝုဒ်လို တစ်နေရာတည်းမှာသာ ဖြစ်နေတာပါကွာ။ မိန်းမတွေကလည်း သဲတယ်။ ဘယ်လိုလူက ပုံစံသစ်ထွင်ပေးမှ ကောင်းသလေး ဘာလေးနဲ့ ဖြစ်နေကြတာ။ ဒီတော့ သူတို့ဘက်ကလည်း ရောင့်တက်သွားတော့တာပေါ့။ တခြားနေရာတွေမှာ ဒီလိုမဟုတ်ပါဘူး။ ပိုက်ဆံပေးနိုင်ရင် ဘာမဆို ဖြစ်တာချည်းပါပဲ။ ဒါပေမယ့် ဒီအရပ်မှာတော့ ဘာမဆို နာမည်နဲ့ စားနေကြတာ။ နီလီက အခု အစားလျှော့စားနေရပြီလေ။ ရယ်စရာ မကောင်းဘူးလား"

"ဘာဖြစ်လို့လဲ၊ သူ ဝလာလို့လား"

"သူ့ကိုယ်အလေးချိန်က ဝါစ်ရှာဆယ့် ရှစ်ပေါင်ပဲ ရှိပါတယ်။ အရင်တုန်းက အလေးချိန်ကလည်း ဒီအလေးချိန်ပဲ။ သူ့အရပ်က ငါးပေငါးလက်မ ဆိုတော့ သူ့အရပ်နဲ့ သူ့ကိုယ်လုံးနဲ့ ကြည့်ကောင်းနေပါပြီ။

ဒါပေမယ့် တက်ကာစာဘလင်ကာက ဆယ့်ငါးပေါင်ကျအောင် ချပစ်ရမယ်လို့ ပြောတယ်။ နည်းနည်းပိန်သွားရင် မျက်နှာပိုလှလာပြီး အဝတ်အစား ပုံစံသစ် ထွင်ရတာလည်း ပိုကောင်းသွားမယ်လို့ ပြောတယ်တဲ့။

ခုတော့ အစိမ်းရောင် ဆေးလုံးကလေးတွေ စားနေရပြီလေ။ တခြား အစားအသောက် ဘာမှ မစားတော့ဘူး"

ထိုအချိန်မှာပင် နီလီ ရုတ်တရက် ပြန်ရောက်လာသည်။ သူ့ ယခင် ပုံစံအတိုင်း ပျာယီးပျာယာပင် ဖြစ်သည်။ ဂျနီဖာကိုတွေ့တော့ ဝမ်းသာသွားသည်။

"အစ်မ ကြားပြီးပြီလား၊ တက်ကာစာဘလင်ကာက ကျွန်မ အဝတ်အစားတွေကို ပုံစံထုတ်ပေးနေတယ်လေ။ အိုး. . ဂျနီဖာ သူဟာ တကယ့်လူတော်ကြီးပဲ။ သူချုပ်ပေးတဲ့ အဝတ်အစားတွေနဲ့ဆိုရင် ကျွန်မ သိပ်ကို ချောသွားမယ်။ ကျွန်မ အတွက် တကယ့်ကို ကြီးကြီးကျယ်ကျယ်တွေ လုပ်ပေးနေတာ။

ဂီးဇ်. . .၊ ကျွန်မ ဟိုတုန်းက အမြတ်တနိုးဝတ်ခဲ့တဲ့ ခရမ်းရောင် ဘာဖက်တာ

www.burmeseclassic.com



ကလေးတွေအကြောင်း ပြန်စဉ်းစားရင် စိတ်ပျက်လိုက်တာ လွန်ပါရော။ တက်က ပြောတယ်၊ ကျွန်မဟာ ကလေးကချေ့နေတတ်တဲ့ မိန်းကလေးရုပ်မျိုး ဖြစ်လာရမယ်တဲ့။ ဗရုတ်သုတ်ခ နေတတ်တဲ့ မိန်းကလေးပုံမျိုး ဖြစ်အောင် ဖန်တီးပေးရမယ်တဲ့။

ဒါပေမယ့် ကျွန်မ သိပ်လှလာမယ်တဲ့။ အဲဒီလို ပုံစံမျိုးနဲ့ဆိုရင် တစ်မျိုး ထူးခြားလာမယ်တဲ့။ ဘာပဲဖြစ်ဖြစ် ကျွန်မအသက် ဆယ့်ရှစ်နှစ် ရှိပြီ။ ဒီအသက်အရွယ်မျိုးမှာ ဒီလိုလုပ်ဖို့ အချိန်ပဲတဲ့"

"မင်း အစားလျှော့စားနေတယ် ဆိုတာလည်း ကိုယ်ကြားတယ်"

"ဟုတ်ပါတယ်၊ မဲလ် နွားနို့တစ်ခွက် သွားယူပေးစမ်းပါ။ အစ်မရော ဘာသောက်ဦးမလဲ"

"ကိုကာကိုလာပဲ သောက်တော့မယ်ကွယ်"

"ကျွန်မတို့မှာ တလယ်ဆိုဒါပဲ ရှိတယ်။ ဝစေမယ့် အစားအသောက်ဆိုရင် အိမ်မှာ ဘာမှ မထားဘူး။ မဲလ် အစ်မအတွက် လိမ်မွှော်ရည် ဖျော်လိုက်ပါ။ အစ်မ ကြိုက်ပါတယ်နော်"

မဲလ် ထွက်သွားသည်ကို နီလီက လှမ်းကြည့်နေသည်။ ပြီးတော့ ဂျနီဖာဘက်သို့ ပြန်လှည့်လာသည်။ သူ၏မျက်လုံးကလေးများက ဝိုင်းစက်နေကြသည်။

"ဂျင်း၊ ကျွန်မလည်း ဘာလုပ်ရမှန်း မသိတော့ဘူး။ သူ ပြောင်းသွားပြီ အစ်မရယ်။ သူ ဒီအရပ်မှာ ဘာလုပ်ရမှန်း မသိတော့ဘူး။ သူ လုပ်သမျှ အားလုံး တလွဲတချော်တွေ ဖြစ်ကုန်တာချည်းပဲ"

"ကိုယ်တော့ ဒီလို မထင်မိဘူး။ မင်းကို လူသိများအောင် သူ အများကြီး လုပ်ပေးခဲ့တာပဲ။ ရုပ်ရှင်ကမ္ဘာ စာစောင်ထဲမှာ မင်းအကြောင်းကို သူ ရေးထားတာဆိုရင် သိပ်ကို ကြီးကျယ်တာပဲ မဟုတ်လား"

နီလီက ခေါင်းခါပြသည်။

"ရုပ်ရှင်ကုမ္ပဏီက လုပ်ပေးတာပါ။ သူ ဘေးထိုင်နေဖို့ သူတို့က ပြောကြတယ်။ ဒါပေမယ့် နေရာတကာမှာ သူ ဝင်ဝင်ပါတယ်။ သူတို့ကလည်း သူ့ကို မလိုချင်ဘူး။ ကျွန်မအနားမှာ သူ ရှိနေရင် ကျွန်မကိုလည်း စိတ်တိုင်းကျ သူတို့ ကိုင်တွယ်လို့ မရတော့ဘူးတဲ့။ ဒီမြို့ပေါ်မှာတော့ သူဟာ လူတကာ ဝိုင်းဟားစရာ လူတစ်ယောက် ဖြစ်နေပြီလို့ တက်ကာ စာဘာလင်ကာကလည်း ပြောတယ်"

"သူတို့ပြောတာတော့ ကိုယ် သိပ်မယုံချင်ဘူး။ ဒီလူတွေ ဘယ်လောက် တုံးတယ်ဆိုတာ မင်း သိသားပဲ နီလီ"

နီလီ၏ မျက်လုံးများ အရောင်လက်သွားသည်။

"တုံးတယ်၊ အစ်မမို့လို့ ဒီလိုအသုံးအနှုန်းမျိုး သုံးရက်ပလေတယ်။ တက်ကာစာဘာလင်ကာက သိပ်ကို အံ့ဩစရာကောင်းတဲ့ ပုဂ္ဂိုလ်နော်။ သူ့အသက်က သုံးဆယ်ပဲ ရှိသေးတယ်။ ဒါပေမယ့် သူ့ရဲ့ တစ်နှစ်ဝင်ငွေဟာ သုံးသန်းတောင် ရှိတယ်။ ဘယ်ကလာပြီး လူတုံးလို့ ခေါ်နိုင်ပါ့မလဲ အစ်မရယ်"

"တကယ်"

"တကယ်ပေါ့၊ ဒီကနေ့ ကျွန်မ ဘာသွား လုပ်နေတယ်လို့ အစ်မ ထင်သလဲဟင်။ အဝတ် အစားချုပ်ဖို့ အတိုင်း သွားပေးနေတယ်လို့ ထင်သလား။ ကျွန်မက မဲလ်ကို အဲဒီလို ပြော ထားတာ။ ကျွန်မလေ တက်နဲ့ သွားတွေ့နေ တာ။ လေအေးစက်တပ်ထားတဲ့ သူ့အခန်းကြီး ထဲမှာ ကျွန်မတို့နှစ်ယောက် အချိန်ဖြုန်းနေ ကြတာ။ အစ်မရယ် သူဟာလေ. . ."

နီလီက စကားကို ရုတ်တရက် ဖြတ်ဖ လိုက်သည်။ မဲလ်က သောက်စရာများကို ဗန် တစ်ခုပေါ်မှာတင်ပြီး ပြန်ရောက်လာသည်။

"ကျွန်မ ကိုယ်အလေးချိန် ငါးပေါင် တောင် ကျသွားပြီ"

မဲလ်က နို့ဖန်ခွက်ကို လှမ်းပေးသည့် အချိန်တွင် နီလီက ပြောသည်။ ဆေးပုလင်း ကလေး တစ်လုံးကိုလည်း ထုတ်ယူပြီး အထဲမှ အစိမ်းရောင် ဆေးလုံးတစ်လုံးကို ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။

"ခေတ်ပေါ်ဆေးတွေ စွမ်းလိုက်ပုံတော့ မပြောပါနဲ့တော့။ ဒါကလေး သောက်ရုံနဲ့ လုံးဝ ကို ခံတွင်းပျက်သွားတော့တာပဲ။ ဘာမှ မစားချင်တော့ဘူး။ တစ်ခုပဲ ဒုက္ခရောက်တာ က အိပ်လို့ ကောင်းကောင်း မပျော်ဘူး"

"ဆီကွန်နယ်လ် စားကြည့်ပါလား"

ဂျနီဖာက အကြံပေးသည်။

"ကောင်းကောင်း အိပ်ပျော်လား"

"သိပ်ကို အစွမ်းထက်တာပေါ့တွ ဆေးက အနီရောင် ယမင်းရုပ် လှလှတ

www.burmeseclassic.com

www.burmeseclassic.com



တွေလိုပဲ။ ညပိုင်းမှာ သောက်လိုက်ရင် ကိုးနာရီလောက်တော့ ကောင်းကောင်း အိပ်ပျော်သွားတော့တာပဲ"

"အစ်မ နောက်နေတာ မဟုတ်ဘူးနော်၊ ဒီအတိုင်း ဆိုရင်တော့ ကျွန်မ စမ်းကြည့်ဦးမှပဲ။ မဲလ်၊ ဒေါက်တာဟို့လ်တ်ကို ချက်ချင်း ဖုန်းလှမ်းဆက်လိုက်စမ်းပါ။ ဆေးလုံးတစ်ရာ ပို့ပေးပါလို့ ပြောလိုက်"

"တစ်ရာတောင်မှလား၊ နီလီ အဲဒီဆေးဟာ အက်စပရင် မဟုတ်ဘူး၊ ပဲလှော်စားသလို စားလို့ဖြစ်တာ မဟုတ်ဘူး။ တစ်ညမှ တစ်လုံးပဲ သောက်ရတာ။ ဘယ်ဆရာဝန်ကမှ နှစ်ဆယ့်ငါးလုံးထက် ပိုပေးမှာ မဟုတ်ဘူး"

"သူတို့က မပေးဘူးတဲ့လား။ အစ်မ လောင်းမလား၊ ဒေါက်တာဟို့လ်တ်က ကျွန်မတို့ ရုပ်ရှင်ကုမ္ပဏီက ဆရာဝန်လေ။ ကျွန်မ သိုချင်တာ ဘာပြောပြော၊ သူ ပေးရမယ်။ မဲလ်၊ သူ့ကို အခုချက်ချင်း ဖုန်းဆက်ပါ။ တစ်ညတစ်လုံးပဲ သောက်ရမယ်တဲ့လား အစ်မ"

မဲလ်က ဖုန်းရှိရာသို့ ထွက်သွားသည်။

ဂျနီဖာ ခေါင်းညိတ်ပြသည်။

တစ်ခါတစ်ရံတွင် တစ်ညလျှင် သုံးလုံးအထိ မိမိ သောက်လေ့ရှိသည့်အကြောင်းကို ပြောပြနေဖို့ မလိုတော့။ နီလီအတွက်တော့ တစ်လုံးဆိုလျှင်ပင် လုံလောက်ပေပြီ။ တိုနီနှင့် သူတို့ အိမ်ထောင်ရေး အဆင်ပြေသွားလျှင် ဒီဆေး စားနေခြင်းကို ဖြတ်ပစ်ရန်လည်း ရည်ရွယ်ထားပြီး ဖြစ်သည်။

တယ်လီဖုန်းရှိရာသို့ လျှောက်သွားနေသည့် မဲလ်ကို နီလီက လှမ်းကြည့်သည်။ မြင်ကွင်းထဲမှ ပျောက်သွားသောအခါကျမှ သူ့အလားထိုင်ကို ဂျနီဖာအနားသို့ ရွှေ့ယူလာသည်။

"ကျွန်မ ကလေးမရအောင်လည်း လုပ်ဦးမယ်။ ပြီးခဲ့တဲ့ လထဲတုန်းက ကလေးရဖို့ကို မဲလ်က နှစ်ခါတောင် ကြိုးစားတာ၊ သူက ကျွန်မ ကိုယ်ဝန်ရှိစေချင်နေတယ်လေ"

"မင်း သားသမီး လိုချင်တယ်လို့ ကိုယ်ထ ထင်နေတာ"

"သူနဲ့တော့ သားသမီး မလိုချင်ပါဘူး။ သူ့ကို ကျွန်မ ပ,ထုတ်လိုက်တော့မှာပါ"

"နီလီ"

"သူမှ တကယ် ငတုံး အစ်မရဲ့၊ ကျွန်မ နှိမ့်နှိမ့်သားသား ပြောတာပါ။ သူ့စိတ်ဓာတ်တွေ အနေအထိုင်တွေ အားလုံး ပြောင်းသွားပြီလေ။ ဘာမှ အသုံးချလို့လဲ မရတော့ပါဘူး။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဆရာကြီးနဲ့လည်း ကျွန်မ တိုင်ပင်ကြည့်သေးတယ်။ ဆရာကြီးကလည်း ကျွန်မနဲ့ တစ်သဘောတည်းပါပဲ။ သူဟာ ကျွန်မလုပ်ငန်းထဲမှာ သက်သက်မဲ့ ဝင်ရှုပ်နေတာ။ ကျွန်မ ကိုယ်အလေးချိန် လျှော့ဖို့ကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း သူ ဝင်ရှုပ်သေးတယ်။ သူက ကိုယ်အလေးချိန် မလျှော့ရဘူးတဲ့။ ကျွန်မ ပင်ကိုအတိုင်း နေရမယ်တဲ့။ အရှိကို အရှိအတိုင်း ထားရမယ်တဲ့။

ဒါပေမယ့်၊ အခု ကျွန်မ ကိုယ်အလေးချိန် လျှော့နေပြီ။ ကျွန်မ ထိပ်တန်းမင်းသမီးကြီး တစ်ယောက်လို အောင်မြင်တော့မယ်။ မဲလ်ကတော့ အလကားပဲ။ ဘာမှလဲ အသုံးမဝင်ဘူး။ အသိပညာလည်း မရှိဘူး။ ဘာပဲဖြစ်ဖြစ်, ကျွန်မအနေနဲ့တော့ သိပ်ကို သတိထားရလိမ့်မယ်။ ကွာကြရှင်းကြမယ် ဆိုရင်လည်း သူက ကျွန်မပိုင်တာတွေကို တစ်ဝက်တောင်းပိုင်ခွင့် ရှိသေးတယ်လေ"

"ဒီလိုဆိုရင် မင်း ဘယ်လိုလုပ်မှာလဲ"

"အကုန်လုံး စီစဉ်ပြီးပါပြီ"

နီလီက လေသံကလေးမျှသာ ကျန်တော့သည်အထိ သူ့အသံကို နှိမ့်ချလိုက်သည်။

ထို့နောက် ဆက်ပြောသည်။

"မဲလ်အတွက် နယူးယောက်မြို့မှာ ကြော်ငြာဌာနကြီး တစ်ခုခုကို ဆရာကြီးက ရှာနေတယ်။ တွေ့ရင် အဲဒီ ကြော်ငြာဌာနမှာ သူ အလုပ်လုပ်ဖြစ်အောင် တိုက်တွန်းရမယ်။ သူ ဟိုရောက်သွားရင် မိန်းမတစ်ယောက်ယောက်နဲ့ လွှတ်ပေးမယ်။

အဲဒီမိန်းမနဲ့ ပက်ပင်းမိအောင် ဖမ်းရမယ်။ ဒါတွေ အားလုံးကို ဆရာကြီးက စီစဉ်နေတယ်။ အဲဒီလို တခြား မိန်းမနဲ့နေတာကို ပက်ပင်းတွေ့တော့မှ ကျွန်မက သူ့ကို ကွာပစ်လိုက်မယ်"

"နီလီ၊ ဒီလိုလည်း မင်းလုပ်လို့ ဘယ်ဖြစ်မလဲ"

"ဘာလို့ မဖြစ်ရမှာလဲ အစ်မရယ်၊ ပြီးခဲ့တဲ့ အပတ်တုန်းက ကျွန်မတို့နှစ်ယောက် ကွာကြရှင်းကြဖို့ကို ကျွန်မက စကားနည်းနည်း တောက်ကြည့်တယ်။ သူက ကလေးလေးတစ်ယောက်လို ချုံးပွဲချပြီး ငိုတော့တာပဲ။ ကျွန်မနဲ့ ခွဲပြီး သူ မနေနိုင်ဘူးပေါ့လေ။ ကျွန်မနဲ့သာ

www.burmeseclassic.com

www.burmeseclassic.com



ကွဲရရင်တော့ သူ သေရတော့မှာပါပဲပေါ့လေ။

ကဲ . . . အစ်မ စဉ်းစားကြည့်၊ အဲဒါ ဇတိုး မဟုတ်ဘူးလား။ အိမ်ထောင်တစ်ခုကို ယောကျ်ား ပီပီသသ ကျားကျားလျားလျား ဦးစီးနိုင်တဲ့ ယောကျ်ားမျိုးကို ကျွန်မက လိုချင်တာ။ ကျွန်မကို ဟိုဟာ မလုပ်နဲ့၊ ဒီဟာ လုပ်ဆိုပြီး ခေါင်းဆောင်နိုင်တဲ့ ယောကျ်ားမျိုးကို လိုချင်တာ။

ကျွန်မ ခေါင်းဆောင်သမျှကို နောက်ကနေပြီး နောက်မြီးဆွဲ လိုက်နေတဲ့ လူမျိုးကို ကျွန်မ မလိုချင်ဘူး။ ဒီတော့ သူလို လူမျိုးကို မရရအောင် ခွာချပစ်လိုက်မှ ဖြစ်တော့မှာ၊ ဒီလိုမှ မဟုတ်ရင် ကျားပိန်တွယ် တွယ်နေတော့မယ်"

"နယူးယောက်က အလုပ်ကို သူ လက်ခံမယ် မခံဘူး ဆိုတာ မင်း ဘယ်လိုလုပ် သိနိုင်မလဲ"

"သူ လက်ခံအောင် လုပ်ရမှာပေါ့။ ဟိုမှာ အလုပ် ကောင်းလာပြီဆိုရင် ကျွန်မလည်း ရုပ်ရှင်နယ်ထဲက ထွက်မယ်လို့ ပြောရမှာပေါ့။ သူနဲ့ အတူတူလိုက်ပြီး နယူးယောက်မြို့မှာပဲ ပြဇာတ် ကနေတော့မယ်၊ သားတွေ သမီးတွေ မွေးပြီး အေးအေးဆေးဆေး နေတော့မယ်ပေါ့"

"တကယ်ရော မင်းက အဲဒီလို လိုက်နေမှာလား"

နီလီက ဂျနီဖာကို အထူးအဆန်းသဖွယ် ပြန်ကြည့်လိုက်သည်။

"ကာလီဖိုးနီးယားကို ကျောခိုင်းသွားရမှာလား။ ဒါတွေ အားလုံးကို စွန့်ပစ်ခဲ့ရမှာလား။ အစ်မကလည်း မတော်တရော်တွေ တွေးတော့မယ်။ ကျွန်မဘဝက ဒီမှာမှ ဖြစ်မှာ အစ်မရဲ့၊ ကျွန်မ နောက်ကားတစ်ကား ရိုက်ပြီးပြီဆိုရင် ကျွန်မဟာ ရာခိုင်နှုန်းပြည့် အောင်မြင်တဲ့ ရုပ်ရှင်မင်းသမီး ဖြစ်သွားပြီ"

"ဒါပေမယ့်၊ နယူးယောက်မြို့ ဘရော့ဒ်ဝေးလမ်းမပေါ်က ဇာတ်ရုံတွေမှာလည်း မင်း လျှမ်းလျှမ်းတောက် အောင်မြင်တဲ့မင်းသမီး ဖြစ်နိုင်တာပဲ"

"ဘရော့ဒ်ဝေးမှာ လျှမ်းလျှမ်းတောက် အောင်မြင်တဲ့မင်းသမီး ဆိုတာက ဒီမှာနဲ့ နှိုင်းယှဉ်လိုက်ရင် ဆီးစေ့နဲ့ မြင့်မိုရ်တောင်လောက် ကွာတာပါ အစ်မရယ်။ ရုပ်ရှင်ထဲမှာ အောင်မြင်တဲ့ မင်းသမီးတစ်ယောက် ဖြစ်ပြီဆိုရင် အစ်မဟာ တစ်ကမ္ဘာလုံးမှာ ကျော်ကြားတဲ့ မင်းသမီး ဖြစ်တော့တာပဲ။

ကျွန်မ ရုပ်ရှင်ကို လန်ဒန်မှာ ရုံတင်နေတာ အစ်မ သိပြီးပြီလား။ အစ်မ စဉ်းစားကြည့်၊ အခုဆိုရင် ကျွန်မ ဘယ်သူလဲဆိုတာ လန်ဒန်မြို့မှာ သိကုန်ကြပြီ။

ရုပ်ရှင်ကားကလေး တစ်ကားလောက် ရိုက်လိုက်ရုံနဲ့ ကျွန်မဟာ သေသည်အထိ ဟယ်လင်လော်ဆန်ထက် ဆယ်ဆလောက် ပိုပြီး နာမည်ကြီးသွားပြီ။ ရုပ်ရှင်ကားတစ်ကားထဲမှာ အောင်မြင်တဲ့ မင်းသမီးတစ်ယောက် ဖြစ်ပြီဆိုရင် တကယ့် မင်းသမီးတစ်ယောက် လိုကို ဆက်ဆံကြတော့တာ။

အဲဒီလို မင်းသမီးမျိုးအတွက် ဘာမဆို ရောက်နိုင်နိုင် ကြာအသင့်ချည်းပဲ။ နယူးဟဲဗင်းမြို့ကို ကျွန်မတို့ ရထားနဲ့ သွားကြတုန်းက အကြောင်းကို ပြန်သတိရနေသေးတယ်။ အဲဒီတုန်းက ဟယ်လင်လည်း ကျွန်မတို့လိုပဲ ရိုးရိုး စီးပြီး လိုက်ရတာပဲ။ သူ့အဝတ်အစားလဲခန်းကလည်း ညစ်တီးညစ်ပတ်နဲ့။

ဂီးဇ်၊ ကျွန်မတို့ကုမ္ပဏီက အိမ်သာဆိုရင် ပြဇာတ်မင်းသမီးတစ်ယောက်ရဲ့ အခန်းထက် အများကြီး ပိုပြီး သားနားသေးတယ်။ ကျွန်မ အဝတ်အစားလဲတဲ့ အခန်းဆိုရင် ဘန်ဂလိုကြီး တစ်လုံးပဲ။ ပန်းခြံရိပ်သာလမ်းက ဟယ်လင်ရဲ့အိမ်လောက် ရှိတယ်။ ကျွန်မတို့ လူကြိုက် သိပ်များနေပြီဆိုရင် သူတို့ဘက်က ဘာမဆို လုပ်ပေးကြတော့တာပဲ။

ဆရာကြီးကို တစ်ခွန်း ပြောလိုက်ရုံပဲ။ ဆရာကြီး ဆိုတာက စီရီအိပ်ချ်ဘီးန်ကို ပြော တာ။ သူဟာ သိပ်ကို သဘောကောင်းတဲ့လူ ကျွန်မအပေါ်မှာတော့ အဖေတစ်ယောက်လို ပါပဲ။ ကျွန်မအဖေကို ကျွန်မ မမြင်ဖူးလိုက်ပါ ဘူး၊ ဒါပေမယ့် အဖေတစ်ယောက်လို ကျွန် အပေါ်မှာ ကောင်းတယ်။

အခုန ကျွန်မ ပြောသလိုပဲ ကိုယ် ချင်တာကို ပြောပြလိုက်၊ အားလုံး ဖြစ်တာ ကျွန်မ ကိုယ်အလေးချိန် လျှော့ချင်တယ် သူ့ကို ပြောပြတယ်။

ဂီးဇ်၊ သူ ဘာလုပ်တယ်ထင်သလဲ၊ ကျွန် အိမ်မှာ ရေနွေးငွေ့နဲ့ သီးခြား ချိုးလို့ ရေချိုးခန်း လုပ်တော့တာပဲ။ နောက် အမျိုးသမီး အနှိပ်သည်တစ်ယော ကို ငှားပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ကုန်ကျစရိတ်တွေ အားလုံး ကုမ္ပဏီက ကျခံတယ်။ ကျွန်မ ဘယ်နေရာကိုပဲ သွားချင်သွားချင်၊ သူတို့က မော်တော်ကားနဲ့ ဒရိုင်ဘာနဲ့ ပို့ပေးလိုက်တယ်။ ကျွန်မဝတ်ချင်တဲ့ အဝတ်အစားတွေကိုလည်း အလကား ငှားသေးတယ်။

ကျွန်မရဲ့ နောက်ရုပ်ရှင်ကားဟာ ပထမနှစ်ကားလိုပဲ အောင်မြင်ဦးမယ်ဆိုရင် ကျွန်မနဲ့ စာချုပ်အသစ် ထပ်ချုပ်မယ်တဲ့။ လခလည်း ပိုပေးမယ်တဲ့။ တစ်ပတ်ကို နှစ်ထောင်ပေးမယ်လို့ ပြောတယ်"

"နည်းတဲ့လခ မဟုတ်ပါလား နီလီ"

"ဒါပေမယ့်၊ ဂျွန်ဆင်ဟားရစ်ကုမ္ပဏီကတော့ ပြောတယ်၊ ဒါလောက်မက ကန်တယ်တဲ့။ သူတို့ ကြားဝင်ပြီး ဇေ့စပ်ပေးမယ်တဲ့။ နှစ်ထောင့်ငါးရာတော့ ရရမှာပေါ့တဲ့။ တကယ်လည်း ဒါလောက်တော့ ကျွန်မ ရသင့်တာမှန်ပါတယ်။ အခုအချိန်မှာ ကျွန်မ လက်ဖျောက်တစ်ချက် တီးလိုက်ရုံနဲ့ ကျွန်မ လိုချင်တာတွေ အကုန်လုံး ရနိုင်နေပြီ။ ဆရာကြီးက ပြောသေးတယ်၊ နောက်တစ်နှစ်လောက် ဆိုရင်တဲ့၊ အခု ကျွန်မ နေနေတဲ့အိမ်ကို ပြန်အပ်လိုက်ပြီး ဘီဗာလီတောင်ကုန်းပေါ်မှာ အိမ်ကြီးတစ်ဆောင် ဝယ်ရမယ်လို့ ပြောတယ်"

"ဘာဖြစ်လို့ ဒါလောက် အရင်လိုမှာလဲ ကွယ်၊ ပိုက်ဆံစုလိုက်ဦးပေါ့"

"ဘာလုပ်ဖို့ ပိုက်ဆံစုနေမှာလဲ အစ်မရယ်၊ ကျွန်မအနေနဲ့ ဘာကိုမှ မှုစရာမလိုတော့ပါဘူး။ ဘာဖြစ်လို့လဲ သိလား၊ ကျွန်မမှာ မွေးရာပါ အနုပညာဗီဇ ရှိတယ်လေ။ ဟိုတုန်းကတော့ ဒီအကြောင်းကို ကျွန်မ သဘောမပေါက်ခဲ့ဘူး။ လူတိုင်းလူတိုင်း ကနိုင်တယ်၊ ဆိုနိုင်တယ်လို့ပဲ ထင်ခဲ့တာ။

ဒါပေမယ့်၊ ကျွန်မရဲ့ ဒုတိယကားထဲကျတော့မှ ကျွန်မဟာ တကယ် သရုပ်ဆောင်နိုင်ကြောင်း သိတော့တယ်။ ကျွန်မ ငိုတာကို အစ်မ ကြည့်လိုက်ဖူးသေးသလား။ မျက်ရည်အတု မပါဘူး။ ဇာတ်လမ်းအကြောင်းကို ဒါရိုက်တာက ကျွန်မကို ရှင်းပြတယ်။ အဲဒီဇာတ်လမ်းထဲမှာ မိန်းကလေးက ဘယ်လို ဖြစ်နေတယ်ပေါ့လေ။ အဲဒီလိုလည်း ပြောရော ကျွန်မ ချက်ချင်း ခံစားလိုက်ရတယ်။ ဒါကြောင့် တကယ့်ကို ငိုချလိုက်တာ"

ဂျနီဖာက ခေါင်းညိတ်ပြသည်။

"မင်း သရုပ်ဆောင်တာကို ကြည့်ပြီး ကိုယ်တောင် ငိုလိုက်ရပါသေးတယ်။ အထူးပွဲကို ကိုယ် ကြည့်ပြီးပြီ"

နီလီက ဟိတ်ဟန်တစ်ခွဲသားဖြင့် သူ့လက်နှစ်ဖက်ကို ဖြန့်ကားပြလိုက်သည်။

"ကျွန်မ ဒီအရပ်ကိုပဲ မြတ်နိုးတယ်။ ဒီမြို့ဟာ ကျွန်မအတွက် ◌ည်ထားသလားလို့တောင် အောက်မေ့မိတယ်"

မဲလ် ပြန်ရောက်လာသည်။

"မကြာခင် ဆေးပို့ပေးလိုက်မယ်တဲ့။ ဒီအကြံ သိပ်ကောင်းတာပဲလို့ ဒေါက်တာ ဟိုလ်တ်က ပြောတယ်။ ဒီနေ့ည ရုပ်ရှင်ကြည့်ဦးမလား နီလီ"

မဲလ်က ကုလားထိုင်မှာ ဝင်ထိုင်ရင်း မေးသည်။

"မကြည့်နိုင်ဘူး၊ မနက်ဖြန်မနက် ခြောက်နာရီ အိပ်ရာက ထရမယ်။ ဆေးရောင်စုံရုပ်ရှင် ရိုက်ဖို့ စမ်းရမယ်"

မဲလ်က ရေကူးကန်ကို ငေးကြည့်နေသည်။

"ကိုယ်တို့ကတော့ ကြိုက်တဲ့အချိန် အိပ်ရာကထပဲ။ ဘာအလုပ်မှလဲ မရှိဘူး။ တစ်နေ့တစ်နေ့ ဒီအတိုင်း ထိုင်နေရတာ ရှူးချင်သလိုလိုတောင် ဖြစ်လာပြီ"

အိမ်သို့ ကားပြန်မောင်းလာရင်းဖြင့် မဲလ်အကြောင်းကို ဂျနီဖာ စဉ်းစားလာသည်။ ထိုသို့ စဉ်းစားရင်းဖြင့် သူ့အပေါ်တွင်လည်း တိုနီ မည်သို့များ သဘောထားနေလေမည်နည်းဟု ရုတ်တရက် တွေးကြည့်လိုက်မိသည်။

မိမိကိုယ်တိုင်လည်း ငတုံးတစ်ယောက် ဖြစ်နေပြီလား။

အကယ်၍ တိုနီသာ ရုပ်ရှင် မရိုက်ဖြစ်လျှင် နယူးယောက်သို့ ပြန်ကြဖို့ သူ့ကို ပူဆာရမည်။ နယူးယောက်မြို့မှာ ပြန်ပြီး ရေဒီယို ဇာတ်လမ်းများကို တိုနီ လွှင့်နေနိုင်သည်။ သို့သော်လည်း သူ ရုပ်ရှင်ရိုက်ဖြစ်မည်မှာ သေချာပါသည်။ သူ ရုပ်ရှင်ရိုက်ဖြစ်မည့် အကြောင်းကိုလည်း ဂျနီဖာ သိသည်။ ထိုသို့ တိုနီ ရုပ်ရှင်ရိုက်ဖြစ်မည်ဆိုလျှင် ဂျနီဖာလည်း သည်အရပ်မှ ခွာ၍မဖြစ်နိုင်။ သို့ဆိုလျှင် မဲလ်နှင့် ပတ်သက်ပြီး နီလီ ခံစားနေရသလိုသို့ မိမိ အပေါ်တွင်လည်း တိုနီ ခံစားလာရလေမည်လားဟုလည်း တွေးမိပြန်သည်။

တိုနီ ရုပ်ရှင်ရိုက်ဖြစ်မည်ဆိုလျှင် သူနှင့်

www.burmeseclassic.com

www.burmeseclassic.com



တွဲဖက်ပြီး ဇာတ်ရုံမင်းသမီးပေါင်း များစွာလည်း ရုပ်ရှင်ရိုက်ကြရပေလိမ့်မည်။ ထိုဇာတ်ရုံမင်းသမီးပေါင်း များစွာတို့က သူ့ကို အသေကပ်ကြပေလိမ့်မည်။ သို့ဆိုလျှင် ဂျနီဖာ အနေနှင့် မည်မျှကြာအောင် သည်အတိုင်း ထိုင်နေနိုင်မည်နည်း။ ယခုပင်လျှင် သူ့အသက် နှစ်ဆယ့်ခုနစ်နှစ် ရှိနေပြီ။ မကြာခင် အချိန်မှာပင် သည်အကြောင်းက ပေါ်လာတော့မည်။

လမ်းဆုံမီးပွိုင့်မှ ကားမောင်းထွက်လာသည်နှင့် တစ်ပြိုင်တည်း သူ့ခေါင်းထဲသို့ အကြံတစ်ခု ဖြုန်းခနဲ ရောက်လာသည်။

သည်အကြောင်းကို ယခင်တုန်းက ဘာကြောင့်များ သူ မတွေးခဲ့မိလေသနည်းဟုလည်း ပြန်စဉ်းစားနေမိသည်။

ကလေးတစ်ယောက် ရရမည်။ ကလေးတစ်ယောက် မွေးရမည်။ ထိုသို့ ဆိုလျှင် တိုနီသည် မိမိကို ခွာသွားနိုင်မည်မဟုတ်။ မိမိနှင့်လည်း ယခုထက် ပိုပြီး လက်ပွန်းတတီး ရှိလာမည် ဖြစ်သည်။ မိမိအနေနှင့်လည်း စိတ်လေလွင့်မှု နည်းပါးသွားမည်။

အို . . . ကောင်းလိုက်သည့်အကြံ။

မိမိတို့ လင်မယားနှစ်ယောက် ပြန်လည် ရင်းနှီးကြဦးတော့မည်။ သမီးကလေး တစ်ယောက် မွေးရမည်။ မိမိကလည်း သမီးကလေးအပေါ်မှာ မိခင်ကောင်း ပီသစွာ ယုယပြုစုရမည်။ မည်မျှ ပျော်စရာကောင်းလေမည်နည်းဟု တစ်လမ်းလုံး ဂျနီဖာ စဉ်းစားလာမိသည်။

အိမ်ပြန်ရောက်တော့ ဂျနီဖာ အများကြီး အူမြူးနေသည်။ သည်အကြောင်းကို လျှို့ဝှက်ထားရမည်။

ညစာခံပွဲတက်ရန် အဝတ်ကောင်း အစားကောင်းများကို အလှပနိုင်ဆုံးဖြစ်အောင် ဝတ်သည်။ သူ၏ စီမံကိန်းကြီး အကောင်အထည်ပေါ်နိုင်ရေးကို ယနေ့ညမှ စတင် ကြိုးစားရပေတော့မည်။

*

စက်တင်ဘာ၊ ၁၉၄၇

ဩဂုတ်လအတွင်းက ဓမ္မတာမပေါ်ဘဲ ရှိနေသည်။ ပထမတော့ တစ်စုံတစ်ရာကို ပြောရန်ပင် မဖြစ်နိုင်လောက်အောင် စိတ်လှုပ်ရှားနေသည်။

စက်တင်ဘာလသို့ ရောက်သောအခါ ဒုတိယအကြိမ်မြောက် မပေါ်ဘဲ နေပြန်သည်။ ထိုအခါကျတော့မှပင် ဂျနီဖာ သဘောပေါက်တော့သည်။ သူ့ခါးလည်း အနည်းငယ် တုတ်လာသည်။ နှစ်လက်မခန့် ပိုကြီးလာသည်။

ဆရာဝန်ထံသို့သွားပြီး စမ်းသပ်ကြည့်သည်။ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း ဆရာဝန်က အတည်ပြုကာ ဝမ်းသာစကား ပြောလိုက်သည်။ တိုနီကလည်း အလုပ်များနေသည်။ ဓာတ်ပြားသွင်းသည့်ကိစ္စများနှင့် မအားလပ်နိုင်အောင် ရှိနေရာ ယခုလို အချိန်မျိုးတွင် သူ့ကို အနှောင့်အယှက် မပေးချင်ပေ။

သို့သော်လည်း သူ့မှာ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း တစ်ယောက်ယောက်ကိုတော့ ပြောပြချင်နေသည်။ ဖြစ်နိုင်လျှင် ပုလိပ်လက်ပြတိုင်ပေါ် တက်ပြီး အသံကုန် အော်ဟစ်ကြေညာလိုက်ချင်သည်။ သို့ကလို အော်လျှင်လည်း အကြောင်းထူးမည်တော့ မဟုတ်။ မိမိတို့သည် သားသမီးရတနာ ရတော့မည်ဖြစ်ကြောင်း တိုနီက သတင်းစာတိုက်များသို့ ကြေညာချက် ထုတ်ပေးလိုက်ရုံနှင့် ကိစ္စပြီးသွားမည်။

နီလီတစ်ယောက် ရှိနေသေးသည်။ နီလီကို ပြောပြရမည်။ ယခုမှ ညနေ ငါးနာရီသာ ရှိသေးသည်။ ယနေ့ တစ်နေ့လုံး နီလီ ရုပ်ရှင်ရိုက်နေလိမ့်မည်။

ထို့ကြောင့်လည်း စတူဒီယိုသို့ တောက်လျှောက် ကားမောင်းထွက်လာခဲ့သည်။ ဂိတ်ဝမှ အစောင့်က စစ်ဆေးပြီး နီလီ ရှိမည့်နေရာကို ညွှန်လိုက်သည်။ ဂျနီဖာ ရောက်သွားတော့ နီလီ အနှိပ်ခံနေသည်ကို တွေ့ရသည်။

"ဟော . . . လာ အစ်မရေ့ အစ်မရောက်လာတာ အကိုက်ပဲ။ အစ်မဆီ ဒီကနေ့ည ဖုန်းလှမ်းဆက်တော့မလို့၊ ကျွန်မတို့ ဘာတွေ လုပ်ထားပြီးပြီထင်သလဲ၊ ပြောစမ်းပါဦး။ မနက်ဖြန်ကျရင် နယူးယောက်ကို မဲလ် သွားတော့မယ်"

"မင်းကတော့ တက်နဲ့ပဲလား"

"ဒါပေါ့ အစ်မရဲ့၊ တခြား ဘယ်သူနဲ့များ တွဲရဦးမှာလဲ။ ကျွန်မက တစ်ယောက်ဆိုတစ်ယောက်ပဲ စွဲစွဲမြဲမြဲ ချစ်တတ်တဲ့ မိန်းမပါ။ တက်နဲ့ ကျွန်မ. . ."

နီလီက စကားရပ်ပစ်လိုက်သည်။

ပြီးတော့ အနှိပ်သည်ကို ဆက်မနှိပ်တော့ရန် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"ရပါပြီနော်၊ ကျွန်မ သူငယ်ချင်းနဲ့ နှစ်ယောက်တည်း စကားပြောလိုက်ချင်သေးတယ်"

အနှိပ်သည်အမျိုးသမီး ထွက်သွားသောအခါကျမှ နီလီက သူ့ကိုယ်ပေါ်မှ မျက်နှာသုတ်ပဝါကို ဖယ်လိုက်သည်။

"ကျွန်မကိုယ်လုံးကို ကြည့်ပါဦး၊ ကျွန်မ ခါးက နှစ်ဆယ့်နှစ်လက်မပဲ ရှိတော့တယ်။ ကိုယ်အလေးချိန်က ကိုးဆယ့်ရှစ်ပေါင်ပဲ ကျန်တော့တယ်"

"ဒါလောက် ပိန်တာကို တက်က ကြိုက်ရဲ့လား"

"ကြိုက်တာပေါ့၊ သူကတော့ အကုန်လုံး ကြိုက်တာပါပဲ။ ကျွန်မ ရင်သားသေးတာကိုတောင် သဘောကျတယ်တဲ့။ ရင်သားကြီးရင် အဝတ်အစားပုံစံထုတ်ရတာ ထင်သလောက် ကောင်းဘူးလို့ ပြောတယ်။ မဲလ်နဲ့ ရှင်းစရာကိစ္စတွေ အားလုံး ရှင်းပြီးသွားရင် ကျွန်မတို့ နှစ်ယောက် လက်ထပ်ကြတော့မယ်။ နောက်ပြီးတော့ ကျွန်မတို့ လက်မထပ်မီ သဘောတူစာချုပ်တစ်ခုကိုလည်း လက်မှတ်ထိုးကြမယ်။ ဒါက ဆရာကြီးရဲ့ အကြံဉာဏ်လေ။ ဒီလိုစာချုပ်နဲ့ ဘာနဲ့ လုပ်ထားမှ ကျွန်မတို့ နှစ်ယောက်ဟာ အချစ်အတွက် လက်ထပ်ကြတာဖြစ်ကြောင်းနဲ့ တစ်ယောက်ဆီက အကျိုးကျေးဇူး တစ်ခုခုကို ကျန်တဲ့တစ်ယောက်က မျှော်ကိုးကြောင်း သက်သေထူရာ ရောက်မယ်တဲ့။ ဒါမှမဟုတ်ရင် ငွေမက်လို့၊ ပစ္စည်းဥစ္စာမက်လို့ ဆိုတာမျိုး ဖြစ်လာနိုင်တယ်တဲ့"

ဂျနီဖာက ကြိုးစားပြီး ပြုံးပြလိုက်သည်။

"နီလီ၊ ကိုယ်ရော ဘာဖြစ်နေသလဲ သိသလား။ ကိုယ့်မှာ ကိုယ်ဝန်နှစ်လတောင် ရှိနေပြီ"

"အိုး. . . ဂီးဇ်၊ အဲဒါနဲ့ ပတ်သက်တဲ့ သူတစ်ယောက်တော့ ရှိတယ်။ သိပ်တော်တဲ့ [illegible]ပဲ။ ကိုယ်ဝန်ဖျက်ချချင်တဲ့ လူတွေဆိုရင် ကျွန်မတို့ ဆရာကြီးက သူ့ဆီကိုပဲ လွှတ်ပေးတယ်။ အရင်ဆုံး ဆေးထိုးကြည့်တယ်။ ဆေးထိုးလို့မှ မရရင် ဖျက်ချပေးတယ်။ သိပ်လွယ်တာပဲတဲ့၊ မေ့ဆေးလည်း ပေးတယ်"

"နီလီ၊ မင်း နားမလည်သေးပါဘူး။ ကိုယ်က ဒီကလေးကို လိုချင်နေတာ။ အခုလို ကလေးရဖို့အတွက် စီမံကိန်းတွေ ဆွဲခဲ့ရတာ။ အခုလို ကိုယ်ဝန်ရှိလာတဲ့အတွက် ကိုယ် သိပ်ပျော်နေပြီ"

"အို. . ဒီလိုလား၊ သိပ်ကောင်းတာပေါ့ အစ်မရယ်။ အစ်မ ဗိုက်ကလေးက ပေါ်စတောင်ပြုနေပြီ။ သိပ်ကိုလှတဲ့ အစ်မရဲ့ ခါးလေးတော့ အလှပျက်တော့မှာပါပဲ"

"ပျက်စမ်းပါစေကွယ်၊ သိပ်ကိုလှတဲ့ ရင်သွေးကလေးတစ်ယောက် ရတော့မှာပဲ ဥစ္စာ"

ဂျနီဖာကလည်း နီလီ၏လေသံအတိုင်း လိုက်ပြောသည်။ နီလီက သဘောကျစွာ ရယ်သည်။

"အစ်မ မျက်နှာမြင်ပြီးသွားရင်တော့ ကျွန်မရဲ့ အစိမ်းရောင် ယမင်းရုပ်ကလေးတွေ အစ်မကို ပေးရဦးမယ်။ အစ်မရဲ့ ကိုယ်လုံး အလှကို ပြန်ရလာအောင်လေ"

"အဲဒီဆေးတွေက မင်းရဲ့ ကိုယ်လုံးကို ပိုပြီး လှလာအောင် စွမ်းတယ်ထင်တယ်"

"စွမ်းတယ်၊ ဒါပေမယ့် အမြဲတမ်း စားနေမှ ဖြစ်မှာ။ ဆေးစားတာ ရပ်လိုက်တာနဲ့ တစ်ပြိုင်တည်း အစားအသောက်ကို သရဲမရဲ စားတော့တာပဲ။ နေရတာတော့ ကောင်းတယ်။ နာရီပေါင်းများစွာ မနားမနေ ကနိုင်တယ်။ ဆေးအနီတောင့်ကလေးတွေတော့ တစ်ည တစ်လုံးလောက် စားရတုန်းပါပဲ။

ဒါထက် အဝါရောင် ဆေးတောင့်ကလေးတွေရော အစ်မ စားဖူးသလား၊ တကယ် အိပ်တယ် အစ်မရယ်။ အနီရောင်က ချက်ချင်း အိပ်တယ်။ ဒါပေမယ့် ခြောက်နာရီလောက်ပဲ ဆေးစွမ်းတယ်။ အဝါရောင်ဆေးက သူ့လိုတော့ မထိရောက်ဘူး။ ဒါပေမယ့် အကြာကြီး အိပ်တယ်။ ဒါကြောင့် အဲဒီ ဆေးနှစ်မျိုးကို တွဲပြီး ကျွန်မ စားနေတယ်။ တစ်ခါတလေများ ဆယ့်နှစ်နာရီလောက်ကြာအောင် အိပ်တော့တာပဲ"

"ကိုယ်ဝန်ရှိနေတုန်းမှာတော့ အဲဒီဆေးတွေ မသောက်ချင်တော့ပါဘူးကွယ်။ ကလေးကို ထိခိုက်မှာ စိုးတယ်"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် အစ်မ ကောင်းကောင်း အိပ်မပျော်ရင် ကိုယ်လုံး အလှပျက်သွားမယ် မဟုတ်လား"

"ကိုယ့်ဘဝမှာလေ၊ ပထမဆုံး အကြိမ် အနေနဲ့ ကိုယ့်အလှကိုကိုယ် အမိက မထားတော့ဘူး။ တကယ်တမ်း ကျန်းမာသန်စွမ်းတဲ့ ကလေးလေးတစ်ယောက် လိုချင်တယ်။ တစ်ညလုံး မအိပ်ရရင်လည်း နေပေစေတော့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း- အစ်မကတော့ သိပ်ကို စိတ်အားထက်သန်နေတော့တာပဲကိုး။ ဟုတ်ပါတယ်လေ၊ ကျွန်မလည်း ဒီလို ဖြစ်လာရင် အစ်မလိုစိတ်မျိုး ထားမိမှာပါပဲ။ တက်နဲ့ လက်ထပ်ပြီး နောက်ထပ် စာချုပ်အသစ် ချုပ်ပြီးရင် ကျွန်မလည်း သားသမီးရအောင် လုပ်ရမယ်။ ဘာပဲဖြစ်ဖြစ် အခု အချိန်မှာတော့ အနီရောင်ရယ်၊ အစိမ်းရောင်ရယ်၊ အဝါရောင်ရယ် ယမင်းရုပ်ကလေးတွေရဲ့ ကျေးဇူးကတော့ ကြီးမားလှပါပေတယ်"

*

ယနေ့ ညနေပိုင်းတွင် တိုနီအဖို့ မည်သည့်အစီအစဉ်မျှ မရှိပါစေနှင့်ဟု ဂျနီဖာ ဆုတောင်းမိသည်။ မီရီယမ် မပါဘဲ သူတို့နှစ်ယောက်တည်း ဟိုတယ်တစ်ခုမှာ ညစာ သွားစားမည်။ ထိုသို့ ညစာအတူစားရင်း တိုနီကို အကျိုးအကြောင်း ပြောပြရမည်။

အိမ်သို့ ပြန်ရောက်သောအခါ ကားအပိုတစ်စင်း ရောက်နေသည်ကို တွေ့ရသည်။ သူတို့အိမ်တွင် အချိန်ပိုင်း အိမ်ဖော်လုပ်ပေးနေသူ ဒေလီယာ၏ကား ဖြစ်သည်။ သို့ဆိုလျှင် ယနေ့ညတော့ အစီအစဉ်တစ်ခုခု ရှိနေပြန်ပြီ။

အိမ်ထဲသို့ သူ ဝင်သွားတော့ မီရီယမ် စောင့်နေသည်ကို တွေ့ရသည်။ သူမမျက်နှာသည် စိတ်အားထက်သန်မှုကြောင့် အရောင်တောက်နေသည်။

"တိုနီ ရုပ်ရှင်ရိုက်ဖို့ ဒီကနေ့ပဲ စာချုပ်လိုက်ကြပြီ။ ဆေးရောင်စုံ ရုပ်ရှင်ရိုက်ဖို့ လုပ်ကြရလိမ့်မယ်။ မက်ထရိုကုမ္ပဏီမှာ ငါးနှစ်စာချုပ်လိုက်တယ်။ တနင်္လာနေ့ကစပြီး နှစ်ပတ်လုံးလုံး ရုပ်ရှင် စရိုက်ရတော့မယ်။ ဒီကနေ့ညတော့ လှလှပပကလေး ဝတ်စမ်းပါကွယ်။ ဒါရိုက်တာလင်မယား လာပြီး ညစာစားလိမ့်မယ်။ တီးဝိုင်းခေါင်းဆောင်နဲ့ တခြားဧည့်သည်တချို့လည်း နည်းနည်း နောက်ကျပြီး ရောက်လာကြလိမ့်မယ်"

မီရီယမ်က ဆီးပြောသည်။

ဂျနီဖာက အဝတ်အစားများကို ဂရုတစိုက် ရွေးချယ်ပြီး ဝတ်သည်။

ယနေ့ည ညစာစားပွဲမှာ ထိုအကြောင်းကို ဖွင့်ပြောပြီး ကြေညာလိုက်ရလျှင် ကောင်းမည်။ ထို့ကြောင့်လည်း သူ့ခါးကလေး အနည်းငယ်တုတ်နေသည်ကို မြင်သာစေမည့် အဝတ်အစားကို တမင် ရွေးချယ်ပြီး ဝတ်ဆင်သည်။ တိုနီ သတိထားမိပါလိမ့်မည်။

ညစာ မစားမီတွင် ဝိုင်အရက်လောက်ကိုသာ ဂျနီဖာ သောက်သည်။ မီရီယမ်က သူ့ကို အံ့ဩသလို ငေးစိုက်ကြည့်နေသည်။ ဒါရိုက်တာကတော်နှင့် စကားအနည်းငယ်သာ ဂျနီဖာက ပြောသည်။ လူတိုင်း၏ ဖန်ခွက်များအတွင်းသို့ အရက်ထည့်ပြီးသည်အထိ ဂျနီဖာက စောင့်နေသည်။ ဖန်ခွက် အားလုံး ပြည့်ပြီးသောအခါ ထိုင်ရာမှ ဖြည်းဖြည်းချင်း ထသည်။ မီရီယမ်က သူ့ကို စူးစိုက်ကြည့်နေသည်။ သို့သော်လည်း သူက မမြင်ချင်ယောင်ဆောင်နေလိုက်သည်။

"ကျွန်မအတွက် ဆုတောင်းပြီး အရက်သောက်ပေးစေချင်ပါတယ်ရှင်။ ဟို . . ကျွန်မဆိုလိုတာက ကျွန်မကိုယ်ထဲမှာ ရှိနေတဲ့ ကလေးအတွက် ဆုတောင်းပေးစေချင်ပါတယ်။ တိုနီနဲ့ ကျွန်မ သားသမီးရတော့မယ်"

ဂျနီဖာက မသိမသာ တခစ်ခစ် ရယ်လိုက်မိသည်။

ဧည့်သည် အားလုံးက ဆုတောင်းပြီး ဝမ်းသာစကား ပြောကြသည်။

တိုနီက သူ့ကုလားထိုင်မှ ထလာပြီး ဂျနီဖာကို ဖက်ထားသည်။ မီရီယမ်၏ ခက်ထန်သော အမူအရာကိုလည်း ဂျနီဖာ မြင်လိုက်မိသည်။ လူအားလုံး၏ စိတ်အားထက်သန်မှုများ အရှိန်ကျဆင်းသွားသောအခါကျမှ ဂျနီဖာက မီရီယမ်နှင့် မျက်လုံးချင်း ဆိုင်ကြည့်တော့သည်။ ယခု အချိန်တွင်မူ မီရီယမ်၏ ပုဝိုင်းဝိုင်း မျက်နှာပေါ်တွင် စိတ်ချမ်းသာသည့် အပြုံးကလေး တစ်ခုကို မသိမသာ မြင်လိုက်ရသည်။

ဧည့်သည် အားလုံး ပြန်သွားကြသောအခါ မီရီယမ်က ဂျနီဖာဘက်သို့ လှည့်လာသည်။ ယခုအချိန်တိုင်အောင် သူမမျက်နှာပေါ်မှာ အပြုံးကလေး ရှိနေဆဲ ဖြစ်သည်။

"ကဲ မိခင်လောင်းကလေး၊ အပေါ်ထပ်ကို သွားပြီး အနားယူနေလိုက်ဦးနော်။ မင်းအကောင်းဆုံး အနားယူနိုင်ဖို့လိုတယ်။ ရုပ်ရှင်နဲ့ ပတ်သက်ပြီး တိုနီနဲ့ အသေးစိတ် ဆွေးနွေးစရာ ကိစ္စကလေးတွေ ရှိနေသေးတယ်။ ပြီးရင် ဖခင်လောင်း အသစ်စက်စက်ကိုလည်း အပေါ်ထပ် လွှတ်လိုက်ပါ့မယ်"

ဂျနီဖာ ထွက်သွားပြီးသည်နှင့် တစ်ပြိုင်

www.burmeseclassic.com

www.burmeseclassic.com



ထည်း မီရီယမ်က တိုနီဘက်သို့ လှည့်ပြီး ရင်ဆိုင်တော့သည်။

"ဒီလို ဖြစ်မလာအောင် ကျပ်ကျပ်ကြီး သတိထားပါလို့ မင်းကို ပြောထားတယ် မဟုတ်လား"

"ကျွန်တော်တို့လည်း သတိထားတာပါ ပဲ။ အခုဟာကတော့ မတော်တဆ ဖြစ်သွား တာနဲ့ တူတယ်"

တိုနီက အပြစ်မရှိသူလို ပြုံးရင်း ပြန် ပြောသည်။

"ဘယ်လိုလုပ်ပြီး မတော်တဆ ဖြစ်နိုင် မှာတုံး။ မင်းကို ငါ ဝယ်ပေးထားတဲ့ ပစ္စည်း တွေက အကောင်းစားတွေ၊ ဘယ်လိုလုပ်ပြီးမှ တော်မဆ မဖြစ်နိုင်ဘူး"

"အဲဒါတွေ ကျွန်တော်တို့ မသုံးတော့ တာ သုံးလေးလလောက် ရှိသွားပြီ။ ဂျင်းက ပြောတယ်၊ အဲဒါတွေ မလိုတော့ပါဘူး။ သူ အတာအကွယ် လုပ်ထားပြီးပါပြီတဲ့"

"ဘယ်မိန်းကလေး ပြောတဲ့စကားကိုမှ ယုံနဲ့လို့ မင်းကို ငါ ခဏခဏ ပြောတယ် မဟုတ်လား။ မင်း ရောဂါရလာနိုင်တယ်"

"ဂျင်းဆီက ဘယ်လိုလုပ်ပြီး ရောဂါ ရနိုင်မှာလဲ မဓရယ်"

တိုနီက ရယ်သည်။

"ကလေးရလာတဲ့အတွက် မင်းလည်း ဘယ်လိုနည်းနဲ့မှ လွတ်လပ်တော့မှာ မဟုတ် ဘူး"

"နေပါစေ၊ ကျွန်တော်တို့မှာ ငွေရှိနေပြီ ပဲ။ နောက်ပြီးတော့ ရုပ်ရှင်ရိုက်ခွင့်လည်း ရနေ ပြီ မဟုတ်လား။ ကျွန်တော်လည်း သားသမီး လိုချင်တယ်။ သားသမီးရှိတော့ အိမ်သာယာ တာပေါ့"

အောက်ထပ်သို့ ဂျနီဖာ ဆင်းလာနေ ကြောင်း မီရီယမ်က မျက်လုံးထောင့်မှနေ၍ လှမ်းမြင်လိုက်သည်။ သို့သော်လည်း မသိချင် ယောင်ဆောင်ပြီး ဆက်ပြောသည်။

"သားသမီး ရပြီးရင် မင်း အိမ်မှာ အချိန်များများ နေပေးရတော့မယ်"

ဂျနီဖာက လှေကားခုလတ်မှာ ရပ်ပြီး နားထောင်နေလိုက်သည်။တိုနီက လှေကားကို ကျောခိုင်း ထိုင်ထားသောကြောင့် ဂျနီဖာ ဆင်းလာသည်ကို မမြင်။

"ကောင်းပြီလေ၊ ဒီလိုဆိုရင်လည်း အိမ် မှာ အချိန်ပိုပြီး နေပေးမှာပေါ့"

တိုနီက ပခုံးကို တွန့်ပြလိုက်သည်။

"ဒီလိုဆို ဆံပင်နီနီနဲ့ အဆိုတော်မက လေးကို မင်း စွန့်လိုက်တော့မှာလား"

"မမကို ဘယ်သူပြောသလဲ"

တိုနီ၏ အမူအရာမှာ အထိတ်တလန့် ဖြစ်သွားသည်။

"မမ မသိတာဆိုလို့ ဘာတစ်ခုမှ မရှိ ဘူး။ ဒါပေမယ့် မပူပါနဲ့၊ ဂျနီဖာကို ပြန် မပြောပါဘူး"

"ဂျနီဖာကို ဘာပြန်မပြောမှာလဲ"

ဂျနီဖာက အခန်းထဲသို့ ဝင်လာရင်း လှမ်းမေးသည်။

မီရီယမ်က အံ့အားသင့်သွားသည့် အမူ အရာမျိုးကို တမင် လုပ်ပြသည်။ တိုနီကတော့ ထိတ်လန့်တကြီး ဖြစ်နေသည်။

"ဘာမှ မဟုတ်ပါဘူးဂျင်း၊မမက မဟုတ် တာတွေ ပြောနေတာပါ။ ဘက်စီနဲ့ ကိုယ်နဲ့ တွဲနေတာကို ပြောနေတာပါ။ သူက ဆံပင်နီနီ နဲ့လေ။ ကိုယ်တို့ ရေဒီယိုဇာတ်လမ်းထဲမှာ ပါ တယ်။ သီချင်းဆိုတဲ့ အဖွဲ့ထဲကပါ။ ကိုယ်တို့ နှစ်ယောက်က ရယ်စရာ လုပ်နေကြတာပါ။ ဘာမှ မဟုတ်ပါဘူး"ဟု တိုနီက ပြန်ဖြေသည်။

"ဘာရယ်စရာ လုပ်နေရမှာလဲ၊ တစ်ပတ် ကို သုံးကြိမ်လောက် အဲဒီကောင်မက မင်း အခန်းထဲ ရောက်နေတာ မဟုတ်ဘူးလား၊ ဂျနီဖာ၊ ကိုယ့်ယောကျ်ား ဘာတွေ လုပ်နေ တယ် ဆိုတာကိုလဲ သေသေချာချာ စစ်ဆေး ကြည့်ဦး"

ဂျနီဖာက အခန်းထဲမှ ပြေးထွက်သွား သည်။

"ကဲ- မမ လုပ်လိုက်တာ ဘာတွေ ဖြစ် ကုန်ပြီလဲ"

"ဒီမှာ အဲဒီကလေးကို ဖျက်ချခိုင်းလိုက်၊ မမ ပြောတာကို နားထောင်ပါ တိုနီ။ ဒါဟာ မင်းရဲ့ လုပ်ငန်းအတွက် အကောင်းဆုံး ဖြစ် မယ်။ ဒါမျိုး လုပ်ပေးနိုင်တဲ့ ဆရာဝန်တွေ လည်း အများကြီး ရှိပါတယ်"

"ကျွန်တော် သားသမီး လိုချင်တယ်"

တိုနီကလည်း ခေါင်းမာမာနှင့် ပြောနေ သည်။

"တိုနီ၊ မင်းဘဝကို မင်း ပြန်စဉ်းစား ကြည့်စမ်း။ အခု ရုပ်ရှင်ပိတ်ကားပေါ်မှာ မင်း ကို မြင်ကြရတော့မယ်။ အသက်ငယ်တယ်၊ ရုပ်ချောတယ်၊ ခေါင်းဆောင်မင်းသား အဖြစ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဆောင်ရမယ်။ မင်းအသက်ဟာ နှစ်ဆယ့်လေးနှစ်ပဲ ရှိသေးတယ်လို့ ကုမ္ပဏီက ကြေညာလိမ့်မယ်။ သားသမီး ရတယ်ဆိုရင် အဲဒီလို အောင်မြင်လာတော့မယ့် မင်းဘဝကို ထိခိုက်တော့မယ်"

"မဆိုင်ပါဘူး၊ စီနာထရာမှာလည်း သားသမီးတွေ ရှိတာပဲ။ ခရော့စ်ဘီမှာလည်း သားသမီးတွေ ရှိတာပဲ။ ဒီကလေးကိုတော့ ဖျက်မပစ်ပါရစေနဲ့"

တိုနီက ထိုမျှပြောပြီး အပေါ်ထပ်သို့ ပြေးတက်သွားတော့သည်။

အိပ်ခန်းထဲသို့ သူ ဝင်သွားသောအခါ ခုတင်ပေါ်မှာ ကန့်လန့်ဖြတ်လှဲပြီး ငိုနေသည့် ဂျနီဖာကို တွေ့ရသည်။

"အချစ်ရယ်၊ မမ ပြောတာကို ဘယ်လိုမှ မအောက်မေ့ပါနဲ့။ မောင်တို့ ဒီကလေးကို မွေးကြမှာပါ"

တိုနီက ဂျနီဖာ၏ဘေးမှာ ဝင်ထိုင်ရင်း လည်ပင်းကလေးကို ပွတ်ပေးနေသည်။

"ဘယ်လိုမှ မအောက်မေ့ရဘူးလား"

ဂျနီဖာက အိပ်နေရာမှ ထထိုင်သည်။ သူ့မျက်နှာပေါ်တွင် မျက်တောင်ကော့ဆေးများကို မျက်ရည်စိုသဖြင့် ပေကျံနေသည်ကို တွေ့ရသည်။

"ဘယ်လိုမှ မအောက်မေ့ရဘူးလား။ ကျွန်မတို့ဘဝကို သူ ထင်တိုင်း ချယ်လှယ်နေတာကို ဒီအတိုင်း ကြည့်နေရမှာလား။ နောက်ပြီး ကျွန်မကတော့ အချိန်ရှိသရွေ့ ဒီအိမ်ကြီးထဲမှာ ထိုင်နေရတယ်။ ဒီဘဝမျိုးကို ငြီးငွေ့လွန်းလို့ သေရတော့မယ်။ တစ်နေ့ထက်တစ်နေ့လည်း အသက်က ကြီးလာနေပြီ။ အချိန်က စောင့်နေတာ မဟုတ်ဘူး။ ဒီအချိန်မှာ ရှင်ကတော့ အဆိုတော်မ တစ်ယောက်နဲ့ အလေလိုက်ချင်တိုင်း လိုက်နေတယ်။ ကျွန်မကတော့ ဒီအိမ်ထဲမှာ ထိုင်ပြီး မီရီယမ် ဗိုလ်ကျချင်တိုင်း ကျနေတာကို ခံနေရတယ်"

"ကိုယ်က ဘာတတ်နိုင်မှာလဲ"

တိုနီက ငိုသံပါကြီးနှင့် ပြောသည်။

"သူ့ကို ဒီအိမ်က ထွက်သွားလို့ ပြောလိုက်ပါ။ အခုအချိန်ကစပြီး ဒီအိမ်ထောင်ကို ကျွန်မ ထိန်းသိမ်းမယ်"

"မီရီယမ်ကိုတော့ ဒီစကားမျိုး ကိုယ် မပြောနိုင်ဘူး။ သူ ဘယ်သွားနေမလဲ"

"သွားချင်တဲ့နေရာ သွားနေပေစေ။ ကျွန်မတို့နဲ့ ဝေးသွားရင် တော်ပြီ။ ရှင် ရသ[...] ငွေ တစ်ဝက်ခွဲပြီး ပေးချင်လည်းပေး၊ ကျွန်[...] ဂရုမစိုက်ဘူး။ ဒါပေမယ့် ကျွန်မတို့ဘဝ[...] ကျွန်မတို့ တည်ထောင်ချင်တယ်။ တစ်[...] လောက်ပဲဖြစ်ဖြစ် ကိုယ့်ခြေထောက်ပေါ်မှာ[...] ကိုယ်စမ်းပြီး ရပ်ကြည့်ပါရစေ မောင်ရယ်[...] လင်နဲ့မယား ပီပီသသ နေစမ်းပါရစေ။ သူ[...] အုပ်ချုပ်တာကို ခံနေရတဲ့ ကလေးနှစ်ယောက်[...] အဖြစ်မျိုးလိုတော့ မနေပါရစေနဲ့"

"အဲဒီလိုကျတော့ လုပ်စရာရှိတဲ့ အလုပ်[...] တွေကို ဘယ်သူက လုပ်မလဲ၊ ကိုယ့်ချက်လက်[...] မှတ်တွေကို ဘယ်သူက ရေးပေးမလဲ။ ကိုယ့်[...] ကန်ထရိုက်စာချုပ်တွေကို ဘယ်သူက ဖ[...] ပေးမလဲ"

"တိုနီ၊ တခြားလူတွေမှာ လုပ်ငန်းဆိုင်[...] မန်နေဂျာတွေ ရှိကြတာပဲ။ မောင်လည်း[...] မန်နေဂျာတစ်ယောက်ငှားရင် ဖြစ်တာပေ[...]"

"ဒါပေမယ့် လူစိမ်းတစ်ယောက်ကို ငှား[...] လိုက်လို့ သူက ကိုယ့်ကို လိမ်သွားရင် ဘယ်[...] နှယ်လုပ်မလဲ၊ ကိုယ့်အစ်မ အရင်းလော[...] တော့ ဘယ်သူက ကောင်းနိုင်မှာလဲ။ ပြီးတော့[...] ကိုယ့်အတွက် အကျိုးရှိမှာကိုသာ သူ[...] ကြည့်နေတာ"

"ဒါပေမယ့် သူနဲ့အတူတူ ကျွန်မ မ[...] နိုင်ဘူး"

ချက်ချင်းပင် သူ့အမူအရာ ဘ[...] သွားတော့သည်။

"ကိုယ့် အစ်မအရင်း တစ်ယောက်[...] ကန်ထုတ်လိုက်ဖို့ မင်း တောင်းဆိုတာ[...] လေ"

ထိုအခါကျတော့လည်း ဂျနီဖာ[...] တောင်းပန်ရှာပြန်သည်။

"တိုနီ၊ ကျွန်မတို့ဘဝကြီးက ဘယ်[...] ဖြစ်နေတယ် ဆိုတာကိုလည်း ပြန်ကြည့်[...] ကွယ်။ လုပ်ငန်းကိုင်ငန်း ကိစ္စကလွဲပြီး [...] နေရာမှာမှ ကျွန်မတို့ ပျော်ရွှင်စရာ ပွဲ[...] သဘင်ကို မလုပ်နိုင်ကြဘူး။ ဧည့်ခံပွဲတွေ [...] တာဟာ သက်သက် ငွေဖြုန်းပစ်နေတာ[...] မီရီယမ်က အမြဲတမ်း ပြောတယ်။

နောက်ပြီးတော့ အင်မတန် ပုံ[...] ဒီအိမ်ကြီးကိုဝယ်ဖို့ မီရီယမ် လုပ်နေ[...] ကျွန်မကို ကြိုက်လား မကြိုက်ဘူးလား[...] မေးဖော်မရဘူး။ ဒီအိမ်ကြီးကိုဘာဖြစ်လို့[...] ဝယ်ဖို့ ကြိုးစားနေတယ်ဆိုတာ ဘုရား[...]

www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်။ ကျွန်မတို့ကို အခုအတိုင်း အခန်းထဲမှာ ပိတ်ထားမယ်။ ကျွန်မတို့မှာ ဘဝဆိုတာ မရှိတော့ဘူး"

"တစ်ပတ်မှာသုံးရက် ကိုယ် ဇာတ်တိုက်ရမယ်။ ကိုယ့် ရေဒီယိုဇာတ်လမ်းအတွက်လည်း လုပ်ရမယ်။ အသစ်ပေါ်နေတဲ့ သီချင်းသစ်တွေကို နားထောင်ရမယ်။ လေ့လာရမယ်။ ကြော်ငြာတွေအတွက် ဓာတ်ပုံအရိုက်ခံရမယ်။ မင်းက ကိုယ့်ကို ဘာလုပ်စေချင်တာလဲ၊ မင်းအနားမှာထိုင်ပြီး မင်းကို ဖျော်ဖြေနေရမှာလား။ မင်း အပျင်းပြေအောင် ပျော်တော်ဆက်ပေးနေရမှာလား။

ကိုယ့်ဘဝဟာ- ဘယ်လိုဘဝမျိုးလဲဆိုတာ လက်ထပ်တဲ့ အချိန်ကတည်းက မင်းသိခဲ့တာ မဟုတ်လား။ မီရီယမ်က ဘယ်လောက်များ အပြင်ကို သွားရလို့လဲ။ မင်းနဲ့ကိုယ်နဲ့ သွားလာလည်ပတ်နေတဲ့ နေရာတွေရဲ့ တစ်ဝက်လောက်ကိုများ သူ သွားရလို့လား။ တို့နဲ့အတူတူ ပါရလို့လား။ ပြီးခဲ့တဲ့ လထဲတုန်းကလည်း ဧရာမပွဲကြီး သုံးပွဲကို မင်းနဲ့ကိုယ်နဲ့ နှစ်ယောက်တည်း တက်ခဲ့ကြတယ်။ သူ မလိုက်ရလို့များ မကျေမနပ်ပြောတာ မင်း ကြားရဖူးသလား"

တိုနီက အသံမာမာနှင့် အော်ပြောသည်။

"မကျေနပ်စကား ပြောတာကိုတော့ မကြားရပါဘူး။ ဒါပေမယ့် နောက်ထပ် လက်မှတ်တစ်စောင် ထပ်ရဖို့တော့ တယ်လီဖုန်းတဂွမ်ဂွမ်ဆက်ပြီး တောင်းနေတာ ကြားရပါတယ်။ ကျွန်မတို့နှစ်ယောက်တည်း သွားကြတယ် ဆိုတာကလည်း ရုပ်ရှင်ကုမ္ပဏီက လက်မှတ်နှစ်စောင်ပဲ ပို့လိုက်လို့ သွားတာ မဟုတ်လား။ ကျွန်မတို့ကို ဘယ်မှာများ အလစ်ပေးဖူးလို့လဲ။ ကျွန်မတို့ အိပ်ရာထဲကို လာမအိပ်တာကိုတောင် ကျွန်မဖြင့် အံ့ဩမိပါရဲ့"

"ကိုယ့်ဘဝထဲကို မင်း ရောက်မလာခင်ကတည်းက ကိုယ့်ဘဝအတွက် သူ အလုံးစုံ စွန့်လွှတ်ခဲ့တာ။ ကိုယ့်ဘဝ တိုးတက်လာအောင် လုပ်ပေးတယ်။ အရိုးများသော ချေးခါးသော ဘာစကားမှ မပြောဘူး။ သူဟာ ကိုယ်ကျိုးကို ကြည့်နေတဲ့မိန်းမ မဟုတ်ဘူး။ ကြင်နာတတ်တယ်၊ သနားတတ်တယ်၊ ကိုယ့်အပေါ်မှာ အဘက်ဘက်က ပြောစရာ မရှိလောက်အောင် ကောင်းတယ်။ ဒီလိုအစ်မမျိုးကို ကန်ထုတ်ပစ်လိုက်ဖို့ မင်းက ပြောနေတယ်"

"သူ့ကို ကန်ထုတ်မလား၊ ကျွန်မကို ကန်ထုတ်မလား တိုနီ"

သူတို့နှစ်ယောက်သည် စကား မပြောကြဘဲ အတန်ကြာအောင် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြသည်။

ထို့နောက်မှ တိုနီက လူငယ်ကလေး တစ်ယောက်လို ပြုံးလိုက်သည်။

"ဒီလို မပြောပါနဲ့ အချစ်ရယ်၊ မင်းရင်သွေးလေးကို မွေးခွင့်ရမှာပါ။ ဒီလို မွေးခွင့်ရဖို့အတွက် ကိုယ် အခိုင်အမာ ရပ်နေတာကိုလည်း မင်းတွေ့တယ် မဟုတ်လား။ ကဲ- အိပ်ကြပါစို့"

အမှောင်ထဲရောက်တော့ တိုနီက ဂျနီဖာကို လှမ်းဖက်သည်။

"ကျွန်မတို့ ပြီးပြတ်အောင် မဆွေးနွေးရသေးဘူး"

ဂျနီဖာက တင်းတင်းမာမာ ပြောသည်။

"ဘာ မပြီးပြတ်သေးတာလဲ"

"မီရီယမ်ကိစ္စ"

"မီရီယမ်ကလည်း ဒီမှာနေမယ်၊ မင်းလည်း ဒီမှာနေမယ်"

တိုနီက သူ့ကို လှမ်းဖက်ပြန်သည်။

ဂျနီဖာက သူ့ကို တွန်းပစ်လိုက်သည်။ ပြီးတော့ ရှိုက်ကြီးတငင် ငိုတော့သည်။

"ကဲပါကွယ်၊ ဘာဖြစ်လို့ ငိုနေရပြန်တာလဲ"

ဂျနီဖာက ပိုပြီး ဟစ်ပစ်လိုက်သည်။

"ဘက်စီဆိုတဲ့ ကလေးမလေးနဲ့ ကိုယ်နဲ့ တွဲနေလို့ မင်းစိတ်တွေ ကယောင်ချောက်ချားဖြစ်နေတယ်ဆိုတဲ့ အကြောင်းမျိုး ကိုယ့်ကို ပြောမပြတော့ဘူးလား"

ဂျနီဖာက ခုတင်ပေါ်မှ ခုန်ဆင်းလိုက်သည်။ဘုရား. . . ဘုရား၊ ဘယ်လိုယောက်ျားမျိုးပါလိမ့်။

တိုနီလည်း အိပ်ရာမှ ထထိုင်ပြီး မီးခလုတ်ကို ဖွင့်လိုက်သည်။ သူ့မျက်နှာ အမူအမူရာ စိတ်ရှုပ်ထွေးနေသည့် အမူအရာမျိုး ဖြစ်သည်။

"ဘက်စီကို ကိုယ်မချစ်. . ."

ဂျနီဖာက ကုလားထိုင်ပေါ်မှာ ထိုင်နေပြီး သူ့ကိုယ်လုံးကို သူ့လက်နှင့် ပြန်ပြီး သိုင်းဖက်ထားသည်။ ရှိုက်လည်း ရှိုက်နေသည်။

"ဒီလိုဆိုရင် ဘာဖြစ်လို့သူနဲ့ လျှောက်

www.burmeseclassic.com

www.burmeseclassic.com



တွဲနေတာလဲ"

"ဒါက ဟိုမှာ ဖြစ်ခဲ့တာပါကွာ"

တိုနီက ပခုံးကို တွန့်သည်။

"ဒါပေမယ့်၊ ကျွန်မ ဒီမှာ အမြဲတမ်း ရှိနေတာပဲ မဟုတ်လား"

"ဇာတ်တိုက်နေတဲ့ အချိန်တွေထဲမှာတော့ မင်း ရှိနေတဲ့အိမ်ကို ကိုယ် ပြန်ပြေးလာလို့ ဘယ်ဖြစ်နိုင်ပါ့မလဲ။ ဘက်စီကတော့ ကိုယ့်အနားမှာ အမြဲတမ်း ရှိနေတာကိုး။ ဒါပေမယ့်၊ ဒါကလည်း သူ့ကို ချစ်လို့ မဟုတ်ပါဘူး။ ဘာမှ မဟုတ်ပါဘူးကွယ်။ မင်းကို ကိုယ် ကတိပေးပါတယ်။ ဘက်စီနဲ့ နောက် ဘယ်တော့မှ မရှုပ်တော့ပါဘူး။ သူ့ကို မနက်ဖြန် အလုပ်ထုတ်ပစ်လိုက်ဖို့ မီရီယမ်ကို ပြောလိုက်မယ်။ ကဲ- ဒီလိုဆိုရင် ကျေနပ်ပြီ မဟုတ်လား။ လာပါ၊ အိပ်လိုက်ပါတော့"

"ကျွန်မ ဒီလိုဖြစ်နေတာ ဘက်စီကြောင့် မဟုတ်ဘူး။ တိုနီ၊ ရှင့်ကြောင့် ဖြစ်နေတာ။ ရှင့်ကို ကျွန်မ နားမလည်တော့ဘူး။ ရှင့်စိတ်ထဲမှာ ဘာတွေ တွေးနေသလဲ၊ ဘယ်လို ခံစားနေရသလဲ"

"မင်းကို ကိုယ်ချစ်တယ်။ အခုလည်း ချစ်တယ်၊ လောလောဆယ် ကိုယ့်စိတ်ထဲမှာ ခံစားနေရတာကတော့ ဒါပဲ။ ကဲ လာပါ"

ခုတင်ပေါ်သို့ ဂျနီဖာ ပြန်ရောက်သွားသည်။ သူ့အပွေ့အဖက်ကို လိုက်လျောလိုက်ရပြန်သည်။ ပြီးတော့ တိုနီ အိပ်ပျော်သွားသည်။

ဂျနီဖာက ခုတင်ပေါ်မှ ဆင်းခဲ့ပြီး အနီရောင် ယမင်းရုပ်ကလေး သုံးရုပ်ကို သောက်လိုက်သည်။ ဆေးသုံးလုံးကို သောက်သော်လည်း သူ ညင်ညင်သာသာပင် အိပ်ပျော်သွားသည်။

နောက်တစ်နေ့မနက် မီရီယမ်နှင့် တိုနီတို့ ဇာတ်တိုက်ဖို့ ထွက်သွားကြပြီးနောက် ဟင်နရီဘယ်လာမီကို ဂျနီဖာက ဖုန်းလှမ်းဆက်သည်။ အဖြစ်အပျက် ဇာတ်လမ်းစုံကို ပြောပြလိုက်သည်။

"မင်းဟာ မင်း သတ်သတ်နေမှ ဖြစ်တော့မယ်။ ဒီလို မဟုတ်ရင် အဲဒီ ကလေးကို မင်း မွေးခွင့်ကြုံမှာ မဟုတ်ဘူး။ မီရီယမ် မပျက် ပျက်အောင် ဖျက်ပစ်လိမ့်မယ်"

"ကျွန်မ ဘာလုပ်ရမလဲ"

"မင်းအပေါ်မှာလည်း မူတည်တယ်၊ တိုနီနဲ့ ပတ်သက်ပြီး မင်း သဘောထားက ဘယ်လိုရှိသလဲ"

"ကျွန်မလည်း မပြောတတ်အောင် ဖြစ်နေပြီ။ မီရီယမ်က သူ့စိတ်ဓာတ်တွေ ပြောင်းကုန်အောင် လုပ်ပစ်လိုက်တဲ့ အတွက်တော့ ကျွန်မ စိတ်မကောင်းဖြစ်မိပါတယ်။ တစ်ခါတစ်ခါတော့လည်း မနေ့ညတုန်းကလို အဖြစ်မျိုးပေါ့လေ။ ကျွန်မ စိတ်ကုန်မိတယ်။ ဒါပေမယ့်၊ သူ့မှာ စိတ်ကောင်းကလေး ရှိပါတယ်။ ဒါလောက်တော့လည်း မဆိုးရှာပါဘူး။ သူ့မှာ ယုတ်မာတဲ့စိတ်တော့ မရှိပါဘူး။

ဒါပေမယ့်၊ သူဟာ လူကြီးတစ်ယောက် ဖြစ်မလာဘူး။ စိတ်ထားရင့်ကျက်မလာဘူး။ ဒါကလည်း မီရီယမ်ရဲ့ အမှားတွေပါ။ ကမ္ဘာလောကကြီး တစ်ခုလုံးကို သူ ဖန်တီးချင်သလို ဖန်တီးလို့ရတယ်ဆိုတဲ့ အမြင်မျိုးမြင်နေအောင် မီရီယမ်က လုပ်ထားတယ်။ သူ သီချင်းဆိုနေသမျှ ကာလပတ်လုံး သူ လုပ်ချင်တာ ဘာမဆို ဖြစ်တယ်ဆိုတဲ့ အသိမျိုး ဝင်နေအောင် သွင်းပေးထားတယ်။

မီရီယမ် မရှိဘဲ ကျွန်မတို့နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်နဲ့ ကိုယ့်ဘဝကိုယ် ထူထောင်ကြမယ်ဆိုရင် ပျော်စရာကောင်းတဲ့ ဘဝတစ်ခုကို ကျွန်မတို့ ရလာမယ်လို့ ထင်ပါတယ်။ ဒါပေမယ့်၊ သူ ယုံကြည်လာအောင် ကျွန်မ မပြောနိုင်တော့ဘူး"

"မင်းအသက်ဟာ ငယ်ပါသေးတယ် ဂျနီဖာ၊ ကျုပ်အကြံပေးချင်တာကတော့ အဲဒီ အနှောင်အဖွဲ့ထဲကနေပြီး မင်း ရုန်းထွက်လိုက်ဖို့ပဲ။ မင်းအဖို့ အရွယ်ကောင်းတုန်း လုပ်ဖို့ လိုတယ်"

"ဟင်နရီ၊ ရှင်ထင်ထားသလို ကျွန်မ အသက် မငယ်တော့ဘူး။ ကျွန်မ. . . ကျွန်မ အသက်နဲ့ ပတ်သက်ပြီး ရှင့်ကို လိမ်ပြောထားခဲ့တာပါ"

"မငယ်တော့ရော ဘာဖြစ်သလဲ၊ မင်းအဖို့ အလားအလာကောင်းတွေ အများကြီး ရှိနေသေးတာပဲ။ ကျုပ်အမြင်ကတော့ မင်း ဟောလီးဝုဒ်မှာ နေနေလို့တော့ ဘာမှ ဖြစ်လာတော့မှာ မဟုတ်ဘူး။ မင်း အဲဒီမှာ ကုတ်ကတ်နေပြီး ကလေးမျက်နှာမြင်နိုင်ဖို့ ကြိုးစားနေမယ်ဆိုရင် မင်း ကလေးကိုလည်း မီရီယမ်က ရအောင် ဖျက်ချလိုက်မှာပဲ"

"ဒီလိုတော့ အဖြစ်မခံနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင်၊ နယူးယောက်ကို လာခဲ့။ မင်းနောက်ကို တိုနီ လိုက်လာမလား၊ မလာဘူးလားဆိုတာ စောင့်ကြည့်။ သူ့လုပ်ငန်းတွေကို မီရီယမ်က ကိုင်တွယ်ပေးနေသလို ကျုပ်ကလည်း ကိုင်တွယ်ပေးနိုင်ပါတယ် ဆိုတာကို ယုံအောင် ကျုပ် ကြိုးစားကြည့်မယ်။ သူ လိုက်လာပြီဆိုရင် မီရီယမ်ကို အနားပေးလိုက်မယ်၊ အဲဒီအခါကျတော့ တိုနီကို တကယ့်လူသားမြောက်ပြီး လူကြီးတစ်ယောက် ဖြစ်လာအောင် မင်း ပုံသွင်းနိုင်ပြီပေါ့။ တကယ်လို့ သူက ဒီအတိုင်း မလိုက်နာနိုင်ဘူး ဆိုရင်လည်း မင်းအဖို့ ဘာမှထူးပြီး ဆုံးရှုံးသွားစရာ အကြောင်း မရှိပါဘူး"

"ရှင်ပြောတာ မှန်ပါတယ် ဟင်နရီ၊ ဒီအတိုင်းကြီးတော့ ကျွန်မ ဆက်နေလို့ မဖြစ်တော့ဘူး"

"ဟိုတယ်မှာ မင်းအတွက် အခန်းတစ်ခန်း ကျုပ် ငှားထားလိုက်မယ်။ ပြဇာတ်ကဖို့အတွက် အသံစစ်ရအောင် နယူးယောက်ကို ခေါ်လို့ မင်း ထွက်သွားကြောင်း စာရေးထားခဲ့။ မင်းရဲ့ အဝတ်အစား အများစုကိုလည်း ထုပ်ပိုးသွားခဲ့။ ဒါမှ မင်း အပြီးထွက်သွားတာ မဟုတ်ဘူးလို့ မီရီယမ် ထင်မယ်"

"ဒါပေမယ့်၊ ကျွန်မ ကိုယ်ဝန်ရှိနေရင် ထွက်ကလို့ မရဘူးဆိုတာ တိုနီနဲ့ မီရီယမ်တို့ သိနေတာပဲ"

"သူတို့သိတာ ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီကိစ္စက ဥပဒေသဘောအရ ဘောင်ဝင်အောင် လုပ်နေတာ။ မင်း ဒီလို ဇာတ်သွားမယ် ဆိုတာကို တခြား တစ်ယောက်ယောက်ဆီကိုလည်း စာရေးပြီး အသိပေးထားလိုက်ဦး။ ဆိုပါတော့၊ အယ်နီဆီကို ရေးလိုက်၊ ပြီးတော့ ကျုပ်ရဲ့ ကမ်းလှမ်းချက်ကို လက်ခံကြောင်း ကြေးနန်းစာတစ်စောင်လည်း ကျုပ်ဆီကို ရိုက်လိုက်"

ဟင်နရီပေးသည့်အကြံများကို ဂျနီဖာက အသေအချာ လိုက်နာသည်။ တိုနီကလည်း သူ့ယာဉ်ပျံတစ်စင်းငှားကာ နယူးယောက်မြို့ကို ကောက်ကောက်ပါအောင် လိုက်လာခဲ့သည်။

ဂျနီဖာ၏ ဟိုတယ်အခန်းထဲမှာ သူ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ ကလေးငယ်တစ်ယောက်လိုလည်း ငိုသည်။ တောင်းလည်း တောင်းပန်သည်။ ဂျနီဖာကို သူ မည်မျှ ချစ်မြတ်နိုးကြောင်းကို ကျိန်တွယ်ပြောဆိုရှာသည်။ ဂျနီဖာ လိုသမျှ ဘာကိုမဆို လိုက်လျောမည်။ မီရီယမ်ကို မောင်းထုတ်လိုက်ဖို့ကလွဲပြီး ဘာမဆို ဂျနီဖာ၏ အကြိုက်အတိုင်း ဖြစ်ရပါစေမည်ဟု ပြောသည်။

"ဒါပေမယ့်၊ ကျွန်မ တောင်းဆိုနေတာကလည်း အဲဒီ တစ်ချက်တည်းပဲ ရှိတာပဲ"

ဂျနီဖာက တင်းခံသည်။

သည်ကိစ္စနှင့် ပတ်သက်၍တော့ တိုနီကလည်း ခေါင်းမာသည်။

"သူက ကိုယ့်ငွေရေးကြေးရေး ကိစ္စတွေ အကုန်လုံးကို ထိန်းထိန်းသိမ်းသိမ်း လုပ်ပြီး ကိုယ့်လုပ်ငန်းကိုလည်း သူပဲ ကြီးကြပ်ကွပ်ကဲပေးနေတာ မဟုတ်လား၊ မီရီယမ်ကလွဲပြီး ဘယ်သူ့ကိုမှ ကိုယ် မယုံဘူး"

"ကျွန်မအပေါ် မှာရော ရှင် ဘယ်လိုသဘောထားသလဲ၊ ကျွန်မကိုရော ရှင် မယုံဘူးလား"

"ကိုယ့်ကို အကျပ်မကိုင်ပါနဲ့ ဂျနီဖာရယ်၊ ကိုယ်တွေ့ခဲ့ဖူးသမျှ မိန်းကလေးတွေထဲမှာတော့ မင်းဟာ ချစ်စရာအကောင်းဆုံးပါပဲ"

"ချစ်စရာအကောင်းဆုံး၊ ကျွန်မရဲ့ တန်ဖိုးဟာ ဒါလောက်ပဲ ရှိသလား"

"မင်းက ဘာဖြစ်ချင်တာလဲ၊ မီရီယမ် ပြောတာ မှန်နေပါပေါ့လား။ မင်းက ကိုယ့်ကို အပိုင်စီးချင်နေတာပဲ။ ကိုယ့်ဘဝ ပျက်စီးသွားအောင် လုပ်ချင်နေတာပဲ။ သီချင်းဆိုဖို့အတွက်တော့ ဘာမဆို ကိုယ်လုပ်ရမယ်"

"ကျွန်မအတွက်တော့ ရှင် ဘာပြန်ပေးသလဲ"

"မင်း ကိုယ်နဲ့အတူတူ နေနေရပြီ မဟုတ်လား၊ ဒါလောက်ဆိုရင် တော်ရောပေါ့"

ကာလီဖိုးနီးယားပြည်နယ်သို့ တိုနီ ပြန်သွားသည်။ ယာယီခွဲနေရန် သဘောတူစာချုပ်ကို ဟင်နရီက လုပ်ပေးသည်။ ကလေးမျက်နှာမြင်သည့် အချိန်အထိ တစ်ပတ်လျှင် ဒေါ်လာ ငါးရာ ဂျနီဖာကို ပေးရမည်။

ကလေးမျက်နှာ မြင်ပြီးသောအခါ တစ်ပတ်လျှင် ငွေတစ်ထောင်နှင့် ကလေးစရိတ်များ ရမည်။ ကိုယ်ဝန်ရှိနေကြောင်း မြင်သာထင်သာ မရှိသေးသမျှ ကာလပတ်လုံး လျှို့ဝှက်ထားရမည်။ ကလေးမျက်နှာ မြင်ပြီးသောအခါကျမှ အပြီးအပြတ် ကွာရှင်းပြတ်စဲမည်။

တိုနီနှင့် ဂျနီဖာတို့ တခြားစီ ဖြစ်သွားပြီ

www.burmeseclassic.com



ဆိုသော သတင်းသည် သတင်းစာများ၏ မျက်နှာဖုံးသတင်း ဖြစ်သွားတော့သည်။

ပထမ တစ်ပတ်လုံးလုံးတော့ ဟိုတယ်မှာပဲ သူ နေနေသည်။ အနီရောင် ဆေးလုံးကလေးများကို မှီဝဲရင်း အချိန်ရှိသမျှ အိပ်နေခဲ့သည်။

နောက်ဆုံးတော့ အယ်နီကလည်း သူနှင့်အတူတူ လာနေဖို့ ခေါ်သည်။ ပြဇာတ်ရုံသို့ သွားရန်နှင့် သူနှင့်အတူတူ နေ့လယ်စာ စားဖို့ကိုလည်း အယ်နီက အမြဲတမ်း တိုက်တွန်းနေသည်။ သို့သော်လည်း ဂျနီဖာက ငြင်းမြဲ ငြင်းနေသည်။

သူ့အဖို့ စိတ်သက်သာရာ ရသည့်အချိန်သည် အနီရောင်ယမင်းရုပ်ကလေးများကို မှီဝဲရသည့် ညပိုင်းအချိန်များသာ ဖြစ်လေသည်။

*

အောက်တိုဘာ၊ ၁၉၄၇

ဂျနီဖာ ကိုယ်ဝန်လေးလ ရှိသောအခါ မီရီယမ် ရောက်လာသည်။

လေယာဉ်ပျံကွင်းမှနေ၍ ဖုန်းလှမ်းဆက်သည်။ အရေးကြီးသောကိစ္စ ရှိသဖြင့် ဂျနီဖာနှင့် ချက်ချင်း တွေ့လိုသည်ဟု ပြောသည်။

ဂျနီဖာ၏စိတ်က တည်ငြိမ်နေသည်။ ယခုလို အချိန်မျိုးတွင် သူ တုန်လှုပ်ချောက်ချားသွားအောင် မီရီယမ်က ပြုလုပ်နိုင်တော့မည် မဟုတ်။ ချောက်ချားချင်း ချောက်ချားမည်ဆိုလျှင် မီရီယမ်သာလျှင် ချောက်ချားရပေလိမ့်မည်။

သူ လက်တို ငါးရှိုးမျက် ဖြစ်ပုံရသည်။ တိုနီက အကျပ်ကိုင်နေကောင်း ကိုင်နေလိမ့်မည်။ သည်စိတ်ဖြင့် သီချင်းမဆိုနိုင်တော့သည့် အဖြစ်မျိုးသို့ ရောက်ကောင်း ရောက်နေပေလိမ့်မည်။

ထို့ကြောင့်လည်း ပြန်လည် ညှိနှိုင်းကြရန်အတွက် တောင်းပန်းတိုးလျှိုးဖို့ မီရီယမ် ရောက်လာခြင်းပင် ဖြစ်လိမ့်မည်ဟု ဂျနီဖာက စဉ်းစားနေမိသည်။ ယခုတော့ မိမိအလှည့် ရောက်လာပြီ။ မီရီယမ်ကို လက်ခါလွှတ်လိုက်မည်။ သို့ဆိုလျှင် တိုနီကိုယ်တိုင် ရောက်လာပြီး မိမိကို တောင်းပန်ရတော့မည်ဟုလည်း ဂျနီဖာ တွက်ထားလိုက်သည်။

တိုနီကို သူ ခွင့်မလွှတ်နိုင်ပါ။

သို့သော်လည်း မီရီယမ်နှင့် ဝေးရာမှာ မိမိတို့နှစ်ဦးတည်း နေထိုင်ခွင့် ရမည်ဆိုလျှင် တိုနီ ပြောင်းလဲလာအောင် မိမိ လုပ်နိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်ကိုမူ ယခုထက်တိုင်အောင် မစွန့်လွှတ်သေးချေ။

မိမိ မွေးဖွားရတော့မည့် ကလေးကလည်း ရှိသေးသည်။ ကလေးကြောင့်လည်း အပြောင်းအလဲများ ဖြစ်လာနိုင်သည်။ သူ့သမီးကလေးမှာ အဖေ ရှိစေချင်သည်။ အဖေဟု ခေါ်ခံမည့်သူနှင့်အတူ နေစေချင်သည်။

သူ့ဘဝတုန်းက ထိုသို့ မဟုတ်ခဲ့။ အမျိုးသမီးများချည်း ပြည့်နေသည့် အိမ်ထဲမှာသာ နေထိုင် ကြီးပြင်းခဲ့ရသည်။ အဖေ ခေါ်စရာ လုံးဝ မရှိခဲ့။

ဘာပဲဖြစ်ဖြစ် တိုနီ ရင့်ကျက်လာရမည်။ သူ့အသက် အငယ်ကလေး ရှိသေးသည်ဟု ဂျနီဖာ အားတင်းထားလိုက်သည်။

သူ့အခန်းထဲသို့ မီရီယမ် ရောက်လာသည်။ တစ်ခန်းလုံး သန့်သန့်ရှင်းရှင်းနှင့် သေသပ်ကျနစွာ ခင်းကျင်းထားသည်ကို မြင်ရသောအခါ မီရီယမ် သဘောကျနေကြောင်း ဂျနီဖာက အကဲခတ်လိုက်မိပြီး ဖြစ်သည်။

ဤကဲ့သို့သော ပတ်ဝန်းကျင်မျိုးကို ဖန်တီးထားသူမှာ ဂျနီဖာပင် ဖြစ်သည်။

ဂျနီဖာက သူ့ကို ပြုံးပြသည်။

"ထိုင်ပါ မီရီယမ်၊ ကော်ဖီသောက်မလား"

မီရီယမ်က ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်သည်။ သို့သော်လည်း ကိုယ်ကိုမူ ခပ်မတ်မတ် ခပ်တောင့်တောင့် ထားသည်။ ဂျနီဖာ၏ တုတ်နေသောခါးကို ကြည့်နေသည်။

"ကော်ဖီ မသောက်တော့ပါဘူး၊ ကိုယ်တို့ လောကဝတ် ထုံးတမ်းစဉ်လာစကားတွေ ပြောမနေကြတော့ဘဲ လုပ်စရာရှိတဲ့ ကိစ္စတွေအကြောင်းကိုပဲ ပြောကြပါစို့"

"ဘာကိစ္စတွေများ လုပ်စရာ ရှိသေးလို့လဲ"

ဂျနီဖာက ပြုံးမြဲ ပြုံးနေသည်။

မီရီယမ်က မျက်မှောင်ကြုတ်လိုက်သည်။

"မင်းရဲ့ကိုယ်ဝန်ဟာ တကယ်ပဲ အံ့ဩစရာကောင်းနိုင်တဲ့ ကိုယ်ဝန်လား"

"မျက်နှာမြင်ပြီးတဲ့ အချိန်အထိ ရှင် စောင့်ကြည့်လိုက်ပါလား၊ ကလေးဟာ တိုနီ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပုံတည်း ဖြစ်ရမယ်ဆိုတာ ကျွန်မ အတပ် ပြောရဲတယ်"

မီရိယမ်က ထိုင်ရာမှထသည်။ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ ပြီးတော့ ဂျနီဖာဘက်သို့ လှည့်ပြီး ပြောသည်။

"ဒီကိုယ်ဝန်ကို ဖျက်ပစ်ဖို့အတွက် မင်း ငွေ ဘယ်လောက် လိုချင်သလဲ"

ဂျနီဖာက အေးစက်တင်းမာသည့် အမူအရာနှင့် ပြန်ကြည့်နေသည်။

"ဒီမှာ ဂျနီဖာ၊ ဒီကိုယ်ဝန်အတွက် မင်း ပိုက်ဆံလိုချင်နေတယ် ဆိုရင် မင်းကို ငါ ပေးပါ့မယ်။ ပိုက်ဆံတွေ ပုံပြီး ပေးပါ့မယ်။ စာချုပ်စာတမ်းနဲ့ကို ပေးပါ့မယ်။ နောက်ပြီးတော့ ကလေး မရှိပေမယ့်လည်း တစ်ပတ်ကို တစ်ထောင် ပေးသွားပါ့မယ်။ ဒီကိုယ်ဝန်ကိုတော့ ဖျက်ပစ်လိုက်ပါ"

ဂျနီဖာ၏စိတ်ထဲမှာ ရှုပ်ထွေးလာသည်။

"ဒီအကြောင်းကို တိုနီ သိသလား၊ တိုနီက ဖျက်ပစ်စေချင်တာလား"

"မဟုတ်ဘူး၊ ဒီကို ငါ ရောက်လာတာတောင် တိုနီ မသိဘူး။ သူ့အတွက် ရေဒီယိုဇာတ်လမ်းကိစ္စ ဆွေးနွေးစရာရှိလို့ ရိုကာဂိုကို သွားဦးမယ် ပြောပြီး ထွက်လာတာ။ ဒီကို လာတာက ငါ့ဆုံးဖြတ်ချက်နဲ့ငါ လာတာ။ မင်းကို တောင်းပန်ဖို့ မင်း ကိုယ်ဝန်လေးလ မရောက်ခင်မှာ အချိန်မီ အလွယ်တကူ ဖျက်ပစ်နိုင်အောင် ပြောဖို့လာတာ၊ နောက်ကျသွားရင် ကိုယ်ဝန် ဖျက်ဖို့က ခက်သွားလိမ့်မယ်"

ဂျနီဖာ၏ လေသံက တိုးသွားသည်။ ပြီးတော့ တင်းမာလာသည်။

"အခုအချိန်ကလေး မတိုင်ခင်အထိ ရှင့်ကို ကျွန်မ မမုန်းခဲ့ဖူးသေးဘူး မီရိယမ်၊ တကယ် မမုန်းခဲ့ပါဘူး။ ရှင်ဟာ သိပ်ကို တစ်ကိုယ်ကောင်းဆန်တယ်လို့ပဲ ကျွန်မ အမြဲတမ်း သဘောထားခဲ့တယ်။ ဒါပေမယ့် တိုနီအတွက် တစ်ကိုယ်ကောင်းဆန်နေတာ ဖြစ်လို့ တော်သေးတယ်။ အခုတော့ ကျွန်မ ကောင်းကောင်း နားလည်ပြီ။ ရှင်ဟာ မိန်းမယုတ်တစ်ယောက် သက်သက်ပဲ"

"မင်းကတော့ လူသူတော်ကောင်းမကြီး ပေါ့လေ၊ ကိုယ်ဝန်ဖျက်ရမှာ အကုသိုလ် အလုပ် လုပ်တယ်လို့ သဘောထားတဲ့ မိန်းမမြတ်ကြီးပေါ့လေ။ ကလေးကို လှည်းထဲထည့်ပြီး လူသူလေးပါး မြင်အောင် ပန်းခြံထဲမှာ လျှောက်တွန်းရတာကိုများ အရသာလို့ မင်းတို့က ထင်နေသလား"

မီရိယမ်ကလည်း ပြန်ခွပ်သည်။

"ဒီကလေးကို ကျွန်မ မွေးချင်တယ်။ ကျွန်မဘဝ တစ်လျှောက်လုံးမှာ ကျွန်မကို ဂရုတစိုက် အရေးပေးခဲ့တဲ့လူမျိုးကို တစ်ခါမှ ကျွန်မ မတွေ့ခဲ့ရဖူးဘူး။ ကျွန်မအမေနဲ့ အဘွားကလည်း ကျွန်မကို ဆန်ကုန်မြေလေးကလေးလို့ သဘောထားခဲ့ကြတယ်။

ကျွန်မ ဘယ်လောက် အစားကြီးကြောင်း၊ ကျွန်မအတွက် အဝတ်အစားဖိုး၊ ဖိနပ်ဖိုး ဘယ်လောက်ကုန်ကြောင်း၊ ကျွန်မဟာ အထွားမြန်တဲ့အတွက် အဝတ်အစားတွေ၊ ဖိနပ်တွေဟာ ခဏခဏ သေးကုန်ကြောင်း သူတို့ပြောနေတဲ့ စကားတွေကိုသာ ကျွန်မ အမြဲတမ်း ကြားနေခဲ့ရတယ်။

ဒါကြောင့် ကျွန်မ ဖိနပ်ကလေးတွေဟာ ကျွန်မနဲ့ ငယ်သွားတဲ့အခါတိုင်း ကျွန်မ စိုးရိမ်ကြောက်လန့်ခဲ့ရတယ်။ အပြောအဆိုခံရတော့မယ် ဆိုတာကို ကျွန်မ အလိုလို သိနေပြီ။ ကျွန်မ အရွယ်ရောက်လာတဲ့အခါမှာ ကျွန်မ ဘယ်လောက်ထိအောင် ပိုက်ဆံလိုတယ် ဆိုတာကို ကျွန်မ သိခဲ့ရတယ်။

ဒါကြောင့်လည်း မင်းသားကြီးကို ကျွန်မ လက်ထပ်ခဲ့တယ်။ ချစ်လို့ မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မအမေနဲ့ အဘွားကို ထောက်ပံ့နိုင်ဖို့ ရည်စူးခဲ့တယ်။ ကျွန်မအနေနဲ့ကတော့ အိမ်ရှင်မကောင်းဖြစ်ရင် တော်ပါပြီလို့ သဘောထားခဲ့တယ်။ ဒါပေမယ့် သူက ကျွန်မကို မချစ်ဘူး။ ကျွန်မကို အသုံးချဖို့လောက်ပဲ ကြံစားခဲ့တယ်။ တိုနီကတော့ ကျွန်မ ချစ်တယ်။ သူ့ရဲ့ ဇနီးကောင်းတစ်ယောက် ဖြစ်ချင်ခဲ့တယ်။

ဒါပေမယ့်၊ ရှင်က အမြဲတမ်း ကာဆီး ကာဆီး လုပ်ခဲ့တယ်။ ကျွန်မ ဖြစ်ချင်တဲ့ အိမ်ရှင်မကောင်း တစ်ယောက် ဖြစ်ရဖို့ အခွင့်အရေးတွေ မပေးခဲ့ဘူး။ နေရာတကာမှာ ကျွန်မကိုသာ ရှင် အနိုင်ယူခဲ့တယ်။ ကျွန်မကိုသာ တျော်ခဲ့တယ်။ ကျွန်မကိုတော့ ချောင်ထိုးထားတယ်။ ဘာပဲဖြစ်ဖြစ် အခုတော့ ကျွန်မမှာ ကျွန်မရဲ့ ရင်သွေးကလေး ရနေပြီ။

ဒီရင်သွေးကလေးဟာ ကျွန်မကို ချစ်ရမယ်။ ကျွန်မပိုင်တဲ့ သမီးလေး ဖြစ်ရမယ်။ သူ့အတွက် ကျွန်မ အလုပ်လုပ်ရမယ်။ မအားမနေ ကြိုးစားပြီး လုပ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် ကျွန်မရတဲ့ ပိုက်ဆံတွေကို စုနေပြီ။ အဝတ်အစားတောင် ကျွန်မ မဝယ်တော့ဘူး။ ကလေးမျက်နှာမြင်ပြီးရင် ကျွန်မ စံပြမယ်လုပ်မယ်။ ပြီးတော့ ကျွန်မသမီးကလေး လိုချင်တာ မှန်သမျှ အားလုံး ရရမယ်"

မီရီယမ်က ရပ်နေသည်။ သူ့လက်ချောင်းကလေးများကို ပြန်ငေးကြည့်နေသည်။ ပြီးတော့မှ သူက ပြောသည်။

"ဂျနီဖာ၊ မင်းအပေါ်မှာ ငါ အကဲခတ်လွဲခဲ့တယ်ထင်တယ်။ တကယ်လို့ အကဲခတ်လွဲခဲ့တယ်ဆိုရင် ငါ စိတ်မကောင်းပါဘူး။ ကောင်းပြီလေ၊ တိုနီဆီကို မင်း ပြန်လာပါ။ အိမ်မှုကိစ္စတွေ အားလုံး ထိန်းသိမ်းခွင့် မင်းကို ပေးပါ့မယ်။ တို့တွေ ဥမကွဲသိုက်မပျက်နဲ့ ဝိုင်းပြီး ကြိုးစားလုပ်ကြတာပေါ့။ ငါလည်း ငါ တတ်နိုင်သမျှကို အစွမ်းကုန် လုပ်ပေးပါ့မယ်။ တစ်ခုပဲ ရှိပါတယ်။ မင်းရထားတဲ့ ကိုယ်ဝန်ကိုတော့ ဖျက်ပစ်လိုက်ပါ"

"မီရီယမ်၊ ရှင် ထွက်သွားပါတော့။ ရှင် စိတ်ဆင်းရဲအောင် ကျွန်မ မစော်ကားချင်ပါဘူး။ ဒီကလေးကို ကျွန်မ မွေးဖြစ်အောင် မွေးမယ်။ ပြီးတော့ တိုနီကိုလည်း ရအောင် ကျွန်မ ပြန်ယူပြမယ်။ သူ့ရင်သွေးကလေးမွေးကြောင်း သူသိတာနဲ့ တစ်ပြိုင်နက်တည်း သူ့ကလေးကိုတော့ သူ ကြည့်ချင်မှာပဲ။ ကျွန်မကိုရော ကလေးကိုရော သူ ပြန်ခေါ်ချင်လာမှာပဲ။ ရှင် စောင့်ကြည့်ပါ"

"ဂျနီဖာ၊ ငါပြောတာကို နားထောင်ပါဦး။ မင်း စိတ်အေးအေးထားပြီး သေသေချာချာ နားထောင်ပါဦး။ တိုနီကို မင်း ပစ်ထားခဲ့တယ်။ မင်းကို သူချစ်တယ်လို့ မင်းထင်ထားခဲ့တယ်။ ဟုတ်တယ်နော်၊ ဒါပေမယ့် မင်း ထွက်သွားတဲ့အချိန်က စပြီးတော့ သူဟာ တစ်ညကို ကောင်မတစ်ကောင်နဲ့ တွဲနေတော့တာပဲ။ မင်းကိုလည်း သုံးပတ်လောက်အတွင်းမှာ မေ့သွားတော့တယ်"

မီရီယမ်၏လေသံသည် ကြင်နာသနားတတ်သည့် လေသံမျိုးသို့ ပြောင်းလဲနေပြီ ဖြစ်သည်။

"သွားပါတော့ မီရီယမ်၊ သွားပါတော့၊ ကျွန်မ စိတ်ဆင်းရဲအောင် ရှင် ကောင်းကောင်း လုပ်ပြီးခဲ့ပါပြီ။ ဘာဖြစ်လို့ ထပ်ပြီး ကျွန်မကို ညှဉ်းဆဲချင်နေရတာလဲ"

ဂျနီဖာက မျက်ရည်လည်ရွဲနှင့် ပြောသည်။

မီရီယမ်က သူ့ကို တောင်းပန်စကား ထပ်ပြောပြန်သည်။

"အခုဟာ မင်းကို ကူညီဖို့ ငါ ကြိုးစားနေတာပါ။ တကယ်လို့ မင်းအပေါ် သံယောဇဉ်မရှိဘူးဆိုရင် မင်းထိုက်နဲ့ မင်းကံ ဖြစ်ချင်ရာဖြစ်ပေစေတော့ဆိုပြီး ပစ်ထားလိုက်ရုံပဲ။ ဒီလို ပစ်ထားလိုက်တဲ့အတွက် တို့ဘက်မှာ ဘာများ အရှုံးပေါ်နိုင်စရာ ရှိသေးလို့လဲ။ ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီးတော့လည်း သဘောတူစာချုပ်တွေ ချုပ်ပြီးပြီ။ မယားစရိတ်ကိစ္စလည်း သဘောတူပြီးပြီ။ တို့အဖို့ နေသာသပ လေညာက ဆိုတာလိုပါပဲ ဂျနီဖာ။

အခုဟာက မင်းအတွက် ငါ လာပြောနေတာပါ။ တိုနီ အပေါ်မှာ စေတနာထားပြီး သူ ကောင်းဖို့ကို နည်းမျိုးစုံနဲ့ ငါလုပ်ခဲ့တယ်။ သူ့အတွက် နည်းမျိုးစုံနဲ့ ငါ ကာကွယ်ခဲ့တယ်။ အခုကိစ္စကလည်း မင်းကို အကာအကွယ်ပေးချင်လို့ ဒီကိုယ်ဝန်ကို ဖျက်ခိုင်းနေတာပါ။ မင်းအတွက် ပြောနေတာပါ။

ဒါပေမယ့် မင်းက သိပ်ကို ခေါင်းမာနေတယ်။ တိုနီဟာ ကောင်မတွေ တစ်ကောင်ပြီး တစ်ကောင် တစ်ညတစ်ယောက် ထည်လဲနဲ့ တွဲနေတယ်လို့ မင်းကို ဘာပြုလို့ ပြောပြတယ် ထင်သလဲ။ မင်း စိတ်ဆင်းရဲအောင် လာပြီး ဆွနေတယ်လို့ ထင်သလား၊ မထင်နဲ့ ဂျနီဖာ။

ဒီထက်ပိုပြီး စိတ်ဆင်းရဲရမယ့် ဒုက္ခတွေနဲ့ မင်း မကြုံတွေ့အောင် ငါလာပြီး ကယ်တင်နေတာပါ။ ဘာကြောင့်လဲဆိုတော့ ဒီကိုယ်ဝန်ကို မွေးဖွားလိုက်ပြီး အသက်ရှင်လျက် ကလေးလေးအဖြစ် မင်း ရင်ခွင်ထဲကို ရောက်ရတဲ့ အခါကျရင် မင်း ဘယ်လို ခံစားရမယ်ဆိုတာ ကိုယ်တွေ့ကြုံတော့မှ မင်းသိမယ်။

အဲဒီ အချိန်ကျတော့မှ ဒီကလေးဟာ မင်းရဲ့ကိုယ်ပွား ဖြစ်နေပြီ။ မင်း ဘယ်တုံးကမှ အိပ်မက်မမက်ခဲ့ဘူးတဲ့ အချစ်မျိုးနဲ့ သူ့ကို မင်း ချစ်တော့မယ်။ အဲဒီလို အချစ်မျိုးကျတော့မှ ဒီကလေးဟာ တစ်ခုခု ချွတ်ယွင်းနေတယ်ဆိုရင် မင်း ပိုပြီး စိတ်ထိခိုက်ရတော့မယ်။ မင်း တစ်သက်လုံးက ကြုံခဲ့ဖူးတဲ့ စိတ်ညစ်စရာတွေထက် ပိုပြီး စိတ်ညစ်ရတော့မယ်။

ဂျနီဖာ၊ တိုနီအကြောင်းကို မင်း ...ခါမှ သတိမထားမိဖူးလား။ အင်း. . . တိုနီဟာ ကလေးဆန်နေတာလေ"

www.burmeseclassic.com

www.burmeseclassic.com



ဂျနီဖာက မီရီယမ်ကို အထူးအဆန်းလို ပြန်ကြည့်နေသည်။ မီရီယမ်၏ လေသံထဲမှာ အဓိပ္ပာယ်တစ်မျိုးမျိုး ပါနေပုံ ရသည်။ သူ ဘယ်တုံးကမှ မကြားခဲ့ဘူးသည့် လေသံမျိုး ပါနေသည်ကို သတိထားမိသည်။

"တိုနီ ကလေးဆန်နေတာ ဖြစ်နိုင်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ရှင့်ကိုပဲ အပြစ်တင်ရမှာပါ မီရီယမ်"

ဂျနီဖာက ဝန်ခံစကားပြောသည်။

"ဂျနီဖာ၊ တိုနီဟာ ကလေးပဲ။ စိတ်ဓာတ်အရ၊ အသိပညာအရ၊ ခံစားချက်အရပါ တိုနီဟာ ကလေးပဲ ရှိသေးတယ်"

"ရှင်က သူ့ကို အလွန်အကျွံ ထိန်းသိမ်းကာကွယ်ပေး. . ."

"မဟုတ်ပါဘူး၊ အဲဒီလို ဖြစ်နေလို့ ငါက အကာအကွယ်ပေးနေရတာပါ။ ဒါကြောင့်လည်း သူနဲ့ရတဲ့ကလေးကို မင်း မမွေးစေချင်တာ။ မင်းအတွက် သက်သက်ပါပဲ။ သူ့အတွက်လည်း ပါတော့ပါတာပေါ့လေ"

"ကျွန်မ နားမလည်ဘူး"

မီရီယမ်က ဂျနီဖာ ဘေးမှာ လာထိုင်သည်။

"ဂျနီဖာ၊ ငါပြောတာကို သေသေချာချာ နားထောင်ပါ။ တိုနီ ငယ်ငယ်ကလေးတုန်းက တက်တတ်တဲ့ရောဂါ ရခဲ့တယ်။ မွေးကတည်းက သူ့ဦးနှောက်မှာ တစ်ခုခု ချွတ်ယွင်းလာတဲ့ပုံပဲ။ ဆေးရုံက ဆရာဝန်တွေက ငါ့ကို ဒီအကြောင်း ရှင်းပြခဲ့တယ်။

ဒါပေမယ့် ငါ့အသက်က သိပ်ငယ်သေးတော့ နားမလည်နိုင်ခဲ့ဘူး။ ဒီလို ချွတ်ယွင်းနေတယ် ဆိုတာကိုလည်း ငါ မယုံကြည်ခဲ့ဘူး။ ဒီကလေးဟာ ပုံမှန် မဖြစ်နိုင်ဘူးလို့ ဆရာဝန်တွေက ငါ့ကို သတိပေးခဲ့ကြတယ်။

ဒါပေမယ့်၊ ကလေးဟာ အခါလည်သားလောက် ရှိလာတဲ့အခါကျတော့ သိပ်လှပြီး သိပ်ချစ်စရာ ကောင်းနေတယ်။ ဆရာဝန်တွေ ပြောတာကို ငါ ဘယ်လိုမှ လက်မခံနိုင်တော့ဘူး။ သူ ခုနစ်နှစ်သား အရွယ်ရောက်တဲ့အခါမှာ သူ့ငယ်တန်းကိုတောင် သူ မအောင်နိုင်တော့ဘူး။

ဒီတော့မှပဲ ငါလည်း နားလည်စပြုတော့တယ်။ အဲဒီ အချိန်ကျတော့ ငါကလည်း အရွယ်ကလေး နည်းနည်း ရောက်လာပြီလေ။ သူ့ကိုလည်း ငါ အမျိုးမျိုး စမ်းကြည့်တယ်။ ဒီတော့မှ အဖြစ်မှန်ကို ငါ သဘောပေါက်တော့တယ်။

မင်း သတိမထားမိဘူးလား ဂျနီဖာ၊ တိုနီဟာ ကာတွန်းစာအုပ်ကလေးလောက်ကိုတောင် ခက်ခက်ခဲခဲ ဖတ်နေရတယ်။ တစ်နှစ်သုံးလေးကို ငါးဆယ်ထက် ပိုပြီး မရေနိုင်ဘူး။ မရေတတ်ဘူး။

ဒါပေမယ့်၊ သူ ဘာဖြစ်နေတယ်ဆိုတာကို သူ့ဟာသူ မသိဘူး။ သူ့မှာ ဒီလို အမှတ်သညာကင်းမဲ့ပြီး ဘာကိုမှ သင်လို့ မရဘူးဆိုတာကို သူ ပြန်မသိဘူး။ သူ ဒီလို ဖြစ်နေတာကိုလည်း သူ မသိအောင် ငါက ကြိုးစားပြီး ဖုံးဖိပေးနေရတယ်။ အစစအရာရာကို ငါကချည်း လက်ဝါးကြီးအုပ်နေတဲ့အတွက် ဒါတွေကိုတောင်မှ သူ မသိတော့တာဘဲဆိုတဲ့ အထင်မျိုး သူ့စိတ်ထဲမှာ ရောက်နေအောင် ငါ လုပ်ခဲ့တယ်။

ဒါကြောင့် သူ့ဘဝမှာ သီချင်းဆိုတာက လွဲပြီး တခြား ဘာကိုမှ မလုပ်ပါနဲ့လို့ ငါ ပြောထားရတယ်"

"သူ ကလေးဘဝတုန်းက တက်တတ်တဲ့ရောဂါ ရှိတယ်လို့ ရှင် ပြောခဲ့တယ်။ အဲဒါတွေကတော့ ဖြစ်နိုင်ပါတယ်။ ဒီအကြောင်းကြောင့်တော့ ကျွန်မတို့ ရမယ့်ကလေးဟာ ပုံမှန်အတိုင်း မဖြစ်နိုင်ဘူးလို့ ပြောစရာ အကြောင်း မရှိပါဘူး"

ဂျနီဖာက ဆင်ခြေပေးပြန်သည်။

"ဒီလို ရောဂါမျိုးဟာ မျိုးရိုးစဉ်ဆက် လိုက်တယ်။ ဘာ့ကြောင့်ဖြစ်တယ် ဆိုတာကို ဆရာဝန်တွေ ကိုယ်တိုင်လည်း အတိအကျ မသိကြဘူး။

ဒါပေမယ့်၊သူ့အသက် ငါးဆယ်အရွယ် ရောက်တဲ့အခါမှာ တိုနီဟာ လုံးလုံးကြီး စိတ်ဖောက်ပြန်သွားတော့မယ် ဆိုတာကတော့ သေချာတယ်။ သူနဲ့ရတဲ့ သားသမီးတွေဟာလည်း သူ့လိုပဲ မုချ ဖြစ်ကြမယ်။ အင်မတန်ကံကောင်းပါတယ်ဆိုရင် သူတို့ရဲ့ အသိဉာဏ်ဟာ ဆယ့်နှစ်နှစ်သားကလေးလောက်ပဲ ရှိမယ်။ အဲဒီ အခြေအနေမျိုးကို ရောက်ဖို့ အင်မတန် ခက်ပါတယ်။

ဂျနီဖာ၊ ဒီဒုက္ခဟာ ဘယ်လောက် ကြီးမားတယ် ဆိုတာကို မင်း မသိဘူး။ တိုနီမှာ ဒီရောဂါ ရှိနေပါလားဆိုတာ သိတဲ့အချိန်ကစပြီး ငါလည်း ဘာသာရေးကိစ္စတွေကိုပဲ ဖိ

www.burmeseclassic.com

www.burmeseclassic.com



လုပ်တော့တယ်။ ဘုရားရှေ့မှာပဲ အမြဲတမ်း ဒူးထောက်ပြီး ဆုတောင်းခဲ့မိတယ်။ ဘုရားရှိခိုးကျောင်းကိုသွားတယ်။ ဘုရားရှိခိုးကျောင်းကို သွားတိုင်း တိုနီကို ခေါ်ခေါ်သွားခဲ့တယ်။ ဘုရားရှိခိုးကျောင်းမှာ စုပေါင်းပြီး ဝတ်တက်ကြတယ်။

ဒီလို ဝတ်တက်ကြတဲ့အခါမှာ သူ့အသံ သိပ်ကောင်းကြောင်းနဲ့ သူ အဆိုကောင်းကြောင်းကို ငါ သတိထားမိတော့တယ်။ သူ့အတွက် မျှော်ကိုးစရာဟာ ဒီတစ်လမ်းပဲ ရှိပါတော့ကလားဆိုတာ ငါ သဘောပေါက်ခဲ့တယ်။

ဒါကြောင့် ငါ့မှာ ရှိသမျှပိုက်ဆံကို သူ့အဆိုသင်တန်းအတွက်ပဲ အကုန်ခံခဲ့တယ်။ တခြား ဘယ်နေရာမှာမှ ငါ အကုန်မခံတော့ဘူး။ ဒီလို ဖြစ်ခဲ့တာတွေကလည်း ကြာပါပြီ။ ဟိုတုန်းက ဖြစ်ခဲ့တာတွေပါ။ အခု မင်း ဗိုက်ထဲမှာ ရှိနေတဲ့ကလေးဟာ တိုနီရဲ့ အသံမျိုးကိုတော့ မျိုးရိုးစဉ်ဆက်အနေနဲ့ ရလာနိုင်မှာ မဟုတ်ပါဘူး။ တိုနီရဲ့ရောဂါမျိုးပဲ အမွေပါလာလိမ့်မယ်"

မီရီယမ်က သက်ပြင်းရှည်ကြီးကို ချလိုက်သည်။

"ရှင်ကရော ဘာဖြစ်မှာလဲ၊ ရှင်လည်း လုံးလုံး စိတ်နောက်သွားမှာပဲလား"

ဂျနီဖာက ပြန်မေးသည်။

မီရီယမ်က ခေါင်းခါပြသည်။

"ကိုယ်တို့က တစ်ဖအေစီက မွေးကြတာ။ ဒီအကြောင်းကိုလည်း တိုနီ မသိဘူး။ ကျေးဇူးပြုပြီးတော့ ဂျနီဖာရယ်၊ ငါ့ပြောစကားကို နားထောင်ပါ။ မင်းအတွက် ပြောနေတာပါ။ ကိုယ်ဝန်ကို ဖျက်ပစ်လိုက်ပါ"

"အမှန်တွေကို ရှင် လာပြီး ပြောပြနေတယ်ဆိုတာ ကျွန်မက ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ"

မီရီယမ်က သူ့လက်ကိုင်အိတ်အတွင်းမှ စာအိတ်ကြီးတစ်လုံးကို ဆွဲထုတ်သည်။

"ငါ့မှာ ဆေးစာတွေနဲ့ ဆေးဘက်ဆိုင်ရာ အစီရင်ခံစာတွေပါ ပါတယ်။ ငါ ပြောပြနေရုံကလေးနဲ့ မင်း ယုံမှာပဲလို့လည်း ငါ ယူဆမထားခဲ့ပါဘူး။ ငါ့စကားကို မင်း ဘယ့်နှယ်လုပ်ပြီး ယုံနိုင်မှာလဲ၊ ငါက မင်းအပေါ်မှာ ဘယ်တုံးကမှ ကောင်းခဲ့ဖူးတာမှ မဟုတ်ဘဲ"

မီရီယမ်က ဂျနီဖာကို စာအိတ်လှမ်းပေးသည်။

"အဲဒီထဲမှာပါတဲ့ စာရွက်စာတမ်းတွေကို မင်းကြိုက်တဲ့ အာရုံကြောပါရဂူနဲ့ သွားပြကြည့်ပါ။ ဒါပေမယ့် ငါ့ကိုတော့ တစ်ခု ကူညီပါ ဂျနီဖာ။ ဒီအကြောင်း ဘယ်သူ့ကိုမှ ဖွင့်မပြောလိုက်ပါနဲ့။ တစ်ယောက်ယောက်ကို ဖွင့်ပြောလိုက်ပြီဆိုရင် တိုနီရဲ့ဘဝဟာ လုံးဝ ပျက်စီးသွားလိမ့်မယ်။ သူ့ဘဝဟာ ဇာတ်သိမ်းပြီပဲ။ တစ်နေ့ကျရင် စိတ်ရောဂါ ဆေးရုံတစ်ခုခုမှာ သူ့ဘဝ ဇာတ်သိမ်းရမှာပါ။

ဒါပေမယ့်၊ ဒီအကြောင်းတွေ အခုချက်ချင်း လူတကာ သိကုန်ရင် သူ့ကို အခုချက်ချင်းပဲ စိတ်ရောဂါဆေးရုံကို ပို့ရတော့မယ်။ တကယ် ပို့ရမယ့်အချိန်ထက် စောပြီး ပို့ရလိမ့်မယ်။

ဒါကြောင့် ဒါလောက်တောင် ငါ အကာအကွယ်ပေးနေရတာပါ။ ငါဟာ နှစ်ပြားမတန်တဲ့မိန်းမလို့ မင်း ထင်ထယ်မဟုတ်လား။ ကပ်စေးနှဲတယ်လို့ မင်း ထင်တယ် မဟုတ်လား။ သူ့ဘဝမှာ အာမခံချက်ရှိအောင် ငါ လုပ်ပေးနေရတာပါ။ တစ်ပြားကို နှစ်ပြားထင်ပြီး သူ့အတွက် စုဆောင်းပေးနေရတာပါ။ အဆင်းရဲခံပြီး ချွေတာပေးနေရတာပါ။ ငါ သေသွားပြီး သူတစ်ယောက်တည်း ကျန်တဲ့အချိန်မှာ သူ လမ်းပေါ် ရောက်သွားတာမျိုး ဖြစ်မှာစိုးလို့ လုပ်နေရတာပါ။

သာမန်လူတွေ တက်ရတဲ့ ကုသိုလ်ဖြစ်ဆေးရုံမျိုးမှာ သူ့ဘဝ အဆုံးသတ်သွားရမှာမျိုးနဲ့ မကြုံရအောင် လုပ်နေရတာပါ။ သူ့အသက်ရှင်နေသေးသမျှ ကာလပတ်လုံး ပြည့်ပြည့်စုံစုံနဲ့ သူ နေသွားစေချင်ပါတယ်။ ဘာပဲဖြစ်ဖြစ် သူ့စိတ် မဖောက်ပြန်ဘဲ နေရတော့မယ့် အချိန်ဟာ ဆယ့်ငါးနှစ်လောက်ပဲ ကျန်ပါတော့တယ်"

ဂျနီဖာက မီရီယမ်ကို စာအိတ်ပြန်ပေးလိုက်သည်။

"ရှင့်ကို ကျွန်မ ယုံကြည်ပါပြီ မီရီယမ်၊ ဒါလောက် ဆိုးဝါးတဲ့ ဇာတ်လမ်းမျိုးကို ဘယ်လိုလူကမှ ထွင်ပြီး ပြောတတ်မှာ မဟုတ်ပါဘူး"

မီရီယမ်၏ မျက်လုံးထဲမှာ မျက်ရည်များ ပြည့်လာသည်။

"ဂျနီဖာ၊ မင်းဘဝမှာ အားလုံး ချောချောမောမောဖြစ်ဖို့ ငါ တကယ်ပဲ လိုလားပါတယ်။ တိုနီဆီကို မင်း ပြန်လာချင်သပဆိုရင် ဝမ်းပန်း

www.burmeseclassic.com

www.burmeseclassic.com



တသာနဲ့ ကြိုဆိုပါ့မယ်။ မင်းကြိုက်တဲ့ အချိန်မှာ ပြန်လာပါ။ ဒါပေမယ့် မင်းဟာ ရောဂါရှင် တိုနီရဲ့ဇနီးအဖြစ်နဲ့ မထိုက်တန်ပါဘူး။ ဒီထက် ပိုပြီးကောင်းတဲ့ ဘဝမျိုးနဲ့သာ ထိုက်တန်ပါတယ်။

နောက်ပြီးတော့ ဒီအကြောင်းတွေကို လည်း သူ့အတွက် လျှို့ဝှက်ထားပေးပါ။ ဘယ်သူ့ကိုမှ မပြောလိုက်ပါနဲ့။ တိုနီကို သနားပါ။ မင်းနဲ့ သင့်တော်မယ့် ယောကျ်ားတစ်ယောက် ယောက်ကိုလည်း မင်း တွေ့မှာပါပဲ။ မင်းဘဝ အတွက် အကောင်းဆုံးဖြစ်ဖို့ ကိုယ်ဝန်ကို ဖျက်ချပစ်လိုက်ပါ။ ပြီးတော့ တိုနီကို မေ့ပစ်လိုက်ပါ"

မီရီယမ် ပြန်သွားပြီးနောက် ဂျနီဖာသည် နာရီပေါင်းများစွာ ထိုင်ပြီး ငေးနေမိသည်။ ထို့နောက် ဆေးနီတောင့်ကလေး သုံးတောင့်ကို သောက်ကာ အိပ်ရာဝင်ခဲ့တော့သည်။

*

ဘာကြောင့် သည်ဆုံးဖြတ်ချက်ကို ချလိုက်ရကြောင်းနှင့်ပတ်သက်ပြီး အယ်နီကိုရောဟင်နရီကိုပါ ဂျနီဖာက လုံးဝ မပြောမပြချေ။

ဆရာဝန်ကို သူ့ဟာသူ ရှာသည်။ နယူးဂျာစီပြည်နယ်မှာ ယုံကြည် စိတ်ချရသည့် ဆရာဝန်တစ်ယောက်ကို သွားတွေ့သည်။ သူနာပြုဆရာမ၊ သန့်ရှင်းသည့်ခွဲစိတ်ခန်း၊ ခွဲစိတ်ကိရိယာများ စုံစုံလင်လင်ကို တွေ့ရသည်။ ဒေါ်လာတစ်ထောင် ပေးရသည်။

ဆရာမက သူ့လက်မောင်းထဲသို့ ဆေးတစ်လုံး ထိုးသွင်းပေးသည်။ တစ်နည်းတစ်ဖုံ အရသာရှိသောဆေး ဖြစ်သည်။ ဆီကွန်နယ်လ်ဆေးများကို စားနေရသည်ထက်ပင် အရသာ ရှိသေးသည်။

သူ အိပ်ရာက နိုးလာသောအခါ ကိစ္စရပ်စွ အားလုံး ပြီးစီးနေပြီ ဖြစ်သည်။

နောက် ရက်သတ္တ နှစ်ပတ်ကြာသော အခါ ထိုကိစ္စသည် မည်သည့်အခါတုန်းကမှ မဖြစ်ခဲ့ဘူးသည့် အနေအထားမျိုးသို့ ပြန်ရောက်လာသည်။ သူ့ခါးသည်လည်း ယခင်အအတိုင်း သိမ်ကျဉ်လှပသည့် ခါးကလေး ဖြစ်လာသည်။

ထို့နောက် မက်ဆီကိုသို့ လေယာဉ်ပျံနှင့် သွားသည်။ တိုနီနှင့် တရားဝင် ကွာရှင်းပြတ်စဲသည့် ကိစ္စများကို လုပ်သည်။

နယူးယောက်သို့ သူ ပြန်လာသောအခါ ကျရောက်လာသည့် ရာသီဥတုအတွက် ဈေးဆိုင်ကြီးများက အထူးဈေးနှုန်းများနှင့် အကြီးအကျယ် အပြိုင်အဆိုင် ဖွင့်လှစ်ရောင်းချနေကြသည်ကို တွေ့ရသည်။ ဂျနီဖာလည်း အဝတ်အစားသစ်များကို ဝယ်ပြန်သည်။

သို့သော် ယခု အဝတ်အစားများက အနည်းငယ် ပိုပြီး ရှည်လာကြသည်။ ယခင်ကလို တိုနန့်နန့်ကလေးများ မဟုတ်ကြ။ လူတိုင်း လူတိုင်းကလည်း ရှစ်လက်မပတ်လည် မြင်ကွင်းကလေးပေါ်တွင် ပေါ်လာသည့် ရုပ်မြင်သံကြားအတွက် စိတ်လှုပ်ရှားနေကြသည်။ အားလုံးက ထိုရုပ်မြင်သံကြားကိုသာ အလုအယက် ကြည့်နေကြသည်။

ရုပ်မြင်သံကြား စတင် ထုတ်လွှင့်စ ဖြစ်သောကြောင့် ကြီးကြီးကျယ်ကျယ်တော့ မဟုတ်သေး။ နပန်းပွဲ၊ ဘောလုံး၊ မြင်းပြိုင်ပွဲများလောက်ကိုသာ ထုတ်လွှင့်ပေးနိုင်သေးသည်။

သို့သော်လည်း ရေဒီယိုခေတ် ကုန်သွားတော့မည် ဖြစ်ကြောင်းကိုမူ လူတိုင်းက ပြောဆိုနေကြသည်။

ဂျနီဖာသည် လောင်းဝပ်သ်ဇေျင်စီနှင့် ပြန်ပြီး စာချုပ်ရပြန်သည်။ စံပြမယ်လုပ်ရပြန်သည်။ မကြာမီမှာပင် အယ်နီ၏ အဝတ်အစား ဗီရိုများသည် ဂျနီဖာ- မကြိုက်တော့သောကြောင့် စွန့်ပစ်လိုက်သည့် အဝတ်အစားများနှင့် ပြည့်လျှံလာပြန်သည်။ တယ်လီဖုန်းကလည်း အမြဲမပြတ် မြည်နေပြန်သည်။

ဂျနီဖာသည် လူမှုပတ်ဝန်းကျင် လောကသစ်ကြီးအတွင်းသို့ ပြန်လည် ဝင်ရောက်လာပြန်သည်။ အယ်နီလည်း သူ့ဘဝထဲမှာ ဒရွတ်တိုက်ပြီး မျောပါသွားရပြန်သည်။

ယောကျ်ားပေါင်း များစွာနှင့် ဂျနီဖာ တွေ့သည်။ သို့သော်လည်း ကလော်ဒီရှားဗိုး တစ်ယောက်ကိုသာ အခွင့်အရေး အများဆုံး ပေးပြီး သူ့တွဲသည်။ ကလော်ဒီရှားဗိုးသည် ပြင်သစ်ရုပ်ရှင်ထုတ်လုပ်သူတစ်ဦး ဖြစ်သည်။ ရုပ်ချောသည်။ စွဲမက်စရာကောင်းသည်။ အယ်နီကတော့ ထိုသူကို သဘောမကျ။

သို့သော်လည်း ဂျနီဖာက ကလော်ဒီနှင့် ကြိုက်ပစ်လိုက်သည်။ ကလော်ဒီက အင်္ဂလိပ်စကား အနည်းငယ်သာ တတ်သည်။ သို့သော် ဂျနီဖာက ပြင်သစ်စကားကို အပေါ်အငေါ့မရှိ

www.burmeseclassic.com



သွက်သွက်လက်လက် ပြောတတ်သောကြောင့် ဟန်ကျသွားသည်။

ဂျနီဖာ ထိုမျှ ပြင်သစ်စကား တတ်ကျွမ်းသည်ကို မြင်ရသောအခါ အယ်နီက အံ့ဩမိသည်။

နာတာလူးပွဲတော် အကြိုညတုန်းက ဂျနီဖာနှင့် အယ်နီတို့နှစ်ယောက် ခရစ္စမတ်သစ်ပင်ကလေးကို ပြင်ဆင်ကြသည်။ ကလော်ဒီနှင့် သူ့မိတ်ဆွေ တချို့ လာရောက်ကြမည်ဖြစ်သည်။

"ဆယ်ရက်လောက်အတွင်း သူ ပြန်တော့မယ်"

ဂျနီဖာက လွမ်းဆွေးတသသည့်လေသံနှင့် ပြောသည်။

"မင်း သူ့ကို တကယ် သဘောကျနေတာလား၊ ကိုယ် မေးတာက တကယ် သဘောကျ မကျကို မေးတာနော်"

အယ်နီက သူ့ကို မေးကြည့်သည်။

ဂျနီဖာက နှာခေါင်းရှုံ့လိုက်သည်။

"ကောင်းပြီ၊ သူဟာ ထူးတော့ ထူးခြားတယ်။ သူနဲ့ ပတ်သက်ပြီး မင်းကရော ဘယ်လိုထင်သလဲ။ ကဲ ရိုးရိုးသားသား ပြောစမ်းပါ"

"ကိုယ်တော့ မပြောတတ်ဘူး၊ သူ့ကိုလည်း ကိုယ် နားမလည်ဘူးလေ။ မင်းတို့နှစ်ယောက် ပြင်သစ်လို ပြောနေကြတော့ ကိုယ်ကလည်း ပြင်သစ်စကားမှ မတတ်ဘဲကိုး။ အင်္ဂလိပ်လို သူပြောပြန်တော့လည်း အတော်ဆက်စပ်ပြီး နားထောင်ယူရတယ်။ သူ့မိတ်ဆွေ ဖရန့်ကွိုက်စ်က ပြောတော့ သူ့မိန်းမက သူ့ကို ပစ်သွားတယ် ဆိုလားပဲ"

"ဟုတ်တယ်၊ နောက် သူနဲ့ တရားမဝင်ဘဲ အတူတူ နေနေကြတဲ့ မိန်းမတစ်ယောက်ကလည် ပစ်ပြေးပြန်တယ်။ ယောကျ်ားတစ်ယောက်ကို ကိုယ် ကပ်နေပြီဆိုရင် အဲဒီယောကျ်ားဟာ အလကား ငတုံးလို့ပဲ သဘောထားလိုက်တော့၊ သူက ကိုယ့်ကို ပြင်သစ်ပြည်လိုက်ခဲ့စေချင်တယ်တဲ့"

ဂျနီဖာက ဘာမှ မဖြစ်သလို သံမှန်လေသံမျိုးနှင့် ပြောသည်။

"လိုက်သွားဖို့တော့ မင်း စိတ်ကူးမရှိဘူး မဟုတ်လား"

ဂျနီဖာက ပခုံးကို တွန့်လိုက်သည်။

"ပြင်သစ်မှာ သူက ကိုယ့်ကို ရုပ်ရှင်ရိုက်ချင်တယ်။ သိပ်ကောင်းမှာပဲလို့ ပြောတယ်။ ရုပ်က အမေရိကန်။ ဒါပေမယ့် ပြင်သစ်စကားကိုတော့ ပပ်ပပ်နပ်နပ် ပြောတတ်တယ်ဆိုတော့ ကိုယ် သိပ်ကို အောင်မြင်နိုင်တယ်"

"ဒါပေမယ့်၊ မင်း သရုပ်မဆောင်တတ်ဘူးလို့ မင်းပဲ အမြဲတမ်း ပြောပြောနေတာ မဟုတ်ဘူးလား"

"သူက ကိုယ့်ကို ရုပ်ရှင်ပြာသဘောမျိုး ရိုက်ချင်တာ။ ရုပ်ရှင်ပြာ လုံးလုံးကြီးတော့လည်း မဟုတ်ဘူးပေါ့"

"ဘာ"

"ဟိုမှာတော့ အဲဒီ ရုပ်ရှင်မျိုးတွေကို လူအများက လက်ခံနေကြပြီ အယ်နီ။ လျှမ်းလျှမ်းတောက် အောင်မြင်နေတဲ့ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးတွေတောင်မှ အဲဒီလို ကားမျိုးတွေ လက်ခံပြီး ရိုက်နေကြပါပြီ။ ဘာမှတော့ မဖြစ်နိုင်ပါဘူး။ ညစ်ပတ်တဲ့ ရုပ်ရှင်မျိုးကို ဆိုလိုတာ မဟုတ်ပါဘူး။ ဇာတ်လမ်းနဲ့ ဘာနဲ့ ကျကျနန ရိုက်တာပါ။ ရေချိုးတဲ့အခန်းတို့ ဘာတို့ ဆိုပါတော့"

"ဒါပေမယ့် အဲဒီကားမျိုးကိုရော မင်းက ဘာဖြစ်လို့ ရိုက်ရမှာလဲ"

"ကိုယ်က ဘာဖြစ်လို့ မရိုက်ရမှာလဲ အယ်နီ။ ဒီတိုင်းပြည်မှာ ကိုယ်လုပ်စရာအလုပ်ဘာရှိတော့လို့လဲ၊ ကိုယ်ဟာ အကျပိုင်းကို ရောက်နေပြီ။ မကြာခင် ကိုယ့်အသက် နှစ်ဆယ့်ရှစ်နှစ် ရှိတော့မယ်။ အိမ်ထောင်လည်း နှစ်ခါကျခဲ့တယ်။ နှစ်ခါစလုံး မအောင်မြင်တဲ့ အိမ်ထောင်ရေးချည်းပဲ။ ကိုယ့်အဖို့တော့ ဒီတိုင်းပြည်မှာ လင်ကောင်းသားကောင်း မရနိုင်တော့ဘူး။ မင်းသားကြီးတစ်ယောက်နဲ့ ကိုယ် အကြောင်းပါခဲ့တယ်။ နောက်ပြီးတော့ အောင်မြင်နေတဲ့ ရုပ်ရှင်မင်းသားတစ်ယောက်နဲ့ အကြောင်းပါခဲ့တယ်။

ဒီတော့ ကိုယ့်ကိုကပ်ချင်တဲ့ ယောကျ်ားတွေကတောင် ရုတ်တရက် ကပ်ရဲတော့မှာ မဟုတ်ဘူး။ လူအထင်ကြီးစရာ ဖြစ်နေပြီ မဟုတ်လား။ ဒါကြောင့် ပါရီမြို့ဟာ ကိုယ့်ဘဝအတွက် အဖြေဖြစ်နိုင်ပါတယ်။ ကလော်ဒီကတော့ အမဲတစ်ကောင်ပါပဲ။ သူနဲ့ကိုယ် အခုလို ကြိုက်နေကြတဲ့အတွက် သူတို့ ကိုယ့်ကို ရုပ်ရှင်ရိုက်မယ်။ ကိုယ်နဲ့ ရုပ်ရှင်ရိုက်ရင် ပိုက်ဆံတွေ အများကြီး ရမယ်လို့ သူ ထင်နေတယ်။ ဒီတော့ရော ဘာဖြစ်သလဲကွာ။ ကိုယ့်အဖို့ ဆုံးရှုံးစရာ ရှိတာမှ မဟုတ်ဘဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမယ့်၊ မင်း နယူးယောက်မှာ ပြန်နေတာ ဘယ်လောက်မှ ကြာသေးတာမှ မဟုတ်ဘဲ။ အခြေအနေကို စောင့်ကြည့်လိုက်ပါဦးလား"

"ကိုယ့်ကို လူသိ သိပ်များနေပါပြီ သူငယ်ချင်းရယ်။ ကိုယ့်အတွက်တော့ ဘာမှ မဖြစ်နိုင်တော့ပါဘူး။ နောက်ထပ် ပြဇာတ်တစ်ခုမှာ ကိုယ် ဝင်ပြီး ကခွင့်ကြုံနိုင်ပါသေးတယ်။ ဒါပေမယ့်၊ နေရာကောင်းက ကရမှာ မဟုတ်ပါဘူး။ အဲဒီတော့ ကိုယ် ဘာလုပ်ရမလဲ၊ စံပြမယ်အနေနဲ့လည်း ကိုယ်က သိပ်အောင်မြင်တာ မဟုတ်ဘူး။

တိုနီနဲ့ ပြတ်စဲလိုက်တဲ့အတွက် မယားစရိတ်တို့ ကွာရှင်းတဲ့စရိတ်တို့ ကိုယ်အများကြီး ရလိုက်ပါတယ်။ ကိုယ့်မှာ ပိုက်ဆံ လုံလုံလောက်လောက် ရှိပါတယ်။ ဒါပေမယ့် ဒီအရပ်မှာ နေနေရတာ ကိုယ်တော့ ငြီးငွေ့သွားပြီကွာ။ မင်းကရော ဘယ်လိုလဲ၊ နယူးယောက်မြို့မှာနေပြီး အချစ်ဇာတ်လမ်းဟောင်းကြီးကို ပြန်တမ်းတနေဦးမှာပဲလား"

အယ်နီက ခေါင်းကို ယမ်းခါပြသည်။

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ လိုင်ယွန် ကိုယ့်ကိုခွဲပြီး ထွက်သွားကတည်းက ကိုယ်လည်း ဗုန်းဗုန်းလဲပြီး ကျန်ရစ်ခဲ့တာပဲ။ နောက်လကျရင် သူ့စာအုပ် ထွက်တော့မယ်ဆိုတာ နယူးယောက် တိုင်းမ်သတင်းစာထဲမှာ ဖတ်လိုက်ရတယ်။ နောက်စာအုပ်တစ်အုပ်ကို သူ ရေးနေပြီနဲ့တူတယ်"

"သူနဲ့ ကွဲသွားပြီးတဲ့နောက် တခြားယောကျ်ား တစ်ယောက်ယောက်နဲ့များ မင်း အတူတူ နေဖူးသေးသလား"

"မနေဖူးပါဘူး၊ ကိုယ် နေလည်း မနေနိုင်ဘူး။ ကိုယ်ဟာ လိုင်ယွန်ကို ချစ်နေတုန်းပဲ။ ဒါဟာ ရူးကြောင်ကြောင် အလုပ်ဆိုတာတော့ ကိုယ် သိပါတယ်။ ဒါပေမယ့် မတတ်နိုင်ဘူး။ ချစ်တာဟာ ချစ်တာပဲ"

○ ○ ○

**အယ်နီ**

**ဇန်နဝါရီ၊ ၁၉၄၈**

ပြင်သစ်နိုင်ငံသို့ ကလော်ဒီ ပြန်မည့်နေ့က ၂၁ ဟိုတယ်တွင် နေ့လယ်စာ စားပွဲတစ်ခုကို တည်ခင်းကြသည်။

အယ်နီ ရောက်သွားတော့ သူတို့ နှုတ်ဆက်ညည်ခံပွဲကလေးမှာ အတော်ပင် အရှိန်ရစပြုနေပြီ။ အိုင်ရန်ငါးဥ သံဘူးအကြီးတစ်လုံးကို ဖောက်ထားသည်။ ရှမ်ပိန်အရက်ပုလင်းများလည်း အသင့်ရှိနေသည်။

ဂျနီဖာ အလွန် ရွှင်မြူးနေသည်ကို တွေ့သည်။ ကလော်ဒီ၊ သူ့မိတ်ဆွေ ဖရန်ကွိုက်စ်နှင့် အယ်နီ မမြင်ဘူးသေးသည့် အခြားတစ်ယောက်တို့ကို ဂျနီဖာက အိမ်ရှင်တစ်ဦးကဲ့သို့ ဧည့်ဝတ်ပြုနေသည်ကို တွေ့ရသည်။

"ကျွန်တော်က ကေဗင်ဂေးလ်မိုးပါ"

မျက်နှာစိမ်းယောကျ်ားက ပြောသည်။

ဂျနီဖာက ပြုံးသည်။

"အယ်နီ၊ ကေဗင်ဂေးလ်မိုးအကြောင်းကိုတော့ မင်း ကြားဖူးမှာပေါ့။ ဂေလီမန် အလှကုန်ပစ္စည်းတွေ ထုတ်တယ်လေ"

ဂျနီဖာက ပြောသည်။

"ကြားဖူးပါတယ်၊ ရှင်ထုတ်တဲ့ အလှကုန်တွေဟာ သိပ်ကောင်းတာပဲ"

အယ်နီက ငါးဥကို ထည့်ယူရင်း ပြန်ပြောသည်။

"ခင်ဗျားရော ပါရီမြို့ကို လိုက်သွားမှာလား"

www.burmeseclassic.com



"မလိုက်ပါဘူးရှင်၊ ဂျနီဖာကသာ မြင်းသစ်ကိုသွားပြီး ရုပ်ရှင်ကားသစ်တွေ ရိုက်မှာပါ"

"ဂျနီဖာကတော့ တစ်မြို့လုံးကို မုန်တိုင်းမွှေပစ်လိုက်သလိုကို မွှေပစ်လိုက်မှာပါ။ ဒါပေမယ့် အယ်နီ၊ သဘောင်္ာပေါ်ကို သူတက်ဖြစ်ဖို့တော့ ခင်ဗျားကိုပဲ ကျွန်တော် အားကိုးပါရစေ။ ဒီလကုန်လောက်မှာ ဟိုကို သူ ရောက်ဖို့လိုပါတယ်"

ကလော်ဒီက ခပ်ဝဲဝဲအသံနှင့် ဝင်ပြောသည်။

ဂျနီဖာက သဘောကျသလို ရယ်နေသည်။ ကလော်ဒီကိုလည်း သာသာကလေး မှီထားလိုက်သည်။

"နိုင်ငံကူးလက်မှတ်ရပြီး အထုပ်အပိုးကလေးတွေ ထုပ်ပိုးပြီးတာနဲ့ တစ်ပြိုင်တည်း ကျွန်မ ဟိုကို ရောက်လာမှာပါ"

"သိပ်ကို စိတ်ခတ်တက်ကြွဖို့ ကောင်းတာပဲနော်"

အယ်နီက ကေဗင်ကို လှမ်းပြောသည်။ သို့သော်လည်း စိတ်ပါဝင်စားခြင်း မရှိသည့် သူ့အမူအရာကိုလည်း ဖုံးဖိနိုင်ရန် ပြောလိုက်ခြင်းသာ ဖြစ်သည်။

"ကျွန်တော်လည်း ဒီလိုပဲ ထင်ပါတယ်။ ခင်ဗျားရဲ့သွားတွေက သွားအစစ်ပဲနော်"

"ဘာကို ဆိုလိုတာလဲရှင်"

"ခင်ဗျားသွားဟာ အစစ်လား၊ ဒါမှမဟုတ် သွားတုတပ်ထားတာလားလို့ မေးတာပါ"

အယ်နီက ပြုံးလိုက်သည်။ သူ၏ တဲ့တိုးမေးသည့် မေးခွန်းကိုလည်း မဖြေဘဲ မနေနိုင်တော့ပေ။

"ကျွန်မရဲ့ကိုယ်ပိုင် သွားအစစ်တွေပါ။ ဘာဖြစ်လို့ပါလဲ"

"ခင်ဗျား ဆံပင်ကရော"

"ဒါလည်း သဘာဝအတိုင်းပါပဲ"

အယ်နီက ခပ်တိုးတိုး ပြန်ဖြေသည်။ သူ့မျက်နှာပေါ်တွင် ရှက်သွေးလွှမ်းသွားကြောင်းကို သူ ခံစားလိုက်ရသည်။

"ဒါကို ကျွန်တော် သိပါတယ်။ ဆေးဆိုးထားတဲ့ ဆံပင်ဟာ ဘယ်လို ဆံပင်မျိုးဆိုတာ မြင်ရုံနဲ့ ကျွန်တော် ကောင်းကောင်းသိပါတယ်။ ဒါပေမယ့် ဒီဆံပင်တွေ အားလုံးဟာ အစစ်ချည်းပဲလား။ အတုပါသေးသလား"

ကေဗင်က အယ်နီ၏ ရှည်လျားသော ဆံပင်များကို သာသာကလေး ကိုင်ကြည့်သည်။

"ဘယ်လိုဟာလဲ"

"ဆံတုကိုပြောတာ၊ ဆံတုများ ခံပြီး ထုံးထားသလားလို့။ ဆံပင်က သိပ်ကောင်းနေတယ်"

"ဘာဖြစ်လို့ ဆံတုခံနေရဦးမှာလဲ"

ကေဗင်က ရုတ်တရက် ပြုံးလိုက်သည်။ တဲ့တိုးကြီး မေးတတ်သည့် သူ့မေးခွန်းများနှင့်ယခု သူ့အပြုံးကတော့ လားလားမှ မဆိုင်သော အပြုံးမျိုး ဖြစ်သည်။ တောင်းပန်ပြုံးပြုံးသည့် အပြုံးမျိုးလည်း ဖြစ်သည်။

"ဘာကြောင့်လဲဆိုတော့ မိန်းကလေးအများစုဟာ ဒီလိုပုံမျိုးဖြစ်ရင် ကောင်းတယ်။ အပြစ်ဆိုစရာ မရှိတဲ့ မိန်းကလေးတစ်ယောက်ကို ရအောင်ရှာဖို့ဟာ မလွယ်ဘူး။ တချို့က ဆံပင်ကောင်းတယ်၊ သွား မလှဘူး။ တချို့ကျတော့ သွား လှတယ်၊ ဆံပင် မကောင်းဘူး။ သွားရော ဆံပင်ရော ကောင်းတယ်၊ နှာခေါင်း မလှဘူး။ ခင်ဗျားကတော့ အပြစ်ဆိုစရာ မရှိလောက်အောင် လှတာပဲ။ ကျွန်တော်တို့အတွက်များ အလုပ် လုပ်ပေးဖို့ မစဉ်းစားနိုင်ဘူးလား"

"ဘာအနေနဲ့ လုပ်ပေးရမှာပါလဲ"

အယ်နီက အကူအညီတောင်းသည့် အကြည့်မျိုးနှင့် ဂျနီဖာကို လှမ်းကြည့်သည်။ သို့သော်လည်း ဂျနီဖာနှင့် ကလော်ဒီတို့က တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြသည်။

"ခင်ဗျားလည်း သိမှာပေါ့၊ ရုပ်မြင်သံကြားတွေ တီထွင်နိုင်ကြပြီ။ နောက်နှစ်လောက်ဆိုရင် အသံလွှင့်ရုံသက်သက်တွေ ဒုက္ခဖြစ်ကြတော့မယ်။ ပြဇာတ်ကြီးတွေ အတော်များများလည်း ဒုက္ခဖြစ်ကြမှာပဲ။

ကျွန်တော်က ဂေလီယန် အချစ်တော်အမျိုးသမီးတစ်ယောက် လိုချင်နေတယ်။ ကျွန်တော့်ကြော်ငြာတွေထဲမှာ အဲဒီ မိန်းကလေးကို အသုံးပြုမှာ၊ ဆံပင်အလှပြင်ဖို့ လက်သည်းဆိုးဆေး၊ နှုတ်ခမ်းဆိုးဆေး ကြော်ငြာတွေမှာ သုံးချင်တာ။ ကျွန်တော် သဘောကျတဲ့ မိန်းကလေးပေါင်း တော်တော်များများနဲ့ တွေ့ခဲ့ဖူးပါသေးတယ်"

ကေဗင်က သူနှင့် တွေ့ခဲ့သည့် အပျိုစင် ငါးယောက်တို့၏ နာမည်များကို ထုတ်ဖော်ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သူတို့တောင်းတဲ့ ငွေပေးဖို့နဲ့ သူတို့အတွက် ကုန်ကျရမယ့် စရိတ်တွေကို ကျွန်တော် မတတ်နိုင်ဘူး။ ဂေလီယန်အချစ်တော် အမျိုးသမီးကလေးက တက်ကာစာဘာလင်ကာရဲ့ အဝတ်အစားကို ကြော်ငြာပေးနေတာမျိုး မဖြစ်ရဘူး။ ရှယ်နယ်ရေမွှေး ကြော်ငြာပေးနေတာမျိုး မဖြစ်ရဘူး၊ ဂေလီယန်အချစ်တော် အမျိုးသမီးဟာ ဂေလီယန် အလှကုန်ပစ္စည်းတွေကိုပဲ သုံးနေတဲ့ အမျိုးသမီးအဖြစ်နဲ့ အများက မြင်ရမယ်။ စစချင်း ခင်ဗျားကို တစ်ပတ်သုံးရာပေးမယ်"

အယ်နီက ရှမ်ပိန်ကို တစ်ငုံချင်း သောက်နေသည်။ ဘာပြန်ပြောရမည်ကို သူ မသိ။

အယ်နီ ငြိမ်နေသည်ကို ကေဗင်က သဘော မတူသောကြောင့် ငြိမ်နေသည်ဟု အထင်ရောက်သွားသည်။

"ခင်ဗျားကို တစ်နှစ် ကန်ထရိုက်နဲ့ စာချုပ်ပါ့မယ်။ ဒုတိယ ခြောက်လကစပြီး တစ်ပတ်ကို ငါးရာပေးမယ်။ တကယ်လို့ ရုပ်မြင်သံကြားမှာ ကျွန်တော်တို့ ကြော်ငြာဦးမယ်ဆိုရင် ပိုပေးမယ်"

ဂျနီဖာက သူတို့ဝိုင်းကို ချက်ချင်း စိတ်ဝင်စားလာသည်။

"ငွေရေးကြေးရေးအကြောင်း ပြောနေကြတာ ကြားလိုက်မိသလိုပဲ"

"ဂေလီယန်အချစ်တော်လုပ်ဖို့ ခင်ဗျားသူငယ်ချင်းကို ပြောနေတာ"

ဂျနီဖာ၏ မျက်လုံးများ ဝိုင်းစက်သွားသည်။

"အို- ဟုတ်တာပေါ့။ အယ်နီသာ လုပ်ရင် အံဝင်ခွင်ကျပဲ"

"ဟုတ်တယ်၊ သိပ်အဆင်ပြေမှာ။ သူက သိပ်ချောတယ် မဟုတ်လား။ ဒါပေမယ့် ဖိုစိတ်မစိတ်ကို နှိုးဆွတဲ့ အလှမျိုး မဟုတ်ဘူး"

ကေဗင်က ပြောသည်။

ကလော်ဒီက လက်မြှောက်ပြသည်။

"ဒီစကားမျိုး ကြားရပြန်ပြီ။ ခင်ဗျားတို့ အမေရိကန်လူမျိုးတွေဟာ ဒီစကားမျိုးကိုပဲ ထပ်ခါတလဲလဲ ပြောနေကြတယ်။ ရုပ်ချောတဲ့ မိန်းကလေးတစ်ယောက်ကို ဘယ်လို အသုံးချရမယ်ဆိုတာ ခင်ဗျားတို့ မသိကြဘူး။

ဒီလို မိန်းကလေးမျိုးကျရင် အလှပြခန်းပေါင်းချောင်ထဲမှာ ထည့်ထားပြီး ခင်ဗျားတို့က ပြချင်ကြတယ်။ လူတွေက ဒါမျိုးကိုပဲ ကြည့်ချင်နေကြတယ်ဆိုရင် ရုပ်ရှင်သွားကြည့်တဲ့လူ ဘယ်မှာ ရှိနိုင်တော့မှာလဲ။ ဂျနီဖာက အဲဒီလို အစားထဲက မဟုတ်ဘူး။ သူ့ကို သုံးကြည့်ပါလား၊ ယောက်ျားတိုင်းက စွဲမက်နေတဲ့ မိန်းကလေး ဖြစ်သွားမယ်"

"ဒါကို ကျွန်တော် မငြင်းပါဘူး။ ဒါပေမယ့် ကြော်ငြာသဘောကျတော့ အဲဒါက သိပ်အလုပ် မဖြစ်ဘူး။ အယ်နီက လှတယ်။ ဒါပေမယ့် သူ လှပုံမျိုးက ဘယ်သူမဆို ခံစားလို့ရတဲ့ အလှမျိုး။ သူလိုမျိုး မြင်လိုက်ဆင်လိုက်ရရင် ငါလည်း သူလို လှလာမှာပဲလို့ ထင်ရတဲ့ အလှမျိုး။ ဂျနီဖာကျတော့ ဒီလို မဟုတ်ဘူး၊ ငါ့ရုပ်ကတော့ သူလို လှနိုင်မှာ မဟုတ်ပါဘူးလို့ မိန်းကလေးတွေက ထင်ရမယ့်ရုပ်မျိုး ဖြစ်နေတယ်။

ခင်ဗျားတို့က ရုပ်ရှင်ရိုက်တယ်။ ကျွန်တော်က ကုန်ပစ္စည်းရောင်းတယ်။ ဒါလည်း ကွာသေးတယ်။ အယ်နီဟာ ကျွန်တော့် ကုန်ပစ္စည်းတွေအတွက်တော့ သိပ်ကို လိုက်ဖက်တဲ့ မိန်းကလေးပါပဲဗျာ။ သူ့မျက်နှာပေါက်လှပုံ၊ သူ့မျက်လုံးတွေလှပုံ၊ သူ့မျက်တောင်တွေက ရှည်ပြီး ကော့ပျံနေပုံတွေကို လူတွေက သိပ်သဘောကျကြမှာ၊ အယ်နီသုံးတဲ့ အလှကုန်ပစ္စည်းတွေကို သုံးလိုက်ရင် သူတို့လည်း ဒီအတိုင်း လှလာမှာပဲလို့ ထင်ရမယ့် အလှမျိုး၊ သူ့အလှက လူတွေ ချောက်ချားသွားအောင် မလုပ်ဘူး။ ဂျနီဖာရဲ့အလှက လူတွေ ချောက်ချားသွားစေမယ့် အလှမျိုး"

"ကောင်းလိုက်တာ၊ ကျွန်မကတော့ လူတွေ ချောက်ချားသွားမယ့် အလှကို ပါရမီမြှူယူသွားတော့မယ်။ ဒါပေမယ့် အယ်နီ၊ ကေဗင်ရဲ့ ကမ်းလှမ်းချက်ကို မင်း လက်ခံသင့်တယ်လို့ ကိုယ်ထင်တယ်။ မင်းအဖို့ အပြောင်းအလဲ တစ်ခုခု လိုနေတယ်။ လူတိုင်းဟာ အပြောင်းအလဲတစ်ခုတော့ လိုကြတာချည်းပဲ"

ဂျနီဖာက ဝင်ပြောသည်။

အယ်နီက မျက်မှောင်ကုတ်လိုက်သည်။

"ကိုယ်က စံပြမယ်မှ မဟုတ်ဘဲ၊ နောက်ပြီးတော့ ကိုယ်က. . ."

ဂျနီဖာက အယ်နီကို လက်တို့လိုက်ပြီး ထိုင်ရာမှ ထရပ်သည်။

"မျက်နှာကို ပေါင်ဒါလေး သွားရိုက်လိုက်ဦးမှပဲ။ လာ အယ်နီ"

အခန်းအပြင်ဘက်သို့ အယ်နီ၏ နောက်

www.burmeseclassic.com

www.burmeseclassic.com



မှ လိုက်သွားရင်း ကေဗင်ကို စိတ်ချနေရန် ဂျနီဖာက အမူအရာဖြင့် ပြခဲ့သည်။ ကေဗင်ကလည်း သူ ဆုတောင်းနေမည့်အကြောင်း ခေါင်းညိတ်ပြီး ပြန်ပြသည်။

မှန်ကြီးတစ်ချပ်ရှေ့မှာ သူတို့နှစ်ယောက် ထိုင်ကြသည်။

"ကောင်းပြီ၊ မင်းက ဘာဖြစ်လို့ လက်မခံနိုင်ရတာလဲ"

ဂျနီဖာက စတင် မေးတော့သည်။

"ကိုယ်ဟန်ပြရတဲ့အလုပ်ကို ကိုယ်မှ နားမလည်ဘဲ"

"ရုပ်ရှင်အကြောင်းကိုလည်း ကိုယ် ဘာမှ မသိပါဘူး။ ဒါပေမယ့် ဒီလို နားမလည်လို့ ရုပ်ရှင်မရိုက်ဘဲနဲ့တော့ ကိုယ် မနေဘူး။ အခုလည်း ပါရီမြို့မှာ သွားပြီး ရိုက်ဦးမှာ"

"မင်းကတော့ သိပ်ကို အောင်မြင်ဦးမှာ ပါကွယ်"

"ဒီလို စကားလွှဲမပစ်နဲ့ အယ်နီ၊ ဟင်နရီဆီမှာ အလုပ်လုပ်နေတာ မင်း ဘယ်လောက် ရသလဲ"

"အခုတော့ တစ်ပတ်ကို တစ်ရာငါးဆယ် ရနေပါပြီ။ ဒါပေမယ့် ဒါက အရေးမကြီးပါဘူး။ ကိုယ်လည်း အိမ်ရောင်းလိုက်ပြီးပြီ။ ဈေးကောင်းကောင်း ရလိုက်တယ်။ ဟင်နရီက ကိုယ့်အတွက် စီးပွားရေးလုပ်ငန်း လုပ်ပေးထားတယ်။ ကိုယ့် အစုတွေကလည်း အခု ဈေးသိပ်ကောင်းနေပြီ။ ပိုက်ဆံအတွက်တော့ ကိုယ် မပူပါဘူး"

"ဒါပေမယ့်၊ အခု အလုပ်က သိပ်ကို စိတ်ဝင်စားစရာ ကောင်းတယ်"

"ဟင်နရီကို ကိုယ် ခွဲမထားခဲ့နိုင်ဘူး"

ဂျနီဖာက အပြစ်တင်သလို ကြည့်လိုက်သည်။

"ဟင်နရီကို မခွဲနိုင်ဘူး။ အယ်နီ၊ မင်း စကားပြောနေတာက ဂျနီဖာပါကွ။ မင်း ဆိုလိုတာက ဒီရုံးကို မခွာနိုင်တာဟာ လိုင်ယွန်နဲ့ ပတ်သက်နေတဲ့ရုံးမို့လို့ ဆိုလိုတာ မဟုတ်လား။ ဒါပေမယ့် သူ မင်းဆီကို ပြန်လာမှာ မဟုတ်ပါဘူး။ တစ်နေ့ကျရင် သူ ပြန်ရောက်လာပြီး မင်းကို ခေါ်သွားမယ်ဆိုတဲ့ စိတ်ကူးယဉ်အိပ်မက် မက်တာတွေကို လုပ်မနေနဲ့တော့။ ဒါတွေက ပြီးသွားပြီ။ ဇာတ်သိမ်းသွားပြီ"

"ဇာတ်သိမ်းသွားပြီလို့ ဘယ်လိုလုပ် ပြောနိုင်မှာလဲ။ နောက်အပတ်ထဲမှာ သူ့စာအုပ် ထွက်တော့မယ်။ စာအုပ်ထွက်တော့မယ်ဆိုရင် သူ ဒီကို လာရလိမ့်မယ်။ စာရေးဆရာတိုင်းလိုလို ဒီလိုပဲ လုပ်ကြတာ မဟုတ်လား"

ဂျနီဖာက သူ့လက်ကိုင်အိတ်ကို ကိုင်ကြည့်ရင်း ခပ်ငေးငေး ဖြစ်နေသည်။

"အယ်နီ၊ ကိုယ့်အနေနဲ့ မင်းကို ဒီအကြောင်း ပြောပြဖို့ မသင့်ပါဘူး။ ဒါပေမယ့် အခု အခြေအနေမျိုး ရောက်လာမှတော့ မင်း သိသင့်တယ်လို့ ကိုယ်ထင်တယ်၊ သူ အင်္ဂလန် ပြန်သွားပြီ"

"ပြန်သွားပြီ"

အယ်နီ၏ ပါးစပ်ထဲမှာ ခြောက်လာသည်။ သတိများ လစ်သွားတော့မည်လားဟုပင် သူ့ကိုယ်သူ ပြန်ထင်မိသည်။

"သူ ဒီကို လာသွားပြီးပြီလို့ ဆိုလိုတာလားဟင်"

ဂျနီဖာက စိတ်မကောင်းသည့် အမူအရာနှင့် ခေါင်းညိတ်ပြသည်။

"တစ်ပတ်လောက် နေသွားတယ်၊ထုတ်ဝေသူတွေ့ဖို့။ ဒီမှာတုန်းက သူ ရေးထားခဲ့တဲ့ စာမူတွေ အကုန်လုံးကို ပယ်ပစ်လိုက်တယ်။ အစကနေအဆုံးအထိ အသစ်ပြန်ရေးရတယ်။ ဒါကြောင့် ဒီစာအုပ်က ဒါလောက်တောင် ကြာသွားတာ။ ဒါပေမယ့် စာအုပ်ကောင်း တစ်အုပ်ပဲလို့ ဟင်နရီက ပြောတယ်။ လိုင်ယွန်နဲ့သူ တွေ့လိုက်တယ်"

"ဟင်နရီကို တွေ့လိုက်သေးသလား"

"သူတို့ နေ့လယ်စာ အတူတူ စားကြတယ်။ လိုင်ယွန်က ဒုတိယစာအုပ်ကိုတောင် စရေးနေပြီ။ သူ့ထုတ်ဝေသူဆီကလည်း ကြိုတင်ငွေ အတော်အသင့် ရသွားတယ်။ ပြီးတော့ လန်ဒန်ကို သူ ပြန်သွားတယ်။ ဟိုမှာ တိုက်ကလေးတစ်လုံး ဝယ်မယ်တဲ့"

"ဟင်နရီကို သူ တွေ့သွားတယ်။ သူ ဒီကို လာသွားပြီးပြီ"

အယ်နီက တတွတ်တွတ် ရေရွတ်နေမိသည်။ ချက်ချင်း ဆိုသလိုပင် မျက်ရည်များ ဒလဟော စီးဆင်းလာတော့သည်။

ဂျနီဖာက အယ်နီကို သိုင်းဖက်လိုက်သည်။

"အယ်နီ၊ စိတ်ထိခိုက်မနေပါနဲ့တော့လေ။ ဟင်နရီက ပြောတယ်။ လိုင်ယွန်ဟာ စာရေး

www.burmeseclassic.com

www.burmeseclassic.com

ဒီ အလုပ်ကလွဲပြီး သူ့ခေါင်းထဲမှာ ဘာမှ မရှိတော့ဘူးတဲ့။ ဒီအချိန်မှာတော့ ဒီကိစ္စတစ်ခုတည်းကိုပဲ သူ့ အရေးကြီးဆုံး သဘောထားနေတယ်တဲ့"

"ဒါပေမယ့် ကိုယ် ဘယ်လောက် ခံစားနေရတယ်ဆိုတာ ဟင်နရီ သိသားပဲ။ လိုင်ယွန်ဒီကို ရောက်နေတဲ့အကြောင်း ဘာဖြစ်လို့ သူက ကိုယ့်ကို မပြောရတာလဲ"

"သူက ယောက်ျား မဟုတ်လားကွယ်၊ သူတို့ ယောက်ျားချင်းဆိုတော့ ယောက်ျားချင်းဘက်ကိုသာ လိုက်တော့မှာပေါ့။ အယ်နီ၊ ဟင်နရီရဲ့ကျေးဇူး မင်းအပေါ်မှာ ဘာမှ မရှိပါဘူး။ မင်း အပြောင်းအလဲ တစ်ခုခု လုပ်လိုက်ဖို့ လိုနေပြီ။ အခု ပေါ်လာတဲ့ အခွင့်အရေးကလည်း ကံကောင်းလို့ ပေါ်လာတာ။ ကေဗင်ဒေးလ်မိုးကို ကလော်ဒီ ဖိတ်ထားထာ မဟုတ်ဘူး။ သူဟာသူ တစ်ယောက်တည်း ရောက်လာတာ။ ကိုယ်တို့ကို တွေ့တာနဲ့ ကိုယ်တို့ဝိုင်းကို ဝင်လာတာ။ ကံကောင်းချင်လို့ ဖုတ်သွင်းရေား ဆိုက်လာတယ်လို့ ကိုယ်ထင်တယ်"

"မင်းပြောတာ မှန်ပါလိမ့်မယ်ကွယ်။ ကိုယ် ရုံးက ထွက်လိုက်တော့မှ ဖြစ်မယ်။ ကိုယ့်ဘဝက သေနေတာနဲ့ ဘာမှ မထူးတော့ပါဘူး"

အယ်နီက တစ်လုံးချင်း ပြောနေသည်။

"အခုမှပဲ အမှန်ကို မင်းမြင်တော့တယ်။ မင်း အခု နေနေတဲ့ အခန်းကိုလည်း ပြန်အပ်လိုက်တော့။ ကဲ- မျက်နှာကို ပေါင်ဒါရိုက်လိုက်ဦး။ အလုပ်မရခင် အလုပ်ပြုတ်နှင့်ပြီဆိုတာမျိုး ဖြစ်နေဦးမယ်"

*

ထိုသတင်းကို ကြားလိုက်ရသောအခါ ရုတ်တရက်တော့ ဟင်နရီ တုန်လှုပ်ချောက်ချားသွားမိသည်။ သို့သော်လည်း ဂေလီယန်၏ ကမ်းလှမ်းချက်မှာ ငြင်းကွက် တစ်စုံတစ်ရာမရှိတဲ့ အကြွင်းမဲ့ လက်ခံသင့်သည့်အလုပ် ဖြစ်ကြောင်းကိုမူ စိတ်မသက်သာသည့် ကြားမှပင် သူ ဝန်ခံမိပြီး ဖြစ်နေသည်။

"ဒါဟာ မင်းလက်ချက်ပေါ့လေ"

အယ်နီနှင့်အတူ လိုက်လာသည့် ဂျနီဖာကို လှမ်းကြည့်ရင်း ဟင်နရီက ပြောလိုက်သည်။

"ဒီအလုပ်ဟာ သူ့အတွက် အကောင်းဆုံးပဲဆိုတာ ဘကြီး သိပါတယ်လေ။ ဘကြီးကို ကျွန်မ တစ်ခုလောက် မေးပါရစေဦး။ အယ်နီကို ဘကြီးရဲ့ရုံးမှာ ဘယ်လောက် ကြာအောင်များ ကြိုးနဲ့ တုပ်ထားမယ်လို့ စိတ်ကူးထားသလဲ။ သူဟာ မစ္စစတိန်းဘတ် မဟုတ်ဘူးနော်။ ဘကြီးလည်း အသိသားနဲ့"

ဂျနီဖာက ရှင်မြူးသည့် လေသံဖြင့် ပြောသည်။

"မှန်ပါတယ်ဗျာ၊ မှန်ပါတယ်။ ကဲ . . . ခင်ဗျားတို့ ကန်ထရိုက်စာချုပ်ကို လက်မှတ်မထိုးခင် ကျုပ်ဆီကို ယူလာခဲ့ကြပါဦး။ ဘယ်လို အခွင့်အရေးတွေများ ထပ်တောင်းဦးမလဲဆိုတာ ကြည့်ကြရအောင်။ နောက်မှ ထပ်ပြီးတောင်းရ ရမ်းရတာတွေ၊ ပြောရဆိုရတာတွေ ဖြစ်မှာကို ကျုပ် မကြိုက်ဘူး။ အစကောင်းမှ အနှောင်းသေချာတာ။ ကြော်ငြာအတွက် မင်းကို အသုံးပြုချင်တယ်ဆိုရင် စီးပွားရေးလုပ်ငန်းတွေမှာပါ မင်းကို အသုံးပြုဖို့ သူတို့ဘက်က အာမခံချက် ပေးရလိမ့်မယ်။ ရုပ်မြင်သံကြားတွေကို ပရိသတ်က သိပ်ကြိုက်နေပြီနော်"

"ဒါပေမယ့် ဘကြီးရယ်၊ ရုပ်မြင်သံကြားကင်မရာရှေ့မှာ ဘယ်လို ရပ်ရမယ် ဆိုတာတောင် ကျွန်မဖြင့် မသိပါဘူး"

အယ်နီက ကန့်ကွက်စကား ဝင်ဆိုသည်။

"ရိုးရိုးကင်မရာရှေ့မှာ ရပ်ပေးရတာမျိုးနဲ့ ဘာမှ ထူးမှာ မဟုတ်ပါဘူးကွယ်။ အလိုလို အလေ့အကျင့် ရသွားမှာပါ။ လီကိုးလ်နဲ့တွေ့ဖို့ စီစဉ်ရမယ်။ တစ်ပတ်မှာ အနည်းဆုံး သင်ခန်းစာနှစ်ခု လေ့ကျင့်ရမယ်။ ကုန်ကျစရိတ်က တော့ များမယ်။ ဒါပေမယ့် မင်း တတ်နိုင်ပါတယ်"

ဟင်နရီက စာရေးစက္ကူကတ်ပြားပေါ်တွင် နာမည်တစ်ခုကို ရေးကြည့်နေရင်းမှ ပြန်ပြောသည်။

"လီကိုးလ် ဆိုတာ ဘယ်သူလဲ"

အယ်နီက ပြန်မေးသည်။

"စကားပြောနဲ့ မိန့်ခွန်း ရေးရာမှာ အတော်ဆုံး နည်းပြဆရာမ တစ်ယောက်ပေါ့"

"ကျွန်မက သူနဲ့ ဘာလုပ်ရမှာလဲ"

"စီးပွားရေးလုပ်ငန်း လုပ်လာပြီဆိုရင် ကိုယ်ဟန်ပြနေရုံလောက်နဲ့ ဖြစ်တော့မှာ မဟုတ်ဘူးလေ။ မင်းရဲ့ ဘော့စတွန်သံ ဝဲနေ

www.burmeseclassic.com

www.burmeseclassic.com



တာကိုလည်း ပျောက်အောင် ဖျောက်ပစ်ရဦးမယ်"

"ဘကြီး၊ ကျွန်မက စံပြမယ်လောက် လုပ်မှာပါ။ ရုပ်ရှင်မင်းသမီးလုပ်မှာမှ မဟုတ်ဘဲ"

"ပြောတာ နားထောင်စမ်း အယ်နီ၊ အလုပ်တစ်ခုခုကို လုပ်တော့မယ်ဆိုရင် ရာခိုင်နှုန်းပြည့် လုပ်ပါ။ ဘယ်အလုပ်ကိုမှ မစို့မပို့ မလုပ်နဲ့ တစ်ဝက်တစ်ပျက် လုပ်လို့ရတဲ့အလုပ် ဒီလောကမှာ မရှိဘူး။ မင်းဟာ အတွင်းရေးမှူး တစ်ယောက် အနေနဲ့ အင်မတန် အောင်မြင်ခဲ့ပါတယ်။ အခု ဂေလီယန်အချစ်တော် ဖြစ်ရတော့မယ်။ ဒီအလုပ်မှာလည်း အကောင်းဆုံးဖြစ်အောင် လုပ်ပါ။ နောက်ပြီးတော့ အခု မင်း လုပ်စရာရှိတာ ဘာမှ မရှိဘူး။ ဒါကြောင့် တစ်ခုခုမှာ အာရုံစိုက်ပြီး မနားတမ်း လုပ်နေတာဟာ ဒီအချိန်မျိုးမှာတော့ မင်းအဖို့ အကောင်းဆုံးပဲ"

ဟင်နရီက လေသံခပ်မာမာနှင့် ပြန်ပြောသည်။

သူတို့ အားလုံး ကြည့်နေကြသည့် အခိုက်မှာပင် ဟင်နရီသည် အလွန်တရာ ပင်ပန်းနွမ်းနယ်သွားသည့်ပုံ ပေါ်လာသည်။ သူ့ခန္ဓာတွင် ရှိရှိသမျှသော အားအင်များ ကုန်ခန်းသွားသကဲ့သို့ ရှိချေသည်။

အယ်နီက သူ့ကို ပြေးဖက်လိုက်သည်။

"ဘကြီး၊ ဘကြီးကို ကျွန်မ ချစ်ပါတယ်"

ဟင်နရီက မျက်နှာကို အောက်သိုးသိုး လုပ်ထားရင်း သူ့စိတ်ထဲမှာ ခံစားနေရသည့် လှုပ်ရှားမှုများကို ဖုံးဖိနိုင်အောင် ကြိုးစားလိုက်သည်။

ပြီးတော့ ဂျနီဖာကို လှမ်းကြည့်ပြီး မေးသည်။

"ကဲ ဂျနီဖာ၊ သူပြောပုံကလေး နားထောင်ကြည့်စမ်းပါဦး။ ဘယ်လောက်များ သင်းလိုက်သလဲလို့။ နှစ်နှစ်လုံးလုံး သူ့ကို ကျုပ် အပြင်းအထန် လေ့ကျင့်ပေးခဲ့တယ်။ ဒါပေမယ့်၊ ကျုပ်ကို သူ ကျော်ခိုင်းသွားတော့မယ်။ ဒီကြားထဲက ကျုပ်ကို သူ ချစ်ပါတယ်လို့ ပြောနေသေးတယ်။ ဟုတ် ဟုတ်သေးတော့ကွာ"

"တကယ် ပြောတာပါ ဘကြီးရယ်၊ ဘကြီးကို ကျွန်မ တစ်သက်လုံး ချစ်သွားမှာပါ။ ပြီးတော့ ကျွန်မကိုလည်း တစ်သက်လုံး စောင့်ရှောက်ပါနော်"

"လုပ်မနေစမ်းပါနဲ့ မရွှေစာရယ်၊ မင်းဟာ တစ်သန်းမှာ တစ်ယောက်လောက်သာ ရှိတတ်တဲ့ မိန်းကလေး ဆိုတာတော့ အမှန်ပဲ အယ်နီ။ မင်းလို မိန်းကလေးမျိုးကို ဘကြီး မတွေ့ဖူးသေးပါဘူး။ ကဲ- ဒါတွေ ထားလိုက်ပါတော့။ မင်းလမ်းကိုသာ မင်းလျှောက်ပေတော့။ အလုပ်သမား ရှာဖွေရေးရုံးတွေကို ဖုန်းလှမ်းဆက်ရဦးမယ်။ အင်နဲဝဲလ်စ်လို မိန်းကလေးတစ်ယောက် နောက်ထပ် ရောက်ချင်ရောက်လာဦးမှာ။ ဘယ်သူ ပြောနိုင်တာမှတ်လို့"

"လူစားမရမချင်း ကျွန်မကို မနေစေချင်ဘူးလား ဘကြီးရယ်၊ လူစား ရောက်လာတဲ့ အခါမှာလည်း သူ့ကို ကျွန်မ ကူညီပြီး သင်ပြပေးနိုင်တာပေါ့"

"တော်လောက်ပါပြီ မယ်မင်းကြီးမရယ်၊ ဂျနီဖာလည်း ဒီမှာ နေရဖို့ အချိန် သိပ်ရှိတော့တာမှ မဟုတ်ဘဲ။ မင်းတို့ သူငယ်ချင်းနှစ်ယောက် ခွဲရခါနီးမှာ အားရအောင် အတူတူ နေလိုက်ကြပါဦး။

ဒါထက် စကားမစပ် ဂျနီဖာ၊ မင်းရဲ့ ကွာရှင်းပြတ်စဲခွင့်အရ အမြတ်တော်ကြေးနုတ်ပြီး မင်းအတွက် တစ်လကို ငွေခုနစ်ရာရမယ်။ ဒီကိစ္စတွေ အားလုံး ဘကြီးပဲ ကြည့်လုပ်လိုက်ပါ့မယ်။ ရုပ်ရှင်နဲ့ သဘောတူညီချက်ကတော့ ရှုပ်လွန်းတယ်။ မင်း ရရမယ့်ပိုက်ဆံတွေ မင်းဆီ ပို့ပေးစေချင်သလား"

"မပို့ပါနဲ့၊ ဒီမှာပဲ ထားပြီးတော့ အရင်းအနှီးလုပ်ပေးပါ။ ကျွန်မကိုလည်း အယ်နီလို ချမ်းသာလာအောင် လုပ်ပေးပါ"

ဟင်နရီက ရယ်လိုက်သည်။

"ကြိုက်ပြီကွာ၊ ဇောတိက သူဌေးမနှစ်ယောက် ကျုပ်ဆီကို ရောက်နေပါပေါ့ကလား။ ဒီလောကကြီးကို ယောက်ျားတွေကသာ ကြီးစိုးနေတယ်လို့ ဘယ်သူများ ပြောခဲ့ပါလိမ့်"

"ကျွန်မဘဝက ဘယ်လောက် ကြမ်းတမ်းတယ် ဆိုတာလည်း ကြည့်ပါဦး"

ဂျနီဖာက မျက်နှာထားကြီးနှင့် ပြန်ပြောသည်။

"ဟုတ်ပါတယ်ဗျာ၊ ရေကူးကန်ဘေးမှာ ငါးလလုံးလုံး အကြောင်းမဲ့ထိုင်ပြီး နေပူပြန်နေခဲ့ရတယ် မဟုတ်လား။ တကယ့်ကို ဆိုးပါပေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော်၊ အခုကျတော့လည်း အဲဒါတွေ အားလုံးဟာ ရယ်စရာ ပုံပြင်တွေလို ဖြစ်သွားပြီ"

ဂျနီဖာက အားပါးတရ ပြုံးလိုက်ရင်း ပြန်ပြောသည်။

"ဘကြီးပြောတာ နားထောင်ပါဦး။ မင်း နောက်ထပ် တည်ဆောက်မယ့်ဘဝဟာ အောင်မြင်စေချင်တယ်။ မင်းနဲ့ ပတ်သက်ပြီး ဘကြီး ပြောချင်တာကတော့ အဲဒါပါပဲ။ အခုဆိုရင် ပါရီမြို့ကို မင်းသွားရတော့မယ်။ ပြင်သစ်ပြည်က လာနာတာနာအဖြစ်မျိုးနဲ့ မင်း အောင်ပွဲခံတော့မယ်။

ဒါပေမယ့်၊ ဘကြီး ပြောစကားကလေး တစ်ခုကိုတော့ နားထောင်ပါကွာ။ မင်း ရသမျှ ပိုက်ဆံတွေ အကုန် သုံးမပစ်ပါနဲ့။ ဘကြီးကိုလည်း အကြွေးနှစ်ထောင်ဆပ်ဖို့ ကျန်သေးတယ်နော်။ မင်းရမယ့် မယားစရိတ်တွေထဲက ဘကြီး ဖြတ်ယူလိုက်မယ်။ ဟိုကနေပြီး ငွေထပ်ပို့မနေနဲ့တော့။ ရတဲ့ပိုက်ဆံတွေကိုလည်း သေသေချာချာစုပါ။ မင်းတို့လို မိန်းကလေး နှစ်ယောက်တော့ ဘကြီးရဲ့ ဖောက်သည် အဖြစ်နဲ့ အမြဲတမ်း ရှိနေစေချင်တယ်"

"ဘကြီး အစဖော်ပေးလိုက်တော့မှပဲ သတိရတော့တယ်။ ကျွန်မကို ကြိုတင်ငွေ အဖြစ်နဲ့ တစ်ထောင်လောက် ထုတ်ပေးပါဦး"

အသံသာသာကလေးနှင့် ပြောသည်။

"ဟော ပြောရင်းဆိုရင်း လုပ်ပြီ ဂျနီဖာ"

"အဝတ်အစား ဝယ်ချင်လို့ပါ ဘကြီးရယ်၊ ဝတ်ကောင်းစားလှဝတ်ပြီး သားသားနားနားနဲ့ ပါရီမြို့ကြီးထဲကို ဝင်သွားချင်တယ်။ ကြိုတင်ငွေ ထုတ်ပေးပါဦးနော်"

**ဖေဖော်ဝါရီ၊ ၁၉၄၈**

၂၁ စားသောက်ဆိုင်အတွင်းသို့ အယ်နီ ကတိုက်ကရိုက် ဝင်လာသည်။ ပြီးတော့ အရင်ရောက်နှင့်နေသည့် ဟင်နရီ၏ စားပွဲဆီသို့ လျှောက်သွားသည်။

"ဆောရီးပဲ ဘကြီးရယ်၊ ကျွန်မ နောက်ကျသွားတယ်။ လီကိုးလ်ကလည်း ကျွန်မကို ရက်ရက်စက်စက် သင်တန်းပေးနေလို့"

စားပွဲမှာ ဝင်ထိုင်ရင်း အယ်နီက ပြောသည်။

အခန်းထဲ ရှိနှင့်နေကြသော ယောကျ်ားတိုင်း၏ မျက်နှာသည် အယ်နီဘက်သို့ လည်သွားကြကြောင်း ဟင်နရီ သတိထားလိုက်မိသည်။ ကေဗင်ဂေးလ်မိုး၏ မိတ်ကပ်ပညာရှင်များက အယ်နီ၏အလှကို ပြုပြင်ပေးကြသည်။ ရက်သတ္တ သုံးပတ်မျှ ပြင်ပေးလိုက်ရုံနှင့် လူတိုင်းက အယ်နီကို မကြည့်ဘဲ မနေနိုင်လောက်အောင် ဖြစ်လာတော့သည်။ အယ်နီ၏ ပင်ကိုအလှကို သူတို့ ပြုပြင်ပြောင်းလဲပေးခြင်းကား မလုပ်။

နဂိုအလှကို ပိုပြီး ကြွလာအောင် ပုံဖော်ပေးကြခြင်းသာ ဖြစ်သည်။ မျက်လုံးကို ဆေးဆိုးပေးသည်။ သူ့ဆံပင်များသည်လည်း ခြသေ့်လည်ဆံမွေးကဲ့သို့ ထူထူထဲထဲ ဖြစ်လာသည်။ အမျိုးသမီး တစ်ယောက်၏ အလှမျိုးစုံကို အယ်နီ၏ ကိုယ်ပေါ်မှာ တွေ့နေရသည်။

သို့သော်လည်း သူ့စိတ်များက လှုပ်ရှားနေလေသည်။

"ဂျနီဖာဆီက စာရှည်ကြီးတစ်စောင် ဒီနေ့မနက်ပဲ ကျွန်မ ရတယ်"

အယ်နီက ပြောသည်။

အခန်းထဲမှာ ရှိနေကြသည့် ယောကျ်ားများက သူ့ကို ဝိုင်းဝန်း အာရုံစိုက်နေကြသည်ကို သူ သတိပြုမိပုံမပေါ်။

"ဘကြီးလည်း တစ်စောင်ရတယ်။ ငွေထပ်ပို့ပေးဖို့ တောင်းတဲ့စာလေ။ အယ်နီ၊ သူ့ပေးလိုက်တဲ့ ငွေတွေကို ချက်ချင်း ကုန်အောင်များ သူ ဘယ်လိုလုပ် သုံးပစ်လိုက်တာလဲကွာ"

အယ်နီက ရယ်ရင်း စားစရာများကို လှမ်းမှာသည်။

"သူ့မှာ ဝင်ငွေတွေ ဘယ်လောက်များများ ကြွေးကင်းမယ့်မိန်းမ မဟုတ်ဘူး။ ဂျနီဖာဟာ လက်သိပ်ဖွာတယ်။ အဝတ်အစားဆိုလည်း ဝယ်လို့ကို မဆုံးနိုင်ဘူး။ ဝယ်ပြီးတာနဲ့ တစ်ပြိုင်တည်း အဲဒါတွေကို သူ မကြိုက်တော့ဘူး။ အကုန်လုံးလိုလို သူများ ပေးပစ်လိုက်တာချည်းပဲ"

ဟင်နရီက ခေါင်းကို ခါယမ်းနေသည်။

"သူ သုံးတဲ့ဖြုန်းတဲ့ဒဏ်ကို ခံနိုင်မယ့် ယောကျ်ားတစ်ယောက်လောက် ဟိုမှာ တွေ့ပါစေလို့ပဲ ဆုတောင်းရတော့တာပါပဲကွာ။ သူဟာ အောင်မြင်တဲ့ ရုပ်ရှင်မင်းသမီး တစ်ယောက်တော့ ဖြစ်နိုင်မှာ မဟုတ်ဘူး။

ဒါပေမယ့်၊ သူ့ရုပ်ကလေး အင်မတန် လှတယ်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း အချိုးအစား ပြေပြစ်တယ် မဟုတ်လား။ သူ့ရုပ်

www.burmeseclassic.com

သူ့ရည်ကို သူ အသုံးချတတ်ဖို့လိုတယ်။ သူ အားကိုးလောက်တဲ့ အရည်အချင်းဆိုလို့ ဒါတစ်ခုပဲရှိတာ မဟုတ်လား။ သူ ရုပ်ကျသွားပြီ ဆိုတာနဲ့ တစ်ပြိုင်တည်း ဂျနီဖာရဲ့ဘဝဟာလည်း အဆုံးသတ်သွားပြီ"

"ဘကြီး၊ ဘကြီးကို ကျွန်မ သိပ်အထင်ကြီးခဲ့မိတယ်။ ဂျနီဖာရဲ့ ရုပ်ရည်အလှအပတစ်ခုတည်းကိုပဲ ဘကြီး တန်ဖိုးထားတာလား။ ဘကြီးလည်း တခြားလူတွေနဲ့ အတူတူပါပဲလား။ အမှန်ကတော့ ဂျနီဖာဟာ သိပ်ကို အံ့ဩစရာကောင်းတဲ့ မိန်းမတစ်ယောက်ပါ။

ဒါပေမယ့်၊ ဘယ်ယောကျ်ားကမှ သူ့ရဲ့ စိတ်နေသဘောထား အမှန်ကို သိအောင် ဒုက္ခခံပြီး မကြိုးစားကြဘူး။ ဘကြီးကတော့ တခြား ယောကျ်ားတွေနဲ့ မတူဘူးလို့ ကျွန်မ ထင်ထားမိခဲ့တယ်။

ဂျနီဖာဟာ သိပ်ကို စိတ်ကောင်းရှိတဲ့ အမျိုးသမီးတစ်ယောက်ပါ။ နှလုံးသား ဖြူစင်တယ်။ ကျွန်မအဖို့တော့ မိတ်ဆွေစစ် တစ်ယောက်ပါပဲ။ ကျွန်မ တွေ့ခဲ့ဖူးသမျှ မိန်းကလေးတွေထဲမှာ စိတ်သဘောထား အဖြူစင်ဆုံး မိန်းကလေးတစ်ယောက်ပါပဲ"

"စိတ်သဘောထား ဖြူစင်သတဲ့လား၊ ကောင်းပါပြီလေ။ မင်းပြောတဲ့ စကားကိုပဲ ဘကြီး လက်ခံလိုက်ပါ့မယ်။

ဒါပေမယ့် အပေါ်ယံကသာ သဘောကောင်းချင်ယောင်ဆောင်နေတာပါ။ အပေါ်ယံ ရှေ့မှန်ကြထားတာမျိုးပေ့ါ။

ဘကြီးကို တစ်ခုပြောပြစမ်းပါ အယ်နီ၊ သူ့ရဲ့ ပင်ကိုစိတ်ရင်းက ဘယ်လောက် ရင့်ကျက်လို့လဲ"

"ဒါကိုတော့ ပြောရခက်ပါတယ်။ ဂျနီဖာဟာ သူ့ရင်ထဲမှာ ဘာတွေ ခံစားနေရတယ်ဆိုတာကို ဖွင့်ပြီး ပြောလေ့ပြောထရှိတဲ့ မိန်းကလေးမျိုး မဟုတ်ဘူး။ တစ်ယောက်ယောက်အကြောင်းကို မကောင်းပြောတာလည်း ကျွန်မ မကြားဖူးဘူး။ သူဟာ သဘောကောင်းတယ်။ လူတိုင်းအပေါ်မှာ စိတ်ကောင်းထားတယ်။

ဒါကြောင့် ဂျနီဖာနဲ့ပတ်သက်ပြီး အမှန်ဆုံးစကားလုံးကို ရွေးပြီး ပြောဖို့ဆိုတာတောင် ခက်တယ်။ နှလုံးသား ဖြူစင်တယ် ဆိုတာကတော့ အနီးစပ်ဆုံး စကားလုံး ဖြစ်ပါလိမ့်မယ်။ သူနဲ့ကျွန်မ အတူတူ နေခဲ့တာပါပဲ။ ဒါကြောင့် သူ့အကြောင်းကို ကျွန်မ သိတာပါ။

နီလီဟာ သဘောကောင်းတဲ့ မိန်းကလေး တစ်ယောက်လို့ ဘကြီး ထင်တယ် မဟုတ်လား။

ဒါပေမယ့်၊ နီလီဟာ စိတ်ကောင်းရှိတဲ့ မိန်းကလေးတစ်ယောက် မဟုတ်ဘူး။ နီလီဟာ ထက်မြက်တယ်။ ဉာဏ်ကောင်းတယ်။ ဒါပေမယ့် စိတ်ကောင်း မရှိဘူး။ ဂျနီဖာက စိတ်ကောင်းရှိတယ်။ သူနဲ့ ကွာရှင်းခဲ့တဲ့ မင်းသားကြီးအကြောင်း ဘယ်တုံးကမှ မကောင်း မပြောဘူး။ သူ ပါးကိုက်ရင် ငါ နားကိုက်မယ် ဆိုတဲ့ စိတ်ထားမျိုး မရှိဘူး။ တိုနီအပေါ်မှာလည်း ဒီအတိုင်းပဲ။

တိုနီရဲ့အစ်မ မီရီယမ်အပေါ်မှာလည်း ဒီအတိုင်း သဘောထားတယ်။ သူတို့မကောင်းကြောင်း ဘယ်တုံးကမှ မပြောဖူးဘူး၊ ကာလီဖိုးနီးယားမှာ နေရတာ ငြီးငွေ့လာတယ် ဆိုတာလောက်ပဲ ပြောတယ်။ တကယ်ကတော့ ဂျနီဖာဟာ အထီးကျန်တစ်ယောက် ဖြစ်နေရရှာတာပါ။ သူနဲ့ အသွင်တူမယ့် ယောကျ်ားတစ်ယောက်ကို စောင့်မျှော်နေရတဲ့ မိန်းကလေးတစ်ယောက်ပါ။ ပုံမှန်ဘဝတစ်ခုကို တည်ဆောက်ပြီး သားတွေ သမီးတွေနဲ့ အေးအေးချမ်းချမ်း နေချင်ရှာတယ်"

"ဒီလိုဆိုရင် ဘာဖြစ်လို့ သူကလေးကို ဖျက်ချလိုက်ရတာလဲ။ အဲဒီ အချိန်ကစပြီး သူ့အပေါ်မှာ ဘကြီး ယုံကြည်မှု ကင်းသွားတော့တာပဲ။ ကာလီဖိုးနီးယားကနေပြီး ဘကြီးဆီကို သူ ဖုန်းဆက်တယ်။ ကိုယ်ဝန်ဖျက်ချပစ်ဖို့ သူတို့က အကျပ်ကိုင်နေကြတယ်လို့ ပြောတယ်။ သူ သိပ်ကို စိတ်ထိခိုက်နေပုံပဲ။ သူကတော့ ဒီကလေးကို မွေးချင်ပါတယ်တဲ့။

နောက်ဆုံးကျတော့ သူ ကွာရှင်းပြတ်စဲဖို့ မယားစရိတ် ရဖို့တို့ကို ဘကြီး လုပ်ပေးလို့လည်း အောင်မြင်ရော ကိုယ်ဝန်ကို သူ ဖျက်ချလိုက်တော့တာပဲ။ ကလေး လိုချင်ပါတယ် ဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ တစ်ပတ်ကို ဝင်ငွေ တစ်ထောင်လောက်နဲ့ ကောင်းကောင်းကြီး နေလောက် စားလောက်တာပဲ မဟုတ်လား"

"ဒီအကြောင်းကို သူ ဘယ်တော့မှ မပြောဘူး။ ဘာကြောင့် ဖျက်ချလိုက်ရပါတယ် ဆိုတာကိုလည်း ဘယ်တော့မှ ထုတ်ပြောမှာ မဟုတ်ဘူး။ ဒါပေမယ့် ကိုယ်ဝန်ဆောင်ဘဝနဲ့ တစ်ယောက်တည်းနေပြီး မွေး

www.burmeseclassic.com

www.burmeseclassic.com



လာမယ့်ကလေးကိုပါ သူ တစ်ယောက်တည်း ပြုစုပျိုးထောင်ရမယ် ဆိုတာကို စိတ်မရှည်နိုင်တော့လို့ အခုလို ဖျက်ချလိုက်တာ ဖြစ်နိုင်ပါတယ်။ သူနဲ့ စိတ်တူကိုယ်တူရှိပြီး သူ့ကို မြတ်နိုးကြင်နာမယ့် ယောက်ျားတစ်ယောက် တွေ့ရင် သူ့ဘဝ အသားကျသွားမှာ သေချာပါတယ်"

"ဒီလိုဆိုရင် မင်းကိစ္စကရော ဘယ်လိုရှိသလဲ"

ဟင်နရီက အယ်နီကို သေသေချာချာ စူးစိုက်ကြည့်ပြီး မေးသည်။

"အို- အကုန်လုံး ချောချောမောမောပါပဲ။ အစမ်းရိုက်တာတွေ အားလုံး ပြီးသွားပြီလေ။ နောက်အပတ်ကစပြီး ကျွန်မ သရုပ်ဆောင်ရတော့မယ်"

"ဒီအကြောင်းကို ဘကြီးမေးတာ မဟုတ်ပါဘူး အယ်နီ။ မင်းရဲ့ ရှေ့ရေးအတွက် မေးတာပါ။ ဂေလီယန် အချစ်တော် မိန်းကလေး ဘဝကို ရောက်တာနဲ့ တစ်ပြိုင်တည်း အခြေအနေတွေက ပြောင်းလဲသွားကြတော့မယ်။ မဂ္ဂဇင်းတွေ၊ ကြော်ငြာဆိုင်းဘုတ်တွေထဲမှာ မင်းဓာတ်ပုံတွေ ပါတာနဲ့ တစ်ပြိုင်တည်း အုတ်အော်သောင်းတင်းတွေ ဖြစ်ဦးတော့မယ်"

"ဒါမျိုးတွေ ကျွန်မ ကြုံဖူးပါတယ် ဘကြီးရယ်။ မှတ်မိသေးတယ် မဟုတ်လား၊ အေလင်ကူးပါးနဲ့ စေ့စပ်ထားတဲ့ မိန်းကလေး အဖြစ်နဲ့ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ကျွန်မ ဓာတ်ပုံတွေ သတင်းစာတိုင်းရဲ့ မျက်နှာဖုံးမှာ ပါခဲ့တာလေ။ ဒီလို ပါခဲ့ပေမယ့်လည်း ကျွန်မမှာ ဘာအပြောင်းအလဲမှ မဖြစ်ခဲ့ပါဘူး"

လွန်ခဲ့သည့် နှစ်နှစ်လောက်က အကြောင်းများကို အယ်နီက အစပြန်ဖော်ပေးသည်။

"အဲဒါတွေကြောင့် မင်းမှာ အပြောင်းအလဲ ဖြစ်ခဲ့ပါတယ်ကွယ်။ လိုင်ယွန်ဘတ်ကိုမှ မင်း လက်မထပ်ခဲ့ဘဲ။ မဟုတ်ဘူးလား"

ဟင်နရီက အေးဆေးသည့်လေသံနှင့် ပြောပြနေသည်။

အယ်နီက သူ့ပန်းကန်ကို ငုံ့ကြည့်နေသည်။

"ကျွန်မ သိပ်ကို လက်ထပ်ချင်တာပေါ့ ဘကြီးရယ်။ ဒီကမ္ဘာပေါ်မှာ ကျွန်မ အရယူချင်ဆုံး အရာဟာ လိုင်ယွန်ဘတ်နဲ့ လက်ထပ်ဖို့ပါပဲ။ အခုအထိလည်း ကျွန်မစိတ်ထဲမှာ ဒီအတိုင်း ရှိနေပါတယ်"

"ဒီလိုဆို ဘာဖြစ်လို့ သူနဲ့ မင်း လက်မထပ်ခဲ့တာလဲ၊ မင်း အခွင့်အရေးရတုန်းက ဘာကြောင့် မယူခဲ့တာလဲ"

"သူက ကျွန်မကို လောရင့်စ်ဗီးလ်မှာပဲ နေစေချင်တယ်"

"ဘကြီး ပြောချင်တာလည်း အဲဒါပဲပေါ့။ ဘကြီး ရုံးခန်းထဲကို ပထမဦးဆုံး မင်း ဝင်လာကတည်းက မင်းအကြောင်းကို ဘကြီး အကဲခတ်လိုက်မိပါတယ်။ မင်းဟာ ယောက်ျားတစ်ယောက်ကို ချစ်မိပြီဆိုရင် သေတစ်ပန်သက်ဆုံး ချစ်မယ့် မိန်းကလေး ဖြစ်ကြောင်း ဘကြီး သဘောပေါက်လိုက်ပါတယ်။

ဒါကြောင့်လည်း မင်းကို ဘကြီး အလုပ်ခန့်ခဲ့တာပေါ့။ မင်းဟာ မျက်နှာချိုသွေးလို့ရတဲ့ မိန်းကလေးမျိုးလည်း မဟုတ်ဘူး။ တွေ့ရာမြင်ရာယောက်ျားကို ချစ်တတ်တဲ့ မိန်းကလေးမျိုးလည်း မဟုတ်ဘူး။ စစ်ပြီးတဲ့အချိန်မှာ လိုင်ယွန်ပြန်လာလိမ့်မယ်လို့ ဘကြီး မတွက်ခဲ့မိဘူး။ မထင်ဘဲနဲ့ သူလည်း ပြန်ရောက်လာရော 'သွားပေတော့ အယ်နီရေ၊ မင်းနဲ့ ဘကြီးနဲ့တော့ လမ်းခွဲကြရတော့မှာပါပဲ' လို့ ဘကြီး စိတ်ထဲက ရေရွတ်လိုက်မိပါတယ်။

ဒါပေမယ့် တစ်ခု ဆိုးသွားတာက လိုင်ယွန်ဟာ ဘယ်လိုလူမျိုးအပေါ်မှာမှ လေးလေးနက်နက် သဘောထားတတ်တဲ့လူ မဟုတ်ဘူး။ ယောက်ျားတစ်ယောက်အပေါ်မှာပဲ ဖြစ်ဖြစ်၊ မိန်းမတစ်ယောက်အပေါ်မှာပဲ ဖြစ်ဖြစ် လေးလေးရရ သဘောမထားတတ်ဘူး။ မင်းနဲ့ ဘကြီးနဲ့ကတော့ ဘဝတူပါပဲ။ စိတ်သဘောချင်းလည်း တူကြတယ်။ တစ်ယောက်ယောက်အပေါ်မှာ ဘကြီးတို့ မေတ္တာထားမိကြပြီဆိုရင် တစ်ဘဝလုံး ပုံအပ်လိုက်ကြတော့တာပဲ"

"ကျွန်မကို လိုင်ယွန် ချစ်ပါတယ်။ သူ ချစ်ကြောင်း ကျွန်မ ကောင်းကောင်း သိပါတယ်"

အယ်နီကလည်း လိုင်ယွန်ဘက်မှ ကာကွယ်နေမိသည်။

"ဒါပေမယ့်၊ သူ့ကိုယ်သူ ချစ်သလောက် မင်းကို မချစ်ပါဘူး။ ဘယ်လို အနှောင်အဖွဲ့မျိုးကိုမဆို ဖြတ်တောက်ပစ်တတ်တဲ့ လိုင်ယွန်လို ယောက်ျားမျိုးဟာ ဘယ်ကိစ္စကိုမှ အလေးအနက် သဘောထားတတ်တဲ့ လူစားမျိုး မဟုတ်ဘူး။

တစ်နည်းအားဖြင့် စဉ်းစားကြည့်မယ်ဆိုရင်လည်း လိုင်ယွန်နဲ့ ကျွန်မဟာ တစ်ချိုး

www.burmeseclassic.com

www.burmeseclassic.com



တည်းပဲ။ တစ်ယောက်ယောက်ကို သူတို့ ချစ်မိပေမယ့် အဲဒီလူကို အလွယ်ကလေးနဲ့ ကျော ခိုင်းသွားနိုင်ကြတဲ့ လူစားမျိုးတွေ၊ စိတ်ထိခိုက်တယ် ဆိုတာမျိုး လုံးလုံး မရှိဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ကိုယ်သူတို့ ချစ်ကြတာကိုး။

ဒါကို မမေ့နဲ့ အယ်နီ၊ သမီး အသက်ငယ်သေးတယ်။ ဘယ်ကိစ္စကိုမဆို မျက်တောင်မွေးတစ်ဆုံးသာ မကြည့်နဲ့၊ မင်းအဖို့ ဘဝအဖော်ကောင်းတစ်ယောက်ကို တွေ့ပြီဆိုရင် ဒီတစ်ခါတော့ အလွတ်မခံနဲ့တော့။ သူနဲ့ လက်ထပ်ဖြစ်အောင် လက်ထပ်လိုက်။ ဘာ အနှောင်အဖွဲ့တွေကိုမှ ငဲ့ကွက်မနေနဲ့။ ကိုယ့်ဘဝကိုသာ ကိုယ်တည်ထောင်ဖြစ်အောင် ကြိုးစား"

"ကျွန်မ လက်ထပ်နိုင်မယ့် ယောက်ျား တစ်ယောက်ယောက်ကိုလည်း တွေ့နိုင်တော့မယ် မထင်ပါဘူး ဘကြီးရယ်။ ကျွန်မ ချစ်နိုင်တာက လိုင်ယွန်တစ်ယောက်ပဲ ရှိတာပါ"

"လိုင်ယွန် မရှိတော့ဘူးလေ၊ လိုင်ယွန် သွားပြီ။ မင်းတို့ဇာတ်လမ်းက ပြီးသွားပြီ"

ဟင်နရီက ခပ်ပြတ်ပြတ် ပြန်ပြောသည်။

"ဒါကိုလည်း ကျွန်မ သဘောပေါက်ပါတယ်။ ဒါပေမယ့် ကျွန်မစိတ်ကို ဘယ်လိုမှ ပြောင်းပစ်လို့ မရနိုင်ဘူး။ တွေ့ရာယောက်ျားကိုလည်း ကျွန်မ မချစ်နိုင်ဘူး။ တစ်နေ့နေ့မှာတော့ အိမ်ထောင်ရက်သားပြုပြီး သားတွေ၊ သမီးတွေနဲ့ သိုက်သိုက်ဝန်းဝန်း နေချင်တဲ့စိတ် ရှိပါတယ်။

ဒါပေမယ့် ကျွန်မ တကယ် ချစ်နိုင်တဲ့ ယောက်ျားတစ်ယောက်နဲ့ပဲ ကျွန်မ လက်ထပ်ချင်တယ်။ နောက်ပြီးတော့ ဘကြီးရယ်၊ လိုင်ယွန်ကို ကျွန်မ ချစ်ခဲ့သလို တခြား ဘယ်ယောက်ျားကိုမှ ချစ်နိုင်တော့မယ် မထင်ပါဘူး"

အယ်နီက သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

"နားထောင်စမ်း အယ်နီ၊ ဘကြီးလို လူတုံးကြီး မဖြစ်ချင်စမ်းနဲ့။ ဘကြီးလည်း ချစ်ခဲ့ဖူးပါတယ်။ ဘကြီး တစ်ဘဝလုံးမှာ အမျိုးသမီးတစ်ယောက်ကိုပဲ ချစ်ခဲ့မိဖူးတယ်။ အဲဒီအမျိုးသမီးဟာ ဟယ်လင်လော်ဆန်ပေါ့။ ဇာတ်လမ်းစကြကတည်းက ဘကြီးကို သူ မချစ်ဘူးဆိုတာ ဘကြီး သေသေချာချာ သိခဲ့တာပေါ့။

သူဟာ ဘယ်လို ယောက်ျားမျိုးကိုမှ ချစ်တတ်တဲ့ မိန်းမစား မဟုတ်ဘူး။ သူ တတ်သင့်တတ်ထိုက်တဲ့ ပညာရပ်တွေကို ဘကြီး သင်ပေးခဲ့တယ်။ ဘာပဲဖြစ်ဖြစ် သူ့ကိုတော့ ဘကြီး မချစ်ဘဲ မနေနိုင်ခဲ့ဘူး။ တစ်ခုတော့ ရှိတာပေါ့လေ၊ တခြား သင့်တော်မယ့် မိန်းကလေးတစ်ယောက်ယောက်ကို တွေ့အောင် ဘကြီး မရှာခဲ့မိတာလည်း ဖြစ်နိုင်ပါတယ်။ နောက်ဆုံးကျတော့ ဘကြီးဘဝ ဘာဖြစ်သွားသလဲ၊ ဘကြီးမှာသာ အထီးကျန်ဘဝနဲ့ ကျန်ရစ်ဖြစ်ခဲ့ရတော့တာပဲ မဟုတ်လား"

"ဘကြီးနဲ့ ဟယ်လင်တို့နှစ်ယောက်ဟာ အခုအချိန်အထိ တစ်ယောက်ကိုတစ်ယောက် ချစ်. . ."

"အဓိပ္ပာယ် မရှိတာတွေ ပြောမနေစမ်းပါနဲ့ သမီးရယ်"

"ဒါပေမယ့် သူ့ကို ချစ်တယ်လို့ ဘကြီးပဲ ပြောတယ် မဟုတ်လား"

"ပြောတယ်လေ၊ သူ့ကို ဘကြီး ဖြစ်စေချင်တဲ့ ပုံစံမျိုးနဲ့ ကြည့်ပြီး ဘကြီးက ချစ်ခဲ့တာ။ ဒါပေမယ့် အခုတော့ သူ့ဘဝအမှန်ကို ဘကြီး မြင်ပြီ။ ဒီအချိန်ကျတော့ နောက်တစ်ယောက် ရှာဖို့ ဆိုတာကလည်း ဘကြီးမှာ အချိန်မရှိတော့ဘူး။ အသက်ကြီးသွားပြီ။ သူ့ကို မျှော်လင့်ရင်းနဲ့ပဲ ဘကြီး တစ်ဘဝလုံး အချိန်တွေ ကုန်ခဲ့ရတယ်။ အခုတော့ သူ့အတွင်းစိတ် ဘယ်လိုရှိနေတယ် ဆိုတာကို အပြင်ပန်းကြည့်ရုံနဲ့ သိနိုင်ပြီ။ ဟယ်လင်ကို ဘကြီး ဘယ်လိုမှ ဆက်ပြီး ချစ်လို့ မရနိုင်တော့ဘူး။

ဒါပေမယ့် ဘကြီးရဲ့စရိုက်ကို ဘကြီး ဖျောက်လို့ မရဘူး။ မင်းမှာလည်း ဒီစရိုက်မျိုး ရှိနေတယ်။ အမှန်ကတော့ စိတ်လှုပ်ရှားမှုတွေ ကုန်ဆုံးသွားပြီဆိုတဲ့အခါမှာ အဖြစ်မှန်တွေကို မှန်မှန်ကန်ကန် စဉ်းစားတွေးခေါ်တတ်ဖို့ လိုတာပဲ။

မင်းအသက်လည်း နှစ်ဆယ့်နှစ်နှစ် ရှိနေပြီ။ စရိုက်ကောင်းလေးတစ်ခု ရှိလာဖို့ကို ကြိုးစားသင့်ပြီ။ လိုင်ယွန်ကတော့ မင်းကို သတိရတော့မှာတောင် မဟုတ်ပါဘူး။ အချိန်ကုန်ခံပြီး မင်းအကြောင်းကို စဉ်းစားနေတော့မှာတောင် မဟုတ်ဘူး။ ဘကြီး ပြောတာကို ယုံပါ။ ဒါကြောင့် သူ့ကို တတမ်းတတ ဖြစ်နေတာကိုလည်း မင်း ရပ်တန်းက ရပ်လိုက်ဖို့ ကောင်းပြီ"

www.burmeseclassic.com

www.burmeseclassic.com

အယ်နီက အားအင်ကုန်ခန်းသွားသည့် ပုံစံမျိုးဖြင့် ပြုံးသည်။

"ကျွန်မ ကြိုးစားပါ့မယ် ဘကြီးရယ်၊ ဒါပေမယ့် ကြိုးစားကြည့်တာလောက်ပဲ ဖြစ်မှာပါရှင်"

ဝ ဝ ဝ

## နီလီ

၁၉၅၀

နီလီက စိတ်ပင်ပန်းစွာဖြင့် ဇာတ်ညွှန်းစာအုပ်ကို ပိတ်လိုက်သည်။ ပြန်ဖတ်နေဖို့လည်း မလိုတော့။ တစ်လုံးမကျန် အသေးစိတ်သိထားပြီး ဖြစ်သည်။ ကြီးမားကျယ်ပြန့်သည့် ခုတင်ကြီးပေါ်မှာ ခြေပစ်လက်ပစ် လှဲချလိုက်သည်။ ပြီးတော့ ဝီစကီကို တစ်ငုံ ငုံသည်။ ဆယ့်တစ်နာရီ ခွဲနေပြီ။ သို့သော်လည်း မျက်လုံးများ ကျယ်နေသည်။

နောက်ထပ် ဆေးတစ်လုံးလောက် သောက်လိုက်ဦးမှ ဖြစ်မည်။ နှစ်လုံး သောက်ပြီးနေပြီ ဖြစ်သော်လည်း နောက်ထပ် အနီရောင်ဆေးလုံးကလေး တစ်လုံးလောက်တော့ သောက်လိုက်ဦးမှ ဖြစ်မည်။ မနက်ဖြန်မနက် ခြောက်နာရီထိုးလျှင် ရိုက်ကွင်းသို့ အရောက်သွားဖို့က ရှိသေးသည်။ ရေချိုးခန်းထဲသို့ ဝင်လာခဲ့ပြီး အနီရောင် ဆေးလုံးကလေး တစ်လုံးကိုယူကာ ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။

"ယမင်းရုပ်ကလေးရေ့ မင်းအလုပ်ကို မင်းလုပ်လိုက်ပါဦးကွယ်" ဟုလည်း ရေရွတ်မိသည်။

အိပ်ခန်းထဲသို့ ပြန်ဝင်ခဲ့သည်။ သူတွေ့ရမည့် လူပုဂ္ဂိုလ်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ပတ်သက်သည့် အချိန်းအချက်စာအုပ် ပွင့်နေသည်ကိုသတိထားမိသည်။ သတိရစရာ အကြောင်းတစ်ခုခုများ ရှိနေမလ

www.burmeseclassic.com

www.burmeseclassic.com

သလား။

ချိန်းဆိုချက်စာအုပ်ကို သူ ငေးကြည့်နေသည်။ စာလုံးများက ဝါးနေသည်။ သို့သော်လည်း တက်၏လက်ရေးကို သူ မှတ်မိနေသည်။

အိမ်ကို ဒီကနေ့ စောစောပြန်ခဲ့ပါ။ ဘတ်နဲ့ ဂျက်တို့ရဲ့ပထမမြောက်မွေးနေ့ ဖြစ်ပါတယ်။

အလို . . . ဘုရား။ ဂီး၏. . .။

သားနှစ်ယောက်၏ တစ်နှစ်မြောက်မွေးနေ့သည် ယနေ့ပင် ဖြစ်နေပါကလား။ မနက်တုန်းက သည်စာအုပ်ကို မကြည့်မိခဲ့ချေ။ မနေ့ညတုန်းက အိပ်ဆေး အသောက်များသွားသောကြောင့် မနက်အိပ်ရာထသောအခါ ခေါင်းနောက်နေခဲ့သည်။

ထို့ကြောင့်လည်း သည်စာအုပ်ကို မကြည့်မိခဲ့။ ယခုတော့ သားနှစ်ယောက်၏ မွေးနေ့ပွဲနှင့် လွဲသွားရချေပြီ။

မွေးနေ့ ဆိုသည်မှာ ပြန်လုပ်၍လည်း ရစကောင်းသည် မဟုတ်။ ခုတင်ပေါ်မှ ဆင်းပြီး သားနှစ်ယောက်၏ အိပ်ခန်းအတွင်းသို့ ခြေဖျားထောက် ဝင်လာခဲ့သည်။

ရွှေရောင်ဆံပင်ကလေးများနှင့် သားနှစ်ယောက်က အိပ်ပျော်နေကြသည်။ နီလီက သားနှစ်ယောက်ကို ငုံ့ကြည့်သည်။

"ဘတ်နဲ့ဂျက်၊ သားတို့နှစ်ယောက်ရဲ့ မွေးနေ့ပွဲနဲ့ မာမီ လွဲသွားရတယ် သားတို့ရယ်၊ ဒါပေမယ့် သားတို့ကို မာမီက ချစ်ပါတယ်။ အို- သားတို့ကို မာမီ သိပ်ချစ်တာပါပဲကွယ်။ မာမီက ဟိုစာအုပ်ကိုမှ မကြည့်မိဘဲကိုး။ကြည့်မိရင် သားတို့မွေးနေ့ပွဲမှာ မာမီ ရှိနေမှာပဲ။ တကယ် ပြောတာပါ သားတို့ရယ်"

နီလီက အမှောင်ထဲမှာ ရေရွတ်နေမိသည်။

ထို့နောက် ခြေဖျားထောက်ပြီး သားတို့အခန်းထဲမှ ထွက်ကာ သူ့အခန်းသို့ ပြန်လာခဲ့သည်။ တက် တစ်ယောက်တော့ စိတ်မချမ်းသာ ဖြစ်နေပေရော့မည်။

သို့သော်လည်း ယခုကိစ္စသည် မိမိအမှားမဟုတ်။ စာအုပ်ကို မိမိ မမြင်မိသောကြောင့်သာ ဖြစ်သည်ဟု စဉ်းစားနေမိသည်။ တက်က စာအုပ်ကိုဖွင့်ပြီး မမြင်မြင်အောင် စားပွဲပေါ်မှာ တင်ထားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ဘယ်လိုပဲ လုပ်ထားထား၊ မနက်ငါးနာရီလောက် အချိန်မျိုးမှာ ဘယ်လိုလူက သည်စာအုပ်ကို အရေးလုပ်ပြီး ကြည့်နေဦးမည်နည်း။

နီလီက ခေါင်းအုံးပေါ်မှာ ကိုယ်ကိုလှဲချလိုက်သည်။ မွေးနေ့ပါတီကိတ်မုန့်ကြီးတစ်လုံးကို သူတို့ဝယ်ထားကြပေလိမ့်မည်။ ဖယောင်းတိုင်များလည်း ထွန်းထားပေလိမ့်မည်။ သားတို့၏ နာနီမစ္စရှားမင်းနှင့် တက်တို့နှစ်ယောက်က ရွှင်မြူးစရာ မွေးနေ့မင်္ဂလာသီချင်းကို သားများအတွက် သံပြိုင် သီဆိုကြပေလိမ့်မည်။ စဉ်းစားနေရင်းမှာပင် မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့် ကျလာသည်။

ဒါပေမယ့်၊ သားတို့ နှစ်ယောက်က ကလေးငယ်မျှသာ ရှိကြသေးသည်။ သူတို့၏ မွေးနေ့ပွဲ ဖြစ်ကြောင်းကိုလည်း သိကြမည် မဟုတ်။ ထိုပွဲသို့ မိမိ မရောက်သည့်အတွက်လည်း သိကြမည် မဟုတ်။ ထိုမွေးနေ့ပွဲသို့ မိမိ မရောက်သည့်အတွက်လည်း၊ သူတို့အနေနှင့် တစ်စုံတစ်ရာ စိတ်ထိခိုက်ကြလိမ့်မည် မဟုတ်ကြောင်းကို တွေးမိပြန်သည်။

တက်သည် သူ့ကို စိတ်ကောက်ပြီး အပြင်သို့ သွားနေလေသလော။ ယခုအချိန်လောက်ဆိုလျှင် မည်သည့်နေရာသို့ ရောက်နေသနည်း။ မဟုတ်သည့်အလုပ်များကို လျှောက်လုပ်ချင်လည်း လုပ်နေပေလိမ့်မည်။

တက်ကို လက်ဆုပ်လက်ကိုင် မိခဲ့ဖူးသည့်အကြောင်းကို ပြန်စဉ်းစားမိပြန်သည်။ အင်္ဂလိပ်ရုပ်ရှင် ဇာတ်လိုက်မင်းသား တစ်ယောက်နှင့် တက်တို့နှစ်ယောက် ရှုပ်နေကြသည်ကို နီလီကိုယ်တိုင် လက်ပူးလက်ကြပ် မိခဲ့ဖူးသည်။

ထိုနေ့ညတုန်းက အိပ်ဆေး တစ်ပုလင်းလုံးကုန်အောင် နီလီ သောက်ခဲ့ရသည်။ ဝမ်းဗိုက်ကြီး ပေါက်ထွက်တော့မည်လောက် ခံစားခဲ့ရသည်။ နောက်တော့ သည်လို အလွန်အကျွံ မသောက်တော့ရန် ဆုံးဖြတ်ခဲ့သည်။

မည်သို့ဆိုစေ ထိုသို့ လက်ပူးလက်ကြပ်မိပြီးသည့်နောက်တွင် တက်က သူ့အပေါ် ပိုပြီး ကြင်နာလာသည်။ ပိုပြီးဂရုစိုက်လာသည်။ ထိုညက အိမ်သို့ ပြန်လာပြီး တက်က သူ့ကို တင်းတင်းကျပ်ကျပ် ဖက်ထားခဲ့သည်။

ပြီးတော့ သူ့အကြောင်းများကို ပြန်ရှင်း

www.burmeseclassic.com

www.burmeseclassic.com



ပြနေသည်။

သူ့ဘဝနှင့် ပတ်သက်ပြီး လုံခြုံမှု မရှိတော့ဟု သူ့စိတ်ထဲမှာ ခံစားနေမိသောကြောင့် ယခုလို မှားမှားယွင်းယွင်း ပြုလုပ်မိခြင်း ဖြစ်ကြောင်းများကို ရှင်းပြသည်။

အကယ်ဒမီဆုချိန်သည့် စာရင်းထဲမှာ နှစ်နှစ်ဆက်တိုက် နီလီပါခဲ့သည်။ အကယ်ဒမီဆုကိုတော့ နီလီ မရသေး။

သို့သော်လည်း ထိုသို့ အောင်မြင်လာသည့်အတွက် တက်အဖို့ သူ့ဘဝက နီလီထက် ပိုပြီး နိမ့်ကျသွားပြီဟု ခံစားနေရကြောင်းများကို ရှင်းပြသည်။

တကယ်ဆိုတော့ နီလီ၏ဘဝတွင် အရာရာတို့ ပြည့်စုံပြီဟု ဆိုနိုင်သည်။

ကလေးထိန်း၏ အခန်းထဲမှာ သူ့သားနှစ်ယောက် ရှိနေပြီ။ သူ့ဝမ်းကြာတိုက်အတွင်းမှ မွေးထုတ်ခဲ့ရသည့် အမြွှာ ညီအစ်ကို သားယောက်ျားကလေး နှစ်ယောက် ရှိနေပြီ။

ကိုးလလွယ် ဆယ်လမွေးခဲ့ရသော သူ့သွေးအရင်းများ ဖြစ်သည်။ ရာပြည့် ရုပ်ရှင်ကုမ္ပဏီတွင်လည်း အအောင်မြင်ဆုံး မင်းသမီးတစ်လက်အဖြစ် ရပ်တည်နေနိုင်ပြီ။ ဘီဗာလီတောင်ကုန်းပေါ်တွင် ကိုယ်ပိုင် အိမ်ကြီးတစ်လုံး ရှိနေပြီ။ ပြီးတော့ သူပိုင် အမြွှာပူး သားကလေးနှစ်ယောက်။

အိပ်ဆေးများက မည်သို့မျှ ထူးခြားမလာသေး။ ထိုသို့သော အခြေအနေမျိုးတွင် ဆေးသုံးလုံးအထိ ဂျနီဖာ သောက်၊ မသောက်ကို တွေးကြည့်နေမိသည်။ ဘယ်လိုပဲဖြစ်ဖြစ် ဂျနီဖာ သောက်ပေလိမ့်မည်ဟု သူ့ဘာသာသူဆုံးဖြတ်လိုက်သည်။

ဂျနီဖာလို ရုပ်ရှင်ကားမျိုး ရိုက်နေသည့် အမျိုးသမီး တစ်ယောက်အနေနှင့် သည်လိုအိပ်ဆေးများ သောက်ကို သောက်ရပေလိမ့်မည်။ ဂျနီဖာ၏ နောက်ဆုံး ရုပ်ရှင်ကား တစ်ကားကို သူ ကြည့်ခဲ့ရသည်။ ခံစားမှု ရုပ်ရှင်ကားဟု သူတို့က အမည်ပေးကြသည်။ နာရီပေါင်းများစွာ တန်းစီပြီးမှ ရုံထဲသို့ ရောက်ခဲ့ရသည်။ ရုပ်ရှင်ပြာဆန်ဆန်ကားမျိုး ဖြစ်သည်။ ပြင်သစ်အမျိုးသမီး စစ်စစ်တစ်ယောက်ကဲ့သို့ ပြင်သစ်စကားကို ဂျနီဖာ ပြောနိုင်သည်။

သူတို့ ပါရီမြို့မှာတော့ သည်လိုကားမျိုးကို အနုပညာသဘော သက်ဝင်သည့်ကားဟု ဆိုကောင်းဆိုကြပေလိမ့်မည်။ သို့သော်လည်း သရုပ်ဆောင်ပုံများက ကြမ်းလွန်းလှသည်။

လွတ်ခ်မဂ္ဂဇင်းတို့၊ လိုက်ဖ်မဂ္ဂဇင်းတို့ကလည်း ဂျနီဖာ၏ အကြောင်းများကို ရေးကြသည်။

ပါရီမြို့တွင် အလွန် သားနားသည့် အိမ်ခန်းကြီးနှင့် နေထိုင်သည့်အကြောင်း၊

နောက်ပြီးတော့ ပြင်သစ်ရုပ်ရှင်ထုတ်လုပ်သူ ကလော်ဒီရှားဒိုးနှင့် အတူတူ နေထိုင်နေကြသည့် အကြောင်းများ။

ထိုအကြောင်းများနှင့် ပတ်သက်ပြီး အယ်နီ၏စိတ်ထဲတွင် မည်သို့များ ရှိနေလေမည်လဲဟုလည်း နီလီ စဉ်းစားနေမိသည်။

ဂီးဇ်. . .၊ အယ်နီထံသို့ စာတစ်စောင် ပြန်ရေးဖို့ အကြွေးရှိနေပါသေးကလား။

လိုင်ယွန်ရေးသည့် စာအုပ်အသစ်ကို အယ်နီက သူ့ထံသို့ ပို့ပေးသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ကျေးဇူးတင်ကြောင်း ပြန်ကြားဖို့ ရှိနေသည်။

လိုင်ယွန်၏ စာအုပ်ကို စာအုပ် ဝေဖန်ခန်းများက ကောင်းကြောင်း ဝေဖန်ကြသည်။ သို့သော်လည်း ဆိုင်ပေါ် တကယ် တင်ရောင်းသောအခါ ထင်သလောက် အရောင်း မသွက်ခဲ့ချေ။ အယ်နီသည် ယနေ့ထက်တိုင်အောင်ပင် လိုင်ယွန်ကို ဂရုတစိုက် ရှိနေသေးသလားဟုလည်း စဉ်းစားကြည့်မိသည်။

သို့သော်လည်း သတင်းစာများ၊ မဂ္ဂဇင်းများက အယ်နီအကြောင်းကို ရေးနေကြပြန်ပြီ။ အယ်နီသည် ဂျေလီယန်အလှကုန်ပစ္စည်းများအတွက် ရုပ်မြင်သံကြားမှနေ၍ ကြော်ငြာပေးနေသည်။ ကေဗင်ဂေးလ်မိုးနှင့် မရှင်းမရှင်း ဖြစ်နေသလိုလိုလည်း စောင်းပါးရိပ်ခြည် ရေးနေကြသည်။

အို . . . ဟုတ်ပါရဲ့။ တနင်္ဂနွေနေ့ ညကျလျှင် ရုပ်မြင်သံကြားမှ အယ်နီ လွှင့်မည့် အစီအစဉ်ကို စောင့်ကြည့်ရဦးမည်။

နီလီက ချိန်းဆိုချက်စာအုပ်ထဲမှာ ရေးမှတ်ထားလိုက်သည်။

ယခုအခါ ကြိုက်သည့် မဂ္ဂဇင်းကို လှန်ကြည့်၊ အယ်နီ၏ပုံ မပါသည့် မဂ္ဂဇင်း ဟူ၍လည်း မရှိတော့။ တနင်္ဂနွေနေ့ညကျလျှင် အယ်နီကို ရုပ်မြင်သံကြား မြင်ကွင်းပေါ်မှာ မြင်ရတော့မည်။

ရုပ်မြင်သံကြား၊ ဂီးဇ်. . .။

ကာလီဖိုးနီးယားမှာ ရှိနေကြသည့်

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းလိုလို ရုပ်မြင်သံကြား ခေါ် သေတ္တာ သေးသေးကလေးပေါ်မှာ အရုပ်ပေါ်လာသည့် အလုပ်အတွက် ဗျာများနေကြသည်။ ထိုသေတ္တာ သေးသေးကလေးကြောင့် ရုပ်ရှင်လုပ်ငန်းများလည်း အလွန်အမင်း ထိခိုက်နေပြီ။ ရုပ်ရှင်ကုမ္ပဏီများက ရုပ်ရှင်ရိုက်ကူးရန်အတွက် ဇာတ်ဆောင်များနှင့် နှစ်ရှည်စာချုပ် ချုပ်ဆိုခြင်းများကိုလည်း မပြုလုပ်ကြတော့။ ဇာတ်ကား တစ်ကား၊ နှစ်ကား အတွက် လောက်သာ လုံးကောက်ချုပ်ဆိုပြီး ရိုက်ကူးနေကြတော့သည်။

ထိုအထဲတွင် နီလီကတော့ ကံကောင်းသည်။ ထိပ်တန်းရောက်အောင် အောင်မြင်နေသည့် မင်းသမီး ဖြစ်သောကြောင့်လည်း ထိုအခွင့်အရေး ရနေခြင်း ဖြစ်သည်။ ရုပ်ရှင်ကုမ္ပဏီက နီလီကို အသေအလဲ ကပ်ထားသည်။ ငါးနှစ်အတွက် နှစ်ရှည်စာချုပ်လိုက်သည်။

တနင်္ဂနွေ တစ်ပတ်လျှင် တစ်ကြိမ်ကျ ငွေတွေက သောက်သောက်လဲ ဝင်ဦးမည်။ တစ်နှစ်မှာ ရက်သတ္တပတ်ပေါင်း ငါးဆယ့်နှစ်ပတ် ရှိသည်။ ငါးနှစ်လုံးလုံး ငွေတွေ ဒလဟော ရဦးမည်။

တက် ပြန်ရောက်လာလျှင် ဘယ်လောက် ကောင်းလိုက်လေမည်လဲဟု တွေးနေမိသည်။ မနက်ဖြန် ရိုက်ကူးရမည့် အခန်းအတွက် တက်၏ အကူအညီကို လိုနေသည်။ မနက်ဖြန် ကသည့်အခန်းကို ရိုက်ကူးရမည်ဖြစ်ရာ ပင်ပန်းတကြီး ရိုက်ကူးရမည့်အခန်း ဖြစ်သည်။ သူ ကောင်းကောင်း ကနိုင်ပါသည်။

သို့သော်လည်း ရယ်စရာတော့ ကောင်း၏။ အဝတ်အစားများ အပြည့်အစုံဝတ်ပြီး ကရသည်မှာ မလွတ်လပ်သလို ဖြစ်နေသည်။ ထိုအဝတ်အစားများကို ဝတ်ပြီး မကနိုင်ကြောင်း တက် ပြန်လာလျှင် ပြောရဦးမည်။

ယနေ့ တစ်နေ့လုံး အသက်ရှူရသည်ကိုပင်မဝ။ အစိမ်းရောင် ဆေးလုံးကလေးများက အစွမ်းထက်သည်မှာ မှန်သည်။ အိပ်ချင်စိတ်များ ပျောက်သည်။ အမြဲတမ်း ကိုယ်ရေစပ်နေစေသည်။ သို့သော် နှလုံးတုန်လွန်းလှသည်။ ထို့ကြောင့် တစ်နာရီလောက် အကလေ့ကျင့်ရန်ပင် မလွယ်။

တက်သည် သူ့ရုံးခန်းမှာ ရှိကောင်းရှိနေပေလိမ့်မည်။ ညဉ့်နက်သန်းခေါင်တိုင်အောင် အလုပ်လုပ်ကောင်း လုပ်နေလိမ့်မည်။

နီလီက တယ်လီဖုန်းဆီသို့ လက်လှမ်းလိုက်မိသည်။

ပြီးတော့ လက်ကို ပြန်ရုပ်လိုက်သည်။

မဆက်ဘဲ နေခြင်းက ပိုကောင်းလိမ့်မည်။ သူ့ရုံးခန်းမှာ တက် မရှိလျှင် မခက်ပါလား။ သူ မရှိသည့် အကြောင်းကို မသိချင်။ ဖုန်းမဆက်ပြန်လျှင်လည်း တစ်ခက်။ သူ့ရုံးခန်းမှာ သူ့အကောင် အင်္ဂလိပ်ရုပ်ရှင်မင်းသားနှင့် အတူတူ ရှိချင် ရှိနေပေလိမ့်မည်။ သူတို့နှစ်ယောက် အတူတူ ရှိနေသည့်အကြောင်းကို မည်သို့ သက်သေထူရပါ့။

ဘုရား. . . ဘုရား၊ ဘာကြောင့် တက်ကို သည်မျှထိအောင် မိမိ ချစ်နေမိသနည်း။ တကယ်ဆိုတော့ တက်သည် ယောကျာ်းပီသသူ မဟုတ်။ ယခင် သူ လက်ထပ်ခဲ့ဖူးသည့် မဲလ်ကရော ဘာထူးသနည်း။ သူလည်း အတူတူပဲ ဖြစ်သည်။

သည်လို ယောကျာ်းမျိုးကိုမှ ဘာကြောင့် စွဲလမ်းတပ်မက်နေမိသနည်း။ သူတို့နှင့် ပေါင်းခါစတုန်းကတော့ အစစအရာရာ စိတ်တိုင်းကျလောက်ပါ၏။ ကိုယ်လိုသည့် အကူအညီများကို ကောင်းကောင်းပေးကြသည်။ လိုအပ်သည့် အကြံဉာဏ်များကို အကောင်းဆုံးပေးကြသည်။

ဘာကို လုပ်၊ ဘာကို မလုပ်နှင့်ဟု မကောင်းမြစ်တာ ကောင်းရာ ညွှန်နိုင်ခဲ့ကြသည်။ တဖြည်းဖြည်း ကြာလာတော့ အားလုံး အကျင့်ပျက်သွားခဲ့တော့သည်။ သည်ပုတ်ထဲက သည်ပဲများချည်း ဖြစ်ကုန်ကြတော့သည်။

နာရီကို လှမ်းကြည့်သည်။ သန်းခေါင်ရောက်နေပြီ။ အိပ်ဆေးများကလည်း ဘာအစွမ်းကိုမှ မပြကြသေး။ ဝီစကီ ထပ်သောက်လိုက်ဦးမှ ဖြစ်မည်။ ဒုက္ခပါပဲ။ ဝီစကီကလည်း အောက်ထပ်မှာ ရောက်နေသည်။ အိပ်ဆေးများကို ဝီစကီနှင့် ရောသောက်ခြင်းက ပိုပြီး အစွမ်း ထက်မြက်ကြောင်း သိထားသဖြင့် တော်ပေသေးတော့သည်။

ထိုအကြောင်းကို ဂျနီဖာတစ်ယောက် သိမှ သိပါလေစဟုလည်း တွေးလိုက်မိသေးတော့သည်။ အရက်နှင့် ရောမသောက်လျှင် အိပ်ဆေးသည် ဘာမှ အာနိသင် မရှိတော့သည်လို ဆိုတော့လည်း အောက်ဆင်းပြီး ဝီစကီ ယူရဦးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သလင်းကျောက်နှင့် ပြုလုပ်ထားသည့် လှေကားအတိုင်း ဖိနပ်မစီးဘဲ အောက်ထပ်သို့ ပြေးဆင်းခဲ့သည်။ အိမ်ဖော်များ အားလုံး အိပ်နေကြပြီ။ ဧည့်ခန်းထဲမှာလည်း မီးမှောင်နေသည်။ မီးခလုတ်ရှိရာသို့ လက်လှမ်းလိုက်သည့် အချိန်မှာပင် ရေကူးကန်ထဲမှ ရေသံကို ကြားလိုက်ရသည်။

တံခါးပေါက်ရှိရာသို့ လျှောက်သွားသည်။ ဘယ်သတ္တဝါများ ရေကန်ထဲ ရောက်နေလေသနည်း။ အဝတ်အစားလဲသည့် အဆောက်အအုံထဲမှာ မီးများ လင်းနေသည်။ မီးရောင်က ရေကန်ဘက်သို့ တိုးထွက်နေသည်။ တက်ကို လှမ်းမြင်လိုက်ရသည်။ စိတ်သက်သာရာရသွားသောကြောင့် နီလီက တစ်ကိုယ်တည်း ရယ်မိသည်။

သည်လို အချိန်မျိုးကြီးမှာ သူမို့လို့ မချမ်းမစီး ရေကူးနေနိုင်သည်။ ညဝတ်အင်္ကျီအောက်ပိုင်းမှ ကြယ်သီးများကို ယောင်ယမ်းပြီး ကိုင်လိုက်မိသည်။ တက် အံ့အားသင့်သွားအောင် ရေကူးကန်ထဲသို့ ခုန်ချလိုက်မည်ဟု စိတ်ကူးမိသည်။

သည်လို ခုန်ချလိုက်၍ မဖြစ်သေး။ နဂိုကမှ မျက်လုံးကျယ်နေရသည့်အထဲ လုံးဝ အိပ်မရတော့သည့်ဘဝသို့ ရောက်သွားလိမ့်မည်။ မနက်ဖြန် မနက်ကျတော့လည်း ရုပ်ရှင်ရိုက်ရန် စောစောသွားရဦးမည်။

တက်ကို လှမ်းအော်ခေါ်ရန် ဟန်ပြင်လိုက်သည့် အချိန်မှာပင် အဝတ်အစားလဲသည့် ရုံအတွင်းမှ မိန်းကလေးတစ်ယောက် ထွက်လာသည်ကို လှမ်းမြင်လိုက်ရသည်။ မိန်းကလေးက ရှက်ကိုးရှက်ကန်းနှင့် တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။ သူ့ကိုယ်ပေါ်မှာ မျက်နှာသုတ်ပဝါတစ်ခု ပတ်ထားသည်။

"လာခဲ့လေ၊ အဲဒီ မျက်နှာသုတ်ပဝါကြီး ထားပစ်ခဲ့စမ်းပါ။ ရေက နွေးနေတာပဲ"

တက်က လှမ်းပြောသည်။

မိန်းကလေးက မည်းမှောင်နေသည့် အိမ်ကြီးဆီသို့ လှမ်းမျှော်ကြည့်သည်။

"သူ နိုးများသွားမလား မသိဘူးနော်"

"အဓိပ္ပာယ် မရှိတာတွေ ပြောမနေစမ်းပါနဲ့ကွာ။ ကမ္ဘာပျက်အောင် ငလျင်လှုပ်တာတောင် သူ နိုးမှာ မဟုတ်ဘူး။ ကဲ- လာပါတော့ ကားမင်းရာ၊ မင်းမလာရင် ကိုယ်ဆွဲချရလိမ့်မယ်"

မိန်းကလေးက မျက်နှာသုတ်ပဝါကို ချထားလိုက်သည်။ ကိုယ်လုံးကိုယ်ထည် အလွန်တရာ အချိုးအဆက် ပြေပြစ်ကြောင်း မှောင်ထဲမှာပင် နီလီက ခန့်မှန်းမိလိုက်သည်။

နီလီက မျက်မှောင်ကုတ်ပြီး သေသေချာချာ ကြည့်သည်။ တစ်နေရာရာတွင် မိန်းကလေးကို တွေ့ဖူးသလိုလိုရှိသည်။

ဟုတ်ပါပြီ။ ကာမင်းကာဗာ ဆိုသော အမျိုးသမီး ဖြစ်သည်။ မယ်ရွေးပွဲတစ်ခုခုတွင် မယ်အဖြစ် အရွေးခံခဲ့ရသူ ဖြစ်သည်။ ရုပ်ရှင်ကုမ္ပဏီက သူ့ကို စမ်းသပ်ရိုက်ကူးကြည့်နေသည်။

တက်က မိန်းကလေးဆီသို့ ရေကူးသွားသည်။ ပြီးတော့ သူတို့နှစ်ယောက်၏ ဖလုံးဖထွေးအသံများကို နီလီ ကြားရသည်။

နီလီ၏ ရင်ထဲမှာ ကျပ်လာသည်။

ဘုရား. . . ဘုရား၊ သည်အလုပ်မျိုးကိုတော့ သူ မလုပ်သင့်။ ယောကျ်ားချင်း ရှုပ်သည်ကို နီလီ လက်ခံနိုင်သေးသည်။ မိမိအပေါ်တွင် သစ္စာဖောက်ရာ မကျ။

ထိုသို့ ရှုပ်ခြင်းမှာ တက်၏ စိတ်ရောဂါကြောင့် ဖြစ်ပါသည်ဟုလည်း စိတ်ရောဂါအထူးကု ဆရာဝန်က ပြောပြထားဖူးသည်။ ထို့ကြောင့်လည်း နီလီအဖို့ အကြောင်းမဟုတ်ခဲ့။ သို့သော် ယခုလို အမျိုးသမီးတစ်ယောက်နှင့် ရှုပ်သည်ဆိုခြင်းကိုတော့ လက်မခံနိုင်။

စကော့ဝီစကီပုလင်းတစ်လုံးကို ဆွဲပြီး အိမ်ပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။ ဖန်ခွက်ထဲသို့ အရက်အတော်များများ ထည့်လိုက်ပြီး မော့ချလိုက်သည်။ တစ်ဆက်တည်းမှာပင် အိပ်ဆေး တစ်လုံးကိုလည်း သောက်လိုက်သည်။ ပြီးတော့ ခုတင်ပေါ်သို့ တက်ခဲ့သည်။

သေခြင်းဆိုး တက်နဲ့ ကာလနာတိုက်မယ့် ကြေးစားမ၊ ဂီး‌ဇ်. . .။

မနက်ဖြန်ကျလျှင်တော့ အရက်နာကျတော့မည်။ နောက်ပြီးတော့လည်း မနက် ငါးနာရီတွင် အိပ်ရာက ထရဦးမည်။

ရုတ်တရက် အိပ်ရာပေါ်မှာ ထထိုင်သည်။ မနက်ဖြန် မသွားလျှင်ကော ဘာဖြစ်ဦးမည်နည်း။ သူ့ဘဝ တစ်လျှောက်လုံးတွင် ဇာတ်တိုက်ဖို့ပဲ ဖြစ်ဖြစ်၊ အဝတ်အစားချုပ်ခြင်းကိုယ်တိုင်း ပေးဖို့ပဲ ဖြစ်ဖြစ်၊ သတင်းစာဆရာများနှင့် တွေ့ဆုံဖို့ပဲ ဖြစ်ဖြစ် ချိန်းဆိုခဲ့ရာတွင် ချိန်းဆိုထားသည့် အချိန်ထက် ငါးမိနစ်မျှပင်

www.burmeseclassic.com



နောက်ကျခဲ့ဖူးသည် မရှိ။

ယခုဆိုလျှင် သူ့ဝင်ငွေသည် တစ်ပတ် ဒေါ်လာငါးထောင် ဖြစ်နေသည်။ သို့သော်လည်း သူ ဘာလုပ်ပြရဦးမည်နည်း။

အိမ်ဝယ်သည့် ငွေကိုလည်း လောလောဆယ် သူ ပေးဆပ်ရန် မလိုသေး။ ရုပ်ရှင်ကုမ္ပဏီက သူလိုသည့်ငွေကို ထုတ်ချေးထားသည်။သူ့မှာ အိုးပိုင်အိမ်ပိုင်တစ်လုံးရှိဖို့ အရေးကြီးဆုံး ဖြစ်နေသည်ဟု ဒေါက်တာမစ်ချယ်က ပြောခဲ့သည်။

အိုးပိုင်အိမ်ပိုင်ရှိမှ သူ့ဘဝ လုံခြုံသွားပြီဟု သူ စိတ်တုံးတုံးချနိုင်လိမ့်မည်ဟု ဆိုသည်။ သူ ကလေးဘဝတုန်းက အိုးပိုင်အိမ်ပိုင် မရှိဘဲ ခြေသလုံးအိမ်တိုင်ဘဝဖြင့် နေခဲ့ရသည်။ ထိုအစွဲများကို ချွတ်ရမည်ဟု ဆိုသည်။

မနက်ဖြန်ကျလျှင် ဒေါက်တာမစ်ချယ်နှင့် ထပ်တွေ့ရဦးမည်။ သူ့စိတ်ထဲမှာ ခံစားနေရသည်များကို ပြောပြရဦးမည်။

တက်အကြောင်းကို စဉ်းစားကြည့်မိပြန်သည်။ အိမ်နှင့် ပတ်သက်ပြီး မည်သည့်စရိတ်များကို တက်က ကျခံနေသနည်း။

အိမ်ဖော် အားလုံးတို့အတွက် ကုန်ကျစရိတ်၊ မော်တော်ကားစရိတ်၊ သူ့ရုံးအတွက် ကုန်ကျစရိတ်၊ အစားအစာနှင့် ကုန်ကျသမျှ အရက်ဖိုးများ၊ သူ့လုပ်ငန်းကလည်း အလွန်တရာ အောင်မြင်နေသည်။ အကယ်၍ ထိုသို့သော ကုန်ကျစရိတ်များကို မိမိဘာသာ ကျခံမည်ဆိုလျှင် မည်သို့ ရှိမည်နည်း။

ကုမ္ပဏီက ထုတ်ချေးထားသည့် ငွေများကို အပတ်စဉ် ပြန်လည် ဖြတ်တောက်တော့မည်။ အမြတ်တော်ကြေး ပေးရမည်။ ကိုယ်စားလှယ်အတွက် ပေးရမည်။ လက်တိုလက်တောင်းခိုင်းနေသည့် အမျိုးသမီးအတွက် ပေးရမည်။ အတွင်းရေးမှူးအတွက် ပေးရမည်။ ဘုရား. . . ဘုရား၊ ထိုအတိုင်းဆိုလျှင် ခြုံးတစ်ပြားတောင်မှ စုနိုင်မည် မဟုတ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်သုံးနှစ်ကြာလျှင်တော့ အိမ်ဖိုးငွေက ကျေသွားပေလိမ့်မည်။

နီလီက ဝီစကီကို ထပ်သောက်လိုက်ပြန်သည်။ အများကြီး စိတ်ချမ်းသာသွားသည်။ ပေးဆပ်စရာရှိသည်များကို ပေးဆပ်လိုက်သည်နှင့် တစ်ပြိုင်တည်း အရာရာတို့သည် ပုံမှန်အခြေအနေသို့ ရောက်ရှိသွားကြတော့မည်သာ ဖြစ်သည်။

ရေကူးကန်ထဲမှာ ဟိုကောင်မနှင့် တက်တို့ ရှိနေကြသည်။ ခုတင်ပေါ်မှ အောက်သို့ ဆင်းလိုက်သည်။ တစ်ခေါင်းလုံးအုံပြီး မူးနောက်နောက်ဖြစ်နေသည်။ သို့သော်လည်း ရေကန်ထဲမှာရှိနေသည့် ကောင်မကို မောင်းထုတ်ပစ်ရမည်။ လှေကားလက်တန်းများကို အားပြုကိုင်ပြီး အောက်ထပ်သို့ ကယောင်ကတမ်း ဆင်းလာခဲ့သည်။

ထို့နောက် မီးခလုတ် ရှိရာသို့သွားပြီး မီးများကို ဖွင့်လိုက်သည်။ ရေကူးကန်ပေါ်သို့ မီးရောင်များ ဖုံးလွှမ်းသွားသည်။

ဝီစကီပုလင်းတစ်လုံးကိုင်ပြီး နီလီထွက်သွားသောအခါ တက်နှင့် အမျိုးသမီးတို့က ရေကူးကန်ပေါ်သို့ တက်လာကြသည်။

"ငါ့ရေကူးကန်ထဲမှာလာပြီး ပွဲတော်ကြီးတွေ့နေကြတာပေါ့လေ။ ဒီထဲကရေတွေကို အကုန်လုံး ဖောက်ထုတ်ပစ်လိုက်ပါ။ တက်နင့်သားတွေကို မနက်တိုင်း ဒီရေကန်ထဲမှာ ရေချိုးပေးတယ်ဆိုတာ မမေ့နဲ့"

မိန်းကလေးက တက်၏နောက်ဘက်သို့ သွားပြီး ကွယ်နေသည်။ နီလီက ဝီစကီတစ်ပုလင်းလုံးကို ရေကန်ထဲသို့ လောင်းထည့်ပစ်လိုက်သည်။

"ဒါမှ ဒီရေထဲမှာ ရှိနေတဲ့ ကာလသားရောဂါပိုးတွေ သေသွားမှာ"

နီလီက ဆက်ပြောသည်။ ပြီးတော့ တက်ကို စိုက်ကြည့်နေသည်။

"ဒီတစ်ခါတော့ မိန်းမနဲ့ နင်ရှုပ်လာပြန်ပါပေါ့လား။ ဘာလဲ ဒေါက်တာမစ်ချယ်က မိန်းမနဲ့ ရှုပ်ဖို့လိုတယ်လို့ နင့်ကို ပြောလိုက်ပြန်ပြီလား"

တက်က တောင့်တောင့်ကြီး ငြိမ်ရပ်နေသည်။ သူ့နောက်ဘက်မှာ ရပ်ရင်း တဆတ်ဆတ် တုန်နေသည့် မိန်းကလေးကို လက်နှစ်ဖက်နှင့် နောက်ပြန်ဖက်ထားသည်။ မိန်းကလေးကို အကာအကွယ်ပေးနေသည့်ပုံမျိုး ဖြစ်သည်။ ထိုအမူအရာကို မြင်သောအခါ နီလီ၏ ဒေါသအိုးက ပေါက်ကွဲလာပြန်သည်။

"နင်က ဘယ်သူ့ကိုများ ကာကွယ်နေတာလဲ၊ ငါ့ရေကန်ထဲက ရေတွေ ညစ်ပတ်ကုန်အောင်လုပ်တဲ့ ကြေးစားမကို ကာကွယ်ပေးနေတာလား။ ဒီမှာ သူငယ်မ၊ မင်းဟာ သူ့အဖို့ ဘာမှ အသုံးမဝင်ဘူးဆိုတာ မင်းမသိ

www.burmeseclassic.com

www.burmeseclassic.com



သေးဘူး။ သူက ယောကျ်ားကလေးတွေကို မှ ကြိုက်တာ။ အေး မင်းလည်း ယောကျ်ား တစ်ယောက်နဲ့ တူနေတယ် ဆိုရင်တော့ မ ပြောတတ်ဘူး"

မိန်းကလေးက တက်၏နောက်မှ လှစ်ခနဲ ပြေးထွက်ကာ အဝတ်အစားလဲသည့် အဆောက်အအုံထဲသို့ ဝင်ပြေးလေတော့သည်။ တက်ကမူ ငြိမ်သက်စွာ ရပ်နေဆဲရှိသေးသည်။

သူ့ကို ကြည့်နေရင်းဖြင့် သူ့ရင်ခွင်ထဲသို့ ပြေးဝင်ပြီး ယခုလို လုပ်မိသည့်အတွက် စိတ်မကောင်းကြောင်း ပြောလိုသည့်စိတ်များ နီလီ၏ရင်ထဲမှာ ပြည့်ကျပ်လာပြန်သည်။ သူ့ကို ချစ်ကြောင်း ပြောပြလိုသည့်စိတ်များ တဖွားဖွား ပေါ်လာသည်။ သို့သော်လည်း သည်လိုနည်းနှင့် အလျှော့ပေး၍ မဖြစ်နိုင်ချေ။

"ကဲ သေနာကောင်ကြီး၊ ရှင်းလင်းချက်ကလေး ထုတ်ပြစမ်းပါဦး"

"မင်း မျက်မှန်တပ်ဖို့ လိုပြီထင်တယ်။ ဟို မိန်းကလေးရဲ့ ခန္ဓာကိုယ် တည်ဆောက်ပုံဟာ ယောကျ်ားကလေးတစ်ယောက်နဲ့ တူတယ်လို့ မပြောနိုင်ပါဘူး"

တက်ကဲ မသိမသာ တစ်ချက်ပြုံးလိုက်သည်။

"ဒါကို ခွင့်လွှတ်လိုက်ရမှာလား"

နီလီ၏ နှုတ်ခမ်းမှာ မဲ့သွားသည်။

"ခွင့်လွှတ်လိုက်တာ အကောင်းဆုံးပါပဲ၊ အခုလိုဖြစ်အောင် မင်းလုပ်နေတာပဲ မဟုတ်လား"

တက်က တစ်လုံးချင်း ပြောနေသည်။

"ငါနဲ့ ပတ်သက်ပြီး ဘယ်တုံးကများ မင်း အကောင်းပြောဖူးလို့လဲ။ ယောကျ်ားအချင်းချင်း ရှုပ်နေတယ်လို့ပဲ အမြဲတမ်း ငါ့ကို စွပ်စွဲခဲ့တယ်။ အမျိုးသမီးတွေနဲ့ ပေါင်းသင်းလို့မရတဲ့ ယောကျ်ားတစ်ယောက်အဖြစ် အမြဲတမ်း ရှုတ်ချခဲ့တယ်။ မင်း ပြန်စဉ်းစားကြည့်စမ်း။ ငါ့အနားကိုရော ဟုတ်တိပက်တိ မင်း ကပ်ဖူးလို့လား"

"ရှင် ဘာစကားပြောတာလဲ။ ရှင်ဟာ ကျွန်မလင်၊ ကျွန်မဘဝမှာ ရှင်ရှိမှ ဖြစ်မှာပေါ့"

"မင်းအနားမှာ မင်းရဲ့ အခိုင်းအစေတစ်ယောက်အဖြစ်နဲ့သာ ငါ့ကို ရှိနေစေချင်တာပါ။ ရုပ်ရှင်ကုမ္ပဏီမှာ မင်းပြဿနာပေါ်ရင် မင်းဘက်ကကူပြီး ဖြေရှင်းပေးဖို့၊ မင်းအတွက် အဝတ်အစားတွေကို ပုံဆန်းထွင်ပေးဖို့၊ ပွဲလမ်းသဘင်တွေကို မင်းသွားတဲ့အခါမှာ အဖော်အဖြစ်နဲ့ လိုက်ပေးဖို့။

ဒါလောက်ပဲ ငါ့ကို မင်း သုံးချင်တာ မဟုတ်လား။ ငါဟာ အာသဝေါတရား မကုန်ခန်းသေးတဲ့ ယောကျ်ားကွ။ ငါ့အနားကို မင်း မကပ်တာ ဘယ်လောက်ကြာပြီလဲ။ ပြန်စဉ်းစားစမ်း"

"မသာကြီး၊ စကားလွှဲမပစ်နဲ့၊ ငါ့ရေကူးကန်ထဲမှာ နင်တို့ ဖြစ်ချင်တိုင်း ဖြစ်နေတာကို ငါ လက်ပူးလက်ကြပ် ဖမ်းမိထားပြီ မဟုတ်လား။ သူခိုးကများ လူဟစ်လို့၊ ဟုတ် ဟုတ်သေးတော့။ ဒီရေကူးကန်နဲ့ ဒီအိမ်အတွက် ဘယ်သူက ငွေကုန်ခံထားတာလဲ"

နီလီက ဒေါသသံနှင့် ပြန်အော်သည်။

"ဒါတွေကို ဘယ်သူက လိုချင်တာလဲ"

တက်က အရေးမစိုက်သလို ပြန်ပြောရင်း မျက်နှာသုတ်ပဝါကိုယူကာ သူ့ခါးမှာ ပတ်ထားလိုက်သည်။

"ရှင့်အိမ်ခန်း ကျဉ်းကျဉ်းကလေးမှာမှ နေလို့ မရတော့တာဘဲ"

"ဘာကြောင့် နေလို့မရ,ရမှာလဲ၊ အိပ်ခန်းရှစ်ခန်းရှိတဲ့ အခန်းဟာ ကျဉ်းသေးတာလား။ မင်းပဲ အနှိပ်ခံဖို့အခန်း၊ ရုပ်ရှင်အစမ်းပြဖို့အခန်း ဘာခန်း ညာခန်းတွေရှိမှ ဖြစ်မယ်ဆိုပြီး ဇီဇာကြောင်တာ မဟုတ်လား"

"ကျွန်မဘဝမှာ ကိုယ်ပိုင်အိမ်နဲ့ ဘယ်တုံးကမှ မနေဖူးပါဘူး တက်ရယ်။ ဒါကြောင့် ကိုယ်ပိုင်အိမ်နဲ့ နေချင်တဲ့စိတ်ကို ဘယ်လိုမှ ချိုးနှိမ်လို့ မရတာပါ။ ဒီအိမ်အတွက် ကျွန်မ ပိုက်ဆံကုန်နေရတာကိုလည်း ကျွန်မ ဘယ်လိုမှ မအောက်မေ့ပါဘူး၊ တကယ် ပြောတာပါ"

နီလီက စတင် ငိုကြွေးတော့သည်။

"ဒီလိုဆိုရင် ဘာဖြစ်လို့ ဒီအကြောင်းကိုပဲ တစ်နေ့ ဆယ်ခါလောက် ငါ့ကို ပြောပြောနေရတာလဲ။ ကဲ- ပြောစမ်းပါဦး၊ အခုလို စကားလွှဲပစ်တာ ဘယ်သူလဲ"

"ကောင်းပြီလေ"

နီလီ၏ မျက်တောင်များ စင်းကျလာသည်။ အတော် ကြိုးစားပြီး မျက်လုံးကို ဖွင့်နေရသည်။ တက်၏ အသံမှာလည်း အဝေးကြီးမှ လာနေသည့်အသံကို ကြားရသလို ဖြစ်နေသည်။ အသုံးမကျသည့် အိပ်ဆေးများ။ ယခုတော့ သူတို့ အစွမ်းပြနေကြပြီ။

ရေကန်ဘေးရှိ ကုလားထိုင် တစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ ထိုင်ချလိုက်သည့် တက်ကို ငေးကြည့်နေမိသည်။

"တက်၊ ညခြောက်နာရီကျမှ ရုပ်ရှင်စတူဒီယိုက ကျွန်မ ပြန်ရတယ်။ ဒီနေ့ညဆိုရင်လည်း ညရှစ်နာရီထိုးတဲ့အထိ ကျွန်မ အိမ်ပြန်ရောက်မလာနိုင်ဘူး။ ကျွန်မမှာ အလုပ်နဲ့လက်နဲ့ မပြတ်အောင် ဖြစ်နေရတယ်။ နောက်တစ်နေ့ ရုပ်ရှင်ရိုက်ဖို့အတွက်လည်း စကားလုံးတွေ ကျက်ရသေးတယ်။ အနင်းအနှိပ်ခံရသေးတယ်။ ဒီကြားထဲက ဘယ်လိုလုပ်ပြီး ရှင့်အနား ကျွန်မ ကပ်နိုင်မှာလဲ"

"နောက်ထပ် ကန်ထရိုက်စာချုပ်သစ်ကို ဘာဖြစ်လို့ မင်း လက်မှတ်ထိုးလိုက်ရတာလဲ"

တက်က တည်ငြိမ်အေးဆေးသည့် မလေသံနှင့် ပြန်မေးသည်။

"အဲဒီ ကန်ထရိုက်စာချုပ် ချုပ်ခဲ့တာက ခြောက်လတောင် ကျော်သွားပြီပဲ။ ဒီကိစ္စကို အခုထက်ထိ ရှင် မကျေမနပ် ဖြစ်နေတုန်းပဲလား"

"နီလီ၊ အခုဆိုရင် မင်းဟာ သိပ်ကို အောင်မြင်နေပြီ။ ငါ့အလုပ်ကလည်း သိပ်ကို အောင်မြင်နေတာပဲ မဟုတ်လား။ လက်မထပ်ခင်တုန်းက မင်းနဲ့ ငါနဲ့ သဘောတူထားခဲ့တာတွေကို ဖျက်ပစ်ချင်တဲ့စိတ် ငါ့မှာ ပေါ်နေပြီ။ မင်းအနေနဲ့ ဘယ်ရုပ်ရှင်ကုမ္ပဏီမှာပဲ ဝင်ရိုက်ရိုက် တစ်နှစ်ကို နှစ်ကားလောက်တော့ ကောင်းကောင်း ရိုက်နိုင်တယ်။ နှစ်ကားလောက်ပဲ ရိုက်ပြီး ကျန်တဲ့အချိန်တွေမှာ အေးအေးဆေးဆေး အနားယူနိုင်တယ်။

မင်း အလုပ်မလုပ်ရင်လည်း ငါ့ဝင်ငွေနဲ့ တို့မိသားစု တင့်တောင့်တင့်တယ် နေနိုင်တယ်။ ဒါပေမယ့် ငါ့ကို ဘာမှ မပြောဘဲ နောက်ထပ် ငါးနှစ် စာချုပ်တစ်ခုကို မင်း သဘောနဲ့မင်း သွားချုပ်လိုက်တယ် မဟုတ်လား"

"ဒီအိမ်ဝယ်ဖို့ ပိုက်ဆံကို ရုပ်ရှင်ကုမ္ပဏီက ကျွန်မ ချေးထားရတာ မဟုတ်လား၊ ကျွန်မမှာ အကြွေးတင်နေတယ်။ နောက်ပြီး ရုပ်မြင်သံကြားတွေ ပေါ်လာတာနဲ့ ပတ်သက်လို့ လူတိုင်း မျက်ကလူးဆန်ပျာ ဖြစ်နေကြတာ မဟုတ်လား။

ဒီလို အချိန်မျိုးမှာ နှစ်ရှည် စာချုပ်ခွင့်ရတာဟာ ကျွန်မအဖို့ ဘယ်လောက် ကံကောင်းသလဲ၊ ကုမ္ပဏီနဲ့ နှစ်ရှည်စာချုပ်ပြီးပြီဆိုရင် ကျွန်မကို ကုမ္ပဏီက ပိုင်သွားပြီ။ သူတို့ ကျေနပ်အောင် လုပ်ပေးရတော့မယ်"

"မင်း သဘောအတိုင်းပဲလေ၊ မင်းအိမ်ကြီးနဲ့ မင်းစာချုပ်နဲ့ မင်းကြိုက်သလိုသာ လုပ်တော့၊ ငါလည်း ငါကြိုက်ရာ လုပ်တော့မယ်။ ငါဟာ မင်းနဲ့ဆက်ပြီး ပေါင်းသင်းနေသင့်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်တော့ဘူး။ ငါ့အပေါ်မှာ မင်း စိတ်တိုင်းကျ အနိုင်ယူခဲ့ပြီးပြီပဲ။ ထားပါတော့လေ၊ ဒါတွေ အားလုံးလည်း ပြီးသွားပါပြီ။ အခုပဲ သွားပါတော့မယ်။ ကိုယ့်လမ်းကိုယ်လျှောက်တာပဲ ကောင်းပါတယ်"

"ဟို ကြေးစားမလေးနဲ့ အတူတူ သွားနေတော့မှာလား"

"ကိုယ်စိတ်ချမ်းသာအောင် သူက လုပ်ပေးနိုင်တယ်"

"တက်၊ ရှင် မရှိဘဲ ကျွန်မ မနေတတ်ဘူး"

"ဟုတ်နိုင်ပါတယ်၊ ဒါပေမယ့် မင်းရဲ့ လင်ယောကျ်ားတစ်ယောက် အနေနဲ့ ငါ့ကို မင်းအနားမှာ နေစေချင်တာမှ မဟုတ်ဘဲ"

"ရှင် ဒီအကြောင်းကိုချည်းပဲ ထပ်ခါတလဲလဲ ပြောနေတယ်။ အချိန်ရှိသမျှ ဒီအကြောင်းကိုပဲ ရှင် စဉ်းစားနေတယ်။ ကျွန်မဘက်က အခြေအနေကိုလည်း ကြည့်ပါဦး"

"လင်မယားဖြစ်ပြီး လင်မယားလို မနေရတဲ့အဖြစ်ကို မင်း ထည့်မပြောတော့ဘူးလား"

"ကဲ ဒီအကြောင်းတွေ တော်ပါတော့၊ ရှင့်ကောင်မလေး အဝတ်အစားလဲတဲ့ အခန်းထဲမှာ ရှိနေတယ်။ သူ့ကို ပြန်လွှတ်လိုက်ပါ"

"စိတ်ချ"

တက်က လက်ထဲမှ စီးကရက်တိုကို မြေကြီးပေါ် ပစ်ချလိုက်ပြီး အဝတ်အစားလဲသည့် အဆောက်အအုံဆီသို့ လျှောက်သွားသည်။

"သူ့ ပြန်လွှတ်လိုက်ပြီးရင် အပေါ်ထပ်ကို ချက်ချင်း လိုက်ခဲ့ပါ။ ရှင်နဲ့ကျွန်မ စကားပြောချင်တယ်"

အိမ်ထဲသို့ ပြန်ပြေးဝင်လာခဲ့သည်။ ဝီစကီပုလင်း အသစ်တစ်လုံး ဖောက်သောက်ပြီး အိပ်ရာထဲ ဝင်ခဲ့သည်။ ယခုကိစ္စတွင် မိမိဘက်က အနိုင်ကျင့်ခဲ့ခြင်းလည်း ဖြစ်နိုင်သည်ဟု စဉ်းစားနေမိသည်။ အမှန်တော့ တက်ကို သူ အလွန်ချစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း တစ်နေကုန်တစ်နေခန်း လင်စိတ်သားစိတ် ကုန်လောက်အောင် ပင်ပန်းတကြီး ရုပ်ရှင်ရိုက်ခဲ့ရပြီးသည့်နောက် လင်ယောကျ်ားက ကျေနပ်အောင် မည်သို့နေထိုင်ပြုနိုင်ပါမည်နည်း။

သူ့ကိုယ်ပေါ်မှာ ဝတ်ထားသည့် ရိုးရိုးညဝတ်အင်္ကျီကို ပြန်ငုံ့ကြည့်မိသည်။ အမှန်တော့ ပွဲထိုင်သွားသည့် အဝတ်အစားကောင်းကောင်းကို ဝတ်ထားဖို့ ကောင်းသည်။

သို့သော်လည်း သူ့မျက်နှာပေါ်မှာ အသားအရေ နူးညံ့စေသည့် အဆီများကို လိမ်းထားသည်။ ဆံပင်ကိုလည်း ရွှဲရွဲလိမ်းကာ စည်းနှောင်ထားသည်။ မနက်ပိုင်း စတူဒီယိုသို့ရောက်သည့်အခါတိုင်း မျက်နှာပေါ်မှ အဆီများကို ဖျက်သိမ်းရသည်။ ဆံပင်မှ ဆီများကုန်သွားအောင် ခေါင်းလျှော်ရသည်။ ထိုသို့ဆီမလိမ်းဘဲ ထားမည်ဆိုလျှင်လည်း ဆံပင်ကျွတ်သဖြင့် တစ်ခေါင်းလုံး ပြောင်ပေတော့မည်။

ရေကူးကန်ထဲမှာ တွေ့ခဲ့ရသည့် မိန်းကလေးအကြောင်းကို စဉ်းစားမိပြန်သည်။ သူ့ကိုယ်သူလည်း နံရံမှာ ရှိနေသည့် မှန်ထဲမှာ လှမ်းကြည့်မိသည်။ သီလရှင်တစ်ပါးနှင့် တူနေပါပေါ့လားဟုလည်း တွေးကြည့်မိသည်။ ရေကန်ထဲမှာ တွေ့ခဲ့ရသည့် မိန်းကလေးက ဘာကြောင့်များ ဒါလောက်တောင် ချောမောလှပနေရပါလိမ့်။

သို့သော်လည်း တနင်္ဂနွေတစ်ပတ်လျှင် ဝင်ငွေ ငါးထောင်ရှိသည့် ကောင်မ မဟုတ်။ ပရိသတ်အသည်းစွဲ ရုပ်ရှင်မင်းသမီး မဟုတ်။ ရုပ်ရှင်ရိုက်ဖို့ အစပျိုးတုန်းသာ ဖြစ်သည်။ ထိုမိန်းကလေး နာမည်ကြီး ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်လာလျှင်လည်း ညကိုးနာရီထိုးလျှင် အိပ်ရာဝင်ရပေလိမ့်မည်။ သူ့မျက်နှာကိုလည်း အဆီတွေ လိမ်းထားရပေလိမ့်မည်။ ဆံပင်လည်း ဆံပင်သန်ဆေးများကြောင့် စေးထန်းထန်းကြီး ဖြစ်နေပေလိမ့်မည်။

စဉ်းစားရင်းမှာပင် မျက်ရည်များ ဒလဟော စီးကျလာသည်။

ဘုရား . . . ဘုရား၊ သည်လို အခြေအနေမျိုးမှာ နေခွင့်ရရေးအတွက် သူ့ဘဝတစ်လျှောက်လုံးတွင် အရှုံးအမူး တမ်းတခဲ့ရသည်။ ကိုယ်ပိုင်အိမ်ကြီးကြီး တစ်လုံး၊ ကိုယ့်ချစ်မြတ်နိုးသည့် လင်ယောကျ်ားတစ်ယောက်၊ နောက်ပြီးတော့ သားသမီးများ၊ သူ တမ်းတခဲ့သည်များ အားလုံးကို ရနေပါပြီ။

သို့သော်လည်း မိမိ တစ်သက်လုံး တမ်းတခဲ့ရသည့် ဘဝအခြေအနေကို လက်ဝယ်ပိုင်ပိုင် ရရှိနေလင့်ကစား ထိုအပေါ်တွင် ခံစားသာယာနိုင်သည့်အချိန် မရနိုင်သောဘဝမျိုးပါလား။

ရေချိုးခန်းထဲသို့ ဝင်ခဲ့သည်။ မျက်နှာပေါ်မှာ လိမ်းထားသည့် အသားလှဆီများကို မျက်နှာသစ်ပစ်လိုက်သည်။ အိပ်ချင်စိတ်လည်း ပြေသလို ဖြစ်လာသည်။ အဝတ်အစား ဗီရိုရှိရာသို့ ကယောင်ကတမ်း သွားသည်။ ညပိုင်း ညစာစားပွဲတက်သည့် အဝတ်အစားကို ဝတ်ရမည်။ မည်သည့်အရောင်ကို ဝတ်ရပါ့။ အဝါရောင်ကလေးကို ဝတ်မည်။ ဆုံးဖြတ်ချက်အတိုင်း အဝါရောင် ညဝတ်စုံကို ယူဝတ်သည်။ ဆံပင်က ကျန်သေးသည်။

ထို့ကြောင့် အဝါရောင် ဖဲကြိုးတစ်ချောင်းယူပြီး ဆံပင်များကို စုချည်လိုက်သည်။ ယခုလို ကျပြန်တော့လည်း ဟန်အကျသား။ မိမိ ချစ်လင်နှင့် ရွှေလက်တွဲနိုင်သည့် အခြေအနေမျိုးသို့ ပြန်ရောက်သွားပြန်သည်။

အိပ်ရာထဲသို့ ပြန်ဝင်ခဲ့သည်။ ခဏကြာလျှင်ပင် တက် ပြန်ရောက်လာတော့မည်။

အိမ်ရှေ့ ကျောက်စရစ်ခဲများပေါ်မှာ မော်တော်ကားဘီး ကြိတ်သွားသည့်အသံကို ကြားရသည်။ ဟိုကောင်မ ပြန်သွားခြင်းပင် ဖြစ်ရမည်။ အခု ချက်ချင်းပင် တက် ပြန်ရောက်လာတော့မည်။ မိမိ ယခုလို ဝတ်စားပြီး အသင့် စောင့်နေသည်ကို မြင်လျှင် တက် အံ့အားသင့်သွားလိမ့်မည်။

ပြီးတော့ သူ့ရင်ခွင်ထဲသို့ တိုးဝင်လိုက်မည်။ ဟိုတုန်းက ချစ်စခင်စ ကြင်နာစ အချိန်များတုန်းကလို နေပစ်လိုက်မည်။

စဉ်းစားရင်းမှာပင် မျက်လုံးများလေးပြီး အိပ်ချင်လာသည်။ ဘုရား. . . ဘုရား၊ သည်အချိန်မှာ အိပ်ပျော်သွားလို့ မဖြစ်သေး။ ခုတင်ပေါ်မှ ခုန်ဆင်းလိုက်ပြီး အိမ်အောက်ထပ်သို့ ပြေးဆင်းခဲ့သည်။ သူ ဘယ်ရောက်သွားပြီလဲ။

"တက်"

လှမ်းအော်ကြည့်သည်။ ရေကူးကန်မှ မီးများ ငြိမ်းနေပြီ။ မှောင်နှင့်မည်းမည်းထဲမှာ ဖြစ်သည်။ မော်တော်ကား ဂိုဒေါင်ရှိရာသို့

www.burmeseclassic.com



ပြေးလာခဲ့သည်။ ခြေထောက်တွင် ဖိနပ်မပါသောကြောင့် ကျောက်စရစ်ခဲများက ခြေထောက်ကို စူးနေသည်။ ဂိုဒေါင်ထဲမှာ မော်တော်ကား မရှိတော့။ ဟိုကောင်မကို အိမ်လိုက်ပို့တာပဲ ဖြစ်ရမည်။ ဟိုကောင်မမှာ မော်တော်ကား မရှိ။ အလကားဟာတွေ အငှားကား တစ်စင်းစင်းနှင့် ပြန်ပို့လိုက်လျှင် မဖြစ်ဘူးလား။ သူ အိမ်ပြန်လာလျှင် ကုန်ကျသမျှငွေကို မိမိက ပေးမည်ပေါ့။ စဉ်းစားရင်းမှာပင် ငိုမိပြန်ပြီ။ ဘုရား. . . ဘုရား သူ ပြန်လာပါဦးမည်လား။ ပြန်မလာရင် ဘာလုပ်ရမည်နည်း။

*

၁၉၅၃

တက်နှင့် ကွာရှင်းပြတ်စဲရန်ကိစ္စကို သုံးနှစ်သုံးမိုးလုံး အပြင်းအထန် တိုက်ပွဲဝင်နေခဲ့ရသည်။ ရေကူးကန်တွင် အမျိုးသမီးငယ်နှင့် တက်တို့ကို ဖမ်းမိသည့်အချိန်မှစပြီး တက်က သူ့အဝတ်စားများကိုယူကာ အိမ်ပေါ်မှ ဆင်းသွားခဲ့သည်။ နီလီလည်း တစ်ပတ်လုံးလုံး ရုပ်ရှင်သွားမရိုက်တော့။ စတူဒီယိုမှ လူများကလည်း သူ့အပေါ် ဒေါသအမျက် ချောင်းချောင်းထွက်နေကြသည်။ ဖြစ်ချင်ရာဖြစ်ကြ၊ ဘယ်သူ့ကိုမှ ဂရုစိုက်နေစရာ အကြောင်းမရှိ။

တက်ဆိုသည့် လူကလည်း အလကားလူစားမျိုး။ ကွာရှင်းပြတ်စဲဖို့ ကိစ္စနှင့်ပတ်သက်ပြီး စောစောပိုင်းက အစစ ချောချောမောမောဖြစ်နေခဲ့သည်။ သို့သော်လည်း ကုမ္ပဏီဥက္ကဋ္ဌက ကန့်ကွက်နေသည်။ နီလီလို နာမည်ကျော်ရုပ်ရှင်မင်းသမီးတစ်ယောက် ယောကျ်ားနှင့် ကွာရှင်းပြတ်စဲလိုက်ခြင်းအားဖြင့် ရုပ်ရှင်ပရိသတ်၏ အမြင်တွင် တစ်မျိုးဖြစ်သွားနိုင်သည်။

နီလီ၏သိက္ခာ ကျဆင်းသွားနိုင်သည်ဟု အကြောင်းပြပြီး ကန့်ကွက်ခြင်း ဖြစ်သည်။

တစ်ပြည်ထောင်လုံးကလည်း နီလီကို ပိုင်းချစ်နေကြသည်မှာ မှန်ပါသည်။ အမွှာပူးသားယောကျ်ားကလေး နှစ်ယောက်နှင့် သူတို့အိမ်ထောင်ရေး အဆင်ပြေပြီး စိတ်ချမ်းသာလက်ချမ်းသာ ရှိနေကြသည့် အကြောင်းများကိုလည်း သတင်းစာများက အကြောင်းအားလျော်စွာ ရေးရေးနေကြသည်။

ထို့ကြောင့် ကွာရှင်းပြတ်စဲခြင်း မပြုရ။ တစ်ယောက်အပေါ် တစ်ယောက် မည်သို့ပင်သဘောထားနေကြစေကာမူ အများပြည်သူတို့၏ ထင်မြင်ချက်က အရေးကြီးသည်။ အများ ရှိသေအောင် နေပြနိုင်ရမည်ဟု ဥက္ကဋ္ဌက ပြောသည်။

တက်ကိုလည်း ဥက္ကဋ္ဌက ထိုအတိုင်း ပြောသည်။ တက်သည် ကုမ္ပဏီနှင့် စာချုပ်ထားရသူ ဖြစ်သည်။ ထို့ကြောင့် ဥက္ကဋ္ဌ၏ စကားကို သူ မလွန်ဆန်နိုင်။ ပွဲလမ်းသဘင်များ၊ ဧည့်ခံပွဲများသို့ နီလီ သွားသောအခါ တက်က အဖော်အဖြစ် လိုက်ပေးရသည်။ သတင်းစာများ၊ မဂ္ဂဇင်း၊ ဂျာနယ်များက သူတို့မိသားစုနှင့် တွေ့ပြီး ဓာတ်ပုံရိုက်သောအခါ တက်က နီလီနှင့်အတူ ယှဉ်တွဲပြီး ရပ်ပြရသည်။ အပူရုပ်ကို အမူလုပ်ပြီး ဖုံးအုပ်နေရသည့်ဘဝ ဖြစ်ချေသည်။

သည်လိုဖြင့် သုံးနှစ်လုံးလုံး သံသရာလည်ခဲ့ရသည်။ ရုပ်ရှင်ကားတွေ တစ်ကားပြီးတစ်ကား ရိုက်ခဲ့ရသည်။ အစားအသောက်ကိုလည်း စည်းမဲ့ကမ်းမဲ့ စားသောက်နေခဲ့သည်။ အိပ်ဆေးများ မှိုဝဲရင်း ညပေါင်း များစွာကို ကုန်ဆုံးစေခဲ့သည်။ တက်သည် အခြား မိန်းကလေးတစ်ယောက်နှင့် တစ်နေရာရာတွင် အကြည်ဆိုက်နေကြောင်းကိုလည်း သိသိကြီးနှင့် သည်အတိုင်း ထိုင်ကြည့်နေရသောဘဝဖြစ်သည်။

ထိုမိန်းကလေးသည် ယနေ့တိုင်အောင် ကုမ္ပဏီမှာ အလုပ်မရသေး။ ထို့ကြောင့်လည်း စားဝတ်နေရေးများကို တက်က တာဝန်ယူပြီး တစ်နေရာရာတွင် ထားပေးပုံရသည်။ ထိုအကြောင်းများကို တစ်ဆင့်စကား တစ်ဆင့်နားဖြင့် အားလုံးက သိနေကြသည်။ ထို့ကြောင့် ထိုမိန်းကလေးကို အခြား ရုပ်ရှင်ကုမ္ပဏီများကလည်း မဆက်သွယ်ရဲ။

အကယ်ဒမီရွှေစင်ရုပ်ဆုသည် အရာရာကို အဆုံးအဖြတ်ပေးလေတော့သည်။ ရွှေစင်ရုပ်ဆုရသည့်အချိန်သည် သူ့ဘဝတွင် အောင်မြင်မှု အထွတ်အထိပ်သို့ အရောက်ဆုံးသောအချိန် ဖြစ်လေသည်။

သည်ဆုမျိုးကို ရရှိလိမ့်မည်ဟု လုံးဝမျှော်လင့်မထားခဲ့။ အကယ်ဒမီ ရွှေစင်ရုပ်ဆုကို ဆွတ်ခူးသူမှာ နီလီအိုဟာရာ ဖြစ်ကြောင်း အခမ်းအနားမှူးက ကြေညာလိုက်သောအခါ အသက်ရှူပင် မှားသွားတော့သည်။ မယုံကြည်နိုင်သော အံ့ဩစိတ်ဖြင့် တက်ဘက်သို့ လှည့်ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တက်၏အပြုံးကလည်း လှိုက်လှိုက်လှဲလှဲ ရှိနေသည်။ တက်လည်း သူ့အောင်မြင်မှုအတွက် အံ့ဩမဆုံးနိုင်အောင် ရှိနေသည်။

ဆုယူရန် မင်းလမ်းအတိုင်း ပြေးသွားမိသည်။ ဓာတ်ပုံဆရာများ ဝိုင်းဝိုင်းလည်နေသည်။ သတင်းရုပ်ရှင်ကားများ ရိုက်ကြသည်။

တက်က သူနှင့်အတူတူ ပါလာသည်။ သူ့လက်ကို ဆွဲကိုင်လိုက်သည်။ သူ့ဘဝကြီး တစ်ခုလုံး ပုံမှန်အနေအထားသို့ ပြန်ရောက်လာသည်။ အကယ်ဒမီ ရွှေစင်ရုပ်ဆုကို ဆွတ်ခူးရရှိပြီ။ သူ့ဘေးမှာလည်း တက် ရှိနေပြီ။ သူ့ကို အားပါးတရပြုံးပြီး ငုံ့ကြည့်နေသည်။

နောက်ဆုံး ကင်မရာက နောက်ဆုံး အကွက် ရိုက်ပြီးသည်အထိ၊ နောက်ဆုံး နှုတ်ဆက်သူက ဝမ်းသာစကား ပြောပြီးသည်အထိ နီလီနှင့်အတူတူ တက် ရပ်နေခဲ့သည်။ ပြီးတော့ နီလီကို အိမ်အရောက် ကားမောင်းပြီး ပြန်ပို့သည်။

ထို့နောက် အိမ်ခြံတံခါးဝမှာ နီလီကို ချထားခဲ့ပြီး ကားမောင်းကာ ပြန်ထွက်သွားတော့သည်။ အကယ်ဒမီ ရွှေစင်ရုပ်ဆုရှင် အအောင်မြင် အကျော်ကြားဆုံးသော ရုပ်ရှင်မင်းသမီးခမျာမှာကား အထီးကျန်ဘဝနှင့် ရွှေစင်ရုပ်ဆုကို ရင်ဝယ်ပိုက်ရင်း ကျန်ရစ်ခဲ့ရရှာတော့သည်။

နောက်တစ်နေ့ မနက်တွင် စတူဒီယိုသို့ ဖုန်းလှမ်းဆက်ပြီး မိမိရှိရာသို့လာရန် ဥက္ကဌကို ခေါ်လိုက်သည်။ မိမိရှိနေရာသို့ ဥက္ကဌ လာရမည်။ မိမိ လိုချင်သည်များကို ဥက္ကဌက လိုက်လျောရမည်။ မိမိ၏ အောင်မြင်မှုက အထွတ်အထိပ်သို့ ရောက်လာပြီ မဟုတ်လား။

ထို့ကြောင့်လည်း တက်ကာစာဘလင်ကာနှင့် အမြန်ဆုံး ကွာရှင်းပြတ်စဲခွင့် ပေးရမည် ဖြစ်ကြောင်း၊ တက်ကာစာဘလင်ကာကိုလည်း ကုမ္ပဏီမှ အလုပ်ထုတ်ပေးရမည်ဖြစ်ကြောင်းများ တောင်းဆိုသည်။ ရုပ်ရှင်ကုမ္ပဏီ ဥက္ကဌကြီးကလည်း နီလီ၏ တောင်းဆိုချက်များ အားလုံးကို လိုက်လျောသည်။

အကယ်ဒမီတန်ခိုးကား ကြီးမားလှချေသည်တကား။

ပြီးတော့ နေ့စဉ်နေ့တိုင်း အလုပ်ရှိရာသို့သွားပြီး အလုပ်ဆင်းကြောင်း ပြောနေရသည်ကလည်း မဟုတ်သေး။ ဟောလီးဝုဒ်တွင် အအောင်မြင်ဆုံးသော မင်းသမီး ဖြစ်နေပြီ။ အကယ်ဒမီဆုက သက်သေခံနေပြီ။

ယခုတော့ ထိတ်ထိတ်ကြဲ အောင်မြင်သည့် ရုပ်ရှင်မင်းသမီး နီလီအိုဟာရာအဖြစ်နှင့် လက်မ,ထောင်နိုင်ပြီ။

အစားအသောက်များကို စည်းမဲ့ကမ်းမဲ့ စားသောက်သောကြောင့် ကိုယ်အလေးချိန် တက်လာသည် ဆိုလျှင်လည်း မည်သူ့ကို ဂရုစိုက်ရမည်နည်း။ တစ်ပတ်လုံးလုံး အလုပ်မသွားဘဲ နေလိုက်မည်။ မည်သူ့ကို ကြောက်ရမည်နည်း။ သူတို့ဘဝအတွက် အနာဂတ်အာမခံချက်များသည် မိမိ၏ ရုပ်ရှင်ကားများသာ မဟုတ်ပါလော။

*

စတူဒီယိုရှိ လေအေးစက် တပ်ထားသည့် အခန်းထဲမှာ ထိုင်ရင်း နီလီ၏ တစ်ကိုယ်လုံး နတ်ကျသလို တဆတ်ဆတ် တုန်နေသည်။ ရုပ်ရှင်ရိုက်ကွင်း အတွင်းမှ ယခု တစ်ကြိမ် ထွက်လာခြင်းသည် ရက်သတ္တ ငါးပတ်အတွင်း တတိယအကြိမ်မြောက် ဖြစ်သည်။

ဂျွန်စတိုက် ဆိုသောသူသည် နည်းနည်းကလေးမျှ အသုံးမကျ။ ကမ္ဘာပေါ်မှာ အတော်ဆုံး ဒါရိုက်တာ ဖြစ်ချင်ဖြစ်မည်။ သို့သော်လည်း ယခု ရုပ်ရှင်ကားထဲမှာတော့ မိမိကို ဘာတစ်ခုမှ မလွှန်ဆန်ရဲဟု နီလီက နားလည်ထားသည်။ နေရာတကာမှာ လူတိုင်းက မိမိကို မ,နေရသည်။

မျက်တောင်အတုများကို ခပ်ကြမ်းကြမ်း ဆွဲဖြုတ်ပစ်လိုက်သည်။ မျက်နှာမှာ လိမ်းထားသည့် မိတ်ကပ်များပေါ်သို့လည်း အသားလှဆီများကို ထပ်လိမ်းပစ်လိုက်သည်။

"မစ္စအိုဟာရာ၊ မလုပ်နဲ့လေ။ မိတ်ကပ် တစ်ခါပြန်လိမ်းဖို့ တစ်နာရီလောက် ကြာမှာ"

သူ့အဖော်အမျိုးသမီးက တားရှာသည်။

"ဒီကနေ့ ဘာမှ ဆက်လုပ်စရာ မရှိတော့ဘူး"

နီလီက ခပ်ထန်ထန် ပြန်ပြောသည်။ မျက်နှာပေါ်မှ မိတ်ကပ်များကိုလည်း ဆက်ပြီး ဖျက်မြဲ ဖျက်နေသည်။

"ဒါပေမယ့် ကျွန်မတို့မှာ အစီအစဉ်တွေ. . ."

နီလီက သူ့ဘက်သို့ ဆတ်ခနဲ လှည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ကျွန်မတို့လဲ၊ ကျွန်မတို့ ဆိုတဲ့ စကားလုံးကို ညည်း ဘယ်က သွားရလာတာလဲ။ လူတိုင်းလူတိုင်း ရုပ်ရှင်အလုပ် လုပ်နေကြတာ"

တံခါးခေါက်သံ ပေါ်လာသည်။ ဝင်လာသူမှာ ဒါရိုက်တာ ဂွန်စတိုက် ဖြစ်သည်။ လူချောလူခန့်တစ်ယောက် ဖြစ်သည်။

"ကဲ နီလီ၊ စကားထိုင်ပြောကြရအောင်"

"ဟုတ်တယ်၊ ဒီကနေ့ ဘာမှ လုပ်စရာ မရှိတော့ဘူး"

နီလီကလည်း စိတ်ချဥ်ချဥ်နှင့် မပြုံးချင် ပြုံးချင် ပြုံးပြီး ပြန်ပြောသည်။

သူမျက်နှာပေါ်တွင် မိတ်ကပ်များ ဖျက်ပြီးနေသည်ကို မြင်သောကြောင့် စိတ်ပျက်သည့်အမူအရာ ဂွန်စတိုက်၏ မျက်နှာတွင် ပေါ်သွားကြောင်းကိုလည်း နီလီ သတိထားလိုက်မိသည်။

"ဟုတ်ပါပြီလေ၊ အခု သုံးနာရီထိုးနေပြီပဲ။ ကိုယ်တို့ ဒီကနေ့ စောစောပဲ အလုပ်နားလိုက်ကြတာပေါ့"

ဂွန်စတိုက်က ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်သည်။

"နောက်ဆုံး ရိုက်ခဲ့တဲ့အခန်းကို ကျွန်မ သဘောမကျဘူး၊ လက်မခံနိုင်ဘူး"

"ဘာများ သဘောမကျစရာ ပါနေလို့လဲကွာ"

"ရှင် ကောင်းကောင်း သိပါတယ်လေ၊ ကျွန်မတို့ ခြေထောက်တွေကိုချည်းပဲ အနီးကပ်ရိုက်ထားတာပဲ"

"နီလီ၊ မင်းနဲ့တွဲပြီး ကရုံကလေး ကဖို့အတွက် ချတ်မာတင်ကို ကုမ္ပဏီက ငွေငါးသောင်းတောင် ပေးထားရတာ။ ချတ်မာတင်ဟာ အင်မတန်တော်တဲ့ အကဝိဇ္ဇာပဲ မဟုတ်လား။ ဒါလောက်တောင် ငွေတွေ ပေးထားပြီးတော့မှ ကိုယ်တို့က သူ့ခြေထောက်ကို မရိုက်ဘဲ ဘာကို ရိုက်ရမှာလဲ၊ သူ့နားရွက်တွေကို ရိုက်ပြနေရမှာလား"

"ဒါကို ကျွန်မ ပြောနေတာ မဟုတ်ဘူး၊ ကျွန်မ ကိုယ်လုံးကို ရှင် ရိုက်ပါလား။ အခုတော့ ကျွန်မ ခြေထောက်ကိုချည်းပဲ ရှင် ရိုက်ခိုင်းနေတာ မဟုတ်လား။ ကျွန်မ ခြေထောက်တွေက သူ့ကိုပြိုင်ပြီး ကနိုင်တာမှ မဟုတ်ဘဲ။ ကျွန်မ ဒါလောက်မှ အက မတော်တာဘဲ"

"ဟောဗျာ၊ နားရှိလို့သာ ကြားလိုက်ရတယ်။ ကိုယ့်နားတောင်ကိုယ် မယုံနိုင်ဘူး။ တခြား တစ်ယောက်ယောက်ဟာ အနုပညာအရာမှာ မင်းထက်ပဲ ပိုပြီး တော်နေတယ်လို့ မင်း တကယ် ယုံကြည်သွားတာလား"

ဂွန်စတိုက်က ပြောင်ချော်ချော် အမူအရာနှင့် အံ့ဩသလို လုပ်ပြသည်။

"ဒီမှာ ကျွန်မပြောတာကို နားထောင်ပါဦး၊ ချတ်မာတင်ဟာ ဘရော့ဒ်ဝေးဇာတ်ရုံတွေမှာ ကလာတာ နှစ်ပေါင်း သုံးဆယ်ရှိနေပြီ။ ဒါပေမယ့် သူတတ်တာဟာ ကတာတစ်ခုပဲ ရှိတယ်။ နောက်ပြီးတော့ အသက်ကလည်း ကြီးလှပြီ။ ကျွန်မအဖေအရွယ်၊ ကျွန်မက နှစ်ဆယ့်ငါးနှစ်ပဲ ရှိသေးတယ်။

ဒါပေမယ့် ကျွန်မ သီချင်းဆိုနိုင်တယ်၊ ကနိုင်တယ်၊ သရုပ်ဆောင်နိုင်တယ်။ သီချင်းအဆို ပြိုင်မလား၊ သရုပ်ဆောင် ပြိုင်မလား၊ ဘယ်သူနဲ့မဆို ကျွန်မ ပြိုင်ရဲတယ်။ ဘယ်လိုလူမျိုးမှ ကျွန်မကို မမီနိုင်ဘူး။

ဒါပေမယ့် ကတဲ့နေရာမှာတော့ ကျွန်မက အကမင်းသမီး မဟုတ်ဘူး။ ချတ်မာတင်က တစ်သက်လုံး ကလာတဲ့ အဘိုးကြီး၊ ကတာ တစ်ခုပဲ သူတတ်တယ်။ ဒီလို လူတစ်ယောက်နဲ့ ကျွန်မကို ဖွတ်တွဲပြီး အကနိုင်းတာဟာ ကျွန်မကို သက်သက် နှိမ်တာမျိုး မဟုတ်ဘူးလား"

"သူ ဒါလောက် အကတော်ကြောင်း မင်းကိုယ်တိုင်က ဝန်ခံနေပြီဆိုရင် သူ့ခြေထောက်ကလေးကို ငါးမိနစ်လောက် ရိုက်ပြတာ ဘာဖြစ်လို့ မင်း လက်မခံနိုင်အောင် ဖြစ်နေရတာလဲ"

"ဘာကြောင့်လဲဆိုတော့ ဒီကားက ကျွန်မကားရှင့်။ ဘရော့ဒ်ဝေးဇာတ်ရုံတွေမှာ ပဒေသာကပွဲတွေ ကခဲ့ကတည်းက ဒါမျိုးနဲ့ ပတ်သက်ပြီး ကျွန်မက အံ့ခွလာခဲ့ပြီ။ ကျွန်မကားထဲမှာ ကျွန်မကို လွှမ်းသွားမယ့် အခန်းမျိုး ဘယ်တော့မှ မပေးနိုင်ဘူး။ ဘယ်လိုလူမျိုးကိုမှ ကျွန်မထက်ပိုပြီး အသားမပေးနိုင်ဘူး။

နေစမ်းပါဦး၊ ချတ်မာတင်ကို ဘယ်သူက ငှားလာပြီး ထည့်ရိုက်တာလဲ။ ကျွန်မ ရိုက်ခဲ့သမျှ ရုပ်ရှင်ကားတွေ အားလုံး ယိမ်းသူယိမ်းသားတွေကိုပဲ ထည့်ရိုက်ခဲ့တာပဲ မဟုတ်လား"

"ချတ်မာတင်ကို ဆရာကြီး ကိုယ်တိုင် ငှားပြီး ဒီအခန်းမှာ ထည့်ရိုက်ခိုင်းတာ"

www.burmeseclassic.com

www.burmeseclassic.com



ဂျွန်စတိုက်က စီးကရက်တစ်လိပ် ထုတ်ပြီး မီးညှိသည်။ နီလီက စီးကရက် လှမ်းဆွဲသောကြောင့် သူကပဲ တစ်လိပ်မီးညှိပြီး ကမ်းပေးလိုက်သည်။

"ဘယ်အချိန်ကစပြီး မင်း ဆေးလိပ်သောက်နေတာလဲ"

"ကျွန်မယောက်ျားနဲ့ ကွာရှင်းလိုက်တဲ့နေ့ကစပြီး သောက်တာပဲ။ ဆေးလိပ်သောက်တဲ့အတွက် အစားများများ မစားဖြစ်တော့ဘူး"

"မင်းအသံ ပျက်သွားလိမ့်မယ် နီလီ"

"တစ်နေ့မှ ဆယ်လိပ်တည်း သောက်တာပါ"

နီလီက ပြောပြောဆိုဆို ဆေးလိပ်ကို အားပါးတရ ရှိုက်လိုက်သည်။

"ကဲ. . . ရှင်ပြောချင်တဲ့စကားဆိုတာ ဒါပဲလား"

ဒါရိုက်တာက နီလီ၏ အဖော်အမျိုးသမီးကို လှမ်းကြည့်သည်။

"နီလီ၊ ကိုယ်တို့ နှစ်ယောက်တည်း စကားပြောလို့ ရမလား"

"ရပါတယ်၊ ရှယ်လီ၊ ဒီနေ့အဖို့ မင်း တာဝန် ပြီးပါပြီ။ မနက်ဖြန်မနက် ခုနစ်နာရီကျမှပဲ ပြန်တွေ့ကြစို့ရဲ့"

နီလီက သူ့အဖော်အမျိုးသမီးကို အခန်းထဲမှ ထွက်သွားရန် လက်လှမ်းပြသည်။

သူတို့ နှစ်ယောက်တည်း ကျန်သောအခါကျမှ ဂျွန်စတိုက်က ပြုံးသည်။

"မင်း ကိုယ့်ကို အကျပ်ကိုင်ဖို့ အစီအစဉ်ရှိတဲ့အတွက်ဘဲ ဝမ်းသာရသေးတော့တယ်ကွာ"

"ကျွန်မက ဘာဖြစ်လို့ အကျပ်ကိုင်ရမှာလဲ၊ အဲဒီအခန်းကို ဘယ်လို ပြန်ရိုက်မယ်ဆိုတာ ဒီကနေ့ည ပြင်ဆင်ပါ။ ဒီကားဟာ ကျွန်မကား၊ ကျွန်မကိုပဲ အသားပေးရမယ်။ ချတ်မာတင်ရဲ့ ခြေထောက်ကို အသားပေးတဲ့ကား မဖြစ်စေရဘူး"

"နီလီ၊ ဒီအခန်းမှာ ဆရာကြီးက ယိမ်းသားကလေးတွေကို မသုံးဘဲ ချတ်မာတင်ကို ဘာဖြစ်လို့ ငှားသုံးတယ်ဆိုတာ အခုအချိန်ထိ မင်း သဘောမပေါက်သေးဘူးလား"

"ပေါက်ပါပြီကော ရှင်၊ ရုပ်မြင်သံကြားတွေ ဝင်ရှုပ်နေတယ် မဟုတ်လား၊ လူတိုင်းက ရုပ်မြင်သံကြားကို ကြောက်နေကြတယ် မဟုတ်လား၊ ဒါပေမယ့် ကျွန်မအနေနဲ့ ဘာမှ ပူစရာမလိုဘူး။ ရုပ်မြင်သံကြားတွေကို မပြိုင်နိုင်မှာကြောက်လို့ ဆရာကြီးက ချတ်မာတင်ကို အပိုကြေးငွေ ငါးသောင်းပေးပြီး ငှားတယ်ဆိုရင် ဒါက သူ့အလုပ်ပဲ။ သူ လုပ်ပါစေ၊ ကျွန်မနဲ့ မဆိုင်ဘူး။ ဒါပေမယ့် ကျွန်မကို ဖုံးလွှမ်းသွားအောင်တော့ လုပ်ခွင့်မပေးနိုင်ဘူး"

"နီလီ၊ မင်းရိုက်ခဲ့တဲ့ နောက်ဆုံး ကားနှစ်ကားစလုံး ရှုံးတယ်"

"လုပ်မနေစမ်းပါနဲ့လေ၊ ကျွန်မလည်း သတင်းစာတွေ၊ ဂျာနယ်တွေ ဖတ်နေတာပဲ။ ဝင်ငွေ ဘယ်လောက်ရနေတယ်ဆိုတာ ကျွန်မလည်း တွေ့နေရတာပဲ။ သောက်သောက်လဲ ရနေတာ မဟုတ်လား။ ကျွန်မ ရိုက်ခဲ့တဲ့ နောက်ဆုံးကားက ဒေါ်လာလေးသန်းတောင် ဝင်နေပြီ။ ဒါတောင် ဥရောပမှာ လုံးလုံး မပြရသေးဘူး"

"ဒါပေမယ့် အဲဒီကားအတွက် ကုန်ကျရတဲ့ငွေက ခြောက်သန်းတောင် ကျော်သေးတယ်လေ"

"အဲဒါ ဘာဖြစ်သလဲ၊ ဒီနှစ်ထဲမှာ ဒီကားဟာ ဝင်ငွေ အကောင်းဆုံးကား ဖြစ်ကြောင်း သတင်းစုံဂျာနယ်က ရေးနေတာပဲ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကုန်ထားတဲ့ငွေ ပြန်ရဖို့က နောက်ထပ် နှစ်သန်းခွဲလောက် လိုနေသေးတယ်။ ကုမ္ပဏီရဲ့ ကံကြမ္မာဟာလည်း ဒီအပေါ်မှာ တည်နေတယ်။ ဒီကားအတွက် ကုန်ကျငွေ ဒါလောက် ရှိကြောင်းကိုလည်း အပြင်ကို မပေါက်ကြားရအောင် ဝိုင်းဖုံးပေးနေကြရတယ်။

ရုပ်ရှင်ကားတစ်ကားအတွက် ဒါလောက် ငွေကုန်ကြေးကျခံပြီး ရိုက်တယ်ဆိုတာ ဘယ်သူမှ မကြားဖူးသေးဘူး။ ဒီသတင်းတွေ အပြင်ပေါက်ကြားကုန်မှာလည်း ဆရာကြီးက သိပ်စိုးရိမ်နေတာ၊ သတင်း ပေါက်ကြားသွားရင် အစုရှင်တွေက အရေးပေါ် အစည်းအဝေး ခေါ်ကြလိမ့်မယ်။ ရုပ်ရှင် တစ်ကားအတွက် ဘာဖြစ်လို့ ဒီလောက် ငွေအကုန်ခံရတာလဲ ဆိုပြီး ဝေဖန်ကြလိမ့်မယ်။ ဆရာကြီးကိုလည်း ကုမ္ပဏီရဲ့ ဥက္ကဋ္ဌအဖြစ်ကနေ ဖြုတ်ချပစ်လိမ့်မယ်။ မင်းရဲ့ ပထမကား ရှုံးတာက ဒါလောက် မဟုတ်သေးဘူး။

ဒါပေမယ့်၊ နောက်ဆုံးကားက အရင်းအနှီး သိပ်များလွန်းတယ်။ ခြောက်သန်းကုန်အောင် ဘယ်ရုပ်ရှင်ကားမှ မရိုက်ဖူးသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကားရိုက်တဲ့အချိန်တုန်းက ကျွန်မ တုပ်ကွေးဖြစ်နေတယ်လေ။ ဖျားနေတဲ့အချိန် ဘယ်လိုလူမှ အလုပ်လုပ်နိုင်မှာ မဟုတ်ဘူး"

"နီလီ၊ မင်း အိပ်ဆေးတွေ အလွန်အကျွံ သောက်ပြီး ဆယ်ရက်လောက် ပျောက်နေခဲ့တာပါ"

"အဲဒီ အချိန်မှာပဲ ကျွန်မ တုပ်ကွေးဖြစ်တာပဲ"

"အဲဒီကားက ကိုယ်ရိုက်ခဲ့တဲ့ကားတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဘာတွေဖြစ်ခဲ့တယ် ဆိုတာ ကိုယ် သိပါတယ်။ မင်းဟာ အရက်တွေ နင်းကန်သောက်၊ အစားတွေကို စည်းမဲ့ကမ်းမဲ့ နင်းကန်စားပြီး မင်း ဖျားသွားတာပါ။ မင်း ပြန်ပြီး နေကောင်းလာပြန်တော့လည်း မင်း ကိုယ်လုံးကြီးက ဝလာလို့ ပြန်ပိန်သွားအောင် သုံးပတ်လောက် ကားမရိုက်နိုင်ဘဲ ဖြစ်ခဲ့ရသေးတယ် မဟုတ်လား။ ဒါတောင်မှ မင်း ကိုယ်အလေးချိန်က ဆယ်ပေါင်လောက် ပိုနေပြီး အဝတ်အစားတွေ အားလုံးကို အသစ် ပြန်ချုပ်ခဲ့ကြရတာပဲ"

"ဟုတ်ပါပြီလေ၊ အဲဒီ အချိန်တုန်းက ကျွန်မ စိတ်သိပ်ထိခိုက်နေတဲ့အချိန်ပဲ။ ကျွန်မ ယောကျ်ားနဲ့လည်း ကွာရှင်းလိုက်ရတယ်။ ကျွန်မနဲ့ တွဲလို့ရတဲ့ ဓာတ်ပုံဆရာ ဆင်မ်ဘန်းစ်ကလည်း ဖျားနေတယ်။ ဆင်မ်ဘန်းစ် မရှိဘဲနဲ့တော့ ကျွန်မ ကားမရိုက်နိုင်ဘူး။ ကျွန်မ ကိုယ်အလေးချိန် ဆယ်ပေါင် ပိုနေတယ် ဆိုတာလည်း မဟုတ်ပါဘူး၊ ကိုးဆယ့်ရှစ်ပေါင်ပဲ ရှိတာပါ။

ဒါပေမယ့်၊ ချုပ်ပေးထားတဲ့ အဝတ်အစားတွေက အသုံးမကျတော့ ကျွန်မ ကိုယ်လုံးကြီး ဝနေတယ်လို့ ထင်ကြရတော့တာပေါ့။ နောက် တစ်ခုကလည်း ရှိသေးတယ်၊ ကျွန်မ အတွက် အဝတ်အစား ပုံစံထုတ်ပေးဖို့ လူသစ် တစ်ယောက်ကို သူတို့ ခန့်ခဲ့ကြတယ်။ သူ ပုံစံထုတ်ပေးတဲ့ အဝတ်အစားတွေက အလကားဟာတွေ၊ တကယ်ဆိုရင် ဒါမျိုးကို ဘယ်တုံးကမှ ဝတ်ခွင့်မပေးဘူး"

"အယ်လင်စမောဟာ အဝတ်အစားပုံစံအတွက် အကယ်ဒမီဆု ကိုးဆုတောင် ရထားတဲ့ အမျိုးသမီးပါကွာ"

"သူဟာသူ အကယ်ဒမီ ရချင်လို့ ရနေတာပဲ၊ ကျွန်မကတော့ သူ ချုပ်ပေးတာကို မဝတ်နိုင်ဘူး"

"နီလီ၊ မင်းကို ကိုယ်ခင်ပါတယ်။ သဘောလည်း ကျပါတယ်။ ဒါကြောင့်လည်း ဆရာကြီးနဲ့ သွားပြောနေမယ့်အစား မင်းနဲ့လာပြီး ပြောနေတာပေါ့။ ဒီနေ့ ဖြစ်ရတာကိုလည်း မင်း စိတ်ကောက်ပြီး ထွက်သွားလို့ ရိုက်လက်စတန်းလန်းတွေ ရပ်ပစ်လိုက်ရတယ် ဆိုတာမျိုး မဖြစ်စေရပါဘူး။

ဒီကနေ့ ကားရိုက်သိမ်းတာ စောတဲ့ အကြောင်း သူ ကြားသွားရင်လည်း ကိုယ် ကြည့်ဖြေရှင်းပါ့မယ်။ ဒီကနေ့ ရိုက်ရမယ့် အခန်းတွေ ကိုယ်တို့ ထင်ထားတာထက် စောပြီးသွားလို့၊ နောက်အခန်းကို ဆက်ရိုက်ဖို့ကလည်း ပြင်ဆင်ချိန် မလုံမလောက် ဖြစ်နေလို့ စောစောပဲ သိမ်းလိုက်တယ်လို့ ကိုယ် ပြောပါ့မယ်။ ဒါပေမယ့် မင်း ဒီအတိုင်း လုပ်နေတာကို သူက ဘယ်လောက်ကြာအောင် သည်းခံနေမယ်လို့ မင်း ထင်သလဲ"

"ဘာကို ဒီအတိုင်း လုပ်နေတာလဲ"

"ရိုက်ကွင်းထဲက ထွက်သွားတာတွေ၊ စိတ်ကောက်သွားတာတွေ. . ."

"ကျွန်မလို လျှမ်းလျှမ်းတောက် အောင်မြင်ပြီးဖြစ်တဲ့ မင်းသမီးတစ်ယောက်အဖို့ ဒါလောက် ပင်ပန်းတကြီး အလုပ်လုပ်နေဖို့ မလိုဘူး၊ ဆရာကြီးတွေ ကြိုက်တာ မကြိုက်တာကိုလည်း ကျွန်မ ဂရုစိုက်နေစရာ အကြောင်း မရှိဘူး၊ အောင်မြင်တဲ့ မင်းသမီးတစ်လက် ဖြစ်လာပြီဆိုရင် ကျန်တဲ့လူတွေက သူ့ကိုပဲ အရိပ်တကြည့်ကြည့် နေရမယ်။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားရမယ်။ ဒီသင်ခန်းစာတွေကို ဟယ်လင်လော်ဆန်ဆီက ကျွန်မ ရခဲ့တယ်"

"ဟယ်လင်လော်ဆန်က ကြေးစားပဲ၊ မင်းက သူလို ကြေးစားဆန်တဲ့ အနုပညာသည်မှ မဟုတ်ဘဲ"

ဂျွန်စတိုက်ကလည်း နှုတ်လုံ့ပြန်ထိုးသည်။

"ဒီဆိုလိုရင်လည်း အဲဒီ ကြေးစား အနုပညာသည်မကြီး ဘယ်ရောက်သွားပြီလဲ"

"သူကသာ ကချင်သပဆိုရင် ဘရော့ဒ်ဝေး ဇာတ်ရုံတွေမှာ အချိန်မရွေး ပြန်ကလို့ရတယ်"

"ဘရော့ဒ်ဝေး ဇာတ်ရုံဆိုတာက ဘယ်လောက် အဆင့်အတန်း ရှိလို့လဲ၊ အဲဒီနေရာလောက်မှာပဲ သူ က,လို့ရမှာပေါ့"

"ဟုတ်ပါပြီလေ၊ ဒါကိုလည်း သူ သိပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါပေမယ့် ဟယ်လင်လော်ဆန်ဟာ ဇာတ်တိုက်ကြစို့ပေ့ါ ဆိုရင် သူ့ဘဝ တစ်လျှောက်လုံးမှာ ဘယ်တုံးကမှ တစ်စက္ကန့် နောက်မကျဖူးဘူး။ သူ့မှာ အသံမကောင်းတာ ကလေးတစ်ခုပဲ ပြောစရာရှိတယ်။

ဒါကိုလည်း သူသိတယ်၊ တခြား ကိစ္စတွေမှာ သူ နမော်နမဲ့ နေချင်နေမယ်၊ ဒါပေမယ့် အသံနဲ့ အလုပ်လုပ်စားနေရတဲ့အတွက် သူ့ဘဝကို ပျက်စီးသွားအောင်တော့ သူ မလုပ်ဘူး။ မင်းဟာ အင်မတန် ကြီးမားတဲ့ တီရစ္ဆာန်ကြီးတစ်ကောင် ဖြစ်သလိုတော့ သူက မဟုတ်ရှာဘူးပေါ့ကွာ၊ နီလီ. . ."

"တိရစ္ဆာန်ကြီး၊ ဟုတ်လား ရှင် . . . ရှင် ဘာစကား"

ဂွန်စတိုက်က အားပါးတရ ရယ်လိုက်သည်။ ပြီးတော့ နီလီ၏ နှာခေါင်းကို လိမ်ဆွဲရင်း ချိုချိုသာသာ ပြန်ပြောသည်။

"ဟုတ်ပါတယ်၊ မင်းဟာ တကယ် ကြီးမားတဲ့ တိရစ္ဆာန်ကြီးတစ်ကောင်ပါပဲ။ အောင်မြင်တဲ့ ရုပ်ရှင်အနုပညာရှင်တိုင်းဟာ ကြီးမားတဲ့ တိရစ္ဆာန်လိုချည်းပါပဲ။ ဒါပေမယ့် ဟယ်လင်လော်ဆန်ကတော့ သူ့ဟာသူ ကြိုးစားယူရတာပါ။ မင်းကတော့ ဒီလိုမဟုတ်ဘူး၊ မွေးကတည်းက ပါရမီအရင်းအမှာ ပါလာတယ်။ ဘာကိုမဆို မင်းက လေးလေးနက်နက် ခံစားတတ်တယ်"

ဂွန်စတိုက်က စကားကိုဖြတ်ပြီး ကိုယ်ကို ရှေ့သို့ကိုင်းကာ နီလီ၏ လက်နှစ်ဖက်ကို ဆွဲယူဆုပ်ကိုင်လိုက်သည်။

"နီလီ၊ သူတို့ဟာ မင်းနဲ့တူတာ မဟုတ်ပါဘူး။ မင်းလို မိန်းကလေးမျိုးကတော့ ရှားပါတယ်။ ဒါပေမယ့် ဒီကိစ္စဟာ သူတို့အဖို့ အနုပညာပြဿနာ မဟုတ်ဘူး၊ ပိုက်ဆံရဖို့ လုပ်နေကြတာ။ ကုမ္ပဏီရဲ့ အစုဝင်တွေဟာ အနုပညာပါရမီတို့ ဘာတို့ကို စိတ်ဝင်စားကြတာ မဟုတ်ဘူး၊ သူတို့ဝင်ငွေ ဘယ်လောက် ရမလဲ ဆိုတာကိုပဲ စိတ်ဝင်စားကြတာ။

အခုဆိုရင် ကိုယ်တို့ ဖြစ်နေတာကို ကြည့်ပါဦး ကလေးရယ်၊ သတ်မှတ်ထားတဲ့ ရက်ထက် ဆယ်ရက်လုံးလုံး နောက်ကျနေပြီ။ ဘယ်လိုပဲဖြစ်ဖြစ် မင်းကသာ ပူးပေါင်းကူညီမယ်ဆိုရင် သတ်မှတ်ထားတဲ့ရက်ထက် နောက်မကျအောင် ကိုယ်တို့ လုပ်လို့ ရပါတယ်။ ညကလပ် ရိုက်ကွင်းကို သုံးရက် ရိုက်မယ့်အစား တစ်ရက်တည်းနဲ့ပြီးအောင် ကိုယ်တို့ ရိုက်လို့ရပါတယ်။

မနက်ဖြန်ရိုက်ဖို့ ဆက်တင်တွေလည်း အားလုံး လုပ်ထားပြီးပြီ၊ လေးငါးညလောက် အပင်ပန်းခံလိုက်ကြရင် အားလုံး အဆင်ပြေသွားမှာပါ။ ကိုယ်တို့ လုပ်မယ်ဆိုရင် ဖြစ်နိုင်ပါတယ် နီလီ၊ သတ်မှတ်ထားတဲ့အချိန်မှာ ပြီးသွားနိုင်ပါတယ်"

နီလီသည် ခဏကြာအောင် ဇဝေဇဝါ ဖြစ်နေသည်။ ပြီးတော့ ဒါရိုက်တာကို တစ်ချက် ပြုံးပြလိုက်သည်။

"ကဲ ရှင့်ကို ကျွန်မ အရှုံးပေးလိုက်ပါပြီ၊ ရှင်ပြောတဲ့အတိုင်း လုပ်ပါတော့မယ်။ ရှင်ပြောသလိုပဲ ကျွန်မဟာ အင်မတန် ကြီးမားတဲ့ တိရစ္ဆာန်ကြီးတစ်ကောင်ဆိုတော့ ဘာမဆို သိနေတယ်။ အရင် ခုနစ်နှစ်လောက်တုန်းကများ တစ်စုံတစ်ယောက်က ကျွန်မကို ဒီလို စကားမျိုး ပြောခဲ့မယ်ဆိုရင် 'မှန်ပါတယ် ဆရာရယ်၊ မှန်ပါတယ် ဆရာရယ်၊မှန်ပါတယ် ဆရာရယ်' လို့ ခုန်ပေါက်ပြီး ပြောမိမှာပါပဲ။ ကျွန်မ မနားမနေ အလုပ်လုပ်ခဲ့ပါတယ်။ မခိုမကပ် လုပ်ခဲ့ပါတယ်။

ကျွန်မ ဘဝဟာ တစ်ဝက်လုံးလုံး သေနေရတဲ့ အဖြစ်မျိုးရောက်အောင် ကြိုးစားခဲ့ပါတယ်၊ ရုပ်ရှင်ကုမ္ပဏီရဲ့ အနာဂတ် အခြေအနေတွေ ကောင်းဖို့ကိုလည်း ကျွန်မ လုပ်ပေးခဲ့ပါတယ်"

"ဒါတင် ဘယ်ကမလဲ၊ မင်း ဒီလို ကြိုးစားခဲ့လို့လည်း မင်းဟာ လျှမ်းလျှမ်းတောက် အောင်မြင်တဲ့ မင်းသမီးတစ်လက် ဖြစ်လာတာပေါ့"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီလို လျှမ်းလျှမ်းတောက် ဖြစ်လာတဲ့အတွက် ကျွန်မမှာ ဘာအကျိုးကျေးဇူးများ ရှိသလဲ"

နီလီက ထိုနေရာတွင် စကားဖြတ်လိုက်ပြီး အခန်း၏ တစ်ဖက်ခြမ်းသို့ လျှောက်သွားသည်။ ပြီးတော့ ဖန်ခွက်တစ်လုံးထဲသို့ ဝီစကီကိုထည့်ရင်း လှည့်မေးသည်။

"တစ်ခုခု သောက်ဦးမလား"

"ဘီယာရှိရင်တော့ သောက်ချင်တယ်"

နီလီက ရေခဲသေတ္တာ ခပ်သေးသေးထဲမှ ဘီယာပုလင်းကိုယူပြီး ဖန်ခွက်ထဲသို့ ဖောက်ထည့်ပေးသည်။

"ဒီအရပ်မှာတော့ ဒီဘီယာ အကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆုံးပဲ။ ကျွန်မတော့ မသောက်ပါဘူး၊ ဘီယာသောက်ရင် ဝလာဦးမှာ မဟုတ်လား။ အိမ်မှာလည်း ရေကူးကန်တော့ ရှိပါရဲ့။ ဒါပေမယ့် ရေမကူးရဘူး၊ အသားညိုသွားမှာ စိုးလို့လေ။ ဆေးရောင်စုံရိုက်တော့ အရုပ်ဆိုးတယ်၊ ဗီရိုကြီးနှစ်လုံးနဲ့ အဝတ်အစားတွေလည်း အပြည့်အလျှံ ရှိပါရဲ့၊ ဒါတွေ ဝတ်နေဖို့ အချိန်လည်း မရှိဘူး၊ ဝတ်ကောင်းစားလှနှင့် သွားစရာ နေရာလည်း မရှိဘူး၊ ညတိုင်း အိမ်ပြန်ရတယ်။ နောက်တစ်နေ့ ရိုက်ရမယ့် အခန်းတွေအတွက် ဇာတ်ညွှန်းတွေကို လေ့လာရတယ်။ ပြောရမယ့် စကားလုံးတွေကို ကျက်ရတယ်။ ဂျွန်ဘာကြောင့်များ ဒီလို ဘဝမျိုး ရောက်ရပါလိမ့်နော်"

နီလီက ဂျွန်စတိုက်၏ ခြေရင်း ကြမ်းပြင်ပေါ်သို့ ဒူးထောက် ထိုင်ချလိုက်ရင်း ပြောသည်။

"မင်း အောင်မြင်မှု ရတာက သိပ်မြန်လွန်းတာကိုး"

ဂျွန်စတိုက်က နီလီ၏ခေါင်းမှ ဆံပင်များကို သပ်ပေးနေသည်။

"တကယ့်တကယ်ကျတော့ ဒါဟာလည်း အဖြေမှန် မဟုတ်သေးပါဘူးရှင်။ ကျွန်မ တစ်သက်လုံး အငြိမ့်က,နေခဲ့တာပဲ။ ကျွန်မဟာ မယ်ရွေးပွဲမှာ မယ်ဘွဲ့ရပြီး ရုပ်ရှင်လောကကို ရောက်လာသူ မဟုတ်ပါဘူး။ ရုပ်ရှင်ပညာနဲ့ ပတ်သက်ပြီး ကျွန်မကို ဘယ်သူကမှ သင်ပေးဖို့ မလိုခဲ့ပါဘူး။

ကျွန်မနဲ့ ရုပ်ရှင်ရိုက်ဖို့ တစ်ခါတည်း စာချုပ်ကြတာပါပဲ။ ဘာကြောင့်လဲဆိုတော့ ကျွန်မမှာ အနုပညာဗီဇ အနုပညာ ပါရမီ ရှိတယ် မဟုတ်လား၊ ကျွန်မကို သူတို့ သင်ပေးရတာ နည်းနည်းပါးပါးတော့ ရှိပါတယ်လေ။ ကျွန်မ ပိုပြီး က,တတ်လာတယ်၊ စာတွေဖတ်ဖို့ ဆရာကြီးကလည်း ကျွန်မကို ပြောတယ်။ ကိုယ့်တိုးတက်မှုကို ကိုယ်ရှာဖို့ပေါ့။

ဒါကြောင့် အခုဆိုရင် သတင်းစာဆရာတွေနဲ့ တွေ့တဲ့အခါမှာ အရင်တုန်းကလို ခပ်တုံးတုံးတော့ မဟုတ်တော့ဘူး။ ဒါကလည်း ကျွန်မရဲ့ ပင်ကိုဉာဏ်ထက်သန်လို့လို့ ဆိုနိုင်ပါတယ်။ တကယ်ကတော့ ကျွန်မအသက်ဟာ နှစ်ဆယ့်ငါးနှစ်ပဲ ရှိသေးတယ်။

ဒါပေမယ့် ကိုယ့်ဟာကိုယ် အသက်ကိုးဆယ်လောက် ရှိနေပြီလို့ ထင်နေတယ်။ အိမ်ထောင်နှစ်ခါ ကျခဲ့ရဖူးတယ်။

ဒါပေမယ့်၊ ကျွန်မဘဝကို သေသေချာချာ ကြည့်မယ်ဆိုရင် ဇာတ်ဝင်စကားတွေ ကျက်ရတာရယ်၊ သီချင်းတွေ ကျက်ရတာရယ်၊ ဇာတ်ဝင်ခန်းတွေအတိုင်း က,ရတာရယ်၊ ကိုယ်လုံးကြီးဝလာမှာစိုးလို့ အစားရှောင်ရတာရယ်၊ မစားဘဲ နေရတာရယ်၊ အိပ်ပျော်နိုင်ဖို့ အိပ်ဆေးတွေ သောက်ရတာရယ်၊ အိပ်ချင်စိတ်နည်းအောင် အိပ်ချင်ပြေဆေးတွေ သောက်ရတာရယ်။ အို. . . လူ့ဘဝကြီးမှာ ဒီအတိုင်းပဲ နေသွားရတော့မှာလားရှင်"

"မင်း အငြိမ့်က,နေရတုန်းကရော ပျော်သလား"

"မပျော်ပါဘူး၊ အဲဒီဘဝ အဲဒီပတ်ဝန်းကျင်ကိုလည်း ကျွန်မ မုန်းတယ်။ နေရထိုင်ရတဲ့ဘဝကလည်း အောက်တန်းကျလှတယ်။ ဒါပေမယ့်၊ ကောင်းတာလေးတစ်ခုတော့ ရှိပါရဲ့၊ ဘာလဲဆိုတော့ မျှော်လင့်ချက်ပဲ။ အငြိမ့်က,နေရတဲ့ဘဝက အောက်တန်းကျလွန်းတော့ ဒီထက်မြင့်တဲ့ ဘဝမျိုးကို တစ်နေ့နေ့မှာတော့ ရောက်လာရမှာပဲဆိုတဲ့ မျှော်လင့်ချက်ကလေး ထားနေရတာကတော့ ကောင်းပါတယ်။

ဒါပေမယ့်၊ အခုလို အောင်မြင်လာပြန်တော့လည်း ဒီအောင်မြင်တဲ့ဘဝမှာ ဖြစ်နေရတာကို ကြည့်ဦးလေ။ ဂီးဇ်. . .၊ စက်ရုပ်လို လှုပ်ရှားနေရတဲ့ဘဝကိုလည်း ကြည့်ဦးလေ"

"မေတ္တာမျှဝေပေးစရာ မင်းမှာ ကလေးတွေ ရနေပြီပဲကွာ။ အောင်မြင်တဲ့ ရုပ်ရှင်မင်းသမီးလည်း ဖြစ်နေပြီပဲ။ မင်းနဲ့ စိတ်သဘောထားချင်းတိုက်ဆိုင်ပြီး အသွင်တူတဲ့ယောကျ်ား တစ်ယောက်ယောက်ကိုလည်း မင်း ထပ်တွေ့နိုင်ပါသေးတယ်။

အဲဒီအချိန်ကျတော့လည်း မင်းအနေနဲ့ ဘာလုပ်မလဲဆိုတာ ဆုံးဖြတ်ရလိမ့်မယ်။ ပြည်သူချစ်တဲ့ အနုပညာသည် အဖြစ်နဲ့ နေမလား မင်းတစ်ကိုယ်တည်း စိတ်ချမ်းသာဖို့အတွက် ကိုယ်ပိုင်ဘဝကို တည်ထောင်မလား ဆိုတာပဲ။

အမှန်ကတော့၊ ပြည်သူချစ်တဲ့ အနုပညာသည်ဘဝမျိုးကို စွန့်လွှတ်ပြီး ယောကျ်ားတစ်ယောက်အတွက် ကိုယ့်ဘဝကို ဇောက်ချနေလိုက်ဖို့ဆိုတာ ထင်သလောက်တော့ လွယ်တဲ့အလုပ်မျိုး မဟုတ်ဘူး။ အခုလိုဘဝမျိုးကို မင်း ရောက်လာတဲ့ အချိန်မျိုးမှာ သာပြီး မလွယ်ဘူး။ မင်းမှာ ရှိနေတဲ့ အနုပညာပါရမီ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပြည်သူက ချစ်နေတာကို စွန့်လွှတ်ပစ်လိုက်မှာလား ဆိုတာကို ချိန်ဆရတော့မယ်"

"မဟုတ်ဘူး၊ ဒီလိုလည်း မဟုတ်ဘူး။ ဒီအဖြစ်မျိုးမှာလည်း ကျွန်မ မပျော်ပိုက်နိုင်ဘူး။ ဘုရားသခင်ရဲ့ အလိုတော်အရ ကျွန်မမှာ အနုပညာပါရမီဓာတ်ခံ ပါခဲ့တယ်။ ဒီ အနုပညာပါရမီနဲ့ ပြည်သူတွေကို အလုပ်အကျွေးပြုတယ်။

ဒီလိုနဲ့ပဲ ဘဝဟာ အဆုံးသတ်ရတော့မှာလား။ ပျော်ရွှင်ချမ်းမြေ့မှု ဘာမှ မရှိဘဲ လူ့လောကကြီးကနေ ထွက်ခွာသွားရတော့မှာလား၊ စိတ်ရှုပ်ပါတယ်လေ။ ကျွန်မလည်း ရူးနေပြီလား မသိတော့ပါဘူး။ ဒေါက်တာ မစ်ချယ်ကိုတော့ ဒီအကြောင်းတွေ ပြောပြဦးမှ ဖြစ်မှာပါ"

"မင်းရဲ့ စိတ်ရောဂါအထူးကု ဆရာဝန်လား"

နီလီက ခေါင်းညိတ်ပြသည်။

"အမှန်ကတော့၊ စိတ်ရောဂါ အထူးကု ဆရာဝန်နဲ့ ကုနေဖို့လည်း မလိုပါဘူး။ ဒီလို စိတ်မျိုး ရှိတာဟာလည်း တစ်နည်းအားဖြင့် ရူးနေတာပဲလို့ ဆိုနိုင်မလား မသိဘူး။ ဒေါက်တာမစ်ချယ်ဟာ တက်ရဲ့ စိတ်ရောဂါအထူးကု ဆရာဝန်လေ။ ကဲ- ကျွန်မ ကြုံနေရတဲ့ဘဝကို စဉ်းစားကြည့်ပါဦး။ အမှန်ကတော့ ဒီကမ္ဘာပေါ်မှာရှိနေတဲ့ အမျိုးသမီးတွေထဲမှာ ကျွန်မရဲ့ စိတ်ဟာ ပုံမှန်အနေအထားမှာ အရှိဆုံး။

ဒါပေမယ့်၊ နောက်ဆုံးကျတော့ စိတ်ရောဂါ အထူးကုတဲ့ ဆရာဝန်နဲ့ပဲ ဇာတ်သိမ်းရတော့တယ်။ တက်နဲ့ အဆင်မပြေတိုင်း သူ့ဆီပြေးရတယ်။ အစကတော့ တက်နဲ့ အဆင်ပြေဖို့ပါပဲ။

ဒါပေမယ့်၊ တဖြည်းဖြည်း သူ့ရဲ့ အကုအသကိုခံယူရင်း ကျွန်မရဲ့ အတိတ်ဘဝအကြောင်းတွေကို ဖော်ထုတ်လာတယ်။ တက်နဲ့ အဆင်မပြေရတာဟာ ကျွန်မကြောင့်ပေါ့လေ။ မဟုတ်တာတွေကို တက် လုပ်နေတာဟာလည်း ကျွန်မရဲ့စိတ်က ပုံမှန်အနေအထားမှာ မရှိလို့ ဆိုတာမျိုးတွေ ဖြစ်လာတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မကတော့ သူနဲ့ပဲ ဆက်ပြီး အကုအသ ခံနေရတော့တယ်။ ကျွန်မအကြောင်းကိုလည်း ကျွန်မ ပိုသိလာတယ်။ မိခင်ရဲ့မေတ္တာကို ကျွန်မ မရခဲ့ဘူးတဲ့အကြောင်း ဘယ်တုန်းကမှ မသိခဲ့ဖူးဘူး။

ဒါကြောင့် ကျွန်မ ပြည်သူ့အသည်းစွဲ မင်းသမီး တစ်ယောက် ဖြစ်နေဖို့ အတွက် ပြည်သူတွေရဲ့မေတ္တာကို ရနေဖို့ လိုတယ်လို့ ဒေါက်တာမစ်ချယ်က ပြောတယ်"

"အလကားစကားတွေပါကွာ၊ မိဘတွေရဲ့မေတ္တာကို ဟုတ်တိပတ်တိ မရခဲ့ဘဲ ပြည်သူချစ်တဲ့ အနုပညာသည် ဖြစ်နေကြတဲ့လူတွေ အများကြီးပါ။ အဲဒီလို ဘဝမျိုးကို နှစ်သက်ကျေနပ်နေတဲ့ အနုပညာသည်တွေ အများကြီးပါ။

မင်းဟာ အောင်မြင်တဲ့ အနုပညာသည် တစ်ယောက် ဖြစ်လာခဲ့တယ်။ ဘာကြောင့်လဲ။ မင်းမှာ ပါရမီ ပါလာလို့ပဲ။ မိခင်ရဲ့ မေတ္တာကို ရတာ မရတာနဲ့ မဆိုင်ဘူး။ မရောင်ရာ ဆေးလူးတတ်တဲ့ အဲဒီလို ဆရာဝန်မျိုးတွေကိုတော့ ကိုယ် စိတ်အကုန်ဆုံးပဲ။

မင်းအမေဟာ မင်းနဲ့ ငယ်ငယ်ကတည်းက ကွဲခဲ့ရတယ်။ မင်း ဒီလိုဘဝမျိုး ရောက်လာအောင် မင်းအမေက တမင် စွန့်ပစ်သွားတာလား နီလီ။ ပြန်စဉ်းစားကြည့်စမ်း၊ သူ့ဟာသူဖြစ်ချင်လို့ ဖြစ်လာကြတာပဲ။ စိတ်ရောဂါဆရာဝန်တွေကို ခေါက်ထားလိုက်စမ်းပါ။ ကိုယ့်လမ်း ကိုယ်လျှောက်ပါ"

"ဒါပေမယ့် ဂျွန်၊ ကျွန်မရဲ့ အာရုံကြောတွေဟာ ပျက်စီးနေပြီ။ ကျွန်မဟာ အာရုံကြောပျက်စီးတဲ့ ရောဂါရှင်တစ်ယောက်ပါ"

"အဲဒီတော့ကော ဘာဖြစ်သလဲ။ မင်းရဲ့ အာရုံကြောတွေ ပျက်စီးနေကြလို့ မင်းဟာ လျှမ်းလျှမ်းတောက်တဲ့ အနုပညာသည်ဘဝကို ရောက်လာတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ဒီရောဂါပျောက်အောင် သူက ကုပေးလိုက်ရင် မင်း အောင်မြင်တဲ့ အနုပညာသည် ဖြစ်ချင်မှ ဖြစ်တော့မှာ။ ကိုယ်ကတော့ ကိုယ့်လမ်းကိုယ် လျှောက်တယ်၊ ကိုယ့်ခံယူချက်နဲ့ကိုယ် နေတယ်။

အဲဒီလို ဆရာဝန်မျိုးတွေနဲ့ ငွေကုန်ခံပြီး ကုမနေတော့ဘူး။ မင်းအမေက မချစ်လို့၊ မင်းအဖေက မချစ်လို့ မင်း ဒီလိုရောဂါမျိုး ခံစားနေရတာပါ ဆိုတာမျိုးတွေကို အယုံအကြည်မရှိဘူး။ ကိုယ့်အဖေဟာ အသက် ရှစ်ဆယ်ရှိနေပြီ၊ ဆရာဝန်တွေက ဒီလိုပြောလို့ ကိုယ့်အဖေကို သွားပြီး ရန်ထောင်ရမှာလား။

ဒီမှာ နီလီ၊ ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ အဲဒါတွေက လွန်ခဲ့ပြီ။ မနေ့က ဖြစ်ခဲ့တာတွေ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ မျက်မှောက်ပြုရမှာက အခုရောက်နေတဲ့ ဒီကနေ့ အကြောင်းနဲ့ နောက်ထပ်ရောက်လာဦးမယ့် မနက်ဖြန်အကြောင်းပဲ ဖြစ်ရမယ်။ ဒီကနေ့နဲ့ မနက်ဖြန်သာလျှင် တန်ဖိုးရှိတယ်"

နီလီက သက်ပြင်းရှိုက်လိုက်သည်။

"ရှင်ပြောနေတာဟာ စကားအဖြစ်နဲ့တော့ လွယ်တာပေါ့လေ။ ဒါပေမယ့် တစ်ညလုံး အဖော်မရှိဘဲနဲ့ နေကြည့်စမ်းပါ။

အောင်မယ်လေး. . . ညပေါင်းများစွာကြာလာတဲ့အခါမှာ မလွယ်ဘူးနော်။ ဒီအခါမှာ စကားပြောဖော် တစ်ယောက်ယောက်တော့ ရှိမှဆိုတဲ့စိတ်မျိုး ပေါ်လာတာပဲ။

ဒါကြောင့် စိတ်ရောဂါအထူးကုဆရာဝန်နဲ့ ကျွန်မ တွေ့နေရတာပေါ့။ သူနဲ့ စကားပြောနိုင်တယ်။သူက ကိုယ့်ကို အကူအညီပေးနိုင်တယ်။ ကျွန်မ ယုံကြည် စိတ်ချနိုင်တဲ့လူဆိုလို့ ဆရာဝန်တစ်ယောက်ပဲ ရှိတော့တာပါ"

"ကောင်းပါပြီလေ၊ ဒီလိုဆိုရင်လည်း ဒီနေ့ည သူနဲ့တွေ့လိုက်ဦးပေါ့။ ဒါပေမယ့် နီလီ ကိုယ့်ကိစ္စကိုလည်း ကိုယ်လုပ်ပါဦး၊ အဝတ်အစားတွေ အကြောင်းကို မေ့ပစ်လိုက်ပါ။ မနက်ဖြန်ညကျရင် ညကလပ်အခန်းကို ရိုက်ကြရအောင်၊ သီချင်းတွေနဲ့ စကားလုံးတွေကို လေ့လာထားပါ။ ဒီကားကို အချိန်မီပြီးအောင် ကိုယ်တို့ ရိုက်လိုက်ကြရအောင်"

ဂျွန်စတိုက်က ထိုင်ရာမှထရင်း ပြောသည်။ နီလီက မျက်လုံးများ ကျဉ်းသွားသည်အထိ မျက်မှောင်ကုတ်လိုက်သည်။

"ဩော်- ဒီလောက်တောင် ကြီးကြီးကျယ်ကျယ် စကားပြောနေရတာဟာ ဒီကိစ္စကိုး။ ကျွန်မကို အသေသတ်ဖို့ ဖျားရည်နဲ့ ဝမ်းချတာပေါ့လေ"

ဂျွန်စတိုက်က ဖန်ခွက်ကို စားပွဲပေါ် သို့ ဆောင့်တင်လိုက်သည်။

"စိတ်ရောဂါ အထူးကုဆရာဝန် အကူအသခံဖို့ လိုတယ်လို့ မင်းပြောတာလည်း မှန်မှာပဲ။ ဒီလုပ်ငန်းကြောင့် မင်း ဒီလို ဖြစ်နေတာလား။ လူတိုင်းလူတိုင်း အပေါ်မှာ မင်း မယုံသင်္ကာ ဖြစ်နေပြီလား။ ဒီမှာ နီလီ၊ အဖေတစ်ယောက် သဘောမျိုးနဲ့ မင်းကို ကိုယ်ပြောနေတာ၊ ဘာကြောင့်လဲဆိုတော့ မင်းကို ဂရုစိုက်မိလို့၊ မင်းရဲ့ အနုပညာပါရမီတွေ ဗိုဇတွေ ခန်းခြောက်သွားတာကို မကြည့်နိုင်လို့ ပြောနေတာ"

"ဘယ်လိုလုပ်ပြီး ခန်းခြောက်သွားနိုင်မှာလဲ၊ ပုံမကျပန်းမကျ အဝတ်တွေကို ကျွန်မ မဝတ်တာနဲ့ဘဲ ဒီလိုဘဝမျိုးကို ရောက်သွားရရောတဲ့လား"

"ဒါကို ပြောနေတာ မဟုတ်ဘူး၊ ငွေတွေ သောက်သောက်လဲ မရှုံးအောင် ရုပ်ရှင်တစ်ကားကို မင်း ရိုက်မယ်ဆိုရင် ကမ္ဘာပေါ်မှာ ဘယ်အနုပညာ ပါရမီမျိုးကမှ ကယ်နိုင်တော့မှာ မဟုတ်ဘူး။ ဒီလုပ်ငန်းမျိုးထဲမှာ မင်းကို ဘယ်ပါရမီကမှ ကျားကန်ပေးထားနိုင်တော့မှာ မဟုတ်ဘူး"

"ကျွန်မရိုက်တဲ့ ရုပ်ရှင်ကားဟာ ဝင်ငွေအများဆုံးရတဲ့ကား မဟုတ်ဘူးလား။ စာရင်းကောက်ကြည့်လိုက်တော့လည်း ကျွန်မဟာ ဒီနှစ်ထဲမှာ နံပါတ်တစ် ဖြစ်နေတာပဲ မဟုတ်လား"

"နီလီ၊ သတင်းစာတွေ၊ မဂ္ဂဇင်းတွေက ဘာတွေပဲ ရေးနေနေ ကုမ္ပဏီပိုင်ရှင်တွေက ဂရုစိုက်နေကြတာ မဟုတ်ဘူး။ ရုပ်ရှင်ကားကြီးက မိုးပျံအောင် ကောင်းနေပေမယ့် သူတို့အတွက် ငွေကောင်းကောင်း မရရင် ကျေနပ်ကြလိမ့်မယ်လို့ မင်းထင်နေသလား"

"သူတို့ အရှုံးပေါ်နေတယ်ဆိုတာ ကျွန်မတော့ မယုံပါဘူး။ သူတို့ ကြောက်နေတာက ရုပ်မြင်သံကြားပါ။ ဒါကြောင့် သူတို့ ကုမ္ပဏီကြီးတစ်ခုလုံး ရှုံးချင်တိုင်း ရှုံးနေတာကို ကျွန်မရဲ့ကားတွေနဲ့ ထေမိအောင် ပြန်လုပ်နေကြတာ မဟုတ်ဘူးလား။

ဒီမှာ ဂျွန်၊ ကျွန်မက သွက်သွက်လည်အောင် ရှုမတတ် အလုပ်တွေကို နင်းကန်လုပ်နေရတယ်။ ဒီလို လုပ်ပေးတဲ့အတွက် ကုမ္ပဏီဥက္ကဋ္ဌကြီးက သူ့စံရာ နန်းတော်ကြီးထဲမှာပဲဖြစ်ဖြစ်၊ ပင်လယ်ကမ်းခြေက အနားယူစံအိမ်တော်မှာပဲဖြစ်ဖြစ် သူ့စိတ်တိုင်းကျ ဇိမ်ခံနိုင်နေတယ်။

မင်းသမီးပေါက်စကလေးတွေကို သူထင်တိုင်း ခြေတော်တင်နေနိုင်တယ်။ သူ ဒီလိုနေနိုင်အောင် ဘယ်သူက လုပ်ပေးနေတာလဲ၊ ကျွန်မက လုပ်ပေးနေတာ မဟုတ်ဘူးလား၊ ကျွန်မရဲ့ အနုပညာပါရမီကြောင့် သူ ဒီလို နေနိုင်နေတာ မဟုတ်ဘူးလား"

"နီလီ၊ မနှစ်တုန်းက ငွေအရင်းအနှီးနည်းနည်းကလေးနဲ့ ကားသုံးကား ရိုက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အောင်မြင်ကျော်ကြားနေတဲ့ မင်းသား မင်းသမီးတွေလည်း မပါဘူး။ ဒါပေမယ့် မင်းရဲ့ နောက်ဆုံးကား နှစ်ကားထက် ပိုပြီး အမြတ် များခဲ့တယ်။ ကားတစ်ကားရဲ့ ကုန်ကျစရိတ် ဟာ ဒေါ်လာရှစ်သိန်းပဲ ရှိတယ်။

ဒါပေမယ့်၊ ဝင်ငွေက လေးသန်းအထိ ရှိခဲ့တယ်။ မင်းရဲ့ ကားတွေက ရှုံးနေတယ် ဆိုတာ မင်း မယုံရင် မင်းရဲ့ ကိုယ်စားလှယ်ကို မေးကြည့်ပေတော့"

"သူတို့ကို ဘယ်သူက ယုံနိုင်မှာလဲ၊ သူ တို့ဟာ အမြတ်မီး ရုပ်ရှင်ကုမ္ပဏီတွေဘက်က နေတဲ့လူတွေပဲ။ နောက်ထပ် မင်းသား၊ မင်း သမီးတွေဆီက သူတို့ စားပေါက်ထွင်နေကြ တာချည်းပဲ မဟုတ်လား။ ဒါကြောင့် ကုမ္ပဏီ တွေနဲ့ ပလဲန်ပသင့်အောင် သူတို့ ပေါင်းနေကြ တာ"

"ဒီလိုဆိုရင် ကိုယ့်ကိုယုံပါ၊ ကြိုးစား ကြည့်စမ်းပါဦး"

"ကောင်းပြီလေ၊ ရှင့်ကို ဂျွန်မ ယုံလိုက် ပါမယ်။ ဒီလိုဆိုရင် ပုံပန်းပျက်နေတဲ့ အဝတ် အစားကြီးတွေနဲ့ မနက်ဖြန်ကျတော့ ဂျွန်မ ရုပ်ရှင်ဆက်ရိုက်ပေးရရော မဟုတ်လား"

"နီလီ၊ အဲဒီ အဝတ်အစားနဲ့ မင်း သိပ် လိုက်ပါတယ်"

"တော်စမ်းပါ၊ ပုံကို မလာဘူး"

နီလီက သူ့ဖန်ခွက်ထဲသို့ အရက် ထပ် ထည့်သည်။

"မဟုတ်သေးပါဘူး၊ မင်းက တက်ကာ ဇာဘလင်ကာ ပုံစံထုတ်ပေးတဲ့ အဝတ်အစား ကိုသာ လိုချင်နေတာပါ။ တခြား ဘယ်သူက ပုံစံထုတ်ပေးပေး မင်း ကျေနပ်နိုင်တော့မှာ မဟုတ်ဘူး။ ဒါပေမယ့် မင်း ဘယ်နည်းနဲ့မှ ရနိုင်တော့ပါဘူး"

"ဒီလိုလည်း မဟုတ်ပါဘူး ဂျွန်ရယ်၊ ရှင် လည်း ဒေါက်တာ မစ်ချယ်နဲ့ တူလာနေပြီ"

နီလီက မျက်လုံးများကို ပွတ်ရင်း ခပ် ဒွဲ့ဒွဲ့လေသံနှင့် ပြောသည်။

"ဒီလိုလား၊ သူ့ကို မင်း ယုံနေတာကိုး။ သူကလည်း မင်းကို ဒီအတိုင်းပဲ ပြောတယ် ထင်ပါရဲ့"

"ကဲ ထားလိုက်ပါတော့လေ၊ ရှင်ပြော တာတွေ မှန်ပါတယ်"

နီလီက တစ်ချက်ပြုံးသည်။

"မင်း လိမ္မာပါတယ်ကွယ်၊ မနက်ဖြန်ကျ တော့ ဇာတ်ကား ဆက်ရိုက်မယ် မဟုတ်လား"

နီလီက ခေါင်းညိတ်ပြသည်။ ဂျွန်က သူ့ ပါးကိုနမ်းပြီး အခန်းအပြင်သို့ ထွက်ခွာသွား တော့သည်။

နီလီက အခန်းထဲမှာ ထိုင်ကျန်နေရစ်ခဲ့ ရင်း ဖန်ခွက်ထဲသို့ အရက် ထပ်ထည့်သည်။ ခြောက်နာရီ ထိုးတော့မည်။ ရိုက်ကွင်းထဲမှ ထွက်လာစဉ်က ဒေါက်တာ မစ်ချယ်ကို သူ ဖုန်းဆက်ခဲ့သေးသည်။ ညကိုးနာရီတွင် လာ တွေ့မည်ဖြစ်ကြောင်း ချိန်းခဲ့သည်။ ညကိုးနာရီ ကျမှ ဆရာဝန်နှင့် တွေ့ရမည်ဆိုလျှင် ည ဆယ်နာရီထိုးမှ ကိစ္စကပြီးမည်။

သို့ဆိုလျှင် ဆယ့်တစ်နာရီထိုးမှ အိမ်သို့ ပြန်ရောက်မည်။ညသန်းခေါင် အချိန်လောက် ကျမှ အိပ်ရာထဲသို့ ရောက်တော့မည်။ မနက် ဖြန် ရိုက်ရမည့် ညကလပ်အခန်းက ရှိသေး သည်။ ဇာတ်ဝင်စကားလုံးများကို ကျက်ရဦး မည်။ နီလီက ဒေါက်တာ မစ်ချယ်ထံသို့ ဖုန်း ဆက်ပြီး ချိန်းထားသည်ကို ဖျက်လိုက်သည်။ ပြီးတော့ အိမ်သို့ တန်းပြန်လာခဲ့သည်။

*

ခုတင်ပေါ်မှာ နီလီ ထိုင်နေသည်။ သူ့ ရှေ့တွင် ညစာ အသင့်ပြင်ထားသည်။ ဇာတ် ညွှန်းထဲမှ စကားလုံးများကို အလွတ်ကျက် သည်။ ပြန်ဆိုကြည့်သည်။ ဝီစကီအရက်ကို ဘာကြောင့်များ အချိန်စောစောစီးစီး သောက် ခဲ့မိပါလိမ့်။

ယခုတော့ စိတ်ကယောက်ကယက် ဖြစ် နေပြီ။ မှတ်ဉာဏ်မကောင်းတော့။ ယခုနေ အိပ်လိုက်လျှင် ကောင်းမည်။ မှန်ပါသည်။ ကိုး နာရီတွင် အိပ်လိုက်မည်။ မနက်ငါးနာရီမှာ ထမည်။ မနက်ငါးနာရီမှ ခုနစ်နာရီအထိ စကားလုံးများကို ကျက်မည်။ ရှစ်နာရီကြာ အောင် အိပ်လိုက်ရမည်ဆိုလျှင် ကောင်းကောင်း ကြည်လင်လန်းဆန်းသွားပေလိမ့်မည်။

ပြင်ထားသည့် ညစာများကို လုံးဝ မတို့ တော့ဘဲ ပြန်ယူသွားခိုင်းလိုက်သည်။ ထမင်း တစ်နပ်လောက်တော့ အငတ်ခံလိုက်ဦးမှ။ မနက်က ကိုယ်အလေးချိန် ချိန်ကြည့်တော့ တစ်ရာနှင့်သုံးပေါင် ရှိသည်ကို တွေ့ရသည်။

ပြီးတော့ ဗိုက်ထဲမှာ အစာ မရှိလျှင် အိပ်ဆေးများက ခပ်မြန်မြန် အစွမ်းပြတတ် ကြမြဲ ဖြစ်သည်။ အနီရောင်ဆေးနှစ်လုံးနှင့်

www.burmeseclassic.com

www.burmeseclassic.com



အဝါရောင်ဆေးတစ်လုံးကို ပါးစပ်ထဲသို့ ပစ်ထည့်လိုက်ပြီး ဝီစကီဖန်ခွက်တစ်ဝက် ထပ်ထည့်ကာ မျှောချလိုက်သည်။မူးနောက်နောက်ဖြစ်စ ပြုလာသည်။ ဝီစကီကို တဖြည်းဖြည်းသောက်ရင်း အိပ်ဆေးအစွမ်းပြမည့် အချိန်ကိုစောင့်နေလိုက်သည်။ အိပ်ဆေး အစွမ်းကတစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားကာ အိပ်ပျော်သွားပေလိမ့်မည်။

သို့သော်လည်း သူထင်သလို ဖြစ်မလာ။ မူးရိပ်မူးရိပ်သာ ဖြစ်နေသည်။ သည်လောက်နှင့်တော့လည်း မလုံလောက်သေး။ သူ ကောင်းကောင်း စဉ်းစားနိုင်သေးသည်။ စဉ်းစားနိုင်သေးသဖြင့် သူ တစ်ကိုယ်တည်း အထီးကျန်ဖြစ်နေရသည့် အကြောင်းများ ခေါင်းထဲမှာပေါ်လာသည်။

ပြီးတော့ တက်နှင့် ဟိုကောင်မလေးအကြောင်းကို စဉ်းစားသည်။ သူ့မှာတော့အဖော်မရှိ။ တစ်ကိုယ်တည်း ဖြစ်နေသည်။ ခပ်ငယ်ငယ် အငြိမ့်အဖွဲ့ထဲမှာတုန်းက အရပ်တကာသို့ လှည့်လည် ကနေခဲ့ရသည့်ဘဝနှင့်ဘာများ ထူးသေးသနည်း။ ဟိုတုန်းကလည်းသူတစ်ယောက်တည်း။ ဟိုတယ်ခန်းထဲရောက်တော့လည်း တစ်ယောက်တည်း။သူ့ကို အရေးတယူနှင့် ဂရုစိုက်မည့်သူ တစ်ယောက်မှ မရှိခဲ့။

ဇောချွေးများ ပြန်လာသည်။ လည်ပင်းနှင့် နောက်ကျောမှာ ချွေးများ စိုလာသည်။ တစ်ကိုယ်လုံး စေးထန်းထန်းကြီး ဖြစ်လာသည်ဟု ခံစားမိသည်။

ခုတင်ပေါ်မှ အောက်သို့ ဆင်းပြီး ကိုယ်ပေါ်မှ အဝတ်အစားများကို အသစ်လဲသည်။

ဒေါက်တာ မစ်ချယ် ပြောခဲ့သည်မှာ မှန်ပါပြီ။ တော်ရုံတန်ရုံ အိပ်ဆေးလောက်ကတော့ သူ့ကို မတိုးတော့။ အဝါရောင်ဆေးတစ်လုံး ထပ်သောက်ရလျှင် ကောင်းလေမည်လား။ မဖြစ်သေးပါ။ ထိုဆေးကိုသောက်လျှင် မနက်ဖြန် မနက်ကျတော့ အရက်နာကျသလိုဖြစ်နေလိမ့်မည်။

ဇာတ်ညွှန်းထဲက စာများကို အလွတ်ကျက်ရဦးမည်။ တစ်မနက်လုံး ရုပ်ရှင်ရိုက်နိုင်အောင် ယနေ့လည်း အစိမ်းရောင်ဆေး သုံးလုံးကို သောက်ခဲ့ရသည်။

ဖန်ခွက်ထဲသို့ ဝီစကီအပြည့် ထပ်ဖြည့်ထည့်သည်။ အနီရောင်ဆေးတစ်လုံးကို ထပ်သောက်ရလျှင် ကောင်းပေလိမ့်မည်။ မှန်ပါသည်။ ထိုဆေးက အစွမ်းပြမြန်သည်။

ခပ်မြန်မြန်ပင် ပါးစပ်ထဲသို့ ပစ်ထည့်လိုက်သည်။ အရက်ကိုတော့ တစ်ချီတည်းအကုန်သောက်ပစ်လိုက်လို့ မဖြစ်။ ဆေးစွမ်းပြသည့် အချိန်သို့ ရောက်သည်အထိ တစ်ငုံချင်းငုံနေရမည်။ စာဖတ်လိုက်လျှင် ကောင်းမည်။ စာဖတ်လျှင် အိပ်ချင်သည်။

အယ်နီ ပို့ပေးထားသည့် လိုင်ယွန်၏နောက်ထပ် စာအုပ်တစ်အုပ် ရှိနေသည်။ ထိုစာအုပ်ကလည်း အနုပညာအကြောင်း ရေးထားသည့်စာအုပ်ပင် ဖြစ်သည်။ စာရွက်များကို တစ်ရွက်ချင်း လှန်ကြည့်နေသည်။ စာအုပ်ဝေဖန်ခန်းများကတော့ အကောင်းဆုံး ဝေဖန်ရေးသားကြသည်။ သို့သော်လည်း စာအုပ်ကတော့ ရောင်းမစွံ။

မိမိနှင့် အတူတူ အယ်နီ ရှိနေလျှင်ဘယ်လောက်များ ကောင်းလိုက်မည်နည်းဟုရုတ်တရက် တွေးမိသည်။ သည်လို အခက်အခဲမျိုး ကြုံလျှင် ဘာလုပ်ရမည်ကို အယ်နီကအမြဲတမ်း တတ်သိနားလည်သည်။ ရုပ်မြင်သံကြားများတွင် အယ်နီမှာ အလွန်တရာအောင်မြင်နေသည်။

တစ်နည်းအားဖြင့်တော့လည်း ရုက်စရာ အကောင်းသား။ တကယ်လို့သာ သူမအောင်မြင်လျှင်လည်း တစ်ပတ်ကို ငွေနှစ်ရာလောက်ပေးပြီး မိမိ၏ ကိုယ်ရေးကိုယ်တာအတွင်းရေးမှူးအဖြစ် ခန့်ထားရလျှင် ဘယ်လောက် ကောင်းမည်နည်းဟုလည်း စဉ်းစားကြည့်မိသည်။

ဂီး၏. . . ၊ ဒါကလည်း စိတ်ကူးယဉ်အိပ်မက်ခြင်းသာ ဖြစ်ပေသည်။ အယ်နီ၏အလားအလာက သိပ်ကောင်းနေသည်။ ကြိုက်သည့်အချိန်တွင် ရုပ်မြင်သံကြားကိုဖွင့်၊ ဆံပင်ပုံဖော် ဆေးဖျန်းနေသည့် အယ်နီကိုသော် လည်းကောင်း၊ နှုတ်ခမ်းနီဆေးဆိုးနေသည့် အယ်နီကို လည်းကောင်း မမြင်ရသည့်အချိန်ဟူ၍ မရှိ။

သို့သော်လည်း ထိုအလုပ်မျိုးကို အယ်နီဘာကြောင့် လုပ်နေရသနည်း။ အယ်နီနှင့်ဂေးလ်မိုးတို့ မေတ္တာမျှနေကြသည့်အကြောင်းကောလာဟလ ပြောသံကို ကြားမိသည်။

သို့သော်လည်း အယ်နီက ထိုသို့သောအစားထဲကတော့ မဟုတ်။ သူ့ငွေနဲ့ မေတ္တာရှိရုံနှင့် အလုပ် မလုပ်တော့ဘဲ မှီခိုစားသောက်

www.burmeseclassic.com

www.burmeseclassic.com



မည့် အမျိုးသမီး မဟုတ်။ ဂျနီဖာနှင့်တော့ တခြားစီ ဖြစ်သည်။

ဟောလီးဝုဒ်မှ ရုပ်ရှင်သမားတွေက ဂျနီဖာကို ကမ်းလှမ်းနေကြသည်ဟု ကြားရသည်။ သို့သော်လည်း ဂျနီဖာ အားလုံးကို လက်ခါပစ်လိုက်သည်။

ဂျနီဖာလို အမျိုးသမီးက ဟောလီးဝုဒ်ကို လက်ခါပစ်လိုက်သတဲ့။ တွေးစရာ ဖြစ်နေသည်။ ပြင်သစ်ပြည်မှာ ဂျနီဖာ ရိုက်နေသည့် ရုပ်ရှင်ကားများကို လူကြိုက်များနေသည်။

သည်လိုကားမျိုးကို ဟောလီးဝုဒ်ကသာ ရိုက်ထုတ်မည်ဆိုလျှင် ညစ်ညမ်းသည့် ကားများဟု ပြောကြပေလိမ့်မည်။ သည်မှာကတော့ စည်းနှင့်ကမ်းနှင့်၊ စိတ်ခတ်ရေးရာ ထိန်းသိမ်းမှုနှင့်၊ တိုနန့်နန့်ကလေးတွေကို မပေါ့တပေါ် မရိုက်ရ။ အရှုးအမူး မနမ်းရ။ ဘာမလုပ်ရ ညာမလုပ်ရ။ စောင့်ထိန်းရသည့် သီလတွေက များလွန်းလှသည်။

သို့ကလို ရုပ်ရှင်သီလတွေ၊ စည်းကမ်းတွေ တင်းကျပ်လွန်းလှသော ဟောလီးဝုဒ်က သူတို့အတွက် သရုပ်ဆောင်ပေးရန် ဂျနီဖာကို ဒူးထောက် တောင်းပန်နေကြသတဲ့။

ဂျနီဖာ၏ တင်ကြီးကြီး၊ ရင်ကြီးကြီးများကို သူတို့က ဖုံးဖုံးဖိဖိလုပ်ပြီး ရိုက်ကြမတဲ့။ ပြီးတော့ ထိပ်တန်း မင်းသမီးများကိုပေးသည့် အခကြေးငွေအတိုင်း ပေးကြမည်တဲ့။ ရင်အပြကောင်း၊တင်အပြကောင်းသည့်အတွက် ထိုမျှ ရက်ရောနေကြသည်ထင့်။

အရက်ကို ဖြည်းဖြည်းချင်း ငုံပြီး သောက်နေမိသည်။ အခု အချိန်အထိ အိပ်ချင်စိတ် မပေါ်သေး။ အရက်မူးလာခြင်းသာ အဖတ်တင်သည်။ ဆာလည်း ဆာလာသည်။ ညစာ မစားခဲ့သည်ကို ပြန်သတိရသည်။ ညစာများကို ပြန်ယူမသွားခိုင်းမိလျှင် အကောင်းသားဟု တွေးမိသည်။ ရေခဲသေတ္တာထဲမှာတော့ ငါးဥ ရှိသည်။ ဒါကို စားလို့လည်း မဖြစ်သေး။ ငါးဥကို ကြိုက်တတ်အောင် တက်က သူ့ကို သင်ပေးခဲ့ခြင်း ဖြစ်သည်။

ယခုတော့ ပိုဝလာပြီး အဝတ်အစားတွေကလည်း ကျပ်လာသည်။ ထို့ကြောင့် အစားအသောက်ကို ကြိုးစားပြီး ရှောင်ခဲ့သည်။ ယခုတော့ အရက်ရှိန် ကောင်းကောင်း ရနေတုန်း တစ်ခုခု စားလိုက်ရလျှင် ကောင်းလေမည်လား။

သည်လိုဆိုပြန်တော့လည်း ဂျွန်စတိုက် အပေါ်မှာ မတရားရာကျပေတော့မည်။ ဂျွန်စတိုက်က မိမိအပေါ်တွင် ယနေ့ အများကြီး ကောင်းခဲ့သည်။ နေစာလှုံထားသဖြင့် ညိုစိမ့်စိမ့် ဖြစ်နေသော သူ့အသားနှင့် မျက်လုံးပြာများကို ယခင်က သတိ မထားမိခဲ့။ ရယ်စရာပင် ကောင်းသေးတော့သည်။ သူ့အသက်မှာ ငါးဆယ်ဝန်းကျင်လောက်တော့ ရှိရော့မည်။ သို့သော် ဂျွန်က လူချောလူခန့်ကြီး။

လူချောလူခန့်ကြီး ဂျွန်စတိုက် သည် နေရာမှာ ရောက်နေလျှင် မည်သို့ရှိမည်နည်း။ အလွန် ကောင်းပါလိမ့်မည်။

ဂီး၌ . . .၊ သူကများ မိမိကို ပွေ့ဖက်ထားမည်ဆိုလျှင်၊ အို . . . မိမိ၏ဘဝမှာ လုံခြုံမှု ရသွားပြီဟု အတွေးရောက်နိုင်ပါလိမ့်မည်။

နာရီကို လှမ်းကြည့်သည်။ ဆယ်နာရီခွဲပြီ။ ဂျွန် လာမည်ဆိုလျှင်လည်း လာနိုင်သေးသည်။ ရုပ်ရှင်ရိုက်ဖို့ ကိစ္စအတွက် ဆွေးနွေးစရာရှိလို့ဟု သူ့မိန်းမကို အကြောင်းပြနိုင်သည်။ ဘာပဲဖြစ်ဖြစ် ယခုအချိန်တွင် မိမိအတွက် သူ ပူပင်သောကရောက်နေရသည်။

နီလီက ပြုံးလိုက်မိသည်။ မဖြစ်သေးပါဘူး။ ယနေ့ညလာဖို့တော့ သူ့ကို မခေါ်သင့်။ ဆံပင်မှာလည်း ဆံပင်သန်ဆေးတွေ လိမ်းထားပြီး ဖြစ်နေသည်။ မနက်ဖြန်ကျတော့ ကြိုးစားပမ်းစား အလုပ်လုပ်ပြမည်။ ပြီးလျှင် မိမိနှင့်အတူ ညကြီးစာ လိုက်စားရန်ခေါ်မည်။

ယခုအချိန်မှာ ဖုတ်ပူမီးတိုက်ကြီး ခေါ်လိုက်သည်နှင့်စာလျှင် ထိုအစီအစဉ်ကမှ ပိုကောင်းသည်။ မနက်ဖြန်ညကျတော့မှ မိမိ အိပ်ပျော်သွားသည်အထိ သူ့ကို ပွေ့ထားခိုင်းရမည်။ သူ့ကိုလည်း မကြာခဏ လာခိုင်းရမည်။ မိမိကလည်း သူ့ကို ကူညီရမည်။ သူဖြစ်စေချင်သလို ရုပ်ရှင်ကို သတ်မှတ်ထားသည့် အချိန်အတိုင်း ပြီးစီးအောင် ရိုက်ကူးပေးရမည်။ မိမိ ပါဝင် သရုပ်ဆောင်ရမည့်ကားတိုင်းကို သူသာလျှင် ဒါရိုက်တာ လုပ်ရမည်ဟုလည်း ကုမ္ပဏီကို တောင်းဆိုရမည်။ သူ့သားသမီးတွေကလည်း လူလားမြောက်ကုန်ကြပြီ ဖြစ်သည်။ ထို့ကြောင့် မိမိနှင့်သူ အချိန်ဖြုန်းနိုင်ရမည်။

ယခုအချိန်မှာ သူ့ကို ဖုန်းလှမ်းဆက်မည်။ ဇာတ်ညွှန်းကို မိမိ လေ့လာနေကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောပြရမည်။ သည်လို အစပျိုးပေးလိုက်ခြင်းက ပိုကောင်းမည်။ မိမိအကြောင်းကို သူ စဉ်းစားရင်း အိပ်ပျော်သွားပေလိမ့်မည်။ နီလီသည် တစ်ခေါ် တစ်မျှော်ကြီး တွေးနေမိသည်။

ရှပ်ရှင်ကုမ္ပဏီကို ဖုန်းလှမ်းဆက်ပြီး ဂျွန်၏ ဖုန်းနံပါတ်ကို မေးသည်။ သူ့နံပါတ်က တယ်လီဖုန်းအညွှန်းစာအုပ်ထဲတွင် မပါချေ။ နံပါတ် ရသောအခါ သူ့ဆီသို့ လှမ်းဆက်သည်။ အမျိုးသမီးတစ်ယောက်က ပြန်ထူးသည်။ နီလီက သူ့အသံကို ဗလုံးဗထွေး ဖြစ်အောင်လုပ်ပြီး ပြောသည်။

"အခု စကားပြောနေတာ မစ္စတာစတိုက်ရဲ့ဇနီးများလား"

"မဟုတ်ပါဘူးရှင်၊ ကျွန်မက ရှားလော့ပါ။ ဒီအိမ်က အမှုထမ်းတစ်ယောက်ပါ"

"ဩော်- မစ္စတာစတိုက် ရှိပါသလား"

"မရှိပါဘူးရှင်၊ သူတို့မိသားစု အပြင်သွားကြပါတယ်။ ကျွန်မ ဘာပြောပြလိုက်ရမလဲ"

"နေပါစေ နေပါစေ၊ ဘာမှ မပြောပါနဲ့တော့"

နီလီက ဖုန်းပြန်ချလိုက်သည်။

သူ့ဇနီးနှင့်အတူတူ အပြင်ထွက်သွားသည်။ ဟိုတယ်တစ်ခုခု၏ စားသောက်ခန်းမှာ အတူတူထိုင်နေလိမ့်မည်။ မိမိအကြောင်းများကို သူ့ဇနီးအား ပြောပြနေလိမ့်မည်။

နီလီအိုဟာရာကို ယဉ်ပါးသွားအောင် သူ ဘယ်သို့ စည်းရုံးလိုက်ကြောင်း၊ ယခုဆို သူပြောသမျှကို မြေဝယ်မကျ နားထောင်တော့မည် ဖြစ်ကြောင်း၊ နီလီအိုဟာရာသည် အောင်မြင်ကျော်ကြားသည့် မင်းသမီးဖြစ်ကြောင်း၊

သို့သော်လည်း အဆန်မပါသည့် သကြန်အမြောက် ဖြစ်ကြောင်း၊ သေရမည်ကိုလည်း ကြောက်သည့် မိန်းကလေးတစ်ယောက် ဖြစ်ကြောင်းများကို ပြောနေပေလိမ့်မည်။

ထို စကားလုံးများအတိုင်း နီလီ၏ နားထဲမှာ ကြားယောင်လာသည်။

သည်လိုဆိုတော့လည်း အကြောင်းပြရသေးတာပေါ့။ နီလီအိုဟာရာကို မည်သို့သော လူမျိုးကမှ ချုပ်ကိုင်၍ မရကြောင်း နဂါးမှန်းသိအောင် အမောက်ထောင်ပြလိုက်ရသေးတာပေါ့။ မွေးလာတုန်းကတော့ အဆန်မပါသည့် သကြန်အမြောက် ဖြစ်ကောင်းဖြစ်မည်။

သို့သော်လည်း ယခုတော့ တစ်ကမ္ဘာလုံးမှာ လျှမ်းလျှမ်းတောက်နေသည့် မင်းသမီး မဟုတ်ပါလား။ သူကြိုက်သည့် အလုပ်မှန်သမျှ ဘာကိုမဆို လုပ်နိုင်သည့် နီလီအိုဟာရာ မဟုတ်ပါလား။

ခုတင်ပေါ်မှ ဆင်းခဲ့သည်။ လှေကားအတိုင်း ခြေဖျားထောက်ပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။

"ငါက ဘာဖြစ်လို့ ခြေဖျားကလေးထောက်ပြီး သွားနေရမှာလဲ၊ ဒါ ငါ့အိမ်ပဲ"

မီးဖိုထဲမှာ မည်သူမျှ မရှိ။ ရေခဲသေတ္တာထဲမှ ငါးဥဘူးကြီးကြီး တစ်လုံးကို ထုတ်ယူလိုက်သည်။

"နီလီရေ၊ တို့အကြောင်းကို ပြရသေးတာပေါ့"

နီလီက အသံကျယ်ကျယ်နှင့် အော်ပြောသည်။ ဇွန်းတစ်ချောင်းယူပြီး ဘူးထဲမှ ငါးဥများကို ခပ်စားသည်။ တစ်ဘူးလုံးကုန်အောင် စားပစ်သည်။

"ကဲ- ဘာဖြစ်ရဦးမှာလဲ။ နီလီ၊ မင်းကြိုက်ရာသာလုပ်၊ ဘာကိုမဆို မင်းထင်တာ မင်းလုပ်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ မင်းဟာ ထိတ်ထိတ်ကြဲမင်းသမီး မဟုတ်လား။ နောက်ပြီးတော့ မင်းဟာ အင်မတန်ကြီးမားတဲ့ ပါရမီရှင်၊ မင်းလိုချင်တာ ဘာမဆို ရနိုင်တယ်။ ငါးဥများ ရှိသေးသလား၊ ကြည့်ရအောင် ဘာကြောင့် မရှိရမှာလဲ။ မင်း ဝယ်ထားတာပဲ မဟုတ်လား"

ရေခဲသေတ္တာကိုမှီပြီး ရပ်နေရာမှ ဖွင့်ကြည့်သည်။ နောက်ထပ် ငါးဥဘူးတစ်ဘူးကို ဖွင့်သည်။

"အင်း- အပေါ်ထပ်ကိုလည်း ယူသွားဦးမှ၊ နောက်ပိုင်း ဆာနေရင် စားရအောင်။ နီလီ မင်းနဲ့ ပတ်သက်ပြီး မကောင်းတာဆိုလို့ ဘာတစ်ခုမှ မရှိပါဘူးကွယ်"

အရက်ပုလင်းများ ထည့်ထားသည့် နေရာမှ ဝီစကီ အသစ်တစ်လုံးကို သွားဆွဲသည်။ ပြီးတော့ အပေါ်ထပ်သို့ တက်ခဲ့သည်။ ဖန်ခွက်ထဲသို့ အရက်ထည့်ပြီး ရေချိုးခန်းထဲရှိ ဆေးဗီရိုဆီသို့ လျှောက်လာခဲ့သည်။

"ကဲ- ပြောစမ်း နီလီ၊ မင်း ဘာလိုချင်သလဲ၊ အနီရောင်လား၊ အဝါရောင်လား၊ အပြာရောင်လား၊ ဘာအရောင်နဲ့ ဆေးကို

www.burmeseclassic.com

www.burmeseclassic.com



သောက်ချင်တာလဲ။ မင်းကြိုက်တာ လုပ်နိုင်ပြီလေ”

အနီရောင် အိပ်ဆေးနှစ်လုံးကို မျိုချလိုက်ပြီး ခုတင်ဆီသို့ ပြန်လာခဲ့သည်။ ဖုန်းကို ကောက်ယူပြီး ခလုတ်ကို နှိပ်သည်။ ဘဏ္ဍာစိုးက ပြန်ထူးသည်။

“ဒီမှာ ငပြောတာနားထောင်စမ်း၊ မနက်စောစော ဘယ်ကဆက်တဲ့ တယ်လီဖုန်းကိုမှ လက်မခံနဲ့။ မနက်ဖြန်ကျရင် ရုပ်ရှင်ကုမ္ပဏီကို ဖုန်းလှမ်းဆက်ပါ။ သူတို့ကို ပြောလိုက်ပါ၊ မစ္စအိုဟာရာ အသံ . . . အသံဝင်နေတယ်လို့။

နောက်ပြီးတော့၊ ဘယ်သူ တယ်လီဖုန်းဆက်တာကိုမှ ကျွန်မ လက်ခံစကားပြောမှာ မဟုတ်ဘူး။ ကျွန်မ အိပ်မယ်၊ ပြီးတော့ စားမယ်၊ ပြီးတော့ အိပ်မယ်၊ ပြီးတော့ စားမယ်။ တစ်ပတ်လောက် ကြာချင်ကြာမယ်။မနက်ဖြန် ကျွန်မ အိပ်ရာကနိုးရင် ကိတ်မုန့်ကို ထောပတ်နဲ့ ကောင်းကောင်း တို့စားမယ်။ ထင်သလိုစား၊ ထင်သလိုသောက်ပြီး၊ ထင်သလို နေပစ်လိုက်ဦးမယ်”

*

၁၉၅၆

နီလီက အဝတ်အစားကို ဂရုတစိုက် ဝတ်သည်။ ခပ်ပွပွ အဝတ်များကို ရွေးဝတ်သည်။ သို့မှသာ သူ့ခါးတုတ်နေသည်ကို ဖုံးကွယ်နိုင်မည် ဖြစ်သည်။ ဂီး၆- ကိုယ်အလေးချိန် ဆယ်ပေါင်လောက် ကျသွားဖို့အတွက် ယခုတစ်ကြိမ်ကျမှ ဘာကြောင့်များ ဤမျှ ခက်ခဲနေပါသနည်း။

နောက်ထပ် ရိုက်ရမည့် ရုပ်ရှင်ကားသစ်အတွက် လိုအပ်သည့် အဝတ်အစားများ ချုပ်ရန် ရက်ပိုင်းအတွင်း အတိုင်း ပေးရတော့မည်။ ယခုအချိန်မှာပင် ကုမ္ပဏီ ဥက္ကဋ္ဌက မိမိကို တွေ့လိုသည်ဟု ဆိုသည်။ ဘာကိစ္စများ ဖြစ်လေမည်နည်းဟု ကုမ္ပဏီသို့ မော်တော်ကားနှင့် လာရင်း လမ်းတစ်လျှောက်လုံး စဉ်းစားလာခဲ့သည်။

မနေ့ မွန်းလွဲပိုင်းတုန်းက သူ့ဆီသို့ ဖုန်းဆက်ပြီး အကြောင်းကြားသည်။ အကြောင်းကြားသူမှာ ကုမ္ပဏီဥက္ကဋ္ဌ၏ တပည့်များထဲမှ တစ်ယောက်ဖြစ်သူ အက်ဒီဖရင့် ဖြစ်သည်။ လေးလေးစားစားနှင့် ပုံမှန် ပြောရိုးပြောစဉ်မျိုး ပြောသည်။

“မစ္စအိုဟာရာ၊ ခင်ဗျား အဆင်ပြေမယ်ဆိုရင် မနက်ဖြန်နေ့ခင်းမှာ ဆရာကြီးက သူနဲ့ အတူတူ နေ့လယ်စာစားဖို့ ကြွပါတဲ့”

“အဆင်ပြေမယ်ဆိုရင် . . . ”

ဟုတ်- ဟုတ်သေးတော့။

‘ဆရာကြီးက တွေ့လိုပါသည်’ဆိုသော စကားထက် အဆင်ပြေသော စကားသည် ဘယ်မှာ ရှိနိုင်တော့အံ့နည်း။ လူတိုင်းအတွက် အဆင်ပြေဆုံး စကားပင် မဟုတ်ပါလား။

လွန်ခဲ့သည့်သုံးနှစ်က အကယ်ဒမီ ရွှေရုပ်ဆုကို နီလီ ရခဲ့စဉ်တုန်းကလည်း သူ့ထံသို့ ဆရာကြီးကိုယ်တိုင် လာခဲ့ဖူးသည်။

ယခုလည်း ဇာတ်ကားသစ် တစ်ကား ရိုက်ရန် ပြင်ဆင်ပြီး ဖြစ်သည်။ ဘယ်အခန်းက သရုပ်ဆောင်ရမည်နည်း။ ဘယ်လို သီချင်းမျိုး ဆိုရမည်နည်း။ ဘာပဲဖြစ်ဖြစ် နောက်ထပ် အကယ်ဒမီတစ်ဆုတော့ ရဦးမည်။ နှစ်ထပ်ကွမ်းတော့မည်။

အလွန် ကြီးကျယ်ခမ်းနားသည့် စားပွဲကြီး၏ တစ်ဖက်ခြမ်းမှာ နီလီ ထိုင်နေသည်။ သူ့အမူအရာက စိတ်အားထက်သန်နေသည့် မိန်းမငယ်ကလေး တစ်ယောက်ပုံမျိုး။ သည်လိုပုံမျိုးကို ကုမ္ပဏီဥက္ကဋ္ဌက အလွန်သဘောကျသည်။

နီလီကလည်း ဥက္ကဋ္ဌလုပ်သူသည် မွေးလာကတည်းက အရွယ်ရောက်ပြီး မွေးလာသလားဟု စဉ်းစားနေမိသည်။

သူ့ပုံပန်းသဏ္ဌာန်က ဘယ်တော့မှ မပြောင်းလဲ။ ဘယ်အခါကြည့်ကြည့် ဖြူဖွေးနေသည့် ဆံပင်များ၊ နေပူစာကောင်းကောင်း လှုံထားသဖြင့် ညိုမောင်းမောင်း ဖြစ်နေသည့် အသားရောင်တို့ကိုသာ မြင်ရသည်။ သူ့မျက်လုံးက စိတ်ချမ်းသာမှုဖြင့် အရောင်တောက်နေကြသည်။ သူ့လက်များက စားပွဲပေါ်ရှိ သတင်းစာများကို တောင်လှန်မြောက်လှန် လုပ်နေသည်။

“သမီး၊ မင်းနဲ့တွေ့ဖို့ ဘာကြောင့် ခေါ်တယ်ဆိုတာ သိသလား”

“ကျွန်မ မသိပါဘူး ဆရာကြီး။ ဒါပေမယ့် ဆရာကြီးနဲ့ တွေ့ရမယ်ဆိုရင် အမြဲတမ်း စိတ်ချမ်းသာမိပါတယ်ရှင်”

အို- စကားအသုံးအနှုန်းများကတော့ အံ့ဝင်ခွင်ကျ ဖြစ်သွားသည်ကို နီလီ သိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မနေ့က သတင်းစာတွေ မင်း တွေ့ပြီးပြီ မဟုတ်လား"

ဘုရား. . . ဘုရား၊ မိမိကို နှင်းအပ်ထားသည့်ဘွဲ့ကြီး။ မိမိကို နှစ်ပြားမတန်တော့အောင် နှင်းအပ်လိုက်ကြသည့်ဘွဲ့ထူးကြီး။

"၁၉၅၆ ခုနှစ်အတွင်းမှာ ရုပ်ရှင်ကုမ္ပဏီရဲ့ ဝင်ငွေတွေအပေါ် အဆိပ်ရည်လောင်းတဲ့ မင်းသမီးအဖြစ် နီလီအိုဟာရာကို ဘွဲ့ပေးထားတယ်။ ဒါကတော့ စိတ်ချမ်းသာစရာ မကောင်းလှပါဘူး။ ဟုတ်ပါတယ်နော်"

ကုမ္ပဏီဥက္ကဋ္ဌက ကြင်နာသည့်လေသံမျိုးဖြင့် မေးသည်။

နီလီမှာ ဂနာမငြိမ် ဖြစ်လာသည်။

"သူတို့ မလိုတစ်မျိုး လိုတစ်မျိုး ကင်ပွန်းတပ်ချင်သလို တပ်နေကြတဲ့အကြောင်းကို ဆရာကြီးလည်း သိပါတယ်ရှင်။ သတင်းစာတွေက ကျွန်မနဲ့ ပတ်သက်ပြီး ဒီလို ရေးတာကို ဖတ်လိုက်ရတော့ ကျွန်မ သိပ်ကို တုန်လှုပ်ချောက်ချားသွားမိပါတယ်။

ဒါပေမယ့် ဒီလို ဘွဲ့ပေးတာဟာ ဘာမှအဓိပ္ပာယ် မရှိကြောင်း လူတွေက ကျွန်မကို ပြောကြပါတယ်။ လူတစ်ယောက်ယောက်ကို ဝိုင်းပြီး အပြစ်ဖို့ဖို့ သတင်းစာတွေက နှစ်တိုင်း ရှာနေကြတာ မဟုတ်လား။ မကောင်းသူထိပ်ကောင်းသူထိပ် လုပ်နေကြတာပါ။ မနှစ်တုန်းကလည်း စတီးဝတ်လိန်းကို သူတို့ ဒီဘွဲ့ ပေးကြတာပဲ။

ဒါပေမယ့်စတီးဝတ်လိန်းဟာ နှစ်ဆယ်ရာစုမြေခွေး ရုပ်ရှင်ကုမ္ပဏီမှာ နံပါတ်တစ်အအောင်မြင်ဆုံး မင်းသား ဖြစ်နေတာပါ ဆရာကြီး"

"မဟုတ်ပါဘူး၊ သူဟာ အောင်မြင်တဲ့ နံပါတ်တစ်မင်းသား မဟုတ်တော့ပါဘူး။ စစ်ပြီးသွားတဲ့အချိန်ကစပြီး သူဟာ ထိပ်တန်းကို ပြန်ရောက်မလာတော့ပါဘူး။ သူရိုက်တဲ့ကားတိုင်း ရှုံးနေတာချည်းပဲ။ ဒါပေမယ့်၊ သူနဲ့ စာချုပ်ထားတာက သက်တမ်းနှစ်နှစ်တောင် လိုနေသေးတယ်။ ဒါကြောင့် ဘာမှ မပြောနိုင်ဘဲ ရေငုံနှုတ်ပိတ်နေကြရတာပေါ့"

ဆရာကြီး၏လေသံက သိမ်မွေ့နေဆဲပင် ဖြစ်သည်။

"ဒါပေမယ့် ကျွန်မကားတွေက အောင်မြင်နေတာပဲ"

"ရုပ်ရှင်ကားအနေနဲ့ အောင်မြင်တယ်။ ဒါပေမယ့် ငွေအနေနဲ့ ရှုံးတယ်"

နီလီ၏စိတ်ထဲမှာ စိုးရိမ်စိတ်များ ဝင်လာသည်။ အချိန်ပိုပေးရသည့်ကိစ္စများ၊ ဇာတ်တိုက်ဖို့ ပျက်ကွက်မှုများကို ပြောတော့မည်။ ဆူပူကြိမ်းမောင်းဦးတော့မည်။

"အခုရိုက်တော့မယ့် ကားသစ်က အရင်းအနှီး သိပ်များတယ်။ ကုန်စျေးနှုန်းတွေ အားလုံးကလည်း တက်နေတယ်။ တစ်ဖက်ကလည်း ရုပ်မြင်သံကြားနဲ့အပြိုင် လုပ်နေရတယ်။ လူတွေက အပြင်ထွက်ပြီး ရုပ်ရှင် သိပ်မကြည့်ကြတော့ဘူး။ ကိုယ့်အိမ်ထဲမှာ အေးအေးချမ်းချမ်း နေရင်း ပိုက်ဆံမကုန်ဘဲ ရုပ်ရှင်ကြည့်လို့ ရနေကြပြီ။ သေတ္တာသေးသေးကလေးပေါ်က ရုပ်မြင်သံကြား မြင်ကွင်းဟာလည်း အရင်ကလို ကျဉ်းကျဉ်းကလေး မဟုတ်တော့ဘူး။ မြင်ကွင်းကျယ်ကြီးတွေကို ကြည့်လို့ရလာကြပြီ"

နီလီက လက်ချောင်းကလေးချင်း ပွတ်နေသည်။ ရုပ်မြင်သံကြားက အောင်မြင်လာသည်မှာ မိမိနှင့် ဘာဆိုင်သနည်း။ ထိုရုပ်မြင်သံကြားကိုလည်း မိမိ တီထွင်ခဲ့သည် မဟုတ်။ ထို့ကြောင့် မိမိမှာ ဘာအပြစ် ရှိသနည်းဟုလည်း တွေးနေမိသည်။

"ဆရာတို့ ရိုက်ခဲ့ဖူးသမျှ ကားတွေထက် ပိုပြီးတော့ အခုရိုက်မယ့် ယနေ့ညတော့ နေကြစို့ ကားမှာ ငွေတွေ အများကြီး ပုံအောထားတယ်။ ဒီကြားထဲက အချိန်ပိုလုပ်ခတွေ ထပ်ပေးနေရဦးမယ်ဆိုရင် ဆရာတို့ သေဖို့သာ ရှိတော့တယ်။ ဆမ်ဂျက်ဆန်ကလည်း အချိန်ဇယား တိတိကျကျနဲ့ လုပ်နေပြီ"

"ကျွန်မ သိပ်ကြိုက်တဲ့ ဒါရိုက်တာတွေထဲမှာ ဆမ်ဂျက်ဆန်လည်း တစ်ယောက်ပါပါတယ်"

"သူနဲ့လည်း သဘောတူညီမှုတစ်ခုကို ဆရာလုပ်ထားပြီးပြီ။ တစ်နေ့တာရိုက်ဖို့ စီစဉ်ထားတဲ့ စာရင်းဇယားအတိုင်း ပြီးပြတ်အောင် ရိုက်နိုင်ရင် သူ့ကို လုပ်အားဆုအဖြစ်နဲ့ တစ်နေ့ကို တစ်ထောင်ပေးမယ်"

သည်အတိုင်း ဆိုလျှင်တော့ အသက်ရှူချိန်တောင် ရဖို့မလွယ်ပါလားဟု နီလီ တွေးမိသည်။

"စာရင်းအတိုင်း မဖြစ်ဘဲ တစ်ရက်ပျက်ကွက်တာနဲ့ တစ်ပြိုင်တည်း သူနဲ့ ဒီရုပ်ရှင်နဲ့ ဘာမှ မဆိုင်တော့ဘူး"

"သူ့ကို အလုပ် ထုတ်ပစ်လိုက်မယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဆိုလိုတာလား”

“ဆရာဖြစ်ချင်သလို ဖြစ်အောင် လုပ်မပေးနိုင်ရင် ဘယ်သူ့ကိုမဆို ထုတ်ပစ်မယ်။ ဟောလီးဝုဒ်ဟာ ပြောင်းလဲနေပြီ သမီး။ ဆရာတို့ နောက်ဆုံး စာချုပ်ထားမိတဲ့လူတွေကိုပဲ ဆက်ပြီး သုံးရတော့မယ်။ သမီးရဲ့ စာချုပ်သက်တမ်းအရဆိုရင် နောက်ထပ် တစ်နှစ် ကျန်သေးတယ်။ ဒါပေမယ့် ဆရာတို့ ပြန်ပြီး ညှိနှိုင်းကြရမယ် ဆိုရင်တော့ အရင်တုန်းကလို မလုပ်နိုင်တော့ဘူး”

သည်စကား သိပ်မှန်တာပေါ့။ အရင်တုန်းကလို ဘယ်ဖြစ်နိုင်တော့မှာလဲ။ ဒီကလည်း ကိုယ့်ဘက်က လုပ်စရာရှိတာတွေ လုပ်ရတော့မှာပေါ့။ တစ်ခုခုကိုတော့ ထုပ်ထုပ်ထည်ထည် ရရမှာပေါ့။ သည်အကြောင်းကို အမြတ်တော်ကြေးဘက်မှ လူတွေကလည်း နီလီကို ရှင်းပြထားပြီးပြီ မဟုတ်လား။

ဆရာကြီးက သက်ပြင်းရှိုက်လိုက်သည်။

“အင်း- မဖြစ်နိုင်တော့ဘူး သမီးရေ။ အရာရာတိုင်း ပြောင်းလဲကုန်ကြပြီ။ အခုဆိုရင် လုပ်ငန်းသဘောကိုသာ ကြည့်ကြပါလို့ အစုဝင်တွေကိုလည်း ဆရာ မပြောနိုင်တော့ဘူး။ သူတို့လိုချင်တဲ့ အဖြေမျိုးကိုပဲ ဆရာ ပေးရတော့မယ့်အချိန် ရောက်လာပြီ။ သူတို့ လိုချင်တဲ့အဖြေ ဆိုတာကလည်း အမြတ်အစွန်း ရရှိရေး တစ်ခုပဲ ရှိတယ်”

နီလီက ခေါင်းညိတ်ပြရင်း သည်စကား ဝိုင်း ဘယ်တော့မှ ပြတ်ပါမည်နည်းဟု တွေးနေမိသည်။

ဆရာကြီး ပြောနေသည်မှာ ထုံးတမ်းစဉ်လာအတိုင်း ဗျစ်တောက်ဗျစ်တောက်နှင့် ဆူပူကြိမ်းမောင်းခြင်းသာ ဖြစ်သည်။ သူ့ဝါသနာအတိုင်း မိမိကို ခေါ်ဆူခြင်းသာ ဖြစ်သည်။ မိမိက ဆာလှပြီ။ နေ့လယ်စာ မှာပေးဖို့ ကောင်းပြီ။ နံနက်စာလည်း စားမလာခဲ့ရ။

“ဒါကြောင့်မို့လို့ အခု ရိုက်မယ့်ကားသစ်ထဲမှာ သမီးကို ဆရာ ထည့်မရိုက်တော့ဘူး”

သူက ဆက်ပြောသည်။

နီလီက အံ့သြတကြီးဖြင့် သူ့ကို ငေးကြည့်နေမိသည်။

“သမီး၊ ဆရာ့အနေနဲ့ မစွန့်စားရဲဘူး။ ဆရာ ချပေးထားတဲ့ ပုံစံအတိုင်း ဖြစ်မလာရင် ဆမ်ဂျက်ဆန်ရဲ့နေရာမှာ လူစားထိုးလို့ ရတယ်။ ဒါပေမယ့် သမီးကို စရိုက်ပြီးပြီဆိုရင် လူစားထိုးလို့ မရတော့ဘူး။ ထိပ်ကနေစပြီး အသစ် ပြန်လုပ်ရတော့မယ်။ ရိုက်ပြီးသားတွေ အားလုံးကို အသစ် ပြန်ရိုက်ကြရတော့မယ်”

“ဒါပေမယ့် ကျွန်မအလုပ်မှ စမလုပ်ရသေးဘူး။ ကျွန်မနေရာမှာ ဆရာ လူစားထိုးလို့ ဖြစ်နိုင်ပါ့မလား”

နီလီက ထစ်ထစ်ငေါ့ငေါ့ ပြန်မေးသည်။

“ဘာကြောင့် အစားမထိုးနိုင်ရမှာလဲ၊ သမီး ကိုယ်ကိုလည်း သမီး ပြန်ကြည့်ဦး။ သမီးကိုယ်လုံးဟာ ပြန်ဝလာပြန်ပြီ။ အဝတ်အစားတွေ ချုပ်ဖို့ရက်ကို နောက်အပတ်ထဲမှာ သတ်မှတ်ထားတယ်။ သတ်မှတ်ထားတဲ့ရက်မှာ သမီးဘယ်နည်းနဲ့မှ အဆင်သင့် မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ပါဘူး။ ဒီလုပ်ငန်းဟာ သိပ်ကို စွန့်စားရတဲ့ လုပ်ငန်းကြီး ဖြစ်နေပြီ။ ဒီဇာတ်ကားမှာ ဂျယ်နီလော့ဒ်ကို ဆရာ ထည့်သုံးမယ်”

“ဂျယ်နီလော့ဒ်ကို သုံးမယ်။ ဘာလို့လဲ၊ သူဟာ အခုမှ ရုပ်ရှင်စရိုက်ခါစ မင်းသမီးပဲ”

ဆရာကြီး တကယ် ပြောနေခြင်းတော့ မဟုတ်တန်ရာပါ။ မိမိကို ခြောက်လုံးလှန်လုံးတွေ သုံးနေခြင်းသာ ဖြစ်ပါလိမ့်မည်ဟုလည်း အားတင်းမိပြန်သည်။

“အရင်းအနှီး သိပ်မများတဲ့ ကားသုံးကားကို သူ ရိုက်ခဲ့ပြီးပြီလေ။ အဲဒီကားတွေ အားလုံးက ကောင်းကောင်း မြတ်ခဲ့တယ်။ ဒီလထွက်တဲ့ ရုပ်ရှင်မဂ္ဂဇင်းတွေ အားလုံးကလည်း သူ့အကြောင်းကို ဝိုင်းရေးနေကြပြီ။ အခုကားဟာ သူ့ကို ထိပ်တန်းရောက်အောင် ထိုးတင်ပေးလိုက်မယ့်ကား ဖြစ်တယ်။ အင်မတန် အောင်မြင်တဲ့မင်းသမီး ဖြစ်သွားမယ်။ နောက်ပြီးတော့ သူ့ကို တွဲခေါ်ပေးနိုင်ဖို့ အတွက် ဘရစ်နယ်လ်ဆင်ကိုလည်း ဆရာ ထည့်သုံးမယ်”

ဘရစ်နယ်လ်ဆင် အကြောင်းကို နီလီ တွေးကြည့်လိုက်မိသည်။ အလွန် ကြေးကြီးသည့် မင်းသားတစ်လက် ဖြစ်သည်။ နီလီ ရိုက်ကူးခဲ့သည့် ကားများတွင် ထိုသို့ ဈေးကြီးပေးပြီး ငှားရသော ထိပ်တန်းမင်းသားများကို ထည့်မသုံးခဲ့။

နီလီသာလျှင် ထိပ်တန်း ပညာသည် ဖြစ်သည်။ လူကြိုက် အများဆုံး မင်းသမီး ဖြစ်သည်။ တစ်ဇာတ်လုံးကို သူကသာ ဦး ဆောင်ခဲ့ရသည်။

နီလီက စာချုပ်အကြောင်းကို စဉ်းစားမိ

www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ ဆရာကြီး ရယ်စရာ လုပ်နေခြင်းလည်း ဖြစ်နိုင်သည်။ ထိုဇာတ်ကားတွင် နီလီ ခေါင်းဆောင်ပြီး သရုပ်ဆောင်မည်ဟုလည်း ကြေညာပြီး ဖြစ်သည်။ ထိုသို့ ကြေညာပြီးကာမှ ယခုလို ပယ်ဖျက်ပစ်နိုင်သလော။ အကြောင်းပြချက် မရှိဘဲ ပယ်ဖျက်ပစ်နိုင်သလော။

"ဥပဒေကြောင်းအရ သမီးဘက်က ဘယ်လိုမှ ကန့်ကွက်လို့ မရနိုင်ဘူးနော်။ ဇာတ်ကောင်ရဲ့ အခန်းကို ဆရာတို့ ပြင်ရေးထားပြီးပြီပဲ။ မင်းသမီးဟာ အသက်ငယ်ရမယ်ဆိုတာ ပါနေပြီ"

နီလီ ဘာတွေ စိတ်ကူးနေသည်ကို ဆရာကြီးက အတပ် သိလိုက်သည့်အလား ဖြတ်ပြောသည်။

"အသက်ငယ်ရမယ်။ နေပါဦး ဆရာကြီးရယ်၊ ကျွန်မက အခုမှ နှစ်ဆယ့်နှစ်နှစ်ပဲ ရှိပါသေးတယ်။ အဘွားကြီး မဟုတ်သေးပါဘူး"

"သမီးရုပ်ရည်က အသက်လေးဆယ်လောက် ဖြစ်နေပြီ"

ဆရာကြီးကလည်း ပုံမှန်လေသံနှင့် ပြန်ဖြေသည်။

"ကျွန်မက မိတ်ကပ်မှ လိမ်းမထားဘဲကိုး"

နီလီကလည်း သူ့ကိုယ်သူ ကာကွယ်မြဲ ကာကွယ်သည်။

"သမီးရဲ့ မျက်လုံးအောက်မှာ အရေတွေ တွန့်နေပြီ။ မေးစေ့ကလည်း နှစ်ထပ်ဖြစ်နေပြီ။ ကိုယ်လုံးကလည်း ဝနေပြီ"

နီလီ၏ မျက်လုံးအစုံမှ မျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျလာသည်။

တစ်ပတ်လောက် အနားယူပြီး အစားအသောက်ကို ဆင်ခြင်လိုက်ရုံနှင့် ထိုအရာအားလုံး ပျောက်ကွယ်ပြီး လူသစ်တစ်ယောက်လို ဖြစ်လာနိုင်သည်။ ထိုအကြောင်းကိုလည်း ဆရာကြီး သိသည်။ သည်ကြားထဲက ဘာကြောင့် ယခုလို ပုတ်ထုတ်နေရသနည်း။

ပါရီမြို့သို့ ခေါ်ထားသည့် တယ်လီဖုန်း ရပြီဖြစ်ကြောင်း သူ့အတွင်းရေးမှူးက လာပြောသဖြင့် စကားပြတ်သွားကြသည်။ ဖုန်းကောက်ကိုင်သည့် သူ့မျက်နှာမှာ ပြုံးချိုနေသည်။

"ဟယ်လို"

ရုပ်ဝေးသို့ ဖုန်းဆက်သည့်အခါတွင် အော်ဟစ်ပြောဆိုတတ်ကြသည့်အတိုင်း သူကလည်း အသံကိုမြှင့်ပြီး ခပ်ကျယ်ကျယ် အော်ပြောသည်။

"ဟုတ်ပါတယ်"

သည်တစ်ကြိမ်တွင်မူ သူ့အသံကို ပြန်လျှော့ချလိုက်သည်။

"ခင်ဗျားအသံကို ကောင်းကောင်း ကြားရတယ်။ သိပ်ကြည်တာပဲ၊ အံ့ဩစရာကောင်းတယ်နော်။ မဟုတ်ဘူးလား၊ ဟုတ်ပါတယ်။ မစ္စတာရှားဒိုး၊ ဟုတ်ပါတယ်။ ခင်ဗျား ရေးလိုက်တဲ့စာ ဒီနေ့မနက်ပဲ ရတယ်။ ဒါကြောင့် ကျွန်တော် ဖုန်းခေါ်ထားတာ။ ခင်ဗျားပြောတဲ့ စည်းကမ်းချက်တွေက၊ ဟုတ်ပါပြီ"

သူက မရယ်ချင့် ရယ်ချင်နှင့် ခပ်သာသာကလေး ရယ်လိုက်သည်။

"သူ အရင်ရိုက်ခဲ့တဲ့ ရုပ်ရှင်တွေလိုတော့ ရိုက်လို့ ဖြစ်မှာမဟုတ်ဘူး။ မစ္စတာနောင့်သ်နဲ့ ရုပ်ရှင်တစ်ကားလောက် ရိုက်ချင်တာကတော့ အမှန်ပါပဲ။ နောက်ပြီးတော့ ခင်ဗျားကိုလည်း ကျွန်တော်ရဲ့ တွဲဖက်ထုတ်လုပ်သူ လုပ်စေချင်ပါတယ်။

ဒါပေမယ့်၊ တစ်ကားတည်း ရိုက်ပြီး ပြည်ပဝင်ငွေတွေပေါ်က ရာခိုင်နှုန်း ငါးဆယ်ပဲ ကျွန်တော်က ရခွင့်ရှိမယ် ဆိုတာကတော့ ဖြစ်နိုင်မယ် မထင်ပါဘူး။ ပြီးတော့ ဒီမင်းသမီးဟာ ခင်ဗျားရဲ့ မင်းသမီးပါ။ ကျွန်တော်တို့ သူနဲ့ ရိုက်ရမယ်ဆိုရင် အရင် သူရိုက်ခဲ့သလို ရိုက်လို့ဖြစ်မှာ မဟုတ်ဘူး။သူ့ကိုယ်ပေါ်မှာ အဝတ်အစား လုံလုံခြုံခြုံ ဝတ်ပေးဖို့ လိုလိမ့်မယ်။

ဒီလို အဝတ်အစား အပြည့်အစုံနဲ့ ရိုက်ရင် ပရိသတ် ကြိုက်၊ မကြိုက် ဆိုတာကလည်း မသေချာဘူး။ ဟုတ်ပါတယ်၊ သူ နောက်ဆုံး ရိုက်ခဲ့တဲ့ ကားသုံးကားမှာ အဝတ်အစား အပြည့်အစုံနဲ့ ရိုက်ခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် သူဟာ အောင်မြင်တဲ့ မင်းသမီးတစ်လက်တော့ ဖြစ်မလာသေးဘူး မစ္စတာရှားဒိုး ဘာဖြစ်တယ်။ ဟုတ်ပါပြီလေ၊ အဲဒီဆုတွေ သူရခဲ့တာကတော့ ဟုတ်ပါရဲ့။ ပြင်သစ်စကား ကျွန်တော် မတတ်လို့လည်း ဖြစ်နိုင်ပါတယ်။ ပြင်သစ်တွေအကြောင်း ကျွန်တော် နားမလည်လို့လည်း ဖြစ်နိုင်ပါတယ်။

ဒါပေမယ့်၊ ကျွန်တော်တို့ အနေနဲ့ ဒီလို ဒုန်းဒုန်းချလို့ မဖြစ်နိုင်ပါဘူး။ သူနဲ့အတူပြီး ဒုတိယ ကားတစ်ကားကို ရိုက်ခွင့် မပေးနိုင်ဘူး ဆိုတာကတော့ ခင်ဗျားဘက်က တရားနည်း

www.burmeseclassic.com

www.burmeseclassic.com



လမ်း မကျဘူးလို့ ထင်ပါတယ်။

ပထမကားမှာ ကျွန်တော်က ငွေတွေ ပုံပြီး အောရမယ်၊ အများကြီး ကြော်ငြာရမယ်။ ပြီးလည်းပြီးရော တခြား ကုမ္ပဏီက ခူးပြီးခပ်ပြီး အသင့်ဝင်စားသွားမယ်ဆိုရင် ဘယ်ဖြစ်မလဲ။

ဒါကြောင့်၊ ကားသုံးကား ရိုက်ချင်ပါတယ်။ ခင်ဗျားဘက်က လိုချင်တဲ့ စည်းကမ်းချက်တွေကို ပြောပါ။ သူ့အတွက်လည်း မနစ်နာစေရဘူး။ ကြိုတင်ငွေကို ဆွစ်ဇာလန်ဘဏ်မှာ အပ်ထားပေးပါ့မယ်။ ဘယ်လောက်၊ အိုမလွန်လွန်းဘူးလား ဆရာကြီးရယ်။

ဒါလောက်ကြီးတဲ့ ကိန်းဂဏန်းတွေကို များ ဘယ်လို စိတ်ကူးပေါက်သွားတာလဲ။ ဒါလောက်များတဲ့ ငွေကိုတော့ ဘယ်သူကမှ ပေးနိုင်မှာ မဟုတ်ဘူး မစ္စတာရှားဒိုး”

သူ နှုတ်ဆိတ်သွားတော့သည်။ တယ်လီဖုန်းကို ငြိမ်သက်စွာ ကိုင်ထားသည်။ သူ့မျက်နှာပေါ်တွင်လည်း အခံရခက်သည့် အမူအရာကို မြင်ရသည်။

“မစ္စတာရှားဒိုး၊ ဒီနေ့ မွန်းလွဲပိုင်းကျရင် လူဝီအက်စတာဝေါက ခင်ဗျားနဲ့ အဆက်အသွယ် လုပ်ပါလိမ့်မယ်။ ဘာဖြစ်တယ်၊ အိုး-အဲဒီမှာ ညရှစ်နာရီ ထိုးနေပြီလား။ အချိန်များ ဒီလောက် ကွာတာမျိုး ကျွန်တော် တစ်ခါမှ မကြုံဖူးဘူး။ ကောင်းပြီလေ၊ မနက်ဖြန်မနက် ပေါ့။ သူကပဲ ညှိနှိုင်းပါလိမ့်မယ်။ သူ ပြင်သစ်စကား ကောင်းကောင်း ပြောတတ်ပါတယ်။

နောက်ပြီးတော့ စက်တင်ဘာလလောက် ဒီကို အရောက်လာနိုင်ပါ့မလား။ ဘယ်လိုဗျ၊ မစ္စတာရှားဒိုး ဖေဖော်ဝါရီအထိ စောင့်ရမယ်ဆိုရင် ၁၉၅၇ ခုနှစ်ထဲ ရောက်သွားပြီပေါ့။ ၁၉၅၆ ခုနှစ်အတွင်းမှာပဲ ဂျနီဖာနေ့ဘ်ကို ကျွန်တော်တို့ ရထားပြီဖြစ်ကြောင်း ကျွန်တော့်အစုရှင်တွေကို ပြောပြချင်တာ၊ ကောင်းပါတယ်။ ကျွန်တော် ဆက်လုပ်ပါ့မယ်။ နောက်ထပ် ကားအသစ်ရော ခင်ဗျား ရိုက်နေပြီလား၊ အခုကနေပြီး နိုဝင်ဘာလအတွင်းမှာ နှစ်ကားပြီးအောင် ရိုက်မယ်။

ဘုရားရေ၊ ခင်ဗျားကို မနာလိုစိတ်တောင် ပေါက်လာပြီဗျာ။ကျွန်တော့်အဖို့တော့ အဲဒီအချိန်အတွင်း တစ်ကားလောက် ပြီးမယ်ဆိုရင်တောင် သိပ်ကို ကံကောင်းလှပြီလို့ အောက်မေ့ရတော့မှာ။

ဒါပေမယ့်၊ ခင်ဗျားတို့မှာက ဒုက္ခပေးမယ့် အသင်းအပင်းတို့၊ ရုပ်မြင်သံကြားဆိုတာတွေက မရှိသေးဘူး မဟုတ်လား။ စောင့်ကြည့်ပါဦးလေ၊ နှစ် သိပ်မကြာခင် ခင်ဗျားတို့လည်း ဒီဒုက္ခတွေနဲ့ ကြုံကြရတော့မှာပါ။

အဲဒီအခါကျတော့မှ ဘယ်လို ခံစားရတယ်ဆိုတာ ကိုယ်တွေ့ သိလိမ့်မယ်။ ရုပ်မြင်သံကြားဟာ ကင်ဆာရောဂါလိုပဲ၊ နေရာတိုင်းကို ကူးစက်ပြီး ပြန့်နေတာ” ;

တယ်လီဖုန်းကို ပြန်တင်ပြီး ချက်ချင်းပင် ခရီးကွာလှမ်းသည့် အခြားတစ်နေရာသို့ ဆက်ခေါ်ပြန်သည်။

နီလီက စိတ်ရှည်လက်ရှည် စောင့်နေသည်။ ဆရာကြီးက ခဲတံကို လှည့်နေသည်။ ခဏကြာတော့ မကျေနပ်သည့် အမူအရာနှင့် ဖုန်းကို ပြန်ချလိုက်သည်။

“မိနစ်နှစ်ဆယ်တောင် စောင့်ရဦးမတဲ့ ကွာ”

စကားဆုံးသည်နှင့် တစ်ပြိုင်တည်း နီလီကို သတိပြန်ရလာဟန်တူသည်။

“ကောင်းပြီလေ၊ မင်း သွားနိုင်ပါပြီ”

ပြောရင်း သူ့လက်ကို ဝှေ့ယမ်းပြသည်။

“ကျွန်မတို့ နေ့လယ်စာ အတူတူ စားကြရဦးမယ်လို့ ထင်နေတာ”

နီလီကလည်း မျက်နှာထား ခပ်တည်တည်နှင့် ပြန်ပြောသည်။

“သမီး နေ့လယ်စာ မစားဘဲ နေနိုင်ပါတယ်။ ဒါလောက်တောင် ဗိုက်ခေါက်ကြီးတွေ ထူနေတာ၊ ဒီဗိုက်ကျသွားအောင် လုပ်ရမယ်။ မင်းကိုများ တွေ့လိုက်ရရင် မတွေ့ရတာကြာတဲ့ လူတစ်ယောက်ကို ပြန်တွေ့လိုက်ရသလို အောက်မေ့ရတယ်။ လူဝီအက်စတာဝေါ ဖုန်းဆက်တာကို ဆရာ စောင့်ရဦးမယ်။ ဝတ်လစ်စလစ်နဲ့ ဇာတ်ကားရိုက်လေ့ရှိတဲ့ အဲဒီ ပြင်သစ်က ကောင်မနဲ့ ရုပ်ရှင်ရိုက်ခွင့်ရဖို့ ဆရာ ကြိုးစားရဦးမယ်။

အရင် ဆယ်နှစ်လောက်တုန်းက ဒီမိန်းကလေးကို ဒီမှာ ရှိနေကြတဲ့ ရုပ်ရှင်ကုမ္ပဏီတိုင်းက ကန်ထုတ်လိုက်ကြတယ်။ အခုတော့ ဒီမိန်းကလေးကိုပဲ ပြန်ရအောင် ကုမ္ပဏီတိုင်း အငမ်းမရ အလုအယက် လိုက်နေကြတယ်လေ။ ဒီတိုင်းပြည်လည်း တစ်ခုခုတော့ ဖြစ်နေပါပြီ။ စိတ်ဓာတ်တွေလည်း မှန်မှ မှန်ကြသေးရဲ့လား မပြောတတ်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်မြင်သံကြားတွေပေါ်လာလို့ အခုလို ကသောင်းကနင်းတွေ ဖြစ်ကုန်ရတာပဲ။ သန့်သန့်ရှင်းရှင်း အမေရိကန် ရုပ်ရှင်ကားတွေဖြစ်အောင် အမြဲတမ်း ဆရာ ကြိုးစားခဲ့တယ်။ ဒါပေမယ့်၊ အခုတော့ ရုပ်မြင်သံကြားကို ပြိုင်ဆိုင်နိုင်ဖို့အတွက် ဘာကိုမဆို လုပ်ကြရတော့မယ်။ တင်ကြီးကြီးတွေရော၊ ရင်ကြီးကြီးတွေရော၊ ပြင်သစ်ကြေးစားမတွေရော . . ."

"သူက ပြင်သစ်အမျိုးသမီး မဟုတ်ပါဘူး။ အမေရိကန်အမျိုးသမီးပါ။ သိပ်သဘောကောင်းတယ်။ သူနဲ့ ကျွန်မ တစ်ခန်းထဲ အတူတူ နေခဲ့ဖူးတယ်"

နီလီက ဝင်ပြောသည်။

"ဂျနီဖာနေ့သ်နဲ့ မင်း အတူတူ နေဖူးသလား"

ဆရာကြီးက စိတ်ဝင်စားသွားသည်။

"ဆယ့်တစ်နှစ်လောက် ကြာသွားပါပြီ။ နဘာ်မိုးလုံးပဒေသာကပွဲမှာ ကျွန်မတို့အတူတူကခဲ့ကြတယ်။ အမှန်တော့ အင်မတန်လှတဲ့ စံပြမယ်တစ်ယောက်ပါ။ နောက် တိုနီပိုလာနဲ့ လက်ထပ်တယ်။ ပြီးတော့ ဒီတိုင်းပြည်ထဲက ထွက်ခွာသွားတော့တာပဲ"

"ဟုတ်တယ်၊ တိုနီပိုလာက ဂျနီဖာနဲ့ လက်ထပ်ခဲ့ဖူးတယ်။ ဒါပေမယ့် အဲဒီ ဂျနီဖာက အခု မိန်းကလေးတော့ မဖြစ်နိုင်ဘူး။ အခု မိန်းကလေးက နှစ်ဆယ့်သုံးနှစ်ပဲ ရှိသေးတယ်"

ဆရာကြီးက ခေါင်းကို ခါယမ်းနေသည်။

နီလီက စိတ်အချဉ်ပေါက်ပေါက်ဖြင့် ရယ်ပစ်လိုက်သည်။

"ပြင်သစ်ရုပ်ရှင်တွေထဲမှာ မင်းသမီးတိုင်းဟာ နှစ်ဆယ့်သုံးနှစ်ချည်းပါပဲ ဆရာကြီးရယ်။ အခု ဂျနီဖာဟာ ကျွန်မနဲ့ တစ်ခန်းထဲ အတူတူနေခဲ့တဲ့ ဂျနီဖာပါပဲ။

ကီးဇ် . . . ၊ ကျွန်မတော့ မပြောတတ်တော့ဘူး။ အဲဒီတုန်းက ကျွန်မအသက် တစ်ဆယ့်ခုနစ်နှစ်၊ ဂျနီဖာက နှစ်ဆယ့်တစ်နှစ်လောက် ရှိပြီထင်တယ်"

"ဒီလိုဆိုရင် သူ့အသက်က အခု သုံးဆယ့်ခုနစ်နှစ်လောက် ရှိပြီပေါ့"

သူ များစွာ အံ့အားသင့်သွားသည်

"ဟုတ်ပါတယ်၊ ဒါပေမယ့် အသက် နှစ်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတဲ့ ကျွန်မကိုကျတော့ ဆရာကြီးက အသက်ကြီးပြီတဲ့"

"ဟို မိန်းကလေးကတော့ သူ့ကိုယ်သူ ဂရုစိုက်လို့ ဖြစ်မှာပေါ့။ နောက်ပြီးတော့ အလုပ်ကို ရိုသေပုံရတယ်။ လာမယ့် နိုဝင်ဘာလ အတွင်း ကားနှစ်ကားပြီးအောင် ရိုက်မယ်တဲ့။ နိုင်ငံခြား ရုပ်ရှင်ပွဲတော်တွေမှာလည်း သူ ဆုတွေရထားတယ်။

ဒါကြောင့် သူ့ကိုယ်သူ အောင်မြင်တဲ့ မင်းသမီး ဖြစ်နေပြီလို့ သူ ထင်နေတာပေါ့။ ဘာပဲဖြစ်ဖြစ် ဆရာတို့ ကံကောင်းတယ်လို့ ပြောရမှာပဲ။ ပြင်သစ်တွေက သူ့ကို ရုပ်ရှင်ပြာတွေ ရိုက်ခဲ့ကြတယ်။ အခု သူ အောင်မြင်တဲ့ မင်းသမီး ဖြစ်လာတော့ သူ့ကို ဆရာတို့ ရတော့မယ်"

ဆရာကြီးက သက်ပြင်းရှိုက်လိုက်ရာ သူ့တစ်ကိုယ်လုံး လှုပ်ခါသွားသည်။

"ဒီအချိန်မှာ ကျွန်မက ဘာလုပ်နေရမှာလဲ၊ ဒီအတိုင်း ထိုင်နေရမှာလား"

နီလီက မေးသည်။

"ဒီအတိုင်းထိုင်ပြီး မင်း ကိုယ်အလေးချိန် လျှော့သွားအောင် လုပ်ပါ။ အပတ်တိုင်း ပေးနေကျ လခ မင်းကို ပေးမယ်"

"ဒီလိုဆိုရင် နောက်တစ်ကား ကျွန်မ ဘယ်တော့ ရိုက်ရမှာလဲ"

"ကြည့်ဦးမယ်လေ"

နီလီ၏ မျက်လုံးများမှာ ဒေါသရောင် တောက်လာကြသည်။

"ဆရာကြီးကိုယ် ဆရာကြီး ဘယ်သူလို့များ ထင်နေသလဲ။ ကျွန်မကို ဘာကြောင့် ဒီလို ဆက်ဆံရတာလဲ"

"ဒီရုပ်ရှင်ကုမ္ပဏီရဲ့ အကြီးအကဲလေကွာ။ မင်းကတော့ နှပ်ချေးမစင်သေးတဲ့ ဘဝကနေပြီး ဒီဘဝ ရောက်လာအောင် ကျုပ်က လုပ်ပေးလိုက်လို့ အောင်မြင်တဲ့မင်းသမီးပေါ့။ ဒါပေမယ့် မင်းဟာ အရင်အချိုးတွေ ပျောက်ကုန်ပြီ။

ဒါကြောင့်၊ အခု လောလောဆယ် အချိန်မှာတော့ မင်း ဒီအတိုင်းပဲ ထိုင်စောင့်နေရဦးမယ်။ မင်း သင်ခန်းစာ ကောင်းကောင်းရအောင်ယူပါ။ ဂျယ်နီလော့ဒ်တို့လို မင်းသမီးသစ်ကလေးတွေ ဘယ်လို ထိပ်တန်းရောက်လာတယ် ဆိုတာကို နမူနာယူပါ။

ကဲ- ဒါတွေ ထားလိုက်ပါတော့။ အခု မှာ ပိုအရေးကြီးတဲ့ အလုပ်တွေ လုပ်ဖို့ ရှိနေသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



နီလီက ထိုင်ရာမှထသည်။

"ကျွန်မ ဒီကုမ္ပဏီက ထွက်သွားပြီး တစ်သက်လုံး ပြန်မလာဘဲ နေနိုင်တယ်"

"စမ်းကြည့်ပါလား၊ မင်း ဘယ်ကုမ္ပဏီမှာမှ ရိုက်ခွင့်ရတော့မှာ မဟုတ်ဘူး"

ဆရာကြီးက တစ်ချက်ပြုံးလိုက်သည်။

*

အိမ်အပြန်တွင် တစ်လမ်းလုံး သူ ငိုလာခဲ့သည်။ မော်တော်ကားကိုလည်း သတိလက်လွတ်သူလို မောင်းလာခဲ့သည်။ တကယ်လည်း ဘာကိုမှ သူ ဂရုမစိုက်တော့ပါ။

သူ ဘာလုပ်ရတော့မည်နည်း။

ခြောက်သွေ့နေသည့်အိမ်သို့ ပြန်သွားပြီး သည်အတိုင်း ထိုင်နေရတော့မည်လော။ အမွှာပူး သားနှစ်ယောက်ကလည်း သူ့ကို ဂရုမစိုက်။ သူတို့ကို ထိန်းသည့်နာနီကိုသာ သူတို့ ချစ်ကြသည်။ ပြီးတော့လည်း ကျောင်းသွားနေသည်နှင့် အချိန်ကုန်နေကြသည်။

ရိုက်ကူးတော့မည့် ရုပ်ရှင်ကားသစ်ထဲတွင် မိမိအစား အခြား မင်းသမီးတစ်ယောက်ကို အစားထိုးပြီး ရိုက်ကူးတော့မည် ဆိုသည့် အကြောင်း၊ ပြီးတော့ ယခုနှစ် ရုပ်ရှင်ကုမ္ပဏီ၏ ဝင်ငွေရလမ်းကို အဆိပ်ရည် ဖျန်းနေသည့် မင်းသမီးအဖြစ် သတင်းစာများက မိမိကို ဝိုင်းဝန်း ဘွဲ့ပေးကြသည့်အကြောင်း၊

သည်အကြောင်းတွေသာ ပြန့်သွားမည်ဆိုပါက မိမိ အထီးကျန်ဘဝနှင့် အဖော်ကင်းမဲ့တော့မည် ဖြစ်ကြောင်းများကို နီလီ စဉ်းစားမိလာသည်။

မအောင်မြင်တော့သည့် မင်းသမီးတစ်ယောက်ကို မည်သူကမျှလည်း အသုံးချကြတော့မည် မဟုတ်။

ဂီး၆. . . ၊ ဘာကြောင့်များ လူတွေ ဒါလောက် စိတ်မာတတ် ညှဲ့ဖျင်းနေကြပါလိမ့်။ အလုပ်ကို သူ ကြိုးစားပမ်းစား လုပ်ခဲ့သည်။ အစွမ်းကုန် ကြိုးစားခဲ့သည်။ ယခုတော့ အားလုံးက သူ့ကို အသေသတ်ဖို့ ကြိုးစားနေကြပြီ။

အိမ်ထဲသို့ ဝင်ခဲ့ပြီး အရက်ဗီရိုမှ ဝီစကီ တစ်ပုလင်းကို ဆွဲယူခဲ့သည်။ ပြီးတော့ သူ့အိပ်ခန်းဆီသို့ လာခဲ့သည်။ နေ့ဘက်၏ အလင်းရောင် မဝင်နိုင်အောင် ခန်းဆီးများ အားလုံးကို ချသည်။ တယ်လီဖုန်းခလုတ်ကိုပါ ပိတ်သည်။ အနီရောင် ဆေးလုံးကလေး ငါးလုံးကို တစ်ပြိုင်နက်တည်း မျိုချလိုက်သည်။ အနီရောင် ဆေးလုံးငါးလုံး ဆိုသည်မှာလည်း ယခုအချိန်တွင် ထင်သလောက် အစွမ်းမထက်တော့။

မနေ့ညတုန်းကလည်း အနီရောင်ဆေးလုံး ငါးလုံးသောက်ခဲ့သည်။ သို့သော်လည်း သုံးနာရီမျှသာ အိပ်၍ ရခဲ့သည်။ ဒါတောင် အဝါရောင် အိပ်ဆေးနှစ်လုံး ကူလိုက်ရသေးသည်။ အဝတ်အစားများလဲပြီး အိပ်ရာထဲသို့ ဝင်ခဲ့သည်။

အိပ်ရာမှ နိုးလာသောအခါ ညသန်းခေါင်လောက်ရှိနေပြီ။ ခန်းဆီးများကို ဖွင့်လိုက်သည်။ ည ဖြစ်နေသည်ကို တွေ့ရသည်။ ဘာမှလဲ လုပ်စရာ မရှိ။ ရေချိုးခန်းထဲသို့ အမှတ်မထင် ဝင်လာခဲ့သည်။

ပြီးတော့ ကိုယ်အလေးချိန်သည့် ပေါင်ချိန်ပေါ်သို့ စိတ်အမှတ်မထင် တက်ကြည့်မိသည်။ နှစ်ပေါင်တောင် လျော့သွားပါပေါ့လား။ ဟုတ်ပါပြီ။ သည်အကြံကောင်းသည်။

သည်အတိုင်းသာ အိပ်ဆေးစားအိပ်ပြီး မည်သည့် အစာကိုမျှ မစားဘဲ နေလိုက်လျှင် ဆယ်ပေါင်ဆိုသော ကိုယ်အလေးချိန်မှာ ခဏလေးနှင့် လျော့သွားဖို့ သေချာနေသည်။ ဗီတာမင် အားဆေးများကိုပါ စားလိုက်သည်။ ကျန်းမာရန် ဖြစ်သည်။ ပြီးတော့ အနီရောင် အိပ်ဆေးများကို ဝီစကီ ခပ်များများနှင့် မျှောချလိုက်သည်။

အိပ်ရာမှ နိုးလာသောအခါ ခန်းဆီးများအကြားမှ နေရောင် ထိုးဝင်နေသည်ကို တွေ့ရသည်။

ရေချိုးခန်းထဲသို့ ဝင်လာခဲ့သည်။ ဒယီးဒယိုင် ဖြစ်နေသော်လည်း အိပ်ချင်စိတ်ကား မရှိ။ ပေါင်ချိန်တော့ ချိန်မကြည့်တော့။ ကိုယ်အလေးချိန် များများကျသွားအောင် စောင့်ဦးမည်။ ပြီးတော့မှ မိမိကိုယ်မိမိ အံ့အားသင့်သွားအောင် လုပ်မည်ဟု ပိုင်းဖြတ်လိုက်သည်။

ရင်ထဲမှာ ဟာတာတာ ဖြစ်နေသည်။ ဗီတာမင် နှစ်ပြားလောက် သောက်လိုက်လျှင် ကောင်းမည်။ ဗီတာမင်က အရာရာမှာ အစွမ်းထက်သည်။ မျက်နှာပေါ်မှာ အလှဆီများ လိမ်းသည်။ ဆံပင်ကိုလည်း ဆံပင်သန်ဆေးများ လိမ်းသည်။

သူ့ကိုယ်ပေါ်မှာ အလှတရားတွေ ပြန်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လာရမည်။ သူ့အိပ်ရာမှ နိုးသောအခါ ကြွေရုပ်ကလေးလို လှနေရမည်။

ယခုတစ်ကြိမ်တွင်မူ အဝါရောင် အိပ်ဆေးငါးလုံးနှင့် အနီရောင် အိပ်ဆေးနှစ်လုံးကို ရောသောက်လိုက်သည်။ သို့မှသာ ဆေးစွမ်း မြန်မြန်ပြမည်။ ဝီစကီကလည်း နောက်တစ်ကြိမ် သောက်လောက်အောင် လုံလုံလောက်လောက် ကျန်နေသေးသည်။

မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ မြင်ရသမျှ အရာရာတို့သည် အလွန် သန့်ရှင်းစင်ကြယ်ပြီး တောက်ပလွန်းနေသည်။

လက်မောင်းတစ်ဖက်တွင်လည်း ဆေးထိုးအပ်ကြီး တစ်ချောင်းက ဘာကြောင့်များ တန်းလန်း ဖြစ်နေပါလိမ့်။ နံဘေးတွင် ပုလင်းတစ်လုံးကို ဇောက်ထိုး ဆွဲချိတ်ထားသည်။

ဘုရား. . . ဘုရား၊ ဆေးရုံခန်း တစ်ခန်းထဲ ရောက်နေပါပေါ့လား။

နီလီက အိပ်ရာမှ ထထိုင်ရန် ကြိုးစားသည်။ သူနာပြုဆရာမ တစ်ယောက်က သူ့ဆီသို့ ကတိုက်ကရိုက် ပြေးလာသည်။

"ငြိမ်ငြိမ်လေး နေလိုက်ဦး မစ္စအိုဟာရာ"

သူနာပြုဆရာမက သူတို့ထုံးစံအတိုင်း ချိုချိုသာသာ ပြောသည်။

"ဒီနေရာမှာ ကျွန်မ ဘာလာလုပ်နေတာလဲ၊ ဘာဖြစ်လို့လဲဟင်"

သူနာပြုဆရာမက သတင်းစာတစ်စောင်ကို ကမ်းပေးသည်။

ဘုရား. . . ဘုရား၊ မျက်နှာဖုံးမှာ သူ့ဓာတ်ပုံကြီးပါလား။ မျက်နှာ ရွှင်ရွှင်လန်းလန်းနှင့် ပြုံးနေသောပုံ၊ ရုပ်ရှင်ကုမ္ပဏီက ကြော်ငြာသည့်ပုံ ဖြစ်သည်။ သို့သော်လည်း ထိုပုံကြီးဘေးတွင် ယောကျ်ားနှစ်ယောက်က အမျိုးသမီး တစ်ယောက်ကို သယ်ယူလာသည့်ပုံ ပါလာသည်။ ခေါင်းက နောက်သို့ လန်ကျနေသည်။ ခြေထောက်တွင်လည်း ဖိနပ် မရှိ။ ထိုပုံသည် သူ့ပုံပင် ဖြစ်လေသည်။

သတင်းခေါင်းစဉ်ကို ဖတ်ကြည့်သည်။

**အိပ်ဆေးအသောက်လွန်သွားသည့် မင်းသမီး**

ပြီးတော့ ဓာတ်ပုံအောက်မှ ပုံစာကို ဆက်ဖတ်ကြည့်သည်။

**မတော်တဆပါဟု ရုပ်ရှင်ကုမ္ပဏီဥက္ကဋ္ဌကပြောခြင်း**

သူကြုံရတော့မည့် ဒုက္ခများကို ဆရာကြီးက ကယ်တင်လိုက်ခြင်း ဖြစ်ကြောင်း သူ သဘောပေါက်လိုက်သည်။ ထို့ကြောင့်လည်း ပထမဦးဆုံး အကြိမ်အဖြစ်နှင့် ပြုံးမိသည်။

သူ ဒုက္ခရောက်တော့မည်ကို ဆရာကြီး ကြောက်သွားသည်မှာ သေချာသည်။ ရိုက်တော့မည့်ကားသစ်ထဲတွင် နီလီကို ထည့်မရိုက်မည့်အကြောင်းကို ဆရာကြီးက ထုတ်ဖော် မပြောရဲ။

နီလီက သတင်းကို ဖတ်ကြည့်သည်။

"လွန်ခဲ့တဲ့ ငါးရက်က မစ္စအိုဟာရာနဲ့ ကျွန်တော် တိုင်ပင်ခဲ့ကြပါတယ်"

ဂီး၆. . . ၊ သည်လောက်တောင် ကြာသွားပြီကိုး။

"သူ သိပ်ကို ပင်ပန်းနေပြီ ဖြစ်တဲ့အတွက် နောက်ထပ် ရုပ်ရှင်တစ်ကားကို ဖုတ်ပူမီးတိုက်ရိုက်ဖို့ မသင့်ကြောင်း ကျွန်တော်က သူ့ကို အကြံပေးပါတယ်။ သူက သူ မပင်ပန်းကြောင်းနဲ့ လေးငါးရက်လောက် နားလိုက်ရင် ကောင်းသွားမယ့်အကြောင်း ကျွန်တော့်ကို ပြောပါတယ်။

အခုလို ဖြစ်ရတာဟာလည်း သူပြောတဲ့အတိုင်း အနားယူဖို့ ကြိုးစားရင်း မတော်တဆ ဖြစ်သွားတာနဲ့တူပါတယ်။ နောက်ထပ် ရိုက်ရမယ့် ဇာတ်ကားသစ် အတွက် သူကိုယ်လုံးကိုယ်ပေါက် အချိုးအစား ပြေပြစ်နေအောင် ကြိုးစားတာသာ ဖြစ်ပါတယ်။ တကယ်လို့များ သူ့အသက် ရှင်လာမယ်ဆိုရင်"

ထိုနေရာတွင် ကုမ္ပဏီသူဌေးက စကားကို ဖြတ်လိုက်ပြီး မျက်ရည်သုတ်သည်ဟု အဆိုရှိသည်။

မျက်ရည်။

သူတို့အဖို့တော့ မိကျောင်းမျက်ရည်နှင့် ဘာမှ မခြားပေ။

မိမိကိုယ်မိမိ အဆုံးစီရင်လိုက်ပြီ ဖြစ်ကြောင်း စာတိုစရှည်တွေမှာ နီလီက ရေးသားခဲ့လေမည်လားဟုလည်း သူက စိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com


ကြောင့်ကြနေပုံရသည်။

နီလီက သတင်းကိုဆက်ဖတ်ပြန်သည်။

"တကယ်လို့များ သူ အသက်ရှင်လာမယ်ဆိုရင် ကျွန်တော်တို့ နောက်ရိုက်မယ့် အကြီးကျယ်ဆုံး ရုပ်ရှင်ကားထဲမှာ သူ သရုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ သူ့နေရာမှာ ဂျယ်နီလော့ဒ်ကို ကျွန်တော်တို့ အစားထိုး ထည့်နေတယ်ဆိုတဲ့ သတင်းဟာ မမှန်ပါဘူး။ နီလီအိုဟာရာလို မင်းသမီးမျိုးကို ဘယ်လိုမင်းသမီးမျိုးနဲ့မှ အစားမထိုးနိုင်ပါဘူး။ ဇာတ်ညွှန်းကို ကျွန်တော်တို့က နည်းနည်းပါးပါး ပြုပြင်လိုက်ပါတယ်။

ဒီကိစ္စကို မစ္စအိုဟာရာက သိပ်ပြီး သဘောမကျခဲ့ပါဘူး။ ပြင်လိုက်တဲ့အတိုင်းဆိုရင်တော့ ဂျယ်နီလော့ဒ်ကို သရုပ်ဆောင်ခိုင်းမယ် ဆိုရင်လည်း ဖြစ်နိုင်စရာအကြောင်း ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က ဒီဇာတ်ကားမှာ မစ္စအိုဟာရာ ခေါင်းဆောင်တာကိုပဲ သဘောကျပါတယ်။

နီလီအိုဟာရာလို မင်းသမီးမျိုးဟာ တစ်ခေတ်မှာ တစ်ယောက်ထွန်း မင်းသမီးမျိုး ဖြစ်ပါတယ်"

နီလီက အများကြီး စိတ်ချမ်းသာသွားသည်။ မင်းသမီး၊ မင်းသားပေါင်း မြောက်မြားစွာတို့က ချီးကျူးစကားပြောကြသည်။ သူသိသူရော မသိသူရော ပါသည်။ သတင်းစာများကလည်း နေရာအများကြီးပေးကာ သူတော်ကြောင်း၊ ကောင်းကြောင်းများကို ဝိုင်းဝန်းမြှောက်ပင့် ရေးသားကြသည်။ နီလီအဖို့တော့ မိမိ၏ နာရေးသတင်းကို မိမိကိုယ်တိုင် ပြန်လည် ဖတ်ရှုနေရသကဲ့သို့ ရှိချေသည်။

သည်လို ဟာမျိုးကလေးကိုတော့ သူ သဘောကျပါသည်။

အမှန်ကတော့ နီလီ အပုန်တကယ်ပင် အသက်ဆုံးရှုံးရတော့မည်ဟု သူတို့အားလုံးက မျှော်လင့်ထားကြခြင်း ဖြစ်သည်။

ထို့ကြောင့်လည်း ကုမ္ပဏီဥက္ကဋ္ဌက ရိုက်တော့မည့်ကားထဲတွင် သူ့ကိုသာ ထည့်သွင်းရိုက်ကူးမည်ဖြစ်ကြောင်း သူတို့ဂုဏ်ကို ပြန်ဆယ်သည့် အနေဖြင့် ပြောလိုက်ခြင်း ဖြစ်သည်။

ယခုတော့ သူတို့ထင်ထားသလို နီလီ မသေဘဲ သေရွာက ပြန်လာသောအခါ သူ့စကားနှင့်သူ နီလီကို ယင်းဇာတ်ကားထဲတွင် ထည့်ရိုက်ရပေတော့မည်။

"ကျွန်မ သိပ်ဆိုးသွားသလား"

နီလီက သူနာပြုဆရာမကို မေးသည်။

"အမယ်လေး ပြောမနေနဲ့တော့၊ လွန်ခဲ့တဲ့ မကြာခင် အချိန်ကလေးထိ ရှင့်ကို ပစ်လိုက်ရပြီလို့ ကျွန်မတို့ အားလုံး တွက်ထားကြတာ။ တစ်လျှောက်လုံး အောက်ဆီဂျင် ပေးထားရတာ"

"ဒါပေမယ့်၊ ကျွန်မ အိပ်ဆေးသောက်တာ သိပ်မများလှပါဘူး။ အိပ်ရေးဝအောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားနိုင်ဖို့ ကျွန်မ ကြိုးစားတာ၊ တကယ်ပါ"

"ရှင့်အိမ်က ဘဏ္ဍာစိုးက ဆရာဝန်ကို လှမ်းခေါ်လို့ ကံကောင်းသွားတာ။ အိမ်ပေါ်ကို သူတက်ပြီး ကြည့်တော့ ရှင် အသက်ရှူကျပ်နေတာကို တွေ့ရတယ်တဲ့။ ရှင် ထမင်းမစားတာ သုံးရက် ရှိပြီ ဆိုတာကိုလည်း သူ သတိရသွားတယ်"

"ဒီအတိုင်းဆိုရင်တော့ ကျွန်မကိုယ်လုံးဟာ အလောတော်လောက် ဖြစ်နေမှာ သေချာပြီ"

နီလီက ပြုံးလိုက်မိသည်။

သူနာပြုဆရာမက ရုတ်တရက် နောက်ဘက်သို့ လှည့်ထွက်သွားသည်။ စက္ကန့်ပိုင်းအတွင်းမှာပင် ဆရာဝန်တစ်ယောက် ဝင်လာသည်။

"ကျွန်တော် ဒေါက်တာကီးဂန်ပါ"

သည်နာမည်ကို နီလီ ကောင်းကောင်း မှတ်မိသည်။ကုမ္ပဏီဥက္ကဋ္ဌ၏သီးသန့်ဆရာဝန် ဖြစ်သည်။

"အခုမှပဲ ကျွန်တော်တို့ အသက်ရှူချောင်တော့တယ်"

ဆရာဝန် စကားပြောပုံက မြန်လွန်းသည်။

မှန်ပါသည်။ အားလုံး အသက်ရှူချောင်သွားကြပြီဟု နီလီကလည်း ထင်ပါသည်။ သို့သော် အခြေအနေ အပြည့်အစုံကို ဆရာကြီး သိပြီး ဖြစ်နေသည်မှာ သေချာပါသည်။

နီလီက နွမ်းနယ်သည့် အပြုံးကလေး တစ်ခုကို ပြုံးလိုက်သည်။

"အဓိပ္ပာယ် မရှိတာတွေ မင်းလျှောက်လုပ်တာပဲ၊ ဒီလို လုပ်လိုက်တဲ့အတွက် ဘာ

www.burmeseclassic.com

www.burmeseclassic.com


အကျိုးကျေးဇူး ခံစားရသလဲ"

ဆရာဝန်က မေးသည်။

'ဘယ့်နှယ်ကြောင့် အကျိုးကျေးဇူး မခံစားရမှာလဲ။ ကျွန်မကို ထည့်မရိုက်ဖို့ ဆုံးဖြတ်ထားတဲ့ ရုပ်ရှင်ကားထဲမှာ ကျွန်မ ပြန်ပြီး သရုပ်ဆောင်နိုင်ခွင့် ရနေပြီလေ'ဟု စိတ်ထဲမှ ပြန်ပြောမိသည်။

သို့သော်လည်း အားနည်းသည့် အပြုံးမျိုးကို ပြုံးပြရင်း မျက်ရည်ကလေးများ တတွေတွေ ကျလာသည်။ ပြီးတော့ လေသံသဲ့သဲ့ကလေးနှင့် ပြန်ပြောသည်။

"ကျွန်မ- ကျွန်မ. . . ရုပ်ရှင်မရိုက်ရဘဲနဲ့တော့ အသက်ရှင်ပြီး မနေချင်ဘူး ဒေါက်တာရယ်"

"အင်း- ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ရုပ်ရှင်ရိုက်ဖို့. . .၊ ကျုပ်တို့ စောင့်ကြည့်ဦးမယ်လေ၊ မင်း ထူထူထောင်ထောင် ဖြစ်လာနိုင်ပါ့မလား ဆိုတာ ကြည့်ကြရဦးမယ်လေ"

"ကျွန်မ နေကောင်းပါတယ် ဒေါက်တာ"

နီလီက ထထိုင်သည်။

"မင်း သေကောင်ပေါင်းလဲ ဝေဒနာကို ခံစားခဲ့ရတာပဲ' ကျုပ်တို့ ကြည့်ပါဦးမယ်။ မင်း ကျန်းမာရေးအတွက် ကျုပ် စိတ်မချနိုင်သေးဘူး ဆိုရင်တော့ ကုမ္ပဏီကို ဒီအကြောင်း ပြောပြရလိမ့်မယ်။ နောက်ထပ် အားပြတ်ပြီး လဲသွားတာမျိုး အဖြစ်မခံနိုင်ဘူး"

သူတို့ကတော့ သည်စကားမျိုးကိုသာ ပြောရပေမပေါ့။ကုမ္ပဏီဥက္ကဋ္ဌကြီး၏ ကိုယ်ပိုင် အထူးဆရာဝန်က သူ့ကျန်းမာရေးသည် ရုပ်ရှင်ရိုက်နိုင်လောက်သည့် အခြေအနေမျိုး မဟုတ်သေးပါဟု ပြောရပေမပေါ့။

နီလီက ချိုချိုကလေး ပြုံးလိုက်သည်။

"ကောင်းပါပြီလေ၊ ကျွန်မ ရုပ်ရှင်ရိုက်နိုင်တဲ့ အခြေအနေ ရှိနေပါပြီလို့ ဒေါက်တာ သတ်မှတ်နိုင်မယ့် အချိန်ကိုပဲ စောင့်ရတော့မှာပေါ့။ ဆရာကြီးရဲ့သဘောက ကျွန်မ ကိုယ်အလေးချိန် ကျသွားစေချင်နေတာ မဟုတ်လား။ နောက်ပြီးတော့ မြန်လေကောင်းလေပဲလေ။ ကျွန်မ အသားတွေတိုးပြီး ကိုယ်လုံးကိုယ်ပေါက် အချိုးအဆက် မပြေမပြစ် ဖြစ်နေတုန်းက ပိန်ဆေးတွေ ပထမဦးဆုံး စကျွေးတဲ့သူဟာ ဆရာကြီးပါ။ ကျွန်မ ဆယ့်ရှစ်နှစ်သမီးလောက်တုန်းကပေါ့။

အဲဒီ ဆေးတွေစားတော့ ခံတွင်းပျက်လာတယ်။ အစာမစားဘဲ၊ သူ့အမိန့်အတိုင်း တစ်ပတ်လုံးလုံး အစာမစားဘဲ ကျွန်မ အလုပ်လုပ်ပေးခဲ့တယ်။ သူ့ပြောစကားတွေကို နားထောင်ခဲ့တယ်။

ဒါကြောင့်၊ အခု အခြေအနေဟာလည်း ကျန်းမာရေးကောင်းနေတယ်လို့ ဒေါက်တာ သဘောထားရမှာပါပဲ။ ကြည့်ကြသေးတာပေါ့။ အဝတ်အစားချုပ်ဖို့ကလည်း လေးငါးရက် လိုသေးတာပဲ။

နောက်ပြီးတော့ ကျွန်မ ကိုယ်လုံးကလည်း အလောတော်လောက် ဖြစ်နေပါပြီ။ ဒါကြောင့်၊ ကျွန်မ အဝတ်အစား အတိုင်းပေးလို့ ရနေပါပြီ။ ရုပ်ရှင် စမရိုက်ခင်မှာလည်း ကျွန်မ အနားယူဖို့ တစ်ပတ်လောက် အချိန်ရနေသေးတာပဲ"

နောက်တစ်နေ့တွင် နီလီက သူ့ရှေ့နေနှင့် ကိုယ်စားလှယ်ကို ခေါ်လိုက်သည်။

ယခုတော့ အားလုံး ချောချောမောမော ဖြစ်သွားပါပြီ။ ထို ရုပ်ရှင်ကားထဲတွင် နီလီကို သူတို့ ထည့်မရိုက်၍ မဖြစ်နိုင်တော့။ နီလီအိုဟာရာ၏ နေရာတွင် အခြားသူနှင့် အစားထိုးရိုက်ကူးရန် စီစဉ်ထားသည်ဆိုသော သတင်း မမှန်ပါဟု ဆရာကြီးကိုယ်တိုင်က သတင်းစာများကို အတိအလင်း ထုတ်ပြောခဲ့ပြီ မဟုတ်လား။

ထိုစကားသည် ကန်ထရိုက်စာချုပ်တစ်ခုထက်ပင် ပိုပြီး ထိရောက်လေးနက်နေတော့သည်။ ပြီးတော့လည်း ပြည်သူတို့၏ ကရုဏာတရားကလည်း အမြင့်မားဆုံး အခြေအနေသို့ ရောက်နေသည်။ သို့သော်လည်း ရုပ်ရှင်ရိုက်ရက်ကိုမူ တစ်ရက်တလေမျှ သူ အပျက်မခံရဲ၊ သူ့ကိုယ်စားလှယ်ကလည်း ထိုကိစ္စကို သေသေချာချာ ပြောပြသွားသည်။

"တစ်ရက်မှာ တစ်နာရီလောက်ပဲ နောက်ကျကြည့်။ မင်းကို တစ်ခါတည်း ကန်ထုတ်ပစ်လိုက်မှာ သေချာတယ်။ ဒီကားအတွက် သူ့အရှုံးအမူး ဖြစ်နေတယ်။ သူ့အနေနဲ့ကလည်း ဒီလို ဖြစ်ဖို့ တစ်လမ်းပဲ ရှိတော့တယ်။ ဒီကားအတွက် သူ အားလုံးကို စွန့်လွှတ်မှာပဲ။ သူ ဒုက္ခရောက်အောင်လည်း လုပ်ခဲ့ပြီးပြီ မဟုတ်လား။ ဒီတစ်ခါတော့ သူ အရှုံးခံတော့မှာ မဟုတ်ဘူး"

ကားစရိုက်သည့် ပထမဆုံးနေ့က စိတ်

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ချောက်ချားကာ မနေတတ်မထိုင်တတ် ဖြစ်နေသည်။ အခြားလူများနှင့် အတူတူ ရပ်နေသည့် ဒါရိုက်တာ ဆမ်ဂျက်ဆန်ကို တွေ့ရတော့ သူလည်း စိတ်ချောက်ချားနေပုံရသည်။ သူတို့သာမက ကျန်လူ အားလုံးတို့သည်လည်း သွေးလေ ချောက်ချားနေကြပုံရသည်။

သို့သော်လည်း နီလီက ဇာတ်ညွှန်းကို သေသေချာချာ လေ့လာမြီးပြီ။ ကိုယ့်အခန်းနှင့်ပတ်သက်ပြီး လုံးစေ့ပတ်စေ့ နားလည်ပြီးပြီ။

"ကိုယ့်တို့ တစ်ခါ ဇာတ်တိုက်ကြည့်ပြီးရင် တောက်လျှောက် တန်းရိုက်မယ်။ ညကလပ်ထဲမှာ ရှိနေတဲ့ ပရိသတ် ငြိမ်သွားအောင် မင်းက တောင်းပန်စကားပြောတဲ့ အခန်းက စရိုက်မယ်။ ပြီးတော့ မင်း သီချင်း ဆက်ဆိုရမယ်"

ဒါရိုက်တာ ဆမ်ဂျက်ဆန်က နီလီကို လာပြောသည်။ ထို့နောက် ကျန်လူများဘက်သို့ လှည့်အော်လိုက်သည်။

"ဇာတ်ကောင်တွေ ကိုယ့်နေရာကိုယ်ယူ၊ အစမ်းတစ်ခါ လုပ်ကြည့်မယ်"

ညကလပ်အတွင်း မြင်ကွင်းမျိုးကို ပြုလုပ်ထားသည်။ နီလီက သူ သရုပ်ဆောင်ရမည့် အပိုင်းများကို ဆက်တိုက်လုပ်သွားသည်။ အားလုံး ချောချောမောမောပင် ဖြစ်သည်။ သို့သော်လည်း သူတို့ အားလုံး ဘာကြောင့် တုန်လှုပ်ချောက်ချားနေကြသနည်း။ ဒါရိုက်တာ ဆမ်ဂျက်ဆန်က ဘာကြောင့် သူနှင့် မျက်လုံးချင်း မဆိုင်မိအောင် ရှောင်တိမ်းနေရသနည်း။

သူသည် ယခုလို အကျင့်စရိုက်မျိုးရှိသူ မဟုတ်။ စာရင်းဇယားများအတိုင်း ပြီးမြောက်အောင် ရိုက်ကူး မပေးနိုင်လျှင် သူ့ကို အလုပ်ထုတ်ပစ်မည် ဆိုသည့်အတွက် စိုးရိမ်စိတ်ကြောင့်များ ယခုလို ဖြစ်နေသလား။

ကုမ္ပဏီဥက္ကဋ္ဌသည် ယခုလို ခပ်ကြောင်ကြောင် လုပ်တတ်ကြောင်း လူတိုင်းက သိထားပြီး ဖြစ်သည်။ထိုအကြောင်းများကိုလည်း ယနေ့ လုပ်ငန်းများ ပြီးဆုံးသွားသောအခါကျမှ ဆမ်ကို ပြောပြရဦးမည်ဟု နီလီက စိတ်ထဲမှာ တေးထားလိုက်သည်။

လိုအပ်သည့် အနေအထားများ ပြုပြင်ကာ ကင်မရာကို လိုအပ်သည့်နေရာသို့ ရွှေ့နေကြသည်။ နီလီက သူတို့လှုပ်ရှားနေကြသည်များကို ငေးကြည့်နေသည်။

သတ်မှတ်ထားသည့် စာရင်းဇယားအတိုင်း ပြီးမြောက်အောင် လုပ်ပေးနိုင်မည်ဆိုလျှင် ဆမ်သည် လုပ်သားဆုအဖြစ် တစ်နေ့ဒေါ်လာတစ်ထောင်ရမည်။ ထိုအတွက်များ အရှုးအမူး လုပ်နေခြင်းလား။

တစ်ကြိမ်လောက် အစမ်း လေ့ကျင့်ပြီး ရုံနှင့် တောက်လျှောက် အချောရိုက်ကူးရမည်ဆိုသည်မှာ မည်ကဲ့သို့သော လူမျိုးမျှ မလုပ်နိုင်သည့်အလုပ် ဖြစ်သည်။ ရိုက်ကွင်းကလေးတစ်ခုလောက်ကို တစ်နေ့နှင့် ချောချောမောမော ဖြစ်အောင် ရိုက်ကူးနိုင်သည် ဆိုလျှင်ပင် ပေအကျကောင်းသည်ဟု ပြောစမှတ် ပြုနေကြသည် မဟုတ်ပါလား။

ရိုက်ကွင်းပေါ်မှာ မီးများ ထိန်ထိန်လင်းလာသည်။ နီလီ၏မျက်နှာ အနီးမှာ ကလက်ရိုက်လိုက်သည်။

ဘုရား. . . ဘုရား၊ သူ့တစ်သက်တွင် တစ်ကြိမ်လောက် အစမ်းလုပ်ပြီးရုံနှင့် တောက်လျှောက် ဇာတ်ကားရိုက်သည်ကို မကြုံခဲ့ဘူးပေ။ အခြား မည်သူမျှလည်း ထိုသို့ မလုပ်ကြ။

သို့သော် တကယ် ရိုက်သောအခါတွင် အထိုက်အလျောက် ချောချောမောမော ဖြစ်သွားသည်။ ပြောရမည့် စကားလုံးများထဲက တော့ အချို့ ကျန်သွားသည်။ အကြောင်းတော့ မဟုတ်ပါ။ပြန်ရိုက်လျှင် ဖြစ်နိုင်ပါသည်။

ထိုတစ်ကတ်ကို ရိုက်ပြီးသောအခါ နီလီက ဒါရိုက်တာဘက်သို့ အပြုံးကလေးနှင့် လှည့်ကြည့်လိုက်မိသည်။

"စကားလုံးတွေ ကျန်သွားတယ်"

"ဟုတ်တယ်၊ စာကြောင်းနှစ်ကြောင်း ကျန်သွားတယ်။ အသံတွေကို တိပ်နဲ့ သွင်းပြီးသားဆိုတော့ ပါးစပ်ပေါက်နဲ့လွဲသွားတော့မှာပဲ။ နောက်တစ်ကြိမ် ပြန်ရိုက်ကြသေးတာပေါ့"

နီလီက ပခုံးနှစ်ဖက်ကို တွန့်ပြရင်း ပြောသည်။

"ကောင်းပြီလေ၊ တစ်ခါ ပြန်ရိုက်ကြသေးတာပေါ့။ ဒါပေမယ့် ဒီတစ်ကြိမ်ဟာ နောက်ဆုံး ရိုက်တာပဲ ဖြစ်စေချင်တယ်"

သည်လူ စိတ်မမှန်တော့ဟု ထင်ရသည်။ ကြောက်ရွံ့စိုးရိမ်သည့် စိတ်မျိုးနှင့် ဘယ်တုံးကမှ သူ ရုပ်ရှင်မရိုက်ဖူးဘူးသေးချေ။ ယခုတော့ ဒါရိုက်တာအဖို့ သူ့အသုဘ သူ ထမ်းချနေသည်နှင့် တူနေပြီ။

ရိုက်ကွင်းပေါ်သို့ နီလီက လျှောက်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ စကားပြော မိုက်ကရိုဖုန်းကို နီလီက ကိုင်ထားရင်း ဝိုင်ယာကြိုးပေါ်သို့ ယိုင်သွားသည်။

"ကတ်"

ဒါရိုက်တာက အော်လိုက်သည်။ ပြီးတော့ နီလီရှိရာသို့ လျှောက်လာသည်။

"နီလီ၊ မင်း နေကောင်းရဲ့လား"

"ကောင်းပါတယ်။ ဒီမှာဆမ်၊ဒါလောက်တောင် စိတ်စောမနေစမ်းနဲ့။ နှစ်ကြိမ်လောက်နဲ့ စိတ်တိုင်းကျတဲ့ ရိုက်ချက်မျိုး ရမယ် မထင်ပါနဲ့"

"ပထမတစ်ကြိမ်တည်းက စိတ်တိုင်းကျ အကွက်ကို ရရမယ်လို့ ကိုယ်က မျှော်မှန်းထားတာ"

"ဆမ်၊ ရှင် ရူးများနေပြီလား။ ရှင် ဘာဖြစ်လို့ ဒါလောက် စိတ်စောနေရတယ်ဆိုတာ ကျွန်မ သိပါတယ်။ ဒါလောက်တောင် စိတ်စောနေစရာ အကြောင်း မရှိပါဘူး။ ဆူလွယ် နပ်လွယ် ဇာတ်ကားတစ်ကားကို ရိုက်သလို ရှင်ရိုက်နေတာပဲ။ ရိုက်ကွင်းတစ်ခုလုံးကို တစ်ကြိမ်တည်း အစမ်းလုပ်ပြီး အပြီးရိုက်တာကို များ ဆရာကြီးသိရင် ရယ်လိမ့်မယ်"

ဆမ်ဂျက်ဆန်က နီလီကို ဘာမှ မပြောတော့ဘဲ အခြား လူများဘက်သို့ လှည့်သွားသည်။

"တတိယအကြိမ် ပြန်ရိုက်ဖို့ အသင့်ပြင်"

နီလီက ရိုက်ကွင်းထဲမှ ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်သည်။ ချက်ချင်းပင် သူ့ခြေလှမ်းများကို ရပ်လိုက်သည်။ သည်အတိုင်း ထွက်သွားမည်ဆိုလျှင် ဆရာကြီးဘက်က အသာရသွားပေလိမ့်မည်။ ထို့ကြောင့် ရိုက်ကွင်းဘက်သို့ ပြန်လျှောက်လာခဲ့သည်။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။

နီလီအိုဟာရာကဲ့သို့သော လျှမ်းလျှမ်းတောက် မင်းသမီးတစ်ယောက် ခမျာမှာ ကြောက်လန့်တကြား ဖြစ်နေသည့် ဒါရိုက်တာ၏ဒဏ်ကို အလူးအလိမ့် ခံရလေတော့သည်။ကျန်ဇာတ်ကောင်များ အားလုံး၊ အလုပ်သမားများ အားလုံးကလည်း နီလီကို ဝိုင်းကြည့်နေကြောင်း ဆမ်ဂျက်ဆန် သိသည်။

နီလီကို ဘယ်တုန်းကမှ ယခုကဲ့သို့ ဆက်ဆံသည်ကို မပြုဘူးခဲ့ကြ။ ယခုတော့ အားလုံးက နီလီကို ကျောခိုင်းကုန်ကြပြီ။

သူရပ်ရမည့်နေရာသို့ ကြိုးစား ပြန်သွားကာ ရပ်နေလိုက်သည်။ သူ့ကိုယ်ပေါ်သို့ မီးရောင်များ ဖြာကျနေသည်။ တစ်ကိုယ်လုံးလည်း တုန်ယင်နေသည်။ မိန်းကလေးတစ်ဦးက သူ့မျက်နှာပေါ်မှ မိတ်ကပ်များကို ပြန်လည် ပြုပြင်ပေးနေသည်။

တတိယအကြိမ် ကလက်ရိုက်သည်။ စ,သည် ဆိုကတည်းက သူ ပြောရမည့်စကားများ မှားသွားပြန်သည်။ ကင်မရာက ရပ်လိုက်သည်။

စတုတ္ထအကြိမ်မြောက် ပြန်ရိုက်သည်။ စကားများသွားပြန်သည်။

ပဉ္စမအကြိမ်၊ ဆဋ္ဌမအကြိမ်. . . ။

ညနေအတော်စောင်းတော့ ထိုတစ်ခန်းတည်းကိုပင် ပြန်ရိုက်နေရသည်မှာ ဆယ့်ငါးကြိမ် ရှိသွားပြီ။

ရယ်စရာတော့လည်း တစ်မျိုးကောင်းနေသည်။ သူ့ဘဝတစ်လျှောက်လုံးတွင် ရှစ်ကြိမ်ထက် ပိုပြီး ရိုက်ရသည်ဟု မရှိခဲ့ဖူးဘူး။ ရုပ်ရှင် စတင် ရိုက်ကူးခါစ မင်းသမီးသစ်ကလေး ဘဝတုန်းကပင် ယခုလို မဖြစ်ခဲ့။ ယခုလို ဖြစ်ရသည်မှာလည်း ဆမ်ကြောင့်ဟု ဆိုနိုင်သည်။ ဆမ်က အစိုးရိမ် အကြောင့်ကြများနေသည်။ တုန်လှုပ်ချောက်ချားနေသည်။

ထိုစိတ်ဓာတ်များက နီလီကို ကူးစက်လာသည်။ ယခုတော့ ကိုယ်ပြောရမည့် စကားလုံးများကိုပင် ပြန်မမှတ်မိနိုင်တော့။ အားလုံး ခေါင်းထဲမှ ထွက်ပြေးပျောက်ကွယ်ကုန်ကြပြီ။ တကယ် ဆိုတော့လည်း နီလီ၏ ဘဝသည် ဇာတ်ညွှန်းထဲရှိ သူပြောရမည့် စကားလုံးကလေးများပေါ်မှာ လုံးဝ ရပ်တည်နေရချေပြီ။

"ညစာစားဖို့ ခဏနားမယ်။ ခုနစ်နာရီမှာ အားလုံး ရိုက်ကွင်းကို ပြန်လာပါ"

ဆမ်က အမိန့်ပေးလိုက်သည်။

ညစာစားဖို့ ခဏနားဦးမည်။

နီလီသည် ရုပ်ရှင်နယ်သို့ ရောက်သည့် အချိန်မှစပြီး ယခုတိုင်အောင် ညဘက်တွင် ကားမရိုက်ဘူးချေ။ ပြီးတော့ ဒါရိုက်တာက ညဘက်မှာပါ ဆက်ပြီး ကားရိုက်မည့်အကြောင်း သူ့နှင့်လည်း တိုင်ပင်ခြင်း မပြု။

နီလီက ဒါရိုက်တာဆီသို့ ဒေါနှင့်မောနှင့် လျှောက်သွားသည်။

"ရှင် ကျွန်မကိုချည်း သဲကြီးမဲကြီး ရိုက်နေတယ်"

ဒါရိုက်တာက ကင်မရာနောက်မှနေပြီး

www.burmeseclassic.com

www.burmeseclassic.com



မှိုက်ကွင်းကို ချောင်းကြည့်နေသည်။

"ကျုပ် ကြိုက်တဲ့အကွက်မျိုးရအောင် မင်း လုပ်မပေးနိုင်မချင်း ဒီအခန်းကိုပဲ ထပ်မှိုက်ရမှာပဲ"

"ကျွန်မကို ဒီလို လုပ်လို့ ဘာရမလဲ၊ ကျွန်မ အချိန်နဲ့လာတယ်။ အချိန်နဲ့ အလုပ်သိမ်းတယ်။ အချိန်နဲ့ပြန်မယ်။ တစ်နေ့ကို ဆုငွေတစ်ထောင် ရှင်ရဖို့အတွက် ကျွန်မက နဖူးတခွေး ခြေမ,ကျအောင် လုပ်မပေးနိုင်ဘူး"

ပြောပြောဆိုဆိုနှင့် နီလီက ထိုနေရာမှ လှည့်ထွက်လာခဲ့သည်။

"မင်း ဒီလို ထွက်သွားရင် ကျုပ် တိုင်လိုက်ရလိမ့်မယ်"

"ကြိုက်သလိုသာလုပ်၊ ကျွန်မမှာလည်း ကိုယ့်အခွင့်အရေးနဲ့ကိုယ်ပဲ"

နီလီက ပြန်အော်ခဲ့သည်။

ခုနစ်နာရီထိုးတော့ ဇာတ်ကောင်များနှင့် အလုပ်သမားများ ပြန်ရောက်လာကြသည်။ ညဆယ်နာရီထိုးသည်အထိ သူတို့အားလုံး စောင့်ကြသည်။ နီလီ၏အိမ်ကို ဖုန်းလှမ်းဆက်ကြည့်သည်။ နီလီ အနားယူနေပြီ ဆိုသောအဖြေကိုသာ ရကြသည်။ ဆမ်ဂျက်ဆန်က ထိုင်ရာမှထပြီး အလုပ်သမား အားလုံးကို ပြန်ခွင့်ပြုလိုက်သည်။

"မနက်ဖြန် ကားရိုက်ဖို့ မရှိဘူး။ နောက်ထပ် အကြောင်းမကြားမချင်း ကားရိုက်ရက်မရှိသေးဘူး"

သူ့ကားကို ပင်လယ်ကမ်းခြေဆီသို့ မောင်းလာခဲ့သည်။ အိမ်ခပ်သေးသေးတစ်လုံးရှေ့သို့ ရောက်သောအခါ ကားဟွန်းကို တီးလိုက်သည်။ အိမ်တံခါးပွင့်လာသည်။

ရေကူးဝတ်စုံဝတ်ထားသော ဆံပင်နက်နက်နှင့် မိန်းမချောကလေး တစ်ယောက် တံခါးပေါက်မှာ ရပ်နေသည်။ ဆမ် ဝင်သာအောင် ကိုယ်ကို တိမ်းပေးသည်။ ဆမ်က အိမ်တွင်းသို့ ဝင်သွားသည်။

"ဒီမှာ ဂျယ်နီ၊ မင်း ရုပ်ရှင်ရိုက်ခွင့်ရပြီ"

မိန်းကလေး၏ ပါးစပ်ကလေး ပွင့်သွားသည်။ ပြီးတော့ အားပါးတရ ပြုံးလိုက်သည်။ ညိုညာဖြူဖွေးသည့် သွားကလေးများ ဝင်းထက်သွားသည်။

"အိုး ဆမ်၊ ကျေးဇူးကြီးလိုက်တာရှင်၊ ကျွန်မ သိပ်ကို ပျော်သွားပြီ"

မိန်းကလေးက အားပါးတရပြောရင်း ကုလားထိုင်ပေါ်မှာထိုင်ပြီး တိတ်တိတ်ဆိတ်ဆိတ်နှင့် ဆေးလိပ်သောက်နေသူဘက်သို့ လှည့်ကြည့်သည်။ ထိုသူသည် ကိုယ်လုံးကိုယ်ထည် သေးသေးနှင့် ဆံပင်အားလုံး ဆွတ်ဆွတ်ဖြူနေသူ ဖြစ်သည်။

"ဆမ် ပြောတာ ကြားတယ် မဟုတ်လား၊ အကုန်လုံး အဆင်ပြေအောင် ဆမ်က စီစဉ်လိုက်ပြီတဲ့"

ဟုလည်း ထိုသူ့ကို လှမ်းပြောသည်။

ကိုယ်လုံးကိုယ်ထည် သေးသေးနှင့်လူက ထိုင်ရာမှထသည်။ ပြီးတော့ ပြုံးရင်း မိန်းကလေးကို လှမ်းကိုင်သည်။ မိန်းကလေး၏ ကိုယ်လုံးကိုယ်ပေါ်က အချိုးအဆက် ကျလွန်းလှသည်။

"ကောင်းတယ်၊ ဆမ်၊ ဒီမိန်းကလေးကို ကြည့်စမ်း၊ မလှဘူးလား။ အေး- ဒါပေမယ့် ကိုင်တော့ မကြည့်နဲ့နော်၊ ဒါက ကိုယ့်ပစ္စည်း"

"ကောင်းပါပြီ ဆရာကြီး"

ဆမ်က ခေါင်းညိတ်ပြသည်။

"လောကကြီးမှာ ဘာတွေ ဖြစ်တတ်တယ် ဆိုတာကို မင်း သိစေချင်တယ်။ မင်းက ငယ်သေးတယ်။အတွေ့အကြုံတွေများအောင် လုပ်ရဦးမယ်"

မိန်းကလေးက ဆရာကြီးဘက်သို့ လှည့်လိုက်သည်။ ပြီးတော့ ဆရာကြီးကို ပြန်ဖက်ထားသည်။

"ဒါပေမယ့် ကျွန်မ . . . ကျွန်မ၊ ဆရာကြီးကို ချစ်တယ်။ ဒါကို ဆရာကြီး သိပါတယ်"

ဆရာကြီးက ခေါင်းညိတ်သည်။

"ကောင်းပြီ ဆမ်၊ မင်း အလုပ် ကောင်းကောင်းလုပ်နိုင်ခဲ့ပါတယ်။ ပြီးတာတွေ ပြီးပါစေတော့။ သန်ဘက်ခါကျရင် အလုပ်ပြန်စပါ။ ဇာတ်ကောင်တွေနဲ့အလုပ်သမားတွေ အားလုံးကို ပြန်ခေါ်ပါ။ သတင်းထုတ်ပြန်ပေးဖို့ ကိစ္စကိုတော့ ငါလုပ်မယ်။ နီလီကို ပြန်မလာနဲ့တော့လို့ ကြေးနန်းရိုက်လိုက်ပါ။ ငါ့နာမည်ကို သုံးပြီး ရိုက်ပါ"

ဆမ်က ခေါင်းညိတ်ပြပြီး ပြန်ထွက်သွားသည်။ ဆရာကြီးက မိန်းမပျိုကလေးဘက် လှည့်ကြည့်သည်။

"ကိုင်း- အခုဆိုရင် မင်းဟာ လျှမ်းလျှမ်းတောက် အောင်မြင်တဲ့ မင်းသမီး ဖြစ်လာတော့မယ်။ ကြားလား ဂျယ်နီလော့ဒ်၊ မင်းဟာ မစ္စလော့ဒ် အဖြစ်နဲ့ ထင်ရှားကျော်ကြား

www.burmeseclassic.com

www.burmeseclassic.com

လာတော့မယ်။ ဒါပေမယ့် မင်းရဲ့ အရှင်သခင်ဟာ ငါဖြစ်တယ်ဆိုတာကို မင်း ဘယ်တော့မှ မမေ့နဲ့”

“ကောင်းပါပြီ ဆရာကြီးရှင့်”

ဂျယ်နီလော့ဒ်က ဆရာကြီး၏ရှေ့မှောက်ဒူးထောက် ထိုင်ချလိုက်လေတော့သတည်း။

○ ○ ○

## အယ်နီ

၁၉၅၇

အယ်နီက တစ်စုံတစ်ရာကို စဉ်းစားရင်း တယ်လီဖုန်းကို ပြန်တင်ထားလိုက်သည်။ ကေဗင်ဂေးလ်မိုးက အယ်နီ၏လက်ကို လှမ်းကိုင်ဆွဲယူသည်။

“နီလီ ဖုန်းဆက်ပြန်ပြီလား”

အယ်နီက ခေါင်းညိတ်ပြသည်။ ကေဗင်ဂေးလ်မိုးက ခုတင်ကို လက်နှင့် ပုတ်ပြသည်။

“ကဲ ဒီမှာ နားနားနေနေ လှဲလိုက်ပါဦး။ ကိုယ်တို့ အေးအေးဆေးဆေး စကားပြောကြတာပေါ့”

အယ်နီက ခုတင်ပေါ်တွင် ပက်လက်လှန်ပြီး လှဲချလိုက်သည်။

“ဒီကိစ္စဟာ သိပ်မလွယ်နိုင်ဘူး ကေဗင်”

“အထိတ်တလန့်နဲ့ မင်း ဖုန်းပြောနေတာကို ကိုယ်ကြားလိုက်ရပါတယ်။ မင်းနဲ့အတူတူ သူ လာနေချင်တယ်လို့ ကိုယ်ထင်တယ်”

အယ်နီက နှုတ်ပိတ်မြဲ ပိတ်နေသောကြောင့် ကေဗင်က ရယ်သည်။

“မင်းဟာ အခုထက်တိုင်အောင် နယူးအင်္ဂလန်နယ်သူ စိတ်ဓာတ်တွေ မဖျောက်သေးဘူး၊ အရှက်အကြောက်ကြီးတုန်း၊ အားနာတတ်တုန်းပဲ။ မှန်တဲ့အတိုင်း ဘာဖြစ်လို့ ပြောင်ဖွင့်မပြောလိုက်တာလဲ။

‘နီလီ၊ ကိုယ့်မှာ ခုတင်နှစ်လုံး ရှိတာတော့ မှန်ပါတယ်။ ဒါပေမယ့် ကိုယ့်အဆက်

www.burmeseclassic.com

www.burmeseclassic.com



- ကလည်း မကြာခဏ လာအိပ်တတ်တယ်လို့ မှန်တဲ့အတိုင်း ဖွင့်ပြောလိုက်ပါလား"

အယ်နီက စောစောက ဖတ်နေသည့် ဇာတ်ညွှန်းစာအုပ်ကို ကောက်ယူသည်။

"ဒီလို ပြောလိုက်ဖို့လည်း မတော်ပါဘူး ကေဗင်၊ ကျွန်မ စိတ်ပူနေတယ်၊ နီလီဟာ ဒုက္ခ ရောက်နေရသူပါ"

"ဘာဖြစ်လို့လဲ၊ သူ လုပ်ချင်ရာလုပ်ဖို့ အခွင့်အရေးကို ဟိုလူတွေက မပေးလို့လား။ ခုနစ်လလုံးလုံး ဇိမ်နဲ့ ထိုင်နေရတာပဲ။ လခ ကောင်းကောင်းလည်း ရနေတာပဲ။ အခုလို အချိန်မျိုးမှာ နှစ်ရှည်စာချုပ် မချုပ်ရလို့ဆိုပြီး စိတ်မချမ်းမသာ ဖြစ်နေဖို့ အကြောင်း မရှိပါ ဘူး။ အခု အချိန်မှာ ဘယ်ရုပ်ရှင်ကုမ္ပဏီကမှ နှစ်ရှည်စာချုပ်ကို ချုပ်ကြတော့တာ မဟုတ် ဘူးလေ"

"ဒါပေမယ့် သူ့အဖြစ်က တစ်မျိုးပါ။ သူ့ စိတ်တွေ ကယောင်ချောက်ချား ဖြစ်နေတယ်။ အဲဒီ ပတ်ဝန်းကျင်နဲ့ဝေးတဲ့ တစ်နေရာရာကို သူသွားနေဖို့ ကောင်းတယ်"

"သူ့ကို ကမ်းလှမ်းနေတာတွေကို သူ လက်ခံနိုင်သားပဲကွာ။ သူကသာ လက်ခံမယ် ဆိုရင် ဘရော့ဒ်ဝေးမှာ ရှိနေတဲ့ ထုတ်လုပ်သူ အားလုံး သူ့နောက်ကို တကောက်ကောက် လိုက်နေကြမှာပါ။ ရုပ်မြင်သံကြား လွှင့်ချင် သပဆိုရင် ရတာပဲ။ သူလုပ်ချင်တာ ဘာမဆို လုပ်လို့ ဖြစ်ပါတယ်"

"ဒါပေမယ့်၊ ရယ်စရာကောင်းတဲ့ ကော လာဟလတွေလည်း ကျွန်မ ကြားနေမိသေး တယ်"

အယ်နီက စီးကရက်တစ်လိပ်ကို လှမ်း ဆွဲယူသည်။ ကေဗင်က မီးလှမ်းညှိပေးသည်။

"ဒီဘက် ခုတင်ကို ပြောင်းခဲ့ပါ အယ်နီ၊ လှမ်းအော်ပြောမနေရတော့ဘူးပေါ့"

အယ်နီက ပြုံးသည်။

"ကေဗင်၊ ဒီဇာတ်ညွှန်းထဲက စကား တွေ မရရင် ကင်မရာရှေ့ ရောက်တော့မှ ဒုက္ခရောက်နေဦးမှာနော်"

"ပြောရမယ့်စကားတွေကို သင်ပုန်း ပေါ်မှာရေးပြီး ခပ်လှမ်းလှမ်းက ထောင်ပေး ထားရင် ရပါတယ်ကွာ"

"ကျွန်မ အလွတ်မကျက်နိုင်တဲ့အခါကျ မှ သုံးတာကောင်းပါတယ်။ ကိုယ်ပြောရမယ့် စကားကို ကိုယ့်ဟာကိုယ် သိထားပြီး ပြောရ တာကို ကျွန်မ ပိုသဘောကျတယ်"

"ကိုယ့်ကိုရော တကယ် စိတ်ဝင်စားရဲ့ လား အယ်နီ"

ကေဗင်က မေးသည်။

"ကျွန်မ သိပ်ကို စိတ်ဝင်စားတာပေါ့ ကေဗင်ရယ်"

အယ်နီက ဇာတ်ညွှန်းစာအုပ်ကို ပြန်ချ ထားလိုက်သည်။ ပြီးတော့ စိတ်ရှည်လက်ရှည် နှင့် သူပြောဦးမည့်စကားကို စောင့်နေသည်။ သည်ကိစ္စနှင့် ပတ်သက်လာလျှင် အမြဲတမ်း သည်လိုပဲ စ,လာစမြဲ ဖြစ်သည်။

"ဒါပေမယ့် ကိုယ့်ကိုတော့ မင်း အရူး အမူး မဖြစ်ပါဘူး"

အယ်နီက ပြုံးမိပြန်သည်။

"အဲဒီလို အရူးအမူး ချစ်တယ်ဆိုတာက ငယ်တုန်းက ချစ်ရတာမျိုးပါ။ ပထမဆုံး ချစ်ခဲ့ ရတဲ့ အချစ်ဦးအတွက်ပဲ ထားလိုက်ပါရစေ တော့ရှင်"

"မင်းရဲ့ စာရေးဆရာစုတ်ကို အခုထက် တိုင်အောင် မမေ့နိုင်သေးဘူးလား"

"လိုင်ယွန်ကို ကျွန်မ မတွေ့ရတော့တာ နှစ်ပေါင်းများစွာ ကြာပါပြီ။ လန်ဒန်မြို့မှာ ရုပ်ရှင်ဇာတ်ညွှန်းတွေ ရေးနေတယ်လို့ပဲ နောက်ဆုံးသတင်း ကြားရပါတယ်"

"ဒီလိုဆိုရင် ကိုယ့်အပေါ်မှာ ဘာဖြစ်လို့ မင်း နှစ်နှစ်ကာကာ မချစ်နိုင်ရတာလဲ"

အယ်နီက ကေဗင်၏ လက်တစ်ဖက်ကို လှမ်းဆွဲယူလိုက်သည်။

"ရှင်နဲ့ ကျွန်မ အတူတူနေရတာ စိတ် ချမ်းသာပါတယ် ကေဗင်။ ရှင့်ရင်ခွင်ထဲမှာ နေရတာကိုလည်း ကျွန်မ သဘောကျပါ တယ်။ ပြီးတော့ ရှင့်အတွက် အလုပ်လုပ်ပေး နေရတာကိုလည်း ကျွန်မ သဘောကျပါ တယ်။ ဒါတွေဟာ ရှင့်ကို ချစ်လို့ပဲပေါ့"

"တကယ်လို့များ မင်းကို လက်ထပ်ခွင့် တောင်းမယ်ဆိုရင် ကိုယ့်အပေါ်မှာ ပိုပြီး ချစ် လာနိုင်မလား"

"အစပိုင်းတုန်းကတော့ အခုလို ဘဝမျိုး နဲ့ နေရတာဟာ သိပ်ကို စိတ်ဒုက္ခရောက်ခဲ့ရ ပါတယ်။ ယောကျ်ား တစ်ယောက်ယောက်နဲ့ လက်မထပ်ဘဲ အတူတူ နေနေရတဲ့ဘဝမျိုးကို ကျွန်မ မနှစ်မြို့နိုင်ခဲ့ပါဘူး။ အခုတော့လည်း နာမည်က ပျက်ရပြီလေ"

အယ်နီက စကားလုံးများကို တစ်လုံး

www.burmeseclassic.com



ချင်း ရွေးချယ်ကာ သတိထားပြီး ပြောသည်။ သူ့အသံကလည်း လှုပ်ရှားမှု မရှိ၊ ခံစားမှု မရှိ။ သည်အဖြစ်မျိုးကို သူတို့နှစ်ယောက် ကြုံခဲ့ရသည်မှာ အကြိမ်ကြိမ် ရှိပြီ။

"ဘာကြောင့် နာမည်ပျက်ရမှာလဲ၊ မင်းဟာ သိပ်ကျော်ကြားနေပြီပဲ။ မင်းဟာ ဂေလီယန်အချစ်တော် ဖြစ်ကြောင်း အားလုံး သိနေကြပြီပဲ"

"ဂေးလ်မိုးရဲ့ အချစ်တော်အဖြစ်နဲ့လည်း အားလုံးက သိနေကြသေးတယ်လေ။ ဒါပေမယ့်၊ အခုတော့လည်း ဒါတွေဟာ ကျွန်မအတွက် အကြောင်းမဟုတ်တော့ပါဘူး။ စိတ်ထဲမှာလည်း ဘယ်လိုမှ မခံစားရတော့ဘူး။ ကလေးတစ်ယောက်လောက်တော့ ကျွန်မလိုချင်ပါတယ်။ ကျွန်မဟာ အခုထက်တိုင်အောင်. . ."

ကေဗင်က ခုတင်ပေါ်မှဆင်းပြီး အခန်းထဲမှာ လမ်းစ,လျှောက်နေသည်။

"အယ်နီ၊ မင်းအသက်ဟာ သုံးဆယ့်တစ်နှစ် ရှိနေပြီ။ ကလေးမွေးဖို့အရွယ် မဟုတ်တော့ဘူး၊ နောက်ကျသွားပြီ"

"အသက်လေးဆယ်ကျမှ သားဦးမွေးတဲ့ မိခင်တွေလည်း ရှိပါသေးတယ်"

"ဒါပေမယ့် ကိုယ့်အသက်က ငါးဆယ့်ခုနစ်နှစ် ရှိနေပြီ။ အရွယ်ရောက်နေပြီဖြစ်တဲ့ သားတစ်ယောက်နဲ့ အိမ်ထောင်သည် သမီးတစ်ယောက် ရှိတယ်။ နောက်ပြီးတော့ နှစ်နှစ်အရွယ် မြေးတစ်ယောက်လည်း ရနေပြီ။ မင်းနဲ့ ကိုယ်နဲ့က လက်ထပ်ပြီး ကိုယ့်မြေးထက် အသက်ငယ်တဲ့ သားသမီးကို ကိုယ်က မွေးရမယ်ဆိုရင် လူမြင်လို့ တော်ပါ့မလား"

"အရွယ်လွန်မှ အိမ်ထောင်ထပ်ပြုပြီး မိသားစုအသစ်ကို ထူထောင်တဲ့ ယောကျ်ားတွေ အများကြီး ရှိပါတယ်"

"အီဗလင်နဲ့ ကိုယ်တို့ရဲ့ အိမ်ထောင်သက်ဟာ နှစ်ဆယ့်ငါးနှစ် ရှိခဲ့ပါတယ်။ သူကတော့ ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်တယ်လို့ ဆိုရမှာပေါ့လေ။ ကိုယ့်မှာကတော့ စီးပွားရေးလုပ်ငန်းထဲမှာ တစ်ဘဝလုံး နစ်မြုပ်နေခဲ့ရတယ်။ အရပ်တကာကို သွားခဲ့ရတယ်၊ ကိုယ့်မိန်းမရဲ့ အပြုအစု အယုအယ ဆိုတာမျိုးထက် သူနာပြုဆရာမတွေရဲ့ အပြုစု အယုယကိုပဲ ခံစားခဲ့ရတယ်။ အဲဒီလို ဘဝမျိုးကို နောက်တစ်ကြိမ် ထပ်ပြီး မလိုချင်တော့ဘူး။ ခံနိုင်ရည်လည်း မရှိတော့ဘူး။

အခုဆိုရင် ကိုယ့်ဘဝက အထိုက်အလျောက်တော့ လွတ်လပ်မှု ရှိလာပြီ။ ငွေကြေးအနေနဲ့လည်း သုံးမကုန် ဖြုန်းမကုန်နိုင်လောက်တဲ့ အခြေအနေမျိုး ရှိနေပြီ။ သက်သောင့်သက်သာရှိတဲ့ ဘဝမျိုးကိုပဲ တည်ဆောက်ချင်တယ်။

ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ အတူတူ လွတ်လွတ်လပ်လပ်နဲ့ ခရီးသွားနေချင်တယ်။ စိတ်ချမ်းသာမှုတွေကိုပဲ ရှာချင်တယ်။ ကိုယ့်ရဲ့ အိမ်ထောင်ရေး သက်တမ်းတစ်လျှောက်လုံးမှာ ပျော်ရွှင်ချမ်းမြေ့ရတာရယ်လို့ မှတ်မှတ်ရရ မရှိခဲ့ဖူးပါဘူး။ အမြဲတမ်း ရုန်းကန်နေရတာပါပဲ။ ကိုယ်က ကိုယ့်စီးပွားရေးလုပ်ငန်းတွေကို မနားမနေ ထူထောင်နေခဲ့ရတယ်။ ဒီအချိန်မှာ အီဗလင်က ကလေးတွေ လူလားမြောက်အောင် ထိန်းကျောင်းမွေးမြူနေရတယ်။ ကိုယ်တို့နှစ်ယောက် လွတ်လွတ်လပ်လပ် စိတ်ချမ်းသာ လက်ချမ်းသာနဲ့ ခရီးအတူတူ တစ်ခါမှ မသွားခဲ့ဖူးဘူး။

ဒီလို ခရီးသွားနေရင် အိမ်မှာ ကျန်ရစ်ခဲ့တဲ့ ကလေးတွေကို ကလေးထိန်းက ကောင်းကောင်းမှ ဂရုစိုက်ပါ့မလားလို့ သူ့မှာ ပူပင်သောက ရောက်လိုက်ရတာ အမော၊ သူ မရှိတုန်း ကလေးတစ်ယောက်ယောက်များ ဖျားနာနေမှုဖြင့် အခက်ဆိုပြီး ကြောင့်ကြလိုက်ရတာ အမော။

ဒီလိုနဲ့ ကိုယ့်ရဲ့စီးပွားရေးလုပ်ငန်းလည်း အခြေခိုင်ပြီး ကြီးပွားလည်းလာရော ကလေးတွေကလည်း အရွယ်ရောက်ကုန်ကြပြီ။ ကိုယ်တို့ဘဝက သိပ်ကို နောက်ကျသွားပြီလေ။ အီဗလင်ကလည်း မကျန်းမာတော့ဘူး။ ငါးနှစ်လုံးလုံး အိပ်ရာထဲမှာ သူ လဲနေခဲ့တယ်။ သူဆုံးမယ့်အချိန်ကို ငါးနှစ်လုံးလုံး ကိုယ့်မှာ ထိုင်ကြည့်နေခဲ့ရတယ်။

အဲဒီနောက် သူ ဆုံးခဲ့တယ်။ သူဆုံးပြီး တစ်နှစ်လောက် အကြာမှာ မင်းနဲ့ကိုယ် တွေ့တာပဲ။တွေ့တာနဲ့ တစ်ပြိုင်တည်း ကိုယ် မျှော်မှန်းတမ်းတနေတဲ့ မိန်းကလေးမျိုးဟာ မင်းပဲဖြစ်တယ်ဆိုတာ သဘောပေါက်ခဲ့ပါတယ်"

အယ်နီက ကြိုးစားပြီး ပြုံးပြလိုက်သည်။

"ရှင့် အစီအစဉ်တွေထဲမှာ ကျွန်မဟာ အံဝင်ခွင်ကျမိန်းကလေး ဖြစ်တယ်ဆိုလို့ ဝမ်းသာပါတယ်ရှင်။ ဒါပေမယ့်၊ အဲဒီမိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com

…လက်မထပ်ဘဲ ယောကျာ်းတစ်ယောက်နဲ့ …ခုလို အတူတူနေဖို့ အစီအစဉ် မရှိရှာပါဘူး။ …ဘာ အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်ချင် …ယ်၊ မိခင်ကောင်းတစ်ယောက် ဖြစ်ချင် …ယ်"

"ဒီအကြောင်းတွေကို ကိုယ် စဉ်းစားခဲ့ …ပါတယ် အယ်နီ၊ ဒါပေမယ့် ကိုယ့်သားသမီး …တွေက သဘောတူကြမှာ မဟုတ်ဘူး"

ကေဗင်က အယ်နီ၏ ခုတင်စွန်းမှာ …ထိုင်သည်။ ပြီးတော့ အေးဆေးတည်ငြိမ် …သောလေသံနှင့် ဆက်ပြောနေသည်။

"နောက်ပြီးတော့လည်း အခုလို နေနေ …တာ မင်းအတွက် ပိုကောင်းတယ်လို့ ကိုယ် …သဘောရတယ်။ ဒီလိုမှ မဟုတ်ဘဲ ကိုယ်တို့ …က်ထပ်လိုက်ကြရင် မင်းမှာ တာဝန်တွေ …ကြီးလာတော့မယ်"

ကေဗင်က သူ့ခုတင်ဆီသို့ ပြန်လျှောက် …သွားသည်။ ခုတင်ပေါ်မှာ ရှိနေသည့် သတင်း …စာတို ကောက်ဖတ်သည်။ ခဏကြာတော့ …သတင်းစာပေါ်ရှိ စီးပွားရေးသတင်းကဏ္ဍထဲ …မှာ သူ့အာရုံများ နစ်မြုပ်သွားတော့သည်။

အယ်နီကလည်း ဇာတ်ညွှန်းကို ပြန်ဖတ် …နေသည်။

နောက်လ အနည်းငယ်ကြာလျှင် ကေ …ဗင်က သည်ပြဿနာကို တစ်ကြိမ် ဖော်ထုတ် …ဦးမည်။ ပြီးလျှင် ယခုလိုပင် အဆုံးသတ် …သွားဦးမည်။ အယ်နီကို လက်မထပ်နိုင်သည့် …အတွက် ဖြစ်မှုတစ်ခုကို ကျူးလွန်နေရသလို …ကေဗင် ခံစားနေရသည်။

သို့သော်လည်း အယ်နီ၏ စိတ်ထဲမှာ …ထိုသို့သော ခံစားချက်မျှ မရှိတော့။ သား …သမီးများ အကြောင်းကို တွေးတောဖို့အတွက် …အရွယ်လွန်လာသည့် အကြောင်းကြောင့်လည်း …ဖြစ်နိုင်သည်။ ပြီးတော့ လက်ထပ်လိုက်ခြင်း …အားဖြင့် ပျော်ရွှင်ချမ်းမြေ့မှုကို ရရမည်ဟု …လည်း ကံသေကံမ မပြောနိုင်။

ဂျနီဖာ၏ ဘဝကို ကြည့်ပါဦး။ ပြီးတော့ …ဒီ၏ အဖြစ်အပျက်များကို ကြည့်ပါဦး။

အယ်နီနှင့် ကေဗင် တရားမဝင်ဘဲ ညား …နေကြောင်းကို လူတိုင်း သိနေကြသည်မှာ မှန် …ပါသည်။ နောက်ပြီးတော့ ဂေလီယန် အလှ …ကုန်ပစ္စည်းများကို ရုပ်မြင်သံကြားမှတစ်ဆင့် …ကြော်ငြာပေးနေရသည့် ဂေလီယန်အချစ် …ကော် အမျိုးသမီးတစ်ဦးလည်း ဖြစ်နေသည်။

သည်လုပ်ငန်းကို အယ်နီ သဘောကျပါသည်။ အလုပ်ထဲမှာ နစ်မြုပ်နေသည့်အတွက်လည်း စိတ်တည်ငြိမ်မှုကို ရပါသည်။ ကေဗင်ကိုလည်း သူ သဘောကျပါသည်။ သဘောကျသည် ဆိုခြင်းထက်လည်း ပိုပါသည်။ ထို့ကြောင့် ချစ်သည်ဟု ဆိုနိုင်သည်။

သို့သော် လိုင်ယွန်ကို ချစ်ခဲ့ရသည့် အချစ်မျိုးနှင့်ကား မတူညီကြောင်းကို အယ်နီက အလိုလိုသိနေသည်။ ကေဗင်နှင့် ဆက်ဆံပေါင်းသင်းခြင်းသည် သွေးသားသဘောထက် မပို။ လိုင်ယွန်နှင့်တုန်းကတော့ ယခုလိုမဟုတ်။ စိတ်လှုပ်ရှားရသည်။ ယစ်မူးရသည်။ တမ်းတရသည်။ အပွေ့အဖက် အယုအယများကို အသာယာကြီး သာယာမိသည်။

အစပိုင်းတုန်းကတော့ ကေဗင်နှင့် ဆက်ဆံရေးမှာ လုပ်ငန်းအရသာ ဖြစ်သည်။ စည်းနှင့်ကမ်းနှင့် နေထိုင်ဆက်ဆံခဲ့ကြသည်။ တဖြည်းဖြည်းနှင့် ရင်းနှီးမှု ပိုလာသည်။ အတူတွဲပြီး သွားသွားလာလာ ရှိခဲ့ကြသည်။ သူနှင့် အတူ သွားလာလည်ပတ်နေသည်ကိုလည်း အယ်နီ သာယာမိသည်။ အယ်နီသည် ကေဗင်၏ ကုမ္ပဏီအတွက် အလုပ်လုပ်ပေးနေသူ ဖြစ်သည်။ အယ်နီမှာ ဘာအတွေ့အကြုံမှ မရှိ။ ထို့ကြောင့် အစပိုင်းတွင် ကေဗင်က စိတ်ရှည်လက်ရှည်နှင့် သည်းခံခဲ့သည်။

အယ်နီ ဇာတ်တိုက်သည့်အခါတိုင်း သူ ရှိသည်။ လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးသည်။ မည်သို့သော အဝတ်အစားများကို ဝတ်ဆင်သင့်ကြောင်း ညွှန်ပြ၍ အကြံပေးခဲ့သည်။ သည်လိုနှင့် အရှာရာတွင် ကေဗင် အပေါ်မှာ မှီခိုမိလျက်သား ဖြစ်လာသည်။ ကေဗင် အကြံပေးမှု ကေဗင် သဘောတူမှ ဆိုတာမျိုးတွေ ဖြစ်လာသည်။

ကေဗင်၏ ပတ်လည်မှာလည်း အချော အလှ စံပြမယ်တွေ ဝိုင်းဝိုင်းလည်နေသည်။ ချမ်းသာကြွယ်ဝသည့် တစ်လင်ကွာ မိန်းမချောတွေ၊ တစ်ခုလပ်တွေလည်း သူ့ကို ဝိုင်းလိုက်နေကြသည်။

သို့သော် ကေဗင်သည် သူတို့ အားလုံးထဲမှာ အယ်နီကိုသာ တမ်းတမ်းစွဲ တွယ်တာနေမိသူ ဖြစ်သည်။ ကေဗင် ကြိုက်ရာကို ခေါင်းခေါက်ယူနိုင်ပါသည်။ အယ်နီက တစ်နှစ်ကြာအောင် စည်းနှင့်ကမ်းနှင့် နေခဲ့သည်။ ကင်းကင်းရှင်းရှင်း ရှိခဲ့သည်။ နောက်ဆုံးတွင်မှ

www.burmeseclassic.com

www.burmeseclassic.com

သူ့ဘဝကို ကေဗင်၏ ရင်ခွင်ထဲမှာ ပုံအပ်လိုက်မိတော့သည်။

ကေဗင်ကလည်း အယ်နီအပေါ် ကြင်ကြင်နာနာ ရှိသည်။ ဆက်ဆံရာတွင် လူကြီးလူကောင်း ပီသသည်။ ထို့ကြောင့်လည်း မိမိသည် ကံကောင်းသည့်မိန်းကလေးတစ်ယောက်ဖြစ်သည်ဟု အယ်နီက မကြာခဏ ပြန်စဉ်းစားမိသည်။

မိန်းကလေးပေါင်း မြောက်မြားစွာတို့သည် လိုင်ယွန်ဘတ်၏ ချစ်ခြင်းမေတ္တာ အမျိုးအစားကို သဘောပေါက် နားလည်နိုင်ကြလိမ့်မည် မဟုတ်။ ထိုနည်းတူစွာပင် ကေဗင်ဂေးလ်မိုး၏ အချစ်ကိုလည်း နားလည်ဖို့မလွယ်။

လိုင်ယွန်ဘတ်က မျက်နှာများသည်။ အိုင်တွေ့တိုင်း ခြေဆေးချင်သည်။ ကေဗင်က ထိုသို့မဟုတ် တစ်ယောက်ဆို တစ်ယောက်ကိုပဲ စွဲစွဲမြဲမြဲ ချစ်တတ်သူ ဖြစ်သည်။

ကေဗင်က အယ်နီနှင့် လက်ထပ်ရမည်ကို စိုးရိမ်ကြောက်လန့်နေသည်။ သို့သော်လည်း ပြဿနာမဟုတ်။ အယ်နီ၏စိတ်ထဲမှာ မည်သို့မျှ မခံစားရ။

အကယ်၍ သူ့ကို လက်ထပ်စေလိုသည်ဆိုလျှင် အလွယ်ကလေးနဲ့ ဖြစ်နိုင်ကြောင်း အယ်နီ နားလည်ထားပြီး ဖြစ်သည်။

'လက်ထပ်လျှင်ထပ်၊ မထပ်နိုင်ဟု ဆိုလျှင် ကင်းကင်းပြတ်ပြတ် နေလိုက်ကြစို့' ဟူသော စကားတစ်ခွန်း ပြောရုံနှင့် သူ့ကို မလွဲမသွေ လက်ထပ်မည်ဖြစ်ကြောင်း အယ်နီ သိသည်။

သို့သော် ယခုလို ဘဝမှာ နေရသည်ကို အယ်နီကလည်း သဘောကျ ကျေနပ်နေသည်။ ကေဗင်သည် မိမိနှင့် အမြဲတမ်း အတူတူရှိနေမည် ဖြစ်ကြောင်းလည်း အယ်နီ သိပြီးဖြစ်သည်။

*

နောက်တစ်ပတ်ကျတော့ နီလီ ရောက်လာသည်။

နီလီ၏ ပြောင်းလဲနေသည့် ပုံပန်းသဏ္ဌာန်ကို မြင်လိုက်ရသောအခါ တုန်လှုပ်သည့်အမူအရာ ပေါ်မသွားအောင် အယ်နီအဖို့ မနည်းကြီး ထိန်းသိမ်းလိုက်ရသည်။

ကိုယ်လုံးက သိပ်ဝပြီး ကိုယ်အလေးချိန်တိုးနေသည်။ မျက်နှာက ဖောင်းဖောင်းပွပွကြီးဖြစ်နေသည်။ တန်ဖိုးကြီးမားသည့် ဝတ်ကောင်းစားလှများကို ဝတ်ဆင်ထားသည်မှာ မှန်သော်လည်း စုတ်စုတ်ချာချာ နိုင်လှသည်ဟု ထင်မှတ်ရသည်။

ဆိုးထားသည့် လက်သည်းနီများက ပျက်ပြီး အကွက်အကွက်လိုက် ဖြစ်နေသည်။ ခြေအိတ်ကလည်း တွန့်ကြေနေသည်။ ထိုအရာ အားလုံးတို့ထက် ပိုပြီး ထင်ရှားသောအရာမှာ ခံစားချက် တစ်စုံတစ်ရာ မရှိသလိုဖြစ်နေသည့် မျက်နှာအမူအရာပင် ဖြစ်လေသည်။ မျက်လုံးများက ရွှန်းလက်တောက်ပြောင်မှု လုံးဝ မရှိတော့။ စကားပြောသည့်အခါများတွင်လည်း ထိုမျက်လုံးများက သေနေကြသည်။

နီလီက သူ့အကြောင်းများကို ပြောပြနေသည်။ ကုမ္ပဏီဥက္ကဋ္ဌက သေသေချာချာ စီမံကိန်းချပြီး သူ့ကို ပ,ထုတ်လိုက်ပုံ၊ အိမ်ထောင်ပျက်ခဲ့ရပုံ၊ ဟောလီးဝုဒ်မှာ ရှိနေသည့် ဒုစရိုက်အဖြစ်အပျက်များ။

သူပြောသမျှကို အယ်နီက စိတ်ပါဝင်စားစွာနှင့် နားထောင်သည်။

ကိုယ့်အကြောင်းကျတော့ အယ်နီက နည်းနည်းပါးပါးလောက်ပဲ ပြောသည်။ သူလုပ်နေသည့် အလုပ်အကြောင်း၊ ကေဗင်နှင့်သူတို့၏ ဆက်ဆံရေးများလောက်ကိုသာ ပြောပြသည်။ ကေဗင်နှင့် သူ့အကြောင်း ပြောပြသည့်အချိန်တွင် နီလီ နားထောင်၍ မဝသည့်ပုံမျိုး ဖြစ်နေသည်ကို တွေ့ရသည်။

ကေဗင်ကလည်း အိမ်ရှင်ကောင်း တစ်ယောက်အနေဖြင့် နီလီကို ပြုစုဧည့်ခံပါသည်။ နီလီ ရောက်လာသည့်အတွက် သူ့ဘဝတွင် အနှောင့်အယှက်ဖြစ်သည်မှာ မှန်သော်လည်း မျိုသိပ်ထားနိုင်သည်။ မျက်နှာမပျက် ဆက်ဆံနိုင်သည်။ မိန်းကလေး နှစ်ယောက်ကို နေရာတကာသို့ လိုက်ပို့ပေးသည်။ ညကလပ်များ၊ တပွဲများ၊ ရုပ်ရှင်ရုံများ အနှံ့အပြားကို သူကိုယ်တိုင် လိုက်ပို့ပေးသည်။

နီလီ၏ဘဝလည်း တစ်မျိုးတစ်ဖုံ ပြန်လည် ပြောင်းလဲ အသက်ဝင်လာသည်။ အခန်းများနှင့် ရင်ဆိုင်နေခဲ့ရသော နေ့ရက်မျိုးများ မဟုတ်တော့။ သူသွားလာရာမှာ သူ့ပရိသတ်က သူ့ကို အူလှိုက်သည်းလှိုက် နှုတ်ဆက်ကြသည်။ နှစ်ဆယ့်လေးနာရီပတ်လုံး မရပ်မနား

www.burmeseclassic.com

www.burmeseclassic.com



တမ်း အရက်ထိုင်သောက်နေခဲ့သည့် ရက်များ မဟုတ်တော့။

အဝတ်အစားအသစ်များ ဝယ်သည်။ ရက်သတ္တ နှစ်ပတ်အတွင်း ကိုယ်အလေးချိန် ဆယ်ပေါင်ကျသွားသည်။ အိပ်ဆေးကိုလည်း တစ်ညလျှင် သုံးလုံးထက် ပိုသောက်ရသည့် ညများ တဖြည်းဖြည်း နည်းလာသည်။ အမူအရာ ရွှင်လန်းလာသည်။ မျက်လုံးများ အရောင်လက်လာကြသည်။

ဟိုတုန်းက အမြဲတမ်း တက်ကြွနေသည့် မိန်းကလေးတစ်ယောက်၏ ဘဝသို့ ပြန်ရောက်လာပြီကို အယ်နီ သတိထားလိုက်မိလေသည်။

စက်တင်ဘာလ၏ ပူအိုက်သော ည တစ်ညတွင် သူတို့သုံးယောက်သား ဇာတ်ရုံ အတွင်းမှ အပြင်သို့ ထွက်လာကြသည်။

နီလီကို မြင်သည်နှင့် တစ်ပြိုင်တည်း လူအုပ်ကြီးက ပြုဆင်းလာသည်။ နီလီကို ဝိုင်းကြသည်။ ပြုံးရယ်ပြကြသည်။ လက်ဆွဲနှုတ်ဆက်ကြသည်။ ဝေးနေသည့်လူများက လက်ဝှေ့ယမ်း နှုတ်ဆက်ကြသည်။ စာအုပ်များမှာ လက်မှတ်ရေးထိုးခိုင်းကြသည်။ မော်တော်ကားဆီသို့ မသွားနိုင်တော့။ အငမ်းမရ ဖြစ်နေသည့် လူအုပ်ကြီးကြားထဲတွင် ပိတ်ညပ်နေတော့သည်။

နောက်ဆုံးတွင် ကေဗင်က ရဲကို သွားခေါ်ပြီး ရှင်းခိုင်းတော့မှ မော်တော်ကားရှိရာသို့ ရောက်အောင် လာနိုင်တော့သည်။

ကားထဲရောက်တော့ ကေဗင်၏ မျက်နှာမှာ ချွေးများ ရွှဲရွှဲစိုနေသည်။ ပြီးတော့ အံ့သြဘကြီးနှင့်လည်း သူ့ခေါင်းကို ခါယမ်းနေသည်။

"အံ့သြစရာ ကောင်းလိုက်တာကွာ၊ မင်းကို မြင်ရဖို့လေးအတွက်နဲ့ ဒါလောက်ငတောင်သဲသဲလှုပ် ဖြစ်နေကြရင် မင်းများ သီချင်းဆိုလိုက်ရင် သူတို့ ဘာများ လုပ်ကြမယ် မပြောတတ်တော့ဘူး"

နီလီက ရယ်သည်။ ဝိုင်းစက်သော သူ၏မျက်လုံးများသည် လေးနက်သော အမူအရာသို့ ချက်ချင်း ပြောင်းသွားသည်။

"အပျော်လွန်ပြီး မူးမေ့ကုန်ကြမှာပေါ့။ ကျွန်မပရိသတ်ဟာ ကျွန်မကို အသေအလဲ ကြိုက်နေကြတုန်းပဲ။ ကျွန်မ ရုပ်ရှင်ကားတွေ အများကြီး ရိုက်ခဲ့တယ်။ ကျွန်မရဲ့ ကားတိုင်းဟာ ငွေကုန်ကြေးကျများတဲ့ ကားတွေချည်းပဲ။ ဒါပေမယ့်၊ မအောင်မြင်တဲ့ ရုပ်ရှင်ရယ်လို့ တစ်ကားမှ မရှိခဲ့ဘူး။ ကြီးကျယ်တဲ့လုပ်ငန်းတွေကိုပဲ ကျွန်မ အမြဲတမ်း လုပ်တယ်လေ"

ကေဗင်က သူ့ကို ငေးကြည့်နေသည်။ နီလီ ပြောလိုက်သည့် စကားလုံးများသည် သူ့စိတ်ကူး တစ်ခုခုကို သွားရောက် တိုးတိုက်မိပုံမျိုး ဖြစ်သည်။ သူ စကားပြောသောအခါတွင်လည်း စိတ်ဇောဟုန်ကြောင့် သူ့အသံ အနည်းငယ် တုန်ယင်နေသည်။

"မင်းပြောတာ မှန်တယ် နီလီ၊ မင်းရိုက်ခဲ့တဲ့ ရုပ်ရှင်တွေဟာ အားလုံး အောင်မြင်တာချည်းပါပဲ။ မင်းရဲ့ ပရိသတ်ဟာ မင်းနဲ့အတူတူ ရှိနေတုန်းပဲ။ မင်းကို မြတ်နိုးနေကြတုန်းပဲ။

နီလီ၊ အင်မတန် ကြီးကျယ်ခမ်းနားတဲ့ အစီအစဉ်တစ်ခုလောက် လုပ်ကြရအောင်။ ရုပ်မြင်သံကြားမှာ တစ်နာရီပြခွင့် ကိုယ်ဝယ်လိုက်မယ်။ မင်းကို ရုပ်မြင်သံကြားကနေ လွှင့်မယ်။ ဟုတ်လိုက်လေကွာ၊ ဘယ်လောက်များ စိတ်ဝင်စားဖို့ ကောင်းလိုက်လေမလဲ"

"ကျွန်မကို လှော်ငနေတာများလား၊ ကျွန်မကို ရုပ်မြင်သံကြားကနေ လွှင့်ပေးမယ်။ တစ်နာရီလုံးလုံး ဖျော်ဖြေရမယ်၊ ဟုတ်လား။ ဂီး၄်. . .၊ ကျွန်မတော့ သေမှာပဲ"

"မင်းဆိုခဲ့ဖူးတဲ့ သီချင်းတွေကို ပြန်ဆိုဖို့ပါပဲ။ တခြား ဘာမှလုပ်ဖို့ မလိုဘူးလေ။ ဒီလိုပဲ မတ်တတ်ရပ်ပြီး ဆိုနေရုံပေါ့"

"ထားလိုက်စမ်းပါလေ၊ ရုပ်မြင်သံကြားကင်မရာတွေ အသုံးမကျကြောင်း ကျွန်မ ကြားဖူးပါတယ်။ နောက်ပြီးတော့လည်း ကျွန်မအဖို့ ဒါတွေ လုပ်နေဖို့ မလိုတော့ပါဘူးလေ။ မက်ထရို ရုပ်ရှင်ကုမ္ပဏီနဲ့ ကားသုံးကား ရိုက်ဖို့ကိုလည်း ကျွန်မကိုယ်စားလှယ်တွေက စီစဉ်နေကြပါတယ်"

လူကြားသူကြားထဲသို့ သွားလေ နီလီကို ပရိသတ်က ဝိုင်းဝိုင်းလည်လေ၊ ကေဗင်က သူ့စိတ်ကူးကို အကောင်အထည်ဖော်ချင်လေ ဖြစ်နေတော့သည်။ နောက်ဆုံး အယ်နီကို စစ်ကူတောင်းတော့သည်။

"နီလီ လက်ခံလာအောင် ဝိုင်းပြောစမ်းပါဦး အယ်နီ၊ သူ့ကို ဇာတ်တိုက်ခွင့် လေးပတ်အချိန်ပေးမယ်။ ကိုယ်တို့မှာ နောက်ထပ် အသစ်ထုတ်တဲ့ ကုန်ပစ္စည်းကို ကြော်ငြာဖို့လည်း ရှိနေတယ် မဟုတ်လား။ ဒီကြော်ငြာဟာ ဂေလီယန်ကုမ္ပဏီအတွက် သိန်းနဲ့ချီပြီး

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးရှိမယ်"

"သူ မလုပ်ချင်တာကို ကျွန်မကတော့ အတင်း မတိုက်တွန်းချင်ဘူး။ တစ်ခုခု အဆင်မပြေတာ ဖြစ်သွားရင် ကျွန်မ တာဝန် မကင်းဘူးဆိုတဲ့စိတ်မျိုးကို ခံစားနေရလိမ့်မယ်"

အယ်နီက ပြန်ငြင်းသည်။

"ဘာများ အဆင်မပြေနိုင်စရာ ရှိလို့လဲကွာ၊ တကယ်တော့ နီလီဟာ ဟောလီးဝုဒ်က လူတွေ တော်ကြလို့ အောင်မြင်လာတဲ့ မင်းသမီးမှ မဟုတ်ဘဲ။ သူ့မှာကို အနုပညာပါရမီက ရင့်သန်ပြီးသား ဖြစ်နေတာ။ တောအငြိမ့်ကလေးတစ်ခုထဲမှာ သူ ကြီးပြင်းလာတယ်၊ ဘရော့ဒ်ဝေးဇာတ်ရုံတွေမှာလည်း သူ ကခဲ့တယ်၊ ရုပ်မြင်သံကြား ဆိုတာက ဒါလောက်နတောင် တော်ဖို့ မလိုပါဘူး။ ဘယ်လိုလူမဆို အောင်မြင်ကျော်ကြားတဲ့လူ ဖြစ်လာနိုင်တာချည်းပဲ။

နီလီလို အနုပညာ ရင့်ပြီးသား မိန်းကလေးအဖို့ ဆိုဖွယ်ရာ မရှိတော့ဘူး။ အပတ်တိုင်း လွှင့်ပေးနေဖို့လည်း ကိုယ်က ပြောတာ မဟုတ်ပါဘူး။ တစ်ကြိမ်တည်း လွှင့်ဖို့ပါ။ အဲဒီ တစ်ကြိမ်တည်းကို အကြီးအကျယ် အခမ်းအနားဆုံး ဖျော်ဖြေမှုကြီး တစ်ခု ဖြစ်သွားအောင် ကိုယ် လုပ်ပေးပါ့မယ်။ သူ့ဖို့လည်း အများကြီး ကောင်းသွားမှာပါ"

"ကျွန်မ လက်ခံပါတယ် ကေဗင်။ ဒါပေမယ့်၊ ရှင်ဟာ အင်မတန်တော်တဲ့ စီးပွားရေးသမားတစ်ယောက်ပါ။ သူ ယုံကြည်လက်ခံလာအောင် ကိုယ့်ဟာကိုယ်သာ ကြိုးစားပေတော့။ ကျွန်မက သူ့သူငယ်ချင်းပဲ၊ သူငယ်ချင်းအဖြစ်နဲ့ပဲ အမြဲတမ်း ဆက်နေသွားချင်ပါတယ်"

ထိုအကြောင်းကို ကေဗင်က အကြိမ်ကြိမ် ပြောသည်။ စကားစပ်မိတိုင်း တိုက်တွန်းသည်။ တိုက်တွန်းသည့် အခါတိုင်း နီလီက ယဉ်ယဉ်ကျေးကျေးနှင့် ငြင်းပယ်စမြဲ ဖြစ်သည်။ ယခုလို စိတ်လွတ်လက်လွတ် အနားယူနေရသည်ကို နီလီ အမှန် သဘောကျနေသည်။

သူ့ပရိသတ်ကြားထဲမှာ အုတ်အော်သောင်းတင်း နေနေရခြင်းကိုလည်း အကျော်နပ်ကြီး ကျေနပ်မိသည်။ စတူဒီယိုထဲမှာ နှစ်ပေါင်းများစွာ နစ်မြုပ်ပြီး ရုပ်ရှင်ရိုက်ခဲ့ရသည့် ဘဝများကိုပင် မေ့သွားတော့သည်။

ကေဗင်ကလည်း အကွက်ကောင်းကိုသာ ချောင်းနေသည်။ ပြဇာတ်များ၊ ရုပ်ရှင်များ၊ သီချင်းသီဆိုဖျော်ဖြေပွဲများ မှန်သမျှကို မလွတ်ရအောင်လည်း လိုက်ပို့နေသည်။ ထိုသို့ ပွဲလမ်းသဘင်များကို ကြည့်နေရခြင်းအားဖြင့် နီလီ စိတ်ပါလာပြီး သူ့အကြံအစည်ကို လက်ခံလာစေရန် ဖြစ်သည်။

ထိုအခိုက် ဟယ်လင်လော်ဆန်က တေးသီချင်းသစ်များ သီဆိုဖျော်ဖြေမည့် တေးဂီတပွဲတစ်ပွဲ ရှိသည်။ ကေဗင်က ထိုပွဲအတွက် လက်မှတ်များကို ဝယ်လာသည်။ ဟယ်လင်လော်ဆန်၏ပွဲသို့ သွားကြည့်ခြင်းအားဖြင့် နီလီ အားကျလာလိမ့်မည်ဟု ကေဗင်က မျှော်လင့်ထားသည်။

ဟယ်လင်၏ တေးဂီတဖျော်ဖြေမှု အစီအစဉ် ဖွင့်ပွဲသည် ကြီးမားသည့် ပွဲကြီးတစ်ပွဲပင် ဖြစ်သည်။ ဘရော့ဒ်ဝေး ဇာတ်ရုံများမှ ဟယ်လင် ပျောက်ကွယ်သွားသည်မှာ ကြာပြီ။ မအောင်မြင်သည့် အိမ်ထောင်သစ် တစ်ခုကို ထူထောင်ရင်း ပျောက်ကွယ်သွားခြင်း ဖြစ်သည်။

ယခု တစ်ကြိမ်တွင်မူ ဂျမေကာကျွန်းပေါ်ရှိ ဥယျာဉ်ခြံမြေကြီးများပိုင်ရှင်နှင့် လက်ထပ်လိုက်သည်။ ဇာတ်ခုံများပေါ်မှ အနားယူပြီး သျှောင်နောက် ဆံထုံးပါသွားခဲ့သည်။

"တစ်သက်လုံး ရှာဖွေခဲ့တဲ့ အချစ်စစ် အချစ်မှန်ကို အခုမှပဲ ရတော့တယ်"

ဟု ဟယ်လင်က သတင်းထောက်များကို ပြောသည်။

ကိုယ်လုံး အတော်ကြီးဝနေသည့် ဟယ်လင်သည် ဆံပင်ဖြူဖြူနှင့် သူ့ယောကျ်ား၏ လက်မောင်းကို တွဲမှီရင်း ဓာတ်ပုံအရိုက်ခံခဲ့သည်။ နယူးယောက်မှာ ရှိနေသည့်အခန်းကို ရောင်းပစ်သည်။ အိမ်ထောင်ပရိဘောဂများကို ရောင်းပစ်သည်။

ပြီးတော့ အိမ်ရှင်မကောင်း ဘဝနှင့် ရိုးရိုးကလေး နေထိုင်တော့ရန် သူ့ယောကျ်ားနှင့်အတူ ဂျမေကာကျွန်းသို့ လိုက်ပါသွားတော့သည်။

စိတ်ချမ်းမြေ့ဖွယ် အိမ်ရှင်မ၏ ဘဝသက်တမ်းသည် ခြောက်နှစ်မျှသာ ကြာမြင့်ခဲ့ချေသည်။ နောက်ဆုံးမှာတော့ နယူးယောက်မြို့သို့သာ ဟယ်လင် ပြန်ရောက်လာသည်။ သတင်းစာတွေက သူ့အကြောင်းကို ရေးကြ

www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။

"အင်မတန် ပူပြင်းခြောက်သွေ့တဲ့ မြို့သေးသေးကလေးတစ်မြို့၊ တစ်မြို့လုံး သူဌေးတွေလည်း ပြည့်လို့၊ ဘာရည်ရွယ်ချက်မှ မရှိတဲ့ လူတွေ၊ အချိန်ဖြုန်းနေသူတွေ၊ ငတုံးတွေလည်း ပြည့်လို့" ဟု ဟယ်လင်က သတင်းထောက်များကို ပြောပြသည်။

ပြီးတော့ သူ့ယောက်ျားနှင့် ပတ်သက်၍လည်း အရက်တွေ နင်းသောက်ပြီး အခြားမိန်းမများနှင့်သာ အလေလိုက်နေချင်သူဟု ထုတ်ဖော်ပြောသည်။

သို့ဖြင့် ကွာရှင်းပြတ်စဲခဲ့ပြီး နယူးယောက်ကို ပြန်လာသည်။ တေးဂီတဖျော်ဖြေပွဲ အစီအစဉ်တစ်ခုကို လက်ခံလိုက်သည်။

ယနေ့ညပွဲသည် ဟယ်လင်လော်ဆန်၏ပွဲများ ဖွင့်လေ့ဖွင့်ထရှိသည့် ထုံးတမ်းစဉ်လာအတိုင်း ဖြစ်သည်။ အရေးကြီးသည့် ပုဂ္ဂိုလ်များ စုံစုံညီညီ လာကြသည်။ ကိုယ့်တိုင်းကိုယ့်ပြည်သို့ ပြန်လာသည့် ဘုရင်မတစ်ပါးကို ဝမ်းပန်းတသာ ကြိုဆိုကြရန် အားလုံးက စိတ်အားတက်ကြွနေကြသည့် ပုံမျိုးပင် ဖြစ်သည်။

ကန့်လန့်ကာဖွင့်ပြီး ဟယ်လင်လော်ဆန် ထွက်လာသောအခါ ဝိုင်းဝန်းဩဘာပေးကြသည့် အသံသည် နားကွဲမတတ် ကျယ်လောင်မြည်ဟည်းလေသည်။

သို့သော်လည်း နောက် ဆယ်မိနစ်လောက်ကြာတော့ လူနှံ့၊ ချွေးနံ့များနှင့် မွန်းကျပ်ပြီး ရုံထဲမှာ အနေရအထိုင်ရ ခက်လာသည်။ ကေဗင်ကမူ မျှော်လင့်တကြီးနှင့် နီလီကို အကဲခတ်နေမိသည်။ ဟယ်လင်ကို နီလီ စိတ်ဝင်စားစွာ ကြည့်နေသည်ကို မြင်ရသောအခါ အားတက်မိသည်။

သို့သော်လည်း နီလီ တိုးတိုးပြောလိုက်သည့်စကားကို ကြားရသောအခါ သူ့မျှော်လင့်ချက်များ မှေးမှိန် လျော့ကျသွားပြန်သည်။

"သူ့ကို ပထမဆုံး စတွေ့ဖူးခါစက ဒီအဘွားကြီး အိုလှပြီလို့ ထင်မိတယ်။ ဂီးဇ်-အခု တကယ် ယှဉ်ကြည့်ပြန်တော့လည်း သူဟာ ကလေးလေးတစ်ယောက်လိုပဲနော်"

နီလီ၏ မှတ်ချက်ကို ကေဗင်ကလည်း သဘောတူသည်။ ဟယ်လင်သည် အရွယ်တင်လှသည်။ ကိုယ်လုံးက ဝနေပြီ ဖြစ်သော်လည်း ခြေထောက်များက လှပနေဆဲ ဖြစ်သည်။ ရှည်လျားသည့် ဆံပင်နက်များကိုလည်း ဝင့်ကာဝဲကာနှင့် အမူအရာ ကောင်းနေဆဲပင် ဖြစ်သည်။

"သူ့ဆံပင်တွေကို ဘယ်လိုများ ဆေးဆိုးထားပါလိမ့်၊ အနက်ရောင်ဆံပင်ကို ကျွန်မ သိပ်သဘောကျတာ။ ဒါပေမယ့်၊ သူနဲ့ ဒီအရောင်နဲ့တော့ မလိုက်ဘူး၊ ဆံပင်က သိပ်ကို နက်မှောင်နေတာပဲ"

နီလီက လေသံနှင့် ပြောနေပြန်သည်။

"ဂေလီယန် ဆံပင်ဆိုးဆေးကို သူ သုံးဖို့ကောင်းတယ်။ ဒါမှ သဘာဝအရောင်ကို ရမယ်"

ကေဗင်က ဝင်ပြောသည်။

"ဘယ်လိုပဲ ပြင်ဆင်ပေးနေနေ သူ့ရုပ်ကြီးကတော့ ပုံလာတော့မှာ မဟုတ်ပါဘူး။ ဒီအချိန်မှာ သူကဖိုးဇာတ်လမ်း ကောင်းကောင်းလည်း ရနိုင်တော့တာ မဟုတ်ဘူး။ ဘာကြောင့်များ ဒီပွဲကို သူ လက်ခံလိုက်ပါလိမ့်။ သူ့မှာလည်း သုံးမကုန်အောင် ငွေတွေရှိနေပြီပဲ" ဟု နီလီ ဆက်ပြောသည်။

"ဒီအလုပ်ကို မလုပ်လို့ တခြား ဘာသွားလုပ်ရမှာလဲ၊ မင်းသမီးဆိုတာ ပွဲကနေမှ မင်းသမီးဖြစ်မှာ မဟုတ်ဘူးလား"

ကေဗင်က စကားလုံးများကို ဂရုတစိုက်ရွေးချယ်ပြောသည်။

"အား- သီချင်းဟောင်းတွေ ပြန်ဆိုနေတာပဲ၊ တစ်ခါလာ မဲပြာပုဆိုး ဖြစ်နေပြီ"

နီလီက ပြောရင်း ကေဗင်ကိုလည်း သက်လှမ်းပြလိုက်သေးသည်။

"အခုမှ အစရှိပါသေးတယ်၊ တဖြည်းဖြည်း ပိုကောင်းလာနိုင်ပါတယ်"

ဟု အယ်နီကလည်း လေသံကလေးနှင့် ပြန်ပြောသည်။

"မဆွဲပါဘူး၊ ကျွန်မစိတ်ထဲ အလိုလို သိနေတယ်"

နီလီက ပြန်ဖြေသည်။

နီလီ ပြောသည်မှာ မှန်ပါသည်။ ဟယ်လင်သည် ခက်ခက်ခဲခဲ ကြိုးစားပြီး သီချင်းသီဆိုရင်း သရုပ်ဆောင်နေရသည်။

အယ်နီက ကရုဏာသက်လိုက်မိသည်။ သူ့အရွယ်ကြီးနှင့် အချစ်သီချင်းကို သီဆိုဖျော်ဖြေနေရသည်မှာ အမြင်မတော် ဆင်တော်နင်းခလောက် ဆိုသည့်ပုံမျိုး ဖြစ်နေသည်။

သူ့အသံသည် ယခင်ကအတိုင်း ကောင်းနေသေးသည်မှာ မှန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ဇရာ၏သရုပ်က ပေါ်နေပြီ။ အနည်းငယ် အသံတုန်နေပြီ။ တဖြည်းဖြည်း ဇာတ်ရှိန် တက်လာသောအခါ ဟယ်လင်လည်း ပိုပြီး ခွန်အား ရှိလာသလို မြင်ရသည်။

သို့သော်လည်း 'ပွဲသိမ်းပါတော့ဟို့' ဟူသော အော်ဟစ်သံများ ရုံတွင်းမှာ ဆူညံလာသည်။ အမျိုးမျိုးသော ဝေဖန်သံများလည်း ဆူညံလာသည်။

"ဟယ်လင်ရဲ့ ပထမဦးဆုံး ကျဆုံးခန်းပဲ"

"ဒါက ဟယ်လင်ရဲ့ အမှား မဟုတ်ပါဘူး။ ဇာတ်လမ်းကိုက ညံ့လို့ပါ"

"ဒါရိုက်တာ ညံ့လို့ပါ"

"ဒါပေမယ့် ဟယ်လင်လို မင်းသမီးမျိုးက ဘယ်လက်ခံသင့်မလဲ"

"ဘာပဲဖြစ်ဖြစ်လေ၊ လူတိုင်းဟာ တစ်ခါတော့ ကျဆုံးတတ်ကြတာပါပဲ"

"ဟုတ်တော့ ဟုတ်တာပေါ့၊ ဒါပေမယ့် ဟယ်လင်ဟာ ဒီအရွယ်ကြီးကျမှတော့ ဇာတ်ခုံပေါ်ကို ပြန်မတက်သင့်တော့ပါဘူး။ သူ့အဖို့ အချိန်သိပ်နောက်ကျနေပြီ"

စသည့် ဝေဖန်သံမျိုးစုံများ။

"ကျွန်မကတော့ ဇာတ်ခုံနောက်ကိုသွားပြီး သူ့ကို နှုတ်မဆက်နိုင်တော့ဘူး။ ကျွန်မ ဒီမှာ လာကြည့်နေတာကိုလည်း သူ ကြားပြီး ဖြစ်နေမှာပေါ့။ ကျွန်မက ဘာသွားပြောရမလဲ၊ သိပ်ကောင်းပါတယ်လို့လည်း မပြောနိုင်ဘူး"

နီလီက ပြောသည်။

"ဆာဒီဟိုတယ်ကို သွားမလား၊ သူ အဲဒီကို လာမှာပဲ"

ကေဗင်က မေးသည်။

"လောင်းမလား၊ သူ မသွားစေရဘူး။ တိုင်းမ်နဲ့ သမာဓိသတင်းစာက ထွက်လာတော့မယ်၊ သူ့ပွဲညံ့ကြောင်း ဝေဖန်တော့မယ်။ ဒီလိုအချိန်မျိုးမှာ ဟယ်လင်ဟာ လူကြားသူကြားထဲ နေနိုင်တဲ့ မိန်းမစားမျိုး မဟုတ်ဘူး။

ဒါထက်၊ ပါးရှန်းဟိုတယ်မှာ ဖရန်ကို ဆယ်လာရဲ့ ဖျော်ဖြေပွဲရှိတယ်။ အဲဒီကို သွားရင် ကောင်းမယ်။ သူ့ကို ကျွန်မ သိပ်သဘောကျတာ၊ အရင်တုန်းကဆိုရင် သူ့ပွဲတွေကို ကျွန်မ ဘယ်တော့မှ အလွတ်မခံဘူး။ ဒါကြောင့် အခု နယူးယောက် ရောက်နေတုန်းလည်း အလွတ်ခံလို့ မဖြစ်ဘူး"

နီလီက ပြန်ဖြေသည်။

မတတ်သာသည့်အဆုံးတွင် ကေဗင်သည် အမျိုးသမီးနှစ်ယောက်ကို ပါးရှန်းဟိုတယ်သို့ ခေါ်သွားရတော့သည်။

စားပွဲတစ်လုံးကို ဝယ်လိုက်လေသည်။ သည်နေရာမှာလည်း လူတွေ ကျပ်ကျပ်ခဲနေသည်။ သတင်းစာဆရာများနှင့် ဟယ်လင့်ပွဲသို့ သွားခဲ့သည့်လူများကိုသာ အများဆုံး-တွေ့နေရပြန်သည်။

စားပွဲထိုးချုပ်က နီလီကို မြင်သောအခါ အဆိုတော်အတွက် သီးသန့်ကြိုးဝိုင်းပေးထားသည့် နေရာအနီးမှ စားပွဲအသစ် တစ်လုံးမှာ နေရာချထားပေးသည်။

အမှန်တော့ ထိုသို့သော နေရာကောင်းမှ စားပွဲကို ရနိုင်ဖို့အတွက် အခြားလူများဆိုလျှင် စားပွဲထိုးချုပ်ကို လာဘ်ထိုးရသည်။

အခန်းထဲသို့ နီလီ ဝင်လာသည်ကို မြင်သောအခါ ပရိသတ်က လှုပ်လှုပ်ရွရွ ဖြစ်သွားလေသည်။

ကေဗင်က ရှန်ပိန်အရက် မှာသည်။ အယ်နီက သူ့ဖန်ခွက်ကို တို့ရုံသာ တို့နေသည်။ အယ်နီက ပရိသတ်ကြီးကို ကြည့်ရင်း နောက်နေ့တွင် သူ ရုပ်မြင်သံကြား ရိုက်ရဦးမည့် အစီအစဉ်ကို တွေးနေမိသည်။ ယခု အတန်ပင် ညဥ့်နက်နေပြီ။ ပွဲကလည်း သတ်မှတ်ထားသည့်အချိန်တွင် စမည့်ပုံမပေါ်။

သည်အတိုင်း ဆိုလျှင်တော့ မနက်ဖြန်ကျလျှင် သင်ပုန်းပေါ်တွင် စာရေးထောင်ခိုင်းပြီး ပါးစပ်မှ ရွတ်ရတော့မည့်အဖြစ်ကို ကြုံရပေတော့မည်။

အဝင်ပေါက်မှာ လူတွေခဲနေသည်။ ဝင်လာမစဲ တသဲသဲ ဖြစ်နေသည်။ နေရာကောင်းမှ စားပွဲများတွင် နေရာချထားပေးရန် ပြောဆိုနေကြသည်။ စားပွဲထိုးများကို လာဘ်ထိုးနေကြသည်။ ၂မည့်နေရာမှာ သာမန် အကျယ်အဝန်းထက် တစ်ဝက်လောက်သာ ရှိသည်။ စားပွဲများခင်းပြီး ရောင်းစားကြခြင်း ဖြစ်သည်။ စားပွဲများ ပိုချထားသော်လည်း မလောက်ငနိုင်တော့။

စားပွဲထိုးက သူတို့နှင့် မျက်နှာချင်းဆိုင် တစ်နေရာတွင် စားပွဲတစ်လုံး လာခင်းပေးပြန်သည်။

အခန်းတွင်းသို့ ဟယ်လင်လော်ဆန် ဝင်လာသည်။ အသက်ငယ်ငယ် ကိုယ်လုံးကိုယ်ထည် ခပ်သွယ်သွယ် ယောကျ်ားကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က သူ့အဖော်အဖြစ်နှင့် ပါလာသည်။ ထိုယောက်ျားငယ်သည် ဟယ်လင်၏ ပဒေသာကပွဲထဲက ဇာတ်ရံ အမျိုးသားကလေး တစ်ယောက် ဖြစ်သည်။ ရုပ်ရည်ချောမောသည်။ လူအားလုံးက ဝိုင်းဝန်း စိတ်ဝင်စားနေကြသည်ကို အရေးမလုပ်သည့် ပုံမျိုးနှင့် ခပ်တည်တည် အမူအရာ ရှိသည်။

သို့သော်လည်း ဟယ်လင် အတွက် အဖော်ကောင်း တစ်ယောက် အနေနှင့် သူ ကောင်းကောင်း နေတတ်ထိုင်တတ်ပါသည်။ ဟယ်လင်၏လက်ကို ဆွဲကိုင်တတ်ပြီး ဟယ်လင် ပြောသမျှ စကားများကို လေးလေးစားစားနှင့် အာရုံစိုက်ပြီး နားထောင်နေသည်။ ဟယ်လင်က ပြုံးကာ ရယ်ကာနှင့် ပတ်လည်ရှိ စားပွဲများမှ အသိအကျွမ်းများကို လိုက်လံနှုတ်ဆက်နေသည်။ သူ့အသံက ကျယ်လောင်ကျယ်လောင် နိုင်လှသည်။ စားပွဲထိုးကိုလည်း ဟယ်လင်က လိုအပ်သည်များ မှာနေသည်။ စားပွဲထိုးက စိတ်ရှည်လက်ရှည်နှင့် ပြောသမျှကို နားထောင်နေသည်။

"ဒီမှာက ပွဲလုပ်နေတဲ့ အချိန်ကျရင် အရက်မရောင်းတော့တာကို ကိုယ်သိတယ်။ ဒါကြောင့် အခုကတည်းက လိုတဲ့ပုလင်းတွေ လာပို့ပေးပါ"ဟု ဟယ်လင်ပြောလိုက်သည့် စကားကို အယ်နီ ကြားလိုက်ရသည်။

နောက်ဆုံးတွင် မီးရောင်များ မှိန်သွားသည်။ ဖရန်ကိုဆယ်လာကို ပရိသတ်နှင့် မိတ်ဆက်ပေးသည်။ သူသည် အသံကောင်းပြီး အဆိုပိုင်လှသည့် အဆိုတော်တစ်ဦး ဖြစ်သည်။ အထူးသဖြင့် အီတလီသီချင်းများကို သီဆိုရာတွင် ပို၍ ပိုင်နိုင်သည်။ သတင်းစာများက သူ့အကြောင်းများ ရေးနေကြသည်ကိုလည်း ပရိသတ်က ဖတ်ရှုပြီး ဖြစ်သည်။

အောင်မြင်ကျော်ကြားသည့် ရုပ်ရှင်မင်းသားတစ်ယောက် ဖြစ်လာရန်ကိုလည်း ပရိသတ်က မျှော်လင့်တောင့်တနေကြသည်။

ဖရန်ကိုဆယ်လာသည် အီတလီသံ ခပ်ဝဲဝဲနှင့် ကျေးဇူးတင်စကား ပြောသည်။ ပြီးတော့ ကြိုးဝိုင်းထားသည့်နေရာသို့ သွားသည်။ ပရိသတ်ထဲမှာ ရောက်နေသည့် ကျော်ကြားသူများကို သူက မိတ်ဆက်ပေးပြန်သည်။

"အဆိုတော်တို့ရဲ့ ထိပ်ခေါင်၊ တေးဂီတတို့ရဲ့ ဘုရင်မ၊ ဆယ်စုနှစ်ပေါင်းများစွာ ကြာအောင် ထိပ်တန်းမင်းသမီးကြီးအဖြစ်နဲ့ အောင်မြင်စွာ ရပ်တည်နေနိုင်တဲ့ အမျိုးသမီးကြီးကတော့ ဟယ်လင်လော်ဆန်ပဲ ဖြစ်ပါတယ် ခင်ဗျား"

ဟယ်လင်၏ မျက်နှာပေါ်မှာ အပြုံးကလေး ပေါ်လာသည်။ ထိုင်ရာမှ သူထသည်။ ယဉ်ကျေးသိမ်မွေ့သည့် အမူအရာနှင့် ပရိသတ်ကို လက်ဝှေ့ယမ်းပြသည်။ ဝိုင်းဝန်း ဩဘာပေးကြသည့်အသံများက ကျယ်လောင်လွန်းလှသည်။ လေးလေးစားစားနှင့် ဩဘာပေးကြခြင်း ဖြစ်သည်။

ဖရန်ကိုက တစ်ဖက်သို့လှည့်ပြီး နီလီကို ကြည့်သည်။ သူကြည့်သည့်ဘက်ကို ပရိသတ်ကလည်း လိုက်ကြည့်သည်။ သူ့အသံက နူးညံ့ပျော့ပျောင်းနေသည်။ အထင်ကြီး လေးစားသည့် လေသံမျိုးလည်း ဖြစ်သည်။

"အခု နောက်ထပ်တစ်ဦးနဲ့ မိတ်ဆက်ပေးရဦးမယ်ဆိုရင် တစ်သက်မှာ တစ်ကြိမ်သာ တွေ့ကြုံရတတ်တဲ့ လျှမ်းလျှမ်းတောက် မင်းသမီး၊ လူတိုင်း လူတိုင်းက ချစ်မြတ်နိုးကြတဲ့ မင်းသမီး၊ အဆိုတော် အားလုံးတို့က ဦးထိပ်ထားခြင်းကို ခံရတဲ့အဆိုတော်"

ဖရန်ကိုဆယ်လာက ရှေ့ဆက် မပြောသေးဘဲ ရပ်ထားလိုက်သည်။ နီလီ၏ ဂုဏ်ပုဒ်ကို ထပ်မံ၍ အထူးပြုနိုင်ဦးမည့် စကားလုံးများကို ရှာဖွေနေဟန်တူသည်။ ထို့နောက် တစ်ချက် ပြုံးလိုက်သည်။ ပြီးတော့ ရိုးရိုးကလေးပင် ဆက်ပြောသည်။

"မစ္စနီလီအိုဟာရာ"

ပရိသတ်၏ ဩဘာသံသည် နားကွဲမတတ် မြည်းဟည်းလှသည်။ လူတချို့က ထိုင်ရာမှထပြီး နီလီကို နှုတ်ဆက်ဂုဏ်ပြုကြသည်။ ထိုသို့ ရှိနေခိုက် ရုတ်ခြည်း ဆိုသလိုပင် ခန်းမထဲမှာ ရှိနေကြသူ လူအားလုံး ထိုင်ရာမှ တစ်ပြိုင်တည်း ထလိုက်ကြသည်။ အော်ဟစ်ကြသည်။ လက်ခုပ်တီးကြသည်။ နီလီ သီချင်းဆိုရန် အော်ဟစ်တောင်းဆိုကြသည်။ ကေဗင်လည်း ထိုင်ရာမှထသည်။ အယ်နီသည် ဘာလုပ်ရမည်ကို မသိဘဲ ထိုင်မြဲ ထိုင်နေမိသည်။

ယခုဆိုလျှင် ဟယ်လင်လော်ဆန်နှင့် သူ့အတွဲ ယောက်ျားကလေး ခပ်ငယ်ငယ်မှလွဲ၍ အခန်းထဲရှိ လူအားလုံး မတ်တတ်ရပ်နေကြပြီ ဖြစ်သည်။

ဟယ်လင်က မပြုံးချင့်ပြုံးချင် ပြုံးပြီး ထိုင်မြဲထိုင်နေရင်း အသံမထွက်အောင် လက်

www.burmeseclassic.com

www.burmeseclassic.com



ခုပ်တီးနေသည်။ သူ့အဖော် ယောကျ်ားက လေးကလည်း သူ့ကိုသာ ပြန်ငေးကြည့်နေသည်။ ဟယ်လင်က မည်သည့် အမိန့်မျိုးကို မျှား ပေးလေမည်နည်း ဟူသော သဘောနှင့် ကြည့်နေခြင်း ဖြစ်သည်။

နောက်ဆုံးတွင် နီလီသည် ထိုင်ရာမှ ထပြီး အသံချဲ့စက် ရှိရာသို့ လျှောက်သွားသည်။ အခန်းထဲမှာ ရှိနေသူတိုင်းကို ကျေးဇူးတင်ကြောင်း ဝမ်းသာအားရသည့် လေသံနှင့် ပြောသည်။ ပြီးတော့ မိမိ သီချင်း မဆိုပါရစေနှင့်ဟုလည်း တောင်းပန်သည်။ ပရိသတ်ကြီးက ပိုပြီး ဆူညံလာသည်။ သီချင်းဆိုရန်ကိုသာ မုန်တိုင်းထန်သလို တောင်းဆိုနေကြသည်။

နီလီသည် ကိုးကွယ်ရာမဲ့သူလို ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်ရင်း သံစုံတီးဝိုင်းကြီး ရှိရာသို့ လှည့်လျှောက်သွားသည်။ ဆိုမည့် သီချင်းနှင့် သံစဉ်များကို ခပ်မြန်မြန် ညှိနှိုင်းတိုင်ပင်ကြသည်။ ပြီးသည်နှင့် တစ်ပြိုင်တည်း အလယ်မှာ ရှိနေသည့် စင်ပေါ်သို့တက်ပြီး ဆိုရလေတော့သည်။

နီလီ သီချင်းဆိုပုံမှာ မယုံကြည်နိုင်လောက်အောင် ကောင်းလွန်းလှသည်။

အသံက အလွန်တရာ ကြည်လင်ပီသကာ လွင့်ပျံတက်နေသည်။ ပရိသတ် အသည်းစွဲသွားသည်။ တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်ဆိုခိုင်းနေသည်။ နီလီ မငြင်းနိုင်တော့။

နောက်ဆုံး သီချင်းခြောက်ပုဒ် ဆိုပြီးတော့မှ အတန်တန် တောင်းပန်ကာ စင်ပေါ်မှ ဆင်းပြီး သူ့စားပွဲ ရှိရာသို့ ပြန်လာနိုင်တော့သည်။ သူ အလွန် ပျော်နေပုံရသည်။ သူ့မျက်လုံးများက ဖိတ်ဖိတ်တောက်နေသည်။ ဝမ်းသာလွန်းသည့် မျက်ရည်ကြည်ကလေးများကိုလည်း သူ့မျက်လုံးများထဲမှာ မြင်ရသည်။

သတင်းစာဆရာများက သူ့ဆီလာပြီး ချီးကျူးစကား ပြောကြသည်။ အဘွားကြီးများကလည်း သူတို့သမီးများ အတွက်ဟု ဆိုကာ အော်တိုမှာ လက်မှတ် ရေးထိုးခိုင်းကြသည်။ နီလီကလည်း သူတို့ခိုင်းသမျှအတိုင်း ယဉ်ယဉ်ကျေးကျေးပင် လိုက်နာနေသည်။ ကတ်ပြားများ၊ စာရွက်အပိုင်းအစများကို လက်မလည်နိုင်အောင် လက်မှတ် ရေးထိုးပေးရသည်။ နောက်ဆုံး လူစဲပြီး အားလုံး ငြိမ်သွားသောအခါကျမှ ရှမ်ပိန်အရက်ခွက်ကို ကောက်ယူပြီး မော့သောက်လိုက်သည်။

"ကျွန်မ ဒါကို သိပ်ကြိုက်တာပဲ၊ သိလား"

"သန်းခေါင်ယံကလပ်မှာ သီချင်းဆိုရတာကိုလား"

ကေဗင်က မျှော်လင့်ချက်ကြီးစွာနှင့် ဝင်မေးသည်။

"မဟုတ်ပါဘူး၊ ရှမ်ပိန်သောက်ရတာကို ပြောတာပါ။ သိပ်ကောင်းတာပဲ၊ ဝီစကီနဲ့ ဗော့ဒ်ကာ သောက်တာကတော့ အန္တရာယ်မများဘူးပေါ့လေ။ ဒါပေမယ့် ဒီနေ့ညတော့ ခြွင်းချက်အနေနဲ့ ရှမ်ပိန်ပဲ သောက်တော့မယ်။ ရှမ်ပိန်ကို စွဲသွားလို့တော့ မဖြစ်ဘူး။ သိပ်ဝလာလိမ့်မယ်။ ဟောဟိုမှာ ဟယ်လင်လော်ဆန် အဘွားကြီးကို ကြည့်ပါဦး၊ ပုတ်သောက်ဖြစ်နေပြီ။ ရှမ်ပိန်ကြောင့် ပွနေတဲ့အသားတွေပေါ့"

နီလီက ဖန်ခွက်ထဲသို့ ရှမ်ပိန်ထပ်ထည့်ရင်း ပြောသည်။

"နီလီ၊ ဒီကနေ့ညတော့ မင်း သိပ်ကို အောင်မြင်တာပဲကွာ" ဟု ကေဗင်က ပြောသည်။

"သိပ်ဟုတ်တာပေါ့၊ အရင်တုန်းက ကျွန်မ ဆိုခဲ့တဲ့ သီချင်းဟောင်းတွေကို ပြန်ဆိုရရင် အောင်မြင်ဖို့ ဆိုတာဟာ လွယ်လွယ်ကလေးရယ်။ အဲဒီလောက် ကောင်းတဲ့သီချင်းမျိုးကို နောက်ထပ်လည်း ဘယ်သူကမှ မရေးကြတော့ဘူး"

"ကိုယ်ပြောတဲ့ အစီအစဉ်အတိုင်း ရုပ်မြင်သံကြားကနေ လွှင့်ကြည့်စမ်းပါ။ မင်းကြိုက်တဲ့ သီချင်းမျိုးတွေ ရေးခိုင်းပေးပါ့မယ်"

နီလီက ပြုံးသည်။

"အိုး- ဓာတ်ပြားဟောင်းကြီး လာပြန်ပြီလား"

"နီလီ၊ ပရိသတ်က မင်းကို ချစ်နေကြတုန်းပါပဲ"

"ဟုတ်တာပေါ့၊ ကျွန်မရဲ့ ရုပ်ရှင်တွေကိုလည်း သူတို့ ချစ်ကြတာပါပဲ။ ကျွန်မရိုက်တဲ့ ရုပ်ရှင်ကားတွေဟာ ကုန်ကျစရိတ်တွေ များလွန်းလို့ဆိုပြီး ထုတ်လုပ်သူများအသင်းက လက်တွန့်နေတာဟာ ကျွန်မ အပြစ်လား"

"သူတို့ ပြောနေတာက ကုန်ကျစရိတ်တွေ များလွန်းလို့ မဟုတ်ဘူး နီလီ"

နီလီက မျက်လုံးကို မှေးလိုက်သည်။ သူ့မျက်နှာပေါ်မှ ပျော်မြူးနေသည့် အမူအရာ

www.burmeseclassic.com

www.burmeseclassic.com



များလည်း ပျောက်ကွယ်သွားသည်။

"ဒီလိုဆိုရင် သူတို့က ဘာအကြောင်းတွေကိုများ ပြောနေကြပါသလဲ ဦးရွှေရိုးကြီးရယ်"

"သူတို့ပြောတာက မင်းကြောင့် ကုန်ကျစရိတ်တွေ တက်လာရတယ်လို့ ဆိုတာပဲ။ မင်းရုပ်ရှင်ရိုက်ရက်တွေ မှန်မှန် မပေးတဲ့အတွက် အချိန်ကုန်ရတာတွေ၊ ကျန်တဲ့လူတွေကို အချိန်ပိုခိုင်းရတာတွေကြောင့် စရိတ်တွေ သိပ်များလာတယ်လို့ ပြောတာပဲ။ နောက်ပြီးတော့ မင်းအသံတွေလည်း ပျက်သွားပြီ၊ သီချင်းမဆိုနိုင်တော့ဘူးလို့လည်း ပြောကြတယ်"

အယ်နီမှာ မနေတတ် မထိုင်တတ် ဖြစ်လာသည်။ ထို့ကြောင့် ကေဗင်ကို လှမ်းပြီး မျက်ရိပ်ပြသည်။ သို့သော် ကေဗင်က မမြင်ချင်ယောင်ဆောင်ပြီး နီလီကိုသာ စူးစိုက်ကြည့်နေသည်။

နီလီက ကြိုးစားပြီး ပြုံးသည်။

"အင်း- ကျွန်မ သီချင်းဆိုတာကို အခုပဲ ရှင်ကြားလိုက်ရပြီလေ။ ဒါကြောင့် သတင်းစာထဲမှာ ရှင် ဖတ်ခဲ့ရတာတွေကို မယုံပါနဲ့"

"ကိုယ် မယုံပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီကနေ့ည မင်း သီချင်းဆိုတာကို ကိုယ်နားနဲ့ဆတ်ဆတ် ကြားလိုက်ရပြီပဲ။ ကိုယ်တစ်ယောက်တည်း မဟုတ်ပါဘူး၊ ဒီအခန်းထဲမှာ ရှိနေကြတဲ့ လူတိုင်းကလည်း ယုံကြမှာ မဟုတ်ပါဘူး။ ဒါပေမယ့်၊ ဒီနေရာမှာ ရှိနေတဲ့လူက လက်တစ်ဆုပ်စာလောက်ကလေး ရှိတာ။ ပြည်သူတွေ အားလုံးကတော့ သူတို့ ဖတ်ထားကြရတဲ့အတိုင်း ယုံကြည်နေကြဦးမှာပဲ။ ဟုတ်တယ် နီလီ၊ တခြား ထုတ်လုပ်သူတွေ အားလုံးကလည်း ဒီအတိုင်း ယုံကြည်နေကြဦးမှာပဲ"

နီလီ၏ မျက်နှာပေါ်မှ အပြုံးမှာ ပျောက်ကွယ်သွားတော့သည်။

"ဒီမှာ ကျွန်မပြောတာ နားထောင်ပါဦး ဦးပါးကွက်သားကြီး၊ အင်မတန် စိတ်ချမ်းသာစရာကောင်းပြီး အောင်မြင်တဲ့ အချိန်ကို ကျွန်မ ရလိုက်တယ်။ ညကြီးစာစားဖို့ လာတယ်၊ အများက တောင်းဆိုလို့ ထိုင်ရာကထပြီး သီချင်းဆိုပစ်လိုက်တယ်။ဘယ်လောက်ဟန်ကျသလဲ၊ဒီကြားထဲမှာ ရှင်က ကျွန်မဆီက ဘာများ လိုချင်သေးလို့လဲ"

"ရုပ်မြင်သံကြား ဇာတ်လမ်းကြီးတစ်ခုလေ"

"ဒါကိုပဲ အစ်ကြောင်းပြန်ထပ်လာပြန်ပြီလား ဦးအတ္တကြီးရယ်"

နီလီက သက်ပြင်းရှိုက်လိုက်သည်။

"ကိုယ် တကယ့်စေတနာနဲ့ ပြောနေတာပါ နီလီ။ မင်းဟာ ဘယ်သူမှ မယှဉ်ပြိုင်နိုင်လောက်အောင် သီချင်းဆိုနိုင်ကြောင်း ဒီကနေ့ည ဒီအခန်းထဲမှာ ရှိနေတဲ့လူတွေ အားလုံးကို သက်သေထူပြလိုက်ပြီ။ သူတို့ အားလုံး ယုံကြည်သွားအောင် မင်း လုပ်ပြလိုက်နိုင်ပြီ။ တစ်ကမ္ဘာလုံးကလည်း သူတို့ ယုံကြည်သလို ယုံကြည်လာအောင် ဘာဖြစ်လို့ မလုပ်ချင်ရတာလဲ၊ ရုပ်မြင်သံကြား ဇာတ်လမ်းကြီးတစ်ခုတည်းနဲ့ လူပေါင်း ဘယ်လောက်များများ အသည်းခိုက်သွားမယ် ဆိုတာကို မင်း သိသလား၊ မင်းရဲ့ ဇာတ်လမ်းကို မထုတ်လွှင့်ခင်မှာ နှစ်ပတ် သုံးပတ်လောက် ကြိုပြီး ကြော်ငြာထားပေးမယ်။ တစ်တိုင်းပြည်လုံး သိနေအောင် ကြော်ငြာပေးမယ်။ မင်း ဘယ်နေ့လွှင့်တော့မယ် ဆိုတာကို အားလုံးက ကြိုသိနေကြပြီး လူတိုင်းက မင်းကို စောင့်မျှော် ကြည့်ရပါစေမယ်"

"တော်ပါပြီလေ၊ ဒါတွေ မေ့ပစ်လိုက်ပါတော့။ ဟေး- ရှမ်ပိန်ကုန်ပါပေါ့လား။ ထပ်ယူကြဦးစို့"

နီလီက ရှမ်ပိန်ပုလင်းကို လှမ်းဆွဲလိုက်သောအခါ ကုန်နေသည်ကို တွေ့သဖြင့် ပြောသည်။

ကေဗင်က နောက်ထပ် ရှမ်ပိန်တစ်လုံး မှာသည်။ အယ်နီက သူ့လက်ပတ်နာရီကို ငုံ့ကြည့်သည်။ နီလီက မြင်သွားသည်။

ထို့ကြောင့် အယ်နီ၏ လက်မောင်းတစ်ဖက်ကို လှမ်းဆွဲသည်။

"အစ်မကလည်း နာရီ တကြည့်ကြည့် လုပ်မနေစမ်းပါနဲ့။ ဒီကနေ့ညဟာ ကျွန်မအတွက် သိပ်ကို ကြီးကျယ်တဲ့ညပါ"

"ဒါပေမယ့် တစ်နာရီရှိခဲ့နေပြီ နီလီ။ မနက်ဖြန်ကျတော့ ရုပ်မြင်သံကြားရိုက်ဖို့ ရှိသေးတယ်။ မနက်စောစော ဇာတ်တိုက်ဖို့ ရှိနေတယ်"

နီလီက ရယ်သည်။

"အဲဒါ ဘာဖြစ်သလဲ အစ်မရယ်။ ဒါတွေက ကြော်ငြာတွေပါ။ ဒီမီလီလို ဒါရိုက်တာကြီးရိုက်တဲ့ ကြီးကျယ်ခမ်းနားတဲ့ ရုပ်ရှင်

www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှာ အစ်မ သရုပ်ဆောင်နေရတာမှ မဟုတ်ဘဲ။ နောက်ပြီးတော့ အစ်မရဲ့ အလုပ်ရှင်နဲ့လည်း ကျွန်မ သိပါတယ်။ အစ်မအတွက် သူ့ကို ကျွန်မ ပြောပေးပါ့မယ်"

နီလီက ကေဗင်ကို မျက်လုံးတစ်ဖက် မှိတ်ပြလိုက်သည်။

"ကဲ- နောက်ထပ် ကျွန်မတို့ တစ်ပုလင်း ကုန်ရင် ပြန်မယ်။ ဒါလောက်တော့ စောင့်ပါဦး အစ်မရယ် နော်။ ဒါပေမယ့် ပထမဆုံး ကျွန်မတို့ မျက်နှာကို အလှသွားပြင်ကြဦးစို့"

အယ်နီက သက်ပြင်းကလေး ရှိုက်လိုက်မိသည်။ ပြီးတော့ နီလီနောက်မှနေ၍ အလှပြင်ခန်းရှိရာသို့ လိုက်လာခဲ့သည်။

အလှပြင်ခန်းစောင့် အမျိုးသမီးက နီလီကို တွေ့သောအခါ မြင်းအီးပေါက်သလို စကားတွေ ဖောင်လောက်အောင် ပြောတော့သည်။

မျက်နှာ ပေါင်ဒါလိမ်းနေသော အခြား အမျိုးသမီး အချို့ကိုလည်း တွေ့ရသည်။ သူတို့ကလည်း နီလီကို ဟိမဝန္တာ ချီးမွမ်းခန်း ဖွင့်နေကြပြန်သည်။ နီလီကလည်း အထိုက်အလျောက် ပြန်ပြောနေရသည်။ အခန်းထဲမှာ လူကုန်သွားသည်အထိ စိတ်ရှည်လက်ရှည်နှင့် စောင့်နေသည်။ နောက်ဆုံးကျမှ နီလီသည် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ပြီး ဆံပင်များကို ဘီးနှင့် ဖြီးနေသည်။

"အစ်မကို ပြောရဦးမယ်၊ ကေဗင်က ကျွန်မကို တတွတ်တွတ် နားပူမနေဖို့ ပြောပေးစမ်းပါ။ သူဟာ သဘောကောင်းပါတယ်။ ပေါင်းလို့သင်းလို့လည်း ကောင်းပါတယ်။ ဒါပေမယ့် ခတ်ကြောက်ကြီးလိုပဲ။ သူပြောတာတွေက နားထောင်လို့လည်း မကောင်းဘူး။ ကျွန်မ ဘယ်တော့မှ ရုပ်မြင်သံကြား ရိုက်မှာ မဟုတ်ဘူး ဆိုတာ သူ့ကို အပြတ် ပြောပေးထားစမ်းပါ"

"သူ့လုပ်ငန်း အောင်မြင်ဖို့ သူ ကြိုးစားနေတာကိုတော့ မင်းအနေနဲ့ အပြစ်ဆိုစရာ ရှိမယ် မထင်ပါဘူးကွယ်"

"ဟုတ်ပါပြီ၊ သူ့ဟာနဲ့သူတော့ မှန်မှာပေါ့။ ဒါပေမယ့်. . ."

အခန်းတံခါး ပွင့်သွားပြီး ဟယ်လင် လော်ဆန် ဝင်လာသည်။ အယ်နီကို မြင်သောအခါ မျက်နှာထား တင်းမာသွားသည်။ အေးစက်သည့် အမူအရာနှင့်လည်း စိုက်ကြည့်နေသည်။ ပြီးတော့ ချက်ချင်းပင် သူ့စိတ် ပြောင်းလဲသွားသည့်ဟန်နှင့် ခေါင်းညိတ်ပြလိုက်ပြီး ပြောသည်။

"မင်းနဲ့ တွေ့ရတာ ဝမ်းသာလိုက်တာ အယ်နီ၊ ရုပ်မြင်သံကြား သရုပ်ဆောင်ရာမှာ မင်း သိပ်ကို အောင်မြင်နေပြီဆိုတာ ကိုယ် ကြားတယ်"

အယ်နီကလည်း ပြုံးနိုင်အောင် ကြိုးစားရတော့သည်။ မည်သို့ ပြန်ဖြေရမည်ကိုလည်း စဉ်းစားနေမိသည်။ သို့သော်လည်း ဟယ်လင်က သူ့အခက်အခဲကို ဝင်ကယ်လိုက်သည်။ နီလီ၏ဘေးမှာ ဝင်ထိုင်ပြီး နီလီ၏ကျောကို သပ်လိုက်သည်။

"ဒီကနေ့ညတော့ မင်း သိပ်အောင်မြင်တာပဲ။ ဒီကနေ့ည ကိုယ့်ကပွဲကို မင်း လာကြည့်တယ်ဆိုတာ ကိုယ် ကြားလိုက်ပါတယ်။ ဘာဖြစ်လို့ ကိုယ့်ကို လာနှုတ်မဆက်တာလဲ"

"ဟို- ကျွန်မတို့လေ၊ ဟို- ဒီမှာ နေရာကောင်းရအောင် အပြေးအလွှား လာခဲ့ရလို့ပါ။ ဒီမှာ နေရာကောင်းရဖို့က ခက်တယ် မဟုတ်လား"

နီလီက ထစ်ထစ်ငေါ့ငေါ့ ပြောသည်။

"မဟုတ်တာတွေ ဖြီးမနေစမ်းပါနဲ့ နီလီရယ်၊ ပွဲက မစွဲတော့ဘူးဆိုရင် ဘယ်သူမှ လာပြီး နှုတ်ဆက်ချင်ကြတော့တာ မဟုတ်ပါဘူး။ ဒါပေမယ့် အခုကိစ္စကလည်း သူတို့ပြောတဲ့ စကားတွေကို ငါ နားထောင်လိုက်ရတာပါ။ ဒါဟာလည်း ငါ့ဘဝရဲ့ ဖြစ်ရိုးဖြစ်စဉ်လား မပြောတတ်တော့ပါဘူး။ လူမသိသေးတဲ့ သီချင်းရေးဆရာ အသစ်နှစ်ယောက်ကို ပွဲ ထုတ်ပေးဖို့ ငါ ကြိုးစားကြည့်တာပါပဲ"

နီလီက ခင်မင်ရင်းနှီးသည့် အမူအရာနှင့် ပြုံးလိုက်သည်။

"သူတို့ကို တစ်ယောက်ယောက်က ပွဲထုတ်ပေးမှ ဖြစ်တော့မှာပေါ့။ ရှင်ကသာ ပွဲထုတ်မပေးဘူးဆိုရင် ဘယ်သူမှ လုပ်ပေးမှာ မဟုတ်ပါဘူး"

"သူများ နာမည်ကြီးလာဖို့ စင်တင်ပေးတဲ့အလုပ်ကို ငါ အမြဲလုပ်ခဲ့တာပဲ။ မင်းနာမည်ကြီးလာတာလည်း ငါ့ကြောင့်ပဲလေ။ ဘဲ ကလပ်တွေမှာ လိုက်ပြီး သီချင်းဆိုနေတုံ့ အဆိုတော်တွေကိုလည်း ငါပဲ ပွဲထုတ်ပေးတယ်။ စင်တင်ပေးတယ်။ မြှောက်ပင့်ပေးတယ်။ ဒါပေမယ့် အောင်မြင်လာတဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ ငါ့ကို ဘယ်သူကမှ ကျေးဇူးတင်ရကောင်းမှန်း မသိကြတော့ဘူး။ မင်းလည်း အတူတူပဲ"

နီလီ၏ မျက်နှာပေါ်မှ အပြုံးမှာ ပြယ်လွင့်သွားတော့သည်။

"ဟောလီးဝုဒ်မှာ ကျွန်မ ရုပ်ရှင်ရိုက်ခွင့်ရခဲ့တာဟာ ရှင့် ပဒေသာကပွဲထဲမှာ ဝင်ကလို့ မဟုတ်ပါဘူး ဟယ်လင်၊ ညကလပ်မှာ ကျွန်မ သွားပြီး သီချင်းဆိုလို့ ဒီအခွင့်အရေး ရလာတာပါ"

"အဲဒီညကလပ်မှာ သီချင်းဆိုခွင့်ရတာကလည်း ဘယ်သူ့ကြောင့်လဲ၊ ငါ့ကို ခုတုံးလုပ်ပြီး မင်း တက်သွားတာပါ"

"ကောင်းပါပြီ ဟယ်လင်၊ ကျေးဇူးတင်ပါတယ်။ ဒီအကြောင်းတွေ ကျွန်မ ပြန်စဉ်းစားမိရင် ရှင့်ကို ကျွန်မ ကျေးဇူးတင်ရမှာပါပဲ။ ထပ်ပြောပါရစေဦး၊ ရှင့်ကို သိပ်ကျေးဇူးတင်ပါတယ်။ သိပ်လည်း ဝမ်းသာပါတယ်။ ကဲ- အယ်နီ၊ သွားကြစို့"

"ငါ့ကို လာပြီး ဒီလို ပလဲ့စ်ပလစ် မလုပ်စမ်းပါနဲ့ နီလီ။ သတင်းစာတွေ ငါဖတ်ပြီးပြီ၊ မင်းအကြောင်းကို ငါ အကုန်သိတယ်။ မင်းမှာ ဘယ်ကုမ္ပဏီနဲ့မှ အလုပ် မလုပ်ရတော့ဘူး။ အခုဆို လမ်းဘေးက မြောင်းပုပ်ထဲမှာ မင်း မျောနေပြီ။ ဒါပေမယ့်. . ."

နီလီက ထိုင်ရာမှ ခုန်ထလိုက်သည်။ ဟယ်လင်နှင့် မျက်နှာချင်းဆိုင်ပြီး ဒေါသရောင်များ တောက်နေသည့် မျက်လုံးများနှင့် စိုက်ကြည့်နေသည်။ အခန်းစောင့် အမျိုးသမီးက ထိတ်လန့်တကြားနှင့် သူတို့အနားသို့ ဓာပ်လာသည်။

"သွားကြစို့ နီလီ၊ ဟိုမှာ ကေဗင် စောင့်နေတယ်"

အယ်နီကလည်း ကမန်းကတန်း ဝင်ပြောသည်။

နီလီက အယ်နီ၏လက်ကို ပုတ်ချလိုက်ပြီး ဟယ်လင်ကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေသည်။

"ရှင် ကျွန်မကို ဘယ်လို ပြောလိုက်တာလဲ"

ဟယ်လင်ကလည်း ထိုင်ရာမှထပြီး နီလီနှင့် ရင်ဆိုင်ရပ်သည်။

"လမ်းဘေးက မြောင်းပုပ်ထဲမှာ တွေဝေလေလွင့်ပြီး မျောနေရတဲ့ကောင်မ ဖြစ်သွားပြီလေ။ ညည်းကိုယ်ညည်း ဘာများ ထင်နေလို့လဲ၊ တောရွာတွေ လျှောက်ကနေရတဲ့ အညံ့စား တောအငြိမ့်ထဲက လာတယ်၊ ကျောင်းနေပြီး စာသင်ခဲ့ရတာလည်း မဟုတ်၊ ညည်း စာနည်းနည်းပါးပါး ဖတ်တတ်တာကိုပဲ ငါတော့ အံ့ဩလို့ မဆုံးနိုင်ဘူး။ ညည်းကို ငါ မြေတောင်မြှောက်ပေးလိုက်တာဟာလည်း အယ်နီရဲ့ မျက်နှာကြောင့်၊ အယ်နီနဲ့ ငါနဲ့ ရင်းနှီးလို့ မင်းကို ဒီအခွင့်အရေး ငါပေးခဲ့တာ"

"အယ်နီနဲ့ ရင်းနှီးလို့၊ ဟုတ်လား. . .၊ ရှင် လင်ဆောင်လို့ကောင်းအောင် အယ်နီကို ရှင် အသုံးချခဲ့တာ မဟုတ်လား"

နီလီက ပြန်အော်သည်။

"ငါးစိမ်းသည်စကားတွေ မပြောစမ်းနဲ့။ အယ်နီနဲ့ငါဟာ တကယ်ချစ်ကြတဲ့ သူငယ်ချင်းတွေ၊ တို့တစ်ယောက်နဲ့တစ်ယောက် အထင်အမြင်မှားစရာလေးတွေ ကြုံခဲ့ရလို့၊ ဒါပေမယ့် ငါဟာ သူ့မိတ်ဆွေပဲ။ သူ့အကျိုးကို လိုလားခဲ့တယ်။ လင်ကောင်းသားကောင်း ရစေချင်ခဲ့တယ်။ ဒီလို လုပ်တာဟာလည်း သူကောင်းဖို့ ငါလုပ်ခဲ့တာ။ အလကားအကောင်နဲ့ ငြိစွန်းသွားမှာစိုးလို့ ငါ ဝင်ပြီး တားဆီးခဲ့တာ"

ဟယ်လင်က အယ်နီဘက်သို့ လှည့်ကြည့်ပြီး ဆက်ပြောသည်။

"နောက်ဆုံးကျတော့ အဲဒီ အကောင်ဟာ အလကားအကောင် ဖြစ်သွားတာပဲ မဟုတ်လား အယ်နီ။ ငါပြောခဲ့တာ မှန်တယ် မဟုတ်လား၊ မင်းဟာ ငါ့ရဲ့ စစ်မှန်တဲ့ မိတ်ဆွေတစ်ယောက်အနေနဲ့ ငါ အမြဲတမ်း သတ်မှတ်ခဲ့ပါတယ်"

"သွားကြစို့ အယ်နီ၊ ပက်ချွဲနပ်ချွဲ ပြောနေတဲ့ စကားတွေ ကြားရတာ နားကြားပြင်းကတ်လွန်းလို့"

နီလီက အယ်နီ၏ခါးကို လှမ်းကိုင်ပြီး ပြောသည်။

ဟယ်လင်က နီလီကို လုံးဝ ဂရုမစိုက်၊ အယ်နီကိုသာ လှမ်းပြီး ပြုံးပြသည်။

"ငါ တကယ်ပြောတာ အယ်နီ၊ ငါ့ဘဝမှာ မိတ်ဆွေစစ်ကို ဘယ်တုံးကမှ မရခဲ့ဖူးပါဘူး။ လူတိုင်းက ငါ့ကို အသုံးချမယ်၊ ပြီးတော့ ငါ့ရင်ဝကို ခြေစုံကန်ပြီး ထားခဲ့ကြတာပဲ။ မင်းကို ငါ အမြဲတမ်း သဘောကျခဲ့တာပါ။ မင်း အောင်မြင်နေပြီ ဆိုတော့လည်း ငါ့မှာ ဝမ်းသာလို့ မဆုံးနိုင်အောင် ဖြစ်ရတယ်။ ရင်တဖိုဖို

www.burmeseclassic.com



ဖြစ်နေရတယ်။ အခုဆိုရင် ငါလည်း ဒီမြို့ကို ပြန်ရောက်နေပြီ။ တို့နှစ်ယောက် ဟိုတုန်းက လိုပဲ အတူသွား အတူလာနဲ့ ပြန်နေကြရ အောင်နော်"

"အယ်နီ၊ သွားကြမယ်"

နီလီက ခပ်ဆတ်ဆတ် အော်ပြော သည်။

"ညည်းက ဘာကိစ္စ ဒါလောက်တောင် အလောသုံးဆယ် ဖြစ်နေရတာလဲ။ ညည်းမှာ သွားစရာနေရာကော ရှိလို့လား၊ ငါ ကြားထား တဲ့အတိုင်းဆိုရင် ညည်းမှာ ဘာမှ လုပ်စရာ မရှိဘူး။ အလုပ်လက်မဲ့ ဖြစ်နေတဲ့ဘဝမှာ ဘာ ဖြစ်လို့ ဒါလောက်တောင် ပျာယာခတ်နေရ တာလဲ"

"ရှင့်အကြောင်း ဝေဖန်ချက်တွေပါတဲ့ သတင်းစာတွေထွက်လာရင် ရှင်လည်း အချိန် အားတွေ အများကြီး ရသွားတော့မှာပါ"

နီလီက ပြန်ဖြေသည်။

ဟယ်လင်က ပခုံးများကို တွန့်လိုက် သည်။

"အခုည ကတဲ့ ငါ့ပွဲဟာ ညံ့ချင်ညံ့မယ်၊ ဒါပေမယ့် မနက်ဖြန် နေ့ခင်းကျရင် ကမ်းလှမ်း ချက်အသစ် ခြောက်ခုတောင် ငါ စာချုပ်ရဦး မယ်။ ညည်းမှာ ဘာအဲစီအစဉ် ရှိသလဲ။ ဒီက နေ့ည အခမဲ့ ဖျော်ဖြေသလိုပဲ ဖျော်ဖြေစရာ တွေများ ရှိနေသေးသလား"

"တုန်တုန်ယင်ယင်နဲ့ အဘွားကြီးအိုသံ ပေါက်နေတဲ့ ရှင့်အသံမျိုးနဲ့တော့ နောက် မကြာခင်မှာ အခမဲ့ ဖျော်ဖြေခွင့်တောင် ရ တော့မှာ မဟုတ်ဘူး။ ဒီနေ့ညပဲ ကြည့်လေ၊ ရှင့်ကို ပရိသတ်ထဲက ဘယ်သူကများ သီချင်း ဆိုခိုင်းလို့လဲ"

ဟယ်လင်၏ မျက်နှာမှာ တဖြည်းဖြည်း နီရဲလာသည်။ သူ ပြန်ပြောသောအခါတွင် လည်း သူ့အသံသည် စူးစူးဝါးဝါး ဖြစ်လာ သည်။

"အသံတုန်တယ်ဆိုတဲ့ အကြောင်းကို ညည်းက ဘယ်လောက်များ နားလည်လို့လဲ၊ ငါဟာ ထိပ်ဆုံးနေရာမှာ နှစ်ပေါင်းသုံးဆယ် ကျော်ကြာအောင် ရပ်တည်နေခဲ့တယ်။ ထိပ် ဆုံးမှာ ငါ နေချင်သလောက် နေနိုင်သေး တယ်။ ဒါပေမယ့် ညည်းကတော့ ပိုက်ဆံ မရဘဲ အလကားလိုက်ပြီး သီချင်းဆိုပြနေရ တာမျိုးကိုပဲ လုပ်နေရမှာပါ။ ညည်းအဖို့ ဒီ အခွင့်အရေးမျိုးပဲ ရတော့မှာ မဟုတ်လား။ လူတွေက ညည်းကို ဝိုင်းပြီး လက်ခုပ်တီးကြ မှာပေါ့။ သူတို့အဖို့ ဘာအပန်းကြီးတာမှတ်လို့ ဒါပေမယ့်၊ ညည်းကတော့ တစ်ဇာတ် သိမ်း သွားပါပြီ။ ညည်းအဖို့ ဘာအနာဂတ်မှ မရှိ တော့ပါဘူး။

ကဲ၊ လမ်းဖယ်စမ်း။ ညည်း ဘယ်ကိုမှ လဲ သွားစရာရှိတော့တာ မဟုတ်ဘူး။ အပြင် မှာ ငါ့အဖော် အမျိုးသား စောင့်နေတယ်"

"ရှင့်အဖော် အမျိုးသား၊ ဟုတ်လား"

နီလီက လှောင်ရယ် ရယ်သည်။ ပြီးမှ ဆက်ပြောပြန်သည်။

"အဲဒီငတုံးကလေးကို ရှင့်အဖော်အမျိုး သားလို့ ခေါ်သလား။ ဒါပေမယ့် သူ့ကို ဒီ အတိုင်း စောင့်ခိုင်းထားလို့ မဖြစ်တော့ဘူး ဘာဖြစ်လို့လဲဆိုတော့ ရှင့်ကို တွဲမယ့်လူလည်း မရှိတော့ဘူးလေ။ ငတုံးတွေကပဲ ရှင်နဲ့တွဲတော့ မှာပေါ့။ ဒါတောင်မှ ကုန်ကျစရိတ်ကို ရှင်က ပေးရမယ်။ တက္ကစီခကို ရှင်က ပေးရမယ်"

"ဒါမျိုးနဲ့ ပတ်သက်လာရင် ညည်း ကောင်းကောင်း သိမှာပေါ့လေ။ အဲဒီလို ငတုံး မျိုးတွေနဲ့ ညည်း ယှဉ်ခဲ့သေးတာပဲ မဟုတ်လား။ ဒါတောင်မှ အဲဒီ ငတုံးကို လွတ်ထွက်မသွား အောင် ညည်း ဆွဲမထားနိုင်ဘူး မဟုတ်လား။ အမွှာပူး ကလေးနှစ်ယောက် မွေးပေးတာ တောင် ညည်းကို သူ စွဲလမ်းနေအောင် လုပ် မထားနိုင်ဘူး မဟုတ်လား။ ဟေး- ညည်းရဲ့ အမွှာပူးကလေးတွေလည်း ငတုံးကလေးတွေ ပဲလား"

ဟယ်လင်က ပြန်အော်ပြောပြီးသည် နှင့် တစ်ပြိုင်နက် အခန်းအပြင်သို့ ထွက်ရန် ခြေလှမ်းပြင်သည်။ သို့သော်လည်း နီလီက သူ့ရှေ့မှ ပိတ်ပြီး ရပ်နေသည်။

"ရှင်၊ ကျွန်မသားတွေ အကြောင်းကို ဘယ်လို ပြောလိုက်တာလဲ"

နီလီ၏ အသံမှာ တုန်လှုပ်လာသည်။

"အမွှာပူး ငတုံးကလေးနှစ်ကောင် မွေး လာလို့ ညည်းမှာ ဘာတွေ ဖြစ်သွားသလဲ။ အဲဒီ ငတုံးကလေးတွေဟာ သူတို့ အမေအ ပေါ်မှာတော့ သိပ်ကောင်းရှာတာပဲလို့တော့ ကြားမိပါရဲ့။ ကဲ- ညည်း လမ်းဖယ်ပေးစမ်း"

ဟယ်လင်က နီလီကို ကျော်ရှောင်ပြီး တံခါးပေါက်ဆီသို့ လျှောက်သွားသည်။

"ဘယ် ဒီလိုသွားလို့ရမလဲ၊ မသာမကြီး"

www.burmeseclassic.com

www.burmeseclassic.com



နီလီက ေအာ်လိုက္သည္။ ဟယ္လင္၏ ေနာက္သို႔ ခုန္လိုက္သြားၿပီး ဆံပင္ကို ေဆာင့္ဆြဲယူလိုက္သည္။ ဟယ္လင္က လြတ္ေအာင္ ေရွာင္ေသးသည္။ သို႔ေသာ္လည္း နီလီက ပိုျမန္သည္။

ခ်က္ခ်င္းပင္ နီလီ၏ မ်က္ႏွာေပၚတြင္ အံ့ၾသသည့္ အမူအရာ ေပၚသြားသည္။ သူ႔လက္ထဲသို႔ ပါလာသည့္ ပစၥည္းကိုလည္း မလႈပ္မယွက္ ငုံ႔ၾကည့္ေနသည္။

တစ္ခ်ိန္တည္းမွာပင္ ဟယ္လင္ကလည္း သူ႔၏ေခါင္းကို ထိတ္လန္႔တႀကီးျဖင့္ ျပန္ကိုင္ၾကည့္လိုက္သည္။

"ဆံတုႀကီးေဟ့"

နီလီက ေအာ္လိုက္သည္။

ရွည္လ်ားသည့္ အနက္ေရာင္ ဆံတုႀကီးကို ျမင္သာေအာင္ ေျမႇာက္ျပသည္။

"ၾကည့္ပါဦး၊ သူ႔ဆံပင္ကလည္း သူ႔အတိုင္း အတုႀကီးပါပဲလား"

ဟယ္လင္က နီလီ၏လက္ထဲမွ သူ႔ဆံပင္ကို လုမ္းဆြဲသည္။ သို႔ေသာ္ နီလီက ေနာက္ဘက္သို႔ ခုန္ဆုတ္လိုက္သည္။

"ငါ့ဆံပင္ ျပန္ေပးစမ္း ဇြဲမေလး၊ ေဒၚလာသုံးရာေတာင္ ေပးၿပီး ငါ ဝယ္ထားရတာ"

ဟယ္လင္က ေအာ္ေျပာသည္။

နီလီက သူ႔လက္ႏွစ္ဖက္ကို သူ႔ကိုယ္၏ ေနာက္ဘက္မွာ ကြယ္ထားသည္။ အခန္းထဲမွာလည္း လွည့္ၿပီး ကခုန္ေနသည္။

"ေဟး- ကၽြန္မကိုလည္း ဆံပင္နက္ေအာင္ လုပ္ေပးစမ္းပါဦး"

"ဟဲ့ေကာင္မ၊ ျပန္ေပးစမ္းဆို"

ဟယ္လင္ကလည္း သူ႔ဆံတုကို လိုက္လုေနသည္။

"အခုေန ရွင့္ကို ၾကည့္ရတာ ဘယ္လိုပုံေပါက္ေနမွန္း မသိဘူး ဟယ္လင္။ အခုအတိုင္းက ပိုၿပီး ၾကည့္ေကာင္းတယ္လို႔ ထင္တယ္။ ဆံတိုေလးနဲ႔"

ဟယ္လင္သည္ သူ႔ေခါင္းေပၚရွိ ဆံပင္တိုကေလးမ်ားကို စမ္းၾကည့္သည္။ ၿပီးေတာ့ မ်က္စိမ်က္ႏွာပ်က္ႏွင့္ ျပန္ေျပာသည္။

"ဒီဆံပင္ေတြ ျပန္ရွည္လာေအာင္ ငါ ေမွ်ာ္ေနရတာ၊ ဂ်ဴမေကာမွာ ေနတုန္းက ဆံပင္ဆိုးတဲ့လူေတြ အသုံးမက်လို႔ ဒီလို ျဖစ္ရတာ။ ငါလည္း နယူးေယာက္ကို ျပန္ေရာက္ေရာ အားလုံး ကၽြတ္ကုန္ေတာ့တာပဲ။

ကဲ- နီလီ ငါ့ဆံတုကို ျပန္ေပးေတာ့"

အလြန္ လ်င္ျမန္သည့္ အ႐ွိန္အဟုန္ျဖင့္ နီလီသည္ အိမ္သာခန္း တစ္ခုအတြင္းသို႔ ေျပးဝင္သြားသည္။ ဟယ္လင္က သူ႔ကို ခုန္အုပ္ေသးသည္။ သို႔ေသာ္လည္း နီလီက ပိုျမန္သျဖင့္ မမီလိုက္။ အတြင္းမွ တံခါးမင္းတုတ္ထိုးသံကို ၾကားၾကရသည္။ တစ္ဆက္တည္းမွာပင္ အိမ္သာထဲသို႔ ေရဆြဲခ်သည့္ အသံကိုပါ ၾကားရသည္။

"ဟဲ့ ေကာင္မ၊ နင္ ဘာေတြ ေလွ်ာက္လုပ္ေနတာလဲ"

ဟယ္လင္က ေအာ္သည္။ ၿပီးေတာ့ အယ္နီဘက္သို႔ လွည့္ၾကည့္သည္။

"ဘုရား. . . ဘုရား၊ ဒီေကာင္မ ငါ့ဆံတုကို အိမ္သာထဲ ပစ္ခ်ေနၿပီ။ ဒီေကာင္မကို ငါသတ္မယ္။ ဒီေခြးဝဲစားမကို သတ္ျဖစ္ေအာင္ သတ္ျပမယ္"

ဟယ္လင္က အဆက္မျပတ္ ေအာ္ေနသည္။ အခန္းေစာင့္ အမ်ိဳးသမီးကလည္း နီလီကို လုမ္းၿပီး တားေနသည္။ သူတို႔ ျပန္ရသည့္ အေျဖကေတာ့ ေရဆြဲအိမ္သာထဲသို႔ အႀကိမ္ႀကိမ္ ေရဆြဲခ်ေနသည့္ အသံမ်ားသာ ျဖစ္ေလသည္။

ဟယ္လင္က တံခါးကို တဝုန္းဝုန္း ထုေနသည္။ အတြင္းမွ နီလီ၏ တခစ္ခစ္ ရယ္သံကို ၾကားရသည္။ ေရကို ဆြဲခ်လိုက္ျပန္သည္။

ယခု တစ္ႀကိမ္မွာေတာ့ တစ္စုံတစ္ရာ က်သြားသည့္အသံကို ၾကားရၿပီး အခန္းအျပင္သို႔လည္း ေရမ်ား လွ်ံထြက္လာသည္။ ခ်က္ခ်င္းပင္ အခန္းထဲမွာ ေရလွ်ံသြားသည္။

အခန္းတံခါး ပြင့္သြားသည္။ နီလီက သူ႔ေျခေထာက္ကို ေရမစိုေအာင္ ေျခဖ်ားေထာက္ၿပီး ထြက္လာသည္။ တခစ္ခစ္ႏွင့္လည္း ရယ္ေနဆဲ ျဖစ္သည္။

"တကယ့္ဆံတုႀကီး၊ လြယ္လြယ္နဲ႔ ဆင္းမသြားလို႔ အေတာ္ လုပ္ပစ္လိုက္ရတယ္"

ဟုလည္း ေျပာလိုက္ေသးသည္။

အခန္းေစာင့္ အမ်ိဳးသမီးက မ်က္ႏွာပ်က္ေနသည္။ ေရေတြ ရႊဲနစ္ေနသည့္ ေျခသုတ္ဖုံကို ေျမႇာက္ကိုင္ထားသည္။ ေရထဲမွ ဆယ္ယူလိုက္သည့္ တီရွဴစာန္တစ္ေကာင္ႏွင့္ပင္ တူေနေတာ့သည္။

"သြားပါၿပီ သြားပါၿပီ၊ ငါ့အခု ဘာလုပ်

www.burmeseclassic.com



ရတော့မှာလဲ"

ဟယ်လင်က တုန်တုန်ယင်ယင် ပြောနေသည်။ ပြီးတော့ အယ်နီဘက်သို့ လှည့်ကြည့်သည်။ သူမျက်နှာမှာ မျက်ရည်များ ရွှဲနေသည်။

"ဒီအတိုင်း ငါ အပြင်ကို ဘယ်လိုလုပ်ပြီး ထွက်လို့ရတော့မှာလဲ"

အယ်နီကလည်း သူ့ကို ငေးကြည့်နေမိသည်။ ဘာစကားကိုမှ မပြောနိုင်တော့။ အခန်းထဲသို့ ရေများ ထပ်စီးဝင်လာပြန်သည်။ ထိုအချိန်ကျမှပင် အခန်းစောင့်အမျိုးသမီးက တိတ်ဆိတ်မှုကို ဖျက်ဆီးပစ်လိုက်သည်။

"မစ္စအိုဟာရာ၊ ရှင် ဒီလိုလုပ်တာတော့ မကောင်းဘူး။ ရေပိုက်တွေလည်း ပိတ်ဆို့ကုန်ပြီ"

နီလီက ရယ်သည်။

"ကုန်ကျသမျှ စာရင်းပို့လိုက်ပါ။ ဒီလိုလုပ်လိုက်ရတဲ့အတွက် ဘယ်လောက်ကုန်ကုန် ကုန်ရကျိုးနပ်တယ်"

နီလီက ပြောပြောဆိုဆိုပင် ပိုက်ဆံအိတ်ကိုဖွင့်ပြီး ငါးဒေါ်လာတန် တစ်ရွက်ကို ဆွဲထုတ်သည်။

"ဟောဒီမှာ ရော့၊ ကြိုက်တာသုံး။ ငါးဒေါ်လာဆိုရင် ဒီမြို့ပေါ်မှာ အရက်ကောင်းကောင်း သောက်လို့ရတယ်"

နီလီက အခန်းစောင့်ကို ငွေစက္ကူ လှမ်းပေးသည်။ ထို့နောက် အယ်နီဘက်သို့ လှည့်ကြည့်သည်။

"အစ်မရေ သွားကြစို့။ ခေါင်းတုံးပြောင်နဲ့ လင်းယုန်ငှက်အိုမကြီးကို သူဟာသူ တစ်ယောက်တည်း အေးအေးဆေးဆေး ငိုနိုင်အောင် ထားခဲ့ကြစို့။ ရှင့်အတွဲ ငတုံးကလေးတော့ အပြင်ဘက်မှာ တစ်ယောက်တည်း အေးအေးမိမနေပါစေနဲ့လို့ မျှော်လင့်ရတာပဲ"

ဟုလည်း အသံချိုချိုကလေးနှင့် လှမ်းပြောလိုက်သေးသည်။

အယ်နီက နီလီ၏နောက်မှ ထွက်လိုက်သွားသည်။အလှပြင်ခန်း၏ အပြင်သို့ ရောက်လာသောအခါကျမှ နီလီကို လှမ်းပြောသည်။

"အခုလို လုပ်လိုက်တာတော့ မတရားပါဘူး နီလီ"

"သိပ်တရားတာပေါ့၊ သူ့ကို သတ်ဖို့တောင် ကောင်းတာ"

"ဒါပေမယ့် အခု လုပ်လိုက်တာတော့ ဘယ်မှန်မလဲ။ ဒီဟိုတယ်တစ်ခုလုံးမှာ လူတစ်ယောက်မှ မရှိတော့တဲ့ အချိန်ကျမှ သူအပြင်ကို ထွက်လို့ရတော့မယ်"

"ကောင်းတာပေါ့၊ ဒီနေ့တစ်ညလုံး ဒီအထဲမှာပဲ သူနေပေစေတော့ပေါ့။ မနက်ဖြန်ကျရင် နောက်ထပ် ဆံတုတစ်ခုကို သူ ဝယ်လို့ရသွားပဲ။ ဒါပေမယ့် ကျွန်မအဖို့တော့ သူပြောသွားတဲ့ စကားတွေကို မေ့နိုင်တော့မှာ မဟုတ်ဘူး။ ကျွန်မသားတွေကို သူ ပြောသွားတာကြည့်လေ။ ကျွန်မအကြောင်းကို သူပြောသွားတာလည်း ကြည့်ဦးလေ။ ကျွန်မဟာ ဘာမှ အသုံးမကျဘူးတဲ့။ ပိုက်ဆံတစ်ပြားမှ မရဘဲ အခမဲ့ သီချင်းလိုက်ဆိုနေရုံပဲ ရှိတော့တယ်တဲ့။ ဘာဖြစ်လို့များ ဒါလောက် ဆိုးဆိုးရွားရွား. . ."

နီလီသည် စားပွဲဆီသို့ ခြေလှမ်း သွက်သွက်နှင့် လျှောက်သွားသည်။

"ကေဗင်၊ ရှင်ပြောတဲ့ ရုပ်မြင်သံကြား အစီအစဉ်ကို လုပ်ချင်တဲ့စိတ် အခုထက်ထိ ရှိသေးသလား"

ကေဗင်က အားပါးတရ ပြုံးလိုက်သည်။

"ကောင်းပြီ၊ ရှင်ပြောတဲ့အတိုင်း ကျွန်မ လက်ခံလိုက်ပြီ"

နီလီက ပြောပြောဆိုဆိုနှင့် ကုလားထိုင်တစ်လုံးကို ဆွဲယူထိုင်သည်။ ထို့နောက် ရှမ်ပိန်ပုလင်းကို ဆွဲပြီး ခွက်ထဲသို့ ထည့်နေသည်။

"ကန်ထရိုက်တာစာချုပ်ရေးပါ။ ကျွန်မ ရှေ့နေနဲ့ ကိုယ်စားလှယ်ကိုပြပါ။ သူတို့က သဘောတူရင် ပြီးပြီ"

"မနက်ဖြန်ကျရင် ဒီကိစ္စကိုပဲ အဓိကထားပြီး လုပ်ရမယ်"

ပျော်ရွှင်သည့်လေသံနှင့် ကေဗင်က ပြောသည်။

ရုပ်မြင်သံကြား အစီအစဉ် အကြောင်းကို သူတို့ ပြောဆိုနေကြဆဲမှာပင် အခန်းထဲမှ လူများ တဖြည်းဖြည်း ပြန်ကြပြီ ဖြစ်သည်။

နီလီနှင့် အယ်နီက ဟယ်လင်၏ စားပွဲမှ ဇာတ်ရံ အမျိုးသားကလေးကို မသိမသာ လှမ်းကြည့်နေကြသည်။ ထိုလူငယ်က ဟယ်လင် ထွက်လာမည့် တံခါးပေါက်ဆီသို့သာ လည်တဆန့်ဆန့်နှင့် ငေးမျှော်ကြည့်နေသည်။

"ဟယ်လင်လော်ဆန် ဘာများ ဖြစ်နေသလဲလို့ စဉ်းစားနေတာ။ သူ့ရဲ့သတ်တွေနဲ့

www.burmeseclassic.com



တွေ့နေလို့များ ဒါလောက် ကြာနေတာလား မပြောတတ်ဘူး"

ကေဇင်က ကျသင့်သည့်ငွေများကို ရှင်း နေရင်းက ပြောသည်။

"ဟုတ်တယ်၊ တစ်ယောက်ယောက်က သူ့ခေါင်းက အရေခွံကိုများ ခွာနေသလားမှ သိတာ"

နီလီက ဘာမှ မသိနားမလည်သူ တစ် ယောက်လို ပြန်ပြောသည်။

သူတို့ အပြင်ထွက်လာကြသောအခါ အယ်နီက လူသူ ကင်းရှင်းနေပြီ ဖြစ်သည့် အခန်းထဲသို့ ပြန်မျှော်ကြည့်သည်။ ဟယ်လင် စားပွဲမှ လူငယ်သည် ကျသင့်ငွေများကို ပေး ချေနိုင်ရန် သူ့အိတ်ထဲသို့ နှိုက်ပြီး ကိုးကန်း ထောင်းမှောက် ပိုက်ဆံရှာနေသည်။

ကေဇင်က အယ်နီ၏ လက်မောင်းကို ခပ်တင်းတင်းကလေး ညှစ်လိုက်သည်။

"ရုပ်မြင်သံကြားလွှင့်ဖို့နဲ့ ပတ်သက်ပြီး မင်း စိတ်ပြောင်းသွားမှာတော့ မဟုတ်ပါဘူး နော် နီလီ"

"မပြောင်းပါဘူး၊ ကျွန်မ အသည်းနှလုံး တွေ ပွင့်ထွက်သွားအောင် ရှင်နဲ့ ရှင့်ကုန်ပစ္စည်း ကြော်ငြာအတွက် ကျွန်မ သီချင်း ဆိုပေးပါ့ မယ်။ ဒါပေမယ့် ကျွန်မကိုတော့ ရှင့် ပိုက်ဆံ တွေ အများကြီးပေးရမှာနော်"

နီလီက ကေဇင်၏လက်ကို ပြန်ကိုင်ရင်း ပြောသည်။

"ဝမ်းပန်းတသာ ပေးပါ့မယ်ဗျာ"

ကေဇင်က ပြန်ဖြေရင်း အယ်နီကို လှမ်း ကြည့်မိသည်။ ကျေးဇူးလည်း တင်မိသည်။

မိမိက အာပေါက်အောင် ပြောနေ သော်လည်း အရာမထင်။ သူတို့ မိန်းမချင်း အလှပြင်ခန်းထဲသို့ ခဏကလေး ဝင်ပြော လိုက်ရုံနှင့် သည်ကိစ္စက အောင်မြင် ပြီးဆုံး သွားတော့သည်။

*

အကြီးအကျယ် အခမ်းနားဆုံး အစီအစဉ် အနေဖြင့် ထုတ်လွှင့်တော့မည့် ရုပ်မြင်သံကြား အစီအစဉ်အကြောင်း သတင်းစာများတွင် ကေဇင်က ရေးထည့်လိုက်သည်။ ထိုသတင်း ပွင့်ထွက်သွားသည်နှင့်တစ်ပြိုင်တည်း ထိပ်တန်း မဂ္ဂဇင်းကြီးများက နီလီကို လာတွေ့ကြသည်။

ထိပ်တန်း သတင်းစာကြီးများက နီလီ နှင့် တွေ့ခွင့်တောင်းကြသည်။ မေးမြန်းကြ သည်။ ရုပ်မြင်သံကြား ဝေဖန်သူများကလည်း အူယားဖားယား ရောက်လာကြသည်။ ရုပ်မြင် သံကြား အစီအစဉ်သည် ချက်ချင်း ဆိုသလို ပို၍ လူစိတ်ဝင်စားခြင်းကို ခံယူ ရရှိလာလေ သည်။ နီလီလို မင်းသမီးက လွှင့်ထုတ်မည် ဆိုသဖြင့် ပိုပြီး စိတ်ဝင်စားကြခြင်း ဖြစ်သည်။

ကေဇင်က အကောင်းဆုံး ဇာတ်ညွှန်း ရေးဆရာ၊ အကောင်းဆုံးဒါရိုက်တာ၊ အကောင်း ဆုံး ထုတ်လုပ်သူများကို ရှာဖွေငှားရမ်းသည်။ သူ့ကုမ္ပဏီမှ ထုတ်လုပ်သည့် အလှကုန်ပစ္စည်း ကို အကောင်းဆုံး ကြော်ငြာနိုင်ရန် အကောင်း ဆုံး အစီအစဉ်များကို လုပ်သည်။

အယ်နီအတွက်လည်း ဆက်တင် အ သစ်များကို တည်ဆောက်သည်။ ရုပ်မြင်သံ ကြားကို နိုဝင်ဘာလဆန်းတွင် ထုတ်လွှင့်မည် ဖြစ်သည်။ ထိုနှစ်အဖို့ အကြီးကျယ် အခမ်း အနားဆုံးသော အစီအစဉ် ဖြစ်ရမည်ဟု လည်း ကြွေးကြော်နေသည်။

နီလီသည် ဟိုတယ်တစ်ခုသို့ ပြောင်းနေ သည်။ သူ့အခန်းထဲမှာ စန္ဒရားတစ်လုံး ထည့် ပေးလိုက်သည်။ အောက်တိုဘာ တစ်လလုံး သူ့အဖို့ နားရသည် ဟူ၍ မရှိတော့။ ဇာတ် တိုက်ရသည်။ အစားအသောက် ဆင်ခြင်ရ သည်။

ယခင်တုန်းက သူ လုပ်ကိုင်နေထိုင်ခဲ့ရ သည့် ဘဝဟောင်း၏ အမူအကျင့်များကို ပြန် လည် လုပ်ကိုင်နေရခြင်း ဖြစ်သည်။ သူ အပြော ကြီးခဲ့သည့်အတိုင်း ဟောလီးဝုဒ်မှာ ရှိနေသူ များနှင့် ဟယ်လင်လော်ဆန်တို့ အံ့အားသင့် သွားအောင် လုပ်ပြလိုက်မည်ဟု သူ စိတ်ဒုန်း ဒုန်း ချထားသည်။ မိမိသည် ဘာမှ အသုံး မကျတော့။ မိမိကို စိတ်ချပြီး ရုပ်ရှင်ရိုက်၍ မရတော့။ ပိုက်ဆံမရဘဲ အခမဲ့ သီချင်းဆိုပြီး ဖျော်ဖြေနေရသည့်ဘဝသို့ ရောက်သွားပြီ ဆို သော စကားများ မှန်သလား။

အကြီးအကျယ်ဆုံးသော ရုပ်မြင်သံ ကြား အစီအစဉ်ကို လက်ခံလိုက်ပြီဆိုသော သတင်းများပါလာသည့် သတင်းစာကို ဖတ်ရ သောအခါ ဟယ်လင်လော်ဆန်၏ မျက်နှာ အမူအရာသည် မည်သို့များ ရှိနေမည်နည်း။ ပြေးကြည့်လိုက်ချင်သည့်စိတ်များ တဖွားဖွား ပေါ်လာသည်။

ရုပ်မြင်သံကြားလောကတွင် နီလီ ရရှိ

www.burmeseclassic.com

www.burmeseclassic.com



သည့် အခကြေးငွေသည် အမြင့်ဆုံး၊ အများဆုံး ဖြစ်ကြောင်းလည်း သတင်းစာများက ဝိုင်းရေးနေကြသည်။ ရုပ်မြင်သံကြားလောကသို့ နီလီ ဝင်ရောက်လာသည့် အတွက်လည်း ဝိုင်းဝန်း ချီးကျူးဂုဏ်ပြုနေကြသည်။

နီလီမှာလည်း ကြောက်စိတ် စိုးစဉ်းမျှ မရှိပါ။ မှန်ပါသည်။ လူကိုယ်တိုင် ကရသည့်ပွဲတွင် တစ်စုံတစ်ရာ မှားယွင်းသွားသဖြင့် ဘွာခတ်ပြီး ပြန်လုပ်၍ ‘မရနိုင်စကောင်းပါ။

သို့သော်လည်း အကောင်းဆုံးကို လုပ်ပြလိုက်မည်ဟု အားခဲထားသည်။ ဟောလီးဝုဒ်မှာ ရှိနေသူများကို လက်တွေ့ လုပ်ပြရမည်။ မိမိအပေါ် အထင်သေးအမြင်သေး ဖြစ်နေသူများ အကြောင်းသိသွားအောင် လုပ်ပြလိုက်မည်ဟု ပိုင်းဖြတ်ထားသည်။

သူနှင့် လာတွေ့သည့် သတင်းစာဆရာများကိုတော့ နီလီက မာယာတွေ များပြလိုက်သည်။ ရုပ်မြင်သံကြား လွှင့်ရမည့်အတွက် ကြောက်နေသလိုလို၊ စိတ်လှုပ်ရှားနေသလိုလို များ လုပ်ပြလိုက်သည်။ သူ လုပ်ပြသည့်အတိုင်းလည်း သတင်းစာများက နီလီ စိုးရိမ်နေသည် ဟူ၍ လည်းကောင်း၊ နီလီ စိတ်လှုပ်ရှားနေသည် ဟူ၍ လည်းကောင်း ရေးသားကြသည်။

သို့သော်လည်း မိမိ ကောင်းကောင်း အောင်မြင်မည် ဖြစ်ကြောင်း သူသိနေသည်။ သူ့ကိုယ်သူ စိတ်ချနေသည်။ အကောင်းဆုံး သီချင်းများကို သူ သီဆိုဖြေဖျော်မည်ဖြစ်ရာ မည်သည့် အကြောင်းကြောင့် မအောင်မြင်ဘဲ နေနိုင်ပါမည်နည်း။

မိမိ ပြောရမည့် စကားလုံးများ၊ မိမိ ဆိုရမည့် တေးသီချင်းစာသားများကို သင်ပုန်း တစ်ခုပေါ်တွင် ရေးပြီး ထောင်ပြထားမည်။ ထိုသင်ပုန်းပေါ်မှာ ရှိနေသည့်စာသားများကို ဖတ်ပြီး မိမိက သရုပ်ဆောင်သွားရုံသာ ဖြစ်သည်။အလွန်လွယ်သည်။ထိုမျှ လွယ်ကူကြောင်း ဟောလီးဝုဒ်က လူတွေများ သိကုန်လျှင် ရုပ်မြင်သံကြား လုပ်ငန်းထဲသို့ပင် စုပြုံပြီး တိုးဝှေ့နေကြဦးမည်ကို နီလီ မြင်ယောင်နေမိသည်။ သို့သော်လည်း ထိုမျှ လွယ်ကူသည့် လုပ်ငန်း ဖြစ်သည်ဟု သူ့စိတ်မှာ ထင်မြင်နေသည်များကို ထုတ်ဖော်ပြောဆိုခြင်းကား မပြုချေ။

မနက်ဖြန်သည် အလွန် ကြီးကျယ်သည့်နေ့ ဖြစ်သည်။ နီလီ၏ ရုပ်မြင်သံကြား အစီအစဉ် ထုတ်လွှင့်တော့မည့်နေ့ ဖြစ်သည်။ ထို့ကြောင့် အကြိုနေ့ညက အိပ်ဆေးသုံးလုံး သောက်ပြီး အိပ်လိုက်သည်။

ဝတ်စုံပြည့် အစမ်းလေ့ကျင့်ရန် အချိန်ကို နံနက် ဆယ်နာရီတွင် သတ်မှတ်ထားသည်။ အချိန် အတိအကျ နီလီ ရောက်သွားသည်။ ကောင်းစွာလည်း အနားယူခဲ့ရပြီး လုပ်ငန်းစဖို့လည်း အားတက်သရော ဖြစ်နေသည်။

ပထမ တစ်နာရီလုံးလုံး သူ့မိတ်ကပ်များကို စမ်းသပ်ကြည့်ခြင်းဖြင့် အချိန်ကုန်သွားသည်။ ဆယ့်တစ်နာရီခွဲတော့ ဝတ်စုံပြည့် လေ့ကျင့်သည်။ နိဒါန်းပျိုးသည့် စကားလုံးများကို ချောချောမောမော ပြောနိုင်သည်။ လိုက်လိုက်လှဲလှဲရှိသော သူ၏ ကလေးသံကလေးနှင့်ပြောခြင်း ဖြစ်သည်။ ထိုသို့ ပြောပြီးသည်နှင့် သူဆိုရမည့် ပထမဆုံး သီချင်းကို ဆက်ဆိုသည်။ သုံးပိုဒ်ဆိုပြီးသည့်အချိန်တွင် ဒါရိုက်တာ၏ အော်သံကို ကြားလိုက်ရသည်။

“ကတ်”

ဒါရိုက်တာက အသံထိန်းရုံကလေးထဲမှ ထွက်ပြီး နီလီ ရှိရာသို့ လျှောက်လာသည်။

“နီလီ၊ မင်း လှည့်ပြီးသီချင်းဆိုတာ ကင်မရာ မှားနေပြီ”

“ရှင်ပြောတာ ကျွန်မ နားမလည်ဘူး”

နီလီက ကောင်းကောင်းမွှန်မွှန် ပြန်ပြောသည်။ သူ့အဖို့က သီချင်းဆိုဖို့ပဲ ဖြစ်သည်။ ကင်မရာကိစ္စမှာ ကင်မရာဆရာ၏ တာဝန်သာ ဖြစ်သည်။

“မင်း နိဒါန်းပျိုးစကား ပြောနေတဲ့အချိန်မှာ ကင်မရာ နံပါတ်တစ်ဘက်ကို လှည့်ပြီး ပြောရမယ်။ ဒါပေမယ့် သီချင်းဆိုတာနဲ့ တစ်ပြိုင်တည်း ကင်မရာ နံပါတ်နှစ်ဘက်ကို လှည့်ပြီး ဆိုရမယ်”

“ကင်မရာနံပါတ်နှစ်က ဘယ်ဟာလဲ”

“ဟောဟို မီးအနီကလေးနဲ့ ကင်မရာပဲ။ သီချင်း တစ်ဝက်ကျိုးတဲ့အထိ အဲဒီ ကင်မရာကိုကြည့်ပြီး ဆိုရမယ်။ တစ်ဝက်ကျိုးပြီး ... ပြိုင်ပိုဒ်ကို ရောက်တာနဲ့ တစ်ပြိုင်တည်း ကင်မရာ နံပါတ်သုံးဘက်ကို လှည့်ရမယ်။ သီချင်း အဆုံးပိုဒ်ကိုရောက်တော့ ကင်မရာ နံပါတ်နှစ်ဘက်ကို ပြန်လှည့်ရမယ်”

“ဂီး၊ အဲဒီဂဏန်းတွေ မှန်မှန်ကန်ကန် သိနိုင်အောင် ဂဏန်းတွက်စက်တစ်လုံး ...

www.burmeseclassic.com

www.burmeseclassic.com



ထားရလိမ့်မယ်ထင်တယ်။ ဘာဖြစ်လို့ ဒါလောက် ကင်မရာတွေ အများကြီး လိုမှာလဲ"

"ကလေးရယ်၊ တကယ် လုပ်ကြည့်တဲ့ အခါမှာ နည်းနည်းတော့ ခက်တာပေါ့။ ဒါပေမယ့် မီးအနီကလေးကိုသာ ကြည့်နေပါ။ မီးနီကလေး လင်းလာတဲ့ကင်မရာဟာ မင်းမျက်နှာ မှုရမယ့် ကင်မရာပဲ။ မမှားနိုင်ပါဘူး"

ပြန်စကြပြန်သည်။ ကင်မရာများ မမှားအောင် သတိထားပြီး ဂရုစိုက်နေရသည်။ အားလုံး ချောချောမောမော ဖြစ်သွားသည်။ သို့သော်လည်း စကားကြောင်းပေးသည့် ကတ်ပြားပေါ်မှ စာများကို မှားပြီး ဖတ်လိုက်မိသည်။ တစ်ကြိမ် ပြန်လုပ်ကြပြန်သည်။ စကားကြောင်းပေးသည့် ကတ်ပြားများကို မှန်မှန်ကန်ကန် ဖတ်လိုက်နိုင်သည်။ သို့သော်လည်း ကင်မရာနံပါတ်သုံးနှင့် မှားသွားသည်။

"စကားလုံး ကြောင်းပေးထားတဲ့ ကတ်ပြားတွေအတွက် ဘာမှ မပူနဲ့။ မင်း သွားရာနောက်ကို သူတို့က လိုက်ပေးလိမ့်မယ်။ ကင်မရာတွေ နောက်ကိုသာ မှန်မှန်ကန်ကန် ဖြစ်အောင် မင်းက လိုက်ပါ"

နီလီက ညည်းလိုက်မိသည်။

ဒါရိုက်တာကလည်း စိတ်ရှည်လှသည်။

"မင်းနဲ့ အသားကျသွားမှာပါ။ ကဲ-နောက်တစ်ခါ ပြန်လုပ်ကြဦးစို့"

နောက်ထပ် နှစ်ကြိမ် လေ့ကျင့်ကြပြန်သည်။ ဒါရိုက်တာ၏ မျက်နှာပေါ်မှာ စိတ်ချောက်ချားသည့် အမူအရာ ပေါ်လာသည်။

"နီလီ၊ မြေဖြူနဲ့ မှတ်ထားတဲ့နေရာကို မင်း နှစ်ခါတောင် ကျော်သွားတယ်။ ကင်မရာ ဘောင် အပြင်ကို ရောက်သွားတယ်"

"ဒါပေမယ့်၊ ကျွန်မ သီချင်းဆိုနေတဲ့ အခါမှာ အသေကြီး ရပ်နေလို့ မဖြစ်ဘူး။ ရွေ့ရမှာပဲ"

"ဟုတ်ပါတယ်၊ သိပ်ကောင်းတာပေါ့ ကလေးရယ်။ ဒါပေမယ့်၊ အမှတ်အသား ကလေးတော့ လုပ်ထားမှပေါ့။ ဒါမှ ကင်မရာတွေနဲ့ ပုံမှန်အတိုင်းဖြစ်အောင် စီစဉ်လို့ရမယ်"

"ကျွန်မတော့ မတတ်နိုင်ဘူး၊ ကျွန်မ သီချင်းဆိုနေတဲ့အခါမှာ ကျွန်မစိတ်ထဲမှာ ခံစားလာရသလို ကျွန်မ လှုပ်ရှားတာပဲ။ သီချင်းတစ်ပုဒ်တည်းကို ဆိုပေမယ့် တစ်ကြိမ်နဲ့တစ်ကြိမ် ခံစားချက်ချင်း မတူဘူး။ ခံစားချက်ချင်း မတူရင် ကျွန်မ လှုပ်ရှားပုံချင်းလည်း မတူဘူး"

သည်လိုဖြင့် ဆက်လေ့ကျင့်ကြပြန်သည်။ တစ်နာရီပြီး တစ်နာရီ အချိန်ကုန်သွားသည်။ နီလီ၏ မျက်နှာပေါ်မှ မိတ်ကပ်များ ပျက်ပြီ။ ဆံပင်ပုံပျက်ပြီ။ ညနေ ငါးနာရီသာ ထိုးသွားသည်။ သူတို့ ဘာတစ်ခုမှ မအောင်မြင်သေး။ ဇာတ်လမ်း အစမှ အဆုံးတိုင် တစ်ကြိမ်မှ ချောချောမောမော ဇာတ်တိုက်၍ မရသေး။

ညစာစားဖို့ ဒါရိုက်တာက အနားပေးလိုက်သည်။ ပြီးတော့ နီလီရှိရာသို့ လျှောက်လာပြီး အမှတ်မထင်ပင် နီလီ၏ ပခုံးနှစ်ဖက်ကို ပွေ့ဖက်ထားလိုက်သည်။

"ခြောက်နာရီထိုးရင် ဇာတ်လမ်းအစကနေ အဆုံးအထိ ကိုယ်တို့ တောက်လျှောက် ဇာတ်တိုက်ကြမယ်။ တကယ်လို့ မင်း တစ်ခုခု မှားယွင်းရင်လည်း ဒီအတိုင်းပဲ ဆက်လုပ်သွားမယ်။ ကိုယ်တို့မှာ အချိန်ရှိပါသေးတယ်။ ပြီးတော့မှ မှားတာတွေနဲ့ ပြန်ပြင်ရမှာတွေ မင်းကိုပြမယ်။ မင်း မိတ်ကပ် ပြန်ပြင်ဖို့နဲ့ မထုတ်လွှင့်ခင် အနားယူဖို့ မင်းမှာ အချိန်ရပါသေးတယ်"

နောက်ဆုံးတစ်ကြိမ် အစမ်းလေ့ကျင့်ရခြင်းမှာ နီလီအဖို့တော့ အိပ်မက်ဆိုးကြီး မက်နေရသည်သို့ ရှိချေသည်။ ကင်မရာများမှ မီးနီကလေးများက လင်းလိုက်၊ မှိတ်လိုက်နှင့် တစ်ခါတစ်ရံ ခုန်ထွက်လာတော့မည်လားဟု ထင်မှတ်ရသည်။ စာသားများ ရေးထားသည့် ကတ်ပြားကို လှမ်းကြည့်လိုက်သောအခါတွင်လည်း စာသားများက ဝါးနေသည်။ စူးရှသည့် အလင်းရောင်အောင်မှာ ပျောက်ကွယ်နေကြပြီ။

နီလီက သီချင်းကိုသာ ဆိုနေလိုက်သည်။ စိတ်ပါဝင်စားစွာဖြင့် ဆိုနေခြင်း ဖြစ်သည်။ စာသားများကို သူ ကောင်းကောင်း မှတ်မိနေသည်။ မျက်စိများကို မှိတ်လိုက်မိသည်။ ထိုအချိန်မှာပင် စိုးရိမ်တကြီးနှင့် မျက်လုံးကို ဖွင့်ကြည့်လိုက်မိပြန်သည်။

ဟောလီးဝုဒ်မှာတုန်းကတော့ ထိုသို့ မဟုတ်။ သူ့နောက်ကိုသာ ကင်မရာများက လိုက်ကြရသည်။ သူ လှုပ်ရှားလေသမျှကို မှတ်တမ်းတင်ကြရမည်သာ ဖြစ်သည်။ အကောင်းဆုံး ရိုက်ကွင်းများကိုသာ ရွေးယူကြရမည်။

ယခုတော့ သည်မှာ ထိုကဲ့သို့ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



မီးနီကလေး လင်းပြနေသည့် ကင်မရာနောက်သို့သာ မိမိက ကပ်လိုက်နေရမည်။ ချက်ချင်းပြောင်းသွားသည့် ကတ်ပြားများပေါ်မှ စာသားများကိုလည်း မမှိတ်မသုန် ကြည့်နေရဦးမည်။ ယခုတော့ ထိုကတ်ပြားများကို မမြင်ရတော့။ ထို့ကြောင့် မျက်စိမှိတ်၍ မဖြစ်တော့။ ကတ်ပြားမှာ ဘယ်ရောက်သွားကြပြီနည်း။

နီလီသည် တေးသွားကိုသာ ညည်းနေလိုက်သည်။ ဒါရိုက်တာက ဆက်လုပ်သွားရန် လက်လှမ်းပြသည်။ သို့သော်လည်း ကတ်ပြားများ ဘယ်ရောက်သွားပြီနည်း။ ဘယ်ကင်မရာဘက်သို့ မျက်နှာမူရမည်နည်း။ ဘယ်ဘက်မှာလား။ ဟုတ်ပါသည်။ ထိုကင်မရာတွင် မီးနီကလေး လင်းနေသည်။ ဘုရားသခင်ကိုပင် ကျေးဇူးတင်ရဦးတော့မည်။ သီချင်းလည်း ဆုံးသွားပြီ။ ပြီးလျှင် ဘာဆက်လုပ်ရဦးမည်နည်း။

ကတ်ပြားပေါ်တွင် မည်သည့် စာသားများ ရှိနေသနည်း။ အို- တော်ပါသေးရဲ့။ ကုန်ပစ္စည်း အသစ်အကြောင်းကို အယ်နီက ပြောပြရမည်။ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ အယ်နီ စကားစပြောနေပြီ။ အသက်ရှူချိန် ရသွားသည်။

သို့သော်လည်း တစ်ဖက်ခန်းသို့ ပြေးရဦးမည်။ အမျိုးသမီးတစ်ယောက် သူ့ကို စောင့်နေသည်။လက်လှမ်းပြနေသည်ကိုလည်း တွေ့ရသည်။ အဝတ်အစားလဲဖို့ သုံးမိနစ် အချိန်ရသည်။ သူ့အဝတ်အစားများကို လဲရန် အချိန် သုံးမိနစ်တည်းသာ ရသည်။ အယ်နီ စကားပြောနေသည်မှာ တစ်ဝက်ပင် ကျိုးသွားချေပြီ။

ထို့ကြောင့် နီလီက အော်ဟစ် ညည်းညူလိုက်သည်။

"မဖြစ်ဘူး မဖြစ်ဘူး၊ ကျွန်မ မလုပ်နိုင်တော့ဘူး။ မြေဖြူနဲ့ မှတ်ထားတာတွေကို သတိထားကြည့်ရ၊ ကိုယ့်ကိုရိုက်မယ့် ကင်မရာဘက်ကို လှည့်ပြရ၊ အချိန်တိုတိုကလေးအတွင်းမှာ အဝတ်အစားပြီးအောင် လဲရနဲ့ လုပ်နေရမယ်ဆိုရင်တော့ ဘယ်သီချင်းကိုမှ အသက်ဝင်အောင် ကျွန်မ ဆိုနိုင်တော့မှာ မဟုတ်ဘူး။ ကျွန်မ မျက်လုံးကို မှိတ်ထားချင်ရင် မှိတ်ထားရမှ ဖြစ်မယ်။ ကျွန်မ ဒီလိုပဲ ခံစားရတယ်။ ကျွန်မ မလုပ်နိုင်တော့ဘူး။ ဘယ်နည်းနဲ့မှ မလုပ်တော့ဘူး"

ထိန်းသိမ်းရေးအခန်းထဲမှာ ကေဗင်ရှိနေသည်။ ထိုအခန်းထဲမှ ကေဗင် အူယားဖားယား ပြေးထွက်လာသည်။ အောက်ဘက်မှာ ရှိနေသော ဒါရိုက်တာအနားသို့ လာရပ်သည်။ သူတို့နှစ်ယောက် နီလီကို ဖျောင်းဖျနှစ်သိမ့်ကြသည်။

"ကျွန်မ ဆက်မလုပ်နိုင်တော့ဘူး၊ ကျွန်မကိုယ်ကျွန်မ အရူးလုပ်နေတာပဲ ဖြစ်တော့မယ်" ဟု နီလီက ပြောသည်။

"နီလီ၊ မင်းဟာ အပျော်တမ်း အနုပညာရှင် တစ်ယောက် မဟုတ်ပါဘူးကွာ။ ဇာတ်ရုံထဲမှာ မင်းရှိနေရင် ပရိသတ်ရဲ့ ဩဘာသံကို မင်းကြားရမယ်။ မင်း စိတ်ဓာတ်တွေ တက်ကြွလာလိမ့်မယ်။ အခုလည်း အဲသလို ဖြစ်လာမှာပါပဲ"

ဒါရိုက်တာက ပြောသည်။

"မဖြစ်ဘူး။ ဒီ ကင်မရာတွေနဲ့ ဇာတ်တိုက်ဖို့ တစ်ပတ်လောက် အချိန်ရမှ ဖြစ်မှာ။ အလုပ်ရှစ်မျိုးကို တစ်ချိန်တည်းမှာ ကျွန်မ မလုပ်နိုင်ဘူး။ ကောင်းလည်း ကောင်းမှာ မဟုတ်ဘူး။ မြေဖြူတွေနဲ့ မှတ်ပြီး ကျွန်မကို ချုပ်ချယ်ထားတာတွေ၊ ကင်မရာကိုရှာပြီး သူ့ဘက် လှည့်နေရတာတွေ၊ ကြောင်းပေးတဲ့ စာသားရှိတဲ့ ကတ်ပြားကို လိုက်ကြည့်နေရတာတွေနဲ့တော့ ကျွန်မ မဖြစ်နိုင်ဘူး။ ကျွန်မ ဘယ်နည်းနဲ့မှ မလုပ်နိုင်တော့ဘူး"

နီလီ စတင် ငိုကြွေးလေတော့သည်။

အယ်နီက နီလီကို လာပြီး ဖက်ထားသည်။

"နီလီ၊ ဗီလာဒဲလ်ဖီးယားမှာတုန်းက ကခဲ့တာတွေကို ပြန်သတိရပါဦး။ နဘ်မိုးလုံးပဒေသာကပွဲထဲမှာ မင်း ဘယ်လို ဝင်ပြီး ကခဲ့သလဲ၊ ဇာတ်တောင် တိုက်မနေဘဲနဲ့ အကျိုးအကြောင်းကလေး သိရရုံနဲ့ ဝင်ကနိုင်သေးတာပဲ မဟုတ်လားကွယ်"

"အဲဒီအချိန်တုန်းက ကျွန်မမှာ ဘာမှ ဆုံးရှုံးစရာ မရှိဘူး။ ကျွန်မ ကလေးပဲ ရှိသေးတယ်။ ဘာဂုဏ်ထူးတွေ၊ ဘာနာမည်တွေမှ ရှိသေးတာ မဟုတ်ဘူး။ အခု ကျွန်မဟာ ကမ္ဘာကျော် လျှမ်းလျှမ်းတောက် မင်းသမီး ဖြစ်နေပြီ။ ဒီအချိန်မှာ ကျွန်မ သရုပ်ဆောင်တာက တစ်ချက် မကောင်းရင် ကျွန်မ တစ်ဘဝလုံး ရေတိမ်နစ်သွားမယ်"

နီလီကလည်း ငိုကြီးချက်မနှင့် ပြန်ပြောသည်။

"အားလုံး အဆင်ပြေသွားမှာပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဒါရိုက်တာကလည်း ထပ်ပြောမြဲ ပြောနေသည်။

"မဖြစ်ဘူး။ကျွန်မ ဆက်မရိုက်တော့ဘူး"

"နီလီ၊ မင်းလုပ်မှ ဖြစ်တော့မှာပေါ့။ ဒီအချိန်မှာ လွှင့်ဖို့အတွက် ငွေပေးဝယ်ထားရတာ မဟုတ်လား။ ထုတ်လွှင့်ဖို့အချိန်ကလည်း တစ်နာရီလောက် လိုပါသေးတယ်"

အယ်နီက ဝင်ပြောသည်။

"ကျွန်မ မလုပ်နိုင်ဘူး"

နီလီ ငိုမြဲ ငိုနေသည်။

"ဒီလိုသာ လုပ်လိုက်ရင် မင်း ဘယ်တော့မှ အလုပ်ပြန်လုပ်ခွင့် ရတော့မှာ မဟုတ်ဘူး"

ဒါရိုက်တာက ခပ်ဆတ်ဆတ် အော်ပြောသည်။

"ဘယ်သူကရော အလုပ်လုပ်ချင်လို့တုံး။ ရှင်တို့ ရုပ်မြင်သံကြားတွေ အနားကို ကျွန်မ ခြေပြန်မချရင် ပြီးတာပဲ။ ဒီလုပ်ငန်းဟာ ကျွန်မအတွက် စောလွန်းနေတယ်"

"ကျုပ် ပြောတာက မင်း ဘယ်အနုပညာလုပ်ငန်းကိုမှ ပြန်လုပ်ခွင့် ရတော့မှာ မဟုတ်ဘူးလို့ ပြောတာ"

ဒါရိုက်တာက အေးတိအေးစက်လေသံနှင့် ပြန်ပြောသည်။

"ဘယ်သူက ပြောတာလဲ"

"အသင်းပေါင်းစုံရှိတယ် မဟုတ်လား။ ရုပ်ရှင်ထုတ်လုပ်သူများအသင်းတို့၊ ရုပ်ရှင်သရုပ်ဆောင်များအသင်းတို့၊ ရုပ်မြင်သံကြားအသင်းတို့၊ မင်း ဒီလိုသာ ထွက်သွားမယ်ဆိုရင် ကန်ထရိုက်စာချုပ်ကို မင်း ချိုးဖောက်လိုက်တာနဲ့ အတူတူပဲ။ အသင်းတွေက ခံကြမှာ မဟုတ်ဘူး။ စည်းကမ်းချက်တွေကို လိုက်နာထိန်းသိမ်းဖို့ အသင်းတွေမှာ တာဝန်ရှိတယ်"

"ကျွန်မ ကောက်ကာငင်ကာ သေသွားတယ်ဆိုရင် ဘာဖြစ်နိုင်မလဲ"

ဒါရိုက်တာက အေးတိအေးစက် ပြုံးသည်။

"သိပ်ကံဆိုးတာပေါ့၊ ဒီနည်းဟာ နည်းကောင်းတစ်ခုပဲလို့တော့ ကျုပ် မယူဆနိုင်ပါဘူး"

"ကျွန်မ ချက်ချင်းလက်ငင်း လည်ချောင်းရောဂါရပြီး အသံဝင်သွားပါတယ်လို့ ကြော်ငြာမပေးနိုင်ကြတော့ဘူးလားရှင်"

နီလီက တောင်းပန်သည်။

ဒါရိုက်တာက သက်ပြင်းရှိုက်လိုက်သည်။

"နီလီ၊ အဲဒီလို ဆိုပြန်ရင်လည်း အသင်းဆရာဝန်က မင်းကို စစ်ဆေးကြည့်ဦးမှာပဲ။ သူတို့ဘက်ကလည်း လူတိုင်း စည်းကမ်းထိန်းသိမ်းလာအောင် လုပ်ပေးဖို့ ဝတ္တရားရှိတယ် မဟုတ်လား။ ဒီမှာ နီလီ၊ မင်းမှာ အချိန်တစ်နာရီလောက် ရပါသေးတယ်။ အခု အလုပ်ကိစ္စကို ဘာမှ မစဉ်းစားနဲ့တော့။ မင်း အဝတ်အစားလဲတဲ့ အခန်းထဲကိုသွားပြီး သက်သောင့်သက်သာ နေလိုက်ဦး"

နီလီက အဝတ်အစားလဲသည့် အခန်းထဲသို့ ဝင်လာခဲ့သည်။

အခန်းထဲ ရောက်သောအခါ သူမဟိုတယ်သို့ ချက်ချင်း ဖုန်းလှမ်းဆက်ပြီး စားပွဲထိုးကို ခေါ်သည်။ နောက် ဆယ်မိနစ်ကြာတော့ စားပွဲထိုး ရောက်လာသည်။ စားပွဲထိုး၏ လက်ထဲမှ ပုလင်းငယ်တစ်လုံးနှင့် နီလီ၏လက်ထဲမှ နှစ်ဆယ်တန် ငွေစက္ကူတို့ အလဲအလှယ် လုပ်ကြသည်။ နီလီက ပုလင်းငယ်ကလေးကို ငေးစိုက်ကြည့်နေသည်။ ပြီးတော့ နူးညံ့သည့် လေသံကလေးနှင့် ပြောနေသည်။

"အနီရောင် ယမင်းရုပ်ကလေးတွေရေ မင်းတို့တာဝန်ကို ထမ်းဆောင်ကြပါဦးကွယ်။ ငါ့အဖို့တော့ မင်းတို့ကိုပဲ အားကိုးစရာ ရှိပါတော့တယ်။ မင်းတို့ကို အရက်နဲ့တော့ ရောပြီး မသောက်နိုင်ဘူး။ တော်တော်ကြာ ငါကို အရက်မူးနေပြီလို့ သူတို့က ပြောနေကြဦးမယ်"

နီလီက အနီရောင် အိပ်ဆေး ခြောက်လုံးကို သောက်လိုက်သည်။

"ကဲ- လုပ်လိုက်ကြပါဦး။ ဘာအစားမှ ငါ စားမထားပါဘူး။ ဗိုက်ထဲမှာ ဘာအစာမှ မရှိရင် မင်းတို့ မြန်မြန် အစွမ်းပြတတ်ကြောင်း ငါ သိပါတယ်ကွယ်"

နီလီက လှဲအိပ်လိုက်သည်။

နောက် ဆယ်မိနစ်လောက်ကြာတော့ သူဖြစ်နေကျအတိုင်း ခံစားလာရသည်။ ခေါင်းတစ်ခုလုံး ပေါ့ပါးသွားသည်။ ထိုအရသာမျိုး တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားအောင် စောင့်နေသည်။ သို့သော်လည်း ဆေးက နှေးနေပုံရသည်။ ကော်ဖီသောက်လိုက်လျှင် အားလုံး ပြေသွားပေဦးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ရေစင်ရှိရာသို့ ထလာခဲ့ပြီး နောက်ထပ် နှစ်လုံး သောက်ပြန်သည်။

"ကဲ- ကလေးတို့ရေ၊ နီလီကို ဒယိမ်း ဒယိုင် ဖြစ်သွားအောင် လုပ်လိုက်ကြစမ်းပါ ကွယ်။ ဒါမှ နီလီ ဖျားသွားမယ်"

အပြင်မှ လူသံများ ကြားရသည်။ စတူ ဒီယိုအတွင်းသို့ လူများ ပြန်ဝင်လာကြသည့် အသံ ဖြစ်သည်။ တီးဝိုင်းကလည်း ကြိုးညှိခြင်း၊ အသံစမ်းခြင်း ပြုလုပ်နေကြပြီ။

နောက်ထပ် အိပ်ဆေးနှစ်လုံးကို ထပ် သောက်လိုက်ပြန်သည်။ သူ့ကို ခေါ်နေသည့် အသံသဲ့သဲ့ကို ကြားရသည်။

သို့သော်လည်း သူကား ဝေးရာ၊ ပို၍ ဝေးသည့် နေရာသို့ လွင့်မျောပါသွားချေပြီ တကား။

*

ထိုနေရာတွင် အခြား အစီအစဉ်တစ်ခု ကို အစားထိုးပြီး လွှင့်ထုတ်လိုက်ကြရတော့ သည်။ လုပ်ငန်းသဘောအရ အခက်အခဲများ ရှိနေပါသဖြင့် နီလီအိုဟာရာ၏ အစီအစဉ်ကို မထုတ်လွှင့်နိုင်တော့ကြောင်း ကြေညာကြရ သည်။ ကေဗင်ဂေးလ်မိုးကမူ နီလီကို တရားစွဲ အရေးယူခြင်း လုံးဝ မပြု။

သို့သော်လည်း ထုတ်လုပ်သူများ အ သင်းကမူ နီလီကို အရေးယူလေတော့သည်။ နီလီ၏ အမှုသည် စံပြုအမှု ဖြစ်သည်ဟု သူတို့ က ဆိုကြသည်။ နာမည်ကြီး မင်းသမီး၊ မင်း သားပေါင်း များစွာတို့၏ အစီအစဉ်များကို လည်း ထုတ်လွှင့်ရန် ရှိသည်။ နီလီ၏ကိစ္စကို လွယ်လွယ်နှင့် ခွင့်လွှတ်လိုက်ကြမည် ဆိုပါက အခြား နာမည်ကြီးများကလည်း ထိုလမ်း လိုက်ပြီး စည်းမဲ့ကမ်းမဲ့ လုပ်လာကြမည်ကို စိုးရိမ်ရသည်။

ထို့ကြောင့် နီလီကို အနုပညာနယ်မှ တစ်နှစ်တိတိ ပယ်ထုတ်လိုက်သည်။ ရုပ်ရှင်၊ ပြဇာတ်၊ ညကလပ်၊ ရုပ်မြင်သံကြား မည်သည့် နေရာတွင်မျှ သီဆိုခြင်း၊ ကပြခြင်း၊ သရုပ် ဆောင်ခြင်းများကို တစ်နှစ်တိတိ ပြုလုပ်ခွင့် မပေးနိုင်တော့။

အစပိုင်းကတော့ နီလီကလည်း နည်း နည်းကလေးမှ ဂရုမစိုက်။ ကာလီဖိုးနီးယား ပြည်နယ်သို့ ပြန်လာခဲ့သည်။ သူ့ရေကူးကန် ဘေးမှာ အချိန်ဖြုန်းနေလိုက်သည်။ သတင်း စာများ၊ ကူးသန်းရောင်းဝယ်ရေး စာနယ်ဇင်း များ အားလုံးက နီလီကို ဝိုင်းဝန်းဝေဖန် တိုက် ခိုက်ကြသည်။ နည်းနည်းကလေးမှ အညှာ တာတရား မရှိ။ နီလီ၏ စရိုက်ကိုက ပြင်မရ နိုင်တော့ပါဟု တစ်သံတည်း ရေးကြသည်။ ဘယ်လိုမှ သုံးမရတော့သည့် မိန်းကလေး ဖြစ်သည်ဟု တညီတည်း ဆုံးဖြတ်ကြသည်။

တစ်ခါတစ်ရံကျတော့လည်း နေ့ပေါင်း များစွာ အိပ်ရာထဲမှာ နီလီ အချိန်ဖြုန်းနေ တတ်သည်။ သူ့အိမ်ဖော်က အတင်းအကျပ် ပြောသောအခါကျမှ ရေကူးကန်ဘေးမှာ ဆင်း ထိုင်သည်။

တစ်ခါတစ်ရံကျတော့လည်း သန်းခေါင် အချိန်ကြီးတွင် မော်တော်ကား တစ်စီးနှင့် အရက်ဆိုင်များရှိရာသို့ သွားသည်။ မျက်နှာ တွင် မိတ်ကပ်လိမ်းခြယ်ထားခြင်း မရှိ။ အဝတ် အစားကို ဖြစ်သလို ကပိုကရို ဝတ်ခဲ့သည်။

ထို့ကြောင့်လည်း တော်ရုံလူက နီလီကို မမှတ်မိကြ။ စိတ်ထင်သလို နေပစ်လိုက်သည်။ ဘာကိုမှ ဂရုစိုက်နေစရာ အကြောင်းမရှိ။ သူ့ မှာ ငွေအလုံအလောက်ရှိသည်။ တစ်နှစ်လုံးလုံး ကောင်းကောင်း ထိုင်စားနေနိုင်သည်။ တစ် နှစ်ပြည့်သွားလျှင် ပုံပျက်ပန်းပျက် ဖြစ်သွား သည့် သူ့ကိုယ်လုံးကို ပုံမှန် အနေအထားသို့ ပြန်ရောက်အောင် ပြုပြင်ယူမည်။

ပြီးတော့ ဘရော့ဒ်ဝေး ဇာတ်ရုံများသို့ သွားပြီး ဇာတ်ကမည်။ အလွန် ပျော်စရာ ကောင်းပါမည်။ ထိုအခါကျမှပင် သူ့အနုပညာ စွမ်းရည်ကို ပြလိုက်ဦးမည်ဟု ကျိတ်ကြံထား လိုက်သည်။

ယခုအချိန်မှာတော့ စားချင်သလို စား ဦးမည်။ သောက်ချင်သလို သောက်ဦးမည်။ အလွန် အံ့သြစရာ ကောင်းလောက်အောင် အစွမ်းထက်သည့် အိပ်ဆေးအနီကလေးတွေ ရှိသည်။ အဝါကလေးတွေ ရှိသည်။ ယခုတော့ ထိုမျှသာမကတော့ အစိမ်းရောင်ခါးပတ်နှင့် အိပ်ဆေးကလေးများတောင် ရှိနေပြီ။

အလွန် ချစ်စရာကောင်းသည့် ယမင်း ရုပ်ကလေးများ. . . ။

*

နီလီ၏ အပြုအမူကြောင့် အယ်နီ ထုန် လှုပ် ချောက်ချားသွားမိသည်။ အစပိုင်းက တော့ ကာလီဖိုးနီးယားသို့ ပြန်သွားသည့် နီလီ

www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူတူ လိုက်သွားရန် စိတ်ကူးမိသေးသည်။ ယခုလို အချိန်မျိုးတွင် နီလီကို တစ်ယောက်တည်း မလွှတ်သင့်။

သို့သော်လည်း သူ့မှာက ရုပ်မြင်သံကြား အစီအစဉ်တွေနှင့် လက်မလည်နိုင်အောင် ဖြစ်နေသည်။ ထိုအလုပ်များကို တန်းလန်းထားခဲ့ပြီး ထွက်သွားလို့လည်း မဖြစ်နိုင်။

နောက်ပြီးတော့ ဂေဗင်ဂေးလ်မိုးအပေါ် မှာလည်း သစ္စာထားဖို့ လိုသေးသည်။ ယခုလို နီလီ ထွက်သွားသည့်အတွက် အယ်နီက သူ့အပြစ် မကင်းသလို စိတ်ထဲမှာ ခံစားနေရသည်။

ယခု အစီအစဉ်အတွက် ဂေဗင်မှာ ငွေအများအပြား ဆုံးရှုံးခဲ့ရသည်။ အချိန်တွေလည်း ကုန်ရသည်။ ကြော်ငြာတွေ အများကြီး သုံးခဲ့ရသည်။ တေးဂီတပညာရှင်များနှင့် အခြားအလုပ်သမားများအတွက် အချိန်ပို လုပ်ခတွေ အများကြီး ပေးခဲ့ရသည်။

အကောင်းဆုံး ဇာတ်ညွှန်းရေးဆရာ၊ အကောင်းဆုံး ဒါရိုက်တာများ အတွက်ရော၊ ရုပ်မြင်သံကြားကုမ္ပဏီ အတွက်ရော ငွေတွေ သောက်သောက်လဲ ကုန်ခဲ့သည်။

သို့သော် ငွေကုန်ရကျိုးကား မနပ်ခဲ့။

သည်လိုနှင့် တစ်ပတ်၊နှစ်ပတ်မျှ အချိန်တွေ ကုန်သွားသောအခါ နေ့စဉ်လုပ်ငန်းများနှင့် မအားလပ်နိုင်အောင် ရှိနေသည့် အယ်နီအဖို့မှာ နီလီအတွက် ဖြစ်ပေါ် ရသော ပူပင်သောကစိတ်များ ပြေလျော့သွားတော့သည်။

ရုပ်မြင်သံကြားလုပ်ငန်းကလည်း ဆေးရောင်စုံနှင့် ထုတ်လွှင့်သည့် အဆင့်အထိ တိုးတက်လာသည်။ ထိုလုပ်ငန်းများနှင့် ရှုန်းရင်းကန်ရင်း အချိန်ကုန်နေတော့သည်။

တစ်ခါတစ်ရံကျတော့လည်း ပူလောင်လွန်းလှသည့် မီးရောင်အောက်တွင် ရပ်ရသည်ကို မခံမရပ်နိုင်အောင်ပင် ဖြစ်လာသည်။

ဘာပဲဖြစ်ဖြစ် သူ့အနေနှင့်တော့ သည်လောကကို ကျောခိုင်းပြီး ထွက်မသွားနိုင်တော့။ အခြား အလုပ် တစ်ခုခုကို ထူးထူးခြားခြား လုပ်ကိုင်လိုသည့်စိတ်လည်း သူ့မှာ မရှိတော့။

တစ်ခါတစ်ရံတွင် နီလီ၏ အကြောင်းများ သတင်းစာများတွင် ပါလာတတ်သည်ကို တွေ့ရသည်။ အမှန်ရေးချင်လည်း ရေးမည်။ မမှန်ရာ ရေးချင်လည်း ရေးမည်။ သို့သော် နီလီသည် သူ့ဘဝကို သူပြန်ပြီး ဖျက်ဆီးနေပြီ ဖြစ်ကြောင်းကိုကား သတင်းစာ ဖတ်ရသူတိုင်းက ယုံကြည်နေကြသည်။

နီလီ၏ ပုံကလည်း ပုံပျက်ပန်းပျက် ဖြစ်နေသည်။

ဟိုယခင် (၅၂) လမ်းမှာ သူတို့ အတူတူ နေခဲ့ကြတုန်းက နီလီကလေး မဟုတ်တော့။ ရွှန်းလက်နေသည့် မျက်လုံးကလေးများနှင့် နီလီကလေး မဟုတ်တော့။ သူ့လုပ်ငန်းများ ပြန်လည် အဆင်ပြေတော့မှပင် ယခင်က နီလီအစစ်ဘဝသို့ ပြန်ရောက်နိုင်ရှာပေတော့မည်။

လူတစ်ယောက်၏ဘဝကို အရပ်ဒေသ တစ်ခုက ပြောင်းလဲပစ်လိုက်သည် ဆိုခြင်းမှာ ဖြစ်နိုင်စရာ အကြောင်း မရှိဟု ထင်မှတ်ရသည်။

နယူးယောက်မြို့သို့ အယ်နီ ရောက်လာခဲ့သည်မှာ ဆယ်နှစ်ပင် ကျော်သွားခဲ့ပြီ။

သို့သော်လည်း သူ့အဖို့တော့ ဘာမှ ပြောင်းလဲသွားသည်ဟု မထင်မိ။

နယူးယောက်မြို့သည် လည်းကောင်း၊ ဘရော့ဒ်ဝေးလမ်းမကြီးသည် လည်းကောင်း၊ ရော့ကယ်ဖဲလား အဆောက်အအုံကြီးမှ ကြီးမားသည့် နာတာလူးပွဲတော် သစ်ပင်ကြီးသည် လည်းကောင်း သူ့အတွက် အထူးအဆန်းများ မဟုတ်တော့သည်မှာတော့ မှန်ပါသည်။ ညကလပ်များတွင် ကျင်းပလေ့ရှိသည့် တေးဂီတပွဲများသည်လည်း သူ့အဖို့ ရိုးနေပေပြီ။

သို့သော်လည်း သူ့အဖို့တော့ ဘာမှ ထူးထူးခြားခြား ပြောင်းလဲမသွား။

လောရင့်စ်ဗီးလ်မြို့ကို စိတ်ပျက်သောကြောင့် နယူးယောက်မြို့သို့ ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။ ယခုတိုင်အောင်လည်း လောရင့်စ်ဗီးလ်ကို စိတ်ကုန်နေဆဲပင် ရှိသည်။ ဟိုက လူတွေမှာ ဘာမှ စိတ်လှုပ်ရှားစရာ မရှိ။ သည်မြို့မှာ ရိုးရိုးကုပ်ကုပ်နေ၊ သည်မြို့မှာ လင်ယူသားမွေးလုပ်ကြ။ ပြီးတော့ သည်မြို့မှာပင် သေဆုံးကြနှင့် သံသရာလည်နေသည်။

ထိုဘဝကို စိတ်ပျက်သဖြင့် သူ ထွက်ခဲ့သည်။ သူ့ဘဝမှာ အပြောင်းအလဲ ရှိလာသည်မှာတော့ မှန်ပါသည်။ သို့သော်လည်း သူဖြစ်စေချင်သည့် အပြောင်းအလဲများသာ ဖြစ်သည်။

မှန်ထဲမှ သူ့ကိုယ်သူ ပြန်ကြည့်ပြီး လေ့

www.burmeseclassic.com

www.burmeseclassic.com



လာနေမိသည်။ တကယ်ပဲ သူ ပြောင်းလဲသွားပြီလား။ ယခုအခါတွင် သူမျက်နှာပေါ်မှာ မိတ်ကပ်များကို လိမ်းခြယ်နေရပြီ။ ဟိုယခင်တုန်းကတော့ ဒါတွေကို မလိမ်းခြယ်ခဲ့။ ရိုးရိုးပေါင်ဒါကလေးကို ရိုက်ပြီး နှုတ်ခမ်းနီကလေး တော်စွလျော်စွဆိုးကာ အယ်လ်မိုရှိုကိုလို ဟိုတယ်ကြီးမျိုးသို့လည်း သွားခဲ့သည်။

ယခုတော့ မိတ်ကပ်မလိမ်းဘဲ သွားရလျှင် ဟာတာတာကြီး ဖြစ်နေသည်။

အဝတ်အစားကို ကြည့်ပါဦး။ သူကတော့ ရိုးရိုးကလေး ဝတ်ချင်သည်။ သို့သော်လည်း သူ့အတွက် အဝတ်အစား ပုံစံများ တီထွင်ပေးနေသည့် နာမည်ကျော် ပုဂ္ဂိုလ်များက ခွင့်မပြုကြ။ အယ်နီ၏ အဆင့်အတန်းနှင့် လိုက်လျောညီထွေရှိအောင် ပုံဆန်းများကို ချုပ်လုပ်ပေးနေကြသည်။

သည်လိုဖြင့် နေလာရင်း တစ်ညမှာတော့ ကိုလိုနီဟိုတယ်တွင် အေလင်ကူးပါးတို့နှင့် ပက်ပင်းပါ သွားဆုံမိသည်။ ထိုအခါကျတော့မှပဲ ကိုယ့်ဘဝကိုယ် ပြန်ပြီး အမှန်အတိုင်း မြင်ခဲ့ရတော့သည်ဟု ဆိုနိုင်သည်။ ထိုနေ့သုတ်နးက သူက ကေဗင်ဂေးလ်မိုးနှင့် အတူတူ သွားခြင်း ဖြစ်သည်။

အေလင်က သူ့ဇနီးနှင့် မိတ်ဆက်ပေးသည်။ အလွန်တရာ ချောမောလှပပြီး အသက်ငယ်သေးသည့် မိန်းကလေးတစ်ယောက် ဖြစ်သည်။ ကြီးမားသည့် စိန်လက်စွပ်ကို ဝတ်ထားသည်။ ယခင်တုန်းက အယ်နီကို အေလင် ပေးခဲ့ဖူးသည့် လက်စွပ်နှင့် တစ်ပုံစံတည်း ဖြစ်သည်။ ထိုအခါတွင် အေလင်၏ အကျင့်ကလေးများကို မျက်စိထဲမှာ ပေါ်ပြီး မြင်ယောင်လိုက်မိသည်။

အေလင်နှင့်များ မိမိ အကြောင်းပါခဲ့မည်ဆိုလျှင် မိမိဘဝသည် မည်သို့များ ရှိနေလေမည်နည်း၊ မိမိစိတ်ထဲမှ ခံစားချက်များသည် မည်သို့များ ရှိလေမည်နည်းဟု မကြာခဏ ဆိုသလို အယ်နီ စဉ်းစားကြည့်မိခဲ့ဖူးသည်။ သည်လို ဆိုပြန်တော့လည်း အခြားသူများလိုပင် ရှိပေလိမ့်မည်။ ယောက်ျားနှင့်မိန်းမ နှစ်ပေါင်းများစွာ အတူတကွ ပေါင်းသင်းနေထိုင်လာကြတော့လည်း စိတ်ကူးယဉ်ကြရသည် ဆိုတာကလေးများ ဘယ်မှာရှိနိုင်တော့မည်လဲ။ စိတ်ကူးယဉ်ရသည့်ဘဝမှ လက်တွေ့ဘဝသို့ ပြောင်းလဲသွားကြပြီ မဟုတ်လား။

အေလင်၏ခေါင်းမှ ဆံပင်များ အတော်ကျွတ်နေပြီ။ သို့သော် ဝတ်ပုံစားပုံကတော့ ယခင်အတိုင်းပင် ဖြစ်သည်။ အစင်းကြောင်းကလေးများနှင့် လည်စည်းကို စည်းတုန်း ဖြစ်သည်။ အဖေဖြစ်သူ ဂျီနီကူးပါးနှင့် အတူသွား အတူလာတုန်းပင် ဖြစ်သည်။ ဂျီနီသည် အများကြီး အိုစာသွားပြီ ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် ကြုံလှီသွားသည်ဟု ထင်နေရသည်။ အင်အားလည်း နည်းပါးနေပုံရသည်။

အေလင်သည် စကားကို ဝတ်ကျေတန်းကျေလောက်သာ ပြောချင်နေကြောင်း အယ်နီ သိပါသည်။ သို့သော်လည်း အယ်နီကို အထင်ကြီးသည့် အမူအရာများကမူ ယခင်အတိုင်း သူ့မျက်လုံးထဲမှာ ပေါ်နေသည်။

"အယ်နီ၊ မင်း သိပ်ကို လှနေတုန်းပါပဲ"

"ရှင်လည်း အင်မတန် ကြည့်ကောင်းတာပါပဲ အေလင်"

"မင်းအစီအစဉ် ထုတ်လွှင့်တဲ့အခါတိုင်း ရုပ်မြင်သံကြားကို ကိုယ်တို့ သေသေချာချာ ကြည့်ကြတယ်။ ဟုတ်တယ်နော် ဖေဖေ"

"သိပ်ဟုတ်တာပေါ့ သားရယ်"

ဂျီနီက ပြန်ဖြေသည်။

စကားပြတ်သွားကြသည်။ ဆယ်နှစ်ကျော် ကွဲကွာသွားကြပြီးမှ ယခုလို ပြန်တွေ့သောအချိန်တွင် ပြောစရာစကား မရှိကြတော့ပြီလား။

"ရှင့်ရဲ့ ကြော်ငြာအခန်းတွေ ထုတ်လွှင့်တဲ့အခါတိုင်းမှာ အေလင်က သေသေချာချာ ပြတယ်"

ယခုတစ်ကြိမ် ဝင်ပြောသူမှာ အေလင်၏ဇနီး ဖြစ်သည်။

"ဂရုတစိုက်နဲ့ ရှင် ကြည့်တယ်ဆိုလို့ ဝမ်းသာပါတယ် အေလင်။ လူတွေ အများစုကတော့ ကျွန်မအခန်းလည်းလာရော ရုပ်မြင်သံကြားကို ကျော်ခိုင်းပြီး ရေခဲသေတ္တာရှိရာ ပြေးပြီး ဘီယာပုလင်း ထုတ်ကြတော့တာပဲ"

"မဟုတ်ပါဘူး၊ ကျွန်မကတော့ အမြဲတမ်း ကြည့်ပါတယ်။ ရှင် ကြော်ငြာပေးနေတဲ့ ဂေလီယန်အလှကုန်တွေကိုတော့ ကျွန်မ မသုံးဘူးပေါ့လေ။ ကျွန်မကို အလှပြင်ပေးတဲ့သူတွေက. . ."

မိန်းကလေးက စကားကို ချက်ချင်း ရပ်ပစ်လိုက်သည်။ အေလင်က သူ့လက်မောင်းပေါ်သို့ လက်တင်ပြီး ညှစ်လိုက်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ထိုသို့ အနေရအထိုင်ရ ခက်သွားသည်ကို ကေဗင်က ဝင်ပြီး စကားဖာပေးလိုက်သည်။

"အသက်အရွယ်ငယ်ပြီး သိပ်ကို ချောမောလှပတဲ့ မိန်းကလေးတွေဟာ အလှကုန်ပစ္စည်းတွေကို အသုံးပြုဖို့ မလိုပါဘူး ခင်ဗျာ"

မိန်းကလေး မျက်နှာပေါ်တွင် စိတ်ချမ်းသာမှုနှင့်အတူ မသွေးရောင်ကလေး လွှမ်းသွားသည်။ တခစ်ခစ်လည်း ရယ်သည်။

"တို့အတွက် စားပွဲက ဘယ်လိုလဲ။ အယ်လ်မိုရိုကိုကို သွားရင် အခု ဒီမှာ မတ်တတ်ရပ်ကြီး စောင့်နေရသလို စောင့်ရမှာမဟုတ်ဘူး"

ဂျိနိုက ဝင်ပြောသည်။

စားပွဲထိုးချုပ်က စားပွဲ အသင့်ရှိပြီဖြစ်ကြောင်း ကေဗင်ကို လာပြောသည်။ အပြန်အလှန် နှုတ်ဆက်ကြသည်။ ယခု ဟိုတယ်၏ဆက်ဆံရေး ညွှန်ဖွင့်ပုံနှင့် စားပွဲထိုး ညွှန်ဖွင့်ပုံများကို ဂျိနိုက ကျယ်လောင်ကျယ်လောင် မှတ်ချပြစ်တင်နေသည့် အခိုက်မှာပင် ကေဗင်နှင့် အယ်နီကလည်း သူတို့ စားပွဲရှိရာသို့ လျှောက်ခဲ့ကြသည်။

အယ်နီ၏စိတ်ထဲမှာ ဝမ်းနည်းသလိုလို ခံစားလာရသည်။ လူအပေါင်းတို့သည် တွေ့ကြဆုံကြ၏။ ပြီးတော့ ကွဲကြကွာကြ၏။ နှစ်ပေါင်းများစွာ ကြာမြင့်ပြီးနောက် ယခုလို ပြန်လည် တွေ့ဆုံကြသောအခါတွင်လည်း ရင်းနှီးကျွမ်းဝင်ခြင်းများ မရှိကြတော့။ ဝမ်းသာလိုက်လှသည့် အပြောအဆို အဆက်အဆံများလည်း မရှိတော့။ တစ်ချိန်တုန်းက အပြန်အလှန် စွဲမက်စရာ ရှိခဲ့ကြသည်များကို မေ့လျော့ကုန်ကြပြီ။ သာမန် ဝတ်ကျေတန်းကျေ စကားများကိုသာ ပြောဆိုနေကြတော့သည်။

လိုင်ယွန် တစ်ယောက် အင်္ဂလန်သို့ရောက်နေသည့်အတွက်ကိုပင် အယ်နီက ဝမ်းသာမိသေးတော့သည်။ နယူးယောက်မှာ ရှိနေသည်ဆိုလျှင် မတော်တဆ သူနှင့် ယခုလို တွေ့ပြီး ယခုလိုပင် ခပ်တန်းတန်း ဝတ်ကျေတန်းကျေ လုပ်ကြရမည့် အဖြစ်မျိုးကို သူ ရှုမှန်းသွန်းလှပါသည်။ သူ့ဆံပင်များ ပါးသွားပြီး မိန်းမချော မိန်းမငယ်ကလေး တစ်ယောက်နှင့် အတူတွဲလာသည်ကို ရင်မဆိုင်လိုပါ။

ယခုအတိုင်း ပြန်မတွေ့ရဘဲ ချစ်ခင်ကြတုန်းက အကြောင်းကလေးများကို ပြန်စဉ်းစားနေရသည့် ဘဝမျိုးကိုပဲ မြတ်နိုးမိပါသည်။

ဂျနီဖာ အကြောင်းကိုလည်း စဉ်းစားမိသည်။ ဂျနီဖာလည်း သည်တိုင်းပြည်သို့ ပြန်လာမည်ကို ကြောက်နေပြီလား။ ရာစု ရုပ်ရှင်ကုမ္ပဏီက ဂျနီဖာကို ရုပ်ရှင်ရိုက်ဖို့ ကမ်းလှမ်းသေးသည်။ သို့သော်လည်း နောက်ဆုံးအချိန်ကျတော့မှ ဂျနီဖာက ပယ်ချလိုက်သည်။ ဥရောပမှာပဲ ဆက်လက် နေထိုင်လျက် ရှိသည်။ ဟောလီးဝုဒ်ကို သူ ကြောက်သွားပြီလား။ ဘာကြောင့်များ သူ ကြောက်နေရသနည်း။ ယနေ့ကာလတွင် ဂျနီဖာသည် ဥရောပတစ်ခွင်၌ လျှမ်းလျှမ်းတောက်နေသည့် ထိပ်တန်းမင်းသမီးတစ်လက် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုထဲတွင်လည်း သူ့ရုပ်ရှင်ကားများ အလွန် အောင်မြင်ကျော်ကြားနေသည်။ ပိတ်ကားပေါ်တွင် ဂျနီဖာသည် အလွန် အံ့သြစရာကောင်းလောက်အောင် သရုပ်ဆောင်ပြနိုင်သည်။

ဂျနီဖာ၏အသက်မှာ သုံးဆယ့်ခုနစ်နှစ်ရှိပြီ။ သို့သော်လည်း ပိတ်ကားပေါ်မှာ မြင်ရသည့် ဂျနီဖာသည် လည်းကောင်း၊ ကြော်ငြာဓာတ်ပုံများထဲမှ ဂျနီဖာသည် လည်းကောင်း သူ့အသက်ထက် ဆယ်နှစ်ခန့် ငယ်နေသည်။ ယခုတော့ ဂျနီဖာသည် ဥရောပတိုက်တွင် အလွန်တရာ အောင်မြင်နေချေပြီ။

နီလီတစ်ယောက်လည်း သူ့အစွမ်းအစကို ယခု အတိုင်းသာ ထုတ်ဖော် ပြသနိုင်မည်ဆိုလျှင် ဟောလီးဝုဒ်မှာ ရှိနေသူများ အားလုံး တုန်လှုပ်ချောက်ချားသွားကြမည် အမှန် ဖြစ်သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## ဂျနီဖာ

၁၉၅၇

ဟောလီးဝုဒ်သို့ သွားရမည့်အရေးကို ဂျနီဖာ အကြောက်ကြီး ကြောက်ခဲ့သည်။ သေရမည်လောက် ကြောက်ခဲ့သည်။

သို့ဖြင့် ကလော်ဒီရှားဒိုးက ဟောလီးဝုဒ်မှ ရုပ်ရှင်ကုမ္ပဏီများနှင့် ဂျနီဖာအတွက် စာချုပ်ရန် ကြိုးစားသောအခါ ဂျနီဖာက အိပ်ဆေး ပုလင်းတစ်ဝက်ခန့် သောက်ပစ်လိုက်သည်။

ထို့ကြောင့် ကလော်ဒီက ထိုကိစ္စကို ပြန်လည် စဉ်းစားခဲ့ရသည်။ နောက်ဆုံး စင်ကာ့ရှ်ရီ ရုပ်ရှင်ကုမ္ပဏီနှင့် စာမချုပ်တော့ရန် ဆုံးဖြတ်လိုက်ရသည်။

ထိုသို့ ဖြစ်ခဲ့သည်မှာ ဟိုတစ်နှစ်က ဖြစ်သည်။

သို့သော်လည်း ယခုနှစ်တွင် တစ်မျိုးတစ်ဖုံ ဖြစ်လာပြန်သည်။ ကမ်းလှမ်းချက် အသစ်တစ်ခုကို ယူလာပြန်သည်။ ယခု ကမ်းလှမ်းချက်က ငြင်းပယ်ရန် မသင့်သော ကမ်းလှမ်းချက်မျိုး ဖြစ်နေသည်။ ရုပ်ရှင်ကားသုံးကား ရိုက်မည်။ ကြိုတင်ငွေအဖြစ် ဒေါ်လာ တစ်သန်း ပေးမည်။ အမြတ်တော်ကြေးလွတ်သည့် ဆွစ်ဇာလန်ဘဏ်ထဲမှာ ထည့်ပေးထားမည်။ ထိုငွေကို ကလော်ဒီနှင့် တစ်ယောက်တစ်ဝက်စီ ခွဲယူရမည်။ ငွေစာရင်းကို သီးခြားခွဲပေးထားမည်။

ထို့ကြောင့်လည်း ယင်း ကမ်းလှမ်းချက်ကို ဂျနီဖာ မငြင်းပယ်နိုင်အောင် ဖြစ်ခဲ့ရသည်။ သူ့အသက်ကလည်း သုံးဆယ့်ခုနစ်နှစ် ရှိနေပြီ။ မျက်နှာပေါ်မှာ အရေးအကြောင်းကလေးများ ပေါ်စပြုပြီ။ ရုပ်ရှင်ရိုက်သည့်အခါတွင် မီးရောင် အသုံး ကောင်းသောကြောင့်သာ ထိုအရေးအကြောင်းကလေးများ မပေါ်ခြင်း ဖြစ်သည်။

သို့သော်လည်း မီးရောင်နည်းလျှင် ထိုအရေးအကြောင်းကလေးများ ပေါ်လာလိမ့်မည်ဟု ကလော်ဒီက ပြောသည်။

မှန်ပါသည်။ အနားကပ် ကြည့်လျှင် ထိုအရေးအကြောင်းများကို မြင်ရမည်။ နယူးယောက်သို့ရောက်လျှင် သတင်းထောက်ပေါင်းများစွာနှင့် တွေ့ရမည်။ ဟောလီးဝုဒ်ရောက်လျှင် ဧည့်ခံပွဲပေါင်း များစွာသို့ တက်ရမည်။

ထိုအခါမျိုးတွင် သတင်းထောက်တို့၏ ကင်မရာကို လှည့်စား၍ရနိုင်လိမ့်မည်မဟုတ်။ မည်သို့ဆိုစေ ထိုကိစ္စကို တစ်နည်းတစ်ဖုံတော့ ကလော်ဒီ စဉ်းစားပေးလိမ့်မည်။ ကင်မရာများနှင့် ရင်မဆိုင်ရအောင် ရှောင်တိမ်းနိုင်ဖို့ လိုသည်။

ကန်ထရိုက်စာချုပ်ကို ဂျနီဖာ လက်မှတ်ထိုးပြီး နောက်ပိုင်း တစ်မနက် စောစောပိုင်းတွင် သူ့အခန်းသို့ ကလော်ဒီ ရောက်လာသည်။

"အခုပဲ ကိုယ် ကြေးနန်းရတယ်။ ကြိုတင်ငွေ ဘဏ်ကို သွင်းလိုက်ပြီးပြီတဲ့"

"ကျွန်မနဲ့ သတ်သတ်စီ ခွဲပြီး သွင်းတာလား" ဟု ဂျနီဖာက ပြန်မေးသည်။

"ဟုတ်တယ်၊ ဟောဒီမှာ မင်းရဲ့ ငွေစာရင်းနံပါတ်၊ သိမ်းထားလိုက်ပါ။ ကိုယ့်အတွက်က စာရင်းသတ်သတ်"

ဂျနီဖာက ဝမ်းမြောက် ရွှင်မြူးစွာဖြင့် ခုတင်ပေါ်မှာ ကိုယ်ကို ပစ်လှဲချလိုက်သည်။

"ပျော်စရာကောင်းလိုက်တာ၊ ကျွန်မ မသွားခင် သုံးလလောက် ကောင်းကောင်း အနားယူလို့ ရသေးတယ်။ ကက်ပရီကိုလည်း သွားဦးမယ်။ ပြီးတော့မှ နယူးယောက်ကို သွားမယ်။ ဆံတုအနက်ကို တပ်ရမယ်။ နယူးယောက်ရောက်ရင် အယ်နီနဲ့အတူတူ ပြဇာတ်တွေ လျှောက်ကြည့်ပစ်လိုက်ဦးမယ်။ ဇီနဲ့ အင်္ဂလိပ်စကား ပြန်ပြောရဦးမှာကလည်း သိပ် ဟန်ကျတာပဲ"

ကလော်ဒီက ဂျနီဖာကို ခုတင်ပေါ်မှ ဆင်းခိုင်းသည်။ အဝတ်များကို ချွတ်ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပြတင်းပေါက်တံခါးများကို ဖွင့်လိုက်သည်။ အပြင်ဘက်မှ နေရောင်များ အခန်းတွင်းသို့ ဝင်လာသည်။

"အို- ဘယ်လိုလုပ်တာလဲ။ ရှုးများနေသလား"

ဂျနီဖာက မေးသည်။

"ပြတင်းပေါက်နားမှာ အဲဒီအတိုင်း ရပ်နေစမ်း"

ချမ်းလွန်းသဖြင့် သူ့တစ်ကိုယ်လုံး တုန်လာသည်။ စက်တင်ဘာလပင် ဖြစ်သော်လည်း နေရှိန်က မပူပြင်းလှသေး။ ပါရီမြို့၏ ကောင်းကင်ယံတွင် မိုးသားတိမ်လိပ်များ ဖုံးအုပ်နေဆဲ ရှိသည်။ လေအေးကလည်း တဖြူးဖြူး တိုက်ခတ်နေဆဲ ဖြစ်သည်။

"ဟုတ်တယ်၊ ဒါကိုတော့ လုပ်မှ ဖြစ်တော့မယ်"

ကလော်ဒီက သက်ပြင်းရှိုက်ရင်း ပြောသည်။

"ဘာကို လုပ်ရမှာလဲ"

"မျက်နှာပေါ်က အရေတင်းအောင် လုပ်ရမယ်လေ"

"ရှင် ရူးနေပြီ"

ဂျနီဖာက သူ့လက်ထဲမှ ရုန်းထွက်လိုက်ပြီး ကိုယ်ပေါ်သို့ အဝတ်အစားများ ပြန်ဖုံးသည်။ ကလော်ဒီက သူ့ကို မှန်ရှေ့သို့ ဆွဲခေါ်သွားသည်။

"ဟောဒီမှာကြည့်၊ မင်းမျက်နှာကို နေ့ခင်းဘက် နေရောင်အောက်မှာ ကြည့်ကြည့်စမ်း။ မဟုတ်သေးဘူး၊ ခေါင်းကို မော့ပြီး ပြုံးမထားနဲ့၊ ရိုးရိုးအနေအထားနဲ့ကြည့်"

"ကလော်ဒီ၊ ကျွန်မ အမြဲတမ်း မိတ်ကပ်လိမ်းထားမှာပဲ။ နောက်ပြီးတော့ ဘယ်လိုအနေအထားမျိုးက ကျွန်မရဲ့အလှကို ပေါ်စေတယ် ဆိုတာလည်း ကျွန်မ သိတာပဲ။ ဘယ်သို့လူက ကျွန်မကို ဒီလိုပုံမျိုးနဲ့ မြင်ရမှာလဲ"

"ဟောလီးဝုဒ်က မင်းကို မြင်လိမ့်မယ်။ မိတ်ကပ်လိမ်းပေးတဲ့လူတွေ၊ စတူဒီယိုမှာရှိတဲ့ မင်းဆံပင်ကို ပြင်ပေးမယ့်လူတွေက မြင်လိမ့်မယ်။ သူတို့မြင်တာနဲ့ တစ်မြို့တည်း မင်းဟာ ပါးရေနားရေ တွန့်နေပြီဆိုတဲ့အကြောင်း တစ်လောကလုံးက သိသွားလိမ့်မယ်"

"ကျွန်မ ဒါလောက်လည်း အကျည်းမတန်သေးပါဘူး ရှင်ရယ်။ ကျွန်မ အသက်သုံးဆယ့်ခုနစ်နှစ်အနေနဲ့ အင်မတန်ကို ကြည့်ကောင်းနေသေးတာပဲ"

"ဒါပေမယ့် နှစ်ဆယ့်ခုနစ်နှစ်သမီးနဲ့တော့ မတူတော့ဘူး"

ဂျနီဖာက မှန်ထဲမှာ ကြည့်သည်။

မေးရိုးများအောက်တွင် အရေများ အနည်းငယ် လျော့ရဲရဲ ဖြစ်နေပြီ။ သိပ်ဆိုးဆိုးဝါးဝါးတော့ မဟုတ်သေး။ ခေါင်းကို အနည်းငယ်မော့ပြီး ပြုံးလိုက်လျှင် ပျောက်သွားသည်။ ရိုးရိုးနေလိုက်လျှင်တော့ မြင်သာသည်။ ပါးပြင်တွဲကျနေသည်ဟု ကလော်ဒီက ပြောသည်။

ဟုတ်တော့လည်း ဟုတ်သည်။

သူ ဆိုလိုသည့် အဓိပ္ပာယ်ကို ဂျနီဖာလည်း သဘောပေါက်သည်။ အသားအရေများက ထိုသို့ လျော့ရဲရဲ ဖြစ်နေသောကြောင့် သူ့အသက်ကို နှစ်ဆယ်ကျော် သုံးဆယ်တွင်းဟု မထင်မှတ်ရ။ သုံးဆယ်ကျော် လေးဆယ်တွင်းဟု ထင်မှတ်ရသည်။ ပါးရေနားရေ တွန့်နေသည် ဟူ၍တော့ မဆိုနိုင်သေး။

သို့သော် ငယ်ရွယ်သူတို့ကဲ့သို့ တင်းတင်းရင်းရင်း မရှိတော့သည်ကတော့ အမှန်။ သာမန်အားဖြင့်တော့ တခြားသူများ သတိထားမိနိုင်စရာ မရှိ။

သို့သော် ကလော်ဒီ ပြောသည်မှာ မှန်နိုင်ပါသည်။ မည်သို့ပင်ဆိုစေ အသက် သုံးဆယ့်ခုနစ်နှစ်အရွယ်တွင် မျက်နှာအရေတင်းအောင် ပြုလုပ်ရမည် ဆိုသည်က စိတ်လေးစရာပင် ဖြစ်နေသည်။ ဟိုတုန်းကတော့ သည်အကြောင်းကို ဂျနီဖာ စဉ်းစားခဲ့ဖူးပါသည်။

နယူးယောက်မှာတုန်းက အဘွားကြီးတစ်ယောက်ကို တွေ့ခဲ့ဖူးသည်။

'အဲဒီ အဘွားကြီး အသက်က ခြောက်ဆယ့်ငါးနှစ် ရှိနေပြီ။ သူ့မျက်နှာပေါ်က အရေတွေတင်းအောင် ဆရာဝန်နဲ့ ပြုပြင်ထားတာ။ ဒါပေမယ့် အသက်က သိပ်ကြီးပြီဆိုတော့ ဘယ်ရတော့မှာလဲ'ဟု အခြားသူများက တီးတိုးပြောကြသည်။

မဖြစ်ပါ။ အလွန် စွန့်စားရသည့်အလုပ်မျိုး ဖြစ်သည်။

"ကလော်ဒီ၊ ဟောလီးဝုဒ်ကို ဒါလောက်လည်း သွေးလန့်မနေပါနဲ့။ ကျွန်မလည်း ဟိုမှာ နေခဲ့ဖူးတာပါ။ ရှင်ထင်သလောက် မဆိုးပါဘူး။ သူတို့လည်း တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် လန့်နေကြတာပါပဲ။ ကျွန်မလည်း အထိုက်အလျောက် ဖြစ်သွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အထိုအလျောက် ဖြစ်သွားတာမျိုးကို ကိုယ် မလိုချင်ဘူး။ ဥရောပမှာဆိုရင် မင်းဟာ ယောက်ျားတွေရဲ့ အသည်းစွဲ။ ဒါကြောင့် ဟောလီးဝုဒ်က လူတွေကလည်း မင်းကို စောင့်ကြည့်နေလိမ့်မယ်။ မာရီလင်မွန်ရိုးတို့၊ အယ်လီဇဘက်တေလာတို့ကို ယောကျ်ားတွေ စွဲလမ်းကြသလို မင်းကိုရော စွဲလမ်းနိုင်စရာ အကြောင်းရှိသလား ဆိုတာကို အကဲခတ်ကြ လိမ့်မယ်။ ဒါပေမယ့် မွန်ရိုးတို့က အသက်ငယ် ကြသေးတယ်"

ကလော်ဒီက အသံမာမာနှင့် ပြန်အော် ပြောသည်။

"ကျွန်မက အယ်လီဇဘက်တေလာ လည်း မဟုတ်ဘူး၊ မာရီလင်မွန်ရိုးလည်း မဟုတ်ဘူး။ ကျွန်မက ဂျနီဖာနေ့ဘ်သ်ပဲ"

"ဂျနီဖာနေ့ဘ်သ် ဆိုတာကရော ဘာလဲ၊ မင်းမျက်နှာလေး လှပတာရယ်၊ ရင်သားကြီး တာ တင်သားကြီးတာရယ်ပဲ မဟုတ်လား။ မင်းရဲ့ အရည်အချင်းက ဒါပဲ ရှိတာပဲ"

"ကျွန်မ နောက်ဆုံးရိုက်ခဲ့တဲ့ ဇာတ်ကား ခုနစ်ကားစလုံးမှာ အဝတ်ချွတ်မပြဘဲ ရိုက်ခဲ့ တာ မဟုတ်လား"

"အေး- အဲဒါကလည်း မင်းရဲ့ ကိုယ် ခန္ဓာ အစိတ်အပိုင်းတွေ ဘယ်လိုရှိတယ် ဆို တာကို ပရိသတ်က ကောင်းကောင်း သိထား ပြီးဖြစ်လို့ အောင်မြင်တာပဲ။ မင်းကိုယ်ပေါ်မှာ ဘယ်လောက် လုံခြုံတဲ့ အဝတ်အစားကိုပဲ ဝတ်ထားထား၊ မင်းတစ်ကိုယ်လုံးရဲ့ အတိုင်း အထွာတွေကို ပရိသတ်က အလွတ်ရနေပြီ။ သူတို့အဖို့ ဘာမှ အကြောင်းမထူးတော့ဘူး။ မင်းရဲ့ မျက်နှာနဲ့ ကိုယ်လုံးအလှအပြင် တခြား အရည်အချင်းတွေ ရှိနေသေးတယ်လို့ စိတ် ကြီး မဝင်လိုက်ပါနဲ့"

"အမေရိကန်မှာလည်း ကျွန်မကို ဒီ အတိုင်းပဲ မြင်ကြမှာ မဟုတ်လား။ သူတို့ လည်း ကျွန်မရုပ်ရှင်တွေကို ကြည့်ခဲ့ကြတာပဲ"

"ဂျနီဖာ၊ ကိုယ့်အဆုံးအဖြတ်ကို မင်း မယုံဘူးလား"

ထိုသို့ပြောရင်း ကလော်ဒီ၏ အမူအရာ သည် ပြောင်းလဲသွားတော့၏။ နှစ်လိုဖွယ် အပြုံးကလေးကို ပြုံးလိုက်သည်။

"မင်းမှာ ထူးခြားတာ တစ်ခုခုတော့ ရှိ ပါတယ်။ ဥရောပမှာ ရုပ်ရှင်ပြာရိုက်ပြီး လျှမ်း လျှမ်းတောက် အောင်မြင်နေကြတဲ့ မင်းသမီး တွေ အများကြီး ရှိတယ်။ ဒါပေမယ့် သူတို့ အားလုံး မင်းကို မယှဉ်နိုင်ကြဘူး။ ဘာကြောင့် လဲဆိုတော့ မင်းမှာ သူတို့ထက်ပိုပြီး ထူးခြား တဲ့အချက် ရှိနေလို့ပဲ။

အဲဒါဟာ ဘာလဲဆိုရင် မင်းရဲ့ လန်း ဆန်းတဲ့လှပမှုပဲ။ ဒီလို လန်းဆန်းတဲ့လှပမှုဟာ အသက်အရွယ် ငယ်တုန်းမှာသာ ရနိုင်တယ်။ နုပျိုတဲ့ မျက်နှာပေါ်မှာသာ ရှိနိုင်တယ်။ မင်းရဲ့ ရွှေရောင်ဆံပင်တွေ၊ တင်ကြီးတာ၊ ရင်ကြီးတာ တွေထက် ပိုပြီး အဲဒီ အလှကလေးကို စွဲမက် ကြတာပဲ။ ဖြူစင်သန့်ရှင်းတဲ့အလှကို လက်ခံ နေကြတာပဲ။

မင်းရဲ့ ကိုယ်လုံးကိုယ်ပေါက် အနေနဲ့ တော့ ဘာမှ ပြောစရာမရှိဘူး။ အခုအချိန် အထိ အချိုးအစား ပြေပြစ်လှပနေတုန်းပဲ။ ဒါပေမယ့် ကိုယ်အလေးချိန်ကိုတော့ ဆယ် ပေါင်လောက် ချပစ်ရလိမ့်မယ်"

"အို- ဒါကိုတော့ မလုပ်ပါနဲ့ရှင်။ နီလီ လည်း ကိုယ်အလေးချိန်ချဖို့ ကြိုးစားရင်း ဒုက္ခ ရောက်ခဲ့တာပါ။ ကျွန်မ ဒီကိုယ်လုံးကိုယ်ပေါက် အတိုင်း ရှိနေအောင် ညတိုင်း အိပ်ဆေး သုံး လုံးကနေပြီး လေးလုံးအထိ သောက်နေရတာ ပါ။ ကျွန်မ ကိုယ်အလေးချိန်က တစ်ရာနဲ့ ဆယ့်ရှစ်ပေါင် ရှိတယ်။ ကျွန်မ အရပ်က ငါး ပေခြောက်လက်မ ရှိတယ်။ ဒါဟာ အလော တော်လောက်ပါပဲ"

"အဝတ်မပါဘဲ ရိုက်ရတဲ့ကားတွေမှာ တော့ ဟုတ်တာပေါ့။ ဒါပေမယ့် သူတို့က မင်း ကို ဝတ်ကောင်းစားလှတွေ ဝတ်ပေးပြီး ရိုက် ကြမှာ။ အဲဒီအခါကျတော့ မင်းကိုယ်လုံးကြီး က ဘုတ်ထိုင်းကြီး ဖြစ်သွားလိမ့်မယ်။ တခြား ဆေးတွေ မကျွေးပါဘူး၊ အစီအစဉ်တွေ ကိုယ် လုပ်ထားပြီးပြီ။ ဆွစ်ဇာလန်ကို သွားရမယ်။ မင်းကို အိပ်ခိုင်းထားပြီး ကိုယ်အလေးချိန် လျှော့တဲ့နည်းနဲ့ ကုပေးလိမ့်မယ်"

"အိပ်ခိုင်းထားပြီး ကုမယ် ဟုတ်လား။ စိတ်ရောဂါဝေဒနာရှင်တွေကိုမှ ကုတဲ့နည်း မဟုတ်ဘူးလား"

"ဟုတ်တယ်၊ ဒါပေမယ့် ကိုယ်အလေး ချိန် လျှော့ရာမှာလည်း နည်းကောင်းတစ်[illegible] မင်း ကိုယ်အလေးချိန်ကို ဆယ်ပေါင်လော[illegible] လျှော့ချင်တဲ့အကြောင်း သူတို့ကို ကိုယ် [illegible] ကြောင်းကြားထားပြီးပြီ။ မင်းကို ရှစ်ရက်[illegible] အောင် အိပ်ခိုင်းထားလိမ့်မယ်။ မင်း [illegible]

www.burmeseclassic.com

ပျော်နေလိမ့်မယ်။ ရှစ်ရက်ကြာလို့ အိပ်ရာက လည်းနိုးရော မင်းကိုယ်လုံး ပိန်ကျသွားတာ ကို တွေ့ရလိမ့်မယ်။ ကောင်းကောင်း အနား ယူရပြီး ပိုပြီးတော့လည်း လှလာလိမ့်မယ်။ အဲဒီလိုလုပ်ပြီးရင် မင်းမျက်နှာပေါ်က အသား တွေဟာ ပိုပြီး လျော့လာမယ်။ တွဲကျလာ မယ်။ အဲဒီအခါကျတော့မှ မျက်နှာ အရေ တင်းအောင် ကုတဲ့နည်းနဲ့ ဆက်ကုရမယ်"

*

လော်ဆန်နီမြို့ကိုဖြတ်ပြီး ခရီးထွက် လာရသောအခါတွင် မာရီယာကို ဂျနီဖာ သတိရမိသည်။

မာရီယာနှင့် သူ ကြုံခဲ့ရသည့် အတွေ့ အကြုံများသည် လူ့ဘဝသက်တမ်း တစ် လျှောက်လောက်များ ကြာမြင့်သွားပြီလားဟု ထင်မှတ်ရသည်။ ယခု သည်အရပ်သို့ ပြန် ရောက်လာသောအခါကျမှ ထိုအကြောင်း များကို မှတ်မှတ်ထင်ထင် ပြန်သတိရနေမိ သည်။

ဆေးတိုက်ကလေးက လှလှပပ ဖြစ် သည်။ ဂျနီဖာက နာမည်လိမ်တစ်ခုနှင့် ဝင် သွားရသည်။ သူ ဘယ်သူ ဖြစ်ကြောင်း သိပြီး ယုံကြည်စိတ်ချရသည့် ဆရာဝန်နှင့် ဆရာမ များနှင့်သာ ဆက်ဆံရသည်။ သူ ရောက်သွား သောအခါ ဆရာဝန်ကြီးက ဆီးပြောသည်။

"ဘာမှ စိတ်မပူပါနဲ့ ခင်ဗျား အိပ်ပျော် နေလိမ့်မယ်။ အစာစားတဲ့အချိန်မှာ ကျွန်တော် တို့က နှိုးမယ်။ အချိန်ပြည့် အစောင့်ရှိနေလိမ့် မယ်။ ခင်ဗျား အစာစားတာကိုလည်း သိမှာ မဟုတ်ဘူး။ ခင်ဗျားကို အခန်းထဲမှာ လမ်း လျှောက်ခိုင်းမယ်။ ရေချိုးခန်းကို ပို့ပေးမယ်။ အဲဒါတွေ အားလုံးကိုလည်း ခင်ဗျား ဘာမှ သိမှာ မဟုတ်ဘူး။

ဒီလို လေ့ကျင့်ခန်း လုပ်ပေးတဲ့အတွက် ခင်ဗျားရဲ့ အဆုတ်က ပုံမှန်အလုပ်တွေ လုပ် ပေးနေလိမ့်မယ်။ ခင်ဗျား အိပ်ပျော်နေတဲ့ ကိုယ်အနေအထားကို တစ်နာရီမှာ တစ်ကြိမ် ကျ သူနာပြုဆရာမက ပြောင်းပေးလိမ့်မယ်။ ခင်ဗျား အိပ်ရာက နိုးလာတဲ့အခါမှာ ခင်ဗျား ရဲ့ ကိုယ်အလေးချိန်ဟာ ဆယ်ပေါင် ကျသွား တာကို တွေ့ရမယ်"

ဂျနီဖာက ပြုံးသည်။

"နောက်ပြီးတော့ လောကကြီးနဲ့လည်း ကျွန်မ ရှစ်ရက်လောက် အဆက်ပြတ်သွားမှာ မဟုတ်လား။ အခုလို အိပ်ခိုင်းထားပြီး ကု တယ်ဆိုတာက စိတ်ရောဂါ ဝေဒနာရှင်တွေ ကိုသာ ကုတယ်လို့ ကျွန်မက ထင်ထားတာ"

"ဟုတ်တာပေါ့၊ ဒါပေမယ့် ဝေဒနာ သိပ်ကြွမ်းနေတဲ့ စိတ်ရောဂါဝေဒနာရှင်တွေကို တော့ ဒီနည်းနဲ့ပျောက်အောင် ကုလို့ မရပါ ဘူး။ သူတို့ကျတော့ နှစ်နဲ့ချီပြီး ကုရတယ်။ စိတ်ရောဂါ အထူးကုနည်းနဲ့ ကုရပါတယ်။ လိုအပ်ရင် လျှပ်စစ်ဓာတ်နဲ့ ဓာတ်နှိပ်ကုသ နည်းမျိုးကိုလည်း သုံးရတယ်။

အခုလို အအိပ်ခိုင်းပြီး ကုတဲ့နည်းဟာ အထူးသဖြင့် အခြေအနေ တစ်ရပ်ရပ်ကြောင့် စိတ်ထိခိုက်သွားတဲ့ လူနာတွေအတွက် ပို ကောင်းတယ်။ ဒါနဲ့ ပတ်သက်ပြီး ခင်ဗျားကို အဖြစ်အပျက်ကလေး တစ်ခု ပြောပြပါ့မယ်။ ဟောလီးဝုဒ်က အိမ်ထောင်ရှင် အမျိုးသမီး တစ်ယောက် ကျွန်တော်တို့ဆေးရုံမှာ အခု တက်ပြီး ကုနေပါတယ်။ သူ့ယောက်ျားက နာမည်ကြီး ဒါရိုက်တာတစ်ယောက်ပါပဲ။

တစ်နေ့ကျတော့ သူတို့ရဲ့ ကလေးငယ် လေး တစ်ယောက်ဟာ ရေကူးကန်ထဲကို လိမ့် ကျပြီး ရေနစ်သေဆုံးသွားတယ်။ ဒီအမျိုးသမီး ခမျာမှာ ဘယ်လိုမှ ဖြေဆည်လို့ မရနိုင်တော့ ဘူး။ နောက်တစ်ရက် ဆက်ပြီး အသက်ရှင် နေရမှာကိုတောင် ရင်မဆိုင်ရဲတော့တဲ့ အခြေ အနေမျိုး ရောက်လာတယ်။ သူ့ယောက်ျားနဲ့ မိတ်ဆွေတွေကလည်း တော်ရှာကြပါတယ်။

သေသောသူ ကြာရင်မေ့ ဆိုတာလို တဖြည်းဖြည်း အချိန်က ကုစားသွားလိမ့်မယ် လို့ သူတို့က ထင်ခဲ့ကြတယ်။ ဒါပေမယ့် သူတို့ ထင်သလို ဒီစိတ်ရောဂါက ပျောက်မသွားဘူး။ ဒီရောဂါကို ပျောက်အောင် ကုဖို့အတွက် အခု လို အိပ်ခိုင်းထားပြီး ကုယူရတယ်။

ဦးနှောက် ဆိုတာက အခန်းကလေး ပေါင်း မြောက်မြားစွာနဲ့ ဖွဲ့စည်းထားတယ်။ အခန်းကလေး တစ်ခုတိုင်းမှာ အသိတစ်ခုစီ၊ စိတ်ကူး တစ်ခုစီ၊ မှတ်ဉာဏ် တစ်ခုစီ ရှိကြ တယ်။ ကျွန်တော်တို့ဟာ အကြောင်းအရာ တစ်ခုခုကို ထပ်ကာထပ်ကာ တွေးတော စဉ်းစားနေမယ်ဆိုရင် သူ့ကို ထိန်းသိမ်းထား ရတဲ့ ဦးနှောက်ထဲက အခန်းကလေးက နက် ရှိုင်းလာပြီး အဲဒီ တွေးတောစဉ်းစားတဲ့ အကြောင်းကို စွဲစွဲမြဲမြဲ မှတ်မိသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သီချင်းတစ်ပုဒ်ကို ကျက်သလိုပေါ့။ ဆက်ပြီး စဉ်းစားမနေရတော့ဘဲ အတွေးတွေကို ရပ်ပစ်လိုက်ရင် ဒီအခန်းကလေးက အလိုလို ပိတ်သွားတယ်။ အဲဒီမှတ်ဉာဏ်ကလည်း အလိုလို ပျောက်သွားတယ်။ ဒီလိုမှ မဟုတ်ဘဲ အချိန်ရှိသမျှ ဒါတစ်ခုတည်းကိုပဲ စဉ်းစားနေတယ် ဆိုရင်တော့ စိတ်ရောဂါ ရလာတာပဲ။

အခု ကျွန်တော်ပြောတဲ့ အမျိုးသမီးကလည်း ကလေးကို ချစ်တဲ့စိတ်ကြောင့် ကလေးအကြောင်းကိုပဲ အမြဲတမ်း စဉ်းစားနေတယ်။ အသေဆိုးနဲ့ သေဆုံးသွားရရှာတဲ့ ရင်သွေးအတွက် သိပ်ကို စိတ်ထိခိုက်နေတယ်။

ဒါကြောင့် သူ့ကို ကျွန်တော်တို့ သုံးပတ်လောက် အိပ်ခိုင်းထားပြီး ကုပေးရတယ်။ သူ အိပ်ရာက နိုးလာတဲ့အခါမှာ သူ့ကလေး သေဆုံးခဲ့ရတဲ့အကြောင်းကိုတော့ သူ မှတ်မိနေဦးမှာပဲ။

ဒါပေမယ့်၊ အဲဒီအတွက် ခံစားရတဲ့ ဝေဒနာ ပျောက်သွားပြီ။ သူ့စိတ်ကိုသူ ဖြေနိုင်ပြီ။ ငါးနှစ်လောက် သူ ခံစားလာရတဲ့ စိတ်ဝေဒနာကို ရက်သတ္တပတ် သုံးပတ်လောက်နဲ့ ပျောက်ကင်းအောင် ကုပေးလို့ ရတယ်"

ဂျနီဖာက နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပြန်သည်။

"ဟုတ်ပါပြီလေ၊ ကျွန်မကိုယ်လုံးက သိပ်ကို ဝနေမယ်။ နောက်ပြီးတော့ စိတ်မချမ်းမသာလည်း သိပ်ကို ဖြစ်နေမယ် ဆိုရင်တော့ သုံးပတ်လောက် အကုခံပါ့မယ်။ အခုတော့ ကိုယ်အလေးချိန် ဆယ်ပေါင်လောက် ကျရုံပါပဲ"

"ဒါကိုတော့ ရှစ်ရက်လောက်နဲ့ ဖြစ်ပါတယ်"

ဆရာဝန်ကြီးက ခေါင်းညိတ်ပြရင်း ဖြေသည်။

လွယ်တော့လည်း အလွန်လွယ်သည်။ ပြုံးချိုနေသော ဆရာမကလေး တစ်ယောက်က ရှမ်ပိန်တစ်ဖန်ခွက် ယူလာပေးသည်။

"နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပြီး ပျော်ရွှင်စရာကောင်းတဲ့ အိပ်မက်ကလေးတွေ မက်နိုင်ပါစေ"

ဆရာမကလေးက ပြောသည်။

ဂျနီဖာက တဖြည်းဖြည်းချင်း သောက်နေသည်။ ခဏကြာတော့ ဆရာဝန် ခပ်ငယ်ငယ် တစ်ယောက် ဝင်လာသည်။ ဂျနီဖာ၏ သွေးခုန်နှုန်းနှင့် သွေးတိုးနှုန်းများကို တိုင်းထွာ စစ်ဆေးကြည့်သည်။

ထို့နောက် ဂျနီဖာ၏ လက်မောင်းတစ်ဖက်ပေါ်သို့ ဆေးထိုးအပ်ကို ညင်ညင်သာသာ ထိုးသွင်းသည်။ လက်ထဲမှ ရှမ်ပိန်ခွက်ကို စားပွဲပေါ်သို့ ပြန်တင်လိုက်သည်။ ယခုလို ခံစားရသည့် စိတ်အရသာမျိုး တစ်ကြိမ်တစ်ခါမှ မကြုံတွေ့ခဲ့ဘူးသေးချေ။

ခြေဖျားကလေးတွေက စလာသည်။

ပြီးတော့ ခြေထောက်ဆီသို့ ပြန့်လာသည်။ တစ်ဆက်တည်း တင်သားများဆီသို့ ရောက်လာသည်။ နောက်ပြီးတော့ ချက်ချင်းဆိုသလိုပင် လေဟာပြင်ကြီးထဲသို့ လွင့်မျောသွားတော့သည်။ မည်သို့သော ခံစားချက်မျှ မရှိတော့။

ညလုံးပေါက် အိပ်ပျော်သွားသည်ဟု ထင်မှတ်ရသည်။ သူ့မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ တောက်ပနေသည့် နေရောင်ကို တွေ့ရသည်။ သူနာပြု ဆရာမကလေး တစ်ယောက်က နံနက်စာများကို ပြင်ဆင်ပြီး ဗန်းနှင့်ယူလာသည်။ ဂျနီဖာက သူ့ကို ဆီးကြို ပြုံးပြသည်။

"အစာစားတဲ့ အချိန်မှာလည်း ကျွန်မ အိပ်ပျော်နေလိမ့်မယ်လို့ ဆရာဝန်တွေက ကျွန်မကို ပြောထားတယ်။ ဒါပေမယ့် အခု ကျတော့လည်း ကျွန်မ ကောင်းကောင်းနိုးနေပါလား"

"ရှင် အိပ်ပြီးသွားပြီလေ"

ဆရာမကလေးကလည်း ပြုံးနေသည်။

"ဘယ်လောက် ကြာသွားသလဲ"

"ရှစ်ရက်"

"တကယ်"

ဂျနီဖာက ထထိုင်သည်။

"ရှင့်ကိုယ်အလေးချိန် ဆယ့်နှစ်ပေါင် ကျသွားတယ်။ အခု တစ်ရာနဲ့ ခြောက်ပေါင်ကျန်တော့တယ်"

ဆရာမက ခေါင်းညိတ်ပြရင်း ဖြေသည်။

"အိုး ဘယ်လောက် ဟန်ကျလိုက်သလဲ၊ အင်မတန်ကောင်းတဲ့ တီထွင်မှုတစ်ခုပဲ"

ဂျနီဖာက အံ့ဩတကြီး ရေရွတ်သည်။ ပါရီမြို့သို့ ပြန်လာခဲ့သည်။

ကလော်ဒီ အလွန် ပျော်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


"မျက်နှာပေါ်က အရေတင်းအောင် လုပ်ဖို့ ကိုယ် အားလုံး စီစဉ်ထားပြီးပြီ"

ကလော်ဒီက ပြောသည်။

ယခု တစ်ကြိမ်တွင်မူ ဂျနီဖာက စောဒက တက်မနေတော့။ ကိုယ်အလေးချိန် ဆယ့်နှစ်ပေါင် ကျသွားသည့်အတွက် သူ့ရုပ် ဆိုးနေသည်။

"အဝတ်တွေ ချွတ်လိုက်စမ်း"

ကလော်ဒီက ရုတ်တရက် ပြောသည်။

"ကလော်ဒီ၊ ဘာစိတ်ကူးပေါက်လာတာလဲ။ ရှင်နဲ့ ကျွန်မအဖို့ ဘာများ ထူးဆန်းလို့လဲ"

ဂျနီဖာ သူ့ကို ငေးကြည့်နေမိသည်။

"ရိုးရိုးပြောတာပါကွာ၊ ကိုယ်အလေးချိန် ကျသွားတဲ့အတွက် မင်းခန္ဓာကိုယ်ပေါ်မှာ ဘာတွေများ ချွတ်ယွင်းသွားသလဲ ကြည့်ချင်လို့ပါ"

ကလော်ဒီကလည်း မနေတတ် မထိုင်တတ် ဖြစ်သွားသည်။

ဂျနီဖာက သူပြောသည့်အတိုင်း လုပ်သည်။

"ဘာမှ မဖြစ်ပါဘူး။ တစ်ခုခု ချွတ်ယွင်းသွားလို့လည်း အကြောင်း မဟုတ်တော့ဘူးပါလေ။ ကျွန်မ အမေရိကန် ပြန်ရောက်ရင် အဝတ်အစား မပါတဲ့ ရုပ်ရှင်တွေ ရိုက်တော့မှာမှ မဟုတ်တာဘဲ"

ကလော်ဒီက ဂျနီဖာ၏ ကိုယ်လုံးကို သေသေချာချာ စစ်ဆေးကြည့်ရှုနေသည်။ ဆရာဝန်တစ်ယောက်က လူနာတစ်ယောက်ကို စစ်ဆေးကြည့်ရှုသလို ရင်သားများကိုလည်း ဂရုတစိုက် စစ်ဆေးကြည့်သည်။

"မင်းရဲ့ရင်သားကို ဟော်မုန်းဆေး ထိုးပေးဖို့လည်း ကိုယ် စီစဉ်ထားတယ်။ ဒါမှ အမြဲတမ်း တင်းမာနေပြီး အလှမပျက်ဘဲ ရှိမယ်။ မင်းမျက်နှာကိုကုပြီး အားလုံး အသားကျလာအောင် စောင့်နေတဲ့အချိန်မှာ ဟော်မုန်းဆေးကို ဆေးဆက်ပြည့်အောင် ထိုးပေးလိမ့်မယ်"

"အဲဒါတွေက ဘယ်မှာ သွားလုပ်ရမှာလဲ"

"သိပ်တော့ မလွယ်ဘူး၊ ဒါပေမယ့် အားလုံး စီစဉ်ထားပြီးပါပြီ။ မနက်ဖြန်ကျရင် ကလင်းနစ် ပလတ်စတစ်ဆေးတိုက်ကို သွားရမယ်။ အရင်ကအတိုင်း နာမည်ပြောင်းပြီး တက်ကုရမယ်"

*

ကလော်ဒီရှားဗိုး ပြောသည်မှာ မှန်ပါသည်။ ယခုအလုပ်သည် ထင်သလောက် လွယ်ကူသောအလုပ် မဟုတ်ချေ။

ခွဲစိတ်ကုသရသည့် အလုပ်ကကို မသက်မသာ ဖြစ်သည်။ အဆိုးဆုံးမှာ နာလန်ပြန်ထအောင် နေရသည့်အချိန် ဖြစ်သည်။

ရက်သတ္တ ခြောက်ပတ်လုံးလုံး တစ်ယောက်တည်း နေရသည်။ မျက်နှာတစ်ခုလုံး ရောင်နေသည်။ မျက်လုံးများမှာ သွေးခဲလို ရဲရဲနီနေသည်။ နားနှစ်ဖက်၏ နောက်ဘက်နားမှာလည်း ချုပ်ရိုးတွေ ရှိနေသည်။ ပုံမှန် အနေအထားသို့ ပြန်မှရောက်ပါဦးတော့မည်လားဟု စဉ်းစားမိသောအခါတွင် ယခုလို ပြုမိသည့်အတွက် မှားပြီဟုလည်း အတွေးပေါ်လာသည်။

သို့သော်လည်း တဖြည်းဖြည်း အချိန်ကုန်လာသောအခါတွင်ကား သူ စိုးရိမ်သလို မဟုတ်တော့။ နားနှစ်ဖက်နောက်ရှိ ချုပ်ရိုးများကို ဖြေလိုက်သည်။ စောစောက ရဲရဲနီနေခဲ့သော အရောင်များသည် ပန်းနုရောင်သို့ ပြန်ပြောင်းလာကြသည်။ ထို့ကြောင့် တဖြည်းဖြည်း ပုံမှန်အနေအထားသို့ ပြန်ရောက်လာမည် ဖြစ်ကြောင်း သူ သိသွားသည်။

ရောင်နေသည့် မျက်နှာမှာ အရောင်လျော့လာသည်။ ကလော်ဒီ၏ အစီအစဉ်များ အားလုံး မှန်ကန်နေသည်။ အစစအရာရာ အောင်မြင်သည်ဟု ဆိုရပေမည်။

သို့သော်လည်း သူ့ရုပ်ရည်သည် အသက်နှစ်ဆယ် အရွယ်လောက် ဖြစ်သွားမည် ဆိုလျှင်တော့ သဘာဝကျလိမ့်မည်မဟုတ်ပေ။

ယခုတော့ တော်ပါသေးသည်။ အသက်နှစ်ဆယ် အရွယ်ဟု မထင်မှတ်ရ။ သို့သော်လည်း မျက်နှာပေါ်မှ အရေများမှာ တင်းတင်းရင်းရင်း ရှိနေသည်။ ထို့ကြောင့်လည်း သူ့အလှမှာ အပြစ်အနာအဆာ ကင်းသည့် အလှ ဖြစ်နေတော့သည်။ သည်အတိုင်းဆိုလျှင်တော့ ဟောလီးဝုဒ်သို့ စိတ်ချလက်ချ သွားနိုင်ပါပြီ။

ဒီဇင်ဘာလ၏ နေသာသည့် နေ့တစ်နေ့တွင် နယူးယောက်မြို့သို့ ဂျနီဖာ ရောက်လာသည်။ ကင်မရာပေါင်း များစွာတို့၏ ရှပ်တစ်ပြက်မီးများ အကြိမ်ကြိမ် ပွင့်ကြသည်။ သတင်းထောက်များက သူ့ကို ဝိုင်းကြသည်။ ရုတ်ခြည်း ဆိုသလိုပင် ကလော်ဒီကို ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com


တင်မဆုံး ဖြစ်မိတော့သည်။ အမျိုးသမီး သတင်းထောက်ပေါင်း များစွာတို့က သူ့ကို အနားကပ်ပြီး ကြည့်ကြကြောင်း သတိထားမိသည်။

ထိုအခါတွင် သူက ယုံကြည်ချက် အပြည့်နှင့် ပြုံးပြလိုက်သည်။ မည်မျှ ထိန်လင်းသည့် အလင်းရောင်ကိုမှ စိုးရိမ်နေစရာ အကြောင်း မရှိတော့။ သူ့အလှသည် စင်းလုံးချောနေပြီ ဖြစ်ကြောင်း သိသည်။ သတင်းထောက်များကလည်း ထိုအချက်ကို သတိပြုမိကြသည်။ သူသည် ရုပ်ရှင်ထဲမှာထက် အပြင်တွင် ပိုမို ချောမောလှပကြောင်း လူတိုင်းက ဝန်ခံကြရသည်။

နယူးယောက်မြို့မှာ တစ်ပတ်လုံးလုံး နေထိုင်ခွင့်ကို သူက တောင်းဆိုလိုက်သည်။ နှစ်ပေါင်းများစွာ ကွဲကွာနေသည့် အယ်နီနှင့် ပြန်ပေါင်းထုပ်ကြရဦးမည်။ ကွဲကွာနေသည့် အချိန်များအတွက် အတိုးချပြီး နေလိုက်ဦးမည်။

ဂျနီဖာက သူ့အကြောင်းများကို ပြောပြသည်။ သူ၏ စွန့်စားခန်းများ၊ တွေ့ကြုံခဲ့ရသည့် ချစ်သူများ အကြောင်းကို ဖောက်သည်ချသည်။

သူ့အကြောင်းတွေ နားထောင်ပြီးသောအခါကျမှ အယ်နီက သူနှင့် ကေဗင်ဂေးလ်မိုးတို့၏ ဆက်ဆံရေးကို ပြောပြသည်။

အယ်နီ၏စကား ဆုံးသောအခါတွင် ဂျနီဖာက သက်ပြင်းချသည်။

"သူ ဘယ်လောက် သဘောကောင်းတယ်ဆိုတာ မင်း ပြောပြလို့ သိရပေမယ့် ကိုယ်ကတော့ အဲဒါကို ဂရုမစိုက်နိုင်ဘူး။ မင်းကို သူ လက်ထပ် မယူတဲ့အတွက် သူဟာ အလကားလူပဲလို့ ကိုယ်ထင်တယ်"

"ဒါက အရေးမကြီးပါဘူးကွယ်။ ကိုယ်က သူ့ကို နှစ်နှစ်ကာကာ အသည်းခိုက်အောင် ချစ်နိုင်တာ မဟုတ်ဘူး။ အခုလို နေရတာပဲ ပိုကောင်းပါတယ်" ဟု အယ်နီက ပြန်ပြောသည်။

"အခုအချိန်အထိ စိတ်ကူးယဉ် အချစ်တွေ မင်းခေါင်းထဲမှာ ရှိနေတုန်းပဲလား အယ်နီ။ မိန်းမတစ်ယောက်ဟာ ကိုယ်ချစ်ကိုဖြစ်ဖြစ်၊ သူချစ်ကိုဖြစ်ဖြစ် ရှာရမယ်။ ကိုယ်ချစ် သူချစ် နှစ်ခုလုံး ညီတာကိုတော့ ရဖို့ မဖြစ်နိုင်ဘူး"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ"

"ကိုယ်လည်း မပြောတတ်ဘူး။ ဒါပေမယ့် အဲဒီလို ဖြစ်ဖို့ကတော့ မလွယ်ဘူး ထင်တယ်။ ဒီအကြောင်းကို မင်း သိဖို့ကောင်းပါတယ်။ အေလင်က မင်းကို ချစ်တယ်၊ မင်းနဲ့လည်း လက်ထပ်ချင်တယ်။ နောက်ပြီးတော့ ကေဗင်ကလည်း မင်းကိုချစ်တယ်။

ဒါပေမယ့် သူတို့ကို အလွယ်ကလေးနဲ့ မင်း စွန့်ပစ်လိုက်နိုင်တယ်။ မင်းမှာ ဘယ်လိုမှ စိတ်ထိခိုက်မှာ မဟုတ်ဘူး။ လိုင်ယွန်ကိုတော့ မင်းက ချစ်တယ်။ ဒါပေမယ့် သူက မင်းကို ပစ်သွားတယ်"

"ဒီလိုတော့လည်း မဟုတ်ပါဘူး သူငယ်ချင်းရယ်၊ အဲဒီကိစ္စကတော့ ကိုယ့်ဘက်က မိုက်မဲတာပါ။ အခုအချိန်ထိအောင် ညပေါင်းများစွာမှာ အိပ်မပျော်နိုင်ဘဲ ဒီအကြောင်းတွေကို ကိုယ် ပြန်စဉ်းစားနေမိတယ်။ ကိုယ်ကသာ ဘယ်လိုလုပ်ခဲ့မယ်ဆိုရင် ဘယ်လိုဖြစ်နိုင်တယ် ဆိုတာမျိုးပေါ့လေ။ ဒါတွေကို မင်း မသိဘူး"

"လောရင့်စ်ဗီးလ်ကို ပြန်သွားပြီး နေဖို့လား"

"ဟုတ်တယ်၊ တစ်သက်လုံး နေဖို့တော့ မဟုတ်ဘူးပေါ့။ သူ့ဘဝဟာ စာရေးဆရာပဲ ဖြစ်နေမှာပါ။ လောရင့်စ်ဗီးလ်မှာ သူ စာရေးနေရင်လည်း သူ့ရဲ့ ပထမဆုံးစာအုပ်ဟာ ဝေဖန်ခန်းတွေမှာတော့ ကောင်းကြောင်း ဝေဖန်ကြလိမ့်မယ်။

ဒါပေမယ့်၊ မရောင်းရလို့ ပိုက်ဆံရမှာ မဟုတ်ဘူး။ နောက်ထပ် သူ ဆက်ပြီး ရေးလိမ့်မယ်။ အဲဒါတွေလည်း ထူးခြားမှာ မဟုတ်ဘူး။ နောက်ဆုံးတော့ ရုပ်ရှင်ဇာတ်လမ်းတွေ၊ ဇာတ်ညွှန်းတွေ သူ ရေးရလိမ့်မယ်။ အခုလည်း လန်ဒန်မှာ သူ ဒီအလုပ်တွေ လုပ်နေတာပဲ။ လောရင့်စ်ဗီးလ်မှာ နေရင်လည်း ဒီအလုပ်တွေကိုပဲ သူ လုပ်ရမှာပဲ။ အမေရိကန်မှာ သူနေမယ်ဆိုရင် နယူးယောက်မြို့မှာနေပြီး ရုပ်မြင်သံကြားအတွက် ဇာတ်ညွှန်းတွေ သူရေးနိုင်တယ်။ ဟောလီးဝုဒ်ကိုသွားပြီး ရုပ်ရှင်ဇာတ်ညွှန်းတွေ ရေးနိုင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်တို့နှစ်ယောက် အတူတူ နေထိုင်နိုင်ကြမယ်။ အခုတော့ လောရင့်စ်ဗီးလ်ကို ကိုယ် အကြောက်ကြီး ကြောက်မိခဲ့လို့ ဒီလို ဖြစ်ကုန်တာ။ ဒီအကြောင်းကိုများ ဟိုတုန်းက စဉ်းစားမိခဲ့မယ်ဆိုရင် . . ."

"ဒါပေမယ့် အယ်နီ၊ မင်းကို လွယ်လွယ်ကလေးနဲ့ အခုလို ကျော်ခိုင်းသွားနိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်ဟာ မင်းကို တကယ် မချစ်လို့ပေါ့"

အယ်နီက နှုတ်ခမ်းကို တင်းတင်းစေ့ လိုက်သည်။

"ကိုယ့်ကို သူ ချစ်ပါတယ်၊ သူချစ်ကြောင်း ကိုယ် သိပါတယ်"

"ဟုတ်နိုင်ပါတယ်၊ အေလင်က မင်း သူ့ကို ချစ်တယ်လို့ ထင်နေသလိုမျိုးပေါ့။ ကေဗင်ကလည်း မင်း သူ့ကို ချစ်တယ်လို့ ထင်နေသလိုမျိုးပေါ့။ မင်းကို သူ လက်ထပ်မယူရင်လည်း မင်းက သူ့ကို ချစ်နေမှာပဲလို့ ကေဗင်က ထင်နေသလိုမျိုးပေါ့။

ဒီမှာ အယ်နီ၊ ကေဗင်က မင်းကို တကယ် ချစ်နေတယ်လို့ မင်း ထင်ရင် မင်းကို လက်ထပ်ယူဖို့ ပြောပါ။ သူချစ်ကိုရဖို့ ဆိုတာ အင်မတန် ခက်ပါတယ်ကွယ်။ ကိုယ့်ဘဝမှာ တစ်ခါမှ သူချစ်ကို မရခဲ့ဖူးသေးဘူး"

"အပိုတွေ ပြောမနေစမ်းပါနဲ့ ဂျနီဖာရယ်၊ ဥရောပတစ်တိုက်လုံးက မင်းကို ချစ်ခဲ့ကြတာပဲ။ အခု အမေရိကန်တစ်ပြည်လုံးက မင်းကို ချစ်ဦးတော့မယ်"

"သူတို့ချစ်တာက ကိုယ့်မျက်နှာနဲ့ ကိုယ့်ခန္ဓာကိုယ်ကို ချစ်ကြတာပါကွယ်။ ကိုယ့်ကို ချစ်တာ မဟုတ်ပါဘူး။ ချစ်ပုံချင်း မတူဘူး အယ်နီ၊ ကိုယ်ဟာ ချစ်စရာမကောင်းတဲ့ မိန်းမ တစ်ယောက်မို့လို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ဂျနီဖာက သူ့ပခုံးများကို တွန့်ပြလိုက်သည်။

"မင်းကို ကိုယ်ချစ်ပါတယ်ကွင်း၊ တကယ်ပါ"

ဂျနီဖာက ပြုံးသည်။

"ကိုယ် သိပါတယ်၊ အခုဆိုရင် မင်းမှာ ကေဗင် ရှိနေပြီ။ ကိုယ့်မှာလည်း အလုပ်လုပ်စရာ ဟောလီးဝုဒ် ရှိနေပြီ"

"ဘာပဲဖြစ်ဖြစ် မင်းရဲ့ အောင်မြင်မှုတွေကိုတော့ မင်း သဘောကျတာပဲ မဟုတ်လား ဂျနီဖာ"

ဂျနီဖာက ပခုံးများကို တွန့်ပြလိုက်သည်။

"တစ်ခါတစ်ရံလောက်ပါပဲ။ ဒါပေမယ့် အလုပ်လုပ်ရမှာကို ကိုယ်မုန်းတယ် သူငယ်ချင်းရယ်။ ကိုယ်ဟာ အလုပ်အကိုင်လုပ်ပြီး နေထိုင်စားသောက်တတ်တဲ့မိန်းမစား မဟုတ်ဘူး။ အများ လေးစားခြင်းခံရတဲ့ ရုပ်ရှင်မင်းသမီးလည်း မဟုတ်ဘူး။ ကိုယ် ထင်ပေါ်ကျော်ကြားတယ် ဆိုတာကလည်း ကိုယ်တစ်ယောက်တည်း ခံစားရတာမျိုး မဟုတ်ဘူး။ တစ်ယောက်နဲ့ ခွဲဝေခံစားရတာမျိုး၊ ပထမဦးဆုံး မင်းသားကြီးနဲ့၊ နောက်တော့ တိုနီပိုလာနဲ့၊ ကိုယ့်ဘဝမှာ တစ်လျှောက်လုံး ဒါမျိုးတွေချည်းပဲ။

ကိုယ့်ကို သူတို့ ချစ်ခဲ့ကြတယ် ဆိုတာလည်း ကိုယ့်မျက်နှာအလှနဲ့ ကိုယ့်ခန္ဓာကိုယ် အလှကိုသာ ချစ်ခဲ့ကြတာပါ။ ကိုယ့်ကို ချစ်ခဲ့ကြတာ မဟုတ်ပါဘူး။ တကယ်ပါပဲ သူငယ်ချင်းရယ်၊ ကိုယ့်ကို တကယ်ချစ်မယ့်လူအတွက် ဆိုရင် ကိုယ့်တစ်ဘဝလုံးကို ပုံပေးလိုက်ပါ့မယ်"

"မင်းကို တကယ်ချစ်တဲ့လူမျိုးကို တွေ့ချင်တယ်ဆိုရင် မင်း တစ်နေ့ မုချ တွေ့ရမှာပါ။ ကိုယ် သေသေချာချာ ပြောရဲပါတယ်"

ဂျနီဖာက အယ်နီ၏လက်ကို လှမ်းဆွဲယူလိုက်သည်။

"ကိုယ့်အတွက် ဆုတောင်းပေးပါ အယ်နီ၊ အခုလို အပြိုင်အဆိုင်လုပ်နေရတဲ့ အလုပ်မျိုးကို ကိုယ်မုန်းတယ်။ ကိုယ့်ကိုချစ်တဲ့ ယောက်ျားတစ်ယောက်ကို လိုချင်တယ်။ ပြီးတော့ ကလေးတစ်ယောက် လိုချင်တယ်။ ကိုယ့်အရွယ် မလွန်သေးပါဘူး။ ကိုယ်လိုချင်တဲ့ ယောက်ျားမျိုး ရပြီးတော့မှပဲ ကိုယ့်အပေါ်မှာ အမြတ်ထုတ်နေကြတဲ့လူတွေကို ကိုယ် အာခံနိုင်တော့မယ်"

ဝ ဝ ဝ

www.burmeseclassic.com

www.burmeseclassic.com

## အယ်နီ

၁၉၆၀

၁၉၆၀ ပြည့်နှစ် နွေဦးပေါက်ရာသီတွင် ကေဗင်ဂေးလ်မိုး နှလုံးရောဂါ အပြင်းအထန်ဖြစ်သဖြင့် ဆေးရုံတင်လိုက်ရသည်။ ရက်သတ္တပတ် နှစ်ပတ်လုံးလုံး အောက်ဆီဂျင် ပေးထားရသည်။ အသက်ကင်းမဲ့နေသူလို ဖြစ်ခဲ့သည်။ ထို့နောက် တဖြည်းဖြည်း သက်သာလာပြီး စကားပြောနိုင်သည့် အခြေအနေသို့ ရောက်သောအခါ အယ်နီ၏လက်ကို လှမ်းဆွဲယူကာ မေးသည်။

"အယ်နီ၊ ဒီတောင်က ကိုယ် ကျော်နိုင်ပါဦးမလား"

အယ်နီက အားပေးသည့်အနေနှင့် သူ့လက်ကို ခပ်တင်းတင်း ပြန်ညှစ်ပြီး ခေါင်းညိတ်ပြသောအခါတွင် သူ့ကိုယ်သူ ယုံကြည်စိတ်ချသွားပုံရလေသည်။

"ကိုယ့်ကို ကတိတစ်ခုပေးပါ။ ကိုယ်ကျန်းမာလာရင် ကိုယ်နဲ့ လက်ထပ်မလား"

လေသံကလေးနှင့် မေးပြန်သည်။

မည်သို့သော ထင်မြင်ချက်မျိုးမျှ မပါသည့် အပြုံးမျိုးကို အယ်နီက ပြုံးပြသည်။

"စကားသိပ်မပြောနဲ့ဦး ကေဗင်၊ နေကောင်းသွားအောင် အနားယူလိုက်ပါဦး"

ကေဗင်၏ မျက်လုံးထဲမှာ မျက်ရည်များ ဝိုင်းလာသည်။

"ကိုယ့်ကို သနားပါ အယ်နီ၊ ကိုယ် သိပ်ကြောက်နေတယ်။ ကိုယ်တစ်ယောက်တည်း အဖော်မရှိဘဲ နေရမယ့်ဘဝကို သိပ်ကြောက်နေပြီ။ မင်း ကိုယ့်ကို လက်ထပ်မယ်ဆိုမှ၊ ကိုယ်နဲ့ မခွဲဘဲ အတူတူ နေတော့မယ်ဆိုမှ ဒီတောင်က ကိုယ်ကျော်နိုင်တော့မှာပါ"

"ကေဗင်၊ အေးအေး အနားယူလိုက်ပါ။ ရှင် နေကောင်းသွားမှာပါပဲ"

"မင်းလိုချင်တဲ့ သားသမီးတွေ မွေးဖို့ဆိုတာကတော့ အချိန် သိပ်နောက်ကျသွားပြီ အယ်နီ။ ဒါပေမယ့် တခြား မင်းလိုချင်တာ ဘာမဆိုဖြစ်အောင် လုပ်ပေးပါ့မယ်။ ကိုယ့်စီးပွားရေးလုပ်ငန်းတွေကိုလည်း ရောင်းပစ်လိုက်တော့မယ်။ ပြီးတော့ ကိုယ်တို့ တစ်ကမ္ဘာလုံးကို လျှောက်လည်ကြမယ်။ ကိုယ်နဲ့ လက်ထပ်ပြီး ကိုယ့်ကို ဘယ်တော့မှ ခွဲမသွားပါဘူးဆိုတာကလေးကို ပြောစမ်းပါကွယ်"

အယ်နီက ပြုံးလိုက်သည်။

"ကောင်းပါပြီ ကေဗင်၊ ကျွန်မ ကတိပေးပါတယ်"

အယ်နီသည် သူ့ခုတင်ဘေးတွင် ရက်သတ္တပတ် ခြောက်ပတ်လုံးလုံး လူနာစောင့်တစ်ယောက်အနေနှင့် မညည်းမညူ စောင့်ရှောက်ပြုစုခဲ့သည်။

သူ အားအင် ပြန်လည် ပြည့်ဖြိုးစပြုသည့် အချိန်မှစ၍ သူတို့နှစ်ယောက် လက်ထပ်ရေးကိစ္စများကို မနားမနေ ပြောနေတော့သည်။

အယ်နီလိုချင်သည့် မည်သို့သောအရာကိုမဆို ဖြစ်အောင် သူ လုပ်ပေးမည့်အကြောင်းများကို မမောနိုင်မပန်းနိုင် ပြောသည်။

သည်လိုဆိုပြန်တော့လည်း အယ်နီမှာ စိတ်ရှုပ်ရတော့သည်။ အကြံအိုက်ရတော့သည်။ ကေဗင်ကို သူ ဘာကြောင့် လက်မထပ်နိုင်ရသနည်း။ ဘာကို စောင့်စား မျှော်လင့်နေမိသနည်း။ သူ့အသက်မှာ သုံးဆယ့်ငါးနှစ် ရှိနေပြီ။

ဘုရား. . . ဘုရား၊ သုံးဆယ့်ငါးနှစ်။

အချိန်တွေ ဘယ်လိုဘယ်လို ကုန်ဆုံးသွားကြသနည်း။ စိတ်ခံစားချက် အနေနှင့်တော့ အတူတူပဲ ဖြစ်သည်။ သို့သော်လည်း အသက်က သုံးဆယ့်ငါးနှစ် ရှိသွားပြီ။ အချိန်များက ကုန်လွယ်လွန်းလှသည်။ တစ်နှစ်ပြီး တစ်နှစ် ကုန်ဆုံးခဲ့သည်။ ယခုတော့ အချိန် သိပ်မရှိတော့ချေ။ အသည်းခိုက်အောင် ချစ်ရသူနှင့် သားသမီးများ မွေးဖွားရေး ရည်မှန်း

www.burmeseclassic.com

www.burmeseclassic.com



ချက်ကြီးကို စွန့်လွှတ်လိုက်ရတော့မည်လော။

တစ်ခုတော့ ဖြေသာပါသေးသည်။

သူသည် လွတ်လွတ်လပ်လပ်နှင့် ချမ်းသာကြွယ်ဝနေပြီ ဖြစ်သည်။ မူလက ရင်းနှီးထားသည့်ငွေသည် ယခု နှစ်ဆ ဖြစ်နေပြီ။ ဟင်နရီကလည်း အတိုးရင်းပွား များများရနိုင်သည့် လုပ်ငန်းများထဲမှာ ရင်းနှီး မြှုပ်နှံပေးသည်။ ကေဗင်ကလည်း သူ့ကုမ္ပဏီ၏ အစုရှယ်ယာပေါင်း များစွာကို နှစ်စဉ်နှစ်တိုင်း သူ့ကို ပေးနေသည်။ ငွေရေးကြေးရေး အကြောင်းကြောင့်လည်း မဟုတ်ပါ။ အလုပ် မလုပ်ဘဲနေဦး၊ ကေဗင်၏ အကူအညီကို မယူဘဲနေဦး၊ အယ်နီသည် ချမ်းသာကြွယ်ဝသည့် သူဌေးမလေးတစ်ယောက် ဖြစ်နေသည်။

အမှန်တော့ သူ့ဘဝတွင် ဘယ်တုံးကမှ ငွေရေးကြေးရေးပြဿနာ မပေါ်ခဲ့။ သူ့ဘဝ စောစောပိုင်းကတည်းက ဘဏ်မှာ ငွေငါးထောင် အပ်ထားနိုင်ခဲ့သည်။ ဂျနီဖာလိုမဟုတ်၊ ဂျနီဖာကတော့ သူ့အမေအတွက်လည်း အမြဲတမ်း ငွေပို့ပေးနေရသည်။

ယခုဆိုလျှင် ဟောလီးဝုဒ်တွင် ဂျနီဖာများစွာ အောင်မြင်နေပြီ။ ထို့ကြောင့် သူ့အတွက် အယ်နီက ဂုဏ်ယူမိသည်။ ရုပ်ရှင်ကား ငါးကား ရိုက်ရသည်။ ဆေးရောင်စုံ ရုပ်ရှင်ကားများဖြစ်ပြီး အလွန်လှပသည့်ကားများ ဖြစ်သည်။

သီချင်းဆိုခန်းများတွင် လူစားထိုး ဆိုပေးသည်။ ကတော့မည် ဆိုလျှင်လည်း လူစားထိုး ကပေးရသည်။ ထိုအကွက်များကို အပေးရိုက်နည်းဖြင့် ပြသည်။ အနီးကပ်ရိုက်သည့် အခါတိုင်း ဂျနီဖာသာလျှင် ဖြစ်လေသည်။ ဂျနီဖာ့အလှက ထူးခြားလွန်းလှလေသည်။

ဒါရိုက်တာနှင့် ဂျနီဖာတို့ ဘာလိုလို သတင်းများ ကြားရသည်။ ထို့နောက် ဇာတ်သိုက်မင်းသားတစ်ယောက်နှင့် ငြိစွန်းနေကြပြီဟု ကြားရပြန်သည်။ နောက်ဆုံး ကြားရသောသတင်းက ရုပ်ရှင်ထုတ်လုပ်သူတစ်ဦးနှင့် ဂျနီဖာတို့ ရည်ငံနေကြပြီဟု ဆိုသည်။

သို့သော်လည်း အယ်နီနှင့် ဂျနီဖာ စကားပြောသည့် အခါတိုင်းတွင်သော် လည်းကောင်း၊ အယ်နီထံသို့ စာလှမ်းရေးသည့် အခါတိုင်းတွင်သော် လည်းကောင်း သူ့ကို အမှန်တကယ် ချစ်မြတ်နိုးမည့် ယောကျ်ားတစ်ယောက်ကို တွေ့နိုင်အောင် ဂျနီဖာ ရှာနေဆဲဖြစ်ကြောင်း အယ်နီ သိသည်။

ဆေးရုံမှ ဆင်းရမည့်ရက်များ တဖြည်းဖြည်း နီးကပ်လာသောအခါ ကေဗင်က သူတို့၏ ပျားရည်ဆမ်းခရီးနှင့် ပတ်သက်ပြီး အစီအစဉ်များ လုပ်နေသည်။

"မင်း အလုပ်တွေကို စွန့်လွှတ်လိုက်ရတော့မယ်ဆိုရင် မင်းစိတ်ထဲမှာ ဘယ်လိုမှ မနေဘူးဆိုတာ သေချာတယ်နော်"

ဟုလည်း သူက စိတ်အားထက်သန်စွာ မေးသည်။

"ကျွန်မအလုပ် ဆိုတာက ဘယ်လောက်များ အရေးကြီးတာမို့လဲ။ အမှန်ကတော့ ကျွန်မ ဒီလို အခြေအနေမျိုးကို ရောက်လာအောင် ရှင် လုပ်ပေးတာပဲ မဟုတ်လား ကေဗင်"

အယ်နီက ရယ်မိသည်။

"မဟုတ်သေးပါဘူး အယ်နီ၊ မင်းကို စံပြမယ်အဖြစ်နဲ့ပဲ ကိုယ် အစက ပွဲထုတ်ခဲ့တာပါ။ အခုလို ဖြစ်လာအောင်က မင်းဟာမင်း ကြိုးစားယူခဲ့တာပဲ။ မင်း သိပ်တော်ပါတယ်၊ ကိုယ်တို့ကုမ္ပဏီမှာလည်း မင်းမရှိရင် မဖြစ်သလောက် ဖြစ်နေပြီလေ"

"ကောင်းပါပြီလေ၊ အဲဒီကုမ္ပဏီမှာ မရှိမဖြစ်တော့တဲ့ ကျွန်မကို ကုမ္ပဏီလက်ထဲကနေ ရှင်ကြိုက်တဲ့ အချိန်မှာ ခေါ်သွားနိုင်ပါပြီ။ ကုမ္ပဏီလည်း မထိခိုက်၊ ကျွန်မလည်း အကျိုးမဆုတ်ယုတ်နိုင်ဘူးလို့ ထင်ရတာပါပဲ"

"မင်းကို ကိုယ်ချစ်တယ် အယ်နီ၊ ကိုယ့်ကုမ္ပဏီကိုလည်း ရောင်းပစ်လိုက်တော့မယ်"

ကေဗင်က အယ်နီကို ဖက်ရင်း ပြောသည်။

"ကဲ- နားလိုက်ဦးနော်။ ကျွန်မ သွားတော့မှပဲ ပျားရည်ဆမ်းခရီးအတွက် အစီအစဉ်တွေ လုပ်တာပေါ့"

"မင်း သွားရဦးမှာလား"

အယ်နီ၏လက်ကို သူက ကိုင်မြဲ ကိုင်ထားသည်။

"အခုအချိန်အထိ ရှင့်ကုမ္ပဏီမှာ ကျွန်မ အလုပ်လုပ်နေတုန်းပဲလေ။ ဒီကနေ့ည ရုပ်မြင်သံကြားလွှင့်ဖို့ ရှိနေတယ်"

သူက ခပ်အေးအေးပင် ပြန်ပြောသည်။

"အယ်နီ၊ မင်းနဲ့ကိုယ်နဲ့ဟာ အဖြူစွမ်းစရိုယပုဒ်ကို စောင့်ထိန်းကြရမှာနော်။ အကြာကြီး စောင့်ထိန်းရလိမ့်မယ်။ ကိုယ့်ကျန်းမာရေး

www.burmeseclassic.com



ကြောင့် တစ်သက်လုံး ဖြစ်ချင်လည်း ဖြစ်သွားနိုင်တယ်"

"ဒီအတွက် မပူပါနဲ့ ကေဗင်"

"မင်းကို ကိုယ် လက်လွှတ်လိုက်ရမှာပါကွယ်။ ကိုယ် ဆုံးရှုံးရမှာပဲဆိုတာ ကိုယ်အလိုလို သိနေတယ်"

ကေဗင်က ရှိုက်ပြီး ငိုနေပြန်သည်။

ထိုအဖြစ်ကို မြင်သောအခါ အယ်နီစိတ်မကောင်း ဖြစ်မိသည်။ ပြင်းထန်သည့် ဝေဒနာကို ခံစားနေရသောကြောင့် ယောကျ်ားရင့်မာကြီး ဖြစ်သော်လည်း ဂုဏ်သိက္ခာများကို စောင့်ထိန်းနိုင်ခြင်း မရှိတော့။

အယ်နီက အသာအယာ ပွတ်ပေးနေမိသည်။

"ကျွန်မ ရှင်နဲ့ပဲ အတူတူ ရှိနေမှာပါ ကေဗင်၊ ကျွန်မ ကတိပေးပါတယ်"

ဩဂုတ်လသို့ ရောက်လာသောအခါ ကေဗင် အလုပ်ပြန်ဆင်းနိုင်သည်။ ကျန်းကျန်းမာမာနှင့် သူ့အလုပ်စားပွဲမှာ ထိုင်နိုင်သည်။ ယခင်တုန်းကကဲ့သို့ပင် လုပ်ငန်းများကို အားကြိုးမာန်တက် လုပ်ကိုင်နိုင်နေပြီ ဖြစ်သည်။ ဆေးရုံပေါ်မှာ ရက်ပေါင်းများစွာ အသက်ကင်းမဲ့သူလို နေရင်း အောက်ဆီဂျင် ပေးထားခဲ့ရသည့် အချိန်များကိုပင် သူတို့စိတ်ထဲက ပျောက်ကွယ်သလောက် ဖြစ်နေတော့သည်။

ယခုတော့ နှလုံးရောဂါ မဖြစ်ခင်အချိန်တုန်းကထက်တောင် ပိုပြီး အလုပ်ကို အကောင်းဆုံး လုပ်နိုင်နေသည်ကို တွေ့ကြရသည်။ ထိုသို့ ဖြစ်လာသည်မှာလည်း အကောင်းဆုံးသော ဓမ်မာင်းနှင်အားကြောင့်ပင် ဖြစ်လေသည်။ အယ်နီနှင့် လက်ထပ်ရတော့မည် ဆိုခြင်းသည် အကောင်းဆုံးသော အားဆေးကြီးပင် ဖြစ်လေသည်။

မှန်ပါသည်။ တစ်ကိုယ်တည်း အထီးကျန်ဘဝနှင့် ရပ်တည်နေရသည့်အချိန်သည် သူ့အဖို့ ကြောက်မက်ဖွယ် အကောင်းဆုံးသောအချိန် ဖြစ်သည်။ ညပိုင်းအချိန်များတွင် သူတစ်ယောက်တည်း ဘာမဆို ဖြစ်ချင်ရာ ဖြစ်သွားနိုင်သည်။

"ကုမ္ပဏီအတွက် အကောင်းဆုံးဖြစ်အောင် ကိုယ်လုပ်ပေးခဲ့ချင်တယ်။ ကုမ္ပဏီက ငွေနှစ်ဆယ့်နှစ်သန်းကို ကိုယ် ထုတ်မယူသေးဘဲ ထားမယ်။ အုပ်ချုပ်ရေးဘုတ်အဖွဲ့ရဲ့ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌအဖြစ်နဲ့လည်း ကိုယ် ဆက်နေရဦးမယ်။ ကုမ္ပဏီဟာ ကိုယ့်နာမည်ကို ခံယူထားသမျှ ကာလပတ်လုံး အဆင့်အတန်း ကျမသွားအောင် ထိန်းထားဖို့ လိုလိမ့်မယ်။ လာမယ့် နှစ်ဆန်းတာနဲ့ တစ်ပြိုင်တည်း အားလုံး ရှင်းပြီးလင်းပြီး ဖြစ်လိမ့်မယ်လို့ ကိုယ်ထင်တယ်။ ဖေဖော်ဝါရီလကို နောက်အကျ ဆုံးထားပြီး ကိုယ်တို့ လက်ထပ်ကြရအောင်နော်။ သဘောကျတယ် မဟုတ်လား။

ဒါပေမယ့်၊ မင်း လက်ခံနိုင်မယ်ဆိုရင် အခုချက်ချင်းလည်း ကိုယ်တို့ လက်ထပ်လို့ ဖြစ်ပါတယ်"

ကေဗင်က အယ်နီကို ရှင်းပြနေသည်။

"ဒါလောက်ကြာအောင် နေလာကြပြီးမှတော့ လောမနေပါနဲ့တော့။ နောက်ပြီးတော့ လက်ထပ်ပြီးတာနဲ့ တစ်ပြိုင်တည်း ကျွန်မတာ ပျားရည်ဆမ်းခရီးကို တန်းထွက်ချင်တာ"

အယ်နီက ပြုံးသည်။

"ဒီလိုဆိုရင် ဖေဖော်ဝါရီလမှာ လက်ထပ်ကြစို့။ အဲဒီလကိုပဲ ယတိပြတ် သတ်မှတ်လိုက်တော့မယ်။ လက်ထပ်ပြီးတာနဲ့ ပျားရည်ဆမ်းခရီးသွားမယ်။ ကမ္ဘာတစ်ပတ် ပတ်ကြမယ်"

"တကယ့်ကို ကမ္ဘာတစ်ပတ်လား၊ လန်ဒန်တစ်မြို့တည်း မဟုတ်ဘူး။ ပါရီတစ်မြို့တည်း မဟုတ်ဘူး၊ ရောမ တစ်မြို့တည်း မဟုတ်ဘူး။ အရှေ့ပိုင်းကိုလည်း သွားမယ်၊ အိန္ဒိယတို့ ဂရိတို့ စပိန်တို့ကိုပါ သွားမယ်နော်"

ကေဗင်က အယ်နီကို ကပ်ပြီးကြည့်သည်။

"အလုပ်ကိစ္စတွေကလည်း ပါလာသေးတာပဲလား။ စပိန်လို့လည်း ပြောပြီးရော မင်းမျက်နှာအမူအရာ ပြောင်းသွားတာ ကိုယ်သတိထားလိုက်မိတယ်။ ကောင်းပါပြီလေ၊ စပိန်တစ်ပြည်လုံးကို ကိုယ်တို့ မွှေလှန်ရှာကြမယ်။ နီလီကို ကိုယ်တို့ ပြန်တွေ့ကြရမှာပေါ့။ တွေ့အောင်ရှာဖို့ ကိုယ် ကတိပေးပါတယ်"

နီလီအတွက် အယ်နီ မကြာခဏသောကရောက်ရသည်။ ရုပ်မြင်သံကြား ထုတ်လွှင့်ဖို့ အစီအစဉ် ပျက်ပြားသွားပြီးနောက်တွင် နီလီကို အနုပညာလောကမှ တစ်နည်းတိတိ ပယ်ထုတ်လိုက်သည်။

ထို့နောက် နီလီအတွက် အကြီးအကျယ် ကြော်ငြာကြပြန်သည်။ ထိပ်တန်း ရုပ်ရှင်ကုမ္ပဏီကြီး တစ်ခုမှ ဆေးရောင်စုံ ရုပ်ရှင်ကား

www.burmeseclassic.com

www.burmeseclassic.com



တစ်ကား ရိုက်ထုတ်ရန် နီလီနှင့် စာချုပ်ကြသည်။

နီလီ၏ ကိုယ်လုံးကိုယ်ထည်မှာ အလောတော် သွယ်သွယ်လျလျ ပြန်ဖြစ်နေသည်။ ရုပ်ကလည်း ချောမောလှပသည်။ အားလုံးက နီလီကို စိတ်ဝင်စားနေကြသည်။ နီလီအိုဟာရာ ရုပ်ရှင်ပြန်ရိုက်တော့မည် ဆိုခြင်းအတွက် ကြီးမားသည့် အဖြစ်အပျက်ကြီးတစ်ခု အဖြစ်နှင့်လည်း သဘောထားကြသည်။

ထိုရုပ်ရှင် စရိုက်ပြီး ရက်များမကြာမီမှာပင် ထုံးစံအတိုင်း စိတ်မချမ်းသာစရာ သတင်းများ ထွက်ပေါ်လာပြန်သည်။သတင်းစာများက ဝိုင်းဝန်း ရေးသားကြပြန်သည်။

နီလီကြောင့် ရုပ်ရှင် ဆက်မရိုက်နိုင်ဘဲ ရုပ်ဆိုင်းထားရသည်ဆိုသော သတင်းများ။

နီလီမှာ ခါးအောင့်သည့်ရောဂါ ရှိနေသည်ဆိုသည့် သတင်းများ။

နီလီ၏လည်ပင်းတွင် ရောဂါဖြစ်နေပြီး အသံဝင်နေသည် ဆိုသည့် သတင်းများ။

ထိုသို့ ကြားနေရာမှ ကျော်မကောင်း ကြားမကောင်းများ ဖြစ်တော့သည်။ ရုပ်ရှင်ရိုက်ကူးရေးကို ဖျက်သိမ်းပစ်လိုက်ကြရသည်။ ဒေါ်လာ ငါးသိန်းခန့် ဆုံးရှုံးသွားသည်။ နီလီသည် စိတ်မချရသော မင်းသမီး၊ အလုပ်ကို အလုပ်နှင့်တူအောင် မလုပ်တတ်သော မင်းသမီး၊ လုပ်ဖော်ကိုင်ဖက်များကို ဒုက္ခပေးတတ်သော မင်းသမီးအဖြစ် ဝိုင်းဝန်း ကင်ပွန်းတပ်ကြပြန်သည်။ တကယ်လည်း သူ့အသံ ပျက်သွားပြီ ဟူသော ကောလာဟလများ ထွက်လာသည်။

ဆယ်ရက်လောက်ကြာတော့ ဆိုင်းမဆင့် ပတ်မပျိုးဘဲနှင့် အယ်နီ၏အခန်းသို့ နီလီ ရောက်လာသည်။ သူ့မှာ ပိုက်ဆံလည်း တစ်ပြားမှ မရှိတော့။ သူ့အိမ်ကြီးကို ရောင်းချရန် သူ့ရှေ့နေများက အစီအစဉ်များ လုပ်နေသည်။ မတတ်သာသည့် အဆုံးတွင် နီလီကို သူ့အခန်းမှာပင် အယ်နီက လက်ခံလိုက်ရပြန်သည်။

အမှန်တော့ သူ့မှာလည်း အလုပ်တွေက များပြားလွန်းလှသည်။ ရုပ်မြင်သံကြား မပြတ် လွှင့်နေရသည့်အတွက် မအားနိုင်အောင် ဖြစ်နေသည်။ အဝတ်အစား အတိုင်းများ ပေးရသည်။ ဇာတ်ညွှန်းများကို လေ့လာရသည်။ ဇာတ်တိုက်ကြရသည်။

သူ့အခန်းသို့ နီလီ ရောက်လာစတုန်းကတော့ ရုတ်တရက် မုန်တိုင်းကျလိုက်သလို အခြေအနေ အရုပ်ရုပ်တို့ ပြောင်းလဲသွားသည်။ အယ်နီ၏အခန်းမှ တယ်လီဖုန်း ခေါင်းလောင်းသံသည် အသံမစဲအောင် မြည်နေသည်။ သတင်းစာဆရာများ တသောသော ရောက်လာနေကြသည်။

နီလီနှင့် တွေ့ခွင့်ရဖို့ ကြိုးစားကြသည်။ နီလီကို သဘောကျသည့် ရုပ်ရှင်ပရိသတ်ကလည်း နီလီကို တွေ့ခွင့်ရဖို့ အလုအယက် တောင်းဆိုကြသည်။ ဘယ်လိုပဲ ဖြစ်ဖြစ် မိမိကဲ့သို့သော အဖော်ကောင်းတစ်ယောက် နီလီမှာ လိုအပ်နေပြီ ဖြစ်ကြောင်း အယ်နီက သိသည်။ ယခုလို အဖြစ်အပျက်များသည် တစ်ပတ် နှစ်ပတ်ကြာလျှင် ရုပ်စဲသွားလိမ့်မည်ဟု မျှော်လင့်ထားမိသည်။

သို့သော်လည်း တစ်ပတ် နှစ်ပတ်မျှလောက်နှင့် ရပ်တန့်သွားခြင်း မရှိ။ လသို့ ကူးလာသည်။သူတို့အိမ်ခန်းကလေးမှာ အမြဲတမ်း တယ်လီဖုန်းတွေ၊ လူတွေနှင့် ရှုပ်ထွေးနေတတ်သည်။ အိမ်ဖော်အမျိုးသမီး သုံးယောက် အလုပ်ထွက်သွားသည်။ သတိ မရတစ်ချက်၊ ရတစ်ချက် ဖြစ်နေသော နီလီကို မကြာခဏ တွေ့ရသည်။

ဟိုဟာကျကွဲ သည်ဟာကျကွဲနှင့် အကွဲအရှ အပျက်အစီးလည်း များလှသည်။ အိပ်ဆေးပုလင်းပေါင်း များစွာတို့ကိုလည်း အယ်နီ သွန်ပစ်ခဲ့ရသည်မှာ အကြိမ်ကြိမ်။ သို့သော်လည်း နီလီသည် အိပ်ဆေးများ မပြတ်ရနေသည်။ နေရာတကာမှာ အယ်နီ မမြင်အောင် ဝှက်ထားတတ်သည်။

ထိုနေရာများမှ သူ လိုသလောက် ရနေသည်။ အိပ်ဆေးသောက်ပြီး အိပ်မနေသည့် အချိန်မျိုးတွင်လည်း ဝီစကီပုလင်းကို လက်တစ်ဖက်မှာ ကိုင်ရင်း မနားတမ်း သောက်နေသည်။ ပါးစပ်ကလည်း ဟောလီးဝုဒ် တစ်လောကလုံးကို ကျိန်ဆဲ၍ မဆုံးနိုင်အောင်ရှိသည်။

နောက်ဆုံးတွင်တော့ နီလီ တခြားသို့ ပြောင်းနေရန် ကေဗင်က ဝင်ပြောရတော့သည်။ ဟိုတယ်တစ်ခုသို့ ရွှေ့ပြောင်းပေးသည်။ ကေဗင်၏ ဧည့်သည်အဖြစ်နှင့် ယင်းဟိုတယ်တွင် နီလီ နေချင်သလောက် နေထိုင်ခွင့်ကို ပေးထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ရောင်းပြီးသဖြင့် ငွေရောက်လာသောအခါ ထိုဟိုတယ်မှ နီလီ ပျောက်သွားသည်။ ဘယ်ရောက်သွားသည်ကို မည်သူမျှ မသိလိုက်ကြ။ ရက်သတ္တပတ် အနည်းငယ်ကြာသောအခါတွင် ဂရင်းဝစ် ရဲစခန်းမှာ နီလီကို သွားတွေ့ကြသည်။ ပတ်ဝန်းကျင် ငြိမ်းချမ်းသာယာမှုကို ချိုးဖောက်မှုဖြင့် ရဲက ဖမ်းဆီးအရေးယူထားခြင်း ဖြစ်သည်။

အိမ်မှာ ဧည့်ခံပွဲကြီးတစ်ခု ပြုလုပ်ပြီး ဆူညံကြသောကြောင့် ဖြစ်သည်ဟု ဆိုသည်။ သတင်းစာထဲမှာ ပါလာသည့် သူ့ရုပ်မှာ မှတ်မိနိုင်စရာ အကြောင်းပင် မရှိတော့။ ကိုယ်လုံးက အလွန်ဝနေသည်။ ညစ်ပတ်ပေရေနေသည်။ မျက်လုံးများ ရဲရဲတောက်နေသည်။ ဆံပင်များကလည်း ဖိုသီဖတ်သီနှင့် ကိုးကန်းသိုက် ဖြစ်နေသည်။

သူရှိနေသည့် ရဲစခန်းသို့ အယ်နီ အပြေးအလွှား သွားရပြန်သည်။

ပဋ္ဌမရိပ်သာ အောက်လမ်းမရှိ ခေတ်မီသည့် အိမ်တစ်လုံးတွင် နီလီ နေထိုင်သည်။

သို့သော်လည်း သူ့အိမ်မှာ အိမ်နှင့်မတူ။ သူသာန်တစပြင်နှင့် တူနေသည်။ အရက်ပုလင်းများနှင့် တစ်အိမ်လုံး ရှုပ်ပွနေသည်။ အိမ်ထောင်ပရိဘောဂ အများစုတို့မှာလည်း ကျိုးပဲ့ပျက်စီးနေသည်။ စားပွဲများမှာလည်း ပေရေညစ်ပတ်နေပြီး နေရာပေါင်း များစွာတို့တွင် စီးကရက်တိုကို စည်းမဲ့ကမ်းမဲ့ တင်ထားသဖြင့် မီးကျွမ်းနေကြသည်။

နီလီ၏ ခုတင်ပေါ်မှ တွန့်ကြေနေသော အိပ်ရာခင်းသည် သည်အိမ်သို့ နီလီ ပြောင်းလာသည့် အချိန်မှစ၍ တစ်ကြိမ်တစ်ခါမျှ လဲလှယ်ခြင်း မပြုသေးသည့်ပုံ။

"အစ်မနဲ့ ကျွန်မ အတူတူလာပြီး နေပါရစေ အစ်မရယ်၊ ကျွန်မမှာ ပိုက်ဆံအများကြီး ရှိပါတယ်။ ကျွန်မတစ်ယောက်တည်း နေလို့ မရတော့ဘူး။ ဒါကြောင့် ကျွန်မ အမြဲတမ်း ဧည့်ခံပွဲတွေ လုပ်နေရတာပေါ့။

အခုတော့ အဲဒီ ဧည့်သည် အစုတ်အပဲ့တွေ လက်ချက်နဲ့ ဒီအိမ် ဘယ်လိုဖြစ်နေပြီလဲ ကြည့်ပါဦး။ ကျွန်မ ငှားခါစတုန်းက သပ်ကို သပ်ရပ်သန့်ရှင်းတဲ့အိမ်ပါ။ အိမ်ရှင်ကလည်း သူ့အိမ်ပျက်စီးလို့ ကျွန်မကို တရားစွဲနေပြီ။ ဒါကြောင့် ကျွန်မ ဒီကပြောင်းမှ ဖြစ်တော့မယ်"

"နီလီ၊ မင်းကိုယ်မင်း ထိန်းသိမ်းမှ ဖြစ်တော့မယ်။ မင်းရဲ့ ကိုယ်စားလှယ်တွေနဲ့လည်း ငါ တိုင်ပင်ကြည့်ပြီးပြီ။ မင်းဟာ အခုထက်တိုင် အောင် နာမည်ကြီးတုန်းပဲ ရှိနေသေးတာ။ ဘရော့ဒ်ဝေး ဇာတ်ရုံတွေမှာ မင်း ဇာတ်ကမယ် ဆိုရင်လည်း ဖြစ်နိုင်တာပဲ"

"မဖြစ်ပါဘူး၊ ကျွန်မက ယုံကြည်စိတ်ချရတဲ့ မင်းသမီးမှ မဟုတ်ဘဲ။ ကျွန်မကို သူတို့အားလုံးက ကြောက်နေကြတာ မဟုတ်လား"

"မင်း စည်းနဲ့ကမ်းနဲ့ အလုပ်လုပ်ရင် ဒီလိုဘယ်ဖြစ်မလဲ၊ အခုလည်း ဘရော့ဒ်ဝေး ဇာတ်ရုံ တစ်ရုံရုံမှာ ဝင်ကပြီး မင်းဟာ သူတို့ပြောနေသလို အလုပ်နဲ့ပတ်သက်လို့ ယုံကြည်စိတ်ချရတဲ့ မင်းသမီး မဟုတ်ဘူးဆိုတာ မှားကြောင်း လက်တွေ့လုပ်ပြရမှာပေါ့"

"ကျွန်မ သိချင်းဆိုလို့ မရတော့ဘူး အစ်မရယ်၊ ကျွန်မ အသံပျက်သွားပြီ"

"မင်း ဒီလို နေနေလို့တော့ ဘယ်လိုလူမျိုးမှ ဆိုနိုင်မှာ မဟုတ်ဘူး။ ဆေးလိပ်သောက်တာကိုလည်း မင်း ဖြတ်ပစ်မှဖြစ်မယ် နီလီ။ မင်းသောက်တာဟာ ငါသောက်တာထက် ပိုများနေပြီ။ နောက်ပြီးတော့ လေးငါးဆယ်ရက်လောက် ဆေးရုံတက်နေလိုက်ပါလား"

"မတက်ချင်ပါဘူး၊ ဒေါက်တာရိုးလ်ကလည်း ကျွန်မကို ဒီအတိုင်း ပြောတယ်။ သူက ကျွန်မရဲ့ စိတ်ရောဂါအထူးကုဆရာဝန်အသစ်ပဲ။ သူက ကော်နက်တီးကတ်ကို သွားပြီး ဟိုက ဆေးရုံမှာ အနားယူပါတဲ့။ တစ်လကို တစ်ထောင်လောက်ကျမယ်။ဒါပေမယ့် ကျွန်မက ရောဂါသည်မှ မဟုတ်ဘဲ။ စိတ်မချမ်းသာတာ တစ်ခုပဲ ရှိတယ်"

"ဟုတ်ပါပြီ၊ ငါပြောတာကလည်း ရိုးရိုးဆေးရုံကိုတက်ပြီး ကုဖို့ပြောတာပါ။ မင်း အိပ်ဆေးစွဲနေတာကို ပျောက်အောင် ကုရမယ်။ ပုံမှန်ဘဝ ပြန်ရောက်သွားအောင် လုပ်ရမယ်"

"မတက်ပါရစေနဲ့ အစ်မရယ်၊ အစ်မ အိမ်မှာပဲလိုက်ပြီး နေပါရစေ။ ကျွန်မ လိမ်လိမ်မာမာ နေပါ့မယ်။ အိပ်ဆေးလည်း မသောက်တော့ပါဘူး။ ဘုရားစူးရပါစေရဲ့၊ ကျွန်မ တကယ် ပြောတာပါ"

သည်လို ကျိန်တွယ်ပြောသည့် စကားများကို ယခင်ကလည်း အယ်နီ ကြားဖူးသည်။ မိမိ စဉ်းစားကြည့်ပါဦးမည်ဟုသာ အယ်နီက ပြောခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

နီလီထံမှ ပြန်လာပြီး နီလီ၏ ဆရာဝန်နှင့် သွားတွေ့သည်။ သူကလည်း နီလီအတွက် စိုးရိမ်ပူပင်နေသည်။

ဆေးရုံတွင် နှစ်ပတ် သုံးပတ်လောက် တက်နေလိုက်လျှင် အထိုက်အလျောက်တော့ သက်သာရရနိုင်သည်ဟု ဆရာဝန်က ပြောသည်။ သို့သော်လည်း လုံးဝ ပျောက်ကင်းသွားအောင်တော့ ကုသနိုင်တော့မည်မဟုတ်။ စိတ်ရောဂါ အထူးကုဆရာဝန်နှင့် သေသေချာချာ ကုမှသာ ဖြစ်နိုင်စရာ ရှိတော့ကြောင်းကိုလည်း ဆရာဝန်က ပြောပြလိုက်သည်။

ထိုနေ့ညက နီလီ ပျောက်သွားသည်။ ဆေးရုံတက်ရမည်ကို ကြောက်သောကြောင့်လည်း ဖြစ်နိုင်သည်။ နီလီ ဘယ်အရပ်သို့သွားကြောင်း မည်သူမျှ မသိကြ။ သူ့လက်ထဲမှာ ဒေါ်လာတစ်သိန်းလောက်တော့ ရှိသေးသည်။ သို့သော် ယခုလို သူ သုံးဖြုန်းနေပုံမျိုးနှင့်ဆိုလျှင် ထိုငွေသည်လည်း ကြာရှည်ခံမည် မဟုတ်။

လန်ဒန်မြို့သို့ နီလီ ရောက်သွားသည်။ အင်္ဂလိပ်သတင်းစာများက သူ့အကြောင်းကို ဝိုင်းဝန်းရေးသားပြီး ကြိုဆိုကြသည်။ ညေ့ခံပွဲပေါင်း များစွာသို့ တက်နေသည်။ ပလေဒီယန်ဟိုတယ်မှာ တည်းခိုဖို့ စာရင်းပေးထားသည်။ သို့သော်လည်း နောက်ဆုံးတွင် အစီအစဉ်ကို ဖျက်ပစ်လိုက်သည်။ နောက် မကြာမီမှာပင် စပိန်ပြည်သို့ ရောက်သွားပြီဖြစ်ကြောင်း သတင်းစာများက ရေးကြပြန်သည်။ စပိန်ပြည်မှာပင် သူ အခြေချ နေထိုင်တော့မည်ဟု ထင်မှတ်ရသည်။

စပိန်ပြည်မှာ ရုပ်ရှင်ကားတစ်ကားရိုက်ရန် သဘောတူသည်။ အကြီးအကျယ် ကြော်ငြာသည်။ သို့သော်လည်း ရုပ်ရှင်ကားသည် မည်သည့်အခါတွင်မျှ ထွက်ပေါ်လာနိုင်ခြင်း မရှိတော့ချေ။ နီလီ၏ အကြောင်းလည်း တဖြည်းဖြည်းနှင့် တိမ်မြုပ် ပျောက်ကွယ်သွားတော့သည်။ သတင်းစာများက သူ့အကြောင်းကို ရေးသားခြင်း မပြုကြတော့။

အယ်နီ ရေးလိုက်သည့် စာများသည်လည်း *လိပ်စာရှင် ရှာမတွေ့ပါ* ဟူသော မှတ်ချက်နှင့် ပြန်လာလေ့ရှိသည်။

နီလီသည် လုံးဝ ပျောက်ကွယ်သွားပြီနှင့်တူသည်။

၀ ၀ ၀

## ဂျနီဖာ

၁၉၆၀

မည်သူတစ်ယောက်မျှ မသိလိုက်ရဘဲ နိုဝင်ဘာလ ကုန်ခါနီးတွင် နယူးယောက်မြို့သို့ ဂျနီဖာ ရောက်လာသည်။ သူက ဖုန်းလှမ်းဆက်သောအခါ အယ်နီမှာ အလွန်အမင်း အံ့ဩသွားသည်။

"ကိုယ် မင်းနဲ့တွေ့စရာ ရှိနေတယ်။ အခု ရှယ်ရီဟိုတယ်မှာ ကိုယ်ရောက်နေတယ်"

ဂျနီဖာက စိတ်အားထက်သန်စွာ ပြောသည်။

"ကိုယ် အခု ချက်ချင်း လာခဲ့မယ်။ ပြဿနာတစ်ခုခုများ ဖြစ်လာလို့လား"

"မဖြစ်ပါဘူး၊ အကုန်လုံး ပုံမှန်အတိုင်းပါပဲ။ သိပ်ကို အခြေအနေကောင်းပါတယ်။ အယ်နီ၊ ကေဗင်က ကုမ္ပဏီ ရောင်းပစ်လိုက်ပြီဆိုတာ သတင်းစာထဲမှာ ကိုယ်ဖတ်ရတယ်။ မင်းတို့ ဘယ်တော့ လက်ထပ်ကြမှာလဲ"

"ဖေဖော်ဝါရီ ဆယ့်ငါးရက်နေ့လောက်မှာ ဖြစ်အောင်တော့ ကြိုးစားနေကြတာပဲ"

"ကောင်းလိုက်တာကွယ်၊ ကိုယ်တို့ မင်္ဂလာဆောင်နှစ်ခု ပြိုင်ပြီး လုပ်နိုင်တာပေါ့"

"ဟုတ်တာပေါ့၊ ကိုယ်တို့ ဘာ. . . ဘာ ပြောလိုက်တယ်"

"ဒီကိုသာ လာခဲ့ပါလေ၊ ဟိုတယ်တယ်လီဖုန်းနဲ့ ကိုယ်ပြောနေရတာ၊ သိတယ် မဟုတ်လား"

အယ်နီ ရောက်သွားသောအခါ စောင့်နေရသဖြင့် စိတ်မရှည်နိုင်အောင် ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည့် ဂျနီဖာကို တွေ့ရသည်။

"အသားညှပ်ပေါင်မုန့်နဲ့ ကိုကာကိုလာ အဆင်သင့် မှာထားတယ်။ ကိုယ်တို့ ဟိုတုန်းကလိုပဲ အေးအေးဆေးဆေး စကားပြောကြရအောင်၊ အချိန်ရတယ် မဟုတ်လား"

"တစ်နေ့ခင်းလုံး ကိုယ်အားတယ်။ ဂျင်းဘယ်သူနဲ့ လက်ထပ်မှာလဲ၊ ပြောစမ်းပါဦး"

ဂျနီဖာ၏ မျက်လုံးများသည် အရောင်ရွှန်းလက်နေကြသည်။

"အိုး- အယ်နီ၊ ကိုယ် သိပ်ပျော်တာပဲ။ နောက် သောကြာနေ့ဆိုရင် ကိုယ် အသက်လေးဆယ်ပြည့်တော့မယ်။ အဲဒါတွေကိုလည်း ကိုယ် ဂရုမစိုက်နိုင်တော့ဘူး။ အခုအထိ ကိုယ် သွေးမဆုံးသေးဘူးလေ။ ကိုယ် သားသမီးရနိုင်သေးတယ်။ ဟုတ်တယ်၊ အခုအချိန်မှာ အသက်လေးဆယ်ဆိုတာ ဘာမှ ပြဿနာမဟုတ်ဘူး"

အသက်လေးဆယ်။

ထိုစကားလုံးသည် အယ်နီ၏ရင်ကို ပြေးဆောင့်လိုက်သည်။ ဂျနီဖာ အသက်လေးဆယ် ရှိပြီ။ သို့သော်လည်း သူ့ရုပ်ရည်သည် အလွန် နုပျိုလှပနေသည်။အသက်လေးဆယ် အရွယ်တုန်းက ဟယ်လင်လော်ဆန်၏ ရုပ်ပုံကို ပြန်တွေးကြည့်မိသည်။ အသက် လေးဆယ့်နှစ်နှစ် အရွယ်တွင် ကွယ်လွန်သွားသည့် သူ့အမေ၏ ရုပ်ပုံကို ပြန်တွေးကြည့်မိသည်။

သို့သော်လည်း ဂျနီဖာသည် မယုံကြည်နိုင်စရာ ကောင်းလောက်အောင် အရွယ်တင်နေသည်။ အသားအရေများက တင်းတင်းရင်းရင်း ရှိသည်။ ရုပ်ရည်ကိုကြည့်လျှင် နှစ်ဆယ့်ငါးနှစ်လောက်သာ ရှိဦးမည်ဟု ခန့်မှန်းရသည်။

"ဝါရှင်တန်မြို့မှာ လုပ်ခဲ့တဲ့ ရီပတ်ဘလီကင်ပါတီ လူထုအင်အားပြပွဲကြီးကို ကိုယ် တက်ခဲ့တာ မှတ်မိသေးသလား။ ပါတီညီလာခံကြီး မလုပ်ခင်ကလေ"

ဂျနီဖာက မေးသည်။

"မှတ်မိတာပေါ့၊ မဟုတ်ကာမှလွဲရော ဒီမိုကရက်တွေအတွက် မဲဆွယ်ရအောင် မင်း သွားတာပဲ ဖြစ်မယ်လို့တောင် ကေဗင်က ပြောနေသေးတယ်"

အယ်နီက ပြောရင်းရယ်သည်။

ဂျနီဖာက ပြုံးသည်။

"ရုပ်ရှင်ကုမ္ပဏီက ကြော်ငြာသဘောမျိုးဖြစ်အောင် လုပ်လို့ သွားရတာလေ။ ကလော်ဒီရှားဒိုးရဲ့ လောင်းရိပ်အောက်က ကိုယ် လွတ်မြောက်လာအောင် သူတို့ လုပ်ပေးကြတဲ့အတွက် သူတို့အဖို့ဆိုရင် ဘာမဆို ကိုယ်လုပ်ပေးချင်နေတယ်။ ကိုယ့်အတွက် သူတို့ ပိုက်ဆံ အများကြီး ကုန်ပါတယ်။

ဒါပေမယ့်၊ ကိုယ်အများကြီး စိတ်ချမ်းသာသွားတယ်။ အစကတော့ ကလော်ဒီရဲ့ ဩဇာကိုပဲ ကိုယ် နာခံနေရတာ။ ကိုယ့်ဘဝဟာ ဘာမှ မဟုတ်ခဲ့ဘူး။ သူခိုင်းတာ လိုက်လုပ်ပေးဖို့ပဲ။

ဒါပေမယ့် ရုပ်ရှင်ကုမ္ပဏီကတော့ ကိုယ့်ကို အဲဒီလို သဘောထားပြီး မဆက်ဆံဘူး။ ကိုယ့်ကို လေးလေးစားစား ဆက်ဆံတယ်။ နေရာပေးတယ်။ ဒီကိစ္စကို လုပ်ရတာကလည်း သိပ်ကို သိမ်မွေ့တယ်။ သူတို့က ကိုယ့်မှာ အနုပညာပါရမီ ရှိတယ်ဆိုပြီး လုပ်ကြရတာ"

ဂျနီဖာက ရယ်သည်။

"မင်း နောက်ဆုံးရိုက်ခဲ့တဲ့ကားထဲမှာတော့ မင်းဟာ သိပ်ကို ကောင်းတာပါကွယ်"

"ကိုယ့်ဟာကိုယ်လည်း သိပ်တော့ မဆိုးဘူးလို့ ထင်ပါတယ်။ ကိုယ် ပိုင်ပိုင်နိုင်နိုင် သရုပ်ဆောင်ခွင့် ရတာဟာ ဒါ ပထမဆုံး အကြိမ်ပဲ။ ဒါပေမယ့်၊ အဲဒီကားဟာ နေရာတိုင်းမှာ လူမဝင်ဘူး"

"ဒါက အရေးမကြီးပါဘူးကွာ။ လျှမ်းလျှမ်းတောက်နေတဲ့ မင်းသမီး၊ မင်းသားတောင် တစ်ချိန်ချိန်မှာတော့ ဒီလိုဖြစ်မှာချည်းပဲ။ ပြီးခဲ့တဲ့လတုန်းက ဝင်ငွေအကောင်းဆုံးရတဲ့ ဇာတ်ကားတွေ စာရင်းကောက်တော့ မင်းဇာတ်ကားဟာ တတိယလိုက်တာပဲ"

"ကိုယ်ပြောတာ နားထောင်ပါဦး၊ သူနဲ့သာ မတွေ့ခဲ့ရဘူးဆိုရင် အခု အချိန်ဟာ ကိုယ် သိပ်ကို တုန်လှုပ်ချောက်ချားနေတဲ့ အချိန် ဖြစ်နေမှာ၊ ကိုယ်ရိုက်တဲ့ကားက ဝင်ငွေမကောင်းတော့ ကုမ္ပဏီလည်း မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေတယ်။

ဒါကြောင့် ကိုယ် ထပ်ရိုက်မယ့်ကားသစ်တွေအတွက် ထိပ်တန်း ဒါရိုက်တာကို သူတို့ ရှာနေကြတယ်။ ဒါပေမယ့် ကိုယ် ပေါ့ပေါ့ဆဆ လုပ်လို့ မရတော့ဘူး။ ကိုယ့်မျက်လုံးအောက်မှာ အရေနည်းနည်း တွန့်နေတာကို ဒီနေ့ မနက်ပဲ တွေ့ရတယ်။ ဒါအတွက်တော့ ကိုယ် စိတ်မဆင်းရဲတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်း လူက ဘယ်သူလဲ"

အယ်နီက ထပ်မေးသည်။

ဂျနီဖာက အသားညှပ်ပေါင်မုန့်များကို တို့ပင်မတို့တော့ဘဲ လွတ်ရာသို့ တွန်းရွှေ့လိုက်သည်။ ပြီးတော့ ကိုကာကိုလာ စုပ်ယူနေသည်။

"ပြောပ့ါမယ်၊ ဝါရှင်တန်မှာ ရီပတ်ဘလီကင်ပါတီက ဧည့်ခံပွဲကြီးတွေ အကြီးအကျယ် လုပ်ခဲ့ကြတာ မှတ်မိသေးသလား။ သူလည်း အဲဒီကို တက်ခဲ့တယ်။ ကောက်တေးပါတီ တစ်ခုမှာ ကိုယ်တို့ တွေ့ကြတာ။ သူ သိပ်ကို သဘောကောင်းတယ်။ ဒါပေမယ့် တခြားလူ တွေ ကိုင်ိအနားကို အရှူးအမူး ကပ်ကြသလို သူက မလုပ်ဘူး။ သူ့ကိုယ်သူ ထိန်းနိုင်သိမ်း နိုင်တယ်။ ယဉ်ကျေးသိမ်မွေ့တယ်။

ဒါပေမယ့်. . ."

"ဂျင်း၊ ဘယ်သူလဲ ပြောစမ်းပါဦး"

အယ်နီက သည်းမခံနိုင်အောင် ဖြစ်လာသည်။

"ဝင်စတန်အေဒမ်စ်"

ဂျနီဖာက မျက်လုံးများကို မှေးလိုက်သည်။ အယ်နီဘက်က မည်သို့ တုံ့ပြန်မည်နည်းဟု စောင့်နေသည်။

"အထက်လွှတ်တော်အမတ်ကြီးကို ပြောတာလား"

အယ်နီသည် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားတော့သည်။

ဂျနီဖာက ခေါင်းညိတ်ပြသည်။

"မင်းနဲ့၊ ပြီးတော့ ဝင်စတန်အေဒမ်စ်နဲ့"

ဂျနီဖာက ထိုင်ရာမှထပြီး အခန်းထဲမှာ လမ်းလျှောက်နေသည်။

"ဟုတ်တယ်၊ ဝင်စတန်အေဒ်စ်၊ ဝါရင့် အထက်လွှတ်တော် အမတ်ကြီးပေ့ါ။ သန်းကြွယ်သူဌေးကြီးလေ။မိဘဘိုးဘွားလက်ထက်ကစပြီး မျိုးနဲ့ရိုးနဲ့ ချမ်းသာလာကြတာ။ ဒါပေမယ့် အယ်နီ၊ သူ့မှာ ခြူးတစ်ပြားမှ မရှိရင်လည်း ကိုယ် အရေးမစိုက်ဘူး။ သူ့ကို ကိုယ်ချစ်တယ်"

အယ်နီက ကုလားထိုင် နောက်မှီပေါ်မှာ ကျောဆန့်လိုက်သည်။

ဝင်စတန်အေဒမ်စ်။

အသက် ငါးဆယ်လောက် ရှိပြီ။ ရုပ်ရည်ချောမောခံ့ညားသည်။ နာမည်ကြီးသည်။ ဆက်မြက်သည်။

"ဒါပေမယ့် ဂျင်း၊ ကိုယ် ကြားဖူးထားတာကတော့ ရီပတ်ဘလီကင်ပါတီက သူ့ကို သိပ်အားထားတာ။ သူ့ကို သိပ်မျှော်လင့်ချက်ထားတာ။ သူတို့ပါတီရဲ့ သမ္မတလောင်းအဖြစ်နဲ့ သူ့ကိုတင်ပြီး. . ."

"ဟုတ်ပါတယ်၊ သူ့ကို တင်ဖို့လုပ်နေကြတာပဲ။ ဒါပေမယ့် သူက ကိုယ့်အတွက် အဲဒါတွေ အားလုံးကို စွန့်လွှတ်လိုက်တော့မယ်"

"မင်းနဲ့ ဘယ်လိုက ဘယ်လို ဖြစ်သွားတာလဲ"

ဂျနီဖာ၏ မျက်လုံးများ နူးညံ့သိမ်မွေ့သွားသည်။

"ပြောပ့ါမယ်၊ စောစောက ကိုယ်ပြောခဲ့သလို ကိုယ်တို့နှစ်ယောက် တွေ့ကြရော။ တခြား အထက်လွှတ်တော်အမတ် တစ်ဒါဇင်လောက်လည်း ပါတယ်။ သူတို့ ကိုယ်နဲ့အတူတူတွဲပြီး ဓာတ်ပုံ အရိုက်ခံကြတယ်။ အခွင့်အရေး ယူတတ်လိုက်ကြတဲ့လူတွေကွာ။ မင်းကို ပြချင်တယ်။ ကိုယ်တို့ ရုပ်ရှင်မင်းသားတွေ ထက်တောင် ကဲသေးတယ်။ ဒါပေမယ့် အဲဒီအထဲမှာ ဝင်စတန်အေဒမ်စ်တော့ မပါဘူး။ သူက ကိုယ်နဲ့အတူတူတွဲပြီး ဓာတ်ပုံအရိုက်ခံဖို့ ငြင်းတယ်လေ"

"သူ့ဖို့ ကောင်းသွားတာပေ့ါ။ အဲဒီလို လုပ်လိုက်တော့ မင်းက သူ့ကို စိတ်ဝင်စားပြီးသား ဖြစ်သွားတာပေ့ါ"

အယ်နီက ဝင်ပြောသည်။

ဂျနီဖာက ခေါင်းကို ယမ်းခါပြသည်။

"မဟုတ်ဘူးကွ၊ သူ တကယ်ကို အရိုက်မခံချင်တာ။ နောက်တစ်နေ့ ကိုယ်ပြန်ဖို့ တစ်ရက်အလိုမှာ သူက ကိုယ့်ကို ဖုန်းလှမ်းဆက်တယ်။ ကိုယ်နဲ့ စကားပြောချင်လို့ပါတဲ့။ ဒီနေ့ည ညစာစားပွဲကို လာပါတဲ့။ အဲဒီညက သူ့အိမ်ကို ကိုယ်သွားတယ်။ ကိုယ်ထင်တာက ဧည့်ခံပွဲအကြီးကြီး ဖြစ်နေမယ်လို့။ ဒါပေမယ့် သူနဲ့ကိုယ်နဲ့ နှစ်ယောက်တည်းရယ်"

"သူက တစ်ချီတည်း အပိုင်ကြံချင်လို့ ဖြစ်မှာပေ့ါ"

"မဟုတ်ပါဘူး၊ ဘာမှ မဖြစ်ပါဘူး။ ခြေလွန်လက်လွန် ဖြစ်ဖို့ကို သူက လုံးလုံး မကြိုးစားဘူး။ အိမ်ဖော်တစ်ယောက် ကိုယ်တို့နားမှာ တစ်ချိန်လုံး ရှိနေတယ်လေ။ ကိုယ်တို့ကို တော့ အနှောင့်အယှက် မပေးပါဘူး။

ဒါပေမယ့်၊ လူတစ်ယောက် ရှိနေတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကိုတော့ အလိုလို သိနေတာပေါ့။ သူက ကိုယ်နဲ့ အတူတူတွဲပြီး မာတ်ပုံအရိုက်မခံတာဟာ ရိုင်းရိုင်းပျပျ လုပ်ချင်လို့ မဟုတ်ပါဘူးတဲ့။ ဒီလိုဟာမျိုးတွေကို သူ မလုပ်ချင်လို့ပါလို့ ရှင်းပြတယ်။

နောက်ပြီးတော့ ကိုယ်တို့ စကားပြောကြတယ်။ သူက မေးခွန်းတွေ တစ်သီကြီးမေးတယ်။ ကိုယ် ပြောပြသမျှတွေကို သေသေချာချာ နားထောင်တယ်။ ပါရီမြို့ အကြောင်းကိုလည်း ကိုယ်တို့ ပြောကြတယ်။ သူ ငယ်ငယ်တုန်းက ဆိုဘုန်းတက္ကသိုလ်မှာ ကျောင်းနေခဲ့ဖူးတယ်တဲ့။ စစ်ဖြစ်တဲ့အချိန်ကစပြီး နောက်ပိုင်းမှာ ပါရီမြို့ကြီး ဘယ်လိုများ ပြောင်းလဲနေသလဲ ဆိုတာ သူ သိချင်တယ်"

"ဒီအကြောင်းကို ဘာဖြစ်လို့ မင်း ဖုံးထားတာလဲ။ သူ့မှာ အိမ်ထောင်မှ မရှိတော့ဘဲ၊ လူလွတ်ပဲ"

အယ်နီ၏မေးခွန်း ဆုံးသောအခါ ဂျနီဖာက ပျော်တပြုံးပြုံး ဖြစ်သွားပြန်သည်။

"ရှေ့လျှောက်လို့တော့ ကိုယ်တို့ ဖုံးထားစရာ မလိုတော့ပါဘူး။ သူ့ဇနီး ကွယ်လွန်သွားတာ လွန်ခဲ့တဲ့အပတ်က နှစ်နှစ်တိတိ ပြည့်သွားပြီလေ။ နှစ်နှစ် မပြည့်ခင်မှာ အချိန်မဟုတ်သေးဘူးလို့ သူက သဘောရတယ်"

"အင်း- ဒါလည်း ဟုတ်တာပဲ၊ သူတို့က ဘာသာတရားမှာ သိပ်ပြီး ကိုင်းရှိုင်းကြတာ မဟုတ်လား"

"လူကြားကောင်းအောင်သာ ဒါမျိုးတွေ လုပ်နေကြတာပါကွာ။ မင်းလည်း လောရင့်စ်ဗီးလ်မြို့မှာ ဆက်နေမယ်ဆိုရင် ပတ်ဝန်းကျင် အသိုင်းအဝိုင်းက လေးစားအောင် ဒီအစဉ်အလာကြီးတွေကို လိုက်နာနေရမှာပဲ မဟုတ်လား။ အိုး- ပြောရဦးမယ်။ သူ့မိန်းမကို သူ သိပ်ချစ်တယ်လို့ ထင်ခဲ့ဖူးတယ်တဲ့။

ဒါပေမယ့် သူ့မိန်းမက အေးတိအေးစက် အစားထဲကတဲ့။ လင်ရယ် မယားရယ် ဆိုပြီး ပူးပူးကပ်ကပ်လည်း သိပ်မနေဘူးတဲ့။

ဒါပေမယ့်၊ ဒါကလည်း သူ့အတွက် အကြောင်း သိပ်မဟုတ်ပါဘူးတဲ့။ ကိုယ် သူနဲ့ တွဲနေတာ နှစ်လလောက် ကြာတာပဲ။ သူ ဘာအခွင့်အရေးမှ မယူခဲ့ဘူး။ နောက် ကိုယ်တို့နေတဲ့ ကာလီဖိုးနီးယားကို သူ လိုက်လာတယ်။ ကိုယ်တို့နှစ်ယောက် တစ်ပတ်လောက် အတူတူနေကြတယ်။ ကိုယ့်ကိုယ်လုံးကိုယ်ထည်ကိုတွေ့တော့ သူ အံ့အားသင့်သွားတယ်။ အထူးသဖြင့် ကိုယ့်ရင်သားတွေကို သူ မယုံနိုင်အောင် ဖြစ်သွားတယ်။ အတုတွေလို့ သူ အစက ထင်တယ်တဲ့။ နိုင်ငံခြားမှာ ကိုယ်ရိုက်ခဲ့တဲ့ကားတွေကို သူ မကြည့်ဖူးဘူးတဲ့"

"ဒါပေမယ့် ဂျင်း၊ သူ့အသက်ဟာ ငယ်တော့တာ မဟုတ်ဘူး။ နောက်ပြီးတော့ မင်းဟာ သားသမီးရနိုင်သေးတယ်လို့ ဘာကြောင့် သေချာပေါက် ပြောနေနိုင်ရတာလဲ"

"ပြောနိုင်ပါတယ်၊ ကိုယ် ကိုယ်ဝန်ဖျက်ချခဲ့တာ ခုနစ်ကြိမ်ရှိသွားပြီ အယ်နီ။ ဒါကြောင့် အလွယ်ကလေးနဲ့ ကိုယ်ဝန်ပြန်ဆောင်နိုင်နေတယ်။ ဒီအကြောင်းတွေလည်း ဝင်စတန်ကို ပြောပြတယ်။ ကိုယ် ရုပ်ရှင်လောကက ထွက်လိုက်ချင်တယ်လို့ ပြီးတော့ သားသမီးတွေမွေးပြီး ပျော်ပျော်ရွှင်ရွှင် နေချင်တယ်လို့။

ဒီလိုလည်း ပြောရော သူ ငိုလိုက်တာလေ။ တကယ့်ကို ငိုတာ အယ်နီ။ သူလိုချင်တာတွေကို မရတော့ဘဲနဲ့ သူ့ဘဝကြီး ဆုံးခန်းတိုင်သွားတော့မယ်လို့ သူထင်နေမိတယ်တဲ့။ သူ တကယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ပြီး သားသမီးတွေ မွေးချင်တာဟာ သူ့ဆန္ဒပါပဲတဲ့။

သူလိုချင်တာကို မရနိုင်ခဲ့တဲ့အတွက် အလုပ်ထဲမှာပဲ သူ့တစ်ဘဝလုံးကို နှစ်မြှုပ်ထားလိုက်ပြီး သူ ကြိုးစားလုပ်ခဲ့တာပါတဲ့။ ဒါကြောင့် ကိုယ်နဲ့ လက်ထပ်လိုက်တဲ့အတွက် သူ့ဘဝကြီး ပျက်စီးသွားရင်လည်း သူ မတုန်လှုပ်ဘူးတဲ့။ သူတို့ရဲ့ ရီပတ်ဘလီကင် ပါတီအနေနဲ့လည်း အနည်းဆုံး နောက်ထပ် ရှစ်နှစ်လောက်တော့ သမ္မတရွေးပွဲမှာ အနိုင်ရဦးမှာ မဟုတ်ဘူးတဲ့။

နောက်ပြီး ရုပ်ရှင်မင်းသမီးတစ်ယောက်ကို လက်ထပ်ရုံနဲ့လည်း သူ့ကို အထက်လွှတ်တော်အမတ် အဖြစ်ကနေပြီး ဖြုတ်ပစ်လို့ရတာ မဟုတ်ဘူးတဲ့။ သူ့အလိုနဲ့ ကိုယ့်အလိုတွေက တူနေတယ်လေ။ သားသမီးတွေနဲ့ မိသားစုဘဝ တစ်ခုကို ဖန်တီးချင်ကြတာ"

"မင်းရဲ့ အသက်အမှန်ကိုရော သူသိသလား"

"သိတယ်၊ သူ သိပ်ဝမ်းသာသွားတယ်။ ကိုယ့်မျက်နှာပေါ်က အရေတွေ တင်းလာအောင် နားနောက်ဖက်နောက်မှာ ဆွဲပြီး ချုပ်ထားတဲ့ အကြောင်းကိုတော့ ကိုယ် ပြောမပြလိုက်

www.burmeseclassic.com

ဘူး။ ဒါပေမယ့်၊ ကိုယ်ဟာ နှစ်ဆယ်ကျော်လေး မဟုတ်တဲ့ အတွက်တော့ သူ ဝမ်းသာတယ်။ သူဟာ သိပ်အသက်ကြီးနေပြီလို့ ကိုယ်က မထင်နိုင်တော့ဘူးတဲ့။ တစ်ခါတော့ သူရှိနေတဲ့ သူ့ခြံထဲကို ကိုယ်လိုက်သွားတယ်။ ဟိုရောက်တော့ ကိုယ်က မိတ်ကပ်လည်း မလိမ်း၊ ပြင်ပြင်ဆင်ဆင်လည်း မလုပ်ဘဲ ရိုးရိုးနေတာကိုး။

အဲဒီလို အချိန်မျိုးမှာလည်း ကိုယ်ဟာ သိပ်ကို အံ့ဩစရာကောင်းအောင် ချစ်စရာကောင်းနေပါတယ်တဲ့။

အို- အယ်နီ၊ သိပ်ကို စိတ်ချမ်းသာတာပဲကွယ်။ နောက်အပတ်ကျရင် ဟောလီးဝုဒ်ကို ပြန်မယ်။ ရုပ်ရှင်လောကက ထွက်တော့မယ့် အကြောင်းကို ကြေညာရမယ်၊ နောက် ကားတစ်ကားကိုတော့ ရိုက်ပေးရဦးမယ်။ အောက်ဒိုးအခန်းတွေက ရိုက်ပြီးနေပြီ။ အဝတ်အစားတွေလည်း ချုပ်ပြီးသား ဖြစ်နေပြီ။

ဒါပေမယ့်၊ ဒီတစ်ကားပဲ ရိုက်တော့မယ်၊ သူတို့ ပြောချင်ရာ ပြောကြပေစေတော့။ ကိုယ်ကလည်း ဒီလောကကို ပြန်ဝင်ပြီး အလုပ် လုပ်တော့မှာမှ မဟုတ်ဘဲ။ ဘယ်သူ့ကို ဂရုစိုက်နေရဦးမှာလဲ"

"မင်းတို့ ဘယ်တော့ လက်ထပ်ကြမှာလဲ"

"အင်း- ဒီကနေ့ညကစပြီး ကိုယ်တို့နှစ်ယောက် လူကြားသူကြားကို အထင်ကရ စထွက်ကြတော့မှာပဲ။ ကိုယ်တို့ ပြဇာတ် သွားကြည့်ကြမယ်။ နောက်ပြီးတော့ (၂၁) မှာ ညကြီးစာ သွားစားမယ်။ အထက်လွှတ်တော်အမတ် ဘယ်လ်ဆင်တို့ လင်မယားလည်း ပါမယ်။

မနက်ဖြန် သတင်းစာတွေထဲမှာ ကိုယ်တို့နှစ်ယောက်အကြောင်း ပါရောပေါ့။ ဝင်စတန်ကလည်း ကိုယ်တို့နှစ်ယောက် စေ့စပ်ပြီး ဖြစ်တဲ့အကြောင်း ရှက်ကိုးရှက်ကန်း အမူအရာနဲ့ ဝန်ခံလိမ့်မယ်"

"ဒီလိုဆိုရင် ဒီနေ့ည မင်းတို့ကို ကိုယ်တွေ့ဦးတော့မှာပဲ။ ကိုယ်တို့လည်း (၂၁)ကို ဒီနေ့ည သွားမယ်။ ညစာစားဖို့ မင်းတို့ရောက်လာတဲ့အချိန်အထိ ကိုယ်က ရှိနေဦးမှာပါ။ ကေဗင်ရဲ့ ကုမ္ပဏီကို ဝယ်တဲ့လူတွေနဲ့ စကားပြောကြရဦးမှာမို့ အဲဒီမှာ ကြာဦးမယ်"

ဂျနီဖာက အယ်နီ၏လက်ကို ဝမ်းသာအားရ ဆုပ်ကိုင်သည်။

"အို- သူငယ်ချင်းရယ်၊ ဝမ်းသာစရာကောင်းလိုက်တာ။ ကိုယ်တို့နှစ်ယောက်စလုံး အောင်မြင်မှု အထွတ်အထိပ်ကို ရောက်နေတဲ့ အချိန်မျိုးမှာ ကိုယ်တို့လေးစားတဲ့၊ ကိုယ်တို့ ချစ်တဲ့သူတွေနဲ့ လက်ထပ်ပြီး ကိုယ်တို့ဘဝကို အနိုင်နဲ့ပိုင်းကြတဲ့ သဘောမျိုးပါပဲ"

အယ်နီက ပြုံးသည်။ သို့သော်လည်း တစ်စုံတစ်ရာအတွက် စိတ်ခပ်လေးလေး ဖြစ်သွားမိသည်။

ထိုနေ့ည (၂၁) ဟိုတယ်၌ တွေ့ကြသောအခါ ဂျနီဖာ မြူးကြွနေသည်။

သူပြောသည့်အတိုင်းပင် ဝင်စတန်အေဒမ်စ်သည် ခန့်ချောချောသည့်လူတစ်ယောက် ဖြစ်သည်။ အရပ်က ထောင်ထောင်မောင်းမောင်း၊ ဆံပင်က ဖြူပြီ။ သို့သော်လည်း ဗိုက်က အသက်ကြီးသူလို ပူမနေ။ အားကစားသမားတစ်ယောက်လို ချပ်ချပ်ရပ်ရပ် ရှိသည်။ အယ်နီတို့စားပွဲနားမှာ ဂျနီဖာက လာရပ်သည်။ အပြန်အလှန် မိတ်ဆက်ပေးကြသည်။

"ခင်ဗျားကိုတော့ ကျွန်တော်က ငယ်ပေါင်းကြီးဖော်လို သိကျွမ်းနေပါပြီ။ ရုပ်မြင်သံကြားတွေမှာလည်း အမြဲတမ်း မြင်နေရတယ်။ ဂျနီဖာကလည်း ခင်ဗျားအကြောင်းတွေကို အမြဲတမ်း ပြောပြလေ့ ရှိပါတယ်"

အထက်လွှတ်တော်အမတ်က အယ်နီကို ပြောသည်။

အယ်နီက ဂျနီဖာကို တစ်ချိန်လုံး အကဲခတ်ကြည့်နေမိသည်။ ဂျနီဖာ၏ မျက်လုံးများသည် ဝင်စတန်၏ မျက်နှာပေါ်မှ ခွာသည်ဟူ၍ မရှိ။ အမြဲတမ်း တစိမ့်စိမ့် ကြည့်နေသည်။ သူတို့ တစ်ယောက်ကိုတစ်ယောက် အလွန် မြတ်နိုးကြင်နာပုံရသည်။ ဂျနီဖာ၏ အမူအရာမှာလည်း အချစ်စိတ်တို့နှင့် ထုံမွမ်းနေသည့် အပျိုပေါက်ကလေးတစ်ယောက်လို ဖြစ်နေသည်။

အယ်နီ၏ ရင်ထဲမှာ သူတို့နှစ်ယောက်ကို မနာလိုချင်သလိုပင် ဖြစ်ပေါ်လာမိသည်။

ကေဗင်ကို လှည့်ကြည့်မိသည်။ သူ ပြန်လည် ကျန်းမာလာသည့်အတွက် ဘုရားသခင်ကိုပင် ကျေးဇူးတင်ရပေမည်။ သူလည်း အလွန် သဘောကောင်းပြီး ကြင်နာယုယတတ်သူ ဖြစ်သည်။

သို့သော် သူ့အပေါ်တွင် ရှိသည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက်ကြောင့် မိမိ အသည်းခိုက်အောင် မချစ်နိုင်လေသနည်းဟုလည်း အယ်နီ စဉ်းစားနေမိပြန်သည်။ အကယ်၍သာ သူ့ကို တကယ်ချစ်ခဲ့မိမည်ဆိုလျှင် သူတို့နှစ်ယောက် အကြောင်းပါခဲ့ကြမည်မှာ နှစ်ပေါင်းပင် အတန်ကြာရော့မည်။

သို့သော်လည်း လိုင်ယွန်ကိုသာ သူတမ်းတမ်းစွဲ ဖြစ်ခဲ့မိသည်။ လိုင်ယွန်လိုသည့် ငွေကြေးကို ထောက်ပံ့မည်ဟုပင် သူပြောခဲ့လေသည်။ သို့သော်လည်း လိုင်ယွန်က သူ့သဘောထားမျိုးမဟုတ်။ သူလိုချင်သည်က တခြားဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် လိုင်ယွန်၏ ရင်ခွင်ထဲမှာတော့ စက္ကန့်မလပ် သူရှိနေချင်သည်။ ဖြစ်နိုင်မည်ဆိုလျှင် လိုင်ယွန်၏ စိတ်ကူးကလေးများထဲအထိ ဝင်ကြည့်လိုက်ချင်သည်။

အို- ဘုရား. . . ဘုရား၊ မိမိ ဘာတွေတွေးနေမိပါလိမ့်။

ဤနေရာတွင် လိုင်ယွန်လည်း မရှိပါကလား။

ဟင်နရီ ပြောဖူးသကဲ့သို့ပင် မိမိသည် ကိုယ်ဖြစ်စေချင်သည့်ပုံမျိုးကို စိတ်ကူးနှင့် ပုံဖော်ကြည့်ပြီး ချစ်နေချင်ပါတကားဟုလည်း သူ့စိတ်ကိုသူ ပြန်ပြီး ထိန်းလိုက်မိသည်။

နောက်တစ်နေ့ထုတ် သတင်းစာ မျက်နှာဖုံးများမှာ ဂျနီဖာတို့ သတင်းများ ပါလာသည်။ ၁၉၆၁ ခုနှစ် စောစောပိုင်းလောက်တွင် မိမိတို့ လက်ထပ်ကြပါမည်ဟု ဝင်စတန်အေဒမ်စ်က ဝန်ခံပြောဆိုသည်။ စိတ်လှုပ်ရှားစရာကောင်းသည့် သတင်းခေါင်းစဉ်များ ပလူပျံနေသည့်အချိန်မှာပင် ဂျနီဖာသည် နောက်ဆုံးရုပ်ရှင်ကားကို အပြီးသတ် ရိုက်ကူးပေးရန် ဟောလီးဝုဒ်သို့ ပြန်သွားသည်။

*

၁၉၆၁

ဇန်နဝါရီလ ပထမပတ် အတွင်းမှာပင် နယူးယောက်မြို့သို့ ဂျနီဖာ ပြန်ရောက်လာသည်။ အထက်လွှတ်တော်အမတ် အေဒမ်စ်ကတော့ ရက်အနည်းငယ်ကြာအောင် ဝါရှင်တန်မြို့မှာ ဆက်ပြီး နေရဦးမည်။

အယ်နီကတော့ ခန်းဝင်ပစ္စည်းများ လိုက်လံဝယ်ခြမ်းနေသည့် ဂျနီဖာ၏နောက်သို့ တကောက်ကောက် လိုက်နေရသည်။

"အားလုံးဟာ တစ်မူထူးခြားနေရမယ်။ လူတိုင်း စိတ်ဝင်စားဖို့လည်း လိုတယ်။ အဲဒီအတွက် ကိုယ့်ကို ကူညီပါ အယ်နီ"

ဂျနီဖာက ပြောသည်။

အပ်ချုပ်ဆိုင် ကိုယ်အတိုင်းယူသည့် အခန်းထဲသို့ ရောက်နေကြခိုက်တွင် ဂျနီဖာသည် ရုတ်တရက် အုတ်နံရံကို လက်နှင့် ဖေးကိုင်ပြီး မှီထားလိုက်ရသည်။

"အယ်နီ၊ အက်စပရင်များ မပါဘူးလား"

သူ့အသားအရေများ ချက်ချင်း ဖျော့တော့သွားသည်။ မျက်လုံးများ လည်သွားသည်။ ကိုယ်အတိုင်းယူသည့် အမျိုးသမီးက အက်စပရင် ဆေးပြားယူရန် ပြေးထွက်သွားသည်။ ဂျနီဖာက တဖြည်းဖြည်း ထိုင်ချသည်။

"အထိတ်တလန့် အမူအရာကြီး လုပ်မနေပါနဲ့ အယ်နီ။ ခဏပါ ပေါ်တာပါ၊ ကိုယ့်စိတ်ထဲမှာ လှုပ်ရှားမှုတွေ များနေတော့ စောပြီး ပေါ်တယ်လို့ ထင်တယ်။ ထုံးထုံးပြီး နာနေတယ်"

ဂျနီဖာက ကြိုးစားပြီး ပြုံးရင်း ပြောသည်။

"ကိုယ်ဖြင့် ရင်တွေပန်းတွေ တုန်သွားတာပဲကွယ်"

ယခုမှပဲ အယ်နီမှာ အသက်ရှူ ချောင်သွားတော့သည်။ ဂျနီဖာက စီးကရက်တစ်လိပ်ကို မီးညှိနေသည်။

"သက်သာသွားပါပြီ။ ဒါပေမယ့် ရုတ်တရက် ထိုးပြီး နာလိုက်တာက အရိုးကို ခိုက်သွားတာပဲ။ ကလေးမျက်နှာမြင်ခါနီး နာတဲ့ နာပုံမျိုးနဲ့ တူတယ်လို့ ထင်တာပဲ။ ဒီလို နာပုံမျိုးသာ နာမယ်ဆိုရင်တော့ ကိုယ်ကလေးရှိတဲ့ အခါမှာ အနာသက်သာအောင် လုပ်ပေးနိုင်တဲ့ ဆရာဝန်ကို သေသေချာချာ ရွေးရှာထားရမယ်"

ကိုယ်တိုင်းယူသည့်အမျိုးသမီးက အက်စပရင် ဆေးပြားနှင့်အတူ ပြန်ရောက်လာသည်။ သူနှင့်အတူ အရောင်းစာရေးမချုပ်လည်း ပါလာသည်။ သူတို့ကို အကျိုးအကြောင်း ပြောပြရသည်။

"ကျွန်မလည်း အဲဒီလိုပဲ ဖြစ်တတ်တယ်။ သိပ်ကို သနားခံရဆိုးတာပဲ။ တစ်လမှ တစ်ကြိမ်သာ ပေါ်တတ်တဲ့ ကိစ္စမို့လို့ တော်ပါသေးတယ်"

ထိုအမျိုးသမီးက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်လတစ်ကြိမ်ဆိုရင် ရှင်က ကံကောင်းသေးတာပေါ့။ စောစောပိုင်းတုန်းက ကျွန်မက နှစ်ပတ်တစ်ကြိမ်၊ သုံးပတ်တစ်ကြိမ်လောက် လာနေတာ"

ဂျနီဖာက ပြန်ပြောသည်။

အရောင်းစာရေးမလေးက ခေါင်းကို ယမ်းလိုက်သည်။

"ကျွန်မသူငယ်ချင်း တစ်ယောက်ထက်တော့ တော်သေးတာပဲ။ သူကတော့ ဖြစ်ချင်တိုင်း ဖြစ်နေတာ။ တစ်လလုံးလုံး ထိမ်ရင်လည်း ထိမ်နေတယ်။ သူ့ကိုယ်သူ မကျန်းမာတော့ဘူးဆိုပြီး အမြဲတမ်း သောကရောက်နေရတာ"

ဂျနီဖာက အဝတ်အစားသုံးထည်ဝယ်သည်။ အရောင်းစာရေးမကလေးက ကျေးဇူးတင်စကားပြောသည်။သူတို့မကလေးအတွက်ဆိုကာ ဂျနီဖာကို အော်တိုစာအုပ်တွင် လက်မှတ်ထိုးခိုင်းသည်။

ထို့နောက် သူတို့ နှစ်ယောက် စားသောက်ဆိုင်သို့ လာခဲ့ကြသည်။ အအေးထိုင်သောက်ရင်း အယ်နီက ဂျနီဖာကို အမှတ်တမဲ့ မေးလိုက်သည်။

"ဒါထက် စကားမစပ် ဂျင်း၊ မင်း ဘယ်တုံးက ဆရာဝန်နဲ့ နောက်ဆုံး စမ်းသပ်ကြည့်ခဲ့သလဲ"

ဂျနီဖာက စဉ်းစားနေသည်။

"နေပါဦး၊ ကိုယ် နောက်ဆုံး ကိုယ်ဝန်ဖျက်ရတုန်းက ဆွီဒင်မှာဆိုတော့. . .၊ အင်း-ဟိုမှာက ကိုယ်ဝန်ကို တရားဝင်ဖျက်ခွင့် ရှိတယ်လေ၊ လေးနှစ်လောက်တော့ ရှိသွားပြီ။ ဆရာဝန်က ကိုယ်သိပ်ကျန်းမာတယ်လို့ ပြောပါတယ်"

"တစ်ခါလောက် ထပ်ပြီး စမ်းသပ်ကြည့်ရင်တော့ အကျိုးမမဲ့နိုင်ပါဘူး။ ကိုယ့်ဆရာဝန်က သိပ်တော်တယ်"

"ကိုယ်လည်း စမ်းသပ်ကြည့်ဖြစ်ပါလိမ့်မယ်"

ဂျနီဖာက ခေါင်းညိတ်ပြသည်။

*

စမ်းသပ် စစ်ဆေး တွေ့ရှိချက်များကို ရေးနေသည့် ဒေါက်တာဂါးလင်းသည် တည်ငြိမ်ပြီး အေးဆေးသောအမူအရာ ရှိနေသည်။ သားအိမ်တွင်း စမ်းသပ်စစ်ဆေးကြည့်ရှုခြင်းများ ပြီးဆုံးသွားပြီ။ ဂျနီဖာလည်း အဝတ်အစားများ ပြန်လည် ဝတ်ဆင်ပြီး စားပွဲတစ်ဖက်မှ သူနှင့် မျက်နှာချင်းဆိုင်နေရာတွင် ထိုင်နေသည်။

"ဒီလို နာတတ်တာ ဘယ်လောက်ကြာပြီလဲ"

ဒေါက်တာဂါးလင်းက မေးသည်။

"သုံးလေးလလောက် ရှိသွားပြီ၊ အစကတော့ ကျွန်မလည်း ရိုးရိုးပဲ အောက်မေ့နေတာ။ အယ်နီက သတိပေးတော့မှ အခုလို ဒေါက်တာနဲ့ လာတွေ့တာ။ ဓမ္မတာက ဆယ်ရက်လောက်အထိ ဆက်ပေါ်နေတတ်တယ်။ နောက်အပတ်ဆိုရင် ကျွန်မ လက်ထပ်တော့မယ်။ ဒါကြောင့် ဘာရောဂါမှ ရှိမနေချင်ဘူး။ နောက်ပြီးတော့ သားသမီးမွေးဖို့လည်း ကျွန်မ ရည်စူးထားတယ်"

"အမတ်မင်း ဒီမြို့မှာ ရှိနေသလား"

ဒေါက်တာဂါးလင်းက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

"မရှိပါဘူး၊ ဝါရှင်တန်မှာပါ။ နောက်အပတ်ကျမှ လိုက်လာလိမ့်မယ်"

"ကောင်းတယ်၊ ဒီအတိုင်း ဆိုရင်တော့ ဒီကနေ့ညပဲ ခင်ဗျား ဆေးရုံတက်လိုက်ရင် ကောင်းမယ်"

"ဒီကနေ့ည တက်ရမှာလား၊ ရောဂါတစ်ခုခုများ တွေ့နေလို့လား"

ဂျနီဖာက စီးကရက်တိုကို ပြာခွက်ထဲမှာ ထိုးခြေလိုက်သည်။

"ဘာရောဂါမှ မရှိပါဘူး။ နောက် အပတ်ထဲမှာ ခင်ဗျား လက်ထပ်ဖို့ ရှိတယ်ဆိုရင် နောက်တစ်ကြိမ် ဓမ္မတာပေါ်တာကို စောင့်ပြီး စစ်ဆေးကြည့်ချင်သေးတယ်။ ခင်ဗျား သားအိမ်ထဲမှာ အသားပိုကလေးတွေ ရှိနေတယ်။ ဒါလည်း အရေးမကြီးပါဘူး။ ရှိတတ်ကြပါတယ်။ ဒီကနေ့ည ဆေးရုံတက်ပြီးတော့ မနက်ဖြန်ကျရင် ခြစ်ထုတ်လိုက်တာပေါ့။

နောက်တစ်နေ့ကျတော့ ဆေးရုံက ဆင်းနိုင်ပါတယ်။ လေးငါးရက်လောက်တော့ သွေးဆင်းနေလိမ့်မယ်၊ ဒါပေမယ့် ခင်ဗျား လက်ထပ်တဲ့ အချိန်ကျရင် လုံးလုံးကောင်းနေလိမ့်မယ်"

ထိုအကြောင်းများကို ကြားရသောအခါ အယ်နီက ဆရာဝန်နှင့် နှစ်ယောက်တည်း ကိုတ်တွေ့ပြီး အကျိုးအကြောင်းတို့ မေးမြန်း

www.burmeseclassic.com

www.burmeseclassic.com


ကြည့်သည်။ ဂျနီဖာ စိတ်မကောင်းဖြစ်မည် စိုးသောကြောင့် ရောဂါအမှန်ကို မပြောဘဲ ချန်ထားခြင်းမျိုး မဟုတ်။ အမှန်အတိုင်း ပြောပြလိုက်ခြင်း ဖြစ်သည်။ ရိုးရိုးသားသား သားအိမ်ခြစ်ခြင်းသာ ဖြစ်ပါသည်ဟု ဆိုသဖြင့် စိတ်အေးရတော့သည်။

ထို့ကြောင့်လည်း ဂျနီဖာအတွက် လိုအပ်သည့် ပစ္စည်းများကို ကူညီထုပ်ပိုးပေးကာ ဆေးရုံသို့ အယ်နီပါ လိုက်လာခဲ့သည်။

ဂျနီဖာကို ဆေးရုံအပေါ်ထပ်သို့ တင်သွားသောအခါတွင် အယ်နီသည် လူမရှိတော့သည့် အခန်းထဲမှာ တစ်ယောက်တည်း ထိုင်ကျန်ရစ်ခဲ့သည်။ ကြီးကြီးကျယ်ကျယ် ကုသရမည့် ရောဂါမျိုး မဟုတ်ဟု ဆိုသောကြောင့် ဝမ်းသာမိသည်။

ဂျနီဖာသည် သားသမီး အလွန် လိုချင်ကြောင်း သိသည်။ ထို့ကြောင့်လည်း ရင်သွေးကလေး တစ်ယောက်လောက်တော့ ရသင့်ပါသည်။

ရယ်တော့လည်း ရယ်စရာကောင်းသည်။ ဂျနီဖာနှင့် အယ်နီတို့နှစ်ယောက် ထိုမျှလောက် ရင်းနှီးနေကြသော်လည်း တိုနီပိုလာနှင့် ရခဲ့သည့်ကိုယ်ဝန်ကို ဘာကြောင့် ဖျက်ချခဲ့ကြောင်း ဂျနီဖာသည် ရှင်းလင်းပြောပြခြင်း မရှိခဲ့ချေ။

တစ်နာရီအတွင်းမှာပင် ဒေါက်တာဂါးလင်း ပြန်ဆင်းလာသည်။ တစ်ခုခုတော့ မှားနေပြီဖြစ်ကြောင်း အယ်နီ အလိုလို သိနေသည်။

"မေ့ဆေးပေးထားလို့ သတိမရသေးဘူး" ဟု ဒေါက်တာက ပြောသည်။

"မေ့ဆေးပေးရတဲ့အထိ ဖြစ်သွားပြီလား၊ တစ်ခုခုတော့ မှားပြီနဲ့ တူပါတယ်။ အသားပိုကလေးတွေတင် မဟုတ်တော့ပါဘူး"

အယ်နီက ပြောသည်။

"အသားပိုပါပဲ၊ ကျွန်တော် ထင်ထားတဲ့အတိုင်း အတိအကျ မှန်ပါတယ်။ သားအိမ်ထဲမှာ ဘာမှ အမှားအယွင်း မတွေ့ပါဘူး။ ဒါပေမယ့် မေ့ဆေးဆရာဝန်က သူ့နှလုံးခုန်နှုန်းကို တိုင်းကြည့်တဲ့အခါ သူ့ရင်သားထဲမှာ အဖုကလေးတစ်ခု ရှိနေတာကို သွားတွေ့တယ်။ သစ်ကျားသီး အရွယ်လောက် ရှိတယ်။ သူလည်း သိမှာပါပဲ"

ထိုစကားကို ကြားရသောအခါ အယ်နီမှာ အားအင်ကုန်ခန်းသွားသည်။

"ဒါပေမယ့် အဖုတွေ အများကြီး ရှိနေလည်း အရေးမကြီးဘူး မဟုတ်လား။ ကျွန်မဆိုလိုတာက တချို့ အဖုတွေဟာ အဆီအိတ်သဘောမျိုး ဖြစ်နေတယ်လို့ ကြားဖူးတယ်။ ဟုတ်ပါသလား ဒေါက်တာ"

"အဖုကို ကျွန်တော် ခွဲထုတ်ပစ်ခဲ့တယ်။ ရိုးရိုးကလေးပါပဲ။ ခွဲစိတ်ရာ လုံးဝ မကျန်ပါဘူး။ ဘယ်သူမှ သတိထားမိမှာ မဟုတ်ပါဘူး။ အဲဒီ အဖုကို ချက်ချင်း ဓာတ်ခွဲကြည့်တယ်။ အယ်နီ၊ အသက်အန္တရာယ် ပေးနိုင်တာကို တွေ့ရတယ်။ ဒါကြောင့် မနက်ဖြန်ကျရင် သူ့ရင်သားတစ်ဖက်ကိုတော့ ဖြတ်ထုတ်လိုက်ရတော့မယ်"

ဒေါက်တာဂါးလင်းက တည်ငြိမ်သောလေသံနှင့် အေးအေးဆေးဆေး ပြောပြနေသည်။

ထိတ်လန့်မှုကြောင့် အယ်နီ့တစ်ကိုယ်လုံး အေးစက်သွားသည်။ ဘုရား. . . ဘုရား၊ ဂျနီဖာကိုမှ ဘာကြောင့် ဒီရောဂါက ဖြစ်ရပါလိမ့်။ ယခုလို အချိန်မျိုးကျမှ ဘာကြောင့် ဖြစ်ရပါလိမ့်။ သူ့မျက်နှာပေါ်မှာ မျက်ရည်များ ရွှဲသွားတော့သည်။

"သူ့ကို ဒေါက်တာပဲ ပြောပြလိုက်ပါတော့၊ ကျွန်မတော့ မပြောရက်တော့ဘူး"

အယ်နီ ရှိုက်လိုက်မိတော့သည်။

*

ဂျနီဖာက မျက်လုံးများကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်သည်။ ကြည်ကြည်လင်လင် နိုးလာရန် ကြိုးစားသည်။ ယခု အားလုံး ပြီးစီးသွားပါပြီ။ သူ့ဘေးမှာ ရှိနေသည့် သူနာပြုဆရာမတစ်ယောက်ကို ပြုံးပြမိသည်။

"အားလုံး ကောင်းသွားပြီ မဟုတ်လား" ဟုလည်း မေးသည်။

"ဟောဒီမှာ ဒေါက်တာဂါးလင်း လာပါပြီ" ဟု ဆရာမက ပြန်ဖြေသည်။

ဆရာဝန်က ဂျနီဖာ၏နဖူးကို သိမ်မွေ့စွာ စမ်းသပ်ကြည့်သည်။

"အင်း- ပြောပါဦး ဒေါက်တာ၊ ဒေါက်တာထင်တဲ့အတိုင်း အသားပိုကလေးတွေ မဟုတ်လား"

"ဟုတ်ပါတယ်၊ သားအိမ်ထဲမှာတော့ အားလုံး ကောင်းပါတယ် ဂျနီဖာ။ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ရင်သားထဲမှာ အဖုကလေးတစ်ခု ရှိနေတာကို ဘာဖြစ်လို့ ကျွန်တော့်ကို ပြောမပြခဲ့တာလဲ"

အလိုအလျောက် သူ့ရင်ဘတ်ကို လက်တစ်ဖက်နှင့် စမ်းကြည့်လိုက်မိသည်။ ပတ်တီးကလေး စည်းထားသည်ကို စမ်းသပ်မိသည်။

"အဖုကို ကျွန်တော် ခွဲထုတ်လိုက်ပြီ၊ ဒီအဖုလေး ရှိနေတာ ဘယ်လောက် ကြာပြီလဲ"

"ကျွန်မလည်း မသိဘူး၊ တစ်နှစ်လောက် ရှိရောပေါ့။ တစ်နှစ်ထက် ပိုချင်လည်း ပိုမှာပဲ"

သူ့ခေါင်း မူးနောက်နောက် ဖြစ်လာပြန်သည်။

"ကဲ- ပြန်အိပ်နေလိုက်ဦး၊ နောက်မှ ဒီအကြောင်းကို ပြောကြသေးတာပေါ့"

အိပ်ဆေး အရှိန်မပြယ်သေးသည့်ကြားမှပင် ကြောက်စိတ်များက ဂျနီဖာကို လွှမ်းမိုးလာသည်။ထို့ကြောင့် ဆရာဝန်၏လက်မောင်းကို လှမ်းဆွဲလိုက်မိသည်။

"နောက်မှ ဘာအကြောင်းကို ပြောမှာလဲ ဟင်"

"မနက်ဖြန်ကျရင်လည်း ခင်ဗျားကို ဒီခွဲစိတ်ခန်းထဲ ပြန်ခေါ်ရဦးမယ်။ နည်းနည်းလောက် ထပ်ပြီး ဖြတ်ပစ်ဖို့ ရှိနေသေးတယ်"

"ဖြတ်ပစ်ရဦးမယ်၊ ဘယ်လိုဟာမျိုးလဲ"

"ကျွန်တော်တို့ မာစ်ကက်တမီ ထပ်လုပ်ရဦးမယ်။ ဒေါက်တာရစ်ချတ်က လုပ်ပါလိမ့်မယ်။ သူဟာ ရင်သားခွဲစိတ်ကုသရာမှာတော့ ကျွန်တော်တို့ဆီမှာ အတော်ဆုံး ဆရာဝန်တစ်ယောက်ပါပဲ"

"မာစ်၊ ဘာဖြစ်တယ်။ ဒေါက်တာ ဘာပြောလိုက်တာလဲဟင်"

"ခင်ဗျားရဲ့ ရင်သားကို ကျွန်တော်တို့ ဖြတ်ထုတ်ပစ်ရမယ် ဂျနီဖာ။ အဲဒီအထဲမှာ တွေ့ရတဲ့အဖုဟာ အသက်အန္တရာယ်အတွက် စိုးရိမ်လောက်တဲ့အဖု ဖြစ်နေတယ်"

ဂျနီဖာက ထထိုင်နိုင်ရန် ကြိုးစားသည်။

"မလုပ်ပါနဲ့ရှင်၊ အို- ဘုရား. . . ဘုရား၊ မလုပ်ကြပါနဲ့"

ဂျနီဖာသည် ပက်လက်လန်လျက် လဲကျသွားသည်။ သူ့လက်မောင်းထဲသို့ တစ်စုံတစ်ရာ ထိုးသွင်းလိုက်သည်။

သူ အိပ်ပျော်သွားတော့သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခြင်း ဖြစ်သည်။

ထို့နောက် အိပ်ရာမှ နိုးလာသည့်အချိန်တွင် သူနာပြုဆရာမကိုဖက်တွယ်ပြီး တတွတ်တွတ် တောင်းပန်နေမိသည်။

"အခုဟာက အိပ်မက်မက်နေတာပါ။ ဟုတ်တယ်နော်၊ မေ့ဆေးအရှိန်ကြောင့် အိပ်မက်မက်နေတာပါနော်။ ကျွန်မ ရင်သားနဲ့ ပတ်သက်ပြီး သူ ဘာပြောသွားတာလဲဟင်။ ကျွန်မကို ပြောပြစမ်းပါ"

"ကဲကဲ. . . ငြိမ်ငြိမ်ကလေး အိပ်နေလိုက်ပါဦး"

သူနာပြုဆရာမက သိမ်မွေ့စွာပြောသည်။

သနားကြင်နာသည့် အမူအရာများကို ဆရာမ၏ မျက်နှာပေါ်တွင် သူ မြင်လိုက်ရသည်။ အိပ်မက်မက်နေခြင်း မဟုတ်ပါလား။

ဘုရား. . . ဘုရား၊ အမှန် ဖြစ်နေပါပေါ့ကလား။

*

ကေဗင်၏ ရုံးခန်းသို့ အယ်နီ အပြေးအလွှား ရောက်လာကာ အကျိုးအကြောင်းများကို ငိုကြီးချက်မနှင့် ပြန်ပြောနေတော့သည်။ ကေဗင်က တိတ်ဆိတ်စွာ နားထောင်နေပြီးမှ ပြန်မေးသည်။

"မျှော်လင့်ချက် ရှိတယ်လို့ရော ဒေါက်တာဂါးလင်းက ပြောသလား"

"မျှော်လင့်ချက်- ဟုတ်လား၊ ကျွန်မပြောနေတာတွေ မကြားဘူးလား"

အယ်နီက သူ့ကို စိတ်မရှည်နိုင်သလို ပြန်ငေးကြည့်နေမိသည်။

"မင်း ပြောပြတာတွေ ကိုယ် အားလုံး ကြားပါတယ်။ သူ့ရင်သားကို ဖြတ်ထုတ်ပစ်လိုက်ရမယ်။ အင်မတန်တော့ ကြောက်စရာကောင်းတာပေါ့။ ဒါပေမယ့် လမ်းဆုံးကို ရောက်သွားတာ မဟုတ်ပါဘူး။ အယ်နီ၊ ရင်သားကို ခွဲစိတ်ကုသပြီးတဲ့နောက် ပျော်ပျော်ရွှင်ရွှင်နဲ့ အသက်အရှည်ကြီး နေသွားကြရတဲ့ အမျိုးသမီးတွေအကြောင်း မင်း ကြားဖူးတယ် မဟုတ်လား၊ အရေးအကြီးဆုံးက အချိန်မီ ကုသနိုင်ဖို့ပဲ"

ထိုစကားကို ကြားသောအခါ အယ်နီက ကေဗင်ကို ဝမ်းသာ ရွှင်လန်းစွာနှင့် ပြန်ကြည့်နေမိသည်။

ကေဗင်သည် ထိုအတိုင်းချည်း ဖြစ်သည်။ ဘာမဆို အကောင်းဘက်က ကြည့်သည်။ မျှော်လင့်ချက်ထားသောဘက်က

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။

ထို့နောက် ဒေါက်တာ ဂါးလင်းထံသို့ သူကိုယ်တိုင် ဖုန်းဆက်ပြီး မေးကြည့်သည်။ အားလုံး ကောင်းသွားမည် ဖြစ်ကြောင်း ဒေါက်တာဂါးလင်းက ပြန်ရှင်းပြသည်။ ဒေါက်တာ ရစ်ချတ်ကလည်း ထိုအတိုင်းပင် သဘောရသည်။

ယခု တွေ့နေရသည့် အဖုသည် ကင်ဆာရောဂါ၏ အစ ဖြစ်ကြောင်း၊ ရင်သားခွဲစိတ်ကုသမှုများတွင် အောင်မြင်သည့် နှုန်းထားက များကြောင်း၊ ခန္ဓာကိုယ်တွင် အခြားနေရာများသို့ ကူးစက်ပြန့်ပွားနေခြင်း မရှိပါက ယခု ခွဲစိတ်ကုသမှုသည် လုံးဝ အောင်မြင်မည် ဖြစ်ကြောင်း၊

သို့သော်လည်း ယခုအချိန်တွင် အတိအကျ မပြောနိုင်သေးကြောင်း၊ ရင်သားကို ခွဲထုတ်ပြီးသောအခါတွင် သွေးကျိတ်များကို စမ်းသပ် စစ်ဆေးကြည့်ရဦးမည် ဖြစ်ကြောင်း၊ ထိုအခါကျမှ အတိအကျ ပြောနိုင်မည် ဖြစ်ကြောင်းများကို ရှင်းပြသည်။

ထိုအကြောင်းများကို ကြားရသောအခါ ကေဗင်၏ အမူအရာမှာ ပိုမို တည်ငြိမ်သွားသည်။ စိတ်သက်သာရာရသွားသည်။

ထိုအမူအရာကို မြင်ရသောကြောင့် ဆေးရုံသို့ အယ်နီ ပြန်လာခဲ့သည်။ ဂျနီဖာလည်း ကောင်းစွာ နိုးနေသည်ကို တွေ့ရသည်။ စိတ်လှုပ်ရှားမှု ရှိနေသည်ဟုတော့ မဆိုသာ။ အယ်နီကို သူက လေသံကလေးနှင့် ဆီးပြောသည်။

"ဒေါက်တာဂါးလင်းက ဝင်စတန်ကို လှမ်းခေါ်တယ်။ သူ ချက်ချင်းပဲ လေယာဉ်ပျံနဲ့ လိုက်လာလိမ့်မယ်"

"ဝင်စတန်ကို ဒေါက်တာဂါးလင်းက ပြောပြလိုက်ပြီတဲ့လား"

"ဘာမှ မပြောပါနဲ့ဦးလို့ ကိုယ်က ပြောထားတယ်။ သူ့ကို ကိုယ်ကိုယ်တိုင် ပြောပြချင်တယ်"

ဂျနီဖာက ခေါင်းယမ်းပြရင်း ပြန်ဖြေသည်။ ပြီးတော့ သူနာပြုဆရာမဘက်သို့ လှည့်ပြီး ပြုံးပြသည်။

"ကျွန်မ နေကောင်းပါတယ်၊ ကျွန်မတို့ သူငယ်ချင်း နှစ်ယောက်တည်း စကားပြောခွင့် ရမလား ဆရာမ"

"နှစ်နာရီလောက်အတွင်း အရည်ဆိုရင် ဘာမှ မတိုက်ပါနဲ့ဦးနော်။ ဒီကနေ့ည စောင့်ဖို့ အထူးသူနာပြု ဆရာမများ ငှားချင်ပါသေးသလား"

ဆရာမက မေးသည်။

"မငှားတော့ပါဘူး၊ မနက်ဖြန်ကျမှ ခွဲစိတ်ကုသရမှာပါ။ အဲဒီအချိန်ကစပြီး ဆရာမတွေ မပြတ်ထားပေးမယ်လို့ ဒေါက်တာဂါးလင်းက ပြောပါတယ်။ ကျွန်မလည်း နေကောင်းပါတယ်။ ကဲ- ကျွန်မကို နှစ်ယောက်တည်း စကားပြောပါရစေဦးနော်"

အခန်းအပြင်သို့ ဆရာမ ထွက်သွားသည်ကို ဂျနီဖာက လှမ်းကြည့်နေသည်။ ဆရာမ အပြင်ရောက်သွားသည်နှင့် တစ်ပြိုင်တည်း ခုတင်ပေါ်မှ ခုန်ဆင်းလိုက်သည်။

"မင်း ဘာလုပ်မလို့လဲ"

အယ်နီက အထိတ်တလန့်နှင့် လှမ်းမေးသည်။

"ကိုယ် ဒီဆေးရုံက ဆင်းတော့မယ်၊ အခု ချက်ချင်းသွားတော့မယ်"

"ဂျနီဖာ၊ မင်း ရူးနေသလား"

အယ်နီက သူ့လက်ကို ဖမ်းဆုပ်ထားလိုက်သည်။

"ကိုယ့်ကို ကိုယ်လက်အင်္ဂါ မစုံအောင် သူတို့လုပ်လို့ မဖြစ်ဘူး။ ဝင်စတန်က ကိုယ့်အနား ဘယ်ကပ်ချင်တော့မှာလဲ"

"သူက မင်းကို ချစ်တာပါ။ မင်း ရင်သားတွေကို ချစ်တာ မဟုတ်ပါဘူးလို့ မင်း ပြောတယ် မဟုတ်လား။ ကဲ- အဓိပ္ပာယ် မရှိတာတွေ လုပ်မနေစမ်းပါနဲ့ကွာ"

သို့သော်လည်း ဂျနီဖာက အဝတ်ဗီရိုနားသို့ ရောက်သွားသည်။ သူ့အဝတ်အစားများကို ဆွဲထုတ်နေသည်။

"ကိုယ် ဒီက သွားတော့မယ်။ အခုလို အခွင့်အရေးရတုန်း ရအောင်ယူထားမှ။ ကင်ဆာအကျိတ်ကိုလည်း သူတို့ ထုတ်ပြီးပြီပဲ။ ကိုယ့်ရင်သားကိုတော့ ဖြတ်ပစ်လို့ မဖြစ်ဘူး"

"ဂျနီဖာ၊ သေချာနိုင်တဲ့နည်းလမ်းဟာ ဒီတစ်လမ်းတည်းပဲ ရှိတာ မဟုတ်လား။ ဒီလို မလုပ်ရင် ကျန်တဲ့ရင်သားတစ်ဖက်ကိုပါ ကူးစက်သွားလိမ့်မယ်"

"ကိုယ် ဂရုမစိုက်ပါဘူး၊ ဝင်စတန့်အတွက် သားသမီး မွေးမပေးနိုင်တော့ဘူး ဆိုတာကိုက လွန်လှနေပြီ။ ကိုယ်အင်္ဂါမစုံတော့တဲ့ဘဝကြီးကိုတော့ သူ့ရင်ခွင်ထဲ ထိုးမအပ်နိုင်

www.burmeseclassic.com

www.burmeseclassic.com

တော့ဘူး"

"မင်း ဆေးရုံက ဆင်းပြေးရင် မင်းကိုယ်မင်း ပြန်သတ်သလို ဖြစ်နေတော့မှာပေါ့။ ဒီလိုလုပ်တာကရော ဝင်စတန်အပေါ်မှာ မင်းအနေနဲ့ တရားမျှတတယ်လို့ ထင်သလား။ သူနဲ့ လက်ထပ်ပြီး နောက်တစ်နှစ်လောက်အကြာမှာ ဒီရောဂါကြီး ဖြစ်လာရင် သူ့အတွက် တရားတယ်လို့ ထင်သလား။ သေသွားတဲ့ သူ့မိန်းမကလည်း ဂီလာန၊ ပြီးတော့ ကလေးမွေးတာနဲ့ရော ဘာဆိုင်သလဲ။ မင်း သားသမီး ရနိုင်သေးတာပဲ။ မင်းရဲ့သားအိမ်အစိတ်အပိုင်းတွေ အားလုံး ကောင်းကြောင်း ဒေါက်တာ ဂါးလင်းက ပြောပါတယ်"

"ဒါပေမယ့် ကိုယ်ဝန်ဆောင်လို့ မရတော့ဘူး။ ဒေါက်တာ ဂါးလင်းက ဒီအတိုင်း ပြောတယ်။ ကိုယ်ဝန်ဆောင်ရင် သားအိမ်ထဲမှာ ဒီရောဂါတွေ ပြန့်သွားလိမ့်မယ်တဲ့။ ရင်သားနဲ့ သားအိမ်ဟာ ဆက်နေတယ်လို့ ပြောတယ်။ ခွဲစိတ်ပြီး ကိုယ့်သားအိမ်ကို ဓာတ်မှန်ရောင်ခြည်နဲ့ ကုပေးမယ်တဲ့၊ ဒါမှ သားသမီး မရနိုင်မှာတဲ့။ ကဲ- မင်း စဉ်းစားကြည့်စမ်း။ ဝင်စတန့်ကို ကိုယ် ဘာပေးနိုင်တော့လို့လဲ။ သားသမီးလည်း မပေးနိုင်တော့ဘူး။ ပြီးတော့ အင်္ဂါ မပြည့်စုံတော့တဲ့ကိုယ်ခန္ဓာ"

"မင်း ဘဝကို ပေးနိုင်တာပေါ့။ သူ လိုချင်တာကလည်း မင်းကိုပဲ လိုချင်တာပဲ။ မင်းခန္ဓာကိုယ်ကိုသာ လူတွေက တပ်မက်နေကြတဲ့အတွက် မင်းစိတ်ပျက်တယ်လို့ အမြဲတမ်း ပြောနေတယ်။ အခု ဒါကို မင်းလက်တွေ့ပြရတော့မယ်။ မင်းရဲ့ ခန္ဓာကိုယ်ကို သူ ချစ်တာမဟုတ်ဘူး။ မင်းကို ချစ်တာ။ ကလေးလိုချင်တယ်ဆိုရင်လည်း မင်း မွေးစားနိုင်တာပဲ"

ဂျနီဖာသည် ဖြည်းဖြည်းချင်း သူ့ခုတင်ပေါ်သို့ ပြန်တက်လာသည်။ အယ်နီက သူ့စကားကို ခပ်မြန်မြန် ဆက်ပြောပြန်သည်။

"ဒီအကြောင်းတွေကိုလည်း မင်းနဲ့ ဝင်စတန်ကလွဲပြီး ဘယ်သူမှလဲ သိမှာမဟုတ်ဘူး။ မင်းကိုပဲ သူ ချစ်မှာပါ။ ကလေးမရနိုင်တဲ့ အတွက် သူ့စိတ်ထဲမှာ ဘယ်လိုမှ ဖြစ်မှာ မဟုတ်ပါဘူး။ ကိုယ်ကတော့ ဒီအတိုင်းပဲယုံတယ်။ ကလေးမွေးစားရင်လည်း မင်းမွေးတဲ့ ကလေးလိုပဲ ချစ်ရမှာပေါ့။ အခု ခွဲစိတ်ကုသမယ်ဆိုတာလည်း ဘာမှ ကြောက်စရာ မရှိဘူး။ တကယ် ပြောတာပါ ဂျနီဖာ။ ဒီခေတ်မှာ မနာမကျင်အောင် ခွဲစိတ်ကုသနိုင်နေကြပြီပဲ။ လူ့ဘဝကြီးဟာ ဒါလောက်နဲ့ အဆုံးသတ်မသွားသေးပါဘူးကွာ"

ဂျနီဖာက မျက်နှာကြက်ကို မော့ကြည့်နေသည်။

"စိတ်မချမ်းသာလိုက်တာ သူငယ်ချင်းရယ်၊ ကိုယ့်ဘဝမှာ ကင်ဆာဆိုတဲ့ အသံကို ကြားရတိုင်း သေမလောက် ကြောက်ခဲ့တယ်။ စိတ်တွေ ကယောင်ချောက်ချား ဖြစ်ခဲ့ရတယ်။ အဲဒီလောက် ကိုယ်ကြောက်ခဲ့တဲ့ ကင်ဆာရောဂါက ကိုယ့်မှ လာဖြစ်တယ်။

အခုတော့လည်း ရယ်စရာလို ဖြစ်နေပြီ။ ကင်ဆာရောဂါ ဆိုတာကို ကိုယ်ကြောက်နေတာ မဟုတ်တော့ဘူး။ သေမိန့်ကျထားပြီးသား ဆိုတာကို သိနေပေမယ့် ကိုယ်မကြောက်တော့ဘူး။

ဒါပေမယ့်၊ ဝင်စတန်နဲ့ ကိုယ့်ဘဝအတွက် ကိုယ် စိတ်မချမ်းမသာ ဖြစ်ရတယ်။ ကိုယ် သားသမီး မရနိုင်တော့ဘူး။ သူ့အတွက် သားသမီး မွေးမပေးနိုင်တော့ဘူး။ ကိုယ့်ခန္ဓာကိုယ်ကလည်း မိမွေးတိုင်း ဖမွေးတိုင်း မဟုတ်တော့ဘူး"

"မိမွေးတိုင်း ဖမွေးတိုင်း မဟုတ်တော့ပေမယ့် လူမြင်တာမှ မဟုတ်ဘဲ သူငယ်ချင်းရယ်။ တချို့ လူတွေများ မော်တော်ကားတိုက်လို့ မျက်နှာမှာ ဒဏ်ရာရတယ်။ ရုပ်ပျက်ဆင်းပျက် ဖြစ်ကြရတယ်။ တချို့ အမျိုးသမီးတွေကျတော့လည်း နဂိုကတည်းက ရင်သားမဖွံ့ထွားကြဘူး။

ဒါပေမယ့် လူ့လောကကြီးမှာ သူတို့အသက်ရှင် နေထိုင်လို့ ရနေကြသားပဲ။ မင်းရဲ့ ခန္ဓာကိုယ်ကို လူတွေက တပ်မက်ကြတယ်။ ဒီလို တပ်မက်တာမျိုးကို မကြိုက်ပါဘူးလို့ မင်းပဲ တဖွဖွ ပြောခဲ့တယ်။ ဒါကြောင့် သတ္တိရှိလိုက်စမ်းပါ။ မင်းကိုယ်မင်း ယုံစမ်းပါ။ ဒီလို ယုံကြည်ကြောင်းကိုလည်း လက်တွေ့ လုပ်ပြစမ်းပါ။ နောက်ပြီးတော့ ဝင်စတန်ကိုလည်း ယုံကြည်ပါ"

ဂျနီဖာက အားအင်ကုန်ခမ်းသူလို ပြုံးနေသည်။

"ကောင်းပါပြီလေ၊ ဒီလိုဆိုရင် ဒီဆေးရုံ အဝတ်အစားကြီးတွေ ကိုယ်ချွတ်ပစ်လိုက်မှပဲ။ မိတ်ကပ်လည်း လိမ်းလိုက်ဦးမယ်။ ဒီအကြောင်းတွေ သူ့ကို ပြောပြတဲ့အချိန်မှာ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



လှလှပပ ဖြစ်နေချင်တယ်"

ဂျနီဖာသည် ခုတင်ပေါ်မှာ ထထိုင်ပြီး သူ့ခေါင်းမှ ဆံပင်များကို ဖြီးနေသည်။ ထို့နောက် လှပသည့် ညဝတ်အင်္ကျီကို လဲဝတ်သည်။ ပတ်တီးစည်းထားသည့် သူ့ရင်သားတစ်ဖက်ကိုလည်း ငုံ့ကြည့်သည်။

"သွားပေဦးတော့နော်။ မင်းကတော့ ဒီအကြောင်းကို သိမှာ မဟုတ်ဘူး။ ဒါပေမယ့် မင်း အခုအတိုင်း လုံးလုံးဝန်းဝန်းနဲ့ ကြာရှည်နေခွင့်ရတော့မှာ မဟုတ်ဘူး" ဟုလည်း ပြန်ပြောနေသည်။

*

အယ်နီရှိရာ ဆေးရုံသို့ ကေဗင်ဂေးလ်မိုးလည်း လိုက်လာသည်။ ညခုနစ်နာရီတွင် ဝင်စတန်အေဒမ်စ် ရောက်လာသည်။ အယ်နီက မီးများ လိုက်ဖွင့်ပေးသည်။ ဂျနီဖာသည် ရုပ်ရှင်မင်းသမီးတစ်ယောက်ကဲ့သို့ပင် လှလှပပ ဝတ်စားထားသည်။ သူ့မျက်နှာမှာလည်း အလွန်တရာ ပျော်ရွှင် စိတ်ချမ်းသာနေပုံမျိုး ဖြစ်သည်။ အပြန်အလှန် နှုတ်ဆက်ကြကာ စကားအနည်းငယ် ပြောပြီးနောက် ကေဗင်နှင့် အယ်နီတို့နှစ်ယောက် ပြန်ခဲ့ကြသည်။

သူတို့နှစ်ယောက် ထွက်သွားသည်နှင့် တစ်ပြိုင်တည်း ဝင်စတန်အေဒမ်စ်သည် ဂျနီဖာ၏ ခုတင်နားသို့ ပြေးကပ်သွားကာ ဂျဖာနီကို ပွေ့ထားလိုက်လေသည်။

"ဘုရား ဘုရား၊ ကိုယ်ဖြင့် စိတ်ပူရတာနဲ့ သေရတော့မလောက်ပါပဲ။ တယ်လီဖုန်းထဲမှာ ဆရာဝန်ပြောတဲ့ စကားကလည်း ထူးဆန်းနေတယ်။ မင်းကို ခွဲစိတ်ကုသရမယ်တဲ့။ ကိုယ်တို့ လက်ထပ်ဖို့ရက်ကိုလည်း ရွှေ့ဆိုင်းထားရဦးမလိုလို ပြောနေတယ်။ ဒါပေမယ့်၊ မင်းကို အခု မြင်ရတော့လည်း ဘာမှ မဖြစ်သလိုပဲ။ မင်း သိပ်လှနေတာပဲကွယ်။ ဘာရောဂါအတွက် ခွဲစိတ်ရမှာလဲ အချစ်ရေ"

ဂျနီဖာက ဝင်စတန်၏မျက်နှာကို ပူးကပ်ပြီး ကြည့်နေသည်။

"စိတ်မချမ်းသာစရာပါဘဲ မောင်ရယ်၊ ကျွန်မလေ သားသမီးမရနိုင်တော့ဘူး။ နောက်ပြီးတော့ ကျွန်မ . . ."

"ရှူး ဘာမှ ဆက်မပြောနဲ့တော့"

ဝင်စတန်က မြတ်နိုးစွာနှင့် ကြည့်နေသည်။

"မင်းကို ပြောပြရဦးမယ်။ ဒီကိစ္စတွေကလည်း မင်း စိတ်ချမ်းသာအောင် ကိုယ်ခေါင်းညိတ်ခဲ့တာပါ။ သားသမီးမွေးဖို့ကိစ္စကို ပြောတာပါ။ ကိုယ့်အသက်အရွယ်နဲ့ ဘာကိုမှလဲ ဂရုစိုက်နေစရာမလိုတော့ပါဘူး။ မင်းစိတ်ချမ်းသာဖို့ကိုပဲ ကိုယ်လိုလားခဲ့တယ်။ မင်း သားသမီး သိပ်လိုချင်နေတယ်လို့ ကိုယ်ထင်ခဲ့တယ်။

ဒါကြောင့် ကိုယ်ကလည်း သားသမီး ရရှိရေးဟာ ကိုယ့်အတွက်လည်း အရေးကြီးတဲ့ပုံမျိုး ဟန်ဆောင်နေခဲ့ရတယ်။ ကိုယ်အလေးထားတာက မင်းကိုပါပဲ။ ကိုယ်ချစ်တာက မင်းကိုပါပဲ၊ မင်းနားမလည်နိုင်ဘူး ထင်တယ်"

"အို. . . မောင်ရယ်"

ဂျနီဖာက သူ့ကို တင်းတင်းကျပ်ကျပ် ပြန်ဖက်ထားသည်။ ရင်ထဲမှ အလုံးကြီး ကျသွားသဖြင့် မျက်ရည်များလည်း စီးကျလာသည်။ ဝင်စတန်က သူ့ဆံပင်များကို ပွတ်သပ်ပေးနေသည်။

"ကိုယ့်ကို လက်လွှတ်လိုက်ရမှာ မင်း မစိုးရိမ်တော့ဘူး မဟုတ်လား။ စိတ်ချပါ အလှလေးရယ်။ မင်း ကိုယ့်ကို ဘယ်တော့မှ မဆုံးရှုံးစေရပါဘူး။ မင်းအတွက်ပဲ ကိုယ် အသက်ရှင်နေတာ ဖြစ်တယ်ဆိုတာ မင်း သဘောမပေါက်ဘူးလား"

ဝင်စတန်က ပြောပြောဆိုဆို ဂျနီဖာ၏ ရင်ဘတ်ကို ညဝတ်အင်္ကျီပေါ်မှပင် နမ်းလိုက်သည်။

"မင်းကိုပဲ ကိုယ်လိုချင်တာပါ။ သားသမီးတွေ မဟုတ်ပါဘူး။ ကိုယ့်အသည်းနှလုံးတွေကို လှုပ်ရှားအောင် လုပ်နိုင်တဲ့ မိန်းကလေးဟာ ဒီတစ်လောကလုံးမှာ မင်းတစ်ယောက်တည်းပဲ ရှိတာပါကွယ်"

ဂျနီဖာက ခေါင်းညိတ်ပြသည်။ ဝင်စတန်၏ခေါင်းကိုလည်း လက်တစ်ဖက်နှင့် ပွတ်နေမိသည်။ ဝင်စတန်က သူ့လည်ပင်းကို ပြန်နမ်းသည်။

"ကိုယ့်စိတ်ဓာတ်တွေ ပြောင်းလဲသွားအောင် မင်း လုပ်နိုင်ခဲ့တယ်။ အခုတော့ မင်းနဲ့ဝေးရာကို ကိုယ် မပြေးရဲတော့ဘူးဆိုတာ ကိုယ့်ဟာကိုယ် ပြန်ပြီး သဘောပေါက်လာပြီ။ မင်းနဲ့ခွဲပြီး ဝေးရာကို ပြေးရမှာကိုပဲ ကိုယ်ကြောက်နေပြီ။ ကိုယ့်အခန်းထဲကို မင်းရောက်လာတဲ့ အချိန်ကစပြီး ကိုယ် သိလိုက်ပြီ၊ အရာရာဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတော့မှာပဲ

www.burmeseclassic.com

www.burmeseclassic.com


ဆိုတာ ကိုယ် သိလိုက်ပါတယ် ဂျနီဖာ။

ဟောဒီ မင်းရဲ့ ရင်သားလှလှတွေဟာ ကိုယ့်သားသမီးတွေပါပဲ။ ကိုယ့်မျက်နှာကို ကိုယ့်သားသမီးတွေအပေါ်မှာ အပ်ထားခွင့်ရတယ် ဆိုရင်ပဲ ကိုယ် ကျေနပ်ပါပြီ"

ဝင်စတန်က ပြောပြောဆိုဆိုဖြင့် ဂျနီဖာ၏ ရင်ဘတ်ပေါ်မှာ မျက်နှာကို အပ်ထားသည်။ ထိုအခိုက်မှာပင် ရင်သားပေါ်မှ ပတ်တီးကို သူ စမ်းမိသွားသည်။

"ဒါက ဘာဖြစ်တာလဲ ဂျနီဖာ၊ ကိုယ့်သားသမီးတွေကို သူတို့ ဘာများ လုပ်ကြတာလဲ"

ဂျနီဖာ၏ မျက်နှာပေါ်မှာ အပြုံးတွေ ပျောက်သွားသည်။

"ဘာမှ မဖြစ်ပါဘူး၊ ကျွန်မမှာ အဆီအိတ်လို ဟာမျိုးကလေးတစ်ခု ရှိနေလို့. . ."

"အနာရွတ်များ ဖြစ်ကျန်နေဦးမှာလား"

သူ တကယ်ပင် အထိတ်တလန့် ဖြစ်သွားသည်။

"မဖြစ်ပါဘူး ဝင်စတန်၊ သူတို့ ဆေးထိုးအပ်ကလေးနဲ့ ထိုးပြီး စုပ်ယူလိုက်တာပါ။ ဘာအနာရွတ်မှ ထင်မှာ မဟုတ်ပါဘူး"

"တော်ပါသေးရဲ့ကွယ်၊ မင်းရဲ့ သားအိမ်ကို သူတို့ ထုတ်ယူချင် ယူကြပါစေ။ ကိုယ် ဂရုမစိုက်ပါဘူး၊ ကိုယ့်သားသမီးကလေးတွေကို မထိခိုက်ရင် ပြီးတာပါပဲ။

ဒါထက် နေပါဦး၊ ကိုယ့်ကို ဖုန်းဆက်တုန်းက အဲဒီ ဆရာဝန်က ဘာကြောင့်များ ခပ်တည်တည်ကြီး လုပ်နေရတာလဲ၊ ဘာအကြောင်းမှလဲ မပြောဘူး။ ကိုယ် အမြန်လိုက်လာဖို့သာ ပြောတယ်"

"သူ- သူက ကျွန်မ ကလေးသိပ်လိုချင်နေတာကို သိတယ်။ ပြီးတော့. . ."

ဝင်စတန်က ခေါင်းကို ယမ်းခါလိုက်သည်။

"သားအိမ်ထုတ်ပစ်ဖို့ လိုတယ်ဆိုတာကလေးလောက်ကိုမှ သူက ဘာဖြစ်လို့ မပြောနိုင်ရတာလဲ။ ဆရာဝန်တွေဟာ ဒီအတိုင်းချည်းပါပဲလေ။ ဒါပေမယ့်၊ ဒီကို လာဖြစ်တဲ့အတွက် ကိုယ် ဝမ်းသာပါတယ်။ ဒီကနေ ပြန်သွားရင် မင်းကို အခုလို ပွေ့ထားရတာကလေးတွေကို ပြန်စဉ်းစားနေနိုင်တာပေါ့။ ဒီလိုနေရတဲ့ အချိန်ကလေးကို အမြဲတမ်းသတိရနေချင်တယ်။ လာမယ့် သောကြာနေ့လောက်အထိ ကိုယ် ပြန်လာနိုင်ဦးမှာ မဟုတ်ဘူး။ ခွဲစိတ်ကုသလို့ ပြီးသွားရင် အယ်နီကို ကိုယ့်ဆီ ဖုန်းဆက်ခိုင်းလိုက်ပါ။ ကိုယ့်ရုံးမှာ ရှိမနေရင်လည်း ကိုယ် ဘယ်မှာ ရှိနေတယ်ဆိုတာကို ဟိုက ပြောပြပါလိမ့်မယ်"

ဝင်စတန်က ဖုန်းနံပါတ်တစ်ခုကို ရေးပေးသည်။

အခန်းဝရောက်တော့ ရပ်ပြီး နောက်သို့ ပြန်လှည့်ကြည့်ပြန်သည်။ မျက်လုံးများက ဂျနီဖာကို ယခင်က မမြင်ဖူးဘူးခဲ့သလို စူးစူးဝါးဝါး ကြည့်နေသည်။

"မင်းကို ကိုယ်ချစ်တယ် ဂျနီဖာ၊ မင်းကိုပဲ ကိုယ်ချစ်တာပါ။ ကိုယ်ပြောတာ ယုံတယ် မဟုတ်လား"

"ယုံပါတယ် မောင်ရယ်၊ ကျွန်မ မောင်ချစ်တာကို သိပါတယ်"

ဂျနီဖာက ပြုံးပြီး ဖြေသည်။

အခန်းအပြင်သို့ သူ ထွက်သွားတော့သည်။ သူ ထွက်သွားပြီးနောက် အချိန်အတန်ကြာအောင်ပင် ထိုအပြုံးကလေးသည် ဂျနီဖာ၏ မျက်နှာပေါ်မှ ပျောက်မသွားဘဲ ကျန်ရစ်နေသည်။

သို့သော်လည်း လှုပ်ရှားခံစားရသော အပြုံးမျိုးကား မဟုတ်တော့။

*

"မနက်ဖြန်မနက် ရှစ်နာရီကျရင် ခွဲမယ်၊ ဒီမှာ ဂျနီဖာ၊ အားလုံး ကောင်းသွားမှာပါ"

ညသန်းခေါင်လောက်တွင် ဒေါက်တာဂါးလင်းရောက်လာသည်။ ပြီးတော့ ဂျနီဖာကို ပြုံးပြုံးရွှင်ရွှင်နှင့် ပြောပြသည်။

"ကျွန်မ ယုံပါတယ်"

ဂျနီဖာကလည်း ပြန်ပြုံးပြသည်။

သူ အိပ်ရာပေါ်မှ ပြန်ဆင်းလာသော အချိန်သည် နံနက် သုံးနာရီ ထိုးနေပြီ။

အခန်းတံခါးကို သာသာကလေး ဖွင့်သည်။ ဆေးရုံစင်္ကြံတွင် မီးရောင် ခပ်မှိန်မှိန်လင်းနေသည်။ သို့သော်လည်း ဓာတ်လှေကားအနီးတွင် သူနာပြုဆရာမတစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။ တံခါးကို အသာကလေး ပြန်ပိတ်လိုက်သည်။

ပြီးတော့ အသံမမြည်အောင် အဝတ်အစားလဲသည်။ သာမန် အဝတ်အစားများသာ ပါလာသဖြင့် ကံကောင်းသည်ဟု ဆိုရ

www.burmeseclassic.com

www.burmeseclassic.com



မည်။ သို့မှသာ သတင်းထောက်များ မမှတ်မိဘဲနေမည်။ ဖဲကြိုးတစ်ချောင်းယူပြီး ဆံပင်များကို စုစည်းလိုက်သည်။ ပြီးတော့ အခန်းအပြင်သို့ ခြေဖျားထောက်ပြီး ထွက်လာခဲ့သည်။

နံရံအနားမှ ကပ်ပြီး လျှောက်လာခဲ့သည်။ ထို့နောက် ရေအေးစက် တပ်ဆင်ထားသည့် လိုဏ်ခေါင်းလို နေရာကလေးတွင် ကပ်နေလိုက်သည်။ တာဝန်ကျဆရာမက စားပွဲမှာထိုင်ပြီး လင်းထိန်သည့် မီးရောင်အောက်တွင် စာတစ်အုပ်နှင့် စာရေးနေသည်။ ဓာတ်လှေကားဆီသို့ ရောက်ရန် ဤလမ်းမှလွဲ၍ အခြားမရှိ။ ဆရာမကို ကျော်သွားမှသာ ရပေမည်။

ထို့ကြောင့်လည်း ထိုနေရာမှာပင် ပုန်းနေရင်း ဆရာမ တစ်နေရာရာသို့ ထွက်ခွာသွားရန်ကိုသာ ကျိတ်ပြီး ဆုတောင်းနေရတော့သည်။ တစ်ချိန်တည်းမှာပင် သူ ပုန်းအောင်းနေသည်ကိုလည်း အခြား မည်သူကမျှ မမြင်ပါစေနှင့်ဟု ဆုတောင်းမိပြန်သေးသည်။

နာရီစက်သံကြီးကလည်း တချက်ချက်နှင့် စည်းချက်ညီညီ မြည်နေသည်။ ဆရာမကလည်း မဆုံးနိုင်အောင် စာရေးနေသည်။ လည်ပင်းပေါ်မှာ ချွေးများ စွဲလာပြီ။ တစ်ကိုယ်လုံး အငွေ့ရလာသည်။ မီးဖိုပေါ်မှာ ထိုင်နေရသကဲ့သို့ ဖြစ်နေသည်။

အမှန်တော့ သူ ရပ်နေသည့် နေရာသည် ရေအေးစက်မဟုတ်။ အပူငွေ့ပေးသည့် စက်အောက်တည့်တည့်တွင် ရပ်နေမိခြင်း ဖြစ်သည်။

ရုတ်တရက် လူခေါ်ခေါင်းလောင်းမြည်သံကို ကြားရသည်။ အင်း. . ဘုရားသခင်ကိုပင် ကျေးဇူးတင်ရသေးတော့သည်။ လူနာတစ်ယောက်ယောက်က ခေါင်းလောင်းတီးပြီး သူနာပြုဆရာမကို ခေါ်ခြင်း ဖြစ်သည်။

သို့သော်လည်း ဆရာမကမူ စာကို ရေးမြဲ ဆက်ရေးနေသည်။ နားများပင် လေးနေရော့သလား။

ခေါင်းလောင်းက ထပ်မြည်ပြန်သည်။ တစ်ခု တစ်ကြိမ်တော့ ဆက်တိုက်မြည်သည်။

'ခေါ်နေတဲ့လူနာဆီကို သွားလိုက်လေ၊ ဘာလိုချင်သလဲလို့ သွားမေးလိုက်ပါလား"

ဂျနီဖာက စိတ်ထဲမှ ကျိတ်ပြီး အော်ပြောနေမိသည်။

ခေါင်းလောင်းက ထပ်မြည်ပြန်သည်။

သည်တစ်ခါတော့ မရပ်တော့ချေ။ ဆရာမက လေးလေးကန်ကန်နှင့် ထိုင်ရာမှထသည်။ မည်သည့်အခန်းက ခေါင်းလောင်းဖြစ်ကြောင်း ဖော်ပြသည့် နံရံဆီသို့ လှမ်းကြည့်နေသည်။

အခန်းတစ်ခုထဲသို့ ဆရာမ ဝင်ရောက်ပျောက်ကွယ်သွားသည်ကို ကြည့်နေသည်။ ပြီးတော့ ဓာတ်လှေကားရှိရာသို့ တစ်ဟုန်ထိုးပြေးလာခဲ့သည်။ ဓာတ်လှေကားနှင့် ဆင်း၍ မဖြစ်သေး။အပေါ်သို့ ဓာတ်လှေကား ရောက်လာအောင် အကြာကြီး စောင့်ရဦးမည်။ ပြီးတော့ အသံလည်း မြည်ဦးမည်။

လှေကားရှိရာသို့လာပြီး ရှစ်ထပ်လုံးလုံးကို လှေကားအတိုင်း အပြေးဆင်းခဲ့သည်။ အောက်ထပ် ဧည့်ခန်းသို့ ရောက်တော့မှပင် အသက်ရှူနိုင်တော့သည်။

ဓာတ်လှေကားမောင်းသူက ဆေးလိပ်သောက်ရင်း ငွေကိုင်စာရေးနှင့် စကားပြောနေသည်။

အပြင်သို့ ပြေးထွက်ခဲ့ပြီး နှစ်လမ်း သုံးလမ်း ကျော်သည်အထိ လျှောက်လာခဲ့သည်။

ထို့နောက် တက္ကစီကားတစ်စင်းကို ရသည်။ သူ့ဟိုတယ်ခန်းသို့ ပြန်ရောက်သောအခါ နံနက်လေးနာရီ ထိုးနေပေပြီ။

*

နောက်တစ်နေ့နံနက်တွင် ဂျနီဖာ အခန်းထဲမှ ပျောက်ဆုံးနေကြောင်းကို သူနာပြုဆရာမတစ်ဦးက အရင်စသိသည်။ ထို့ကြောင့် ဒေါက်တာဂါးလင်းကို အကြောင်းကြားသည်။ ဒေါက်တာဂါးလင်းက ဂျနီဖာ တည်းနေသည့် ဟိုတယ်ကို ဖုန်းဆက်သည်။ ဂျနီဖာ၏အခန်းမှ ဖုန်းမကိုင်သောအခါ ဟိုတယ်လက်ထောက်မန်နေဂျာက တံခါးကို ဖွင့်ခိုင်းပြီး ဝင်ကြည့်သည်။

ခုတင်ပေါ်မှာ ဂျနီဖာ အိပ်နေသည်။ အလွန်လှပသည့် အဝတ်အစားများကို သပ်ရပ်စွာ ဝတ်ဆင်ထားသည်။ မျက်နှာကိုလည်း မိတ်ကပ်များလိမ်းပြီး အလှပြင်ထားသည်။ သူ့လက်တစ်ဖက်ကမူ ဒွန်ချည်း ကျန်တော့သည်။ အိပ်ဆေးပုလင်းအခွံတစ်ခုကို ကိုင်ထားသည်။ စာနှစ်စောင် ရေးထားခဲ့သည်။

တစ်စောင်က. . .

www.burmeseclassic.com

www.burmeseclassic.com



အယ်နီရေ

ရှင်လျက်နဲ့ သေနေရတဲ့ဘဝမျိုးကို ဒီအတိုင်းဆက်ပြီး တည်မြဲနေအောင် ဘယ်သူမှ မတတ်နိုင်ကြတော့ပါဘူးကွယ်၊ အိပ်ဆေးကလေးတွေကိုပဲ ကျေးဇူးတင်မိပါသေးတော့တယ်၊ မင်းတို့လက်ထပ်ပွဲကို မတက်နိုင်တော့တဲ့အတွက် စိတ်မကောင်းဖြစ်မိပါတယ်။

မင်းကို ချစ်တယ်ကွယ်။

ဂျင်း

ဝင်စတန်အေဒမ်စ်ဆီသို့ ရေးထားသည့်စာကမူ . .

ချစ်ရတဲ့ ဝင်စတန်

မောင်ရဲ့ သားသမီးလေးတွေ ပျက်စီးမသွားအောင် ဆက်လက် ထိန်းသိမ်းထားနိုင်ဖို့အတွက် ကျွန်မ မောင့်ကို ခွဲသွားရပါတော့မယ်၊ အဖြစ်မှန်တွေ ပေါ်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဂျနီဖာ

ထိုစာတိုကလေးနှင့် ပတ်သက်ပြီး အထက်လွှတ်တော်အမတ် ဝင်စတန်အေဒမ်စ်က မည်သို့သော ဖြေရှင်းချက်ကိုမျှ မပေးချေ။ သတင်းထောက်များက ဝိုင်းဝန်း မေးမြန်းကြသောအခါတွင်လည်း "ဘာမှပြောစရာ မရှိပါဘူး" ဟူသော အဖြေကိုသာ တွင်တွင်ပေးသည်။ အယ်နီကမူ နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။

ဒေါက်တာဂါးလင်းကလည်း ဂျနီဖာ သေဆုံးခြင်းနှင့် ပတ်သက်၍ သတင်းထောက်များကို ရှင်းပြရန် ငြင်းဆိုသည်။

'ယမန်နေ့တုန်းက သာမန် ခွဲစိတ်မှုကလေးကို ပြုလုပ်ခဲ့ပါသည်။ ထို့ထက်ပို၍ ဘာမှ မပြောနိုင်ပါ' ဟုသာ ဖြေသည်။

ဂျနီဖာ၏ အသုဘ အခမ်းအနားသည် မကြံ့ဘူးအောင် စည်ကားလွန်းလှသည်။ ဘုရားရှိခိုးကျောင်း အပြင်ဘက်တွင် လူများကြိတ်ကြိတ်တိုးနေကြသည်။ မော်တော်ယာဉ်လမ်းကြောင်းများ ပိတ်ဆို့ကုန်သည်။ မြင်းစီးရဲတပ်ဖွဲ့ကို အကူအညီ ထပ်ခေါ်ပြီး လမ်းရှင်းယူရသည်။

သတင်းစာများက ဂျနီဖာအကြောင်းကို မျက်နှာဖုံးမှ ဖော်ပြကြသည်။ ထိုအကြောင်းကို ရေးကြရင်း အယ်နီ၏ ဓာတ်ပုံကိုလည်း ဖော်ပြကာ ယခုကိစ္စတွင် အယ်နီလည်း တစ်နည်းတစ်ဖုံအားဖြင့် ပါဝင်ပတ်သက်နေကြောင်းများကို ရေးကြသည်။

ဂျနီဖာ၏အမေ ရောက်လာသည်။ သတင်းထောက်များ မေးသမျှကို ဖြေသည်။ သူ့သမီးသည် ဆင်းရဲကြောင်း၊ လူချမ်းသာများနှင့် အကြောင်းပါသောကြောင့်သာ ထင်ရှားလာရခြင်း ဖြစ်ကြောင်းများကို ထုတ်ဖော်ပြောသည်။

ပြီးတော့ ဂျနီဖာ ကျန်ခဲ့သည့်ငွေများ၊ အဝတ်အစားများ၊ သားမွေးအကျီများနှင့် လက်ဝတ်လက်စားများ အားလုံး သူ့ကို ပေးရမည်ဟု တောင်းဆိုသည်။

ဂျနီဖာ၏အမေကိစ္စလောက် ဆိုလျှင်တော့ အယ်နီအနေနှင့် ဖြေရှင်းပေးလို့ရသည်။ သို့သော်လည်း ကလော်ဒီရားဒိုး ပေါ်လာပြန်သည်။ သူက ဂျနီဖာ ရေးပေးခဲ့သည့် သေတမ်းစာကို ထုတ်ပြသည်။ ပိုင်ဆိုင်ခွင့်များ အားလုံး သူ ရထိုက်သည်ဟု ဆိုသည်။

ထို့ကြောင့်လည်း ပိုမို ရှုပ်ထွေးလာသည်။ ယင်းသို့ အခြေအနေများ ရှုပ်ထွေးနေဆဲမှာပင် နီလီ ရောက်လာတော့သည်။

ဂျနီဖာအလောင်းကို သူ မမီလိုက်သောကြောင့် သူ စိတ်မချမ်းမသာ ဖြစ်နေသည်။ စပိန်နိုင်ငံမှာပင် သူနေခဲ့သည်။ ယခု နယူးယောက်မြို့သို့ ပြန်ရောက်လာသောအခါ အယ်နီ၏အခန်းမှာ လာနေသည်။ သတင်းစာများကလည်း သူ့အကြောင်းကို ပြန်ရေးကြပြန်သည်။

ဂျနီဖာ၏အကြောင်း ရေးနေကြရာမှ နီလီအကြောင်းကို အာရုံပြောင်းလာကြပြန်သည်။ နီလီ၏ ပုံသဏ္ဌာန်မှာလည်း မယုံနိုင်စရာ ပြန်ဖြစ်လာသည်။ ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ် ဖြစ်နေသည်။ စွဲမက်လောက်အောင် ချောမောလှပနေသည်။ သူ ရုပ်ရှင်ပြန်ရိုက်ဖို့ကို စိတ်အားထက်သန်နေကြောင်း၊ သို့သော်လည်း ယခု ဂျနီဖာ၏ကိစ္စ မပြီးမချင်း ရိုက်ဦးမည် မဟုတ်သေးကြောင်းများ ထုတ်ဖော်ပြောဆိုသည်။

အယ်နီ အနေနှင့်လည်း ထိုသို့သော အချိန်မျိုးတွင် ရုပ်မြင်သံကြား မလုပ်ဘဲ နေလို့မရ။ ကြော်ငြာများအတွက် အလုပ်များနေသည်။ ကုမ္ပဏီပိုင်ရှင်သစ်များကလည်း

www.burmeseclassic.com

www.burmeseclassic.com



အယ်နီကို သူတို့ကုမ္ပဏီမှာပင် အလုပ်ဆက်လုပ်ရန် မေတ္တာရပ်ခံနေကြသည်။ လစာကိုလည်း မတန်တဆ တိုးပေးသည်။

ဂျနီဖာ ကွယ်လွန်သွားသည့်အတွက် သတင်းစာများက ရေးသားကြရာတွင် အယ်နီ၏ အကြောင်းများကိုလည်း ချန်ထား၍ မဖြစ်သဖြင့် ရေးသားကြရာမှ အယ်နီ၏ နာမည် ပိုကြီးလာပြန်သည်။

ဂျနီဖာ ကွယ်လွန်သွားသောကြောင့် သူတို့ လက်ထပ်မည့်ရက်ကို ရွှေ့ဆိုင်းလိုက်ကြပြန်သည်။ ဧပြီလအတွင်း လက်ထပ်ရန် သတ်မှတ်လိုက်ကြသည်။

ဂျနီဖာအကြောင်းကို သတင်းစာများက မနားတမ်း ဝိုင်းဝန်းရေးသားနေကြသည်မှာ ရက်သတ္တ သုံးပတ်လုံးလုံး ကြာမြင့်သွားသည်။ ထို့နောက်မှ အရေးရပ်တော့သည်။ နှစ်ရက်လုံးလုံး ဘာမှ မရေးဘဲ နေကြသည်။ ထိုနှစ်ရက် လွန်မြောက်ပြီး နောက်တစ်နေ့တွင် သတင်းစာတိုင်း၌ ခေါင်းစဉ်မည်းကြီးများကို တွေ့ကြရပြန်သည်။

အထက်လွှတ်တော်အမတ် ဝင်စတန်အေဒမ်စ် အထက်လွှတ်တော်အမတ် အဖြစ်မှ နုတ်ထွက်လိုက်သည့်သတင်း ဖြစ်သည်။

စိတ်ထိခိုက်မှုကို ခံစားနေရသောကြောင့် တစ်နှစ်ခန့် ခရီးသွားရန် ရည်ရွယ်သည်ဟု ဆိုသည်။

ဂျနီဖာ သူ့ကိုယ်သူ သတ်သေသွားသည့် အကြောင်းမှာ ပြန်ပြီး အသက်ဝင်လာပြန်သည်။

ဒေါက်တာဂါးလင်းက ဂျနီဖာ၏ရောဂါနှင့်ပတ်သက်ပြီး ဝင်စတန်အေဒမ်စ်ကို ရှင်းပြသည်။ ထိုအခါကျတော့မှပင် ဂျနီဖာ သူ့ကိုယ်သူ သတ်သေသွားရသည့် အကြောင်းရင်း အဖြစ်မှန်ကို ဝင်စတန်အေဒမ်စ် သိတော့သည်။ သို့သော်လည်း ထိုအကြောင်းကို သတင်းစာများက မသိလိုက်ကြချေ။

အယ်နီသည် ရုပ်မြင်သံကြား ကြော်ငြာကိစ္စများကို ပြီးပြတ်အောင်လုပ်ပြီး ကေဗင်နှင့်အတူ ပမ်းဘီချ်သို့ ထွက်ခဲ့သည်။ သည်နေရာမှာ တစ်ပတ်လုံးလုံး အနားယူရခြင်းသည် နှစ်ပေါင်းများစွာအတွင်း သူ့အဖို့ စိတ်အချမ်းသာရဆုံးသောရက်များ ဖြစ်ခဲ့သည်။

နီလီကိုလည်း ဧည့်သည် ဇာတ်ဆောင်အဖြစ်နှင့် ရုပ်မြင်သံကြားလွှင့်ရန် စီစဉ်ထားသည်။ အခကြေးငွေလည်း ကောင်းကောင်းပေးသည်။ ယခုတစ်ကြိမ်တွင်မူ ကြိုတင် ရိုက်ကူးပြီးမှ ပြန်လွှင့်ခြင်း ဖြစ်သည်။ ထို့ကြောင့် နီလီအဖို့ အစစအရာရာ ချောမွေ့သွားသည်။

ပမ်းဘီချ်သို့ ရောက်နေတုန်း ရုပ်မြင်သံကြားမှ နီလီ ထုတ်လွှင့်သည်ကို ကြည့်ကြသည်။ အပြစ်ဆိုစရာ မရှိအောင် ကောင်းလှသည်။ သူ့အသံကလည်း ယခင်ကအတိုင်း ကောင်းလှသည်။ မျက်လုံးများက အရောင်တောက်နေကြသည်။ နီလီသည် မိန်းမငယ်လေးတစ်ယောက် မဟုတ်တော့။ နှုတ်ခမ်းကလေးများလှုပ်ပုံ၊ စိတ်ခံစားမှုဖော်ပြမှုများ... 

ကလေးများလှုပ်ပုံ၊ စိတ်ခံစားမှုဖော်ပြမှုများ

ရယ်မောလိုက်ပုံများမှာ အသည်းခိုက်လောက်ပါပေသည်။

နီလီ ကောင်းကြောင်း၊ တော်ကြောင်းများကို သတင်းစာများက ပြန်လည် ရေးသားကြပြန်ပြီ။

*ပါရမီရှင်* ဟူသောဘွဲ့ထူးများ၊ ***အသက်ရှင်နေသည့်ဒဏ္ဍာရီ*** ဆိုသော ဂုဏ်ထူးများဖြင့် ချီးမြှောက်ကြပြန်သည်။

သို့ဖြင့် ဟောလီးဝုဒ်တွင် ရုပ်ရှင်ရိုက်ရန် စာချုပ်လိုက်တော့သည်။

သည်လောကသို့ နီလီ ပြန်လာပြီး ထိပ်ဆုံးသို့ ရောက်သွားပြန်ပြီ။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## နီလီ

၁၉၆၁

"ဟိုရောက်ရင်တော့ အဝတ်အစား အသစ်တွေ ထပ်ဝယ်ရဦးမှာပဲ။ ဂီးလ်၊ ကျွန်မ သေတ္တာတွေ အကုန်လုံးလိုလို စပိန်မှာ ကျန်ရစ်ခဲ့တယ်။ ကျွန်မ အဝတ်အစားတချို့ အစ်မဆီမှာ ထားခဲ့လို့ ရမလားဟင်"

နီလီက သူ့ပစ္စည်းများကို အိတ်တစ်လုံးထဲသို့ ပစ်စလက်ခတ် ပစ်ထည့်နေရင်း အယ်နီကို လှမ်းပြောသည်။

"မင်း ပြန်ရောက်မလာခင် ကိုယ် လက်ထပ်ဖြစ်လိမ့်မယ်ထင်တယ် နီလီ။ လက်ထပ်ပြီးရင် ကိုယ်တို့ ကမ္ဘာတစ်ပတ် လျှောက်လည်ကြမလို့၊ ဒီအခန်းကိုလည်း ခဏတော့ ကိုယ် ငှားထားခဲ့ရလိမ့်မယ်"

"ဒါလည်း ကောင်းတာပဲ။ အဲဒီလိုဆိုရင် ကျွန်မ ဆက်ငှားပါ့မယ်။ ကျွန်မလည်း ဂျစ်ပစီလူမျိုးလို ဖြစ်နေပြီ။ ကျွန်မ ပစ္စည်းတွေက ခွေးလှေးပျား တောအနံ့ဆိုတဲ့ အတိုင်းပဲ။ တစ်နည်းအားဖြင့်တော့လည်း ကောင်းပါတယ်လေ။ စိတ်ကူးပေါက်သလို သွားလာနေနိုင်တာပေါ့။ ဒါထက်၊ ဂျနီဖာရဲ့ ပိုက်ဆံကိစ္စ ဘယ်လို ဖြစ်သွားသလဲ"

"သူ့အမေပဲ အကုန်လုံးရမယ်။ ပါရီမြို့က ကလော်ဒီရှားဒိုး ထုတ်ပြတဲ့ သေတမ်းစာကြီးက အတုကြီးတဲ့။ ဟင်နရီ စစ်ဆေးကြည့်တော့မှ တွေ့တာ။ ဒါပေမယ့် ကလော်ဒီနဲ့စာချုပ်ထားတုန်း ဂျနီဖာ ရိုက်ခဲ့တဲ့ ရုပ်ရှင်ကားတွေ ပြန်ပြမယ်ဆိုရင် သူ့ကို ရာခိုင်နှုန်းငါးဆယ် ပေးရမယ်။ ကျန်တဲ့ငွေကတော့ သူ့အမေပဲ ရမှာပဲ။ လက်ဝတ်လက်စားတွေရော၊ အဝတ်အစားတွေရော အကုန်ပေါ့။ သူ့ရုပ်ရှင်တွေလည်း ပြန်ပြနေတယ်။ ဒါပေမယ့် ထင်သလောက်တော့ ငွေမဝင်ပါဘူး"

"အနုပညာအခံ မရှိပေမယ့် ဂျနီဖာဟာ ကောင်းကောင်းမွန်မွန် နေသွားနိုင်တယ်။ ဘာကြောင့် သူ့ကိုယ်သူ သတ်သေသွားတာလဲ ဟင်"

"ကိုယ် မသိဘူးလို့ ပြောပြီးပါရောလား နီလီ၊ တကယ့်ကို မသိဘူး"

"ကျွန်မကတော့ တွေးနေမိတယ်။ တခြား ကောလာဟလတွေ ဖြစ်နေသလို သူ့မှာ တစ်ခုခု မှားနေတာတော့ ဟုတ်နိုင်မယ် မထင်ဘူး။ တချို့လူတွေက သူ့မှာ တီဘီရောဂါ ရှိနေတယ်လို့ ပြောကြတယ်။ တချို့ကလည်း ကင်ဆာရောဂါလို့ ပြောကြတယ်။ ကျွန်မတော့ မထင်ဘူး။ အမှန်တော့ သူ ရုပ်ကျလာလို့ သူ့ကိုယ်သူ သတ်သေလိုက်တာပဲ ဖြစ်ရမယ်"

"မဖြစ်နိုင်တာဘဲကွယ်၊ ဂျနီဖာဟာ အရင်တုန်းကထက်တောင် ပိုပြီးတော့ လှနေသေးတယ်"

"ဒါပေမယ့်၊ သူ့ရဲ့ နောက်ဆုံး ရုပ်ရှင်ကားဟာ မစွံဘူး မဟုတ်လား။ ဒါပေမယ့်လေ ဒီကားက ငွေတော့ ဝင်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ နောက်ဆုံးကားကလည်းဖြစ်၊ သူ့အကြောင်းကလည်း ပူပူနွေးနွေးပဲ ရှိသေးတာပဲ မဟုတ်လား။ ကျွန်မ ကြားသလောက် ကားကတော့ ကားကောင်း မဟုတ်ပါဘူး။ သူလည်း တဖြည်းဖြည်း ကျလာနေပါပြီ"

"နီလီ၊ သူ ရုပ်ရှင်လောကက အနားယူလိုက်ပြီ။ သူ လက်ထပ်တော့မလို့"

"ဟုတ်ပါတယ်၊ ကျွန်မ စပိန်မှာနေတုန်းက ဒီအကြောင်းတွေ သတင်းစာထဲမှာ ဖတ်ရပါတယ်။ အချစ်စစ် အချစ်မှန်ကို သူ ချက်ချင်း တွေ့လိုက်တဲ့အကြောင်းလေ၊ တိုနီနဲ့ လက်ထပ်တုန်းကလည်း သူ့ဘဝဟာ ပျော်ရွှင်ပြီးငွေ့စရာ ကောင်းခဲ့တယ်။ ဒါတောင် အဲဒီအချိန်တုန်းက သူ့အသက်ဟာ အငယ်ကလေး ရှိသေးတယ်။ ချောတုန်း၊ လှတုန်း။

www.burmeseclassic.com

www.burmeseclassic.com


အခုတော့ သူ့အသက်လည်း ကြီးလာပြီ၊ ရုပ်ကလည်း ကျလာပြီ၊ အမတ်မင်း စွဲမက်နေအောင် သူ မတတ်နိုင်တော့ဘူးထင်တယ်။

ဒါကြောင့်လည်း ဒီလို လုပ်သွားတာဖြစ်မယ်။ ဒါမျိုးနဲ့ ပတ်သက်လာရင် ကျွန်မအဖို့တော့ ဘာမှ ပူစရာ မရှိဘူး။ ကျွန်မမှာ ဗီဇရှိတယ်။ အနုပညာဘက်မှာ တော်တယ်။ ပိန်တာ၊ ဝတာတွေ အကြောင်းမဟုတ်ဘူး။ ဟယ်လင်လော်ဆန်ကို ကြည့်ပါလား၊ ကျွန်မနဲ့တော့ မတူဘူးပေါ့လေ။ တစ်မျိုးစီပေါ့။ အခုဆိုရင် သူ့အသံ မကောင်းတော့ဘူး။

ဒါကြောင့် ဟောလီးဝုဒ်ကိုသွားပြီး ရုပ်မြင်သံကြားတွေမှာ လူကြီးခန်းက ဝင်ရိုက်ရတော့မယ်။ ဘာပဲဖြစ်ဖြစ် သူ့အသံ မကောင်းတော့ပေမယ့် သူဟာ ဒီလောကမှာ ဆက်ပြီးရပ်တည်နေနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ သူ့မှာ အနုပညာအခံ ရှိတယ်။ တော်တယ်"

"ဟယ်လင်ဟာ သူ့ဘဝကိုသူ ထိန်းထားနိုင်မှာပါပဲ။ ဘာကြောင့်လဲဆိုတော့ သူ့မှာ ဘာခံစားချက်မှ မရှိဘူး။ သူ စိတ်မချမ်းသာဘူး ဆိုတာကလည်း ကလေးတစ်ယောက် စိတ်မချမ်းသာတဲ့ အဖြစ်မျိုး၊ အရုပ်အသစ်ကလေး တစ်ခုရရင် သူ စိတ်ချမ်းသာသွားတော့တာပဲ။ ဒါပေမယ့်၊ အသံနဲ့ ပတ်သက်လာရင် သိပ်သတိထားရမယ် နီလီ၊ မင်းလည်းအတူတူပဲ"

အယ်နီက တစ်လုံးချင်း ပြန်ပြောနေသည်။

"ကျွန်မကတော့ ဒါလောက်တောင် ဂရုစိုက်နေဖို့ မလိုပါဘူး အစ်မရယ်။ ကျွန်မအသံက အသည်းနှလုံးထဲက လာတာ၊ ကျွန်မစိတ်ထဲမှာ ခံစားနေရတဲ့ ခံစားချက်တွေကနေပြီး ထွက်ပေါ်လာတာ။ ကျွန်မကတော့ဘဝအတွေ့အကြုံအရ ပညာတွေ ရခဲ့ပြီ။

ယောက်ျားတွေက ကိုယ့်ကို ပစ်သွားလိမ့်မယ်၊ ကိုယ့်ရုပ်ကလည်း ကျလာလိမ့်မယ်၊ သားတွေ သမီးတွေကလည်း လူလားမြောက်လာကြလိမ့်မယ်။

ဒီလို အခါမျိုးမှာ ကိုယ် အထင်ကြီးထားတာတွေ အားလုံးဟာ ပျက်စီးသွားတော့တာပဲ။ ဒါကြောင့် တကယ့်တကယ် အားကိုးရမှာက ကိုယ့်ကိုယ်ကိုယ်ပဲ။ ပြီးတော့ ကိုယ့်ရဲ့ အနုပညာစွမ်းရည်ပဲ"

*

နောက် ရက်သတ္တ သုံးပတ်ခန့် ကြာသောအခါ နီလီ ပြန်ရောက်လာသည်။ အကြီးအကျယ် တုန်လှုပ် ချောက်ချားနေသည်ကိုလည်း တွေ့ရသည်။

"အယ်နီ၊ ကျွန်မလေ- ကျွန်မ အသံမရတော့ဘူး။ အသံသွင်းလို့ သုံးရက်လည်းရရော တစ်ခါတည်း သွားတော့တာပဲ။ကျွန်မ သီချင်းဆိုလို့ မရတော့ဘူး"

အယ်နီက သူ့ကို နှစ်သိမ့်သည်။

လည်ချောင်းရောဂါနှင့် ပတ်သက်ပြီး အလွန်တော်သည့် ပါရဂူများရှိကြောင်း၊ ယခုလို အဖြစ်မျိုးကို အဆိုတော်တိုင်း ကြုံတွေ့တတ်ကြရကြောင်းများ ပြောပြသည်။

"မဟုတ်ပါဘူး အစ်မရယ်။ ကျွန်မကတော့ တစ်သက်လုံး သွားပါပြီ။ ဆရာဝန်တိုင်းနဲ့လည်း ကျွန်မ စစ်ဆေးကြည့်ပြီးပါပြီ။ အာရုံကြောနဲ့ဆိုင်တယ်လို့ သူတို့က ပြောကြတယ်။ သူတို့ ပြောတာလည်း မဟုတ်သေးပါဘူး။ ကျွန်မကို ဘုရားသခင်က ဒဏ်ခတ်လိုက်တာပါပဲ။ ဂျနီဖာအကြောင်းကို ကျွန်မ မကောင်းပြောမိလို့ အခုလို ဒဏ်ခတ်ခံရတာပါ။ ရိုက်လက်စ ရုပ်ရှင်ကိုလည်း ပစ်လိုက်ရတော့မယ်။ ကျွန်မ ပြန်ကောင်းလာရင်တောင်မှ ကျွန်မကို သူတို့ သုံးကြတော့မှာ မဟုတ်ပါဘူး"

နီလီက ခြုံသံပါအောင် ညည်းလိုက်သည်။

"ဘုရားသခင်နဲ့ မဆိုင်ပါဘူး နီလီရယ်၊ မင်းကို တစ်ယောက်ယောက်က ဒဏ်ခတ်နေတာပါ။ အဲဒီ တစ်ယောက်ယောက် ဆိုတာဟာလည်း မင်းပဲ"

အယ်နီကလည်း ချော့မော့သော လေသံနှင့် ပြောပြန်သည်။

"ဟုတ်မှာပါပဲ၊ ကျွန်မရဲ့ နောက်ဆုံး စိတ်ရောဂါအထူးကု ဆရာဝန်ကလည်း ဒီအတိုင်းပဲ ပြောပါတယ်။ ကျွန်မဟာ ကိုယ့်ကိုယ်ကိုယ် အပြစ်တစ်ခုခု ကျူးလွန်ထားတယ်လို့ အထင်ပေါက်နေပြီး ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး ဖျက်ဆီးနေတာမျိုးတဲ့။ ဒါလည်း အလကားဟာပါလေ။ ဘယ်လို အမှားမျိုးကိုမှ ကျွန်မ ကျူးလွန်ခဲ့ဖူးတာမှ မဟုတ်ဘဲ"

စိတ်ရောဂါ အထူးကုဆရာဝန် တစ်ယောက်နှင့် နီလီ တွေ့ပြန်သည်။ ဒေါက်တာ မက်ဆင်ဂျာ ဖြစ်သည်။ အလွန် တော်ပါသည်ဟု လူပြောများသည်။

www.burmeseclassic.com

www.burmeseclassic.com



အယ်နီက နီလီကို သူနှင့်အတူတူ လာနေခိုင်းလိုက်သည်။ စိတ်ဓာတ်ရေးရာ အရရော၊ သူငယ်ချင်းတစ်ယောက်အနေနှင့် ဝိုင်းဝန်းကူညီပေးမှုများကိုပါ နီလီ လိုနေသည်ဟု အယ်နီက သဘောရသည်။ ထို့ကြောင့်လည်း အတူခေါ်ထားလိုက်ခြင်း ဖြစ်သည်။

နီလီကလည်း အစစရာရာ ဆင်ခြင်ပြီး နေထိုင်ပါသည်။ အယ်နီ၏အခန်းကို မဖျက်ဆီးမိအောင်၊ အမှိုက်မရှုပ်မိအောင်ကအစ ဆင်ခြင်နေထိုင်သည်။

သို့သော်လည်း သူ လုံးဝ အိပ်မရ၊ ဂီတသမားများနှင့် အပြင်သို့ လိုက်သွားတတ်သည်။ အချိန်မရွေး အချိန်ရှိ ပြန်လာပြီး ဧည့်ခန်းထဲမှာ အရုဏ်တက်ချိန်တိုင်အောင် ထိုင်နေတတ်သည်။ အိပ်ဆေးများကို သောက်ရင်း သူ့သီချင်း ဓာတ်ပြားဟောင်းများကို ပြန်နားထောင်နေတတ်သည်။

တစ်မနက် အယ်နီ အိပ်ရာမှ နိုးလာတော့ ဧည့်ခန်းထဲမှာ ထိုင်ပြီး ငိုနေသည့် နီလီကို တွေ့ရသည်။

"ကျွန်မကတော့ ဘဝဆုံးပါပြီ အစ်မရယ်၊ ကျွန်မ ဆိုထားခဲ့တဲ့ ဓာတ်ပြားတွေဖွင့်ပြီး လိုက်ဆိုဖို့ ကြိုးစားကြည့်တယ်၊ ကျွန်မ ဆိုလို့ မရတော့ဘူး"

"ဒါပေမယ့်၊ ဒေါက်တာ မက်ဆင်ဂျာက အာရုံကြောကြောင့် ဖြစ်တာလို့ ပြောတယ် မဟုတ်လား။ မင်းအသံ ပြန်ကောင်းလာမှာပါ နီလီ"

"ကျွန်မ စိတ်အာရုံတွေ ပျက်ပြားသွားအောင် ဟောလီးဝုဒ်က လုပ်တာလို့ သူက ပြောတယ်။ ဒါကြောင့် ကျွန်မ ဒီကနေ့ည ကြိုးစားကြည့်တာ၊ ဒီနေရာမှာ တစ်ယောက်တည်း ကြိုးစားကြည့်တာ။ ကင်မရာလည်း မရှိဘူး၊ ဟောလီးဝုဒ်လည်း မရှိဘူး။ ဒါပေမယ့် အစ်မရယ်၊ ကျွန်မ လည်ချောင်းထဲမှာ ပိတ်နေပြီ။ ကျွန်မ သီချင်းဆိုလို့ မရတော့ဘူး"

"အခုမှ ဘယ်နှရက် ရှိသေးလို့လဲကွယ်။ အချိန်ယူဦးမှပေါ့ နီလီ"

"ဟုတ်မှာပါပဲလေ"

ပြောရင်း ရေချိုးခန်းထဲသို့ ဝင်သွားသည်။ ခဏကြာတော့ အိပ်ဆေးများသောက်ပြီး ပြန်ထွက်လာသည်။

"ဝီစကီများ မရှိဘူးလားဟင်၊ ဒီဆေးတွေက ဝီစကီနဲ့ မသောက်ရင် အစွမ်းမထက်တော့ဘူး"

အယ်နီက ဝီစကီတစ်ပုလင်း ပေးလိုက်သည်။

ထိုအဖြစ်ကလေးကစပြီး ပြဿနာပေါ်ခြင်း ဖြစ်သည်။ ထိုနေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ အယ်နီက ကေဗင်ကို အိမ်မှာပင် ညစာချက်ကျွေးရန် စီစဉ်ထားသည်။

သို့သော်လည်း နီလီ အိပ်ဆေးသောက်ပြီး အိပ်နေခိုက် မိမိအိမ်မှာ ချက်ပြုတ်ကြော်လှော်နေလျှင် သူ့ကို အနှောင့်အယှက် ဖြစ်တော့မည်ဟု စဉ်းစားမိသည်။

ထို့ကြောင့် ကေဗင်ကို ဖုန်းလှမ်းဆက်ပြီး အစီအစဉ် ဖျက်လိုက်သည်။ ကေဗင်၏ အခန်းမှာ သူ တစ်နေ့လုံး လာနေမည်။ ညကျတော့မှ ဟိုတယ်မှာ သွားစားကြမည်ဟု စီစဉ်လိုက်သည်။

အယ်နီ ထွက်သွားပြီး တံခါးပြန်ပိတ်သွားသည့် အသံကို ကြားလိုက်ရသည်။

နီလီ အိပ်မပျော်ပါ။

သို့သော်လည်း အိပ်ပျော်ချင်ယောင်ဆောင်မှ အစစ အဆင်ပြေမည်။ သူ အိပ်ဆေးသောက်သည်ကိုသော် လည်းကောင်း၊ အရက်သောက်သည်ကိုသော် လည်းကောင်း အယ်နီ မြင်လျှင် အလွန် စိတ်မချမ်းမသာ ဖြစ်တတ်သည်။

အယ်နီ ထွက်သွားသောအခါ နီလီသည် အိပ်ရာမှထပြီး အရက် ထပ်ထည့်သောက်သည်။ ပြီးတော့ စီးကရက်တစ်လိပ်ညှိပြီး ဖွာရှိုက်နေသည်။ ယခု အရက်ပုလင်းသည် နောက်ဆုံး အရက်ပုလင်းပင် ဖြစ်သည်။

သို့သော်လည်း တစ်နေရာရာမှာ အယ်နီ ဝှက်ထားသည့်အရက် ရှိနိုင်ပါသေးသည်။ မကြာမီမှာပင် မိမိ အိပ်ပျော်သွားတော့မည်ဟုလည်း သူထင်သည်။

ခွက်ထဲသို့ ထပ်ဖြည့်ပြန်သည်။ သူ ခပ်မြန်မြန် သောက်နေမိကြောင်းကို ပြန်သတိရသည်။ အိပ်ဆေးနည်းနည်း ထပ်သောက်ပြီး ဖြည်းဖြည်းချင်း အရက်သောက်နေခြင်းက ပိုကောင်းမည်ဟု တွေးလိုက်မိသည်။

ခေါင်းအုံးအောက်သို့ လက်လျှိုနှိုက်သည်။ အနီရောင် အိပ်ဆေးသုံးလုံး ထွက်လာသည်။ သူ ဝှက်ထားသည့်ဆေး ဖြစ်သည်။ အိပ်ဆေးသုံးလုံးကို ဝီစကီနှင့် မျောချလိုက်သည်။ နောက်ဆုံးတော့ အိပ်ဆေးများက

www.burmeseclassic.com

www.burmeseclassic.com



အစွမ်းပြလာသည်။ မူးဝေထိုင်းမှိုင်းလာသည်။ သို့သော်လည်း အိပ်မပျော်နိုင်သေး။

ဖန်ထွက်ထဲသို့ အရက် ထပ်ဖြည့်ပြန်သည်။ အရက်ကလည်း ကုန်တော့မည်။ ပြီးတော့ စီးကရက်လည်း မရှိတော့။ သည်လိုဆိုလျှင် အိပ်ဆေး ထပ်သောက်လိုက်ဦးမှ။ သို့သော်လည်း သောက်ထားသည့် ဆေးတွေက များနေပြီ။ အန္တရာယ် ဖြစ်လာနိုင်သည်။

တစ်နေ့ကျလျှင် အခြေအနေ ပိုဆိုးသွားနိုင်သည်။ ဒေါက်တာ မက်ဆင်ဂျာက သတိပေးဖူးသည်။

အခြေအနေဆိုးတော့ရော ဘာဖြစ်ရဦးမည်နည်း။ ယခု မိမိမှာ ရှိနေသည့် အရည်အချင်းများလည်း အားလုံးကုန်ပြီ။ မက်မောစရာလည်း ဘာမှ မရှိတော့ပြီ။ တွယ်တာစရာလည်း ဘာမှ မရှိတော့ပြီ။

ငွေဆိုလို့လည်း လက်ထဲမှာ တစ်သောင်းသာ ရှိတော့သည်။ တစ်သောင်းလည်း မဟုတ်တော့ပါ။ သူ ဟောလီးဝုဒ်မှ ပြန်လာစဉ်က လက်ထဲမှာ တစ်သောင်းရှိခြင်း ဖြစ်သည်။ အမြှာပူး သားနှစ်ယောက်အတွက် ကျောင်းစရိတ်ငွေ ပို့ရသေးသည်။ ထောင့်နှစ်ရာ ကုန်သွားသည်။ ဆရာဝန်ကို တစ်နေ့ နှစ်ဆယ့်ငါးဒေါ်လာနှုန်းနှင့် ပေးလာရသည်မှာလည်း သုံးပတ် ရှိသွားပြီ။ နယူးယောက်မြို့သို့ လာသည့်အတွက် ခရီးစရိတ်က ကုန်သေးသည်။ အခြား အသုံးစရိတ်များကလည်း ရှိသေးသည်။ သူ့မှာ ငါးထောင်လောက်သာ ကျန်နိုင်တော့သည်။

ထိုငွေသည် မည်မျှကြာအောင် အသုံးခံမည်နည်း။ အယ်နီနှင့်လည်း တစ်သက်လုံး အတူနေ၍ မဖြစ်။ နောက်လဆိုလျှင် အယ်နီ လက်ထပ်တော့မည်။

ဂီးဇ် . . ၊ ငွေ ဘယ်ကရနိုင်မည်နည်း။ အိမ်ကိုလည်း ရောင်းပြီးပြီ။ အခြား စုဆောင်းထားသည့်ငွေလည်း မရှိ။ ကျန်သည့်အရက်ကို အကုန် သောက်လိုက်ရုံသာ ရှိတော့သည်။

သားနှစ်ယောက်ကိုတော့ တက်ကစောင့်ရှောက်ကောင်းပါရဲ့။ ကလေးတွေကလည်း သူ့ကို ဂရုစိုက်ကြသည်တော့ မဟုတ်။ ကာလီဖိုးနီးယားပြည်နယ်မှာ သားများနှင့် တွေ့တုန်းက "ဟိုဟာ ပေးပါ၊ ဒီဟာ ရှာပေးပါ၊ ဟောဒါ ဝယ်ပေးပါ" ဆိုသော စကားများ ပြောဖို့ကလွဲပြီး သူတို့ ဘာကိုမှ ဂရုမစိုက်ကြ။

သူသေလို့လည်း ဂရုစိုက်မည့်သူ မရှိ။ အသက်ရှင်နေလို့လည်း အရေးထားမည့်သူ မရှိ။ မည်သူကမျှ သူ့ကို ဂရုမစိုက်ကြတော့ပါတကား။

"လောကကြီးမှာ ဘာကိုမှလဲ တပ်မက်မနေတော့ပါဘူး။ များများစားစားလည်း မလိုချင်တော့ပါဘူး။ နေဖို့ အခန်းကောင်းကောင်းရယ်၊ ကိုယ့်ချစ်တဲ့ ယောကျ်ားတစ်ယောက်ရယ် ရရင်ပဲ တော်လောက်ပါပြီ"

ပါးစပ်မှ တတွတ်တွတ် ရွတ်ရင်း ပုလင်းထဲမှာ ကျန်နေသည့် အရက်များကို အကုန် လောင်းထည့်လိုက်သည်။ ပြီးတော့ ပုလင်းခွံကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။

"ဂျနီဖာရေ . . ၊ အစ်မ ဘယ်နေရာကို ရောက်နေပြီလဲကွယ်။ ကောင်းကင်ပေါ်ကို ရောက်နေပြီလား။ အတောင်ပံကြီးတွေနဲ့ ပျံနေတာတော့ မဟုတ်ပါဘူး၊ ကျွန်မ သိပါတယ်။ နောက်ဘဝဆိုတာ ရှိသေးတယ်ဆိုရင် အစ်မလည်း တစ်နေရာရာကို ရောက်နေရောပေါ့နော်။ ဒီလိုဆိုရင်တော့. . .

ကျွန်မ ပြောနေတာတွေကို ဂျနီဖာ ကြားမှာပါပဲ။ အစ်မရော စိတ်ထဲမှာ ဒီလိုပဲ ခံစားခဲ့ရဖူးသလား။ အစ်မနဲ့ အတူတူ ကျွန်မ နေချင်ပါတယ်။အခုဘဝထက်တော့ ပိုကောင်းမှာပါပဲ။ ဒီဘဝမှာ နေလို့ရော ကျွန်မအဖို့ ဘာအကျိုးရှိတော့လို့လဲ။ နောက်တစ်ရက်၊ နောက်တစ်ည အလကား အချိန်ဖြုန်းနေရတာပါပဲ"

ဖန်ခွက်ထဲမှ အရက်ကို အကုန် မော့သောက်ပစ်လိုက်သည်။

"ဂီးဇ် . . ၊ ငါ့အသက်ကလည်း သုံးဆယ့်နှစ်နှစ်တောင် ရှိလာပြီ။ မငယ်တော့ဘူး။ ဘာပြဿနာမှ မရှိတဲ့ တခြား ဘုံတစ်ခုခုတော့ ရှိမှာပါပဲ။ တီးဝိုင်းမရှိ၊ အဆိုတော်မရှိ၊ ဘာဒုက္ခမှ မရှိတဲ့ ဘုံတစ်ခုခုတော့ ရှိမှာပါပဲ။

ဟုတ်ပါပြီ၊ ဒါကြောင့် ပညာရှိတဲ့လူတွေက ယုံကြည်နေကြတာပဲ။ ဘာသာတရားကို ကိုင်းရှိုင်းနေကြတာပဲ။ အမှန်တော့ ငါလည်း ဘာသာတရား ကိုင်းရှိုင်းတဲ့ လူတစ်ယောက် ဖြစ်ဖို့ ကောင်းခဲ့တယ်။ အခုတော့ ဘုရားရှိခိုးကျောင်း ဆိုတာကိုလည်း ငါ မသွားခဲ့ဖူးဘူး။

ဂျနီဖာရေ နိဗ္ဗာန်ဘုံဆိုတာတော့ ရှိရမှာပါပဲ။ ဘာကြောင့်လဲဆိုတော့ တစ်တလာ သတ်ပစ်လိုက်တဲ့ ကလေးတွေကို ကြည့်ပါ

www.burmeseclassic.com



လား။ နောက်ပြီးတော့ မွေးလာကတည်းက မျက်စိလည်းမမြင်၊ နားလည်းမကြား၊ စကားလည်း မပြောနိုင်တဲ့ ဟယ်လင်ကီးလားလို အမျိုးသမီးကြီးကို ကြည့်ပါလား။ ဒီဘဝ ပြီးသွားတဲ့အခါမှာ နိဗ္ဗာန်ဘုံဆိုတာ မရှိဘူး ဆိုရင်တော့ သူတို့အတွက် ဘယ်တရားပဲ့မလဲ နော်။

ဟုတ်ပါပြီ နိဗ္ဗာန်ဆိုတာ သေသေချာချာ ရှိရမှာပါပဲ။ သေချာပါတယ်၊ ရှိကိုရှိရမှာပါပဲ။

ဂျနီဖာရေ မမ မသေခင်တုန်းက တော်တော် အခံရဆိုးသလားဟင်၊ မမ စိတ်ထဲမှာရော ကြောက်စိတ်တွေ ဝင်ခဲ့သေးသလား။ ကျွန်မနဲ့ အတူတူနေပါ ဂျနီဖာရယ်။ ကျွန်မ အိပ်ဆေး ထပ်သောက်လိုက်ဦးမယ်။ မမ ရှိရာကို ကျွန်မ အရောက်လာခဲ့ပါ့မယ်"

ရေချိုးခန်းထဲသို့ နီလီ ပြေးဝင်လာခဲ့သည်။ သူဝှက်ထားသည့် အိပ်ဆေးတစ်ပုလင်း ရှိသေးသည်။ ပုလင်းထဲမှာ ဆေးခြောက်လုံးသာ ရှိတော့သည်။ ခြောက်လုံးစလုံးကို ခပ်မြန်မြန် မော့ချလိုက်သည်။ ခြောက်လုံးလောက်နှင့်တော့ အကြောင်းထူးဦးမည်မဟုတ်။ အက်စပရင်ကိုပါ သောက်လိုက်ရလျှင် အကြောင်းထူးလေမည်လား။

သို့သော်လည်း အက်စပရင်ဆေးပြားကလည်း ငါးလုံးတည်း ကျန်တော့သည်။ ထိုငါးလုံးကိုလည်း မော့ချလိုက်သည်။ ဝီစကီကတော့ ကုန်ပြီ။ ကေဗင်အတွက် အယ်နီ သိမ်းထားသည့် ဝိုင်တစ်ပုလင်းတော့ ရှိသည်။ ထိုဝိုင်အရက်ကိုပင် ထပ်သောက်ရတော့မည်။

ပုလင်းနှင့် ဖန်ခွက်ကိုယူပြီး အခန်းထဲသို့ ပြန်လာသည်။ ဖန်ခွက်က လွတ်ကျပြီး ကြမ်းပြင်ပေါ်မှာ ကွဲသွားသည်။

အိုး. . . ဂီး၀်။

ပန်းကန်ခွက်ယောက်ကွဲလျှင် အယ်နီ အလွန် စိတ်ဆိုးတတ်သည်။ ထိုနေရာမှာ ရပ်ပြီး ဖန်ခွက်ကွဲများကို ကောက်သည်။ ယခု ဖန်ခွက်သည် အရက်စင်ပေါ်မှာ ထားသည့် ဖန်ခွက်များထဲမှ တစ်လုံး ဖြစ်သည်။

သို့သော်လည်း အယ်နီကတော့ သိမပေတော့မည်။ ဖန်ခွက်အရှည်တစ်လုံးကို ထပ်ယူသည်။ ဖန်ခွက်ကွဲနှင့် လက်ကောက်ဝတ်ကို ဖြတ်လိုက်လျှင်လည်း အောင်မြင်နိုင်သည်။ ဂျနီဖာ၏ အသုဘကဲ့သို့ပင် မိမိအသုဘလည်း စည်စည်ကားကား ရှိလေမည်လား။ မိမိ အလောင်းကို သင်္ဂြိုဟ်ဖို့ တက်ကာစာဘလင် ကာကများ တောင်းလေဦးမည်လား။

ဒါမှမဟုတ် မိမိ အစ်မအရင်းကများ သင်္ဂြိုဟ်ခွင့် လာတောင်းနေမည်လား။ ဘာပဲဖြစ်ဖြစ် အစည်ကားဆုံးသော အသုဘ အခမ်းအနား ဖြစ်ချင်သည်။ ဂျနီဖာထက်လည်း ပိုပြီး ကြီးကျယ်ချင်သည်။

သည်လိုဆိုလျှင်တော့လည်း အကောင်းသားပဲ။ သို့သော်လည်း နိဗ္ဗာန်ဘုံ မရှိလျှင် ဘယ်လိုလုပ်ရပါ့။ ကိုယ်ကလည်း သေပြီး ဖြစ်နေသည်။ ထို့ကြောင့် ဘာမှ စိတ်ချမ်းသာစရာ ရှိတော့မည် မဟုတ်။ ဘာမှလဲ အကျိုးကျေးဇူး ရှိတော့မည် မဟုတ်။

တစ်ခုတော့လည်း ကောင်းပါသည်လေ။ မသေဖြစ်လျှင်လည်း လူတိုင်းက ဝမ်းနည်းပန်းနည်း ဖြစ်ကြလိမ့်မည်။ ဟောလီးဝုဒ်ကလည်း မိမိကို ပြန်လာရန် ခယတောင်းပန်ကြလိမ့်မည်။ မိမိမှာလည်း စိတ်ရောဂါ ခံစားရတော့မည် မဟုတ်။ သီချင်းလည်း ပြန်ဆိုနိုင်မည်။ အရာ အားလုံးတို့ ပြန်ပြီး အံ့သြဖွယ်ရာများ ဖြစ်လာကြဦးတော့မည်။

ဘော်ဘွန်း ဝိုင်အရက်ကို ထည့်ပြီး သောက်လိုက်သည်။ စောစောက ဖန်ခွက်ကွဲ တစ်ခုကို လက်ထဲမှာ ကိုင်ထားဆဲ ရှိသည်။

အိပ်ခန်းထဲသို့ ပြန်ဝင်ခဲ့သည်။ ခုတင်ပေါ်သို့ တက်သည်။ ဝိုင်အရက်ကို ထပ်သောက်သည်။ပြီးတော့ သူ့လက်ကောက်ဝတ်ကို ပြန်ကြည့်နေသည်။ ဘေးနားကို ဖြတ်လိုက်လျှင် ဖြစ်နိုင်သည်။ သွေးကြောမကြီးကို ဖြတ်၍ မဖြစ်။ သွေးကြောမကြီးကို ဖြတ်လျှင် သေသွားနိုင်သည်။ သေသွားလို့ မဖြစ်သေး။ သွေးထွက်ရုံလောက်ဆိုလျှင် တော်ပြီ။

တစ်လက်မလောက် အလျားရှိအောင် ဖန်ခွက်ကွဲနှင့် ဖြတ်လိုက်သည်။ သွေးကြောမကြီးပေါ်မှာတော့ မဟုတ်။ သွေးများ ထွက်လာသည်။ အိပ်ရာပေါ်မှာ ပြန်လှဲနေလိုက်သည်။

ဂီး၀် သွေးအထွက်ကလည်း များလှချည်လား။ မြန်လည်း မြန်လှချည်လား။ အရေးကြီးသည့် သွေးကြောတစ်ခုခုကို ဖြတ်ပစ်လိုက်မိပြီထင်သည်။

ဂီး၀် သွေးက မတိတ်တော့။

တယ်လီဖုန်းကို လှမ်းဆွဲသည်။ အယ်နီ ဘယ်များ ရောက်နေပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



သွေးထွက် ပိုမြန်ပြီး ပိုများလာသည်။ ယခုအချိန်ကျမှပင် စောစောက သောက်ထားသည့် အိပ်ဆေးများကလည်း အစွမ်းပြကြတော့သည်။ နောက်ဆုံးသောက်သည့် ဘော်ဘွန်းအရက်ကလည်း အစွမ်းပြလေပြီ။

တယ်လီဖုန်း အော်ပရေတာကို လှမ်းခေါ်သည်။ အော်ပရေတာက ဝတ်ကျေတန်းကျေ အသံမျိုးနှင့် ပြန်ထူးသည်။

"ကျွန်မ နီလီအိုဟာရာပါ၊ ကျွန်မ သေတော့မယ်"

သူက ဗလုံးဗထွေး ပြောသည်။

"ရှင့် ဖုန်းနံပါတ် ပြောပါ"

"ကျွန်မ နံပါတ်လား"

နီလီက ဖုန်းကို ငုံ့ကြည့်သည်။ အားလုံး ဝါးနေပြီ။

"ကျွန်မလည်း မပြောတတ်ဘူး၊ ဒီဖုန်းက စာရင်းထဲမှာ ဖော်ပြတဲ့ဖုန်း မဟုတ်ဘူး။ ကျွန်မလည်း မမှတ်မိတော့ဘူး၊ ကျွန်မကို ကူညီပါ။ ကျွန်မ လက်ကောက်ဝတ်မှာ ဖန်ခွက်ကွဲ ရှသွားလို့ သွေးတွေ. . ."

"လိပ်စာကရော"

"အရှေ့ပိုင်း ခြောက်ဆယ့်နှစ်လမ်း၊ ပန်းခြံနားက အင်န်ဝဲလ်စ်ပိုင်တဲ့အိမ်"

"ရုပ်မြင်သံကြား သရုပ်ဆောင်မင်းသမီးလား"

တယ်လီဖုန်း အော်ပရေတာက စောစောတုန်းကလို ဝတ်ကျေတန်းကျေ လေသံမျိုး မဟုတ်တော့။

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်"

တယ်လီဖုန်း စကားပြောခွက် ကျသွားသည်။ သူ့မျက်လုံးများလည်း တဖြည်းဖြည်း ပိတ်သွားတော့သည်။ ပြန်ဖွင့်နိုင်အောင် ကြိုးစားသည်။

ဘုရားရေ အယ်နီ၏ အိပ်ရာခင်းများ ပျက်စီးကုန်ပါပေါ့လား။ သူ့လက်တစ်ဖက်သည် ဘေးဘက်သို့ တွဲလောင်းကျနေပြီး မလှုပ်မရှား ဖြစ်နေသည်။ အယ်နီ၏ ရွှေရောင်ကော်ဇောများပေါ်သို့ သွေးများ ယိုစီးကျနေသည်။

"အော်ပရေတာ၊ မြန်မြန်လုပ်ပါတော့"

သွေးများ ထွက်နေတုန်းပင် ဖြစ်သည်။

သို့သော်လည်း မိမိ သေဦးမည် မဟုတ်ပါ။ သည်အကြောင်းများကို ကောင်းကောင်း မွန်မွန် သတိရသေးသဖြင့် သေနိုင်စရာ အကြောင်း မရှိပါ။ အိပ်ချင်မူးတူး ဖြစ်နေခြင်းသာ။ သေအံ့မူးမူးမဟုတ်။

အလကား အသုံးမကျတဲ့အိပ်ဆေးတွေ အခုလို အချိန်ကျမှ လာပြီး အစွမ်းပြနေကြတယ်။

*

နီလီက မျက်လုံးများကို ဖွင့်ကြည့်သည်။ ပြီးတော့ ချက်ချင်းပြန်မှိတ်လိုက်သည်။ ဆေးရုံ အနံ့ရနေသည်။ ထို့ကြောင့်လည်း သူ အသက်ရှင်နေသေးကြောင်း သိသွားသည်။ အဖြစ်အပျက်များကို ပြန်စဉ်းစားသည်။

ဥဩသံများ၊

လူနာတင်ကား. . .။

မျက်လုံးများကို တစ်ကြိမ် ပြန်ဖွင့်ကြည့်လိုက်ပြန်သည်။ အခန်းထဲတွင် အယ်နီသည် ကေဗင်နှင့်အတူတူ ထိုင်နေသည်။ အယ်နီက ထလာသည်။

"အိုး- နီလီ၊ မင်း သတိရလာပြီနော်။ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့်ပါပဲ"

နီလီက ပင်ပန်းနွမ်းရိစွာနှင့် ပြုံးသည်။

"အစ်မရဲ့အခန်း ပေကျံကုန်တဲ့အတွက် စိတ်မကောင်းပါဘူး အစ်မရယ်"

"ဒါတွေ မေ့ပစ်လိုက်စမ်းပါ"

"ကျွန်မ ဘယ်ရောက်နေသလဲ"

"ပတ်ခ်နော့သ်ဆေးရုံမှာ"

နီလီက နှာခေါင်းကို ရှုံ့ချည်နှပ်ချည် လုပ်နေသည်။

"ဆရာဝန်တွေက ဘာမှ မလုပ်ကြဘူးလား။ ကျွန်မ နားထဲမှာ ကြားနေရသလိုပဲ"

ကေဗင် နီလီ၏ခုတင်နားသို့ လျှောက်လာသည်။

"ပြောတာ နားထောင်ဦး ကလေးမ။ မင်း ဒီကို ရောက်လာတာ သိပ်ကံကောင်းသွားတယ်။ ကိုယ်တို့ အိမ်ပြန်ရောက်လာကြတော့ မင်းကို ဘယ်ခေါ်သွားဖို့ လုပ်နေတယ်ဆိုတာ သိလား။ ဘယ်လီဗူးဆေးရုံကို ခေါ်သွားကြတော့မလို့"

"အိုး. . . ဂီး၊ ကျွန်မကလည်း အဲဒီဆေးရုံနဲ့ပဲ တန်ပါတယ်လေ"

နီလီက ထထိုင်ရန် ကြိုးစားသည်။

"အိမ်ကိုပြန်ဖို့ တို့ဆုံးဖြတ်လိုက်တာ သိပ်ကံကောင်းသွားတယ်။ အယ်နီက မင်းကို ဝင်ကြည့်ချင်သေးတယ်လို့ ပြောတယ်။ တို့ ရောက်လာတော့ လူနာတင်ကားနဲ့ ရဲသား

www.burmeseclassic.com

www.burmeseclassic.com



တွေ ရောက်နေနှင့်ပြီ။ သူတို့က မင်းကို ဘယ်လီဗူးဆေးရုံကို ပို့ကြတော့မလို့။ ဒါဟာ ဥပဒေအတိုင်း လုပ်တာပဲ။ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်တဲ့ လူနာတိုင်းကို အဲဒီဆေးရုံမှာပဲ တင်ရတယ်။ ဆေးရုံတင်ထားပြီး အခြေအနေကို စောင့်ကြည့်တယ်။ နောက် ရုံးတင်တရားစွဲမယ်"

"ဂီးဇ်. . ."

"အခုကိစ္စမှာလည်း ကေဗင် ဝင်ကယ်လို့သာပေါ့။ ကေဗင်က ဖန်ခွက်ကွဲတွေကို ပြတယ်။ မတော်တဆ လက်ကို ရှမိသွားတာသာ ဖြစ်တယ်လို့ ပြောရတာ"

အယ်နီကလည်း ဝင်ပြောသည်။

"ကိုယ့်မှာ ငွေစက္ကူတွေနဲ့ လာဘ်ထိုးလိုက်ရတာ မပြောပါနဲ့တော့။ ကိုယ်ပြောတဲ့အတိုင်း သူတို့ လက်ခံပြီး ဘယ်လီဗူးဆေးရုံကို မတင်ဖြစ်အောင်၊ နောက်ပြီး တခြား ဆေးရုံပို့ဖို့လည်း အချိန်မရှိတော့ဘူး။ ဟို ဆေးရုံတွေက ဝေးတယ်။ ဒါကြောင့် အနီးဆုံး ဖြစ်တဲ့ ဒီဆေးရုံကိုပဲ တင်လိုက်ရတာ"

ကေဗင်က မျက်မှောင်ကုတ်ပြီး ပြောသည်။

"တကယ်လည်း ကျွန်မကိုယ် ကျွန်မ သေကြောင်းကြံတာ မဟုတ်ပါဘူး"

"အမှန်တရားပေါ်တဲ့ အချိန်အထိ စောင့်ကြည့်ဦးပေါ့လေ" ဟု အယ်နီက ပြောသည်။

"သတင်းစာတွေက ကျွန်မအကြောင်း ရေးနေသေးသလား"

"မျက်နှာဖုံးက ဝိုင်းရေးကြတာပေါ့ကွယ်။ နီလီ၊ မင်းဘဝအတွက်တော့ ကိုယ်တို့ တစ်ခုခု လုပ်မှဖြစ်တော့မယ်"

အယ်နီက နီလီ၏ခုတင်အနီးသို့ ကုလားထိုင်ကို ဆွဲယူလာရင်း ပြောသည်။

"ဘာလုပ်တော့မှာလဲ အစ်မရယ်၊ ကျွန်မလည်း နောက်ထပ်ပြီး သီချင်းဆိုနိုင်တော့မှာမှ မဟုတ်ဘဲ"

မျက်ရည်များ စီးကျလာရင်း နီလီက ပြန်ပြောသည်။

"အမှန်က မင်းဦးနှောက်နဲ့ ဆိုင်တာပါကွာ။ လည်ချောင်းနဲ့ မဆိုင်ပါဘူး"

ကေဗင်က သူ့ခေါင်းကို လက်နှင့်ပုတ်မြပြီး ပြောသည်။

"အကြောင်းက မထူးတော့ပါဘူးလေ။ ကျွန်မလည်း ပြောစကား နားထောင်ချင်ပါတယ်။ သီချင်းလည်း ဆိုချင်ပါတယ်။ ဒါပေမယ့်၊ အသံမထွက်တော့ဘူး"

"ကောင်းပြီလေ၊ လေးငါးခြောက်ရက်ဆို မင်း ဆေးရုံက ဆင်းရတော့မယ်။ အဲဒီနောက် ဘာလုပ်မလဲ"

ကေဗင်က မေးသည်။

"ကျွန်မ အယ်နီရဲ့အခန်းမှာ မနေတော့ပါဘူးရှင်။ စိတ်ချပါ။ ကျွန်မ ဟိုတယ်တစ်ခုခုကို ပြောင်းနေပါ့မယ်"

မျက်ရည်များ တတွေတွေ စီးကျလာသည်။

"ဒီလိုလုပ်လို့ ဖြစ်နိုင်တာ မဟုတ်ဘူး နီလီ။ အိပ်ဆေးသောက်တာတွေ၊ အရက်သောက်တာတွေ ဖြတ်ရတော့မယ်။ နောက်တစ်ကြိမ်ဆိုရင် မင်း ကံကောင်းနိုင်တော့မှာ မဟုတ်ဘူး"

နီလီက ကိုယ်ကိုဆန့်ပြီး အိပ်လိုက်သည်။

"ကျွန်မ ပျော်အောင်အိပ်လို့ ရမယ်ဆိုရင်၊ တကယ် နှစ်နှစ်ခြိုက်ခြိုက် ပျော်အောင်အိပ်လို့ရမယ်ဆိုရင်၊ တစ်ပတ်လောက် ကြာအောင်ပေါ့လေ. . .။ ကျွန်မ ကောင်းသွားမှာပါ။ အခု အတိုင်းသာ ဆိုရင်တော့ နာရီပိုင်းကလေးထက် ပိုပြီး ဘယ်တော့မှ ပျော်အောင်အိပ်လို့ရမှာ မဟုတ်ဘူး။ အစတုန်းကတော့ ကျွန်မ ကောင်းကောင်း အိပ်လို့ရခဲ့ပါတယ်။ အခုလို အိပ်မပျော်တော့တာ ကြာပြီ"

"အိပ်ပျော်အောင် လုပ်ထားပြီး ကုတဲ့နည်းမျိုးပေါ့"

အယ်နီက ရုတ်တရက် ဝင်ပြောသည်။

ကေဗင်နှင့် နီလီတို့နှစ်ယောက်က နားမလည်သလို ပြိုင်တူကြည့်လိုက်ကြသည်။

"ဟုတ်တယ်၊ အိပ်ပျော်အောင် လုပ်ထားပြီး ကုတဲ့နည်းမျိုး"

အယ်နီက ဆက်ပြောသည်။ တစ်ဆက်တည်းမှာပင် ဂျနီဖာ ကိုယ်အလေးချိန် လျှော့ရန် ဆွစ်ဇာလန်တွင် ကုခဲ့သည့်အကြောင်းများကို ပြန်ရှင်းပြသည်။ သို့သော်လည်း ထိုနည်းမှာ စိတ်ရောဂါကိုသာ အဓိကထား ကုခြင်း ဖြစ်ကြောင်းကိုပါ ပြောပြသည်။

"တစ်ပတ်လောက် အိပ်ပျော်နေမယ်၊ ဟုတ်လား။ အို- ကောင်းလိုက်တာ။ အဲဒီလိုသာ အိပ်ပြီးရင် ကျွန်မ သီချင်း ပြန်ဆိုလို့

www.burmeseclassic.com

www.burmeseclassic.com

ရတော့မှာပဲ။ ဒါပေမယ့် ဆွစ်ဇာလန်ဆိုတော့ ကုန်လိုက်မယ့်ငွေက သောက်သောက်လဲနေမှာ"

နီလီက အားတက်သရော ပြောပြီး အားပြန်လျှော့သွားပြန်သည်။

"အဲဒီလို ကုသနည်းဟာ တရားဝင်တဲ့နည်းဆိုရင် ဒီတိုင်းပြည်မှာလည်း ရှိရမှာပေါ့"

ကေဗင်က ပြောသည်။

သို့သော်လည်း ထိုအကြောင်းကို ဒေါက်တာမက်ဆင်ဂျာအား ပြောပြသောအခါတွင်မူ သူက သဘောမတူပေ။

အိပ်ပျော်အောင် သိပ်ထားပြီး ကုသနည်းကို သူ သိကြောင်း၊ သို့သော်လည်း နီလီ၏ စိတ်ရောဂါမှာ အလွန် ဆိုးဝါးနေပြီ ဖြစ်ကြောင်းများ ပြောပြသည်။ သူ့သဘောအရဆိုလျှင် စိတ်ရောဂါ အထူးကုဆေးရုံ တစ်ရုံရုံတွင် နီလီကို အနည်းဆုံး တစ်နှစ်လောက် တင်ထားပြီး ကုစေချင်သည်။

"အခြေအနေအရ စိတ်ထိခိုက်ရတာမျိုး မဟုတ်တော့ဘူး၊ ဒီကလေးမရဲ့ စိတ်ရောဂါက အတော်ဆိုးနေပြီ။ သူ့ဆေးမှတ်တမ်းတွေကို ပြန်ကြည့်တော့ အရင် ဆယ်နှစ်လောက်တုန်းကလည်း ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ကြိုးစားဖူးတယ်ဆိုတာ တွေ့နေရတယ်။

သူ ကျွန်တော့်ဆီကို လာတုန်းက ဆေးရုံတက်ဖို့ ကျွန်တော် တိုက်တွန်းဖူးတယ်။ ဒါပေမယ့် သူက ခါးခါးသီးသီး ငြင်းနေတယ်။ စိတ်မငြိမ်တိုင်း အိပ်ဆေးတွေ နင်းသောက်နေတာနဲ့ပဲ သံသရာလည်နေပြီ။

ဒါပေမယ့် အခု အခြေအနေမှာတော့ တခြားနည်းလမ်း မရှိတော့ဘူး။ ဆေးရုံတက်မှပဲ ဖြစ်တော့မယ်"

ဒေါက်တာမက်ဆင်ဂျာက ရှင်းပြပြီး စိတ်ရောဂါ အထူးကုဆေးရုံပေါင်း များစွာတို့၏ အကြောင်းများကို ပြောပြသည်။

သို့သော်လည်း ထိုဆေးရုံများ အားလုံးကို နီလီက လက်မခံနိုင်။

"အရူးတွေကြားထဲမှာ ကျွန်မက သွားနေရမှာလား။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ ဂျနီဖာလို ကျွန်မက အထက်တန်းကျကျ အကုအသ ခံချင်တာ။ ပထမဆုံး ရှန်ပိန်အရက်ကလေးတိုက်လို့ သူနာပြုဆရာမတွေကလည်း ကြင်ကြင်နာနာနဲ့ ဆေးထိုးအပ်ကလေးနဲ့ အိပ်ဆေးထိုးပေး၊ ပြီးတော့ အိပ်ပျော်သွား၊ တကယ့်ကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာမျိုး"

သင့်လျော်မည့်ဆေးရုံကို ဝိုင်းဝန်းရှာဖွေကြရင်း နောက်ဆုံးတွင် နယူးယောက်မြို့နှင့် မလှမ်းမကမ်းမှာ ရှိနေသော စိတ်ရောဂါ အထူးကု ဆေးရုံတစ်ရုံကို ကေဗင်က တွေ့လာသည်။ လွတ်လွတ်လပ်လပ်နှင့် အနှောင့်အယှက်ကင်းသည်။ ကျယ်ကျယ်လွင့်လွင့် ရှိသည်။ အိပ်ပျော်အောင်လုပ်ပြီး ကုသသည့်နည်းကို သူတို့လည်း တတ်ကျွမ်းကြပါသည်ဟု ဆိုသည်။ မစ္စအိုဟာရာကို လက်ခံကုသပေးဖို့အတွက်လည်း သူတို့က ဝမ်းမြောက်ဝမ်းသာ လက်ခံကြသည်။ အစွမ်းကုန်လည်း လျှို့ဝှက်ပေးထားမည်။ အထူးသဖြင့် သတင်းစာများ လုံးဝ မသိစေရဟုလည်း အာမခံတာ ခံကြသည်။

မတ်လအတွင်း ရာသီဥတု သာယာလှပသည့် တနင်္ဂနွေနေ့ တစ်နေ့တွင် ကေဗင်နှင့် အယ်နီတို့က နီလီကို ဟင်ဗင်မာနာ စိတ်ရောဂါ အထူးကုဆေးရုံသို့ ကားမောင်းပြီး လိုက်ပို့ပေးကြသည်။

ကျယ်ပြောသော ဝင်းခြံကြီးများနှင့် လှလှပပ ပြုပြင်ထားသည့် မြက်ခင်းများကို မြင်ရသောအခါတွင် အယ်နီက ကောင်းစွာ ယုံကြည်စိတ်ချသွားတော့သည်။

နီလီကမူ စိတ်ငြိမ်ဆေးများ သောက်ပြီး အားတင်းထားသည်။

ကြီးမားသည့် အဆောက်အအုံကြီးထဲသို့ သူတို့ ရောက်လာကြသည်။ ထို့နောက် အခန်းတစ်ခုထဲသို့ ဝင်သွားသည်။ ထိုဆေးရုံ၏ အကြီးအကဲဟောင်းတို့၏ ပုံတူပန်းချီကားကြီးများ ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ ဆေးရုံအုပ်ကြီး ဒေါက်တာဟောလ်က သူတို့ကို ကြိုဆိုသည်။ နီလီနှင့် လက်ဆွဲနှုတ်ဆက်ရင်းလည်း . .

"မစ္စအိုဟာရာ၊ ခင်ဗျားပါတဲ့ ရုပ်ရှင်ကားတွေကို ကျွန်တော် အသေအလဲ ကြိုက်တာပေါ့ဗျာ" ဟု ပြောသည်။

နီလီက နွမ်းနယ်စွာ ပြုံးနေသည်။

"ကဲ- အဲဒီ ပုံစံကလေးတွေမှာ လက်မှတ်ထိုးလိုက်ရအောင်နော်"

စာရွက်ပေါင်း များစွာပေါ်တွင် နီလီက လက်မှတ်ရေးထိုးသည်။

"အိုကေ၊ ကျွန်မကို အိပ်ပျော်အောင် သိပ်ပြီး ကုကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com

နီလီက ရှင်ရှင်လန်းလန်း ပြောသည်။

ဒေါက်တာဟောလ်က ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ အဖြူရောင် ဂျူတီကုတ် ဝတ်ထားသည့် ကိုယ်လုံးကိုယ်ထည် ထွားထွား ကျိုင်းကျိုင်းနှင့် သန်သန်မာမာ အမျိုးသမီး တစ်ဦး ဝင်လာသည်။

"သူက ဒေါက်တာအာကာပါ။ ကျွန်တော့် လက်ထောက်ပါပဲ။ မစ္စအိုဟာရာကို ဒေါက်တာအာကာက သူ့အခန်း လိုက်ပို့ပေးပါလိမ့်မယ်"

"အစ်မရဲ့ ကျေးဇူးတွေကို ကျွန်မတော့ ဆပ်လို့ ကုန်နိုင်တော့မှာ မဟုတ်ပါဘူး။ ဒီအပတ်ထဲမှာ လာဦးမှာလားဟင်"

နီလီက အယ်နီ၏လက်မောင်းကို ကိုင်ပြီး မေးသည်။ အယ်နီက ခေါင်းညိတ်ပြသည်။ နီလီက ကေဗင်ဘက်သို့ လှည့်သွားပြန်သည်။

"အခု ကုန်ကျစရိတ်တွေ အားလုံးကို ရှင်က ပေးမယ်ဆိုတာ သိရပါတယ်။ ကျွန်မ ကျေးဇူးတင်လို့ မဆုံးပါဘူး"

ကေဗင်က ခေါင်းကို ယမ်းခါပြသည်။

"ကိုယ်ပဲ အကုန်ခံပါ့မယ်လို့ ပြောပါတယ်။ ဒါပေမယ့် အယ်နီက လက်မခံဘူး၊ သူပဲ အကုန်ခံမယ်တဲ့"

နီလီက အယ်နီကို လှည့်ကြည့်ပြန်သည်။ ပြီးတော့ အိပ်ချင်မူးတူးဟန် ရှက်ကိုးရှက်ကန်းနှင့် ပြုံးသည်။

"အစ်မရယ်၊ ကျွန်မ ဒုက္ခရောက်တိုင်း အစ်မကပဲ အမြဲတမ်း ကူညီနေတာပါပဲလား။ ကျေးဇူးတင်ပါတယ်"

"ကိုယ့်ဟာကိုယ် ကျန်းမာသွားဖို့ပဲ ကြိုးစားပါ နီလီ" ဟု အယ်နီက ပြောသည်။

"ကျွန်မ အချိန်အကြာကြီး အိပ်ပျော်သွားအောင် အိပ်လိုက်ရရင် ကောင်းသွားမှာပါ"

နီလီက ဒေါက်တာအာကာ၏ လက်မောင်းကို တွဲမှီရင်း အခန်းအပြင်သို့ ထွက်လိုက်သွားသည်။

အယ်နီက ပြန်ရန် ထိုင်ရာမှ ထသည်။ ဒေါက်တာ ဟောလ်က လည်ချောင်းရှင်းလိုက်ပြီး စကားပြောသည်။

"မစ္စဝဲလ်စ်၊ မစ္စတာဂေးလ်မိုး၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ စကားပြောနိုင်မလား ခင်ဗျား"

"ဘာကိစ္စကိုပါလဲရှင်"

အယ်နီက ကုလားထိုင်မှာ ပြန်ထိုင်သည်။

"အိပ်ပျော်အောင်လုပ်ပြီး ရောဂါကုဖို့ဆိုတဲ့ကိစ္စပါ။ ဒေါက်တာ မက်ဆင်ဂျာနဲ့လည်း ကျွန်တော် တယ်လီဖုန်းနဲ့ စကားပြောပြီးပါပြီ။ မစ္စအိုဟာရာရဲ့ နောက်ကြောင်းက ဆေးမှတ်တမ်းတွေလည်း ကျွန်တော့်ဆီ ရောက်နေပါပြီ။ ဒေါက်တာ မက်ဆင်ဂျာကပဲ ပို့ပေးလိုက်ပါတယ်။ အိပ်ပျော်အောင်လုပ်ပြီး ကုဖို့ဆိုတာ မဖြစ်နိုင်ပါဘူး ခင်ဗျာ"

"ဒါပေမယ့် ဒေါက်တာပြောတော့. . ."

အယ်နီက စကားကို မဆက်နိုင်တော့။

"အဲဒီနည်းနဲ့ ကျွန်တော်တို့ ကုသပေးနိုင်ပါတယ်လို့ ကျွန်တော် ပြောခဲ့ပါတယ်။ ဒါပေမယ့် အဲဒီအချိန်တုန်းက သူ့ကျန်းမာရေးနဲ့ ပတ်သက်တဲ့ မှတ်တမ်းတွေကို ကျွန်တော် မတွေ့ရသေးပါဘူး။ နောက်ပြီး သူ့ကို ကုသနေတဲ့ ဆရာဝန်နဲ့လည်း ဆွေးနွေး မကြည့်ရသေးပါဘူး။ အဲဒီနည်းနဲ့လည်း ကျွန်တော်တို့ ကုပေးနိုင်ပါတယ်။

ဒါပေမယ့်၊ ကျွန်တော်ကတော့ အဲဒီနည်းဟာ အကြောင်းထူးလိမ့်မယ်လို့ မယုံကြည်ပါဘူး။ ခဏတော့ ရှင်ရှင်လန်းလန်းနဲ့ ဆေးရုံက ဆင်းသွားနိုင်ပါတယ်။ တစ်ပတ်၊ နှစ်ပတ် တစ်လလောက်အထိတော့ သူ ပုံမှန်ပြန်ဖြစ်နေနိုင်ပါတယ်။ ပြီးရင် အရင်အတိုင်း ပြန်ဖြစ်မှာပဲ။ သူ့ကိုယ်သူတောင် သတ်သေသွားနိုင်ပါတယ်။

သူ့ရောဂါ အခြေအနေက အဲဒီအခြေအနေမျိုးကို ရောက်နေပါတယ်။ သူဟာ အနုပညာပါရမီ အင်မတန်ရင့်သန်တဲ့ မိန်းကလေးပါ။ သူ့ရောဂါ ပျောက်ကင်းသွားအောင် ကုသပေးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိနေပါတယ်"

"ဒါဖြင့် ဘယ်လို ကုမှာလဲရှင်"

အယ်နီက မေးသည်။

"အိပ်ပျော်အောင် ကုတဲ့နည်းတို့၊ ဆေးကျွေးပြီး ကုတဲ့နည်းတို့ မဟုတ်ပါဘူး။ မိန်းကလေးဟာ အိပ်ဆေးစွဲတဲ့အဆင့်ကို ရောက်နေပါပြီ။ အိပ်ဆေးစွဲတဲ့ရောဂါဟာ တခြား မူးယစ်ဆေးဝါးစွဲတဲ့ ရောဂါတွေထက် ပိုပြီး အကုရခက်ပါတယ်။ ပျောက်ကင်းဖို့ ပိုခက်ပါတယ်။

ဘာကြောင့်လဲဆိုတော့ အိပ်ဆေးစွဲနေတဲ့ လူနာတစ်ယောက်ဟာ အိပ်ဆေးကို အလွယ်တကူနဲ့ ဘယ်မှာမဆို ရနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကုတ်ကင်းတို့၊ မော်ဖင်းတို့၊ ဘိန်းဖြူတို့က အလွယ်တကူ မရနိုင်ပါဘူး။ သူကိုယ်သူ သတ်သေဖို့ ကြိုးစားတဲ့နေ့တုန်းက အိပ်ဆေး အလုံးပေါင်းငါးဆယ် သူ သောက်ခဲ့တာများ ခင်ဗျားတို့ သိကြမလား မသိဘူး။ ကျွန်တော် သေသေချာချာ စစ်ဆေးကြည့်ပြီးပါပြီ။ အဲဒီ မတိုင်ခင် ညကပဲ အိပ်ဆေးဝယ်ယူခွင့် ဆေးစာတွေ သူ ရခဲ့ပါတယ်။

ဒေါက်တာ မက်ဆင်ဂျာက သူ့ကို အိပ်ဆေး တစ်ခါမှ မတိုက်ဖူးပါဘူး။ ဆေးလက်မှတ်လည်း ရေးမပေးဘူး။ အခုတွေ့ရတဲ့ ဆေးလက်မှတ်တွေမှာတော့ ဆေးစာတစ်စောင်မှာ ဆရာဝန်တစ်ယောက် ဖြစ်နေတာကို တွေ့ရတယ်။ သူ့ကို တွေ့ကြရတဲ့အချိန်မှာ အလုံးငါးဆယ်ပါတဲ့ အိပ်ဆေးပုလင်းဟာ အခွံချည်း ကျန်ပါတော့တယ်။

နောက်ပြီးတော့ အရက်ကိုလည်း အတော်များများ သောက်ထားပါတယ်။ အိပ်ဆေးနဲ့အရက် တွဲသောက်တယ်ဆိုတာ သိပ်ကို အန္တရာယ်ကြီးပါတယ်။

နောက်ပြီးတော့ သူ့လက်ကောက်ဝတ်က အကြောကိုလည်း သူ ဖြတ်ပစ်လိုက်သေးတယ်။ ဒါတွေ အားလုံးဟာ မူးယစ်ဆေးဝါး စွဲနေသူတစ်ယောက်ရဲ့ အပြုအမူတွေချည်း ဖြစ်ပါတယ်"

"ဒီလိုဆိုရင် ဒေါက်တာအနေနဲ့ ဘယ်လို လုပ်ချင်ပါသလဲ"

ကေဗင်က မေးသည်။

"ကျွန်တော်ကတော့ စိတ်ရောဂါ အထူးကုသတဲ့နည်းနဲ့ပဲ ကုချင်ပါတယ်။ လျှပ်စစ်နဲ့ ဓာတ်နှိပ်ကုတဲ့နည်းမျိုးကိုတော့ မသုံးသေးဘူး ပေါ့လေ။ အဲဒီနည်းနဲ့ ကုရတဲ့ အခြေအနေမျိုး ရောက်မနေပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပါပဲ။ ဒါပေမယ့်၊ ကျွန်တော်တို့ ကြိုးစားကုလိုက်ကြမယ်ဆိုရင် ကျန်းမာတဲ့ မိန်းကလေး တစ်ယောက်၊ အနုပညာဓာတ်ခံ ကြီးမားတဲ့ မိန်းကလေးတစ်ယောက်ကို ကမ္ဘာလောကကြီးထဲ ကျွန်တော်တို့ ပြန်ပို့ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်"

"ဘယ်လောက်ကြာအောင် ကုရမလဲ ဒေါက်တာ"

အယ်နီက ဖြတ်မေးသည်။

"အနည်းဆုံး တစ်နှစ်တော့ ကြာမယ်"

အယ်နီက စိတ်ထိခိုက်စွာဖြင့် ပြုံးလိုက်သည်။

"နီလီ ယုံကြည်လက်ခံလာအောင်တော့ ဒေါက်တာလုပ်လို့ ဘယ်နည်းနဲ့မှရမှာ မဟုတ်ဘူး။ သူ့ကို အိပ်ပျော်အောင်လုပ်ပြီး မကုဘူး ဆိုတာ သိတာနဲ့ တစ်ပြိုင်တည်း ဆေးရုံက သူ ဆင်းမှာပဲ"

ဒေါက်တာဟောလ်ကလည်း စိတ်ပျက်သလို ပြုံးလိုက်သည်။ ပြီးတော့ သူ့ရှေ့ရှိ စာရွက်များကို ပုတ်ပြသည်။

"ဒီစာရွက်တွေပေါ်မှာ သူ လက်မှတ်ထိုးသွားပြီးပြီလေ။ သူ သဘောတူ ဝန်ခံပြီးသား ဖြစ်သွားပြီ။ သူကတော့ ရိုးရိုးတန်းတန်းပဲ လက်မှတ်ထိုးရတယ်လို့ ထင်မှာပေါ့။ ဒါပေမယ့် ဒီအခြေအနေ ရောက်လာမှတော့ ဒီ ဆေးရုံမှာ သူ အနည်းဆုံး ရက်ပေါင်းသုံးဆယ် ကြာအောင် နေရတော့မယ်"

"ရက်ပေါင်းသုံးဆယ်၊ ဒါပေမယ့် နီလီ့ အကြောင်းကို ကျွန်မ သိပါတယ်။ ရက်ပေါင်း သုံးဆယ်ထက် ပိုပြီးတော့ သူ့ကို ဆွဲထားလို့ ရမှာ မဟုတ်ဘူး"

အယ်နီက စဉ်းစားရင်း ပြန်ပြောသည်။

"ကျွန်တော်တို့အနေနဲ့ ဆွဲထားလို့ မရဘူးဆိုရင် ခင်ဗျားကပဲ အတင်းအကျပ် နေခိုင်းရမှာပဲ"

"ကျွန်မက အကျပ်ကိုင်ရမယ်၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးရှင်"

အယ်နီမှာ အထိတ်တလန့် ဖြစ်သွားသည်။

"အဲဒီလို ဆိုရင်တော့ သူ့ကို ကျွန်တော်တို့ မကုလို့ မဖြစ်တော့ဘူး ဆိုတာမျိုးကို လုပ်ရပါလိမ့်မယ်"

ဒေါက်တာဟောလ်က ပြုံးသည်။

"အဲဒါက ဘယ်လိုပါလိမ့်. . ."

"သူ့ကို ဆက်ပြီး ကုသပေးဖို့ အမှန်တကယ် လိုအပ်နေတယ်လို့ ကျွန်တော်တို့ စိတ်ရောဂါအထူးကု ဆရာဝန်တွေက သဘောတူကြမယ်ဆိုရင် ဒီအမှုကို ရုံးတော်မှာ တင်ပြရပါမယ်။ ရုံးတော်က ပြင်ပ စိတ်ရောဂါအထူးကု ဆရာဝန်သုံးဦးကို ဆင့်ခေါ်ပြီး စစ်ဆေးခိုင်းရပါမယ်။ ပြင်ပ ဆရာဝန်တွေကလည်း ဆက်ကုသပေးဖို့ လိုမယ်လို့ သဘောရရင်၊ လူနာကို သုံးလဆက်ပြီး ကုသပေးဖို့ ရုံးတော်က စီရင်ချက်ချပါတယ်။

အဲဒီ စီရင်ချက် ချပြီးပြီဆိုရင် လူနာဟာ

www.burmeseclassic.com

www.burmeseclassic.com



အလိုအလျောက် သုံးလပြီး နောက်သုံးလ တစ်ခါ ဆက်တိုက် အကုခံသွားရပါမယ်။ ဒီလို အလုပ် ကျွန်တော်တို့ မကြာခဏ လုပ်ရလေ့ ရှိပါတယ်။ ဒီလို လုပ်ရတာဟာလည်း လူနာရဲ့ ဆွေမျိုးတွေ၊ မိတ်ဆွေတွေ သူတို့မှာ တာဝန် မကင်း ဖြစ်နေပြီဆိုတဲ့စိတ်မျိုး မခံစားရအောင် ကျွန်တော်တို့ကပဲ သူတို့ကိုယ်စား ဝင်လုပ်ပေး ရတာ ဖြစ်ပါတယ်"

"ဒါဆိုရင်တော့ သံသရာက အရှည်ကြီး ပေါ့။ သူထင်နေတာက သူ့ကို တစ်ပတ်လောက် ပဲ အိပ်ခိုင်းပြီး ကုပေးမယ်လို့ ထင်နေတာ။ ကျွန်မတို့ကလည်း သူ့ကို ကတိပေးထားခဲ့ကြ တယ်"

"မစ္စဝဲလ်စ်၊ မစ္စအိုဟာရာကို ကျွန်တော် သိပ်အထင်ကြီးပါတယ်။ သူ့ရဲ့ အနုပညာစွမ်း ရည်ဟာ သိပ်ကို ကြီးမားပါတယ်။ ကျွန်တော် တို့ ဆေးရုံမှာတက်ပြီး ကုသဖို့ဟာ တစ်လကို ဒေါ်လာ တစ်ထောင့်ငါးရာတောင် ကုန်ပါ တယ်။ ဆေးရုံတက်ခွင့်ကို စောင့်နေတဲ့လူနာ တွေလည်း တစ်ပြည်လုံးမှာ အများကြီး ရှိပါ တယ်။ ဒါပေမယ့် တခြားလူနာတွေကိုကျော် ပြီး မစ္စအိုဟာရာကို ကျွန်တော်တို့က ကြား ဖြတ်လက်ခံလိုက်တာ ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ မစ္စအိုဟာရာ ဟာ အနုပညာသည်တစ်ယောက် ဖြစ်လို့ပါပဲ။ သူလို အနုပညာသည်တစ်ယောက်ဟာ ဒီလို ရောဂါမျိုး ပျောက်ကို ပျောက်ရပါမယ်။ သူ့ အတွက် ဒီအခွင့်အရေးကို လက်လွှတ် မခံဖို့ ကျွန်တော် တောင်းပန်ပါတယ်။ ခင်ဗျားက ခွင့်ပြုပါလို့ ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"ဒါပေမယ့် နီလီဟာ ဆေးရုံတက်ရမှာ ကို သေမလောက်ကြောက်တဲ့ မိန်းကလေးပါ"

"မစ္စအိုဟာရာဟာ သူ့ဘဝ အနာဂတ် ရေးနဲ့ ပတ်သက်ပြီး အဆုံးအဖြတ်ပေးနိုင်တဲ့ အခြေအနေမျိုးမှာ မရှိတော့ပါဘူး။ ဒီကြားထဲ ကနေပြီး သူကြိုက်သလို ဆုံးဖြတ်ပါတော့လို့ ပြောလိုက်ရင် သူ့ဘဝမှာ အနာဂတ်ဆိုတာ မရှိနိုင်တော့ပါဘူး"

ကေဗင်က ရုတ်တရက် ဝင်ပြောသည်။

"ဒေါက်တာဟောလ်က နားအလည် ဆုံး ဖြစ်လိမ့်မယ်လို့ ကိုယ်ထင်ပါတယ်။ ဒါ ကြောင့် အနည်းဆုံးတော့ ကြိုးစားကြည့်သင့် တာပေါ့"

အယ်နီက ကြောင်တက်တက်လေးဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"သူ့ကို ကျွန်မတို့ ဘယ်တော့လောက် တွေ့နိုင်မလဲ"

"နှစ်ပတ်အတွင်းမှာတော့ တွေ့ခွင့်မပေး နိုင်သေးပါဘူး။ ဒါပေမယ့် ကျွန်တော့်ဆီကို နေ့တိုင်း ဖုန်းဆက်ပါ။ သူ့ရဲ့ တိုးတက်မှု အခြေ အနေတွေကို ကျွန်တော် ပြောပြပါ့မယ်။ သူနဲ့ တွေ့ခွင့်ပေးနိုင်လို့ လာတွေ့တဲ့အခါမှာ သူ့ အခြေအနေ အများကြီးတိုးတက်နေတာ မြင် ရပါစေ့မယ်လို့ ကျွန်တော် ကတိပေးပါတယ်"

သူတို့ နှစ်ယောက် နယူးယော်က်မြို့သို့ ကားမောင်း ပြန်လာကြသောအခါ အယ်နီ သည် တစ်လမ်းလုံး နှုတ်ဆိတ်ပြီး လိုက်ပါလာ သည်။

"တစ်လကို ဒေါ်လာထောင့်ငါးရာနှုန်းနဲ့ တစ်နှစ်လုံးလုံး ငွေကုန်ရမယ်။ အယ်နီ၊ ဒီ တာဝန်ကို ကိုယ်ယူခွင့်ပေးဖို့ ကောင်းတယ်ကွာ"

ကေဗင်က စကားစပြောသည်။

"မလုပ်ပါနဲ့လေ၊ ဒါက ကျွန်မ တာဝန် ပါပဲ။ ဒီမှာ ကေဗင်၊ ဂေလီယန်နဲ့ ကျွန်မ စာချုပ်လိုက်ရင် ကောင်းမလားလို့ ကျွန်မ စဉ်း စားနေတယ်။ ကျွန်မကို တစ်ပတ် ဒေါ်လာ နှစ်ထောင်ပေးပါ့မယ်လို့ သူတို့က ကမ်းလှမ်း နေတယ်"

"ကိုယ်တို့ လက်ထပ်ဖို့ကိစ္စက ဘယ်လို လဲ၊ ပြီးတော့ ခရီးသွားဖို့ကရော"

"ဒီအချိန်ထိအောင် နေလာကြပြီးမှ တော့ သုံးလေးလ စောင့်တာဟာ ဘာအ ကြောင်းထူးဦးတော့မှာလဲ ကေဗင်။ နောက်ပြီး တော့လည်း နီလီကို ဟာဗင်မာနာမှာ တင် ထားနေတုန်း သူ့ကို ဒီအတိုင်းထားခဲ့ပြီး ခရီး ရှည်ကြီး ကျွန်မ သွားမနေနိုင်ဘူး။ သူ့ကို ကျွန်မ မှန်မှန်သွားကြည့်ဖို့လိုတယ်"

"မင်း ကိုယ့်ကို လက်မထပ်ချင်ပါဘူး လေ၊ ဟုတ်တယ် မဟုတ်လား အယ်နီ"

"ကျွန်မ လက်ထပ်ချင်ပါတယ်၊ ဒါပေ မယ့်. . ."

"မင်း ကိုယ်နဲ့ လက်မထပ်ချင်ပါဘူး။ ဒါကြောင့် နီလီအတွက် ကုန်ကျရမယ့် စရိတ် တွေကို မင်း အကုန်ခံမယ်လို့ ဇွတ်တင်းခံနေ တာပေါ့။ မင်းအပေါ်မှာ ကိုယ့်ကျေးဇူးတွေ ပိသွားတာမျိုး မင်း အဖြစ်မခံနိုင်ဘူးလေ"

"ကေဗင်၊ ကျွန်မကို ရှင် လက်ထပ်ယူ နိုင်ပါပြီလို့ မဆုံးဖြတ်နိုင်ခင်မှာ နှစ်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com

များစွာ ကျွန်မ ဒီအတိုင်း စောင့်နေခဲ့ရတာပဲ မဟုတ်လား။နီလီအတွက် သုံးလေးလလောက် တော့ ကျွန်မတို့ အောင့်သင့်တယ်လို့ ထင်ပါတယ်"

"ဒီလိုဆိုရင်လည်း နီလီရဲ့ အခြေအနေ မကောင်းသေးခင် ကိုယ်တို့ ဗျားရည်ဆမ်းခရီး မသွားသေးဘဲ နေမယ်လေ။ ခရီးသွားဖို့ကို ထားလိုက်ပါတော့။ ဘာဖြစ်လို့ ကိုယ်တို့ လက်မထပ်နိုင်ရမှာလဲ၊ နောက်ပြီးတော့ ဘာဖြစ်လို့ မင်းအလုပ် ဆက်လုပ်နေမှာလဲ"

"နီလီအတွက် ကုန်ကျစရိတ်တွေ ကျွန်မ ပေးချင်တယ်ဆိုရင် ကျွန်မ အလုပ်လုပ်ရမှာပဲ။ ဟိုတစ်လောတုန်းက ဟင်နရီဘယ်လာမီနဲ့ ကျွန်မ တွေ့ခဲ့ပါသေးတယ်။ ကျွန်မ ထည့်ထားတဲ့ အစုရှယ်ယာတွေရဲ့ တန်ဖိုးဟာ ဒေါ်လာ တစ်သန်းနီးပါးလောက် ရှိနေပြီလို့ သူက ပြောတယ်။ ဒါပေမယ့် နီလီအတွက် ကုန်ကျရမယ့် ငွေကို ကျွန်မရဲ့ အရင်းအနှီးတွေထဲက ထုတ်မယူချင်ဘူး။ ဟင်နရီကလည်း ထုတ်မယူစေချင်ဘူး။ အစုရှယ်ယာတွေ ခေါင်းကွဲသွားမှာ စိုးတယ်လို့ ပြောတယ်။

ဒါကြောင့် နှစ်ဆယ့်ခြောက်ပတ်လောက် ဂေလီယန်နဲ့ ကျွန်မ စာချုပ်လိုက်ရင် နီလီအတွက် ကျွန်မ အကုန်ခံနိုင်သွားမယ်။ နှစ်ဆယ့်ခြောက်ပတ်ဆိုရင် လာမယ့် အောက်တိုဘာလအထိ ရောက်သွားမယ်။ အဲဒီ အချိန်လောက်ဆိုရင် နီလီလည်း နေကောင်းနေလောက်ပြီ။ အဲဒီအခါကျတော့မှ ကျွန်မတို့ လက်ထပ်ပြီး ခရီးထွက်ကြတာပေါ့။ ကျွန်မ ကတိပေးပါတယ်"

ကေဗင်က အဝေးသို့ ငေးနေသည်။

ဒီကောင်မလေးပေးသည့် ဒုက္ခများကို ခါးစည်းခံရဦးတော့မည်။ နယူးယောက်မြို့သို့ ဒီကောင်မလေး ရောက်လာသည့်အခါတိုင်း ဘယ်တော့မှ ကောင်းကျိုးမပေး။ ဒုက္ခပေါင်းစုံကို သယ်လာပြီး ဆိုးကျိုးပေါင်းစုံကိုသာ ပေးခဲ့သည်။

အယ်နီက သက်ပြင်းရှိုက်လိုက်သည်။

"သနားစရာကောင်းလိုက်တဲ့ နီလီရယ်၊ အခုအချိန်လောက် ဆိုရင်တော့ ဆရာဝန်တွေက သူ့ကို အကျိုးအကြောင်း အမှန်အတိုင်း ပြောပြလိုက်ကြရောပေါ့။ သူ့စိတ်ထဲမှာ ဘယ်လိုများ ခံစားသွားရမလဲပဲနော်"

*

အစ ပထမပိုင်းကတော့ နီလီက စိတ်ရှည်ရှည်နှင့် သည်းခံနေသည်။ ဒေါက်တာ အာကာ၏ ရုံးခန်းထဲမှာ သူ ထိုင်နေသည်။ ဒေါက်တာအာကာမေးသည့် မေးခွန်းများကို တစ်လုံးချင်း ပြန်ဖြေနေသည်။ စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် မီးမပြတ်ရအောင် ညှိပြီး ဖွာရှိုက်နေသည်။ စိတ်ထဲကလည်း မိမိကို ဆေးထိုးပြီး မြန်မြန် အိပ်ခိုင်းလိုက်ပါတော့ဟု ဆုတောင်းနေမိသည်။

နောက်ဆုံး ဒေါက်တာအာကာ၏ တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ ဒေါက်တာဟောလ်က ညွှန်ကြားချက်များ ပေးနေသည်ဟု နီလီ ထင်သည်။ ဒေါက်တာအာကာက လေးလေးစားစား ပြန်ဖြေနေသည်။

"ဟုတ်ကဲ့ ဒေါက်တာ"

"မှန်ပါတယ် ဒေါက်တာ"

"ကျွန်မ. သိပ်ဝမ်းသာပါတယ် ဒေါက်တာ"

"ကျွန်မလည်း လုံးဝ သဘောတူပါတယ် ဒေါက်တာ"

နီလီက တစ်ချက် သမ်းလိုက်သည်။ ဟန်ကျပြီ။ သူတို့ သဘောတူကြပြီ။ သိပ်ကို အဆင်ပြေနေပြီ။ ကဲ- လုပ်ကြပါတော့။

ဒေါက်တာအာကာက စားပွဲပေါ်မှ လူခေါ်ခလုတ်ကို နှိပ်သည်။ ဒေါက်တာအာကာ စီးထားသည့် ဆရာဝန်ဖိနပ်ကို နီလီက စိုက်ကြည့်နေသည်။ ပုံပျက်ပန်းပျက်နိုင်လှသည်။ ဒါလောက် ထူထူထဲထဲ ဖိနပ်ကြီးကို ဘာကြောင့်များ သူတို့ စီးထားကြပါလိမ့်။ ဒါလောက် အရုပ်ဆိုးသည့်ဖိနပ်ကို ဘာကြောင့်များ သူတို့ သဘောကျနေကြပါလိမ့်။ မိမိလည်း သူတို့လိုသာ လူဖြစ်လာပြီး ငယ်ငယ်လေးထဲက သည်ဖိနပ်မျိုးကို စီးရမည်ဆိုလျှင် ဘယ်လိုများ နေလေမည်လဲ။

ဂီး၏ . . ။

နီလီက ကျယ်လောင်စွာ အားပါးတရ ရယ်ချလိုက်သည်။ ဒေါက်တာအာကာက သူ့ကို အံ့သြတကြီးနှင့် လှည့်ကြည့်သည်။

ထိုအချိန်မှာပင် အလားတူ ဖိနပ်အဖြူတစ်ရန် လာရပ်သည်။ အပေါ်ပိုင်းကို ကြည့်လိုက်တော့ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ဦး အခန်းတွင်းသို့ ဝင်လာခြင်း ဖြစ်သည်။

"သူက မစ္စအိုဟာရာ၊နံပါတ်(၄)ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်သွားပါ"

ဒေါက်တာအာကာက ပြောသည်။

"အိပ်ခိုင်းထားပြီး ကုမယ် ဆိုတာက အဲဒီမှာလားဟင်"

သူနာပြုဆရာမနှင့်အတူ လိုက်လာရင်း နီလီက ယဉ်ယဉ်ကျေးကျေး မေးသည်။ သူနာပြုဆရာမက ပြုံးရုံသာ ပြုံးပြီး မြေအောက်ရှိ စင်္ကြံများအတိုင်း တောက်လျှောက် ခေါ်သွားသည်။ ဝင်ပေါက်တစ်ခုသို့ရောက်တိုင်း ဆရာမက ဧရာမ သော့တွဲကြီးကိုထုတ်ပြီး တံခါးဖွင့်သည်။ ပြီးတော့ ချက်ချင်း သော့ပြန်ပိတ်ခဲ့သည်။

"ဟေး. . . ကျွန်မတို့ ဘယ်ရောက်နေသလဲ၊ နယူးဂျာစီပြည်နယ် ရောက်အောင် လျှောက်ရမှာလား။ အခု လျှောက်လာရတာက တစ်မိုင်လောက်တော့ ရှိနေပြီ"

"ကျွန်မတို့ ဟာဗင်မာနာမှာ အဆောက်အအုံပေါင်း နှစ်ဆယ့်ငါးခု ရှိပါတယ်။ ဒီအထဲမှာ အားကစားရုံနဲ့ အလုပ်တာဝန်ပေးပြီး ဆေးကုသတဲ့ အဆောက်အအုံတွေ မပါသေးပါဘူး။ အဲဒါတွေကလည်း သီးခြား အဆောက်အအုံတွေပါပဲ။

အဆောင်တစ်ခုနဲ့တစ်ခုကို မြေအောက်စင်္ကြံတွေနဲ့ ဆက်သွယ်ထားပါတယ်။ ကျွန်မတို့ အုပ်ချုပ်ရေးရုံးကို ဖြတ်ကျော်ခဲ့ပါပြီ။ နံပါတ်(၂)ဆောင်နဲ့ နံပါတ်(၃)ဆောင်ကိုလည်း ဖြတ်ပြီးပါပြီ။ အခု နံပါတ်(၄)ဆောင်ကို ရောက်ပါတော့မယ်"

ဆရာမ၏ အသံထဲမှာ ဂုဏ်ယူသည့် အသံ ပေါ်နေသည်။

နံပါတ်(၄)ဆောင်သည် ကိုယ်ပိုင်တိုက်တစ်လုံးနှင့် တူနေသည်။ အခန်းကျယ်ကြီးတစ်ခုထဲတွင် အသက်အရွယ်မျိုးစုံ အမျိုးသမီးများ ရုပ်မြင်သံကြား ထိုင်ကြည့်နေကြသည်ကို တွေ့ရသည်။ သူတို့ အားလုံးကို ကြည့်ရသည်မှာ ကောင်းကောင်း ကျန်းမာသူများ ဖြစ်သည်ဟု နီလီထင်သည်။

ရှည်လျားသည့် အခန်းကြီး တစ်ခုကို ဖြတ်ပြီး ဆရာမက သူ့ကို ခေါ်သွားသည်။ လိုက်ဂူလို အခန်းကလေးပေါင်း များစွာကိုလည်း ဖြတ်ကျော်ခဲ့ရသည်။

ဂီး၀ိ. . .၊ စိတ်ပျက်စရာကောင်းသော အိပ်ခန်းများ ဖြစ်သည်။ (၅၂)လမ်း အိမ်မှာတုန်းက သူ့အိပ်ခန်း ကျဉ်းကျဉ်းကပင်လျှင် ယခုအခန်းများထက် သုံးဆလောက် ကျယ်သေးသည်။ အခန်းတိုင်းမှာ အိပ်ရာတစ်ခု၊ ဗီရိုတစ်လုံး၊ ကုလားထိုင်တစ်လုံး၊ ပြတင်းပေါက် တစ်ခုစီ ရှိသည်။

သို့သော်လည်း သူကတော့ ပိုပြီး ခမ်းနားကြီးကျယ်သည့် အခန်းရှိရာ အပေါ်ထပ်သို့ သွားနေခြင်း ဖြစ်ကောင်းဖြစ်လိမ့်မည်။ နောက်ပြီးတော့ သည်နေရာသည် သူ့အတွက် အိပ်ခိုင်းပြီး ဆေးကုသပေးမည့် နေရာမျိုးလည်း မဖြစ်နိုင်။

အခန်းကျယ်ကြီး အဆုံးလောက်သို့ ရောက်သည်တွင် အလားတူ အိပ်ခန်းကျဉ်းကလေးတစ်ခု၏ ရှေ့မှာ ဆရာမက ရပ်သည်။

"ဒီဟာ ရှင့်အခန်းပါပဲ"

နီလီက ကန့်ကွက်စကားပြောမည် ကြံသေးသည်။ သို့သော်လည်း ဘာအကြောင်း ထူးမည်နည်း။ သူက အိပ်ရတော့မည် ဖြစ်သည်။ ထို့ကြောင့်လည်း မြင်ကွင်းကောင်းကောင်း မရှိပေမယ့် အကြောင်း မဟုတ်။ အိပ်ရာပေါ်မှာ ထိုင်ချလိုက်သည်။

"ကောင်းပါပြီ၊ ကဲ- ဆေးထိုးအပ်သာ ယူခဲ့ပေတော့"

အခန်းထဲမှ သူနာပြုဆရာမ ထွက်သွားသည်။ တစ်မိနစ်ပြီး တစ်မိနစ် အချိန်ကုန်သွားသည်။ လက်မှနာရီကို ငုံ့ကြည့်သည်။ ဆရာမတွေ ဘယ်သချိုင်း ရောက်ကုန်ကြပြီနည်း။ ထို့ကြောင့် အပြင်သို့ အော်ခေါ်သည်။

"ဟေး. . .၊ ဘာပေးကြမှာလဲ"

သူနာပြုဆရာမကလေး နှစ်ယောက် ချက်ချင်း ရောက်လာသည်။

"တစ်ခုခုများ လိုချင်ပါသလား မစ္စအိုဟာရာ"

"ဟုတ်တယ်၊ ကျွန်မကို အိပ်အောင် လုပ်ပေးကြလေ"

သူနာပြုဆရာမ နှစ်ယောက်က နားမလည်သလို အချင်းချင်း ပြန်ကြည့်ကြသည်။

"ကျွန်မ ဒီကို လာတာက အိပ်ပျော်အောင် လုပ်ထားပြီး ဆေးကုဖို့"

နီလီက ထပ်ပြောသည်။

"အခု ရှင်ရောက်နေတာက အဆောင်နံပါတ် (၄)ပါ။ ဒါဟာ ရောဂါအခြေအနေကို စောင့်ကြည့်တဲ့အဆောင် ဖြစ်ပါတယ်"

"ဘာရောဂါအခြေအနေကို စောင့်ကြည့်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"လူနာသစ်အားလုံး ဒီအဆောင်ကိုလာပြီး လေးငါးဆယ်ရက် နေရပါတယ်။ ရောဂါအခြေအနေကို စောင့်ကြည့်ကြရပါတယ်။ နောက်ပြီးတော့ နေရာထိုင်ခင်း ပိုပြီးကောင်းတဲ့ တခြား အဆောင်တစ်ခုကို ပြောင်းရွှေ့ပေးပါတယ်"

နီလီက ဗီရိုရှိရာသို့ လျှောက်သွားပြီး ဗီရိုထဲမှ သူ့အိတ်ကို ထုတ်ယူသည်။ အိတ်ထဲမှ စီးကရက်တစ်လိပ် နှိုက်ယူသည်။

"ဒေါက်တာဟောလ်ကို ခေါ်လိုက်ပါ။ တစ်ခုခုတော့ မှားနေပြီထင်တယ်"

သူနာပြုဆရာမ တစ်ယောက်က နီလီအနားသို့ ရုတ်တရက် ရောက်လာပြီး လက်ထဲမှ မီးခြစ်ကို လုယူလိုက်သည်။

"ဟေ့- မင်း ဘာလုပ်တာလဲ"

နီလီက ပြန်အော်သည်။

"ဒီထဲမှာ မီးခြစ်မကိုင်ရပါဘူးရှင်"

"ဒီလိုဆိုရင် ကိုယ့်စီးကရက်ကို ဘယ်လိုလုပ်ပြီး မီးညှိမလဲ"

သူနာပြုဆရာမက နီလီ၏ လက်ကိုင်အိတ်ကို ဆွဲယူလိုက်သည်။

"ဆေးလိပ်လည်း သောက်ခွင့် မရှိပါဘူးရှင်။ ဆေးလိပ်သောက်ဖို့အချိန် သတ်မှတ်ထားတာ ရှိပါတယ်။ တာဝန်ရှိတဲ့သူရဲ့ ကြီးကြပ်မှုအောက်မှာပဲ သောက်ရပါတယ်"

နီလီက သူ့လက်ကိုင်အိတ်ကို ပြန်လုယူရန် ကြိုးစားသည်။ သို့သော်လည်း နှစ်ယောက်နှင့်တစ်ယောက် ဖြစ်နေသောကြောင့် လု၍ မရနိုင်။

"ဒေါက်တာဟောလ်ကို ခေါ်ပေးပါ"

ဟုလည်း တောင်းဆိုလိုက်သည်။

"ဒါတွေဟာ ဒေါက်တာဟောလ်ရဲ့ အမိန့်တွေပဲ ဖြစ်ပါတယ် ရှင်။ ကဲ- လာပါ မစ္စအိုဟာရာ၊ ညနေ ငါးနာရီထိုးတော့ ရှင့်ကို စီးကရက်နှစ်လိပ် သောက်ခွင့်ပေးပါ့မယ်။ အခု လောလောဆယ် အပြင်ထွက်ပြီး တခြား လူနာတွေနဲ့ သွားတွေ့ကြရအောင်နော်"

"ဘာဖြစ်တယ်၊ ဒီနေရာမှာ လာပြီး ကျုပ်က လူမှုရေးတွေ လုပ်နေရဦးမှာလား။ နီလီဟိုဟာရာဆိုတာ ငါပဲ။ ငါ့သူငယ်ချင်းတွေကို ငါခေါ်မယ်။ အင်န်ဝဲလ်စ်ကို ဖုန်းလှမ်းဆက်ပါ။ ဒါမှမဟုတ် ကေဗင်ဂေးလ်မိုးကို ဖုန်းလှမ်းဆက်ပါ။ တော်တော် ရယ်စရာကောင်းတဲ့နေရာပဲ။ ငါ မနေဘူး၊ သွားမယ်"

နီလီက ပြောပြောဆိုဆို တံခါးပေါက်ရှိရာသို့ လျှောက်သွားသည်။

ဆရာမတစ်ယောက်က နီလီကို ဖမ်းဆွဲထားသည်။

"သူ့ လက်ပတ်နာရီ ပတ်ထားတုန်းပါပဲလား" ဟု အခြားတစ်ယောက်က ပြောသည်။ ပြောပြောဆိုဆိုပင် နီလီ၏ လက်ပတ်နာရီကို ခပ်ကြမ်းကြမ်း ဖြုတ်ယူလိုက်သည်။

"ဟေ့ ဘာလုပ်တာလဲ၊ ဒီနာရီဟာ တစ်ထောင်တန်တယ်"

"ကျွန်မတို့ အာမခံသေတ္တာထဲမှာ ထည့်ပြီး သိမ်းထားပေးမှာပါ။ ဆေးရုံက ရှင်ဆင်းတဲ့အခါကျတော့ ရှင်ပိုင်တဲ့ တခြားပစ္စည်းတွေနဲ့ အတူတူ ပြန်ရမှာပါ"

နီလီ၏ ရင်ထဲမှာ ကြောက်စိတ်များ ကြီးစိုးစပြုလာပြီ။ သူ့ဘဝတစ်လျှောက်လုံးတွင် ယခုတစ်ကြိမ်လောက် ကိုးကွယ်ရာမဲ့သည့် အချိန်မျိုးကို မကြုံဘူးသေးချေ။

"ဒီမှာ၊ အင်န်ဝဲလ်စ်ကို ခေါ်ပေးပါ။ အားလုံး အဆင်ပြေသွားအောင် သူ လုပ်ပေးပါလိမ့်မယ်" ဟု တောင်းပန်စကား ပြောရှာသေးသည်။

နောက်ထပ် နာရီဝက်မျှ ကြာသွားသည်။ နီလီမှာ ကြောက်စိတ်များ ဝင်လိုက်၊ ဒေါသပေါက်ကွဲလိုက်နှင့် ဖြစ်နေသည်။ ဆေးလိပ်သောက်ချင်နေသည်။ စောစောကသောက်ခဲ့သည့် အိပ်ဆေး နှစ်လုံးကလည်း ပြယ်သွားပြီ။ အိပ်ချင်စိတ် လုံးဝပျောက်ပြီး အနေရအထိုင်ရ ခက်နေသည်။

လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။ သူနာပြုဆရာမတစ်ယောက် ရောက်လာသည်။ အလွန်တရာ ယဉ်ကျေးသိမ်မွေ့လှသည်။ သို့သော်လည်း ပရိယာယ် အလွန်များသည်။

မစ္စအိုဟာရာသည် သူနှင့်အတူ နားနေခန်းထဲသို့ ယခုလိုက်ခဲ့မည်ဆိုပါက စီးကရက်နှစ်လိပ် သောက်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း မြန်မြန်လိုက်ခဲ့မှ ဖြစ်နိုင်ကြောင်း၊ ယခု ဆေးလိပ်သောက်ချိန်ကို လွတ်သွားမည်ဆိုလျှင် ညကိုးနာရီထိုးမှ သောက်ခွင့် ပြန်ရနိုင်တော့မည်ဖြစ်ကြောင်း ပြောသည်။

"ဘယ်အချိန်ကျတော့မှ ငါ ဆေးလိပ်သောက်ရမယ်လို့၊ ညည်းက ဘာကောင်မမို့ ပြောနိုင်ရတာလဲ။ ဒါဟာ ကုသိုလ်ဖြစ်ဆေးရုံ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ပိုက်ဆံပေးပြီးတက်တာ၊ ငါ့ကို လေးလေးစားစား ဆက်ဆံတာကိုပဲ ငါ လိုချင်တယ်"

"ရှင့်ကို ကျွန်မတို့ အများကြီး လေးစားပါတယ် မစ္စအိုဟာရာ။ ဒါပေမယ့် ကျွန်မတို့ရဲ့ လေးစားမှုကို တုံ့ပြန်တဲ့အနေနဲ့ ဟာဗင်မာနာက သတ်မှတ်ထားတဲ့ စည်းကမ်းတွေကိုလည်း လေးလေးစားစား လိုက်နာစေချင်ပါတယ်"

"ဘယ်စည်းကမ်းကိုမှ ငါ မလိုက်နာဘူး။ စည်းကမ်းဆိုတာ ငါက လုပ်တာ။ ငါ နီလိုအိုဟာရာပဲ"

"ကျွန်မတို့ သိပါတယ်ရှင်၊ မစ္စအိုဟာရာရဲ့ အနုပညာစွမ်းရည်တွေကို ကျွန်မတို့ သိပ်ကို မြတ်နိုးပါတယ်"

"ဒါဖြင့်ရင် ငါပြောတဲ့အတိုင်းလုပ်ပါ"

"ကျွန်မတို့က ဒေါက်တာဟောလ်နဲ့ ဒေါက်တာအာကာတို့ရဲ့ အမိန့်ကိုပဲ လိုက်နာကြရပါတယ်ရှင်"

"ကောင်းပြီ၊ ဒေါက်တာဟောလ်ကို ခေါ်ပေး"

နီလီက ဆရာမကို ကျော်ခိုင်းလိုက်သည်။ တဖြည်းဖြည်းနှင့်လည်း ပို၍ ကြောက်လာသည်။ ဒေါက်တာဟောလ်သည် သူ့ အပေါ်တွင် နှစ်ပေါက်တစ်ပေါက် ရိုက်နေခြင်းလည်း ဖြစ်နိုင်သည်။ သည်လိုလည်း မဖြစ်နိုင်ပါ။ မိမိ အကြောက်လွန်နေခြင်းသာ ဖြစ်ရမည်။ တစ်စုံတစ်ခု မှားယွင်းနေခြင်းသာ ဖြစ်ရမည်။

ဒေါက်တာဟောလ် အနေနှင့် သည်လို အလုပ်မျိုးကို လုပ်ဝံ့လိမ့်မည် မဟုတ်။ သည် အဖြစ်အပျက်ကို အယ်နီနှင့် ကေဗင်တို့ သိသွားမည်ဆိုလျှင် သူ သက်သာမည် မဟုတ်။ လျော်ကြေးပေး၍ ဆုံးနိုင်တော့မည် မဟုတ်။

နောက် ဆယ်မိနစ်လောက် ကြာတော့ သူနာပြုဆရာမ ပြန်လာပြန်သည်။

"မစ္စအိုဟာရာ၊ ညစာ မစားခင်မှာ ဆေးလိပ် သောက်ချင်သေးတယ် ဆိုရင် အပြင်ကို ထွက်ခဲ့ပါရှင်။ ဆေးလိပ်သောက်ခွင့်ပြုတဲ့အချိန် ဆယ်မိနစ်ပဲ ကျန်ပါတော့တယ်"

"အရူးတွေနဲ့ အတူတူရောပြီး မသောက်ဘူး"

သူနာပြုဆရာမ ပြန်ထွက်သွားသည်။

အခန်းထဲမှာ နီလီ ခေါက်တုံ့ခေါက်ပြန် လမ်းစ,လျှောက်သည်။ အိပ်ပျော်အောင်လုပ်ပြီး ကုသဖို့ကို အမှန်ပင် လိုနေပြီ။ အိပ်ဆေးလည်း နည်းနည်းပါးပါး ရတော့မှ ဖြစ်မည်။ ယခုဆိုလျှင် သူ့လက်များ တုန်နေပြီ။ ယခုနောက်ပိုင်း ရက်များတွင် တစ်နာရီလျှင် အိပ်ဆေးနှစ်လုံးကျ မှန်မှန် သောက်နေခဲ့ရသည်။ သို့မှသာ စိတ်များ တည်ငြိမ်လာသည်။

သို့သော်လည်း အိပ်ပျော်အောင်ထားပြီး ကုသခြင်းအားဖြင့် ထိုအိပ်ဆေးစွဲသည့် ရောဂါ ပျောက်နိုင်သည်ဟု ဒေါက်တာ မက်ဆင်ဂျာက ပြောသည်။ ယခု အခြေအနေမျိုးသို့ ရောက်အောင် မိမိကိုယ် မိမိ ပြန်လုပ်ခြင်း ဖြစ်သည်ဟုလည်း ဒေါက်တာမက်ဆင်ဂျာက ပြောသေးသည်။

ဂီးဇ် . . .၊ စပိန်ပြည်သို့ ရောက်သွားပြီးနောက်မှ တစ်နေ့လျှင် အိပ်ဆေးအလုံးပေါင်း နှစ်ဆယ်မှ သုံးဆယ်အထိ သောက်ခဲ့ရသည်။

သို့သော်လည်း စပိန်ပြည်မှ မြန်မြန်ပြန်ခွာလာနိုင်သည့်အတွက် တော်ပါသေးတော့သည်။ အခွာနောက်ကျလျှင် ကိုယ်ကျိုးနည်းတော့မည်။ စပိန်ပြည်မှာရှိစဉ် ဒေါက်တာမက်ဒရာဆိုသည့် ဆရာဝန်က သူ့ကို ဒင်မ်ရော ဆိုသောဆေး ပထမဆုံးအကြိမ် စတင်ထိုးပေးလေသည်။ အလွန်ကောင်းသောဆေး ဖြစ်သည်။

စိတ်ထဲမှာ ဘာခံစားချက်မှ မရှိတော့။ ဘာကိုမှလဲ ဂရုမစိုက်တော့။ ပထမဆုံး ဆေးစပြီးထိုးစဉ်က အိပ်ရာပေါ်မှာ ခြောက်နာရီလုံးလုံး လှဲနေခဲ့သည်။ လေထဲမှ ပိုးစကလေးများ လွင့်မျောနေသလို ခံစားရသည်။ ထိုဆေး တန်ခိုးကြောင့် အခါတိုင်းထက် ပိုပြီး ကောင်းအောင် သီချင်းဆိုနိုင်သည်ဟု ထင်ခဲ့သည်။

အစိမ်းရောင် ဆေးလုံးများကို စားဖို့ မလိုတော့ဘဲနှင့် ကိုယ်လုံးကိုယ်ထည်လည်း ဆေးသေးသွယ်သွယ် ရှိနေခဲ့သည်။ ဘယ်ဆေးနှင့်မှ မနှိုင်းယှဉ်သာအောင် အရသာထူးသော ဆေး ဖြစ်သည်။

ထိုဆေး ပြယ်သွားသောအခါ အနေရ အထိုင်ရ ခက်လာသည်။ နောက်တစ်နေ့ကို ဘယ်လို ရင်ဆိုင်ရပါမည်နည်း။ နောက်ထပ် ချစ်သူများကို မည်သို့ လက်ခံတွေ့ဆုံရပါမည်နည်း။ နောက်ထပ် ဧည့်ခံပွဲများကို မည်သို့ တက်နိုင်ပါမည်နည်း။

ထိုသို့သောအခါမျိုးတွင် ခါးနာသည်ဟု အကြောင်းပြခဲ့သည်။ ဟောလီးဝုဒ်တုန်းကလည်း ခါးနာသည်ဟု အကြောင်းပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခါးနာသည့်ရောဂါကို စာတ်မှန်ရိုက်ပြီး ရှာဖွေ၍ မရနိုင်။

ရုပ်ရှင်ကုမ္ပဏီမှ ဆရာဝန်များသည် မည်သို့မျှ မတတ်နိုင်ဘဲ သူပြောသည့်အတိုင်းသာ လက်ခံခဲ့ကြရသည်။ ထိုနည်းအားဖြင့် ရုပ်ရှင်မရိုက်ဘဲ ရက်အနည်းငယ် လွတ်လွတ်လပ်လပ် နေခွင့်ရခဲ့သည်။

ယခုလည်း စပိန်ရောက်သောအခါ အလုပ်မှ အနားရနိုင်ရန် ခါးနာနေသည်ဟု အကြောင်းပြသည်။ ထို့ကြောင့် ခါးနာပျောက်ရန် ဒေါက်တာ မက်ဒရာက ဒင်မ်ရော ဆိုသောဆေးကို ထိုးပေးခြင်း ဖြစ်သည်။ ဟောလီးဝုဒ်မှာတုန်းက ထိုဆေးမျိုး မည်သည့်ဆရာဝန်ကမျှ ထိုးမပေး။

ယခု ဒေါက်တာမက်ဒရာကတော့ ဖောဖောသီသီကို ထိုးပေးနေသည်။ တစ်နှစ်ပတ်လုံး နေ့စဉ်နေ့တိုင်း တစ်နေ့လျှင် သုံးလုံးကျ ထိုးပေးခဲ့ခြင်း ဖြစ်သည်။ ထိုနှစ်သည် အလွန်ဟာရာ စည်းစိမ်ကြီးခဲ့သည့်နှစ်ပင် ဖြစ်ချေသည်တကား။

ဒင်မ်ရောဆေး ထိုးပြီးသောအခါ ညကလပ်သို့ သွားသည်။ သီချင်းဆိုသည်။ ဘယ်တုံးကမှ သည်လောက်ကောင်းအောင် မဆိုနိုင်ခဲ့ဘူးသေးချေ။

စပိန်မှာလည်း ရုပ်ရှင်ရိုက်ခဲ့သေးသည်။ ထိုအချိန်တုန်းကများ ဟောလီးဝုဒ်သို့ ပြန်လာပြီး ရိုက်လိုက်ရမည်ဆိုလျှင် မည်မျှ ကောင်းလိုက်မည်နည်း။ သူ့ကိုယ်လုံးသည် သေးသေးသွယ်သွယ်နှင့် အလွန်လှနေသည်။ မျက်လုံးများကလည်း အရောင်တဖိတ်ဖိတ် တောက်နေသည်။ အားလုံး ဒင်မ်ရော တန်ခိုးများ ဖြစ်သည်။ အသံကလည်း ကြည်လင်နေသည်။

သည့်နောက်တော့ ငွေရေးကြေးရေး ပြဿနာ ပေါ်လာသည်။ ကာလီဖိုးနီးယားမှာ ရှိနေသည့် တက်ကာစာဘလင်ကာက ကြေးနန်းရိုက်လိုက်သည်။အမြွာပူးသားနှစ်ယောက်ကို ပြန်လာပြီး စောင့်ရှောက်ခြင်း မပြုလျှင် ထိုသားများကို ထိန်းသိမ်းခွင့်ရအောင် ရုံးတော်၌ တရားစွဲမည်ဟု ဆိုသည်။

သို့ဆိုလျှင် တက် လက်ထပ်ယူထားသည့် နောက်မိန်းမ လက်ထဲမှာ သည်သားများကို အပ်လိုက်ရတော့မည်။

ထိုသို့ ဖြစ်နေခိုက်မှာပင် ဂျနီဖာကလည်း သူ့ကိုယ်သူ သတ်သေသွားသည်။

ထို့ကြောင့်လည်း စပိန်ပြည်ကို ခွာရတော့မည်။ ဒင်မ်ရောများကို ခွဲခွာထားခဲ့ရတော့မည်။ဒင်မ်ရောနေရာတွင် အိပ်ဆေးများနှင့် အစားထိုးခဲ့သည်။ ယခုတော့ အိပ်ဆေးအများကြီးသောက်မှ ဖြစ်တော့သည်။

တစ်နေ့လျှင် အလုံး သုံးဆယ်လောက်သောက်နေရသည်။တစ်နေ့လျှင် အလုံးပေါင်း သုံးဆယ်။ ဘုရား. . . ဘုရား။ ယနေ့ ခြောက်လုံးထဲသာ သောက်ရသေးသည်။ နောက်ဆုံးသောက်ခဲ့သည်မှာ နှစ်နာရီကျော်ပင် ကြာမြင့်သွားချေပြီ။

ဒေါက်တာဟောလ် ဘယ်မှာ သွားသေနေသနည်း။ အိပ်ခိုင်းပြီး ကုသဖို့က ဘယ်တော့မှ စလုပ်ကြမည်နည်း။

ညစာကျွေးနေပြီ ဖြစ်ကြောင်း သူနာပြုဆရာမက သူ့ကို အကြောင်းလာကြားသည်။ ထမင်းစားခန်းသို့ လာပြီး စားနိုင်မည်လားဟု မေးသည်။ မစားနိုင်ပါ။

"ကျွန်မ စီးကရက်တစ်လိပ်နဲ့ အိပ်ဆေး လိုချင်တယ်။ အနည်းဆုံး ခြောက်လုံး လိုချင်တယ်။ အိပ်ခိုင်းပြီး ဒေါက်တာဟောလ် ဆေးကုပေးမယ့်အချိန်ရောက်အောင် နေနိုင်ဖို့ ဆိုကွန်နယ်အိပ်ဆေး ခြောက်လုံး ရမှ ဖြစ်မယ်"

အိပ်ရာပေါ်မှာ သူ ပုံလဲသွားပြန်သည်။ လည်ချောင်းတစ်ခုလုံး ခြောက်သွေ့နေသည်။ တစ်ခုခုတော့ သောက်ရမှ ဖြစ်မည်။ ဘာပဲသောက်ရသောက်ရ။ အိပ်ခန်းကျဉ်းကျဉ်းကလေးသည် ပို၍ကျဉ်းသည်ထက် ကျဉ်းလာသည်။

တစ်ခုခု လုပ်မပေးကြတော့ဘူးဆိုလျှင် သည်နေရာမှ ချက်ချင်း ထွက်သွားတော့မည်။ မိမိကို သူတို့ မတားနိုင်။ မိမိကို ထောင်ချထားခြင်း မဟုတ်။

ခြေသံများ ကြားရသည်။ ထို့ကြောင့် ထထိုင်သည်။ သူတို့ ဆေးကုပေးကြတော့မည် ထင်သည်။ ဆရာမတစ်ယောက် ပေါ်လာသည်။ ညစာကို လင်ဗန်းနှင့်ထည့်ပြီး ယူလာသည်။

"မစ္စဒိုဟာရာ၊ ကိုယ့်အခန်းထဲမှာပဲ ကိုယ်စားချင်တယ်ဆိုရင်. . ."

သူနာပြုဆရာမကလေးသည် စကားကို ဆုံးအောင်ပြောခွင့် မရလိုက်တော့ပါ။

နီလီက လင်ဗန်းကိုယူပြီး အခန်းတစ်ဖက်သို့ လွှင့်ပစ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကလေးက ခေါင်းငုံ့ရှောင်သည်။ နောက်ထပ် ဆရာမတစ်ဦး ပြေးဝင်လာသည်။

"ငါ မစားချင်ဘူး၊ ယဉ်ယဉ်ကျေးကျေးလည်း လုပ်မနေနိုင်ဘူး။ ကဲ- ငါ့စီးကရက်တွေ ပြန်ပေး။ ငါ့ကို အိပ်ခိုင်းထားပြီး ကုမယ်ဆိုရင် ခုချက်ချင်း ကုပါ။ ဒါမှမဟုတ် ငါသွားမယ်။ ဒါလောက်အတိ သည်းခံနေရင် တော်လောက်ပြီ"

အခြား သူနာပြုဆရာမများထက် ပိုပြီး အရေးကြီးပုံပေါ်သည့် သူနာပြုဆရာမတစ်ဦးက ဝင်ဖြေသည်။

"မစ္စအိုဟာရာ၊ အိပ်ပျော်အောင် လုပ်ပြီး ကုတာမျိုး ဒီမှာ မရှိပါဘူးရှင်"

"ရှင် ဘာစကားပြောတာလဲ"

"ဒေါက်တာဟောလ်ကို ကျွန်မ မေးကြည့်ပြီးပါပြီ။ အဲဒီလို နည်းမျိုးနဲ့ ရှင့်ကို ကုမပေးနိုင်ပါဘူးတဲ့။ စိတ်ရောဂါ အထူးကုတဲ့ နည်းနဲ့ပဲ ရှင့်ကို ကုပေးမှာပါတဲ့"

"ဒီလိုဆိုရင် ကျွန်မ ပြန်မယ်"

နီလီက တံခါးပေါက်ဆီသို့ လျှောက်သွားသည်။ သို့သော်လည်း လက်လေးဖက်က သူ့ကို ဖမ်းကိုင်ထားသည်။

"ကျက်သရေမရှိတဲ့ နင်တို့လက်ကြီးတွေနဲ့ ငါ့ကို မထိနဲ့။ လွှတ်၊ ငါ့ကို တစ်ယောက်တည်းထားခဲ့"

နီလီက အော်ရင်း သူနာပြုဆရာမများကိုလည်း လက်သီးနှင့် ပြန်ထုနေသည်။

"ဟော်သွန် အဆောင်ကို ခေါ်သွားတော့"

ဆရာမ တစ်ယောက်က အမိန့်ပေးသည်။

"ငါ အိမ်ပြန်မယ်"

နီလီကလည်း ပြန်အော်သည်။

ဆရာမများ ထပ်ရောက်လာကြပြန်သည်။ ခန်းမကြီးတစ်လျှောက် သူ့ကို ဆွဲခေါ်သွားသည်။ သည်လို အဖြစ်မျိုးကြီးတော့ ဖြစ်ဖို့မကောင်း။ နီလီအိုဟာရာလို လျှမ်းလျှမ်းတောက် မင်းသမီး တစ်ယောက်ကို ဆရာမလေးယောက်က အကြမ်းပတမ်း ဆွဲခေါ်သွားသည် ဆိုခြင်းမှာ လူကြားလို့မှ မလျော်။

ထို့ကြောင့်လည်း အသံကုန် အော်နေသည်။ သူ့ကို မလိမ့်တစ်ပတ် လုပ်နေကြသည့်အတွက် ဒေါသဖြစ်လို့ မဆုံးနိုင်တော့ချေ။

လမ်းတစ်လျှောက်လုံး နီလီက ခုခံတိုက်ခိုက်လာခဲ့သည်။ အခန်းတစ်ခုပြီးတစ်ခုကို ဖြတ်သွားကြသည်။ တံခါးတစ်ခုပြီးတစ်ခုကို သော့ဖွင့်လိုက်၊ သော့ပြန်ပိတ်လိုက် လုပ်လာကြသည်။အခြား အဆောက်အအုံတစ်ခုရှိ ခန်းမကြီးတစ်ခုအတွင်းသို့ ရောက်လာသည်။

သူနာပြုဆရာမ အသစ် နှစ်ယောက်က ဆီးကြိုပြီး ဆက်လက် တာဝန်ယူသည်။အခြား ခန်းမတစ်ခုအတွင်းသို့ ဆွဲခေါ်သွားခြင်း ခံရပြန်သည်။ စောစောက အခန်းမျိုးလို အခန်းကျဉ်းကလေး တစ်ခု အတွင်းသို့ သွင်းလိုက်သည်။ ဒေါသအမျက် ခြောင်းခြောင်းထွက်နေသည့်ကြားကပင် ထိုအခန်းကလေး၏ အနေအထားကို သတိထားမိသည်။

ကော်ဇောခင်းထားခြင်း မရှိ။ ခန်းဆီးမရှိ။ ဗီရို မရှိ။ အိပ်ရာတစ်ခုသာ ရှိသည်။

သူ့ကို အိပ်ရာပေါ်မှာ တင်ထားပေးသည်။သူ့ကိုယ်ပေါ်မှ အဝတ်အစားများလည်း စုတ်ပြကုန်ပြီ။ အပိုတစ်စုံပါလာသောကြောင့် တော်ပေသေးတော့သည်ဟု စိတ်ထဲက တွေးလိုက်မိသည်။

ခပ်ငယ်ငယ် သူနာပြု ဆရာမကလေး တစ်ယောက် ရောက်လာပြီး သူ့ခုတင်ဘေးတွင် ထိုင်သည်။

"မစ္စအိုဟာရာ၊ ညစာ စားကြရအောင်နော်"

"ငါ အိမ်ပြန်ချင်တယ်"

နီလီက ပြန်အော်သည်။

"ညစာ စားကြရအောင်ပါ၊ တခြားလူနာတွေကိုလည်း သွားပြီး တွေ့လိုက်ကြရအောင်နော်"

"ငါ အိပ်ချင်တယ်"

ပြောရင်းမှာပင် သူ စတင် ငိုကြွေးတော့သည်။

ချောင်ပိတ်ပြီး အဖမ်းခံရခြင်း ဖြစ်သည်။ သူ့တစ်သက်တွင် ဤသို့ ချောင်ပိတ်ပြီး အဖမ်းခံရခြင်းမျိုးကို မကြုံဘူးခဲ့။ ပြတင်းပေါက်ကို လှမ်းကြည့်မိသည်။ သံတိုင်များ တပ်သားခြင်း မရှိ။ ပိတ်သားလိုလို၊ မှန်သားပြင်လိုလို တွေ့ရသည်။ ထိုနေရာကို ဖောက်ခွဲပြီးထွက်လျှင် ရနိုင်စရာအကြောင်း ရှိသည်။

သို့သော်လည်း မည်သည့်လက်နက်နှင့် ဖောက်ခွဲမည်နည်း။

အခန်းထဲမှ သူ ပြေးထွက်ခဲ့သည်။ နားနေခန်းကြီး တစ်ခုထဲသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်မြင်သံကြားကို တိတ်ဆိတ်စွာ ထိုင်ကြည့်နေကြသည့် လူနာများကို တွေ့ရသည်။ သူက အခန်းပတ်လည်ကို အစူးတစ်ယောက်လို လှည့်ကြည့်သည်။ ပြတင်းပေါက်ကို ဘာလက်နက်နှင့် ဖောက်ခွဲပြီး ထွက်မည်နည်း။

စာအုပ်ဗီရိုကို လှမ်းကြည့်သည်။ စာအုပ်များ ရှိသည်။ စစ်တုရင်ခုံတစ်ခု ရှိသည်။ နယ်ရုပ်ကလေးတစ်ရုပ်ကို ဆွဲယူသည်။ နယ်ရုပ်ကလေးမှာ ခေါင်းရှိသည်။ ခေါင်းမှာ သေးပင်သေးငယ်သော်လည်း ခပ်ပြင်းပြင်း ထုထောင်းနိုင်လျှင် ပြတင်းပေါက်မှာ ကာထားသည့်မှန်ကွဲသွားနိုင်သည်။ နယ်ရုပ်ကလေးကို တင်းတင်းကိုင်ပြီး သူ့အခန်းသို့ ပြန်ပြေးလာခဲ့သည်။

သူနာပြုဆရာမက သူ့ခုတင်ပေါ်မှာ ထိုင်ပြီး တည်ငြိမ်သည့် အမူအရာနှင့် သူ့ကို ကြည့်ရှုအကဲခတ်နေသည်။

'ကြည့်စမ်းပါစေ'ဟု နီလီက စိတ်ထဲမှ တွေးလိုက်မိသည်။

'ငါလည်း ကောင်းကောင်း သန်တာပဲ။ သူ ငါ့ကို ချုပ်ကြည့်ပေါ့'

ပြတင်းပေါက်ကိုသွားပြီး ကာထားသည့် အရာကို စစ်တုရင်နယ်ရုပ်ကလေးနှင့် တအားထုသည်။ ဆရာမကလေးက လှုပ်ပင် မလှုပ်ချေ။ သူက တအား ထုသည်။ တအား ခြစ်သည်။ အဆက်မပြတ်လည်း ငိုသည်။

အလွယ်တကူ ပေါက်ကွဲသွားနိုင်သည့် နေရာတော့ ရှိရမည်ဟု စဉ်းစားမိပြန်သည်။ မည်သည့် နေရာများ ဖြစ်နိုင်ပါလိမ့်။

"အဲဒါဟာ သံမဏိပြားကြီးကို လုပ်ထားတာပါ။ သံမဏိပြားကြီးကို ဖောက်ထွက်လို့ ရရင်လည်း ကျွန်မတို့ ဆေးရုံဝင်းထဲမှာပဲ ရှိဦးမယ်။ ကျွန်မတို့ ဝင်းကြီးက နှစ်ဆယ့်ငါးဧကတောင် ကျယ်ပါတယ်။ နောက်ပြီးတော့ ဂိတ်တံခါးကြီးကိုလည်း အခိုင်အမာ သော့ခတ်ပိတ်ထားပါတယ်"

ဆရာမက တည်တည်ငြိမ်ငြိမ်ပင် ပြောပြနေသည်။

နီလီက နယ်ရုပ်ကို လက်ထဲမှ ပစ်ချလိုက်သည်။ ပြီးတော့ ခုတင်ထောင့်မှာ သွားထိုင်ပြီး ဆက်ငိုနေသည်။ ဆရာမကလေးက သူ့ကို ချော့သည်။ သို့သော်လည်း ပိုပြီး သည်းထန်စွာ ငိုသည်။

အယ်နီနှင့် ကေဗင်တို့ အကြောင်းကို စဉ်းစားမိပြန်သည်။ ယခုလောက်ဆိုလျှင် သူတို့ကတော့ နယူးယောက်မြို့ကို ပြန်ရောက်နေကြတော့မည်။ မိမိ ကောင်းစွာ အိပ်ပျော်နေပြီဟု ထင်မှတ်နေကြလိမ့်မည်။

အယ်နီ၏ အိပ်ခန်းအကြောင်းကို စဉ်းစားမိပြန်သည်။ ထိုအခန်းတွင် ဘာကြောင့် မနေနိုင်ရမည်နည်း။ စီးကရက်ကို ကြိုက်သည့်အချိန်တွင် ကြိုက်သလောက် သောက်နိုင်သည်။ လျှောက်လည်နိုင်သည်။ အိပ်ဆေးများကို လိုသလောက် ရနိုင်သည်။ လိုသလောက် သောက်နိုင်သည်။ အရက် ဆိုပြန်လျှင်လည်း သောက်ချင်သလောက် သောက်နိုင်သည်။

ဟောလီးဝုဒ်အကြောင်းကို စဉ်းစားပြန်သည်။ ဆရာကြီးအကြောင်း ပေါ်လာသည်။ ယခုဆိုလျှင် မည်သူ့ကိုများ ဩဇာပေးနေပါလိမ့်။ နောက်ပြီးတော့ တက်အကြောင်း။

ကာလီဖိုးနီးယားမှာ ယခုအချိန်ဆိုလျှင် ညနေ သုံးနာရီလောက်သာ ရှိချေဦးမည်။ နွေးနွေးထွေးထွေးလည်း ရှိမည်။ နေ သာနေပေလိမ့်မည်။ တက်သည် သူ့မိန်းမနှင့်အတူတူ ရေကူးကန်ဘေးမှာ ရှိနေလိမ့်မည်။

မိမိကတော့၊ အလွန် အောင်မြင်ကျော်ကြားသည့် နီလီအိုဟာရာကတော့ လူပသောဆေးရုံကြီးထဲမှာ အချုပ်အနှောင် ခံနေရချေသည်။

ပိုပြီး ကျယ်လောင်စွာ ငိုပစ်လိုက်သည်။

တစ်နာရီလောက်ကြာအောင် ငိုပစ်လိုက်မိသည်ဟု ထင်သည်။ အငိုရပ်ပြီး အပြင်ကို လှမ်းကြည့်လိုက်သောအခါ မှောင်နေပြီ။ အထက်တန်း သူနာပြုဆရာမကြီး ဝင်လာသည်။ သူ့ရင်ဘတ်ပေါ်မှာ သူ့အမည် ကတ်ပြားကလေးကို ချိတ်ထားသည်။

• မစ္စရှမစ်။

အလွန် ထူးကျိုင်းသည့် သတ္တဝါမကြီး ဖြစ်သည်ဟု စိတ်ထဲက ထင်မိသည်။

"မစ္စအိုဟာရာ၊ ကိုယ့်ဟာကိုယ် ထိန်းထိန်းသိမ်းသိမ်း မနေနိုင်ဘူး ဆိုရင်တော့ ကျွန်မတို့ တစ်ခုခု လုပ်ရပါလိမ့်မယ်ရှင်"

ဟုတ်ပြီ။ လိုချင်သော အဖြေကလည်း ဒါပဲ ဖြစ်သည်။ အိပ်ဆေးနည်းနည်းပါးပါးနှင့် ဆေးထိုးအပ်နှင့် ဆေးထိုးပေးခြင်း ဖြစ်မည်။ သူတို့ကို အကြောင်းသိအောင် ပြရမည်။ သို့မှသာ မိမိကို အိပ်ပျော်သွားအောင် သူတို့ လုပ်ကြတော့မည်။ သို့မှသာ နီလီအိုဟာရာက သူတို့အပေါ် အနိုင်ရမည်။ သူတို့ ချမှတ်ထား

www.burmeseclassic.com

www.burmeseclassic.com


သည့် စည်းကမ်းများကို ချိုးဖောက်ပစ်ရမည်။

ထို့ကြောင့် အော်ဟစ်ဆူပူတော့သည်။

နောက်တစ်မျိုး မလုပ်နိုင်သေးမီမှာပင် သူနာပြုဆရာမကြီး ပြန်ရောက်လာပြန်သည်။

"ကဲ- တော်ပါတော့ မစ္စအိုဟာရာ၊ တခြား လူနာတွေကို အနှောင့်အယှက်ပေးသလို ဖြစ်နေပါပြီ"

"သူတို့ဟာသူတို့ သေသေ"

နီလီက ပြန်အော်သည်။ စောစောက ထက် ပိုပြီး ကျယ်လောင်သည့်အသံနှင့် ဆက်ငိုသည်။

သူနာပြုဆရာမကြီးက ဆရာမကလေး နှစ်ယောက်ကို ခေါင်းညိတ်ပြလိုက်သည်။ ဆရာမကလေး နှစ်ယောက်က နီလီ၏ လက်မောင်းနှစ်ဖက်ကို ဆွဲပြီး ခန်းမကြီး၏ တစ်ဖက်ဆီသို့ ခေါ်သွားသည်။

နီလီက တစ်လမ်းလုံး ပြန်လည် ခုခံတွန်းတိုက်ရင်း ပါသွားသည်။ ပါးစပ်ကလည်း မပြတ်အော်သည်။ သို့သော်လည်း ဆရာမများကို နိုင်အောင် မခုခံနိုင်ပါ။ နောက်ဆုံးတော့ ကျယ်ပြောသည့် ရေချိုးခန်းတစ်ခုထဲသို့ ရောက်လာကြောင်း သတိထားမိသည်။

အဝတ်အစားများချွတ်ရန် ဆရာမများက သူ့ကို ပြောသည်။

"ဘာလို့ ချွတ်ရမှာလဲ၊ နင်တို့ သည်းထိတ်ရင်ဖိုကလေးတွေ ဖြစ်သွားအောင် ငါက ကိုယ်တုံးလုံး ရပ်ပြရမှာလား"

နီလီက ပြန်အော်သည်။

မစ္စရှမစ်က ခေါင်းညိတ် ပြလိုက်ပြန်သည်။ ဆရာမကလေး နှစ်ယောက်က သူ့ကိုယ်ပေါ်မှ အဝတ်များကို ချွတ်သည်။ ပြီးတော့ ရေချိုးကန်ငယ်အတွင်းသို့ သူ့ကို တွန်းထည့်ကြသည်။ သူ့အပေါ်က ကြီးမားသည့် ပတ္တူစကြီးတစ်ခုနှင့် ဖုံးအုပ်ထားသည်။ ခေါင်းနေရာလောက်တွင် အပေါက် တစ်ပေါက်သာ ဖောက်ထားပြီး ခေါင်းကို ထိုအပေါက်မှ အပြင်သို့ ထုတ်စေသည်။ ခေါင်းအောက်မှာ ခေါင်းအုံးတစ်လုံး ထားပေးသည်။ သူ့အနီးမှာ သူနာပြုဆရာမတစ်ယောက် ထိုင်နေသည်။ စာအုပ်တစ်အုပ်နှင့် ခဲတံကို အသင့်ကိုင်ထားသည်။

နီလီက ဆက်အော်မြဲ အော်နေသည်။ အမှန်တော့ ရေထဲမှာ နေရသည်မှာ အလွန်အရသာရှိသည်။ နဂိုကတည်းကလည်း ရေချိုးရသည်ကို နှစ်သက်ခဲ့သည်။ ရေချိုးကန်ထဲတွင် သူ့အသားများ ပဲကြီးရေခွံ တွန့်လာသည်အထိလည်း စိမ်နေတတ်သည်။ ယခု ရေချိုးကန်ကတော့ တစ်မျိုးတစ်ဖုံ ထူးခြားနေသည်။ အထဲရှိ ရေများက စီးနေသည်။ ဝင်သည့်အပေါက်ကဝင်ပြီး ထွက်သည့်အပေါက်က ထွက်သွားသည်။ သူ့ကိုယ်ပတ်လည်တွင် ရေပူဖောင်းများ ဖြစ်နေသည်။ အကြောအခြင်များ လျော့ပါးလာသည်။ ထိုသို့သောအသိကို ခံစားနေရင်းမှပင် ဆက်လက် အော်မြဲ အော်နေသည်။

မစ္စရှမစ် ပြန်လာသည်။ သူ့ဘေးမှာ ဒူးထောက်လျက် ထိုင်ချလိုက်သည်။ သူ့မျက်လုံးများက ကြင်နာသည့် မျက်လုံးများပင် ဖြစ်သည်။

"မစ္စအိုဟာရာ၊ သက်သာသွားအောင် ဘာဖြစ်လို့ အနားမယူတာလဲ။ အေးအေးဆေးဆေး ရေစိမ်နေလိုက်ပါနော်"

"ငါ့ကို ဒီအထဲက ထုတ်ပေး"

နီလီက ပြန်အော်သည်။

"အော်နေတာ ရပ်သွားတဲ့အထိ ဒီအထဲမှာ အခုအတိုင်း နေရမယ်။ ဒါမှမဟုတ် အိပ်ပျော်သွားတဲ့အထိ နေရမယ်"

"ဟားဟားဟား နင်တို့မှာ ရေဘယ်လောက် များများ ရှိသလဲ။ ဟောဒီ တစ်ပြည်လုံးမှာရှိတဲ့ရေတွေ ယူလာပြီး လောင်းတောင်မှ ငါ မအိပ်ဘူး"

သူက အသက်ကို ဝအောင်ရှူလိုက်ပြီး မစ္စရှမစ်၏မျက်နှာကို စေ့စေ့ကြည့်ကာ သံသေးသံကြောင်နှင့် ပြန်အော်သည်။

"လူနာတွေကို ဒီအထဲမှာ ဆယ့်ငါးနာရီကြာအောင်တောင် ကျွန်မတို့ ထားဖူးပါတယ်။ နောက် တစ်နာရီလောက် ကြာရင် ကျွန်မ ပြန်လာခဲ့ပါဦးမယ်။ အဲဒီအချိန်လောက်ကျရင်တော့ မစ္စအိုဟာရာ နေသာထိုင်သာ ရှိသွားပါလိမ့်မယ်"

မစ္စရှမစ်က ပြန်ဖြေပြီး ထိုင်ရာမှ ထသည်။

တစ်နာရီ အတွင်းမှာပင် သူ့အသံများ ပြာလာသည်။ လည်ချောင်းကလည်း နာလာသည်။ ငြိမ်ငြိမ်ကလေး လှဲနေပြီး အနားယူချင်ပါသည်။ သို့သော်လည်း ထိုသို့ နေလိုက်လျှင် သူတို့အကြိုက် လိုက်လျောသလို ဖြစ်သွားမည်။ ဆာလည်း ဆာလာသည်။ စီးကရက်လည်း သောက်ချင်လှသည်။ အိပ်ဆေး

www.burmeseclassic.com

လည်း သောက်ချင်သည်။ ဘုရား. . . ဘုရား။ အိပ်ဆေးသောက်လိုက်ရမှ နေသာထိုင်သာ ရှိတော့မည်။

သို့ဖြင့် သူ ပြန်၍ အော်ပြန်သည်။ ဒေါက်တာဟောဘလ်၊ သူနာပြုဆရာမများနှင့် ဆေးရုံကို ကျိန်ဆဲသည်။ ဆဲသည်။ ဆဲပြီး ငိုသည်။ ငိုရှိုက်နေသည့် အချိန်များတွင် ဘေးမှာ ထိုင်နေသည့် ဆရာမကလေးက စာအရေး ရပ်ထားလိုက်သည်။

ဟုတ်ပါပြီ။ မိမိ ဆဲသည့် စကားလုံးများ၊ ပြောဆိုသည့် စကားလုံးများကို သူ လိုက်ရေးနေခြင်း ဖြစ်သည်။ သို့မှသာ လူနာတစ်ယောက် ပြောသမျှ စကားများကို ဒေါက်တာဟောဘလ် ဖတ်နိုင်မည်။

သည်မှာ အနားယူပါတဲ့။ ဒါမျိုး ဘာရမလဲ။ နီလီအိုဟာရာကို သည်နေရာတွင် ထားနေသမျှ ကာလပတ်လုံး ဘယ်လိုလူမျိုးမှလဲ အနားမယူရစေဘူးမှတ်။

ပြန်လည် အော်ဟစ်ပြန်သည်။ အပြင်းထန်ဆုံး၊ အရင့်သီးဆုံး စကားလုံးများနှင့် ဆဲသည်။ အညစ်ပတ်ဆုံး ဆဲသည်။ ဆရာမလေးက လိုက်ရေးနေရပြန်ပြီ။ သည်ဆရာမကလေး အတွက်တော့ စိတ်မကောင်း ဖြစ်မိလိုက်သေးသည်။ အသက်ကလည်း ငယ်သေးသည်။ ဆယ့်ကိုးနှစ်လောက်သာ ရှိပေဦးမည်။

နောက်ပြီးတော့ ယခုကိစ္စမှာ ထိုဆရာမလေး အပြစ်လည်း မဟုတ်ပါ။ စည်းကမ်းဥပဒေများကို သူက ပြုလုပ်ထားခြင်း မဟုတ်ပါ။ ထို့ကြောင့် သူတတ်သမျှ မှတ်သမျှ ကြားဖူးထားသမျှ ဆဲနည်းပေါင်းစုံတို့ကို မပြတ်ရေရွတ် အော်ဟစ်နေသည်။ တစ်ချိန်တည်းမှာပင် ကိုယ်ပေါ်မှာ လွှမ်းထားသည့် ပတ္တူစကြီးကို ဒူးနှင့်ပွတ်သပ်ပြီး စမ်းကြည့်နေမိသည်။ ထိုသို့ စမ်းရင်း ပတ္တူစအောက်သို့ သူ့ခေါင်းကို မြှုပ်သွင်းနိုင်သည့် နည်းလမ်းကို တွေ့သွားသည်။ အချိန် ဆိုင်းမနေတော့ဘဲ ခေါင်းကို ငုံ့ပြီး လျှိုသွင်းလိုက်သည်။

ဆရာမကလေးက ပြေးလာပြီး သူ့ခေါင်းကို ပြန်ဆွဲထုတ်သည်။ သို့သော်လည်း မရ။ ထို့ကြောင့် ခေါင်းလောင်း ပြေးတီးသည်။ အခြား ဆရာမများ ရောက်လာသည်။ သူ့လည်ပင်းနေရာမှ အပေါက်ကို ပိုကျဉ်းအောင် ပြုပြင်လိုက်ကြသည်။ ခေါင်းကို အပြင် ပြန်ထုတ်ပေးကြသည်။

သူက ပိုပြီး ကျယ်လောင်စွာ အော်ဟစ်ဆဲဆိုပြန်သည်။ ဆရာမကလေးကလည်း ပိုပြီး မြန်မြန် လိုက်ရေးမှတ်ပြန်သည်။

ပတ္တူစအောက်သို့ ခေါင်းလျှိုပြီး ဝင်လိုက်စဉ်က ရေဘုံဘိုင်ခေါင်းအနားမှ ပတ္တူစ၌ အပေါက်ငယ်တစ်ခု ရှိနေသည်ကို အမှတ်မထင် မြင်ခဲ့ရသည်။ သူက ဆက်အော်၊ ဆရာမကလေးက အော်သမျှ လိုက်ရေး ဖြစ်နေကြတုန်းမှာပင် သူ မြင်ခဲ့သည့် အပေါက်ကလေးနေရာကို ခြေဖျားနှင့် စမ်းကြည့်သည်။

တဖြည်းဖြည်း အပေါက် ပိုကျယ်လာအောင် မသိမသာ ခြေထောက်နှင့် ချဲ့သည်။ ခဏကြာတော့ ခြေထောက်တစ်ဝက်လောက် လျှိုသွင်းနိုင်လောက်အောင် ကျယ်လာသည်။

ဆရာမကလေး အလုပ်များနေစေရန် သူက ပိုပြီး ပြင်းပြင်းထန်ထန် ဆက်လက် ဆဲဆိုသည်။ ထို့နောက် ရှိသမျှ အားအင်များကို အကုန် ညှစ်ထုတ်ယူကာ ရင်ဘတ်ပေါ်သို့ ဒူးရောက်လာသည်အထိ ခြေထောက်ကို ဆောင့်ကွေးပစ်လိုက်သည်။ ကျယ်လောင်သောအသံမြည်ကာ ပတ္တူစကြီး ပြဲသွားပြီး ပွင့်ထွက်သွားတော့သည်။

ရေချိုးကန်ထဲမှ ခုန်ထွက်လိုက်သည်။ ဆရာမကလေးက အရေးပေါ်ခေါင်းလောင်းကို ပြေးလှုပ်သည်။ မစ္စရှမစ် ခေါင်းဆောင်ပြီး သူနာပြုဆရာမများ တန်းစီ ရောက်လာကြသည်။ ရေချိုးကန်ပေါ်တွင် ပတ္တူစအသစ်နှင့် ပြန်ဖုံးပေးကြပြန်သည်။ ဘာပဲဖြစ်ဖြစ် နီလီကတော့ ဆရာမကလေးတစ်ယောက် လေသံတိုးတိုးနှင့်ပြောသည့် စကားသံကို ကြားလိုက်ရသဖြင့် အထိုက်အလျောက်တော့ ကျေနပ်သွားမိလေသည်။

"ဒီပတ္တူစကြီးပြဲသွားအောင် ဘယ်သူမှ မလုပ်နိုင်ခဲ့ဖူးဘူး"

ယခုအတိုင်း ဆိုလျှင်တော့ အမြဲတမ်း အော်ဟစ်နေရတော့မလို ဖြစ်နေသည်။ အော်သမျှကို လိုက်ရေးသည့် ဆရာမများက အလဲအလှယ်နှင့် ဖြစ်သည်။ ယခု ရောက်လာသည့် တစ်ယောက်ကလည်း ငယ်ငယ်ကလေးပင် ဖြစ်သည်။

သို့သော်လည်း သူ ဘယ်လောက်အော်အော် ထိုဆရာမကလေးက တုန်လှုပ်ပုံမရ။ သူ့အသံများ ပြာလာပြီ။ အားအင်ကုန်ခန်းလာပြီ။ ခါးကလည်း နာလာပြီ။ ဒူးနှစ်ဖက်က

www.burmeseclassic.com

www.burmeseclassic.com



လည်း နာကျင်လှပြီ။ ပတ္တူစပြေအောင် ကုတ်ယူလိုက်ရသဖြင့် ခြေဖျားများမှာ ကျိုးသွားပြီလား အောက်မေ့ရလောက်အောင် နာကျင်ကိုက်ခဲနေသည်။

သို့သော်လည်း အော်မြဲအော်နေသည်။

တံခါးပွင့်သွားသည်။ ဆရာဝန်တစ်ယောက် ဝင်လာသည်။ ခွေးခြေကလေးတစ်လုံးကို ဆွဲယူလာပြီး ရေချိုးကန်အနီးမှာ လာထိုင်သည်။

"မင်္ဂလာပါ၊ ကျွန်တော်က ဒေါက်တာကလီးမင့်ပါ။ လူနာတွေကို ကျွန်တော် လှည့်ပြီးကြည့်တာ ဖြစ်ပါတယ်"

ဆရာဝန်၏ လက်ပေါ်မှ နာရီကြီးကို နီလီ သတိထားမိသည်။ ကိုးနာရီထိုးပြီ။ သည်ရေချိုးကန်ထဲတွင် စိမ်အထားခံရသည်မှာ သုံးနာရီလောက် ရှိသွားပြီ။

"ကျွန်တော် ဘာအကူအညီများ ပေးနိုင်ပါသလဲ ခင်ဗျာ"

'ငါ အရူးမဟုတ်ဘူး၊ သူတို့သာ ရူးနေကြတာ'ဟု နီလီက စိတ်ထဲမှ တွေးလိုက်သည်။

အခုလည်း တစ်ယောက် လာပြန်ပြီ။ သည်အနားမှာ ထိုင်နေပြန်သည်။ သည်လိုနှင့် အချိန်ကုန်အောင် သူတို့ လုပ်နေကြခြင်း ဖြစ်သည်။ ပြီးတော့ 'ဘာအကူအညီများ ပေးနိုင်ပါသလဲ'ဟု သူကပဲ ဟန်နှင့်ပန်နှင့် မေးနေပြန်သေးတော့သည်။

"ကျွန်တော် လုပ်ပေးနိုင်တာများ ရှိပါသလား ခင်ဗျာ"

သူ့ဘက်သို့ နီလီက လှည့်လိုက်သည်။ မျက်ရည်များ ဒလဟောစီးကျလာသည်။

"ရှင်ဟာ ဘယ်လို အတန်းအစားထဲက စိတ်ရောဂါ အထူးကု ဆရာဝန်လည်း ဟင်။ ကျွန်မကို ရှင် အကူအညီပေးနိုင်မှာလား။ ဘာကြောင့် ကျွန်မ ဒီကို ရောက်နေတယ်ဆိုတာ ဒီမှာ ရှိနေတဲ့ ဆရာဝန်တိုင်း သိတယ်။

ကျွန်မဟာ နှစ်ပေါက်တစ်ပေါက် အရိုက်ခံနေရကြောင်းကို ရှင်လည်းသိတယ်။ အိပ်ပျော်အောင် လုပ်ပေးပြီး ကျွန်မကို ကုပေးမယ်လို့ ကတိပေးခဲ့ကြတယ်။ အခုတော့ ကျွန်မပိုင်ခွင့်ရှိတဲ့ အခွင့်အရေးကို တောင်းဆိုမိတာနဲ့ ဟောဒီ ရေချိုးကန်ထဲမှာ နှစ်ထားတာကို ခံနေရတယ်"

"အိပ်ပျော်အောင်လုပ်ပြီး ကုပေးမယ်ဆိုတာလား"

ဆရာဝန်က အံ့အားသင့်သွားသည်။ အမှန်တကယ် အံ့အားသင့်သွားခြင်း ဖြစ်သည်။

"ဟုတ်တယ်၊ ဒါကြောင့်မို့လို့ ကျွန်မ ဒီကိုလာတာ။ ရှစ်ရက်ပဲ ကြာမယ်။ ကျွန်မ အိပ်ပျော်နေရမယ်။ ဒေါက်တာဟောလ်က ဒီအတိုင်း ကတိပေးခဲ့တယ်။ ဒါပေမယ့် ကျွန်မ သူငယ်ချင်းတွေလည်း ပြန်သွားကြရော၊ အခြေအနေတွေ အားလုံး ပြောင်းလဲကုန်တော့တာပဲ"

ဆရာဝန်က သူနာပြုဆရာမကို မော့ကြည့်သည်။ဆရာမက ပခုံးတွန့်ပြလိုက်သည်။ ပြီးတော့ သူက နီလီကို ပြန်ကြည့်သည်။

"ကျွန်တော်က ညတာဝန်ကျလို့ ဝင်လာတာပါပဲ။ ခင်ဗျား ရောဂါအကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော် ဘာမှ မသိပါဘူး။ လူနာတွေ ဘာများ လိုအပ်မလဲလို့ လှည့်ကြည့်တာပါပဲ။ မနက်ဖြန်ကျရင် ကျွန်တော့် အစီရင်ခံစာထဲမှာ ထည့်ရေးပေးပါ့မယ်။ အားလုံး အဆင်ပြေသွားရပါစေမယ်"

"အခုလို အဆင်ပြေသွားပုံမျိုးလား၊ ဟားဟား. . ."

နီလီက အော်သည်။

စိတ်မကောင်း ဖြစ်သွားသည့် အမူအရာများ ဆရာဝန်၏ မျက်လုံးထဲမှာ ပေါ်လာသည်ကို နီလီ သတိထားလိုက်မိသည်။ ထို့ကြောင့်လည်း ဆရာဝန်ငယ်ကို ချဉ်းကပ်လျှင် ရနိုင်စရာရှိသည်ဟု တွေးမိသည်။

နီလီက တောင်းပန်စကား ပြောသည်။

"ရှင်က ကျွန်မကို အကူအညီပေးမှာလား။ လူတစ်ဖက်သားကို ဒီလို အကူအညီပေးနိုင်ဖို့အတွက် ဆေးပညာကို ရှင် သင်ကြားလေ့လာခဲ့တာလား။ အခုလို လောကွတ်စကားကလေးလောက်နဲ့ပဲ ကူညီနိုင်တာလား။ ကျွန်မ ဖြစ်နေပုံကို မှတ်သားပြီး ကျွန်မ အခုလို ရေစိမ်ခံနေရတဲ့ အချိန်မှာ ရှင်က အိမ်ပြန်သွားပြီး ရှင့်အိပ်ရာထဲမှာ အိပ်ပျော်နေမှာလား။

လူသားတစ်ယောက်ရဲ့ အမှန်တကယ် ကြင်နာသနားတတ်တဲ့ အသည်းနှလုံးစစ်စစ် ရှင့်မှာ ရှိမယ်ဆိုရင် ကျွန်မကို စီးကရက်တစ်လိပ် ပေးပါ။ စားစရာတစ်ခုခု ပေးပါ။ နောက်ပြီး ကျွန်မ စိတ်သက်သာရာရသွားအောင် ဆီကွန်နယ် အိပ်ဆေးနည်းနည်း ပေးပါ။

ဒါလောက်ပါပဲ၊ ရှင့်မှတ်စုစာအုပ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ရေးမှတ်မနေတော့ဘဲ ကျွန်မဆီက ထွက်သွားပါ"

ဆရာဝန်ငယ်က အခန်းထဲမှ ပြန်ထွက်သွားသည်။ နီလီကလည်း ထပ်ပြီး အော်ဟစ်ဆဲဆိုပြန်သည်။ လည်ချောင်းလည်း ရောင်လာပြီ။ အလွန်တရာလည်း မောပန်းနွမ်းနယ်နေပြီ။ အကယ်၍ အအော်ရပ်လိုက်မည်ဆိုလျှင် ရေကလည်း နေကောင်းရုံလောက် ရှိပေမည်။ ထိုအချိန်တွင် အိပ်ပျော်သွားနိုင်ပေသည်။ သို့သော် သူတို့ဘက်က အနိုင်ရသွားပေလိမ့်မည်။ လူတိုင်းလူတိုင်းသည် အိပ်ပျော်သွားသည်အထိ ရေချိုးကန်ထဲမှာ နေကြရသည်ဟု သူတို့က ပြောကြသည်။

သို့သော်လည်း နီလီအိုဟာရာကတော့ သည်လို မလုပ်နိုင်။ ထိုလူများထဲမှာ နီလီအိုဟာရာ မပါရ။ ပထမဦးဆုံး ပွဲဦးထွက် တိုက်ပွဲတွင် ရှုံးနိမ့်သွားပါက ဦးကျိုးပြီး သူတို့ကို အမြတမ်း အရှုံးပေးနေရပေလိမ့်မည်။ ရှိသမျှအသံကို ညှစ်ထုတ်ပြီး ပို၍ ကျယ်လောင်စွာ အော်ဟစ်လိုက်ပြန်သည်။

နောက် တစ်နာရီလောက် ကြာတော့ စောစောက ဆရာဝန်ငယ် ပြန်လာသည်။ သူနှင့်အတူ မစ္စရှမစ်လည်း လိုက်ပါလာသည်။ ဆရာဝန်က သူ့လက်ကိုင်အိတ်ကိုဖွင့်ပြီး ဖန်ခွက်ထဲသို့ တစ်စုံတစ်ရာကို ငှဲ့ထည့်ကာ မစ္စရှမစ်ကို လှမ်းပေးသည်။

"ဒေါက်တာဟောလ်ရဲ့အိမ်ကို ဖုန်းဆက် ကျွန်တော် မေးကြည့်ပြီးပါပြီ။ ဒီကနေ့ညအဖို့ အရေးအကြီးဆုံးဟာ သူ အိပ်ပျော်သွားဖို့ပဲ ဆိုတာကို ဒေါက်တာဟောလ်ကလည်း သဘောတူတယ်။ ဒီကနေ့ည ဘယ်လောက်ပဲ အိပ်အိပ် သူ အိပ်နိုင်သလောက် အိပ်ပါစေ"

မစ္စရှမစ်က နီလီ၏ နှုတ်ခမ်းနားတွင် ဖန်ခွက်ကို တေ့ပေးသည်။

"သောက်လိုက်နော်"

နီလီက မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်သည်။

"ကျွန်မကို ဒီရေချိုးကန်ထဲက ထုတ်မပေးသမျှ ဘာမှ မလုပ်ဘူး"

"သောက်လိုက်ပါကွယ်၊ရှင် တစ်ခါတည်းအိပ်ပျော်သွားလိမ့်မယ်။ ကျွန်မတို့ ရှင့်ကိုထုတ်ပေးပါ့မယ်။ ကျွန်မ ကတိပေးပါတယ်"

သူက နူးညံ့သိမ်မွေ့သည့် လေသံနှင့် ကြင်ကြင်နာနာ ပြောနေသည်။

နီလီကလည်း နားလည်လိုက်သည်။ မိမိ အိပ်မပျော်မချင်း ရေချိုးကန်ထဲမှ ထုတ်ပေးမည် မဟုတ်ဟု သူတို့ ပြောခဲ့ကြသည်။ သို့သော်လည်း သူ အိပ်ပျော်သွားအောင် တစ်စုံတစ်ရာကို သူတို့ လာတိုက်နေကြရပြီ။ ဘာပဲဖြစ်ဖြစ် ဤသို့ ဖြစ်လာရသည်မှာ သူ့အောင်ပွဲပင် ဖြစ်သည်။

အိပ်ပျော်အောင် လုပ်မပေးနိုင်ဟု သူတို့ ပြောခဲ့ကြသည်။ ဟင်း- အခုတော့ ဘယ့်နှယ်ရှိစ။

သူတို့ လာတိုက်နေသည့် ခပ်ညိုညို အရောင်ရှိသော အရာသည် ဘာတွေများ ဖြစ်မည်နည်း။ အိုက်စကရင်များလား။

မစ္စရှမစ် တိုက်သည်ကို လက်ခံလိုက်သည်။ ဖန်ခွက်ထဲမှာ ကုန်သွားအောင် သောက်ပစ်လိုက်သည်။

အံမယ် အခုလိုတော့လည်း အနိုင်သားပေပဲ။ ဆေးတန်ခိုးက ချက်ချင်း ပြလာသည်။ အလွန် အရသာရှိသည်။ ထို့ကြောင့်လည်း အော်ဟစ်နေခြင်းကို ရပ်လိုက်သည်။ အလွန် အရသာရှိသည့် ခံစားချက်တစ်မျိုးကို ခံစားနေရသည်။

သူ့အပေါ်မှာ လွှမ်းခြုံထားသည့် ပတ္တူကို သူတို့ ဖြုတ်နေကြပြီ။ တစ်စုံတစ်ယောက်က သူ့ကိုယ်လုံးကို မျက်နှာသုတ်ပဝါကြီးနှင့် ပွတ်တိုက်ပေးနေသည်။ ပြီးတော့ ညဝတ်အင်္ကျီကြီးကို ဝတ်ပေးနေကြသည်။

"ကျွန်မတို့ ဗော်သွန်အဆောင်မှာက လူနာတွေနဲ့ ပြည့်ကျပ်နေပါတယ် မစ္စအိုဟာရာ၊ သဘောပေါက်ပါတယ်နော်။ ဒါကြောင့် ကျွန်မတို့မှာ သီးသန့်အခန်း မရှိတော့ပါဘူး။ မစ္စအိုဟာရာကိုလည်း အများနဲ့အတူတူပဲ အဆောင်ထဲမှာ ရောပြီး ထားရပါဦးမယ်"

မစ္စရှမစ်က ပြောသည်။

နီလီက လက်ကို ဝှေ့ယမ်းပြလိုက်သည်။

အိပ်ရာ၊

အိပ်ချင်သည်။

ဒါပဲ သူသိတော့သည်။

ဘယ်နေရာမှာ ထားထား ဂရုမစိုက်တော့ပြီ။

*

အိပ်ရာမှ သူ နိုးလာသောအခါ မှောင်နေဆဲပင်ရှိသည်။ သူ ဘယ်နေရာ ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



သလဲ။ ရှည်လျားသည့် အခန်းကြီးထဲမှာ ဖြစ်သည်။ အိပ်ရာတွေကလည်း စီတန်းနေသည်။

အို. . .ဂီဇ၏ အလွန် ရယ်စရာကောင်းသည့်ဆေးရုံ ဖြစ်သည်။

ယခု ဘယ်အချိန်လောက် ရှိပြီနည်း။ အိပ်ရာပေါ်မှ သူ ဆင်းလာခဲ့သည်။ တံခါးအပြင်နားမှာ ရှိနေသည့် သူနာပြုဆရာမတစ်ယောက် ပြေးလာသည်။

"အမိန့်ရှိပါ မစ္စအိုဟာရာ"

"ဘယ်နှနာရီ ထိုးနေပြီလဲ"

"မနက်လေးနာရီ ရှိပါပြီရှင်"

"ကျွန်မ ဆာတယ်"

လှပသည့် ဗန်းကလေးပေါ်တွင် နွားနို့နှင့် မုန့်ကြွပ်များ တင်ပြီး ချက်ချင်း ရောက်လာသည်။ ခန်းမထဲမှာရှိသော ခုံတန်းလျားပေါ်တွင် သူ့ကိုထိုင်စေသည်။အခြားလူနာများ နိုးသွားမှာကိုလည်း စိုးရိမ်ရသေးသည်။

နွားနို့သောက်လို့ ပြီးပြီ။ စီးကရက်များ သောက်နိုင်ခွင့် ရှိလေမလား။ သောက်ခွင့် မရှိပါ။ သူတို့အားလုံး အလွန်တရာ ယဉ်ကျေးသိမ်မွေ့ကြပါသည်။

သို့သော်လည်း စီးကရက်ကိုတော့ သောက်ခွင့် မပေးနိုင်ကြပါ။ သည်လိုဆိုလျှင် သူတို့ ဘာလုပ်ကြမည်နည်း။ သူကလည်း အိပ်ချင်စိတ် မရှိတော့။ အခန်းထဲမှာလည်း တစ်ယောက်ယောက်က ဟောက်နေသည်။

ထို့ကြောင့် မစ္စရှုမစ်က တောင်းပန်စကား ပြောသည်။ ရက်ပိုင်းအတွင်း သီးသန့်ခန်း ရပါတော့မည်ဟု ပြောသည်။

သူ့အိပ်ရာသို့ နီလီ ပြန်လာခဲ့သည်။ ရက်အတန်ကြာ နေရဦးမည်လား။ သို့သော်လည်း မနက်မိုးလင်းသည်နှင့် တစ်ပြိုင်တည်း မြန်ကော့မည်။ အယ်နီကို မိမိ ဖုန်းဆက်ခွင့် သူတို့ ပေးရမည်။

တစ်ကြိမ် ထပ်ပြီး သူ အိပ်ပျော်သွားပုံရသည်။ ဘာကြောင့်ဆိုတော့ သူ သတိရပြီး ထကြည့်သောအခါ အားလုံး အိပ်ရာမှ ထနေကြပြီကို တွေ့ရသောကြောင့် ဖြစ်သည်။

သူနာပြုဆရာမတစ်ယောက် ဝင်လာသည်။ သူက လူသစ် ဖြစ်သည်။

"မင်္ဂလာပါ မစ္စအိုဟာရာ၊ အိပ်ရာကထပြီး အိပ်ရာကလေး သိမ်းလိုက်ပါနော်။ ရေချိုးခန်းက ဟောဒီ အခန်းအဆုံးမှာ ရှိပါတယ်"

"ကိုယ့်အိပ်ရာ ကိုယ်သိမ်းရမယ်။ ဒါလောက် ပိုက်ဆံတွေ အကုန်ခံပြီး ဆေးရုံလာတက်တာ ကိုယ့်အိပ်ရာ ကိုယ်သိမ်းရမယ်ရယ်လို့ ဆရာမရယ်။ ကျွန်မ အိပ်ရာကို ကျွန်မ မသိမ်းခဲ့တာ ဆယ့်ငါးနှစ် ကျော်သွားပြီ။ အခုကျမှတော့ ဒီအလုပ်မျိုးကို ပြန်မလုပ်နိုင်တော့ဘူး"

နီလီက ခပ်ငေါက်ငေါက် ပြန်ပြောသည်။

"ရှင့်အစား ကျွန်မ သိမ်းပေးပါ့မယ်"

ဆံပင်ကောင်းကောင်းနှင့် ရုပ်ရည်ချောမောလှပသော မိန်းကလေးတစ်ဦးက အခန်းတစ်ဖက်ခြမ်းမှနေ၍ ဖြတ်လျှောက်လာသည်။

"ကျွန်မနာမည်က ကာရိုးပါ"

ဟုလည်း ပြောသည်။

"မင်းက ဘာဖြစ်လို့ ကိုယ့်အိပ်ရာကို သိမ်းပေးရမှာလဲ"

အိပ်ရာခင်းများ သပ်သပ်ရပ်ရပ် ဖြစ်သွားအောင် ပြုပြင်ပေးနေသည့် ကာရိုးကို ကြည့်နေရင်း နီလီက မေးသည်။ ကာရိုးက တစ်ချက် ပြုံးလိုက်သည်။

"ရှင့်အိပ်ရာကို သပ်သပ်ရပ်ရပ် ဖြစ်အောင် လုပ်မထားတာ သူတို့တွေ့ရင် ရှင့်ကို နာမည်ပျက်စာရင်းထဲမှာ ထည့်ပြီး အမှတ်လျှော့လိမ့်မယ်"

"နာမည်ပျက်စာရင်းကို ကိုယ်က ဘာဖြစ်လို့ ဂရုစိုက်နေရမှာလဲ"

"ဟောဒီ ဟော်သွန် အဆောင်မှာ ရှင် တစ်သက်လုံး မနေချင်ဘူး မဟုတ်လား။ နေချင်သလား၊ ဖားအဆောင်ကို ရှင် ပြောင်းချင်မှာပဲ။အဲဒီကပြီးရင် အမ်းအဆောင်ကို ပြောင်းရမယ်။အမ်းအဆောင်ပြီးရင် အက်ရှ်အဆောင်ကို ပြောင်းရမယ်။ အဲဒီက ပြီးတော့မှ ပြင်ပလူနာဘဝကို ရောက်မှာ"

"စာသင်ကျောင်းနဲ့ တူ-တူသေးတော့"

"ဒီမှာ ဒီအတိုင်းပဲ ရှိတယ်လေ။ အခုအဆောင်က အဆိုးဆုံးအဆောင်ပဲ။ ကျွန်မက တစ်ဆင့်ပြီးတစ်ဆင့်နဲ့ အမ်းအဆောင်အထိ ရောက်သွားဖူးသေးတယ်။ ဒါပေမယ့် ကျွန်မက ကောင်းချင်ယောင်ဆောင်ပြီး နေပြလို့လေ။ ဒါကြောင့် နောက်ဆုံးတော့ ဟော်သွန်အဆောင်ကိုပဲ ပြန်ရောက်တယ်။ ကျွန်မ ဒီကို ပြန်ရောက်နေတာ နှစ်လရှိသွားပြီ။ ကြာခင်တော့ ဖားအဆောင်ကို ပြန်ပို့ပေးလိမ့်မယ်လို့

www.burmeseclassic.com



မျှော်လင့်ရတာပဲ"

နီလီသည် ကာရိုးနှင့်အတူ ကျယ်ပြန့်သည့် ရေချိုးခန်းကြီးဆီသို့ လိုက်လာခဲ့သည်။ သွားတိုက်သူကတိုက်၊ စကားပြောသူကပြော လုပ်နေကြသည့် အမျိုးသမီးပေါင်း နှစ်ဆယ်လောက်ကို ရေချိုးခန်းထဲမှာ တွေ့ရသည်။

အချို့က သူ့အသက်အရွယ်လောက် ရှိသည်။ အချို့က လေးဆယ်ကျော် ငါးဆယ် အတွင်းများ ဖြစ်သည်။ အသက် ခုနစ်ဆယ်လောက်ရှိ ရုပ်ချောချော အမျိုးသမီးကြီးတစ်ယောက်ကိုလည်း တွေ့ရသည်။ ကာရိုးက နှစ်ဆယ့်ငါးနှစ်လောက်သာ ရှိသေးသည်။ ကာရိုးနှင့် သက်တူရွယ်တူ မိန်းကလေး ခြောက်ယောက်၊ ခုနစ်ယောက်လောက် ရှိသည်။

ထို့ထက် ငယ်ရွယ်သူများလည်း ရှိသေးသည်။ စာသင်ကျောင်းက ဘော်ဒါဆောင်မှာလိုပင် သူတို့အချင်းချင်း စကားပြောဆိုနေကြသည်။ နီလီကို သွားပွတ်တံတစ်ချောင်းပေးသည်။ အစောင့်တစ်ယောက်က သေတ္တာခပ်ကြီးကြီးတစ်လုံးကိုင်ပြီး ရောက်လာသည်။

"ကဲ- အမျိုးသမီးများ၊ ဟောဒီမှာ ရှင်တို့နှုတ်ခမ်းဆိုးဆေးတွေ" ဟု ပြောသည်။

နီလီမှာ သူ့မျက်စိကိုပင် သူ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။ သေတ္တာထဲတွင် နာမည်များ အသီးသီး ကပ်ထားသော နှုတ်ခမ်းဆိုးဆေးဘူး နှစ်ဆယ်ကို တွေ့ရသည်။ သူ့နှုတ်ခမ်းဆိုးဆေးဘူးလည်း ပါသည်။ သူ့အိတ်ထဲမှ ထုတ်ယူပြီး နာမည်ရေးကပ်ထားခြင်း ဖြစ်ပေလိမ့်မည်။ နီလီက ယူဆိုးပြီး ပြန်ပေးလိုက်သည်။

ထို့နောက် သူ့အဝတ်အစားများယူရန် အများနှင့်အတူ တန်းစီရသည်။ အစောင့်အမျိုးသမီးတစ်ယောက်က သူ့ဘရာဇီယာ၊ ဘောင်းဘီ၊ အင်္ကျီနှင့် စကတ်များ ပေးသည်။ အံ့အားသင့်ရပြန်ပြီ။ အားလုံး သူ့အဝတ်အစားများချည်း ဖြစ်သည်။ သူ့နာမည်ကို အထည်တိုင်းပေါ်မှာ ရေးထားသည်။ မနေ့ညတုန်းက တစ်ယောက်ယောက်နှင့် အယ်နီ အပို့ခိုင်းလိုက်ခြင်း ဖြစ်ပေလိမ့်မည်။

သည်အတိုင်းဆိုလျှင်တော့ မိမိကို အိပ်ပျော်အောင်လုပ်ပြီး ဆေးကုသခြင်း မရှိသည်ကို အယ်နီ သိသည့်သဘောပင် ဖြစ်လေသည်။

စိုးရိမ်ကြောက်ရွံ့စိတ်များကြောင့် ထုံထိုင်းထိုင်း ဖြစ်သွားတော့သည်။ အဝတ်အစားများကို ဖြည်းဖြည်းချင်း လဲနေသည်။ ကြောက်သည့်စိတ် သက်သာရာရအောင်လည်း ကြိုးစားနေရသည်။

ကာရိုးနှင့်အတူ အပန်းဖြေခန်းကြီးထဲသို့ လိုက်သွားသည်။ ပြတင်းပေါက်များမှတစ်ဆင့် နေရောင်ခြည် ဖြာဆင်းကျနေသည်။ လေအေးကလေးလည်း တိုက်ခတ်နေသည်။ နာရီကို လှမ်းကြည့်လိုက်မိသည်။

ဘုရား. . . ဘုရား၊ အခုမှ ခုနစ်နာရီခွဲပဲ ရှိပါသေးကလား။ တစ်နေကုန်အောင် မည်သို့နေရပါ့။

**မစ္စရှမစ်အစား နေ့ပိုင်း သူနာပြုဆရာမကြီး မစ္စဝက်စတန်က လွှဲပြောင်းတာဝန်ယူသည်။ သူလည်း မစ္စရှမစ်လို ထွားထွားကျိုင်းကျိုင်း သန်သန်မာမာကြီးပင် ဖြစ်သည်။** သူနာပြုဆရာမကလေး လေးငါးခြောက်ယောက်တို့က သူပေးသည့်အမိန့်များကို ပေါ့ပါးဖျတ်လတ်စွာနှင့် လိုက်နာလုပ်ကိုင်ပေးနေကြသည်။

နီလီလည်း အခြားသူများနှင့် အတူတူ နံနက်စာ သွားစားရသည်။ ထမင်းစားခန်းမှာ တောက်တောက်ပြောင်ပြောင်နှင့် နှစ်လိုဖွယ် ရှိသည်။ စားပွဲတစ်လုံးလျှင် အမျိုးသမီးလေးယောက် စားရသည်။ စားပွဲထိုးအမျိုးသမီးများလည်း အသင့်ရှိသည်။

အစကတော့ နံနက်စာ မစားတော့ဟု ဆုံးဖြတ်ထားသည်။ သို့သော်လည်း ဝက်ပေါင်ခြောက်နှင့် ကြက်ဥကြော်အနံ့ကို ရသောအခါ ဆာလာသည်။ ထို့ကြောင့် နံနက်စာကို မြိန်ရေရှက်ရေစားပြီး အခြားသူများနှင့်အတူ အပန်းဖြေအခန်းသို့ ပြန်လာခဲ့သည်။

ရောဂါသည်များ ဆိုသော်လည်း အားလုံး စိတ်မှန်နေကြသူများ ဖြစ်သည်ဟု နီလီ ကောက်ချက်ချမိသည်။ 'မိမိကို သူတို့ မှတ်မိကြောင်း နီလီ သိသည်။ သို့သော်လည်း သူ့ စိတ်အနှောင့်အယှက်ဖြစ်အောင် ဘာမှ မလုပ်ကြ။ ယဉ်ကျေးသိမ်မွေ့စွာနှင့် လိုက်လိုက်လှဲလှဲ ပြုံးရွှင်သော ပြုံးပြပြီး နှုတ်ဆက်ကြသည်။

သူ့ကိုယ်သူ ပြန်ကြည့်ရသည်မှာ အရုပ်ဆိုးနေသည်။ စကတ်ကို ခါးပတ်နှင့် ပတ်ထားဖို့လိုသည်။ စကတ်မှာ ခါးပတ်လည်း ရှိသည်။ သို့သော် သူတို့ ဖြုတ်ယူထားလိုက်ကြသည်။ဆံပင်ကို ကြိုးနှင့် စုချည်ထားကြသည်။

မနေ့ညက ရေချိုးကန်ထဲမှာ ပတ္တုစကို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သည့်ဒဏ်ကြောင့် ဒူးများ နာနေသည်။ အခြားသော အမျိုးသမီးများနှင့် အထိုက်အလျောက် အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံ နေထိုင်လိုစိတ် ပေါ်လာသည်။ သည်နေရာကို သူတို့ သဘောကျသည့်ပုံမျိုးဖြင့် နေထိုင်ပြနေကြသည်။

ကာရိုးက အခြား အမျိုးသမီးများနှင့် မိတ်ဆက်ပေးသည်။

ဂီးဇ်. . .၊ သူတို့အားလုံး စိတ်မနှံ့သူများနှင့်မတူ။ အားလုံး ပုံမှန်အနေအထားမှာပင် ရှိနေကြသည်ကို တွေ့ရသည်။

တစ်နေရာမှာ ထိုင်ရင်း နောက်ထပ်ဘာတွေ ဆက်ဖြစ်လာဦးမည်နည်းဟု တွေးနေမိသည်။ သူနာပြုဆရာမတစ်ယောက် ဝင်လာသည်။ အမျိုးသမီးများကတော့ သူ့အနားသို့ ဝိုင်းသွားကြသည်။ သူနာပြုဆရာမက ဘူးတစ်ခုကို ယူလာသည်။ ပြီးတော့ နာမည်များကို ခေါ်သည်။

"မစ္စအိုဟာ့ရာ"ဟုလည်း ခေါ်သည်။

နီလီက ဆရာမဆီသို့ သွားသည်။

ဂီးဇ်. . .၊ သူတို့ လုပ်ပုံကိုင်ပုံများက တိကျလှချေကလား။ သူ့စီးကရက်ဘူးတွင် သူ့နာမည်ကို ရေးကပ်ထားသည်။ သူနာပြုဆရာမက အမျိုးသမီးတစ်ယောက်လျှင် စီးကရက် နှစ်လိပ်ကျစီ ပေးသည်။ ဘေးနားမှာ ရပ်နေသည့် အခြား သူနာပြုဆရာမ တစ်ယောက်က စီးကရက်များကို မီးခြစ်ပြီး ညှိပေးသည်။

နီလီက ထိုင်ခုံမှာ ပြန်ထိုင်ပြီး ပထမစီးကရက်ကို ဝမ်းသာအားရ ဖွာလိုက်သည်။ ဆယ့်နှစ်နာရီခန့်အတွင်း ပထမဆုံး သောက်ရသည့် စီးကရက် ဖြစ်သည်။ ပထမတစ်ချက်ဖွာရှိုက်လိုက်တော့ ခေါင်းထဲမှာ မူးနောက်နောက် ဖြစ်သွားသည်။ ဒုတိယတစ်ကြိမ် ဖွာရှိုက်လိုက်သောအခါ အလွန် ကျေနပ်သွားမိသည်။ တတိယအကြိမ်တွင်မူ တစ်ခေါင်းလုံး ကြည်လင်သွားတော့သည်။ မနေ့က မွန်းလွဲပိုင်းလောက်မှစပြီး ဆေးလိပ်မသောက်ခဲ့ရ။ တစ်နေ့ကို စီးကရက် နှစ်ဘူးကုန်အောင် သောက်လေ့ရှိသူ ဖြစ်သည်။

ထိုင်ရာမှ ဖြည်းဖြည်းထသည်။ စီးကရက် သောက်လိုက်ရသောကြောင့် တည်ငြိမ်မှု အတော်ရသွားသည်။ မစ္စဝက်စတန် ထိုင်နေသည့်စားပွဲဆီသို့ လျှောက်သွားသည်။

"ကျွန်မ တယ်လီဖုန်းဆက်ချင်လို့ ဘယ်နေရာမှာ သွားဆက်ရမလဲဟင်"

"ဖုန်းဆက်ခွင့် မပေးပါဘူးရှင်"

မစ္စဝက်စတန်က ပြုံးပြုံးရွှင်ရွှင် ပြန်ပြောသည်။

"ဒီလိုဆိုရင် ကျွန်မ မိတ်ဆွေတွေနဲ့ ဘယ်လို အဆက်အသွယ်လုပ်ရမလဲ"

"စာရေးခွင့်တော့ ရပါတယ်"

"ဖောင်တိန်တစ်ချောင်းနဲ့ စာရွက် နည်းနည်းလောက်များ ရနိုင်မလား"

သူနာပြုဆရာမကြီးက သူ့လက်မှ နာရီကို ငုံ့ကြည့်သည်။

"ခဏစောင့်နေလိုက်ရင် ကောင်းမယ်ထင်တယ်။ ရှင်နဲ့တွေ့ဖို့ ငါးမိနစ်အတွင်းမှာ ဆရာဝန် ရောက်လာပါတော့မယ်"

"ဒေါက်တာဟောလ်လား"

"မဟုတ်ပါဘူး၊ ဒေါက်တာဖဲလ်ဒ်မင်းပါ။ ပုံမှန်လှည့်ပြီး စစ်ဆေးတာပါပဲ"

ဒေါက်တာဖဲလ်ဒ်မင်းသည် စိတ်ရောဂါအထူးကု ဆရာဝန် မဟုတ်ပေ။ သမားတော်သာ ဖြစ်သည်။ နီလီ၏ လက်ချောင်းနှင့် လက်မောင်းမှ သွေးအချို့ကို ထုတ်ယူသည်။ နှလုံးခုန်နှုန်းကို စစ်ဆေးကြည့်သည်။

ဒုတိယစီးကရက်ကို မီးညှိပေးရန် သူနာပြုဆရာမကို ပြောသည်။ ဆံပင်နက်နက်နှင့် ရုပ်ချောချော အမျိုးသမီးကလေးက သူ့ဆီလျှောက်လာသည်။

"ရှင့်ကို သူတို့ စစ်ဆေးကြည့်နေတုန်း အနှောင့်အယှက် ဖြစ်အောင် မလုပ်ရဘူး။ ရှင်နေကောင်းတယ်ဆိုတာ သူတို့ စိတ်ချသွားအောင် လုပ်ပြရတယ်။ ရှင့်ရဲ့ဦးနှောက် ပုံမှန်အနေအထား ပြန်ရောက်အောင် သူတို့ ကူညီပေးနေတုန်းမှာ ကင်ဆာရောဂါကြောင့် ဖြစ်ဖြစ်၊ တခြား ရောဂါတစ်ခုခုကြောင့် ဖြစ်ဖြစ် ရှင်သေသွားမယ်ဆိုရင် သူတို့အဖို့ မကောင်းဘူး"

နီလီက ထိုမိန်းကလေးကို မော့ကြည့်မိသည်။ မျက်နှာကို သေသေချာချာ မိတ်ကပ်လိမ်းခြယ်ပေးလိုက်မည်ဆိုလျှင် မိန်းမချောကလေးတစ်ယောက် ဖြစ်ကြောင်း သိသာသည်။ ကိုယ်ခန္ဓာ တည်ဆောက်ပုံ အနေအထားကလည်း လှပကျော့ရှင်းသည်။ တစ်ချိန်တုန်းက ကိုယ်လုံးကိုယ်ပေါက် လှခဲ့မည့်ပုံပင်။ ယခုတော့လည်း အတော်ဝနေသည်။ အသက်

www.burmeseclassic.com

www.burmeseclassic.com



သုံးဆယ်လောက်တော့ ရှိနိုင်ပြီဟု နီလီက ခန့်မှန်းကြည့်မိသည်။

အမျိုးသမီးက သူ့ဘေးတွင် ထိုင်သည်။ လေးထောင့်ဘူးကလေး တစ်ခုကို ကိုင်ထားသည်။

"ကျွန်မနာမည်က မေရီဂျိန်းပါ။ ရှင့်ကို ပြောပြထားရဦးမယ်။ အားကစားရုံကို ရောက်လို့ရှိရင် စာရေးစက္ကူပါတဲ့ သေတ္တာကလေး တစ်လုံးဝယ်ပါ။ တစ်ခေါ်လာ ပေးရတယ်"

"ဒါပေမယ့် ကျွန်မမှာ ပိုက်ဆံမှ မရှိဘဲ" မေရီဂျိန်းက ပြုံးသည်။

"ဘာမဆို ပိုက်ဆံပေးဝယ်ရတာပဲ။ ကျသင့်တဲ့ငွေကို ရှင့်စာရင်းထဲမှာ သူတို့က မှတ်ထားလိမ့်မယ်။ စာရေးစက္ကူကလေး ဝယ်ထားလိုက်တော့ အိတ်ဆောင်စာအုပ်အဖြစ်နဲ့ သုံးလို့ရတာပေါ့"

ထိုအမျိုးသမီးက သူ့ဘူးကလေးကို ဖွင့်လိုက်သည်။ အထဲတွင် စာရေးစက္ကူများ ရှိသည်။ စီးကရက်တစ်ဘူးကိုလည်း တွေ့ရသည်။

"ရှင် အဲဒါ ဘယ်ကရသလဲ"

တိုးတိုးပြောရန် မေရီဂျိန်းက ကမန်းကတန်း မျက်ရိပ်ပြလိုက်သည်။

"ညှို့သည် လာတွေ့တဲ့နေ့မှ ရတာ၊ ဧည့်သည် လာတွေ့လို့ရှိရင် ကိုယ့်ဧည့်သည်နဲ့ အတူတူထိုင်ပြီး စီးကရက် ကြိုက်သလောက် သောက်လို့ရတယ်။ ရှင့်ဆီကို ဘယ်သူပဲလာလာ စီးကရက် တစ်ကာတွန်းလောက် ယူလာဖို့ မှာထားပါ။ ပြီးတော့ အဲဒါကို ဖွက်ထားလိုက်၊ ဆေးလိပ် သောက်ခွင့်ပြုတဲ့အချိန်ကျတော့ အများကြီး သောက်နိုင်တာပေါ့"

"ဒါပေမယ့် သူတို့က မီးလိုက်ညှိပေးတာ မဟုတ်လား၊ နှစ်လိပ်ထက် ပိုသောက်ရင် သူတို့ သိသွားမှာပေါ့"

"ဆရာမတွေက တော်ပါတယ်။ ကျွန်မတို့ တစ်ယောက်ယောက်ဆီက စီးကရက်ချင်း မီးကူးယူနိုင်တာပဲ။ ဒါကို ခွင့်ပြုထားပါတယ်။ ကျွန်မတို့ အရှူးကို မီးခြစ်သာ ကိုင်ခွင့်မပေးတာပါ။ ဒါပေမယ့် ကျွန်မတို့ စီးကရက် ဘယ်လောက်များများ သောက်နေတယ်ဆိုတာ ဆရာမတွေက ဂရုစိုက် ကြည့်မနေပါဘူး။ ကျွန်မတို့ ပျော်ပျော်ရွှင်ရွှင် နေနေကြတာကိုပဲ သူတို့က အဓိကထားတာပါ"

နီလီက ပြုံးလိုက်မိသည်။

"ရှင်က အရူးမဟုတ်ပါဘူးနော်"

နီလီက မေးသည်။

"မဟုတ်ပါဘူး၊ ကျွန်မယောကျ်ားကြောင့် ကျွန်မ ဒီကို ရောက်လာတာပါ။ ကျွန်မ ယောကျ်ားက အလကားကောင်။ ပိုက်ဆံတွေ ထိုင်ဖြုန်းနေတာပဲ။ ပြီးတော့ နောက်ထပ် ကောင်မတစ်ကောင်နဲ့ တွဲနေတယ်လေ။ သူက ကျွန်မနဲ့ ကွာရှင်းချင်တယ်။ ဒါကြောင့် ကျွန်မက ရူးချင်ယောင်ဆောင်တာ၊ ဒါဟာ ကျွန်မဘဝမှာ အကြီးကျယ်ဆုံး အမှားကြီး ဖြစ်သွားတယ်ရှင့်"

"ဘာဖြစ်လို့လဲ"

"ကျွန်မက အိပ်ဆေးနည်းနည်းသောက်တယ်။ သုံးလုံးတည်းပါ။ ပြီးတော့ ကျွန်မကိုယ် ကျွန်မ သတ်သေလိုက်ပါပြီလို့ စာတစ်စောင် လိမ်ရေးထားခဲ့တယ်။ အဲဒီနောက်တော့ ဘယ်လီဗူးဆေးရုံကို ကျွန်မ ရောက်သွားတာပဲ။ သိပ်ဆိုးတာပဲရှင်၊ အဲဒီမှာ နေရမယ်ဆိုရင်တော့ တကယ့်ကို ရူးသွားနိုင်တယ်။ ဆေးရုံ တစ်ခုလုံးမှာ အလကားလူတွေချည်းပဲ။ အော်ကြဟစ်ကြ ဆူညံကြနဲ့ တကယ့် စိတ်ညစ်စရာပဲ။ ကျွန်မဖြင့် ကြောက်လွန်းတာနဲ့ ရူးတော့မတတ်ပဲ။

ဒါနဲ့ ကျွန်မလည်း ကုန်းအော်နေခဲ့တယ်။ သူတို့က ကျွန်မ မလှုပ်နိုင်အောင် လုပ်ထားတယ်။ ကျွန်မ ယောကျ်ားလည်း ပိုက်ဆံ တတ်နိုင်ရော ကျွန်မကလည်း ဒီကို ပြောင်းလာခဲ့တာပဲ။ ကျွန်မဟာကျွန်မ လက်မှတ်ထိုးပြီး တက်တာ။

ဒါပေမယ့်၊ ကျွန်မ ဒီဆေးရုံက ဆင်းချင်တဲ့အခါကျတော့ ဆင်းလို့ မရတော့ဘူးလေ။ ကျွန်မ ယောကျ်ားက ဆင်းခွင့် မပေးတော့ဘူး။ ဒီကို ကျွန်မ ရောက်နေတာ ငါးလရှိသွားပြီ။ အမ်းအဆောင်မှာလည်း ကျွန်မ နေခဲ့ဖူးတယ်။ သိပ်ကို ကောင်းတာပဲ။ ဟိုမှာ ကြိုက်သလောက် ဆေးလိပ်သောက်နိုင်တယ်။ ခါးပတ် ပတ်ခွင့်ပေးတယ်။ မိတ်ကပ်လည်း များများလိမ်းခွင့်ရတယ်။

ဒါပေမယ့်၊ ကျွန်မ ဆေးရုံက ဆင်းခွင့်ကို ကျွန်မယောကျ်ားက ကန့်ကွက်တယ်ဆိုတာကိုလည်း ကြားရော ကျွန်မ စိတ်ညစ်သွားတော့တာပဲ။ ဒါကြောင့် စိတ်ကောက်ပစ်လိုက်တယ်။ အဲဒီလို လုပ်မိလို့ အခု ဟော်သွန်ကို ရောက်လာရတာ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ရှင့်ကို ကြိုပြီး ပြောထားရဦးမယ်။ သူတို့ကို လိမ်လိမ်မာမာ ဆက်ဆံပါ။ သူတို့ကို အယုံသွင်းပါ။ ကျွန်မကတော့ မလုပ်မိခဲ့ဘူး။ နေ့တိုင်း ကျွန်မ စိတ်ကောက်နေခဲ့တယ်။ အစာလည်း မစားဘူး။ သူတို့ခိုင်းတာတွေလည်း မလုပ်ဘူး။ သုံးပတ်တောင် ကျွန်မကို ရေချိုးကန်ထဲမှာ ထည့်ထားတာ ခံရတယ်။

ဒါကြောင့် နေတတ်ဖို့ လိုတယ်။ ကိုယ်နေချင်သလို မနေရဘူး။ သူတို့ နေစေချင်သလို နေဖို့လိုတယ်။ ကျွန်မကတော့ အခုအမှတ်ကောင်းကောင်း ရနေပါပြီ။ မကြာခင် ဖားအဆောင်ကို ပြောင်းရတော့မယ်။ အဲဒီမှာ ခဏနေပြီးရင် အမ်းကို ပြောင်းရမယ်။ အမ်းကပြီးရင် အက်ရှ်ကို ပြောင်းရမယ်။ အဲဒီကပြီးရင် ပြင်ပလူနာဆောင်ကို ပြောင်းရမယ်။ ပြီးရင် အပြင်ကို အပြီးအပိုင် ပြန်ရောက်သွားပြီ"

နီလီမှာ ကြောက်ရွံ့စိုးရိမ်စိတ်ကြောင့် တစ်ကိုယ်လုံး အေးစက်သွားသည်။

"ဒါပေမယ့် အဲဒါက လပေါင်း အများကြီး ကြာတာပဲနော်"

"တစ်နှစ်လောက်တော့ ကြာမယ်"

မေရီဂျိန်းက ပျော်ပျော်ပါးပါး ပြန်ဖြေသည်။

"ရှင် စိတ်မညစ်ဘူးလား"

အမျိုးသမီးက ပခုံးကို တွန့်ပြသည်။

"စိတ်တော့ ညစ်တာပေါ့။ ကျွန်မ တစ်ပတ်လုံးလုံး အော်နိုင်ပါတယ်။ ငိုလည်း ငိုနိုင်ပါတယ်။ ဒါပေမယ့် သူတို့ကို ပြန်တိုက်လို့ မရဘူး။ ရှင့်ရှေ့နေကိုပဲဖြစ်ဖြစ်၊ ရှင့်ယောက်ျားကိုပဲဖြစ်ဖြစ် ဒါမှမဟုတ် ရှင်နဲ့ပတ်သက်ပြီး တာဝန်ယူထားတဲ့ လူကိုပဲဖြစ်ဖြစ် သူတို့က မှတ်တမ်းတွေကို ပြလိမ့်မယ်။

'လူနာသည် စိတ်မမှန်သေး၊ လူနာကို စည်းကမ်းတင်းကျပ်စွာနှင့် ဆက်လက်ထားဖို့ လိုသေးသည်။ လူနာကို ရေချိုးကန်ထဲတွင် ဆယ့်နှစ်နာရီ ထားရမည်'ဆိုတဲ့ မှတ်ချက်တွေ ရေးတတ်တယ်။ ပြီးတော့ သူတို့က ရှင့်ရှေ့နေကို ပြောလိမ့်မယ် 'လူနာကို နောက်ထပ် သုံးလ ဆက်ပြီးထားဖို့ သဘောတူကြောင်း ဒီမှာ လက်မှတ်ထိုးပါ။ မျက်လုံးကလေးတွေ တောက်တောက်ပပနဲ့ ကျန်းမာတဲ့ မိန်းကလေးတစ်ယောက် ခင်ဗျားနဲ့အတူ လူ့လောကကြီးထဲကို ပြန်ရောက်လာတာ ခင်ဗျား မလိုချင်ဘူးလား' လို့ မေးလိမ့်မယ်။

အဲဒီအခါကျတော့လည်း တစ်လကို ထောင့်ငါးရာနှုန်းနဲ့ သူတို့အချိန်တွေကို သူတို့ အသုံးချကြတော့တာပေါ့။ ဒါကြောင့် သူတို့ကို ပြန်မတိုက်ဖို့ ကျွန်မတော့ ဆုံးဖြတ်ချက်ချထားတယ်။ သူတို့ နေခိုင်းသလိုပဲ နေတော့မယ်။ နောက်ပြီးတော့လည်း ကျွန်မမှာ ဆုံးရှုံးစရာဘာမှ မရှိတော့ဘူးလေ။ ကျွန်မမှာ သွားစရာနေရာလည်း မရှိဘူး။ ကျွန်မယောက်ျားကလည်း ဟိုကောင်မလေးနဲ့ ဖြစ်နေပြီ။

ဒါပေမယ့် တစ်ခုတော့ ရှိပါတယ်။ ကျွန်မက ကွာရှင်းမပေးတဲ့အတွက် ဟိုကောင်မနဲ့တော့ သူ လက်ထပ်လို့ မရဘူးပေါ့။ ကျွန်မအတွက်လည်း တစ်လကို ပိုက်ဆံ ထောင့်ငါးရာ သူ မှန်မှန် ကုန်နေရတယ်"

"ဒါပေမယ့် ကျွန်မ ဒီကိုလာတာက ရှစ်ရက်တည်း နေဖို့ပါ။ အိပ်ပျော်အောင် လုပ်ထားပြီး ဆေးအကုခံဖို့"

"ဘယ်လိုဟာမျိုး. . ."

မေရီဂျိန်းက နီလီကို အထူးအဆန်းသဖွယ် ပြန်ကြည့်နေသည်။

အိပ်ပျော်အောင် လုပ်ထားပြီး ကုသသည့် အကြောင်းကို နီလီက ရှင်းပြသည်။ ထိုစကားကို ကြားသောအခါ မေရီဂျိန်းက ပြုံးသည်။

"အဲဒီလို ကုသနည်းမျိုး ဒီမှာ လုံးလုံးမကုဘူး။ ရှင့်ကို အက်စပရင်ဆေးပြားတောင် ပေးမှာ မဟုတ်ဘူး"

"မနေ့ညတုန်းကတော့ ကျွန်မကို သူတို့ တစ်ခုခု ပေးပါတယ်"

နီလီက ဝင့်ဝင့်ကြွားကြွားကလေး ပြန်ပြောသည်။

"ဟုတ်ပါရဲ့၊ အဲဒီကိစ္စနဲ့ ပတ်သက်လို့တော့ ရှင့်ကို ကျွန်မတို့ ချီးကျူးကြရမှာပဲ။ ရှင် တကယ်ပဲ ပတ္တမြားကြီးကို ဖြုပစ်လိုက်သလားဟင်။ ကျွန်မတို့ အားလုံး ကြားလိုက်ကြရတယ်"

"ဟုတ်တယ်၊ နောက်ပြီးတော့ ကျွန်မ ဒီကနေပြီးတော့လည်း ထွက်သွားတော့မှာပါ"

နီလီက ခေါင်းပြန်ညိတ်ပြပြီး ဖြေသည်။

မေရီဂျိန်းက ပြုံးသည်။

"ကောင်းပါပြီရှင်၊ ထွက်လို့ရအောင် ဘယ်လိုလုပ်ရတယ် ဆိုတာကိုတော့ ကျွန်မကို နည်းလမ်းကလေး ပေးခဲ့ဦး။ ပက်ဂီကို ကြည့်

www.burmeseclassic.com



ပါဦး။ သူတို့က သူ့ယောကျ်ားကို ဦးနှောက် ရှင်းပေးလိုက်ကြတယ်လေ"

သူတို့ဆီသို့ ပက်ဂီ လျှောက်လာသည်။ သူ့အသက်မှာ နှစ်ဆယ့်ငါးနှစ် ရှိပြီ။ ရွှေရောင် ဆံပင်နှင့် ဆွဲဆောင်မှုရှိသောရုပ်ရည် ဖြစ်သည်။

"ကျွန်မတို့ရဲ့ အသည်းတုန် အူတုန်စရာ ကောင်းတဲ့ ဇာတ်လမ်းတွေ အကုန်လုံး သူ့ကို ပြောပြလိုက်ပြီလား"

ပက်ဂီက မေးသည်။

"ရှင်ကရော ဘာဖြစ်လို့ ဒီဆေးရုံကို ရောက်နေရတာလဲ"

နီလီက ဆီးမေးသည်။

"ကျုပ်မပြည့်လို့တဲ့လေ"

ပက်ဂီကလည်း ပြုံးပြုံးရွှင်ရွှင် ပြန်ဖြေသည်။

"သူ အလကားပြောနေတာပါ။ကလေး နှစ်ယောက် ဆက်တိုက် အသေကလေးတွေ မွေးလို့လေ။ ဒါမျိုး ကြုံရရင်တော့ ဘယ်သူ မဆို စိတ်ဓာတ်ချောက်ချားမှာပဲ"

မေရီဂျိန်းက ဝင်ပြောသည်။

ပက်ဂီက တစ်ချက် ပြုံးပြလိုက်သည်။

"ဆိုင်ထဲမှာ ကလေးရုပ်ကလေးတွေ တင်ရောင်းနေတာကို တွေ့ရင်တောင် ကျွန်မ ငိုမိတာကိုပဲ သိတော့တယ်။ ဒီကို ကျွန်မ ရောက်လာတော့ ပိုဆိုးသွားတယ်။ လျှပ်စစ်နဲ့ ဓာတ်နှိပ်ကုတာကို အကြိမ်လေးဆယ်လောက် ခံလိုက်ရတယ်။ အခုမှပဲ ပုံမှန်လူတစ်ယောက် အနေနဲ့ စိတ်မှန်လာတာ"

ထိတ်လန့်မှုကြောင့် နီလီ၏လည်ချောင်း ထဲမှာ တစ်ဆို့လာသည်။

ဓာတ်နှိပ်ကုသခြင်း။

သူ ဘာစဉ်းစားနေသည်ကို မေရီဂျိန်း က အကဲခတ်လိုက်မိသည်။

"ဒါအတွက်တော့ ပူမနေပါနဲ့၊ ဓာတ်နှိပ် ကုသပေးဖို့ လိုတယ်လို့ သူတို့က ဆုံးဖြတ်ရင် တောင်မှ ခွင့်ပြုချက်ရအောင် ယူဖို့ လိုပါသေး တယ်။ ရှင်နဲ့ အရင်းအနှီးဆုံး ဆွေမျိုးဖြစ်ဖြစ် ဒါမှမဟုတ် ရှင့်အတွက် တာဝန်ယူထားတဲ့လူ ဖြစ်ဖြစ် တစ်ဦးဦးက ခွင့်ပြုမှ အဲဒီနည်းနဲ့ ကုနိုင်တယ်"

မေရီဂျိန်းက ရှင်းပြသည်။

ထိုအခါကျမှပင် နီလီလည်း စိတ်သက် သာရာ ရသွားတော့သည်။

"အယ်နီကတော့ ဘယ်တော့မှ ခွင့်ပြု မှာ မဟုတ်ပါဘူး"

"သူ့ဦးနှောက် အဆေးမခံရသေးဘူး ဆိုရင်တော့ ဟုတ်မှာပေါ့လေ။ ဒါပေမယ့် ပက်ဂီရဲ့ ယောကျ်ားကိုတော့ သူတို့ ဦးနှောက် ဆေးလိုက်ကြတယ်။ ဒေါက်တာဟောလ်နဲ့ ဒေါက်တာအာကာတို့ နှစ်ယောက်ကသာ ပြောလို့တော့ ဘာကိုမဆို သဘောတူလိုက် ကြတာချည်းပဲ။

ပထမဆုံးစည်းသည် တွေ့ခွင့်ရတဲ့နေ့မှာ ပက်ဂီရဲ့ယောကျ်ား ရောက်လာတယ်။ ပက်ဂီ ကလည်း နေကောင်းနေတယ်။ ဆေးရုံက ဆင်းပြီး ပြန်လိုက်သွားချင်တယ်။ သူ့ယောကျ်ား ကလည်း ပျော်လွန်းလို့၊ စိတ်တွေ လှုပ်ရှားလို့ နပေါ့လေ။

ဒါနဲ့ သူက ရုံးကိုသွားပြီး လက်မှတ်ရေး ထိုးမယ်။ ပြီးတော့ အိမ်ပြန်ခေါ်သွားမယ်လို့ ပြောတယ်။ အဲဒါနဲ့ ဇာတ်သိမ်းသွားတာပဲ။ နှစ်ပတ်လောက်ကြာအောင် သူ ပြန်မလာ တော့ဘူး။ နောက်နေ့ကစပြီး ပက်ဂီကို ဓာတ် နှိပ်ကုတော့တာပဲ"

မေရီဂျိန်းက ပက်ဂီကိုယ်စား ဝင်ရှင်း ပြနေပြန်သည်။

"ဘယ်လိုဖြစ်တာလဲ"

ပက်ဂီက သက်ပြင်းတစ်ချက် ရှိုက်လိုက် ပြီး ပြန်ပြောသည်။

"ကျွန်မယောကျ်ားကိုပဲ အပြစ်ဆိုစရာ တော့ မရှိပါဘူးလေ။ ဒီလိုဖြစ်ရတာကလည်း ကျွန်မကြောင့်ပါပဲ။ အခုတော့ ကျွန်မ နား လည်သွားပြီ။ သူတို့က ကျွန်မယောကျ်ားကို ကျွန်မရဲ့ ဆေးရုံမှတ်တမ်းတွေပြတယ်။ ကျွန်မ ရဲ့စိတ်တွေ မတည်မငြိမ် ဖြစ်နေတယ်။ ကျွန်မ အိပ်လည်း မအိပ်ဘူး၊ အရမ်းကာရော ငိုနေခဲ့ တယ်။ စိတ်မမှန်တဲ့ လက္ခဏာတွေပေါ့လေ။ ကလေးနှစ်ယောက် ဆုံးရပြီးနောက် ဒီနေရာ မျိုးကို ရောက်လာမှတော့ ဘယ်လိုလူမျိုး မငိုဘဲ နေမလဲ။

သူတို့က ကျွန်မယောကျ်ားကို ပြောကြ တယ်။ အခုအတိုင်း ကျွန်မကို အိမ်ပြန်ထည့် လိုက်ရင် နောက် ဒီလိုပဲ ရောဂါပြန်ဖောက်လာ နိုင်တယ်တဲ့။ ကောင်းရင်လည်း ကောင်းသွား နိုင်တယ်တဲ့။ ဘာပဲဖြစ်ဖြစ် ကျွန်မယောကျ်ား အနေနဲ့တော့လည်း ကျန်းမာပျော်ရွှင်နေတဲ့ ဇနီး သည်တစ်ယောက်ကိုသာ ပြန်ခေါ်သွားချင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ဒီလိုနဲ့ ကျွန်မကို ဒီမှာ ဆက်ထားပြီး ပျောက်အောင်ကုဖို့ သဘောတူညီကြောင်း စာရွက်တွေမှာ သူ လက်မှတ်ရေးထိုးသွားတော့တာပဲ"

နီလီက ပြောသမျှများကို နားထောင်နေသည်။ အားလုံး ဆင်တူယိုးမှား ဇာတ်လမ်းများချည်း ဖြစ်သည်။ လူတိုင်းလူတိုင်းသည်လည်း စိတ်မမှန်သူများနှင့် လုံးဝမတူ။ အပြင်မှာ သူတွေ့ခဲ့ဖူးသည့် လူများထက်ပင် ပိုပြီး စိတ်မှန်နေကြသည်ကိုသာ တွေ့ရသည်။

သတ္တမမြောက် အမျိုးသမီး၏ ဇာတ်လမ်းကို နားထောင်နေခိုက်တွင် သူနာပြုဆရာမက လှမ်းအော်ခေါ်သည်။

"ကဲ- အမျိုးသမီးများ သွားကြစို့နော်"

"အခုဟာက ဘာလုပ်ရဦးမှာလဲ"

နီလီက မေးသည်။

"အားကစားရုံကို သွားရမှာ"

မေရီဂျိန်းက ရှင်းပြသည်။

သူတို့အားလုံး နှစ်ယောက်တစ်တွဲ တွဲပြီး သူနာပြုဆရာမနောက်သို့ လိုက်သွားကြသည်။ စင်္ကြံများအတိုင်း လျှောက်သွားရသည်။ တံခါးပေါက်ပေါင်း များစွာကို ကျော်ဖြတ်ခဲ့ရသည်။ သော့များဖွင့်ခြင်း၊ သော့များပြန်ပိတ်ခြင်းများကို ဆရာမက လုပ်ကိုင်သွားသည်။ နောက်ဆုံးကျတော့မှ ကျယ်ပြောသည့် အားကစားရုံကြီး တစ်ခုအတွင်းသို့ သူတို့ရောက်သွားကြသည်။ ကြက်တောင်ရိုက်ကွင်း ရှိသည်။ စားပွဲတင်တင်းနစ် ရှိသည်။ ယုတ်စွအဆုံး ဖဲကစားနိုင်ရန်ပင် စီစဉ်ထားသည်။

သူတို့ ဝင်သွားကြသည့် အချိန်တွင် အခြား တစ်အုပ်စု ထွက်သွားသည်ကို တွေ့ရသည်။ ထိုအုပ်စုထဲမှ အမျိုးသမီး အချို့ကို မေရီဂျိန်းက လက်လှမ်းပြပြီး နှုတ်ဆက်သည်။

"အဲဒီအုပ်စုက ဖားအဆောင်က၊ သူတို့က ရှစ်နာရီကနေ ရှစ်နာရီခွဲအထိ ကစားရတယ်။ ကျွန်မ လှမ်းပြီး နှုတ်ဆက်တဲ့ အမျိုးသမီးတွေက လွန်ခဲ့တဲ့ အပတ်ကမှ ကျွန်မတို့ ဟော်သွန်ကနေပြီး ဖားအဆောင်ကို အဆင့်တက်ပြီး ပြောင်းသွားကြတာ"

အခြား အမျိုးသမီးများ ကြက်တောင်ရိုက်၊ စားပွဲတင်တင်းနစ် ကစားနေကြချိန်တွင် နီလီက ဘေးမှာ သွားထိုင်နေသည်။ စာရေးစက္ကူများပါသည့် ဘူးကလေးတစ်ခုကို ဝယ်သည်။

သို့သော်လည်း ကစားခုန်စားဖိနပ် ချုပ်ရန်ကိုမူ ငြင်းဆန်ခဲ့သည်။ မိမိ ကြာကြာနေမည် မဟုတ်ကြောင်းလည်း ရှင်းပြခဲ့သည်။

သို့ဆိုလျှင် စာရေးစက္ကူက ဘာလုပ်ဖို့နည်း။ အယ်နီထံသို့ ရေးရန် ဖြစ်သည်။ သူတုန်လှုပ်ချောက်ချားနေပုံမျိုးကို မပြ။ကြောက်ခနေသည့်ဟန်ပြလျှင် အမှတ်လျှော့ခံရမည်ဟု မေရီဂျိန်းက ကြိုတင် ရှင်းပြထားခဲ့သည်။

ကိုးနာရီခွဲတော့ အားကစားရုံထဲမှ သူတို့ ထွက်ခဲ့ကြသည်။ နောက်ထပ် တစ်အုပ်စု ဝင်လာသည်။ အခြား အဆောင်တစ်ခုသို့ သူတို့ကို ခေါ်သွားသည်။ အလုပ်တာဝန် တစ်ခုခုပေးပြီး ကုသသည့်အဆောင်ဟု ဆိုသည်။

အမျိုးသမီးများသည် ကိုယ့်ဆိုင်ရာဆိုင်ရာ အလုပ်များရှိရာသို့ အလုအယက်သွားပြီး လုပ်ကိုင်နေကြသည်။

ဖန်များ၊ ကျောက်များနှင့် အပြောက်အမွမ်းများ ဖော်သည့်အလုပ်ကို လုပ်လိုက လုပ်နိုင်ကြောင်း၊ သို့တည်းမဟုတ် အချုပ်အလုပ် လုပ်ငန်း လုပ်လိုက လုပ်နိုင်ကြောင်း၊ သို့တည်းမဟုတ် မိမိ ဝါသနာပါရာ မည်သည့် အလုပ်ကိုမဆို လုပ်နိုင်ကြောင်း ဆရာမက ရှင်းပြသည်။ သို့သော်လည်း နီလီက ဘာအလုပ်ကိုမှ မလုပ်ချင်။ ထောင့်တစ်ထောင့်မှာ သွားထိုင်နေလိုက်သည်။

ပြတင်းပေါက်မှ အပြင်သို့ မျှော်ကြည့်သည်။ မြက်ခင်းများမှာ စိမ်းလန်းစပြုချေပြီ။ ကူးချည်သန်းချည်လုပ်နေသည့် ယုန်ကလေးတစ်ကောင်ကိုလည်း တွေ့ရသည်။ သူက တော့ လွတ်လပ်ပေသည်။ ယခုလို အချုပ်အနှောင်ခံနေရသည်ကို သည်းမခံနိုင်လောက်အောင် ဖြစ်လာသည်။

ဆရာမကို လှမ်းကြည့်သည်။ အမျိုးသမီးများကို စိတ်ရှည်လက်ရှည်နှင့် ကူညီလုပ်ကိုင်ပေးနေသည်။ ညနေ ငါးနာရီထိုးလျှင် ထိုဆရာမလည်း လွတ်လွတ်လပ်လပ်နှင့် သူသွားလိုရာသို့ သွားနိုင်ပြီ။

စီးကရက် သောက်ချင်လာသည်။ အိပ်ဆေးလည်း သောက်ချင်လာသည်။ ဘုရား ကယ်တော်မူပါ။ အိပ်ဆေးသာ ရမည်ဆိုလျှင်တော့ ဘာပဲ လုပ်ရလုပ်ရ။ ကုပ်ပိုးဘက်မှာ ချွေးများ ရွှဲရွှဲစိုလာသည်။ ဆံပင်များလည်း ထွေးနေသည်။ ခါးကလည်း နာလာသည်။ ယခု တကယ်နာခြင်း ဖြစ်သည်။ သတိလစ်

www.burmeseclassic.com

www.burmeseclassic.com



သွားတော့မည်ကဲ့သို့ ဖြစ်လာသည်။

ထို့ကြောင့် တိုးတိုးကလေး ငိုနေမိသည်။ ဆရာမက သူ့ဆီသို့ ပြေးလာသည်။

"ကျွန်မ ခါးနာလို့" ဟု သူက ပြောပြသည်။

"အားကစားရုံထဲမှာ ကစားရင်း နာလာတာလား"

ဆရာမက ဂရုတစိုက်ပင် မေးသည်။

"မဟုတ်ဘူး၊ အရင်တုန်းက ခါးနာရောဂါ ရှိခဲ့ဖူးတယ်။ အခု ပြန်နာလာတာ"

ထိုစကားကို ကြားသောအခါ ဆရာမသည် စိတ်မဝင်စားတော့သည့် အမူအရာသို့ ချက်ချင်း ပြောင်းသွားသည်။

"ဒီနေ့နေ့ခင်း နှစ်နာရီကျရင် ရှင့်ရဲ့ စိတ်ရောဂါအထူးကု ဆရာဝန်နဲ့ တွေ့ရလိမ့်မယ်။ အဲဒီအခါကျတော့ ပြောပြလိုက်ပါ"

သည်လိုဖြင့် အချိန်တရွေ့ရွေ့ ကုန်လာသည်။ နှစ်နာရီထိုးတော့ ဆရာဝန်နှင့် တွေ့ရသည်။ ဆရာဝန်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်တည်း ငိုချလိုက်မိတော့မလို ဖြစ်သွားသည်။

ဆရာဝန်မှာ ခပ်ပိန်ပိန်နှင့် မျက်နှာနီနီ ဖြစ်သည်။ နာမည်က ဒေါက်တာဆီးလ်ဟု ခေါ်သည်။နီလီ ပြောပြသမျှများကို လိုက်ရေးနေသည်။ နီလီကလည်း မိမိမှာ မတရားသဖြင့် နှစ်ပေါက်တစ်ပေါက် အရိုက်ခံနေရကြောင်း၊ စောစောပိုင်းကတော့ အိပ်ပျော်အောင်လုပ်ပြီး ကုသပေးမည်ဟု ကတိပေးခဲ့ကြကြောင်း၊ ယခုတော့ မြင်သည့်အတိုင်း ခံစားနေရကြောင်းကို ပြောပြသည်။

ဆရာဝန်နှင့်အတူ ထိုင်ပြီး ပြောပြနေခိုက် စီးကရက်များကို တစ်လိပ်ပြီးတစ်လိပ် မပြတ်တမ်း သောက်နေမိသည်။ စိတ်ရောဂါအထူးကုဆရာဝန်နှင့်တွေ့ပြီး အစစ်ဆေးခံနေခိုက်တွင် ဆေးလိပ်ကို ကြိုက်သလောက် သောက်ခွင့်ရှိသည်။

"ကျွန်မခါးက တကယ့်ကို နာတာပါ။ ကျွန်မကို ဆီကွန်နယ် နည်းနည်းလောက် ပေးပါ" ဟု တောင်းပန်သည်။

သူက ပြောသမျှကို လိုက်ရေးမြဲ ရေးနေသည်။ ပြီးတော့မှ ပြန်မေးသည်။

"ဆီကွန်နယ် သောက်လာတာ ဘယ်လောက် ကြာသွားပြီလဲ"

ထိုမေးခွန်းကို ကြားရသောအခါတွင် သည်းမခံနိုင်လောက်အောင် ဖြစ်လာတော့သည်။

"အိုး- လုပ်မနေစမ်းပါနဲ့၊ ရှင်တို့ဟာက ပြည်ထောင်စုတရားရုံးမှာ အမှုတင်ပြီး စစ်ဆေးနေတဲ့အတိုင်းပဲ။ ဒီ အိပ်ဆေးစွဲနေတဲ့လူတွေ လောကကြီးမှာ တစ်ပုံကြီး၊ ဒီဆေးစွဲတိုင်းသာ ရှင်တို့ဆီကို ခေါ်လာရမယ်ဆိုရင် ဟောလီးဝုဒ်မှာရှိတဲ့လူတွေ တစ်ဝက်လောက်၊ ဘရော့ဒ်ဝေးမှာရှိတဲ့လူတွေ တစ်ဝက်လောက် ဒီကို ခေါ်လာရမယ်"

"ခါးနာနေတာ သက်သာဖို့အတွက် အခုလို နေ့ခင်းကြောင်တောင်ကြီးမှာ အိပ်ဆေးသောက်တာဟာ ပုံမှန်လုပ်ငန်း ဖြစ်တယ်လို့ ထင်ပါသလား"

"ဒီလိုတော့ မထင်ပါဘူး၊ ဒင်မ်ရော့ ဆေးထိုးတာကို ကျွန်မ ပိုပြီး သဘောကျပါတယ်"

ထိုစကားကို ကြားသောအခါ ဆရာဝန်၏ မျက်ခုံးနှစ်ဖက် အပေါ်သို့ မြင့်တက်သွားသည်။ ထိုအမူအရာကို မြင်လိုက်ရသဖြင့် နီလီ စိတ်ကျေနပ်သွားသည်။ တစ်ဆက်တည်းလည်း ပြုံးပြီး ပြောသည်။

"ဟုတ်ပါတယ် ဒင်မ်ရော့၊ စပိန်မှာ နေတုန်းက ကျွန်မ အမြဲ ထိုးနေတာ။ တစ်နေ့ကို နှစ်ကြိမ်၊ သုံးကြိမ်လောက် ထိုးတယ်။ ကျွန်မလည်း နေလို့ထိုင်လို့ ကောင်းတယ်။ အလုပ်တွေကိုလည်း ကောင်းကောင်း လုပ်နိုင်တယ်။ ရုပ်ရှင်တောင် ရိုက်လို့ရတယ်။ ဒါကြောင့် ဆီကွန်နယ်လို အိပ်ဆေးကလေး နှစ်လုံးလောက်တော့ ကျွန်မအဖို့ အာတောင် စွတ်လိုက်မှာ မဟုတ်ပါဘူး။ ခံတွင်းလိုက်ရုံလောက် ရှိပါတယ်။

• ကဲ- ကျွန်မကို အဲဒီဆေး နည်းနည်းပေးပါတော့။ တစ်နာရီမှာ နှစ်လုံးကျ သောက်သွားရင် ကျွန်မ ကောင်းသွားမှာပါ။ ဒီမှာလည်း ကျွန်မ နေလို့ထိုင်လို့ ရသွားမယ်"

"ခင်ဗျားအမေအကြောင်း ကျွန်တော့်ကို ပြောပြစမ်းပါ မစ္စအိုဟာရာ"

"အိုး- တုံးလိုက်တာ၊ ကာလီဖိုးနီးယားမှာ ကျွန်မ တွေ့ခဲ့ဖူးတဲ့ ဆရာဝန်အပေါက်မျိုး လာချိုးမနေစမ်းပါနဲ့။ ဟိုက ဆရာဝန်ကလည်း ကျွန်မကို အမေအကြောင်းပဲ မေးတာပဲ။ ကျွန်မအမေကိုကျွန်မ မမှတ်မိကြောင်း သူယုံကြည်လာအောင် ငါးနှစ်အတွင်းမှာ ဒေါ်လာနှစ်သောင်းတောင် ပေးခဲ့ရတယ်။ အခုမှ

www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းတွေကို ပြန်ပြီး ပြောနေရမယ်ဆိုရင် ကျွန်မ အဘွားကြီး ဖြစ်သွားတောင်မှ ဒီဆေးရုံက ဆင်းရတော့မှာ မဟုတ်ဘူး"

"ကာလီဖိုးနီးယားမှာ ရှိနေတဲ့ ခင်ဗျားရဲ့ ဆေးမှတ်တမ်းတွေကို ကျွန်တော် စာရေးပြီး လှမ်းတောင်းလိုက်မယ်လေ"

"ကျွန်မ ဒီမှာ ဒါလောက် ကြာကြာလည်း နေမှာ မဟုတ်ပါဘူး။ ကျွန်မ သူငယ်ချင်းဆီကို ဒီကနေ့ညပဲ စာရေးပြီး အကြောင်းကြားလိုက်တော့မလို့"

"ဒါပေမယ့် ခင်ဗျား ဒီမှာ အနည်းဆုံး ရက်သုံးဆယ်တော့ နေရဦးမှာပဲ"

"ရက်သုံးဆယ်တောင်"

နီလီ လက်မှတ်ထိုးခဲ့သည့် စာရွက်စာတမ်းများ အကြောင်းကို ဆရာဝန်က ရှင်းပြသည်။ နီလီက ခေါင်းကို ခါယမ်းလိုက်မိသည်။

"ဩော်- သေသေချာချာကို အစီအစဉ်လုပ်ပြီး ကလိမ်စေ့ ငြမ်းဆင်ကြတာကိုး။ အကုန်လုံး သူတို့ စဉ်းစားထားပြီးသားပဲ။ ဒီမှာ နေနေရတဲ့အချိန်မှာ အပြင်က အလုပ်တွေကို ဘယ်လို သွားလုပ်ရတော့မှာလဲ"

"မနက်ဖြန်ကျတော့ ဒီအချိန်မှာပဲ ခင်ဗျားနဲ့ ထပ်တွေ့ဦးမယ်နော်"

ဆရာဝန်က ထိုင်ရာမှထသည်။ နီလီက ခုံးကို တွန်းလိုက်သည်။

"ကောင်းပါပြီလေ၊ ဒီအတိုင်း ဆိုရင်တော့ ရက်ပေါင်းသုံးဆယ် ဒုက္ခခံနေရဦးမှာပေါ့။ နေတတ်သလို နေရတော့မှာပါပဲ။ ရက်သုံးဆယ်ပြည့်ရင်ရော ကျွန်မ ဆင်းလို့ရမလား"

"ကြည့်ဦးမယ်လေ"

ဆရာဝန်က ခပ်ဆိုင်းဆိုင်း ပြောသည်။

"ကြည့်ဦးမယ်လေ ဆိုတာက ဘာအဓိပ္ပာယ်လဲ"

"သတ်မှတ်ထားတဲ့အချိန် ပြည့်သွားရင် ကျွန်တော်တို့ စစ်ဆေးတွေ့ရှိချက်တွေကို ပြန်လေ့လာသုံးသပ်ရပါတယ်။ခင်ဗျား နေကောင်းနေပြီလို့ ကျွန်တော်တို့ထင်ရင်. . ."

"ကျွန်တော်တို့. . . ကျွန်တော်တို့ဆိုတဲ့စကားက ဘာစကားလဲ၊ ဒီမှာ ရှိနေတာက ကျွန်မလေ။ ကျွန်မ ပြန်ချင်ရင် ပြန်ချင်တယ်လို့ ပြောနိုင်တယ်။ ဘယ်သူက ကျွန်မကို တားနိုင်မှာလဲ"

"မစ္စအိုဟာရာ၊ ပြန်ဖို့စကားကို ခင်ဗျားက ပြောနေမယ်ဆိုရင် ခင်ဗျား ကျန်းမာနေပြီလို့ ကျွန်တော်တို့ မယူဆနိုင်ပါဘူး။ ခင်ဗျားနဲ့ ပတ်သက်ပြီး တာဝန်ယူထားသူကို ကျွန်တော်တို့က ဒီအကြောင်း ပြောပြရမှာ ဖြစ်ပါတယ်။ ခင်ဗျားကို တာဝန်ယူထားသူက မစ္စဝဲလ်စ် ဖြစ်ပါတယ်။ တကယ်လို့ ခင်ဗျားက သဘောမတူသည့် တိုင်အောင်တောင်မှ မစ္စဝဲလ်စ်ရဲ့ သဘောတူညီချက်နဲ့ ခင်ဗျားကို သုံးလ ဆက်ပြီး ကျွန်တော်တို့ ကုသပေးရမှာ ဖြစ်ပါတယ်"

"တကယ်လို့ အယ်နီက ငြင်းမယ်ဆိုရင်ရော"

"သူက ငြင်းမယ်ဆိုရင်တော့ ခင်ဗျားရဲ့ ကိစ္စကို ဘုတ်အဖွဲ့ တင်ပြရပါမယ်"

နီလီမှာ ထိတ်လန့်စိတ်ကြောင့် သွေးခဲသွားမလိုပင် ဖြစ်သွားသည်။

"အင်မတန်ကောင်းတဲ့ ကလိမ်စေ့ ငြမ်းဆင်တာမျိုး ဒီမှာ ရှိနေတာကိုး"

"ဒါဟာ ကလိမ်ကျတာ မဟုတ်ပါဘူး မစ္စအိုဟာရာ၊ ကျွန်တော်တို့က ဝေဒနာရှင်တွေကို ပျောက်ကင်းစေချင်ပါတယ်။ ရောဂါရှင်းရှင်း မပျောက်သေးဘဲနဲ့ ကျွန်တော်တို့က ဆင်းခွင့်ပြုလိုက်မယ်ဆိုရင်၊ နောက်မကြာခင်မှာ သူ့အသက်ကို သူပြန်ပြီး ရန်ရှာမယ်ဆိုရင်၊ ဒါမှမဟုတ် တခြား တစ်ယောက်ယောက်ကို အန္တရာယ်ပေးမယ်ဆိုရင် ကျွန်တော်တို့လည်း နာမည်ကောင်း မရနိုင်ပါဘူး။

ခင်ဗျားကို ခွဲစိတ်ကုသနေတယ်လို့ ဆိုကြပါစို့။ ခွဲစိတ်ထားတဲ့နေရာကို ပြန်ပြီး မချုပ်ရသေးခင် ခင်ဗျားက ဆေးရုံက ဆင်းချင်တယ်ဆိုရင် ဆရာဝန်မှာ တားပိုင်ခွင့် ရှိပါတယ်။ ကျွန်တော်တို့ ဟာဗင်မာနာက လူနာတစ်ယောက်ကို ဆင်းခွင့်ပြုလိုက်ပြီဆိုရင် အဲဒီလူနာဟာ လူ့ဘောင်ထဲမှာ ပုံမှန်အတိုင်း ပြန်ပြီး ရောနှောနေနိုင်ပါတယ်"

"ယုံပါတယ်၊ ရှင်တို့ ဆင်းခွင့်ပြုလိုက်တဲ့ အခါ ဘိုးဘွားရိပ်သာကိုပဲ တန်းသွားရတော့မှာပေါ့"

ဒေါက်တာဆီးလ်က ပြုံးသည်။

"ခင်ဗျားမှာ ဘဝခရီးကို အရှည်ကြီး ဆက်သွားရဦးမယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒီမှာ တစ်နှစ် နှစ်နှစ်လောက် နေလိုက်တာဟာ အချိန်ဖြုန်းနေရာ မရောက်ပါဘူး"

နီလီ တုန်လှုပ်လာပြီ။

"အောင်မယ်လေး၊ တစ်နှစ် နှစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



တောင်၊ တော်ပါပြီ တော်ပါပြီ။ ဒီမှာ ကျွန်မ ပြောတာကို နားထောင်ပါ။ ရက်သုံးဆယ် တော်ပြီ။ ကျွန်မ နေမယ်။ ဒါပေမယ့် ရက်သုံး ဆယ်ပဲနော်"

ဆရာဝန်က ပြုံးလိုက်ပြန်သည်။

"ဒီလိုဆိုရင် ခင်ဗျားရဲ့ မသိစိတ်တွေကို ကျွန်တော်တို့ စစ်ဆေးကြည့်ရမယ်။ ခင်ဗျားရဲ့ အခြေအနေအမှန်ကို ကျွန်တော်တို့ ပိုပြီး သိရ တာပေါ့"

နီလီက ဆရာဝန်၏လက်ကို ဖမ်းဆွဲ လိုက်သည်။

"ဒေါက်တာ၊ အဲဒီ စစ်ဆေးတာတွေကို ကျွန်မ မသိပါဘူး။ ကျွန်မစိတ် သိပ်မမှန်တာ ကိုတော့ ဖော်ပြကောင်း ဖော်ပြပါလိမ့်မယ်။ ဒါပေမယ့် ကျွန်မဟာ တခြား လူတွေနဲ့ မတူ ပါဘူး။ ဒါကြောင့်မို့လို့လည်း ကျွန်မဟာ အောင်မြင်တဲ့ မင်းသမီးတစ်ယောက် ဖြစ်လာ တာပါ။ သူများတွေနဲ့ မတူမှလည်း ဒီလို အောင်မြင်တဲ့ဘဝမျိုးကို ရောက်လာရမှာပါ။ ဒီလိုသာ အတွင်းစိတ်တွေကို စစ်ဆေး ကြည့်နေမယ်ဆိုရင် ဘယ်လိုလူကိုမှ ဆေးရုံက ဆင်းခွင့် ပေးနိုင်တော့မှာလည်း မဟုတ်ဘူး။ အဲဒီလို စိတ်မမှန်မှုကလေးတွေ ရှိနေမှလည်း ကျွန်မတို့ဘဝမျိုးက အောင်မြင်နိုင်တာပါ"

"ခင်ဗျား ပြောတာကို ကျွန်တော် သဘောတူပါတယ်။ မိမိကို စေ့ဆော်နေတဲ့ မသိစိတ်က မိမိအတွက် အကောင်းတွေ လုပ် နေတယ် ဆိုရင်တော့ အကြောင်း မဟုတ်ဘူး ပေါ့လေ။ တကယ်လို့ မိမိကို ပြန်ပြီး ဖျက်ဆီး မယ့်စိတ်မျိုး ဖြစ်နေတယ် ဆိုရင်တော့ ကျွန် တော်တို့က ကုသပုံ ကုသနည်းကို ပြောင်းပေး ရပါတယ်"

"ကျွန်မဟာ ကိုယ့်ကိုယ်ကိုယ် ဖျက်နေ တဲ့ အစားမျိုး မဟုတ်ပါဘူး။ အကုန်လုံး မှား ကုန်ခဲ့လို့ အခုလို ဖြစ်ရတာပါ။ ဒေါက်တာ စဉ်းစားကြည့်ပါ။ ရုပ်ရှင်ကုမ္ပဏီက ကိုယ့်ကို ဘုရားတစ်ဆူ ဂူတစ်လုံးလို နှစ်ပေါင်းများစွာ ကိုးကွယ်တယ်။ လိုလေသေးမရှိရအောင် ဘာ မဆို သူတို့က ဂရုစိုက်တယ်။ လေယာဉ်ပျံ လက်မှတ်ဝယ်ချင်သလား၊ ဝယ်ပေးမယ်။ မိန့် ခွန်းပြောချင်သလား၊ မိန့်ခွန်းရေးပေးမယ်။ သတင်းစာတွေနဲ့ တွေ့ချင်သလား၊ အားလုံး စီစဉ်ပေးမယ်။

ဒေါက်တာ စဉ်းစားကြည့်ပါ၊ လိုလေ သေးမရှိအောင် သူတို့က ဂရုစိုက်ပြီး လုပ်ပေး နေမယ်ဆိုရင် ကြာတော့ ဘာဖြစ်လာမလဲ၊ တဖြည်းဖြည်းနဲ့ သူတို့အပေါ်မှာပဲ မှီခိုလာရ တော့တယ်။ သူတို့ကိုပဲ အားကိုးလာရတော့ တယ်။ သူတို့က ကိုယ့်ကို လုံခြုံမှုပေးနေတယ် လို့ ထင်လာတယ်။ ရုပ်ရှင်ကုမ္ပဏီကို ကိုယ့် အမေပဲလို့ ထင်လာတယ်။ အဲဒီလို ဘဝမျိုးက နေပြီး အပစ်ပယ်ခံလိုက်ရတဲ့အခါ၊ ကိုယ့်ခြေ ထောက်ပေါ်မှာပဲ ကိုယ်ရပ်ရတဲ့အခါကျတော့ ဘယ်လို ခံစားရမလဲ၊ သိပ်ကို အဖြစ်ဆိုးတဲ့ ဘဝမျိုးပါ ဒေါက်တာရယ်။ ကျွန်မဟာ သာမန် နီလီရဲ့ ဘဝကို ပြန်ရောက်သွားပြီလို့ ခံစား လိုက်ရတော့တယ်"

"သာမန် နီလီဆိုတာက ဘယ်သူလဲ"

"အီသယ်အက်ဂနက်စ် အိုနေးလ်ပေါ့။ သူ့အညစ်အကြေး သူရှင်းရတယ်။ သူ့အတွင်း ခံဘောင်းဘီကို သူဟာသူ လျှော်ရတယ်။ ကောင်းတဲ့အလုပ်ရော ဆိုးတဲ့အလုပ်ရော ကိုယ့်အလုပ် ကိုယ်လုပ်ရတယ်။

နီလီအိုဟာရာကတော့ ဒီလိုမဟုတ်ဘူး သူ့အလုပ်မှန်သမျှကို ကောင်းတာရော ဆိုး တာရော သူများက လုပ်ပေးရတယ်။ သူ့ကို လေးစားကြတယ်။ သူခိုင်းသမျှ လုပ်ကြရ တယ်။ သူပြောသမျှ နာခံကြရတယ်။ လူတစ် ယောက်မှာ တကယ်စစ်မှန်တဲ့ထူးချွန်မှု ရှိလာ ပြီဆိုရင် အဲဒီအတိုင်း ဖြစ်လာတော့တာပဲ။

ဒါကြောင့် ဒီလိုလူမျိုးဟာ ကိုယ့်အလုပ် ကိုပဲ ကိုယ်အာရုံစိုက်ပြီး လုပ်ဖို့လိုတယ်။ သူ့ အတွက် ကျန်တဲ့အလုပ်တွေကို တခြား လူ တွေက သူ့ဩဇာအောက်မှာ လုပ်ပေးကြလိမ့် မယ်။ ဒါကြောင့် ကျွန်မ အသံပျက်သွားရ တာပါ။ တစ်ပြိုင်တည်းမှာ အလုပ်နှစ်ခုကို ကျွန်မ မလုပ်နိုင်ဘူး"

"ဒါပေမယ့် တစ်ချိန်တုန်းကတော့ အီ သယ်အက်ဂနက်စ်အိုနေးလ်ဟာ သူ့အလုပ် နှစ်ခုကို တစ်ပြိုင်တည်း လုပ်ခဲ့တာပဲ။ အနု ပညာလုပ်ငန်းတွေကိုရော တခြား သူ့ကိုယ် ရေးကိုယ်တာလုပ်ငန်းတွေကိုရောလေ" ဟု ဒေါက်တာဆီးလ်က ပြောသည်။

"မှန်ပါတယ်၊ အသက် ဆယ့်ခုနစ်နှစ် တုန်းကတော့ ဘာကိုမဆို လုပ်နိုင်ခဲ့တာပေါ့။ သူ့မှာ ဘာမှ ဆုံးရှုံးစရာ မရှိဘူး။ စိုညက စခဲ့တယ်။ ဘာကိုမဆို ကြိုးစားကြည့်နိုင်တယ်။

အခု ကျွန်မအသက် သုံးဆယ့်နှစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



ရှိပြီ။ လောလောဆယ်မှာတော့ ဘာအလုပ်မှ မလုပ်ပါဘူး။ ဒါပေမယ့် ကျွန်မဟာ အသက်ရှင်နေဆဲဖြစ်တဲ့ ပါရမီရှင်တစ်ယောက် ဖြစ်ပါတယ်။ ကျွန်မရဲ့ ဂုဏ်သိက္ခာအတွက် ကျွန်မ မစွန့်စားရဲဘူး။

ဒါကြောင့်လည်း ဟောလီးဝုဒ်မှာ ကျွန်မ ရိုက်ခဲ့တဲ့ ရုပ်ရှင်ကားအတွက် အဆင်မပြေဖြစ်ခဲ့ရတာပေါ့။ ဇာတ်ကားတစ်ကားတည်းပဲ ရိုက်ဖို့ စာချုပ်တယ်။ နောက်ထပ် ရိုက်ချင်တဲ့ ကုမ္ပဏီလည်း တန်းစီနေတာမျိုး မရှိတော့ဘူး။

ကျွန်မနာမည်ကို ဆက်ပြီး တင်ထားဖို့ ကျွန်မရဲ့ အောင်မြင်တဲ့နာမည်ကို မထိခိုက်အောင် အကာအကွယ်ပေးထားဖို့ ဘာကုမ္ပဏီမှ မရှိဘူး။ သူတို့က ကျွန်မကို အသုံးချကြတာပဲ။ ကျွန်မနာမည်ကြောင့် ဆူလွယ်နပ်လွယ်ကားတစ်ကား ရိုက်လိုက်ရင် ပိုက်ဆံရမယ်ဆိုတာ သူတို့သိတယ်။ ကျွန်မကလည်း ဒီကားဟာ အလကား ကားပဲဆိုတာ သိတယ်။

ဒါပေမယ့် သူတို့က ငွေရပေါက်တစ်ခုတည်းကိုပဲ ကြည့်တယ်။ ဘော်ချက်တဲ့လုပ်ငန်းသက်သက်ပဲ။ ဒါကြောင့် ကျွန်မ အသံဝင်သွားတာ။ တကယ်ကို သီချင်းဆိုလို့ မရတော့အောင် ပျက်စီးသွားတာပါ။

ဒေါက်တာ မက်ဆင်ဂျာကလည်း ကျွန်မကို ဒီအကြောင်း ရှင်းပြခဲ့ပါတယ်။ ဒါပေမယ့် ရုပ်ရှင်ကုမ္ပဏီကတော့ ကျွန်မဟာ အလုပ်လုပ်ရာမှာ ပူးပေါင်းဆောင်ရွက်မှု မပြုသူ၊ မယုံကြည်ရသူ၊ စိတ်မချရသူဆိုတဲ့ နာမည်တွေပေးပြီး ရှန်းထွက်သွားကြတော့တာပါပဲ"

"ရုပ်ရှင်ကုမ္ပဏီကို ကိုယ့်အမေလို့ ထင်လာတယ်ဆိုပြီး စောစောကများ ပြောလိုက်သလားလို့"

နီလီက သက်ပြင်းရှိုက်လိုက်သည်။

"အဲဒါတွေက အားလုံးလည်း သွားပါပြီ၊ ပျက်စီးကုန်ပါပြီ။ ရုပ်မြင်သံကြားတွေ ပေါ်လာတော့ အကုန်လုံး ပြောင်းဆန်အောင် အပြောင်းအလဲတွေ ဖြစ်ကုန်ကြတော့တာပဲ။ ကျွန်မတို့ ရုပ်ရှင်ကုမ္ပဏီဥက္ကဋ္ဌလည်း အတူတူပဲ။ အမြဲတမ်း တုန်လှုပ်ချောက်ချားနေပြီး ဘာကလေးမဆို သူ့ အစုရှယ်ယာဝင်တွေကို အစီရင်ခံနေတော့တာပဲ။ သူ့ကိုလည်း ရာထူးက ဖြုတ်ပစ်တော့မယ်လို့ ကျွန်မ ကြားတာပဲ။ အားလုံး ပြောင်းလဲကုန်ပါပြီရှင်"

"ဒီလိုဆိုရင် အဲဒီ အပြောင်းအလဲတွေနဲ့ အတူတူ ခင်ဗျားလည်း လိုက်ပြီး ပြောင်းလဲရမှာပေါ့"

"ဖြစ်နိုင်ပါတယ်ရှင်၊ ရောယိမ်းလိုက် ဘသားယိမ်းလိုက် လိုက်လုပ်နေတာနဲ့ ကျွန်မရဲ့ စိုးရိမ်စိတ်တွေ မရှိရတော့ဘူး ဆိုတာကတော့ မဖြစ်နိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်မက နာမည်တစ်လုံးနဲ့နေတဲ့ လျှမ်းလျှမ်းတောက် မင်းသမီး၊ ဘာတွေပဲ ဖြစ်နေနေ ကျွန်မဟာ ကျွန်မ အဆင့်အတန်းနဲ့ ကျွန်မ သရုပ်ဆောင်ဖို့လိုတယ်"

ဒေါက်တာဆီးလ်က အခန်းဝဆီသို့ ရောက်အောင် နီလီကို လိုက်ပို့သည်။

"မနက်ဖြန်ကျတော့မှ ကျွန်တော်တို့ ဆက်ပြောကြသေးတာပေါ့"

"အယ်နီကို ကျွန်မ ဘယ်တော့လောက် တွေ့နိုင်မလဲ"

"နှစ်ပတ်အတွင်းမှာ တွေ့ရမှာပါ"

နှစ်ပတ်။

အပန်းဖြေခန်းမကြီးသို့ နီလီ ပြန်လာခဲ့သည်။ စာရေးစက္ကူဘူးထဲသို့ စီးကရက်ခြောက်လိပ် ထည့်ထားလိုက်ပြီး စီးကရက်ဘူးကိုမူ သူနာပြုဆရာမအား ပြန်ပေးလိုက်သည်။ မီးခြစ်တော့ မရှိ။ သို့သော်လည်း နည်းလမ်းတော့ ရှိနိုင်ကောင်းရဲ့ဟု တွေးလိုက်မိသည်။

အပန်းဖြေ အနားယူသည့်အချိန် ဖြစ်သည်၊ အမျိုးသမီးများမှာ စာရေးသူရေး၊ ဖဲကစားသူ ကစားနှင့် ရှိနေကြသည်။ ထို့နောက် ဆေးလိပ်သောက်ချိန် ဖြစ်သည်။ လူတိုင်း တစ်လိပ်ပြီးတစ်လိပ် အဆက်မပြတ် ဖွာရှိုက်နေကြသည်ဟု ထင်ရသည်။

နီလီက အယ်နီထံသို့ ဒေါသသံများ လွှမ်းမိုးနေသော စာရှည်ကြီး တစ်စောင်ကို ရေးသည်။ ကြုံတွေ့ ဖြစ်ပျက်ခဲ့သည်များ အားလုံးကို ရေးထည့်ပြီး မိမိကို ဆေးရုံမှ ချက်ချင်း ဆင်းပေးရန် ပြင်းထန်စွာ တောင်းဆိုလိုက်သည်။

စာရွက်ကိုခေါက်ပြီး စာအိတ်ထဲထည့်ကာ ကော်ပြန်ပိတ်နေသည်။ သူနာပြုဆရာမကြီး မစ္စဝင်စတန် ရောက်လာသည်။

"စာအိတ်ကို မပိတ်နဲ့လေ၊ စာအိတ်ထောင့်က တံဆိပ်ခေါင်းကပ်မယ့် နေရာမှာ ရှင့်ဆရာဝန်ရဲ့ နာမည်ကိုသာ ရေးလိုက်ပါ။ သူက ဖတ်ကြည့်ဦးမှာ၊ သူက ခွင့်ပြုမှ ပို့ပေးလို့ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



နီလီ ဒေါသဖြစ်သွားပြန်သည်။

"ကျွန်မ ရေးထားတာတွေ အားလုံးကို ဒေါက်တာဆီးလ်က ဖတ်ကြည့်ဦးမယ်လို့ ဆိုလိုတာလား"

"ဒီမှာ သတ်မှတ်ထားတဲ့ စည်းကမ်းပါပဲ"

"စည်းကမ်းဆိုပေမယ့် ဒါတော့ ဘယ်မှန်မလဲ၊ လူတစ်ယောက်ဟာ လွတ်လပ်ခွင့် ရှိရမှာပေါ့။ သူ့ကိုယ်ရေးကိုယ်တာ အတွက် လျှို့ဝှက်ပိုင်ခွင့် ရှိရမှာပေါ့"

"ဒီစည်းကမ်း လုပ်ထားတာဟာ လူနာကို အကာအကွယ်ပေးဖို့ပါ"

မစ္စဝင်စတန်က ပြန်ပြောသည်။

"လူနာကို အကာအကွယ်ပေးတာ၊ ဟုတ်လား၊ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေကို ချိုးဖောက်ဖို့ အကာအကွယ်ပေးတာလား"

"မဟုတ်ပါဘူး မစ္စအိုဟာရာ၊ လူနာတွေဟာ မကြာခဏ ဆိုသလို စိတ်ဖောက်ပြန်တတ်ကြပါတယ်။ အဲဒီလို စိတ်ဖောက်ပြန်တဲ့ အခါမှာ သူတို့ကို ချစ်တဲ့လူတွေအပေါ် မတော်မတရားတွေ ပြောတတ်ပါတယ်။ အမျိုးသမီးတစ်ယောက်ကို သူ့ယောက်ျားက ဒီဆေးရုံကို လာတင်ထားတယ် ဆိုကြပါစို့။

ဒီအမျိုးသမီးကလည်း သူ့ယောက်ျား အပေါ်မှာ တစ်သက်လုံးက မြတ်မြတ်နိုးနိုး ချစ်ခဲ့တယ်။ ဒါပေမယ့် ဒီဆေးရုံကို ရောက်လာတော့ သူ့စိတ်က ဖောက်ပြန်လာပြီး သူ့ယောက်ျားအပေါ်မှာ သူ ဘယ်လောက် မုန်းတီးကြောင်း၊ သူ့ယောက်ျားကို သူ သစ္စာဖောက်ခဲ့ကြောင်း၊ သူ့ယောက်ျားရဲ့ သူငယ်ချင်း ဘယ်သူနဲ့ ဘယ်သူတွေဟာဖြင့် သူ့ချစ်သူများဖြစ်ကြောင်း စာရေးမိတယ် ဆိုပါစို့။

အမှန်ကတော့ မဟုတ်တာတွေကို သူ ရေးနေတာပါ။ လှုံ့ဆော်မှု အာရုံသိခြင်းလို့ ခေါ်ပါတယ်။ ဒါပေမယ့် ဒီလို ရေးတာတွေဟာ မှန်သလား၊ မှားသလား ဆိုတာတွေကို သူ့ယောက်ျားက ဘယ်လိုလုပ်ပြီး သိနိုင်မလဲ။ ဒါကြောင့် ဆရာဝန်က စာတွေကို မပို့ခင် အရင် ကြိုဖတ်ကြည့်ရတာပါ"

ပိတ်ထားသည့် စာအိတ်ကို ပြန်ခွာနေသည့် နီလီကို ကြည့်ပြီး မစ္စဝင်စတန်က ပြုံးသည်။

"ဒီဆေးရုံကို ရှင်မုန်းကြောင်း၊ ဒါမှမဟုတ်ရင်လည်း ဒေါက်တာဆီးလ်အပေါ်မှာ မတော်မတရားတွေ စွပ်စွဲပြီး ရေးထားတယ် ဆိုရင် မပူပါနဲ့။ သူ သဘောပေါက်ပါတယ်။ စာကိုလည်း ဒီအတိုင်း သူ ပို့ပေးမှာပါပဲ။ ရှင့်ကို အကာအကွယ်ပေးဖို့ တစ်ခုတည်းကိုပဲ သူ စိတ်ဝင်စားတာပါ။ ဒါကြောင့် ဒီစည်းကမ်းကို လုပ်ထားရတာပါ"

နီလီက စာကို လှမ်းပေးလိုက်သည်။ ဒေါက်တာဆီးလ်က ဖတ်ကြည့်ပေလိမ့်မည်။ သူ ချမှတ်ထားသည့် စည်းကမ်းများကို ကျိုးကျိုးနွံနွံ လိုက်နာခြင်းလည်း ဖြစ်သည်။

ခေါင်းကိုငုံ့ပြီး လက်နှစ်ဖက်နှင့် မျက်နှာကို အုပ်ထားလိုက်မိသည်။

ဘုရား . . . ဘုရား၊ ဘာပဲဖြစ်ဖြစ် သည်နေရာမှ ထွက်သွားခွင့်ရမှ ဖြစ်တော့မည်။

မေရီဂျိန်းက သူ့ပခုံးကို လာတို့သည်။

"အဲဒီလို ထိုင်မနေနဲ့၊ ရှင့်စိတ် ဖောက်ပြန်တဲ့ အခြေအနေမှာ ရောက်နေတယ်လို့ သူတို့က မှတ်ချက်ရေးလိမ့်မယ်"

နီလီက စိတ်နာကြည်းသောကြောင့် ကျယ်ယောင်စွာ ရယ်ချပစ်လိုက်သည်။

"အဲဒီလိုလည်း မရယ်နဲ့၊ အဲဒါက အရူးတစ်ယောက် ရယ်သလို ရယ်တာ။ ရယ်ချင်ရင် ရိုးရိုးတန်းတန်းရယ်၊ ကိုယ့်ဟာကိုယ် တစ်ယောက်တည်းလည်း မနေနဲ့။ ရှင်ဟာ လူတွေနဲ့ မပေါင်းသင်းဘဲ တစ်ယောက်တည်းနေကြောင်း၊ လူမှုဆက်ဆံရေးကို ဆန့်ကျင်ကြောင်းကို သူတို့က မှတ်ချက်ရေးကြလိမ့်ဦးမယ်"

"အို- တော်စမ်းပါ၊ အချုပ်အချယ်တွေ များလှချည်လား"

နီလီက ပြန်အော်ပစ်လိုက်သည်။

"တကယ် ပြောနေတာ၊ ကျွန်မတို့ လူနှစ်ဆယ်လောက် အတွက် သူနာပြုဆရာမ ခြောက်ယောက်တောင် တာဝန်ပေးထားတာ ဘာဖြစ်လို့ ပေးထားတယ် ထင်သလဲ။ ကျွန်မတို့ကို မပြတ်လေ့လာနေတာ။ သူနာပြုဆရာမကြီးက တစ်ပတ်မှာ ဆရာဝန်နဲ့ နှစ်ကြိမ် တွေ့တယ်။ ရှင့်အကြောင်းတွေကို သူက အစီရင်ခံမယ်။ အားကစားရုံက သူနာပြုဆရာမတို့ လုပ်ငန်းခွင်ဆရာမတို့ အားလုံးက ရှင်နဲ့ ပတ်သက်ပြီး အစီရင်ခံကြမှာပဲ။

ဒီနေ့ဆိုရင် ရှင် နာမည်ပျက်စာရင်းထဲမှာ နှစ်ခါတောင် ပါသွားပြီ။ အားကစားရုံတုန်းက ဘာမှ မကစားဘဲ တစ်ယောက်တည်း ထိုင်နေတာကတစ်ကြိမ်၊ လုပ်ငန်းခွင်အဆောင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မလုပ်ဘဲ နေတာကတစ်ကြိမ်။ ဆေးလိပ်ပြာခံခွက်ကလေး တစ်ခုလောက်တော့ လုပ်ပြရတယ်။ စောင့်ကြည့်နေတဲ့လူက နေရာတိုင်းမှာ ရှိတယ်နော်။ အမြဲတမ်း စောင့်ကြည့်နေကြတာ။ အဲဒါကို ဘယ်တော့မှ မမေ့နဲ့"

မွန်းလွဲပိုင်းတွင် လုပ်ငန်းခွင်သို့ သူတို့ ဝင်ကြရပြန်သည်။ ယခု အချိန်တွင်မူ နီလီက စီးကရက်ဘူးကလေး တစ်ခုကို လုပ်နေသည်။

'ဒေါ်လာ ထောင့်ငါးရာ ပေးရတဲ့ ငါ့ စီးကရက်ဘူးကလေးနဲ့တူအောင် လုပ်ရမယ်' ဟုလည်း နီလီက သူ့ကိုယ်သူ ပြန်ပြောမိသည်။

သစ်သားပေါ်တွင် ကော်ပတ်နဲ့ တိုက်ရင်း နီလီက စိုးရိမ်တကြီးနှင့် လုပ်ပြနေသည်။ ယခုလို သူ အလုပ် လုပ်နေသည်ကို ဆရာမ စောင့်ကြည့်နေပါစေဟုလည်း ကျိတ်ပြီး ဆုတောင်းနေမိသည်။

ညနေ ငါးနာရီထိုးသောအခါ အမျိုးသမီးများ အားလုံးကို အနိုပ်ခံသည့်အခန်းသို့ ခေါ်သွားသည်။ ရေပန်းအောက်တွင် ထိုင်ပြီး အနှိပ်ခံကြရသည်။ အလွန် အရသာရှိကြောင်း နီလီသိသည်။

သို့သော်လည်း ထိုအချိန်များကို မုန်းတီးစက်ဆုပ်နေမိသည်။ အမျိုးသမီးများ အားလုံးသည် နွေရာသီ အပန်းဖြေစခန်းသို့ ရောက်ပြီး အနားယူနေကြသည့်ပုံမျိုး နေနိုင်ကြသောကြောင့်လည်း မနာလို ဖြစ်မိသည်။

တစ်ခုတော့ ရှိပါသည်။ သူတို့ အားလုံး ဗျင်းရိ ငြီးငွေ့ဖွယ်ကောင်းသော ဘဝတွင် နေနေရရာမှ ယခုလို ဇိမ်ရှိသည့် အချိန်ကလေးနှင့် ကြုံရသောကြောင့် ပျော်ရွှင်နေကြခြင်းလည်း ဖြစ်နိုင်သည်။ သို့သော် နီလီအဖို့တော့ ရက်အားယူပြီး အပန်းလာဖြေနေခြင်း မဟုတ်။

သူ့ခါးက အလွန် နာကျင်လာသည်။ လက်များလည်း တဆတ်ဆတ် တုန်နေသည်။ ယခုချက်ချင်း အိပ်ဆေး မရနိုင်လျှင်တော့ အော်ဟစ်ငိုယိုမိတော့မည်။ ရင်ထဲမှာလည်း အော်ဂလီဆန်လာသည်။ သည်နေရာမှာ အန်ချလို့တော့ မဖြစ်သေး။ နာမည်ပျက်စာရင်းထဲမှာ ပါသွားဦးမည်။ အံကို တင်းတင်းကျိတ်ထားလိုက်သည်။

နောက်ဆုံးတွင်တော့ အိမ်သာထဲသို့ ဝင်ပြေးပြီး တိတ်တိတ်ကလေး အန်ချလိုက်တော့သည်။

ခဏကြာတော့ အပြင်သို့ ပြန်ထွက်လာပြီး ရေပန်းအောက်မှာ အနှိပ်ခံနေလိုက်သည်။ ဟန်ကျသွားပါပြီ။

အယ်နီ ရောက်လာသည့် အချိန်အထိတော့ သည်အတိုင်း အယောင်ဆောင်နေရဦးမည်။ အယ်နီ ရောက်လာလျှင် မိမိ နေကောင်းပြီဖြစ်ကြောင်း ယုံအောင် ပြောပြရမည်။ ရက်ပေါင်း သုံးဆယ်ပြည့်လျှင် သည်နေရာမှ ထွက်ဖြစ်အောင် ထွက်သွားရမည်။ သည်လိုနေရာမျိုးတွင် တစ်နှစ်လုံးလုံးနေပြီး ကြက်တောင်ရိုက်လိုက်၊ စားပွဲတင်တင်းနစ် ကစားလိုက်၊ လက်မှုပညာလုပ်လိုက်နှင့်သာ နေရမည်ဆိုလျှင် အမှန်တကယ်ပင် ရူးသွားပေတော့မည်။

ညနေ ခြောက်နာရီထိုးတော့ ဟော်သွန်အဆောင်သို့ သူတို့အားလုံး ပြန်လာကြသည်။ ဖတ်စရာစာအုပ်များ ရှိသည်။ အမျိုးသမီးများက နီလီကို သကြားလုံးများ လာကျွေးကြသည်။ သူတို့ အားလုံး ကိုယ်အလေးချိန် တိုးနေကြသည်မှာ အံ့သြဖွယ်တော့လည်းမဟုတ်။ မေရီဂျိန်းက ရက်သတ္တ ငါးပတ်အတွင်း သူ့ကိုယ်အလေးချိန် ပေါင်နှစ်ဆယ်အထိ တက်လာသည်ဟု ပြောသည်။

ထိုအချိန်မှာပင် နီလီ၏အိပ်ရာကို လာသိမ်းပေးဖူးသော ကာရိုးဆိုသည့် အမျိုးသမီးကလေးက ထိုင်နေရာမှ ရုတ်တရက် ထပြီး သူ့ဘေးမှာ ရှိနေသည့် အမျိုးသမီးကို အော်လိုက်သည်။

"ငါ့ကို နင်သက်သက် စော်ကားတာ"

အအော်ခံရသည့် အမျိုးသမီးက အံ့အားသင့်သွားပြီး မော့ကြည့်သည်။

"ကာရိုး၊ ငါစာဖတ်နေတာပဲ။ စကားတစ်လုံးမှ မပြောရပါလား"

"ငါ့ကို ယောက်ျားလျာလို့ နင်ပြောတယ်။ နင့်ကို ငါသတ်မယ်"

ကာရိုးက ပြန်အော်ပြီး ထိုမိန်းကလေးကို ခုန်အုပ်လိုက်သည်။

သူနာပြုဆရာမ နှစ်ယောက်က သူတို့နှစ်ယောက်ကို ချက်ချင်း ခွဲပစ်လိုက်သည်။ ကာရိုးက ဆရာမများကို ပြန်လည် ကန်ကျောက်ရင်း အော်ဟစ်ဆဲဆိုနေတော့သည်။ ဆရာမများက သူ့ကို အခန်းအပြင်သို့ ဆွဲထုတ်သွားသည်။

"သူ့စိတ်ငြိမ်သွားအောင် ရေချိုးကန်ထဲမှာ နှစ်ရက်လောက်တော့ ထားရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



မေရီဂျိန်းက မှတ်ချက်ချသည်။

"ဟိုအမျိုးသမီးက ဘာများ ပြောလို့လဲ"

နီလီက မေးသည်။

မေရီဂျိန်းက ခေါင်းယမ်းပြသည်။

"ကာရိုးက အထင်မှားနေတာပါ။ တစ်ယောက်ယောက်က သူ့ကို မကောင်းကြံနေတယ်လို့ပဲ ထင်နေတတ်တယ်။ အမှန်ကတော့ သိပ်သဘောကောင်းတဲ့ မိန်းကလေး။ ရက်ပေါင်းများစွာကြာအောင် အပြစ်ကင်းကင်းနဲ့ နေနိုင်တယ်။

ဒါပေမယ့် သူ့စိတ်ထဲမှာ တစ်ခုခု ပေါ်လာပြန်ပြီဆိုရင် သွားတော့တာပဲ။ ဒီကလေးမကတော့ ဘယ်တော့မှ ပြန်ကောင်းနိုင်တော့မှာ မဟုတ်ပါဘူး။ ဒီဆေးရုံကို ရောက်နေတာပဲ နှစ်နှစ် ရှိသွားပြီ"

နှစ်နှစ်။ သည်လောက်ကြာအောင် နေရမည် ဆိုလျှင်တော့ သွက်သွက်လည်အောင် ရူးသွားဖို့မှတစ်ပါး အခြား ဘာမှ မရှိပြီ။

နီလီ၏ခါးက တစစ်စစ်နှင့် နာလာပြန်သည်။ လည်ချောင်းထဲမှာလည်း ခြောက်သွေ့လာသည်။ သည်အတိုင်း အောင့်အည်းသည်းခံနေရပေတော့မည်။ သည်လို အခံရခက်နေသည့် ဝေဒနာသည် သူတစ်ယောက်တည်းမှာမှ လာဖြစ်နေသလား။

အခြားအခြားသော အောင်မြင်သည့် ရုပ်ရှင်မင်းသား၊ မင်းသမီးများလည်း စိတ်ဖောက်ပြန်ကြဖူးသည်။ စိတ်ရောဂါကု ဆေးရုံများကို သွားရောက် တက်ကြရကြောင်းကို သတင်းစာများထဲမှာ ဖတ်ဖူးသည်။ ကြားဖူးသလောက်မှာ သည်လောက် အဖြစ်မဆိုး။ အလွန်ကောင်း၊အလွန်လွယ်သည်ဟု ဆိုသည်။

ထို့ကြောင့်လည်း ထိုသူများမှာ စိတ်ရောဂါကုဆေးရုံများသို့ သွားလိုက်၊ ပြန်လိုက်၊ ပြန်သွားလိုက်၊ ပြန်လာလိုက်ပင် လုပ်နေကြသေးသည်။ သူတို့ရော ယခု မိမိလို ချောင်ပိတ်ပြီး အဖမ်းခံရဖူးသလား။ ယခုလို ကြောက်မက်ဖွယ်ကောင်းသည့် အဖြစ်ဆိုးမျိုးနှင့် တွေ့ကြုံကြဖူးလေသလား။ မိမိ တစ်ယောက်ကျမှ ယခုလို အဖြစ်ဆိုးများနှင့် လာပြီး တွေ့နေရသလား။

'ဒီမှာ နီလီ၊ မင်းစိတ်ထဲမှာ ရှိနေတာကို ဖြစ်အောင် လုပ်ရမယ်။ မင်းဘဝဟာ သုညက စခဲ့တာ ဖြစ်တယ်။ အဲဒီကနေပြီး ထိပ်ဆုံးကို မင်းရောက်လာခဲ့တယ်။ ဒီနေရာကနေပြီး ဖြစ်တဲ့နည်းနဲ့ အပြင်ကို ရောက်သွားရမယ်။ အခိုက်အတန့်တော့ ခံလိုက်ဦးပေါ့ကွယ်'ဟု လည်း သူ့ကိုယ်သူ ပြန်ပြောနေမိသည်။

ခြောက်နာရီခွဲတော့ ညစာကျွေးသည်။ ထို့နောက် ရေချိုးကြရသည်။ ရေချိုးပြီးသော အခါ အမျိုးသမီးအားလုံး ညဝတ်အင်္ကျီများ ဝတ်ဆင်ကြရသည်။ အချို့က စုပြီး ဝိုင်းထိုင်နေကြသည်။ အချို့က ရုပ်မြင်သံကြား ကြည့်နေကြသည်။

နီလီလည်း ရုပ်မြင်သံကြားကို မလှုပ်မယှက် ထိုင်ကြည့်နေသည်။ ကြည့်နေရင်း ရုပ်ရှင်မင်းသားတစ်ယောက်နှင့် ခဏလောက် မရှင်းမရှင်း ဖြစ်ခဲ့သည့် အကြောင်းကို ပြန်သတိရနေမိပြန်သည်။ သူတို့ကတော့ ပြင်ပကမ္ဘာမှာ ကံကောင်းကြသူများ ဖြစ်သည်။

သူလည်း အပြင်သို့ရောက်လျှင် လိမ်လိမ်မာမာ နေရမည်။ စိတ်ကောက်တာတွေ လုပ်မနေနဲ့တော့။ အရွဲ့တိုက်တာတွေ လုပ်မနေနဲ့တော့။ တစ်ညလျှင် အိပ်ဆေးနှစ်လုံး လောက်ပဲ သောက်တော့မည်။

စီးကရက် သောက်ချင်စိတ် ပေါ်လာပြန်သည်။ အမျိုးသမီးပေါင်း များစွာတို့၏ ဘဝဖြစ်စဉ်များကို ပြောပြနေကြသည်။ သူကလည်း စိတ်ဝင်စားလေဟန်နှင့်နားထောင်နေရသည်။သည်နေရာတွင် ရှိနေကြသူအားလုံးမှာ အရူးများ မဟုတ်ကြ။ စိတ္တဇဝေဒနာရှင်များ မဟုတ်ကြ။ လူတိုင်းလူတိုင်း များယွင်းပြီး သည်နေရာသို့ ရောက်လာကြခြင်းသာ ဖြစ်လေသည်။

ညဆယ်နာရီထိုးတော့ အားလုံး အိပ်ရာဝင်ကြရသည်။ သူလည်း အခြား အမျိုးသမီးများနှင့်အတူတူ အဆောင်ထဲမှာ ရောနေရသည်။ ခဏကြာတော့ အမျိုးသမီးတို့၏ မှန်မှန် အသက်ရှူသံများကို ကြားရသည်။ သည်လိုအချိန်မျိုးတွင် ဘယ်လိုလူမျိုးက အိပ်ပျော်အောင် အိပ်နိုင်ပါမည်နည်း။

နာရီဝက်လျှင် တစ်ကြိမ်ကျ ဆရာမ တစ်ယောက်က အိပ်ရာတိုင်းကို လိုက်လံ စစ်ဆေးကြည့်သည်။ သူက မျက်လုံးမှိတ်ပြီး အိပ်ချင်ယောင်ဆောင်နေလိုက်ရသည်။ မအိပ်ဘဲ နေလျှင် မိမိ စိတ်မငြိမ်သေးဟု သူတို့ပြောကြဦးမည်။

ဆယ့်နှစ်နာရီထိုးသံကို ကြားရသည်။ ထို့နောက် တစ်နာရီ၊

www.burmeseclassic.com

www.burmeseclassic.com

အခြားသူများ စည်းစိမ် ခံစားနိုင်ကြသည့် အကြောင်းကို စဉ်းစားမိသည်။ ယခုအဆောင်ထဲမှာ ရှိနေကြရသူများသည် ဖြစ်သည့်ဘဝတွင် ရောင့်ရဲစွာ နေထိုင်ကြသည်။ သူကတော့ သည်ဒုက္ခကို သူ မခံနိုင်။ ယခုအတိုင်းသာ သည်တစ်ညကို ကုန်ဆုံးအောင် နေနိုင်မည်ဆိုလျှင် သူမှာ ခွန်အားအပြည့် ရှိနေသည်ဟု ဆိုရမည်။ ဘယ်တော့မှ သူသေနိုင်တော့မည် မဟုတ်။

နှစ်နာရီ ထိုးသွားပြီ။ အိမ်သာသို့ သွားချင်လာသည်။ သည်အချိန်မှာ အိမ်သာသို့ သွားခြင်းသည် စိတ်ဖောက်ပြန်သည့်အပြုအမူဟုများ သတ်မှတ်ကြဦးမည်လား။ ကိစ္စမရှိပါ။ တပိုတပါး သွားခြင်းသည် ပုံမှန်အလုပ်ပင်ဖြစ်သည်။ အိပ်ရာမှထပြီး အဆောင်တစ်ဖက်စွန်းဆီသို့ လျှောက်ခဲ့သည်။ သူနာပြုဆရာမနှစ်ယောက် သူ့ဘေးသို့ ချက်ချင်း ရောက်လာကြသည်။

"ဘာများ အဆင်မပြေ ဖြစ်လို့ပါလဲ မစ္စအိုဟာရာ"

ဘာမှ မဖြစ်ပါ။ တပိုတပါး သွားချင်လို့သာ ဖြစ်ပါသည်။ ညပိုင်းတွင် သည်လိုပဲ မကြာခဏ တပိုတပါး သွားတတ်ပါသည်။

ရေချိုးခန်းတစ်ခုထဲသို့ သူဝင်ခဲ့သည်။ သူနာပြုဆရာမ တစ်ယောက်က ရေချိုးခန်း တံခါးအပြင်ဘက်မှာ ရပ်စောင့်နေသည်။

အို - ဘုရား . . . ဘုရား တပိုတပါး သွားသည့် ကိစ္စကလေးကိုပင် လွတ်လွတ်လပ်လပ် လုပ်နိုင်ခွင့် မရှိပါတကား။

○○○

## အယ်နီ

၁၉၆၁

ပြတင်းပေါက်အနား၌ ထိုင်ပြီး အယ်နီ ဆေးလိပ်သောက်နေသည်။ နီလီနှင့် လာတွေ့ရသည်မှာ စိတ်ရှုပ်စရာ ကောင်းလှသည်။

နီလီ တတွတ်တွတ် တောင်းပန်သည်။ ရှိုက်ကြီးတငင်လည်း ငိုသည်။ သည်နေရာမှ ပြန်ခေါ်ပေးဖို့ အသနားခံသည်။ ဒေါက်တာဟော်လ်၊ ဒေါက်တာအာကာ၊ ဒေါက်တာဆီးလ်တို့ကလည်း နီလီနှင့် ပတ်သက်သည့် မှတ်တမ်းများကို အယ်နီအား ပြန်ဖတ်ပြပြီး ဖြစ်သည်။ နီလီသည် စိတ်ရောဂါဝေဒနာကို အကြီးအကျယ် ခံစားနေရပါသည်ဟု ပြောပြထားပြီး ဖြစ်သည်။

နီလီ သွားသွားလာလာ လှုပ်လှုပ်ရှားရှားနှင့်ပင် စိတ်ရောဂါသည် ဖြစ်နေကြောင်း၊ သူ့ကိုယ်သူ သတ်သေနိုင်သည့်အခြေအနေမျိုး ရှိကြောင်း၊ ယခုလို အချိန်မျိုးတွင် နီလီအား ဆေးရုံမှ ဆင်းရန် သဘောတူ လက်မှတ်ထိုးခြင်းသည် သူ့အတွက် သေမိန့်ကို လက်မှတ်ထိုးပေးခြင်းနှင့်သာတူကြောင်းများကို ဆရာဝန်များက အယ်နီအား ရှင်းပြကြသည်။

ဆရာဝန်များနှင့် မတွေ့ခင်တုန်းက နီလီနှင့် သူ သွားတွေ့သည်။ နီလီကို ဤဆေးရုံမှ ပြန်ခေါ်မည် ဖြစ်ကြောင်း ကတိပေးခဲ့သည်။ သို့သော်လည်း ယခု နီလီနှင့် ပြန်တွေ့သောအခါ နီလီ့မျက်ရည်များထက် ဆရာဝန်များ ပြောပြသည့် စကားများက ပိုမို ကျယ်

www.burmeseclassic.com



လောင်နေသည်။

သည်ဆေးရုံမှာ အနည်းဆုံး သုံးလ နေရဦးမည့်အကြောင်းကို နီလီအား သူ ဘယ်သို့ ပြောပြနိုင်ပါမည်နည်း။

သနားစရာကောင်းသည့် နီလီ၏မျက်လုံးများကို သူ ဘယ်လို ရင်ဆိုင်ရက်နိုင်ပါမည်နည်း။

နီလီကို ဆက်ထားရန် သဘောတူကြောင်း သူ လက်မှတ်ရေးထိုးခဲ့ရသည်။ ကေဇင်ကလည်း ထောက်ခံသည်။ ဘာပဲဖြစ်ဖြစ် နီလီကို ဆက်ထားရန် သဘောတူကြောင်း လက်မှတ် ရေထိုးလိုက်ခြင်းသည် မှန်ရော မှန်ပါ့မလားဟု ပြန်စဉ်းစားနေမိပြန်သည်။

ဆရာဝန်များကလည်း သည်ဆေးရုံတွင် နီလီ အချိန် ကြာမြင့်စွာ နေဖို့လိုကြောင်း၊ သည်လိုရောဂါမျိုးကို ချက်ချင်း ပျောက်ကင်းအောင် ယခုခေတ်ကာလတွင် မတတ်နိုင်ကြသေးကြောင်း၊ သို့သော်လည်း သူ နေကောင်းသွားသည့်အခါတွင် ပိုပြီး အောင်မြင်လာနိုင်ကြောင်း၊ ယခု ရှေ့ချာလောဆယ် နေရသည့် ဘဝမှာ ကြမ်းတမ်းသည် မှန်သော်လည်း အကျိုးကျေးဇူး ကြီးမားကြောင်းများကို ဆရာဝန်များက ရှင်းပြကြသည်။

နေရသည့်ဘဝက ကြမ်းတမ်းပါသည် ဆိုသော်လည်း ဆေးရုံကလေးက လှလှပပကလေး ဖြစ်သည်။ တစ်လလျှင် ငွေထောင့်ငါးရာတောင် ပေးရသည် ဆိုတော့လည်း လှလှပပတော့ ဖြစ်ရပေတော့မည်။

သို့သော်လည်း အသနားခံနေသည့် နီလီ၏ မျက်လုံးများက သူ့အသည်းကို ဓားထက်ထက်နှင့် မွှန်းနေသလို အခံရခက်လှသည်။ ဘာပဲဖြစ်ဖြစ် နောက်နှစ်ပတ် ကြာလျှင်တော့ တစ်ခေါက် လာကြည့်ဦးမည်။ ထိုအခါတွင် ပိုပြီး တိုးတက် ကောင်းမွန်နေစရာတော့ အကြောင်းရှိပါသည်။

နောက်တစ်ကြိမ် နီလီကို သွားကြည့်သောအခါ အခြေအနေ အများကြီး တိုးတက်နေသည်ကို တွေ့ရသည်။သူ့ကို ဖားအဆောင်သို့ ပြောင်းပေးထားပြီး ဖြစ်သည်။

"ကျွန်မ ရာထူးတိုးသွားပြီလေ၊ မျက်ခုံးမွေးဆွဲတံလည်း သုံးခွင့်ရပြီ။ ဗီရိုတစ်လုံးလည်း ရတယ်။ စီးကရက်လည်း တစ်ရက်ခြား တစ်ဘူးရတယ်။ ကျွန်မဖို့ စီးကရက် တစ်ကာတွန်း ပါလာသေးသလား။ ကောင်းတယ်၊ အဲဒါတွေ ကျွန်မ ဝှက်ထားရမယ်။ အခု အချိန်အထိ ကျွန်မတို့ စီးကရက်တွေကို ဆရာမတွေက မီးညှိပေးတုန်းပဲ ရှိသေးတယ်။

ဒါပေမယ့် ဖားအဆောင်က ညဘက် တာဝန်ကျတဲ့ သူနာပြုဆရာမက ကျွန်မရဲ့ ရုပ်ရှင်ပရိသတ် ဖြစ်နေတယ်။ မနေ့ညတုန်းက ကျွန်မကို တိတ်တိတ်ကလေး သူ့အခန်းထဲ ခေါ်သွားတယ်။ ညဉ့်နက်ပိုင်းမှာ ရုပ်မြင်သံကြားက ပြန်လွှင့်ပေးတဲ့ ကျွန်မရဲ့ ရုပ်ရှင်ကားအဟောင်းတွေကို ပြန်ကြည့်ရတယ်။ ကျွန်မတို့ နှစ်ယောက်ဖြင့် စီးကရက်တွေ သောက်လိုက်ကြတာ အစ်မရယ်၊ မိုးကို မွှန်နေတာပဲ"

နီလီက အယ်နီကို စီကာပတ်ကုံး ပြန်ပြောပြနေသည်။

နီလီမှာ အနည်းငယ် ပိုဝလာသည်။ သို့သော်လည်း ကျန်းမာနေပုံရသည်။ သူ့ခါးကတော့ နာသေးသည်ဟု ပြောသည်။ ပြီးတော့ အိပ်လို့လည်း မပျော်သေး။ သို့သော်လည်း သည်အတိုင်း သုံးလလောက် နေရဦးမည်။ အယ်နီကို သူတို့က ဦးနှောက်ဆေးပေးထားပြီ ဖြစ်ကြောင်း နီလီက နားလည်ထားပြီဖြစ်သည်။ လူတိုင်းကို သူတို့ သည်အတိုင်းလုပ်ကြသည်။ သည်နေရာကို နီလီ မုန်းပါသည်။ သို့သော်လည်း အမျိုးသမီးများက သဘောကောင်းကြသည်။

အမျိုးသမီးများမှာ သူ ထင်ထားသလောက် ပုံမှန်အနေအထားများ မရှိကြသည်ကိုတော့ သူလည်း သိလာပြီ။

မေရီဂျိန်းက အရက် ဖြတ်မရအောင် စွဲနေသူ ဖြစ်သည်။ ပက်တူမီ ဆိုသော အမျိုးသမီးကလေး တစ်ယောက်လည်းရှိသေးသည်။ ပက်တူမီသည် ပြည့်တန်ဆာမလေး ဖြစ်သည်။ သူ့ယောကျ်ားက သားသမီး လိုချင်သည်။ သားသမီးရဖို့ ကြိုးစားသည်။ သို့သော်လည်း သားသမီး မရ။ ထို့ကြောင့် ဤဆေးရုံသို့ ရောက်လာရခြင်း ဖြစ်ပါသည်ဟု ပြောသည်။

သူ့အသက် တစ်ဆယ့်ခြောက်နှစ်သမီးကတည်းက ပြည့်တန်ဆာအိမ်များတွင် တစ်အိမ်ပြီးတစ်အိမ် လှည့်လည် နေထိုင်ခဲ့သည်။ ထိုအကြောင်းများကို ညဘက် တာဝန်ကျသည့် သူနာပြုဆရာမက ပြောပြသည်။

"သူတို့နဲ့ နှိုင်းယှဉ်ကြည့်ရင် ကျွန်မက အများကြီး ကောင်းတာပါ။ အပြုပြင်ကို ကြည့်မယ် ဆိုရင်တော့ သူတို့အားလုံး လူ

www.burmeseclassic.com



ကောင်းတွေနဲ့ ဘာမှ မခြားပါဘူး"

နီလီက ပြောသည်။

မေလသို့ ရောက်သောအခါ နီလီကို အဆင့် ပြန်လျှော့ချလိုက်ပြန်သည်။ သူနှင့် အပေါင်းအသင်းဖြစ်နေသည့် သူနာပြုဆရာမ ကိုလည်း အလုပ်မှ ထုတ်ပစ်လိုက်သည်။

ဆရာမက အိပ်ဆေးများကို နီလီအား ခိုးပေးသည်။ အိပ်ဆေးပုလင်းတစ်ဝက်ကို သူ့ မွေ့ရာအောက်မှ ရှာဖွေတွေ့ရှိကြခြင်း ဖြစ်သည်။

နီလီကို ဟော်သွန်ဆောင်သို့ ပြန်ပို့ရန် ခေါ်စဉ်တုန်းက တစ်လမ်းလုံး ကန်ကျောက်ပြီး အော်ဟစ်ဆဲဆိုရင်း လိုက်ပါသွားခဲ့သည်။

ထို့ကြောင့် ရေချိုးကန်ထဲမှာ ဆယ်နာရီလုံးလုံး ထားခြင်းကို ခံခဲ့ရသည်။

နောက်တစ်ခေါက် သူ့ကို တွေ့ရန် အယ်နီ ရောက်လာသောအခါ သူ့ကို မည်သူနှင့်မျှ အဆက်အသွယ်လုပ်ခွင့် မပေးဘဲ ထားသည်ကို တွေ့ရသည်။

နောက်ပိုင်းမှစပြီး တစ်ပတ်လျှင် တစ်ကြိမ်ကျ အယ်နီက သူ့ကို သွားကြည့်သည်။ ဂေလီယန်ကုမ္ပဏီနှင့်လည်း စာချုပ်သစ်ကို ချုပ်လိုက်ကြသည်။ ကေဗင်က ကုမ္ပဏီကို ရောင်းလိုက်ပြီး ဖြစ်သည်။

သို့သော်လည်း အယ်နီကို ရုပ်မြင်သံကြားရိုက်သည့် စတူဒီယို အနားမှာတော့ တရစ်ဝဲဝဲ ရှိနေသေးသည်။ သူ့ပါးစပ်က ဘာမှ ထုတ်ဖော် ကန့်ကွက်ပြောဆိုခြင်း မပြုဘဲ နှုတ်ဆိတ်နေခြင်းက အယ်နီအဖို့ ပိုပြီး အခံရခက်လေသည်။

ကေဗင်ကတော့ ယခုလို ဖြစ်လာရသည့်ကိစ္စ အားလုံးမှာ နီလီကြောင့် ဖြစ်ရသည်ဟု ကျိတ်ပြီး အပြစ်တင်နေသည်။ သို့သော်လည်း အယ်နီ ဖြစ်ချင်သည်များကို ဖြစ်အောင် လုပ်ပေးရတော့မည် ဖြစ်ကြောင်းလည်း သူ့ကိုယ်သူ သိနေသည်။ အယ်နီနှင့် လက်ထပ်သည် ဖြစ်စေ၊ မထပ်သည် ဖြစ်စေ အယ်နီကို သူ ပိုင်သည်။ လက်ထပ်ဖို့ကိစ္စ ပြောတိုင်း အယ်နီက ခေါင်းမာမာနှင့် ငြင်းခဲ့မြဲ ဖြစ်သည်။

ယခုလို နေနေရခြင်းသည် မမှန်ကြောင်းလည်း သူ့ကိုယ်သူ သိသည်။ ကုမ္ပဏီပိုင်ရှင်အသစ်များ အနေနှင့် လုပ်ငန်းကို နိုင်နိုင်နင်းနင်း လုပ်ကိုင်နေကြပြီလည်း ဖြစ်သည်။

ယခုအချိန်တွင် သူ့အဖို့ လုပ်စရာ ဟူ၍လည်း မရှိ။

တစ်ခါတစ်ရံ မိတ်ဆွေပွဲစားများထံ သွားသည်။ နံနက်တိုင်း မုတ်ဆိတ်ရိတ်၊ နှုတ်ခမ်းမွေးရိတ်။ တစ်ခါတစ်ရံ သူ့ရှေ့နေများနှင့် အတူတူ နေ့လယ်စာစား။ သည်လောက်နှင့်တော့ တစ်နေ့တာ အချိန်သည် ကုန်ခဲလွန်းလှ၏။

ထို့ကြောင့်လည်း နောက်ဆုံးတော့ စတူဒီယိုမှာ လာပြီး အချိန်ဖြုန်းနေခြင်းက သူ့အဖို့ အကောင်းဆုံးဖြစ်ကြောင်း တွေ့ရတော့သည်။ ကြော်ငြာအတွက် ရုပ်မြင်သံကြားများ အယ်နီ ရိုက်နေသည်ကို ထိုင်ကြည့်သည်။ ယခုအကြိမ်သည် နောက်ဆုံးအကြိမ် ဖြစ်ရပါစေမည်ဟု သူ့ကိုယ်သူ ကတိပေးသည်။ သို့သော်လည်း နောက်တစ်ခေါက် ရောက်လာပြန်သည်။ နောက်ဆုံးအကြိမ် ဖြစ်မည်ဟု ကတိပေးသွားပြန်သည်။ သို့သော် သူ့ကား အလာမပျက်။

ယနေ့လည်း သူ ရောက်လာပြန်သည်။ မလာသင့်ကြောင်းလည်း သူ့ကိုယ်သူ သိသည်။ ထိုနေ့က ရာသီဥတု အေးလှသည်။ မိုးလည်း ရွာနေသည်။ ဇွန်လကြီးတွင် ချိန်ခါမဟုတ် ရွာသောမိုး ဖြစ်သည်။

စတူဒီယိုထဲမှာ အယ်နီ အစမ်းလေ့ကျင့်နေခိုက် သူက ခန်းမအပြင်ဘက်မှာ ထိုင်နေသည်။ နောက်ထပ် ရက်သတ္တ သုံးပတ်မျှ ကြာလျှင် ယခုနှစ် ရာသီအတွက် ရုပ်မြင်သံကြားကိစ္စ ပြီးဆုံးသွားပြီ ဖြစ်သည်။

သူ့စာချုပ်သက်တမ်း ကုန်ဆုံးလျှင် သူတို့နှစ်ယောက် အတူတူ အနားယူပါမည်ဟု အယ်နီက ကတိပေးထားသည်။ သို့သော်လည်း ဝေးဝေးသို့ သွားနိုင်ကြမည်ကား မဟုတ်။ နီလီကို အချိန်မှန် သွားကြည့်ပေးရဦးမည့် တာဝန်က အယ်နီမှာ ရှိနေသည်။

ရုပ်မြင်သံကြား ဒါရိုက်တာ ဂျယ်ရီရစ်ချတ်ဆန်က မျက်နှာစိမ်းတစ်ယောက်ကို ခေါ်လာသည်။

"ကေဗင်၊ ကျွန်တော့် သူငယ်ချင်းတစ်ယောက်နဲ့ မိတ်ဆက်ပေးရဦးမယ်။ ကမ္ဘာစစ်ကြီးတုန်းက ကျွန်တော်တို့နှစ်ယောက် စစ်ထဲမှာ အတူတူပေါ့။ သူက ကေဗင်ဇားလ်မိုး၊ သူက လိုင်ယွန်ဘတ်"

'လိုင်ယွန်ဘတ်' ဟူသော နာမည်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသောအခါ ကေဗင်၏တစ်ကိုယ်လုံး သွေးခဲမတတ် အေးစက်သွားတော့သည်။

သည်လူပဲ ဖြစ်ရမည်။ သည်လို နာမည် မျိုးသည် နာမည်တူ ရှားလှသည်ဟု စိတ်ထဲမှာ တွေးနေမိသည်။

လိုင်ယွန်ဘတ်သည် စာရေးဆရာ တစ်ယောက်ထက် ဇာတ်လိုက်မင်းသား တစ်ယောက်နှင့် ပိုပြီး တူနေသည်။ ကိုယ်လုံးကိုယ်ထည် တောင့်တင်း ခိုင်မာသည်။ အသားအရောင်က နေလောင်ထားသဖြင့် ညိုစိမ့်စိမ့် ဖြစ်နေသည်။

ကေဗင်သည် သူ့ကို ကြည့်နေရင်းမှာပင် စိတ်အားငယ်လာသည်။ မိမိကိုယ် မိမိလည်း ပိုပြီး အိုစာသွားသည်ဟု ထင်မှတ်မိသည်။ ခေါင်းပေါ်မှာ ဆံပင်ပါးနေသည့် အဖြစ်ကိုလည်း ပြန်ပြီး သတိရမိသည်။

လိုင်ယွန်ဘတ်ဆံပင်များက နက်မှောင်နေသည်။ သန်လည်း သန်လှသည်။ နားသယ်စပ်လောက်တွင် အနည်းငယ် ဖြူစပြုသည်သာ ရှိသည်။ မျက်နှာကလည်း ချိုပြုံးလှသည်။ ကေဗင်က စိတ်လှုပ်ရှားစွာဖြင့် ကြိုးစား ပြုံးပြီး သူနှင့် လက်ဆွဲနှုတ်ဆက်လိုက်ရသည်။

"ရုပ်မြင်သံကြားရိုက်ဖို့ ကိစ္စများလား" ကေဗင်က မေးသည်။

"မဟုတ်ပါဘူး ခင်ဗျာ၊ ဒီမြို့ကို ရောက်တာ သုံးလေးရက်ပဲ ရှိပါသေးတယ်။ ဂျယ်ရီနဲ့ နေ့လယ်စာ အတူစားရင်း ကျွန်တော့်မိတ်ဆွေဟောင်းတစ်ယောက် ဒီမှာ အလုပ် လုပ်နေတယ်ဆိုတာ သူက ပြောပြလို့၊ ကျွန်တော့်မိတ်ဆွေက အင်န်ဝဲလ်စ် ဖြစ်ပါတယ်။ သူ့ကို နှုတ်ဆက်ရအောင် ဆိုပြီး ခဏ ဝင်လာတာပါ"

"သူ အားသွားပြီလား ကြည့်လိုက်ပါဦးမယ်။ ကြော်ငြာအတွက် လူရှာနေတုန်း သူ့ကို ကျွန်တော် တွေ့လာတာပါပဲ။ ကျွန်တော့် ကုမ္ပဏီအတွက် ကြော်ငြာပေးဖို့ ဂေလီယန် အချစ်တော် ဆိုပြီး စတင်ခဲ့တာပါပဲ။

ကြွပါခင်ဗျာ၊ စတူဒီယိုထဲမှာ သူရှိနေပါတယ်"

ကေဗင်က လိုင်ယွန်၏လက်မောင်းကို ဆွဲပြီး ခေါ်ခဲ့သည်။ အယ်နီနှင့် လိုင်ယွန်တို့ နှစ်ယောက် တွေ့ကြရာတွင် အနားမှာ သူ ရှိနေချင်သည်။ အယ်နီ၏ အမူအရာ မည်သို့ ဖြစ်သွားသည်ကို စောင့်ကြည့်ချင်သည်။

အယ်နီသည် နောက်ဆုံး ဝတ်စုံပြည့် ဇာတ်တိုက်နေသည်။ ထို့ကြောင့် ကေဗင်နှင့် လိုင်ယွန်က အခြား ပရိသတ်များနှင့်အတူ ဝင်ထိုင်ကြသည်။ မီးရောင်များက အယ်နီတို့ အပေါ်တွင် လင်းလင်းထိန်ထိန် ကျနေသောကြောင့် မိမိတို့ကို လှမ်းမြင်နိုင်မည် မဟုတ်ကြောင်း ကေဗင်က သိသည်။ ထို့ကြောင့် လိုင်ယွန်ကို မသိမသာ အကဲခတ်မိသည်။ လိုင်ယွန်၏အမူအရာ မည်သို့ ရှိမည်နည်းဟု သိချင်နေသည်။ လိုင်ယွန်က ဇာတ်တိုက်နေသည်ကို စိတ်ဝင်တစား ကြည့်နေသည်။

"ဒီအခန်းမှာတော့ အယ်နီ သိပ်ကောင်းတာပါပဲလားဗျာ"

လိုင်ယွန်က ပြောသည်။ သူ အံ့အားသင့်နေပုံရသည်။

"အမှန်တော့ စကတည်းက သိပ်ကို တော်ခဲ့တာပါ"

ကေဗင်ကလည်း စကားမလွန်အောင် တစ်လုံးချင်း ရွေးပြီး ပြောသည်။

"ဒါဟာ သူ့ကို ကျွန်တော် ပထမဆုံးအကြိမ် ပြန်တွေ့ရခြင်းပါပဲ။ ကျွန်တော်က ဥရောပကို ရောက်နေပါတယ်"

"ဟော- သူတို့ ဇာတ်တိုက်လို့ ပြီးသွားကြပါပြီ။ ဟိုဘက် လိုက်သွားပြီး သူ့ကို နှုတ်ဆက်ချင်ပါသလား ခင်ဗျာ"

ကေဗင်က ပုံမှန်အသံမျိုးနှင့် ပြောသည်။

"သိပ်ကောင်းပါတယ် ခင်ဗျာ"

လိုင်ယွန်က ထိုင်ရာမှထပြီး ကေဗင်နောက်သို့ လိုက်လာသည်။

သူတို့နှစ်ယောက် ရောက်သွားသောအခါ အယ်နီသည် ဇာတ်ကွက် အပြောင်းအလဲ အချို့အကြောင်းကို ထုတ်လုပ်သူနှင့် တိုင်ပင်နေသည်။ ကေဗင်ကို အယ်နီက လှမ်းမြင်သည်။ ရင်းရင်းနှီးနှီး ပြုံးပြသည်။

'အခုပဲ ပြီးတော့မှာပါ' ဟူသော သဘောနှင့် မျက်ရိပ်ပြလိုက်သည်။ ပြီးတော့ လိုင်ယွန်ကို မျက်လုံး လျှံထွက်သွားသည်။ ချက်ချင်း လိုင်ယွန်ကို ပြန်ကြည့်သည်။ သူ့အမူအရာသည် မယုံကြည်နိုင်လောက်အောင် ထိတ်လန့်အံ့သြတကြီး ဖြစ်သွားတော့သည်။

"ဟုတ်ပါတယ်၊ ကိုယ်ပါပဲ"

လိုင်ယွန်က အလွန် ရှင်လန်းသည့်အပြုံးနှင့် ပြန်ပြောသည်။ ပြီးတော့ အယ်နီဆီသို့ လျှောက်သွားကာ လက်နှစ်ဖက်ကို စုကိုင်ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

အယ်နီက အားအင်ကုန်ခမ်း နွမ်းနယ်စွာဖြင့် ပြုံးနေသည်။ သူ့နှုတ်ခမ်းများက တဆတ်ဆတ် တုန်နေကြောင်းကိုလည်း သူသိသည်။

လိုင်ယွန်သည် ယခင်ကထက်ပင် ပိုပြီး ခွဲမက်စရာ ကောင်းနေသည်။

နောက်ဆုံးတွင်မှ အနိုင်နိုင် ကြိုးစားပြီး ယခုလို ပြန်တွေ့ရသည့် အတွက် ဝမ်းသာကြောင်းကို ပြောနိုင်တော့သည်။

"ကိုယ်တို့ ခဏလောက် ထိုင်လို့ ရမလား။ ဒီမီးလုံးကြီးတွေအောက်မှာ နေရတာ ပူလှပါတယ်။ ဒါမှမဟုတ် မင်း ဆက်ရိုက်ဖို့ ရှိနေသေးသလား"ဟု လိုင်ယွန်က ပြောသည်။

"မရှိတော့ပါဘူး၊ သူတို့ ပြန်ကူးနေတဲ့ အချိန်မှာ ကျွန်မ အားနေပါတယ်"

"ကျွန်တော်လည်း ရုံးမှာ လုပ်စရာကလေး ရှိနေသေးလို့၊ ခင်ဗျားတို့ ခဏလောက်ထိုင်ပြီး စကားပြောလိုက်ကြပါဦးလား။ ပြောစရာတွေ အများကြီး ရှိနေကြမှာပေါ့"

ကေဗင်က ဝင်ပြောသည်။

ထို့နောက် ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး ထွက်သွားတော့သည်။

ယခုလို ကေဗင် ထွက်သွားရသည်မှာ သူ့ဘဝတွင် အခက်ခဲဆုံးအလုပ်ကို လုပ်သွားရခြင်း ဖြစ်ကြောင်း အယ်နီ သိလိုက်ပါသည်။

သူ လှမ်းလျှောက်သွားသောအခါ သူ့ပခုံးနှစ်ဖက်သည် တောင့်တောင့်ကြီး ဖြစ်နေသည်။ ထိုအမူအရာကို ကြည့်ခြင်းအားဖြင့် မည်မျှ စိတ်ထိခိုက်သွားကြောင်း ခန့်မှန်းနိုင်သည်။ သူ့အတွက် အယ်နီလည်း စိတ်ထိခိုက်သွားသည်။ ရင်ထဲမှ အသည်းနှလုံးများက ခုန်ထွက်သွားပြီး သူ့နောက်သို့ လိုက်သွားကြသည်ဟု ထင်သည်။

ကေဗင် ကြောက်ရွံ့စိုးရိမ်သွားပြီ။ သို့သော်လည်း သူ့မှာ သည်မျှလောက် အားငယ်တတ်သည့်စိတ် မရှိကြောင်းကို ကြိုးစားပြီး ထုတ်ဖော်ပြသနေရှာသည်။ အယ်နီကိုယ်တိုင်လည်း သူ့အဝတ်အစားလဲသည့် အခန်းသို့ လိုင်ယွန်ကို ခေါ်လာသည့် အခိုက်အတန့်တွင် သတ္တိကို ကြံဖန်မွေးလာခဲ့ရသည်။ စိတ်အားကို အစွမ်းကုန် တင်းလာခဲ့ရသည်။

'သူ ပြန်လာပြီ'

ယခုလိုပင် ဘာမှန်းမသိ ညာမှန်းမသိနှင့် သူ ပြန်လာပြီဟု အယ်နီက တွေးနေမိသည်။

ဆယ့်ငါးနှစ်လုံးလုံး စိမ်းကားရက်စက်နိုင်သူ၊ နေစိမ့်နိုင်သူအား ထိုစိမ်းကားရက်စက်မှု အားလုံးကို မေ့ပစ်လိုက်ပြီး လက်ကမ်း ကြိုဆိုရမည်လော။

တကယ်ဆိုတော့ အယ်နီ အမှန်တကယ် လုပ်ချင်သည့်အလုပ်သည် ထိုအလုပ်ပင် ဖြစ်သည်။ သူနှင့် တွေ့ရသည့် အချိန်တွင် သူ့ကို မထိရ မကိုင်ရဘဲနှင့် သူ မနေနိုင်။ သူ့ရင်ခွင်ထဲသို့ ပြေးမဝင်ဘဲ မနေနိုင်။

သို့သော်လည်း ယခုတော့ မိမိမှာ ကေဗင် ရှိနေပြီ။ ကေဗင်သာ မရှိလျှင် မိမိ၏ ဘဝသည် မည်သို့ ဖြစ်ခဲ့လေမည်နည်း။

နောက်ပြီးတော့ လိုင်ယွန်ကလည်း နှစ်ပေါင်းများစွာ ဘယ်အရပ်မှာ ပျောက်နေသနည်း။

သူ့အဝတ်အစားလဲခန်းထဲမှာ ထိုင်ကြသည်။ အယ်နီ၏ စီးကရက်ကို လိုင်ယွန်က မီးညှိပေးသည်။ အယ်နီက ဘာမှ မပြောဘဲ သူ့အပြောကိုသာ ပေပြီး စောင့်နေသည်။

"အင်း - အခုတော့လည်း မင်းပြောတာတွေ မှန်နေပြီပေါ့"

သူက ပြောသည်။

"ဘာအကြောင်းလဲ"

"နယူးယောက်မြို့လေ၊ မင်း တကယ်ချစ်တယ်ဆိုတဲ့ နယူးယောက်မြို့လေ"

သူက အယ်နီ၏ပတ်ဝန်းကျင်မှာ ရှိနေသည့် ပစ္စည်းပစ္စယများကို လက်နှင့် ဝှေ့ယမ်းပြသည်။

"ဒီမြို့ကို မင်း သဘောကျတယ်။ မင်း သဘောကျတဲ့ အတိုင်းပဲ ဒီလို ပတ်ဝန်းကျင်မျိုးနဲ့ ဒီလို ဘဝမျိုးကို ရောက်လာအောင် မင်း လုပ်တယ်။ အယ်နီ၊ မင်းအတွက် ကိုယ် အများကြီး ဂုဏ်ယူပါတယ်"

"ရှင်လည်း ရှင် ဖြစ်ချင်တဲ့ ဘဝကို ရအောင် ထူထောင်ခဲ့တာပါပဲ လိုင်ယွန်"

"ငွေရေးကြေးရေးအနေနဲ့ မအောင်မြင်ပါဘူး အယ်နီ။ အဆင့်အတန်း အနေနဲ့လည်း ထိပ်တန်းကိုရောက်အောင် အောင်မြင်တာ မဟုတ်ပါဘူး။

ဒါပေမယ့်၊ တစ်နည်းအားဖြင့်တော့လည်း မှန်ပါတယ်လို့ ဝန်ခံရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ် တကယ် လုပ်ချင်တဲ့အလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို ဖြစ်အောင် လုပ်နိုင်ခဲ့တာကိုး။ ဟိုတုန်းက မင်း ကိုယ့်ကိုပြောခဲ့ဖူးတာ ရှိတယ်။

'လူတိုင်း လူတိုင်းဟာ အဲဒီလို အခွင့်အရေးမျိုးကို အရယူဖို့အတွက် ကိုယ့်ကိုယ်ကို ပိုင်ကြတယ်' ဆိုတာလေ။

အဲဒီအတိုင်းပဲ မင်း ဆက်ပြီး ယုံကြည်နေလိမ့်ဦးမယ်လို့ ကိုယ်ထင်တယ်"

"ရှင် နယူးယောက်မှာ ဘာလာလုပ်နေတာလဲ"

"မင်းတို့ ရုပ်မြင်သံကြားလုပ်ငန်းတွေကို ကိုယ်တို့ဆီက အရှုးအမူး အထင်ကြီးနေကြပြီလေ။ မင်းတို့ဆီက အနုပညာသည်တွေ ချက်ချင်း ထိပ်တန်းရောက်ပြီး ကြီးပွားလာကြတာကိုလည်း အားကျနေကြတယ်။

ဒါကြောင့် အဲဒီ အကြောင်းတွေကို ရေးဖို့ ကိုယ့်သတင်းစာက ကိုယ့်ကို တာဝန်ပေးလိုက်တယ်။ သီချင်းကလေးတစ်ပုဒ်တည်းနဲ့ သန်းပေါင်းများစွာ ချမ်းသာသွားတဲ့ မိန်းကလေးတွေ အကြောင်းတို့၊ စက်ရုံကြီးတွေ ပိုင်တဲ့ ကောင်းဘွိုင်ရုပ်ရှင်မင်းသားဟာ ဘာကားမှ မရိုက်ရတော့ဘဲ ချွတ်ခြုံကျသွားတဲ့ အကြောင်းတို့ ရေးဖို့ပေါ့။

ပြီးတော့ လက်သည်းဆိုးဆေးကို ရုပ်မြင်သံကြားကနေ ကြော်ငြာရင်း သူဌေးမကြီးတွေ ဖြစ်သွားတဲ့ မိန်းကလေးတွေအကြောင်းပေါ့"

အယ်နီက ရယ်သည်။

"ဟိုမှာ ရုပ်မြင်သံကြား မရှိဘူးလား"

"အခုတော့ မရှိသေးဘူး။ ဒါပေမယ့် မကြာခင် ရှိတော့မှာပါ။ ကိုယ်တို့တိုင်းပြည်က မင်းတို့ထက် ဆယ်နှစ်လောက် ခေတ်နောက်ကျသွားတယ်။ ကိုယ်လည်း ကြိုတင် မြင်ဆင်ထားချိန် ရတာပေါ့လေ။ ကိုယ်က စာထိုင်ရေးနေချင်တဲ့ကောင်၊ ဝါသနာနဲ့တော့ ခပ်ဝေးဝေးပဲ။ ဒါပေမယ့် ပိုက်ဆံကောင်းကောင်းရတယ်။

နောက်ပြီးတော့ အမေရိကန်ကို လာလည်ဖို့ အခွင့်အရေးတစ်ခုလည်း ရလိုက်တာပေါ့ကွယ်"

"ဒီမှာ ဘယ်လောက် ကြာဦးမှာလဲ"

"ခြောက်ပတ်လောက်တော့ ကြာဦးမယ် ထင်တယ်"

"ဟင်နရီနဲ့ တွေ့ပြီးပြီလား"

"မနေ့တုန်းက နေ့လယ်စာ အတူတူစားကြတယ်။ ဟင်နရီလည်း စိတ်ပျက်နေတယ်။ သူ့လုပ်ငန်းတွေကို ရောင်းပစ်ချင်နေတယ်။ ဈေးဘယ်လိုစိကလည်း ငွေ ပိုလိုချင်တယ်။ တကယ်လို့ သူ လိုသလောက် မရရင် ဂျွန်ဆင်ဟားရစ်ကုမ္ပဏီက သူ့ကို ဆွဲသွားလိမ့်မယ် ထင်တယ်။ ဈေးနဲ့လည်း ကိုယ်တွေ့ပြီးပါပြီ။ ချောလို့လှလို့ပါပဲ။

ဒီလို မြင်ရပေမယ့် ကိုယ်ကတော့ သူ့ကို မနာလို မဖြစ်မိပါဘူး။ သူလုပ်နေရတဲ့ အလုပ်က သူသေကိုယ်သေ အပြိုင်အဆိုင် လုပ်နေရတဲ့ လုပ်ငန်းမျိုး မဟုတ်လား"

"လွယ်လွယ်နဲ့ ဖြစ်နိုင်တာဆိုတာ ဒီလောကမှာ ဘာမှ မရှိပါဘူး လိုင်ယွန်"

"မရှိနိုင်ပါဘူး၊ အခု ကိုယ်လုပ်နေတဲ့ သတင်းစာဆရာဘဝကိုပဲကြည့်။ ဘာမှ ကြီးကြီးကျယ်ကျယ် လုပ်ရသေးတာ မဟုတ်ဘူး၊ သာမန် အမည်ခံ သတင်းစာဆရာဘဝပဲ ရှိသေးတယ်။ သုတေသနလုပ်ငန်းတွေ လုပ်ရတယ်။ ကိန်းဂဏန်းတွေ အများကြီးနဲ့ ရင်ဆိုင်ရတယ်။ အပြန်ပြန်အလှန်လှန် ပြန်ပြီး စစ်ဆေးရတယ်။ ထိတ်ထိတ်ကြ စာရေးဆရာကိုယ် မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် အဲဒီဘဝမျိုးမှာပဲ ကိုယ် ပျော်ပိုက်တယ်"

လိုင်ယွန်က ကိုယ်ကို ရှေ့သို့ ကိုင်းပြီး အယ်နီ၏ လက်နှစ်ဖက်ကို ဆွဲယူလိုက်သည်။

"မင်းဘဝရော ဘာတွေ ဖြစ်နေသလဲ၊ လက်လည်း မထပ်သေးဘူး၊ သားတွေ သမီးတွေလည်း မမွေးသေးဘူး။ အခုအချိန်အထိ အပျိုကြီးဘဝနဲ့ နေနေတုန်းပဲလို့ ဟင်နရီက ကိုယ့်ကို ပြောလိုက်တယ်"

အယ်နီက အဝေးသို့ ငေးမျှော်ကြည့်လိုက်သည်။

သူ့မျက်နှာပေါ်တွင် သွေးရောင် လွှမ်းသွားလေရာ ရုပ်မြင်သံကြားရိုက်ရန် ခပ်ထူထူ လိမ်းထားသည့် မိတ်ကပ်များက ဖုံးလွှမ်းထားနိုင်ပါစေဟု မျှော်လင့်ရတော့သည်။

လိုင်ယွန်က သူ့လက်ကို မလွှတ်သေးဘဲ တင်းတင်းကြီး ဆုပ်ကိုင်ထားသည်။

"ကိုယ့်ဘဝကတော့ သုညမှာပဲ ရှိပါသေးတယ် အယ်နီ။ ဒီတစ်ခုတည်း အတွက်ပဲ ကိုယ် စိတ်မကောင်း ဖြစ်တာပါ။ မင်းလို မိန်းကလေးမျိုးကတော့ ရှားပါတယ် အယ်နီ။ မင်းလို ဖြစ်လာဖို့ကတော့ မလွယ်ပါဘူး။ ကိုယ် ဒီမှာ ရှိနေတုန်း မင်းနဲ့ သိပ်ကို တွေ့ချင်နေပါတယ်။ မင်းဘက်က မတွေ့နိုင်ဘူး ဆိုရင်လည်း ကိုယ် နားလည်နိုင်ပါတယ်။ ဟင်နရီ

www.burmeseclassic.com

www.burmeseclassic.com

ကလည်း မင်းနဲ့ ကေဗင်ဂေးလ်မိုးအကြောင်း ကိုပြော. . .”

“ကျွန်မကို ရှင် တွေ့နိုင်ပါတယ် လိုင်ယွန်”

အယ်နီက အလိုက်သင့် ပြန်ပြောသည်။

“သိပ်ကောင်းတာပေါ့၊ ဘယ်တော့လောက် တွေ့ရမလဲ”

“မနက်ဖြန်ညာ ရှင် ကျေနပ်မယ်ဆိုရင်ပေါ့လေ”

“ပျော်စရာ အကောင်းဆုံးပါပဲ။ မင်းကို ဘယ်မှာ လာတွေ့ရမလဲ”

“ကျွန်မ ဖုန်းဆက်ပါ့မယ်။ မနက်ဖြန် နေ့ခင်းပိုင်းမှာတော့ ကျွန်မ ချိန်းထားတာတွေ ရှိနေလို့ အပြင်မှာ အချိန်ကုန်နေလိမ့်မယ်”

အယ်နီက ခပ်မြန်မြန် ပြန်ဖြေသည်။

လိုင်ယွန်က သူတည်းနေသည့် ဟိုတယ်နှင့် ဖုန်းနံပါတ်ကို စာရွက်တစ်ရွက်ပေါ်မှာ ရေးပေးသည်။ သူ့အိမ်နှင့် သုံးပြလောက်သာ ကွာဝေးကြောင်း အယ်နီ သတိထားလိုက်မိသည်။ ပြုံးပြပြီး ခြောက်နာရီတွင် ဖုန်းဆက်ပါမည်ဟု ကတိပေးလိုက်သည်။ လိုင်ယွန်က ထိုင်ရာမှထပြီး အေးအေးဆေးဆေးပင် ပြန်ပြောသည်။

“ကိုယ်တို့ ညစာစားရင်း အစီအစဉ် လုပ်ကြတာပေါ့။ ကဲ- ကိုယ် သွားတော့မယ်။ မင်း ရုပ်မြင်သံကြား ပြန်မရိုက်ခင် မျက်နှာကို မြင်ရဦးမှာ မဟုတ်လား၊ မင်းအတွက် ကိုယ် မဖော်ပြနိုင်လောက်အောင် ဂုဏ်ယူပါတယ်ကွာ။ မနက်ဖြန်မှပဲ တွေ့ကြတော့မယ်နော်”

အချိန် အတော် ကြာသွားအောင် အယ်နီ တစ်ယောက်တည်း တိတ်ဆိတ်စွာ ထိုင်နေမိသည်။

လိုင်ယွန် ပြန်ရောက်လာပြီ။ ဘာအပြောင်းအလဲမှ မရှိ။ သို့သော်လည်း ပြောင်းလဲသည်ကတော့ ရှိနေသည်။ သူသည် အသက်နှစ်ဆယ်အရွယ် အပျိုကလေး မဟုတ်တော့။

နှစ်ပေါင်းများစွာ ကြာမြင့်မှုများအတွက် သူ့ဘက်မှာ အပြောင်းအလဲများကို ဖြစ်ပေါ်စေခဲ့သည်။ ကေဗင်နှင့် တွေ့နေရပြီ။ သူ့ကို ချစ်သော၊ ယုံကြည်မှုထားသော၊ သူ့ဘဝ မြင့်ဘက်လာအောင် မြှင့်တင်ပေးခဲ့သော ကေဗင် ရှိနေပြီ။

ယခု လိုင်ယွန် ရောက်လာသောအခါ ဘွင် လူတုံးလူအ တစ်ယောက်လို သူ ပြန်ပြီး ဆက်ဆံလိုက်မိသည်ဟု သူ့ကိုယ်သူ ပြန်စဉ်းစားနေမိသည်။ နှစ်ပေါင်းများစွာ သူ စိမ်းကားရက်စက်သွားသည်များကို စကားလေး တစ်လုံးလောက်မျှပင် ထုတ်ဖော် အပြစ်ဆိုမိခြင်း မရှိခဲ့။ ဘယ်လောက်များ မိုက်မဲလိုက်ပါသလဲ။

မနက်ဖြန် ကျလျှင်တော့ သူ့ကို ဖုန်းလှမ်းဆက်ပြီး မိမိ အလုပ် များနေသည်၊ မအားတော့ဟု ပြောရမည်။

အို - ဖုန်းလည်းဆက်မနေတော့ပါဘူး။ ဘာမှလဲ ပြောမနေတော့ပါဘူး။ သူ စောင့်နေပစေပေါ့။ သူ့ကို နှစ်ပေါင်းများစွာ ငါ စောင့်နေခဲ့ရသလို ငါ့ကိုလည်း သူ စောင့်နေပစေတော့ပေါ့။

သို့သော်လည်း မနက်ဖြန်တော့ သူ့ကို သွားတွေ့တော့မည် ဖြစ်ကြောင်း အယ်နီက သူ့ကိုယ်သူ ပြန်သိနေသည်။

ညစာ စားပြီးသွားကြသည်အထိ ထိုအကြောင်းနှင့် ပတ်သက်၍ ကေဗင်က ဘာစကားမှ မပြောဘဲနေသည်။ ညစာစားပြီးသွားသောအခါကျမှပင် သာမန် မေးရိုးမေးစဉ် သဘောမျိုးနှင့် နယူးယောက်မြို့သို့ လိုင်ယွန် ဘာကိစ္စ လာသနည်းဟု မေးသည်။

သတင်းစာတိုက်က တာဝန်ပေးလိုက်သည့် အကြောင်းများကို အယ်နီ ရှင်းပြသည်။ ကေဗင်က သူ့ အရက်ခွက်ကို စိုက်ကြည့်နေရင်းမှ အာရုံစိုက်ပြီး နားထောင်နေသည်။

ထို့နောက်မှ သူ စကားစသည်။

“အခုလို သူ့ကို ကိုယ် မြင်ဖူးတော့မှပဲ ကိုယ် သဘောပေါက် နားလည်နိုင်တော့တယ်။ အသက်နှစ်ဆယ်လောက်သာ ရှိသေးတဲ့ မိန်းကလေးတစ်ယောက် အဖို့တော့ လိုင်ယွန်ဟာ စွဲမက်စရာပါပဲ။ ဟုတ်တယ်၊ သူ့ရုပ်က အင်္ဂလိပ်ချော ချောပြီး စွဲမက်စရာပါပဲ။

ဒါပေမယ့်၊ အသက်ငယ်သေးတဲ့ မိန်းကလေးလည်း ဖြစ်ရမယ်၊ ရုပ်ချောချောကို စွဲမက်တတ်တဲ့ မိန်းကလေးလည်း ဖြစ်ရမယ်။ အဲဒီလို မိန်းကလေးမျိုးသာ သူ့ကို စွဲမက်ကြမှာပါ”

“ဟုတ်ပါတယ်၊ ဒါပေမယ့် လိုင်ယွန်မှာ သဘောကျစရာကောင်းတဲ့ အချက်ဟာ သူ့ရုပ်ရည်နဲ့ ဘာမှ မဆိုင်ပါဘူး”

အယ်နီက သူ့အရက်ခွက်ကို တင်းတင်းချင်း ငုံရင်း ပြန်ပြောသည်။

“ဟားဟား ကိုယ့်စိတ်ကို ကိုယ်ပြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



လှည့်စား မနေစမ်းပါနဲ့ကွာ။ ဒီငတိက သူ့အစွမ်းကိုသူ ကောင်းကောင်းသိတဲ့ လူစားမျိုးပါ။ သူရုပ်ချောတာကို လက်နက်ကောင်းတစ်ခုအနေနဲ့ အသုံးချတဲ့အကောင်ပါ။ ဒါမျိုးနဲ့ ပတ်သက်လာရင် အလကား အချိန်ဖြုန်းနေတတ်တဲ့ အကောင်စားမျိုး မဟုတ်ဘူး။

သူ့ကို ယောက်ျားတွေပါ သဘောကျလာအောင် ဘယ်လို လုပ်ရမယ်ဆိုတာ သူသိတယ်။ သူဟာ မင်းရဲ့ လိုင်ယွန်ဘတ်သာ မဟုတ်ဘူးဆိုရင် ကိုယ်လည်း သဘောကျမိမှာ အမှန်ပဲ"

ကေဗင်က စိတ်အနှောင့်အယှက် ဖြစ်သွားသည့်လေသံမျိုးနှင့် ပြန်ပြောသည်။

အယ်နီက ပြုံးပြီး စီးကရက် လှမ်းဆွဲယူသည်။

"အယ်နီ၊ တစ်ခု ပြောစမ်းပါ။ ကိုယ့်စိတ်ကို ငြိမ်အောင် ကိုယ် ကြိုးစားနေရပါတယ်။ ကိုယ့်ကို ကူညီပါ။ ကိုယ့်စိတ်ထဲမှာ အမှတ်အသားကလေးတစ်ခု ဖြစ်ကျန်ရစ်ခဲ့အောင် ပြောစမ်းပါ။ မင်းစိတ်ထဲမှာ လှုပ်ရှားကျန်ရစ်အောင် သူ လုပ်သွားတယ် မဟုတ်လား"

"တော်ပါတော့ ကေဗင်၊ ဒီအကြောင်းတွေ ပြောရရင် ရှင့်ကို ကျွန်မ လိမ်နေသလို ဖြစ်တော့မယ်"

"မင်း သူနဲ့ ထပ်မတွေ့တော့ဘူးလား"

"ရှင်က မတွေ့နဲ့လို့ ပြောရင် ကျွန်မ မတွေ့ပါဘူး"

"ဒါပေမယ့် မင်းကတော့ တွေ့ချင်တယ် မဟုတ်လား"

'မတွေ့ချင်ပါ'ဟူသော အဖြေမျိုးကိုသာ သူ ကြားချင်နေသည်။

အယ်နီက သူနှင့် မျက်လုံးချင်း မဆိုင်မိအောင် မျက်နှာကို တိမ်းလိုက်သည်။

"သူနဲ့ကျွန်မ တွေ့လိုက်ရင် သဘောထားကြီးရာ ရောက်ပါတယ်။ ကျွန်မတို့ နှစ်ယောက်စလုံးက သဘောထားကြီးရာ ရောက်ပါတယ်။ သူဟာ သိပ်ကို စွဲမက်စရာ ကောင်းခဲ့တယ်လို့ ကျွန်မ ထင်ခဲ့တာတွေဟာ အခုအချိန်မှာ ကလေးကလားတွေ ဖြစ်နေပါပေါ့လား ဆိုတာကို ကျွန်မ မြင်ချင်တယ်။ ရှင်ပြောသလိုပဲ သူ့ပုံသဏ္ဍာန်ဟာ တစ်စုံတစ်ယောက်ကို စွဲမက်နိုင်စေတယ် ဆိုတာ. . .။

ဒါပေမယ့် အခုအချိန်မှာ လိုင်ယွန်ဘတ်ဟာ ဘာနဲ့တူနေတယ် ဆိုတာကို ကျွန်မ မသိပါဘူး။ ဘယ်တုံးကမှ ကျွန်မ မသိခဲ့တာလည်း ဖြစ်နိုင်ပါတယ်။ ကျွန်မ ဖြစ်စေချင်တဲ့ ပုံမျိုးကို ကျွန်မဟာကျွန်မ စိတ်ကူးနဲ့ ဖန်တီးကြည့်ခဲ့တာလည်း ဖြစ်နိုင်ပါတယ်။

ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဟင်နရီကလည်း *ကျွန်မကို သတိပေးခဲ့ဖူးပါတယ်။* ဒါပေမယ့် ကျွန်မတို့နှစ်ယောက် စိတ်ချမ်းသာဖို့ အခွင့်အရေးမျိုးကို ရအောင် ယူချင်ကြတယ်ဆိုရင် ကျွန်မအနေနဲ့ နည်းလမ်းရှာဖို့ လိုလာပါတယ်"

"ဒီခွေးမသားကို သူ့သတင်းစာတိုက်က တာဝန်ပေးပြီး လွှတ်လိုက်တဲ့အတွက် ကိုယ်တို့ အစီအစဉ်တွေ အားလုံးကို စွန့်ပစ်လိုက်ရမယ်လို့ မင်းက ဆိုလိုတာလား အယ်နီ။ ဒီကောင် အခုလိုသာ တာဝန်နဲ့ ရောက်မလာရင် မင်းလည်း သူ့ကို ဘယ်တော့မှ ပြန်တွေ့ရမှာ မဟုတ်ဘူး။ မင်းဆီကို သူ ဘယ်တော့မှ လာမှာ မဟုတ်ဘူး။ ဒါကို မင်း သိပါတယ်"

"ဒါတွေကို ကျွန်မ သိပါတယ် ကေဗင်၊ ကျွန်မ ဂရုစိုက်တာက ရှင့်ကိုပါ။ သည်းလိုက်အူလိုက် ရှင့်အတွက်ပဲ ဂရုစိုက်ပါတယ်။ ကျွန်မတို့နှစ်ယောက် နှစ်ပေါင်းများစွာ အတူနေခဲ့ကြတာပဲ။ ဒါဟာ မပြိုကွဲ မပျက်စီးနိုင်ဘူး။ ဒါပေမယ့် လိုင်ယွန်ဟာ တစ်ခုခုတော့ တစ်ခုခုပဲ။ တစ်ခုခုကြောင့် ဒီတိုင်းပြည်ကနေ အပြီးထွက်သွားတာပဲ။ ဘာကြောင့် ဒီလိုလုပ်ထွက်သွားတယ် ဆိုတာကို ကျွန်မ နားမလည်ခဲ့ဘူး။ ဒီအဖြေကို ရအောင်တော့ ကျွန်မ ရှာရလိမ့်မယ်"

"မလုပ်ပါနဲ့ အယ်နီ၊ သူ့ကို မတွေ့ပါနဲ့တော့"

ကေဗင်၏အသံက ငိုသံပါလာသည်။

"ကေဗင်၊ လူတွေ ရှိနေတယ်လေ"

အယ်နီက ဟိုတယ်တွင်းသို့ စိတ်မသက်မသာနှင့် လှည့်ကြည့်သည်။

သူက အယ်နီ၏လက်ကို လှမ်းဆွဲယူလိုက်သည်။ ဖန်ခွက်ကို လက်နှင့် တိုက်မိသောကြောင့် ရေများ ဖိတ်ကျလု ဖြစ်သွားသည်။

"အယ်နီ. . . အယ်နီ၊ မင်းဟာ ကိုယ့်ဘဝပါကွယ်။ မင်း မရှိဘဲနဲ့ ကိုယ် အသက်ရှင်နေလို့ မရတော့ပါဘူး"

"မဖြစ်စေရပါဘူး ကေဗင်"

"ဒါ ကိုယ့်ကို ကတိပေးတာလား"

www.burmeseclassic.com

www.burmeseclassic.com

သူက အယ်နီကို စိုက်ကြည့်နေသည်။

သူ့မျက်လုံးထဲမှာ မျက်ရည်များ ပြည့်နေပြီဖြစ်ကြောင်း အယ်နီ မြင်လိုက်ရလေသည်။

"ကျွန်မ ကတိပေးပါတယ်"

ဟုလည်း စိတ်ထိခိုက်စွာနှင့် ပြောလိုက်ရတော့သည်။

* * *

နောက်တစ်နေ့တွင် အယ်နီသည် ဘာကိုမှ ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ဘဲ ချီတုံချတုံ ဖြစ်နေသည်။ အကြိမ်ပေါင်း တစ်ဒါဇင်ထက် မနည်း တယ်လီဖုန်းကို ကိုင်သည်။ လိုင်ယွန်၏ ဖုန်းနံပါတ်ကို လှည့်သည်။

သို့သော်လည်း တစ်ကြိမ်မျှ ပြီးဆုံးအောင် မလှည့်ဖြစ်။ တစ်ဝက်တစ်ပျက်နှင့် ဖုန်းကို ပြန်ချမိခဲ့သည်သာ ဖြစ်သည်။

ယနေ့ည မိမိတို့ တွေ့မည့်အစီအစဉ်ကို ဖျက်လိုက်ဖို့ ပြောရန် ဖြစ်သည်။ သူနှင့် အတွေ့မခံခြင်းသာလျှင် အကောင်းဆုံး ဖြစ်လိမ့်မည်ဟု စဉ်းစားမိသည်။သို့မှသာ အရာရာ အဆင်ပြေလိမ့်မည်။ တစ်ဖက်ကလည်း သူနှင့် သွားတွေ့ချင်နေသည်။ ကေဗင်ကို ခွဲမသွားပါဟုသာ ကတိပေးခဲ့သည်။ လိုင်ယွန်နှင့် မတွေ့တော့ပါဟု ကတိပေးခဲ့ခြင်းကား မဟုတ်။ သူနှင့် တွေ့ကို တွေ့ရပါမည်။

ညခုနစ်နာရီတွင် လစ်တဲလ်ကလပ်မှာ သူတို့နှစ်ယောက် ဆုံကြသည်။

ကလပ်ထဲသို့ အယ်နီ ဝင်သွားသောအခါ လိုင်ယွန်က ဘားခန်းထဲမှာ ထိုင်နှင့်နေသည်။ ထိုင်ရာမှထပြီး စားပွဲတစ်လုံးရှိရာသို့ အယ်နီကို ခေါ်သွားသည်။

"မင်းလို နာမည်ကြီး တစ်ယောက် အနေနဲ့ ဘားခန်းထဲမှာ ထိုင်ဖို့ မတော်ဘူးလေ"

လိုင်ယွန်က ပြောသည်။

သောက်စရာ အရက်များ မှာကြသည်။ လိုင်ယွန်က အယ်နီကို ရွှန်းရွှန်းစားစား ကြည့်နေသည်။

"အယ်နီ၊ မင်း သိပ်လှတာပဲ။ ဘာအပြောင်းအလဲမှကို မရှိဘူး။ အင်း- ဒီစကားလည်း မမှန်သေးဘူး၊ တကယ်ကတော့ ပိုပြီး ချစ်စရာကောင်းလာတယ်"

"ရှင်လည်း ကြည့်ကောင်းနေတာပါပဲ"

အယ်နီက နှုတ်ခမ်းကို မဲ့ပြီး ပြန်ပြောသည်။

"မင်းအကြောင်းကို ကိုယ် မကြာခဏ စဉ်းစားမိပါတယ်။ တစ်ခါတလေ မင်းကို လွမ်းရတဲ့အခါများမှာ မဟုတ်တဲ့ အတွေးတွေ တွေးပြီးတော့ ကိုယ့်စိတ်ကို သက်သာအောင် ဖြေရတယ်။ မင်းဟာ ဘုတ်ဆုံကြီးလိုဖြစ်ပြီး သိပ်ဝနေပြီပေါ့လေ။ သားသမီး ဘုစုခရုတွေ ခြောက်ယောက်၊ ခုနစ်ယောက်ကလည်း မင်းကို ဖက်ကြ တွယ်ကြနဲ့ပေါ့လေ။

အဲဒီလို ဖြစ်နေပြီလို့ တွေးကြည့်ရတယ်။ ဒီလို စိတ်ကူးကြည့်မိတဲ့အခါမှာ အနည်းဆုံးတော့ ကိုယ့်လက်နှိပ်စက်ရှေ့မှာ ကိုယ်ပြန်ထိုင်ပြီး စာရေးဖြစ်သွားတယ်"

အယ်နီက ရယ်သည်။

"အိုး - လိုင်ယွန်၊ ကျွန်မကတော့ ရှင်ဟာ ခေါင်းပြောင်ကြီးနဲ့ ဖြစ်နေပြီလို့ အမြဲတမ်း စိတ်ကူးကြည့်နေတာ"

ထို့နောက်ပိုင်းမှာတော့ သူတို့ နှစ်ယောက် နေတတ်ထိုင်တတ် ဖြစ်သွားကြသည်။ ဂျနီဖာအကြောင်းကို အယ်နီက ပြောပြသည်။ သို့သော်လည်း အဖြစ်မှန်ကိုတော့ ပြောမပြတော့ပေ။

ဂျနီဖာကို သည်အတိုင်း စွဲမက်နေစေချင်သည်။ ကင်ဆာရောဂါဆိုးကြောင့် ဂျနီဖာ၏ အလှရုပ်ပုံလွှာကလေး ပျက်စီးမသွားစေချင်ပါ။

နီလီအကြောင်းကိုလည်း ဆွေးနွေးကြသည်။ထိုအကြောင်းကို ဟင်နရီ ပြောပြသဖြင့် သိထားပြီးပါပြီဟု ဆိုသည်။

သို့သော်လည်း သူသိခဲ့ဖူးသည့် ရွှန်းလဲ့သော မျက်လုံးကလေးများနှင့် ချောမောလှပသည့် နီလီလို မိန်းကလေးသည် ဤအဖြစ်မျိုး ဖြစ်သည် ဆိုခြင်းကို သူ မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရပါသည်ဟု ဆိုသည်။

"ဒီကလေးမဟာ ပြိုင်ဘက် မရှိအောင်ကို တော်တာပဲ။ အင်္ဂလန်မှာ ဆိုရင်လည်း ကြောက်စရာ ကောင်းလောက်အောင်ကို ကျော်ကြားတယ်။ သူကားတွေဟာ မယုံကြည်နိုင်စရာ ကောင်းလောက်အောင်ကို ကောင်းတာပဲ။ သူဟာ ကနေ့ထက်တိုင်အောင် တကယ့်အနုပညာသည်ဘဝမှာပဲ ရပ်တည်နေတာပါပဲ။ အဲဒီ ဆေးရုံကနေပြီး သူ ဆင်းလာမှာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အယ်နီ၏ မျက်လုံးများမှာ ရီဝေသွားသည်။

"နီလီဟာ သူ့ကိုယ်သူ ပြန်ပြီး ဖျက်ဆီးတတ်တဲ့ စိတ်ရောဂါမျိုး ဖြစ်နေတယ်လို့ သူတို့က ပြောတယ်။ ဒါကြောင့် ကင်းကင်းရှင်းရှင်း ပျောက်သွားဖို့ ဆိုတာကတော့ မဖြစ်နိုင်ဘူးတဲ့။ အဲဒီစိတ် လျော့ပါးသွားအောင်ပဲ လုပ်လို့ရမယ်။ ဒါပေမယ့် သူ့အလုပ်တွေကို သူ ပြန်လုပ်နိုင်ပြီး လူတွေနဲ့တော့ ဆက်ဆံပေါင်းသင်းသွားလို့ ရတယ်လို့ ဆရာဝန်တွေက ပြောတာပဲ"

လိုင်ယွန်ကလည်း သက်ပြင်းချလိုက်သည်။

"ဒါကြောင့်မို့လို့လည်း ကိုယ်ဟာ သိပ်အောင်မြင်တဲ့ စာရေးဆရာ ဖြစ်မလာတာနဲ့ တူတယ်။ သိပ်ကို အောင်မြင်တဲ့ အနုပညာသည်တွေဟာ နည်းနည်းပါပါးတော့ စိတ်ရောဂါရှိကြတယ်လို့ ကိုယ် ထင်တယ်။ ကိုယ်ကတော့ ပုံမှန်ပါပဲ။ ခေါင်းနဲ့ ခေါင်းအုံး ထိလိုက်တာနဲ့ အိပ်ပျော်တော့တာပဲ။ အိပ်ပျော်ဖို့အတွက် အရက်သောက်ရတာတို့၊ အက်စပရင်ဆေး သောက်ရတာတို့ မရှိဘူး"

"ကျွန်မကတော့ ဒုတိယတန်းစားလောက်မှာများ ရှိနေသလား မသိဘူး။ ဆေးလိပ်တော့ အသောက်များတယ်။ အရက်ကတော့ တစ်ခွက်လောက်နဲ့ ပြီးတာ များတယ်ပါပဲ။ တစ်ခါတလေကျတော့ ညဥ့်နက်ပိုင်း ရုပ်ရှင်ကြည့်နေရင်း တစ်ဝက်တစ်ပျက်လောက်နဲ့ အိပ်ပျော်ချင် ပျော်သွားတတ်တယ်"

အယ်နီက ရယ်ရင်း ပြန်ပြောသည်။ လိုင်ယွန်ကလည်း ပြန်ရယ်သည်။

"မဟုတ်ပါဘူး အယ်နီ၊ မင်းဟာ ပထမတန်း အမျိုးအစားထဲမှာ ပါပါတယ်။ မင်းနဲ့ တူတဲ့ မိန်းကလေးမျိုး မရှိသေးပါဘူး။ တကယ့်ကို မရှိသေးတာပါ။ ကိုယ်တွေ့ဖူးခဲ့သမျှ မိန်းကလေးတွေ အားလုံးဟာ နောက်ဆုံးတော့ မေ့ပစ်လိုက်ရတာချည်းပါပဲ။ မင်းကို စွဲမက်ရသလို ဘယ်သူ့ကိုမှ မစွဲမက်ဖူးသေးပါဘူး"

ညစာစားကြရင်း နယူးယောက်မြို့အကြောင်းကို သူတို့ ပြောကြသည်။ လိုင်ယွန်က သူ သတိထားမိသည့် အပြောင်းအလဲများ အကြောင်းကို ပြောပြသည်။

လိုင်ယွန်က အယ်နီကို အိုင်းရစ်ကော်ဖီ တိုက်သည်။အယ်နီကလည်း ချက်ချင်း ခံတွင်းတွေ့သွားသည်။ကော်ဖီကောင်းကြောင်း ပြောနေဆဲမှာပင် လိုင်ယွန်က သူ့ဘက်သို့ ရုတ်တရက် လှည့်လာသည်။

"ကိုယ့်စိတ်ထဲမှာတော့ ဘာအပြောင်းအလဲမှ မရှိသေးပါဘူး အယ်နီ။ အခုလို ပြန်တွေ့ရပြန်တော့လည်း မင်းကို ကိုယ့်ရင်ခွင်ထဲမှာ ပွေ့ထားလိုက်ချင်တယ်။ ကိုယ်တို့နှစ်ယောက်ဟာ ဘယ်တုံးကမှ မခွဲဘူးသေးတဲ့ လူနှစ်ယောက်အနေနဲ့ စိတ်ထဲမှာ ခံစားနေရတယ်"

"ကျွန်မလည်း ရှင့်ရင်ခွင်ထဲမှာ ဝင်နေလိုက်ချင်ပါတယ် လိုင်ယွန်"

"တကယ် ပြောတာနော်၊ ဒီလိုဆိုရင် အခုည စားတာသောက်တာတွေ ကိုယ် ရှင်းပေးလိုက်ပါရစေ။ ပြီးရင် ကိုယ်တို့ ဒီထဲက အပြင်ကို ထွက်ကြရအောင်"

တကယ် ကြုံရပြန်တော့လည်း မယုံကြည်နိုင်စရာ ဖြစ်နေသည်။ လိုင်ယွန်၏ဘေးမှာ အယ်နီ လဲလျောင်းနေမိသည်။ ဖွာထုတ်လိုက်သဖြင့် တလိပ်လိပ် တက်သွားသည့် ဆေးလိပ်မီးခိုးများကို ငေးကြည့်နေမိသည်။

လိုင်ယွန်နှင့် တွေ့လိုက်ရသောအခါတွင် သူ ပြောသည့်စကားများကို ယုံကြည်ပစ်လိုက်သည်။ သူ့ရင်ခွင်ထဲသို့ ပြေးဝင်ဖို့ အတွက်လည်း နည်းနည်းကလေးမှ တုံ့ဆိုင်းမနေမိ။ ဘာအတားအဆီးမှ မရှိ၊ ဘာအဟန့်အတားမှ မရှိ။ ကေဗင်နှင့် တည်ဆောက်ရမည့် ဘဝကို စွန့်လွှတ်ပြီး သည်လိုအချစ်မျိုးကိုပင် ရအောင် ယူရတော့မည်လော။

"အင်မတန် ကြည်နူးစရာ ကောင်းပါတယ် အယ်နီ၊ မင်းနဲ့ အတူနေရတဲ့အခါတိုင်းမှာ ကိုယ် စိတ်ချမ်းသာရပါတယ်"

"ကျွန်မလည်း ဒီအတိုင်းပါပဲ မောင်ရယ်"

"ဒါပေမယ့် အချစ်ရယ်၊ ကေဗင်ဂေးလ်မိုးက ရှိနေသေးတယ် မဟုတ်လား။ သူက မင်းနဲ့ လက်ထပ်ချင်တဲ့အကြောင်းကို လူတိုင်း သိနေကြတယ်။ မနေ့တုန်းက မင်းတို့ ရုပ်မြင်သံကြား ရိုက်နေတဲ့ဆီကို လာတာကလည်း မတော်တဆ ရောက်လာတာ မဟုတ်ပါဘူး။

အမှန်ကတော့ ကေဗင်ဂေးလ်မိုးနဲ့ မင်းကို တွေ့ချင်လို့ တမင်လာခဲ့တာပါ။ ဒါပေမယ့် ဂျယ်ရီရစ်ချတ်ဆန်ကို တွေ့ချင်လို့ လာတာပါလို့ အကြောင်းပြရတယ်"

www.burmeseclassic.com

www.burmeseclassic.com



အယ်နီက သူ့ရင်ခွင်ထဲမှ ရုန်းထွက်ပြီး ထထိုင်သည်။

"ကျွန်မ ဘာလုပ်နေရမှာလဲ မောင်၊ မောင် ပြန်လာမယ့်ရက်ကို မသေမချာ မရေမရာနဲ့ နှစ်ပေါင်းများစွာ ဒီအတိုင်း ထိုင်စောင့်နေရမှာလား။ ပြောစမ်းပါဦး မောင်၊ မောင့်ဆီက စာကလေးတစ်စောင်တောင် ရောက်လာတာ မဟုတ်ဘူး။ ဘာသတင်းစကားမှလဲ မကြားရဘူး။ ဘာဆို ဘာအဆက်အသွယ်မှ မောင် လုပ်ခဲ့တာ မဟုတ်ဘူးလေ"

လိုင်ယွန်က အယ်နီ၏ပါးစပ်ကို လက်ချောင်းကလေးများနှင့် လှမ်းပိတ်ထားလိုက်သည်။

"တော်ပါတော့ကွယ်၊ ကိုယ် သဘောပေါက်ပါတယ်။ ကိုယ် စာရေးချင်ခဲ့ပါတယ်။ အို - ရေးချင်တာ မဟုတ်ပါဘူး။ စာအစောင်စောင်ကို ရေးခဲ့ပါတယ်။ ဒါပေမယ့် အဲဒီစာတွေကို တစ်ခါမှ မပို့ဖြစ်ခဲ့ဘူး။ ဒီလိုဖြစ်ရတာကလည်း ကိုယ့်ဟာကိုယ် တလွဲမာနတွေ ထားနေမိလို့ ဖြစ်ရတာပါ။ စာအုပ်တစ်အုပ် ရေးပြီဆိုရင် ဒီစာအုပ်ဟာ အောင်မြင်ရမယ်လို့ ကိုယ်ထင်ခဲ့တယ်။ စာအုပ်တိုင်းမှာ ဒီလိုပဲ ထင်ခဲ့တယ်။

အဲဒီလို အောင်မြင်ပြီးတော့မှ ကိုယ်ဟာ သူရဲကောင်းကြီးတစ်ယောက်လို ပြန်လာပြီး ကိုယ်ချစ်တဲ့ချစ်သူကို အရ ပြန်ယူတော့မယ်လို့ စိတ်ကူးခဲ့မိတယ်။ ဒီလို အချိန်မျိုးမှာ ကိုယ့်ချစ်သူဟာ ဘယ်လို လူမျိုးနဲ့ပဲ ချစ်နေချစ်နေပေ့ါလေ။

ဒါပေမယ့်၊ကိုယ်လည်းပဲ အောင်မြင်တဲ့ သူရဲကောင်းကြီး ဖြစ်မလာဘူး။ နောက်ပြီးတော့ ကေဗင်ဂေးလ်မီး ဆိုတာကလည်း သူလိုကိုယ်လို သာမန် လူမျိုးတစ်ယောက် မဟုတ်ဘူး။ သူဟာ လူတော်လူကောင်းတစ်ယောက်ပါ အယ်နီ။ အခုဆိုရင်လည်း သူဟာ မင်းအတွက် အိမ်မြှောင်အမြီးပြတ်လို ဖြစ်နေပြီလို့ ကိုယ် ကြားရတယ်"

အယ်နီက တစ်စုံတစ်ရာကို ပြန်မပြောဘဲ ငြိမ်နေသည်။

"တကယ်လို့ ကိုယ့်မှာသာ တင်းခံနိုင်တဲ့ သတ္တိမျိုး ရှိမယ်ဆိုရင် ဒီည နောက်ပိုင်းမှာ မင်းကို ကိုယ် ထပ်မတွေ့တော့ဘူး"

"လိုင်ယွန် . . ."

အယ်နီ၏ အသံထဲမှာ စိုးရိမ်ထိတ်လန့်သည့်အသံ ပါသွားသည်။

လိုင်ယွန်က ရယ်သည်။

"တကယ်လို့ ကိုယ့်မှာသာ တင်းခံနိုင်တဲ့ သတ္တိမျိုး ရှိမယ်ဆိုရင်လို့ ကိုယ် ပြောတာပါ အယ်နီ။ တကယ်ကတော့ ကိုယ့်မှာ အဲဒီလို သတ္တိမျိုး ဘယ်တုံးကမှ မရှိခဲ့ပါဘူး။ မင်းနဲ့ တွေ့မိတဲ့အတွက် ကိုယ့်ဘဝ အစိတ်စိတ် အမွှာမွှာ ကြေမွသွားမယ် ဆိုရင်လည်း ကိုယ် ဖွတ်တွေ့မှာပဲ။ ကိုယ် ဒီတိုင်းပြည်မှာ နေနေရဦးမှာပဲ အယ်နီ။

ဒီလို နေနေရတဲ့ အချိန် အတွင်းမှာ ကိုယ့်ကို မင်း တွေ့ချင်တဲ့ အချိန်မှာ တွေ့နိုင်ပါတယ်။ အချိန်မရွေး မင်းအတွက် ကိုယ် အသင့်ဖြစ်နေပါတယ်။ ဒါပေမယ့် ကိုယ့်အနေနဲ့ကတော့ ဒါလောက်ပဲ တတ်နိုင်တော့တယ်"

"ဒီစကားက ဘယ်လို အဓိပ္ပာယ်လဲ"

"သတင်းစာတိုက်က ကိုယ့်ကိုပေးထားတဲ့ တာဝန် ပြီးဆုံးသွားရင် လန်ဒန်ကို ပြန်ရမယ်။ စာအုပ်အသစ်တစ်အုပ်လည်း ကိုယ် ရေးရဦးမယ်။ ပထမ အကြမ်းထည်တော့ ရေးပြီးသွားပြီ"

"ဒီမှာ နေပြီးတော့ရော စာရေးလို့ မရနိုင်ဘူးလား"

"ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ကိုယ် ဒီမှာ မနေနိုင်ဘူး။ လူတန်းစေ့ရုံလောက်တောင် နေနိုင်မှာ မဟုတ်ဘူး။ ဟိုမှာတော့ ကိုယ်နေစရာ တိုက်ကလေးတစ်လုံး ရှိတယ်။ အပိုဝင်ငွေရဲ့အောင် ဆောင်းပါးတွေ ရေးတယ်။ ဘဝကတော့ တစ်မျိုးပဲပေ့ါ အယ်နီ။ ဒါပေမယ့် ကိုယ် သဘောကျတယ်။ ကိုယ့်ဟာကိုယ် ရပ်တည်နိုင်အောင် ဆောင်းပါးကလေးတွေ ရေးတယ်။ ကျန်တဲ့အချိန်တွေမှာ ကိုယ် ရေးချင်တဲ့စာကို ထိုင်ရေးနေလိုက်တော့တာပဲ။ တစ်ကိုယ်တော်ဘဝနဲ့ ရပ်တည်နေရတာပါ။

ဒါပေမယ့်၊ ကိုယ့်မှာ အမြဲတမ်း မျှော်လင့်ချက် ရှိနေတယ်။ အခု ရေးနေတဲ့စာအုပ်ဟာ အောင်မြင်တော့မယ် ဆိုတာမျိုးပေ့ါလေ။ တစ်အုပ်ရေးတိုင်း အဲဒီလို မျှော်လင့်ချက် ရှိခဲ့တယ်။ ကိုယ် စာရေးနေတဲ့လုပ်ငန်းကို ကိုယ်ယုံကြည်တယ်။ကိုယ် ကြိုးစားနေတဲ့အလုပ်ကို ကိုယ်ယုံကြည်တယ်။ ဒီအတွက်တော့ မင်းကို ကျေးဇူးတင်ရမှာပါပဲ။ ကိုယ်လုပ်ချင်တာကို လုပ်နေရတဲ့အတွက် မင်းကိုတော့ ကိုယ် လက်လွှတ်ဆုံးရှုံးလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်လေ၊ တခြားနည်းလည်း မရှိတော့ဘူး မဟုတ်လား"

"ဘာဖြစ်လို့ မရှိရတော့မှာလဲ၊ အမှန်ကတော့ ဘာဘယ်ရီ စားသောက်ဆိုင်ထဲမှာ တုန်းက ကျွန်မပါးစပ်ကို ကျွန်မ ပိတ်ထားနိုင်ခဲ့မယ်ဆိုရင်၊ ဒါမှမဟုတ် ရှင်စာရေးဖို့ကို ကျွန်မ မတိုက်တွန်းခဲ့ဘူးဆိုရင် အခုလောက်ဆို ရှင်ဟာ ဒီမြို့မှာ အအောင်မြင်ဆုံး မန်နေဂျာ တစ်ယောက် ဖြစ်နေပြီ။ ကျွန်မတို့လည်း သားတွေ၊ သမီးတွေ ရနေပြီး . . ."

"သားတွေ၊ သမီးတွေ ရနေပြီး တစ်ယောက်ကို တစ်ယောက်လည်း မုန်းကုန်ကြပြီ မဟုတ်လား၊ မဖြစ်နိုင်ပါဘူး အယ်နီ။ မင်းက အောင်မြင်ဖို့ အာရုံစိုက်နေတဲ့အတွက် ကိုယ်တို့ နှစ်ယောက် လက်ထပ်ဖြစ်ကြမှာလည်း မဟုတ်ပါဘူး။

နောက်ပြီး လောရင့်စ်ဗီးလ်မှာ မနေနိုင်လောက်အောင် မင်းဘက်က ခါးခါးသီးသီး ဖြစ်နေတဲ့အတွက် ကိုယ်တို့ လက်ထပ်ဖြစ်ကြမှာ မဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် ကိုယ်ဟာ တစ်ယောက်တည်း အထီးကျန်ဖြစ်နေရမှာပါပဲ။

ဒါပေမယ့်၊ အခုလို မင်းနဲ့ ပြန်တွေ့ခွင့်ရတဲ့အတွက် ကိုယ် သိပ်ဝမ်းသာတယ်။

လန်ဒန်ကို ပြန်ရောက်သွားပြီးတဲ့နောက် မိုးတစွေစွေ ရွာနေတဲ့ညတွေမှာ တစ်ယောက်တည်းနေရင်း မင်းနဲ့ အခုလို နေခဲ့ရတာလေးတွေကို ပြန်တွေးပြီး ကြည်နူးရတော့မှာပေါ့"

လိုင်ယွန်ကို အယ်နီက တင်းတင်းကျပ်ကျပ် ပွေ့ထားသည်။ လိုင်ယွန်ကို ချစ်ရသည်မှာ မည်သည့်အရာနှင့်မျှ မတူပါကလားဟုလည်း စိတ်ထဲမှာ တွေးနေမိသည်။

အယ်နီ သူ့အခန်းသို့ ပြန်ရောက်လာသောအခါ အရုဏ်တက်နေပြီ။

အခန်းတံခါး သော့ပေါက်ထဲသို့ သော့ထိုးထည့်လိုက်သည့် အချိန်တွင် အခန်းထဲမှ မီးရောင်ကို မြင်ရသည်။

"ဘာကြောင့်များ အခုလို အစောကြီး မင်းပြန်လာနိုင်တာလဲ၊ မိုးတောင် မလင်းသေးဘူး"

ဧည့်ခန်းထဲထိုင်ပြီး ဆေးလိပ်သောက်နေသည့် ကေဗင်က ဆီးမေးသည်။

အယ်နီက သူ့ဆီသို့လျှောက်သွားပြီး သူ့ပါးစပ်ထဲမှ စီးကရက်ကိုဆွဲဖြုတ်ယူလိုက်သည်။

"ရှင် နှလုံးရောဂါ ရကတည်းက ဆေးလိပ် မသောက်ရဘူး မဟုတ်လား။ ဘာဖြစ်လို့ ရှင် ဒီလို လုပ်ပြနေရတာလဲ"

"ကိုယ့်ကျန်းမာရေးကို ဘာများ ဂရုစိုက်နေစရာရှိတော့လို့လဲ။ ဒီညလွန်သွားရင် ကိုယ့်မှာ အနာဂတ် ဆိုတာလည်း ရှိတော့တာမှ မဟုတ်ဘဲ"

"ကေဗင်၊ ရှင် ဘာဖြစ်လို့ ဒီကို လာတာလဲ"

"ဘာကြောင့်လဲဆိုတော့ မင်းနဲ့သူ အတူတူ ရှိနေတယ် ဆိုတာကို သိလို့ပေါ့။ အဲဒီအကြောင်း ပြောပြစမ်းပါဦး။ အခုလို အချိန်စောစောစီးစီးကြီး သူက မင်းကို ပြန်လွှတ်လိုက်သတဲ့လား။ မင်းတို့ ဘာတွေ လုပ်ကြတယ်ဆိုတာ ပြောပြစမ်းပါဦး"

"ဒါတွေ ပြောမနေပါနဲ့၊ ရှင် ဒီအတိုင်းထိုင်နေဖို့ မကောင်းဘူး။ ကဲ - လာ၊ ဒီညဒီမှာအိပ်မယ်ဆိုရင်လည်း သွားအိပ်ချေတော့"

"မင်းက ကိုယ်နဲ့များ အတူတူ အိပ်ချင်သေးလို့လား။ မပြောလိုက်ချင်ပါဘူးကွာ"

"ကေဗင်၊ ဒါတွေ ပြောမနေပါတော့နဲ့ဆို။ ရှင်နဲ့ ပတ်သက်ပြီး ကျွန်မစိတ်ထဲမှာ ဘယ်လိုမှ မရှိပါဘူး။ ရှင့်ကျန်းမာရေး အကြောင်းကိုလည်း ကျွန်မ နားလည်ပါတယ်။ နောက်ပြီးတော့ . . ."

"နောက်ပြီးတော့ ကိုယ် အသက်ကြီးပြီဆိုတာလည်း နားလည်ပါတယ် မဟုတ်လား။ ပြောလေ၊ မင်း ဒါကို ပြောမလို့ပဲ မဟုတ်လား"

"လိုင်ယွန်နဲ့ကျွန်မ ဒီကနေ့ည ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့၊ ရှင့်အပေါ်မှာ ကျွန်မထားတဲ့ စိတ်ထားကတော့ ဘာမှ ပြောင်းလဲမသွားပါဘူး"

"မင်းပြောတဲ့အတိုင်းပဲ ကိုယ်က နေရတော့မှာလား။ လိုင်ယွန်နဲ့ မင်းနဲ့က နေချင်သလိုနေကြ၊ ငါကတော့ မင်းထားရာမှာ နေရတော့မှာလား"

"ရှင်ဟာ ကျွန်မမိတ်ဆွေပါ။ ကျွန်မဘဝရဲ့ တစ်စိတ်တစ်ပိုင်းပါ။ ရှင်ဟာ ကျွန်မ လေးလေးနက်နက်ချစ်တဲ့ လူတစ်ယောက်ပါ။ လိုင်ယွန်က တစ်မျိုးပါ။ ဒါမျိုးတွေနဲ့မတူပါဘူး"

"ကောင်းပါပြီ၊ ငါကတော့ ဒီဘဝမျိုးနဲ့ မနေနိုင်ဘူး။ မင်းကြိုက်ရာကို ရွေးပါ"

"ဒီလိုလား ကေဗင်၊ ကျွန်မကို ရှင်က အကျပ်ကိုင်မယ် ဆိုရင်တော့. . ."

အယ်နီက စိတ်ရှုပ်ထွေးစွာနှင့် ပြန်ပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကေဗင်က အယ်နီကို ဖမ်းဆွဲထားလိုက်သည်။

"မလုပ်ပါနဲ့ အယ်နီ၊ မလုပ်ပါနဲ့။ ကိုယ့်ကို ပစ်မသွားပါနဲ့"

ကေဗင်က ပြောပြောဆိုဆို ငိုကြွေးတော့သည်။ အယ်နီက သူ့လက်ထဲမှ ရုန်းထွက်လိုက်ချင်သည်။ သို့သော်လည်း ထိုသို့ မလုပ်ရက်။ ကေဗင်၏ခေါင်းကို ပြန်၍ ပွတ်သပ်ပေးနေမိသည်။

ယောက်ျားရင့်မကြီးတစ်ယောက် အရုပ်ကြိုးပြတ် ဖြစ်သွားသည်ကို မြင်ရသည်မှာ အခံရခက်လှသည်။ သည်ကိစ္စသည် မိမိကြောင့် ဖြစ်ရလေသလော သို့တည်းမဟုတ် သူ့ကျန်းမာရေးကြောင့်လော သို့တည်းမဟုတ် သူ၏ အိုမင်းသည့်အရွယ်ကြောင့်လောဟု အယ်နီ စဉ်းစားနေမိသည်။

"ကေဗင်၊ ရှင့်ကို ကျွန်မ ပစ်မသွားပါဘူး"

"ဒါပေမယ့် မင်း သူနဲ့ ဆက်ပြီးတွေ့နေဦးမှာပါ။ ဒီအတိုင်း ကိုယ် စိတ်ထိန်းထားနိုင်မယ်လို့ မင်း ထင်သလား၊ သူ့ရင်ခွင်ထဲက ထွက်ပြီး ကိုယ့်ဆီကို ပြန်လာတာ သိသိကြီးနဲ့ ကိုယ် နေနေနိုင်မယ်လို့ ထင်သလား"

အယ်နီက အတိအကျ ဆုံးဖြတ်နိုင်မည့် စကားလုံးများကို ရွေးနေသည်။ ပြီးတော့မှ ပြန်ပြောသည်။

"ကေဗင်၊ ကျွန်မ လိုင်ယွန်နဲ့ မေတ္တာမျှခဲ့ကြောင်း ကျွန်မတို့ နှစ်ယောက်စလုံး သိကြတယ်။ ဒါပေမယ့် လိုင်ယွန်က အင်္ဂလန်ကို ပြန်မှာ။ နောက်ပြီးတော့ ရှင့်ကိုလည်း သူသိတယ်။ ရှင်ဟာ လူတော်လူကောင်းတစ်ယောက် ဖြစ်ပါတယ်လို့တောင် သူက ပြောသေးတယ်"

"ဒါဟာ အင်္ဂလိပ်လူမျိုးတစ်ယောက်ရဲ့ စရိုက်ပဲလေ။ မင်း မသိဘူးလား၊ အင်္ဂလိပ်တွေဟာ ဖျက်စီးနေတဲ့အကောင်တွေ၊ အင်မတန် ပလီတတ်တဲ့ အကောင်တွေ၊ ကိုယ့်ရင်ခွင်ထဲက မင်းကို ဆွဲထုတ်ယူပြီး ခွဲဝေယူဖို့ ကြိုးစားနေတာလေ"

အယ်နီက သည်းခံနိုင်သည့် သဘောမျိုးနှင့် သက်ပြင်းကို ရှိုက်လိုက်သည်။

ယခု ပြောနေသည်မှာ ကေဗင့်စစ်စစ်က ပြောနေခြင်း မဟုတ်။ မခံမရပ်နိုင်လောက်အောင် စိုးရိမ်စိတ်တွေ များနေသောကြောင့် သည်စကားများကို ပြောနေခြင်း ဖြစ်ကြောင်း အယ်နီ သိသည်။

"ကေဗင်၊ ကျွန်မ ရှင်နဲ့ပဲ အတူတူ နေနေတာပဲ မဟုတ်လား"

"ဘာဖြစ်လို့ နေတာလဲ၊ သူက မင်းကို အလိုမရှိတော့ဘူးတဲ့လား"

အယ်နီသည် တစ်ဖက်သို့လှည့်ပြီး အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။ ပြီးတော့ အဝတ်အစားလဲနေသည်။ ကေဗင်မှာ အယ်လင်ကူးပါးနှင့် တူနေတော့သည်။ ကလေးငယ်တစ်ယောက်လို ဒေါသတကြီး ဖြစ်နေသည်။

လိုင်ယွန်ကလည်း သူ့အမူအကျင့်အတိုင်းပင် ဖြစ်သည်။ တောင်းဆိုခြင်းလည်း ဘာတစ်ခုမှ မပြု။ ဘာကတိကိုမှလဲ ပေးခြင်း မရှိ။ အယ်နီမှာသာ သူတို့နှစ်ယောက်ကြားတွင် ဗျာများရတော့သည်။

ကေဗင်အပေါ်မှာ သူ သံယောဇဉ် မည်မျှ ကြီးကြီးမားမား ထားမိသနည်း။ အမှန်တော့ ကေဗင်နှင့် အတူတကွ နေထိုင်ရခြင်းသည် စိတ်လှုပ်ရှားမှု နည်းပါးလွန်းလှသည်။ အတူနေကြသမျှ ကာလပတ်လုံးတွင် ကေဗင်အပေါ်၌ မနာလိုစိတ်လည်း မွေးမြူ၍ မရခဲ့။

ထို့ပြင် ကေဗင်ထက် အသက်အရွယ်အရရော၊ ရုပ်ရည်အရပါ သာသည့် ယောက်ျားပေါင်း များစွာကိုလည်း တွေ့ခဲ့ဖူး၏။ သူတို့မေတ္တာကို လက်ခံလိုသပ ဆိုလျှင်လည်း လက်ခံနိုင်လောက်သည့် အခွင့်အရေးများ ပေါ်ခဲ့၏။

သို့သော် ယင်းအခွင့်အရေးများ အားလုံး အယ်နီ လျစ်လျူရှုခဲ့သည်။ ဆယ့်လေးနှစ်လုံးလုံး ကေဗင် စိတ်ချမ်းသာမှုရအောင် သူ ဖန်တီးပေးခဲ့သည်။ သူ့ဘက်က သည်မျှ လိုက်လျောခဲ့သည်ဆိုလျှင် ကေဗင်ကို သူ ပေးဆပ်စရာ ကျန်ပါသေးသလား။

ယခုတော့ ကေဗင်မှာ သူရှိဖို့ လိုနေပြီ။ ညည့်ခန်းထဲမှာ တစ်ညလုံး သူထိုင်နေခဲ့ပြီ။ တစ်ညလုံး ဆေးလိပ်သောက်နေခဲ့ပြီ။

ထိုအကြောင်းကို စဉ်းစားမိပြန်တော့လည်း ချက်ချင်း ဆိုသလိုပင် ကေဗင်အပေါ် ကရုဏာသက်သွားမိတော့သည်။

ဘုရား . . . ဘုရား၊ ကေဗင်ခမျာမှာ ချက်ချင်း ဆိုသလိုပင် များစွာ အိုစာသွားပါပေါ့လား။ သူ စိတ်ထိခိုက်သွားအောင်တော့ အယ်နီ မလုပ်ရက်ပါ။

ညည့်ခန်းထဲသို့ အယ်နီ ပြန်ဝင်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကေဗင်သည်လည်း ထိုင်နေတုန်းပင် ဖြစ်သည်။ ဘာကိုမှ မမြင်သလို ငေးစိုက်ကြည့်နေသည်။ အားအင်ကုန်ခန်းနေသည်။ အရာရာကို လက်လွှတ်အရှုံးပေးလိုက်ရသလို ရှိနေသည်။ အယ်နီက သူ့လက်များကို ဆန့်တန်းလိုက်သည်။

"ကေဗင်၊ ရှင့်ကို ကျွန်မ ချစ်ပါတယ်။ အဝတ်အစားလဲပြီး အိပ်လိုက်ပါတော့။ ကျွန်မ ဒီမှာပဲ နေပါ့မယ်။ အမြဲတမ်း နေပါ့မယ်။ ရှင် နေစေချင်သလောက် နေပါ့မယ်။ ကဲ- သွား အိပ်လိုက်ပါတော့"

ကေဗင်က အယ်နီဆီသို့ ဒယိမ်းဒယိုင် လျှောက်လာသည်။

"မင်း သူ့ကို နောက်ထပ် သွားမတွေ့တော့ဘူး မဟုတ်လား၊ မတွေ့တော့ဘူးနော်"

"မတွေ့ပါဘူး ကေဗင်၊ သူ့ကို ကျွန်မ ဘယ်တော့မှ သွားမတွေ့တော့ပါဘူး"

*

ရက်သတ္တ နှစ်ပတ်လုံးလုံး လိုင်ယွန်ကို ဖုန်း လှမ်းမဆက်ဖြစ်အောင် အယ်နီမှာ အနိုင်နိုင် ကြိုးစားနေရသည်။ မျက်စိထဲမှာလည်း တရေးရေး မြင်နေမိသည်။ မမြင်မိအောင်လည်း ကြိုးစားနေရသည်။ ဖုန်း လှမ်းဆက်မကြည့်ဖြစ်သော်လည်း ဟိုတယ်မှာပင် ရှိနေကြောင်း၊ မိမိကို စောင့်မျှော်နေကြောင်း အယ်နီက အလိုလို သိနေသည်။

သို့သော်လည်း အယ်နီက သူ့သိက္ခာကို သူ အတတ်နိုင်ဆုံး ထိန်းသိမ်းနေသည်။

တစ်ညတုန်းကတော့ အယ်နီ တစ်ယောက်တည်း ရှိနေသည်။ ဖုန်းဆက်ရလျှင် ကောင်းလေမည်လား၊ သုံးပြလောက်သာဝေးသည့် သူတည်းနေသည့် ဟိုတယ်သို့ သွားရလျှင် ကောင်းလေမည်လားဟု တွေးနေမိသည်။

အပြင်မှာ ထွက်ရပ်နေမိသည်။ ညက သာယာလှသည်။ လေပြည်လေညင်းကလေးများ တိုက်ခတ်နေသည်။ ကောင်းကင်မှာ ကြယ်များ လင်းနေသည်။ သည်လို ညမျိုးတွင် လိုင်ယွန့်ရင်ခွင်ထဲမှာ နေရမည်ဆိုလျှင် မည်မျှ ကောင်းချိမ့်မည်နည်းဟု တွေးနေမိသည်။

တယ်လီဖုန်း ခေါင်းလောင်းကလည်း မကြာခဏ မြည်တတ်သည်။ ယခုတစ်လော တွင် ကေဗင်သည် အချိန်မတော် အချိန်တော်များတွင် မကြာခဏ ဖုန်းလှမ်းဆက်လေ့ ရှိသည်။ ယခင်တုန်းက ထိုသို့ မပြုလုပ်ခဲ့ဘူးချေ။ ယခုတော့ အယ်နီ အိမ်မှာ ရှိ၊ မရှိကို စစ်ဆေးကြည့်သည့် အနေဖြင့် ဆက်နေခြင်း ဖြစ်သည်။

အယ်နီက ဖုန်းကိုင်လိုက်သောအခါ-

"မိန်းကလေး၊ ကိုယ် လူမျိုခန်းကို ပြန်ရောက်ပြီလေ၊ ဒီကနေ့ည ရေနွေးကလေးနဲ့ ရေချိုးလိုက်ချင်တယ်" ဟု ပြောတတ်သည်။

နောက် သုံးနာရီ ကြာသောအခါတွင် အယ်နီ၏အခန်းသို့ ကေဗင် ရောက်လာတတ်သည်။

"ကိုယ် အိပ်လို့ မရနိုင်တာနဲ့ကွာ၊ ဒီကနေ့ညတော့ ဒီမှာပဲ အိပ်လိုက်တော့မယ်"

ကေဗင်က ပြောသည်။

အယ်နီကို အိုးမကွာအိမ်မကွာ တွေ့နေရသောကြောင့် သူ စိတ်သက်သာရာ ရသွားသည်။

တစ်ညတုန်းကတော့ (၂၁) ပျော်ပွဲစားရုံမှာ အယ်နီနှင့် ကေဗင်တို့ ညစာ သွားစားကြသည်။သူတို့နှင့်အတူ ဂေလီယန်ကုမ္ပဏီပိုင်ရှင်သစ်များထဲမှ အစုဝင်တစ်ဦးလည်းပါသည်။

ထိုနေ့ညသည် ဇွန်လကုန်ပိုင်း၏ ညတစ်ည ဖြစ်သည်။ ရာသီဥတုကလည်း မထင်မှတ်ဘဲနှင့် ရုတ်တရက် ပူအိုက်လာသည်။ အပူချိန်ဒီဂရီ ကိုးဆယ်ကျော်လောက် ဖြစ်နေသည်။ တစ်နေ့လုံးလည်း ရုပ်မြင်သံကြား ရိုက်ကူးနေခဲ့ရသည်။ ထို့ကြောင့် အယ်နီမှာ ပင်ပန်းနွမ်းနယ်နေသည်။ ငြီးစီစီကြီးလည်း ဖြစ်နေသည်။

မလှမ်းမကမ်းသို့ ခေါင်းမော့ကြည့်လိုက်သောအခါ စားသောက်ဆိုင်တွင်းသို့ လိုင်ယွန် ဝင်လာသည်ကို မြင်လိုက်ရသည်။ သူနှင့်အတူ အမျိုးသမီးကလေး တစ်ယောက်လည်း ပါလာသည်။ စားပွဲထိုးချုပ်က အခြားတစ်နေရာသို့ ခေါ်သွားသောကြောင့် အယ်နီတို့လူစုကို မြင်မသွား။ သူတို့ထိုင်နေသည့်စားပွဲကို အယ်နီ၏နေရာမှ တည့်တည့် မြင်နေရသောကြောင့် အထူး အာရုံမစိုက်ရဘဲနှင့် လှမ်းမြင်နေ သည်။

မိန်းကလေးက အသက်အရွယ် ကိုးနှစ် လောက်သာ ရှိဦးမည်။ နက်မှောင်သည့်ဆံပင်များက ပခုံးပေါ်မှာ ဝဲကျနေသည်။ အသားအရေကလည်း လှပသည်။ သူ့အလှကို

www.burmeseclassic.com



တကျ ပြုပြင်ထားခြင်းဖြစ်ကြောင်း သိသာထင်ရှားသည်။ မျက်နှာကလေးကလည်း လှသည်။ အဖြူရောင် ဝတ်စုံကလေးကလည်း နုပျိုသည့် သူ့အရွယ်နှင့် လိုက်ဖက်လှလေသည်။ လက်သည်းရှည်များကို ငွေရောင် ဆိုးထားသည်။

လိုင်ယွန် ပြောပြနေသည်များကို အာရုံစိုက်ပြီး နားထောင်နေသည်။ သူ့ဆံပင်များကိုလည်း ပခုံးပေါ်သို့ ခါပြီး တင်တတ်သည်။ နောက်တစ်ကြိမ်တွင်မှ မိန်းကလေးပြောသည့် စကားကို လိုင်ယွန်က သဘောကျလှသဖြင့် ခေါင်းကို နောက်သို့ မှီချလိုက်ပြီး အားပါးတရ ရယ်နေသည်ကိုပါ မြင်လိုက်ရသည်။

ရယ်လို့ ဝသောအခါတွင် မိန်းကလေး၏ နှာခေါင်းဖျားကလေးကို လိုင်ယွန်က ခပ်ဖွဖွကလေး နမ်းသည်။

ထိုမြင်ကွင်းများကို မြင်ရသောအခါတွင် အယ်နီ၏ တစ်ကိုယ်လုံး ဖျားချင်သလိုလို၊ နာချင်သလိုလို ဖြစ်လာသည်။

သည်လို မိန်းကလေးများနှင့် ဘယ်နှညများ အချိန်ဖြုန်းခဲ့ပြီနည်း။ သည်လို မိန်းကလေးမျိုးတွေနှင့် သူ အကြည်ဆိုက်ချင်တိုင်း ဆိုက်နေသည့် ညပေါင်းများစွာတွင်မူ အယ်နီ အဖို့ အိပ်မပျော်နိုင်အောင် ရှိခဲ့ရသည်။ သူ့ကို တမ်းတနေခဲ့ရသည်။ သူ့အကြောင်းများကို စဉ်းစားနေခဲ့ရသည်။ သူ့မျက်နှာကို တဖြည်းဖြည်း မြင်ယောင်နေခဲ့ရသည်။ သူ့ဆီကို ဖုန်းဆက်ရလျှင် ကောင်းလေမည်လားဟု ချီတုံချတုံ ဖြစ်နေခဲ့ရသည်။

ထိုနေ့ညသည် အခံရ အခက်ဆုံးသော ညတစ်ည ဖြစ်ကြောင်း အယ်နီ သတိထားမိသည်။ စိတ်မချမ်းသာမှုသည် သူ့ကို ပြန်ပြီး ခြောက်လှန့်နေသည်။ လိုင်ယွန်နှင့် ချစ်ခဲ့ရပြီးသည့်နောက် ယခင် အချိန်များကလည်း ဤသို့သော ခံစားမှုမျိုးကို မခံစားခဲ့ရဘူးချေ။

ယခုတော့ စိတ်ထဲမှာ တစ်မျိုး ဖြစ်လာသည်။ အသည်းနာသည်ဟု ဆိုရပေတော့မည်။ ထိုအသည်းနာမှုက သူ့တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားသည်။ စိတ်ထဲမှ ခံစားမှုသည် သူ ပျိုရွယ်စဉ်က အကြောင်းများကို ပြန်ပြီး တွေးမိအောင် စေ့ဆော်နေသည်။

တကယ်တော့ နုပျိုစဉ်က ခံစားမှုများသည် ချုပ်ငြိမ်း ပျောက်ကွယ်သွားခြင်းကား မဟုတ်။ အိပ်မောကျနေခြင်းသာ ဖြစ်သည်။ တစ်စုံတစ်ယောက်က လာရောက် နှိုးဆော်မည့်အချိန်ကို စောင့်ဆိုင်းနေခြင်းသာ ဖြစ်သည်။

ယခုတော့ အိပ်မောကျနေသည့် ထိုပျိုရွယ်စဉ်က ခံစားမှုများကို သည်မြင်ကွင်းက လာရောက် နှိုးဆွချေပြီ။

မိန်းကလေးနှင့် လိုင်ယွန်တို့ဘက်ဆီမှ မျက်လုံးကို ပြန်ရုပ်သိမ်းလိုက်သည်။

ကေဗင်က ဧည့်သည်နှင့် စီးပွားရေးလုပ်ငန်းများ အကြောင်း စိတ်ပါဝင်စားစွာ ဆွေးနွေးနေသည့်အတွက် ကျေးဇူးတင်ရသေးတော့သည်။

ရှည်လျားသည့် ထိုညဦးသည် နောက်ဆုံးမှာတော့ ကုန်ဆုံးသွားသည်။

သူတို့ စားသောက်ဆိုင်ထဲမှ ထွက်လာကြစဉ်တွင် လိုင်ယွန်တို့ဘက်သို့ အယ်နီက မျက်လုံးတစ်ချက် ချေကြည့်လိုက်မိသေးသည်။ လိုင်ယွန်ကမူ မိန်းကလေး ပြောပြနေသည်များကို မျက်တောင်မျှ မခတ်ဘဲ အာရုံစိုက် နားထောင်နေသည်။

အိမ်ပြန်ရောက်တော့ အယ်နီက ခေါင်းကိုက်နေသည်ဟု အကြောင်းပြသည်။သို့သော်လည်း ကေဗင်က အိမ်ပေါ်သို့ သူပါလိုက်ပါဦးမည်ဟု ငွတ်ပြောပြီး တက်လိုက်လာသည်။ ဧည့်ခန်းတွင်းသို့ ရောက်သည်နှင့် တစ်ပြိုင်တည်း သူက စပြောသည်။

"ကိုယ်လည်း သူတို့ကို မြင်ခဲ့ပါတယ်"

"ဘယ်သူ့ကိုလဲ"

"မင်းရဲ့ချစ်သူနဲ့ မိန်းမချောကလေးတစ်ယောက်လေ။ မင်း အဲဒီမှာ ထိုင်နေရင် မင်း အသည်းတွေ ကွဲကုန်တော့မယ်၊ မင်း ရင်နှစ်ခြမ်း ပြန်းခနဲ ပွင့်ထွက်သွားတော့မယ်လို့ ခံစားနေရတယ် မဟုတ်လား။ ကိုယ်လည်း ဘယ်လိုခံစားခဲ့ရတယ် ဆိုတာ အခုလောက်ဆိုရင်တော့ မင်း ကိုယ်ချင်းစာတတ်ရောပေါ့နော်"

သူ့အသံက ငေါ်သံသရော်သံဖြစ်သည်။

"ကေဗင်၊ ကျွန်မ သိပ်ပင်ပန်းနေပါတယ်"

"အဲဒီ မိန်းကလေးဟာ မင်းရဲ့ သမီးအရွယ်လောက်ပဲ ရှိသေးတယ် အယ်နီ"

"ဘယ်လို ဖြစ်နိုင်မှာလဲ ကေဗင်၊ ကျွန်မအသက်က အခုမှ သုံးဆယ့်ခြောက်နှစ်ပဲ ရှိသေးတာ"

"အသက် ဆယ့်ရှစ်နှစ်လောက်နဲ့ သားသမီးရတဲ့ မိန်းမတွေ အများကြီး ရှိပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ကွာ။ ဟုတ်ပါတယ်၊ မင်းသာ မွေးခဲ့မယ်ဆိုရင် မင်းရဲ့ သမီးအရွယ်လောက်ပဲ ရှိပါသေးတယ်။ မင်း မြင်ပြီ မဟုတ်လား။ မင်းရဲ့ လိုင်ယွန်ဟာ အခုထက်ထိ ဒါတွေ လုပ်နေတုန်း ရှိသေးတယ်။ သူ့လမ်း သူလျှောက်နေတာပဲ။ သူလုပ်ချင်တာ လုပ်နေတာပဲ။

ဒါကြောင့် မင်းကို သူ လက်သင့်ခံတာဟာလည်း ဟိုတုန်းက ချစ်ခဲ့ဖူးတဲ့ ချစ်သူဟောင်းတစ်ယောက်အနေနဲ့ လက်ခံခဲ့တာပါ။ ဒါကို မင်း သဘောမပေါက်သေးဘူးလား။ မင်းအပေါ်မှာ သနားကရုဏာတွေ ထားနေလို့ မဟုတ်ပါဘူး။ ကိုယ့်အပေါ်မှာ မင်းထားနေပါတယ် ဆိုတဲ့ သနားကရုဏာမျိုးပေါ့လေ။

ကောင်းပြီ၊ ဒါကိုပဲ ဝမ်းသာရဦးတော့မယ်။ တို့နှစ်ယောက်က တစ်စုံ ဖြစ်သွားပြီ။ အပယ်ခံတစ်စုံ ဖြစ်သွားပြီ။ ဒါကြောင့်မို့လို့ တွေ့ခဲ့တဲ့ည အကြောင်းကို မမေ့နိုင်လောက်အောင် စွဲလမ်း တမ်းတနေဦးမှာပေါ့လေ။ အင်း - အမှန်ကတော့ အဲဒီနေ့ ညတုန်းကလည်း မင်းကို သူ မေတ္တာမရှိဘဲ၊ ကရုဏာမရှိဘဲနဲ့ ဆက်ဆံခဲ့တာပါ"

အယ်နီ၏ မျက်လုံးများသည် စိတ်ထိခိုက်မှုကြောင့် အရောင်တောက်လာသည်။ ထိုသို့ အရောင်တောက်လာသည်ကို မြင်ရသောအခါတွင် သူ့ဒေါသက ပိုမို ကြီးမားလာသည်။ ဒေါသနှင့် ဆက်ပြောပြန်သည်။

"အဖြစ်ကတော့ ဒါပါပဲကွာ။ ငါ့ကို ပစ်ထားခဲ့ဖို့များ သူက မင်းကို တောင်းပန်ဖူးသလား။ သူ့ကို လက်ထပ်ပါလို့ရော အသနားခံဖူးသလား။ ဘယ်တော့မှ ဒါမျိုးကို သူ မလုပ်ပါဘူး။ ကိုယ် ပြောရဲပါတယ်။ သူသာ အိမ်ထောင်ပြုမယ်ဆိုရင် သူယူမယ့်မိန်းကလေးဟာ အဲဒီလို ငယ်ငယ်ရွယ်ရွယ်ကလေးပဲ ဖြစ်မယ်။ နုနုပျိုပျိုကလေးပဲ ဖြစ်မယ်။ ဒါကို မင်း သဘောပေါက်ထားဖို့ လိုတယ်။ မင်းဟာ မိန်းမချော မိန်းမလှတစ်ယောက် ဖြစ်ပါတယ်။ မင်း အသက်လေးဆယ်တွင်းလောက်မှာ ချောမောလှပတဲ့ မိန်းမတစ်ယောက် ဖြစ်ပါတယ်။

ဒါပေမယ့် မင်းကို သူ သဘောကျခဲ့တာက မင်းအသက် နှစ်ဆယ်လောက်တုန်းကပါ။ အဲဒီလို အသက် နှစ်ဆယ်လောက်ရှိသေးတဲ့ မင်းကိုတောင်မှ သူ စွန့်ပစ်နိုင်ခဲ့သေးတာပဲ မဟုတ်လား။ ကေဗင်ဆိုတဲ့ အဘိုးကြီးက သူ စွန့်ပစ်ခဲ့တဲ့ အကွဲကလေးတွေ၊အပဲ့ကလေးတွေကို တစ်စစီ လိုက်ကောက်ယူပြီး ပြန်ဆက်စပ်ထားရတာပါ။ ကေဗင်ဆိုတဲ့ အဘိုးကြီးက မင်း နာမည်ကြီးလာအောင်၊ ချမ်းသာ ကြွယ်ဝလာအောင် လုပ်ခဲ့တာပါ"

ကေဗင်က ပြောနေရင်းတန်းလန်းမှပင် တံခါးပေါက်ဆီသို့ လျှောက်သွားသည်။ ပြီးတော့ ရပ်ပြီး ပြန်လှည့်ပြောပြန်သည်။

"ဒီမှာ၊ မင်းသိထားဖို့က ငါ လိုချင်တယ်ဆိုရင် အသက်နှစ်ဆယ်လောက် ကောင်မလေးတစ်ယောက်ကို အလွယ်ကလေး ရနိုင်တယ်။ အေး- ဒါပေမယ့် မပူနဲ့။ မင်းကိုပဲ ငါ ဖက်တွယ်ထားဦးမှာပါ။

ဒါပေမယ့် ကိုယ့်လူက သူ့ဘက်သားဖြစ်နေပြီ။ အခုအချိန်ကစပြီး ငါ လုပ်စရာရှိတာကို လုပ်ရတော့မယ်။ မနက်ဖြန်ကျရင် မင်း အလုပ်ထွက်လိုက်ပြီ ဖြစ်ကြောင်း အကြောင်းကြားပါ။

နောက် စာစ်ရာသီလုံး မင်း အလုပ်လုပ်နေတာကို ဒီအတိုင်း ငါ ထိုင်ပြီး စောင့်မနေနိုင်တော့ဘူး။ ပြီးရင် စောစောက တို့စီစဉ်ထားတဲ့ အတိုင်းပဲ ကမ္ဘာတစ်ပတ် ခရီးသွားမယ်။ ငါ သေသေချာချာ ယတိပြတ် မပြောနိုင်တာ တစ်ခုပဲ ရှိတယ်။ ခရီးမသွားခင် အရင်ဆုံး လက်ထပ်ဖြစ် မဖြစ် ဆိုတာပဲ။ ဒီကိစ္စကို ငါ ပြန်စဉ်းစားမယ်"

သူ စကားပြောနေသည့် တစ်ချိန်လုံးတွင် အယ်နီက သူ့ကို ငေးကြည့်နေသည်။ သူ စကားဆုံးသွားသောအခါကျမှ အယ်နီက ပြောသည်။

"ကေဗင်၊ ဒါတွေကို ရှင် တကယ် ပြောနေတာ မဟုတ်ပါဘူး။ အခု စကားပြောနေတာလည်း ကေဗင် မဟုတ်ဘူး"

"သိပ်ကိုမှန်တာပေါ့ ဂုဏ်သရေရှိ အမျိုးသမီးကြီးရယ်။ နောက်ဆုံးမှာတော့ ကျုပ်က အမှန်တရားတွေကို ပြန်မြင်နေပြီလေ။ ကျုပ်မှာ ခွန်အားတွေ၊ သတ္တိတွေ ပြန်ရှိလာပြီလေ။ ဒီကနေ့ည မင်းဖြစ်သွားတဲ့ ပုံပန်းသဏ္ဌာန်ကို မြင်လိုက်ရတော့မှပဲ ကျုပ်မှာ စိတ်ချမ်းသာ လက်ချမ်းသာ ဖြစ်ရတော့တယ်လေ။

လူတစ်ယောက်ဟာ မနာလို ဝန်တိုတတ်သော မစ္ဆရိယစိတ်တွေ ပေါ်လာတာကို မျက်ဝါးထင်ထင် မြင်လိုက်ရတယ်လေ။

ငါ့မျက်စိရှေ့မှာကို မင်းဟာ အခြေပျက် အနေပျက် ဖြစ်သွားတော့တယ်။ ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



ရင်းမှာကို မင်းဟာ သွေးဆုတ်သွားတော့တယ်။ ဟိုမိန်းကလေးကို မြင်လိုက်ရတာနဲ့ တစ်ပြိုင်တည်း စိုးရိမ်ပူပန်ရိပ်တွေဟာ မင်းမျက်နှာမှာ ဖုံးလွှမ်းလာတော့တယ်။

ငါ မြတ်နိုးတဲ့ နတ်မိမယ်ဟာ ငါ့မျက်စိအောက်မှာ ဘဝပျက်သွားတော့တယ်။ မင်းမရနိုင်တော့တဲ့ အခွင့်အရေးကို ဟိုမိန်းမငယ်ကလေး ရနေတာကို တွေ့ရတော့ မနာလိုသဝန်တိုစိတ်တွေ မင်းတစ်ကိုယ်လုံးမှာ ဖုံးလွှမ်းသွားတော့တယ်"

"ကေဇင် ပြန်ပါတော့၊ ဒီစကားတွေကို ရှင် တကယ် စိတ်ပါလို့ ပြောတာ မဖြစ်နိုင်ပါဘူး"

"တော်လေးဝင်တဲ့ မိန်းမထူး မိန်းမမြတ်အပေါက်မျိုး လာမချိုးစမ်းပါနဲ့။ မင်းဘဝကအားလုံး ပြီးသွားပါပြီ။ မင်းဟာ အစွန်ပယ်ခံဘဝကို ရောက်သွားပါပြီ။ သက်သေသက္ကာယနဲ့ လက်ဆုပ်လက်ကိုင်များ ပြစေချင်သလား။

အခုလောက်ဆိုရင် သူ့အခန်းကို သူပြန်ရောက်နေလောက်ပြီ။ ဟိုကလေးမလေးနဲ့ ရွှေလက်တွဲဖို့အတွက် ဒါလောက်တောင် အချိန်ကုန်ခံပြီး စောင့်နေမယ့်လူစားမျိုး မဟုတ်ဘူး။ သူ့ဆီကို မင်း အခု ဖုန်းဆက်ရဲသလား။ ဖုန်းလှမ်းဆက်ပြီးတော့ သူနဲ့ တွေ့ချင်ပါတယ်လို့ ပြောကြည့်စမ်းပါ။ ဘာဖြစ်မယ် ဆိုတာ ကြည့်ရအောင်၊ မင်း ဘယ်ဘဝ ရောက်သွားမယ်ဆိုတာ ကြည့်ရအောင်"

အိပ်ခန်းထဲ ပြန်ဝင်ပြေးရန် အယ်နီက လှည့်လိုက်သည်။ ကေဇင်က သူ့နောက်ကို ပြေးလိုက်လာပြီး နောက်သို့ ပြန်ဆွဲလှည့်သည်။

"မင်းကို မဟုတ်တာတွေ ပြောနေတာ မဟုတ်ဘူး။ ငါ့ကို ဒီလို မျက်နှာလွှဲသွားမယ် မကြံနဲ့။ ငါပြောတဲ့ စကားတွေကို မင်း နားမထောင်ဘူးလား။ မိန်းမထူး မိန်းမမြတ်ကြီးဂိုက်မျိုး ဖမ်းနေတဲ့ မင်းဘဝက ပြီးသွားပြီ"

"ကေဇင်၊ ကျွန်မကို ရှင် တကယ် မုန်းသွားပြီလား။ ဟုတ်လား"

"မမုန်းပါဘူး၊ မင်းအတွက် စိတ်မကောင်းဖြစ်တာပါ။ ငါ့အတွက် မင်း စိတ်မကောင်းဖြစ်သလိုမျိုးပေါ့"

"ဒီစကားကို ရှင် တကယ် ပြောနေတာဆိုရင် ရှင်သွားတော့၊ ဘယ်တော့မှ ပြန်မလာနဲ့တော့ ကေဇင်"

ကေဇင်က ယုံကြည်ချက် အပြည့်နှင့် ပြုံးလိုက်သည်။

"အို - ဒါမျိုးဘယ်ရမလဲ၊ မျှော်လင့်ချက်တွေ ကုန်ပြီး မင်း တစ်ကိုယ်လုံး ခန်းခြောက်သွားတာကို မတွေ့ရသေးသမျှ ငါ မသွားသေးဘူး"

ကေဇင်က တယ်လီဖုန်းကို ကောက်ကိုင်သည်။

"သူ့ကို လှမ်းဆက်ပါ။ သူ့နံပါတ်ကို မင်းမှတ်မိနေတယ်ဆိုတာ ငါ သေသေချာချာ သိပါတယ်။ မင်း မဆက်ချင်ဘူးဆိုရင် ငါ ဆက်မယ်။ မင်းဟာ မနာလို ဝန်တိုစိတ်တွေ ပွားများပြီးတော့ ညစာကိုတောင် မစားနိုင်တော့တဲ့အကြောင်း သူ့ကို ငါ ပြောပြလိုက်မယ်။ သူ့ဖုန်းနံပါတ်ကိုလည်း ငါ ကောင်းကောင်းမှတ်မိနေပါတယ်။ နှစ်ပတ်လုံးလုံး သူ့အကြောင်းကိုပဲ တို့နှစ်ယောက်စလုံး တွေးနေခဲ့ကြရတာ မဟုတ်လား။ ပြောစမ်းပါဦး၊ မဟုတ်ဘူးလား"

ကေဇင်က ဖုန်းနံပါတ်များကို စတင်လှည့်နေတော့သည်။ အယ်နီက သူ့လက်ထဲမှ ဖုန်းကို လုယူသည်။ ကေဇင်က ပြန်လုသည်။

"ကေဇင် . . . "

သို့သော်လည်း ကေဇင်က ဖုန်းနံပါတ်များကို တကယ်ပင် လှည့်ပြီးနေပြီ။ လိုင်ယွန်ဘတ်အခန်းကို ဆက်ပေးရန် ဟိုတယ်မှ တယ်လီဖုန်း အော်ပရေတာကိုပင် လှမ်းပြောနေပြီ။

"ကဲ - ရပြီ၊ ပြောလိုက်ပါ။ ပြောလေ၊ မင်း မပြောရင် ငါ ပြောမယ်"

ကေဇင်က အယ်နီကို ဖုန်းလှမ်းပေးရင်း ပြောသည်။

အယ်နီက ဖုန်းကို လှမ်းယူသည်။

လိုင်ယွန်၏အခန်းသို့ ဖုန်းခေါ်နေသည့် အသံ ကြားရသည်။ သူ့အခန်းထဲမှာ လိုင်ယွန်ရှိမနေပါစေနှင့်ဟု အယ်နီက စိတ်ထဲမှာ ကျိတ်ပြီး ဆုတောင်းနေမိသည်။ သည်လိုအဖြစ်မျိုး မဖြစ်သင့်။ ယခု ကြုံရသည်မှာပင် အိပ်မက်ဆိုးကြီး တစ်ခုကို မဆုံးနိုင်အောင် မက်နေရသည်နှင့် တူနေသည်။

ထိုအခိုက် ဖုန်းကောက်ကိုင်သံကို ကြားရသည်။

"ဟယ်လို"

လိုင်ယွန်၏အသံ ဖြစ်သည်။

"လိုင်ယွန်"

သူက တုံ့ဆိုင်းဆိုင်းနှင့် ပြန်ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အယ်နီလား"

လိုင်ယွန်ကလည်း ခဏဆိုင်းနေပြီးမှ ပြန်မေးသည်။

"ပြောလေ၊ ရှင့်ဆီကို ကျွန်မ လာချင်တယ်လို့ ပြောလိုက်လေ"

ကေဗင်က လေသံနှင့် ပြောသည်။

အယ်နီက တောင်းပန် တိုးလျှိုးသည့် အမူအရာနှင့် ကေဗင်ကို ပြန်ကြည့်နေသည်။ ကေဗင်က သူ့လက်ထဲမှ ဖုန်းကို ဆွဲယူရန် ဟန်ပြင်သည်။ ထို့ကြောင့် အယ်နီက သူနှင့်လွတ်အောင် ရှောင်တိမ်းလိုက်ရသည်။

"လိုင်ယွန်၊ ကျွန်မ . . . ကျွန်မ အဲဒီကို လာချင်တယ်"

"ဘယ်တော့လဲ"

"အခု"

ဘာမှ အကြောင်းမပြန်ဘဲ တိတ်သွားပြန်သည်။ ခဏကြာတော့မှ ရွှင်လန်းသည့် လေသံနှင့် တစ်ဖက်က ပြန်ပြောသည်။

"အခန်းထဲမှာ ပွဲနေတာကလေးတွေ သေသေသပ်သပ် ဖြစ်သွားအောင် ရှင်းဖို့ ကိုယ့်ကိုဆယ်မိနစ်လောက် အချိန်ပေးပါနော်၊ ပြီးရင် တောက်လျှောက်သာ လာခဲ့ပေတော့"

"ကျေးဇူးတင်ပါတယ် လိုင်ယွန်၊ ကျွန်မ လာခဲ့ပါ့မယ်"

အယ်နီက ဖုန်းပြန်ချထားပြီး ကေဗင်ကို လှမ်းကြည့်သည်။ သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

"ဟုတ်လိုက်လေကွာ၊ ဒီအကြောင်းကို စောစောကတည်းက ငါ သိထားဖို့ ကောင်းတာပေါ့။ မင်းတို့ သုံးယောက်သား အပျော်ကြူးကြတော့မယ်ပေါ့။ မင်းရယ်၊ လိုင်ယွန်ရယ်၊ ဟိုကောင်မလေးရယ်။ မင်းကို ငါပြောဖူးသားပဲ။ အင်္ဂလိပ်ဆိုတဲ့ အကောင်တွေဟာ ဘာမှ အသုံးမကျပါဘူးလို့။ ကဲ - မင်းသွားပေတော့။ မင်းမှာ တခြားနည်းလမ်းလည်း မရှိတော့ဘူး"

ကေဗင်က အော်ပြောသည်။

"အိုး - ကေဗင်၊ ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် ဘာတွေများ လုပ်နေမိကြပါလိမ့်မလဲနော်"

အယ်နီက ရှိုက်သည်။

"ဗိုင်းတာမတစ်ကောင်အတွက် ငါ့ဘဝမှာ နှစ်ပေါင်းများစွာကြာတဲ့ အချိန်တွေကို အလဟဿ ဖြုန်းတီးပစ်နေမိတာကို အခုမှပဲ သဘောပေါက်တော့တယ်။ မိန်းမကောင်း မိန်းမမြတ်ယောင်ဆောင်တဲ့ ဗိုင်းတာမလေ"

တံခါးကို ဆောင့်ပိတ်ပြီး အခန်းအပြင်သို့ သူ ထွက်သွားတော့သည်။

အယ်နီသည် အတန်ကြာအောင် မတုန်မလှုပ် ကျောက်ရုပ်လို ရပ်နေမိသည်။ ခဏကြာတော့မှ သူ့ဒေါသများ ပြေလျော့သွားကာ ဝမ်းနည်းကြေကွဲစိတ်ကို ခံစားလာရသည်။ တစ်ဆက်တည်းမှာပင် စိတ်သက်သာရာကို လည်း ရသွားတော့သည်။

ကေဗင်သည် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်သွားချေပြီ။

မနာလို ဝန်တိုစိတ် ဟူသည်မှာ မည်မျှဆိုးဝါးသည့် အရာပါနည်း။

ကေဗင်ကဲ့သို့ သန်သန်မာမာ ထွားထွားကျိုင်းကျိုင်းနှင့် စိတ်ဓာတ် ကြံ့ခိုင်သည့် ယောက်ျားကြီး တစ်ယောက်ကိုပင် နွယ်ပင်ကလေးတစ်ပင်လို ပျော့ခွေ ယိမ်းယိုင်သွားစေတော့သည်။

သို့သော်လည်း ကေဗင်အပေါ် ရန်ငြိုးလည်း မထားမိ။ ချက်ချင်း ဆိုသလိုပင် ရင်ထဲမှ အလုံးကြီး ကျသွားပြီး သက်သာရာရသည့် စိတ်ဖြင့် တစ်ကိုယ်လုံး ထုံမွမ်းသွားချေသည်။ တစ်ခေါင်းလုံးမှာလည်း ပေါ့ပါးသွားသည်။ အလွန် ကြီးမားသည့် ဝန်ထုပ်ဝန်ပိုးကြီးကို ကောင်းစွာ မ,ယူနိုင်လိုက်သကဲ့သို့ ဖြစ်သွားသည်။

ယခု အခြေအနေသို့ ရောက်မှတော့ လိုင်ယွန်က မိမိကို ပစ်ပယ်လိုက်စေဦး ကေဗင်ကိုတော့ ဘယ်နည်းနဲ့မှ လက်ထပ်တော့မည် မဟုတ်ပါ။

အားလုံး ပြီးဆုံးသွားပါပြီ။

ယခု သူ့ဘဝသည် လုံးဝ လွတ်လပ်သွားချေပြီ။

မျက်နှာမှ မိတ်ကပ်များကို ပြန်လည်ပြုပြင်ကာ သုံးပြကော့အကွာမှ လိုင်ယွန်ရှိရာ ဟိုတယ်သို့ အမြန်ဆုံး လျှောက်လာမိခဲ့တော့သည်။

*

"မျှော်လင့်ထားသမျှတွေ အကုန်လုံးကို ကိုယ်က စွန့်လွှတ်လိုက်ရတော့မယ်လို့ ထင်နေတာ"

အခန်းတံခါး ပွင့်သွားသည်နှင့် တစ်ပြိုင်

www.burmeseclassic.com

www.burmeseclassic.com



တည်း လိုင်ယွန်က ဆီးကြို ပြောသည်။

အယ်နီက အခန်းထဲသို့ မျက်လုံးဝင့်ပြီး တစ်စုံတစ်ရာကို ရှာဖွေသည်။

"ဟိုကလေးမ ပြန်သွားပါပြီ"

လိုင်ယွန်ကလည်း အေးအေးပင် ပြောသည်။အယ်နီက နားမလည် သဘောမပေါက် ယောင် ဆောင်နေသည်။

"မင်းတို့ (၂၁)ဟိုတယ်က ထွက်သွားကြတာကို ကိုယ် လှမ်းမြင်လိုက်တယ်။ ဒီကနေ့ည ကိုယ်နဲ့ ချိန်းတွေ့တဲ့ အမျိုးသမီးကလေးက 'အို - ဟောဟိုမှာ အင်နဲဝဲလ်စ်' လို့ ပြောတယ်။ ရုပ်မြင်သံကြားက မင်း လွှင့်တာတွေကို သူ သိပ်သဘောကျတာ"

"ဟုတ်တယ်၊ ကျွန်မလည်း ရှင်တို့ကို တွေ့ပါတယ် လိုင်ယွန်"

"ကောင်းတယ်၊ ဒီလို တွေ့လိုက်တဲ့ အတွက် အနည်းဆုံး ကိုယ့်ဆီကိုတော့ မင်း ရောက်လာတော့တာပဲ"

လိုင်ယွန်က အခန်း တစ်ဖက်ခြမ်းရှိ အရက်များတင်ထားသည့် စားပွဲဆီသို့ လျှောက်သွားပြီး အရက်နှစ်ခွက်ကို စပ်နေသည်။

"ဒီခေတ် အနုပညာလုပ်ငန်းတွေဟာ သိပ်ကို ဆန်းသစ်လာပြီ မဟုတ်လား။ တကယ့်တကယ်လည်း ကိုယ် နားမလည်ဘူး ဆိုတာ ဝန်ခံရမှာပါပဲ။

ဘာကြောင့် နားမလည်တာလဲ ဆိုတာကိုတော့ ကိုယ့်အနေနဲ့ အကြောင်းပြနေစရာလည်း မရှိပါဘူး။

ကော်နီမာစတာရဲ့ နောက်ဆုံး သီချင်းနှစ်ပုဒ်ဟာ ခတ်ပြားသွင်းပြီးတော့ သန်းနဲ့ချီရောင်းရတယ်။ သန်းနဲ့ချီပြီး ပိုက်ဆံရတယ်။ ဗြိတိသျှ ပရိသတ်ကလည်း သူ့ကို သိပ်ကြိုက်ကြတယ်။ ဒါကြောင့်ပဲ အံ့ဩစရာကောင်းတဲ့ သူ့ဘဝအကြောင်းကို ကိုယ်က ဆောင်းပါးရေးဖို့ ဖြစ်လာတယ်လေ"

"ကော်နီမာစတာ ဆိုတာ ဘယ်သူလဲဟင်"

"ဒီကနေ့ည ကိုယ်နဲ့အတူတူ ရှိနေခဲ့တဲ့ မိန်းမလှကလေးပေါ့။ သူ့သီချင်းတွေကို နားမဆောင်ဖူးဘူးလို့ ကိုယ့်ကို မပြောပါနဲ့တော့"

အယ်နီက ခေါင်းယမ်းပြနေသည်။

လိုင်ယွန်က ပြုံးသည်။

"ကိုယ်တို့က မျိုးဆက်တစ်ခုကို ပြတ်သွားကြတယ်။ မင်းရော ကိုယ်ရောပေါ့။ တစ်ယောက်ယောက်က အဆိုတော်တွေအကြောင်းကို ပြောမယ်ဆိုရင် ကိုယ်တို့မျက်စိထဲမှာ ဒီနာတို့၊ အယ်လာတို့၊ နီလီတို့ကို ပြေးမြင်လိုက်တာပဲ။

ဒါပေမယ့် ကော်နီမာစတာဟာ ဒီကနေ့ ပရိသတ်ရဲ့ အသည်းစွဲ ဖြစ်နေတယ်။ သူ့အသက်က ဆယ့်ကိုးနှစ်ပဲ ရှိသေးတယ်။ ရုပ်ရှင်ကုမ္ပဏီတိုင်းကလည်း သူ့နောက်ကို ဝိုင်းလိုက်နေကြတယ်။

ဒါပေမယ့်ကွာ၊ ကိုယ်တော့ အရက်မူးအောင် သောက်မထားရင် သူ့သီချင်းတွေကို လုံးလုံး နားထောင်လို့ မရဘူး"

အယ်နီကလည်း ပြုံးသည်။

"ကျွန်မ သိပါတယ်၊ နေ့တိုင်း ကြားနေရတဲ့ အဆိုတော်တွေဟာ ဟိုတုန်းက ကျွန်မ မကြားခဲ့ဘူးတဲ့ လူတွေချည်း ဖြစ်နေတယ်။ မြီးကောင်ပေါက်ကလေးတွေက သူတို့ကို အားပေးနေတယ်လို့ ကျွန်မ ထင်တယ်"

"အင်း - တေးဂီတ ချစ်မြတ်နိုးတဲ့ ကမ္ဘာသူကမ္ဘာသားများအတွက် ဗြိတိသျှသတင်းစာကနေပြီး ကိုယ်တင်ပြစရာ ရှိတာကိုလည်း အထိုက်အလျောက်တော့ တင်ပြပြီးပါပြီ။ မင်းက ဖုန်းလှမ်းဆက်လိုက်တဲ့အတွက် ကိုယ်ဆက်ပြီး ဆောင်ရွက်ရဦးမယ့် တာဝန်တွေကို မထမ်းဆောင်နိုင်တော့ဘူး ဖြစ်သွားတော့တာပေါ့"

"ရှင်တို့နှစ်ယောက် ဒီကနေ့ည ဒီမှာ အတူတူ နေကြမှာမို့လား"

"ဒီလိုမနေလို့ ဘာလုပ်ရမှာလဲ အယ်နီ၊ မင်း ဖုန်းဆက်နိုးနိုးနဲ့ တစ်ယောက်တည်း စောင့်နေရတာဟာ အထီးကျန်ဘဝပဲ မဟုတ်လား၊ စောင့်ပေမယ့်လည်း မင်းဆီက ဖုန်းက လုံးလုံး မလာဘူး။ ဘာပဲဖြစ်ဖြစ်လေ ကိုယ် သင်္ဘောပေါက်ပါတယ်။ တကယ့်ကို သဘောပေါက်ပါတယ်။

ဒီလိုအချိန်မျိုးမှာ သူ ရောက်လာတယ်။ ဟိုတယ်ထဲမှာ ထိုင်နေကြတုန်း သူက ပြောတယ်။ သူဟာ အသက်ကြီးတဲ့ ယောကျ်ားတွေကို ပိုပြီး မြတ်နိုးပါတယ်တဲ့။ အဲဒီတော့ ကိုယ် ဘာလုပ်ရမှာလဲ။ ဒါလောက် ပွအိုက်နေတဲ့ ညကြီးမင်းကြီးမှာ တစ်ယောက်တည်း ပြန်ပေတော့လို့ သူ့ကို နှင်လွှတ်လိုက်ရမှာလား"

အယ်နီက ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ - အဲဒါတွေ မေ့လိုက်ပါတော့ မောင်ရယ်၊ အခု မောင် တစ်ယောက်တည်း အဖော်မဲ့နေရတဲ့ဘဝမျိုး မဟုတ်တော့ပါဘူး"

"အင်း - အခုတော့လည်း သူ့ခမျာ အဖော်ကင်းမဲ့စွာနဲ့ ပြန်သွားရရှာပြီပေါ့လေ။ အင်မတန် သေးငယ်သေးတဲ့ ရေသူမကလေး လေ။ ထားလိုက်ပါတော့လေ၊ မင်းဟာ လှတယ်။ နာမည်ကြီးတယ်။ အန္တရာယ်လည်း ကြီးတယ်။ ဒါပေမယ့် မင်းနဲ့ နေရတာကမှ စိတ်လုံတယ်"

လိုင်ယွန်က အယ်နီရှိရာသို့ လျှောက်လာပြီး ပွေ့ယူလိုက်သည်။ တင်းတင်းကျပ်ကျပ် ပွေ့ထားပြီး နမ်းသည်။

သို့သော်လည်း ရုတ်တရက် မြည်လာသည့် တယ်လီဖုန်း ခေါင်းလောင်းသံကြောင့် သူတို့နှစ်ယောက် လူချင်းခွဲလိုက်ကြရသည်။

"ရေသူမကလေးနဲ့ တူပါတယ်"

အယ်နီက ပြုံးပြီးပြောသည်။

လိုင်ယွန်က ဖုန်း ကောက်ကိုင်လိုက်သည်။ သူ မျက်မှောင်ကုတ်သွားသည်ကို အယ်နီ မြင်ရသည်။ ပြီးတော့ အေးစက်သည့် လေသံနှင့် ပြောသည်။

"ခင်ဗျားကိုယ်တိုင် သူနဲ့ စကားပြောရင် ကောင်းမယ် ထင်တယ်"

လိုင်ယွန်က ထိုမျှပြောပြီး အယ်နီဘက် လှည့်ကာ တယ်လီဖုန်း လှမ်းပေးသည်။ အယ်နီက နားမလည်နိုင်သလို ဖြစ်သွားသည်။

ထို့ကြောင့် လိုင်ယွန်က ဆက်ပြောသည်။

"ကေဗင်ဂေးလ်မိုး"

"သူနဲ့ ကျွန်မ စကားမပြောချင်ဘူး"

အယ်နီက နောက်သို့ ဆုတ်သွားသည်။

"မင်း ပြောလိုက်ရင် ကောင်းမယ် ထင်တယ်"

လိုင်ယွန်က ထပ်ပြောသည်။

စကားပြောခွက်ကို လက်နှင့် ဖုံးအုပ်ထားခြင်း မရှိ။ ထို့ကြောင့်လည်း သူတို့နှစ်ယောက် ပြောနေသည်ကို ကေဗင် ကြားနေရ လိမ့်မည်။ ထိုအဖြစ်ကို မြင်သည့်အတွက် အယ်နီက စိတ်ပြောင်းလိုက်သည်။

ထိတ်လန့်တုန်လှုပ်သည့် အမူအရာနှင့် အယ်နီက ဖုန်းကို လှမ်းယူသည်။ သူ့ခန္ဓာကိုယ်ထဲမှာ ရှိနေသည့် ခွန်အားများကို အကုန် သုံးလိုက်ရဘိသကဲ့သို့ ရှိသည်။

"ကေဗင်"

"အယ်နီ - အယ်နီ၊ ကိုယ့်ကို ခွင့်လွှတ်ပါကွယ်။ ဒီကနေ့ည ကိုယ် တစ်ခုခု ဖြစ်နေတဲ့ အကြောင်း အခုပဲ လိုင်ယွန်ဘက်ကို ကိုယ် ပြောပြလိုက်ပါသေးတယ်။

ကိုယ်ရှုးပြီ အယ်နီ၊ ဒီနေ့ည ဖြစ်တာမျိုး တစ်ခါမှ မကြုံဖူးပါဘူး။ ကိုယ်ပြောခဲ့တဲ့ စကားတွေဟာ စိတ်ထဲကပါလို့ ပြောခဲ့တာတွေ မဟုတ်ပါဘူး အယ်နီ။ ကိုယ်ပြောတာ နားထောင်နေတယ် မဟုတ်လား"

"ကေဗင်၊ အခုလို ဖုန်းလှမ်းဆက်တာတော့ မကောင်းဘူး။ ကိစ္စတွေ အားလုံး ပြီးသွားပြီပဲ"

"အယ်နီ၊ ကိုယ့်ကို သနားရင် ပြန်လာခဲ့ပါကွယ်။ ကိုယ် စိတ်ထဲကပါလို့ ပြောခဲ့တာတွေ မဟုတ်ပါဘူး။ မင်း အလုပ် ဆက်လုပ်နေချင်သပ ဆိုရင်လည်း လုပ်ပါ။ မင်း လုပ်ချင်တာ မှန်သမျှ ဘာမဆို လုပ်ပါ။ မနက်ဖြန်ကျရင် မင်းနဲ့ လက်ထပ်ပါ့မယ်။ ဒါမှမဟုတ်ရင်လည်း မင်းကြိုက်တဲ့နေ့မှာ လက်ထပ်ပါ့မယ်။ ကိုယ် သိပ်ကို စိတ်ထိခိုက်နေပါပြီ။ မင်းကြိုက်တဲ့ စည်းကမ်းကို လုပ်ပါ။ မင်းကြိုက်တာခိုင်းပါ။ မင်းခိုင်းတာ ဘာမဆို ကိုယ်လုပ်ပါ့မယ်။ ကိုယ့်ကို ခွင့်လွှတ်ပါ အချစ်ရယ်။ ပြန်လာခဲ့ပါ။

အမှန်ကတော့ မိန်းကလေးတစ်ယောက်နဲ့ သူ တွဲလာတာကို မင်း မြင်လိုက်ရတော့ မင်း စိတ်ထိခိုက်သွားတာကို ကိုယ် မြင်လိုက်ရတယ်။ မင်း ဒီလိုဖြစ်တာကို တစ်ခါမှ မမြင်ဖူးခဲ့ဘူး။ ကိုယ် ရူးသွားပြီလို့ ထင်ပါတယ်။

ဒါကြောင့် ကိုယ် စိတ်ထိခိုက်အောင် မင်း လုပ်ခဲ့ဖူးသလို မင်း စိတ်ထိခိုက်အောင် ပြန်လုပ်မိတာပါ။ ကိုယ့်ကို သနားပါ အယ်နီ။ ကိုယ် အသက်ကြီးပြီဆိုတာ ကိုယ်သိပါတယ်။ ကိုယ်နဲ့ လက်ထပ်ပြီးတဲ့ အချိန်မှာ လိုင်ယွန်နဲ့ မင်း ဆက်ပြီး ချိန်းတွေ့နေချင်သေးတယ် ဆိုရင်တောင်မှ ကိုယ် လိုက်လျောပါ့မယ်။ သူနဲ့ တွေ့နေတဲ့အကြောင်း ကိုယ့်ကိုသာ မပြောပါနဲ့။ မင်းကြိုက်ရာ ဘာမဆို လုပ်နိုင်ပါတယ်။ ကိုယ့်ကိုသာ ခွင့်လွှတ်ပါ အယ်နီရယ်။ ကိုယ့်ဘဝထဲကနေပြီး ပြေးထွက်မသွားပါနဲ့"

ကေဗင်သည် ပြောနေစဉ်မှာပင် တရှိုက်ရှိုက် ငိုကြွေးနေသည်။ ပြီးတော့ သူ့အသံ နစ်မြုပ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


"ကေဗင်၊ ဘာဖြစ်သွားတာလဲ"

"ဘာမှ မဖြစ်ပါဘူး။ ကိုယ် လမ်းလျှောက်လာတာ သိပ်မြန်သွားလို့ပါ။ အခု မင်းအခန်းမှာ ကိုယ်ရောက်နေတယ်။ တစ်လမ်းလုံး ကိုယ်ပြေးလာခဲ့တာ။ အယ်နီ၊ ကိုယ့်ကို သနားပါကွယ်။ လိုင်ယွန်အဖို့တော့ မင်းဟာ အများထဲက တစ်ယောက်ပါ။ ဒါပေမယ့် ကိုယ့်အဖို့တော့ မင်းဟာ ကိုယ့်ဘဝပါပဲကွယ်"

"ကေဗင်၊ ကျွန်မတို့ မနက်ဖြန်မှ ဆက်ပြောကြရအောင်"

"အယ်နီ၊ ကိုယ် ဘယ့်လိုလုပ်လို့မှ အိပ်ပျော်မှာ မဟုတ်ဘူး။ ဒီည တစ်ညတည်း မဟုတ်ဘူး၊ မင်း အဲဒီကို ရောက်ပြီး ဘာလုပ်နေတယ် ဆိုတာကို သိနေရမှတော့ ကိုယ် ဘယ်တော့မှ အိပ်ပျော်တော့မှာ မဟုတ်ဘူး"

သူ့အသံဆို့ပြီး ပျောက်ကွယ် နစ်မြုပ်သွားသည်ကို အယ်နီ သတိထားလိုက်မိသည်။

"အယ်နီ၊ ကိုယ့်ကို သနားပါ အယ်နီရယ်။ ဒီကနေ့ညတော့ ပြန်ဖြစ်အောင် ပြန်လာခဲ့ပါ။ ဟိုဘက် ခုတင်မှာ ကိုယ် အိပ်ပါ့မယ်။ မင်း ပြန်လာပြီး ကိုယ်နဲ့အတူတူ တစ်အိမ်တည်းမှာ ရှိနေတယ် ဆိုတာကို သိရရင် ကိုယ် ကျေနပ်ပါပြီ။

အခုအချိန်ကစပြီးတော့ နောက်ပိုင်းကျရင် မင်း ဘယ်သွားနေတယ်၊ ဘာလုပ်နေတယ် ဆိုတာကို ကိုယ် လိုက်ပြီး စစ်ဆေးမနေတော့ပါဘူး။ ကိုယ်နဲ့ ပြန်လာနေပါ အယ်နီ။ လိုင်ယွန်ကို ကိုယ် မပြိုင်နိုင်ပါဘူး။ ကိုယ်က အသက်ငယ်တော့တဲ့လူလည်း မဟုတ်ဘူး၊ ကျန်းမာတဲ့လူလည်း မဟုတ်ဘူး။ လာပါ အယ်နီရယ်၊ ပြန်လာခဲ့ပါတော့"

"ကောင်းပါပြီ ကေဗင်"

အယ်နီ၏လက်ထဲမှ တယ်လီဖုန်း စကားပြောခွက်သည် ခဲဆွဲထားသလို လေးသွားသည်။

"မင်း ပြန်လာတော့မယ်နော်"

သူ့အသံသည် ရင်ထဲ အသည်းထဲက ထွက်ပေါ်လာသည့် မျှော်လင့်ချက် အပြည့်ပါသောအသံ ဖြစ်လေသည်။

"ဟုတ်ပါတယ်၊ အခုချက်ချင်း ပြန်ခဲ့ပါ့မယ်"

အယ်နီက ဖုန်းကို ပြန်ချပြီး လိုင်ယွန်ဘက်သို့ လှည့်သည်။

"အရေးကောင်း ဒိန်းဒေါင်းဖျက်တယ် ဆိုတာမျိုး ဖြစ်ပြန်ပြီပေါ့ကွာ"

လိုင်ယွန်က အယ်နီကို ကျောခိုင်းလိုက်ပြီး သူ့အရက်ခွက်ထဲသို့ အရက်ထပ်ထည့်နေသည်။

"လိုင်ယွန်၊ ကျွန်မ ဘာလုပ်ရတော့မှာလဲဟင်"

လိုင်ယွန်က ပခုံးကို တွန့်လိုက်သည်။

"ဘယ်သူ့ စိတ်ချမ်းသာတာကို မင်း လုပ်ပေးချင်သလဲ ဆိုတာပေါ်မှာ မူတည်တယ်လို့ပဲ ပြောရတော့မှာပဲ အယ်နီ။ မင်းအတွက် မင်း လုပ်ပေးချင်သလား၊ ဒါမှမဟုတ် မင်းရဲ့ စိတ်ထဲမှာ လိပ်ပြာသန့်အောင် လုပ်ပေးချင်သလား။ မင်း ဘာကို တွေ့နိုင်ဖို့အတွက် ကြိုးစားရှာဖွေနေတာလဲ။ ပျော်ရွှင်မှုအတွက်လား၊ ဒါမှမဟုတ် စိတ်ငြိမ်းချမ်းသာယာမှု အတွက်လား"

"အဲဒါတွေဟာ အတူတူ မဟုတ်ဘူးလား"

"မတူဘူး၊ စိတ်ငြိမ်းချမ်းသာယာမှု ဆိုတာ ချစ်ခြင်းမေတ္တာနဲ့ အတူတူ ဘယ်တော့မှ မလာဘူး။ ဂေးလ်မိုးနဲ့ မင်းအတူတူ နေမယ်ဆိုရင် မင်း စိတ်ငြိမ်းချမ်းသာယာမှုကို ရမယ်။ မင်း စိတ်ထဲမှာလည်း လိပ်ပြာသန့်သွားမယ်။ ကိုယ် ရဲရဲကြီး ပြောရပါတယ်။ ကိုယ်နဲ့အတူတူ နေမယ်ဆိုရင်တော့ အဲဒီလို မင်းစိတ်ထဲမှာ လိပ်ပြာသန့်နိုင်ဖို့အတွက် အမြဲတမ်း တိုက်ပွဲဝင်နေရမှာပဲ။ ဒါပေမယ့် ချစ်ခြင်းမေတ္တာ ဆိုတာဟာ အမြဲတမ်း ရုန်းကန် လှုပ်ရှားနေရတာပဲ မဟုတ်လား"

"ကျွန်မကို ချစ်ပါတယ်လို့ မောင် ပြောနေတာလားဟင်"

အယ်နီက ပြန်မေးသည်။

"ဘုရားရေ၊ မင်းသိအောင် မဏ္ဍပ်တိုင် တက်ပြီး မီးမောင်းများ ထိုးပြနေရဦးမှာလားကွာ။ မင်းကို ကိုယ် တကယ်ချစ်တာပေါ့"

"ဒါပေမယ့် ကျွန်မ ဘယ်လိုလုပ်ပြီး ယုံရမှာလဲ။ နှစ်ပတ်လုံးလုံး ကျွန်မဆီကို မောင် ဖုန်းမဆက်ဘူး။ ကျွန်မကိုချစ်ကြောင်း ကျွန်မ ယုံကြည်လောက်အောင် ဘာမှ လုပ်မပြဘူး"

"မောင်ပြောနေတာက အချစ်အကြောင်းကို ပြောနေတာပါ။ တောင်းပန်တိုးလျှိုးတဲ့ အကြောင်းကို ပြောနေတာ မဟုတ်ဘူး။ လူတစ်ယောက်ကို တောင်းပန်တိုးလျှိုးရတဲ့ သူ တောင်းစားဘဝမျိုးကို ရောက်သွားအောင်

www.burmeseclassic.com



ချစ်ခြင်းမေတ္တာက မလုပ်ဘူး။

တောင်းပန်တိုးလျှိုးနေရမယ် ဆိုရင်တော့ မောင် ချစ်နိုင်မှာ မဟုတ်ဘူး။ မောင်တကယ်ချစ်ကြောင်း ယုံကြည်ဖို့၊ ဒါကြောင့်မောင့်ကို ပြန်ချစ်ဖို့ တောင်းပန်မှ ဖြစ်မယ်ဆိုရင်တော့ ဘယ်လိုလူမျိုးမှ မောင် မချစ်ဘူး။

နောက်ပြီးတော့ တစ်စုံတစ်ယောက်သူ့ကိုချစ်ဖို့ မောင့်အချစ်ကို အသနားခံ တောင်းလာမယ်ဆိုရင်လည်း အဲဒီ အမျိုးသမီးကိုမောင် သိပ်အထင်သေးပစ်လိုက်မှာပဲ။

ချစ်ခြင်း မေတ္တာဆိုတာ တစ်မျိုးပဲ။ ပေးရတဲ့ အရာမျိုး၊ စကားလုံးကလေးတွေနဲ့၊ ကရုဏာတရားကလေးတွေနဲ့၊ အကြောင်းပြချက်တွေနဲ့ ဝယ်ယူလို့ရတဲ့အရာမျိုး မဟုတ်ဘူး။

မင်းကိုလည်း မောင် ဘယ်တော့မှ တောင်းပန်မှာ မဟုတ်ဘူး အယ်နီ။ မင်းကို မောင် ချစ်တယ်။ ဒါကိုတော့ မင်း သိထားဖို့လိုတယ်။ မင်းကို အမြဲတမ်း မောင် ချစ်နေမယ်"

"မောင်၊ မောင့်ကို ကျွန်မ ချစ်တာကိုလည်း မောင် သိပါတယ်။ ဟိုတုန်းကလည်း ချစ်ခဲ့တယ်၊ နောင်လည်း အမြဲတမ်း ချစ်နေမယ်"

"ဒီလိုဆိုရင်လည်း ဘာဖြစ်လို့ အဲဒီနေရာမှာ ရပ်ပြီး ဒီအကြောင်းတွေကို လေကုန်ခံ အချိန်ကုန်ခံ ပြောနေရတာလဲကွယ်။ မင်း ဒီမှာ ရှိနေပြီ။ မောင်ကလည်း မင်းကို ဒီမှာ ရှိနေစေချင်တယ်လေ"

လိုင်ယွန်က ပြုံးသည်။ သို့သော်လည်း အခန်း၏တစ်ဖက်ခြမ်းမှာပင် ရပ်မြဲရပ်နေသည်။

"ဒါပေမယ့် မောင်က အင်္ဂလန်ကို ပြန်တော့မှာ. . ."

"နောက်ပြီးတော့ ကေဗင်က အမေရိကန်မှာ ရှိနေတယ်လေ။ မောင်က ချစ်ခြင်းမေတ္တာအကြောင်းကို ပြောနေတယ်။ မင်းက ပထဝီဝင်အနေအထား အကြောင်းကို ပြောနေတယ်။ ပြောရတာ လက်ဝင်လိုက်တာကွယ်"

လိုင်ယွန်က ပြုံးပြန်သည်။

"ဒါပေမယ့် ချစ်ခြင်းမေတ္တာ ဆိုတာဟာ အတူနေဖို့ပဲ မဟုတ်လား၊ အတူနေကြတာပဲ မဟုတ်လား"

လိုင်ယွန်က အယ်နီ၏လက်ကို ဆွဲယူသည်။

"ချစ်ခြင်းမေတ္တာဆိုတာ စိတ်လှုပ်ရှားခံစားမှုပါကွယ်။ မင်းအဖို့တော့ ချစ်ခြင်းမေတ္တာဆိုတာဟာ ဘယ်လိုမှ ချိုးဖောက်လို့ မရတဲ့ စည်းကမ်းချက်တွေပါတဲ့ ကန်ထရိုက်စာချုပ်ကြီးတစ်ခုလို ဖြစ်နေပြီ။

အယ်နီ၊ ဒီအတွက်တော့ အချိန်တွေ သိပ်နောက်ကျသွားပါပြီကွယ်။ ဟုတ်ပါတယ်၊ လန်ဒန်ကို မောင် ပြန်ရမယ်။ မောင် ဖြစ်ချင်တဲ့ဘဝကို ဟိုမှာပဲ မောင် တည်ဆောက်ထားတယ်။ မင်းမှာလည်း ဒီအတိုင်းပဲ မဟုတ်လား။ မင်း ဖြစ်ချင်တဲ့ဘဝမျိုးကို မင်း ဒီမှာ တည်ဆောက်ထားပြီးပြီလေ။ အကောင်းဆုံးကတော့ ကေဗင်ဆီကို မင်း ပြန်သွားတာပဲ ဖြစ်မယ်။ မင်းရဲ့ဘဝမျိုးမှာတော့ သူဟာ ထိုက်တန်တဲ့လူတစ်ယောက်ပါ။ မင်းနဲ့ အသွင်တူတဲ့လူတစ်ယောက်ပါ။ မောင့်အနေနဲ့ မင်းအပေါ်မှာ အကောင်းဆုံး လိုက်လျောနိုင်တာကတော့ မောင် ဒီမှာ နှစ်ပတ်သုံးပတ် ပိုပြီး နေတာလောက်ပဲ ဖြစ်နိုင်တယ်"

"ကျွန်မလည်း လန်ဒန်ကို သဘောကျနိုင်ပါတယ် မောင်ရယ်၊ အဲဒီလိုရော မောင် တစ်ခါမှ စဉ်းစားမကြည့်ဖူးဘူးလား"

"အယ်နီ၊ မောင်ဟာ စာရေးဆရာတစ်ယောက်ပါ။ အတော်ဆုံး အအောင်မြင်ဆုံး စာရေးဆရာတော့ မဟုတ်ဘူးပေါ့ကွယ်။

ဒါပေမယ့်၊ စာရေးဆရာ အဖြစ်နဲ့ပဲ မောင် ရပ်တည်နေတယ်။ မင်းဟာ မောင့်စာမူတွေကို လက်နှိပ်စက် ဝိုင်းကူရိုက်ပေးနေတဲ့စိတ်ဓာတ်တက်ကြွနေတဲ့ အသက်နှစ်ဆယ်ရွယ် မိန်းကလေးတစ်ယောက် မဟုတ်တော့ဘူး။ မကြာခင်မှာ မင်း ငြီးငွေ့သွားလိမ့်မယ်။ နောက်ဆုံးကျတော့ မင်း မုန်းသွားလိမ့်မယ်"

အယ်နီသည် နောက်သို့ ပြန်လှည့်ကာ လိုင်ယွန်ကို ကျောခိုင်းပြီး အခန်းထဲမှ ပြေးထွက်ခဲ့လေတော့သည်။ ခန်းမအတိုင်း ပြေးလာရင်း ဓာတ်လှေကားခေါ် သည့် ခလုတ်ကို နှိပ်သည်။

နောက်က သူ လိုက်လာချင် လိုက်လာပေလိမ့်မည်။ တကယ်လို့များ လိုက်လာမည်ဆိုလျှင် . . .။

ဓာတ်လှေကားတံခါး ပွင့်သွားသည်။ နောက်ပိုင်းသို့ ပြန်လှည့်ကြည့်သည်။ သူ့အခန်းတံခါးသည် ပိတ်မြဲပိတ်ထားပြီး တိတ်ဆိတ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဓာတ်လှေကား အတွင်းသို့ သူ ဝင်ခဲ့တော့သည်။

သူ့အိမ်ရှိရာ ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ အိမ်သို့ ရောက်သောအခါ ခြံဝကိုကျော်ပြီး ဝင်ခဲ့သည်။ သည်အကြောင်းတွေကို ပြန်ပြီး စဉ်းစားဦးမှ ဖြစ်မည်။

လိုင်ယွန်က သူ့ကို ချစ်သည်။

သို့သော်လည်း အနာဂတ်နှင့်ပတ်သက်ပြီး ဘာတစ်ခုမှ ကမ်းလှမ်းခြင်း မရှိ။ ကေဗင်က အယ်နီရှိမှ ဖြစ်မည်။ သူ့တစ်ဘဝလုံးကို ပုံပြီး အပ်ပါမည်ဟုလည်း ဆိုသည်။ မေတ္တာကန်ထရိုက်စာချုပ်ထဲတွင် အယ်နီ ကြိုက်နှစ်သက်သည့် စည်းကမ်းချက်များကို ထည့်သွင်းရေးဆွဲခွင့်ပေးသည်။

သို့သော်လည်း အယ်နီ ကိုယ်တိုင်က မတပ်မက်သည့်အတွက် တစ်ဘဝလုံး ပုံအပ်ထားပါသည်ဟုပင် ဆိုသော်လည်း ယင်းချစ်ခြင်းမေတ္တာ ကန်ထရိုက်စာချုပ်သည် ဘာများကော အသုံးကျပါဦးမည်နည်း။

လိုင်ယွန်ကိုမူ သူ့ဘဝတစ်လျှောက်လုံးတွင် ချစ်ခဲ့ရသည်။ လိုင်ယွန်၏မေတ္တာကို တမြတ်တနိုး ကိုးကွယ်ခဲ့ရသည်။ လိုင်ယွန်၏အကြိုက် မှန်သမျှကို အလိုလိုက်ခဲ့ရသည်။

ထိုသို့ဆိုလျှင် လိုင်ယွန်က လန်ဒန်သို့ လိုက်ခဲ့ပါဟု မခေါ်တော့ရော ဘာဖြစ်ရဦးမည်နည်း။ သူ သွားလေလေရာကို ဖဝါးခြေထပ် မပြတ် လိုက်နိုင်သည်။ လန်ဒန်သည် ကမ္ဘာကြီး၏အဆုံးတစ်နေရာ မဟုတ်သေး။

သို့သော်လည်း ထိုသို့လုပ်လျှင် တောင်းပန် တိုးလျှိုးရာ ရောက်သည်။ လိုင်ယွန်က တောင်းပန်တိုးလျှိုးခြင်းကို ရွံမုန်းသည်။

'အချစ် ဆိုတာဟာ ပေးရတဲ့အရာမျိုး' ဟု ပြောခဲ့သည်။ ရယူခြင်း မဟုတ်။

အိမ်အဝင်ပေါက်ဆီသို့ သူ ပြန်လှည့်လာခဲ့သည်။ အိမ်ထဲမှာ ကေဗင် ရှိနေသည်။ ကေဗင်က သူ့ကို ပြန်လာစေချင်သည်။ နှစ်ပတ် သုံးပတ်လောက် စိတ်ချမ်းသာ ပျော်ရွှင်မှုကလေးကို ရှာမိတဲ့အတွက် ကေဗင်မှာ ဘယ်လောက် ထိခိုက်သွားနိုင်သနည်း။

ယိုအချိန်ကလေးမှာပင် ကေဗင်နှင့် အတူ နေခဲ့သည့် နှစ်ပေါင်းများစွာတို့သည် သူ့စိတ်အစဉ်ထဲမှာ အစီအရီ ပေါ်လာသည်။ ထိုသို့သော နှစ်များအတိုင်းပင် နောက်ထပ်လည်း ထပ်တူထပ်မျှ ကြုံတွေ့နေရဦးမည်သာ ဖြစ်သည်။

ဟုတ်ပါပြီ။ ယခုပင် အဖြေမှန်ကို ရပါတော့သည်။ လိုင်ယွန်က နှစ်ပတ်သုံးပတ်လောက် သူ ပိုနေပေးနိုင်သည်ဟု ပြောသည်။ သူ ပြောသည့်အတိုင်းပင် ရသမျှ အချိန်ကို ဆုံးခန်းတိုင်အောင် အသုံးချရတော့မည်။

ထို့နောက်ပိုင်းအထိ ကေဗင်က သူ့ကို လိုလားနေပါသေးသည် ဆိုလျှင် အကြောင်း မဟုတ်။ ကေဗင် ပြောသည့်အတိုင်းပင် သူတို့ နှစ်ယောက်သည် အပယ်ခံ အစွန့်ခံများ ဖြစ်ကြသည်။ တစ်စုံ ဖြစ်ကြသည်။

သို့သော်လည်း လိုင်ယွန် ရှိနေသေးသည့် အချိန်မှာတော့ မိမိသည် လိုင်ယွန်၏ ရင်ခွင်ထဲမှာသာ ရှိရပေလိမ့်မည်။

အယ်နီသည် နောက်ပြန်လှည့်ပြီး ခပ်သုတ်သုတ် လျှောက်ခဲ့သည်။ လျှောက်ရင်းမှ အပြေးကလေး လာမိသည်။ လိုင်ယွန်၏ဟိုတယ်သို့ မရောက်မချင်း ဂါ်ုဝ မနား။

ဓာတ်လှေကား မောင်းတက်နေသည်က စိတ်ပျက်စရာ ကောင်းလောက်အောင် အချိန်ကြာလွန်းသည်ဟု ထင်နေမိသည်။

လိုင်ယွန်၏အခန်းတံခါး ပွင့်သွားသည်။ သူ့လက်နှစ်ဖက်ကို အယ်နီ၏ ကိုယ်ပေါ်မှာ သိုင်းလိုက်ပြီး တင်းကျပ်စွာ ဆီးကြို ပွေ့ယူသည်။ အယ်နီကလည်း သူ့ကို ပြန်ဖက်ထားမိသည်။

"မောင်ရယ်၊ မောင် ဒီမှာ ရှိနေသမျှကာလပတ်လုံး ကျွန်မလည်း မောင်နဲ့အတူတူပဲ ရှိနေပါ့မယ်။ ဘာမှလဲ မေးမနေတော့ဘူး။ မနက်ဖြန် ဆိုတာလည်း မရှိဘူး။ မောင်နဲ့အတူတူ နေနိုင်တဲ့ စက္ကန့်တိုင်းဟာ တန်ဖိုးရှိတယ်လို့ပဲ စိတ်တုံးတုံးချလိုက်ပါတယ်။ မောင့်ကို ချစ်တယ်ကွယ်"

လိုင်ယွန်က အယ်နီ၏မျက်နှာကို လက်နှစ်ဖက်နှင့် ကိုင်ပြီး ဆွဲမော့သည်။ ပြီးတော့ အယ်နီ၏ မျက်လုံးများကို စိုက်ကြည့်နေရင်း တစ်လုံးချင်း တိုးတိတ် အေးဆေးစွာ ပြောသည်။

"အချိန်ပိုင်းကလေးတွေတိုင်းကို နာရီဖြစ်အောင် ဆက်ယူကြမယ်ကွယ်။ မင်းကို မောင် ချစ်ပါတယ်"

*

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ကေဗင်နှင့် အယ်နီ တွေ့သည်။ သူ့တစ်ကိုယ်လုံး ချုံးကျပြီး မျက်တွင်းပေါက်ပက်နှင့် ဖြစ်နေသည်။ အယ်နီက လိုင်ယွန်ကို သူ တွေ့လိုသည့်အကြောင်းများနှင့် သူ့စိတ်ထဲမှာ ခံစားရသည်များကို ကေဗင် နားလည်နိုင်အောင် ကြိုးစား ရှင်းပြသည်။

လိုင်ယွန် လန်ဒန်သို့ ပြန်သွားပြီးနောက်တွင် ကေဗင်ကလည်း မိမိကို အလိုရှိနေပါသေးသည်ဟု ဆိုလျှင် သို့တည်းမဟုတ် အလိုမရှိတော့ပါဘူးဟု ဆိုလျှင် . . . ။

ကောင်းပါပြီ။ အယ်နီ ကောင်းကောင်းနားလည် သဘောပေါက်ပါသည်။

ကေဗင်က စကားတစ်လုံးမှ မပြောဘဲ သူ့ကိုသာ ငေးစိုက်ကြည့်နေသည်။ ထို့နောက် သူ့မျက်နှာမှာ သွေးရောင်များ လွှမ်းပြီး အကွက်ထလာသည်။ အယ်နီ၏ အခန်းထဲမှာ သူ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။

"မင်းလည်း မင့်အင်္ဂလိပ်ကောင်လို ပျက်စီးသွားပြီ"

သူ၏ ဒေါသစိတ်ကြောင့် သူ့ကိုယ်မှာ ခွန်အားများ ပြန်လည်.ပြည့်ဖြိုးလာသည်။ အယ်နီ၏ အခန်းတံခါးကို ဆောင့်ပိတ်ကာ အခန်းထဲမှ ဒေါသတကြီး ထွက်ခွာသွားသည်။ ယခုလို သူ အရှက်တကွဲ အကျိုးနည်း ဖြစ်ရသည့်အတွက် အယ်နီကို ကလဲ့စား ပြန်ချေမည်ဟုလည်း အော်ဟစ် ပြောဆိုသွားသေးသည်။

ယခု တစ်ကြိမ်မှာတော့ ကေဗင် ဖုန်းပြန်မဆက်တော့။ နောက်ရက်များမှ စပြီး သူ့ကို နေရာတကာမှာ နာမည်ကြီး အမျိုးသမီးများနှင့် အမြဲတမ်း တွဲ၍ သွားလာနေသည်ကို တွေ့ရတော့သည်။ ကလေးငယ်တစ်ယောက် စိတ်ထိခိုက်နေသည်နှင့်ပင် တူလှတော့သည်။

ကေဗင်သည် ညကလပ်များကို မုန်းတီးရွံရှာသူ ဖြစ်သည်။ သို့သော်လည်း ယခုတော့ ညကလပ်တိုင်းမှာ သူ့ကို တွေ့နေရသည်။ အကောင်းဆုံးစားပွဲမှာ နာမည်ကြီး အမျိုးသမီး တစ်ယောက်ယောက်နှင့်အတူ တွဲထိုင်သည်။ သူတွဲသည့် အမျိုးသမီးတိုင်းသည် နာမည်ကျော် ရုပ်ရှင်မင်းသမီးများ၊ ရုပ်မြင်သံကြား သရုပ်ဆောင်များ၊ အဆိုတော်များချည်း ဖြစ်သည်။

နယူးယောက်မြို့သို့ ရုပ်ရှင်မင်းသမီး အသစ်တစ်ယောက် ရောက်လာပြီ ဆိုလျှင် ချက်ချင်း ဆိုသလိုပင် ထိုအမျိုးသမီးနှင့်အတူ ကေဗင်၏ နာမည်လည်း တွဲလျက် ပါလာတတ်သည်။ လေယာဉ်ပျံ ဆိုက်လာသည်နှင့် တစ်ပြိုင်တည်း ကေဗင်သည် လေယာဉ်ပျံဆီသို့ အူယားဖားယား ပြေးကာ ထိုလေယာဉ်ပျံပေါ်တွင်ပါသည့် မင်းသမီးသစ်နှင့် ရက်ချိန်း တောင်းတော့သည်ဟု သတင်းစုံဂျာနယ်က ရယ်စရာလုပ်ရေးရလောက်အောင် ဖြစ်တော့သည်။

သူ့စိတ်ကို သူ မထိန်းနိုင်တော့သည့် အဆုံးတွင် ဂေလီယန်ကုမ္ပဏီက အယ်နီနှင့် ဆက်လက် စာချုပ်ပြီး ရုပ်မြင်သံကြားများ မလွှင့်တော့ရန် ကန့်ကွက်လေတော့သည်။ ယခုအချိန်အထိ ဒါရိုက်တာအဖွဲ့ဝင် အဖြစ် ကေဗင် တာဝန်ယူနေဆဲ ဖြစ်သည်။

ထို့ကြောင့် သူ့နာမည်ကို အသုံးပြုနေသည့် ကုမ္ပဏီ၏ ဂုဏ်သိက္ခာမကျအောင် သူ့မှာ ကာကွယ်ပိုင်ခွင့် ရှိသည်ဟု ပြောသည်။

အယ်နီ အသက်ကြီးသွားပြီ၊ ဂေလီယန် အချစ်တော် အမျိုးသမီးသည် အသက်ငယ်ရမည်။ အမြဲတမ်း အသစ်ဖြစ်ရမည်။ မျက်နှာသစ်ဖြစ်ရမည်ဟု အကြောင်းပြသည်။

နောက်ဆုံးတော့ ဒါရိုက်တာအဖွဲ့ အစည်းအဝေး ခေါ်ပေးရန် အတင်းအကျပ် တောင်းဆိုသည်။ သို့သော်လည်း ကေဗင် အနေနှင့် ဘာမှ မတတ်နိုင်တော့ချေ။ မဲနှင့် ဆုံးဖြတ်ပြီး ကေဗင်၏ တောင်းဆိုချက်များကို ပယ်ချလိုက်ကြလေသည်။

အယ်နီကို နှစ်နှစ်စာချုပ် ထပ်ချုပ်သည်။ ဒေါ်လာတစ်သောင်း ထပ်တိုးပေးသည်။ ရုပ်မြင်သံကြားမျှသာမက သတင်းစာများ၊ မဂ္ဂဇင်းများမှာပါ ကြော်ငြာထည့်ဖို့ အတွက်လည်း အစီအစဉ်သစ် ထပ်မံ ပြုလုပ်ကြသည်။ အယ်နီအဖို့ နောက်ထပ် အောင်ပွဲ တစ်ခုပင်။

ကေဗင်၏ လှုပ်ရှားမှုများကိုတော့ အယ်နီက စောင့်ကြည့်နေမိသည်။ သို့သော် သူ့ကိုတော့ မမုန်းနိုင်။ မည်သို့သော ခံစားချက်မျှလည်း မရှိ။ သနားကရုဏာ သက်မိခြင်းသာ ရှိသည်။ ကြီးမားသော ကြေကွဲဝမ်းနည်းမှုသည် ယခု အတိုင်းပင် အဆုံးသတ်သွားပေတော့မည်။

ထိုရက်များ အတွင်းက လိုင်ယွန်နှင့် အတူတူ နေခဲ့လေရာ သူ့ဘဝတွင် အပျော်

www.burmeseclassic.com

www.burmeseclassic.com



ကြီးပျော်ခဲ့သည့် ရက်များဟု ဆိုနိုင်သည်။ လိုင်ယွန်ကလည်း အယ်နီနှင့်အတူတူ နေရသည့်အတွက် စိတ်ချမ်းသာနေသည်။

အယ်နီ၏ အောင်မြင်ကျော်ကြားမှုများ၊ အယ်နီတွင် ပရိသတ်များ ဝိုင်းဝိုင်းလည်နေသည်များကို ကြည့်ပြီး ဂုဏ်ယူနေသည်။

အယ်နီက လိုင်ယွန်၏အလုပ်များကို စိတ်ရောကိုယ်ပါ ဝိုင်းဝန်း ကူညီသည်။ လိုင်ယွန်က သူ့လုပ်ငန်း အစီအစဉ်များကို ပြောပြသည်။ သူ့ဆောင်းပါးများကိုလည်း အယ်နီက ဖတ်ကြည့်ပြီး လိုအပ်သည့် အကြံဉာဏ်များပေးသည်။

သူတို့နှစ်ယောက်မှာ ကိုယ့်အခန်းနှင့်ကိုယ် ဖြစ်နေကြသော်လည်း အယ်နီ၏အခန်းသို့ပင် လိုင်ယွန်က ပြောင်းလာပြီး နေသည်။

'ညခုနစ်နာရီကျရင် မင်းကို မောင် လာခေါ်မယ်။ ဗီရိုထဲက အဝတ်အစားတွေ ထုတ်ပြီး လဲလိုက်ဦးမယ်' ဟု လိုင်ယွန်က ပြောဖူးသည်။

ထိုအချိန်မှစပြီး ဟိုတယ်မှာ ရှိနေသည့် လိုင်ယွန်၏အခန်းကို လိုင်ယွန်၏ အဝတ်အစားများထားရာ ဗီရိုအဖြစ် သူတို့နှစ်ယောက် သတ်မှတ် ခေါ်ဝေါ်ကြလေတော့သည်။

သို့သော်လည်း အချိန်များက တဖြည်းဖြည်း ကုန်ဆုံးလာသည်နှင့် အမျှ လိုင်ယွန်၏ အလုပ်တာဝန်များ ပြီးဆုံးတော့မည် ဖြစ်ကြောင်းနှင့် သူ ပြန်ရတော့မည့်ရက်များ နီးကပ်လာပြီ ဖြစ်ကြောင်း အယ်နီ သိနေသည်။

ပြန်မည့် အကြောင်းနှင့် ပတ်သက်၍ လိုင်ယွန်က ယောင်၍ပင် ဖွင့်မပြောသော်လည်း အချိန်မရှိတော့ပြီ ဖြစ်ကြောင်း အယ်နီက သိနေသည်။ ထို့ကြောင့်လည်း ကျိတ်ပြီး စိတ်ထိခိုက်နေရတော့သည်။

သို့ရှိစဉ် ဇူလိုင်လ၏ တစ်ညနေခင်းတွင် အယ်နီမှာ မျှော်လင့်ချက်အသစ်များ ပြန်လည်ရရှိလာပြန်သည်။

မြို့ပြင်မှာရှိသည့် 'ဟိုတယ်တစ်ခုမှာ ညစာ အတူတူ သွားစားကြသည်။ ပန်းခြံထဲမှာ စားသောက်ကြခြင်း ဖြစ်သည်။

"ဒီကိုလာပြီး ညစာစားရတာ သိပ်ကို ကောင်းတဲ့ အကြံအစည်ပဲကွာ။ နယူးယောက်မြို့ရဲ့ ရာသီဥတုဟာ သိပ်ကို ကောင်းတာပဲ။ လန်ဒန်မှာတော့ ဒါမျိုး မကြုံဖူးပါဘူး။ အခုလို ခြေခင်းလက်ခင်းသာတဲ့ ညနေခင်းမျိုးဆိုတာ ဘယ်တော့မှ မျှော်လင့်လို့ မရဘူး။ မိုးက အချိန်မရွေး ရွာချနိုင်တယ်လေ"

သာယာ ကြည်လင်နေသည့် ကောင်းကင်ကို မော့ကြည့်ရင်း လိုင်ယွန်က ပြောသည်။

"နယူးယောက်မြို့နဲ့ ပတ်သက်ပြီး မောင် အကောင်းပြောတာ ဒါ ပထမဦးဆုံးအကြိမ်ပဲ"

အယ်နီက ရိုးရိုးပြောသည့်ပုံမျိုး ဖြစ်အောင် ကြိုးစား ပြောသည်။

"အဲဒါမျိုးကလေးတွေကို မင်း အမှတ်ထားတတ်လို့လည်း မောင် သိပ်ချစ်ရတာ။ ဒါပေမယ့် မိုးနဲ့ ပတ်သက်ပြီး မင်း ဘယ်လို ခံစားရသလဲ။ ကိုယ်တို့ လန်ဒန်မှာက မိုး သိပ်များတယ် သိလား"

အကွက်တော့ ဆိုက်လာပါပြီ။ အယ်နီကို သူ ခွဲပြီး မသွားချင်တော့ဘူး ဆိုတာ ပေါ်လာပါပြီ။ သို့သော်လည်း သိပ်ကို သတိထားရမည်။ သူ့ကို တိုက်တွန်းတာမျိုး၊ အကျပ်ကိုင်တာမျိုး မလုပ်မိပါမှ။ ဒါမျိုးကို သူ အလွန်မုန်းသည်။ သူ့စိတ်ကူး၊ သူ့အကြံအစည် သဘောမျိုး သက်ရောက်သွားအောင် လုပ်ရမည်။

"လန်ဒန်ကို ကျွန်မ တစ်ခေါက်မှ မရောက်ဖူးသေးဘူး မောင်"

"စဉ်းစားသေးတာပေါ့လေ"

လိုင်ယွန်က သည်မျှသာ ပြန်ပြောသည်။ ခဲလေသမျှ သဲရေကျ ဖြစ်သွားရပြန်သည်။

သို့သော်လည်း အယ်နီ အဖို့မှာမူ သည်အကြောင်းကိုသာ အမြဲတမ်း စဉ်းစားနေရတော့သည်။ ထိုအကြောင်းကိုပင် ဟင်နရီနှင့် ဆွေးနွေးကြည့်သေးသည်။

"မဖြစ်နိုင်ပါဘူး သမီးရယ်၊ သူ့အိမ်ကလေးကို ဘကြီး မြင်ဖူးတယ်။ မနှစ်တုန်းက သူ့ဆီကို ဘကြီး အလည်ရောက်ခဲ့သေးတာပဲ။ သူကတော့ သူ့အိမ်ကလေးကို နန်းတော်ကြီးလို့ ထင်နေတယ်။ အိမ်ခန်းအလယ်မှာ အပူငွေ့ပေးစက်လည်း မရှိဘူး၊ အခန်းကျဉ်းကလေး လေးခန်းပဲ ပါတယ်"

"ဒါပေမယ့် ကျွန်မမှာ ငွေရှိနေတာပဲ။ အကောင်းဆုံးအိမ် ရှာပြီး ကျွန်မတို့ နေနိုင်တာပဲ"

"အခုအချိန်ထိအောင် သမီး သင်ခန်းစာ မရသေးဘူးလား။ လိုင်ယွန်ရဲ့ဘဝကို ဘယ်လို လူကမှ ငွေနဲ့ပေးဝယ်လို့ ရတာ မဟုတ်ဘူး။ သူပြုသမျှ နုရမှာပဲ။ သူနေခိုင်းသလို သမီး

www.burmeseclassic.com



နေရမှာပဲ"

ဟင်နရီက ခပ်ပြတ်ပြတ် ပြန်ပြောသည်။

"ဒီလိုဆိုရင်လည်း သူ နေစေချင်သလို နေလိုက်မှာပေါ့။ သူ နေစေချင်တဲ့နေရာ ဘယ်နေရာမှာပဲ ဖြစ်ဖြစ် ကျွန်မ နေမယ်။ သူ့ကိုတော့ ကျွန်မ ခွဲမသွားတော့ဘူး။ သူနဲ့သာ အတူတူ နေရမယ်ဆိုရင် ဘယ်နေရာမှာပဲ နေရနေရ ကျွန်မ ပျော်မှာပဲ။ ကုန်ကုန်ပြောရရင် လောရင့်စ်ပီးလ်မှာတောင် ကျွန်မ ပျော်မယ်"

အယ်နီက အခိုင်အမာ ဆုံးဖြတ်ထားပြီး ဖြစ်သည့် လေသံမျိုးနှင့် ပြန်ပြောသည်။

"ဂေလီယန်နဲ့ စာချုပ်ထားတာတွေ ဘယ်လို သွားလုပ်မလဲ၊ ကန်ထရိုက်စာချုပ်ကို သမီးဘက်က ချိုးဖောက်လိုက်ရင် နောက် ဘယ်တော့မှ သမီး ရုပ်မြင်သံကြား ပြန်ရိုက်ချင်လို့ ရတော့မှာ မဟုတ်ဘူး"

"ဘကြီး၊ ကျွန်မ ပိုက်ဆံတွေက ဘယ်လောက် ရှိနေပြီလဲ"

"တစ်သန်းကျော်နေပြီ"

"ဒီလိုဆိုရင် ကျွန်မက ဘာဖြစ်လို့ အလုပ် လုပ်နေရဦးမှာလဲ"

"အဲဒီတော့ သမီးက လန်ဒန်မြို့မှာ ဘာ သွားလုပ်နေမှာလဲ"

"သမီးက လိုင်ယွန်နဲ့အတူတူ နေနေမှာလေ"

"ပြန်စဉ်းစားဦး အယ်နီ၊ သမီးဟာ ဘဝ သစ်တစ်ခုထဲကို ခြေစုံပစ်ပြီး ဝင်လိုက်ရမယ့် အသက်အရွယ်မျိုး မဟုတ်တော့ဘူး။ လိုင်ယွန်ဘက်က ကြည့်ရင်လည်း ဒီအတိုင်းပဲ။ လန်ဒန်မှာ သူ့ဘဝကလေးကို သူ အခြေချပြီးနေပြီ။ သမီးမှာ အပေါင်းအသင်းလည်း မရှိ ဆွေမျိုးဉာတကာလည်း မရှိ။ သူက တစ်နေကုန် လက်နှိပ်စက်တစ်လုံးနဲ့ စာရေးနေမယ်။ သမီးက ဘာသွားလုပ်နေမှာလဲ"

"သမီးလည်း မသိတော့ပါဘူး ဘကြီးရယ်၊ သူနဲ့ခွဲပြီး သမီး မနေနိုင်တော့ဘူး ဆိုတာ တစ်ခုပဲ သိတော့တယ်"

ဟင်နရီက ခဏကြာအောင် စဉ်းစားနေသည်။ ပြီးတော့မှ ဆက်ပြောသည်။

"ဒီကိစ္စကို ဖြေရှင်းနိုင်ဖို့ နည်းလမ်း တစ်ခုပဲ ရှိတယ်။ သူ နယူးယောက်မှာ ဆက်နေဖြစ်အောင် သမီး လုပ်ထားရမယ်"

"ဘယ်လို သွားလုပ်လို့ရမှာလဲ ဘကြီးရဲ့၊ သတင်းစာတိုက်က သူ့ကို ပေးထားတဲ့ တာဝန်က ပြီးတော့မယ်။ ပြီးတော့ သူကလည်း လန်ဒန်မြို့ကိုပဲ သဘောကျနေတယ်"

"အတတ်နိုင်ဆုံး အချိန်ဆွဲထားလိုက်ပေါ့။ ဒီမှာ သူ တစ်ရက်ပိုနေဖြစ်တာဟာ နယူးယောက်မြို့မှာ တစ်ရက်ပိုပြီး နေသားကျသွားတာနဲ့ အတူတူပဲ။ ဘကြီးလည်း စဉ်းစားကြည့်ပါဦးမယ်လေ။ ဘာတာ စာအုပ်ထုတ်ဝေရေးတိုက်မှာ ဘကြီးမိတ်ဆွေတွေ ရှိပါတယ်။

သူတို့မဂ္ဂဇင်းအတွက် ဆောင်းပါးကလေး ဘာလေး ရေးဖို့ သူ့ကို တာဝန်ပေးတာမျိုးများ ဖြစ်နိုင်မလား စီစဉ်ကြည့်ပါဦးမယ်။ တကယ်လို့ ဖြစ်ရင်လည်း တမင်လုပ်တာမျိုး မဟုတ်ဘဲ မတော်တဆ တိုက်ဆိုင်မှုနဲ့ ဖြစ်လာတာမျိုး လုပ်ထားရမယ်"

"အဲဒီလို ဖြစ်တော့ရော ဘာအကျိုးထူးမှာလဲ"

"သူ ဒီမှာ ခဏတော့ ဆက်ပြီး နေနေရဦးမှာပေါ့။ အချိန်ရတာနဲ့အမျှ သမီးအတွက် တစ်ခုခု အကျိုးထူးလာနိုင်တာပေါ့"

*

ထိုကိစ္စနှင့် ပတ်သက်ပြီး အကြံအစည်ကောင်းတစ်ခုကို နီလီထံမှ မမျှော်လင့်ဘဲ ရရှိခဲ့လေသည်။

အယ်နီက နီလီထံသို့ တစ်ပတ်လျှင် နှစ်ကြိမ်ကျ သွားရောက် လည်ပတ်လေ့ရှိသည်။

ထိုအပတ်က သန့်ရှင်းသပ်ရပ်စွာ ပြုပြင်ထားသည့် မြက်ခင်းကလေးပေါ်မှာ သူတို့ စကားထိုင်ပြောနေကြသည်။ အပြင်ဘက်မှာ အတော်ကလေး ပူနေသော်လည်း နီလီက အပြင်မှာပဲ စကားထိုင်ပြောချင်သည် ဆိုသောကြောင့် အပြင်သို့ ထွက်ထိုင်ကြခြင်း ဖြစ်သည်။

နီလီ၏ကိုယ်လုံး ဝနေသည်မှာ မှန်သော်လည်း နာလန်ထနေပြီ ဖြစ်ကြောင်းကို မငြင်းနိုင်တော့သည့် အခြေအနေသို့ ရောက်နေသည်။ သူ့ကို အက်ရှ်အဆောင်သို့ ပြောင်းရွှေ့ထားပြီ။ နောက်တစ်ဆင့်ဆိုလျှင် ပြင်ပလူနာဆောင်သို့ ပြောင်းရတော့မည်။

"ပြင်ပလူနာဆောင်ကို ကျွန်မရောက်ရင် စနေ၊ တနင်္ဂနွေတိုင်း နယူးယောက်ထို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပြန်လာလည်လို့ ရတော့မယ်"

နီလီက ဝမ်းသာအားရ ပြောသည်။

"အဲဒီလို အခွင့်အရေးမျိုး ရတာရော မှန်တယ်လို့ ထင်သလား နီလီ"

"သိပ်မှန်တာပေါ့ အစ်မရယ်၊ ဒီအတိုင်းပဲ လုပ်ကြရမှာပဲ။ ဂီးဇ်၊ ဒီနေရာမှာ ခြောက်လလောက်ကြာအောင် ဒီအတိုင်းသာ ဆက်နေရမယ် ဆိုရင်တော့ ချက်ချင်း ပြန်ရူးသွားမှာပဲ။ သူတို့ ဒီအတိုင်းပဲ လုပ်နေကြတာလေ။ ပထမဆုံး ပြင်ပလူနာဆောင်ကို ပို့လိုက်မယ်။ တစ်လလောက် ကြာသွားရင် မြို့ထဲကို တစ်ည ထွက်ခွင့်ပေးမယ်။ ရုပ်ရှင်ကြည့်ချင်လည်းကြည့်၊ အလှပြင်ဆိုင် သွားချင်လည်းသွားပေါ့။

အဲဒီလို သွားခွင့်ပေးပေမယ့် ဘာမှ မဖြစ်တော့ဘူးဆိုရင် နယူးယောက်မြို့ကို စနေ၊ တနင်္ဂနွေ တစ်ခေါက်လောက် စမ်းလွှတ်ကြည့်တယ်။ ဒီကို တနင်္လာနေ့မှာ ပြန်လာရမယ်။ ပြန်ရောက်တော့ သူတို့က စမ်းသပ်ကြည့်မယ်။ စိတ်ရောဂါများ ပြန်ရလာသလားလို့ပေါ့လေ။ နောက် မကြာခင်မှာ အိမ်ကို တစ်ပတ်ပြန်လည်ခွင့်ပေးမယ်။

အဲဒီလို တဖြည်းဖြည်း စမ်းလွှတ်ပြီး စိတ်ချရပြီဆိုတာနဲ့ တစ်ပြိုင်တည်း အပြီးပြန်နိုင်ပြီ။ တစ်ခုတော့ ရှိတယ်၊ သူတို့ သတ်မှတ်ပေးတဲ့ စိတ်ရောဂါ အထူးကုဆရာဝန်နဲ့တော့ နေ့တိုင်းတွေ့နေရဦးမယ်။ အပြင်မှာ ကြုံတွေ့ရတဲ့ စိတ်သောကရောက်စရာတွေက အမြဲတမ်း ဒုက္ခပေးနိုင်တယ်လေ"

"မင်းအလုပ်နဲ့ ပတ်သက်တာကို ဆိုလိုတာလား"

"အဲဒါကို ပြောတာမဟုတ်ဘူး၊ တခြားအကျပ်အတည်းတွေကို ပြောတာ။ ဒီမှာတော့ အဲဒါမျိုး မရှိဘူး၊ အိပ်ချင်ရင်အိပ်၊ မအိပ်ချင်ရင် ဘာလုပ်မလဲ။ လုပ်ငန်းခွင်အဆောင်ကို သွားပြီး ဆေးလိပ်ပြာခွက် လုပ်ချင်သလား။ ကြက်တောင်ရိုက်မလား၊ စားပွဲတင်တင်းနစ်ကစားမလား၊ ကိုယ်ကြိုက်တာ ကိုယ်စားလို့လည်း ရတယ်။

ဂီးဇ်၊ ကျွန်မ ကိုယ်အလေး ပေါင်တစ်ရာခြောက်ဆယ်တောင် ရှိနေပြီ။ ဒါပေမယ့် ဘာဂရုစိုက်စရာ ရှိသလဲ။ ပြီးတော့ အစ်မရေ၊ ကျွန်မ သီချင်းဆိုလို့ ရပြီ။ မယုံနိုင်စရာကောင်းအောင်ကို ဆိုနိုင်နေပြီ"

"အို - နီလီ၊ ကိုယ် ဝမ်းသာလိုက်တာကွယ်။ မင်း ဆိုနိုင်ရမယ်ဆိုတာ ကိုယ် သိခဲ့ပါတယ်"

"တကယ့်ကို ဆိုနိုင်သွားပြီ အစ်မရယ်၊ ကျွန်မတို့ ဒီမှာ တစ်လတစ်ကြိမ် ကပွဲလုပ်တယ်။ အမျိုးသားလူနာတွေနဲ့ အမျိုးသမီးလူနာတွေအားကစားရုံကြီးမှာ ဆုံကြတယ်။ အထိန်းအကွပ်တွေ၊ အစောင့်အကြပ်တွေတော့ ရှိတာပေါ့လေ။ ကျွန်မလည်း မသွားမဖြစ်လို့ သွားရတယ်။ မသွားချင်ဘူးလို့ ငြင်းရင် နာမည်ပျက်စာရင်းထဲ ပါသွားမယ်။

သူတို့မှာ သာမန် တီးဝိုင်းကလေးတစ်ခုလည်း ရှိတယ်။ တစ်ညကျတော့ ကျွန်မလည်း စိတ်ပါလာပြီး သီချင်းဆိုမိရော။ စန္ဒရားဆရာက ဒီနားက ရွာကလေးတစ်ရွာက ကျောင်းဆရာပါပဲ။ အတော်ကြီးတော့ မဟုတ်ဘူး၊ သီချင်းဖြစ်ရုံသာသာ တီးတတ်တာပါ။ ဒါပေမယ့် ကျွန်မ သူနဲ့ သီချင်းဆိုလို့ ရတယ်။

အဲဒီလို ကျွန်မ ဆိုနေတုန်း အမျိုးသားလူနာတစ်ယောက်က ကျွန်မအနားကို ရောက်လာတယ်။ သိပ်ကို ရောဂါဆိုးနေတဲ့ ဝေဒနာရှင်တစ်ယောက်ပါ။ ရုပ်ကို ကြည့်ရုံနဲ့ သိနိုင်တယ်။ သွက်သွက်လည်အောင်ကို စိတ်နောက်နေတဲ့သူပါ။ သူ့ကို အရင်တုန်းကလည်း ကျွန်မ မတွေ့ဖူးဘူး။ သူဟာ ဘယ်တော့မှ ဒီရောဂါ မပျောက်နိုင်တော့ဘူးတဲ့။ ဒီဆေးရုံမှာပဲ တစ်သက်လုံး နေရတော့မယ်တဲ့။

ဒီလို လူနာတစ်ယောက်ကို ဒီဆေးရုံမှာ တစ်သက်လုံး ထားဖို့ဆိုတာ သူ့ဘွေးမှုပဲ တတ်နိုင်မှာ၊ ရောဂါ ဘယ်လိုမှ မပျောက်နိုင်တော့တဲ့ အမျိုးသမီးလူနာတွေကို 'ဇဝ' လို့ အမည်ပေးထားတဲ့ အဆောင်မှာ ထားတယ်။ မပျောက်နိုင်တဲ့ အမျိုးသားလူနာတွေကိုတော့ 'အာဒမ်' လို့ အမည်ပေးထားတဲ့ အဆောင်မှာ ထားတယ်။ သူတို့နှစ်ဆောင်ကို ကျွန်မတို့နဲ့ ဆယ့်နှစ်ဧကလောက် ခြားထားပြီး သီးသန့်ခွဲထားတယ်။ တကယ်တော့ ကျွန်မတို့ဟာ အခုလို ကပွဲလုပ်တဲ့အချိန်က လွဲပြီး အမျိုးသားလူနာတွေကို လုံးဝ မတွေ့ရဘူး။

အဲဒီညက အဲဒီ ဝေဒနာရှင်ဟာ ကျွန်မဆီကို လျှောက်လာတယ်။ သူနာပြုဆရာမတစ်ယောက်က သူ့ကို ဆွဲဖို့ ပြေးလိုက်သွားတယ်။ ဒေါက်တာဟောလ်လည်း ရှိနေတယ်။ ဒေါက်တာဟောလ်က သူ လုပ်ချင်တာ လုပ်ပစေဆိုပြီး ဆရာမကို လှမ်းတားတယ်။

www.burmeseclassic.com

www.burmeseclassic.com


သူ စကားမပြောတာ နှစ်နှစ်ရှိပြီတဲ့။ ဒါကြောင့် သူ ဘာတွေများ လုပ်မလဲ ဆိုတာကို ဒေါက်တာဟောလ်က ကြည့်ချင်တယ်။ သူက ကျွန်မဆီကို အေးအေးသက်သာပဲ လမ်းလျှောက်လာနေတယ်။ ကျွန်မက ဟယ်လင်လော်ဆန်ရဲ့ သီချင်းဟောင်း တစ်ပုဒ်ကို ဆိုနေတယ်။ သူက ကျွန်မအနားမှာ လာရပ်နေတယ်။

ကျွန်မကလည်း ဆက်ဆိုမြဲဆိုနေတယ်။ ပြီးတော့ ကျွန်မရဲ့ သီချင်းဟောင်းတွေထဲက တချို့ကို ကျွန်မ ပြန်ဆိုတယ်။

အဲဒီလိုလည်း ဆိုလိုက်ရော သူဟာ ချက်ချင်း ကောက်ကာငင်ကာ ဝင်ပြီး ကျွန်မနဲ့အတူတူ လိုက်ဆိုတော့တာပဲ။ ကောင်းလိုက်တာ အစ်မရယ်၊ ကျွန်မတစ်သက် ကြားခဲ့ရဖူးသမျှ အဆိုတွေထဲမှာ အဲဒီအဆိုဟာ အကောင်းဆုံး အဆိုပဲ။ ကျွန်မကလည်း စိတ်ရှိလက်ရှိ ဆိုပစ်လိုက်တယ်။

ကျွန်မကလည်း ဒါလောက် ကောင်းအောင် တစ်ခါမှ မဆိုနိုင်ခဲ့ဖူးသေးဘူး။ ကျွန်မတို့နှစ်ယောက် စုံတွဲဆိုနေရတာ ကောင်းလွန်းတော့ အဲဒီအချိန်မှာ ကျွန်မ သေတောင်ပစ်လိုက်ချင်တယ်။ နောက်ကို ဒါလောက်ကောင်းအောင် မဆိုနိုင်မှာ စိုးလို့။

ကျွန်မ ကျောရိုးထဲမှာ အဲဒီစိတ်နဲ့ ကိုက်ခဲလာတယ်လို့တောင် ထင်ရတယ်။ တကယ်အဆိုတော်တဲ့လူပဲ အစ်မရယ်။ ယှဉ်နိုင်စရာတောင် မကောင်းတော့ပါဘူး။

ပြီးတော့ သူ့ကို သိဖူးသလိုလို၊ သူ့အသံကို ကြားဖူးသလိုလို ဖြစ်နေမိတယ်။ ကျွန်မတို့နှစ်ယောက် အတူတွဲပြီး တစ်နာရီလောက် ဆိုပစ်လိုက်ကြတယ်။ ကစားရုံကြီးထဲမှာ ရှိနေကြတဲ့ လူတွေ အကုန်လုံး ဒေါက်တာဟောလ်ရော၊ ဒေါက်တာအာကာပါ မထိန်းနိုင်မသိမ်းနိုင်ဖြစ်ပြီး သဲသဲလှုပ်လှုပ် လက်ခုပ်ဝိုင်းတီးကြတော့တာပဲ။

ကျွန်မတို့ သီချင်းဆိုလို့လည်း ပြီးသွားရော အဲဒီ ဝေဒနာရှင်ကလေ ကျွန်မ ပါးကလေးကို သူ့လက်နဲ့ တို့ကြည့်ပြီး ပြောတယ်။

'နီလီ၊ မင်းဟာ အမြဲတမ်း အဆိုကောင်းလှပါပေတယ်ကွယ်။ ကိုယ်တို့နှစ်ယောက်စလုံး သူမတူအောင် သီချင်းဆိုနိုင်ကြပါတယ်' လို့ သူ ပြောသွားတယ်။

အဲဒီလိုလည်း ပြောပြီးရော သူ ပြန်လှည့်ထွက်သွားရော။ ကျွန်မကတော့ အဲဒီနေရာမှာပဲ မတုန်မလှုပ် ရပ်နေမိတယ်။

ဒါနဲ့ ကျွန်မဆီကို ဒေါက်တာဟောလ် လျှောက်လာပြီး ပြောပြတယ်။ သူ ဒီကိုရောက်နေတာ နှစ်နှစ်တောင် ရှိသွားပြီ။ ဒါပေမယ့် သူ့ရောဂါဟာ တစ်နေ့တခြား ပိုပြီးတော့သာ ဆိုးဝါးလာတယ်။ သူ့အကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ လုံးလုံး လျှို့ဝှက်ထားခဲ့ကြပါတယ်။

အခုတော့ ခင်ဗျားတို့ နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် သိနေကြပြီ။ ဒီအကြောင်း ဘယ်သူ့ကိုမှလဲ ပြန်မပြောပါနဲ့တော့။ ကျွန်တော်တို့က သူ့ကို မစ္စတာဂျုံးလို့ ခေါ်ပါတယ်လို့ ဒေါက်တာဟောလ်က ပြောတယ်။ သူ ဘယ်သူလဲဆိုတာ ကျွန်မ မသိဘူး။

ဒါပေမယ့်၊ ဒီလျှို့ဝှက်ချက်ကြီးကို ကျွန်မကလည်း ဆက်ပြီး လျှို့ဝှက်ထားရဦးမယ်တဲ့။ ကျွန်မ မတတ်နိုင်တော့ဘူး။ ကျွန်မ သူ့ကို ဘယ်လိုလုပ် ခေါ်ရမလဲ။ သူက ကျွန်မကို နီလီလို့ ခေါ်သွားပြီလို့ ကျွန်မက ဒေါက်တာဟောလ်ကို ပြောမိတယ်။

အဲဒီတော့ ဒေါက်တာဟောလ်က ပြောတယ်။ 'ခင်ဗျား သူ့ကို တိုနီလို့ ခေါ်နိုင်ပါတယ်။ ဒါပေမယ့် သူ့ကို မစ္စတာဂျုံးလို့ပဲ သတ်မှတ်ထားလိုက်ပါတော့' လို့ ပြန်ပြောတယ်"

"တိုနီ၊ ဟုတ်လား"

အယ်နီမှာ နားမလည်နိုင်အောင် ဖြစ်သွားတော့သည်။

"တိုနီပိုလာလေ အစ်မရဲ့၊ သူ့ကို မွေးလာကတည်းက ဦးနှောက်ရောဂါ ရလာခဲ့တာတဲ့။ သူနဲ့ ဂျနီဖာနဲ့ သားသမီး မရခဲ့ကြတာ သိပ်ကို ကံကောင်းသွားတယ်။ သားသမီးရရင် အဲဒီ သားသမီးတွေမှာလည်း ဒီရောဂါမျိုး ဆက်ပြီး ဖြစ်ဖို့များတယ်တဲ့"

ကိုယ်ဝန်ဖျက်ချခဲ့သည့်အကြောင်း၊ သည်အကြောင်းကို ဂျနီဖာ သိရပေမည်။ သို့သော်လည်း ဂျနီဖာသည် တိုက်စွကို လျှို့ဝှက်ထားခဲ့ပြီး လုံးဝ ထုတ်ဖော် ပြောဆိုသွားခြင်း မပြုခဲ့ချေ။ အယ်နီ၏ မျက်လုံးအစုံမှာ မျက်ရည်များ ပြည့်လာသည်။

"နီလီ၊ ဒီအကြောင်းကို ဂျနီဖာဟာ ဘယ်သူ့ကိုမှ ထုတ်ပြောမသွားခဲ့ဘူး။ ဒါပေမယ့် သူ သိကို သိရမယ်။ ဒါကြောင့် မင်းကလည်း ဘယ်သူ့ကိုမှ ဒီအကြောင်း မပြောပါနဲ့

www.burmeseclassic.com


တော့ကွယ်" ဟု အယ်နီက ပြောသည်။

"ဘာဖြစ်လို့လဲ၊ တိုနီဟာ ဂျနီဖာနဲ့ ပေါင်းသင်းနေတာမှ မဟုတ်ဘဲ။ ဂျနီဖာ သေသွားပြီ၊ အစ်မ မမှတ်မိဘူးလား"

"ဒါပေမယ့် ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ ပြောပြမသွားဘဲ ဂျနီဖာ သေသွားတာပါကွယ်။ သူက ဒါကို လျှို့ဝှက်ထားချင်လို့ပဲ ဖြစ်ရမှာပေါ့။ ဂျနီဖာရဲ့ စိတ်အလိုကို လိုက်လျောတဲ့ အနေနဲ့ ဒီအကြောင်းတွေ ဖြည်ဖုံးထား ချလိုက်ပါတော့ ညီမလေးရယ်။ မမ တောင်းပန်ပါတယ်"

"ကောင်းပါပြီလေ၊ ဘယ်သူကမှလဲ ဂရုစိုက်တော့မှာတော့ မဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ မင်း ဒီဆေးရုံက ဆင်းတဲ့အခါမှာ မင်းဟာ အောင်မြင်ကျော်ကြားဦးမှာပါ။ ဒါပေမယ့် ဒီအကြောင်းကို မေ့ထားလိုက်ပါတော့ ညီမလေးရယ်။ တိုနီဟာ လူ့လောကထဲကနေပြီး တဖြည်းဖြည်း ပျောက်ကွယ်စ ပြုနေပါပြီ။ ဥရောပမှာ ရောက်နေသလိုလို ကောလာဟလ ပြောနေကြတယ်။

ဒါပေမယ့် အခုအချိန်ထိ အဖြစ်မှန်ကို ဘယ်သူမှ မသိကြပါဘူး။ ဘယ်သူကမှလဲ သူ့ကို ဂရုမစိုက်ကြတော့ပါဘူး။ ဒီအတိုင်း ဖြစ်နေတာပဲ ကောင်းပါတယ်ကွယ်"

"ကောင်းပါပြီလေ၊ ဒါပေမယ့် ကျွန်မနဲ့ ပတ်သက်ပြီး လျှို့ဝှက်လို့တော့ မရတော့ဘူး အစ်မရေ။ မဂ္ဂဇင်းတစ်စောင်ထဲမှာ ကျွန်မ အကြောင်းကို နှစ်လဆက်ပြီးရေးဖို့ ကမ်းလှမ်းနေတယ်။ အဲဒီအတွက် ကျွန်မကို ဒေါ်လာ နှစ်သောင်း ပေးမယ်လို့ ပြောတယ်။ ကျွန်မ အကြောင်း ရေးပေးဖို့လူကို ဂျော့ဘယ်လိုစ်က လိုက်ရှာနေတယ်"

"ဂျော့ဘယ်လိုစ်၊ သူက မင်းနဲ့ ဘယ်လို လုပ်ပြီး အဆက်အသွယ် ရသွားတာလဲဟင်"

"အစ်မလည်း သတင်းစာတွေ ဖတ်ရမှာပေါ့။ သူတို့က ကျွန်မဟာ အလွန် ဝပြီး သီချင်း မဆိုနိုင်တော့ဘူး။ ဒါမှမဟုတ်ရင်လည်း သိပ်ကို ပိန်နေပြီး သီချင်းမဆိုနိုင်တော့ဘူးလို့ ရေးနေကြတယ်လေ။

ဒါကြောင့် ကျွန်မက သတင်းစာတွေကို စာလှမ်းရေးလိုက်တယ်။ သူတို့ ရေးနေတဲ့ သတင်းတွေဟာ တစ်ဝက်ပဲ မှန်တယ်လို့။ ကျွန်မဟာ သိပ်ဝနေပြီး ဘယ်တုံးကနဲ့မှ မတူအောင် သီချင်းဆိုနိုင်နေပါတယ်လို့။

နောက်ပြီးတော့ ဒေါက်တာဟောလ်ကို ပြောပြပြီး ကျွန်မအသံကို ဒီမှာပဲ တိပ်ခွေနဲ့ သွင်းယူတယ်။ အဲဒီ တိပ်ခွေကို ဟင်နရီ ဘယ်လာမီဆီပို့ပြီး သတင်းစာတိုက်တွေကို ဖွင့်ပြလိုက်စမ်းပါလို့ ပြောလိုက်တယ်။

ဒီကိစ္စကို ဟင်နရီက ဂျော့ဘယ်လိုစ်ကို တာဝန်ပေးလိုက်တယ်နဲ့တူတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မဆီကို ဂျော့ ရောက်လာတယ်။ အခုပြောတဲ့ ကမ်းလှမ်းချက်ကိုလည်း သူပဲ ယူလာတာ။ ကုမ္ပဏီကိုလည်း ဟင်နရီ လက်ထဲကနေပြီး သူ ဝယ်ဖို့ ကြိုးစားနေတာ ရော အစ်မ သိတယ် မဟုတ်လား"

"ဂျွန်ဆင်ဟားရစ်ကုမ္ပဏီက ဟင်နရီရဲ့ ကုမ္ပဏီကို ဝယ်ဖို့ ကြိုးစားနေတယ်လို့တော့ လိုင်ယွန် ပြောဖူးတာပဲ"

နီလီက ပခုံးကို တွန့်လိုက်သည်။

"အခု သုံးလေးပတ်လောက် အတွင်း ဂျော့ တောင်းသလောက်ကို ဂျွန်ဆင်ဟားရစ်ကုမ္ပဏီက ပေးမယ်ဆိုရင် ဟင်နရီရဲ့ကုမ္ပဏီကို သူ ဝယ်လိမ့်မယ်။ သူ့မိန်းမ အရက်သမားကြီးကို သူ ပတ်တီးရိုက်နိုင်မယ် ဆိုရင်တော့ ဒီကုမ္ပဏီကို သူ အောင်မြင်အောင် ဆက်လုပ်သွားနိုင်မှာပဲ။ သူ့မိန်းမက သန်ပေါင်းများစွာ ချမ်းသာတယ်လေ"

အယ်နီ့စိတ်ထဲမှာ ရှုပ်ထွေးသွားသည်။

"ဘယ်လို အရက်သမား မိန်းမလဲ။ ဂျော့က အိမ်ထောင်မှ မရှိတဲ့ဟာကို"

"ဒီလူကြီးက လူလည်ကြီး အစ်မရဲ့၊ ကျွန်မတို့ သူနဲ့စပြီး တွေ့ကြတဲ့အချိန်ကတည်းက သူ့မှာ မိန်းမ ရှိနေပြီ။ အရင် နှစ်(၂၀) လောက်ကတည်းက ဒီမိန်းမကြီးနဲ့ သူ လက်ထပ်ခဲ့တာ။ သူကတော့ စီးပွားရေးလုပ်ငန်းအတွက် ယူလိုက်တာပါလို့ ပြောတာပဲ။ သိုက်တူးလိုက်တာလေ၊ အမှန် သူ ထင်တားတာက ဒီမိန်းမကြီး မကြာခင် ကိစ္စချောတော့မယ် ပေါ့။ ဒါပေမယ့် မိန်းမကြီးက အသည်းခပ်သေးသေးသာ ကျန်တော့ပေမယ့် သက်ပြင်းမကြီး။ ကနေ့ထက်တိုင်အောင် မသေဘဲ ငွေရေးကြေးရေးတွေကို သူကပဲ အကုန်ချုပ်ကိုင်တားထာပဲ။ အခု ငွေရဖို့ကလည်း အဘွားကြီးကို သူ ဘယ်လို လိမ့်ဦးမယ် မသိဘူး။ အမှန်ကတော့ ဒီလူကြီးဟာ အလကားလူကြီးပါ။ ကျွန်မတော့ သူ့ကို သိပ်ရွံတာပဲ"

"ဒါပေမယ့်၊ အခု ကမ်းလှမ်းချက်ကို သူ

www.burmeseclassic.com

www.burmeseclassic.com



က ယူလာပေးတာ မဟုတ်လားကွယ်"

"ဟုတ်တော့ ဟုတ်တယ်လေ၊ ဒီလို ယူလာပေးတဲ့အတွက် သူလည်း ကော်မရှင်ရမှာပဲ မဟုတ်လား။ ကျွန်မက ဒေါ်လာနှစ်သောင်း စလုံး အပြည့်ရမှ ဖြစ်မယ်လို့ သူ့ကို ပြန်ပြောလိုက်တယ်။ ဒီဆေးရုံ ကျွန်မတက်လို့ ကုန်ကျရတာတွေကို အစ်မက ပေးနေတာ မဟုတ်လား။ အစ်မကိုလည်း ကျွန်မ ပြန်ဆပ်ရဦးမယ်လေ။ နောက်ပြီးတော့ ကျွန်မ အပြင်ရောက်ရင် သုံးဖို့စွဲဖို့က ပိုက်ဆံ လိုသေးတယ်။

ဒါပေမယ့် ဟင်နရီရဲ့ လုပ်ငန်းကြီးကိုလည်း သူ စခန်းသိမ်းသွားစေချင်တာမျိုး မဟုတ်ဘူး။ ကျွန်မ အကဲခတ်လို့ရတာပဲလေ"

နီလီထံမှ အယ်နီ ပြန်လာသောအခါ ထိုအကြောင်းကို တစ်လမ်းလုံး စဉ်းစားလာခဲ့သည်။ စဉ်းစားလာရင်းမှာပင် ပိုပြီး သေချာလာသည်။ အချိန် ဆွဲထားနိုင်ဖို့ လိုသည်ဟု ဟင်နရီက ပြောခဲ့သည်။ယခုအလုပ်က အချိန်ဆွဲထားနိုင်မည့် အလုပ်ပင် ဖြစ်သည်။

အိမ်ပြန်ရောက်သောအခါ ဂိုဒေါင်ထဲသို့ ကားသွင်းပြီး ဟင်နရီကို ဖုန်းလှမ်းဆက်သည်။ ကိစ္စရှိသဖြင့် ညစာ အတူတူစားရန် အယ်နီက ပြောသည်။ (၅၃) လမ်းမှာရှိသည့် ပျော်ပွဲစားရုံ သေးသေးကလေး တစ်ခုတွင် သူတို့နှစ်ယောက် တွေ့ရန် ချိန်းလိုက်သည်။

နှစ်ယောက်တွေ့သောအခါ အယ်နီက အကျိုးအကြောင်း ပြောပြသည်။

"ဒီကိစ္စ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ နီလီရဲ့အကြောင်းကို လိုင်ယွန်က ရေးမယ်ဆိုရင် ပိုသဘာဝကျတာပေါ့။ နီလီကို မအောင်မြင်ခင်ကတည်းက လိုင်ယွန် သိခဲ့တာပဲ။ သမီးအတွက်လည်း အနည်းဆုံး တစ်လလောက်တော့ အချိန်ဆွဲထားပြီးသား ဖြစ်သွားတာပေါ့"

"ဒါပေမယ့် ဒီအကြံအစည်ကို ဘကြီးက ကျော့ကို ပြောပြမှ ဖြစ်မှာ။ ကျော့က လိုင်ယွန်ကိုပြော။ အဲဒီလိုလုပ်မှ ဒီကိစ္စကြီးထဲမှာ ကျွန်မ မပါဘူး ဆိုတာမျိုး ဖြစ်သွားမှာ"

နီလီ၏ အတ္ထုပ္ပတ္တိကို ရေးပေးရန် ကျော့တယ်လိုစ်က ပြောသောအခါ လိုင်ယွန်မှာ အလွန် ဝမ်းသာသွားသည်။ သို့သော်လည်း နီလီကိုတော့ သူ မတွေ့လိုပါဟု ပြောသည်။ နီလီကို ကြည်လင်လန်းဆန်းသည့် မျက်နှာကလေးနှင့် ပျိုပျိုရွယ်ရွယ် ကလေးလေးအဖြစ်နှင့်သာ သူ့မျက်စိထဲမှာ မြင်နေချင်သေးသည်ဟု ဆိုသည်။

ထိုသို့ သူ့မျက်စိထဲမှာ မြင်နေပြီးမှသာလျှင် နီလီ၏အကြောင်းကို ရေးမည်ဟု သူက ပြောသည်။ နီလီကို ဖုန်းနှင့်သာ စကားပြောသည်။ သူရေးပြီးဖြစ်သည့် စာမူကြမ်းများကို နီလီထံသို့ ပို့ပြီး အတည်ပြုချက်ယူသည်။ နီလီကလည်း သူ့အကြောင်းရေးထားသည်များကို သဘောကျနေသည်။

သို့နှင့် နီလီအကြောင်း ချောချောမောမော ရေးဖြစ်သည်။ စက်တင်ဘာ လကုန်ပိုင်းလောက်သို့ ရောက်သောအခါတွင် နောက်ဆုံးအချောသတ်ရေးဖို့ အဆင့်သို့ ရောက်လာလေတော့သည်။

အောက်တိုဘာလဆန်းပိုင်းတွင် အယ်နီက ဟင်နရီကို အရေးတကြီး တွေ့လိုပါသည်ဟု ပြောပြန်သည်။ ထို့ကြောင့် (၂၁) ဟိုတယ်တွင် သူတို့နှစ်ယောက် တွေ့ကြပြန်သည်။

နောက်ဆုံးရရှိထားသည့် အကြံအစည်ကို ပြောပြနေသော အယ်နီ၏မျက်လုံးများသည် အရောင်တဖိတ်ဖိတ် တောက်နေကြသည်။ ဟင်နရီ ဂရုတစိုက် နားထောင်သည်။ အယ်နီ ရှင်းပြပြီးသည်နှင့် တစ်ပြိုင်တည်း သူ့လက်နှစ်ဖက်ကို ဖြန့်ပြလိုက်သည်။

"တကယ့်ကို အင်အားကြီးမား တောင့်တင်းတဲ့ ကင့်ကားတပ်မကြီးတစ်ခုပါပဲ။ ဒါပေမယ့် ဘာမှ အစွမ်းမထက်တော့ဘူး။ အယ်နီ မင်း အကြံအစည်ကလည်း အဲဒီလို ဖြစ်နေပြီ"

"ဘာဖြစ်လို့လဲ"

"လိုင်ယွန်ဟာ အောဂျင်စီတစ်ခုကို ပိုင်ချင်တဲ့လူ မဟုတ်ပါဘူး။ ဘကြီး သိပါတယ်။ စာပဲ ရေးနေချင်တဲ့လူပါ"

"ဒါပေမယ့် ဘကြီးရယ်၊ ဘကြီး ကြိုးစားကြည့်ပါဦး။ ဘကြီးရဲ့ဘဝတစ်ခုလုံးကို မြှုပ်နှံပြီး တည်ထောင်ခဲ့ရတဲ့ အောဂျင်စီကို ဂျွန်ဆင်ဟားရစ်ကုမ္ပဏီက ဝါးမျိုသွားမှာ ဘကြီး အဖြစ်မခံနိုင်ဘူးလို့ သူ့ကို ပြောပြပေါ့။ လုပ်ပါ ဘကြီးရယ်၊ ကြိုးစားကြည့်ပါဦး"

"ဒါပေမယ့် အယ်နီ၊ ဒီအောဂျင်စီကို ဝယ်နိုင်အောင် ဘကြီးက ငွေချေးတယ်ဆိုရင်လည်း တစ်နေ့ကျတော့ အဖြစ်မှန်ကိုသူသိသွားမှာပေါ့"

"အဲဒီလို ဖြစ်လာတဲ့အခါကျတော့လည်း ကျွန်မတာဝန်ထားပါ။ ရလာနိုင်တဲ့ ဘ... အချိန်မျိုးကလေးကိုမှ ကျွန်မ လက်လွှတ်မခံနိုင်တော့ဘူး ဘကြီးရယ်"

*

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်တော့ သိပ်ကို ဘဝင်မြင့်သွားပြီ ဟင်နရီ။ ဒါပေမယ့် ခင်ဗျားအတွက် ကျွန်တော် ဘာမှ လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး"

လိုင်ယွန်က ခပ်တွေတွေနှင့် ကော်ဖီသောက်နေရင်းက ပြန်ပြောသည်။

စားပွဲထိုးက ဟင်နရီ၏ကော်ဖီပန်းကန်ကို ထပ်ဖြည့်ပေးနေသည်။ စားပွဲထိုး ထွက်သွားသည်အထိ စောင့်နေပြီးမှ သူက ပြန်ဖြေသည်။

"ကျုပ် ပြောတာကို နားထောင်ပါဦး လိုင်ယွန်။ ကျုပ်ဘဝတစ်ခုလုံးကို ဒီလုပ်ငန်းအတွက် မြှုပ်နှံခဲ့တယ်။ ကျုပ် မြေတောင်မြှောက်ပေးလို့ လျှမ်းလျှမ်းတောက်လာတဲ့ မင်းသား၊ မင်းသမီးတွေကို ဂွါန်ဆင်ဟားရစ် ကုမ္ပဏီက ဆက်ပြီး အုပ်ချုပ်သွားတာတော့ မခံနိုင်ဘူး။ သူတို့နဲ့လည်း မထိုက်တန်ပါဘူး။ ကျော့ဘယ်လိုစိတ်လို လူမျိုးတစ်ယောက်ဟာလည်း ကျဆုံးမသွားသင့်ပါဘူး။

ကျုပ်ကုမ္ပဏီကို ဂွါန်ဆင်ဟားရစ်ကုမ္ပဏီက ဝယ်မယ်။ ကျော့ကို ဒုတိယဥက္ကဋ္ဌ ရာထူးပေးမယ်။ ဘယ်လိုမှ လူရာမဝင်တဲ့ ရာထူးကြီးတစ်ခုကို တိုးပေးလိုက်တဲ့သဘောပဲ။ နောက်ဆုံးကျတော့ ဒီဒဏ်တွေကို မခံနိုင်တော့တာနဲ့ ကျော့လည်း အလုပ်က ထွက်သွားရလိမ့်မယ်။

မောင့်ကို ကျုပ် ပြောပြီးပါရောလား။ ကျုပ် အိပ်လို့ မပျော်ခဲ့တာ ညပေါင်းများလှပြီ။ ဒါကြောင့် မောင့်ကို ကျုပ်က ဒါလောက် တောင်းပန်နေတာပါ။ ကျုပ်ချေးတဲ့ပိုက်ဆံကို ယူပါ။ ပြီးတော့ ကျော့နဲ့အတူတူ ကျုပ်ကုမ္ပဏီကို ဝယ်ပြီး ဆက်လုပ်ပေးသွားပါ"

"ကျွန်တော့်ကျမှ ဘာဖြစ်လို့ ငွေလာချေးရတာလဲ၊ ကျော့ကို ဘာဖြစ်လို့ မချေးတာလဲ"

"ဒီလုပ်ငန်းကြီးကို ကျော့တစ်ယောက်တည်း အောင်မြင်အောင် လုပ်သွားနိုင်လိမ့်မယ်လို့ ထင်သလား"

ဟင်နရီက ပြန်မေးသည်။

"ကျွန်တော်ကတော့ ဖြစ်လိမ့်မယ် ထင်တာပဲ"

"မဖြစ်နိုင်ပါဘူး မောင်ရာ၊ ဒီသတင်း ပေါက်ကြားသွားတာနဲ့ တစ်ပြိုင်တည်း ကျော့တစ်ယောက်တည်း ဘယ်လိုမှ ထိန်းလို့ရတော့မှာ မဟုတ်ပါဘူး။ သူဟာ တကယ် အောင်မြင်တဲ့ စီးပွားရေးသမားပါ။

ဒါပေမယ့် လူတွေနဲ့ ဆက်ဆံရာမှာတော့ ဆက်ဆံရေးညံ့တယ်။ ကုမ္ပဏီကို သူတစ်ယောက်တည်း အုပ်ချုပ်ပြီ ဆိုတာနဲ့ တစ်ပြိုင်တည်း ကျုပ်တို့နဲ့ စာချုပ်ထားတဲ့ မင်းသား၊ မင်းသမီး တစ်ဝက်လောက် ထွက်သွားကြလိမ့်မယ်။ တကယ်လို့ မောင့်ကို ခန့်လိုက်မယ်ဆိုရင်၊ မှန်မှန်ကန်ကန် ဖြစ်အောင်လည်း ကျုပ်တို့ လုပ်နိုင်ကြမယ်ဆိုရင်၊ အကြီးအကျယ်လည်း ကြော်ငြာဖို့တော့ လိုတာပေါ့လေ။

အစပထမမှာတော့ ကောလာဟလ သတင်းကလေးတွေ သတင်းစာတွေထဲမှာ ပါလာအောင် လုပ်ရမယ်။မောင့်ကို ဘာကြောင့် ကျုပ်က ကုမ္ပဏီ ထိုးအပ်ရတယ် ဆိုတာမျိုးတွေပေါ့လေ။ ပြီးတော့မှ ဒီသတင်းကို ပိုကြီးကျယ်လာအောင် လုပ်ပေးရမယ်။

ကျုပ်ပြောတာကို ယုံပါ။ မောင်ဟာ ဘယ်လောက် အောင်မြင်တဲ့ လူတစ်ယောက် ဖြစ်ကြောင်းကို လူ အတော်များများက ကနေ့ ထက်တိုင်အောင် အမှတ်ရနေကြပါသေးတယ်"

ဟင်နရီက စိတ်အားထက်သန်စွာ ရှင်းပြသည်။ လိုင်ယွန်ကတော့ ခေါင်းကိုသာ တွင်တွင် ခါယမ်းနေသည်။

"ကျွန်တော် သိပ်ကို သဘောကျပါတယ်။ သိပ်ပြီးတော့လည်း စိတ်ကြီးဝင်မိပါတယ်။ ဒါပေမယ့် ကျွန်တော် လက်မခံနိုင်ပါဘူး။ လန်ဒန်မြို့မှာ နေရတာကိုပဲ ကျွန်တော် ပျော်ပိုက်တယ်။

အေဂျင်စီလုပ်ငန်းကြောင့် စိတ်သောက ရောက်ရတဲ့ဒဏ်မျိုးကိုလည်း ကျွန်တော် မခံနိုင်ဘူး။ သူပြုတ်ကိုယ်ပြုတ် အပြိုင်အဆိုင် လုပ်ရတဲ့ လုပ်ငန်းမျိုးကိုလည်း ကျွန်တော် မုန်းတယ်။ စာရေးနေရတာကိုပဲ ကျွန်တော် ပျော်ပိုက်ပါတယ်ဗျာ"

"ဒီလိုဆိုရင် အယ်နီကိစ္စကရော"

လိုင်ယွန်က သူ့လက်ထဲမှ စီးကရက်တိုကို စိုက်ကြည့်နေသည်။

"သူကတော့ ဆုံးဖြတ်ချက်တစ်ခုတည်းကို အခိုင်အမာ ချထားတဲ့ မိန်းကလေးပါ။ ဒီအကြောင်းကို သူ သိသလား"

"မသိပါဘူး၊ သူ့ရဲ့ တိုက်တွန်းနှိုးဆော်ချက် မပါဘဲနဲ့ မောင့်သဘောနဲ့မောင် ဆုံးဖြတ်ချက် ချတာမျိုးကိုပဲ အယ်နီကလည်း လိုလားလိမ့်မယ်လို့ ကျုပ် ထင်တယ်။ ဒါကြောင့် သူ့ကို ပြောမပြတော့ဘူး"

www.burmeseclassic.com

မိမိပြောသည့်စကားကို ယုံကြည်ပါစေတော့ဟုလည်း ဟင်နရီက စိတ်ထဲမှ ကျိတ်ပြီး ဆုတောင်းနေမိသည်။

"ဒါပေမယ့် ငွေချေးယူထားရတဲ့ တာဝန်ကြီးကလည်း လေးလွန်းလှပါတယ် ဟင်နရီ"

"ငွေက ကျုပ်အတွက် ဒါလောက် အရေးမကြီးပါဘူး။ ဒီလုပ်ငန်းကနေ ကျုပ် အနားယူလိုက်ချင်တာက အဓိကပါ။ ကျုပ် ကျန်းမာရေးကလည်း မကောင်းတော့ဘူး။

ဒါပေမယ့် ကျုပ်တည်ထောင်ခဲ့တဲ့ အေဂျင်စီလုပ်ငန်းကြီး ရပ်ဆိုင်းသွားတာမျိုးကိုလည်း အဖြစ်မခံနိုင်ဘူး။ ကျုပ် မရှိတော့ပေမယ့် ဆက်ပြီး လည်ပတ်နေစေချင်တယ်။ ဒီငွေကိုလည်း တစ်နှစ်မှ နည်းနည်းစီ ပြန်ဆပ်သွားတာပေါ့။ ကျုပ်စိတ်ထဲမှာ ဘယ်လိုမှ မအောက်မေ့ပါဘူး"

"ကျွန်တော်ကများ ငြင်းလိုက်မယ်ဆိုရင် ခင်ဗျား သိပ်စိတ်ထိခိုက်သွားမလား"

"သိပ်ကို စိတ်ထိခိုက်မှာပေါ့ လိုင်ယွန်၊ တစ်ခါတုန်းကလည်း မောင် မရှိရင် မဖြစ်တဲ့ အချိန်မှာ ကျုပ်ကို မောင် ကျောခိုင်းသွားခဲ့ဖူးတယ်။ အခု မောင့်ရဲ့ အကူအညီကို ကျုပ်လိုနေပြန်ပြီ။ ကျုပ်ရဲ့ အေဂျင်စီလုပ်ငန်းတွေကို ဂျော့နဲ့အတူတူ မောင် ဆက်ပြီး လုပ်သွားစေချင်ပြန်ပြီ"

*

## ၁၉၆၂

၁၉၆၂ ခု ဇန်နဝါရီလ ၂ ရက်နေ့တွင် ဘယ်လာမီနှင့် ဘယ်လိုစ်ကုမ္ပဏီသည် **ဘယ်လာမီ၊ ဘယ်လိုစ်နှင့် ဘတ်ကုမ္ပဏီ** အဖြစ်သို့ တရားဝင် ပြောင်းလဲလိုက်တော့သည်။ ထိုကုမ္ပဏီတွင် ဂျော့ဘယ်လိုစ်က ဥက္ကဋ္ဌ၊ လိုင်ယွန်ဘတ်က ဒုတိယဥက္ကဋ္ဌ ဖြစ်ပြီး ဟင်နရီဘယ်လာမီက အငြိမ်းအပိုင် အနားယူလိုက်သည်။

သို့သော် သူ့နာမည်ကို ကုမ္ပဏီတွင် ဆက်ပြီး သုံးသွားရန် လိုင်ယွန်က တောင်းဆိုသည်။

ဇန်နဝါရီ ၂ ရက်နေ့ညတွင် သူတို့ ညစ်ခံပွဲကလေးတစ်ခုကို ကျင်းပကြပါသည်။ သတင်းစာဆရာများ၊ သူတို့နှင့် စာချုပ်ထားသူများကို ဖိတ်ကြားပြီး ကုမ္ပဏီတွင် လိုင်ယွန် ပါဝင်လာကြောင်း၊ ကုမ္ပဏီအမည်ကိုလည်း ပြောင်းလဲလိုက်ကြောင်း၊ ဟင်နရီဘယ်လာမီက အငြိမ်းတိုင် အနားယူလိုက်ပြီ ဖြစ်ကြောင်း တရားဝင် ကြေညာသည့်ညစ်ခံပွဲကလေး ဖြစ်သည်။

သို့သော်လည်း ယင်းညစ်ခံပွဲတွင် ထိုကိစ္စ တစ်ခုတည်းအတွက် မဟုတ်တော့။ မနက်ဖြန်တွင် အယ်နီနှင့် မိမိတို့ လက်ထပ်ကြတော့မည် ဖြစ်ကြောင်း လိုင်ယွန်က ရုတ်တရက် ထုတ်ဖော် ကြေညာလိုက်လေရာ အကြောင်းနှစ်ခုအတွက် ညစ်ခံပွဲကျင်းပသည့် သဘောသို့ သက်ရောက်သွားလေတော့သည်။

ဧည့်သည်များ ကိုယ့်ဝိုင်းနှင့်ကိုယ် အရှိန်ကောင်းနေကြဆဲတွင် ဟင်နရီက အယ်နီကို လက်တို့ပြီး ထောင့်တစ်ထောင့်သို့ ခေါ်သွားသည်။ သူတို့နှစ်ယောက် တိုးတိုးကျိတ်ကျိတ် ဆွေးနွေးနေကြသည်ကို မည်သူကမျှ သတိမထားမိချေ။

"နောက်နှစ်ဆိုရင်တော့ အဖြစ်မှန်ကို သူ သိတော့မှာပဲ"

ဟင်နရီက လေသံနှင့် ပြောသည်။

"ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ"

"အယ်နီ၊ နောက်နှစ်ဆိုရင် သမီးနဲ့သူနဲ့ ပူးတွဲပြီး အမြတ်တော်ကြေးစာရင်း တင်ကြရတော့မယ်။ အဲဒီအခါကျတော့ ဒီကုမ္ပဏီကို ဝယ်နိုင်ဖို့ငွေတွေ သမီးက သူ့ကို ထုတ်ချေးထားတာ သူ သိတော့မှာပေါ့။ ငွေချေးယူထားတဲ့အတွက် သူက အတိုးတွေ ပေးနေရတယ်။ အဲဒီ အတိုးတွေကို သမီး ရနေတယ်။ ဒီလို အတိုးတွေ ရနေကြောင်း သမီးကလည်း အမြတ်တော်ကြေးစာရင်း တင်ရတော့မယ်"

"ဒီလိုဆိုရင် ဘကြီးအနေနဲ့ သူ့ကို ငွေချေးလိုက်ပါလား၊ ကျွန်မက အဲဒီငွေ ဘကြီးကို ပေးမယ်"

"အဲဒီလို လုပ်လိုက်တော့မှ သမီးရော ဘကြီးပါ ပြည်တွင်းအခွန်ဦးစီးဌာန ရှေ့မှောက်မှာ ကားခနဲ ဒုက္ခရောက်ကြရော။ ဘကြီးမှာက ဒါလောက်များတဲ့ ငွေမှ မရှိဘဲ။ ဘကြီးက ထုတ်ချေးတယ် ဆိုတာကို ဘယ်သူက ယုံကြည်နိုင်မှာလဲ၊ သမီးမှာသာ ဒါလောက်များတဲ့ငွေတွေ ရှိနေတာပဲ။

ဂေလီယန်ကုမ္ပဏီမှာ ရှိနေတဲ့ သမီးရဲ့ အစုရှယ်ယာတွေကို ဘကြီး ရောင်းပစ်လိုက်တယ်။ အဲဒီငွေတွေနဲ့ ဒီကုမ္ပဏီကို လိုင်ယွန် ဝယ်နိုင်အောင် လုပ်ရတာ။

www.burmeseclassic.com

www.burmeseclassic.com



သမီးအနေနဲ့လည်း ငတ်မသွားနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီလုပ်ငန်းထဲမှာ သမီးငွေတွေ ဝင်လာတာပဲ မဟုတ်လား။ ဟိုကုမ္ပဏီကနေပြီး ဒီကုမ္ပဏီကို ရှယ်ယာပြောင်းထည့်လိုက်တဲ့ သဘောပေါ့။ သူ့မီး စုထားတဲ့ငွေတွေရဲ့ သုံးပုံတစ်ပုံ ဒီကုမ္ပဏီထဲကို ရောက်လာတယ်"

"နောက်နှစ် အမြတ်တော်ကြေးစာရင်း တင်တဲ့ အချိန်မှာ "ဒီအကြောင်းကို လိုင်ယွန် သိသွားရင် သူ့သဘောထား ဘယ်လိုရှိမယ်လို့ ဘကြီး ထင်သလဲဟင်"

"အခြေအနေပေါ် မှာ တည်မှာပဲ။ သူလည်း စိတ်ချမ်းသာနေမယ်၊ လုပ်ငန်းကလည်း အောင်မြင်နေမယ်၊ ဒီလုပ်ငန်းထဲမှာလည်း သူ အသားကျပြီး ဖြစ်နေမယ် ဆိုရင်တော့ သူ ဘာပြောမှာလဲ၊ ရယ်စရာ တစ်မျိုးလို့ပဲ သဘောထားလိုက်မှာပေါ့။

နောက်ပြီးတော့ စဉ်းစားကြည့်လေ၊ သူ ချစ်တဲ့ မိန်းကလေးက သူနဲ့ လက်ထပ်ခွင့်ရနိုင်အောင် သူ့ကို တိတ်တိတ်ကလေး ငွေချေးလိုက်တာပဲ။ ဘယ်လိုလူမျိုးက စိတ်ဆိုးဦးမှာတဲ့လဲ"

"ကျွန်မကတော့ ဘကြီးအတွက်ပဲ စိတ်ပူပါတယ်။ ဘကြီးကို သူ အထင်မှားသွားမှာ စိုးတယ်။ ဘကြီးက သူ့ကို သိပ်ယုံကြည်လွန်းလို့ သိပ်အားကိုးလွန်းလို့ အခုလို ကုမ္ပဏီကြီး လက်ထဲ ထိုးအပ်တာပါ ဆိုတဲ့ စကားကို သူ အမြဲတမ်း ပြောတယ်။ တကယ်ကတော့ ဒီ ကုမ္ပဏီကြီးကို သူ မလိုချင်ဘူးတဲ့။ ဒါပေမယ့် ဘကြီးက သူ့ကို အားကိုးတကြီးနဲ့ ပြောနေတော့ သူလည်း မငြင်းရက်တော့ဘူးတဲ့"

"ဒါတွေ ထည့်စဉ်းစားမနေပါနဲ့တော့ကွာ။ သမီးနဲ့ လက်ထပ်ဖို့ အချိန်ဆိုင်းမနေတော့ဘဲ သူ တစ်ခါတည်း ပြောတော့တာပဲ မဟုတ်လား။ ဒီအကြောင်းကသာ အရေးကြီးတယ်လို့ ဘကြီး ထင်ပါတယ်"

"ဒီလိုပဲ ဖြစ်ပါစေတော့လို့ ဆုတောင်းရတော့တာပဲ ဘကြီးရယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အဲဒီလို အကျပ်အတည်းတွေ ကြုံမလာခင် တစ်နှစ်လောက်တော့ ကျွန်မမှာ အချိန်ရပါသေးတယ်။

နောက်ပြီးတော့ ဘကြီး ပြောသလိုပဲ ဘာအခက်အခဲမှ ကြုံမလာနိုင်ကောင်းပါဘူး။ ကြုံလာရင်လည်း ကျွန်မ ဂရုမစိုက်တော့ဘူး။ သူနဲ့ခွဲပြီး ကျွန်မ မနေနိုင်တော့ဘူး ဘကြီးရယ်။ ဒီအခွင့်အရေး ရဖို့အတွက် ကျွန်မ ဆယ့်ငါးနှစ်လုံးလုံး ကြိုးစားခဲ့ရတာပါ။ အဲဒီ ဆယ့်ငါးနှစ် ဆိုတာဟာလည်း ကျွန်မအဖို့ ရှင်လျက်နဲ့ သေနေရတဲ့ အချိန်တွေပါ။

ဒါကြောင့် သူ့ကိုသာ ရမယ်ဆိုရင်တော့ လာဘ်ထိုးဖို့လည်း ဝန်မလေးဘူး။ လိမ်ဖို့ညာဖို့လည်း ဝန်မလေး။ အို- ဘာမဆို ကျွန်မ လုပ်မှာပဲ။ လုပ်ရကျိုးလည်း နပ်ပါတယ်။ ဒီအဖြစ်မှန်ကြီး ပေါ်လာတဲ့အချိန်ကျရင်သာ ကျွန်မအတွက် ဆုမွန်ကောင်း တောင်းပေးပါတော့"

"ဒီမှာ၊ ဘကြီးပြောတာကို နားထောင်ပါဦး။ ဘကြီးအထင် ပြောရရင်တော့ အဲဒီ အချိန်လောက်ဆိုရင် သမီးမှာလည်း ကိုယ်ဝန်ရှိနေလောက်ပြီ။ ဒီလုပ်ငန်းကြီးကလည်း အောင်မြင်နေလောက်ပြီ။ ဒီအချိန်မှာ လိုင်ယွန်က သူ မျှော်မှန်းခဲ့တာတွေ အကုန်လုံး အကောင်အထည်ပေါ်လာအောင် သမီးက လုပ်ပေးတဲ့အတွက် သူကလည်း ကျိတ်ပြီး ဝမ်းသာနေမှာပါ သမီးရယ်"

*

နောက်တစ်နေ့တွင် သူတို့နှစ်ယောက် ဟင်နရီ၏ အိမ်မှာပင် လက်ထပ်လိုက်ကြသည်။ တရားသူကြီး ဟယ်လ်မင်၊ ဟင်နရီနှင့် ရင်းနှီးသည့်မိတ်ဆွေ အချို့၊ သူတို့ ကုမ္ပဏီမှ လူများနှင့် ဂျော့ဘယ်လိုစ်တို့ လင်မယားတို့ တက်ကြသည့် လက်ထပ်ပွဲကလေး ဖြစ်သည်။

အယ်နီနှင့် လိုင်ယွန်သည် ပျားရည်ဆမ်းခရီးအဖြစ် ပမ်းဘိချ်သို့သွားပြီး လေးရက် အနားယူကြသည်။ နယူးယောက်မြို့တွင်မူ အယ်နီ၏ အခန်းမှာပင် သူတို့ နေထိုင်ကြရန် သဘောတူသည်။

လိုင်ယွန်နှင့် ဂျော့က ကုမ္ပဏီမှ တစ်ပတ်လျှင် ဒေါ်လာခုနစ်ရာနှင့် ကုန်ကျစရိတ်များကို လစာအဖြစ် အညီအမျှ ထုတ်ယူကြသည်။ အမြတ်ငွေများကို ထုတ်ယူခြင်း မပြုဘဲ ကုမ္ပဏီထဲမှာသာ ပြန်လည် မြှုပ်နှံထားရန်နှင့် လုပ်သက်ဆုငွေများကိုမူ နှစ်ကုန်တိုင်း ထုတ်ယူရန် သဘောတူကြသည်။

နှစ်လ အတွင်းမှာပင် အင်္ဂလိပ်နှင့်ရှင် မင်းသား၊ မင်းသမီးပေါင်း များစွာနှင့် စာချုပ်နိုင်အောင် လိုင်ယွန်က စီစဉ်နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


အခြား အေဂျင်စီများနှင့် စာချုပ်ထားသည့် အနုပညာသည် အချို့လည်း သူတို့ အေဂျင်စီသို့ ကူးပြောင်းလာကြသည်။ အလုပ်များလာသောကြောင့် လူများ တိုးခန့်ရသည်။

လိုင်ယွန်က ကာလီဖိုးနီးယားပြည်နယ်တွင် ရုံးခွဲတစ်ခု ထပ်ဖွင့်ချင်သည်။ သို့သော်လည်း ဂျော့က အရာရာတွင် သတိထားလွန်းနေသည်။

"အင်မတန်ကို သတိထားပြီးလုပ်မှ ဖြစ်မယ်။ ကျွန်တော်တို့မှာ ကိုယ်စားလှယ် လုပ်ပေးရတဲ့လူတွေ များလာပြီ ဆိုတာကို လက်ခံပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ငွေအများဆုံးရနိုင်တာက ရုပ်မြင်သံကြားလုပ်ငန်း ဖြစ်တယ်။ ဒါကြောင့် ကာလီဖိုးနီးယားကို သွားပြီး ရုပ်ရှင်သမားတွေကို ရအောင်ရှာဖွေတာထက် ဒီမှာပဲ ရုပ်မြင်သံကြားလုပ်ငန်းထဲက လူတွေနဲ့ အလုပ်ဖြစ်အောင် ကြိုးစားသင့်တယ်။ ကျုပ်တို့နဲ့ စာချုပ်ထားတဲ့ မင်းသား၊ မင်းသမီးတွေထဲက တချို့ကို ရုပ်မြင်သံကြား ရိုက်ဖြစ်လာအောင် လုပ်ပေးရမယ်။ ကာရိုးဘားနက်တို့၊ ဒယ်နီသောမတ်စ်တို့၊ ဂျူဒီဂါလင်တို့ကို. . ."

ဂျော့၏ စကားကို လိုင်ယွန်က ခပ်မြန်မြန် ဝင်ဖြတ်ပြီး ပြောသည်။

"ကျွန်တော်လည်း သဘောတူပါတယ်။ ဒါပေမယ့် သူတို့ကို ကျွန်တော်တို့ မရနိုင်ဘူး။ သူတို့မှာလည်း အင်မတန်ကောင်းတဲ့ အေဂျင်စီတွေက သူတို့ လုပ်ငန်းတွေကို တာဝန်ယူပြီး လုပ်ပေးနေကြတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ကျွန်တော်တို့ လူသစ်မွေးယူဖို့ လိုတယ်လို့ ကျွန်တော် သဘောရတယ်။

ဟင်လယ်လော်ဆန်ကို ဟင်နရီ မွေးယူပြီး မြေတောင်မြှောက်ပေးခဲ့သလိုပေါ့။ အခုလို အချိန်မျိုးမှာ ကျွန်တော်တို့က တစ်ယောက်ယောက်ကို အောင်မြင်ကျော်ကြားသွားအောင် တင်ပေးလိုက်နိုင်မယ်ဆိုရင် တခြား လူတွေကလည်း ကျွန်တော်တို့ အေဂျင်စီနဲ့ စာချုပ်ချုပ်လာကြလိမ့်မယ်"

"ကျုပ်တို့နဲ့ စာချုပ်ထားတဲ့ လူတွေထဲမှာ အဲဒီလောက် အောင်မြင် ကျော်ကြားနိုင်လောက်အောင် အနုပညာအခြေခံကောင်းတဲ့ လူ မရှိသေးဘူး"

ဂျော့က သူတို့ အေဂျင်စီနှင့် စာချုပ်ထားသည့် အနုပညာသည်များ စာရင်းကို ကြည့်ပြီး ပြောသည်။

လိုင်ယွန်ကလည်း စဉ်းစားနေသည်။

"မက်ထရိုကုမ္ပဏီနဲ့ ရိုက်နေတဲ့ ပီတာရှေးရဲ့ကားဟာ ဇာတ်ညွှန်းအတိုင်းများ ကောင်းလာမယ် ဆိုရင်တော့ နောက်ထပ် သူနဲ့ ဇာတ်ကားသုံးကားရိုက်ဖို့ စာချုပ်အောင် ကျွန်တော်တို့ လုပ်ပေးနိုင်လိမ့်မယ်။ ဒီလိုဆိုရင် သူ့ကို ကျွန်တော်တို့ ထိုးတင်ပေးလိုက်နိုင်တာပေါ့"

လိုင်ယွန်၏ စကားကို ကြားရသောအခါ ဂျော့က ခေါင်းယမ်းနေသည်။

"သူက ဟာသမင်းသားပဲ။ ကျွန်တော်တို့ လိုတာက အလွမ်းမင်းသား၊ မင်းသမီး၊ ချစ်ခန်းကြိုက်ခန်း နိုင်နင်းတဲ့ မင်းသား၊ မင်းသမီးမျိုး ရှိဖို့ လိုတယ်။ နောက်ပြီးတော့ ပီတာ အနေနဲ့ကလည်း ဒီမှာရော အင်္ဂလန်မှာရော ခွပြီး အလုပ်လုပ်နေရဦးမှာ။ အင်္ဂလိပ်တွေ အကြောင်းလည်း ခင်ဗျား သိသားပဲဗျာ။ နည်းနည်းလေးမှ အထိခံကြတာ မဟုတ်ဘူး။

ဒီမှာ သူတို့ ဘယ်လောက်ပဲ အောင်မြင်နေ အောင်မြင်နေ၊ နောက်ဆုံးကျတော့ ကျွန်တော်တို့ဆီက ရသမျှတွေ သိမ်းကျုံးယူပြီး အမြဲတမ်း ရေစိုနေတဲ့ သူတို့ကျွန်းကလေးကို ပြန်ပြေးကြတာချည်းပဲ"

ထိုစကားကြောင့် လိုင်ယွန်က ပြုံးမိသည်။

"အမြဲတမ်း ရေစိုနေတဲ့ ကျွန်းကလေးက အင်မတန် သာယာတဲ့နေရာဗျ။ တကယ့် ပျော်ရွှင်ချမ်းမြေ့မှုမျိုးကို အဲဒီမှာမှ ရနိုင်တာ"

"ဟုတ်တာပေါ့လေ၊ မြိန်ရာဟင်းကောင်း ခင်ရာဆွေမျိုး ဆိုတာလို ကိုယ်ပျော်ပိုက်တဲ့ နေရာဟာ ကိုယ့်နေရာပဲပေါ့။

ဒါပေမယ့် ကျွန်တော်တို့အဖို့တော့ ဘာ အကျိုးကျေးဇူးမှ ရမှာမဟုတ်ပါဘူး။ အခုဆိုရင် ကျွန်တော့်ခေါင်းထဲမှာလည်း အကြံဉာဏ်မျိုးစုံနဲ့ ပြည့်ကျပ်နေပြီ။ တစ်ယောက်ယောက်ကို ကျွန်တော်တို့ ရနိုင်ရင်၊ သူ့ကိုလည်း တကယ် အောင်မြင်တဲ့နေရာမျိုးကို တွန်းတင်ပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ ကြိုက်ရာကို လုပ်လို့ ရပြီ။ နီလီအိုပဲဟာရာဗျာ. . ."

"အလုပ်မဖြစ်နိုင်ပါဘူးဗျာ၊ နောက်ပြီးတော့ အခုအချိန်အထိ ဟာဗင်မာနာဆေးရုံမှာပဲ ရှိနေသေးတယ်။ မဖြစ်ပါဘူး၊ ဒီကလေးက အကျင့်လည်း ပျက်နေပြီ"

လိုင်ယွန်က မျက်နှာတည်သွားပြီး ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"နီလီလို မိန်းကလေးမျိုးဟာ ဘယ်တော့မှ မပျက်စီးနိုင်ပါဘူး။ ပြည်သူတွေဟာ နိမ့်ကျနေသူဘက်က အမြဲတမ်း ရပ်တတ်ပါတယ်။ စိတ်မချမ်းသာစရာကောင်းတဲ့ သူ့ဘဝကိုလည်း ပြည်သူတွေက စာနာထောက်ထားတတ်ကြပါတယ်။ တကယ်ကတော့ သူ အောင်မြင်မှု အထွတ်အထိပ်ကို ရောက်နေတုန်းမှာ သူ့ကိုယ်သူ ပြန်ဖျက်ဆီးပစ်လိုက်တာပဲ။ လူတွေကလည်း သူသေသွားပြီဆိုတဲ့ သဘောမျိုးကိုပဲ ပြောနေကြတယ်။

ဒါပေမယ့်၊ သူ ထိပ်တန်းရောက်အောင် ပြန်လုပ်နိုင်ဦးမယ်လို့ ထင်နေကြတယ်။ ဒါဟာ ကျုပ်တို့အတွက် ကောင်းကွက်ပဲပေါ့။ သူ့ကို ကျွန်တော်တို့ ဒီလောကထဲကို ပြန်သွင်းပြီး အောင်မြင်အောင် လုပ်ပေးနိုင်မယ်ဆိုရင် ကျုပ်တို့ အလုပ်ဖြစ်ပြီပေါ့ဗျာ။ မဖြစ်နိုင်တော့တာကို ဖြစ်အောင် လုပ်လိုက်တဲ့သဘော မဟုတ်လား။

အဲဒီအခါကျတော့ ခင်ဗျား ကြည့်နေပါ။ တခြား အေဂျင်စီတွေနဲ့ စာချုပ်ထားကြတဲ့ မင်းသား၊ မင်းသမီးတွေ ကျုပ်တို့ အေဂျင်စီကို ပြေးလာကြပါလိမ့်မယ်။ နီလီအိုဟာရာကို အောင်မြင်အောင် လုပ်ပေးလိုက်နိုင်သလို သူတို့အတွက်လည်း အောင်မြင်အောင် လုပ်ပေးနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ရောက်လာကြပါလိမ့်မယ်။

မင်းသား၊ မင်းသမီးဆိုတာ ရယ်စရာလည်း အလွန်ကောင်းတယ်။ အောင်မြင်မှု ရဖို့ဆိုရင် အသေရရ အရှင်ရရပဲ။ ဒါပေမယ့် ကျေးဇူးတရားကျတော့ သိတတ်ကြတာ မဟုတ်ဘူး"

ဂျော့က ရှင်းပြသော်လည်း လိုင်ယွန်ကတော့ လက်မခံနိုင်အောင် ဖြစ်နေသည်။

"နီလီနဲ့တော့ ကျွန်တော်တို့ ဖြစ်နိုင်မှာ မဟုတ်ပါဘူးဗျာ။ စိတ်ရောဂါရပြီး စိတ်မမှန်တဲ့ မိန်းကလေးတစ်ယောက်နဲ့ ကျွန်တော်တို့က အလုပ်လုပ်ကြရမှာ။ ကျွန်တော်တို့ အချိန်မရွေး ဒုက္ခဖြစ်သွားနိုင်တယ်။ အယ်နီက ပြောတယ်၊ နီလီဟာ သိပ်ကို ဝနေပြီတဲ့။ ပြီးတော့ ဆယ့်ရှစ်နှစ်သမီးကလေး မဟုတ်တော့ဘူးနော်"

"သူ့အသက် သုံးဆယ့်သုံးနှစ် ရှိပြီလေ။ ခင်ဗျား ပြောတာတွေကိုလည်း ကျုပ် သတိထားရမှာပေါ့။ ဒါပေမယ့် သူလို တော်တဲ့ မင်းသမီးကတော့ မရှိအောင် ရှားတယ်နော်။ နယ်က ရိုးရိုးအသံသွင်းဆိုင်ကလေးမှာ အသံသွင်းပြီး သူပို့လိုက်တဲ့ တိပ်ခွေတွေ အရင်အပတ်ထဲတုန်းက ကျုပ် ရခဲ့သေးတယ်။

သူဟာ အခု ပြင်ပလူနာဆောင်ကို ရောက်နေပြီလေ။ လွန်ခဲ့တဲ့ စနေ၊ တနင်္ဂနွေတုန်းက ကျုပ်တို့ လင်မယားနဲ့အတူတူ လာနေသွားသေးတယ်။ သူဟာ ဝက်တစ်ကောင်လောက် ဝနေတာတော့ အမှန်ပဲ။ ဒါပေမယ့် သေသေချာချာ သီချင်းဆိုနိုင်တယ်"

"ဆိုနိုင်ပေမယ့်လည်း သူ့ကိုယ်လုံးကိုယ်ထည် အလောတော်လောက် ပြန်ဖြစ်လာအောင် တစ်နှစ်လောက် လုပ်ယူရဦးမယ်။ တစ်နှစ်လောက် စည်းနဲ့ကမ်းနဲ့ လုပ်လိုက်ပြန်ရင် သူ့စိတ် ပြန်ဖောက်ပြန်သွားဦးမယ်။ အရင်တစ်ခါလည်း ဖြစ်ဖူးပြီးပြီ"

လိုင်ယွန်က ပခုံးများကို တွန့်ပြပြီး ပြောသည်။

"သူ ပိန်သွားဖို့ မလိုဘူးလေ။ ဒီအတိုင်း ဝနေပေစေပေါ့။ သူ သီချင်းဆိုဖို့ပဲ လိုတယ်။ သီချင်းဆိုနိုင်ရင် အလုပ်ဖြစ်ပြီ"

"သီချင်းဆိုတတ်တဲ့ ဘုတ်ထိုင်းကြီးကို ကျွန်တော်တို့က ဘယ်လိုသွားပြီး အသုံးချရမှာလဲ"

"ပဒေသာကပွဲတွေမှာထည့်ပြီး သုံးနိုင်တာပေါ့။ တစ်ပြည်လုံးကို နေရာအနှံ့အပြားသွားပြီး ကနေကြတဲ့ ပဒေသာကပွဲတွေရဲ့ တစ်ညဝင်ငွေဟာ ဘယ်လောက်များတယ် ထင်သလဲ။ လီနာဟွန်၊ ဂါလင်လစ်ဘားရေ့စ်တို့ ရနေတဲ့ဝင်ငွေတွေဟာ မယုံနိုင်လောက်အောင် ကောင်းတယ်။ လူတွေဟာ နီလီကို ကြည့်ချင်ကြမှာ အမှန်ပဲ။

သူ့ကို သာမန် တွေ့ချင်မြင်ချင်ရုံကလေး မဟုတ်ဘူး။ တစ်နှစ်လောက် ကျုပ်တို့ က,လိုက်ရင် သူ့ကပွဲတစ်ခုတည်းကကို ကျုပ်တို့ကုမ္ပဏီရဲ့ ကုန်ကျစရိတ် အားလုံး ကျေသွားနိုင်တယ်။ တခြား ဖောက်သည်တွေဆီက ရတာဟာ ကျုပ်တို့အဖို့ အသားတင်ပဲ။" သူနဲ့သာ တစ်နှစ်လောက် အလုပ် လုပ်ပြလိုက်ရင် ကျန်တဲ့လူတွေ ကျုပ်တို့ ခြေထောက်အောက်မှာ ဒူးထောက်လျက် ကျလာမှာ မလွဲဘူး"

"ဒီကိစ္စအတွက် ခင်ဗျား သိမ်မွေ့စိတ်ထက်သန်နေရင်တော့ လုပ်ပါ။ ဒါပေမယ့် ဒီကလေးမကိုတော့ ခင်ဗျား တာဝန်ထားနော်။ သူနဲ့

www.burmeseclassic.com

www.burmeseclassic.com


အလုပ်လုပ်နေတဲ့အချိန်မှာ ကုမ္ပဏီကိစ္စကို နောက်ပိုင်းက ကျွန်တော် တာဝန်ယူထားမယ်" ဟု လိုင်ယွန်က ပြောသည်။

"အဲဒီလိုကျပြန်တော့လည်း မလွယ်ပြန်ဘူး သူငယ်ချင်းရေ၊ သူက ကျုပ်ကို သိပ်ခင်လှတာ မဟုတ်ဘူး။ ကျုပ်မိန်းမကလည်း သူ့အပေါ်မှာ ဒါလောက် သြဇာရှိတာ မဟုတ်ဘူး။ ကျုပ်မိန်းမမှာက အရက်အလွန်အကျွံသောက်တတ်တဲ့အကျင့် ရှိနေတယ်။

ဒါပေမယ့် နီလီက ခင်ဗျားကို သဘောကျတယ်။ နောက်ပြီး အယ်နီရဲ့ ကျေးဇူးတွေကလည်း သူ့အပေါ်မှာ တစ်ပုံကြီး"

ဂျော့က တစ်လုံးချင်း ပြန်ရှင်းပြနေသည်။

"နေပါဦး. . . နေပါဦး၊ အယ်နီကလည်း အလုပ်ကို သိပ်ကြိုးစားလုပ်နေတယ်။ နီလီအိုဟာရာရဲ့ ကိစ္စကို ကျွန်တော်တို့က ဦးစားပေးပြီး လုပ်နိုင်မှာ မဟုတ်ဘူး"

လိုင်ယွန်က သူ့စကားကို ဖြတ်ပြီး ခပ်မြန်မြန် ဝင်ပြောသည်။

"ဒီလို မဟုတ်ဘူးလေ၊ ကျုပ်တို့ကုမ္ပဏီကို သူ့ရဲ့ ကိုယ်စားလှယ် အဖြစ်နဲ့ ခန့်အပ်ကြောင်း သဘောတူစာချုပ် ချုပ်အောင်သာ ပြောပေးပါ။ ကျန်တာတွေ ကျုပ် ဆက်လုပ်ပါ့မယ်။ ကြော်ငြာဖို့ကိစ္စတွေ၊ ရုံသွင်းဖို့ကိစ္စတွေ အားလုံး ဆက်လုပ်သွားပါ့မယ်။ ခရီးသွားရာမှာလည်း ကျုပ်ပဲ လိုက်ပါ့မယ်။ ခင်ဗျား လုပ်ပေးဖို့က သူ့ကို ကမ်းလှမ်းပေးဖို့ပဲ။

အခုဆိုရင် သူ ဆေးရုံက ဆင်းရတော့မယ်။ အားလုံး အဆင်သင့် ဖြစ်နေပြီ။ သူ့အတွက် ဟိုတယ်မှာ အခန်းကစ်ခန်း ငှားပေးရမယ်။ သူ့မှာ ပိုက်ဆံတစ်ပြားမှ မရှိဘူး။

ဒါကြောင့် သူ့အတွက် လိုသမျှ အားလုံးကို ကျုပ်တို့ ကုမ္ပဏီက ထုတ်ပေးရမယ်။ သူ့အတွက် လိုအပ်တဲ့အစီအစဉ်တွေရော၊ အစမ်းလေ့ကျင့်ဖို့တွေရော အကုန်လုံးပေါ့။

သူ့ကို နေ့ရောညပါ စောင့်ရှောက်ဖို့ အမျိုးသမီး တစ်ယောက်ကိုလည်း ငှားပေးရမယ်။ ဒီန်းမတ် အမျိုးသမီးတစ်ယောက်ကို တွေ့ထားတာရှိတယ်။ သူ့အတွက် ကျုပ်တို့ စိုက်ထုတ်ပြီး ကုန်ကျထားရတာတွေ အားလုံးကို သေသေချာချာ စာရင်းလုပ်ထားရမယ်။

သူ အလုပ်ဖြစ်တာနဲ့ တစ်ပြိုင်တည်း သူ့အတွက် စိုက်ပြီး ကုန်ထားရတာတွေ တစ်ပြားမကျန် ပြန်ဖြတ်ယူမယ်။ တကယ်လို့ သူက ကျုပ်တို့ကို ခြေစုံကန်သွားရင် တရားဝင်ဖြတ်ယူနိုင်အောင်လည်း စီစဉ်ထားရမယ်"

"အင်း- အတော်တော့ စွန့်စားရမယ့် အလုပ်ပဲ"

"ကျုပ်တို့အဖို့ နည်းနည်းပါးပါးတော့ ဆုံးရှုံးမှု ရှိနိုင်ပါတယ်။ ကြော်ငြာကိစ္စအတွက်လည်း သုံးလေးထောင်လောက်တော့ ကုန်သွားနိုင်တယ်။ သူ အောင်မြင်မယ်ဆိုရင်လည်း အနည်းဆုံး အယ်နီကိုတော့ သူ ကြွေးပြန်ဆပ်နိုင်တာပေါ့။ ခင်ဗျားမိန်းမက သူ့အတွက် ငွေတွေအများကြီး အကုန်ခံထားတာ ခင်ဗျားလည်း သိမှာပေါ့။ အယ်နီကို ဒေါ်လာနှစ်သောင်းလောက် သူပေးစရာ ရှိနေတယ်"

လိုင်ယွန်ကတော့ ခေါင်းကိုသာ တွင်တွင် ယမ်းနေသည်။

"ကျွန်တော်ကတော့ သိပ်စိတ်မပါဘူးဗျာ။ ဒါပေမယ့် ခင်ဗျား လုပ်ချင်သပ ဆိုရင်တော့ ကျွန်တော် မကန့်ကွက်ပါဘူး။ အတတ်နိုင်ဆုံး ဝိုင်းလုပ်ကြရမှာပေါ့။ ဒီအလုပ်ဟာ ခင်ဗျား စွန့်စားပြီး လုပ်တဲ့အလုပ်ပဲ ဆိုတာကိုတော့ လက်ခံထားဖို့ လိုလိမ့်မယ်။ နီလီ လက်ခံလာအောင် ကြိုးစားပေးမယ်။ ကျန်တာတွေတော့ ခင်ဗျားပဲ ဆက်လုပ်"

"ကျုပ်လုပ်မှာကိုလည်း စောင့်ကြည့်ပါဦးလေ။ဒီကလေးမကို လကမ္ဘာရောက်အောင် ကျုပ် ပို့ပေးပါ့မယ်။ သူကလည်း ကျုပ်တို့ကို လကမ္ဘာရောက်အောင် သူနဲ့အတူတူ ခေါ်သွားမှာပါ"

*

အိမ်ထဲသို့ အယ်နီ ဝင်လာပြီး လေအေးစက်ကို သွားဖွင့်သည်။ ထိုနေ့မှာ အိမ်ဖော်အမျိုးသမီး၏ ရက်အားနေ့ ဖြစ်နေသောကြောင့် စိတ်မကောင်း ဖြစ်နေမိသည်။ ရာသီဥတုကလည်း ပူပြင်းလွန်းလှသည်။ အပူချိန်က မကြုံဘူးအောင် များနေသည်။ ရေချိုးခန်းထဲသို့ ကမန်းကတန်း ဝင်လာခဲ့သည်။ သူ့ကိုယ်တိုင်လည်း ကိုယ်လက် မအီမသာ ဖြစ်နေသည်။ မျက်နှာသုတ်ပဝါကို ရေခဲရေနှင့် ဆွတ်ပြီး နဖူးပေါ်သို့ တင်သည်။ တစ်ကိုယ်တည်းလည်း မဖြူးချင် ပြုံးချင် ပြုံးမိသည်။

အများတကာတို့ မအီမသာ ဖြစ်တတ်သည်မှာ မနက်ပိုင်းမှာသာ ဖြစ်တတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ သူက ညနေပိုင်းမှာ ဖြစ်နေသည်။

သူကိုယ်သူ ကိုယ်ဝန်ရှိနေပြီဟု ထင်မိသည်။ ယခုလတွင် ဆယ်ရက်လည်း နောက်ကျနေသည်။ ဟုတ်ပါပြီ။ သေချာပေါက် ကိုယ်ဝန်ရှိနေခြင်းသာ ဖြစ်ရမည်။ ဖေဖော်ဝါရီလတုန်းက နှစ်လ နောက်ကျခဲ့သည်။

ထို့ကြောင့် လိုင်ယွန်ကို ပြောပြသည်။ သူတို့နှစ်ယောက် ဝမ်းသာလွန်းသဖြင့် အထိမ်းအမှတ်ပွဲကလေး တစ်ခုကိုပင် လုပ်ခဲ့ကြသေးသည်။ ထို့နောက်ပိုင်းတွင် ပုံမှန်အတိုင်း ဓမ္မတာ ပြန်ပေါ်လာသောကြောင့် မျှော်လင့်ချက်များ ကုန်ဆုံးသွားတော့သည်။

ယခု တစ်ကြိမ်မှာတော့ လိုင်ယွန်ကို ကြိုတင်ပြီး ပြောမပြတော့။ သေချာအောင်မှသာ ပြောပြတော့မည်။ မနေ့ညနေကစပြီး အန်သည်။ ယနေ့လည်း အန်သည်။ နှစ်ရက်စလုံး ညနေ ငါးနာရီခွဲမှာချည်း အန်ခြင်း ဖြစ်သည်။

ဘုရားမ,လို့ တကယ်ပဲ ဖြစ်လိုက်ပါစေတော့ဟု ဆုတောင်းမိသည်။ သူ့အဖို့ အရာရာတို့ အောင်မြင်ခဲ့ပြီ။ ယခု ရင်သွေးကလေး ရတော့မည်။ သမီးကလေးလည်း ဖြစ်ပါစေ၊ လိုင်ယွန်နှင့် တစ်ထေရာတည်းတူသည့် သမီးကလေးပဲ ဖြစ်ပါစေ။

တကယ်တော့လည်း သူ အပျော်လွန်နေသည်။ သူပျော်ပုံမျိုး ဘယ်လိုလူမျိုးမှလဲ ပျော်ဖူးဦးမည် မဟုတ်။ တစ်ခုပဲ ရှိသည်။ အမြတ်တော်ကြေးစာရင်း ဘင်သွင်းရမည့် အချိန်အတွက်သာ သူ စိုးရိမ်နေသည်။ ထိုအချိန်ကျလျှင် လိုင်ယွန်ကို တစ်ဖက်လှည့်နှင့် သူ့ငွေများ ပြောင်းပေးထားသည်မှာ ဘူးပေါ်သလို ပေါ်တော့မည်။

သို့သော်လည်း လုပ်ငန်းက ကောင်းစွာ အောင်မြင်နေသည်။ ထို့ပြင်မကသေး၊ ထိုအချိန်လောက်တွင် သူ့မှာ ရင်သွေးကလေးလည်း ရနေတော့မည်။ လိုင်ယွန်က ခွင့်လွှတ်မည်ဖြစ်ကြောင်း ဟင်နရီကတော့ သေချာပေါက် ပြောနေသည်။ သို့သော်လည်း လိုင်ယွန်နှင့် ပတ်သက်၍ မည်သူမျှ ကြိုတင် မဆုံးဖြတ်နိုင်ချေ။

နီလီကို လိုင်ယွန်နှင့် အယ်နီတို့ သွားကြည့်ကြဖူးသည်။ သူတို့ကို ဆီးကြိုနှုတ်ဆက်သည့် နီလီကို မြင်သောအခါ လိုင်ယွန်၏ မျက်နှာပေါ်မှ အပြုံးသည် ပျောက်ကွယ်သွားခဲ့လေသည်။ သူ့ကိုယ်လုံးက အလွန် ဝနေသည်။ ဖောင်းနေသည့် ပါးနှစ်ဖက်ကြားတွင် မျက်လုံးအစုံတို့ နစ်မြုပ်ကွယ်ပျောက်နေကြသည်။ ကုပ်ပိုးကြီး ဖောင်းတက်နေသည့်အတွက် လည်ပင်းလည်း မရှိတော့။

သို့သော်လည်း မျက်လုံးများက အရောင်တဖိတ်ဖိတ်တောက်ပြီး စိတ်အားတက်ကြွနေသည့် နီလီကို တွေ့ရလေသည်။

လိုင်ယွန်က အကျိုးအကြောင်း ပြောပြသောအခါ နီလီက သဘောတူစာချုပ်ကို မဆိုင်းမတွ လက်မှတ်ထိုးသည်။ ပြီးတော့ လိုင်ယွန်ကို ကျေးဇူးတင်စကားပြောသည်။ လိုင်ယွန်က ယခုကိစ္စနှင့် ပတ်သက်၍ မိမိကို ကျေးဇူးတင်ရန် မလိုကြောင်း၊ ထိုအကြံအစည်ကို ရပြီး အစအဆုံး စီစဉ်သူမှာ ဂျော့ဖြစ်ကြောင်းများကို ရှင်းပြသောအခါ နီလီက နှာခေါင်းရှုံ့သည်။ ဂျော့ကို သူ နည်းနည်းကလေးမှ သဘောမကျ။

သို့သော်လည်း သူတို့ အေဂျင်စီတွင် လိုင်ယွန်သည် အစုရှယ်ယာဝင်တစ်ယောက် ဖြစ်နေသည်က တစ်ကြောင်း၊ အယ်နီမှာ သူ့အရင်းအနှီးဆုံး မိတ်ဆွေဖြစ်ရုံမက ကျေးဇူးရှင်လည်း ဖြစ်နေသည်က တစ်ကြောင်းတို့ကြောင့် သူတို့ အေဂျင်စီနှင့် အလုပ်လုပ်ရမည်ကို သူလည်း စိတ်ချမ်းသာသွားသည်။

ရက်သတ္တ တစ်ပတ်အတွင်းမှာ မြို့တွင်းရှိ ဟိုတယ်တစ်ခုသို့ နီလီ ပြောင်းရွှေ့လာခဲ့သည်။ ခရစ္စတင်း အမည်ရှိ ဒိန်းမတ် အမျိုးသမီးကြီး တစ်ယောက်ကို နီလီ၏ အစောင့်အဖြစ် ငှားပေးကြသည်။

ခရစ္စတင်းသည် ဝဝဖိုင့်ဖိုင့် အမျိုးသမီးကြီးတော့ မဟုတ်။ သို့သော်လည်း ကိုယ်လုံးကိုယ်ထည် ကြီးမားတုတ်ခိုင်သူ ဖြစ်သည်။ နီလီ ပြန်ပိန်သွားပြီး အချိုးကျသည့်ကိုယ်လုံး ပြန်ရှိလာအောင် သူ တာဝန်ယူပါသည်ဟု ကတိပေးသည်။

"နီလီကို ပိန်အောင် လုပ်ပေးဖို့ မလိုပါဘူး၊ သူ့ရုပ်နဲ့ ပတ်သက်ပြီးတော့လည်း ဘာမှ ပြဿနာ မပေါ်နိုင်ပါဘူး။ သီချင်း ဆိုတာကိုသာ သူ အာရုံစိုက်ဖို့ လိုတာပါ"

အယ်နီက ပြောသည်။

အိပ်ဆေးနှင့် အရက်များ မသောက်စေရန်သာ အဓိကထားပြီး ဂရုစိုက်ဖို့ ခရစ္စတင်းကို ပြောသည်။ တနင်္ဂနွေ တစ်ပတ်လျှင် ငွေ

www.burmeseclassic.com

www.burmeseclassic.com


နှစ်ရာ ပေးထားသည့်အတွက် ခရစ္စတင်းတလည်း နေ့ရောညပါ နှစ်ဆယ့်လေးနာရီပတ်လုံး ဂရုစိုက်စောင့်ရှောက်ပေးပါမည်ဟု ကတိပေးသည်။

ရေချိုးခန်းထဲမှ အယ်နီ ထွက်လာခဲ့သည်။ ဧည့်ခန်းထဲမှ မီးများကို ဖွင့်လိုက်ပြီး ဘရန်ဒီတစ်ခွက် ထည့်သည်။ ဘရန်ဒီသောက်လိုက်လျှင် အော်ဂလီဆန်နေခြင်း သက်သာသွားလိမ့်မည်ဟု ထင်သည်။

ယခုဆိုလျှင် နီလီလည်း အလုပ်ကြိုးစားပမ်းစား လုပ်နေသည်။ တစ်နေ့လျှင် လေးနာရီနှုန်းဖြင့် ဇာတ်တိုက်နေသည်။ ဂျော့ကလည်း လိုအပ်သည့် ကြော်ငြာများကို လုပ်နေသည်။

နီလီသည် ပထမဦးဆုံး တိုရွန်မြို့မှ ဇာတ်ရုံတွင် ကပြမည် ဖြစ်သည်။ ထိုမြို့တွင် ကပါမှ အကယ်၍ နီလီ အဆင်မပြေလျှင်လည်း မကောင်းသတင်းများ နယူးယောက်မြို့သို့ ရုတ်တရက် ရောက်မလာနိုင်ဘဲ ရှိမည်။ သူ့အနေနှင့်လည်း ပြန်လည် ပြင်ဆင်ရန် အချိန် ရမည်။

အိမ်ခန်းကို လှည့်ကြည့်ရင်း သဘောကျနေမိသည်။ အလွန် သပ်ရပ်သားနားသော အိမ်ခန်း ဖြစ်ပါသည်။ သို့သော်လည်း သူ့မှာ ကိုယ်လေးလက်ဝန် ရှိလာပြီ ဆိုလျှင်တော့ ပြောင်းရွှေ့ရပေလိမ့်မည်။ ဂေလီယန်ကုမ္ပဏီနှင့် စာချုပ်ထားရာ အချို့ဇာတ်ဝင်ခန်းများကို လျှော့ရပေလိမ့်မည်။

သို့မှသာ အချိန်အားရမည်။ အချိန်အားရမှသာ အိမ်သစ်ကို ရှာဖွေပြီး စိတ်တိုင်းကျ ပြုပြင်နိုင်ပေလိမ့်မည်။

ကလေးထိန်းဖို့ ကိစ္စများကိုရော ဘယ်လို လုပ်ရပါ့။ ထိုအကြောင်းကို စဉ်းစားလိုက်မိပြန်တော့လည်း စိတ်အား တက်ကြွမှုများကြောင့် ခေါင်းထဲမှာ ရီဝေဝေ ဖြစ်လာတော့သည်။ အမှန်တကယ်ပဲ ဖြစ်လိုက်ပါတော့ဟုလည်း ဆုတောင်းမိသည်။

ရက်သတ္တ နှစ်ပတ် ကြာလာသောအခါ သူ့မျှော်လင့်ချက်များ အတည် ဖြစ်လာတော့သည်။ လိုင်ယွန်ကို ပြောပြသောအခါ ကြားစကတော့ လိုင်ယွန်မှာ ခံစားချက် ပေါင်းစုံတို့ ရောပြွမ်းသွားသည်။ သားသမီး ရတော့မည်ဆိုတော့လည်း သူ မျော်သွားသည်။

သို့သော် သူတို့ဘဝအဖို့တော့ အနည်းငယ် အခက်အခဲလေးများ ကြုံလာနိုင်သည်ဟု တွေးသည်။ ဇွန်လကုန်လောက်တွင် အယ်နီ အလုပ်လုပ်နေခြင်းမှ ရပ်နားရမည်။ ဇန်နဝါရီလလယ်လောက်တွင် ကလေး မျက်နှာမြင်မည်ဟု ခန့်မှန်းသည်။

အယ်နီ၏ ခါးမှာလည်း တစ်လက်မခန့် ပိုတုတ်လာသည်။ အစစအရာရာ ချောမောပြေပြစ်သွားမည်ဖြစ်ကြောင်း အယ်နီက ရှင်းပြသောအခါ လိုင်ယွန်မှာ စိတ်အေးသွားသည်။ ပြီးတော့ အယ်နီနှင့်အတူတူ သူလည်း ပျော်မဆုံး ဖြစ်ရလေတော့သည်။

ဇွန်လလယ်တွင် နီလီ၏ကပွဲကိုကြည့်ရန် တိုရွန်တိုမြို့သို့ သူတို့ဇနီးမောင်နှံ သွားကြသည်။ ဇာတ်ရုံထဲမှာ ထိုင်နေရင်း အယ်နီ စိုးရိမ်နေမိ၏။ ဂျော့နှင့် လိုင်ယွန်တို့ နှစ်ယောက်ကလည်း သူတို့၏ ရင်းနှီးမြှုပ်နှံမှုအတွက် စိတ်မအေး ဖြစ်နေကြသည်။

သည်ပွဲ မအောင်မြင်လျှင် နီလီ၏ဘဝမှာ ရေစုန်မျောပြီဟု အယ်နီက တွေးကြည့်မိသည်။ နီလီကတော့ ဇာတ်ခုံနောက်ပိုင်းမှာ တည်တည်ငြိမ်ငြိမ်နှင့် ထိုင်နေသည်။

ယခုအချိန်တွင် သူ့အဖို့ ဘာကိုမှ တွယ်တာနေစရာလည်း မရှိ၊ သုညဘဝမှာ ဖြစ်သောကြောင့် ဘာမှလဲ ဆုံးရှုံးစရာ မရှိ။ ဟာဗင်မာနာသို့ အချိန်မရွေး ပြန်သွားပြီး ဆေးလိပ်ပြာခွက်ကလေးများ လုပ်နေရန်သာ ရှိပါသည်ဟု ပြောရင်း အားပါးတရပင် ရယ်နေလိုက်သေးတော့သည်။

ဂျော့၏ နားထင်ကြောများ ထောင်နေသည်။ လိုင်ယွန်က ပူပင်သောကစိတ်ကြောင့် နဖူးကြောများရှုံ့ပြီး မျက်လုံးကို မှေးထားသည်။

မီးများ မှိန်သွားသည်။ သံစုံတီးဝိုင်းကြီးက ရှပ်ရှင်ကားများထဲတွင် နီလီ သီဆိုခဲ့ဖူးသည့် ကျော်ကြားလှသော သီချင်းများအနက် တစ်ပုဒ်ကို တီးမှုတ်ပေးနေသည်။

ပြည်ဖုံးကားကြီး မ,တင်လိုက်သည်။ ဘာမှ မရှိသည့် ဇာတ်စင်ပေါ်မှာ နီလီ ပေါ်လာသည်။

ကြမ်းပြင်ပေါ်သို့ ဒရွတ်တိုက်နေသော အနက်ရောင် ဖြောင်အဝတ်ကြီးကို ဝတ်ဆင်ထားသည်။ သူ့ခြေထောက်များက ဖြောင့်ဖြောင့်တန်းတန်းပင် ဖြစ်သည်။ အနက်ရောင် အဝတ်အစားကြောင့် သူ့ကိုယ်လုံးအလွန်

www.burmeseclassic.com

www.burmeseclassic.com



ဝနေသည်ကို အတန်ငယ် ဖုံးကွယ်ပေးထား သလို ဖြစ်သွားသည်။

ပရိသတ်က အုံ့ဩတကြီးနှင့် 'ဟင်ခနဲ၊ ဟာခနဲ' ဖြစ်သွားသော အသံမှာ တစ်ရုံလုံး ဖုံးလွှမ်းသွားသည်။

စောစောပိုင်း ရုပ်ရှင်ရိုက်စက နီလီ၏ ရုပ်သွင်ကို ပရိသတ်က ပြန်လည် မြင်ယောင် လာသည်။ ပရိသတ်၏ ပင့်သက် ရှိုက်သံကို နီလီလည်း ကောင်းကောင်းကြီး ကြားလိုက်ရ သည်။ ထို့ကြောင့် သူက ပြုံးသည်။

"ကျွန်မ တကယ့်ကိုပဲ ဝနေပါတယ်ရှင်။ ဒါပေမယ့် အော်ပရာကပွဲက အဆိုတော်တွေ အများစုဟာလည်း ဝကြတာပါပဲ။ အခုပွဲမှာ တော့ ချစ်စွာသော ရွှေပွဲလာပရိသတ်ကြီး အနေနဲ့ ကျွန်မ အော်ပရာ ကတာကို မြင်ကြ ရမှာတော့ မဟုတ်ပါဘူး။ ဒီပွဲကတော့ ကျွန်မ ရဲ့ အသည်းနှလုံးတွေကိုဖွင့်ပြီး ချစ်စွာသော ရွှေပွဲလာပရိသတ်ကြီးအတွက် သီချင်းဆိုပြ မယ့်ပွဲသာ ဖြစ်ပါတယ်။

ကျွန်မရဲ့ အသည်းနှလုံးဟာ ကြီးလည်း ကြီး၊ ဝလည်း ဝပါတယ်။ ဒါကြောင့် ချစ်စွာ သော ရွှေပွဲလာပရိသတ်ကြီးကသာ သဘော ကျ လက်ခံမယ်ဆိုရင် ကျွန်မ သီချင်းတွေ အများကြီး ဆိုပြပါ့မယ်ရှင်"

နီလီက စိတ်အား ထက်သန်စွာနှင့် ပြောသည်။

ပရိသတ်၏ တုံ့ပြန်ချက်ကား နားပွင့် ထွက်ခမန်းသော ဩဘာသံကြီး ဖြစ်လေသည်။

နီလီသည် သီချင်းဆိုမပြမီမှာပင် လျှမ်း လျှမ်းတောက် အောင်မြင်ခဲ့ဖူးသည့် သူ့ဘဝ ဟောင်းသို့ ပြန်ရောက်သွားလေတော့သတည်း။

သူ့အသံက အလွန် ကြည်လင်သည်။ အံ့လွန်း သာယာသည်။ ရုံထဲမှာ ရှိနေသည့် ပရိသတ်ကြီးကို ဆွဲဆောင် ဖမ်းစားထားလိုက် တော့သည်။ နီလီသည် ပရိသတ်၏ အသည်း နှလုံး အတွင်းသို့ ပြန်လည် ရောက်ရှိလာပြန် ပြီ။

သူတို့ကလည်း ဝမ်းလာအယ်လဲ လှိုက် လှဲစွာ ကြိုဆိုကြလေသည်။ဤမျှကောင်းသော အဆိုမျိုးကို အယ်နီ အနေနှင့် တစ်ခါမှ မကြား ခဲ့ဘူးသေးချေ။

မွန်ထရီယယ်မြို့ ပွဲတွင်လည်း ထိုနည်း လည်းကောင်းပင် ဖြစ်ခဲ့သည်။ ယခင်တုန်းက ရုံပြည့်ခဲ့ပါသည်ဆိုသည့် စံချိန်များ အားလုံးကို ချိုးပစ်လိုက်တော့သည်။

ဒက်ထရွိုက်မြို့မှာတော့ နီလီ ရောက် မသွားမီကတည်းက ပွဲစဉ် အားလုံးအတွက် လက်မှတ်အားလုံး ရောင်းကုန်သွားနှင့်သည်။

ထိုအချိန်ကစပြီး နယူးယောက်သတင်း စာများသည် နီလီ အောင်ပွဲ ပြန်ခံလာသည့် အကြောင်းများကို မဆုံးနိုင်အောင် ရေးသား ကြတော့သည်။

သို့သော်လည်း ဂျော့ကမူ လီမွာပါးနပ် စွာနှင့်ပင် နယ်မြို့များမှာချည်း လှည့်ကနေ သေးသည်။ မြို့ကြီးများသို့ ခြေမချသေး။ လိုင်ယွန်က နယူးယောက်မြို့ရှိရုံးမှာ အုပ်ချုပ် နေခိုက် ဂျော့က သူတို့နှင့်အတူ နယ်လှည့်ပြီး စက်တင်ဘာလအထိ ကနေသည်။

အယ်နီက ဂေလီယန်ကုမ္ပဏီတွင် အလုပ် ပြန်မလုပ်သေး။ သူရှာဖွေငှားရမ်းထားပြီးဖြစ် သည့် အိမ်သစ်ကို လွတ်လွတ်လပ်လပ်နှင့် စိတ်တိုင်းကျ ပြုပြင်နေသည်။

ယခုဆိုလျှင် သူ့ကိုယ်ဝန်မှာလည်း မြင် သာထင်သာ ရှိလာပြီ။ ရင်ထဲမှ သန္ဓေသား၏ စတင်လှုပ်ရှားမှုများကလည်း သူ့ပျော်ရွှင်မှုကို တစ်ဆင့် မြှင့်တင်ပေးလျက် ရှိချေသည်။ ဂေ လီယန်ကုမ္ပဏီက သူ့ကို ခွင့်ယူထားသည့် သဘောမျိုးသာ ဖြစ်စေချင်သည်။

သို့သော်လည်း အယ်နီကတော့ အပြီး အပိုင် ရာသက်ပန် အလုပ်ထွက်ခွင့်ကိုသာ တောင်းဆိုနေသည်။ ကုမ္ပဏီဘက်ကလည်း အယ်နီနေရာတွင် အခြား မိန်းကလေးများနှင့် အစားမထိုးနိုင်ကြောင်း ပြောသည်။ လော လောဆယ်တွင် တစ်ပတ်နှင့်တစ်ပတ် လူချင်း မထပ်ရအောင် အခြား အမျိုးသမီးကလေး များကို အသုံးပြုသွားမည်ဖြစ်ကြောင်း တင်ပြ သည်။

နောက်ဆုံးတွင် နယူးယောက်မြို့မှာ နီလီ ဝင်ကလျှင် ရနိုင်ပြီဟု ဂျော့က ဆုံးဖြတ် လိုက်သည်။ နိုဝင်ဘာလတွင် ရုံစဝင်ရန် သတ် မှတ်ကြသည်။ တစ်နေ့ကို နှစ်ပွဲ ကပြရန် စီစဉ် သည်။ အခြား ဇာတ်ကောင် မပါ။ နီလီတစ် ယောက်တည်း တစ်ပင်တိုင်ပွဲ ဖြစ်သည်။ ပွဲမ စခင် တစ်ပတ်လောက်ကတည်းက သုံးပတ် စာလုံးအတွက် လက်မှတ်အားလုံး ရောင်းကုန် သွားတော့သည်။

နယူးယောက်မြို့ ဘရော့ဒ်ဝေးဇာတ်ရုံ ကပွဲများသည်လည်း မကြုံဘူးအောင် အောင်

www.burmeseclassic.com

www.burmeseclassic.com



မြင်သည်သာ ဖြစ်သည်။ ပရိသတ်က နီလီကို သောင်းသောင်းဖြဖြ အားပေးကြိုဆိုကြသည်။ နီလီ၏ ကိုယ်လုံးကိုယ်ထည်သည်လည်း ယခင်ကလောက် မဆိုးတော့ကြောင်းကို အယ်နီ သတိထားမိသည်။ ယခုတိုင်အောင် ဝနေဆဲ ရှိသည်ကား မှန်သည်။

သို့သော် ယခင်ကလို ဘုတ်ထိုင်းကြီး မဟုတ်တော့။ ခရစ္စတင်းက နီလီ၏ ကိုယ်အလေးချိန် ပေါင်သုံးဆယ်လောက် လျော့ကျသွားအောင် ကြပ်ကြပ်မမနှင့် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ မေးနှစ်ထပ် ဖြစ်နေသေးသော်လည်း လည်ပင်း ပြန်ပေါ်လာသည်။ သူ့ကိုယ်လုံးကိုယ်ထည် မှည်သို့ပင် ပုံဆိုးနေစေကာမူ သီချင်းတစ်ပုဒ် ဆိုပြီးသည်နှင့် တစ်ပြိုင်တည်း ပရိသတ်က ပုံပျက်နေသော သူ့ကိုယ်လုံးကို မေ့ပစ်လိုက်ကြသည်သာ ဖြစ်လေသည်။

နယူးယောက်တွင် ပွဲကပြီး ရက်သတ္တနှစ်ပတ် ကြာသောအခါတွင် ပြဿနာက စတင် ပေါ်လာတော့သည်။ ငွေကြေး အမြတ်အစွန်းပေးပြီး ကမ်းလှမ်းလာသူ အများအပြား ရှိလာသည်။

သို့သော်လည်း လိုင်ယွန်နှင့် ဂျော့တို့ နှစ်ယောက်က ကမ်းလှမ်းသမျှ အားလုံးကို ပယ်ချလိုက်ကြသည်။

ရုပ်မြင်သံကြားများကလည်း လာရိုက်ကြသည်။ ရုပ်ရှင်ကုမ္ပဏီကလည်း နီလီကို ရုပ်ရှင်တစ်ကားရိုက်ရန် ကမ်းလှမ်းကြသည်။ ဘရော့ဒ်ဝေးတွင် ပြဇာတ်များ ကရန် ကမ်းလှမ်းမှုများလည်း ရှိသည်။ လိုင်ယွန်ကမူ ယခုလို တစ်ပင်တိုင် ဆက်ကနေစေချင်သည်။

"အနည်းဆုံး နောက်ထပ် တစ်နှစ်လောက်တော့ ဒီအတိုင်း ဆက်ကနေတာ ကောင်းတယ်။ ကိုယ်အလေးချိန် ပေါင်နှစ်ဆယ်လောက် ထပ်လျော့သွားအောင် လုပ်ရဦးမယ်။ ကိုယ်အလေးချိန် ကျသွားအောင် ခွတ်လုပ်တာမျိုးကိုတော့ ကျွန်တော်တို့ ထပ်မလုပ်သင့်ဘူး။ အစားအသောက် ဆင်ခြင်ခိုင်းတာမျိုးလည်း လုပ်လို့ မဖြစ်တော့ဘူး။

ဒါပေမယ့်၊ ယခုအတိုင်း တစ်ပင်တိုင် ဆက်ကနေတာရယ်၊ ခရစ္စတင်းရဲ့ ဂရုစိုက်မှုတွေရယ်ကြောင့် နီလီရဲ့ ကိုယ်လုံးကိုယ်ထည်ကို ကျွန်တော်တို့ လိုချင်တဲ့ အခြေအနေ ရောက်လာအောင် တဖြည်းဖြည်း လုပ်ယူရမှာပဲ။ ကျွန်တော်တို့ လိုချင်တဲ့ အခြေအနေကို ရောက်မှသာ ရုပ်ရှင်ရိုက်တာတို့၊ ရုပ်မြင်သံကြားလွှင့်တာတို့ကို လက်ခံနိုင်မယ်" ဟု လိုင်ယွန်က ပြောသည်။

"အခု ရုပ်ရှင်ရိုက်ချင်ရင်ရိုက်၊ ဒါမှမဟုတ် ဘရော့ဒ်ဝေးမှာပဲ ဆက်ပြီး ကချင်က၊ ဒီနှစ်ခု တစ်ခုခုကို လုပ်မှ ဖြစ်တော့မယ်။ နယ်တွေလှည့်ပြီး ပွဲမကတော့ဘူးလို့ ကောင်မလေးက ကတ်သီးကတ်ဖဲ့ လုပ်နေတယ်"

ဟု ဂျော့က ပြောသည်။

"ဒါပေမယ့် လော့စ်အိန်ဂျယ်လိစ်၊ ဆန်ဖန်ရန်စစ္စကိုနဲ့ လန်ဒန်မှာ ကဖို့ ကျွန်တော် အားလုံး စီစဉ်ထားပြီးပြီလေ"

ဂျော့က ပခုံးတွန့်လိုက်သည်။

"မနေ့ညတုန်းက- သူနဲ့ကျုပ် အကြီးအကျယ် စကားများပြီးပြီ။ သူက ထိပ်တန်း ပြန်ရောက်လာပြီ မဟုတ်လား။ ဒီတော့ အရင်အချိုးတွေ ပြန်ချိုးလာတာပေါ့။ ကျေးဇူးတရားကို သိတတ်တဲ့ကောင်မ မဟုတ်ဘူး။ သူ့အဖို့ပဲ သူသိတယ်။ တစ်နေရာတည်းမှာပဲ သူနေချင်တော့တယ်လို့ ကျွန်တော့်ကို ပြောတယ်။ ဒီကောင်မ ကျွန်တော်တို့ကို ခွာချင်နေပြီလို့ ကျွန်တော် မသင်္ကာ ဖြစ်နေတာ ဟုတ်ပြီနဲ့ တူတယ်"

"လုပ်စမ်းပါစေဗျာ၊ သူ့ကို ဘယ်သူက လက်ခံမှာတဲ့လဲ"

လိုင်ယွန်က ပြန်မေးသည်။

"ကျုပ် တစ်လျှောက်လုံး ခေါင်းခဲနေရတာ ဒီကိစ္စပဲ။ ဒီကောင်မလေးဟာ လူသားတစ်ယောက် ဖြစ်နေသေးတယ် ဆိုတာကို ကျွန်တော်တို့ အားလုံး မေ့နေခဲ့ကြတယ်။ တီးဝိုင်းထဲက ဆက်ဇိုဖုန်းမှုတ်တဲ့လူနဲ့ သူ တွဲနေတယ်။ အဲဒီ အချိန်ကတော့ ပြဿနာမပေါ်ဘူး။ ဟန်ကျနေတာပဲ။

ဒါပေမယ့်၊ ဟိုငတိက တီးဝိုင်းက ထွက်သွားတယ်။ အဲဒီ အချိန်ကစပြီး ပြဿနာပေါ်တော့တာပဲ။ သူက ကျွန်တော့်ကို ပြောတယ်။ တစ်နေရာတည်းမှာ အိုးနဲ့အိမ်နဲ့ နေချင်ပြီတဲ့။ သူနဲ့ တွဲဖို့လည်း ယောကျ်ား တစ်ယောက်လောက် လိုချင်ပြီတဲ့။

ဖွန်ဆင်ဟားရစ်ကုမ္ပဏီကလည်း သူ့ကို ချောင်းနေတာ သတင်းရထားတယ်။ သူတို့ ကုမ္ပဏီက လူချောချော တစ်ယောက်ကို လွှတ်ပြီး သူနဲ့ တွေ့ခိုင်းတယ်။ ဟိုလူက သူ့ကို ကောင်းကောင်းဆက်ဆံပြီး သူ့ တော်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ ပြောသွားတယ်။ သူ့အတွက် အတွဲတစ်ယောက်ရအောင် ရှာပေးနိုင်တဲ့ ကုမ္ပဏီနောက်ကို လိုက်တော့မယ်နဲ့တူတယ်"

လိုင်ယွန်က ပြုံးသည်။

"သွားစမ်းပါစေဗျာ၊ ကျွန်တော်တို့နဲ့ စာချုပ်ထားတဲ့ ကြားထဲက ဂျွန်ဆင်ဟားရစ် ကုမ္ပဏီက ကဲ့ထုတ်သွားချင်သပဆိုရင် လုပ်စမ်းပါစေ။ ဒီလို လုပ်တဲ့အတွက် ကျွန်တော်တို့ကို ဒေါ်လာငါးသိန်းပေးမှ ဖြစ်မှာ မဟုတ်လား"

"ကျုပ်လည်း ဒီအကြောင်းကို စဉ်းစားကြည့်ပြီးပါပြီ။ ဒါပေမယ့် ငါးစာကို ငါးတွေလာဟပ်နေမှတော့ ဒီအတိုင်း မပစ်လိုက်နိုင်တော့ဘူး။ ပေါလ်အယ်လ်ဆမ်နဲ့ မနက်ဖြန်နေ့လယ်စာ စားဖို့လည်း ကျွန်တော် အစီအစဉ် လုပ်ထားတယ်"

လိုင်ယွန်က လေတစ်ချက် ချွန်လိုက်သည်။

"ဒီအရွယ်ကျမှ ကျွန်တော်တို့လည်း မိန်းမထိန်းဘဝ ရောက်ကုန်ကြပြီလားဗျာ

"မတတ်နိုင်ဘူး၊ ပေါဘ်အယ်လ်ဆမ်ရဲ့ နောက်ဆုံး ရုပ်ရှင်နှစ်ကားက သိပ်အောင်မြင်နေတယ်။ သူ့ကို ကျွန်တော်တို့ ရမယ်ဆိုရင် ဟောလီးဝုဒ်မှာရှိတဲ့ မင်းသား၊ မင်းသမီး တစ်ဝက်လောက် ကျွန်တော်တို့ဆီ ရောက်လာလိမ့်မယ်။ အမ်စီအေကုမ္ပဏီကလည်း သူတို့နဲ့ စာချုပ်ထားတဲ့ မင်းသား၊ မင်းသမီးတွေကိစ္စကို အဆင်ပြေအောင် ကိုင်တွယ်မပေးနိုင်ဘူး။ ရုပ်ရှင်ရိုက်ဖို့ကို အချိန်တိုစာချုပ်တွေလောက်သာ ချုပ်ပေးနေနိုင်တယ်။

ဒါကြောင့် သူ့ကို မျက်စိကျလာအောင် ကျွန်တော် လုပ်နေတယ်။ နီလီဟာ ကျွန်တော်တို့ရဲ့ ငါးစာပဲ။ အဲဒီတော့ သူ့ကို လက်လွတ်မသွားအောင် ကျွန်တော်တို့ ထိန်းထားရတော့မယ်"

"ဒါဆိုရင် မဆိုးပါဘူး။ ဖြစ်အောင်သာ ဆက်လုပ်ပါ"

လိုင်ယွန်က တိုက်တွန်းသည်။

"ဟုတ်တယ်၊ ကျွန်တော်လည်း အပိုင်ကိုနိုင်အောင် ကြိုးစားနေတယ်။ ဒါပေမယ့် လိုင်ယွန်၊ ဒီကိစ္စကို ကျွန်တော်တို့ သေသေချာချာ လုပ်ကြမှဖြစ်မှာ။ နီလီက ကျွန်တော့်ကို နည်းနည်းကလေးမှ သဘောကျတာ မဟုတ်ဘူး။ သူ့ကို ဇာတ်စင်ပေါ် ပြန်တင်ပေးတဲ့ အချိန်တုန်းကလောက်သာ ကျွန်တော့်ကို လက်ခံခဲ့တာ။ အဲဒီအချိန်တုန်းကတော့ သူ့အနေနဲ့လည်း တခြားလမ်း ရွေးစရာ မရှိဘူး မဟုတ်လား။

အခုတော့ သူက အောင်မြင်လာပြီလေ။ ဒီတော့လည်း ကျွန်တော့်ကို ကာပြန်နိုင်တော့တာပေါ့။ မနေ့ညက ဖြစ်တာကိုပဲ ကြည့်လေ။ သူနဲ့ ကျွန်တော်နဲ့ စကားများကြတော့ သူက ကျွန်တော့်ကို အဆီယစ်နေတဲ့ ဝက်ကြီးတဲ့။ နွားမက ကျွန်တော့်ကို ဝက်လို့ခေါ်တာ စဉ်းစားကြည့်စမ်းပါဗျာ။ မဖြစ်ပါဘူး လိုင်ယွန်၊ အခုဟာ ခင်ဗျားတာဝန်ယူဖို့ အချိန်ရောက်လာပြီ"

*

နီလီ၏ အဝတ်အစားလဲခန်းထဲမှာ လိုင်ယွန် ထိုင်နေသည်။ နေ့ခင်းပွဲလည်း ပြီးခါနီးနေပြီ။ မှန်တစ်ဝိုက်တွင် ပြန့်ကျဲနေသည့် ကြေးနန်းစာများကို သူက လှည့်ကြည့်နေမိသည်။ အောင်မြင် ကျော်ကြားနေကြသည့် မင်းသား၊ မင်းသမီးများက နီလီကို ချီးကျူးကြောင်း၊ ဂုဏ်ပြုကြောင်း၊ ဝမ်းသာကြောင်း အကြောင်းကြားကြသည့် ကြေးနန်းများ ဖြစ်သည်။

ရုံထဲမှ ပရိသတ်၏ ဩဘာသံကို ကြားရသည်။ တစ်ဆက်တည်းမှာပင် တီးဝိုင်းမှ တီးလိုက်သော ပွဲသိမ်းတီးလုံးကိုပါ ကြားရလေသည်။ ကြုံရတော့မည့်တိုက်ပွဲကို ကောင်းစွာ ဆင်နွှဲနိုင်ရန် အတွက် အားတင်းထားလိုက်သည်။

သူ့အဝတ်အစား လဲသည့်အခန်းထဲမှာ လိုင်ယွန် ရောက်နေသည်ကို မြင်သောအခါ နီလီက အံ့ဩတကြီးနှင့် ဝမ်းသာမဆုံး ဖြစ်သွားသည်။

"တော်သေးပါရဲ့၊ အဆီယစ်နေတဲ့ ဝက်ကြီး ရောက်မလာတာ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့်ပါပဲ။ မနေ့ညတုန်းက သူနဲ့ကျွန်မ ရန်ဖြစ်လိုက်ကြတာ ဘာပြောကောင်းမလဲ"

ခရစ္စတင်းက ဘီယာခွက်ကို လှမ်းပေးသည်။ နီလီက ဘီယာကို အားပါးတရ သောက်ပြီး ဖန်ခွက်ကို ပြန်ချထားလိုက်သည်။

"ကောင်းလိုက်တာ၊ ဘယ်လိုအရသာ ရှိမှန်း မသိဘူး။ နည်းနည်း သောက်ဦးမလား

www.burmeseclassic.com



လိုင်ယွန်"

"တော်ပါပြီကွာ၊ တို့ ညစာ သွားစားကြရင် ကောင်းမလား"

လိုင်ယွန်က မေးသည်။

"သိပ်ကောင်းတာပေါ့၊ အယ်နီရော လိုက်မလား"

"မလိုက်ဘူး၊ တို့နှစ်ယောက်တည်း သွားမယ်"

နီလီက ပျော်ပျော်ရွှင်ရွှင် ရယ်သည်။

"ဂျော့က လွတ်ပြီး အချော့ခိုင်းလိုက်ပြီနဲ့တူတယ်။ ကောင်းပြီလေ၊ ကျွန်မကတော့ တခြား ဘယ်မြို့ကိုမှ လိုက်မကနိုင်တော့ဘူး။ ဒါပေမယ့် ရှင်နဲ့တော့ ညစာအတူတူ သွားစားမယ်။ ပြင်သစ်စာ ကောင်းကောင်းများ ဘယ်မှာရမလဲ"

"လူးဝစ်ပျော်ပွဲစားရုံကို သွားကြတာပေါ့၊ ဘယ်လိုဟာမျိုးမဆို သူတို့ ချက်တတ်တယ်"

"ကောင်းတယ်၊ အဲဒီမှာ အားရပါးရ စားလို့ရတယ် မဟုတ်လား။ မင်းသား မပါဘဲ မင်းသမီးချည်း တစ်ပင်တိုင် ကနေရတာတော့ ကောင်းပါရဲ့။ ဒါပေမယ့် ပင်ပန်းတကြီး ပွဲကပြီးသွားတဲ့အခါ နားနားနေနေ တွဲသွားစရာ ယောက်ျားဖော်တစ်ယောက်မှ မရှိတာတော့ ဆိုးတယ်ရှင်"

နီလီက ချက်ချင်းပင် ဝမ်းနည်းပက်လက်နှင့် ပြန်ပြောနေပြန်သည်။

"ဒါတွေက မကြာခင် ဖြစ်လာမှာပါကွာ၊ နယူးယောက်မြို့ တစ်မြို့လုံး မင်းရှေ့မှောက်မှာ ပြားပြားဝပ်နေပြီပဲ"

လိုင်ယွန်က နှစ်သိမ့်စကားပြောသည်။

"ဟုတ်တော့လည်း ဟုတ်ပါတယ်ရှင်၊ ဒါပေမယ့် ကျွန်မလက်ထဲမှာ တစ်ယောက်မှ ရှိသေးတာ မဟုတ်ဘူး။ ယောက်ျားအဖော် တစ်ယောက်လောက်တော့ ရမှဖြစ်မယ်။ အခုအချိန်ကစပြီး တစ်ယောက်ယောက်တော့ ရှာရတော့မယ်။ ကျွန်မဟာ ကိုယ်လုံးကိုယ်ထည် သေးသေးသွယ်သွယ်ကလေးတော့ မဟုတ်ဘူးပေါ့လေ။

ဒါပေမယ့်၊ စိတ်မမှန်တဲ့လူတစ်ယောက်တော့ မဟုတ်တော့ပါဘူး။ ကျွန်မ ပြောနေတာကလည်း ရိုးရိုးတန်းတန်း တွဲဖို့လောက် မဟုတ်ဘူး။ ကျွန်မကို တကယ် ဂရုစိုက်မယ့်လူမျိုး၊ ကျွန်မက လေးစားရမယ့်လူမျိုး၊ ကျွန်မကလည်း တကယ် ပြန်ပြီး ချစ်နိုင်မယ့်လူမျိုး . . ."

"ကဲ- ညစာစားရင်းနဲ့မှ ဆက်ပြောကြတာပေါ့"

စားသောက်ဆိုင်သို့ ရောက်ကြသောအခါ အစားအသောက်များကိုမှာပြီး နီလီက သူ့စိတ်ထဲမှာ ခံစားနေရသည်များကို ပြောပြသည်။ လိုင်ယွန်ကလည်း စိတ်ပါဝင်စားစွာနှင့် နားထောင်သည်။

နီလီ ရိုးရိုးသားသား ပြောနေခြင်းဖြစ်ကြောင်း လိုင်ယွန် သဘောပေါက်ပါသည်။ သူ့ဘဝမှာ ပွဲကရုံကလွဲပြီး အခြား ကြည်နူးချမ်းမြေ့စရာ ဘာတစ်ခုမှ မရှိ။

လိုင်ယွန်က နီလီ၏ လက်တစ်ဖက်ကို လှမ်းဆွဲယူလိုက်သည်။

"နီလီ၊ မင်း ပြောပြနေတာတွေကို ကိုယ် သဘောပေါက်ပါတယ်။ ဟောလီးဝုဒ်ရယ်၊ ဆန်ဖရန်စစ္စကိုရယ်၊ လန်ဒန်မှာရယ်ပဲ ကိုယ်တို့ ကမယ်။ စီစဉ်ထားတဲ့အတိုင်း အဲဒီပွဲတွေ ကပြီးရင် ဒီမှာ အခြေချမယ်။ မင်းအတွက် ရုပ်ရှင်တစ်ကားဖြစ်ဖြစ်၊ ဘရော့ဒ်ဝေးပြဇာတ်ပဲဖြစ်ဖြစ် ဒီမှာနေပြီး ကမယ်။

ဒီကိစ္စတွေကို ကိုယ် စီစဉ်ပေးပါ့မယ်။ အားလုံး အဆင်ပြေအောင်၊ စီစဉ်နိုင်အောင် ဘာမှ ပူစရာ မလိုတော့ပါဘူး"

"ကာလီဖိုးနီးယားနဲ့ လန်ဒန်ကိုသွားရင် ကျွန်မနဲ့ ဘယ်သူ လိုက်မှာလဲ"

"ထုံးစံအတိုင်း ဂျော့ပဲ လိုက်မှာပေါ့"

"ခေါက်ထားလိုက်စမ်းပါ"

နီလီက အခိုင်အမာ ဆုံးဖြတ်ပြီး ဖြစ်သည့်ပုံမျိုးနှင့် ပြန်ပြောသည်။

"ဒီလိုလည်း မဟုတ်သေးဘူးလေ၊ မင်းတို့ နှစ်ယောက် စကားများခဲ့ကြတာတော့ ဟုတ်တာပေါ့။ ဒါပေမယ့် ဂျော့ဟာ လူဆိုးတစ်ယောက် မဟုတ်ပါဘူး။ နောက်ပြီးတော့ မင်း အခုလို အောင်မြင်လာတာတွေ အားလုံးဟာ သူ့အကြံအစည်တွေကြောင့်ချည်းပဲ နီလီ"

"ကျွန်မကိုယ်တိုင်က မတော်ရင် ဘာတွေလုပ်ပေးနေနေ အောင်မြင်မှာ မဟုတ်ပါဘူး"

သူကလည်း မကျေမချမ်းနှင့် ပြန်ပြောသည်။

"ဒါလည်း မှန်ပါတယ်။ ဒါပေမယ့် မင်းရဲ့ ပညာအရည်အသွေးကို ဂျော့က မြင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နိုင်ခဲ့တယ်။ မင်းရဲ့ပညာကို ယုံကြည်ခဲ့တယ်"

"ဒီလိုဆို ရှင်ကတော့ မယုံကြည်ဘူးပေါ့"

"မှန်တဲ့အတိုင်း ပြောရမယ်ဆိုရင် ကိုယ်မယုံကြည်ခဲ့ဘူး။ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်နေခဲ့တယ်"

"ကျွန်မ ပြန်ပြီး အောင်မြင်နိုင်တော့မှာ မဟုတ်ဘူးလို့ ရှင်ထင်သလား"

"မင်းရဲ့ ပညာပိုင်းနဲ့ ပတ်သက်လို့တော့ ကိုယ် မယုံသင်္ကာ မဖြစ်ခဲ့ပါဘူး။ ဒါပေမယ့် မင်းရဲ့ ကျန်းမာရေးနဲ့ ပတ်သက်ပြီး စိတ်မချခဲ့ဘူး။ ဆိုလိုတာက မင်း အရင်လို ပြန်လှလာအောင် အစားအသောက် ဆင်ခြင်ရမယ်။ ကိုယ်အလေးချိန် လျှော့ပစ်ရမယ်။ အဲဒီလိုဆိုရင် မင်းစိတ်ကို ပြန်ပြီး ဒုက္ခပေးသလို ဖြစ်ဦးမယ်။ စိတ်ဆင်းရဲမှုတွေကို မင်း ပြန်ခံစားရဦးမယ်။

ဂျော့ကတော့ ဒီလို မမြင်ဘူး။ မင်းကို ဘာမှ လုပ်ပေးစရာ မလိုဘူး။ ပရိသတ်က မင်းကို နီလီအဖြစ်နဲ့ပဲ လက်ခံကြလိမ့်မယ်လို့ ပြောခဲ့တယ်။ သူမှန်ပါတယ်"

နီလီက စားလက်စပေါင်မုန့်ကို ပန်းကန်ထဲသို့ ပြန်ထည့်ပြီး ပန်းကန်ကိုပါ ဘေးသို့ တွန်းဖယ်ပစ်လိုက်သည်။

"ရှင်က ကျွန်မကို စိတ်ရောဂါ ဝေဒနာရှင် တစ်ယောက်အနေနဲ့ ပြောနေတာကိုး"

"ရန်ထောင်တဲ့စကားတွေ ပြောမနေပါနဲ့တော့ နီလီ။ ကိုယ်ဆိုလိုတဲ့သဘောကို မင်းနားလည်ပါတယ်။ မင်းဟာ သိပ်ကို အောင်မြင်တယ်။ အနုပညာနဲ့ ပတ်သက်ပြီး ပါရမီရင့်သန်တယ်။ မင်းရဲ့ ရုပ်ရည်ဟာ အင်မတန်နှစ်လိုဖွယ်ရာကောင်းပါတယ်"

"ဒါပေမယ့် အရုမ ဝဝကြီးတစ်ယောက်ပဲ မဟုတ်လား။ ရှင့်စိတ်ထဲရှိတာ ပြောင်ဖွင့်ပြောလိုက်စမ်းပါလေ"

"ဒီလို မဟုတ်ပါဘူး နီလီ၊ ဒါပေမယ့် မင်းကိုယ်လုံးကိုယ်ထည်ဟာ လိုအပ်သလောက်တော့ မပိန်ဘူး။ မင်း ဟိုတုန်းက ရုပ်ရှင်တွေ ရိုက်နေခဲ့တုန်းက ပုံမျိုး မဟုတ်တော့ဘူး"

"ကျွန်မ သိပါတယ်လေ။ ဒီလိုပုံမျိုးကြီးနဲ့တော့ ကျွန်မကို ဘယ်ယောကျ်ားကမှလဲ မျက်စိကျကြတော့မှာ မဟုတ်ပါဘူး။ ဒက်ထရိုက်မှာတုန်းက ကျွန်မသား အမြွှာပူးနှစ်ယောက်က ကျွန်မကို လာတွေ့တယ်။ အင်မတန် ရုပ်ချောတဲ့ သားတွေပါပဲ။ သားနှစ်ယောက်စလုံး တက်နဲ့ အတူတူ နေကြတဲ့အတွက် ကျွန်မ ဝမ်းသာပါတယ်။ ကျွန်မဆေးရုံတက်နေတုန်းက သူတို့ကို ထိန်းသိမ်းစောင့်ရှောက်ခွင့် တက်က ရသွားတယ်။

အဲဒီတုန်းက ကျွန်မဖြင့် သေမလောက်စိတ်ညစ်ခဲ့ရတယ်။ အကောင်းဆုံး အလုပ်ကို သူလုပ်တာပဲလို့တော့ ကျွန်မ သဘောပေါက်ပါတယ်။ သူလည်း နောက်အိမ်ထောင်နဲ့ အဆင်ပြေနေပြီ မဟုတ်လား။

အဲဒီတုန်းက ကျွန်မတွေ့ခဲ့ရတဲ့ သားတို့ရဲ့ မျက်နှာတွေဟာ အခုထက်တိုင်အောင် မျက်စိထဲက မထွက်သေးဘူး။ ဘတ်က အရုပ်အရုပ်ဆုံးလေ။ သူက ပြောတယ် 'မာမီ'တဲ့၊ 'မာမီရဲ့ အရင်ရုပ်ရှင်ကားကို ရုပ်မြင်သံကြားထဲမှာ ကျွန်တော် ကြည့်ရတယ်'တဲ့။ 'ဒါပေမယ့် အခု မာမီနဲ့တော့ နည်းနည်းမှ မတူဘူး'တဲ့"

"မင်း ပိန်သွားဖို့ မလိုပါဘူးကွာ"

လိုင်ယွန်က အားပေးသည်။

"ခိုင်လုံတဲ့ အကြောင်းတစ်ခုခုကြောင့် ကျွန်မ ပိန်ဖို့လိုတယ်ဆိုရင် ပိန်အောင် လုပ်နိုင်ပါတယ်။ ရုပ်ရှင်ကုမ္ပဏီက အကျပ်ကိုင်လို့ ပိန်အောင် လုပ်ရတာမျိုးကိုတော့ ကျွန်မ သည်းမခံနိုင်ဘူး။

ဒါပေမယ့်၊ချစ်သူအတွက်တော့ ကျွန်မ ပိန်အောင် လုပ်နိုင်တယ်။ ကျွန်မ ပိန်အောင် လုပ်ရမယ်လို့ ရုပ်ရှင်ကုမ္ပဏီက ပြောနေတုန်းကများဆိုရင် ကျွန်မဖြင့် စားလိုက်တာ မပြောပါနဲ့တော့။ ဘာစည်းကမ်းမှ မထားတော့ဘဲ စိတ်ထင်တိုင်း စားပစ်လိုက်တယ်။

ဒါပေမယ့်၊ တက်နဲ့ တွေ့တဲ့အခါမှာ တက်က ကျွန်မ ကိုယ်အလေးချိန် ဆယ့်ငါးပေါင် ကျသွားအောင် လုပ်ရမယ်လို့ ပြောတယ်။ ကျွန်မ ဘာမှ ပြန်ပြီး စောဒကတက်မနေတော့ဘဲ တစ်သဝေမတိမ်း နားထောင်လိုက်တော့တာပဲ။ ဘာကြောင့်လဲ ဆိုတော့ ကျွန်မကကို စိတ်ပါသွားတာကိုး။ သူ စိတ်ချမ်းသာစေချင်တာကိုး။

ဒါကြောင့်၊ ကျွန်မ ဒီမှာပဲ နေချင်ပြီလို့ ပြောတာပါ လိုင်ယွန်။ ကျွန်မချစ်ရမယ့်လူ တစ်ယောက် လိုချင်တယ်။ ကျွန်မကို ယုယမယ့် ယောကျ်ားတစ်ယောက် လိုချင်တယ်။ ကျွန်မကိုယ်ကျွန်မ မှန်ထဲမှာ ပြန်ကြည့်မိရင်

www.burmeseclassic.com

www.burmeseclassic.com



သိပ်မှန်းတာပဲ"

"နီလီ၊ မင်းရဲ့အသံနဲ့ မင်းရဲ့ရုပ်ရည်ဟာ မင်းပါပဲ။ ကိုယ်လုံးကိုယ်ပေါက် လှတာ၊ မလှတာနဲ့ မဆိုင်ပါဘူး"

လိုင်ယွန်က အကောင်းဘက်မှ ပြောနေသော်လည်း နီလီကမူ ခေါင်းကိုသာ တွင်တွင်ယမ်းနေသည်။

"အဝတ်အစား လှလှကလေးတွေကို ကျွန်မ မြတ်နိုးတယ်။ ဇာတ်ခုံပေါ်မှာ အနက်ရောင် ဗြောင်အဝတ်အစားတွေ ဝတ်မနေချင်တော့ဘူး။ ဒါပေမယ့်လည်း ဒီအတိုင်းပဲ ဝတ်နေရဦးမှာပဲ မဟုတ်လား။ ကျွန်မ ပိန်သွားမယ် ဆိုရင်လည်း ဘာအကျိုးကျေးဇူးမှ ရမှာ မဟုတ်ပါဘူး။ ချစ်ရမယ့် ယောက်ျားတစ်ယောက်ယောက်ကို တွေ့မယ် ဆိုရင်တော့ ကျွန်မကိုယ် ကျွန်မ ပိန်အောင် လုပ်မယ်။ ကျွန်မကိုယ်ကျွန်မလည်း ပြန်ချစ်လာနိုင်မယ်"

"ဟောလီးဝုဒ်ပွဲရယ်၊ ဆန်ဖရန်စစ္စကိုပွဲရယ်၊ လန်ဒန်ပွဲရယ်ကိုသာ စီစဉ်ထားတဲ့ အတိုင်း ကပါ။ ကျန်တာတွေ အလိုလို ဖြစ်လာပါလိမ့်မယ်"

လိုင်ယွန်က တိုက်တွန်းသည်။

နီလီက ခဏကြာအောင် စဉ်းစားနေသည်။ ပြီးတော့မှ ပြန်ပြောသည်။

"ကောင်းပြီလေ၊ ကျွန်မနဲ့အတူတူ ကျော့ မဟုတ်ဘဲနဲ့ ရှင်လိုက်မယ်ဆိုရင် ကမယ်"

"နီလီ၊ ကိုယ်က ဘယ်လိုလုပ် လိုက်နိုင်မှာလဲ"

"ကျွန်မ ပြောတာ နားထောင်ပါဦး၊ ကျော့ကို ကျွန်မ ကြည့်လို့ကို မရဘူး။ သူ့မျက်နှာ ဝိုင်းဝိုင်းကြီးကို နေ့ရောညပါ မြင်နေရရင် ကျွန်မတော့ အော်ဂလီဆန်ပြီး အန်မှာပဲ။ ဘာမှ အသုံးကျတဲ့လူ မဟုတ်ဘူး"

"ဒါပေမယ့် ကိုယ်လိုက်လို့ မဖြစ်နိုင်ပါဘူး နီလီရယ်၊ အယ်နီကလည်း နေ့စေ့လစေ့ကြီး၊ ခြောက်ပတ်လောက် အတွင်းမှာ မျက်နှာမြင်တော့မှာ"

"အိုး- ကျွန်မ မေ့သွားတယ်။ ကျွန်မတို့ စီစဉ်ထားတဲ့ရက်တွေကို ရွှေ့လိုက်တာပေါ့။ ကလေးမျက်နှာမြင်ပြီးတဲ့ နောက်ပိုင်းရက်ကို ပြန်စီစဉ်ပါ။ ကျွန်မလည်း နည်းနည်းပါးပါး အနားယူလိုက်ရတာပေါ့"

"အဲဒီအချိန်မှာလည်း အယ်နီကို ကိုယ်ထားခဲ့လို့ ဖြစ်နိုင်ဦးမှာ မဟုတ်ဘူး၊ ကလေးက ငယ်သေးတယ်လေ"

"အယ်နီလည်း ကျွန်မတို့နဲ့ အတူတူ လိုက်လာနိုင်သားပဲ။ ကျွန်မလည်း အမြွှာပူးသားနှစ်ယောက် မွေးခဲ့ဖူးပါတယ်ရှင်။ ကျွန်မ နားလည်ပါတယ်။ သုံးလေးလ အရွယ်လောက် အထိ ကလေးထိန်း ကောင်းကောင်းနဲ့ ထိန်းဖို့သာ လိုတာပါ။ သုံးလ်သားအရွယ် ဆိုတာ တောင် မျက်စိက ကောင်းကောင်း ကြည့်တတ်သေးတာ မဟုတ်ပါဘူး"

"ကိုယ် စဉ်းစားပါရစေဦးလေ"

လန်ဒန်မြို့မှာ ကမည့်ပွဲကို ရက်ရွှေ့၍ ဖြစ်သည်။ ထို့ကြောင့်လည်း လိုင်ယွန်က ဖေဖော်ဝါရီလလယ်သို့ ရွှေ့ပြောင်း သတ်မှတ်ခဲ့သည်။ သို့သော် ဟောလီးဝုဒ်နှင့် ဆန်ဖရန်စစ္စကိုမှာ ကရမည့်ပွဲများကိုမူ ရက်ရွှေ့၍ မဖြစ်။ နာတာလူးပွဲတော်ရက်နှင့် နှစ်သစ်ကူးရက်များ တိုက်ဆိုင်နေရာ ထိုရက်များတွင် ကဖြစ်အောင် ကမှ ဖြစ်မည်။

ထိုပွဲများကို နီလီကိုယ်တိုင် ဖွင့်ပေးရမည်။ ထိုသို့ ပြဿနာ ဖြစ်နေသည်များကို အယ်နီ မသိရအောင် လိုင်ယွန်က ဖုံးထားသည်။ သို့သော်လည်း နီလီက သွားဖွင့်ပြောလိုက်သည်။

သူတို့ဝယ်ထားသည့် အိမ်သစ်ကိုကြည့်ရန် နီလီ ရောက်လာသည်။

တစ်အိမ်လုံးတွင် အိမ်ထောင်ပရိဘောဂများကို နေသားတကျ ပြင်ဆင် ချထားပြီး ဖြစ်သည်။အယ်နီမှာ ကိုယ်ဝန်အရင့်အမာကြီးနှင့်မို့ သွက်သွက်လက်လက် မလှုပ်ရှားနိုင်။ ထိုကြားထဲမှ နီလီကို သူ့အိမ်ထဲမှာ လှည့်ပြနေသည်။ သူ့အိမ် အတွက် ဂုဏ်ယူနေပုံလည်း ရလေသည်။ အထူးသဖြင့် ကလေးထားမည့် အခန်းကို အသားယူပြီး ပြသည်။

သီးသန့် အခန်းကလေးထဲမှာ သူတို့နှစ်ယောက် ထိုင်ကြသည်။ အယ်နီက ဝိုင်အရက်ချိုကို သောက်ပြီး နီလီက ဘီယာသောက်သည်။

နယူးယောက်မြို့တွင် နှင်းပွင့်ကလေးများ ကျစပြုပြီ။ အယ်နီက မီးဖိုမှာ မီးသွားထည့်သည်။

"ကိုယ်တို့ မီးဖိုအသစ်မှာ ပထမဆုံး စပြီး မီးထည့်တာပဲ။ ဒီအတွက် တစ်ခုခု ဆုတောင်းပါဦး နီလီ"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အသစ်အဆန်းတစ်ခုခုကို ပထမဆုံး စပြီးလုပ်တိုင်း မင်း ဆုတောင်းလေ့ရှိတယ်လေ"

"ဒီလိုဆို ဒီကနေ့ညပဲ အစ်မ မျက်နှာမြင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်"

နီလီက ပြောသည်။

"ဘာဖြစ်လို့လဲ၊ ကိုယ်မွေးမယ့်ရက်က အနည်းဆုံး တစ်လလောက် လိုသေးတယ်"

"ကျွန်မ သိပါတယ်။ ဒါပေမယ့် လိုင်ယွန် မလိုက်ဘဲနဲ့တော့ လော့စ်အိန်ဂျယ်လိစ်ကို ကျွန်မ မသွားဘူး။ သူကလည်း ကလေး မျက်နှာမြင်ပြီး အစ်မပါ မလိုက်နိုင်သေးသမျှ အိမ်ကို ခွာမှာ မဟုတ်ဘူး"

နီလီနှင့် ဂျော့တို့ အဆင်မပြေ ဖြစ်နေကြသည့်အကြောင်းကို အယ်နီလည်း သိထားပြီး ဖြစ်သည်။ သို့သော်လည်း သူတို့ သတ်မှတ်ထားသည့်ရက်များ ပြောင်းလဲလိုက်သည့် အကြောင်းကိုမူ ယခု ပထမဦးဆုံး အကြိမ်စတင် ကြားဖူးခြင်း ဖြစ်သည်။

နီလီ ပြောပြသမျှကို အယ်နီက နားထောင်နေသည်။

"ဖေဖော်ဝါရီလအထိ ရွှေ့ဆိုင်းထားပေမယ့် လန်ဒန်ကို လိုက်နိုင်မှာ မဟုတ်ပါဘူးကွယ်။ ကလေးကို ကိုယ်ထားခဲ့နိုင်မှာ မဟုတ်ဘူး"

အယ်နီက ပြန်ပြောသည်။

"အစ်မ လိုက်ရင် ဖြစ်ပါတယ်။ အဲဒီအချိန်လောက်အထိ ကလေးကို လူသားတစ်ယောက်အနေနဲ့ ယူဆလို့မှ မဖြစ်နိုင်သေးတာပဲ"

နီလီက တောင်းပန်နေသည်။

"ကိုယ့်အဖို့တော့ အခုကတည်းက သက်ရှိ လူသားကလေး ဖြစ်နေပြီ။ ကိုယ့်ဗိုက်ထဲမှာ သူလှုပ်လိုက်တိုင်း ကိုယ့်မှာ စိတ်ကူးနဲ့ မွေးမွေးပေးနေရပြီ"

အယ်နီက စိတ်အားထက်သန်စွာ ပြန်ပြောသည်။

"ပထမ နှစ်လ သုံးလလောက်တော့ သူတို့ဟာ ဘာမှ မဟုတ်သေးပါဘူး။ ကျွန်မ တကယ် ပြောနေတာပါ။ သူတို့က အစ်မကို ပြုံးပြလိမ့်မယ်။ ဒါပေမယ့် အဲဒါကလည်း တကယ် ပြုံးပြနေတာ မဟုတ်ဘူး။

ဆရာဝန်က ကျွန်မကို ပြောပြဖူးတယ်။ သူတို့ဟာ အလင်းရောင်လောက်ကိုသာ မြင်သေးတယ်တဲ့။ အစက်အပြောက်တွေလောက်သာ မြင်နိုင်သေးတယ်တဲ့။ သုံးလ မပြည့်မချင်း အစ်မကိုလည်း မှတ်မိမှာ မဟုတ်ဘူး။ မြင်အောင်လည်း ကြည့်တတ်ဦးမှာ မဟုတ်ဘူး။ ကလေးထိန်းက အစ်မထက် ပိုပြီး ပြုစုယုယတတ်ပါတယ်"

"ဒီရင်သွေးကလေးရဖို့ ကိုယ် နှစ်ပေါင်းများစွာ စောင့်နေခဲ့ရတာပါ နီလီ။ ကိုယ်ချစ်တဲ့ လိုင်ယွန်ရဲ့ကိုယ်ပွား အမွေတစ်ခုကိုရဖို့ ကိုယ် မျှော်လင့် စောင့်စားခဲ့ရတာ ကြာပါပြီကွယ်။ ဒါကြောင့် ကိုယ့်ရင်သွေးကလေးကိုတော့ ကိုယ် ဘယ်တော့မှ ခွဲမထားရစ်ခဲ့ဘူး"

"လိုင်ယွန်က ခရီးမသွားဘဲနေလို့ ဖြစ်မလား၊ နောက်ပြီးတော့ နယူးယောက်မြို့မှာချည်း သူ ကျောက်ချနေနိုင်မှာ မဟုတ်ဘူး"

"မသွားလို့ မဖြစ်ရင်လည်း ကိုယ်တို့သုံးယောက် အတူတူ သွားကြမှာပေါ့။ ကိုယ့်တို့ အားအမိသားအဖ သုံးယောက်လေ"

"ဒီလိုဆိုရင်တော့ သူမပါဘဲ ကာလီဖိုးနီးယားကို ကျွန်မ မသွားတော့ဘူး"

"နီလီ မလုပ်ပါနဲ့ကွယ်၊ ခရစ္စမတ်ပွဲတော်ရက်ထဲမှာ လိုင်ယွန် မရှိဘဲနဲ့တော့ ကိုယ်တစ်ယောက်တည်း မနေတတ်ပါဘူး။ နောက်ဖြီးတော့ ဒီအချိန်မှာ ကိုယ် ခရီးသွားဖို့ ဆိုတာကလည်း သိပ်ကို အန္တရာယ်များနိုင်ပါတယ်"

"ကျွန်မဘက်ကိုလည်း ကြည့်ပေးပါဦး အစ်မရယ်၊ အစ်မအတွက်ချည်းပဲ ကျွန်မတို့က လုပ်ပေးနေရသလိုပဲ။ အစ်မမှာ အားလုံးပြည့်စုံနေပါပြီ။ အမြဲတမ်း အစ်မမှာ ပြည့်စုံခဲ့တာချည်းပါပဲ။ အစ်မမှာ ပိုက်ဆံရှိတယ်၊ ကိုယ်ချစ်တဲ့ ယောကျ်ားနဲ့ လက်ထပ်ခဲ့ရတယ်။

ဟော- အခု သားသမီးရဦးတော့မယ်။ ကျွန်မမှာတော့ ဘာမှ မပြည့်စုံဘူး။ အချိန်ရှိသမျှ အလုပ်လုပ်နေရတာပဲ။ အခုလည်း ဒီဘဝမျိုးကိုပဲ ပြန်ရောက်လာရပြန်ပြီလေ။

ဒါပေမယ့်လည်း ကျွန်မ အဖို့ကတော့ ဒါတွေကို မလုပ်လို့ မဖြစ်တဲ့ဘဝပါ။ အစ်မ အကြွေးတွေ ပြန်ဆပ်နိုင်အောင်လည်း ကျွန်မ အလုပ်လုပ်ဦးမယ်"

"နီလီ၊ ဒီပိုက်ဆံအကြောင်းနဲ့ ပတ်သက်ပြီး ကိုယ် တစ်ခါမှ မပြောဖူးပါဘူး"

အယ်နီက ပြောသည်။

"ကျွန်မ သိပါတယ်။ ဒါပေမယ့် ဒီအကြွေးတွေကို ကျွန်မ ပြန်ဆပ်ချင်တဲ့ အကြောင်း ဂျော့နဲ့ လိုင်ယွန့်ကိုလည်း ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြထားတယ်။ ကာလီဖိုးနီးယား ကပွဲတွေ ကပြီးရင် အစ်မကို အကြွေးပြန်ဆပ်နိုင်ပါပြီ။

တစ်ချိန်တည်းမှာပဲ အစ်မယောက်ျားရဲ့ ကုမ္ပဏီ ဝင်ငွေကောင်းအောင် ကျွန်မ လုပ်ပေးနေတာ မဟုတ်ဘူးလား။ အစ်မယောက်ျား ရတယ်ဆိုတော့ အစ်မရတာနဲ့ အတူတူပဲပေါ့။

အစ်မနေရနဲ့ ဘဝကိုလည်း ပြန်ကြည့်ပါဦး၊ အားလုံး ပြည့်စုံပြီးသား။ ကျွန်မကတော့ သိပ်ကို စိတ်ကုန်စရာကောင်းတဲ့ ဟိုတယ်ခန်းထဲမှာပဲ နေနေရတယ်။ ကျွန်မကို တစ်ချက်ကလေးမှ အလစ်မပေးဘဲ စောင့်ကြည့်နေတဲ့ ခရစ္စတင်းလို မိန်းမကြီးမျိုးကို အဖော်လုပ်ပြီး နေနေရတယ်။ ကျွန်မမှာ တစ်ယောက်တည်းပါ အစ်မရယ်။

လိုင်ယွန်ကို ကျွန်မ ပြောနေတာကလည်း လော့စ်အိန်ဂျယ်လိစ်ကို ကျွန်မနဲ့ အတူတူ ဆယ်ရက်လောက်ပဲ လိုက်ခဲ့ပါလို့ ပြောနေတာပါ။ ကျွန်မ တစ်ယောက်တည်း ဟိုမှာ ရင်မဆိုင်ရဲဘူး။ အခု သွားမယ့်အခေါက် ကလည်း ကျွန်မ ပထမဦးဆုံး ပြန်သွားတဲ့ အခေါက် မဟုတ်လား။ 'ဟိုကောင်မ ဘယ်လောက်တောင် ဝနေတယ်ဆိုတာ ကြည့်ကြစမ်းပါဦးကွ'လို့ ကျွန်မကိုကြည့်ပြီး သူတို့ချင်းတီးတိုးပြောကြမှာတွေကို အစ်မ စဉ်းစားကြည့်စမ်းပါဦး။

ဒါပေမယ့်၊ သူတို့ အပေါ်မှာ ကျွန်မ လွှမ်းသွားမှာပါပဲ။ ကျွန်မပညာကို သူတို့ လေးစားကြရမှာပါပဲ။ အစပိုင်းကလေးသာ သူတို့နဲ့ မျက်နှာချင်းဆိုင်ရမှာ ခက်နေတာပါ။ ဒီလို အချိန်မျိုးမှာ ကျွန်မကို မတော်တာတွေ့ရင် မတော်ကြောင်း ဆိုဆုံးမမယ့်လူတစ်ယောက် ရှိနေဖို့ လိုအပ်ပါတယ်။

တကယ်ပြောတာပါ အစ်မရယ်။ သူတို့နဲ့ ပြန်ပြီး ရင်ဆိုင်ရတဲ့ ပထမဦးဆုံး အချိန်မှာ ကျွန်မနဲ့ ရင်းနှီးတဲ့လူ တစ်ယောက်ယောက် ကျွန်မ အနားမှာ ရှိမနေဘူး ဆိုရင်တော့ ဒီဒဏ်တွေကို မခံနိုင်တာနဲ့ ကျွန်မ အိပ်ဆေးပဲ ဖြစ်ဖြစ်၊ အရက်ပဲ ဖြစ်ဖြစ် ပြန်သောက်မိတော့မှာပါ။

တကယ့်အရက်ကို သောက်မိမှာ၊ ဘီယာလောက်နဲ့ ရတော့မှာ မဟုတ်ဘူး။ အဲဒီလို သောက်မိရင် ဒုက္ခဖြစ်ပြီသာ အောက်မေ့ပေတော့။ ဟာဗင်မာနာက ဆရာဝန်တွေက ကျွန်မကို ပြောလိုက်တယ်။ အိပ်ဆေးဖြစ်ဖြစ်၊ အရက်ဖြစ်ဖြစ် ပြန်သောက်မိပြီ ဆိုတာနဲ့ ဒီတစ်ခါတော့ ကိစ္စချောပြီသာ မှတ်ပေတော့တဲ့"

"လိုင်ယွန်က လိုက်ချင်တယ်ဆိုရင်ပြီးတာပါပဲလေ"

အယ်နီက ပြန်ပြောသည်။

"အစ်မက အခုလိုသာ သဘောထားနေရင် သူ ဘယ်လိုက်ပါ့မလဲ"

နီလီက ခပ်ဆတ်ဆတ် ပြန်ပြောသည်။

"ဒီလို မဟုတ်ပါဘူး နီလီ၊ ကိုယ့်အတွက်က ကိစ္စမရှိပါဘူး၊ တကယ် ပြောတာပါ"

"ကိစ္စမရှိဘူး ဆိုရုံလောက်နဲ့ မရဘူးလေ။ ဒီအတိုင်း ဆိုရင်တော့ သူ လိုက်ကို လိုက်မှာ မဟုတ်ဘူး။ ကျွန်မနဲ့အတူတူ သူ လိုက်ဖြစ်အောင် အစ်မက ကူပြောပေးမှ ဖြစ်မှာပေါ့။ ဒီလို မဟုတ်ရင်တော့ ဟိုမှာ စီစဉ်ထားတဲ့ပွဲတွေကို ကျွန်မ မကတော့ဘူး။ ကျွန်မရဲ့ လည်ချောင်းရောဂါက ဖြစ်ချင်တဲ့အချိန်မှာ ဖြစ်နိုင်တယ်"

လိုင်ယွန်ကလည်း အယ်နီကို ခွဲထားခဲ့ပြီး လိုက်သွားရန် ငြင်းဆန်နေသည်။ နီလီ အကျပ်ကိုင်သည့် သဘောမျိုး လုပ်လာသည့် အတွက်လည်း အလွန်အမင်း မကျေမနပ် ဖြစ်နေမိသည်။

"တို့ဘဝကို ဘယ်လို ကောင်မမျိုးကမှ လာပြီး ချုပ်ကိုင်လို့ မရဘူး။တို့ကုမ္ပဏီအတွက် သူဟာ အရေးကြီးတဲ့ လူတစ်ယောက် ဖြစ်ချင် ဖြစ်နေမယ်။ ဒါပေမယ့် ဒါလောက်တောင် မရှိမဖြစ် အရေးကြီးနေတာ မဟုတ်ဘူး"

ဒေါသတကြီးနှင့် လိုင်ယွန်က ပြောသည်။

"ဒါပေမယ့် အရေးကြီးတဲ့ မင်းသား မင်းသမီးတွေ မောင်တို့လက်ထဲ ရောက်လာဖို့က လက်တစ်ကမ်းပဲ လိုတော့တာ မဟုတ်လား မောင်ရယ်။ အခြေအနေတွေ သိပ်ကောင်းနေပြီလို့ ဂျော့က ကျွန်မကို ပြောဖူးပါတယ်။ တကယ်လို့ နီလီသာ မောင်တို့ ကုမ္ပဏီကို ခွာသွားရင် အားလုံး လန့်သွားမယ်လို့ ပြောတယ်။ နီလီကလည်း အချိန်မရွေး မောင်တို့ဆီက ထွက်သွားနိုင်တယ် မဟုတ်လား။ မောင် မလိုက်ရင် မဖြစ်နိုင်တဲ့ အချိန်မျိုးမှာ သူနဲ့အတူတူ မောင်က မလိုက်နိုင်ဘူးဆိုရင် ကန်ထရိုက်စာချုပ်ကို ဖျက်လိုက်ရပါတယ်လို့ သူ့ဘက်က ပြောနိုင်နေတာပဲ"

အယ်နီက ဖျောင်းဖျပြောဆိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုလည်း သွားပေစေပေါ့၊ သူ ကြိုက်ရာကို လွတ်လွတ်လပ်လပ် လုပ်ပေစေပေါ့။ ဒီလို ကောင်မမျိုး အပေါ်မှာ ဂျော့နဲ့ မောင်က မှီခိုနေရတယ်ဆိုရင် မောင်တို့ဟာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိတဲ့ လူစားမျိုးတွေ ဖြစ်ကုန်မှာပေါ့။ ဂျော့ဘက်က ဘယ်လို ရှိမယ်ဆိုတာတော့ မောင် မသိဘူး။

ဒါပေမယ့်၊ တခြား မင်းသား၊ မင်းသမီးတွေကို ရနိုင်ဖို့အတွက် မောင်တို့လက်ထဲမှာ နီလီ ရှိနေမှ ဖြစ်မယ်ဆိုတဲ့ စကားတွေကို ကြားနေရတာတော့ နားကြားပြင်းကတ်လှပြီ။ တစ်ယောက်ယောက် သဘောကျအောင် သူဘာမှ မတတ်နိုင်ဘူးလို့ ဂျော့က သူကိုယ်သူ ဆင်ချင်ထင်နေလိမ့်မယ်။

ဒါပေမယ့်၊ မောင်ကတော့ ဒီလိုမဟုတ်ဘူး၊ ဟင်နရီ ဘယ်လာမီကလည်း မောင့်အညှိအချင်းကို ယုံကြည်ခဲ့တယ်။ ဒါကြောင့်လည်း မောင့်ကို သူ ငွေချေးတယ်။ ဟင်နရီ ဘယ်လာမီဟာ နီလီလို ကောင်မမျိုးက ဟိုဟာလုပ်ပါ၊ ဘယ်ဟာတော့ မလုပ်ပါနဲ့ဆိုပြီး သူ့အပေါ် လွှမ်းလာတာမျိုးကို ဘယ်တော့မှ ထောက်မခံဘူး"

"ဟယ်လင်လော်ဆန်တုန်းကတော့ သူ့အပေါ်မှာ ဩဇာညောင်းခဲ့သေးတာပဲ မောင်"

အယ်နီက အစပြန်ဖော်ရပေးသည်။

"သူတို့က ချစ်သူချင်းကိုးကွ။ ဒါက တခြားပဲ။ နီလီရဲ့ ဘဝကို မောင်တို့က ပြန်ပြီး အသက်သွင်းပေးထားတာ။ ဒါလောက်ဆိုရင် တော်ဖို့ ကောင်းပြီပေါ့။ ဟင်နရီဘယ်လာမီကလည်း မောင့်ကိုပြောတယ်။ နီလီ သွားချင်သပဆိုရင် သူသွားချင်ရာ သွားပေစေတော့တဲ့။ ဒီလိုလူမျိုးအပေါ်မှာမှ မောင် မမှီခိုနိုင်ဘူး"

နောက်တစ်နေ့တွင် ခါတိုင်း ပြန်နေကျ အချိန်ထက် စောပြီး လိုင်ယွန် ပြန်ရောက်လာသည်၊ သူ့မျက်လုံးများသည် ဒေါသကြောင့် အရောင်တောက်ကာ ကျော့နေကြသည်။ ဝတ်ထားသည့် ကုတ်အကျႌကိုချွတ်ပြီး အယ်နီကို စူးစမ်းသလို ကြည့်နေသည်။

အယ်နီက သူ့ကိုယ်လုံး မပေါ့မပါးကြီးနှင့် ကုလားထိုင်မှ ထလာပြီး လိုင်ယွန်အတွက် အရက်စပ်ပေးနေသည်။

တစ်ခုခုတော့ ဖြစ်လာပြီဟု အလိုလိုသိနေသည်၊ သူတို့ရှေ့မှာ တစ်ခုခု အဆင်မပြေဖြစ်လာနေရသည်။

လိုင်ယွန်က အရက်ခွက်ကို ဖြည်းဖြည်းချင်း သောက်နေသည်။

"ဂျော့နဲ့များ အဆင်မပြေ ဖြစ်လာသလား မောင်"

အယ်နီက မေးသည်။

လိုင်ယွန်က ကုလားထိုင်မှာ ဝင်ထိုင်ပြီး အရက်ကို အချိန်ဆွဲ သောက်နေသည်။ ပြီးတော့ အယ်နီကို စူးစူးဝါးဝါး ကြည့်နေသည်။

"ကိုယ့်ကို ပြောစမ်း အယ်နီ၊ နီလီနဲ့ အတူတူ ကာလီဖိုးနီးယားကို ကိုယ်လိုက်သွားသင့်တယ်လို့ မင်းထင်သလား"

အယ်နီမှာ ကြောင်ကန်းကန်း ဖြစ်သွားသည်။ သူ မေးလိုက်သည့် မေးခွန်းသည် အဖြေရခက်သည့် မေးခွန်း ဖြစ်သည်။ သူ ကြည့်နေပုံမျိုးကိုလည်း အယ်နီ မကြိုက်။

"ဇန်နဝါရီလလယ် မရောက်ခင်အထိတော့ မျက်နှာမြင်ဦးမှာ မဟုတ်သေးဘူးလို့ ထင်တယ် မောင်၊ ခရစ္စမတ်မှာ မောင် မရှိဘဲနဲ့ တစ်ယောက်တည်း မနေချင်တာတော့ အမှန်ပါပဲ။ ဒါပေမယ့် ကျွန်မကတော့ အားလုံး ကောင်းဖို့အတွက်. . ."

"ကိုယ် ဘာလုပ်ရမယ် ဆိုတာကိုပဲ ပြောစမ်းပါ အယ်နီ"

တစ်ခါမှ မပြောဘူးသည့် လေသံမျိုးနှင့် ပင် သူက ဆက်ပြောနေသည်။

"ဒီကိစ္စက မောင့်ဟာမောင် ဆုံးဖြတ်ရမှာပဲ၊ မောင်ကြိုက်တာကို ဆုံးဖြတ်ပါ။ ကျွန်မ နားလည်ပါတယ်" ဟု ပြန်ဖြေသည်။

"မဟုတ်ဘူး၊ မင်း ဆုံးဖြတ်ပါ။ တခြား ကိစ္စမှန်သမျှလည်း မင်းပဲ အကုန်လုံး အဆုံးအဖြတ်ပေးခဲ့တာပဲ။ မွေးလာမယ့် တို့ရဲ့ ကလေးဟာ ကိုယ်အလေးချိန် ဘယ်လောက်ရှိမလဲ ပြောစမ်းပါ။ မွေးလာမယ့်ကလေးဟာလည်း သမီးကလေး ဖြစ်မယ်ဆိုတာ ကိုယ်သိပါတယ်။ ဘာကြောင့်လဲဆိုတော့ သမီးကလေးပဲ မွေးရမယ်လို့ မင်းက ဆုံးဖြတ်ထားခဲ့တာ မဟုတ်လား။ မင်းရဲ့ ထိန်းသိမ်းကွပ်ကဲမှုနဲ့ လွတ်ကင်းတာ ဘာများရှိသလဲ၊ ပြောစမ်း"

"လိုင်ယွန်၊ မောင် ဘာတွေပြောနေတာလဲ"

"မင်းအကြောင်းတွေ ပြောနေတာပေါ့။ ပြီးတော့ ဘယ်လာမီ ဘယ်လိုစ် ဘာဂ် အေဂျင်စီအကြောင်း ပြောနေတာလေ။ ဒါဟာ ဒီတစ်မြို့လုံးမှာ ရယ်စရာ သတင်းတစ်ကောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ။ ငါဟာ အင်န်ဝဲလ်စ်က ငွေနဲ့ ဝယ်တာကို ခံခဲ့ရတယ်။ ဒီအကြောင်းကို ငါက လွဲပြီး လူတိုင်း သိနေကြမှာပါပဲ။ ငါကတော့ အခုမှပဲ ဒီအကြောင်းကို သိရတော့တယ်။ ငါ့ကို နီလီ ပြောတယ်"

"နီလီ၊ ဘယ်လိုလုပ်ပြီး သူ သိနိုင်မှာလဲ"

အယ်နီမှာ စိုးရိမ်ထိတ်လန့်လာသည်။

ယခုလို ဒေါသရောင်များကို လိုင်ယွန်၏ မျက်နှာပေါ်တွင် တစ်ခါမှ မမြင်မတွေ့ခဲ့ဘူးချေ။

"ဒီအကြောင်းကို မင်းတို့ ဖုံးထားကြရမှာပဲ ဆိုတာလည်း ငါသိပါတယ်။ ဟင်နရီက ရှင်းပြတယ်။ ဒါပေမယ့် မကြာခင်မှာတော့ ဘူးပေါ်သလို ပေါ်လာရမှာပဲ မဟုတ်လား။ ငါက ကြွေးဆပ်တဲ့ အနေမျိုးနဲ့ အပတ်တိုင်း ဟင်နရီဆီကို ချက်လက်မှတ် ပို့ပေးရတယ်။ ဟင်နရီက မင်းကို လွှဲပြောင်းပေးကြောင်း ထပ်ဆင့် လက်မှတ်ထိုးပြီး မင်းဆီ ပို့ပေးရတယ်။ အမြတ်တော်ကြေးစာရင်းတွေထဲမှာ ဒါတွေက ပေါ်နေပြီလေကွာ"

"ဒါပေမယ့်၊ နီလီက ဘယ်လိုလုပ်ပြီး သိသွားရတာလဲ"

"ဟင်နရီ ပြောပြလိုက်လို့ပေါ့။ သူက ဟင်နရီဆီ သွားမယ်။ အကျိုးအကြောင်းတွေ ရှင်းပြမယ်။ သူနဲ့အတူတူ ငါ လိုက်သွားဖို့ မင်းက ငါ့ကို တိုက်တွန်းအောင် ဟင်နရီကလည်း ကူပြောပေးပါလို့ ပြောမှာပေါ့။ ဒီအချိန်မှာ ဟင်နရီက အားလုံး ဖွင့်ပြောလိုက်မှာပေါ့။ ဒီလုပ်ငန်းကြီး အောင်မြင်ဖို့အတွက် မင်းကလည်း လိုလားမှာပါတဲ့။ ငါ့ကိုလည်း လိုက်သွားစေချင်မှာပါပဲ။

ဘာကြောင့်လဲဆိုတော့ ဒီကုမ္ပဏီရဲ့ ငွေတွေက မင်းငွေတွေ ဖြစ်နေတာကိုး။

ဒီအကြောင်းလည်းကြားရော နီလီက ငါ့ရုံးကို တစ်ချိုးတည်း ပြေးလာပြီး ပြောတော့တာပဲ။ ဒီလိုအခါမျိုးမှာ ဂျော့ကလည်း ဟန်သိပ်ကောင်းနေတယ်။ သူလည်း အံ့ဩတကြီး ဖြစ်သွားတဲ့ပုံမျိုးကို လုပ်ပြလိုက်သေးတယ်။ ဒါပေမယ့် လူတိုင်းက ဒီအကြောင်းတွေကို သိထားနေကြတာ မဟုတ်လား"

"လိုင်ယွန်၊ ဒီအကြောင်းကို ဘယ်သူမှ မသိပါဘူး မောင်ရယ်။ ဟင်နရီအနေနဲ့ နီလီကို ပြောမပြသင့်ဘူး။ အချိန်ကျလာရင်တော့ မောင့်ကို ကျွန်မကိုယ်တိုင် ဖွင့်ပြောလိုက်မလို့ပါပဲ။ အခုလို လုပ်ခဲ့ရတာဟာလည်း မောင့်ကို ကျွန်မ ချစ်လွန်းလို့ လုပ်ခဲ့မိတာပါ။ မောင် အင်္ဂလန်ကို ပြန်သွားမှာစိုးလို့ လုပ်ခဲ့မိတာပါ မောင်ရယ်"

"အခုတော့ မင်း ဖြစ်ချင်တာတွေ အောင်မြင်သွားပြီပေါ့။ မင်း လိုချင်တာ မှ သမျှကို မင်း ဝယ်နိုင်ပြီပေါ့။ ကေဗင်ဧ မိုးဆီက ဒီပညာတွေ မင်း ကတ်လာခဲ့တာ လား။ အရာရာတိုင်းမှာ သူ့တန်ဖိုးနဲ့သူ ရှိ တယ်၊ တန်ဖိုးက ဘယ်လောက်လဲ ဆိုတာ သာ သိဖို့လိုတယ် ဆိုတာလေ"

"ဒါပေမယ့်၊ ကျွန်မပိုက်ဆံဟာလည်း မောင့်ပိုက်ဆံပါပဲ မောင်ရယ်။ မောင့်ကို ချစ် တာတစ်ခုတည်းနဲ့ ဒီအလုပ်ကို ကျွန်မ လုပ်ခဲ့ မိတာပါ။ ကျွန်မ မောင်နဲ့ လက်ထပ်ချင်တယ် မောင်နဲ့ သားသမီးတွေ မွေးချင်တယ်။ ဒါ လောက်ကိုမှ မောင် နားမလည်နိုင်ဘူးလား ဟင်"

အယ်နီက သူ့ကိုယ်သူ အားပြန်တင် ထားသည်။

"ငါကတော့ ဒီအတိုင်း နားမလည်နိုင် ဘူး။ ငါကတော့ ဂျော့က စပ်ဖြဖြနဲ့ 'ပျော်ပျော် ပါးပါးပေါ့ လိုင်ယွန်။ ကျုပ်တို့နှစ်ယောက်ဟာ တစ်လှေတည်းစီး တစ်ခရီးတည်း သွားနေ ဘဝတူတွေပါ။ ဒီလုပ်ငန်းကြီးကို ကျုပ်တို့ မိန်းမတွေက ပိုင်ကြတာပေါ့' လို့ ပြောလိုက် တာကိုပဲ ငါ နားလည်တယ်။

ဒါပေမယ့်၊ ငါဟာ ဂျော့ဘယ်လို မဟုတ်ဘူး။ ကောင်းပြီ၊ အခုအချိန်က စီးပွားရေးလုပ်ငန်းကိုပဲ အမြဲတမ်း ဦးစား တော့မယ်။ ဘယ်ကိစ္စမှာမဆို စီးပွားရေးလုပ် ငန်းကပဲ အရင်လာတော့မယ်။ မင်း ပိုက်ဆံ ရှိနေပြီကိုး။ မင်းပိုက်ဆံတွေကိုလည်း တစ် မကျန် ငါ ပြန်ဆပ်မယ်။

ဒါပေမယ့် ပိုက်ဆံထက် ပိုပြီး အ ကြီးတာ ရှိသေးတယ်။ အဲဒါကတော့ ငါ့ သိက္ခာနဲ့ ငါ့ကိုယ်ငါ လေးစားမှုပဲ။ မင်း အရင်းအနှီးတွေကို နှစ်ဆတိုးအောင် ပြန် ပေးဖို့ တစ်လမ်းပဲ ငါ့မှာ ရှိတော့တယ်"

"လိုင်ယွန်"

အယ်နီက လိုင်ယွန်ကို ပြေး သည်။ သို့သော်လည်း လိုင်ယွန်က တစ်ရာ တုံ့ပြန်ခြင်း မရှိဘဲ တောင့်တော ရပ်နေသည်။

www.burmeseclassic.com

 www.burmeseclassic.com 

"မောင့်ကို ချစ်လွန်းလို့ ဒီလို လုပ်မိတာပါ မောင်ရယ်။ ဒါကို မောင် သဘောပေါက်စေချင်ပါတယ်"

"ငါ နားလည်တာ တစ်ခုပဲ ရှိတယ်။ ဘယ်လာမီ ဘယ်လိုစ် ဘတ် အေဂျင်စီဟာ ဒီမြို့ပေါ်မှာ အကြီးဆုံး အေဂျင်စီဖြစ်အောင် လုပ်ရမယ်။ ကမ္ဘာပေါ်မှာ အကြီးဆုံး အေဂျင်စီ ဖြစ်အောင် လုပ်ရမယ်။ ဒီလိုဖြစ်အောင် လုပ်ပေးဖို့အတွက် ငါ့ကို မင်း ဝယ်ခဲ့တာပဲ မဟုတ်လား။ မင်း စိုက်ထုတ်ထားရတဲ့ တန်ဖိုးတွေကို မင်းပြန်ရဖို့ လိုတယ် မဟုတ်လား။

ငါ လုပ်ပြပ့ါမယ်။ ပထမဆုံး ငါလုပ်ရမယ့် အလုပ်ကတော့ ဟိုကောင်မစုတ်နဲ့ အတူတူ လော့စ်အိန်ဂျယ်လိစ်ကို လိုက်သွားဖို့ပဲ။ ခရစ္စမတ်မှာ အတူတူနေဖို့ ဆိုတာကို ဘေးချိတ်ထားလိုက်၊ အခုအချိန်ကစပြီး မနားမနေ အလုပ်လုပ်ရတော့မယ်"

*

၁၉၆၃

ဂျနီဖာဘတ်ကို နှစ်ဆန်းတစ်ရက်နေ့တွင် မျက်နှာမြင်သည်။

ခန့်မှန်းတွက်ချက်ထားသည့် ရက်ထက် နှစ်ပတ်လုံးလုံး စောပြီး လူ့လောကအတွင်းသို့ ဝင်ရောက်လာခြင်း ဖြစ်သည်။

နှစ်သစ်ကူး အကြိုနေ့က ဗိုက် စ,နာသဖြင့် အယ်နီရော၊ ဆရာဝန်များပါ အံ့အားသင့်သွားကြသည်။ မီးမဖွားမီ ဆယ့်ငါးနာရီလုံးလုံး ဗိုက်နာခဲ့ရသည်။

သို့သော်လည်း သမီး နီတာရဲကလေး၏ မျက်နှာကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်တည်း ခံစားခဲ့ရသောဝေဒနာ အားလုံးတို့မှာ ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ လျှောကျပျောက်ကွယ်သွားတော့သည်။

လှပသော ရင်သွေးကလေးကိုသာ မြင်ယောင်နေသည်။အားအင်များလည်း ပြန်လည်ပြည့်ဖြိုးလာသည်ဟု ထင်မိသည်။

ထိုအချိန်က လိုင်ယွန် ခရီးထွက်နေသောကြောင့် အယ်နီမှာ တစ်ယောက်တည်း ဖြစ်နေရှာသည်။

ကာလီဖိုးနီးယားပြည်နယ်မှနေ၍ လိုင်ယွန်က နေ့တိုင်း ဖုန်းဆက်ဖော် ရသော်လည်း မောင်တစ်ရွာ မယ်တစ်မြို့ ဖြစ်သည်။ ချစ်ခင်ယုယကြောင်းကို တာဝန်အရ ပြသနေခြင်းသာ ဖြစ်သည်ဟုလည်း အယ်နီ၏ စိတ်ထဲမှာ ခံစားနေရသည်။

သူတို့နှစ်ယောက် ကြားမှာတော့ ကြီးမားသည့် တံတိုင်းကြီးက ကာခြားလျက် ရှိချေပြီ။

သို့သော်လည်း သမီးကလေး မွေးလာသောအခါတွင် ကာထားသည့် တံတိုင်းကြီးမှာ တံခါးအလိုလို ပွင့်သွားတော့သည်။

မွေးခန်းထဲမှ အယ်နီ ထွက်လာသောအခါတွင် လိုင်ယွန်က ဖုန်းလှမ်းဆက်သည်။ အယ်နီက တောင်းပန်သည့်လေသံမျိုးနှင့် ပြန်ပြောသည်။

"သမီးကလေး မောင်ရယ်"

သူ့စကားကို ကြားသောအခါ လိုင်ယွန် ရယ်သည်။

"မောင် သိပ်ဝမ်းသာပါတယ်ကွယ်၊ သားလေးသာ မွေးမယ်ဆိုရင် သူနဲ့အတူတူ ဘောလုံးကစားဖို့ မောင်က အသက် သိပ်ကြီးနေပြီ။ သမီးလေးဆိုတော့ သူ့ကို အက သင်ပေးရမှာ မောင် ပိုပြီး သဘောကျပါတယ်"

အယ်နီ ဆေးရုံမှာရှိနေသည့် ကာလအတွင်း တစ်နေ့လျှင် နှစ်ကြိမ်သုံးကြိမ် မှန်မှန် ဖုန်းလှမ်းဆက်သည်။

လော့စ်အိန်ဂျယ်လိစ်မြို့တွင်လည်း နီလီမှာ အလွန်အမင်း အောင်မြင်နေသည်။ ယခင်က တင်ထားသည့် ရုံဝင် စံချိန်များအားလုံးကို ချိုးလိုက်နိုင်သည်။

ယခုဆိုလျှင် ဆန်ဖရန်စစ္စကိုမြို့သို့ ကူးပြောင်းကြရန်ပင် အသင့်ဖြစ်နေကြပြီ။ ဆန်ဖရန်စစ္စကိုမှာ သုံးပတ်လောက်တော့ ကြာဦးမည်။ ထို့ကြောင့် အယ်နီများ စိတ်မကောင်းဖြစ်နေမည်လားဟု လိုင်ယွန်က မေးသည်။

"ရပါတယ် မောင်ရယ်၊ လုပ်စရာရှိတာ လုပ်ပါ"

အယ်နီက ခပ်မြန်မြန် စကားပြန်လိုက်ရသည်။

လုပ်ငန်းအကြောင်းနှင့် ပတ်သက်၍သော် လည်းကောင်း၊ နီလီနှင့် ပတ်သက်၍သော် လည်းကောင်း ယခုလို အချိန်မျိုးတွင် တစ်စုံတစ်ရာ မဆွေးနွေးလိုပါ။ ယခုသာ မဟုတ်သေး အစစအရာရာတို့ ပြန်လည် အဆင်ပြေလာကြသည့် အချိန်တွင်လည်း သည်အကြောင်းများကို ဆွေးနွေးလိုစိတ်

www.burmeseclassic.com



မရှိတော့ပါ။

"မောင်တို့ အဲဒီမှာ ပွဲကလို့ ပြီးလောက်တဲ့ အချိန်ကျရင် ဂျနီဖာဘတ်ကလည်း အပျို ကလေး ဖြစ်နေလောက်ရောပေါ့။ ဒါပေမယ့် မောင့်ကို မှတ်မိနေအောင် ကြိုးစားပါ့မယ်"

အယ်နီက ရယ်စရာစကား ပြန်ပြောသည်။

"ဂျော့က သမီးလေးဓာတ်ပုံတွေ သူ ရိုက်ထားတယ်လို့ ပြောတယ်။ ပုံတွေ ခြောက်တာနဲ့ တစ်ပြိုင်တည်း မောင့်ဆီကို ချက်ချင်း ပို့ပေးစမ်းပါနော်"

"ဆေးရုံမှာ ရိုက်ခဲ့တဲ့ပုံတွေထဲက တစ်ပုံကို အခုပဲ ကျွန်မ ပို့လိုက်ပါပြီ။ သမီးလေးက တကယ် ချစ်စရာကောင်းတာပဲ မောင်ရယ်၊ ကြီးလာရင် သိပ်ချောမှာပဲ။ ဆံပင်ကလေးက လည်း နက်နက်ကလေး"

ဇန်နဝါရီလကုန်တော့မှပင် နယူးယောက် မြို့သို့ လိုင်ယွန် ပြန်ရောက်လာသည်။ သမီး ကလေး ဂျနီဖာဘတ်မှာ ကိုယ်အလေးချိန် ကိုးပေါင်ပင် ရှိနေချေပြီ။ သူ့အသားအရောင်မှာ ပန်းနုရောင်ကလေး သန်းနေသည်။ သမီး ကလေးကိုမြင်တော့ လိုင်ယွန်မှာ ပျော်မဆုံး ဖြစ်နေသည်။ သမီးကလေး၏ မျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း သူ ပြုံးနေသည်။

"သမီးကလေးက မောင်နဲ့ ချွတ်စွပ်တူနေတော့တာကိုး။ အယ်နီ၊ မင်းနဲ့တူအောင် ကြိုးစားခဲ့ဖို့ ကောင်းတယ်ကွာ။ မောင်က မင်းနဲ့ပုံတူသမီးကလေး လိုချင်နေတာ"

လိုင်ယွန်က မျက်မှောင်ကုတ် ကြည့်နေရင်းက ပြောသည်။

"ကျွန်မ အပြင်းအထန် ကြိုးစားခဲ့တာပေါ့ မောင်ရယ်၊ ကျွန်မ ကြိုးစားတဲ့အတိုင်း လည်း ဖြစ်လာတာပါပဲ။ ကျွန်မက မောင်နဲ့ ချွတ်စွပ်တူတဲ့ သမီးကလေးကို လိုချင်တာလေ"

လိုင်ယွန်သည် လေယာဉ်ပျံကွင်းမှ အိမ်သို့ တောက်လျှောက် ပြန်လာပြီး အယ်နီတို့ သားအမိကို တွေ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ဇနီးနှင့်သမီးကိုတွေ့ပြီး သူ့ရုံးသို့ ပြန်သွားရဦး မည်။

"သမီးကလေးအတွက် ဂုဏ်ပြုညစာ စားပွဲကို ဒီကနေ့ည လုပ်မယ်"

ဟုလည်း အယ်နီကို ကတိပေးသွား သည်။

ထိုနေ့ညက အယ်နီ အဝတ်အစားလဲ သောအခါ သမီးကလေး၏နာနီ မစ္စကူဇင်တ ဝိုင်းကူပေးသည်။ အယ်နီ၏ဗိုက်ကို ခပ်တင်း တင်း စည်းနှောင်ပေးသည်။ အနည်းငယ်တော့ အနေရ အထိုင်ရ ခက်နေသည်။ လပေါင်း များစွာ ကိုယ်ဝန်ဆောင်ခဲ့ရသဖြင့် သူ့ခါးတ အတန်ငယ် တုတ်နေသည်။ ဘာပဲဖြစ်ဖြစ် ယခုလို လိုင်ယွန်နှင့် ပြန်တွေ့ရသည့်အချိန် တွင် သူ့ကိုယ်လုံးကိုယ်ထည်မှာ ပုံပျက်ပန်း ပျက် ဖြစ်မနေစေချင်။

သူ့ကိုယ်သူ မှန်ထဲမှာ ကြည့်သည်။ကိုယ် အလေးချိန်ကလည်း ပုံမှန်သို့ ပြန်ရောက်နေပြီ။ ခါးအနည်းငယ် တုတ်နေခြင်း တစ်ခုသာ ပြော စရာရှိသည်။ လနှင့်ချီ၍ ခွဲခွာခဲ့ကြရပြီး ယနေ့ ညတော့ လိုင်ယွန်နှင့်အတူတူ ပြန်ဆုံရတော့ မည်။ ကိုယ်ဝန် ခုနစ်လရှိသည့် အချိန်မှစ၍ လိုင်ယွန်နှင့်အတူ မအိပ်ဘဲ နေခဲ့သည်။ ယခု တော့ မောင့်ရင်ခွင်ထဲသို့ ပြန်ဝင်ခွင့် ရပေဦး တော့မည်။

ည ခြောက်နာရီတွင် လိုင်ယွန်၏ အတွင်းရေးမှူးက ဖုန်းလှမ်းဆက်သည်။ လိုင် ယွန် အလုပ် မပြတ်သေးသောကြောင့် ဖုန်း မဆက်အားကြောင်း၊ ညခုနစ်နာရီတွင် ဒင်နီ ဟိုတယ်သို့ အရောက် လာမည်ဖြစ်ကြောင်း ဒင်နီဟိုတယ်မှ စောင့်နေစေလိုကြောင်း ပြော ပြသည်။

အယ်နီက စိတ်ပျက်လက်ပျက်ဖြင့် ဖုန်း ကို ပြန်ချထားခဲ့သည်။ အစက အယ်နီ စိတ် ကူးထားသည်မှာ အိမ်မှာပင် အေးအေးဆေး ဆေး ထိုင်ပြီး အရက်သောက်ကြမည်။ပြီးလျှင် စားသောက်ဆိုင်တစ်ခုမှာ ညစာ သွားစားကြ မည်ဟု စိတ်ကူးထားခဲ့သည်။

သူတို့သွားမည့် ဟိုတယ်သည်လည်း တိတ်တိတ်ဆိတ်ဆိတ် ရှိဖို့လိုသည်။ အသိ အကျွမ်းများ မတွေ့နိုင်သည့် နေရာမျိုး ဖြစ်ရ မည်။ အသိအကျွမ်းများနှင့် တွေ့နေလျှင် ဟို လူက လာစကားပြော၊ သည်လူက လာစကား ပြောနှင့် လွတ်လပ်မှုကို မရနိုင်။

သာမန်အားဖြင့်တော့ မိတ်ဆွေများနှင့် တွေ့ရသည်ကို အယ်နီ သဘောကျပါသည်။ သို့သော်လည်း ယနေ့ညကတော့ သမီး ကလေးကို ဂုဏ်ပြုသည့် အထူးည ဖြစ်သည်။

ဘားကောင်တာ အနီးရှိ စားပွဲတစ်လုံး မှာ အယ်နီ ထိုင်ပြီး စောင့်နေသည်။ ရှစ်နာရီ ထိုးရန် ဆယ့်ငါးမိနစ်သာ လိုတော့သည်။ နှစ်

www.burmeseclassic.com

www.burmeseclassic.com

ခွက်မြောက် ဝီစကီကိုလည်း သောက်နေသည်။

ထိုအချိန်ကျမှပင် လိုင်ယွန် ဝင်လာသည်ကို လှမ်းမြင်ရသည်။ သူ့လက်ထောက်နှစ်ယောက်နှင့် ရုပ်မြင်သံကြား ဒါရိုက်တာ ဘောလ်မက်တို့လည်း သူနှင့်အတူ ပါလာသည်။ လိုင်ယွန်က အယ်နီဆီသို့ ခပ်သုတ်သုတ် လျှောက်လာပြီး နမ်းရှုပ်နှုတ်ဆက်သည်။

"စိတ်မဆိုးပါနဲ့ကွယ်။ မောင်တို့ ရုပ်မြင်သံကြားတစ်ခု ပြကြည့်နေကြတာ။ ပြတ်သွားလို့ အစကပြန်ပြီး ပြနေရတယ်။ ဩော်-ဒါထက် အချစ်ရေ ဂျင်မ်ဟက်ဒ်လေနဲ့ ဘတ်ဒ်ဟော့ဖ်တို့ကို မှတ်မိမှာပေါ့နော်။ ဘောလ်ကိုတော့ အချစ် သိပါတယ်"

လိုင်ယွန်က သူနှင့်အတူ ပါလာသည့် လက်ထောက်နှစ်ယောက်ကို မိတ်ဆက်ပေးသည်။

စားပွဲကြီးတစ်လုံးမှာ သူတို့ ထိုင်ကြပြီး သူတို့ ကြည့်လာသည့် ရုပ်မြင်သံကြား ဇာတ်လမ်းအကြောင်းကို ပြောနေကြသည်။

သူတို့ ပြောစကားများအရ ထိုဇာတ်လမ်းကို ဘောလ်မက်ပိုင်ကြောင်း၊ ဘောလ်မက်က ဘီသုံးလုံး အေဂျင်စီနှင့် စာချုပ်ပြီး ပြသလိုကြောင်းများကို သိရသည်။ ဘယ်လာမီ၊ ဘယ်လိုစ်နှင့် ဘတ် အေဂျင်စီကို ဘီသုံးလုံး အေဂျင်စီဟု အများက သိနားလည်နေကြပြီ။

အဆိုပါ ရုပ်မြင်သံကြားကို ဝယ်ယူရန် လိုင်ယွန်ကလည်း စိတ်အား ထက်သန်နေပုံရသည်။ ထိုဇာတ်လမ်းတွင် ဂျိုဝီကလင်းကို ခေါင်းဆောင်စေချင်သည်။ ဂျိုဝီကလင်းသည် ထိုနှစ်တွင် နာမည်ကြီးလာသည့် ဟာသမင်းသားတစ်လက်ဖြစ်ပြီး လိုင်ယွန်တို့ အေဂျင်စီနှင့် စာချုပ်ထားခါစလည်း ဖြစ်သည်။

"လန်ဒန်မှာ နီလီနဲ့တွဲပြီး ဂျိုဝီကလင်းကို ပွဲထုတ်ဖို့ စီစဉ်ထားတယ်။ အခု မကြာခင် သူရောက်လာတော့မှာပဲ။ ကျွန်တော့်ကို ဒီမှာ ဝင်ခေါ်ဖို့ မှာထားတယ်"

လိုင်ယွန်က ရှင်းပြသည်။

"မောင့်ကို လာခေါ်မယ်"

အယ်နီ အံ့အားသင့်သွားသည်။

"ဩော်- ဟုတ်ပါရဲ့ အချစ်ရယ်၊ လွန်ခဲ့တဲ့ သုံးနာရီအတွင်းမှာ အစီအစဉ်တွေ အားလုံး ပြောင်းသွားတယ်။ ဝါရှင်တန်ပွဲမှာ ဂျိုဝီပါပြီး ကဖို့ စီစဉ်လိုက်ကြတယ်လေ"

လိုင်ယွန်က စိတ်မကောင်း ဖြစ်သွားသည့် ဟန်မျိုးနှင့် ပြောသည်။

"ဒါပေမယ့်၊ မောင် လိုက်သွားဖို့ မလိုဘူး မဟုတ်လား၊ လိုက်ရဦးမှာလား"

"အမှန်ကတော့ လိုက်ဖို့ မဟုတ်ဘူး။ ဒါပေမယ့် နီလီကို နားလည်အောင် ရှင်းပြဖို့ လိုက်ရဦးမယ်။ မနက်ဖြန် ညပွဲဟာ တစ်ပင်တိုင်ပွဲပဲ ဖြစ်တယ်လို့ နီလီက ထင်ထားတယ်။ ဒီပွဲမှာ ဂျိုဝီလည်း ဝင်ကဖို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာ နီလီကို ရှင်းပြရဦးမယ်"

"ဒါတွေ အောင်မြင်အောင် ခင်ဗျား လုပ်နိုင်တဲ့အတွက် ခင်ဗျားအပေါ်မှာ မနာလို မဖြစ်မိပါဘူးဗျာ"

ဘတ်ဒ်ဟော့ဖ်က ပြောသည်။

လိုင်ယွန်က ပြုံးသည်။

"ဂျိုဝီနဲ့သူနဲ့ လန်ဒန်မှာ တွဲကရမယ်ဆိုတာ နီလီ သိထားတယ်။ ဒါပေမယ့် အမေရိကန်ပြည်ထောင်စု အတွင်းမှာတော့ ဘယ်သူနဲ့မှ မတွဲဘဲ သူတစ်ယောက်တည်း တစ်ပင်တိုင် ကမယ်လို့ပဲ ခေါင်းမာနေတယ်။ ဂျိုဝီနဲ့ မောင်တို့ အေဂျင်စီနဲ့ကလည်း မကြာခင် ကလေးကမှ စာချုပ်လိုက်တယ်လေ။ သေသေချာချာ ရှင်းပြရင် နီလီ လက်ခံမှာပါ"

ယနေ့ည သူ သွားတော့မယ်။

ထိုအသိက အယ်နီ၏ ခေါင်းထဲသို့ ဝင်လာပြီး တင်းကျပ်သွားသည်။

ယနေ့ည သူ ပြန်သွားတော့မယ်။

"မောင် ဘယ်တော့ ပြန်လာမှာလဲဟင်"

"နှစ်ပတ်လောက် အတွင်းပေါ့။ မနက်ဖြန် မနက်ကျရင် အရင်ဆုံး ဖုန်းပြန်ဆက်လိုက်မယ်။ အခု စနေ၊ တနင်္ဂနွေမှာ မင်းလည်း လိုက်လာနိုင်သားပဲ။ သမီးလေးကိုပါ ခေါ်လာလို့ ဖြစ်ပါ့မလား"

"ဒီနေ့ည မသွားရင် မဖြစ်ဘူးလား မောင်"

"မဖြစ်ဘူး၊ သွားကို သွားရမယ်။ မနက်ဖြန်လောက်အထိ အိမ်မှာနေဖို့ အစက စီစဉ်ထားခဲ့တာ။ ဒါပေမယ့် ဂျိုဝီအတွက် ကြော်ငြာကိစ္စတွေ ဘာတွေကလဲ ရှိသေးတယ်။ ဒါကြောင့် မနက်ဖြန်မနက် စောစောကပြီး လုပ်နိုင်မှ တန်ကာကျမယ်"

သည်မြို့မှာ တစ်ညလောက်သာ နေဖို့ အစကတည်းက သူ စီစဉ်ထားခဲ့ကြောင်း ယခု

www.burmeseclassic.com

www.burmeseclassic.com


မှ သိရတော့သည်။ ယခု ထိုတစ်ညကလေးကို ပင် မနေနိုင်တော့ချေ။

ထိုသို့ ပြောနေကြဆဲမှာပင် ဂျိုဝီကလင်း ရောက်လာသည်။ လိုင်ယွန်က လက်လှမ်းပြ သည်။

"ကျွန်တော် ကားစောင့်ခိုင်းထားတယ်"

ဂျိုဝီက လှမ်းပြောသည်။

လိုင်ယွန်က ထိုင်ရာမှ ထသည်။

"ကုန်ကျစရိတ်တွေကို ရုံးက စာရင်းထဲ ပဲ ထည့်လိုက်တော့ ဘတ်ဒ်။ အချစ်ရေ သွား မယ်နော်။ မနက်ဖြန်ကျရင် မောင် ဖုန်းပြန် ဆက်လိုက်မယ်။ ဪ- ဒါထက် ဘတ်ဒ်ရေ အယ်နီကို အိမ်ပြန်ပို့ပေးလိုက်ပါကွာ"

သည်လိုနှင့် တစ်ည ပြီးသွားကြသည်။ ထိုအပတ် စနေ၊ တနင်္ဂနွေတွင် ဝါရှင်တန်သို့ အယ်နီ လိုက်မသွားပါ။ မစ္စကူဇင်ကလည်း အယ်နီ လိုက်သွားလိုက လိုက်သွားနိုင်ကြောင်း၊ ဘာမှ ပူပန်စရာ မရှိကြောင်း ပြောသည်။

သို့သော်လည်း သူ လိုက်လာဖို့ လိုင်ယွန်က ထပ်မပြောတော့ချေ။ သောကြာနေ့ တုန်းကလည်း သူ ဖုန်းဆက်သေးသည်။ သို့ သော်လည်း ထိုအကြောင်းကို မပြော။

"မနက်ဖြန် ဒီအချိန်မှာပဲ ဖုန်းထပ်ဆက် ဦးမယ်နော်" ဟုသာ ပြောသည်။

*

"ဘာတွေ ဘာတွေ မှားကုန်ပြီ ဆိုတာ ကို ဘာဖြစ်လို့ တစ်ခါတည်း တန်းလာပြီး မပြောရတာလဲ သမီးရယ်"

ဟင်နရီက ပြောသည်။

အယ်နီက ကော်ဖီပန်းကန်ကို စိုက် ကြည့်နေသည်။ ပြန်ပြောရမည့် စကားလုံးများ ကိုလည်း ရွေးချယ်နေသည်။

"အခြေခံ အနေနဲ့တော့ မှားတယ်လို့ မဆိုနိုင်သေးဘူး။ အကောင်အထည်ဖော်ပြီး ပြောလို့မရတဲ့ ကွဲလွဲချက် သဘောမျိုးလောက် သာ ရှိတာပါ"

အယ်နီက ပြန်ဖြေသည်။

ဟင်နရီက သက်ပြင်းချမိသည်။

အယ်နီမှာ များစွာပိန်ပြီး အသားအရေ လည်း ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သူနှင့် အတူတူ ညစာစားဖို့ လှမ်းပြောတုန်းက အယ်နီ၏အသံမှာ တုန်လှုပ်ချောက်ချားနေ ကြောင်း သတိထားမိခဲ့သည်။ ဟင်နရီက လည်း အယ်နီ တောင်တောင်မြောက်မြောက် မေးမည်ကို ကြောက်နေသည်။

"ဘကြီး၊ ကလေးက အခု သုံးလသမီး ရှိသွားပြီ။ သမီးကလေးနဲ့ လိုင်ယွန် အတူနေ တာ အခုအချိန်ထိ လေးရက်ပဲ ရှိသေးတယ်။ ကာလီဖိုးနီးယားကနေ ဝါရှင်တန်သွားတုန်းက တစ်ရက်၊ ဝါရှင်တန်ကနေ လန်ဒန်သွားတုန်း က သုံးရက်၊ ဒါပဲ ရှိသေးတယ်။ အခု လန်ဒန် ကို သူရောက်နေတာ တစ်လ ရှိသွားပြီ။

နီလီ အသုံးမကျလို့လည်း ဒါတွေ ဖြစ် နေရတာ။ လိုင်ယွန်ကို သူ ဆွဲထားတာ ကျွန်မ သိပါတယ်။ ဒါပေမယ့် လိုင်ယွန်အနေနဲ့ သူ ဆွဲထားတိုင်း ဆက်နေဖို့ ဘာအကြောင်းမှ မရှိဘူး"

"ဂျော့ကရော ဘာပြောသေးသလဲ"

"ပြောနေကျအတိုင်းပဲပေါ့၊ နီလီက တစ်ယောက်တည်း မနေဘူးဆိုတာတို့၊ လိုင် ယွန်နဲ့မှ ဖြစ်မယ်ဆိုတာတို့၊ လိုင်ယွန်ပြောတဲ့ စကားကိုပဲ နားထောင်တယ်ဆိုတာတို့၊ သူတို့ အေဂျင်စီ ဝင်ငွေကောင်းအောင် နီလီက အများကြီး လုပ်ပေးနေတယ်ဆိုတာတို့ပဲပေါ့"

အယ်နီက သရော်ပြုံး ပြုံးပြီး ပြော သည်။ ဟင်နရီ၏ အပြုံးကမူ ဝမ်းနည်းကြေ ကွဲနေသည်။

"အင်း - ဒါဟာ အောင်မြင်နေတဲ့ မန်နေဂျာတစ်ယောက်ရဲ့ ဇာတ်လမ်းပါပဲ။ သူတို့ရဲ့ မိန်းမတွေဟာ အမြဲတမ်း စိတ်ညစ်နေ ကြရမှာပဲ" ဟု ဟင်နရီက ပြောသည်။

"အခု သူတို့လက်ထဲမှာ ထိတ်ထိတ်ကြ မင်းသား၊ မင်းသမီးတွေ အများကြီး ရှိနေပြီပဲ။ လုပ်ငန်းကလည်း သိပ်ကို အောင်မြင်နေပြီပဲ။ နီလီကို ဘယ်လောက်ကြာအောင် ဆက်ပြီး ထိန်းသိမ်း ယုယနေရဦးမှာလဲ။ သူလည်း အကုန်လုံး အဆင်ပြေနေပြီပဲ။သူ့ခြေထောက် နှစ်ချောင်းပေါ်မှာ သူ ရပ်တည်နေနိုင်ပြီလို့ ကျွန်မ ထင်ပါတယ်"

"သူတို့ဟာ ဒီလုပ်ငန်းထဲမှာ လူသစ်တွေ ဘဝနဲ့ပဲ ရှိနေသေးတယ် အယ်နီ၊ လူတိုင်းက သူတို့ အရိပ်အခြည်ကို စောင့်ကြည့်နေကြ တာ။ ဂျော့ဟာ အောင်မြင်တဲ့ စီးပွားရေး သမားတော့ ဟုတ်တယ်။

ဒါပေမယ့်၊ လိုင်ယွန်က သူ့ဥပမိရှင်နဲ့ စားနေတာ။ သူတို့ဟာ နီလီ မဟုတ်ရင်လည်း တစ်ယောက်ယောက်ကို အထိန်းဟာ အချို

www.burmeseclassic.com

www.burmeseclassic.com

တော်လုပ်နေကြရဦးမှာပဲ။ ဒါတွေကို မင်း ခံနိုင်ရည်ရှိဖို့လိုတယ်"

"ကျွန်မ တစ်သက်လုံး ဒီအတိုင်း နေသွားရမယ်လို့ ဆိုလိုတာလား"

"ကြာတော့လည်း ရိုးသွားမှာပါကွာ"

"မဖြစ်နိုင်ပါဘူး၊ ကျွန်မအတွက်တော့ ဘယ်တော့မှ မရိုးနိုင်ဘူး"

ဟင်နရီမှာ ခဏကြာအောင် ငြိမ်နေသည်၊ ပြီးမှ ဆက်ပြောသည်။

"အယ်နီ၊ လောကကြီးထဲမှာ အရာအားလုံးဆိုတာ မရနိုင်ဘူး။ မင်းအိမ်ကိုလည်း ဘကြီး ရောက်ဖူးတယ်၊ မင်းတို့ နေပုံထိုင်ပုံဟာ စရိတ် အင်မတန်ကြီးတယ်။ နောက်ပြီးတော့ လိုင်ယွန်ဟာ ဘယ်သူ့ခြေတောက်ပေါ်မှာမှ မရပ်ဘဲ သူ့ကိုယ်သူ အားကိုးတဲ့လူစားမျိုး၊ သူများအပေါ်မှာ မှီခိုတာ မဟုတ်ဘူး"

"ဒါပေမယ့် ဘကြီးရယ်၊ သူနဲ့အတူတူ ထမင်းခန်းကို လိုက်ဖို့ ဘာဖြစ်လို့ ကျွန်မကို မခေါ်တာလဲ"

"အယ်နီ၊ မင်းက နိုင်ငံခြားကို ရောက်ဖူးသေးတာ မဟုတ်ဘူး။ နောက်ပြီးတော့ မင်းပါလာရင် သူကလည်း ဟိုဟိုဒီဒီ လျှောက်ပြနေဦးမှာပေါ့။ သူ့မှာက အချိန်ရှိသမျှ ဇာတ်ရုံထဲမှာ နေနေရမယ်။ အဲဒီတော့ မင်းအဖို့လည်း ပျော်စရာကောင်းတော့မှာ မဟုတ်ဘူး"

"သူကသာ ကျွန်မကို ဒီလို ရှင်းပြရင် ကျွန်မ နားလည်နိုင်ပါတယ်။ အဲဒီလို နေရမယ် ဆိုရင်လည်း ကျွန်မ နေနိုင်ပါတယ်။ ကျွန်မဟာကျွန်မ လျှောက်လည်နေနိုင်တယ်။ ပြခန်းပွဲတွေ သွားကြည့်နေနိုင်တယ်။ အခုတော့ သူနဲ့ တွေ့ရတဲ့အချိန်ကို မရှိဘူး"

"ဒီအတိုင်းပဲ နေလိုက်ပါဦးကွာ၊ သူလည်း ဒီရက်ပိုင်းအတွင်း ပြန်ရောက်လာတော့မှာပဲ"

"ဒီတစ်ပတ်အတွင်း သူ ပြန်လာလိမ့်မယ်၊ ဒီလို ပြန်လာတော့ရော ဘာထူးဦးမှာလဲ၊ နီလီအတွက် ဘယ်မှာ ဘာတွေ စီစဉ်ထားတယ်ဆိုတာ ဘယ်သူသိမှာလဲ။ ပြီးတော့ သူကလည်း နီလီနဲ့ပဲ ပါသွားဦးမှာ"

"ဖြစ်လာတော့မှပဲ မီးစင်ကြည့် ကကြတာပေါ့ကွာ"

ဟင်နရီက အကြံပေးသည်။

*

နောက်ဆယ်ရက်ကြာသောအခါ လိုင်ယွန် ပြန်လာသည်။ သို့သော်လည်း အိမ်မှာ တစ်ပတ်လောက်သာ နေနိုင်သည်။ နီလီက ဥရောပတိုက်တွင် ရုပ်ရှင်ကားတစ်ကားရိုက်ရန် ရှိနေသည်။ ထိပ်တန်းမင်းသားတစ်ယောက်နှင့် တွဲဖက်ပြီး ပြင်သစ်နှင့် အီတလီနိုင်ငံများတွင် ရိုက်မည် ဖြစ်သည်။

"နီလီ အနေနဲ့တော့ ဒီကား အပေါ်က ဟုတ်ဟုတ်ညားညား အကျိုးခံစားရမှာတော့ မဟုတ်ဘူး။ ဒါပေမယ့် လုပ်ငန်းနဲ့ ပတ်သက်ပြီး သူဟာ ယုံကြည်စိတ်ချရတဲ့ မင်းသမီးတစ်ယောက် ဖြစ်ကြောင်း ဟောလီးဝုဒ်နဲ့ ရုပ်မြင်သံကြားကုမ္ပဏီတွေကို လက်တွေ့လုပ်ပြနိုင်တဲ့ သဘောပဲ။ ဘာကြောင့်လဲဆိုတော့ အဲဒီကားကို သတ်မှတ်ထားတဲ့ရက်ထက် စောပြီးဖို့ မောင် ရည်ရွယ်ထားတယ်"

လိုင်ယွန်က ရှင်းပြသည်။

"မောင်ရယ်၊ ကျွန်မကိုလည်း မောင်နဲ့ အတူတူ ခေါ်သွားပါလားဟင်"

အယ်နီက ရုတ်တရက် ပြောချလိုက်သည်။

"မဖြစ်သေးပါဘူး"

"ဘာလို့ မဖြစ်ရမှာလဲ"

"နီလီဟာ သိပ်ကို အောင်မြင်နေတယ်။ လန်ဒန်မှာဆိုရင် မယုံနိုင်စရာဘဲ၊ သူ လမ်းလျှောက်သွားတာမြင်ရင် သူ့နာမည်ကို အော်ခေါ်ပြီး နောက်ကနေ တကောက်ကောက် လိုက်ကြတော့တာပဲ။ သူ့မျက်နှာကို ခဏကလေး မြင်လိုက်ရဖို့အတွက် နာရီပေါင်းများစွာ တန်းစီပြီး စောင့်တဲ့လူတွေ ရှိတယ်။

ဂျွန်ဆင်ဟားရစ်ကုမ္ပဏီကလည်း လူနှစ်ယောက် လိုက်လာပြီး သူ့ကို ရုပ်မြင်သံကြားရိုက်ဖို့ ကမ်းလှမ်းနေတယ်။ လူတိုင်းက သူ့ကိုဖမ်းဖို့ ကြိုးစားနေကြတယ်။ ဒါကြောင့် သူ့ကို လက်လွှတ်မသွားဖို့ အရေးကြီးတယ်"

"မောင်နဲ့ကျော့ အပေါ်မှာပဲ သူ သစ္စာရှိရမယ် မဟုတ်လား၊ သူ့ဘဝကို မောင်တို့ပဲ ကယ်ခဲ့ကြတာ"

"သူ ဆပ်စရာရှိတဲ့ အကြွေးတွေ အားလုံးကိုလည်း ကျေအောင် ဆပ်ပြီးပြီ။ မင်းကို ဆပ်ရမှာရော၊ မောင်တို့ အေဂျင်စီကို ဆပ်ရမယ့် ငွေရော အားလုံး ကျေသွားပြီ။ သူ့ဝင်ငွေလည်း သိပ်ကောင်းနေတယ်။ တခြား လူတွေကလည်း သူ့ကို အသေအရှင် အရှင်ရရ

www.burmeseclassic.com

www.burmeseclassic.com



လိုက်နေကြတယ်ဆိုတော့ မောင်တို့အနေနဲ့လည်း သိပ်သတိထားနေရတယ်။ သူ့ကို မောင်တို့က အစစအရာရာ အလိုလိုက်ရမယ်လို့ သူက ထင်နေတယ်"

"အဲဒါတွေနဲ့ ကျွန်မ လိုက်လာတာနဲ့ ဘာဆိုင်လို့လဲ"

"နှောင့်ယှက်သလို ဖြစ်နေမှာပေါ့ကွာ၊ နီလီကလည်း ဒေါ်ပွနေဦးမယ်"

"နီလီက ဒေါပွမယ်၊ ကျွန်မဟာ မောင့်မယားပါ မောင်ရယ်။ ပြီးတော့ ကျွန်မဟာ သူ့အပေါ်မှာ အကောင်းဆုံး သူငယ်ချင်းလေ။ သူက ဘာဖြစ်လို့ ကျွန်မကို ဒေါပွရမှာလဲ"

"သူ ပြန်အောင်မြင်နေပြန်ပြီ။ ဒါကိုလည်း သူသိတယ်။ ဂျိုဝီကလင်းကို သူနဲ့အတူတူ တွဲပြီး ကခွင့်ပေးတာကိုလည်း မေ့မထားနဲ့ဦး။ နောက်ပြီးတော့ ဂျိုဝီကလင်းကို ရုပ်မြင်သံကြားရိုက်ဖို့ အစီအစဉ်တွေလည်း မောင်တို့လုပ်ပြီးသွားပြီ။ မောင်တို့ ဝယ်ခဲ့တဲ့ ရုပ်မြင်သံကြား ဇာတ်လမ်းကိုပြရင် တစ်ပတ်မှာ တစ်သိန်းခွဲရမယ်။

အဲဒီအပေါ်က မောင်တို့ရမယ့်ငွေဟာ တစ်ပတ်ကို တစ်သောင်းခွဲ။ တစ်ပတ်ကို တစ်သောင်းခွဲနှုန်းနဲ့ (၃၉)ပတ်တောင် ရမယ်။ ဒီလိုအကျိုးကျေးဇူး ဖြစ်ထွန်းလာတာဟာ နီလီရဲ့ ကျေးဇူးနဲ့လည်း မကင်းဘူး။ ဂျိုဝီကို သူနဲ့တွဲ ကခွင့်ပေးလို့ ဒီလို ဖြစ်လာရတာ။

နောက်နှစ်ဆိုရင် နီလီကို ရုပ်မြင်သံကြား လွှင့်ဖို့လည်း မောင်တို့ စီစဉ်ထားပြီးပြီ။ တစ်လတစ်ကြိမ် လွှင့်မယ်။ တစ်ကြိမ်လွှင့်ရင် ဒေါ်လာ နှစ်သိန်းရမယ်။

ဒါကြောင့် အခု အချိန်မှာ နီလီအပေါ်မှာပဲ အားလုံး ရပ်တည်နေတဲ့သဘော ဖြစ်နေတယ်။ မောင်တို့နဲ့အတူတူ မင်းလိုက်လာရင် မောင့်ရဲ့ အချိန်တွေကိုခွဲပြီး အသုံးချနေရတော့မယ်။ မင်းကို ပါရီမြို့ကိုလည်း ပို့ချင်တယ်။ ရောမမြို့ကိုလည်း နှစ်ပ်အောင် ပြချင်တယ်။ မင်းနဲ့ပဲ မောင် အတူတူ နေချင်တယ်။

ဒီလိုဆိုတော့ နီလီကို ပစ်ထားရလိမ့်မယ်။ ဒါကြောင့် မလိုက်ခဲ့ပါနဲ့ဦး အချစ်ရယ်။ နောက်တစ်နှစ်လောက် ဒီအတိုင်း ကြိုးစားပြီး လုပ်လိုက်ရင် မင်းငွေတွေ အားလုံး မောင် ပြန်ဆပ်နိုင်ပါပြီ။

ဒါပေမယ့်၊ အခု လောလောဆယ် အချိန်မှာတော့ နီလီဟာ မောင်တို့ ဘီသုံးလုံးအေဂျင်စီရဲ့ ကျောရိုး ဖြစ်နေတယ်။ သူ့ကို သတိထားပြီး ကိုင်တွယ်နေရတယ်"

"ဒါပေမယ့် ကျွန်မကိုတော့ နီလီ စိတ်မဆိုးဘူးဆိုတာ ကျွန်မ ပြောရဲပါတယ်။ သမီးကလေးကို ထားပစ်ခဲ့ပြီး သူတို့နဲ့အတူတူ လိုက်ခဲ့ပါလို့တောင် ခေါ်ဖူးတာပါ"

"နီလီဟာ၊ အင်း- နီလီဟာ အရင်လို မဟုတ်တော့ဘူး။ အမြဲတမ်း သူ့အတွက်ပဲ သူ စဉ်းစားနေတော့တယ်။ ဒီအကြောင်းကို မင်းသဘောပေါက်ထားဖို့လိုတယ် အယ်နီ။ သူ အောင်မြင်လာတဲ့အချိန်မှာ သူနဲ့မင်း ရင်းရင်းနှီးနှီး ပေါင်းဖူးသေးတာ မဟုတ်ဘူး။ သူ ဒုက္ခရောက်ပြီဆိုရင် မင်းဆီကို သူ တန်းပြီး ပြေးလာမှာပဲ။ အဲဒီလို အချိန်မျိုးမှာတော့ သူဟာ လူကောင်းတစ်ယောက် ဖြစ်နေပြီ။

အခုအချိန်မှာတော့ မလွယ်ဘူး၊ ပရိသတ်နဲ့ ဆက်ဆံရေး မပြေမပြစ် ဖြစ်သွားမှာစိုးလို့ သူ့ကို တစ်စက္ကန့်တောင် အလစ်မပေးရဲဘူး။ ပွဲပြချိန် အချိန်မှန်ရောက်အောင်လည်း အမြဲတမ်း လုပ်နေရတယ်။ သူ ပြန်ပြီး စိတ်ကြီးဝင်နေပြန်ပြီ။ စိတ်ကောက်တာတွေကို ပြန်လုပ်နေပြန်ပြီ။ သူ့ကို မောင် ထိန်းနိုင်သိမ်းနိုင် ရှိနေသေးတာပဲ ကံကောင်းတယ်လို့ ပြောရမယ်။ ဒီအတိုင်းပဲ ဆက်ပြီး လုပ်ထားရဦးမယ်။ ဒါကြောင့် မောင့်မှာ အချိန်ရှိသမျှ သူ့အတွက်ပဲ တာဝန်ယူလုပ်ပေးနေရတော့တယ်"

*

ထိုအတိုင်း နောက်ထပ် သုံးလဆက်ပြီး နေနေရသည့်အတွက် အယ်နီအဖို့ စိတ်ဆင်းရဲရလွန်းသည်။ သမီးကလေးနှင့်သာ အချိန်ပြန်နေရသည်။

နိုင်ငံခြားတွင် နီလီ များစွာ အောင်မြင်နေသည်။ လိုင်ယွန်ကလည်း အယ်နီထံသို့ စာမှန်မှန်ရေးသည်။ တစ်ပတ်လျှင် တစ်ကြိမ်ကျ ဖုန်းဆက်သည်။ ရိုက်နေဆဲ ရုပ်ရှင်အစပိုင်းများ အားလုံးကို ပြန်ရိုက်ရသည်။ နီလီ၏ ကိုယ်အလေးချိန် အလွန်အမင်း ကျသွားသောကြောင့် ဖြစ်သည်။

သို့သော်လည်း ရုပ်ရှင်က မျှော်လင့်ထားသည်ထက် ပိုပြီး များစွာ ကောင်းမွန်သည်။ ဇွန်လကုန်လောက်တွင် ပြန်ရောက်မည်ဟု ပြောသည်။

ထို့နောက်ပိုင်းတွင် တစ်ပတ်လုံးလုံး

www.burmeseclassic.com

www.burmeseclassic.com



သူတို့ထံမှ ဘာသတင်းမှ မကြားရတော့ချေ။

ဇူလိုင် ၄ ရက်နေ့တွင် သူတို့ တည်းနေသည့် ပါရီမြို့ရှိ ဟိုတယ်သို့ အယ်နီ ဖုန်းလှမ်းဆက်သည်။ ဟိုတယ်မှ သူတို့ ထွက်ခွာသွားသည်မှာ တစ်ပတ်လောက် ရှိသွားပါပြီဟု အကြောင်းပြန်သည်။ မည်သည့် နေရာသို့ သွားမည်ကို ပြောကြားသွားခြင်း မရှိ။

သူတို့ အမေရိကန်ပြည်ထောင်စုသို့ ပြန်ရောက်နေကြလောက်ပြီဟု အယ်နီက ထင်သည်။ ဟုတ်ပါသည်။ မစ္စအိုဟာရာလည်း သူနှင့်အတူတူ တစ်ချိန်တည်း ထွက်ခွာသွားပါသည်ဟု ဟိုတယ်က ပြောသည်။

အယ်နီမှာ ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်သွားသည်။ သူတို့ သင်္ဘောနှင့်များ ပြန်လာကြလေသလား။ သမီးနှင့် မယားကို အကြာကြီး ခွဲထားရသောကြောင့် အမြန်တွေ့လိုလှပါသည် ဟုဆိုလျှင် ဘာကြောင့် သင်္ဘောနှင့် ပြန်လာသနည်း။

ကျော့ကို ဖုန်းဆက်ပြီး မေးကြည့်သည်။ ကျော့ကလည်း ဝေ့လည်ကြောင်ပတ် လုပ်နေသည်။ လိုင်ယွန်နှင့် နီလီတို့ ပြန်ရောက်ရမည့်ရက် ဖြစ်ပါသည်ဟု ဆိုသည်။ သို့သော် သူကိုယ်တိုင်လည်း သူတို့ထံမှ ဘာသံမှ မကြားကြောင်း ပြောသည်။

ထိုနေ့ညက အိပ်ရာပေါ်မှာ လှဲရင်း ရုပ်မြင်သံကြား ဖွင့်ကြည့်နေမိသည်။ သို့သော် ဘာကိုမှ စိတ်မဝင်စားနိုင်။ ထို့ကြောင့် ရုပ်မြင်သံကြားကိုပိတ်ပြီး မနက်သတင်းစာများကို ကောက်ဖတ်သည်။ ထိုသို့ ဖတ်တော့မှပင် သတင်းစာထဲမှ စာပိုဒ်တစ်ခုကို ဘွားခနဲ သွားတွေ့တော့သည်။

> *အဆိုပါ မင်းသမီးသည် အောင်ပွဲများ ပြန်လည် ခံယူလျက်ရှိပြီး ယခုအခါ၌ သူ၏ ကိုယ်လုံးကိုယ်ပေါက်မှာလည်း ယခင်ကအတိုင်း ငါးရံ့ကိုယ်ကလေး ပြန်ဖြစ်လာခြင်းမှာ သူ၏ ချစ်သူ အတွက်များ ဖြစ်လေသလော။*
>
> *သို့သော်လည်း မင်းသမီးကလေး၏ မေတ္တာဇာတ်လမ်းသည် ပျော်ရွှင်စွာ ဇာတ်သိမ်းကြလေသတည်း ဟူသော အဖြစ်မျိုးနှင့် ကြုံတွေ့ဖွယ်ရာ အကြောင်း မမြင်ပါ။*
>
> *သူချစ်သူသည် သူ၏ မန်နေဂျာ ဖြစ်နေသည်။ ရုပ်မြင်သံကြား မင်းသမီးချောနှင့် လက်ထပ်ထားပြီးသူ ဖြစ်နေသည်။*

အယ်နီ၏ရင်ထဲမှာ တင်းကျပ်လာသည်။ ဖြစ်နိုင်စရာ အကြောင်းတော့လည်း မရှိပါ။ နီလီ၏ ကိုယ်အလေးချိန် အများကြီး ကျသွားကြောင်းတော့ လိုင်ယွန်က ပြောဖူးသည်။ ထိုအကြောင်းကို စဉ်းစားရင်း သတိမေ့မြောသွားတော့မည်ကဲ့သို့ပင် ဖြစ်လာသည်။

သို့သော်လည်း သူ့ကိုယ်သူ ပြန်ပြီး အားတင်းလိုက်သည်။ လိုင်ယွန် ကျေနပ်စေရန်အတွက် နီလီက ကိုယ်အလေးချိန် ချပစ်ခြင်းလည်း ဖြစ်နိုင်သည်။

သို့သော် လိုင်ယွန်က နီလီ ကိုယ်အလေးချိန်ကျဖို့ကို အလေးထားခဲ့သူ မဟုတ်။ စိုသောလက် မခြောက်စေနှင့်ဟူသော သဘောမျိုးနှင့်သာ လိုင်ယွန်က နီလီနှင့် ဆက်ဆံနေခြင်း ဖြစ်သည်။ တစ်နေ့တွင် သည်လို ဖြစ်လာလိမ့်မည်ဟု လိုင်ယွန်ကလည်း မျှော်မှန်းထားပြီးကောင်း ထားပြီး ဖြစ်လိမ့်မည်။

ထို့ကြောင့်လည်း အယ်နီကို သူတို့နှင့်အတူ ဥရောပတိုက်သို့ ခေါ်မသွားခြင်း ဖြစ်မည်။ သူတို့ အဖြစ်ကို ဖုံးကွယ်ထားဖို့ ဖြစ်မည်။ သူတို့ အတွက်တော့ ပွဲတော်ကြီးများ ကျင်းပနေကြသည့်အချိန်ပင် ဖြစ်လေသည်။

သို့သော်လည်း ယခု သူတို့ ဘယ်ရောက်နေကြပြီနည်း။

အယ်နီက ဖုန်းကို လှမ်းဆွဲသည်။ ကာလီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျယ်လိစ်မြို့ရှိ ဘီဗာလီဟေးလ် ဟိုတယ်ကို ဆက်ကြည့်သည်။ ထင်ထားသည့်အတိုင်း မဖြစ်ပါစေနှင့်ဟုလည်း စိတ်ထဲမှ ကျိတ်ပြီး ဆုတောင်းနေမိသည်။ ဟိုတယ်မှ အော်ပရေတာက ပြန်ထူးသည်။

သူတို့ဟိုတယ်မှာ လိုင်ယွန်ဘတ် တည်းခိုနေခြင်းမှာ မှန်ပါသည်။ လွန်ခဲ့သည့် သုံးရက်လောက်က ရောက်လာသည်။

သို့သော်လည်း ယခု သူ့အခန်းထဲမှာ မရှိပါ။ မစ္စအိုဟာရာလည်း သူနှင့်အတူတူ ရောက်လာပါသည်။ သူ့အခန်းကို ဆက်ကြည့်တော့လည်း ဖုန်းကိုင်မည့်လူ မရှိပါ။

ကာလီဖိုးနီးယားတွင် ညကိုးနာရီသာ ရှိသေးသည်။

ထို့ကြောင့် နောက်ထပ် အယ်နီ ဆက်ကြည့်ချင်ပါသေးသလားဟု အော်ပရေတာက

www.burmeseclassic.com

www.burmeseclassic.com



မေးသည်။ အယ်နီက မဆက်လိုတော့ပါဟု ပြောပြီး ဖုန်းပြန်ချထားလိုက်သည်။ ပြီးတော့ ခေါင်းအုံးပေါ်မှာ မှီနေမိသည်။

ကာလီဖိုးနီးယားသို့ သူ ရောက်နေသည်မှာ သုံးရက်တောင် ရှိသွားပြီ။ သို့သော် ဖုန်းကလေးမှ ပြန်ဆက်ဖော်မရ။ အယ်နီသည် သာမန် အဝတ်အစားကလေးများကိုပင် ဝတ်ပြီး အမှောင်ထုထဲသို့ ပြေးထွက်ခဲ့တော့သည်။

*

"ဘုရားရေ ဘာများ ဖြစ်လာပြန်ပြီလဲ"

အယ်နီ ခေါ်သော်လည်း ဟင်နရီက တော်တော်နှင့် တံခါးလာဖွင့်မပေး။ အကြာကြီးနေတော့မှ လာဖွင့်သည်။ အယ်နီကို မြင်သည်နှင့် တစ်ပြိုင်တည်းလည်း အိပ်ချင်မူးတူးသံနှင့် ပြန်မေးသည်။

သူ့ကိုယ်ပေါ်မှ ညဝတ် အကျီများကို နေသားတကျ ဖြစ်သွားအောင် ပြုပြင်ရင်း ဧည့်ခန်း အတွင်းသို့ အယ်နီကို ခေါ်သွားသည်။ ပြီးတော့ မီးများ လိုက်ဖွင့်နေသည်။

"ကဲ- ထိုင်စမ်းပါဦး၊ ဘာဖြစ်လာပြန်ပြီလဲ"

ဟင်နရီက ကုလားထိုင် တစ်လုံးဆီသို့ မေးငေါ့ပြသည်။ အယ်နီမှာ စိတ်ကယောင်ချောက်ချား ဖြစ်နေသည်။ ကြမ်းပြင်ပေါ်မှာ ရှိနေသည့် သတင်းစာကိုလည်း လက်ညှိုးထိုးပြသည်။

"ဟိုသတင်း ဘကြီး ဖတ်ပြီးပြီ မဟုတ်လား။ ဘကြီး၊ ဘာမှ မသိသလို လုပ်မနေပါနဲ့ ဘကြီးရယ်။ လိုင်ယွန် ဒီကို ပြန်ရောက်နေတာ ကြာပြီဆိုတာ ကျွန်မ သိပြီးပါပြီ။ အခု ကာလီဖိုးနီးယားမှာ နီလီနဲ့ အတူတူ ရှိနေတယ်။ ကျွန်မဆီကို ဖုန်းတောင် မဆက်ဘူး"

"မင်းသောက်ဖို့ ဘကြီး အရက်ထည့်လိုက်ဦးမယ်နော်"

"ဘကြီး၊ ကျွန်မကို ကယ်ပါ ဘကြီးရယ်"

အယ်နီက ကုလားထိုင်မှာ ထိုင်ချလိုက်ရင်း စတင် ငိုကြွေးတော့သည်။

ဟင်နရီကတော့ ဝီစကီနှင့် ဆော်ဒါကို တည်တည်ငြိမ်ငြိမ်ပင် ရောစပ်နေသည်။ ပြီးတော့ အယ်နီဆီသို့ ယူလာပေးသည်။

"ကဲ- အရူးတစ်ယောက်လို ငိုမနေနဲ့တော့၊ ဖြစ်လာတဲ့ပြဿနာကို ရင်ဆိုင်ဖို့ပဲ ရှိတော့တယ်။ မင်းတို့ အိမ်ထောင်ရေး ပျက်စီး မသွားစေချင်ဘူး မဟုတ်လား"

"ဒီအတိုင်းဆိုရင် ဒီကိစ္စကို ဘကြီးလည်း ယုံနေပြီပေါ့"

"ယုံရတော့မှာပေါ့၊ ဘကြီး သိပြီးတာတောင် တော်တော် ကြာသွားပြီ"

အယ်နီမှာ ဘာစကားကိုမှ မပြောနိုင်တော့ပေ။

သူ နောက်ဆုံး ယုံကြည် အားထားရာ မိတ်ဆွေတစ်ယောက်ကလည်း သူ့အပေါ်တွင် သစ္စာဖောက်ဖျက်သွားပါပေါ့ကလား ဟူသော အမူအရာမျိုးနှင့် ဟင်နရီကို စိုက်ကြည့်နေမိသည်။

"ကဲ- စိတ်ငြိမ်ငြိမ်ထား၊ ဒါနဲ့ ပတ်သက်ပြီး မင်းလုပ်နိုင်တဲ့ အလုပ်တွေ အများကြီးရှိတယ်။ ပထမတစ်ချက်က မင်းရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းတဲ့ အနေနဲ့ သူနဲ့ ကွာရှင်းပြတ်လိုက်နိုင်တယ်။ ဒုတိယအချက်က သူ့ကို မရရင် မနေနိုင်တော့ပါဘူးဆိုရင် ဒါတွေကို မေ့ပစ်လိုက်ပြီး မင်းဆီကို သူ ပြန်ရောက်လာအောင် လုပ်ရမယ်"

"ကျွန်မ သူနဲ့ မခွဲနိုင်ဘူး"

ငိုသံကြီးနှင့် သူက ပြောသည်။

"ဒါဖြင့်ရင် ကိုယ့်စိတ်ကို ကိုယ်ပြန်ထိန်းထားတော့။ သူ့အပေါ်မှာ သဘောထားကြီးကြီးထားတော့။ နီလီရဲ့ ရင်ခွင်ထဲရောက်အောင် မင်းကပဲ သူ့ကို တွန်းပို့လိုက်သလို လုပ်ပေတော့"

"ဒါပေမယ့်၊ နီလီဟာ ဝက်တစ်ကောင်လောက် ဝနေတာပဲ။ သူ့ကို လိုင်ယွန်ရဲ့ ဂရုစိုက်မှာ မဟုတ်ဘူး"

"ဝက်တစ်ကောင် မဟုတ်တော့ဘူးလေ။ မနေ့ညကပဲ ကာလီဖိုးနီးယားက ဘကြီး ပြန်လာခဲ့တယ်။ နီလီနဲ့ လိုင်ယွန်ကို မတော်တဆ တွေ့ခဲ့ရသေးတယ်။ နီလီရဲ့ ကိုယ်လုံးကိုယ်ပေါက်ဟာ သိပ်လှနေပြီ။ သူ့ကိုယ်အလေးချိန်တာ ပေါင်တစ်ရာလောက်ပဲ ရှိမယ်"

ဟင်နရီ၏ လေသံမှာလည်း စိတ်ရှုပ်ထွေးနေသည့်အသံမျိုး ဖြစ်နေသည်။

"နီလီလား"

"အချစ်အတွက်ဆိုရင် ဘာမဆို ဖြစ်လာနိုင်တယ်လို့ ဘကြီးထင်တယ်။ ဒုတိယအကြိမ်ဆုံး ခရီးစထွက်တုန်းက လော့စ်အိန်ဂျယ်လိစ်မှာ သူ့ကိုယ်အလေးချိန် ဆယ်ပေါင် ကျသွား

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဆန်ဖရန်စစ္စကိုနဲ့ ဝါရှင်တန်မှာ နောက်ထပ် ဆယ်ပေါင်လောက် ထပ်ကျသွားသေးတယ်ထင်တယ်။

ဥရောပမှာ သုံးလလောက်လည်း နေလိုက်ရော အခုလို ဖြစ်သွားတော့တာပဲ။ သူ့ကို ဘကြီး ထိုင်ကြည့်နေမိတယ်။ ဘာဆိုဘာမှ မစားဘူး။ လိုင်ယွန်အတွက် သူ အရူးအမူး ဖြစ်နေပြီ။ အမြဲ စိုက်ကြည့်နေတာပဲ။ တစ်စက္ကန့်ကလေးတောင် မျက်နှာမလွှဲဘူး"

အယ်နီက သူ့မျက်နှာကို လက်ဝါးနှစ်ဖက်ထဲမှာ မြှုပ်ထားလိုက်သည်။

"ဘကြီးရယ် တော်ပါတော့၊ ဘာတွေလျှောက်ပြောနေတာလဲ။ ကျွန်မကို သေအောင် သတ်နေတာလား"

"မဟုတ်ပါဘူး သမီးရယ်၊ သမီး အမှန်တွေ မြင်လာအောင် ဘကြီး ကြိုးစားနေတာပါ။ အဖြစ်အပျက် အမှန်တွေကို သမီး သိမှ ဘယ်လို ပြန်လည် တိုက်ခိုက်ရမယ် ဆိုတာ သိတော့မှာပေ့ါ။ ရုတ်တရက် ဖြစ်လာတာတွေကို ရင်ဆိုင်ရမယ်ဆိုရင် သမီး ရှုံးသွားလိမ့်မယ်။ ဒါကြောင့်၊ အမှန်တွေကို သမီး သိထားဖို့လိုတယ်။ ကဲ- အံ့သာ တင်းတင်းကျိတ်ထား၊ လိုင်ယွန်ကလည်း နီလီရဲ့ အလိုကို မငြင်းခဲ့ဘူးလေ"

"မဟုတ်ဘူး. . . မဟုတ်ဘူး"

အယ်နီက ရှိုက်ညည်းသည်။

"ကဲလေ၊ ရူးကြောင်ကြောင်တွေ လုပ်မနေနဲ့။ အစီအစဉ်တစ်ခုကို လုပ်ကြရအောင်"

"ဘကြီး. . . ဘကြီးလည်း ရူးနေပြီထင်တယ်။ အခုဟာတွေက အားလုံး ပြီးသွားပြီ။ ဇာတ်လမ်းဆုံးသွားပြီ"

အယ်နီက ဟင်နရီကို လုံးဝ အယုံအကြည် မရှိသည့် အကြည့်မျိုးနှင့် ကြည့်နေသည်။

"ကောင်းပြီ၊ မင်းနဲ့ ကွာရှင်းပြတ်စဲဖို့ ကိစ္စတွေ ဘကြီး စီစဉ်ပေးမယ်။ လိုင်ယွန်ပေးရမယ့် မယားစရိတ်၊ သားစရိတ်တွေက တော့ နည်းမှာ မဟုတ်ဘူး။ ဘာတွေကိုပဲ တောင်းတောင်း သူ အကုန်လုံး သဘောတူမယ် ဆိုတာတော့ ဘကြီး ပြောရဲတယ်"

"မလုပ်ပါနဲ့. . . မလုပ်ပါနဲ့၊ သူ့ကို ကျွန်မ မပစ်နိုင်ဘူး"

အယ်နီက ပိုပြီး သဲသဲလှုပ် ငိုကြွေးပြန်သည်။

"ဒီလိုဆိုရင် မင်းစိတ်ကို မင်း တည်ငြိမ်အောင်လုပ်ပါ။ ဝီစကီသောက်လိုက်ဦး၊ ဘကြီးတို့ နည်းလမ်းရှာကြတာပေ့ါ။ လူ့လောကကြီးမှာ လင်ယောက်ျားရဲ့ သစ္စာဖောက်ခြင်းကို ခံရတဲ့ မိန်းကလေးတွေထဲမှာ မင်းဟာ ပထမဦးဆုံး မိန်းကလေး မဟုတ်ပါဘူး။ နောက်ဆုံး မိန်းကလေးလည်း မဖြစ်နိုင်ဘူး။ မင်းအနေနဲ့ ဘာကို အရေးတကြီး ထားပြီး လုပ်ရမယ် ဆိုတာကို အရင် စဉ်းစားပါ။ လိုင်ယွန်ကို ပြန်လည် ရရှိရေးလား၊ မင်းရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းရေးလား"

"ဒါပေမယ့် အဲဒီ နှစ်ခုကလည်း အတူတူ မဖြစ်နိုင်ဘူး မဟုတ်လား"

"မဖြစ်နိုင်ဘူး၊ အထိုက်အလျောက်တော့ မင်းရဲ့ ဂုဏ်သိက္ခာကျမှာပဲ။ ဒါပေမယ့် လိုင်ယွန်ကိုတော့ မင်းပြန်ရမယ်။ မင်းနဲ့ ပတ်သက်ပြီး ဘကြီးထင်ထားတာကို ပြောရမယ်ဆိုရင် လိုင်ယွန်ကို လုံးလုံး လက်လွှတ်လိုက်ရတာနဲ့စာရင် သူလုပ်ချင်ရာလုပ်နေတဲ့ လိုင်ယွန်ကို ပေါင်းနေရတာက မင်းအဖို့ အများကြီး တော်လိမ့်ဦးမယ်"

"ကျွန်မက ဒီအတိုင်း လက်ခံထားတယ်ဆိုတာကို သူသိသွားရင် ကျွန်မကို သူ ဘယ်မှာလာပြီး လေးစားတော့မှာလဲ ဘကြီးရယ်"

"ဒီလို အခြေအနေမျိုး ရောက်အောင်တော့ ဘယ်လုပ်လို့ ဖြစ်မလဲ။ မင်း သိနေပြီဆိုတာ သူ ဘယ်တော့မှ မသိအောင် ဖုံးထားရမယ်။ သူသိသွားရင် မင်းရဲ့ လွတ်လပ်ခွင့်အတွက် တောင်းဆိုရတော့မယ်။

အဲဒီလို အခြေအနေမျိုး ဖြစ်လာအောင် နီလီက လုပ်နေတာ။ နီလီ ဆင်ထားတဲ့ အကွက်ထဲကို လိုင်ယွန်က ဘုမသိ ဘမသိနဲ့ ဝင်တိုးမိနေတာ။ ဒါကို မင်း သဘောပေါက်ထားဖို့ လိုတယ်။

ဒါပေမယ့် ဒီကိစ္စက ခေါင်းကိုသုံးပြီး လုပ်ရမယ့်ကိစ္စ၊ မှန်မှန်ကန်ကန် အချိန်ကိုက်တတ်ဖို့လည်းလိုတယ်။ဘာကြောင့်လဲဆိုတော့ လိုင်ယွန်ဟာ သူ့ကိုယ်သူ အထင်ကြီးတဲ့လူဖြစ်တယ်။ သူ့အတွက် ဂုဏ်သိက္ခာတစ်ခုခု ရတယ်လို့ သူထင်လာအောင် လုပ်ဖို့လိုတယ်။

သူဟာ လူတော်တစ်ယောက်ပဲ အယ်နီ။ တီထွင်ဖန်တီးတတ်တဲ့ လူတစ်ယောက်ပဲ။ သူ့ကို မင်းက ဝယ်လိုက်ပြီး ဒီလုပ်ငန်းထဲကို ရောက်လာအောင် လှည့်ကွက်နဲ့ လုပ်လိုက်

www.burmeseclassic.com

တယ်လို့ သူ့စိတ်ထဲမှာ ခံစားနေရတယ်။

အမှန်ကတော့ သူ့ဟာသူ ထင်ချင်တာ ထင်နေတာပါ။ သူလုပ်ချင်ပြီ ဆိုရင်လည်း ဘယ်သူကမှ သူ့ကို တားလို့ရမှာ မဟုတ်ပါဘူး။ အခုတော့လည်း သူ အောင်မြင်အောင် လုပ်နိုင်ပြီလေ။ ဘယ်လိုလူမျိုးမှ ကိုင်တွယ်လို့ မရတဲ့ နီလီကို သူရအောင် ကိုင်တွယ်နိုင်နေပြီ။ ထိပ်တန်းကို ပြန်ရောက်လာအောင် သူ လုပ်ပေးလိုက်နိုင်ပြီ။

ဒီကောင်မလေးကလည်း လိုင်ယွန်ရဲ့ နှာခေါင်းပေါက်နဲ့ အသက်ရှူမှပဲ ဖြစ်တော့မယ် ဆိုတာမျိုးကို ထင်လာတယ်။ လိုင်ယွန်ဟာ မန်နေဂျာရိုးရိုး မဟုတ်တော့ဘူး။ တီထွင်ဖန်တီးနိုင်သူ ဖြစ်လာပြီ။ ဒါကြောင့် သူ့ကိုယ်သူလည်း ပိုပြီး အထင်ကြီးလာတယ်။ သူလုပ်တဲ့ အလုပ်တွေ သိပ်အောင်မြင်တယ်လို့ ထင်နေပြီ။ ဒီလိုထင်လာပြီဆိုရင် ဘယ်လိုယောက်ျားမျိုးမှ ဒီစိတ်ရဲ့ စေ့ဆော်မှုကို မတွန်းလှန်နိုင်ဘူး။

နီလီကလည်း ကိုးကွယ်ရာ မရှိတော့ပါဘူး ဆိုတဲ့ ပုံမျိုးနဲ့ သူ့လက်ထဲကို ပြေးဝင်လာတယ်။ ဒါပေမယ့် ကိုးကွယ်ရာမရှိတဲ့ မွေ့ပွေးမပဲ။ လိုင်ယွန်အနေနဲ့တော့ ဒီလို မမြင်ဘူးပေါ့။

လိုင်ယွန်အဖို့ မင်းဟာ အင်မတန် အင်အားကြီးနေတယ်။ ဘာမဆို မင်းက ဖြစ်နိုင်နေတယ်။ ဒါပေမယ့် တကယ့်အဖြစ်မှန်ကို ပြောရမယ်ဆိုရင် မင်းဟာ နီလီရဲ့တစ်ဝက်လောက်တောင်မှ အင်အားကြီးမားတဲ့ မိန်းကလေး မဟုတ်ဘူး အယ်နီ။

နီလီဟာ ဖျက်ဆီးပစ်လို့ရတဲ့ မိန်းကလေး မဟုတ်ဘူး။ မင်းကတော့ မင်းကိုယ်မင်း ယုံကြည်တယ်။ မင်းနဲ့ ပေါင်းသင်းနေရတဲ့အတွက် လိုင်ယွန်ဟာ သူ့ကိုယ်သူ ကြီးကျယ်တယ်လို့ မထင်ဘူး။ နီလီကတော့ ဒီလိုမဟုတ်ဘူး၊ နီလီနဲ့ ပေါင်းသင်းနေရတဲ့အတွက်တော့ သူဟာ သိပ်ကို ကြီးကျယ်အောင်မြင်တဲ့လူ တစ်ယောက်အဖြစ် သူ့ကိုယ်သူ ပြန်ပြီး ထင်လာတယ်။

နောက်ပြီးတော့ သူ့ဘဝကို မင်းက သင်းသတ်ခဲ့တယ်လို့လည်း သူ ထင်နေတယ်။ ဒီလို သင်းသတ်တာဟာလည်း တစ်ကြိမ်တည်း မဟုတ်ဘူး၊ နှစ်ကြိမ်တောင် သင်းသတ်ခဲ့တယ်။ ပထမအကြိမ်က နယူးယောက်မြို့ကို ခွဲပြီး လော့ရင့်စ်ဖီးလ်မြို့မှာ သူနဲ့အတူတူ လိုက်မနေနိုင်ဘူးလို့ မင်းပြောခဲ့တယ်။ နောက်တစ်ကြိမ်ကတော့ အခု အေဂျင်စီလုပ်ငန်းထဲကို သူရောက်လာအောင် သူ့ကို မင်းက ထယ်လိုက်တာပဲ ဖြစ်တယ်"

"ဒါတွေကလည်း နီလီကိုသာ ဒီအကြောင်းတွေ ဘကြီးက ပြောမပြခဲ့ရင် ဒီလိုဖြစ်လာမှာ မဟုတ်ပါဘူး ဘကြီးရယ်"

အယ်နီက ဝမ်းနည်းပက်လက် ပြောသည်။

"ဘကြီး ပြောပြလိုက်တဲ့ အချိန်က ဒီလင်ဘာလကုန်ပိုင်းလေ။ အဲဒီအချိန်မှာ မင်းနဲ့ လိုင်ယွန်နဲ့ကလည်း အဆင်ပြေနေကြတယ်။ ပျော်ပျော်ရွှင်ရွှင် ရှိနေကြတယ်။ ပြီးတော့ နီလီဟာ မင်းရဲ့ အချစ်ဆုံး သူငယ်ချင်း တစ်ယောက် မဟုတ်လား။ ဘကြီးဆီကို သူရောက်လာတယ်။ ဘကြီး ပြောစကားကို မင်းနားထောင်တယ်ဆိုတာ သူ သိတယ်။

ဒါကြောင့် မင်းမျက်နှာမြင်ပြီးရင် သူတို့နဲ့အတူတူလိုက်ဖို့ ပြောပေးပါလို့ ပြောတယ်။ လိုင်ယွန် မပါဘဲနဲ့တော့ သူ ခရီးမသွားနိုင်ဘူး ဆိုပြီး ငိုကြီးချက်မနဲ့လည်း ပြောတယ်။ ဒီလိုပြောပေမယ့် မင်းကတော့ နားဝင်မှာ မဟုတ်ဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ မင်းက သန်နဲ့ချီပြီး ပိုက်ဆံချမ်းသာနေပြီတဲ့။

ဒါကြောင့် ဒီအေဂျင်စီလုပ်ငန်းကိုလည်း မင်းက စိတ်ဝင်စားတာ မဟုတ်ဘူးတဲ့။ လိုင်ယွန်ကိုတောင်မှ ဒီအလုပ်ကနေပြီး နားစေချင်တဲ့စိတ်မျိုး ရှိချင်ရှိနေမှာလို့ သူက ပြောတယ်။

ဒါကြောင့် ဘကြီးကလည်း သူထင်နေတာတွေ မှားကြောင်း၊ အေဂျင်စီမှာ လည်ပတ်နေတဲ့ ငွေတွေဟာ မင်းရဲ့ငွေတွေဖြစ်ကြောင်း ပြောပြမိတယ်။

မကြာခင်မှာပဲ လိုင်ယွန်ကိုလည်း ဒီလို ပြောကြရတော့မှာ မဟုတ်လား။ နီလီလို မိန်းကလေးက မင်းအပေါ်မှာ ဒီလို သဘောထားမျိုး ထားလိမ့်မယ်လို့လည်း ဘကြီး မထင်ခဲ့မိဘူး။ မင်းအကြောင်း အကြိမ်ပေါင်း မရေတွက်နိုင်အောင် ဘကြီးကို သူ ပြောပြခဲ့ဖူးတာတွေလည်း ရှိတယ်။

မင်းကျေးဇူးတွေဟာ ဆပ်လို့ မကုန်နိုင်တဲ့အကြောင်း၊ သူ့တစ်ဘဝလုံး ပုံပြီး ဆပ်တောင် မကျေနိုင်ကြောင်း၊ နဘဲမိုးဘုံး သာကပွဲထဲမှာ ပြန်ပြီး ကခွင့်ရအောင် လိုင်

www.burmeseclassic.com

www.burmeseclassic.com

ယွန်ကနေတစ်ဆင့် မင်းလုပ်ပေးခဲ့ကြောင်း၊ တယ်ရီကင်းရဲ့နေရာမှာ သူ့ကို အစားထိုးပြီး တခိုင်းဖို့ ဂေးလ်ကော့စ်ကို မင်းပြောပေးခဲ့တဲ့အကြောင်း။ ဟာဗင်မာနာဆေးရုံကို တင်ပေးပြီး ကုန်ကျစရိတ်တွေ အားလုံး မင်းကပဲ စိုက်ထုတ် အကုန်ခံခဲ့တဲ့အကြောင်းတွေကို ပြောလို့ မဆုံးနိုင်ဘူး။

ဒီတော့ နီလီလိုမိန်းကလေးဟာ မင်းအပေါ်မှာ အခုလို မတော်တာ လုပ်လိမ့်မယ်လို့ ဘကြီး လုံးလုံး မထင်မိခဲ့ဘူး။ ဒါဟာ ဘကြီးရဲ့ အကြီးဆုံး အမှားပေါ့လေ။

ဒါပေမယ့်လည်း စေတနာကောင်းနဲ့ မှားမိတာပါ သမီးရယ်။ အခု အခြေအနေမျိုး ရောက်လာမှတော့ ကြုံရသမျှတွေကို ရဲရဲ ရင်ဆိုင်ကြဖို့သာ ရှိတော့တယ်။

မင်းနဲ့ အတူတူ ပေါင်းသင်းနေရတဲ့ အချိန်မျိုးမှာ လိုင်ယွန်ဟာ သူ့ကိုယ်သူ သိပ်ကြီးကျယ်တဲ့လူတစ်ယောက် အနေနဲ့ မမှတ်ယူနိုင်ဘူး။ ဒီအချိန်မျိုးမှာ နီလီ ရောက်လာတယ်။ နီလီနဲ့ ယှဉ်လိုက်တော့ အရာရာမှာ သူက သာနေတယ်။ ဒါကြောင့် မင်းတို့ချင်း ညီသွားနိုင်မယ့်အချိန်အထိ စောင့်ရလိမ့်မယ်"

"ဘယ်လိုလုပ် စောင့်ရမှာလဲ"

အယ်နီက သနားစဖွယ် မေးပြန်သည်။

"ငြိမ်ငြိမ်ကလေး ထိုင်နေပါ။ သဘောထားကြီးတဲ့ မိန်းမတစ်ယောက်လို နေပြပါ။ နီလီဟာ အဆိပ်ပြင်းတဲ့ မြွေဟောက်တစ်ကောင်ဖြစ်ကြောင်း လိုင်ယွန် သိလာတဲ့အထိ စောင့်နေပါ။ လိုင်ယွန်ဟာ လူတုံးလူညံ့တစ်ယောက် မဟုတ်ပါဘူး။ အမှန်ကတော့ မင်းနဲ့ လိုင်ယွန်ရဲ့ဇာတ်လမ်းဟာ စကတည်းက မှားလာခဲ့ကြတာ။

ဒါပေမယ့်၊ မင်းက လိုင်ယွန်ကို လိုချင်တယ် မဟုတ်လား။ မင်း လိုချင်တဲ့အတိုင်း လိုင်ယွန်ကို မင်း အခု ရထားပြီ။ ဒီလို အချိန်မျိုးမှာ မင်းဘက်က နေတတ်ထိုင်တတ်ဖို့ အများကြီး လိုတယ်။ ဘာမှ မဖြစ်သလို နေပြရမယ်။ ဒီလို နေဖို့ဆိုတာ မလွယ်တာတော့ မှန်တယ်။ ဒါပေမယ့် အခုလို အချိန်မျိုးမှာ ကိုယ့်စိတ် ကိုယ်နိုင်အောင်ထိန်းပြီး ဖြစ်အောင်ကို နေပြရမယ်။

နီလီက ရောဂါတက်နေတဲ့ အချိန် မဟုတ်လား။ သူ ငြိမ်သွားတဲ့အထိ နေရမယ်။ မင်း နေတတ်ရင် အားလုံး မင်းဘက် ပြန်ရောက်လာလိမ့်မယ်။

မကြာခင် တစ်နေ့မှာ လိုင်ယွန်ကလည်း နီလီကို မုန်းသွားလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ နီလီကလည်း လိုင်ယွန်ကို အသေသတ်ဦးမှာပဲ မဟုတ်လား။ ယောကျ်ားတိုင်းကို သူ ဒီလိုပဲ လုပ်ခဲ့တယ်။ တက်ကာစာဘလင်ကာနဲ့ သူနဲ့ ဖြစ်ခဲ့တာကိုကြည့်။ အစပိုင်းတုန်းကတော့ ဘာမဆို အလိုလိုက် အကြိုက်ဆောင်တော့တာပဲ။ နောက်ပိုင်းလည်းကျရော သူတို့ထင်တာလုပ်ကြတာပဲ။ ဒါဟာ အောင်မြင်ကျော်ကြားနေတဲ့ လူတိုင်းရဲ့ အကျင့်ပဲ။

တကယ်ကတော့ နီလီဟာ 'ကတ္တီပါ အိတ် စွပ်ထားတဲ့ သံလက်သီးပါ သမီးရယ်။ ဒါကြောင့် အဲဒီ သံလက်သီးနဲ့ ထိုးတာကို လိုင်ယွန် အကြိမ်ကြိမ် ခံလာရတဲ့အခါမှာ သူ သဘောပေါက်သွားလိမ့်မယ်။

မင်းနဲ့ နေရတာက အန္တရာယ်ကင်းကြောင်း သူ သဘောပေါက်လာလိမ့်မယ်။ သူ့မှာ အပြစ်ရှိကြောင်းလည်း သူ သိလာလိမ့်မယ်။ မင်းတို့ အိမ်ထောင်ရေးကတော့ လောလောဆယ် အခြေအနေမှာ သာယာနိုင်မှာ မဟုတ်ဘူးပေါ့။

နောက်ပြီး မင်းဘက်ကို သူ စိတ်ပြန်လည်လာတဲ့ အချိန်မှာလည်း သူ့ကို မင်း မြတ်နိုးနိုင်ချင်မှ မြတ်နိုးတော့မယ်။ ဒါပေမယ့် ဘကြီးပြောတဲ့အတိုင်း မင်း လုပ်နိုင်မယ်ဆိုရင် မင်းလက်ထဲကို သူ ပြန်ရောက်လာမှာပဲ။ အမှန်ကတော့ စိတ်ဆင်းရဲကိုယ်ဆင်းရဲခံပြီး တိုက်ရမယ့် စိတ်ဓာတ်ရေးရာတိုက်ပွဲပဲ။ မင်း လုပ်နိုင်လိမ့်မယ်လို့ ဘကြီး ထင်ပါတယ်"

"ကျွန်မ ကြိုးစားပါ့မယ် ဘကြီးရယ်။ ကျွန်မရဲ့ ဘဝကတော့ ပျက်စီးသွားပါပြီ။ ဒီကနေ့ည ပထမဦးဆုံး အနေနဲ့ ယမင်းရုပ်ကလေး တစ်ရုပ်လောက် သောက်ထားလိုက်ရင် ကောင်းမယ်ထင်တယ်"

အယ်နီက စိတ်ပင်ပန်း နွမ်းရိစွာနှင့် ပြောသည်။

"ဘာ. . ."

"ဆီကော်နယ်လေ၊ ဂျနီဖာနဲ့ နီလီက ဆီကော်နယ်ကို ယမင်းရုပ်လို့ ခေါ်ကြတယ်။ အဲဒီ ဆေးမျိုးတွေကို ကျွန်မ တစ်သက်မှာ တစ်ခါမှ မစားဖူးခဲ့ပါဘူး။ ဒါပေမယ့် ဒီကနေ့ညတော့ တစ်လုံးလောက် သောက်လိုက်ရင် ကောင်းမယ်လို့ ထင်တယ်။ ဘယ်မှာများ

www.burmeseclassic.com

ရနိုင်မလဲ မသိဘူးနော်"

အယ်နီက ခပ်ယဲ့ယဲ့ကလေး ပြုံးရင်း ပြန်ပြောသည်။

ဟင်နရီက ဆေးဗီရိုရှိရာသို့ လျှောက်သွားပြီး ဆေးပုလင်းကလေး တစ်လုံးကို ယူလာသည်။

"ဟောဒီမှာ နှစ်လစာ ရှိတယ်။ ဒီကနေ့ည တစ်လုံးပဲ ဘကြီး ထုတ်သောက်ထားရသေးတယ်"

"ဘကြီးလည်း သောက်တာပဲလား"

အယ်နီက ခပ်ယဲ့ယဲ့ကလေး ပြုံးရင်း ပြန်ပြောသည်။

"နှစ်ပေါင်း နှစ်ဆယ်လောက် ရှိသွားပြီ၊ ဒါလောက် ပင်ပန်းတဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်ခဲ့ရတော့လည်း မတတ်နိုင်ဘူး။ အိပ်ရာဝင်ခါနီးမှာ တစ်လုံးသောက်၊ ဆေးလိပ်မသောက်နဲ့၊ အရင်တုန်းက တစ်ခါမှ မသောက်ဖူးသေးဘူးဆိုရင် ဆေးက ချက်ချင်းစွမ်းတယ်"

ဆေးပုလင်းကလေးယူပြီး အယ်နီ ပြန်ခဲ့သည်။ သူ့ခြေထောက်များမှာ ခဲဆွဲထားသလို လေးနေသည်။ မော်တော်ကားနှင့် အိမ်သို့ ပြန်လာခဲ့သည့် လမ်းတစ်လျှောက်တွင် နီလီနှင့် လိုင်ယွန်တို့၏ မျက်နှာများကိုသာ တစ်လှည့်စီ မြင်ယောင်နေမိသည်။

အိမ်ပြန်ရောက်တော့ ရေချိုးခန်းထဲသို့ ဝင်ပြီး ဆေးပုလင်းကလေးကို အတန်ကြာအောင် ငေးစိုက်ကြည့်နေမိသည်။ ဆေးလုံးကလေးများက အနီရောင် ဖြစ်သည်။ ပုလင်းထဲမှထုတ်ပြီး ရေကြည့်သည်။ အားလုံးပေါင်း ခြောက်ဆယ့်ငါးလုံး ရှိသည်။ဟင်နရီက သူ့ကို ယုံယုံကြည်ကြည်နှင့် ပေးလိုက်ခြင်း ဖြစ်သည်။

မယုံကြည်စရာရော ဘာအကြောင်း ရှိပါသနည်း။ အယ်နီအနေနှင့် သူ့ဘဝသူ ရေတိမ်နစ်အောင် မလုပ်နိုင်ပါ။ သမီးကလေး ရှိနေသေးသည်။ ပြီးတော့ သူ့လက်ထဲသို့ သူ့ယောက်ျား ပြန်ရောက်အောင်လည်း လုပ်ရဦးမည်။ စိတ်သောက ရောက်ရသည့် အချိန်များမှ ခဏတစ်ဖြုတ် သက်သာရာ သက်သာကြောင်း လိုသည်။ အိပ်မက်ဆိုးများ မက်နေရသည့် ညများနှင့် ဝေးဖို့သာ လိုသည်။

ဆေးလုံးကလေး တစ်လုံးကို သောက်လိုက်သည်။

"ကဲ - ယမင်းရုပ်ကလေးရေ မင်းအစွမ်းကို ကြည့်ရအောင်ကွယ်" ဟုလည်း အသံထွက်အောင် ပြောမိသည်။

အိပ်ခန်းထဲသို့ ပြန်လာပြီး အိပ်ရာပေါ်သို့ တက်သည်။ ကြမ်းပြင်ပေါ်မှာ သူ ဖတ်ချထားခဲ့သည့် သတင်းစာများကို ကောက်ယူသည်။

ပြီးတော့ သတင်းစာဖတ်နေသည်။ ဆယ်မိနစ်လောက်ကြာတော့ စာလုံးများ ဝါးလာသည်။ ခေါင်းကလည်း ပေါ့သွားသည်။ မျက်တောင်များ စင်းလာသည်။

အိပ်ပျော်ပါတော့မည်။

စဉ်းစားစရာရှိသည်များကို မနက်ဖြန်မှပဲ စဉ်းစားရတော့မည်။

*

နောက်တစ်ပတ်ကြာတော့ လိုင်ယွန် ပြန်ရောက်လာသည်။ ကာလီဖိုးနီးယားသို့ သူတို့ ခရီးဆက်နေရသောကြောင့် နောက်ကျသည်ဟု အကြောင်းပြသည်။

အယ်နီက ယခုမှ အကျိုးအကြောင်းသိရသည့်ဟန် အံ့ဩသည့် အမူအရာမျိုးကို လုပ်ပြသည်။ လိုင်ယွန်က အယ်နီကို စူးစမ်းသည့် အကြည့်မျိုးနှင့် ကြည့်နေသည်။

"မောင် လော့စ်အိန်ဂျယ်လိစ်ကို ရောက်နေတာ မင်း မသိဘူးလားဟင်"

"ကျွန်မ ဘယ်လိုလုပ် သိမှာလဲ မောင်။ မောင်တို့ ဥရောပမှာပဲ ရှိနေသေးတယ်လို့ ထင်နေတာ"

လိုင်ယွန်က တစ်ဖက်သို့ လှည့်သွားသည်။ သို့သော်လည်း သူ့မျက်နှာပေါ်မှာ ပေါ်ထွက်လာသည့် အံ့ဩသည့် အမူအရာကိုမူ အယ်နီက မြင်လိုက်ရသည်။

အမေးအမြန်း ထူတော့မည်။ အယ်နီ ကျေနပ်လောက်အောင် ဖြေရှင်းပြရတော့မည်ဟု လိုင်ယွန် ထင်ထားခဲ့သည်။

သို့သော်လည်း ဘာတစ်ခုမှ ထင်ထားသလို ဖြစ်မလာ။

ထိုနေ့ညက ကိုလိုနီဟိုတယ်မှာ ညစာ သွားစားကြသည်။ သူတို့ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေခွင့်ရသော ပထမဆုံး ညနေခင်း ဖြစ်သည်။

လိုင်ယွန်နှင့် အတူနေရင်း လိုင်ယွန်နှင့် နီလီတို့ နှစ်ယောက်လည်း ယခုလိုပင် နေကြလိမ့်မည် ဟူသော အတွေးက ခေါင်းထဲသို့

www.burmeseclassic.com

www.burmeseclassic.com



မကြာခဏ ဝင်လာသည်။ ထိုအတွေး ပျောက်သွားအောင် ဖျောက်ရသည်ကလည်း ပင်ပန်းလွန်းလှသည်။

သူတို့နှစ်ယောက် ငါးရက်လုံးလုံး အတူနေခွင့်ရကြသည်။ အလွန် ပျော်ရွှင်ချမ်းမြေ့စရာကောင်းသောနေ့များ ဖြစ်သည်။ လိုင်ယွန်နှင့် နီလီတို့ ဖြစ်ခဲ့ကြသည့် အကြောင်းများကိုပင် အမှန်ဟု ယုံကြည်ရန် ခက်ခဲသလို ဖြစ်လာမိသည်။ နောက်ပိုင်းတုန်းက ဘာတွေပဲ ဖြစ်ခဲ့ကြ ဖြစ်ခဲ့ကြ အယ်နီကတော့ မေ့လိုက်ချင်ပြီ။

ထိုအချိန်မှာပင် နီလီရောက်လာသည်။ ဆယ်လတိုင်တိုင် ရုပ်မြင်သံကြား ထုတ်လွှင့်ရန် စာချုပ် ချုပ်ကြသည်။ ဩဂုတ်လတွင် စတင် ရိုက်ကူးပြီး စက်တင်ဘာလမှစ၍ ထုတ်လွှင့်ရန် ဖြစ်သည်။ ယခု ဇူလိုင်လလယ်သာ ရှိသေးသည်။

သို့သော်လည်း နီလီတွင် အခြား ဘာမှ လုပ်စရာ မရှိတော့သဖြင့် လိုအပ်သည့် အစီအစဉ်များ ကြိုတင် ပြုလုပ်ရန် နယူးယောက်သို့ ရောက်လာခြင်း ဖြစ်သည်။

ထိုနေ့က ကြာသပတေးနေ့ ဖြစ်သည်။ နီလီ ရောက်လာသည့် အကြောင်းကို အယ်နီ သိမထား။ လိုင်ယွန်နှင့်အတူ ပြဇာတ်သွားကြည့်ပြီး ကိုပါဟိုတယ်တွင် အမျိုးသား အဆိုတော်တစ်ယောက်၏ ကိုယ်စားလှယ်တစ်ဦးနှင့် ညစာ အတူစားရန် စီစဉ်ပြီး လက်မှတ်များပင် ဝယ်ယူထားပြီး ဖြစ်သည်။ နယူးယောက်မှာ ရှိနေသည့် ကိုယ်စားလှယ်အားလုံးတို့က သူတို့၏ အနုပညာသည်များ နီလီနှင့်တွဲဖက်ပြီး ဧည့်သည်အဖြစ် တစ်ခန်းတလေ ပါခွင့်ရရေးကိုပင် အလုံအယက် ကြိုးစားနေကြသည်။

ညနေ ငါးနာရီ ထိုးတော့ လိုင်ယွန်၏ အတွင်းရေးမှူးက ဖုန်းဆက်သည်။ မစ္စတာဘတ် အစည်းအဝေး တက်နေရသောကြောင့် ပြဇာတ် လိုက်ကြည့်နိုင်တော့မည် မဟုတ်ကြောင်း၊ အယ်နီအတွက် အဖော်အဖြစ် လိုက်ရန် ဘတ်ဒ်ဟော့ဖ်ကို လွှတ်လိုက်မည် ဖြစ်ကြောင်း၊ ကိုပါဟိုတယ်သို့သာ ညစာ စားရန် လိုက်လာမည်ဖြစ်ကြောင်း ပြောပြသည်။

တစ်စုံတစ်ရာဖြစ်တော့မည် ဆိုသည်ကို အယ်နီ့အနေနှင့် လုံးဝ စိတ်ကူးခြင်း မရှိချေ။ သမီးကလေးနှင့်အတူ အေးအေးဆေးဆေး ကစားနေသည်။

ပြီးတော့ ရေချိုး၊ အဝတ်အစားလဲပြီး ဘတ်ဒ် ရောက်လာသောအခါ ပြဇာတ်ရုံသို့ သွားကြသည်။

ပြဇာတ်ပြီးတော့ ကိုပါဟိုတယ်သို့ သွားသည်။ သူတို့နှင့် ညစာ အတူစားရန် ဖိတ်ကြားထားသည့် ကိုယ်စားလှယ်က အသင့်စောင့်နေနှင့်သည်။ သူတို့အတွက် သီးသန့် စီစဉ်ထားသည့် စားပွဲမှာ ထိုင်ကြပြီးသောအခါ လိုင်ယွန် မအားသဖြင့် လိုက်မလာနိုင်သေးကြောင်းနှင့် ညစာ အတူစားမည်ဖြစ်ကြောင်း အယ်နီက ဧည့်သည်ကို ရှင်းပြသည်။

"ဒီကနေ့ နီလီ ရောက်လာလို့များ သူ အလုပ်များနေသလား မသိဘူး"

ကိုယ်စားလှယ်က ခေါင်းညိတ်ပြရင်း ပြန်ပြောသည်။

အယ်နီ၏မျက်နှာမှာ ထူပူသွားသည်။ သို့သော်လည်း ဟန်မပျက်အောင် ဣန္ဒြေဆယ်လိုက်သည်။

"အို- ဟုတ်ပါရဲ့၊ နီလီ ဘယ်အချိန် ရောက်မယ်တဲ့လဲ ဘတ်ဒ်"

အယ်နီက ဘတ်ဒ်ကို လှမ်းမေးသည်။

နီလီ ရောက်လာမည် ဆိုသည့်အတွက် မအံ့ဩသလိုမျိုး ဟန်ဆောင်လိုက်ရသည်။ သို့သော်လည်း ဘတ်ဒ်မှာ မနေတတ် မထိုင်တတ် ဖြစ်သွားသည်။

"နေ့ခင်းလောက် ရောက်လာမယ်လို့ ထင်ပါတယ်။ အဲဒါကလည်း စောစောပိုင်းက ဖုန်းဆက်ထားတဲ့ အချိန်ပါ"

"လိုင်ယွန်ကလည်း သိပ်ပင်ပန်းနေပြီ။ သနားစရာပါပဲ။ အရီဇိုနာမှာ နီလီ သူ့သားတွေနဲ့ သွားနေမယ်လို့ လိုင်ယွန်က ထင်နေတာ"

အယ်နီက ပြောပြီး သောက်စရာများ လှမ်းမှာသည်။ ဘတ်ဒ်နှင့် ကိုယ်စားလှယ်က မသိမသာ အပြန်အလှန် မျက်ရိပ်ပြလိုက်ကြသည်။ သည်အကြောင်းရင်း အမှန်ကို လူပေါင်း ဘယ်လောက်များများကများ သိနေကြပြီနည်း။

အယ်နီက ဖျော်ဖြေနေသည့် အဆိုတော်ကို စိတ်ဝင်စားဟန် ပြုနေရသည်။ လိုင်ယွန်အတွက် ချထားသည့် ကုလားထိုင်လွတ်က သူ့ကို လှောင်ပြောင်နေသလို ခံစားမှတ်ရသည်။ ကိုယ်စားလှယ် ဆိုသူကလည်း စိတ်

www.burmeseclassic.com



လက်မအီမသာ ဖြစ်နေပုံရသည်။ သို့သော် သူ စိတ်လက်မအီမသာ ဖြစ်သည်က အယ်နီ စိတ်ဆင်းရဲရသည်နှင့် နှိုင်းစာသော် ဘာမှ မပြောပလောက်ချေ။

"နီလီရဲ့ပွဲနဲ့ ပတ်သက်ပြီး အကြောင်း တစ်ခုခု ပေါ်လာလို့ ဖြစ်ပါလိမ့်မယ်။ နီလီက လည်း လိုင်ယွန် စီစဉ်ပေးမှ ဖြစ်မှာ မဟုတ် လား။ သူ့ကိုပဲ လုံးလုံး အားကိုးနေရတာပါ။ အခုလို သူ အချိန်မီ ရောက်မလာနိုင်တဲ့ အတွက် သူလည်း စိတ်ကောင်းမှာ မဟုတ်ပါ ဘူး။ ဒါပေမယ့် ဘတ်ဒ်က သူ့ကို အားလုံး ပြန်ပြီး ပြောပြပါလိမ့်မယ်"

အယ်နီက ကိုယ်စားလှယ် စိတ်ချမ်းသာ အောင် ပြောသည်။

ဘတ်ဒ်က ပြန်ပြောပြမည်မှာ သေချာ ပါသည်။ ယောက်ျားနှစ်ယောက်က အချင်း ချင်း ကြည့်လိုက်ကြပြန်သည်။

ဘတ်ဒ် လိုက်ပို့သဖြင့် အယ်နီ အိမ်ပြန် ရောက်လာသော အချိန်သည် မနက်သုံးနာရီ ထိုးပြီ။ လိုင်ယွန် ပြန်ရောက်မနေသေးကြောင်း ကို အယ်နီ သိသည်။ သမီးကလေး အခန်းထဲ သို့ ခြေဖျားထောက် ဝင်သွားပြီး သမီးကလေး ကို နမ်းသည်။ စောင်ကလေးကို ပြင်ခြုံပေး သည်။ ချစ်ရာ ကောင်းလိုက်တဲ့ သမီးကလေး ဂျနီဖာရယ်။

သူ့အဖေကဲ့သို့ မည်းနက်သော ဆံပင် ကလေးများ၊ မျက်လုံးပြာကလေးများနှင့် အလွန်ချောသည့် သမီးကလေး ဖြစ်သည်။

ကြည့်နေရင်းမှာပင် မျက်ရည်ကျတော့ မည်ကဲ့သို့ ဖြစ်လာသည်။ မျက်ရည်ကျနေလို့ မဖြစ်သေးပါ။ လိုင်ယွန် ပြန်ရောက်လာလျှင် တည်တည်ငြိမ်ငြိမ် နေပြဖို့ လိုပါသည်။ သူ ပြောပြမည့် စကားများကို ယုံကြည်ဟန် ဆောင်ရဦးမည်။

မနက် ငါးနာရီထိုးတော့ ဧည့်ခန်းထဲသို့ ခြေဖျားထောက်ပြီး ဝင်သွားကြည့်သည်။ လိုင် ယွန် ပြန်ရောက်လာသော်လည်း မိမိအိပ်နေ သည်ကို အနှောင့်အယှက် ဖြစ်မည် စိုးသော ကြောင့် နားနေခန်းမှာပဲ အိပ်ချင် အိပ်နေလိမ့် မည်။ သို့မဟုတ် သီးသန့်နားနေခန်းထဲမှာ အိပ် ချင် အိပ်နေလိမ့်မည်။ သို့သော် နှစ်ခန်းစလုံး မှာ လိုင်ယွန် မရှိ။

အို- မောင်ရယ်၊ ဘာကြောင့်များ ပြန် မလာတာလဲကွယ်။ နောက်ပြီးတော့ နီလီ ငါ့ အပေါ်မှာ မင်း ဒါလောက်တောင် ရက်စက် နိုင်သလားကွယ်။

ရေချိုးခန်းဆီသို့ လျှောက်လာပြီး စိတ် ငြိမ်ဆေးတစ်လုံးကို သောက်လိုက်ရပြန်သည်။

လိုင်ယွန် ပြန်မလာသည့် ညမှစ၍ ည တိုင်း တစ်လုံးကျ သောက်နေရသည်မှာ တစ် ပတ်လောက် ရှိသွားပြီ။ နေ့လယ်နေ့ခင်းမှာ တော့ အကြောင်းမဟုတ် သမီးကလေးနှင့် အတူ နေနိုင်သည်။

ဟင်နရီနှင့်သော် လည်းကောင်း၊ အခြား အသိမိတ်ဆွေများနှင့်သော် လည်းကောင်း နေ့လယ်စာ အတူ ထွက်စားနိုင်သည်။ ည ဘက်မှသာ တစ်ယောက်တည်း အနေရ ခက် လှသည်။

လိုင်ယွန့်လက်ထောက်များ၏ ဇနီးများ နှင့်သော် လည်းကောင်း၊ ဒါရိုက်တာများနှင့် သော် လည်းကောင်း နေ့လယ်စာ အတူ စား လေ့စားထ ရှိသော်လည်း လက်ပွန်းတတီး ပေါင်းသင်းခြင်းကား မပြုမိ။ သူ့ဘဝတွင် နီလီ နှင့် ဂျနီဖာတို့ကိုသာ လက်ပွန်းတတီး တရင်း တနှီး ပေါင်းခဲ့သည်။

ယခုလို အသက်သုံးဆယ် ကျော်လာပြီ ဆိုတော့လည်း ရင်းနှီးသည့် မိတ်ဆွေသစ် ရှာ ဖို့က မလွယ်တော့။ ဘာပဲဖြစ်ဖြစ် နေ့လယ် ဘက်တွင် သူတို့နှင့်အတူ သွားသွားလာလာ စားစားသောက်သောက် နေနေရသဖြင့် မေ့မေ့ပျောက်ပျောက် နေနိုင်သေးသည်။

ညပိုင်းကျတော့ သမီးကလေးနှင့် သမီး ကလေး၏နာနီ မစ္စကူဇင်တို့ကလည်း အိပ် ပျော်နေကြပြီ။ သူ့မှာသာ အဖော်မဲ့နေသည်။ ထို့ကြောင့်လည်း စိတ်ငြိမ်ဆေးများကိုသာ အဖော်ပြုရတော့သည်။

အိပ်ရာထဲမှာ လဲလျောင်းနေရင်း နယူး ယောက်မြို့မှာ နီလီ မည်မျှကြာအောင် နေဖို့ များ စီစဉ်ထားလေသနည်းဟု တွေးကြည့်နေ မိသည်။ ရက်ပိုင်းကလေးလောက်လည်း ဖြစ် နိုင်သည်။ တွေးနေရင်းမှာပင် အိပ်ပျော်သွား သည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည် ကို မသိလိုက်။ သို့သော်လည်း အခန်းထဲမှာ လိုင်ယွန် ရောက်နေကြောင်း သိလိုက်သည်။ လိုင်ယွန်၏ တိုးတိုးတိတ်တိတ် လှုပ်ရှားသံ များကို ကြားရသည်။ ကြိုးစားပြီး မျက်လုံး ဖွင့်ကြည့်သည်။ နေ့၏ အလင်းရောင်ကိုပင်

 www.burmeseclassic.com 

မြင်နေရပြီ။ ရေချိုးခန်းထဲမှာ လိုင်ယွန် ရှိနေသည်။

"မောင်လား"

အယ်နီက အိပ်ရာမှ ထထိုင်သည်။ စားပွဲပေါ်မှ နာရီကို လှမ်းကြည့်သည်။

ရှစ်နာရီ ထိုးနေပြီ။

ယခုမှ သူ ပြန်ရောက်လာတာလား။ ကုလားထိုင်ပေါ်မှာ သူ့အဝတ်အစားများကို တွေ့သည်။

ရေချိုးခန်းထဲမှ လိုင်ယွန် ထွက်လာသည်။ အောင်းဘီတိုကလေးနှင့် ဖြစ်သည်။ သူ့မျက်နှာက ပြုံးနေသည်။

"မောင့်ကြောင့် အိပ်ရေးပျက်သွားပြီ"

"ဘယ်နှနာရီ ထိုးပြီလဲဟင်"

"ရှစ်နာရီ မောင်တောင် အဝတ်အစားလဲနေပြီလေ"

လိုင်ယွန်က ပြောပြောဆိုဆိုနှင့် သူ့ခုတင်ရှိရာသို့ ခပ်သွက်သွက် လျှောက်သွားပြီး ခုတင်ပေါ်မှာ ထိုင်ချသည်။ အိပ်ရာအနေအထား မပျက်ဘဲ ရှိနေသည်ကို အယ်နီက သတိမထားမိစေရန် ဖြစ်သည်။ သည်ခုတင်ပေါ်မှာ သူ အိပ်ခဲ့ကြောင်း ကြိုးစားပြီး ဟန်လုပ်ပြနေသည်။

"မင်း ဘယ်အချိန်က အိပ်ပျော်နေတာလဲ"

သူက ဖိနပ်စီးရင်း ရိုးရိုးမေးသလို မေးသည်။

"သုံးနာရီလောက်က . . . "

အယ်နီက လိမ်ပြောလိုက်သည်။ အိပ်ဆေးများကြောင့် မူးနောက်နောက် ဖြစ်နေသည်။

"မောင် လေးနာရီလောက် ပြန်ရောက်လာတယ်။ မင်း အိပ်နေလိုက်တာ သိုးနေတာပဲ"

လိုင်ယွန်က မှန်တန်းလေသံနှင့်ပင် ပြောနေသည်။

အယ်နီက ခေါင်းအုံးပေါ်မှာ ပြန်ပြီး လှဲချလိုက်ပြန်သည်။

"နီလီ ဒီမြို့ကို ရောက်နေတယ်"

လိုင်ယွန်က ရှပ်အင်္ကျီအသစ်ကို ဝတ်နေရင်းက လှမ်းပြောသည်။

"ဟုတ်ကဲ့၊ ဘတ်ဒ် ပြောပြတယ်"

မိမိကို လိုင်ယွန် အကဲခတ်နေကြောင်း အယ်နီ သိသည်။ ထို့ကြောင့်လည်း မျက်လုံးများကို မှိတ်ထားလိုက်သည်။

"ရုပ်မြင်သံကြား လွှင့်မယ့်လူတွေနဲ့ မောင်တို့ အစည်းဝေးကို သူပါ လာတက်တယ်လေ၊ သူက ဇာတ်ညွှန်းကို နည်းနည်းပါးပါး ပြောင်းခိုင်းနေတယ်။ ပြဿနာကလေးတွေ ရှိလာတာပေါ့ကွာ။ အဲဒါတွေ ပြီးသွားအောင် အချိန်အတော်ကြာ လုပ်နေရတယ်"

မနက် ရှစ်နာရီထိုးတဲ့ အချိန်အထိများ လုပ်နေကြရသလား။

အယ်နီက မျက်လုံးကို မှိတ်မြဲ မှိတ်ထားသည်။

"အဲဒါ ပြီးတော့မှ ရုပ်မြင်သံကြား ထုတ်လွှင့်မယ့်လူတွေနဲ့ မောင်တို့ ညစာသွားစားနိုင်တော့တယ်။ သူတို့ စိတ်ကျေနပ်အောင်လည်း ချော့ရသေးတယ်ကွာ။ တက်ကယ်လီကိုလည်း ချော့ရသေးတယ်။ ဒီငတိဟာ အရက် ဘယ်လောက် ကြိုက်တယ် ဆိုတာလဲ မင်း အသိသားပဲ။

ဩော်- အင်း. . အင်း. . အင်း။ မင်းမှ သူနဲ့ မတွေ့ဖူးဘူးသေးပဲ။ သူက သူ့ကိုယ်စားလှယ်နဲ့ အတူတူ လာတယ်။ ပီဂျေ ဟိုတယ်မှာ မောင်တို့ သုံးနာရီထိုးတဲ့အထိ ရှိနေတယ်။ သူတို့က ဇာတ်ညွှန်း အပြောင်းအလဲလုပ်လို့ မကျေမနပ် ဖြစ်နေကြတာ မဟုတ်လား။သူတို့ ကျေနပ်အောင် မောင်က ဖျောင်းဖျနေရတယ်။ ကိုပါမှာ ရှိနေတဲ့ မင်းတို့ဆီကို မောင် ဖုန်းဆက်ဦးမလို့။

ဒါပေမယ့် တက်ကယ်လီက မောင်နဲ့ လိုက်လာဦးမှာ။ သူက သိပ်မူးနေပြီ။ ဒါကြောင့် ဒီအတိုင်း ထိုင်ပြီး သူ ကျေနပ်အောင် လုပ်နေရတယ်။ ပီဂျေဟိုတယ် စားသောက်ခန်းက မနက်လေးနာရီမှာ ပိတ်လို့ တော်ပေသေးတော့တယ်။ မောင်လည်း အိမ်ကို တန်းပြန်လာတာပဲ"

ဘုရား ဘုရား၊ ဒီအတိုင်း အောင့်မနေနိုင်ပါလား။ အော်ပြီး ငိုလိုက်ရင် ကောင်းလေမည်လား။

အယ်နီက နှုတ်ခမ်းကိုသာ တင်းတင်း ကိုက်ထားသည်။

"အချစ်ရေ မင်း အိပ်ချင်ပြေသွားပြီလား"

အယ်နီက မသိမသာ ခေါင်းညိတ်ပြသည်။ လိုင်ယွန်က ပြုံးပြီး ဆက်ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း ဒီအတိုင်းပဲ ဖျင်းနေဦးတော့မှာပဲကွာ။ ဒီကနေ့ညတော့ မင်းအမျိုးသမီး သူငယ်ချင်းတွေနဲ့ပဲ တစ်ခုခု စီစဉ်ပြီး အချိန်ဖြုန်းလိုက်ပါဦး။ မောင်ကတော့ မြို့ပြင်ထွက်ပြီး နီလီနဲ့ ကိုယ်စားလှယ် အချို့နဲ့ ရုပ်မြင်သံကြား အတွက် အစီအစဉ်ကလေးတွေ လုပ်စရာ ရှိနေသေးတယ်"

အယ်နီမှာ အိပ်ချင်စိတ် လုံးဝ ပြယ်သွားသည်။

"ကျွန်မ လိုက်လာလို့ မရဘူးလားဟင်"

"မင်း စိတ်ဝင်စားမှာ မဟုတ်ပါဘူးကွာ။ နောက်ပြီးတော့ အခုဟာက လုပ်ငန်းအတွက် သွားကြရမှာလေ။တခြား လူတွေလည်း သူတို့ မိန်းမတွေကို ခေါ်လာကြမှာ မဟုတ်ဘူး။ မင်း လိုက်လာရင် လူမှုရေးအရ အနှောင့်အယှက် ပေးသလို ဖြစ်နေမှာပေါ့။

နောက်မှပဲ မိန်းမတွေ အားလုံးပါ ခေါ်သွားပြီး ပွဲတစ်ပွဲ လုပ်ကြတာပေါ့။ မိန်းမလုပ်တဲ့ သူက တန်းလန်းတန်းလန်း ပါနေရင် အလုပ်လုပ်ရတာ တွင်ကျယ်မှာ မဟုတ်ဘူး"

လိုင်ယွန်က ခပ်မြန်မြန် ပြန်ဖြေသည်။

"ဒါပေမယ့် နီလီလည်း ဟိုမှာ ရှိနေမှာ မဟုတ်လား"

အယ်နီက စောဒက တက်ကြည့်သေးသည်။

လိုင်ယွန်၏ အမူအရာမှာ အံ့သြသလို ဖြစ်သွားသည်။

"ရှိမှာပေါ့၊ ဒီဥစ္စာက သူ့ပွဲပဲ။ သူ ကရမယ့် ဇာတ်အတွက် လိုအပ်တဲ့ အခန်းတွေကို သူ သဘောတူမှ ဖြစ်မှာပေါ့။ ဟော- ဂျနီဖာ အသံ ကြားလိုက်ရတယ်။ မောင့်ကို ဒါဒါလို့ လှမ်းခေါ်နေပြီ။သမီးကလေးနဲ့အတူတူ မောင် နံနက်စာ စားလိုက်မယ်။ ကဲ - မင်းလည်း ပြန်အိပ်လိုက်ဦးနော်"

ထိုနေ့မှစပြီး နောက်ထပ် ငါးညလုံးလုံး လိုင်ယွန်ကို မတွေ့ရတော့ချေ။

မနက်ပိုင်းတော့ သူ ပြန်လာပြီး အဝတ်လဲသည့်အသံများကို ကြားနေရသည်။ တစ်ခါ တစ်ရံ အယ်နီ အိပ်ရာမှ နိုးနေတတ်သည်။ သို့သော်လည်း သူ ရောက်လာမှ နိုးသည့်ဟန် မျိုး ဆောင်လိုက်သည်။ ထိုအခါတိုင်းတွင် လိုင်ယွန်က သူ လုံးဝ အိပ်မထားသည့် အိပ်ရာကို သူ အိပ်ထားသယောင် ဖွထားတတ်သည်။ သူ နောက်ကျရသည့် အကြောင်းများကလည်း အပြည့် ဖြစ်သည်။

ဇာတ်ကွက်များကို ကြည့်နေရလို့၊

ကိုယ်စားလှယ်များနှင့် အစည်းအဝေး လုပ်နေစဉ် နီလီနှင့် အသံစမ်းကြည့်နေလို့၊

နီလီ၏ သီချင်းသစ်များကို နားထောင်နေလို့၊

အကြောင်းပြချက်ကတော့ အမြဲတမ်း ပါသည်။ အယ်နီကလည်း ညတိုင်း အိပ်ဆေး တစ်လုံးကျ သောက်ရင်း သက်သာရာကို ရှာနေရသည်။

ခြောက်ရက်မြောက်နေ့ကျတော့ ပြဿနာအသစ်တစ်ခု ထပ်ပေါ်လာသည်။ လိုင်ယွန် အိမ်မှ ထွက်သွားခါစ ဖြစ်သည်။ သူ့အပြော ကတော့ တက်ကယ်လီနှင့် အတူတူ သွားစရာ ရှိသည်ဟု ဆိုသည်။ သူတို့နှစ်ယောက် တည်းပါဟု ဆိုသည်။

အယ်နီကလည်း ယုံလိုက်ရတော့သည်။ ခေါင်းအုံးပေါ် သို့သာ ခေါင်းပြန်ချလိုက်ရသည်။ သို့သော်လည်း အိပ်မပျော်တော့။ ရေချိုးခန်းဆီသို့ ထလာပြီး နောက်ထပ် အိပ်ဆေးတစ်လုံး သောက်သည်။

သူ အိပ်ရာမှ နိုးသောအခါ မွန်းလွဲတစ်နာရီထိုးနေပြီ။အိမ်ဖော်တစ်ယောက်ကို လှမ်းခေါ်ပြီး ကောင်းကောင်းနေမကောင်းကြောင်း ပြောပြသည်။

ထို့ကြောင့် ကော်ဖီနှင့် စားစာတစ်ခုခုကို အိပ်ရာထဲမှပင် စားတော့မည် ဆိုပြီး ပြင်ခိုင်းသည်။ အိမ်ဖော်က စားစရာများနှင့် အတူ ညနေ သတင်းစာများကိုပါ ယူလာပေးသည်။ သတင်းစာတစ်စောင်ကို စိတ်မပါဘဲ အမှတ်မထင် လှန်လှောနေမိသည်။

ဓာတ်ပုံကဏ္ဍကို လှန်မိသောအခါတွင် လိုင်ယွန်နှင့် နီလီတို့နှစ်ယောက်၏ ဓာတ်ပုံကို ပြူးခနဲ သွားတွေ့သည်။

**အယ်လီမိုရှီကို ဟိုတယ်တွင် သူ၏ မန်နေဂျာနှင့် တွဲကနေသော မစ္စဒိုဟာရာ**

ဟု ပုံစာရေးထားသည်။

နီလီမှာ ကြည့်ပျော်ရှုပျော်ဖြစ်နေသည်။ ထိုဓာတ်ပုံကို မြင်ရတော့မှ နီလီကို သူ မ... ရတော့သည်မှာ ကြာပြီ ဖြစ်ကြောင်းသည်။ သတိပြုမိသည်။

မည်မျှ ကြာသွားပြီနည်း။

www.burmeseclassic.com

www.burmeseclassic.com



သမီးလေး မျက်နှာမမြင်မီကတည်းက ဖြစ်သည်။ ရှစ်လ ကိုးလလောက်မှ ရှိပေပြီ။

နီလီသည် သူနှင့် လိုင်ယွန်တို့၏ ဇာတ်လမ်းကို ဖုံးကွယ်ထားရန် မကြိုးစားတော့သည့် သဘောမျိုး ဖြစ်သည်။ လိုင်ယွန်ကို စိုက်ကြည့်ရင်း ပြုံးနေသည်။ လိုင်ယွန်ကလည်း ပျော်မြူးနေပုံရသည်။

ဘုရား . . ဘုရား၊ အခု ဘာလုပ်ရတော့မည်နည်း။

သူ လိမ်သွားသည်မှာ ဘူးပေါ်သလို ပေါ်နေပြီ။ တက်ကယ်လီနှင့် အတူတူ သွားသည်ဟု ပြောမသွားလျှင် တော်သေးသည်။ အယ်နီက ဟင်နရီကို ဖုန်းလှမ်းဆက်သည်။

"အဲဒီ သတင်းစာကြီး လွှင့်ပစ်လိုက်စမ်း။ ဒီသတင်းစာကြီးကိုင်ပြီး သူနဲ့ ရန်ထောင်မနေနဲ့။ ဒီသတင်းစာကို မမြင်ရသေးဘူးဆိုတဲ့ သဘောမျိုး လုပ်ထား"

ဟင်နရီက ပြန်ပြောသည်။

"ဘကြီး၊ ကျွန်မ ဒီအတိုင်း မနေနိုင်တော့ဘူး။ ကျွန်မ နေလို့ မရတော့ဘူး"

အယ်နီက ငိုရှိုက်ရင်း ပြန်ဖြေသည်။

"ဘကြီးဆီကို လာခဲ့ အယ်နီ။ ဒီအကြောင်း ဘကြီးတို့ တိုင်ပင်ကြရအောင်"

ဟင်နရီ၏အိမ်သို့ အယ်နီ ရောက်သွားသည်။ ဟင်နရီက အခန်းထဲမှာ လူးလာခေါက်တုံ့ လမ်းလျှောက်နေသည်။

"ဒီအဖြစ်ကတော့ တော်တော်ဆိုးပါတယ်၊ ဒီသူငယ်မ ဒါလောက်တောင် မျက်နှာပြောင် တိုက်ရဲလိမ့်မယ်လို့ ဘကြီး မထင်ခဲ့ဘူး။ သူတို့နှစ်ယောက် ခရီးအတူတူ သွားကြ လာကြတုန်း အချိန်လောက်မှာသာ ရှုပ်နေကြတာလို့ ထင်ခဲ့တယ်။ သမီး အနေနဲ့တော့ တစ်ယောက်တည်းဖြစ်နေတာ မှန်တယ်။ဒါပေမယ့် ဒီကိစ္စကို မသိသလို နေဦးမှတဲ"

"ကျွန်မ ဘယ်လိုလုပ်ပြီး မသိချင်ယောင်ဆောင်နိုင်တော့မှာလဲ။ တစ်မြို့လုံးက ကျွန်မကို ဝိုင်းပြီး လှောင်ကြတော့မယ်။ အခုဆိုရင် ကျွန်မမှာ နေ့လယ်စာတောင် အပြင်ထွက်ပြီး မစားရဲတော့ဘူး။

လိုင်ယွန်ကလည်း နီလီကို ကာလီဖိုးနီးယား ပြန်စေချင်နေပြီလို့၊ နီလီကို အခုလို ထိုင်ပြီး အထိန်းတော် အချီတော် လုပ်ပေးနေရတာကို စိတ်ကုန်နေပါပြီလို့ မနေ့ကပဲ အခြား အမျိုးသမီးသုံးယောက်ကို နေ့လယ်စာ အတူစားရင်း ကျွန်မကို ပြောပြမိသေးတယ်။ သူတို့ကတော့ စိတ်ထဲက ကျိတ်ရယ်နေကြတော့မှာပဲ။ ကျွန်မ မျက်နှာမထားတတ်တော့ဘူး"

အယ်နီက သတင်းစာကို ကောက်ယူသည်။

"လိုင်ယွန်ကို ဖုန်းဆက်ရမလား။ သူ့ကို မိတ်ဆွေတစ်ယောက်အနေနဲ့ ဘကြီး ပြောပြမယ်လေ။ မင်း ဒီကို ရောက်နေတာလည်း သူ မသိစေရဘူးပေါ့။ ဘကြီးတို့ ဘာလုပ်ရမယ်ဆိုတာ စဉ်းစားစရာ ရလာမှာပေါ့"

အယ်နီက ခေါင်းယမ်းပြသည်။

"သူ သိသွားလိမ့်မယ်။ ဘကြီးတစ်ယောက်ကိုပဲ ကျွန်မ ယုံတယ် ဆိုတာ သူသိတယ်"

ဟင်နရီက ရုတ်တရက် ဖုန်းကို လှမ်းဆွဲယူသည်။

"ဘကြီး ဘာလုပ်မလို့လဲ"

အယ်နီက မေးသည်။

"နီလီကို ဆက်မယ်။သူ့ကို အကြံဉာဏ်ပေးတဲ့ သဘောမျိုးနဲ့ ဘကြီးက ပြောမယ်။ အိပ်ခန်းထဲမှာ လိုင်းခွဲဖုန်းတစ်လုံး ရှိတယ်။ အဲဒီဖုန်းကနေ သွားနားထောင်"

အယ်နီက ဟင်နရီကို စောင့်ကြည့်နေသည်။ နီလီ၏ ကိုယ်လုံးကိုယ်ပေါက် ပုံမှန်ပြန်ဖြစ်လာသည့်အတွက် ဝမ်းသာစကားများ အတန်ကြာအောင် သူတို့နှစ်ယောက် ပြောနေသည်။ နောက်ဆုံးကျမှ လိုရင်းကို သူက ပြောသည်။

"နီလီ အခုပဲ ညနေသတင်းစာ ဖတ်မိတယ်။ လိုင်ယွန်ဘာတ်ဆိုတဲ့ အကောင်က ဘာတွေ လုပ်နေတာလဲ"

ဟင်နရီ၏ မျက်နှာပေါ်တွင် ပေါ်လာသည့် အမူအရာကို အယ်နီ မကြိုက်ချေ။ ထို့ကြောင့် အိပ်ခန်းထဲသို့ ဝင်လာပြီး လိုင်းခွဲဖုန်းကို အသာကလေး ကောက်ကိုင်သည်။ နီလီ ပြောနေသံကို ကြားရသည်။

"ဒီမှာ နားထောင် ဟင်နရီ၊ ဘကြီးကို ကျွန်မ ချစ်ပါတယ်။ ဒါပေမယ့် ဒါတွေ ခေါက်ထားလိုက်စမ်းပါ"

"နီလီ၊ မင်းစိတ်ထဲမှာ ဘာတွေ ခံစားနေရတယ် ဆိုတာကို ဘကြီး နားမလည်ဘူး။ ဂရုစိုက်နေစရာ အကြောင်းလည်း မရှိဘူး။ မင်းအနေနဲ့ အယ်နီအပေါ်မှာ သစ္စာစောင့်သိ

www.burmeseclassic.com

ရှိသေဖို့ မလိုဘူးလို့ ထင်နေရင်တောင်မှ မင်းရဲ့ ဂုဏ်သိက္ခာ မကျအောင် မင်းက ကာကွယ်ဖို့ လိုတယ်။ လိုင်ယွန်ဟာ အယ်နီနဲ့ လက်ထပ်ထားကြောင်း လူတိုင်း သိတယ်။ မင်းတို့ အကြောင်း သတင်းစာတွေက တစေ့တစောင်း ရေးနေကြရာကနေပြီး အခုလောက် အထိ ဖြစ်လာတာတော့ မကောင်းဘူး။

မင်းကို ရုပ်မြင်သံကြား လွှင့်ပေးမယ့် လူတွေကလည်း ဒီလို ပြဿနာ ရှုပ်ရှုပ်ထွေးထွေးတွေ ဖြစ်လာမှာကို ကြိုက်ကြမှာ မဟုတ်ဘူး။ လိုင်ယွန်ကလည်း အယ်နီနဲ့အတူ နေနေတာ မဟုတ်လား"

ဟင်နရီက တစ်လုံးချင်း အေးအေးဆေးဆေး ပြောပြနေသည်။

"အလကားပါ၊ မနက်ပိုင်းမှာ သူ အိမ်ပြန်ပြီး အဝတ်အစားလဲတယ်။ ဒီလို ခိုးကြောင်ခိုးဝှက် ပြန်ပြန်လာတာကိုများ အယ်နီ ဖမ်းမိသွားမလားဆိုပြီး မျှော်လင့်တကြီးနဲ့ သူ စောင့်နေတာ။ ဒါပေမယ့် သူ ပြန်တိုင်း သူ့မိန်းမက သိုးနေအောင် အိပ်နေတာချည်းပဲ"

"လိုင်ယွန်က ဖမ်းမိတာ ခံချင်နေတယ်ဆိုတာ မင်းအထင် ဖြစ်ချင်ဖြစ်မှာပေါ့ နီလီ"

"မဟုတ်ပါဘူး။ သူ ညတိုင်း ကျွန်မနဲ့ အတူတူ နေနေတာပဲ။ မနေ့ညတုန်းက အယ်လ်မိုရိုကိုမှာ ကျွန်မတို့ ဓာတ်ပုံ အရိုက်ခံရတော့တောင် သူက ပြောသေးတယ်။

'ကောင်းဖို့အတွက် ဖြစ်လာတာနဲ့ တူတယ်။ သတင်းစာထဲမှာ တို့နှစ်ယောက် ဓာတ်ပုံ ပါသွားရင် အဖြစ်မှန် ပေါ်သွားတာပေါ့'လို့ သူက ပြောခဲ့သေးတယ်။

အခု ကျွန်မ ပြန်ပြောပြတဲ့အတိုင်း သူ ပြောတာ အမှန်ပဲ။ သူ့စိတ်ထဲမှာ တစ်ခုပဲ စိုးရိမ်နေတယ်။ ဒီအကြောင်းတွေ အယ်နီ သိသွားရင် စိတ်ထိခိုက်သွားမလား ဆိုတာပဲ။ အင်း- ကလေးကိုတော့ သူချစ်ပါတယ်"

"နီလီ၊ မင်း ဒီအတိုင်း လုပ်နေရင် ဝဋ်လည်လိမ့်မယ်နော်။ တခြားလူတွေ ဘာဖြစ်ဖြစ် ငါလုပ်ချင်ရာ လုပ်မယ်ဆိုပြီး လျှောက်လျှောက်လုပ်မနေနဲ့။ လူတိုင်း ဒီဒဏ်တွေကို တစ်နေ့မှာ ပြန်ခံကြရမှာချည်းပဲ"

"ကျွန်မက လူတိုင်းထဲက သူလိုငါလို တစ်ယောက် မဟုတ်ဘူးလေ။ အခုအချိန်ဟာ ကျွန်မ လိုချင်တာကို ရအောင် ယူနေတဲ့ အချိန်ပဲ။ ဘကြီး သိတယ် မဟုတ်လား။ ဘာကြောင့်လဲ ဆိုတော့ ကျွန်မဘဝတစ်လျှောက်လုံးမှာ ကျွန်မကချည်း ပေးခဲ့ရတာပဲ။

ကလေးဘဝတုန်းကလည်း ဒီအတိုင်းပဲ။ ဟို အရပ်တကာလှည့်ပြီး အငြိမ့်ကနေတုန်းက ရော ကြည့်မလား။ ကျွန်မ ခဲအိုက ကျွန်မ အပေါ် ကလိမ်ကျခဲ့တယ်။ ဟောလီးဝုဒ်မှာ ကျွန်မ ရုပ်ရှင်ရိုက်ခဲ့တုန်းကလည်း ကြည့်။ သူတို့အတွက် ငွေတွေ အများကြီး ကျွန်မ ရှာပေးခဲ့တယ်။ နောက်ဆုံးတော့ ကျွန်မကို ဖင်ကန်ထုတ်လိုက်တာပဲ။

ဒါပေမယ့်၊ ကျွန်မဘဝ ပျက်စီးသွားအောင် ဘယ်လိုဟာမျိုးကမှ မတတ်နိုင်ဘူး။ ကျွန်မလိုလူမျိုး လောကကြီးမှာ မရှိဘူးဆိုတာ ဘကြီး သိတယ် မဟုတ်လား။ ရိုးရိုးလူသားတွေ လိုက်နာဖို့ သတ်မှတ်ထားတဲ့ စည်းကမ်းတွေကို ကျွန်မ လိုက်နာနေစရာ မလိုဘူး။

ဘာကြောင့်လဲ ဆိုတော့ ကျွန်မက ရိုးရိုးသာမန်လူ မဟုတ်ဘူး။ ကျွန်မ ပျက်စီးသွားအောင် ဘယ်လိုဟာမျိုးကမှ မတတ်နိုင်ဘူးဆိုတာ ဘကြီးကို ကျွန်မ ပြောပြီးပါရောလား။ အိပ်ဆေးရော အိပ်ဆေး၊ စိတ္တဇဆေးရဲ့ ဘာတွေကမှ ကျွန်မကို ဖျက်ဆီးမပစ်နိုင်ဘူး။

ဒါပေမယ့်၊ လိုင်ယွန်ကတော့ ကျွန်မ ဘာမဆိုဖြစ်အောင် လုပ်နိုင်တယ်။ လိုင်ယွန်နဲ့ ကျွန်မ အတူတူနေနေရရင် ဘာမှ စားဖို့လည်း မလိုဘူး။ အခုဆိုရင် ကျွန်မ အရက်လည်း သောက်နိုင်တယ်။ ပိန်ဆေးလည်း စားနိုင်တယ်။ အိပ်ဆေးလည်း သောက်နိုင်တယ်။ ဘာမှ မဖြစ်ဘူး။

ကျွန်မ အနုပညာစွမ်းရည်နဲ့ တစ်ကမ္ဘာလုံး စိတ်ချမ်းသာအောင် ကျွန်မ လုပ်ပေးတယ်။ ကျွန်မ စိတ်ချမ်းသာဖို့ကျတော့ လိုင်ယွန်က လုပ်ပေးတယ်။ ကျွန်မမှာ စိတ်ချမ်းသာခွင့် အခွင့်အရေး မရှိရတော့ဘူးလား။ ကျွန်မမှာ လိုင်ယွန်ရှိနေမှ ဖြစ်တော့မယ်။ အယ်နီဆိုတဲ့ ကောင်မက ဘာကောင်မမို့လို့လဲ"

"အယ်နီဟာ မင်းတစ်သက်လုံး တွေ့ဖူးသမျှတွေထဲက မင်းအပေါ်မှာ အကောင်းဆုံး မိတ်ဆွေလေ"

"ဟုတ်ပါရဲ့၊ ဒါလည်း မှန်ပါတယ်။ လိုင်ယွန်ကို နေ့ခင်းပိုင်း သူ့ဆီ လွှတ်ပေးနေတော့ သူ ကံကောင်းလှပါပြီ။ သူကရော ကျွန်မကို တုနိုင်မှာမို့လား။ ကျွန်မကို လူတိုင်းက သဲသဲလှုပ် သဘောကျနေကြတာ။ ကျွန်မဟာ အယ်

www.burmeseclassic.com


သူမှ မယှဉ်နိုင်အောင် အောင်မြင်နေတဲ့ မင်းသမီး၊ သူလို ကောင်မမျိုးကို ကျွန်မက ဘာဖြစ်လို့ ဂရုစိုက်နေရမှာလဲ။ ကျွန်မ ကလေးဘဝကတည်းက ကျွန်မ အောင်မြင်မှုနဲ့ ကျွန်မ နေခဲ့တာ။ သူဟာ မူရာမာယာတွေတော့ ကောင်းပါရဲ့။

ဒါပေမယ့်၊ သူ့မှာ ဒီအရည်အချင်းတွေပဲ ရှိတယ်။ အခု သူ ဘယ်ဘဝရောက်နေပြီလဲ။ လက်သည်းဆိုးဆေးရောင်းဖို့ ရုပ်မြင်သံကြားကနေ ကြော်ငြာခဲ့ပြီး အခု အရိုးပဒေသာနဲ့ ဘယ်သူမှ ဂရုမစိုက်တော့တဲ့ ကောင်မဘဝ ရောက်နေပြီ မဟုတ်လား။ လက်သည်းဆိုးဆေး ကြော်ငြာပေးရင်း ဟိုအဘိုးကြီးနဲ့ နှစ်ပေါင်းများစွာ အတူနေခဲ့တာ မဟုတ်လား။

ဒါကြောင့်၊ အဲဒီ အဘိုးကြီး ငွေတွေနဲ့ လိုင်ယွန်ကို သူ ဝယ်နိုင်တာပေါ့။ အခု အချိန်ကျတော့မှ သူက ကလေးတစ်ယောက်နဲ့ မိန်းမကောင်း မိန်းမမြတ်ကြီးဂိုက် လာဖမ်းနေတာ။ ကျွန်မဟာ ဘယ်တော့မှ အချောင်နိုက်မစားဘူး။ ကျွန်မရတဲ့ငွေဟာ ကျွန်မအနုပညာ အရည်အချင်းကြောင့် ရတာ။ ပိုင်းလုံးမ လုပ်မစားဘူး။ သူကတော့ တစ်သက်လုံး သူ့ရုပ်ကလေးကို ပြပြီး စားလာတာ မဟုတ်လား။

အခုဆို သူ့အသက် သုံးဆယ့်ရှစ်နှစ်လောက် ရှိနေပြီ။ ကျွန်မအသက်က သုံးဆယ့်လေးနှစ်။ ဒါပေမယ့် ကျွန်မက ရုပ်ရည်ကို ဗန်းပြမစားဘူး။ ဘကြီးက အယ်နီရဲ့ မိတ်ဆွေအစစ်ဆိုရင် သူ့ကို ပြောပြလိုက်စမ်းပါ။ လိုင်ယွန်ကို လွတ်လပ်ခွင့်ပေးလိုက်ပါတော့လို့။

အဲဒီနောက်ကျတော့ သူမျက်နှာကို သူ အလှပြင်ပြီး ကေဗင်ဂေးလ်မိုးဖြစ်ဖြစ်၊ တခြား ငတုံးတစ်ကောင်နဲ့ဖြစ်ဖြစ် တွဲနိုင်သားပဲ။ သူက အမြတ်မ်း သန်းကြွယ်သူဌေးတွေ မျက်စိကျအောင် လုပ်နိုင်တဲ့ကောင်မပဲ"

နီလီက ပက်ပက်စက်စက် ပြန်ပြောပြီး ဖုန်းကို ပစ်ချသွားသည်။

အယ်နီက တယ်လီဖုန်းကို ခပ်ဖြည်းဖြည်း ပြန်တင်သည်။

မှန်ရှိရာသို့ လျှောက်သွားသည်။ မျက်လုံးအောက်မှာ ရှိနေသည့် အရေအတွန့်များသည် ယနေ့ ပိုပြီး ပေါ်လွင်ထင်ရှားလာသည်။ နှုတ်ခမ်းပတ်လည်တွင်လည်း မြင်သာသည့် အရေးအကြောင်းကလေးများ ရှိနေကြပြီ။ လိုင်ယွန်နှင့် ပတ်သက်၍ သူ့ရုပ်ရည်အကြောင်းကို တစ်ခါမျှ စဉ်းစားခဲ့ဖူးခြင်း မရှိချေ။

သို့သော်လည်း. . .

"ဟေ့- အဲဒီ မှန်နားက ထွက်သွားစမ်း"

ဟင်နရီက အိပ်ခန်းထဲသို့ ဝင်လိုက်လာပြီး အော်သည်။

"ဟိုကောင်မမှာလည်း တစ်မျက်နှာလုံး အရေတွေ တွန့်နေပါပြီ။ သူ အရက်သောက်လို့လည်း ရတယ်ဆိုတာကို ကြားရတဲ့အတွက် ဝမ်းသာမိသေးတော့တယ်။ သူ့အသည်းလည်း ကျွမ်းနေပါပြီ။ တာရှည် ခံတော့မှာ မဟုတ်ပါဘူး"

အယ်နီ၏ တစ်ကိုယ်လုံး နတ်ကျသလို တုန်လာသည်။ ပြိုလဲကျသွားတော့မည်ကဲ့သို့ ဖြစ်သွားသဖြင့် ဟင်နရီက သူ့ကိုယ်ကို ဖမ်းဆွဲထားလိုက်ရသည်။

"စိတ်ထိန်းထားစမ်း၊ မင်း စိတ်ထိခိုက်အောင် သူ တမင်ပြောနေတာ။ မင်းကို ဘကြီး ပြန်ပြောမှာပဲ ဆိုတာ သူသိတယ်"

"သူပြောတာလည်း မှန်နိုင်ပါတယ် ဘကြီးရယ်။ လိုင်ယွန်ကလည်း ကျွန်မကို ပစ်သွားချင်နေမှာပါ"

"လိုင်ယွန်က ဘာမှ ပြောမှာ မဟုတ်ပါဘူးကွာ။ သူ့အိပ်ရာတွေ ပုံပျက်ပန်းပျက်အောင် သူ ဖျက်ဖျက်သွားတယ်လို့ မင်းပြောတယ် မဟုတ်လား။ အခု အချိန်အထိ မင်းကို သူ ညာနေတဲ့ သဘောပေါ့။ ဒီလို ညာနေတယ်ဆိုတာ သူ့ကို မင်း ခွင့်လွှတ်နိုင်အောင် လုပ်နေတာ"

"မဖြစ်စလောက်ဒီအခွင့်အရေးကလေး ပေးနေတာကိုပဲ ကျေးဇူးတင်ရဦးတော့မယ် ဘကြီးရယ်"

အယ်နီက ရှိုက်သည်။

"ဒါတွေ မေ့လိုက်စမ်းပါ အယ်နီ၊ နီလီ ပြောတယ် မဟုတ်လား။ သူ့ကို ဘယ်လိုအရာမျိုးကမှ ဖျက်ဆီးလို့ မရနိုင်ဘူးတဲ့။

ဟုတ်တယ်၊ နီလီကလွဲပြီး နီလီကို ဘယ်လိုဟာမျိုးကမှ ဖျက်ဆီးနိုင်မှာ မဟုတ်ဘူး။ သူ့ကိုယ်သူ ပြန်ဖျက်ပစ်မှာပါ။ မယုံရင် သမီးစောင့်ကြည့်"

အယ်နီက ခေါင်းကို ယမ်းလိုက်သည်။

"လမ်းဆုံးသွားပါပြီ ဘကြီးရယ်။ ကျွန်မလည်း ဒီထက်ပိုပြီး ခံနိုင်ရည် မရှိတော့ဘူး"

"ခံနိုင်ရည်ရှိအောင် ကြိုးစားရမယ်။ မင်းမှာ ခံနိုင်ရည်လည်း ရှိပါတယ်။ ဟိုကောင်မ

www.burmeseclassic.com

www.burmeseclassic.com



ထက် ပိုပြီး မင်းက စိတ်ဓာတ်ကြံ့ခိုင်ကြောင်းကို ပြရမယ်"

*

ထိုနေ့ညတွင် လိုင်ယွန်က ဖုန်းပင် ပြန်မဆက်တော့ချေ။ သူနှင့်လွတ်အောင် ရှောင်နေသည့်သဘော ဖြစ်သည်။

သန်းခေါင်လောက်တွင် အိပ်ဆေးသောက်မည်လုပ်နေတုန်း သမီးကလေးငိုသံကြားရသည်။ သမီးလေးက သန္ဓေကောင်းသည်။ တစ်ညလုံး အေးအေးချမ်းချမ်း အိပ်လေ့ရှိသည်။

ယခုလို ငိုသည့်အတွက် တစ်ခုခု ဖြစ်နေပုံရသည်။ အို- ယနေ့ညသည် မစ္စကူဇင် ရက်အားယူသည့်ည ဖြစ်နေပါကလား။

သမီးလေး အခန်းထဲသို့ တမန်းကတန်း ပြေးဝင်ခဲ့သည်။ ကလေးက ငိုရလွန်းသဖြင့် မျက်နှာပင် နီရဲနေသည်။အယ်နီက ကလေးကို ပွေ့ယူပြီး သေးစိုနေသည့် အဝတ်များကို လဲပေးသည်။

ထို့နောက် ပုလင်းထဲသို့ ရေထည့်ပြီး တိုက်သည်။ သို့သော် ကလေးက မသောက်။ ပိုပြီး ကျယ်လောင်စွာ ငိုပြန်သည်။ကိုယ်လည်း ပူနေသည်။ သွားပေါက်မည့် အရွယ်တွင် ယခုလို ဖြစ်တတ်သည်။ ထို့ကြောင့် သွားဖုံးကလေးများကို ဆေးရည်နှင့် သုတ်လိမ်းပေးသည်။ မစ္စကူဇင်လည်း ထို့အတိုင်း လုပ်ပေးလေ့ ရှိသည်။

သို့သော် ကလေးက ငိုမြဲ ငိုနေသည်။ ပိုပြီး သေချာစေရန် အပူချိန်တိုင်းကြည့်သည်။ အပူချိန် (၁၀၃) တောင် ရှိနေသည်။ ဘာမှ ပြောမနေတော့ဘဲ ကလေးကို ပွေ့ယူကာ အိမ်ဖော်ခန်းဆီသို့ ပြေးလာခဲ့ပြီး တံခါးကို တဝုန်းဝုန်း ထုတော့သည်။ အိမ်ဖော်က အိပ်ချင်မူးတူးနှင့် ထွက်လာပြီး သူ့ကိုယ်ပေါ်မှ အဝတ်များ လုံလုံခြုံခြုံ ရှိသွားအောင် ပြုပြင်ရင်း အယ်နီကို တောင်းပန်သည်။

အယ်နီ့ လက်ထဲမှ ကလေးကို လှမ်းယူသည်။ အယ်နီက ဆရာဝန်ထံသို့ ဖုန်းဆက်သည်။

ထိုနေ့သည် သောကြာနေ့ ဖြစ်သည်။ စနေ၊ တနင်္ဂနွေ အနားယူရန် ဆရာဝန် ခရီးထွက်သွားသည်ဟုဆိုသည်။ လူစားဝင်မည့် ဆရာဝန်၏ ဖုန်းနံပါတ်ကို ပေးသည်။ ဆက်ကြည့်သောအခါ ထိုဆရာဝန်လည်း ရောက်မလာသေးဟု ပြောသည်။ တစ်နာရီအတွင်းတော့ ရောက်လာလိမ့်မည်ဟု ပြောသည်။

အယ်နီမှာ ဘုရားကိုသာ တ,နေရတော့သည်။ ဟင်နရီကို ဖုန်းလှမ်းဆက်သည်။ ဖုန်းက အကြာကြီး ခေါ်နေသော်လည်း ပြန်မထူး။

ထို့ကြောင့် ဟင်နရီလည်း အပြင်ထွက်နေပြီဟု နားလည်လိုက်ပြန်သည်။ လူတွေအားလုံး တခြား သွားကုန်ကြပြီလား။

သူ့စိတ်ကိုသူ ပြန်တင်းကာ နီလီ တည်းနေသည့် ဟိုတယ်ကို ဖုန်းဆက်သည်။ မိမိမည်သူဖြစ်ကြောင်း အော်ပရေတာကို ပြောပြလိုက်သည်။

ခဏကြာတော့ နီလီ ပြန်ထူးသည်။

"ဟယ်လို နီလီ၊ အဲဒီမှာ လိုင်ယွန်များ ရှိနေသလား"

"မရှိဘူး"

"ကိုယ် သူနဲ့တွေ့မှ ဖြစ်မယ် အရေးကြီးလို့"

"ကောင်းပြီလေ၊ ကျွန်မဆီကို သူ ဖုန်းဆက်ရင် ပြောပြလိုက်မယ်"

နီလီက ပြောရင်း သမ်းသည်။

"နီလီ၊ သမီးကလေး ဖျားနေတယ်"

"ဆရာဝန် ခေါ်လိုက်ပါလား"

"ခေါ်ကြည့်ပြီးပြီ။ ဆရာဝန်ကလည်း ခရီးသွားနေတယ်။ ကလေးက သိပ်ငိုပြီး အပူချိန်ကလည်း (၁၀၃) တောင် ရှိနေတယ်"

"မစိုးရိမ်ပါနဲ့၊ ကလေးတွေဟာ ဒီလိုပဲ အပူချိန်များတတ်တာပဲ။ ဘာမှ မဖြစ်နိုင်ပါဘူး။ အက်စပရင် တစ်ခြမ်းလောက် ကျွေးထားလိုက်"

"ဒါပေမယ့် မင်းကိုများ လိုင်ယွန် ဖုန်းဆက်ရင် ပြောပြလိုက်စမ်းပါနော်"

"စိတ်ချ. . . စိတ်ချ၊ ဂွတ်ဒ်နိုက်နော်။ မနက်ဖြန် အသံသွင်းဖို့ ရှိနေတယ်။ ဒါကြောင့် အိပ်ရဦးမယ်။ ကျွန်မ အမွှာပူးသားတွေလည်း တစ်ခါတလေ ကိုယ်သိပ်ပူတာပါပဲ။ ဒါပေမယ့် ဘာမှ မဖြစ်ပါဘူး"

ထိုမျှပြောပြီး ဖုန်းပြန်ချသွားသည်။

နီလီကို အယ်နီ ယုံကြည်ပါသည်။ သည်လောက်ထိအောင်တော့ အကြင်နာတရား ခေါင်းပါးမည် မဟုတ်ပါ။

သည်လိုဆိုလျှင် လိုင်ယွန် ဘယ်ရောက်နေသနည်း။

*

www.burmeseclassic.com

www.burmeseclassic.com

နီလီက ဖုန်းကို ကောက်ကိုင်လိုက်ပြီး နောက် ဘယ်သူဆက်ဆက် မိမိဖုန်းကို ခေါ်မပေးရန် အော်ပရေတာအား မှာထားလိုက်သည်။

လိုင်ယွန်ရော ဘယ်ရောက်နေသနည်း။

ဪ- သူ ဗစ်တိုးရီးယားဟိုတယ်မှာ ရှိနေသည်။ ရုပ်မြင်သံကြား လွှင့်သူများနှင့်အတူ နီလီအတွက် အခန်းအချို့ကို ပြင်ရေးနေသည်။ နှစ်နာရီအထိ အဆိုပါ ဟိုတယ်မှာ ရှိနေမည်။ ပြီးလျှင် နီလီဆီကို လာခဲ့မည်ဟု ပြောသွားသည်။

သူ့ဆီ ဖုန်းလှမ်းဆက်ပြီး ကလေး နေမကောင်းကြောင်း ပြောပြလိုက်လျှင် ကောင်းလေမည်လား။ အို- ဘာမှ ဖြစ်လောက်မည် မဟုတ်ပါ။ ကလေး ဆိုသည်မှာ သည်လိုပဲ အပူချိန် များကြစမြဲ ဖြစ်သည်။

လိုင်ယွန် ပြန်လာအောင် အယ်နီ အကွက်ဆင်ခြင်း ဖြစ်မည်။ ထိုအကြောင်းနှင့် ပတ်သက်ပြီး ဘာမှ သောကရောက်နေစရာ မရှိ။ လိုင်ယွန် ပြန်ရောက်လာသည့်အချိန်တွင် မိမိ အိပ်ပျော်နေလိမ့်မည်။

သို့ဆိုလျှင် အယ်နီ ဖုန်းဆက်ပြီး ကလေး နေမကောင်းသည့် အကြောင်း ပြောသည်ကို ပြန်ပြောပြနေစရာ မလိုတော့။ မိမိ အိပ်ဆေး သောက်ထားကြောင်း စာကလေးရေးပြီး ခေါင်းအုံးပေါ်မှာ တင်ထားလိုက်မည်။

ယခု တစ်နာရီနှင့် ဆယ့်ငါးမိနစ် ရှိနေပြီ။ အိပ်ဆေး သောက်ထားသောကြောင့်လည်း အယ်နီ ဖုန်းဆက်သည့် အကြောင်းကို ပြန်သတိမရတော့ဟု ပြောလိုက်လျှင် ပြီးသွားမည်။ သူလည်း သူ့နေရာမှာ သူသွားအိပ်လိမ့်မည်။ မိမိ အိပ်ပျော်နေသည့်အတွက် သူ့အိမ်သို့လည်း သူပြန်ချင်ပြန်လိမ့်မည်။ သူ့မိန်းမနှင့် သူ့သမီးကို တွေ့ချင် တွေ့ပေလိမ့်မည်။

လုပ်ကြ. . . လုပ်ကြ။ ကြိုက်ရာလုပ်ကြ။ နီလီက အိပ်ဆေးသုံးလုံးကို ဝီစကီနှင့် မျှော့ချလိုက်သည်။တစ်ညတလေတော့လည်း သူ့အိမ်ကို ပြန်ချင် ပြန်ပါစေတော့။ ညတိုင်း မိမိထံမှာသာ သူ ရှိနေခဲ့သည်။

ရုပ်မြင်သံကြားတွင် ပြန်ပြင်လိုက်သည့် ဇာတ်လမ်းအသစ်က ပိုကောင်းလိမ့်မည်ဟု လည်း အိပ်ချင်မူးတူးနှင့် စဉ်းစားနေမိသည်။ သီချင်းရေးဆရာတိုင်းကလည်း သူတို့သီချင်းကို နီလီ သီဆိုပြီး ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေးစေလိုကြသည်။

မကြာခင်မှာပင် မိမိကို ဘယ်သူမှ လိုက်မမီနိုင်တော့အောင် ထိပ်တန်းသို့ ရောက်ရပေတော့မည်။

ကျေကျေနပ်နပ်ကြီး ပြုံးလိုက်မိသည်။ ခဏကြာတော့ အိပ်ပျော်သွားသည်။

*

သန်းခေါင်ကျော် နှစ်နာရီ ထိုးသောအခါ ကလေးကို ဆေးရုံသို့ အပြေးအလွှား ပို့ရတော့သည်။ လူစားဝင်သည့် ဆရာဝန်လည်း ရောက်လာသည်။ ပထမတော့ ပိုလီယိုရောဂါများ ဖြစ်လေမလားဟု သူတို့ စိုးရိမ်သွားကြသည်။ နောက်ဆုံး စမ်းသပ်ကြည့်သောအခါကျမှ အဆုတ်အအေးမိ နမိုးနီးယားရောဂါ ဖြစ်နေကြောင်း တွေ့ကြရသည်။

နီလီ၏ဟိုတယ်သို့ လိုင်ယွန် ရောက်သွားသောအခါ နီလီ အိပ်ပျော်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် အိမ်သို့ သူပြန်လာခဲ့သည်။ မီးများ လင်းနေသည့် အတွက် သူ အံ့အားသင့်သွားသည်။

အယ်နီ၏ အရိပ်အယောင်ကိုလည်း မမြင်ရ။ အိမ်ဖော်အမျိုးသမီးက မျက်ရည်စက်လက်နှင့် အကျိုးအကြောင်း ပြောပြသည်။

ထိုသတင်း ကြားသည်နှင့် ဆေးရုံသို့ တစ်ဟုန်ထိုး ပြေးထွက်ခဲ့သည်။

လူနာစောင့်ခန်းထဲမှာ ထိုင်နေသည့် အယ်နီကို တွေ့ရသည်။ အသားအရေ ဖြူဖပ်ဖြူရော် ဖြစ်နေကာ စိုးရိမ်ထိတ်လန့်နေသည်။ လိုင်ယွန် ရောက်လာသည်ကိုပင် ဆီးကြိုနှုတ်ဆက်နိုင်ခြင်း မရှိ။

"သမီး ဘာဖြစ်တာလဲ"

လိုင်ယွန်က မေးသည်။

"သမီးကို အောက်ဆီဂျင် ပေးထားရတယ်။ သူနာပြုဆရာမ နှစ်ယောက်လည်း အချိန်ပြည့် စောင့်နေတယ်။ ကျွန်မကိုလည်း အခန်းထဲ ဝင်ခွင့်မပေးဘူး"

"နီလီရဲ့ဇာတ်လမ်းသစ်အတွက် သီချင်းရေးဆရာတွေနဲ့ မောင် အလုပ်လုပ်နေတာ။ ညဉ့်နက်သွားတယ်ကွယ်။ ပြီးလည်းပြီးရော အိမ်ကို မောင် ပြန်ခဲ့တယ်။အဲဒီတော့မှ မင်းတို့ မရှိတော့တာ သိရတယ်"

"နီလီ့ဆီကိုတောင်မှ ကျွန်မ ဖုန်းလှမ်းဆက်သေးတယ်။ ကြာလှပြီ"

www.burmeseclassic.com

www.burmeseclassic.com



အယ်နီက အမှုမထားသလို ပြောသည်။

"မောင်က သူနဲ့အတူတူ ရှိနေတာမှ မဟုတ်ဘဲ၊ ဘာဖြစ်လို့ သူ့ဆီကို ဖုန်းဆက်ရတာလဲ"

သူက အမှန်အတိုင်း ပြောသည်။

"မောင် ဘယ်မှာ ရှိနေမယ်ဆိုတာ သူများ သိမလားလို့။ မောင်က တစ်ပတ်လုံးလုံး သူ့လုပ်ငန်းတွေအတွက် အလုပ်များနေခဲ့တာ မဟုတ်လား"

လိုင်ယွန်က အယ်နီကို ဂရုစိုက်ပြီး ကြည့်နေသည်။

"ရုပ်မြင်သံကြားလွှင့်ဖို့ ပြင်ဆင်ရတဲ့ အလုပ်တွေက အများကြီး ရှိတယ်လေ။ နီလီကို ရည်ရွယ်ချက်တစ်မျိုးနဲ့ ပွဲထုတ်ဖို့ မောင်တို့ ဆုံးဖြတ်လိုက်ကြတယ်"

"လိုင်ယွန်၊ မောင် စိတ်မဆိုးဘူးဆိုရင် အခု အချိန်မျိုးမှာ နီလီရဲ့ ရုပ်မြင်သံကြားတွေ အကြောင်း မကြားပါရစေနဲ့။ သမီးအတွက် ကျွန်မမှာ ခေါင်းမီးတောက်နေပြီ"

လိုင်ယွန်က အယ်နီ၏လက်ကို လှမ်းဆွဲယူလိုက်သည်။ သူကတော့ အမှတ်တမဲ့ လုပ်လိုက်ခြင်း ဖြစ်သည်။ သို့သော် အယ်နီ၏ ရင်ထဲမှာတော့ ဆို့သွားသည်။ တစ်ချိန်တုန်းက သူတို့ နှစ်ယောက် ရင်းရင်းနှီးနှီး ရှိခဲ့ကြဖူးသလား။

ယခု မိမိထံ ရောက်လာသည့် လူစိမ်းယောကျ်ားသည် မိမိကို ပိုင်ဆိုင်ခဲ့ဖူးသည့် ယောကျ်ားလား။ အယ်နီ တွေးနေမိသည်။

အခုတော့လည်း လိုင်ယွန်သည် သူ့အဖို့ သူစိမ်းပြင်ပြင်လို ဖြစ်နေသည်။ တရားဥပဒေအရတော့ မိမိနှင့် သက်ဆိုင်သူ ဖြစ်သည်။ သို့သော်လည်း တခြားသူ၏ ရင်ခွင်ထဲသို့ ရောက်နေချေပြီ။ ဘာပဲဖြစ်ဖြစ် သူ့ကို ချစ်ပါသည်။ချစ်ကြောင်းကိုတော့ စိတ်ချောက်ချားသည့်ကြားက ဝန်ခံရမည်ပဲ ဖြစ်သည်။

ဒါပေမယ့်၊ သူ့ကို မုန်းချင်သည်။

ဖြစ်နိုင်မည် ဆိုလျှင်လည်း သူ့စိတ်ချမ်းသာဖို့အတွက် အလိုလိုက်ချင်သည်။

အယ်နီမှာ ဘာဂုဏ်သိက္ခာမှလဲ မရှိတော့။ သူ့ကို မခွဲနိုင်ကြောင်းကိုသာ သိနေသည်။ သူကများ ကွာရှင်းပြတ်စဲခွင့် တောင်းလာလျှင် မည်သို့ လုပ်ရမည်နည်း။

ထိုအဖြစ်မျိုး မကြုံပါရစေနှင့်။ ယခုလို မိမိအနားသို့ ရောက်လာစေသည့် အကြောင်း ကပင်လျှင် ဆိုးဝါးလှချေသည်တကား။

ဆရာဝန်ကလည်း အခန်းထဲမှ ထွက်မလာနိုင်သေး။ သံသရာဆုံးတိုင်များ စောင့်နေရပြီလောဟု ထင်မိသည်။

နောက်ဆုံး ဆရာဝန် ထွက်လာသည်။ သူတို့အားလုံး အသက်အောင့်ထားမိကြသည်။ ဆရာဝန်က ပြုံးနေသည်။ ကောင်းသွားပါလိမ့်မည်ဟု ပြောသည်။ အဖျားလည်း ကျသွားပြီဟု ဆိုသည်။

ဆေးစွမ်းကောင်းများ ပေါ်ထွက်နေပြီး ကလေးငယ်ကလည်း အားအင် အပြည့်အဝ ရှိနေသည့်အတွက် ဘုရားသခင်ကိုပင် ကျေးဇူးတင်ရပါဦးမည်ဟု ဆိုသည်။

လိုင်ယွန်သည် ညတိုင်း ခုနစ်နာရီထိုးလျှင် ဆေးရုံသို့ ရောက်လာလေ့ ရှိသည်။ အယ်နီက သမီးကလေးအခန်းနှင့် ဆက်လျက် အခန်းမှာနေပြီး နေ့ရောညပါ စောင့်ရှောက်နေသည်။ လိုင်ယွန် ရောက်လာသည့်အခါ သမီးကလေးကို သွားကြည့်ပြီး ချစ်ကြင်နာကြောင်း ပြစမြဲ ဖြစ်သည်။ ဆေးရုံနှင့် မလှမ်းမကမ်းမှာရှိသည့် စားသောက်ဆိုင်သို့ အယ်နီကို ခေါ်သွားပြီး ညတိုင်း ညစာကျွေးလေ့ ရှိသည်။

အနည်းဆုံး နှစ်နာရီလောက်တော့ အယ်နီနှင့်အတူတူ နေသွားသည်။ သည်လို နေနေသည့် အတွက် အနည်းဆုံး နီလီနှင့် သူတို့ နှစ်ယောက် ညနေတိုင်း အကြည်ဆိုက်ကြသည့် အချိန်ကလေးကို အနှောင့်အယှက် ပေးနေရာတော့ ရောက်သည်ဟု အယ်နီက တွေးမိသည်။

နောက် ဆယ်ရက်ကြာတော့ သမီးကလေး ဂျနီဖာကို အိမ်သို့ ပြန်ခေါ်လာနိုင်ခဲ့ကြသည်။ တစ်အိမ်လုံးမှာ ပန်းများ ဖွေးဖွေးလှုပ်အောင် လိုင်ယွန်က ပြင်ဆင်ထားသည်။ အိမ်မှာပင် ညစာ အတူတူစားကြသည်။ သမီးကလေးကို လိုင်ယွန်က ချော့မြှူနေသည်။

ထိုနေ့ညက လိုင်ယွန်နှင့် အယ်နီတို့ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်ပြီး အိပ်ဖြစ်လိုက်ကြပါသည်။

မနက် လေးနာရီ အချိန်လောက်တွင် တယ်လီဖုန်းခေါင်းလောင်း မြည်လာသည်။ အယ်နီက ပထမဆုံး နိုးသည်။ မှောင်ထဲမှာပင် စမ်းပြီး ဖုန်းကို ကောက်ယူသည်။

ဆက်သူမှာ နီလီ ဖြစ်သည်။ သူ့လေသံ

www.burmeseclassic.com

www.burmeseclassic.com

ကို နားထောင်ကြည့်ခြင်းအားဖြင့် အိပ်ဆေး သောက်ထားကြောင်း အယ်နီက သိသည်။

"ဟို ခွေးသားကြီးကို ဖုန်းပေးလိုက်စမ်းပါ"

နီလီက မကျေမနပ် ဟိန်းဟောက်လိုက်သည်။

"သူ အိပ်ပျော်နေတယ် နီလီ"

"နှိုးလိုက်ပါ"

"ကိုယ် မနှိုးနိုင်ဘူး"

"ကျွန်မပြောတာကို ကြားတယ် မဟုတ်လား၊ နှိုးလိုက်ပါ။ မနှိုးရင် ကျွန်မ ကိုယ်တိုင်လာနှိုးမယ်"

လိုင်ယွန်က မျက်လုံး ဖွင့်ကြည့်သည်။ နီလီ ဖြစ်ကြောင်း အယ်နီက ပါးစပ်လှုပ်ပြသည်။ သူက ဖုန်းကို လှမ်းဆွဲယူသည်။

"ဘာကိစ္စလဲ နီလီ"

အယ်နီကိုကျော်ပြီး ဖုန်းကို လှမ်းကိုင်ကာ ပြောနေရခြင်း ဖြစ်သည်။ နီလီ၏အသံကို အယ်နီက အတိုင်းသား ကြားနေရသည်။

"ရှင့်ကို တစ်ညလုံး ကျွန်မ ထိုင်စောင့်နေတာ"

"သမီးကလေးက ဒီကနေ့ညပဲ ဆေးရုံက ဆင်းလာတယ်လေ"

"ဆင်းလာတော့ ဘာဖြစ်သလဲ။ (၇) နာရီလောက်ကျတော့ သူ အိပ်သွားရောပေါ့။ မအိပ်ဘူးလား"

"ဒီကနေ့ညဟာ သူ အိမ်ပြန်ရောက်တာ ပထမဆုံးညလေ"

အယ်နီက မျက်လုံးများကို မှိတ်ထားလိုက်သည်။ ကိုယ့်မိန်းမဆီသို့ တစ်ညကလေးလောက် ခိုးပြန်လာပြီး အိပ်မိသည်ကိုပင် တောင်းပန်နေရချေသည်။

"ကောင်းပြီ၊ ဒီကို အခုလာပါ"

"နီလီ၊ အခုဟာက မနက်လေးနာရီကြီးကွ"

"ရှင်လာရင် ကောင်းမယ်နော်၊ ကျွန်မ အိပ်ဆေး (၇)လုံး သောက်ထားတယ်။ နောက်ထပ် ဆယ်လုံး ထပ်သောက်ပစ်လိုက်မယ်"

"နီလီ၊ မနက်ဖြန်ကျရင် လိုက်ဖ်မဂ္ဂဇင်းနဲ့ မင်းတွေ့ရမှာ မဟုတ်လား"

"ခေါက်ထားလိုက်စမ်းပါ၊ ရှင် ဒီကို မလာရင် ကျွန်မ ဘယ်သူနဲ့မှ မတွေ့ဘူး"

"ကောင်းပြီလေ၊ ကိုယ်လာခဲ့ပါ့မယ်"

ခုတင်ပေါ်မှ သူ ဆင်းသွားသည်ကို အယ်နီက စောင့်ကြည့်နေသည်။ မသွားဖို့ တားလိုက်ရလျှင် ကောင်းလေမည်လားဟု တွေးနေမိသည်။ အမှန်ကတော့ နီလီဆီသို့ လိုင်ယွန် မသွားချင်ပေ။ ဟိုဘက်က အကျပ်ကိုင်သောကြောင့်သာ ဖြစ်သည်။

ယခုလို အခြေအနေမျိုးတွင် သူ့ကို တားလိုက်မည် ဆိုပါက မိမိ၏ ပထမဦးဆုံးသော အောင်ပွဲလည်း ဖြစ်နိုင်သည်။

အယ်နီက အိပ်ရာပေါ်မှာ ပက်လက်လှန်အိပ်ရင်း မျက်လုံးများကို မှိတ်မြဲ မှိတ်ထားသည်။ အဝတ်အစား အပြည့်အစုံဝတ်ပြီး ဖြစ်နေသော လိုင်ယွန်က ခုတင်နားသို့ ကပ်လာသည်။

"အယ်နီ၊ မင်း နားလည်နိုင်ပါတယ်နော်"

"ရှင် မသွားချင်ဘူးဆိုတာ ကျွန်မ သိပါတယ်"

"အယ်နီ၊ ဒီကိစ္စဟာ မင်းအတွက်လည်း အတော် အခံရခက်မှာပါပဲ။ ကိုယ်တို့ တစ်ခုခုတော့ လုပ်ကြမှ ဖြစ်မယ်လို့ထင်တယ်"

အောင်ပွဲကြီးက ပြိုကျပျက်စီးသွားလေပြီ။ မိမိနှင့် သမီးကလေးထက်ပဲ ပိုပြီး နီလီဘက်ကို အလေးသာနေနိုင်သလော။

"လိုင်ယွန်၊ အချိန်တန်တော့လည်း ဖြစ်လာမှာပါပဲ။ အခုလို ညကြီးမင်းကြီးမှာ ဒီအကြောင်း ဆွေးနွေးဖို့ မကောင်းပါဘူး"

အယ်နီကလည်း တည်တည်ငြိမ်ငြိမ်ပင် ပြန်ပြောသည်။

"ဒါပေမယ့် ဒီအတိုင်းတော့လည်း ကိုယ်တို့ ဆက်သွားနေကြလို့ မဖြစ်ဘူးလေ။ မင်းရယ်၊ နီလီရယ်၊ ကိုယ်ရယ်ပေါ့"

"ကျွန်မ နေနိုင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီအတိုင်း အမြဲတမ်း ဖြစ်နေမှာ မဟုတ်ဘူး ဆိုတာကို ကျွန်မ သိထားလို့ပဲ။ လိုင်ယွန်၊ ရှင်ဟာ အချုပ်အနှောင်နဲ့ပါ"

"နီလီကလည်း ကိုယ့်ရှိနေမှ ဖြစ်မယ် အယ်နီ၊ သူဟာ အနုပညာအရာမှာ အင်မတန် ထူးချွန်ပါတယ်။ စည်းကမ်းကျတော့ ဘာတစ်ခုမှ မရှိဘူး။ သူ့ကို လက်တွဲခေါ်သွားမှ ဖြစ်နိုင်မှာ။ မင်းကတော့ စိတ်ဓာတ် ကြံ့ခိုင်ပါတယ်"

မျက်ရည်များ ကျလာသည်။

"မဟုတ်ပါဘူး၊ ကျွန်မ စိတ်ဓာတ် မကြံ့ခိုင်ပါဘူး။ ရှင့်ကို အရှုံးအမှုံး ချစ်မိတာ တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



တည်း ရှိပါတယ်"

လိုင်ယွန်က အခန်းထဲမှ ခပ်သုတ်သုတ် ထွက်သွားသည်။

*

ရုပ်မြင်သံကြားများ ပြန်လည် ထုတ်လွှင့်ကြသည့် ပွဲတော်ရာသီသို့ ရောက်သောအခါ အယ်နီလည်း အလုပ် ပြန်လုပ်နေရသည်။ ဟင်နရီက ထုတ်လုပ်သူအသစ်တစ်ဦးနှင့် မိတ်ဆက်ပေးသည်။အယ်နီကတော့ အလွယ်တကူပင် အသားကျသွားသည်။ ယခုတစ်ကြိမ် လွှင့်ရသည်မှာ နေ့စဉ် လွှင့်ရခြင်း ဖြစ်သည်။

ထို့ကြောင့်လည်း မအားလပ်နိုင်အောင် ဖြစ်နေသည်။ လိုင်ယွန်သည် နီလီနှင့် ပိုပြီး အချိန်ကြာကြာ နေနေသည့် အကြောင်းများကိုလည်း သတိမထားမိတော့။

စက်တင်ဘာလကုန်ပိုင်း ရောက်သောအခါ နီလီ၏ ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်ရေးအတွက် နီလီနှင့် လိုင်ယွန်တို့နှစ်ဦး ကာလီဖိုးနီးယားသို့ သွားကြသည်။

နီလီ၏ ရုပ်မြင်သံကြားမှာ အောင်မြင်ပါသည်။ ထိပ်တန်းဇာတ်လမ်းဆယ်ခု စာရင်းဝင်သွားသည်။ ထိုလုပ်ငန်းကြီး တစ်ခုလုံး ယခုလို အောင်မြင်လာခြင်းမှာ လိုင်ယွန်၏ တီထွင်ဖန်တီးမှုနှင့် အုပ်ချုပ်မှုကောင်းသောကြောင့်ဟု ဆိုကြသည်။ လိုင်ယွန် နာမည်ကောင်းရလာခြင်း ဖြစ်သည်။

ထိုသို့ နီလီ အောင်မြင်လာသောကြောင့်လည်း ထိပ်တန်းမင်းသမီး၊ မင်းသားပေါင်းမြောက်မြားစွာတို့ လိုင်ယွန်တို့၏ အေဂျင်စီနှင့် ဆက်သွယ်လာကြသည်။ ဘီသုံးလုံး အေဂျင်စီသည် နယူးယောက်မြို့တွင် အအောင်မြင်ဆုံးသော အေဂျင်စီ ဖြစ်လာကြောင်းလည်း သတင်းစာများက ဝိုင်းဝန်း ရေးသားကြသည်။ နီလီအိုဟာရာကြောင့်လည်း ထိုသို့ အောင်မြင်လာသည်ဟု ဆိုကြသည်။

လိုင်ယွန်က နယူးယောက်သို့ မကြာခဏတော့ ကြိုးစားပြီး ပြန်လာတတ်သည်။ သို့သော်လည်း ရက်ကြာကြာ မနေနိုင်။ ထိုသို့ သူ ပြန်လာသည့် အချိန်တိုင်းတွင် အယ်နီက မိမိအဖို့ အခွင့်အရေး ကျန်သေးသည်ဟု ထင်မှတ်မိသည်။ လိုင်ယွန်နှင့်အတူတူ နေနေသည့် အခါများတွင်လည်း နီလီကို တတ်နိုင်သလောက် မေ့ပစ်လိုက်သည်။

သို့သော်လည်း နီလီက ကာလီဖိုးနီးယားမှနေ၍ ဖုန်းဆက်ပြီး အမြဲတမ်း နှောင့်ယှက်လေ့ရှိသည်။ နီလီသည်သာလျှင် အဓိက ဖြစ်ကြောင်းကို သတိပေးနေသလို ရှိတော့သည်။

နာတာလူးပွဲတော်အပြီး သုံးလေးရက်အကြာတွင် နယူးယောက်သို့ လိုင်ယွန် တစ်ခေါက် ပြန်လာပြန်သည်။

သမီးကလေး ဂျနီဖာအတွက် အရုပ်ပေါင်း များစွာနှင့် အယ်နီအတွက် တန်ဖိုးကြီးသည့် လက်ဝတ်လက်စားအချို့ ဝယ်လာသည်။ နာတာလူးပွဲတော်ရက်အတွင်း နီလီနှင့် အတူ နေခဲ့ကြောင်းကို အယ်နီက သတိမထားဘဲ မနေနိုင်အောင် ဖြစ်နေသည်။

သို့သော်လည်း သူတို့သားအမိနှင့် ပွဲတော်ကလေး ကျင်းပရန် နယူးယောက်သို့ အချိန်မီတော့ ပြန်ရောက်လာသေးသည်။

သူ ပြန်ရောက်လာပြီး သုံးရက်ကြာသောအခါ နီလီက ဖုန်းလှမ်းဆက်ပြန်သည်။ ချက်ချင်း ပြန်လာရမည်ဟု ပြောသည်။ အယ်နီက သီးသန့်နားနေခန်းထဲမှာထိုင်ရင်း လိုင်းခွဲဖုန်းကို ကောက်ကိုင်ပြီး နားထောင်နေမိသည်။

"ကိုယ် မကြာခင် ပြန်လာခဲ့ပါ့မယ်"

လိုင်ယွန် အတော်ကလေး စိတ်ဆိုးနေကြောင်း သူ့လေသံထဲမှာ မသိမသာ ပါလာသည်။

"အခုည ပြန်လာခဲ့၊ မနက်ဖြန်ဟာ ဘာနေ့လဲ သိတယ် မဟုတ်လား။ နှစ်သစ်ကူးအကြိုနေ့"

နီလီက ပြန်အော်သည်။

"ဇန်နဝါရီ တစ်ရက်နေ့ဟာလည်း ကိုယ့်သမီးရဲ့ တစ်နှစ်မြောက်မွေးနေ့ကွ"

လိုင်ယွန်ကလည်း အကျောက်အကန် ပြန်ပြောသည်။

"လုပ်မနေစမ်းနဲ့၊ မွေးနေ့ပွဲကို ဒီကနေ့ လုပ်လိုက်။ သူ့မွေးနေ့ မဟုတ်ဘူး ဆိုတာကို တစ်နှစ်သမီးကလေးက သိနိုင်တာ မဟုတ်ဘူး"

"သမီးကလေးက မသိပေမယ့် ကိုယ်က သိတာပေါ့ကွာ။ ကဲ- လိမ္မာစမ်းပါကွာ။ မင်းရှိ ညစာပွဲတွေ အများကြီးက ဖိတ်ကြမှာပါ။ အေဂျင်စီက တစ်ယောက်ယောက် မင်းရဲ့အဖော်အဖြစ် လိုက်ပါလိမ့်မယ်။ လဆန်းငါးရက်နေ့

www.burmeseclassic.com

www.burmeseclassic.com



ထက် ပိုပြီး နောက်ကျအောင် ကိုယ် ဒီမှာ မနေပါဘူး။ ကိုယ် ဒီမှာ ရွှေရုပ်သွင်ကပွဲဖွင့်တာ ကြည့်ရဦးမယ်"

"အဲဒီ မာဂျီပတ်ဆိုတဲ့ ကောင်မလေး ကရော ဘာဖြစ်လာမှာမို့လဲ"

နီလီက မထီလေးစား ပြန်ပြောသည်။

"မနှစ်တုန်းက သူ့ပွဲကို ကိုယ်ကြည့်ဖူးတယ်။ သူ့မှာလည်း အင်မတန် အံ့သြစရာကောင်းတဲ့ အရည်အချင်း ရှိပါတယ်"

လိုင်ယွန်က ပြန်ဖြေသည်။

"အသံချဲ့စက်ကောင်းလို့ ကောင်းတယ် ထင်နေရတာပါ။ သူ သီချင်းဆိုတာတော့ ကောင်းပါတယ်။ ကျွန်မကတော့ သူများတော်ရင်လည်း တော်ကြောင်း ချီးကျူးမှာပဲ။ ဒါပေမယ့် သူ့အကြောင်း ကောလာဟလ ပြောကြတာ ကျွန်မ ကြားဖူးတယ်။ သူ့အသံကောင်းလာတဲ့ အချိန်အထိ သူ့ကို မြို့ကြီးတွေမှာ ပွဲမထုတ်ဘဲ အပြင်ကို မောင်းထုတ်ထားကြတယ်တဲ့။

ဒါပေမယ့် သူကတော့ တိမ်ကောသွားမှာ မဟုတ်ပါဘူး။ နှစ်နှစ် သုံးနှစ်ဆိုရင် သူ ထိပ်တန်းရောက်လာမှာပဲ။ ကျွန်မလည်း ဇီကိဝိုက်နဲ့သာ အဆိုသင်တန်း မတက်ခဲ့ဘူးဆိုရင် သူ့လိုပဲ တောဘက်ကို မောင်းထုတ်တာ ခံရမှာပဲ"

"ဟုတ်ပါပြီလေ၊ ကိုယ်တို့ သူနဲ့ စာချုပ်ချုပ်နေကြတယ်။ ဒါကြောင့် သူ့ပွဲကို သွားကြည့်ရမယ်"

လိုင်ယွန်က စိတ်အားထက်သန်စွာနှင့် ပြန်ပြောသည်။

"ရှင် သူ့ကိုလိုက်ပြီး ပြုစုယုယနေရင်း အချိန်ဖြုန်းနေဦးမယ်လို့ ပြောတာလား"

နီလီ၏အသံက ကြောက်စရာကောင်းလှသည်။

"မဟုတ်ပါဘူး၊ အဲဒီတာဝန်ကို ဂျော့လည်း ယူမှာ မဟုတ်ပါဘူး။ ဘတ်ဒ်ဟော့ဖ်က သူ့ကို တာဝန်ယူလိမ့်မယ်။ အမျိုးသမီးတွေက ဘတ်ဒ်ဟော့ဖ်ကို သဘောကျကြတယ်လေ"

"ဘတ်ဒ်ဟော့ဖ်ဆိုတဲ့ အကောင်က အလကားကောင်ပါ။ မိန်းမတွေ အတွက် ဘုရားသခင်က သူ့ကို ဖန်ဆင်းပေးလိုက်တယ်လို့ ယုံကြည်နေတဲ့အကောင်။ သူ ဝတ်ထားတဲ့ အဝတ်အစားတွေကိုလည်း ပြန်ပြီး အထင်ကြီးနေတဲ့အကောင်။ ရှင်တို့ရုံးမှာ ရှိနေကြတဲ့ အကောင်တွေ အားလုံး ဒါမျိုးချည်းပဲ။

အေးလေ၊ ဒီလိုအကောင်မျိုးတွေလည်း ရှင်တို့မှာ ရှိဦးမှပေါ့။ ဒုက္ခပဲ၊ အရေးထဲကျမှ အိပ်ဆေးတွေက တန်ခိုးပြနေပြန်ပြီ။ ရှင် ဒီကို ဘယ်တော့ ပြန်ရောက်မှာလဲ"

နီလီက ပြောရင်း တစ်ချက် သမ်းလိုက်သည်။

"နောက်အကျဆုံး ငါးရက်နေ့"

သူက ကတိပေးသည်။

"ကျွန်မကို ချစ်ရဲ့လား"

"မင်းသိပါတယ်ကွာ"

သူက ခပ်မြန်မြန် ပြန်ဖြေသည်။

"ဘယ်လောက် ချစ်သလဲ"

"ပြောမပြနိုင်လောက်အောင်ပဲ"

"အယ်နီနဲ့ ရှင့်သမီးကို ချစ်တာထက် ပိုသလား"

"ပိုတယ်လို့ ထင်ရတာပဲ။ ကဲ- နီလီ၊ ကိုယ် ဖုန်းချလိုက်တော့မယ်။ အိမ်မှာလည်း အယ်နီ ရှိနေတယ်။ တခြား အခန်းကနေပြီး သူ နားထောင်နေလို့ ရတယ်"

"တခြား ဖုန်းကနေပြီး သူ နားထောင်နေလိမ့်မယ်လို့ ကျွန်မက မျှော်လင့်နေတာ"

"လူတွေ စိတ်ဆင်းရဲအောင် နှိပ်စက်ရတာကို မင်း သဘောကျသလား"

"ဒီလိုတော့လည်း မဟုတ်ပါဘူး။ ဒါပေမယ့် အယ်နီ သိသွားရင်တော့ သူက ရှင့်ကို ကွာလိုက်မှာ မဟုတ်လား"

"သူလည်း သိနေလောက်ရောပေါ့"

"ရှင် ပြောလိုက်တာလား"

"မပြောပါဘူး၊ ဒါပေမယ့် အယ်နီက ငတုံးငအကြီး မဟုတ်ဘူး။ နောက်ပြီးတော့ ကိုယ်တို့အကြောင်း လူတကာ ပြောနေကြတာ ပွနေပြီ"

"ဒါနဲ့တောင်မှ သူက ဘာဖြစ်လို့ ရှင့်ကို လက်မလွှတ်သေးတာလဲ"

လိုင်ယွန်က ဘာမှ ပြန်မဖြေဘဲ နေသည်။

"ကောင်းပြီ၊ ဒီလိုဆိုရင် သူ့ကို ကျွန်မ ဖုန်းဆက်ပြီး ပြောပြလိုက်မယ်။ ဒါမှ ရှင့်ကို သူ လက်လွှတ်တော့မှာ။ သူ့မာနစိတ်က သူ့ကို တားမထားနိုင်ပါဘူး"

"မလုပ်ပါနဲ့ကွာ"

"ပြောမှာပဲ"

"မလုပ်ပါနဲ့၊ မင်း အဲဒီလို လုပ်လို့လည်း

www.burmeseclassic.com

www.burmeseclassic.com

ဘာမှ အကြောင်းထူးမှာ မဟုတ်ပါဘူး။ ဘာပဲ ဖြစ်ဖြစ် ကိုယ့်အနေနဲ့ ကိုယ်တို့ ဒီကိစ္စ ရှင်းပြီးပါပြီ"

"ဘယ်တုံးကလဲ၊ ကျွန်မကိုလည်း ရှင်ဘာမှ မပြောပါလား"

"မနေ့ညကပဲ"

အယ်နီက အံ့ဩသည့် အာမေဋိတ်သံ ထွက်မသွားပါစေနှင့်ဟု ဆုတောင်းလိုက်ရသည်။ မနေ့ညတုန်းက သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြင်နာယုယခဲ့ကြပုံမျိုး ယခင်က တစ်ခါမှ မကြုံခဲ့ဘူးသေးချေ။

"အဲဒီလို ပြောလိုက်တော့ ဘာဖြစ်သလဲ"

နီလီက မေးသည်။

"ဘာမှ မဖြစ်ပါဘူး၊ ဒီအကြောင်းတွေ အားလုံးကို သူသိပါတယ်တဲ့။ ဒါပေမယ့် သူ မသိချင်ယောင်ဘဲ ဆောင်နေလိုက်ပါတယ်တဲ့။ ကိုယ့်ကို ဘယ်တော့မှ ကွာရှင်းမပေးဘူးတဲ့"

"ဒီလိုကြေးသာဆိုရင် သူကွာရှင်းပေးအောင် လုပ်ပြရသေးတာပေါ့။ တစ်တိုင်းတစ်ပြည်လုံး သိကုန်အောင် မဏ္ဍပ်တိုင် တက်ပြလိုက်မယ်"

"အဲဒီနည်းကိုလည်း မင်းလုပ်ကြည့်ပြီးပါပြီ နီလီ။ သတင်းစာဆရာတွေက မင်းကို ချစ်ကြတယ်။ မင်းကို ကာကွယ်ဖို့ ကြိုးစားကြတယ်။ ဒါကြောင့် သူတို့မြင်သမျှ မရေးကြပါဘူး။ မင်း ထိခိုက်သွားမှာစိုးလို့"

"ကျွန်မ သတင်းစာရှင်းလင်းပွဲလုပ်လိုက်မယ်။ ရှင်က ကျွန်မနဲ့ လက်ထပ်ချင်တယ်။ ကျွန်မကလည်း ရှင်နဲ့ လက်ထပ်ချင်တယ်လို့ ပြောပြမယ်။ ဒါပေမယ့် ရှင့်မိန်းမက ကျောက်ရုပ်ကြီးလို ထိုင်နေတယ်လို့ ပြောပြလိုက်မှာပေါ့"

"အဲဒီလို လုပ်လိုက်တဲ့ အခါကျတော့ မင်းအလုပ်တွေ ဘာဖြစ်ကုန်မယ် ထင်သလဲ။ အကျင့်စာရိတ္တနဲ့ ပတ်သက်ပြီး စည်းကမ်းချက်ပါတယ် မဟုတ်လား။ မင်း အဲဒီလို လုပ်လိုက်တာနဲ့ တစ်ဖြုတ်တည်း မင်းရဲ့ ထုတ်လုပ်သူတွေက မင်းကို ချက်ချင်း ကန်ထုတ်လိုက်ကြလိမ့်မယ်"

"ဘာဂရုစိုက်ရမှာလဲ၊ ကျွန်မတို့ ဥရောပကိုသွားပြီး ရုပ်ရှင်ရိုက်နေနိုင်တာပေါ့"

"နီလီ၊ ကိုယ်က အစုစပ်လုပ်ငန်း လုပ်နေရတာ။ ဒီလိုလုပ်လိုက်ရင် ကိုယ်တို့ အေဂျင်စီကို ထိခိုက်လာမှာပေါ့။ ကိုယ့်တစ်ယောက်တည်းအတွက် စဉ်းစား မနေနိုင်ဘူး"

"အိုး ရှင်နဲ့ တယ် မပြောလိုက်ချင်ဘူး။ အဲဒီ အေဂျင်စီကြီးက ကန့်လန့်ကန့်လန့်နဲ့။ ကောင်းပြီ၊ ကျွန်မ ငွေတစ်သန်းလောက် ရအောင် လုပ်ပြီးတော့မှ ရှင့်ကို အဲဒီ အေဂျင်စီကနေပြီး ဝယ်လိုက်မယ်။ ကြိုက်တာလုပ်ကြ၊ သောက်ဂရုမစိုက်ဘူးလို့ကို ပြောပစ်လိုက်ဦးမယ်။ ကျွန်မတော့ ရှင့်နဲ့ပဲ အချိန်ရှိသမျှ အတူတူနေချင်ပြီ"

"ငါးရက်နေ့မှာ တွေ့မယ် နီလီ"

လိုင်ယွန်က ရယ်သည်။

"ဟေး ဖုန်းမချလိုက်ပါနဲ့ဦး။ မနက်ဖြန်နေ့ခင်းကျရင် ဖုန်းဆက်ဦး"

"ဆက်ပါ့မယ်"

"ကျွန်မကို ချစ်ရဲ့လား"

"ချစ်ပါတယ်"

သူတို့ သုံးယောက်စလုံး တယ်လီဖုန်းများကို အသီးသီး ချလိုက်ကြသည်။

*

၁၉၆၄

ရွှေရုပ်သွင် ဆုပေးဂီတ အစီအစဉ်သည် ဖွင့်လိုက်သည် ဆိုကတည်းက ထိုနှစ် ပွဲလမ်းသဘင်ရာသီ၏ အောင်မြင်မှု သရဖူကို ဆောင်းကာ အုတ်အော်သောင်းတင်း ဖြစ်တော့သည်။

နှုတ်ခမ်းကလေးတွန့်ပြီး ပြုံးနေသည့် မိန်းမပျို ငယ်ငယ်ကလေးသည် ပရိသတ်ကို ညှို့ယူဆွဲဆောင်ထားလေသည်။

အယ်နီက သူ့ကို ဂရုတစိုက်ကြည့်ပြီး အကဲခတ်နေသည်။

မိန်းကလေး၏ အသက်က ဆယ့်ကိုးနှစ်သာ ရှိသေးသည်။ ကျကျနန လေ့ကျင့်သင်ကြားထားရခြင်းလည်း မရှိသေး။ သို့သော်လည်း သည်မိန်းကလေး လျှမ်းလျှမ်းတောက် အောင်မြင်တော့မည်ကို အတပ်သိနေသည်။

"ကျွန်တော်တို့ ကံကောင်းတယ်၊ သူ သီချင်းဆိုရင် အောင်မြင်ရမယ်လို့ မနေ့က တည်းက လိုင်ယွန်က သေချာပေါက် ပြောနေတာ"

ဂျောက လေသံနှင့် လှမ်းပြောသည်။

"ဒီသူငယ်မအတွက် ခေါင်းကိုက်ရမယ့်လူက ခင်ဗျားနော်"

www.burmeseclassic.com

www.burmeseclassic.com



လိုင်ယွန်က အယ်နီကိုကျော်ပြီး ကိုယ်တိုင်းတိုင်းတာ ဇီဂျာ့အား လှမ်းပြောသည်။

ဂျော့က ပြုံးသည်။

"မတော်တရော်တော့ ပြောတော့မယ်။ အွန်တော်တို့ရုံးက ဘတ်ဒ်ဟော့ဖ် ဖြစ်ဖြစ်၊ အင်မစ်ချယ် ဖြစ်ဖြစ် ဒါမှမဟုတ် တခြားအယ်သူဖြစ်ဖြစ် သူ့ကို တယုတယ လုပ်မယ်ဆိုရင်လည်း သဘောကျမှာပါဗျာ"

အယ်နီ၏အတွေးများသည် လွန်ခဲ့သည့်နှစ်ပေါင်းများစွာက တေးဂီတ အစီအစဉ်ဖွင့်ပွဲတစ်ခုဆီသို့ ပျံ့လွင့်သွားသည်။ ဘရော့ဒ်ဝေးအာတ်ရုံတွင် နီလီ၏ဖွင့်ပွဲကို လိုင်ယွန်၏ဘေးမှာ ထိုင်ရင်း အယ်နီ ကြည့်ခဲ့သည်။

ထိုအချိန်က နီလီသည်လည်း အလွန်ချစ်စရာကောင်းသည့် ကလေးငယ်ကလေးဖြစ်ခဲ့သည်။ ဆယ့်ကိုးနှစ်မျှပင် ကြာခဲ့ချေပြီ။ ထိုစဉ်ကလည်း လိုင်ယွန်ကို အယ်နီ ချစ်ခဲ့သည်။ ယခုလည်း ချစ်နေဆဲပင် ဖြစ်သည်။

နီလီက လိုင်ယွန်ကို မကြာခဏ ဖုန်းဆက်နေသည်။ သည်ကိစ္စမှာ မိမိ အောင်မြင်ခံနေပြီဖြစ်ကြောင်း အယ်နီ သိပါသည်။

သို့သော်လည်း အရသာ ကင်းမဲ့သော အောင်ပွဲ ဖြစ်နေသည်။ လိုင်ယွန်ကလည်း နီလီကို မမှန်သည့်စကားများ ပြောပြီး ဖျောင်းဖျထားသည်။ အယ်နီနှင့် ကွာရှင်းပြတ်စဲဖို့ သူ ဆောင်းဆိုနေပါသည်ဟု ချေးသိပ်ထားသည်။ အတကယ်တော့ အယ်နီကိုခွဲပြီး သူမသွားချင်ပါ။ နီလီနှင့်လည်း ဆက်ပြီး တွဲမနေချင်တော့ပါ။

နီလီသည် အဆိပ်ပြင်းထန်သည့် မြွေဟောက်မတစ်ယောက်ဖြစ်ကြောင်း လိုင်ယွန်သိသွားပြီ ဖြစ်ပါသည်။

မနက်ဖြန်သည် ဇန်နဝါရီလ ငါးရက်နေ့ဖြစ်သည်။

သို့သော်လည်း ကာလီဖိုးနီးယားသို့ သူသွားမည့်အကြောင်းကို ယခုအချိန်ထိ မပြောသေး။ ရှစ်ရက်နေ့တွင်ရှိသည့် ကပွဲအချို့ကို ကြည့်ရန် အစီအစဉ်ရှိကြောင်းကိုပင် သူက ပြောနေသေးတော့သည်။

တကယ်ပဲ အယ်နီ အောင်ပွဲခံလိုက်နိုင်ပြီလေ။ သို့တည်းမဟုတ် ပြဿနာက မတင်မကျနှင့် လိပ်ခဲတည်းလည်း ဖြစ်နေခြင်းလော။

နီလီက ရှိသေးသည်။ အမြဲတမ်းလည်း ရှိနေဦးမည်။ နီလီကို လိုင်ယွန်က သဘောကျနေသလော။ နီလီနှင့်အတူ ဆက်ဆံနေထိုင်ရသည့်အတွက် သူ ပျော်မွေ့နေသလော။ မိမိနှင့် ဆက်ဆံ နေထိုင်ရသကဲ့သို့ပင် သူ စိတ်ချမ်းသာမှုကို ရသလော။ သည်အကြောင်းများကိုတော့ သူ့အနေနှင့် ဘယ်သောကာလတွင်မှ သိရှိနိုင်မည် မဟုတ်တော့ပါ။

ကပွဲပြီးသွားသည့် အချိန်တွင် ဇာတ်စင်နောက်မှာ လူအများ တိုးဝှေ့နေကြသည်ကလည်း ယခင် ဆယ့်ကိုးနှစ်က နီလီ၏ ဇာတ်စင်နောက်တွင် လူများ တိုးဝှေ့နေကြသည်နှင့် အတူတူပဲ ဖြစ်သည်။ မာဂျီပတ်သည် အသက်ကလည်း အလွန် ငယ်သေးသည်။ သူ့ကို လာရောက် နှုတ်ဆက်နေကြသူများ၊ ချီးကျူးစကားပြောနေကြသူများအား သူ့မန်နေဂျာများနှင့် အတူ လက်ခံတွေ့ဆုံနေသည်။

တေးဂီတ အစီအစဉ် ပြီးဆုံးသွားပြီးနောက် ညှိခံပွဲကို ထိုနေ့ညမှာပင် ဆက်လက်ပြုလုပ်ကြသည်။ အယ်နီက လိုင်ယွန်နှင့် ဂျော့တို့နှစ်ယောက်ကြားမှ ထိုင်ခုံမှာ ထိုင်သည်။

ခဏနေတော့ လိုင်ယွန်က အခြားစားပွဲတစ်ခုသို့ ထသွားပြီး အလုပ်ကိစ္စများကို ပြောဆိုဆွေးနွေးနေသည်။ မာဂျီပတ်က လွတ်သွားသည့် လိုင်ယွန်၏ ကုလားထိုင်မှာ လာထိုင်သည်။

"ပြောရဦးမယ် မစ္စဝဲလ်စ်၊ ကျွန်မလည်း အစ်မကြီးရဲ့ ပရိသတ်တစ်ယောက်ပါပဲ"

အယ်နီက ပြုံးသည်။

"ကုန်ပစ္စည်းကြော်ငြာတွေကို ပြောတာလား၊ အလကားပါကွယ်။ အဲဒါတွေက မပြောပလောက်ပါဘူး"

"အို- ကျွန်မကတော့ သိပ်သဘောကျတာပဲ။ ဂေလီယန်အလှကုန်တွေအကြောင်း အစ်မကြီး ကြော်ငြာနေတုန်းကများ ဆိုရင် ကျွန်မဖြင့် ကြည့်ရတိုင်း မူးမေ့သွားတော့မလား ထင်ရလောက်အောင်ကို ကြိုက်တာပဲ။

ကျွန်မ မှတ်မိသေးတယ်။ ကျွန်မက ဆယ်နှစ်သမီးလောက်ပေါ့။ ဂေလီယန် နှုတ်ခမ်းဆိုးဆေးဝယ်ဖို့ မေမေ့ပိုက်ဆံအိတ်ထဲက တစ်ဒေါ်လာ ခိုးယူဖူးတယ်။ အစ်မကြီးရုပ်နဲ့ သိပ်တူချင်တာပဲ"

အယ်နီက ပြုံးလိုက်ပြန်သည်။

ဟယ်လင်လော်ဆန် မည်သို့ ခံစားခဲ့ရသည် ဆိုခြင်းကိုလည်း ချက်ချင်း သဘောပေါက်သွားမိသည်။

အသက်ငယ်ရွယ် နုပျိုရသည့် အရသာ

www.burmeseclassic.com

www.burmeseclassic.com



မှာ မည်သည့် အရာသာနှင့်မျှ နှိုင်းယှဉ် မရနိုင်လောက်အောင် ထူးခြားသည့်အရာ ဖြစ်သည်။ မိမိကိုယ် မိမိ ငယ်သေးသည်ဟု ထင်မှတ်ရခြင်းမှာလည်း ထိုနည်းတူပင် ဖြစ်လေသည်။

ယခု အချိန်တွင် အယ်နီသည် မာဂျီပတ်အဖို့ အားကျစရာ အမျိုးသမီးကလေး တစ်ယောက် ဖြစ်နေကြောင်း အယ်နီက သူ့ကိုယ်သူ သိသည်။ အရာရာတွင် အောင်မြင်နေသည့် ယောက်ျားတစ်ယောက်နှင့် လက်ထပ်ထားသည်။ အယ်နီကိုယ်တိုင်ကလည်း သူ့နည်းသူ့ဟန်နှင့် အထိုက်အလျောက် အောင်မြင်နေသည်။

မာဂျီပတ်သည် မိန်းမချော မိန်းမလှကလေးကား မဟုတ်ပါ။ အစိမ်းရောင်ဂါဝန်ကို ဝတ်ထားသည်။ ပုံသိပ်မကျလှသောကြောင့် သူ့ကိုယ်လုံး၏ အလှက ပေါ်လွင်ထင်ရှားလာခြင်း မရှိ။ ကုတ်အင်္ကျီကလည်း ရိုးရိုးအနက်ရောင် ပိုးကုတ်အင်္ကျီ ဖြစ်သည်။ အယ်နီ ဝတ်ထားသည့် ကတိုးရေကုတ်အင်္ကျီကို မာဂျီ မျက်စိကျနေကြောင်းကိုလည်း သတိထားမိသည်။

သို့သော် အယ်နီ၏ဆံပင် ကောင်းလှသော်လည်း ပင်ကို အသွေးအရောင် ပျက်ပြယ်တော့မည် ဖြစ်ကြောင်းကိုမူ မာဂျီ သိချင်မှ သိပေလိမ့်မည်။ ပါးရေနားရေ တွန့်စပြုလာသောကြောင့် မိတ်ကပ်နှင့် အနိုင်နိုင် ဖုံးအုပ်ထားနေရသည်ကိုလည်း မာဂျီ သတိထားမိပါလေစ။ ယခုညလို မီးရောင် မှိန်မှိန်ကလေးအောက်မှာတော့ အယ်နီ့အလှသည် အံ့မခန်းဖြစ်နိုင်စရာပင်။ သည်ခန်းမကြီး အတွင်းသို့ အယ်နီ ဝင်လာစဉ်တုန်းက ရှိနှင့်နေကြသူများက အယ်နီကို တငေးတမော ကြည့်ခဲ့ကြသည်။

ရုပ်မြင်သံကြား ထုတ်လွှင့်ရာမှာတော့ အလွန် ကြည့်ကောင်းလှပါသည်။ မိတ်ကပ်ကို ကောင်းကောင်းခြယ်ပြီး မီးရောင်ကိုလည်း စိတ်တိုင်းကျ ပြုပြင်ပေးနိုင်မည် ဆိုလျှင် နောက် ဆယ့်ငါးနှစ်လောက်တော့ ကောင်းကောင်း ဆက်ပြီး အလုပ်လုပ်နိုင်ပေလိမ့်ဦးမည်။

သို့သော်လည်း သူ့အသက် အမှန်တကယ်ထက် ပိုပြီး ငယ်သယောင်တော့ ဟန်ဆောင်လို့ ဖြစ်နိုင်မည် မဟုတ်ချေ။ မည်သူတို့အပေါ်မှာ လိမ်ညာဟန်ဆောင်၍ ရနိုင်ပါမည်နည်း။ သူ့အသက်အမှန်ကို လူတိုင်းက သိနေကြသည် မဟုတ်ပါလား။

မာဂျီပတ်က စကားများကို အဆွင် မပြတ် ပြောနေသည်။ လိုင်ယွန်က စိတ်ပျက် လာပုံရသည်။ ငြီးငွေ့မှုကိုပင် ဟန်ဆောင်ပြီး ဖုံးမထားနိုင်တော့ချေ။ နောက် တစ်နာရီခန့် ကြာသောအခါ ဂျော့၏ မော်တော်ကားနှင့် မာဂျီပတ်က ပြန်လိုက်သွားသည်။ ထိုနေညက လိုင်ယွန် စိတ်မောလူမော ဖြစ်နေသည်။

အိမ်ပြန်ရောက်ပြန်တော့လည်း နီသီ အကြိမ်ကြိမ် ဖုန်းဆက်သည့် အကြောင်းကြား စာများက တန်းစီပြီး စောင့်နေသည်။ လိုင်ယွန် က စိတ်ရှုပ်ထွေးစွာနှင့် ဖုန်းပြန်ဆက်သည်။

အယ်နီ မသိအောင် ခိုးကြောင်ခိုးဝှက် ဆက်ခြင်း မဟုတ်။ တာဝန်အရ ဆက်သည့် အနေမျိုးနှင့် တိုတိုတုတ်တုတ်ပင် ပြောသည်။ ယနေ့ညပွဲ အောင်မြင်ကြောင်း၊ မာဂျီပတ်နှင့် စာချုပ်ပြီးသွားပြီ ဖြစ်ကြောင်း၊ ပါရမီရှင်သ သည့် မိန်းကလေး တစ်ယောက်ပင် ဖြစ် ကြောင်း၊ ရက်ပိုင်းအတွင်း ကာလီဖိုးနီးယား လာမည်ဖြစ်ကြောင်းများလောက်သာ ပြော သည်။

မာဂျီ၏ အောင်မြင်မှုမှာ တောမီး ပျံ့နှံ့သွားသည်။ ရုံဝင်လက်မှတ်များလည်း စောစောစီးစီး ကုန်သွားသည်။ အတော် ဆယ်ယောက်ထဲမှာ စာရင်းဝင်သွားသည်။

သို့နှင့် ဧပြီလရောက်သောအခါ ရုပ်မြင် သံကြား လွှင့်ဖို့အတွက် မာဂျီနှင့် စာထပ် သည်။ အပတ်စဉ် ထုတ်လွှင့်ရန် ဖြစ်သည်။ တာဝန်ယူထုတ်လွှင့်သူမှာ ဘီသုံးလုံးအေဂျင် ဖြစ်သည်။

လိုင်ယွန်သည် ကာလီဖိုးနီးယား နယူးယောက်မြို့သို့ သွားချည်လာလှည့် နေသည်။ နီလီ၏ ကပွဲများမှာလည်း အော မြင်နေဆဲပင် ဖြစ်သည်။ ဘီသုံးလုံး အေ က ရုံးခွဲတစ်ခုကို ကာလီဖိုးနီးယားပြည်န ဖွင့်သည်။ ဂျွန်ဆင်ဟားရစ်ကုမ္ပဏီနှင့် ထားကြသူ အများအပြား ဘီသုံးလုံး အေ စီသို့ ကူးပြောင်းလာကြသည်။

ဟောလီးဝုဒ် အသိုင်းအဝိုင်းမှာ ရေပန်းစားလာပြန်သည်။ ခမ်းနား သည့် အိမ်ကြီးတစ်လုံးကို ငှား အိမ်ဖော်များ အပြည့်အစုံ ခန့်ထားလိုက် ညေ့ခံပွဲကြီးများကို အဆက်မပြတ် ကျင်းပနေပြန်သည်။ တာစားနေကြ

www.burmeseclassic.com



နာမည်ကျော်များ ဝင်လာမစဲ တသဲသဲ ရှိနေသည်။

ထိုနှစ် ပွဲလမ်းသဘင် ရာသီအတွက် နီလီ၏ နောက်ဆုံး လွှင့်ထုတ်ရမည့် ရုပ်မြင်သံကြားဇာတ်လမ်းကို ရိုက်ကူးနေဆဲမှာပင် နယူးယောက်သို့ ပြန်လာရန် လိုင်ယွန်ကို ဂျော့က လှမ်းခေါ်သည်။ မာဂျီပတ်အတွက် အရေးကြီးသော အစီအစဉ်များ ပြုလုပ်ကြရန် ဖြစ်သည်။

"ခင်ဗျားကတော့ တီထွင်ဖန်တီးနိုင်တဲ့ လူတစ်ယောက်ပါပဲ။ တစ်ဖက်က ဝင်ငွေကောင်းအောင် ကျွန်တော် ကြိုးစားပါ့မယ်။ ကပွဲတွေကိုပါ အဆင်ပြေအောင် ခင်ဗျား အုပ်ချုပ်ပေးပါဦး"

ဂျော့က လိုင်ယွန်ကို ပြောသည်။

လိုင်ယွန်က မည်သူ့ကိုမျှ အသိမပေးဘဲ ကာလီဖိုးနီးယားမှ ထွက်လာခဲ့သည်။ နီလီကိုတော့ စာတိုကလေး ရေးပြီး လေးဆ[illegible] နာရီအတွင်း ပြန်လာခဲ့မည်ဖြစ်ကြောင်း [illegible] ခဲ့သည်။ သို့မှသာ စိတ်ဖြောင့်ဖြောင့်နှ[illegible] သွားနိုင်မည်ဟု သူ မျှော်လင့်ထားသည်။ [illegible] ရိုက်ကူးနေသည့် ရုပ်မြင်သံကြားကလည်း သုံးပုံနှစ်ပုံ ပြီးနေပြီ ဖြစ်သည်။

လိုင်ယွန်က တွေ့ရမည့်သူများနှင့် တွေ့သည်။ ဆွေးနွေးရမည့်သူများနှင့် ဆွေးနွေးသည်။ ဟောလီးဝုဒ်မှ ဒါရိုက်တာတစ်ယောက်ကို စာချုပ်နှင့်ငှားသည်။ နီလီမှာ နေမထိထိုင်မသာ ဖြစ်နေသည်။

သို့သော်လည်း စည်းကမ်း သေသေဝပ်ဝပ်နှင့်တော့ သူ့အလုပ်များကို သူ လုပ်နေသေးသည်။ လိုင်ယွန်လည်း စိတ်သက်သာရာ ရနေသည်။ ကာလီဖိုးနီးယားသို့ ချက်ချင်း မပြန်ရန် ဆုံးဖြတ်လိုက်သည်။

အယ်နီနှင့်အတူတူ ပြဇာတ်များ သွားကြည့်ကြသည်။ သမီးကလေး ဂျနီဖာကို ပန်းခြံသို့ ခေါ်သွားပြီး မြင်းစီးစေသည်။

တစ်ညမှာတော့ သူတို့ လင်မယားနှစ်ယောက် အိပ်ရာထဲမှာ နေကြရင်း ညဉ့်နက်ပိုင်း ရုပ်မြင်သံကြား အစီအစဉ်များကို ကြည့်နေကြသည်။ ထိုအချိန်မှာပင် ကြားဖြတ်သတင်းတစ်ပုဒ်ကို ထုတ်လွှင့် ကြေညာလိုက်သည်။

"နီလီအိုဟာရာကို ဆေးရုံသို့ တင်ပို့လိုက်ရခြင်း။ အသက်အန္တရာယ် စိုးရိမ်ရခြင်း"

စက္ကန့်ပိုင်း အကြာမှာပင် ဂျော့က ဖုန်းလှမ်းဆက်သည်။ ကာလီဖိုးနီးယားသို့ သူ ဖုန်းဆက်ပြီး ဖြစ်ကြောင်း၊ နီလီ၏ အသက်အန္တရာယ်အတွက် စိုးရိမ်စရာ မရှိတော့ပါဟု ပြောကြောင်းနှင့် ပြောပြသည်။ အိပ်ဆေးပုလင်းတစ်ဝက်ကို သောက်ပစ်လိုက်သောကြောင့် ဆေးရုံသို့ ပို့ရခြင်း ဖြစ်သည်ဟု ဆိုသည်။

လိုင်ယွန် အဝတ်အစား လဲနေသည့် အချိန်တွင် အယ်နီက လိုအပ်သည့်ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်ပေးနေသည်။

လော့စ်အိန်ဂျယ်လိစ်မြို့သို့ ထွက်မည့် လေယာဉ်ပျံ ညတစ်နာရီခွဲတွင် ရှိသည်။ ထိုလေယာဉ်ပျံနှင့် လိုင်ယွန် လိုက်သွားနိုင်မည်။ နီလီ၏ ရုပ်မြင်သံကြားမှာ ပြီးပြည့်စုံအောင် ရိုက်ကူးပြီးစီးခြင်း မရှိသေး။

သို့သော် နီလီ ဆေးရုံတက်နေရသည့် အခိုက်အတန့်တွင် ဂျိုင်းကလင်း၏ အခန်းများကို ရိုက်ကူးနေနိုင်သည်။ နီလီ နေကောင်းလာသည့် အချိန်တွင်လည်း ကြိုတင် ရိုက်ကူးခြင်း မဟုတ်တော့ဘဲ တိုက်ရိုက်ပင် ရိုက်ကူး ထုတ်လွှင့်ရပေတော့မည်။

ဆေးရုံသို့ လိုင်ယွန် ရောက်သွားသောအခါ နီလီမှာ အားနည်းပြီး မျက်တွင်းဟောက်ပက် ဖြစ်နေသည်ကို တွေ့ရသည်။ သေဘေးတစ်ခုမှ သူ လွတ်မြောက်လာပြန်ပြီ။ လက်များ ဆန့်တန်းပြီး လိုင်ယွန်ကို ဆီးကြိုသည်။

"အို- လိုင်ယွန်၊ ဟိုဟာကိုလည်း ကျွန်မ တွေ့လိုက်ရရော ဒုက္ခတော့ ဖြစ်ကြပြီဆိုတာ ကျွန်မ သိလိုက်တယ်။ ကျွန်မ သေချင်တယ်"

"ဘာကို တွေ့လိုက်ရတာလဲ"

လိုင်ယွန်က နီလီကို ယုယညင်သာစွာ ပြန်ဖက်ထားရင်း ဆံပင်များကို သပ်ပေးနေသည်။

"ကျွန်မ ရုပ်မြင်သံကြား ရိုက်နေတုန်း သတင်းစာဖတ်လိုက်မိတယ်။ နယူးယောက်ကို ရှင်ပြန်သွားတာဟာ မာဂျီပတ်ကို ထိပ်တန်းမင်းသမီးဖြစ်အောင် စီစဉ်ပေးဖို့ ဖြစ်တယ်လို့ သတင်းစာက ရေးထားတယ်"

"ဒါကလေးကြောင့် မင်း ဒီလို လုပ်လိုက်ရသလားကွာ"

လိုင်ယွန်က အံ့ဩတကြီးနှင့် မြန်မေးသည်။

"ဒီမှာ လိုင်ယွန်၊ တစ်ခါတစ်ရံ ရှင်မိန်းမနဲ့အတူတူ ပြန်နေတာကို ကျွန်မ လက်ခံနိုင်ပါ

www.burmeseclassic.com



တယ်။ တခြား မိန်းကလေး တစ်ယောက်ယောက်နဲ့ ရှင် တွဲခုတ်နေဦးမယ်ဆိုရင်တောင်မှ ကျွန်မ ခွင့်လွှတ်နိုင်ပါတယ်။

ဒါပေမယ့် ကျွန်မ အသက်ရှင်နေတဲ့ အချိန်မှာ တခြား မိန်းကလေး တစ်ယောက်ယောက် အောင်မြင်လာအောင် ရှင်က မြေတောင်မြှောက်ပေးဦးမယ် ဆိုတာကိုတော့ ကျွန်မ နည်းနည်းကလေးမှ သည်းမခံနိုင်ဘူး"

"နီလီ၊ ကိုယ်တို့အလုပ်ဟာ အမျိုးသမီးတစ်ယောက်တည်းအတွက် အလုပ်လုပ်ပေးနေတဲ့ လုပ်ငန်း မဟုတ်ဘူး"

"ရှင်တို့ အေဂျင်စီ အောင်မြင်လာအောင်လည်း ကျွန်မ လုပ်ပေးခဲ့တာ မဟုတ်လား။ ပြန်ပြီး ကျဆုံးသွားအောင်လည်း ကျွန်မ လုပ်ပစ်လိုက်နိုင်တယ်။ ရှင်တို့ အေဂျင်စီကနေပြီး ကျွန်မ အခု ထွက်ပစ်လိုက်တာနဲ့ တစ်ပြိုင်တည်း တခြား မင်းသား၊ မင်းသမီး တစ်ဝက်လောက်လည်း ကျွန်မနဲ့အတူတူ ထွက်လိုက်လာကြမှာပဲ။ ရှင့်ဘဝမှာ ကျွန်မ မရှိလို့ မဖြစ်ပါဘူး အစ်ကိုရယ်။

ဒါကြောင့် ကျွန်မ လက်ဖြောက်တစ်ချက် တီးလိုက်တာနဲ့ တစ်ပြိုင်တည်း ကျွန်မ ရှေ့မှောက်ကို ရှင် ရောက်လာရမယ်"

လိုင်ယွန်က ထိုင်ရာမှထပြီး အခန်းထဲမှ ထွက်သွားတော့သည်။

"လိုင်ယွန် ပြန်လာခဲ့"

နီလီက လှမ်းအော်သည်။

လိုင်ယွန်ကတော့ နောက်ပိုင်းသို့ ပြန်လှည့် မကြည့်တော့ဘဲ ဆက်လျှောက်မြဲ လျှောက်လာခဲ့တော့သည်။

*

နောက်တစ်ခေါက် လေယာဉ်ပျံနှင့် နယူးယောက်မြို့သို့ လိုင်ယွန် ပြန်လိုက်လာခဲ့သည်။ ရောက်သည်နှင့် တစ်ပြိုင်တည်း ဂျော့နှင့် အရေးပေါ် အစည်းအဝေးလုပ်ကြသည်။

"တစ်ခုလောက် မေးပါရစေ၊ ခင်ဗျား မိန်းမကို ဆပ်ရမယ့် အကြွေးတွေ ခင်ဗျား ပြန်ဆပ်ပြီးသွားပြီလား"

လိုင်ယွန်က မေးသည်။

ဂျော့က ပြုံးနေသည်။

"မဆပ်ရသေးဘူး၊ ဆပ်ဖို့လည်း ကျွန်တော် မရည်ရွယ်တော့ဘူး"

"အယ်နီကို ကျွန်တော် နောက်ဆုံး ပြန်ဆပ်ရမယ့် အရစ်ကို အခုပဲ ပေးပြီးသွားပြီ။ အခုဆိုရင် ကျွန်တော် ကြွေးကင်းမြေကင်း ဖြစ်သွားပြီ။ ဒါကြောင့် အခုအချိန်ကစပြီး ကျွန်တော် လုပ်သမျှ အလုပ်တွေဟာ ကျွန်တော့်ငွေနဲ့ ကျွန်တော် လုပ်တာချည်း ဖြစ်တော့မယ်။ ကျွန်တော့်ကို ဘယ်သူကမှ အကျပ်ကိုင်လို့ မရတော့ဘူး"

"ကျွန်တော့်အစုကလေးကိုတော့ ထည့်တွက်ပါဗျာ"

ဂျော့က ပြုံးလိုက်ပြန်သည်။

"ခင်ဗျားကိုတော့ ထည့်တွက်ရမှာပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော်တို့နဲ့ နီလီရဲ့ စာချုပ်ကို ဖျက်ပစ်လိုက်ဖို့ ကျွန်တော် ဆုံးဖြတ်ပြီးပြီ။ သူ့အတွက် စိတ်ညစ်ခံ မနေနိုင်တော့ဘူး။ သူ့ကို ကျွန်တော်တို့ ဆက်သုံးဖို့ မလိုတော့ဘူး"

"ဒီလိုလုပ်ရင် ကျွန်တော်တို့မှာ ထိခိုက်နိုင်တယ်လို့ မစဉ်းစားမိဘူးလား"

"ဘာမှ မထိခိုက်နိုင်ပါဘူး၊ မာဂျီက အောင်မြင်နေပြီ။ သူ့ကို အပတ်စဉ် ရုပ်မြင်သံကြားက ထုတ်လွှင့်ပေးနေပြီ ဆိုတာကို မမေ့ပါနဲ့။ ဂျိုဝီကလင်းကလည်း အောင်မြင်နေပြီ။ နီလီကတော့ တစ်နှစ် နှစ်နှစ်အတွင်းမှာ ဒီလိုနဲ့ ပျက်စီးသွားတော့မှာပဲ။ သူနဲ့အတူတူ ကျွန်တော်တို့ပါရောပြီး အပျက်စီး မခံနိုင်ဘူး။

သူ့ကို ကျွန်တော်တို့ မြေတောင်မြှောက်ပေးခဲ့ကြတယ်။သူ့ကို ထိပ်တန်းရောက်အောင် ကျွန်တော်တို့ ပြန်တင်ပေးခဲ့ကြတယ်။ ဒီအတွက်လည်း . ကျွန်တော်တို့ ထိုက်တန်တဲ့ အကျိုးကျေးဇူး ခံစားခဲ့ကြရပြီးပြီ။ ဒါကြောင့် ကျွန်တော်တို့ အနိုင်နဲ့ ပိုင်းရတော့မယ်။ သူ့ကို ကျွန်တော်တို့ ထုတ်ပစ်ရတော့မယ်"

"နီလီ ပျက်စီးသွားမယ်လို့ ဘာကြောင့် ခင်ဗျားက ထင်တာလဲ။ သူ့ရောဂါ ပျောက်သွားအောင် ဟာဗင်မာနာက ကုပေးလိုက်ပြီ မဟုတ်လား"

လိုင်ယွန်က ရယ်သည်။

"တစ်နေ့ကို ဒင်မ်ရော ဆေးနှစ်လုံး မှန်မှန်ထိုးနေတဲ့ လူတစ်ယောက်ဟာ ဘယ်လောက်ကြာကြာ ဆက်ပြီး ရပ်တည်နေနိုင်မှာတဲ့လဲ"

"သူပြောတော့ ဗိုက်တာမင် အားဆေးတွေ ထိုးနေတာ ဆိုပါကလား"

ဂျော့က ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်တာမင်လည်း ပါပါတယ်။ ဒီမှာ ဂျော့၊ ကျွန်တော်တို့ အေဂျင်စီမှာ လူကောင်းတွေကိုလည်း ကျွန်တော်တို့ ရထားပြီးပါပြီ။ အလုပ်လုပ်ရတာလည်း တက်ညီလက်ညီ ရှိတယ်။ ဝင်ငွေကောင်းအောင်လည်း ခင်ဗျား လုပ်နိုင်တယ်။ ခင်ဗျားကို ဘယ်သူမှ မယှဉ်နိုင်ဘူး။ အနုပညာ အစွမ်းအစရှိတဲ့လူတွေကို ကျွန်တော်က မြေတောင်မြှောက်ပေးတတ်တယ်။ တိုင်းပြည်ရဲ့ အရှေ့ခြမ်းနဲ့ အနောက်ခြမ်းကို ကူးချည်သန်းချည် သွားနေရပြီး ဒီမိန်းကလေးတစ်ယောက်ကို ပြုစုယုယနေရတဲ့ အလုပ်နဲ့ ကျွန်တော်တို့ စွမ်းအားတွေ တစ်ဝက်ကို ဖြုန်းတီး မနေနိုင်ဘူး။ ရေဘဝဲမတစ်ကောင်ရဲ့ အချစ်တော်အဖြစ်နဲ့ အချိန်တွေ အကုန်မခံနိုင်ဘူး။

သူဟာ လူတွေကို အရှင်လတ်လတ် ဝါးစားတတ်တဲ့မိန်းမ၊ လူတွေကို ရှင်လျက်နဲ့ သေသွားအောင် လုပ်နိုင်တဲ့မိန်းမ၊ ဒီဒဏ်တွေကို ကျွန်တော့်မိန်းမ အယ်နီ ဘယ်လောက် ခံခဲ့ရတယ်ဆိုတာ ဘုရားသခင် သိပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ နီလီနဲ့ပဲ ဆက်ပြီး အလုပ်လုပ်ခဲ့ကြရတယ်။ အခုတော့ ဂွန်ဆင်ဟားရစ် ကုမ္ပဏီက အက်ဘီကင်းမင်းလည်း နီလီနဲ့ စေ့စပ်ဆွေးနွေးဖို့ လိုက်သွားနေပြီ။ ဒါကြောင့် ကျွန်တော်တို့ သူ့ကို လက်လွှတ်လိုက်ကြရအောင်ဗျာ"

ဂျော့က ပြုံးသည်။

"ကောင်းပါပြီလေ၊ ဒီအကြောင်းကိုတော့ ခင်ဗျား ကိုယ်တိုင်ပဲ ကြေးနန်းရိုက်ပြီး အကြောင်းကြားလိုက်ပါတော့။ ဒီအလုပ်ကို ခင်ဗျားပဲ လုပ်သင့်တယ်လို့ ကျွန်တော် ထင်ပါတယ်"

လည်း အောင်မြင်နေသည်။ ဂွန်ဆင်ဟားရစ် ကုမ္ပဏီကလည်း အမျိုးသား သုံးယောက်ကို တာဝန်ပေးပြီး နီလီအား အချိန်မလပ် စောင့်ရှောက်ခိုင်းနေရသည်။

"နီလီ အဆင်ပြေမယ်လို့ ထင်သလားဟင်"

အယ်နီက လိုင်ယွန်ကို မေးသည်။

"ခဏပါပဲကွာ၊ နီလီဟာ သူ့ကိုယ်သူ ပြန်ဖျက်ဆီးနေတဲ့ မိန်းကလေးပဲ။ အသုံးအဖြုန်းကလည်း ကြီးလွန်းတယ်။ ရေမအိမ်ကြီးနဲ့ အိမ်ဖော်တွေ တစ်လှေကြီးနဲ့။ သောက်လိုက်တဲ့ အရက်ကလည်း မိုးမလင်းဘူး။ သူ ပြန်အောင်မြင်လာတာဟာ သူ့အသက်ကို အန္တရာယ်ပေးဖို့လို ဖြစ်နေတယ်"

"တကယ်လို့များ သူ စိတ်ပြန်ဖောက်လာရင်. . ."

အယ်နီမှာ ပြောရင်း စိတ်ထိခိုက်လာသည်။ မိမိကိုယ်ကိုမိမိ ပြန်လည် ဖျက်ဆီးနေသည့် နီလီ၏ အပြုအမူများမှာ ရင်နာစရာကောင်းလွန်းလှသည်။

"တစ်နေ့ကျရင် ပြန်ဖောက်ဦးမှာပါပဲ။ ပြန်ကို ဖောက်ရဦးမယ်လေ"

"အဲဒီအခါကျရင် ဘယ်လိုဖြစ်ဦးမှာလဲ"

"ပြီးရင်လည်း ပြန်အောင်မြင်ဦးမှာပါပဲ။ ဒီလိုပဲ သူ့ခန္ဓာကိုယ်နဲ့ အသက် တည်မြဲနေသမျှတော့ ဖောက်သွားလိုက် ပြန်အောင်မြင်လာလိုက်၊ ဖောက်သွားလိုက် ပြန်အောင်မြင်လိုက်နဲ့ သံသရာလည်နေမှာပဲ။ သူ့မှာ အနုပညာဓာတ်ခံကလည်း ရှိနေသေးတယ်။

ဒါကြောင့် တစ်ဖက်က အောင်မြင်နေမယ်။ တခြား တစ်ဖက်က ပျက်စီးယိုယွင်းနေမယ်"

*

*

ယခင် အေဂျင်စီနှင့် စိတ်တိုင်းမကျသောကြောင့် ဂွန်ဆင်ဟားရစ်ကုမ္ပဏီနှင့် ကူးပြောင်းစာချုပ်ကြောင်း ထုတ်ဖော် ပြောဆိုပြီး နီလီက လက်မှတ်ထိုးလိုက်လေတော့သည်။

ဘီသုံးလုံး အေဂျင်စီတွင် တစ်စုံတစ်ရာ ထိခိုက် နစ်နာခြင်းလည်း မရှိခဲ့။ စက်တင်ဘာလထဲတွင် မာဂျီပတ်၏ တေးဂီတအစီအစဉ်ပွဲများသည် အလွန်တရာ အောင်မြင်နေတော့သည်။

ပွဲလမ်းသဘင် ရာသီသစ်တွင် နီလီ

၁၉၆၅

နှစ်သက်ကူးအကြို ညစာစားပွဲကြီးကိုကြည့်ပြီး သည်ပွဲကြီး ကျင်းပဖို့ မပြောဖြစ်ခဲ့လျှင် ကောင်းပေလိမ့်မည်ဟု အယ်နီက တွေးနေမိသည်။

ဧည့်သည်များ ဝင်လာမစဲ တသဲသဲဖြစ်နေသည်။

ဘားကောင်တာနားမှာလည်း ကြိတ်ကြိတ်တိုးနေကြသည်။ သူတို့ထဲမှာ ရောရော

www.burmeseclassic.com

www.burmeseclassic.com



နှောနှော ဝင်ပြီး ညှော်ခံဖို့ ကျော့နှင့် လိုင်ယွန်က တိုက်တွန်းလွန်းသောကြောင့်သာ မတတ်သာဘဲ ညှော်ခံနေရသည်။ မိမိတို့က ကျင်းပသည့် ညှော်ခံပွဲ ဆိုတော့လည်း မရှောင်သာတော့။

ဘရော့ဒ်ဝေးဇာတ်ရုံများမှ နာမည်ကျော် မင်းသမီး၊ မင်းသားများ ရောက်စပြုလာသည်။ အချိန်မှာ သန်းခေါင်ကျော် တစ်နာရီလည်း ထိုးပြီးသွားပေပြီ။

ယခုဆိုလျှင် ဇန်နဂါရီလ တစ်ရက်နေ့ ဖြစ်ပြီး သမီးကလေး ဂျနီဖာ၏ နှစ်နှစ်မြောက် မွေးနေ့လည်း ဖြစ်သည်။

အယ်နီသည် ညှော်သည်များ ကြားမှ မသိမသာ ထွက်လာခဲ့သည်။ သမီးကလေး၏ အခန်းသို့ လာခဲ့သည်။ အလင်းရောင် မှိန်မှိန်ကလေးက အိပ်ပျော်နေသည့် သမီးကလေးကို မြင်သာရုံ လင်းနေသည်။

"နှစ်သစ်ကူးမှာ ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ မေမေ့ ချစ်သည်းလေးရေ။ သမီးကို မေမေ သိပ်ချစ်တယ်ကွယ်။ အို- မေမေ ဘယ်လောက် ချစ်တယ် ဆိုတာကိုတောင် မပြောပြနိုင်တော့ပါဘူး"၊

အယ်နီက လေသံကလေးနှင့် တိုးတိုး ပြောပြီး သမီးကလေးကို ဖွဖွကလေး ကုန်းနမ်းသည်။

ထို့နောက် အခန်းထဲမှ သူ ထွက်လာခဲ့သည်။ ညှော်ခန်းထဲမှာ လူတွေ ကျပ်နေသည်။ သီးသန့် နားနေခန်းထဲမှာလည်း ညှော်သည် အပြည့် ဖြစ်သည်။ ဘားခန်းမှာတော့ ခြေချစရာ နေရာပင် မရှိတော့။

ထို့ကြောင့် အိပ်ခန်းထဲသို့ ဝင်လာပြီး တံခါးပိတ်လိုက်သည်။ တံခါးပိတ်ထား၍လည်း မဖြစ်သေး။ မိမိက အိမ်ရှင် ဖြစ်နေသည်။ ညှော်သည်များကို ပစ်ထားခဲ့ပြီး အိပ်ခန်းထဲမှာ တံခါးပိတ်နေ၍ မဖြစ်သေး။ တံခါးပိတ်ထားလျှင် တစ်စုံတစ်ဦးက တံခါးလာခေါက်ချင် ခေါက်နေဦးမည်။

ထို့ကြောင့် တံခါးကိုဖွင့်ပြီး အခန်းထဲမှ မီးကို ပိတ်လိုက်သည်။ သည်လိုက ပိုကောင်းသည်။ တံခါးဖွင့်ပြီး မီးပိတ်ထားမည်ဆိုလျှင် သူ့ကိုလည်း မည်သူကမျှ မြင်တွေ့နိုင်မည် မဟုတ်။ မည်သူမျှ ဝင်မလာစေပါနှင့်ဟုလည်း ဆုတောင်းမိသည်။ ခေါင်းထဲက စစ်စစ်စစ်စစ် နှင့် ကိုက်လာသည်။

အိပ်ရာပေါ်မှာ ခြေပစ်လက်ပစ် လှဲချလိုက်သည်။ အပြင်မှ ညှော်သည်တို့၏ စကားပြောသံများ ဝေးသွားသည်။ တေးဂီတသံကို ကြားရသည်။ ခဏကြာတော့ ဖန်ခွက်ကွဲသံ၊ ဝါးခနဲ ရယ်မောသံ၊ ခြေသံများကို ရုတ်တရက် ကြားရသည်။ တစ်ယောက်ယောက် လာနေပြီ။ ခဏကလေး လာလှဲနေခြင်း ဖြစ်ပါသည်ဟု ပြောရတော့မည်။ အယ်နီက ငြိမ်ငြိမ်ကလေး လှဲနေသည်။ သူတို့ပြန်သွားကြပါစေဟုလည်း ကျိတ်ပြီး ဆုတောင်းနေမိသည်။

"တံခါးပိတ်ထားကြရအောင်"

မိန်းကလေး၏လေသံ ဖြစ်သည်။

"မပိတ်နဲ့၊ တခြားလူတွေ ရိပ်မိသွားလိမ့်မယ်"

ထိုသို့ ပြန်ပြောသူမှာ လိုင်ယွန် ဖြစ်သည်။ သို့သော်လည်း မိန်းကလေး၏အသံကိုမူ အယ်နီ မမှတ်မိ။

"ရှင့်ကို ကျွန်မချစ်တယ် လိုင်ယွန်"

ထိုအသံကို မှတ်မိသလိုလို ရှိလာသည်။

"အင်း- မင်းဟာ ကလေးပဲ ရှိပါသေးတယ်"

"ဂရုမစိုက်ပါဘူး၊ ရှင့်ကို ကျွန်မ ချစ်တယ်။ ကျွန်မပွဲက အရင်အပတ်ကထက် ပိုပြီးကောင်းလာတယ်။ ရှင်ကိုယ်တိုင် ဝင်ပြီး ကြီးကြပ်ပေးလို့ ပိုကောင်းလာတာ"

လိုင်ယွန်က နမ်းလိုက်သဖြင့် မိန်းကလေးက ဆက်မပြောနိုင်တော့။

"လိုင်ယွန်၊ ဇာတ်ရုံကို အပတ်တိုင်း လာမှာလားဟင်"

"ကိုယ် ကြိုးစားပါ့မယ်"

"ကြိုးစားမယ် မလုပ်ပါနဲ့၊ လာဖြစ်အောင် လာပါ။ လိုင်ယွန်၊ ကျွန်မဟာ ရှင်တို့အေဂျင်စီမှာ ထိပ်တန်းထဲက တစ်ယောက် ဖြစ်နေပြီလေ"၊

မိန်းကလေးက ခွတ်ပြောသည်။

"မာဂျီ၊ ကိုယ့်အချစ်ကို မင်းက အကျပ်ကိုင် အနိုင်ကျင့်ပြီး ယူဖို့များ ကြိုးစားနေတာလား"

လိုင်ယွန်က ဗွေမယူသည့် လေသံမျိုးနှင့် ပြန်မေးသည်။

"နီလီအိုဟာရာကို ဒီအတိုင်းပဲ လုပ်ခဲ့ဖူးသလား"

"နီလီနဲ့ ကိုယ်တို့နှစ်ယောက် ဘာမျိုးကမှ ဘာမှ မဖြစ်ခဲ့ဖူးဘူး"

"ဟုတ်လား၊ ဒီအတိုင်းဆိုရင်တော့ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက် ဖြစ်ချင်ရာတွေ အများကြီး ဖြစ်ကြရဦးမှာပေါ့။ ရှင်နဲ့တွေ့ရတာ ကံကောင်းလိုက်တာ”

“ကဲ- သွားကြစို့၊ ကိုယ်တို့ ပျောက်သွားတာ သူများတွေ မသိခင် ဟန်မပျက် ပြန်ဝင်သွားရအောင်”

လိုင်ယွန်က မာဂျီကို တစ်ကြိမ် ထပ်နမ်းပြီး ပြောသည်။

သူတို့ ထွက်သွားသည့် အချိန်အထိ အယ်နီက ငြိမ်ငြိမ်ကလေး လှဲနေသည်။ ပြီးတော့ အိပ်ရာမှထပြီး အဝတ်အစားများ သပ်ရပ်သွားအောင် ပြုပြင်သည်။

ရေချိုးခန်းထဲသို့ ဝင်လာပြီး အိပ်ဆေးအနီကလေးတစ်လုံးကို သောက်သည်။ အံ့သြစရာကောင်းလောက်အောင်ပင် သူ့စိတ်ထဲမှာ မည်သို့မျှ ထိတ်လန့်ကြောက်ရွံ့ခြင်း မဖြစ်မိ။

ယခု မာဂျီပတ်နှင့် ဖြစ်ကြပြန်ပြီ။

ယခု တစ်ကြိမ်တွင် လွန်လွန်မင်းမင်း စိတ်မထိခိုက်သည်ကို တွေ့ရသည်။ လိုင်ယွန်ကို သူ ချစ်တုန်းပင် ဖြစ်ပါသည်။

သို့သော်လည်း အချစ်ကတော့ လျော့သွားပြီ။ နီလီနှင့် သူတို့နှစ်ယောက် အဆက်အသွယ် ပြတ်သွားပြီးကြသည့် နောက်တွင် လိုင်ယွန်က သူ့အပေါ် ပိုပြီး ဂရုစိုက်လာခဲ့သည်။

သို့သော်လည်း အောင်ပွဲရလိုက်ပြီ ဟူသော ခံစားချက်မျိုး သူ့စိတ်ထဲမှာ မရှိ။ တစ်စုံတစ်ရာ သို့မဟုတ် သူ့ခန္ဓာကိုယ်မှ တစ်စုံတစ်ရာသည် နီလီနှင့်အတူ ပါသွားပြီဟု စိတ်ထဲမှာ ခံစားနေရသည်။

နီလီတစ်ယောက်တော့ အမြဲ ရှိနေဦးမည်ဟုလည်း အလိုလို သိနေသည်။

နီလီ တစ်ယောက် မဟုတ်လျှင်လည်း မာဂျီ တစ်ယောက်တော့ အမြဲ ရှိနေပေလိမ့်မည်။ တစ်ကြိမ်ထက် တစ်ကြိမ် စိတ်ထိခိုက်မှုက လျော့ပါးသွားလိမ့်မည်။

ထိုသို့ တစ်ကြိမ် ဖြစ်ပြီးတိုင်း လိုင်ယွန်အပေါ် ချစ်မိသည့် အချစ်စိတ်သည်လည်း လျော့ပါးသွားလိမ့်မည်။

ထိုသို့ ဖြစ်ဖန်များလာသောအခါ ဘာမှ ကျန်တော့မည် မဟုတ်။ စိတ်ထိခိုက်မှုလည်း ရှိတော့မည် မဟုတ်။ လိုင်ယွန်ကို ချစ်မိသည့် ချစ်စိတ်သည်လည်း ရှိတော့မည် မဟုတ်။

ခေါင်းမှ ဆံပင်များကို သိမ်းသပ်ပြီး မိတ်ကပ်ကို ပြန်ပြင်သည်။ ရုပ်ရည်ကလည်း တင့်တောင့်တင့်တယ် ရှိသေးသည်။ လိုင်ယွန်လည်း သူ့လက်ထဲမှာပင် ရှိနေသေးသည်။ သပ်ရပ် သားနားသောအိမ်လည်း ရှိနေသည်။ ချောမောလှပသော သမီးကလေးလည်း ရနေပြီ။ အဆင်ပြေသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလည်း ရှိနေပြီ။ သူမြတ်နိုးသည့် နယူးယောက်မြို့ကြီးမှာလည်း အခြေတကျ နေထိုင်နိုင်ပြီ။

သူလိုချင်သမျှ အရာများ အားလုံးတို့ ပြည့်စုံနေပြီ။ ယခု အချိန်မှစပြီး သူ့အဖို့ ဆိုးဆိုးဝါးဝါး ထိခိုက်နိုင်စရာ အကြောင်းလည်း မရှိတော့ပြီ။ နေ့ပိုင်းမှာ အလုပ်အကိုင်နှင့် မအားလပ်အောင် ရှိနေမည်။ ညပိုင်းမှာတော့ လှပသည့် ယမင်းရုပ်ကလေးများက သူနှင့်အတူ ရှိနေပေလိမ့်မည်။

ထို့ကြောင့် ယနေ့ညတော့ အိပ်ဆေးနှစ်လုံး သောက်လိုက်မည်။ ဘာကြောင့် မသောက်ဘဲ နေရမည်နည်း။ ယနေ့သည် နှစ်သစ်ကူး အကြိုနေ့ပင် ဖြစ်ချေသည်တကား။

**အထောက်တော်လှအောင်**

မြင်းမြေရွာ၊ ချောင်းဦးမြို့နယ်။
၁၁၊ စက်တင်ဘာ၊ ၁၉၇၈။
*(မြန်မာပြန်ပြီးသည်)*

www.burmeseclassic.com